
www.burmeseclassic.com

အတွဲ (၁၆) အမှတ် (၄)
၂၀၁၆ ခုနှစ် စက်တင်ဘာလ

မဂ္ဂဇင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC

# သရဖူ
မဂ္ဂဇင်း

အတွဲ (၁၆) အမှတ် (၉) ၂၀၁၆ ခုနှစ် စက်တင်ဘာလ


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ









## ဘာသာရေးဆောင်းပါးများ


၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
အစွဲကိုယ်
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၅ မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီး၏
ကိုယ်ပွားဘုရားအားထားသူများ
အကြောင်းစာအုပ်လာ
မှတ်ဖွယ်ရာများ
**မြဝင်း(ဒဿန)**

၁၇ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၁)
**က်ဝင်း**

၂၄ စစ်ကိုင်းဝတ်ချက်မင်းကျောင်း
ဆရာတော်ဘုရားကြီးအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၂၉ သာသနာပြုနတ်မင်း၊
အရှင်ထွက်ဆေးဝိဇ္ဇာ၊ မြောင်းမြ
ဝါးကျောင်းဆရာတော်တို့
သစ္စာပန္နက်ရိုက်
သာသနာပြုခဲ့ကြသော
အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်
စေတီတော်
**အောင်မြင့်ထွန်း(မသုံးလုံး)**

၃၉ တောင်ဇလပ်ပန်းတဝေဝေနဲ့
နတ်မတောင်ထိပ်ကစေတီ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)**

၅၅ သေမင်းတမန်လေးယောက်
**ချောင်းဆုံအုန်းသွင်**

၅၇ ဘုန်းကံကြီးမားမင်းဧကရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၂၀)
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၆၁ ရခိုင်မဟာမုနိလေးဆူအပါအဝင်
ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်
ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်
ပြန်မြတ်စွာဘုရားကြီး
**ရွှေချိုအောင်(ငပလီ)**

၇၃ အမိဗ္ဗာန်အောင်
မြတိဂုံစေတီတော်မြတ်ကြီး
**ခင်မောင်အေး(မန္တလေး)**

၇၈ သေဘေးလွတ်ရာမြေနေရာ
ဘယ်မှာရှိအံ့နည်း
**ဉာဏ်မြင့်**

၉၃ ဗောင်းတော်ချုပ်
ဆရာတော်ဘုရားကြီး၏
လျှောင်းစက်ရာအောင်မြေ
**အောင်သာကျော်**

၁၀၁ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၄၃ ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်
ပြဒါးရှင် တြိဖလဆေးဘုရားပန္နက်တ
မင်္ဂလာကျင်းပခြင်း နှင့်ထီးတော်တ
**ဘိုဘို(ရွှေကံကူ)**


## သုတရသဆောင်းပါး


၅၀ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁
**ပထမံဆရာဦးအေးရွှေ**

၈၁ စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးနှင့်
ရွှေတိဂုံစေတီတော်
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၈၃ မြန်မာ့တံဆိပ်ခေါင်းဝါသနာ၏
ယနေ့အခြေအနေ
**ကြည်လွင်**

၉၀ ဒေါသ
**ချောင်းဆုံအုန်းသွင်**

၁၀၆ ဗိုလ်ကြီးအောင်ဇော်လတ်အား
အဘအောင်မင်းခေါင်စောင့်ရှောက်
**အဏ္ဏဝါလှိုင်း**

၁၁၃ နိဗ္ဗူဇာတောင်တန်းမှ
ရှေးဟောင်းသဘာဝအလှ
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၁၂၁ မြန်မာ့ဗုဒ္ဓသာသနာတော်
နိဒါန်း၏နိဒါန်း
**ဝေမင်းဦး(စိတ်ပညာ)**

၁၂၅ ကျွဲ၊ နွား၊ မြင်းတို့ ငှက်ဖျားရောဂါ
**နတ်မောက်မင်းသန့်နိုင်**

၁၃၄ စပါးကြီးသည်းခြေ သို့မဟုတ်
မြွေပြဒါးရှင်
**မျိုးတင့်(ညောင်လေးပင်)**

၁၅၇ ဘဝသံသရာသီချင်းရဲ့
အဓိပ္ပာယ်ဖွင့်ဆိုချက်
**တင်ထွန်း(စက်မှု-၂ ငြိမ်း)**

၁၆၄ ငြိမ်းချမ်းရေးနှင့်အဖျက်တရား
**ချစ်ဖို့(မော်ကျွန်း)**


www.burmeseclassic.com

www.burmeseclassic.com


နီဗ္ဗာန်တောလက်ဖက်
သို့မဟုတ်
သီလရှင်လက်ဖက်ဆေးဖက်ဝင်ပုံ
**နှင်းပွင့်(ပြည်)**

ရှန်ဆိုသည့်အတတ်ပညာ
**မောင်သန်းဆွေ(ထားဝယ်)**

နာဇီမျိုးဆက်သစ်တို့
နီးထလာပြီလော
**လျှမ်းထက်**

ခေတ်မီမီ ကမ္ဘာ့ကြည့် ကြည့်မြင်
စင်ကာပူ-မလေးရှားခရီးစဉ်(၂)
**မောင်ပွင့်ညာထ်(မောရ)**

ပရဟိတရှင်၏
မေ့မှုစကြာရှုတ်သည့်ည
**နေဦး(အ-စ အောင်ဆန်း)**

မတူညီကြသည့်ချစ်ခြင်းများ
**ရတနာဒေဝီ**

မင်းသိဒ္ဓတ်သတ္တိဂုဏ်ကြည့်စမ်းပါ
**ရှင်ခွာညို**
**(ရေနံချောင်း)**

ကောက်စာတက်ချိန်
**နေအောင်လင်း(စလေ)**

နွားများအတက်ရောဂါဖြစ်ခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**

မြန်မာအဆွေ အေဝမ်းရှပ်ရှင်မှ
ဒါရိုက်တာဦးလွန်းဖေ၏
မော်စက်ရောင်နှင့်မောင့်ဝိညာဉ်
**တိုတိုး(ရန်ကင်း)**

မြန်မာ့ရိုးရာနတ်ယုံကြည်မှုလေ့(၈၂)
**မောင်သန်းဆွေ**
**(ထားဝယ်)**

အိုင်စီအက်(စ်)တစ်ဦး၏
နောက်ဆုံးနေ့များ
**သုမိုး(ပညာရေး)**

မြို့ပိုင်ကြီး ဦးအင်ဆိုင်
**ကျွေးဝင်းမြင့်**

ဘီသိက်ဆရာများ
သိသင့်သိထိုက်သော
အခြေခံပညာများ (ဒုတိယကဏ္ဍ)
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

သာရေး နာရေးတွေမှာ
သတိထားဖွယ်ရာ
**နေပြည်တော်ကျော်ကျော်စိုး**

ဆောင်နဝင်းဆည်စီမံကိန်းတုန်းက
မမြင်ရတဲ့နာနာဘာဝကို
နောက်ပြောင်မိသူတစ်ဦးကြောင့်
**သေဂန္ဓီရကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်းညွှန်မှူးရုံး)**


## သုရဿတိုင်းရင်းဆေး


၃၈ ခါးနာနေခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**

၄၉ ကိုယ်ဖောရောင်ရောဂါ
ပျောက်ကင်းလိုပါလျှင်
**နေဝင်းဝင်း(လွန်ဆေး)**

၁၀၃ သန်ကောင်နှင့်မြေပိုးဟပ်
**နေပြည်တော်ကျော်ကျော်စိုး**

၁၀၅ ရေစီးကမ်းပြိုအတွက်ဆေးမခက်
**ချစ်မှန်ခင်(လယ်တီ-ကြို့ပင်ကောက်)**

၂၇၆ ခြေဖနောင့်ကျိုးပေါင်းတက်ရောဂါနှင့်
မှန့်ဆီကြော်
**မောင်မောင်အောင်မင်း(ဒဿနိက)**

၂၈၅ မျက်ခမ်းစပ်၊ မျက်မြေးရောင်ရောဂါ
များပျောက်သည့်ဆေးနှင့်
တစ်နှစ်ပတ်လုံးမျက်စိမနာသော
ဆေးနည်းတစ်လက်
**ရောမြေ-ကျော်ဝေ**

၂၈၇ ကောင်းသောဝမ်းတစ်လုံး
**ချောင်းဆုံအုန်းသွင်**

၃၁၅ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**

၃၁၉ အဖုအကျိတ်ကြေ ထုံးနန္ဒင်းမန်းဂါထာ
**အောင်သိန်းဝင်း(ပွင့်ဖြူ)**

၃၂၉ တောဖရုံဆေးရွက်
လေးဖက်နာအတွက်
**နေဝင်းဝင်း(လွန်ဆေး)**

၃၄၁ အနာကျက်လိမ်းဆေး
**နတ်မောက်မင်းသန့်နိုင်**

၃၄၈ ချောင်းဆိုး၊ မျက်စိမှုန်သူများအတွက်
ဓာတ်စာ
**နတ်မောက်မင်းသန့်နိုင်**

၃၅၅ လေငန်းရောဂါအတွက်
ဆေးကောင်းတစ်လက်
**တင်နိုင်ဝင်း(ထမင်းဈေးမြို့)**

၃၆၀ သန်ကောင်၊ တုတ်ကောင်ရောဂါနှင့်
တိုင်းရင်းဆေးကုထုံးများ
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၃၆၂ ထူးဆန်းတဲ့လူသား
**မဟာနွယ်(မန်းတက္ကသိုလ်)**

၃၆၄ ကင်း၊ ပျား၊ ပိတုန်း အဆိပ်တုံးစေရန်
**နတ်မောက်မင်းသန့်နိုင်**

၃၇၈ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၁၈)
**ရွှေနဝင်း(ပုသိမ်)**


## သုရဿဝတ္ထုတို


၁၃၂ အကောင်းအဆိုး
**သုတဝင်း**

၁၃၈ စမတောင်မှဘသုံနှင့်
သဇင်နီရှာပုံတော်
**သန့်ဇင်**

၁၅၈ ရွာသူ့အချစ်
**မောင်မောင်မိုးအောင်**

၁၈၂ ထိုတစ်နေ့
**ကြည်ပြာမောင်(သဇင်မြေ)**

၁၈၆ ပွဲကြွေကျတဲ့မြင်းမိုရ်
**ပန်းမြိုင်လယ်စိန်ဝင်း**

၂၀၂ ဇော်ဂနီ/ကောင်းဇော်မ
**ထွန်းတောက်**

၂၂၂ အမြုတေကြောင်မျက်ရှင်
**နိုင်ပြေသိမ်းချစ်**

၂၄၂ ရဟန်းပုဂ္ဂိုလ်ထူးနဲ့
ကျွန်ုပ်ရဲ့အကျည်းတန်ဘဝများ
**မောင်လုယဉ်(မော်လမြိုင်)**

၂၅၄ တိုက်တိုက်ဆိုင်ဆိုင်
**အောင်မြင့်မိုး**

၂၆၀ တစ်ခုသောတောကြီးအတွင်းဝယ်
**ဝင်းဇော်(သုံးဆယ်)**

၂၇၈ ရုတ်ခနဲ ကုပ်ဆွဲ တုတ်ခဲတဲ့လက်
ဘယ်သူ့လက်
**နေဝင်းဦး(ပြည်)**

၂၉၀ သစ်ခုတ်သမားတစ်ဦး၏အစွမ်း
**ရွှေပြည်စိုး(မိုးကုတ်)**

၂၉၈ နတ်ဘီလူးနဲ့ချစ်ဖူးသူ
**ဝင်းထွန်းအောင်(စစ်/ဆေး)**

၃၀၆ တကယ်တော့ အရိုးဆိုတာ
အသားတွေရဲ့ထမ်းပိုးပါ
**မောင်သင်းထုံ(ကျောက်မဲ)**

၃၁၀ ပုဆိုးခါးတောင်းကျိုက်၊
ပေါင်မှာဆေးမင်ကြောင်၊
နက်မှောင်တဲ့အသားနှင့်
ပခုံးပေါ် တင်းပုတ်ကြီးထမ်းထားတဲ့လူ
**ကိုဇော်ဝင်း(လှတော)**

၃၁၆ ကြောက်စရာကောင်းသော
မရွှေရစိတ်
**မောင်လင်းနိုင်**

၃၂၀ ရန်ငြိုးခုနစ်ထွေ
**စိုးထွန်း(ဥပဒေ)**

၃၃၀ မျက်နှာအသစ်နဲ့လူ
**မဟာသျှံ**

၃၄၂ ပြကျောက်(၇)
**နေပြည်တော်ကျော်ကျော်စိုး**

၃၅၆ စက်ရုံထဲမှပရလောကသား
**အောင်ဆန်းလင်း(ဘီအေ)**


www.burmeseclassic.com

www.burmeseclassic.com





## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၁၂၆ ဟူးကောင်းကျား
**ဖိုးကျော့**

၁၇၀ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**


## သုရဋ္ဌ ပညာရပ်


၂၀၉ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၆၆)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၂၁၄ တစ်ပွဲတိုး စားပြီး ကွမ်းမန်း
**စိုးမင်း(မြောက်စည်း)**

၂၃၃ နာမည်များနှင့်ငြင်းခုံခြင်း
**နေဝိဇ္ဇာ**

၂၅၂ သွပ်ဓာတ်၏ပရိယာယ်နှင့်
သွပ်ဒုက္ခ
**မင်းချမ်းမြေ့**

၃၆၅ လက္ခဏာပညာ၏
လျှို့ဝှက်နက်နဲမှုများ
**ဦးအောင်မင်း**

၃၆၉ ကုသိုလ်များ၍ပွားစေချင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၈၀ တားရော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**

၁၉၃ တရုတ်ဂမ္ဘီရဖုန်းရွှေပညာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၉၈ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
**ဘသုံ**


## သုရဋ္ဌလက်တွေ့အသုံးချ


၂၈ ဝက်စွယ်ကွင်းပိတ်၏သိဒ္ဓိထူး
**နေမဝင်(နတ်မောက်)**

၇၁ တက်နေအလား
စီးပွားဥစ္စာရတနာများစွာတို့
နေ့စဉ်တိုးတက်စေသည့်
ဘဲငန်းစမ
**သုဒ္ဓ(နဝင်းမြို့)**

၉၂ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၁၂၄ မြတ်စွာဘုရားသခင်အားအမှူးပြု၍
အရိယာရှစ်ပါး သံဃာတော်များကို
ဆွမ်းကပ်လှူ၍ အစိတ္တာန်ဝင်လျှင်
**ပညာကျော်**

၁၈၁ ပြည်မြန်မာ၏
၂၀၁၆ ခုနှစ်၊ သိပ်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၂၄၁ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၂၈၉ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၄၀၄ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၄၀၆ ကံကောင်းခြင်းများစွာတို့အတွက်
သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၁၀ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၁၃ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွန့်
ဝေလုံလုံထွဏ်း

**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဋ္ဌစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းအလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင်(၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆)လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ နှင်းသဇ္ဇာကျော်၊
စန်းထွန်းမြင့်
**ရုံးအဖွဲ့**
သဲပုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုထံ၊ နန္ဒ၊ ဖြိုးရတနာ၊
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈
**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသား**-ဂါနေဒီ၊ မိလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်၊
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး
( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com




## မေတ္တာရပ်ခံပန်ကြားလွှာ

အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေနှစ်တောရတွင် အေးချမ်းစွာ သီတင်းသုံးနေတော်မူပါသည်။

၁၃၇၇ ခုနှစ် တန်ခူးလကွယ်နေ့ နောက်ဆုံးထားပြီး အဝေးနေပရိသတ်များအတွက် ဆွမ်းခံကြွချီတော်မူခဲ့ပါသည်။

၁၃၇၇ ခုနှစ် ကဆုန်လဆန်း (၁) ရက်နေ့မှ စတင်၍ အဓိဋ္ဌာန်ဝင်တော်မူပါသည်။

ဆရာတော်ဘုရားကြီး ဆိတ်ငြိမ်စွာ တရားအားထုတ်တော်မူနိုင်စေရန်အတွက် ဆန္ဒတော်မြတ်ကို အဝေးမှ မေတ္တာခံယူလိုက်နာခြင်းဖြင့် ပါရမီကုသိုလ်ယူကြပါရန်နှင့် အဖူးမျှော်ခံခြင်းမရှိသေးပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

# အစွဲကိုယ်

❑ ဗဟုလ္လာ မမ သန္တိကေ၊ ဝတ္ထုနိ
တက္က ဝစရေ။
ဇတ္တေ တမ္ပိ ရာသိဇကေ၊ ဘိသယေ
ဓမ္မ ဇကေကော။ ။

**မမသန္တိကေ** - အာရုံဖွင့်လှန် ငါ့သဏ္ဍာန်ဝယ်၊ **တက္ကဝစရေ**-အကြံဖြစ်ကုန်သော၊ **ဝတ္ထုနိ** - အကြောင်းအရာတို့ကား၊ **ဗဟုလ္လာ** - တွေးလိုက်တိုင်ပွား အများသား။

**ဇတ္တေ** - တွေးစရာအဖုံဖုံ စာသိုက်မြုံထဲ၌၊ **တမ္ပိ**-အစွဲကိုယ်ဆိုသော ဤစကားလုံးလေးကလည်း၊ **ဇကေဓမ္မဘိသယေ** - တရားတစ်ပွဲ အရာဝင်သော၊ **ရာသိ** - အစုတစ်စုဖွား၊ **ဓမ္မဇကေကော** - တစ်ခုပေါ်တစ်ခုတက် ယှက်ငင်လာသော တရား။

❑ **အစွဲကရယူပေးထားသောခန္ဓာ**

ဤစာတမ်း၌. . .

၁။ အစွဲက ထု,ဖြစ်ပေးနေရသော ခန္ဓာအကြောင်းလည်းပါ၏။
၂။ ခန္ဓာ့ဝတ္ထုချင်းတွေ့ကြရာမှအကြောင်းပါသွားကြပုံများလည်းပါ၏။
၃။ အကြောင်းပါရင်း၊ သဘောချင်းမှုရင်းမှ ဓာတ်သားလေးမွေးဖွားပုံလည်းပါ၏။

သစ္စာနှင့်ပတ်သက်၍ကား. . .

ဓာတ်တို့ကို အရှင်အတိုင်းထားသုံးစားသူများ၌ သမုဒယနှင့် ဒုက္ခ။

ဓာတ်တို့ကို အသေသတ်၍ လုံချောသုံးစားသူများ၌ မဂ္ဂနှင့် နိရောဓ။

ယင်းတို့ကို ပြီးခဲ့သော စာတမ်းက တာဝန်ယူသွားပြီးဖြစ်နေ၍ ဤ၌ မပြောတော့ပြီ။ သို့ကြောင့် ဤ၌ အထက်ပါသုံးပါးတို့က တာဝန်ယူကြမည်။

(က) အစွဲကို ဥပါဒါန်ခေါ်သည်။
(ခ) ခန္ဓာကို အစုအဝေးခေါ်သည်။

နှစ်ရပ်ပေါင်းလိုက်သောအခါ အစွဲကြောင့်ဖြစ်သောခန္ဓာအမည်ရစေသည်။

ထိုစဉ် . . . အစွဲသည် ကံပြုစဉ်ကပင် ကံဝိညာဉ်နှင့်အတူ လိုက်ပါလာခဲ့၏။ ငါလျှသည် ကိုယ့်ကိုယ်ကိုယ်အတွေးဖြင့် ငါစွဲလေးတေးပေးထားလိုက်သည်။ ဘယ်သူ့ကိုလှူသည်က သူ့ကိုအတွေးဖြင့် တဏှာစွဲလေးတေးပေးထားလိုက်သည်။ ဘာပစ္စည်းလှူသည်က ကြားခံကို အတွေးဖြင့် တဏှာစွဲလေး တေးပေးထားလိုက်ပြီး ကံပြုဆဲပါသော ထိုအစွဲသိကို ကံဝိညာဉ်ခေါ်၏။

ဤကံဝိညာဉ်က သူမှီတွယ်နေရသော ခန္ဓာ့အိမ်ဟောင်းကြီး ပြိုကျအံ့ဆဲဆဲတွင် -

(က) ကံကောင်းသူများက အဖေ၏ ဖိုသွေးလှောင်သုက်အိတ်ထဲကသွန်ထည့်ပေးစဉ် သန္ဓေတည်ခွင့်ရလာကြသဖြင့် ယောကျ်ားလေးများ။ ယင်းတို့ကား ကျားကျားလျားလျား လွတ်လပ်စွာ သွားလာနိုင်ကြ၍ ကံကောင်းသူ။
သန္ဓေသာပေး၍ ဝမ်းလွယ်မမွေးရခြင်းကြောင့် ကံကောင်းသူ။
ဘာမဆို ကိုယ်ပြီး၊ ကိုယ်ပိုင် အာရုံခံစားခွင့်ရကြသောကြောင့် ကံကောင်းသူ။
တစ်ဖန်. . .

(ခ) ကံဆိုးသူများက အဖေက မ,သွေးလှောင်သုက်ခိုအိတ်ထဲကသွေးများ သွန်ထည့်ပေးနေချိန် သန္ဓေတည်လာကြရ၍ မိန်းကလေးများ။ ယင်းတို့ကား. . .
ယောကျ်ားလေးများ၏ အခွင့်အရေးများနှင့် ဆန့်ကျင်ဘက်ရကြမည်။

❑ **ကိုယ်ခန္ဓာ၏ကံထမ်းဆောင်ပုံများ**

ဤအပိုင်းသည် အတွေးဖြင့်မျှော်ခေါ်ယူပေးထားသောအပိုင်း ဖြစ်၏။

ငါတို့ကား ဘုရားမဟုတ်၍ အတိအကျပါဟူ၍ကား မဆိုသာ။ သို့ကြောင့် ယုတ္တိတန် လက်ခံ၊ မတန် လက်လှန်ပစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သာ။ အာဂမယုတ္တိထဲမဝင်လျှင်ပြင်ဆင်နိုင်၏။

ထိုစဉ် . . . ကိုယ်သည် ကာယ ပါဠိကလာသော ပါဠိသက်စကား။ မြန်မာလိုက အပေါင်းအစု၊ တစ်ဖန် ထိုအပေါင်းအစုက. . .

(က) ရူပကာယ-ရုပ်ပေါင်းစု (၃၂-မျိုး တို့ဖြင့် ပေါင်းစုထားသော တပ်ပေါင်းစု)

(ခ) နာမကာယ-နာမ်ပေါင်းစု (အာရုံ ညွတ် ၄-မျိုးတို့ဖြင့် ပေါင်းစုထား သောတပ်ပေါင်းစု)

ဤတပ်ပေါင်းစုကြီး နှစ်စုသည် တစ်ဖက်ဝတ္ထုအာရုံများနှင့် ဆုံမိကြစဉ် . . .

ရုပ်ပေါင်းစုက တစ်ဖက်ဝတ္ထုကိုင်



www.burmeseclassic.com

www.burmeseclassic.com







ရွှေနစ်တောရ ဆရာတော်ဘုရားကြီးသီးတင်းသုံးမည့်ကျောင်းတော်နေရာ
ရွှေတော်ပြေးအဖွဲ့မှ သာသနာ့အောင်လံစိုက်ပြီး

၍ ချိုင်ပစ်ပေးမည်။

နာမ်ပေါင်းစုက တစ်ဖက်အာရုံကိုင်၍ ချိုင်ပစ်ပေးမည်။

ချိုင်၍အပိုင်ရလာသော် နှစ်ဖက်စု၍ ဝေစုခွဲစားကြမည်။ ဤ၌ တစ်ဖက်ဝတ္ထုအာရုံတို့က ကြိုက်စရာဖြစ်နေသော် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ခွဲစိတ်စား။ မုန်းစရာဖြစ်နေသော် ဒေါသ၊ ဣဿာ၊ မစ္ဆရိယတို့ဖြင့် တို့မွှေစား။

မှတ်ချက်။ ။မောဟများတွင်. . .

မရှက်ခြင်း၊ ပျံ့ခြင်း၊ တွေခြင်းများက ကြိုက်ချိန်၌ အရံသုံးလက်နက်များ။

မကြောက်ခြင်း၊ ပျံ့ခြင်း၊ တွေခြင်းများက မုန်းချိန်သုံး အရံလက်နက်များ။

ငေးငိုင်ခြင်း၊ အိပ်မောကျခြင်း၊ မခံခန့်ခြင်းများဟာ လိုရာသုံးလက်နက်များ။

သည်သို့ မိမိရှိရုပ်ပေါင်းစု၊ နာမ်ပေါင်းစုတို့က ပူးပေါင်းလုပ်ကြံကြရာတွင် . . . ရုပ်သည် ဓာတ်အားသိုလှောင်ရုံကြီးလည်း ဖြစ်၏။ မော်တော်ယာဉ်ဝန်ချီစက် စသည့် ယာဉ်အရာလည်း ဝင်၏။ သို့ကြောင့် ကံဖော်လုပ်ငန်းတာဝန်ယူ၏။ နာမ်တွင် ခစားပေးခြင်း၊ မှတ်သားထားခြင်း၊ ဆိုင်ရာကံမြောက်ရန် ကြိုးကိုင်ခိုင်းစေခြင်း၊ အသိမှတ်ပြု၍ ဆုံးဖြတ်ချက်ချပေးခြင်းလေးမျိုး။

သို့ရှိရာတွင်. . .

၁။ ဝေဒနာသည် တစ်ကိုယ်လုံးရှိ သုက်သွေးအကူယူ ခံစားပေးရ၏။
၂။ သညာသည် တစ်ကိုယ်လုံးတွင်ရှိ သည်းခြေသွေးအကူယူ မှတ်သားပေးရ၏။
၃။ သင်္ခါရသည် တစ်ကိုယ်လုံးလှည့်ဓာတ်သွေး အကူယူ ပြုပြင်ပေးရ၏။
၄။ ဝိညာဉ်ကား နှလုံးသွေးတည် မနောသွေး အကူယူ ဆုံးဖြတ်ပေးရ၏။

သိမှု နာမ်တစ်ခုတည်းက အုပ်စုလေးမျိုးကွဲသွားခြင်းသည် သွေးကွဲသွား၍ဖြစ်သည်။ သူတို့မှီရာသွေးကိုကြည့် သိနိုင်သည်။

ခန္ဓာသည် အစု။ ထိုအစုက ဤကဲ့သို့ အုပ်စုဖွဲ့နေကြသည်။

မှတ်ချက် ။ ။ အထက်ဆန်တက်သွားကြသော နတ်ဗြဟ္မာများ၊ အောက်သို့စုန်ဆင်းသွားကြလေသည့် ငရဲ ပြိတ္တာများ သူတို့များ၌လည်း လူ့ဘဝကံပြုစဉ်ရှိ ကံဝိညာဉ်က ဘူတရုပ်မဟုတ်သော်မှလည်း ဤအငွေ့အသက်များ ပူးတွဲပါဝင်နေကြမည်သာ။

သည်သို့ နာမ်အုပ်စုကြီးလေးခုတို့က လာချူသည့်အာရုံနှင့် ဝတ္ထုများကို

www.burmeseclassic.com





ရွှေနှစ်တောရ ကမ္ဘောဇကျောင်းနေရာ ရှေ့တော်ပြေးအဖွဲ့မှ သာသနာ့အောင်လံစိုက်ပြီး

ညွှတ်ယူ၍ အလုပ်လုပ်ကြရာတွင်. . .

၁။ သုက်ဓာတ်ပါသော အထူးသွေးတွင်း၌ လိင်အင်္ဂါပါ ဖိုဓာတ်၊ မဓာတ်များလည်း ဓာတ်သက်ဝင်နေ၏။ လိင်မပါ ဖို၊ မဓာတ်များလည်း ဓာတ်သက်ဝင်နေ၏။ တစ်ဖန်. . . ဓာတ်သေ၊ ဓာတ်ရှင်များမှ ထဖြစ်နေသော ဖို၊ မဓာတ်များကပါ အသက်ဝင်နေ၏။ သို့ကြောင့် ခံစားပေးရေး ဝေဒနာစုသည် သုက်ဓာတ်ပြင်ပေါ်ဝယ် နေရာယူ ခံစားပေးကြရသည်။ သို့သော် သူတို့အုပ်စုက အမှတ်မထားတတ်ကြ။

၂။ မှတ်သားပေးတတ်ကြသည့်ကားသညာ။

ထိုသညာသည် သည်းခြေဗဟိုပြု၍ လာသမျှအာရုံတို့ကို ညွှတ်ရင်း မှတ်၏၊ သည်းခြေတွင်း၌ အမှတ်ရစေနိုင်သော ဓာတ်သတ္တိထူးပါနေ၍။ သို့သော် ဤသညာက အာရုံများကို သူ့အရာနှင့် သူသုံးစားရန်မခန့်ခွဲတတ်။ တစ်ဖန်. . .

၃။ စေတနာ ဦးစီးသော သင်္ခါရသည် လည်ပတ်နေသော ဓာတ်သွေးတို့၏ အပေါ် စီးနင်းလိုက်ပါလျက်က လာတွေ့သည့်အာရုံတို့ကို နေရာချထားပေး၏။ သို့မဟုတ် အာရုံချင်း၊ ဝတ္ထုချင်း အလဲအလှယ်လုပ်ပေးကြ၏။

ဤသင်္ခါရအုပ်စု၌ ဝေဒနာ သညာတို့မှ လွတ်သော စိတ်ကြိုးကိုင် စေတသိက်၅၀-တို့ အကုန်ပါဝင်နေကြရာ. . . အကုသိုလ်ဖြစ်ကို ဆိုင်ရာကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကံပြုတိုင်း စီမံပေးကြ၏။ ကုသိုလ်ဖြစ်ကို ဆိုင်ရာ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ကံပြုတိုင်းလည်းပါကြရ၏။ ထိုစဉ် မိမိခန္ဓာသို့ လာရောက် တို့ကြစကြသော အာရုံနှင့် အာရုံရှင်တို့ကို စိတ်ဖြင့်ညွှတ်၍ ကိုယ်ဖြင့်ဆွတ်ချူရန်ဟန်ပြင်ကြစဉ်. . .

အချို့ကို လက်ရှိ ရုပ်ကောင်ကြီး အသက်ရှင်၍ ဓာတ်သက်ဝင် ကံတွင်ပါစေရန် ရုပ်ကောင်ကြီးအကြိုက် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်လည်း လိုက်ပေးကြရ၏။

အချို့ကို လက်ရှိရုပ်ကောင်ကြီး အသက်ဝင်ရာ၌ မလိုအပ်သည်များ ပါဝင်လာက ဒေါသ၊ ကုက္ကုစ္စ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ဖြင့် တိုက်ထုတ်ပစ်ရန် စီမံပေးကြရ၏။

အချို့ကိုကား လက်ရှိရုပ်ကောင်ကြီး အသက်ဝင်ရာ၌ ချစ်ကြောင်း၊ မုန်းကြောင်း အသိမပေးဘဲ နားနေခွင့်ရရန် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဉဒ္ဓစ္စ၊ ဝိစိကိစ္ဆာများက စီမံပေးကြရ၏။

မှတ်ချက် ။ ။ အထက်ပါ စိတ်ကြိုးကိုင် စေတသိက် (၁၄) မျိုးနှင့် တွဲဖက်များသည် အကုသိုလ်အဖြစ်ခံ၍ လက်ရှိရုပ်ကောင်ကြီးအား ပြုစုပေးနေကြခြင်းများပင်။

တစ်ဖန် . . . အကယ်၍များ လက်ရှိရုပ်ကောင်ကြီးပြိုလဲသွားခဲ့သော် . . . နောင် သည့်ထက်ကောင်း၊ သည့်ထက်ခိုင်ခံ့၊ သည့်ထက်အဆင့်မြင့်ရုပ်ကောင်စားရစေရန်ဆိုကာ စိတ်ကြိုးကိုင်များသည်. . . သဒ္ဓါဖြင့်လည်း ရတနာ၌ အသက်ဝင်စေကာ ကုသိုလ်ယူစေ၏။ သတိဖြင့်လည်း ယုံအားများ တိုးစေပွားစေကာ ကုသိုလ်ရှာပေးကြ၏။သည့်အတူ သွေးအအေးပေး၍ ရှက်တတ်၊ ကြောက်တတ်လာစေခြင်း စသည့် သောဘနစေတသိက်များဖြင့်လည်း ကုသိုလ်ကို ဆည်းပူးစေကြ၏။

သို့ပြုလုပ်တိုင်း ဆိုင်ရာစေတသိက်များက စိတ်ကိုကြိုးကိုင်၍. . .

ရံတစ်ခါ. . . ကြံစည်တွေးတောမနောဖြင့်ပင် ကံဝင်စေကြ၏။

ရံတစ်ခါ . . . ရုပ်ကောင်ကြီး စကားနှုတ်မြွက် အသံထွက်ဖြင့် ကံဝင်စေကြ၏။

ရံတစ်ခါ . . . ရုပ်ကောင်ကြီး ကိုယ်တိုင် ဆိုင်ရာအင်္ဂါခြေ၊ လက်တို့ဖြင့် ကံဝင်စေကြ၏။ သို့ဖြင့် သင်္ခါရအုပ်စုသည် မိမိရှိ ရုပ်နှင့် နာမ် အပြန်အလှန် ကျေးဇူးပြုရာ၌လည်း ပါဝင်ပေးကြရ၏။ တစ်ဖက်နှင့် မိမိတို့ ချိတ်မိ၊ ဆက်မိကြရာတိုင်းတို့၌လည်း ပါဝင်ပေးကြရ၏။ နာမ်အုပ်စုတွင် ပဲခူးဆား။

၄။ ဝိညာဉ်သည် မနောသွေးမှီ၍ တာဝန်ခံနေရာကနေ ဝေဒနာသညာ သင်္ခါရအုပ်စုများက လာရောက်ပို့အပ်သည်များကို အဆုံးအဖြတ်ပေးရ၏။ ထိုစဉ် ရုပ်ကောင်ကြီးနှင့်လိုက်ဖက်နေက ကောင်း၏မှတ်ချက်ရေးပေး၏။ ရုပ်ကောင်ကြီးနှင့် မလိုက်ဖက်သော် မကောင်း မှတ်ချက်ပေးရ၏။ ရုပ်ကောင်ကြီး မလိုလဲ၊ လိုလဲ



www.burmeseclassic.com

www.burmeseclassic.com

သုံးစရာဆိုတာ မကောင်း၊ မဆိုးမျိုး မှတ်ချက်ထိုးပေရ၏။

ဤဝိညာဉ်စု၏ အဆုံးအဖြတ် အတိုင်းသာ ကျန်အုပ်စုတို့က လိုက်နာကျင့်သုံးပေးကြရ၏။

သည်သို့ နာမ်အုပ်စုကြီးလေးစုတို့က သူတို့မှီခိုနေကြရသော ရုပ်ကိုယ်အုပ်စုကြီးအား ပြုစုပေးကြရင်းကပင် . . .

ဝိညာဉ်စုကြီးသည် ကံ၊ ဝိညာဉ် အဖြစ် တာဝန်ယူပေးနေရ၏။

တာဝန်ယူလျက်ကပင် ကောင်းတွေ၊ ဆိုးတွေများဖြင့် ဆေးထားပေးရ၏။

အတေးဖြင့်ပင် ဥပါဒါန်အစွဲကို သိုမှီးပေးထားရ၏။

သို့ဖြင့် သင်သည် လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများသည် လည်းကောင်း အစွဲဖြင့် ဘဝကိုရယူစေခဲ့ကြပြီးပြီ။ တစ်ဖန် . . . ဘဝဖြင့်ရင်း၍လည်း အစွဲကို ရယူနေကြပြန်ပြီ။ သို့ဆိုသော် . . . ဤအစွဲများကြောင့်ပင် ဘဝပေါင်းများစွာ ရယူပေးနေကြရဦးတော့မည်။





ရွှေနှစ်တောရ ဆွမ်းလောင်းမမှာရုံနေရာ ရွှေတော်ပြေးအဖွဲ့မှ သာသနာ့အောင်လံစိုက်ပြီး

## ❑ ပယောဂမကင်းသောဘဝများ

ရွာတစ်ရွာတည်ရာတွင် ခုနစ်အိမ်ပြည့်သော် စုန်းပညာတတ်သူတစ်ဦးပါရမြဲဆို၏။ တစ်ဖန် စုန်းနှင့်အတူ နတ်လည်းရှိရ၏။ အောက်လမ်းဆရာလည်း ရှိရ၏။ သို့ဖြင့် ရွာသူရွာသားများ၌ . . . ရံတစ်ခါ စုန်းပူးခံကြရ၏။ ရံတစ်ခါ နတ်ပူးခံကြရ၏။ ရံတစ်ခါ အောက်လမ်း အတိုက်ခံကြရ၏။

ထိုစဉ် ယင်းကို ကုသပေးကြရသော သမားတော်များသည် အပူးခံရသူ၏ လက်ကောက်ဝတ်အတွင်းနေ သွေးကြောကို လက်မနှင့်ဖိ၍ စမ်းကြည့်ကြရမြဲ။ ကြည့်လိုက်သည်။ မိမိသွေးတွင် စုန်းသွေးဝင်ပူနေကြောင်း တွေ့လိုက်ရ၏။ မေးကြည့် အပူးခံရသူက တစ်ဆင့် ထိုစုန်းက စကားပြော၏။ မကျေနပ်၍ ဆိုလျှင် ကျေနပ်အောင် တောင်းပန်ပေးရ၏။ ထွက်၏။ စားချင်၍ဆိုလျှင် သူကြိုက်ရာနှင့် ရွာချပေးရ၏။ ထွက်၏။ သည့်အတူ နတ်သွေးပူနေသည်။ အောက်လမ်းကိုင်ထားသည်များ စမ်းမိရာ၌လည်း သူတို့သဘောကျသည်အထိ ဆောင်ရွက်ပေးမှ အပူးမှခွာသွားကြ၏။ . . . ပမာ . . .။

ဤ၌လည်း အတိတ်ကပြုစဉ်ကတည်းက ကံဝိညာဉ်သို့ ပူးဝင်နေနှင့်ကြသော အစွဲပယောဂများ ဉာဉ်၊ ဝါသနာ၊ စရိုက်အဖြစ်ဖြင့် လူ့ဘဝကို ပြုစားနေကြ၏။ တစ်ဖန် ခန္ဓာတွင်းနေ ဓာတ်မှုဖြစ်သောဉာဉ်များကလည်း လူ့ဘဝကိုပြုစားနေကြပြန်၏။

သင့်၌ သမားတော် လိုအပ်နေပါပြီ။

ငါ့၌လည်း သမားတော်လိုအပ်နေပါပြီ။

အများ၌လည်း သမားတော်လိုအပ်နေကြပြီ။

ရွာစာချရမှာလား၊နတ်တင်မြှောက်ရမှာလား၊ အောက်လမ်းဆရာအကြိုက် လိုက်လုပ်ပေးရမှာလားကို . . .။

ထိုစဉ် အတိတ်ပါလာသည်က ဒိဋ္ဌိ တဏှာပူး ဉာဉ်၊ စရိုက်၊ ဝါသနာများ လက်ငင်း ဓာတ်သွေးတောင်းက ကုသိုလ် အကုသိုလ်ပေါင်းစုံ။

ခန္ဓာသည် အစွဲမကင်းသောခန္ဓာ။ သို့ကြောင့် ဥပါဒါနက္ခန္ဓာ။

ဥပါဒါန်သည် ဘဝဖြင့်ရင်းထားသော ဥပါဒါန်။ သို့ကြောင့် ခန္ဓုပါဒါန်။

သို့မဟုတ် . . .

စွဲလန်းလွန်း၍ ဘဝနှင့်ခန္ဓာဖြစ်ပေါ်လာရသည်။

ဘဝနှင့်ခန္ဓာဖြစ်ပေါ်လာ၍စွဲလန်းနေကြရပြန်ပါသည်။

သည်အထဲ အားသန် မာန်ထစကားအရ သွေးအား၊ လေအား၊ ကာယအားများထန်ရာမှ ခန္ဓာ့မာန်ကထလာဦးမည်။ အကုသိုလ်ဖြစ် ဓာတ်ဉာဉ်များထန်ရာမှ ကိလေသာမာန်ကထလာဦးမည်။ ထိုလူသား . . . ထိုမာန်နှစ်ပါးတို့အကြား . . .

ကာယအားကိုးဖြင့် ဆိုးချင်တိုင်းဆိုး၊ တိုးချင်တိုင်းတိုးနေဦးတော့မည်။

အလှအားကိုးဖြင့်လည်း ဆိုးချင်တိုင်းဆိုး တိုးချင်တိုင်း တိုးနေဦးတော့မည်။

မနအားကိုးဖြင့်လည်း ဆိုးချင်တိုင်းဆိုး တိုးချင်တိုင်းတိုးနေဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

ပညာအားကိုးဖြင့်လည်း ဆိုးချင်တိုင်းဆိုး တိုးချင်တိုင်းတိုးနေဦးတော့ မည်။

သို့ဖြင့် ထိုလူသားများ အစွဲဖြင့် လန်းဆန်းနေကြရပါသည်။ အစွဲကဖော်ပေးထားသည့်လမ်းအတိုင်း တန်းဝင်ပေးနေကြရပါသည်။

အာရုံထူပြောသဖြင့် တောကလည်း နက်လာပြီ။

အစွဲထူပြောသဖြင့်လည်း တောတ နက်လာနေပြီ။

မာန်ထိုး၍ သွေးကလည်း ဆူပွက်လာနေပြီ။

အာရုံတိုက် အလိုက်လွန်လာ၍ စိတ်များကလည်း မွှန်နေပြီ။

သို့ဖြင့် အနောက်ကို အရှေ့ထင်၊ အရှေ့ကို အနောက်ထင် ဘဝင်မှားလာနေကြပြီ။ တစ်ဖန် အထက် အောက်ထင်၊ အောက် အထက်ထင်ဖြင့် အထင်ပါ များလာနေကြပြီ။ သို့ကြောင့်. . . သင့်၌လမ်းပြလိုအပ်နေပြီ။ ငါ့၌လည်း လမ်းပြ လိုအပ်နေပြီ။ အများ၌လည်း လမ်းပြလိုအပ်နေကြပြီ။

အတွေးသည် သူထင်၊ ငါထင် ယုန်ထင် ကြောင်ထင် အထင်ကိုဖြစ်စေ၏။ တကယ်က သူမဟုတ်၊ ငါမဟုတ် ရုပ်နှင့်နာမ်ပါ ခန္ဓာသာ. . .။ တစ်ဖန် အထင်သည် အခင်ပါ အမင်ပါသည့် အစွဲအလမ်းကို ဖြစ်စေ၏။ တကယ်က ဝွဲစရာမရှိ အခုပေါ် အခုပျောက် ကောက်ယူတတ်စရာ ဘာမှမကျန်ရစ်ခဲ့။

အချိန်သည် ဥတုငွေ့ဖြင့် ရွှရွှပြေးတာ အရှိန်မြင့်တက် ပျက်ကျသွားသည်ချည်း။

ခန္ဓာရှိ အရွယ်များကလည်း သည့်အတူပင် အငွေ့ရှိန်ဖြင့် တက်ပျက် ပျက် ဖျက်။

ခန္ဓာမှ ထွက်ကျလာသည့် အာရုံလှိုင်းများကလည်း အတူတူအရှိန်ဖြင့် တက် ပျက် ဖျက် ပျက်။

သို့ကြောင့် အတွေး၏အထင်သည် အမြင်နှင့်ပါစင်အောင်လွဲမှားနေ၏။ အထင်မှဖြစ်သော အခင်စွဲအမင်စွဲများလည်း အမြင်နှင့်က တလွဲစီသာဖြစ်နေကြ၏။

အစွဲကြောင့် ဘဝနှင့် ခန္ဓာ ပေါ်ပေးနေကြရ၏။

အစွဲကင်းက ဘဝနှင့် ခန္ဓာ ပေါ်လာစရာ အကြောင်းမရှိ။

သို့ဆိုသော် . . . သင်သည် အစွဲနောက်လိုက်မလား၊ အရှိတိုင်းနေမလား။ သည့်အတူ ငါသည်လည်းကောင်း၊ အများသည် လည်းကောင်း အစွဲနှင့်အရှိ ခွဲသိဖို့တော့ လိုနေကြပြီ။

**□ အကြောင်းဆက် ပေါင်းဖက်ကြ တူနှစ်ကိုယ်**

ဘဝ ဟူသည် အရှိန်လှိုင်းများ၏ ဖြစ်စဉ်တန်းကြီးကို ဆို၏။

ထို ဖြစ်စဉ်တန်းကြီး အရိပ်ထွက်ရန်အတွက် ဓာတ်လေးပါး ထားပေးရ၏။

ထိုစဉ်. . . ဓာတ်လေးပါးဖြင့် ပုံပြထားသည့်ဖြစ်စဉ်ကြီးကား ရုပ်ခန္ဓာ။ ဤရုပ်ခန္ဓာကြီး ပြုစုပေးရန်အတွက်ကား နာမ်ခန္ဓာလေးပါး။ သို့ဖြင့် သူသည်လည်း ရုပ်ကိုယ်ကို နာမ်ကိုယ်က ပြုစုပေးရန် အကြောင်းပေါ်လာ၏။ ငါသည်လည်း ငါ့ကိုယ်ကို၊ ငါ့စိတ်ကို ပြုစုပေးရန် အကြောင်းပေါ်လာပြီ။ အများသည်လည်း ရရာကိုယ်ကို ရရာနာမ်က ပြုစုပေးကြရန် အကြောင်းပေါ်လာပြီ။ ယင်းကို အာယတနဆို၏။ ခန္ဓာမှီ၍ပေါ်လာသောအကြောင်းများ။

ထိုအကြောင်းများကား. . .

(က) သူက အဆင်းရိပ်ပြလာလျှင် ကိုယ်က သူ့အဆင်းဖမ်းယူကာ ခံစားခြင်း၊ မှတ်သားခြင်း စသည့် တာဝန်များ ထမ်းဆောင်ရန် မျက်ကြည်ဓာတ်အကြောင်းခံပေးထား. . .။ တစ်ဖန်. . .

(ခ) သူက သူ့မျက်ကြည်ဓာတ် ကိုယ့်ရှေ့လာချထားလျှင် ကိုယ်ကလည်း အဆင်းရိပ်ပြ အဖမ်းခံ၍ သူ့တွင်းရှိ ဝေဒနာ၊ သညာစသည်များ အလုပ်ရစေ၏။ သည့်အတူ . . .

သူ့ဘက်က အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေးများနှင့်. . .။

ကိုယ့်ဘက်က နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောများ. . .။

တစ်ဖန်. . . သူ့ဘက်က နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနောဖြစ်နေခဲ့ပြန်လျှင် ကိုယ့်ဘက်က အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ တွေး. . .။ သည်သို့ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြောင်းခံများ ထားပေး၍. . .

၁။ ဝေဒနာဖြင့် အပြန်အလှန်တီးခေါက်ကြည့်ပေးကြရ၏။

၂။ သညာစုဖြင့် အမှန်အလှန် မှတ်တမ်းများထားပေးကြရ၏။

၃။ ဝိညာဉ်စုဖြင့် တစ်ဦးမှတစ်ဦး သဘောတူသည်၊ မတူသည်တို့ကို အပြန်အလှန် နားလည်မှုယူပေးကြရ၏။ သဘောတူညီသွားကြလျှင်ကား. . .

၄။ သင်္ခါရစုတို့ဖြင့် တစ်ချပ်တံခါးတပ်၊ နှစ်ချပ်တံခါးတပ်များရှိကြသော မိမိတို့၏ ခန္ဓာကိုယ်တွင်းသို့ ဒွါရကိုးပါး တံခါးငါးပေါက်တို့မှနေ ကိုယ့်ထံရှိ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေးများ ထိုးသွင်းပေးလိုက်ကြတော့ကာ. . . ရော့ ငါ့ကိုယ် နင် သုံးချင်သလိုသုံး ဖြစ်စေ၏။

တစ်ဖန် ကိုယ့်ရှိ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ တံခါးပေါက်များမှ တစ်ဆင့် သူ့ထံနေ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့များကို အသွင်းခံ၍ . . . ပေး နင့်ကိုယ် ငါကလည်းပဲ သုံးချင်သလိုသုံးလိုက်စမ်းမယ် ဖြစ်လာစေ၏။

သည်သို့ သူ့၌ ကိုယ့်၌ ဆန့်ကျင်ဘက်အကြောင်းခံများကိုယ်စီထားကြ၍ ဆိုင်ရာအကြောင်းခံချင်းဆက်ကြည့်ကြ၏။ အကြောင်းတိုက်ဆိုင်လျှင် ကြိုက်ကြ၏။ အကြောင်းချင်းမတိုက်ဆိုင်က မကြိုက်။ ယင်းကို. . . ဇေ့စပ်ကြောင်းလမ်းသည်ဆိုကြ၏။ ရွှေလမ်း၊ ငွေလမ်းခင်းသည်လည်းဆိုကြသေး၏။

အာယတနဆိုသော၍အကြောင်းခံများ တစ်ဖက် ၆-မျိုး နှစ်စုံစီထားခြင်းသည် သူ့ဘက်ကိုယ့်ဘက်နေ နာမ်အုပ်စုများအချင်းချင်း တစ်ဖက်က အလုပ်လာအပ်လျှင် တစ်ဖက်က လက်ခံ၊ မခံ ပြန်ကြားရန် ဖြစ်၏။ တစ်ဖက်က အလုပ်တောင်းလာလျှင် တစ်ဖက်က ပေးနိုင်၊ မပေးနိုင် ပြန်ကြားရန် ဖြစ်၏။ လက်ခံလျှင်၊ ပေးလျှင် ဝတ္ထုချင်း (ကိုယ်ချင်း) ဖလှယ်သုံး သုံး၍ ရသွားပြီ။ အကယ်တိတိ လက်ခံလျှင်၊ မပေးလျှင်ကား ဝတ္ထုလုံခြုံရာထား စကားအခြေအတင်များ လိုကများ မများလို ရှောင်သွားကြရုံသာ။

တစ်ဖန်. . . စဉ်းစားရန်များ. . .

လူလူချင်း ဖိုနှင့်မတို့ ညားသွားသည်ကို. . . 'မဖြူ ကိုညိုနှင့် အကြောင်းပါသွားပြီတဲ့' ပြောကြ၏။ အသိမှတ်ပြုကြ၏။ 'ကိုတုတ်ကြီး မသေးလှိုနှင့် အကြောင်းပါသွားသတဲ့။' ပြောကြ၏။ အသိမှတ်ပြုကြ၏။ 'အကြောင်းပါ' ဤစကားထဲ၌. . . အတိတ်က ဖူးစာဆုံရန် ကံအကြောင်းပါများကို လက်ရှိ အဆင်း မျက်စိ စသည် ပုံရိပ်ဖမ်း စမ်းကြည့်များဖြင့် အကြောင်းခံပြီးမှ နှစ်ဦးသဘောတူ



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းဖက်ရကျိုး ဖော်ထုတ်ရသည်ကို ရည်ညွှန်းဟန်ရှိ၏။

သေချာသည်မှာကား . . . သူ့အာရုံ အကြောင်းခံထား၍ ဝတ္ထုချင်းလဲစားကြရာ၌ လည်းကောင်း၊ ကိုယ့်အာရုံ အကြောင်းခံထား၍ ဝတ္ထုချင်းလဲစားကြရာ၌လည်းကောင်း တစ်ဖက်က အဆင်းရိပ်ဖြင့် အကြောင်းခံခဲ့လျှင် ကိုယ့်ဘက်က မျက်ကြည်ခွက်အကြောင်းခံဖြင့် ပုံဖော်ဖမ်း။သည့်အတူ တစ်ဖက်ကလာပြသမျှသော ဆိုင်ရာအကြောင်းအထောက်ပံ့များကို ကိုယ့်ဘက်ကနေ ဆိုင်ရာအကြောင်းအထောက်ပံ့ခံများဖြင့် ပုံဖော်ကြည့်ပေးကြရခြင်းပင်။ သို့ကြောင့်. . . လက်ရှိ ဓာတ်သဘောထားချင်းတည့်လျှင် အကြောင်းပါပြီမှတ်။ အတိတ်ကြောင်းကား ပါမပါ မထင်ရှား မသေချာ။ အဘိဉာဉ်ရှင်များ၏အရာ။

သို့ဖြင့် လူတို့သည် တစ်ဖက်နေ သက်ရှိ သက်မဲ့တို့နှင့် ပက်ပင်းကြုံတိုင်း အာရုံချင်း ကြောင်းလမ်း၍ ဝတ္ထုချင်း တောင်းရမ်းပေါင်းဖက်ကြရရာ . . . အလိုကျချိန် တဏှာ၊ မာန၊ ဒိဋ္ဌိများက မင်းမူပြကြလေကုန်၏။ အလိုမကျသော အခါ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စများက လက်ခမောင်းထခတ်ကြလေကုန်၏။ သူတို့နောက်မှာကား မရှက်တမ်း၊ မကြောက်တမ်းများလည်းပါ၏။ ပျံ့လွင့်ခြင်း၊ တွေဝေးခြင်း၊ ဝေဝါးခြင်းများလည်းပါ၏။ အတွေးများလည်း ါသေး၏။

အကယ်တိတိ နှစ်ဖက်စလုံး ဓမ္မာရုံတွင်း ဝင်ရောက်ကြပြီး ပြင်ပပုံကိုမြှုပ်၍ အတွေးနေဂုဏ်များကိုသာ ထုတ်နုတ်စိစစ်နေကြပါမူကား. . . သတိစွမ်းပကားနှင့် ဓမ္မရတနာအပေါ် ယုံကြည်သောသဒ္ဓါများ တိုးဝင်လာကာ မရှက်တမ်း၊ မကြောက်တမ်းမှ ရှက်တမ်း၊ ကြောက်တမ်းဘက် ကူးထွက်လာကြပါအံ့။ အလိုကျခြင်း မကျခြင်းအစား အလိုပိတ် မေတ္တာများပါ ပွားဝင်လာကြတော့ရာ . . . နှစ်ဖက်စလုံး အကြောင်းက အကြောင်းအတိုင်းသာ ရှိကြပေတော့မည်။

**□ အကျိုးများ တိုးပွား သားခြောက်ယောက်**

လူဘဝသည် ခန္ဓာမှီ၍ အသက်ရှင်ခွင့်ရနေ၏။

ခန္ဓာသည်ကား ဓာတ်မှီ၍ သက်ဝင်လှုပ်ရှားခွင့်ရနေ၏။ တစ်ဖန်. . .

ဓာတ်များ အသက်ရှင်ရန်ကိုကား . . . တစ်ဖက်က အရိပ်၆-ပါး ပြသထား



လျှင် ကိုယ့်တက်က အကြည်ဓာတ် ၆-ခွက်တို့ဖြင့်ဖမ်းယူရန် အတွင်းအာယတန ၆-ပါး။ တစ်ဖက်က အကြည်ဓာတ်၆-ခွက်ထောင်ပြထားလျှင် ကိုယ့်ဘက်က အရိပ်ပြ ၆-ပါးထားပေးရန် အပြင်အာယတန ၆-ပါး။ ဤ ၁၂-ပါးသောအတွင်းနေအပြင်ထား အာယတနများက တာဝန်ယူကြပါမည်။

ယင်းတို့ကြောင်း ပြီးခဲ့သောအပိုင်းက ရှင်းပြခဲ့ပြီးပြီ။

ဤ၌ကား ယင်းတို့ကို ဓာတ်အဖြစ်နေရာချထားပေးရန်သာရှိတော့သည်။

သဘာဝ ဓာရေတီတိ ဓာတု။

ကိုယ့်သဘောကိုယ်ဆောင်၊ သူ့သဘောသူဆောင် မျက်နှာပြောင်တိုက်နေသည်က ဓာတ်ဟုဆိုရာ. . . မျက်လုံးထဲနေ အကြည်ဓာတ်သည် မြင်သဘောကိုသာဆောင်၏။ သို့ကြောင့် ကြားစရာ၊ အနံ့ခံစရာ စသည်များ လာတွေ့က မျက်နှာပြောင်တိုက်နေပြမည်။ ကျန် နား၊ နှာစသည်များကလည်း နည်းတူချည်းသာ။

တစ်ဖန် မျက်လုံးထဲနေ မြင်သဘောဆောင်သောအကြည်ဓာတ်သည် သူ၏ တစ်ခုတည်းသော ဖူးစာရှင် အဆင်းအာရုံကလာတွေ့စဉ် ခန္ဓာစုများက သူတို့ချင်းဓာတ်သဘောချင်းတိုက်၍ ကြိုက်သည့်တိုင် ထိုအမြင်ဓာတ်က အဆင်းဓာတ်ထဲသွားမရော။ တစ်ဖက်အဆင်းဓာတ်ကလည်း သည်ဘက်နေ အမြင်ဓာတ်ထဲလာမရော။ သို့ကြောင့်-

အမြင်ဓာတ်သည် အမြင်အတိုင်းဖြင့် အဆင်းဓာတ်ကို မျက်နှာပြောင်တိုက် နေပြ၏။

အဆင်းဓာတ်ကလည်း အဆင်းအတိုင်းဖြင့် အမြင်ကို မျက်နှာပြောင်တိုက် နေပြ၏။ ကျန်နားနှင့်အသံစသည် အတွဲများကလည်း သည်အတိုင်းချည်းသာ။

သို့ဖြင့်. . . မျက်ကြည်ဓာတ်ကလည်း သူ့သဘောအတိုင်း သူနေပြ၏။ မည်သူ့အမိန့်မျှ မနာခံ။ အဆင်းဓာတ်ကလည်း သူ့သဘောအတိုင်း သူနေပြ၏။ မည်သူနှင့်မျှ ပလူးပလဲမလုပ်။ ကျန်အတွဲငါးခု၊ ဓာတ်ဆယ်ခုတို့လည်း သူတို့သဘောနှင့်သူတို့ချည်းပင်။ ကား၌တပ်ဆင်ထားသည့် မှန်နှင့်ကားနားက ဖြတ်သွားသောအရိပ်များပမာ. . . ။

သို့ကြောင့် ထို မျက်စိ အဆင်းစသည့် တွင်းပြင်နေ ၁၂-မျိုးတို့သည် . . . အာရုံချင်း ညွတ်ယူ ဆွတ်ယူရာ၏ ရွေ့ပြေး လမ်းခင်းများဖြစ်ကြ၏။ ဝတ္ထုချင်း လက်ခံဆက်ဆံရာ၌ ရွေ့ပြေးလမ်းခင်းများလည်း ဖြစ်ကြ၏။ ခန္ဓာစုချင်းစွဲငြိဆွဲလှည့်ရာ၏ ရွေ့ပြေး လမ်းပြများလည်း ဖြစ်ကြ၏။

တံတားသည် လူသူလေးပါးလျှောက်ရန်သာ ဖြစ်၏။ သူကိုယ်တိုင်က တက်မလျှောက်။ လမ်းသည်လည်း လူသူလေးပါးသွားရန်သာဖြစ်၏။သူကိုယ်တိုင်ကဖဝါးမတက်ပမာ. . . အကြောင်းခံမျှသာ အခွင့်ထူးအကျိုး တိုးမယူတတ်။ သို့သော် အကြောင်းခံချင်း အကြောင်းပါကြရာမှ အကျိုးဖြစ်ထွန်းခြင်းကား ရှိစမြဲ။ သို့မဟုတ် အကြောင်းနှစ်ဖက်ကြားမှ အကျိုးသက်တစ်ပါး ထွန်းကားလာခြင်း။

ယင်းမှာ. . . အမြင်ဓာတ် အဆင်းဓာတ်အကြားမှ မြင်သိဓာတ်တစ်ပါး။ အကြားဓာတ် အသံဓာတ်အကြားမှ ကြားသိဓာတ်တစ်ပါး စသည်များ။ သို့ဖြင့် အကြောင်းခံ ၁၂-ပါးတို့အကြား



www.burmeseclassic.com

www.burmeseclassic.com

မှ အကျိုးဖြစ် ၆-ပါးထပ်မံတိုးပွားလာရာ ဓာတ်အားဖြင့် ၁၈-ပါးဖြစ်လာသည်။

ထို၆-ပါးတို့ကလည်း မြင်သိဓာတ်သည် မျက်စိက ဖြစ်ပေါ်လာသည်လည်းမဟုတ်။ အဆင်းဘက်ကလည်းမဟုတ်။ သူတို့နှစ်ခုထိပါမိကြရာမှ ထသိလာသော ဓာတ်သီးခြားပင်ဖြစ်ရာ သူ့သဘောနှင့်သူသာရှိ၏။ မည်သူနှင့်မျှ အရောမဝင် မည်သူ့အသွန်အသင်မျှ မခံ။ ကျန် ကြားသိ၊ နံသိဓာတ်များလည်း နည်းတူ။

ဤ၌ မြင်သိ၊ ကြားသိ စသည်ဖြင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဘက်မှနေ အမည်ထားပေးခြင်းမှာ. . . လင်နှင့်မယား အကြောင်းဆက် ပေါင်းဖက်မိကြရာ အကြားမှ သမီးရတနာ တစ်ပါးထွန်းကားလာရာ ထိုသမီးရတနာကို အမိက ဝမ်းလွယ်မွေး၊ အဖက သန္ဓေပေးရုံမျှ ဖြစ်ခြင်းကြောင့် အမိဘက် ဦးစားပေး အမည်မှည့်ရ၏။ ခင်ခင်ရီက မွေးသော အင်္ဂါသမီးလေး စန်းမြင့်ရီ နှာမည်ပေးနည်းပမာ. . . အခံဓာတ်ဖြစ်သော မျက်စိ စသည်များဘက်မှသာ မြင်သိ စသည်ပေးထားရပါ၏။ မြင်သိဆိုသဖြင့် အမြင်မျက်လုံး၏ သြဇာခံ တား မဟုတ်ချေ။ ကြားသိ၊ နံသိ စသည့် အသိဓာတ်များလည်း နည်းတူ။

**ခွဲပေးထားရာ**

အတိတ်ကံ ဖန်တီးပေးထားသည့် အစွဲသည် . . . အတိတ်ဘဝမှနေ သည်ဘဝကိုဆွဲယူပြီး ငါ့ကို အပ်နှင်း၏။ ထိုသည့်ငါ 'ငါဘာကောင်လဲ' သိလို၍ မိဘတို့သုက်ဓာတ်များအတွင်းက ဓာတ်ငွေ့လေးပါးကိုစွဲယူကာ ဘဝရုပ်ပုံကိုဖော်ကြည့်ရာ. . . လူဖြစ်နေသည်ကို တွေ့ရ၏။ တစ်ဖန် ရုပ်ကိုယ်ကြီးထဲ အိပ်စက်နေသောဝိညာဏ်နာမ်ကိန်းနှင့်ဆက်လက်၍ အုပ်စုဖွဲ့ကာ ငါ့ဘဝ ငါ့ခန္ဓာကို ဘုတ်အဖွဲ့ဖြင့် အုပ်ချုပ်စေ၏။ ထိုဘုတ်အဖွဲ့က ပြင်ပတစ်ကိုယ်လုံး၌ အာရုံဖမ်းဓာတ်မွေး ဧရိယာတိုင်များ စိုက်ထူထား၏။

ထိုစဉ် ကိုယ်လုံးနှံ့ အမွေးအမျှင်များကနေ ကိုယ်အကြည်ဓာတ်က အာရုံဖမ်းပို့။ မျက်ကြည်ဓာတ်က မျက်တောင်၊ မျက်ခုံးများကနေ ဖမ်းပို့။ သည့်အတူ နားကနားမွေး၊ ပါးစပ်က မုတ်ဆိတ်ကျင်စွယ်မွေး စသည်များကနေ ဖမ်းပို့။


ပြင်ပက ဖမ်းပို့ပေးကြသမျှ အာရုံထိုင်းများကို ဦးခေါင်းတွင် အကြည်ဓာတ်အားလုံး စုဝေးတပ်ဆင်ကာ ခေါင်းမွေးများကနေ အာရုံသိုလှောင်ရုံ ဦးခေါင်းတွင်း သွင်းပေးကြရ၏။ ဦးခေါင်းတွင်း ဝင်လာသမျှ အာရုံများကို. . . ဝိညာဉ်အုပ်စုသည် မနောသွေးများထိုင်၍ဘဝင်လေလှုပ်ခတ်သွားသည်နှင့် အာရုံဝင်လာကြောင်း အသိရှိလိုက်၏။ တစ်ဖန် ဘဝင်စိတ် လှုပ်နိုး၍ ဆင်ခြင်ကြည့်စေ၏။ သည့်နောက် အာရုံလက်ခံပြီး သုံးသပ်ဆုံးဖြတ် ပြီးသည်နှင့် မနောမှထ တဲ့ကာ. . .

ဓာတ်တည့်သည် ကြိုက်သည်ဆိုလည်း ဦးနှောက်မှနေ အကြောင်းကြားပေး။

ဓာတ်မတည့် မကြိုက်ဖြစ်နေကလည်း ဦးနှောက်သို့ ပြန်လည် အတင်းပေးပို့။

ကောင်း၏။ ဆိုး၏။ အကြောင်းပေါ်မလာလည်း အကြောင်းမပြကြောင်း သတင်းပေးပို့။ သည်သို့ သတင်းပေးပို့နိုင်ရန်ကိုကား. . . သုက်သွေးမှီ ဝေဒနာအုပ်စုများလည်း ပါဝင်အလုပ်လုပ်ပေးကြရ၏။ ညည်းခြေမှီ သညာအုပ်စုများလည်း ပါဝင်အလုပ်လုပ်ပေးကြရ၏။

သည်သို့ နာမ်စုများ ပူးပေါင်းပါဝင်၍ ဆုံးဖြတ်ချက်ချပေးလိုက်ပါသည်ကို ဓာတ်သွေး လည်ပတ်ရာ၌ ပါဝင်နေကြသည့် ဆိုင်ရာသင်္ခါရလုပ်သားများက အကြိုက်တွေ့ ကြည့်စရာ၊ ကြားစရာ၊ နမ်းစရာ၊ စားစရာများဆိုပါက ပြင်ပနေ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိတို့အကူကိုယူ၍ အဆင်းလာတိုက်ရာတွင် အဆက်မပြတ်ကြည့်၍၊ အဆက်မပြတ်သိ၍ အဆက်မပြတ် ပြန်လည် သတင်းပို့ပေးစေ၏။


ရွှေနှစ်တောရသို့ဦး၊ တည်ရာဖန်းမောက်မြို့အထွက်ထမ်း၊

ပြင်ပနေ မြင်သိက အဆက်မပြတ် ပို့လိုက်သည့်အာရုံမှန်သတင်းကို အတွင်းမနောက တစ်ဖန်လက်ခံကာ ဝေဒနာအုပ်စုက တမြုံ့မြုံ့ခံစား၍ ရုပ်ကိုယ်အား အရသာ ဖန်တီးပေး၏။ သည့်အတူ သညာစုက အမည်ဖော်ထုတ်ပေး၍လည်းကောင်း၊ သင်္ခါရစုက စေတနာထားပေးခြင်း၊ အဆင်းပုံနှင့် မျက်ကြည်ခွက် ကွာမသွားရန် စောင့်ကြပ်ပေးခြင်း စသည်များဖြင့် ရုပ်ကိုယ်အား ကျေးဇူးပြုပေး၏။ ပြီးသော် ဝိညာဉ်က ဆုံးဖြတ် . . .။ နား၊ နှာ၊ လျှာ၊ ကိုယ်မှ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဝင်လာလျှင်လည်း နည်းတူမှတ်ပါ။

အကယ်တိတိ အကြိုက်မတွေ့စရာများက ဆိုင်ရာဓာတ်ခွက်သို့ လာရောက် ထိတွေ့နေသော် ထိုအကြိုက်မတွေ့အာရုံဖယ်ရှားပစ်ရန် အတွင်းနေ (ဝိညာဉ် ဦးစီးသော) နာမ်အုပ်စုသည် ဤပုံစံအတိုင်း ပြင်ပနေ မြင်သိ ကြားသိများမှတစ်ဆင့် ဆိုင်ရာ ကိုယ်၊ နှုတ်တို့ကို လွှင့်ပစ်စေကြမည်။ သည်သို့ပင် ငါ့ဘဝကို ဘုတ်အဖွဲ့က တာဝန်ယူ ပြုစုစောင့်ရှောက်ပေး၏။ တစ်ဖန် ဘဝကို ဓာတ်လေးပါးတို့က ရုပ်ပုံဖော်ပေးကြ၏။ နောက်တစ်ဖန်. . . ဖိုအင်္ဂါ (မအင်္ဂါ) ထားပေးခြင်း၊ ရုပ်ချော. . .။


တစ်ဖန် ဓာတ်ရည်ဝင် ထိုဘဝကိုကား ခန္ဓာတို့က ဘုတ်အဖွဲ့ အုပ်ချုပ်၏။

မချော၊ လှ၊ မလှ၊ အချိုးအဆစ်ပြေ၊ မပြေ ၆-ချက်များထားပေးခြင်းများကို ငါ့နောက်နေကံများကတာဝန်ယူပေးကြသည်။ သည့်အတူ အသက် အတို၊ အရှည်၊ အနာကင်း-မကင်းမှနေ ပညာရှိ-မရှိတိုင်အောင်များကိုလည်း ငါ့နောက်



www.burmeseclassic.com

www.burmeseclassic.com



**ရွှေနှစ်တောရ နှင့်ရွာများအကြား သဲချောင်းကူး ကျွန်းသစ်လုံးတံတားတစ်ချို့**

နေကံများကပင် တာဝန်ယူကြမည်။ ငါဆိုသည့် ငါကား ကြိုးဆွဲဆရာလက်ထဲက အရုပ်ကလေးတစ်ရုပ်မျှသာ။

ကြိုးဆွဲဆရာ၏လက်ထဲက ငါဆိုသည့် ထိုငါသည်. . .

တစ်ဖက်နေ အာရုံရှင်က အာရုံပြဖြင့် အကြောင်းဖော်ပေးနေလျှင် ငါသည် ငါ့ထံနေ အကြည်ခွက်တို့ဖြင့် ပြန်လည်အကြောင်းပြပေးရ၏။ တစ်ဖန် . . . ငါ့ထဲနေ ဘုတ်အဖွဲ့က ငါ့အား အာရုံဖြင့် တစ်ဖက်အကြောင်းပြ ခိုင်းနေလျှင် ထိုငါသည် တစ်ဖက်အကြည်ခွက်နှင့် တည့်တည့်ချိန်၍ အာရုံပြပေးရ၏။ သို့ဖြင့် သူနှင့် ငါတို့သည် ကိုယ့်အာရုံ သူ့အကြည်ထဲ ထည့်ပေး၍၊ သူ့အာရုံ ကိုယ့်အကြည်ထဲထည့်ပေး၍ အပြင်ဧည့်ကို အတွင်းစိတ်အရာထား အချင်းချင်း လိုက်စားပေးကြရာ. . .

ဝေဒနာသည် သုက်သွေး အားကောင်း ကောင်းသလောက် ခံစားပုံ လက်ရာမြောက်စေ၏။

သညာသည် သည်းခြေသွေးအားကောင်း ကောင်းသလောက် မှတ်သားပုံ အစွမ်းပြ၏။

သင်္ခါရသည် ဓာတ်သွေးအားကြီး ကြီးသလောက် စီမံပုံကောင်းကြောင်းပြ၏။

မနောဝိညာဉ်သည် နှလုံးသွေးအားသန် သန်သလောက် ဆုံးဖြတ်ပုံ ပိုင်ကြောင်းပြ၏။

မနောဝိညာဉ်သည် နှလုံးသွေးအားသန်သန်သလောက် ဆုံးဖြတ်ပုံပိုင်ကြောင်းပြ၏။

ထိုစဉ် သူ့အာရုံနှင့် ငါ့အကြည်ခွက်တို့ အကြောင်းပြရာ အကြားမှ လည်းကောင်း၊ ငါ့အာရုံနှင့် သူ့အကြည်ခွက်တို့ အကြောင်းပြရာအကြားမှ လည်းကောင်း သူ့ထံမှာလည်း မြင်သိ၊ ကြားသိ စသည်များ ဖွားကနဲမြင် အတွင်းသို့ အတွင်းသတင်းပို့ရာ၊ ငါ့ထံမှာလည်း မြင်သိ၊ ကြားသိ စသည်များ ဖွားကနဲမြင် အတွင်းသို့ အတွင်းသတင်းပို့ရာ . . . အတွင်းနေ နှစ်ဖက်သော ဘုတ်အဖွဲ့တို့သည် တစ်ဖက်ကလည်း မြေမြင်သွားမြင်းကဲ့သို့ ကြိုးစားပေးကြရ၏။ တစ်ဖက်ကလည်း ရေလှော် လှေသမားကဲ့သို့ ဖမ်းစားပေးကြရ၏။ ထိုစဉ်. . . ကြိုးစားပမ်းစား လုပ်ကိုင်ပေးရသူများကား ဘုတ်အဖွဲ့သားများ။ ဘုတ်ခိုင်းသလောက် လိုက်လံ အကောင်အထည်ဖော်ပေးသမားကား ငါဆိုသော ဓာတ်ကောင်။ ဓာတ်စာလိုက်ပါနိုက်ကာယူသွားကြသူများကား . . . ရာဂတဏှာနှင့် အပေါင်းပါများတည်း။ ဒေါသတဏှာနှင့်အပေါင်းပါများတည်း။

ကြက်ပွဲများတွင်. . . ကြက်တိုက်သမားနှစ်ဦးက ကြက်ကိုယ်စီပိုက်၍ အလာ လောင်းကြေး စားလိုသူများကား လောင်းကြေးကိုင် ထိုင်စောင့်၏။ ကြက်ပွဲကြည့် ပရိသတ်များကား စည်းအပြင်ကနေ တိုးဝှေ့ကြည့်ကြ၏။ ကြက်ပွဲစသည်နှင့် နှစ်ကောင်စလုံး ဒဏ်ရာကိုယ်စီနှင့် ခွပ်ပေးနေကြရ၏။ ဒဏ်ရရသူချင်းအတူတူ ဒဏ်ရာပါ အနာကြီးကြက်က အရှုံးပေးရ၏။ အနာကြီးချင်းအတူတူ သက်လုံမကောင်းသော ကြက်က အရှုံးပေးရ၏။ ထိုအခါ. . . နာကျန်နေခဲ့ကြသည်က ကြက်နှစ်ကောင်။ ကြက်နာကုစားနေရစ်ခဲ့ရသည်က ကြက်သမားနှစ်ယောက်။ ရသမျှ လောင်းကြေးကိုကား နိုင်ရာကစားသွားတော့၏. . . ပမာ. . .။

ငါဆိုသော ငါကား စိတ်အစွဲနာဖြင့် ခါကျန်နေရစ်ခဲ့ရပြီ။

ကိုယ်မှာလည်း မောဟိုက်သော ရောဂါဖြင့် ပန်းကျန်နေရစ်ခဲ့ရပြီ။

ဓာတ်သွေးပူဆာသည်ကို အခွင့်ကောင်းယူသွားကြသည်ကား တဏှာတည်း။ သို့တစေလည်း ထိုသည့်ငါ ဓာတ်မိန့် မတော်လှန်နိုင်သေးသဖြင့် ရင်းနှီးနေသောဒုက္ခနှင့်ပင် ပျော်ပိုက်နေရဦးတော့မည်။

ဒုက္ခကသာ ခိုင်းစမ်းပါ။ ထိုသည့် ငါက လိုလိုချင်ချင် လုပ်ပေးနေမှာပါ။

အလိုကသာ ပူဆာစမ်းပါ။ ထိုသည့်ငါက ဒုက္ခခံပြီး ဖြည့်ဆည်းပေးနေဦးမှာပါ။

ခန္ဓာတွင်းနေ ဓာတ်လှိုင်းကြီးများကား သိမ့်သိမ့်တုန် ထန်နေဆဲရှိသေး၍။ ဓာတ်သွေးလှန့်၍ ဖြန့်ထွက်နေသော အတွေးများကလည်း ဂယက်ထနေဆဲဖြစ်နေသေး၍။ သို့ဖြင့် ထိုသည့်ငါ မဂ္ဂက ခရီးမတွင်သေး နိဗ္ဗာန်ရောဓက အဝေး . . .။

အကယ်၍များ . . . လှိုင်းက ဖောင်လှော်၊ လှိုင်းပေါ်ဖောင်စီး၊ ဖောင်တော် လှိုင်းပေါ်က ခရီးထွက်ခဲ့နိုင်ပါမူကား ထိုသည့်ငါ. . .

သမုဒယအပြေး ဒုက္ခနှင့်ဝေးရော့ထင်၏။

မဂ္ဂင်ပေါ် စိတ်စီး နိဗ္ဗာန်ရောဓနှင့်ကား နီးလာပြီထင့်။

- ဗဟုလ္လာ မမ သန္တိကေ၊ ဝတ္ထုနိ တက္က ဝစရေ။
  ဧတ္ထေ တမ္ပိ ရာသိဧကော၊ ဧကေကော ဓမ္မဘိသယော။ ။

**မမသန္တိကေ** - အာရုံလွင့်ပျံ့ ငါ့သန္တာန်ဝယ်. . .၊ **တက္ကဝစရေ ဝတ္ထုနိ** - တွေးစရာ အကြောင်းအရာတို့သည်ကား၊ **ဗဟုလ္လာ** - စာပေါင်းသိုက်က မြက်မှိုက်အလား အများအပြား. . .။

**ဧတ္ထေ** - ထိုစာပေါင်းသိုက်ထဲ၌၊ **တမ္ပိ** - အစွဲဖြစ် ကိုယ် ဆိုသော သည်စကားလုံးလေးကလည်း၊ **ဧကောရာသိ** - တရားအုပ်စုတစ်စု၊ **ဧကေကော ဓမ္မဘိသယော** - တစ်ခုပေါ် တစ်ခုတက်၍ ထွက်လာသည့် တရားပွဲတစ်ပွဲ။ ။

၁၃၇၃-ခုနှစ်၊
နယုန်လဆန်း ၁၁ ရက်၊
တနင်္ဂနွေနေ့။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

မိုးဦးတစ်မနက်ခင်းတွင် ကျွန်တော်သည် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ထွက်ခဲ့ပါသည်။

ကျွန်တော်သည် ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ရောက်လျှင် စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်၍ ရှိခိုးလေ့ရှိပါသည်။

ထိုနေ့ကလည်း ကျွန်တော်သည် စေတီတော်မြတ်ကြီးသို့ ရောက်သောအခါ စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်၍ ရှိခိုးပါသည်။ တနင်္ဂနွေထောင့်သို့ရောက်သောအခါ ဘုရားရှိခိုးနေသော ကျွန်တော့်သူငယ်ချင်းကို တွေ့ရပါသည်။ ကျွန်တော်သည် သူငယ်ချင်းကို နှုတ်မဆက်ဘဲ ပြုနေကျအတိုင်း စေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်၍ ရှိခိုးပါသည်။ ရှိခိုးပြီးသောအခါ ဂေါပကရုံးခန်းသို့ဝင်ခဲ့ပါသည်။ အချိန်စောသေးသဖြင့် ဂေါပကအဖွဲ့ဝင်များ ရောက်မလာကြသေးပါ။ ကျွန်တော် ဂေါပကရုံးခန်းသို့ရောက်၍ မကြာမီမှာပင် ကျွန်တော့်သူငယ်ချင်းရောက်လာပါသည်။ ကျွန်တော်က ဦးစွာ နှုတ်ဆက်လိုက်ပါသည်။

"ဘုရားရှိခိုးပြီးခဲ့ပြီလား။ တနင်္ဂနွေထောင့်မှာ သူငယ်ချင်း ဘုရားရှိခိုးနေတာတွေ့တယ်။ ဘယ်အချိန်က ရောက်နေတာလဲ"


"(၇) နာရီလောက်ကတည်းက ရောက်နေတာ"

"ခါတိုင်းက အင်္ဂါထောင့်မှာ ရှိခိုးနေကျပါ။ ဒီကနေ့ကျမှ ဘာဖြစ်လို့ တနင်္ဂနွေထောင့်ကိုပြောင်းပြီးရှိခိုးရတာလဲ"

"သူငယ်ချင်းနဲ့တွေ့တဲ့အခါ အဲဒါပြောပြဖို့ စိတ်ကူးထားတာပါ။ အခု သူငယ်ချင်းကမေးတော့ပြောပြရမှာပေါ့။ တစ်လောက မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးတဲ့ 'ကိုယ်ပွားဘုရားအားထားသူများအကြောင်း' ဆိုတဲ့ စာအုပ်ကို ဖတ်ရတယ်။ အဲဒီစာအုပ်ထဲမှာ ဆရာတော်ဘုရားကြီးက ဆံရှင်ဘုရားကိုရှိခိုးတဲ့အခါ တနင်္ဂနွေထောင့်ကနေရာယူပြီး

# မြဝင်း(ဒဿန)

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ "ကိုယ်ပွားဘုရားအားထားသူများအကြောင်း" စာအုပ်လာ မှတ်ပွယ်ရာများ





www.burmeseclassic.com

www.burmeseclassic.com

ရှိခိုးရမယ်လို့ဆိုထားတယ်။ ငါ့ဆီမှာ စာအုပ်ပါပါတယ်။ သူငယ်ချင်းဖတ်ကြည့်ပါဦး"

ကျွန်တော့်သူငယ်ချင်းသည် ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲမှာပါလာတဲ့ 'ကိုယ်ပွားဘုရား အားထားသူများအကြောင်း' စာအုပ်ကို ထုတ်ယူပြီး ကျွန်တော့်အားပေးပါသည်။ စာအုပ်ပေးရင်း -

"ရှာရတာလွယ်အောင် ကတ်ပြားကလေးညှပ်ထားတယ်"

ဟု ပြောလိုက်ပါသေးသည်။

ကျွန်တော်သည် သူငယ်ချင်းပေးသောစာအုပ်ကိုယူ၍ ကတ်ပြားညှပ်ထားသော စာမျက်နှာကို လှန်ကြည့်ရာ ဤသို့တွေ့ရပါသည်။

- ❑ . . . သို့ကြောင့် သူတော်ကောင်းကြီးများမှာလေ့ရှိသော စကားတစ်ခွန်းရှိ၏။ ယင်းကား ဆံတော်ရှင်သို့ ကိုးကွယ် ဆည်းကပ်လျှင် တနင်္ဂနွေထောင့်မှ နေရာယူပါဟူ၏။

တနင်္ဂနွေထောင့်အရပ်သည်. . .

- ❑ ဘုရားရှင် ဗောဓိပင်ဝင်ရာအရပ်လည်း ဖြစ်၏။
- ❑ ဘုရားရှင်အတွက် ပလ္လင်တော်ပေါက်ရာအရပ်လည်း ဖြစ်၏။
- ❑ ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရာအရပ်လည်း ဖြစ်၏။

သို့ကြောင့်ထက်၏။ သီလသိက္ခာအားနည်းက အဖျက်ကြုံတတ်သည်။ သီလသိက္ခာအားကြီးပါက ဘုရားရှင်နှင့်ပက်ပင်း တွေ့ခွင့်ရနှင့်မခြား လိုရာရာဆုထူးများအားလုံး ပြီးစီးစေနိုင်သည်ဆို၏။

ကျွန်တော်သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ အထက်ပါရေးသားချက်ကိုဖတ်ပြီး ဤသို့စကားဆက်ပါသည်။

"သူငယ်ချင်းက ဒါ့ကြောင့်တနင်္ဂနွေထောင့်အရပ်နေပြီး ဘုရားရှိခိုးနေတာကိုး"

"ရွှေဆံတော်စေတီတော်မြတ်ကြီးက မြတ်စွာဘုရားရှင်ရဲ့ ဆံတော်ကိုဌာပနာပြီး တည်ထားတာဆိုတော့ ဆံတော်ရှင်ဘုရားကို အထူးရှာစရာမလိုတော့ဘူး။ စေတီတော်မြတ်ကြီးကိုရောက်တာနဲ့ တနင်္ဂနွေထောင့်အရပ်မှာနေရာယူပြီး ရှိခိုးလိုက်ရုံပဲ။ ဒါ့ထက် သူငယ်ချင်း ဒီစာအုပ်ကိုဖတ်ပြီးပြီလား"

"ဖတ်ပြီးပါပြီ သူငယ်ချင်းရယ်။ ရန်ကုန်သုရဋ္ဌမဂ္ဂဇင်းတိုက်ကိုရောက်ခိုက်စာတည်းချုပ် ဦးအောင်မြတ်က အဲဒီစာအုပ်ကို ဓမ္မလက်ဆောင်ပေးလို့ဖတ်ခဲ့ရတာပါ"

"ငါတော့ တစ်လောဆီကဖတ်ရတာပါ။ မှတ်သားစရာတွေအများကြီးပါတယ်နော်"

"မှတ်သားစရာတွေ၊ နှလုံးသွင်းစရာတွေ အများကြီးပါတာပေါ့။ အကြောင်းတိုက်ဆိုင်တုန်း ဒီစာအုပ်ထဲမှာပါတဲ့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ အင်မတန် မှတ်သားစရာကောင်းတဲ့အဆုံးအမကိုပြောပြပါဦးမယ်"

"ပြောပြပါ သူငယ်ချင်းရယ်"

"အဲဒါကတော့ 'ယုံမှအစွမ်းထက်သော ထိုလေးမျိုး' တဲ့။ စာအုပ်ရဲ့နောက်ပိုင်းမှာပါတယ်။ ယုံမှအစွမ်းထက်တဲ့အရာလေးမျိုးကတော့ ရတနာသုံးပါးတဲ့၊ ဆေးဝါးများတဲ့၊ သူတော်ကောင်းများတဲ့။ နောက် မိမိရဲ့အစွမ်းသတ္တိတဲ့။ အခုသူငယ်ချင်းအနေနဲ့ စေတီတော်မြတ်ကြီးရဲ့တနင်္ဂနွေထောင့်အရပ်ကနေပြီး ဘုရားရှင်ကိုရည်မှန်းပြီးရှိခိုးတယ်။ သူငယ်ချင်းသဒ္ဓါအားကောင်းရင်ကောင်းသလောက်၊ ယုံကြည်ရင် ယုံကြည်သလောက် အစွမ်းပြမှာပဲ။ သဒ္ဓါရှိပြီဆိုရင် သဒ္ဓါရဲ့နောက်က ဆန္ဒတို့၊ ဝီရိယတို့ပါလာမှာဖြစ်တယ်။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးဟာ ကိုးကွယ်ဆည်းကပ်သူတွေက ယုံမှအစွမ်းပြတတ်တာပါ"

"အမြဲမှတ်သားရမယ့်အချက်ပါ သူငယ်ချင်းရယ်"

"နောက် ဆေးဝါးများတဲ့။ ဆေးဝါးဆိုတာကလည်း ယုံမှအစွမ်းပြတာ။ ဆရာတော်ကြီး မိန့်ထားတာကရှိတယ်။ 'သမားဂုဏ်မယုံ၊ ဆေးဂုဏ်အစွမ်းမပြ' တဲ့။ သမားဂုဏ်ယုံသော်မှ ဆေးမယုံ၊ ဆေးဂုဏ်အစွမ်းမပြတဲ့။ ဆေးဂုဏ်ကိုယုံမှ ရောဂါပျောက်မှာပေါ့"

"ဒါလည်း မှတ်သားရမယ့်အချက်ပါပဲကွာ"

"နောက် သူတော်ကောင်းများ။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးမိန့်ဆိုထားတာ သူတော်ကောင်းတွေဆိုတာ ကိလေသာငြိမ်းပြီးသူတွေဖြစ်ပါသတဲ့။ သူတစ်ပါးကို သဝန်မတို၊ သူတစ်ပါးကိုလည်း ချောက်မတွန်း၊ သူတစ်ပါးအားခုတုံးလုပ်ပြီး ကိုယ်ကျိုးမရှာတတ်။ အဲဒီသူတော်ကောင်းတွေရဲ့ဂုဏ်ကျေးဇူးတွေဟာ ယုံယုံကြည်ကြည်နဲ့ မှီဝဲဆည်းကပ်သူတွေကိုသာ ကျေးဇူးပြုတတ်ပါသတဲ့။ ဆရာတော်ဘုရားကြီးက တို့တစ်တွေသဘောပေါက်အောင် သူတော်ကောင်းတွေရဲ့ ဂုဏ်ကျေးဇူးတွေကို လရောင်နဲ့ဥပမာပေးထားတယ်။ လရောင်ဟာ အေးမြတဲ့ဂုဏ်သတ္တိရှိတယ်။ အလင်းသတ္တိလည်းရှိတယ်။ ဒါပေမယ့် လရောင်ဟာ လရောင်အောက်ရောက်လာသူတွေကိုသာ ကျေးဇူးပြုသာပါသတဲ့။ လရောင်အောက်ရောက်မလာသူတွေကို ကျေးဇူးမပြုသာဘူးတဲ့"

"အင်မတန် ထိမိတဲ့ ဥပမာပါ သူငယ်ချင်းရယ်"

"နောက် မိမိရဲ့အစွမ်းသတ္တိ။ တို့တစ်တွေက ကိုယ့်အစွမ်းသတ္တိကို ကိုယ်မယုံချင်ကြဘူး။ ဆရာတော်ဘုရားမိန့်ထားတာက သတ္တိဆိုတာကလည်း ပွဲတိုးပေးမှ ထက်သတဲ့။ ပွဲမတိုးဘူးရင် မထက်ဘူးတဲ့။ ဆရာတော်ဘုရားကြီး ဆက်ပြီးမိန့်တာက ကိုယ့်သတ္တိကိုကိုယ်အယုံသွင်းပေးရာမှာ တာဝန်သုံးပါးထားရမတဲ့။ အဲဒီတာဝန်သုံးပါးကတော့ ပထမ မြင့်မြတ်စိတ်ထားပေးပါတဲ့။ ဒုတိယ စူးစမ်းစိတ်ရှေ့ပြေးပို့ပေးပါတဲ့။ တတိယ စိတ်ကူးနဲ့ပုံဖော်မချော်အောင်ထားပြီး အလုပ်လုပ်ပါတဲ့။ ဆရာတော်ဘုရားကြီးက အဲဒီတာဝန်သုံးပါးကိုလည်း အကျယ်ရှင်းပြထားပါတယ်။ အဲဒီ တာဝန်သုံးပါးကိုလက်ကိုင်ထားရင် ကိုယ့်သတ္တိကို ကိုယ်ယုံလာမှာပါတဲ့"

"ကျေးဇူးပါ သူငယ်ချင်းရယ်။ သူငယ်ချင်းလည်း အတော်မောသွားပြီ"

"မမောပါဘူး သူငယ်ချင်းရယ်။ ကြုံတုန်းပြောရတာပါ။ အခု ဒီစာအုပ်ကိုဖတ်ပြီးတဲ့အခါ ဆရာတော်ဘုရားကြီးရေးတဲ့ တခြားစာအုပ်တွေရှိသေးတယ်။ သူငယ်ချင်းဖတ်ချင်တာကို ယူဖတ်ပါ။ ဒါပေမယ့် တစ်ခုတော့မှာချင်တယ်။ ဆရာတော်ဘုရားကြီးရေးတဲ့စာတွေကိုဖတ်တဲ့အခါ စိတ်ရှည်ရှည်ထားပြီးဖတ်ပါ။ စာနောက်မှာရှိတဲ့ အနက်ကို ကြံဆပြီး ဖတ်ပါ။ ဖတ်ရင်းဖတ်ရင်း နားလည်လာပါလိမ့်မယ်"

"သူငယ်ချင်းပြောသလို ဖတ်ပါ့မယ်။ အခုတော့ ဒီစာအုပ်ကလေးကို သဘောပေါက်အောင် ဖတ်လိုက်ပါဦးမယ်"

ကျွန်တော့်သူငယ်ချင်းသည် ထိုသို့ပြောပြီးနောက် ဂေါပကရုံးခန်းမှ ပြန်လည် ထွက်ခွာသွားပါသည်။

မြဝင်း(ဗေဒသန)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခု၊ ဇွန်လဆန်း၏နံနက်ခင်းတ သာသာယာယာရှိလှ၏။ ထိုနေ့နံနက်ပိုင်းမှာ မိုးကမရွာခဲ့။ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်သို့မဟုတ် ထူးခြားလှပါသော ကျောက်တော်ကြီးဘုရားသို့ ခြေဦးလှည့်ခဲ့၏။


ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ လစဉ်တစ်ဆူစီ ရေးသားလာခဲ့သည်မှာ အတော်ခရီးရောက်ခဲ့ပြီ ဖြစ်ပါသည်။ ကျန်ရှိနေသောစေတီဘုရားများကိုလည်း စုံစုံစေ့စေ့ လစဉ် ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

ယခုလတွင် ရေးသား တင်ပြရန် ရည်ရွယ်ထားသည်က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများနှင့် စည်ကားနေသည့် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်မှ ကျောက်တော်ကြီးဘုရားဖြစ်တော်မူပါသည်။ ကျောက်တော်ကြီးဘုရားသို့လာဖို့ရန် တာဆူနေသည်က ရက်အနည်းငယ်ကြာခဲ့ပါပြီ။ နေ့စဉ်ရွာသွန်းနေသောမိုးကြောင့် မရောက်ဖြစ်ခဲ့။ အခုတော့ ရောက်ခဲ့ပါပြီ။ မြောက်ဘက် မုခ်ပေါက်မှ ဝင်ရောက် မင်းဓမ္မတောင်ပေါ် နတ်လမ်းစောင်းတန်းအတိုင်း ဝင်ရောက်ပြီး ရင်ပြင်တော်ခြေချလိုက်သည်နှင့် လတ်ဆတ်အေးမြသောလေနုအေးများက ပွေ့ဖက်


ကာဝင်း

## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ (၁၁)


# လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး သို့မဟုတ် ထူးထူးခြားခြား ကျောက်တော်ကြီးဘုရား



နတ်လှချမ်းသာဘုရား



ကျောက်တော်ကြီးဘုရားရင်ပြင်တော်မှတံခွန်တိုင်



ကျောက်တော်ကြီးဘုရားရှေ့မှ
တတ်ပန္နက်စေတီတော်




www.burmeseclassic.com

www.burmeseclassic.com

ဆီးကြိုနေသည့်အလား ရင်မှာအေးချမ်း မောပန်းမှုများပြေပျောက်စိတ်ကြည်လင် လန်းဆန်းခြင်းသို့ရောက်ခဲ့ရ၏။ ကျောက်တော်ကြီးဘုရားရင်ပြင်တော်ပေါ် ခြေချ စရောက်ရောက်ချင်း ဖြစ်ပေါ်ခံစား ပီတိများကို တင်ပြခြင်းပါလေ. . . ။

ဘုရားရင်ပြင်တော်သို့ ကားဖြင့် တက်ရောက် ဖူးမြော်နိုင်ရန်လည်း စီစဉ်ထားသည်ဖြစ်ရာ မင်းဓမ္မကုန်းရင်ပြင်ပေါ်တက် ကားလမ်းဝဲမှယာတွင် စိမ်းစိုသောအပင်ပျိုကလေးများနှင့်အတူ မြက်ခင်းစိမ်းများ တွေ့မြင်ရသောအခါလည်း စိတ်ကြည်လင်ချမ်းမြေ့ရပါသည်။ ရင်ပြင်တော်ပေါ်မှ အုတ်လှေကားအတိုင်း တက်ရောက်သောအခါ ရတနာဂန္ဓကုဋိကျောင်းတော်အတွင်း ကိန်းဝပ်စံပယ်




မဟာဗောဓိပင်တော်ကြီး




ကျောက်တော်ကြီးဘုရားဗောဓိပင်နှင့် ရုက္ခစိုးနတ်မင်း

အပူဇော်ခံနေသော လောကချမ်းသာ အဘယမုနိရုပ်ပွားတော်မြတ်ကြီး၏ရှေ့မှောက်ရောက်ခဲ့ပါပြီ။ အံ့သြဖွယ်ကောင်းခြင်းများစွာ ကမ္ဘာ့အကြီးဆုံး သလင်းကျောက်ဖြူ ရုပ်ပွားတော်မြတ်ကြီးကို ကြည်ညိုစွာ ဖူးမြော်ခွင့်ရလေ၏။



လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်



အဘရာကျော် တည်တော်မူခဲ့သော ဓာတ်ပန္နက်စေတီတော်


ထူးလှသော ကုသိုလ်ပါပေတကားဟု နှုတ်ကရွတ်ဆိုအကြိမ်ကြိမ်ရှိခိုးကန်တော့မိပါ၏။

□ သမိုင်းအကျဉ်း

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင်တော်တွင် စတင်

www.burmeseclassic.com

www.burmeseclassic.com




ကျောက်တော်ကြီးဘုရားရင်ပြင်တော်မှ ရှင်သီဝလိရုပ်ပွား



ကျောက်တော်ကြီးဘုရားသို့ဖူးမြော်နေသော ရဟန်း



သံဃာအပါး (၁၀၀၀) ဆွမ်းလောင်းလှူသော သပိတ်တော်ကြီး



ရတနာဂန္ဓကုဋိဘုရားကျောင်းဆောင်တော်ကြီး



မော်ကွန်းကမ္ပည်းကျောက်စာတော်

တွေ့ရှိကြချိန်မှစ၍ ကျော်ကြားတော်မူခဲ့သော ရုပ်ပွားတော်မြတ်ကြီးဖြစ်ပါသည်။ အလေးချိန်တန် (၅၀၀) ခန့်ရှိပြီး အလျား (၃၇) ပေကျော်၊ အနံ (၂၄) ပေ၊ ထု(၁၁) ပေကျော် သလင်းကျောက်ဖြူတုံးကြီးကို ကျောက်ဆစ်ပညာရှင် ဦးတော်တော်နှင့် သားများအဖွဲ့မှ ထုဆစ်ခဲ့ကြပြီး မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဆရာဦးသောင်းဟန်၏ စံပြပန်းချီရုပ်ပုံတော်အတိုင်း ပုံတော်ကို ပုံဖော်နိုင်ခဲ့ကြပါသည်။

၁၀-၇-၂၀၀၀ ပြည့်နေ့။

ထိုနေ့တွင် ထူးထူးခြားခြား စကျင်တောင်တွင် ဖြစ်ပေါ်နေ၏။ လူထုခရီးသတ်ကြီးသည် စကျင်တောင်တစ်ခုလုံး နေရာလပ်မကျန်အောင် ပြည့်ကျပ်ရောက်နှင့်နေကြလေ၏။ အလွန်တရာမှ အလေးချိန်ကြီးမား တန် (၅၀၀) ခန့်ရှိ သလင်းကျောက်ဖြူတော်ကြီး သို့မဟုတ် ရုပ်ပွားတော်မြတ်ကြီးကို ဖောင်တော်ဆိပ်သို့ စက်ကြီးယန္တရားများဖြင့် စတင်ပင့်ဆောင်ပုံကို မမှိတ်မသုန်သော မျက်စိအစုံဖြင့် လာရောက် လေ့လာကြည့်ရှုနေကြလေ၏။ ၂၄-၇-၂၀၀၀ နေ့မှာဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်တောင် ရတနာဖောင်တော်ဆိပ်မှ ရုပ်ပွားတော်မြတ် ပင့်ဆောင်ထားသော 'သုံးလူတောက်ပ ရတနာရွှေဖောင်တော်ကြီး' သည် ဒေဝါဝင်း၊ ရာဇဝင်းများခင်းခြံရံ၍ ရေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ စတင်ပင့်ဆောင်ပါတော့၏။

ရုပ်ပွားတော်မြတ်ကြီးအား ဒေဝါဝင်း၊ ရာဇဝင်းခင်း၍ ပင့်ဆောင်ပုံကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ MRTV-4 မှာ တိုက်ရိုက် ထုတ်လွှင့်ပြသပါသဖြင့် စာရေးသူတို့လည်း TV မှတစ်ဆင့် ကြည့်ရှုခွင့်ရခဲ့ပါသည်။ ပင့်ဆောင်လာရာလမ်းခရီးမှာလည်း ကမ်းလုံးကျွတ်မျှစည်ကား သိုက်မြိုက်စွာ ဖူးမြော်ကြည်ညို ပူဇော်ကြပါသည်။ မြို့ပေါင်း (၁၂) မြို့ ညအိပ်ရပ်နားခဲ့၏။ ထိုညအိပ်ရပ်နား အပူဇော်ခံခဲ့သော မြို့များမှာ မန္တလေး၊ မြင်းမူ၊ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး၊ မကွေး၊ အောင်လံ၊ ပြည်၊ မြန်အောင်၊ ဟင်္သာတ၊ ဓနုဖြူ၊ မအူပင်၊ တွံတေးတူးမြောင်း လေးမိုင်စခန်းတို့ ဖြစ်ပါသည်။

၅-၈-၂၀၀၀ ပြည့်နေ့မှာတော့ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်၊ လှိုင်မြစ်ကမ်းရှိ ဖောင်တော်ဆိပ်သို့ ရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်တော်မူလာသော 'သုံးလူတောက်ပ ရတနာရွှေဖောင်တော်ကြီး' သည် ဆိုက်ဆိုက်မြိုက်မြိုက် အောင်အောင်မြင်မြင် ရောက်ရှိ ဆိုက်ကပ်တော်မူပါသည်။

၆-၈-၂၀၀၀ ပြည့်နေ့တွင် ရုပ်ပွား



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်ကြီးကို ရတနာရွှေဖောင်တော်မှ မင်္ဂလာနတ်လမ်းအတိုင်း စတီးကြိုးအကူအညီဖြင့် မင်္ဂလာရထားပေါ် ရောက်အောင် ပင့်ဆောင်တော်မူကြပါသည်။ ၉-၈-၂၀၀၀ နေ့တွင် မျဉ်းပြိုင်ခင်းထားသော သံလမ်း (၃) လမ်းပေါ် မှ မင်္ဂလာနတ်ပန်းရထားကြီးကို ရှေ့နောက် စက်ခေါင်း(၂)လုံးစီဖြင့် မင်းဓမ္မတောင်တော်ပေါ် သို့ အင်တိုက်အားတိုက် ပင့်ဆောင်တော်မူကြသည်ဖြစ်ရာ ၁၀-၈-၂၀၀၀ နေ့တွင် မင်းဓမ္မတောင်ခြေသို့ အောင်မြင်စွာ ရောက်ခဲ့ကြပါသည်။ တောင်ခြေမှ မင်းဓမ္မကုန်းတော်ပေါ် ယခုတိုင်သီတင်းသုံးတော်မူနေမည့်နေရာဌာနဆီသို့ ဆက်လက်ပင့်ဆောင်တော်မူကြပြန်ရာ ၁၂-၈-၂၀၀၀ နေ့တွင် ယခု ဖူးမြင်ရသည့်အတိုင်း ကိန်းဝပ်စံပယ်တော်မူခဲ့ပါသည်။ ထိုသို့ ပင့်ဆောင်နိုင်ခြင်းကို စီစဉ်ညွှန်ကြား အကြီးအကဲများနှင့် ပင့်ဆောင်ရေး တာဝန်ခံလူကြီးများ၊ ပင့်ဆောင်ရေး အင်ဂျင်နီယာများနှင့် ပင့်ဆောင်ရေး တာဝန်ခံလူကြီးများ၊ ပင့်ဆောင်ရေး အင်ဂျင်နီယာများနှင့် ပင့်ဆောင်ရေးဝန်ထမ်းများ ဝမ်းမြောက်ဝမ်းသာပီတိအဖြာဖြာနှင့်အတူ ပလ္လင်တော်အောင်ပွဲအဖြစ် ဆင်နွှဲတော်မူကြကြောင်း သိရပါသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ပထမအကြိမ်ဗုဒ္ဓပူဇနိယပွဲတော်ကြီး (၅)ရက်တိုင်တိုင်ကျင်းပခဲ့ပြီး ၂၇-၂-၂၀၀၂၊ တပို့တွဲလပြည့်နေ့တွင် သံဃာတော်အရှင်မြတ် (၁၀၈) ပါးတို့က လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတော်တင်တော်မူကြပါသည်။

**□ အမည်အမျိုးမျိုးခေါ် မင်းဓမ္မကုန်းတော်**

ရှေးယခင်က မင်းဓမ္မတောင်ကို အမည်အမျိုးမျိုးခေါ်ကြ၏။ ဥက္ကလာပမင်းကြီးတွင် တပည့်လက်အောက်ခံမင်း (၂) ပါးဖြစ်သော ကသိကာရာဇာရင်နှင့် ဓမ္မသာရာဇာရင်တို့ ရှိတော်မူခဲ့ပါသည်။ ဓမ္မသာရမင်းသည် အသိတရားရလာ၍ စည်းစိမ်ဉစ္စာချမ်းသာ ပြည့်အာဏာဟူသမျှစွန့်၍ တောထွက်တရားအားထုတ်လိုသောအခါ သစ်ရိပ်ဝါးရိပ်များနှင့်တောသဘာဝနှင့်ပြည့်စုံတော်မူသောကုန်းသို့ တရားအားထုတ်ရန် တောဝင်ခဲ့လေ၏။ ဓမ္မသာရမင်း တောဝင်တရားအားထုတ်ခဲ့သည်ကို အကြောင်းပြု၍ 'မင်းဓမ္မကုန်းတော်' ဟု အမည်တွင်ခဲ့ကြောင်း ဆိုကြ၏။

ထို့အပြင် ရွှေတိဂုံစေတီတော် သာသနာပြု ရှင်စောပုဘုရင်မကြီး၏ သမက်တော် သာသနာပြု ဓမ္မစေတီမင်းသည် ယခု ဤတောင်ကုန်းနေရာ တိတ်ဆိတ်အေးချမ်း တောတောင်စခန်းတွင် ခေတ္တခဏစခန်းချနေထိုင်ခဲ့ဖူးသည်ကို အကြောင်းပြု၍ မင်းဓမ္မတောင်ဟု အမည်တွင်ခဲ့ပြန်ပါ၏။


ရှေးအခါက မင်းဓမ္မတောင်တော်သည် သစ်ပင်ကြီးများစွာ ပေါက်ရောက်ပြီး တောနက်ကြီးသဖွယ် တည်ရှိခဲ့ခြင်းကြောင့် ကိစ္စကြီးငယ်တို့ဖြင့် တိုင်းပြည်မှ စွန့်ခွာခဲ့ကြသော မင်းညီမင်းသား



ဝိဇ္ဇာမဟိဒ္ဓိဆရာတော်ကြီးများ



ဘိုးတော်သိကြားမင်းနှင့် ဝိဇ္ဇာဓိုရ်ဘိုးဘိုးကြီးများ



သူရဿတီမယ်တော်ကြီး




www.burmeseclassic.com


www.burmeseclassic.com

များသည် ဤမင်းဓမ္မကုန်းတော်တွင် ပုန်းအောင်းနေကြရ၏။ ထိုသို့ မင်းညီမင်းသားများ ပုန်းအောင်းကြသည်ကို အကြောင်းပြု၍ 'မင်းပုန်းတောင်' ဟုလည်း အမည်တွင်ခဲ့ပြန်သေး၏။

ဓမ္မသာရမင်း တော်ထွက် တရားအားထုတ်တော်မူသော ဤကုန်းတော်သို့ မင်းနေပြည်တော်တွင် ကျန်ရစ်ခဲ့သည့် ဆွေမျိုးများစွာထဲမှ မင်း၏နှမတော်သည် မောင်တော်အား လွမ်းဆွတ်သတိရခြင်းများစွာဖြင့် တောအနှံ့တောင်အနှံ့ လိုက်လံရှာဖွေရာ နောက်ဆုံး ဤတောင်ကုန်းတော်တွင် ပြန်လည်ရှာဖွေတွေ့ဆုံကြရပါသဖြင့် 'မင်းမောင်နှမတောင်' ဟု အမည်တွင်ခဲ့ပါကြောင်း ဆိုကြပြန်၏။


စောင်းတန်းအတက်မှာ ပန်းပေါင်းဝေလောစွာဖြင့် . . .




ရတနာဆင်ပြန့်တော်များတွေ့ရစဉ်

မင်းဓမ္မကုန်းတော်၏ အကျယ်အဝန်းမှာ (၂၇) ဧကရှိပြီး အမြင့်မှာ ပေ (၅၀) ခန့် အမြင့်ရှိပါသည်။ ရွှေတိဂုံစေတီတော်ကြီးတည်တော်မူရာသိင်္ဂုတ္တရကုန်းတော်နှင့် အရံကုန်းတော်ပေါင်း (၉၉) ကုန်းတွင် မင်းဓမ္မကုန်းသည် ဒုတိယကုန်းတော်အဖြစ် သမိုင်းဝင်ရှိပါသည်။

ရှေးဟောင်း မွန်သမိုင်းအရ တော (၉) တောနှင့် ကုန်း (၉) ကုန်းတွင် မင်းဓမ္မတောနှင့် မင်းဓမ္မကုန်း ပါဝင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

□ ကျောက်သပိတ်တော်ကြီး

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး သို့မဟုတ် ကျောက်တော်ကြီးဘုရားတွင် သပိတ်တော်ကြီး (၂) လုံးရှိပါသည်။ နိုင်ငံတော်အကြီးအကဲ လှူဒါန်းထားသော ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့တည့်တည့်တွင် ထားရှိသည့် ယွန်းသပိတ်တော်ကြီးနှင့် ပန်းတမော့ပညာရှင်ကြီး ဦးတော်တော်မိသားစု လှူဒါန်းထားသည့် အလေးချိန်တန်(၃၀)ရှိ ကျောက်သပိတ်တော်ကြီးများ ဖြစ်ကြပါသည်။

ကျောက်သပိတ်တော်ကြီးအရွယ်အစားမှာ သပိတ်ခြေနှင့် သပိတ်အမြင့် (၉) ပေ (၄) လက်မ၊ အချင်း (၁၀)ပေ၊ (၄)လက်မ၊ အမြင့် (၅)ပေ (၁၁)လက်မရှိသည်။ အတွင်းပိုင်း သပိတ်ဖောက်အနက်မှာ (၅)ပေ (၂)လက်မ ရှိသည်။ သပိတ်အဝန်းပတ်လည်မှာ (၃၂) ပေ (၉)လက်မရှိသည်။ သပိတ်အဝအကျယ်မှာ (၆)ပေ (၃)လက်မရှိသည်။ သပိတ်အဝအကျယ်မှာ (၆) ပေ (၃) လက်မရှိသည်။ သပိတ်တော်ကြီးသို့ ဆွမ်းအပြည့်ချက်ထည့်ပါလျှင် ဆန် (၁၃၅) တင်း ဆံ့ဝင်ပါသည်။

ထိုကျောက်သပိတ်တော်အတွင်းမှ ဆွမ်းများကို ဗုဒ္ဓပူဇနိယပွဲတော်တွင် သံဃာတော် (၁၀၀၀) ပါးအား ဆွမ်းလောင်းလှူရာတွင် ခပ်၍မကုန်အောင် ပင် လှူဒါန်းရပါသည်။ ဘုရားပွဲတော်ဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်များတွင် ဆွမ်းချက်ထည့်၍ အသုံးပြုကြပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်တော်သည် ဘုရားဖြစ်တော်မူပြီးနောက် (၄၉) ရက်လုံးလုံး မည်သည့်အာဟာရမျှဘုဉ်းပေး



www.burmeseclassic.com

www.burmeseclassic.com

တော်မမူဘဲ မဟာဗောဓိပင်အနီး 'သတ္တသတ္တာဟ'နေရာခုနစ်ရပ်တွင် စံနေတော်မူပါသည်။ ခုနစ်ရက်-ခုနစ်လီ (၄၉)ရက်လွန်မြောက်သောနေ့တွင် တပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့ ဗုဒ္ဓထံပါးရောက်လာကြပြီးနောက် ပျားမုန့်ဆုပ်ဆွမ်းလှူဒါန်းသောအခါ မြတ်စွာဗုဒ္ဓတို့မည်သည် လက်ဖြင့် ခံယူ ဘုဉ်းပေးသုံးဆောင်ရိုးမဟုတ်ပါ။ ရှေးဘုရားရှင်များ မည်သို့အလှူခံယူသည်ကိုဆင်ခြင်သောအခါ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးတို့က သပိတ်ကိုယ်စီဖြင့် လာရောက် ဆက်ကပ် ရှင်လန်း လှူဒါန်းတော်မူကြ ပါသည်။

လိုအပ်နေသောအရာသည် အလှူခံယူနိုင်ရန် သပိတ်တစ်လုံးသာလိုသော်လည်း သပိတ်လေးလုံး လာလှူပါသဖြင့် နတ်မင်းကြီးလေးပါးတို့၏ သဒ္ဓါတရားမပျက်စိမ့်သောငှာ သပိတ်လေးလုံးကို ဆင့်ကာလက်တော်ပေါ် တင်လိုက်သောအခါ အနားရစ်(၄)ဆင့်ရှိသော တစ်လုံးတည်းသောသပိတ် ဖြစ်တော်မူသွားပါသည်။ ထိုသပိတ်တော်ဖြင့် လှည်းကုန်သည်ညီနောင်တို့ကပ်လှူသောမုန့်ဆွမ်းတော်ကို ခံယူတော်မူခဲ့ပါသည်။ ထိုသပိတ်တော်ကို (၄၅) ဝါကာလပတ်လုံး အသုံးပြုတော်မူသွားကြောင်း သိရပါသည်။

□ ရတနာဆင်ဖြူတော်ဉယျာဉ်

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ကျောက်တော်ကြီးဘုရားသို့သွားရောက်ဖူးမြော်ကုသိုလ်တော်များယူပြီးသော် ဘုရားဖူးလာကြသူတိုင်းနီးပါး သွားရောက် လေ့လာကြည့်ရှုသောနေရာသည် ဆင်ဖြူတော်ဉယျာဉ်ဖြစ်ပါသည်။

ဆင်ဖြူတော်သည် တိုင်းပြည်၏ရတနာတစ်ပါး ဖြစ်ပါသည်။ ဘုန်းကံကြီးမားနိုင်ငံများတွင်သာ ပိုင်ဆိုင်ကြပါသည်။ ရှေးအခါက ဘုရားအလောင်းဝေဿန္တရာမင်းသည် မိုးခေါင်ရေရှား၍ မဖွံ့ဖြိုးသောတိုင်းပြည်မှ ဆင်ဖြူတော်အလှူခံတော်မူသဖြင့် အလှူအတန်းရက်ရောသော၊သဒ္ဓါတရားကောင်းလွန်းသောဝေဿန္တရာမင်းကြီးမှ ပေးလှူလိုက်လေ၏။ ထိုဆင်ဖြူတော် အလှူတော်ကြောင့် ဝေဿန္တရာမင်းကြီးကို တိုင်းပြည်မှ နှင်လွှတ်ခဲ့သော သာဓကတစ်ခုရှိခဲ့ဖူးပါသည်။


ဆင်ဖြူတော်ကို လူကြီး၊ ကလေးအားလုံး စိတ်ဝင်စားစွာ လာရောက်



ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မင်္ဂလာနတ်ပန်းရထားပေါ်သို့
ဓော်ဝင်း၊ ရာတာဝင်းခင်း၌ ဆစ်မအနှာဖြင့် တောင်ပင့်ဆောင်နေပုံ




ရုပ်ပွားတော်မြတ်ကြီးအား စကျင်တောင်ခြေရတနာရွှေဖောင်တော်ပေါ်သို့
စတင်ပင့်ဆောင်ရန် ပြင်ဆင်ထားပုံ (၉-၇-၂၀၀၀)




စကျင်တောင်ခြေမှ ရုပ်ပွားတော်မြတ်ကြီးအား စတင်ပင့်ဆောင်သည့်အခမ်းအနားသို့
လူထောင်ကြီးသောင်းသောင်းဖြိုးဖြိုး လာရောက်ကြည်ညိုဖူးမြော်နေကြပုံ (၉-၇-၂၀၀၀)

www.burmeseclassic.com



သုံးထပ်တောက်ပရတနာရွှေဖောင်တော်မှ မင်္ဂလာနတ်ပန်းရထားပေါ်သို့ စတင်ပင့်ဆောင်နေပုံ



ကျောက်တော်ကြီးဘုရားခြေရင်းမှ ဆင်ဖြူတော်ဥယျာဉ်အဝင်ပေါက်ဝ

ကြည့်ကြပါသည်။ မြန်မာနိုင်ငံတော်တွင် ဆင်ဖြူတော် (၆) စီးရှိကြောင်း သိရပါသည်။ တချို့သော ဘုရားဖူးလာသူများက မင်းဓမ္မတောင်တော်ခြေရင်းမှ ဆင်ဖြူတော်အား လာရောက်၍ ကြည့်ရှုရင်း ဆင်စာများ များများကျွေးကြလေ၏။ ဆင်စာများများကျွေးရခြင်းကို မေးကြည့်သောအခါ ရတနာဆင်ဖြူတော်ကို ဆင်စာများများကျွေးနိုင်ပါလျှင် အသားအရေအလှတိုး ကျန်းမာဖွံ့ဖြိုးပြီး စီးပွားတိုးသည်ဟု ပြောကြပါသည်။

ကျောက်တော်ကြီး လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ပြီးပါက ရတနာဆင်ဖြူတော်ကို သွားရောက်လေ့လာကြည့်ရှုကြပြီး ဆင်စာများများကျွေးကြပါ။ အသင်ထူးပါလိမ့်မည်ဟု ဆိုပါရစေ။

**□ အဘရာကျော်၏ဓာတ်ပန္နက်စေတီ**

မင်းဓမ္မတောင်တော်သည် ရှေးယခင် ခေတ်အဆက်ဆက် သာသနာပြုမင်းများဖြစ်သော ဥက္ကလာပမင်းကြီး၊ သာသနာပြု ဓမ္မစေတီမင်းနှင့် ကသိကာရဘုရင်၊ ဓမ္မသာရမင်း စသည်ဖြင့် ဘုရင်မင်းတို့နှင့် ဆက်နွယ်ပတ်သက်ခဲ့ကြပုံရပါသည်။

ထို့ပြင် ဘိုးတော်အောင်ချမ်းသာ အဘရာကျော် စသော ထွက်ရပ်ပေါက် ဘိုးဘိုးကြီးများလည်း ရှေးယခင်က ထိုမင်းဓမ္မကုန်းတွင် သာသနာရေးဆိုင်ရာကိစ္စအဖြာဖြာတို့ဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရပါသည်။ စာရှုသူဓမ္မမိတ်ဆွေများ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ရှေ့တည့်တည့်ရင်ပြင်တော်တွင်တည်ရှိ စေတီတော်အလယ်တစ်ပိုင်းပတ်လည်တွင် အမိုးပိုင်းမိုးထားသော ထူးခြားသော စေတီတော်တစ်ဆူ ဖူးတွေ့ရပါမည်။ ထိုစေတီတော်သည် ထွက်ရပ်ပေါက်အကျော်ဖြစ်တော်မူသော အဘရာကျော် တည်တော်မူခဲ့သော ဓာတ်ပန္နက်စေတီတော် ဖြစ်တော်မူပါသည်။ ရှေးယခင်နှစ်များစွာကပင် နိမိတ်တော်ဖတ်တော်မူခဲ့၍ သာသနာ့အောင်စခန်း အောင်ပန်းတွေပွင့်မည့်နေရာ မင်းဓမ္မကုန်းမဟာဟု ရှေးယခင်ကပင် ထင်ရှားခဲ့ပါသည်။ ဓာတ်ပန္နက်စေတီတော်မှာ အဓိဋ္ဌာန်ဝင်သူတွေ များကြ၏။ စိတ်ကြံသမှုအဓိဋ္ဌာန်ပြုအဓိဋ္ဌာန် (၃)၊ (၇)၊ (၉)ရက် စသည်ဖြင့် အဓိဋ္ဌာန်ဝင်သူသည် ဦးစွာပထမ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ရှေ့တော်မှောက် ဦးစွာသွားရောက်၍ အဓိဋ္ဌာန်ဝင်မည့်အကြောင်းလျှောက်ထားရပေမည်။ ရုပ်ပွားတော်ရှေ့၌ ဘုရားရှိခိုး သီလတော်ယူ စိတ်ကြံသမှု အဓိဋ္ဌာန်တိကျစွာပြုပါ။ ပြီးနောက် ဓာတ်ပန္နက်စေတီသို့ သွားရောက်၍ မိမိမွေးနံ့ရှိရာတွင် နမောတဿ (၃) ကြိမ် ဘုရားကန်တော့ပြီး လုံးစုံများစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေဟု အစချီ၍ မိမိရရာ မေတ္တာပို့နည်းများဖြင့် (၁၅)မိနစ် မေတ္တာပို့ရပါမည်။ ထို့နောက် ဂုဏ်တော်ပုတီး မိမိနှစ်သက်ရာ (၉) ခေါက် ပုတီးစိပ်ပါ။ ဂုဏ်တော် (၉) ပါး (၉)ခေါက်ပွားရင်ပိုကောင်းပါ၏။ ဂုဏ်တော်ပုတီးစိပ်ပြီးပါက ဤပြုသောကုသိုလ်အဖို့ဘာဂကို (၇) ရက်သားသမီးများနှင့် (၃၁)ဘုံသား ဝေနေယျတို့အား မျှတပေးဝေ အမျှဝေပါလေ။ အသင်လိုရာပြီးမြောက် ခရီးရောက်ပါလိမ့်မည်။

စာရှုသူ ဓမ္မမိတ်ဆွေများ လိုရာပြီးမြောက် ခရီးရောက်စေရန် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး သို့မဟုတ် ကျောက်တော်ကြီးဘုရားတွင် စိတ်ကြံသမှု အဓိဋ္ဌာန်ပြုနိုင်ရေးအတွက် ဘိုးသစ္စာဟု အမည်ရသောဘုရားများစွာ လှည့်လည်အဓိဋ္ဌာန်ဝင်နေသော အဘမှပြောကြား မှာစကားများကို ရေးသား တင်ပြခြင်းပါလေ။

မေတ္တာများစွာဖြင့်

ကံဝင်း

**ကျမ်းကိုး -**


၁။ ပြုစုသူ ဦးညွန့်မောင်-ဓမ္မာစရိယရေး
လောကချမ်းသာအဘယလာဘမုနိ
ရုပ်ပွားတော်မြတ်ကြီးသမိုင်း
၂။ သူရမြင့်မောင်ရေး
မြန်မာတို့၏ရွှေနိုင်ငံ
၃။ ကိုယ်တိုင်ကွင်းဆင်းလေ့လာခြင်း




www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# စစ်ကိုင်းဝတ်ချက်မင်းကျောင်းဆရာတော်ဘုရားကြီး

## အမှတ်တရ

၁-၃-၁၉၈၁ ခုနှစ်။

ကျွန်တော်နှင့် ဖခင်ဖြစ်သူ စာရေးဆရာကြီး ဦးရန်အောင်တို့သည် စစ်ကိုင်တောင်ရိုးရှိ ဆရာတော်ရွှေကိုင်းသားထံ ရောက်ရှိနေကြသည်။ ဆရာတော်နှင့်အတူ ကျွန်တော်တို့သည် စစ်ကိုင်းတောင်ရိုးရှိ ဝတ်ချက်ရွာနှင့် ရွာ၏မြောက်ဘက်ရှိ လှေသင်းမင်းကျောင်းသို့လည်း ရောက်ရှိခဲ့သည်။ ဧရာဝတီမြစ်ကမ်း ပတ္တမြားစေတီစောင်းတန်းအခြေ၌ တည်ရှိပါသည်။ ထိုရွာဇာတိ လှေသင်းအတွင်းဝန်မင်းက ဆောက်လုပ် လှူဒါန်းသောကြောင့် လှေသင်းမင်းကျောင်းဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။


ဝတ်ချက်ရွာ ဆိုသည်မှာ အေဒီ ၁၄၀၁ ခု (သက္ကရာဇ် ၇၆၃ ခု) တွင် အင်းဝမြို့၌ မင်းဖြစ်သော မင်းခေါင်ကြီးကတည်သောဆွမ်းဝတ်ကို လက်ပံရွာသူတို့ဆောင်ရွက်ရသောကြောင့် 'ဝတ်ချက်ရွာ' ဟု တွင်ပါသည်။ အေဒီ ၁၅၉၈ ခု (သက္ကရာဇ် ၉၆၀ ပြည့်နှစ်) ညောင်ရမ်းမင်းလက်ထက်တွင် စစ်ကိုင်းတောင်ရိုး၌ အရညကင်မှုတင်ဆောင်၍ ဝတ်ချက်ရွာကို အမှီပြု၍နေကြသော ရဟန်းပုဂ္ဂိုလ်တို့အား ဆွမ်းဝတ်ပြုကြစေခြင်းငှာ စားမိုးစားမြေများချထားပေးခဲ့လေ၏။

သို့သော်လည်း ယခုခေတ် ရွာသူရွာသားအချို့တို့က ဝါးချက်ရွာဟု ခေါ်ဝေါ်အသုံးပြုကြသည်။ ဝါးချက်မှာ အဓိပ္ပာယ်မရှိပါ။ ဝတ်ချက်သာလျှင် အဓိပ္ပာယ်ရှိ၍ သုတိမင်္ဂလာရှိပါသည်။ ပရက္ကမညီနောင်နှစ်ပါးတို့သည်လည်း ဝတ်ချက်ရွာ၌ပင် (၁၅) ရက်လှည့်လည် ဆွမ်းခံခဲ့ကြ၍ ဝတ်ချက်ရွာသူရွာသားများကလည်း ဆွမ်းဝတ်ချက်၍ လောင်းလှူခဲ့ကြသည်။ ဤသို့ များပြားသော သံဃာတို့ကို ဆွမ်းဟင်းလုံလောက်အောင် ချက်ပြုတ်လောင်းလှူကြသည်။ ဝတ်ချက်ရွာသည် အနက်အဓိပ္ပာယ်ဖြင့် မှည့်ခေါ်သောအနွတ္ထသည် 'ဝတ်ချက်ရွာ' ဖြစ်ပေသည်ဟု မှတ်တမ်းတွင် တွေ့ရပါသည်။

'လှေသင်းမင်းကျောင်း၊ နေတွိုကောင်း၊ သိကြောင်းအစဉ်မှာ' ဟူ၍ ဥဒါန်းထိုးရလောက်အောင် နေတွိုပါဠိတော်ကြီးကို ထူးထူးခြားခြား နိုင်နင်းတော်မူသော ဆရာတော်ကြီး။

လယ်တီဆရာတော်ဘုရားကြီးကဲ့သို့ နိဗဒ္ဓဝတ်အမြဲထားကာ ကျောင်းဝင်း၊ ကျောင်းပြင်၊ ရွာလမ်းပါမကျန် တံမြက်လှည်းခြင်း၊ ချီးရေ သောက်သုံးရေမှစ၍ ကုဋီသုံးရေများကိုပါခပ်ထည့်တော်မူခြင်း၊ ကုဋီများ၌ သံဃာတော်များသုံးပြီးသားကနုတ်များကို ကိုယ်တော်တိုင်ဆေးကြောတော်မူခြင်း၊ ဧရာဝတီမြစ်အတွင်းမှ သဲများကိုထမ်း၍ ကျောင်းဝင်းအပြည့်ခင်းတော်မူခြင်း၊ ကျောင်းတိုက်အနီးရှိစေတီတော်များတွင်လည်း စေတီယင်္ဂဏဝတ်ဖြည့်တော်မူခြင်းအစရှိသည့် သာသနာ့ကျွန်အလုပ်ကို ပြင်းပြင်းထန်ထန်ဆောင်ရွက်တော်မူခဲ့သော ဆရာတော်ကြီးကား လှေသင်းမင်းကျောင်းဆရာတော်ခေါ် ဝတ်ချက်မင်းကျောင်းဆရာတော်ကြီးပင် ဖြစ်လေသည်။

ဆရာတော်ကြီးအလောင်းအလျာကို စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း သာစည် အိုင်းမ ဘုဇင်ပင်ရွာ၌ အေဒီ ၁၈၅၃ ခု (၁၂၁၅ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်) သောကြာနေ့ နံနက် (၃) ချက်တီးအချိန်တွင် အဖ ဦးကာလီ၊ အမိ ဒေါ်ညွှင်းတို့မှ ဖွားမြင်သည်။ ငယ်မည်မှာ မောင်သာဆိုင် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

မငြိမ်းအောင်၊ မငြိမ်းတုတ်ဟူ၍ အစ်မနှစ်ဦးရှိသေးသည်။ (၁၃) နှစ်သားအရွယ်တွင် ဘုဇင်ပင်ရွာ ဘောဂတောရကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဝတ်ခဲ့သည်။ ရှင်မည်မှာ ရှင်သောမဟု တွင် သည်။

ဆရာတော်အလောင်းအလျာ၏ ကြန်အင်လက္ခဏာသည် ခံ့ညားကာ ထွားကျိုင်းသည်။ သက်တော် (၂၀) တွင် စီးသောဖိနပ်မှာ တစ်ပေကျော်ရှိသည်။ ရှင်သောမသည် ဉာဏ်ပညာထက်မြက်၏။ တစ်ခဏအတွင်းမှာပင် ပေတစ်အင်္ဂါ (၁၂ရွက်) ကို အလွတ်ရအောင်ကျက်နိုင်သည်။ ရပြီးလျှင်လည်း ဘယ်အခါမှ မမေ့တော့။ ငယ်စဉ်ကကျက်ထားသောစာများကို ခန္ဓာဝန်ချခါနီး သက်တော် (၇၃)နှစ်အရွယ်ရောက်သည့်တိုင်အောင် အလွတ်ရွတ်ပြနိုင်သေးသည်။

(၁၇) နှစ်သားအရွယ်၌ ခမည်းတော် ဦးကာလီ ကွယ်လွန်သဖြင့် လူထွက်ခဲ့ရသည်။ အကြောင်းရင်းမှာ ဖခင်ကြီး ကွယ်လွန်သဖြင့် မိခင်အိုကြီးကို ပြုစုလုပ်ကျွေးမည့်သူမရှိသောကြောင့်ဖြစ်ပါသည်။ ၁၂၃၅ ခု၊ အသက် (၂၀) အရွယ်သို့ရောက်သောအခါ လူဝတ်ကြောင်ဘဝနှင့် မပျော်ပိုက်သဖြင့် မိခင်ကို ခွင့်ပန်ပြီး ရှင်သာမဏေပြန်ဝတ်လေသည်။ ထိုနှစ်မှာပင် ဘောဂဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။

ဥပဇ္ဈာယ်ဆရာတော်ထံ၌ သဒ္ဒါ ရှစ်ဆောင်ပုဒ်စစ်၊ နည်းလေးဆယ်၊ သံဝဏ္ဏနာ၊ ဝိနည်းငယ်လေးစောင်တို့ကို လေ့လာသင်ကြားခဲ့ရာ တစ်နှစ်အတွင်း ကျမ်းစာအားလုံးကို နှုတ်တက်အာဂုံဆောင်နိုင်ခဲ့သည်။ ရဟန်းတစ်ဝါအရတွင် မန္တလေးမြို့သို့ စာသင်ကြွတော်မူသည်။ ရှေးဦးစွာ ရွှေရင့်မာဆရာတော်ထံ၌ ပညာသင်ယူသည်။ ရဟန်းနှစ်ဝါအရတွင် ပေါင်းလဲတိုက်စာချအကျော်ဆရာတော်အရှင်နာဂထံ ပညာဆည်းပူးခဲ့၏။ ၎င်းနောက် မွေးရပ်မြေ ဘုဇင်ပင်ရွာသို့ ပြန်ကြွ၍ ဥပဇ္ဈာယ်ဆရာတော်ထံ၌ တစ်ဝါသီတင်းသုံးပြီး တိစီဝရိတ်မူတင်၊ ပိဋကပါတ်မူတင်၊ ပတ္တပိုဏ်မူတင်၊ ဧတာသနိက်မူတင်၊ အရညကင်မူတင်ဧသည်တို့ကို ကျင့်သုံးဆောက်တည်တော်မူသည်။ ထိုနှစ်မှာပင် 'ဝိနယာဘောဂကျမ်း' ကိုလည်း ထူးထူးခြားခြား ပြုစုတော်မူသည်။

ရဟန်းသိက္ခာလေးဝါရပြီးနောက် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ နာမည်ကျော်ဆရာတော်အသီးသီးထံတော်၌ စာပေလေ့လာသင်ယူခဲ့သည်။ ရဟန်းငါးဝါအရတွင် ဝိနည်းငါးရပ်၊ ပါဠိတော်ကို အာဂုံဆောင်တော်မူသည်။ ဝိနည်း (၅) ကျမ်းကို အာဂုံရွတ်၍ ညစဉ် ထူးထူးခြားခြား ဘုရားရှိခိုးသည်။ ကျမ်းတတ်အကျော် မြင်းဝန်ဆရာတော်ထံ၌လည်း ပညာရင်နို့သောက်စို့တော်မူရင်း စာချအဖြစ် ခိုလှုံခဲ့သည်။ ဤကား ငယ်ဘဝဖြစ်ပါသည်။

◘ လှေသင်းမင်းကျောင်းဆရာတော်ဖြစ်လာပုံ

၁၂၃၆ ခုတွင် လှေသင်းအတွင်းဝန်မင်းက ဝါးချက်ရွာတွင် ဗိမာန်ဘုံသာကျောင်းတိုက်ကြီးကို တည်ဆောက်၍ ၁၂၄၄ ခုနှစ်၊ သီတင်းကျွတ်လတွင် မြင်းဝန်ဆရာတော်ကြီးကို တင်လှူသည်။ ထိုအချိန်တွင် အရှင်သောမသည် စာချဆရာတော်ဖြစ်သည့်အပြင် တိုက်အုပ်ဆရာတော်လည်း ဖြစ်ပါသည်။ မြင်းဝန်ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ မြင်းဝန်တိုက်မှ တပည့်သံဃာတော် (၁၀၀) ကျော်နှင့်အတူ ကြွရောက်အလှူခံတော်မူသည်။ စာချဘုန်းကြီးဦးသောမ (နောင်ဝတ်ချက်မင်းကျောင်းဆရာတော်) လည်း ပါလာသည်။ ၁၂၄၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် မြင်းဝန်ဆရာတော်ကြီး ပျံလွန်တော်မူရာ ဦးသောမသည် ဝတ်ချက်မင်းကျောင်းဆရာတော်ဖြစ်လာသည်။ ထိုသို့မဖြစ်ခင်က အရှင်သောမသည် လှေသင်းဗိုလ်မင်း ဦးစံလှ ဆောက်လုပ်သောကျောင်းတွင် သီတင်းသုံးခဲ့ရသေးသည်။ ထို့ကြောင့် ဗိုလ်ကျောင်းဆရာတော်ဟုလည်း ရှေးကခေါ်ပါသည်။ မြင်းဝန်ဆရာတော်ကြီး ပျံလွန်တော်မူသောအခါမှ ဦးသောမသည် ဗိမာန်ဘုံသာကျောင်းတိုက်ကြီးကို ဆက်ခံရ၍ လှေသင်းမင်းကျောင်းဆရာတော်ဟုခေါ်ဝေါ်ကြပြန်သည်။

ဆရာတော်ကြီး၏ အံ့ဖွယ်များမှာ စာပေလောကတွင် မှတ်တမ်းတင်ထိုက်ပါသည်။ ဆရာတော် သက်တော် (၄၂) နှစ်အရွယ် အေဒီ ၁၈၉၅ (သက္ကရာဇ် ၁၂၅၇ ခုနှစ်) တွင် ဒူးပဆစ်ပေါ်၌ ပေရွက်တင်၍ ကညစ်ဖြင့် တစ်ကြိမ်တည်း အပြီးသတ်အချောတင်ရေးတော်မူသည်။ စာအင်္ဂါ (၃၀) ရှိ၏ဟုမှတ်သားရပါသည်။

အချို့ကလည်း 'ဝတ်ချက်မင်းကျောင်းဆရာတော်' ဟုလည်း ခေါ်ကြသည်။ အချို့ကလည်း 'ဝါးချက်မင်းကျောင်းဆရာတော်' ဟုလည်း ခေါ်ကြသည်။ တစ်ပါးတည်းဖြစ်ပါသည်။

ဆရာတော် ဦးသောမသည် မြင်းဝန်ဆရာတော်ကြီးရှိစဉ် ဂဏဝါစကဖြစ်၍ စာပေကို မှန်မှန်ပို့ချခဲ့ရာ ယခုပဓာနနာယကဆရာတော်ဖြစ်လာသောအခါ၌မူကား ပို၍ကြိုးစားပို့ချလေသည်။ ဆရာတော်သည် ငယ်စဉ်အခါ စာသင်ယူစဉ်က အများနှင့်မတူသကဲ့သို့ စာချပုံနည်းမှာလည်း တစ်မူထွဲပြားခြားနားလှသည်။ မည်သူမဆို မိမိသင်ယူလိုသောကျမ်းကို နေရာအချိန်သတ်မှတ်၍ တစ်ဦးချင်း သင်ယူနိုင်သည်။ စာဆိုသူ၊ စာတတ်သူတို့မလာနိုင်ပါက ကိုယ်တော်တိုင် ကြွရောက် မေးမြန်းလေ့ရှိသည်။ နေထိုင်မကောင်းသဖြင့် စာမတက်နိုင်ကြောင်းသိရလျှင် အခြားစာဝါလျှောက်ထားသူထံ ကြွရောက်၍ ပို့ချတော်မူပါသည်။ စာမဆိုဝံ့၊ စာမတက်ဝံ့သောရှင်ငယ်၊ ရဟန်းငယ်တို့ကိုလည်း ကိုယ်တော်တိုင် မေးမြန်းခေါ်ယူ၍ သင်ကြားပေးတော်မူသည်။

အများအားဖြင့် ဝိနည်းငါးကျမ်း၊ နေတ္တိ၊ ဝိသုဒ္ဓိမဂ်၊ သုဗောဓာလင်္ကာရအစရှိသော မာဂဓကျမ်းများနှင့်ကလာပ်ကျမ်းအစရှိသော သက္ကတဗျာကရဏ်းကျမ်းတို့ကို အမြဲပို့ချတော်မူလေ့ရှိသည်။ ငယ်စဉ်ကပင် ဝိနည်းငါးကျမ်းကို အာဂုံဆောင်တော်မူခဲ့ရကား ဝိနည်းကိုပို့ချသောအခါ စာအုပ်ကို ကိုင်လေ့မရှိဘဲ အလွတ်ပို့ချတော်မူလေ့ရှိသည်။ ဆရာတော်သည် စာပေပို့ချသောအခါ 'မည်သည့်ဆရာတော်၏ဝါဒကမည်သို့ရှိသည်' ဟူ၍ ထိုခေတ်က မန္တလေးတွင်ခေတ်စားခဲ့ဖူးသော နာမည်ကျော်ဆရာကြီးများ၏ စာချနည်း၊ စာဖြေနည်းတို့ဖြင့် ပို့ချပေးတော်မူလေ့ရှိပါသည်။

ဆရာတော်သည် တစ်ခါတစ်ရံ ချနေသော စာဝါများကို ရပ်နားပြီး 'ငါ စာကြည့်သွားဦးမယ်' ဟုဆိုကာ စစ်ကိုင်း ရေဝန်းတောင်ဘီလူးကျောင်း၊ ဆင်နင်းကျောင်းတိုက်များသို့ကြွသွားတတ်သည်။ ထိုကျောင်းတိုက်များမှာ လောကီ၊ လောကုတ္တရာစာပေကျမ်းဂန်စုံလင်လှသည်။ ထိုသို့ ကြွသွားသည့်အခါ ရံဖန်ရံခါ နှစ်ရက်၊ သုံးရက်မှ ဆယ့်ငါးရက်ခန့်အထိကြာတတ်သည်။

ဝတ်ချက်မင်းကျောင်းဆရာတော်သည် သက်တော် (၄၀) ကျော်အရွယ်မှ



www.burmeseclassic.com

www.burmeseclassic.com

စ၍ ကျမ်းစာများ ရေးသားပြုစုတော်မူခဲ့ရာ ဆရာတော် ပြုစုတော်မူခဲ့သော ကျမ်းစာများမှာ -

၁။ အဘိဓမ္မတ္ထသင်္ဂဟယောဇနာပါဌ်၊
၂။ အပြင်အောင်ခြင်းဋီကာပါဌ်၊
၃။ အတွင်းအောင်ခြင်းဋီကာပါဌ်၊
၄။ ရတနာရွှေချိုင့်ဋီကာပါဌ်၊
၅။ နမက္ကာရဋီကာပါဌ်၊
၆။ ဋီကာကျော်ဂန္ထာရမ္ဘပဉ္စကဝဏ္ဏနာ ပါဌ်၊
၇။ ရတနာဝလိဝဏ္ဏနာပါဌ်နိဿယ၊
၈။ ရာဇဝံသဝါဒီပါဌ်နိဿယ၊
၉။ သဒ္ဒါဝလိကျမ်း၊
၁၀။ ဝိဿာသဂ္ဂါဟဒီဂနိကျမ်း၊
၁၁။ ဝိနယာဘောဇကျမ်း၊
၁၂။ ဧကဝစနသဒ္ဒါငယ်နိဿယ၊
၁၃။ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ၊
၁၄။ ဝိသုဒ္ဓိမဂ်မဟာဋီကာနောက်ပိုင်း နိဿယ၊
၁၅။ အက္ခရဝိသောဓနီနိဿယ

အစရှိသော ကျမ်းဂန်ပေါင်း (၂၀) ကျော်အပြင် ဆုံးမစာလင်္ကာသံပေါက်များနှင့် ဩဝါဒကထာများကိုလည်း ရေးသားတော်မူခဲ့သည်။

ဝတ်ချက်မင်းကျောင်းဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူတစ်ဦးမှာ မစိုးရိမ်ဆရာတော်ကြီး ဦးသောမာဘိသိရီ ဖြစ်ပါသည်။ မစိုးရိမ်ဆရာတော်သည် ဝတ်ချက်မင်းကျောင်းဆရာတော် ခန္ဓာဝန်ချပြီး (၂) လကြာသောအခါ စာမျက်နှာ (၁၄၀) ရှိသော ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး၏ မဟာထေရုပ္ပတ္တိကို ပြုစုခဲ့ပေသည်။ မစိုးရိမ်ဆရာတော်ကို စစ်ကိုင်းသစ်ဝင်ချောင်တောရဆရာတော်ဟုလူသိများပါသည်။ ပါဠိ၊ သက္ကတလည်း အလွန်တတ်လှ၏။ ထိုစစ်ကိုင်းသစ်ဝင်ချောင်ဆရာတော်မှာ ပထမလယ်တီဆရာတော်ဘုရားကြီးရှိတော်မူစဉ်အခါကပင် လယ်တီဆရာတော်၏ ဆန္ဒအရ ပါဠိအဘိဓာန်ကြီးကို ဦးစီးပြုစုခဲ့ရသော ဆရာတော်ကြီးလည်းဖြစ်၏။ ထို့ပြင်သာမကသေး ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး၏ အတွင်းနေတပည့်ကြီးလည်းဖြစ်ခဲ့သည်။ ကိုယ်စားတော်ဟုလည်း ဆိုနိုင်ပါသည်။ မစိုးရိမ်ဆရာတော်ကြီးမှာ သက်တော်ရှည်ဆရာတော်ကြီး ဖြစ်၏။ ထိုဆရာတော်ကြီး၏ မိန့်ကြားချက်အရ သိရှိရသည်မှာ -

"ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် လေ့သင်းမင်းကျောင်းကြီးသည်လည်း လောင်မီးကျ၍သွားပါသည်။ တစ်ပြိုင်နက်တည်းမှာပင် ဝတ်ချက်မင်းကျောင်းဆရာတော်နေခဲ့ဖူးသော တောရွာက ကျောင်းလေးပါ တစ်ပြိုင်နက်တည်း လောင်မီးကျ၍သွားသည်ဟု သိရှိရပါသည်'

ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး၏ စရိုက်သဘာဝနှင့်တကွ ထူးခြားပုံထူးခြားနည်းများကို သိရှိရသည်မှာ ဆရာတော်ကြီး၏ တပည့်ရင်း မစိုးရိမ်ဆရာတော်၏ ကောင်းမှုကြောင့် ဖြစ်ပါသည်။ ထိုထူးခြားချက်များကို အောက်တွင် ဖော်ပြထားပါသည်။

□ **တံမြက်စည်းလှည်းခြင်းအံ့ဖွယ်**

ဆရာတော်ကြီးသည် ကျောင်းဝင်းအတွင်း၌သာမက သံဃာတော်များဆွမ်းခံကြွရာ လမ်းတစ်လျှောက် ခရီးတစ်တိုင်လောက်ရှိ ရွာဝင်ပေါက်အထိ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် လှည့်လည်တံမြက်လှည်းတော်မူသည်။ အခြားသူများလှည်းပြီး၍ဖြစ်စေ၊ အလိုအလျောက်ဖြစ်စေ အမှိုက်သရိုက်ရှင်းနေသော်လည်း လှည်းမြဲလှည်းတော်မူသည်။ 'ကာယဝေယျာဝစ္စ၊ ဒေသနာသနဝတ်ကုသိုလ်တော်ဖြစ်သတဲ့' ဟုလည်း မိန့်တော်မူသည်။

□ **သောက်ရေခပ်ခြင်းအံ့ဖွယ်**

သောက်ရေကိုလည်း ဧရာဝတီမြစ်သို့ တစ်တိုင်ခန့်ဆင်း၍ သံဃာတော်များမနိုးမီ လောင်းထည့်ပြီးဖြစ်သည်။ တပည့်များက ဦးအောင်လောင်းထည့်ထားလျှင်လည်း ထိုရေများကို အိုးလိုက်ဘုရားလှူပြီးထပ်၍ခပ်ထည့်တော်မူသည်။

□ **ကနုတ်ပြုခြင်းအံ့ဖွယ်**

ကုဋီသုံးရေဆေးရေများကိုလည်း အမြဲပင်လောင်းထည့်သည်။ ကုဋီသံဃာအများသုံးပြီးသော ကနုတ်များကိုလည်း ကိုယ်တော်တိုင်ဆေးကြော၍ ကနုတ်ကုန်လျှင်လည်း ကိုယ်တော်တိုင် ဝါးကို ခွဲစိတ်၍သပ်တော်မူသည်။

□ **ထင်းသယ်ခြင်းအံ့ဖွယ်**

ဆရာတော်သည် ဧရာဝတီမြစ်တွင်း ရေချိုးဆင်းတိုင်း ထင်းများကို ကိုယ်တိုင်သယ်၍ ကမ်းနား၌ပုံထားသည်။ လိုချင်သူယူ၍ ကျန်သမျှထင်းများကို ကျောင်းအရောက် ကိုယ်တိုင်ထမ်းသယ်ပါသည်။ ဆောင်းရာသီ၌ ထိုထင်းများကို မီးဖို၍ ဘုရားလှူခြင်း၊ သံဃာများဆွမ်းခံလမ်းတစ်လျှောက် မီးဖိုခြင်း၊ ခွေးများ မီးလှုံရန်ပင် မီးဖိုပေးခြင်း ပြုတော်မူပါသည်။

□ **သဲသယ်ခြင်းအံ့ဖွယ်**

ဧရာဝတီမြစ်အတွင်းမှ သဲများကိုလည်း ကိုယ်တော်တိုင်ထမ်း၍ ကျောင်းဝင်းအပြည့် သဲခင်းတော်မူရာ လှည်းအစီးတစ်ထောင်ခန့်ရှိသည်။

□ **ယပ်ခတ်ခြင်းအံ့ဖွယ်**

ကျောင်းအနီးအနားရှိစေတီများတွင်လည်း စေတီယင်္ဂဏဝတ်များကို ပြုတော်မူသည်။ တံမြက်လှည်းရုံ၊ ရေလှူရုံမျှမက စေတီများတွင်လည်း ဆောင်းအခါ ထင်းမီးဖို၍လှူခြင်း၊ နွေအခါတွင် ရုပ်ပွားတော်ရှေ့၌ ယပ်လေခတ်၍လှူခြင်းများလည်းပြုတော်မူသည်မှာ ထူးခြားလှပေသည်။

□ **ရေအိုးထမ်းခြင်းအံ့ဖွယ်**

အလွန်မြင့်စောက်ဝေးလံလှသော ပတ္တမြားစေတီတောင်ပေါ်သို့ ရေပြည့်အိုးထမ်းလျက် ရေလှူတော်မူသည်။ ရှည်လျားလှသော စောင်းတန်းကြီး၌လည်း အသွား၊ အပြန် တံမြက်လှည်းတော်မူသည်။ ရောက်ဖူးသူတိုင်းသိပေလိမ့်မည်။ လူငယ်၊ လူရွယ်လူသန်များပင်လျှင် လူချည်းကို အထောက်ထောက်နား၍ အမောဆို့အောင် တက်ရသောတောင် ဖြစ်သည်။

□ **ကနုတ်ကိုယ်တိုင်သပ်ခြင်းအံ့ဖွယ်**

ရုံခါ ဒန်ပူ(တံပူ)တံ၊ ကနုတ်များကို ကုဋေကျော်အောင် ကိုယ်တော်တိုင်သပ်တော်မူသည်။ မိမိတိုက်အတွင်းသာမက အေဒီ ၁၈၉၈ (၁၂၅၉ ခုနှစ်) က မန္တလေးမြို့ ပေါ်တွင် သံဃာအများဆုံး (၁၆၀၀) ရှိသော ဘုရားကြီးကျောင်းတိုက်အတွက် တစ်ပါးလျှင် ဒန်ပူတစ်ရာ စည်းတစ်စည်းကျစီ လှူတော်မူဖူးပါသည်။

□ **တစ်ညလုံး တရားထိုင်ခြင်းအံ့ဖွယ်**

ညသန်းခေါင်ကျော်လျှင် ကျောင်းမှ တိတ်တဆိတ်ထွက်သွား၍ သုသာန်သို့မဟုတ် တောရမြောက်အောင်ဝေးကွာသော တစ်နေရာရာ၌ တရားထိုင်ပြီး အရုဏ်တက်မှသာ ကျောင်းသို့ပြန်ကြွလာသည်။

□ **အလှူပစ္စည်းအံ့ဖွယ်**

အလှူအတန်းကြွရာ ပစ္စည်းသယ်ရန် တပည့်မပါ။ ကျောင်းသို့လာလှူ



www.burmeseclassic.com

www.burmeseclassic.com

ထိုက်လှူသမျှကိုလည်း အလှူခံပြီးလျှင် သည်အတိုင်းသာ ထားတော်မူသည်။ ငွေသူ့ကိုမျှ သိမ်းဆည်းမခိုင်းချေ။ ထိုသော ကိုရင်၊ ဦးပဉ္စင်းများ လိုရာ တောက်ယူသုံးစွဲကြလေသည်။

## ၁ အိပ်ရာမရှိခြင်းအံ့ဖွယ်

ဆရာတော်ကား အမြဲတမ်း သက်န်းသုံးထည် (တိစီစရိတ်ဓုတင်) ဆောင်တော်မူသည်။ မျက်နှာသုတ်ပဝါမျှပင်မထား။ တစ်ဆောင်တစ်ယောင် နေရာထိုင်ခင်းဟူ၍ သီးခြားမရှိ၊ အိပ်ရာမရှိချေ။

## ၁ သီလအံ့ဖွယ်

ကျန်းမာရေးနှင့်စပ်၍ မည်သည့် ဆေးဝါးမျှ သိမ်းဆည်းသိုမှီးထားခြင်းမရှိ။ နံ့ခါ မကျန်းမာသည်ကိုပင် အသိမပေး။ တပည့်များသိ၍ ဆေးဝါးကပ်သောအခါ ဆေးအမယ်များကိုမေး၍ ရောဂါအတွက် မည်မျှပင်အကျိုးပြုသော ဆေးဖြစ်စေကာမူ မအပ်သော အမယ်ပါလျှင် ဝပ်ပယ်တော်မူသည်။ တစ်ခါက သမားတော်ကြီးတစ်ဦးက တိရစ္ဆာန်သည်းခြေများပါဝင်သောဆေးကို ဆက်ကပ်ရာ အေပ်၍ မှီဝဲတော်မမူ။ သီလကို ထိုမျှ အလေးမူပါဘိသည်။

## ၁ အဖျင်းစကားမပြောခြင်းအံ့ဖွယ်

ဆရာတော်သည် အချင်းခပ်သိမ်း ကြည်သာရွှင်ပျသောမျက်နှာရှိ၍ နှုတ်ချိုး၏။ စကားပြောလျှင် တရားနှင့်စပ်သည်တိုသာပြောသည်။ ရပ်စကား၊ ရွာစကား၊ ခင်းစိုးရာဇပြည်ရွာအရေးအခင်းအဖျင်းစကားမျိုးကို မည်သည့်အခါမျှ မပြောချေ။

## ၁ အလောင်းကို ကိုယ်တိုင်ထမ်းခြင်း အံ့ဖွယ်

ဂိလာနဝတ်ကိုပြုရာ၌လည်း ဆရာတော်သည် ဘုရားရှင်၏သားကြီးမီသပါပေသည်။ တစ်ခါက ဦးတိလောကခေါ် သော တပည့်စာသင်သားတစ်ပါး တာလဝမ်းရောဂါဖြစ်ရာ ဆရာတော်ကိုယ်တိုင် သူနာပြုလုပ်တော်မူပါသည်။ ကျောင်းကြီး၊ ကျောင်ငယ်၊ အညစ်အကြေးများကို သုတ်သင်လျှော်ဖွပ်ပေးသည်။ ဆေးဆရာဦးလူကလေးအားခေါ်၍ ကုသစေရာမရ။ ညသန်းခေါင်အချိန်၌ ပျံလွန်သွားရာ သံဃာများ တာဝန်မတက်စေရန် ကိုယ်တော်တိုင်အလောင်းကိုထမ်း၍ ဦးလူကလေးအား တွဲလျားကျသော ခြေထောက်များကို နောက်က မ,ကိုင်စေလျက် သုသာန်သို့ ညတွင်းချင်း ပို့တော်မူသည်။

## ကိုယ်တိုင်သူနာပြုခြင်းအံ့ဖွယ်

အေဒီ ၁၈၉၈ ခု (၁၂၅၉ ခုနှစ်) တွင် ဦးဒီပ (ခေါ်) တပည့်တစ်ပါး ဝမ်းရောဂါဖြစ်ရာ ကိုယ်တော်တိုင်သူနာပြု၍ ပျံလွန်လျှင် တစ်ပါးတည်း အလောင်းကို ထမ်း၍ သင်္ဂြိုဟ်တော်မူလေသည်။

ဆရာတော်သည် သက်တော်ကြီးရင့်လာသောအခါ တောရဆောက်တည်တော်မူပါသည်။ ဓုတင်(၁၃)ပါးကို အလျဉ်းသင့်သလို ဆောက်တည်တော်မူသည်။ မကြာခဏဆိုသလို ကပ္ပိယကို ခေါ်ပြီး တောထဲသို့ ကြွတတ်သည်။ သစ်ရွက်စိမ်းစိမ်းစိုစိုတွေ့လျှင် -

"ဟဲ့ - ဒါနွားစားသလား"

ဟု တောင်ဝှေးနှင့်ထောက်ပြပြီး မေးတတ်သည်။ ကပ္ပိယက နွားစားကြောင်းလျှောက်လျှင် ခူးခိုင်းလျက် ကျောင်းသို့ရောက်သောအခါ ထိုခူးလာသော သစ်ရွက်များကိုစု၍ ပြုတ်ခိုင်းတတ်သည်။ ဆွမ်းဘုဉ်းပေးသောအခါ ထိုသစ်ရွက်ပြုတ်ရည်များ (ဆီ၊ ဆား အခတ်မပါ) ကို ပူပူလောင်လောင် ဘုဉ်းပေးလေ့ရှိပါသည်။

ကပ္ပိယက -

"ဆရာတော်၊သစ်ရွက်ပြုတ်သက်သက်ကောင်းနိုင်ပါ့မလား ဘုရား"

ဟု လျှောက်တင်လျှင် -

"အင်း-ပူတယ်ဆိုရင် အရသာရှိတာပေါ့ကွယ်"

ဟု ဖြေကြားတော်မူတတ်သည်။

တစ်နေ့ နံနက်ခင်း ရဟန်းငယ်၊ ရှင်ငယ်များ ဆွမ်းခံရာမှအပြန် သုသာန်ပိုင်မြေပုံများကြား၌ လဲနေသော ဆရာတော်ကို တွေ့ကြရသည်။ အကျိုးအကြောင်းမေးမြန်းလျှောက်ထားကြရာ-

"ဝမ်းတွေအတော်လျှောသဖြင့် သေလိမ့်မည်ဟုထင်သောကြောင့် ယခုလို သင်္ချိုင်း၌လာနေခြင်းဖြစ်ကြောင်း"

မိန့်တော်မူသည်။

ဆရာတော်သည် မိမိအတွက် သူတစ်ပါးတို့၌ တာဝန်တက်မည်ကို လွန်စွာစိုးရွံ့တော် မူသည်။ ထို့ကြောင့်ပင် ဩဝါဒကထာ၌ -

'သူတစ်ပါးကို အားမကိုးရ၊ မိမိကိုယ်ကိုသာ အားကိုးရမည်' ဟု ရေးသားတော်မူခဲ့လေသည်။

ဝတ်ချက်မင်းကျောင်းဆရာတော်ကြီးသည် သက်တော် (၇၄) နှစ်၊ ဝါတော် (၅၄) ဝါအရ အေဒီ ၁၉၂၇၊ ဇန်နဝါရီ ၂၆ ရက် (၁၂၈၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်) ဗုဒ္ဓဟူးနေ့ ည (၁၀) နာရီ၊ (၃၀)မိနစ်အချိန်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့သည်။

ပျံလွန်တော်မမူမီ (၇) ရက်အလိုတွင် တပည့်များအား နောက်ဆုံးအမှာစကားမှာ -

"ဤနေ့မှစ၍ နောက် (၇) ရက်မြောက် ပြာသိုလဆုတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့ညကာလတွင် ဤဘဝအဆုံးသို့ ရောက်တော့မည်။ ငါမရှိသည့်နောက် ငါဟောပြောကျင့်ကြံသော ပရိယတ်၊ ပဋိပတ်နှင့်စပ်၍ မှတ်သားဆည်းပူးလိုလျှင် ငါ၏တပည့်ကြီး မဟာသစ်ဝင်ချောင် မစိုးရိမ်တောရဆရာတော်ကို ငါ့ကိုယ်စား ဆရာထား၍ ဆည်းကပ်ကိုးကွယ်ရစ်ကြ"

ဟူ၍ မိန့်မှာတော်မူခဲ့လေသည်။

ဆရာတော်ကြီး၏ ထူးခြားချက်များကို ဖော်ပြရာတွင် ဆရာတော်ကြီးသည် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ပဋိဝေဓသို့ ဆိုက်ရောက်တော်မူလေသည်။ ထူးခြားချက်များကို အောက်ပါအတိုင်းတွေ့ရသည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ မည်မျှလျှို့ဝှက်နက်နဲသော အဓိပ္ပာယ်မျိုးကိုမဆို အဖွင့်သံဝဏ္ဏနဂဿယ စသည် မကြည့်ရဘဲ တွေ့ကာ မြင်ကာမျှဖြင့် ယထာဘူတကျအောင် ရှင်းပြတော်မူနိုင်သည်။ ရှေးပညာရှိတို့ လျှို့ဝှက်သိပ်သည်းစွာနည်းပရိယာယ်ဖြင့် စီရင်ခဲ့သောအရာများ၊ လျှို့ဝှက်ပညာရပ်များ (အင်း၊ လက်ဖွဲ့၊ မန္တန် စသည်) ကိုလည်း မြင်ကာမျှဖြင့် ဖြစ်ပေါ်ပုံ၊ သုံးစွဲပုံ အကျိုးအာနိသင်များကိုပါ ထုတ်ဖော်ညွှန်ပြနိုင်သည်။

လောက၌ ကြိုတင်ဖြစ်ပေါ်တတ်သော အတိတ်၊ နိမိတ်၊ အိပ်မက်၊ အလိုလိုပေါ်လာသောဂဏန်းအက္ခရာ၊ဂါထာ၊ တဘောင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သင်္ကေတ၊ နိမိတ်မှန်သမျှ သိလို၍ လျှောက်လျှင် ချက်ချင်းပင် အဖြေပေးတော်မူနိုင်သည်။

ထိုမျှသာမဟုတ်။ စေတောပရိယတ်အဘိညာဉ်ခေါ် သူတစ်ပါးစိတ်ကူး အကြံအစည်များကို လည်းကောင်း၊ ပြုလုပ် စီမံထားသောအရာများကို လည်းကောင်း၊ ဖြစ်ပျက်နေသောအရာများကို လည်းကောင်း သိတော်မူသည်။ ထိုမှတစ်ပါး သေကျေပျက်စီးမည့်အရာများကို လည်းကောင်း၊ တစ်စုံတစ်ဦး၏ ကွယ်လွန်သည့်နောက် ရောက်ရလည်းရာ



www.burmeseclassic.com

www.burmeseclassic.com

# ဝက်စွယ်ကွင်းပိတ်၏သိဒ္ဓိထူး

၁၉၈၄ ခုနှစ်က နတ်မောက်မြို့နယ်ထဲမှ (×××) ရွာတွင် မီးအကြီးအကျယ်လောင်ပါသည်။ မည်မျှကြီးကျယ်သနည်းဆိုသော် ရွာလုံးကျွတ်နီးပါးပင်။ တစ်ရွာလုံး နေအိမ် (၇) လုံးသာ ကျန်ပါသည်။ ထိုနေအိမ် (၇) လုံးတွင် နေအိမ် (၆) လုံးမှာ သီးခြားအစုလိုက်ကျန်ခြင်းဖြစ်ပြီး ကျန်သောနေအိမ်တစ်လုံးမှာ အံ့ဩဖွယ်ကောင်းလှပါသည်။ အိမ်ခြေ (၇၀) ခန့်အစုထဲမှ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်၊ မြောက်ဘက်မှ နေအိမ်များ မီးလောင်ခံရပြီး ၎င်းနေအိမ်တစ်လုံးသာလျှင် အလယ်မှာ ကွက်ပြီးကျန်ခဲ့သဖြင့် တစ်ရွာလုံးအံ့ဩနေကြသည်။ ကံကြီးလိုက်တာ၊ ကံကောင်းလိုက်တာဟု ပြောမဆုံးပေါင်တောသုံးထောင်ဆိုတာလိုဖြစ်ခဲ့ရသည်။

တစ်လခန့် ရှိသောအခါ ထိုသူအား တစ်ရွာလုံးက ဝိုင်းဝန်းမေးမြန်းကြသည်။ ဘာဂါထာကိုးကွယ်ရွတ်ဖွားသလဲ၊ ဘယ်လိုဘုရားပူဇော်ထားသလဲ သို့မဟုတ် မည်သည့်အဆောင်ပစ္စည်းရှိသလဲဟု မေးကြသည်။

ထိုအခါမှ ထိုသူ (ဦးအေးမင်းဟု မှတ်မိရသည်) က ရှင်းပြသည်။

"ကျုပ်အစ်ကို ဘုန်းကြီးတစ်ပါးရှိတယ်။ သူ့ကျောင်းကို ဘေးမဲ့လာလွှတ်ထားတဲ့ဝက်ထီးကြီးတစ်ကောင် သူ့အလိုအလျောက် သေသွားတဲ့အခါ ဝက်စွယ်ရခဲ့တယ်။ ဒကာတွေက ဝက်စွယ်လာလှူပြသတယ်။ အစ်ကိုဘုန်းကြီးက ဒါဝက်စွယ်ကွင်းပိတ်ပဲ။ ကာယသိဒ္ဓိပြည့်ဝစေတယ်။ မီးကွင်းစေတယ်။ လူတွေဆောင်ရမယ့် သိဒ္ဓိဝင်ပစ္စည်း ဖြစ်တယ်။ ဘုန်းကြီးနဲ့ မသင့်ဘူးဆိုပြီး ညီဖြစ်တဲ့ကျုပ်ကိုစွန့်ခဲ့ပေးခဲ့တယ်။ (၁၀) နှစ်လောက်ရှိပြီ၊ အဲဒါဆောင်ထားတယ်။

ကျုပ်စမ်းသပ်ဖူးပါတယ်။ အပ်ချည်ကြိုးတစ်တောင်လောက်ကို ဓာတ်ဆီးဆွတ်ပြီး ဝက်စွယ်ကွင်းပိတ်မှာချည်ပြီး မီးရှို့တယ်။ တစ်ထွာလောက်လောင်ပြီး မီးငြိမ်းသွားတယ်။ ဆက်မလောင်ဘူးဗျ။ ဒါကြောင့် မီးကွင်းတယ်လို့ ယုံတယ်။

နောက် ခွေးလည်ပင်းမှာ ဝက်စွယ်ကွင်းပိတ်ချည်ပြီး တုတ်နဲ့ရိုက်၊ ဓားနဲ့ခုတ်တယ်။ ခွေးဟာ နာကျင်ခြင်း၊ အော်ခြင်း၊ ဒဏ်ရာရခြင်းမရှိဘူး။ ဓားနဲ့ခုတ်တာ မပြတ်ဘူး၊ မရှနဲ့ဘူး။ ဒါကြောင့် ကာယသိဒ္ဓိပြီးတယ်လို့ယုံပါတယ်"

ဟု ရှင်းပြပါသည်။

သို့အတွက် ဝက်စွယ်ကွင်းပိတ်ရှားရှားပါးပါးရခဲ့လျှင် လက်တွေ့စမ်းသပ်ပြီး ဆောင်ယူထားသင့်ပါကြောင်းတင်ပြပါသည်။

(၂၀၀၃ ခုက စာရေးသူမှ (×××) ရွာ ထိုသူ့ထံသွားရောက်ရာ လွန်ခဲ့သည့် (၂) နှစ်ခန့်က ထိုသူသေဆုံးသွားပြီး ဝက်စွယ်ကွင်းပိတ်မှာ ဘုရားတွင် ဌာပနာထည့်လိုက်ပြီဟုသိခဲ့ရပါသည်။)

နေမဝင်(နတ်မောက်)

---

မည့် ဘဝဂတိများကို လည်းကောင်း ထိုးထွင်းသိမြင်တော်မူကြောင်း လောကီယပဋိဝေဓဆိုက်ပုံကို အတိအလင်း ဖော်ပြရေးသားထားသည်ကို ကြည်ညိုဖွယ်တွေ့ရပေသည်။

ဆရာတော်ကြီးသည် အဓိသီလ၊ အဓိသမာဓိ၊ အဓိပညာ သိက္ခာသုံးရပ်တို့၌ မမေ့မလျော့သည်ဖြစ်၍၊ နိုးကြားထကြွသည်ဖြစ်၍ ပဋိပတ်ကျင့်သောလုံ့လကို မပြတ်အားထုတ်လျက်နေတော်မူခြင်း၊ ပစ္စည်းလေးပါး အပါအဝင်ဖြစ်သော ဝတ္ထုအာရုံတို့၌ငြိခြင်း၊ ထိခြင်း၊ မိခြင်းမရှိစေဘဲ လျစ်လျူရှုလျက် ထွက်မြောက်လွတ်ကင်းသောစိတ်ဖြင့် ကျင့်ကြံနေထိုင်လေ့ရှိခြင်း၊ ထိုကဲ့သို့ ဖြောင့်မတ်ဖြူစင်စွာသော အကျင့်မြတ်နှင့် မရှိမပဋိပဒါအကျင့်မြတ်ကို တစ်ထပ်တည်းကျ အတူတကွပေါင်းမိသည်ကို အများရှင်လူတို့ မြင်သာထင်ရှားရှိခြင်း။

အထက်ပါအကြောင်းအရာများကြောင့် ဆရာတော်ဘုရားကြီးသည် လောကုတ္တရာ ပဋိဝေဓသို့ ဆိုက်ရောက်တော်မူသည်ဟု မစိုးရိမ်တောရဆရာတော်ကြီးက ကောက်ယူပါသည်။ မစိုးရိမ်ဆရာတော်ကြီးက 'အထိုက်အလျောက် ရောက်သင့်ရောက်ထိုက်သော ပဋိဝေဓသို့လည်း ရောက်တော်မူခဲ့ရာ' ဟု အလွန် လိမ္မာပါးနပ်စွာ ရေးသားဖော်ပြခဲ့ပါသည်။

ဆရာတော်ကြီး ခန္ဓာဝန်ချအပြီး သုံးပတ်အကြာမှ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိဟုဆိုနိုင်သော 'ထေရဝံသာစာရက္ခမပဒီပိကာကျမ်း' ကို မစိုးရိမ်တောရဆရာတော်ကြီးက တစ်လအတွင်း ပြီးစီးအောင်ပြုစုခဲ့ပါသည်။ ဤကျမ်း၏ ကျေးဇူးကြောင့် ဝတ်ချက်မင်းကျောင်းဆရာတော်ကြီး၏ ဘဝနှင့် ကျင့်စဉ်ကို နှောင်းလူတို့ သိမြင်ကာ ကြည်ညိုခွင့်ရရှိခဲ့ပါသည်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဝတ်ချက်မင်းကျောင်းဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်တွေကို အထူးတလည်အောက်မေ့ ကြည်ညိုပြောဆိုရာမှာ -

"သာသနာ့သမိုင်းရဲ့ အတိုင်းမသိကျေးဇူးရှိသော စံပြဆရာတော်ဘုရားကြီး"

မော်ကွန်းတင်တော်မူပါသည်။

(ဤဆောင်းပါးဖြင့် ဝတ်ချက်မင်းကျောင်းဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

**ကျမ်းကိုး -**

၁။ စစ်ကိုင်းတောင် မဟာသစ်ဝင်ချောင် မစိုးရိမ်တောရဆရာတော် စီရင်သော 'ထေရဝံသာစာရက္ခမပဒီပိက' ၁၂၈၉ ခု၊ ကဆုန်လ မန္တလေးမြို့ ဓားတန်းဂုဏဝတီ စာပုံနှိပ်တိုက်မှ ထုတ်ဝေသည်။
၂။ စစ်ကိုင်းသာသနာဝင် (အရှင်ကေလာသ)
၃။ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ (ဓမ္မာစရိယဦးဒွေးလှိုင်)
၄။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ (ပထမတွဲ) မောင်ပန်းမွှေး ပြုစုသည်။
၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးတက် စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်။)



www.burmeseclassic.com

www.burmeseclassic.com

[illegible]

# အောင်သစ္စာမဟာစာတ်ပေါင်းချုပ်စေတီတော်


အောင်မြင့်ထွန်း(မသုံးလုံး)

ကျွန်တော်သည် ဝန်ထမ်းငယ်ဘဝ တိုင်းရုံးစိုက်ရာ ပုသိမ်မြို့သို့ ရုံးကိစ္စအတွက် မကြာခဏ သွားရောက်ရလေ့ရှိ၏။ ရန်ကုန်-ပုသိမ်သင်္ဘောကို မြောင်းမြမှ နံနက်စောစောစောင့်၍ဆင်းရသည်။ နှစ်ထပ်အမြန်ရေယာဉ်ဖြင့် မရမ်းကုန်းကျေးရွာကိုကျော်လွန်ပြီး တောင်ကလေးသို့ရောက်ပြီဆိုသည်နှင့် ပိန္နဲကုန်းသည် ခရီးမဝေးတော့ပါ။ တောင်ကလေးနှင့် ပိန္နဲကုန်းသည် မိနစ်ပိုင်းခရီးမျှသာဝေးကွာ၏။

ပိန္နဲကုန်းကျေးရွာတွင် မြင့်မြတ်သော တောင်ကုန်းထိပ်ဆီမှ စေတီတော်တစ်ဆူကို သပ္ပာယ်စွာ ဖူးမြော်ကြည်ညိုရ၏။ သစ်ပင်သစ်တောများအကြားမှ စေတီတော်သည် ကြည်ညိုဖွယ်ရာအတိပြီးသောကြောင့် ရေယာဉ်ပေါ်မှ လူအများစုတို့မှာ လက်အုပ်ချီမိုးဦးခိုက်လေ့ရှိကြကုန်၏။ စေတီတော်တည်ရာ တောင်ကုန်းခြေရင်းတွင် ရွာ၏ကမ်းနားလမ်းရှိ၏။ ကမ်းနားလမ်း၏တစ်ဖက်တမ်းစပ်တွင် အိမ်တစ်လုံးစာမျှလောက်သော မြေနေရာရှိတော့သည်။ ဘုရားခြေတော်ရင်းတည့်တည့်ဆိပ်ကမ်းတွင် ရေယာဉ်ငယ်များဆိုက်ကပ်ရာ တံတားတစ်စင်း အခိုင်အမာရှိပါ၏။ ကမ်းနားလမ်းမှ ဘုရားသို့ တက်ရောက်ဖူးမြော်ရန်အတွက် နဂါးကြီးနှစ်ကောင်နှင့်အုတ်လှေကားရှိသည်။ ခရီးဝေးမှလာရောက်ဘုရားဖူးလိုသူတို့အတွက် အဆင်ပြေချောမွေ့စွာ ဘုရားကြည်ညိုနိုင်ကြကုန်၏။



အောင်သစ္စာမဟာစာတ်ပေါင်းချုပ်စေတီတော်(အနီးကပ်ဖူးမြင်ရပုံ)



နောက် (၃) နှစ်တွင် အသစ်တင်လှူမည့် ထီးတော်

ကမ်းနားတန်းတွင် ဒီရေတောဒေသပေျာ် စားသုံးသီးနှံပင်များဖြစ်ကြသည့် အုန်းပင်၊ ကွမ်းသီးပင်တို့က ရွာ၏အလှကိုတန်ဆာဆင်ထားကြကုန်သည်။ ပုသိမ်မှမြောင်းမြအပြန် ရေလှည့်မသင့်၍ ညမှောင်မှောင်ခရီးမှာ စေတီတော်ညရှုခင်းတွင် လျှပ်စစ်မီးများထိန်ထိန်ညီးနေတော့သည်။ အပြန်ခရီးတွင်လည်း လျှပ်စစ်မီးများ၏ အလင်းရောင်ကြောင့် ကျွန်တော်သည် စေတီတော်ကို မမေ့လျော့ မပေါ့ဆဘဲ ဖူးမြော်ကြည်ညိုမြဲသာ။

ယခုအငြိမ်းစားယူပြီးသည့်နောက် စာတိုပေစရေးသားနေချိန်မှာ ကိုယ့်ဘဝငယ်ငယ်ကဖူးခဲ့ရသည့် စေတီတော်ကို စာရှုသူအပေါင်းတို့အား ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ကျွန်တော်၏ရင်တွင်းဆန္ဒဖြစ်ပေါ်လာ၏။ ယခင်က ကုန်လမ်းခရီးမပေါက်၊ ရေလမ်းကိုသာ အားပြုသွားရသောကြောင့် စေတီတော်ကို သီးသန့်သွားရောက် ဖူးမြော်ရန် အခြေအနေမပေးခဲ့ပါ။ ယခုအခါ ကျေးရွာချင်းဆက်ကုန်းလမ်းခရီးလမ်းကြောင်းများပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါ၏။ ယခုအခါတွင် ကား၊ မော်တော်ဆိုင်ကယ်တို့ဖြင့် ပိန္နဲကုန်းကျေးရွာသို့ သွားရောက်နိုင်ပါပြီ။

၂၄-၁၂-၂၀၁၅ ရက်နေ့တွင်တော့ သူငယ်ချင်း ကိုလှရွှေနှင့်အတူ ပိန္နဲကုန်းကျေးရွာသို့ နေ့လယ်ပိုင်းတွင် စက်ဘီးဖြင့်ထွက်လာခဲ့ကြပါ၏။ ဆောင်းနေသီ



www.burmeseclassic.com

မှာ မိုးအုံ့နေသောကြောင့် ရာသီဥတု အေးမြ၍နေပါသည်။ သူငယ်ချင်း နှစ်ယောက် စက်ဘီးကိုယ်စီဖြင့် ပုံမှန်နင်းလာကြရာ ခရီးတွင်၏။ မြဂုဏ်ရည်လမ်းအတိုင်းလာခဲ့ကြရာ ဂုန်နီစက်ရုံ (ဟောင်း) ဆီသို့ ရောက်လာကြသည်။ လမ်းမကြီးမှ ဂုန်နီစက်ရုံ(ဟောင်း)ဘက်သို့ ဖဲ့ဆင်းလိုက်ကြ၏။

စက်ရုံနောက်ကျောလမ်း (တောလမ်း) အတိုင်း သွားရလေ၏။ သစ်ပင်အရိပ်အာဝါသတို့ကို ဖြတ်သန်းရသည်။ လယ်ကွင်းကို ဖြတ်သောလမ်းတွင် ဩရီရှားပင်တို့ လမ်းဘေးဝဲ၊ ယာတွင် လည်းကောင်း၊ ထိုမှလွန်သော် ထန်းပင်တန်းကို လည်းကောင်း တွေ့မြင်ရ၏။ စလူချောင်းကျေးရွာ၊ ပျဉ်းကတိုးကုန်းကျေးရွာထဲမှ ဖြတ်သန်းခဲ့ရသည်။ လမ်းတွင် ချောင်းကူးတံတား (၃) စင်းတို့မှာ ကွန်ကရစ်တံတားတို့ဖြစ်ကြကုန်သည်။ ပိန္နဲကုန်းကျေးရွာသွားလမ်းတစ်လျှောက် ဆိုင်ကယ်အမျိုးမျိုးတို့ ဥဒဟိုသွားလာလှုပ်ရှားနေကြပါသည်။

ပိန္နဲကုန်းရွာထိပ် ရွာအဝင်တွင် 'အောင်သစ္စာ မဟာဓာတ်ပေါင်းချုပ်စေတီတော်မြတ်ဆီသို့'ဟူသောလမ်းညွှန်ဆိုင်းဘုတ်ကြီးက ခံ့ညားထည်ဝါစွာ ညွှန်ပြနေသည်။ ပိန္နဲကုန်းကျေးရွာထဲသို့ ရောက်ရှိသွားပြီး တောင်ကုန်းပေါ်သို့ တက်လာခဲ့ကြသောအခါ အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်မြတ်ကြီးကို ကြည်ညိုသပ္ပာယ်စွာဖူးမြင်ရလေ၏။

စေတီတော်ကြီး၏ ခြေရင်းတွင် ဘုန်းတော်ကြီးကျောင်းရှိသည်။ ကျောင်းထိုင်ဆရာတော်ကို ဂါရဝပြုဖူးမြော်ကာ အကျိုးအကြောင်း လျှောက်ထားလိုက်ပါ၏။ ကျွန်တော်၏ မြန်မာနိုင်ငံစာရေးအသင်းဝင်ကတ်ကိုထုတ်ကာ တင်ပြပေးလိုက်သည်။ ဆရာတော်က ဦးတင်ထိုက်အောင်ဆိုသူအား လိုအပ်သော အကူအညီပေးရန် ညွှန်ကြားလေသည်။

ကျွန်တော်သည် ဦးတင်ထိုက်အောင်အကူအညီဖြင့် မြောင်းမြမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတွင် တည်ထား ကိုးကွယ်သည့် အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို မှတ်တမ်းတင်နိုင်ခဲ့ပါတော့သည်။

❑


လွန်ခဲ့သော နှစ်ပေါင်း (၁၀၀၀)



အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော် (ကမ်းနားပိုင်းမှ ဖူးမြင်ရပုံ)



အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော် (ကုန်းတော်ပေါ်မှ ဖူးမြင်ရပုံ)


ကျောက်ဆူသယ်နဂါးဘိုးတော်ကြီးနှင့် နဂါးရုံဘုရား

www.burmeseclassic.com



အောင်သစ္စာမဟာစေတီပေါင်းချုပ်စေတီတော်ရှိ တံခွန်တိုင်



နဂါးညီနောင်စေတီတော်တိုက်ဘုရား



ဆရာတော်ကြီးများ တရားပွဲပြုလုပ်ရာ ဓမ္မသဘင်စင်တော်ကြီး

ကျော်လောက်က ရှမ်းပြည်နယ် ပင်းတယတွင် စော်ဘွားကြီး စိုင်းခမ်းလုံသည် စော်ဘွားအရိုက်အရာဆက်ခံနေစဉ်က ဖြစ်ပါ၏။ သူသည် ရှမ်းဘုရင်တစ်ပါးအဖြစ် ဟော်နန်းနှင့် ရှမ်းနယ်ကို စီမံအုပ်ချုပ်လျက်ရှိသည်။ စော်ဘွားကြီး စိုင်းခမ်းလုံ၏ သားတော်ကြီး စိုင်းခွန်ဆိုင်းသည် စစ်သူကြီးတာဝန်ကို ထမ်းဆောင်ရ၏။

စော်ဘွားကြီးသည် အသက်အရွယ်ကြီးရင့်လာသည်နှင့် လောကီတွင် ငြီးငွေ့လာတော့၏။ တရားဓမ္မနှင့်သာ မွေ့လျော်လိုသောကြောင့် အုပ်ချုပ်ရေးတာဝန်များကို သားတော်စစ်သူကြီးကို အပြီးအပိုင် လွှဲအပ်လိုက်၏။

တစ်ခါသော် ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ပင်းတယနယ်သို့ရောက်ရှိလာခဲ့ပါသည်။ စော်ဘွားကြီးသည် အနော်ရထာမင်းနှင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရန် ညီမတော် စောမွန်လှကို အနော်ရထာမင်းထံ ဆက်သလေ၏။ တစ်ပါးတည်း ရွှေသင်ဖြူးဖျာ (၅) ချပ်ကိုပါ အနော်ရထာမင်းထံ လက်ဆောင်ပါး အပ်လိုက်ပါသည်။ အနော်ရထာမင်းက ဖျာ (၅) ချပ်ကို ကြိမ်စကြာဖြင့်ရိုက်၍ တစ်ချပ်တည်းဖြစ်အောင်ပြုလုပ်လိုက်သည်။ ရွှေသင်ဖြူးဖျာကို စော်ဘွားထံ ပြန်လည်ပေးအပ်ခဲ့ပါသည်။

အနော်ရထာမင်းသည် စောမွန်လှကို ပုဂံပြည်သို့ ခေါ်ဆောင်လာခဲ့ပြီး စုံမက်ချစ်မြတ်နိုးတော်မူ၍ မိဖုရားအရာ မြှောက်လေ၏။

စော်ဘွားကြီးတွင် သားတော် စိုင်းခွန်ဆိုင်းနှင့် သက်တူရွယ်တူ မွေးစားသားတစ်ယောက်ရှိသည်။ မွေးစားသားသည် စော်ဘွားကြီး၏ မွေးကျေးဇူးကိုမျှ မထောက် ကျေးဇူးကန်းလျက် လောဘဇောတက်ကာ အကောက်ကြံလေတော့၏။ မိုက်မဲလေစွတကား။ မွေးစားသားသည် စော်ဘွားကြီး၏ ဟော်နန်းကို သိမ်းယူရန် မိုက်မိုက်မဲမဲ ကြံစည်နေပါသည်။ မွေးစားသားမှ အကောက်ကြံနေသည်ကို စော်ဘွားကြီးတို့သားအဖ လုံးဝ မရိပ်မိရှာပေ။ ရက်စက်ယုတ်မာသော အကြံပက်စက်သည့် မွေးစားသားသည် စော်ဘွားကြီးနှင့်ပတ်သက်၍ အနော်ရထာမင်းထံသို့ သွေးထိုးလှုံ့ဆော်မှု အမျိုးမျိုးပြုလုပ်၏။

မွေးစားသား၏ အကြံအစည် အောင်မြင်ချိန်သို့ ရောက်လာခဲ့လေတော့သည်။ စော်ဘွားကြီးတို့ တိုင်းခန်း



www.burmeseclassic.com

www.burmeseclassic.com

လှည့်လည်နေစဉ် မွေးစားသားက အနော်ရထာမင်း၏ အကူအညီဖြင့် စော်ဘွားကြီး၏ ဟော်နန်း၊ နန်းစည်းစိမ်ကို သိမ်းပိုက်လိုက်ပါ၏။

စော်ဘွားကြီးတို့၏ ကံဇာတာညှိုးမှိန်ချိန်သို့ရောက်ခဲ့ပါသည်။ စော်ဘွားကြီးတို့ကံဇာတာနိမ့်ပါးလေပြီ ဖြစ်လေရကား။ မိဖုရားစောမွန်လှသည်လည်း ကံကြမ္မာသားကောင်အဖြစ်သို့ ရောက်ရှိသွားရှာသည်။

ဖြစ်ပုံမှာ -


စောမွန်လှ၏ နားတောင်းသည် ဓာတ်တော်ကိန်းဝပ်သည့် နားတောင်းဖြစ်ပါသည်။ ထိုနားတောင်းမှဓာတ်တော်ကွန့်မြူးချိန်တွင် အရောင်တဖျပ်ဖျပ်တောက်ပလေ၏။

အနော်ရထာဘုရင်မင်းမြတ်သည် ပင်လျှင် ဓာတ်တော်ကြောင့်ကွန့်မြူးထွက်ပေါ်လာသော ရောင်ခြည်တော်ကို အထင်အမြင်လွဲမှားကာ စောမွန်လှအား စုန်းတောက်စားနေသူဟု အမြင်ရောက်ရှိလေ၏။ အနော်ရထာမင်းကြီးသည် မိဖုရားစောမွန်လှကို စုန်းမဟုယိုးစွပ်လေတော့၏။ စောမွန်လှကို နှစ်သက်ခုံမင်မြတ်နိုးမှု ကင်းမဲ့လာကာ နန်းတော်မှနှင်ထုတ်လိုက်ပါတော့သည်။ အနော်ရထာမင်း၏ အကြင်နာကင်းမဲ့ရက်စက်ခြင်းခံရရှာလေ၏။ စောမွန်လှခမျာ မနေသာတော့ပြီ၊ သူမသည် ပုဂံနေပြည်တော်ကြီးကို ကျောခိုင်းထွက်ခွာသွားပါတော့သည်။

စောမွန်လှသည် သူမ၏ ပုဂံမှ အပြန်ခရီးတွင် စိတ်ဆန္ဒတစ်ခုဖြစ်ပေါ်လာ၏။ စောမွန်လှ၏ရင်တွင်းနှလုံးအိမ်၌ သာသနာပြုလိုစိတ်ကိန်းအောင်းနေသူ ဖြစ်သည်။ ထို့ကြောင့် သူမ၏အပြန်လမ်းမှာ ရွှေစာရံဘုရားတည်ထားလေ၏။ စောမွန်လှသည် ဘုရားတည်ပြီး နတ်ဘုံစံမြန်းလေ၏။ စော်ဘွားကြီး၏ သားတော် စစ်သူကြီးစိုင်းခွန်ဆိုင်းသည် ဟော်နန်းကို ပြန်လုရန် ကြိုးစားလျက်ရှိသည်။ စော်ဘွားကြီး စိုင်းခမ်းလုံက စစ်သူကြီးဟော်နန်းပြန်လုရန် အစီအစဉ်ကို တားမြစ်သည်။ စော်ဘွားကြီးအနေဖြင့် ဤအရေးအခင်းကြောင့် လူအများသေကျေပျက်စီးကြမည်ကို မလိုလားချေ။

စော်ဘွားကြီးသည် တရားသဘောအရ မေတ္တာတရားကြီးမားစွာထားရှိလေ၏။ စော်ဘွားကြီးသည် ဟော်နန်းကို သံယောဇဉ်ဖြတ်တောက်လိုက်၏။


ဆရာတော်ဦးပဏ္ဍိတ (ခေါ်) ဆရာတော်ဦးမြဖောင်ရုပ်တု


ရသေ့ကြီးဦးပရတိသ (ဦးပဏ္ဍိတအတိတ်ဘဝ)


အဘစိုင်းခွန်ဆိုင်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



ဘုံစင်ကျောင်းမှော်ရုံ (အဘတို့ရဲ့နန်းတော်)



မိုးစွာနံဘုံကမ္ဘာနှစ်စွာန



အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောပြသူ ဦးတင်ထိုက်အောင်

စစ်ဖြစ်မည့်အရေးမှကင်းဝေးစေလိုသည်။ ထို့ကြောင့် စော်ဘွားကြီးသည် နန်းတွင်းသူ နန်းတွင်းသားအချို့ခေါ်ယူကာ အောက်ပြည်အောက်ရွာသို့ စုန်ဆင်းခဲ့ပါသည်။ စစ်သူကြီးစိုင်းခွန်ဆိုင်းက ယော်နန်းကို ပြန်လုရန် သူ့စိတ်ကိုမလျှော့။ သို့ပါသော်လည်း ဖခင်၏အလိုကိုလိုက်ကာ ဖခင်နှင့်အတူ အောက်ပြည်အောက်ရွာသို့ လိုက်ပါလာခဲ့ရသည်။

အောက်ပြည်အောက်ရွာသို့ စုန်ဆင်းလာသောအဖွဲ့သည် မော်တင်စွန်းသို့ရောက်ရှိလာခဲ့ကြပါသည်။ မော်တင်စွန်းမှ ရသေ့ကြီးဦးဇနဝက သူတို့အဖွဲ့ကို စောင့်ရှောက်ပေးထားပါသည်။ စော်ဘွားကြီးတို့သည် မော်တင်စွန်း၌နေစဉ်ကာလ သူတို့ဘဝလုံခြုံမှုမရှိသဖြင့် မော်တင်စွန်းကိုစွန့်ခွာလိုက်ကြသည်။ မော်တင်စွန်းမှ ထွက်ခွာလာကြရာ လမ်းခရီးတွင် ရန်သူဘေးမှ ကင်းဝေးကြစေရန် ကရင်အမျိုးသားတို့ကို မောင်းတီးပြီး လူစုခဲ့သောနေရာကို ကရင်စုရွာ၊ မောင်းတီးရွာဟု အမည်တွင်ရစ်လေ၏။ စော်ဘွားကြီး၏ ရဲမက်များချီတက်ခဲ့ရာလမ်းကြောင်းတွင် ရန်သူတို့အား လှည့်စား၍ လှုပ်ရှားခဲ့ကြရာတွင် လေးဖက်တွားတက်ခဲ့သောနေရာကို လေးဖက်တွားရွာဟု တွင်ရစ်ပါသည်။ နောင်သောအခါတွင် အပြင်လေးဖက်တွား၊ အတွင်းလေးဖက်တွားဟူ၍ နှစ်ပိုင်းကွဲပေါ်ပေါက်လာသည်။ သူတို့သာသနာပြုထားသည့်အရပ် (ယခု ပိန္နဲကုန်း) သို့ ရောက်ရှိကြတော့မှ သူတို့အဖွဲ့ အပန်းလည်းပြေ၊ ရန်များလည်း ပြေကုန်ကြပြီဖြစ်၍ ပန်းပြေကုန်း၊ ရန်ပြေကုန်းဟူ၍ သမုတ်လေ၏။

ထိုနေရာတွင် အခြေချနေထိုင်ကြရန် ဆုံးဖြတ်လိုက်ကြပါသည်။

❑

ထိုနေရာသည် သစ်ပင်သစ်တောထူထပ်သောတောကြီးမျက်မည်းဖြစ်ချေ၏။ ဤသာသနာကုန်းတော်ပေါ်၌ တရားကျင့်ကြံနေထိုင်သောရသေ့တစ်ပါးတည်းကိုတွေ့ကြရသည်။ ရသေ့၏ ဘွဲ့အမည် ဦးပရတိသဟုခေါ်ပါသည်။ (ဦးပရတိသသည်ကား ဆရာတော်ဦးပဏ္ဍိတ (ခေါ်) ဦးမြမောင်၏အတိတ်ဘဝက ရသေ့ကြီးဖြစ်ပါသတည်း။) ရသေ့ကြီးဦးပရတိသနှင့် စော်ဘွားကြီးတို့ ဓမ္မလက်ဆုံကျပေ၏။ တရားဖြင့်မွေ့လျော်သူအချင်းချင်း သာသနာပြုရန် တိုင်ပင်ကြကုန်၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အရ ဉာဏ်သာသနာပြုဖို့ရာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ရသေ့က ယခုအချိန် ဘုရားတည်လျှင်ကံဘုရားသာဖြစ်ချေတော့မည်။သာသနာတော်ချိန်ခါကျရောက်မှသာလျှင် မိမိဉာဏ်တရားရသည့်အခိုက် သုံးဦးသား (ဦးပရတိသ၊ စော်ဘွားကြီးစိုင်းခမ်းလုံ၊ သားတော် စိုင်းခွန်ဆိုင်း) တို့ ပြန်လည်ဆုံတွေ့သည့်အချိန် ဉာဏ်သာသနာဖြင့် ခုနစ်ရက်သားသမီးတို့အား ကယ်တင်နိုင်မည်။ နိဗ္ဗာန်ရောက်သည်အထိ ပို့ဆောင်နိုင်သည့်သာသာသနာပြုမည်ဟုမိန့်လေ၏။

စော်ဘွားကြီးက နန်းတွင်းကပါလာသောရတနာများ၊ လက်ဝတ်ရတနာများကို စော်ဘွားကြီး၏ သဘက်နှင့်တစ်ထုပ်၊ ဆရာရသေ့၏ သဘက်နှင့်တစ်ထုပ် တစ်ဝက်စီထည့်၍ ထုပ်လိုက်သည်။ ထိုရတနာပစ္စည်းအံထုပ်နှစ်ထုပ်ကို ယခု သိကြားမင်းကျောင်းဆောင်နေရာနှင့် အဘဓာတ်ခန်းနေရာတို့တွင် နောင်တစ်ချိန် သာသနာပြုရန်တစ်ထုပ်၊ သာသနာပြုသားသမီးများကို ချီးမြှောက်ရန် တစ်ထုပ်ရည်ရွယ်လျက် မြေမြှုပ်ခဲ့လေသည်။ ပိန္နဲပင်အိမ်မာပင်နှစ်ပင်ကို ဆရာတပည့်တို့ သစ္စာပြုစိုက်ပျိုးကြကုန်၏။ အိမ်မာပင်မှ အိမ်ပျော့သီးချိန် သုံးဦးပြန်ဆုံကြပြီး ဉာဏ်သာသနာပြုကြမည်ဟု သစ္စာအဓိဋ္ဌာန်ပြုလိုက်ကြ၏။ ဆရာရသေ့၊ စော်ဘွားကြီးစိုင်းခမ်းလုံ၊ စိုင်းခွန်ဆိုင်းတို့ သစ္စာပန္နက်စိုက်ထူသောနေ့သည် တော်သလင်းလပြည့်နေ့ ဖြစ်ပါသည်။

ကာလအတန်ကြာလတ်လေသော် စော်ဘွားကြီး စိုင်းခမ်းလုံ နတ်ရွာစံ၍ တုသိတာနတ်ပြည်တွင် သာသနာပြုနတ်မင်းဖြစ်သွားလေ၏။ ဆရာရသေ့က စော်ဘွားကြီးသည် နောင်တစ်ချိန်တွင် ရှမ်းဘိုးတော်အမည်ဖြင့် သာသနာပြုရလိမ့်မည်ဟုမိန့်ခဲ့လေ၏။

အဘစိုင်းခွန်ဆိုင်းကား တရားမရသေး။ မူးယစ်သေသောက်ကျူးလျက်ရှိသည်။ အဘစိုင်းခွန်ဆိုင်းကို ဆရာရသေ့က -

"ခင်ဗျားရဲ့ဖခင် ဘယ်ရောက်နေသလဲသိချင်လား"

ဟု မေးသည်။

အဘစိုင်းခွန်ဆိုင်းက သိချင်ကြောင်း ဆရာရသေ့ကို ခေါင်းညိတ်ပြသည်။

"ကိုင်း-ကြည့်ချင်ရင်လာခဲ့"

ဟု ဆိုကာ ဆရာရသေ့က အဘစိုင်းခွန်ဆိုင်း၏ မျက်လုံးတစ်ဖက်ကို



အဘရှမ်းဘိုးတော်ရုပ်တု



ဦးထိပ်နီ သာသနာတော်စောင့်ရှောက်ပုံရုပ်တု (အဘစိုင်းခွန်ဆိုင်းတာပည့်)



ဦးနှပန်းဖြဲ သာသနာတော်စောင့်ရှောက်ပုံရုပ်တု (အဘစိုင်းခွန်ဆိုင်းရုပ်တု)



www.burmeseclassic.com

www.burmeseclassic.com

ဆေးကွင်းပေးလိုက်ရာ အဘစိုင်းခွန်ဆိုင်းသည် ဆရာရသေ့၏ဆေးစွမ်းဖြင့် မိမိ၏ ဖခင်သည် တုသိတာနတ်ပြည်တွင် သာသနာပြုနေသော ဖခင်နတ်မင်းကို ဝမ်းမြောက်စဖွယ် မြင်တွေ့လိုက်ရ၏။ အဘစိုင်းခွန်ဆိုင်းသည် ဆရာရသေ့အား ကျေးဇူးတင်ရှိလေ၏။

ဆရာရသေ့က ကျန်မျက်လုံး တစ်ဖက်ကို ဆေးကွင်းပေးလိုက်ပြန်သည်။ အဘစိုင်းခွန်ဆိုင်း တွေ့လိုက်ရသည်ကား ကယ်ပါယူပါတစာစာဖြင့် ငရဲခံနေရသူတို့၏ ဘေးဒုက္ခကြီးမားစွာ ခံစားနေကြရပုံကို ကြောက်မက်ဖွယ် တွေ့မြင်လိုက်ရပါတော့၏။ စိုင်းခွန်ဆိုင်းခမျာ ကြက်သီးမွေးညင်းထမျှ ကြောက်ရွံ့တုန်လှုပ်ရပါလေ၏။

ဆရာရသေ့က အဘစိုင်းခွန်ဆိုင်းအား -

ခင်ဗျားအဘလိုဖြစ်ချင်ရင် ကျင့်ကြံရမယ်။ အမူးရည်တွေမသောက်နဲ့တော့။ ကျုပ် ခင်ဗျားကို တရားဟောမယ်"

ဟု မိန့်၏။

အဘစိုင်းခွန်ဆိုင်းသည် ဆရာရသေ့၏စေစာနာကို လေးစား၏။ သူ့ကို ကောင်းစားစေချင်သော ဆရာရသေ့ကို များစွာ ကျေးဇူးတင်မိပါတော့သည်။ ထို့ကြောင့် အဘစိုင်းခွန်ဆိုင်းသည် ဆရာရသေ့အား မူးယစ်သေရည်မသောက်တော့ပါဟုကတိပေးလိုက်၏။ အဘစိုင်းခွန်ဆိုင်းသည် ဆရာရသေ့အား ကတိမပေးမီ ယခု ထန်းပင်ကုန်းရွာရှိ ဦးထိပ်နီ၏ထန်းတောတွင် နောက်ဆုံးသောက်စားခြင်းဖြင့် ထရေ (ထန်းအခါးရည်) ကို အလွန်အကျွံသောက်ပစ်လိုက်၏။

ဤကား အဘစိုင်းခွန်ဆိုင်းမူးယစ်သေရည်သောက်စားခြင်း၏ နောက်ဆုံးအကြိမ်ဖြစ်ပါ၏။

နောက်နေ့သည် တော်သလင်းလပြည့်နေ့ဖြစ်၏။ ကြည်လင်သော နံနက်ခင်းမှာ ဆရာရသေ့၏တရားဟောကြားမှုကိုနာယူလိုပါသည်။ အဘစိုင်းခွန်ဆိုင်းသည် ဆရာရသေ့ထိုင်တရားဟောရန် ခုံတစ်လုံးပြုလုပ်၏။ ဆရာရသေ့တရားဟောရန်ကြိုတင်ပြင်ဆင်နေသည်။ အဘစိုင်းခွန်ဆိုင်းသည် သူ၏ စစ်သူကြီးဝတ်စုံချွတ်ကာ ခုံပေါ် တွင်ခင်းပေးထားသည်။ ဆရာရသေ့ကိုထိုင်၍တရားဟောစေကာ တရားတော်ကို ရိုရိုသေသေ နာယူလေ၏။ ဆရာရသေ့က အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကိုအခြေခံပြီး ဟောတော်မူသည်။ အဘစိုင်းခွန်ဆိုင်းသည် ကိုယ်ပြောင်ဖြင့် တရားနာလေရာ ခြင်၊ မှက်အကိုက်ခံပြီး သည်းခံစိတ်ထားကာ တရားတော်နာယူခဲ့ပါ၏။

ဆရာရသေ့၏ တရားနာအပြီး အဘစိုင်းသည် တရားတော်၏ အဆီအနှစ်တွင် နှစ်မျောသွားလေသည်။ အဘစိုင်း နေ့စဉ် တရားထိုင်ခြင်းကို မပျက်မကွက် ပြုလုပ်တော့၏။

❑

အဘစိုင်းသည် တရားထိုင်သည့်အခါ မြေပြင်၌သာထိုင်လေ့ရှိပါ၏။ ငရဲခံနေရသူများ ကုသိုလ်ဟိတ်ပါစေဟု မေတ္တာထားသည်။ ဆင်၊ ကျား၊ သားရဲ တိရစ္ဆာန်တို့၏ဘေးမှ ကင်းဝေးစေရန် ဆရာရသေ့ပေးထားသော လက်ဖွဲ့ကို လည်ပင်းတွင်စွပ်လိုက်လျှင် ကိုယ်ပျောက်လေ၏။

တစ်နေ့သ၌ ရေဆိပ်သောင်ပြင်တွင် ဆရာရသေ့ခန္ဓာချနေသည်ကို အဘစိုင်းတွေ့ရှိရပါသည်။ အဘစိုင်းသည် ဆရာရသေ့၏ရုပ်ခန္ဓာကိုထမ်းကာ ကုန်းတော်ပေါ် သို့သယ်ဆောင်ခဲ့သည်။ ဆရာရသေ့၏ ရုပ်ခန္ဓာကြီးသည် တစ်လထားရှိသော်လည်း ပုပ်သိုးပျက်စီးခြင်းအလျှင်းမရှိပါ။ အဘစိုင်းသည် ဆရာရသေ့၏ရုပ်အလောင်းကို သည်အတိုင်းထားရန်မသင့်လျော်။ လိုဏ်ခေါင်းတူး၍ ဆရာရသေ့၏ ရုပ်အလောင်းထားရန် တွေးမိပေ၏။

အဘစိုင်း လိုဏ်ခေါင်းစတင်တူးလေ၏။ အဘလိုဏ်ခေါင်းတူးရာတွင် နဂါးသိုက်နေရာတည့်တည့်ကိုတူးမိသွားပါသည်။ မိမိ၏နဂါးသိုက်ကို တူးဆွသ်များကြောင့် လိုဏ်ထဲမှ နဂါးမင်းထွက်လာပါသည်။ နန္ဒနဂါးမင်းက ဆက်မတူးပါရန် တားမြစ်လေ၏။ အဘစိုင်းက နန္ဒနဂါးမင်းအား နောင်တစ်ချိန်တွင် သာသနာပြုမည့်ပုဂ္ဂိုလ်၏ ရုပ်ကလာပ်ထားရှိရန် တူးဖော်ရခြင်းဖြစ်ပါကြောင်း ရှင်းပြပြောဆိုသောအခါ သာသနာဆိုသည့်အသံကြားလိုက်ရသည်နှင့် နဂါးတို့သည် သူတို့၏နှလုံးအိမ်တွင်း ဝမ်းဆီထိပမာ ပီတိရွှန်းစိုကြကုန်၏။ သာသနာတော်ကို ကြည်ညိုသဒ္ဓါပွားများကြကုန်၏။

နဂါးတို့သည် သူတို့၏ အလိုဆန္ဒကို အဘစိုင်းအား ဤသို့ဆိုကြလေကုန်သည်။ သာသနာပြုသည့်အချိန်တွင် သူတို့လည်း အတူတကွ ပါဝင်ကုသိုလ်ယူပါရစေဟု ခွင့်တောင်းလာကြတော့သည်။ အဘစိုင်းက ဝမ်းမြောက်ဝမ်းသာစွာပါဝင်ခွင့်ပြုပါကြောင်း နဂါးတို့ကို ရှောရှောရှုရှု ခွင့်ပြုပေးလိုက်ပါ၏။ ထိုအခါ နဂါးတို့သည် မိမိတို့လိုဏ်ဂူနှင့် သူတို့ပိုင်ရတနာပစ္စည်းများကို အဘစိုင်းထံသို့ အပ်နှံလိုက်ကြပါသည်။ ထို့နောက် နဂါးတို့သည် ရေထဲတွင် အပိုင်း(၃) ပိုင်းခွဲကာ နေထိုင်သွားကြကုန်၏။ ဆရာရသေ့၏ ရုပ်ကလာပ်သည် နဂါးလိုဏ်ဂူတွင် ယနေ့တိုင်တည်ရှိနေပါသည်။ ဆရာရသေ့အား ဖူးမြော်ထိုက်သူများအဖို့ လိုဏ်ဂူဖွင့်ချိန်နှင့် ကြုံဆုံခဲ့သော် ဆရာရသေ့၏ ရုပ်ကလာပ်ကို ဖူးတွေ့မြင်ကြရလိမ့်မည်ဖြစ်ပါလေ၏။

အဘစိုင်းသည် ဆရာရသေ့သင်ကြားပြသပေးတော်မူခဲ့သော ဆေးပညာရပ်များဖြင့် ရှမ်းဆေးဆရာကြီးအဖြစ်လှည့်လည်၍ ဆေးကုသပေးလေ၏။ အဘစိုင်းသည် မိမိကြိုးစားအားထုတ်မှုနှင့် ဆရာရသေ့သင်ပေးခဲ့သည့် ပညာရပ်များပေါင်းစပ်ကာ အရှင်ထွက်ဆေးဝိဇ္ဇာဘဝရောက်ရှိသောအခါ မိမိအား ဆရာရသေ့မရှိတော့သည့်နောက်ပိုင်း အဘိုးအိုတစ်ဦးမှ မကြာမကြာလာရောက်၍ သွန်သင်ညွှန်ပြပေးလျက်ရှိသည်။ မကြာမကြာမိမိထံသို့ရောက်လာလေ့ရှိသော အဘိုးအိုကို ဘယ်သူလဲဟု မိမိ၏ဝိဇ္ဇာဉာဏ်ဖြင့် ကြည့်ရှုလေ၏။ ထိုအဘိုးအိုသည်ကား အခြားမဟုတ်၊ သိကြားမင်းဖြစ်ကြောင်း အဘစိုင်း သိရှိလိုက်ရပါတော့သည်။

သိကြားမင်းက အဘိုးအိုယောင်ဆောင်ကာ မိမိထံလာနေသူဖြစ်ကြောင်း သိရှိလိုက်ရသည့်နောက်ပိုင်း အဘစိုင်းသည် ဘိုးတော် သိကြားမင်းထံသို့သာ သွားရောက် တွေ့ဆုံလေတော့၏။ အဘစိုင်းက သာသနာပန္နက်တိုင်ထမ်းပြီး (၇) ရက်သားသမီးများအား ကယ်တင်သာသနာပြုဖို့ရန် အချိန်အခါစောင့်ဆိုင်းလျက်ရှိသည်။ သာသနာပြုပုံနည်းများကိုလည်း မျက်ခြည်မပြတ်လေ့လာနေသည်။ သားသမီးကောင်းများ မွေးထုတ်ရန်၊ သုံးဦးပြန်ဆုံကြပြီး ဉာဏ်သာသနာပြုရန် ပြင်ဆင်လာခဲ့ပါသည်။

စော်ဘွားကြီးက နတ်ပြည်တွင် သာသနာပြုနတ်မင်းဖြစ်နေလေသည်။ ဆရာရသေ့သည် နတ်ပြည်မှစုတေကာ လူပြည်သို့ ရောက်ရှိလာခဲ့သည်။ ဆရာရသေ့ ယခု လူ့ဘဝရောက်ချိန်သည် သာသနာပြုရန်အချိန်အခါသို့ကျရောက်သေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com

ဆရာရသေ့၏ယခုဘဝလူ့အမည်သည် ဦးမြမောင်ဖြစ်လေ၏။

ဦးမြမောင်ကို ဘဝကြမ်းမှဓမ္မလမ်းသို့ ကူးပြောင်းနိုင်ရန်အတွက် အဘစိုင်းက ပါရမီဖြည့်ဆည်းပေးခဲ့ပါ၏။ အဘစိုင်းက သာသနာတော်ပွင့်လင်းရန်စတင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။အောင်သစ္စာသာသနာတွင် ဆရာတော်ဦးပဏ္ဍိတ (ခေါ်) ဦးမြမောင်၊ ရှမ်းဘိုးတော် (သာသနာပြုနတ်မင်း၊ အဘစိုင်းခွန်ဆိုင်း (အရှင်ထွက် ဆေးဝိဇ္ဇာ) တို့ လက်တွဲ၍ (၇) ရက်သားသမီးတို့အား ကယ်တင်သာသနာပြုကြကုန်သည်။ အဘစိုင်းခွန်ဆိုင်းသည် မြတ်စွာဘုရားလောင်းကို ဘဝပေါင်းများစွာ ပါရမီဖြည့်၍ နောက်ဆုံးဘဝ ဖွားဖက်တော် ခဏ္ဍကမြင်းဘဝဖြင့် တောထွက်တော်မူရာတွင် ပါရမီဖြည့်နတ်ဘုံစံခဲ့သည်။

မြတ်စွာဘုရားရှင် သာသနာ (၂၅၀၀) နောက်ပိုင်း ထိန်းသိမ်းစောင့်ရှောက်ရန် သိကြားမင်းကို သာသနာအပ်ခဲ့စဉ် သာဝကများ ပါရမီဖြည့်သာသနာပြု သစ္စာပြုကြသည့်အထဲတွင် ပါဝင်ခဲ့ပါသည်။ ဘိုးတော်သိကြား၏ လူ့ပြည်သွားသာသနာပြုရန်မိန့်ကြားချက်အရ လွှန်ခဲ့သော နှစ်တစ်ထောင်ကျော်လောက်က ပုဂံပြည့်ရှင် အနော်ရထာမင်းလက်ထက် ရှမ်းဘုရင်စော်ဘွားကြီး၏သား၊ စစ်သေနာပတိစစ်သူကြီးဖြစ်ခဲ့သည်။ သာသနာပြုရန်အကြောင်းပါလာသောကြောင့် ကြမ်းတမ်းသော စစ်တိုက်ဝါသနာရှင်ဖြစ်သော်ငြား မေတ္တာကြီးမားသော ခမည်းတော်၏စကားကို မလွန်ဆန်ခဲ့သူ ဖြစ်ပါသည်။

ထီးနန်းကိုစွန့်၊ စစ်ကိုရှောင်ရှားခဲ့ပါသည်။ အောက်ပြည်အောက်ရွာရှိ ယခု သာသနာပြုကုန်းပေါ်သို့ ရောက်လာခဲ့ပါ၏။ အဘစိုင်းခွန်ဆိုင်းသည် ဆေးဝိဇ္ဇာအရှင်ထွက်ဖြင့် ယနေ့တိုင် ခန္ဓာမချသေးပေ။ သာသနာ (၂၅၀၀) ကုန်သည့်အချိန် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်များစုရုံးဖွဲ့တည် နိမ္မိတရောင်တော်ပြန်ပွဲနွဲပြီး နိဗ္ဗာန်ဝင်မည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဘိုးတော်သိကြားမင်းစောင့်ရှောက်သော သာသနာတော်တွင် လူ့ပြည်၌ တာဝန်ခံ သာသနာပြုခွင့်ရ ပုဂ္ဂိုလ်ကြီးဖြစ်သောကြောင့် ဓာတ်၊ နတ်၊ သိုက်နှင့် သူတော်ကောင်းအပေါင်းတို့က အဘကို ကူညီကြကုန်၏။

အဘက ဘယ်လိုပုဂ္ဂိုလ်ဆိုတာ အချိန်အခါကျရောက်၍ သာသနာပွင့်လင်းချိန် လူအပေါင်းတို့ကသိလာကြရမည်ဖြစ်ပါ၏။ ဆင်းရဲချင်ယောင်ဆောင်မိတ်ဆွေကောင်းရှာ၊ သာသနာပြုသားသမီးများမွေးထုတ်နေချိန်မှာ သားသမီးအစစ်များကသာ အဘကိုသိမြင်နိုင်ကြပေလိမ့်မည်။

❑

ပိန္နဲကုန်းတွင် သာသနာပြုရန် ထိုကုန်းမြေတွင် ခန္ဓာဝန်ချခဲ့သော ဆရာရသေ့ကြီး ဦးပရတိသ တစ်ဖြစ်လဲ မောင်မြမောင်လေးကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် သရက်ကုန်းကျေးရွာအနီး ဘွတ်ကလုံရွာကလေး၌ ၁၂၉၀ ပြည့်နှစ်တွင်မွေးဖွားလာခဲ့၏။ငယ်မည်မှာ မောင်မြမောင်ဖြစ်သည်။ သူသည် အတိတ်ဘဝ အောင်သစ္စာသာသနာပြုရန် သစ္စာပြုခဲ့သည့် ရသေ့ကြီးဦးပရတိသ ဖြစ်ပါလေ၏။ ဦးပရတိသပျံလွန်တော်မူပြီး နန်းဘုံစံမြန်းနေရာမှ လူ့ပြည်သို့သာသနာပြုရန်အချိန်ကျရောက်လာခဲ့ပါသည်။ လူ့ပြည်၌ တရားရဖို့ရာ ဘဝကြမ်းမှ ဓမ္မလမ်းကူးနိုင်ရန်အတွက် လူဆင်းရဲမိသားစုတို့ထံ၌ ဝင်စားလေ၏။

မောင်မြမောင်လေးသည် ဆင်းရဲသားမိသားစုထံတွင် ချို့ချို့ငဲ့ငဲ့ဖြင့်နေရသူ ဖြစ်၏။ ကျောင်းပညာကောင်းစွာ မသင်ယူခဲ့ရချေ။ မောင်မြမောင် (၁၃)နှစ်သားအရွယ်တွင် သူတို့မိသားစုသည် မြောင်းမြမြို့သို့ ပြောင်းရွှေ့နေထိုင်ကြပါသည်။ မောင်မြမောင်ကျောင်းနေရမည့်အရွယ်မှာ ပညာရေးမျက်ကွယ်ပြုရရှာသည်။ မောင်မြမောင်တစ်ယောက် အလုပ်ကြမ်းမျိုးစုံထဲ၌သာ ဘဝကိုကျင်လည်နေရရှာတော့သည်။ ကြုံရာကျပန်းလုပ်ကိုင်နေရသူဖြစ်ရာ ကူလီဘဝဖြင့်လည်း အသက်မွေးရလေ၏။ မောင်မြမောင်အရွယ်ရောက်လေသော် မော်လမြိုင်ကျွန်းမြို့မှ မမြင့်နှင့်အိမ်ထောင်ကျ၏။

ကိုမြမောင်နှင့် မမြင့်တို့သားသမီးရတနာ (၃) ဦးထွန်းကားခဲ့ပါသည်။ ကိုမြမောင်သည် အိမ်ထောင်သည်ဖြစ်သော်လည်း အိမ်ထောင်ဦးစီးတာဝန်မကျေခဲ့။ သုံးဖြုန်းသောက်စားမူးယစ်လျက် လူကြမ်းကြီးဖြစ်နေတော့၏။ ဘဝဝမ်းစာအတွက် ကိုမြမောင် ရေထမ်းရောင်းပြန်သည်။ ကိုမြမောင်မှာ လုပ်ငန်းစုံသူဖြစ်လေရကား အနှိပ်သည်ဘဝဖြင့်လည်း ကျွမ်းကျင်ရာ လိမ္မာလုပ်ကိုင်ခဲ့ဖူးသည်။ ကြမ်းတမ်းသောဘဝမုန်တိုင်း၏လှိုင်းကြမ်းလေကြမ်းထဲက ကိုမြမောင်၏ဘဝ ခါးသီးလှပေသည်တကား။

အဘစိုင်းခွန်ဆိုင်းက ဦးမြမောင်အား ဘဝကြမ်းမှ ဓမ္မလမ်းသို့ကူးပြောင်းသံဝေဂရစေရန် လော်ကမံသဘောသဘာဝကို ရိုက်ခတ်မှုဒဏ်ရာများစွာဖြင့် လောကီကိုငြီးငွေ့လာစေ၏။ ပတ်ဝန်းကျင်နှင့်လူ့လောကကြီးကို စိတ်ကုန်လာစေရန် ပွဲကိုင်ဖန်တီးပေး၏။ ဦးမြမောင်အား ဓမ္မလမ်းပေါ်သို့ မရောက်ရောက်အောင်တွန်းပို့ပေးလေတော့၏။

တစ်နေ့သ၌ ဦးမြမောင် ရပ်ကွက်ထဲလှည့်လည်ကာ ရေထမ်းရောင်းနေခိုက် အကျွတ်တရားရစေရန် ဖန်တီးပေးလာပုံမှာ ဤသို့ဖြစ်လေ၏။

ဦးမြမောင်သည် ရေအပြည့်ဖြင့် ရေထမ်းပုံးထမ်းလာစဉ် အိမ်တစ်အိမ်မှ ကက်ဆက်တရားခွေဖွင့်သံကို ဦးမြမောင်သတိပြုမိလေ၏။ ကက်ဆက်ခွေမှ တရားဟောဆရာတော်ကြီးမှာ သဲအင်းဂူဆရာတော်ကြီး ဖြစ်ပါသည်။ တရားတော်၏ တစ်စိတ်တစ်ဒေသ တစ်ခုသောနေရာအရောက် သဲအင်းဂူဆရာတော်ကြီး၏ဘဝအချို့ကို ဦးမြမောင် ကြားနာလိုက်ရပါ၏။ ဦးမြမောင်သည် ရေထမ်းပုံးကိုချ၊ တရားတော်၏အနှစ်သာရကို ခံစားနာယူဖြစ်သည်။ ဦးမြမောင်သိလိုက်ရသည်မှာ သဲအင်းဂူဆရာတော်ကြီးပင် လူဝတ်ကြောင်ဘဝနှင့်ရှိနေစဉ်က ဓားပြကြီးအဖြစ် ဆိုးသွမ်းနေရာမှ ဗုဒ္ဓ၏ တရားတော်က လမ်းညွှန်ပြသမှုကြောင့် သာသနာ့ဘောင်သို့ကူးပြောင်းနိုင်လာခဲ့ပါ၏။ ထိုအခါကျမှ ဦးမြမောင် ကောင်းစွာ သံဝေဂရရှိလိုက်ပါသည်။

ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်တာပဲဟု ကောင်းစွာ သံဝေဂရရှိလိုက်ပါတော့သည်။

ဦးမြမောင် အသက် (၄၅) နှစ်အရွယ်တွင် တောထွက်ပါသည်။ မြောင်းမြမြို့နယ်အတွင်းရှိ ညောင်ပင်ကြီးတွင် စတင်တရားကျင့်ကြံအားထုတ်လေသည်။ လူသူကင်းဝေးတိတ်ဆိတ်သည့် ဥယျာဉ်ခြံမြေထဲတွင် လည်းကောင်း၊ တောထဲတွင် လည်းကောင်း လူဝတ်ဖြင့် (၂) နှစ်ကျော်ကျော် တရားဘာဝနာ ကြိုးစားအားထုတ်လေ၏။ သမထအောင်မြင်သွားပါသည်။ သမထအောင်မြင်လိုက်သည်နှင့် လောကီဘက်လှည့်ကာ အကြားအမြင်ဟောစားရန် စိတ်ဆန္ဒဖြစ်ပေါ်ခဲ့ပါသေးသည်။ သို့သော် အတိတ်ပါရမီဓာတ်ခံကြီးမားလေရကား ကိုရင်ကြီးဘဝ

www.burmeseclassic.com

ရောက်ခဲ့ရပါလေ၏။ ဉာဏ်စခန်းသို့ တက်လှမ်းခဲ့ပြီဖြစ်ပါသည်။

အဘစိုင်းခွန်ဆိုင်းက ဒကာ၊ ဒကာမများကို ကိုရင်ကြီးအား ပိန္နဲကုန်းသို့ ပင့်ဆောင်စေခဲ့သည်။ အသက် (၄၇) နှစ်မှစ၍ ကိုရင်ကြီးဘဝဖြင့်(၆)နှစ် ကျော်ကြာ မြောင်းမြမြို့နယ်တစ်ဝိုက်တွင် တရားဘာဝနာအပြင်းအထန်ကြိုးစားအားထုတ်ပါသည်။ ကိုရင်ကြီးဘဝဖြင့် စာပေမတတ်သော်ငြား ခန္ဓာမှာ ဉာဏ်တော်ရှာ၊ ခန္ဓာကိုယ်တွေ့ဝိပဿနာပွားများ အားထုတ်နေစဉ် သာသနာအချိန်ကျရောက်ခဲ့သည်။ အဘစိုင်းခွန်ဆိုင်းက ပိန္နဲကုန်းရွာမှ ဒေါ်သိန်းမြင့် (ဒေါ်ဝင်းရီ၏မိခင်) အား မနော်ဓာတ်နှိုး၍ ကိုရင်ကြီးအား ပိန္နဲကုန်းသို့ပင့်ဆောင်စေသည်။

ပိန္နဲကုန်း၌ ကိုရင်ကြီးဦးမြမောင် (၇) ရက် သီတင်းသုံးစဉ် အဘရှမ်းဘိုးတော် (သာသနာပြုနတ်မင်း) မှ ဤသာသနာကိုပြုရန် ကိုရင်ကြီးအား အပ်နှံလေ၏။

ကိုရင်ကြီးဦးပဏ္ဍိတက -

"ကျုပ်လည်း စာမတတ်ဘူး၊ မလုပ်ပါရစေနဲ့"

ဟု ငြင်းသည်။

အဘရှမ်းဘိုးတော်က -

"ဤသာသနာသည် အရှင်ဘုရားမှလွဲ၍ ဘယ်သူမှပြု၍ရမည်မဟုတ်ကြောင်း၊ အရှင်ဘုရား လက်ဝါးကဆူးကိုသာထွင်လို့ရမယ်။ ကျောကဆူးကိုထွင်ဖို့မလွယ်ဘူး။ အတိတ်က သစ္စာပါလာသည့်အတွက် အရှင်ဘုရားရှေ့စပါးလုံးတစ်ထောက်မကျူးဘဲ နောက်တော်ပါးကလိုက်ကာ တပည့်တော်တို့အကုန်ပါရမီဖြည့်ပေးပါ့မယ်"

ဟုလျှောက်ထားလေ၏။

ဘုရားရှင်ဗျာဒိတ်တော်အရ ဘုရားရှင်ကဲ့သို့ ဉာဏ်တရားတွေဟောပြီး (၇) ရက်သားသမီးတို့အား ကယ်တင်ရမည့် သာသနာဖြစ်ပါသည်။ ခွက်ထိုးခံပြုရမည့် သာသနာမဟုတ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြဆိုသည်။

ကိုရင်ကြီးသည် သာသနာပြုရန်လိုအပ်သည်တို့ကို အသေးစိတ် စီစဉ်တော့သည်။ ကိုရင်ကြီးက ဒေါ်ဝင်းရီအား ဒကာမလေးက လာသမျှဧည့်သည်တွေကို ထမင်းကျွေးဧည့်ခံနိုင်ပါမည်လောဟု မေးသည်။ ဒေါ်ဝင်းရီကလည်း သာသနာပြုပွဲ၌ ပါရမီဖြည့်လိုသော ကြောင့် ကျွေးနိုင်ပါတယ်ဘုရားဟုကတိခံလိုက်မှ ကိုရင်ကြီးက စိတ်ချယုံကြည်စွာ လက်ခံတော်မူလေ၏။ ကိုရင်ကြီးအသက် (၅၄) နှစ်အရွယ်တွင် မြောင်းမြမြို့ ပဋ္ဌာနတာရုံ(တိုက်ဟောင်း)ကျောင်းတွင် ဆရာတော်ဦးဝံသပါလကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ တက်လှမ်းခဲ့ပါသည်။

တစ်နေ့တွင် ဆွမ်းခံပြန်လာချိန် ညာလက်ဝါးတွင် ပစောက်ပုံစမပေါ်နေသည်။ ဒကာများက ကျောက်နှင့်ပွတ်တိုက်စစ်ကြသည်။ သာသနာပြုရန် ရှေးဘုန်းရှေးကံကြောင့်ပေါ်လာသောစမ ဖြစ်သည်။ ဆရာတော်သည် ပိန္နဲကုန်းသို့ ကြွရောက် တရားကျင့်တော်မူသည်။ တရားကျင့်ခဲ့သည့်နေရာသည် (ယခု ကျိုက်ထီးရိုးပုံစေတီ) တည်ထားသည့် ပိန္နဲကုန်းကျေးရွာ၏ရွာထိပ်တွင်ဖြစ်သည်။ ၁၃၄၆ ခုနှစ်၊ တော်သလင်းလပြည့်ည (၈) နာရီအချိန်တွင် ယခု သာသနာပြုဓာတ်ခန်းနေရာ၌ သာသနာတော်အတွက် သုံးဦးသား (ဆရာတော် ဦးမြမောင်၊ အဘရှမ်းဘိုးတော်အရှင်ထွက်ဆေးဝိဇ္ဇာ) တို့ ဆွေးနွေး တိုင်ပင်နေကြစဉ် ကောင်းကင်ယံမှ ဆည်းလည်းသံများ (ခေါင်းလောင်းသံ) ကြားရသည်ကို ထူးထူးခြားခြားကြားလိုက်ရ၏။ ဘိုးတော်သိကြားမင်း အဘစိုင်းခွန်ဆိုင်းအား သွေးမြေတစ်စက်မကျစေဘဲ သာသနာပြုရန် တာဝန်ခံအဖြစ် လွှဲအပ်နေသော အချိန် ဖြစ်သည်။ ဆရာတော်ဦးမြမောင် (ခေါ်) ဦးပဏ္ဍိတ၏ တရားအင်အားလည်း တိုးတက်လာခဲ့ပါသည်။

၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဆရာတော် ဦးပဏ္ဍိတ၊ ဦးအုန်းမြင့်နှင့် ပိန္နဲကုန်းမှ ဒကာ၊ ဒကာမများ ပန္နက်တိုင်စိုက်ထူ၍ ဘုရားတည် သာသနာပြုစတင်လိုက်ပါသည်။

ဆရာတော်ကြီး ဦးပဏ္ဍိတသည် ဘုရားတည်ရန် မြေတူးမည့်နေရာတွင် ပိန္နဲကုန်းကျေးရွာမှ ဦးအေးကြည်နှင့် ဒေါ်ဝစရီတို့အား သာသနာပြုလုပ်ငန်းပြီးဆုံးသည့်တိုင် ဆရာတော်နှင့် လက်တွဲမဖြုတ်ဘဲ သာသနာပြုရန် သစ္စာရေတိုက်ပါသည်။ ထိုနေ့တွင် ဂန္ဓကုဋိတိုက်မြေစတင်တူးပြီး ဤသာသနာသည် ကြက်ပျံမကျစည်ကားမည့်သာသနာဖြစ်ပြီး ခွက်ထိုးခံရမည့်သာသနာမဟုတ်ကြောင်း မိန့်ကြားတော်မူ၏။ ဆရာတော်ဘုရားကြီးသည် အောင်မြင်စွာ သာသနာပြုနိုင်ခဲ့ပါသည်။

ဆရာတော်ကြီးဦးပဏ္ဍိတ (ခေါ်) ဆရာတော် ဦးမြမောင်သည် သာသနာတော်အကျိုးကို ဆောင်ရွက်လျက် (၇) ရက်သားသမီးတို့အား ကယ်တင်ခြင်းဖြင့် သာသနာတော်ပြုအားထုတ်ခဲ့ပါသည်။

**□ အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်တည်ရာတွင် အဆင့်ဆင့်ဆောင်ရွက်ခဲ့သည့်နေ့ရက်မှတ်တမ်း**

ပန္နက်ရိုက်သည့်နေ့ - ၁၃၄၇ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် (၁၃-၉-၁၉၈၆)

အုတ်မြစ်ချသည့်နေ့ - ၁၃၄၈ခုနှစ်၊ ပြာသိုလဆန်း ၈ ရက် (၇-၁-၁၉၈၇)

ပထမဌာပနာပိတ်သည့်နေ့ - ၁၃၄၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက် (၁၃-၄-၁၉၈၈)

ဒုတိယဌာပနာပိတ်သည့်နေ့ - ၁၃၅၁ ခုနှစ်၊ တန်ခူးလပြည့်နေ့ (၂၀-၄-၁၉၈၉)

တတိယဌာပနာပိတ်သည့်နေ့ - ၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈ ရက် (၁၆-၄-၂၀၀၈)

ရွှေထီးတော်တင်လှူသည့်နေ့ - ၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်နေ့ (၉-၄-၂၀၀၉)

ဆရာရသေ့ (ဦးပရတိသ ယခု ဆရာတော်ဦးမြမောင်) စော်ဘွားကြီးစိုင်းခမ်းလုံ(သာသနာပြုနတ်မင်း)၊ အဘစိုင်းခွန်ဆိုင်း (အရှင်ထွက်ဆေးဝိဇ္ဇာ) တို့ တော်သလင်းလပြည့်နေ့သစ္စာပန္နက်စိုက်ထူခဲ့ကြသော သာသနာပြု အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်မြတ်ကြီးသည် မြောင်းမြမြို့နယ် ပိန္နဲကုန်းကျေးရွာတွင် သာသနာအလင်းရောင်ထွန်းပြောင်နေပြီ ဖြစ်ပါသည်။

အောင်သစ္စာမဟာဓာတ်ပေါင်းချုပ်စေတီတော်မြတ်ကြီးအား ဦးခိုက်ပူဇော်ကာ လိုရာဆုတောင်းနိုင်ကြပါ၏။ သူတော်စင်အပေါင်းတို့သည် သာသနာ့မြေတွင် သာသနာတော်ထွန်းကားပြန့်ပွားစေရေး မမေ့မလျော့မပေါ့ဆဘဲပြုလုပ်ဆောင်ရွက်ကြခြင်းဖြင့် သာသနာတော်ကြီး အခိုင်အခံ့အမွန့်ရှည်ပါစေကြောင်း ဆုတောင်းမိပါ၏။

ဗုဒ္ဓသာသနံစိရံတိဋ္ဌတု

အောင်မြင့်ထွန်း (မသုံးလုံး)



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# ခါးနာနေခဲ့သော်



ကျွန်တော့်မိတ်ဆွေ ကိုတင်ထွန်း (မိဘမေတ္တာမုန့်စုံဆိုင်) ဟာ တင်ပါးခွက်ကြောလွဲပြီး ကျန်းမာရေးချို့တဲ့ကာ ဆိုင်ပိတ်ထားရတာ (၃) လလောက်ရှိပါပြီ။ ဖြစ်စမှာ အပြင်းအထန် ခံစားရပါတယ်။ လမ်းတောင်မလျှောက်နိုင်ခဲ့ပါဘူး။

အဲဒါနဲ့ အရိုးအကြောအထူးကုဆရာဝန်ကြီးထံမှာ ကုခဲ့တာ (၃) လသာရှိခဲ့တယ်၊ သက်သာတာကလွဲပြီး ဝေဒနာက မတိုးမလျော့ရှိနေခဲ့ပါတယ်။ နေ့စဉ်စက်နဲ့ဆွဲနေတာပါ။ မီးကင်၊ စက်ဆွဲလုပ်တာ (၄၅) မိနစ်ကြာပါတယ်။

တစ်နေ့မှာ လက်လုပ်တောင်ကျောင်းမှာ ဆွမ်းသွားလှူကြစို့ဆိုပြီး ကျွန်တော့်ကိုခေါ်တာနဲ့ လက်လုပ်တောင်မှာ ဆွမ်းသွားလှူကြတယ်။ ခေါင်းနန်းဘုရင်ရုပ်ပွားတော်မြတ်ကြီးသီတင်းသုံးရာ စံကျောင်းတော်ကြီးအတွက်လည်း နဝကမ္မဝတ္ထုငွေသုံးသောင်း လှူဒါန်းပါတယ်။ ဒါက တတိယအကြိမ်ပါ။

အဲဒီမှာ ဆရာတော်က ကိုတင်ထွန်းရဲ့ဝေဒနာကိုမြင်ရတော့ ဇေယျာသီရိမြို့ သိုက်ချောင်းလမ်းဆုံက ဆရာဦးမြင့်သိန်းဆီမှာသွားနှိပ်လိုက်ပါ။ ဒါမျိုးဝေဒနာစာမဖွဲ့လောက်ပါဘူး။ သူကိုယ်တိုင်နှစ်ကြိမ်တိုင်တိုင် အကြောလွဲတာ အဲဒီဆရာဆီမှာ အလွယ်တကူပျောက်ကင်းနိုင်ကြောင်း ညွှန်ပါတယ်။

ကျွန်တော်ရဲ့ ဖိအားပေးမှုကြောင့် သိုက်ချောင်းလမ်းဆုံနားက ဆရာဦးမြင့်သိန်းဆီ ရောက်သွားကြပါတယ်။ ဆရာနှစ်ယောက်က ဖြစ်အင်ကို လေ့လာပြီး နှိပ်လိုက်တာ (၅) မိနစ်မျှသာကြာပါတယ်။ အခကြေးငွေမယူပါဘူး။ စေတနာရှိပါက သဒ္ဓါတရားရှိသလောက် ဖလားထဲထည့်ဝင်လိုက ထည့်ဝင်နိုင်ပါတယ်။ သဒ္ဓါကြေးပါ။ ဆရာဦးမြင့်သိန်းရယ်၊ ဆရာဦးသိန်းလွင်ရယ်၊ ဆရာရွှေဘိုအောင်ရယ်၊ တပည့်တွေရယ် သင့်သလိုနှိပ်ပေးနေခြင်းပါ။

အဲဒီနေ့က မော်လမြိုင်မြို့ကနေလာတာတောင် တွေ့ရတယ်။ အကြောတင်၊ အကြောကွဲဝေဒနာရှင်တွေပြတ်တယ်မရှိပါဘူး။ သူတို့က (၃) ကြိမ်လာရင် ပျောက်ပြီလို့ အာမခံပါတယ်။

ပထမအကြိမ် အကြောကို မူလနေရာပြန်ပို့လိုက်တော့ နာပါတယ်။ ဒုတိယအကြိမ်မနာတော့ဘဲ အကောင်းနီးနီးသွားလာနိုင်ပါပြီ။ အရင်က လူနှစ်ယောက်တွဲသွားရတာပါ။ တတိယအကြိမ်မှာတော့ ပေါ့ပေါ့ပါးပါးဖြစ်သွားခဲ့ပါပြီ။ ရယ်ရယ်မောမောရှိခဲ့ပါပြီ။ ဆရာတွေနဲ့ စကားလက်ဆုံကျနေတုန်းမှာပဲ ကားတစ်စင်းဝင်လာပါတယ်။ သူတို့က ကွန်ဟိန်းကနေလာခဲ့ကြကြောင်း၊ ကွန်ဟိန်းကနေ တောင်ကြီးမှာ တစ်ညအိပ်ခဲ့ရကြောင်း၊ ဝေဒနာရှင် (၂) ဦးပါကြောင်း ပြောပြပါတယ်။ ပြောပြသူက ဒေါ်နန်းခင်လှပါ။

"အခုဖြစ်တာက အပူကြောင့်ဖြစ်တာလည်းမဟုတ်ဘူး။ ကျောက်ကပ်မှာ ကျောက်တည်နေလို့ဖြစ်တာလည်းမဟုတ်ဘူး။ လမ်းသွားနေတုန်း ကားနဲ့တိုက်မိမလိုဖြစ်ပြီး လဲသွားရာက ဖြစ်တာပါ။ အဲဒါကြောင့် ဒီမှာ တကူးတကလာရတာပါ။ ကျွန်မတို့ဆီမှာ နှိပ်တဲ့လူတွေတော့ရှိတယ်။ အရမ်းမနှိပ်ရပါဘူး။ ဒီမှာက ကျွမ်းကျင်မှုရှိကြတယ်။ ကျွန်မတို့က သိနေတာပါ။

ကျွန်မကိုယ်တိုင် ခါးနာဖူးတယ်။ လဲတာပြုတာလည်းမရှိဘူး၊ အလေးအပင်မတာလည်းမရှိဘူး။ အမှန်တော့ ဆရာဝန်နဲ့ စစ်ဆေးကြည့်မှ ဝေဒနာအမှန်သိရတယ်။ ကျောက်ကပ်မှာ ကျောက်တည်စပြုနေတာလေ။

အဲဒီဝေဒနာလောက်တော့ ကျွန်မက ကိုယ့်ဟာကိုယ် ကုပစ်လိုက်တယ်။ ဘာနဲ့ကုလဲဆိုတော့ အုန်းသီးနုနုတစ်လုံးကို ထိပ်ဖောက်လိုက်ပြီး ကျောက်ချဉ်တစ်မတ်သားကို အမှုန့်ကြိတ်ပြီးထည့်လိုက်ပါ။ ပြီးရင် ပြန်ပိတ်ထားပါ။ တစ်ညသိပ်လိုက်ပါ။

နောက်နေ့ အစာစားပြီးရင် အဲဒီအုန်းရည်ကိုအကုန်ငှဲ့ပြီးသောက်လိုက်ပါ။ အစာမစားဘဲနဲ့တော့ မသောက်ပါနဲ့။ ဆေးကပြင်းပါတယ်။ သောက်ပြီးတာနဲ့ အပူကြောင့်နာတာပဲဖြစ်ဖြစ်၊ ကျောက်ရှိလို့ နာတာပဲဖြစ်ဖြစ် ပျောက်သွားလိမ့်မယ်။ အဲဒီဆေးကို တစ်လမှာ တစ်ခါပဲသောက်ရပါတယ်။ ခဏခဏ မသောက်ရပါဘူး။ အဲဒါ ကျွန်မကိုယ်တိုင် ခါးနာတုန်းက သောက်ပြီးပျောက်ခဲ့တဲ့ဆေးပါ"

လို့ ပြောပြပါတယ်။

မှတ်သားဖွယ်ရာပါပဲ။


တတိယအခေါက်မှာ ဆရာဦးမြင့်သိန်းကို မတွေ့ရပါဘူး။ တပည့်တစ်ဦးနဲ့ ရန်ကုန် သာကေတမှာရှိတဲ့ တိုင်းရင်းသားကျေးရွာအနီးက တံခွန်တိုင်တောရကျောင်းတိုက်မှာ လစဉ်ဆေးခန်းသွားဖွင့်တာမို့ ရန်ကုန်ကိုသွားကြပါပြီ။ ဖွင့်တာက ၂၅ ရက်နေ့ကနေပြီး နောက်လ ၁၂ ရက်နေ့အထိပါ။

အကြောပညာရှင် ဦးမြင့်သိန်းတို့ ကျေးဇူးကြောင့် ကျွန်တော့်မိတ်ဆွေ ကိုတင်ထွန်းဟာ ကြီးစွာသောဝဋ်ဒုက္ခမှ ကင်းလွတ်ရသလို ကျွန်တော့်အတွက်လည်း ဒေါ်နန်းခင်လှ (ကွန်ဟိန်း) ဆီက ဆေးနည်းကောင်းတစ်ခုရခဲ့တာကြောင့် အတိုင်းမသိ ဝမ်းမြောက်ရကြောင်းပါခင်ဗျား။

ကွန်ဟိန်းမှ ဒေါ်နန်းခင်လှသို့
ကျေးဇူးတင်လျက်

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး





www.burmeseclassic.com

www.burmeseclassic.com

# တောင်ဇလပ်ပန်းတဝေဝေနဲ့ နတ်မတောင်ထိပ်ကစေတီ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)


ညဦးပိုင်းမှာ ရန်ကုန်ကထွက်လာဆိုက်တာ အရုဏ်တက်တော့ မကွေးရောက်နေပြီး မကွေးမြစ်ကူးတံတားကြီးဖြတ်တာ မင်းဘူးဘက်ကူးရပြန်ပါတယ်။ ဧရာဝတီမြစ်ကြီးရဲ့ အနောက်ဘက်ခြမ်းကိုရောက်သွားပေါ့။ နေပွင့်လာချိန်မှာတော့ စလင်းမြို့နယ်ထဲကို ကားနဲ့ဖြတ်ဆန်သွားနေရပါပြီ။ မနှစ်က နေချစ်ချစ်တောက်ပူနေတဲ့ နွေရာသီအတွင်းသွားခဲ့ရတဲ့ စလင်းခရီးစဉ်ကို လွမ်းမိပါရဲ့။ သစ်သားပန်းပုရုပ်မျိုးစုံနဲ့ ဘုန်းကြီးကျောင်းတွေ၊ ရှေးဟောင်းအမွေအနှစ်တွေ ပေါကြွယ်ဝတဲ့ စလင်းမြို့နယ်ကိုလည်း နေအပူကြောက်ပေမယ့် ဆောင်းတွင်းမှာ တစ်ခေါက်လောက်တော့ပြန်သွားချင်ပါသေးတယ်။ စေတုတ္တရာလမ်းကို မမျှော်လင့်ဘဲတွေ့လိုက်ရပြန်တော့ အဲဒီ ချင်းတို့ဒေသကိုလည်း တစ်ခါလောက် အရောက်သွားဦးမယ်လို့တေးထားလိုက်ပါတယ်။ စလင်းရောက်တုန်းကလည်း စေတုတ္တရာဘက် ခြေဆန့်ဖို့ကြံစည်ပေမယ့် မအောင်မြင်ခဲ့ဘူးလေ။


ဒီလိုနဲ့ မွန်းမလွဲခင်မှာ ကန်စွန်းမလမ်းဆုံကို ရောက်သွားပါတယ်။ အဲဒီလမ်းဆုံက ထမင်းဆိုင်မှာ မနက်စာစားကြတယ်။ ထမင်းကလည်း စားကောင်း၊ ထမင်းပွဲအပြီးမှာ သဘောကောင်းလှတဲ့ ဆိုင်ရှင်ချကျွေးတဲ့လက်ဖက်သုပ်ကလည်း မမေ့နိုင်အောင်ကို ကောင်းလှပါတယ်။ ဆိုင်ရဲ့နံရံမှာတော့ ဆိုင်ရှင်ကိုယ်တိုင် စီစဉ်ရေးဆွဲပြီး ဗီနိုင်းထုတ်ထားတဲ့ မြေပုံချပ်ကြီးကိုကပ်ထားရဲ့။


"စနစ်တကျတော့ မရှိဘူးဗျာ။ ကိုယ်လုပ်တတ်သလို လုပ်ထားတာ"

လို့ သူကပြောပေမယ့် အဲဒီမြေပုံကနေ အချက်အလက်တွေအများကြီးရလိုက်ပါတယ်။

ကန်စွန်းမကနေ ဆိပ်ဖြူနဲ့ချောက်သို့ မိုင်(၃၀) ခရီးသာရှိနေတာတွေ့လိုက်









www.burmeseclassic.com

www.burmeseclassic.com

ရတယ်။


သူ့မြေပုံညွှန်းမှာ -

ကန်စွန်းမမှ အရှေ့ဘက်သို့ ဆိပ်ဖြူ ချောက် မိုင် (၃၀)။

ကန်စွန်းမမှ အနောက်ဘက်သို့ ဆော (၃၉)မိုင်၊ ဆောမှ ကန့်ပက်လက် (၁၂) မိုင်၊ ကန်စွန်းမမှ လောင်းရှည် (၄၃) မိုင်။

ကန်စွန်းမမှ မြောက်ဘက်သို့ မုံရွာ (၁၀၄) မိုင်၊ (၅)ဖာလုံ၊ ရေပြာလမ်းဆုံ (ယောချောင်းတံတားဖြတ်) (၃၅) မိုင်။

ကန်စွန်းမမှ တောင်ဘက်သို့ ကံပြား (၃၅) မိုင်၊ မယ်ဇလီဆည် (၅၀) မိုင်၊ ရွှေစက်တော်(၇၅)မိုင်၊ မင်းဘူး လမ်းခွဲမိုင်တိုင်(၂၇၀)မှ ဘယ်ကွေ့သွားရင် (၂၄) မိုင် (၁) ဖာလုံအကွာမှာ မင်းဘူး၊ ပဒါန်း လမ်းဆုံ (၈၂) မိုင်၊ ဥသျှစ်ပင်လမ်းဆုံ (၁၈၅) မိုင်တိုင်မှ ဘယ်ကွေ့ပြီး မိုင် (၃၀)သွားရင် ပြည်၊ ပုသိမ်သို့ (၃၄၆) မိုင်၊ ရန်ကုန်သို့ (၄၁၀) မိုင် စသည်ဖြင့် ရေးထားပါတယ်။ ကန်စွန်းမလမ်းဆုံကနေ ဆက်သွားရင် သီးကုန်းရွာရောက်တယ်။ အဲဒီမှာ လမ်းနှစ်သွယ်ခွဲပြီး ဆောမြို့ဘက်သွားတဲ့လမ်းနဲ့ အခြားတစ်လမ်းကတော့ လောင်းရှည်ရောက်တဲ့လမ်း၊ အဲဒီကနေ စေတုတ္တရာကိုဆက်သွားနိုင်ပါတယ်။ ဆောကနေ ကန့်ပက်လက်ကို ဆက်သွားနိုင်သလို ကျောက်ထုတို့၊ ဂန့်ဂေါတို့ကိုလည်း လမ်းခွဲပြီးသွားလို့ရပါတယ်။



ဝိတိုရိယတောင် (ခေါ်) နတ်မတောင်ထိပ်မှဘုရား









စားသောက်ပြီးတဲ့အခါ ကန်စွန်းမကနေ ကားကြီးနဲ့ဆက်တက်ခဲ့ကြတယ်။ လမ်းမှာ သစ်တောကြိုးဝိုင်းတွေတွေ့ရတယ်။ တောင်ပေါ် တက်လိုက်၊ ပြန်ဆင်းလိုက်နဲ့ ထပ်တက်လိုက်နဲ့ပဲ ဆောမြို့ကို ဖြတ်သန်းရောက်ရှိသွားပေမယ့် ဝင်တော့ မလည်ပတ်ခဲ့ဘဲ မြို့လေးရဲ့လမ်းတွေထဲကိုတော့ လှည့်ပတ်သွားခဲ့ရပါတယ်။ မကွေးတိုင်းဒေသကြီး ဆောမြို့နယ်ဟာ တောကြီးတောင်ကြီးတွေနဲ့ညို့မှိုင်းနေတဲ့ လွမ်းမောဖွယ်အရပ်ပါ။ မကွေးတိုင်းဒေသကြီးကို နှုတ်ဆက်ရမယ့်နေရာဖြစ်ပါတယ်။ လမ်းမှတ်တိုင်မှာ ကျောက်ထုမြို့သို့ (၂၄)မိုင်၊ (၆) ဖာလုံ၊ ကန့်ပက်လက်မြို့သို့ (၁၂)မိုင်လို့တွေ့လိုက်ရတော့ ကန့်ပက်လက်ရောက်ဖို့ မဝေးလှတော့ဘူးလို့ သိလိုက်ရတယ်။ ကွေ့ကွေ့ကောက်ကောက်မတ်မတ်စောက်စောက် တောင်တက်လမ်းတွေရဲ့ဘေးမှာတော့ 'ကျောက်စစ်သစ်တောကြိုးဝိုင်း၊ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန့်ပက်လက်မြို့နယ် ဧရိယာ (၇၅၀၂) ဧက' ဆိုတဲ့ ဆိုင်းဘုတ်ကိုလည်း တွေ့လိုက်ရတယ်။ ၁၉၁၂ ခု၊ အောက်တိုဘာလ (၁၅) ရက်နေ့က ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ချင်းပြည်နယ်က တိုးချဲ့သစ်တောကြိုးဝိုင်းပါ။ ဒီသစ်တောအစပ်ကနေ ချင်းပြည်နယ်က နှုတ်ခွန်းဆက်ကြိုဆိုနေရဲ့။

- *ကမ္ဘာအဝှမ်း တောတွေလန်းဖို့၊*
  *ထိန်းသိမ်းတို့တွေ တာနှင့်စိတ်၊*
  *ကမ္ဘာထဲတွင် အသက်ရှင်၊*
  *သက်ရှိသက်မဲ့ ပတ်ဝန်းကျင်၊*

www.burmeseclassic.com



ဓတောင်ဖလစ်တောရှုခင်းအလှများ



ကန်ပက်လက်မြို့ ချင်းရိုးရာ အထည်ဆိုင်မှ နတ်မတောင်ခေတီနဲ့ အောက်ချင်းငှက် ပန်းချီကားများ









ကန်ပက်လက်မြို့လေးမှာ တည်းခိုခဲ့ရတဲ့ ဆိုအေးစစ်ညွှန့်ရိပ်သာ

*မိသားစုတွင် စိတ်မှာထား၊*
*ထိန်းသိမ်းကျ(ကြ)ဘို့ တို့ကြိုးစား။*
*ကမ္ဘာ့အဝန်းတောတွေခမ်းလည်း၊*
*စိမ်းလန်းတို့ပြည် တောနှင့်စည်၏*

ဆိုတဲ့ ကဗျာမပီစာမပီတဲ့ဆိုင်းဘုတ်တွေ၊ 'တောမီးမရှို့ရ၊ တွေ့ရှိက တရားဥပဒေအရ အရေးယူမည်'၊ 'သစ်တောဥပဒေကို လေးစားလိုက်နာပါ' ဆိုတဲ့ ကြွေပိုင်းဘေးက သတိပေးစာတွေလိုက်ဖတ်ရင်း ခရီးဆက်ခဲ့ပါတယ်။ ဆောမြို့နယ်၊ ယောတို့၊ ဆောတို့ဆိုတာ ငယ်ငယ်ထဲကဖတ်ခဲ့ရတဲ့ မြစကြာရဲ့ စုန်း၊ ကဝေ၊ တစ္ဆေဝတ္ထုတွေမှာရင်းနှီးပြီးသားပါ။ အဲဒီတုန်းကတော့ ဒီနေရာတစ်ပိုက်ကို တစ်နေ့ရောက်သွားခဲ့မယ်လို့ မထင်ခဲ့ပါဘူး။ ဂမ္ဘီရဆန်တဲ့ဒီနယ်မြေကို အခုလို ဖြတ်သန်းလာရချိန်မှာ ဝိညာဉ်လောကထက် မြင့်မားမှတ်စောက်တဲ့ တောင်တက်လမ်းတွေကြောင့် ရင်သိမ့်တုန်ဖြစ်နေရပါပြီ။ ဘေးဘီကိုလည်းမကြည့်ဘဲ မနေနိုင်၊ ကြည့်မိပြန်တော့လည်း သည်းထိတ်ရင်ဖိုမှု အင်း-ဒါကလည်း အရသာတစ်မျိုးကိုပေးစွမ်းရဲ့၊ ဘာမှမဖြစ်ရင်ပေါ့လေ။




www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ချင်းတောင်တန်းပေါ်က ကန်ပက်လက်မြို့ကိုရောက်လာခဲ့ပါပြီ။ စီးလာတဲ့ကားကကြီးလွန်းလို့ လမ်းကွေ့တွေကို ဆက်မတက်နိုင်တော့ပါဘူး။ နတ်မတောင်အတက်လမ်းအခြေက တည်းခိုရမယ့်နေရာကို ကားအလတ်စားလေးတွေပြောင်းစီးပြီး ဆက်သွားရပါသေးတယ်။ ရိုးရာဟန်အတိုင်း ဆောက်ထားတဲ့ ထင်းရှူးရိပ်သာ (Pine Wood Villa) ရှိရာ ကုန်းမြင့်လေးကိုတက်ခဲ့ကြတယ်။ ရိပ်သာကိုရောက်တော့ ကားပေါ်ကလူအုပ်နဲ့ တည်းခိုခန်းတွေကမမျှလို့ လူစုခွဲပြီး အခြားနေရာမှာလည်းသွားတည်းရပါဦးမယ်။ ထင်းရှူးရိပ်သာမှာ ခဏနားကြတော့ ဧဒသခံဝန်ထမ်းတွေက ချင်းပြုတ်ရည်ကမ်းပြီး ကြိုဆိုကြရဲ့။ ရာသီဥတုက သိသိသာသာအေးနေလို့ ထန်းလျက်နဲ့ပြုတ်ထားတဲ့ ချင်းပြုတ်ရည်ပူရူရလေးဟာ အတော်ပဲသောက်လို့ကောင်းပါတယ်။ အချိန်ကလည်း (၁၂) နာရီကျော်ပြီမို့ အဲဒီမှာပြင်ဆင်ပေးလာတဲ့ နေ့လယ်စာကို အားလုံးပဲစားကြရပါတယ်။ စားဖို့အဆင်သင့်မဖြစ်သေးခင်မှာတော့ အဆောက်အအုံလေးရဲ့ဘေးဘီကို လှည့်လည်လေ့လာကြတယ်။ ပထမဆုံးရှာမိတာကတော့ တောင်ဇလပ်ပန်းချုံပါ။ ရိပ်သာရှေ့ တောင်ကုန်းလျှောလေးအစပ်မှာ ရဲရဲနီနေတဲ့တောင်ဇလပ်ပန်းတွေကိုတွေ့လိုက်ရပါတယ်။ တစ်ပွင့်စီမဟုတ်ဘဲ အဆုပ်လိုက်စုခဲနေတဲ့ပန်းပါ။ အနံ့မရှိပေမယ့် အတော်လှတဲ့ပန်းနီနီအဆုပ်လေးတွေပေါ့။ စိမ်းမှောင်မှောင်အရွက်လေးတွေကလည်း ထူထူထဲထဲနဲ့ လက်ပြောင်နေပါတယ်။ ကျေနပ်သွားပြီး ရိပ်သာထဲပြန်ဝင်ခဲ့ပါတယ်။ အဝင်ဝမှာပဲ စားသောက်ခန်းရှိနေရဲ့။

'နတ်မတောင်ရှိ အပင်နှင့်သားငှက်များကိုထိန်းသိမ်းပါ'၊ 'အပင်နှင့်သားငှက်များကိုထိန်းသိမ်းခြင်းဖြင့် ဇာတိမြေဂေါ်ကိုမြင့်တင်ကြပါစို့' ဆိုတဲ့ ပိုစတာကြီးကို နံရံမှာကပ်ထားပါတယ်။ ပိုစတာကြီးမှာ ရေတံခွန်၊ ငှက်တွေနဲ့ တောင်ဇလပ် အပါအဝင် သစ်ခွပန်းပုံတွေကိုလည်းဖော်ပြထားတယ်။ သစ်သားနံရံမှာ တောကောင်တွေရဲ့ချိုတွေ၊ အောက်ချင်းငှက်ရဲ့ခေါင်းနဲ့ ချင်းရိုးရာအသုံးအဆောင်တွေကို ချိတ်ဆွဲပြထားရဲ့။ အောက်ချင်းငှက်နဲ့ တောင်ဇလပ်ပန်းကတော့ နတ်မတောင်ရဲ့ အထင်ကရတွေပါပဲ။ ခရီးသွားကုမ္ပဏီတွေရဲ့အမှတ်တံဆိပ်မျိုးစုံလည်း တွေ့ရပါတယ်။ Joe Far Tour အဖွဲ့ကတော့ ဗီယင်နာ-ဩစတြီးယား (Vienna-Austria) ကဖြစ်ပြီး သူ့ဆောင်ပုဒ်လေးကိုတော့ သဘောကျမိရဲ့။ သိပ်ဝေးတဲ့အရပ်ဆိုတာမရှိပါဘူး (No place is too far) တဲ့။ မြန်မာလိုတော့ 'လာချင်ရင်အနီးလေး' လို့ ဆိုလိုမယ်ထင်ပါတယ်။ မှန်လိုက်လေ၊ ကိုယ်တို့တောင် သွေးသားရင်း ချင်းတို့မြေကို လာချင်လွန်းတော့ အခုရောက်လာခဲ့ပြီလေ။ အမေရိကန်ငှက်ကြည့်အဖွဲ့ (American Birding Association) တို့၊ (Avi Fauna) တို့လို ငှက်တွေလေ့လာတဲ့အဖွဲ့တွေရဲ့တံဆိပ်တွေကိုလည်း တွေ့ရတယ်။ (TAMERA-Voyages d'Aventures)တို့၊ ဥရောပ-အာရှ (EURO - ASIE Votage) အဖွဲ့တွေလည်းရှိရဲ့။

ဒီနေ့လယ်စာကို ကောင်းနိုးရာရာ တရုတ်အစားအစာတွေနဲ့ ချက်ပြုတ်




ဗိုနတ်ရှ်ဆောင်ဆုတောင်းပြည့်စေတီတော် သမိုင်းကျောက်စာ



ကန်ပက်လက်မြို့လေးမှာ တည်းခိုခဲ့ရတဲ့ အိုအေးစစ်ဆည့်ရိပ်သာနဲ့ အပူပေးတဲ့ ထင်းမီးဖို




ကန်ပက်လက်မြို့လေးမှာ တည်းခိုခဲ့ရတဲ့ အိုအေးစစ်ဆည့်ရိပ်သာ






www.burmeseclassic.com

www.burmeseclassic.com












ချင်းပြည်နယ်၊ ကန်ပက်လက်မြို့လေးက ထင်းရှူးတောညှို့ရိပ်သာ

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့လေးက ထင်းရှူးတောညှို့ရိပ်သာ

ညှို့ခံပါတယ်။ ဘယ်ဟင်းချက်ချက် ပေါ်ဖီရွက်တွေတော့ အမြဲလိုထည့်ထား တာသတိထားမိတယ်။ အစားအစာ တွေးမများပေမယ့် ချင်းတို့ဒေသကို ရောက်တုန်း ရိုးရာအစားအစာပဲစားချင် တယ်လို့ဆိုကြတော့ 'မပူနဲ့ ညစာကို ချင်း ရိုးရာအတိုင်းကျွေးမယ်'တဲ့။ စားသောက် ပြီးတဲ့အခါ အချို့က အဲဒီမှာ အမျိုးသမီးနဲ့ အသက်ကြီးသူတွေက တည်းခိုကြပြီး တို့တို့က မလှမ်းမကမ်းမှာရှိတဲ့ တောင် တန်းလေးက အိုအေစစ် (Mountain Oasis Resort) ကို လှည့်ခဲ့ပြီး သွားတည်းခို ကြတယ်။ နှစ်ယောက်အိပ်ခန်းလေးတွေ ပါတဲ့သီးခြားတဲလေးတွေက မခမ်းနားလှ ပေမယ့် လုံလုံခြုံခြုံရှိပါတယ်။ ကြမ်းကြား လေတောင်မဝင်အောင် အတော်ဂရု စိုက်ပြီး အကာအရံတွေလုပ်ပေးထားလို့ အခန်းလုံကာ အချမ်းဒဏ်ကိုလည်းခံနိုင် ခဲ့တယ်။

ခဏနားပြီးတော့ နတ်မတောင် တက်ခရီးကို ကားလေးတွေနဲ့ပဲ ထပ်မံ တက်ရောက်သွားကြရပါတယ်။ ဩော်- ခြေလျင်တောင်တက်မဟုတ်ဘူးကိုး။ တောင်တက်လမ်းတွေမြင့်လာတာနဲ့အမျှ ဟောင်ပေါ်လေက လတ်ဆတ်ပြီး အေးမြသန့်စင်နေရဲ့။ ထင်းရှူးတောတွေ နဲ့ သစ်ကြီးဝါးကြီးတွေကြားကလေဟာ တောနံ့လေးသင်းပြီး ရှူရှိုက်လို့ကောင်း လှပေမယ့် ကားလမ်းက မြေလမ်းမို့ ရှေ့ ကကားတွေကြောင့် ဖုန်ထူလို့ အညာ ဘုရားဖူးရသလိုဖြစ်နေပြန်တော့ တံခါး ပိတ်မောင်းရလို့ ခံစားခွင့်မရပြန်ပါဘူး။ နောက်တော့ ကားဆရာက ရှေ့ကားနဲ့ ခွာပြီး ခပ်လှမ်းလှမ်းကနေ မောင်းပေးမှ အဆင်ပြေသွားတယ်။

တောင်ပေါ်က ခပ်ကျယ်ကျယ် လမ်းအကွေ့တစ်ခုမှာ ကားပေါ်ကခဏ ဆင်းပြီးနားကြတယ်။ ဒီနေရာမှာ လမ်း နှစ်သွယ်ခွဲသွားပြီး လမ်းဆုံထောင့်မှာ



www.burmeseclassic.com

www.burmeseclassic.com

တော့ 'နတ်မတောင်အမျိုးသားဥယျာဉ်' (NATMATAUNG NATIONAL PARK) လို့ လမ်းညွှန်မှတ်တိုင်ကို စိုက်ထူထားပါတယ်။ အဲဒီကနေ မင်းတပ်မြို့ဘက်ကို လမ်းခွဲပြီးသွားလို့လည်းရသတဲ့။ လမ်းခွဆုံမှာ -

'နတ်မတောင်အမျိုးသားဥယျာဉ် ရေရှည်တည်တံ့ရေး၊ ဇီဝမျိုးစုံမျိုးကွဲများကို ဝိုင်းဝန်းထိန်းသိမ်းပေး'

(For Sustainable Nat Ma Taung, Help protect Biodiversity).

(Khonu msuung s'a'p ng'jung Kthum

Ahl'u'ng puntong 10200'

Up to the mountain top 3 miles. Sea level 10200') လို့လည်း လှုံ့ဆော်စာတွေကို နောက်ခံအစိမ်းရောင်နဲ့ဖော်ပြထားပါသေးတယ်။ ဘေးက တောင်ဇလပ်ပင်ကြီးရဲ့ပင်စည်မှာလည်း 'အမျိုးသားဥယျာဉ်၊ မကျူးကျော်ရ၊ တောင်ယာမခုတ်ရ'ဆိုတဲ့ စာလေးတွေပါတဲ့ အပြားလေးတွေလည်းရိုက်ထားပါတယ်။ ဒီနေရာဟာ ကန်ပက်လက်မြို့ကနေ (၈) မိုင်၊ (၅) ဖာလုံအကွာမှာရှိတဲ့ မိုင် (၁၀/၄၊ ၁၉/၁)မှာပါ။ ကန်ပက်လက်-မင်းတပ် လမ်းခွဲကို မူလလမ်းပျမ်းမျှအကျယ် (၁၄) ပေကနေ(၂၈)ပေလောက်ရောက်အောင် လမ်းတာချဲ့သွားမတဲ့။ ခွင့်ပြုရန်ပုံငွေကျပ် (၂၉၂) သန်းနဲ့ 'လိုင်ရတီထွန်းကုမ္ပဏီ'က လုပ်ကိုင်နေတဲ့လုပ်ငန်းပါ။ လမ်းလုပ်ပိုင်ခွင့်ကို ဘယ်လိုမူတွေနဲ့ချပေးထားသလဲ၊ဘယ်သူတွေပိုင်တဲ့ကုမ္ပဏီလဲတော့မသိပါဘူး။

လမ်းဘေးက တောင်စောင်းတချို့နေရာတွေမှာတော့ 'ကြံ့ခိုင်ဖွံ့ဖြိုးရေးပိုင်နယ်မြေ မကျူးကျော်ရ' ဆိုတဲ့ ဆိုင်းဘုတ်လေးတွေတွေ့နေရပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၁၀၂၀၀) မြင့်တဲ့ ဝိတိုရိယတောင်ထိပ်ကိုရောက်ဖို့ (၃)မိုင်လောက်ခရီးကို ကားနဲ့ပဲ တောက်လျှောက်ဆက်လက်မောင်းတက်သွားရဦးမယ်တဲ့။ ခပ်ယိုင်ယိုင် ဇရပ်တစ်ဆောင်နဲ့သွပ်ပြားနဲ့ဆောက်လုပ်ထားတဲ့အိမ်သာ သစ်တစ်လုံးလည်း ဒီနေရာမြေပြန့်ပြန့်မှာ ရှိနေပါတယ်။ ဇရပ်မှာ ခေတ္တနားပြီးတဲ့အခါ တောင်ထိပ်ကို ကားနဲ့ဆက်တက်ခဲ့ကြတယ်။ မိနစ်ပိုင်းလေးမှာပဲ တောင်ထိပ်ကိုရောက်သွားပါပြီ။ ကားလေးပေါ်ကဆင်းလိုက်တဲ့အခါ ကိုယ်တို့အထက်မှာတော့ ကျယ်ပြောတဲ့ကောင်းကင်ပြင်ကြီးသာရှိပါတော့တယ်။ ဘေးပတ်လည်တစ်ခွင်တစ်ပြင်မှာတော့ တောင်ဇလပ်ပန်းပင်ကြီးတွေကို အပွင့်နီနီတရဲရဲနဲ့တွေ့လိုက်ရတယ်။ တစ်တောလုံးပတ္တမြားတောကြီးလို ရဲရဲနီနေတာပါ။ ကြည်နူးစိတ်နဲ့ ပျော်လွန်းလို့ခံစားရတဲ့ခံစားချက်ဟာ ရေးပြလို့မရနိုင်အောင်ပါပဲ။

**□ နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း တားမြစ်ချက်များ**

တောင်ထိပ်မှာ ပထမဆုံးခံစားမိလိုက်တာကတော့ အသက်ရှူလို့အလွန်ကောင်းတာပါပဲ။ လတ်ဆတ်လွန်းတဲ့လေကို တဝကြီးရှူလိုက်ကြတယ်။ တောင်ထိပ် မြေပြင်ဟာ အတော်ကျယ်ပြီး အနားသပ်ခပ်မြင့်မြင့်လေးမှာတော့ ရွှေရောင်စေတီတော်လေးရှိပါတယ်။ စေတီရင်းမှာ ဇရပ်တစ်ခုရှိပြီး တစ်ဆက်တည်းမှာပဲ မှတ်တမ်းဆိုင်းဘုတ်တွေ၊ ကမ္ပည်းတိုင်တွေရှိနေရဲ့။

အနီရောင် မီနိုင်းဆိုင်းဘုတ်ကြီးတစ်ခုထောင်ပြီး 'တောင်ယာခုတ်ထွင်ခြင်းမပြုရ၊ သစ်ခွပန်းနှင့်တောင်ဇလပ်ပန်းများ ခူးဆွတ်ခြင်းမပြုရ၊ အမဲလိုက်ခြင်းမပြုရ၊ တူမီးသေနတ်နှင့် လေးမြားများကိုင်ဆောင်ခြင်းမပြုရ၊ တောမီးရှို့ခြင်းမပြုရ၊ အမှိုက်များမပြစ်(ပစ်)ရ' လို့လည်း သဆိုပေးထားပါတယ်။ စာလုံးပေါင်းမှားတာသတိပြုမိပေမယ့် တားမြစ်သတိပေးချင်တဲ့ အချက်တွေတော့ ပေါ်လွင်လို့။ ဒါလည်း လိုအပ်တာပါပဲလို့တွေးမိရဲ့။ ဒါပေမယ့် ဒီထက်ထိရောက်တဲ့ ပညာပေးခြင်း၊ စောင့်ကြည့်ခြင်း၊ ထိန်းသိမ်းခြင်းတွေကလည်း ဒီတောင်ထိပ်အတွက်လိုမှာပါပဲ။

အမိုးနီနီနဲ့သစ်လုံးတိုင်စိုက်ထားတဲ့ အနီရောင်ဆိုင်းဘုတ်မှာတော့ 'နတ်မတောင်အမျိုးသားဥယျာဉ်' (Nat Ma Taung National Park)၊ 'အာဆီယံအမွေအနှစ်ဥယျာဉ်(ASEAN Heritage Park)' ရေးသား စိုက်ထူထားပါတယ်။ ဘေးမှာ















ဝိတိုရိယတောင် (ခေါ်) နတ်မတောင်ထိပ်မှစေတီ၊ ဘုရားနဲ့ တောင်ဇလပ်တောရှုခင်းအလှများ

www.burmeseclassic.com



ကန်ပက်လက်မြို့လေးမှာ တည်းခိုခဲ့ရတဲ့ ဆိုအေးစဉ်ဧည့်ရိပ်သာ



ကန်ပက်လက်မြို့လေးမှာ တည်းခိုခဲ့ရတဲ့ ဆိုအေးစဉ်ဧည့်ရိပ်သာ




ကန်ပက်လက်မှ နတ်မတောင်သို့ အတက်လမ်းမှာ



ကန်ပက်လက်မှ နတ်မတောင်သို့ အတက်လမ်းမှာ

လည်း ရှင်းလင်းချက်စာသားတွေကို အနီရောင်နောက်ခံနဲ့ ရေးသား ဖော်ပြထားရဲ့၊

□ နောက်ခံသမိုင်း

၁၉၃၆ ခုနှစ်တွင် ဘောလီမိုးကြိုးဝိုင်းအဖြစ်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အဆိုပြုခဲ့ပါသည်။ ၂၀၁၀ပြည့်နှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် အတည်ပြုဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၂ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

(Background Established as a Baw-Li Moe Reserved Forest in 1936. Proposed as a National Park in 1997. Notified as a National Park in 2010. Promoted as ASEAN Heritage Park in 2012.)

□ တည်နေရာ

ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီ (၃) မြို့နယ်အတွင်း ကျရောက်ပါသည်။

(Location Located in Southen Chin State; composed of three townships; Kanpetlet, Mintat and Matupi.)

□ အကျယ်အဝန်း

(၁၇၆၃၀၀) ဧက/ (၇၀၃၄၆) ဟက်တာ (ကန်ပက်လက်မြို့နယ် (၂၉၅၃၀)ဧက၊ မင်းတပ်မြို့နယ် (၁၃၃-၉၇၀) ဧက၊ မတူပီ မြို့နယ် (၁၂၈၀၀) ဧက)။

□ အမြင့်ပေ

(၁၀၅၀၀)ပေ/ (၃၀၅၃) မီတာ။

(Area (176-300) acres/ (703-46) meters. (Kan-petlet (29530) acres, Mintat (1339-70) acres, Matupi (12800) acres)

Elevation (10500) ft/ (3053) meters) သတိပေးစာ၊ အညွှန်းစာနဲ့ သတင်းအချက်အလက် ပေးစာတွေကို ဖတ်ပြီးတဲ့အခါ စေတီတော်လေးဘက်ကို ဆက်လက် လျှောက်လှမ်းခဲ့ကြပါတယ်။ သွပ်မိုးသစ်သား သာလာယံ ဇရပ်လေးတစ်ခုကိုတွေ့လိုက်ရတယ်။ ဘုရား၊ ကျောင်း၊ ဇရပ်လို့ တစ်ဆက်တည်း ပြောလာကြတဲ့ စကားလုံးတွဲမှာ ကျောင်းတစ်ဆောင်ပဲလိုနေရဲ့။ ဒီလို နေရာမှာ ဘယ်ဘုန်းကြီးကျောင်းမှုတော့ ရှိမှာမဟုတ်ပါဘူးလေ။ ဇရပ်လေးကို ပတ်ပြီး လျှောက်လာတော့ အုတ်အင်္ဂတေတွေနဲ့စိုက်ထူပြုလုပ်ထားတဲ့ ကမ္ပည်းတိုင်ကြီးတစ်ခုကိုတွေ့လို့ ဖတ်ကြည့်လိုက်တယ်။ ဒါဟာ စေတီရဲ့သမိုင်းပါပဲ။ ဘယ်သူ့ကိုမှမမေးရဘဲ အချက်အလက်တွေ ပြည့်ပြည့်စုံစုံရလိုက်ပေါ့။ ဩဪ-ဒါ့ကြောင့်လည်း နှုတ်တစ်ရာစာတစ်လုံးလို့ဆိုကြတာ။

□ ဇိနမာရ်အောင်ဆုတောင်းပြည့်စေတီတော်သမိုင်းမှတ်တမ်းအကျဉ်း


ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။ ၂၇-၃-၁၉၇၁ ခု၊ ဋ္ဌေရတုတော်လှန်ရေးနေ့ နေ့လယ်(၁)နာရီအချိန်၊ ပေ(၁၀၀,၈၀၀) အမြင့်ရှိ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ ဝိတိုရိယတောင်ထိပ်တွင်(ကမ္ဘာကို ဗုဒ္ဓသာသနာလွှမ်းစေဖို့ရည်ရွယ်ချက်ဖြင့်) က-ပ-ရ သံမဏိ ဦးမောင်မောင်နှင့်အဖွဲ့က ဉာဏ်တော် (၆) တောင်အမြင့်ရှိ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့၏။ ၂၈-၃-၁၉၇၁ နေ့၊ နံနက်(၁၁)နာရီတွင် ထီးတော်တင်၍ နေ့(၁၂)နာရီအချိန် အနေကဇာတင်ခဲ့သည်။

၂၇ - ၃ - ၈၁ ခုနှစ်တွင် သံမဏိ

www.burmeseclassic.com



ရွှေစက်တော်ဘုရားအနီးက
နတ်မတောင်ဝန်းကျင်ပြ မြေပုံ



ဆောမြို့အတက်လမ်းကိုသွားရမယ့် ကန်စွန်းမလမ်းဆုံ

ဦးမောင်မောင် ဦးဆောင်၍ အများကောင်းမှုဖြင့် ဒုတိယအကြိမ်ပြုပြင်ပြီး ၂၈-၃-၈၁ နံနက် (၆) နာရီအချိန် ထီးတော်တင်လှူပြီး ကမ္ပည်းကျောက်စာစိုက်ခဲ့သည်။ ခေါင်းလောင်းလည်းလှူခဲ့သည်။

ဒ ကျောက်စာခေါင်းလောင်း

၁၉၉၂ ခုနှစ်တွင် ပုသိမ်ဒိဂရီကောလိပ်ကျောင်းတက်အဖွဲ့မှ ယိုယွင်းနေသော စေတီတော်ကို ပြန်လည်ပြုပြင်ရန် ကမကထပြု၍ အများကောင်းမှုဖြင့် မင်းတပ်မြို့ တောင်ပုလုဆရာတော် ဦးဆောင်ပြီး (၂၇) ပေအမြင့်ရှိသော စေတီတော်အဖြစ်ပြုပြင်၍ ၁၉၉၆ခုနှစ်တွင် ထီးတော်တင်လှူခဲ့သည်။

ဒ ကမ္ပည်းကျောက်စာအလှူရှင်

ဦးသုမင်္ဂလ၊ ရင်းကဲမြောက်ကျောင်း၊ ၂၇-၅-၂၀၀၈၊

ဦးဝိသောဓန၊ အောင်မြေရတနာကျောင်း၊ မြတောင်၊ မန္တလေး။

ဦးနေ + ဒေါ်လှမြိုင်၊ ဝိတိုရိယကဖေး၊ မန္တလေးမြို့ -

လို့ ရေးထိုးထားပါတယ်။ ကမ္ပည်းအုတ်တိုင်ရဲ့ စောင်းမှာ ၁၈-၂-၀၉ လို့ နေ့စွဲထွင်းထားတော့ အဲဒီအုတ်တိုင်စိုက်ခဲ့တဲ့ရက်ဖြစ်မယ်လို့ထင်ရတယ်။

အားလုံးပဲ မြေစိုက်စေတီတော်လေးကို ဝတ်ပြုခဲ့ကြတယ်။ လှူစရာပန်းကတော့ တောင်ဇလပ်ပန်းနီနီလေးတွေပဲပေါ့။ စေတီတော်လေးကတော့ လုံးတော်ပြည့် ယူပီဂျီဆေးသက်န်းဝါဝါနဲ့ တင့်တယ်လို့ပါ။ စေတီတော်ရဲ့အောက်ဆုံးပစ္စယံပေါ်မှာလည်း ညောင်ရေအိုး (၄)လုံး၊ (၇)လုံးလောက်ကို လေကွယ်ရာအရပ်မှာ တင်လှူထားပါတယ်။ တစ်အိုးမှာတော့ သာသနာ့အလံလေးလည်း စိုက်လို့ပါ။ အနောက်ရောင်ဆင်းတုတော်လေးတစ်ဆူတင်ထားတာနဲ့အတူ စတီး(လ်)ဇလုံကြီးနဲ့ ငှက်ပျောပွဲ၊ အုန်းပွဲထိုးထားတာ စတီး(လ်)ခွက်နဲ့ ရေချမ်းကပ်ထားလည်း တွေ့ရတယ်။ လတ်လတ်ဆတ်ဆတ်မို့ ဒီနေရာကို လူအသွားအလာလည်း မပြတ်လှဘူးလို့ တွေးလိုက်ပါတယ်။ အဲဒီပစ္စယံမှာလည်း ဇရပ်ဆောင်ကတက်လာတဲ့နေရာတည့်တည့်မှာ တံကဲပါတဲ့ မှန်ပေါက်တစ်ခုနဲ့ ဆင်းတုတော်ရှိနေပါသေးတယ်။

စေတီတော်လေးမှာ ခေါင်းလောင်းတော်ပုံပီပီပြင်ပြင်မရှိ။ ကြာမှောက်ကြာလန်နဲ့ ဘီလူးပန်းဆွဲတွေလည်း ထည့်သွင်းမထားဘဲ ဖောင်းရစ်တွေသာ ဆက်တိုက်ရစ်ထားပေမယ့် ငှက်ပျောဖူး၊ ထီးတော်၊ ငှက်မြတ်နားနဲ့ စိန်ဖူးတော်တွေပါလို့ ယနေ့ခေတ် စေတီတော်ရဲ့လက္ခဏာတွေတော့ ပီပြင်ပေါ်လွင်နေပါတယ်။ ထီးတော်ရဲ့ အနားရစ်တွေမှာ ချိတ်ဆွဲထားတာမဟုတ်ဘဲ ထူးထူးဆန်းဆန်း အရှည်လိုက်သီပြီး ပြောက်အိုးတွဲလို အောက်ကိုတန်းလန်းချထားတဲ့ ခေါင်းလောင်းလေးတွေလည်း တွေ့လိုက်ရတယ်။ အဲဒီလိုတွဲထားတော့ လေတဟူးဟူးနဲ့တိုက်တဲ့အရပ်ပေမယ့် ခေါင်းလောင်းသံလေးတွေ စည်မနေနိုင်တော့ပါဘူး။ ဘာပဲဖြစ်ဖြစ် ပေတစ်သောင်းကျော်အမြင့်နဲ့ တောင်ထိပ်မှာရှိတဲ့ ရွှေပြောင်ပြောင်စေတီလေးတစ်ဆူပေါ့။

စေတီတော်လေးနဲ့ မလှမ်းမကမ်းမှာတော့ သစ်သားတိုင်တစ်တိုင်စိုက်ကာ အထက်မှာ သစ်သားပြားတစ်ပြားခံ၊ မှာသ်ရုပ်တင်ပြီး ထီးတော်စိုက်ထူကာ ပြုလုပ်ထားတဲ့ တံခွန်တိုင်တစ်တိုင်လည်း ရှိပါတယ်။ ပြည်နယ်ဦးစီးဌာနမှူး ဦးခင်ရွှေနဲ့မိသားစုကောင်းမှုဆိုတဲ့ ဆိုင်းဘုတ်လေးနဲ့ပါ။

စေတီလေးရှိရာတောင်ကုန်းဘေးမှာတော့ တောင်ဇလပ်ပင်ကြီးတွေအုပ်




www.burmeseclassic.com


www.burmeseclassic.com



ဆောမြို့အတက်လမ်းကိုသွားရမယ့် ကန်စွန်းမလမ်းဆုံ



ဆောမြို့အတက်လမ်းကိုသွားရမယ့် ကန်စွန်းမလမ်းဆုံ



ဆောမြို့အတက်လမ်းကိုသွားရမယ့် ကန်စွန်းမလမ်းဆုံ




ဆောမြို့အတက်လမ်းကိုသွားရမယ့် ကန်စွန်းမလမ်းဆုံ

အပ်ဆိုင်းဆိုင်းနဲ့တောင်ကြောတောတန်းလေးရှိပါတယ်။ တောင်ကြောအစောင်းအတိုင်း ခပ်ယိုင်ယိုင်ရှိနေတဲ့ပင်စည်ကြီးနဲ့ အကိုင်းတွေတွန့်တွန့်ကွေးကွေးဖြာထွက်ပြီး ခပ်အုပ်အုပ်ရှိနေပုံကလည်း ပန်းချီကားထဲကအတိုင်းပါပဲ။ ပင်စည်နဲ့အကိုင်းတွေမှာ ကပ်တွယ်ပေါက်ရောက်နေတဲ့ ရေညှိစိမ်းစိမ်းတွေကလည်း ကတ္တီပါသားလို ညက်သက်နေပါတယ်။ အဲဒီမြစိမ်းကတ္တီပါသားရေညှိတွေမှာတွဲခိုနေတဲ့ ဆင်စွယ်ရောင်ပိုးမျှင်လို အနွယ်လေးတွေကလည်း ထူးဆန်းလှရဲ့။ သစ်မြစ်နုနုလေးတွေ အုံဖွဲ့နေသလိုရှိတဲ့ အဲဒီအနွယ်လေးတွေက လေထဲကနေပေါက်ဖွားပြန့်ကားနေပြီး တောင်ဇလပ်ကိုင်းတွေမှာ ချိတ်ဆွဲထားသလိုရှိနေပါတယ်။ တချို့သစ်ပင်ကြီးတွေဟာ အလွန်ကြီးပြီး အောက်ခြေက အခေါင်းပေါက်ကြီးတွေဟာလည်း လူတစ်ရပ်လောက်တောင်ကျယ်ပါတယ်။ တောင်ဇလပ်တောစပ်ကိုဝင်လိုက်တော့ အိပ်မက်ကမ္ဘာတစ်ခုထဲရောက်နေသလို ခံစားရတယ်။ လှသိက်တာဆိုတဲ့စကားကိုပဲ မကြာခဏရွတ်ဆိုနေမိရဲ့။ သူများတွေ မြင်သာအောင်ပြောပြဖို့ခက်ခဲတဲ့ ကြုံဖူးမှယုံနိုင်တဲ့အလှတရားတွေပါ။

ဩော် - ဒါကြောင့်လည်း အာဆီယံအမွေအနှစ်ဥယျာဉ်ကြီးအဖြစ်ထိုက်ထိုက်တန်တန် သတ်မှတ်ခံခဲ့ရတာပေ့ါ။ ကိုယ့်တိုင်းပြည်ရဲ့ ချင်းတို့ဒေသမှာ လူမသိသူမသိတည်ရှိနေတဲ့ ရတနာတစ်ပါးပါပဲ။ မသိတာမှ အာဆီယံနဲ့ ကမ္ဘာတစ်ခွင်ကသာမက ကိုယ့်မြန်မာပြည်ထဲကလူတွေတောင် မသိရှိ မရောက်နိုင်တဲ့နေရာပါ။ လမ်းပန်းအဆက်အသွယ်တွေကောင်းပြီး ကိုယ့်တိုင်းပြည်ကလူတွေကို ဒီဒေသကိုရောက်လာကာ ဒီအလှအပတွေကို ခံစားဂုဏ်ယူစေချင်မိပါရဲ့။ တောင်ဇလပ်ပန်းတွေရဲ့အလှဟာ ကိုယ့်ပြည်သူပြည်သားတွေ အလွယ်တကူ မခံစားရနိုင်တဲ့ နတ်ပန်းတစ်မျိုးလိုဖြစ်နေပေ့ါလို့လည်း တွေးမိလိုက်ပါတယ်။ အဲဒီနတ်ပန်းတွေပွင့်ရာ နတ်မတောင်အကြောင်းတွေ ကြည့်မိတယ်။

**၁ နတ်မတောင် (Nat Ma Taung) သို့မဟုတ် ဝိတိုရိယတောင် (Mount Victoria) (Khaw-nu-soum)**

ချင်းပြည်နယ် (Chin State) မှာ သွားရောက်ရအလွယ်ကူဆုံးနေရာဟာ ချင်းတောင်တန်း(Chin hills)တစ်နေရာက နတ်မတောင်ခေါ် ဝိတိုရိယတောင် (Mount.Victoria) ပါပဲ။ ချင်းဘာသာစကားနဲ့တော့ ခေါနုသုမ်၊ ဒေနုမထုမ် (Khaw-nu-soum)(Khonuamthung) ပေါ့။ ကိုလိုနီခေတ်ကတော့ ဝိတိုရိယဘုရင်မကြီးကို ဂုဏ်ပြုပြီး ဝိတိုရိယတောင်လို့လည်းခေါ်ကြရဲ့။ အကြမ်းဖျင်းအားဖြင့် ပုဂံကနေ မိုင်(၈၀)လောက်ပဲဝေးပါတယ်။ နတ်မတောင်ဟာ မြန်မာနိုင်ငံအနောက်ပိုင်းက ချင်းပြည်နယ်ရဲ့အမြင့်ဆုံးတောင်နဲ့ မြန်မာနိုင်ငံရဲ့ဒုတိယအမြင့်ဆုံးတောင်ဖြစ်ပြီး ၁၀၀၁၆ ပေ (၃၀၅၃ မီတာ) မြင့်ကာ (၂၇၃)စတုရန်းမိုင်ကျယ်တဲ့ အမျိုးသားဥယျာဉ်ကြီးရဲ့အလယ်မှာတည်ရှိနေတာပါ။ အမြင့်ဆုံးနေရာဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၀၀၇၀ ပေ (၃၀၇၀ မီတာ) (၁၀၅၀၀ ပေမြင့်တယ်လို့လည်း ဆိုကြ) ရှိပါတယ်။ တည်နေရာကတော့ မင်းတပ်ခရိုင် (Mindat District)၊ ကန်ပက်လက်မြို့နယ်(Kanpetlet Township)မှာပါ။ ထင်ရှားမှု (Prominence)- ၂၁၄၈ မီတာ - (၇၀၄၇)ပေ၊ (Listing)-အရှေ့တောင်အာရှရဲ့ ထင်ရှားရာ (List of Ultras ၃)



www.burmeseclassic.com

www.burmeseclassic.com

Southeast Asia) စာရင်းဝင်နေရာတစ်ခု ဖြစ်ကာ မြေပုံညွှန်းအရ (Coordinates-21 H14' 00" N 93 H 54' 00"E)၊ ငှက်ကြည့်(Birdwatching)ဖို့အတွက် အဓိကကျတဲ့နေရာတစ်ခု (a prime spot)လည်း ဖြစ်ပါတယ်။ အဲဒီကို သွားရောက်လည်ပတ်ဖို့ အကောင်းဆုံးအချိန်ကတော့ တောင်ဇလပ်-ရိုဒိုဒန်ဒရွန် (the rhododendron) ပန်းချုံတွေတောင်ကုန်းလျောတွေမှာ အပွင့်တဝေဝေနဲ့လွှမ်းခြုံထားတဲ့ နိုဝင်ဘာလပါပဲ။

ဝိတိုရိယတောင်ကို သွားရောက်လည်ပတ်ခဲ့တဲ့ ကိုယ်တို့ရဲ့ခရီးသွားကားကြီးကတော့ ဖေဖော်ဝါရီလအတွင်းမှာ ရန်ကုန်-မကွေး-မင်းဘူး-ကန်စွန်းမ-ဆော-ကန်ပက်လက်လမ်းအတိုင်းသွားရတဲ့ လမ်းကြောင်းနဲ့ ရောက်လာခဲ့တာပါ။ အသွားအပြန် (၃) ရက်သာကြာတဲ့ခရီးစဉ်ဖြစ်ပါတယ်။ အင်းလေးချစ်သူခရီးသွားအဖွဲ့က စီစဉ်ပို့ပေးခဲ့တယ်။

ဝိတိုရိယတောင်ကို သွားရောက်လည်ပတ်ဖို့အတွက် နောက်ထပ်လမ်းကြောင်းတစ်ခုကတော့ ညောင်ဦးကိုဖြတ်ရပါတယ်။ (၈) နာရီကနေ (၉)နာရီလောက်ကြာတဲ့ ဂျစ်ကားခရီးနဲ့ ကြမ်းတမ်းတဲ့လမ်းတွေမှာမောင်းနှင်ရင်း မင်းတပ်မြို့ကိုအရောက်သွားမယ်။ အဲဒီကနေ ခြေကျင်တောင်တက်ခရီးကြမ်းတို (a short trek) တစ်ခုနဲ့ တောင်ထွတ်ကိုတက်ပြီး ဝိတိုရိယတောင်မှာ စခန်းချသို့မဟုတ် တောင်ခြေကရွာလေးတစ်ရွာမှာ တည်းခိုရပါတယ်။ တောင်ထွတ်ရဲ့ အခြားတစ်ဖက်က ကန်ပက်လက်မြို့ကိုသွားပြီး အဲဒီကနေ ညောင်ဦးကို (၇)၊ (၈) နာရီခရီးနဲ့ ပြန်ကြရမှာပါ။ ပုဂံဘက်ကအပြန် လမ်းမှာတော့ ပုံတောင်(Pon Taung)၊ ပုံညာ(Pon Nyar)ဒေသနားမှာ ရပ်နားပြီး လေ့လာလို့လည်း အဆင်ပြေပါတယ်။ ရှေးဟောင်းလိပ် (turtles) နဲ့ ကြံ့(rhinos) တွေရဲ့ ကျောက်ဖြစ်နေတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေရှိနေလို့ပါ။

နတ်မတောင်တက်ခရီးစဉ်ကို ပခုက္ကူ-ပေါက်-မင်းတပ် လမ်းကြောင်းမှ လာနိုင်သကဲ့သို့ ပုဂံ-ဆိတ်ဖြူ-ကန်စွန်းမ၊ ဆော-ကန်ပက်လက်လမ်းကြောင်းတွေကလည်းလာနိုင်ပါတယ်။ မော်တော်ကားလမ်းနဲ့ ရာသီဥတုအခြေအနေအရ ကန်ပက်လက်မြို့ကို နွေနဲ့ ဆောင်းရာသီတွေမှာ တောင်တက်ကားလမ်းနဲ့ တက်ရောက်နိုင်ပါတယ်။ အနီးပတ်ဝန်းကျင်က ချင်းတိုင်းရင်းသားတွေရဲ့ သဘာဝလေ့လာရေးခရီးစဉ်၊ ခြေကျင်တောင်တက်ခရီးစဉ်များသွားနိုင်ပါတယ်။

အဲဒီလို ဝိတိုရိယတောင်ကိုလည်ပတ်တာဟာ လမ်းညွှန်နဲ့သွားရတဲ့ခရီးစဉ်ဖြစ်ပြီး ရက်ကြာကြာလည်း မလိုအပ်ပါဘူး။ ပုံမှန် ဝိတိုရိယတောင်ခရီးစဉ်ကတော့ (၃)ရက်ကနေ (၆)ရက်လောက်သာဖြစ်ပြီး အောက်တိုဘာလကနေ မေလအထိဟာ သွားဖို့အကောင်းဆုံးပါပဲ။ နတ်မတောင်မှာ အပူချိန်ကွာခြားမှုက နေ့အခါမှာ နေသာထိုင်သာရှိရုံအေးပြီး ညမှာသာ ချမ်းတုန်ခိုက်ရတာမို့ ဆီးနှင်းဖုံးတောင် (snow-capped) မဟုတ်လို့ ဆွယ်တာတစ်ထည်ထည့်သွားရင်ရပါပြီ။

**□ နတ်မတောင်ရဲ့ ဂေဟဗေဒ (Ecology)**

နတ်မတောင်ဟာ ချင်းတောင်တန်း - ရခိုင်ရိုးမသစ်တောဒေသ (the Chin Hills-Arakan Yoma montane forests ecoregion) မှာ ရှိနေပါတယ်။ နိမ့်တဲ့ တောင်ကုန်းမြေမြင့် (lower elevations) တွေကို အပူပိုင်း (tropical) နဲ့ အပူပိုင်းအောက် (subtropical) စိုထိုင်းသစ်တော (moist forests) တွေက ဝန်းရံထားတယ်။ နတ်မတောင်ရဲ့ ပိုမြင့်တဲ့ ကုန်းမြင့် (higher elevations) တွေဟာ ကောင်းကင်ကျွန်း (sky island) တစ်ခုအသွင်ဖြစ်နေပါတယ်။ အဲဒီမှာ များစွာသောသမပိုင်း(temperate)နဲ့ အယ်လပိုင်း(alpine) မျိုးစိတ်(species) တွေနဲ့ အလားတူပဲ များစွာပျံ့နှံ့နေတဲ့ မျိုးစိတ် (endemic species) တွေက မြောက်ဘက် အဝေးဆီကိုဆက်သွားရင် ရောက်တဲ့ ဟိမဝန္တာတောရဲ့ ပုံစံတွေအတိုင်းပါပဲ။ ခုအခါမှာတော့ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်မြို့နယ်သုံးခုကြားအလယ်က နတ်မတောင်ကို ၁၉၉၄ခုက ထူထောင်ခဲ့တဲ့ နတ်မတောင်အမျိုးသားဥယျာဉ် (Nat Ma Taung National Park) အတွင်းမှာ အမျိုးသားအမွေအနှစ် ရတနာတစ်ပါးအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်။

နတ်မတောင်မှာ သဘာဝပေါက်ပင်သစ်တော(၄)မျိုးဖြစ်တဲ့ တောင်ပေါ်အမြဲစိမ်းတော၊ အမြင့်ပိုင်းစိုစွတ်ရွက်ပြတ်တော၊ တောင်ပေါ် ဆာဗားနားသစ်တောနဲ့ ပေ (၉၀၀၀) ကျော်က ထင်းရှူးတောတွေကိုတွေ့နိုင်ပါတယ်။

အမျိုးသားဥယျာဉ်ထဲမှာ ကျက်စားနေထိုင်သော ကွဲပြားခြားနားလှတဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ဘဝ(wildlife) ကိုလည်း လေ့လာနိုင်ပါတယ်။ အရှေ့တောင်အာရှရဲ့ ကြီးမားတဲ့တောကြောင်ကြီးတွေ၊ ကျားသစ်(leopards)၊ ဝက်ဝံ (bears)၊ တောဝက် (wild boar)၊ တွားသွားသတ္တဝါတွေ၊ လိပ်ပြာမျိုးစိတ်တွေနဲ့ ငှက်မျိုးစိတ် (၁၅၉)မျိုးခန့်တွေကိုမေ့။ အန္တရာယ်ရှိတဲ့ အင်ဒိုချိုင်းနားကျား (Indochinese tiger) တွေကိုလည်း နတ်မတောင်ကတောတွေမှာ ကြိုကြားကြိုကြားတွေ့နိုင်ပါတယ်။ ပုဂံကနေ ဂျစ်ကားနဲ့ (၄-၆)ရက်ခရီးနှင်ရင်း အမျိုးသားဥယျာဉ်ထဲကိုဖြတ်သန်းပြီး လမ်းညွှန်နဲ့အတူ ခြေကျင်တောင်တက်ခရီးကြမ်း (Guided treks)လုပ်နိုင်ရဲ့။ ရွာလေးတွေမှာညအိပ်ရင် ဒေသတွင်းက သားရဲတွေ ရန်မှုမှာကိုစိတ်မပူရဘဲ မျက်လုံးကောင်းကောင်းမှိတ်ပြီးအိပ်နိုင်ပါတယ်။

**□ နတ်မတောင်ထိပ်က ငြိမ်းအေးချမ်းသာဗုဒ္ဓဆင်းတုတော်**

တောင်ဇလပ်တောတန်းကလေးအစစ်ကနေလှမ်းကြည့်တော့ မလှမ်းမကမ်းက တောင်ကုန်းထိပ်မှာလည်း ဆင်းတုတော်ဖြူဖြူကြီးတစ်ဆူကို ထီးထီးကြီး ထိုင်တော်မူလျက် တည်ရှိနေတာတွေ့လိုက်ရတယ်။ အဲဒီဘက်ကို ခပ်သွက်သွက်လျှောက်သွားကြည့်တယ်။ ရှမ်းဦးပဓ္ဓင်းငယ်လေးတစ်သိုက်လည်း ဆင်းတုတော်ရဲ့ဘေးမှာရှိနေပါတယ်။ အတော်ကြီးတဲ့ အရွယ်တော်နဲ့ စကျင်ကျောက်သားဆင်းတုတော်ကြီးဖြစ်ပြီး အမိုးအကာလည်းမရှိ၊ အောက်ခံဖိနပ်ခုံလည်းမပါပါဘူး။ အောက်ခံကြာပလ္လင်တော်ပေါ်မှာ ခြေဖဝါးတော်နှစ်ဖက်ကို အပေါ်လှန်ကာ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး ဘယ်ဘက်လက်ဖဝါးတော်ပေါ်မှာ ညာဘက် လက်ဖဝါးတော်ကို ထပ်တင်ထားကာ သမာဓိမုဒြာဟန်နဲ့ စျာန်ဝင်စားနေပုံဖြစ်ပါတယ်။ ဒါပေမယ့် သီရိလင်္ကာသမာဓိမုဒြာဆင်းတုတော်တွေလိုတော့ မျက်လုံးတော်ကိုမှိတ်မထားဘဲ မပွင့်တပွင့်မျက်လွှာချနေဟန်သာဖြစ်တယ်။ သင်္ကန်းတော်ကို ညာဘက်ရင်အုံဖွင့်ကာရုံထားပြီး အနားသတ်တွေကို ရွှေရေးထားပါတယ်။ မျက်နှာတော်မှာ မျက်ခုံးတော်နှစ်ဖက်ကြား ဥဏ္ဏာလုံမွေးရှင်တော်ရှိပြီး နားရွက်တော်တွေက ပခုံးထိရှည်ကျနေတယ်။ ဦးခေါင်းတော်ထက်မှာ ဥဏှိသကို ခပ်မှိုမှိုထုလုပ်ထားပါတယ်။ ဆင်းတုတော်ကြီးရဲ့ရှေ့ကြာ



www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းဝင်း(လွန်ဆေး)

# ကိုယ်ဖောရောင်ရောဂါပျောက်ကင်းလိုပါလျှင်

စာရေးသူနှင့် ခင်မင်ရင်းနှီးသော အစ်မကြီးတစ်ဦး၏ဖခင်ရှိစဉ်အချိန်က ကိုယ်ဖောရောင်ရောဂါခံစားခဲ့ရဖူးသည်။ အသက်(၇၀)နှစ်အရွယ်ခန့်တွင် ဖြစ်ပေါ်ခံစားရခြင်း ဖြစ်ပါသည်။ ကိုယ်ဖောကိုယ်ရောင်ရောဂါသည် (၃) ကြိမ်ဖြစ်ပြီးပါက အသက်ပင်ပါတတ်သည်ဟုသိထားသည့် အစ်မကြီးအနေဖြင့် ဖခင်ဖြစ်သူအတွက် စိုးရိမ်ပူပန်နေမိသည်။ နှစ်ကြိမ်ဖြစ်ပေါ်ပြီးသည်အထိ လုံးဝပျောက်ကင်းမည့် ဆေးဝါးရှာမရသေး။

ကြံခင်းမြို့နယ် ဘက်ရဲ့ အထက်တန်းပြဆရာမအဖြစ် တာဝန်ကျစဉ် မိတ်ဆွေတစ်ဦးက ကိုယ်ဖောရောင်ရောဂါပျောက်ကင်းရန်အတွက် ခွေးနက်သားချက်ကို လုံးတီးဆန်ထမင်းနှင့်စားပါဟု ဆိုလာသည်။ မိတ်ဆွေက ဆေးနည်းပြောပြရုံမက ဤနည်းအတိုင်း စားသုံးသဖြင့် ရောဂါပျောက်ကင်းနေကြသူ (၃)ဦးထံသို့လည်း တွေ့ဆုံပြသမိတ်ဆက်ပေးသည်မို့ ဖခင်ကြီးအတွက် ဝမ်းသာအားရဖြစ်ရသည်။

သို့သော်လည်း ခွေးသားဆိုလျှင် ရောဂါမပျောက်ချင်နေပါစေ မစားပါဟု ဖခင်ကြီးက ပြောမည်သာ။ ခွေးနက်သားရဖို့၊ ချက်ဖို့ ဖခင်ကြီးကိုကျွေးဖို့ကိုမူ ကိုယ်ကိုယ်တိုင်လည်း တွန့်ဆုတ်နေမိသည်။

❑

အစ်မကြီး၏အခက်အခဲကို အစ်မကြီး၏ တပည့်ဟောင်းတစ်ဦးဖြစ်သည့် တောင်ရိုးဒေသနေ ချင်းတိုင်းရင်းသား ဆလိုင်းကျော်သောင်းက ကြားသိသွားခဲ့သည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်၏ တစ်နေ့နံနက်တွင် အစ်မကြီးနေအိမ်သို့ တပည့်ဟောင်း ဆလိုင်းကျော်သောင်း ရောက်ရှိလာခဲ့သည်။ သူ့လက်ထဲတွင် စတီးတစ်လုံးချိုင့်အကြီးတစ်လုံးနှင့် လွယ်အိတ်တစ်ပါးပါလာသည်။ စတီးချိုင့်ထဲတွင် မွှေးကြိုင်သောဟင်းချက်များ၊ လွယ်အိတ်ထဲတွင် လုံးတီးဆန်တို့ပါလာသည်။ ဆလိုင်းကျော်သောင်းတွင်ပါလာသည့် လုံးတီးဆန်ထဲမှ နို့ဆီဗူးနှစ်လုံးခန့်ကို ထုတ်ယူ၍ ထမင်းချက်သည်။

နေ့လယ်စာစားချိန်တွင် လုံးတီးဆန်ချက်နှင့် ချိုင့်ထဲမှခွေးနက်သားချက်ကို ပြင်ဆင်လျက် ဖခင်ကြီးကို ထမင်းကျွေးသည်။ အစ်မကြီး၏ဖခင်မှာ လေငန်းရောဂါသည်ဖြစ်သည့်တိုင် ထမင်းကို ကောင်းကောင်းကြီးစားနိုင်သည်။ ဖခင်ကြီးက စားကောင်းကောင်းနှင့်အားပါးတရစားပြီး စားကောင်းလိုက်တာ ဘာဟင်းချက်တာလဲမေး၍ ဆိတ်သားချက်တာပါဟု မုသားဆိုလိုက်ရသေးသည်။

သည်လိုနှင့် အစ်မကြီး၏ဖခင်သည် လုံးတီးဆန်ထမင်းနှင့် ခွေးနက်သားဆေးဓာတ်စာစားဖြစ်သွားခဲ့သည်။

❑

ထိုမှနောက်ပိုင်း အစ်မကြီး၏ဖခင်သည် ကိုယ်ဖောကိုယ်ရောင်ရောဂါ ထပ်မံဖြစ်ပွားခြင်းမရှိတော့ဘဲ အသက် (၈၀) ကျော်အထိနေထိုင်သွားခဲ့ရသည်။

ကိုယ်ဖောကိုယ်ရောင်ဝေဒနာခံစားနေရသဖြင့် ပျောက်ကင်းလိုပါက လုံးတီးဆန်ထမင်းနှင့် ခွေးနက်သားကို စားသုံးလျှင် ပျောက်ကင်းနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း (လွန်ဆေး)

---

ပလ္လင်အလယ်မှာတော့ 'သာသနာ ၂၅၅၇ ခုနှစ်၊ ကောဇာ ၁၃၇၅ ခုနှစ်၊ ငြိမ်းအေးချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ခရစ်နှစ် ၂၀၁၄' လို့ ရေးထိုးထားတယ်။ ဒီလောက်ကြီးတဲ့ ဆင်းတုတော်ကြီးကို တောင်ထိပ်ပေါ် ဘယ်လိုတင်ခဲ့သလဲလို့ တွေးရင်း အံ့သြမိပါတယ်။

နတ်မတောင်ပေါ်ကဆင်းလာပြီး ဘင်းရှူးရိပ်သာမှာ ညနေစာကို ရိုးရာချင်းအစားအစာတွေနဲ့စားကြတယ်။

စားသောက်ခန်းမှာပဲ တောင်ဇလပ်ပန်းပွင့်ကနေထုတ်လုပ်တဲ့ တောင်ဇလပ်ဝိုင်ဝယ်လို့ရခဲ့တယ်။ မီးမလာပေမယ့် ဝန်ထမ်း ချင်းလူငယ်က လက်ဆွဲမီးအိမ်လေးလာပေးပါတယ်။ အခန်းလုံလို့ နွေးထွေးစွာအိပ်ခဲ့ရပါတယ်။ မနက်လင်းတော့ ရေပူချိုးပြီး နံနက်စာကို အဲဒီအိမ်အေးစစ်ဧည့်ရိပ်သာမှာပဲစားကြတယ်။ တည်းခိုတဲ့အခန်းအနီးမှာ ထင်းမီးနဲ့ထိုးထားတဲ့ အပူဓာတ်ပေးတဲ့တိုင်ကီကြီးကို တွေ့ခဲ့ရတယ်။ လျှပ်စစ်မီးမရှိပေမယ့် ဒေသရိုးရာအတိုင်း ကြံဖန်ပြီးနွေးအောင် လုပ်ပေးကြတာပါ။

မနက်စောစော သစ်ပင်တွေ ရေဖျန်းနေတဲ့ ချင်းတိုင်းရင်းသားကြီးကို တောင်ဇလပ်ပန်းအကြောင်းမေးကြည့်တော့ အနီရောင်အပြင် အဖြူရောင်၊ ပန်းရောင်တွေလည်းရှိပြီး သူ့လနဲ့သူပွင့်ကြောင်းသိလိုက်ရပါတယ်။

ကားနဲ့ ကန်ပက်လက်မြို့ကိုပြန်ဆင်းလာကြတယ်။ လမ်းဆုံအနီးမှာရှိတဲ့ ရွှေတောင်တန်းတည်းခိုရိပ်သာ (Shwe Taung Tang Guest House. Southen Chin State) (ချင်းထည်နှင့်ချင်းရိုးရာပစ္စည်းရောင်းဝယ်ရေး၊ ချယ်ရီလမ်း၊ ကန်ပက်လက်မြို့၊ ချင်းပြည်နယ်တောင်ပိုင်း) ကို ခဏဝင်ပြီး ဈေးဝယ်ကြတယ်။ အဲဒီရွှေတောင်တန်းဧည့်ရိပ်သာမှာလည်း ဈေးသက်သက်သာသာနဲ့ တည်းခိုနိုင်ပါတယ်။ ကန်ပက်လက်မြို့ရဲ့ ကွေ့ကွေ့ကောက်ကောက်လမ်းလေးတွေကို ဟိုဟိုဒီဒီလျှောက်ကြည့်ကြတယ်။ပါးရဲထိုးထားတဲ့ အဘွားတစ်ဦးနဲ့တွေ့ရလို့ ရှားရှားပါးပါးမြင်ရတာမို့ ခွင့်တောင်းပြီး ဓာတ်ပုံတွဲရိုက်ခဲ့ပါတယ်။

အပြန်လမ်းမှာတော့ ယော၊ ကန့်စွန်းမလမ်းအတိုင်းပဲ ကားနဲ့ပြန်ဆင်းလာပြီး ရွှေစက်တော်ခြေတော်ရာဝင်ဖူးခဲ့ပါသေးတယ်။ အဲဒီနောက် မကွေးဟိုတယ်မှာ တစ်ညတာဝင်တည်းခိုပြီး ဧရာဝတီမြစ်ကြီးရဲ့ အရှေ့ဘက်ခြမ်း မင်းလှခံတပ်ကို သွားရောက် လေ့လာကြပြီး မလွန်-မြသပိတ်စေတီဝင်ဖူးကာ မလွန်ကနေ ကားလမ်းအတိုင်းလာရင်း ပဌနဂိုရ်လမ်းခွဲနဲ့ အောင်လံကိုဖြတ်ကာ ပြည်ရွှေဆံတော်ကိုလည်း ဝင်ရောက်ဖူးမြော်ခဲ့ရပါတယ်။ ရာသီဥတုကလည်း ပူပြင်းတော့ ချင်းတောင်တန်းရဲ့ အေးမြတဲ့ဝန်းကျင်က သစ်တောရနံ့သင်းသင်းလေးရနေတဲ့ နတ်မတောင်ထိပ် တောင်ဇလပ်တောနဲ့ စေတီလေးဆီကိုသာ မကြာခဏ သတိရနေမိပါတော့တယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-ဒေ)



www.burmeseclassic.com

www.burmeseclassic.com

**▫ရေထွက်စေသောအင်းပညာ**

မောင်ထွန်းမြိုင်သည် ဝိဇ္ဇာရေပညာရပ်များကို သင်ကြားရန်၊ လေ့လာရန်နှင့် ကျင့်ကြံအားထုတ်ရန် ရည်ရွယ်ချက်ဖြင့် မွေးဖွားရာဇာတိဖြစ်သော မြန်အောင်မြို့မှတစ်ဆင့် ဖျာပုံမြို့သို့လည်းကောင်း တစ်ဖန် ဖျာပုံမှတစ်ဆင့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားသို့ ရောက်ရှိခဲ့၏။ ရန်ကုန်သို့ရောက်ပြီးနောက်ပိုင်းတွင် မောင်ထွန်းမြိုင်သည် မွေးရာဇာတိသို့တစ်ကြိမ် တစ်ခါမျှ ပြန်မရောက်တော့ပေ။ သူ့ရပ်ရွာမှထွက်ခွာလာခဲ့သည့်အချိန်ကို ပြန်လည်တွက်စစ်ကြည့်သော် နှစ်ပင်အတန်ကြာခဲ့ပြီဖြစ်၏။ ထို့ကြောင့် သူသည် သူ့ကိုမွေးဖွားရာ ရွာလေးကိုလည်း သတိရ၏။ ဖခင်ကြီးကိုလည်း သတိရ၏။ တွေ့လို၏။ ထို့အပြင် ရွာမှလည်း စာဖြင့်တစ်မျိုး၊ လူကြုံဖြင့်တစ်ဖုံ လူလွှတ်၍ ရွာသို့ ခေတ္တခဏပြန်လာပါရန် အမျိုးမျိုးအကြောင်းကြားမှုများကြောင့် မောင်ထွန်းမြိုင်သည် သူ့ဇာတိသို့ အလည်ပြန်ရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် ဆရာတော်ဦးပညာဘာသအား ခွင့်ပန်လျှောက်ထားရာ ဆရာတော်ကလည်း ကြည်ဖြူစွာပင် ခွင့်ပြုပေးလိုက်ပြီး လိုအပ်မည့်ငွေကြေးများကိုပါထုတ်ပေးလိုက်၏။ ဤကိစ္စနှင့် ပတ်သက်ပြီး မောင်ထွန်းမြိုင်သည် စဉ်းစားရာ တစ်ယောက်တည်းသွားသည်ထက် အဖော်သဟဲဖြစ်မည့်သူ တစ်ယောက်ယောက်ကို ခေါ်သွားလျှင် ကောင်းမည်နည်းဟုစဉ်းစားရာ အဘဘိုးမင်းခေါင်၏ မွေးစားသားဖြစ်သူ စန္ဒသူရိယရသေ့လေးကို တွေ့သဖြင့် မောင်ထွန်းမြိုင်သည် ချက်ချင်းပင် ရသေ့လေးအား သွားရောက်ပြီး ပြောပြရာ ရသေ့လေးကလည်း ထိုခရီးစဉ်ကို စိတ်ဝင်စားသဖြင့် လိုက်မည်ဖြစ်ကြောင်း သဘောတူသဖြင့် နှစ်ဦးသားသည် မြန်အောင်မြို့သို့ သင်္ဘောစီးကာ ပြန်ခဲ့ကြလေ၏။

မောင်ထွန်းမြိုင်သည် မြန်အောင်သင်္ဘောပေါ်တွင် သင်္ဘောစီးရင်း တစ်ချိန်တုန်းက သူသင်္ဘောခိုးစီးခဲ့ရသည့်အဖြစ်ကိုလည်း အမှတ်ရမိ၏။ ထို့ပြင် ဆရာကြီးဦးရာမန်းနှင့် ပုသိမ်သို့ သင်္ဘောစီးသွားခဲ့ရသည့် အဖြစ်များကိုလည်း သတိရမိ၏။ အထူးသဖြင့် သင်္ဘောစီးရင်း ညနေနေဝင်ရီတရောအချိန် ငှက်လေးများအုပ်လိုက်အိပ်တန်းပြန်ကြသည်ကိုကြည့်ပြီး သူ၏ မျက်စိထဲတွင် ကကြီးလေးများအဖြစ်မြင်ခဲ့ပုံကို ပြန်ပြီးမြင်ယောင်မိ၏။ ထို့ကြောင့်လည်း အဆိုပါအကြောင်းအရာများကို ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်များအဖြစ် စန္ဒာသူရိယရသေ့လေးအား ပြန်ပြောမိ၏။






www.burmeseclassic.com

www.burmeseclassic.com

ရသေ့လေးကလည်း သူသည် ပထမဦးဆုံးသော သင်္ဘောစီးရခြင်း ဖြစ်သဖြင့် အလွန်ပင်ကြည်နူးနေပုံရ၏။

မောင်ထွန်းမြိုင်ကလည်း ရသေ့လေးအား ခရီးလမ်းပန်းသဘောတရားများကိုရှင်းပြခဲ့၏။ ထို့နောက် ထမင်းစားချိန်တွင် သင်္ဘောထမင်းဆိုင်၌ ထမင်းစားကြ၏။ မောင်ထွန်းမြိုင်ကလည်း သင်္ဘောပေါ်တွင် ထမင်းစားရခြင်းသည် အခြားသော မည်သည့်နေရာတွင်မျှ ထမင်းစားရခြင်းအရသာနှင့်မတူကြောင်း၊ သင်္ဘောပေါ်တွင် ထမင်းစားရခြင်းသည် အလွန်ကောင်းကြောင်းပြောထားသဖြင့် ရသေ့လေးကလည်း မှန်ကန်ကြောင်း ထောက်ခံလေ၏။

ထိုသို့ ထမင်းစားနေစဉ် ရသေ့လေးသည် တစ်စုံတစ်ခုကို စဉ်းစားပြီးနောက် မောင်ထွန်းမြိုင်အား အသေအချာကြည့်နေသည်ကို မောင်ထွန်းမြိုင်က သတိပြုမိသဖြင့် -

"စန္ဒသူရိယရသေ့လေး၊ ဘာကိစ္စများရှိလို့လဲ။ ကျုပ်ကိုပြောစရာစကားများရှိလို့လား။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပဲ ပြောလေ"

ဟုစကားစပေးလိုက်သဖြင့် ရသေ့လေးက-

"အထွေအထူးပြောစရာရှိတယ်ရယ်လို့လည်း မဟုတ်ပါဘူး ကိုထွန်းမြိုင်။ အခု ကျုပ်စဉ်းစားမိလာတာလေးတစ်ခုရှိလို့ပါ။

ကျုပ်လည်း အဘဘိုးခေါင်ဆီမှာ လာနေပြီး ဒီပညာတွေကိုလုပ်လာတာ အခြေအနေတစ်ခုတော့ရောက်နေပြီ။ ဒါပေမယ့် အခုထိ ဒီပညာရပ်တွေကို ကောင်းကောင်းအသုံးမချဖူးသေးဘူး ကိုထွန်းမြိုင်။ ဒါကြောင့် ကိုထွန်းမြိုင်ဇာတိကိုရောက်လို့ ဆေးကုတာပဲဖြစ်ဖြစ်၊ ဗေဒင်ဟောတာပဲဖြစ်ဖြစ်၊ တန်ခိုးအစွမ်းသတ္တိပြတာမျိုးပဲဖြစ်ဖြစ် အကြောင်းတစ်ခုခုပေါ်ပေါက်လာခဲ့ရင် ကျုပ်ကိုလည်း တစ်နည်းတစ်လမ်းနဲ့လုပ်ခွင့်ပြုဖို့ အခုကတည်းက ကိုထွန်းမြိုင်ဆီမှာအခွင့်တောင်းတာပဲ"

ဟု ပြောသောအခါ မောင်ထွန်းမြိုင်လည်း အသေအချာသုံးသပ်လိုက်ပြီး-

"ဒီမယ် ရသေ့လေး၊ ရသေ့လေးက အတွေ့အကြုံသိပ်မရှိသေးတော့ ပြဿနာဖြစ်မှာလည်းစိုးရသေးတယ်။ ခင်ဗျားကို ကျုပ်ဆီမှာ ဘိုးတော်က အသေအချာအပ်ထားတော့ တစ်ခုခုဖြစ်လို့တော့မရဘူး။ ဒါကြောင့် ရသေ့လေးအနေနဲ့ သိပ်ကြီးမားတဲ့ကိစ္စမျိုးကိုတော့ လက်ရှောင်လိုက်ပါ။ ကျန်တဲ့ကိစ္စတွေကိုတော့လုပ်ပါ။ ကျုပ်သဘောတူပါတယ်"

ဟု ပြောလိုက်သောအခါ ရသေ့လေးလည်း ဝမ်းသာသွားပြီး မောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

မြိုင်အား ကျေးဇူးတင်စကားပြောလေ၏။

ဤသို့ဖြင့် သူတို့သင်္ဘောခရီးစဉ်သည် တဖြည်းဖြည်းနှင့် မြန်အောင်သင်္ဘောဆိပ်သို့ ဆိုက်ကပ်ရောက်ရှိလေ၏။

မြန်အောင်သင်္ဘောဆိပ်တွင် ကြိုတင် အကြောင်းကြားထားသဖြင့် မောင်ထွန်းမြိုင်၏ မိဘဆွေမျိုးများတို့ လာကြိုနေကြသည်။ ထိုအခါတွင်မှ နှစ်ပေါင်းများစွာ ဝေးကွာကြသူများ ပြန်လည် ဆုံစည်းကြခြင်းဖြစ်သဖြင့် အထူးပင် ဖက်လှဲတကင်းဖြင့် ပျော်ရွှင်နေကြလေ၏။

ထို့နောက် သူတို့သည် သင်္ဘောဆိပ်မှတစ်ဆင့် ရွာသို့တပျော်တပါးသွားရောက်ကြ၏။ ရွာသို့ရောက်ရှိသောအခါတွင်လည်း စကားလက်ဆုံပြောမကုန်အောင်ရှိကြလေ၏။ မောင်ထွန်းမြိုင်ပြန်ရောက်လာသည့်သတင်းကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့်ကြားကြသဖြင့် မောင်ထွန်းမြိုင်၏ငယ်သူငယ်ချင်းများ အပါအဝင် ရောက်လာသည့်လူများကလည်း မနည်းမနောပင်ရှိလှတော့၏။

မောင်ထွန်းမြိုင်၏ မိဘဆွေမျိုးများကလည်း မောင်ထွန်းမြိုင် ကြိုက်တတ်သည့် အစားအစာဟင်းလျာများကို ကောင်းစွာချက်ပြုတ်ကြော်လှော်ကျွေးကြလေ၏။

ထို့နောက် မောင်ထွန်းမြိုင်၏ ဇာတိရပ်ရွာမှ လူများက မောင်ထွန်းမြိုင် ရန်ကုန်မြို့တွင် ဝိဇ္ဇာရေပညာရပ်များကို ကောင်းစွာသင်ယူခဲ့ကြောင်းသိရသဖြင့် အထူးပင်စိတ်ဝင်စားပြီး မေးမြန်းကြရာ မောင်ထွန်းမြိုင်ကလည်း သူကြုံတွေ့ခဲ့ရသော အတွေ့အကြုံများနှင့် သူလျှောက်လှမ်းခဲ့ရသောလမ်းစဉ်များ ပညာရပ်ဆိုင်ရာအဖြစ်အပျက်တွေကို ပြောပြရာ အထူးပင်စိတ်ဝင်စားကြ၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်အိမ်၌ ပရိသတ်များမစဲအောင်ပင်ရှိလေတော့၏။

မောင်ထွန်းမြိုင်တို့သည် သူ၏ မွေးရာဇာတိ ထန်းသုံးပင်ရွာသို့ရောက်ရှိသောအချိန်သည် နွေရာသီပင်ဖြစ်၏။ ထန်းသုံးပင်ရွာသည် တစ်ခုဆိုးသည်မှာ နွေရာသီရောက်ပြီဆိုလျှင် ရေရှားပါးလေ့ရှိ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်၏ မိဘများပိုင်သော ခြံထဲရှိ ရေတွင်းတစ်တွင်းသာ ရေနည်းနည်းပါးပါးထွက်သဖြင့် လာရောက် ရေခပ်သူများ အထူးပင် များပြားစွာဖြင့် ရေရှားပါးသည့်ဒုက္ခကိုခံကြရလေ့ရှိ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့ရောက်ရှိပြီး မကြာမီပင် ထန်းသုံးပင်ရွာ၌ ရေရှားပါးသည့်ပြဿနာကျရောက်လာလေတော့၏။

ထိုအခါတွင် ထန်းသုံးပင်ရွာရှိ မောင်ထွန်းမြိုင်၏ ဆွေမျိုးများသည် မောင်ထွန်းမြိုင်အနေဖြင့် ဝိဇ္ဇာရေပညာရပ်များကိုကောင်းစွာတတ်ကျွမ်းသည်ဟုဆိုသဖြင့် သူတို့စိတ်ထဲတွင် အားကိုးအားထားတစ်ခုကိုလည်းဖြစ်စေသည်။ ထို့အပြင် သူတို့သည် မောင်ထွန်းမြိုင်အပေါ်၌ ယုံကြည်မှုလည်းရှိလေ၏။ မောင်ထွန်းမြိုင်၏ ဗီဇကိုလည်း သိ၏။ ထို့ကြောင့် သူတို့သည် ယခုကြုံတွေ့နေရသော ရေရှားပါးသည့်ပြဿနာကို မောင်ထွန်းမြိုင်၏ ဝိဇ္ဇာရေပညာဖြင့် ဖြေရှင်း၍မရနိုင်လေဖူးလောဟု စဉ်းစားမိ၏။ ထိုသို့ စဉ်းစားမိကြပြီး တိုင်ပင်ကြကာ မောင်ထွန်းမြိုင်အား ဖွင့်ပေးရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် တစ်ခုသော ညစာစားအပြီးတွင် မောင်ထွန်းမြိုင်၏ဆွေမျိုးများထဲမှ အသက်အရွယ်ကြီးရင့်သူတစ်ဦးက ဦးဆောင်ပြီး -

"ဒီမယ် မောင်ထွန်းမြိုင်၊ မင်းက ဝိဇ္ဇာရေပညာတွေ၊ လောကီပညာတွေ တတ်တယ်ဆိုတော့ ငါတစ်ခုမေးချင်တယ်။ အခု ဒို့ရွာမှာ ကြုံတွေ့နေရတဲ့ ရေရှားပါးတဲ့ပြဿနာကို မင်းတတ်ထားတဲ့ပညာနဲ့ ဖြေရှင်းပေးလို့ရနိုင်မလားကွယ့်"

ဟု မေးလိုက်ရာ မောင်ထွန်းမြိုင်ကလည်း မဆိုင်းမတွပင် သူနဖူးကို လက်ဝါးဖြင့်ရိုက်လိုက်ပြီး -

"ဟုတ်ပါရဲ့ ဘကြီးရယ်။ ကျွန်တော်ဘာဖြစ်လို့ ဒီကိစ္စကိုမစဉ်းစားမိတာပါလိမ့်။ ကျွန်တော် ဒီရေထွက်စေတဲ့ပညာကို ကောင်းကောင်းတတ်ပါတယ်၊ လုပ်ပေးနိုင်ပါတယ်"

ဟု ကတိပေးလိုက်လေ၏။

မောင်ထွန်းမြိုင်၏စကားကြောင့် ထန်းသုံးပင်ရွာတွင် အထူးပင်ပျံ့နှံ့သွားတော့၏။ လူအများကလည်း စိတ်ဝင်စားကြ၏။

နောက်တစ်နေ့၌ မောင်ထွန်းမြိုင်သည် လူအများရှေ့တွင်ပင် ဆရာကြီးဦးရာမန်းသင်ပေးထားသည့် ရေထွက်သည့်အင်းတစ်ချပ်ကိုစီမံကာ သူ၏ခြံထဲရှိရေတွင်းရှိရာသို့ သွားလေ၏။ ရေတွင်းသို့ရောက်သောအခါ မောင်ထွန်းမြိုင်သည် စီမံထားသောအင်းကို ရေတွင်း၏ အလယ်တည့်တည့်သို့ ချိန်ပြီးပစ်ချလိုက်လေ၏။ အင်းပစ်ချပြီး မကြာမတင်မီတွင်ပင် ထူးဆန်းသောအဖြစ်အပျက်သည် ဖြစ်ပေါ်လာလေတော့၏။

ဖြစ်ပေါ်လာသည့်အခြင်းအရာမှာ ထိုရေတွင်း၏အလယ်မှ စက်ဖြင့်မောင်းထုတ်လိုက်သကဲ့သို့ ရေများပန်းထွက်လာလေတော့၏။ ထိုသို့ရေများပန်းထွက်လာခြင်းနှင့်အတူ ရွာသူရွာသားများ၏ အာမေဍိတ်အသံကလည်း ဟင်ခနဲဟာခနဲဖြစ်သွားခြင်းနှင့်အတူ ဝမ်းမြောက်ပျော်ရွှင်သွားကြလေ၏။ ထို့နောက်ပိုင်းတွင် ရွာမှလူများသည် လိုအပ်သည့် ရေပမာဏကို လုံလောက်စွာ ရရှိပြီး လိုသလောက် ခပ်ယူသုံးစွဲနိုင်ကြလေ၏။

ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် သူ၏ ဇာတိမြေတွင် ပွဲဦးထွက်ပညာစွမ်းပြခြင်းသည် အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်အပေါ် အမြင်တွင် ဟုတ်လှချေလားဟူသည့် အထင်ကြီးလေးစားမှုများဖြစ်သွားလေတော့၏။ ထို့ကြောင့်လည်း နောက်နေ့များတွင် စကားစပ်မိသောအခါ ရွာသူရွာသားအချို့က စုန်း၊ ကဝေများ အမှန်တကယ်ရှိ မရှိမေးရာ မောင်ထွန်းမြိုင်ကလည်း အမှန်ပင်ရှိကြောင်းပြောလေ၏။ ထိုအခါ သူတို့က အမှန်တကယ်ရှိသည်ဆိုလျှင် လက်တွေ့ကြည့်၍ရနိုင်မလားဟု မေးကြလေရာ မောင်ထွန်းမြိုင်ကကြည့်၍ရကြောင်းဖြေသဖြင့် မောင်ထွန်းမြိုင်သည် စုန်းကဝေများကိုပြရန်စီစဉ်လေ၏။

□ **ထန်းသုံးပင်ရွာမှစုန်းကဝေများ**

မောင်ထွန်းမြိုင်သည် သူတတ်မြောက်ထားသည့် ဝိဇ္ဇာစရပညာများဖြင့် စုန်းကဝေများကို ခေါ်ယူပြသပေးမည်ဟူသော သတင်းသည် ပို၍သတင်းကြီးပြီး ပျံ့နှံ့လေ၏။ ထို့ကြောင့်း ထိုသတင်းဟုတ်၊ မဟုတ် မောင်ထွန်းမြိုင်ထံ လာရောက်မေးမြန်းသူတို့ကလည်း မနည်းမနောပင်ရှိ၏။

ထို့ကြောင့် မောင်ထွန်းမြိုင်က -

"ခင်ဗျားတို့အနေနဲ့ စုန်းကဝေတွေကို တကယ်လည်းကြည့်ချင်တယ်။ ကြည့်ဖို့သတ္တိလည်းရှိတယ်ဆိုရင်တော့ ကျွန် တော်အနေနဲ့ပြပေးလို့လည်းရပါတယ်။ ပြပေးရမယ်ဆိုရင် စုန်းကဝေတွေကို အနီးကပ်ပြီးမကြည့်ရဘူး။ အဝေးကပဲကြည့်ရမယ်။ မြင်ရတာကတော့ ရှင်းရှင်းလင်းလင်းပဲမြင်ရပါမယ်။ ဒါပေမယ့် အဲဒီလိုပြနေတုန်း ဘယ်လိုအခြေအနေတွေနဲ့ပဲကြုံကြုံ ကျွန်တော့်စကားတော့ တစ်သဝေမတိမ်းလိုက်နာရမယ်။ ဘယ်နှယ့်လဲ၊ လိုက်နာနိုင်ကြပါ့မလား"

ဟု မေးလိုက်ရာ အားလုံးကလည်း တညီတညွတ်တည်းပင် -



www.burmeseclassic.com

www.burmeseclassic.com

"မောင်ထွန်းမြိုင်၊စုန်းကဝေဆိုတာ တို့မြင်ဖူးတယ်ရှိအောင် ကြည့်ချင်ပါတယ်။ ပြသာပြပေးပါ၊ ပြောစကားနားထောင်ပါ့မယ်"

ဟု ဖြေကြားကြ၏။

ထို့ကြောင့် စုန်းကဝေကြည့်ချင်သူများအား လာမည့် လပြည့်နေ့ညတွင် ချိန်းလိုက်၏။ ထို့နောက် လိုအပ်သည်များကိုလည်း မှာကြားလိုက်၏။

ချိန်းထားသည့်နေ့သို့ရောက်သောအခါ မောင်ထွန်းမြိုင်သည် ထိုကြည့်မည့်သူများကို ညသန်းခေါင် (၁၂) နာရီထောက်တွင် လရောင်မထိုးနိုင်သော အမှောင်ရိပ်ကျနေသည့် သစ်ပင်ရိပ်ကြီးတစ်ခုအောက်၌ နေရာချထားလိုက်၏။ ထိုသူများသည် တစ်ယောက်နှင့်တစ်ယောက်စကားမပြောကြရ။ တိတ်ဆိတ်ငြိမ်သက်စွာထိုင်နေကြရ၏။

ထိုအခါ မောင်ထွန်းမြိုင်က လက်ညိုးညွှန်ပြပြီး -

"ဟိုနေရာကိုကြည့်၊ ထန်းပင်လေးနားက ကွက်လပ်ကိုကြည့်နေနော်။ ခဏနေ သူတို့ကိုလှမ်းခေါ်လိုက်မယ်။ သူတို့ခေါ်ရင် သူတို့လာကြလိမ့်မယ်"

ဟု ပြောပြီးနောက် ရုတ်တရက် အော်လိုက်သော ခွေးအူသံရှည်ကြီးကို ကြားလိုက်ရသဖြင့် လာကြည့်ကြသူ လူသားများ ကြက်သီးမွေးညင်းများ ထောင်ထသွားကြသဖြင့် တစ်ယောက်နှင့်တစ်ယောက်ကြည့်ကြကာ အချို့က-

"ကိုရင် ဘယ်လိုလဲ၊ ကြည့်လို့ဖြစ်ပါ့မလား။ ကြက်သီးတွေကလည်းထ ထိတ်ပါဘိသနဲ့။ တော်ကြာ ကျုပ်တို့ကို အန္တရာယ်လေးမှဖြင့်ဒုက္ခ"

"ဟာ-မဟုတ်တာဘဲ၊ ခင်ဗျားကလည်း ကြောက်တတ်ရန်ပါကော။ ဘာမှမကြောက်နဲ့။ ဟိုမှာ မောင်ထွန်းမြိုင် တစ်ယောက်လုံးရှိနေတာပဲဟာ၊ ဘာမှ မပူပါနဲ့"

ဟု အားပေးလိုက်၏။

ခွေးအူသံများ ပျောက်သွားပြီးနောက် ညဥ့်သည် ထူးခြားစွာပင် တိတ်ဆိတ်သွားလေ၏။ ထိုအချိန်တွင် စုန်းကဝေကြည့်မည့်သူများ စုဝေးရောက်ရှိနေရာ သစ်ပင်ပေါ်မှ ရုတ်တရက် ညဥ့်ငှက်ကြီးတစ်ကောင်သည် သူ၏ အတောင်ပံတစ်စုံကို တဖြောင်းဖြောင်း ခတ်လိုက်သဖြင့် သစ်ပင်အောက်ရှိ လူများသည် ထိတ်လန့်သွားသဖြင့် သစ်ပင်ပေါ်သို့မော့ကြည့်ကြရာ ထိုညဥ့်ငှက်ကြီးသည် ထပျံသွားသည်ကို ထိန်ထိန်သာ လရောင်၌ မြင်တွေ့ရလေ၏။ ထိုအချိန်တွင် သစ်ပင်အောက်ရှိ လူများထံမှ ကြောက်ရွံ့ထိတ်လန့်သဖြင့် ညည်းညူသံ၊ အော်ဟစ်သံများ ထွက်ပေါ်လာသဖြင့် မောင်ထွန်းမြိုင်က -

"ကဲကဲ - ခင်ဗျားတို့တိတ်တိတ်နေကြတော့။ အသံလုံးဝမထွက်စေနဲ့။ အသံထွက်နေရင် မန္တန်ရွတ်လို့ မထိရောက်ဘူး။ ဒါကြောင့် အသံကိုလုံးဝကိုဂရုစိုက်ပါ"

ဟု ပြောဆိုသတိပေးပြီးနောက် မောင်ထွန်းမြိုင်သည် စုန်းကဝေများကို ခေါ်သည့်မန္တန်ကိုရွတ်လိုက်ပြီးနောက် တစ်ဆက်တည်းတွင် နှုတ်ဖြင့် -

"ဒီနယ်ဒီဒေသတစ်ဝိုက်မှာရှိနေကြကုန်သောစုန်းများကဝေများအားလုံး ကျွန်ုပ်ခေါ်သောနေရာသို့ အမြန်ဆုံးလာရောက် စုဝေးကြပါ"

ဟု ပြောဆိုလိုက်၏။

ထိုသို့ မောင်ထွန်းမြိုင် အမိန့်ပေးပြီးလျှင်ပြီးချင်း လေပြည်လေအေးတစ်ချက်သည် သုတ်ခနဲ အရှိန်ပြင်းစွာတိုက်လိုက်သဖြင့် စောင့်ကြည့်နေသူများအားလုံး၏ကျောထဲတွင်ပင် စိမ့်ခနဲဖြစ်သွားသဖြင့် ယောင်ပြီးမအော်မိစေရန် မိမိပါးစပ်ကို မိမိလက်တစ်ဖက်ဖြင့် အတင်းပိတ်ထားလိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် အနီးရှိလူတစ်ဦးကိုလည်း ယောင်ယမ်းပြီး ကိုင်ထားလိုက်ကြ၏။ သူတို့၏ မျက်နှာသွင်ပြင်၌ အချို့သည် သူတို့၏မျက်လုံးများကို စုံပိတ်ထားကြပြီး အချို့လည်း ကြောက်လန့်နေသဖြင့် မျက်လုံးကြီးများပြူးထွက်ကြလေသည်။ ထိုဖြစ်စဉ်နှင့် မရှေးမနှောင်းတွင်ပင် အသံတစ်သံထွက်ပေါ်လာပြီး -

"ဟော ဟော. . . ဟိုမှာ သူတို့ရောက်လာကြပြီ"

ဟု ထိတ်လန့်စိုးရွံ့သည့်အသံမျိုးဖြင့် ရေရွတ်လိုက်သဖြင့် အခြားသူများသည် စုန်းကဝေများစုဝေးရမည့် ထန်းပင်လေးအနားရှိ မြေကွက်လပ်သို့ကြည့်လိုက်ကြရာ တစ်ယောက်တစ်ပေါက် ပြောသံများထွက်လာလေ၏။

"ဟာ - အဲဒီမှာရောက်နေတဲ့ စုန်းကဝေတွေက မနည်းပါလား"

ဟူ၍လည်းကောင်း၊

"သေသေချာချာ ရေတွက်ကြည့်လိုက်တာ (၁၂) ယောက်တောင်ပါပါလား"

ဟူ၍လည်းကောင်း၊

"အားလုံး မိန်းမတွေချည်းပဲနော်"

ဟုလည်းကောင်း၊

"သူတို့အားလုံး ထဘီရင်ရှားထားတာက ထူးခြားတယ်ကွ"

ဟု လည်းကောင်း၊

"သူတို့ပုံစံတွေကြည့်ရတာ တကယ်မလွယ်ဘူးနော်။ တစ်သက်နဲ့တစ်ကိုယ်ဒီတစ်ခါမှပဲ မြင်ဖူးတော့တယ်"

ဟူ၍လည်းကောင်း၊

"တို့ ဒီနယ်တစ်ဝိုက်မှာရှိတာ စုန်းကဝေ (၁၂) ယောက်တောင်ပါပဲလား။ မနည်းဘူး နောက်ဆို သတိထားရမယ်"

ဟူ၍လည်းကောင်း၊

"သူတို့ရဲ့အသွင်အပြင်တွေကိုက ကြောက်စရာကောင်းစရာကြီး"

ဟူ၍ လည်းကောင်း အမျိုးမျိုး ဝေဖန်ပြောဆိုနေကြသဖြင့် -

"ကဲကဲ - ခင်ဗျားတို့ကလည်း စကားမပြောပါနဲ့ဆို မပြောဘဲလို့မနေနိုင်ကြဘူး။ တော်ပြီ၊ အခုလောက်ဆို သေသေချာချာတွေ့ဖူးသွားလောက်ပြီ။ သူတို့ကို အကြာကြီးခေါ်ထားလို့လည်း မတော်ပေဘူး။ သူတို့ကို ပြန်ပို့လိုက်ပေးတော့မယ်နော်"

ဟု ပြောလိုက်သော်လည်း မည်သူကမျှ ပြန်မဖြေနိုင်ဘဲ တအံ့တသြဖြင့်ငေးပြီးကြည့်နေကြ၏။ ထို့နောက် မောင်ထွန်းမြိုင်လည်း ရောက်ရှိလာသော စုန်းကဝေ (၁၂) ဦးစလုံးကို ပြန်လွှတ်လိုက်၏။

ထိုအခါ အဆိုပါ စုန်းကဝေများသည် မီးလုံးကြီးများသဖွယ်လင်းပြီး ကောင်းကင်ပေါ်သို့ ပျံတက်သွားကြလေတော့၏။ အမှန်တကယ်တွင် သူတို့လာတုန်းကလည်း ကောင်းကင်မှ မီးလုံးကြီးများသဖွယ် ပျံသန်းလာခဲ့ခြင်းဖြစ်ပြီး သတ်မှတ်နေရာသို့ ရောက်ရှိသောအခါတွင်မှ ကောင်းကင်ပေါ်မှမီးလုံးကြီးများ တစ်လုံးပြီးတစ်လုံးကျလာခြင်း ဖြစ်၏။ မြေပြင်ပေါ်သို့ရောက်သောအခါတွင်မှကား လူသားအသွင်ဖြစ်ပေါ်လာခြင်းဖြစ်၏။

စုန်းကဝေများပြန်သွားသောအခါတွင်မှ လာရောက်ကြည့်သူများသည် သူတို့တွေ့ကြုံရသမျှကို တအံ့တသြ ပြောဆိုကြလေ၏။ ထို့နောက် အချို့သော လူကြီးသူမများက မောင်ထွန်းမြိုင်အား -

"မောင်ထွန်းမြိုင်ရေ ငါတို့အသက် ခုဆို ခုနစ်ဆယ်ကျော်ပြီ။ စုန်းကဝေတို့ဆိုတာ ရှေးလူကြီးသူမတွေ ပြောသံသာ ကြားဖူးခဲ့တာ။ အခုတော့ မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရတာ တကယ့်ကိုယုံသွားပြီ။ အဲဒါ မင်းရဲ့ပညာစွမ်းကြောင့်ပါပဲ။ မင်းကိုကျေးဇူးတင်တယ်။ ခုတော့ အဲဒီပဋ္ဌိလ်တွေ၊ အဲဒီပညာရပ်တွေ တကယ်ရှိတယ်ဆိုတာကိုသိရတော့ စိတ်ထဲမယ်တစ်မျိုးကြီးဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ စိတ်ထဲမယ်မလုံခြုံသလိုခံစားရတော့တယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်တွေ၊ ဒီပညာရပ်တွေကို ကာကွယ်နိုင်တဲ့ပညာရပ်များ မင်းဆီမှာ မရှိဘူးလားကွယ့်။ ရှိရင် တစ်ခုလောက်စီရင်ပေးစမ်းပါ"

ပြောလိုက်ရာ မောင်ထွန်းမြိုင်က-

"ဟာ - ရှိတာပေါ့ဗျ ဘကြီးရ။ ကျွန်တော်က ဒီပညာသည်တွေအားလုံးကိုခေါ်နိုင်တယ်။ ခိုင်းနိုင်တယ်။ နောက်ပြီး သူတို့က လူတွေကို မနှောင့်ယှက်နိုင်အောင်၊ ဒုက္ခမပေးနိုင်အောင်လုပ်တဲ့ အဆောင်အယောင်ပညာတွေပါတတ်ပါတယ်"

"ကောင်းပါပေ့ကွာ။ ကဲ - ငါ့ကို တစ်ခုလောက်စီရင်ပေးစမ်းပါ"

"ဟုတ်ကဲ့ - ကျွန်တော်စီရင်လိုက်ပါမယ်။ မနက်ဖြန်ရရပါစေမယ်"

ဟု ပြောလိုက်၏။

နောက်တစ်နေ့တွင် မောင်ထွန်းမြိုင်သည် ဘုရားကျောင်းဆောင်ရှေ့သို့သွားပြီး စားပွဲပုတစ်လုံးပေါ်တွင် အိတ်ဆောင်ကြေးပြားအင်းတစ်ချပ်ကို စီရင်ကာ ဘကြီးဖြစ်သူအား ပေးလိုက်လေ၏။

မောင်ထွန်းမြိုင်သည် သူ့ဘကြီးဖြစ်သူအား အိတ်ဆောင်ကြေးပြားအင်းကိုစီရင်ပေးလိုက်ပြီး မကြာမီပင် သူထံသို့ လူများစွာရောက်ရှိလာကြလေတော့၏။ အကြောင်းကား ထိုသူတို့သည် ယမန်နေ့ညကတွေ့ခဲ့ရသော စုန်း၊ ကဝေများအကြောင်းကို ကိုယ်တိုင်ကြည့်ခဲ့တွေ့ခဲ့ရသူများက တစ်ဆင့်ပြန်လည်ဖောက်သည်ချနေသဖြင့် တစ်ရွာလုံးတွင် ဟိုနေရာစုစုဒီနေရာစုစုနှင့် တိုးတိုးတိတ်တိတ်အသံမျိုးဖြင့်ပြောနေကြ၏။ သူတို့ပြောသည်ကိုလည်း ယမန်နေ့ညကလာသော စုန်းကဝေများကြားမည်ကိုလည်း စိုးရိမ်၏။ ကြောက်လည်းကြောက်ကြ၏။ စိုးရိမ်ထိတ်လန့်မှုလည်းဖြစ်နေကြ၏။ ထိုအချိန်မျိုးတွင် မောင်ထွန်းမြိုင်က သူ့ဘကြီးဖြစ်သူအား အကာအကွယ်အဆောင်အင်းစီရင်ပေးလိုက်သည်ဟု ကြားလိုက်ကြရသောအခါ အားကိုးတကြီးဖြင့် မောင်ထွန်းမြိုင်ထံ စုပြုံရောက်ရှိလာကြခြင်း ဖြစ်၏။

အဆောင်အင်းစီရင်ပေးရမည့် လူများကိုတွေ့လိုက်သောအခါ မောင်ထွန်းမြိုင်သည် မျက်လုံးပြူးသွားတော့သည်။ အဘယ်ကြောင့်ဆိုသော် အဆောင်တောင်းသူက မနည်းမနောဖြစ်နေသောကြောင့် ဖြစ်၏။ ထိုသူများအတွက် တစ်ယောက်ကို အဆောင်ကြေးပြားအင်းတစ်အင်းကျ ပြုလုပ်ပေးရမည်ဆိုလျှင်မလွယ်ကြောပင်ဖြစ်၏။ ရက်ပေါင်းများစွာကြာအောင်စီရင်ရမည်ဖြစ်သဖြင့် မောင်ထွန်းမြိုင်သည် ဤကိစ္စကို မည်သို့ပြုရပါမည်နည်းဟု စဉ်းစားလိုက်၏။

ထို့နောက်တွင် ရောက်လာသည့် လူအားလုံးအား အဆောင်ကြေးအင်းပြားများကို တစ်ယောက်တစ်ချပ်စီ စီရင်ပေးမည်ဟု ပြောလိုက်သဖြင့် အားလုံးဝမ်းသာသွားကြလေသည်။ ထို့ပြင် မောင်ထွန်းမြိုင်က ချက်ချင်း စီရင်ပေးမည်ဖြစ်သဖြင့် တစ်ခါတည်းစောင့်ယူသွားကြရန်ကိုပါ ပြောလိုက်သဖြင့် လူအများသည် သဘောကျကာ မျက်နှာများမှာလည်း ခပ်ပြုံးပြုံးဖြစ်သွားကြ၏။ ရှိသည့်လူကလည်း မနည်းမနောပင်ဖြစ်၏။ လူအရေအတွက်ပမာဏမှာ မောင်ထွန်းမြိုင်၏ အိမ်တစ်အိမ်လုံးပြည့်သွားသည့်အပြင် ခြံထဲတွင်လည်း အတော်များများရှိနေ၏။ ထိုသူများသည် မောင်ထွန်းမြိုင်၏ လှုပ်ရှားမှုမှန်သမျှကို စိတ်ဝင်စားစွာဖြင့် မျက်တောင်မခတ်စောင့်ကြည့်နေကြ၏။

ထိုအခါ မောင်ထွန်းမြိုင်လည်း ဘုရားကျောင်းဆောင်ရှေ့တွင် ကြေးပြားအင်းအဆောင်တစ်ခုကို အသေအချာစီရင်လိုက်၏။ ပြီးလျှင် ဖယောင်းတိုင်တစ်တိုင်ကို ဘုရားကျောင်းဆောင်တွင် ညှိလိုက်၏။ ထို့နောက် ထိုစီရင်ထားသော ကြေးပြားအင်းအရွယ်အစားအတိုင်းပင် ကြေးပြားများကို တစ်ခုပြီးတစ်ခုဖြတ်လိုက်၏။ ထို့နောက် လိုအပ်သောပမာဏသို့ ရောက်သည့်အခါတွင် မောင်ထွန်းမြိုင်သည် ညှပ်ထားသော ကြေးပြားအလွတ်များကိုထပ်လိုက်၏။ ပြီးလျှင် ထိုကြေးပြားများအပေါ်မှ သူစီရင်ထားသည့်ကြေးပြားအင်းတစ်ချပ်ကို ထပ်လိုက်၏။ အားလုံးကို လက်ဖဝါးထဲတွင်ထည့်လိုက်၏။ ထို့နောက် အခြားသော လက်ဖဝါးတစ်ဖက်ဖြင့် ဖြောင်းခနဲနေအောင်ရိုက်လိုက်၏။ ပြီးနောက် လာသည့်လူများအား တစ်ယောက်ချင်းခေါ်ပြီး ကြေးပြားအင်းများကို တစ်ခုစီပေးလိုက်၏။

ထိုကြေးပြားများရရှိသည့်သူများသည် ထိုကြေးပြားများကို သေချာစွာပင် လှန်လျှောပြီးကြည့်၏။ အဘယ်ကြောင့်ဆိုသော် သူတို့ကို ကြေးပြားအလွတ်ကြီးပေးလိုက်သည်ဟု ထင်ကြသောကြောင့် ဖြစ်၏။ သို့သော် ကြေးပြားပေါ်တွင် အင်းများကို တွေ့လိုက်ရသောအခါတွင်မှ ကျေနပ်သဘောကျသွားကြ၏။ တစ်ဆက်တည်းပင် သူတို့၏ မျက်နှာအမူအရာသည် အလွန်ပင်အံ့ဩသည့်အသွင်ကိုလည်းဆောင်သွားလေ၏။

ထိုသို့ ကြေးပြားရရှိလာသူတိုင်း၏ ကြေးပြားများအားလုံးတွင် စီရင်ရေးဆွဲထားသည်ကို တွေ့ရသဖြင့် ပို၍အံ့ဩမကုန်ပြောမဆုံးအောင်ပင်ဖြစ်ကြရလေ၏။ မောင်ထွန်းမြိုင်သည် ကြေးပြားများအားလုံးကို လက်ဖြင့်ရေးဆွဲခြင်းမပြုဘဲ တစ်အင်းတည်းကိုသာဆွဲပြီး အခြားကြေးပြားများကိုထပ်ကာ လက်ဝါးဖြင့်ရိုက်လိုက်ရုံမျှဖြင့် ကျန်သောကြေးပြားများပေါ်တွင် တစ်ပုံစံတည်းသော အစီရင်ကိုဖြစ်စေသောကြောင့် ဖြစ်၏။ ထို့ကြောင့် ရွာသူရွာသားတို့သည် တစ်နေ့ထက်တစ်နေ့ မောင်ထွန်းမြိုင်၏ ပညာစွမ်းကို မျက်ဝါးထင်ထင်တွေ့မြင်လာရသဖြင့် မောင်ထွန်းမြိုင်အပေါ်တွင် ပို၍ပို၍ လေးစားလာသကဲ့သို့ သူ၏ပညာရပ်အပေါ်တွင် ပို၍ယုံကြည်လာခဲ့ကြ၏။

ထို့ကြောင့်လည်း မောင်ထွန်းမြိုင် စီရင်ပေးထားသော အဆောင်အင်းများကို တရိုတသေသိမ်းထားကြ၏။ နောင်နှစ်ပေါင်းများစွာကြာသော်လည်း သူတို့သည် ထိုအင်းများကိုဆောင်ထားကြ၏။ ထို့အပြင် သူတို့၏နှုတ်မှလည်း ထိုအင်းများစွမ်းကြောင်း မကြာခဏ ထုတ်ဖော်ပြောလေ့ရှိ၏။

ထိုကဲ့သို့ မောင်ထွန်းမြိုင်သည် သူ့ဇာတိရွာသို့ ရောက်ပြီးကတည်းက တစ်မျိုးပြီးတစ်မျိုး ပညာပြနေသဖြင့် အတူပါလာသော ရသေ့လေး စန္ဒသူရိယသည် ထိုသည်ကိုကြည့်ပြီး သူ့ကိုယ်သူအားမလိုအားမရဖြစ်ကာ မောင်ထွန်းမြိုင်ကိုလည်း အားကျနေလေ၏။ ထို့ကြောင့် သူ့တွင် အတွေးတစ်ခုသည် ဖြစ်ပေါ်လာလေတော့၏။

ထိုအတွေးကား -

"အင်း - ကိုထွန်းမြိုင်ကတော့ သူ့ရဲ့ဇာတိမြေမှာ သူ့အဆွေအမျိုးတွေကို တစ်မျိုးပြီးတစ်မျိုး ပညာတွေပြနေလိုက်တာ အောင်မြင်တာကလည်း ရာနှုန်းပြည့်ပဲ။ ငါလည်း သူနဲ့ပါလာတဲ့သူပဲ။ နောက်ပြီး ငါက သူ့ထက်တောင် လူဝတ်ကြောင်မဟုတ်ဘဲ ရသေ့ပါဝတ်ထားသေးတယ်။ ဒါကြောင့် ငါလည်း ဒီလူတွေ အံ့ဩသွားအောင် ပညာစွမ်းတစ်ခုတော့ပြမှဖြစ်မယ်"

ဟု စိတ်အကြံတစ်ခုဖြစ်လေ၏။

(ရှေ့လဆက်ဖတ်ရန်)

ပထမ်ဆေဦးအေးရွှေ

www.burmeseclassic.com

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့် နေ့ ၁-၇-၂၀၁၅ နံနက် (၈) နာရီခန့် ဖြစ်ပါသည်။ ကျွန်တော်သည် နံနက် (၆)နာရီခွဲလောက်ကပင် ခြောက်ထပ်ကြီးဘုရားတန်ဆောင်းအတွင်းသို့ရောက် ရှိခဲ့ပြီး မီးပူဇော်၊ တရားမှတ် စသည့် ပြုဖွယ်များကိုပြုပြီးနောက် တန်ဆောင်း အတွင်းရှိ ရှင်ဥပဂုတ္တမထေရ်မြတ်၏ ကျောင်းတော်သို့တက်ကာ မီးပူဇော်ပြီး ဝတ်ပြုလိုက်ပါသည်။

ထိုအခိုက် ကျွန်တော့်အနားသို့ အသက်(၅၀)ကျော်ခန့်အရွယ် လူနှစ်ဦး လာရောက်ဝတ်ပြုကြပါသည်။ ထိုအချိန် တွင် ကျောင်းတော်ပေါ်ဝယ် ကျွန်တော် တို့သုံးဦးသာရှိပါသည်။ ကျွန်တော်က မီးပူဇော်ဝတ်ပြုပြီး ခေတ္တနားနေပါသည်။ သူတို့လည်း ခေတ္တနားနေကြပါသည်။ ထိုစဉ် သူတို့နှစ်ယောက် ခပ်တိုးတိုးစကား ပြောကြပါသည်။ သူတို့ပြောသည့်စကား မှာ အလွန်မှတ်သားဖွယ်ကောင်းသဖြင့် ကျွန်တော်ချစ်သော စာဖတ်ပရိသတ် များအား ကြားမိသမျှ၊ မှတ်မိသမျှနှင့် ကျွန်တော်၏ အတွေ့အကြုံများကိုပါ ဖြည့်စွက်ပြီး အောက်ပါအတိုင်း ဖောက်သည်ချပါမည်။

ပထမလူ -

"ငါတို့ဆီ သေမင်းတမန်လေး ယောက်လွှတ်ထားတယ်ကွ"

ဒုတိယလူ -

"သေမင်းတမန်သုံးယောက်လို့ပဲ ကြားဖူးတယ်။ မင်းလက်ထက်ကျမှ ဘယ်ကတစ်ယောက်ထပ်တိုးလာသလဲ"

ပထမလူ -

"သုံးယောက်က တရားနဲ့ပတ်သက် တာကွ၊ ငါပြောမယ်"

ဒုတိယလူ -

"အင်း - စိတ်ဝင်စားစရာပဲ၊ ဆက် ပြောပါဦး"

ထိုအခါ ပထမလူက ကျွန်တော့် ကို အားနာဟန်ဖြင့် ကြည့်လိုက်ပါသည်။

ကျွန်တော်က-

"ပြောပါ ပြောပါ၊ ကျွန်တော်က ဒီအတိုင်း နားထောင်နေတာပါ။ ကျွန်တော်လည်း စိတ်ဝင်စားပါတယ်"

ဟု ပြန်ပြောလိုက်ပါသည်။

ထိုအခါကျမှ -

ပထမလူ -

"သေမင်းတမန်လေးယောက်က (၁) လျှာ၊ (၂) အချို၊ (၃) အငန်၊ (၄) ဆီတို့ပဲ။ လျှာက ခေါင်းဆောင်၊ ကျန် တာတွေက နောက်လိုက်"

ဒုတိယလူ -

"အင်း - စိတ်ဝင်စားစရာပဲ။ ဆက် စမ်းပါဦး"

ပထမလူ -

"အချိုဆိုတာက လူတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ဂလူးကို့(စ်)ဓာတ်ပဲ။ ဒါပေမယ့် လိုအပ်တာထက်ပိုသွားရင် ပိုတဲ့ပမာဏအလိုက် ဆီးချို၊ သွေးချိုစတဲ့ ရောဂါတွေနဲ့ သေတဲ့အထိ ဒုက္ခပေး တယ်။ လိုအပ်တာထက် ပိုစားဖို့ လျှာက အမြဲကြိုးပမ်းတယ်။ လျှာထူသွားတယ် ဆိုပြီး ပိုပြီးစားလာရတယ်။ အငန်ဆို တာလည်း လိုအပ်တဲ့ဓာတ်ပဲ။ သူချို့တဲ့ ရင် လည်ပင်းကြီးရောဂါ၊ အဆစ်မခိုင် ရောဂါ စတာတွေဖြစ်မယ်။ သူလည်း လိုအပ်တာထက်ပိုသွားရင် သွေးတိုး ရောဂါစတာတွေဖြစ်တယ်။ 'ဒီလူ သွေး တိုးရောဂါဖြစ်နေပြီနဲ့တူတယ်၊ အငန်တွေ

# ချောင်းဆုံအနန်းသွင်

## သေမင်းတမန်လေးယောက်



www.burmeseclassic.com

www.burmeseclassic.com

ပိုစားလာတယ်လို့ ပြောကြတယ်မဟုတ်လား။ အဲဒါ သွေးတိုးရောဂါပိုဆိုးပြီး ဒုက္ခများအောင် လျှာက အငန်ကိုပိုပြီးတောင်းဆိုလာတာ။ ဆီဆိုတာလည်း အသင့်အတင့် လိုအပ်တဲ့ဓာတ်ပဲ။ ဒါပေမယ့် အလွန်အကျွံစားရင်တော့ ဆိုးကျိုးကိုမိုးထိုးအောင်ပေးမှာ။ ဆီကောင်းဆီသန့်တွေကိုတောင် အလွန်အကျွံစားရင် အသည်းအဆီဖုံးရောဂါ၊ အဝလွန်ရောဂါ၊ ကင်ဆာရောဂါ စတာတွေဖြစ်နိုင်တယ်။ အခုလို အကြော်အဖန်လုပ်ထားတဲ့ဆီမျိုးတွေ စားရင်တော့ အတိုင်းမသိဆိုးတာပေါ့။ ဆီပါရင် လွှစာတောင် စားကောင်းတယ်ဆိုတဲ့စကားစဉ်ရှိတယ်။ အဲဒါ လျှာက ထားခဲ့တဲ့စကားစဉ်၊ လျှာက ဆီကိုရွှဲနစ်နေမှ ကြိုက်တယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဆိုတာ တဏှာ (၅) မျိုးမှာ ရသဆိုတဲ့အရသာတဏှာက အဆိုးဆုံး။ လျှာရဲ့စေခိုင်းချက်အရ လျှာပိုင်ရှင်ဟာ ရသတဏှာအတွက် အသက်ပါမကျန် အရာခပ်သိမ်းနဲ့လဲတယ်။ လျှာဟာ လျှာပိုင်ရှင်ရဲ့အကြီးဆုံး၊ အဆိုးဆုံးရန်သူပဲ။ သူ့ကို မထိန်းချုပ် မနှိမ်နင်းနိုင်ရင် အသက်တိုမယ်၊ ရောဂါထူပြောမယ်"

ဟု ဆိုပါသည်။

အလွန်အဖိုးတန်သောစကား ဖြစ်ပါသည်။

ကျွန်တော် အတွေ့အကြုံအရ သေမင်းတမန်တစ်ယောက်ထပ်တိုးချင်ပါသည်။ နောက်တိုးသေမင်းတမန်မှာ အစပ်ဖြစ်ပါသည်။ ကျွန်တော်သည် အရသာ (၆) ပါးတွင် စပ်သောအရသာကို အကြိုက်ဆုံးဖြစ်ပါသည်။ ငယ်စဉ်က မိဘများသည် ကျွန်တော့်အား အစပ်ကို လုံးဝမစားစေပါ။ ဘုန်းတော်ကြီးကျောင်းသားဘဝကျမှ အစပ်စားရပါသည်။ စားခါစတွင် ခပ်ရှိန်းရှိန်းကိုသာ စားနိုင်ပြီး လျှာကတဖြည်းဖြည်းတိုးတက်စားနိုင်လာရာ (၁၆) နှစ်သားလောက်တွင် ကုလားအော်ငရုတ်သီးတစ်လုံးတို့နိုင်သည်အထိ တိုးတက်လာပါသည်။

ကျွန်တော်သည် ဥတု (၃) ပါး စလုံးတွင် နံနက်အိပ်ရာကထတိုင်း ရေအေးတစ်ခွက်သောက်ပြီး ရေချိုးပါသည်။ ချမ်းလွန်းသော ဆောင်းအခါများတွင်လည်း ရေချိုးပါသည်။ ထို့ကြောင့် ဆောင်းအခါတွင် ဖြစ်လေ့ဖြစ်ထရှိသော အပူကန်နှုတ်ခမ်းကွဲပြီးအစပ်မစားနိုင်သည့်အဖြစ်မျိုး တစ်ခါမျှ မဖြစ်ခဲ့ပါ။ ထို့ကြောင့် ကျွန်တော်အစပ်စားသည့်ကာလမှာ သူတစ်ပါးထက်ပိုပါသည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်၌ တုပ်ကွေးဖျားအချို့ဖြစ်ကြရာ ကျွန်တော်လည်းဖြစ်ပါသည်။ 'ရှောက်သီးသုပ်ကို ငရုပ်သီးများများနဲ့ စားလိုက်ရင် တုပ်ကွေးပြေးရော' ဟု အသိတစ်ယောက်က ပြောသဖြင့် ကျွန်တော် ပွဲဈေးတန်းသွားပြီး ရှောက်သီးသုပ် ဝယ်စားပါသည်။ 'ငရုတ်သီးများများထည့်' ဟု ပြောသဖြင့် ရောင်းသူက ရဲနေအောင်ထည့်ပါသည်။ ငရုတ်ကောင်းဖြင့်ချက်ထားသောကြာဆံဟင်းခါးကိုလည်း သောက်ပါသည်။ ရှောက်သီးသုပ်လည်းကုန်၊ ဟင်းခါးလည်းကုန်၊ ကျွန်တော်လည်း ချွေးထွက်၊ နှပ်ထွက်ပြီးပြန်ခဲ့ပါသည်။ တုပ်ကွေးလည်းပြေးပါသည်။

သို့သော် -

တစ်ရေးနိုးတော့ ဆီးသွားချင်သဖြင့်သွားရာ ဆီးမထွက်နိုင်ဖြစ်နေပါသည်။ အတန်ကြာကြိုးစားတော့ ထွက်လာပါသည်။ ထွက်လာတော့ ဆီးမဟုတ်ဘဲ သွေးဖြစ်နေပါသည်။ နောက်တစ်ရေးနိုးတော့ ခါးလုံးဝလှည့်၍မရပါ။ ကျောက်ကပ်ထိသွားပါသည်။ အပြင်ဆေးခန်းဆရာဝန်နှင့် တစ်ပတ်ခန့်ကုကြည့်ရာ လုံးဝမသက်သာပါ။ ထိုဆရာဝန်၏အကြံပြုချက်ဖြင့် ရန်ကုန်ဆေးရုံကြီးသို့တက်ရောက်ကုသခဲ့ရာ (၃၃)ရက်ကြာပါသည်။ သက်သာရုံဖြင့် ဆေးရုံမှဆင်းပြီး နေရပ်ပြန်ကာ တိုင်းရင်းဆေးဖြင့် ကုသရာ တစ်နှစ်ခန့်ကုရပါသည်။ ထိုစဉ်အတွင်း လုံးဝအစပ်မစားပါ။ နောင်လည်း မစားရန် ဆုံးဖြတ်လိုက်ပါသည်။

အခြားသူများက အချဉ်တွေ့ရင် သွားရည်ကျသည်ဟု ဆိုပါသည်။ ငရုတ်သီးရှောင်ထားသော ကျွန်တော်က ငရုတ်သီးမြင်လျှင် သွားရည်ကျပါသည်။ လျှာက ထိန်းချုပ်မရပါ။ ရုန်းကန်နေပါသည်။ ဒီအထဲ 'အစပ်ဆိုတာ လုံးဝမစားရင်လည်း မကောင်းဘူး၊ ခန္ဓာကိုယ်အတွက် အသင့်အတင့် လိုအပ်တယ်။ ငရုတ်သီးအခြောက်ကသာ ဒုက္ခပေး၊ ငရုတ်သီးစိမ်းဆိုရင် ဒုက္ခမပေးဘူး။ မိုးမျှော်သီးဆိုရင် ဆေးဖက်တောင်ဝင်သေးတယ်' ဟု ပြောသူက ပြောကြပါသည်။ ကျွန်တော် သိပ်သဘောကျပါသည်။ မဟုတ်လျှင်လည်းယုံချင်ပါသည်။ ထို့ကြောင့် မိုးမျှော်သီးကို တစ်တောင့်စ၊ နှစ်တောင့်စပြန်စားရာက လျှာကတိုးပြီးတိုးပြီးတောင်းဆိုလာသဖြင့် တဖြည်းဖြည်းတိုးစားလိုက်ရာ နောက်ဆုံးတော့ ပုံမှန်ပြန်စားဖြစ်သွားပါသည်။ ဆီးကလည်း ဘာမှမဖြစ်တော့၊ စိတ်အေးလက်အေးစားရပါသည်။

သို့ဖြင့် နှစ်ကြာလာပြီး ၁၉၆၈ ခုနှစ်တွင် အစာအိမ်ရောဂါစဖြစ်ပါသည်။ မကြာခင်မှာပဲ ဆေးရုံရောက်ရပါသည်။ ဓာတ်မှန်ရိုက်ကြည့်တော့ အစာအိမ်မှာ အနာပေါက်နေသည်၊ ခွဲရမည်ဆိုပါသည်။ လူမမာလာကြည့်သူ မိတ်ဆွေတစ်ဦးက ကျွန်တော့်စကားနားထောင်လျှင် လုံးဝမခွဲရဘဲ ပျောက်ပါမည်။ အာမခံသည်ဟုဆိုပြီး သူ့အစီအစဉ်ကို ပြောပါသည်။ ကျွန်တော်က သဘောတူလက်ခံပြီး ဆေးရုံမှဆင်းလာပါသည်။

အစီအစဉ်ကတော့ ပထမ(၄)လ ဆန်ပြုတ်ကျဲကျဲ၊ ဒုတိယ(၄)လ ဆန်ပြုတ်မပြစ်မကျဲ၊ တတိယ(၄)လ ဆန်ပြုတ်ပျစ်ပျစ်သောက်ရပါသည်။ ဆီပါရုံထည့်ရသော ငါးပြုတ်ကြော်ကို စားရပါသည်။ တကယ်ပင် ပျောက်ပါသည်။ ပျောက်ပြီးနောက် အချဉ်၊ အစပ်မစားဖို့မှာပါသည်။ (၃) နှစ်လောက် ဆရာ့စကားကို တစ်သဝေမတိမ်း လိုက်နာခဲ့ပါသည်။ အချဉ်ကိုတော့ မကြိုက်၍မစားပါ။ အစပ်ကိုတော့ ရှေးနည်းအတိုင်း မိုးမျှော်သီးတစ်တောင့်ကစ ပြန်စားပါသည်။ လျှာ၏ တောင်းဆိုချက်ဖြင့် ထပ်ပြီးထပ်ပြီးစားလာပြန်သည်။ လျှာက ကျွန်တော့်ကိုသတ်ရန် အမြဲကြိုးပမ်းနေပါသည်။

အစာအိမ်ထလာလျှင် ဆန်ပြုတ်တစ်ပတ်၊ ဆယ်ရက်သောက်ပြီး ကုလိုက်ရာ ပြန်ပျောက်သွားပါသည်။ နောက်တော့ ဆန်ပြုတ်ကို တစ်လ၊ နှစ်လ သောက်ရသည့်အထိ ဖြစ်လာပါသည်။ ၂၀၀၁ ခုနှစ်တွင် ဆန်ပြုတ်သောက်၍ မပျောက်နိုင်သဖြင့် ဆရာဝန်ဆီရောက်ရပြန်သည်။ ဓာတ်မှန်ရိုက်ကြည့်တော့ အနာက ပိုကြီးလာပါသည်။ ဆေးထိုးဆေးသောက်ဖြင့်မခွဲရဘဲသက်သာသွားပါသည်။ သို့သော် ထမင်းလုံးဝမစားရဘဲ ပထမ ဆန်ပြုတ်၊ နောက်တော့ နို့နှင့်ဘီစကွတ်သာစားရသဖြင့် ငရုတ်သီးလုံးဝပြတ်သွားပါသည်။ ကံကောင်းထောက်မစွာဖြင့် လျှာကို အနိုင်ရလိုက်ပြီး ယခုအချိန်အထိ ထိုအစာဖြင့်ပင် အသက်ရှင်နေရပါသည်။

အသက်ရှည် ကျန်းမာလိုလျှင် လျှာကိုထိန်းချုပ်နိုင်ရပါမည်။

ချောင်းဆုံခုန်းသွင်

www.burmeseclassic.com



# အလောင်းမင်းတရားကြီးနှင့်ရန်ကြီးအောင်ပုတီးစိပ်နည်း

တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းလုံးညီညွတ်အောင် ပြန်လည်တည်ထောင်တော်မူခဲ့သဖြင့် မြန်မာ့ဦးစွန်းကို ဘုန်းမီးနေလတောက်ပအောင်ဆောင်ရွက်ခဲ့သော ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးကား အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဖြစ်ပါသည်။ မင်းတရားကြီးသည် အင်းဝမိုးညှင်းမင်း၏ညီတော်နှင့် ပြည်စုန်မင်းတို့၏အနွယ်ဖြစ်သည်။ အမျိုးဘာသာသာသနာကို ထွန်းကားတောက်ပြောင်အောင် ရွက်ဆောင်တော်မူခဲ့သော ရွှေချက်သိုစေတီတော် ဒါယကာအလောင်းမင်းတရားကြီးသည် သုနာပရန်၊ တမ္ပဒီပ၊ မြန်မာ့တိုင်းလုံး၊ ညီးချုံးပူပန်၊ ရန်မီးအပေါင်းတို့ကို ငြိမ်းလတ်စေပြီး ရတနာသီဟ၊ ရတနာသီခ၊ ရတနာသိယ်၊ နွတ္တတံဆိပ်၊ ခတ်နှိပ်မြေပေါ်၊ သောင်းလုံးကျော်သော မြို့တော်၊ နန်းတော်၊ ကျုံးတော်၊ ရွှေချက်သိုစေတီတော် စသော သီရိခုနစ်ဌာနကို သာသနာတော်နှစ် နှစ်ထောင့်နှစ်ရာကိုးဆယ့်ခုနစ်ခု၊ ကောဇာသက္ကရာဇ် တစ်ထောင့်တစ်ရာတစ်ဆယ့်ငါးခု ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့တွင် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူခဲ့ပါသည်။

**❑ အလောင်းမင်းတရားကြီး နိုင်ငံတော်ထူထောင်ခဲ့ပုံ**

အလောင်းမင်းတရားကြီးနန်းတက်တော်မမူမီအခါက မြန်မာတို့မြို့တော် အင်းဝပျက်၍ မွန်တို့က မြန်မာနိုင်ငံကို သိမ်းယူခဲ့သည်။ ဦးအောင်ဇေယျသည် တွေ့ရှမ်းနှင့်မွန်တို့၏လက်အောက်မခံဘဲ ရွှေဘိုမြို့ကို အခိုင်အမာပြုကာ ထန်းလုံးတပ်တည်၍နေ၏။ အလွန်ရဲစွမ်းသတ္တိရှိသော သစ္စာရှိသူရဲကောင်း(၆၈)ယောက်တို့ စုဆောင်းရွေးချယ်ကာ တပ်မတော်ကြီးဖွဲ့စည်း၍ မြန်မာနိုင်ငံတော်ကို ပြန်လည် ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။

မွန်တို့က ဦးအောင်ဇေယျအား သစ္စာခံရန် စေလွှတ်လိုက်ရာ ဦးအောင်ဇေယျက မတ္တရာကွေ့ရှမ်းတို့ကလည်း သစ္စာခံစေလွှတ်၍ နှစ်ဦးဖြစ်နေရာ သစ္စာခံရန်မဖြစ်နိုင်ကြောင်း ပြန်ကြားကာ မွန်တို့အပြန်တွင် လမ်းခရီးမှဖြတ်၍ တိုက်ခိုက်အောင်နိုင်ခဲ့ပြီးနောက် အကြိမ်ကြိမ် မွန်တို့ လာရောက် တိုက်ခိုက်သော်လည်း ဦးအောင်ဇေယျကသာအောင်နိုင်ခဲ့လေသည်။

မတ္တရာ ကွေ့ရှမ်း ခေါင်းဆောင် ဂုဏ္ဏအိန်၏ တိုက်ခိုက်မှုကိုလည်း အလောင်းမင်းတရားကြီးဦးအောင်ဇေယျကပင် နှိမ်နင်းနိုင်ခဲ့ပြီး ဂုဏ္ဏအိန်သည် တရုပ်ပြည်နယ်စပ်သို့ ပြေးဝင်သွားခဲ့ရလေသည်။

**❑ အလောင်းမင်းတရားကြီးနှင့် ခင်ဦးစား ငချစ်ညို**

ထိုအခါက မွန်တို့လက်အောက်ခံဖြစ်သော ခင်ဦးစား ငချစ်ညိုဆိုသူသည် သတ္တိဗျတ္တိနှင့်ပြည့်စုံသောလူစွမ်းကောင်းတစ်ယောက်ဖြစ်၍ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး၊ ဒိုင်းရေး၊ လွှားရေး၊ လေး၊ သေနတ် အပစ်အခတ်အစုံကျွမ်းကျင်သည့်အပြင် ဓား၊လှံ၊သေနတ်ကာယသိဒ္ဓိပြီးသူဖြစ်ကာ ရာလုံးထောင်လုံးကိုပင် စီးချင်းဝင်ထွက်နိုင်သည့်အစွမ်းရှိသူ ဖြစ်သည်။

ဤမျှ အစွမ်းရှိသော မြန်မာ့ယောကျ်ားကောင်းတစ်ယောက် ဖြစ်ပါလျက် တစ်ပါးသူလက်အောက်တွင်မနေသင့်ဟု အလောင်းမင်းတရားကြီးက စာကိုစေကာ စည်းရုံးခဲ့သည်။ ဤသည်ကို ငချစ်ညိုက လက်မခံ မထီမဲ့မြင်ပြုသောကြောင့် အကြိမ်ကြိမ်လူအများစေလွှတ်၍ ဖမ်းဆီးစေရာ ငချစ်ညိုက ပြင်းစွာပြန်လည်ခုခံသည့်အပြင် နောက်လိုက်နောက်ပါတို့နှင့် အလောင်းမင်းတရားတပ်အနီးအပါးရှိ ကျွဲ၊ နွားတို့ကိုပင် တိုက်ခိုက်ယူငင်သွားခဲ့လေသည်။

တစ်နေ့တွင် ငချစ်ညိုသည် အလောင်းမင်းတရား၏သူရဲကောင်းတစ်ဦးနှင့်တွေ့ရာ ငချစ်ညိုက -

"နင်တို့လူစွမ်းကောင်းဆိုသော် ငါနှင့်စီးချင်းတိုက်မည်။ သေနတ်သားတို့ ကြည့်၍နေကြစေ"

ဟု ဆိုရာ သဘောတူကြကာ အလောင်းမင်းတရားတပ်မှ မင်းကျော်ဗညားဘွဲ့ခံသူရဲကောင်းမြေတ်ထွန်းထွက်လာသည် ကို ခင်ဦးစား ငချစ်ညိုက -

"သင်းနှင့် ငါ တိုက်ဘက်မတန်။ ငါ့လှံသာသွေးစွန်းတော့မည်"

ဟု ဆိုလိုက်လေသည်။

ထို့နောက် မင်းလှရွှေတောင်ဘွဲ့ခံ မြေတ်ထွန်းထွက်လာပြန်သည့်အခါတွင်လည်း -

"ငထွန်းငယ်သည် ငါ့လက်အကြောင်း စဥ့်ကိုင်မှာနေစဥ်က သိပြီးဖြစ်သည်။ ငါနှင့်ဘက်မတန်"

ဟု ဆိုပြန်လေသည်။

သည့်နောက်တွင် ယင်းမာဗိုလ်၊ ယင်းမကန်ဗိုလ်တို့ အသီးသီး မြင်းနှင့်တိုက်မည်ဟု ထွက်လာပြန်သော်လည်း ဘက်မတန်ဟုပင်ဆိုပြီးနောက် သေနတ်ဝန် ကောင်းကို ထွက်လာစေလောဟု ဆိုလိုက်သည်။ သေနတ်ဝန်ထွက်လာလေမှ -

"ယခုမှ ယောကျ်ားကောင်းချင်း တွေ့ရတော့မည်"

ဆိုပြီးလျှင် မြင်းကိုကဆုန်စိုင်းကာ စီးလျက်ရပ်ကာ၊ ထိုင်ကာ၊ ခြေတစ်ဖက်ထောက်ကာ၊ ပက်လက်အိပ်ကာ မြင်းရေးအမျိုးမျိုးစီး၍ကစားပြလေသည်။

ထိုအခိုက် သေနတ်ဝန်က လှံဖြင့်ထိုးရန်ချိန်နေစဉ် ခင်ဦးစား ငချစ်ညိုက မြင်းရေးပြီး၍ လျင်မြန်စွာ လှံဖြင့်ပစ်လိုက်လေရာ သေနတ်ဝန်၏ မြင်းကကို လှံစွဲလေလျှင် သေနတ်ဝန်၏ရဲမက်တို့က သေနတ်နှင့်ပစ်ခတ်ရန် ပြင်ကြသည်ကို ငချစ်ညိုတွေ့၍ -

"သင်တို့စကားမတည်ချေ"

ဟု ဆိုကာ ထွက်ခွာသွားခဲ့လေသည်။

တစ်နေ့တွင် အလောင်းမင်းတရားကြီးတပ်တော်နှင့်တွေ့ကြုံရာ ငချစ်ညိုသည် တစ်ယောက်တည်း မြင်းဒုန်းစိုင်းကာ တပ်တော်တွင် ထွင်းဖောက်ဝင်ရောက်၍ သေနတ်သားတို့ကို လှံဖြင့်ထိုးလှတ်တိုက်ခိုက်ရာ တပ်တော်ဖရိုဖရဲဖြစ်ကာ သိမ့်သိမ့်တုန်၏။ ခင်ဦးစားငချစ်ညိုသည် အလောင်းမင်းတရားရှိရာသို့ မြင်းစိုင်းတိုက်ခိုက်မည်လာသည်ကို အလောင်းမင်းတရားတွေ့လေရာ လက်စွဲတော်ဓားကိုင်စွဲကိုင်လျက် -

"နင်လည်း ငချစ်ညို၊ ငါလည်း အလောင်းဘုရား။ ဝံ့လျှင် ချဉ်းကပ်လေလော့"

ဟု ဆိုလေရာ ငချစ်ညိုမချဉ်းကပ်ဘဲ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

နောက်ဆုံးတွင် ငချစ်ညိုသည် အလောင်းမင်းတရား၏တပ်တော်အားကို ရင်ဆိုင်ရန်မဝံ့တော့၍ ထွက်ပြေးကာ တိမ်းရှောင် ပုန်းအောင်းနေခဲ့ရာ မွန်



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်၏ညီ ဥပရာဇာတပ်သို့ ... ခဲ့ပြီးနောက် မွန်တလပန်းကတောင်း၍ သုတ်သင်ခြင်းခံခဲ့ရလေသည်။

## ❑ နယ်ပယ်စည်းလုံးသိမ်းယူခြင်း

အလောင်းမင်းတရားကြီးသည် ကွေ့ရှမ်းတို့ကို ရှေးဦးစွာ နှိမ်နင်းအောင်မြင်ပြီးသောအခါ ၁၁၁၅ ခုနှစ်တွင် ရတနာသိင်္ယ ကုန်းဘောင် ရွှေဘိုမြို့ကို တည်ပြီးနောက် အင်းဝကို မွန်တို့လက်မှ ပြန်လည် သိမ်းပိုက်တော်မူခဲ့ပါသည်။

ထို့နောက် ပြည်မြို့ကို ၁၁၁၆ ခုနှစ်တွင် သိမ်းယူရရှိတော်မူခဲ့ပါသည်။ ပြည်မြို့ကို သိမ်းယူရာတွင် အလောင်းမင်းတရားကြီးသည် တိုက်ခိုက်နည်းဗျူဟာသုံးရာတွင် အဝသုံးတောင်၊ အလျားလေးလံ၊ ငါးလံရှိသော ခြင်းလုံးများရက်ပြီးလျှင် ကောက်ရိုးများအပြည့်အသိပ်ထည့်၍လိမ့်ကာ နောက်မှ စစ်သည်တို့ ကွယ်ကာလိုက်ပြီး ရန်သူ့တပ်ရင်းကို ကပ်စေရာ ရန်သူပစ်ခတ်သော ပြောင်းသေနတ်ကိုမဖောက်ထွင်းနိုင်၍ဘေးကင်းစွာ ချဉ်းကပ်နိုင်ကြလေသည်။ မွန်တို့က တပ်ထိပ်မှမဆင်းဘဲ ခုခံသည်ကိုလည်း ယမ်းနှင့် ငရုတ်ရောနှော၍ ရှူမီး (၉) တောင်၊ (၁၀) တောင်ဖြစ်အောင်ရှို့လေလျှင် ထိုအငွေ့ဒဏ်မခံနိုင်ကြတော့ဘဲ ဆင်းပြေးကြသဖြင့် ထိုတပ်ပျက်ကာ မင်းတရားကြီး၏ တပ်တော်က အောင်မြင်စွာ သိမ်းယူနိုင်ခဲ့လေသည်။

ထိုသို့ အလောင်းမင်းတရားကြီး တပ်တော်မရောက်မီက ပြည်မြို့ကိုအုပ်စိုးလျက် မွန်တို့ကို ခုခံနေခဲ့သော မြန်မာသူရဲကောင်း အာကာရွှေတောင်ဆိုသူသည် အလွန်ရဲစွမ်းသတ္တိကောင်းလှသူဖြစ်သည်။ တစ်ခါတွင် သူသည် မွန်တို့ဝိုင်းရံပိတ်ဆို့ထားသည်ကို မြင်းစိုင်းစီးကာ ထွက်အတိုက်တွင် မွန်တို့ပစ်လိုက်သည့် အမြောက်ဆန်သင့်ကာ မြင်းပေါ်မှလွင့်စဉ်ကျသော်လည်း မသေဘဲထပြန်သည်ကို မွန်တို့ဝိုင်း၍ လက်ရဖမ်းဆီးပြီးသော် လက်နက်အမျိုးမျိုးဖြင့်သတ်သော်လည်း သတ်၍မသေနိုင်သောကြောင့် မြေတွင်တွင်းတူးကာ မြှုပ်နှံလိုက်ရသည်ဆိုသည်။

အလောင်းမင်းတရားကြီးကိုယ်တော်တိုင် အထက်ရှမ်းပြည်နယ်များကို ချီတက်သိမ်းယူခဲ့ပြီး ၁၇၅၄ ခုတွင် မွန်တို့ အင်းဝကိုပြန်လည်တိုက်ခိုက်သော်လည်း မရသည့်ပြင် အထက်အညာသို့ဆန်တက်သည့် မွန်လှေတပ်ကို မင်းတရားကြီးက ဂေဇက်မြောင်းမှနေ၍စီမံခန့်ခွဲတိုက်ခိုက် ... စုန်ပြေးခဲ့ရလေသည်။ ဤအခါတွင် ပုဂံ၊ ပုပ္ပား စသည့် တောင်ဘက်တစ်ခွင်ရှိသောမြို့များ မြန်မာတို့လက်အောက်ဝင်ရောက်လာကြရလေသည်။

ထို့နောက်တွင် အလောင်းမင်းတရားကြီးသည် အောက်ပြည်တစ်လွှားစုန်တော်မူခဲ့ပြီး လွန်ဆေးမြို့ရောက်ရာ မြန်အောင်ဟု သမုတ်၍ ခေတ္တစံတော်မူနေလေသည်။ ထိုအခါတွင် ဟင်္သာတ၊ မြောင်းမြ၊ ပုသိမ်၊ သာယာဝတီ၊ ဥက္ကံ၊ သုံးဆယ် စသောအောက်နယ်တစ်လွှားရှိမြို့များ လက်အောက်ခံလာကြလေသည်။ ထို့အတူ သံတွဲနှင့် တောင်ငူတို့လည်း လက်အောက်ခံဝင်ရောက်လာခဲ့ကြသည်။ မင်းတရားကြီး၏ဘုန်းလက်ရုံးကို ရိုသေခန့်ညားကာ ဟိုင်းကြီးကျွန်းရှိ အရှေ့အိန္ဒိယကုမ္ပဏီအမှုထမ်းအင်္ဂလိပ်လူမျိုးများသည် အဖူးအမြော်ရောက်ရှိလာကြသည်။

၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် ဒဂုံမြို့ကို အောင်မြင်ပြီးနောက် ရန်ကုန်ဟု သမုတ်ကာ အစောင့်တပ်ထားခဲ့ပြီး ရွှေဘိုမြို့သို့ပြန်ခဲ့စဉ် မွန်တို့ ရန်ကုန်ကို တိုက်ခိုက်လာပြန်သော်လည်း မအောင်မြင်ခဲ့ချေ။ မွန်တို့ဘက်မှ အင်္ဂလိပ်နှင့် ပြင်သစ်တို့ ကူညီတိုက်ခိုက်ခဲ့ကြသည်ဆိုသည်။

၁၇၅၆ ခု မိုးရာသီကုန်သည့်အခါ အလောင်းမင်းတရားကြီးသည် သန်လျင်မြို့ကို သိမ်းပိုက်ရာတွင် မွန်တို့ဘက်မှ ပြင်သစ်နှင့် ဥရောပတိုက်သားအချို့ ကူညီတိုက်ခိုက်သော်လည်း နောက်ဆုံးတွင် မြန်မာသူရဲကောင်း ကိုးကျိပ်သုံးယောက်ရွေးချယ်၍ ညဥ့်အခါတွင် မြို့တွင်းသို့ ရဲဝံ့စွန့်စားဝင်ရောက်တိုက်ခိုက်ခဲ့ရာ အောင်မြင်ခဲ့ပြီး သင်္ဘောသားများနှင့် သေနတ်အမြောက်များကို သိမ်းယူရရှိခဲ့သည်။ မြို့ကျပြီးမှ မွန်တို့ကို ကူညီရန်ရောက်လာသော ပြင်သစ်သင်္ဘောနှစ်စင်းလည်းသူလက်နက်ခဲယမ်းမီးကျောက်အပြည့်အစုံနှင့် မြန်မာတို့ သိမ်းပိုက်ရရှိခဲ့သည်။

ထို့နောက် အလောင်းမင်းတရားကြီးသည် ၁၇၅၇ ခုနှစ်တွင် ဟံသာဝတီမြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး ခေတ္တစံနေပြီးနောက် ရန်ကုန်မြို့သို့စုန်၍ ရွှေတိဂုံစေတီတော်တွင် ကောင်းမှုကုသိုလ်တော်များပြုတော်မူကာ ရွှေဘိုသို့ပြန်ခဲ့လေသည်။

သက္ကရာဇ် ၁၇၅၈ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် မဏိပူရ ... ပြည်သို့ ချင်းတွင်းမြစ်ကြောင်းမှ ချီတက်သိမ်းပိုက်တော်မူခဲ့ပြီး အေးချမ်းသာယာစေရန် စီမံခန့်ခွဲပေးတော်မူခဲ့ကာ မြန်မာတပ်တော်များချထားခဲ့ပြီး နေပြည်တော်သို့ ပြန်တော်မူခဲ့ပါသည်။

## ❑ သာသနာတော်သန့်ရှင်းရေးဆောင်ရွက်ချက်များ

အလောင်းမင်းတရားကြီးသည် နေပြည်တော်တွင် မဟာနန္ဒာကန်၊ မူးမြစ် စသည့်အရပ်ရပ်ဆည်မြောင်းတို့ကို ပြုစုတော်မူကာ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံတို့ကိုပြုစုတော်မူသည်။ မဟာဒဏ်ဝန်ခန့်ထား၍ သာသနာတော်သန့်ရှင်းစင်ကြယ်ရေးကို ဆောင်ရွက်တော်မူသည်။ သားထိုး၊ နွားသတ်၊ နတ်ကိုး၊ နတ်တင်၊ သေရည်သေရက်သောက်စားခြင်း စသည့် အလေ့အထတို့ကို ပိတ်ပင်တားမြစ်တော်မူခဲ့သည်။ တာဝန်လစ်ဟင်းမှုမရှိစေရန် သူခိုးခိုး၍ ဥစ္စာပျောက်လျှင် ပျောက်သည့်အရပ်မှ သူကြီးတို့က ဥစ္စာရှင်အားပေးလျော်ရသည်။

## ❑ အလောင်းမင်းတရားကြီးလက်ထက် စာဆိုပညာရှိများ

မင်းတရားကြီးလက်ထက်တော်တွင် စာဆိုတော်ပညာရှိပုဂ္ဂိုလ်များပေါ်ထွန်းခဲ့သည်။ မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့ ဆုံထားဆရာတော်သည် မနုရင်းဓမ္မသတ်ကို စီရင်ခဲ့သည်။ ထို့အပြင် စစ်သူကြီးအမတ်မဟာသီရိဥတ္တမဇေယျသည် မနုကျမ်းဓမ္မသတ်ကို စီရင်ခဲ့သည်။ စာဆိုအကျော်လက်ဝဲသုန္ဒရအမတ်ကြီးလည်း ထင်ရှားသောပညာရှိစာဆိုအဖြစ် ပေါ်ထွန်းခဲ့ပါသည်။

တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံး တည်ထောင်တော်မူခဲ့သော ဘုန်းကံကြီးမားမင်းဧကရာဇ်ကြီးတစ်ပါးဖြစ်သော အလောင်းမင်းတရားကြီးအား ဂုဏ်ပြုပူဇော်သောအားဖြင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက တို့မြန်မာဝတ်ရွတ်စဉ် စာအုပ်တွင် ဖော်ပြထားသည်ကို ကောက်နုတ်တင်ပြလိုပါသည်။

## ❑ အလောင်းမင်းတရားကြီး ဘုန်းတန်ခိုးတော်ကို ပူဇော်ကန်တော့ရန် ၁၀-ဂါထာ

၁။ သာသနေ ဟိ မဓာရက္ခေ၊
ကလိယုဂေ ဂရုပ္ပကေ။
မဟာဓမ္မရာဇာဓိပ၊
တိနောကာလေ မရမ္မကေ။

၂။ ရာမညဒေသိယဘယာ၊
နဌေတဒူပသံမ္မကော။
နရပတိဇေယသုရ၊

www.burmeseclassic.com

နွယဘူတော မဟာယသော။
၃။ သယံပဘာရဟိတာနံ၊
အာဒိကပ္ပိကဇန္တုနံ။
ရဝိစန္ဒလာဘောဝိယ၊
နိဗ္ဗုယသုခဒေါ၀တ။
၄။ ရတနာသိယံကာရောစ၊
စက္ကရဋ္ဌဟိတာဝဟော။
ဗုဒ္ဓင်္ကုရမဟာရာဇာ၊
ပါကဋ္ဌောသဗ္ဗမိသဒါ။
၅။ အဌဝဿနိသောဝတ္တ၊
သမ္ဘတ္တိမနုဘာဝိယ။
စင္ကာဝတ္တိ နိဗ္ဗိသေသံ၊
သုသဒ္ဓိတောဒိဝင်္ဂတော။ ။
(ဤကား မှန်နန်းရာဇဝင်လာ
ငါးဂါထာတည်း။)
၁။ ဇဝံ ဘိန္နေ တဒါကာလေ၊
ရတနာပူရ နာမကေ။
ရာမညာနံ အသန္တေန၊
ရဋ္ဌာနဥ္စ အခမ္မိကာ။
၂။ ဇနေသု အဝသေသေသု၊
ဝိသိဋ္ဌတ္တာ တဒုတ္တရေ။
အဂ္ဂပတ္တောစ ဧကောဝ၊
သဗ္ဗရဋ္ဌ ဘိဘူဘဝေ။
၃။ သာသနဿစ ရဋ္ဌဿ၊
ကတ္တာ ဝေရ ပဒူဒနံ။
ပုမရာဇာဝ ဂါမိန္ဓော၊
ဘောရီစက္က မာပဟိန္ဓတိ။
၄။ ဘိက္ခုနာနာနိကာယေစ၊
အခမ္မိကေ ဝိနောဒယ။
ဒုပ္ပဋိ ပတ္တိယောပဋိ၊
ဧကံ အကာသိသာသနံ။
(ဤကား ဝံသမာလာကျမ်းလာ
လေးဂါထာတည်း။)

**ဉ ရွှေချက်သိုဘုရားရှိခိုးနှင့်ပထာမပြုပါ**

ဝိနဋ္ဌသာသနုက္ကာရော၊
အနာထာနံ သုနာထရော။
မံဝံသရက္ခတောယောတံ၊
သုပူရမာပကောနမေ။
(ဤကား မင်းရှပ်တုရှိခိုးဂါထာ
တည်း။)

**ဟိ** - ချဲ့၍အထူးရှိခိုးဦးအံ့။ **သာသနေ** - သာသနာတော်မြတ်သည်၊ **ပဏရကွေ** - ၂၂၉၅ နှစ်ရှိလတ်သော်၊ **ကလိယုဂေ** - ကလိယုဂ် အဝင်အပါ ကောဇာသက္ကရာဇ်သည်၊ **ဂဋ္ဌပ္ပကေ** - ၁၁၁၃ ခုနှစ်သို့ ရောက်သောအခါ၊ **မဟာဓမ္မရာဇာဓိနော** - မဟာဓမ္မရာဇာ ဓိပတိ အမည်ရှိသောမင်း၏၊ **ကာလေ** - လက်ထက်၌၊ **မရမ္မကေ** - မြန်မာပြည် အလုံးသည်. . . ။

**ရာမညဒေသိယာဘယာ** - ရာမည တိုင်း မွန်သူပုန်တို့ဘေးကြောင့်၊ **နဋ္ဌေ** - ပျက်စီးတိမ်းယိမ်းခဲ့သည်ရှိသော်၊ **တဒုပ သမ္မကော** - ထိုရာမညတိုင်း မွန်သူပုန်တို့ ဘေးကို အကြွင်းမဲ့ ပြေပျောက် ငြိမ်းချမ်း အောင်ပြုနိုင်သော နရပတိဇေယျသုရ နွယဘူတော ပုဂံနရပတိစည်သူမင်းကြီး ၏အဆက်အနွယ်တော်အစစ်ဖြစ်သော၊ **မဟာယသော** - များသောအခြံအရံရှိ သော မင်းတရားကြီးသည်. . . ။

**သယံပဘာရဟိတာနံ** - မိမိတို့ အရောင်အဝါကွယ်လေကုန်သော၊ **အာဒိ ကပ္ပိကဇန္တုနံ**- ကမ္ဘာဦးသူတို့အား၊ **ရဝိ စန္ဒလာဘောဝိယ** - လနေအရောင်အဝါ အလင်းကိုရခြင်းကဲ့သို့၊ **နိဗ္ဗုယသုခဒေါ**- ဘေးကင်းခြင်းချမ်းသာခြင်းကိုပေးတော် မူတတ်၏။

**ရတနာသိယံကာရောစ** - ရတနာ သိယံမည်သော ကုန်းဘောင်ပြည်ကြီးကို လည်း တည်ထောင်ပြုစုတော်မူ၏။ **စက္ကရဋ္ဌဟိတာဝဟော** - သာသနာတော် မြတ်စီးပွား၊ တိုင်းပြည်စီးပွားဟူသော ပြည်ကြီးဝန်ကိုလည်း ရွက်ဆောင်တော် မူ၏။ **ဗုဒ္ဓင်္ကုရမဟာရာဇာ** - အလောင်း မင်းတရားကြီးဟူ၍၊ **သဗ္ဗမိ** - ခပ်သိမ်း သောတိုင်းနိုင်ငံ၌၊ **သဒါ** - အခါခပ်သိမ်း၊ **ပါကဋ္ဌော**- ကျော်စောထင်ရှားတော်မူ၏။

**သောမဟာရာဇာ**- ထိုအလောင်း မင်းတရားကြီးသည်၊ **တတ္ထ** - ထိုရတနာ သိယံမည်သော ကုန်းဘောင်ပြည်ကြီး၌၊ **စက္ကဝတ္တိ နိဗ္ဗိသေသံ**- စကြာမင်းစည်းစိမ် နှင့်မထူးသော၊ **သမ္ဘတ္တိ** - မင်းစည်းစိမ်ကို၊ **အဋ္ဌဝဿာနိ** - ရှစ်နှစ်တို့ပတ်လုံး၊ **အနု ဘာဝိယ** - ခံစားတော်မူ၍၊ **သုသဒ္ဓိတော**- ကုသိုလ်ကောင်းမှုအပေါင်းကို ကောင်း စွာ ဆည်းပူးတော်မူပြီးသော်၊ **ဒိဝင်္ဂတော**- နတ်ရွာလားတော်မူလေပြီ။

**ဇဝံယထာဝုတ္တနယေန** - အကြင် အကြင်ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ **တဒါ ကာလေ** - ထိုသို့ သာသနာတော်၌၊ ဘေးရန်များစွာရှိသောအခါ၊ **ရာမညာနံ**- ရာမညတိုင်း မွန်သူပုန်တို့၏၊ **အသန္တေန**- ကျေးဇူးသစ္စာကို မစောင့်စည်းခြင်း ကြောင့် လည်းကောင်း၊ **ရဋ္ဌာနံရဋ္ဌိကာနံ**- ငါတို့မြန်မာပြည်၌ဖြစ်ကုန်သောတိုင်းသူ ပြည်သားတို့၏၊ **အခမ္မိကာ အခမ္မိကတ္တာ**- တရားကို မစောင့်စည်းခြင်းကြောင့် လည်းကောင်း၊ **ရတနာပူရနာမကေ** - ရတနာပူရအမည်ရှိသောပြည်ကြီးသည်၊ **ဘိန္နေ** - ပျက်ခဲ့သည်ရှိသော်။

**အဝသေသု** - မွန်ဖျက်၍ကြွင်းကျန် သော၊ **ဇနေသု** - လူအပေါင်းတို့တွင်၊ **ဝိသိဋ္ဌတ္တာ** - ဘုန်းကံပါရမီထူးတော်မူ သည့်အဖြစ်ကြောင့်၊ **တဒုတ္တရေ** - ထို အင်းဝပြည်ကြီး၏ မြောက်၌ဖြစ်သော၊ **ဌာနေ** - မုဆိုးဘို ဟူသောအရပ်၌၊ **သောရာဇာ**-ထိုအလောင်းမင်းတရားကြီး သည်၊ **ဧကောဝ အသဟီသောဝ** - တုဘက် ပြိုင်ဘက်မရှိသည်သာလျှင်၊ **ဟုတ္တာ** - ဖြစ်၍၊ **အဂ္ဂပတ္တောဝအဂ္ဂပတ္တောဇဝ** - အထွတ်အမြတ်သို့ ရောက်သည်ဖြစ်၍ သာလျှင်၊ **သဗ္ဗရဋ္ဌ** - သုနာပရန္တတိုင်း၊ တမ္ပဒီပတိုင်း၊ ကမ္ဘောဇတိုင်း၊ ဟရိဘုဥ္စ တိုင်း၊ ရာမညတိုင်း အစရှိသော တိုင်း အပေါင်းကို၊ **မဟာတေဇာနုဘာဝေန** - နိုင်ငံအလုံးပြည့်လုံးကုန်အောင် တစ်ဟုန် တည်း တောက်စိမ့်ဟူ၍ ကြိမ်းဝါးတော် မူအပ်သော ကြီးမားလှစွာသော ဘုန်း တော် တန်ခိုးတော် အာနုဘော်တော် အားဖြင့်၊ **အဘိဘူ** - လွှမ်းမိုးတော်မူနိုင် သည်၊ **ဘဝေ** - ဖြစ်၏။

**ဂါမိန္ဒော** - ရှေးဦးစွာက ရွာကိုအစိုး တရစီရင်ရ၍ ရွာအစီရင်လည်းဖြစ်ထ သော၊ **ပုမရာဇာဝ** - နံတော်အရင်း၊ ပူး မင်းထင်းရှား မင်းတရားသည်သာလျှင်၊ **သာသနဿစ** - သာသနာတော်၏လည်း ကောင်း၊ **ရဋ္ဌဿစ** - တိုင်းပြည်၏လည်း ကောင်း၊ **ဝေရပဒူဒနံ**-ရန်ကိုပယ်ဖျောက် ခြင်းကို၊ **ကတ္တာ** - ပြု၍၊ **ဘောရီစက္ကံ** - အာဏာစက်တော် တည်းဟူသော စည် ကြီးကို၊ **အာပဟိန္ဓတိ**-ပြည်လုံးသိမ့်အောင် တခြိမ့်ခြိမ့်တီးတော်မူစေ၏။

**ဒုပ္ပဋိပတ္တိယော** - မကောင်းသော အကျင့်ကိုကျင့်ကုန်ထသော၊ **အပဋိပတ္တိ ယော** - ကျင့်အပ်သော ပဋိပတ္တိသီလမရှိ ကုန်ထသော၊ **အခမ္မိကေ** - တရားနှင့် မလျော်ကုန်ထသော၊ **ဘိက္ခူ** - အသမက သကျပုတ္တိယပါပဘိက္ခု ဖြစ်ကုန်သော ရဟန်းယုတ်တို့ကို၊ **ဝိနောဒယ** - ဖျောက် တော်မူ၍၊ **နာနာနိကာယေ** - မင်းအဆက် ဆက် ကံကြီးဂံငယ်ကွဲပြားကုန်သော၊ အထူးထူးသော ဂိုဏ်းအပေါင်းတို့ကို၊ **သမ္ဘိန္နဂိုဏ္ဍာသမ္ဘိန္နာပေတွာ** - တစ်ပေါင်း တည်း တစ်ချက်တည်းပေါင်းစေ၍၊ **သာ သနံ** - သာသနာတော်ကို၊ **ဧကံဧကနိကာ ယံဧဝ** - တစ်ဂိုဏ်းတည်းကိုသာလျှင်၊ **အကာသိ** - ပြုတော်မူ၏။

**ဝိနဋ္ဌသာသနုက္ကာရော** - မွန်သူပုန် တို့ကြောင့် ပျက်စီးညှိုးနွမ်းသော သာသနာတော်ကို ကောင်းစွာပြုစုတော် မူထသော၊ **အနာထာနံ** - ကိုးကွယ်ရာမဲ့ ကုန်သော တိုင်းသူပြည်သား လူအများ တို့၏၊ **သုနာထတော**- လွန်စွာကိုးကွယ် ရာဖြစ်ထသော၊ **မံဝရက္ခတော**- ငါ၏ အနွယ်ကို စောင့်တတ်ထသော၊ **သုပူရ**



www.burmeseclassic.com

www.burmeseclassic.com

**မာပကော** - သိကြားမင်း၏ အာယုရှည်ပုံရ ပြည်ကြီးနှင့်တူစွာ ရတနာသိယ် ကုန်းဘောင် နေပြည်တော်ကြီးကို ဖန်ဆင်းတည်ထောင်တော်မူထသော၊ **ယောရာဇာ** - အကြွင်ဘဝရှင်အလောင်း မင်းတရားကြီးသည်၊ **အတ္တိ-ရှိတော်မူ၏၊** **တံ** - ထိုရတနာသိယ်ကုန်းဘောင်မြို့ တည်နန်းတည် (အာဇာနည်သမ္မတ) ဘဝရှင် အလောင်းမင်းတရားကြီးကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမေနမာမိ** - ရှိခိုးပါ၏။

အင်းဝပြည်ကြီး ပျက်စီးသော အခါ ရတနာသိယ်၊ ကုန်းဘောင်၊ ရန်ကြီးအောင်၊ မုဆိုးဘိုမှ နေမင်းတစ်ဆူအလား အမျိုးဘာသာသာသနာတော်ကို စောင့်ရှောက်လျက် တတိယမြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့သောအကြောင်းအရာကို မစ္စတာမောင်းမိုင်းမှာတော်ပုံ ဒုတိယတွဲ၌ ဖော်ပြထားပါသည်။

ထို့ပြင် အလောင်းမင်းတရားကြီးနှင့်စပ်လျဉ်း၍ မုဆိုးဘိုရွာအစီအရင် ဦးအောင်ဇေယျ၏ဘွဲ့အမည်မှာ ဗလနန္ဒကျော်စွာမည်ကြောင်းနှင့် အလောင်းမင်းတရားဆရာတော် အတုလသာသနာပိုင် စီရင်တော်မူသည့် ကုန်းဘောင်သမိုင်းတွင် ပါရှိ၏ ဟူ၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ မြန်မာဝတ်ရွတ်စဉ်၌ ဖော်ပြထားပါသည်။

ဘုန်းကံကြီးမား ထင်ရှားလှသော တတိယမြန်မာနိုင်ငံတော်ကြီးကိုစည်းလုံးတည်ထောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် အလောင်းမင်းတရားကြီး၏နေ့စဉ်မပြတ်ရွတ်ပွားသရဏဂုဏ်ယံတော်မူခဲ့သောရန်ကြီးအောင်ပုတီးစိပ်နည်းကို ဖော်ထုတ်တင်ပြလိုပါသည်။

အလောင်းမင်းတရားကြီးသည် သက္ကရာဇ် ၁၁၁၅ ခုနှစ်၌ မင်းအဖြစ်ရောက်ရှိတော်မူခဲ့ရာတွင် အလွယ်တကူရောက်ရှိခဲ့ခြင်းမဟုတ်ဘဲ ယောကျ်ားကောင်းအာဇာနည်တို့၌ လုံ့လ၊ ဝီရိယ၊ ဖွဲ့၊ သတ္တိ၊ လက်ရုံးရည်၊ နှလုံးရည်တို့ ထက်မြက်လှသော စွမ်းပကားဖြင့် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ မင်းတရားကြီးသည် ဟံသာဝတီမွန်တို့၏ရန်ကို ဖယ်ရှားအားထုတ်ခဲ့ရရုံသာမက မန္တလေးမြောက်ဘက်တစ်လွှား ကြီးစိုးနေသော ကွေ့ရှမ်းတို့၏ ကြီးမားသောအင်အားကိုလည်း ချေမှုန်းနှိမ်နင်းခဲ့ရပါသည်။

ဤသို့ ကြီးမားသော လုံ့လ၊ ဖွဲ့ သတ္တိဖြင့် တိုက်ပွဲပေါင်းများစွာတိုက်ခိုက်ခဲ့ရ၌ အသီးသီးတိုင်းတွင် အောင်ပွဲချည်းရရှိခဲ့သည်မှာ အလောင်းမင်းတရားကြီးသည် နေ့စဉ် [illegible] တိုင်း ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ကိုးပါးသောဂုဏ်တော်တို့တွင် အရဟံဂုဏ်တော်ကို လေးမြတ်စွာဖြင့် သောဘဂဝါကွတိပိ အရဟံဟူ၍ အမြဲပုတီးစိပ်သောကြောင့် ဖြစ်ကြောင်း ရှေးဟောင်းရာဇဝင်ချုပ်များနှင့် မှတ်တမ်းများ၌ အမှာအထား လာရှိကြောင်း နန်းစဉ်သုံး ဂါထာမန္တန်ကျမ်း၌ တွေ့ရှိရပါသည်။

ဤပုတီးစိပ်သည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ဝိသေသတစ်ပါးဖြစ်၍ ဘုန်းကံကျက်သရေကြီးမားစေနိုင်သော အကျိုးတရားရှိ၍ အလောင်းမင်းတရားကြီးသည် ဘုန်းကံအာဏာစက်တော် ထက်လှကြောင်း သိသာလှပါသည်။ (ဗားမဲ့ဆရာတော်ကြီးက မဟာဓမ္မရာဇာမင်းကြီးအား သဗ္ဗသိဒ္ဓိဂုဏ်တော် ပုတီးစိပ်နည်းကို ချီးမြှင့်ခဲ့ဖူးပါသည်။ သုံးလောက၏ အတုမဲ့ထွတ်ထား မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ဖြစ်၍ အတိုင်းမသိအကျိုးတရားရရှိစေမည်ကို လေးနက်စွာ ယုံကြည်ထိုက်လှပါသည်။) အရဟံဂုဏ်တော်ဖွင့်ဆိုချက် ငါးချက်ကို ပူဇော်ရန် ဖြစ်ပါသည်။

ဂုဏ်တော်ပုတီးစိပ်နည်းမှာ ဤသို့ ဖြစ်ပါသည်။

ဘုန်းကျက်သရေတိုးတက်စေလိုလျှင် -

□ သောဘဂဝါ ကွတိပိ အရဟံ။ ။

၁။ **သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **ကွတိပိ ကွမိနာစဂ္ဂာရထောန** - ဝါသနာဘာဂီ စသိမကျန် ထွေးအံပယ်ခွာ၊ ကိလေသာမှ လွန်စွာဝေးတော်မူသော အကြောင်းကြောင့်လည်း၊ **အရဟံ**- အရဟ မည်တော်မူ၏။

၂။ **ကွတိပိ ကွမိနာစကာရထောန** - ရာဂမြူတိမ် ရန်သူရိန်ကို ဇိဝိန်ခြွေဖြတ်အရဟတ်ဖြင့်အကြွင်းမဲ့သတ်တော်မူတတ်သော အကြောင်းကြောင့်လည်း၊ **အရဟံ** - အရဟ မည်တော်မူ၏။

၃။ **ကွတိပိ ကွမိနာစကာရထောန** - ကပ္ပာပျက်နီး သံဝဋ္ဋမီးကြောင့် မြေကြီးမြင်းမိုရ်ယုဂန္ဓိုရ်တောင်ယံ အသကံပဗ္ဗတ အခိုးဖြာ၍ ဖွဲ့ပြာကျသကဲ့သို့ ဒသကန်-ကွက် သံသရာစက်ကို ပယ်ဖျက်တော်မူသော အကြောင်းကြောင့်လည်း၊ **အရဟံ**- အရဟမည်တော်မူ၏။

၄။ **ကွတိပိ ကွမိနာစကာရထောန** - ဒေဝိန္ဒာနှင့် ဗြဟ္မာသိကြားမင်းလေးပါးတို့ မြတ်ဖျားဒါန တာမလွန်လောက နောင်ဘဝကို ယုံကြည်စွာ သဒ္ဓါ၍ လှူအပ်သော ဝတ္ထုပရိက္ခံကို ခံယူတော်မူထိုက်သော အကြောင်းကြောင့်လည်း၊ **အရဟံ**- အရဟမည်တော်မူ၏။

၅။ **ကွတိပိ ကွမိနာစကာရထောန** - စိန္တာ သုတအတ္တဝဋ္ဋိဘာလေးဖြာ ကဝိန် စိန်ဇမ္ဗူရစ် ပတ္တမြားမစစ်ကျောက်စရစ်အသွင် ငါပညာရှိဟု မှတ်ထင်သော ဗာလကဲ့သို့ ဆိတ်ကွယ်ရာဌာန၌ ပါပညစ်ကျူးမကောင်းမှုကိုမြူဆော်မူလေ့မရှိသော အကြောင်းကြောင့်လည်း၊ **အရဟံ** - အရဟ မည်တော်မူ၏။

(ဤအရဟံ ဂုဏ်တော်အနက်ဖွင့်ဆိုချက် ငါးချက်မှာ အရှင်ဇောတသလ္လ၏ အခြေခံသာသနာရေး ကျမ်းစာအုပ်မှ ကောက်နုတ်ပူဇော်ထားခြင်းဖြစ်ပါသည်)

စာရှုသူများ ဘုန်းကံကြီးမားမင်းဧကရာဇ်တစ်ပါးဖြစ်သော အလောင်းမင်းတရားကြီးဦးအောင်ဇေယျရွတ်ပွားခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသခင်၏အရဟံဂုဏ်တော်ကို လေးမြတ်ကြည်ညိုရွတ်ပွားနှလုံးသွင်း ပူဇော်အားခြင်းဖြင့် ဘုန်းကျက်သရေ တက်နေပမာ ထွန်းလင်းဖြာလျက် လောကီ၊ လောကုတ္တရာ၊ ပစ္စုပ္ပန် သံသရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်း ခညောင်းပြည့်စုံနိုင်ကြပါစေသောဝ်။

*သဒ္ဒိသံပါကံဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး** -

၁။ သုဿောဘိတမဟာရာဇဝင်ကြီး (စတုတ္ထတွဲ)
ရတနာသိယ် ဒုတိယမဟာရာဇဝင်ကြီး

၂။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း အမျိုးသား ပညာဝန် ဦးဖိုးကျားရေးသည်

၃။ မြန်မာရာဇဝင်မှတ်စု စီစဉ်သူ ဦးလှိုင်ဟုတ် ဘီအေ ဒီတီ ကျောင်းဆရာကြီး၊

၄။ အခြေခံသာသနာရေး အရှင်ဇောတသလ္လ

၅။ ဗားမဲ့ဆရာတော်ဘုရားကြီး၏ မဟာသိဒ္ဓိကျမ်းရင်းကြီး

၆။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့မြန်မာဝတ်ရွတ်စဉ်

၇။ နန်းစဉ်သုံးဂါထာမန္တန်ကျမ်း ဆရာဦးမင်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ရခိုင်မဟာမုနိလေးဆူအပါအဝင်
# ရှေ့ဝေသာလီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့ရှိ
# မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး

ရွှေချိုအောင်(ပေလဲ)

မြန်မာပြည်အနှံ့ ဘုရားဖူးသူများ၏ ခရီးစဉ်တစ်လျှောက်တွင် ဇလွန်ပြည်တော်ပြန် မာရ်အောင်မြင်ဘုရားဖူး ခရီးစဉ်အကြောင်း ကြည်ညိုဖွယ်ရာ သတင်းကောင်းကို ကြားသိရပါသည်။ ဝန်းသတင်းလေညင်းဆောင်ဆိုသကဲ့သို့ ဝင် ဇလွန်မြို့မာန်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးအကြောင်း မြန်မာပြည်အနှံ့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က သိရှိကြပါသည်။


ဇလွန်မြို့ ပြည်တော်ပြန် မာရ်အောင်မြင် ရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာ့ရှေးအကျဆုံး၊ ပထမဦးဆုံး မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အမှူးပြုသွန်းလောင်းတော်မူသည့် ရခိုင်ပြည်မဟာမုနိလေးဆူတွင် တစ်ဆူအပါအဝင် ဖြစ်ပါသည်။ မုနိလေးဆူသွန်းလောင်းရာတွင်လည်း စတုတ္ထမြောက် နောက်ဆုံးသွန်းလောင်းခဲ့သည့် ဉာဏ်တော်အငယ်ဆုံး ဆင်းတုတော်တစ်ဆူလည်းဖြစ်ပါသည်။ ဉာဏ်တော်ငယ်ပင်ငယ်ငြားသော်လည်း ဘုရားတန်ခိုးတော်မှာ အံ့ဩဖွယ်ရာ ကြီးမားလှပေသည်။ ရခိုင်မဟာမုနိဘုရားကြီးနှင့်အတူသွန်းလုပ်ခဲ့ပြီးနောက် မူလဘွဲ့တော်မှာ မာန်အောင်မြင်မုနိဘွဲ့မည်တော်ဖြစ်သည်။နယ်ချဲ့အင်္ဂလိပ်တို့ ၁၈၈၅ခုနှစ်တွင် မြန်မာပြည်အောက်ပိုင်းကိုသိမ်းယူခဲ့ပြီးနောက် အခြားသော ကြေးသွန်းရုပ်တုများနှင့်အတူ အိန္ဒိယနိုင်ငံသို့ ယူဆောင်သွားခြင်းကိုခံခဲ့ရပြီး ကြေးရုပ်တုတော်များကို အမြောက်ကျည်ဆန်နှင့် ဒင်္ဂါးများသွန်းလုပ်ရန် အရည်ကျိုခဲ့ကြသည်။ သို့ရာတွင် ရတနာကိုးပါးဖြင့် သွန်းလုပ်တော်မူထားသည့် မဟာမုနိအနွယ်တော် မာန်အောင်မြင်ဘုရားမှာ အရည်မပျော်သည့်အပြင် ဘေး



ရွှေသင်္ကန်းကပ်လှူပူဇော်ကြစဉ်



မာန်အောင်မြင်ပြည်တော်ပြန်ဘုရား




တံခွန်တိုင်နှင့်ဂန္ဓကုဋီတော်



www.burmeseclassic.com


www.burmeseclassic.com



စေတီတော်နှင့်ဂန္ဓကုဋိ


မာရ်အောင်မြင်ပြည်တော်ပြန်ဘုရား

အန္တရာယ်ဆိုးများ ကျရောက်ကြသဖြင့် အင်္ဂလိပ်တို့သည် စိုးရိမ်ထိတ်လန့်စွာဖြင့် မြန်မာပြည်သို့ပြန်ပို့ခဲ့ရ၏။ ဤသည်ကို အကြောင်းပြု၍ 'မာန်အောင်မြင်ပြည်တော်ပြန်ဘုရား' ဟု ဘွဲ့မည်တော်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

ဇလွန်မြို့ မာန်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏မူလဘူတဒေသမှာ ရခိုင်ပြည်ပင် ဖြစ်သည်။ ရခိုင်ပြည် စန္ဒသူရိယဘုရင်မင်းမြတ်လက်ထက်က သီရိဂုတ် အမည်ရှိသော တောင်ကုန်းထက်တွင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ရင်ငွေ့တော် (၇) ဆုပ်ပေးသွင်း၍ သွန်းလောင်းတော်မူခဲ့လေသည်။ ထို့ပြင် ရှင်ကျော်မုနိ၊ ရွှေဘုံသာမုနိနှင့် မာန်အောင်မြင်မုနိ စသည့် ဆင်းတုတော်လေးဆူကိုလည်း သွန်းလောင်းတော်မူခဲ့သည်။ သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားသခင်၏ မာန်ငါးပါးကို အောင်မြင်တော်မူသော အတိတ်ကိုဆောင်ကာ မာန်အောင်မြင်


တံခွန်တိုင်


ဂန္ဓကုဋိနှင့်စေတီတော်

www.burmeseclassic.com




ရွှေစလွယ်မတင်ဆင်မီ မူလပုံ



ပြည်တော်ပြန်ဘုရားကြီး





မာန်အောင်မြင်ပြည်တော်ပြန်ဘုရား


ဟု ဘွဲ့မည်တော်ပေးခဲ့ခြင်း ဖြစ်သည်။ မာန်အောင်မြင်ဆင်းတုတော်၏ ဉာဏ်တော်မှာ စမ္ဗခဏ်မပါရှိဘဲ နှစ်တောင်နှင့်ဆယ်လက်မရှိပြီး အလေးချိန်အားဖြင့် (၆၆၆) ပိဿာနှင့် (၆) ကျပ် သားရှိလေသည်။

ယခု ကျောက်တော်မြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် မုနိသုံးဆူတိန်းဝပ် စံပယ်တော်မူခဲ့ရာ ဘုံနန်းပြာသာဒ်သိမ်တော်ကြီးတည်ရှိရာ တောင်ကုန်းမြေမှာ ဖြူစင်သောငွေအဆင်းကဲ့သို့ လက်ယာရစ် ခရုသင်းသဏ္ဌာန်နှင့် တူညီလှသဖြင့် သီရိဂုတ်တောင်ဟုခေါ် ဆိုကြကုန်လေသည်။ ထို့အပြင် မြတ်သောကျေးဇူးတော်ရှိသော တောင်ဖြစ်ခြင်းကြောင့်လည်း 'အဂ္ဂညုတောင်'ဟုလည်း ခေါ်ကြပြန်လေသည်။ ထိုမျှသာမက ခြင်္သေ့မင်းသည် သားရဲတိရစ္ဆာန်တို့ကို တိန်းဟောက်ကာအုပ်ဖမ်းနေဟန်ရှိသောကြောင့် 'သီဟရာဇတောင်' ဟုလည်း ခေါ် ဆိုကြပြန်လေ၏။ မိခင်ဝက်မကြီး၏



www.burmeseclassic.com

www.burmeseclassic.com


အရုံဆင်းတုတော်များ


အရုံဆင်းတုတော်များ


အရုံဆင်းတုတော်များ


ရွှေသပိတ်၊ ရွှေလင်ပန်း၊ ရွှေယပ်တော်


ကြေးခေါင်းလောင်းတော်


မှန်ဦးအဝင်ဝ စောင်းတန်းကြီး

ရင်ဘတ်ဝယ် သားဝက်ငယ်တို့ နို့စို့နေပုံ သဏ္ဌာန်ရှိသဖြင့်လည်း 'ဝက်သားစို့တောင်' ဟုလည်း ခေါ်ခဲ့ကြလေသည်။ ဗုဒ္ဓမြတ်စွာသည် ရှေးအတိတ်တော်ဘဝတွင် ဤတောင်တွင် ဝက်မင်းဖြစ်ခဲ့ဖူးရာ ဝက်အခြွေအရံငါးရာနှင့် ကျက်စားနေထိုင်ခဲ့ဖူးလေ၏။ ထိုစဉ်က ရှင်ဒေဝဒတ်အလောင်းမှာ ကျားမင်းဖြစ်၍ ကိုက်စားရန်ကြံစည်ဖူးသဖြင့် အလောင်းတော်ဝက်မင်းသည် ဝက်အရံငါးရာနှင့်တကွ တောင်ကို ဥမင်ဖောက်၍ပြေးခဲ့ဖူးလေသည်။ ဤသည်ကို အကြောင်းပြု၍ 'ဝက်သတိုးတောင်' ဟု ခေါ်ဆိုခဲ့ကြသည်။

စန္ဒသူရိယဘုရင်မင်းမြတ်သည် မဟာမုနိသွန်းလုပ်တော်မူပြီးနောက် ကျန်ရှိနေသေးသော ရတနာများဖြင့် ရုပ်တုတော် (၃၃) ဆူကိုလည်း သွန်းလုပ်ခဲ့ပြန်လေသည်။ ထိုသို့သွန်းလုပ်ရာတွင် ပဉ္စလောဟာငါးပါးနှင့်မဟာမုနိသဏ္ဌာန်တူ နှစ်ကျိပ်ရှစ်ဆူဟု ခွဲခြားနိုင်လေသည်။ ၎င်းတို့ကို မဟာကျန်ဘုရားများဟုတွင်လေသည်။ သို့ပါသော်လည်း ရတနာများမှာ ကုန်ခန်းနိုင်ခြင်းမရှိသေးသဖြင့် မဟာကျန်ဘုရားများကို သွန်းလုပ်တော်မူပြန်လေသည်။ အဆိုပါ ရုပ်ပွားတော်များမှာ ရခိုင်ပြည်နယ်အနှံ့အပြားတွင် တည်ရှိနေရုံမျှမက ရှေးတစ်ချိန်က ရခိုင်ပြည်နယ်တွင်အပါအဝင်ဖြစ်ခဲ့သည့် ဘင်္ဂါတစ်ဆယ့်နှစ်မြို့ တြိပူရတိုင်းအောင် ပျံ့နှံ့တည်ရှိခဲ့ကြလေသည်။ စန္ဒသူရိယ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝင်းအတွင်း မြင်ကွင်း



စောင်းတန်းအတွင်း မြင်ကွင်း

မင်းမြတ်သည် ခမ်းနားကြီးကျယ်သော ဘုံနန်းပြာသာဒ်အတွင်းဝယ် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး အား အလယ်တွင်ထား၍ မာန်အောင်မြင်မုနိအား လက်ယာတော်ရံအဖြစ် 'လည်းကောင်း၊ ရွှေဘုံသာဘုရားအား လက်ဝဲတော်ရံထား၍ လည်းကောင်း ရှင်ကျော်ဘုရားနှင့် တကွ မုနိလေးဆူတို့အား ကိုးကွယ်ထားရှိတော်မူခဲ့လေသည်။

ဤကဲ့သို့ မဟာမုနိဆင်းတုတော်လေးဆူကို စန္ဒသူရိယဘုရင်မင်းမြတ် ကိုးကွယ်ခွင့် ရရှိခဲ့ခြင်းမှာလည်း ဗုဒ္ဓမြတ်စွာနှင့် သူရိယဘုရင်တို့လည်း ရှေးအတိတ်ဘဝဆီက ရေစက်တော်ဆုံကြုံခဲ့လေဖူးသောကြောင့် ဖြစ်လေသည်။ ရှေးရှေးသောအတိတ်ဘဝက ဘုရားရှင် ပုဏ္ဏားတော်ဘဝတွင် စန္ဒသူရိယဘုရင်လောင်း နွားကျောင်းသားအဖြစ် အလွန်တရာ ချစ်ခင်လေသော အဆွေခင်ပွန်းများဖြစ်ခဲ့ဖူးကြလေသည်။ ထိုစဉ်ဘဝကပင် ပုဏ္ဏားတော်သည် ဗေဒင်ဆရာအဖြစ် ခရီးဝေးသွားနေစဉ် နွားကျောင်းသားက မတွေ့မမြင်ဘဲ မနေနိုင်သဖြင့် ပုဏ္ဏားတော်အရုပ်ကို ရွှံ့ဖြင့်ပြုလုပ်ကာ ကိုယ်စားခန္ဓာထားခဲ့ရဖူးလေသည်။ မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူပြီးနောက် စန္ဒသူရိယဘုရင်က ကြားသိကာ ပညာရှိမှူးမတ်နှင့်တိုင်ပင်၍ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ရည်မှန်းကာ ဆီမီး၊ ပန်း၊ နံ့သာ၊ ပေါက်ပေါက်တို့ဖြင့် ပူဇော်၍ ရွှေစိတ်တော်ညွှတ်ကာ ပင့်ဆောင် လျှောက်ထားခဲ့လေသည်။ ဗုဒ္ဓမြတ်စွာသည် စန္ဒသူရိယဘုရင်၏ ပင့်လျှောက်ပူဇော်မှုကို သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကြည့်ရှုမြင်သိတော်မူသဖြင့် ရခိုင်ပြည်တွင် သာသနာတော်ကြီးထွန်းတော်နိုင်စေရန်အလို့ငှာ မြော်မြင်တော်မူကာ စန္ဒသူရိယဘုရင်၏ တောင်းပန်လျှောက်ထားချက်အရ မုနိလေးဆူကို သွန်းလောင်းတော်မူစေခြင်းဖြစ်ပါသည်။

အေဒီ ၁၇၈၄ ခု၊ နိုဝင်ဘာလ။ ကောဇာနှစ် ၁၁၄၆ ခု၊ ပြာသိုလဆုတ် ၇ ရက်နေ့တွင် ဘိုးတော်ဘုရားက ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းယူခဲ့သည်။ သားတော်အိမ်ရှေ့မင်းက ဘုရားကုန်းပေါ်သို့ တက်ရောက်ကာ မဟာမုနိကို ဖူးမြော်သည်။ သားတော်အိမ်ရှေ့မင်း သီဟသူရသည် အပြန်ခရီးတွင် ရဟန်းရှင်လူပြည်သူအပေါင်းတို့ ကိုးကွယ်နိုင်ရန် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအပါအဝင် မုနိတော်လေးဆူတို့အား ပင့်ဆောင်လာခဲ့လေသည်။ မုနိတော်လေးဆူကို ရေကြောင်းခရီးဖြင့် ဖောင်တော်ဖြင့်ပင့်ဆောင်လာခဲ့ရာ တောင်ကုတ်မြို့သို့ ရောက်ရှိခဲ့သည်။ တောင်ကုတ်မြို့မှတစ်ဆင့် ရခိုင်ရိုးမကြီးကို ကျော်ဖြတ်ပင့်ဆောင်ကာ ပန်းတောင်းမြို့မှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း အမရပူရနေပြည်တော်သို့ ပင့်ဆောင်ခဲ့လေသည်။ အိမ်ရှေ့မင်းသားသည် မဟာမုနိဘုရားကြီးအား မြို့တော်၏ မြောက်ပြင်အရပ်၌ ဂန္ဓကုဋိတိုက်တော်ကြီးတည်ဆောက်လျက် ကိုးကွယ်ထားရှိလေသည်။ မာန်အောင်မြင်မုနိတော်ကို နန်းတော်ဦးတွင် ရွှေပြာသာဒ်ဖြင့် ကိုးကွယ်ထားသဖြင့် နန်းဦးဘုရားဟု ဘွဲ့မည်တော်တွင်ခဲ့ပြန်လေသည်။ မင်းအဆက်ဆက် ကိုးကွယ်တော်မူခဲ့ရာ ဆုတောင်းပြည့်လွန်း၍ ဆုတောင်းပြည့်ဘုရားဟု ဘွဲ့မည်တော်ခံယူရရှိပြန်လေသည်။

ကုန်းဘောင်မင်းဆက် ပုဂံမင်းလက်ထက်တွင် ဇလွန်မြို့ကို မြို့သူကြီးအဖြစ် ဦးရွှေပွင့်က အုပ်ချုပ်ခဲ့လေသည်။ ဦးရွှေပွင့်သည် အခွန်အကောက်များကို နေပြည်တော်သို့ သွားရောက် ဆက်သရင်း ဘုရင့်နန်းဦးတွင်ကိုးကွယ်ထားသည့် မာန်အောင်မြင်ဘုရားကြီးအား ဦးစွာပထမဖူးတွေ့ခွင့်ကြုံရလေ၏။ ဦးရွှေပွင့်သည် မာန်အောင်မြင်မြတ်စွာဘုရားအား ဖူးမြော်ခွင့်ရသည့်အချိန်မှစ၍ ဇလွန်မြို့တွင် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ရန် မြို့သူမြို့သားများနှင့် စုပေါင်း တိုင်ပင်တော်မူခဲ့လေသည်။ ဦးရွှေပွင့်

www.burmeseclassic.com

သည် နေပြည်တော်သို့ ရောက်ရှိခိုက် ပုဂံမင်းတရားကြီးအား လျှောက်တင်ခဲ့လေသည်။ ဘုရင်မင်းမြတ်ဆီမှ အမိန့်တော်ရရှိသဖြင့် မြို့သူမြို့သား နယ်သူနယ်သားများထဲမှ ရွှေ၊ ငွေ၊ ကြေးနှင့် ရတနာမြတ်အစုစုတို့ကို အလှူခံခဲ့ရာ သဒ္ဓါထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခဲ့ကြသည်။

မြန်မာနှစ် ၁၂၁၄ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်နေ့တွင် အလှူခံရရှိသော ငွေကြေးရတနာအစုစုပိဿာချိန် (၁၅၀၀) မျှကို ပေါင်းစပ်၍ ရန်လွင့်ခေါ် မင်္ဂလာလှေတော်ကြီးဖြင့် အမရပူရနေပြည်တော်သို့ သွားရောက်ခဲ့လေသည်။ သို့ရာတွင် ထိုအချိန်က ပုဂံမင်းတွင် စစ်ရေးစစ်ရာများရှုပ်ထွေးနေချိန်ဖြစ်သဖြင့် အခွင့်မသာရှိခဲ့လေသည်။

နောက်ဆုံးတွင် ဦးရွှေပွင့်၏ ကြိုးပမ်း အားထုတ်မှုကြောင့် ဆင်းတုတော်တစ်ဆူ သွန်းလုပ်ပူဇော်ခွင့် ရရှိခဲ့လေသည်။ ရွှေနန်းတော်ရှိ နန်းဦးဘုရားပုံစံတော်အတိုင်းဖြစ်၍ ဉာဏ်တော်တစ်မိုက်ခန့်ပိုကြီးသည်။ ကြေးဆင်းတုသွန်းလုပ်နိုင်ရေးအတွက် မိဖုရားကြီးက ဖန်းထိမ်ဝန် မောင်မောင်လတ်အား တာဝန်ပေးခဲ့လေသည်။ ပန်းထိမ်ဝန် မောင်မောင်လတ်သည် ဆင်းတုတော်အချိန်မီ ပြီးစီးနိုင်ရေးအတွက် အထူးဝါယမစိုက်ထုတ်၍ သွန်းလုပ်ခဲ့သည်။ သို့ရာတွင် မြန်မာပြည်အောက်ပိုင်းကို နယ်ချဲ့အင်္ဂလိပ်တို့က သိမ်းပိုက်နေချိန်ဖြစ်၍ မတည်မငြိမ်ဖြစ်နေရာ ဆင်းတုတော်သွန်းလုပ်မှုကလည်း မပြီးစီးနိုင်ဘဲ ဖြစ်ခဲ့ရလေသည်။ စစ်မက်ရေးရာအရ ပုဂံမင်း အရေးနိမ့်သဖြင့် မိဖုရားကြီးက ဦးရွှေပွင့်အား ဇလွန်မြို့သို့ အမြန်ဆုံးပြန်ရန် မိန့်တော်မူလေသည်။

ဇလွန်မြို့အပြန်မျက်နှာမလှသော ဦးရွှေပွင့်သည် နန်းဦးတွင် ပင့်ဆောင်ထားသည့် မာရ်အောင်မြင်ဘုရားကို ခေတ္တပင့်ဆောင်သွားပါရစေဟု မိဖုရားကြီးထံ ခွင့်ပန်လျှောက်ထားခဲ့လေသည်။ မိဖုရားကြီးသာမက ပုဂံမင်း၏မယ်တော်ကြီးကိုပါ ထပ်ဆင့်လျှောက်ထားလေသည်။ နောက်ဆုံးတွင် အတွင်းဝန်က ခေတ္တ ပင့်ဆောင်စေသင့်ကြောင်းကို မယ်တော်ကြီးအား လျှောက်ထားသဖြင့် မတတ်သာသည့်အဆုံး ခွင့်ပြုလိုက်ရလေတော့သည်။

ဦးရွှေပွင့်သည် မာရ်အောင်မြင် (နန်းဦးဘုရား) အား ဇလွန်မြို့သို့ ပင့်ဆောင်ခဲ့ရာ ဇလွန်မြို့သူမြို့သားများကလည်း အားရရွှင်လန်းစွာ ဖူးမြော်ကြည်ညိုကြလေသည်။ ဇလွန်မြို့လယ်ရှိ မြို့သူမြို့သားများစုပေါင်းဆောက်လုပ်ထားသည့်တန်ဆောင်းတော်ကြီးအတွင်း ဝယ် ခေတ္တသီတင်းသုံးစေတော်မူလေသည်။

ဆရာတော်ဦးအရိန္ဒမသည် ပုလဲအဆင်းသဏ္ဍာန်ရှိသောဓာတ်တော်မြတ်ခြောက်ဆူကို ငွေကြုတ်တွင်ထည့်၍ လက်ဝဲလက်ရုံးတော်၌ လည်းကောင်း၊ ရွှေရောင်အဆင်းရှိသော ဓာတ်တော်မြတ် (၆) ဆူကို ရွှေကြုတ်ဖြင့်ထည့်၍ လက်ယာလက်ရုံးတော်၌ လည်းကောင်း ထည့်သွင်း ဌာပနာတော်မူလေသည်။ ဆရာတော်အမှူးပြုသော သံဃာတော်များဖြင့် အနေကဇာတင်လေသည်။ မကြာမီပင် နန်းဦးဘုရားဘွဲ့တော်ပျောက်၍ မာရ်အောင်မြင်မြတ်စွာဘုရားဟု အမည်တော်တွင်ခဲ့ပြန်လေ၏။ မိဖုရားကြီးထံမှ ဆင်းတုတော်အသစ် သွန်းလုပ်ပြီးစီးကြောင်းနှင့် ဆင်းတုတော်သစ်အား လာရောက်ပင့်ဆောင်ရန် တမန်တော်များရောက်ရှိလာခဲ့လေသည်။

ဦးရွှေပွင့်က မာန်အောင်မြင်ဘုရားကြီးအား မြို့သူမြို့သားများနှင့် ကျေးရွာဒေသများမှ ဘုရားဖူးသူများ စဉ်ဆက်မပြတ်ရောက်ရှိနေ၍ ခေတ္တစောင့်ဆိုင်းထားပါရန် ပြန်ကြားလိုက်လေသည်။ တမန်တော်များ နောက်ထပ်စေလွှတ်သော်လည်း အချိန်အခါမသင့်လျော်သေးသဖြင့် လာရောက် ပေးပို့နိုင်ခြင်း



တောစီပင်နှင့်ဆင်းတုတော်များ



ပြာသာဒ်၊ တန်ဆောင်း။ မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



စုဋ္ဌရစရိယာကျင့်တော်မူပုံ



မာန်အောင်မြင်မြည်တော်မြန်ဘုရား



ပဥ္စဝဂ္ဂီငါးဦးအား တရားဟောနေပုံ



ယသဝန်ရွှေစွန့်ကာပ်နေပုံ



ခေါင်းလောင်းထမ်းသူငယ်တော်ရုပ်တုကြီးများ

မရှိကြောင်း ထပ်မံလျှောက်ထားလိုက်လေသည်။ သို့ဖြင့် ၁၂၀၄ ခုနှစ်တွင် ပြည်နှင့် တောင်ငူ၊ အောက်မြန်မာနိုင်ငံတစ်ဝန်းလုံးကို နယ်ချဲ့အင်္ဂလိပ်တို့က သိမ်းယူခဲ့ကြလေတော့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ မြို့ရွာအသီးသီးရှိ ကြေးဆင်းတုတော်များနှင့် ကြေးအိုး၊ ကြေးခွက်၊ ကြေးနှင့် ပြုလုပ်ထားသော ပစ္စည်းကိရိယာများစွာတို့ကို သိမ်းကျုံးယူငင်သွားကြလေသည်။ ထိုမျှသာမက အင်္ဂလိပ်စစ်ဗိုလ်ဆာဂျွန်ဆပ်သည် မာန်အောင်မြင်မြတ်စွာဘုရား ဆင်းတုတော်ကြီးအား မြန်မာနှစ် ၁၂၁၇ခုနှစ်တွင် 'ရွှေချိန်' အမည်ရှိ သင်္ဘောကြီးဖြင့် အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်ယူသွားခဲ့လေသည်။ ထို့ကြောင့် ဇလွန်မြို့သူမြို့သားအပေါင်းတို့မှာ ယူကျုံးမရ သောကဗျာပါဒဖြင့် သောကရောက်ရှိကြရလေသည်။ ဇလွန်မြို့သူမြို့သားတို့သည် ရွှေနန်းတော်မှ ကံအားလျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

ပင့်ဆောင် ပူဇော်ခွင့်ရရှိခဲ့သည် မာရ်အောင်မြင် ဆင်းတုတော်ကြီးအား အင်္ဂလိပ်တို့က အနိုင်အထက် မတရား ဆောင်ယူခြင်းကိုခံခဲ့ရသဖြင့် စိတ်နှလုံး မသာမယာဖြစ်ခဲ့ရကြသလို ကိုးကွယ်ရာ ပူဇော်ရာမဲ့ဖြစ်ခဲ့ရချေသည်။


မင်းတုန်းမင်းကြီးမှာလည်း နန်းဦး မြတ်စွာဘုရားကို အိန္ဒိယသို့သယ်ဆောင် သွားကြောင်း ကြားသိရသဖြင့် မျှော်လင့် ချက်ကင်းမဲ့ကာ ဦးရွှေပွင့် အသစ်သွန်း လုပ်ထားသည့် ဆင်းတုတော်ကို နန်းဦး ဘုရားပလ္လင်ပေါ်သို့သာ ပင့်ဆောင် ကိုးကွယ်ခွင့် ရရှိလေတော့သည်။ ဇလွန် မြို့သူမြို့သားများမှာလည်း မာရ်အောင် မြင်မြတ်စွာဘုရားကြီးသည် မိမိတို့ဘုရား မှန်လျှင် မိမိတို့ဒေသတို့ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ပြန်လည်ကြွလာလိမ့် မည်ဟု ယုံကြည်သောသဒ္ဓါတရားဖြင့် စောင့်စားနေကြလေသည်။

ထို့ကြောင့် များမကြာမီပင် ဇလွန် မြို့သူမြို့သားတို့၏ မျှော်လင့်စောင့်စား ကြည်ညိုသဒ္ဓါတရားပွားများမှုမှာ ဧကန် မှန်လှပေသည်ဟု ဆိုမည်သာဖြစ်ပေ သည်။ မာရ်အောင်မြင်ဘုရားကြီးမှာ ပြည်တော်ပြန်ဘုရားကြီးအဖြစ် အင်္ဂလိပ် တို့က ဘုံဘေမြို့မှ မြန်မာနိုင်ငံသို့ပြန် လည်ပို့ဆောင်လိုက်သောကြောင့် ဖြစ် ပါသည်။ အင်္ဂလိပ်တို့သည် 'မာရ်အောင် မြင်မြတ်စွာဘုရားကြီးအား မြန်မာနိုင်ငံ သို့ပြန်ပို့ရခြင်းမှာ အကြောင်းမဲ့သက် သက်မဟုတ်ပါ။ ဘုရား၏တန်ခိုးတော် ကြောင့် မြတ်စွာဘုရားကြီးအား မပြု လုပ်အပ်သော မဖွယ်မရာလုပ်ဆောင်မှု ကိုပြုမူခဲ့ကြသဖြင့် ဘေးအန္တရာယ်အမျိုး မျိုးကို ကိုယ်တွေ့ကြုံခဲ့ရသောကြောင့် ကြောက်လန့်ကာ မာရ်အောင်မြင်မြတ်


ဘုရားစံပယ်ရာကျောင်းတော်ကြီး


ဗောဓိပင်၊ စေတီငယ်နှင့် ကျောက်စာ


ဘုရားဝင်းအတွင်းမြင်ကွင်း၊


တံခွန်တိုင်နှင့်တန်ဆောင်း


ရင်ပြင်တော်မှဓိဂုက်များ


သနပ်ခါးတုံးရောင်းဆိုင်များ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝတ်ပြုဆုတောင်းသူများ



ဘုရားဖူးများဒိုစာကျွေးနေစဉ်



စောင်းတန်းတွင်းမှ ဈေးဆိုင်များ



ဘုရားဖူး စာရေးသူမိသားစု

စွာဘုရားကြီးအား မြန်မာပြည်သို့ ပြန်လည် ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့သည် ဘုံဘေမြို့ ရှိဂိုဒေါင်ကြီးတစ်ခုထဲတွင် မြန်မာပြည်မှ သယ်ယူလာသော ကြေးဆင်းတုပေါင်း များစွာနှင့် ကြေးပစ္စည်းများကို စုပုံထည့် ထားခဲ့ကြသည်။ ကြေးအမြောက်ဆန် မြူလုပ်သူများနှင့် ကြေးပိုက်ဆံသွန်းသူ များက ကြေးဆင်းတုတော်များကို ဓိုတျင်ထိုး၍ မီးအပူပေးကာ အရည်ကျို ကြသည်။ သို့ရာတွင် မာန်အောင်မြင် ဘုရားကြီးမှာ အရည်မပျော်နိုင်ဘဲရှိခဲ့ လေသည်။ ထို့ကြောင့် ဖိုကျင်လေးလုံး ဆိုင်ပြိုင်၍ထိုးသော်လည်း အရာမထင် ဘဲ အချည်းအနှီးသာဖြစ်ရချေလေသည်။ ကြိုးစားအားထုတ်နေစဉ် အချိန်ကာလ မတုတ်သေးဘြားသော်လည်း မိုးမှောင် ကြီးကျရောက်လာကာ မာရ်အောင်မြင် ဘုရားကြီးမှ ဓာတ်တော်များကွန့်မြူး၍ ရောင်ခြည်တော်များ လွှတ်တော်မူခဲ့ လေသည်။

ဘုရားကြီးကို မကြံကောင်းမကြံ စည်ရာပြုလုပ်ကြသည့် ကြေးသွန်းသည့် မိစ္ဆာဒိဋ္ဌိကုလားလူမျိုး (၆၄) ယောက်မှာ နေရာတွင်ပင် သွေးအန်၍ချက်ချင်းသေ ဆုံးကုန်ကြသည်။ အချို့မှာ ဝမ်းရောဂါ ဖြင့် သေဆုံးကုန်ကြရလေ၏။ ထို့ကြောင့် မာရ်အောင်မြင်စွာဘုရားကြီးအား ထပ်မံ ပြုလုပ်မည့်သူမရှိဘဲ လွန်စွာမှ အံ့ဩ ထိတ်လန့်ကြကုန်လေသည်။

ထို့ထက်ထူးခြားသည့်အချက်မှာ ထိုအချိန်က ဝိတိုရိယဘုရင်မကြီးသည် အင်္ဂလန်ပြည်၌ ရာဇာဘိသိက်ခံယူပြီး နောက် အိန္ဒိယပြည်ဒေလီမြို့တွင် ခေတ္တ လာရောက်နေခိုက်နှင့် ကြုံကြိုက်နေလေ သည်။ ဘုရင်မသည် မမျှော်လင့်ဘဲနှင့် ခေါင်းကိုက်ခြင်းဝေဒနာကို ပြင်းပြစွာ ခံစားရလေသည်။ ခေါင်းကိုက်ရောဂါကို ကျွမ်းကျင်သည့် ဆရာဝန်သမားတော် များနှင့် ပြသကုသသော်ငြားလည်း သက်သာ ပျောက်ကင်းမှုမရှိဘဲ ဝေဒနာ ကို ဆက်၍ခံစားနေရလေသည်။ ထိုသို့ ဝေဒနာခံစားနေရင်း တစ်ညသောအချိန် တွင်ထူးခြားသည့် အိပ်မက်တစ်ခုကို မြင် မက်မိလေသည်။ ယင်းအိပ်မက်ကား အခြားမဟုတ်။ ဘုရင်မကြီး၏ ခေါင်းခဲ ဝေဒနာ ချမ်းသာပျောက်ကင်းလိုပါက မြန်မာပြည်မှ ယူဆောင်လာသော မာရ် အောင်မြင်ရုပ်ပွားတော်မြတ်ကို နေရင်း ဒေသသို့ မရောက်ရောက်အောင်ပြန်ပို့ ပေးရမည်။ မပို့ပေးနိုင်ပါက ဘုရင်မကြီး ၏ အသက်ဘေးအန္တရာယ်ကျရောက်၍ တိုင်းပြည်မြို့ရွာတွင် အန္တရာယ်ဖြစ်ပေါ် စေလတ္တံ့၊ ဗုဒ္ဓဆင်းတုတော်ကို ဖျက်ဆီး သော တိုင်းနိုင်ငံသည်လည်း ဘေး အန္တရာယ်ကပ်ဆိုးကြီးများကျရောက်၍ သေကျေ ပျက်စီး ဆုံးရှုံးစေလတ္တံ့ဟု အိပ်မက်ဆိုးများ မြင်မက်လေသည်။

ဘုရင်မသည် အိပ်မက်ဆိုးကြောင့် လန့်နိုးလာပြီး ထိတ်လန့်တုန်လှုပ် ချောက်ချားလျက် မိမိ၏ အခြွေအရံ များအား ခေါ်ယူ၍ မာရ်အောင်မြင် ရုပ်ပွားတော်မြတ်ကို ရှာဖွေစေခိုင်းလေ သည်။ ထိုအခါ ဘုံဘေမြို့ရှိ ဂိုဒေါင် အတွင်းထားရှိသည့် ရုပ်တုတော်တို့ အကြားမှ ရုပ်တုတော်တစ်ဆူသည် ရောင်ခြည်တော်များ ကွန့်မြူးတောက်ပ နေသည်ကို တွေ့ရှိကြရလေသည်။ မသိ နားမလည်သောမိစ္ဆာဒိဋ္ဌိတို့က ဂိုဒေါင် အတွင်းတွင် တွေ့ရှိရသည့် မြန်မာဘုရား မှာ စုန်းတောက်စားနေသည်ဟု မဖွင့်

www.burmeseclassic.com

www.burmeseclassic.com

မရာမ လေးမစား ဘုရင်မကို လျှောက်တင်ကြသေးလေသည်။

ဝိတိုရိယဘုရင်မကြီး၏ အမိန့်အတိုင်း မြန်မာနှစ် ၁၂၁၉ ခုနှစ်တွင် မာရ်အောင်မြင်မြတ်စွာဘုရားကြီးအား မြန်မာပြည်သို့ ပြန်လည်ဆောင်ကြဉ်းကာ ဇလွန်မြို့ကို ကျော်လွန်၍ မြို့မှားပြီး ဟသ်ာတမြို့အနီး သဲသောင်စပ်တွင်ချထားခဲ့ကြလေသည်။ ဟသ်ာတမြို့ရှိ နေ့ရေလုပ်သားတို့က တွေ့ရှိဖူးမြော်ရသဖြင့် ကမ်းထိပ်ပေါ်ရှိ ငါးမျက်နှာဘုရားတန်ဆောင်းကြီးအတွင်း ခေတ္တကိုးကွယ်ထားရှိကြလေသည်။ ဟသ်ာတမြို့သားတို့က မာန်အောင်မြင်ရုပ်ပွားတော်မြတ်ကို ပေါ်တော်မူဘုရားဟု ဘွဲ့မည်တော်ပေးခဲ့ကြလေသည်။ ဟသ်ာတမြို့သားတို့အား ပြည်တော်ပြန်မြတ်စွာဘုရားကြီးကို ဖူးမဝနိုင်အောင်ရှိနေကြလေသည်။

ထိုအခါ ဇလွန်မြို့ပိုင်မင်းသည် ဟသ်ာတမြို့ပိုင် အရေးပိုင်မင်းတို့နှင့် တွေ့ဆုံရန် ဟသ်ာတမြို့သို့သွားသည့်အခါ ပေါ်တော်မူဘုရားအကြောင်း ကြားသိရသဖြင့် ဝင်ရောက်ဖူးမြော်လေရာ ဇလွန်မြို့မှ အင်္ဂလိပ်တို့သိမ်းယူသွားသည့် မာရ်အောင်မြင်ဘုရားကြီးဖြစ်မှန်း သိရှိခဲ့ရလေသည်။ မြို့ပိုင်မင်းသည် ဆရာတော်ဦးဖြူအားအသိပေးလျှောက်ထားကာ ဇလွန်မြို့ ဒကာ၊ ဒကာမများနှင့်တကွ ဟသ်ာတမြို့သို့သွားကာ ဘုရားဖူး၍ လှေလာစေရာ ဟုတ်မှန်ကြောင်းသိရှိရသဖြင့် ဟသ်ာတအရေးပိုင်မင်းထံ အကြောင်းပြောပြကြသည်။ သာသနာရေးကိစ္စဖြစ်သဖြင့် ဆရာတော်ဦးဖြူနှင့် ဟသ်ာတဆရာတော်ကြေးကန်ဆရာတော်တို့က မေးမြန်းညှိနှိုင်းတော်မူခဲ့သည်။ဆရာတော်ဦးဖြူက မာန်အောင်မြင်ဘုရား စစ်၊ မစစ်ကို မာန်အောင်မြင်ဘုရားတွင် စမ္ဗခဏ်တော်မှာ စာပါသောကြောင့် ၎င်းကိုကြည့်လျှင် သိရှိနိုင်ကြောင်းဖြင့် ကြေးကန်ဆရာတော်ကို စမ္ဗခဏ်ဂါထာတော်ကို ရွတ်ဖတ်ပြစေရာ ဆရာတော်ဦးဖြူ လျှောက်ထားသည့် မာရ်အောင်မြင်ဘုရားဖြစ်နေသည်ကို သိရှိကြရပေသည်။

သို့ရာတွင် ဟသ်ာတသားတို့နှင့် ဇလွန်မြို့သားတို့ အချေအတင် အငြင်းအခုံဖြစ်ကြသဖြင့် နောက်ဆုံးတွင် ဘုရားကို ဖောင်တော်တွင်တင်ဆောင်၍ နှစ်ဖက်မြို့သားတို့အား အနိုင်ဆွဲစေကာ ကိန်းဝပ်လိုရာဘက်သို့ ကြွတော်မူလိမ့်မည်ဟု ဆုံးဖြတ်ကြလေသည်။ ဖောင်တော်ပေါ်တွင် ဆရာတော်ဦးဖြူနှင့် ဟသ်ာတအရေးပိုင်မင်းတို့က ရှိနေကြသည်။ ဆရာတော်ဦးဖြူက ဟသ်ာတမြို့ဘက်က လှေအစင်းရေများပြီး ဇလွန်ဖက်မှ လှေအစင်းနည်းသောကြောင့် ဇလွန်မြို့မှ ဘုရားဧကန်စစ်စစ်ဖြစ်သောကြောင့် မူလသီတင်းသုံးရာ ဇလွန်မြေသို့သာ ကြွတော်မူပါမည့်အကြောင်း နတ်ကောင်းနတ်မြတ်များနှင့်တကွ စောင့်ရှောက်ကြပါရန် အဓိဋ္ဌာန်တော်မူလေ၏။ ဆရာတော်အဓိဋ္ဌာန်သည့်အတိုင်း ဇလွန်မှ လှေ (၁၂) စင်း၊ ဟသ်ာတမြို့မှ (၃၈) စင်းအပြိုင်ဆွဲကြရာ ဇလွန်လှေဘက်သို့ပါတော်မူလေသည်။ ဟသ်ာတသားတို့ မကျေနပ်ကြသဖြင့် ဇလွန်လှေနှင့် ဟသ်ာတလှေအပြောင်းအပြန်နေရာလဲ၍ပြန်ဆွဲသော်လည်း ဇလွန်လှေများဘက်သို့သာ ပါတော်မူလေသည်။ ထို့ကြောင့် ပြည်တော်ပြန် မာရ်အောင်မြင် မြတ်စွာဘုရားကြီးသည် ဇလွန်မြို့သို့ ပြန်လည် ကြွရောက် အပူဇော်ခံခွင့်ရရှိခဲ့လေတော့သည်။

မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ အံ့ဩဖွယ်ရာတန်ခိုးတော်များမှာ -

၁။ နယ်ချဲ့အင်္ဂလိပ်တို့က အိန္ဒိယပြည် ဘုံဘေမြို့သို့ သယ်ဆောင်ထားပြီး ထုရိုက်အရည်ကျို၍မရဘဲ ဘေးဒုက္ခကြုံရသဖြင့် မြန်မာပြည်သို့ ပြန်ပို့ခဲ့ရခြင်း။

၂။ ၁၂၈၀ ပြည့်နှစ်က ကမ်းနားယာယီစံကျောင်း၌ သီတင်းသုံးနေစဉ် ရေကြီးသော်လည်း ရေမမြုပ်ခြင်း။ ကမ်းနားရပ်ကွက်မီးလောင်သော်လည်း ဘုရားကြီးအား မီးမခဘဲ မီးကွင်းခြင်း။

၃။ ၁၃၃၆ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့ ညနေ (၅) နာရီခန့်အချိန်မှစ၍ (၁၇) ရက်တိတိ ရောင်ခြည်တော်ကွန့်မြူးခြင်း။

၄။ ဒုတိယကမ္ဘာစစ်အတွင်း ဇလွန်မြို့ကိုဗုံးကြဲသော်လည်း ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ ဗုံးမခခဲ့ခြင်း။

၅။ မျက်နှာတော်မှာ အမြဲပြုံးရွှင်ကြည်လင်နေပြီး ဘေးဥပဒ်အန္တရာယ်ကျရောက်မည့်အခါ မျက်နှာတော် မကြည်မရွှင်ညှိုးနွမ်းခြင်း။

၆။ ယနေ့တိုင် ဆုတောင်းပြည့်သည်ကို ရဟန်းရှင်လူပြည်သူများ ကိုယ်တွေ့ကြုံလျက်ရှိနေခြင်း။

၇။ စမ္ဗခဏ်ဂါထာတော်ကို ရွတ်ဖတ်သူတိုင်း ဘေးရန်အန္တရာယ်မှ လွတ်မြောက်နိုင်ခြင်း။

၈။ ဘုရားကြီး၏ လက်ယာနှင့် လက်ဝဲမျက်ရစ်တော်တို့တွင် ဆန်ကျိုးခန့် ပမာဏရှိသော အရောင်တောက်ပနေသည့် ခရေပွင့်သဏ္ဌာန် ငါးပွင့်စီရွေ့လျားနေသည်ကို စာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီးဦးသုခမှ မှန်ဘီလူးဖြင့် ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ခွင့်ရရှိခဲ့ခြင်းတို့ ဖြစ်ပါသည်။

ဇလွန်မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၏ စမ္ဗခဏ်ဂါထာတော်ကို ဘုရားဆင်းတုတော်ကြီးထိုင်တော်မူရာ ထိုင်ခုံစမ္ဗစက်၏ရှေ့ဘက် မျက်နှာစာတွင် ရေးထိုးထားရှိရာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဓ ဣတိပိ ပိဋကတ္တယံ အနိစ္စံ ဒုက္ခံ အနတ္တံ သတ္တဗောဇ္ဈင်္ဂေါ အင်္ဂါကော မင်္ဂလ စတုပဋ္ဌာနံ သဗ္ဗသဏ္ဍာနံ သဟသာ သူရိယော။ ဩြောင်း နမော မေတ္တာနံ ရာဇဘယံ စောရဘယံ ဥဒကဘယံ အဂ္ဂိဘယံ သတ္တဘယံ သဗ္ဗဘယံ ဇေယျောဇယတုမင်္ဂလံ။ အနိစ္စံ သခ်တံ ပဋိစ္စ သမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ ခမတိ။ ။

ဟူ၍ ဖြစ်ပါသည်။

ဤစမ္ဗခဏ်ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သူမှန်သမျှ ဘေးဥပဒ်ရန်အန္တရာယ်အပေါင်းမှကင်းဝေးကြကြောင်း ကြားသိရပါသည်။ ဇလွန်ပြည်တော်ပြန်မာရ်အောင်မြင်ဘုရားကြီးသို့ နေ့စဉ်နှင့်အမျှ ဘုရားဖူးလာရောက်ကြသူ အစဉ်အမြဲမပြတ်ရှိနေပါသည်။ ဇလွန်ပြည်တော်ပြန်ဘုရားကြီးကိုဖူးမြော်ဆုတောင်းခြင်း၊ စမ္ဗခဏ်ဂါထာတော်အား ရွတ်ဆိုပူဇော်သူများသည် ဆုတောင်းပြည့်လျက် ခပ်သိမ်းသော ဘေးဒုက္ခအပေါင်းမှ ကင်းဝေးကြောင်းကို နိုင်ငံအနှံ့ ကိုယ်တိုင် ကြုံတွေ့ဖူးသူ များစွာရှိပါသည်။ ထို့ကြောင့် အကြိမ်ကြိမ်လာရောက်ဖူးမြော်ဆုတောင်းသူများရှိကြပါသည်။ ထို့ကြောင့် ဇလွန်ပြည်တော်ပြန်ဘုရားကြီးအား စမ္ဗခဏ်ဂါထာတော်ဖြင့် ရွတ်ဆို ပူဇော်နိုင်ကြပါရန် ဇလွန်ရွှေမြို့တော်သို့ လာရောက်ဖူးမြော်နိုင်ပါကြောင်း ထက်သန်သောသဒ္ဓါတရားဖြင့် ရေးသား ပူဇော်လိုက်ရပါတော့သည်။

ရွှေချိုအောင်(ပေါသိ)



www.burmeseclassic.com

www.burmeseclassic.com

သုဒ္ဓ(နဝင်းမြို့)

# တက်နေအလား စီးပွားဥစ္စာ ရတနာများစွာတို့ နေ့စဉ်တိုးတက်စေသည့် ဘဲငန်းစမ

တစ်နေ့သ၌ -

ကျွန်ုပ်၏ တပည့်ဖြစ်သော မောင်စောလှမြင့်တစ်ယောက် ရောက်ရှိလာခဲ့ပါသည်။ မောင်စောလှမြင့်သည် ဖခင်ဆုံးပါးသွားပြီးကတည်းက မိခင်အိုကြီးအား မျက်နှာအညိုးမခံဘဲ ကောင်းစွာ လုပ်ကျွေးပြုစုနေသောသားတစ်ယောက် လည်းဖြစ်သည်။ အမေ၏မွေးကျေးဇူးကို ပြန်လည်ပေးဆပ်လိုသောဆန္ဒအား ကြီးသူဖြစ်သည့်အတိုင်း အိုးအိမ်မထူထောင်ဘဲ မိခင်ကို စောင့်ရှောက်နေသူလည်း ဖြစ်လေသည်။

မောင်စောလှမြင့်သည် သမ္မာအာဇီဝဖြစ်သောအရောင်းအဝယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူဖြစ်သည်။ ဘာသာတရားအပေါ်တွင် အခြေခံအားကောင်းသူဖြစ်သည့်အတိုင်း ဝိဇ္ဇာဓရေဗေဒရုပညာကိုလည်း လွန်စွာဝါသနာကြီးသူတစ်ယောက်လည်း ဖြစ်လေသည်။

ဒီနေ့ ကျွန်ုပ်ထံ ရောက်လာခဲ့သည်မှာ သူ၏ပင်မစီးပွားရေးဖြစ်သော ကုန်မျိုးစုံရောင်းဝယ်သည့်လုပ်ငန်းအပြင် နောက်ထပ်အမြင်နားအကြားအမြတ်ကောင်းကောင်းစားရမည့် အရောင်းအဝယ်လုပ်ငန်းကိုလည်း မလွှတ်တမ်းလုပ်ကိုင်တတ်သူဖြစ်သည်။

မောင်စောလှမြင့်၏ ဝါသနာဗီဇအတိုင်း တစ်ခါက်ရောက်တိုင်း ပြဿနာတစ်ခု လုပ်ငန်းတစ်ခုတော့ပါလာတတ်မြဲဖြစ်သည့်အတိုင်း ယခုလည်း မေးမြန်းပါလေတော့သည်။

ထိုသို့ မောင်စောလှမြင့် မေးမြန်းနေစဉ်တွင် လွန်စွာအရောက်အပေါက်နည်းတတ်သော တပည့်တစ်ယောက်လည်း ရောက်ရှိလာပါသည်။ ယခုထပ်မံရောက်ရှိလာသော တပည့်သည် စာကြီးပေကြီးများကိုသာ ရှာဖွေဖတ်ရှုတတ်သလို အင်္ဂလိပ်စာဘာသာရပ်ကိုလည်း သနေ့တိုင် လေ့လာဆဲ၊ ဖတ်မြဲဖြစ်လေသည်။ မိဘ၏လက်ငုတ်ဖြစ်သော စီးပွားရေးလုပ်ငန်း၌ ဆက်လက်လုပ်ကိုင်နေသူလည်းဖြစ်လေသည်။ လောဘတကြီး စီးပွားရှာခြင်းကို မပြုလုပ်ပါ။ ပုံမှန်ဝင်နေသောလုပ်ငန်းကိုသာ လိုလားနှစ်သက်သူဖြစ်လေသည်။

အမြတ်ရလျှင် မည်သည့်အရောင်းအဝယ်မဆို ရိုးသားကြိုးစားစွာလုပ်ချင်သောတပည့်နှင့် ပုံမှန်ဝင်ငွေရနေလျှင် ကျေနပ်တတ်သောတပည့်တစ်ယောက်၏ဆန္ဒတို့မှာ မတူညီကြသော်လည်း ယခု မောင်စောလှမြင့် တောင်းဆိုနေသည့် လမ်းကြောင်းကိုတော့ နှစ်သက်စွာ ပူးပေါင်းကြပြီး ကျွန်ုပ်ကိုစီမံဆောင်ရွက်ပေးရန် တောင်းဆိုကြပါတော့သည်။ ထိုသို့ တောင်းဆိုရာတွင် စာကြမ်းပိုး နှစ်ယောက်က ခေါင်းညိတ်အချက်ပြကြပြီး ကျွန်ုပ်ကို မောင်စောလှမြင့်ဦးဆောင်၍ အောက်ပါပုံပြင်ကိုပြောတာ သူတို့၏ ဆန္ဒကို ဖော်ထုတ်ပြီး တွန်းအားပေး တောင်းဆိုပါလေတော့သည်။

မောင်စောလှမြင့် ပြောပြသည့် ဒဏ္ဍာရီပုံပြင်သည် စာချစ်သူများသိကြပြီးသားဖြစ်သောပုံပြင် ဖြစ်ပါသည်။ ထိုပုံပြင်သည် တစ်နေ့လျှင် ရွှေဥတစ်လုံး ကျ နေ့စဉ်ထာဝရဥပေးနေသောဘဲငန်း ပုံပြင်ဖြစ်ပါသည်။

မောင်စောလှမြင့်က-

"လောဘကြီးပြီး နေ့စဉ် ရွှေဥတစ်လုံးကျ ဥပေးနေတဲ့ဘဲကို လောဘတက်ပြီးတော့ မသတ်ပါဘူး ဆရာရယ်။ ပေးနေတဲ့ ရွှေဥကိုပဲ စုဆောင်းပြီးဖြည်းဖြည်းချင်း လုပ်ငန်းတိုးချဲ့သွားမှာပါ"

ဟု စံပြုပြီး ဆောင်ရွက်မည့် အကြောင်း ပြောပြပါတော့သည်။

ကျွန်ုပ်သည် မျက်စိကျန်းမာရေး အရ စာမရေးဖြစ်၊ စာမဖတ်ဖြစ်ခဲ့သည်မှာ နှစ်နှစ်လောက်နီးပါးကြာမြင့်နေသည်ဟု ထင်မိပါသည်။ မျက်စိပါရဂူဖြင့် စစ်ဆေးပြသရာတွင် ဇရာ၏စီမံမှုကြောင့် မျက်စိအာရုံချို့ယွင်းနေသဖြင့် စာနည်းနည်းဖတ်ပါ။ နည်းနည်းရေးပါဟု လမ်းညွှန်ပြောပြခဲ့ခြင်းကိုခံခဲ့ရပါသည်။ မျက်စိစစ်ဆေးပြီး ဖတ်ချင်သောစိတ်ကို မတားဆီးနိုင်ခဲ့ပါ။ ဖတ်ရန်စာအုပ်စာတမ်းများကို ရှာဖွေရာတွင် ၁၂၅၃ ခုနှစ်လောက်ကရေးသားထားသောလက်ရေးမူအင်းစမကျမ်းများစာအုပ်နှင့် သိဒ္ဓိရာဇဆရာအောင်၏ အင်းစမလက်ရေးမူ စာအုပ်တို့ကို ဖတ်မှတ်ရန် စာအုပ်ဗီရိုထဲမှထုတ်ယူခဲ့ပါသည်။

ထိုစာအုပ်များတွင် ကျွန်ုပ်အသက် (၇၀) ကျော်လာသည်အထိ လေ့လာခဲ့သမျှသောအင်းများ၊ စမများနှင့် အသွင်သဏ္ဍာန်ဈော စီမံမှုအားလုံးတို့ပါ ကွဲပြားခြားနားနေသည့် အင်းများစမများနှင့် ပညာရပ်ပိုင်းတို့ကို လေ့လာခွင့် မှတ်သားခွင့်ရယူနိုင်ခဲ့ပါသည်။

ယခု မောင်စောလှမြင့်နှင့် တပည့် အရှည်ကြီး (အရပ်အမောင်းကောင်းသဖြင့် မူလနာမည်ကိုမခေါ်ဘဲ 'အရှည်ကြီး' ဟု ချစ်စနိုးခေါ်သောနာမည် ဖြစ်ပါသည်။) တို့တောင်းဆိုသည့်ကိစ္စတွင် တပည့်များကို ချီးမြှောက်ရန်အတွက် လက်ဝယ်ပိုင်ပိုင်ရှိနေပြီဟု ပြောရမည် ဖြစ်ပါသည်။

မောင်စောလှမြင့် ပြောပြသည့် ပုံပြင်ထဲမှ ဘဲငန်းကို ကျွန်ုပ်မပေးနိုင်သော်လည်း နေ့စဉ် ရွှေဥတစ်လုံးကျပေးစွမ်းနိုင်သည့် အစွမ်းသိဒ္ဓိရှိသည့်ဘဲငန်းကဲ့သို့ မိမိတို့လုပ်ကိုင်နေကြရသည့် စီးပွားရေးလမ်းကြောင်းပေါ်မှရရှိသောအကျိုးအမြတ်သည် ရွှေဘဲဥနှင့်သဏ္ဍာန်တူမျှသည့် ငွေကြေးပမာဏတို့ကို အသားတင်အမြတ်အနေဖြင့် နေ့စဉ်ဝင်လာစေနိုင်သော ဘဲငန်းစမကို အဆောင်အဖြစ် ချီးမြှောက်ပေးရန် ဆုံးဖြတ်လိုက်ပါသည်။

ထိုစမသည် ဥစ္စာဓန၊ ဘောဂ၊ ရတနာများစွာ လာဘ်တကာတို့နှင့် ပြည့်စုံစေနိုင်စွမ်းသောရုပ်စမဖြစ်ပါသည်။ ဝိဇ္ဇာစရဏမှီရပညာရပ်တို့ကို စီမံ၍ထားရစ်ခဲ့သည့်ပညာရှင်ကို လွန်စွာလေးစားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ရုပ်စမအဖြစ် စီမံထားရာတွင် ဗျည်းအက္ခရာထဲမှ ဇကွဲအက္ခရာနှင့် ဠဝမ်းဘဲအက္ခရာနှစ်လုံးဖြင့် ရုပ်သဏ္ဌာန်ကို ဖော်ညွှန်းပြထားပါသည်။ နောက် ဇကွဲ၏ အောက်ဘက်တွင် ဝလုံးဗျည်းအက္ခရာထည့်ထားပါသေးသည်။ ဗျည်းအက္ခရာ (၃) လုံးဖြင့် ဘဲင်န်းရုပ်စမကို ထုတ်ဖော်ပြသထားခဲ့ပါသည်။ ဘဲင်န်း၏ အတောင်ပံအသွင်သဏ္ဌာန်ကို တေဇလာဘစာလေးလုံးမှ ခအောက်ခြိုက်၊ ဗထက်ခြိုက်၊ စလုံးဟု ဗျည်းအက္ခရာ (၃)လုံးမှာ အတောင်ပံသရုပ်ပြထားသည့် တေဇလာဘစာ၏အောက်ဘက်မှ ဖော်ပြထားခြင်းသည် ထူးဆန်းနေပါသည်။

စမလေးလုံးအဖြစ် ပူးတွဲ၍ ဖော်ပြမထားသည့် ဗျည်းအက္ခရာမှာ အထက်တွင်ဖော်ပြခဲ့သည့် ဇကွဲအောက်နားမှ ရေးသားထားသည့်ဝလုံးသည် ဓာတ်ကြီးစမဟု ဆိုအပ်သော စမလေးလုံး၏ အဆုံးစမဖြစ်သည့် ဝ-အက္ခရာဟု သိရှိနိုင်ပါသည်။ထိုအခြင်းအရာကိုကြည့်ခြင်းအားဖြင့် ဝိဇ္ဇာဓရေဂန္ဓာရီပညာ၏ သဘောတရားကို တွေ့နိုင်မြင်နိုင်ကြမည် ဖြစ်ပါသည်။ ထိုစမ၏ထောင့်လေးထောင့်တွင် စ-ခ-ဗ-ဝဗျည်းလေးလုံးကို ထောင့်ချုပ်ထားသည်ကိုလည်းတွေ့မြင်နိုင်ပါသည်။

ဘဲင်န်းစမ၏ကိုယ်ထည်ပတ်လည်ကို လက်ယာရစ်လှည့်၍ ရတနာသုံးပါးကို အထွဋ်ထား၍ ဥစ္စာ၊ ခန၊ ဘောဂ ရတနာများနှင့် လာဘ်တကကာတို့ပေါ ပြည့်ဝစေဟု စာသီထားသည်ကိုလည်း တွေ့ရှိရပြန်ပါသည်။ အဓိကရုပ်စမပုံဖော်ထားသည့် ဗျည်းအက္ခရာ ဇကွဲနှင့် ဠဝမ်းဘဲတို့သည် အက္ခရာနံသင့်သင်္ချာ သဘောတရားတို့အရ ဂဏန်းသင်္ချာ (၃) နှင့် (၇) တို့ကို ပေါင်းစည်းထားသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ပေါင်းရသင်္ချာသည် (၁၀) ဖြစ်နေသည့်အတွက် တနင်္ဂနွေနှင့် စနေကို ကောက်ယူမည်ဆိုလျှင် အင်္ဂါဖြစ်နေပါသည်။

ပေါင်းခြင်းသင်္ချာရေ (၁၀) ကို အရကောက်မည်ဆိုလျှင် (၁၀) ပါးသော သိဒ္ဓိကို ညွှန်းဆိုထားခြင်းဖြစ်သည်ဟု ရှုမှတ်ရမည်ဖြစ်ပါသည်။ စုပေါင်းသုံးသပ်ကြည့်လျှင် (၁၀) ပါးသော သိဒ္ဓိတို့ကို ပြီးမြောက်စေ၍ ဘုရား၊ တရား၊ သံဃာ ရတနာ(၃)ရပ်အမြတ်ဆုံးဟု အထွဋ်ထားပြီး လောကီရတနာ (၇) ပါးတို့ဖြင့် ပေါင်းစည်းကာ ရတနာ (၁၀) ပါးကို မုချပိုင်ပိုင် ရစေနိုင်ပြီဟု ဆိုနိုင်ပါသည်။

နေ့စဉ် ရွှေ (၁) လုံး ဥပေးသည့် ဘဲင်န်းကဲ့သို့ သိဒ္ဓိအထူးရှိသော ဘဲင်န်းစမကိုစီရင်ကြပြီး မိမိတို့၏ ရောင်းရေးဝယ်တာလုပ်ငန်းခွင်မှ ငွေကြေးထည့်သည့် အံဆွဲ၊ သေတ္တာ၊ မီးခံသေတ္တာတို့တွင် ငွေကြေး (သို့) ရွှေ ကျောက်မျက်တို့နှင့်အတူထားရှိကြရန် ဖြစ်ပါသည်။ ဘဲင်န်းစမပုံကို ဖော်ပြပေးထားပါသည်။



ဘဲင်န်းစမ

ဘဲင်န်းစမစီရင်ပုံ အပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

▫ **စီမံရပုံအပြည့်အစုံ**

၁။ ဘဲင်န်းစမပုံ စီမံရာတွင် ကျစ်လျစ်ပြီး ခိုင်မာသော နံကာအချောဖြင့် စမပုံစီမံပါ။ ပြထားသည့်စမပုံအတိုင်း မိတ္တူကူး၍ မိမိနှစ်သက်သည့် အရွယ်အစားအတိုင်း ကြိုတင်စီမံရန်ဖြစ်ပါသည်။ စမပုံစီမံပြီးစီးသောအခါတွင် (၁၀) ရက်တိတိ အဓိဋ္ဌာန်တင်ထားသည့် သဘောအတိုင်း မိမိတို့ နေ့စဉ်ဆောက်တည်နေကျ နိစ္စဘတ်ဝတ်နှင့်အတူ တွဲဖက်၍ -

▫ စိန္တာမဏိဂါထာ (၉) ခေါက်
▫ ဒိဝါတပတိဂါထာ (၁၀) ခေါက်

တို့ကို ရွတ်ဖတ်ပူဇော်ရန် ဖြစ်ပါသည်။ ဘဲင်န်းစမကို ဖော်ပြခဲ့သည့် ဂါထာပေါ်နှစ်ပုဒ်ဖြင့် (၁၀) ရက်တိုင်တိုင် မိမိဘုရားခန်း သို့မဟုတ် မိမိဆောင်ရွက်မြဲဖြစ်သော ဘုရားတန်ဆောင်းတို့တွင် ပြီးမြောက်အောင် ဆောင်ရွက်၍ အထက်တွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း အဆောင်အဖြစ် ဘဲင်န်းစမကို ရတနာပစ္စည်းများ၊ ငွေကြေးများနှင့် အတူ ထားရှိနိုင်ပြီဖြစ်ကြောင်း အသိပေးလိုက်ပါသည်။

ကျွန်ုပ်သည် တပည့်များကို ချီးမြှင့်ပေးခဲ့သည့်အတိုင်း စာချစ်သူမိတ်ဆွေများအတွက် နှစ်သက်လျှင် စီမံ၍ သုံးစွဲနိုင်ကြစေရန် ရေးသား ဖော်ပြပေးလိုက်ခြင်းဖြစ်ပါသည်။

ဤဘဲင်န်းစမကို စီမံသော စာချစ်သူမိတ်ဆွေများအနေဖြင့် ဒေသနာတော်လာ သူဌေးကြီးလေးယောက်တို့ကဲ့သို့ ငွေကြေးအသပြာ ရတနာများစွာတို့ နေ့စဉ်တိုး၍ သန်းကြွယ်သူဌေးကြီးများဖြစ်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

ကျမ်းကိုး -
သိဒ္ဓိရာဇာဆရာအောင်၏ အင်းစမများလက်စွဲကျမ်း



www.burmeseclassic.com


www.burmeseclassic.com

# အဝိဇ္ဇာနံအောင် မြတ်ကိုစေတီတော်မြတ်ကြီး

ခင်မောင်အေး(မန္တလေး)

စံပြမိုတယ်တွင် မြောင်းမြမြို့မှ ငယ်သူငယ်ချင်း ကိုထွန်းကြည်က စီစဉ်ပေးသဖြင့် ညအိပ်တည်းခိုကြရသည်။ မိုတယ်က ဝန်ဆောင်မှုကောင်းသည်။ ဝန်ထမ်းတွေကလည်း ဆက်ဆံရေးကောင်းမွန်ပြေပြစ်ကြသည်။ ယမန်နေ့ညက မြောင်းမြမြို့၏ ကျက်သရေတော်ဆောင် ပြည်လုံးချမ်းသာဆုတောင်းပြည့် ရွှေသာလျောင်းဘုရားကြီးအား သွားရောက် ဖူးမြော်ခဲ့ကြပြီး ဖြစ်၏။ ယနေ့ မြောင်းမြမြို့ဟောင်းသို့ သွားရောက်ကြမည်။ သာသနာပြုဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုသရိယ မြစိမ်းတောင်ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြမည်ဟု စီစဉ်ထားသည်။


မိုတယ်မှ စီစဉ်ပေးသော ပဲပြုတ်ထမင်းကြော်၊ လက်ဖက်ရည်တို့ကို စားသောက်ကြပြီး မိုတယ်မှထွက်ခွာလာခဲ့ကြ၏။ မြို့အထွက်လမ်းက ကောင်းမွန်သော်လည်း မြို့ဟောင်းဘက်သို့အသွား ခရီးတစ်လျှောက်လုံး လမ်းကဆိုးလှပါသည်။ ကိုထွန်းကြည်၏မြေး တိုးတိုးမောင်းလာသည်။ နယ်ခံမို့ လမ်းကျွမ်းသောကြောင့် သူကမောင်းလာခြင်း ဖြစ်ပါသည်။ လမ်းက ကျင်း၊ ချိုင့်၊ ကမူ ထူထပ်ပေါ်များလှသည်ကတစ်ကြောင်း၊



ရှေးသမိုင်းဝင် ရွှေနန်းဘားကန်တော်မှ
ရှေးဟောင်းစေတီတစ်ဆူ



ပြည်လုံးချမ်းသာဘုရားတန်ဆောင်းအတွင်းမှ
ရှားနမူကြာကျောက်ဆင်းတု



မြစိမ်းတောင်ပေါ်သို့အတက် ဖူးမြင်ရသော စေတီတော်



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဂိုစေတီတော်ကြီးသို့အသွား
ခရီးမှတ်လောက်ဘုရား




ပြည်လုံးချမ်းသာတန်ဆောင်းအတွင်းမှ
ရုပ်တော်မှုဆင်းတုတော်ကြီး



ပြည်လုံးချမ်းသာဘုရားတန်ဆောင်းတော်
အဝင်မုခ်ဦး



မြစိမ်းတောင်ပေါ်မှ
မြတ်ဂိုစေတီတော်မြတ်ကြီး အဝေးမြင်ကွင်း



မြစိမ်းတောင်ဆရာတော်ဘုရားကြီး၏
အာရုံခံတန်ဆောင်းအတွင်းမှဆင်းတုတော်



မြစိမ်းတောင်မြတ်ဂိုစေတီတော်မြတ်ကြီးတွင်
အလှူရှင်များ လှူဒါန်းထားသော တန်ဆောင်း

ဘေးဘယ်၊ ညာတစ်ဖက်တစ်ချက်တွေမှာ သစ်ပင်ချုံနွယ်များပေါက်ရောက်နေသဖြင့် လည်းကောင်း ကားကိုဂရုတစိုက်မောင်းလာသည့်တိုင်အောင် ဖျိုးခနဲဖျစ်ခနဲ သစ်ကိုင်းသစ်ခက်များနှင့် ခြစ်မိကုန်သည်။

သို့တစေ အချိန်တော်တော်ကြာလာသည့်အခါ မြောင်းမြို့ပေါင်းသို့ရောက်လာကြ၏။ လမ်းခွဲမှ ကျော်ဖြတ်ကာ မြစိမ်းတောင်ဆီ ဦးတည်ကာလာခဲ့ကြ၏။ အရှေ့တောင်ကုန်းတစ်ခုထက်တွင် ရွှေသားရွှေရောင်တဝင်းဝင်းနှင့်သပ္ပာယ်လှသော စေတီတော်တစ်ဆူကို ဖူးတွေ့ရ၏။ သည့်နောက် စိမ်းစိုသောတောင်ကမူတစ်ခုပေါ်မှာလည်း စေတီတော်တစ်ဆူ။ ခဏအကြာ ရှေးပေါင်းသမိုင်းဝင် ရွှေနဖားကန်တော်ကို တွေ့မြင်ရ၏။ ထိုကန်တော်အတွင်း မြောင်းမြို့စား လောက်ဖျားမင်းက မင်းမြောက်တန်ဆာငါးပါးကို ထားရှိခဲ့သည်ဟုအဆိုရှိပါသည်။ ကန်ရေက ကြည်လင်စိမ်းလဲ့မနေ။ ညစ်ပုပ်ပြီး အမှိုက်သရိုက်များပြည့်လျက်ရှိသည်။ လယ်ကွင်းကစိမ်းနေသည်။ အဝေးတွင် မြစိမ်းရောင်တောင်ထက်မှာ မြတ်ဂိုစေတီတော်ကိုလှမ်းမြော် ဖူးတွေ့ရလေသည်။ ခဏအကြာမှာ 'မြစိမ်းရောင်တောင်တော်မှနွေးထွေးစွာကြိုဆိုပါ၏' ဟူသော အကြိုတော်ထောက်စေတီတော်မြတ်တစ်ဆူကိုလည်း သာသနာ့အလံသုံးခုလွှင့်ထူလျက်တွေ့မြင်ရသည်။


မုခ်ဦးမှတစ်ဆင့် ဝင်လာကြရာ ဝဲဘက်၌ အလှူရှင်တစ်ဦးဆောက်လုပ်လှူဒါန်းထားသည့် တန်ဆောင်းတစ်ခုကို မြင်ရသည်။ ဆရာတော်ဘုရားကြီးသီတင်းသုံးရာ အာရုံခံတန်ဆောင်းအတွင်းသို့ဝင်လိုက်မိသည်နှင့် ကြည်ညိုဖွယ်ရာ ဆင်းတုတော်တစ်ဆူကို လျှပ်ပွယ်ပစ္စည်းအစုစုတို့ဖြင့် ဖူးမြင်ရသည်။ သည့်နောက်မှ မြစိမ်းရောင်တောင်ဆရာတော်ဘုရားကြီး၏ပုံတော်။

- *မြူခြေငယ်ရှန်းပါဘိ*
  *မြဝန်းရယ်တဲ့ရစ်ခွေ၊*
  *ဖောင်တော် နေမရိပ်ခင်က*
  *အောင်တော်မူ ရွှေကရဝိက်ကို၊*
  *ကြိုးတိတ်တိတ်ဖြေ။*
  *သို့ပါသော် တအားဆွဲသော်ကြောင့်*
  *မသွားဘဲဆိုင်းရချေ။*
  *လှိုင်းလေကငြိမ်တုန်း*
  *တက်မကိုင် ရွက်စမြိုင်မြိုင်နဲ့*
  *ဆိုင်သူတွေခိုလှိုစီးရအောင်*



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းတောင်ပေါ်မှ
တံခွန်တိုင်



ရုပ်တော်မှုဆင်းတုတော်ကြီးအား
ကပ်လှူထားသော ဆွမ်းပွဲ

ကိုရင်အောင်ရေ. . .
မီးပြပါဦး. . . မီးပြပါဦး. . .။

တန်ဆောင်းအတွင်း နံရံတွင် ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး၏ပုံတော်ကို တွေ့မြင်ရသည်။ ဆရာတော်ဘုရားကြီးနေ့ဆွမ်းဘုဉ်းပေးအပြီး ဆေးခါတ်စာသုံးဆောင်နေစဉ်ခဏ ကျွန်တော်တို့အား တာဝန်ရှိသူတစ်ဦးက အဘဘိုးမင်းခေါင်၏ ခါတ်နန်းရှိရာသို့ ခေါ်ဆောင်သွားသည်။ ခါတ်နန်းသို့အသွားတစ်နေရာတွင် ကြောင်လှောင်အိမ်တစ်ခုကိုလည်း ပြသသည်။ ထိုကြောင်များကို နေ့စဉ်နေ့တိုင်း အစာမှန်မှန်ကျွေးသည်။ ပြည့်ပြည့်စုံစုံကျွေးမွေးပြုစုထားသည်။ ဆရာတော်ကြီး၏ မေတ္တာဖြင့် ကြောင်တွေပျော်ရွှင်အေးချမ်းစွာနေကြသည်ဟုရှင်းလင်းပြောပြသည်။



မြစိမ်းတောင်ဆရာတော်ကြီး၏ ဆရာရင်း
ဝေဘူဆရာတော်ဘုရားကြီး




အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒကာသရိယ
မြစိမ်းတောင်ဆရာတော်ဘုရားကြီး၏ပုံတော်



ကမ္ဘာ့အလင်းရောင်
အောင်မင်းခေါင်ပုံတော်အစစ်



မြစိမ်းတောင်ဆရာတော်ဘုရားကြီး၏
အာရုံခံတန်ဆောင်းအဝင်မုခ်ဦး



ပြည်လုံးချမ်းသာဘုရားကြီးတန်ဆောင်းတော်
အလှူတော်မင်္ဂလာကမည်းကျောက်စာ



မြောင်းမြမြို့စား သောက်ဖျားမင်းက
မင်းမြောက်တန်ဆာငါးပါး ထားရှိခဲ့သည့်
သမိုင်းဝင် ရွှေနဖားကန်တော်




www.burmeseclassic.com

www.burmeseclassic.com



အဘဘိုးမင်းခေါင်၏ဓာတ်နန်းမှ
ဘိုးတော်၏တောင်ဝေး



အဘဘိုးမင်းခေါင်၏ဓာတ်နန်းမှ
ဘိုးတော်၏ရုပ်ထု



မြစိမ်းတောင်ဆရာတော်ကြီး အဂ္ဂမဟာ
သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒသာရိယ ဩဝါဒချီးမြှင့်စဉ်



အဘဘိုးမင်းခေါင်၏ဓာတ်နန်းမှ
ဘိုးတော်၏ရုပ်ထု



အဘဘိုးမင်းခေါင်၏ဓာတ်နန်းမှ
ဘိုးတော်၏ရုပ်ထု

ဘိုးတော် အောင်မင်းခေါင်၏ ဓာတ်နန်းအတွင်း ဝင်ရောက်သွားသည့်အခါ အဘ၏ပုံတော်က ကျက်သရေအပြည့်ဖြင့် ဆီးကြိုလျက်ရှိ၏။ အလှူခံငွေဖလား၊ ကန်တော့ပွဲ၊ ဂန္ဓမာပန်းအဖြူများကပ်လှူထားသည့် ပန်းအိုးနှစ်လုံး၊ ဝါဆိုဖယောင်းတိုင်ကြီး နှစ်တိုင်တို့ကို လှူဒါန်းပူဇော်ထားသည်။ သည့်အပြင် ဘိုးတော်၏ပုံစံမတူပုံတော်များ တဝကြီး ဖူးတွေ့ရပါသည်။ 'ကမ္ဘာ့အလင်းရောင် အောင်မင်းခေါင် သိကြားသာသနာ ထေဝိဇ္ဇာဧည့်ခံပုံ' ပုံတော်အစစ်ကိုလည်း မြင်တွေ့ရပါသည်။

ဘိုးတော်၏ ဓာတ်နန်းမှပြန်လာသည့်အချိန်တွင် ဆရာတော်ကြီး ဆေးသုံးဆောင်ဘုဉ်းပေးပြီး ဖြစ်ပါသည်။ ပရိသတ်များကိုလည်း လက်ခံတွေ့ဆုံပြီလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ ဆရာတော်ဘုရားကြီး၏ ရှေ့မှောက်သို့ သွားရောက်လျက်ဝတ်ပြုကန်တော့ကြသည်။ သက်တော်ကြီးလှပြီး ကျန်းမာရေးလည်း ရာခိုင်နှုန်းပြည့်ကောင်းမွန်ဟန်မတူချေ။ နှာခေါင်းတွင်အောက်ဆီဂျင်ပိုက်ကိုတပ်ထားသည်။

ကျွန်တော်က -

"အရှင်ဘုရား၊ တပည့်တော်တို့အား ဩဝါဒချီးမြှင့်တော်မူပါဘုရား"

ဟု လျှောက်ထား ပန်ကြားသည့်အခါ ဆရာတော်ဘုရားကြီးက သူ၏ သာသနာပြုလုပ်ငန်းအစဉ်ကို ပြောပြခဲ့ပါသည်။

မန္တလေးမြို့ ဆတော်ကျောင်စာသင်တိုက်တွင် စာသင်နေခိုက် ဖြစ်သည်။ အစ်မဝမ်းကွဲတစ်ဦးက ပုပ္ပားတောင်တော်တွင် ဘိုးတော်ရောက်နေသည်။ သွားရောက်တွေ့လိုက်ပါဟု ဆရာတော်အား တိုက်တွန်းသည်။ ဆရာတော်လည်း အစ်မ၏ တိုက်တွန်းချက်ကြောင့် ပုပ္ပားတောင်တော်သို့ ရောက်ရှိသွားလေသည်။ ထိုသို့ ရောက်ရှိသွားသည်တွင် ဦးဝါစိန္တရုပ်အား နာမ်ချဉ်းလျက် လက်ခံတွေ့ဆုံသည်။ ဘိုးတော်အောင်မင်းခေါင်က အနှိပ်ခံလျက်ရှိ၏။ ဘိုးတော်၏ တပည့်များက-

"ဦးပဉ္ဇင်း ရောက်ရှိနေပါတယ်ဘုရား၊ နှုတ်ဆက်လိုက်ပါဦး"

ဟု ပန်ကြားသည့်အခါ ဘိုးတော်က -

"ငါနှုတ်ဆက်ပြီးပြီ"

ဟု မျက်စိနှစ်လုံးဖွင့်ကြည့်ပြီး ဖြေကြားလေသည်။

တစ်နေ့တွင် ဆရာတော်သည် မယ်ဝဏ္ဏနတ်နန်းရှေ့တွင် လက်ဖက်ရည် ဘုဉ်းပေးသုံးဆောင်နေကြသည်။ ဘိုးတော်သည် နောက်မှနေလျက် ဆရာတော်အား စောင်ကိုမကာ ကြည့်ရှုနေသည်။ အတူပါလာသော ဘုန်းကြီးတစ်ပါးက -


"နောက်ကိုလှည့်ကြည့်လိုက်ပါဦး မောင်ပဉ္ဇင်း"

ဟု သထိပေးသည်။

နောက်သို့လှည့်ကြည့်လိုက်သောအခါ စောင်ကိုမ,ကာ ကြည့်ရှုနေသည့် ဘိုးတော်အား မြင်တွေ့ရ၏။

ဘိုးတော်၏ တပည့်များက -

www.burmeseclassic.com



မြစိမ်းတောင်၏မြောက်ဘက်တောင်ခြေရှိရှုခင်း



မြစိမ်းတောင်ဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်ဖြင့် ကျွဲမျှစောင့်ရှောက်ထားသော ကြောင်များ

"ဦးပဥ္စင်း၊ အဲဒါ ဘိုးတော်က ဆောင်မကြည့်ရှုမယ်လို့ပြောတာ။ တပည့်တော်တို့ကိုတောင် တစ်ခါမှဒီလိုမပြဖူးဘူး"

ဟု ပြောပြသည်။

ထို့နောက် ဘိုးတော်က ဆရာတော်အား ဝေဘူဆရာတော်ထံ ဩဝါဒခံယူရန် စေလွှတ်သည်။ ဆရာတော်သည် ဝေဘူဆရာတော်ကဲ့သို့ ကျင့်ကြံအားထုတ်လိုသဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်သည်။ ခရီးအတော်အတန်ပေါက်သည်တွင် ဆရာတော်သည် လူနှင့်ဝေးရာတစ်နေရာရာတွင် တရားကျင့်ကြံအားထုတ်လိုသည်ဖြစ်၍ မိမိ၏ပစ္စည်းပစ္စယများကို သိမ်းဆည်းထုပ်ပိုးပြင်ဆင်နေလေသည်။

ထိုအခါ ဝေဘူဆရာတော်ဘုရားက -

"မောင်ပဥ္စင်း၊ ဒကာကြီးဆီကိုပြန်သွားပါဦး။ ဒကာကြီးက ဘာပြောချင်သေးလဲဆိုတာ နားထောင်လိုက်ပါဦး"

ဟု မိန့်မှာသည်။

ဆရာတော်လည်း ဝေဘူဆရာတော်ဘုရားမိန့်မှာချက်အတိုင်း ပုပ္ပားသို့ပြန်လာခဲ့လေသည်။

ဘိုးတော်က ဆရာတော်အား -

"အောက်ပြည်အောက်ရွာမှာ သာသနာပြုပါဦး။ ဆည်ကြီးတစ်လုံး သွားဆောက်ပါဦး"

ဟု မိန့်မှာလေသည်။

ဆရာတော်သည် ကနဦးမှာ ဆည်ကြီးတစ်လုံးတည်ဆောက်ပါဦးဆိုသည်ကို အဓိပ္ပာယ်မပေါက်ခဲ့ချေ။ နောက်မှ သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် ညွှန်ကြားခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်သွား၏။

ဘိုးတော်က -

"မြစိမ်းတောင်ဟာ ဦးပဥ္စင်းအတွက်ပဲ"

ဟု ဆိုလေသည်။

ဆရာတော် ရောက်စအချိန်တွင် မြစိမ်းတောင်သည် တောကြီးမျက်မည်းဖြစ်နေသည်။ ယခု မြတိဂုံစေတီတော်တည်ရှိရာနေရာသည် ရှေးဟောင်းနေရာတစ်ခုဖြစ်သည်။ အုတ်ကျိုးအုတ်ပဲ့များ နေရာအနှံ့တွင် တွေ့မြင်ရသည်။

ဆရာတော်သည် ဝါးတဲကလေးတစ်လုံးနှင့် သီတင်းသုံးရသည်။ ဆင်းရဲပင်ပန်းစွာကျင့်ကြံနေထိုင်ခဲ့ရသည်။ ယခုနှစ်ပေါင်း(၆၀)အချိန်တွင် အရာရာတိုင်းပြောင်းလဲသွားပါပြီ။

ဆရာတော်ဘုရားကြီး ကနဦးချီးမြှင့်သည့်တရားကား -

"မင်းတို့ပြည် တစ်ပတ်ပြန်လျှင်ပရမတ်သံဓာတ်သံပေးပါလိမ့်မယ်တဲ့"

ဟု အစချီလျက် ဘိုးတော်က စောင်မကြည့်ရှုသည့်အကြောင်း၊ ဝေဘူတောင်ဆရာတော်ဘုရားထံသွားရောက်ကာ တရားအားထုတ်ကျင့်ကြံရသည့်အကြောင်း၊ နောက် မြောင်းမြို့ဟောင်းမြစိမ်းတောင်သို့ ရောက်လာရသည့်အကြောင်း မိန့်ကြားသည်။ နောက်တိုင်းမှူး၊ သာသနာရေးဝန်ကြီးတို့တိုင်ပင် ညှိနှိုင်းလျက် မြေလွတ်ဧက (၃၀၀) ရှိသော ယခုမြစိမ်းတောင်နေရာတွင် သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန် ဧက (၁၅၀) ချမှတ်ပေးခဲ့သည့်အတွက် ဘုရားတည်၊ ကျောင်းဆောက်၊ ဇရပ်အလှူရှင်များ၏ ကုသိုလ်တော်ဖြင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခဲ့သည်။

အလားအလာကောင်းအောင်၊ ရေလာကောင်းအောင် မြောင်းသွယ်နေရသည်ဟု ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့ပါသည်။ တောင်တော်ပေါ်သို့တက်သော ကားလမ်းကိုလည်း အလှူရှင်တစ်ဦးကလှူထားသဖြင့် မြပြင်နေဆဲဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ကလည်း မြစိမ်းတောင်သာသနာပြုလုပ်ငန်းများအတွက် နဝကမ္မအလှူငွေများ တတ်စွမ်းသမျှ ထည့်ဝင်လှူဒါန်းခဲ့ကြပါသည်။ မြစိမ်းတောင်ပေါ်ရှိ အဓိဋ္ဌာန်အောင် မြတိဂုံဘုရားကြီးအားဝင်ရောက်ဖူးမြော် ကန်တော့ကြသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုဖူးမြော်ရဘိသည့်အလားပင်။ ဆွမ်း၊ ပန်း၊ ရေချမ်း ပြည့်ပြည့်စုံစုံ မပါရှိစေကာမူ ဝတ်ချကန်တော့ရသည့် မိမိတို့၏ ခံစားချက်ကို စာဖြင့်ပြည့်စုံအောင် အဓိပ္ပာယ်ပြည့်ဝအောင် ဖော်ပြနိုင်ခြင်းမရှိပါ။

နယ်ခံမိတ်ဆွေတို့က အဓိဋ္ဌာန်အောင် မြတိဂုံစေတီတော်မြတ်ကြီးရှေ့မှောက်တွင် ငါးပါးသီလခံယူလျက် မိမိတို့အလိုရှိသည့် ဆုတစ်ဆုကို အဓိဋ္ဌာန်ပြုဆုတောင်းပါက မုချမသွေ ပြည့်စုံပါသည်ဟု အခိုင်အမာပြောပြကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ မြတ်ဗုဒ္ဓကိုယ်ပွားစေတီတော်မြတ်ကြီးအား၊ မြတ်စွာသခင်ကျေးဇူးတော်ရှင်အား ရည်မှန်းပူဇော်ဖူးမြော်ကန်တော့ရသည့်အကျိုးသည်ကား တန်ဖိုးအနန္တမဟာဂွဖြစ်ပါချေသည်။

ခင်မောင်အေး (မန္တလေး)

ကျမ်းကိုး -

- မြတိဂုံစေတီတော် ဂေါပကအဖွဲ့ ပြောပြချက်
- ကိုယ်တိုင်ရောက်ရှိလေ့လာတွေ့ရှိမှု



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါတိုင်း မည်သူတစ်စုံတစ်ယောက်မျှ သေဘောကမလွတ်ကင်းကြ။ ဖြစ်လာသမျှ အရာဝတ္ထုတို့သည် ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ပျက်ကြရသည်ချည်းဖြစ်သည်။ မည်သည့်သတ္တဝါ၊ မည်သည့်အရာဝတ္ထုမျှ အမြဲထာဝရတည်ရှိနေသည်မဟုတ်။

သို့ကြောင့် မဟာကရုဏာတော်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားက -

- အနိစ္စာ ဝတသင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။

ဟူသော ဒေသနာတော်ကို ဟောတော်မူခြင်း ဖြစ်လေသည်။


**သင်္ခါရာ** - အကြောင်းအတန်တန်၊ ပြုစီမံ၍၊ ဖြစ်လာရသည့်၊ ရုပ်နာမ်နှစ်ဝ၊ သင်္ခါရတရားတို့သည်၊ **ဝတ** - စင်စစ်ဧကန် အမှန်မုချအားဖြင့်၊ **အနိစ္စာ** - အမြဲမရှိကြလေကုန်။ **ဥပ္ပါဒဝယ - ဓမ္မိနော** - အဖြစ်သဘော၊ အပျက်သဘောတို့၊ အတောမသတ်၊ အထပ်ထပ်အထွေထွေ၊ လည်ပတ်၍နေကြပေကုန်၏။ **ဥပ္ပဇ္ဇိတွာ** - အကြောင်းဆိုက်ကာ ဖြစ်ပေါ်လာပြီး၍၊ **နိရုဇ္ဈန္တိ** - ချက်တစ်ဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ **တေသံ** - ထိုဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ခံသည့်၊ ရုပ်နာမ်နှစ်ဝ ဒုက္ခတရားတို့၏၊ **ဝူပသမော** - ချုပ်ရာငြိမ်းရာသည်ကား၊ **သုခေါ** - စင်စစ်မသွေ ချမ်းသာလှပါပေ၏။

ဟုတ်ပါသည်။

ဖြစ်ပျက်မှုမကင်းသဖြင့် သတ္တဝါတိုင်းပင် သေနေကြရ၏။ မည်သူတစ်စုံတစ်ဦးတစ်ယောက်မျှ သေဘောကလွတ်မြောက်ရိုးမရှိ။ ဖြစ်လာသမျှသည် မပျက်မစီးဘဲ အမြဲထာဝရတည်ရှိနေ

# ဉာဏ်မြင့်

## သေဘောလွတ်ရာမြေနေရာ ဘယ်မှာရှိအံ့နည်း





www.burmeseclassic.com

www.burmeseclassic.com

သည်မဟုတ်။ လောကကြီးသည် ဖြစ်ပြီး ပျက်နေသည်သာဖြစ်၏။ သို့ကြောင့် ဖြစ်ပျက်လောကကြီးဟု ဆိုနိုင်၏။ လုဇ္ဇတိပလုဇ္ဇတိလောကော ဟူ၏။ သတ္တဝါတိုင်း၏ ရုပ်နှင့် နာမ်တို့သည် ဖြစ်ပျက်မကင်းကြသော လောကကြီးပင် ဖြစ်သည်။ ဖြစ်ပျက်မကင်းသောလောကကြီးဖြစ်၍ ရုပ်၊ နာမ် (၂) ပါးတို့လည်း ဖြစ်မှုပျက်မှုမကင်းကြ။ သို့ကြောင့်လည်း ဗုဒ္ဓမြတ်စွာက 'အနိစ္စာ ဝတ သင်္ခါရာ' ဟူသော ဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။

လောကကြီးသည် ဆိုခဲ့သည့် အတိုင်း ဖြစ်ပျက်လောကကြီးဖြစ်ရာ သင်္ခါရရုပ်၊ နာမ်တို့သည်လည်း ဖြစ်ပြီး ပျက်နေပေသည်။ သင်္ခါရရုပ်၊ နာမ်တို့ကဲ့သို့ ဖြစ်ပြီးမပျက်သောတရားတိုကား အသင်္ခတဟု ခေါ်ရာ၏။ ထိုအသင်္ခတ တရားသည်ကား အဖြစ်တရားမဟုတ် အရှိတရားဖြစ်၏။ အရှိတရားဖြစ်၍ ပျက်သည်ဟူ၍လည်းမရှိ။ အကြောင်းကင်းသည့်တရားဖြစ်၍ ဖြစ်လည်းမဖြစ်၊ ပျက်လည်းမပျက်။ ဖြစ်စရာ၊ ပျက်စရာ ရုပ်နာမ်မရှိသောကြောင့် ဆင်းရဲမှုလည်း မရှိဘဲ ချမ်းသာ၍နေသည်။ ထိုချမ်းသာကို လောကုတ္တရာစာပေ၌ အနုပ္ပာဒ နိရောဓမ္မဟု ခေါ်ဆို၏။ ထိုမဖြစ်မပျက်သော အသင်္ခတ အနုပ္ပာဒ နိရောဓနိဗ္ဗာန်သို့ မရောက်မချင်း မည်သည့်သတ္တဝါမျှ သေဘေးမှမလွတ်မြောက်ကြ။ အားလုံး သေကြရမည်သာဖြစ်သည်ကို သံဝေဂ ဉာဏ်ရစေရန်နှင့်သေဘေးမှလွတ်မြောက်လိုသည့်နေကွမတတ်များ မိမိတို့သန္တာန်၌ ဖြစ်ပေါ်လာကြစေရန် ရည်သန်လျက် သုပ္ပဗုဒ္ဓသာကီဝင်မင်းအကြောင်းအတ္ထုပ္ပတ္တိကို သာဓကအဖြစ် တင်ပြလိုက်ရပါသည်။

သုပ္ပဗုဒ္ဓသာကီဝင်မင်းအကြောင်း ဟောကြားတော်မူစဉ်က မြတ်စွာဗုဒ္ဓရှင်တော်မြတ်သည် သက္ကတိုင်း ကပိလဝတ်မြည် နိဂြောဓာရုံ ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးနေတော်မူစဉ် ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ သုပ္ပဗုဒ္ဓသာကီဝင်မင်းသည် ဘုရားသခင်၏ ဦးရီးတော် ဖြစ်သည်။ ၎င်း၏ သမီးတော် ယသောဓရာနှင့် စပ်လျဉ်းလျှင်လည်း ယောက္ခမတော်ဖြစ်သည်။ မြတ်စွာဗုဒ္ဓသည် ဦးရီးတော် သုပ္ပဗုဒ္ဓသာကီဝင်မင်း၏ သမီးတော် ယသောဓရာကို စွန့်ပစ်ထားခဲ့ပြီး တောထွက် ရဟန်းပြုသွားသည်။ ထို့အပြင် သားတော် ဒေဝဒတ္တကိုလည်း ရန်သူသဖွယ် ပြုမူဆက်ဆံတော်မူလေသည်။ နောက်မှပေါက်သည့်ရှေကြာပင်များကိုကား နေရာကောင်းအခွင့်ရေးပေးပြီးထားသည်။ ဤအကြောင်း(၂)ချက်ဖြင့် တူတော် မြတ်စွာဗုဒ္ဓအပေါ် ရန်ငြိုးဖွဲ့ကာ မကျေနိုင်မချမ်းနိုင်ဖြစ်၍နေသည်။ ထို့ကြောင့် မြတ်စွာဗုဒ္ဓကို အနှောင့်အယှက်ပေးရန် မြတ်စွာဗုဒ္ဓဆွမ်းခံကြွတော်မူရာ လမ်းခရီးမှနေ၍ ဆွမ်းခံကြွရာလမ်းကိုပိတ်ဆို့ထားရန်အကြံရသဖြင့် မင်းချင်းယောကျ်ားတို့အား မြတ်စွာဗုဒ္ဓကြွရောက်မည့် ဆွမ်းခံလမ်းကို ပိတ်ဆို့ထားရန် စေလွှတ်လိုက်လေသည်။ သူကိုယ်တိုင်ကား အရက်သေစာများသောက်လျက် နန်းပြသဒ်၌ နေလေသည်။

မြတ်စွာဗုဒ္ဓသည် နောက်ပါရဟန်း အပေါင်း ခြံရံလျက် ဆွမ်းခံလမ်းသို့ကြွရောက်တော်မူလာရာ သုပ္ပဗုဒ္ဓသာကီဝင်မင်း၏ မင်းချင်းတို့က အခြားလမ်းမှကြွတော်မူပါဟု လျှောက်ထားပြီး လမ်းကို ပိတ်ဆို့ထားကြလေသည်။ သို့ဖြစ်၍ မြတ်စွာဗုဒ္ဓသည် နောက်ပါရဟန်းသံဃာ အပေါင်းနှင့်အတူ အခြားလမ်းမှကြွရောက်တော်မူရန် နောက်ဆုတ်ကြွတော်မူပြီး အခြားလမ်းမှ ဆွမ်းခံတော်မူရလေသည်။

ထိုသို့ မြတ်စွာဗုဒ္ဓနောက်ဆုတ်ပြန်ကြွရာနောက်သို့ မင်းချင်းတစ်ယောက်ကိုလိုက်စေပြီး မြတ်စွာဗုဒ္ဓထံမှ မည်သည့် စကားမိန့်ကြားသည်ကို နားထောင်မှတ်သားပြီး ပြန်လာခဲ့ရန်မှာကြားလေသည်။

ထိုသို့ မြတ်စွာဗုဒ္ဓသည် ဆွမ်းခံလမ်းမှပြန်လည်ဆုတ်နစ်ပြီး အခြားလမ်းဖြင့် ကြွရောက်တော်မူရသည်။ ထိုသို့ ဆွမ်းခံတော်မူရာက မြတ်စွာဘုရားသခင်ထံမှ ပြုံးရွှင်သော အမူအရာကို မြင်သောကြောင့် အရှင်အာနန္ဒာမထေရ်က ပြုံးရွှင်တော်မူခြင်း၏အကြောင်းရင်းကို ထင်ရှားစွာသိရအောင် မိန့်ကြားတော်မူပါရန် လျှောက်ထားမှုသည်။

ထိုအခါ -

"အာနန္ဒာ၊ ဦးရီးတော်ကိုမြင်သည် မဟုတ်လော"

ဟုမိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်က -

"မြင်ပါသည်ဘုရား"

ပြန်လည် လျှောက်ထား၏။

ထိုအခါ မြတ်စွာဗုဒ္ဓက -

"ချစ်သား အာနန္ဒာ၊ ငါသို့စဉ် သဗ္ဗညုတဘုရားရှင်အား ဆွမ်းခံရာလမ်းခရီးကို တားဆီးပိတ်ဆို့သော ဦးရီးတော် သုပ္ပဗုဒ္ဓမင်းသည် အလွန်ကြီးလေးသော အကုသိုလ်မှုကြီးကို ပြုမိမှားချေပြီ။ ဤမကောင်းမှုအကုသိုလ်ကြောင့် ဤနေ့မှ နောက်ခုနစ်ရက်မြောက်၌ ပြာသာဒ်၏ အောက်စောင်းတန်းလှေကားခြေရင်း၌ သုပ္ပဗုဒ္ဓမင်း မြေမျိုလိမ့်မည်"

ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ဤသို့ မြတ်စွာဗုဒ္ဓ၏ ဗျာဒိတ်စကား မြွက်ကြားသည်ကို မြတ်စွာဗုဒ္ဓနောက်ကလိုက်လာသည့် သုပ္ပဗုဒ္ဓမင်း၏ မင်းချင်းယောကျ်ား ကြားသိသွား၏။ ကြားသိသွားသည့်အတိုင်းပင် သုပ္ပဗုဒ္ဓမင်းအား ပြန်လည်ပြောကြားလေသည်။

ထိုအခါ သုပ္ပဗုဒ္ဓမင်းသည် -

"ငါ့တူပြောလျှင် ပြောတိုင်း ဧကန်မုချဖြစ်တတ်သည်။ ငါ့တူပြောသည့် အတိုင်း ပြာသာဒ်စောင်းတန်းလှေကား ခြေရင်း၌ မြေမျိုခြင်းမခံရလေအောင်၊ ငါ့တူ၏စကား မုသာဝါဒစကားဖြစ်သွားအောင် ကြံဆောင်တော့အံ့။ ထိုသို့ မသွားရောက်လျှင် ပြာသာဒ်ခြေရင်း၌ မြေမျိုခံလိမ့်မည်မဟုတ်။ ခုနစ်ရက်မြောက်၌ မြေမျိုမခံရလျှင် ငါ့တူဘုရားအား မုသာဝါဒဖြင့်နှိပ်တော့အံ့"

ဟူ၍ အကြံရလေသည်။

ထိုသို့ အကြံရသည့်အတိုင်း သုပ္ပဗုဒ္ဓသာကီဝင်မင်းသည် မိမိအသုံးအဆောင်ပစ္စည်းမှန်သမျှကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အထက်သို့တင်စေ၍ စောင်းတန်းလှေကားကိုလည်း အခြားတစ်နေရာသို့ ဖယ်ရှားထားပြီး တံခါးများကိုလည်း ပိတ်ထားစေသည်။ တစ်ဖန် တံခါးတစ်ပေါက်တစ်ပေါက်၌ လက်ဝှေ့သမား (၂) ယောက်စီကိုလည်းထား၍ အကယ်၍များ ငါသည် သတိမေ့လျော့ပြီး ပြာသာဒ်အောက်သို့ဆင်းမည်ပြုလျှင် အမောင်တို့က ရအောင် ငါ့ကိုတားမြစ်ကြ"

ဟု မှာထားလေသည်။

ထိုသို့စီစဉ်ပြီး သုပ္ပဗုဒ္ဓသာကီဝင်မင်းသည် ပြာသာဒ်အပြင်ရှိ ကျက်သရေတိုက်ခန်းတွင် နေထိုင်လေသည်။

မြတ်စွာဗုဒ္ဓသည် သုပ္ပဗုဒ္ဓသာကီဝင်မင်း ဤကဲ့သို့ ပြာသာဒ်အတွင်းမနေတော့ဘဲ ကျက်သရေတိုက်ခန်းအတွင်း၌ နေထိုင်ကြောင်း ကြားသိတော်မူသဖြင့် ရဟန်းတို့အား -

"အို - ရဟန်းတို့၊ ငါဘုရား၏

www.burmeseclassic.com

www.burmeseclassic.com

ဦးရီးတော်သည် ယခုအခါ ပြာသာဒ် အပြင်မှာသာမဟုတ်။ ကောင်းကင်သို့ ပျံတက်ကာ အထက်ကောင်းကင်၌နေ သည်ဖြစ်စေ၊ လှေဖြင့် သမုဒ္ဒရာအတွင်း ဆင်း၍ ငုပ်လျှိုးနေသည်ဖြစ်စေ၊ တော တောင်လိုဏ်ခေါင်းအတွင်းဝင်၍ ပုန်း အောင်း တိမ်းရှောင်နေသည်ဖြစ်စေ ဧကန်မုချ မလွဲမသွေ စောင်တန်းလှေ ကားခြေရင်း၌ပင် ဦးရီးတော် သုပ္ပဗုဒ္ဓ သာကီဝင်မင်း မြေမျိုလိမ့်မည်"

ဟူ၍ အောက်ပါဒေသနာတော် မိန့်ကြားတော်မူပါသည်။

□ န အန္တလိက္ခေ န သမုဒ္ဒ မဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇာဂတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စု။ ။

**ဘိက္ခဝေ** - အိုရဟန်းတို့၊ **အန္တလိက္ခေ** - ကောင်းကင်၌၊ **ဋ္ဌိတောပိ** - တည်သူသည်လည်း၊ **မစ္စုတော** - သေခြင်းတရားမှ၊ **နမုစ္စတိ** - မလွတ်နိုင်။ **သမုဒ္ဒမဇ္ဈေ** - သမုဒ္ဒရာအလယ်၌၊ **ဋ္ဌိတောပိ** - တည်သူသည်လည်း၊ **မစ္စုတော** - သေခြင်းတရားမှ၊ **နမုစ္စတိ** - မလွတ်နိုင်။ **ယတ္ထ** - အကြင်မြေအရပ်၌၊ **ဋ္ဌိတံ** - တည်သော သူကို၊ **မစ္စု** - သေခြင်းတရားသည်၊ **နပ္ပသဟေယျ** - မလွှမ်းမိုး မနှိပ်စက်နိုင်ရာ၊ **သောဇာဂတိပ္ပဒေသော**-ထိုမြေအရပ်သည်၊ **နဝိဇ္ဇတိ** - ဆံဖျားတစ်ထောက်မျှ လုံးဝ မရှိချေ။

ဟူ၍ ဤဒေသနာတော်ကို ဟော တော်မူ၏။

ဒေသနာတော်နိဂုံးဆုံးသောအခါ များစွာသောသူတို့သည် သောတာပတ္တိ ဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

ဗုဒ္ဓမြတ်စွာသည် အထက်ဖော်ပြ ပါ ဒေသနာတော်ကို ဟောကြားတော် မူပြီး နောက်ခုနစ်ရက်မြောက်သောနေ့ ဝယ် မြတ်စွာဘုရားသခင် ဆွမ်းခံကြွရာ လမ်းကို ပိတ်ဆို့တားဆီးကြသောအချိန် ၌၊ သုပ္ပဗုဒ္ဓမင်း၏နန်းပြာသာဒ်အောက် ခြေတွင် ချည်ထားသော မင်္ဂလာစီးတော် မြင်းသည် ချည်တိုင်မှ ကြိုးပြတ်ကာ ပြင်းစွာ မြည်ဟီလျက် နံရံများကို ကန်ကျောက်ပြီး ထကြွသောင်းကျန်းနေ သဖြင့် မည်သူတစ်စုံတစ်ယောက်မျှ ခြောက်လှန့်ဟိန်းဟောက်၍ ဖမ်းမရဘဲ ဖြစ်၍နေလေသည်။

ယင်းကဲ့သို့ စီးတော်မြင်းကို မည်သူ မျှဖမ်းမရဘဲဖြစ်နေစဉ် မြင်းဟီသံကို ကြားသံဖြင့် မင်းချင်းတို့အား မေးမြန်းရာ မင်္ဂလာစီးတော်မြင်းချည်တိုင်ကလွတ်၍ သွားရာ မည်သူမျှဖမ်းမရဖြစ်နေကြောင်း လျှောက်ထားကြ၏။ ထိုသို့ဖြစ်လျှင် သူကိုယ်တိုင်ဖမ်းမည်ဆိုကာ ထိုင်ရာမှ ထ၍တံခါးဆီသို့သွားလေသည်။ ထိုအခါ ပိတ်ထားသောတံခါးတို့သည် အလိုလို ပွင့်ကုန်၏။ စောစောက အခြားတစ်ပါး သို့ ဖယ်ထားသော စောင်းတန်းလှေကား ကလည်း အလိုလို သူ၏မူလနေရာသို့ ပြန်ရောက်နေ၏။တံခါးစောင့်နှစ်ယောက် တို့ကလည်း သုပ္ပဗုဒ္ဓမင်းအား ပြာသာဒ် အတွင်းဆွဲမသွင်းကြဘဲ လည်ပင်းကို ဆွဲကိုင်မြှောက်ပြီး အောက်သို့ပစ်ချ လိုက်ကြ၏။ ထိုသို့ ပစ်ချလိုက်သဖြင့် ဘုံခုနစ်ဆင့်ပြာသာဒ်အောက်စောင်းတန်း လှေကားခြေရင်း၌ သုပ္ပဗုဒ္ဓမင်းကျလာ သောအခါ၊ မဟာပထဝီမြေကြီးသည် မြည်ဟည်းလျက် ကွဲအက်ကာ ခံယူလေ သည်။ သုပ္ပဗုဒ္ဓမင်းသည် မြေထဲဝင်၍ အဝီစိငရဲ၌ဖြစ်ရလေသည်။ ဤကား ဗုဒ္ဓဝင် စတုတ္ထတွဲ၌ ပါရှိသော သုပ္ပဗုဒ္ဓ သာကီဝင်မင်းအကြောင်း အတ္ထုပ္ပတ်ပင် ဖြစ်ပါသည်။

ဤဝတ္ထုကြောင်းနှင့်ပတ်သက်ပြီး စာဖတ်သူများ သံဝေဂရဖွယ် ဂန္ထဝင် လင်္ကာ (၂) ပုဒ်ကို တွေ့ရပါသည်။ ထို လင်္ကာ(၂)ပုဒ်ကို တရားသံဝေဂဖြစ်ပြီး နေကွမဓာတ်များ မိမိတို့၏နှလုံးစိတ်ဝမ်း ၌ ဖြစ်ပေါ်ကြပါစေ ဟူသော ရည်သန် ချက်ဖြင့် ဆက်လက် တင်ပြပါရစေ။

### သေဘေးလွတ်ရာမရှိ

□ *ဇရာမရဏ၊ ဒုက္ခဝဋ်တွင်း*
*အိုရခြင်းနှင့်*
*သေမင်းလွတ်အောင်၊*
*ဘယ်လိုရှောင်အံ့။*
*တောင်ခုနစ်ထွေ၊ ရေခုနစ်ထပ်*
*လေးကျွန်းရပ်ခွင်၊*
*ကောင်းကင်သမုဒ္ဒရာ*
*စကြဝဠာမြေထဲ၊ ပုန်းခိုလွဲလည်း*
*အမြဲမချွတ်၊ သေဘေးဝဋ်က*
*မလွတ်တို့သာ၊ မလွဲရာတည်း။ ။*

ဤလင်္ကာကား မဟာရလော့ပ အကျော်မန်လည်ဆရာတော်ဘုရားကြီး ၏ မဃဒေဝလင်္ကာအပိုဒ်(၁၀၄)၌တွေ့ ရသည်။ ထို့အတူပင် အင်းဝခေတ် စာဆိုတော် အရှင်မဟာရဋ္ဌသာရဆရာ တော်ကလည်း ဘူရိဒတ်လင်္ကာ အပိုဒ် (၂၇၄) ၌ သံဝေဂတရားရှုပွားပြီး စာရှုသူ တို့စိတ်နှလုံး၌ နေကွမဓာတ်များဖြစ် ပွားများစေရန် ရည်သန် စပ်ဆိုတော်မူ သည်ကိုလည်း တင်ပြလိုက်ပါရစေ။

### ပုန်း၍မလွတ်

□ *ဘဝညြယာ၊ စကြာရဟတ်*
*သုံးပါးဝဋ်တွင်*
*လူနတ်ဗြဟ္မာသတ္တဝါကား*
*ကြမ္မာအလျောက်၊ အခါရောက်က*
*မြေအောက်ပုန်းလျှိုး၊*
*ခွန်အားကိုးလည်း*
*လွတ်မျိုးမထင်။*
ရေတွင်စုပ်စုပ်၊ နက်ရာငုပ်လည်း
လွတ်ရပ်မမြင်။
ကောင်းကင်ပျံတက်၊
ငှက်နှယ်ပတ်လည်း မလွတ်နှင်နှင်။
သေမင်းငင်၍ အရှင်စတေ၊ မနေရရာ
မမွတာဖြင့်
ခန္ဓာပြိုလဲ၊ ယွင်းဖောက်လွဲသည်
ကြဉ်ဖဲမရှောင်စသာတည်း။ ။

သို့ဖြစ်ရာ သေဘေးက လွတ်ရာ မြေနေရာကား ဘယ်မှာရှိအံ့နည်း။ ဆံဖျား တစ်ထောက်စာမျှပင် မရှိ ပါတကား။

ဉာဏ်မြင့်





www.burmeseclassic.com


www.burmeseclassic.com

ကုန်းဘောင်ခေတ် ခရစ်နှစ် ၁၇၇၆ ခုနှစ်တွင် စဉ့်ကူးမင်းသည် အင်းဝနေပြည်တော်၌ စတင်ထီးနန်းစိုးစံသည်။ စဉ့်ကူးမင်းသည် ခရစ်နှစ် ၁၇၇၇ခုနှစ် တွင် ဒဂုံမြို့ (ရန်ကုန်မြို့သို့) ရေကြောင်းခရီးဖြင့် စုန်ဆင်းလျက် ရွှေတိဂုံစေတီတော်ကြီးကို ဦးခိုက်ပူဇော်ခဲ့သည်။ ရွှေမျက်ပါးသင်္ကန်းဖြင့်လုံးတော်ပြည့်ကပ်လှူခဲ့သည်။ ရတနာအမျိုးမျိုးဖြင့်လည်း ပူဇော်ခဲ့သည်။ စေတီတော်ကြီး၏ရင်ပြင် လေးမျက်နှာမုခ်ဦးတို့၌ တန်ဆောင်းပလ္လင်နှင့်တကွ ဘုရားလေးဆူကိုရည်စူးလျက် ပဉ္စလောဟာဆင်းတုလေးဆူကိုလည်း သွန်းလုပ်လှူဒါန်းပူဇော်ခဲ့သည်။ ခေါင်းလောင်းတော်ကြီးကိုလည်း သွန်းလုပ်ရေစက်ချလှူဒါန်းမှုပြုခဲ့သည်။ ယင်းခေါင်းလောင်းတော်ကြီးကို 'မဟာဃဏ္ဍာဘွဲ့တော်' အမည်ပေးလျက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်မြောက်ထောင့်(ရာဟုထောင့်)၌ သဲဒ္ဒဒါနအဖြစ် တန်ဆောင်းနှင့်တကွ ဆောက်လုပ် လှူဒါန်းခဲ့သည်။

ယင်းခေါင်းလောင်းတော်ကြီးသည် စဉ့်ကူးမင်း၏ ခမည်းတော် ဆင်ဖြူရှင်မင်းလက်ထက် ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင် ဒဂုံ (ရန်ကုန်) မြို့သို့ ရတနာကရဝိက်ရွှေဖောင်ဖြင့်စုန်ဆင်း၍ ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်သစ်တင်လှူပွဲနှင့်အတူ ခမည်းတော် ဆင်ဖြူရှင်မင်းစတင်သွန်းလုပ်ခဲ့သော ခေါင်းလောင်းတော်ကြီးဖြစ်၏။ သို့သော် ဆင်ဖြူရှင်မင်းထီးတော်တင်လှူချိန်တွင် ခေါင်းလောင်းတော်ကြီးသည် သွန်းလုပ်၍ မပြီးစီးခဲ့သဖြင့် သားတော်စဉ့်ကူးမင်းလက်ထက်၌ ဆက်လက် သွန်းလုပ်ခဲ့ရာ ခရစ်နှစ် ၁၇၇၈ ခုနှစ်တွင်မှ ပြီးစီးခဲ့လေသည်။ ထို့ကြောင့် စဉ့်ကူးမင်းလက်ထက် ခရစ်နှစ် ၁၇၇၈ ခုနှစ်တွင် ယင်းခေါင်းလောင်း

## လှမြင့် (ရန်ကုန်တက္ကသိုလ်)

# စဉ့်ကူးမင်းခေါင်းလောင်းတော်ကြီးနှင့် ရွှေတိဂုံစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကို စဥ့်ကူးမင်းက ရေစက်သွန်းချ လှူဒါန်းခဲ့သောကြောင့် စဥ့်ကူးမင်း ခေါင်းလောင်းတော်ကြီးဟူ၍ ထင်ရှားခဲ့သည်။

'မဟာဃဏ္ဍာဘွဲ့တော်' အမည်ရှိ စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီးကို ပန်းတဉ်းဝန် ပညာဒေဝက ဦးစီးသွန်းလုပ်ခဲ့သည်။ ကြေးစင်အချိန်ပိဿာ (၁၅,၅၅၅) ရှိသည်။ တန်ချိန်အားဖြင့် (၂၄၀) တန်ခန့်လေး၏။ ခေါင်းလောင်းတော်ကြီးအရွယ်မှာ အချင်း ငါးတောင်၊ အရပ် ခုနစ်တောင်နှစ်မိုက်၊ လုံးပတ် ဆယ့်ငါးတောင်၊ အထူ နှစ်မိုက်ငါးသစ် ရှိသည်။ ယင်းခေါင်းလောင်းကြီးကို မြန်မာနှစ် ၁၁၄၀ ပြည့်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ ခရစ်နှစ် ၁၇၇၈ ခု ဇန်နဝါရီလတွင် သွန်းလုပ်ပြီးစီးခဲ့သည်။

စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီးတွင် မြန်မာဘာသာဖြင့် ခေါင်းလောင်းစာရေးထိုးမှတ်တမ်းတင်ခဲ့သည်။ စဥ့်ကူးမင်းခေါင်းလောင်းစာတွင် စာကြောင်းရေ (၁၂) ကြောင်းပါရှိသည်။

ခေါင်းလောင်းစာတွင် -

*ဤတမ္ဗဂုတ္တတောင်ထိပ်ရှိ စေတီတော်မြတ်ကြီးသို့ ဖူးမြော်ရန်ရောက်ရှိလာသူတို့ ကြည်ညိုသဒ္ဓါပွားစိမ့်သောငှာ ဤကမ္ဘာတွင် ရှေးဦးစွာပွင့်တော်မူကုန်သော ငါးမာရ်အောင်မြင် ဘုရားသခင်လေးဆူတို့၏ ပဒ္ဓလောဟာရုပ်တုတော်မြတ်လေးဆူကို စေတီတော်လေးမျက်နှာတွင် ဘုံသာရွှေကျောင်းနှင့်တကွ တည်ထားကောင်းမှုပြုပါ၏။*

*မဟာဃဏ္ဍာဘွဲ့ခံ ခေါင်းလောင်းတော်ကြီးသည် ကြေးစင်ပိဿာ ၁၅၅၅၅ ရှိ၏။ ခေါင်းလောင်းတော် အရွယ်မှာ အချင်းငါးတောင်၊ အရပ် ခုနစ်တောင်နှစ်မိုက်၊ လုံးပတ် တစ်ဆယ့်ငါးတောင်၊ အထူ နှစ်မိုက်ငါးသစ်ရှိ၏။ မြန်မာနှစ် ၁၁၄၀ ပြည့် တပို့တွဲလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ သွန်းလုပ်ပြီးစီး၏။*

*ဤသို့ သဒ္ဒါနဝတ္ထု ပူဇော်ရသော ကောင်းမှုကြောင့် ဒါန စသော ပါရမီကိုဖြည့်စွမ်းဆောင်ရွက်၍ ပညာဓိက သမ္မာသမ္ဗုဒ္ဓဂုဏ်ကျေးဇူးအထူးထူးဖြင့် သုံးဦးလူနတ်ပရိသတ်တို့အား တရားတည်းဟူသော ဧအောင်ဆုပေး၍ ချမ်းအေးသုခနိဗ္ဗာနသို့ တင်ပို့ရသည် ဖြစ်လိုသော။ ဘဝကြီးငယ်၊ ကျင်လည်သမျှ သုဂတိဘဝ လူမင်းနတ်မင်းအဖြစ်ကိုသာရ၍ နတ်လူသတ္တဝါ ဖြုဟ္မာအပေါင်းတို့သည် ချစ်ကြည်အပ်သောအရာ၌ သာယာသဖြင့် ကျူးရင့်သော ကရဝိက်ငှက်မင်းအသံကိုနှစ်သိမ့်သကဲ့သို့ ကြောက်စေအပ်သောအရာ၌ ကုသမင်း၊ ပုဏ္ဏက၊ အာဠာဝကတို့အသံကဲ့သို့ အလိုရှိရာ အရပ်တိုင်း ကြားနိုင်သော အာဏာ သာယာသောအသံနှင့် ပြည့်စုံသည်ဖြစ်လိုသော။*

*မိမိအလိုရှိ တောင့်တသောအကျိုးကို စိတ်ကြံကာမျှနှင့် ပြည့်စုံစေသော။ အလိုမရှိ၊ မတောင့်တသောအကျိုးကို တစ်ရံတစ်ဆစ်မျှ မကြုံမတွေ့၊ မမြင်မကြားရစေသော။ အရိမေတ္တယျဘုရားရှင်ပွင့်တော်မူသောအခါ ဘုရားဗျာဒိတ်ပန်းကိုပန်ရစေသော။ မဟာဃဏ္ဍာခေါင်းလောင်းတော်ကြီးကို လှူဒါန်းရသောအကျိုးကို မယ်တော်၊ ခမည်းတော်၊ ဆင်ဖြူရှင်၊ ဘိုးတော်အလောင်းမင်းတရားကြီးနှင့် ဘွားတော်တို့နှင့်တကွ သားတော်၊ သမီးတော်၊ ဆွေမျိုးမှူးမတ်တို့အား ရကြပါစေ။ တမ္ဗကုတ္တတောင်တော် ဝန်းကျင် ဆံတော်ရှင်စေတီတော်အား စောင့်ရှောက်သော နတ်တို့နှင့်တကွ အာကာသစိုး၊ ဘုမ္မစိုးနတ်များနှင့် သတ္တဝါအားလုံးတို့အား ကုသိုလ်ကောင်းမှုရစေသတည်း. . .*

ဟူ၍ ရေးထိုးမှတ်တမ်းတင် လှူဒါန်းမှုပြုခဲ့သည်။

စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီးကို ပထမမြန်မာ-အင်္ဂလိပ်စစ်ပွဲ ၁၈၂၄ ခုတွင် ရွှေတိဂုံစေတီတော်ကြီးကုန်းတော်ပေါ်သို့ တက်ရောက်သိမ်းပိုက်ခဲ့သော အင်္ဂလိပ်တို့သည် မိမိတို့နိုင်ငံသို့ အောင်ပွဲအထိမ်းအမှတ်အဖြစ် ယူဆောင်သွားရန် စေတီရင်ပြင်တော်မှဖြုတ်ယူပြီးနောက် သင်္ဘောဖြင့်တင်ဆောင်၍ အင်္ဂလန်နိုင်ငံသို့သယ်ဆောင်ရန် ဆောင်ရွက်သည်။ ယင်းသို့ ခေါင်းလောင်းကြီးကို ရန်ကုန်မြစ်အတွင်း၌ သင်္ဘောဖြင့်တင်ဆောင်ရာ ခေါင်းလောင်းကြီးသည် ရန်ကုန်မြစ်အတွင်းသို့ ပြုတ်ကျခဲ့သည်။

အင်္ဂလိပ်တို့သည် နည်းပညာအမျိုးမျိုးဖြင့် ကြိုးစားသယ်ယူခဲ့သော်လည်းမရရှိသဖြင့် လက်လျှော့ခဲ့သည်။

အင်္ဂလိပ် - မြန်မာပထမစစ်ပွဲပြီးဆုံးပြီးနောက်တွင် ရန်ကုန်မြစ်ထဲသို့ ကျသွားသော စဥ့်ကူးမင်းခေါင်းလောင်းကြီးကို မြန်မာအမျိုးသားတို့က မြန်မာ့နည်းမြန်မာ့ဟန်မြန်မာ့ပညာဖြင့် ကြိုးပမ်းဆောင်ရွက်ပြန်လည်ဆယ်ယူရရှိခဲ့သည်။ ဆယ်ယူပုံမှာ ရန်ကုန်မြစ်တွင်း၌ ရေကျချိန်တွင် ခေါင်းလောင်းကြီးကို ကျောက်သံကြိုးနှစ်ပင်ဖြင့် မြဲအောင်ချည်နှောင်သည်။ ထိုကျောက်သံကြိုးကြီးကို ခေါင်းလောင်းပေါ်တွင် ရပ်တန့်လျက်ရှိသော သင်္ဘောနှင့်ဆက်ချည်၍လာပါသည်။ ရေတက်လာသောအချိန်တွင် သင်္ဘောသည် ရေအရှိန်ဖြင့် တဖြည်းဖြည်းမြင့်တက်ပြီး ခေါင်းလောင်းကြီးသည် မြစ်တွင်းမှ ကြွတက်၍ပါလာပြီး ကမ်းနားသို့ သယ်ဆောင်ခဲ့သည်။ ထို့နောက် စဥ့်ကူးမင်းခေါင်းလောင်းကြီးကို မြစ်ကမ်းနားမှ အခမ်းအနားဖြင့် သယ်ဆောင်၍ ယခင်မူလရှိရင်းနေရာဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စေတီတော်ရင်ပြင်သို့ ခရစ်နှစ် ၁၈၂၆ ခုနှစ်တွင် ပြန်လည်ပို့ဆောင်ထားရှိနိုင်ခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်ရှိ စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီးကို ခရစ်နှစ် ၁၇၇၈ ခုနှစ်တွင် သွန်းလုပ်ပြီးစီးလှူဒါန်းခဲ့သောကြောင့် ယခုအချိန်တွင် စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီး၏သက်တမ်းသည် နှစ်ပေါင်း (၂၃၇) နှစ်သက်တမ်းရှည်ကြာခဲ့ပြီ ဖြစ်သည်။ အင်္ဂလိပ် - မြန်မာပထမစစ်ပွဲကာလ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်တို့က အင်္ဂလန်နိုင်ငံသို့ ရေကြောင်းဖြင့် သယ်ဆောင်သွားခဲ့ပေမယ့်လည်း ရန်ကုန်မြစ်အတွင်း၌ပင် ရေထဲသို့ပြုတ်ကျခဲ့သဖြင့် ၁၈၂၄ခုနှစ်မှာပင် မြန်မာအမျိုးသားတို့၏ မြန်မာစွမ်းရည်ဖြင့် ကြိုးပမ်းဆောင်ရွက်မှုခဲ့မှုများကြောင့် မြန်မာလူမျိုးတို့၏ ဘာသာရေးနှင့် အမျိုးသားယဉ်ကျေးမှု အထွတ်အမြတ်ဖြစ်သော စဥ့်ကူးမင်းသမိုင်းဝင် ခေါင်းလောင်းတော်ကြီးကို မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် မြန်မာ့ဗုဒ္ဓအမွေအနှစ်ယဉ်ကျေးမှုအဖြစ် သဒ္ဓါကြည်ညိုခွင့်အခွင့်ထူးနှင့် အခွင့်အရေးတို့ရရှိနေပေသည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ မြတ်ဘုရားရွှေတိဂုံ (မောင်ဆုရှင်)

၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ပထမတွဲ+ဒုတိယတွဲ) (ဦးမောင်မောင်တင်)



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်လွှင်
# မြန်မာ့တံဆိပ်ခေါင်းဝါသနာ၏ ယနေ့အခြေအနေ




ကမ္ဘာ့ပထမဆုံး ပို့စကတ်
(ဩစတြီးယားနိုင်ငံ ၁၈၆၉-ခုနှစ်)

'မြန်မာ့တံဆိပ်ခေါင်းဝါသနာ၏ ယနေ့အခြေအနေ' ဟူ၍ ခေါင်းစဉ်တပ်ထားရာ ဤဆောင်းပါးမှာ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော တံဆိပ်ခေါင်းဝါသနာ၏ အနေအထားကို တစေ့တစောင်းတင်ပြသုံးသပ်ထားသည့် ဆောင်းပါးဖြစ်ပါသည်။ 'ယနေ့' ဟူ၍ သုံးထားရာ လက်ရှိတွေ့ကြုံနေရသော ပစ္စုပ္ပန်ခေတ်ကို ဆိုလိုပါသည်။ 'အခြေအနေ' ဟူသည်မှာ အချိန်နှင့်အမျှ ပြောင်းလဲနေသောသဘောရှိပါသည်။ ဆက်လက်၍ အခြေအနေ ဟူသည်မှာ အကြောင်းအရာများစွာ ရောပြွမ်းနေသည့်သဘောဆောင်ပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို ယနေ့ခေတ်တွင် ကြုံတွေ့နေရသည့် မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်းဝါသနာရပ် အခြေအနေအပေါ် အကျိုးသက်ရောက်လျက်ရှိသည့်အခြား အခြေအနေရပ်များကိုစုစည်း၍ရှင်းလင်းတင်ပြ သုံးသပ်ထားခြင်း ဖြစ်သည်။

ထိုအခြေအနေရပ်များအနက်မှ ဝင်မမြန်မာ့တံဆိပ်ခေါင်းဝါသနာရပ် အခြေအနေ၊ မြန်မာဝါသနာရှင်တို့၏ ဝါသနာရပ်ဆိုင်ရာဒဿနအခြေအနေ၊ တံဆိပ်ခေါင်းစာပေဆိုင်ရာအခြေအနေ သည်ဖြင့် အကျိုးသက်ရောက်လျက်ရှိသော အခြေအနေရပ် (၁၀) မျိုးကို ကောက်နုတ်၍ သုံးသပ်တင်ပြထားသော ဆောင်းပါး ဖြစ်သည်။

**၁ မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ်အခြေအနေ**

ယနေ့တွင် ဖြစ်တည်မြင်တွေ့နေရသည့် မြန်မာ့တံဆိပ်ခေါင်းဝါသနာရပ် အခင်းအကျင်းမှာ ဝါသနာရပ်ရေစီးကြောင်းကြီးအတိုင်း စီးဆင်းလာခဲ့သည့် အခြေအနေမျိုး မဟုတ်ပေ။ သီးခြားအပိုင်းအကန့်ဖြင့်သာ ဖြစ်ပေါ်နေရခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ယခင်ခေတ်များ၏အမွေကိုဆက်ခံထားသည့်ဝါသနာရပ် မဟုတ် ဟူ၍ ဖြစ်သည်။ နမူနာတစ်ခုပြရသည်ဆိုပါက ယနေ့တည်ထောင်ထားသော တံဆိပ်ခေါင်းအသင်းမှာ ၁၉၇၀ ပြည့်နှစ်က တည်ထောင်ခဲ့သည့် 'မြန်မာနိုင်ငံတံဆိပ်ခေါင်းဝါသနာရှင်များအသင်း' နှင့်မည်သို့မျှမပတ်သက်ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် ရပြီးခေတ်က ဝါသနာရပ်အခြေအနေ သို့တည်းမဟုတ် ၁၉၇၀ ပြည့်နှစ်ခန့်က တက်ကြွလှုပ်ရှားခဲ့သော ဝါသနာရပ်၏ အပိုင်းအစ၊ အဆက်တစ်ခုမဟုတ်ဟု ဆိုလိုချင်သည်။ အဘယ်ကြောင့်ဆိုသော် ဖော်ပြခဲ့သော ခေတ်များက ထုတ်လုပ်ခဲ့သော မြန်မာတံဆိပ်ခေါင်းများနှင့်မတူဘဲ ယခုအခါ အရည်အသွေးညံ့ဖျင်းသည့်တံဆိပ်ခေါင်းများကိုသာ ဝယ်ယူစုဆောင်းရခြင်း၊ ထုတ်ဝေသော တံဆိပ်ခေါင်းအမျိုးအမည်မှာ နည်းပါးလွန်းသောကြောင့် ပြည်ပဝါသနာရှင်များနှင့် ဆက်သွယ်၊ လဲလှယ်ရန်ခက်ခဲခြင်း စသည့် အခက်အခဲပေါင်းမျိုးစုံနှင့် မြန်မာဝါသနာရှင်တို့ကြုံတွေ့နေရသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်းဝါသနာမျိုးဆက်မပြတ်စေရန် ကလေးသူငယ်များကို တံဆိပ်ခေါင်းများပေး၍ မြူဆွယ်စည်းရုံးဖို့ဝေးစွ ဝါသနာရှင်ကြီးများကိုယ်တိုင် 'တံဆိပ်ခေါင်းရရှိရေး' ကို ကြိုးပမ်းနေကြရသောအခြေအနေတွင် ရှိနေသည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များအကြားတွင် အသက် (၃၀) နှစ်အောက် လူငယ်ဝါသနာရှင်များ မရှိသလောက် နည်းပါးနေရခြင်းမှာလည်း ဝါသနာရပ်၏ရှေ့အလားအလာကောင်းသည့်ဘက်သို့ ညွှန်ပြနေခြင်း မဟုတ်ပါပေ။ မြန်မာ့အိမ်နီးချင်းနိုင်ငံများက ခေတ်မီတိုးတက်လာခဲ့သည့်တိုင် မြန်မာနိုင်ငံမှာ နိမ့်ပါးပြီး မတိုးတက်နိုင်ဖြစ်ခဲ့ရရာ တံဆိပ်ခေါင်းဝါသနာရပ်ပိုင်းတွင်လည်း ပြည်ပမှ ဝါသနာရပ်ဆိုင်ရာပစ္စည်းများ (Collecting Accessories) များလုံလောက် အောင် တင်သွင်းနိုင်ခြင်းမရှိပေ။ နိုင်ငံတကာတံဆိပ်ခေါင်းအဖွဲ့အစည်းများနှင့်လည်း မြန်မာနိုင်ငံမှာမည်သို့မျှပတ်သက်ဆက်နွှယ်မှုမရှိပေ။




ကမ္ဘာ့အကြီးဆုံးတံဆိပ်ခေါင်း
(ရှာဂျာနိုင်ငံ ၁၉၇၇-ခုနှစ်)

ပင်မဝါသနာရပ်ကြီးဖြစ်သော 'တံဆိပ်ခေါင်းစုဆောင်းခြင်း' အတွက် အခက်အခဲများရှိကြသလို မြန်မာ့စာပို့သမိုင်းပစ္စည်းများ (Postal History Items) နှင့် မြန်မာ့စာပို့စာရေးကိရိယာများ(Postal Stationery Items)စုဆောင်းနိုင်ရေးမှာလည်း စာတိုက်မှ ပီပြင်သော စာတိုက်အမှတ်အသားများ (Postmarks) ထုနှိပ်မပေးနိုင်ခြင်းနှင့် တရားဝင်မျိုးမတူစာအိတ်၊ ပို့စကတ်၊ မက်ဆီမန်ကတ် (Max Card) တို့ကို စနစ်တကျစဉ်ဆက်မပြတ်ထုတ်ဝေနိုင်ခြင်းမရှိခြင်းတို့ကြောင့် စုဆောင်းရန် မဖြစ်နိုင်သည့်အခြေအနေတွင် ရှိနေပေသည်။ ဤပုံစံ၊ ဤအနေအထားနှင့် ဤအခက်အခဲများကို ကျော်လွှားနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံးပြုလုပ်ဆောင်ရွက်နိုင်မှသာလျှင် မြန်မာ့တံဆိပ်ခေါင်းဝါသနာပြန်လည်ဦးမော့လာနိုင်မည့်အခြေအနေ


www.burmeseclassic.com

www.burmeseclassic.com

သို့ ဆိုက်ရောက်နေပေသည်။

**□ တံဆိပ်ခေါင်းဝါသနာဆိုင်ရာ အသသနအခြေအနေ**

မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များ၏ တံဆိပ်ခေါင်းဆိုင်ရာ အတွေးအခေါ် အယူအဆများမှာ 'အင်္ဂလိပ်တံဆိပ်ခေါင်းစာပေ' ၏ လွှမ်းမိုးခြင်းကို ခံနေကြရသည်ဆိုလျှင် မှားမည်မဟုတ်ချေ။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့မှာ အင်္ဂလန်နိုင်ငံမှလာသော တံဆိပ်ခေါင်းကတ်တလောက်၊ တံဆိပ်ခေါင်းမဂ္ဂဇင်းနှင့် တံဆိပ်ခေါင်းစာအုပ်များကိုသာ အဓိကထား၍ ဖတ်ရှုလေ့လာခဲ့ကြရာ ထိုသို့လွှမ်းမိုးခြင်းခံရသည်မှာ ဆန်းလှသည်တော့မဟုတ်ပေ။ စင်စစ် မြန်မာတံဆိပ်ခေါင်းများဆိုင်ရာ အကြောင်းအရာနှင့်အချက်အလက်များမှာ အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်သော် မြန်မာနိုင်ငံကို ကိုလိုနီပြုခဲ့သော အင်္ဂလန်နိုင်ငံမှလာသည့် တံဆိပ်ခေါင်းစာအုပ်များ၌သာ အပြည့်အစုံပါဝင်သည်ဖြစ်၍ မြန်မာဝါသနာရှင်များက ထိုအင်္ဂလိပ်တံဆိပ်ခေါင်းစာပေများကို နှစ်သက်ကြသည်မှာလည်း သဘာဝကျပေသည်။ သို့ရာတွင် တစ်ခါတစ်ရံ တချို့အခြေအနေများ၌ ထိုစာပေတို့၏လောင်းရိပ်မိပြီး မိမိတို့မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မတွေ့နိုင်၊ မမြင်နိုင်ကြရသည့်သာဓကများရှိဖူးလေသည်။

၂၀၀၉ ခုနှစ်က 'စီးပွားဖြစ်တံဆိပ်ခေါင်းစုဆောင်းနည်း' ဟူသော မြန်မာစာအုပ်ထွက်ပေါ်ခဲ့သည်။ ထိုအခါက တံဆိပ်ခေါင်းဝါသနာရှင်အချို့တို့က ထိုစာအုပ်အမည်မှ 'စီးပွားဖြစ်' ဟူသော စကားလုံးကို မနှစ်မြို့ကြဘဲ ဖြုတ်ပစ်စေလိုကြသည်။ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသောစာအုပ်များတွင် တံဆိပ်ခေါင်းဝါသနာကို စီးပွားရေးဆန်ဆန်မရေးသားကြဘဲ ဝါသနာရပ်ပိုင်းကိုသာ ဦးစားပေးရေးကြရန် တိုက်တွန်းထားသည့်အကြောင်းကို ထုတ်နုတ်ပြသကြသည်။ အင်္ဂလန်နိုင်ငံသည် တံဆိပ်ခေါင်းဝါသနာကို ရာစုနှစ်များဖြင့်ချီ၍ အမြစ်တွယ်အသားကျနေသောနိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံမှာ ယခုမှစ၍ ဝါသနာရပ်အကြောင်းမိတ်ဆက်ပေးနေရသည့်အဆင့်တွင်သာရှိနေရာ အင်္ဂလိပ်များအတွက် တိုက်တွန်းထားသောအချက်ကို မြန်မာတို့အနေနှင့် လိုက်နာသင့်ပါ၏လောဟုမေးမြန်းရမည်ဖြစ်သည်။




ကမ္ဘာ့အသက်အငယ်ဆုံး
တံဆိပ်ခေါင်းဒီဇိုင်း ရေးဆွဲသူ
(အသက်-၅ နှစ်)



ကမ္ဘာ့တန်ဖိုးအရှိဆုံးတံဆိပ်ခေါင်း
(ဗြိတိသျှဂီယာနာ ၁၈၅၆-ခုနှစ်)

မြန်မာနိုင်ငံသည် အင်္ဂလန်နိုင်ငံမဟုတ်ပေ။ ထိုစီးပွားဖြစ်တံဆိပ်ခေါင်းစုဆောင်းနည်းစာအုပ်မှာ မြန်မာနိုင်ငံ၌ ပထမထုတ်ဝေသည့် တံဆိပ်ခေါင်းဝါသနာစာအုပ် ထုတ်ဝေပြီးနောက် နှစ်ပေါင်း (၄၀) အကြာမှာမှ ပေါ်ထွက်ခဲ့ရာ ထို 'စီးပွားဖြစ်' ဟူသော စကားလုံးပါဝင်သောကြောင့် ထိုစာအုပ်ကို ကြိုဆိုဖို့ဝေးစွ ရှုတ်ချပြစ်တင်ခဲ့သူများပင်ရှိခဲ့လေသည်။ ထိုစာအုပ်ရေးသားသူ၏ အကြောင်းပြချက်မှာ ဆင်းရဲသောမြန်မာနိုင်ငံ၌ စီးပွားဖြစ်လိုသူ များပြားကြရာ 'စီးပွားဖြစ်' ဟူသော စာလုံးကိုတွေ့ရှိပြီး ဝယ်ယူဖတ်ရှုပါက တံဆိပ်ခေါင်းဝါသနာ၏ နည်းစနစ်များသိရှိပြီး ဝါသနာရှင်အသစ်များတိုးလာစေလိုသော စေတနာအရင်းခံဖြင့် ထိုစာလုံးကိုထည့်သွင်းရခြင်းဖြစ်သည်ဟူ၍ ဖြစ်သည်။ အမှန်စင်စစ် ဤဝါသနာဖြင့် စီးပွားဖြစ်နေကြသူများမှာ ဤမြန်မာတံဆိပ်ခေါင်းလောက၌ အထင်ကရ ရှိနေကြသည်ကို ဝါသနာရှင်တိုင်းအသိပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာဝါသနာရှင်တို့၏စဉ်းစားတွေးခေါ်မှုကို မြန်မာနိုင်ငံ၏ပကတိအခြေအနေနှင့်ကိုက်ညီရန် စေတနာရှေ့ထားကြပြီး ပြောင်းလဲချိန်တန်ပြီ ဖြစ်သည်။

**□ မြန်မာတံဆိပ်ခေါင်းများ ထုတ်လုပ်မှုအခြေအနေ**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှာ တံဆိပ်ခေါင်းထုတ်ဝေမှုအနည်းဆုံးသောနိုင်ငံအဖြစ် စံချိန်တင်ထားသည်။ သို့ဖြစ်၍ ဝါသနာရှင်တို့စုဆောင်းနိုင်ရန် မြန်မာတံဆိပ်ခေါင်းအမျိုးအမည်နှင့် အရေအတွက်မှာလည်း နည်းပါးလွန်းလှသည်။ ထို့ကြောင့်ပင် နိုင်ငံတကာမှ ဝါသနာရှင်တို့ကလည်း မြန်မာတံဆိပ်ခေါင်းများကို စိတ်ဝင်စားမှုမရှိကြချေ။ ဤသို့ စိတ်ဝင်စားမှုမရှိခြင်းကြောင့် မြန်မာတံဆိပ်ခေါင်းများမှာ ကမ္ဘာ့တံဆိပ်ခေါင်းဈေးကွက်၌ ဝင်ဆံ့နိုင်ရန် မဖြစ်နိုင်တော့ပေ။ ဤကဲ့သို့ ပြည်တွင်း၊ ပြည်ပမှ မြန်မာတံဆိပ်ခေါင်းများကို စုဆောင်းကြသူများနည်းပါးလာခြင်းကြောင့် 'မြန်မာ့တံဆိပ်ခေါင်းဝါသနာ၏ လက်ရှိအခြေအနေ' မှာ ဆုတ်ယုတ်ကျဆင်းလျက်ရှိသည်။ လတ်တလောထုတ်ဝေနေသည့် ခေတ်သစ်မြန်မာတံဆိပ်ခေါင်းများကိုမူ နိုင်ငံတကာမှ ဝါသနာရှင်များကိုမဆိုထားဘိ ပြည်တွင်းမှ ဝါသနာရှင်တို့ကပင် ကြိုက်နှစ်သက်ခြင်းမရှိကြပေ။

ခေတ်သစ်မြန်မာတံဆိပ်ခေါင်းများ၏ ဆိုးရွားလျက်ရှိသော အခြေအနေနှင့် အချက်အလက်များမှာ-

၁။ ပုံနှိပ်စနစ်အရည်အသွေးညံ့ဖျင်းခြင်း။ (ဝါဇီရှိ လုံခြုံရေးပုံနှိပ်လုပ်ငန်းမှ တံဆိပ်ခေါင်းပုံနှိပ်စက်များမှာ ဟောင်းနွမ်းနေပြီဖြစ်သည်ဟု ယူဆသည်။)

၂။ တံဆိပ်ခေါင်းထုတ်ဝေဖြန့်ဖြူးမှုဆိုင်ရာပွင့်လင်းမြင်သာမှုမရှိခြင်း။ (တံဆိပ်ခေါင်းအသစ်ထုတ်ဝေမည်ဆိုပါက အနည်းဆုံး (၂) လခန့်ကြိုတင် ကြေညာပြီး သက်ဆိုင်ရာအချက်အလက်များကိုလည်း ထုတ်ပြန်ရမည်။)




ကမ္ဘာ့ပထမဆုံး သုံးထောင့်ပုံ တံဆိပ်ခေါင်း (၁၈၅၃-ခုနှစ်)

www.burmeseclassic.com




စာပို့တံဆိပ်ခေါင်း တီထွင်သူ ဆာရိုလန်ဟီးလ်




ကမ္ဘာ့ပထမဆုံး စာပို့တံဆိပ်ခေါင်း ပဲနီအနက်



မြန်မာ့တန်ဖိုးအနည်းဆုံး တံဆိပ်ခေါင်းအဆိုပြုသူ ဦးဘလှိုင် ဂုဏ်ပြုပုံဖော်ရုပ်



ကမ္ဘာ့အရှားပါးဆုံး တံဆိပ်ခေါင်း (ရုရှ ၁၈၆၉-ခုနှစ်)




ဗိုလ်ချုပ်ကြီးနေဝင်းအား ဂုဏ်ပြုထုတ်ဝေသော အထူးစာတိုက်အမှတ်အသား (ပါကစ္စတန်နိုင်ငံ ၁၉၆၅-ခုနှစ်)

၃။ တံဆိပ်ခေါင်းဒီဇိုင်းများ လှပဆန်းသစ်မှုမရှိခြင်း။ (ရိုးစင်းသောဒီဇိုင်းများအရောင်အသွေးမစုံလင်သော ဒီဇိုင်းများသာ ထုတ်ဝေလျက်ရှိသည်။)

၄။ ထုတ်ဝေသော တံဆိပ်ခေါင်းအမျိုးအမည်နှင့် အရေအတွက်နည်းပါးခြင်း။ (ထုတ်ဝေမှုတစ်ကြိမ်လျှင် ကွဲပြားသောဒီဇိုင်းများဖြင့် အနည်းဆုံးသော တံဆိပ်ခေါင်း (၄) မျိုး ထုတ်ဝေရမည်။)

၅။ တံဆိပ်ခေါင်းဒီဇိုင်းအကြောင်းအရာစုံလင်ခြင်း။ (ရိုးစင်းသောဒီဇိုင်းများဖြင့် တံဆိပ်ခေါင်းထုတ်လုပ်ခြင်းထက် မြန်မာ့ရှုခင်း၊ ရေမြေတောတောင်၊ တိရစ္ဆာန်၊ ပန်းမန်၊ မီးရထား၊ သင်္ဘော၊ မြစ်ကူးတံတားများ စသည်ဖြင့် အကြောင်းအရာစုံလင်အောင် ဒီဇိုင်းများဖန်တီးထုတ်ဝေရမည်။)

၆။ တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများ ထုတ်လုပ်မှုမရှိခြင်း။ (တံဆိပ်ခေါင်းအသစ်တစ်မျိုးနှင့် ဆက်စပ်သော ပထမနေ့စာအိတ်၊ ပို့စကတ်၊ အထိမ်းအမှတ် - မှတ်တမ်းလွှာ မက်ဆီမန်ကတ် (Max Card) စသည်တို့ကို ပူးတွဲထုတ်ဝေရမည်။)


ဗြိတိန်ပြည်ပထုတ် ပထမဆုံး တံဆိပ်ခေါင်း

၇။ တစ်နှစ်ပတ်လုံး ထုတ်ဝေသည့် အကြိမ်ရေနည်းပါးခြင်း။ (ပြက္ခဒိန်တစ်နှစ်လျှင် တံဆိပ်ခေါင်းအပါအဝင် ဆက်စပ်ပစ္စည်းများကို အနည်းဆုံး (၈) ကြိမ်ခန့် ထုတ်ဝေရမည်။)

၈။ တံဆိပ်ခေါင်းအရွယ်အစားသေးငယ်ခြင်း (မြင်သာထင်သာရှိသော ဒီဇိုင်းဖြင့် တံဆိပ်ခေါင်းအရွယ်ကြီးများသာ ထုတ်ဝေရမည်။ တန်ဖိုးနည်းတံဆိပ်ခေါင်းများကိုလည်း အရွယ်ကြီးများအဖြစ် ထုတ်ဝေရမည်။)

အထက်ဖော်ပြပါ အချက်များကို စကားလုံးအနည်းဆုံးဖြင့် အကျဉ်းချုပ်၍ ရေးသားရမည်ဆိုပါက 'စနစ်တကျမရှိခြင်း' ဟု ဆိုရပါမည်။ ထို့ကြောင့် မြန်မာ တံဆိပ်ခေါင်းများထုတ်လုပ်မှုအခြေအနေမှာ စနစ်တကျမရှိခြင်းဖြစ်နေရသည် ဟု ဆိုရမည် ဖြစ်သည်။ သက်ဆိုင်ရာ အထက်အစိုးရအဖွဲ့ လူကြီးများက ဤအခြေအနေကိုသိပါ၏လော။ သို့တည်းမဟုတ် ဤကိစ္စရပ်ကို အရေးမကြီးသော ကိစ္စဟူ၍ သဘောထားပြီး ကြိုက်သလို စီမံကြစေရန် ခွင့်ပေးထားသည်လောဟူ၍ အမျိုးမျိုးတွေးမိသည်။

အမှန်မှာ ဤကဲ့သို့ဒွိဟတွေးရမည့် ကိစ္စမဟုတ်ပေ။ သက်ဆိုင်ရာ စာတိုက်ဌာနမှ တံဆိပ်ခေါင်းများထုတ်လုပ်မှုဆိုင်ရာမူဝါဒကို ပြည်သူတို့သိရှိရန် ထုတ်ပြန်ကြေညာထားရမည်။ သို့မှသာ ဤကဲ့သို့ အခြေအနေမျိုး၌ ပြုပြင်နိုင်ရန် ထောက်ပြ ပြောဆိုခွင့်ရမည် ဖြစ်သည်။ တိုးတက်သည့်နိုင်ငံများ၌ အီလက်ထရွန်နစ်စာပို့စနစ် (E-mail) ကို လူတိုင်းနီးပါး တွင်ကျယ်စွာ အသုံးပြုနေသည့်တိုင် စာပို့လုပ်ငန်း (အထူးသဖြင့် တံဆိပ်ခေါင်း ထုတ်လုပ်သည့်လုပ်ငန်း) ကို လျှော့ချခြင်းမပြုဘဲ ဆက်လက် ထိန်းသိမ်းထား



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ နိုင်ငံခြားဝင်ငွေရသည့်လုပ်ငန်း ဖြစ်သောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံသည် အီလက်ထရောနစ်စာပို့စနစ်ကို ထိုနိုင်ငံများလောက် တွင်ကျယ်ခြင်းမရှိသဖြင့် စာပို့လုပ်ငန်းကို လျှော့ချခြင်းမပြုသင့်ပေ။ အထူးသဖြင့် တံဆိပ်ခေါင်းထုတ်လုပ်သည့်လုပ်ငန်းကို မြှင့်တင့်ရပေမည်။ တံဆိပ်ခေါင်းထုတ်လုပ်ခြင်းနှင့် တံဆိပ်ခေါင်းဝါသနာတို့မှာ တိုက်ရိုက်အချိုးကျသည်ဖြစ်ရာ ယခုလက်ရှိအခြေအနေအရ တံဆိပ်ခေါင်းထုတ်လုပ်မှုပိုင်းကို ဖြစ်သလို ဆက်လက်ဆောင်ရွက်ခွင့်ရှိနေပါက မြန်မာ့တံဆိပ်ခေါင်းဝါသနာမှာ ပျောက်ကွယ်လုနီးပါးဆုတ်ယုတ်တော့မည်ကို မြင်ယောင်လျက်ရှိသည်။

□ **တံဆိပ်ခေါင်းများရရှိနိုင်မှုအခြေအနေ**

မြန်မာနိုင်ငံသည် တံဆိပ်ခေါင်းထုတ်ဝေမှုနှင့် ပတ်သက်လာလျှင် ကံဆိုးလှသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာ့အိမ်နီးချင်းနိုင်ငံများမှာ ကိုလိုနီနိုင်ငံချင်း အတူတူပင်ဖြစ်ကြသော်လည်း ၁၉ ရာစုနှောင်းပိုင်းကပင် တံဆိပ်ခေါင်းများထုတ်ဝေသုံးစွဲနေကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံမှာမူ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ခဲ့သဖြင့် အိန္ဒိယတံဆိပ်ခေါင်းများကိုသာ သုံးစွဲခဲ့ရရာ ကျန်နိုင်ငံများထက် များစွာနောက်ကျ၍ ၁၉၃၇ ခုနှစ်တွင်မှ မိမိကိုယ်ပိုင်တံဆိပ်ခေါင်းများကို စတင်ထုတ်ဝေသုံးစွဲနိုင်ခဲ့သည်။ ထို့ကြောင့် တံဆိပ်ခေါင်းပညာရှုထောင့်မှကြည့်ပါက ရှေးဟောင်းရှားပါးမြန်မာ့တံဆိပ်ခေါင်း (Rare) ဟူ၍ လုံးဝမရှိပေ။ ဤကဲ့သို့ နှစ်များစွာ နောက်ကျပြီး တံဆိပ်ခေါင်းထုတ်ဝေရသဖြင့် ဝါသနာရှင်တို့ စုဆောင်းနိုင်ရန် တံဆိပ်ခေါင်းအမျိုးအစားမှာလည်း နည်းပါးခဲ့ရသည်။ ထို့ထက်ပို၍ဆိုးသည်မှာ မြန်မာအစိုးရအဆက်ဆက်တို့ကလည်း တစ်နှစ်လျှင် တံဆိပ်ခေါင်းထုတ်ဝေသည့် အကြိမ်ရေနည်းပါးလှသည်။ ထုတ်ဝေပြန်ပါလျှင်လည်း တစ်ကြိမ်လျှင် တံဆိပ်ခေါင်းတစ်မျိုး၊ နှစ်မျိုးသာ ထုတ်ဝေကြပြန်သည်။ သို့ဖြစ်၍ ဝါသနာရှင်တို့အနေဖြင့် စုဆောင်းရန် မြန်မာ့တံဆိပ်ခေါင်းအမျိုးအမည်နှင့် အရေအတွက်မှာ နည်းပါးလာပါတော့သည်။ ထို့ကြောင့်ပင် မြန်မာ့တံဆိပ်ခေါင်းဝါသနာမှာလည်း လူကြိုက်နည်းပါးပါတော့သည်။

မြန်မာတံဆိပ်ခေါင်းအမျိုးမျိုး၏ စုစုပေါင်းအရေအတွက်မှာလည်း နည်းပါး [illegible] ခေတ်ဟောင်း မြန်မာတံဆိပ်ခေါင်းအရေအတွက်အားလုံးနီးပါး၏ ပေါက်စျေးမှာ ကျပ်သိန်းပေါင်းထောင်ဂဏန်းဝန်းကျင်သာရှိပေသည်။ ဤရွေ့ဤမျှသောငွေကြေးမှာ ယခုခေတ် ကြွယ်ဝချမ်းသာသူတို့အဖို့ မပြောပလောက်သောငွေကြေးဖြစ်နေရာ ဝါသနာပါသောဝါသနာရှင် တစ်ဦး၊ နှစ်ဦးခန့်က ထိုတံဆိပ်ခေါင်းအားလုံးကိုအချပ်လိုက်၊ အထုပ်လိုက် သိမ်းကျုံးဝယ်ယူကြပြီးဖြစ်ပါ၍ သာမန်တံဆိပ်ခေါင်းစုဆောင်းသူတစ်ယောက်အဖို့ ခေတ်ဟောင်းမြန်မာတံဆိပ်ခေါင်းများဝယ်ယူရေးမှာ များစွာသောအခက်အခဲနှင့် ကြုံတွေ့ရတော့သည်။ ထို့ကြောင့် ယနေ့ခေတ်၌ သာမန်ဝါသနာရှင်တစ်ယောက်အတွက် ခေတ်ဟောင်းမြန်မာတံဆိပ်ခေါင်းများရရှိနိုင်ရေးမှာ မဖြစ်နိုင်တော့သည့်အခြေအနေနီးပါးသို့ ဆိုက်ရောက်နေပေပြီ။

ဆက်လက်၍ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များအတွက် နိုင်ငံတကာမှ တံဆိပ်ခေါင်းများရရှိနိုင်မှုအခြေအနေကို သုံးသပ်ကြည့်သော် ရှေးဦးစွာ မြန်မာနိုင်ငံ၏ နိုင်ငံရေးခေတ်ကြီးများကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရရှိပြီး နောက်(၁၀)နှစ်ကျော်ကာလလောက်တွင် တပ်မတော်မှ အာဏာသိမ်းပိုက်ရယူခဲ့ရာ 'တံခါးပိတ်ဝါဒ'ကိုကျင့်သုံးခဲ့သည်။ တံခါးပိတ်ဝါဒ ဆိုရာတွင် နိုင်ငံတကာနှင့် ကူးလူးဆက်ဆံမှု အလွန်နည်းပါးသောပုံစံကိုကျင့်သုံးခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံတကာနှင့် ချောစာအသွားအလာနည်းပါးခဲ့သလို ချောစာနှင့်အတူကပ်ပါလာသော နိုင်ငံတကာမှ တံဆိပ်ခေါင်းများရရှိရန်မှာလည်း အခွင့်အလမ်းနည်းပါးလေတော့သည်။

သို့ရာတွင် ဝါသနာရှင်တို့ အမှန်တကယ် ရယူစုဆောင်းကြသော နိုင်ငံတကာ့တံဆိပ်ခေါင်းများမှာ သာမန်ချောစာများတွင် ကပ်၍ပါလာသော သာမန်တံဆိပ်ခေါင်းများမဟုတ်ကြချေ။ နိုင်ငံရပ်ခြားမှတံဆိပ်ခေါင်းဝါသနာရှင်များနှင့် စာတိုက်မှတစ်ဆင့် တံဆိပ်ခေါင်းများ လဲလှယ်ခြင်းမှ ရယူကြခြင်းကသာ အဓိကဖြစ်သည်။ ဤသို့ဆိုလျှင် နိုင်ငံခြားနှင့် တံဆိပ်ခေါင်းဖလှယ်လဲလှယ်၍ ရယူသည့် လုပ်ငန်းကလည်း မြန်မာတံဆိပ်ခေါင်း ဝါသနာရှင်များအတွက် အစဉ်ချောမွေ့နေပါ၏လော။ ၁၉၉၀ ပြည့်နှစ်များ နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှရောက်ရှိလာသော ချောစာများအတွင်းမှ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများဖောက်ယူခိုးယူခြင်း၊ ပျောက်ရှခြင်း စသည့်ဖြစ်ရပ်များဖြစ်ပေါ်နေခဲ့သည်မှာ ဝါသနာရှင်အားလုံးအသိပင် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာနှင့် တံဆိပ်ခေါင်းလဲလှယ်ရေးလုပ်ငန်းမှာ စိတ်ချရခြင်းမရှိတော့ပေ။

ဤပျောက်ရှမှုများနှင့်ပတ်သက်၍ အတွင်းကျတိတိကျကျမသိရသော်လည်း နိုင်ငံခြားမှပေးပို့သည့် တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများပျောက်ဆုံးခြင်းမှာ တကျယ်ကျယ်ပြန့်ပြန့် တဖြည်းဖြည်းချင်း ပိုမိုဆိုးရွားလာခဲ့တော့သည်။ ထို့ကြောင့် ပြည်ပဝါသနာရှင်များနှင့် ဆက်သွယ်၍ တံဆိပ်ခေါင်းလဲလှယ်ရယူနိုင်ရေးမှာလည်း ရေစုန်မျောခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်းစုဆောင်းလိုသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ငွေကြေးတတ်နိုင်သည့်တိုင် မြန်မာရှေးဟောင်းတံဆိပ်များဝယ်ယူရေးနှင့် နိုင်ငံတကာ့တံဆိပ်ခေါင်းများလဲလှယ်ရေးတို့မှာ လုံးဝမဖြစ်နိုင်သည့်အခြေအနေသို့ ဆိုက်ရောက်နေပြီ ဖြစ်သည်။ တံဆိပ်ခေါင်းများရရှိနိုင်ရန် အခြေအနေမပေးပါက မြန်မာနိုင်ငံသားတစ်ယောက်အနေဖြင့် အဘယ်သို့ တံဆိပ်ခေါင်းဝါသနာကို လိုက်စားနိုင်ပါတော့မည်နည်း။ (နောက်ဆုံးသိရသည်မှာ မြန်မာစာတိုက်များ၌ ချောစာများအတွင်းမှ တံဆိပ်ခေါင်းများပျောက်ရှမှုမှာ အတော်အတန် နည်းပါးလာပြီဟူ၍ ဖြစ်သည်။)

□ **မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များ၏အခြေအနေ**

မြန်မာနိုင်ငံမှာ အသင်းအဖွဲ့၊ ပါတီ၊ အစည်းအရုံး စသည်တို့တွင် သဘောထားကွဲမှု များပြားလှသည်။ မြန်မာ့သမိုင်းကိုပြန်ကြည့်ပါက လွတ်လပ်ရေးမရမီတွင်ပင် ဂဠုန်ဦးစောအဖွဲ့နှင့် ဖိုလ်ချုပ်အောင်ဆန်းအဖွဲ့တို့ ကွဲလွဲကြသည်။ လွတ်လပ်ရေးရပြီးသည့်နောက် ကွန်မြူနစ်များက အလံနီ၊ အလံဖြူဟူ၍ ကွဲကြသည်။ ဖဆပလအဖွဲ့ကြီးမှာပင် သန့်ရှင်း၊ တည်မြဲ ဟူ၍ နှစ်ခြမ်းကွဲကြပြန်သည်။ ထို့ကြောင့် အကွဲအပြဲ ဟူသည်မှာ မြန်မာတို့အဖို့ ယဉ်ကျေးမှုသဖွယ်ဖြစ်နေလေပြီ။ ပြင်ပ၌ ပြောဆိုကြသော စကားတစ်ခွန်းရှိသည်။ နိုင်ငံတစ်နိုင်ငံ၌ မြန်မာလူမျိုး (၂) ယောက်ရှိပါက (၄)

www.burmeseclassic.com

ခြင်းကွဲသည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များကြားတွင်လည်း တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကွဲပြကြသည်များရှိနိုင်ပါသည်။ သို့ရာတွင် ကြီးမားသောကွဲပြမှုကြီးမျိုးတော့ ရှိနိုင်လိမ့်မည် မထင်ပေ။ ယနေ့ခေတ် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့၏ အခြေအနေကို သုံးသပ်ရသော် မိမိတို့၏ရှေ့ရေးအခြေအနေ၊ တံဆိပ်ခေါင်းဝါသနာ၏ လက်ရှိအခြေအနေ အစရှိသည့် အခြေအနေအရှုပ်ရှပ်ကို သုံးသပ်၊ ချင့်ချိန်၊ တွေးတောနိုင်ရန် အချိန်မပေးနိုင်ကြဘဲ 'တံဆိပ်ခေါင်းရရှိရေး' ကိုသာ ဦးစားပေး ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ သူတို့ကိုလည်း အပြစ်မတင်လိုပေ။ တံဆိပ်ခေါင်းဝါသနာလုပ်ငန်းအတွက် တံဆိပ်ခေါင်းများ မရရှိပါလျှင် ထိုဝါသနာရပ်ကို မည်ကဲ့သို့လိုက်စားနိုင်ပါမည်နည်း။

သို့ရာတွင် ဝါသနာရှင်တို့မှာ တံဆိပ်ခေါင်းများကိုသာ သဲကြီးမဲကြီးလိုက်လံရှာဖွေနေကြရာ သူတို့ကို ဒဏ္ဍာရီပုံပြင်လေးတစ်ခုဖြင့် နှိုင်းယှဉ်ကြည့်မိပါသည်။ မြစ်ပြင်၌ မျောပါလာသော ဆင်သေကောင်ပေါ်တွင်နားပြီး ဆင်သားစား၍ လိုက်ပါလာကြသော ကျီးကန်းတို့မှာ တစ်ချိန်တွင် ပင်လယ်တွင်းသို့ ဆင်သေကောင်နှင့် လိုက်ပါပြီး ကမ်းမမြင်လမ်းမမြင်ဖြင့် ဆုံးပါးကြရသော ကျီးကန်းများနှင့် မြန်မာဝါသနာရှင်တို့မှာ ဆင်တူလှပေသည်။ မြန်မာ့တံဆိပ်ခေါင်းဝါသနာမှာ ယခုပုံစံအတိုင်းဆိုလျှင် များမကြာမီကာလ၌ ပျောက်ကွယ်လုနီးပါးဖြစ်တော့မည်ကို သတိမမူနိုင်ကြသော ဝါသနာရှင်တို့မှာ 'တံဆိပ်ခေါင်းရရှိရေး' တည်းဟူသော ဆင်သေကောင်တိုစားသုံးရေးကိုသာ မက်မောနေကြပြီး ပင်လယ်ပြင်ကြီးထဲသို့ ချင်းနင်းဝင်ရောက်နေသည်ကို မမြင်နိုင်၊ မတွေ့နိုင်သည့် အခြေအနေတွင် ရှိနေပေသည်။

**❑ တံဆိပ်ခေါင်းဝါသနာရှင်များ၏ ကျင့်ဝတ်ဆိုင်ရာအခြေအနေ**

တပ်မတော်သားများ၊ကင်းထောက်လူငယ်များ၊ ဆရာဝန်များကဲ့သို့ တံဆိပ်ခေါင်းဝါသနာရှင်များအတွက် ကျင့်ဝတ်ဟူ၍ သတ်သတ်မှတ်မှတ် ရေးသားသတ်မှတ်ထားခြင်းမျိုးမရှိပေ။ စိတ်ပျော်ရွှင်ကြည်နူးရန်အတွက် စာပို့တံဆိပ်ခေါင်းများကို စုဆောင်း၊ စီရီ၊ ကပ်ကြရသည့် ဤဝါသနာမျိုးအတွက် လိုက်နာကြရန် ည်းတမ်းသဖွယ် ထားရှိအပ်သည့် ကျင့်ဝတ်သတ်မှတ်ရန် လိုအပ်မည်မထင်ပေ။ သို့ရာတွင် သာမန်လူပုဂ္ဂိုလ်တို့အတွက် စောင့်ထိန်းအပ်သည့်ကိုယ်ကျင့် 'သီလ'တရားများကိုတော့ တံဆိပ်ခေါင်းဝါသနာနှင့်ဆက်နွယ်၍ ဝါသနာရှင်ကြီး၊ ငယ်မဟူ ကိုယ်စီကိုယ်စီ စောင့်ထိန်းသင့်ပေသည်။

တံဆိပ်ခေါင်းဝါသနာရှင်တို့ မပြုလုပ်အပ်သည့်အလုပ်များမှာ သူတစ်ပါး၏ တံဆိပ်ခေါင်းနှင့်တံဆိပ်ခေါင်းဆိုင်ရာ ပစ္စည်းများ ခိုးယူအလစ်သုတ်ခြင်း၊ မိမိအတွက် အမြတ်အစွန်းရရှိရန် လိမ်လည်သည့်သဘောဖြင့် တံဆိပ်ခေါင်းအတု၊ စာပို့တံဆိပ်အမှတ်အတုများ ပြုလုပ်၍ ရောင်းချခြင်း စသည်တို့မှာ မပြုလုပ်အပ်သည့်အလုပ်များမှအချို့ကို နမူနာအဖြစ် ဖော်ပြခြင်း ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ် ကျော်ခေတ်အပိုင်းက မြန်မာနိုင်ငံ၌ တံဆိပ်ခေါင်းအတုများ မြောက်မြားစွာ ထွက်ရှိခဲ့သော်လည်း ယခုခေတ်ပိုင်း၌ အတုအပပြုလုပ်သူများ မရှိသလောက်ရှားပါးသွားပြီ ဖြစ်သည်။ တံဆိပ်ခေါင်းပညာပဟုသုတ နည်းပါးသူများထံမှ တန်ဖိုးရှိတံဆိပ်ခေါင်းကို 'အလကားမူးတင်းဈေး' ဟု ခေါ်ဆိုကြသော မဖြစ်စလောက်ငွေကြေးပေး၍ ဈေးနှိမ်ပြီး ဝယ်ယူခြင်းကိုလည်း မပြုလုပ်အပ်ဘဲ တန်ရာတန်ကြေးပေးပြီး ဗဟုသုတဖြန့်ဝေသင့်သည်။

ယခုပြဆိုခဲ့ပြီးသော ကျင့်ဝတ်ဆိုင်ရာကိစ္စများ မပြုလုပ်ဖြစ်ရန် ထိန်းသိမ်းနည်းမှာ 'ကိုယ်ချင်းစာတရား' ထားရှိခြင်းဖြင့် စောင့်ရှောက်ရန် ဖြစ်သည်။ မိမိ၏ပစ္စည်းအခိုးခံရခြင်း၊ တံဆိပ်ခေါင်းအတုကို အစစ်ဟုအထင်ဖြင့် ဝယ်ယူမိခြင်း၊ တန်ကြေးထက်များစွာဈေးနှိမ်၍ဝယ်ယူခြင်းခံရခြင်း. . . စသည်တို့ဖြင့် ကြုံရပါက မိမိ မည်ကဲ့သို့ ခံစားရပါမည်နည်း။ ဤမေးခွန်းကို ပြန်လှန်မေးပြီး ကျင့်ဝတ်ကို ထိန်းသိမ်းအပ်ပေသည်။ ဆက်လက်၍ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့အတွက် ကျင့်ဝတ်နှင့် ဆက်စပ်သော ရှောင်ကြဉ်သင့်သည့် စိတ်သဘောထားခံယူချက်နှစ်မျိုးကို ဖော်ပြလိုပါသည်။ တံဆိပ်ခေါင်းဝါသနာရှင်အချင်းချင်းအပေါ် မနာလိုဝန်တိုစိတ်များ ဖြစ်ပေါ်လာပါက သတိပြု၍ ချိုးနှိမ်ပေးရန် ဖြစ်သည်။

နောက်တစ်ချက်မှာ ဝါသနာရှင်အချင်းချင်းကြားတွင် 'ချို' သို့မဟုတ် 'သျှိ' ကြသည့် ဖြစ်ရပ်မျိုးဖြစ်သည်။ 'ချို' 'သျှိ' ဟူသည်တို့မှာ ဗန်းစကားဖြစ်ပြီး တစ်ဖက်သားကို အသိပေးသင့်သည့်ကိစ္စကို ပြန်ကြားပြောဆို၊ ပြသခြင်းမရှိဘဲ ထိမ်ချန်ထားခြင်းကို ဆိုလိုသည်။ မိမိသိရှိလာသော တံဆိပ်ခေါင်းဆိုင်ရာသတင်းစကားကို ဖြန့်ချိပြောဆိုခြင်းမရှိခြင်း၊ မိမိရရှိလာသော ထူးခြားသည့် တံဆိပ်ခေါင်းကိုပြသခြင်းမပြုဘဲ ဖုံးကွယ်ထားခြင်း. . . စသည်တို့မှာ ချိုကြ၊ သျှိကြခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယနေ့ခေတ် မြန်မာဝါသနာရှင်တို့၏ ကျင့်ဝတ်ဆိုင်ရာအခြေအနေမှာ ထူးခြားစွာ ဆိုးရွားလှသော အခြေအနေတွင် မရှိချေ။

**❑ မြန်မာ့တံဆိပ်ခေါင်းဆိုင်ရာ စာပေအခြေအနေ**

မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် ထုတ်ဝေသော တံဆိပ်ခေါင်းဝါသနာဆိုင်ရာစာအုပ်များမှာ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ဆက်တိုက် ထုတ်ဝေလာနိုင်သည်ကို တွေ့ရသည်။ ထို့အတူ မဂ္ဂဇင်း၊ ဂျာနယ်များတွင် တံဆိပ်ခေါင်းဝါသနာဆိုင်ရာ ဆောင်းပါးများကို ဝါသနာရှင်နှင့် ဝါသနာရှင်မဟုတ်သူများကလည်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆက်တိုက်ရေးသားလာကြသည်။ ဤသို့ စာအုပ်များ ထွက်ပေါ်လာခြင်း၊ ဆောင်းပါးများပါရှိလာခြင်းတို့ကြောင့် ဝါသနာရှင်အသစ်များပြားစွာထွက်ပေါ်လာသည်ကို မတွေ့ရပေ။ ဤသို့ဖြစ်ရသည်မှာ တံဆိပ်ခေါင်းဆိုင်ရာ စာအုပ်စာပေများကြောင့် ဝါသနာရပ်ကိုလိုက်စားလိုကြပါသော်လည်း အမှန်တကယ်လက်တွေ့လုပ်ဆောင်ရန် ခက်ခဲမှုများစွာကို မကျော်လွှားနိုင်သောကြောင့်ဟုထင်မြင်မိသည်။ အထူးသဖြင့် မြန်မာပြည်တစ်လွှားရှိ နယ်မြို့ငယ်များမှ တံဆိပ်ခေါင်းဝါသနာစိတ်ပါဝင်စားသူများအဖို့ ဤပြဿနာမျိုးဖြင့် ရင်ဆိုင်နေကြရသည်။

ဤစာရေးသူမှာ တံဆိပ်ခေါင်းဝါသနာဆိုင်ရာစာအုပ်များကို ကိုယ်တိုင်ရေးပြီး ထုတ်ဝေလျက်ရှိရာ အမှန်တကယ်စုဆောင်းသူဦးရေထက် ရောင်းချရသည့် စာအုပ်အရေအတွက်က ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ ဤသို့ ပိုမိုရောင်းချရသည်မှာ စာပေလိုက်စားသူ 'စာဂျပိုး' များနှင့် စာကြည့်တိုက်များမှ ဝယ်ယူကြသောကြောင့် ဖြစ်သည်ဟုထင်မြင်မိသည်။ မြန်မာနိုင်ငံ၏ လက်ရှိ တံဆိပ်ခေါင်းဆိုင်ရာစာပေ၊ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com

ကို သုံးသပ်ရသော် ယခုအချိန်အထိ တံဆိပ်ခေါင်းဆိုင်ရာ စာအုပ်များကို ထုတ်ဝေနေနိုင်သေးသော်လည်း ဤ တံဆိပ်ခေါင်းဝါသနာရှင်၏ပုံစံကို ယခု ပုံစံအတိုင်း ဆက်လက် ဖော်ဆောင်နေ မည်ဆိုပါက ဝါသနာရပ်မှေးမှိန်လာသည့် အတွက် တံဆိပ်ခေါင်းဆိုင်ရာစာပေများ လည်း ရေးသားထုတ်ဝေနိုင်တော့မည် မဟုတ်ချေ။

**□ မြန်မာတံဆိပ်ခေါင်းအသင်း(များ)ဆိုင် ရာအခြေအနေ**

ယနေ့ ရန်ကုန်မြို့၌ အခြေပြု ဖွဲ့စည်း တည်ထောင်ထားသည့် မြန်မာ တံဆိပ်ခေါင်းအသင်း၏ အခြေအနေ ကို အဓိကတင်ပြမည်မဟုတ်ဘဲ တံဆိပ် ခေါင်းအသင်းကြီး၊ အသင်းငယ်၊ အဖွဲ့ ချုပ် . . . စသည်တို့ တည်ထောင်နိုင် ရေးအခြေအနေနှင့် မြန်မာ့တံဆိပ်ခေါင်း ဝါသနာရပ် တိုးတက်ဖွံ့ဖြိုးရေးတို့ကို သုံးသပ်သွားမည် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၌ အသင်းအဖွဲ့ဆိုင်ရာ ဥပဒေရေးဆွဲအတည်ပြုနိုင်ခြင်းမရှိသေး ပေ။ အပြီးအစီးအတည်ပြုပြီး အကောင် အထည်ဖော်နိုင်ရန်မှာလည်း ကာလ အတော်ကြာဦးမည်ဖြစ်၏။ လောလော ဆယ်အားဖြင့် တံဆိပ်ခေါင်းဆိုင်ရာ အသင်းတစ်သင်းကို ယာယီတည်ထောင် ခွင့်ပြုထားလျက်ရှိသည်။ အကယ်၍ အသင်းအဖွဲ့ဆိုင်ရာဥပဒေအတည်ပြုပြီး သည့်တိုင် မြန်မာနိုင်ငံလုံးဆိုင်ရာတံဆိပ် ခေါင်းအသင်းတစ်သင်းကိုသာ ခွင့်ပြုပေး လိမ့်မည်ဟုထင်သည်။

စင်စစ် တံဆိပ်ခေါင်းဝါသနာကို ဘောလုံးအားကစားနှင့် နှိုင်းယှဉ်လိုပြီး ဘောလုံးအားကစားကဲ့သို့သောပုံစံနှင့် အခွင့်အရေးများ ရရှိစေလိုသည်။ အဘယ်ကြောင့်ဆိုသော် အောက်ခြေ ကလပ်အသင်းများမှသည် နိုင်ငံတကာ အဖွဲ့ချုပ်အထိ ဖွဲ့စည်းပုံမှာ ဘောလုံး အားကစားနှင့် တူညီလှသောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ၌ ရှိသင့်သည့် တံဆိပ်ခေါင်းအသင်းများ ဖွဲ့စည်းပုံ မှာ ခရိုင်အလိုက် တံဆိပ်ခေါင်းကလပ် အသင်းများ၊ နိုင်ငံလုံးဆိုင်ရာတံဆိပ်ခေါင်း အဖွဲ့ချုပ်၊ ထိုမှတစ်ဆင့် ဆက်၍ အာရှ တံဆိပ်ခေါင်းအဖွဲ့ချုပ်၊ ကမ္ဘာ့တံဆိပ် ခေါင်းအဖွဲ့ချုပ်ထံသို့ ဝင်ရောက်ရန် ဖြစ် သည်။ သို့ရာတွင် ဤဖွဲ့စည်းပုံလမ်း ကြောင်းမှာ စိတ်ကူးယဉ်အဆင့်တွင်သာ ရှိနေသည်။

လက်ရှိ ယာယီဖွဲ့စည်းခွင့်ရထား သော ရန်ကုန်မြို့အခြေစိုက်တံဆိပ် ခေါင်းအသင်းမှာ ယနေ့ခေတ်၊ ယနေ့ အချိန်အခါတွင် မြန်မာ့တံဆိပ်ခေါင်း ဝါသနာရပ်ရှင်သန်တိုးတက်ရေးအတွက် တစ်ခုတည်းသော 'တောက်ရှိမျှင်လေး' ဟု တင်စားလိုပါသည်။ သို့ရာတွင် ထိုအသင်းအမှုဆောင်နှင့် အသင်းသား များက မြန်မာ့တံဆိပ်ခေါင်းဝါသနာကို 'ရေနစ်နေသူ' ဟု ရှုမြင်နိုင်ကြမှသာ ကယ်တင်ရေးလုပ်ငန်းများကို စတင်နိုင် ပါမည်။ ကျန်နိုင်ငံများတွင် 'စာပို့ဌာန' နှင့် 'တံဆိပ်ခေါင်းစုအသိုင်းအဝန်း' တို့ မှာ တစ်ဦးပေါ်တစ်ဦး လေးစားမှုများဖြင့် ဆက်သွယ်ကြသည်ကို တွေ့ကြရသည်။ 'ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ'ပုံစံဖြင့် ဆက်ဆံ ကြရမည် မဟုတ်ပါလော။ သို့ရာတွင် ရောထွေးယှက်တင်၍ ပူးတွဲနေလေ့မရှိ ကြပေ။

ယခုအခါ ချည့်နဲ့နိမ့်ပါးလျက်ရှိ သော မြန်မာ့တံဆိပ်ခေါင်းဝါသနာ ကို 'ဆယ်ယူကယ်တင်' ရန်မှာ လက်ရှိ တံဆိပ်ခေါင်းအဖွဲ့အစည်းမှ ဦးဆောင် ဦးရွက်ပြုရပေမည်။ ဤကိစ္စကို အရေး ကြီးကိစ္စကြီးတစ်ရပ်အနေဖြင့် သဘော ထား၍ အားကြိုးမာန်တက် မီးကုန်ယမ်း ကုန် လုပ်ဆောင်ကြမှ တန်ကာသာကျ ပေမည်။ ဤသို့မဟုတ်ဘဲ 'ရေလိုက်ငါး လိုက်' ဖြင့်သာ ဆက်လက်ချီတက်နေ ပါက ဝါသနာရပ်ကို ကယ်တင် ဆယ်ယူ ရန် အချိန်မီတော့မည် မဟုတ်ချေ။ ထို ယာယီအသင်းအနေဖြင့် လုပ်ဆောင်ရ မည့် ကယ်တင်ရေးလုပ်ငန်းများကို ဤ ဆောင်းပါး၌ ရှင်းလင်း တင်ပြနိုင်ရန် လုံလောက်သောစာမျက်နှာရမည်မဟုတ် ပေ။

သို့ရာတွင် လတ်တလောအနေ ဖြင့်အကြံပြုလိုသည်မှာ အမှုဆောင်များ အနေဖြင့် 'တံဆိပ်ခေါင်းရရှိရေး' လုပ် ငန်းကိုလျှော့၍ 'တံဆိပ်ခေါင်းဝါသနာ ရပ် ပြန်လည်တိုးတက်ဦးမော့လာနိုင်ရန် အဓိကထား လုပ်ဆောင်ရပါမည်။ (လုပ်ဆောင်ရန်အလုပ်များစွာရှိပါသည်။) နောက်တစ်ချက်မှာ ယခုလို ဝါသနာရှင် များပေါ်ထွက်လာရန် အစွမ်းကုန်သိမ်း သွင်းနေရသည့်ကာလမျိုး၌ 'အသင်းဝင်' နှင့် 'အသင်းဝင်မဟုတ်သူ' ဟူ၍ ခွဲခြား ဆက်ဆံခြင်းမပြုဘဲ တံဆိပ်ခေါင်းကို စိတ်ဝင်စားသူအားလုံးကို လက်တွဲခေါ် ဆောင်နိုင်ရပါမည်။ အသင်းအဖွဲ့ဆိုင်ရာ လက်ရှိအခြေအနေမှာ တံဆိပ်ခေါင်း ဝါသနာရှင်အားလုံး စည်းရုံးလက်တွဲ၍ အာမာန်သစ်ဖြင့် 'ကယ်တင်ရေးလုပ်ငန်း' ကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည့်အချိန် ဟု သုံးသပ်မိပါသည်။

**□ နိုင်ငံတကာနှင့် မြန်မာ့တံဆိပ်ခေါင်း ဝါသနာအခြေအနေ**

မြန်မာနိုင်ငံရှိ တံဆိပ်ခေါင်း ဝါသနာရှင်အများစုမှာ နိုင်ငံတကာ အသင်းအဖွဲ့များနှင့် ဆက်သွယ်ဆက်ဆံ ကြရန် စိတ်ကူးမရှိကြပေ။ မြန်မာနိုင်ငံရှိ မိမိတို့၏ တံဆိပ်ခေါင်းကမ္ဘာငယ်လေး ထဲတွင် တံဆိပ်ခေါင်းရှာဖွေ၊ စုဆောင်း နေရသည်ကိုပင် ကျေနပ်ပျော်ရွှင်နေကြ သည်။ မြန်မာနိုင်ငံ၌ အာရှတံဆိပ်ခေါင်း ဝါသနာအဆင့်လောက်အထိ တံဆိပ် ခေါင်းများယှဉ်ပြိုင်ပြသနိုင်လောက်သည့် စုဆောင်းထားရှိမှုများ ပိုင်ဆိုင်သူမှာ ရှားပါးလှသည်။ မြန်မာတံဆိပ်ခေါင်း ဝါသနာရှင်တို့က နိုင်ငံတကာတံဆိပ် ခေါင်းအဖွဲ့ချုပ်များတွင် 'အသင်းဝင်နိုင်ငံ' အဖြစ် ပါဝင်ရန် စိတ်ဆန္ဒနည်းပါးမှုမှာ အချက်အလက်များစွာပေါ်တွင် မှီတည် နေသည်။

မြန်မာနိုင်ငံမှာ တံဆိပ်ခေါင်း ထုတ်ဝေမှုနည်းပါးလွန်းခြင်း၊ မြန်မာ တံဆိပ်ခေါင်းများမှာ အဘက်ဘက်မှ အရည်အသွေးနိမ့်နေခြင်း၊ တံဆိပ်ခေါင်း ဝါသနာဆိုင်ရာအဖွဲ့အစည်း တရားဝင် မရှိသေးခြင်း၊ အာရှတံဆိပ်ခေါင်းအဖွဲ့ ချုပ်(FIAP)၏ နှစ်စဉ်ကြေးအမေရိကန် ဒေါ်လာ(၁၀၀၀)ပေးနိုင်ရန်ခက်ခဲမှုများ ရှိခြင်း၊ ယှဉ်ပြိုင်ပြသနိုင်သည့် တံဆိပ် ခေါင်းဝါသနာရှင်များမရှိခြင်း. . . . စသည့် အချက်များစွာပေါ်တွင် မှီတည် နေသောကြောင့်ဖြစ်သည်။ ဤသို့ မြန်မာ ဝါသနာရှင်များဘက်မှ နိုင်ငံတကာ တံဆိပ်ခေါင်းအဖွဲ့အစည်းများနှင့်ဆက်ဆံ ရန် မဝံ့မရဲဖြင့် တုံ့နှေးနေစဉ်တွင် နိုင်ငံ တကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ တံဆိပ်ခေါင်းအဖွဲ့ချုပ်(FIP) နှင့် အာရှ တံဆိပ်ခေါင်းအဖွဲ့ချုပ် (FIAP) မှတာဝန် ရှိပုဂ္ဂိုလ်ကြီးများက 'မြန်မာ' ကို အသင်း ဝင်ဖြစ်ရေးအတွက် အရိပ်တကြည့်ကြည့် ဖြင့် စောင့်မျှော်လျက်ရှိကြလေသည်။

ဤသို့ နိုင်ငံတကာ တံဆိပ်ခေါင်း အဖွဲ့အစည်းကြီးများမှ အလေးတယူဖြင့် စိတ်ဝင်စားနေကြသည်ကို မြန်မာဝါသနာ ရှင်များထဲမှ ဂရုပြုမိကြသူမရှိသလောက် နည်းပါးလှသည်။ မြန်မာဝါသနာရှင် အများစုကလည်း 'နိုင်ငံတကာအဖွဲ့ အစည်းများ' ကို ဖုတ်လေသည့်ငါးပိ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ဟုပင် မထင်ကြသူများဖြစ်နေကြသည်။ စင်စစ် အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်အသင်းဝင်မဖြစ်သေးသည့်နိုင်ငံဆို၍ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားသာ ကျန်တော့သည်။ မြောက်ကိုရီးယားတဲ့သို့သောနိုင်ငံကပင် အာရှအဖွဲ့ချုပ်အသင်းဝင်နိုင်ငံဖြစ်နေသည်မှာ ကြာမြင့်ပြီ ဖြစ်၏။ သို့ရာတွင် မြောက်ကိုရီးယားမှ အာရှအဖွဲ့ချုပ်အစည်းအဝေးများသို့ ကိုယ်စားလှယ်တစ်ကြိမ်မှ မလွှတ်ခဲ့ပေ။

မြန်မာနိုင်ငံက နိုင်ငံတကာမှ တံဆိပ်ခေါင်းဆိုင်ရာအဖွဲ့အစည်းများကို များမကြာမီနှစ်များက ကိုင်လှုပ်မြှူဆွယ်ပြသလိုက်သည်ကိုလည်း မြန်မာဝါသနာရှင်တို့က သိရှိနားလည်လိုက်ကြမည်မထင်။ လွန်ခဲ့သည့် နှစ်အတန်ကြာက မြန်မာ့ယာယီတံဆိပ်ခေါင်းအသင်းမှ ဖေ့စ်ဘွတ် (Facebook) ဖြင့် မိမိတို့အသင်းဆိုင်ရာပြပွဲ၊ ဓာတ်ပုံများ၊ အမှုဆောင်ဓာတ်ပုံများကို နိုင်ငံတကာသို့ ဖြန့်သွားစေခဲ့ရာ နောက်ကွယ်မှ စောင့်ကြည့်နေကြသည့် နိုင်ငံတကာတံဆိပ်ခေါင်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်ကြီးများက ဝမ်းသာအားရဖြင့် မကြာမီ မြန်မာမှာ အာရှအဖွဲ့ချုပ်ကြီးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့မည်ဟု အထင်ကြီးလျက်ရှိကြသည်။

သို့ရာတွင် ဤအကြောင်းကို သိရှိကြသည့် အနည်းငယ်သော မြန်မာဝါသနာရှင်များကတော့ 'ကိုယ့်ဝမ်းနာ၊ ကိုယ်သာသိ' ဆိုသလို နှုတ်ဆိတ်နေကြရသည်။ အဘယ်ကြောင့် အာရှနှင့် ကမ္ဘာ့အဖွဲ့ချုပ်မှ ပုဂ္ဂိုလ်ကြီးများက 'မြန်မာ' မှ 'မြန်မာ' ဖြစ်နေကြရသနည်း။ ထိုပုဂ္ဂိုလ်ကြီးများမှာ အသက် (၇၀) ကျော် (၈၀) ဝန်းကျင်အရွယ်ရှိသူများ ဖြစ်ကြသည်။ သူတို့မှာ မြန်မာကို ငယ်စဉ်က 'ဘားမား' ဟု သိခဲ့ကြရပြီး အလွန်အထင်ကြီးခဲ့ရသည့် အာရှထိပ်တန်းနိုင်ငံကြီးအဖြစ် အားကျခဲ့ရသူများဖြစ်ကြသောကြောင့် ယခု 'ဘားမား' ခေါ် 'မြန်မာ' ကိုလည်း ဆက်လက် အထင်ကြီးစိတ်ကိန်းအောင်းနေကြပြီး ဤနိုင်ငံ၏တံဆိပ်ခေါင်းဝါသနာကို နိုင်ငံတကာစင်မြင့်သို့ ဆွဲတင်လိုစိတ်ရှိနေကြခြင်းကြောင့် ဖြစ်သည်။

စင်စစ် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များထဲမှ အာရှ-ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးများနှင့် သိကျွမ်းသူမှာ မရှိသလောက်ပင် ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်ကျော်ခန့်က မြန်မာဝါသနာရှင်တစ်ဦးက အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးနှင့် အလွတ်သဘောတွေ့ဆုံခဲ့သည်။ ထိုဝါသနာရှင်မှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ၂၀၁၁ ခုနှစ်က ချင်းမိုင်၌ ပြုလုပ်သော (၃)နိုင်ငံတံဆိပ်ခေါင်းပြပွဲ၌ မြန်မာဝါသနာရှင် ဒေါ်သီတာအောင်က ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးနှင့် ဆုံတွေ့ခဲ့ဖူးသည်။ ၂၀၁၄ ခုနှစ်က မြန်မာဝါသနာရှင် ဦးကျော်မြင့်မောင်သည် စင်ကာပူနိုင်ငံ၌ ဖီလာကိုရီးယားနိုင်ငံတကာတံဆိပ်ခေါင်းပြပွဲမှ ဆုတံဆိပ်လက်ခံရယူစဉ် ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးနှင့် နေ့လယ်စာစားသုံးရင်း တွေ့ဆုံခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတကာမှ မြန်မာကို လက်ကမ်းကြိုဆိုစောင့်မျှော်နေပါသော်လည်း 'ရွှေပြည်တော်-မျှော်လေတိုင်းဝေး' နေမည်သာ ဖြစ်ပေသည်။

## ▫ မြန်မာ့တံဆိပ်ခေါင်းဝါသနာနှင့် ဒစ်ဂျစ်တယ်ခေတ်

ကမ္ဘာပေါ်တွင်ဒစ်ဂျစ်တယ်ခေတ်ဟု ခေါ်ဆိုနိုင်လောက်အောင် ပြန်ကြားရေးနည်းပညာမှာ လုပ်ငန်း၊ နေရာအနှံ့တွင် ပါဝင်ပတ်သက်လာပြီ ဖြစ်သည်။ လူတို့၏ နေ့စဉ်ဘဝမှာလည်း ပြန်ကြားရေးနည်းပညာနှင့်မကင်းသည့်အရာဟူ၍ မရှိသလောက်ပင်ဖြစ်နေပြီ ဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာအပါအဝင် အချို့သော ဝါသနာရပ်တို့မှာ ဒစ်ဂျစ်တယ်ဆိုင်ရာ ဝါသနာရပ်အသစ်များ၏ တွန်းဖယ်ခံခြင်းနေရသည်ကို မြင်တွေ့နေရသည်။ မြန်မာလူငယ်တစ်ယောက်အဖို့ ဖေ့စ်ဘွတ် (Facebook) သို့မဟုတ် အင်တာနက်ဂိမ်းများနှင့် တံဆိပ်ခေါင်းဝါသနာရပ်ကို ကြိုက်ရာရွေးပါဟုဆိုလျှင် တံဆိပ်ခေါင်းဝါသနာကိုရွေးမည်မဟုတ်တော့ပေ။ ကရိကထများ၊ အလုပ်များ၊ ရှာဖွေကြိုးစား အားထုတ်လုပ်ကိုင်နေရသည့်တံဆိပ်ခေါင်းဝါသနာထက်စာလျှင် လျင်မြန်လွယ်ကူပြီး စိတ်ပျော်ရွှင်မှု ချက်ချင်းရရှိနိုင်သော ဒစ်ဂျစ်တယ်ဝါသနာရှင်များကိုသာ ရွေးချယ်သည်မှာလည်း သဘာဝကျသည်ဟု ဆိုရမည်ဖြစ်သည်။

ဤစာရေးသူ အပါအဝင် အချို့တံဆိပ်ခေါင်းဆိုင်ရာ စာရေးဆရာတို့က မိမိ၏ဝါသနာကို ဖောင်းပေး၍ ကြဲဖန်ပြီး ခုခံရေးသားနေကြရပါသော်လည်း များမကြာတော့မည့်အချိန်ကာလတွင် ကမ္ဘာပေါ်၌ တံဆိပ်ခေါင်းဝါသနာ၏နေရာတွင် ဒစ်ဂျစ်တယ်ဝါသနာရှင်များကသာ ဝင်ရောက် နေရာယူကြတော့မည်ကို စိတ်ထဲတွင် သိရှိခံစားနေကြသည်ကို ဝန်ခံကြရမည် ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ တံဆိပ်ခေါင်းဝါသနာရပ်ကို အစိုးရတာဝန်ရှိသူများကလည်း အရေးမစိုက်၊ ဝါသနာရှင်များကိုယ်၌ကလည်း ဝါသနာရပ်တိုးတက်ရေးကို အားသွန်ခွန်စိုက် မဆောင်ရွက်ကြသည့် အခြေအနေမျိုး၌ ဒစ်ဂျစ်တယ်ဝါသနာရပ်များက မြန်မာ့တံဆိပ်ခေါင်းဝါသနာကို ဆောလျင်စွာ တွန်းဖယ်ခြင်းပြုလုပ်နိုင်မည်ဖြစ်ပြီး တံဆိပ်ခေါင်းဝါသနာမှာ ထိုးဆင်း ပျောက်ကွယ်ရန် ပိုမိုမြန်ဆန်လိမ့်မည်ဟု ထင်မြင်မိပါသည်။

## ▫ ခြုံငုံသုံးသပ်ခြင်း

အထက်တွင်ဖော်ပြခဲ့သောအချက်အလက်များ၊ တွေးခေါ်သုံးသပ်မှုများ၊ ကောက်ချက်ချမှုများအားလုံးမှာ ဤစာရေးသူ၏ အယူအဆ၊ ထင်မြင်ချက်များသာ ဖြစ်သည်။ အခြားဝါသနာရှင်တစ်ယောက်၊ အခြားစာရေးသူတစ်ယောက်အနေဖြင့် အခြားရှုထောင့်မှ မြင်တွေ့သည်ကို အခြားသုံးသပ်ချက်မျိုးဖြင့် ထောက်ပြလာနိုင်သည်။ သို့ရာတွင် မြန်မာ့တံဆိပ်ခေါင်းဝါသနာ၏ တိုးတက်မှု ကျဆင်းနေခြင်း၊ ယနေ့-ယခုအချိန်အခါမျိုးတွင်မှ မပြုပြင်နိုင်ပါက ဝါသနာရပ်အခြေအနေ ပိုမိုဆိုးရွားလာပါတော့မည်ဟူသည့် အနေအထားစက်ကွင်းအတွင်းမှလွတ်အောင် ထောက်ကွက်ရှာနိုင်မည်မဟုတ်ပေ။ မြန်မာ့တံဆိပ်ခေါင်းဝါသနာအပေါ် ပျစ်ပျစ်နှစ်နှစ် ဤမျှထင်မြင်ရေးသားရပါမည်လောဟူ၍ စောဒကတက်လိုသူများရှိကောင်းရှိနိုင်ပါသည်။

သို့ရာတွင် ယခုကဲ့သို့ တင်ပြထောက်ပြသည်မှာ စေတနာအရင်းခံနှင့်သာဖြစ်ပြီး ဤဝါသနာရပ်ကြီး ဤနိုင်ငံတွင် တိုးတက်ဖွံ့ဖြိုးလာစေရန် ဖြစ်သည်။ တံဆိပ်ခေါင်းဝါသနာရပ်ကြီးကျဆုံးခါနီးပြီဟုဆိုပါ၍ ထိတ်လန့်တကြားကြောက်ရွံ့ကြရန်မလိုပေ။ ပျက်အစဉ်၊ ပြင်ခဏဟူသော မြန်မာစကားအရ တံဆိပ်ခေါင်းဝါသနာရှင်ကြီး၊ ငယ်မဟူ မခွဲခြားဘဲ ဤဝါသနာကြီး ပြန်လည်ရှင်သန်လာစေရန် လုပ်ဆောင်ကြရန် တပ်လှန့်နှိုးဆော်ခြင်းသာဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကြည်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ရှေးအခါက ကျေးလက်ဒေသတွေမှာနေကြသော ဆင်းရဲနွမ်းပါးသည့် တောသူတောင်သားများမှာ ဆောင်းအခါတွင် မလုံခြုံသောအိမ်၊ မလုံလောက်သောစောင်၊ အနွေးထည်တို့ဖြင့်နေရသောကြောင့် ဆောင်း၏ဒဏ်ကို အလူးအလဲခံရပါသည်။ မိုးလင်းသည်အထိ မအိပ်နိုင်တော့ဘဲ မိုးမလင်းခင်ထကြပြီး တောထဲမှ အခမဲ့ခုတ်ခဲ့ရသော ထင်းတို့ဖြင့် မီးပုံပြီး မီးလှုံကြရပါသည်။

မီးအရှိန်ရလာသောအခါ အပူပြင်းသဖြင့် မီးပုံနှင့်ခွာပြီး နောက်ဆုတ်ရပါသည်။ မီးကျသွားသောအခါ အပူလျော့သွားသဖြင့် ရှေ့တိုးကြရပြန်သည်။ သို့ဖြစ်၍ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နှင့် မိုးလင်းကြရပါသည်။

မီးအပူအတွက် လူက အနောက်ဆုတ်နိုင်သော်လည်း၊ မီးအပူတို့ရှောင်နိုင်သော်လည်း လူကဲ့သို့မရှောင်နိုင်သူမှာ ထင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မီးက သူ့ကိုစွဲလောင်နေသောကြောင့် ဖြစ်ပါသည်။

အလားတူပင် တောမီးလောင်သည်ကို မြင်ဖူးကြပါလိမ့်မည်။ တောမီးလောင်သောအခါ ထိုတောထဲတွင်းမှ သမင်၊ ဒရယ်စသော သားကောင်များသည် ဘေးလွတ်ရာသို့ ရှောင်ပြေးနိုင်သော်လည်း တောဟုခေါ်ဆိုရခြင်းခံရသော သစ်ပင်ကြီးငယ်တို့သည် ရှောင်ပြေးနိုင်ခြင်းမရှိဘဲ လောင်ကျွမ်းပျက်စီးကုန်ရသည်။

ထို့ကြောင့် -

တောမီးသည် သူစွဲလောင်သောတောကိုသာလျှင်ဖျက်ဆီး၏။ သို့မဟုတ် ပျက်စီးစေ၏ဟု ပညာရှိများက အဆိုအမိန့်ထားခဲ့ပါသည်။



# ချောင်းဆုံအုန်းသွင်

## ဒေါသ

မီးသည် သူစွဲလောင်ရာကို ဖျက်ဆီးသကဲ့သို့ ဒေါသသည် ဒေါသဖြစ်သူကို ဖျက်ဆီးဟု ပညာရှိများ အဆိုအမိန့်ထားခဲ့ကြသည်။ ဒေါသကို မီးနှင့် ဗမာနိုင်းကြသည်။ ဒေါသသည် ဒေါသဖြစ်သူအား ပူလောင်စေသောကြောင့် ဖြစ်သည်။ စိတ်နှလုံးကိုပူလောင်စေတတ်သောတရားများကို မီးဟု ခေါ်ဆိုကြသည်။ ကိလေသာမီး (၁၀) ပါး၊ မီး (၁၁) ပါး၊ စိတ်အညစ်အကြေး (၁၄) ပါးအားလုံးသည် ပူလောင်စေသောအရာဖြစ်သည်။ ထိုအားလုံးသည်လည်း အညစ်အကြေးများပင် ဖြစ်သည်။

အညစ်အကြေးဟူသမျှ အပူဓာတ်ကိုဖြစ်စေသည်။ ထို့ကြောင့် လူ့အညစ်အကြေး၊ တိရစ္ဆာန်အညစ်အကြေးတို့မှ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိခြင်းဖြစ်သည်။ စိတ်အညစ်အကြေးအားလုံးကို အုပ်စုခွဲလိုက်လျှင် (၃) စုရသည်။ ၎င်းတို့မှာ (၁) လောဘ၊ (၂) ဒေါသ၊ (၃) မောဟတို့ ဖြစ်သည်။ ၎င်းကိုပင် လောဘမီး၊ ဒေါသမီး၊ မောဟမီး ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ ၎င်းတို့အနက် ဒေါသအကြောင်းကို ဆွေးနွေးတင်ပြလိုပါသည်။

ဒေါသမှာ -

၁။ ထက်သော ဒေါသ၊

၂။ နုံ့သောဒေါသ

ဟူ၍ (၂) မျိုးရှိပါသည်။

များသောအားဖြင့် ထက်သောဒေါသကိုသာ ဒေါသဟု အသိများကြပြီး နုံ့သောဒေါသကို ဒေါသဟု အသိနည်းကြသည်။ ထက်သော ဒေါသသည် မုန်းတီးခြင်းကို အခြေခံပြီး ကြမ်းတမ်းသောစိတ်ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

ကြမ်းတမ်းသော ဒေါသဖြစ်သူတစ်ဦး၏ရုပ်ကိုကြည့်လျှင် အသားဖြူသူဖြစ်က မျက်နှာနီမြန်းတက်လာပြီး ညိုပုပ်သွားမည်။ အသားညိုသူဖြစ်က ပြာနှမ်းလာပြီး မည်းညစ်သွားမည်။ နှစ်ဦးစလုံး၏ မျက်နှာမှာ ထူအမ်းပြီး ဘီလူးရုပ်ပေါက်နေမည်။ မှန်တွင်ကြည့်သော် သူကိုယ်သူပင် ပြန်လန့်သွားမည်။ ကြမ်းတမ်းသောဒေါသက ဒေါသဖြစ်သူ၏ရုပ်ကို ဤသို့ဖျက်ဆီးလိုက်ပါသည်။

ရုပ်ကိုဖျက်ဆီးသလို စိတ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ချုပ်ဆီးပါသည်။ စိတ်က ပုံမှန်မဟုတ်ဘဲ ရူးသွပ်သူကဲ့သို့ဖြစ်သွားပါသည်။ စကားပြောမထွက်တော့ဘဲ ဆွံ့အသူကဲ့သို့ဖြစ်သွားတတ်ပါသည်။ နှလုံးခုန်မှုကလည်း ပုံမှန်မဟုတ်တော့သဖြင့် ဒေါသ၏ကြမ်းတမ်းမှုပေါ်အခြေတည်ပြီး ရောဂါအံခံရလျှင် အသက်ဆုံးသည်အထိ ဒုက္ခရောက်နိုင်ပါသည်။ ဒေဝဒတ်အလောင်းရွှဲကုန်သည် ဘုရားအလောင်းရွှဲကုန်သည်ထံ ရွှေခွက်ပါသွားသဖြင့် ဒေါသထွက်ပြီး အသက်ပါ ဆုံးရှုံးသွားရသည်။

ထိုသို့ ဒေါသဖြစ်ရာတွင် ဒေါသအဖြစ်ခံရသူအနားတွင်ရှိက ဒေါသချင်းဆယ့်ဘဲရှောင်သွားနိုင်ပါသည်။ ဆောင်းတွင်းအခါ မီးလှုံရာ၌ မီးပူရှိန်များလာသောအခါ မီးလှုံသူက ရှောင်သည့်အနေဖြင့် နောက်ဆုတ်သွားသကဲ့သို့ ဖြစ်ပါသည်။ မီးလှုံသူရှောင်၍ရသော်လည်း မီးစွဲခံရသူထင်းက ရှောင်မရဘဲ ချုပ်ဆီးခံရခြင်းသို့ ရောက်ရပါသည်။ ထို့အတူ ဒေါသဖြစ်သူ၏ အနားတွင်ရှိသော ဒေါသဖြစ်ခံရသူက ရှောင်လိုလျှင် ရှောင်၍ရသော်လည်း ဒေါသဖြစ်သူက ရှောင်၍မရပါ။

အကယ်၍ ဒေါသအဖြစ်ခံရသူသည် အနီးအနားတွင်မရှိဘဲ အဝေးရောက်နေက သိပင်သိလိုက်မည်မဟုတ်ပါ။ ဒေါသဖြစ်သူသာ နီးနီး၊ ဝေးဝေး ဒေါသမီး၏ဖျက်ဆီးခြင်းကို ကိုယ်ရောစိတ်ပါခံရခြင်း ဖြစ်သည်။ ဤကား ကြမ်းတမ်းသောဒေါသ၏ ဆိုးကျိုးကို သိသာရုံ အကျဉ်းမျှဖော်ပြခြင်း ဖြစ်ပါသည်။

စောစောက ဖော်ပြထားသကဲ့သို့ ဒေါသတွင် မုန်းတီးကြမ်းတမ်းသော၊ ထက်သောအခါ ဒေါသရှိသကဲ့သို့ နုံ့သောဒေါသလည်းရှိပါသည်။ ၎င်း၏ လက္ခဏာမှာ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ စိုးရိမ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ နောင်တရပြီး တနုံ့နုံ့စိတ်ဆင်းရဲမှုခံစားနေရခြင်း စသည်တို့ ဖြစ်ပါသည်။

နုံ့သောဒေါသအကြောင်းမဖော်ပြမီ ရှေးဦးစွာသူနှင့် တစ်ဆက်တည်းဖြစ်သည့် မီး(၁၁)ပါးအကြောင်းကို ဖော်ပြလိုပါသည်။

၁။ လောဘမီး၊
၂။ ဒေါသမီး၊
၃။ မောဟမီး၊
၄။ ဇာတိမီး၊
၅။ ဇရာမီး၊
၆။ မရဏမီး၊
၇။ သောကမီး၊
၈။ ပရိဒေဝမီး၊
၉။ ဒုက္ခမီး၊
၁၀။ ဒေါမနဿမီး၊
၁၁။ ဥပါယာသမီး
တို့ ဖြစ်ပါသည်။

လောဘ၊ ဒေါသ၊ မောဟတို့မှာ မကြာခဏကြားနေရ၍ အဓိပ္ပာယ်သိနေလောက်ပြီ။ ဇာတိမီး ဆိုသည်မှာ ပဋိသန္ဓေနေချိန်အခါနှင့် မီးဖွားသည့်အခါ ခံရသောဆင်းရဲဒုက္ခကို ဆိုလိုပါသည်။ ဇရာနှင့် မရဏမှာ အိုရခြင်းဆင်းရဲနှင့် နာရခြင်းဆင်းရဲတို့ ဖြစ်ပါသည်။

သောကမီးဆိုသည်မှာ စိုးရိမ်ပူပန်ကြောင့်ကြမှုဖြစ်ပါသည်။ မဖြစ်သေးသောအရာအတွက် စိုးရိမ်ခြင်း၊ ဖြစ်ဆဲနှင့် ဖြစ်ပြီးသော အရာများအတွက် နောင်တရခြင်း၊ စိုးရိမ်ရခြင်းဖြစ်ပါသည်။ ဥပမာ အိမ်သူအိမ်သားတစ်ဦးဦး ခရီးသွားနေသည်ဆိုလျှင် အိမ်မှထွက်သွားသည့်အချိန်မှစပြီး ပြန်ရောက်မလာမချင်း အကြောင်းအမျိုးမျိုးကိုတွေးပြီး စိုးရိမ်သောကရောက်နေခြင်းဖြစ်ပါသည်။ ထိုသူ လမ်းခရီးတွင် ရှိနေဆဲ၊ ဥပမာ ရထားနှင့်သွားလာသူဖြစ်က ရထားတစ်စုံတစ်ခုဖြစ်သည်ဟု သတင်းကြားလျှင် သူစီးသွားသော ရထားဟုတ်၊ မဟုတ်မသိရသေးဘဲ စိုးရိမ်သောကတွေ ဖြစ်ရသည်။ အကယ်၍ သူပါပြီး ထိခိုက်ဒဏ်ရာရသည်ဆိုလျှင်လည်း ထိုအတွက် ပူပန်ရပါသည်။ ထို့နောက် ကိုယ်၊ လက် အင်္ဂါထိခိုက်ချို့ယွင်းသွားသည်ဆိုလျှင်လည်း နောင်ရေးအတွက်ပူပန်ရပါသည်။ ဤသည်မှာ နုံ့သောဒေါသပင် ဖြစ်ပါသည်။

ပရိဒေဝမီး ဆိုသည်မှာလည်း နုံ့သောဒေါသပင်ဖြစ်ပြီး သောကထက်ပိုသောဒေါသမီး ဖြစ်ပါသည်။ ပရိဒေဝမီးတောက်လောင်ခြင်းဟု ဆိုကြသည်။ ရှိုက်ကြီးတငင် ငိုကြွေးမြည်တမ်းခြင်းအဆင့်သို့ ရောက်ပါသည်။ တစ်စုံတစ်ခုသောဆိုးကျိုးမှ ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ဒုက္ခမီး ဆိုသည်မှာ ခန္ဓာကိုယ်ကြောင့်ဖြစ်ရသော ဆိုးကျိုးအပေါ်မှုတည်ပြီး ခံစားရသောဆင်းရဲခြင်း ဖြစ်ပါသည်။ နာမကျန်း၍ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ ဖြစ်တတ်ပါသည်။

ဒေါမနဿမီးဆိုသည်မှာ စိတ်အလိုမကျခြင်း၊ မကျေနပ်ခြင်းတို့ကြောင့် စိတ်နှင့်ပတ်သက်ပြီး ခံစားရသည့်ဆင်းရဲခြင်းမျိုး ဖြစ်သည်။ သောက၊ ဒေါမနဿတို့တွင် စိတ်၌ တနုံ့နုံ့ခံစားနေရသော ဆင်းရဲခြင်းမျိုး ရှိပါသည်။ နောင်တ ဟူ၍ လည်းကောင်း၊ ကုက္ကုစ္စ ဟူ၍ လည်းကောင်း ခေါ်သည်။ မှားမိလေခြင်း ဟူ၍ တမြေ့မြေ့ဖြစ်နေခြင်းမျိုးကို ဆိုလိုသည်။

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါက ကောသလမင်းကြီးဝယ် မလ္လိကာအမည်ရှိ မိဖုရားတစ်ပါးရှိပါသည်။ မင်းမျိုးမဟုတ်ဘဲ တောသူဆင်းရဲသားဖြစ်သော်လည်း ဉာဏ်ပညာကြီးသည်။ ဘုရားကို ကြည်ညိုပြီး အကျင့်သီလနှင့်ပြည့်စုံသည်။ ကောသလမင်းကို ထိန်းကျောင်းနိုင်သူလည်း ဖြစ်သည်။

သို့သော် သူသည် တစ်ကြိမ်တွင် အပြစ်တစ်ခုကို မည်သူမျှမသိအောင် ကျူးလွန်မိခဲ့သည်။ ထိုအပြစ်အတွက် သူမှာ တစ်သက်ပတ်လုံး နောင်တရကာ ကုက္ကုစ္စဖြစ်ပြီး သေသွားရသည်။ ထိုကုက္ကုစ္စက သူ့ကို အပါယ်ငရဲသို့ဆွဲချသွားသည်။

ဥပါယာသမီးဆိုသည်မှာ ပရိဒေဝမီးထက်ပိုပြီးကြီးမားသောမီးဖြစ်ပါသည်။ နုံ့သောဒေါသကြောင့်ဖြစ်စေ၊ ထက်သောဒေါသကြောင့်ဖြစ်စေ ထိုအဆင့်သို့ ရောက်တတ်သည်။ ဒေဝဒတ်လောင်းရွှဲကုန်သည်သည် ရွှေခွက်ဆုံးရှုံးသဖြင့် ထက်သောဒေါသအထွတ်အထိပ်ရောက်ပြီးအသက်ပါဆုံးရှုံးရသည်။ စူဠသုဘဒ္ဒါသည် လက်စားချေလိုစိတ်ဖြင့် ဘဝဟောင်းက ခင်ပွန်းဟောင်းဖြစ်သော ဆဒ္ဒန်ဆင်မင်း၏အစွယ်ကို အဖြတ်ခိုင်းလိုက်သည်။ မုဆိုးက ဆင်မင်းကိုသတ်ပြီး ဖြတ်ခဲ့သောအစွယ်ကို စူဠသုဘဒ္ဒါကို ဆက်သသောအခါ စူဠသုဒ္ဒါသည် အတိတ်ဘဝက ဇာတ်ကြောင်းကို ပြန်ပြောင်းသတိရပြီး ဝမ်းနည်းလာသည်။ ခိုင်းမိသည့်အတွက်လည်း နောင်တရသည်။ ထိုနုံ့သောဒေါသအထွတ်အထိပ်သို့ရောက်ကာ ရင်ကွဲနာကျပြီး သေသွားသည်။

ထက်သောဒေါသဖြစ်စေ၊ နုံ့သောဒေါသဖြစ်စေ ဒေါသသည် ဒေါသဖြစ်သူကိုသာ ဖျက်ဆီးသည်ဆိုသောအချက်မှာ ထင်ရှားပေသည်။ ဒေါသအဖြစ်ခံရသူအချို့မှာ သိပင်မသိကြပေ။

ဆိုကြပါစို့။ ကျွန်တော်တို့ ယခင်ဘဝက လူဖြစ်လာခဲ့ကြသည့်အရွယ်အမျိုးမျိုးတွင်သေခဲ့ကြပြီး ကျန်ရစ်ခဲ့သူမိဘ၊ ဆွေမျိုးညီအစ်ကိုမောင်နှမ၊ ဇနီး

www.burmeseclassic.com

ခင်ပွန်း၊ သားသမီး၊ ရည်းစား စသည့် ပတ်သက်သူများသည် ကျွန်တော်တို့ သေသောအခါ နှံ့သောဒေါသဖြစ် ပူဆွေး သောကမုချရောက်ခဲ့ကြပါသည်။ အချို့ မှာ သေနေသာသူ ကြာလျှင်မေ့ဟူသော စကားအတိုင်း မေ့နိုင်ကြသော်လည်း အချို့မှာ ထိုနှံ့သောဒေါသဆိုသည့် သောကကို တစ်သက်လုံး ရင်ဝယ်ပိုက် သွားသူများလည်းရှိကြပါမည်။ကျွန်တော် တို့သည် ယခုဘဝတွင် ပတ်ဝန်းကျင် သတ်နှင့်ဆက်ဆံနေရပြီး ယခင်ဘဝကို လုံးဝသိလည်းမသိ၊ သောကလည်းမဖြစ် ပါ။ ကျွန်တော်တို့အတွက် နှံ့သော ဒေါသဖြင့် သောကရောက်နေသူများ သာ တစ်ဖတ်သတ်ဖျက်ဆီးခြင်းခံနေရ ပါသည်။

ဒေါသကို မည်သို့ကျော်လွှားဖြေ ဖျောက်ရမည်နည်း။ ထက်သောဒေါသ ဟုဆိုသော အမုန်းတရားကို မေတ္တာဖြင့် ဖြေဖျောက်ပြီး နှံ့သောဒေါသဟုဆိုသော သောက စသည်တို့ကို ကောင်း၊ ဆိုး နှစ်ဖြာ သတ္တဝါမှာ မကျွာဖြစ်သား ဓမ္မတာ တရားဟု သံဝေဂဖြင့်ဖြေရပါသည်။ ထို့အတွက် (၄) ပါးသော အားထုတ် ခြင်းအမှုကိုပြုရပါမည်။

၎င်းတို့မှာ -

၁။ ဖြစ်ပြီးသောမကောင်းမှုအကု သိုလ်တရားများကို ဖြတ်တောက်မေ့ ပျောက်နိုင်အောင် ကြိုးပမ်းအားထုတ် ခြင်းနှင့် ဖြစ်ဆဲအကုသိုလ်တရားများကို ချေဖျက်ပစ်ရန်။

၂။ မဖြစ်သေးသော အကုသိုလ် တရားများကို ဖြစ်မလာအောင် သတိ ဖြင့် ကြိုတင်ကာကွယ်တားဆီးထားရန် ဖြစ်နိုင်ခြေရှိက အမြန်ဆို့ပိတ်ရန်။

၃။ ဖြစ်ပြီးသောကောင်းမှုကုသိုလ် တရားတို့ကို အဖန်တလဲလဲ သတိရ အောက်မေ့ခြင်းဖြင့် တိုးပွားနေအောင် ကြိုးပမ်းရန်။

၄။မဖြစ်သေးသောကုသိုလ်တရား များကို ဖြစ်အောင် ကြိုးပမ်းအားထုတ် ရန်တို့ ဖြစ်ပါသည်။

၎င်းသည်တို့မှာ နိဗ္ဗာန်ရောက် ကြောင်းတရားဖြစ်သော မဂ္ဂင် (၈) ပါးမှ သမ္မာဝါယာမမဂ္ဂင်ဖြစ်ပါသည်။

*စာရှုသူများ*
*ဒေါသကင်းဝေးနေနိုင်ကြပါစေ။*

ချောင်းဆုံအုန်းခွင်

## ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

(၃၃၂) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဩဂုတ်လ ၁၃၊ ၁၆၊ ၁၇၊ ၁၉၊ ၃၀ ရက်များမှာ ထီထိုးပါ။

သရဏဂုံ-၃၀ ကို အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်ပါ။ သို့မဟုတ် နေ့စဉ် (၂၇) ခေါက်ရအောင်ရွတ်ပါ။ (၃) ရက် သို့မဟုတ် (၉) ရက် အဆင်ပြေသလို အဓိဋ္ဌာန်ဝင်ပြီးမှ ထီထိုးပါ။

စက်တင်ဘာလတွင် ၂၊ ၄၊ ၈၊ ၅. ဂဏန်းများ ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဩဂုတ်လတွင် ၁၀၊ ၁၄၊ ၁၇၊ ၁၉ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွား၍ မွေးနံ ထောင့်မှစပြီး အကြော်စုံများနှင့် ဖြူဟ် (၈) ခွင်လုံးမှနေပြီး ဘုရားရှင်အား ပူဇော်ပါ။ ကော်ပန်းကန်ပြားများနှင့် ပူဇော်ပါ။ ပန်းကန်များပါလှူခဲ့ပါ။ အပြန် မှာထီထိုးပါ။

စက်တင်ဘာလတွင် ၄၊ ၈၊ ၃၊ ၂၊ ၉ ဂဏန်းများ ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဩဂုတ်လတွင် ၁၅၊ ၁၅၊ ၁၈၊ ၁၉ ရက်များမှာ ထီထိုးပါ။

အားလပ်အောင် အချိန်ယူ၍ နေ့ တစ်နေ့ကိုရွေးပါ။ တစ်နေ့တည်း ဘုရား သုံးဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းရှိ ရုပ်ပွားတော်မြတ်တစ်ဆူဆူ၏ရှေ့တွင် ဆွမ်း (၃) ပွဲနှင့် ဖယောင်းတိုင် (၃) တိုင် ထွန်းညှိပူဇော်ပါ။ နောက်နေ့မှထီထိုးပါ။

စက်တင်ဘာလတွင် ၄၊ ၈၊ ၅၊ ၂ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဩဂုတ်လ ၁၂၊ ၁၆၊ ၁၉၊ ၂၄ ရက် များမှာ ထီထိုးပါ။

'အောင်'ဘွဲ့အမည်ရှိသော ဘုရား တစ်ဆူဆူသို့သွားပါ။ ပန်းကန်ထဲတွင် ဆွမ်းများနှင့် အကြော်စုံများ သေချာ ထည့်ပြီး ဘုရားရှင်အား ပူဇော်ပါ။ ပြီးမှ သရဏဂုံကို အနည်းဆုံး (၁၅) မိနစ်ခန့် ကြာအောင် ပီပီသသရွတ်၍ ဘုရားရှိခိုး ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလတွင် ၂၊ ၉၊ ၃၊ ၅ ဂဏန်းများ ကံစပ်သည်။

**ကြာသပတေးသားသမီးများ**

ဩဂုတ်လ ၁၃၊ ၁၄၊ ၁၇၊ ၁၉၊ ၂၈ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့ ခြေကျင်သွား ပါ။ ရာဟုထောင့်မှစ၍ ရင်ပြင်တော်ကို တံမြက်လှည်းပါ။ တစ်နိုင်ကုသိုလ်ကို ရအောင်ပြုလုပ်ပါ။ အမှိုက်ကောက်လျှင် လည်းရပါသည်။ အပြန်မှာထီထိုးပါ။

စက်တင်ဘာလတွင် ၄၊ ၈၊ ၇၊ ၂၊ ၉ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဩဂုတ်လ ၁၃၊ ၁၄၊ ၁၈၊ ၁၉၊ ၂၈ ရက်များမှာ ထီထိုးပါ။

တစ်နေ့တည်း ဘုရား (၄) ဆူပြည့် အောင် သွားဖူးပါ။ ဘုရားတိုင်းတွင် ဖြူဟ် (၈) ခွင်လုံးကို ရေသပ္ပာယ်ပါ။ ရေလှူပါ။ အနည်းဆုံး (၁၅) မိနစ်ခန့် ထိုင်ပြီး ဘုရားဝတ်ပြုပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလတွင် ၂၊ ၉၊ ၅၊ ၆ ဂဏန်းများ ကံစပ်သည်။

**စနေသားသမီးများ**

ဩဂုတ်လတွင် ၁၂၊ ၁၅၊ ၁၉၊ ၂၉ ရက်များမှာ ထီထိုးပါ။

ရေနှင့်နီးသော ဘုရားစေတီတစ် ဆူဆူသို့သွားပါ။ ဘုရားတွင် ရွက်လှများ ဝေနေအောင် ပူဇော်ပါ။ ပြီးလျှင် နာရီ ဝက်ခန့်ထိုင်ပြီး ဘုရားဝတ်ပြု၊ မေတ္တာ များများပို့ပါ။ အပြန်မှာထီထိုးပါ။

စက်တင်ဘာလတွင် ၄၊ ၈၊ ၇၊ ၃ ဂဏန်းများ ကံစပ်ပါသည်။

ယခုလ ၁၉-၈-၂၀၁၆ သောကြာ နေ့တွင် (၇) ရက်သားသမီးများ မည်သူ မဆို ထီထိုးသင့်ပါသည်။ (၁၉) ဂဏန်း နှင့် (၆) ဂဏန်းကို သတိမမေ့ပါနှင့်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

# ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးရုပ်ခန္ဓာ လျောင်းစက်ရာအောင်မြေ





လွန်ခဲ့သည့် ရက်ပိုင်းအတွင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းသို့ ရောက်သွားမိဖြစ်ခဲ့ပါသည်။ သံယောဇဉ်ငြိတွယ်ရလွန်းသည့် ချစ်ဇနီး သန်းသန်းနွဲ့ သံသရာလမ်းပေါ်သို့ တစ်ကိုယ်တည်း လျှောက်လှမ်းထွက်ခွာသွားခဲ့သည်မှာ (၁၆) နှစ်တင်းတင်းပြည့်တော့မည်ပင် ဖြစ်သည်။ တွံတေးတွင် သူ၏မောင်တော်သူ ကိုကျော်လှိုင်ရှိနေလေရာ ဆွေခန်းမျိုးခန်းအရ သွားလိုသောစိတ်က နိုးဆွလာသဖြင့် တွံတေးသို့သွားဖြစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ခရီးစဉ်ကို ရေးဖော်ရေးဖက်များဖြစ်သည့် ဆရာထွန်းအောင်လင်း (ရွှေပြည်သာ)၊ ဆရာနိုင်ခင်ရွှေတို့နှင့်အတူသွားမည်ဟု ရည်မှန်းကာ အစီအစဉ်ဆွဲဖြစ်ခဲ့သည်။

စီစဉ်ထားဖြစ်သည့်အတိုင်း ဆရာနိုင်ခင်ရွှေ၏ တက္ကစီကားလေးဖြင့် နံနက်ဝေလီဝေလင်းအချိန်ကလေးမှာပင် ထွက်လာဖြစ်ခဲ့သည်။ လှိုင်သာယာသည် အတော်လေး ဖွံ့ဖြိုး ဝေစည် တိုးတက်လျက်ရှိနေပြီပင်။ အိမ်နေထူထပ်သိပ်သည်းကျပ်ပိတ်လျက်ရှိနေကာ လှိုင်သာယာနယ်နိမိတ်လွန်အောင် ကားလေးကို တွန့်ဆုတ်တွန့်ဆုတ်နှင့်မောင်းနှင်နေရရာမှ လှိုင်သာယာမှ တွံတေးဆီ ဦးတည်သွယ်တန်းနေသည့်လမ်းပေါ်သို့ရောက်သည်နှင့် လေးမုပစ်လွှတ်လိုက်သည့်မြားတစ်စင်းနှယ် အရှိန်အဟုန်သွက်လက်စွာဖြင့် တွံတေးဆီသို့ ဦးတည်ပြေးလွှားနေတော့သည်။ တရိပ်ရိပ်ဖြင့် နောက်မှ အပြေးအလွှား လိုက်ပါလာနေကြလေသလား ထင်မှတ်မှားရလောက်အောင် လမ်းဘေး ဝဲ၊ ယာရှိပုံရိပ်တို့က လှုပ်ခတ်လိုက်ပါလို့နေကြသည်။

မိနစ်လေးဆယ်သာသာခန့် အရှိန်အဟုန်ဖြင့် ပြေးလွှားနေရာ ကားလေးအရှိန်လျော့ကျသွားရာက ဆရာနိုင်ခင်ရွှေက -

"ဆရာကျော်ရေ ဟိုရှေ့က မုခ်ဦးက ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီး သာသနာ့ပန္နက်စိုက်ထူတော်မူခဲ့တဲ့ သက်သတ်လွတ်သာသနာ့အောင်မြေဆီကိုသွားတဲ့ အဝင်လမ်းပဲ"


ဟု ပြောသည်။

www.burmeseclassic.com


www.burmeseclassic.com

ဆရာထွန်းအောင်လင်း (ရွှေပြည်သာ) ၏ မျက်နှာပြင်ဝယ် ဝမ်းသာပီတိ အရိပ်အယောင်တို့ ပေါ်လွင်လျက်ရှိနေသည်ကို မြင်ရသည်။ ဆရာထွန်းအောင်လင်း (ရွှေပြည်သာ) သက်သတ်လွတ်စားနေခဲ့သည်မှာ (၁၀) နှစ်ကျော်ခဲ့ပြီပင်ဖြစ်သည်။ မှခ်အဝင်သည် ကားလမ်း၏ လက်ဝဲဘက်တွင်ရှိနေသဖြင့် လှမ်းမျှော်ကြည့်ဖြစ်ရာ ကျိုက်မရောသွားရာလမ်းနှင့်ဆင်တူနေသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် စီတန်းပေါက်ရောက်နေသည့် သစ်ပင်များအကြား ဖြောင့်ဖြူးစွာရှိနေသည့်ကားလမ်းက အထင်းသားမြင်တွေ့နေရသည်။ ဗောင်းတော်ချုပ်သာသနာ့နယ်မြေသို့ မကြာခဏသွားရောက်လေ့ရှိသည့် ဆရာထွန်းအောင်လင်း (ရွှေပြည်သာ) က -


"ဆရာကျော်ရေ ဆရာနိုင်ခင်ရွှေပြောတာမှန်တယ်။ အဲဒီမုခ်ဦးကနေဝင်သွားရင် ဆရာကျော်သွားချင်တဲ့ ဗောင်းတော်ချုပ်သာသနာ့နယ်မြေကို



သာသနာ့နယ်မြေအဝင်ရှိ စေတီတော်



ကန်ထယ်ရှိ စေတီမြင်ကွင်း



ဆရာတော်ကြီးရုပ်တု



ပဥ္စဝဂ္ဂီငါးဦးအား တရားဟောဟန် ဆင်းတု



ရုပ်ခန္ဓာလျောင်းစက်ရာအနီးရှိ နဂါးရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာအဝင်ပုံစံစေတီတော်



မှန်ဦးအနီးရှိစေတီ



ဆရာတော်ကြီး နောက်ဆုံးတည်သွားခဲ့သည့် ဗုဒ္ဓဂယာပုံစံတူစေတီငယ်



ဗုဒ္ဓဂယာပုံစံတူစေတီတွင်းမှဆင်းတု

ရောက်တယ်"

ဟု ထပ်ဆင့်ဆိုလာသည်။

ကားလေးသည် ဖြောင့်ဖြူးညီညာလှသည့် လမ်းအတိုင်းဝင်သွားဖြစ်ရာ (၁၀) မိနစ်သာသာခန့်တွင် ဖောင်းတော်ချပ်သာသနာ့နယ်မြေအတွင်း ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီးတည်ထားခဲ့ရာ ဗုဒ္ဓဂယာပုံစံအတူ သတ္တဌာနစေတီများထံတော်ပါးဆီသို့ ရောက်သွားခဲ့ရသည်။ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဂယာပုံစံတူ စေတီတော်များ တည်ထားရာနေရာ အဝင်ဝအနီးတွင် စေတီတော်ငယ်တစ်ဆူ တည်ထားတော်မူခဲ့သည်။ ထိုစေတီတော်အနီးတွင် အုတ်တံတိုင်းသဏ္ဌာန် အုတ်ခုံကြီးတစ်ခုဆောက်ထားခဲ့ပြီး ဖောင်းတော်ချပ်သာသနာ့နယ်မြေကမ္ပည်းစာတန်းကို အခိုင်အခံ့ထိုးထားခဲ့သည်။ ဗုဒ္ဓဂယာပုံစံတူစေတီတော်များ



www.burmeseclassic.com

www.burmeseclassic.com




ဗိမာန်တော်အနီးရှိ သိမ်တော်ကြီး




သိမ်တော်ကြီးအဝင်မုခ်ဦး



ဆရာတော်ဘုရားကြီးပုံတူပန်းချီကား



ရုပ်ခန္ဓာလျောင်းစက်ရာနေရာ



ဆရာတော်ကြီးရုပ်ခန္ဓာလျောင်းစက်ရာဗိမာန်တော်

သည် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ ဝန်းကျင်တစ်ဝိုက်တွင်သာ တည်ထားတော်မူခဲ့သည်။ ဆရာတော်ကြီးသီတင်းသုံးတော်မူခဲ့ရာ ကျောင်းအိုလေးမှာ သစ်သားဖြင့်ခြေတံရှည်ဆောက်လုပ်ထားသော ကျောင်းလေးဖြစ်ပြီး ယိုင်နဲ့ယိုယွင်းလျက်ရှိနေပေပြီ။ ကျောင်းလေးပေါ်တွင် ဆရာတော်ဘုရားကြီး၏ ရုပ်တုတော် သီတင်းသုံးလျက်ရှိနေဆဲပင် ဖြစ်သည်။

ဗုဒ္ဓဂယာသတ္တဋ္ဌာနပုံစံတူစေတီများမှာ ခံ့ညားထည်ဝါစွာတည်ထားခဲ့သည့် စေတီတော်များဖြစ်သဖြင့် ထုထည်နှင့် အမြင့်ပုံဆောင်အနေအထားတို့မှာ အိန္ဒိယနိုင်ငံရှိ မူရင်းဗုဒ္ဓဂယာဒေသရောက်ရှိသွားလေပြီလား ထင်မှတ်မှားမိရသည်။ စေတီတိုင်းတွင် ဆင်းတုတော်များ၊ ပရိဘောဂအသုံးအဆောင်များထားရှိသည်မှာလည်း မူရင်းဗုဒ္ဓဂယာဟန်ရှိနေသည်ကို ဖူးတွေ့ရသည်။

စေတီတော်များအား လှည့်ပတ်



www.burmeseclassic.com

www.burmeseclassic.com


ကြားမြော် ကြည်ညိုနေမိဖြစ်ကြသည်မှာ နာရီသာသာမျှကြာသည်။ စေတီတော်မြတ်များတည်ရာ၏ မလှမ်းမကမ်းတွင် ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးသမုတ်တော်မူခဲ့သည့် သိမ်တော်ကြီးတခုံညား ထည်ဝါစွာ တည်ရှိသည်။ သိမ်တော်ကြီးအထက် သိမ်တော်၏ ခေါင်းရင်းပိုင်းဝယ် စေတီတော်မြတ်တစ်ဆူ တည်ထားသည်ကို ဖူးတွေ့ရသည်။ သိမ်တော်ကြီးနှင့် မလှမ်းမကမ်းတွင်ကား ဗောင်းတော် ချုပ်ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာလျှောင်းစက်ရာ ဗိမာန်တော်တည်ရှိသည်။ ဆရာတော်ဘုရားကြီးသည် ဝိဇ္ဇာလမ်းလျှောက်လှမ်းတော်မူရင်း သာသနာပြုသတ္တဝါကယ်လုပ်ငန်းများဆောင်ရွက်တော်မူခဲ့ပြီး အောင်လမ်းသို့ မြန်းကြွသွားတော်မူခဲ့သည့် ဆရာတော်ကြီးတစ်ပါးပင် ဖြစ်သည်။ ဆရာတော်ကြီး အောင်လမ်းသို့ မြန်းကြွသွားတော်မူသည့်အချိန်တွင်မှ ဆရာတော်ကြီး၏ အကျင့်သီလ စွမ်းပကားတို့က ထွက်ပေါ်လာကာ ကျန်ရစ်သူ တပည့်တပန်းတို့ ရင်သပ်ရှုမောတအံ့တဩဖြစ်ခဲ့ကြရသည်။ ဆရာတော်ကြီးရုပ်ခန္ဓာမှာ ပျော့ပျောင်းလျက် လူကောင်းပကတိခန္ဓာကိုယ်အနေအထားအတိုင်းရှိနေပြခဲ့ခြင်း၊ ယနေ့တိုင်မပုပ်မသိုးဘဲ လျောင်းစက်တော်မူနေသည့်ခန္ဓာကိုယ်တည်ရှိနေခြင်းတို့ ဖြစ်သည်။

ဆရာတော်ဘုရားကြီးလျောင်းစက်ရာ ဗိမာန်တော်အတွင်း အေးငြိမ်းကာ တိတ်ဆိတ်ငြိမ်သက်မှုက လွှမ်းခြုံထားသည်။ ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာအားဦးချကန်တော့နေမိစဉ် ဗိမာန်တော်အတွင်းဝယ် အိမ်မြှောင်စုတ်ထိုးသံတို့ သံပြိုင်ထွက်ပေါ်လို့နေသည်။ ထိုစဉ်မှာပင် ဆရာထွန်းအောင်လင်း (ရွှေပြည်သာ) က -

"ဆရာတော်ကြီးက သက်သတ်လွတ်စားတာ။ ဒါကြောင့် သူ့ရဲ့ နယ်မြေတိုလည်း သက်သတ်လွတ်သာသနာ့နယ်မြေအဖြစ် သတ်မှတ်ထားသွားခဲ့တာ"

ဟု စကားအစချီရင်း သူအံကျွမ်းတဝင်ရှိနေသည့် ဗောင်းတော်ချုပ်သာသနာ့နယ်မြေအကြောင်းနှင့် ဆက်စပ်ကာ အောင်လမ်းသို့ မြန်းကြွသွားတော်မူသည့် ဆရာတော်ဘုရားကြီး၏ အဝတ္တုကြောင်းကိုပြောပြတော့သည်။


❑



ဗောင်းတော်ချုပ်သာသနာ့နယ်မြေအဝင်



စိတ်စေတနာရှင်များ လှူဒါန်းကာသိုသ်ဖြင့် တည်ထားသည့် စေတီ



ဗိမာန်တော်အတွင်း



www.burmeseclassic.com

www.burmeseclassic.com







ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာကျောင်း

ဖောင်းတော်ချုပ်ဆရာတော်သည် ကရင်တိုင်းရင်းသားဖြစ်ကာ မူလက ဗုဒ္ဓဘာသာဝင်တစ်ဦး မဟုတ်ခဲ့ပေ။ ဖောင်းတော်ချုပ်ဆရာတော်လောင်းလျာကို ၁၉၀၄ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ စနေနေ့တွင် အဘ ဦးပန်းဖြူ၊ အမိ ဒေါ်လှလေးတို့က မွေးဖွားသန့်စင်ခဲ့သည့် ဒုတိယမြောက် သားရတနာပင် ဖြစ်သည်။ ဆယ်တန်းအောင်မြင်ပြီးသည်တွင် မြေတိုင်းဌာန၌ အလုပ်ဝင်လုပ်ကိုင်သည်။ အလုပ်ဝင်လုပ်၍ အသက်(၂၅)နှစ်အရွယ်ခန့်တွင် လုပ်ငန်းခွင်တစ်ခု၌ မြေတိုင်းတာစဉ်ကာလတွင် အဖြစ်ဆိုးနှင့်ကြုံတွေ့ရသည်။ မြေတိုင်းပြီးစီး၍ ပေကြိုးကို အမြန်ပြန်ရစ်လိုက်ရာ ပေကြိုးသည် မျက်လုံးနှစ်ဖက်စလုံးကို တက်ရိုက်မိသွားပြီး မျက်စိအလင်းတို့ ကွယ်သွားခဲ့ရရှာသည်။ ဆရာဝန်များနှင့် ကုသသော်လည်း အလင်းပြန်မရနိုင်တော့သည့်အခြေအနေဆိုးသို့ရောက်နေသည်။ ထိုသို့ မျက်မမြင်ဒုက္ခိတဘဝသို့ ရောက်နေစဉ်မှာပင် ရှေးဘဝတို့၏ ပဋ္ဌာန်းဆက်ရှိခဲ့လေ၍လောမပြောတတ်။

သူ၏နားထဲတွင် -

"မင်းဟာ ဗုဒ္ဓဘာသာဝင်ပါ၊ မင်း ရဟန်းပြုလျှင် မျက်စိနှစ်ကွင်း အလင်းပြန်ရလာလိမ့်မယ်"

ဟု မကြာခဏ ကြားယောင်နေတော့သည်။ ထိုသို့ မကြာခဏ နားတွင် လာကြားနေရသည်ကို မယုံကြည်နိုင်လောက်အောင်ဖြစ်လာခဲ့ရာ (၃) လခန့်အကြာတွင် မယုံကြည်လက်မခံ၍မဖြစ်တော့သောကြောင့် မအူပင်အနီးရှိ မီးသွေးချောင်းရွာဆရာတော်၏ကျောင်းသို့အရောက်သွား၍ ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့သည်။ ဗုဒ္ဓဘာသာအဖြစ် ခံယူပြီးသည့်နောက် (၃) လအကြာတွင် မျက်စိများပြန်လည်မြင်လာခဲ့၏။ မျက်စိနှစ်ကွင်း အလင်းရသည်နှင့် အနောက်ရိုးမတွင် သီတင်းသုံးနေတော်မူသည့် ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီးက သူ့အား သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပညာရပ်အမျိုးမျိုးကို သင်ကြားပေးတော့သည်။

ဖောင်းတော်ချုပ် ဆရာတော် ရဟန်းဘောင်သို့ တက်ခဲ့ပြီးသည်တွင် ဆရာတော်၏ မိတ်ဆွေတစ်ဦးကလည်း ရှင်သာမဏေဝတ်ကာ ဆရာတော်နှင့်အတူ ဝတ်ကြီးဝတ်ငယ်ပြုစုလျက်နေခဲ့သည်။ ကျိုက်ထီးရိုးတောင်ခြေရှိကျောင်းတစ်ကျောင်းတွင် သီတင်းသုံးတော်မူ၍ ပုတီးစိပ်သည်။ တရားအားထုတ်သည်။ တောင်ဝန်းကျင်ရှိ တောများထဲတွင် လှည့်လည် တရားအားထုတ်နေလေရာ တောထဲတောင်ထဲတွင် စားစရာမည်မည် ရရမရှိသဖြင့် နောက်မှလိုက်ပါကာ ဝတ်ကြီးဝတ်ငယ်ပြုစုနေသည့် ကိုရင်ကြီးက ရေအိုင်များထဲတွင် အလေ့ကျပေါက်နေသည့် ကန်စွန်းရွက်များရှာဖွေခူးကာ ပြုတ်၍ကပ်လှူရသည်မှာ နေ့စဉ်နေ့တိုင်းလိုပင်ဖြစ်သည်။ ကန်စွန်းရွက်ပြုတ်နှင့်ပင် နှစ်ပေါင်းအတော်ကြာအောင် တောတွင်းတစ်နေရာတည်း၌ သီတင်းသုံးနေတော်မူခဲ့ဘည်။

တစ်နေ့တွင် ဆရာတော်၏ စိတ်အစဉ်၌ ကွမ်းခြံကုန်းသို့သွားလိုသော ပြင်းပြမှုများက နေရာယူကာ လှုံ့ဆော်သမှုပြုလာခဲ့သည်။ ဤသို့ဖြင့် တွံတေးသို့ ကြွလာတော်မူသည်။ ထိုစဉ်ကာလက ရန်ကုန်တစ်ဖက်ကမ်းရှိ ဒလမှ တွံတေးဘက်သို့ ကားလမ်းမပေါက်သေးပေ။ တွံတေးသို့ ရောက်အောင်သွားပြီးမှ ကွမ်းခြံကုန်းသို့ ကားဖြင့်သွားကြရသည့် အချိန်ကာလပင် ဖြစ်သည်။

ဖောင်းတော်ချုပ်ဆရာတော်သည် ယခု ဖောင်းတော်ချုပ်သာသနာ့နယ်မြေတည်ရာသို့ဝင်သွားရသည့်လမ်းဆုံလမ်းခွဲသို့ရောက်လာသည်တွင် အလိုလိုပင် ကားပေါ်မှဆင်းလိုသည့်ဆန္ဒဖြစ်ပေါ်လာသဖြင့် ကားရပ်ခိုင်းကာ ကားပေါ်မှဆင်းလိုက်သည်။ အချိန်က နံနက်(၁၁)နာရီခန့်ရှိနေပြီ ဖြစ်လေသည်။ လမ်းဘေး၌ အကြော်ဆိုင်တစ်ဆိုင်ရှိနေသည်ကိုတွေ့မြင်ရသော်လည်း ငွေကြေးတစ်ပြားတစ်ချပ်မှမပါရှိသည့်အတွက် ဆိုင်သို့မဝင်တော့ဘဲ လမ်းဆက်လျှောက်မည်ကလေးငယ်တစ်ဦးကို တွေ့ဆုံခွင့်ကြုံလိုက်ရသည်။ ကလေးငယ်အား အကြော်ဆိုင်နံဘေးကပ်လျက် ပေါက်နေသော

www.burmeseclassic.com

www.burmeseclassic.com

ပဒိုင်းပင်များကို လက်ညှိုးညွှန်ပြပြီး အရွက်များခူးကာ ကပ်လှူရန်မိန့်သည်။ ဆရာတော်လည်း ကလေးငယ်ခူးကာ ဆက်ကပ်လှူဒါန်းသည့် ပဒိုင်းရွက်များတို့ အားပါးတရဘုဉ်းပေးတော်မူသည်။ ထိုအခြင်းအရာကို မြင်တွေ့ကြရသော လူအများက စိတ်မနှံ့သော ဘုန်းတော်ကြီးတစ်ပါးအဖြစ် ထင်မှတ်မှားမိဖြစ်ကြသည်။ ပဒိုင်းရွက်စားမိလျှင် လူကိုမဆိုထားနှင့် နွားများပင်ရူးတတ်သည်ဟု သိနားလည်ထားကြသောကြောင့်ပင်။ ဆရာတော်ကမူ ပဒိုင်းရွက်များဘုဉ်းပေးတော်မူဖြစ်ခဲ့သော်လည်း မည်သို့မျှမဖြစ်ခဲ့ပါချေ။


ယခုဗောင်းတော်ချုပ်ကျောင်းရှိရာနေရာတွင် ထိုစဉ်ကာလက ရှေးဟောင်းစေတီတော်ပျက်ကြီးတစ်ဆူ တည်ရှိခဲ့သည်။ ထိုနေရာတွင် ဆရာတော်သည် သူငယ်ချင်း ကိုရင်ကြီးနှစ်ပါးနှင့်အတူ သင့်လျော်ရာ သစ်ပင်များအောက်တွင်သာ သီတင်းသုံးတော်မူကြရင်း ရှေးဟောင်း စေတီတော်ပြုပြင်ခြင်း၊ သာသနာပြုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်တော်မူခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်တော်မူနေကြရာ လူအများ၏ ကြည်ညိုအလေးထားမှုတစ်စထက်တစ်စ များပြားလာခဲ့သည်။ ဤသို့ဖြင့် ကျောင်းဆောက်လုပ်လှူဒါန်းသည့် ဒကာ၊ ဒကာမများပေါ်လာခဲ့ရသလို စေတီတော်အမြောက်အမြားတည်ထားနိုင်ခဲ့ကာ သာသနာပြုသတ္တဝါတယ်လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့တော့သည်။ ဆရာတော်၏ကျင့်ကြံပွားများအားထုတ်နိုင်စွမ်းကြောင့် မဟိဒ္ဓိသိဒ္ဓိစွမ်းပကားများ တိုးတက်လာရာ ဆရာတော်မည်သည့်အသက်သတ်လွတ်အာဟာရကို ဘုဉ်းပေးဘုဉ်းပေး ဆရာတော်အား ဘေးအန္တရာယ်မပေးနိုင်ကြောင်း ပြောဆိုကြသူများလာသည်။

တစ်နေ့တွင် ကံပဲရွာတွင် နေထိုင်သည့် လူမိုက်တစ်ယောက်သည် ဆရာတော်အား စမ်းသပ်လိုသဖြင့် သေလောက်အောင်စပ်သော ရှမ်းငရုတ်သီးအတောင့်ရှည်များအား ပန်းကန်ပြားကြီးတစ်ချပ်အပြည့်ထည့်ယူလာကာဆက်ကပ်သည်။ ဆရာတော်ကမည်သို့မျှပြန်လည်မိန့်တော်မမူဘဲ ဆက်ကပ်လာသည့်ငရုတ်သီးများတို့ ကုန်စင်သည်အထိ သရက်သီးအချိုများကိုဘုဉ်းပေးနေသည့်အလား မြိန်ရှက်စွာဘုဉ်းပေးတော်မူရာ လူမိုက်လည်း သူ့အများသူဝန်ခံကာ ဆရာတော်အား

တောင်းပန်စကားဆိုပြီး ဆရာတော်ထံပါး တပည့်ဒကာအဖြစ် အလုပ်အကျွေးပြုနေတော့သည်။

ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးသည် ဗောင်းတော်ချုပ်သာသနာ့နယ်မြေတွင် သီတင်းသုံးတော်မူစဉ်ကာလအတွင်း မြန်မာနှစ် ၁၃၀၀ ပြည့်နှစ်တွင် ဗောင်းတော်ချုပ်စေတီတော်ကို ထီးတော်တင်လှူခဲ့ကာ တွံတေးတောကြီးတန်းအတွင်းရှိ ကျိုက်ဖူးကျိုက်ပါစေတီတော်ဟောင်းများကိုလည်းပြန်လည်ပြုပြင်တော်မူခဲ့သည်။ ထို့ပြင် ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးသည် မိတ္ထီလာမြို့ရှမ်းထဲလေတပ်စခန်းရှိ စေတီတော်ဟောင်း၊ ကံဘဲ့စံပြကျေးရွာအနီးရှိ ရွှေနံ့သာစေတီတော်၊ သဝန်းတောကျေးရွာရှိ နော်ဝတရစေတီတော်၊ တွံတေးမြို့နယ် ရွှေလက်ခုတ်ကုန်းကျောင်းဝင်းအတွင်းရှိ စေတီဟောင်း၊ ကော့မှူးမြို့နယ် ငှက်ဖော်စမ်းကျေးရွာရှိ ဘုရားသုံးဆူစေတီတော်ဟောင်းများ စသည်တို့ကို ပြုပြင်မွမ်းမံတော်မူခဲ့သည်။

ထိုသို့ သာသနာပြုတော်မူနိုင်ခဲ့သည့် ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးမှာ ရက်တန်းစင်တောင်ဆရာတော်ဘုရားကြီး ဦးပြဿာသ၊ ဆရာကြီးဦးတွန်း၊ ကိုရင်ကြီး မင်္ဂလာရန်အောင်ဆရာကြီး၊ စင်တောင်ဆရာကြီး တို့၏ ငါးမည်ရသွဲ့တော်ခံ ရက်တန်းစင်တောင်ဆရာတော်ဘုရားကြီး၏ တပည့်တစ်ဦးပင် ဖြစ်ပါသည်။ ကျေးဇူးတော်ရှင် ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးအစဉ်အမြဲလိုလို ဩဝါဒပေးလေ့ရှိခဲ့သည်မှာ 'ခန္တီမာန်ကိုချ ဒေါသကိုပယ် မေတ္တာလွှယ်' ဟူ၍ပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် မြန်မာနှစ် ၁၂၈၆ ခုနှစ်တွင် ညောင်တုန်းမြို့နယ် ဂဝံကျောင်းဆရာတော် ဦးဓမ္မစာရိတ္တဝဏ္ဏမထေရ်ကို ဥပဇ္ဈာယ်ဆရာတော်အဖြစ်ပြုကာ မြင့်မြတ်သော ရဟန်းဘောင်သို့ တက်ရောက်ခဲ့သည်။ ဆရာတော်၏ အကျင့်သီလစွမ်းအားကြောင့်ပင် သာသနာပြု



စာရေးသူနှင့်ရေးဖော်ရေးဖက် ထွန်းအောင်ထင်း (ရွှေပြည်သာ) တို့
စေတီတော်အဝင်လမ်းတွင် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါကယ်လုပ်ငန်းများကိုဆောင်ရွက်နေတော်မူရင်း သိဒ္ဓိမဟိဒ္ဓိစွမ်းပကားများ အထင်အရှားရရှိလာခဲ့ကာ ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီး၏ဂုဏ်သတင်းသည် မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့နေတော့ခြင်းပင် ဖြစ်သည်။

ဆရာတော်သည် ကျင့်စရဏဖြင့် ဖြည့်ဆည်းရရှိလာသည့် သိဒ္ဓိမဟိဒ္ဓိစွမ်းပကားများကို မူရင်းဓာတ်ခံကပင် ပြင်းပြလျက်ရှိနေသည့် မေတ္တာစွမ်းပကားများဖြင့် ပူးပေါင်းအားပြုကာ စိတ်မနှံ့သူ စိတ်ဝေဒနာရှင်တစ်ထောင်ကျော်ကျော်အား လူကောင်းပကတိသို့ ပြန်လည်ရောက်ရှိအောင် ကုသကယ်တင်ပေးခဲ့သည်။ ဆရာတော်သည် စိတ်ဝေဒနာရှင်များကို လူကောင်းပကတိအသွင်သို့ ရောက်အောင် သူ၏ မေတ္တာစွမ်းပကား၊ မဟိဒ္ဓိစွမ်းအားများဖြင့်ကုသပေးပြီးသည်နှင့် သူ၏ သာသနာပြုလုပ်ငန်းများတွင် အင်အားအဖြစ် အသုံးပြုကာ ထိုသူများကို သာသနာပြုလုပ်ငန်းများဆောင်ရွက်လိုစိတ် ပြင်းပြလာစေရအောင် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီးသည် ရောဂါဝေဒနာရှင်များကို ကုသရာတွင် အင်းလည်းမတိုက်၊ ဆေးလည်းမကျွေးဘဲ မိမိ၏ သစ္စာမေတ္တာအဓိဋ္ဌာန်အားဖြင့်သာ ကုသလေ့ရှိသကဲ့သို့ ရက်ကန်းစင်တောင်ဆရာတော်ဘုရားကြီး၏နာမ်ဓာတ်ဆက်သွယ်မှုဖြင့် တပည့်ဖြစ်ခဲ့သူပီပီ ဆရာ၏လမ်းစဉ်အတိုင်း သူ၏ မဟိဒ္ဓိစွမ်းပကားဖြင့်သာ စိတ်မနှံ့သူဝေဒနာရှင်များကို သူကောင်းပကတိအဖြစ်ရောက်အောင် ကုသပေးခဲ့ခြင်းပင် ဖြစ်သည်။

ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီးကဲ့သို့သော မဟိဒ္ဓိပုဂ္ဂိုလ်တို့သည် ဆုကြီးဆုမြတ်များဖြစ်သည့်ဘုရားဆုပန်၊ ရဟန္တာဆုပန်လေ့ရှိကြသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များပင် ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် ဘဝခရီးလမ်းဝယ် အထိုက်အလျောက် မိမိတို့တတ်စွမ်းနိုင်သောအားဖြင့် လူပုဂ္ဂိုလ်သတ္တဝါများကို လမ်းမှန်ရောက်အောင် သီလမြဲအောင် နှိုးဆော်လမ်းပြကြသော နိဗ္ဗာန်ဆော်များသာ ဖြစ်ပေသည်။ ဤသို့ မဟိဒ္ဓိစွမ်းပကားများ၊ မေတ္တာစွမ်းအားများဖြင့် သာသနာပြု သတ္တဝါကယ်လုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူခဲ့သည့် ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီးသည် မြန်မာနှစ် ၁၃၄၆ ခုနှစ်၊ ခရစ်နှစ် ၁၉၈၉ ခု၊ ဇန်နဝါရီ ၂၂ ရက်၊ အင်္ဂါနေ့ နံနက် (၃) နာရီခွဲတွင် အောင်လမ်းသို့ မြန်းကြွသွားတော်မူခဲ့သည်။ ထူးခြားအံ့ဖွယ်ဖြစ်နေခဲ့သည်မှာ ဆရာတော်၏ရုပ်ခန္ဓာသည် ပကတိ ကျိန်းစက်နေဘိအလား မပုပ်မသိုးဘဲ တည်ရှိနေသဖြင့် မှန်ခေါင်းဖြင့်ထည့်ကာအပူဇော်ခံထားရှိခဲ့ကြသည်။ (၁၁)နှစ်ကျော်ကာလတိုင် မှန်ခေါင်းဖြင့် အပူဇော်ခံထားရှိခဲ့ခြင်းပင် ဖြစ်သည်။

ဆရာတော် သာသနာပြုလုပ်ငန်းများဆောင်ရွက်တော်မူရင်း ဖောင်းတော်ချပ်သက်သတ်လွတ်သာသနာ့နယ်မြေ တည်ခဲ့ရာတွင် စိတ်ဝေဒနာရှင်ဘဝမှ ကင်းလွတ်ခွင့်ရသွားကြသည့် (၁၀၀၀) ကျော်ကျော်ခန့်ရှိ လုပ်အားဒါနရှင်များ၏လုပ်အားဒါနကုသိုလ်အများဆုံးပါဝင်ခဲ့လေသည်။ သာသနာ့နယ်မြေအတွင်း ခံ့ညားထည်ဝါစွာ တည်ရှိနေသည့် ဗုဒ္ဓဂယာပုံစံတူ စေတီပုထိုးများ၊ သိမ်တော်တို့အပြင် ကျယ်ဝန်းလှသည့် ရေကန်တော်ကြီးတူးဖော်ကာ ရေကန်တော်၏ အလယ်ဗဟိုတွင် မှိုလိုဏ်ခံပြီး စေတီတော်မြတ်တစ်ဆူ တည်ထားခဲ့သည်ကိုလည်း ဖူးတွေ့နိုင်ကြပါသည်။

စေတီငယ်၏ အောက်ခံမှိုလိုဏ်အတွင်းဝယ် ရေမမြွေကြီးများရှိနေသည်။ အကောင် (၄၀) သာသာခန့်ရှိပါသည်။ စေတီတော်ဘွဲ့တော်မှာ မင်္ဂလာကန်ပေါ်အေးစေတီတော်ဟု ပေးထားတော်မူခဲ့သည်။ ထိုစေတီတော်မြတ် တည်ထားတော်မူခဲ့ရာတွင် စိတ်ဝေဒနာရှင်ပေါင်းတစ်ထောင်ကျော်၏ လုပ်အားဒါနအပြည့်အဝဖြင့် တည်ထားခဲ့ခြင်းပင် ဖြစ်သည်။ စိတ်ဝေဒနာရှင်ထောင်ကျော်ကို မေတ္တာစွမ်းပကား၊ မဟိဒ္ဓိသိဒ္ဓိစွမ်းပကားများဖြင့် စွမ်းဆောင်တော်မူကာ သာသနာပြုမှတ်တိုင်အဖြစ် အောင်လံလွှင့်ထူထားခဲ့ခြင်း ဖြစ်ပါသည်။

ဖောင်းတော်ချပ်သာသနာ့နယ်မြေသည် သက်သတ်လွတ်သာသနာ့နယ်မြေအဖြစ်မည်တွင်ကာ သတ်မှတ်ထားဖြစ်ကြသည်မှာ ဆရာတော်ဘုရားကြီးသည် ကျင့်စရဏများပွားများကျင့်ကြံအားထုတ်နေစဉ်ကပင် သက်သတ်လွတ်ဘုဉ်းပေးတော်မူခဲ့ခြင်း၊ စိတ်ဝေဒနာရှင်များအား မဟိဒ္ဓိ၊ သိဒ္ဓိစွမ်းပကားများဖြင့် ကယ်တင်ကုသပေးပြီးသည်နှင့် သက်သတ်လွတ်စားသုံးကြရန် မေတ္တာစွမ်းပကားပြသကာ မိန့်တော်မူခဲ့ခြင်းတို့ကြောင့် ဖောင်းတော်ချပ်သာသနာ့နယ်မြေသည် သက်သတ်လွတ်သာသနာ့နယ်မြေအဖြစ် ထင်ရှားလာခဲ့ရခြင်းပင် ဖြစ်သည်။

ဖောင်းတော်ချပ်သာသနာ့နယ်မြေရှိ ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာလျောင်းစက်ရာ ဗိမာန်တော်အတွင်း၌ အဓိဋ္ဌာန်ဝင်ခြင်း၊ သစ္စာတိုင်တည်ကာ ဆုတောင်းခြင်းပြုလုပ်ကြရန်အတွက် ဝိဇ္ဇာလမ်းလျှောက်လမ်းရင်း ကျင့်ကြံပွားများ အားထုတ်နေကြသည့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ စဉ်ဆက်မပြတ် လာရောက်ကာ အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုပန်ခြင်းများပြုလုပ်လျက်ရှိကြသည်ဟု သိရ၏။ သာသနာ့နယ်မြေအတွင်း သန့်ရှင်းရေးပြုလုပ်ကုသိုလ်ယူနေကြသူများ၊ နလင်ကျော်တုံးငယ်လေးများလိုက်လံရောင်းချနေသည့် ကလေးငယ်များ၏ သွက်လက်စွာလှုပ်ရှားနေမှုများမှတစ်ပါး အေးချမ်းတိတ်ဆိတ်ငြိမ်သက်မှုက လွှမ်းခြုံထားလျက်သားရှိနေသည်မှာ ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီး၏မဟိဒ္ဓိစွမ်းပကား၊ မေတ္တာစွမ်းပကားများလွှမ်းခြုံလျက်ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။

ဖောင်းတော်ချပ် သာသနာ့နယ်မြေမှ ပြန်လည် ထွက်ခွာလာမိကြတော့ နေပင်အတော်စောင်းနေပြီ ဖြစ်သည်။ မှိုင်းပျပျ မလင်းတလင်း နေခြည်တန်းအောက်မှာပင် ကားလေးသည် ရွှေပြည်သာမြို့သစ်ဆီသို့ ဦးတည်ပြေးလွှားလျက်ရှိနေပြီ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မဟိဒ္ဓိသိဒ္ဓိစွမ်းပကားများ၊ မေတ္တာစွမ်းပကားများ လွှမ်းခြုံလျက်သားရှိနေသည့် ဖောင်းတော်ချပ် သာသနာ့နယ်မြေဆီသို့ တစ်ခါတစ်ခေါက်အရောက်သွားကာ သစ္စာဆိုဆုပန်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုသင့်သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

မေတ္တာလွှမ်းရာ
သာသနာ့နယ်မြေ
ရောက်ခွင့်ကြုံပါစေ

**အောင်သာကျော်**

**စာကြွင်း -**

*ဖောင်းတော်ချပ်ဆရာတော်ဘုရားကြီးဟု ထင်ရှားကျော်ကြားခဲ့သည့် ဘဒ္ဒန္တနန္ဒမဟာထေရ်ထံပါး လိုက်လံပို့ပေးသည့် တွံတေးမြို့ ရှောင်လမ်းနေ ဦးကျော်လှိုင်အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။*

www.burmeseclassic.com

ရဟန်းတို့ - များသောအားဖြင့် သတ္တဝါတို့သည် အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော တရားတို့ ဆုတ်ယုတ်ကုန်မူ ကောင်းလေစွ။ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သော တရားတို့ တိုးပွားကုန်မူ ကောင်းလေစွဟု ဤသို့ လိုလားကြကုန်၏။ ဤသို့ ဖြစ်စေချင်ကြကုန်၏။ ဤသို့ အလိုရှိကြကုန်၏။

ဤသို့ လိုလားနေကြကုန်လျက်၊ ဤသို့ဖြစ်စေချင်နေကြကုန်လျက်၊ ဤသို့ အလိုရှိနေကြကုန်လျက် ထိုသတ္တဝါတို့အား အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မြတ်နိုးအပ်သောတရားတို့ကဆုတ်ယုတ်နေကြကုန်၏။ ထိုသို့ဖြစ်ရာ၌ သင်တို့သည် အဘယ်အကြောင်းကို ယုံကြည်ကြကုန်သနည်း။

ဤသို့ မေးတော်မူပြီးလျှင် ရဟန်းတို့၏ တောင်းပန်ချက်ကြောင့် ဆက်၍ ဟောတော်မူသည်။

တရားတို့ကို သိ၏။ ချဉ်းကပ်အပ်သော တရား၊ မချဉ်းကပ်အပ်သောတရားတို့ကိုသိ၏။ ထိုသို့သိသောကြောင့် မမှီဝဲအပ်သောတရားတို့ကို မမှီဝဲဘဲ မှီဝဲအပ်သောတရားတို့ကို မှီဝဲ၏။ မချဉ်းကပ်အပ်သောတရားတို့ကို မချဉ်းကပ်ဘဲ ချဉ်းကပ်အပ်သောတရားတို့ကို ချဉ်းကပ်၏။ ဤသို့ မမှီဝဲအပ်သော တရားတို့ကို မမှီဝဲဘဲ မှီဝဲအပ်သောတရားတို့ကို မှီဝဲသော၊ မချဉ်းကပ်အပ်သောတရားတို့ကို မချဉ်းကပ်ဘဲ ချဉ်းကပ်အပ်သောတရား



(ကျိုက်လတ်)

# ဆရာဦးစိန်လှိုင်

## (ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ-၈)

## မဖြစ်စေချင်တာတွေဖြစ်နေတာ ဘာ့ကြောင့်...?

**ရဟန်းတို့**-ဤလောက၌ အရိယာသူတော်ကောင်းတို့ကိုလည်း မတွေ့ဘူး၊ အရိယာသူတော်ကောင်းတို့၏ တရား၌လည်း မလိမ္မာမယဉ်ပါးသော၊ တရားနှင့် စပ်လျဉ်း၍ အကြားအမြင်ဗဟုသုတမရှိသောပုထုဇဉ်ပုဂ္ဂိုလ်သည် မှီဝဲအပ်သောတရား၊ မမှီဝဲအပ်သောတရားတို့ကိုမသိ။ ချဉ်းကပ်အပ်သောတရား၊ မချဉ်းကပ်အပ်သောတရားတို့ကိုမသိ။ ယင်းသို့ မသိသောကြောင့် မမှီဝဲအပ်သောတရားတို့ကိုမှီဝဲ၏။ မှီဝဲအပ်သောတရားတို့ကိုမမှီဝဲ၊ မချဉ်းကပ်အပ်သောတရားတို့ကို ချဉ်းကပ်၏။ ချဉ်းကပ်အပ်သောတရားတို့ကို မချဉ်းကပ်။ ဤသို့ မမှီဝဲအပ်သောတရားတို့ကို မှီဝဲ၍ မှီဝဲအပ်သောတရားတို့ကိုမမှီဝဲ။ မချဉ်းကပ်အပ်သောတရားတို့ကိုချဉ်းကပ်၍ ချဉ်းကပ်အပ်သောတရားတို့ကို မချဉ်းကပ်သော ထိုသူအား အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော တရားတို့သည် တိုးပွားကုန်၏။ အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်သောတရားတို့သည် ဆုတ်ယုတ်ကုန်၏။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဆိုသော် မသိမလိမ္မာသောလူမိုက်တို့၏ထုံးတမ်းအတိုင်းဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။

**ရဟန်းတို့** - အကြားအမြင်ဗဟုသုတရှိသော အရိယာတပည့်သည်ကား မှီဝဲအပ်သောတရား၊ မမှီဝဲအပ်သောတရားတို့ကို ချဉ်းကပ်သော ထိုသူအား အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သောတရားတို့သည် ဆုတ်ယုတ်ကုန်၏။ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သောတရားတို့သည် တိုးပွားကုန်၏။ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဆိုသော် တတ်သိလိမ္မာပညာရှိသူတို့၏ ထုံးစံအတိုင်းဖြစ်ရမြဲ ဖြစ်သောကြောင့်တည်း။

**ရဟန်းတို့** - တရားကျင့်ဆောက်တည်မှုသည် -

၁။ ယခုဘဝလည်း ဆင်းရဲ၍ နောင်တမလွန်၌လည်း ဆင်းရဲကျိုးရှိသောတရားကျင့်ဆောက်တည်မှု။
၂။ ယခုဘဝ ချမ်းသာ၍ နောင်တမလွန်၌ ဆင်းရဲကျိုးရှိသောတရားကျင့်ဆောက်တည်မှု။
၃။ ယခုဘဝ ဆင်းရဲ၍ နောင်တမလွန်၌ချမ်းသာကျိုးရှိသော တရားကျင့်ဆောက်တည်မှု။
၄။ ယခုဘဝလည်း ချမ်းသာ၍ နောင်တမလွန်၌လည်း ချမ်းသာကျိုးရှိသောတရားကျင့် ဆောက်တည်မှုဟူ၍ လေးမျိုးရှိ၏။

**ရဟန်းတို့** - ပညာမဲ့သောလူမိုက်သည် ယခုဘဝ၌လည်း ဆင်းရဲ၍ နောင်တမလွန်၌လည်း ဆင်းရဲကျိုးရှိသောတရားဆောက်တည်မှုကို ဤတရားဆောက်တည်မှုသည် ယခုဘဝလည်း ဆင်းရဲ၍ နောင်တမလွန်၌လည်း ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com

ကျိုးရှိ သောတရားကျင့်ဆောက်တည်မှု တည်း'ဟု ဟုတ်တိုင်းမှန်စွာမသိ၊ ယင်းသို့ မသိသောကြောင့် ထိုတရားကျင့်ဆောက် တည်မှုကို မှီဝဲ၏။ ထိုတရားကျင့်ဆောက် တည်မှုကို မရှောင်ကြဉ်၊ ထိုတရားကျင့် ဆောက်တည်မှုကို မှီဝဲသော၊ မရှောင် ကြဉ်သော ထိုသူအား အလိုမရှိအပ်၊ မနှစ်သက်၊ မမြတ်နိုးအပ်သောတရားတို့ သည် တိုးပွားကုန်၏။ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သောတရား တို့သည် ဆုတ်ယုတ်ကုန်၏။

ထို့အတူ ယခုဘဝ ချမ်းသာ၍ နောင်တမလွန်၌ ဆင်းရဲကျိုးရှိသော တရားကျင့်ဆောက်တည်မှုကို 'ဤတရား ကျင့်ဆောက်တည်မှုသည် ယခုဘဝ ချမ်းသာ၍ နောင်တမလွန်၌ ဆင်းရဲကျိုး ရှိသောတရားကျင့်ဆောက်တည်မှုတည်း' ဟု ဟုတ်တိုင်းမှန်စွာမသိ၊ ယင်းသို့မသိ သောကြောင့် ထိုတရားဆောက်တည် မှုကို မှီဝဲ၏။ မရှောင်ကြဉ်။ ယခုဘဝ ဆင်းရဲ၍ နောင်တမလွန်၌ ချမ်းသာကျိုး ရှိသော တရားကျင့်ဆောက်တည်မှုကို 'ဤကျင့်ဆောက်တည်မှုသည် ယခုဘဝ ဆင်းရဲ၍ နောင်တမလွန်၌ ချမ်းသာကျိုး ရှိသောတရားကျင့်ဆောက်တည်မှုတည်း' ဟု ဟုတ်တိုင်းမှန်စွာမသိ၊ ယင်းသို့မသိ သောကြောင့် ထိုတရားကျင့်ဆောက် တည်မှုကို မမှီဝဲ ရှောင်ကြဉ်၏။ ယခုဘဝ လည်း ချမ်းသာ၍ နောင်တမလွန်၌ ချမ်းသာကျိုးရှိသောတရားကျင့်ဆောက် တည်မှုကို 'ဤတရားကျင့်ဆောက်တည် မှုသည် ယခုဘဝလည်း ချမ်းသာ၍ နောင်တမလွန်၌လည်း ချမ်းသာကျိုးရှိ သော တရားကျင့်ဆောက်တည်မှုတည်း' ဟု ဟုတ်တိုင်းမှန်စွာမသိ။ ယင်းသို့မသိ သောကြောင့် ထိုတရားကျင့်ဆောက် တည်မှုကိုမမှီဝဲ။ ထိုတရားကျင့်ဆောက် တည်မှုကို ရှောင်ကြဉ်၏။ ထိုတရားကျင့် ဆောက်တည်မှုကို မမှီဝဲသော၊ ရှောင် ကြဉ်သော ထိုသူအား အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော တရားတို့သည် တိုးပွားကုန်၏။ အလို ရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သော တရားတို့သည် ဆုတ်ယုတ်ကုန်၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်းဆို သော် မသိမလိမ္မာသော လူမိုက်တို့၏ ထုံးတမ်းအတိုင်းဖြစ်ရမြဲဖြစ်သောကြောင့် တည်း။

**ရဟန်းတို့** - ပညာရှိသောသူသည် ယခုဘဝလည်းဆင်းရဲ၍ နောင်တမလွန် ၌လည်း ဆင်းရဲကျိုးရှိသော တရားကျင့် ဆောက်တည်မှုကို ဤတရားကျင့်ဆောက် တည်မှုသည် ယခုဘဝလည်းဆင်းရဲ၍ နောင်တမလွန်၌လည်း ဆင်းရဲကျိုးရှိ သော တရားဆောက်တည်မှုတည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ ယင်းတို့သိသော ကြောင့် ထိုတရားဆောက်တည်မှုကို မမှီဝဲ၊ ရှောင်ကြဉ်၏။ ယခု ဘဝချမ်းသာ ၍ နောင်တမလွန် ဆင်းရဲကျိုးရှိသော တရားကျင့်ဆောက်တည်မှုကို 'ဤတရား ကျင့်ဆောက်တည်မှုသည် ယခုဘဝ ချမ်းသာ၍ နောင်တမလွန်၌ ဆင်းရဲကျိုး ရှိသောတရားကျင့်ဆောက်တည်မှုတည်း' ဟု ဟုတ်တိုင်းမှန်စွာသိ၏။ ယင်းသို့ သိသောကြောင့် ထိုတရားကျင့်ဆောက် တည်မှုကို မမှီဝဲ၊ ရှောင်ကြဉ်၏။ ယခု ဘဝဆင်းရဲ၍ နောင်တမလွန်၌ ချမ်းသာ ကျိုးရှိသောတရားကျင့်ဆောက်တည်မှု ကို မမှီဝဲ ရှောင်ကြဉ်၏။ ယခုဘဝဆင်းရဲ ၍ နောင်တမလွန်၌ ချမ်းသာကျိုးရှိ



သော တရားကျင့်ဆောက်တည်မှုကို ဤ တရားကျင့်ဆောက်တည်မှုသည် ယခု ဘဝဆင်းရဲ၍ နောင်တမလွန်၌ ချမ်းသာ ကျိုးရှိသော တရားကျင့်ဆောက်တည်မှု တည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ ယင်း သို့သိသောကြောင့် ထိုတရားဆောက် တည်မှု ကိုမှီဝဲ၏။ မရှောင်ကြဉ်။ ယခု ဘဝလည်း ချမ်းသာ၍ နောင်တမလွန်၌ လည်း ချမ်းသာကျိုးရှိသော တရားကျင့် ဆောက်တည်မှုကို ဤတရားကျင့် ဆောက်တည်မှုသည် ယခုဘဝလည်း ချမ်းသာ၍ နောင်တမလွန်၌လည်း ချမ်းသာကျိုးရှိသော တရားကျင့်ဆောက် မှုတည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ ယင်း သို့သိသောကြောင့် ထိုတရားကျင့်ဆောက် တည်မှုကိုမှီဝဲ၏။ ထိုတရားဆောက်တည် မှုကို မရှောင်ကြဉ်။ ထိုတရားကျင့် ဆောက်တည်မှုကို မှီဝဲသော၊ မရှောင် ကြဉ်သော ထိုသူအား အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်သော တရားတို့သည် ဆုတ်ယုတ်ကုန်၏။ အလို ရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သော တရားတို့သည် တိုးပွားကုန်၏။ အဘယ် ကြောင့် ဤသို့ဖြစ်ရသနည်းဆိုသော် တတ်သိလိမ္မာပညာရှိသူတို့၏ ထုံးတမ်း အတိုင်းဖြစ်ရမြဲဖြစ်သောကြောင့်တည်း။

**၁။ ရဟန်းတာ** - ဤလောက၌ အချို့ သောသူသည် ကိုယ်ဆင်းရဲမှုစိတ်ဆင်း ရဲမှုကိုခံကာ သူ့အသက်ကိုသတ်လေ့ရှိ ၏။ သူ့ဥစ္စာကိုခိုးလေ့ရှိ၏။ ကာမတို့၌ မှားသောအကျင့်ကိုရှိ၏။ မုသားပြော လေ့ရှိ၏။ ကုန်းတိုက်လေ့ရှိ၏။ ရှုန်းရင်း ကြမ်းတမ်းသောစကားကို ပြောလေ့ရှိ ၏။ အဆန်မဲ့သောစကားကိုပြောလေ့ရှိ ၏။ သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံ၏။ သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း ကြံ၏။ မှားသောအယူကိုယူ၏။ သူ့ အသက်သတ်ခြင်း စသည်ကြောင့် ကိုယ် ဆင်းရဲ၊ စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထို သူသည် သေလွန်သောအခါ အပါယ် ငရဲသို့ကျ၏။ ဤသည်ကို ယခုဘဝလည်း ဆင်းရဲ၍ နောင်တမလွန်ဘဝ၌လည်း ဆင်းရဲကျိုးရှိသော တရားကျင့်ဆောက် တည်မှုဟု ဆိုအပ်၏။

၂။ ဤလောက၌ အချို့သောသူ သည် ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာ စွာဖြင့် သူ့အသက်ကို သတ်လေ့ရှိ၏။ မှားသောအယူကိုယူ၏။ သူ့အသက် သတ်ခြင်း စသည်ကြောင့် ဝမ်းမြောက်မှု စိတ်ချမ်းသာမှုကို ခံစားရ၏။ ထိုသူသည် သေလွန်သောအခါ အပါယ်ငရဲသို့ကျ

www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# သန်ကောင်နှင့်မြေပိုးဟပ်

ပိုးဟပ်ဆိုတဲ့အကောင်မျိုးတွေကို လူအများသိကြပါတယ်။ ပိုးဟပ်ဆိုတာ အတောင်ပါပြီး ပျံနိုင်တဲ့ပိုးဟပ်ရှိတယ်။ မပျံနိုင်တဲ့စပ်ကျားကျားပိုးဟပ်လည်းရှိတယ်။ အတောင်ပါတဲ့ပိုးဟပ်က ပိုကြီးပြီး ဖျက်ဆီးတဲ့နေရာမှာသာလွန်တယ်၊ စာအုပ်စာတမ်း၊ အဝတ်တွေ၊ လူအသုံးအဆောင်တွေ၊ စားစရာသောက်စရာတွေအုပ်စုနဲ့ဖျက်ဆီးတတ်တယ်။ကောင်းကျိုးပေးတဲ့ အကောင်မျိုးမဟုတ်တာမို့ လူတွေက အမျိုးမျိုးနှိမ်နင်းကြတယ်၊ ရွံရှာဖွယ်အဆင်းအနံ့ရှိတာကြောင့်လည်း ရွံ့တတ်ကြတယ်။ အချို့ဆို ပိုးဟပ်ကို ကြောက်စရာကောင်လိုသဘောထားပြီး အလွန်ကြောက်ကြပါတယ်။ သူ့ရဲ့ပုံသဏ္ဌာန်ကလည်း ကြောက်စရာပေကိုး။ ဒါက လူတွေရဲ့စာအုပ်ဗီရိုတွေ၊ အဝတ်သေတ္တာတွေ၊ စားစရာထည့်တဲ့ကြောင်အိမ်တွေ၊ ချောင်ကြိုချောင်ကြားတွေမှာ လူတွေနဲ့ အတူတကွ နေထိုင်ကြတဲ့ ပိုးဟပ်တွေပါ။ ဒါမျိုးပိုးဟပ်ကပေါလွန်း၊ ပေါက်ပွားလွန်းလို့မနည်းနှိမ်နင်းနေရတဲ့ ပိုးဟပ်မျိုးပါ။

မြေပိုးဟပ်ဆိုတာ ရှိသေးတယ်။ သူကအဖြူရောင်သန်းပြီး သစ်ရွက်လိုပြားချပ်ချပ်လေးလို အကောင်လည်း သိပ်မကြီးပါဘူး။ မြေပိုးဟပ်ဆိုတာ မြို့ပြတွေမှာတွေ့ဖို့ကြဲဖို့ခက်ခဲပေမယ့် တောရပ်တောမြေတွေမှာတော့ သစ်ဆွေးပုံ၊ ဝါးဆွေးပုံတွေရဲ့အောက်မှာ သစ်ဆွေးဝါးဆွေးရှင်းရင် တွေ့တတ်ကြပါတယ်။

အဲဒီလိုတွေ့ရင် အမြန်ဖမ်းနိုင်ပါမှ ရတယ်။ မြေပိုးဟပ်ဆိုတဲ့အတိုင်း မြေကြီးပွပွထဲ အမြန်တိုးဝင်ပျောက်ကွယ်သွားလေ့ရှိလို့ပါပဲ။ သူ့ပုံစံကျတော့ အိမ်ပိုးဟပ်တွေလို ကြောက်စရာသဏ္ဌာန်ကြီးမဟုတ်ပါဘူး။ ကျွန်တော်တို့အိမ်နားက မောင်နိုင်ထူးဟာ သူ့ကလေးကို သန်ချ ပေးဖို့ ကိုတင်သန်း၊ မစိုးစိုးတို့ရဲ့ထင်းပုံကြီးကိုဖယ်ပြီး မြေပိုးဟပ်ရှာပါတယ်။ လက်သွက်လို့ တစ်ကောင်ရတယ်လို့ဆိုပါတယ်။

အဲဒီမြေပိုးဟပ်ကို သူ့ကလေးကို ပက်လက်လှန်စေပြီး ဗိုက်ပေါ်တင်ကာ လမ်းလျှောက်စေပါတယ်။ အဲဒီမြေပိုး

ဏ်။ ဤသည်ကို ယခုဘဝ ချမ်းသာ၍ နောင်တမလွန်၌ ဆင်းရဲကျိုးရှိသော တရားကျင့်ဆောက်တည်မှုဟုဆိုအပ်၏။

၃။ ဤလောက၌ အချို့သောသူသည် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုခံကာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ ကာမတို့၌ မှားသောအကျင့်ကိုကျင့်ခြင်း၊ မုသားပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ရန့်ရင်းကြမ်းတမ်းသောစကားကို ပြောခြင်း၊ အဆန်မဲ့စကားကိုပြောခြင်း၊ သူတစ်ပါးဥစ္စာကိုရှေးရှုကြံခြင်း၊ သူတစ်ပါးပျက်စီးရာပျက်စီးကြောင်းကြံခြင်း၊ မှားသောအယူကိုယူခြင်းမှ ရှောင်ကြဉ်၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုကို ခံစားရ၏။ ထိုသူသည် သေလွန်သောအခါ နတ်ရွာသုဂတိသို့ရောက်၏။ ဤသည်ကိုယခုဘဝဆင်းရဲ၍ နောင်တမလွန်၌ချမ်းသာကျိုးရှိသော တရားကျင့်ဆောက်တည်မှုဟု ဆိုအပ်၏။

၄။ ဤလောက၌ အချို့သောသူသည် ဝမ်းမြောက်ဝမ်းသာစိတ်ချမ်းသာခြင်းဖြင့် သူ့အသက်သတ်ခြင်း စသည်တို့မှ ရှောင်ကြဉ်၏။ သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်ခြင်းကြောင့် ဝမ်းမြောက်မှု၊ ချမ်းသာမှုကို ခံစားရ၏။ ထိုသူသည် သေလွန်သောအခါ နတ်ရွာသုဂတိသို့ရောက်ရ၏။ ဤသည်ကို ယခုဘဝလည်း ချမ်းသာ၍ နောင်တမလွန်၌လည်း ချမ်းသာကျိုးရှိသော တရားကျင့်ဆောက်တည်မှုဟု ဆိုအပ်၏။

**ရဟန်းတို့** - ယခုဘဝလည်း ဆင်းရဲ၍ နောင်တမလွန်၌လည်း ဆင်းရဲကျိုးရှိသော တရားကျင့်ဆောက်တည်မှုသည် အဆိပ်နှင့် ရောထားသော ဘူးခါးရည်ကို သောက်ရခြင်းနှင့်တူ၏။ အဆိပ်နှင့်ရောထားသော ဘူးခါးရည်ကိုသောက်သောသူသည် သောက်နေဆဲ၌လည်း မကောင်းသော အနံ့အရသာကို ခံစားရ၏။ သောက်ပြီးသောအခါ၌လည်း သေခြင်းသို့လည်းကောင်း၊ သေလောက်သောဆင်းရဲသို့လည်းကောင်း ရောက်ရ၏။

ယခုဘဝ၌ ချမ်းသာ၍ နောင်တမလွန်ဘဝ၌ ဆင်းရဲကျိုးရှိသောတရားကျင့်ဆောက်တည်မှုသည် အဆိပ်နှင့်ရောထားသည့် ချိုမြိန်သောအဖျော်ယမကာကိုသောက်သောသူသည် သောက်နေဆဲ၌ ကောင်းသောအနံ့အရသာကိုခံစားရ၏။ သောက်ပြီးသောအခါ၌ သေခြင်းသို့ လည်းကောင်း၊ သေလောက်သောဆင်းရဲသို့လည်းကောင်း ရောက်ရ၏။

ယခုဘဝဆင်းရဲ၍ နောင်တမလွန်၌ ချမ်းသာကျိုးရှိသော တရားကျင့်ဆောက်တည်မှုသည် ဆေးအမျိုးမျိုးနှင့်ရောထားသော နွားကျင်ငယ်ပုပ်ရည်ကို သောက်သောအခါ သောက်နေဆဲ၌ မကောင်းသော အနံ့အရသာကို ခံစားရ၏။ သောက်ပြီးသောအခါ၌ကား ရောဂါပျောက်ကင်း၍ ချမ်းသာသူဖြစ်ရ၏။

ယခုဘဝလည်း ချမ်းသာ၍ နောင်တမလွန်၌လည်း ချမ်းသာအကျိုးရှိသော တရားကျင့်ဆောက်တည်မှုသည် နို့ဓမ်း၊ ပျားရည်၊ ထောပတ်၊ တင်လဲတို့ကို ရောကျိုထားသော စတုမဓုဆေးကိုစားရခြင်း နှင့်တူ၏။

သွေးသွန်ရောဂါရှိသောသူသည် ထိုစတုမဓုဆေးကိုစားလျှင်စားနေဆဲ၌လည်း အနံ့အရသာရှိ၍ နှစ်သက်၏။ စားပြီးသောအခါ၌လည်း ရောဂါပျောက်ကင်း၍ ချမ်းသာခြင်းရှိသူ ဖြစ်ရ၏။

*မူလပဏ္ဏာသ၊*
*၅-စူဠယမကဝဂ်၊*
*၆-မဟာဓမ္မသမာဒါနသုတ်*

*မြတ်ဘုရားတရားတော်များကို*
*ထပ်ပွားကျင့်ကြံ*
*အားထုတ်နိုင်ကြပါစေ*
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

ဟပ်ဖြတ်လျှောက်တာနဲ့ ဗိုက်ထဲကသန်ကောင်တွေဟာ အပိုင်းပိုင်းပြတ်ထွက်ကုန်တယ်လို့ဆိုတယ်။ ဝမ်းသွားတဲ့အခါ သန်ကောင်အသေတွေပါလာတော့တာပါပဲ။ အလွန်အံ့ဩစရာကောင်းတဲ့ စတိသဘော သန်ချနည်းပါ။

မြေပိုးဟပ်သေသွားခဲ့တယ်လို့ရှိရင်လည်း အဲဒီပိုးဟပ်အသေကောင်နဲ့ ဗိုက်ကို လိုက်ပွတ်ပေးရင်လည်း သန်ကောင်တွေအကုန်ကျတယ်လို့ဆိုပါတယ်။

မြေပိုးဟပ်နဲ့ သန်ချတဲ့နည်းဟာ ဘိုးဘေးအစဉ်အဆက် အန္တရာယ်ကင်းကင်းနဲ့သုံးခဲ့တဲ့နည်းပါလို့ မောင်နိုင်ထူးကပြောပြပါတယ်။

ခုလို တိုးတက်တဲ့ခေတ်မှာ ဆေးဆိုင်တွေ အားလုံးသန်ချဆေးရောင်းတာမို့ အခက်အခဲတော့မရှိပါဘူး။ ပဋိဇီဝဆေးတွေမို့ သန်ချဆေးနဲ့ သန်ချမယ့်အရွယ်ချင့်ချိန်တတ်ဖို့သာ လိုပါတယ်။ သန်ချဆေးဆိုတာဟာ ဘေးထွက်ဆိုးကျိုးရှိနိုင်တာမို့ တတ်သိနားလည်တဲ့ ဆရာဝန် စတဲ့ ဆေးဝန်ထမ်းတွေနဲ့တိုင်ပင်ပြီး တိုက်တာအကောင်းဆုံးပါ။

ဟိုးရှေးတုန်းကတော့ ခုလိုမတိုးတက်တော့ ပဋိဇီဝသန်ချဆေးဆိုတာရှိတော့ရှိတယ်၊ ရှားတယ်လို့ဆိုရမှာပါ။ အဲဒါကြောင့် မြန်မာ့ရိုးရာသန်ချဆေးနည်းတွေနဲ့ပဲ ကလေးတွေကိုသန်ချရတာပါ။

မြန်မာ့ရိုးရာ သန်ချဆေးတွေကျတော့ ပဋိဇီဝဆေးတွေလို ဘေးထွက်ဆိုးကျိုးတွေမရှိကြပါဘူး။ သင်္ဘောသီး သို့မဟုတ် သင်္ဘောပင်ရဲ့အစေးကို တစ်ဇွန်းလောက်ရအောင်ယူပြီး ပျားရည်နဲ့ ဖျော်တိုက်ရင် သန်ကျပါတယ်။ ဇွန်းက လက်ဖက်စားဇွန်းတစ်ဇွန်းဆိုရပါပြီ။ အဲဒီသင်္ဘောစေး လက်ဖက်ဇွန်းတစ်ဇွန်းနဲ့ ပျားရည်ထမင်းစားဇွန်းတစ်ဇွန်းရောဖျော်ပြီးတိုက်ရင် သန်ကျပါတယ်။ ပျားရည်အရသာနဲ့ဆိုတော့ သောက်လို့လည်းကောင်းတာကြောင့် ဘယ်ကလေးမှငြင်းမယ်မထင်ပါဘူး။

ပြီးတော့ မြန်မာ့ရိုးရာစားစရာအနေနဲ့ ဓာတ်စာအဖြစ် ဒန့်ဒလွန်သီးဟင်းကိုသုံးလေးရက်ချက်ကျွေးရင်လည်း ရပါတယ်။ ဒန့်ဒလွန်သီးဟင်းလည်းကျွေးစမ်း၊ ဗိုက်ကိုလည်း နှမ်းဆီနဲ့နနွင်းမှုန့်ဖျော်ပြီး ညအိပ်ရာဝင်လူးပေးရင် သန်ကောင်တွေ၊ တုတ်ကောင်တွေကျပါတယ်။

ထားဝယ်မှိုင်းနွယ်ပန်းပင်ကိုလည်း အများသိကြမှာပါ၊ အဲဒီထားဝယ်မှိုင်းရွက်နုတွေခူးပြီးပြုတ်ကာ သုပ်ကျွေးရင်လည်း သန်ကောင်ကျပါတယ်။ သူက လက်ဖက်သုပ်လိုစားလို့အတော်ကောင်းပါတယ်။ လက်ဖက်လောက်တော့ မဖန်ပါဘူး။

အဲဒီလိုမြန်မာ့ရိုးရာစားစရာ ဓာတ်စာဆေးနည်းတွေလည်း အများအပြားရှိတာမို့ အစာကနေ ဆေးဖြစ်အောင် ဆောင်ရွက်လို့ရကြပါတယ်။ မြေပိုးဟပ်လို စတိသဘောဆေးနည်းတွေလည်း အများအပြားရှိကြမှာပါ။

မြန်မာ့ ဆေးမြီးတိုများမှာတော့ လင်းလေကို ရှိန်းခိုနဲ့ရောကြိတ်ပြီး ဝမ်းဗိုက်မှာ အောက်ကိုသပ်ချပြီး လိမ်းပေးခြင်းဖြင့် သန်ကျနိုင်ကြောင်း၊ နောက်တစ်နည်းက နကျယ်အိမ်ပေါင်းကို ရေစိမ်ပြီး ၎င်းအပေါ်ရေကြည်ကိုတိုက်ရင်လည်း သန်ကျကြောင်း၊ နောက်တစ်နည်းကျတော့ မဖောက်ထုံးရယ်၊ ဆေးရွက်ကြီးရယ်၊ ရှိန်းခိုရယ် အဲဒီ (၃) ပါးအသင့်အတင့်စုပြီးကြိတ်ကာ အုန်းဆီနဲ့ ဝမ်းဗိုက်မှာ ဖျော်လိမ်းရန်လည်း သန်ကျနိုင်ပါတယ်၊ ပြီးတော့ သင်္ဘောစေ့ကို ထန်းလျက်နဲ့ ကြိတ်ပြီးစားရင်လည်း သန်ကျနိုင်ကြောင်းသိရပါတယ်။

နာနတ်သီးပေါ်ချိန်ဆိုရင် နာနတ်သီးကို ပျားရည်နဲ့တို့စားရင်လည်း သန်ကျပါတယ်။ ကလေးတွေလည်း ဒါကို ကြိုက်ကြပါတယ်၊ ပြီးတော့ ကြက်ဟင်းခါးရွက် ညှစ်တိုက်ရင်လည်း ရတယ်။ ချောင်းသဲခုံတွေမှာပေါက်တဲ့ကန့်ကလာပင်ကိုထောင်းထုပြီး အရည်ညှစ်တိုက်ရန်လည်းရတယ်။ အညာမှာ အဝေရာလို့ခေါ်တဲ့ ဘောစကိုင်းရွက်ကိုပြုတ်ပြီး သုပ်ကျွေးရင်လည်းရတယ်။ ဒါမှမဟုတ်ရင်လည်း ကြက်သွန်နီဥကြီးကြီးတစ်လုံးကို ရစ်ရစ်လှီးပြီး ပန်းကန်တစ်ခုထဲထည့်ကာ ရေစိမ်ပါ။ မနက်စောစောစိမ်ပြီး ညနေမှာ အရည်ကိုသောက်ပါ။ သန်ကောင်တွေကျပါတယ်။

ပဋိဇီဝဆေးတွေ မသုံးလိုပါက အထက်ပါ မြန်မာ့ရိုးရာဆေးနည်းများနဲ့လည်း သန်ချပေးနိုင်ကြပါတယ်။ ကလေးမှာသန်ကောင်ရှိနေပြီဆိုရင် အဲဒီကလေးဟာ ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်တတ်ပါတယ်။ ဗိုက်ပူနံ့ကားဖြစ်ကာ စားသမျှအာဟာရမဖြစ်ဘဲ ကမ္ဗည္ဓာန်းရုပ်ပေါက်နေတတ်ပြီး မျက်တွင်းဟောက်ပက်ဖြစ်နေတတ်တယ်။ ကလေးမှ သန်ရှိတာမဟုတ်ပါဘူး။ လူကြီးမှာလည်းရှိတတ်ပါတယ်။ လူကြီးတွေလည်း ကိုယ့်ကိုယ်ကိုယ်ဝေဖန်ကာ သန်ကျစေတဲ့ဓာတ်စာတွေ စားပေးဖို့လိုအပ်ပါတယ်။

ပြီးတော့ စတိသဘောအနေနဲ့ ကြက်တောင်ပြန်ခြေထောက်နဲ့ ကုတာလည်းရှိတယ်။ ကြက်မှာ တောင်ပြန်၊ ဆန်မှာ စကုဗျပ်၊ မိန်းမမှာ တစ်ခုလပ်ဆိုတဲ့စာရှိတယ်။ ကြက်မှာ ကြက်တောင်ပြန်သားက စားအကောင်းဆုံးပါပဲတဲ့။ ဆန်မှာ စကုကထွက်တဲ့ ဗျပ်ဆန်က အကောင်းဆုံးပါပဲတဲ့။ အဲဒီကြက်တောင်ပြန်ရဲ့ခြေထောက်နဲ့ သန်ရှိတဲ့ကလေးရဲ့ ဝမ်းဗိုက်ကို အသာလေးကန့်လန့်ဖြတ်လိုက်ကုတ်ပေးရတာပါ။ စတိသဘောဆိုပါတော့၊ ဒါဆို သန်ကောင်တွေအပိုင်းပိုင်းပြတ်ထွက်ကုန်တယ်လို့ ဆိုတယ်။ အဲဒါကြောင့် ကြက်တောင်ပြန်ချက်စားပြီးဆိုရင် သူ့ခြေထောက်ကိုထည့်မချက်ဘဲ အခြောက်လှန်းထားဖို့ လိုအပ်လှပါတယ်။ ကြက်တောင်ပြန်ဆိုတာ ကြက်မွေးတဲ့အိမ်တွေမှာ အမွေးပြောင်းပြန်လန်ပြီးပေါက်တတ်တဲ့ ကြက်တွေပါ။ တောရွာတွေမှာ ရှိတတ်ကြပါတယ်။ ကြက်တောင်ပြန်ခြေထောက်ကို ချက်မစားဘဲ ဆေးအလို့ငှာ အခြောက်လှန်းပြီးသိမ်းထားသင့်ကြပါတယ်။

မောင်နိုင်ထူးပြောပြတဲ့မြေပိုးဟပ်နဲ့ သန်ချတဲ့နည်းကျတော့ ကြားတောင်မကြားဘူးတာမို့ ကြာရင် ဒီမြန်မာရိုးရာစတိသဘောကုနည်းလေး ပျောက်ကွယ်သွားမှာစိုးတာကြောင့် မှတ်တမ်းပြုလိုက်ရခြင်းပါ။

မြေပိုးဟပ်ဟာ တောင်တန်းဒေသရော မြေပြန့်ဒေသမှာပါရှိနေတဲ့ သတ္တဝါပါ။ သူက လက်သန်းတစ်ဆစ်ခန့် ပြားချပ်ချပ်အကောင်လေးဖြစ်ပြီး ဖားပုံသစ်ဆွေးပုံအောက်မှာ နေတတ်ပါတယ်။ အလွန်ကြီးတော့မပေါပါဘူး။ အကယ်၍ တွေ့ခဲ့သည်ရှိသော် အသုံးချနိုင်အောင် တင်ပြလိုက်ရခြင်းပါပဲ။

**မှတ်ချက်** -

အချို့ဆေးနည်းများ မြန်မာ့ရိုးရာဆေးမြီးတိုစာအုပ်များမှကိုးကားပါသည်။

မောင်နိုင်ထူးသို့ကျေးဇူးတင်လျက်
ချမ်းမြေ့ကြပါစေ

နေပြည်တော်ဘောဂဗေဒကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ချစ်မုန်းခင်(လယ်တီ-ကြို့ပင်ကောက်)

# ရေစီးကမ်းပြိုအတွက် ဆေးမခက်

ကောဇာနှစ် ၆၄၉ ခုနှစ်တွင် ဗုဒ္ဓမင်းတရားကြီး၏အနွယ် မင်းသား မောင်မောင်ကြီးသည် သတိုးနော်ရထာ ဘွဲ့ကိုခံယူပြီး မင်းပြု၍ ဂါမဏိရွာသူကြီး ၏သမီး ခင်ဝါသီကို ဥတ္တရဒေဝီဟု ဘွဲ့ချီ၍ လက်ယာစံထားပြီး မိဖုရားကြီး မြှောက်စား၍ သာရာဝတီမြို့ကို တည် ထောင်တော်မူသည်။

မအောင်ဖြူသည် မိမိချစ်လင် အမိတ္တောဒနအမတ် ထောင်တွင်း အကျဉ်းကျနေသည်ကိုသိရသဖြင့် သိပ္ပ ထိဂါမရွာမှ သာရာဝတီနေပြည်တော်သို့ လိုက်သွားလေသည်။ မအောင်ဖြူသည် နာလိပ်ကိုရွက်၍ မြို့ရိုးအတွင်းဝင်လာ ရာ ဖမ်းဆီး၍မြို့စတေးကြမည့်အခါတွင် မအောင်ဖြူသည် ဆုပတ္ထနာပြုသည်မှာ-

“လင်ဖြစ်သူ အမိတ္တောဒနနှင့်ဘဝ ခြားသော်လည်းညားရပါစေသတည်း။ ကျွန်တော်မကို သတ်သော သတိုးနော် ရထာမင်းကို မျိုးပြုတ်အောင်ဖြုတ်နိုင် သည့် လူစွမ်းကောင်းသားယောကျ်ားကို မွေးပါရစေသတည်း။ ဤဆုတောင်းပြည့် သွင် ကျွန်တော်မအား သတ်သောအခါ ကောင်းကင်သို့ သွေးငေါက်တောက်ပန်း ပါစေသတည်း”

မအောင်ဖြူသည် သေလွန်သော အခါ ယက္ခမာဏဝီဘီလူးမဖြစ်လေ သည်။ သာရာဝတီနယ်သားတို့သည် မအောင်ဖြူအား သာရာဝတီမြို့တွင်း၌ နတ်ကွန်းတည်ဆောက်၍ ကိုးကွယ်ထား ကာ နှစ်စဉ် နွေဦးရာသီတွင် သာရာဝတီ မြို့ဟောင်းရှိကန်တွင် မအောင်ဖြူကန် ဆင်းပွဲပြုလုပ်ရာ အထူးပင်စည်ကားလှ သသည်။

စာရေးသူတို့အဖွဲ့သည် မအောင် ဖြူကန်ဆင်းပွဲသို့ သွားရောက်ကြရာ သာရာဝတီမြို့နှင့် သမိုင်းတစ်ဆက် တည်းဖြစ်သော မြို့တွင်းရွာ၊ ပတ္တမြား ရေတာရွာ၊ လယ်ဦးစုရွာ စသည့် ကျေး ရွာကြီးများသည် ပဲခူးရိုးမတောင်ခြေ တွင် တည်ရှိသောကြောင့် သာယာဖွံ့ဖြိုး သည်ပင်သောရွာကြီးများဖြစ်သည်။

ထိုရွာကြီးများတွင် အုန်းပင်များ ဖြင့် ဝေဆာလျက်၊ အုန်းပင်များတို့ သည် အသီးများဖြင့် ဝေဆာလျက်ရှိ ပြီး မြန်မာ့ကျေးလက်တောရွာတို့သည် သာယာကြည်နူးဖွယ်ရာကောင်းလှပြီး ဆေးရောင်စုံခြယ်သထားသော ရှုမငြီး ဖွယ်ပန်းချီကားတစ်ချပ်နှင့်တူလေသည်။ မြန်မာ့ကျေးလက်တောရွာများတို့သည် အုန်းပင်၊ ထန်းပင်တို့ဖြင့် ပန်းသင့်ကြည်နူး ဖွယ်ရာ ကျေးလက်တောရွာများတို့မှာ မျက်စိပသာဒအမြင်လှလျက် သဘာဝ ဆန်သောကျေးလက်တောရွာများပါပေ။

စာရေးသူတို့အဖွဲ့တွင် ကြို့ပင် ကောက်မြို့ အမှတ် (၈၇) သစ်စက်မှ အစ်မအရင်းကဲ့သို့ ခင်မင်ရသော ဓမ္မ မိတ်ဆွေ ဒေါ်မြတ်ဆုမွန်အောင်သည် ၎င်း၏ မိတ်ဆွေဖြစ်သူ မြို့တွင်းရွာ ဦးကြည်သိန်း၏နေအိမ်တွင် တည်းခို ကြပြီး နေ့လယ်ဘက် မအောင်ဖြူကန် ဆင်းပွဲသို့သွားကြပြီး ညဘက်တွင် ဦးကြည်သိန်း၏အိမ်၌ တစ်ညတာ အနားယူကြသည်။

ညဘက်တွင် ဦးကြည်သိန်း၏ ဖခင်ဖြစ်သူ အသက် (၈၅) နှစ်ရှိပြီဖြစ် သော ဦးဉာဏ်တင်မှ ရေနွေးဝိုင်းတွင် အုန်းပင်၏ ဆေးဖက်ဝင်ပုံအကြောင်း အား ပြောပြသည်မှာ -

❑

မြန်မာတို့သည် အုန်းပင်ကို အမြတ်တနိုးစိုက်ပျိုးကြသလို မြန်မာမှု နယ်ပယ်တွင်လည်း အုန်းမပါလျှင်မပြီး သလောက်ခရီးပေါက်ခဲ့လေသည်။ အုန်း ကို ကန်တော့ပွဲများတွင် အဓိကထား သုံးစွဲသည်မှ အနိမ့်ဆုံး အုန်းလက်တံကို တံမြက်စည်းအဖြစ်လည်းကောင်း၊ အုန်း ဆံကို ခြေသုတ်ဖုံ၊ အုန်းဆံကြိုးအဖြစ် လူ့အသုံးအဆောင်ပစ္စည်းများ ပြုလုပ် သုံးစွဲကြသည်။

ရှေးအခါမှစ၍ ယခုတိုင် မင်္ဂလာ အခါယူ၍သုံးလေ့ရှိသောပန်းမြတ်(၇)မျိုး၌ အုန်းမှာ အပါအဝင်ဖြစ်ခဲ့လေသည်။ ဤသည်ကိုပင်ရည်၍ -

- ရွှေနန်းမင်းသုံး ဒန်းအုန်းညွန့်ညို ကုက္ကိုနေဇာ၊ အင်္ဂါချယား၊ ပတ္တ မြားညွန့်ထီး
  သပြေသီးဟု ပန်းကြီးအပြတ် ခုနစ်ရပ်. . .

ဟု စာဆိုတော်ဦးတိုးက ရကန်ဖွဲ့ ဖြင့် စာဖွဲ့ခဲ့လေသည်။

**၁ အုန်းသီးနုနှင့်ရေစီးကမ်းပြို**

အုန်းပင်ပေါ်မှကြွေကြွေကျသည့် ကြက်ဥခန့်မျှသော အုန်းသီးသေးသေး လေးများဖြစ်သည်။

အဆိုပါ အုန်းသီးသေးသေးလေး (၇) လုံးကို ရေစင်အောင်ဆေး၍ ဓားနှင့် နုပ်နုပ်ပါအောင်စဉ်းလိုက်ပါ။ ထို့နောက် မီးဖိုပေါ်တင်၍ သုံးခွက်တစ်ခွက်တင် ကျန်အောင်ကျိုပါ။ ရေကိုမတ်ခွက်သုံး ခွက်ထည့်၍ကျိုပါ။

သုံးခွက်တစ်ခွက်တင်အောင်ကျို ပြီး နွေးတေးတေးအဆင့်အထိ အအေး ခံလိုက်ပြီး ဆားအနည်းငယ်ထည့်၍ငုံ ပေးကာ အာလုတ်ကျင်းပေးရပါမည်။ ဖန်တွတ်တွတ်သက်တက်တက်အရသာနှင့်စေး ပိုင်ပိုင်ခြောက်ကပ်ကပ်ဖြစ်လာပါလိမ့် မည်။ သွားဖုံးများတင်းလာပါလိမ့်မည်။ တစ်နေ့လျှင် သုံးကြိမ်ခန့်ငုံလိုက်၊ ထွေး လိုက်ပြုလုပ်ပေးပါက ပြီချင်သလောက် ပြီ၊ ကိုက်ချင်သလောက်ကိုက်၊ နံချင် သလောက်နံ လုံးဝပျောက်သွားမည်ကို လက်တွေ့တွေ့ရပါလိမ့်မည်။ (ရောဂါရှင် များအား လက်တွေ့ကုသပေးနေသော ရေစီးကမ်းပြိုကုသနည်းဖြစ်သည်။)

ယောအတွင်းဝန်ဦးဖိုးလှိုင်သည် ဥတုဘောဇနကျမ်းတွင် -

အုန်းသီးသည် အေး၏။ ကြေခဲ ၏။ ဆီးကိုရှင်စေတတ်၏။ ဝမ်းချုပ်၏။ အားကိုဖြစ်စေတတ်၏၊ လေနာ၊ ရတ္တ ပိတ်နာ၊ ကိုယ်ပူနာတို့ကိုနိုင်၏။ နှလုံးကို နှစ်သက်စေတတ်၏။

အုန်းသီးနုသည် သည်းခြေဖျား၊ ဆီး၌ဖြစ်သော အပြစ်ဒေါသ၊ ရေငတ် ခြင်း၊ အော့အန်ခြင်း၊ ကိုယ်ပူခြင်းတို့ကို လျင်မြန်စွာ ပျောက်နိုင်၏။ သွေးသည်း ခြေကြောင့်ဖြစ်သောအနာကိုနိုင်သည်။ အုန်းသီးရင့်ကဲ့သို့ ကြေခဲသည်မဟုတ် ပေ။ သို့ပါသောကြောင့် ရေစီးကမ်းပြို အား လက်တွေ့ ကုသပေးနေခြင်းအား သူရဋ္ဌမဂ္ဂဇင်း၏ စာဖတ်ပရိသတ်များ အတွက် မျှဝေလိုက်ရပါသည်။

ချစ်မုန်းခင်
(လယ်တီ-ကြို့ပင်ကောက်)



www.burmeseclassic.com


www.burmeseclassic.com

ကျွန်တော့်နာမည် အောင်ဇော်လတ်လို့ ခေါ်ပါတယ်။ ကျွန်တော်က မန္တလေးဇာတိ မန္တလေးသားပါ။ အဖေ ဦးဘမောင်က အစိုးရဝန်ထမ်းပါ။ သတ္တုတွင်းဝန်ကြီးဌာနမှာ လက်ထောက်ညွှန်မှူးတာဝန်ထမ်းဆောင်ပါတယ်။ (၁၀) တန်းအောင်တော့ ကျွန်တော်သိပ်ပျော်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က စစ်တက္ကသိုလ်တက်ချင်တာ။ ကျွန်တော် ဆန္ဒပြည့်မှာမို့ ဝမ်းသာပေမယ့် မေမေက စစ်သားမလုပ်စေချင်ဘူး။ ဆရာဝန်ကြီး ဒါမှမဟုတ် အင်ဂျင်နီယာကြီးလုပ်စေချင်တာပါ။ ဖေဖေကတော့ ဘာမှမပြောဘူး။ သားဆန္ဒ၊ သားလုပ်ချင်တာလုပ်ပါလို့ ခွင့်ပေးတယ်။ နောက်ဆုံး မေမေ့ကိုနှစ်သိမ့်ပြီး စစ်တက္ကသိုလ်တက်ခဲ့တယ်။ အခုတော့ စစ်သားကြီးဖြစ်ပြီပေါ့။ စစ်ပညာလည်းသင်ရတယ်။ တက္ကသိုလ်ကဘွဲ့လည်းသင်ရတယ်။ စားစရိတ်၊ နေစရိတ်၊ ပညာသင်စရိတ်တွေ အကုန်အစိုးရကတာဝန်ယူတယ်လေ။ ဆင်းရဲတဲ့ ကျွန်တော့်မိဘတွေအတွက် အတော်အဆင်ပြေပါတယ်။

စစ်တက္ကသိုလ် နောက်ဆုံးနှစ် ကျွန်တော် သူငယ်ချင်းနှင့်အတူ ခွင့်ဖြင့် ရန်ကုန်ပြန်လာကြသည်။ ရန်ကုန်မှာလည်း အမျိုးတွေရှိရာ ကျွန်တော့်ကိုတွေ့ချင်မြင်ချင်လို့ တမင်သွားခဲ့တာပါ။ ယူနီဖောင်းနှင့်တက်ကြွနေသောတူတော်မောင်ကိုတွေ့ရသဖြင့် ဂုဏ်ယူမဆုံးကြွားမဆုံးဖြစ်နေကြပါသည်။

ကျွန်တော် သူငယ်ချင်း ထူးထူး ရှိရာ တောင်ဥက္ကလာပသို့ထွက်လာခဲ့၏။ တောင်ဥက္ကလာပ ထူးထူး၏အိမ်ရောက်တော့ သူ့မိဘတွေနှင့် မိတ်ဆက်ပေး၏။ သူ့သားသူငယ်ချင်းမို့ သားအရင်းလိုချစ်ကြောင်း၊ မင်းတို့စစ်သားဘဝခရီးဆက်ရမှာဆိုတော့ အသက်အန္တရာယ်နှင့်နီးကြောင်း အစောင့်အရှောက်များကိုအပ်ပေးမည်ဟု ဆိုပါသည်။

ကျွန်တော့်သူငယ်ချင်း ထူးထူး၏ အဖေမှာ ဦးကြွားမောင် ဖြစ်သည်။ ဘုရားကျောင်းဆောင်အောက်တွင် တရားထိုင်ပြီး ကမ္မဋ္ဌာန်းတရားစီးဖြန်းကာ ဝိဇ္ဇာဂန္ဓာရီလိုက်စားနေသူတစ်ယောက် ဖြစ်သည်။ ထူးထူးနှင့် ကျွန်တော့်ကို သူ့ရှေ့ခေါ်ပြီး ဘုရားကိုဦးချခိုင်း၏။ ငါးပါးသီလဆောက်တည်ပြီးနောက် ဦးကြွားမောင်ကို ဦးချရ၏။ ကိုယ်စောင့်နတ်နှင့် အစောင့်အရှောက်များ အပ်နှံပေးပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"သားနာမည်က ဘယ်လိုခေါ်သလဲ"

"အောင်ဇော်လတ်ပါ"

"ငါသားကို အဘအောင်မင်းခေါင်စောင့်ရှောက်တာ တွေ့ရတယ်။ ငါ့သားမွေးတုန်းကလည်း ချက်ကြိုးကိုစလွယ်သိုင်းပြီးမွေးလာတာ။ ငါ့သားက ဝိဇ္ဇာမျိုးစေ့ပါတယ်။ တစ်နေ့ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေနဲ့တွေ့ရလိမ့်မယ်"


"ဟုတ်ကဲ့ ဦးလေး"

"ငါ့သားကို အသက်အန္တရာယ်ကကင်းအောင်၊ ဒုက္ခမရောက်အောင် အဘဘိုးဘိုးအောင်ကိုပင့်ပြီး စောင့်ရှောက်ပေးဖို့ ထပ်အပ်ပေးမယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

ဦးကြွားမောင်သည် နှုတ်မဖွင့်ဘဲ ရွတ်ဆိုနေလေသည်။ သာသနာကို ဦးချပြီးတိုင်တည်နေလေသည်။ (၅) မိနစ်ခန့်အကြာမှ ကျွန်ုပ်တို့နှစ်ယောက် အစောင့်အရှောက်အပ်တာပြီးသွားလေတော့၏။ ငယ်သည့်အရွယ်ဖြစ်သဖြင့် သူငယ်ချင်းမိဘတွေက ချစ်လို့ သူတို့တတ်တဲ့ပညာနှင့်ကူညီပေးတာဟုနားလည်ခဲ့၏။ အဘဘိုးတော်များကို မသိပါ။ မကြားဘူးပါ။ မယုံကြည်တာမျိုးတော့မဟုတ်။ အလေးမထားခဲ့။ မေ့မေ့လျော့လျော့ဖြင့် စစ်သားဘဝကိုဖြတ်သန်းခဲ့ရပါတော့သည်။

သင်တန်းဆင်းပြီး ဒုဗိုလ်ဘဝဖြင့် ခြေလျင်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ဗိုလ်ကြီးဖြစ်သောအခါ ခလရ (-) သိမ်ဇရပ်သို့ ပြောင်းရွှေ့ရသည်။ သိမ်ဇရပ်မှာ ကရင်ပြည်နယ် ဘားအံသို့သွားရာလမ်းတွင် တည်ရှိပါသည်။ ရှေ့တန်းစစ်ဆင်ရေးမှာ ကရင်ပြည်နယ်တွင် ဖြစ်သည်။ ထိုအချိန်က ကရင်ပြည်နယ်တွင် စစ်ဆင်ရေးများနှင့် စစ်ပွဲများ



# အာဇာဝါလှိုင်း

## ဗိုလ်ကြီးအောင်ဇော်လတ်အား အဘအောင်မင်းခေါင် စောင့်ရှောက်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပွားနေပါသည်။ ကရင်သူပုန်တို့ စစ်တပ်ကို တိုက်ခိုက်၏။ နယ်စပ်ဒေသတွင် အခိုင်အမာစခန်းများတည်ဆောက်ပြီး မဆုတ်တမ်း ခံစစ်ကိုပြုလုပ်ထားလေသည်။ မှောင်ခိုလမ်းကြောင်းမှ ဆက်ကြေးရသလို ဘိန်းဖြူများ၊ မူးယစ်ဆေးဝါးသယ်ဆောင်ခြင်းဖြင့် ဆက်ကြေးငွေများရ၏။ လက်နက်သစ်များစုဆောင်း၍ စစ်တပ်ကို ဒုက္ခပေးနေလေတော့သည်။ မိမိသည် အရာရှိဖြစ်သည်။ စစ်သားကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားပါသည်။ အထက်မှပေးအပ်လာသော အမိန့်နှင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရင်း ယခု ဗိုလ်ကြီးအဆင့်သို့ ရောက်ရှိလာခဲ့၏။

ယခုလည်း ကရင်ပြည်နယ် သက်န်းညီနောင်တွင်ရောက်ရှိနေသည်။ ကရင်များက မိုင်းထောင်ခြင်း၊ ချောင်းပစ်ခြင်းဖြင့် မိမိတို့ကိုဒုက္ခပေးနေသည်။ ၈၈ အရေးအခင်းအပြီး ၁၉၈၉ ခုနှစ်လောက်တွင် ဖြစ်၏။ ကရင်ပြည်နယ်မှ ကရင်စခန်းကြီးများကို အကြီးအကျယ်ထိုးစစ်ဆင်တိုက်ခိုက်နေသောအချိန်ကာလဖြစ်သည်။ မိမိရှေ့တန်းစခန်းကို ဗိုလ်ချုပ်ကြီးမောင်လှ လာရောက်စစ်ဆေးမည်။ ၄-၈-၈၉ နေ့ နံနက်လာမည်။ ရဟတ်ယာဉ်နှင့်မလာပါ။ မြဝတီမှတစ်ဆင့် ကားဖြင့်လာမည်။ ဖော်ပြပါ အရေးကြီးသော လုံခြုံရေးသတင်းကို ဗျူဟာမှူးမှ အရာရှိများသာ တိုးတိုးတိတ်တိတ်ခေါ်ပြော၏။ လမ်းကြောင်းလုံခြုံရေးကို ဂရုပြုဆောင်ရွက်ရန် ညွှန်ကြားနေခြင်း ဖြစ်သည်။ မိမိသည် အရာရှိဖြစ်သဖြင့် လုံခြုံမှုကိုဂရုပြုဆောင်ရွက်ရသည်။ နှုတ်ကြောင့်သေတတ်သည်ကို သင်ခန်းစာယူပြီး နှုတ်လုံဖို့စောင့်ထိန်းရလေသည်။

ကျွန်ုပ်တို့အဖွဲ့သည် ရွာထဲတွင် စခန်းချခြင်းကြောင့် ရွာသားများသတိနှင့်နေရ၏။ ကရင်များလာတိုက်ပါက ရွာသားများမှာ မြေစာပင်ဖြစ်သည်။ စစ်သားတွေပြန်တော့လည်း ကရင်သူပုန်တွေက တပ်ကို ကူညီသည်ဟုစွပ်စွဲ၍ ရန်လုပ်ဦးမည်။ ဘာပဲဆိုဆို မိမိရွာထဲတွင် စခန်းချသောစစ်တပ်ကိုတော့ အဆင်ပြေအောင်နေရ၏။ လိုအပ်တာကူညီပေးကြ၏။ကြောက်လည်းကြောက်ရ၏။

ရွာထဲတွင် လူစဉ်မမီသော လူဝင်စားလေးတစ်ယောက်ရှိသည်။ သာမန်ကလေးအရွယ်သာသာရှိသော်လည်း အသက်ကြီးနေ၏။ လူဝင်စားဖြစ်၍ ရှေ့ဖြစ်နောက်ဖြစ်ဟောတတ်ပြောတတ်၏။ ခေါင်းစွဲရှိ၍ သူပြောတာတွေ တစ်ခါတစ်ရံ မှန်လေသည်။ ထူးထူးခြားခြား ဒီကလေးက ကျွန်ုပ်အိပ်သောအိမ်သို့ ရောက်လာပြီး၊ ဘုရားကျောင်းဆောင်တွင် မီးပူဇော်ခြင်း၊ ရေချမ်းကပ်လှူခြင်း၊ ဘုရားရှိခိုးခြင်းအမှုကိုပြုလေသည်။ ထိုကလေး၏ ထူးခြားသော ရုပ်အင်္ဂါနှင့် ယနေ့မှ ဘုရားကျောင်းဆောင်သို့လာပြီး ဘုရားဝတ်ပြုနေသော အပြုအမူတို့မှာ ထူးခြားနေလေသည်။ ကျွန်ုပ်နှင့်ဘာမှ မဆိုင်သဖြင့် ဘာသိဘာသာနေလေသည်။ အိမ်ရှင်မိသားစုတို့က ဗိုလ်ကြီးဟု တလေးတစားခေါ်ပြီး ရိုသေလေးစားဆက်ဆံကြ၏။ အားလုံးက စစ်ဗိုလ်ကို ကြောက်ပြီး လေးစားနေသော ဤနေရာတွင် လူစဉ်မမီသောကလေးက ကျွန်ုပ်အား လှမ်းခေါ်နေလေသည်။

"ကောင်လေး လာဦး၊ ငါ့စကားကို နားထောင်ပြီးမှသွားပါ"

ကျွန်ုပ်သည် ကွဲမြီးတိုလာသည်။ ဘာမဟုတ်တဲ့ မလောက်လေးမလောက်စား လူစဉ်မမီတဲ့ကလေးလေးက ငါ့ကို 'ကောင်လေး' ဟု ခေါ်နေလေသည်။ သူ့စကားကို နားထောင်ပြီးမှသွားရမယ်ဟုလည်းပြောနေလေသည်။ ကျွန်ုပ် သူနှင့်ရန်ဖြစ်မည်ဆိုရင်လည်း လူစဉ်မမီသည့်သူနှင့်ဖက်ပြီးရန်ဖြစ်နေသည်ဆိုပြီးပြောဦးသည်။မလောက်လေးမလောက်စားက ငါ့ကိုစော်ကားနေတာပဲ။ ဒါပေမယ့် ငါမသိဟန်ဆောင်ပြီးနေမှပဲဟု ဆုံးဖြတ်ပြီး အပြင်သို့ထွက်ခွာဖို့ပြင်နေလေသည်။

"ကောင်လေး၊ မင်းက ငါ့ကို အထင်သေးသလို မြင်နေတာကိုး။ ငါ့စကားနားထောင်ရင် မင်းဘဝကံကောင်းမယ်"

ဒုတိယမ္ပိ ဒီကလေးကပြောနေခြင်း ဖြစ်၏။ ဒီနေရာက အမြန်ဆုံးထွက်ခွာမှဖြစ်မည်ထင်သည်။ ဒီထက်စည်းကျော်ပြီးစော်ကားလာလျှင်တော့ လူစဉ်မမီတာကောဘာကောနားမလည်ဘူး။ နားရင်းအုပ်ပစ်မည်ဟု ကြုံးဝါးရင်း ဒေါသကိုချုပ်တီး၍ အိမ်အပြင်သို့ထွက်ခွာလာခဲ့သည်။ လှေကားပေါ်သို့ ရောက်သောအခါ ထိုကလေးမှစကားထပ်ပြောလေသည်။

"ငါ့သား၊ မင်း မနက်ဖြန်မှာ ဗိုလ်ချုပ်ကြီးမောင်လှ လာမယ်မဟုတ်လား။ မင်း မနက် (၄) နာရီထပြီး လုံခြုံရေးယူရမယ်လေ"

"ဗျာ"

ကျွန်ုပ်ခေါင်းကို မိုးကြိုးပစ်သလို တုန်လှုပ်ချောက်ချားသွားလေသည်။ စစ်ဆင်ရေးနယ်မြေတွင် ဒီလောက်အရေးကြီးသော လျှို့ဝှက်သတင်းကို ကျွန်ုပ်နှင့် အရာရှိ (၄) ဦးသာသိသည်။ မည်သူမျှမသိသော သတင်းစကားကို ဒီကလေးပါးစပ်ကပြောနေလေသည်။ ဒါသာမန်ကလေးမဟုတ်ဟုအသိဝင်လာပြီး အောက်သို့ဆင်းမည့်ခြေလှမ်းများကနောက်ဘက်သို့လှည့်ပြီး ဘုရားကျောင်းဆောင်ရှိရာသို့သွားနေမိပါတော့သည်။ တစ်ချိန်က မိမိအား စောင့်ရှောက်ရန် အပ်ပေးခဲ့သောဖြစ်ရပ်ကို သတိရကာ ဘိုးတော်များဝင်လာတာလားလို့ စိတ်ကရောက်သွားလေတော့သည်။ ကျွန်ုပ်လည်း ဘုရားကျောင်းဆောင်ရှေ့သို့ ရောက်သွားသောအခါ ကလေးငယ်ကို ကြည့်ပြီး သူပြောသောစကားကိုအတော်အံ့ဩသွားကာ -

"ဒီသတင်းကို ဘယ်ကကြားခဲ့တာလဲ"

"မင်းတို့အရာရှိလေးယောက်ကို ခေါ်ပြောနေတာ ငါသိတာပေါ့။ ငါမသိတာ ဘာမှမရှိဘူး။ ငါကမင်းကိုစောင့်ရှောက်နေတဲ့ အဘပဲ"

"ဗျာ"

"ငါ့သားနောက်ကို ထက်ကြပ်မကွာလိုက်ပြီး ငါ့သားမသေအောင် စောင့်ရှောက်ပေးနေတာ။နောင်ဘာတွေဖြစ်မှာလဲဆိုတာ သိရအောင် ငါပြောပြမယ်"

"ဟုတ်ကဲ့ အဘ"

"မနက်ဖြန် မင်းလုံခြုံရေးယူမယ့်နေရာက ဆင်ကိုးကောင်၊ ကျားသုံးကောင်ရယ်၊ ဘိုးတော်တစ်ပါးရှိတဲ့နေရာဘဲ။ ဒီနေရာကို ငါ့သားရောက်ရင် အရင်အမွှေးတိုင်တွေနဲ့ တောစောင့်နတ်တွေ ပူဇော်၊ ငါ့သားနဲ့တွေ့တဲ့ ဘိုးတော်ကို ပူဇော်ကွာ ကြားလား"

"ဟုတ်ကဲ့ အဘ"

"မင်းဘာမှမဖြစ်ပါဘူး၊ အေးအေးဆေးဆေးနဲ့ မင်းတို့ပြန်ကြရလိမ့်မယ်။ ဒါပေမယ့် မင်း ကလီစာတွေ၊ အူတွေ၊ ဦးနှောက်တွေထွက်ကျကုန်မယ်။ မင်းခန္ဓာကိုယ်ကြီး တစ်စစီဖြစ်သွားမယ်။ ဒါပေမယ့် မင်းမသေဘူး။ မင်းကို စောင့်ရှောက်ဖို့ အဘဘိုးဘိုးအောင် ကြွလာတယ်"

"အဘက ဘာနဲ့ကြွလာမှာလဲ"

"အဘက ရထားနဲ့ကြွလာမှာ"



www.burmeseclassic.com

www.burmeseclassic.com

"အဘ၊ ဒီသက်န်းညီနောင်မှာ ကားလမ်းပဲရှိတယ်။ ရထားလမ်းမရှိဘူး"

"မင်းက မယုံလို့လား။ ဟော - ရထားသံကြားတယ်။ မင်းနားထောင်ကြည့်စမ်း"

ကျွန်ုပ်သည် အကြားအာရုံကို စူးစူးစိုက်စိုက် အာရုံပြုလိုက်သောအခါ ရထားတစ်စီးခုတ်မောင်းသံကိုကြားရ၏။ ဥဩဆွဲသံ၊ ရထားရပ်သံကို ပီပီပြင်ပြင်ကြားရလေသည်။

"အေး - မင်းကြားရတယ် မဟုတ်လား"

"ဟုတ်ကဲ့ - ကြားပါတယ်"

"အဘဘိုးဘိုးအောင်ကြွလာပြီ။ ငါ့အတွက် ခေါက်ဆွဲကြော်တောင်ပါလာတယ်။ သွား ပန်းကန်ယူခဲ့၊ တူလည်းယူခဲ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်ုပ်လည်း ပန်းကန်ပြားတစ်ချပ်၊ တူတစ်စုံယူပြီး ကလေးငယ်အား ပေးလိုက်သည်။ ကလေးငယ်သည် ပန်းကန်ပြားထဲသို့ ခေါက်ဆွဲကြော်ပူပူနွေးနွေးကိုထည့်ပြီး တူနှင့်မွှေနေလေသည်။ ပြီးနောက် တူနှင့်ညှပ်ကာ အားရပါးရစားလေသည်။ မိမိမျက်စိအောက်တွင် အားရပါးရစားနေသောမြင်ကွင်းမှာ ထူးထူးဆန်းဆန်းစားနေခြင်း ဖြစ်၏။ ကျွန်ုပ်မြင်ရသော ပန်းကန်တွင် ဘာမှမရှိ၊ ဘာမှမမြင်ရပါ။ တူနှင့်ညှပ်သော်လည်း ဘာမှမမြင်ရပါ။ ပါးစပ်တွင် ဟ၍ထည့်ပြီး အားရပါးရဝါးနေသော်လည်း ဟန်လုပ်၍စားနေခြင်းကိုသာ တွေ့ရ၏။

"မင်းက ငါစားတာကို မယုံဘူးလား"

"ကျွန်တော်မမြင်ရဘူးခင်ဗျာ"

"ဒီမှာကြည့်"

ဟပြသည့်ပါးစပ်ထဲတွင် ခေါက်ဆွဲကြော်ကို အတိုင်းသားမြင်ရလေသည်။ တစ်ချိန်က မိမိအား စောင့်ရှောက်ရန် တာဝန်ယူအပ်ပေးခဲ့သော အဘဘိုးမင်းခေါင်နှင့် အဘဘိုးဘိုးအောင်တို့မှာ ယခု မိမိမျက်စိအောက်သို့ကြွရောက်လာကြ၏။ အသိဝင်လာသောအခါ အဘပုဂ္ဂိုလ်များကို ဦးချ၍ကန်တော့လိုက်သည်။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သော အပြစ်ကြီး အပြစ်ငယ်တို့အား သည်းခံခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်မိပါတော့သည်။

"အေးအေး - မင်းကအမြင်မှန်ရတော့ ငါကခွင့်လွှတ်ရမှာပေါ့။ ငါပြောတာ နားထောင်"

"ဟုတ်ကဲ့ အဘ"

"မင်းကို ငါတို့က စောင့်ရှောက်နေတယ်။ မင်းသေမင်းက လွှတ်ဖို့ တစ်ကြိမ်ကြိုးစားရဦးမယ်။ ဘုရားတရားမမေ့နဲ့။ ရတနာ(၃)ပါးကို အမြဲမပြတ် ရွတ်ဆိုပွားများနေကွာ"

"ဟုတ်ကဲ့ အဘ"

"ဒါနဲ့ မရသေးဘူးကွ။ ငါ့နားလာခဲ့ဦး"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် အဘနားသို့ကပ်ပြီး ရှိုးဦးချနေသည်။ အဘသည် ခြင်ထောင်ကိုထောင်စေပြီး ခြင်ထောင်ထဲတွင် ကျွန်ုပ်အားဝင်စေကာ ဘုရားတရားကို အာရုံပြုနေပါဟု ဆို၏။ ကျွန်ုပ်သည် မျက်စေ့မှိတ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ပါးစပ်မှမပြတ်ရွတ်ဖတ်သရဇ္ဈာယ်ပြီး စိတ်အာရုံထဲတွင် မြတ်စွာဘုရား ဓမ္မစကြာဟောနေပုံကို မြင်ယောင်နေပါသည်။

မကြာမီတွင် ခြင်ထောင်ကြီးသည် ပုစီပေါင်းကို လေမှုတ်ထားသလို၊ မီးပုံးပျံလို ဖောင်းကားပြီး ကြွတတ်လာလေတော့သည်။ (၅) မိနစ်ခန့်ကြာသော သိဒ္ဓိပေးခြင်းပြီးဆုံးသဖြင့် အဘ၏ရွတ်ဆိုမှုကိုရပ်လိုက်လေ၏။ ခြင်ထောင်ကြီးလည်း နဂိုပုံစံပြန်ဖြစ်သွားလေသည်။

"ကဲ - သား ထထ။ မင်းကို အန္တရာယ်ကင်းအောင် ငါတို့ဆောင်ရွက်ပြီးပြီ။ မင်းသွားချင်တာ သွားလို့ရပါပြီကွာ"

"ဟုတ်ကဲ့ အဘ၊ သားကန်တော့ပါတယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု"

ကျွန်ုပ်နှင့် လူဝင်စားလေးတို့၏ အပြုအမူကို အိမ်ရှင်ဇနီးမောင်နှံကကြည့်ပြီး အားနာနေလေသည်။ တပ်မတော်မှအရာရှိတစ်ယောက်ကို ဘာမဟုတ်တဲ့ လူစင်မမီသောလူဝင်စားက ခိုင်းသမျှလုပ်နေသဖြင့် အမြင်မတော်ဖြစ်နေသည်။

"ဗိုလ်ကြီး၊ ကျွန်တော်အားနာနေပြီ"

"ရပါတယ် ကိုသံချောင်းရယ်။ ခင်ဗျားတို့အမြင်မှာ တစ်မျိုးဖြစ်နေပေမယ့် ကျွန်တော့်မှာလည်း အကြောင်းလေးတွေရှိတယ်"

"ဘာပဲပြောပြော ဒီကလေးကို ကျွန်တော်ဆုံးမရမယ်။ ဗိုလ်ကြီးကို မလေးမစားဆက်ဆံတာ ကျွန်တော်မကြိုက်ဘူး"

"ဒီလိုမမြင်ပါနဲ့။ သူကအငှားလုပ်ပေးရတာပါ။ တကယ်တော့ ကျွန်တော်ကိုးကွယ်တဲ့ ကျွန်တော့်အဘတွေကြွလာပြီး သတိပေးစကားပြောတာပါ။ သူ့ကို ခွင့်လွှတ်ပေးပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ ကျွန်တော်တို့က အားနာလို့ပါ"

"ရပါတယ် ရပါတယ်။ ကဲ. . . ကျွန်တော်လည်းလုပ်စရာလေးတွေရှိလို့ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

ကျွန်ုပ်သည် ယူနီဖောင်းဝတ်ပြီး တပ်ရင်းမှူးရှိရာသို့ ထွက်လာခဲ့သည်။ တပ်ရင်းမှူးအား ရောက်ရှိကြောင်း သတင်းပို့သည်။ တပ်ရင်းမှူးမှ မနက်ဖြန် လုံခြုံရေးယူရမည့်နေရာ၊ အချိန်နှင့်လိုက်ပို့သည့် အစီအစဉ်အသေးစိတ်ကို ရှင်းပြသည်။ နောက်နေ့ နံနက် (၄) နာရီတွင် ကျွန်တော်တို့ လုံခြုံရေးယူမည့်သူများအား ကားဖြင့်လိုက်ပို့ပြီး နေရာချထားပါသည်။ လူတွေအိပ်ရာမှမနိုးခင် လူတွေမသိအောင် လုံခြုံရေးကိုဆောင်ရွက်ခြင်းဖြစ်၏။ ကျွန်ုပ်ကိုချထားသောနေရာကို လှည့်လာပြီး လုံခြုံမှုအတွက် နေရာယူကြလေသည်။ နံနက်မိုးလင်းသောအခါ ပတ်ဝန်းကျင်ကို သေသေချာချာကြည့်မိ၏။ တောင်ခြေတွင် အင်္ဂတေဖြင့်ထုလုပ်ထားသော ဆင်ရုပ်များကို ထူးဆန်းစွာတွေ့ရ၏။ 'ဟာ - မနေ့က ဟိုကလေးပြောတာအမှန်တွေပဲ' ဟု ရေရွတ်မိ၏။ ဒါဆိုလျှင် ကျားလည်းရှိမှာဘဲဟု တောင်ပေါ်သို့တက်၍ရှာမိ၏။ တောင်အမြင့်တစ်နေရာတွင် ကျားရုပ် (၃) ရုပ်ကို ထပ်မံ တွေ့ရသည်။ ဟုတ်ပြီ ဒါဆိုလျှင် ဘိုးတော်ရုပ်ရှိရမည်ဆိုပြီး ရှာဖွေသောအခါတွင် အနိမ့်မြင့်တောင်ထိပ်၌ တောင်ပိုင်ဘိုးတော်ရုပ်ကို ထပ်မံတွေ့ရှိရ၏။ ပါလာသော အမွှေးတိုင်များဖြင့် တောစောင့်နတ်၊ တောင်စောင့်နတ် နတ်မြတ်နတ်ကောင်းတို့အားလည်းကောင်း၊ တောင်ပိုင်၊ ကွင်းပိုင်တို့နှင့် ဘူမိပုဂ္ဂိုလ်အပေါင်းတို့အား လည်းကောင်း၊ ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်းအားလည်းကောင်း လှူဒါန်းပူဇော်ခဲ့ပါသည်။ ဘေးအန္တရာယ်ကင်းစေကြောင်း ကူညီ၍ စောင့်ရှောက်ပေးပါရန် တောင်းဆိုခဲ့၏။ မကြာမီ VIP ယာဉ်တန်းလည်း ထွက်ခွာသွားပါပြီ။

ဒါဆိုလျှင် မနေ့က အဘကြွလာပြီး ပြောသောစကားများအားလုံး အမှန်တွေဖြစ်ပါသည်။ နောက်ဆုံးပြောသော



www.burmeseclassic.com

www.burmeseclassic.com

စကားမှာ မိမိ၏ကလီစာတွေ၊ ဦးနှောက်တွေပြန့်ကျဲပြီး ပြောင်းပြန်ဖြစ်မည်ဟု ပေါ်သည်။ ဒါဆိုလျှင် မိုင်းထိတာပဲဖြစ်မည်။ ငါ အပြန်လမ်းမှာ မိုင်းထိမှာ သေချာပြီ။ ငါသေတော့ မသေဘူးဟု ပြော၏။ ဒါတကယ်ဖြစ်မှာလား၊ ဒုက္ခပါပဲ။ တကယ်ဖြစ်မှာတော့ သေချာသွားပြီ။ ဖြစ်မှာကိုတွေးပူ၍စိုးရိမ်မိပါတော့သည်။

မိမိတို့တပ်ရင်းလည်း ရှေ့တန်းတာဝန်ပြီးဆုံးသဖြင့် နောက်တန်းသို့ပြန်ရမည်။ နောက်တန်းတွင် ရှေ့တန်းရောက်တပ်မတော်သားများကို ကြိုဆိုဖို့ စီစဉ်နေကြသည်။ သိမ်ဇရပ်မြို့သူမြို့သားများကလဲ မိမိတို့နှင့် အတူတကွ နေထိုင်ကြသော ခလရ(-)မှ တပ်မတော်သားများကို ကြိုဆိုဖို့ စီစဉ်နေကြလေသည်။ မိမိတို့စစ်ကြောင်းသည် သက်နံ့ညီနောင်မှ ကော့ကရိတ်-ဘားအံသို့ ကားဖြင့်ထွက်လာကြသည်။ ဘားအံသို့ရောက်သော ဖျားနေသော ကျွန်ုပ်အား ဆေးတပ်အရာခံဗိုလ်မှ ဆေးရုံသို့ လိုက်ပို့ပေးပါသည်။ ဆေးရုံရောက်သောအခါ ကျွန်ုပ်ကို ဆရာဝန်မှ စမ်းသပ်ပြီး ဆေးရုံတက်ခိုင်းပါသည်။

"ဗိုလ်ကြီး ဆေးရုံတက်မှဖြစ်မယ်။ ဗိုလ်ကြီးက ငှက်ဖျားဖြစ်နေတာကြာပြီ"

"ကျွန်တော့်ကို ဆေးပဲထိုးပေးပါ ဒေါက်တာ။ ကျွန်တော် သိမ်ဇရပ်ပြန်ရမှာ။ မနက်ဖြန် ရှေ့တန်းပြန်ကြိုဆိုပွဲရှိတယ်လေ"

"ဗိုလ်ကြီးကို သိမ်ဇရပ်ပြန်ခွင့်မပြုနိုင်ဘူး။ ဒီမှာဆေးရုံတက်ပြီး ကျန်နေပေးပါ"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ဒေါက်တာ။ ဖျားတာလေးပဲရှိတာ။ ဆေးထိုးလိုက်ရင် ကောင်းသွားမှာပါ။ ကျွန်တော်မပြန်လို့မဖြစ်လို့ပါ"

"ဆေးအရာခံဗိုလ်ကြီး၊ ဗိုလ်ကြီးရောဂါအခြေအနေကို ခင်ဗျားလည်းသိတယ်။ အခု ဆေးရုံမတက်ချင်ဘူးလို့ ပြောနေတယ်။ ဆေးထိုးပေးလိုက်မယ်။ သိမ်ဇရပ်မှာ ဆေးရုံတက်ဖို့ ဆေးစာလည်း ရေးပေးလိုက်မယ်"

"ဟုတ်ကဲ့ ဒေါက်တာ"

ကျွန်ုပ်သည် စိတ်ကဆောင်နေသဖြင့် မိမိကိုယ်ကိုမိမိ ဘာမှမဖြစ်ဟု ထင်နေသည်။ ရှေ့တန်းပြန်ကြိုဆိုရေးအတွက်သာ စိတ်ကရောက်နေသည်။ သာမန်ဖျားတာပဲဟု ထင်နေမိပါသည်။ အမှန်မှာ ငှက်ဖျားရောဂါဖြစ်ပြီး ငှက်ဖျားပိုးများ သွေးထဲတွင် ပျံ့နှံ့နေပါသည်။ သာမန်ငှက်ဖျားဖြစ်သူ၊ သွေးထဲတွင် ငှက်ဖျားပိုးများသူ စသည်ဖြင့် (+1) (+2) (+3) (+4) ဖြင့်အဆင့်သတ်မှတ်ပါသည်။ မိမိကိုသတ်မှတ်သောအဆင့်မှာ ဂိတ်ဆုံးနေပြီ။ မကြာမီ ငှက်ဖျားပိုးဖျားဦးနှောက်သို့ဝင်ပြီး သတိမေ့သွားလေတော့သည်။

မည်မျှကြာအောင် သတိမေ့သွားသည်မသိ။ သတိရသောအခါ ရန်ကုန် မင်္ဂလာဒုံစစ်ဆေးရုံပေါ်သို့ရောက်နေလေ၏။ အရေးပေါ်အထူးကြပ်မတ်ဆောင်တွင် ခြေရောလက်ပါကြိုးဖြင့်ချည်ထားလေသည်။ ခန္ဓာကိုယ်မှာ အဝတ်အစားမရှိ အပေါ်မှာစောင်ခြုံ၍လွှမ်းထားလေတော့သည်။ သတိရလာသော မိမိအား ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဆရာမများဝိုင်းကြည့်၍ ကရုဏာသက်နေကြသည်။

"ဗိုလ်ကြီး. . . ဗိုလ်ကြီး. . . ဗိုလ်ကြီး"

"သတိရလာပြီလား"

"ဗိုလ်ကြီး. . . ဗိုလ်ကြီး. . . ဗိုလ်ကြီး"

"ဟုတ်ကဲ့ - သတိရပါပြီ"

"ဗိုလ်ကြီး အခု မင်္ဂလာဒုံဆေးရုံရောက်နေတယ်။ ဗိုလ်ကြီး ဘယ်သူ့ကိုတွေ့ချင်တာလဲ"

"ကျွန်တော့်မိဘတွေကိုတော့ ဒီပုံစံအတိုင်း မတွေ့ချင်ဘူး။ ကျွန်တော်ကို ဦးကြွားမောင် ဖုံးနံပါတ် (×××)ကို ခေါ်ပေးပါ"

"ဟုတ်ပြီ ခေါ်ပေးမယ် ဗိုလ်ကြီး။ သတိထားပါ"

မကြာမီ သတိမေ့သွားပါသည်။ ကျွန်ုပ်သိတာကတော့ လေထဲမှလွင့်ပြီး လိုဏ်ဂူကြီးတစ်ခုသို့ ရောက်သွား၏။ လိုဏ်ဂူထဲတွင် ရထားသံလမ်းကိုတွေ့ရပြီး သံလမ်းမှာအဆက်ပြတ်နေသည်။ ဥမင်လိုဏ်ဂူထဲသို့ တစ်ဖက်စီမှ ရထားဝင်လာကြသည်။ ရထား(၂)စီးခေါင်းချင်းဆိုင်တိုက်ဖို့စက္ကန့်အလိုတွင် မေ့မြောသွားခြင်း ဖြစ်၏။

ဆရာဝန်ကြီးက လူနာကိုကြည့်ပြီး စိတ်မသက်မသာဖြစ်နေ၏။ ဤအခန်းသို့ ရောက်လာပြီးကုသရသော လူနာရှင်များဖို့ (၁၀) ရာခိုင်နှုန်းသာရှိသည်။ အများအားဖြင့် သေစာရင်းသွင်းထားကြသူများ ဖြစ်သည်။ ကုသရန်ခက်ခဲပြီး ဘဝ၏နောက်ဆုံးအချိန်ထိစောင့်ကြည့်ရသောလူနာများပင်ဖြစ်သည်။သတိရလာသောအခါ လူနာရှင်ဆန္ဒကိုလိုက်လျောရပြီး ဖုံးဆက်ပေးရန်နှင့် လူနာကိုနောက်ဆုံး မသေခင်တွေ့ရန်ပြောကြားရလေသည်။

"ဆရာမ၊ ဒီလူနာပေးတဲ့ဖုံးနံပါတ်ကို မှတ်မိလိုက်သေးလား"

"မှတ်ထားပါတယ် ဒေါက်တာ"

"လူနာဆန္ဒကို လိုက်လျောလိုက်ပါ။ ဖုံးဆက်ခေါ်ပြီးလူနာကိုတွေ့ခိုင်းပါ"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆရာဝန်ကြီးသည် ဗိုလ်ကြီးအောင်ဇော်လတ်ကိုကြည့်ပြီး ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်ပြီး စိတ်ဖောက်ပြန်နေပုံကို ပြန်လည် မြင်ယောင်နေမိပါတော့သည်။ လုံချည်မပါ၊ အင်္ကျီမရှိကိုယ်လုံးတီးဖြင့် ဆေးရုံထဲလျှောက်ပြေးနေပုံ၊ လူနာကိုဝိုင်းချုပ်ပြီး ကြိုးနှင့်တုပ်ထားရပုံ၊ စစ်သားပီပီပါးစပ်စစ်တိုက်နေပုံများကို မျက်လုံးထဲမှမထွက်တော့ချေ။

ဖုန်းဆက်သဖြင့် ဗိုလ်ကြီး ထူးထူး၏ ဖခင် ဦးကြွားမောင်သည် သမီးဖြစ်သူ မတင်ဇာနှင့်အတူ ဆေးရုံကြီးသို့သွားကြည့်ကြ၏။ သမီးဖြစ်သူ မတင်ဇာမှာ ဆေးရုံကြီးမှ သူနာပြုဗိုလ်ကြီး ဖြစ်သည်။ မောင်ဖြစ်သူထူးထူး၏ အချစ်ဆုံးသူငယ်ချင်းဗိုလ်ကြီးအောင်ဇော်လတ်ဖြစ်သဖြင့် မောင်လေးနှင့်မခြား သံယောဇဉ်ကြီးကြလေသည်။ ထို့ကြောင့် ဖခင်နှင့်အတူ တပ်မတော်စစ်ဆေးရုံသို့ ရောက်လာကြခြင်းဖြစ်၏။ လူနာကိုကြည့်၍ မျက်ရည်တွေဝိုင်းပြီး ယူကျုံးမရဖြစ်ရသည်။ ဆရာဝန်တွေ မေးမြန်းကြည့်သောအခါ လူနာမှာ ဦးနှောက်ထဲတွင် ငှက်ဖျားပိုးဝင်ပြီး နောက်ဆုံးအချိန်ရောက်ရှိနေပါကြောင်း၊ လူနာသတိရပါက စကားပြောနိုင်ကြောင်း၊ လူနာစိတ်ကြိုက်နောက်ဆုံးပါရမီဖြည့်ပေးကြပါရန် ပြောကြားပါသည်။ သူနာပြုဗိုလ်ကြီးမတင်ဇာမှာ မောင်ဖြစ်သူ၏သူငယ်ချင်းကို မိမိမောင်လေးနှင့်မခြား အနီးကပ် ပြုစုပါသည်။ ဖခင်ကြီးဦးကြွားမောင်လည်း အိမ်ဘုရားခန်းသို့ဝင်ပြီး အဓိဋ္ဌာန်ဝင်လေသည်။ ပုတီးစိပ်ပြီး လူနာသတိမရမချင်း အဓိဋ္ဌာန်လုပ်လေတော့သည်။ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်နှင့် ဝိဇ္ဇာရှစ်သောင်းဆရာပေါင်းကို ပင့်ဖိတ်၍ တိုင်တည်လေသည်။

ဗိုလ်ကြီး အောင်ဇော်လတ်မှာ မျက်ဖြူဆိုက်နေပေပြီ။ သေတော့မည့်လူနာလို အသက်ပြင်းပြင်းရှူ၏။ ရဲဘော်လူနာစောင့်မှာ ဗိုလ်ကြီးကိုကြည့်ပြီး အသက်ရှူရပ်မည့်၊ သေဆုံးမည့်အချိန်

www.burmeseclassic.com

ကိုစောင့်ရင်း ဝမ်းနည်းနေမိပါသည်။ သူအလွန်ချစ်သောဗိုလ်ကြီး၊ စိတ်ရင်းကောင်းသောဗိုလ်ကြီး၊ အခုတော့ လူ့ဘဝကို စွန့်ခွာသွားတော့မှာပါလားဟု သံဝေဂရနေပါတော့သည်။

ည (၁) နာရီထိုးသောအချိန်တွင် ပါရဂူ(၂)ယောက် ဆရာဝန်ဝတ်စုံဖြင့် ရောက်လာသည်။ လူနာစောင့်ရဲဘော်လေးမှာ ငိုပြီးမတ်တတ်ရပ်၍ နေရာပေးလေသည်။

"သား၊ မင်းဗိုလ်ကြီးက အသက်ရှူရတာ ခက်ခက်ခဲခဲရှူနေရတယ်။ မင်းကူပြီးရှူပေးပါဦးကွာ"

"ဟုတ်ကဲ့ ခင်ဗျာ"

"မင်းညာလက်ကိုပေး။ ဟုတ်ပြီ ဗိုလ်ကြီးရဲ့နှလုံးတည့်တည့်မှာ အုပ်ထားလိုက်။ မင်းက သူ့ကိုယ်စား အသက်ကူရှူပေးကွာ"

"ဟုတ်ကဲ့"

"မင်းဗိုလ်ကြီး မသေပါဘူးကွ။ ငါသူ့ရောဂါတွေကိုကုန်အောင်ကုပေးမှာပါ"

ပါရဂူတစ်ယောက်က ကျွန်ုပ်အားညာလက်ကိုကိုင်ပြီး လူနာ၏ နှလုံးသားတည့်တည့်သို့တင်ပြီး အသက်ရှူခိုင်း၏။ ကျန်ပါရဂူတစ်ယောက်က လူနာ၏ ဦးခေါင်းကို ညာလက်ဖြင့်အုပ်ပြီး နှုတ်က မေတ္တာပို့နေသည်။ မကြာမီ လူနာကို တုသပေးပြီး ဆေးရုံကြီး၏ဆရာဝန်နားနေခန်းကို လိုက်ချောင်းကြည့်ပြီး အခန်းပိတ်ပြီး မီးပိတ်မှပြန်လာခဲ့သည်။ လူနာတို ညာဘက်လက်ဖြင့်တင်ပြီး အသက်ကူရှူရင်း အိပ်ပျော်သွားလေသည်။

လူနာဗိုလ်ကြီးမှာ လုံးဝသတိရလေပြီ။ သတိရသည်မှာ လူကောင်းလို သတိရခြင်းဖြစ်၏။ ဝေဒနာအားလုံးမှာ ပိန်းကြာရွက်ပေါ်မှ ရေလျှောကျသလို ဘာမှရောဂါမကျန်တော့။ လုံးဝလူကောင်းပကတိဖြစ်သွားလေတော့သည်။ သတိရပြီး ဆီးသွားချင်၏။ လူနာစောင့်ကိုခေါ်သော်လည်း အသံတိုးနေခြင်း၊ ရဲဘော်လေးက ညက (၂) နာရီအထိ ပါရဂူ (၂) ယောက် လာရောက်ကုသဖြင့် အိပ်ရေးပျက်နေခြင်းကြောင့် နိုးမရပါ။ စိတ်မရှည်သဖြင့် ဆီးသွားရန်ထပြီးထိုင်လိုက်ရာ အင်အားချိနဲ့နေသဖြင့် ရုတ်တရက်လဲကျသွားလေတော့သည်။ ပြုလဲကျသံကြောင့် ဆရာဝန်များ၊ သူနာပြုများ အပြေးရောက်လာ၏။ အိပ်နေသော လူနာစောင့်ရဲဘော်လည်း လန့်နိုးလေသည်။ သူနာပြုများက လူနာကို ခုတင်ပေါ် သို့ပြန်တင်ပြီး ချိတ်လက်စ ပုလင်းများကိုဖြုတ်သည်။ အသစ်ပြန်သွင်းရ၏။ လူနာမျက်နှာမှာ ကြည်လင်ပြီး ပုံမှန်အသက်ရှူနေလေသည်။ မကြာမီ မျက်စိဖွင့်ပြီး သတိရလာသည်။

"ဗိုလ်ကြီး. . . ဗိုလ်ကြီး. . . ဗိုလ်ကြီး"

"အေး"

"ဗိုလ်ကြီး သတိရလာပြီလား"

"အေး - ငါသိတယ်"

"ခုဟာဘာလို့လဲကျသွားတာလဲ"

"ဆီးသွားချင်လို့ အိပ်ရာကထသွားမယ်လုပ်တာ၊ မေ့ပြီးလဲကျသွားတာ"

"ဗိုလ်ကြီး ဘာဖြစ်သေးလဲ၊ သတိရပြီလား"

"ဟုတ်ကဲ့ ဒေါက်တာ"

"ဗိုလ်ကြီးနာမည် ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် အောင်ဇော်လတ်ပါ"

"ဗိုလ်ကြီး BC နံပါတ်ကောမှတ်မိလား"

"ဟုတ်ကဲ့ ကြည်း/xxx ပါ"

"ဗိုလ်ကြီး ကောင်းကောင်းသတိရလာပြီပဲ။ ဗိုလ်ကြီး ထမင်းမစားတာ တစ်ပတ်ရှိသွားပြီ။ အားလည်းမရှိလို့မူးပြီးလဲသွားတာ"

"ကျွန်တော်ထမင်းစားချင်တယ်"

"စားလို့ရပြီ။ စားပါ"

ဆရာဝန်များ၊ သူနာပြုများ ပြန်ထွက်သွားသည်။ လူနာစောင့်ရဲဘော်မှာ သူ၏ဗိုလ်ကြီး မသေဘူးပြန်ရှင်လာလို့ ဝမ်းသာနေတာ။ ပြုံးပြီးဗိုလ်ကြီးကို ဖက်ထားလေသည်။ ဝမ်းသာ၍ မျက်ရည်တွေကျလာပြီး -

"ဗိုလ်ကြီး၊ ဆီးသွားချင်ရင် ကျွန်တော့်ကိုနှိုးပေါ့။ ရော့ - အောက်က ဆီးအိုးခံပေးမယ်"

"ငါရှက်တယ်ကွ"

"ဗျာ-ဗိုလ်ကြီးကရှက်တတ်တယ်"

"ဟာ - ငါလည်း လူပဲ့ပဲ။ ရှက်တတ်တာပေါ့"

"မဟုတ်သေးပါဘူး ဗိုလ်ကြီးရာ"

"ရဲဘော်၊ မင်းဘာတွေပြောနေတာလဲ။ မင်းပြောတာတွေ နားမလည်ဘူး"

"အင်း-ဗိုလ်ကြီးကသတိမရတော့ဘူးပေါ့။ ဗိုလ်ကြီးမေ့ပြီး လူစိတ်ပျောက်နေတာ ကိုယ်လုံးတီးနဲ့ လျှောက်ပြေးနေတာ၊ သေနတ်ပစ်ပြီးစစ်တိုက်နေတာ၊ ဗိုင်းဖမ်းပြီး ကြိုးနဲ့ချည်ထားရတာ"

"ဟာကွာ ငါ့အဖြစ်က ဒီလောက်တောင်ဆိုးသလား"

"ဟုတ်တယ်၊ ဆရာဝန်ပြောတော့ ငှက်ဖျားပိုး ဦးနှောက်ထဲဝင်သွားတာ။ ပျောက်ရင်တောင် ရူးသွားနိုင်တယ်တဲ့"

"ငါလုံးဝသတိမရဘူးကွာ"

"ဗိုလ်ကြီးကို ဆရာဝန်တွေက ကုလို့မရတော့ဘူးဆိုပြီး လက်လျှော့နေတာ။ ကျွန်တော်လည်း ဗိုလ်ကြီးအသက်ထွက်မယ့်အချိန်ကို စောင့်ကြည့်နေတာ။ ဗိုလ်ကြီးမျက်စိက အနက်ရောင်လုံးဝမရှိတော့ဘူး။ မျက်ဖြူလည်းလန်နေပြီ။ လျှာတွေလည်းထွက်ကျလာတယ်။ ပြန်မသိမ်းနိုင်တော့ဘူး။ အသက်ရှူရတာ အတော်ကြိုးစားပြီးရှူရတာ။ နှလုံးကလည်း ခုန်တစ်ချက်မခုန်တစ်ချက်နဲ့ တော်တော်လေးဆိုးနေတာ"

"ဒါဆို ငါ့အဖြစ်က သေဖို့စက္ကန့်မိနစ်သာလိုတော့တဲ့အခြေအနေရောက်နေတာပေါ့"

"ဟုတ်တယ် ဗိုလ်ကြီးရေ။ ကံကောင်းလို့ ည (၁) နာရီလောက်က ပါရဂူကြီး(၂)ယောက်ရောက်လာတယ်။ သားဗိုလ်ကြီး အသက်ရှူရတာ အတော်ခက်ခက်ခဲခဲရှူရတာ။ မင်းကူပြီးရှူပေးပါဦးကွာဆိုပြီးပြောတယ်။ ကျွန်တော့်ညာလက်ကို ဗိုလ်ကြီးရဲ့နှလုံးတည့်တည့်မှာ အုပ်ထားပြီးကိုင်ထားပေးတယ်။ နောက်ပါရဂူကြီးတစ်ယောက်ကတော့ ဗိုလ်ကြီးရဲ့ခေါင်းရင်းကိုသွားပြီး ဗိုလ်ကြီးခေါင်းနဲ့ မျက်နှာကိုပွတ်တိုက်ပေးတယ်။ မျက်လုံးလည်း အဖြူရောင်ကနေ အနက်ရောင်ပြန်ရောက်လာတယ်။ အသက်ရှူတာလည်း ပုံမှန်ဖြစ်သွားတယ်။ မကြာခင်ပျောက်သွားမှာပါလို့လည်းပြောတယ်။ နောက်(၂)ယောက်စလုံး ဆရာဝန်အခန်းကို ပြန်သွားကြတယ်"

"မင်း ဒီပါရဂူနှစ်ယောက်ကို မြင်ရင်မှတ်မိပါ့မလား"

"မှတ်မိတယ် ဗိုလ်ကြီး။ ကျွန်တော်နဲ့ စကားအကြာကြီးပြောသွားတာပါ။ သေသေချာချာကြည့်ထားတယ်"

"ဒါဆိုရင် ငါ့အသက်ကိုကယ်ခဲ့တဲ့ ဒီပါရဂူနှစ်ယောက်ကို ငါကန်တော့ချင်တယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ နောက်နေ့ ကျွန်တော်ရှာပေးပါ့မယ်"

မကြာမီ ကျွန်ုပ်သည် ထမင်းစားကောင်း၊ အိပ်ကောင်းအောင်နှင့် ပကတိကျန်းမာနေလေသည်။ ထူးထူး၏အစ်မ



www.burmeseclassic.com

www.burmeseclassic.com

လည်း ရောက်လာပြီး အစားအသောက်များယူလာကာ အားပေးစကားပြော၏။

"ဗိုလ်ကြီး၊ ကျွန်မ ထူးထူးအစ်မပါ"

"ဩော် - ဟုတ်ကဲ့. . . ဟုတ်ကဲ့ ကျွန်တော်လည်း ခုသတိရပါပြီ"

"အဖေဒီကိုလာကြည့်သေးတယ်။ ဗိုလ်ကြီးကိုကြည့်ပြီးတော့ စိတ်မကောင်း အတော်ဖြစ်သွားတယ်။ ဒီကပြန်ပြီး ဘုရားခန်းကထွက်မလာဘူး။ ဗိုလ်ကြီးအတွက် အဓိဋ္ဌာန်ဝင်ပြီးပုတီးစိပ်တယ်။ သောက်ဖို့ ရေမန်းပေးလိုက်တယ်"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော်ရှေ့တန်းက ဒီကိုရောက်လာတာ ဝတ်စရာအဝတ်အစားပါမလာဘူး"

"ရတယ်၊ မောင်လေးဝတ်တဲ့ အဝတ်တွေရှိသေးတယ်။ ယူလာပေးမယ်"

"ကျေးဇူးပဲ အစ်မ"

ကျွန်တော်သည် အစ်မယူလာပေးသောအဝတ်အစားများကိုဝတ်ပြီး ဆရာဝန်ခန်းကိုထွက်လာခဲ့သည်။ လူနာများက ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။ တချို့က ပြုံးစိစိလုပ်နေကြသည်။ ဆရာဝန်များက ကျွန်တော်ကိုခေါ်ပြီး ထိုင်စေ၏။

"ဗိုလ်ကြီး၊ ဘာများလိုချင်သလဲ"

"ကျွန်တော် အခု ရောဂါလုံးဝပျောက်သွားပါပြီ။ ကျွန်တော့်ကိုကုသပေးတဲ့ ပါရဂူ (၂) ယောက်ရှိတယ်လို့ တပည့်ကပြောတယ်"

"ဒီမှာရှိတဲ့ပါရဂူတွေရဲ့စာရင်းပဲ"

"တပည့်က လိုက်ကြည့်ပြီး ရှာမတွေ့ဘူးဖြစ်နေတယ်"

"ဘယ်အချိန်ကလာကုတာလဲ"

"ညက (၁) နာရီထိုးလောက်လာကုတာလို့ပြောတယ်"

"ညက ဘယ်ပါရဂူမှမလာဘူး"

"တပည့်ပြောတာ ည (၁) နာရီလောက်လာကုတာ၊ (၃၀)မိနစ်လောက်ကုပြီး ကျွန်တော့်ခြေရင်းက အခန်းထဲပြန်ဝင်သွားကြတယ်လို့ပြောတယ်"

"ဗိုလ်ကြီး၊ ဗိုလ်ကြီးရောဂါပျောက်ပြီး တပည့်ကဖောက်သွားတာဖြစ်မယ်။ ဒီအခန်းက ဆရာဝန်နားနေခန်း မဟုတ်ဘူး။ ဆေးသိုလှောင်ခန်းဘဲ"

"ဗျာ"

"ဟုတ်တယ်၊ ဒီအခန်းက အဝင်အထွက်မရှိဘူး။ ဆေးသိုလှောင်တဲ့ ဂိုဒေါင်ပဲ။ ဗိုလ်ကြီးတပည့်ပြောတာတော့ လွဲနေပြီ"

"ဟုတ်ပြီ၊ ကျွန်တော်သိပြီ"

ညက ကျွန်တော့်အား ဆေးလာကုပေးသောသူမှာ ပါရဂူမဟုတ်ပါ။ အဘအောင်မင်းခေါင်နှင့် အဘဘိုးဘိုးအောင်ပဲဖြစ်ရမည်။ ရှေ့တန်းတွင် လူစဉ်မမီသောကလေးပြောတာဒါပဲဖြစ်ရမည်။ ကျွန်ုပ်သည် အဖြေကိုသိလိုက်ရသဖြင့် ဆရာဝန်၊ ဆရာမများကို နှုတ်ဆက်ပြီး မိမိအခန်းအား ပြန်လာသည်။ ရောဂါပျောက်သွားပြီဖြစ်၍ ဆေးရုံမှဆင်းရမည်။ ပစ္စည်းများသိမ်းပြီး တပ်ရင်းကိုပြန်ဖို့ပြင်ဆင်ရလေသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမှ အရာခံဗိုလ်တစ်ယောက်လည်း အထူးခန်းတွင် ကျွန်ုပ်နှင့်အတူကုသရာ ရောဂါပျောက်ပြီး ဆေးရုံမှဆင်းရမည်။ ကျွန်ုပ်က သူ့ကိုတွေ့ပြီး အားရပါးရနှုတ်ဆက်သည်။ လက်ချင်းဆက်ရုံမက ကိုယ်ချင်းအပ်ပြီး ဖက်ထား၍နှုတ်ဆက်ကြသည်။

"ဗိုလ်ကြီး၊ ကျွန်တော်တို့နှစ်ယောက်သေတွင်းကလွတ်ပြီ။ ဒီအခန်းကဆင်းလာရတာ ဆုံဖို့မလွယ်ဘူး"

"ဆရာကြီးလည်း လူ့ဘဝမှာ ကောင်းမှုကုသိုလ်တွေလုပ်ပြီး ဘဝကိုခရီးဆက်ပါ"

"ဟုတ်ကဲ့ ဗိုလ်ကြီး သွားပြီ။ ဗိုလ်ကြီးကိုအလေးပြုပါတယ်"

"အေးအေး"

မြစ်ကြီးနားမှ အရာခံဗိုလ်ကြီးသည် ကျွန်ုပ်အားနှုတ်ဆက်ပြီး ဆေးရုံမှဆင်းသွားသည်။ ကျွန်ုပ်လည်း တပည့်ကျော်ကိုခေါ်ပြီး ဆေးရုံမှဆင်းလာသည်။

"ဗိုလ်ကြီး၊ ခုနနှုတ်ဆက်တဲ့ဆရာကြီးက ဗိုလ်ကြီးအသိလား"

"ငါ့အသိတော့မဟုတ်ဘူးကွ။ ငါလည်း ခုမှမြင်ဖူးတာ"

"ခုမှမြင်ဖူးကြတဲ့သူနှစ်ယောက်က သူငယ်ချင်းလောက်မက သားအဖလောက် သံယောဇဉ်တွယ်ပြီး နှုတ်ဆက်တာဘာလို့လဲ"

"သူနဲ့ ငါ မေ့ပြီးမြောနေတုန်း အတူနေခဲ့ရတယ်ကွ။ သေရွာပြန်လွတ်တာကလည်း တို့နှစ်ယောက်ဆိုတော့ အသက်နဲ့ရင်းပြီးခင်တာပေါ့ကွာ"

"ဗိုလ်ကြီးအဖြစ်ကလည်း အထူးအဆန်းကြီးပဲ။ ဗိုလ်ကြီးကိုဆေးလာကုတဲ့ ပါရဂူ(၂)ယောက်ကို ကျွန်တော်ကောင်းကောင်းမှတ်မိတယ်။ ညဘက်ဆေးလာကုတာပါလို့ပြောတော့ ဘယ်သူမှမယုံကြဘူး။ ကျွန်တော်လည်းရှုးသွားပြီလို့ ပြောနေကြတာ"

"ဒီပါရဂူ(၂)ယောက်ကို ဘယ်မှာရှာရှာတွေ့မှာမဟုတ်ဘူး။ သူတို့က လူသားတွေမဟုတ်ဘူး"

"ဗျာ - ဒါဆိုဘယ်သူတွေလဲ"

"အဘအောင်မင်းခေါင်နဲ့ အဘဘိုးဘိုးအောင်တို့ (၂)ယောက်ပဲ"

"ဗျာ"

"ဗျာမနေနဲ့။ တို့အဘနှစ်ယောက်ကို ကန်တော့ဖို့သွားကြရအောင်။ ငါ့သူငယ်ချင်းအိမ်မှာ သူတို့စောင့်နေကြတယ်။ ကဲ - သွားကြရအောင်"

ကျွန်တော်သည် အဘနှစ်ယောက်ကို ဓာတ်ခန်းထဲဝင်ပြီး အဘဘိုးမင်းခေါင်နှင့် အဘဘိုးဘိုးအောင်တို့အားပင့်ဖိတ်ပါသည်။ အဘတို့ကို အာရုံပြု၍ လက်ဆယ်ဖြာထိပ်မှာမိုးကာ ရှိခိုးကန်တော့လိုက်ပါသည်။

"ကျေးဇူးရှင်အဘအောင်မင်းခေါင်နှင့် အဘဘိုးဘိုးအောင် ခင်ဗျား။ သားတော် အဘတို့ရဲ့ကျေးဇူးကိုအောက်မေ့ပြီး ကန်တော့လိုက်ပါတယ်။ အဘတို့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့ရင်လည်း သည်းခံခွင့်လွှတ်ပါရန် လက်ဆယ်ဖြာထိပ်မှာမိုးလို့ ရှိခိုးကန်တော့လိုက်ပါတယ်ခင်ဗျာ"

ဝိဇ္ဇာအဘနှစ်ပါးကို ကျေကျေနပ်နပ်အားရပါးရ ကန်တော့ပြီး သားတော်အား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပါရန် ခွင့်ပန်ခဲ့ပါသည်။ ဝိဇ္ဇာလောကမှ မမြင်အပ်ရသောအဘကို ကန်တော့နေသော ဗိုလ်ကြီးအောင်ဇော်လတ်အား ဦးကြွားမောင်ကငေး၍ကြည့်နေပါသည်။ ဗိုလ်သင်တန်းဆင်းစက ဘိုးတော်(၂)ပါးကိုစောင့်ရှောက်ပေးပါဟု အပ်နှံခဲ့စဉ်က မယုံသလိုလို၊ အထင်သေးသလိုလိုနှင့် စိတ်မပါတပါကန်တော့ပါသည်။ လူကြီးကခိုင်းလို့ ကန်တော့ခြင်း ဖြစ်သည်။ ယခု အဘတို့ကို ကန်တော့နေခြင်းမှာ ယုံကြည်မှုအပြည့်နှင့် စိတ်ပါလက်ပါကန်တော့နေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဦးကြွားမောင်က သာဓု(၃)ကြိမ်ခေါ် ဆိုလိုက်ပါသည်။

သာဓု၊ သာဓု၊ သာဓု။

အဏ္ဏဝါလှိုင်း

(ဝိဇ္ဇာတို့ စောင့်ရှောက်မှုကြောင့် သေကံမရောက်ခဲ့သော ဗိုလ်ကြီးတစ်ယောက်၏ကိုယ်တွေ့ကို မှီငြမ်းပြုပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗူဇာတောင်တန်းမှ ရှေးဟောင်းသဘာဝအလှ

ဖန်းချိုထူးလှ(ရှေးဟောင်းသုတေသန)

မြောက်ဦးခေတ်ဦးဆောင်း၏ အအေးဆုံး အချိန်ဟု ပြောရမည်ပင် ဖြစ်ပါသည်။ ၂၀၁၅၊ ဒီဇင်ဘာလလယ်လောက်တွင် ဖြစ်ပါ၏။ မြောက်ဦးရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲတာဝန်ခံဦးညိမ်းလွင် (ညွှန်ကြားရေးမှူး)၏လမ်းညွှန်ချက်ဖြင့် နိဗ္ဗူဇာတောင်တန်းကို တောရှင်း၍ ရှေးဟောင်းအဆောက်အအုံများ ဖော်ထုတ်နေကြပါသည်။ သမိုင်းအဆိုအရ သတ္တရဖန်တောင်စဉ် ခုနစ်လုံးတို့၌ မင်းစောအိုသည် ကြီးကျယ်စွာသော စေတီ(၇)ဆူကို တည်ထားတော်မူခဲ့သည်ဟု အဆိုရှိပါသည်။ သို့သော်လည်း နိဗ္ဗူဇာတောင်တန်းပေါ်က အောက်နိဗ္ဗူဇာ၊ အလယ်နိဗ္ဗူဇာ၊ အထက်နိဗ္ဗူဇာ ဘုရားသုံးဆူကိုသာ လူသိများကြပါသည်။ တောရှင်းသန့်ရှင်းရေးလုပ်လိုက်သည့်အခါ သမိုင်းအဆိုအတိုင်း နိဗ္ဗူဇာတောင်တန်းပေါ်တွင် စေတီ (၇) ဆူကို အမှန်တကယ်တွေ့ရှိလာရပါသည်။

နိဗ္ဗူဇာတောင်တန်းသည် မြောက်ဦးနန်းတော်ကုန်း၏အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အရှေ့



အမှတ် (၁) အောက်နိဗ္ဗူဇာစေတီ သန့်ရှင်းရေးမလုပ်မီ တွေ့ရစဉ်



အမှတ် (၇) အထက်နိဗ္ဗူဇာစေတီတော် တောရှင်းအပြီး တွေ့ရစဉ်




အမှတ် (၇)
အထက်နိဗ္ဗူဇာစေတီတောရှင်းနေစဉ် တွေ့ရှိရသည့် လေးမြို့ခေတ်ဆုတ်စီ



www.burmeseclassic.com


www.burmeseclassic.com




နိဗ္ဗူဇာတောင်တန်းရှိ စေတီတော်များ
တည်ရှိရာပြ မြေပုံကြမ်း

လောင်ဂျီတွဒ် ၂၀˚ . ၅၉၂၅၉၁' နှင့် မြောက်လောင်ဂျီတွဒ် ၉၃˚ . ၂၀၅၉၂၆' တွင် ကျရောက်နေသည်ကို တွေ့ရှိရပါသည်။ တောင်တန်းမှာ တောင်လျား၊ မြောက်လျား တည်ရှိပါ၏။ တောင်တန်း၏ တောင်ဖက်အစွန်းဆုံးနေရာတွင် အမှတ် (၁) အောက်နိဗ္ဗူဇာစေတီတော်ကို တွေ့ရှိရပါသည်။

အမှတ်(၁)အောက်နိဗ္ဗူဇာစေတီတော်မှာ ကျောက်အတိဖြင့်တည်ဆောက်ထားသော စေတီတော်တစ်ဆူပင် ဖြစ်ပါသည်။ စေတီတော်ကို မတူညီသောပုံစံအဆင့်သုံးဆင့်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ အောက်ခြေပုံစံမှာ လေးမျက်နှာတွေ့ရှိရပြီး ကြေးဝန်းအောက်ပစ္စယံအဆင့်များကို ရှစ်မျက်နှာတည်ဆောက်ထားပါသည်။ ကြေးဝန်းအထက်ကို ငှက်ပျောဖူးအထိ အဝန်းပုံစံဖြင့်တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ ပစ္စယံထောင့်ချိုးများတွင် မူလက ပန်းလက်ရာနှင့် အရုပ်များထုဆစ်ခဲ့ဟန်တူပါသည်။ သင်္ကန်းစည်းကို အပြင်သို့ ရှည်ထွက်နေသော ရွဲလုံးများဖြင့် ပတ်လည်တန်ဆာဆင်ထားပါသည်။ ရွဲလုံးများ၏အရင်း၌ ရွဲလုံးခါးပတ်များဖြင့် ပတ်ထားသည်ကို တွေ့ရှိရပါသည်။




ကျောက်ဖျာတွင် ကောက်ကြောင်းရေးဆွဲထားသော ကျောက်ထွင်းစေတီပုံ



www.burmeseclassic.com

www.burmeseclassic.com




အမှတ် (၁) အောက်နိဗ္ဗူတာ တောရှင်းပြီး တွေ့ရစဉ်




အမှတ် (၁) အောက်နိဗ္ဗူတာမှထွက်ရှိသည့် ကျောက်ဆစ်ထက်ရာ


စေတီတော်အောက်ခြေအချင်းမှာ (၃၉) ပေခန့်ရှိပြီး စေတီတော်ဉာဏ်တော်အမြင့်လည်း (၃၉) ပေခန့်ရှိပါလိမ့်မည်။ စေတီတော်ခြေရင်းအရှေ့ဘက်မျက်နှာတွင် အမြင့် (၁၀) ပေခန့်၊ ဒူးစွန်းနှစ်ဖက်အကျယ် (၇) ပေခန့်နှင့် ပခုံးစွန်းနှစ်ဖက်အကျယ် (၅) ပေခန့်ရှိသော လေးမြို့ခေတ်လက်ရာ ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပါသည်။ ဆင်းတုတော်ကြီးမှာ မဏိတော်နှစ်ဆင့်နှင့် ရောင်ယှံ့တော်တစ်ဆင့်ပါရှိပါသည်။ ဦးတော်အထက်တွင် အဆင့်သုံးဆင့်ပါရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော် ဦးခေါင်းမှာကြီးပြီး မျက်နှာအောက်ပိုင်းသွယ်သည်ကို ဖူးတွေ့ရပါသည်။ ဦးတော်တွင် ဆံစုပိန္နဲစုများမတွေ့ရှိရဘဲ အချောသာတွေ့ရှိရပါသည်။ နားရွက်တော်နှစ်ဖက်မှာ ပခုံးထိပျော့အိစွာထိနေသည်ကို တွေ့ရှိရပါသည်။ နားတော်မှာကားပြီး နားဝကိုပန်းလိပ်ခွေသဏ္ဌာန်ဖော်ထားပါသည်။ နားအောက်ပိုင်းတွင် ထောင့်ချိုးတွင်းသဏ္ဌာန်ဖော်ထားပါသည်။ မျက်ခုံးကိုလေးကိုင်းသဏ္ဌာန်ဖူးတွေ့ရပြီး မျက်လုံးတွင် အပေါ်မျက်ရစ်ဖော်ထားသည်ကို ဖူးတွေ့ရပါသည်။ နှာခေါင်းမှာ နှာတံစင်းပြီး ပါးစပ်စူထွက်နေသည်ကို တွေ့ရှိရပါသည်။ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်တို့ကိုနောက်မှ ဘိလပ်မြေဖြင့်မံထားသည့်အနေအထားတွေ့ရှိရသည်။ လည်ပင်း



အမှတ် (၂) နိဗ္ဗူတာစေတီ တောရှင်းနေဆဲ



အမှတ် (၂) နိဗ္ဗူတာစေတီ တောရှင်းပြီး တွေ့ရစဉ်



အမှတ် (၃) အောက်နိဗ္ဗူတာစေတီ တောရှင်းနေဆဲ




အမှတ် (၃) နိဗ္ဗူတာစေတီ တောရှင်းအပြီး တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၄) နိဗ္ဗူဇာစေတီ တောမရှင်းမီ တွေ့ရစဉ်



အမှတ် (၅) နိဗ္ဗူဇာစေတီ တောမရှင်းမီ တွေ့ရစဉ်



အမှတ် (၄) နိဗ္ဗူဇာစေတီ တောရှင်းနေဆဲ



အမှတ် (၅) အောက်နိဗ္ဗူဇာစေတီ တောရှင်းပြီး တွေ့ရစဉ်

တွင် လည်ရစ်တော်လေးရစ် ထူးခြားစွာ တွေ့ရှိရပါသည်။ အခြားဘုရားဆင်းတုတော်များတွင် များသောအားဖြင့် သုံးရစ်သာတွေ့ရှိရပါသည်။ ဆင်းတုတော်တွင် လက်ချောင်း၊ ခြေချောင်းတော်များကို အသေးစိတ်ထွင်းထုထားပြီး လက်သည်းကွင်းများလည်းဖော်ထားပါသည်။ ခြေဖဝါးတွင် ခြေချောင်းများ၌ ခြေဆစ်များကိုအသေးစိတ်ဖော်ထားပါသည်။ ဘယ်ဘက်လက်ညှိုးအောက်တွင် အလုံးလေးတစ်လုံးပါရှိပါသည်။ ချက်တော်ကို အပေါက်လေးဖော်ထားပါသည်။ တင်ပျဉ်ခွေထိုင်နေသည့်ဟန်မှာ ခြေထပ်ထားသည့်အနေအထားကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကို စမ္မခဏ်ဖြင့်တစ်ဆက်တည်း ထုဆစ်ထားပါသည်။ စမ္မခဏ်အောက်တွင်သာ ပလ္လင်တော်ကိုအလွတ်တွေ့ရှိရပါသည်။

မူလက ဤကျောက်ဆင်းတုတော်ကြီးကို ရွှေချခဲ့ပါလိမ့်မည်။ သစ်စေးများ၊ ရွှေမှုန့်များကပ်ကျန်နေသည်ကို တွေ့ရှိရပါ၏။ ဆင်းတုတော်ကြီးမှာ ပဇင်္ဂမုဒြာဆင်းတုတော်ကြီးတစ်ဆူပင်ဖြစ်ပါသည်။ ပလ္လင်တော်မှာ အရှေ့၊ အနောက် (၈၂) ပေခန့်၊ တောင်၊ မြောက် (၁၃) ပေနှစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကြီးမှာ မြောက်ဦးဧရိယာတွင် ရှားပါးသော လေးမြို့ခေတ်လက်ရာဆင်းတုတော်ကြီးတစ်ဆူပင်ဖြစ်ပါသည်။ လေးမြို့ခေတ် ဆိုသည်မှာ ပုဂံခေတ်နှင့်ခေတ်ပြိုင်ကို ရခိုင်၌ လေးမြို့ခေတ်ဟု ခေါ် ဆိုပါသည်။ ဆင်းတုတော်ကြီး ပလ္လင်ခုံကို ၁၉၉၇ ခုနှစ်တွင် ဦးသာခါကျော်၊ ဒေါ်မထွေး၊ ဒေါ်သာနှင်း၊ ဦးခင်မောင်သန်း ဇနီး ဒေါ်မစံဝင်းတို့မှ မွမ်းမံခဲ့သည်ဟု ပလ္လင်ခါးဆစ်တွင် ကမ္ပည်းစာရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်ကြီးအမိုးအကာကိုလည်း ၁၃၆၂ ခု၊ တန်ဆောင်မုန်းလဆန်း၉ရက်နေ့တွင် ဦးခင်မောင်သန်း၊ ဇနီးဒေါ်မစံဝင်းတို့မိသားစုမှ လှူဒါန်းခဲ့သည်ဟုသိရှိရပါသည်။ တက်လမ်းကျောက်လှေကားကိုလည်း ဦးခင်မောင်သန်းမိသားစုမှ မွမ်းမံလှူဒါန်းခဲ့ပါသည်။

အမှတ်(၁)အောက်နိဗ္ဗူဇာစေတီတော်ကို ၁၉၉၇ ခုနှစ်က မြောက်ဦးရှေးဟောင်းသုတေသနဌာနခွဲမှ မွမ်းမံထိန်းသိမ်းခဲ့ပါသည်။ ထိုသို့ ထိန်းသိမ်းပြုပြင်ခဲ့စဉ်က ဝေသာလီခေတ်စာ အရေးအသားပါ အုတ်ခွက်ဘုရား၊ ကျောက်ဆစ်လက်ရာ၊ လေးမြို့ခေတ် ဆင်းတုတော်များနှင့် ကျောက်ချပ်ပေါ်တွင် ကောက်ကြောင်းရေးဆွဲထားစေတီတော်ပုံသဏ္ဌာန်တစ်ခုကိုလည်း ဖူးတွေ့ရပါသည်။ ကျောက်ဆစ်လက်ရာကိုလည်း ဝေသာလီခေတ် အေဒီ ၈ ရာစု သူရိယနတ်ရုပ် ကျောက်ဆစ်ရုပ်ကြွလက်ရာဟု ပြတိုက်တွင် ထိန်းသိမ်းပြသထားသည်ကို တွေ့ရှိရပါသည်။ ကျောက်ပြားပေါ်တွင် ရေးဆွဲထားသော စေတီတော်ပုံဆွဲမှာ အမြင့်(၂)ပေ၊(၁)လက်မခန့်နှင့် အောက်ခြေအကျယ် (၁) ပေ၊ (၂) လက်မခန့်ရှိသည်ကို တွေ့ရှိရ၏။ စေတီတော်ကောက်ကြောင်းရေးဆွဲထားသော ကျောက်ဖျာမှာ အလျား (၃) ပေခန့်၊ အနံ (၁) ပေ၊ (၉) လက်မခန့်နှင့် အထူ (၆) လက်မခန့်ရှိပါသည်။ ဤကျောက်ဖျာကို အောက်နိဗ္ဗူဇာစေတီတော် အနောက်တောင်ဘက်ခြေရင်းတွင် တွေ့ရှိနိုင်ပါသည်။

အမှတ်(၁)အောက်နိဗ္ဗူဇာစေတီ မြောက်ဘက်တွင် အမှတ် (၂) နိဗ္ဗူဇာစေတီတော်ကို တွေ့ရှိရပါသည်။ အမှတ် (၂) နိဗ္ဗူဇာစေတီတော်မှာ ကျောက်စေတီကုန်းအဆင့်သာ တွေ့ရှိရပါတော့သည်။ စေတီကုန်းမှာ အမြင့် (၃) ပေခန့်၊ အရှေ့ အနောက်အကျယ် (၄၂) ပေခန့်နှင့် တောင်မြောက်အကျယ် (၃၀) ပေခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ စေတီကုန်းကျောက်ပုံထဲတွင် ဆင်းတုတော်ငယ်အကျိုးများကို ပြန့်ကျဲလျက်တွေ့ရှိရပါသည်။ နိဗ္ဗူဇာစေတီတော်ကုန်း

www.burmeseclassic.com



**အမှတ် (၆) အောက်နိဗ္ဗုဇာစေတီ တောရှင်းနေဆဲ**

အမှတ် (၂) မှ နံပါတ် (က) ဆင်းတုတော်ကျိုးတစ်ဆူမှာ အမြင့် (၁½)ပေခန့်ရှိပြီး ဒူးစွန်းနှစ်ဖက်အကျယ် (၂)ပေခန့်နှင့် ပခုံးစွန်းနှစ်ဖက်အကျယ် (၁) ပေ၊ (၂) လက်မခန့်ရှိပါသည်။ ဦးတော်ကျိုးပဲ့သောပြီး ဒူးစွန်းနှစ်ဖက်လည်းကျိုးနေသည်ကို တွေ့ရှိရပါသည်။ ညာဘက်ပခုံးစွန်းလည်း ရင်အုံမှကျိုးနေပြီး ဆင်းတုတော်မှာ ခြေထပ်ပဇင်္ဂမှုဒြာအမျိုးအစားကျောက် ဆင်းတုတော်ကျိုးတစ်ဆူပင်ဖြစ်ပါသည်။ အပေါ်ပိုင်း အချောသားတွေ့ရှိရပြီး ခါးဆစ်တွင် သင်းပိုင်ရစ်ဖော်ထားသည်ကို တွေ့ရှိရ၏။ ဤဆင်းတုတော်ကျိုးမှာ မြောက်ဦးခေတ်လက်ရာဟန်သာတွေ့ရှိရပါသည်။ ဆင်းတုတော်ညာဘက် ပေါင်တော်ကို မုလကပင်ဆက်ခဲ့သည့် တွင်းပေါက်ပါရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်ကျိုးရှေ့တွင် ဦးတော်တစ်လုံးကိုလည်း တွေ့ရှိရပါသည်။ ဦးတော်မှာ လုံးပပြီး လက်ရာမြောက်လှပါသည်။ ဦးတော်အမြင့် (၁၁) လက်မခန့်၊ အကျယ် (၇½) လက်မခန့်နှင့် အထူ (၆½) လက်မခန့်ရှိပါသည်။ နဖူးတော်တွင် ဆံပင်ချောင်းများကို လက်ယာရစ်ပတ်၍ ထိပ်တွင်စုထားပါသည်။ ဦးခေါင်းတော်အချောသားတွေ့ရှိရပြီး ဦးခေါင်းတော်နှင့်မျက်နှာတော်အကြား နဖူးသင်းကျစ်တော်ကို ဖောင်းကြွတစ်လုံးဖြင့် အလှဆင်ထားပါသည်။ မျက်ခုံးတော်အားကောင်းမှုမရှိပေ။ မျက်ခွံတော်တွင် အပေါ်မျက်ရစ်နှစ်ရစ်ဖော်ထား၏။ နှာဝတော်ပွကားပြီး ပါးစပ်တော်ပြုံးနေပါသည်။ အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ နားတော်နှစ်ဖက်မတွေ့ရှိရတော့ပေ။

နံပါတ် (ခ) ဆင်းတုတော်ကျိုးတစ်ခုမှာ တင်ပဆုံပိုင်းသာတွေ့ရှိရပါသည်။ တွေ့ရှိရသည့် ကျောက်ဆင်းတုတော် တင်ပဆုံပိုင်း အမြင့်(၉)လက်မခန့်ရှိပြီး ဒူးစွန်းနှစ်ဖက်အကျယ် (၁)ပေ၊ (၆) လက်မခန့်နှင့် အထူ (၁၀) လက်မခန့်ရှိပါသည်။ ခြေထပ်တင်ပျဉ်ခွေပြီး ဘူမိဖဿအမျိုးအစား ဆင်းတုတော်ကျိုးတစ်ဆူပင်ဖြစ်ပါသည်။ ဆင်းတုတော်နှင့်တစ်ဆက်တည်း ပလ္လင်ကိုပါထုဆစ်ထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်တော်ကို ကြာလန်များဖြင့် အလှဆင်ထားပါ၏။ ပလ္လင်အမြင့် (၉) လက်မခန့်ရှိပါသည်။ ကြာလန်များမှာ နှစ်ထပ်ကြာဖတ်နှင့် ကြားညှပ်ကြာဖတ်များဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော် တင်ပဆုံကျိုးအနီးတွင် ရင်အုံတော်တစ်ခုကိုလည်း တွေ့ရှိရပါသည်။ အမြင့်(၉½)လက်မခန့်၊ အကျယ် (၁၀) လက်မခန့်နှင့် အထူ (၆)လက်မခန့်ရှိပါသည်။ဤဆင်းတုတော်ကျိုးကျောက်ဆစ်လက်ရာအပိုင်းအစတွင် လည်ရစ်နှစ်ရစ်နှင့် ချက်ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ ဤဆင်းတုတော်ကျိုးအနီးအနားတွင် ဦးတော်ကျိုးတစ်လုံးကိုလည်း တွေ့ရှိရပါသေးသည်။ ဤဦးတော်ကျိုးကို ကျောက်ဖြင့် ထုဆစ်ထားပြီး အမြင့် (၉)လက်မခန့်၊ အကျယ် (၇)လက်မခန့်နှင့် အထူ(၆)လက်မခန့်ရှိသည်။ ဦးတော်မှာ နားတော်၊ မျက်နှာတော်ပျက်စီးသည်ကို တွေ့ရှိရပါသည်။ ဦးတော်တစ်ခုလုံးကို ဆံစုများဖြင့်အလှဆင်ထားပါ၏။ ဤလက်ရာများကို မြောက်ဦးခေတ်လက်ရာအနေအထားမျိုးသာတွေ့ရှိရပါသည်။

နံပါတ်(ဂ) ကျောက်ဆင်းတုတော်ကျိုးတစ်ခုကိုလည်းထပ်တွေ့ရှိရပါသည်။ အမြင့် (၈) လက်မခန့်၊ အကျယ် (၉) လက်မခန့်နှင့် အထူ (၅) လက်မခန့်ရှိပါသည်။ ပလ္လင်နှင့်တစ်ဆက်တည်း ထွင်းထုထားပါ၏။ ပလ္လင်တော်မှာ ဆုံသဏ္ဍာန်သာတွေ့ရှိရပါသည်။ တင်ပဆုံပိုင်းထဲမှခြေတော်မှာ ထပ်ထားသည့်အနေအထားမျိုးတွေ့ရှိရပြီး လက်တော်ဟန်အနေအထားမှာ ဘူမိဖဿဟန်အနေအထားမျိုး ဖူးတွေ့ရပါသည်။ ခါးဆစ်တွင်လည်း ဆက်ထားသည့်တွင်းပေါက်တစ်ပေါက် တွေ့ရှိရပါသည်။ ဤတင်ပဆုံကျိုးအနီးတွင် ဦးတော်ကျိုးငယ်တစ်လုံးကို တွေ့ရှိရပါသည်။ အမြင့် (၄) လက်မခန့်၊ အကျယ် (၄)လက်မခန့်နှင့် အထူ (၂¾) လက်မခန့်ရှိပါသည်။ ဦးတော်နှင့်နားရွက်တော်မှာ အချောသာတွေ့ရှိရပါသည်။ မျက်ခုံးမှာ လေးကိုင်းသဏ္ဍာန်တွေ့ရှိရပြီး မျက်လုံးသွယ်ပါသည်။ နှာတံကို၍ နှာဝကားသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှာ တည်ငြိမ်လှပါ၏။ လည်ပင်းတွင်လည်း တွင်းပေါက်တစ်ပေါက်ပါရှိသည်။ လည်ပင်းဆက်ရန်အတွက်ဖောက်ထားသည့်အပေါက်နှင့်တူပါသည်။ ဤလက်ရာသည်လည်း မြောက်ဦးခေတ်လက်ရာဖြစ်ဟန်ရှိပါ၏။

နံပါတ် (ဃ) ကျောက်ဆင်းတုတင်ပဆုံတစ်ခုကိုလည်းတွေ့ရှိရပါသည်။ တင်ပဆုံအမြင့် (၉) လက်မခန့်၊ ဒူးစွန်းနှစ်ဖက်အကျယ် (၁၀) လက်မခန့်နှင့် အထူ(၆½)လက်မခန့်ရှိပါသည်။ ဆင်းတုတော်ကျိုးမှာ ခြေထပ်ထားသည့် အနေအထားမျိုးတွေ့ရှိရပြီး လက်တော်ဟန်အနေအထားမှာ ပဇင်္ဂမှုဒြာဟန်အနေအထားမျိုး တွေ့ရှိရပါသည်။ ဆင်းတုတော်ကျိုးမှာ ပလ္လင်နှင့်တစ်ဆက်တည်းထွင်းထုထားသည့်အနေအထားမျိုးတွေ့ရှိရပြီး ပလ္လင်တော်မှာ အဆင်တန်ဆာများမပါရှိဘဲ ဆုံသဘောမျိုးသာတွေ့ရှိရပါသည်။ ပလ္လင်တော်အမြင့် (၃) လက်မခန့်ရှိပါ၏။ ပလ္လင်တော်ရှေ့မျက်နှာဖက်တွင် တွင်းပေါက်သုံးပေါက်ဖောက်ထားသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကျိုးအနီးတွင် ဦးတော်ကျိုးတစ်လုံးကိုလည်း တွေ့ရှိရပါသည်။ အချောသာတွေ့ရှိရပါ၏။ ဦးတော်ကျိုးအနီးတွင် ဆင်းတုတော်ကိုယ်ထည်တစ်ပိုင်းကိုလည်း တွေ့ရှိရပါသည်။ အမြင့် (၁) ပေ (၂) လက်မခန့်၊ အကျယ် (၈) လက်မခန့်နှင့် အထူ (၆) လက်မခန့်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်ကိုယ်ထည်ပိုင်းမှာ ညာဘက် လက်မောင်းရင်းတစ်ပိုင်းသာပါရှိသည်။ ခါးတွင်သင်းပိုင်ရစ်တစ်ရစ်လည်း ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကျိုးအပိုင်းအစလက်ရာများသည်လည်း မြောက်ဦးခေတ်လက်ရာများသာဖြစ်သည်ကို တွေ့ရှိရပါသည်။

အမှတ် (၂) နိဗ္ဗူဇာစေတီတော်ကုန်း အနောက်မြောက်ဘက်တောင်ဆွယ်တွင် အမှတ်(၃)နိဗ္ဗူဇာစေတီတော်ကုန်းကို တွေ့ရှိရပါသည်။ဤစေတီတော်မှာလည်း ကျောက်စေတီတော်ကုန်း အနေအထားမျိုးသာ ဖြစ်ပါသည်။ ကျောက်စေတီတော်အမြင့် (၁၅)ပေခန့်နှင့် အောက်ခြေအချင်း (၅၀)ပေခန့်ရှိပါသည်။ စေတီတော်ဟောင်းအပေါ်ပိုင်းကို ညောင်ပင်ကြီးကင်ထားသည်ကို တွေ့ရှိရပါသည်။ စေတီတော်အောက်ခြေရှစ်မျက်နှာအနေအထားမျိုးတွေ့ရှိပြီး အပေါ်ပိုင်းအဝန်းတက်သွားသည့်အနေအထားမျိုးတွေ့ရှိရပါသည်။ စေတီတော်ဟောင်းအရှေ့ဘက်ခြေရင်းတွင် ကျောက်ဘုရားဆင်းတုတော်ကျိုးနှစ်ဆူနှင့် ဦးတော်တစ်လုံးတွေ့ရှိပြီး ကျောက်ပလ္လင်အစိတ်အပိုင်းများလည်းတွေ့ရှိရ၏။ ကျောက်ဆင်းတုတော်ကျိုးနံပါတ် (က) အစိတ်အပိုင်းလက်ရာမှာ အမြင့် (၄) ပေခန့်၊ ဒူးစွန်းနှစ်ဖက်အကျယ် (၄½) ပေခန့်နှင့် ပခုံးစွန်းနှစ်ဖက်အကျယ် (၃)ပေခန့်ရှိပါသည်။ ဦးတော်မပါရှိတော့ပေ။ ဆင်းတုတော်ကျိုး၏ တင်ပျဉ်ခွေထိုင်ထားသည့် အောက်တွင် စမ္ပခဏ်ပါရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်မှာ ဘူမိဖဿဟန်အနေအထားမျိုး တွေ့ရှိရပါသည်။ ညာဘက်လက်ဖျား မပါရှိတော့ပေ။ အံစွပ်သည့်အရာသာတွေ့ရှိရပါ၏။ ခြေတော်နှစ်ဖက်ထပ်ထားသည့်ဟန်တွေ့ရှိရပါသည်။ ဆင်းတုတော် အောက်ခြေအထု (၂½) ပေခန့်ရှိပါသည်။ အပေါ်ပိုင်းတွင် လက်မောင်းရင်း နှစ်ဖက်စလုံးလည်းကျန်ရှိနေသည်ကိုတွေ့ရှိရသည်။ ခန္ဓာကိုယ်တော်လည်း ကျန်ရှိပါ၏။ ရှေ့ဒူးနှစ်ဖက်စလုံးတွင် ကျောက်သားမပြည့်၍ အံစွပ်သည့်အနေအထားမျိုး တွေ့ရှိရပါ၏။ဗိုရစ်သည့်အပေါက်ကလေးတောင်ပါရှိပါသေးသည်။

နံပါတ်(ခ)ကျောက်ဆင်းတုတော်ကျိုးသည်လည်း အမြင့်(၁½)ပေခန့်ရှိပြီး ဒူးစွန်းနှစ်ဖက်အကျယ် (၃½) ပေခန့်နှင့် အထု (၁½) ပေခန့်ရှိပါသည်။ ဆင်းတုတော်ကျိုးတွင် ဘယ်ဘက်လက်ချောင်းသာတွေ့ရှိရပြီး ညာဘက်လက်ချောင်းများ မတွေ့ရှိရတော့ပေ။ ညာဘက်ဒူးလည်းမတွေ့ရှိရသည့်အပြင် ခါးမှအပေါ်ပိုင်းလည်း မတွေ့ရှိရပါ။ ခြေဖျားထပ်ထားသော ညာဘက်ခြေထောက်တွင် ခြေဖျားခြေချောင်းလေးများအသေးစိတ်တွေ့ရှိရပါသည်။ ညာဘက်ခြေထောက်ခြေချင်းဝတ်တွင်လည်း သင်းပိုင်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကျိုး၏ရှေ့တွင် ရင်အုံတော်လိုလို အပိုင်းတစ်ပိုင်းတွေ့ရှိရပါသည်။ အကျယ် (၁) ပေ၊ (၉) လက်မခန့်၊ အမြင့် (၁) ပေ (၁) လက်မခန့်နှင့် အထု (၁) ပေခန့်ရှိပါသည်။ အချင်း (၇)လက်မခန့်ရှိသော လက်မောင်းကျိုးများလည်း ပြန့်ကျဲနေသည်ကို တွေ့ရှိရပါသည်။ ဤဆင်းတုတော်ကျိုး၏ အရှေ့ဘက် ငါးပေခန့်အကွာတွင် သိမ်တိုင်ဟောင်းကျောက်တိုင်တစ်တိုင်ကိုလည်း မြေကြီး၌စိုက်ထားသည်ကို တွေ့ရှိရပါသည်။ မြေပေါ် အမြင့် (၁)ပေ၊ (½) လက်မခန့်ရှိပါ၏။ သိမ်တိုင်မှာ အဆင့်နှစ်ဆင့်ခံထားပြီး အောက်ခြေလေးမျက်နှာအပေါ် လုံး၍တက်သောသည်ကို တွေ့ရှိရပါသည်။

နံပါတ် (ဂ) ဦးတော်ကျိုးအမြင့်မှာလည်း (၁½) ပေခန့်ရှိပြီး အကျယ် (၁) ပေ၊ (၁) လက်မခန့်ရှိပါသည်။ ဦးတော်အထု (၁)ပေခန့်ရှိပါ၏။ မျက်နှာတော်လုံးသွယ်ပြီး နားတော်နှစ်ဖက်လည်း ပဲ့လေပေပြီ။ ဦးတော်အထက်မကိုဋ်တော်အမြင့်မှာ (၄) လက်မခန့်ရှိပြီး မကိုဋ်တော် အချင်း (၈) လက်မခန့်ရှိပါသည်။ မျက်နှာတော်၏နဖူးဆံစတွင် နဖူးသင်းကျစ်တော်အဖြစ် ဖောင်းလုံးငယ်တစ်လုံးပါရှိပါသည်။ မျက်ခုံးတော်မှာ လေးကိုင်းသဏ္ဌာန်ခပ်မှိုမှိုတွေ့ရှိရပြီး မျက်လုံးနှစ်လုံးစလုံးတွင် အပေါ် မျက်ရစ်နှစ်ရစ်ဖော်ထားပါသည်။ နှာတော်စင်းပြီးနှာဝတော်နှင့် နှုတ်ခမ်းတော်အကျယ်အတူတူပင်တွေ့ရှိရပါသည်။ နှာရေခံအရစ်လည်းဖော်ထားပါ၏။ နှုတ်ခမ်းတော်ပြုံးပြီး အပေါ်နှုတ်ခမ်းရစ်၊ အောက်နှုတ်ခမ်းရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ နှုတ်ခမ်းထောင့်တွင်လည်း အရစ်ဖော်ထားပါ၏။ မေးစေ့ဘယ်ဘက်ပဲ့နေပြီး မေးစေ့အောက်ခွက်နေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင်လည်း လည်ရစ်နှစ်ရစ်ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဤအမှတ်(၃)နိဗ္ဗူဇာစေတီကုန်းမှ အပြင်၌တွေ့ရှိရသောလက်ရာများမှာ မြောက်ဦးခေတ်လက်ရာ အနေအထားများဖြင့်သာ တွေ့ရှိရပါသည်။ အမှတ် (၃) နိဗ္ဗူဇာစေတီကုန်းနှင့် အမှတ် (၄) နိဗ္ဗူဇာစေတီကုန်းကြားတွင် အရှည်ပေ (၁၂)ပေခန့်နှင့် အကျယ်ပေ(၁၀)ပေခန့်ရှိသော ကျောက်လှေကားဟောင်းကြီး တစ်ခုကိုလည်းတွေ့ရှိရပါသည်။ ကျောက်လှေကားပေါ်တွင် ကျောက်ဆစ်လက်ရာအဖြစ် ကြာဖတ်များဖြင့် ကြာဆုံအပိုင်းအစတစ်ခုကို တွေ့ရှိရပါသည်။ အမှတ် (၃) နိဗ္ဗူဇာစေတီကုန်းသည် အမှတ် (၄) အလယ်နိဗ္ဗူဇာကုန်း၏ အနောက်ဘက်တောင်ဆွယ်ကုန်းအနိမ့်တွင် တွေ့ရှိနိုင်ပါသည်။

အမှတ်(၄)အလယ်နိဗ္ဗူဇာစေတီကုန်းမှာ အောက်ခြေအချင်း (၃၄) ပေခန့်၊ အမြင့် (၁၀)ပေခန့်နှင့် ကျန်ရှိသည့် ထိပ်ဝအချင်း (၁၃) ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ထိပ်ဝအလယ်တွင် (၄) ပေခန့်အနက်တူးထားသော တွင်းတစ်တွင်းကိုလည်း တွေ့ရှိရပါ၏။ ဤစေတီတော်ကုန်းကို အုတ်နှင့်ကျောက်ညှပ်၍သုံးထားသည့် အနေအထားမျိုးတွေ့ရှိရပါ၏။အုတ်ချပ်တချို့မှာ အလျား (၉)လက်မ၊ အနံ (၇½)လက်မနှင့် အထု (၂) လက်မခန့်ရှိပါသည်။ အုတ်ဆိုဒ်အရွယ်အစားမှာ တစ်မျိုးတည်းလက်ရာများမဟုတ်ဘဲ တြိဂံပုံသဏ္ဌာန်အုတ်ချပ်ငယ်များကိုလည်း တွေ့ရှိရပါသည်။ အုတ်ချပ်အရွယ်အစားအမျိုးမျိုးတွေ့ရှိရပါ၏။ စေတီတော်အောက်ခြေပုံစံမှာ လေးမျက်နှာအနေအထားမျိုးတွေ့ရှိရ၏။ စေတီတော်ကုန်းမှ ကျောက်တံတိုင်းတစ်ထပ်တွေ့ရှိရပါ၏။ ကျောက်တံတိုင်းဖြစ်ပါသည်။ စေတီတော်ကုန်းမှကျောက်တံတိုင်းဘက်သို့ ပေ (၂၀)ခန့် ကွာသည်ကို တွေ့ရှိရပါသည်။ တံတိုင်းအရှေ့အနောက် အလျား ပေ(၇၀)ခန့်၊ တောင်မြောက်အလျား (၈၀)ပေခန့်နှင့် တံတိုင်းအထု အကျယ် (၅) ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤစေတီတော်ကုန်းမှာ အုတ်ချပ်နှင့် ကျောက်တုံးများပါ ပြန့်ကျဲနေသည်ကိုတွေ့ရှိရသည်။ မြောက်ဘက်မျက်နှာတံတိုင်းမှာလည်း ကျောက်စကျောက်နများ လုံးဝမတွေ့ရှိရတော့ပေ။ ကျောက်များကိုဖျက်ဆီးသယ်သွားသည့် အနေအထားမျိုး တွေ့ရှိရပါသည်။ ဤအမှတ် (၄) အလယ်နိဗ္ဗူဇာစေတီတော်တွင် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်နှစ်ခေတ်လက်ရာများကိုတွေ့ရှိရပါသည်။

အမှတ် (၄) အလယ်နိဗ္ဗူဇာစေတီကုန်းမြောက်ဘက်တွင် အမှတ် (၅) နိဗ္ဗူ



www.burmeseclassic.com

www.burmeseclassic.com

အတုန်းကိုတွေ့ရှိရပါသည်။ ဤအမှတ် (၅) နိဗ္ဗူဇာဘုရားကုန်းမှာ အမြင့်(၃)ပေခန့် တောင်မြောက် (၃၆) ပေခန့်နှင့် အရှေ့အနောက် (၃၂) ပေခန့်ရှိသော ကုန်းတစ်ကုန်း ဖြစ်ပါသည်။ ကုန်းပတ်လည်ကို ကျောက်တုံးများဖြင့်ပတ်စီထားသည်ကို တွေ့ရှိရပါသည်။ ကုန်းအလယ်တွင် အုတ်စအုတ်နများနှင့် အလုံးကျောက်များ ပြန့်ကျဲစွာတွေ့ရှိရပါသည်။ ကုန်းတော်၏အနောက်ဘက်မြေပြင်လောက်၌ မှောက်နေသောကျောက်ဆင်းတုတော်ကျိုးကြီးတစ်ဆူဖူးတွေ့ရပါသည်။ ဆင်းတုတော်ကျိုးကြီးမှာ အမြင့် (၁) ပေခန့်ရှိပြီး အကျယ် (၅) ပေခန့်နှင့် အထု (၃)ပေခန့်ရှိပါသည်။ဆင်းတုတော်၏လက်မောင်းတော်အပိုင်းအစလည်း ဆင်းတုတော်ရှေ့တွင် ပြန့်ကျဲနေသည်ကို တွေ့ရှိရပါသည်။ အလျား (၂½) ပေခန့်နှင့် အချင်း (၁၀) လက်မခန့်ရှိပါသည်။ ဆင်းတုတော်ကျိုးမှာ သင်္ကန်းအရစ်သင်္ကန်းအစဖော်ထားပြီး ခါးအောက်တွင် သင်းပိုင်ရစ်လည်းဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်မှာ ဘူမိဖဿဆင်းတုတော်အနေအထားမျိုး ဖူးတွေ့ရပြီး မြောက်ဦးခေတ်လက်ရာဟန်ဖြစ်ဖွယ်ရှိပါသည်။

ဆင်းတုတော်ကျိုးတောင်ဘက်တွင် ပလ္လင်တော်အစိတ်အပိုင်းများကိုလည်း ပြန့်ကျဲစွာတွေ့ရှိရပါသည်။ ပလ္လင်တော်ခုံတွင် ကြာမှောက်၊ ကြာလန်၊ ကြာနု၊ ကြာရင့်များ၊ ရွဲလုံးများနှင့် နှစ်ထပ်ကြာဖတ်၊ ကြာညှပ်ကြာသေးများဖြင့် အလှဆင်ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်ခါးလယ်မှ မှန်ကူကွက်များနှင့် ဖောင်းလုံးများဖြင့် အလှဆင်ဖန်တီးထားသည်ကိုလည်း တွေ့ရှိရ၏။ အကောင်းအတိုင်းတွေ့ရမည်ဆိုပါက အလွန်လက်ရာမြောက်သော ပလ္လင်တစ်လုံးဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ပလ္လင်အောက်ခြေအကျယ် (၈) ပေနီးပါးခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤအမှတ် (၅) နိဗ္ဗူဇာဘုရားတွင် လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်လက်ရာများကို ရောထွေးစွာ တွေ့လာတွေ့ရှိရပါသည်။

အမှတ် (၅) နိဗ္ဗူဇာဘုရားကုန်း မြောက်ဘက်တွင် ကပ်လျက် အမှတ်(၆) နိဗ္ဗူဇာဘုရားကုန်းကို လေ့လာတွေ့ရှိရပါသည်။ ဤကုန်းတော်ပတ်လည်အမြင့် (၁)ပေခန့်ရှိပြီး တောင်မြောက်အရှည် (၁၁)ပေခန့်နှင့် အရှေ့အနောက်အရှည် (၅) ပေခန့်ရှိပါသည်။ ကုန်းပတ်ပတ်လည်ကို အုတ်များဖြင့်ပတ်စီထားသည်ကို တွေ့ရှိရပါသည်။ ကျောက်တုံးများတချို့လည်း ပြန့်ကျဲနေသည်ကိုတွေ့ရှိရပါသည်။ ဤကုန်းတော်အလယ်တွင် ဆင်းတုတော်ကျိုး (၃) ဆူနှင့် ကျောက်ဖျာတစ်ချပ်၊ ကျောက်ရေထုတ်မြောင်းတစ်ခုကိုလည်း တွေ့ရှိရပါသည်။



အမှတ် (၇) အထက်နိဗ္ဗူဇာစေတီ တောမရှင်းမီ တွေ့ရစဉ်

ဆင်းတုတော်ကျိုး အကြီးဆုံးမှာ ဉာဏ်တော်အမြင့်(၄)ပေခန့်၊ ဒူးစွန်းနှစ်ဖက်အကျယ် (၃)ပေ၊ (၉)လက်မခန့်နှင့် ပခုံးစွန်းနှစ်ဖက်အကျယ် (၂½) ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်ကျိုးမှာ အချိုးအစားပြေပြစ်လှပပါ၏။ ဦးတော်ကိုမတွေ့ရှိရတော့ပေ။ လည်ပင်းတွင် လည်ရစ်သုံးရစ်သာကျန်ရှိသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ပခုံးသားလည်းပဲ့နေသည်ကို တွေ့ရှိရပါသည်။ ခါးတွင် သင်းပိုင်ရစ်ဖော်ထားပါ၏။ သင်းပိုင်ရစ်အထက်တွင် ချက်တော်ကို အဝိုင်းငယ်ဖော်ထားသည်။ လက်တော်နှစ်ချောင်းစလုံးကို ပျော့ပျောင်းသည့် အလားထွင်းထုထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်လက်တွင် လက်မပဲ့နေပါ၏။ ညာဘက်လက်ချောင်း ပလ္လင်ပေါ်ထိထားပါသည်။ လက်ချောင်းများအဖျားတွင် လက်သည်းခွံဖော်ထားပါ၏။ ညာဘက်လက်ချောင်း ငါးချောင်းစလုံးကိုလည်း ပလ္လင်ပေါ်တွင်ထိထားပါသည်။ ဘူမိဖဿမုဒြာဆင်းတုတော်အမျိုးအစား ဖူးတွေ့ရပါ၏။ ခြေတော်နှစ်ဖက်ကိုလည်း ယှက်၍ထိုင်ထားသည်ကို ဖူးတွေ့ရပါသည်။ ခြေဖဝါးတော်ပေါ်တွင် ဘယ်ဘက်လက်ကိုထပ်၍တင်ထားပါ၏။ ခြေချောင်းကလေးများကိုလည်း အလွန်အသေးစိတ်ထုဆစ်ထားပါသည်။

ခြေယှက်ထားသည့် ခြေနှစ်ဖက်အောက်တွင် သင်းပိုင်အစကို အဝိုင်းလိုက်ဖော်ပြီး အဆင့်နှစ်ဆင့်ဖြင့် တွေ့ရှိရပါသည်။ သင်းပိုင်အောက်ရစ်တွင် ကြာဖတ်သဏ္ဌာန်ဖော်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

ဆင်းတုတော်နှင့် ပလ္လင်တော်တစ်ဆက်တည်း ထွင်းထုထားပါသည်။ ပလ္လင်တော်အမြင့် (၁) ပေခန့်ရှိပါ၏။ ပလ္လင်တော်မှာ အထက်အောက်ဖောင်းနှစ်ဆင့်ကြားတွင် ကြာမှောက်၊ ကြာလန်များဖြင့် အလှဆင်ထားပါသည်။ ကြာမှောက်၊ ကြာလန်များအလယ်တွင်လည်း ဖောင်းရစ်တစ်ရစ်ဖော်ထားပါသည်။ ကြာမှောက်၊ ကြာလန်များ၏ ကြာဖတ်နှစ်ခုကြားတွင် ကြာညှပ်ကြာသေးများဖြင့်လည်း အားဖြည့်ထားပါသည်။ ဆင်းတုတော်ကြီးမှာ လက်ရာကောင်းပြီး လေးမြို့ခေတ်လက်ရာဟန်အနေအထားမျိုး ဖူးတွေ့ရပါသည်။

ဆင်းတုတော်ကြီးနှင့် ကပ်လျက်တောင်ဖက်တွင် လေးထောင့်ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့ရှိရပါသည်။ ကျောက်ဖျာကြီး အလျားအနံ (၆)ပေခန့်နှင့် ကျောက်ဖျာအထု(၁)ပေ၊(၄)လက်မခန့်ရှိပါသည်။ ကျောက်ဖျာအောက်မျက်နှာချိုင့်ဝင်ဝိုင်းသောသည်ကို တွေ့ရှိရပါသည်။ ဆင်းတုတော်ကြီးကို တင်လှူပူဇော်ခဲ့သော ကျောက်ဖျာဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ကျောက်ဖျာအောက်တွင်လည်း ပလ္လင်ခုံးသဏ္ဌာန်ကျောက်တုံးမိုးချောများပြန့်ကျဲနေသည်ကို တွေ့ရှိရပါသည်။ ကျောက်ဖျာအောက်ကို အခေါင်းဖောက်၍ သိုက်ဆရာများတူးထားသည်ကို တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဖျာကြီးတော်ဘက်တွင် ဆင်းတုတော်ကျိုးနှစ်ဆူ ကပ်လျက်ဖူးတွေ့ရပါ၏။ မြောက်ဘက်ဆင်းတုတော်ကျိုးမှာ အမြင့် (၂) ပေ၊ (၃) လက်မခန့်၊ ဒူးစွန်းနှစ်ဖက် အကျယ် (၁) ပေ၊ (၇) လက်မခန့်နှင့် ပခုံးစွန်းနှစ်ဖက်အကျယ် (၁) ပေ၊ (၂)လက်မခန့်ရှိသည်။ ဦးတော် မတွေ့ရှိရတော့ပေ။ ဤဆင်းတုတော်ကိုလည်း ပလ္လင်နှင့်တစ်ဆက်တည်းထွင်းထုထားပါ၏။ လည်ပင်းတွင် လည်ရစ်တစ်ရစ်ကျန်ရှိပြီး အချင်း(၃)လက်မ၊ အနက် (၄)လက်မခန့်ရှိသော တွင်းပေါက်တစ်ပေါက် တွေ့ရှိရပါသည်။ ညာဘက်နို့အုံအောက်တွင် သင်္ကန်းရစ်နှစ်ရစ်ဖော်ထားပါ၏။ ဘယ်ဘက်ပခုံးမှ ခါးနားထိ သင်္ကန်းစကို နှစ်ထပ်ချထားပါသည်။ ခါးတွင်လည်း သင်းပိုင်ရစ်ဖော်ထားပါ၏။ ဘယ်ဘက်လက်ဝါးပြင်ကို ခြေနှစ်ချောင်းယှက်၍လှန်ထားသည့် ခြေဖဝါးပြင်ပေါ်တွင်လှန်၍တင်ထား၏။ ညာဘက် လက်ချောင်းများကိုလည်း ပလ္လင်ထိအောင်ချထားပါသည်။ ဘူမိဖဿမုဒြာအနေအထား ဖူးတွေ့ရပါ၏။ ယှက်ထားသောခြေနှစ်ချောင်း၏ခြေချင်းဝတ်တွင် သင်းပိုင်ရစ်တစ်ဖက်နှစ်ရစ်ဖော်ထားပါသည်။ ဆင်းတုတော်ကို လေးမြို့ခေတ်ဟန် ဆင်းတုတော် အနေအထားမျိုးဖူးတွေ့ရပါ၏။ ဆင်းတုတော်၏ပလ္လင်ခုံမှာ အမြင့် (၉) လက်မခန့်ရှိပြီး ဖောင်းဆင့်ရှစ်ဆင့်ဖြင့် ပန်းလက်ရာမပါသော ပလ္လင်ပုံစံမျိုးဖြင့်သာတွေ့ရှိရပါသည်။

ဆင်းတုတော်ကျိုးငယ်နှစ်ဆူအနက် တောင်ဘက်ကဆင်းတုတော်ကျိုးငယ်မှာ အမြင့်(၂)ပေခန့်၊ ဒူးစွန်းနှစ်ဖက်အကျယ် (၁)ပေ၊ (၈)လက်မခန့်နှင့် ဆင်းတုတော်ဒုအထု(၁)ပေ၊ (၁)လက်မခန့်ရှိပါသည်။ ဆင်းတုတော်၏ခါးအထက်မှအပေါ်ပိုင်း မတွေ့ရှိရတော့ပေ။ ခါးတွင် သင်းပိုင်ရစ်ကို အလိပ်လိုက်ဖော်ထားပါ၏။ ခြေထောက်နှစ်ဖက်ကိုယှက်ပြီး ခြေဖဝါးပြင်ပေါ်တွင် ဘယ်ဘက် လက်ဝါးပြင်ကိုဖြန့်တင်ထားပါသည်။ညာဘက်လက်ချောင်းများကို ပလ္လင်ထိ ထိအောင်ချထားသည်ကို တွေ့ရှိရပါသည်။ခြေချောင်းလေးများကို အဆစ်ကလေးများဖော်၍ အသေးစိတ်အလှဆင်ထားပါ၏။ ပလ္လင်တော်မှာ (၁၁) လက်မခန့်မြင့်ပြီး ဖောင်းနှစ်ဆင့်ကြားတွင် ကြာမှောက်၊ ကြာလန်ဖြင့် အလှဆင်ထားပါသည်။ ကြာမှောက်၊ ကြာလန်အလယ်တွင် ဖောင်းနှစ်လုံးကြား၌ ရွှေးလုံးကလေးများဖြင့် အစီအရီ တန်ဆာဆင်ထားပါသည်။ ကြာမှောက်၊ ကြာလန်များကိုလည်း လက်ဝဲ၊လက်ယာ ခပ်ယိုင်ယိုင်ဖန်တီးထားပါသည်။ ဤကျောက်ဆင်းတုတော်ကျိုးငယ်သည် လေးမြို့ခေတ်၏ရှားပါးသောရှေးဟောင်းလက်ရာကောင်းတစ်ခုပင် ဖြစ်ပါသည်။

ဤဆင်းတုတော်ကျိုးငယ်ရှေ့တွင် အလျား (၃) ပေ၊ (၃) လက်မခန့်ရှိ ကျောက်ရေမြောင်းတစ်ခုကိုလည်း တွေ့ရှိရပါသည်။ ရေမြောင်းအနံ (၁)ပေခန့်နှင့် အမြင့် (၈) လက်မခန့်ရှိပါသည်။ ရေမြောင်းမှာ အကျယ် (၂½) လက်မနှင့် အမြင့် (၂) လက်မခန့်ရှိပါသည်။

အမှတ်(၆) နိဗ္ဗူဇာဘုရားမြောက်ဘက်တွင် အမှတ် (၇) အထက်နိဗ္ဗူဇာစေတီတော်ကို တွေ့ရှိရပါသည်။ အမှတ် (၇) အထက်နိဗ္ဗူဇာစေတီကို ကျောက်တစ်ထပ်အုတ်တစ်ထပ်ဖြင့်တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ အမြင့်ပေ (၄၀) ခန့်နှင့် အောက်ခြေ အရှေ့အနောက်အကျယ် ပေ (၉၀) ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ အတွင်းထပ်တွင် အုတ်ဖြင့်တည်ဆောက်ထားပြီး အပြင်ဘက်တွင် ကျောက်တုံးကြီးများဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ စေတီတော်အပေါ်ထိပ်တွင် လူတစ်ရပ်ကျော် နှစ်ရပ်နီးပါးခန့်လောက် တွင်းချောက်ကြီးတစ်ခုဖြစ်နေပါသည်။ သိုက်ဆရာများလက်ချက်ဖြစ်နိုင်ပါသည်။ အပေါ်ပိုင်းတွင်အုတ်စီထားသည့်ထောင့်လေးထောင့်ပေါ်နေသည်ကိုတွေ့ရှိရပါသည်။ အုတ်စီများမှာ အရမ်းသေသပ်လှပပါ၏။ အုတ်ချပ်တစ်ချပ်နှင့်တစ်ချပ် အကြား အပ်ထိုး၍မဝင်လောက်အောင် စီထားသည်ကို တွေ့ရှိရပါသည်။ တချို့အုတ်စီများကို တည့်တည့်မစီဘဲ ခပ်စောင်းစောင်းလှီးပြီးထပ်စီထားသည့် အနေအထားမျိုး တွေ့ရှိရပါသည်။

စေတီတော်ကို အကြမ်းအားဖြင့် အောက်ခြေလေးမျက်နှာ၊ အလယ်ရှစ်မျက်နှာနှင့် အပေါ်ပိုင်းအဝန်းဖြစ်ဟန် တွေ့ရှိရပါသည်။ စေတီတော်ကြီး အရှေ့ဘက်အောက်ခြေအလယ်တွင် ကျောက်ဆစ်လက်ရာအနေဖြင့် ကျောက်ဆင်းတုတော်ငယ် တင်ပဆုံနှစ်ပိုင်းကို တွေ့ရှိရပါသည်။ ဆင်းတုငယ်တင်ပဆုံပိုင်းတစ်ဆူမှာ အမြင့် (၇) လက်မခန့်ရှိပြီး အကျယ် (၁၀) လက်မခန့်နှင့် အထု (၅) လက်မခန့်ရှိပါသည်။ ပလ္လင်နှင့်ဆင်းတုတော် တစ်ဆက်တည်းထုဆစ်ထားပါ၏။ ပလ္လင်တော်အမြင့် (၃½) လက်မခန့်ရှိပါသည်။ ပလ္လင်တော်ကို ကြာမှောက်၊ ကြာလန်အလယ်ဖောင်းတန်းဖြင့်ဖွဲ့စည်းထားပါ၏။ ကြာပွင့်ဖတ်များကို နှစ်ထပ်ကြာပွင့်ဖတ်နှင့် ကြားညှပ်ကြာပွင့်ဖတ်များဖြင့် အလှဆင်ထားပါသည်။ ထပ်ထားသောခြေချောင်းများတွင် ခြေချောင်းကလေးများကို အသေးစိတ်ထုဆစ်ထားပြီး ခါးတွင်လည်း သင်းပိုင်ရစ်အဖုလေးဖော်ထားသည်ကို တွေ့ရှိရပါသည်။ လေးမြို့ခေတ်ဆင်းတုတော်ကျိုးလက်ရာဟု ခန့်မှန်းရပါ၏။ နောက်ဆင်းတုတော်ကျိုးတစ်ဆူမှာ အမြင့် (၆½) လက်မခန့်၊ အကျယ် (၈) လက်မခန့်နှင့် အထု (၅) လက်မခန့်ရှိပါသည်။ ပလ္လင်တစ်ဆက်တည်း ထုဆစ်ထားပါ၏။ ပလ္လင်အမြင့် (၃½) လက်မခန့်ရှိပါသည်။ဆင်းတုတော်မှာ ဘူမိဖဿမုဒြာဆင်းတုတော်အနေအထားမျိုးတွေ့ရှိရပြီး မြောက်ဦးခေတ်လက်ရာဟန်တွေ့ရှိရပါသည်။ ပလ္လင်တော်မှာလည်း ခါးဝိုင်းပြီး ရိုးရိုးပလ္လင်တော်အနေအထားမျိုးတွေ့ရှိ ရပါသည်။

နိဗ္ဗူဇာတောင်တန်းတစ်လျှောက် တွေ့ရှိရသော ဆင်းတုတော်၊ စေတီတော်များမှာ တစ်ခေတ်တည်းလက်ရာများကို မတွေ့ရှိရဘဲ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်သုံးခေတ်လက်ရာများကို တွေ့ရှိရပါသည်။ ဘုရင့်မင်းစောအိုခေါ် စလတ္တာစောမွန် ရခိုင်သက္ကရာဇ် ၈၈၉ ခု၊ အေဒီ ၁၅၂၇ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့သည်ဟု သမိုင်းကဆိုသော်လည်း စေတီတော်ဟောင်းများကို ထပ်မံပြုပြင်၍ လှူဒါန်းခဲ့ဟန်တူပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*
*ပန်းချီထူးလှ*
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင်ကွင်းဆင်းသုတေသနပြုမှုမှတ်စု
၂။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊မြောက်ဦးဒေသရှေးဟောင်းအဆောက်အအုံများ
၃။ တက်ထွန်းနီ(မြောက်ဦး)၊ ထင်ရှားသော မြောက်ဦးဘုရားသမိုင်းလမ်းညွှန်၊ အမှတ် (၁)



www.burmeseclassic.com

www.burmeseclassic.com

အများအားဖြင့် သိရှိနားလည်နေကြသည်က ပုဂံပြည်ရှင်အနော်ရထာမင်းကြီး (အေဒီ ၁၀၁၇-၁၀၅၉) လက်ထက်ရောက်မှ သုဝဏ္ဏဘူမိ သထုံပြည်က ကြွရောက်တော်မူလာသော ရှင်ဓမ္မဒဿီခေါ် ရှင်အရဟံမထေရ်ကို အကြောင်းပြု၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော် စတင် ထွန်းကား စည်ပင်သည် ဟူ၍ပင် ဖြစ်သည်။ တကယ်စင်စစ်တော့ ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံတွင် ဂေါတမဗုဒ္ဓဘုရားရှင်မျက်မှောက်တော် ကာလကပင် စတင်ခြေချရောက်ရှိ သိုက်မြိုက်စည်ပင်နေပြီဟု ဆိုရမည် ဖြစ်၏။

ဥဒါဟာရဏ်ဆိုရသော် ရွှေတိဂုံစေတီတော်ဘုရားသမိုင်းအရ အသိတခွန်တိုင်း ဥက္ကလာပပြည်သား တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘီစီ ၅၈၉ တွင် ဂေါတမဗုဒ္ဓဘုရားရှင်သည် ဘုရားရှင်ဖြစ်တော်မူပြီး၍ (၄၉) ရက်မြောက် ရာဇာယတနလင်းလွန်းပင်ရင်းတွင် စံတော်မူနေစဉ်ကကောင်းထောက်မစွာ ဖူးတွေ့ရ၍ ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော် (၈) ဆူချီးမြှင့်တော်မူခြင်းကိုခံယူရရှိခဲ့၏။ ထိုတပုဿ၊

# ဝေမင်းဦး

## မြန်မာ့ဗုဒ္ဓသာသနာတော် နိဒါန်းဇာတ်နိဒါန်း





www.burmeseclassic.com

www.burmeseclassic.com

ဘလ္လိက ကုန်သည်ညီနောင်တို့သည် မိမိတို့ဇာတိမြေ ဥက္ကလာပပြည်သို့ရောက်သော် ပြည့်ရှင်မင်း ဥက္ကလာပမင်းကြီး၏ ကူညီပံ့ပိုးမှုဖြင့် ထိုဆံတော် (၈) ဆူကို ဌာပနာတော်မူလျက် ယခုရန်ကုန်မြို့တော်ရှိ ရွှေတိဂုံစေတီတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့လေသည်။

ထို့အတူ ကျိုက်ထီးရိုးဘုရားသမိုင်းအလိုတော်အရလည်း ဗုဒ္ဓဘုရားရှင် (၄) ဝါတော်အရတွင် ဂဝံပတိရဟန္တာကို အကြောင်းပြုလျက် သုဝဏ္ဏဘူမိ သထုံပြည်ကို ကြွရောက်ရှိတော်မူပြီးလျှင် ဆံတော် (၃၃) ဆူကို ပေးသနားတော်မူခဲ့သည်ဟု ဆို၏။

ယင်းသို့ပင် ဧရာဝတီမြစ်အနောက်ဘက်ကမ်းဒေသ ရွှေစက်တော်ရာဘုရားသမိုင်းအလိုတော်အရလည်း ဗုဒ္ဓဘုရားရှင် ဝါတော် (၅) ဝါအရတွင် မဟာပုဏ္ဏ၊ စူဠပုဏ္ဏကုန်သည်ညီနောင်ကို အကြောင်းပြုလျက် သုနာပရန္တတိုင်း ဝါဏိဇ္ဇဂါမ်လယ်ကိုင်းအရပ်ကို ကြွရောက်တော်မူခဲ့ပြီးလျှင် စန္ဒကူးနံ့သာကျောင်းကို အလှူခံတော်မူခဲ့ပြီးလျှင် အထက်ခြေတော်ရာ၊ အောက်ခြေတော်ရာနှစ်ဆူကို ချပေးချီးမြှင့်တော်မူခဲ့သည် ဟူ၏။

ထိုနည်းအတူ မဟာမုနိဘုရားသမိုင်းအလိုတော်အရ ဓညဝတီပြည်ရှင် စန္ဒာသူရိယမင်း ပင့်ဖိတ်တော်မူသဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါတော်(၂၀)၊ မဟာသက္ကရာဇ် ၁၂၃၊ ဘီစီ ၅၆၉ ခုနှစ်တွင် ဓညဝတီပြည် ယနေ့ ရခိုင်ပြည်သို့ ကြွရောက်တော်မူပြီးလျှင် တရားဒေသနာ ဟောကြားတော်မူကာ ဗုဒ္ဓဘုရားသွန်းစက်တော်ကား တခြားမဟုတ်။ ယခု မန္တလေးမြို့တွင် စံမြန်းတော်မူနေသော မဟာမုနိသွန်းစက်တော်ဘုရားပင် ဖြစ်သည်။

ဆိုချင်သည့်သဘောက ဗုဒ္ဓဘာသာ (ဝါ) ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံတော်တွင် ပုဂံပြည်ရှင် အနော်ရထာမင်းကြီး (အေဒီ ၁၀၁၇ - ၁၀၅၉) မတိုင်မီကပင် (ဝါ) ဗုဒ္ဓဘုရားရှင် မျက်မှောက်ကာလကပင် ထွန်းကားနေပြီ ဟုလိုခြင်းပင် ဖြစ်၏။ ကုန်းဘောင်ခေတ်ခေတ်နှောင်းစာဆိုတော်တစ်ဦးဖြစ်သော စလေဦးပုညက သူ၏ဆွမ်းတော်ကြီးစာတမ်းထဲတွင် သုနာပရန္တပထမသာသနာ၊ သုနာပရန္တဒုတိယသာသနာ၊ သရေခေတ္တရာသာသနာ၊ အရိမဒ္ဒနပုဂံသာသနာ၊ အဝပြည်သာသနာ၊ အမရပူရသာသနာဟူ၍ ခေါင်းစဉ်ခွဲခြားလျက် သိဖွဲ့ထားသည်ကို ထူးထူးခြားခြား တွေ့ရှိရပါသည်။ ဤနေရာမှာ အထူးတလည် ညွှန်းဆိုခြင်သည်က ပုဂံသာသနာမတိုင်မီတွင် သရေခေတ္တရာသာသနာ၊ သုနာပရန္တသာသနာခေတ် နှစ်ခေတ်ရှိသေးသည်ဟူခြင်းကိုပင် ဖြစ်၏။

တစ်ခါ ဦးဘသန်းက သူ၏ ကျောင်းသုံးမြန်မာရာဇဝင်စာအုပ်ထဲတွင် တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်တိုင် ဗုဒ္ဓသာသနာစစ်စစ်ထွန်းကားခဲ့သော်လည်း ပုဂံပြည်ရှင် သိုက်တင်မင်း (၁၀၇၆-၁၀၈၃) လက်ထက်မှလျှင် သမထီးအရည်းကြီးသာသနာထွန်းကားခဲ့ရပါသည်ဟု ဆိုထားပါသည်။ တချို့ကမူ အရည်ကြီးသာသနာသည် ပုဂံမြို့တည်နန်းတည် သမုဒ္ဒရာဇ်မင်း အေဒီ (၆၆၇-၇၁၂)လက်ထက်ကပင် ထွန်းကားခဲ့သည်ဟုယူကြချင်သေးပါသည်။

ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်လာသည်က သမထီးအရည်ကြီးသာသနာ ဟူသည် အတယ်နည်း။ သမထီးအရည်းကြီးသာသနာ ဟူသည် တခြားမဟုတ်။ အိန္ဒိယနိုင်ငံ ဘင်္ဂလားဒေသတွင် ထိုစဉ်တုန်းက ထွန်းကားခဲ့သော မဟာယာနဗုဒ္ဓသာသနာဂိုဏ်းခွဲတစ်ခုဖြစ်သော သမိတ္တိယဂိုဏ်း၏ အစွယ်အပွားတစ်ခုသာ ဖြစ်ပေသည် ဟူ၏။

ထို့ပြင်တစ်ဖ မော်စရိယ ဦးဌေးလှိုင်၏ 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'စာအုပ်ထဲတွင် ပုဂံပြည်၌ အရည်းကြီးသာသနာ လွှမ်းမိုးခဲ့သည်သာမဟုတ်။ရာမညဒေသ၌ တန္တရ၊ မန္တရ၊ မဟာယာန၏ အနွယ် အရည်ကြီးသာသနာ အကြီးအကျယ် လွှမ်းမိုးခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။ အိန္ဒိယ ဘင်္ဂလားဒေသ မဟာယာနဗုဒ္ဓသာသနာဂိုဏ်းခေါင်းဆောင်တစ်ဦးဖြစ်သော အတိဆာခေါ် ဒီပင်္ကရာဉာဏသည် ရာမညဒေသ ကျိုက်ခေါက်နယ်ကို လာရောက်ပြီး တန္တရ၊ မန္တရအတတ်များကို သင်ကြားဆည်းပူးဖူးခဲ့သည် ဟူ၏။

တစ်ဖန် ဓညဝတီပြည်ရှင် စန္ဒသူရိယမင်း (ဘီစီ ၅၈၀-၅၂၈) လက်ထက် ဘီစီ ၅၉၆ တွင် ဂေါတမဗုဒ္ဓဘုရားရှင်သည် ဓညဝတီပြည် (ရခိုင်ပြည်) သို့ ကြွရောက်တော်မူလာပြီး တရားဒေသနာများ ဟောကြားတော်မူကာ မဟာမုနိဘုရားသွန်းစက်တော်ကိုသွန်းလုပ်တော်မူစေခဲ့ပြီး ဗုဒ္ဓသာသနာတော်ကို ဖြန့်ဖြူးတော်မူခဲ့သည်။ ပြီး မဟာမုနိဘုရားကုန်းတော်အနီး ကျောင်းတိုက်တစ်တိုက်တည်ကာ ရှင်ဗာကုလမထေရ်၊ ရှင်စန္ဒသီရိမထေရ် အမှူးပြုလျက် သံဃာတော် (၂၀) ပါးဖြင့် သာသနာပြုတော်မူခဲ့သည်။

သို့ဖြစ်သည်တိုင် ဓညဝတီပြည်ရှင် စန္ဒသူရိယမင်းကြီး (ဘီစီ ၅၈၀ - ၅၂၈) ကို ဆက်ခံသော သားတော် ဓညဝတီပြည်ရှင် သူရိယာဓိပတိ (ဘီစီ ၅၂၈ -၄၈၁) လက်ထက်တွင် ထုတ်ပြန်သော အမိန့်တော်ပြန်တမ်းထဲတွင် အောက်ဖော်ပြပါ ထူးခြားသော အချက်တစ်ခုကို ထူးထူးခြားခြားတွေ့ရှိရပေသည်။

- ... ရဟန်းသံဃာတို့ ဘုရားရှိတော်မူစဉ် ဧကစာရဂိုဏ်းမှာ အဆုံးအမတော် အာဏာပညတ်အတိုင်း ကျင့်ဆောင်တော်မူသောဂိုဏ်း၊ ဗဟုစာရဂိုဏ်းသော်ကား ဆဗ္ဗတို့ဂိုဏ်းဖြစ်သည်။ ဧကောစာရဆရာမြတ်တို့ဂိုဏ်းကို အရညဝါသီ၊ တိစီဝရိတ်ဆောက်တည်ကြစေ။ ဗဟုစာရတို့မှာ ဂါမဝါသီဂိုဏ်း၊ ပွဲကျောင်းရဟန်းများသောအမှုတို့ကို ဆည်းပူးလိုတတ်သူအမှုအကျင့်ရှိသည်။ မဟာမုနိရုပ်တုတော်စာတ်တော်မွေတော်များမှာ တံတိုင်းပြင်လေးမျက်နှာ၌ ကျောင်းရံဆောက်၍ ဂါမဝါသီ ပွဲကျောင်း ရဟန်းတို့ယူစေ၊ ပြည်သူတို့က ဂါမဝါသီ ပွဲကျောင်းရဟန်းတို့ထံ ပဥ္စင်းသာမဏေမပြုမသွင်းစေနှင့်။ စေတီပုထိုးရုပ်ပွားဆင်းတုတည်လုပ်သည်မှာလည်း ပဋိရူပ မတင့်တယ်သောလူတို့ အိမ်အနီးအပါး၌ မတည်မလုပ်စေနှင့်။ ဘုရားအလိုတော်အတိုင်း မင်းအာဏာတည်တော်မူ၏။

ဆိုခဲ့သမျှကို အနှစ်ချုပ်၍ လိုရင်းကို သုံးသပ်ပြောရလျှင် ထေရဝါဒဗုဒ္ဓသာသနာသွားလေရာ နောက်သို့ မဟာယာန ဗုဒ္ဓသာသနာတော်က ထပ်ကြပ်မကွာ ခြေရာထပ်လိုက်ပါလျက် ပူးဝင်ပူးကပ်စိမ့်ဝင် ပုံများရှိက်တတ်သည် ဟူခြင်းပင် ဖြစ်၏။ ထို့ကြောင့် ခေတ်အဆက်ဆက်တွင် ဗုဒ္ဓသာသနာတော်သန့်ရှင်းရေးပွဲကြီးကို (ဝါ) ဗုဒ္ဓသာသနာသင်္ဂါယနာတင်ပွဲကြီးကို မကြာခဏပြုလုပ်လျက်ရှိရကြောင်းကို ဗုဒ္ဓသာသနာတော်သမိုင်း၊ မြန်မာရာဇဝင်သမိုင်းများ၌



www.burmeseclassic.com

www.burmeseclassic.com

တွေ့သိနိုင်ပေသည်။

ဗုဒ္ဓသာသနာဝင်သမိုင်းကြောင့် အလိုတော်အရ သင်္ဂါယနာတင်ပွဲ (၆) ကြိမ် ပြုလုပ်တော်မူခဲ့သည်။ သင်္ဂါယနာတင်ပွဲ ဟူသည် ထေရဝါဒဗုဒ္ဓသာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် ပြုလုပ်ကျင်းပသော ပွဲသဘင်တော်ပင် ဖြစ်ပါသည်။

၎င်းတို့မှာ -

၁။ ပထမ သင်္ဂါယနာတင်ပွဲကို သာသနာနှစ် ၁၁၃ (ဘီစီ ၅၄၄) ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်း၏ အထောက်အပံ့ဖြင့် ရှင်မဟာကဿပ အမှူးပြုသော ရဟန္တာ (၅၀၀) တို့က (၇) လကြာတင်တော်မူခဲ့သည်။

၂။ ဒုတိယသင်္ဂါယနာတင်ပွဲကို သာသနာနှစ် ၁၀၀ (ဘီစီ ၄၄၃) ခုနှစ်တွင် ဝေသာလီပြည်၌ ကာလသောကမင်း၏အထောက်အပံ့ဖြင့် ရှင်မဟာယသ ကြီးမှူးသော ရဟန္တာ (၅၀၀) တို့ဖြင့် (၈) လကြာအောင်တင်ခဲ့သည်။

၃။ တတိယသင်္ဂါယနာတင်ပွဲကို သာသနာနှစ် ၂၃၅ (ဘီစီ ၂၇၃) တွင် ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီး၏ အထောက်အပံ့ဖြင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿကြီးမှူးသော ရဟန်းသံဃာ (၁၀၀၀) တို့က (၉) လကြာတင်တော်မူခဲ့သည်။

၄။ စတုတ္ထသင်္ဂါယနာတင်ပွဲကို သာသနာနှစ် ၄၅၀ (ဘီစီ ၉၀) တွင် သီရိလင်္ကာပြည်၌ ဝဋ္ဋဂါမဏိမင်းကြီး၏ အထောက်အပံ့ဖြင့် ရှင်မဟာဓမ္မရက္ခိတ ကြီးမှူးသော ရဟန်းသံဃာ (၅၀၀) ဖြင့် (၁) နှစ်ကြာ ပေထက်အက္ခရာတင်တော်မူခဲ့သည်။

၅။ ပဉ္စမသင်္ဂါယနာတင်ပွဲကို သာသနာနှစ် ၂၄၁၅ (အေဒီ ၁၈၇၁) ကောဇာ ၁၂၃၂ တွင် ရတနာပုံ (မန္တလေး) မြို့၌ မင်းတုန်းမင်း၏ အထောက်အပံ့ဖြင့် ရှင်ဇာဂရာဘိဝံသ ကြီးမှူးသော သံဃာ (၂၄၀၀) ဖြင့် ကျောက်ထက်အက္ခရာတင်တော်မူခဲ့သည်။

၆။ ဆဋ္ဌမသင်္ဂါယနာတင်ပွဲကို သာသနာနှစ် ၂၄၉၈ ခုနှစ်၊ အေဒီ ၁၉၅၄ ခုနှစ်၊ ကောဇာ ၁၃၁၆ တွင် ရန်ကုန်မြို့၌ နိုင်ငံတော်အစိုးရ၏ အထောက်အပံ့ဖြင့် ရှင်ရေဝတ ကြီးမှူးသော ထေရဝါဒနိုင်ငံ (မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီယား) မှ ရဟန်းသံဃာ (၂၅၀၀) တို့က ပုံနှိပ်အက္ခရာတင်ခဲ့ကြသည်။

စိတ်ဝင်စားစရာတစ်ခုက အဆိုပါ သင်္ဂါယနာတင်ပွဲ (၆) ပွဲလို တရားဝင် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းမခံရသော တခြားသော(မဟာယာနမဟုတ်) သင်္ဂါယနာတင်ပွဲများလည်း ရှိပါသေးသည်ဟူခြင်းပင် ဖြစ်၏။

ယင်းတို့မှာကား -

၁။ သာသနာနှစ် ၅၅၀ ခန့်တွင် ယောနကတိုင်း သာဂလပြည်၌ မိလိန္ဒမင်း၏အထောက်အပံ့ဖြင့် ရှင်နာဂသေနဦးဆောင်တင်ခဲ့သောသင်္ဂါယနာတင်ပွဲ။

၂။ သာသနာနှစ် ၉၃၀ ကျော်တွင် သုဝဏ္ဏဘူမိ သထုံပြည်၌ မနူဟာမင်း၏ အထောက်အပံ့ဖြင့် သီရိလင်္ကာပြည်မှ ရှင်ဗုဒ္ဓဃောသ ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၃။ သာသနာနှစ် ၁၆၀၀ ခန့်တွင် ပုဂံပြည်၌ အနော်ရထာမင်း၏ အကူအညီဖြင့် ရှင်အရဟံဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၄။ သာသနာနှစ် ၂၀၇၀ ခန့်တွင် အင်းဝပြည်၌ သမာဓိမင်း၏အကူအညီဖြင့် ရှင်တိသာသနဓဇနှင့် ဇေတဝန်ဆရာတော်ကို ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၅။ သာသနာနှစ် ၂၂၉၅ ခန့်တွင် ကုန်းဘောင်ပြည်တွင် အလောင်းမင်းတရား၏အကူအညီဖြင့် သမုတိမထေရ် ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၆။ သာသနာနှစ် ၂၃၅၀ ခန့်တွင် အင်းဝပြည်၌ စဉ့်ကူမင်း၏ အကူအညီဖြင့် ရှင်ရင်းမထိခန်၊ ရှင်နန္ဒမာလတို့ ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၇။ သာသနာနှစ် ၂၄ ရာစု၊ ယိုးဒယား (ထိုင်း) ပြည်တွင် အယုဒ္ဓယ ပျက်ပြီးနောက် တစ်နှစ်ကြာတင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၈။ သာသနာနှစ် ၁၁၆၉ တွင် ရခိုင်ဝေသာလီပြည်၌ သီရိစန္ဒြမင်း၏ အထောက်အပံ့ဖြင့် စူဠရေဝတမထေရ် ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

၉။ သာသနာနှစ် ၁၃၉၀ ခန့်တွင် ရခိုင်လေးမြို့ခေတ် ပဉ္စာမြို့ မင်းရင်ဖြူလက်ထက် ရှင်နန္ဒိယ၊ ရှင်ဘဒ္ဒိယတို့ ဦးဆောင်တင်ခဲ့သော သင်္ဂါယနာတင်ပွဲ။

အထက်ဖော်ပြပါ မှတ်တမ်းမဝင် သင်္ဂါယနာတင်ပွဲ (၉) ပွဲကို စစ်ကြောလျှင် မြန်မာနိုင်ငံ၌တင်ခဲ့သော သင်္ဂါယနာတင်ပွဲ (၇) ပွဲပါရှိနေသည်ကို တွေ့ရှိရသည်။ ထိုအထဲတွင် ပါဝင်သော သာသနာနှစ် ၁၆၀၀ ခန့်တွင် ပုဂံပြည်၌ အနော်ရထာမင်းအကူအညီဖြင့် အရှင်အရဟံ ဦးဆောင်ခဲ့သော သင်္ဂါယနာတင်ပွဲဆိုသည်မှာ ကြောင်မရှိတုန်း ကြွက်သောင်းကျန်းဆိုသလို တစ်မိုးလုံးဖျောက်ဆိပ်ဖြစ်နေသော အရည်းကြီး ရဟန်းတို့၏ သာသနာကို သုတ်သင်ရှင်းလင်းပြီး ရှင်အရဟံမထေရ်၏ အကြီးအမှူးပြုလျက် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ပြုစုဖျိုးထောင် စည်ပင်သိုက်မြိုက်စေခဲ့သော ပြယုဂ်ပင် ဖြစ်သည်။

နောက်စိတ်ဝင်စားစရာတစ်ခုက ရာမညတိုင်း သုဝဏ္ဏဘူမိ သထုံပြည်တွင် မနူဟာမင်းလက်ထက် သာသနာနှစ် ၉၃၀ ကျော်ခန့်၊ အေဒီ ၃၈၆ ခန့်တွင် (ပုဂံပြည်ရှင် ကျောင်းဒူးရစ်မင်းနှင့်ခေတ်ပြိုင်) သီရိလင်္ကာပြည်ရှင် ဗုဒ္ဓဃောသမထေရ်အကူအညီဖြင့် သင်္ဂါယနာတင်သာသနာတော်သန့်ရှင်းရေးလုပ်ခဲ့ပါသေးသည်။ ယင်းသို့ပင် သာသနာနှစ် ၁၁၆၉၊ အေဒီ ၆၃၈ ခုနှစ်တွင် ရခိုင်ဝေသာလီပြည်၌ သီရိစန္ဒြမင်း ပုဂံပြည်ရှင် ပုပ္ပားစောရဟန်းမင်းနှင့် (ခေတ်ပြိုင်) ၏ အထောက်အပံ့ဖြင့် စူဠရေဝတမထေရ် ဦးဆောင်မှုဖြင့် သင်္ဂါယနာတင်သာသနာသန့်ရှင်းရေး ပြုလုပ်ခဲ့ပါသေးသည်။ ပြီး သာသနာနှစ် ၁၃၉၀၊ အေဒီ ၈၄၃ ခန့် ရခိုင်လေးမြို့ခေတ် ပဉ္စာပြည့်ရှင် မင်းရင်ဖြူမင်း (ပုဂံပြည့်ရှင် ပျဉ်ပြားမင်းနှင့် ခေတ်ပြိုင်) လက်ထက် ရှင်နန္ဒိယနှင့် ရှင်ဘဒ္ဒိယကိုဦးဆောင်လျက် သင်္ဂါယနာတင် သာသနာသန့်ရှင်းရေးကို ပြုလုပ်ခဲ့သည်။

ရည်ညွှန်းပြောဆိုချင်သည်က ထိုမင်းသုံးပါးတို့သည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး (အေဒီ ၁၀၁၇-၁၀၅၉) ထက်စောစွာ မြန်မာပြည်၌ သင်္ဂါယနာတင် သာသနာသန့်ရှင်းတို့ကို ပြုလုပ်ခဲ့ကြသေးဟူသည်ကိုပင် ဖြစ်၏။

မည်သို့ပင်ဆိုစေ ပုဂံပြည်ရှင် အနော်ရထာမင်းကြီးသည် ပထမမြန်မာနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့သော တန်ခိုးကြီးမင်းဖြစ်လေသောကြောင့် သူ၏ သင်္ဂါယနာတင်သာသနာတော်သန့်ရှင်းရေးက ပိုမိုပြိုင်ကြွရွသွားပြီး ထေရဝါဒ ဗုဒ္ဓသာသနာတော်ထူထောင်သူ သာသနာပြုမင်းအဖြစ် ထင်ရှားသွားရသည်က တော့အမှန်ပင်။

ဝေမင်းဦး(စိတ်ပညာ)




www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# မြတ်စွာဘုရားသခင်အားအမှူးပြု၍ အရိယာရှစ်ပါး သံဃာတော်များကိုဆွမ်းကပ်လှူ၍ အဓိဋ္ဌာန်ဝင်လျှင်

**စီမံရပုံများ**




**စကားနိဒါန်း**

ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ယနေ့ကာလတွင် မူလတရားပိုင်ရှင်ဖြစ်သော သုံးလောက၏သခင် မြတ်စွာဘုရားရှင် ဟောကြားဆုံးမခဲ့သောတရားတော်မြတ်များဖြစ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ (သစ္စာလေးပါးမြတ်တရားကို ထင်ရှားစေရန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်)ကိုမပျောက်မပျက်ရလေအောင် တရားတော်များကို စောင့်ရှောက်တော်မူကြသည့် အရိယာသံဃာတော်များနှင့် သံဃာတော်အရှင်မြတ်တို့ကို အထူးပူဇော်ကြရမည် ဖြစ်ပါ သည်။

စာပေနယ်တွင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုရည်မှန်း၍ ပူဇော်သောသူသည် ကြီးကျယ်သောတန်ခိုးအာနုဘော်နှင့် အထူးထူးတန်ခိုးတို့ကိုရစေနိုင်သည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသောတရားတန်ခိုးတို့ကိုပူဇော်ခြင်းသည် လောကီ၊ လောကုတ္တရာ ပညာနှစ်ခုတို့ကို ရစေနိုင်သည်။ ရှင်တော်ဘုရားဟောကြားတော်မူသောတရားတော်မြတ်တို့ကို စောင့်ရှောက်နေသော သံဃာတော်အရှင်မြတ်တို့ကို ပူဇော်ခြင်းသည် ကြီးကျယ်သော စည်းစိမ်ဥစ္စာ လောကီရတနာတို့ဖြင့်ပြည့်စုံနိုင်သည်ဟုဖော်ညွှန်းဖွင့်ဆိုထားပါသည်။

အများအားဖြင့် မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော်များမှ ကိုးပါးသောဂုဏ်တော်တို့ကိုသာ အထူးထား၍ ပူဇော်ကြခြင်း၊ အဓိဋ္ဌာန်ပြု၍ ဆောင်ရွက်ခြင်းတို့ကိုသာ အများဆုံးဖြစ်မည် ထင်ပါသည်။ တရားဂုဏ်တော်နှင့် သံဃာ့ဂုဏ်တော်တို့ကို နှစ်နှစ်ကာကာ သဒ္ဓါအားကြီးစွာဖြင့်ပူဇော်ခြင်း၊အဓိဋ္ဌာန်ပြုခြင်းတို့မှာ လွန်စွာနည်းပါးသည်ဟု ယူဆမိပါသည်။

ရတနာသုံးရပ်ဟု ဖွင့်ဆိုထားသည့်အတိုင်း ဘုရားဂုဏ်တော် (၉) ပါး၊ တရားဂုဏ်တော် (၆) ပါး၊ သံဃာ့ဂုဏ်တော် (၉) ပါးဟု တသီးတသန့်ခွဲထားစေကာမူ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များနှင့် ဂုဏ်ချင်းထပ်တူပြုထားသည့်အတွက် ယခုရေးသားမည်ဖြစ်သော သံဃာ့ဂုဏ်တော်သည်လည်း မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကဲ့သို့ပင် အကျိုးထူးများကိုရရှိမည် ဖြစ်ပါသည်။

ဆောင်ရွက်သူအမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ၏စေတနာသည် မိမိ၏အရင်းအနှီးဖြစ်သောကံဟုပင်ဆိုချင်ပါသည်။ သို့ဖြစ်၍ စေတနာကံအားကြီးမားစွာဖြင့် စိတ်၊ ဆန္ဒ၊ ဝီရိယတို့ဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ကြပြီး လောကီချမ်းသာရတနာ(၇)ပါးနှင့် ငွေကြေးသန်းပေါင်းများစွာ စီးပွားဥစ္စာဖြင့် ပြည့်စုံနိုင်ကြစေရန် ကျွန်ုပ် ယခုရေးသားတင်ပြမည့် အထူးပြုပြင်စီမံ၍ ဆောင်ရွက်ရသောအဓိဋ္ဌာန်ကိုအောင်မြင်စွာဝင်ရောက်ကြပြီး ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိပြည့်စုံနိုင်ကြမည်ဖြစ်ကြောင်း ကနဦးအနေဖြင့် နိဒါန်းစကားပြောကြားလိုက်ပါသည်။

ဤနေရာတွင် အရိယာသံဃာတော် (၈) ပါးအား ရည်စူး၍ မဂ်ပုဂ္ဂိုလ် (၄) ပါး၊ ဖိုလ်ပုဂ္ဂိုလ် (၄) ပါး ပေါင်း(၈)ပါးနှင့် မြတ်စွာဘုရားသခင်အားထည့်သွင်း ပူဇော်ရမည်ဖြစ်၍ အရိယာ (၈) ပါး သို့မဟုတ် အရိယာ (၉) ပါးဆွမ်းကပ်လှူပွဲဟု ဆိုနိုင်ပါသည်။

ထိုအရိယာ (၉) ပါး ဆွမ်းပွဲစီမံဆောင်ရွက်ရာတွင် ပုံစံပြထားသည့်အတိုင်း စီမံဆောင်ရွက်သင့် ပါသည်။

အထက်တွင် ပုံစံပြထားသည့်အတိုင်း မြတ်စွာဘုရားသခင်နှင့်အရိယာရှစ်ပါးတို့အား ဆွမ်း၊ နံ့သာတိုင်၊ ဖယောင်းတိုင်တို့ကို သီးခြားစီနေရာဌာနအလိုက် ကပ်လှူရပါမည်။ ကပ်လှူရာနေရာကိုလိုက်၍ ဘုရားရှင် (၁) ပွဲနှင့် အရိယာ(၈)ပါး (၈)ပွဲတို့ကို တသီးတခြားစီဆောင်ရွက်ရမည်ဖြစ်ပါသည်။ လှူဒါန်းရမည့် နေရာအခက်အခဲရှိပါက မြတ်စွာဘုရားရှင်အား (၁) ပွဲနှင့် အရိယာ(၈)ပါးပွဲကို မဂ်ပုဂ္ဂိုလ် (၄) ပါးအား စုပေါင်း၍ (၁) ပွဲလှူရန်နှင့် ဖိုလ်ပုဂ္ဂိုလ်လေးပါးအား စုပေါင်း၍ တစ်ပွဲ စုစုပေါင်း(၃)ပွဲလှူဒါန်းရန် ဖြစ်ပါသည်။

သီးခြားလှူဒါန်းရမည့် လှူဖွယ်ပစ္စည်းများမှာ ပန်း၊ မိမိသဒ္ဓါအာရုံရှိသည့် သစ်သီး စသည်တို့ကို လှူဒါန်းရန် ဖြစ်ပါသည်။

ဒါနပွဲများကို ကြိုတင်စီမံထားပြီး (၉) ရက်တိတိ နေ့စဉ်ရက်ဆက်လစ်ဟာခြင်းမရှိအောင် စီမံရပါမည်။ ဒုတိယ (၉) ရက်ကာလနှင့် တတိယ (၉) ရက်ကာလတို့ကို မိမိ၏သဒ္ဓါဆန္ဒအတိုင်း စီမံဆောင်ရွက်နိုင်ပါသည်။ စတင်ဆောင်ရွက်သည်မှစ၍ (၃)ဝါရခွဲပြီး တစ်ဝါရလျှင် (၉)ရက်ဖြင့် (၂၇) ရက်သတ်မှတ်၍ ပျက်ကွက်ခြင်း၊ ရက်ခြားခြင်းမဖြစ်စေဘဲ တစ်ဆက်တည်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အမျိုးကောင်းသား၊အမျိုးကောင်းသမီးများအနေဖြင့် နေ့စဉ်ဆောက်တည်မြဲဖြစ်သောကျင့်ဝတ်များနှင့်ကျင့်ဆောင်ကြသည့်အတိုင်း ပြုလုပ်နိုင်ကြပါသည်။ ဤအရိယာ(၈) ပါးဆွမ်းကပ်လှူသည့်ပွဲတွင် မပြောင်းလဲသော မိမိ၏သစ္စာနှစ်သက်သည့် ဆုတစ်ခုကိုသာ တောင်းခံကြရမည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

### နတ်မောက်မင်းသန့်နိုင်

# ကျွဲ၊ နွား၊ မြင်းတို့ ငှက်ဖျားရောဂါ

မြန်မာ့လယ်ယာမြေနှင့် သယ်ယူပို့ဆောင်သွားလာရေးတွင် လက်မလွတ်နိုင်သေးသော ကျွဲ၊ နွား၊ မြင်းတို့တွင် ငှက်ဖျားရောဂါဖြစ်တတ်ပါသည်။

ရောဂါဖြစ်ရခြင်းမှာ အအေးမိခြင်း စိုစွတ်ခြင်းနှင့် ရာသီဥတုအပူအအေးလွန်ကဲစွာပြောင်းလဲခြင်း၊ အရိပ်အင်းကုပ်ဖောင်းမှထုတ်၍ အလွန်အေးသောအချိန်တွင် စေခိုင်းခြင်းတို့ကြောင့် အဖြစ်များပါသည်။ အခြားအကြောင်းများလည်းရှိနိုင်ပါသေးသည်။

ရောဂါအစတွင် နှာခေါင်းချိုင့်၌ မျက်စိအမြေးအကာတို့ ခြောက်သွေ့နီမြန်းလာပါမည်။ မှိုင်တွေနေပြီး ခြေလှမ်းချင်စိတ်မရှိဖြစ်နေမည်။ အဝါနုရောင် အရည်ပျစ်များထွက်တတ်သည်။ အမွေးများထောင်နေတတ်ပြီး အစားအနည်းအပါးသာစားမည်။ ဝမ်းချုပ်ချောင်းဆိုးတတ်ပြီး ရောဂါပြင်းထန်လျှင် ချမ်း၍တုန်လာပါမည်။

ငှက်ဖျားဖြစ်နေသော တိရစ္ဆာန်ကို လေတိုက်သောနေရာတွင်မထားရ။ လေကွယ်ရာတွင်ထားရပါမည်။ အအေးမိခြင်း၊ ရေထိခြင်းမရှိစေရပါ။ ဆန်ကွဲနု၊ ဖွဲနုများပြုတ်တိုက်ပြီး ရေတိုက်လျှင် သောက်ရေထဲ ယမ်းစိမ်းငါးမူးသားထည့်တိုက်ပေးပါ။

ရောဂါအမြန်ပျောက်ရန် အစာထဲသို့ ပင်စိမ်းရွက်အခြောက်ရောမွှေထည့်ကျွေးပေးပါ။ ပင်စိမ်းပင်မှ အမြစ်ငါးကျပ်သား၊ ငရုတ်ကောင်းစေ့ဆယ်စေ့ ခန့်ထောင်းပြီး ရေသင့်ရုံထည့်ကျိုတိုက်ပေးပါ။ ချောင်းဆိုးနေလျှင် ပင်စိမ်းရွက်ကို ကျပ်ထုပ်ထိုးပေးပါ။

ဤသို့ ဂရုတစိုက်ကုပေးလျှင် လေး၊ ငါးရက်အတွင်း ငှက်ဖျားပြတ်၍ ပျောက်ကင်းပါမည်။

နတ်မောက်မင်းသန့်နိုင်

---

ထေရဝါဒသာသနာတော်အတွင်း သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် ကျွန်ုပ်ဆရာများ၏လမ်းညွှန်ဆုံးမခဲ့သည့် ဩဝါဒများအတိုင်း ယခုဖော်ပြထားခဲ့သည့်အရိယာ (၈) ပါး ဆွမ်းကပ်လှူပွဲနှင့် အမိဌာန်ကျင့်စဉ်ကိုဖော်ပြပေးလိုက်ပါသည်။

လွယ်ကူစွာ ဆောင်ရွက်နိုင်သောအနေပွဲနှင့် ကျင့်စဉ်တစ်ခုဖြစ်သည့်အတွက် ဒါယကာရှင်များ ကျွန်ုပ်ထံ တယ်လီဖုန်းဖြင့်ဆက်သွယ်၍ကျင့်စဉ်တောင်းခံသည့် မိတ်ဆွေများ၊ သုရဿမဂ္ဂဇင်း၏ ပင်တိုင်စာရှုသူများ၊ စာချစ်သူမိတ်ဆွေအပေါင်းတို့အတွက် ကောင်းနိုးရာရာကျင့်စဉ်များထဲမှ မိမိကိုယ်တွေ့ဖြတ်သန်းခဲ့သော ကျင့်စဉ်ကို ယုံယုံကြည်ကြည်ဆောင်ရွက်နိုင်ကြစေရန် ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့ပေးသည့်အတိုင်း သံဃာ့ဂုဏ်တော်(၉)ပါးမှ (၆)ခုမြောက်ဖြစ်သော -

**၁ အာဟုနေယျော ပါဟုနေယျော**

ဂုဏ်တော်ကို (၁၀၈) စက်လက္ခဏာပုတီးဖြင့် ဂါထာတစ်ပုဒ် ပုတီးတစ်လုံးချ၍ ပုတီးတစ်ပတ်စိပ်ရမည် ဖြစ်ပါသည်။

၁ ရှစ်ယောက်သော ယောကျာ်းမြတ်တို့သည် မြတ်စွာဘုရားရှင်၏ လေးစုံ (၈) ပါး၊ တပည့်သားသံဃာတော်အပေါင်းသည် အဝေးမှသယ်ဆောင်လာသောအလှူကို လည်းကောင်း၊ ဧည့်သည်အတွက် သယ်ဆောင်လာသော လက်ဆောင်ပစ္စည်းတို့ကို လှူဒါန်းသည့်အလှူကို ခံယူတော်မူထိုက်ပါ၏။

အကျဉ်းနည်းဖြင့် မြန်မာလိုနှုတ်လုံးသွင်းလျှင် ပို၍ကောင်းပါသည်။

ဤသို့ နေ့စဉ်နေ့တိုင်း အမိဌာန်ကာလတွင် ဆောင်ရွက်သကဲ့သို့ မိဌာန်ကာလလွန်မြောက်သည့်နောက် နိစ္စဘတ်ကျင့်ဝတ်တစ်ခုအနေဖြင့်ဆောင်ရွက်လျှင် ပို၍ကောင်းမွန်ပါသည်။ အထူးသတိပေးလိုသည်မှာ ဘုရားအမှူးပြု၍ အရိယာ (၈) ပါးကို ဆွမ်းကပ်လှူမည်ဆိုလျှင် ဦးစွာ မြတ်စွာဘုရားနှင့် တပည့်အရိယာသံဃာတို့အား တပည့်တော်ကပ်လှူသော ဆွမ်း (မိမိကပ်လှူသောပစ္စည်းအစုစု) လှူဖွယ်များကို ခံယူတော်မူ၍ ဘုရားတပည့်တော်အား သနားသောအားဖြင့် ကြွရောက် ချီးမြှင့်တော်မူပါဟု ပင့်ဖိတ်လျှောက်ထားရပါမည်။

နောက်အချက်တစ်ချက်မှာ သက်ထိထင်ရှား ဆရာတော်သံဃာတော်ကြီးများကို လက်ရောက်ကပ်လှူသလို ရိုသေစွာကပ်လှူရန် ဖြစ်ပါသည်။

ဤကျင့်စဉ်ကို ပိုင်နိုင်စွာ ဆောင်နိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအနေဖြင့် မိမိစိတ်ဆန္ဒအတိုင်း ပြည့်စုံသည့်အပြင် ရည်ရွယ်မှန်းထားခြင်းမရှိသည့် လာဘ်များစွာတို့သည် မုချမသွေဝင်ရောက်လာမည်ဖြစ်ပါသည်။ အောင်မြင်ကြီးပွားသော မိတ်ဆွေတို့အနေဖြင့် သာသနာတော်၏ အစို့အညှောက်ဖြစ်သော ရှင်သာမဏေများကိုဖြစ်စေ၊ ပညာသင်ကြားနေသော ရဟန်းသံဃာတော်များကိုဖြစ်စေ မိမိတို့သဒ္ဓါပြဋ္ဌာန်းသလောက် လှူဒါန်းကြရန်အတွက် အသိပေးလိုက်ပါသည်။

ဤကျင့်စဉ်ကို ကျင့်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများနှင့် စာချစ်သူမိတ်ဆွေအပေါင်းတို့ထံ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှ လာဘ်များစွာတို့ နေ့ညမစဲရောက်လာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ပညာကျော်

**မှီငြမ်း**

ဂုဏ်တော်နှင့်သုတ်ပရိတ်တော်များ



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ညနေ မိုးချုပ်သည်နှင့် ရွာမြောက်ပိုင်းရှိ အပျို လူပျိုများက ဆလိုင်းခုန်ကျန်၊ မိုင်သန်းယာတို့အိမ်သို့ အလျှိုလျှိုရောက်လာကြသည်။

သူတို့သည် ဤအိမ်၌ပင် တစ်ဦးကိုတစ်ဦး မျက်လုံးချင်းစကားပြောကြ၏။ အပြုံးချင်းဖလှယ်ကြ၏။ အသည်းနှလုံးချင်း တေးသီဖွဲ့ကြ၏။ တစ်ယောက်ကိုတစ်ယောက်တစ်ဦးကိုတစ်ဦးနောက်ကြ၏။ ပြောင်ကြ၏။ စကြ၏။ ကလူကျီစယ်ကြ၏။ နောက်တော့ချစ်သွားကြ၏။

ညဦးတွင် ကြက်၊ ဝက်ပေါ်၍ တပျော်တပါး ချက်ပြုတ်စားသောက်တတ်ကြ၏။ သီချင်းအပြိုင်ဆိုကြ၏။ စားရင်းသောက်ရင်း၊ သီချင်းဆိုရင်း စရင်းနောက်ရင်း ကျီစယ်ရင်းနှင့် ခင်မင်ရင်းနှီးသွားကြ၏။

သည်မှာတင် တစ်ဦး၏ရင်ခုန်လက္ခဏာအမူအကျင့်စိတ်နေသဘောထားကို တစ်ဦးနှင့်တစ်ဦးအကဲခတ်ကြသည်။ သတိထားကြည့်ကြ၊ လေ့လာကြသည်။ သည်လိုနှင့် သန်းယံမကျူးမချင်း အပျို လူပျိုတွေစုအိပ်နေကြသော ဆလိုင်းခုန်ကျန်၊ မိုင်သန်းယာတို့အိမ်သည် ထုံးစံအတိုင်း စကားသံ၊ တေးဆိုသံ၊ ရယ်မောသံ၊ ကလူကျီစယ်သံတွေနှင့် ညံစီနေ၏။

ကူပွန်ရွာတွင် ဤသို့ဤနှယ် အပျို လူပျိုတို့ စုအိပ်နေကျ အိမ်နှစ်အိမ်ရှိသည်။မြောက်ပိုင်းတွင် ဆလိုင်းခုန်ကျန်-မိုင်သန်းယာတို့အိမ်နှင့် တောင်ပိုင်းတွင် ဆလိုင်းခွန်သာ - မိုင်နော်တို့အိမ် ဖြစ်သည်။

များသောအားဖြင့် အပျို လူပျိုများသည် ကလေးသူငယ်မရှိသောအိမ်၊ သားသမီးမရှိသောအိမ်များ၌ စတည်းချ အိပ်တတ်ကြ၏။ သူတို့သူတို့တွေပင် အိမ်ရှင်၏သားတွေ၊ သမီးတွေပမာနေနေတတ်ကြ၏။ အကယ်၍ သားသမီးရှိလျှင်လည်း အိမ်ရှင်၏သားသမီးများမှာ ကလေးသူငယ်တွေမဟုတ်ဘဲ အပျို လူပျိုများသာဖြစ်ကြသည်။ ကလေးသူငယ်ရှိသောအိမ်တွင် ရပ်ဓလေ့ရွာဓလေ့အရ အပျိုလူပျိုတို့ကစုမအိပ်ကြ။ ရပ်ဓလေ့ရွာဓလေ့အရ အပျို လူပျိုတို့ ဤသို့ တစ်အိမ်တည်းတွင် ရှေးပဝေသဏီကပင်ဖြစ်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး လက်မထပ်ခင် ကျူးကျူးလွန်လွန် ဖောက်ပြားခဲ့ကြသည်ကိုတော့ သူတို့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မကြားဘူး၊ မကြုံဘူးကြပေ။

သူတို့သည် တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်း၊ အပြုံးချင်း၊ အသည်းနှလုံးချင်းသာ ချစ်ရေးဆိုတတ်ကြ၏။ မျက်စိအောက်တွင် ညတိုင်းညတိုင်း ချစ်သူကိုမြင်နေတွေ့ကြလျှင် ကျေနပ်နေကြ၏။ ဆန်းဆန်းပြားပြား ဖောက်ပြားလိုစိတ်မရှိကြ။ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချရပြီး အသက်ထက်ဆုံး ပေါင်းသင်းနိုင်ကြပြီဟု စိတ်ဆုံးဖြတ်ပြီးမှ စကားနှင့်တိတိကျကျ ဖွင့်ဟချစ်ရေးဆိုကြသည်။

မိန်းကလေးက သဘောတူလက်ခံ၍ ချစ်ခြင်းကိုတုံ့ပြန်လာသောအခါ လူကြီးချင်းအသိပေး၍ လက်ထပ်ယူကြသည်။ ဤသို့နှင့် ဤအိမ်ပေါ်က ချစ်ကြိုက်သွားကြပြီးလက်ထပ်သွားကြသူတွေမှာ ကူပွန်ရွာ၌ ဒုနှင့်ဒေး။

ခွန်လွေနှင့် လျှံနေတို့မှာလည်း ဤသို့ပင် ဤအိမ်ပေါ်၌ တစ်ဦးနှင့်တစ်ဦး မျက်လုံချင်း၊ အပြုံးချင်း၊ အသည်းနှလုံးချင်း စကားပြောခဲ့ကြခြင်း ဖြစ်သည်။ ငယ်ရွယ်သူများပီပီ တစ်ယောက်ကိုတစ်ယောက် အသည်းပေါက်မတတ်ချစ်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ချစ်ခဲ့ကြသည်။



# ဖိုးကျော့

# ဟူးကောင်းကျား

သူရဋ္ဌမဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်

အမျိုးသားတစ်ဖက်၊ အမျိုးသမီးတစ်ဖက် စုအိပ်ကြသော်လည်း သူတို့သည် တစ်ဦးနှင့်တစ်ဦး လက်မထပ်မချင်း ကျူးကျူးလွန်လွန်မဖြစ်ကြ။ ဖောက်လွဲဖောက်ပြန်မကြံစည်ကြ။ ငယ်ရွယ်သူတွေပင်ဖြစ်ကြသော်လည်း သူတို့စိတ်ကို သူတို့ရိုးရာအစဉ်အလာ ယဉ်ကျေးမှုဓလေ့ထုံးထမ်းအရ ထိန်းသိမ်းစောင့်ရှောက်ကြ၏။

ဤသို့ ရပ်ဓလေ့၊ ရွာဓလေ့၊ လူမျိုးဓလေ့အရ အပျို လူပျိုတို့တစ်အိမ်တည်း စုအိပ်လာခဲ့ကြသည်မှာလည်း ဟိုးရှေး

ချစ်စခင်စ ကြင်နာစမို့ ကြားကလေသွေးတာတောင်ဝေးတယ်ထင်နေကြသောအချိန်။ ဤလိုအချိန်ကျမှ သူကိုမတွေ့ရသည်မှာ သုံးည ယခု သုံးရက်ရှိခဲ့ပြီ။ ဟူးကောင်းကျားကြီးဟု နာမည်ကြီးခဲ့သော ဆလိုင်းကြီးထန်ထောင်၏ အသုဘချသောနေ့မှသည် ယနေ့ညထိ။

ဆလိုင်းထန်ထောင်၏ အသုဘညက လျှံနေရှိနေရာ ဆလိုင်ခုန်ကျန်-မိုင်သန်းယာတို့အိမ်သို့ ခွန်လွေရောက်မလာခြင်းမှာ အသုဘတွင် ဂူသည်လုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com

ပေးနေရ၍ မသာချအခမ်းအနားတွင် အလုပ်ရှုပ်နေ၍ဟု လျှံနေ ထင်ခဲ့သည်။ ဒုတိယညမှာလည်း ခွန်လွေ ပေါ်မလာတော့ လျှံနေ၏ရင်မှာ ပူလောင်စပြုလာပြီ။

သူ ဟူးကောင်းဘက်ကိုများ အမဲလိုက်ထွက်သွားလေသလားဟု တွေးရသည်။ လီဒိုဘက်ရှိရွာများတွင် တစ်ခါတစ်ခါ ကျားရဲတတ်သည်။ ထိုအခါ တောင်ပေါ်က မုဆိုးကြီးများကို အကူအညီလာတောင်းတတ်ကြ၏။ ထိုအခါ တောင်ပေါ်ရွာသားမုဆိုးကျော်ကြီးများသည် လက်နက်ကိရိယာအစုံအလင်နှင့် လီဒိုဘက်က ကျားဆိုးကို သွားရောက်သတ်ဖြတ် နှိမ်နင်းပေးကြရသည်။

ယခု ဟူးကောင်းကျားကြီးဟု နာမည်ကြီးခဲ့သော ဆလိုင်းထန်ထောင်ကြီးလည်း သေဆုံးသွားပြီဖြစ်ရာ လောလောဆယ်တွင် ခြောက်တောင်ချိုင်းဖြူကြီးတစ်ကောင်နှင့် သိက္ခာထပ်ထားသော သူချစ်သူ ခွန်လွေကိုများ လာရောက်အကူအညီတောင်းကြသဖြင့် လီဒိုဘက်များအရေးပေါ် လိုက်သွားလေသလား။ ထိုသို့ဆိုလျှင်တော့ လျှံနေအတွက် ဂုဏ်ယူဝမ်းမြောက်စရာပင်။

ဘယ်လိုဖြစ်ဖြစ် ခါတိုင်းလို ဘယ်ကိုသွားမည်၊ ဘယ်ကိုလာမည်၊ ဘယ်အရပ်တွင် ဘယ်နှရက်ကြာနေမည်ဟု မမှာခဲ့၊ ကြိုမပြောခဲ့သည်ကိုတော့ လျှံနေစိတ်ကောက်နေသည်။ သူပြန်လာလျှင် စိတ်လုပ်၍ တည်တည်နေပြရမည်။ ထိုအခါ သူ့ကို ခွန်လွေက ချော့လာမည်။

ခွန်လွေမှာ မုဆိုးတစ်ယောက်ဖြစ်သဖြင့် တစ်ခါတစ်ခါ လီဒိုဘက်ကိုလည်း ရက်သတ္တ တစ်ပတ်၊ နှစ်ပတ်ကြာအထိ အမဲလိုက်ထွက်နေတတ်သည်။ လီဒိုဘက်က မုဆိုးလက်သင်များသည် ခွန်လွေကို ဆရာတင်လာခေါ်တတ်ကြသည်လည်း ရှိသည်။ သူပြန်လာလျှင် ဝံသားရေ၊ ကျားသားရေ၊ ပြောင်ချို၊ ဆတ်ချို၊ သမင်ချိုနှင့် တစ်ခါတစ်ခါ ကြံ့သွေး၊ ကျောက်သွေး၊ ကြံ့ချိုနှင့် ဆေးမြစ်စုံတို့ လည်းပါလာတတ်သည်။

ဤသည်မှာ သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်၏။ ဟူးကောင်းဘက်ကို အမဲလိုက်၊ ဆေးမြစ်ရှာသွားဖြစ်လျှင် မိမိတို့၏ရွာနီးချုပ်စပ်အစပိုက်က နွားနောက်တွေကို အငှားလိုက်ဖမ်းပေးတတ်သည်။ နွားနောက်တစ်ကောင်ဖမ်းပေးလျှင် သူ့အတွက် အားတစ်လမြူ ဆန်တစ်ခွက်ရသည်။

ရွာနီးချုပ်စပ်တွင် နွားနောက်ဖမ်းပေးသောအလုပ်ကတော့ သူ့အတွက် အပျော်အလုပ်ပင်။ စီးပွားဖြစ်လောက်သောအလုပ်မဟုတ်။ သို့သော် တစ်ခါတစ်ခါအလှည့်သင့်လျှင် သူ၏နွားနောက်ကျော့ကွင်း၌ ပြောင်မိတတ်သည်။ သူမုဆိုးလက်သင်ဘဝတုန်းကပင် သူ့ကျော့ကွင်းတွင် ပြောင်မိဖူး၍ သွားလေသူ ဟူးကောင်းကျား မုဆိုးကြီးထန်ထောင်က မုဆိုးလမိုင်းကပ်နေသူဟု ချီးကျူးဖူးသည်။

ပြောင်ရလျှင် ပတ်ဝန်းကျင်ရွာများနှင့် မိမိရွာတွင် ပြောင်းဆန်တို့နှင့် လဲသည်။ ပြောင်ဦးချိုကိုမူ မြို့ဆင်းသည်နှင့်ကြုံမှရောင်းသည်။ ပြောင်ချိုမှာ မြို့၌ဈေးကောင်းရ၏။ ထိုအခါ သူ့နှမ၊ သူ့အမေတို့အတွက် အဝတ်အထည်ဝယ်လာသည်ကို လျှံနေ ကြားနေရသည်။ ထိုအခါ ငယ်ရွယ်သူပီပီ လျှံနေက သူ့အစ်ကို လျှံထောင်ကိုလည်း ခွန်လွေလို မုဆိုးလုပ်စေချင်သည်။

ထို့ကြောင့်-

"အစ်ကို၊ ရွာဟိုဘက်ပိုင်းက ခွန်လွေလို အစ်ကိုလည်း မုဆိုးလုပ်ပါလား"

ဟုပြောဖူးသည်။

သူ့အစ်ကို လျှံထောင်က လျှံနေကို စူးစူးစိုက်စိုက်ကြည့်၏။ သူ့နှမ နို့နံ့မစင်သေး။ ခွန်လွေတို့များကြိုက်နေလေသလားဟု သံသယဝင်သွားပုံရသည်။

ထို့ကြောင့် -

"ငါက ခွန်လွေလို ပြောင်ဖသားမှမဟုတ်တာ၊ ဘယ်လိုလုပ်မုဆိုးဖြစ်မလဲ"

ဟု သူ ခွန်လွေလို ဗလမကောင်းကြောင်းကိုတော့ အရိုးခံအတိုင်း ပြော၏။

'ပြောင်ဖသားမှမဟုတ်တာ' ဟု ပြောခြင်းမှာ သူတို့ဆီက အားကောင်းမောင်းသန်ကာလသားများကို ကျွဲပေါက်နှင့် နှိုင်းပြောစရာ သူတို့တောင်ပေါ်တွင် ကျွဲမရှိသဖြင့် ပြောင်ပေါက်နှင့်နှိုင်းပြောတတ်သော စကားပင်။

ထိုစဉ်က သတင်းသာကြားဖူး၍ ခွန်လွေကိုပင် လျှံနေ မမြင်ဘူးသေး။ သူလည်း အပျိုဖော်မဝင်ရသေးသော လျှံနေမှာ ဘာဆက်ပြောရမှန်းမသိဖြစ်သွားစဉ် သူ့အစ်ကိုက -

"မုဆိုး ဆိုတာ အသက်မရှည်ဘူးညီမလေး။ ဆင်နင်း၊ ကျားကိုက်၊ ဝံကုတ်၊ ဝက်ပက်၊ ပြောင်ခတ်လို့ တစ်နေ့မသေတစ်နေ့သေမှာ။ နင်ငါ့ကိုစောစောသေစေချင်လို့လား"

ဟု ဆိုလိုက်သောအခါ ဆက်မပြောဝံ့တော့။

အစ်ကိုလျှံထောင် ပြောသည်မှာလည်း ဟုတ်တော့ဟုတ်မည်။ ဟူးကောင်းတစ်လျှောက်တွင် ဆင်နင်း၊ ကျားကိုက်၊ ပြောင်ကိုက်၊ ဝံကုတ်၊ ဝက်ပက်၍ သေသူများကို ကြားဖူးသည်။ ဤသည်မှာ လျှံနေ ကလေးဘဝ။

ယခုငယ်သော်လည်း ခွန်လွေကိုမူ သူရသတ္တိရှိသော၊ ရဲစွမ်းတည်ကြည်သော၊ ခွန်အားဗလကြီးမားသော မုဆိုးကျော်တစ်ဦးအဖြစ် လူကြီးများကအသိအမှတ်ပြုထားကြပြီ။ လူကြီးမိဘတွေက ထိုသို့ ချီးကျူးကြသည်ကို လျှံနေက ကျိတ်၍ဂုဏ်ယူနေမိသည်။ ယခု သူ့ကို သုံးရက်သုံးညမတွေ့ရတော့ လျှံနေ ရင်ပူနေပြီ။





www.burmeseclassic.com

www.burmeseclassic.com

ဆလိုင်းခုန်ကျန်-မိုင်သန်းယာတို့အိမ်သို့ အလျှိုလျှိုရောက်လာကြသော အပျို၊ လူပျိုတို့မှာ တစ်ယောက်နှင့်တစ်ယောက် စကြ၊ နောက်ကြ၊ ပြောင်ကြ၊ ကျီစယ်နေကြသောစကားသံတွေထဲမှာ လျှံနေက နှုတ်ဆိတ်နေရ၏။

သူချစ်သူ ရှာမှုဆိုးကျော် ခွန်လွေ တစ်ယောက် ဆလိုင်းခုန်ကျန်-မိုင်သန်းယာတို့အိမ်သို့ မရောက်လာသည်မှာ သုံးညတိတိရှိလေပြီ။ လျှံနေကတော့ သူ့ကို ညတိုင်းမျှော်နေရ၏။

သူပေါ်မလာတိုင်း ရင်မောရ၏။ လျှံနေသည် ခွန်လွေနှင့်အသည်းခလုတ်တိုက်မိခဲ့ကြသောကာလတွေကို တွေးတောရင်း ရင်ထဲမှာ အမောပြည့်လာ၏။ ကိုယ့်ရင်ခုန်သံကိုကိုယ်ပြန်ကြားလာရ၏။

ထိုနေ့က နွေးထွေး၍ နေရောင်ခြည်ကို ပီပီပြင်ပြင်မြင်ရသောနေ့။

လျှံနေတို့အရပ်က မိုးရွာပြီဆိုလျှင် ခုနစ်ရက်ခုနစ်လီ ဝံအီမိုးရွာတတ်သည်။ မိုးတွင်းဆိုလျှင် ကင်းကင်းရှင်းရှင်းမိုးလွတ်သည့်နေ့ဟူ၍ ရှိခဲ၏။ မနက်ပိုင်းတွင် နေရောင်ခြည်တောက်တောက်ပပရှိနေသော်လည်း ညနေပိုင်း မိုးရွာတတ်သည်။ တစ်ခါတစ်ခါ နေရောင်ခြည်မှာ စူးစူးရှရှ တောက်ပနေသော်လည်း ရုတ်တရက် ဟူးကောင်းတောင်တန်းများကို ပြေးကျော်လာသောမိုးက သဲသဲမဲမဲရွာချချင်ရွာချသည်။ တစ်ရွာလုံး နေရောင်နှင့်လင်းထိန်နေရာမှ ချက်ချင်းနှိုင်းတိုက်လာ၍ ညလို တစ်ရွာလုံးမှောင်ချင်မှောင်သွားတတ်သည်။ ထို့ကြောင့် မိုးတွင်းကာလကား မိုးဆိုသည်မှာ တစ်ရံတစ်ဆိတ်မျှ စိတ်မချရပေ။

ထိုနေ့က နေရောင်ခြည်ကိုမြင်ရ၍ လျှံနေသည် ကြိမ်ဖူးခုတ်ရန် ရွာက ထွက်လာသည်။ လျှံနေ ရွာပြင်ရောက်၍ တောထဲ ကြိမ်ဖူးခုတ်နေစဉ် ရာသီဥတုက ရုတ်ခြည်းပြောင်းလဲသွားသည်။

လျှံနေ ကြိမ်ဖူးခုတ်ရန် ရွာမှထွက်လာစဉ်က အရပ်ရှစ်မျက်နှာတွင် နေရောင်ခြည်ပျပျကို မြင်နေရသေးသည်။ မိုးကြီးဆက်တိုက်ရွာသွားသောနေ့တစ်နေ့ဖြစ်၍ ကြည်လင်သန့်စင်နေသောမိုးကောင်းကင်ပြာပြာတွင် တိမ်ပဝါဖြူလွှလွှများ အဆုပ်လိုက်အခဲလိုက် လွင့်မျောနေကြသည်။ ထို့ကြောင့်လည်း ရွာနောက်က စမ်းချောင်းကိုဖြတ်ကူးပြီး လျှံနေ တောထဲဝင် ကြိမ်ဖူးခုတ်၏။ ကြိမ်ဖူးတစ်နပ်စာရပြီး လျှံနေတောထဲကထွက်လာတော့ ကောင်းကင်မှာ မှောင်မည်းနေပြီ။ စောစောက မိုးပြာပြာထဲထိုးထွက်နေသောဟူးကောင်းတောင်မြင့်တောင်ထွတ်များသည် ယခုတော့ မိုးသားတိမ်မည်းကြီးထဲ ဝင်ပုန်းနေကြပြီ။

စောစော သူဖြတ်လာစဉ်က ခြေမျက်စိမြုပ်ရုံသာရှိသော စမ်းချောင်းရေတွေမှာ ဒလဟောသွန်ကျလာပြီ။ ဒူးခေါင်းပေါင်လယ်လောက်သာနက်သော ရေက ရေစီးအားသန်လှ၏။ ဟူးကောင်းတောင်တန်းတစ်လျှောက် ဘယ်အချိန်ကပင် ရွာနေမှန်းမသိသော မိုးရေတို့ တဟီးဟီးအော်မြည်ကာ စီးဆင်းလာနေ၏။

ထို့ကြောင့် ချောင်းရေကိုဖြတ်ကူးရန် လျှံနေ ချီတုံချတုံဖြစ်နေလေသည်။ အကယ်၍ ချောင်းရေကိုဖြတ်မကူးဘဲ ကြိမ်ပင်ကြိမ်နွယ်တို့ဖြင့်ပြုလုပ်ထားသော တောင်ယာကူး မိုးတွင်းတဲတားဆီက ကွေ့ပတ်သွားရမည်ဆိုလျှင် မိုးချုပ်၍ပင် အိမ်ပြန်ရောက်တော့မည်မဟုတ်။

လျှံနေ ချောင်းကမ်းပါးတွင် ချီတုံချတုံဖြစ်နေစဉ် ခွေးတစ်ကောင်နှင့် သူ ရောက်လာ၏။ သူ့ဘေးတွင် သောနုတ္တိ၏ တကုမ္ပဝင်အိတ်နှင့် ဝံသားရေလွယ်အိတ်ကြီးတစ်လုံးလည်းပါသည်။

လျှံနေ ချောင်းကမ်းပါးတွင်ရပ်နေသည်ကိုမြင်တော့ သူက အံ့သြမှုနှင့် ခြေလှမ်းတုံ့သွား၏။အံ့သြသောအကြည့်နှင့်လည်း လျှံနေကိုကြည့်၏။ လျှံနေ ပလိုင်းထဲက ကြိမ်ခါးဖူးတွေကိုမြင်တော့ သဘောပေါက်သွားပုံရ၏။

"နင် ဘာလုပ်နေလဲ"

အနားလာရပ်ပြီး စေ့စေ့ကြည့်၍ မေး၏။

"ငါ. . . ငါ ရွာပြန်မလို့"

"မြန်မြန် ပြန်တာ မဟုတ်ဘူး။ ဟူးကောင်းဘက်မှာ မိုးသိပ်သည်းနေပြီ။ အတော်ကြာ ရေပေါက်လာလို့ မကူးနိုင်ဖြစ်နေဦးမယ်"

"ငါသိတယ်၊ အဲဒါကြောင့် မကူးရဲလို့ပ"

သို့နှင့် တစ်ခါမှစကားမပြောဘူးသော်လည်း လျှံနေအရဲစွန့်၍ပြောလိုက်၏။

"ဒါဆို လာ-မြန်မြန်၊ ငါလည်း ရွာပြန်လာတာ"

ခွန်လွေက သူ့ခွေးကို ချက်ချင်းကောက်ထမ်းကျောပိုးပြီး ချောင်းရေထဲ ဆင်းတော့ လျှံနေကလည်း သူ့နောက်ကလိုက်ဆင်းရသည်။

ရေစီးက တအားသန်နေသည်။ ချောင်းရေမှာ ဆင်းဆင်းချင်း ဒူးခေါင်းမြုပ်သွား၏။ လျှံနေက ခွန်လွေလွယ်ထားသော သူ့ဘေးက ဝံရေလွယ်အိတ်ကြီးကိုဆွဲထားရ၏။ချောင်းလယ်လောက်ရောက်တော့ ရေကပေါင်လယ်လောက်နက်လာသည်။ ရေစီးကလည်း တအားကြမ်းပြီး ရေဆွဲအားကလည်း ကြီးလာ၏။ ခြေထောက်ကိုမမြောက်ရဲဘဲ ရေထဲရှပ်တိုက်သွားနေရ၏။

ထို့ကြောင့် သူ့နောက်က ဒယီးဒယိုင်ဖြစ်နေ၏။ ဤသည်ကိုပင် ခွန်လွေက စိတ်မရှည်သလို သူ့လက်မောင်းတစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လိုက်ကာ အကြမ်းပတမ်းဆွဲခေါ်လာ၏။

တစ်ချက်တစ်ချက်တွင် ရေစီးအားကြောင့် ခြေထောက်ကမြေကိုမနင်းမိဘဲ ယိုင်သွားသည်။ ထိုအခါ လျှံနေက ကြောက်ကြောက်နှင့် သူ့ခါးက ဘောင်းဘီကြိုးကို လက်တစ်ဖက်နှင့်ဆွဲမိဆွဲရာလှမ်းဆွဲရ၏။ ခြေလှမ်းမရပ်ဘဲ ခွန်လွေက နောက်ကိုတစ်ချက်လှည့်ကြည့်၏။ ရေစီးအရှိန်ကိုကြောက်၍လား၊ သူ့ကိုကြောက်၍လားမသိ လျှံနေရင်ထဲက တဒိတ်ဒိတ်အခုန်မြန်သွားသည်။

လျှံနေကသာ ဒယီးဒယိုင်နှင့် ခြေမခိုင် လက်မမြဲဖြစ်နေသော်လည်း သူဆုပ်ကိုင်ထားသော လျှံနေ၏ လက်တစ်ဖက်မှာတော့ ပြုတ်တူနှင့်တအားဆွဲညှပ်ခံထားရသလို စည်းတင်းနေသည်။

ရွာဘက်ကမ်းရောက်တော့ ခွေးတစ်ကောင်နှင့် လူတစ်ယောက်ကို ဆွဲခေါ်လာသူက ဘာမှမဖြစ်သော်လည်း လျှံနေရင်ထဲမှာတော့မောနေ၏။ ရွာမရောက်မီပင် မိုးကလည်း ဝေါခနဲရွာချလာပြန်၏။

ခွန်လွေသည် သူ့ခွေးနှင့်အတူ ရေစီးနေသော ရွာလယ်မအတိုင်း ဘာမှမပြောမဆိုခဲ့ဘဲ ထွက်သွား၏။ ဘာမှသာမပြောခဲ့ဘဲ ရွာတောင်ဘက်သို့ဆက်လျှောက်သွားသော သူ့ကိုလျှံနေခဏရပ်ကြည့်နေမိ၏။ ခဏအကြာမှာ လျှံနေလည်း မိမိအိမ်ဘက်သို့ ဆက်လျှောက်လာသည်။

အိမ်ရောက်တော့ ချမ်း၍ခိုက်ခိုက်တုန်နေ၏။ ရင်ထဲမှာလည်း ကတုန်ကယင်ကြီးဖြစ်နေသည်။ အဝတ်လဲ၊ မီးလှုံလိုက်မှ တစ်ကိုယ်လုံး ပြန်နွေးလာ၏။

ညနေ ထမင်းစားပြီးခါစမှာ လက်မောင်းက စပ်ဖျဉ်းဖျဉ်းဖြစ်လာ၍ လက်မောင်းကို ငုံ့ကြည့်တော့ လျှံနေ မျက်လုံးပြူးသွားသည်။ သူ့လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com

အိအိအတွင်းဘက်မှာ လက်ချောင်းတွေက အထင်းသားပေါ်နေသည်။ လက်တွေနှင့်ညှပ်သလို သူ့တအားဆုပ်ကိုင်ဆွဲခဲ့သော လက်ချောင်းရာတွေက အမှတ်အသားတစ်ခုလို ထင်ကျန်ခဲ့၏။

ညအိပ်တော့ လျှံနေက သူ့ကို အိပ်မက်ထဲမှာတွေ့ရသည်။

မုဆိုးကြီးတစ်ယောက်၏ဟန်ပန်အပြည့်နှင့် သူသည် ချေ(ဂျီ)အားကြီးတစ်ကောင်ကိုထမ်းပြီး လျှံနေအနားမှာ အချပ်သည်။ လျှံနေလက်မောင်းတသူလက်ချောင်းရာညိုမည်းမည်းတွေကို လျှံနေပြလိုက်၏။ သူကအံ့ဩသွားပြီး -

"နင့်ကို ဝံကုတ်သွားတာလား"

ဟုမေးသည်။

"မသိဘူး"

ဟု ဖြေလိုက်၏။

အိပ်မက်ထဲမှာ ညနေက သူဆွဲခဲ့လာသော လက်ချောင်းရာတွေကို သတိရနေ၏။ သို့သော် သူက ချက်ချင်း ဝက်ဝံကြီးတစ်ကောင်ဖြစ်သွားသည်။ သူ့သတ်လာသောသူ့ချေးလည်းပျောက်သွားသည်။ သူ့ချေးက လျှံနေကိုလိုက်ကိုက်တော့၏။ လျှံနေ ရွာဘက်ကိုပြေးလာသည်။ သူ့ချေးကလည်း လျှံနေ့နောက်ပြေးလိုက်လာ၏။ 'ကန္တူး ကန္တူး ကယ်ပါဦး ကပါး ကပါး ကယ်ပါဦး' ဟု လျှံနေအော်တစ်၍ လန့်နိုးသွားသည်။

"သမီး ဘာဖြစ်တာလဲ၊ နင် ငါ့ကို လန့်တော့ကအော်တယ်ကား"

အမေ့အသံကြားမှ အကြောက်ပြေသွား၏။ အိပ်မက်မှန်းသိသော်လည်း ရင်ခုန်နေ၏။

"ညနေကကြိမ်ခါးဖူးသွားခူးတာလေ အမေ၊ အဲဒါ ခုမှ ဝံကြီးတစ်ကောင် လိုက်ကိုက်တယ် အိပ်မက်မြင်လို့"

"ဟိုက်- မဆိုးကောင်းဆိုကောင်း၊ ဒီကောင်မ"

လျှံနေ စကားမဆုံးမီ အမေက လျှံနေပါးစပ်ကို လက်ဝါးနှင့်လာအုပ်၏။

"နင်ရွာပြင်ထွက်တာ အတင့်မရဲနဲ့၊ မိုးသည်းတော့ ဗီလာတောဇ်ဘက်က ဝံအိနေသံကြားတယ်လို့ အမေ့ကို ရောင်ရင် မှာသွားတယ်"

ဟုပြောကာ အမေအိပ်ပျော်သွား၏။ သူက အိပ်မပျော်တော့။

မိုးရွာနေသံကို ကြားနေရသည်။ ဗီလာမှာ လျှံနေတို့ တောင်ယာရှိသော တောင်ဖြစ်သဖြင့် ရောင်ရင် သတိပေးသွားသည်မှာ အမှန်ဖြစ်နိုင်၏။ မိုးသည်းလျှင် ဝံများချမ်း၍လားတော့မသိ။ အိပ်ကြတတ်ကြ၏။

အိပ်မက်မြင်၍ သူ့ရက်ပင်မကြာ၊ ခွန်လွှေ ဝက်ဝံကြီးကို လျှံနေ တကယ် တွေ့ရတော့သည်။

အပျို၊ လူပျိုတွေ စုအိပ်တတ်ကြသော ဆလိုင်းခုန်ကျန်-မိုင်သန်းယာတို့ အိမ်သို့ မထင်မှတ်ဘဲ သူရောက်လာ၏။

ဆလိုင်းခုန်ကျန်-မိုင်သန်းယာတို့ အိမ်သို့ ပထမဦးဆုံး ခွန်လွှေရောက်လာသောနေ့က အတော်မိုးချုပ်မှရောက်လာ၏။ ရှက်သလိုရွံ့သလိုနှင့် လူပျိုတွေ စုအိပ်နေကြသော ခေါင်းရင်းဘက်မှာ သူက ခပ်ကုပ်ကုပ်နေရာယူ၏။ သူနှင့် အတော်အသင့် မေးထူးခေါ်ပြောရှိခဲ့ကြဖူးသော ဒူလှန်းနှင့်ပိုက်ပိုးတို့နှစ်ယောက်ကြားမှာ ဝင်အိပ်သည်။

လူပျို၊ အပျိုတို့စုအိပ်နေကြသော အိမ်ကို သူရောက်လာပုံမှာ ယခင်က အိပ်နေကျဖြစ်သော တောင်ပိုင်းက အပျို၊ လူပျိုစုတို့အိမ်မှာ တစ်စုံတစ်ယောက်နှင့် စကားများရန်ဖြစ်လာသလို နေထိုင်မကောင်းဖြစ်နေသဖြင့် နီးရာအိမ်တစ်အိမ်ဝင်အိပ်သလို မဝံ့မရဲ ဥပါယ်တံမျဉ်နှင့်ရောက်လာခြင်း ဖြစ်သည်။

အပျို၊လူပျိုများစုအိပ်နေကြသော အိမ်သို့ လူပျိုမျက်နှာစိမ်းအသစ်တစ်ယောက်ရောက်လာပြီဆိုလျှင်ဖြင့် သူ့ကို အားလုံးကပိုင်း၍အကဲခတ်ကြ၏။ ဘယ်အပျိုကိုစိတ်ဝင်စား၍လာပိုးခြင်းဟု တိတိကျကျမသိရသော်လည်း တစ်ယောက်ယောက်ကိုစိတ်ဝင်စား၍ရောက်လာသည်ဆိုတာတော့ အပျိုတိုင်း၊ လူပျိုတိုင်းသိကြ၏။

ထို့ကြောင့်လည်း အပျိုများက လူပျိုမျက်နှာစိမ်းကို မသိမသာခိုးကြည့်ကာ ပထမတော့ 'သူ့ကိုလား၊ ငါ့ကိုလား' ဟု ဆိုင်သူရော မဆိုင်သူတွေပါ ရင်ခုန်နေကြ၏။ မိန်းမပျို မိန်းမပျိုချင်း အထင်နှင့် တစ်ယောက်ကိုတစ်ယောက်နောက်ပြောင်တွတ်ထိုးနေကြ၏။

သို့သော် ကာယကံရှင်တွေကတော့ သူ့အထာနှင့်သူ သိပြီးသား၊ကျွမ်းပြီးသားမို့ ချစ်သူရောက်လာကတည်းက မျက်လုံးချင်းစကားပြောပြီးသား၊အပြုံးချင်းဖလှယ်ပြီးသား၊ အချစ်သင်္ကေတတွေကိုပြပြီးသား၊ နှလုံးသားချင်းတော့ ဆက်လက်၍ စကားပြောကြရုံသာ။

ခွန်လွှေ မယောင်မလည်နှင့် ညဉ့်နက်သန်းခေါင်နီးမှ ဒူးလုန်းနှင့်ပိုက်ပိုးတို့နှစ်ယောက်ကြား ဝင်အိပ်နေသည်ကို ထိုနေ့က အပျို၊ လူပျိုတိုင်းပင် မသိလိုက်ကြ။ ကာယကံရှင် လျှံနေသည်ပင် ထိုနေ့က စောစောအိပ်ပျော်သွား၍မသိလိုက်။

မိုးလင်းမှ သူ့မျက်နှာကိုမြင်လိုက်ရ၏။

ဤသည်မှာလည်း အပျိုစုအိမ်သို့ လူပျိုမျက်နှာစိမ်းရောက်လာတိုင်း ဤနည်းနှင်နှင်ချည်း ရောက်လာတတ်ကြသည်။ နောက်နေ့ကျတော့ ဤနေ့ထက်စော၏။ နောက်နေ့ နောက်နေ့တွေကျတော့ မမှောင်မီ။ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီး စောစွာရောက်လာတတ်သည်။ အချို့ကျတော့ အပျိုတွေမရောက်မီကပင်ရောက်နှင့်နေကြ၏။ အိပ်နေကျအိမ်၊ နေနေကျအိမ်မို့ စောစောလာလာ၊ မိုးချုပ်မှလာလာ၊ သန်းခေါင်သန်းလွဲမှလာလာ ကြာတော့ မည်သူကမျှ သူ့ကိုစိတ်မဝင်စားကြတော့။ သူ့အဆက်နှင့်သူဟု သိသွားကြလျှင် ပြီးသွားပြီ။

မည်သို့ဆိုစေ ဆလိုင်းခုန်ကျန်-မိုင်သန်းယာတို့အိမ်သို့ ခွန်လွှေရောက်လာသည်ကိုတော့ အားလုံးက လိုလိုလားလား ကြိုဆိုကြ၏။

"ငါတို့တော့ ညစာအတွက် အသားဟင်းမပူရတော့ဘူးဟေ့။ တို့အိမ်ကို မုဆိုးတစ်ယောက်ရောက်လာပြီ။ အဲ-တစ်ခုတော့ရှိတာပ။ ကောင်မလေးတွေတော့ အထူးသတိထားကြ။ မုဆိုးအချစ်ဆိုတာ သူတို့မြားဆိပ်လိုပဲပြင်းတယ်နော်။ ဆူးမိရင် တစ်သက်လုံး အဆိပ် မပြေတော့ဘူး ဟဲဟဲ"

ဆလိုင်းခုန်ကျန်က သူ့အိမ်သို့ လူသစ်အဖြစ်ရောက်လာသော ခွန်လွှေနှင့် မိန်းမပျိုတွေကိုစ၍ မိတ်ဆက်စကားဆိုလိုက်၏။

လျှံနေ အပါအဝင် မိန်းမပျိုများက သူ့ကိုဝိုင်းကြည့်ကြသောအခါ ခွန်လွှေမှာ ရှက်၍မျက်နှာနီနေ၏။

မစွမ်းရင်းနှင့်ရောက်လာသူခွန်လွှေကို ဆလိုင်းခုန်ကျန်၏ စကားက မလုံအုံကိုတုတ်ထိုးဖြစ်သွားစေသည်။ထို့ကြောင့်လည်း သူက ပိုရှက်သွားပုံရ၏။ အပျိုများ၏မျက်နှာကိုပင် လုံးဝလှမ်းမကြည့်သေးဘဲ ခေါင်းငုံ့ပြုံးနေ၏။

အမှန်ကတော့ ခွန်လွှေသာမဟုတ်။ သူနှင့် အသည်းခလုတ်တစ်ခါတိုက်ထားသော လျှံနေမှာလည်း သူ့မျက်နှာကို လှမ်းမကြည့်ရဲသေးဘဲ ရင်ခုန်နေ၏။ မေးရိုးကားကား၊ အသားဖြူဖြူ နှုတ်ခမ်းမွေးရဲရဲ၊ မျက်လုံးနက်နက်နှင့် သူ့မျက်နှာလေးထောင့်ကို လျှံနေ အိပ်မက်ပင်မက်ဖူးခဲ့ပြီ။

ခွန်လွှေ မိုင်သန်းယာတို့အိမ်ကို ရောက်၍ နောက်တစ်နေ့ ညနေမှာ ကောက်ညှင်းပေါင်းပေါင်းကြလေသည်။ အသားဟင်းကို ခွန်လွှေက ဒတာမည်



www.burmeseclassic.com

www.burmeseclassic.com

ဆိုသဖြင့် လျှံနေက မသိလိုက်မသိဘာသာ ကန္တြေလုပ်နေလိုက်၏။

ကောက်ညှင်းပေါင်းပြီးကြပြီး ဆတ်သားခြောက်တွေမီးဖုတ်နေကြတုန်း လျှံနေက အိပ်ယောင်ဆောင်နေလိုက်သည်။ အားလုံး ကိစ္စဝိစ္စပြီး၍ အပျို၊ လူပျိုတွေ ကောက်ညှင်းပေါင်း အပျော်စားကြရန် ဝိုင်းထိုင်ကြတော့ လျှံနေက အိပ်ယောင်ဆောင်နေတုန်း။

"ဟဲ့-ယောက်မတို့၊ လျှံနေကိုခေါ်ကြပါဦး၊ နိုးကြပါဦး"

အိမ်ရှင် မိုင်သန်းယာက လျှံနေကို မမြင်မိ၍ ဝိုင်းတွင်ဆို၏။ သူ့ခင်ပွန်း ဆလိုင်းခုန်ကျန်ကလည်း -

"ဒါ လူပျိုသစ်ကို နှုတ်ဆက်ပွဲဟ၊ အပျိုတွေစုံမှဖြစ်မယ်။ သွားနိုးကြစမ်း"

ဟု တိုက်တွန်းလိုက်၏။

"ဒီနေ့က အသားကင်ဟင်းကို ခွန်လွှေက ဒကာခံတဲ့နေ့၊ ခွန်လွှေ ဒီအိမ်ကိုရောက်တဲ့အထိမ်းအမှတ်နေ့ဆိုတော့ ခွန်လွှေပဲသွားနိုးရမှာပေါ့။ ခွန်လွှေ၊ လျှံနေကိုသွားနိုးလေကွာ"

"ဟုတ်တယ် ဟုတ်တယ်၊ လျှံနေကို ခွန်လွှေသွားနိုးလိုက်"

ခွန်လွှေနှင့် လျှံနေကို သံသယရှိသူရော လုံးဝမရိပ်မိကြသူတွေကပါ ဝိုင်းတောင်းဆိုကြ၏။

အိပ်ချင်ယောင်ဆောင်နေသော လျှံနေမှာ 'သူလာနိုးတော့မှာပဲ' ဟူသော အတွေးနှင့် ရင်ထဲတဒိတ်ဒိတ်ခုန်လာ၏။

"လျှံနေ၊ လျှံ. . . လျှံနေ၊ ထ. . ထ ကောက်ညှင်းပေါင်းစားရအောင်"

ခွန်လွှေက တုန်တုန်ယင်ယင် အသံနှင့် သူ့ခြေထောက်ကိုလာဆွဲတော့ လျှံနေ တစ်ကိုယ်လုံးမှာ ထူပူသွား၏။

"ဟင့်အင်း- ငါ. . . ငါ မစားချင်ဘူး"

လျှံနေက ခွန်လွှေကြားရုံ လေသံနှင့်တိုးတိုးပြော၏။

"ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

"ကောင်း. . . ကောင်းပါတယ်၊ ရင်ပြည့်ချင်နေလို့"

လျှံနေက မျက်လုံးမဖွင့်၊ သူ့မျက်နှာကိုမကြည့်ဝံ့သေးဘဲ လေသံနှင့်ပြော၏။

ရုတ်တရက် ခွန်လွှေ ဘာဆက်ပြောရမှန်းမသိဘဲ ငိုင်တိုင်တိုင် ငူတူတူ ဖြစ်သွားစဉ် -

"နေကောင်းသားနဲ့ ဘာလို့လဲ၊ ကဲ - လာပါဟာ၊ မစားချင်လည်း ထ ထလေ"

"ဟင့်အင်း၊ ဟင့်အင်း"

"လျှံနေ၊ ဘာဖြစ်လို့လဲ။ နေမကောင်းလို့လား"

လျှံနေ အင်းအဲလုပ်သံကိုကြား သွားသော မိုင်သန်းယာက လှမ်းမေးသည်။

"နေကောင်းပါတယ်။ သူ. . . သူ မစားချင်ဘူးတဲ့ မိုင်. . ."

လျှံနေအစား ခွန်လွှေက မိုင်သန်းယာကို လှမ်းပြောလိုက်၏။

"ဘာလဲ ကောင်မလေး မင်းကို ကြိုက်နေလို့ ရှက်နေတယ်ထင်တယ်။ ငါတို့မမြင်ကွယ်ရာနော် ခွန်လွှေ နင် ကောင်မလေးကိုဖက်နမ်းနေတယ်ဟုတ်"

ဆလိုင်းခုန်ကျန် အော်ပြောလိုက်တော့မှ လျှံနေမှာ ကမန်းကတမ်းထပြေးလာရတော့သည်။ သူထပြေးလာတာ မြင်တော့ အပျိုလူပျိုတွေကလက်ခုပ်တီး၍ ဝိုင်းရယ်ကြသည်။

"ပူးလ်က သိပ်ဆိုးတာပဲ။ ငါ အိမ်ပြောင်းမယ်"

"တို့မုဆိုးကျော်ကြီးအိမ်တက်ပွဲမှာ နင်မလာဘဲနေမှာစိုးလို့ ပူးလ်က တမင်စတာပါဟ။ ဘယ့်နှယ် အိမ်ပြောင်းရမှာတုံး ဟဲဟဲ"

အားလုံးက လျှံနေကိုကြည့်၍ ဝိုင်းဟားကြ၏။

အမှုလုပ်ကာမှ ပို၍ရုပ်ကုန်သဖြင့် လျှံနေမှာ မျက်နှာရဲထွတ်သွား၏။

ထိုစဉ်ကအဖြစ်ကို တွေးမိတိုင်း လျှံနေမှာ ခုထိရင်ခုန်တုန်း။

"ကဲကဲ- စားလည်းစားကြ၊ နင်တို့သတိလည်းထားကြ။ မုဆိုးအချစ်ဆိုတာ သူတို့မြားဆိပ်လိုပဲ ဆူးမိရင် အဆိပ်ပြင်းတယ်နော်။ စောစောက ငါပြောသလိုပဲ။ တစ်သက်လုံးအဆိပ်တက်. . ."

"ဟယ် - ဒီလူကြီး ပြောပြန်ပြီ၊ မကြီးမငယ်နဲ့။ ခွန်လွှေ ရှက်နေဦးမယ်"

သူ့ယောကျ်ားစကားမဆုံးမီပင် မိုင်သန်းယာက ဆလိုင်းခုန်ကျန်နဖူးကို ကောက်ညှင်းဆုပ်နှင့် လှမ်းပစ်၍ အော်လိုက်၏။

"လူသစ်တက်ပွဲဆိုတာ ပျော်စရာကောင်းအောင်လုပ်ရတယ်ဟ"

ဆလိုင်းခုန်ကျန်က မိုင်သန်းယာကို ခေါင်းရှေ့ထိုးပြီးနမ်းပြသလိုလုပ်လိုက်သောအခါ အားလုံး ဝိုင်းဟားကြသည်။

ဆလိုင်းခုန်ကျန်စကားကို လျှံနေ နားထဲကြားယောင်လာသည်။ ခုတော့ ဆလိုင်းခုန်ကျန် သတိပေးပြောခဲ့သလို လျှံနေမှာ တကယ်ခံစားနေရပြီ။

❑

လရိပ်ထင်စမှာ လျှံနေတို့ရှိသော အပျိုစုအိမ်သို့ ပဖံ ရောက်လာသည်။ မလာစဖူးသောပဖံကို လျှံနေ အံ့သြနေ၏။ ယခင်က ဤသို့ ညဥ့်အိပ်ညဥ့်နေ တစ်ခါမှမလာစဖူး။ ယခု ပဖံရောက်လာခြင်းမှာ အကြောင်းတစ်ခုခုတော့ မုချရှိရမည်။

ပဖံသည် အိမ်ပေါ်တက်လာလာချင်း လျှံနေအနားမှာ လာထိုင်၏။ ပဖံ သူ့အနားလာထိုင်တော့ လျှံနေက ပို၍ ရင်ထိတ်သွားသည်။ ဘာအကြောင်းမှန်း ဆိုသည်ကို မသိရသေး။

တောင်ပိုင်းရှိ အပျိုစုအိမ်တွင် အိပ်နေသူက မြောက်ပိုင်း အပျိုစုအိမ်ကို ရောက်လာခြင်းမှာ ရည်းစားပျက်လာ၍လား။ ပဖံရည်းစားမှာ လျှံနေအစ်ကို လျှံထောင်ဖြစ်နေသဖြင့် အကယ်၍ ရည်းစားပျက်လာလျှင်လည်း လျှံနေ အနားမှာတော့ လာထိုင်မည်မဟုတ်ပါ။ ပြီးတော့ ပဖံနှင့်လျှံထောင်တို့မှာ ငယ်ရည်းစားများ။ မိဘနှစ်ဖက်ကလည်း သဘောတူပြီးသား။ ပဖံနှင့်လျှံထောင်တို့မှာ ဤလပိုင်းအတွင်း၌ပင် လက်ထပ်ပေးကြရန် အင်တိုင်း (အသွင်း) ပေးပြီးသား။ ထို့ကြောင့် ရည်းစားပျက်၍လာခြင်းတော့ ဘယ်နည်းနှင့်မျှမဖြစ်နိုင်ပြန်။

လျှံနေကို ကြည့်သော ပဖံ၏ အကြည့်ကလည်း ထူးခြားနေ၏။ သူ၏ မျက်နှာကိုမြင်ရခြင်းမှာ သောကတစ်စုံတစ်ရာကို သယ်ဆောင်လာသော မျက်နှာမျိုး။ ပဖံနှင့် လျှံနေတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ပဟေဠိရှာသလိုအတန်ကြာစိုက်ကြည့်နေကြ၏။ ပြီးမှ ပဖံက လျှံနေကို လက်ကုတ်ပြီး အိမ်ဘေးရှိ ရေကပြင်ကိုခေါ်လာ၏။

"ဘာလဲဟင် ပဖံ"

"ထိုင်ပါဦး၊ လျှံနေကို မေးစရာရှိလို့ပါ"

နှစ်ယောက်သား ဂျပ်ခုတ်ရက်ကန်းစင်နားတွင် ပြိုင်တူထိုင်လိုက်ကြ၏။

"လျှံနေ၊ တို့ကိုမှန်မှန်ပြောရမယ်နော် ယောက်မ"

"ဘာကိုပါလိမ့်"

"ခွန်လွှေနဲ့ ယောက်မနဲ့က. . ."

ပဖံက စကားကိုမဆက်သေးဘဲ လျှံနေမျက်နှာကို စိုက်ကြည့်နေ၏။

ဘာမှန်းမသိသေးသော်လည်း ခွန်လွှေ ဟူသောစကားကြောင့် လျှံနေမှာ ပဖံ၏ အကြည့်အပြောကြောင့် ပိုပြီး ရင်ထဲထိတ်သွားမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟင်- ယောက်မ၊ ဟုတ် ဟုတ်ပါတယ်နော်"

"အင်းအင်း - ဟုတ် . . . ဟုတ်ပါတယ်။ ဒါပေမယ့် သူ ဒီကိုမလာတာ သုံး၊ လေးရက်ရှိပြီ။ ယောက်မ ဘာကြားလို့လဲဟင်"

လျှံနေ၏စကားက ပဇံ၏မျက်နှာကို ဖြူဖပ်ဖြူရော်ဖြစ်သွားစေသည်။

"ဒုက္ခပါပဲ"

ပဇံကညည်းလိုက်သည်။

"ဘာဖြစ်လို့လဲဟင်"

"ယောက်မ တကယ်မသိသေးဘူး"

"ဟင့်အင်း -ခွန်လှေ ဘာဖြစ်လို့လဲဟင်"

ပိုပြီးစိုးရိမ်သွားသော အမေး။ သူ့ချစ်သူမှာ မုဆိုးဖြစ်၏။

ဆင်နင်း၊ ကျားကိုက်၊ ဝံကုတ်၊ တတ်ပက်၊ ပြောင်တိုက်၊ ဆတ်ကန်၊ မြွေပေါက်ကင်းပါးကိုသာ စိတ်ရောက်သွားမိလိုက်သည်။

"ဆလိုင်းထန်ထောင်ကြီးအသုဘတီးခွန်နေ့ကလေ"

"ဆလိုင်းကြီးအသုဘနေ့က ဘာဖြစ်လို့လဲ"

လျှံနေမှာ ချစ်သူအတွက် စိုးရိမ်စိတ်နှင့် ရင်တထိတ်ထိတ်။

"ဆလိုင်းထန်ထောင်အသုဘနေ့မှာ ယောက်မအစ်ကိုက ခွန်လှေကို ကျိန်စာပေးတယ်တဲ့။ ခွန်လှေတို့အမျိုးကို ယောက်မတို့အမျိုးက သတ်ထားတာ ပြန်ကလဲ့စားမချေရဲဘူး။ ကျားတွေ၊ ပြောင်တွေသတ်ရဲပေမယ့် ခွန်လှေ လူသတ်ရဲပါဘူးလို့ စိန်ခေါ်သတဲ့။ အဲဒါနဲ့ ခွန်လှေက နင့်အစ်ကိုလျှံထောင်ကို သတ်မလို့ ဖရာနာန် (လက်နက်) စုံစမ်းနေပြီတဲ့။ နင်မကြားဘူး"

ပဇံ၏စကားကြောင့် လျှံနေတစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်းထသွားမိ၏။ ထို့ကြောင့် ဆလိုင်းထန်ထောင်အသုဘနေ့ကပင် အပျိုစုအိမ်သို့ သူပေါ်လာခြင်းကို ယခု ပဇံလာပြောတော့မှ သဘောပေါက်သိသွားလေသည်။

မကောင်းသတင်း ဆိုသည်မှာ သူများသူစိမ်းတွေနားလျှံမှ ပတ်သက်ရာပတ်သက်ကြောင်း ရင်းသူများဆီရောက်လာတတ်၏။ ယခု သုံး၊ လေးရက်ကြာပြီဖြစ်သော်လည်း ဤကိစ္စ လျှံနေ လုံးဝမသိခဲ့ရ၊ မကြားခဲ့ရ။

"ဒုက္ခပဲ၊ [illegible] ကိုယ်ကသိပ်မိုက်တာ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် ငါခု နင့်ကို လာပြောရတာ။ ခွန်လှေကို ဖျောင်းဖျပြောပေးပါ ယောက်မရယ်။ နင့်အစ်ကိုကိုလည်း ငါကတောင်းပန်ခိုင်းရမယ်။ ဒီလို တစ်မျိုးနဲ့တစ်မျိုး တစ်ယောက်နဲ့တစ်ယောက် ကျိန်စာတိုက်သတ်ဖြတ်နေကြရင် ဒီသံသရာကြီးက ဘယ်တော့ဆုံးမှာမဟုတ်တော့ဘူး။ လူကြီးတွေကလည်း ဒါပဲစိတ်ပူနေကြတာတဲ့။ ဖာသာကြီးဆီတောင်ပြောပေးဖို့ လူကြီးတွေသွားပြီးကြပြီလား မသိဘူး။ ခွန်လှေက မုဆိုး၊ စိတ်ကဆတ်ပါဘိနဲ့။ ဒီမကောင်းတဲ့အစဉ်အလာကို သူတို့တွေ ဘာလို့ပြန်ဖော်နေကြတာလဲ မသိတော့တယ်၊ ငါလည်း နင့်အစ်ကိုလျှံထောင်ကို ဆဲပြီးဆိုပြီးပြီ။ နင့်အစ်ကိုက ကိုယ့်ဒုက္ခကိုယ်ရှာနေတာ လျှံနေ"

လျှံနေတို့ တစ်သက်တာမှာ တစ်မျိုးနှင့်တစ်မျိုး၊ တစ်ရွာနှင့်တစ်ရွာ၊ တစ်ယောက်နှင့်တစ်ယောက် ကလဲ့စားချေသတ်ဖြတ်ကြတာကို တစ်ခါမှမျက်မြင်ကိုယ်တွေ့ မမြင်ဘူးကြ၊ မကြားဘူးကြ။ ယခင်ကမူ အစဉ်အလာ ရိုးရာဓလေ့တစ်ခုလို ကလဲ့စားချေခဲ့ကြသည်ဆိုခြင်းကို သူတို့နားယဉ်ပြီးသား ကြားဖူးကြသည်မှာတော့မှန်၏။ သို့သော် ထိုကလဲ့စားချေသော ကျိန်စာဓလေ့ စိန်ခေါ်သတ်ဖြတ်လာခဲ့ကြသည်ဆိုခြင်းမှာ ယခု သူတို့မျိုးဆက်သစ်များအတွက်မှာမူ ပုံပြင်ပမာသာ။

ထိုသေနေခဲ့သောပုံပြင်ကို ယခု ပြန်အသက်သွင်းနေသူကတော့ လျှံနေတို့အစ်ကို လျှံထောင်ပင်။ ဤပုံပြင်ထဲမှာ အဓိကဇာတ်ကောင်က ခွန်လှေ။ ဤကလဲ့စားချေသောပုံပြင်နှင့်ပတ်သက်၍ ယခုအခါ မည်သို့မည်ပုံဖြစ်ပေါ်လာကြမည်ကို အထူးစိုးရိမ်နေကြသူနှစ်ဦးကတော့ လျှံနေနှင့် ပဇံ။

"ဟင် - လျှံနေ၊ ငါပြောတာ နင့်သဘောပေါက်ပါတယ်နော်"

စကားပြန်ဖော်မရဘဲ ကျောက်ရုပ်ဖြစ်နေသောလျှံနေကို ပဇံက အားမလိုအားမရလှုပ်ဖက်၍မေး၏။

"ငါ . . . ငါ ဘာလုပ်ရမလဲ ပဇံ"

"ဟဲ့-ဘာလုပ်ရမလဲ။ နင့်ချစ်သူ ခွန်လှေကို ကလဲ့စားမချေဖို့ ဖျောင်းဖျပြောရမှာပေါ့။ ငါ့ကိုချစ်ရင် ငါ့အစ်ကိုကို မသတ်ပါနဲ့။ ငါ့အစ်ကိုကို နင်သတ်ရင် ငါ့အမျိုးတွေကလည်း နင့်ကိုပြန်သတ်ကြလိမ့်မယ်။ အဲဒါဆို နင်နဲ့ငါနဲ့လည်း ပေါင်းကြရမှာမဟုတ်တော့ဘူး။ ပြီးတော့ အစိုးရမင်းနဲ့ တောင်ပိုင်ကြီးတွေက နင့်ကိုအရေးယူကြလိမ့်မယ်ဘာညာပေါ့နော် ယောက်မ။ နင်ဒီလောက်တော့ပြောတတ်ပါတယ် လျှံနေနော်"

"ခု ခွန်လှေ ဒီကိုမလာတာ သုံး၊ လေးညရှိပြီ"

လျှံနေက ဝမ်းနည်းသံနှင့်ဆို၏။

"အေး - အဲဒီအငြိုးကြောင့်မလာတာနေမှာပေါ့။ သူကိုတွေ့အောင်ရှာပြီးပြောပါဟာ။ နင်အပြောနောက်ကျရင်တော့ လူသတ်မှုတွေ ဆက်တိုက်ဖြစ်ကုန်ကြတော့မှာပဲ လျှံနေ"

"ဟုတ်တယ်၊ ခွန်လှေတို့က မြောက်ပိုင်းအနွယ်တွေ။ ဒေါသကြီးတယ်၊ ရက်စက်တယ်၊ ကလဲ့စားချေကြတဲ့ အစဉ်အလာလည်း သူတို့မြောက်ပိုင်းမှာ ပိုပြီးထင်ရှားခဲ့တယ်"

"ဟဲ့ - ဟိုသမီးယောက်မတွေ ဘာတွတ်ထိုးနေကြလဲ။ မျောက်ဥပြုတ်လာစားကြပါဦးလား ကောင်မတွေရယ်"

အိမ်ရှင် မိုင်သန်းယာက လျှံနေနှင့် ပဇံကို လှမ်းအော်ပြောသည်။

သူတို့ပြောနေကြသည်ကို အများသိသွားမှာစိုး၍ ချက်ချင်းထလာကြပြီး မျောက်ဥပြုတ်ကို ဟန်ဆောင်ပန်ဆောင်လာစားနေကြရသော်လည်း လျှံနေနှင့် ပဇံ ရင်ထဲမှာတော့ သောကတွေက ဘောင်ဘင်ခတ်နေ၏။ ခါတိုင်းညလို အစားအစာက သူတို့ပါးစပ်ထဲတွင် အရသာမရှိကြ။ သောကသည် သူတို့နှစ်ယောက်၏ တစ်ကိုယ်လုံးတွင် ပျံ့နှံ့နေ၏။

ညဉ့်နက်၍ အများနည်းတူ အိပ်ရာဝင်ကြသော်လည်း လျှံနေနှင့် ပဇံတို့မှာ တစ်ယောက်၏ ရှည်လျားသောသက်မချသံကို တစ်ယောက်ကကြားနေရတုန်း။

အမှန်က လျှံထောင်နှင့်ခွန်လှေတို့အကြောင်းကို သိသူကြားသူများလည်းရှိချင်ရှိနေကြမည်။ သို့သော် မိမိကိစ္စ မိမိနှင့် မပတ်သက်၍သာ မမေးမမြန်းကြခြင်းလည်းဖြစ်ကြောင်းဖြစ်နိုင်လေ၏။ ထို့ကြောင့်လည်း အပျို လူပျိုစုတို့၏ ဤအိမ်သည် ဤညဉ့် ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်နေသလားဟုထင်မိကာ လျှံနေမှာ ပို၍အိပ်မရဖြစ်နေလေသည်။

(ဆက်ရန်)

ဝိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို သာမန်အားဖြင့် လူကောင်းနှင့် လူဆိုး ဟူ၍ နှစ်မျိုးနှစ်စားသာရှိပြီး လူကောင်း မှန်သမျှ 'ကောင်းမှုပြုတတ်၏၊ ကောင်းအောင် ကြိုးစား၍၊ ကောင်းကျိုးကိုယ်၌တည် စေမင်း' ဟူသော မဃဒေဝလင်္ကာ အတိုင်း ပြုမူကျင့်ကြံကြ၏။ လူဆိုးတို့ သည်ကား အမျိုးမျိုးသော မကောင်းမှု ဒုစရိတ (ဒုစရိုက်) မျိုးစုံကို ကြံစည်ကျူး လွန်ကြ၏။

လူကောင်းနှင့် လူဆိုးကိုမူ အရေ အတွက်အားဖြင့် အတိအကျမဖော်ပြ နိုင်သကဲ့သို့ အရည်အချင်းအားဖြင့် လည်းအကဲခတ်ရန်ခက်ခဲ၏။အကြောင်း မှာ ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ ဟူသော သံမဏိစိတ်ဓာတ်ပိုင်ရှင်အချို့ ပင် အူမမတောင့်သဖြင့် မိုးခါးရေကို မြိန်ရေရှက်ရေသောက်သုံးနေကြသည့် အပြင် သူတော်ကောင်းအယောင်ဆောင် လူဆိုးအချို့ လူ့အဖွဲ့အစည်း၏မျက်နှာဖုံး အဖြစ်ဝင်ဆံ့နေသောကြောင့် ဖြစ်၏။

အောက်တွင် ဖော်ပြထားသည့် မကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ သည် မကောင်းမှု ဒုစရိုက်ဆယ်ပါးပင် ဖြစ်၏။

က။ သူ့အသက်သတ်ခြင်း၊ ပိုင်ရှင် မပေးအပ်သော သူတစ်ပါးပစ္စည်းခိုးယူ ခြင်းနှင့် ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့် ခြင်းစသော ကိုယ်မှုသုံးပါး။

ခ။ မဟုတ်မမှန်ပြောဆိုခြင်း၊ ကုန်း ချောစကားရန်တိုက်စကားပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာရုန့်ရင်းကြမ်းတမ်းသော စကားပြောဆိုခြင်း၊ အကျိုးမရှိအနှစ်မဲ့

# သုတဝင်း
## အကောင်းအဆိုး





www.burmeseclassic.com

www.burmeseclassic.com

သောစကားပြောဆိုခြင်း စသော နှုတ်မှုလေးပါး။

ဂ။ မတရားကြံစည်ခြင်း၊ သူတစ်ပါးတို့ပျက်စီးစေလိုခြင်းနှင့် အယူမှားခြင်းစသော စိတ်မှုသုံးပါး။

အဆိုပါ မကောင်းမှုဒုစရိုက်ဆယ်ပါးတို့ မကျူးလွန်မိစေရန် မြဲမြံစွာစောင့်ထိန်းရန်မှာ လွယ်မယောင်နှင့်ခက်ခဲတတ်၏၊ အထူးသဖြင့် ကျွံသွားလျှင် မြန်နုတ်ရန် စကားအရာ သို့တည်းမဟုတ် နှုတ်မှုထိက်သာဖြစ်၏။ တစ်ဖန် အယူမှားခြင်း စိတ်မှုမနောကံကြောင့်လည်း မကောင်းသော ကိုယ်မှု၊ နှုတ်မှုတို့ကို ကျူးလွန်စေတတ်ပြန်၏။

ထို့ကြောင့် လူတစ်ဦးချင်းစီသည် ကောင်းသောကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူသမျှကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၍ ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို မြဲမြံစွာစောင့်ထိန်းခြင်းဖြင့် လူ့အဖွဲ့အစည်း သာယာဝပြောရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းနိုင်၏။

လူတိုင်း လူကောင်းမဖြစ်နိုင်စေကာမူ လူအများစုသည် လူကောင်းဖြစ်ဖို့ အလွန်အရေးကြီး၏။ အကယ်၍ အူမ မတော်င့်သဖြင့် သီလမစောင့်နိုင်ပါက အများနည်းတူ မိုးခါးရေပဲသောက်တော့မည်ဆိုပါက လောဘထန်၍ အကြံနုပ်၊ ဒေါသထန်၍ မဟုတ်ကြံ၊ မောဟထန်၍ အကြံငုပ်ခြင်းဖြင့် သံသရာလည်ရင်း လူ့အဖွဲ့အစည်းပျက်ယွင်းသွားဖို့ပဲရှိပေလိမ့်မည်။

မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို သတိတမံ ဉာဏ်မြေကတုတ်ဖြင့်သာ ထိန်းချုပ်နိုင်၏။ တစ်နည်းအားဖြင့် ဂရုမမူဖြင့် စောင့်ထိန်းလျှင် ဒုစရိုက်တင်းစင်၏။

လူတို့၏ ကိုယ်ကျင့်တရားကို အလွယ်တကူ ပျက်ယွင်းစေသော အကြောင်းတရားသည် မရှိမဖြစ်လိုအပ်သောစားဝတ်နေရေးနှင့် အကန့်အသတ်မရှိသော လိုအင်ဆန္ဒများပင် ဖြစ်၏။ ယင်းတို့ကို တင်းတိမ်ရောင့်ရဲနိုင်မှသာလျှင် သမ္မာအာဇီဝဟူသောကောင်းသောအသက်မွေးမှုကိုပြုနိုင်မည် ဖြစ်၏။

စင်စစ်အားဖြင့် တင်းတိမ်ရောင့်ရဲမှုဟူသည်မှာ အမြော်အမြင်နှင့် ဆင်ခြင်တုံတရားတို့အပေါ်တွင် အခြေခံလေ့ရှိ၏။

မည်သူမဆို ကောင်းပေ့ညွန့်ပေ့ဆိုသော့အရာများကိုသာ ကြိုက်နှစ်သက်တတ်၏။ ထိုသို့ အကောင်းကြိုက်တတ်ပါလျက်နှင့် လူအချို့က မည်သည့်အတွက်ကြောင့် ကောင်းမှုသုစရိုက်ကို မမြတ်နိုးကြပါသနည်းဟူ၍ မေးလျှင် 'အူမ မတောင့်လို့' ဟူ၍ ဆင်ခြင်ပေးကြပါလိမ့်မည်။

လောက၌ပြုထိုက်သောကောင်းမှုများအနက် သီလ ဟူသော ကိုယ်ကျင့်တရားစောင့်ထိန်းရန် ပျက်ယွင်းရုံမျှဖြင့် စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ဘုရားဂုဏ်စသည်ကို အာရုံပြုခြင်း၊ ရိုသေထိုက်သူကို ရိုသေခြင်း၊ သူတစ်ပါးကြီးငယ်ကိစ္စပြုစုဆောင်ရွက်ခြင်း၊မိမိပြုသောကောင်းမှုကိုအမျှပေးဝေခြင်း၊ သူတစ်ပါးကောင်းမှုပြုသည်ကို သာဓုခေါ်ခြင်း၊ တရားကောင်းစွာ နာယူခြင်း၊ ဖြောင့်မှန်သောအယူဝါဒရှိခြင်း စသည်တို့ လုံးဝကင်းမဲ့သွားတတ်၏။

မကောင်းမှုဒုစရိုက်မျိုးစုံ ကျူးလွန်သူများကို လူဆိုးဟူ၍ ခြုံငုံခေါ်ဝေါ်၏။ လူ့အဖွဲ့အစည်းတွင် အများဆုံးကျူးလွန်လေ့ရှိသော ကိုယ်မှုဒုစရိုက်အဖြစ် ပိုင်ရှင် ကိုယ်၊ နှုတ်ဖြင့်မပေးအပ်သော သက်ရှိ သက်မဲ့ပစ္စည်းကို ခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ အဓမ္မဖြင့်ယူခြင်း၊ အလေးတင်းတောင်းချိန်ခွင်ဖြင့်လိမ်လည်လှည့်စား၍ယူခြင်း၊ ရောင်းကုန်များ၌ ရေ စသည် ရောနှော၍ ရောင်းချခြင်း၊ ဖျင်းအသူတို့၏ပစ္စည်းလိမ်ညာ၍ယူခြင်း၊ ခြောက်လှန့်၍ယူခြင်း၊ နှိုက်၍ယူခြင်း စသော မတရားရယူမှုအားလုံးကို ခိုးယူခြင်းဟူ၍ သတ်မှတ်၏။ ထိုမကောင်းမှုဒုစရိုက်များအတွက် မွဲတတ်ခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ ငတ်မွတ်ခြင်း၊ အလိုရှိသောအရာကိုမရခြင်း၊ ဥစ္စာပျက်စီးခြင်း၊ ရန်သူမျိုးငါးပါးဖျက်ဆီးခံရခြင်းစသည့် မကောင်းကျိုးများကို မျက်မှောက်ဘဝမှာပင် ခံစားရတတ်၏။

အကောင်းအဆိုးသည် အကြောင်းအကျိုးဖြစ်ရခြင်းမည်၏။ ကောင်းမှုပြုလျှင် ကောင်းကျိုးရနိုင်၍ မကောင်းမှုပြုလျှင် ဆိုးကျိုးရနိုင်သည်ဆိုသော်လည်း ဆန့်ကျင်ဘက်တရားများသည် အမြဲတမ်း ဒွန်တွဲလျက်ရှိသည့် သဘာဝနိယာမအတိုင်း လူ့အဖွဲ့အစည်းတွင် လူကောင်း၊ လူဆိုး လူနှစ်မျိုးရှိစေကာမူ ရေနှင့်ပမာတူသော လူကောင်းများက မီးနှင့်ပမာတူသော လူဆိုးများကို ရေများမီးနိုင်ဖြစ်ဖို့ အထူးလိုအပ်၏။

သို့မှသာလျှင် လူမှုစီးပွားဘဝမျှခြေရှိနိုင်မည် ဖြစ်၏။ ထိုမျှမက လူ့အဖွဲ့အစည်း၏လုံခြုံမှုသည် 'လူတို့၏ကိုယ်ကျင့်တရားပေါ်တွင် တည်မှီနေသော ကြောင့် လူ့အဖွဲ့အစည်း၏ သာယာဝပြောမှုကို လူတို့၏ကိုယ်ကျင့်တရားကသာ ဖန်တီးနိုင်၏။ လူတို့၏ကိုယ်ကျင့်တရားသည် အကောင်း၊ အဆိုးအကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်၏။

သီလ ဟူသော ကိုယ်ကျင့်တရားအတွက် ဘာသာတရားအဆုံးအမနှင့်အညီ မိဘတိုင်းက သားသမီးကိုလည်းကောင်း၊ ဆရာတိုင်းက တပည့်တို့ကို လည်းကောင်း ပြုစုပျိုးထောင်ပေးရမည်မှာ မလွှဲမရှောင်နိုင်သော လောကဝတ်ဖြစ်၏။

ထိုလောကဝတ်ပေါ့လျော့မှုမရှိစေရန်အလို့ငှာ သားသမီးမကောင်း မိဘခေါင်းနှင့် တပည့်မကောင်း ဆရာ့ခေါင်းဟူသော ဆိုရိုးစကားများက သတိပေးလျက်ရှိဆဲ ဖြစ်၏။

ခေတ်ရေစီးပြေးသူအချို့က ကိုယ်ကျင့်တရားကို လွတ်လပ်ခြင်းနှင့်စံထိုးပြီး ဘောင်ခတ်ထားသောလူမှုပုံစံ ဟူ၍ ထင်မြင်ယူဆကြသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ကြားသိရ၏။

သို့သော် ၎င်းတို့ကိုယ်တိုင် လွတ်လပ်ခြင်း၏ အနက်အဓိပ္ပာယ်ကို ဂယနဏမသိရှာကြပေ။

သီလ ဟူသော ကိုယ်ကျင့်တရား၏ အထူးခြားဆုံး လက္ခဏာသည် ယင်းကို အမှန်တကယ် စောင့်ထိန်းလိုက်နာနိုင်လျှင် အခြားမည်သည့်ဥပဒေ၊ အခြားမည်သည့်စည်းကမ်းကိုမဆို အခက်အခဲမရှိဘဲ လိုက်နာနိုင်ခြင်းပင် ဖြစ်၏။

သို့ဖြစ်၍ ခေတ်ရေစီးပြေးသူတို့က ထင်မြင်ယူဆထားသကဲ့သို့ ဘောင်ခတ်ထားသော လူမှုပုံစံဆိုရုံမျှဖြင့် ပြည့်စုံလုံလောက်ခြင်းမရှိသေးပေ။ သီလဟူသော ကိုယ်ကျင့်တရားသည် အသိအလိမ္မာဟူသော ရွှေကန့်တ်ဘောင်ဖြင့် ထုံမွမ်းအပ်သော ရွှေမြန်မာတို့၏လူမှုပုံစံ ဟူ၍ ဖော်ညွှန်းခြင်းထက် အဆပေါင်းများစွာ ပိုမိုတန်ဖိုးကြီးလှပေ၏။

အချုပ်အားဖြင့် ကောင်းမြတ်သော ကိုယ်ကျင့်တရားကိုယ်စီဖြင့် လောကကို အလှဆင်ကြပါစို့ ဟူ၍ ဆန္ဒပြုရင်း အကောင်း၊ အဆိုး အကြောင်းအကျိုး ဝေဖန်ပိုင်းခြားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပေသတည်း။

သုတဝင်း



www.burmeseclassic.com

www.burmeseclassic.com

စပါးကြီးသည်းခြေဟာ ဆေးဖက်ဝင်တဲ့ အစွမ်းထက်၊ ဂမ္ဘီရဆန်သော ပစ္စည်းတစ်မျိုးလို့ဆိုနိုင်ပါတယ်။ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများဟာ စပါးကြီးသည်းခြေကို အသင့်ဆောင်ထားတတ်ပြီး၊ ရောဂါအမျိုးမျိုးကို ရေလဲအမျိုးမျိုးနဲ့ လက်တွေ့ကုသခြင်းပြုကြပါတယ်။ ကုသသလောက်လည်း ပျောက်ကင်း သက်သာခွင့်ရကြပါတယ်။ စပါးကြီးသည်းခြေဆိုတာ လူတို့ရဲ့ကျန်းမာသက်ရှည်ရေးကို အထောက်အကူပြုနိုင်စွမ်းတဲ့ သဘာဝစွမ်းအင်ထူးတွေရှိတဲ့ သိဒ္ဓိဝင်ပစ္စည်းလို့ ဆိုနိုင်ပါတယ်။ ရှေးသမားတော်တွေက မြွေပြဒါးရှင်လို့ တောင် ခေါ်ကြပါတယ်။ ပြဒါးရှင်လုံးဆိုတာသိကြတဲ့အတိုင်း လူသာမန်တို့ ပိုင်ဆိုင်ခွင့်မရှိဘဲ ဘုန်းကံရှင်တို့ရဲ့အရာသာ ဖြစ်ပါတယ်။ စပါးကြီးသည်းခြေကတော့ ဒီလိုမဟုတ်ပါဘူး။ လူတိုင်းမှာ ပိုင်ခွင့်၊ အသုံးပြုခွင့်ရှိတဲ့သဘာဝပစ္စည်းပါ။

စာရေးသူဟာ ကျေးလက်တောရွာမှာ နေထိုင်ကြီးပြင်းလာရသူ ဖြစ်လေတော့ စပါးကြီးမြွေနဲ့ အခြားသောမြွေတွေအကြောင်းကို ကိုယ်တွေ့သော်လည်းကောင်း၊ ကျေးလက်တောရွာစကားဝိုင်းတွေကသော် လည်းကောင်း လေ့လာသိရှိမှုများရှိခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ဆိုတာ ရွှေကျင်ဘက် အရှေ့ရိုးမတောင်တန်းကြီးတွေရဲ့ တောင်ခြေမြို့ကလေးပါ။ စစ်တောင်းမြစ်ကြီးက ရွှေကျင်နဲ့ မဒေါက်မြို့ကလေးကို နယ်သတ်မျဉ်းတစ်ကြောင်းလို ပိုင်းခြားထားပါတယ်။ စစ်တောင်းမြစ်ကူးတံတားကြီးကို ကျော်လိုက်တာနဲ့ ရွှေကျင်မြို့နဲ့ တောင်ပေါ်ရွာကလေးတွေကို သွားရောက်နိုင်ပါတယ်။ ရွှေကျင်မြို့နယ်တောင်တန်းကြီးတွေပေါ်က ကျေးလက်ရွာကလေးမှာနေထိုင်တဲ့ ကရင်အမျိုးသားကြီး စောတာကဲဆိုတဲ့ပုဂ္ဂိုလ်ဟာ စပါးကြီးမြွေတွေကို လွှန်ခဲ့တဲ့နှစ် (၄၀) လောက်က အရောင်းအဝယ်လုပ်ခဲ့တာပါ။ သူပြောပြတဲ့ စပါးကြီးမြွေအကြောင်းကို တင်ပြပါမယ်။

### ▫ စပါးကြီးမြွေမိတ်လိုက်ချိန်

စပါးကြီးမြွေတွေဟာ မိုးရာသီအစပိုင်းမှာ မိတ်လိုက်တာတတ်ကြပါတယ်။ ဇွန်၊ ဇူလိုင်လတွေမှာ တောင်ကြို တောင်ကြားမှာ အသိုက်ဖွဲ့ ခိုအောင်း နေတဲ့ စပါးကြီးမြွေတွေဟာ ဘာသာဘာဝ ထွက်လာကြပြီး အရွေ လိုက် ခြင်း(မိတ်လိုက်ခြင်း) ကိုပြုကြပါ တယ်။ဒါကို အထာသိနေတဲ့ စောတာကဲဟာ သူ့ရဲ့အဖော် တစ်ယောက်ကို မိတ်လိုက်နေ တဲ့ စပါးကြီးမြွေတွေကို ခြောက်လှန့် ပြီး ရေစီးမြောင်းထဲဆင်းအောင် ပြုလုပ်စေပါတယ်။

မိုးရာသီကာလမို့ တောင်ကျမြောင်တွေကြားမှာ ရေတွေစီးဆင်းနေတတ်ပါတယ်။ မစိတ်မွှန်နေတဲ့ စပါးကြီးတွေဟာ ရေမြောင်းထဲဆင်းပြီး မြွေမရဲ့နောက်ကို လိုက်ကြပါတယ်။ မြွေတွေမိတ်လိုက်တယ်ဆိုတာ နွားတွေမြူငိလိုက် သလိုပါပဲ၊ တစ်ကောင်တည်း မဟုတ်ပါဘူး။ အုပ်စုလိုက်ကြီး တဝုန်းဝုန်းရေစီးထဲ စီးမျော လွှန့်လူးရင်း ပျော်ပါးကြတာပါ။

ချက်ကောင်းအကွက်ကောင်းကို စောင့်နေတဲ့ စပါးကြီးမုဆိုးကြီးစောတာကဲဟာ ရေစီးမြောင်းတစ်နေရာက ဓားထက်ထက်ကိုင်ပြီး အသင့်စောင့်ကြိုနေခဲ့ပါတယ်။ ရေမြောင်းတွေကလည်း အနက်ကြီးမဟုတ်ပါဘူး။ ဒူးဆစ်မြုပ်ရုံ၊ ပေါင်လယ် ရောက်ရုံလောက်သာပါ။ မစိတ်မွှန်ပြီး ခေါင်းတထောင်ထောင်နဲ့ ရေစီးမှာလိုက်လာကြတဲ့ စပါးကြီးမြွေတွေဟာ စောတာကဲရဲ့ငှက်ကြီးတောင်ဓားသွားအောက်မှာ တိခနဲတိခနဲပြတ်ကြကုန်ကြတာပါ။ ခေါင်းပြတ်သွားတဲ့ စပါးကြီးအသေကောင်ကို ရေမြောင်းတစ်နေရာက သွားကောက်ပြီး အိမ်ကိုယူခဲ့ကြတယ်။ စပါးကြီးသည်းခြေကို ထုတ်ယူ၊ စပါးကြီးသားကို အိမ်နီးနားချင်းတွေကို ဝေ၄၊ တချို့ကို အခြောက်လှန်း၊ တချို့ကို အခြေအနေပေးရင် ရွှေကျင်မြို့ပေါ်တက်ပြီး ဖောက်သည်သွင်းတယ်။ ဒါဟာ စောတာကဲရဲ့ဝင်ငွေဖြောင့်တဲ့ မိုးဦးရာသီလုပ်ငန်းပါပဲ။ အဲဒီခေတ်ကာလက စပါးကြီးသည်းခြေဆိုတာ တစ်လုံးကိုမှ (၅၀၀) က (၁၀၀၀) လောက်သာရပါတယ်။ (ဒီကနေ့တော့ (၅) သောင်းကနေ (၁) သိန်းအထိ ဈေးပေါက်နေပါတယ်။) ဒါတောင် စပါးကြီးသည်းခြေ စစ်စစ်ရဖို့ မလွယ်ပါဘူး။ စပါးကြီးတွေလည်း သဘာဝပတ်ဝန်းကျင်



# မိုးတင့် (ညောင်လေးပင်)

## စပါးကြီးသည်းခြေ သို့မဟုတ် မြွေမြွေဒါးရှင်



www.burmeseclassic.com

www.burmeseclassic.com

သွင်းလာတာကြောင့် ရှားပါးပစ္စည်း
သွားပါပြီ။ ဒီဖြစ်ရပ်တွေကိုပြောပြတဲ့
စောတာကဲဟာ အသက် (၈၀) ကျော်
အရွယ်နဲ့ တောင်ပေါ် မဟာသောင်
ဆိုတဲ့ ရွာကလေးမှာ ကျန်းကျန်းမာမာရှိ
ဦး ဉယျာဉ်ခြံလုပ်ကိုင် အသက်မွေးနေ
တယ်။

ဦးစောတာကဲပြောပြတာက စပါး
ကြီးမြွေတွေဟာ လူနဲ့ တကယ်တမ်း
ဆိုင်ရရင် လည်ကိုစင်းပေးပြီး သတ်
သေဖို့အသင့်ပြင်ကြပါတယ်။ သူတို့
ခေါ်မပိုရိုက်တာတို့၊ မထိတထိစ,တာ
လုပ်ပါနဲ့။ ပိုင်ပိုင်နိုင်နိုင်ခေါင်းကိုဖြတ်
ဖြတ် ဒါမှမဟုတ်ရင် အမြီးပိုင်းတစ်
အကွာလောက်က စအိုပေါက်ရှိတဲ့
နေရာကိုပါအောင် ပြတ်အောင်ခုတ်ရ
ပါတယ်။

အဲဒီလိုမလုပ်မိရင် စပါးကြီးမြွေ
တွေရဲ့အလွန်သန်မာမြဲမြံတဲ့အမြီးနဲ့ လူ
ကို ရစ်ပတ်လိမ်ညှစ်ကြပါတော့တယ်။
ဘယ်လောက်သန်သလဲဆိုရင် ဝါးစိမ်း
ထုံးကိုတောင် အစိတ်စိတ်ကွဲသွားစေပါ
တယ်။ လူကိုလိမ်ပတ်မိရင်တော့ ဖြေဖို့
မစဉ်းစားပါနဲ့။ သေဖို့သာရှိပါတော့တယ်။

**ကိုယ်တွေ့စပါးကြီးမြွေကြီး**

စာရေးသူဟာ စပါးကြီးမြွေလား၊
နတ်မြွေလားဆိုတာ ခွဲခြားမပြောနိုင်တဲ့
မြွေကြီးတစ်ကောင်ကို မိမိရဲ့ ဇာတိမြေ
ပုစွန်မြောင်ရွာမှာ မြင်ခဲ့ဖူးပါတယ်။
စာရေးသူ အသက် (၁၅) နှစ်အရွယ်
လောက်ကပါ။ ညနေဘက် ဆည်းဆာ
ချိန်မှာ ရွာရဲ့ရေကာတာကြီးအတိုင်း
ရွာဦးက ဘုရားသုံးဆူစေတီများဆီကို
လမ်းလျှောက်တွက်ခဲ့စဉ်ကပါ။ စာရေးသူ
မြင်ခဲ့တဲ့ စပါးကြီးမြွေကြီးကို စာရေးသူ
တို့ရွာသားတွေလည်း မြင်ဖူးကြပါတယ်။
ဒီမြွေကြီးဟာ လပြည့်နေ့တွေမှာ ထွက်
လာတတ်ပါသတဲ့။ ရွာဦးထိပ်က ဘုရား
သုံးဆူကို ဝန်းရံထားတဲ့ စစ်တောင်းမြစ်
အင်းကော(အိုင်)ကြီးထဲမှာ အမြီးတစ်
ဖက်ကို သစ်ပင်မှာချိတ်ပြီး ခေါင်းကို
တော့ တစ်ဖက်ကမ်းမှာထားလို့ ကိုယ်
ကြီးကိုလွှဲပြီး ရေခန်းစပြုနေတဲ့ ရေအိုင်
ကြီးမှာပက်နေတာကို ရွာသားတွေက
မြင်ဖူးခဲ့ကြတယ်။ ဒါကို စာရေးသူက
မယုံခဲ့ပါဘူး။

စာရေးသူတွေ့ရတာကတော့ ထန်း
လုံးလောက်ရှိတဲ့ မြွေကြီးတစ်ကောင်
ဘုရားသုံးဆူကထွက်လာပြီး တာရိုးကို
ကျော်ကာ ညောင်လွန့်တောရဘုန်းတော်
ကြီးကျောင်းပယ်ထဲကဖြတ်ပြီး လယ်
တောထဲကို တအိအိနဲ့လှိမ့်ဆင်းသွားတာ
ကိုပါ။ ဘယ်လိုမှမမျှော်လင့်တဲ့ မြင်ကွင်း
ကြောင့် ထိတ်ထိတ်လန့်လန့်နဲ့ ရွာဘက်
ကိုမြန်ပြေးခဲ့ရတဲ့အဖြစ်ပါ။ ဒီမြွေကြီးဟာ
စစ်တောင်းမြစ်ကမ်းပါးမှာ လိုဏ်ခေါင်း
ကြီးလုပ်ပြီးနေပုံရပါတယ်။ စပါးခင်းထဲ
တိုးဝင်သွားတာဟာ ရထားကြီးခုတ်
မောင်းသွားသလိုပါပဲ။ စပါးပင်တွေယိမ်း
ထိုးပြီးကျန်ရစ်တာပါ။

**စပါးကြီးသည်းခြေထုတ်ယူပုံ**

စပါးကြီးမြွေတွေဟာ အလွန်
ကျစ်လျစ်မာကျောတဲ့ ကြွက်
သားတွေနဲ့ဖွဲ့စည်းထားသော
အသားစိုင်များကိုပိုင်ဆိုင်
ကြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

စပါးကြီးသည်းခြေ ထုတ်ယူဖို့အတွက် စပါးကြီးမြွေကို တချို့က သစ်ပင် သို့မဟုတ် ထုပ်တန်းတွေမှာ အသေကောင်ကို တန်းလန်းချိတ်ဆွဲကြတယ်။ တချို့ကတော့ မြေပေါ်မှာပဲ အမြီးနဲ့ ဦးခေါင်းကိုဆန့်နေအောင် ကြိုးနဲ့ချည်နှောင်ပြီး ပက်လက်အနေအထားရှိစေပြီး ဓားဦးထက်တဲ့ ဓားမြှောင်လို ဓားချွန်နဲ့ ထိုးခွဲကြတယ်။ မြွေအနေအထား၊ လုံးပတ်အရွယ်အစားကိုလိုက်ပြီး (၈) လက်မ၊ (၉) လက်မ စတဲ့ ဝါးစိမ်းတုတ်ချောင်းကလေးတွေကို အသင့်ပြင်ဆင်ထားရတယ်။ ဓားချက်ကြောင့် ဟ,သွားတဲ့နေရာကို ဝါးစိမ်းတုတ်နဲ့မြွေရဲ့ အရေထူ နံရံမှာထောက်ထားရတယ်။ အဲဒီလိုမှ ကန့်လန့်ခံပြီးမထောက်ထားရင် အသားတွေဟာ ချက်ချင်းပြန်စေ့ပြီး ဆက်သွားနိုင်တယ်။

လူတွေက စပါးကြီးသည်းခြေ ဘယ်မှာရှိနေတယ်ဆိုတာကို မသိကြပါဘူး။ ဒါဟာ နေ့အလင်းရောင်များနဲ့ ဆက်သွယ်နေတဲ့ စပါးကြီးသည်းခြေရဲ့ လျှို့ဝှက်ချက်ပါပဲ။ စပါးကြီးသည်းခြေဟာ နေရောင်ခြည်နဲ့ တိုက်ရိုက်ဆက်သွယ်ခြင်းရှိတယ်။ နံနက်ပိုင်းမှာ စပါးကြီးသည်းခြေဟာ အမြီးဖျားပိုင်းမှာရှိတယ်။ နေ့လယ် နေမွန်းတည့်ချိန်မျိုးမှာတော့ ဝမ်းဗိုက်ပိုင်းကိုရွေ့သွားသတဲ့။ ညနေပိုင်းရောက်တော့ လည်ပင်းတစ်ဝိုက်ကိုရောက်သွားတဲ့အကြောင်းကို ရွှေကျင်မြို့က တပ်ကြပ်ကြီး (ငြိမ်း) ဦးအုန်းသန်းက ပြောပြပါတယ်။

ဦးအုန်းသန်းဟာ တစ်ခါက မုဆိုးတစ်ဦးဘဝနဲ့ ကျင်လည်ခဲ့ဖူးသူမို့လည်း စပါးကြီးမြွေအကြောင်းကိုသိနေတာပါ။ စပါးကြီးသည်းခြေဟာ အသေဓာတ်မျိုး မဟုတ်ဘူး။ အမြဲရှင်သန်နေတဲ့ အရှင်ဓာတ် ပြဒါးအနှစ်စုနေသလိုမျိုးပါ။ မြွေတစ်ကောင်လုံး ခေါင်းပြတ်ပြီး မသေတာဟာ စပါးကြီးသည်းခြေရဲ့အစွမ်းပါပဲ။ စပါးကြီးသည်းခြေရှိနေတဲ့ ခုတ်သားပိုင်းဟာ နာရီများစွာ တဆတ်ဆတ်ခုန်နေတတ်တာကိုတွေ့ဖူးကြောင်း ဦးအုန်းသန်းကပြောပြခဲ့ပါတယ်။

**□ စပါးကြီးသည်းခြေနှင့်ညို့ဓာတ်အစွမ်း**

မြွေတွေဟာ အမျိုးအစားများသလောက် ထူးခြားတဲ့သဘာဝစွမ်းအင်တွေရှိနေကြပါတယ်။ ဒီထဲမှာမှ စပါးကြီးမြွေတွေဟာ ညို့ဓာတ်စွမ်းအင်ထူးပိုင်ရှင်များဖြစ်နေတာက ပိုပြီးတောင် ထူးဆန်းတယ်လို့ဆိုရမှာပါ။ ဒီအချက်ကို ချိတ်ဆက်တွေးခေါ်ကြည့်ရင် ဂမ္ဘီရဆန်နေပါတယ်။ စပါးကြီးမြွေတွေကို ဘုရားဟောစာပေတွေထဲမှာတောင် စိတ်ဝင်စားဖွယ်ရာ ရေးသားခဲ့ကြပါတယ်။ သာသနာ့ဒါယကာသီရိမ္မာအသောကမင်းကြီး သေရာညောင်စောင်း မလဲလျောင်းမီကာလမှာ ပူလောင်လွန်းတဲ့ ဝေဒနာကြောင့် စပါးကြီးသည်းခြေကို တောင့်တတော်မူပါသတဲ့။ အဲဒီစွဲလမ်းစိတ်ကြောင့် ဘဝတစ်ပါးပြောင်းသွားတဲ့အခါမှာ စပါးကြီးမြွေကြီးအဖြစ်နဲ့ ခုနစ်ရက်တာ ရောက်ရှိခံစားရတယ်လို့ ကြားနာဖူးပါတယ်။ ဒီအချက်ဟာ လူ့ဘဝနဲ့ စပါးကြီးမြွေတွေ ဆက်နွှယ်မှုနိုးကြောင်းတွေးတောစရာပါပဲ။

စပါးကြီးမြွေတွေဟာ ထုံအကျင့်ကိုကျင့်ကြပါတယ်။ အစာအာဟာရကို စားမျိုထားပြီးရင် ရက်ရှည်လများ အစာမစားဘဲနဲ့ ဂူလိုဏ်တွေ၊ စပါးကျီတွေ၊ တောချုံတွေထဲမှာနေပြီး မိုးကောင်းကင်ကြီးကို မမှိတ်မသုံ့ကြာမြင့်စွာကြည့်နေကြပါတယ်။ နေ့အခါမှာတော့ နေရောင်၊ ညအခါမှာတော့ လရောင်ကို မလှုပ်မယှက်ကြည့်နေတာပါ။ ဒါကိုပဲ ထုံကျင့်တယ်လို့ခေါ်တာပါ။ သူတော်ကောင်းကြီးတွေ သမထကျင့်သလိုမျိုးပါ။ တစ်နည်းအားဖြင့် အာကာသကသိုဏ်း (အလင်းနိမိတ်) ကိုယူတဲ့အကျင့်မျိုးလို့ ဆိုနိုင်တာပေါ့။ ဒီလိုအကျင့်မျိုးကိုကျင့်ဖို့အတွက် စပါးကြီးမြွေတွေစားသုံးတဲ့ အာဟာရကတော့ ဝါးပိုးဝါးကဖြစ်တဲ့ ဝါးပိုးမှိုပါ။ ပိုပြီးစွမ်းတာကတော့ မှိုမျိုးများစွာထဲမှာ ထူးခြားစွာ ပေါက်ရောက် ဖြစ်ထွန်းတတ်တဲ့ 'မှိုနက်' (အနက်ရောင်ရှိတဲ့မှိုပါ)။ အဲဒီမှိုမျိုးတွေဟာ ပြဒါးဓာတ်တွေကိန်းနေလို့ စပါးကြီးမြွေရဲ့သိဒ္ဓိပြီးမြောက်ခြင်းကို များစွာ ထောက်ကူပြုကြောင်း ဝိဇ္ဇာဓရပညာလိုက်စားသူ ပညာရှင်များကဆိုကြပါတယ်။

စပါးကြီးမြွေမျိုးတွေဟာ နေ၊ လ၊ အာကာသကအလင်းဓာတ်ကိုတောင့်တကြတယ်။ သူတို့ရဲ့စိတ်ကို အာကာသမှာ ကသိုဏ်းဝန်းပြုပြီး တည်ငြိမ်အောင်နေကြတယ်။ တည်ငြိမ်တဲ့စိတ်ကိုပျိုးထောင်နိုင်တဲ့စပါးကြီးတွေဟာ ညို့ဓာတ်စွမ်းအင်ဆိုတဲ့ သဘာဝစွမ်းအင်ထူးတစ်ခုကို ရရှိကြတယ်။ ဒီအချက်ကို စပါးကြီးသည်းခြေက ထိန်းချုပ်ထားပုံရတယ်။ စပါးကြီးသည်းခြေနဲ့ ဆက်သွယ်နေတဲ့ ညို့ကြိုးဆိုတာ စပါးကြီးရဲ့ စိတ်ညို့အတတ်ကိုထိန်းချုပ်ပေးတဲ့ ကိရိယာလို့ဆိုနိုင်ပါတယ်။

ထုံအကျင့်ကိုကျင့်တဲ့ စပါးကြီးနဲ့ အခြားသော မြွေတွေဟာ ထုံအကျင့်ကို ကျင့်ရင်းက ထုံကူးတယ်ဆိုတဲ့ ဖြစ်ရပ်ဆန်းကို ပြုမူကြတယ်။ မြွေထုံကူးတယ်ဆိုတာ အမြီးကို ပါးစပ်နဲ့ကိုက်ပြီး ဝလုံးသဏ္ဌာန် ကွင်းဖြစ်စေပြီးမှ တဖြည်းဖြည်း အမြီးကိုမျိုတာပါ။ ဒီအချိန်ဟာ နေမွန်းတည့်၊ လမွန်းတည့်ချိန်မျိုးတွေမှာ ဖြစ်တတ်တယ်။ နောက်ဆုံးမှာတော့ မြွေတစ်ကောင်လုံး ဝှန်းခနဲအသံကြီးပေါ်ပြီး ပျောက်ကွယ်သွားပါတယ်။ ဒါကို တချို့က မြွေနန်းတက်တယ်လို့ ခေါ်ကြပါတယ်။

စပါးကြီးမြွေတွေဟာ စိတ်တန်ခိုးအတတ်ပညာရှင်တွေလို့ ခေါ်နိုင်တယ်။ ဝိဇ္ဇာဖြစ်ချင်သူတွေ၊ ဝိဇ္ဇာရှင်တွေဟာ မြွေကို ဘယ်တော့မှ မသတ်ကြပါဘူး။ ဘာကြောင့်လဲဆိုရင် မြွေတွေက သူတို့ကို ကသိုဏ်းဝန်းပညာကိုနမူနာကောင်း ပေးလို့ပါပဲတဲ့။ စပါးကြီးမြွေတွေဟာ အားနည်းတဲ့ (စိတ်အားငယ်တတ်တဲ့) မြွေ၊ ဖား၊ သမင်၊ ဒရယ်၊ ယုန်လိုသတ္တဝါမျိုးတွေနဲ့ လူသားတွေကိုပါ အခြေအနေပေးရင် ညို့ယူပြီး အစာအာဟာရအဖြစ်နဲ့ မျိုချစားသုံးကြပါတယ်။ အထူးသဖြင့် အမျိုးသမီးများကိုတော့ ကာမရာဂဆန္ဒကို အလိုရှိတာကြောင့် ညို့ယူခြင်းမြူတတ်ကြပါတယ်။ စပါးကြီးညို့တယ်ဆိုတာဟာ သူတို့ရဲ့သည်းခြေနဲ့ဆက်သွယ်နေတဲ့ညို့ကြိုးကို အညို့ခံသတ္တဝါရဲ့ ခြေရာပေါ်မှာထောက်ထားပြီး ညို့ချက်မိသွားရင် မူလစိတ်ပျောက်ပြီး 'စပါးကြီးရဲ့ပါးစပ်ရှေ့မှာ ဒူးတုပ်ရက်အသင့်အနေအထားအစားခံကြရရှာပါတယ်။ စပါးကြီးဟာ ညို့ချက်မိသွားသူကို သူ့ရဲ့ခန္ဓာထဲက တံတွေးအရည်တစ်မျိုးကိုထုတ်ပြီး စိုစွတ်စေပါတယ်။ ပြီးမှ တစ်ကောင်လုံးကို မျိုသွင်းတာပါ။

**□ နေရောင်၊ လရောင်ခြည်နှင့် စပါးကြီးမြွေ**

စပါးကြီးသည်းခြေ ဆိုတာ စပါးကြီးမြွေရဲ့သိဒ္ဓိစွမ်းအားကို တိုးတက်ခြင်းဖြစ်စေပါတယ်။ လူသားတွေထဲက ထူးချွန်ထက်မြက်ပြီး ကျင့်စဉ်ပြီးမြောက်သူတွေ ပြဒါးရှင်လုံးကို အသုံးချသလိုမျိုးပါပဲ စပါးကြီးသည်းခြေစွမ်းအင်ကြီးမားအောင် နေရောင်ခြည်၊ လရောင်ခြည်တွေကို စွမ်းအင်အဖြစ် အသုံးချပါတယ်။ မြွေတွေဟာ များသောအားဖြင့် လရောင်ခြည်မှာ ပျော်မြူးတက်ကြွလေ့ရှိတယ်။ သူတို့ရဲ့ မိတ်လိုက်ချိန်တာ ရွှေလသာတဲ့ည



www.burmeseclassic.com

www.burmeseclassic.com

တွေဖြစ်နေတာများပါတယ်။ မြွေတို့ရဲ့ မြီးမြောက်ခြင်းကိုဖြစ်စေတဲ့ ထုံကူးတဲ့ အလေ့ကို လပြည့်ည သို့မဟုတ် နေမွန်းတည့်ချိန်ကို ရွေးချယ်တတ်ကြပါတယ်။ မြွေတွေရဲ့စွမ်းအားဟာ အာကာသ ထင်းလင်းပြင်များ၊ နေရောင်၊ လရောင်များနဲ့ပတ်သက်နေပါတယ်။ စပါးကြီးမြွေတွေဟာ ကသိုဏ်းစက်ပိုင်ရှင်များလို့ဆိုနိုင်ပါတယ်။

စပါးကြီးသည်းခြေဟာ အလွန်စွမ်းပါတယ်။ ဆောင်းပါးရဲ့နောက်ပိုင်းမှာ စာရေးသူ လေ့လာသိရှိထားတဲ့ စပါးကြီးသည်းခြေရဲ့ လူတွေအတွက် ဆေးဖက်ဝင်ပုံတွေကို တင်ပြပေးပါ့မယ်။ စပါးကြီးသည်းခြေကို တန်ဖိုးရှိအသုံးဝင်မှန်းသိတော့ လူတွေက ထုံးစံအတိုင်း အတုလုပ်ပြီး ဖန်တီးလာကြပါတယ်။ စပါးကြီးသည်းခြေကိုရရင် မီးခြစ်ဆံချောင်းကလေး သို့မဟုတ် မီးခြစ်ဆံခေါင်းအရွယ် အစ်သားစလေးကို စပါးကြီးသည်းခြေအိတ်ထဲထိုးထိပြီး ရေပေါ်မှလွှတ်ချလိုက်ရင် စက်တပ်ထားသလို လျှင်မြန်စွာ ရေထဲမှာကူးသွားပါတော့တယ်။ စပါးကြီးသည်းခြေကို လပြည့်နေ့ညမှာ ထုတ်ကြည့်ရင် စပါးကြီးသည်းခြေအိတ်ဟာ ကြည်လင်ပြည့်ဖောင်းပြီး အရည်လည်နေတာကို တွေ့မြင်နိုင်ပါတယ်။ ဒီအချက်ဟာ လရောင်ခြည်နဲ့ စပါးကြီးသည်းခြေဆက်စပ်နေကြောင်း ပေါ်လွင်စေတဲ့အချက်ပါဘဲ။

ဂဠုန်ကဲ့သို့ ငှက်စွန်ကြီးများဟာ စပါးကြီးကို စားသောက်ဖို့ အမြဲချောင်းမြောင်းတောင့်တနေပါတယ်။ ဘုရားဟောစာတ်တော်တွေမှာ ဂဠုန်နဲ့နဂါးဆင်နွှဲခဲ့တဲ့စစ်ပွဲတွေအကြောင်းဖတ်ရှုဖူးပါတယ်။ အမှန်တော့ ငှက်စွန်ကြီးတွေဟာ စပါးကြီးကိုစားချင်တာထက် သူတို့ရဲ့ခန္ဓာထဲမှာရှိနေတဲ့ သိဒ္ဓိပြီးမြောက်တဲ့ သည်းခြေကို စားသောက်ပိုင်ဆိုင်ချင်လို့ပါပဲ။ ဂဠုန်တွေ့ငှက်ကြီးတွေဟာ နဂါးတို့၊ စပါးကြီးတို့ရဲ့သည်းခြေကိုစားရရင် သိဒ္ဓိစွမ်းအင်ထူးတွေရနိုင်လို့ပဲလို့ တွေးတောမိတာပါ။

**▫ စပါးကြီးသည်းခြေတာရှည်အောင်ထားသိုခြင်း**

စပါးကြီးသည်းခြေကို ရလာရင် အထားမတတ်ပါက မှိုတက်ခြင်း၊ ပိုးစားခြင်း ရာသီဥတုကြောင့် ကြေမွပျက်စီးခြင်းမျိုးတွေကြုံရတတ်ပါတယ်။ စပါးကြီးသည်းခြေတာရှည်ခံဖို့ ပျားရည်စစ်စစ် (သဘာဝပျားရည်) ပုလင်းထဲမှာစိမ်ထားမှအဆင်ပြေပါတယ်။ ပျားရည်ဆိုတာ ဘယ်အခါမှမပုပ်သိုးတဲ့သဘာဝအစွမ်းထက်ဆေးရည်ပါဘဲ။ ပြီးတော့ သဘာဝပျားရည်မှာစိမ်ထားတဲ့ စပါးကြီးသည်းခြေဟာ အစွမ်းထက် အသုံးကျလှပါတယ်။ (၉၆)ပါးရောဂါမျိုးစုံကိုကြိုတင်ကာကွယ်နိုင်ပါတယ်။ စပါးကြီးသည်းခြေနဲ့စိမ်ထားတဲ့ပျားရည်ကိုနေ့စဉ်ပုံမှန်မှီဝဲသင့်ပါတယ်။ လက်ဖက်စားဇွန်း တစ်ဇွန်းလောက် တစ်နေ့တစ်ကြိမ်မှီဝဲရင် လေဖြတ်ခံရတာမျိုး ကင်းဝေးစေပါတယ်။ သွားနဲ့ခံတွင်းသန့်ရှင်းပြီး အထွေထွေရောဂါတွေကိုပါ ပျောက်ကင်းသက်သာစေပါတယ်။ အသက်ကိုတောင် ဆွဲဆန့်နိုင်တဲ့ သိဒ္ဓိဝင်သဘာဝဆေးကောင်းတစ်လက်ပါ။ မသိသူကျော်သွား၊ သိသူဖော်စားနိုင်ဖို့ တင်ပြလိုက်တာပါ။ ပုံမှန်မှီဝဲသူတွေဟာ မှတ်ဉာဏ်ကောင်းခြင်း၊ ခန္ဓာကိုယ်ပေါ့ပါးခြင်းနဲ့အတူ စိတ်စွမ်းအင်ထူးတွေကိုပါလေ့ကျင့်သူများအတွက်ရရှိထောက်ကူပေးနိုင်တယ်လို့ ရှေးသမားတော်ကြီးများကပြောကြပါတယ်။ စာရေးသူကိုယ်တိုင်လည်း စမ်းသပ်အသုံးပြုမှီဝဲကြည့်တော့ ပြောရရင်ကြွားသလိုဖြစ်မှာမို့ မိမိတို့ကိုယ်တိုင်ပဲ စမ်းသပ်သုံးဆောင်ကြဖို့တိုက်တွန်းလိုပါတယ် ဘေးထွက်ဆိုးကျိုးဆိုတာကတော့ နတ္ထိပါပဲ။

**▫ စပါးကြီးသည်းခြေနှင့် ဆေးဖက်ဝင်စွမ်းအင်ထူးများ**

စပါးကြီးသည်းခြေအကြောင်းရေးရရင် ရေးစရာတွေများလွန်းပါတယ်။ မြန်မာ့ဆေးကျမ်းတွေမှာလည်း နည်းအသွယ်သွယ်နဲ့ ဖော်ပြထားခဲ့တာပါ။ လက်တွေ့အသုံးချပြီး ထိရောက်တဲ့ဆေးဖက်ဝင်အသုံးများကိုသာတင်ပြလိုက်ပါတယ်။

၁။ လူနာ သေအံ့မူးမူးမေးခိုင်နေရင် လျှာမှာပွတ်လိမ်းပေးပါ။
၂။ လေငန်း၊ လေဖြန်းရင် စပါးကြီးသည်းခြေနှင့်သပ်ချပေးပါ။ (အရွဲ့အစောင်းကို အတည့်အကောင်းဖြစ်စေပါတယ်။)
၃။ လေငန်းရောဂါကို တောရှောက်မြစ်နှင့် စပါးကြီးသည်းခြေသွေးပြီး ထက်ဝက်စပ်ပြု၍တိုက်ပါ။
၄။ ဆီးချိုသမား ဆီးခုံကိုသွေးလိမ်းပေးပါ။
၅။ ဆီးအောင့်၊ ဆီးမသွားဘဲ ဆီးချုပ်နေရင် စပါးကြီးသည်းခြေကို သွေးပြီး ဆီးခုံကိုသပ်ချပေးပါ။
၆။ ဆီးကျောက်တည်နေရင် ရေစိမ်ပြီး မကြာမကြာသောက်ပါ။
၇။ မျက်စိနာရင်သွေးပြီးကွင်းပါ။
၈။ ဗိုက်နာရင် ကလေးရောလူကြီးပါ ချက်အောက်ကိုသွေးပြီး လိမ်းသပ်ပေးပါ။
၉။ သူငယ်နာအတွက် လူကြီးလျှာနှင့် စပါးကြီးသည်းခြေကိုပွတ်ပြီးကလေးကိုလျက်ပေးပါ။
၁၀။ ကိုယ်ပူရင်ရေစိမ်သောက်ပါ။
၁၁။ လေးဖက်နာရောဂါအတွက် ပန်းနု (ပရဆေးဆိုင်မှာရ) နှင့်တွဲ၍ လိမ်းပေးပါ။
၁၂။ အဆစ်အမြစ်ကိုက်ရင် ရေနဲ့သွေးလိမ်းပါ။
၁၃။ ကိုယ်ဖောကိုယ်ရောင်ဖြစ်ရင်တော့ ယူကလစ်ခေါက်နှင့်သွေးလိမ်းပါ။
၁၄။ ဇက်ကြောတက်၊ ခေါင်းထိုးနေရင် ကွမ်းရွက်စိမ်းရည်နှင့် သွေးလိမ်းပါ။
၁၅။ ကိုယ်ဝန်ဆောင် မီးဖွားရခက်ရင် စပါးကြီးညှို့ကြိုးကို ချက်ပေါ်မှာ ကန့်လန့်ဖြတ်တင်ပေးပါ။ (သည်းခြေတွင် ညှို့ကြိုးပါသည်။)
၁၆။ သူခိုးခိုးခံရသော် စပါးကြီးညှို့နှင့် သူခိုးခြေရာကိုထောက်ပြီး အပေါ်က ငှက်ပျောရွက်စိမ်းနဲ့အုပ်ထားရင် သူခိုးပြန်လာပါတယ်။
၁၇။ ဈေးရောင်းကောင်းအောင် စပါးကြီးဖို၊ မသည်းခြေတစ်စုံကို ချိန်ခွင်မှာ ချိတ်ဆွဲထားပါ။
၁၈။ အပင်းသွင်းခံရရင် စပါးကြီးသည်းခြေညှို့ကြိုးကို ရေစိမ်တိုက်ပါ။ အပင်းများမူလပြန်ကာ ဆံခြည်ထွေးပုံစံပြောင်းပြီးပြန်ထွက်ပါတယ်။

စပါးကြီးသည်းခြေဆိုတာ စပါးကြီးမြွေအတွက် ပြဒါးရှင်လုံးပမာ အစွမ်းကြီးမားပါတယ်။ အဲဒီသည်းခြေအစွမ်းကမှတစ်ဆင့်ထုံအကျင့်ကြောင့် မြွေဘဝရိုးရိုးက 'မိုရ်'ဘဝကိုပြောင်းတာပါ။ မြွေဝိဇ္ဇာမိုရ်ဖြစ်ပြီး အဆင့်မြင့်သွားတယ်လို့ ဂမ္ဘီရဆရာများက ပြောကြပါတယ်။ စာရေးသူရော စာဖတ်သူတို့ပါ ကံအားလျော်စွာ စပါးကြီးသည်းခြေကို ပိုင်ဆိုင်ဖို့ သိပ်မခက်လှပါဘူး။ အကယ်၍များ စပါးကြီးသည်းခြေအစစ်အမှန်ကိုပိုင်ဆိုင်ခွင့်ရပြီဆိုရင်တော့ မိမိနဲ့မိမိပတ်ဝန်းကျင်မှာရှိနေတဲ့လူအများရဲ့ကျန်းမာသက်ရှည်ရေးအတွက်ကူညီနိုင်ကြမှာဖြစ်ပါကြောင်း မိမိသိသမျှ စုစည်းတင်ပြလိုက်ပါတယ်။

မေတ္တာရှည်လျက်

မျိုးတင့်(သောင်ဒေးယင်)



www.burmeseclassic.com

www.burmeseclassic.com

သဇင်ပန်းအား အမျိုးသမီးတို့ လွန်စွာမြတ်နိုးကြပါသည်။ အထူးသဖြင့် ရှေးယခင်ပဒေသရာဇ်ခေတ် ဘုရင့်မိဖုရားများသာပန်ဆင်ရသော တော်ဝင်ပန်းဖြစ်၏။ ရာမရကန်ဦးတိုးသည် သဇင်ပန်းဘွဲ့အား တခမ်းတနားဖွဲ့ဆိုခဲ့၏။ သဇင်ပန်းအား ဂမုန်းနှင့်ယှဉ်တွဲပြီးဖော်ပြလေ့ရှိပါသည်။ ဂမုန်းဆိုသည်မှာ သစ်ကိုင်းသစ်ခွများ၌ကပ်၍ပေါက်ရောက်သော ပန်းမျိုးဖြစ်သလို မြေ၌ချ၍စိုက်ရသော ပန်းမျိုး ဖြစ်၏။ မြေကြီးထဲတွင်ပွင့်သော ဂမုန်းပန်းကို လိုချင်လျှင် တူးဖော်၍ယူရသည်။

သဇင်ပန်းအား သစ်ပင်ခွကြားများ၌ပေါက်သောပန်းမျိုးဖြစ်၍ အများအားဖြင့် သစ်ခွပန်းမျိုး၌ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ သဇင်ပန်းသည် နတ်တော်လ၌သာပေါက်၍ပွင့်သောပန်းဖြစ်၍ ရာသီပန်း ဖြစ်သည်။ အေးသောလကို ကြိုက်နှစ်သက်သောပန်း ဖြစ်သည်။ ယခုအခါ သဇင်ပန်းအား မြို့ကြီးများ၌ ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးလျက်ရှိကြသည်။

သဇင်ပန်း၌ သဇင်ဖြူ၊ သဇင်ဝါ၊ သဇင်နီ၊ သဇင်နက်ဟူ၍လေးမျိုးရှိသည်။ သဇင်နီမှာ ပန်းရင့်ရောင်ဖြစ်၍ တောင်ငူနယ်ဘက်၌ တွေ့ရတတ်သည်ဟု ဆိုကြသည်။ သဇင်နက်ကား ပြင်ဦးလွင်တစ်ဝိုက်တွေ့ရတတ်၏။

သို့သော် ထိုသဇင်နီ၊ သဇင်နက်များကား ရှားပါးပန်းမျိုး ဖြစ်သည်။ တောထဲတောင်ထဲမှာ ကံကောင်းစွာတွေ့ရှိရသည့်တိုင် ခူးယူဖို့မလွယ်။ သိဒ္ဓိတန်ခိုးရှိသောပန်းများဖြစ်၏။ သဇင်နက်မှာ မီးသွေးခဲကဲ့သို့ မည်းမှောင်သည်။ သဇင်ပန်းများသည် အသန့်အပြန့်ကိုကြိုက်ကြသည်။


အမြတ်တနိုးနှင့်နတ်တင်ရသောပန်းဖြစ်၍ နတ်ပန်းဟုလည်းခေါ်ကြသည်။ သဇင်နီနှင့်သဇင်နက်တို့ကား ဝိဇ္ဇာဓရဂမ္ဘီရသမားများ ပီယအဆောင်ဆေးဖော်ရာတွင် အလွန်အသုံးဝင်၏။ တစ်ပွင့်ရလျှင်ပင် အကျိုးပြီးပြီဟု အဆိုရှိကြသည်။ ကျွန်ုပ်သည်ပင်လျှင် အနံ့ကိုသာရခဲ့ပြီး မမြင်ဘူးခဲ့ရပါ။ အလွန်မွှေးကြိုင်သောရနံ့ရှိလေသည်။ စမတောင် လေးကြိုးကိုင်ကျောင်းအနီး တောစိုးကျွန်းပင်ကြီးပေါ်တွင် သဇင်နီရှိသည်ဟု ပြောဖူး၏။

❑

ဘသုံးသည် ကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်၌ နံနက်စောစော ကော်ဖီတစ်ခွက်၊ ရေနွေးကြမ်းတစ်အိုးဖြင့် ဆောင်းဥတုအား အန်တုနေပါသည်။ ကိုစိန်ဝင်းလက်ဖက်ရည်ဆိုင်သည် ၁၉၈၂ ခုနှစ်ခန့်က စမတောင်ခြေ၌ တစ်ခုတည်းသောဆိုင် ဖြစ်၏။ ယခုကဲ့သို့ ရွာတန်းရှည် မဟုတ်ပါ။ ထိုအချိန်က ပဲခူးရိုးမကြီးသည်လည်း တောအုပ်ကြီးတို့ဖြင့် ညို့မှိုင်း၍ကောင်းတုန်းပင်တည်း။ စမတောင်ခြေအစပ်လယ်ခင်းယာကွက်များ

# သန့်ဇင်

## စမတောင်မှဘသုံးနှင့် သဇင်နီရှာပုံတော်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အထိ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ ဆင်းလာ၍ အစာရှာကောင်းတုန်း။

နံနက် (၈) နာရီခန့်လောက်တွင် လက်ဖက်ရည်ဆိုင်ထဲသို့ ရသေ့နှစ်ပါး လူကြီးတစ်ယောက်၊ မိန်းမငယ်တစ်ယောက် ရောက်လာကြပါသည်။ သူတို့သည် ရောက်ရောက်ချင်း ဆိုင်ရှင်ကိုစိန်ဝင်းအား စပ်စုကြပါတော့သည်။

"ဒီစမတောင်မှာ ဘသုံ ဆိုတာရှိလား"

"ဟိုမှာထိုင်နေတာ ဘသုံပဲ"

ထိုစဉ်က ဘသုံသည် အသက် (၅၀) ခန့်ရှိ၍ သန်တုန်းမြန်တုန်း။ ပဲခူးရိုးမထဲ ဂျင်ခြေလည်အောင် ခြေရာချင်းထပ်သွားနေသူ ဖြစ်၏။ အဖော်ကောင်းလျှင် အောင်လံဘက်အထိ သစ်တိုက်၏။ သစ်တိုက်သည်ဆိုရာမှာ ပဲခူးရိုးမထဲမှ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းများအား ခိုးထုတ်၍ အဖွဲ့လိုက်တိုက်ခြင်း ဖြစ်သည်။

သတ္တိကောင်းသလို ဗိုလ်တာရာအလင်းဝင်ကွန်မြူနစ်ဗိုလ်ရဲမောင်တို့၏ တပည့်ရင်းတစ်ဦးဖြစ်ပြီး သေနတ်ပစ်ကျွမ်းကျင်၏။ ပဲခူးရိုးမတောင်ဘက် မြို့လှ၊ ရေနီ၊ ရေတာရှည်၊ တောင်ဖူးကွဲမှ ရိုးမမြောက်ဘက် မင်းပုန်းတောင်၊ မြောက်ဖူးကွဲအထိ သူမရောက်ဘူးသည့်နေရာမရှိ။ ဆရာဖြစ်သူ ဗိုလ်ရဲမောင်၊ ဗိုလ်တာရာတို့နှင့် အမဲလိုက်ဖူးသဖြင့် သားကောင်ကြီးများကိုလည်းမကြောက်။ နှစ်လုံးပြူးသေနတ်တစ်လက် ကျည်ဆန်အပြည့်ဖြင့် တစ်ယောက်တည်း တောလည်နေသူလည်း ဖြစ်သည်။

"ဘာကိစ္စနဲ့ ကျုပ်ကို တွေ့ချင်ရတာလဲ"

"ကျုပ်တို့ ဒီစမတောင်မှာအမိဋ္ဌာန်ဝင်ရင်းနဲ့ တောထဲမှာကိစ္စလေးတစ်ခုရှိလို့ အကူအညီတောင်းချင်လို့ပါ"

လာပြန်ပြီ၊ ဟိုတစ်ခါတုန်းကလည်း ရိုးမထဲ တိုးကြီးတိုးလေးအင်းမှာ သိုက်သွားတူးမယ့်သူတွေကိုလိုက်ပြရင်း အသေဆိုးနှင့်သေခဲ့ကြပြီးပြီ။

"သိုက်တူးမယ့်သူတွေဆိုရင် ကျုပ်လမ်းမပြနိုင်ပါဘူး။ အန္တရာယ်များလို့ပါ"

"သိုက်တူးဖို့မဟုတ်ပါဘူး။ ဘသုံကတော့ ကျွမ်းတယ်ဆိုတော့ ရိုးမထဲမှာ ကျုပ်တို့လိုချင်တဲ့ ပန်းတစ်မျိုးရှိတယ်။ ပန်းနေရာကို ဘသုံသိရင် လမ်းပြပေးပါ။ ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ပါမယ်"

"ပန်းက ဘာလုပ်ဖို့လဲ"

"ဆေးဖော်မလို့ပါ"

"ဘာပန်းလဲ"

"သဇင်နီ"

"ဟင်"

"ခင်ဗျားတို့ဝေးတယ်။ မြောက်ဖူးကွဲ - တောင်ညိုကားလမ်းတောင်ဘက် မင်းပုန်းတောင်နားအထိသွားရမှာ။ ဒီအချိန်မှာလည်း ဟင်းမျိုးကြီးတွေ၊ ဆင်ရိုင်းတွေလှည့်နေကြတယ်။ ဖြစ်ပါ့မလား"

"ဖြစ်နိုင်ရင် ဘသုံရယ်၊ အမဲပစ်ရိုင်ဖယ်ကြီးတစ်လက်ပါယူခဲ့ပါ။ ဘသုံကတော့ ကျွမ်းပါတယ် ကူညီပါ"

ဘသုံသည် စမတောင်မှအဘိုးလူပြောပြဖူး၍ သဇင်နီအကြောင်းအား တစ်စွန်းတစ်စသိရဖူးပါသည်။ အရောင်းအဝယ်ကိစ္စ ပီယမှာဆောင်ထားလျှင် အလွန်စွမ်းသည်ဟု သိရ၏။

"ပန်းရရင် ဘယ်လောက်ပေးမှာလဲ"

"ငွေနှစ်ထောင်"

ရွှေတစ်ကျပ်သား တစ်ထောင်ခေတ်မို့ ဘသုံစိတ်ဝင်စားသွားသည်။

"ဒါဆိုလည်း လိုက်ပြမယ်။ တစ်ခုတော့ ပြောထားမယ်နော်။ ကိုယ်ဖြစ်ကိုယ်ခံ"

"ကိစ္စမရှိပါဘူး၊ ကျုပ်တို့မှာအစီအရင်တွေပါပါတယ်"

"ခရီးကနည်းနည်းဝေးတယ်။ နှစ်ညအိပ်လောက် တောထဲတိုးရမှာ။ တည်းခိုဖို့က သစ်ခုတ်တဲတွေပဲရှိတယ်။ ရိက္ခာကဘယ်လိုလုပ်မှာလဲ"

"ငါးခြောက်ငါးခြမ်းနဲ့ ငရုတ်၊ ကြက်သွန်၊ ငါးပိပါတယ်။ ဆန်နည်းနည်းယူလာခဲ့တယ်၊ လိုအပ်ရင် ရွာတွေကဝယ်မယ်"

"ခင်ဗျားတို့ဗျာ၊ စမတောင်ကို ဒါတွေယူမလာရဘူးလို့ဆိုတာ မသိဘူးလား။ တော်တော်ဆိုးတဲ့သူတွေပဲ"

ရသေ့နှစ်ပါးက ဘသုံကို ပြုံးစိစိကြည့်၏။

"ကျုပ်တို့ စမတောင်ဇရိယာထဲ မဝင်ပါဘူး။ သပြေကုန်းရွာဘက်ကနေ စဖိုတောင်ကနေပတ်သွားမှာပါ"

"ဒါဆိုလည်းပြီးရော"

❑

ကြံဖိုစုရွာက ဆရာရဲမောင်အိမ်သို့ ဘသုံရောက်သွားသည်။

"ဆရာရဲမောင်၊ ကျွန်တော့်ကို အမဲကြီးပစ် (၃၀၃) ရိုင်ဖယ်နဲ့ ကျည်ဆန်နည်းနည်းပေးပါ။ ကျွန်တော် ကိစ္စလေးရှိလို့ မြောက်ဖူးကွဲဘက်သွားမလို့"

"ယူသွားလေ မောင်သုံရာ၊ ကြံ့ရာဂါတို့လည်း ဆက်ဖားကြီးတစ်ကောင်လောက် ပစ်လာခဲ့စမ်းပါ"

"မဟုတ်ဘူး ဆရာရဲ့၊ ကျွန်တော်လမ်းပြသွားမလို့။ ရာသီက နတ်တော်၊ ပြာသိုဆိုတော့ ကျားတွေနည်းနည်းသောင်းကျန်းနေလို့ အကာအကွယ်အတွက်ပါ"

"အေးအေး-ဒါဆိုလည်း ကျည်ဆန်ခါးပတ်မှာကျည်အလုံအလောက်ထည့်သွား၊ မင်းကိုတော့ ငါစိတ်ချပါတယ်"

ဘသုံ ရသေ့အုပ်စုအား သပြေကုန်းရွာအတွက်မှာ စောင့်နေမည်ဟု ချိန်းလိုက်သည်။ ထိုမှတစ်ဆင့် စဖိုတောင်အစွန်းမှ မင်းရေးရွာကိုဖြတ်တက်မည်။ သူတွေ့ခဲ့ဖူးသော သဇင်နီပင်တွေက ပျဉ်းမနား-တောင်ညိုကားလမ်းတောင်ဘက် သစ်ပုတ်ပင်ဘူတာအနီး သစ်လုပ်ကွက်ထဲမှာရှိသည်။ ထိုစဉ်က တောင်ညိုသစ်လုပ်ကွက်သည် ရိုးမထဲမှ ကျွန်းများအား ကုန်အောင်မခုတ်နိုင်သေးပါ။ သဇင်နီ ဆိုတာကလည်း ကျွန်းပင်ထိပ်ဖျားမှာ ပေါက်သည့်အပင်မျိုး။

ဘသုံစောင့်နေစဉ် ရသေ့အုပ်စုရောက်ချလာသည်။ မိန်းကလေးက အသက်အစိတ်ခန့် ရုပ်ရည်သနားကမားလေး။ လူကြီးကတော့ တောင့်တောင့်တင်းတင်း ဗလတောင့်တောင့် ခေါင်းပေါင်းကြီးပေါင်းထားသည်။ ဘသုံသေနတ်ကိုလွယ်လိုက်ပြီး ကျည်ခါးပတ်ကိုပတ်လိုက်သည်။ လက်စွဲတော်လွယ်အိတ်ထဲမှာက လေးခွ၊ လောက်စာလုံး၊ ဆေးလိပ်၊ မီးခြစ်၊ ခါးမှာက တောခုတ်ဓားမတစ်လက်ထိုးထားသည်။ သူတို့က ဘသုံပုံစံကိုကြည့်ပြီး သဘောကျနေကြသည်။

❑

ရိုးမသည် ရေတံခွန်တောင်၊ မင်းပုန်းတောင်လောက်သာမြင့်ပြီး ကျန်သည့်တောင်တွေက ပေတစ်ထောင်ခန့်သာမြင့်၍ တောတောင်လျှိုမြောင်ပေါသည်။ စိမ့်မြေအင်းတိုင်တောပေါ၏။ ထို့ကြောင့်လည်း သားကောင်ကြီးငယ်တို့ ခိုအောင်းနေကြခြင်း ဖြစ်သည်။ ခပ်သွက်သွက်လေးထွက်လာကြပြီး ဗွက်ကြီးရိုးသို့ရောက်သည်။ ထိုမှလျှိုအတိုင်းဆင်းချသွားလျှင် တောထဲ ရိုးမထဲမှ လွင်ပြင်လေးလိုဖြစ်နေသော အောင်သာရွာသို့ ရောက်၏။ ထိုနေရာသည် ဗိုလ်တာရာနှင့်အတူ ကျားပစ်ခဲ့သော သိုင်းငယ်ပင်



www.burmeseclassic.com

www.burmeseclassic.com

တည်း။

"ကျုပ်တို့ အောင်သာရွာမှာ ခဏ တည်းမယ်။ ဘာမှမပူပါနဲ့၊ ကျုပ်မိတ်ဆွေ တွေရှိပါတယ်။ တည်းလို့ရတယ်။ တည်း ပြီးမှ တောအခြေအနေတွေကို ကြည့်ရ မည်။ ဒီအချိန်မှာ ဟင်းမျိုးကြီးတွေက လှည့်နေကြပြီး မိတ်လိုက်နေကြလို့ တော်လို့ ဝင်တိုးမိရင် ဒုက္ခများမယ်။ ကျုပ်က မြင်ရင် ကိစ္စမရှိဘူး။ ခင်ဗျားတို့ ထမ်းမှားသွားရင် ပါသွားလိမ့်မယ်"

မိန်းကလေးသည် ဘသုံနောက်မှ ထက်ကြပ်မခွာတော့။ ရသေ့များက တော့ ဘာတွေလောဘဇောကပ်နေ သည်မသိ ရှေ့မှ ခပ်သုတ်သုတ်ခရီးနှင် နေကြ၏။ အင်တိုင်တောလေးအတိုင်း ဖြတ်ဆင်းလာကြပြီး ဝါးရုံတောကြီးများ အရောက် တောဝက်တစ်အုပ် ဝါးရုံပင် အခြေ မျှစ်များကိုတူးဆွစားနေကြသည်။

ဝက်တောင်းကြီးက အစာစားနေ ရင်း လူနံ့ရသွား၍လားမသိ ခေါင်းထောင် ပြီး အနံ့ခံနေ၏။

"ရှူး. . . တိုးတိုး ခဏရပ်နေကြ"

ဘသုံ စင်ပွမ်းပင်အကွယ်မှနေ၍ သေနတ်ကို မောင်းတင်ပြီး ဝက်ကြီး အနေအထားကိုကြည့်လိုက်၏။ ဝက်ကြီး က မျှစ်စို့ကြီးကို အစွယ်ကြီးဖြင့်ကော်၍ ဖြိုးတူးလိုက်သည်။

"ဒိုင်း. . ."

ကော်ဒိုက်ယမ်းဂရမ် (၃၀၃) ရိုင် ဖယ်ကြီး၏ကျည်ဆန်သည် ဝက်တောင် ကြီး၏နားရွက်အနောက်သို့ဖောက်ကာ ဦးနှောက်ပွင့်သွားပါလေ၏။

"အီး. . . အီး. . . ဝူး"

ဝက်တွေပြေးကြလေပြီ။

"ဝက်ကြီးက ကြောက်စရာကြီး နော်"

"ကြောက်မနေနဲ့၊ ဝက်သားကစား လို့ကောင်းတယ်။ အောင်သာရောက်မှ ရွာသားတွေကို လာဖျက်ပြီး ထမ်းခိုင်းရ မယ်"

ရွာရောက်တော့ သစ်ခုတ်သမား ကိုဖိုးထင်တို့အား အကြောင်းကြားလိုက် ပြီး ဝက်ပက်ထားသည့်နေရာအား ပြော၍ထမ်းခိုင်းလိုက်သည်။

ထိုညက တောဝက်သားကလီ စာဟင်းက စားလို့ကောင်းပါဘိတောင်း။

ရသေ့တွေကတော့ ညစာမစား ကြပါ။

□

မနက်မိုးလင်းတော့ ဘသုံတို့အုပ်စု အောင်သာရွာမှ အနောက်မြောက်စူးစူး သို့ ခရီးစထွက်ကြသည်။ ကိုဖိုးထိန်နှင့် ရွာသားများက တောဝက်ရလာ၍ ကျေးဇူးတင်ကြပြီး ကောက်ညှင်းပေါင်း အထုပ်များနှင့် ဝက်သားကျပ်တိုက်များ ပေးလိုက်ကြသည်။

"ခုချိန်ကစပြီး ကျုပ်နောက်ကနေ ပဲ လိုက်မယ်။ ကျုပ်လမ်းညွှန်တဲ့အတိုင်း သွားကြပါ။ နေ့ဝက်လောက်သွားရင် အင်တိုင်တောအစပ် ကိုင်းတောထဲမှာ ထိုးထွက်နေတဲ့ ကျွန်းပင်ကြီးတစ်ပင် ထီးထီးကြီးတွေ့လိမ့်မယ်။ အဲဒီမှာ သဇင်နီပင်ရှိတယ်"

ဗလကောင်းကောင်းနှင့် လူက အုန်းသီး၊ ငှက်ပျောသီးများကို ဝါးခြင်း နှစ်ခြင်းမှာ ထမ်းပိုးတပ်၍ထမ်းလာနေ သည်။

ရိုးမသည် သစ်ရွက်တို့ခြွေချနေ လေပြီ။ ကျွန်းရွက်များ၊ ဝါးရွက်များက ပင်ခြေမှ ဒူးဆစ်မက မြုပ်နေ၏။

"ဟော့လူ လမ်းသွားရင်း ဆေးလိပ် မသောက်နဲ့။ နားမှသောက်။ ပြီးရင် မီးကို သေသေချာချာသတ်ပါ။တောမီးလောင် တာ ခင်ဗျားတို့လို စည်းကမ်းမရှိတဲ့သူ တွေကြောင့်။ ကျုပ်တို့တောသားတွေက ဒီတောကိုပဲ အမှီပြုစားနေရတာ"

ဘသုံ ဟောက်လိုက်မှ ရသေ့ ကော ဟိုလူပါ ဆေးလိပ်ကို မီးသတ် လိုက်ကြသည်။ ဝါးရွက်တွေမှာ ကျား ကြီးတွေ၏ ကျင်ငယ်နံ့တွေက ဟောင်ထ နေကြသည်။

"သတိထားပြီးတော့သွားကြနော်၊ ညဘက်က ဒီနေရာမှာ ဟင်းမျိုးကြီးတွေ မိတ်လိုက်ပြီးမြူးနေကြတယ်"

ဘသုံက ပြောပြောဆိုဆို (၃၀၃) မဂ္ဂနမ်ရိုင်ဖယ်မှာ ကျည်အပြည့်ထိုးထား လိုက်၏။ သူတို့ခရီးစဉ်မှာ လိုက်မနှောင့် ယှက်အောင် ခြောက်လှန့်ပစ်မှုဖြစ်တော့ မည်။ မုဆိုးအဖွဲ့နှင့်သွားပါက ကျားမက လို့ ဆင်ဖြစ်ဖြစ်၊ ပြောင်း၊ စိုင်၊ တောဝက် ကို မကြောက်ပါ။

သို့သော် သူတို့တစ်တွေကတော့ မကျွမ်းသူတွေမို့ တစ်ခုခုလုပ်မှဖြစ်မည်။ ကျားဆိုသည်က ညဘက်မှာ ကျက်စား ပြီး နေ့ဘက်မှာအိပ်နေတတ်ကြသည်။ ဒါပေမယ့် သူတို့ရှိရာ သွားတိုးမိလို့က တော့ ရိုးမကျားသည် လူကိုလည်း အလွတ်ပေးမည်မဟုတ်ပါ။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

"ဟဟ - ဘာဖြစ်တာလဲ၊ ဘာ ကောင်တွေ့လို့လဲ"

"ဘာမှမဟုတ်ဘူး၊ ခြောက်လှန့် ပစ်လိုက်တာ။ ဒါမှ အနီးနားမှာ တော ကောင်ရှိနေရင် ထွက်ပြေးအောင်လို့ပါ"

နေက အတော်လေးမွန်းတည့် လာပြီ ဖြစ်၏။ လျှိုထဲဆင်းလိုက်၊ ကုန်း လျှောပေါ် တက်လိုက်ဖြင့် သူတို့တစ်တွေ မောဟိုက်လာကြသည်။ မိန်းကလေး မျက်နှာမှာ သနပ်ခါးပင်ဖရှိတော့ ချွေး တို့ဖြင့် စိုရွှဲနေ၏။

"ခဏနားကြမယ်၊ ဗိုက်ဖြည့်ကြ တာပေါ့။ ကျုပ်ရေသွားခပ်ဦးမယ်။ ဒီသဖန်းပင်ကြီးအောက်မှာပဲနေ။ ဘယ်မှ မသွားကြနဲ့"

ဘသုံ ဝါးပိုးဝါးတစ်လုံးအားခုတ်၍ ရေဆစ်ဘူးလုပ်လိုက်သည်။ အနီးရှိ စမ်းချောင်းမှာ ရေသွားခပ်လာခဲ့သည်။ ကောက်ညှင်းပေါင်းနှင့် ဝက်သားကျပ် တိုက်အား စားလိုက်ကြသည်။

"ဒကာကြီး၊ ဟိုးမှာမြင်နေရတဲ့ ကိုင်းတောထဲက ကျွန်းပင်ကြီးက ဒကာ ကြီးပြောတဲ့ အပင်လား"

"ဟုတ်တယ်၊ တောစိုးကျွန်းပင်ကြီး ပဲ။ နောက်တစ်နာရီလောက်ဆိုရင် ရောက်ပါပြီ"

သူတို့မျက်နှာတွေမှာ အပြုံးလေး တွေကိုယ်စီဖြစ်သွားကြ၏။

အင်၊ ကညင်ပင်တို့က နေရောင် ကိုလုပြီး တစ်ဖြောင့်တည်းမိုးထိုးနေကြ သည်။ ရိုးမ၏ဝါးတောကြီးများကလည်း အရွက်ခြွေထားသော်လည်း ထူထပ်လွန်း လှသည်။ ကိုင်းတောစပ်မှ ချေတစ်အုပ် သူတို့အုပ်စုကိုမြင်သဖြင့် ထွက်ပြေးသွား ကြသည်။ တောကျေးငှက်တို့၏ အသံ လေးများက သာယာလှပါဘိ။

ဤသို့ဖြင့် ကိုင်းတောအစပ်ကျွန်း ပင်ကြီးအနီးသို့ရောက်လာသည်။ ကျွန်း ပင်ကြီး၏အနောက်ဘက်အဝေးမှာတော့ မင်းပုန်းတောင်ကြီးကဟီးလို့။

"ဘသုံ၊ ဘာဖြစ်လို့ သဇင်နီက ကျွန်းပင်အမြင့်ကြီးတွေမှာပဲ ပေါက်တာ လဲ"

"သဇင်နီက အသန့်ကြိုက်တယ် လေ။ ကျွန်းပင်ကလည်း မြေသန့်မှ ပေါက်တာ။ ခင်ဗျားတို့သတိမထားမိဘူး လား၊ ကျွန်းပင်ပေါက်တဲ့မြေဟာ မြေဆီ ဝါမြေသန့်၊ အောက်ခြေရှင်းတယ်။ တခြားအပင်တွေပေါက်သလို အောက် ခြေမရှုပ်ဘူး"

လူကြီးက ဘသုံဆီက တောခုတ် ဓားအား ခဏတောင်းပြီး ဝါးများသူ



www.burmeseclassic.com

www.burmeseclassic.com

ခုတ်၍ လေးတိုင်စင်ဆောက်သည်။ ပြီးတော့ နီးပတောင်းရက်၍ အုန်းပွဲ၊ ငှက်ပျောပွဲပြင်နေ၏။ ရသေ့နှစ်ပါးက တောင်ဝှေးများထောက်ပြီး ဖယောင်းတိုင်၊ အမွှေးတိုင်များထွန်းလိုက်သည်။

တောသည် လေအဝေ့မှာ မွှေးပျံ့လာ၏။ မွှေးရနံ့က အလွန်သင်းပျံ့ပါပေသည်။

"ဘသုံ၊ ဘာပန်းနံ့လဲဗျ။ မွှေးလှချေလား"

"အဲဒါ ခင်ဗျားတို့လိုချင်တဲ့သဇင်နီပန်းပဲ။ သူ့ရနံ့ကအလွန်မွှေးတာ"

ရသေ့တို့အုပ်စု မျက်နှာပြုံးဖြီးဖြီးတွေဖြစ်လာကြသည်။ သူတို့လိုချင်သော သဇင်နီပန်းကို ရကြတော့မည်မဟုတ်ပါလား။

"ဘသုံ၊ ပန်းက ဘယ်နေရာမှာလဲဗျ။ ကျုပ်တို့ကိုပြပါဦးလား"

ဟိုးအမြင့်မှာ ပန်းရောင်အခက်လေးတွေ ခွဆုံမှာပွင့်နေတာတွေ့လား"

သူတို့ ကျွန်းပင်အမြင့်ကြီးအား မော့ကြည့်ကြသည်။ တွေ့ကြပါပြီ။ သဇင်နီပန်းကား သစ်ကိုင်းအလှူပ်မှာ ယိမ်းနွဲ့ပြီး သင်းရနံ့များလွင့်ထုတ်နေလေပြီတည်း။ ရသေ့နှစ်ယောက်မှာ ကန်တော့ပွဲရှေ့၌ မန်းမှုတ်နေကြ၏။ သူတို့၏ စိတ်ထင် သဇင်နီပန်းသည် သူတို့ကန်တော့ပွဲပေါ်သို့ ကြွေကျလာမည်ထင်သည်။ ရသေ့နှစ်ပါး မန်းမှုတ်နေကြသည်မှာ တစ်နာရီခန့်ကြာသွား၏။ ပန်းကား တုတ်တုတ်မလှုပ်ပါ။ ကျွန်းပင်ကြီးထိပ်ဖျားတွင် ဖြာထွက်နေသော သစ်ကိုင်းကြီးနှစ်ခုရှိ၏။ သဇင်နီပန်းနှစ်ခက်သည် သစ်ကိုင်းကြီးမြောက်ဘက်တွင်ရှိသည်။ သစ်ကိုင်းနှစ်ကိုင်းသည် ဘာမှမဝေးလှပါ။ သူတို့တစ်တွေ ဂါထာမန်းမှုန်လေ ပန်းရနံ့က သင်းပျံ့လာလေ ဖြစ်သည်။ နမူနာအဖြစ်ပြောရလျှင် စံကားဝါပန်းရနံ့ သင်းပျံ့သကဲ့သို့တည်း။

"ဘယ်လိုလဲ ရသေ့များ၊ ပန်းက ကြွေကျမလာပါလား၊ ခင်ဗျားတို့ဂါထာတွေမစွမ်းပါလား"

"ဒါဆိုလည်း ဘသုံရယ်၊ ကျွန်းပင်ပေါ်တက်ခူးပါလား၊ ကျုပ်တို့ကိုအကူအညီပေးပါဦး"

"ဟုတ်ပါတယ် ဦးလေးရယ်၊ သမီးလိုချင်လို့ပါ ခူးပေးပါ"

ကျွန်းပင်ကြီး၏ အပေါ်အမြင့်သို့ မရောက်ခင်၌ တောင်ဘက်သို့ကိုင်းလွတ်နေသော လက်နှစ်ဖက်ခန့် ကျွန်းကိုင်းကြီးတစ်ခုခွဲထွက်နေပါသည်။

"ကျုပ်အနေနဲ့ အပင်ပေါ်တက်ရတာ အပန်းမကြီးပါဘူး။ ရမရတော့မသိဘူးနော်"

"သစ်ပင်ပေါ်တက်ပြီး ပန်းခူးတာ ဘာခက်လို့လဲဗျ"

"ဒါဆို ခင်ဗျားတက်ခူးပါလား၊ သဇင်နီပန်းအကြောင်း ခင်ဗျားဘယ်လောက်နားလည်လို့လဲ"

"ဒါဆိုလည်း ခင်ဗျားပဲတက်ခူးပါတော့ဗျာ"

ကျွန်းပင်ကြီးနှင့် မလှမ်းမကမ်း ဝါးနှစ်ရိုက်ခန့်အကွာတွင် ကညင်ပင်ကြီးရှိ၏။ ပဲခူးရိုးမတောသည် လေမတိုက်ဘဲ ငြိမ်သက်နေပါသည်။

ဘာကြောင့်ငြိမ်သက်နေသနည်း။ ကျေးငှက်အသံလေးများကိုပါမကြားရ။ တောကောင်လေးများပင် ငြိမ်သက်နေကြ၏။

ဘသုံ ကျွန်းပင်ကြီးပေါ်သို့ ကျင်လည်စွာတက်သွား၏။ သူသည် စမတောင်မှ တောစိုးကျွန်းပင်ကြီးပေါ်သို့ ရောက်သွားသည်။

ထိုစဉ် သဇင်နီပန်းပေါက်နေသော ကျွန်းကိုင်းသည် နှစ်ကိုင်းပူးနေရာမှ တဖြည်းဖြည်းကွာသွား၏။ ဘသုံလက်လှမ်းဆွဲပြီး ခူးလိုက်စဉ် ကျွန်းကိုင်းသည် လှမ်းမမီဘဲ ဝေးသွား၏။ ဘသုံက ပန်းကပ်ပြီးပေါက်နေသော ကျွန်းကိုင်းပေါ်သို့ခွတက်လိုက်သည်။ အကြံက သဇင်နီပန်းအား ဥမှာနေ၍ ခူးမည်ဟူ၍ ဖြစ်သည်။ လက်လှမ်းလိုက်စဉ် တခြားအကိုင်းသို့ကူးသွားပြန်သည်။

ဒီတစ်ခါတော့ ဘသုံလက်မြန်ခြေမြန်ဖြင့် သဇင်ပန်းခက်လေးမှ အပွင့်တစ်ပွင့်အား လှမ်းဆွတ်လိုက်၏။ လက်ထဲမှာ သဇင်နီပန်းရောင်အပွင့်လေးတစ်ပွင့်ပါလာသည်။

"ဝုန်း ဂျွတ် ဂျွတ် ဖြောင်း ဖြောင်း"

ကျွန်းပင်ကြီး၏ တောင်ဘက်သို့ကိုင်း၍ ဖြာထွက်နေသောကျွန်းကိုင်းကြီးသည် ရုတ်တရက် ကျိုးကျပြီး ကန်တော့ပွဲပေါ်သို့ ပြုတ်ကျသွားပါတော့သည်။ ဘသုံအောက်သို့ ငုံ့ကြည့်လိုက်တော့ ရသေ့နှစ်ပါးနှင့် ဗလကြီးဘယ်ပျောက်သွားမှန်းမသိတော့ပါ။ မိန်းကလေးကား ကြောက်အားလန့်အားဖြင့် အဝေးသို့ ပြေးလေပြီသတည်း။

ဘသုံသည် လက်ထဲမှ ပန်းပွင့်လေးအား ကြောက်လန့်တကြား လွှင့်ပစ်ပြီး သစ်ပင်ပေါ်မှ အမြန်ဆင်းလာခဲ့ရသည်။ တော်သေးတာပေါ့။ (၁၀၃)မဂ္ဂနမ် ရှင်ဖယ်ကြီးနှင့် သေနတ်ကျည်အိမ်ကျ မကျန်ခဲ့လို့။ မြောက်ဖူးကွဲ ဆင်ဘူးချောင်းကြားရောက်တော့ ကမ်းပါးချောက်စွန်းမှာ စီးကျနေသည့် နီရဲရဲပျစ်နှစ်နေသောအရည်စက်များအား ယင်ကြီးတွေ ဝိုင်းအုံနေသည်ကိုတွေ့လိုက်ရသည်။ ညီစို့စို့အနံ့ကြောင့် ဘသုံသဘောပေါက်သွား၏။ ဝါးကျည်ထောက်ခံယူပြီး အမြန်ပြေးထွက်ခဲ့သည်။ တော်ကြာ သားကောင်ကြီးများရောက်လာမှဖြင့် ပြေးပေါက်မှားနေလိမ့်မည်။ သားကောင်ကြီးများက ကျောက်သွေးကို အလွန်ကြိုက်သည်မဟုတ်လား။

အပြန်လမ်းမှာ ဆက်ဖားကြီးတစ်ကောင်တွေ့၍ ပစ်ပြီး ပေါင်သား၊ လက်ပျဉ်သားတွေ လှီးယူခဲ့ရသည်။ ဆရာရဲမောင်အတွက် အပြန်လက်ဆောင်ရပြီဖြစ်၏။

❑

"လူလေးက ဘာဖြစ်လို့ အဲဒီပန်းပွင့်လေးကို လွှင့်ပစ်ခဲ့ရတာလဲ"

"အဘိုးလေးရဲ့ သဇင်နီပန်းက ကျွန်းပင်ကြီးပေါ်ကနေ ကညင်ပင်ကြီးပေါ်ကို ပျံသွားတာ တွေ့လိုက်ရတော့ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ လွှင့်ပစ်ပြီးဆင်းပြေးလာတာပေါ့။ ဒါပေမယ့် ရလာတဲ့ကျောက်သွေးကို ပျဉ်းမနားမှာသွားရောင်းတာ ငွေ (၅၀၀၀) ကျပ်ရလိုက်တယ်လေ"

"မိုက်ပ‌ါ့ လူလေးရယ်၊ မင်း အဲဒီပန်းပွင့်လေးကိုရလိုက်ရင်ပဲ ကိစ္စပြီးပြီပေါ့ကွာ"

အဘိုးလူသည် ဘာအဓိပ္ပာယ်နှင့်ပြောသည်မသိပါ။ အဖေနဲ့တို့၊ အဘိုးလူတို့လိုဝိဇ္ဇာပုဂ္ဂိုလ်ကြီးများကတော့ အစွမ်းထက်သည့်ဂမ္ဘီရပစ္စည်းများ၏အစွမ်းကို သိမည်ထင်ပါတော့သည်တကား။

သန့်ဇင်

**မှတ်ချက်**

လွန်ခဲ့သည့်နှစ်က ထိုကလေးမလေး စမတောင်သို့ရောက်လာသည်ဟု ဘသုံပြောပြသည်။ ရသေ့နှစ်ပါးနှင့် ဗလကြီးဘယ်ပျောက်သွားလဲမေးကြည့်တော့ လုံးဝကို ရှာမတွေ့တော့ဟု ဆိုသည်။ သူမပင် အောင်သာရွာသို့ ကြောက်အားလန့်အား စွတ်ရွတ်ထွက်ပြေးခဲ့ရသည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ရွှေကံကူ ဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင် ကြိုဖလစေတီတော်အား**
**[illegible]**

# ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ကြိုဖလစေတီတော်

## ထူးခြားမှုများစွာနှင့် ထီးတော်တင်ပွဲ ကျင်းပပြီးစီးပြီ

စာရေးသူသည် ယခုရက်ပိုင်းများတွင် စေတီတော်တည်ဆောက်ရေးအတွက် နေ့တိုင်းနီးပါးမျှ ခရီးထွက်နေရပါသည်။ ရွှေကြက်ယက်ကို နေ့စဉ်ရောက်ဖြစ်ပြီး စစ်ကိုင်း ရွှာထောင်ဦးကျောဇောထံသို့ လည်းကောင်း၊ စကျင်ရာဇာမင်းစကျင်ကျောက်ထည် ထုတ်လုပ်ရေးကုမ္ပဏီ မောင်မင်းမင်းထံသို့ လည်းကောင်း၊ လိုအပ်သော ပစ္စည်းများဝယ်ယူရန်အတွက် မန္တလေးသို့ လည်းကောင်း သွားရောက်ခဲ့ရပြီး တပည့်သာဝကများကို သာသနာ့အောင်လံတံခွန်လွှင့်ထူပေးရသေးသည်ဖြစ်ရာ တကောင်း၊ မိုးမိတ်၊ အုန်းတကူး(သပိတ်ကျင်းမြို့နယ်) တောင်ကြီး၊ အောင်ပန်း၊ ရွှာင်၊ ဟိုပုန်း စသော မြို့များသို့လည်း ရောက်ရှိရပါသေး၏။

ဘုရား၏တန်ခိုးနှင့် စာရေးသူ၏ အတိတ်ဘဝကုသိုလ်ဟု ဆိုရပါမည်။ နေ့စဉ် စာရေးသူ ကိုယ်ပိုင်ကားဇယ်လေးတစ်စီးဖြင့် သွားလာနေရာ၌ စားရေးသောက်ရေးမှအစ ငွေကြေးကုန်ကျမှု မရှိပါ။ ကားကလည်း တစ်နေ့တစ်စီး၊ တပည့်ကလည်း တစ်နေ့တစ်ယောက်ဆိုသလိုပင် သွားလာနေရသည်မှာ ထူးခြားလှပါ၏။ စာရေးသူ၏တပည့်တို့သည်-

"ဆရာက လှမ်းခေါ်လိုက်ရင်ကို ပျော်နေတာပဲ။ ဆရာနဲ့အတူ သွားရလာရတာကို သဘောကျတယ်"

ဟု ပြောကြပါသည်။



ရွှေထီးတော်တင်ပွဲအပြီး စေတီတော်အား သပ္ပာယ်စွာ ဖူးတွေ့ရပုံ

စာရေးသူသည် ဤစေတီတော် မတည်ထားမီကပင် မိမိတည်ထားသော စေတီတော်ကို အဝေးမှ ဖူးမြင်ရသူတို့၏ အမြင်မှာပင် ကြည်ညိုသပ္ပာယ်လှသည်ဟု မှတ်ချက်ပြုကာ အနီးသို့သွားရောက်ဖူးမြော်လိုသောဆန္ဒတို့ဖြစ်ပေါ် လာစေရမည်။ စေတီတော်ကို ဝင်ရောက်ဖူးမြော်လိုက်လျှင်လည်း ထူးထူးခြားခြားကောင်းမြတ်သောပစ္စည်းတို့ဖြင့်သာ ပူဇော်ထားရှိ၍ ထူးခြားစွာ သပ္ပာယ်နေရမည်။ ရင်သပ်ရှုမော အံ့ဩမဆုံးဖြစ်စေရမည်ဟု ရည်မှန်းချက်ထားရှိခဲ့သည်။ ထို့အပြင် ဌာပနာထည့်သွင်းပူဇော်သော ဓာတ်တော်မွေတော်တို့ကိုလည်း သာမန်ဓာတ်တော်တိုက်မှ လူတိုင်း ပင့်ဆောင်ပူဇော်ရရှိနိုင်သော ဓာတ်တော်များထက် ထူးခြားထွင်မြတ် ရှားပါးသော ဓာတ်တော်တို့ကို ဌာပနာသွင်းပူဇော်နိုင်မည်ဆိုပါက ကောင်းလေစွဟု တွေးတောခဲ့မိပါ၏။ ထိုဆန္ဒတို့မှာ သာမန်မျှဖြစ်ပေါ်ခြင်း မဟုတ်ပါ။ ပြင်းပြစွာပင်ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုကဲ့သို့ ဆန္ဒဖြစ်ခြင်းစိတ်ကူးပေါ်ခြင်းတို့မှာလည်း စာရေးသူ၏ အတိတ်ဘဝအကြောင်းဆက်တို့ကြောင့်ပင် ဖြစ်မည်မှာ သေချာပါ၏။ ထို့ကြောင့်မင်း စာရေးသူတွင် ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ဟူသော ထူးခြားထွန်းမြတ်ရှားပါးသော ဥာပနာပစ္စည်းများကိုရရှိခဲ့သည်။ ထို့ကြောင့် ဘည်ဆောက်ရေးအပိုင်းတွင် အကောင်းဆုံးသောပစ္စည်းများကိုသာ အဲသုံးပြုစေခဲ့သည်။

ထို့ပြင် ဓာတ်ပိုင်း၊ နတ်ပိုင်း၊ သိုက်ပိုင်း၊ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတို့တွင်လည်း ကျန်ရှိခြင်း၊ လစ်ဟင်းခြင်းမရှိစေရန် ဆောင်ရွက်ရပြီး စရဏပိုင်းဆိုင်ရာအတွက်လည်း ပေါ့လျော့မှုမရှိစေရန် နေ့စဉ်ပဋ္ဌာန်းအကျဉ်းအကျယ်၊ မဟာသမယသုတ်၊ မေတ္တသုတ်တို့ကိုလည်း ပူဇော်၍နေရပါသေးသည်။

ဤရက်ပိုင်းများ၌ ဦးအောင်ခိုင်သည် စာရေးသူထံသို့ မကြာခဏလာရောက်သည်ဖြစ်၍ စာရေးသူ၏တပည့်များထံမှ သာသနာ့အောင်လံတံခွန်လွှင့်ထူသောအကြောင်းတို့ကို သိရှိသွား၍ 'ကျွန်တော့်ကိုလည်း သာသနာ့အောင်လံလွှင့်ထူပေးပါဆရာ' ဟု ပြောကြားလာပါသည်။ ထို့ကြောင့် အစ်မတော်စောမွန်လှနှင့် ယခုရက်ပိုင်းတွင် ဆက်နွယ်မှုရှိသဖြင့် လည်းကောင်း၊ ဦးအောင်ခိုင်သည် ကျောက်မဲမြို့တွင်နေထိုင်ကြီးပြင်းခဲ့သူဖြစ်ခြင်းကြောင့် လည်းကောင်း ဦးအောင်ခိုင်ကို အလံလွှင့်ထူရန်နေရာဒေသအဖြစ် သီပေါမြို့ကို ရွေးချယ်လိုက်ပါသည်။

ထို့ကြောင့် စာရေးသူ၊ ဦးအောင်ခိုင်၊ ကိုဝင်းကို..မောင်ဇော်နိုင်ဝေ၊ မဝေဝေမျိုးတို့လိုက်ပါပြီး နံနက် (၅) နာရီခန့်တွင် စဉ့်ကိုင်မြို့မှ ထွက်ခွာခဲ့ကြပါသည်။ ဆောင်းရာသီ မရောက်တတ်သေး၍ ပြင်ဦးလွင် မင်းခန့်ကျော် လက်ဖက်ရည်ဆိုင်သို့ရောက်သည့်တိုင် နေမထွက်သေးပါ။ ဤရက်များတွင် အအေးလှိုင်းဖြတ်နေသည်ဖြစ်၍ အအေးပိုလျက်ရှိပါသည်။

ပြင်ဦးလွင် ကျော်လွန်သည်နှင့် မကြာမီမှာပင် ရှမ်းပြည်နယ်မြောက်ပိုင်းအစ နောင်ချိုမြို့နယ်သို့ ဝင်ရောက်ပါသည်။ ရှမ်းပြည်နယ်ရှမ်းတောင်ဒေသတို့သည်ကား ဆောင်းရာသီတွင်ပိုမိုလှသည်ဟု ထင်မိပါ၏။ တောင်တန်းပြာပြာများတွင် နှင်းမြူများဆိုင်းလျက် ပန်းချီကားချပ်နှယ် ဖြစ်ပါသည်။ ဂုတ်တွင်းနှင့် ကျောက်မဲမြို့တို့ကို ကျော်လွန်ပြီးသည်



စကျင်ကျောက်သားပလ္လင်တော်ဖြင့် ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်၊ ဘုရားရှင်ပွားတော်




ရွှေထီးတော်တင်လှူနေသည့်မြင်ကွင်း



ပဥ္စလောဟာဘေးဘုရား စမ္မာရုံသို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်စဉ်




www.burmeseclassic.com



စေတီတော်ကမ္ပည်းကျောက်စာ



စေတီတော်မုခ်ဦး



ရွှေထီးတော်တင်လှူနေသည့်မြင်ကွင်း



ရွှေကံ့ကူမောင်နှမများမှ စိန်ဖူးတော်အား ပင့်ဆောင်စဉ်

နှင့် သီပေါမြို့သို့ ရောက်ရှိပါသည်။ ကျောက်မဲမြို့နှင့် သီပေါမြို့အကြားတွင် ဒုဋ္ဌဝတီမြစ်ကိုမကြာခဏတွေ့ရပါသည်။ တစ်နေရာတွင် ကားလမ်းသည် ရထားလမ်းတံတားငယ်အောက်မှဖြတ်သန်းပါသည်။

ထိုအခါ ဦးအောင်ခိုင်က -

"ဒီတံတားပေါ့ဗျ။ ကျောက်မဲအကျဉ်းသားဇာတ်ကားထဲမှာ ဝင်းဦးက ရထားခေါင်မိုးပေါ်ကနေ ကားခေါင်မိုးပေါ် ခုန်ချခဲ့တာ ကျွန်တော်တို့က အဲဒီတုန်းက ကလေးရှိသေးတာ"

ဟု ပြောပါသည်။

ဤသို့ဖြင့် မကြာမီ သီပေါမြို့အနီးသို့ရောက်ရှိလာပြီး ဘော်ကြိုရှေးဟောင်းသမိုင်းဝင်စေတီကြီးကို အဝေးမှ ဖူးတွေ့ရပါတော့သည်။ ဘော်ကြို ဟူသည်မှာ ပေါ့(ဖခင်-အဖေ) ကြိုမှ ဆင်းသက်လာသည်ဟု သိရပါသည်။

အစ်မတော် စောမွန်လှ၏ ဖခင်သည် သမီးတော် စောမွန်လှ ပုဂံမှ ကမ္ဘောဇတိုင်းဌာနေသို့ ပြန်လာပြီဟု သတင်းကြားသိ၍ ဤနေရာမှာ လာရောက် ကြိုစောင့်နေခဲ့သည်ဟု ဝမ်းနည်းကြေကွဲဖွယ် ရှေးအတိတ်ဘဝဇာတ်ကြောင်းတို့ကို ကြားသိမှတ်သားဖူးပါသည်။ စာရေးသူတို့အဖွဲ့ ဘော်ကြိုဘုရားဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ မကြာမီ တပေါင်းလပြည့် ဘော်ကြို

www.burmeseclassic.com


ဘုရားပွဲတော်ရက် နီးကပ်လာပြီဖြစ်၍ ဈေးဆိုင်ခန်းများဆောက်လုပ်နေသည်။ သို့သော် ဆောင်းအခါလည်းဖြစ်၊ နံနက်စောစောလည်းဖြစ်၊ ပွဲတော်ရက်လည်း တစ်လခန့်လိုနေသေး၍ လူသူပြတ်လပ်လျက်ရှိပါသည်။ စာရေးသူတို့ ဘော်ကြိုဘုရားအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ စာရေးသူသည် ဘော်ကြိုဘုရားကို ဒုတိယအကြိမ်ရောက်ရှိရခြင်း ဖြစ်သည်။ ၂၀၀၄ ခုနှစ်တုန်းက ရုပ်ရှင်တော်မြတ်အား လားရှိုးမြို့မှ ပင့်ဆောင်စဉ်အခါက ဘော်ကြိုဘုရားသို့ ဝင်ရောက် ဖူးမြော်ခဲ့ပါသေးသည်။

ထိုစဉ်က အမှတ်တမဲ့လမ်းကြုံဝင်ရောက်ခဲ့ခြင်းသာဖြစ်သော်လည်း ယခုမူ စေ့စပ်သေချာစွာ လေးလေးနက်နက်လာရောက် ဖူးမြော်ခြင်းဖြစ်၍ ဘုရားကြီးကို လေ့လာမိရာ ယခု အဝေးမှမြင်တွေ့နေရခြင်းမှာ စေတီတော် မဟုတ်ပါ။ စေတီတော်ကိုအုပ်မိုးထားသောကျောင်းတော်ကြီးသာဖြစ်ပြီး ထိုကျောင်းတော်ကြီး၏ အနောက်တောင်ထောင့်တွင် ထူးခြားသော စံကားပင်ကြီးကို တွေ့ရှိရသည်။ မြန်မာနှစ် ၅၃၆ ခုနှစ်၊ ခရစ်နှစ် ၁၁၇၄ ခုနှစ်တွင် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် ရှမ်း-မြန်မာ ချစ်ကြည်ရေးအတွက် ဤစံကားပင်ကြီးမှအသားဖြင့် ရုပ်ပွားဆင်းတုတော်မြတ် (၁၂) ဆူ ပူဇော်ထားရှိခဲ့ပါသည်။ ဤသို့ဆိုလျှင် ယခုတွေ့မြင်နေရသော စံကားပင်ကြီး၏ သက်တမ်းမှာ ပုဂံခေတ်ကတည်းကဖြစ်သော်လည်း ပင်စည်လုံးပတ်နှင့် အမြင့်တို့မှာ သာမန်အရွယ်မျှသာရှိနေပြီး ဘုရားကျောင်းတော်ထက် မကျော်လွန်ကြောင်းသိရသည်။

ဤစံကားပင်ကြီး၏ထူးခြားမှုကို သိရှိရသောအခါ စာရေးသူတို့အိမ်ရှေ့မှ သရက်ပင်ကလေးကို သတိရမိပါသည်။ ထိုသရက်ပင်ကလေးမှာ စာရေးသူတို့ ဤနေရာသို့ မရောက်ရှိမီကတည်းကရှိနှင့်နေပြီးဖြစ်ကာ စာရေးသူတို့ ဤနေရာသို့စတင်ရောက်ရှိသော ၁၉၈၇ ခုမှ ယခု ၂၀၁၆ ခုနှစ်အထိဆိုလျှင် (၂၉) နှစ်ပင်ရှိနေပြီဖြစ်သော်လည်း ပင်လုံးအနည်းငယ်တုတ်လာသည်မှလွဲ၍ အပင်၏အမြင့်နှင့် အဝန်းအဝိုင်းမှာ လွန်ခဲ့သော (၂၉) နှစ်က အရွယ်အတိုင်းပင်ရှိနေပါသည်။ စံကားပင်နှင့် သရက်ပင်တို့သဘောသွားချင်း တူညီနေသော အဖြစ်သည်ပင် စာရေးသူနှင့် နရပတိစည်သူမင်းကြီးတို့၏ ပဋ္ဌာန်းဆက်ဆက်နွယ်မှုကို ပြသနေခြင်း ဖြစ်ပါသည်။

တစ်ဖန် ကျောင်းတော်ကြီးအတွင်းမှ စေတီတော်ကို ဖူးတွေ့ရသောအခါ ပို၍အံ့သြနေပြန်ပါသည်။ ယခုစာရေးသူတည်နေသော စေတီတော်ပုံစံအတိုင်း ဖြစ်နေပါ၏။ စာရေးသူသည် ဘော်ကြိုဘုရားကြီးကိုလည်း ကန်တော့သည်။

နရပတိစည်သူမင်းကြီး၏ ကောင်းမှုစံကားသားဖြင့် ထုလုပ်ပူဇော်ထားရှိသော ရုပ်ပွားတော် (၄) ဆူကိုလည်း ပူဇော်ကန်တော့ပြီး အစ်မတော်စောမွန်လှကိုလည်း မေတ္တာပို့သသည်။ မေတ္တာခံယူသည်။ နရပတိစည်သူမင်းကြီးကို



ရွှေထီးတော်မစာင်မီ ပြင်ဆင်ထားရှိပုံ



အပူဇော်ခံမဏ္ဍပ်သို့ ဓိနိဓါတ်ပုံ ဆင်းသည်



www.burmeseclassic.com

www.burmeseclassic.com

ည်း မေတ္တာပို့သသည်။ မေတ္တာခံယူသည်။ အသင်မင်းကြီးကဲ့သို့ စေတီပုထိုး ပေါင်းများစွာကို တည်ထားနိုင်ရပါလို၏ဟု ဆုတောင်းမိပါသည်။

ထို့နောက် စာရေးသူတို့ သီပေါမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ သီပေါမြို့အတွင်းလှည့်လည်ကြပြီးနောက် စော်ဘွားနန်းသို့သွားရောက်ခဲ့ကြပါသေး၏။ ဒေသရာဇ်ခေတ် ရှမ်းစော်ဘွားတို့၏ ကြီးကျယ် ခမ်းနားလှသောဘဝတို့ကို မြင်ယောင်မိပါသည်။ ထို့နောက် ကိုးမြို့ရှင်နတ်နန်းသို့ သွားရောက်ပြီး မေတ္တာပို့ခြင်း၊ မေတ္တာခံယူခြင်းတို့ ပြုလုပ်ပြီး လားရှိုးလမ်းမပေါ် မီးပွိုင့်လမ်းဆုံရှိ မြန်မာထမင်းဆိုင်တွင် ထမင်းစားကြပါသည်။ ရှမ်းမြေတွင် ရှမ်းဆန်နှင့် ရှမ်းတို့၏ လက်ရာဟင်းတို့မှာ အရသာရှိလှပါသည်။ စာရေးသူသည် ရှမ်းဘောင်းဘီ ဝတ်ဆင်ထားရာ ရှမ်းတိုင်းရင်းသားများက စာရေးသူကို ရှမ်းဟုထင်မှတ်ပြီး ပြုံးရယ်ပြကြသည်ကို မကြာခဏကြုံခဲ့ရပါသည်။

ထမင်းစားပြီးသောအခါ မြို့ထဲမှ ပြန်ထွက်လာခဲ့ကြပြီး ဒေသခံများ၏ ပြောကြားချက်အရ လားရှိုးလမ်းမကြီး၏ ဘေးမှာပင်ရှိသော အစ်မတော် တရားထိုင် နေထိုင်သွားသည့်နေရာ စေတီတော်ဝင်းအတွင်း၌ ဦးအောင်ခိုင်အတွက် အာသနာ့အောင်လံတံခွန်လှူပြီး ထူခဲ့ကြပါသည်။ ထိုမှအပြန်တွင် ကျောက်မဲမြို့အတွင်း လှည့်လည်ခဲ့ကြပါသေးသည်။ ပြီးမှ စဉ့်ကိုင်မြို့သို့ပြန်ခဲ့ကြပါတော့သည်။ ဤခရီးမှအပြန်တွင် ကျောက်မဲမြို့အတွင်း လှည့်လည်ခဲ့ကြပါသေးသည်။ ပြီးတော့မှ စဉ့်ကိုင်မြို့သို့ ပြန်ခဲ့ကြပါတော့သည်။ ဤခရီးမှအပြန်တွင် ရှမ်းတို့နှင့်ပတ်သက်သော ပဋ္ဌာန်းဆက်တို့အတွက် ပြုဖွယ်ကိစ္စ ပြုဖွယ်တာဝန်တို့ ပြီးစီးပြီဖြစ်၍ ပေါ့ပါးလွတ်လပ်သွားသလို ခံစားရပါသည်။

တစ်ဖန် ပုဂ္ဂိုလ်တို့၏ အာရုံနိမိတ်ပေးချက်အရ ယခုစာရေးသူတည်လျက်ရှိသော စေတီတော် အောင်မြင်ချောမွေ့စွာ ပြီးစီးစေရေးအတွက် စာရေးသူ၏ အတိတ်ဘဝကောင်းမှုဟု ယူဆသော သောကြာနံစေတီတော်ကို ဆွမ်းများ ဆက်ကပ်မည်။ ပွဲ (၃၀) လှူဒါန်းမည်ဟု သာဝကများကိုပြောလိုက်၏။ တကယ်တမ်း ကပ်လှူသောအခါ ကိုကိုလွင် (လွင်-အနုပညာဓာတ်ပုံဗီဒီယိုရိုက်ကူးရေး) စဉ့်ကိုင်မြို့တစ်ဦးတည်းပင် (၁၁)ပွဲအထိလှူဒါန်းရာ အခြားကျန်ရှိသူသာဝကများကလည်း ပို၍လှူဒါန်းကြသဖြင့် ပွဲ (၃၆) ပွဲအထိဖြစ်သွားပါသည်။ ဆွမ်းဟင်းများကိုလည်း ပွဲ (၃၀) လှူဒါန်းမည်ဖြစ်၍ တစ်ဦးလျှင် (၃) ခွက်စီမှာကြားရာတွင်လည်း ဟင်းခွက် (၄၀) နီးပါးဖြစ်သွားသည်အထိ တစ်ဦးလျှင် တစ်ခွက်စီ နှစ်ခွက်စီ ပို၍ ယူဆောင်လာခဲ့ကြပြီး အချို့ပွဲများပါယူဆောင်လာခဲ့ကြပါသည်။ ထိုသို့ ဆွမ်းကပ်ခြင်းနှင့် ပွဲများလှူခြင်း ပြုလုပ်ရသည်မှာ စာရေးသူသည် ထိုသောကြာနံ စေတီတော်ရင်ပြင်ပေါ်မှာပင် ဟင်းခွက် (၃၀၀) နှင့် ထမင်းစားနေသည်ဟုအိပ်မက်မြင်မက်ခဲ့ရသောကြောင့် ဖြစ်သည်။

စာရေးသူ၏ သာဝကများမှာ သဒ္ဓါထက်သန်လှ၍ ဟင်းခွက် (၃၀၀) မှာကြားလျှင်လည်း ဆောင်ရွက်ကြမည့် သူများသာ ဖြစ်ပါ၏။ သို့သော် စာရေးသူမှပင် တစ်ဦးစီကို မည်သည့်ဟင်းများ ချက်ခဲ့ပါဟု ဟင်းအမည်များပြောကြားပေးရသည်ဖြင့် ဟင်းခွက် (၃၀) ကိုပင် ဟင်းခွက်မထပ်ရန် မတူရန် စဉ်းစားရသည်မှာ မလွယ်ကူလှသောကြောင့် ဟင်းခွက် (၃၀၀) ကို မည်သို့ပြောပြနိုင်ပါမည်နည်း။ ထိုနေ့က ဆွမ်းများကပ်ပြီးသောအခါ အနည်းငယ်စီစွန့်ကြပြီးနောက် စာရေးသူတို့အားလုံး ပျော်ပျော်ပါးပါး လက်ဆုံစားကြပါသည်။ အမဲသား၊ ဝက်သားမှလွဲ၍ ဟင်းလျာများ စုံလင်လှ၍ မြိန်ရှက်ကြပါ၏။

ထိုနေ့က ပါဝင်ကြသူများမှာ ရှေ့နေကြီး ဦးသိန်းထွန်းနှင့် ဆရာမကြီး ဒေါ်ခင်စန်းမြင့် (မြန်မာစာပါမောက္ခ) ဒေါ်ဟန်ကြေစီနှင့်မတီ၊ ဦးအေးကိုကိုသွန်း၊ မောင်ဝင်းနိုင်နှင့် မခင်စုမာ၊ ဦးအောင်ခိုင်နှင့် ဒေါ်ခင်အေးနွယ်၊ မောင်ဇော်နိုင်ဝေနှင့် မမျိုး၊ ကိုသိန်းလင်းနှင့် မခင်စုမာ၊ ကိုမြင့်ဦးနှင့် မနွဲ့နွဲ့ရီ၊ ကိုလွင် (ဗီဒီယို) နှင့်မလှဲ၊ မောင်နိုင် (ဆေးသုတ်လုပ်ငန်း)၊ မောင်ဝင်းမိုး(ဖားကန့်)၊ ဦးဝင်းကို (စာရေးသူ၏အစ်ကို) တို့အပြင် မိသားစုတိုင်း၌ နောက်လိုက်နောက်ပါတို့ ပါရှိသေးရာ လူ (၅၅) ခန့်ရှိမည် ဖြစ်ပါ၏။

အားလုံးပြီးစီးသောအခါ၌ ကိုယ်စီ အလုပ်မအားလပ်သည့်ကြားမှ စာရေးသူကို လေးစား၍သာ လာရောက်ကြသူများ ဖြစ်ရာ စာရေးသူအား ခွင့်ပန်ကန်တော့ကြပြီး အလျှိုအလျှိုပြန်ကုန်ကြပါသည်။ စာရေးသူ၊ ကိုဝင်းကိုနှင့် ဦးအောင်ခိုင်၊ မောင်ဇော်နိုင်ဝေနှင့် မဝေဝေမျိုးတို့သာ ကျန်ရစ်ပါသည်။ မူလစီစဉ်ထားရှိပြီးဖြစ်သည့်အတိုင်း နဂါးစာကျွေးရန် ရွှေကြက်ကျဘုရားအခြေမြစ်ဆိပ်သို့ထွက်ခဲ့ကြပါသည်။ ကိုမြင့်ဦးမှ စီစဉ်ပေး၍ စက်လှေတစ်စင်းရရှိပါသည်။

ရေကျချိန်ဖြစ်၍ မြစ်ကမ်းပါးမှ ရေစပ်တိုင် သောင်ပြင်ကြီးကိုဖြတ်၍သွားရသည်။ မြစ်ဘက်မှကြည့်သောအခါ ရွှေကြက်ကျတောင်မှာပို၍လှပပါသည်။ စာရေးသူတို့သည် ရှေးကြီးခါ၌ ဝဲကတော့ကြီး ဖြစ်ပေါ်လေ့ရှိသော ရွှေကြက်ကျဝဲကြီး (ယခု ရေနည်းပါးသောအခါတွင် ဝဲကတော့ကြီးမရှိတော့သော်လည်း ထိုနေရာတွင် ရေအိုက်ကြီးဖြစ်ပေါ်၍ အသူတရာနက်လှသည်ဟု သိရသည်။ ဤတောင်ဘက်နွတ်ခမ်းစပ်မှ စက်လှေ စတင်ထွက်ခွာပါသည်။ နရပတိစည်သူ ရွှေကြက်ယက် ရွှေကြက်ကျ စေတီတော်ကြီးနှစ်ဆူကို ပြုပြင်ရန်၊ သောကြာနံ အောင်စေတီ၊ ဗိုလ်အောင်စွာစေတီတို့ တည်ထားရန်လာရောက်စဉ်အချိန်အခါက ဤဝဲကတော့ ရေအိုက်ကြီးနားအရောက်တွင် မိကျောင်းကြီးတစ်ကောင်မှ ဖောင်တော်ကို ကျောဖြင့်ပင့်မြှောက်၍ ဖောင်တော်တိမ်းမှောက်အောင် ရန်ပြုတိုက်ခိုက်ခဲ့ရာ နရပတိစည်သူ၏ စစ်သည် ရမန်ငထွေးက လှံရှည်ကိုစွဲကိုင်ပြီး မြစ်ထဲသို့ခုန်ချကာ မိကျောင်းကြီးနှင့် သူတစ်ပြန် ကိုယ်တစ်ပြန်တိုက်ခိုက်ကြသည်။

ရမန်ငထွေးသည် တကယ့်သူရဲကောင်းတစ်ဦးပင် ဖြစ်ပါသည်။ သာမန်ရေကူးကျွမ်းကျင်သူတစ်ယောက်သည်ပင်လျှင် ရေထဲတွင်ဆိုပါက မိမိကိုယ်ကို ရေမနစ်ရေးကိုပင် အားစိုက်၍ ကူးခပ်နေရမည်ဖြစ်ရာ ရန်သူနှင့်မည်သို့မျှ တိုက်ခိုက်နိုင်မည်မဟုတ်ပါ။ ယခုတိုက်ခိုက်ရသည်မှာလည်း လူထက်အင်အားကြီးမားသောမိကျောင်းဖြစ်ပြီး မိကျောင်းဟူသည်မှာလည်း ရေထဲတွင်နေသော ရေသတ္တဝါဖြစ်ပါ၍ ရေထဲတွင်ပို၍လျင်မြန်ဖျတ်လတ်လှပါသည်။ သို့သော် ရမန်ငထွေးသည် မိကျောင်းကို မမှုပါ။ ရေထဲတွင်လုံးထွေးသတ်ပုတ်သည်။ မိကျောင်း၏ဝမ်းဗိုက်ကိုလည်း လှံဖြင့်အကြိမ်ကြိမ်ထိုးသည်။

သို့သော် မိကျောင်းသည် သာမန်မိကျောင်းမဟုတ်။ နတ်ဆိုးဝင်ရောက်ပူးကပ်နေသည်ဖြစ်သောကြောင့် လှံချက်မစူးမပေါက်ဘဲရှိပြီး ရမန်ငထွေးအား ရေမွန်းသတ်ရန် ရေအောက်သို့ မျှားခေါ်ပါသည်။ နှစ်ကြိမ်မှ သုံးကြိမ်ရှိသောအခါ ထိုအကြောင်းကို သိရှိသွားပြီး မိကျောင်းနှင့် မသတ်ပုတ်ဘဲ ရေပေါ်သို့ အလျင်အမြန်ပြန်တက်လာပါသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com

နရပတိစည်သူအား အကျိုးအကြောင်း လျှောက်ထားပြီး သန်လျက်ကို ငှားရမ်းပါသည်။ သန်လျက်ရရှိလာသောအခါ မြစ်ထဲသို့ခုန်ချပြီး မိကျောင်းနှင့်တိုက်ခိုက်ပါသည်။ မိကျောင်း၏ရင်ဝမှ ဝမ်းဗိုက်အဆုံးတိုင် သန်လျက်ဖြင့်ခွဲချလိုက်သည်။ မိကျောင်းကို ဖောင်နှုတ်ခမ်းသို့ကပ်ပေးလိုက်ရာ ဖောင်ပေါ်ကရဲမက်များက ဆွဲယူပြီး ကုန်းပတ်တွင် မေးတင်ထားလိုက်သည်။

အမှန်တကယ်တော့ မိကျောင်းမှာ သက်ရှိတိရစ္ဆာန်တစ်ကောင်ဖြစ်သော်လည်း မိကျောင်း၏ခန္ဓာကိုယ်အတွင်း၌ နတ်၏ဝိညာဉ်ပူးကပ်နေခြင်း ဖြစ်သည်။ သန်လျက်ဒဏ်ရာဖြင့် တိရစ္ဆာန်မိကျောင်း၏အသက်သေဆုံးရတော့မည် ဖြစ်၏။ ထိုအချိန်မှာပင် နရပတိစည်သူမင်းက မင်းမိန့်ဖြင့် ကျိန်စာချမှတ်လိုက်သည်။ ထို့ကြောင့် တိရစ္ဆာန်မိကျောင်း၏ခန္ဓာကိုယ်မှနတ်၏ ဝိညာဉ်သည် ထွက်ခွာ၍မရတော့ဘဲ နတ်မိကျောင်း၊ သိုက်မိကျောင်းအဖြစ်သို့ ရောက်ရှိသွားခဲ့ပါသည်။

ထို့ကြောင့် နရပတိစည်သူမင်းတွင် မိကျောင်း၏ရန်ကြွေးရှိနေပါ၏။ စာရေးသူ၏ 'ရောကမ်းက အလွမ်းပန်းချီ' အခန်းဆက်ဝတ္ထုရှည်တွင် ဖော်ပြခဲ့ဖူးပါသည်။ ၂၀၀၈ ခုနှစ် သင်္ကြန်အတက်နေ့တွင် ရုပ်ရှင်တော်မြတ်ကြီးနှင့်အတူ ရန်ကုန်မြို့သို့ရောက်ရှိနေသောမယ်တော်ကြီးက မည်သည့်အရုံရရှိသည်မသိပါ။ စာရေးသူအား ရွှေကြက်ကျဲဝဲဂယက်နေရာအတွင်းသို့ နဂါးစာသွားကျွေးချေဟု စေခိုင်းပါသည်။ စာရေးသူလည်း ရွှေကြက်ယက်သို့ သွားရောက်ပြီး ကိုမြင့်ဦးကို ခေါ်ဆောင်ကာ ငှက်သမ္ဗန်ငှားပြီး ဝဲကြီးရှိရာ ရေအိုက်ဆီသို့ ထွက်ခဲ့ကြ၏။ ဝဲကတော့ဖြစ်ပေါ်ရာ ရေလယ်သို့ မရောက်မီ စာရေးသူတို့ ငှက်၏ဝမ်းဗိုက်ကို တစ်စုံတစ်ခုမှလာတိုက်သကဲ့သို့ တုတ်ခနဲ၊ တုတ်ခနဲမြည်ကာ လှုပ်ခါသွားသည်။ ထိုအခါ ငှက်သမားက ရှေ့ဆက်မသွားသင့်ကြောင်း၊ အန္တရာယ်ကြုံတွေ့နိုင်ကြောင်းပြောသဖြင့် စာရေးသူတို့လည်း ကမ်းစပ်နားမှာပင် နဂါးစာများကျွေးခဲ့ရပါသည်။

ထိုစဉ်က မယ်တော်ကြီးအား ဘာကြောင့် နဂါးစာကျွေးခိုင်းရပါသလဲ။ နောက်ရက်မှ သွားကျွေးလို့ကောမရဘူးလားဟု မေးရာ မယ်တော်ကြီးက ဘာကြောင့်ရယ်လို့တော့ မပြောပါ။ နောက်နေ့ကျွေးလို့မရ၊ ဒီနေ့ပဲ သွားကျွေးရမည်ဟု ပြောပါသည်။ နောက်ရက်များမှ ကြားသိရသည်မှာ စာရေးသူနှင့်သိကျွမ်းသော မိန်းကလေးတစ်ယောက် သင်္ကြန်အကြိုနေ့က ထိုရေအိုက်ကြီးအတွင်း နစ်မြုပ်သေဆုံးခဲ့ရာ အလောင်းရှာမတွေ့ဖြစ်နေရာမှ စာရေးသူတို့ နဂါးစာကျွေးပြီးသောညနေမှ အလောင်းရှာတွေ့သည်ဟု သိရပါသည်။

ထိုဝတ္ထုရေးသားစဉ်က စာရေးသူသည် ရွှေကြက်ယက်ဘုရားနှင့်သော်လည်းကောင်း၊ နရပတိစည်သူမင်းနှင့်သော်လည်းကောင်း ပဋ္ဌာန်းအကြောင်းဆက်ဖါရှိနေသည်ကို သိရှိထားခြင်းမရှိသေး၍ ထိုကိစ္စကို နားမလည်နိုင်ခဲ့။ မတွေးတတ်ခဲ့ပါ။ ယခုမှသာ နရပတိစည်သူ၏ရန်သူဖြစ်သောမိကျောင်းသည် စာရေးသူအား တိုက်ရိုက်အန္တရာယ် မပေးနိုင်သောအခါ စာရေးသူနှင့် ခင်မင်သောမိန်းကလေးကို အန္တရာယ်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရှိရပါတော့သည်။

ထို့ကြောင့် ယခုလည်း ဧရာဝတီမြစ်အတွင်းသို့ နဂါးစာကျွေးရန် လာရောက်ရသောအခါ ကြောက်ရွံ့စိတ်ဖြစ်ပေါ်မိပါသည်။ စက်လှေမှာ သေးငယ်လှ၍ ကုန်းပတ်နှင့် ရေပြင်မှာ နီးကပ်လျက်ရှိသဖြင့် စိုးရိမ်ဖွယ်ပင်ဖြစ်ပါသည်။ စာရေးသူသည် ရွှေကြက်ကျဲဘုရားကုန်းတော်အခြေ ရေအိုက်ဆီသို့မသွားစေဘဲ စစ်ကိုင်းတံတားအသစ်ကြီးဆီသို့သာ မောင်းနှင်စေပါသည်။ ဆောင်းကုန်လှဖြစ်၍ ရေနည်းသွားသည်ဟု ဆိုသော်လည်း ဧရာဝတီမြစ်သည် မြန်မာနိုင်ငံတွင် အကြီးမားဆုံးဖြစ်ပါ၍ မြစ်ပြင်ကြီးမှာ ကျယ်ပြောလှပြီး ရေစူးလည်းနက်ရှိုင်းလှမည် ဖြစ်ပါ၏။ ချမ်းအေးလှသောကြောင့် စာရေးသူတို့သည် ထူထဲလှသော အနွေးထည်ကြီးများ ဝတ်ဆင်ထားရှိပြီး ရှမ်းဘောင်းဘီကိုဝတ်ထားရာ အကယ်၍ လှေမှောက်မည်ဆိုပါက ရေတွင် နစ်မြုပ်ရန် လွယ်ကူမည်ဖြစ်ပါသည်။ မြစ်အလယ်သို့ရောက်သောအခါ နဂါးစာများပါရှိသော ရွှေအိုးလေးနှစ်လုံးကို တစ်လုံးစီရွတ်ဖတ်ပြောဆိုပြီးမှ မြစ်အတွင်းသို့ အသာအယာချပေးလိုက်သည်။ ပထမတစ်လုံးမျောပြီး (၅) မိနစ်ခန့်ကြာမှ ဒုတိယရွှေအိုးကို မျှောခြင်းဖြစ်သော်လည်း ထူးခြားလှပါသည်။ အတန်ငယ်ကွာဝေးသောရွှေအိုးကလေးနှစ်လုံးသည် စာရေးသူတို့စက်လှေနောက်ကြောင်းပြန်လှည့်နေဆဲအခိုက်မှာပင် အိုးနှစ်လုံးသည် တစ်အိုးနှင့်တစ်အိုး သွားရောက်ပူးကပ်ပြီး မြစ်ကြောင်းအတိုင်းစုန်၍မျောသွားပါသည်။

စာရေးသူတို့ကမ်းစပ်သို့ ပြန်လည်ရောက်ရှိသောအခါ ရွှေအိုးလေးနှစ်လုံးသည်လည်း အဝေးထိတိုင်မျောပါသွားပြီဖြစ်၍ပျောက်ကွယ်သွားပြီဖြစ်ပါသည်။ ထိုရက်ပိုင်းများတွင်လည်း စာရေးသူသည် ရွှေကြက်ယက်သို့ နေ့တိုင်းလိုပင် သွားရောက်ရပါသည်။ ပွဲများညီးတိုင်း၊ ပန်းများညှိုးတိုင်း အသစ်လဲလှယ်တင်လှူပါသည်။ စာရေးသူ၏တပည့်သာဝကများမှာလည်း စာရေးသူတို့၏ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်ကို ကြည်ညိုရုံမျှမက စာရေးသူအား ပုဂ္ဂိုလ်ရေးခင်မင်လေးစား သံယောဇဉ်ထားမှုတို့က ပို၍အလေးသာသည်ဟုဆိုရမည် ဖြစ်ပါသည်။ စာရေးသူ ရွှေကြက်ယက်နှင့်တကွ အခြားသွားလိုရာရာများသို့ တစ်ယောက်ပြီးတစ်ယောက်တာဝန်ယူပို့ဆောင်ပေးကြပြီး ပွဲဆိုပွဲ၊ ပန်းဆိုပန်း၊ သာသနာ့အလံဆို သာသနာ့အလံ အသင့်ဖြစ်နေစေပါ၏။

ထို့ကြောင့် စာရေးသူအား ပါရမီကူညီဖြည့်ကြသူ ဦးအေးကိုကိုသွန်း၊ မောင်ဝင်းနိုင်၊ မောင်အောင်ကျော်ညွန့်၊ မောင်ဇော်နိုင်ဝေ၊ မောင်သိန်းလင်း၊ ဦးအောင်ခိုင်၊ ဆရာမကြီးဒေါ်ခင်စန်းမြင့်၊ ဒေါ်ဟန်ကွေစီ၊ မတီ၊ မမျိုး၊ မောင်သန်းရွှေ၊ မောင်အောင်နေလင်း၊ မောင်နိုင်၊ မောင်ဝင်းမိုးတို့အား ကျေးဇူးအထူးတင်လျက် သာဓုခေါ် ဆိုမိပါသည်။ ၎င်းတို့အားလုံးသည် စာရေးသူနှင့် ပဋ္ဌာန်းဆက်ကြီးမားသူများဖြစ်နေမည်မှာ သေချာလှပါ၏။ စာရေးသူတို့ ရုပ်ရှင်တော်မြတ်ကို ကိုးကွယ်ယုံကြည်ကြသူအပေါင်းတို့မှာ ထောင်သောင်းသိန်းသန်းမျှရှိနေပြီဖြစ်သော်လည်း အထက်တွင်ဖော်ပြပါရှိသူများသည်သာ စာရေးသူ၏ ပါရမီကို မညည်းမညူ ဖြည့်ဆည်းနိုင်ကြသောကြောင့် ဖြစ်ပါ၏။

စာရေးသူနှင့် ပဋ္ဌာန်းဆက်ပါရှိသူကြီးမားသူ နောက်ထပ်နှစ်ဦးရှိပါသေးသည်။ ၎င်းတို့မှာ ရန်ကုန်မြို့မှ မောင်ရဲလေးနှင့် ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းတို့ ဖြစ်ပါသည်။ မောင်ရဲလေးသည် ပန္နက်တင်ပွဲတွင် (၁၁) ရက်တိတိ လူရောကားပါ လုပ်အားပေးလာရောက်ခဲ့ပြီး အံရုံစေတီတော် (၁၃) ဆူပြုပြင်ရာတွင် ဆေးသိဒ္ဓိသစ္စာရေတို့အတွက်ပါ ဝတ္ထုငွေများ လှူဒါန်းခဲ့ပြီး ထီးတင်ပွဲတွင်လည်း (၁၁) ရက်တိတိ လူရောကားပါ ဆောင်ရောက် လုပ်အားဒါနပါဝင်ဦးမည်ဖြစ်ပြီး ဝတ္ထုငွေတို့ပါ လှူဒါန်းနိုင်မည်ဟု သိရပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းက တော့ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ် ဆပ်ပြာ၊ သွားတိုက်ဆေး၊ ဆေးလိပ်ဘူး၊ ခြင်ဆိတ်ရိတ်ဓား၊ ရေမွှေးတို့ မပြတ်ပို့ ဆောင်နေသူ ဖြစ်ပါ၏။ ဤအကြောင်း အရာတို့ကို ဖော်ပြရခြင်းမှာ ယခင် ဆောင်းပါးများတွင် ဖော်ပြပါရှိခဲ့သည့် ဤစေတီတော်တည်ထားရန်သန္နေတည် ခဲ့ပေါ်ခဲ့သောထူးခြားသောအကြောင်း အရာတို့မှာ စိတ်ကူးယဉ်ပြီးပြောနေသကဲ့ သို့ ယုံနိုင်ရန်ခက်ခဲလှသော်လည်း ယခု ထက်တွေ့ စာရေးသူ၏ရှေးဘုန်းရှေးကံ ကြီးမားမှုကိုဖော်ပြနေခြင်းဖြစ်ကြောင်း ဆက်စပ်တွေးဆသိရှိနိုင်ကြရန်ဖော်ပြရ ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် စာရေးသူလည်း စာရေးသူ၏အာရုံတွင် ထင်ဟပ်လာ သော စေတီတော်ပြီးစီးအောင်မြင်ရေး နှင့်ပတ်သက်သည့် ပြုဖွယ်ဆောင်ရွက် ဖွယ်တို့ကို နိစ္စဓူဝဆောင်ရွက်လာခဲ့ရာ အလယ်ဌာပနာသွင်းပူဇော်ရမည့်အဆင့် ထိ တက်လှမ်းလာနိုင်ခဲ့၏။ မယ်တော် ကြီးက မယ်တော်ကြီး၏မွေးနေ့ ဇန်နဝါရီ (၁) ရက်ကို ရွေးချယ်ပေးထားသော် လည်း ဖေဖော်ဝါရီလထဲရောက်မှသာ အလယ်ဌာပနာထည့်သွင်းပူဇော်နိုင်ပါ တော့သည်။

ထိုနေ့တွင် ဗယာကြော်နှင့် ကောက်ညှင်းဆွမ်းတော်ကပ်လှူရန်နှင့် သာဓကများကိုကျွေးမွေးရန် စီစဉ်ပြီး ပွဲ (၁၀) ပွဲပါ စီစဉ်စေပါသည်။ မန္တလေးမြို့ (ယ) လမ်းမှ မောင်နိုင်ထွန်းဝင်း၊ မခင် စိုးကျော်တို့လည်း ပန္နက်တင်မင်္ဂလာမှ အစပြု၍ မူလဌာပနာတို့တွင်လည်း ပါဝင်ခဲ့ပြီး၊ ယခုအလယ်ဌာပနာတွင် လည်း အားတက်သရောပါဝင်ခဲ့ကြပြီး ၎င်းတို့လည်း စာရေးသူသွားလိုရာရာသို့ ပါရမီဖြည့်သူများစာရင်းတွင်ပါဝင်သည်။ ဤနေရာတွင် ၎င်းတို့နှင့် စာရေးသူ ပတ်သက်ပုံကို ဖော်ပြပါဦးမည်။ ၎င်း တို့သည် လွန်ခဲ့သော (၄) နှစ်က စဥ့်ကိုင် မြို့အောင်မြေသို့ ပထမဦးဆုံး ရောက်ရှိ လာခဲ့ကြ၏။ စဥ့်ကိုင်မြို့တွင် (၄)၊ (၅)ဦး ခန့်ကို စုံစမ်းမေးမြန်းရာ မသိပါဟုသာ ဖြေကြ၏။

၎င်းတို့မိသားစုမှ -

"ရွှေကံကူအောင်မြေကို ပထမဦး ဆုံးရောက်ရှိလာကြသူများ၊ အခုရက်ပိုင်း အတွင်းမှ 'ရောက်ရှိလာသူများကပါ နိုင်ငံ ကျော်၊ ကမ္ဘာကျော်ဖြစ် နေပြီး မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာများ သာမက ရုပ်/သံလိုင်းများမှာ ဖော်ပြပါ ရှိနေတဲ့ဘုရားကို စဥ့်ကိုင်မြို့ကို ရောက် ရင်တော့ လွယ်လွယ်ကူကူ စုံစမ်းရရှိ မယ်လို့ထင်ထားတာ။ မသိဘူးဆိုတဲ့လူ တွေများတယ်။ ဘုရားကျောင်းရောက် တော့လည်း ချောင်လည်းမကျ၊ ရန်ကုန်- မန္တလေး ကားလမ်းကြီးနဲ့လည်းမဝေး၊ အဆောက်အအုံကြီးကလည်း အဝေးက မြင်နိုင်တဲ့ (၃) ထပ်တိုက်ကြီး။ သာသနာ့ အလံလည်းရှိသေးတယ်။ ပြီးတော့ ဘုရားပွင့်နေတာလည်း (၁၇)နှစ်လောက် ရှိနေပြီကို စဥ့်ကိုင်ကလူတွေမသိဘူးဆို တော့ ကျွန်တော်တို့တောင် မျက်စိလည် သွားတယ်"

ဟုဆိုကြပါသည်။

အမှန်တော့ လူတို့သည် သိလျက် နှင့်မသိပါဟုပြောခြင်းမဟုတ်ပါ။ စာရေး သူတို့၏ ရွှေကံကူ (၉) ရက် (၉) လဗုဒ္ဓ ပူဇနီယပွဲတော်ဆိုလျှင် ကျင်းပခဲ့သည်မှာ (၁၁) နှစ်ရှိခဲ့ပြီဖြစ်ပြီး လွန်ခဲ့သော (၅) နှစ်မှစ၍ မြန်မာနိုင်ငံအနှံ့အပြားမှလာ ရောက်ကြသည်ဖြစ်ရာ ကားများ၊ ဆိုင်ကယ်များဖြင့် စာရေးသူတို့အိမ်ရှေ့ လမ်းကြီးပင် ပိတ်၍နေခဲ့ပါ၏။ သို့သော် ရုပ်ရှင်တော်မြတ်ကို လည်းကောင်း၊ မယ်တော်ကြီးနှင့် စာရေးသူတို့၏ ရှေး အတိတ်ကံအကြောင်းတို့ မည်မျှထူးခြား ကောင်းမွန်လှသည်ကို လည်းကောင်း သိရှိသူတို့နည်းပါးလှပါသည်။

ထို့အတူ ဤမျှသိသာထင်ရှား လွယ်ကူလှသောနေရာဖြစ်သော်လည်း စာရေးသူတို့၏ ရွှေကံကူအောင်မြေကို (၃) ကြိမ်မျှတိုင် ရှာဖွေမတွေ့ရှိဘဲ ပြန် သွားကြရသည်ဟု သိရပါသည်။ 'ယခု မောင်နိုင်ထွန်းဝင်းတို့မှာ (၄)၊ (၅) ဦးမေး ရုံမျှနှင့် ရောက်ရှိလာသည်မှာ တော်ပါ သေးသည်ဟုဆိုရမည် ဖြစ်ပါသည်။ နောက်မှ မောင်နိုင်ထွန်းဝင်း ပြောပြ သည်မှာ -

ထိုစဉ်က ၎င်းတို့သည် မခင်စိုး ကျော်၏အဒေါ်ထံမှ ဆိုင်ကယ်ကိုငှား ရမ်းခဲ့ရသည်ဟု ဆိုပါသည်။ ပထမဆုံး အခေါက် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ ပြီး ပြန်သွားသောနေ့မှာပင် ၎င်းတို့တွင် ထူးခြားသောအကျိုးတရားတို့ ရရှိခံစား ကြရ၏။ ထိုအခါ ရုပ်ရှင်တော်မြတ်သည် ၎င်းတို့အားမစသည်၊ ၎င်းတို့နှင့်ကံစပ် သည်ဟု ယုံကြည်သွားပြီး မကြာခဏ အောင်မြေသို့ လာရောက်ကြပါတော့ သည်။ ရုပ်ရှင်တော်မြတ်သည် ဒေသ စာရီ မနားတမ်းကြွချီတော်မူလျက်ရှိ သည်ဖြစ်ရာ ၎င်းတို့သာ စာရေးသူနှင့် သာ အမြဲတမ်း တွေ့ကြရသည်ဖြစ်၍ စာရေးသူနှင့်ပိုမိုရင်းနှီးခဲ့ပါသည်။

ထို့နောက် ၎င်းတို့လည်း အလုပ် အကိုင်များအဆင်ပြေပြီး ကိုယ်ပိုင်လုပ် ငန်းထူထောင်နိုင်ခဲ့ကာ စီးပွားရေးများ အဆင်ပြေလာခဲ့သည်။ ထိုစဉ်က ယခု (၆) နှစ်ခွဲရှိပြီဖြစ်သော ရောင်စဉ်သွန်းမှာ နို့စို့အရွယ်မျှသာရှိသေးပြီး ယခုအခါတွင် 'ဖွဲ့' ဟူသော ချစ်စရာကောင်းသည့် ဖွေးဖွေးတုတ်တုတ် သားကလေးပင် ရရှိ နေပြီး ကိုယ်ပိုင်ကားရှိနေပြီဖြစ်ကာ စာရေးသူ သွားလိုရာသို့ ပို့ဆောင်ပေး သူများစာရင်းတွင် ပါဝင်လာပြီ ဖြစ်ပါ ၏။

အလယ်ဌာပနာအားပူဇော်ရာတွင် လည်း စာရေးသူ၏တပည့်သာဝကတို့ စုံညီစွာရောက်ရှိကြပြီး ပွဲများ၊ ပန်းများ ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်ကာ စည်စည် ကားကားဖြစ်ခဲ့ပါသည်။ အလယ်ဌာပနာ မှာ သပိတ်မှောက်တွင်ထည့်ရသည်ဖြစ် ၍ တော်တော်ပင်မြင့်မားပါသည်။ လွင် အနုပညာမှ ဗီဒီယိုမှတ်တမ်းတင်ရိုက် ကူးပါသေးသည်။ ထိုစဉ်တွင်လည်း ထူးခြားမှုကို ကြုံတွေ့ကြရပါသေးသည်။ ပန်းရန်ဆရာတို့ ငြမ်းကို ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်းပြုလုပ်ထား ခြင်း မရှိပါ။ ၎င်းတို့ ပန်းရန်ပြုလုပ်ရန် ဆင်ထားသောငြမ်းပေါ်မှာပင် နင်းကြမ်း ဝါးအနည်းငယ်ဖြည့်စွက်ပေးထားပါသည်။ ယခုလာရောက်ကြသော ညွှန့်ပရိသတ် အားလုံးမှာ လူရင်းတပည့်ရင်းများသာ ဖြစ်ရာ မည်သူ့ကိုမျှ ချန်လှပ်ထားခဲ့၍ မရ။ အားလုံးကို ငြမ်းပေါ်သို့ တက်စေ ရပါသည်။ ဝါးများကို အန်းဆုံကြိုးဖြင့် တုတ်နှောင်ထားခြင်းလည်း မဟုတ်ပါ။ ပလတ်စတစ်ကျွတ်ကျွတ်ကြိုးများဖြင့်သာ ချည်နှောင်ထားခြင်းဖြစ်ရာ ဤလူဝိတ် နှင့်ခံနိုင်မည်မဟုတ်ပါ။သို့သော် ထူးဆန်း လှပါ၏။ မည်သည့်အန္တရာယ်မျှမရှိဘဲ အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

စာရေးသူနှင့်တကွ အားလုံးသော သူတို့သည် ပြင်ပတွင် ပကတိအနေဖြင့် ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်တို့ ကို ဖူးတွေ့ခွင့်မရနိုင်တော့ပြီဖြစ်၍ နောက်ဆုံးအနေဖြင့် ဖူးမြော်ကြည်ညို မဝနိုင်အောင် ပူဇော်၍ မဝနိုင်အောင်ရှိ နေကြပါသည်။ နှမြောတသဝမ်းနည်း သလိုလည်း ဖြစ်ပေါ်ခံစားကြရသည်။ မြတ်နိုးမဆုံး၊ ကြည်ညိုမဆုံးဖြစ်ကြရ သော ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါး ရှင်တို့ကို နေအိမ်ဘုရားခန်းမှာသာ အချိန်မရွေး ဖူးတွေ့နိုင်ရန် ပူဇော်ထား



www.burmeseclassic.com

www.burmeseclassic.com

ရှိလိုပါ၏။ သို့သော် သာသနာတော်အတွက် အများအတွက် ပူဇော်ပေးခြင်းသည်သာ အမြတ်ဆုံးဖြစ်ပေသည် တကားဟု ရည်မှတ်၍ မိမိ၏ပကတိစိတ်ဆန္ဒတို့ကို ချိုးနှိမ်ဖြေသိမ့်ကာ ပန်းရန်ဆရာတို့အား ဌာပနာတိုက်ကို ပိတ်စေလိုက်ရပါသည်။ ဌာပနာတိုက်အထက်တွင် အုတ် (၃) လွှာစီထပ်ပြီးသောအခါမှ စာရေးသူတို့လည်း ငြမ်းပေါ်မှဆင်းခဲ့ကြပါတော့သည်။ စာရေးသူ မြတ်နိုးလှပါသော၊ ကြည်ညိုလှပါသော ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်တို့သည်ကား တြိဖလစေတီတော်၏ ဌာပနာတိုက်အတွင်းသို့ ကိန်းအောင်း စံပယ်တော်မူလျက်.လူအများကုသိုလ်ပွားနိုင်စေဖို့ အပူဇော်ခံလျက် သာသနာတစ်သက်တည်ရှိနေတော့မည်ဖြစ်ပါ၏။ ဝမ်းမြောက်ဝမ်းသာဖြစ်ရသကဲ့သို့ မိမိပိုင်အား အများပိုင်အဖြစ် စွန့်လွှတ်လှူဒါန်းလိုက်ရခြင်းဖြစ်၍လည်း ဝမ်းနည်းသလိုလိုတော့ဖြစ်ရပါသေးသည်။ ထိုသို့ဖြစ်လျှင် ပရစေတနာပြဋ္ဌာန်းမှုပျက်ယွင်းမည်ဖြစ်၍ မုဒိတာတရားပြန်လည်ပွားများစေရပါတော့သည်။

ဤကောင်းမှု ဤကုသိုလ်တို့အတွက်လည်း သုံးဆယ့်တစ်ဘုံအတွင်း ကျင်လည်ကုန်သောလူနတ်ဗြဟ္မာပုဂ္ဂိုလ်သတ္တဝါအားလုံးတို့အား အမျှကုသိုလ်တို့ပေးဝေလိုက်ရပါ၏။

ထို့နောက် ဆောင်းရက်တို့ လွန်မြောက်ကာ နွေဦးကာလသို့ရောက်ရှိလာခဲ့ပါသည်။ စာရေးသူတို့အိမ်အနီး လမ်းဘေး ဝဲ၊ ယာမှ ပေါက်ပန်းနီနီတို့ ပင်လုံးကျွတ်မျှ အဆုပ်လိုက်အခိုင်လိုက်ပွင့်ကြသည်။ စဉ့်ကိုင်မြို့လယ်မှ ဖြတ်သန်းသွားသော မင်းရဲမြောင်းမကြီး၏ မြောင်းပေါင်တစ်လျှောက်တွင် စီတန်းပေါက်ရောက်လျက်ရှိသော လက်ပံပင်ကြီးများသည်လည်း ရဲရဲနီအောင်ပွင့်ကြပါတော့သည်။ စာရေးသူသည်ကား နေ့စဉ် တပည့်တစ်ဦးဦး၏ ကားနှင့် ရွှေကြက်ယက်တောင်တော်သို့ သွားနေမြဲ။ စေတီတော်တွင်အသုံးပြုမည့် စကျင်ကျောက်ထည်ပစ္စည်းများအပ်နှံထားပြီဖြစ်၍လည်း စကျင်ကျောက်တောင်ကြီးများရှိရာ စကျင်ကျေးရွာသို့ သွားနေရမြဲဖြစ်ပါသည်။

စကျင်ရွာသို့သွားသည့်အခါများတွင် အိမ်မှအထွက်စောပါက စာရေးသူတစ်ချိန်က သိရှိခြင်း၊ ရည်ရွယ်ခြင်းမရှိဘဲ အိပ်မက်ဆန်စွာ ရောက်ရှိနေထိုင်ခဲ့သော အုန်းတကူးကျေးရွာကလေးသို့ သွားရောက်လေ့ရှိပါ၏။ စာရေးသူသည် ယခုတြိဖလစေတီတော် တည်ထားပြီးစီးပါက အုန်းတကူးရွာ အစ်မတော်သခင်မတောင်တော်တွင် စေတီတစ်ဆူ တည်ထားဦးမည် ဖြစ်ပါသည်။ ထိုစေတီကို ဘာကြောင့်တည်ထားမည်။ စာရေးသူသည် ဘာကြောင့် ထိုရွာကလေးကို မသိရှိပါဘဲ ရောက်ရှိသွားပြီး (၄)နှစ်ကြာနေထိုင်ခဲ့ရသည်။ ထိုရွာကလေးသို့ရောက်ရှိနေထိုင်စဉ်နှင့် ထိုရွာကလေးမှ စဉ့်ကိုင်မြို့သို့ အပြီးတိုင် ပြန်လည်ထွက်ခွာစဉ်တို့၌ အဘယ်ကြောင့်ထူးခြားဆန်းကြယ်သော အဖြစ်အပျက်နှင့် အိပ်မက်တို့ရရှိခဲ့ရသည်ဟူသော အကြောင်းတို့ကို စာရေးသူထုတ်ဝေသော 'မပြီးသေးသော ပန်းချီကားတစ်ချပ်ဝတ္ထုရှည်'တွင် ဖော်ပြထားရှိပြီ ဖြစ်ပါ၏။

စာရေးသူတို့ အုန်းတကူးသို့သွားရောက်သည့်အခါတိုင်း စာရေးသူတစ်ချိန်ကနေထိုင်ခဲ့သည့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရန်အောင်မြင်စေတီသို့သွားရောက်ပြီး ပွဲများ၊ ပန်းများ နံ့သာတိုင်များ လှူဒါန်းပါသည်။ လှူဖွယ်ပစ္စည်းများကို တပည့်များကသာ စီစဉ်ပေးရခြင်း ဖြစ်သည်။

တောင်ပိုင်း အဖေကြီး၊ အမေကြီးနှင့် အစ်မတော်တို့အတွက် ရည်ရွယ်လှူဒါန်းခြင်းဖြစ်၍ ဖိတ်ခေါ်ပြီး အတူတကွ လှူဒါန်းပါသည်။ တောင်တော်ပေါ်၌ စေတီတော်မြတ် အောင်မြင်စွာဖြင့် တည်ထားနိုင်ရေးအတွက်လည်း တောင်းဆုများပြုပါသည်။ ကျောင်းတွင် စာရေးသူနေထိုင်စဉ်က ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီဖြစ်ပြီး ဦးပဉ္စင်းလေးတစ်ပါး ကျောင်းထိုင်နေပါသည်။ ထိုဦးပဉ္စင်းလေးမှာလည်း ယခင်တည်းက သိရှိထားပြီဖြစ်ပါ၍ စာရေးသူအား လေးလေးစားစားပင် ခင်မင်ဖော်ရွေစွာ ဆက်ဆံပါသည်။ ပျံလွန်တော်မူသွားသော ဆရာတော်ကြီးအကြောင်းပြောကြသောအခါဦးပဉ္စင်းလေးက -

"ဆရာတော်ကြီး ရောဂါအတော်ဆိုးလာတဲ့အချိန်မှာ ဦးပဉ္စင်းလည်း တပည့်ရဲ့ ဝတ္တရားရှိတဲ့အတိုင်း အရှင်ဘုရား တပည့်တော်ကို မှာစရာများရှိကမိန့်တော်မူပါဘုရား။ အရှင်ဘုရားမှာ ဘယ်လိုဆန္ဒတွေ ကျန်ရှိတော်မူပါသေးလဲဘုရားလို့ ဆိုတော့ ငါ့တပည့် ဟောဟိုက တောင်လေးပေါ်မှာ စေတီတော်တစ်ဆူတည်ချင်တယ်။အဲဒါကိုဖြစ်အောင်ဆောင်ရွက်ပေးပါလို့ မှာသွားပါတယ်။ ဒါပေမယ့် စေတီတော်တစ်ဆူ တည်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ တော်ရုံပါရမီနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဦးပဉ္စင်းအနေနဲ့ကတော့ ဘယ်လိုမှမဆောင်ရွက်နိုင်တဲ့ မနိုင်ဝန်ဖြစ်နေပါတယ်။ ဆရာကတည်မယ်ဆိုတော့ ဝမ်းသာလိုက်တာ"

ဟု ဆိုပါသည်။

အုန်းတကူးသို့ စာရေးသူ၏ တပည့်သာဝကတို့အားလုံးရောက်ဖူးကြပြီး ပွဲ၊ ပန်း၊ လှူဒါန်းဖူးကြပြီးဖြစ်သော်လည်း မောင်ဇော်နိုင်ဝေ၊ မမျိုး၊ မောင်နိုင်ထွန်းဝင်း၊ ခင်စိုးကျော်တို့နှင့်အခေါက်ရေများပြီး မမျိုးသည် သိုက်ဆက်နိုင်သူဖြစ်၍ ပထမအခေါက်နှင့်ဒုတိယအခေါက်တို့ ရောက်ရှိစဉ်က တောင်တော်သခင်မ အစ်မတော် ဝင်ရောက်ပူးကပ်ပါသည်။ သည်းထန်စွာ ငိုကြွေးပါသည်။ ထိုအခါ စာရေးသူ၏စိတ်တွင် ဖြစ်ပေါ်လာသည်မှာ အစ်မတော်တို့သည် သိုက်နန်းရှင်များဘဝတွင် ဆိုင်းသံဗုံသံသီဆိုကခုန်သံတို့ကို ကြားချင်မြင်ချင်စိတ်ရှိကောင်းရှိမည်ဟု တွေးမိသည်။ အစ်မတော်တို့တွင် လူ့လောက၌ နန်းဟူ၍လည်းမရှိ၊ အစ်မတော်တို့ရှိသည်ကိုပင် ရွာသူရွာသားများက သိရှိကြသည်မဟုတ်ရာ အခြားနေရာများမှ သိုက်နန်းရှင်များကဲ့သို့ သိုက်ချော့ သိုက်ကနားပေးမည့်သူများလဲမရှိပါ။ ထို့ကြောင့် အစ်မတော်တို့အား သိုက်ကနားပေးပြီးလည်းဖြစ်စေ၊ ဘုရားပွဲကိုလည်း စည်ကားစေရန်ဖြစ်စေ၊ အုန်းတကူးရွာ ဘုရားပွဲတွင် ဆင်ပွဲထည့်ပေးမည်ဟု ဦးပဉ္စင်းလေးကို ပြောလိုက်သည်။ ဦးပဉ္စင်းလေးမှာဝမ်းသာသွား၏။

စာရေးသူအား ကြည်ညိုလေးစားလှသော ယဉ်ကျေးမှုမိုးဇော်ဆင်မိသားစုအဖွဲ့ကိုတည်ထောင်သူ မောင်ကျော်သူနိုင်သည် ပြီးခဲ့သော (၉) ရက်၊ (၉) လ ရွှေကူကူဗုဒ္ဓပူဇနိယပွဲတော်တွင် ၎င်း၏ဆင်အား လာရောက်ကပြပါရစေဟု ခွင့်တောင်း၏။ မယ်တော်ကြီးသည် ပထမတွင် ကခွင့်ပြုမည်ဟုပြောသော်လည်း ပွဲနီးကပ်လာသောအခါ မထည့်တော့ဟုဆိုလိုက်ရာ မောင်ကျော်သူနိုင်သည် ငိုပါလေတော့၏။

စာရေးသူတို့သည် ဘုရားပွဲကျင်းပခဲ့သည်မှာ (၁၀) နှစ်ရှိပြီဖြစ်သော်လည်း ယခုတိုင် အသံချဲ့စက်ပင်မပါဝင်ခဲ့။ ပျော်ပွဲရွှင်ပွဲဖြင့် ပရိသတ်လာအောင်၊ စည်ကားအောင်မပြုလုပ်ပါ။ သက်တော်ထင်ရှားဘုရားရှင်ကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ်အေးချမ်းစွာဖူးမြော်ကန်တော့လိုသူ၊ အမှန်တကယ် ကြည်ညိုကြသူတို့ကိုသာ လာရောက်စေလိုပါသည်။ သို့မှသာ



www.burmeseclassic.com

www.burmeseclassic.com

အနုရာဓနိယပွဲတော်၏အနှစ်သာရပြည့်ဝသည်ဟု ယုံကြည်၍ ဆင်ပွဲကိုမထည့်စေခြင်း ဖြစ်ပါသည်။ အစဉ်အလာကို မပျက်စေလိုသောကြောင့် ဖြစ်ပါသည်။ သို့သော် မောင်ကျော်သူနိုင်သည် ထိုမျှ အထိသဘောမပေါက်။ ဘုရားပွဲဖြစ်ပါလျက် ၎င်း၏ဆင်ကိုကခွင့်မပြုဟု ဆိုသောကြောင့် စိတ်မကောင်းဖြစ်နေခြင်း ဖြစ်၍ ၎င်း၏ဆန္ဒကိုလည်း ဖြည့်ဆည်းသောအားဖြင့် အုန်းတကူးဘုရားပွဲကို ဆင်ပွဲထည့်လိုက်ရခြင်း ဖြစ်ပါသည်။

ထိုသို့ဖြင့် တပိုတွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် စာရေးသူတို့ မိုးဇော်ဆင်အဖွဲ့ဖြင့် အုန်းတကူးသို့ ရောက်ရှိသွားခဲ့ကြသည်။ စာရေးသူတို့ ကြိုတင်ပိုစတာများ ချိတ်ဆွဲကြော်ငြာထားခဲ့သော်လည်း ဤကဲ့သို့သောရွာသိမ်ရွာငယ်ကလေးက (၄) နိုင်ငံရွှေတံဆိပ်ဆုရ မြန်မာနိုင်ငံတွင် ပြိုင်ဘက်ကင်းဖြစ်သော ယဉ်ကျေးမှု မိုးဇော်အဖွဲ့ကြီးအမှန်အတယ် လာရောက် ကပြလိမ့်မည်ဟု မယုံကြည်ပါ။ ထို့ကြောင့် ပရိသတ်ပင် သင်ထားသလောက်မရှိဖြစ်ရသည်။

မိုးဇော်သည် တစ်ညလျှင် စရိတ်ငွေ (၁၃) သိန်းနှင့် အငှားလိုက်ခြင်းဖြစ်သော်လည်း စာရေးသူစီစဉ်သောပွဲဖြစ်နေ၍ မေတ္တာဖြင့် အကူလိုက်ကပေးခြင်း ဖြစ်လေသည်။ စာရေးသူနှင့်အတူ အုန်းတကူးသို့ လိုက်ခဲ့ကြသူများမှာ ဦးအေးကိုကိုသွန်း၊ မောင်ဝင်းနိုင်နှင့် မောင်ဇော်နိုင်ဝေ၊ မမျိုးတို့ဖြစ်ကြပြီး လွင်အနုပညာမှ မောင်ကိုကိုလွင်ကလည်း တပည့် (၃) ဦးဖြင့် မေတ္တာလက်ဆောင် ဓာတ်တမ်းတင် ရိုက်ပေးပါသေးသည်။ ဦးသွင်းလေးနှင့် ရွာသူရွာသားများမှာ ကျေနပ်အားရလျက်ရှိနေပြီး ယခင်နှစ်များက ဤမျှမစည်ကားပါ။ ယခုနှစ် မိုးဇော်ဆင်ပါဝင်၍ ယခုကဲ့သို့ စည်ကားခြင်းဖြစ်ပါသည်ဟုဆိုကြကာ စာရေးသူကို ကျေးဇူးတင်လျက်ရှိပါသည်။

ညဦးပိုင်းမှာပင် စာရေးသူတို့ ရန်အောင်မြင်စေတီသို့သွားရောက်ပြီး ကျောင်းတော်ပိုင်အဖေကြီး၊ အမေကြီးတို့နှင့် အစ်မတော်များကို ဖိတ်ခေါ်၍ ထမင်း ပန်းများကပ်လှူကြပါသည်။ ယခု ဆင်ပွဲသည် စာရေးသူ အုန်းတကူး ကျောင်းတော်တွင်တည်ထားမည့် စေတီတော်အတွက် ကြိုတင်ပူဇော်သောပွဲဖြစ်ကြောင်းနှင့် ဤစေတီတော်ကို အမြန်ဆုံး အဆင်ပြေ ချောမောစွာ တည်ထားနိုင်ရေးအတွက် အဖေကြီး၊ အမေကြီးနှင့် အစ်မတော်များမှ ကူညီကြပါရန် တိုင်တည်ပါသည်။

ထို့နောက် ဆင်ပွဲစတင်ပါသည်။ ထိုအခါ စာရေးသူ၏တပည့်ဟောင်းတချို့က စာရေးသူကို လာရောက်နှုတ်ဆက်ကြသည်။ ရွာသူရွာသားအချို့ကလည်း လာရောက်နှုတ်ဆက်ကြသည်။ အချို့တပည့်များ၊ ရွာသူရွာသားများက စာရေးသူကို လာရောက် နှုတ်မဆက်ဝံ့ဟု သိရပါသည်။ စာရေးသူ၏ဘဝသည် ကား ဤရွာကို စတင်ရောက်ရှိစဉ်အခါက ဆွေမရှိမျိုးမရှိတစ်ကောင်ကြွက် တစ်မျက်နှာပုံစံ၊ အခြေအနေမဲ့ အညတရ ကျောင်းဆရာကလေးတစ်ဦးအဖြစ်ရှိခဲ့ရာမှ ယနေ့အချိန်တွင် ငွေကြေးချမ်းသာသူတပည့်များခြံရံလျက် တခမ်းတနားရောက်ရှိလာသောအခါ ထိုသို့ဖြစ်ပေါ် ခံစားကြရသည်မှာ သဘာဝကျလှပါ၏။

ထိုညက လမိုက်ညဖြစ်ပြီး မိုးကောင်းကင်နှင့် တောင်တန်းကြီးတို့မှာ အနက်ရောင် ပိန်းပိတ်အောင်မှောင်လျက်ရှိရာ အဖြူရောင်ဘော်ကြယ်ဆင်ကြီးမှာ ဆလိုက်မီးရောင်များအောက်တွင် ပေါ်လွင်ထင်ရှားလျက်ရှိပါသည်။ မိုးဇော်သည် မေတ္တာဖြင့် အခကြေးငွေမယူဘဲ လိုက်၍ကပြခြင်းဖြစ်သော်လည်း အဆိုသမား၊ အတီးသမား၊ ဆင်အကသမားကအစ လက်ရွေးစင်များကိုသာ ခေါ်ဆောင်လာခဲ့ပြီး မည်သည့်ပွဲခွင်များတွင်မျှမတင်ဆက်ရသေးသော စားပွဲပေါ်တွင် ပီပါဆင့်၊ ပီပါနှစ်ဆင့်ထပ်ပေါ်တွင် ဆုံလည်ကာလပ်ဖြင့်ကရသော်အကကို ပွဲဦးထွက်အဖြစ် ကပြပေးမည်ဟု ကြေညာပါသည်။

ထိုသို့ ကြေညာအပြီးတွင် မောင်ကျော်သူနိုင်မှ စာရေးသူကို စင်မြင့်ထက်သို့ ဖိတ်ခေါ်ပါသည်။ စာရေးသူက ဆင်ထဲဝင်နေသူနှစ်ဦးတို့ကို ပရိတ်ကြိုးများချည်ပေးရသည်။ ထို့နောက် အခြားအဖွဲ့သားများကိုလည်း ပရိတ်ကြိုးများချည်ပေးရသည်။ ဆင်ထဲရှိသူများမှ ရှေ့ကိုလည်း မမြင်ရ၊ ဘေးဘီကိုလည်း မမြင်ရသဖြင့် အမြင့်ပေါ်သို့ တက်လှမ်းရသည်မှာ မလွယ်ကူပါ။ အန္တရာယ်များလှပါသည်။ စားပွဲ(၄)လုံးထက်တွင် ပီပပါ(၃)လုံး၊ ထိုပီပါ(၃)လုံးထက်တွင် ပီပါ(၁)လုံး၊ ထိုပီပါထက်တွင် ဆုံလည်ကာလပ်ကိုတင်ထားခြင်းဖြစ်ရာ အံ့ပေါ်ရောက်အောင်တက်ရသည်မှာပင် မလွယ်လှပါ။

ဆုံလည်ကာလပ်မှာလည်း တစ်ပေပတ်လည်အဝိုင်းမျှသာဖြစ်ရာ ခြေလက်အစုံရပ်၍မရပါ။ ရှေ့လက်နှစ်ဖက်ရပ်လျက် နောက်ခြေတို့ကို မြှောက်ထားရပြီး ခြေနှစ်ဖက်ရပ်လျှင် ရှေ့လက်တို့ကို မြှောက်ထားရပါသည်။ထိုအခါ ဆင်ကြီးသည် လေထဲတွင် လွင့်ပျံနေသကဲ့သို့ရှိကာ ကြည့်ရသူတို့မှာပင် ရင်တထိတ်ထိတ်နှင့် စိုးရိမ်ပူပန်နေကြရပါသည်။ ထိုအချိန်တွင် လေအနည်းငယ်ကြမ်းလာသဖြင့် ပို၍စိုးရိမ်ကြရသည်။

ထို့ထက် အံ့ဩဖွယ်ကောင်းသည်မှာ ကာလပ်ပေါ်တွင် အစွယ်နှစ်ချောင်းသာထောက်ထားပြီး ခြေနှစ်ချောင်း၊ လက် နှစ်ချောင်းတို့ကိုပင်လွှတ်ပြထားပါသည်။ ပရိသတ်ကြီးအားလုံးတို့မှာ မျက်တောင်မခတ် အသက်ပင်ရဲရဲမရှူဝံ့အောင် ရင်သပ်ရှုမောအံ့ဩမဆုံးဖြစ်ကြရသည်။ ဆင်၏ အလေးချိန်မှာ ပိဿာ (၇၀) ဆန်နှစ်ပိုင်းစာ၊ လူတစ်ယောက်၏ အလေးချိန်မှာ ပိဿာ (၃၀) ဆန်တစ်ပိုင်းစာရှိရာ ၎င်းတို့နှစ်ယောက်မှာ ပိဿာချိန် (၁၀၀) ကို တစ်လှည့်စီထမ်းနေရခြင်းဖြစ်ပါသည်။ သာမန်လူတို့အဖို့ မြေပြင်ပေါ်မှာပင် ဆန်အိတ်(၃)လုံးဆင့်ထမ်းပြီး ကခြေမပျက်လမ်းလျှောက်ပြနိုင်ရေးသည်ပင် မလွယ်ကူပါ။ ၎င်းတို့သည် ဆုံလည်ကာလပ်ပေါ်တွင် ထိုသို့ ရပ်ပြရုံမျှမဟုတ်သေး၊ ဆုံလည်ကိုလှည့်ပြပါသေး၏။ ဤမျှဆန်းပြားပြီး အန္တရာယ်ကြီးမားလှသော ပြကွက်တို့ကိုပြသနိုင်ရေးမှာ သာမန်အားဖြင့် မဖြစ်နိုင်ပါ။ ဓာတ်တို့၊ နတ်တို့ကူညီမှသာဖြစ်နိုင်ပေလိမ့်မည်။ ထို့ကြောင့် ဆင်ပွဲမစမီက ပွဲ (၇) ပွဲပေးကြရပါသည်။

ဤပြကွက်တို့မှာ ကြည့်ကောင်းလှသော်လည်း စိတ်မောစိတ်ပူရလွန်း၍ အမြန်ဆုံးပြီးပါစေဟု ဆုတောင်းနေမိ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ဤပွဲကို အခကြေးငွေယူ၍လာခြင်း မဟုတ်ပါ။ ၎င်းတို့သည် စာရေးသူအား မေတ္တာဖြင့်လိုက်ပါကပြကြသည်ဖြစ်ရာ တစ်စုံတစ်ရာဖြစ်ပွားပါက စာရေးသူ၏ တာဝန်သာ ဖြစ်ပါသည်။ စာရေးသူတို့သည် ဆင်အဖွဲ့အတွက် လော်ရီကားနှစ်စီး ကားလေးနှစ်စီးဖြင့် လာခဲ့ကြရာ၌ အသွားအပြန်လမ်းခရီးတွင်လည်း ဘေးအန္တရာယ်မဖြစ်ပွားရန် ကားပျက်ခြင်း၊ ဘီးပေါက်ခြင်းတို့ပါ မဖြစ်ပေါ်စေရေးမှာ စာရေးသူ၏တာဝန်သာဖြစ်ပါ၍ စာရေးသူသည် အချိန်တိုင်း အမှတ်တမဲ့မနေရဲပါ။ အမြဲရွတ်ဖတ်ဆုတောင်းမေတ္တာပို့သ၍နေရသည်။

နာရီဝက်မျှ ကာလပ်ပေါ်တွင် အမျိုးမျိုးသော ဆန်းကြယ်သည့်ပြကွက်



www.burmeseclassic.com

www.burmeseclassic.com

တို့ကို တင်ဆက်ပြီးသောအခါ မိုးဇော်ဆင်ကြီးသည် ကလပ်ပေါ်မှ အောက်သို့ ပြန်ဆင်းလာပါသည်။ ထိုအခါမှ စာရေးသူလည်း စိတ်အေးရပြီဖြစ်၍ စတိတ်ခုံပေါ်မှ ဆင်းလိုက်ပါသည်။ စာရေးသူ စတိတ်ခုံအောက်သို့ ရောက်သည်နှင့် ဒုတိယအဆင့်ပေါ်မှ ဖိုးဇော်ဆင်ပြုတ်ကျသွားသည်။လှေအဆင်း မြင်းအတက်ဟူသည့်အတိုင်း အတက်ထက် အဆင်းမှာ ပို၍ အန္တရာယ်ရှိပါသည်။ စာရေးသူရော ပရိသတ်ကြီးပါ ထိတ်လန့်သွားပါသည်။ တော်ပါသေးသည် ကြီးကြီးမားမား ထိခိုက်မှုမရှိပါ။ ဆင်ဘောင်းဘီအနည်းငယ် ချုပ်ရိုးပြဲသွားခြင်းသာရှိပါသည်။ဤဆင်ပွဲထည့်လိုက်သည့်အတွက် အစ်မတော်လည်း ပျော်ရွှင်ကျေနပ်မည်ဖြစ်ပါသည်။ မည်သည့်အန္တရာယ်မှမကျရောက်ဘဲ ဆင်ပွဲကြီးအောင်မြင်စွာပြီးစီးခဲ့ပါသည်။

စာရေးသူတို့လည်း စင်္ဂပူကိုင်အောင်မြေသို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့သည်။ စာရေးသူသည် ယခုညအိပ်မက်ခဲ့သောနေရာကလေးမှာပင် (၄) နှစ်တိတိ အိပ်စက်ခဲ့သည်။ ယခု (၁၄) နှစ်ကြာသောကာလတွင် ဤနေရာကလေးမှာပင် (၁) ညတာ ပြန်လည်အိပ်စက်ခဲ့ရသည်။ အဆောက်အအုံပုံစံတော့ ယခင်တုန်းကဆို သက်ငယ်မိုး ဝါးတဲတော့မဟုတ်တော့ပြီ ဖြစ်ပါ၏။ (၁၄) နှစ်တာကာလအတွင်း၌ စာရေးသူ၏ဘဝသည် လည်းကောင်း၊ ဤဘုန်းတော်ကြီးကျောင်းသည် လည်းကောင်း များစွာ ပြောင်းလဲသွားပြီ ဖြစ်ပါသည်။ ကောင်းသောပြောင်းလဲခြင်းများဖြစ်၍ ဝမ်းသာပီတိဖြစ်မိပါ၏။

ထိုသို့ဖြင့် သင်္ကြန်ရက်များလည်း နီးကပ်လာပြီ ဖြစ်၏။ စာရေးသူ ယခုတည်ထားသော စေတီတော်နှင့်တစ်ဆက်တည်းတည်ရှိသော စေတီတော် (၁၃) ဆူပြုပြင်မွမ်းမံခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရာ သင်္ကြန်မတိုင်မီ ပြီးစီးသွားခဲ့ပါသည်။ စေတီတော် ပန်းရန်ပိုင်းဆိုင်ရာကိစ္စလို့လည်း ပြီးစီးသွားပြီဖြစ်၍ စကျင်ကျောက်ထည်များကို ပို့ဆောင်ရန် လောဆော်ရပါသည်။

ထို့ကြောင့် (၄) လပိုင်းမကုန်မီမှာပင် စကျင်ကျောက်ထည်များလာရောက်ပို့ဆောင်ပါသည်။ ထိုရက်များသည်လည်း အပူရှိန်ပြင်းထန်လှသောရက်များဖြစ်ပါ၍ ညနေပိုင်း နေလုံးကွယ်ပျောက်သွားသည့်တိုင် သံမံတလင်းတို့မှာ ပူကျွတ်လျက်ရှိပါသေးသည်။ နေ့လယ်နေ့ခင်းဆိုလျှင်တော့ ပန်းရန်၊ ဆေးသုတ်သမားတို့ မည်မျှပူလှပါမည်နည်း ကိုယ်ချင်းစာမိပါ၏။

ထိုနေ့က (၃)နာရီမှ စကျင်ကထွက်လာသည်ဆို၍ စာရေးသူတို့လည်း မန္တလေးမြို့တွင် လုပ်စရာရှိသည်တို့ကို လုပ်ဆောင်ပြီးမှ ရွှေကြက်ယက်သို့ သွားရောက် စောင့်ဆိုင်းနေကြသည်။ ညနေ (၆) နာရီခွဲတွင်မှ ကရိန်းကားကြီး ဆိုက်ရောက်လာသည်။ စာရေးသူတို့သည် ဘုရားကုန်း၏အနောက်ဘက်မှ ပတ်ပြီး တောင်ပေါ်အထိတက်၍ပစ္စည်းများချထားပါသည်။ ထိုနေရာသည် တကယ်တော့ လမ်းမရှိပါ။ စာရေးသူတို့ ဘုရားစ၍မတည်မီ ပစ္စည်းများကို တောင်ပေါ်သို့ မည်သို့ပို့ဆောင်ရမည်၊ သယ်ယူရမည်ကို စဉ်းစားကြလေရာ စောင်းတန်းမုခ်ဦးတွင် ပစ္စည်းများချထားပြီး တောင်ပေါ်သို့ စောင်းတန်းအတိုင်း လူအားဖြင့် သယ်ယူမည်ဆိုပါက သယ်ယူစရိတ်လည်းတက်မည်။ ခရီးလည်းဖင့်မည်။ ထိုဒုက္ခတို့ကိုခံနိုင်သည်ဆိုဦးတော့ စောင်းတန်းမုခ်ဦးတွင် ပစ္စည်းချရန်နေရာမရှိပါ။ ထို့ပြင် ပစ္စည်းသယ်ပို့လူငှားရရန်လည်း မလွယ်ကူဟု သိရပြီး ပစ္စည်းများကို နေ့ချင်းပြီးမရွှေ့နိုင်ဘဲ လမ်းတွင်ထားရမည်ဆိုက ပျောက်ကုန်မည်ဟုသိရ၍ စာရေးသူတို့ ထိုကိစ္စအတွက် ခေါင်းကိုက်ခဲ့ရသေး၏။ နိုင်နိုင် (ဇော်နိုင်ဝေ) က လမ်းကြောင်းလိုက်လံရှာဖွေသောအခါ လမ်းတော့မရှိပါ။ သို့သော် ထိုနေရာကို လမ်းရှင်းပြီးတက်နိုင်မည်ဟုဆို၍ အဆင်ပြေသွားရခြင်းဖြစ်သည်။

ထိုလမ်း ရရှိလိုက်ခြင်းမှာလည်း စာရေးသူ ဘုရားတည်ရာတွင် ကြီးမားသော အထောက်အကူဖြစ်နေပြန်ပါ၏။ ရွှေကြက်ယက်တောင်ခြေပတ်လည်တွင် ကျူးကျော်တဲများ ပြွတ်သိပ်လျက်ရှိပါသည်။ လူသွားလမ်း၊ ဆိုင်ကယ်လမ်းမျှပင် မကျန်ရှိဘဲ ဤလမ်းအတွက်နေရာ လွတ်ကျန်ရှိနေသည်မှာ ထူးဆန်းလှပြီး ဤလမ်းသည် စာရေးသူ ဘုရားတည်သည့်အနီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိရာ စာရေးသူသည် အတိတ်ဘဝတုန်းက ဘုရားတည်ရန်နေရာကို အဓိဋ္ဌာန်ပြုပြီးဦးထားခဲ့ရုံမျှမက ထိုဘုရားသို့ အလွယ်တကူရောက်ရှိအောင် သွားလာနိုင်မည့်လမ်းနေရာအတွက်ကိုပါ အဓိဋ္ဌာန်ပြု၍ယူထားသည်ပင် ဖြစ်ပါ၏။

ဘုရားတည်ပြီ ဆိုကတည်းက စာရေးသူတို့သည် စောင်းတန်းမုခ်ဦးတွင်ကားထားပြီး စောင်းတန်းအတိုင်း တက်လာရခြင်းမရှိဘဲ အနောက်ဘက်လမ်းမှ ကားဖြင့်တက်လိုက်လျှင် စာရေးသူ၏ ဘုရားအခြေသို့တိုင်ရောက်ရှိ၍ လွယ်ကူသက်သာလှပါသည်။ ထို့အပြင် မနက် (၁၀) နာရီခန့်အထိ ပွဲကျဈေးတန်းကြီးရှိနေ၍ စောင်းတန်းမုခ်ဦးဘက်မှာ ကားဝင်ရန် ကားရပ်ရန်နေရာလည်း ခက်ခဲပါသည်။ ယခုစာရေးသူတို့ဖောက်လုပ်ထားသောလမ်းမှာ ဈေးတန်း၏နောက်ကျောဘက်မှဝင်ရသည်ဖြစ်၍ မနက်စောစောဈေးစည်နေချိန်ဖြစ်ပါစေ ရှင်းလျက်သာရှိပါ၏။

သို့သော် လမ်းမှာ မတ်စောက်ပြီး လိမ်လျက် ကျဉ်းမြောင်းရှိပါ၍ ဆလွန်းကားငယ်ကလေးများမှာမူ အတော်ဂရုစိုက်တက်ရသည်။ လင့်ခရူဇာ၊ ဆပ်ပါဂျဲရိုးနှင့် ခလူဂျာကားများသာ အဆင်ပြေပါသည်။ မောင်ဇော်နိုင်ဝေ၏ အုတ်၊ ထုံး၊ သဲ၊ ကျောက်ပို့သော ကားတို့မှာလည်း (၂) တန်ကားမျှသာဖြစ်၍ အခက်အခဲမရှိလှပါ။ ယခု ကရိန်ကားကြီးတက်လာသောအခါတော့ အတော်ပင်ခက်ခဲပါသည်။ ကပ်ကွေ့ဖြစ်၍ ဘော်ဒီရှည်သောကားကြီးမှာ တက်မရ၊ မော့တက်တွင် အရှိန်သတ်လိုက်ရသောအခါ ကားကြီးအနောက်သို့ လျှောကျ၏။

ကားပေါ်တွင် (၄) ပေနီးပါးရှိသော ရုပ်ပွားတော် (၄) ဆူ၊ (၇) ပေခွဲရှိသောနတ်မင်းကြီး (၄) ပါး၊ အချင်း (၂) ပေရှိသော ကျောက်ဆေးအိုးကြီး၊ အမြင့် (၉) ပေ အောက်ခြေ (၇) ပေ (၄) ပေရှိသော စကျင်ကျောက်သားသိဟာသနပလ္လင်တော်ကြီးတို့ပါရှိလေရာ အလေးချိန်များလွန်းလှသည်။ နောက်တွင်ရှိ ကျူးကျော်လူနေအိမ်နှင့် တစ်ပေခန့်အလိုမှာ ရပ်သွားသည်။ အိမ်တွေအပေါ်ပိလိုက်လျှင် အန္တရာယ်၊ ကွေ့တွင် တိမ်းမှောက်လျှင်လည်း အန္တရာယ်။ အားလုံးသည် စာရေးသူ၏တာဝန်သာဖြစ်ပါ၍ ဤကားကြီး တောင်ပေါ်သို့ ချောချောမောမောရောက်ရှိရေးအတွက် စာရေးသူ ရွတ်ဖတ်သရဇ္ဈာယ်တိုင်တည်ရပြန်ပါသည်။

ကားမှောက်လျှင် အန္တရာယ်ဖြစ်ရုံမျှမက စကျင်ကျောက်ထည်များပါ ကျိုးပဲ့ပျက်စီးကုန်မည်ဖြစ်ရာ စာရေးသူအတွက် ဆုံးရှုံးမှုကြီးမားလှမည်ဖြစ်ပါ၏။ ဒုတိယအကြိမ်၊ တတိယအကြိမ် ကြိုးစားတက်ပြန်၏။ ကားစက်သံမှာလည်း ငယ်သံပါလျက်ရှိပြီး ညှော်နံ့တို့သည် မွှန်ထူလျက်ရှိပါ၏။ ကားကြီးသည် ဆန့်ငင်

www.burmeseclassic.com

www.burmeseclassic.com

ဆန့်ငင်နှင့်ပင် တောင်ပေါ်သို့ရောက်ရှိလာ၏။ ထိုအချိန်တွင် မှောင်ရီပျိုးစပြုပြီ ဖြစ်သည်။

ထို့နောက် ကရိန်းဖြင့်ပစ္စည်းများကိုချကြသည်။ တစ်မျိုးတစ်မျိုးလျှင် တုပ်ရဆိုင်းရဖြင့်၊ အောက်တွင်လည်း ချလိုသောနေရာသို့ ကရိန်းကိုလှည့်ရဖြင့် အချိန်အတော်ကြာမြင့်၏။ ထို့ကြောင့် စိတ်ချရပြီဖြစ်သောအခါ ပြီးစီးသည်အထိ မစောင့်တော့ဘဲ စာရေးသူပြန်ခဲ့ပါတော့သည်။

ပစ္စည်းချသောနေရာနှင့် စာရေးသူ ဘုရားတောင်ကုန်းအကြားတွင် စောင်းတန်းကြီးက ကန့်လန့်တည်ရှိနေသဖြင့် ကရိန်းလက်တံမှာ ရှည်သော်လည်း ကရိန်အသုံးပြု၍ မရပါ။ ပစ္စည်းများကို လူအားနှင့်သာ ရွှေ့ပြောင်းရမည်ဖြစ်သည်။ ၎င်းတို့အဖွဲ့လည်း ပစ္စည်းချရသည်မှာပင် မသက်သာလှ။ ထို့ကြောင့် တစ်ရက်နားဦးမည်။ နောက်ရက်မှ ရွှေ့ပြောင်းနေရာချထားမည်ဟု ပြောကာ ၎င်းတို့ပြန်သွားကြသည်။

တစ်ရက်နားပြီးနောက် ၎င်းတို့အဖွဲ့ရောက်ရှိလာကြသည်။ ထိုရက်က နေရှိန်ပြင်းလှပါသည်။ တောင်ပေါ်တွင် တစ်ခဏတောင်မှ နေနိုင်ရန် မလွယ်ကူပါ။ စကျင်ကျောက်ထည်ကြီးများမှာ လေးလံလှပါ၍ ထိုနေ့က ပစ္စည်းတစ်ဝက်သာ ရွှေ့ပြောင်းနိုင်ခဲ့သည်။ ၎င်းတို့လည်း (၅) ရက်ခန့်နားပြီးမှ တစ်ခေါက်ပြန်လာကြသည်။ စောင်းတန်းကိုဖြတ်ပြီးသောအခါ (၁၀) ပေခန့်မြင့်သော ကုန်းပေါ်သို့ လှေကားထစ်များဖြင့်တက်ရသည်။ ထိုနေရာတွင် သစ်သားချောင်းများကိုခင်းပြီး ချိန်းဘလောက်ဖြင့်ဆွဲယူ၍ လူအားဖြင့်တွန်းကြရသည်။ ချွေးဒီးဒီးကျလျက် ပင်ပန်းလွန်းလှ၏။

နောက်ဆုံးတွင် ပလ္လင်တော်အောက်ခံတုံးကြီးစေတီတော်အတွင်းသို့ ရောက်ရှိသွားသည်။ ထိုပလ္လင်ပေါ်တွင် နောက်မှတံကဲကြီးတင်ရမည် ဖြစ်၏။ ထိုတံကဲကြီး၏အမြင့်မှာ (၆) ပေရှိပြီး ဖြတ်မှာ (၅) ပေကျော်ပါသည်။ ထုမှာ (၈) လက်မကျော်သေးရာ နည်းနည်းနောနောအလေးချိန်မဟုတ်ပါ။ (၃) ပေခွဲအမြင့်ရှိသောပလ္လင်ကြီးပေါ်သို့တင်ရေးမှာ မလွယ်ကူပါ။ အုတ်ခဲတစ်လုံးခုံတစ်ဖက်မြှောက်တစ်လုံးခုံဖြင့်မြှင့်ယူသွားရသည်။ တဖြည်းဖြည်းနောက်သို့ဆုတ်သွားရသည်ဖြစ်၍ အုတ်ခဲအဆင့်ကြီးမှာ တစောင်းကြီးဖြစ်နေသည်။ အပေါ်မှ လူသုံးယောက်က ထိန်းထားပေးရသည်။ အောက်မှာ လူခြောက်ယောက်က တုတ်နှင့်မ,လိုက်၊ အုတ်ခဲခုလိုက်ဖြင့် မြှောက်သွားရသည်။ ၎င်းတို့ကတော့ လုပ်နေကိုင်နေတွန်းမို့ သာမန်လုပ်ရိုးလုပ်စဉ်အဖြစ်လုပ်နေကြပါသော်လည်း စာရေးသူအမြင်တွင်မူ ၎င်းတို့လုပ်နေပုံမှာ စနစ်မကျမသေချာပါ။ တံကဲကြီးအောက်တွင် ခုထားသော အုတ်ခဲတို့မှာလည်း ညီညာသပ်ရပ်မှုမရှိ ထောင်သည့်အုတ်ခဲကထောင်၊ ထွက်သည့် အုတ်ခဲကထွက်နေရာ အုတ်ပုံသာပြိုကျလိုက်ပါက အောက်လူခြောက်ယောက်မှာ ပြားချပ်သွားမည် ဖြစ်သည်။ ထိုကဲ့သို့သာဖြစ်သွားခဲ့လျှင်တော့ ကျော်မကောင်းကြားမကောင်းဖြစ်ရပေလိမ့်မည်။ ထို့ကြောင့် စာရေးသူသည် မနားတမ်း ရွတ်ဖတ်သရဇ္ဈာယ်တိုင်တည်၍နေရပါတော့၏။ နောက်ဆုံးတွင်တော့ ထိုကိစ္စလည်း အောင်မြင် ချောမောစွာ ပြီးစီးသွားခဲ့သည်။ တစ်ဖန် နတ်မင်းကြီးလေးပါးကိုလည်း တံခွန်တိုင်ခုံပေါ်သို့ ထိုနည်းတူပင် တင်ကြရပြန်သည်။ ထိုကိစ္စလည်း အောင်မြင် ချောမောစွာ ပြီးစီးသွားခဲ့ပြန်ပါသည်။

ထိုအချိန်တွင် ရွှေသက်န်းလည်း ကပ်လှူတော့မည်ဖြစ်၍ ရွှေငွေမ်းသီးသန့်ပြန်ဆင်ရသည်။ ယခင်ဘုရားများပြင်စဉ်က ငြမ်းဝါးများအသုံးပြု၍မရဘဲ ဝါးဆစ်ပိတ်ဝါးများ ဝယ်ယူပေးရပြီး ဖျာအချပ် (၅၀) ဝယ်ပေးရသည်။ အုန်းဆံကြိုးဖိုးသည်ပင် တစ်သိန်းကျော်ကုန်ကျပါသည်။ စေတီတော် (၁၃) ဆူပြုပြင်စဉ်ကလည်း စာရေးသူက ငြမ်းဝါးများကို (၃) ဆူစာသာဝယ်ပေးမည်ဟုဆိုသော်လည်း ပန်းရန်ဆရာက ငြမ်းဆင်ပန်းရန်ပိုင်းအပါအဝင် တစ်ဆူတစ်သိန်းနှုန်းနှင့် ပြောထားသော်လည်း ဆေးသုတ်တစ်သိန်းခွဲနှုန်းပါထည့်ပေးပါဟုဆို၏။ စာရေးသူ၏တပည့်မောင်နိုင်သည် ယခုတည်ထားသောဘုရားကိုလည်း လုပ်အားဒါနယူထားပြီး ပြုပြင်မည့် (၁၃) ဆူကိုလည်း ဆေးသုတ်လုပ်အားဒါနယူထားသည်ဖြစ်ရာ ပန်းရန်ကိုပေးမဖြစ်ပါ။ မောင်နိုင်က အခကြေးငွေယူမည်ဆိုလျှင်သော်မှ မောင်နိုင်သည် စာရေးသူတို့ပြုလုပ်ခဲ့သမျှသောကုသိုလ်တို့တွင် ဆေးသုတ်လုပ်ငန်းဟူသမျှ လုပ်အားဒါနကုသိုလ်ယူမြဲဖြစ်သည့်အပြင် နိစ္စဓူဝ စာရေးသူ၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးခြင်း၊ စာရေးသူအား နေ့စဉ် လက်ဖက်ရည်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ကုသိုလ်ယူနေခြင်းဖြစ်ရာ ပေးခြင်းပေးလျှင် ၎င်းကိုသာပေးရမည်ဖြစ်သည်။

ထို့အပြင် မောင်နိုင်သည် စာရေးသူတို့ပြုလုပ်သော ကုသိုလ်ဒါနတို့တွင် လုပ်အားဒါနကုသိုလ်ပါဝင်ရာ၌ သွားစရိတ်၊ လာစရိတ်၊ စားစရိတ်၊ လက်ဖက်ရည်ဖိုးမှအစ စာရေးသူကိုမကုန်ကျစေဘဲ အားလုံးစရိတ်ငြိမ်းအလွတ်ဒါနပြုခြင်း ဖြစ်ပါသည်။ သို့သော် ပန်းရန်ဆရာသည် မောင်နိုင်မှ ဆေးသုတ်လုပ်အားဒါနပြုသည်ကိုဆိုခြင်းကို ယုံကြည်ပုံမရပါ။ အကယ်၍ ၎င်းကလည်း ပိုက်ဆံမယူဘဲ ဒါနပြုပါမည်ဆိုလျှင်သော်မှ ၎င်းသည် ပန်းရန်သမားသက်သက်သာဖြစ်၍ ဆေးသုတ်ကျွမ်းကျင်မည်မဟုတ်။ ပိုက်ဆံပေးရချင်းတူသည်ဖြစ်စေ၊ ဒါနပြုခြင်းတူသည်ဖြစ်စေ၊ စာရေးသူသည် မောင်နိုင်ကိုသာခိုင်းရမည် ဖြစ်ပါသည်။ သဘာဝလည်းကျပြီး တရားမျှတမှုလည်းရှိပါ၏။ သို့သော် ပန်းရန်ဆရာသည် ၎င်းဆေးလုပ်ငန်း မရရှိသည့်အတွက် မကျေမနပ်ဖြစ်နေကြောင်းသိရှိရသည်။

တကယ်တော့ ယခု (၁၃) ဆူတွင် ပန်းရန်ပိုင်းအနေနှင့် ကြီးကြီးမားမားပြုပြင်ရမည့်စေတီဟူ၍ မပါရှိပါ။ လုံးဝအပြင်ထွက်သော စေတီမှာ (၃) ဆူမျှပါဝင်၍ တစ်ပေခန့်သာ ဖာထေးရသောစေတီမှာလည်း (၈) ဆူခန့်ပါဝင်၏။ ပြောရလျှင် ငြမ်းဆင်သက်သက်ကို တစ်သိန်းပေးရသည့်သဘောပင် ဖြစ်သည်။ ငြမ်းမှာလည်း တစ်ရက်လျှင် (၂) ဆူ၊ (၃) ဆူမျှ ပြီးစီးအောင်ဆင်သွားသည်ဖြစ်ရာ တကယ်တမ်းပြောရလျှင် မတန်ပါ။ စာရေးသူအနေနှင့် (၃)ဆူပြီးမှ ထိုဝါးတို့ကိုဖြုတ်၍ အခြား (၃) ဆူ ပြောင်းရွှေ့ဆင်စေလိုသည်။ သို့သော် ၎င်းတို့သည် ၎င်းတို့အား ဆေးသုတ်လုပ်ငန်းမအပ်သည့်အပေါ်တွင် မကျေနပ်ချက်အားအကြောင်းပြု၍ (၁၃) ဆူတစ်ပြိုင်နက်ဆင်မှဖြစ်မည်ဟု (၁၃) ဆူစာဝါးများဝယ်ပေးရသည်။ တစ်ဆူလျှင် တစ်သိန်းနှုန်းနှင့် (၁၃) သိန်းသာကျမည့်ဖြစ်သော်လည်း ဘုရားတည်စဉ်က (၂၅) သိန်းသာတောင်းခဲ့ရာ ၎င်းတို့အတွက်နည်းသွားသည်ဟု ထင်မြင်ယူဆမိသောကြောင့် (၁၅) သိန်းပေးလိုက်ပါသည်။

ထို့ကြောင့် ဝါးဖိုး၊ ဖျာဖိုး၊ ကြိုးဖိုးတို့ကိုတွက်လျှင် (၇) သိန်းကျော်ကုန်ကျသွားပါသည်။ မည်သို့ဝင်ရှိစေ အားလုံးစိတ်ချမ်းသာကျေနပ်စေရန်နှင့် အကောင်းဆုံးဖြစ်စေရန်သာ အဓိကဖြစ်၍ လိုသ



www.burmeseclassic.com

www.burmeseclassic.com

သေးမရှိ အားလုံးဖြည့်ဆည်းပေးခဲ့ပါသည်။ ယခုစေတီတော်တည်ထားရာ၌ ထုံးလုံးဝမသုံးစေပါ။ ဘီလပ်မြေတောင်မှ အကောင်းဆုံး ကြွေနီတံဆိပ်ကို အားမနာတမ်းသုံးစွဲစေပါသည်။ ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် စဥ့်ကိုင်မြို့မှ ဦးပဥ္စင်းနှစ်ပါး တောင်ပေါ်တွင် သီတင်းသုံးနေထိုင်လျက်ရှိရာ ထိုဦးပဥ္စင်းနှစ်ပါးကိုလည်း မကြာမကြာဝတ္ထုငွေများကပ်လှူပါသည်။ သို့သော် ပစ္စည်းများမှာ လုံခြုံစိတ်ချရမှုမရှိပါ။ အမြဲပျောက်ဆုံးလျက်သာရှိပါသည်။ စေတီတော် (၁၃) ဆူမှ ငြမ်းဝါးအလုံး (၄၀၀)ကျော်လည်း ပျောက်ဆုံးသည်။ ရင်ပြင်တော်တွင် ခင်းရမည့် စကျင်ကျောက်ပြားများပါ ပျောက်ဆုံးသည်။ စကျင်ကျောက်ပြားများမှာ မန္တလေးမြို့တွင် အလွယ်တကူ ဝယ်ယူ၍မရပါ။ စကျင်တွင်သွားရောက်ဝယ်ယူရပြီး မိမိတို့အစီအစဥ်ဖြင့်သယ်ယူထားရခြင်းဖြစ်ပါသည်။ ခိုးယူသူတို့သည် ခိုးမြဲခိုးလျက်သာရှိပါ၏။ မည်သို့ပင်ဆိုးကြပါစေ လိုသည်ဆိုတိုင်း စာရေးသူသည် မေးမြန်းခြင်းမပြုဘဲ ဝယ်ယူဖြည့်ဆည်းပေးခဲ့ပါသည်။

စေတီတော်တွင် ပင်မစေတီတော်ကြီးအပြင် အရံစေတီ (၇) ဆူပါဝင်ပြီး တံခွန်တိုင်ထိပ်တွင်လည်း ဟင်္သာမတင်ဘဲ စေတီတော်ပင့်တင်ရာ၌ စေတီတော်အားလုံးကို စလင်းစိန်ဖူးတော်များသာ ပူဇော်ပါသည်။ စိန်ဖူးတော်တို့ကိုလည်း ထီးတွင်အသင့်ပါရှိသော ကြာကလပ်တွင် တပ်ဆင်နိုင်သော်လည်း စိန်ဖူးအညှာ သို့မဟုတ် ကျောက်အိုးနှင့် ငှက်မြတ်နားတော်တို့ကို စစ်ကိုင်းမြို့မှ ပန်းထိမ်ဆရာကြီး ဦးကျော်ဇောထံသွားရောက်ကာ အပ်နှံပါသည်။ တွင်းထွက်ကျောက်မျက်အစုံအပွင့် (၄၀၀) ကျော်ပါဝင်သည်။ လက်ခသည်ပင် (၆) သိန်းကုန်ကျပါ၏။

ဖြူဆွတ်၍ အပြစ်အနာကင်းပြီး (၉) လက်မကျော်သော စလင်းစိန်ဖူးတော်ကြီးကို မြင်တွေ့ရသောအခါ ပန်းထိမ်ဆရာကြီး ဦးကျော်ဇောမှ ဤစိန်ဖူးမျိုး ယခုခေတ်တွင် မရှိနိုင်တော့။ သွေးထားသောလက်ရာသည်ပင် ရှေးလက်ရာဖြစ်သည်။

စလင်းစိန်ဖူးတော်၏ကာလတန်ဖိုးဒိုင်း (၁၀၀) အထက်၌ရှိမည်။ ...၏ တန်ဖိုးမှာလည်း ...ပဲပါဟု ပြောပါ...၁ ... ခင်ဆောင်းပါးတွင်

ဖော်ပြခဲ့သည်မှာ စာရေးသူသည် ကလေးအရုပ်ကလေးနှစ်ခု၊ သောကြာနံစေတီသို့ သွားရောက်ပို့ဆောင်သည်။ ထိုညမှာပင် ကလေးများကို စာရေးသူနှင့်အတူသွားရောက်ပို့ဆောင်ခဲ့သော မောင်ဇော်နိုင်ဝေမှ အိပ်မက်မြင်မက်သည်။ ထိုနေ့နံနက်မှာပင် ရန်ကုန်မြို့၏ရောက်ရှိနေသော မယ်တော်ကြီး၏ရှမ်းအင်္ကျီခါက်ထဲတွင် ရွှေခြူလုံးကလေးရောက်ရှိနေသည်ဟု ပါရှိခဲ့ပါသည်။ စာရေးသူ၊ အန်တီအေးနှင့် မယ်တော်ကြီးတို့မှာ နေ့စဥ် ဖုန်းအဆက်အသွယ်ရှိပါသည်။ သို့သော် နောက်ပိုင်းရက်များတွင် ဖုန်းဆက်သည့်အခါတိုင်း ရွှေခြူလုံးအကြောင်း မပြောတော့ဘဲရှိ၍ တစ်ပတ်ခန့်အကြာတွင် မယ်တော်ကြီးအား ရွှေခြူလုံးနှင့်ပတ်သက်၍ မေးမြန်းရာ -

"ဇေအေးကွာ၊ အဲဒီခြူလုံးလေးဟာ ရခါစတုန်းကတော့ ရွှေအစစ်ပဲကွ။ ဒါပေမယ့် တွင်းထွက်ရွှေမဟုတ်ဘဲ ရှေးတုန်းက အင်္ဂလိပ်ပညာနဲ့ လုပ်ထားတဲ့ ဓာတ်ရွှေနဲ့ တူပါတယ်။ အခုမည်းသွားပြီကွ။ ကြေးပြန်ဖြစ်သွားပုံရတယ်"

ဟု ဆိုပါသည်။

ထိုအချိန်တွင် မယ်တော်ကြီးသည် ရွှေကူကြိုဖလစေတီတော်ထီးတင်ပွဲတွင်ကြမည့်ရွှေဒင်္ဂါးများ ပန်းထိမ်ဆရာထံ အပ်နှံထားပြီ ဖြစ်သည်။ ထိုသို့အပ်နှံရာ၌ မယ်တော်ကြီးလိုရာသုံးပါဟု လှူဒါန်းကြသူတို့၏ လက်ဝတ်ရတနာတို့လည်းပါရှိပြီး အကယ်ဒမီရွှေတုံးအချို့လည်း ပါရှိသည်။ ထိုသို့ ရွှေထည်များအပ်နှံပြီး (၁၀) ရက်ခန့်အကြာတွင် မယ်တော်ကြီးကိုလည်း မြောင်းမြသို့ ရုပ်ရှင်တော်မြတ်နှင့်အတူ ကြွရောက်တော်မူရန် ပြင်ဆင်လျက်ရှိစဥ် ပန်းထိမ်ဆရာရောက်ရှိလာပြီး မယ်တော်ကြီးအား ဤလက်စွပ်သည် ရွှေမဟုတ်ပါဟု ဆိုကာ လာရောက်ပေးအပ်၏။ မယ်တော်ကြီးလည်း ထိုလက်စွပ်ကို ယူဆောင်ပြီး မြောင်းမြသို့ထွက်ခွာလာခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်သည် မြောင်းမြမြို့ မြစိမ်းရောင်သာသနာပြုစခန်းသို့ ကြွချီတော်မူခြင်း ဖြစ်ပါသည်။ မြစိမ်းရောင်တောင်ဆရာတော်ကြီးမှာ ရဟန္တာဟု ထင်ရှားကျော်ကြားပြီး ဘုန်းတန်ခိုးကြီးမားတော်မူလှသည်။ သက်တော်မှာ (၉၀) ကျော်ပြီဖြစ်သည့်အပြင် ကျန်းမာရေးချို့ယွင်းနေ၍ အောက်ဆီဂျင်ဓာတ်ငွေ့ပိုက်ဖြင့် အသက်ရှူနေရသည်။ လူတို့၏ဖူးမြော်ခြင်းကိုပင် ခဏသာခံယူတော်မူပြီး အိပ်ရာထက်တွင် လျောင်း၍နေရ၏။ ဆရာတော်ဘုရားကြီး၏ သာသနာပြုနယ်မြေမှာလည်း ကျယ်ဝန်းလှပြီး ဘုရားပုထိုးစေတီများ၊ သာသနိကအဆောက်အအုံများလည်း အများအပြားတည်ဆောက်ထားရှိပြီးဖြစ်၏။ ထိုစေတီပုထိုးများအနက် ရွှေတိဂုံစေတီတော်ကြီးနှင့် ဉာဏ်တော်တူ၊ ပုံတော်တူမြတိဂုံစေတီတော်ကြီးမှာ ထူးခြားလှပြီး ထိုစေတီတော်ကြီးကို ရွှေတိဂုံစေတီတော်၏ဉာဏ်တော်(၂)ပြန်ဆောင်ကာ (၂၁၆) တောင်စေတီတော်ကြီးအပေါ်မှထပ်ဆင့်အုပ်မိုးတည်ထားရန်မှာ ဆရာတော်ဘုရားကြီး၏ဆန္ဒတော် ဖြစ်၏။

ထိုအကြောင်းအရာတို့ကို သိရှိထားသော ရန်ကုန်မြို့မှ ခိုင်သန္တာခေါ် ခိုင်ခိုင်သည် ထိုစေတီတော်ကြီး အောင်မြင်စွာ ပြီးစီးရေးအတွက်လည်းဖြစ်စေ၊ ဆရာတော်ဘုရားကြီးလည်းရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရစေဟူသောအကြောင်းဖြင့် ရုပ်ရှင်တော်မြတ်ကို မြစိမ်းရောင်တော်သာသနာပြုစခန်းသို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်လိုသောဆန္ဒဖြစ်ပေါ်ခြင်း ဖြစ်သည်။

ခိုင်ခိုင်သည် ပထမဆုံး မယ်တော်ကြီးထံမှ ပင့်ဆောင်ပူဇော်ခွင့်ရက်တောင်းခံ၏။ မယ်တော်ကြီးက သေချာပေါက်ရက်ချိန်းပေးလိုက်သောအခါမှ ဆရာတော်ဘုရားကြီးထံသွားရောက်လျှောက်ထား၏။ ခိုင်ခိုင် မြောင်းမြသို့ရောက်ရှိသွားချိန်၌ ဆရာတော်ကြီးညှိုတွေ့ချိန်ကျော်လွန်သွားပြီ ဖြစ်သည်။ ဦးပဥ္စင်းက ဆရာတော်ဘုရားကြီး ကျန်းမနေလျှင် လျှောက်ထားပေးပါမည်ဟု ဆိုကာ ကျောင်းအတွင်းသို့ ဝင်ရောက်သွားသည်။ ခဏအကြာတွင် ဦးပဥ္စင်းပြန်ထွက်လာပြီး ဒါယိကာမလေးကံကောင်းတယ်။ ဆရာတော်ဘုရားကြီးက ခါတိုင်းဒီအချိန်ဆို ကျိန်းနေပြီဗျ။ နိုးနေလည်း ညှိုသည်ကိုမတွေ့တော့ဘူး။ အခုခေါ်ခဲ့တဲ့ဟုဆိုကာ ခိုင်ခိုင်ကို ခေါ်ဆောင်သွားသည်။

ဆရာတော်ကြီးသည် အောက်ဆီဂျင်ပိုက်ဖြင့် အသက်ရှူနေရပြီး အိပ်ရာပေါ်တွင် လဲလျောင်းလျက်ရှိပါသည်။ ခိုင်ခိုင်သည် ဆရာတော်ဘုရားကြီးကို ဝတ်ဖြည့်ကန်တော့ပြီးနောက် ရွှေကူရုပ်ရှင်တော်မြတ်၏ ပုံတော်ကို ဆရာတော်ဘုရားထံ ပေးအပ်ဖူးမြော်စေပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်၏ သမိုင်းကြောင်းတို့ကို အနည်းငယ်၌ လျှောက်ထားမည်ပြုရာ -

"မနေ့ညက ဘိုးမင်းခေါင်လာ



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ ဒီဘုရားရဲ့သမိုင်းကြောင်းကို အစအဆုံးပြောသွားတယ်"

ဟု ဆိုကာ ဆရာတော်ဘုရားကြီးက စာရေးသူတို့ထုတ်ဝေထားသည့် ရွှေကက္ကူပျံ့သစ်တော်ရုပ်ရှင်တော်မြတ်၏ ဖြစ်တော်စဉ်သမိုင်းစာအုပ်တွင် ဖော်ပြထားသည့်အကြောင်းအရာတို့ကို ဆရာတော်ဘုရားကြီးမှ ပြန်လည်မိန့်ကြားတော်မူရာ ခိုင်ခိုင်သည် အံ့ဩမဆုံးနိုင်အောင် ဖြစ်ရသည်။ ထို့အပြင် စာရေးသူ၏စာအုပ်ထဲတွင် မပါရှိသော ဘိုးမင်းခေါင်မှ ထိုလေပျံ့ရေဆန်ကျွန်းသစ်တော်ကြီးကို လိုက်ပါစောင့်ရှောက်ပူဇော်ခဲ့ရပုံများ၊ နတ်များ၊ နဂါးများ၊ ဘီလူးများမှလည်း လေပျံ့ရေဆန်ကျွန်းသစ်တော်ကြီး ရောက်ရှိရာ အရပ်ဒေသများတွင် လိုက်ပါပူဇော်စောင့်ရှောက်ခဲ့ကြပုံ၊ ထိုကျွန်းသစ်တော်ကြီးတွင် ကိန်းအောင်းလျက်ရှိသောဗုဒ္ဓ၏ဓာတ်တော်ပါရှိသည့် သစ်အပိုင်းကို စာရေးသူတို့၏ အတိတ်ဘဝ ပါရမီကုသိုလ်ကံတို့အရ စာရေးသူတို့ထံ ရောက်ရှိရန် နတ်များက ဆောင်ရွက်ကြပုံတို့ကိုပါ မိန့်ကြားတော်မူပြီး ရွှေကက္ကူလေပျံ့သစ်တော်ရုပ်ရှင်တော်မြတ်သည် အရှင်ဘုရား၏ကျောင်းတော်သို့ မကြာခင်ရက်ပိုင်းအတွင်း ကြွရောက်တော်မူလာမည်ဟုလည်း ဘိုးမင်းခေါင်က ပြောကြားသွားပြီဟု ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူရာ ခိုင်ခိုင်သည် အံ့ဩဆုံးရှိရပြီး ရုပ်ရှင်တော်မြတ်ကြီး၏ တန်ခိုးတော်သည်လည်း ကြီးမားလွန်းလှပါ၏ဟုတွေးမိပြီး ရုပ်ရှင်တော်မြတ်နှင့် ဆရာတော်ဘုရားကြီးကို ဆတက်တိုး၍ ကြည်ညိုမဆုံးဖြစ်ရပါသည်။

ထို့သို့ဖြင့် ရုပ်ရှင်တော်မြတ်သည် မြောင်းမြို့ မြစ်မင်းရောင်တောင်သာသနာပြုစခန်း မြတ်ဂုံစေတီတော်ကြီးဆီသို့ ကြွမြန်းတော်မူခြင်း ဖြစ်သည်။

မြတ်ဂုံဆရာတော်ဘုရားကြီးထံတွင် အသက် (၁၇) နှစ်သာရှိသေးသော ဘိုးတော်ပွားလေးဆိုသည့် သူတော်စင်ဝတ္တိုလ်တစ်ဦးရှိသည်။ (၁၃) နှစ်သားအရွယ်ကတည်းက ဆရာတော်ဘုရားကြီး၏ မြစ်မင်းရောင်တောင်ဆရာတော်ဘုရားကြီးမှ မြစ်မင်းရောင်တောင်သာသနာ့အမွေကို ဆက်လက်ခံယူသာသနာပြုရမည့်သူဖြစ်ကြောင်း မိန့်ကြားတော်မူပြီး ဆရာတော်ဘုရားကြီး၏အရိပ်အောက်တွင်ခေါ်ယူထားရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်၍ ဘိုးတော်ပွားလေးသည် လောကီ၊ လောကုတ္တရာအကျင့်စရဏတို့ အတော်အနီးပေါက်ပြည့်စုံနေပြီ ဖြစ်ပါသည်။ ဘိုးတော်ပွားလေးသည် ရုပ်ရှင်တော်မြတ်အား ကြည်ညိုလေးမြတ်စွာဖူးမြော်ပြီးနောက် မယ်တော်ကြီးအား -

"မြစ်မင်းရောင်တောင်မှ မြစ်မင်းရောင်ဖြင့်မယ်တော်ကြီးကိုကြိုဆိုပါတယ်ခင်ဗျာ"

ဟု ဆိုကာ ကျောက်စိမ်းဖြင့်ထွင်းထုထားသော ခရားအိုးနှင့် ပန်းကန်လက်ဆောင်ပေးပါသည်။ ထို့ပြင် မြစ်မင်းရောင်တောင်တော်တွင် မြောင်းမြို့သို့ သစ်တောဌာနမှ တာဝန်နှင့် ပြောင်းရွှေ့ရောက်ရှိနေသော သစ်တောအရာရှိ ဦးချစ်သန်းထွန်းသည်လည်း ၎င်း၏ အလုပ်တာဝန်အားလပ်ချိန် ရောက်ရှိနေသဖြင့် မယ်တော်ကြီးတို့နှင့် တွေ့ဆုံပါသည်။

ဦးချစ်သန်းထွန်းသည်ကား တခြားသူမဟုတ်ပါ။ ရွှေကက္ကူလေပျံ့သစ်တော်ရုပ်ရှင်တော်မြတ် ထုလုပ်တော်မူသည့် လေပျံ့ရေဆန်ကျွန်းသစ်တော်ကြီးကို ဖော်ထုတ်စဉ်က ကိုယ်တိုင်ပါဝင်ခဲ့သော မော်လိုက်မြို့မှ ဦးစိန်သောင်း (ယခု-သစ်အုပ်ကြီး-ငြိမ်း) ၏ ညီအရင်း မော်လိုက်မြို့သားပင် ဖြစ်နေပါသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ်အား အထူးပင် ကြည်ညိုသူဖြစ်နေပြီး ဘုရားနှင့်ပတ်သက်၍ ရုပ်ဆွေရုပ်မျိုးသဖွယ်ဖြစ်နေရာ မယ်တော်ကြီးတို့အား မြစ်မင်းရောင်ဆရာတော်ကြီးမှအစ ဖော်ရွေလှိုက်လှဲစွာကြိုဆိုကြပါသည်။ ဆရာချစ်သန်းထွန်းနှင့် ဘိုးတော်ပွားလေးတို့သည် လောကီဓာတ်ပိုင်းဆိုင်ရာ အဂ္ဂိရတ်ပညာတို့တွင် နှစ်ပက်ကျွမ်းကျင်ကြောင်း စကားလက်ဆုံကျသောအခါ၌ သိရှိရသောအခါ မယ်တော်ကြီးမှ တြိဖလစေတီတော် ကလေးသိုက်တို့နှင့် ပတ်သက်၍ ရရှိထားသော ချူလုံးလေးနှင့် ရန်ကုန်မြို့ပန်းထိမ်ဆရာမှ ရွှေမဟုတ်ပါဟု ပြောကာ ပြန်လည်အပ်နှံသော(ထိုပန်းထိမ်ဆရာမှာ တခြားသူ မဟုတ်ပါ။ ရွှေကက္ကူရုပ်ရှင်တော်မြတ်၏ မကိုဋ်တော်၊ စလွယ်တော်တို့ကို အခြား ရွှေထည်အသုံးအဆောင်ပစ္စည်းတို့ကို မကြာမကြာပြုလုပ်ပေးနေရသော ရွှေရည်ပွင့်စိန်တိုက်၏ ပင်တိုင်ပန်းထိမ်ဆရာ ကိုဝင်း(ခ)ကိုဝင်းလွင် ဖြစ်သည်။) လက်စွပ်တို့ကို ပြသကြည့်ပါသည်။

ထိုအခါ ဆရာဦးချစ်သန်းထွန်းနှင့် ဘိုးတော်ပွားလေးတို့က အဂ္ဂိရတ်ပညာ၊ စရဏအားတို့ဖြင့် စမ်းသပ်စစ်ဆေးကြည့်ရာ အံ့ဩဝမ်းသာမဆုံးဖြစ်ကြရပြီး -

"မယ်တော်ကြီးရေ ဒီပစ္စည်း (၂) မျိုးလုံးဟာ အလွန်ထူးခြားရှားပါးပြီးသိဒ္ဓိပြည့်စုံတဲ့ နရဏီရွှေနဲ့လုပ်ထားတာ"

ဟု ဆိုပြီး ဆက်လက်ပြောပြကြသည်မှာ နရဏီရွှေဟူသည်မှာ ရှားပါးလှသောပြီး ကြားဖူးသူပင်မရှိသလောက်နည်းပါးကြောင့် သာမန်ပန်းထိမ်လောက၊ ရွှေလောကသားတို့ သိရှိသူနည်းပါလှသည်။ ကြားဖူးသူ၊ သိရှိသူတို့တွင်မှ မြင်ဖူး၊ တွေ့ဖူး၊ ကိုင်တွယ်ကြည့်ရှုဖူးရန် ခဲယဉ်းလှပါသည်။ ဤရွှေသည် ဂမ္ဘီရဆန်လွန်းလှသောကြောင့် အပြင်လောကတွင်တွေ့ရှိရန် နှစ်ပေါင်း (၅၀) ခန့်မှ တစ်ကြိမ်လောက်သာပေါ်ပေါက်သည်။ ဝိဇ္ဇာလောက၊ သိုက်လောကတို့မှ ပစ္စည်းများသာဖြစ်ပါ၍ သိဒ္ဓိဝင်ပစ္စည်းတစ်မျိုးဖြစ်ရာ အဆိပ်၊ ပယောဂတို့နိုင်နင်းပြီး ဉာဏ်ရှိသလိုသုံးနိုင်ပါသည်ဟု ပြောပါသည်။

ထိုသို့ဆိုလျှင်ဖြင့် ထိုရွှေချူလုံးလေးသည် ကလေးသိုက်နန်းရှင်များမှ ပို့ဆောင်သည်ဟု ထင်မြင်ယူဆထားမှုများ ပိုမိုခိုင်မာသေချာသွားပြီဖြစ်သည်။ ဤလက်စွပ်ကလေးသည် သာမန်ခုနစ်ရက်သားသမီးတို့ လှူဒါန်းထားရှိခြင်းမဟုတ်နိုင်ပါ။ သိုက်နန်းရှင်များ လှူဒါန်းထားခြင်းဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ရွှေကက္ကူ (၉)ရက်(၉)လ ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်နီးပါးမျှ အလှူရှင်အမည်မပေါ်သော ရွှေထည်ပစ္စည်းတစ်ခုတစ်ခုတွေ့ရှိရသကဲ့သို့ ရုပ်ရှင်တော်မြတ်၏ဒေသစာရီခရီးစဉ်များ ကြွမြန်းအပူဇော်ခံရာတို့တွင်လည်း ရံဖန်ရံခါ အလှူရှင်အမည်မပေါ်သော ရတနာတို့နှင့် ရွှေထည်ပစ္စည်းတို့ တွေ့ရှိခဲ့ဖူးသောကြောင့် ဖြစ်သည်။

စာရေးသူသည် ပန်းထိမ်ဆရာကြီး ဦးကျော်ဇောအား အထက်ပါအကြောင်းအရာတို့ကိုပြောပြပြီးနောက်-

"ဆရာကြီးကော နရဏီရွှေကိုသိပါသလား။ တွေ့ဖူးပါသလား"

ဟု မေးလိုက်ရာ -

"သိပြီလားဗျာ၊ ရကိုရဖူးခဲ့တာ။ ကိုယ့်လက်ထဲရောက်နေတဲ့အချိန်မှာတော့ နရဏီရွှေလို့ မသိဘူးပေါ့ဗျာ။ ဒီအကြောင်း ရင်နာလွန်းလို့ပါ ဆရာဘိုဘိုရယ်။ ဒါပေမယ့် ဆရာဘိုဘိုက သိချင် မှတော့ ကျွန်တော်ပြောပြပါ့မယ်"

ဟု ဆိုကာ ဤသို့ပြောပြပါ၏။

ဦးကျော်ဇောသည် စစ်ကိုင်းရွာထောင်ဇာတိဖြစ်သည်နှင့်အညီ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုး ဟူသော



www.burmeseclassic.com

www.burmeseclassic.com

ဆိုရိုးစကားအတိုင်း (၁၄) နှစ်သားခန့်မှစ၍ မိဘလက်ငုတ်လက်ရင်း ရွှေပန်းထိမ်၊ ငွေပန်းထိမ်ပညာတို့ကို လေ့လာသင်ယူခဲ့သည်။ ဤတွင် ဦးကျော်ဇောသည် ပန်းထိမ်လုပ်ခြင်းဖြင့် မကြီးပွားနိုင်။ ရွှေအရောင်းအဝယ်၊ ငွေအရောင်းအဝယ် လုပ်ခြင်းကသာ လူသက်သာ၍ ချမ်းသာကြီးပွားနိုင်မည်ဟုတွေးကာ ပန်းထိမ်ပညာကို အထိုက်အလျောက်သာသင်ကြားပြီး အသက် (၁၈) နှစ်ခန့်တွင် အိမ်ထောင်ကျပြီးသောအခါ ရွှေအရောင်းအဝယ်လုပ်ကိုင်ခဲ့သည်။ အသက် (၂၀) ခန့်တွင် ရွှေရောင်းရွှေဝယ်လုပ်ငန်း အသားကျနေပြီ ဖြစ်၏။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်တို့မှပစ္စည်းဟောင်းများကိုဝယ်၊ ပစ္စည်းအသစ်များရောင်းချ။ ဝယ်ယူခဲ့သော ရွှေထည်ကောင်းများကို ချေး(ကြေး)ချွတ်သန့်စင်ပြီး မန္တလေးရွှေဆိုင်များတွင်သွားရောက်ရောင်းချခြင်းဖြင့် တစ်လတစ်ကြိမ် ပုံမှန်တက်၊ဆင်းရောင်းဝယ်လျက်ရှိရာ တစ်ခါသော် အင်းလေးကန် ဟဲလားရွာမထဲမှ (၃) ကျပ်သားခန့်ရှိ အခေါက်ရွှေတစ်တုံးလည်းပါလာခဲ့သည်။

စစ်ကိုင်းသို့ပြန်ရောက်သော်အခါ ဦးကျော်ဇောသည် (၃) ရက်ခန့်နားနေပြီးမှ ၎င်းဝယ်ယူခဲ့သောရွှေထည်ပစ္စည်းတို့ကို ထုတ်ယူကြည့်ရှုရာ အင်းလေးမှ ဝယ်ယူခဲ့သော အခေါက်ရွှေတုံးလေးမှာ အခေါက်ရွှေရောင်ဝင်းစက်နေခြင်းမရှိတော့ဘဲ ကြေးရောင်မည်း၍နေသည်ကို တွေ့ရ၍ စိုးထိတ်သွား၏။ အဝယ်မှားခဲ့သည်ဆိုလျှင်တော့ ဆုံးရှုံးနစ်နာရပေတော့မည်။ မှတ်တိုက်၏။ ငရဲမီးစား၏။ မမှားပါ။ ထိုသို့ဆိုလျှင် မီးချကြည့်လိုက်၏။ မူလအရောင်အတိုင်း ဝင်းစက်၍သွားသဖြင့် စိတ်အေးသွားရသည်။

နောက် (၃) ရက်ခန့်အကြာတွင်တော့ ပါရှိလာသောအထည်တို့ကို သန့်စင်ပြီးစီးပြီဖြစ်၍ မန္တလေးတွင် သွားရောက်ရောင်းချရန် ထပ်မံချိန်တွယ်၏။ ထိုအခါ အင်းလေးမှရွှေတုံးလေးသည် မည်းနေပြန်၍ စိတ်ပျက်သွားပြီး မီးဖုတ်လိုက်၏။ ထို့နောက် မန္တလေးသို့သွားရောက် ရောင်းချလိုက်သည်။ ရွှေများရောင်းချပြီးသောအခါ ဇနီးအတွက်လက်ဆောင်နှင့် စားစရာကလေးများ ဝယ်ယူပြီး ဂျစ်ကားကိုယ်တိုင်မောင်း၍ ပြန်ခဲ့သည်။ ဘုရားကြီးနားအရောက်တွင် သိုက်ဆရာကြီးကို သတိရ၍ ဤရွှေနှင့်ပတ်သက်ပြီး မေးမြန်းရန် ထိုအိမ်သို့ ဝင်လိုက်သည်။ ရွှေသိုက်ဆရာတို့သည်


အပူဇော်ခံမဏ္ဍပ်သို့ ရွှေထီးတော်ဘုံအဆင့်များ ပင့်ဆောင်ထားစဉ်

သာမန် ပန်းထိမ်ဆရာများထက် ရွှေအကြောင်းပိုမို ဗဟုသုတစုံလင်လှပြီး ဤဆရာကြီးသည် အသက် (၈၀) ကျော်နေပြီဖြစ်၍ အတွေ့အကြုံများခဲ့မည်မှာ သေချာလှသည်။

သိုက်ဆရာကြီးကို အကြောင်းစုံပြောပြလိုက်သောအခါ ဆရာကြီးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး -

"မောင်ကျော်ဇော အဲဒီရွှေဘယ်မှာလဲ။ မင်းတော့ ပွပြီကွ"

ဟု ပြောရာ ရောင်းချခဲ့ပြီဟု ဆိုလျှင် -

"အဲဒီရွှေအကြောင်း ပြီးမှပြောပြမယ်။ အခုအချိန်ရှိတုန်း အဲဒီရွှေကို ပြန်ဝယ်ချေ"

ဟု ဆိုသဖြင့် ဦးကျော်ဇောလည်း ၎င်းရောင်းချခဲ့ရာနေအိမ်သို့ ကားဖြင့်ပြန်သွားသည်။ သို့သော် အိမ်ရှင်တို့အပြင်ထွက်သွားဟန်တူပါသည်။ အိမ်သော့ခတ်ထား၏။ ဖုန်းရှားပါးသောခေတ်ဖြစ်၍လည်း ဖုန်းဆက်မေးမြန်း၍ မရနိုင်သဖြင့် ရွှေဓာတ်ဆရာကြီးထံ မောမောဖြင့် ပြန်လည် ရောက်ရှိသွားသည်။ ထိုအခါ ဆရာကြီးမှ -

"မောင်ကျော်ဇောရေ၊ အဲဒီနရဏီရွှေဟာ ရွှေပွားပဲကွ။ ငွေစင် (ဘော်) တစ်ပိဿာကို အရည်ကျို၊ အဲဒီနရဏီရွှေကိုလည်းအရည်ကျို၊ ပြီးရင် နရဏီရွှေရည်ထဲကို ကွမ်းရိုးနဲ့တို့၊ အဲဒီကွမ်းရိုးကို ငွေရည်ထဲကိုနှစ်လိုက်ရင် အဲဒီဘော်တစ်ပိဿာက အခေါက်ရွှေဖြစ်သွားတာပဲ"

ဟု ဆိုလေရာ မောင်ကျော်ဇောမှ နရဏီရွှေ မိမိထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလျက် မမေးမြန်းမစုံစမ်းဘဲ ရောင်းချလိုက်သည့်အတွက် နှမြောထသနောင်တရမဆုံးဖြစ်ရသည်။

(၅) ရက်ခန့်ကြာသောအခါ ထိုရွှေဆိုင်သို့ သွားရောက် စုံစမ်းရာ -

"ကိုကျော်ဇောရာ၊ ခင်ဗျား ကျုပ်တို့ကို ညာရောင်းသွားတာ။ ကျုပ်တို့လည်း မီးဖုတ်ပြီး အမြန်ပြန်ရောင်းထုတ်လိုက်တယ်"

ဟု ဆိုကာ နရဏီရွှေမှာ လမ်းစပျောက်ဆုံးသွား၏။ ဦးကျော်ဇောသည် ထိုအချိန်မှစ၍ နရဏီရွှေကို အထူးဂရုပြု၍ ရောင်းရင်းဝယ်ရင်း မသိမသာ စူးစမ်းခြင်းဖြင့်နေလာခဲ့သည်မှာ ယခု (၇၈) နှစ်သို့ ရောက်ရှိပြီဖြစ်သည့်တိုင် တစ်ကြိမ်မှ ထပ်မံမတွေ့ရှိရသေးကြောင်း ပြောပါသည်။

ဦးကျော်ဇောသည် အသက် (၅၀) ခန့်သို့ရောက်ရှိသောအခါ ခရီးဝေးသွားလာရသော ရွှေအရောင်းအဝယ်လုပ်ငန်းကို ရပ်ဆိုင်းပြီး ပန်းထိမ်လုပ်ငန်းကိုသာ ဇောက်ချလုပ်ကိုင်ခဲ့ရာ လုပ်ငန်းအပေါ် စေတနာထားရှိမှုကြောင့် အောင်မြင်လာခဲ့သည်။ ထိုအခါ မဟာမြတ်မုနိစေတီတော် စိန်ဖူးကျောက်အိုးနှင့် ငှက်မြတ်နား၊ ဇလွန်ပြည်တော်ပြန်ဘုရား၏ မကိုဋ်တော်၊ စလွယ်တော် အစရှိသဖြင့် နှစ်ပေါင်း (၅၀) ကျော်ကာလအတွင်း၌ ရွှေပိဿာချိန်ထောင်ချီ၍ အထည်များ ပြုလုပ်ခဲ့ရသည်။ အထည်အများစုမှာလည်း လက်ဝတ်လက်စားများကိုဖျက်၍လုပ်ရသည်ဖြစ်ရာ အထည်အရေအတွက်ဆိုလျှင်တော့ သောင်းဂဏန်းမျှကိုင်တွယ် ကျိုချက်ခဲ့ရပြီ ဖြစ်သည်။

မှန်ပါသည်။ စာရေးသူတို့ရွှေကံကူမိသားစုမှ ရှပ်ရှင်တော်မြတ်ကြီးအတွက်အပ်ခဲ့သော ရွှေထည်ပစ္စည်းတို့သည်ပင် ရွှေချိန်တစ်ပိဿာကျော်ခဲ့ပြီဖြစ်လေရာ အထည်အရေအတွက်မှာ ရာကျော်ပေးအပ်ခဲ့ရသည် ဖြစ်ပါသည်။ သို့တိုင် ဤယနေ့အထိ နရဏီရွှေကို ထပ်မံမတွေ့ရှိရတော့ပါ။ မယ်တော်ကြီးထီးတင်ပွဲသို့လာရောက်လျှင် နရဏီရွှေထည်နှစ်ခုကို ကြည့်ချင်ပါသေးသည် ဟု ဦးကျော်ဇောမှ ဆိုပါသည်။

(ဆက်ရန်)

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

ဘဝသံသရာရုပ်ရှင်ကို ကွယ်လွန်သူ ရုပ်ရှင်ဒါရိုက်တာကြီးဆရာကြီးဦးသုခ ခရစ်နှစ် ၁၉၅၆ က ရိုက်ကူးခဲ့ပါတယ်။ ဘဝသံသရာရုပ်ရှင်ကားကြီးဟာ ခရစ်နှစ် (၁၉၅၇ - ၁၉၅၈) က မြန်မာ့ရုပ်ရှင်လောကရဲ့ အကောင်းဆုံး အကယ်ဒမီဆုရဇာတ်ကားကြီးလည်း ဖြစ်ပါတယ်။ ဘဝသံသရာ ရုပ်ရှင်ဇာတ်ကားကြီးဟာ အချစ်ဇာတ်လမ်းသက်သက်မဟုတ်ဘဲ လောကုတ္တရာနဲ့ ဆက်နွယ်တဲ့ သံဝေဂတရားကို ဖော်ညွှန်းတဲ့ ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားလည်း ဖြစ်ပါတယ်။ သာမန်ကြည့်ရှုရင်တော့ သာမန်ရုပ်ရှင်ကားတစ်ကားလို့ မှတ်ယူနိုင်ပေမယ့် လေးလေးနက်နက်ကြည့်ရှုပါက သတ္တဝါတွေဟာ မြတ်နိဗ္ဗာန်သို့ မရောက်မချင်း ဘဝပေါင်းမြောက်မြားစွာ ကျင်လည်နေကြရတာကို မီးမောင်းထိုးပြတဲ့၊ သံဝေဂတရားကို ပေးစွမ်းခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကားကြီးလည်း ဖြစ်ပါတယ်။

မြန်မာစကားဆောင်ပုဒ်တစ်ခုရှိပါတယ်။ အဲဒါက 'ကြည့်တတ်ရင် ဘာဝနာ၊ မကြည့်တတ်ရင် တဏှာ' လို့ ဆိုထားတဲ့အတွက်ကြောင့် စာရေးသူဟာ အရာရာကို ဘာဝနာရှုထောင့်မှ ကြည့်တတ်သူတစ်ဦးဖြစ်လို့ 'ဘဝသံသရာ' ရုပ်ရှင်ဇာတ်ကားကြီးမှ ဘဝသံသရာ သီချင်းကို လေးလေးနက်နက်တွေးတောခံစားမိတဲ့ကာလမှာ 'လပြည့်ဝန်းကြီးကို လက်ဝါးပြင်ပေါ်တင်ထားဘိသကဲ့သို့' ထင်ထင်ရှားရှားတွေ့မြင်လာခဲ့ရပါတယ်။

- ဘဝသံသရာ xxxx ရှည်လျားxxx ထွေပြားxxxx မနေမနား xxx တသွားတည်းသွားကြတာxxx

ရုပ်၊ နာမ်နှစ်ပါး ချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ မရောက်မချင်း သတ္တဝါတွေဟာ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောဆောင်တဲ့(၃၁)ဘုံမှာ ဘဝပေါင်းမြောက်မြားစွာ ကျင်လည်ကြရတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

- ခရီးပန်းတိုင် မရောက်မချင်း xxxx တစ်ယောက်ဆင်းxxxတစ်ယောက်တက် xxx ဆက်လက် ထွက်ခွာလာ xxx

သံသရာရဲ့ ခရီးလမ်းဆုံးဖြစ်တဲ့ မြတ်နိဗ္ဗာန်သို့မရောက်မချင်း၊ သံသရာကြီးနဲ့ တူညီလှတဲ့ မီးရထားတွဲပေါ်ကို တက်ရောက်လာကြတဲ့ ခရီးသည်တွေရဲ့ ဥပမာကတော့ မွေးဖွားခြင်း ဆိုတဲ့ ဖြစ်ခြင်းသဘောကိုဆောင်ကြပြီး လမ်းခရီးဘူတာများမှာ ရထားတွဲပေါ်မှ ဆင်းသွားကြတဲ့ ခရီးသည်တွေရဲ့ ဥပမာကတော့ သေဆုံးခြင်းဆိုတဲ့ ပျက်ခြင်းသဘောကိုဆောင်ပါတယ်။ သံသရာကြီးနဲ့ ပမာတူညီလှတဲ့ မီးရထားကြီးတော့ သံသရာရဲ့ ခရီးလမ်းဆုံး မြတ်နိဗ္ဗာန်ဘူတာကို ဆက်လက်မောင်းနှင်သွားနေတာနဲ့ တူညီလှပါတယ်။

- လောဘရယ် xxx ဒေါသရယ် xxx မောဟရယ်xxxအဝိဇ္ဇာxxxပစ္စယာxxxသင်္ခါရတဲ့xxxပျော်လိုက်xxxရွှင်လိုက်xxxငိုကာxxxရယ်ကာxxxဘယ်ဟာမတည်မြဲxxxxဖောက်လွဲဖောက်ပြန်xxxxအကြောင်းကံကမ္မသကာxxx

အမှောင်ဖုံးလွှမ်းနေကြတဲ့တပ်မက်ခြင်းဆိုတဲ့ လိုချင်ရမ္မက်ကြီးမှုတွေ၊ စိတ်လွတ်ကိုယ်လွတ်ရမ်းကားခြင်းဆိုတဲ့ ဒေါသစိတ်တွေ၊ ကာမဂုဏ်ရမ္မက်ကြီးမှုတွေဟာ ထာဝရ တည်မြဲခြင်း မရှိကြပါဘူး။ ဘဝသံသရာကြီးထဲမှာ သတ္တဝါတွေဟာ ပျော်ရွှင်စရာများနဲ့ တွေ့ကြုံကြရင် ပျော်ရွှင်လိုက်ကြပြီး ဝမ်းနည်းစရာများနဲ့တွေ့ကြုံကြရင် ငိုပွဲဆင်ကြပါတယ်။ ဒါတွေဟာ ဘာမှအစိုးမရတဲ့ အနတ္တသဘောတရားတွေသာဖြစ်ကြပါတယ်။

- တွေ့ကြုံxxx ဆုံကွဲ xxx တစ်ခရီးတည်း ဝမ်းနည်းဝမ်းသာxxx ဝိပ္ပံလာxxxxဖြစ်ချင်တာတွေလည်း မဖြစ်ရပါxxx မဖြစ်ချင်တာတွေလည်း ဖြစ်ရမှာxxx

သတ္တဝါတွေဟာ သံသရာခရီးလမ်းမှာ တွေ့ဆုံကြ၊ ကြုံတွေ့ကြ၊ ပြီးနောက် ရှင်ကွဲ (သို့) သေကွဲကွဲကြရပါတယ်။ အချိန်ကျရောက်ရင် ကွေကွင်းခြင်းဆိုတဲ့ဖြစ်ရပ်များနဲ့ ကြုံတွေ့ကြရပါတယ်။ ရှင်ကွဲ (သို့) သေကွဲကွဲခြင်းဆိုတဲ့ မကွဲကွာခင်ကာလမှာလည်း ကြုံတွေ့ကြရပါတယ်။ လူ့ဘဝခရီးလမ်းမှာလည်း မိမိတို့ဖြစ်ချင်တာတွေမဖြစ်ကြဘဲ မိမိတို့မဖြစ်ချင်တာတွေလည်း ဖြစ်တတ်တဲ့သဘောရှိပါတယ်။

- (၃၁) ဘုံ ဝဋ်အတွင်းရောက်တော့ xxxxကရွတ်ကင်းလျှောက်တဲ့xxxတဘုမ္မာxxxအဲဒါxxxအဲဒါxxxအဲဒါဘဝသံသရာxxx


(၃၁) ဘုံမှာ ကျင်လည်ကုန်ကြတဲ့ ဝေနေယျသုခအပေါင်းဟာ ကရွတ်ပေါ်မှာ ကင်းသတ္တဝါလျှောက်လှမ်းသကဲ့သို့ သံသရာလည်နေကြရပါတယ်။

တင်ထွန်း(စက်မှု-၂ငြိမ်း)




www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်မိုးအောင်

## ရှာသူ့အချစ်

တနင်္ဂနွေနေ့ ရုံးပိတ်ရက်တိုင်း ရွှေတိဂုံဘုရားရင်ပြင်ရှိ ကြာသပတေး ဂြိုဟ်တိုင်တွင် ကျွန်တော်ပုတီးစိပ်နေကျ ဖြစ်သည်။ ယနေ့ တနင်္ဂနွေနေ့တွင် ရွှေတိဂုံဘုရားရင်ပြင်ပေါ် ရောက်ရှိပြီး ပုတီးစိပ်နေကျနေရာတွင် ဂုဏ်တော်ပုတီး(၉)ပတ်စိပ်နေမိသည်။ ကျွန်တော့် နည်းတူ ပုတီးစိပ်နေသူ လေး၊ ငါးဦးရှိနေ သည်။ သူတို့လည်း တိတ်ဆိတ်ငြိမ်သက်စွာ ပုတီးစိပ်နေသည်။ မျက်စိကိုအသာ မှိတ်ပြီးပုတီးဆက်စိပ်နေသည်။ သို့သော် အာရုံကို စုစည်း၍မရနိုင်ဘဲဖြစ်နေသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်ကို စူးစိုက်ကြည့်နေသလိုခံစားလိုက်ရသည်။ မျက်စိဖွင့်ပြီး ပတ်ဝန်းကျင်ကို စောင်းငဲ့ ကြည့်လိုက်မိသည်။ မည်သည့်ထူးခြားမှုမှမတွေ့ရပါ။ ကြည့်နေသူလည်းမတွေ့ရပါ။ မျက်စိမှိတ်ပြီး အာရုံယူကာ ပုတီးဆက်စိပ်သည်။ ယခင်အတိုင်း ပြန်၍ ခံစားလာရပြန်သည်။ မတတ်သာတော့သည့်အဆုံး မျက်စိဖွင့်၍ ပတ်ဝန်းကျင်ကို အလျင်အမြန်ကြည့်လိုက်မိသည်။

လက်ယာဘက်နားမှ အမျိုးသမီး တစ်ဦး တစ်ဖက်သို့ ကပျာကယာလှည့်လိုက်သည်ကို ရိပ်ခနဲတွေ့လိုက်သည်။ သို့သော် မိမိစိတ်ထဲထင်နေသည်ဟု ယူဆကာ ပုတီးကိုသာ ဆက်စိပ်ခဲ့သည်။ မည်သို့မျှအာရုံကိုစုစည်းမရတော့သည့် အဆုံး မျက်စိဖွင့်အကြည့်တွင် ထိုအမျိုးသမီးကြီးက ကျွန်တော့်ကိုစူးစူးစိုက်စိုက် ကြည့်နေသည်နှင့် ပက်ပင်းဆုံလိုက်ရတော့သည်။ ထိုအမျိုးသမီးမှာ ငါးဆယ်ကျော်ခန့်ရှိမည်ဟုခန့်မှန်းရသည်။ နေရာမှထလာပြီး ကျွန်တော့်ထံသို့ ဦးတည်လျှောက်လာသည်။ ကျွန်တော့်ရှေ့တည့်တည့်သို့ရောက်လာသည်။

"ဒီက ငါ့မောင်နာမည် မိုးအောင် မဟုတ်လား"

"ဗျာ"

ကျွန်တော့်နာမည်ကိုပြော၍ မေးမြန်းလာသဖြင့် အံ့ဩမှုဖြင့် နေရာမှထလိုက်မိသည်။

"မော်လမြိုင်က ဇာတ်သဘင်ပညာရှင် ဇာတ်စီးတက္ကသိုလ်ဦးပါရဲ့သား မိုးအောင်မဟုတ်လား"

အမျိုးသမီးကြီးက ကျွန်တော့်မျက်နှာစေ့စေ့ကြည့်ပြီးမေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်. . . ဟုတ်ပါတယ်"

ကျွန်တော့်အဖေ၏ နာမည်နှင့် ကျွန်တော့်နာမည်ကိုပါအတိအကျသိနေသဖြင့် အံ့ဩစိတ်ဖြင့် ဟုတ်မှန်ကြောင်း ပြန်ဖြေလိုက်သည်။

"ပထမတော့ မသေချာလို့ ငါ့မောင်ပုတီးစိပ်နေတုန်း အစ်မက ခိုးခိုးကြည့်နေမိတာ။ အသေအချာကြည့်လိုက်တော့မှ ငါ့မောင်ရဲ့မျက်ခုံးကို သတိထားမိတော့တယ်။ ငါ့မောင်က ငယ်ရုပ်မပြောင်းသေးဘဲကိုး။ ငါ့မောင်အချိန်ရလား၊ စကားပြောချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဘာဖြစ်လို့လဲ"

"ဒီနေရာမှာ စကားပြောရတာ ပုတီးစိပ်နေသူတွေကို အနှောင့်အယှက် ဖြစ်နေမယ်။ ဟိုဘက်နားကို ကျေးဇူးပြု ပြီးလိုက်ခဲ့ပါလား"

ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေသည်။ အမျိုးသမီးကြီးမှာ ရုပ်ရည်သန့်ပြန့်၍ လှပနေဆဲဖြစ်သည်ကို သတိထားမိသည်။

ကျွန်တော်တို့နှစ်ဦး လူအတန်ရှင်းသည့် တန်ဆောင်းတစ်ခုအတွင်း အတူထိုင်ဖြစ်ကြသည်။ ထိုင်ထိုင်ချင်းပင် ကျွန်တော့်ကိုမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဖေပါ နေကောင်းရဲ့လား"

"ဗျာ"

"မဗျာနဲ့လေ ငါ့မောင်ရဲ့ အဖေ့ကို မေးတာ။ ငါ့မောင်က မိုးအောင် မဟုတ်လား"

"ဟုတ်ပါတယ်၊ အဖေဆုံးပါး သွားတာ ငါးနှစ်ကျော်လောက်ရှိသွားပြီ။ မော်လမြိုင်မှာပဲဆုံးသွားတာ"

"သြော်- ဆရာဆုံးရှာခဲ့ပြီကိုး။ ဇာတ်သဘင်လောကအတွက် အရေးပါတဲ့သူတစ်ယောက်ဆုံးရှုံးခဲ့ပြီပဲ။ အစ်မ စိတ်မကောင်းဖြစ်လိုက်တာ"

"အစ်မက ကျွန်တော့်ကိုရော အဖေ့ကိုပါ ရင်းရင်းနှီးနှီးသိကျွမ်းနေတယ်။ အစ်မဘယ်သူလဲ၊ ကျွန်တော်မြင်ဖူးသလိုပဲ"

"မြင်ဖူးရုံတင်ပဲလား ငါ့မောင်ရဲ့။ အဖေက အစ်မရဲ့ဆရာရင်းထမင်းရှင်ပါ။ ငါ့မောင်က အစ်မရဲ့အသက်သခင် ကျေးဇူးရှင်ဖြစ်ခဲ့ကြတယ်"

"အစ်မပြောတာတွေ ကျွန်တော်ဘာမှမတွေးတတ်အောင်ဖြစ်နေတယ်"

"အစ်မကိုသေသေချာချာကြည့်ပါဦး"

ထိုအမျိုးသမီးကို ခုမှကျွန်တော် စေ့စေ့စပ်စပ်အနီးကပ်ကြည့်လိုက်သည်။ ကျွန်တော့်အတွေးဝယ် ဝိုးတဝါးပေါ်လာသည်။

"အစ်မက ဇာတ်မင်းသမီးပဲ၊ ဟုတ်ပါတယ်နော်"

"သိပ်ဟုတ်တာပေါ့။ ငါ့မောင်ပြောတဲ့ ဇာတ်မင်းသမီးပါပဲ"

"ဟာ-ခုမှကျွန်တော်သိလာတယ်။ အစ်မ ရွှေမြိုင်ကျင်သန်း မဟုတ်လား။ ရွှေပိုင်းပြဇာတ်ရော နောက်ပိုင်းဇာတ်ထုပ်မှာပါ ပိုင်နိုင်တဲ့ နာမည်ကြီး ဇာတ်မင်းသမီးတစ်လက်ပဲ"

"သိပ်ဟုတ်တာပေါ့၊ ငါ့မောင်မှတ်မိပြီပဲ။ ငါ့မောင်ကို ဟိုတုန်းက မောင်လေးလို့ခေါ်ခဲ့တာ။ ငါ့မောင်ငယ်ငယ်က အစ်မ မောင်လေးတို့အိမ်မှာနေခဲ့ဖူးတယ်လေ။ ငါ့မောင်အဖေဆီမှာ အစ်မပညာသင်စဉ်ကပေါ့"

"အစ်မပြောတော့မှ သတိရလာတယ်။ အစ်မက အသက်လည်းကြီးလာတယ်။ ပြီးတော့ ဆံပင်ပုံစံလည်းပြောင်းထားတော့ ရုတ်တရက်မမှတ်မိဘူးဖြစ်သွားတယ်။ ခွင့်လွှတ်ပါ အစ်မရယ်"

"နှစ်တွေဒီလောက်ကြာခဲ့မှတော့ ငါ့မောင်မမှတ်မိတာ အစ်မခွင့်လွှတ်ပါတယ်။ အဲဒီအချိန်တုန်းက ငါ့မောင်က ငယ်သေးတာကိုး။ ပြီးတော့ ဇာတ်ကနေတုန်း အစ်မရဲ့အသက်ကို ကယ်ခဲ့တာကို ကောမှတ်မိသေးရဲ့လား။ အဲဒီရွာက အဖြစ်ဟာ ထူးဆန်းပြီးကြောက်ဖို့လည်းကောင်းခဲ့တာ။ အောက်လမ်းပညာလို့လည်းပြောသံကြားခဲ့ရတယ်။ ပြန်စဉ်းစားကြည့်ပါဦး"

ကျွန်တော်အသေအချာပြန်တွေးကြည့်မိရာ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်နီးပါးက အဖြစ်အပျက်များ ကျွန်တော့်အတွေးထဲ အစီအရီပေါ်လာပါတော့သည်။

❑

ထိုစဉ်က မော်လမြိုင်မြို့ရှိ ဇာတ်သဘင်အဖွဲ့များအနက် ဇာတ်ဆရာတက္ကသိုလ်ဦးပါ ဦးစီးသော ရွှေမြိုင်စိန်မောင်ဇာတ်အဖွဲ့မှာ နာမည်ကျော် လူကြိုက်အများဆုံးဇာတ်သဘင်အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။ ရွှေမြိုင်စိန်မောင်၊ ရွှေမြိုင်စိန်အောင်ညီအစ်ကိုမင်းသားနှစ်လက်မှာ ဇာတ်ဆရာတက္ကသိုလ်ဦးပါ၏တပည့်ရင်းများဖြစ်သည်။ မင်းသားများမှာ လူပျိုအရွယ်ဆယ်ကျော်သက်ရုပ်ရည်ချောသူများလည်း ဖြစ်သည်။ မင်းသမီး ရွှေမြိုင်ကျင်သန်းမှာလည်း ဇာတ်ဆရာဖြစ်သူ တက္ကသိုလ်ဦးပါ၏တပည့်အရင်းပင် ဖြစ်သည်။ ရုပ်ရည်ချောမောလှပပြီးကိုယ်နေဟန်အချိုးအစားပြေပြစ်တင့်တယ်သူဖြစ်သည်။ အဆို၊ အငို၊ အပြော၊ အကပညာအားလုံးကို ဆရာတက္ကသိုလ်ဦးပါက သင်ကြားပေးခဲ့သူ ဖြစ်သည်။ ရွှေပိုင်းပြဇာတ်သာမက နောက်ပိုင်းဇာတ်ထုပ်များလည်း အငို၊ အပြောပိုင်နိုင်သူဖြစ်၏။ လူရွှင်တော်နှစ်ဦးဖြစ်သည့် ကျောက်စိမ်းနှင့် လိပ်ဖူးတို့မှာလည်း လူကြိုက်များသော နာမည်ကျော် လူရွှင်တော်များဖြစ်သည်။ မွန်-ဗမာနှစ်ဘာသာပြက်လုံးထုတ်နိုင်သူများ ဖြစ်ကြသည်။ ဇာတ်စီးတက္ကသိုလ်ဦးပါကိုယ်တိုင် ရေးဖွဲ့စီစဉ်သော ဝစီဘေဒထိတိုင်းရှ ပန်းပဲမောင်တင့်တယ်၊ ချင်းကလေးဖဝေး စသည့် နောက်ပိုင်းဇာတ်ထုပ်များမှာလည်း လူကြိုက်များ အောင်မြင်သော ဇာတ်ထုပ်များ ဖြစ်သည်။

ထိုအကြောင်းများကြောင့် ရွှေမြိုင်စိန်မောင် ဇာတ်သဘင်အဖွဲ့မှာ အထူးအောင်မြင် ကျော်ကြား လူကြိုက်များခဲ့သည်။ မော်လမြိုင်အနီးပတ်ဝန်းကျင်သာမက ရေး၊ မြိတ်၊ ထားဝယ်အထိပင် နာမည်ကျော်ခဲ့သည်။ ဇာတ်ရာသီတစ်ခုလုံး ပွဲခွင်မှာအားလပ်ရက်မရှိအောင်ပင် ငှားရမ်းခြင်းခံခဲ့ရသည်။

တစ်နေ့တွင် ထားဝယ်မြို့ ကန်ပေါက်အနီးရှိ ရွာကြီးတစ်ရွာမှ လူကြီးသုံးဦး မော်လမြိုင်မြို့ဇာတ်သဘင်အဖွဲ့တည်ရှိရာ ကျွန်တော်တို့နေအိမ်သို့ ရောက်လာကြသည်။ ရွှေမြိုင်စိန်မောင်ဇာတ်ကို လာရောက် ငှားရမ်းကြသည်။ ကောင်းသလောက် ကြိုက်ဈေးပေး၍ ငှားကြသည်။ ပွဲခွင်မှာ နှစ်ညပွဲခွင်ဖြစ်သည်။ ခရီးဝေးသော်လည်း အသွားအပြန်စရိတ်၊ စားသောက်စားရိတ်များပါ ပွဲငှားသူများက တာဝန်ယူမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ထားဝယ်ဘက်သို့ သွားရောက်ကပြရန် စာချုပ်ချုပ်ဖြစ်ခဲ့သည်။

ကျွန်တော်တတိယတန်းကျောင်းသားအရွယ်သာရှိသေးသည်။ နွေရာသီကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်နေ၍ ထားဝယ်သို့ လိုက်ပါသွားရန် အဖေက ကျွန်တော့်ကို ခွင့်ပြုခဲ့သည်။ နှစ်ထပ်သင်္ဘောကြီးတစ်စီးဖြင့် ရေလမ်းခရီးမှ ထားဝယ်သို့သွားကြသည်။ ထားဝယ်မှ ကန်ပေါက်သို့ မော်တော်ယာဉ်ဖြင့် ခရီးဆက်ခဲ့ကြသည်။ ကန်ပေါက်အရောက်တွင် ဒေသခံရွာခံလူများက လှည်းများဖြင့် လာရောက် ကြိုဆိုနေကြသည်။ လှည်းအစီးပေါင်းနှစ်ဆယ်ကျော်ခန့်ရှိမည်ထင်ရသည်။ ဇာတ်ပစ္စည်းသေတ္တာကြီးများ၊ ဇာတ်အဖွဲ့သားများအားလုံး နွားလှည်းဖြင့် ခရီးဆက်ကြရပြန်သည်။ နေ့ဝက်ခန့်ခရီးကို ပင်ပင်ပန်းပန်းသွားရသည်။ ရွာအမည်ကို မမှတ်မိတော့ပါ။ ပွဲကမည့်ရက်ထက် တစ်ရက်စော၍ ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုရွာမှာ စည်ကားသောရွာကြီးဖြစ်ကြောင်းလည်း တွေ့ရသည်။

ဇာတ်စီးဖြစ်သူ ကျွန်တော့်အဖေ မင်းသားနှစ်ယောက်နှင့် ကျွန်တော်တို့မှာ သူကြီး၏နေအိမ်တွင် ခေတ္တနေထိုင်ခွင့်ရသည်။ ကျန်ဇာတ်အဖွဲ့သားများမှာ အမျိုးသား၊ အမျိုးသမီး သီးခြားစီ ခွဲခြားကာ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းတွင်နေကြရသည်။ ပွဲရက်လိုသေးသဖြင့် ရွာတွင်းလည်ပတ်လေ့လာခွင့်ရခဲ့သည်။ မင်းသားနှစ်ယောက်နှင့် ကျွန်တော်အပြင်ထွက်လည်ပတ်တိုင်း ရွာသူကြီး၏သမီးက လိုက်ပါပို့ဆောင်ပေးသည်။ သူကြီးသမီးမှာ မင်းသားညီအစ်ကိုနှစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်လာသည်။ ထမင်းကျွေးရာမှ အိုးရာပြင်ပေး



www.burmeseclassic.com

www.burmeseclassic.com

သည့်အထိ မင်းသားများအတွက် သူကြီးသမီးက ဆောင်ရွက်ပေးသည်။ မင်းသားနှစ်ဦးအနက် အကြီးဖြစ်သူ ရွှေမြိုင်စိန်မောင်ကို သူကြီးသမီးက ပိုမိုအရေးပေးဆက်ဆံသည်ကို သတိထားမိသည်။ သူကြီးသမီးနှင့် မင်းသားတို့မှာ လူပျို အပျိုအရွယ်များဖြစ်ပြီး အသက်အရွယ်မတိမ်းမယိမ်းဖြစ်သည်။ သူကြီးသမီးက မင်းသားအပေါ် ဆက်ဆံမှုက လိုသည်ထက်ပို၍ ရင်းနှီးလာသဖြင့် အဖေက မင်းသားကို သတိပေးရသည်အထိ ဖြစ်လာသည်။ စိတ်အလိုမလိုက်ရန် အဖေက ပြောဆိုဆုံးမသည်ကိုလည်း ကြားရသည်။

သို့ဖြင့် ပွဲကသည့်ညသို့ရောက်လာသည်။ အနီးအနား ရွာနီးချုပ်စပ်မှ လူည်းများဖြင့် လာရောက် ကြည့်ရှုကြသည်။ ကြီးမားများပြားသောလူည်းတန်းကြီးကို တွေ့ရသည်။ လွန်စွာစည်ကားလှသည်။ ကျွန်တော်မှာ ဇာတ်ဆရာ၏သားဖြစ်၍ ဇာတ်အဖွဲ့သားများ၏အရေးပေးခြင်းကိုခံရသူ ဖြစ်သည်။ ညဘက်ပွဲကချိန် ဇာတ်စင်ပေါ်တွင်ဖြစ်စေ၊ ဆိုင်းဝိုင်းအတွင်းမှဖြစ်စေ ကျွန်တော်ကြိုက်သည့်နေရာမှ ပွဲကြည့်နိုင်သည်။ ယခုညတွင် ကျွန်တော်နှင့် ရင်းနှီးခင်မင်သော ကြေးမောင်းတီးသည့် ဝိုင်းဆရာအနီးတွင်ထိုင်၍ ပွဲကြည့်နေခဲ့သည်။ မြဇာတ်ပြီး၍ နှစ်ပါးခွင်နှစ်ပါးသွားကပြသည့်အချိန်သို့ ရောက်လာသည်။ မင်းသားအကြီးရွှေမြိုင်စိန်မောင်နှင့် မင်းသမီးရွှေမြိုင်ကျင်သန်းတို့၏နှစ်ပါးခွင်ဖြစ်သည်။ တီးလုံးတီးကွက်အရ နှစ်ပါးခွင်ထုံးစံအတိုင်း မင်းသားက မင်းသမီးအလက်လေးကိုကိုင်၊ ပခုံးကလေးဖက်ဖြင့် သရုပ်ဆောင်ကပြကြသည်။ မင်းသမီးက ညုတုတုဖြင့် ချစ်မယားကို မေ့သွားမှာလား၊ မျက်နှာမများနဲ့၊ ဒီက တစ်ယောက်တည်းကိုပဲ ချစ်ရမယ် ဟသဖြင့် သရုပ်ဆောင်၍ ဇာတ်သဘောအရ တကွက်ဖော်ကနေကြသည်။

ထိုအခိုက်မှာပင် မိန်းမပျိုတစ်ဦး ကျွန်တော့်အနီးသို့ ရောက်လာသည်။ သူမက ဇာတ်စင်အနီးသို့ တမင်တိုးကပ်လာပုံရသည်။ ကျွန်တော်စောင်းငဲ့ကြည့်လိုက်ရာ သူမလက်ထဲတွင် လက်ကိုင်ပဝါကို လုံးခြေပြီး ဆုပ်ကိုင်ထားသည်ကို သတိထားမိလိုက်သည်။ ထိုမိန်းမပျိုလေးက နှစ်ပါးခွင်ကိုကြည့်ကာ မကျေမနပ်ဖြင့် ဆောက်တစ်ချက်ခတ်လိုက်သည်။ လက်ထဲမှ လက်ကိုင်ပဝါကိုလည်းတဆဆလုပ်နေသည်။ ဇာတ်စင်၏ အနီးသို့လည်း တဖြည်းဖြည်းတိုးကပ်သွားသည်။ ဇာတ်စင်အနီးသို့အရောက်တွင် ရုတ်တရက် လက်ထဲမှအထုပ်ဖြင့် ဇာတ်စင်ပေါ်သို့ ပစ်ပေါက်လိုက်သည်ကို တွေ့လိုက်ရသည်။ သူပစ်ပေါက်လိုက်သောအထုပ်က မင်းသမီးရွှေမြိုင်ကျင်သန်း၏ ရင်ဘတ်ကို ထိမှန်သွားသည်။ မင်းသမီးကို ထိမှန်သွားသည်နှင့် အထုပ်နှင့်ပစ်ပေါက်သူ မိန်းမပျိုက 'ဟာ' ဟု ဆိုကာ အမြန်လှည့်ထွက်သွားတော့သည်။

ထူးဆန်းသည့် အပြုအမူကြောင့် သူ့ကို ကျွန်တော်ကြည့်လိုက်မိသည်။ ကျွန်တော်သိသောမျက်နှာဖြစ်နေသည်။ သူမက ကျွန်တော့်ကို သတိထားမိဟန်မတူပါ။ ပဝါထုပ်ထိမှန်ပြီး မကြာမီမှာပင် မင်းသမီးရွှေမြိုင်ကျင်သန်း ကနေလျက်က ကြမ်းပြင်ပေါ် လဲကျသွားပါတော့သည်။ တေးသွားပင်မဆုံးသေးပါ။ မင်းသားမှာ အံ့ဩလျက်မှင်တက်မိကာ ကြောင်ပြီးကြည့်နေသည်။

"ဟာ - မင်းသမီး ရွှေမြိုင်သန်း ဘာဖြစ်လို့လဲမသိဘူး၊ လဲကျသွားတယ်"

"ပွဲဆက်များလို့ အိပ်ရေးပျက်တာများလို့ထင်တယ်"

"ခရီးပန်းလာလို့ဖြစ်မယ်"

"ကန့်လန့်ကာချလိုက်လေ"

တစ်ယောက်တစ်ပေါက်ပြောသံကြားရပြီး ကန့်လန့်ကာကျလာသည်။ ဇာတ်အဖွဲ့သားများ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ ကျွန်တော်လည်း စိတ်ဝင်စားလွန်း၍ ဇာတ်စင်ပေါ် တက်လိုက်သွားမိသည်။ ကျွန်တော်ဇာတ်စင်ပေါ် အရောက်တွင် တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာပြောနေကြသည်။

"ဒီမှာအထုပ်တစ်ထုပ်ပါလား"

"မင်းသမီး ကျင်သန်း ဘာဖြစ်သွားလဲမသိဘူး"

"ဇာတ်ဆရာဦးပါကို ခေါ်ကြပါဦး"

လူရွှင်တော် လိပ်ဖူး၏ မွန်သံဝဲဝဲ အသံကိုကြားလိုက်ရသည်။ မကြာမီ ကျွန်တော့်အဖေရောက်လာသည်။

"ကျင်သန်း ဘယ်လိုဖြစ်တာလဲ"

"ကနေလျက်က လဲကျသွားတာ၊ အောက်ကပစ်လိုက်တဲ့ ဟောဒီအထုပ် သူ့ရင်ဘတ်ထိပြီး ခုလိုဖြစ်သွားတာ။ ဒီအထုပ်ပါ ဇာတ်ဆရာ"

မင်းသားက အဖေ့ကို ပြောရင်း အထုပ်ကိုကမ်းပေးလိုက်သည်။ မင်းသားပေးသောအထုပ်ကို အဖေက ဖွင့်ကြည့်လိုက်သည်။ မိန်းကလေး လက်ကိုင်ပဝါဖြင့်ထုပ်ထားသောဆန်ထုပ်ဖြစ်နေ၏။ ဆန်စေ့များကို နနွင်းဖြင့်သုတ်လိမ်းထားပုံရသည်။ ဆန်စေ့အဝါများ လက်တစ်ဆုပ်စာခန့်တွေ့ရသည်။ အဖေက ဆန်ထုပ်ကိုင်ထားရင်း မင်းသမီးကို မေးလိုက်သည်။

"ကျင်သန်း၊ စကားပြောနိုင်တယ်မဟုတ်လား။ ဘယ်လိုဖြစ်ပြီးလဲကျသွားရတာလဲ။ ခုဘယ်လိုခံစားနေရလဲ"

"အဲဒီဆန်ထုပ်နဲ့ဇာတ်စင်အောက်ကပစ်တာခံလိုက်ရတယ်။ ရင်ထဲမှာ အေးစိမ့်နေပြီး တလှပ်လှပ်ဖြစ်နေတယ်။ အရမ်းလည်းချမ်းနေတယ်။ အဖေပါ ကျွန်မကို ကယ်ပါဦး"

မင်းသမီးက အဖေ့ကို အဖေပါဟုသာ ခေါ်လေ့ရှိသည်။

"ကဲ-ဒီအတိုင်းကြည့်နေလို့မဖြစ်ဘူး။ ကျင်သန်းကို ရွာသူကြီးအိမ်ခေါ်သွားကြ။ ကျန်တဲ့မင်းသား၊ မင်းသမီးတွေ နှစ်ပါးခွင်ဆက်ထိန်းထား၊ ပရိသတ်မရိပ်မိစေနဲ့၊ ပရိသတ်မဆူစေနဲ့။ ကဲ-စကြတော့"

အဖေ့စကားအဆုံးတွင် မင်းသမီးရွှေမြိုင်ကျင်သန်းကို ရွာသူကြီးအိမ်သို့ တွဲခေါ်သွားကြသည်။ သူကြီးအိမ်သို့ ရောက်ရောက်ချင်းပင် အဖေက အဝါရောင်ဆန်ထုပ်ကိုပြပြီး အဖြစ်အပျက်ကို ပြောလိုက်သည်။

"ခု သူကြီးမြင်တဲ့အတိုင်းပဲ၊ ဒီဆန်ထုပ်နဲ့ ဇာတ်စင်အောက်က ပစ်လိုက်တာ၊ မင်းသမီးက တဟီးဟီးနဲ့အဖျားတက်သလို ခံစားနေရတာ။ မကနိုင်တော့ဘူးဖြစ်နေပြီ။ ဘယ်လိုဖြစ်တာလဲ၊ ဒီညနောက်ပိုင်းဇာတ်ထုပ်က သူ့ဇာတ်ဖြစ်နေတယ်။ ကြေညာထားပြီးသားဖြစ်နေတယ်။ မကနိုင်ရင်ဒုက္ခဖြစ်တော့မယ်။ ကျွန်တော်တို့ နာမည်အပျက်မခံနိုင်ဘူး"

သူကြီးက မင်းသမီးကိုကြည့်လိုက်၊ ဆန်ထုပ်ကိုကြည့်လိုက်နှင့်ရှိနေသည်။

"ဇောက် - ဒီရွာကလူတွေ၊ ဒီလောက် သတိပေးထားလျက်နဲ့ ပညာစမ်းလိုက်ကြပြန်ပြီ။ ဒီအထုပ်နဲ့ပစ်တဲ့သူကိုသိရင် သူ့ပညာသူ့ကိုပြန်နုတ်ခိုင်းရမယ်။ ခဏလေးနဲ့ ပျောက်သွားမှာ။ ပစ်တဲ့သူမသိလည်း ကိစ္စမရှိပါဘူး။ ဒါပေမယ့် ပစ်တဲ့သူသိတော့ ပိုကောင်းတာပေါ့။ ဒီအထုပ်နဲ့ပစ်တဲ့သူကိုသိရင် သိပ်ကောင်းမယ်"

သူကြီးက သူ့အိမ်ပေါ်ရောက်နေသော ဇာတ်အဖွဲ့သားများကို မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုစဉ် ကျွန်တော်က အဖေ့နားကပ်ပြီး တိုးတိုးလေးပြောလိုက်သည်။

"ဒီအထုပ်နဲ့ ပစ်ပေါက်တဲ့သူကို ကျွန်တော် သိတယ် အဖေ"

အဖေ့ကို ကျွန်တော်က တိုးတိုးလေး ပြောလိုက်သော်လည်း ကျွန်တော့် အသံကို သူကြီးကြားသွားပါသည်။

"ဒီဆန်ထုပ်နဲ့ ပေါက်တဲ့သူကို ကလေးတွေ့လိုက်တယ်ဆို။ ဘယ်သူလဲ၊ မြန်မြန်ပြောစမ်း။ ဒါမှ မင်းသမီးခံစားနေရတာတွေ မြန်မြန်သက်သာမှာ"

"ဆန်ထုပ်နဲ့ ပစ်လိုက်တဲ့သူက ဒီအိမ်က မမပါ။ အကျီ၊ ထဘီအနီရောင်ဆင်တူဝတ်ထားတယ်။ ကျွန်တော့်ဘေးနားကနေပေါက်လိုက်တာ ကျွန်တော်ကောင်းကောင်း မှတ်မိပါတယ်"

ကျွန်တော် စကားပင်မဆုံးလိုက်ပါ။

သူကြီးက -

"ကဲ-ကောင်းရော့ကွာ၊ သားကြီးမင်းညီမကို ခုချက်ချင်းသွားခေါ်ခဲ့စမ်း၊ အနီရောင်ဝမ်းဆက်ဝတ်ထားတယ်တဲ့"

သူကြီးက အနီးတွင်ရှိနေသော သူ့သားကြီးကိုခိုင်းလိုက်သည်။ ဟုတ်ကဲ့အဖေဟုဆိုကာ အိမ်အောက်ဆင်းသွားသည်။ မကြာမီ အနီရောင်ဝမ်းဆက်ဝတ်ထားသော သူ့ညီမကို လက်ဆွဲပြီး ပြန်တက်လာသည်။

"ဒီမှာအဖေ့သမီး၊ သား ခေါ်လာပြီ"

"ဒီဆန်ထုပ်နဲ့ မင်းသမီးကိုပေါက်ပြီး ပညာစမ်းလိုက်တယ်ဆို။ နင်လုပ်တာတွေ့တဲ့သူကတွေ့ခဲ့တယ်"

သူကြီးက ဆန်ထုပ်ကိုပြရင်း သူ့သမီးကို ပြောလိုက်သည်။

"ဟုတ်ပါတယ် သမီးလုပ်တာပါ"

"နင်ဘာ့ရည်ရွယ်ချက်နဲ့ ခုလိုလုပ်ရတာလဲ။ ဒီဇာတ်အဖွဲ့ကြည့်ချင်လှချည်ရဲ့ဆိုကြလို့ မော်လမြိုင်အထိသွားပြီး ငှားခဲ့ရတာ။ ငါလုပ်လိုက်ရသေတော့မယ်"

သူကြီးက သူ့သမီးကို ရိုက်ပုတ်မည်တပြင်ပြင်လုပ်နေသည်။ ကျွန်တော့်အဖေတို့က ဝိုင်းဆွဲထားရသည်။

"ကဲ-နင်ပြထားတဲ့ပညာ နင်ပြန်နုတ်ပေး၊ ဒီည မင်းသမီးနောက်ပိုင်းဇာတ်မကနိုင်လို့ကတော့ သေပြီသာမှတ်"

"သမီးသိပါပြီ၊ သမီးလုပ်ထားတဲ့ကိစ္စ၊ သမီးဖြေရှင်းပေးပါ့မယ်။ ခဏလေးစောင့်ပါ"

ပြောပြောဆိုဆို သူကြီးသမီးက သူ့အိပ်ခန်းထဲဝင်သွားပြီး မကြာမီပြန်ထွက်လာသည်။ စက္ကူဖြင့်ထုပ်ထားသောအထုပ်တစ်ထုပ်ပါလာသည်။ ထိုအထုပ်ကို ဖြေလိုက်သောအခါ အညိုရောင်ဆေးမှုန့်များကို တွေ့ရသည်။ သူကြီးသမီးက ဆေးထုပ်ကို အဖေ့လက်ထဲထည့်ပေးသည်။

ဒီဆေးမှုန့်တွေ ရေနဲ့ဖျော်ပြီး မင်းသမီးကို တိုက်လိုက်ပါ။ဝမ်းနှစ်ခါလောက်သွားပြီးရင်ကောင်းသွားမှာပါ။ ဝမ်းသွားရင် ထူးခြားတာတစ်ခုခုတွေ့လိမ့်မယ်"

"ဖြစ်ပါ့မလားသူကြီး၊ ဒီထက်ပိုဆိုးလာရင် ဘယ်လိုလုပ်မလဲ"

"ကျုပ်သမီးအကြောင်း ကျုပ်သိတယ်၊ ကျုပ်တာဝန်ယူတယ်။ သူပြောတဲ့အတိုင်းသာလုပ်လိုက်ပါ"

သူကြီးက သူတာဝန်ယူသည်ဆို၍ အဖေက ဆေးမှုန့်များကို ရေနှင့်ဖျော်ပြီး မင်းသမီးကိုတိုက်လိုက်သည်။ တဟီးဟီးနှင့်ချမ်းတုန်နေသည့်ကြားမှ မင်းသမီးက မဝံ့မရဲဖြင့်ဆေးကိုသောက်ချလိုက်သည်။ သူကြီးက သူ့သမီးကို ဆူပူကြိမ်းမောင်းနေသည်။

"နင်ဘာဖြစ်လို့ခုလိုလုပ်ရတာလဲ"

"သမီး သူ့ကိုလုပ်ဖို့မရည်ရွယ်ခဲ့ပါဘူး"

"ဒါဖြင့် ဘယ်သူ့ကိုလုပ်ချင်တာလဲ"

"မင်းသားကိုလုပ်ချင်တာ"

"ဘာဖြစ်လို့ မင်းသားကို လုပ်ချင်ရတာလဲ"

"ဇာတ်စင်ပေါ်မှာမင်းသမီးနဲ့ပလူးပလဲလုပ်နေလိုက်တာ သူ့မယားကျနေတာပဲ။ စိတ်ထဲက မကျေနပ်တာနဲ့ မင်းသားကိုပစ်လိုက်တာ။ ဒါပေမယ့် မင်းသားကိုမထိဘဲ မင်းသမီးကို မတော်တဆထိသွားတာ"

"ငါလုပ်လိုက်ရ သေတော့မှာပဲ။



နင်ဒီမှာပဲစောင့်နေ၊ ဘယ်မှမသွားနဲ့"

ကျန်သူများက မင်းသမီးကိုစောင့်ကြည့်နေကြသည်။

"ကဲကဲ-ကျန်တဲ့သူတွေ အောက်ဆင်းလို့ရပြီ၊ ဇာတ်ဆရာတော့နေခဲ့ပါဦး"

သူကြီးအပြောကြောင့် ဇာတ်အဖွဲ့သားများ အိမ်အောက်ဆင်းသွားကြသည်။ အိမ်ပေါ်တွင် သူကြီးနှင့်သူ့သမီး၊ အဖေနှင့်ကျွန်တော်တို့သာကျန်ခဲ့သည်။ မင်းသမီးက မောင်လေး ဒီအနားဗလာ၊ အစ်မကြောက်လိုက်တာဟုဆိုကာ ကျွန်တော့်ကို ဖက်ထားလိုက်သည်။ ပြီးတော့ အဖေ့လက်ကိုလည်းလှမ်းဆွဲထားလိုက်ပါသေးသည်။ မကြာမီ မင်းသမီးဝမ်းသွားချင်သည်ဆို၍ ရေအိမ်သို့ကျွန်တော်လိုက်ပို့ပေးရ၏။ ရေအိမ်မှပြန်အထွက်တွင် စောစောကခိုက်ခိုက်တုန်ချမ်းနေသူမှာ ချွေးများပင်ထွက်လာသည်ကို သတိထားမိလိုက်သည်။ ထူးဆန်းသောအဖြစ်မို့ အဖေက အလောတကြီးနှင့် မေးလိုက်သည်။

"နင်ဝမ်းသွားတာဘာတွေထူးခြားလဲ"

"ဘာမှထူးခြားတာမတွေ့မိပါဘူး၊ ရိုးရိုးဝမ်းသွားသလိုပါပဲ။ ဒါပေမယ့် ချမ်းတုန်နေတာတော့ သိသိသာသာသက်သာလာတယ်။ ချွေးတွေတောင်ထွက်လာတယ်၊ ထူးဆန်းလိုက်တာ"

နောက်ဆယ်မိနစ်ခန့်အကြာတွင် မင်းသမီးဝမ်းတစ်ကြိမ်ထပ်သွားပြန်ပါသည်။ ရေအိမ်မှ ပြန်ထွက်လာပြီးသည်နှင့် အဖေ့ခြေထောက်ကို ပြေးဖက်လိုက်ပါသည်။

"ကျွန်မကြောက်လိုက်တာ၊ ခုလိုအဖြစ်မျိုးတစ်ခါမှ မကြုံဖူးသေးဘူး"

"ပြောစမ်းပါ၊ ဝမ်းသွားတာ ဘာတွေထူးခြားတာတွေ့လဲ"

"မရှိမသေပြောပါ့မယ်၊ ဝမ်းသွားတာ ဆံပင်ခြည်တစ်ထွေးကြီးပါလာတယ်"

"ဘာ-ဆံပင်ခြည်တွေဟုတ်လား၊ ထူးဆန်းလိုက်တာ။ ခုကောနင်ဘယ်လိုနေသေးလဲ"

"မြင်တဲ့အတိုင်းပဲ၊ မချမ်းမတုန်တော့ဘူး။ ချွေးစေးတွေလည်းမထွက်တော့ဘူး။ ကျွန်မနဂိုအတိုင်းပြန်ကောင်းသွားပါပြီ"

"ကျင်သန်းရေ၊ ငါ့အထင်ပြောရရင် ဒီရွာကလူတွေအောက်လမ်းပညာတတ်ကြတယ်ထင်တယ်။ သူကြီးသမီးက နင် မင်းသားနဲ့နှစ်ပါးခွင်ကတာ မနာ



www.burmeseclassic.com

www.burmeseclassic.com

ထိုဖြစ်ပြီး ပညာစမ်းလိုက်တာဖြစ်မယ်"

"ကျွန်မလည်းဒီလိုပဲထင်မိတယ်။ နောက်ဆို ဒီလိုဝေးလံပြီးသီးခြားဆန်လွန်းတဲ့ခုလိုရွာမျိုးဆိုရင် ပွဲခွင်လက်မခံနိုင်တော့။ အဖေတို့စဉ်းစားသင့်တယ်"

"အေးပါ၊ နင့်အဖြစ်ကိုကြည့်ပြီး ငါသင်ခန်းစာရခဲ့ပါပြီ။ ကြိုက်ဈေးရလို့ ထိုက်လာမိတာပါ"

မင်းသမီးက ကျွန်တော့်ပခုံးကို ပုတ်ထားလျက်က ကျေးဇူးတင်စကား ဆိုသည်။

"မောင်လေးကို ကျေးဇူးတင်တယ်၊ မောင်လေးတွေ့ခဲ့ပေလို့ပေါ့။ မောင်လေးသာမတွေ့ခဲ့ဘူးဆိုရင် ဘယ်လောက်ကြာကြာဒုက္ခဖြစ်နေဦးမယ်မသိဘူး"

အဖေက သူကြီးဘက်သို့လှည့်ကာပြောလိုက်သည်။

"ကဲ-သူကြီး၊ သမီးကိုလည်းရိုက်နှက်မနေပါနဲ့တော့၊မင်းသမီးပြန်ကောင်းသွားပြီပဲ။ နောက်ပိုင်းဇာတ်ထုပ်ကဖို့ အချိန်မီလို့တော်သေးတယ်။ ကျွန်တော်တို့တိုခွင့်ပြုပါဦး"

"စိတ်ချဇာတ်ဆရာ၊ နောက်ညမှာ ခုလိုမဖြစ်နေရတော့ပါဘူး။ အားနာဖို့ကောင်းလိုက်တာ။ သမီးကိုထပ်ပြီးဆုံးမပါဦးမယ်"

ကျွန်တော်တို့ဇာတ်စင်ပြန်ရောက်ချိန်သည် နောက်ပိုင်းဇာတ်ထုပ်ကပြရတော့မည့်အချိန်ရောက်နေပြီး မီရုံသာဖြစ်သည်။ မင်းသမီးရွှေမြိုင်ကျင်သန်းကို အားလုံးက ဝမ်းသာအားရကြိုဆိုနေကြသည်။ ကျွန်တော့်ကြောင့် မင်းသမီးပြန်ကောင်းလာသည်ဟုဆိုကာ ကျွန်တော့်ကိုလည်း ဝိုင်းပြီးဖက်ထားလိုက်ကြပါသည်။

❑

"မောင်လေး၊ တွေးနေတာအကြာကြီးပဲ၊ အစ်မပြောတာ မှန်တယ်မဟုတ်လား"

"ကျွန်တော် မှတ်မိပါပြီ၊ အသက်သခင်ကျေးဇူးရှင်ဆိုတာလေ။ အဲဒီလောက်ကြီးတော့မဟုတ်သေးပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ၊ အဲဒီညက ဆန်ထုပ်နဲ့ပစ်တဲ့သူကို မောင်လေးသာတွေ့ခဲ့ရင် အစ်မဘယ်လိုဖြစ်သွားမယ်မသိဘူးဝံ့အောင်ဘဲ။ တရားခံကို မောင်လေးက တွေ့ခဲ့လို့ ပြန်ကောင်းလာတာ။ မောင်လေးဟာ-အစ်မရဲ့အသက်သခင်ကျေးဇူးရှင်ဆိုလို့ရပါတယ်။ ဒါနဲ့ မောင်လေးဘယ်မှာနေလဲ၊ ဘာအလုပ်အကိုင်လုပ်နေလဲ"

"သာကေတဘက်မှာနေပါတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားလာပြီး ပုတီးစိပ်နေကျ။ အစ်မကော ဘယ်မှာနေလဲ၊ ဘာလုပ်နေလဲ"

"အစ်မက မိုးကုတ်မှာနေတာ၊ အခု ရန်ကုန်ဆင်းလာတာက အိမ်ဝယ်ဖို့လာခဲ့တာ။ အိမ်ဝယ်ပြီးရင် ရန်ကုန်မှာ အမြဲတန်းနေတော့မှာ"

"မိုးကုတ်မှာနေတာဆိုတော့ အစ်မက ကျောက်သူဌေးပေါ့။ ဒါမှမဟုတ် ဇာတ်မကတော့ဘဲ ကျောက်ကုန်သည်လုပ်နေတာလား"

"သူဌေး ဆိုတာထက် သူဌေးကတော်ဆိုရင် ပိုပြီးမှန်မယ်။ အစ်မယောက်ျားဟာ မိုးကုတ်က သူဌေးတစ်ဦးပေါ့။ ဇာတ်သဘင်တွေ မှေးမှိန်စပြုလာပြီးတဲ့နောက်ပိုင်း ကြီးတော်တွေရှိတဲ့ မန္တလေးမှာပြန်နေခဲ့တယ်။ မန္တလေးမှာနေရင်း အခုယောက်ျားနဲ့အိမ်ထောင်ကျခဲ့တာ။ မောင်လေးကော အိမ်ထောင်ကျပြီလား။ စီးပွားရေးဘာလုပ်လဲ၊ ဝန်ထမ်းလား"

"ကျွန်တော်အိမ်ထောင်သည်ပါ။ ဝန်ထမ်းတစ်ဦးပါ။ ကဗျာတွေ၊ ဝတ္ထုတွေလည်းရေးပါတယ်".

"ဒါဆိုမောင်လေးက ကဗျာဆရာ၊ စာရေးဆရာပေါ့"

"ဆရာအဆင့်တော့မဟုတ်သေးပါဘူး၊ ရေးသူအဆင့်ပဲရှိပါသေးတယ်"

"စာရေးတော့ ဘာကလောင်အမည်နဲ့ရေးတာလဲ"

"မောင်မောင်မိုးအောင် ဆိုတဲ့ ကလောင်နာမည်နဲ့ရေးပါတယ်"

"ဟာ-မောင်မောင်မိုးအောင်ဟုတ်လား။ အစ်မက စာဖတ်ဝါသနာပါတော့ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေတော်တော်ဖတ်ဖြစ်တယ်။ မောင်မောင်မိုးအောင်ဆိုတဲ့နာမည် မကြာခဏဖတ်မိပါတယ်။ မောင်လေးရေးတဲ့ ဂမ္ဘီရဝတ္ထုတွေကြိုက်ပါတယ်။ မောင်လေးက စာရေးဆရာဖြစ်နေပါပေါ့လား။ ဖြစ်သင့်ပါတယ်လေ၊ အဖေပဲ့သွေးပဲဟာ။ အဖေဖြစ်သူက ဇာတ်ထုပ်တွေရေးတယ်၊ ပြဇာတ်တွေရေးတယ်။ စီစဉ်ညွှန်ကြားသူလုပ်တယ်။ သားက ဒီလောက်တော့ရှိမှာပေါ့။ အစ်မဝမ်းသာလိုက်တာ၊ မောင်လေးလိပ်စာလည်းပေးခဲ့ပါဦး။ မောင်လေးတို့မိသားစုဆီလာလည်ချင်လို့ပါ"

အစ်မက လက်ကိုင်အိတ်အတွင်းမှမှတ်စုစာအုပ်သေးသေးတစ်အုပ်ထုတ်ပေးသည်။ မှတ်စုစာအုပ်တွင် ကျွန်တော့်လိပ်စာရေးပေးလိုက်သည်။ အစ်မက စိတ်ဝင်တစား ဖတ်ကြည့်လိုက်သည်။ မှတ်စုစာအုပ်ကိုလက်ကိုင်အိတ်အတွင်း ပြန်ထည့်သည်။ ပြီးနောက် လက်ကိုင်အိတ်အတွင်းမှ ငွေစက္ကူများထုတ်ယူလိုက်သည်။

"ရော့၊ မောင်လေးယူထားလိုက်ပါ။ အဖေပါအတွက် ရည်စူးပြီးကောင်းမှုတစ်ခုခုလုပ်ပေးပါ"

"ဟာ - မဟုတ်တာ အစ်မရယ်၊ မယူပါရစေနဲ့"

"ယူထားလိုက်ပါ မောင်လေးရယ်၊ အဖေပါနဲ့ မောင်လေးတို့ဟာ အစ်မရဲ့ဘဝမှာ အရင်းနှီးဆုံးသူတွေပါ။ ကျေးဇူးရှင်တွေလည်းဖြစ်ကြတယ်။ ရန်ကုန်မှာ အခြေကျပြီးရင် မော်လမြိုင်သွားပြီး မောင်လေးတို့သားအဖကို ရှာမယ်လို့ စိတ်ကူးပြီးသားပါ။ ပြီးတော့ တတ်နိုင်သမျှ ကျေးဇူးဆပ်မယ်လို့ ရည်ရွယ်ထားခဲ့တယ်။ ခုတော့ မမျှော်လင့်ဘဲ မောင်လေးနဲ့ ဒီဘုရားပေါ်မှာ ဆုံရတယ်။ အစ်မဖြစ်ချင်တဲ့ဆန္ဒတချို့ပြည့်ခဲ့ပြီလေ။ ခုလောက်ငွေလေးနဲ့ ကျေးဇူးဆပ်ရာမရောက်သေးပါဘူး။ ရော့-ယူလိုက်ပါ"

ကျွန်တော် အတန်တန်ငြင်းပယ်နေသည့်ကြားမှ အစ်မက ကျွန်တော့်လက်ထဲအတင်းပင်ထည့်ပေးသည်။ ငွေစက္ကူများကို ကျွန်တော်ကြည့်လိုက်၏။ ငါးရာတန်ငွေစက္ကူတစ်အုပ်နှင့်တစ်ထောင်တန်ငွေစက္ကူနှစ်အုပ်ကို တွေ့ရသည်။ အစ်မက အိတ်ထဲပါလာသမျှကျွန်တော့်ကို ပေးလိုက်ဟန်တူသည်။

"လိပ်စာလည်းသိရပြီပဲ၊ မောင်လေးတို့ဆီ အစ်မလာခဲ့ပါဦးမယ်။ မောင်လေးကိုတွေ့ရတော့ အဖေပါ့ကို သတိရလိုက်တာ။ တကယ့်သမီးအရင်းလို စောင့်ရှောက်ပြီး ပညာသင်ပေးခဲ့တာ။ အောက်မှာကားစောင့်နေလို့သွားတော့မယ်နော်"

အစ်မက ကျွန်တော့်ပခုံးကို အသာအယာဖက်ကာ နှုတ်ဆက်စကားဆိုပါသည်။ ထိုအခိုက် ကျွန်တော့်ရင်ထဲ တစ်စုံတစ်ခုသောဝေဒနာခံစားနေရ၍ အစ်မကို စကားပြန်မပြောနိုင်ဘဲ အစ်မမျက်နှာကိုသာကြည့်နေမိသည်။ အစ်မမျက်ဝန်းတွင် မျက်ရည်များရစ်ဝဲလျက်ရှိနေသည်ကို တွေ့လိုက်ရပါသည်။

မောင်မောင်မိုးအောင်


www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝို (မော်ကျွန်း)

# ငြိမ်းချမ်းရေးနှင့်အဖျက်တရား

လောကလူသားတိုင်း ငြိမ်းချမ်းမှုကိုအလိုရှိကြ၏။ ငြိမ်းငြိမ်းချမ်းချမ်းနေထိုင်စားသောက်လိုကြ၏။ ငြိမ်းချမ်းရေးရရှိရန် နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံမှ ကြိုးစားနေကြ၏။ လူတစ်ဦးချင်းမှအစပြု၍ မိသားစု၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်မှသည် တိုင်းပြည်ငြိမ်းချမ်းမှသာ လူသားတို့နေထိုင်ရာ ကမ္ဘာကြီးသည် ငြိမ်းချမ်းသွားမည် ဖြစ်၏။

ငြိမ်းချမ်းရေးရရှိဖို့ မည်သို့ပင်ကြိုးစား ဆောင်ရွက်နေကြသော်လည်း အမှန်တကယ်မငြိမ်းချမ်းကြပါပေ။ နေရာဒေသတစ်ခု၊ အချိန်ကာလအပိုင်းအခြားတစ်ခုအထိသာ အထိုက်အလျောက်အောင်မြင်ကြ၏။ ငြိမ်းချမ်းရေးကိုအမှန်တကယ် အပြည့်အဝရရှိစေဖို့ လောကအတွင်းရှိ လူသားတစ်ဦးအနေဖြင့် ငွေကြေးနေဖြင့်ဖြစ်စေ၊ အတတ်ပညာဖြင့်ဖြစ်စေ၊ ဩဇာအာဏာဖြင့်ဖြစ်စေ မည်သို့မျှ မစွမ်းဆောင်နိုင်ပေ။ ငြိမ်းချမ်းရေးရရှိရန်ကြိုးပမ်းအားထုတ်နေကြသော ပုဂ္ဂိုလ်များကိုယ်တိုင် ငြိမ်းချမ်းရေးကို ဟန့်တားနေသည့်အကုသိုလ်စေတသိက်များ၏ ကြိုးကိုင်ခြယ်လှယ်မှုကိုခံနေကြရ၏။

ယင်းအကုသိုလ်စေတသိက်တို့၏ အကြောင်းကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ထိုးထွင်းသောဉာဏ်ဖြင့် သိမြင်ခဲ့သဖြင့် လူသားအားလုံးအတွက် ငြိမ်းချမ်းရေးရရှိဖို့ ဟောကြားခဲ့၏။ လူမျိုးမရွေး၊ ဘာသာမရွေး လောကလူသားတိုင်း၏ စိတ်ကို ခြယ်လှယ်နေသောအကုသိုလ်စေတသိက် (၁၄) ပါးရှိကြောင်း၊ ထိုစေတသိက်များ၏ ကြိုးကိုင်ခြယ်လှယ်မှုကို လောကလူသားတိုင်းခံနေရကြောင်း ယင်းတရားဆိုးတို့၏ ခြယ်လှယ်ကြိုးကိုင်မှုမှ လွတ်မြောက်သွားသူကို လောကမှလွန်မြောက်သူဟု ဟောကြားခဲ့ပေသည်။

လောကလူတိုင်းတို့၏ ငြိမ်းချမ်းရေးကို အဖျက်အမှောင့်ပြုလုပ်နေသော အဖျက်တရား (၁၄) ပါးအကြောင်းကို စာရေးသူ လေ့လာသိရှိသရွေ့ မျှဝေတင်ပြလိုက်ပါသည်။

## ၁။ မောဟ

အမှန်တရားကို မမြင်အောင် စိတ်ကို အမှောင်ချထား၏။ အမှန်တရားကို မမြင်နိုင်သောကြောင့် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်လိုအမုန်းပွား တိုက်ခိုက်နေကြသဖြင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရုံမျှမက သောကျေပျက်စီးကြရ၏။ အမှားကို အမှားဟု မမြင်နိုင်ခြင်း၊ အမှားကို အမှန်ဟုမြင်ခြင်း၊ အမှန်ကို အမှန်ဟု မမြင်နိုင်ခြင်း၊ အမှန်ကို အမှားဟုမြင်လာခြင်းများဖြစ်စေ၏။ ဖြစ်တတ်ပျက်တတ်သော ရုပ် နာမ် ဓမ္မ သင်္ခါရဟု အမှန်ကို မသိခြင်းကြောင့် လည်းကောင်း၊ ပညတ်အမှန်နှင့် ပရမတ်အမှန်ကို မခွဲခြားနိုင်သောကြောင့် လည်းကောင်း စွဲမိစွဲရာကိုမှားယွင်းစွာ စွဲလမ်းမိသည်။ ယုံကြည်ကိုးကွယ်အားထားရာအမျိုးမျိုးပေါ်ပေါက်လာပြီး အစစ်အမှန်ဟုတ်၊ မဟုတ် မသိမြင်နိုင်သည်မှာ မောဟတရားကြောင့်ဖြစ်၏။ ပဋိသန္ဓေတည်စကတည်းက ခန္ဓာအစု၌ ပါလာသဖြင့် စိတ်ကို အမြဲအုပ်ချုပ်၍ အမှောင်ချထားသောအဓိကတရားဖြစ်၏။

## ၂။ အဟိရိက

မကောင်းသောကိုယ်မှု၊ နှုတ်မှုတို့ဖြင့် ပြုလုပ်ပြောဆိုခြင်းကို မရှက်တတ်ခြင်း၊ ဣန္ဒြေသိက္ခာပျက်စီးမည်ကို မရှက်တတ်ခြင်းသည် အဟိရိကတရားက စိတ်ကို အုပ်ချုပ်ထားသောကြောင့် ဖြစ်၏။ မကောင်းမှုကို ပြုလုပ်၊ ပြောဆိုခြင်းကို မရှက်ခြင်းကြောင့် မိမိ၊ သူတစ်ပါးဆင်းရဲပျက်စီးစေသည့်အပြင် လောကကြီးကိုပါ ပျက်စီးစေသဖြင့် လောက



www.burmeseclassic.com

www.burmeseclassic.com

ပါလတရားဟုလည်း ခေါ်ဆို၏။

### ၃။ အနောတ္တပ္ပ

မကောင်းမှုကို ပြုလုပ်ဆိုရာ၌ ကြောက်ရွံ့မှုမရှိခြင်းသဘော ဖြစ်၏။ မကောင်းသောကိုယ်မှု၊ နှုတ်မှုဖြင့်ပြုလုပ်ပြောဆိုကြရာတွင် မိမိအပေါ် အန္တရာယ်ကျရောက်မည်ကို လည်းကောင်း၊ သူတစ်ပါးအား ထိခိုက်နစ်နာမည်ကို လည်းကောင်း မစဉ်းစား မဆင်ခြင်ဘဲ အကြင်နာ၊ မေတ္တာကင်းမဲ့စွာဖြင့် ပြုလုပ်ပြောဆို၏။ ယင်းတရားပျက်ယွင်းခြင်းသည် လောကကို စောင့်ရှောက်သော လောကပါလတရား ပျက်ယွင်းခြင်းပင် ဖြစ်၏။

### ၄။ ဥဒ္ဓစ္စ

ပျံ့လွင့်ခြင်းသဘောရှိ၏။ လူတို့၏ စိတ်ကို တည်ငြိမ်မှုမရှိအောင် မွှေနှောက်တတ်၏။ အာရုံတစ်ခုတည်း၌ ကြာကြာ မနေနိုင်အောင် နှိုးဆွပေးနေ၏။ အာရုံအမျိုးမျိုးသို့ စိတ်ကိုပို့ဆောင်နေသဖြင့် ထိုတရားဆိုး၏ လှုံ့ဆော်မှုကြောင့် ပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေပွဲအမျိုးမျိုးမှ အစပြုပြီး အရက်သေစာမူးယစ်ဆေးဝါးများအထိ ဖျော်ဖြေမှုအမျိုးမျိုးဖြင့် စိတ်ဆန္ဒအလိုလိုက်ရာမှ စီးပွားပျက်၊ ဘဝပျက်၊ ခန္ဓာပါပျက်ကြရ၏။

### ၅။ လောဘ

အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လွန်ကဲစွာလိုချင်နေသည်မှာ လောဘတရားဖြစ်၏။ လောကလူသားများအဖို့ ငါကိုရှေ့တန်းတင်ထားသည့်အတွက် ငါနှင့်တကွ ငါနှင့်ပတ်သက်သူများကောင်းစားဖို့အတွက်ဆိုလျှင် တစ်ပါးသူအား ရက်စက်စွာညဉ်းဆဲမှု၊ သတ်ဖြတ်မှုအထိ ပြုရန် ဝန်မလေးတော့ပေ။

ကမ္ဘာကြီး၏အပူချိန်မြင့်တက်လာခြင်း၊ အဆိပ်အမျိုးမျိုးသင့်ခြင်း၊ ရေထု၊ လေထု၊ မြေထုညစ်ညမ်းခြင်း စသည်တို့သည် လူသားတို့၏ လောဘတရားဆိုးကို မထိန်းနိုင်ခြင်းကြောင့် ဖြစ်၏။

### ၆။ ဒိဋ္ဌိ

အမြင်မှား၊ အယူမှား၊ အမှတ်မှား၊ အသိမှားခြင်း ဟူသော မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးရှိကြောင်း အကျဉ်းချုပ်သော် သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိကို အခြေခံကြောင်း မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။ အမြင်၊ အသိ၊ အယူ၊ အမှတ်မှားနေသောလူတစ်ဦးသည် အမှန်တရားနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေ၏။ အမှန်ကို မသိမြင်သောကြောင့် အမှားကိုပြုလုပ်ပြောဆိုကြံစည်သည့်အတွက် မိမိသူတစ်ပါးဆင်းရဲစေ၏။ အတိတ်ကပါလာသောမျိုးစေ့ကြောင့် ပစ္စုပ္ပန်တွင် အမှန်ကိုမမြင်၊ အနာဂတ်တွင်လည်း အမှားနှင့်ပင် ကြုံတွေ့ရမည် ဖြစ်၏။ ယုံကြည်ချက်၊ အယူအဆ၊ ဝါဒရေးရာတို့အပေါ် အခြေခံပြီး လူသားအချင်းချင်း မပြီးဆုံးသောစစ်ပွဲများကို ဆင်နွှဲနေကြသည်မှာ မိစ္ဆာဒိဋ္ဌိတရားဆိုး၏လက်ချက်ဖြစ်ပေ၏။

### ၇။ မာန

မှားသည်ကိုလည်းဝန်မခံ၊ အမှားကိုလည်းမဖြင်၊ အမှန်ကိုလည်းလက်မခံ၊ အပြစ်ကိုလည်းဂုဏ်ယူ၊ စည်းစိမ်ဥစ္စာပြည့်စုံတော့လည်းထောင်လွှား၊ ပညာအာဏာရှိတော့လည်း မောက်မာတတ်သည်မှာ ထိုမာနတရားကြောင့် ဖြစ်၏။ မိမိ၊ သူတစ်ပါး ဆင်းရဲဒုက္ခရောက်ပြီးပျက်စီးစေတတ်၏။ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မာနတရားတို့ကြောင့် စစ်ပွဲများဖြစ်ပြီး ငြိမ်းချမ်းမှုမရခြင်းသည် မာနတရားဆိုးကြောင့် ဖြစ်၏။

### ၈။ ဒေါသ

သည်းခံနိုင်မှုမရှိခြင်း၊ ခက်ထန်ကြမ်းတမ်းခြမ်းသဘောရှိ၏။ အကြင်နာတရား၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ ကရုဏာတရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ ထိုဒေါသတရားကြောင့် နှုတ်ဖြင့် လည်းကောင်း၊ လက်နက်ဖြင့် လည်းကောင်း တိုက်ခိုက်နေကြသဖြင့် ရာဇဝတ်မှုများဖြစ်ကြရ၏။ စစ်ပွဲများဖြစ်ကြရ၏။ ထိုတရားဆိုးကိုသာ ထိန်းချုပ်နိုင်လျှင် လူသတ်လက်နက်များအလိုလိုဖျက်သိမ်းပြီး ဖြစ်ပေမည်။

### ၉။ ဣဿာ

သူတစ်ပါး၏ စည်းစိမ်ဥစ္စာ၊ အခြံအရံ ဂုဏ်သတင်းတို့အပေါ် မနာလိုခြင်းသဘောရှိ၏။ ကိုယ့်ထက်သာ မနာလိုသည့်အတွက် ငြိမ်းချမ်းရေးနှင့်ဝေးကွာနေရ၏။ ဣဿာတရားရှိသူသည် မိမိကို ဦးစွာပထမဆင်းရဲစေ၏။ အန္တရာယ်မကင်းဘေးမရှင်းရခြင်းအကြောင်းလည်းဖြစ်၏။

### ၁၀။ မစ္ဆရိယ

မိမိတွင်ရှိသည့်စည်းစိမ်ဥစ္စာအခြံအရံကဲ့သို့ တစ်ပါးသူရရှိပိုင်ဆိုင်မည်ကို စိုးရိမ်သည့်သဘောရှိ၏။ မိမိကို ဦးစွာပထမဆင်းရဲစေသကဲ့သို့ အန္တရာယ်မကင်းဘေးမရှင်းရခြင်းအကြောင်းလည်းဖြစ်၏။

### ၁၁။ ကုက္ကုစ္စ

မိမိဥစ္စာပစ္စည်းကိုနှမြောတွန့်တိုခြင်း၊ ပေးကမ်း စွန့်ကြဲလိုမှုမရှိခြင်း၊ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ မဆုံးဖြတ်နိုင်ခြင်းတို့သည် ကုက္ကုစ္စတရားဆိုး၏သဘော ဖြစ်၏။

### ၁၂။ ထိန

စိတ်ကို လေးလံ ထိုင်းမှိုင်းစေပြီး သတိနှင့် ပညာတို့ စိတ်၌မကပ်အောင် တားဆီး ပိတ်ဆို့တတ်သည့် သဘောရှိ၏။ မိမိအား ပျက်စီးဆုံးရှုံးစေ၏။

### ၁၃။ မိဒ္ဓ

စေတသိက်တို့ကို ထိုင်းမှိုင်းစေပြီး သတိနှင့် ပညာတို့ စိတ်၌မကပ်အောင် တားဆီးပိတ်ဆို့တတ်သည့်သဘောရှိ၏။ မိမိအား ပျက်စီးဆုံးရှုံးစေ၏။

### ၁၄။ ဝိစိကိစ္ဆာ

အမှားကို မှားသည်ဟု လည်းကောင်း၊ မှန်သည်ကို မှန်သည်ဟု လည်းကောင်း ပိုင်နိုင်စွာ မဆုံးဖြတ်နိုင်ခြင်း၊ ယုံမှားသံသယရှိခြင်းသဘော ဖြစ်၏။ အာရုံတစ်ခု၊ အလုပ်တစ်ခုကို ယတိပြတ် ပိုင်နိုင်စွာ မဆုံးဖြတ်နိုင်ခြင်း၊ ချီတုံချတုံ ဖြစ်နေခြင်းတို့သည် ထိုတရားဆိုးကြောင့် ဖြစ်၏။ ထိုတရားကိန်းနေပါက အောင်မြင်မှုနှင့်ဝေးကွာပြီး ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရှိစေတတ်၏။

ဖော်ပြပါ အကုသိုလ်စေတသိက် အဖျက်တရားသည် လူဟူ၍ ပေါ်ပေါက်လာသည့် လူ့သမိုင်းစတင်သည်မှ ယနေ့ခေတ်တိုင်အောင် လောကမှ မလွတ်မြောက်သေးသော လောကလူသားတိုင်း၏ စိတ်အစဉ်တွင် ကိန်းအောင်းနေသဖြင့် ညှဉ်းဆဲဖျက်ဆီးတိုက်ခိုက်သတ်ဖြတ်လိုသောစိတ်များရှိနေကြခြင်း ဖြစ်၏။ ယနေ့ သိပ္ပံခေတ်၊ နည်းပညာခေတ်တွင် လူသားအကျိုးပြုအသုံးအဆောင်၊ ဆေးဝါးများကိုအံ့မခန်းတီထွင်ထုတ်လုပ်လာသည်နှင့်အမျှ ထိုပစ္စည်းများ၊ နည်းပညာများကို ရယူပိုင်ဆိုင်နိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးစားကြရာမှ ထိုအကုသိုလ်တရားဆိုးများလည်း ပို၍ အားကောင်းလာ၏။ မိမိကအသာစီးရလိုမှု၊ အနိုင်ရလိုမှုတို့ကြောင့် မတရား



www.burmeseclassic.com


www.burmeseclassic.com

# နိဗ္ဗန္ဒတောလက်ဖက်

သို့မဟုတ်

# သီလရှင်လက်ဖက်ဆေးဖက်ဝင်ပုံ

မနှင်းပွင့်(ပြည်)



**တောလက်ဖက်ထုပ်ရာတွင်**
**အဓိကအရေးပါသော ဘန့်ဆွေးရွက်**

အရွက်မှန်သမျှ သူ့နေရာနှင့်သူ အသုံးဝင်မြဲဖြစ်သည်။ သို့သော် ထိုအရွက်တို့ကို မည်သို့သောနေရာတွင် အသုံးဝင်ပါသနည်းဟုဆိုပါလျှင် မည်သူမျှ အလွယ်တကူ မသိနိုင်သော်လည်း ရှေးခေတ် ဆေးပညာရှင်နန်းတွင်းသမားတော်များက သစ်ဖု၊ သစ်ရွက်တို့နှင့် ပတ်သက်၍ မည်သို့အသုံးပြုရမည်ဖြစ်ကြောင်း ကျွမ်းကျင်လှပါသည်။

ယခု စာရေးသူ တင်ပြချင်သည်မှာ ပြည်မြို့နိဗ္ဗန္ဒတောရကျောင်းမှထွက်သော သီလရှင်လက်ဖက် (တစ်နည်း) တောလက်ဖက်အကြောင်းအရာများကို ပြောပြချင်ပါသည်။

တောလက်ဖက်စစ်စစ်သည် နရွဲရွက်ပင်ဖြစ်သည်။ မြို့ပေါ်တွင် တွေ့ရခဲသည်။ ၎င်းကို တွေ့နိုင်သောနေရာဒေသများမှာ ပြန်မာဟုတောတွင်းတွင်လည်းကောင်း၊ တီတွဒ်တောထဲတွင်လည်းကောင်း၊ ဆင်မြီးဆွဲတောထဲတွင်လည်းကောင်း တောကနက်လေလေ တောလက်ဖက်ပြုလုပ်သည့် နရွဲပင်ကို တွေ့ရလေ ဖြစ်၏။ အပင်၏အရွက်ပုံသဏ္ဌာန်သည်ကား ဆီးရွက်ကဲ့သို့ ဖြစ်၏။ အပင်တစ်ပင်တွင် အရွက်ညွှန့်အရေအတွက် (၄)ပိဿာ၊ (၅)ပိဿာလောက်တွင်ရှိပေသည်။၎င်းနိဗ္ဗန္ဒတောလက်ဖက်ရွက်ဖြစ်သော နရွဲရွက်ကိုခူးရသည်မှာလည်း လွယ်လွယ်ကူကူတော့မဟုတ်ပြန်ပေ။

တောလက်ဖက်ခူးသမားတို့သည် မနက် (၃) နာရီလောက်ကတည်းက အိပ်ရာကထကြရသည်။ နွားလှည်းများဖြင့်သွားကြပြီး တောထဲတွင် နွားလှည်းများ ရပ်နားထားခဲ့ရ၏။ ထို့နောက် လက်ဖက်ညွှန့်များကို လိုက်လံရှာဖွေပြီး ခူးကြရသည်။ အထူးသဖြင့် တပေါင်း၊ တန်ခူးတွင် အညွှန့်များဝေပြီး ကဆုန်၊

သည့်နည်းလမ်းများနှင့်အတူ ထူးထွေဆန်းပြားသော အဖျက်လက်နက်များကိုလက်ဦးရရှိအောင် ထုတ်လုပ်ကြ၏။ ဒေသအလိုက်၊ နယ်မြေအလိုက် စစ်ပွဲများမှသည် နိုင်ငံများစွာ ပါဝင်သော ကမ္ဘာစစ်ကြီးဆီသို့ ဦးတည်နေကြ၏။ ထိုအကုသိုလ်တရားဆိုးတို့ကို ပယ်သတ်နိုင်သည့် ကျင့်စဉ်နည်းလမ်းကို လူသားတို့မကျင့်သုံးသရွေ့ ကမ္ဘာလောကကြီးနှင့်တကွ လူသားအားလုံး ငြိမ်းချမ်းရေး ရရှိကြမည်မဟုတ်ပေ။ အထူးသဖြင့် တီထွင်ထုတ်လုပ်သူ ပညာရှင်များနှင့်တကွ ဩဇာအာဏာစီရင်ပိုင်ခွင့်ရှိသော အကြီးအကဲများ၏ စိတ်၌ကိန်းအောင်းနေသော အကုသိုလ်စေတသိက်များကို ပယ်သတ်၍ ကုသိုလ်စေတသိက်များ အစားထိုးနိုင်မှသာ ငြိမ်းချမ်းရေးလမ်းစဉ်နှင့် နီးစပ်မည်ဖြစ်၏။

ထိုအကုသိုလ်စေတသိက်များဖြစ်ကြောင်းကိုလည်းကောင်း၊ ဖြစ်ပုံကိုလည်းကောင်း၊ ချုပ်ကြောင်းကို လည်းကောင်း၊ ချုပ်ရန်နည်းလမ်းကို လည်းကောင်း၊ ဗုဒ္ဓရှင်တော်မြတ်သည် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်ကတည်းက သိမြင်ဟောကြားတော်မူခဲ့ပါသည်။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ ဟူ၍ သိက္ခာသုံးရပ်အကျင့်မြတ်ကို ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ဖြင့် ဟောကြားခဲ့သော်လည်း အကျဉ်းချုပ်လိုက်လျှင် 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားရမည်' ဟု ဆုံးမတော်မူခဲ့ပါသည်။

မိမိစိတ်ကို ဖြူစင်အောင်ထားဖို့သည် လွယ်ကူသည်တော့မဟုတ်ပါပေ။ တရားအမှန်ကို ညွှန်ပြနိုင်သော ဆရာသမားများထံ နည်းနာခံ၍ စနစ်တကျ လေ့ကျင့် ပွားများမှသာ အကုသိုလ်စေတသိက်များ ခေါင်းပါးလာပြီး စိတ်ထားဖြူစင်ကာ ငြိမ်းချမ်းရေးကိုကိုယ်တွေ့ခံစားရရှိမည်ဖြစ်ပေသည်။ဗုဒ္ဓဟောကြားခဲ့သောတရားတော်သည် စ၊ လယ်၊ ဆုံး ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံခြင်း၊ ချက်ချင်း အကျိုးပေးခြင်း၊ အခါမလင့် အကျိုးပေးခြင်း၊ လက်တွေ့အားထုတ်ရန်ဖိတ်ခေါ်ခြင်း၊ ကိုယ်တိုင်ကျင့်သူသာ ကိုယ်တိုင်ခံစားရခြင်း၊ မဂ်ဆိုက်ထားသောပုဂ္ဂိုလ်သည် တရားတော်၏အရသာကို အပြည့်အဝခံစားနိုင်ခြင်း ဟူသည့် ဂုဏ်(၆)ပါးနှင့် ပြည့်စုံကြောင်း အာမခံဟောကြားခဲ့ပါသည်။ ကျင့်သုံးသောသူတို့သည်

စိတ်ကို ပူပန်ဆင်းရဲစေတတ်သော ကိလေသာမှ လွန်မြောက်မည်။ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ အော်ဟစ်မြည်တမ်းခြင်းတို့မှ လွတ်မြောက်မည်။ ဆင်းရဲခြင်း တန့်နှံ့ခံစားနေရခြင်း၊ စိတ်မသာမယာဖြစ်ခြင်းတို့မှ လွတ်မြောက်မည်။ စိတ်ရှိုင်းကိလေသာကို ပယ်သတ်နိုင်သည့် အရိယာမဂ်ပညာကို ရရှိမည်။ ထာဝရငြိမ်းချမ်းမှု ဟူသော အမတနိဗ္ဗာန်ကို ပစ္စုပ္ပန်၌ပင် မျက်မှောက်ပြုရမည် ဖြစ်ကြောင်း ပစ္စုပ္ပန်အကျိုးရရှိခံစားမှု (၅)ချက်ဖြင့် သက်သေပြဟောကြားခဲ့သည်ဖြစ်၍ ကျွန်ုပ်တို့တစ်ဦးချင်းမှသည် ကမ္ဘာလောကကြီး ငြိမ်းချမ်းရေးရရှိစေဖို့ မြတ်ဗုဒ္ဓ၏ အဆုံးအမ ဒေသနာများကို စွမ်းနိုင်သမျှ ဇွဲလုံ့လကြိုးစား အားထုတ်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းလိုက်ရပေသည်။

ကိုယ်တွင်းကိုယ်ပ ငြိမ်းချမ်းကြပါစေ။

ပြည်တွင်းပြည်ပ ငြိမ်းချမ်းကြပါစေ။

ပြည်တွင်းငြိမ်းချမ်းရေး ထာဝရတည်တံ့ပါစေ။

ချစ်ပို့ (မော်လမြိုင်)



www.burmeseclassic.com

www.burmeseclassic.com





တောလက်ဖက်ထုပ်များ

…နှုန်းလတွင် ရွက်ကြမ်းပိုထွက်တတ်သည်။ မနက် (၇) နာရီတွင် လှည်းများဖြင့် ရွာသို့ပြန်ရောက်ကြသည်။ ရွာရောက်ပြီးလျှင်ပြီးချင်း အရွက်များကို ရေဆေးသန့်စင်ကြပြီး မြေအိုးကြီးများဖြင့်ပြုတ်ကြရပြန်ပါသည်။ပြုတ်ပြီးသောအခါတွင် သစ်သားဖြင့်ထွင်းထားသော …ကြီးထဲ၌ထည့်၍ထောင်းရပြန်ပါသည်။

ထိုသို့ထောင်းပြီးသောအခါတွင် …တ်ဖက်လုံးလေးများ အနေတော်လုံး…တော စကောဆန်ခါထဲတွင် အနေ…တော်ဖြန့်ထည့်ထားရပြန်ပါသည်။

စကောထဲမှနေ၍ တောလက်ဖက်…များကို တစ်ဖန် 'ဘန့်ဘွေးရွက်'(တောလက်ဖက်ထုပ်သောအရွက်)ဖြင့် သေသေ…သပ်သပ်လှပစွာ လက်ပစ်ဗုံးပုံသဏ္ဌာန်…ကြီးများဖြင့် ထုတ်ရပြန်ပါသည်။ မိမိ…သည် ငယ်စဉ်တောင်ကျေး ကလေးဘဝ…ကတည်းမှ ၎င်းတို့နေထိုင်သော နိဗ္ဗန္ဓ…အင်းတြင်းမြောင်တောရကျောင်းနေရာတို့…နှင့် ဆွေမျိုးသားချင်းများရှိသောကြောင့် …အကြောင်းအရာများကို ခရေစေ့တွင်း…ကျ သိရှိနေခြင်း ဖြစ်သည်။

တစ်ခါတလေ မနက်အရုဏ်ထ…ငါး သူတို့နှင့်အတူ တောလက်ဖက်နရွဲ…ရွက်များကိုခူးဖူးပါသည်။ တောထဲတွင် …လှုပ်သွားရသည်မှာ အင်မတန်ပျော်…ရာကောင်းလှ၍ စိတ်ဓာတ်အင်အား…များတက်ပါသည်။ တောကောင်များရှိ…သော်လည်း ကြောက်ရကောင်းမှန်းမသိ…သော မိမိငယ်စဉ်က ထိုနေရာဒေသ တော…ထဲ၌ ကျား၊ ဆင်ရိုင်းများ တွေ့ရတတ်သည်။ ခုတော့ သူတို့တွေ ဘယ်ရောက်ကုန်သည်မသိပေ။ သိပ်မကြားရ၊ မမြင်ရတော့ပေ။

တောလက်ဖက်အစစ် နရွဲရွက်ကဲ့သို့ပင် အတုများလည်း ထုတ်လုပ်ကြသည်။ ထိုအရွက်များမှာ ကြက်မောက်ရွက်၊ မောင်မခေါ်ရွက်နှင့် ဒန့်ကွဲရွက်တို့ပင် ဖြစ်သည်။ ထိုအရွက်များကို သူတို့ဓလေ့ထုံးစံအခေါ် မိုးကျလက်ဖက်ဟုခေါ်သည်။ မိုးဦးကျမှပေါက်သောအရွက်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ထိုအရွက်များကို လက်ဖက်တုထုတ်ကြရသည်။ ရောင်းဈေးနှုန်းက အစစ်နှင့် ဈေးနှုန်းချင်းကွာကြသည်။ ထိုတောလက်ဖက်အတုများမှာ ဆယ်ထုပ်လျှင် (၅၀၀) ကျပ် ရောင်းဈေး ဖြစ်သည်။ တစ်ထုပ်လျှင် (၅၀) ကျပ်သာရှိသည်။ များများစားပါက ဗိုက်နာတတ်သည်။ ရေထဲတွင် ကြာကြာစိမ်ထားပါက အပုပ်နံ့နံတတ်သည်။ လက်ဖက်သားကလည်း စိမ်း၊ ကြမ်းလည်းကြမ်းဖြစ်၏။ မနူးညံ့ပေ။ အစစ်က နူးညံ့သည်။ ရေစိမ်ထားပါက ရေစိမ်ဝပြီး စားကောင်းပေသည်။ ဗိုက်အောင့် ဗိုက်နာမဖြစ်ပေ။ ထိုနည်းဖြင့် အတုနှင့် အစစ်ကို ခွဲခြားနိုင်ပေသည်။

တောလက်ဖက်ကိုဝယ်တော့မည်ဆိုပါက အစစ်ရှိပါသလားဟူ၍ မေးဝယ်သင့်ပါသည်။ ထိုသို့ မေးမဝယ်မိပါက ကျိန်းသေ အတုနှင့်သာတိုးပါလိမ့်မည်။ အတုတစ်ထုပ်လျှင် (၁၀၀) ကျပ်သာတန်ဖိုးရှိပြီး အစစ်တစ်ထုပ်လျှင် (၂၀၀) တန်ဖိုးရှိသည်။ အထုပ်ကြီးလျှင် (၅၀၀) ပေးရ၏။

ပြည်ရထားနှင့် ပြည်အဝေးပြေးကားဂိတ်တို့တွင် အစစ်နှင့်အတု နှစ်မျိုးထားရှိ၏။ သေသေချာချာမေးဝယ်လျှင် အမှားမတွေ့နိုင်ပေ။ ပုံစံကိုကြည့်၍ အတု၊ အစစ်ခွဲခြား၍မရနိုင်။ စားကြည့်မှသာရနိုင်ပါသည်။ ထို့ကြောင့် ပြည်နိဗ္ဗန္ဓတောလက်ဖက်စစ်စစ်များကို စားကြည့်ပါက ဝမ်းထဲရှိ အပူအပုပ်များကို သန့်စင်စေပါသည်။ အသက်ရှည်ဆေးဟုလည်း ခေါ်သည်။ တစ်နည်း အသက်ရှည်လက်ဖက်ဟု ခေါ်ပါသည်။ တောလက်ဖက်စားသုံးနည်းမှာ လက်ဖက်ကို စတင်မြည်းပါက တစ်ခါစားသာသာပါသည်။ မကုန်ပါက ဆီနှင့်ပြန်နှပ်ထားသင့်ပါသည်။ သူ့ကို ငရုတ်သီးစိမ်း၊ ကြက်သွန်နီစိမ်း၊ နှမ်း၊ ကြက်သွန်ကြော်၊ မြေပဲတို့နှင့်အတူ သံပရာသီးညှစ်၍စားပါက အလွန်ကောင်းပါသည်။

အရက်ကြိုက်သူများ ထိုလက်ဖက်ကို စားသုံးပါက အရက်နှင့် ဓာတ်တည့်ပြီးစားကောင်းသည်ဆိုတာထက် အရက်၏အပြစ်ဆိုးကျိုးများကို ပယ်ဖျက်ပစ်၍ ဆေးဖက်ဝင်ပါသည်။ အသည်းကို အားကောင်းစေသည်ဟု ရှေးပညာရှိဆေးဝိဇ္ဇာတို့က အဆိုရှိခဲ့ပါသည်။ ထိုမျှပင်မကသေးပါ။ မြတ်စွာဘုရား တောထွက်စဉ်အခါက ထိုနရွဲရွက်ပင်ကို အမြဲသုံးဆောင်ပြီး တရားအားထုတ်ရသည်ဟု သမားဆေးကျမ်းကြီးတစ်ခုမှ မှတ်တမ်းတစ်ခုကိုလည်း စာရေးသူ ဖတ်မှတ်ဖူးပါသည်။

ထိုသို့ အဘက်ဘက်က ကောင်းသောလက်ဖက်ကို မြန်မာပြည်အရပ်ရပ်မှပြည်သူများ စားသုံးကြည့်ကြပါရန် တိုက်တွန်းရင်း သူ့ဓလေ့နှင့်သူ့အရပ် စားသောက်ဖွယ်ရာများကို အလျဉ်းသင့်သလို တင်ပြဦးမည်။

မနှင်းပွင့် (ပြည်)



www.burmeseclassic.com

www.burmeseclassic.com



# မောင်သန်းဆွေ (ထားဝယ်)

# စုန်းဆိုသည့်အတတ်ပညာ

၂၀၁၇ ခု၊ စက်တင်ဘာ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်းမ်သတင်းစာ စာမျက်နှာ (၁၉) တွင် အင်္ဂလိပ်ဘာသာနှင့် 'စုန်းဟုစွပ်စွဲ၍စိုးရိမ်မှုဖြင့်နေရသော အိန္ဒိယမှအမျိုးသမီးများဘဝ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၂၀၁၇ ခု၊ စက်တင်ဘာလ ၂၃ ရက်နေ့ မြန်မာဘာသာဖြင့် ထုတ်ဝေသော မြန်မာတိုင်းမ်သတင်းစာ (နိုင်ငံတကာသတင်း) စာမျက်နှာ(၅၅)မှ 'အိန္ဒိယနယ်စွန်နယ်ဖျားဒေသ ကျေးရွာများက မလှုစုန်းယိုးခံရသူအဘွားအိုများ နှိပ်စက်ခံနေရ'ခေါင်းစဉ်ဖြင့်လည်းကောင်း ဖော်ပြထားသည့် သတင်းနှစ်ပုဒ်သည် အတူတူပင်ဖြစ်သည်။

သတင်းဖော်ပြထားသည်မှာ -

အိန္ဒိယအရှေ့ပိုင်းတွင် နေအိမ်အတွင်း တစ်ဦးတည်းသာရှိသည့် အသက် (၁၇) နှစ်အရွယ် ဂါနီတာမွန်ဒါ ဆိုသည့် ကလေးငယ် သတိရလာချိန်တွင် စုန်း၊ ကဝေရှာဖွေရေးအဖွဲ့၏သတ်ဖြတ်ခြင်းကို ခံခဲ့ရသောမိသားစုဝင်များ၏ အော်သံကို ကြားယောင်ကာ ထိတ်လန့်ကြောက်ရွံ့လျက်ရှိသည်။

ဩရိသပြည်နယ်ရှိ တောရွာလေးတွင်နေထိုင်သော ယင်းဆယ်ကျော်သက်ရွယ် ကလေးငယ်သည် ၎င်းတို့မိသားစုကို ရန်မူသူများလက်က ထွက်ပြေးပြီး အနီးအနားရှိတောထဲတွင် နာရီအတန်ကြာ တစ်ယောက်တည်း ပုန်းအောင်းနေထိုင်ခဲ့သည်ကိုသာ မှတ်မိတော့သည်။

"ဒီနေရာမှာ ကျွန်မရှိနေရမှာ မဟုတ်ဘူး။ အခုလိုလွတ်လာအောင် ဘယ်လိုလုပ်ခဲ့သလဲဆိုတာ အခုထိ မမှတ်မိသေးဘူး"

ဟု မိဘများနှင့် (၃) နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် ၎င်း၏ မောင်နှမလေးယောက်ကို ထားရစ်ခဲ့ရကြောင်း၊ ဂါနီတာက ဇူလိုင်လအတွင်း တိုက်ခိုက်ခံရသည်တို့ကို ASP သို့ ပြောပြသည်။

ယင်းသို့ တိုက်ခိုက်ခံရခြင်းသည် အယူသီးမှုများရှိနေသေးသော အိန္ဒိယနိုင်ငံ၏ တောအရပ်များတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသည့်အမှုများထဲမှ တစ်ခုဖြစ်ပြီး ယင်းအမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးသည့် အာဏာပိုင်များမှာလည်း ဝေဖန်ခံနေရဆဲဖြစ်သည်။

ဩရိသပြည်နယ်၏ အစွန်အဖျားတွင်ရှိပြီး ဆင်းရဲနွမ်းပါးလှသည့် ယင်းဒေသတွင် အောက်လမ်းပညာများရှိနေသေးသည်ဟု ယုံကြည်ကြရာ မကြာသေးခင်က ရွာခံ ကလေးငယ်များဖျားနာကြ၍ ရွာသားများက ဂါနီတာမိခင်ကို စုန်းမဟု ပြောဆိုကာ တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

"သူတို့တိုက်ခိုက်မှုအောက်ကနေ တစ်နည်းနည်းနဲ့ လွတ်မြောက်အောင် လုပ်ခဲ့တာဖြစ်တယ်"

ဟု ဝမ်းဗိုက်တွင် ရရှိခဲ့သည့် ဓားဒဏ်ရာပြန်လည်ကောင်းလာပြီဖြစ်သော ဂါနီတာက ကီရွန်ဂျေဟာခရိုင်ရှိ နေအိမ်တွင်ပြောသည်။

အိန္ဒိယနိုင်ငံရှိ ပြည်နယ် (၁၃) ခုတွင် ၂၀၁၄ ခုနှစ်က စုန်းကဝေအတတ်များဖြင့် ဆက်နွယ်ဖြစ်ပွားသည့်လူသတ်မှု (၁၆၀) နီးပါးရှိခဲ့ပြီး ၎င်းအမှုများထဲမှ (၃၂) မှုမှာ ဩရိသပြည်နယ်ကဖြစ်ကြောင်း၊ အစိုးရက နောက်ဆုံးထုတ်ပြန်သည့်သတင်းများအရ သိရသည်။

ထိုသို့ တိုက်ခိုက်မှုများကြောင့် သေဆုံးသူအများစုမှာ အမျိုးသမီးများဖြစ်ပြီး အရေအတွက်အားဖြင့် (၂၃၀၀) ခန့်ရှိရာ ယင်းပမာဏမှာ မကြာသေးမီနှစ်များအတွင်း ဆက်လက်ရှိနေဆဲဖြစ်သည်။

"ဖျားနာတာ၊ ကောက်ပဲသီးနှံတွေပျက်စီးတာ၊ တိရစ္ဆာန်တွေသေတာဆိုတဲ့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်နှောင့်ယှက်မှုတွေဟာ ဂမ္ဘီရပညာတွေ၊ စုန်းအတတ်တွေ အောက်လမ်းပညာတွေနဲ့ တစ်နည်းနည်း ဆက်စပ်နေတယ်ဆိုတဲ့ အယူအဆတွေကို အစွန်အဖျား တောအရပ်တွေမှာ ယုံကြည်နေကြတုန်းပဲ"

ဟု ဩရိသပြည်နယ်၏ ထိပ်တန်းရဲအရာရှိများထဲမှ တစ်ဦးဖြစ်သည့် ဘေဂျေကူမာရှာမာက ASP သို့ ပြောသည်။

စုန်းအတတ်ပညာတတ်သည်ဟု စွပ်စွဲခံရသူများကိုစွန့်ပတ်သက်၍ အမှုများဖြစ်ပွားမှုကို လျှော့ချရန်နှင့် ယင်းပြဿနာများကိုဖြေရှင်းရန်ရေးဆွဲတင်ပြထားသောဥပဒေကို ပြီးခဲ့သည့်နှစ်က ဩရိသတွင် စတင်ကျင့်သုံးရန် ခွင့်ပြုပေးမှုဖြင့် ၎င်းအရာရှိ တရားစွဲခံခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေချမှတ်ရုံဖြင့် မလုံလောက်ဘဲ အကြမ်းဖက်မှုများဖြစ်စေသော အယူသီးမှုများကို တိုက်ဖျက်ရန် ပိုမိုကောင်းမွန်သည့်ပညာရေးများသင်ကြားပေးရန် လိုအပ်သည်ဟု ပညာရှင်များက ဆိုသည်။

"ကျန်းမာရေး၊ တရားမျှတရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေနဲ့ သက်ဆိုင်တဲ့ကိစ္စတွေမှာ လျစ်လျူရှုထားတာတွေဟာ ဒီလို အယူသီးမှုတွေရဲ့သားကောင်ဖြစ်ရခြင်းရဲ့ အခြေခံသဘောတရားပဲ'

ဟု သြရိသပြည်နယ်၏ မြို့တော်ဘူတန်နေရှဝါမှ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ဆာရိုပရာဗာဒါနီမှ ASP သို့ ပြောသည်။

အလျင်အမြန် ခေတ်မီတိုးတက်လာသော အိန္ဒိယသည် စုန်းအတတ်များနှင့်ဆက်နွယ်နေသော ရာဇဝတ်မှု အများဆုံးဖြစ်ပွားရာ မျိုးနွယ်စုများ၊ တိုင်းရင်းသားလူမျိုးများ အများဆုံးနေထိုင်ရာ ဆင်းရဲနိမ့်ကျသည့် ဒေသများကို လျစ်လျူရှုထားသည်။

မိသားစုချင်း ရန်ငြိုးရန်စများဖြင့် မြေယာအငြင်းပွားမှုပြဿနာများကိုဖြေရှင်းရာတွင် စုန်း၊ ကဝေရှာဖွေသည်ဆိုသည့်အကြောင်းပြချက်ဖြင့် ရန်မူတိုက်ခိုက်ကြခြင်း ဖြစ်သည်။ ယောကျာ်းများကြီးစိုးသော ထိုသို့သောရွာများတွင် စုန်းမှု အများပြည်သူရှေ့တွင် ရိုက်နှက်ခြင်း၊ အညစ်အကြေးများကို စားခိုင်းခြင်းတို့အတွက် အယူခံဝင်လျှောက်ထားရန် ငွေကြေးမတတ်နိုင်ကြသော အမျိုးသမီးများအနိုင်ကျင့်ခံနေရသည့်အမှုများကို အပြစ်ပေးဆုံးဖြတ်ရန် ကျေးရွာကောင်စီအဖွဲ့များကလည်းအဆင့်ဆင့်လွှဲချနေကြသည်။

"စုန်းလို့ နာမည်တပ်ခံရပြီးနောက်မှာ အများရဲ့ ဝိုင်းပယ်ခံရတဲ့အပြင် အခြားပြစ်ဒဏ်တွေပါ ပေးခံရတဲ့သူတွေ အများကြီးရှိတယ်။ သူတို့ခံရတာတွေအတွက် သေဒဏ်ပေးမယ်ဆိုရင်လည်း တရားမျှတတယ်။ ဒါပေမယ့် ဒီလိုအမှုတွေကို ဘယ်သူမှသတင်းပေးအကြောင်းကြားတာမရှိဘူး"

ဟု ယင်းကိစ္စများအကြောင်း ဆယ်စုနှစ်ကြာ စာအုပ်ရေးသားနေသည့် ဆာရှန့်ရှိုခါစင်တာက ဆိုသည်။

ဤကိစ္စမျိုးသည် စာရေးသူတို့ မြန်မာပြည်၏ ကျေးလက်များတွင်လည်း ဟိုး၊ သို့သော် အိန္ဒိယမှာကဲ့သို့ မဆိုးဝါးလှချေ။ စုန်းမဟု အစွပ်စွဲခံရသူတို့ကို ဝိုင်းပယ်ထားလိုက်ကြသည်။ အရှေ့တောင်အာရှတစ်ခွင်၌လည်း ဤသို့သော ယုံကြည်မှုများရှိနေဆဲ ဖြစ်သည်။ သို့သော် အထက်ဖော်ပြပါ သတင်းများအရ အိန္ဒိယတွင် ယခုတိုင် ဤသို့သော အမှုများဖြစ်ပွားဆဲဖြစ်ပြီး ဆိုးဆိုးရွားရွား နှိပ်ကွပ်ခံရဆဲဖြစ်သည်ဟု သိရသည်။ ရှေးက မြန်မာ့သမိုင်းတွင် စုန်းဟု စွပ်စွဲခံရသူကိုဖြောင်မဟုတ်သော်လည်း ဥပါယ်တံမျဉ်ဖြင့် သတ်ပစ်လိုက်သည်လည်းရှိ၏။ မီးလောင်တိုက်သွင်း၍သတ်သည်ဟူ၍ပင် ကြားရဖူးသည်။

မြန်မာတို့၏ စုန်းနှင့်ပတ်သက်သော အယူအဆများကို ရှေးကစာအုပ်များတွင် အထင်အရှားတွေ့နိုင်သည်။ အထူးသဖြင့် တောင်တွင်းဆရာတော်ခင်ကြီးဖျော်၏ 'ကဝေသာရကျမ်း'ပထမတွဲတွင် -

ကဝေမြောက်စုန်း၊ အိမ့်တလိမ့်စုန်းတို့တွင် စမည်းတိုင်စုန်း (၆) မျိုးကို ညွှန်ကြားပြဆိုခြင်းအရာ၌ -

'မြေချဉ်ကိုစားသောစုန်း၊ မြေစပ်ကိုစားသောစုန်း၊ မြေပုပ်ကိုစားသောစုန်း၊ မြေအဖန်ကိုစားသောစုန်း၊ မြေအညှိကိုစားသောစုန်း၊ မြေအခါးကိုစားသောစုန်း' ဟူ၍ စုန်း (၆) မျိုးပြပြီး ထို (၆)မျိုး စုန်းတို့သည် အမောက်ရှိသည်ဟု မဆိုကုန်။ ထို့ကြောင့် စမည်းတိုင်စုန်း (၆)မျိုးဟူ၍ မှတ်ရန်ဖော်ပြထားသည်။

နောက်တစ်ဖန် စုန်းမျိုး (၆) ပါး၊ (၁၀) ပါးကိုပြရာ၌ -

စုန်းနားပင်း၊ စုန်းကျောက်ခဲ၊ စုန်းလေပွေ၊ စုန်းဥတလုံး၊ စုန်းဘီလူး၊ စုန်းနဂါးဆက် ဟူ၍ ပြထားသည်။ တစ်ဖန် ထိပ်လယ်၌ အမောက်ရှိသော သူကြွယ်စုန်း၊ နားလယ်၌ အမောက်ရှိသောစုန်း သူကောင်း၊ ရင်၌ အမောက်ရှိသော စုန်းဖုတ်၊ နံစောင်း၌ အမောက်ရှိသော စုန်းမာတရာ၊ နှာဖျား၌ အမောက်ရှိသော စုန်းတွတ်တို၊ ခြေဖျား၌အမောက်ရှိသော စုန်းကြက်တက်၊ မြီးညောင်း၌ အမောက်ရှိသော စုန်းသိုးစုတ်၊ ချက်၌ အမောက်ရှိသော စုန်းအောင်း၊ ဝမ်း၌ အမောက်ရှိသော စုန်းပန်းဝါပျောက်၊ နှလုံးသားတွင် အမောက်ရှိသော စုန်းသမယ၊ ထိပ်လယ်၌အမောက်ရှိသော စုန်းကဝေ၊ မေးဖျား၌ အမောက်ရှိသော စုန်းညီနောင်ဟူ၍ စုန်း (၁၀) ပါးရှိသည်ကိုလည်း ဖော်ပြထားသဖြင့် အကြင်မိန်းမတစ်ဦးသည် ခန္ဓာကိုယ်တစ်နေရာရာ၌ အကျိတ်ရှိ၍ အသားပိုထွက်နေလျှင်ပင် အမောက်ဟုဆိုကာ စုန်းသိုးခံရသည်။

ကမ္ဘဇဗ္ဗိတန်ခိုးရှိသော စုန်းမျိုးတို့လည်းပြထားသည်။ အမောက်တားမရှိ စက်ဝန်း (၄) ခု တည်ရှိသော စုန်းမျိုးမှာ -

၁။ ကဝေမည်သောစုန်းမျိုး၊
၂။ ရနီမည်သောစုန်းမျိုး၊
၃။ ရဝါမည်သောစုန်းမျိုး၊
၄။ ပိတ်သုမည်သောစုန်းမျိုး။

ဤလေးပါးသော စုန်းမျိုးတို့သည် တန်ခိုးအလွန်ကြီးကုန်၏။ ထို့ကြောင့် ထိုလေးမျိုးသော စုန်းအမည်တို့ကို ပယောဂဆရာသိမှသာလျှင် လွယ်ကူစွာပျောက်နိုင်ကင်းနိုင်အောင် ကုသနိုင်သည်ဆိုပါသည်။

တန်ခိုးကြွဗ္ဗိကြီးသော စုန်းမျိုးတို့မှာ -

ခဲဘူးစုန်း၊ စုန်းဘီလူး၊ မှော်နှာခေါင်းစုန်း၊ ပြန်ဟာစုန်း၊ နောက်တိုးစုန်း၊ ကျားစုန်းတို့ ဖြစ်သည်။

စုန်းကြီးလျှင် ကဝေဖြစ်သည်ဟုဆိုရာ ကဝေပြန်ကိုးပါးကိုလည်း ပြထားပြန်သည်။

၁။ မြင်းကဝေ၊
၂။ နတ်ကဝေ၊
၃။ ရက္ခိုက်ကဝေ၊
၄။ နရကဝေ၊
၅။ ဘီလူးကဝေ၊
၆။ နဂါးကဝေ၊
၇။ ဂဠုန်ကဝေ၊
၈။ ဆင်ကဝေ၊
၉။ ကျားကဝေ

တို့ ဖြစ်သည်ဟု ဖော်ပြထားပါသည်။

စုန်းမျိုးတို့ အပြားကိုပြခြင်းအခန်း၌ မှော်ဝင်စုန်း၊ စုန်းမှော်စုန်း၊ နတ်စုန်း၊ မှော်စုန်း၊ ဘီလူးစုန်း၊ သိုးမှော်စုန်း၊ မှော်ပါစုန်း၊ မှော်သိမ်းစုန်း၊ မှော်ဆင်စုန်းဟူ၍ (၉) ပါးကိုပြသည်။

ထို့ကြောင့် စာရေးသူတို့ မြန်မာများ၌လည်း ရှေးက ဤကဲ့သို့ စုန်းမျိုးအများအပြားရှိသည်ကို ပြဆိုထားရာ ထိုသို့သော စုန်းအတတ်ပညာများသည် ပုဂံခေတ်ကတည်းကရှိခဲ့သည့် အတတ်ပညာများလော သို့မဟုတ် အိန္ဒိယမှ ယူလာသည့် အတတ်ပညာများလော ဆိုသည်ကို သုတေသီများ ရှာဖွေကြရန် လိုပါသည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေပြောရဦးမှာတုံး၊ ဒါလောက်မေးမြန်းနေတာကြာလှပြီ။ ခုထိလည်း အားမရသေးဘူးလားဗျာ"

"မဟုတ်ပါဘူး၊ အားရပါတယ်။ ထပ်နားထောင်ချင်လို့ပါ"

ဘရှင် ဟူသော ကြာသပတေးနာမည်၏ 'ဆပ္ပတ်'သည် အင်္ဂါဖြစ်သောကြောင့် သူ့မျက်နှာအား မျက်စောင်းထိုးဟန် ခပ်စွေစွေကြည့်လိုက်ပြီး သရဏဂုံကို အကြိမ်ပေါင်းများစွာ စိတ်နှင့်ရွတ်နေလိုက်၏။

သုံးမိနစ်ခန့် တိတ်ဆိတ်သွား၏။

အနီးအနားတွင် ဘုရားဖူးတစ်ယောက်စနှစ်ယောက်စဖြတ်သွားရုံကလွဲပြီး ပတ်ဝန်းကျင်မှာလည်းငြိမ်သက်နေ၏။

ဤတစ်ကြိမ်တွင်တော့ ဘရှင်၏ အမူအရာမှာ တစ်မျိုးဖြစ်နေ၏။ ခပ်ထန်ထန်ပုံများ သိပ်မတွေ့ရတော့။ ကျွန်ုပ်၏ မဟုတ်မခံဆတ်ဆတ်ထိမခံပြန်ပြောတတ်သောစကားများကို နားထောင်ချင်နေပုံရ၏။ ကျွန်ုပ်သိထားသမျှဗဟုသုတလေးများကိုလည်း တကယ်သိချင်နေပုံရ၏။ မျက်နှာထားအရှိန်မှာ တဖြည်းဖြည်းနှင့် လျော့စပြုလာပြီ ဖြစ်၏။

"ဘာကိုနားထောင်ချင်ပြန်တာလဲ၊ ဘာတွေထပ်ပြောရဦးမလဲ ပြော။ ကျွန်တော်က ခုမှ ဟိုစပ်စပ်ဒီစပ်စပ် လေ့လာ လိုက်စားနေပါတယ်ဆိုတာ အဘကိုလည်းဝန်ခံပြီးသား၊ အဘရဲ့ တပည့်သားသမီးတွေလည်းသိပြီးသား။ မတတ်ဘဲနဲ့လည်းတတ်နေတဲ့ဂိုက်မျိုးနေတာမဟုတ်ဘူး"

"အဲလိုရယ်လို့မပြောပါဘူး။ ဒီလိုပါ၊ ကိုယ့်ညီကို တကယ်ကိုသဘောကျလွန်းလို့ပါ။ ကိုယ်အရမ်းသိချင်တာလေးပါ"

ကျွန်ုပ်၏မျက်လုံးတို့ အဘဆီသို့ ရောက်သွား၏။ အဘပြုံးနေပါသည်။ ပြုံးရုံမက ကျွန်ုပ်ကိုပါကြည့်နေ၏။ အဘ၏ မျက်လုံးတို့တွင် အဓိပ္ပာယ်ပါ၏။ ထိုအဓိပ္ပာယ်ကို အဘနှင့်ကျွန်ုပ်သာသိပါလိမ့်မည်။

"ကဲ - ဘာကိုသိချင်ပြန်တာလဲ"

"ဒီလိုပါ - ကိုယ်က အကြောင်းအရာလေးတစ်ခုကိုရေးမယ်။ ကိုယ့်ညီက အဲဒီအကြောင်းအရာဟာ ဘာကိုရေးထားလဲဆိုတာ. . . ဟိုဒင်း. . . ဟို. . . ပြောပြပေးဖို့ပါ၊ အဲဒါပါ"

"ဗျာ. . ."

ကျွန်ုပ် အတော့်ကိုအံ့ဩသွားပြီဖြစ်၏။

"ဟုတ်ပါတယ်၊ ကိုယ့်ညီထက်မြက်ပုံတွေကိုသဘောကျလွန်းလို့ပါ"

"ကျွန်တော်က အကြားတွေ အမြင်တွေရနေပါတယ်လို့ ဘယ်သူ့ကို ဘယ်တုံးကပြောခဲ့တယ်လို့ ခင်ဗျားကြားလဲ။ ဘာမှလဲမပြောရပါလား။ ကျွန်တော့်ကိုယ်ကျွန်တော် ဘိုးတော်လိုလည်းမနေမိပါလား။ ကျွန်တော့်မှာဘာခေါင်းစွဲမှလဲမရှိဘူး။ ဘယ်လိုဖြစ်လို့ အဲသလောက်ကြီး. . ."

ကျွန်ုပ်ပြောနေသည့်စကားများကို ဆုံးအောင်ပင်နားမထောင်၊ အဘဘက်သို့လှည့်၍ပြုံးနေ၏။ အဘကလည်း သူ့အား မသိမသာခေါင်းညိတ်ပြလိုက်သည်ကို ကျွန်ုပ် ဖျတ်ခနဲတွေ့လိုက်၏။ ဘာရယ်တော့မသိ၊ ဘရှင်၏အပြုံးသည် အဓိပ္ပာယ်ပေါင်းများစွာထွက်နေပြန်၏။ ဘာအဓိပ္ပာယ်မှန်းသာဝေခွဲမရပါ။ ကျွန်ုပ်ကိုသဘောကျနေပုံရသည်တော့အမှန်။

"လူလေး"

"ဗျာ - အဘ"

"လူလေးဟာ တစ်နေ့ ပညာရှင်ဖြစ်လာကောင်းဖြစ်လာလိမ့်မယ်။ ဒါကြောင့် အတွေ့အကြုံဆိုတာ ဒီလိုပဲယူရတယ်။ အဘတို့သင်ခဲ့ရတုန်းကလည်း ဒီလိုပဲ။ မှားတော့ကော ဘာဖြစ်လဲ၊ မှားတာတွေများလာမှ အမှန်ကိုမြင်လို့ရမှာပေါ့ လူလေးရဲ့။ လူလေးဟာ အဘရင်ခွင်ကိုရောက်လာတာ လတောင်ခို လာပြီ။ လူလေးအကြောင်းကို အဘသိတယ်။ လူလေးကို အဘယုံတယ်၊ ဘရှင်ကြီးပြောတာကို လူလေးတွေဝေမသွားပါနဲ့"

အဘသည် ကျွန်ုပ်အား အထက်ပါစကားတို့နှင့်နှစ်သိမ့်နေ၏။ ကျွန်ုပ်ကိုပြောနေသောအဘအသံမှာ တည်ငြိမ်နေ၏၊ ဘေးသမံတလင်းတွင်ချထားသော နဂါးဆေးပေါ့လိပ်တိုကိုလည်း အဘမကြာမကြာအကဲခတ်နေ၏။ တိမ်တစ်လုံးဘရှင်သည်လည်း အဘ၏ စကားလုံးများကို နားထောင်နေရင်း ကျွန်ုပ်ကိုကြည့်နေ၏။ ကြည့်နေသော်လည်း သူ၏အမူအရာ




www.burmeseclassic.com

www.burmeseclassic.com

ထို့မှာ ဘာမှမသိသူတစ်ယောက်ကဲ့သို့ ငြိမ်သက်အေးဆေးနေ၏။ သုံးယောက်အား ငါးမိနစ်ခန့်တိတ်ဆိတ်နေသော ကြောင့် စကားဝိုင်းလေးမှာ အသက်မဝင်ဖြစ်နေပြန်၏။ ကျွန်ုပ်လည်း ကျိုက္ကဆံစေတီတော်မြတ်ကြီး၏ ထီးတော်ဆီမှ အလွန်သာယာလှသော ခေါင်းလောင်းသံလေးများကို အာရုံပြု၍ငြိမ်နေလိုက်ပြီး သက်ပြင်းကိုမသိမသာချလိုက်ရင်း -

"ကဲ. . . နောင်ကြီး ဘာရေးချင်သို့လဲ၊ ရေးလေ။ ကျွန်တော်ပြောတော့ကြည့်မယ်။ တစ်ယောက်နဲ့တစ်ယောက် . . . အင်းလေ-ပြောကြည့်မယ်"

"ဒါဖြင့် ကိုယ့်ညီရော ကိုယ်ရော ထို့နှစ်ယောက် လေးစားတဲ့ ဦးစိန်ကို ကိုယ်တိုးတိုးပြောထားလိုက်မယ်။ စာနဲ့ ရေးမနေတော့ဘူး။ စာရွက်ရှာရ၊ ခဲတံရှာရဖြစ်နေဦးမယ်။ ဒီတိုင်းပဲ ပါးစပ်က ပြောလိုက်မယ်။ ကိုယ့်ညီပြောပြီးရင် ဦးစိန်က ဆုံးဖြတ်ပေးပါလိမ့်မယ်၊ ကိုယ့်ညီဖြေရမှာက ကိုယ်တိုးတိုးပြောလိုက်တဲ့ အကြောင်းအရာဟာ ဘာလဲ"

လုံးဝမထင်မှတ်ထားသောစကား ဖြစ်၏။ အံ့ဩလွန်း၍ တောင်ကြည့်မြောက်ကြည့်ပင် လိုက်ကြည့်နေမိ၏။ ကလေးတစ်ယောက်ကို အားအင်မမျှသူများက ဝိုင်းဗိုလ်ကျနေသည်ဟုပြောရန် စဉ်းစားလိုက်လျှင်လည်း ကျွန်ုပ်ကို အလွန်ချစ်သောအဘကိုယ်တိုင်ထိုင်နေပြန်၏။

ကျဉ်းပိတ်ကျပ်ပိတ်တော့ဖြစ်လာချေပြီ။

တစ်ခါက -

ဗဟိုဈေးမီးပွိုင့်အနီးရှိ လက်ဖက်ရည်ဆိုင်တွင် ဆရာသခင်နှင့်အတူထိုင်နေစဉ် ဆရာ့မိတ်ဆွေတစ်ဦး လာထိုင်စကားပြော၏။ ထိုသူသည် တောင်ပြောမြောက်ပြောပြောရင်း -

"မင်းက ကိုသန့်ဇင်တပည့်လေးဆိုကွ"

ဟုမေး၏။

ကျွန်ုပ်က -

"ဟုတ်တယ်"

ဟု ပြောလိုက်သောအခါ သူ့အကြည့်သည် ကျွန်ုပ်ကို မလောက်လေးမလောက်စားကောင်လေး ဟူသောပုံစံနှင့် ကြည့်၍ပြုံးနေ၏။ ဆရာက ဘာမှမပြော၊ နှုတ်ဆိတ်နေ၏။ ထိုသူသည် ကျွန်ုပ်ဆောင့်ကြွားကြွားဖြစ်နေသည်ဟု ထင်၍လား၊ တမင်မေးချင်၍လားမသိ-

"လောလောဆယ် ငါဘာဖြစ်နေလဲကွာ"

ဟူသော စကားကိုဆိုရင်း မေးတော့၏။

သူမေးချိန်မှာ စနေ့ာအခါဖြစ်ပြီး ထိုသို့ ကျဉ်းပိတ်ကျပ်ပိတ်အမေးခံလာရပါက ပြန်လည်ပြောဆိုနိုင်ရန် ဆရာသင်ထားသော ဓာတ်ဘက်ဂြိုဟ်တို့ကို ကျွန်ုပ်စဉ်းစားလိုက်ပြီး -



www.burmeseclassic.com

"ခင်ဗျား ငွေကြေးနဲ့ပတ်သက်တဲ့ ပြဿနာတွေဖြစ်နေတယ်။ ခင်ဗျားလက်ထဲမှာ ငွေမရှိဘူး။ ရှိတာတွေကုန်နေတယ်။ ဒါကြောင့် ခင်ဗျားဟာ တစ်နေရာရာသွားပြီး ငွေကြေးကိစ္စသွားပြောဖို့ ကြံနေတယ်"

ဟု ပြောထဲ့လိုက်တော့၏။

သူဝတ်ထားသောအရောင်မှာ အနီရောင်ဖြစ်ပြီး ခိုက်နေ၏။ ၎င်းအခိုက်ကို ကပ်ရက်ဗုဒ္ဓဟူးဂြိုဟ်က ပံ့ပိုးလိုက်သောကြောင့် ပြောအားပိုကောင်းသွားရခြင်း ဖြစ်ပါသည်။

ဆရာသည် ထိုသူအား သေချာကြည့်လိုက်ပြီး -

"အေး - မင်းပိုက်ဆံသွားလိမ်မှာကို ငါ့တပည့်လေးက မပြောချင်လို့ဟော့ရှင်းလား။ မင်းကိုကြားကောင်းအောင် ပြောလိုက်တာ"

"ဟာဗျာ - ကိုသန့်ဇင်ကလည်း၊ သူပြောတာတွေတော့ မှန်ပါတယ်ဗျ။ သွားတော့မလိမ်ပါဘူး။ အကျိုးအကြောင်းလေးပြောပြီး ငွေရနိုင်တဲ့ဘက်က ပေးရမယ့်ဘက်ကိုလှည့်ပေးမလို့ပါဗျ။ မလိမ်ပါဘူး"

"အေး - ဟကောင်၊ လိမ်တာက လိမ်တာပဲ။မင်းဘာမှဆင်ခြေပေးမနေနဲ့။ ထပ်ပြောရင် ထပ်အရှက်ကွဲသွားမယ်"

ဟု ပြောလိုက်မှ ပြုံး၍ငြိမ်သွားတော့၏။

"ဒီကောင် အာဂပါလားဗျ"

ဟု ကျွန်ုပ်ကိုမေးငေါ့ပြီးမေးရာ -

"အေး - ငါ့တပည့်တွေထဲမှာ ဒီကောင် အနုံဆုံးအချာဆုံးပဲ။ သူက အဲသလိုပဲ၊ သူမြင်တဲ့အတိုင်း တုတ်ထိုးအိုးပေါက်ပြောတတ်တာကလွဲရင် ဉာဏ်မရှိဘူး။ စကားမစီတတ်ဘူး။ ဒီကောင့်ကိုသင်ရင် နားရင်းရိုက်သင်ရတယ်။ ဒါပေမယ့် မင်းသိမှာပါ၊ အဆိပ်ရှိတယ်ဆိုတာ အကောင်သေးရင်လည်း အဆိပ်ရှိတာပဲ။ ထိရင်တော့ ပေါက်တတ်တာချည်းပဲ"

ထိုအတွေ့အကြုံသည် ကျွန်ုပ်အား ရဲဆေးတင်ပေးလိုက်သည်သို့နှယ့် ဖြစ်သွားတော့လေရာ ထိုနေ့မှစ၍ ဘာကိုမှဂရုမစိုက်တော့သော အားမာန်များနှင့်ပြည့်နှက်လာတော့၏။

ထူးဆန်းသည်မှာ ကိုယ့်ဟာကိုယ်သွားရင်းလာရင်း ထိုပညာခန်းကို လက်တွေ့စမ်းကြည့်ပါက အဖြေမှာ ကျေနပ်လောက်အောင်ထွက်မလာတော့။ မေးမှသာထွက်လာ၏။

"လူလေး၊ လူလေး"

"ဗျာ. . . ဗျာ အဘ"

"ဘရှင်ကြီးမေးနေတယ်လေ လူလေး"

"ဩော် - ဟုတ်ကဲ့ အဘ"

ကျွန်ုပ်၏ စကားဆုံးသည်နှင့် ဘရှင်သည် ကျွန်ုပ်ကိုကြည့်လိုက်ပြီး -

"ကိုယ်တိုးတိုးပြောလိုက်တဲ့ အကြောင်းအရာဟာ ဘာလဲ၊ အဲဒါလေးပါ"

ကျဉ်းပိတ်ကျပ်ပိတ်ဖြစ်ပြီဖြစ်၍ အခက်အခဲကြုံသည့်အခါ ထွက်ပေါက်များကို လမ်းပြသင်ကြားပေးလိုက်သော ကျွန်ုပ်၏ ဆရာသခင်အား စိတ်တွင်းမှ မှန်း၍ရှိခိုးလိုက်၏။ ထွက်ပေါက်တစ်ခုကို စတင်တိုးထွက်လိုက်ခြင်းလည်းဖြစ်ပါသည်။

ဆရာသည် အလွန်မှ အမြော်အမြင်ကြီးလှပါပေသည်။

အလွန်မှကြိုမြင်တတ်ပါပေသည်။

ကြိုမြင်၍ ကြိုသင်ပေးခဲ့သော ပညာရပ်များထဲမှ အင်္ဂဝိဇ္ဇာပညာရပ်တွင် 'ကြာသုံးခိုင်' ဟု ခေါ်သော ပညာခန်းသည် ကျွန်ုပ်၏ဦးခေါင်းထဲသို့ အလိုလိုရောက်လာပါတော့၏။

ကျွန်ုပ်သည် သောကြာအခါနှင့်တွဲ၍ တိုင်သုံးတိုင်ကိုစိတ်ထဲမှထူထားလိုက်၏။ ထိုတိုင်များမှာ 'သောင်-စ-လမ်း' ဟူသောလက်္ခနှင့်ထူရသည်ဖြစ်ရာ ဘရှင်ဟူသောနာမည်ပညတ်ကိုသာ အဓိကထားကြည့်လိုက်တော့၏။

ဘရှင်ဟူသောနာမည်ပညတ်သည် သောကြာအခါတွင်ခိုက်နေပြီး ကြာသပတေးနှင့်တန်းနေသောဂြိုဟ်တို့မှာ တနင်္လာ၊ အင်္ဂါများဖြစ်နေသည်ကို သတိထားမိရာက -

"ခင်ဗျားဟာ ငွေကြေးအခက်အခဲနဲ့ဆိုင်တဲ့ကိစ္စ၊ ခင်ဗျားအိမ်ထောင်ရေးနဲ့ဆိုင်တဲ့ကိစ္စကို အဘကိုပြောလိုက်တာလို့ ကျွန်တော်ပြောချင်ပါတယ်။ ဒါမှမဟုတ်ဘူးဆိုရင်တော့ ဒီပညာခန်းကို ကျွန်တော် သိပ်မပိုင်သေးလို့ဘဲမှတ်ပါ နောင်ကြီး။ ဟုတ်တယ်ဆိုရင်တော့ ခင်ဗျားကို ကျွန်တော်ပြန်မေးရလိမ့်မယ်။ ကျွန်တော့်အလှည့်ပေါ့ဗျာ။ ကဲ - ပြောလိုက်ရအောင်"

"ဦးစိန်၊ ပြောလိုက်ပါ"

ဘစိန်သည် အားရပါးရပြုံးလိုက်၏။ နေကောင်းပြီးခါစနောက်ပိုင်း အစားအသောက်လေးများ ပြန်မှန်လာ၍လားမသိ၊ ပါးဆုံလေးများပင်ထွက်ချင်နေ၏။

မျက်လုံးမှာ ဘရှင်ကိုစိုက်ကြည့်နေရင်းမှ ကျွန်ုပ်ဘက်သို့လှည့်လာပြီး -

"သွယ်ဝိုက်ယူရင်တော့ နီးစပ်ပါပေတယ် လူလေးရယ်။ သူပြောတဲ့စကားက သူ့မိန်းမကြောင့်တင်နေတဲ့အကြွေး ဘယ်တော့ကျေမလဲဆိုတဲ့ မေးခွန်းပါ။ လူလေးခုပြောလိုက်တာ ဘာပညာနဲ့ပြောလိုက်မှန်းတော့ အဘမသိဘူး။ ဘာပညာနဲ့ပဲပြောပြော လူလေးရဲ့ ဆက်စပ်တွေးယူပုံကို အဘအသိအမှတ်ပြုပါတယ်။ ဝမ်းလည်းသာတယ်"

ရင်တွေတလှပ်လှပ်ခုန်နေသည်ကို ဝန်ခံပါသည်။

သို့သော် တစ်ခွန်းချင်းပြောသွားသောအဘ၏စကားကိုနားထောင်နေရင်းမှ ဝမ်းသာသွားပြီး နှုတ်ခမ်းနှစ်ခုကိုတင်းနေအောင်စေ့ထားလိုက်ပြီး ပြုံးလိုက်၏။ ပြီးမှ တိမ်တစ်လုံးဘရှင်အားကြည့်လိုက်ပြီး ဘေးနားတွင်ချထားသည့်နဂါးဆေးပေါ့လိပ်ကို မီးညှိ၍ မီးခိုးများထောင်းထောင်းထအောင်ဖွာလိုက်၏။ ထိုမီးခိုးများနှင့်အတူ 'ဉုံ - ပုဒိအာ' ဟူသော ဗုဒ္ဓဘုရားရှင်၏ ဉာဏ်တော်(၃)ပါးကို အာရုံပြု၍ ရွတ်နေမိ၏။ ဘရှင်ကိုကြည့်ကာရွတ်နေခြင်း ဖြစ်ပါသည်။ နဂါးဆေးပေါ့လိပ်မှ မီးခိုးတို့သည် တိမ်တစ်လုံးဘရှင်ဆီသို့ ဖြတ်သန်းသွားပြီးမှ လွင့်ပြယ်သွားကြ၏။

ကျွန်ုပ် ဘာမပြောညာမပြော ဆေးပေါ့လိပ်ဖွာနေသည်ကို တိမ်တစ်လုံးဘရှင်ရော အဘပါ သေချာကြည့်နေကြ၏။

ဘရှင်သည် ချောင်းတစ်ချက်ဆိုးသွားလေရာ ခတ်ထိသွားပြီဟု စိတ်တွင်းမှဝမ်းသာသွားရင်း -

"ကဲ - နောင်ကြီး၊ ခင်ဗျားအလှည့်ပေါ့ဗျာ ဟုတ်လား။ ကျွန်တော့်အိတ်ထဲမှာ ကျပ်တန်ဘယ်နှရွက်၊ အကြွေဘယ်နှစေ့ပါလဲ ဖြေစမ်းဗျာ"

တိမ်တစ်လုံးဘရှင်၏ အမူအရာမှာ လမ်းလျှောက်သွားရင်း မြွေပွေးကိုဖျတ်ခနဲမြင်လိုက်သည်သို့နှယ် တွန့်ခနဲဖြစ်သွား၏။ အမူအရာချက်ချင်းပြောင်းသွားပြီး အဘကိုလှည့်ကြည့်ရင်း -

"ပြောပြီးပြီပဲ၊ ကိုယ်ကပြောတတ်တယ်လို့မပြောမိပါဘူး။ မင်းကိုသာ ကိုယ်မေးတာပါ"

စိတ်ကဖျဉ်းခနဲဖြစ်သွား၏။

"ကျွန်တော် ဖြေတာဟုတ်ရင် ခင်ဗျားကိုပြန်မေးမယ်လို့ပြောခဲ့ပြီးသားလေဗျာ။ ဘယ့်နှယ် - တစ်ဖက်သတ်ကြီး မေးချင်းတိုင်းမေး၊ ပြောချင်တိုင်းပြောလို့



www.burmeseclassic.com

www.burmeseclassic.com

ယ်ရမလဲ"

ကျွန်ုပ်၏စကားကို နားထောင်နေရင်းမှ အဘနှင့် တိမ်တစ်လုံးဘရှင်တို့သည် ကျွန်ုပ်ကို ကလေးငယ်လေးတစ်ယောက်ကဲ့သို့ကြည့်၍ ရယ်မောနေကြတော့၏။ အတော်ကြာအောင်ရယ်မောနေကြ၏။ စိတ်ထဲက 'အမယ် - ငါ့ကိုများလှောင်စရာမှတ်လို့။ ကြည့်ပါဦး၊ အဘတောင် ဒီလူလှောင်နေတာကိုကြည့်ပြီး ရယ်နေပါလား' ဟု ဝေခွဲမရတွေးမရနှင့် လူကတဆတ်ဆတ်ဖြစ်နေ၏။

"မဟုတ်ဘူး၊ မဟုတ်ဘူး ဖြေကိုဖြေရမယ်ဗျာ။ ကျွန်တော့်ကို ခင်ဗျားမေးခွန်းတိုင်းမေးပြီးပြီ။ ကျွန်တော်လည်းအားလုံးမှန်မှန်ဖြေခဲ့ပြီးပြီ။ ဒါမျိုးတော့ ဘာမလုပ်နဲ့ တစ်ဖက်သတ်ကြီး။ အခုခင်ဗျားအလှည့်၊ ခင်ဗျားဖြေရမယ်။ ခင်ဗျားကိုမေးမယ်။ ခင်ဗျားဖြေပြီးရင် ကြိုက်တာမေး၊ ကျွန်တော်ထပ်ဖြေမယ်။ ဲ - လုပ်ဗျာ၊ စလိုက်ကြရအောင်"

"ဦးစိန်၊ ခင်ဗျားချာတိတ်ကလေးစိတ်မကုန်သေးပါလားဗျ"

"ဘာမှစကားလမ်းကြောင်းပြောင်းမနေနဲ့ ဦးဘရှင်။ ခင်ဗျားဖြေမလား၊ မဖြေဘူးလားပြော။ ဒါပဲပြော. . ."

"လူလေး"

ကျွန်ုပ် မထူးပါ။ အဘမျက်နှာကိုသာ ကြည့်လိုက်၏။

အဘသည် ကျွန်ုပ်ကို တည်ငြိမ်အေးဆေးစွာနှင့် စိုက်ကြည့်နေပြီး -

"လူလေး၊ ဟိုးအရင်က ကျောက်တော်ထိုင်ဘုရားလမ်းမှာ အဘဆုံးမခဲ့ဖူးတာမေ့သွားပြီလား။ တစ်လောလေးကပဲ လူလေးကို နားထောင်သင့်တာလေးတွေ အဘပြောခဲ့သေးတယ်လေ။ သူများအတ္တကိုခံယူပြီး သူများလေးစားအောင်နေရမယ်ဆိုတာလေ။ အခု လူလေးအမူအရာက လူမိုက်ကြီးလိုဖြစ်နေပါရောလား။ ဘရှင်က လူလေးထက် အများကြီး အသက်ကြီးတယ်ဆိုတာ သတိမထားမိတော့ဘူးလား။ ဘာပြောတုန်း ဘာလုပ်တာ လူလေး မိတ်ဆွေတွေနဲ့လေ"

ကျွန်ုပ်သည် အဘ၏ စကားကို နားထောင်နေပါ၏။ သို့သော် အဘ၏ စကားတို့သည် ကျွန်ုပ်၏နားနားသို့ ရောက်ခါနီးမှ ဘုရားကြီး၏ ရင်ပြင်တော်ပေါ်တွင်တိုက်နေသော၊ ဝေ့နေသော လေညင်းလေးများနှင့်အတူ လွင့်သွားကြသလား အောက်မေ့နေမိ၏။

ခေါင်းကိုတော့ သတိထားပြီး ညိတ်ပြလိုက်ပါသည်။

လူမှာ ထိန်းမနိုင်သိမ်းမရ ဆိုးဆိုးဆတ်ဆတ်ဖြစ်နေသောကြောင့် ကျိုက္ကဆံစေတီတော်မြတ်ကြီး၏ ထီးတော်ဆီသို့ မော့ကြည့်၍ အာရုံပြောင်းထားလိုက်ရပါတော့သည်။

"အင်း - ဆေး. . . ဆေး. . . ဒါဘာမှမဟုတ်ဘူး၊ မထိန်းနိုင်မသိမ်းနိုင်တဲ့ အရွယ်မှာ ဆေးတွေလျှောက်ထိုးတဲ့ အကျိုးပဲ။ ဒီလိုကွ ဘရှင်ရဲ့၊ လူလေးဟာ တစ်ကိုယ်လုံးဆေးချည်းပဲ။ ပိုဆိုးနေတာက သူ့ပေါင်က 'ကျားခါးပြတ်'ပဲ။ အဲဒီကျားခါးပြတ်ကို သင်္ကြန်အတက်နေ့မှာ ထိုးခဲ့တယ်တဲ့လေ။ ကြည့်စမ်း၊ ဘယ်လောက်မိုက်လဲ။ ကျားစိတ်ဝင်ချင်တာပေါ့ကွာ။ မိုက်ချင်ကြမ်းချင်တာပေါ့"

အဘ၏စကားကို နားထောင်နေရင်းမှ ခပ်လှမ်းလှမ်းရှိ သစ်ပင်စိမ်းစိမ်းများကိုကြည့်ရင်း ကျားဆေးကြောင့် ကျားစိတ်ဝင်ခဲ့ပုံများ မျက်လုံးထဲတွင် အစီအရီပြန်ပေါ်လာလေတော့၏။

❑

ကျားခါးပြတ်ကို သင်္ကြန်အတက်နေ့တွင် သိုင်းပညာရှင်ဆရာကြီးဦးသွင်ကိုယ်တိုင်ကြီးကြပ်၍ သိုင်းပညာရှင်ကြီးဘကြီးမျှင်ကိုယ်တိုင်ထိုးပေးခဲ့ခြင်းဖြစ်ပါသည်။ လူလေး၊ငါးယောက်ဝိုင်းချုပ်ထားရသည့်ကြားမှ ကိုက်ထားသော ကွမ်းသီးပင် ကြေမွသွား၏။ ဆေးထိုးပြီးသည်နှင့် သွေးပူအောင် နားရင်းရိုက်ပြီး မှိန်းနှင့်လှမ်းထိုးလိုက်ရာ ထုံခနဲဖြစ်သွား၏။ လူမှာ ပူထူသွားသောအခါ ဘကြီးမျှင်သည် ထရုံမှ ငှက်ကြီးတောင်ဓားနှင့်ခုတ်လေရာ ထုံခနဲဖြစ်သွားပြန်၏။ ကျားခါးပြတ်မှာ 'ပြီး' နေပြီမှန်းသိ၍ လူမှာထိန်းမနိုင်သိမ်းမရဖြစ်ဖြစ်လာ၏။ ကျွန်ုပ်ကို ထိုးပေးသော ကျားခါးပြတ်သည် ဆေးထိုးနေရင်းနှင့်ပင် စုတ်မပေါက်တော့ကြောင်း သူငယ်ချင်းများက ပြန်ပြောပြ၏။

ကရာတေးကစားဖော်ကစားဖက် သူငယ်ချင်းများကို အားပါပါနှင့်ကန်မိလိုက်သည့်အခါ ကန်ချက်ထိသွားသော ကစားဖော်များဆိုလျှင် နှာနှပ်ယူရသည့် အထိဖြစ်ကုန်၏။ အခြားပညာရပ်များ အခြားသူများနှင့် ချိန်းပွဲများကစားတိုင်း ကျွန်ုပ်၏ခြေကန်ချက်ဒဏ်ကို မရှုမလှခံကြရသည်ချည်းဖြစ်၏။ အားနည်းသော နေရာများ၊ နုနယ်သောနေရာများ၊ အရိုးအဆစ်များကိုကန်ခြင်းမဟုတ်ပေ။ တစ်ကိုယ်လုံးနေရာအနှံ့ကိုတဗုန်းဗုန်းနှင့် လိမ့်ကန်ရင်း တစ်ဖက်သားခွေကျသွားသည်ကများ၏။

လက်သီးနှင့်ထိုးရမည်ကို လက်သီးနှင့်မထိုး။ လက်က 'ကျားပုတ်'လက်သိုမျိုးနှင့် တစ်ဖက်သားကို လှမ်းကုတ်တတ်ဖွဲ့တတ်၏။ ကုတ်မိသူများမှာလည်း မျက်နှာသွေးအလိမ်းလိမ်းဖြစ်ရ၏။

စိတ်တိုလာပြီဆိုလျှင် အိမ်ရှေ့တဗာဒံပင်အား ခေါင်းနှင့်ပြေးဆောင့်၏။ တစ်ခါတစ်ခါ အိမ်နားတွင် အိမ်ပြင်ရန်၊ အိမ်ဆောက်ရန် အုတ်ပုံများပုံထားလျှင် ထိုအုတ်ပုံကြီးကို ခေါင်းနှင့်ပြေးဆောင့်ဖြစ်၏။ လူမှာ ဘာမှမဖြစ်။

ဗောင်းဆောင်းဘွဲ့ရ ဆရာကျော်ထံတွင် (၃၇) မင်းပညာများ အနီးကပ်လေ့လာသင်ယူစဉ်က ကျားဝင်သည်ကိုမကြာခဏကြုံရ၏။ ကျားဝင်ပြီဟေ့ဆိုသည်နှင့် ဘေးမှကြည့်နေကြသူများပင် ငြာသံပေးပြီး 'ကျားဟေ့ကျား ကိုယ်တော်ကြီးကျားကွ - ကျားဟေ့ကျား - ကိုယ်တော်လေးကျားကွ - ကျားဟေ့ကျား အမေကြီးကျားကွ' ဟူသော အသံများနှင့် ယဉ်ပါးခဲ့ရ၏။

နတ်ကနားစီးများအသိုင်းအဝိုင်းတွင် 'ဗောင်းဆောင်းဘွဲ့ရဆရာကျော်'ဟုဆိုလျှင် မသိသူမရှိ။ ဆံပင်ကကောက်ကောက်နှင့် ကျားဝင်လာပြီဆိုလျှင် သူ့ပုံစံမှာ အတော်ပြောင်းသွား၏။ မျက်လုံးကြီးများမှာပြူးလွန်း၍ ကျွတ်ထွက်ထာမလားဟုပင်ထင်ရ၏။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်း လေးဖက်ကြီးထောက်၍ ကနားမဏ္ဍပ်အတွင်းသွားလာနေလျှင် လူတွေက ဝိုင်းအော်၍ကောင်းချီးပေးကြ၏။

ကန်တော့ပွဲအတွင်းမှ အုန်းသီးကို လက်နှင့်ယူ၍ ပါးစပ်နှင့်ကိုက်ခွာလိုက်လျှင် အုန်းသီးစိမ်းကြီးတစ်လုံးလုံး မိနစ်အနည်းငယ်နှင့်ပြောင်စင်သွားပြီး လုံးချောဖြစ်သွား၏။ ကျန်သောအလုံးကိုစုံကိုင်၍ မြေမှာပေါက်ခွဲလိုက်လျှင် ပွဲပြီးသွားတော့၏။ ကျွန်ုပ် အလွန်အံ့သြသည်မှာ သူ၏သွားများဖြစ်ပါသည်။ အုန်းသီးတစ်လုံးလုံးကို ပြောင်စင်အောင်ကိုက်နိုင်သော သူ၏သွားများမှာ သာမန်သူလိုကိုယ်လိုသွားလေးများသာဖြစ်ပါသည်။ ပို၍ခိုင်ခံ့ခြင်း၊ ပို၍ကြီးမားခြင်းမရှိပါ။

သို့သော် ကျားစိတ်ဝင်လာပြီဆိုသည်နှင့် အုန်းသီးစိမ်းတစ်လုံးလုံးကိုသာသာလေးကိုက်ဖြတ်နိုင်ခြင်းမှာ ယုံနိုင်စရာပင်မရှိပေ။ သူ့တွင် မွေးစားသားကိုမောင်မောင်ရှိ၏။ ဆရာကျော် ကျားဝင်ပြီဆိုလျှင် ကိုမောင်မောင်က ဘေး



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေရင်းကြည့်နေရင်း၊ တဆတ်ဆတ်တုန်ရင်း သူပါကျားဝင်လာတတ်၏။ သူကျားဝင်လျှင် ဘေးမှလူများက သူ့ခါးကို ပဝါနီချည်ပေးရ၏။ ပစ်လိုက်သည့်ကျွမ်းမှာ မနည်းတားယူရ၏။ ကိုမောင်မောင်သည် ကျွမ်းပစ်တတ်သူမဟုတ်ပါ။အလွန်ရှက်တတ်သူဖြစ်၏။ ပူးလည်းမပူးတတ်ပါ။ ကျားဝင်လာလျှင်ပစ်သည့်ကျွမ်းမှာ ကြောက်ခမန်းလိလိပင်ဖြစ်ပြီး အလွန်ကြည့်ကောင်းလှ၏။ ဗိန်းမောင်းရိုက်သံနှင့် ကိုမောင်မောင် ကျားဝင်၍ကျွမ်းပစ်ခြင်းတို့ကြောင့် ဆရာကျော့်ကနားပွဲဆိုလျှင် ပရိသတ်ကြောက်ခမန်းလိလိများပြားလှ၏။ ကားလမ်းပေါ်အထိ လူတွေရောက်နေတတ်၏။ ကျားဝင်လာပြီဆိုလျှင် စည်းချက်ဝါးချက်ညီအောင်လေးဖက်ထောက်ရက်မှ ယိမ်းထိုးကတတ်သော ကိုမောင်မောင်ကို ပရိသတ်များကကောင်းချီးပေးကြ၏။ ငွေများဖွေးနေအောင်ပေးကြ၏။ ကိုမောင်မောင်က ဘာမှမသိပါ။ ၎င်းကျားကို မနည်းထုတ်ရ၏။

ကျားစိတ်သည် အလွန်ထူးဆန်းလှ၏။

ကနားကိုကြည့်ရင်း အသက်(၁၆)နှစ်အရွယ် မိန်းကလေးတစ်ဦး ကျားစိတ်ပေါက်၍ မဏ္ဍပ်တွင်းကျွမ်းပစ်ဝင်သွားသည်ကိုလည်းမြင်ဖူး၏။ ထိုမိန်းကလေးမှာ ဘာအတွေ့အကြုံမှမရှိ၊ သူ့အား ခါးကို ပဝါများနှင့် ဝိုင်းချည်ပေးကြရ၏။ ကလိုက်သည်မှာ စည်းချက်ဝါးချက်ညီလှ၏။ ကျားထွက်သွားပြီးသည်နှင့် သူ့ခမျာ ရှက်၍ငိုလိုက်သည်မှာ ချော့၍ပင်တော်တော်နှင့်မရ။

ကျားစိတ်၏သတ္တိကို ဆိုလိုခြင်းဖြစ်ပါသည်။

တစ်ခါက -

နယ်တစ်နယ်သို့ ခရီးထွက်ခဲ့ရာ လှည်းနှင့်သွားရသောရွာတစ်ရွာတွင်ဖြစ်၏။ လမ်းချိုးကွေ့တစ်နေရာအရောက် အရက်အလွန်မူးနေသောလူသုံးယောက် လှည်းရှေ့ကပိတ်ရပ်ပြီး လှည်းကိုတား၏။ လှည်းမောင်းသူက တောင်းတောင်းပန်ပန်ပြောနေသော်လည်း လမ်းမဖယ်။ လှည်းပေါ်တွင် ကျန်းမာရေးအနည်းငယ်ချို့ယွင်းသောကြီးတော်ကြီးတစ်ယောက်ပါလာ၏။ ကျွန်ုပ်လည်း အခြေအနေကိုကြည့်နေရင်းနှင့် လှည်းဆရာနည်းတူဝိုင်းတောင်းပန်ရန် စဉ်းစားနေရင်း ဘာဖြစ်သွားမှန်းမသိ ခုန်ချင်စိတ်တအားပေါက်လာပြီးခုန်လိုက်ရာ လှည်းဦးထိပ်ဆီသို့ ဝုန်းခနဲရောက်သွားတော့၏။ မြေပြင်ပေါ်ကျသော်လည်း ချက်ချင်းကုန်းထလိုက်သည်နှင့် နွားများ အလန့်တကြားတရှူးရှူးဖြစ်ကုန်ကြပြီး လှည်းဆရာမနည်းထိန်းရ၏။

အမူးသမားသုံးယောက်မှာ ပစ်လဲသူကလဲ၊ တစ်ယောက်နှင့်တစ်ယောက်ဆွဲထူသူကထူနှင့် ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် နီးရာလူတစ်ယောက်ကိုလှမ်းပုတ်လိုက်မိရက်သားဖြစ်သွား၏။ ထိုသူသည် အသံနက်ကြီးနှင့် စူးစူးဝါးဝါးအော်ရင်း သွေးချင်းချင်းနီသွားသောမျက်နှာကိုလက်နှစ်ဖက်နှင့်ဖိအုပ်၍ဒုန်းစိုင်းပြေးလေတော့၏။ ကျန်သော နှစ်ယောက်ပါ ကြက်ပျောက်ငှက်ပျောက်ပျောက်သွားတော့၏။ လှည်းဆရာသည် နွားများကို မနည်းထိန်းနေရ၏။ နွားများမှာနှာတရှူးရှူးမှုတ်၍ အတင်းကိုရုန်းကန်လှည့်ပြေးရန်ပြုလုပ်နေသောကြောင့် လှည်းမှာ ဆောက်တည်ရာမရ။ ကြီးတော်ကြီးကပါ ငယ်သံပါအောင်အော်ရင်း နွားများကိုချော့နေ၏။

ကျွန်ုပ်လည်း လှည်းဆရာဖြစ်နေပုံကိုကြည့်ရင်း စိတ်တွေတဖြည်းဖြည်းငြိမ်လာပြီး နွားများကိုလှမ်းကြည့်နေမိ၏။ ကြီးတော်ကြီးကိုစိတ်ပူသွားပြန်၏။ ကြည့်ရင်းကြည့်ရင်း နွားများတဖြည်းဖြည်းငြိမ်စပြုလာပြီး လှည်းဆရာလှမ်းခေါ်သောကြောင့် လှည်းနားသွားမည်အပြု ဘယ်ဘက်လှည်းလမ်းကြောင်းလေးထဲမှ လူတစ်ယောက်ထွက်လာပြီး အသံပြု၏။ ထိုရွာကဖြစ်မည်ထင်၏။

ထိုလူသည် ကျွန်ုပ်ကို သေချာကြည့်နေပြီး -

"မင်းတအားခုန်လိုက်တာနော်"

"ကျွန်တော်မသိဘူး"

"အဲဒီကောင်တွေက တစ်ကျပ်ရရ နှစ်ကျပ်ရရ မိုက်ကြေးခွဲနေကြတဲ့ကောင်တွေက သတ္တိရှိလို့မဟုတ်ဘူး၊ အရက်ဖိုးတောင်းတာ၊ ပေတေတေကတ်တတ်တတ်နဲ့ လူတွေစိတ်ညစ်ရတာပေါ့ကွာ"

"အဲဒါလည်း ကျွန်တော်မသိဘူး"

"အေး - မင့်ကြည့်ရတာတစ်မျိုးပဲ။ မင့်ကိုကြည့်ပြီးနွားတွေတဝုန်းဝုန်းလန့်နေတာ-ဦးလေးမြင်တယ်။ ဦးလေးကြည့်နေတာ"

"ကျွန်တော်မသိဘူး"

"မင်း. . . တစ်မျိုးပဲ။ မင်းကြည့်ရတာလည်း ကြောင်တောင်တောင်နဲ့၊ မသိဘူးဆိုတော့ ငါလည်းဘာပြောရမှန်းမသိတော့ဘူး။ ဒီကောင်တွေကတော့ တော်တော်လန့်သွားကြပုံပဲ။ ပြေးလိုက်ကြတာမှ ပုဆိုးတောင်မနိုင်ဘူး မင်း. . . . လှည်းဦးထိခုန်လိုက်တာမှ ကတဲ. . ."

"ကျွန်တော်မသိဘူး"

ကျွန်ုပ်လည်း ထိုစကားကိုသာ ပြောရင်း လှည်းပေါ်ပြန်တက်ထိုင်လိုက်၏။ လှည်းသမားသည် ကျွန်ုပ်ကို အလွန်ထူးဆန်းသော သတ္တဝါတစ်ကောင်ကို ကြည့်သလိုကြည့်နေ၏။ စကားပင်မပြော။

"လူလေးကြီး၊ ဘယ်လိုဖြစ်သွားတာလဲ"

"မသိဘူး ကြီးတော်"

စကားလည်းပြော၊ လှည်းလည်းစထွက်ရာ စောစောကလူသည် ကျွန်ုပ်ကို မျက်တောင်ပင်မခတ် တအံ့တဩကြည့်ရင်း ကျန်ရစ်ခဲ့တော့၏။

တစ်ခါကလည်း -

နယ်မြို့လေးတစ်မြို့တွင် ကရာတေးသွားသင်ရင်း နပန်းလုံးအလွန်ကောင်းသူနှင့် စကားလက်ဆုံကျဖြစ်၏။

တစ်ရက်ကနှစ်ရက်ဖြစ်လာသောအခါ -

သူ၏နပန်းလုံးချက်ကိုခံနိုင်သူမရှိကြောင်း၊ သူနှင့်တွေ့သူတိုင်း အရှုံးပေးရကြောင်း လာပြော၏။ ကျွန်ုပ်က ရယ်ပြီးနားထောင်နေပါသည်။ သို့သော် ထပ်ထပ်ပြောလာပြီး နောက်ဆုံး ကျွန်ုပ်အား -

"ဘယ့်နှယ် - ဒီက ခါလာတေးဆရာကကော ကိုယ်နဲ့တွေ့ရင်ခံနိုင်ပါ့မလား"

ဟု ပြုံးထေ့ထေ့နှင့်မေးလာ၏။

ကျွန်ုပ် အံ့ဩသွား၏။ ဤသို့မေးမည်မှန်း လုံးဝမထင်ခဲ့ပါ။ ဘာပြန်ပြောရမှန်းပင်မသိလောက်အောင်ဖြစ်သွားပြီး အနားတွင်ထိုင်နေကြသော ကရာတေးတပည့်လေး၊ ငါးဦးအားလှည့်ကြည့်ရင်း ပြုံးပြလိုက်မိ၏။ ပြုံးသာပြလိုက်မိသော်လည်း မျက်နှာမှာ ထူအမ်းအမ်းနှင့် ပုရွက်ဆိတ်များတက်လာသလို တဖျင်းဖျင်းဖြစ်လာ၏။

စိတ်ထဲတွင် 'အင်း - ငါငြိမ်နေလိုက်ရင် ငါ့ကိုအားကိုးပြီးပညာသင်ကြတဲ့ ငါ့တပည့်လေးတွေ မျက်နှာငယ်ရှာရော့မည်။ ဦးကျိုးသွားတော့မည်။ ငါသူတို့ရှေ့က ရဲရဲရင်ဆိုင်မည်။ ငါ့ကိုသင်ပေးခဲ့ကြသော ငါ့ဆရာများရဲ့ သိက္ခာလည်း ငါဆယ်မည်' ဟု အမျိုးမျိုးတွေးရင်း -



www.burmeseclassic.com

www.burmeseclassic.com

"ရတယ်လေ - ခံနိုင်လား၊ မခံနိုင်လားဆိုတာကတော့ ကစားကြည့်မှသိမှာပေါ့"

ဟု ပြောလိုက်ပြီး မတ်တတ်ရပ်လိုက်၏။

သူကလည်း မတ်တတ်ရပ်လိုက်ပြီး ကျွန်ုပ်ကို လက်ဆွဲနှုတ်ဆက်၏။ သူ့ဘေးနားတွင်ထိုင်နေကြသော သူလူလေး ငါးဦးကလည်း ပြုံးပြကြ၏။ ကျွန်ုပ်အိမ်တွင်သင့်နေကြသူများမှာလည်း သူတို့နှင့်ရင်းနှီးကွက်သားများသာဖြစ်၏။ ကျွန်ုပ်သာလျှင် တစ်နယ်ရပ်ခြားမှ သူစိမ်း။

"စပြီ"

"ဗုန်း"

"အင့်"

"ဂျုံး"

"ဗုန်း"

"ဝုန်း"

ကျွန်ုပ်ထံသို့ လက်ကြီးနှစ်ဖက်ထားပြီးပြေးအလာ ရင်ညွန့်ကို ဆတ်ခနဲ ဆောင့်ကန်လိုက်ခြင်း ဖြစ်၏။ နပန်းသမားသည် အင့်ခနဲအော်ပြီး နောက်သို့ လေး ငါးလှမ်းဆုတ်သွား၏။ နောက်ထပ်လေးမှတ်ထုတ်ပြီးပြေးဝင်အလာ ကျွန်ုပ်က ဘယ်ဘက်သို့ဆတ်ခနဲခြေလှမ်းထွက်လိုက်ပြီး ညာခြေနှင့် သူ၏ရင်ညွန့်ဆီသို့ 'ဓာဝါးရှိ' ဟု ခေါ်သော ဝိုက်ကန်ချက်ဖြင့်ပတ်ကန်လိုက်၏။ နပန်းသမားမြေပြင်ပေါ်သို့ ပစ်လဲကျသွားပါတော့သည်။

သူသည် ကုန်းထဟန်ပြင်လိုက်ပြီး ခေါင်းတုန်းရက်နှင့် ကျွန်ုပ်၏ခါးအား ပြေးဆော်ပြီး ဝင်လုံးပါတော့သည်။ ကျွန်ုပ်သည်း အငိုက်မိ၍ယိုင်သွားသော်လည်း သူ့ခြေများကို ခြေကလိမ်ချိတ်ထားလိုက်၏။ သူလည်းမြောက်မရတော့၍ သူ့အားလည်း ဆောင့်တိုက်ရန် မဖြစ်နိုင်တော့။ မျက်နှာကိုလှမ်းထိုးရန်မှာလည်း လက်ကသူတို့ပြန်ဖက်ထားပြီး မလဲအောင်ထိန်းနေရ၍ ထိုးမရ။

"ဗုန်း"

နှစ်ယောက်သား မြေပြင်ပေါ်သို့ ပစ်လဲကျသွားပါတော့သည်။ ကျွန်ုပ်အနမ်းမလုံးတတ်ပါ။ သူ၏ ဖိအားကြီးအောက်တွင် လူးလှိမ့်နေရ၏။ ကစားနည်းတစားရင်း၊ နှစ်ယောက်သားလုံးရင်းနှင့် ကျွန်ုပ်၏နားများအူလာပြီး မျက်လုံးများပြာလာ၏။ ခေါင်းတစ်ခုလုံး မီးနှင့်ထစ်သလိုပူလာသည်ကို သတိထားမိလိုက်သည့်ခဏ -

"ဟာ"

"တော်ပြီ၊ တော်ပြီ"

"ဟာ - သွေးတွေ သွေးတွေ"

အလွန်ဝေးသော ခပ်လှမ်းလှမ်းမှ ကြားနေရသည်သို့နှယ် အသံများမှာ တိုးတိုးလေးဖြစ်နေ၏။ အော်သံဟစ်သံများမှန်းတော့သိ၏။

"ဗွမ်း"

"ပက်ဟ"

"ဗွမ်း"

ရေများထိလာပြီဖြစ်၍ ပတ်ဝန်းကျင်ကို တဖြည်းဖြည်း သတိထားမိလာတော့၏။

"ဆရာ၊ ဆရာ"

"ကလေး၊ ဟေ့ - ကလေး၊ ဒီမှာကြည့်စမ်း၊ ဟေ့ - ကလေး"

အသားညိုညိုနှင့် လူကြီးတစ်ယောက်မျက်နှာ ဦးဆုံးပေါ်လာ၏။ သူက ကျွန်ုပ်၏မျက်နှာကိုကိုင်လှုပ်၍မေးနေခြင်းဖြစ်၏။ ဘေးနားတွင် ကျွန်ုပ်၏ကရာတေးတပည့်များက ရပ်ကြည့်နေကြပြီး ဝိုင်းခေါ်နေကြ၏။ ကြည့်ရင်းနှင့် နပန်းသမား၏လူများပါ ရပ်ကြည့်နေကြသည်ကို သတိထားမိလိုက်ပြီး ကုန်းထလိုက်၏။

"သတိထား - ကလေး၊ သတိထား"

အသားညိုညိုလူကြီးကထပ်ပြောရင်း ပခုံးကိုဖက်ထား၏။

"ကျွန်တော် ဘာလို့ရေတွေရွှဲနေတာလဲ"

"လူလေးတို့၊ ကလေးကိုပြောပြလိုက်လေကွယ်"

ကျွန်ုပ်၏တပည့်တစ်ဦးအနားကပ်ပြီး -

"ဆရာနဲ့ ကိုအေးကြီးနဲ့ နပန်းလုံးနေတာ အကောင်းသားလုံးနေရင်းက ဆရာဘာဖြစ်သွားလဲမသိဘူး၊ အောက်ကနေ တအားအော်ပြီး ကိုအေးကြီးမျက်နှာကို ကုတ်ထဲ့လိုက်တာ"

"ဟေ - ဟုတ်လား"

သူ့စကားကိုနားထောင်ရင်း ညာလက်ချောင်းများကိုကြည့်လိုက်မိ၏။

"ကိုအေးကြီး အရှောင်မြန်လို့ပေါ့။ နို့မို့ မျက်လုံးနှစ်လုံးလုံးပေါက်ထွက်သွားနိုင်တယ်"

"ဟုတ်လား"

"ဟုတ်တယ် ဆရာ၊ ကိုအေးကြီးက မျက်နှာဆတ်ခနဲလှည့်လိုက်တော့ နားထင်နဲ့နားရွက်နည်းနည်းပဲ့ထွက်သွားတယ်"

"ဟာ - ကိုအေးကြီးရော"

"အိမ်ထဲမှာ အနာတွေကို အမဲဆီတွေသွားသုတ်နေတယ်"

"ဟာ - အားနာလိုက်တာ၊ ငါကရေတွေ. . ."

"ဟုတ်တယ် - ဆရာအဲဒီလိုကုတ်ပြီးကုန်းထတာ ဆရာ့အော်သံကြီးကတစ်မျိုးကြီးပဲ။ ကိုအေးကြီးလည်းကြောင်သွားပြီးနောက်ဆုတ်သွားတာပေါ့။ ဆရာ့နားမကပ်ရဲတော့ဘူး။ သူလည်းအံ့သြပြီးကြည့်နေတာ။ ဆရာကဘယ်လိုမှထိန်းလို့မရဘူး။ အကျယ်ကြီးအော်ပြီး ကိုအေးကြီးကိုလိုက်တာ သဲသဲမဲမဲပဲ။ အဲဒီမှာ ဦးလေးကျော်ခင်က ပြေးထွက်လာပြီး 'ဟာ - ဒါတစ်ခုခုဝင်နေတာကွ။ မှုမမှန်ဘူး' ဆိုပြီး ရေတွေနဲ့ဝိုင်းပက်ခိုင်းလို့ ကျွန်တော်တို့ ဝိုင်းပက်လိုက်ရတာ ဆရာ။ ရေတဗွမ်းဗွမ်းနဲ့မှ ဆရာလဲကျသွားပြီး ခုလိုပြန်ပုံမှန်ဖြစ်သွားတာ"

"ဩော် - ဒီလိုကိုး၊ ကိုအေးကြီးဆီသွားမယ်ကွာ"

ပြောပြောဆိုဆိုနှင့် ဦးလေးကျော်ခင်တို့အိမ်အောက်သို့ အပြေးဝင်သွားလိုက်ရာ ကိုအေးကြီးထိုင်နေသည်နှင့်တိုး၏။

"ဟာ - ခါလာတေးဆရာ၊ ဘာကြီးလဲမသိဘူး။ ကစားတာကြီးကကြမ်းတယ်။ အားကစားက ဒီလိုမှမဟုတ်တာ"

"ကျွန်တော် တောင်းပန်ပါတယ် ကိုအေးကြီးကို"

"ရတယ် ရတယ်၊ ကျွန်တော်တောင်လန့်သွားတယ်"

ကျွန်ုပ် စိတ်မကောင်းပါ။ ကျားခါးပြတ်စိတ်ဝင်သွားပြီမှန်းသိလိုက်ပါသည်။ ကျားစိတ်ဝင်လာလျှင် ဘာမှမသိတော့။ ရှေ့မြင်ကွင်းထဲမှ တွေ့သမျှကို ခေါင်းနှင့်ပြေးဆောင့်ချင်စိတ်၊ ကုတ်ချင်ဖွဲ့ချင်ကိုက်ချင်စိတ်တွေသာဖြစ်လာ၏။ ဤစိတ်သည် ယခုလိုအားကစားခြင်း၌ အနှောင့်အယှက်ဖြစ်ရတော့၏။

❑

"မင်းကိုဘယ်သူဗိုလ်ကျလိုက်တာလဲ"

"ကိုမောင်ကံ့ညီပဲ ဆရာ"

"ဘယ်သူလဲ ကိုမောင့်ကံဆိုတာ"

"ဟိုတစ်လောကလေ မြို့လယ်ချောင်းနားမှာသွားကစားတော့ သူတို့လာကြည့်တယ်လေ၊ လေးယောက်လေ။ ဆရာ့ကိုတောင် စကားတွေဘာတွေလာပြောကြသေးတယ်"

"ဩော်-အေး၊ သူတို့တွေအေးပါတယ်ကွ"

www.burmeseclassic.com

"အေးတော့အေးတယ်၊ ကျွန်တော်တို့နဲ့ကျတော့ ဒီလိုပဲစနောက်နေကြတာ ရန်ဖြစ်လိုက်ပြန်တည့်လိုက်ပဲ။ အဲဒီမှာ ဆိတ်သိုးဆိုတဲ့ကောင်ပါတယ်။ ဆရာ သတိထားမိလား။ ထန်းခမောက်ဆောင်းထားတာ"

"ဪ - အင်း၊ အမှုမဲ့အမှတ်မဲ့ပဲ ပြောပါဦး"

"အဲဒီ ဆိတ်သိုးပဲ ဆရာ၊ ကျွန်တော့်ကိုဗိုလ်ကျတာ"

"ဘယ်လိုဗိုလ်ကျတာလဲ"

"မင်းတို့ ခါလာတေးက ငါ့လက်သီးကိုရှောင်နိုင်လားဆိုပြီး စသလိုလိုနောက်သလိုလိုနဲ့လှမ်းထိုးတာ ကျွန်တော့်နှာခေါင်းကိုထိပြီး နှာခေါင်းသွေးတွေထွက်ကုန်တယ်။ ပြီးတော့ သူ့သူငယ်ချင်းဘက်လှည့်ကြည့်ပြီးရယ်နေတယ်။ ကျွန်တော် တော်တော်ရှက်သွားတယ်။ သူတို့အပိုင်ဆိုတော့ ဘာမှမလုပ်ခဲ့ဘူး။ နောက်မှ. . ."

"မဟုတ်ဘူး-သူ့အပိုင်ကိုယ့်အပိုင်တွေမတွေးနဲ့၊ဘာမှလဲပြန်မလုပ်နဲ့။ကစားတာတို့ ကျီစယ်တာတို့က ဒီလိုပဲ။ တစ်ခါတလေထိတတ်တာပဲဘာဖြစ်လဲ။ဒါကိုယ်လေ့ကျင့်တာလိုသေးလို့ပဲသဘောထား၊ ရန်မဖြစ်ရဘူး"

"ဟုတ်ကဲ့ပါ"

တပည့်လေးသည် ကျွန်ုပ်ကို အကဲခတ်လိုက်ပြီး -

"အဲဒီမှာ မှုန်တေတေနဲ့ လူတစ်ယောက်က ခပ်လှမ်းလှမ်းကလှမ်းကြည့်နေတယ်၊ လူမိုက်ပုံပဲ။ သူ့ကိုမြင်တော့ ကျွန်တော်လန့်သွားတယ်"

"ဘာဖြစ်လို့"

"သူက အဲဒီ ကိုမောင်ကံပဲလေ ဆရာ။ ဝက်ကုန်းထိုးထားပြီး တုတ်ပြီး၊ ဓားပြီးတယ်ဆိုပြီး နာမည်ကြီးတာ"

"ဪ - ဝက်ကုန်းမောင်ကံ ဆိုတာလား"

"ဟုတ်တယ် ဆရာ။ သူကိုယ်တိုင်လာကြည့်နေတော့ ကျွန်တော်သွေးပျက်သွားတာပေ့ါ။ သူက ဘယ်လောက်ဝိုင်းရိုက်ရိုက်၊ ဝိုင်းထုထု တုတ်မြှောက်တာနဲ့ တုတ်နဲ့ကပ်ပါလာတယ်ဆိုပြီး နာမည်အရမ်းကြီးတာ။ သူ့ဆိုရင် လူတိုင်းကြောက်တယ်"

ကျွန်ုပ်ခဏတွေသွား၏။ အနီးရှိ ခရေပင်ကြီးကို ဘာရယ်မဟုတ်မော့ကြည့်နေမိ၏။ ခရေပင်ကြီးတွင် ငှက်ကလေးများ ဟိုပြေးဒီပျံဟိုနားဒီနားနှင့် ကြည့်လို့အလွန်ကောင်းနေ၏။

❑

"လာမယ့် နွားပွဲနေ့ကို မင်းဒီမှာ တွေ့ချင်တယ်ဆို"

"ဟုတ်တယ်၊ ကျွန်တော်မှာလိုက်တယ်"

"အေး - မင်းပြောလို့ငါလည်း လာတာပဲ"

ကျွန်ုပ်ကို သေချာကြည့်ပြီး မှုန်တေတေအမူအရာနှင့် စကားပြောရင်း ခေါင်းပေါ်က ထန်းခမောက်ကိုချွတ်၍ ဘေးမှသူ့လူကိုပေးလိုက်၏။ သူ့ဘေးနားတွင် သူ့အဖော်တစ်ယောက်သာပါ၏။

သူနှင့်ကျွန်ုပ်ဆုံသည့်နေရာမှာ မြို့လယ်ချောင်းနှင့်မဝေးသည့် ဘောလုံးကွင်းတွင် ဖြစ်ပါသည်။ လူသွားလူလာ အလွန်ရှင်း၏။

"ဟိုတစ်လောက ကျွန်တော့်တပည့်လေးကို ရန်စလွှတ်လိုက်တော့ စိတ်မကောင်းဘူး။ အဲဒီအချိန်မှာ ကိုမောင်ကံပါရှိနေတယ်လို့ပြောတယ်"

"ဪ. . . အေး - ဟုတ်တယ်၊ ငါလည်းရှိတယ်။ ဒီကောင့်ကိုမို့လား"

"ဟုတ်တယ်"

"အဲဒါ ဘာဖြစ်လို့လဲ။ ဪ - ငါသိပြီ။ အဲဒါကိုမကျေနပ်လို့ မင်းက ငါ့ကိုချိန်းတာလား"

"ပြေပြေလည်လည်ပေ့ါဗျာ"

မောင်ကံ၏ပုံမှာ အသက်ရှူမြန်လာပြီး ကျွန်ုပ်ကိုစူးစူးရဲရဲကြည့်နေသောကြောင့် ကျွန်ုပ်လည်း သတိထားလိုက်ပြီး တပည့်လေးကို ဘေးနားသွားနေရန် မျက်ရိပ်ပြလိုက်၏။

"ဝုန်း. . ."

"ဗုန်း. . ."

"အင့်. . ."

မြန်လိုက်သည့်မောင်ကံ။ ကျွန်ုပ်ကို သူ၏ကိုယ်နှင့်ပြေးဆောင့်လိုက်ရာ ကျွန်ုပ်အငိုက်မိသွားပြီး ဖင်ထိုင်ရက်လဲကျသွား၏။ တော်တော်နှင့်ပင်မထနိုင်။ မနည်းအားယူထလိုက်သည့်အချိန်တွင် မောင်ကံ့ပုံမှာ ခါးအနည်းငယ်ကုန်းထားပြီး ကျွန်ုပ်ဆီသို့ တစ်ရှိန်ထိုးပြေးလာ၏။ ကျွန်ုပ်မှာ အတော်သတိထားပြီးရှောင်လိုက်ရ၏။

နောက်တစ်ကြိမ် ပြန်တည်ပြန်၏။

ကျွန်ုပ်လည်း အောင့်သွားသောရင်ညွန့်ကို မသိမသာနှိပ်လိုက်ပြီး အသင့်အနေအထားနေလိုက်၏။

ရှူးခနဲ ပြေးအဝင် ဘယ်ဒူးကိုထောင်ထားပြီးတည်လိုက်ရာ သူ့ကိုလည်း အွတ်ခနဲထိ၊ ကျွန်ုပ်လည်း တစ်ပတ်လည်၍လဲသွား၏။ လူကို ဘာမှမလုပ်သေးဘဲ တစ်ရှိန်ထိုးပြေးပြေးဝင်ဆောင့်နေခြင်းသာ ဖြစ်၏။ ဤဒဏ်ကိုပင် ကျွန်ုပ် မခံနိုင်။

ပြန်တည်ကြပြန်၏။

ကျွန်ုပ်သည် သူ့ကိုသေချာစိုက်ကြည့်နေရင်း မျက်နှာမှာ ထူအမ်းအမ်းဖြစ်လာပြီး ပုရွက်ဆိတ်များတက်သလိုဖြစ်လာပြီ ဖြစ်၏။ မြင်ကွင်းမှာ တဖြည်းဖြည်းကျဉ်းသလိုဖြစ်သွားပြီး မောင်ကံကိုမျက်တောင်မခတ်ကြည့်နေပြီမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိချိန် -

"ဒုတ်. . ."

"ဗုန်း. . ."

"ဝုန်း. . ."

သူက တစ်ရှိန်ထိုးပြေးအဝင်၊ ကျွန်ုပ်ကလည်း တစ်ရှိန်ထိုး သူ့ဆီပြေးအဝင် ဆုံသွားပြီး ခေါင်းချင်းဆောင့်၍ နှစ်ယောက်လုံး ပစ်လဲကျသွား၏။

ကျွန်ုပ်ဘာဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်ပြီး စိတ်ကိုထိန်းရင်း သိုင်းဆရာကြီး ဘကြီးမျှင်ပြောစကားကို နားထဲပြန်ကြားယောင်လာ၏။ 'ဝက်ကုန်းက ဘာမှလုပ်လို့မရဘူး။ သူ့မျက်လုံးကိုကုတ်ဖဲ့နိုင်မှ၊ သူ့နှာခေါင်းကိုဆွဲလှန်နိုင်မှ' ဟူသောစကားကိုပြန်ကြားယောင်ပြီး မောင်ကံဆီသို့တည်ထားလိုက်ပြန်၏။ တစ်ရှိန်ထိုး ပြေးဝင်အဆောင့် ကျွန်ုပ်လည်း သူ့ကိုဖက်၍ပါသွားပြီးလှဲချလိုက်ကြရင်း နပန်းလုံးသလိုလုံးထွေးနေရာမှ လက်ထဲတွင်ပါလာသောဖုန်နှင့် သူ့မျက်နှာ၊ မျက်လုံးကို ပိတ်ရိုက်လိုက်ပြီး နှာခေါင်းကို အမိအရစမ်း၍ နှာခေါင်းပေါက်များထဲ လက်နှိုက်လိုက်၏။ အားပြင်းပြင်းနှင့် နှာခေါင်းကိုကုတ်ထားရာမှာ ဗုန်းခနဲ လူချင်းကွာသွားသောကြောင့် ကျွန်ုပ်လည်း ချက်ချင်းထရပ်လိုက်၏။

မောင်ကံ့နှာခေါင်းမှာ နီရဲနေ၏၊ သွေးတော့မထွက်။

သူသည် မတ်တတ်ရပ်ရက်မှ ကျွန်ုပ်ကို စိုက်ကြည့်နေပြီး ငြိမ်နေ၏၊ ပြန်မတည်တော့။ ဘေးနားမှာလည်း မည်သည့်အချိန်ကရောက်နေမှန်းမသိသောလူများဆယ့်ငါးယောက်ခန့်ဝိုင်းကြည့်နေကြ၏။

"ဝက်ကုန်းမောင်ကံမို့လား"

"ဟုတ်တယ်လေ"

"ဒီကောင်လေးကလည်း ကျွားတစ်ကောင်လိုပဲနော်။ ဝိုင်းကိုကြနေ




www.burmeseclassic.com

www.burmeseclassic.com

လျှမ်းထက်

# နာဇီမျိုးဆက်သစ်တို့ နိုးထလာပြီလော




ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ၂၀၁၅ခု၊ စက်တင်ဘာလ ၂၄ ရက်နေ့ ထုတ်ဝေသော ဒိုင်ဝဲလ်ထ်သတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကြောင့် နိုင်ငံတကာမှသတင်းစာစာတ်ပရိသတ်ကြီးမှာ တအံ့တသြဖြစ်ခဲ့ကြရသည်။

**နာဇီမျိုးဆက်သစ်တို့ နိုးထလာပြီလော**

*ဘာလင်၊ စက်တင်ဘာလ ၂၄*

ပိုလန်နိုင်ငံမြောက်ပိုင်းရှိ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်နာဇီထိပ်သီးခေါင်းဆောင် ဟစ်တလာ၏ နာမည်ကျော် စစ်ဌာနချုပ်ဟောင်းတစ်ခုတွင် ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့မှုတွင် ပါဝင်ခဲ့ကြသော ဂျာမန်တပ်မတော်အတွင်းမှ နာဇီဝါဒဆန့်ကျင်သူအရာရှိတို့အား ဂုဏ်ပြုသည့်အနေဖြင့် ပြုလုပ်ထားသော ကမ္ပည်းမော်ကွန်းသတ္တုပြားအား တစ်စုံတစ်ဦးတစ်ယောက်က ဖြုတ်ယူသွားခဲ့သည်ဟု ဘာလင်မြို့တော်ရဲ့အဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းမီဒီယာများအား ထုတ် ဖော်ပြောဆိုခဲ့သည်။

ထိုမော်ကွန်းသတ္တုပြားမှာ ယနေ့ ပိုလန်နိုင်ငံမြောက်ပိုင်း ဝိယာလို့(ဇ်)ရွာရှိ ဝှ(ဖ်)ရှန့်ဇီ (ဝံပုလွေသားရဲတွင်း) ဟု ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဟိုးဟိုးကျော်ခဲ့သော နာဇီခေါင်းဆောင်ကြီး ဟစ်တလာ၏စစ်ဌာနချုပ်ဟောင်းနေရာတွင် အမှတ်တရထားခဲ့သော သတ္တုပြားဖြစ်၏။

အဆိုပါ သတ္တုပြားမှာ အာဏာရှင်နာဇီခေါင်းဆောင်ကြီး ဟစ်တလာအား မျက်စိတစ်ဖက်လပ်ဗိုလ်မှူးကြီး ကလော(စ်)ဗွန်စတော်ဖန်ဘာတ်နှင့် ဂျာမန်တပ်မတော်စစ်အရာရှိများက ၁၉၄၄ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့က ဗုံးခွဲလုပ်ကြံခဲ့သော်လည်း အောင်မြင်မှုမရခဲ့။ ထိုအောင်မြင်မှုမရခဲ့သောလုပ်ကြံမှု အနှစ်(၆၀)မြောက်အထိမ်းအမှတ်သတ္တုပြားအား နှစ် (၆၀) မြောက် အထိမ်းအမှတ်အဖြစ် ၂၀၁၄ခုနှစ်က ထားရှိခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။

သို့သော် ထိုအထိမ်းအမှတ်မော်ကွန်းသတ္တုပြားအား မည်သည့်အဖွဲ့အစည်းမှပုဂ္ဂိုလ်များက ဖြုတ်၍ခိုးသွားကြခြင်းကို သဲသဲကွဲကွဲမသိရသေးဟု ဆိုသည်။ ယင်းမော်ကွန်းသတ္တုပြားမှာ အလျား(၂၄)လက်မ၊ အနံ(၂၄)လက်မရှိသည်ဟု ဆိုသည်။ ထိုသတ္တုပြားအားဖြုတ်ယူသွားသူများသည် လူအသွားအလာပြတ်သော ညအချိန်တွင် ခိုးယူသွားခြင်းဖြစ်နိုင်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ရဲအရာရှိတစ်ဦးက သတင်းမီဒီယာများကို ထုတ်ဖော်ပြောခဲ့သည်။

ထိုမော်ကွန်းသတ္တုပြားချိတ်ထားသောကျောက်တုံးအနီးအနားရှိ ကျေးရွာဒေသခံအများကမူ ထိုမော်ကွန်းကြေးပြားအား လာရောက်ကြည့်ရှုသူ ဂျာမန်လူမျိုးကမ္ဘာလှည့်ခရီးသည်များကဖြုတ်ယူသွားခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီခေါင်းဆောင်

---

[illegible]ဘဲ သတ်လိုက်ကြတာ"

"အေးလေ"

"မဖြစ်ကြပါနဲ့တော့ကွာ။ မင်းတို့[illegible] တစ်ယောက်မဟုတ်တစ်ယောက်[illegible]သွားနိုင်တယ်နော၊ ပွဲကကြမ်းလွန်း[illegible]တယ်။ တော်ကြပါတော့၊ ဟေ့-ဝိုင်းတားကြ[illegible]"

တစ်ယောက်တစ်ပေါက်ပြောနေ[illegible]ကို ကြားနေရသော်လည်း ကျွန်ုပ်[illegible] မောင်ကံ့အဝင်ကိုစောင့်နေ၏။

မောင်ကံဝင်မလာသော့။ ကျွန်ုပ်[illegible]ပေါက်မှေးမှေးနှင့်စိုက်ကြည့်နေ

[illegible]မလုပ်ချင်ဘူးကွာ"

[illegible] ပြုံးရင်းကြည့်နေလိုက်၏။

[illegible]ဖြေကြသူများကို အားနာ၍[illegible]ဘာမှမလုပ်တော့ပါ။ ပြန်လှည့်လာလိုက်ပါသည်။ မောင်ကံလည်း ကျွန်ုပ်ကိုကျောခိုင်း၍ပြန်သွားပြီ ဖြစ်၏။

တစ်နေ့ -

အရှေ့ဘက်ရွာမှဇော်မြင့်ဟူသော တပည့်လေးရောက်လာ၏။

"ဇော်မြင့်၊ ပျောက်ချက်သားကောင်းနေလိုက်တာ"

"ဟုတ်တယ် ဆရာ။ ခုတောင် လူတစ်ယောက်က သူ့လူစုထားတယ်တဲ့၊ ငါးယောက်လောက်ရှိတယ်။ ဆရာလာသင်ပေးပါတဲ့။ သူတို့ကအလုပ်မအားကြတော့ မြို့တက်မလာနိုင်ဘူး။ ခုအားရင် လိုက်ကြည့်ပါလား"

"ဟုတ်လား - လိုက်ကြည့်မယ်လေ"

ဇော်မြင့်နှင့် နှစ်ယောက်သား ရောက်သွားသောနေရာမှာ ဇော်မြင့်တို့ရွာနှင့်ကပ်ရက်ဖြစ်၏။ အလွန်ကြီးမားသောနှစ်ချို့သရက်ပင်ကြီးများ၊ မန်ကျည်းပင်ကြီးများကြောင့် အလွန်မှအရိပ်ကောင်းလှ၏။ လူတစ်စုသည် ကျွန်ုပ်အားလှမ်းကြည့်နေ၏။ ထိုလူစုထဲမှ တစ်ယောက်ကို သတိထားလိုက်မိရာ -

"ဇော်မြင့်"

"ဗျာ"

"ဟိုဟာ ဝက်ကုန်းမောင်ကံမို့လား"

"ဟုတ်တယ်လေ ဆရာ။ ဆရာနဲ့သိလား"

"မသိပါဘူး"

နှစ်ယောက်သား သစ်ပင်ရိပ်အောက်ရောက်သည်နှင့်. . .

(နောက်လဆက်ရန်)

ဆရာဦးမောင်မောင်[illegible]

(ခင်ကို[illegible])



www.burmeseclassic.com

www.burmeseclassic.com

ကြီးဟာစ်တလာအသုံးပြုခဲ့သော စစ်ဌာနချုပ် (၁၀) ခုအနက် အထက်ဖော်ပြပါ ဝံပုလွေသားရဲတွင်းဟု ကင်ပွန်းတပ်ခံရသောစစ်ဌာနချုပ်မှ အသက်အရှည်ဆုံးနှင့် အကျော်ကြားဆုံးစစ်ဌာနချုပ် ဖြစ်သည်ဟု သိရ၏။


ထိုဝံပုလွေသားရဲတွင်း၌ တပ်သား (၂၀၀၀) ကျော်ထားရှိခဲ့ပြီး ဧကပေါင်း (၆၁၈) ဧက ကျယ်ဝန်းသည်ဟု သိရ၏။ ထိုစစ်ဌာနချုပ်ဟောင်းတွင် သံချပ်ကာ အတားအဆီးများ၊ ကွန်ကရစ်သံကာများ၊ သံဆူးကြိုးတံတိုင်းများ ထားရှိခဲ့သည်။ ထိုအပျက်အစီးများကို နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် နှစ်သိန်းခန့်က လာရောက်ကြည့်ရှုလေ့ရှိသည်ဟု သိရ၏။ ဂျာမန်ရဲအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ ထိုအထိမ်းအမှတ်သတ္တုပြားအား ခိုးယူသွားသူများသည် နာဇီဝါဒလိုလားသော အကြမ်းဖက်ဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင်များလည်းဖြစ်နိုင်သည်ဟုဆိုသည်။

အထက်ဖော်ပြပါ သတင်းကိုပင် ဂျာမနီနိုင်ငံမှ ထုတ်ဝေသော အခြားသတင်းစာကြီးများကလည်း သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားမည့် သတင်းခေါင်းစဉ်များဖြင့် ရေးသားဖော်ပြခဲ့ကြသည်။ ထို့အတူ ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ထုတ်ဝေသော ဒိုင်စပီဂျယ်(လ်)မဂ္ဂဇင်းကြီးကလည်း အထက်ဖော်ပြပါ သမိုင်းဝင် အထိမ်းအမှတ်သတ္တုပြားပျောက်ဆုံးရခြင်းနှင့်ပတ်သက်၍သတင်းဆောင်းပါးတစ်စောင်ကို မာတ်ပုံသာမကအထောက်အထား ဝေဝေဆာဆာနှင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသား ဖော်ပြခဲ့သဖြင့် နိုင်ငံတကာသို့ ဂယက်ရိုက်ခတ်ခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် နာဇီဝရမ်းပြေးစစ်တရားခံများနောက်သို့ အမဲလိုက်ခွေးပမာ အနံ့ခံလိုက်၍ ဖမ်းဆီးခဲ့သော နာဇီမုဆိုးကြီးဟု နိုင်ငံတကာမှ ကင်ပွန်းတပ်ခဲ့သော ဂျူးအမျိုးသား သေရွာပြန်ဆိုင်မွန်ဝီဆင်သော် တည်ထောင်ထားသော ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ဆိုင်မွန်ဝီဆင်သော်ဖောင်ဒေးရှင်းမှ ပြောရေးဆိုခွင့်ရှိသူတို့ကမူ ဤမော်ကွန်းသတ္တုပြားပျောက်ဆုံးရမှုသည် အဓိပ္ပာယ်ရှိသောပျောက်ဆုံးမှုဖြစ်သည်ဟုထုတ်ဖော်ပြောဆိုခဲ့၏။

လူပျော်လူနောက်များက ထိုသတ္တုပြားအား ခိုးယူသွားခြင်းမဟုတ်နိုင်။ နာဇီစတုတ္ထနိုင်ငံတော် ( နာဇီပါတီဝင်များက ဂျာမန်ဘုရင်ကြီး ရှာလမိန် လက်ထက်





ဖြုတ်ယူသွားသော မော်ကွန်းသတ္တုပြား

တွင် ဂျာမန်ပထမနိုင်ငံတော်တည်ထောင်ခဲ့၏။ ဝန်ကြီးချုပ်ဘစ်စမတ်လက်ထက်၌ ဂျာမန်ဒုတိယနိုင်ငံတော်ကြီးတည်ထောင်နိုင်ခဲ့ပြီး နာဇီခေါင်းဆောင် ဟစ်တလာလက်ထက်တွင် တတိယဂျာမနီနိုင်ငံတော်ကိုတည်ထောင်နိုင်ခဲ့ရာ နှစ်ပေါင်း(၁၀၀၀) တည်တံ့ရမည်ဟု ကြွေးကြော်ခဲ့သည်။ သို့သော် (၁၂) နှစ်သာ တည်တံ့ခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ထွက်ပြေးတိမ်းရှောင်ခဲ့သော နာဇီဝရမ်းပြေးစစ်တရားခံများသည် နာဇီဂျာမန်စတုတ္ထနိုင်ငံတော်တည်ထောင်ရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးပမ်းခဲ့ကြသည်။ ) တည်ထောင်ရန် လျှို့ဝှက်ဖွဲ့စည်းထားသော နာဇီမျိုးဆက်သစ်တို့၏လက်ချက်ဖြစ်နိုင်သည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံမှ နာမည်ကျော်မော့ဆက်ထောက်လှမ်းရေးအဖွဲ့မှတာဝန်ရှိသူကမူ ထိုမော်ကွန်းသတ္တုပြားပျောက်ဆုံးရမှုသည် တောင်အမေရိကတိုက်အာဂျင်တီးနားနိုင်ငံတွင် တိတ်တဆိတ်လျှို့ဝှက်ဖွဲ့စည်းထားသော နာဇီမျိုးဆက်သစ်အကြမ်းဖက်ဂိုဏ်းနှင့်ဆက်နွယ်နိုင်သည်ဟု ကောက်ချက်ချခဲ့၏။

မည်သို့ပင်ဖြစ်စေကာမူ ထိုသတ္တုပြားပျောက်ဆုံးရမှုသည် အမေဘုတ်၏ချည်ခင်ကဲ့သို့ ရှုပ်ထွေးလာခဲ့ရပြီး နိုင်ငံတကာမှစောင့်ကြည့်ရသည့်အခြေအနေသို့ ရောက်လာသည်။ အင်တာနက်သတင်းများတွင် ထိုသတင်းကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြခဲ့ကြရာ နိုင်ငံတကာသို့အထူးဂယက်ရိုက်ခတ်ခဲ့သောသတင်းဖြစ်ခဲ့ရသည်။

ဤသို့ ကမ္ဘာ့နိုင်ငံအသီးသီးအား ထူးထူးခြားခြားဂယက်ရိုက်ခတ်ခဲ့သော နေရာမှာ ပိုလန်နိုင်ငံ၏ အရှေ့မြောက်ဘက်ယွန်းယွန်း ယခင်အတိတ်သမိုင်းအဆက်ဆက် ပရပ်ရှားဟု ထင်ရှားသည့် ပြည်နယ်ကလေးအတွင်း ရက်(စ်)တင်းဘတ်အမည်ရှိမြို့နှင့် ခပ်လှမ်းလှမ်းခြိုင်းမားလှသော တောင်တန်းများနှင့်တောအုပ်များ ဖုံးလွှမ်းနေ၍ လူသူအရောက်



www.burmeseclassic.com

www.burmeseclassic.com

အပေါက်နည်းသော၍ဒေသမှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကထိပ်တန်းလျှို့ဝှက်အထူးလုံခြုံရေးဇုန် (Security Zone No.1) အမှတ် (၁) ဟု သတ်မှတ်ထားသောဒေသ ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် စစ်ဌာနချုပ်ပေါင်း (၁၀) ခုရှိခဲ့သည်ဟု ဒုတိယကမ္ဘာစစ်သမိုင်းသုတေသီများက မှတ်တမ်းတင်ခဲ့ကြ၏။ ၎င်းစစ်ဌာနချုပ်များအနက် အထက်ဖော်ပြပါ ဟစ်တလာ၏ အမှတ်(၁)လုံခြုံရေးနယ်မြေဟုသတ်မှတ်ထားသော စစ်ဌာနချုပ် စစ်ပြိုင်နိုင်ငံများမှ 'ဝံပုလွေတို့၏ သားရဲတွင်း' ဟု ကင်ပွန်းတပ်သည်။ ထိုအတူ လုံခြုံရေးနယ်မြေမှာ သံဆူးကြိုးအတန်တန်လျှပ်စစ်ဓာတ်အားလွှတ်ထားသောဓာတ်ကြိုး အထပ်ထပ် ကာဆီးထား၏။ ပေါက်ကွဲမှုအင်အားကြီးမားသောမိုင်းဗုံးများ နေရာမလပ်အောင်မြှုပ်နှံထားသည်။ အင်္ဂတေဘန်ကာများ၊ စစ်ခွေးကြီးများနှင့်အစောင့်အထပ်ထပ်ချထားသဖြင့် လူမဆိုထားနှင့် မှတ်၊ ခြင်၊ ယင်ကောင်ဝင်မရအောင် လုံခြုံသည်ဟူ၍ ပြောစမှတ်ပြုကြ၏။

ထိုလုံခြုံရေးနယ်မြေတစ်ခုလုံးမှာ သစ်ပင်စောက်ကြီးငယ်များထူထပ်သိပ်သည်းစွာပေါက်နေသော ချုံနွယ်ပိတ်ပေါင်းများကြောင့် ထက်ကောင်းကင်မှ ၎င်းတောအုပ်ကြီးအတွင်းရှိ ဟစ်တလာ၏စစ်ဌာနချုပ်ကို လုံးဝမမြင်နိုင်ပေ။ သစ်ပင်အုပ်ကြီးများ၏အတွင်းတစ်နေရာတွင် ရေမှော်ပင်များ၊ ဒိုက်ပင်များ၊ ပိန်းပင်များ၊ ဖျက်တောများအလယ်တွင် ရေအိုင်ကြီးတစ်အိုင်ရှိ၏။ ထိုရေအိုင်ကြီး၏တောင်ဘက်တွင်မှ သစ်ပင်အုပ်များ၏ပင်စည်များနှင့် သစ်ရွက်သစ်ခက်များအရောင်အတိုင်း ရုပ်ဖျက်၍ ဆေးများခြယ်ထားသောအစောင့်စစ်သားများ၏ကင်းတဲများ၊ အစောင့်စစ်သားများနေထိုင်သောတဲတန်းလျားအချို့ကိုတွေ့ရမည် ဖြစ်သည်။

ထိုအစောင့်တဲတန်းလျားများမှ ကျော်လျှင် သုံးကြိမ်သုံးတန်ကာထားသော သံဆူးကြိုးများနှင့်တွေ့ရမည်ဖြစ်၏။ ဟစ်တလာဌာနချုပ်သို့ တာဝန်အရလာရောက်ကြရသော နာဇီဂျာမန်တပ်မတော်ထိပ်တန်းအရာရှိကြီးများစီးနင်းလိုက်ပါလာသည့်မော်တော်ကားများကို ဝင် ဂိတ်အသီးသီးမှ တာဝန်ကျသူများက စေ့စေ့စပ်စပ်ရှာဖွေလေ့ရှိပြီး ထိုဌာနချုပ်သို့ဝင်ရန် အထူးသတ်မှတ်ထားသည့် ဝင်ခွင့်လက်မှတ်ရှိမှ ဝင်ခွင့်ရကြသည်ဟု ဆိုသည်။

၎င်းထိပ်တန်းလျှို့ဝှက်ထားသော နယ်မြေအား နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် ၁၉၄၀ ပြည့်နှစ်က တည်ဆောက်စေခဲ့ပြီး ၁၉၄၁ ခုနှစ် နွေရာသီကပင် ဟစ်တလာသည် ၎င်းဌာနချုပ်၌ပင်နေထိုင်၍ စစ်ဆင်ရေးများကို ညွှန်ကြားခဲ့သည်။ ဂျာမန်တပ်မတော်ကြီး၏ စစ်ဦးစီးဌာနချုပ် ကိုက်တယ်(လ်)လည်း ထိုဌာနချုပ်တွင် နေထိုင်သည်ဟု သိရ၏။ ထိုစဉ်ကာလကမူ ဒုတိယကမ္ဘာစစ်၏ဒီရေသည် ဂျာမန်တို့ဘက်မှမြင့်တက်လျက်ရှိရာ နာဇီဂျာမန်တို့အဖို့ ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာသလောက်ဖြစ်နေသည်။ ဥရောပတိုက်နိုင်ငံအများမှာ နာဇီဂျာမန်တို့၏ သံဖနောင့်အောက် ရောက်ခဲ့ရပြီး နာဇီဂျာမန်တို့၏စကြာတံဆိပ်အောင်လံတော်ကြီးမှာ ဥရောပတိုက်နိုင်ငံအသီးသီးရှိ မြို့ကြီးများ၏ အဆောက်အအုံများတွင် တလူလူလွင့်လျက်ရှိသည်။ နိုင်ငံတကာမှစစ်ရေးအကဲခတ်သူအများသည် နာဇီဂျာမန်တပ်မတော်၏ လျှပ်တစ်ပြက်စစ်ဆင်ရေးအား တအံ့တသြ ချီးကျူးခဲ့ကြသည်။

ထိုစစ်ဆင်ရေးဌာနချုပ်မှပင် ဟစ်တလာသည် စစ်ဆင်ရေးအမိန့်များ တစ်ခုပြီးတစ်ခုထုတ်ပြန်၍ စစ်မျက်နှာတိုက်ပွဲများကို သူကိုယ်တိုင် ကြီးကြပ်ကွပ်ကဲခဲ့သည်။ ဆိုဗီယက်(ရုရှား)ပြည်သို့ ဝင်ရောက်တိုက်ခိုက်သည့်အခါတွင်လည်း ခေါင်းဆောင်ကြီး ဟစ်တလာသည် ၎င်းစစ်ဌာနချုပ်မှပင် ကွပ်ကဲတိုက်ခိုက်ခဲ့ရာ အောင်ပွဲများ ရရှိခဲ့သည်။ သို့သော် ၁၉၄၄ ခုနှစ်ဆန်းကပင် စတင်၍ စစ်ဒီရေသည် မဟာမိတ်တို့ဘက်မှမြင့်တက်လာခဲ့တော့၏။ ၁၉၄၄ ခုနှစ်ဆန်းသို့ ရောက်လာသောအခါ ဒုတိယကမ္ဘာစစ်ကြီး၏စစ်ရေးအခြေအနေသည် အစစအရာရာပြောင်းလဲသွားသည်။

မဟာမိတ်လေတပ်မတော်ကြီးမှ လေယာဉ်ပျံများသည် နေ့ရောညပါ ဥရောပတိုက် ကောင်းကင်ယံကို စိုးမိုးထားခဲ့ပြီ။ တတိယဂျာမနီနိုင်ငံတော်ကြီး၏ မြို့တော်ဖြစ်သော ဘာလင်မြို့အပါအဝင် မြို့ရွာများကို နေ့ဆိုင်းညဆိုင်းခွဲကာ ဗုံးမိုးရွာချခဲ့ရာ ဘာလင်မြို့တော်ကြီးမှာ မြို့ပျက်ကြီးဖြစ်သွားခဲ့ပြီ ဖြစ်၏။

ဥရောပတိုက်အရှေ့ဘက်စစ်မျက်နှာဖြစ်သော ဆိုဗီယက်ပြည်ထောင်စု (ယနေ့ရုရှား) အတွင်းပိုင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်သွားသော နာဇီဂျာမနီတို့၏ တိုက်တိုင်းအောင်တပ်မတော်ကြီးမှာ ရုရှား၏ ဆောင်းရာသီဒဏ်နှင့် ဆိုဗီယက်မျိုးချစ်တပ်မတော်တို့၏ သဲသဲမဲမဲခုခံတွန်းလှန်မှုကြောင့် အကျအဆုံးများစွာနှင့် တပ်လှန်ကာ ဆုတ်ခွာလာခဲ့ရ၏။

အာဖရိကမြောက်ပိုင်းစစ်မျက်နှာနှင့်အီတလီနိုင်ငံစစ်မျက်နှာများတွင်လည်း ဆုံးရှုံးမှုများနှင့် ရင်ဆိုင်လာခဲ့ရသည်သာမက ၁၉၄၄ ခုနှစ်၊ ဇွန်လဆန်းတွင်မူ မဟာမိတ်တပ်ပေါင်းစုသည် ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေတက်စစ်ဆင်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပြီး မဟာမိတ်စစ်ကြောင်းများသည် ပြင်သစ်နိုင်ငံအတွင်း ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်သာမက တတိယဂျာမနီနိုင်ငံတော်နယ်နိမိတ်အထိရောက်ရှိလာခဲ့၏။

ယခင်နှစ်များကမူ အထက်ဖော်ပြပါ ဟစ်တလာ၏ ဗဟိုစစ်ဌာနချုပ်သည် ဆူဆူညံညံအောင်ပွဲခံသည့် အသံဗလံများကို ကြားခဲ့ရသော်လည်း ၁၉၄၄ ခု၊ နွေရာသီကစ၍ စစ်မျက်နှာတိုင်းမှ အောင်ပွဲရ ဂျာမနီတပ်မတော်၏ စစ်ဌာနချုပ် မဟုတ်တော့။ အမှတ်(၁) အထူးလုံခြုံရေးနယ်မြေမှာ အကျဉ်းစခန်းတစ်ခုပမာ ခြောက်ကပ်တိတ်ဆိတ်သွားခဲ့သည်။ ဂျာမန်တပ်မတော်အတွင်း နာဇီဝါဒဆန့်ကျင်ရေးသမားများ တစ်နေ့တခြားစိမ့်ဝင်လာသည်ဟူသော သတင်းများ၊ ဂျာမန်တပ်မတော်ကြီးအတွင်း မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးလက်ကမ်းရန်ကြံစည်နေမှုများရှိသည်ဟူသောကောလာဟလသတင်းများလည်း ထွက်ပေါ်လျက်ရှိ၏။

နာဇီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာအဖို့ ဂျာမန်တပ်မတော်အရာရှိကြီးအချို့ကိုပင် စိတ်ချယုံကြည်ခြင်း မရှိတော့။ သို့ဖြစ်၍ သွားလာခွင့်ကို ကန့်သတ်ခဲ့သည်။ စစ်ရေးအခြေအနေနှင့်ပတ်သက်သည့် ထိပ်တန်းတပ်မဟာမှူးကြီးများ၏အစည်းအဝေးကျင်းပသည့်အခါများတွင်သာ လူသံကြားရပြီး ကျန်အချိန်များတွင် လူလောကနှင့် သီခြားကင်းကွာနေသောဌာနချုပ်ဖြစ်နေသည်။

စစ်ပြီးခေတ်မှတ်တမ်းများအရ နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် နာဇီဝါဒဆန့်ကျင်ရေးဂိုဏ်းသားများသည် ၁၉၄၃ ခုနှစ်ဆန်းစမှ စက်တင်ဘာလထိ ဟစ်တလာအားလုပ်ကြံရန် ခြောက်ကြိမ်

www.burmeseclassic.com

ခန့် ကြံရွယ်ခဲ့သည်။ ၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလအတွင်းကလည်း ဟစ်တလာအား လုပ်ကြံသတ်ဖြတ်ရန်ကြံရွယ်ခဲ့ကြသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အလွဲလွဲအချော်ချော်ဖြစ်ကာ အစီအစဉ်များ ပျက်ပြားခဲ့ရသည်။

သို့သော် ဂျာမန်တပ်မတော်တွင်းမှ ဟစ်တလာဖယ်ရှားရေးမဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးအရအမိယူ၍ ဒုတိယကမ္ဘာစစ်ကြီးအဆုံးသတ်ရေးကို ပြုလုပ်လိုသူအရာရှိကြီးများနှင့် အရာရှိငယ်များ၏အင်အားသည် တစ်နေ့တခြားများပြားလာခဲ့သည်။ ဟစ်တလာအား ပိပိရိရိ လုပ်ကြံ၍ တတိယဂျာမနီနိုင်ငံတော်၏ အာဏာကို သိမ်းယူရန်အကြံအား နောက်ဆုံး ၁၉၄၄၊ ဇူလိုင်လ ၂၀ ရက်နေ့တွင်မှအကောင်အထည်ဖော်ခဲ့သည်။

ယခုအကြိမ်တွင်မူ ၎င်းတို့၏ အကြံအစည်အရ အထက်ဖော်ပြပါ ဇူလိုင်လ ၂၀ ရက်နေ့တွင် ဟစ်တလာ၏ အထူးလုံခြုံရေးနယ်မြေ စစ်ဌာနချုပ်၌ နာဇီခေါင်းဆောင်ကြီး ဟစ်တလာအပါအဝင် စစ်ဗိုလ်ချုပ်ကြီးများနှင့် စစ်ဦးစီးအရာရှိများ အစည်းအဝေးကျင်းပနေခိုက် အချိန်ကိုက်ဗုံးဖြင့် ဖောက်ခွဲလုပ်ကြံရန် ဖြစ်သည်။

ဤမဟာလုပ်ကြံမှုကြီးကို တိတ်တဆိတ်ကြံဆောင်သူများ၏ အဓိကခေါင်းဆောင်မှာ ပြည်မဂျာမန်တပ်မတော်စစ်ဦးစီးချုပ်ဗိုလ်မှူးကြီး ဗွန်စတီဖင်ဘတ်ဆိုသူ ဖြစ်၏။ သူသည် ၁၉၀၇ ခုနှစ်တွင် ဖွားမြင်ခဲ့၍ သူ့မိဘများ၊ အဘိုးအဘွားများမှာ ဂျာမနီနိုင်ငံ၏ မြို့စားအဆက်အနွယ် ဆွေကြီးမျိုးကြီးများ ဖြစ်၏။ သူ၏ အနွယ်တော် အဘိုး၏ဖခင်မှာ ပြင်သစ်စစ်ဧကရာဇ် နပိုလီယန်လက်ထက်တော်ကြီးက လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သူ ဖြစ်၏။

'ဘမျိုးဘိုးတူ' ဟူသကဲ့သို့ စတီဖင်ဘတ်သည် အစဉ်အလာကြီးမားခဲ့သော ဂျာမန်တပ်မတော်တွင် အဘက်ဘက်ကထူးချွန်သူဖြစ်လာသည်။ ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်ကြံ့ခိုင်၍ စိတ်ထားတည်ငြိမ်သူဖြစ်ရာ သူ့အား မြင်သူတိုင်းက လေးစားကြ၏။ ၁၉၃၆ ခုတွင် တတိယဂျာမနီနိုင်ငံတော်စစ်တက္ကသိုလ်ကျောင်းတွင်တက်ရောက်ပညာသင်ကြားခဲ့သည်။ ထူးချွန်သော ကျောင်းသားတစ်ဦးဖြစ်၍ အကယ်ဒမီစစ်ကျောင်းမှ ဆရာများသာမက ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အရာရှိကြီးများကပင် အထူးသဘောကျခဲ့ကြသည်။

ထိုအချိန်မှာ နာဇီပါတီသြဇာအာဏာရရှိလာခဲ့သည်နှင့် တပ်အတွင်း၌ နာဇီပါတီဝင်အရာရှိများ အရှိန်အဝါကြီးမားလာသည့်အချိန် ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့ပြီး ၁၉၄၀ ပြည့်နှစ် နာဇီဂျာမန်တို့ စစ်ဒီရေတက်နေချိန်တွင် စတီဖင်ဘတ်သည် ဗဟိုစစ်ဌာနချုပ်တွင် အရာရှိတစ်ယောက်ဖြစ်လာသည်။ ဤတွင် အရှေ့ဘက်စစ်မျက်နှာ ဆိုဗီယက်ရုရှားနိုင်ငံအတွင်း စစ်ဆင်ရေးတွင် (၁၈) လတိုင်တိုင် တာဝန်ယူခဲ့ရ၏။ နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များသည် ဆိုဗီယက်နိုင်ငံအတွင်းနေထိုင်သော ဂျူးလူမျိုးများ၊ အပြစ်မဲ့သော ရုရှားလူမျိုးသက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ မွေးစကလေးငယ်များ၊ တပ်နီတော်မှနိုင်ငံရေးမှူးများအား ဟစ်တလာအမိန့်အရ ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ကြသည်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်။ ဤကဲ့သို့ ရက်စက်မှုများ၊ စစ်အကျဉ်းသားများအပေါ် လူသားမဆန်စွာပြုမူကြပုံများကို စတီဖင်ဘတ်သည် ခွင့်မလွှတ်နိုင်တော့။ တစ်ချိန်က လူလေးစားသော နာဇီခေါင်းဆောင်ကြီး ဟစ်တလာအား ဂျာမန်လူမျိုးများ၏ ရန်သူအဖြစ်မြင်လာသည်။ ဟစ်တလာ၏ အာဏာရှင်ပီပီ စစ်ရေးစွန့်စားမှုများကြောင့် အပြစ်မဲ့ပြည်သူများ၊ လူမှုဒုက္ခခံစားရမှုများအား မကြည့်ရက်တော့။ ဤတွင် စတီဖင်ဘတ်သည် ဟစ်တလာနှင့် နာဇီဝါဒကို ခါးခါးသီးသီးမုန်းသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာခဲ့ရတော့၏။

သူပါဝင်ဆင်နွှဲခဲ့ရသည့် ဆိုဗီယက်ပြည်ထောင်စု (ရုရှား) စတာလင်ဂရက် တိုက်ပွဲတွင် ဂျာမန်တပ်မတော်မှ တပ်သား (၅) သိန်းနီးပါး ဂျာမနီနိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရသောအခါ စတီဖင်ဘတ်အဖို့ ခေါင်းဆောင်ကြီး ဟစ်တလာအား ဖယ်ရှားရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ဟု ဆုံးဖြတ်ခဲ့၏။ ဤတွင် ဂျာမန်တပ်မတော်အတွင်းမှ ဟစ်တလာဆန့်ကျင့်ရေးသမားများနှင့် လျှို့ဝှက်စွာ ဆက်သွယ်မိတော့၏။

၁၉၄၃ ခု၊ ဧပြီလ ၇ ရက်နေ့တွင် စတီဖင်ဘတ် ရှေ့တန်းစစ်မျက်နှာတစ်နေရာ၌ မော်တော်ကားဖြင့် ခရီးသွားနေစဉ် မြေမြုပ်ဗုံးတစ်လုံးအားတက်နင်းမိရာမှ မော်တော်ကားနှင့်လူပါ ပေါက်ကွဲပျက်စီးပြီး အကြီးအကျယ် ဒဏ်ရာရခဲ့သည်။ သူ၏လက်ယာလက်တစ်ဖက်မှာ လက်မောင်းရင်းမှနေ၍ပြတ်သွားခဲ့သည်။ လက်ဝဲဘက်မျက်လုံးမှာလည်း ပျက်စီးသွားခဲ့ရသည်။ သူ့အား ဂျာမနီနိုင်ငံ မြူနစ်မြို့ ဆေးရုံသို့ပြန်ပို့၍ ခွဲစိတ်ကုသမှုခံယူစေခဲ့ရ၏။

မိုင်းထိ၍ ဆေးရုံမှဆင်းလာခဲ့ပြီးသည်နှင့် ဟစ်တလာဆန့်ကျင်စိတ်ဓာတ်ပြင်းထန်လာပြီး ဟစ်တလာဆန့်ကျင်ရေးဂိုဏ်းသားများနှင့် ဆက်သွယ်မိသည်။ ဘာလင်မြို့တော်တွင် တာဝန်ယူရသောအခါ ဘာလင်မြို့တော်မှ အရေးပါသည့် ဗိုလ်ချုပ်များနှင့် ဆက်သွယ်ရာမှ ဟစ်တလာလုပ်ကြံရေးနှင့် ဂျာမနီနိုင်ငံတော်အာဏာသိမ်းရေး အစီအစဉ်များကို စနစ်တကျပြင်ဆင်ခဲ့ကြသည်။ ထိုအစီအစဉ်အရ ၁၉၄၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့တွင် ဝံပုလွေသားရဲတွင်းစခန်း အထူးအစည်းအဝေးတွင် ခေါင်းဆောင်ကြီး ဟစ်တလာအား ချိန်ကိုက်ဗုံးဖြင့် လုပ်ကြံရန် စီစဉ်ခဲ့သည်။ ထိုနေ့ (၁၂) နာရီ (၄၂) မိနစ်တိတိတွင် ဗိုလ်မှူးကြီး စတီဖင်ဘတ်ချထားခဲ့သော ချိန်ကိုက်ဗုံးသည် ဟစ်တလာနှင့် စစ်ဘက်ဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကျင်းပသည့်အခန်းအတွင်းပေါက်ကွဲသွားခဲ့၏။ ဤဗုံးပေါက်ကွဲမှုသည် ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သည့်တိုင်း ခေါင်းဆောင်ကြီးဟစ်တလာမှာ အနည်းငယ်ပွန်းပဲ့သွားသည်မှအပ အခြားဒဏ်ရာတစ်ခုမှ ပြင်းပြင်းထန်ထန်မရခဲ့။ အခြားဗိုလ်ချုပ်ကြီး တစ်ဦး၊ နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရခဲ့သည်။

သို့သော် အာဏာသိမ်းရေးနှင့် လုပ်ကြံမှုအစီအစဉ်များမှာ နာရီပိုင်းအတွင်း ဇာတ်သိမ်းခဲ့ရသည်။ အက်(စ်)အက်(စ်)ထောက်လှမ်းရေးတပ်များကား အချိန်မီအာဏာသိမ်းရေးကိုဟန့်တားနိုင်ကြပြီး လုပ်ကြံမှုနှင့် အာဏာသိမ်းရန်ကြံစည်သူများအား ခုံရုံးတင်၍ အပြစ်ပေးခဲ့ရာ သေဒဏ်ခံရသူပေါင်း (၄၉၈၀) ရှိသည်ဟု ဆိုသည်။ ဤမအောင်မြင်သောလုပ်ကြံမှုဖြစ်ပွားခဲ့သည့်နေရာအား စစ်ကြီးအပြီးအတွင်း သမိုင်းသုတေသီများသိရှိရန်နှင့် မျိုးဆက်သစ်များ လေ့လာနိုင်ရန် ကျောက်တိုင်စိုက်၍ သတ္တုပြားဖြင့် မှတ်တမ်းတင်ရေးထိုးထားခဲ့သည်ဟု ဆိုကြပါကြောင်း။

လျှမ်းထော်

Ref;

Officer's PLot Toki.





www.burmeseclassic.com


www.burmeseclassic.com

# မန်းဒိန်းဇာတာဟောကိန်း

(၁၆-၉-၂၀၁၆) မှ (၁၆-၁၀-၂၀၁၆) နေ့အထိ




**အနောက်တိုင်း (သာယန) စနစ် မန်းဒိန်းဇာတာခွင်**

၁၆-၉-၂၀၁၆ ရက်နေ့ ညဦးဦး (၇း၂၃း၄၉) နာရီအချိန် တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီမှ ကန်ရာသီသို့ ဝင်ရောက်ချိန်မှာ ဥဒယလဂ်သည် မိဿရာသီမှာဝယ် ပေါ်ထွက်သည်။ ယင်းသည် ၂၀၁၆ ခုနှစ် ကန်ရာသီ၏ စူဠအကြိမ်ဇာတာခွင်လည်း ဖြစ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ နက်ပတ္တုန်းဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့ (၁) ဒီဂရီအတွင်း ပူးယှဉ်နေပြီး ရာဟုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်သည် (၅) ဒီဂရီအတွင်း၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့သည် (၇) ဒီဂရီအတွင်း ပူးယှဉ်ကာ ဗုဒ္ဓဟူးဂြိုဟ်နှင့် နက်ပတ္တုန်းဂြိုဟ်တို့သည် (၁၈၀) ဒီဂရီအတွင်း မြင်နေကြသည်။ ယူရေးနပ်ဂြိုဟ်နှင့် လဂ်တို့သည် (၄)ဒီဂရီအတွင်း ပူးယှဉ်လျက် သောကြာဂြိုဟ်နှင့် (၁၈၀) ဒီဂရီအတွင်း မြင်နေကြပါသည်။ အင်္ဂါဂြိုဟ်က လဂ်ကို (၁၂၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က လဂ်ကို (၉၀)ဒီဂရီအမြင်၊ သောကြာဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ အင်္ဂါဂြိုဟ်က နက်ပတ္တုန်းဂြိုဟ်ကို (၉၀) ဒီဂရီအမြင်တို့ဖြင့် မြင်နေကြသည်။ နောက်အရေးကြီးသောအချက်တစ်ခုမှာ ၁၇-၉-၂၀၁၆ ရက်နေ့နံနက် (၁း၂၅း၂၇) တွင် လသည် ကိတ်ဂြိုဟ်နှင့် အသဗ္ဗကြတ်မည်။ မြန်မာပြည်မှမြင်ရမည်။

၎င်းတို့ကို အနှစ်ချုပ်၍ ကောက်နုတ်ချရလျှင် လယ်သမား၊ အလုပ်သမား ပါဝင်သော အခြေခံလူတန်းစားတို့၏ စားဝတ်နေရေး၊ လူမှုရေးတို့ကို ဖြေရှင်းလည်အောင် (ဝါ) ဆင်းရဲနွမ်းပါးမှု လျော့နည်းသွားစေအောင် ဆောင်ရွက်ပေးရာတွင် တင်းတိမ်ရောင့်ရဲမှုမရနိုင်ခြင်း၏တုံ့လှည့်ရိုက်ခတ်ခံမှုဒဏ်များ (ဝါ) ရှုင်းလေရှုပ်လေအရေးကိစ္စများဖြစ်ပေါ်တတ်မည်။ တိုင်းရင်းသားရေးရာ (ဝါ) တိုင်းရင်းသားဒေသဆိုင်ရာကိစ္စနှင့်နီးနွယ်သော၊ လက်နက်ကိုင်ရေးရာကိစ္စ၊ ပြေငြိမ်းအေးချမ်းရေးကိစ္စ၊ စေ့စပ်ပြေလည်ရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စ စသည်တို့၌ ရှင်းလင်းလေ ရှင်းလင်းစရာပိုတွေ့လေဖြစ်မည်။

ပရဟိတအဖွဲ့အစည်း၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ NGO အဖွဲ့အစည်း၊ ဒုက္ခသည်စခန်း၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့်နီးနွယ်သောအရေးကိစ္စတို့တွင် မရိုးဖြောင့်မှုများ အပုပ်နံ့ထွက်မှုများ၊ ထိပ်ပါးပွတ်တိုက်မှုများ ဖြစ်ပေါ်တတ်မည်။ ပြည်ပနိုင်ငံပြည်ပအဖွဲ့အစည်းများနှင့် ဆက်နွှယ်နေလျှင် ပိုဆိုးတတ်မည်။

နိုင်ငံတကာနှင့်ပတ်သက်နေသော သံတမန်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မီဒီယာဆိုင်ရာ၊ ကုန်သွယ်ရေးဆိုင်ရာ၊ ပို့ဆောင်ဆက်သွယ်ဆိုင်ရာ စသည်တို့၌ ဖိအားပေးမှုထိုးနှက်တိုက်ခိုက်မှုအငြင်းပွားရမှု၊ တုံ့ပြန်တက်ကြွလှုပ်ရှားမှုများ ဖြစ်ပေါ်တတ်မည်။

အစိုးရအဖွဲ့အဖို့ အောင်မြင်မှုရအစိတ်အပိုင်းရှိသလို သောင်မတင်ရေမကျ ဖြေရှင်းရမလွယ်ကူမှုများ အထူးသဖြင့် နိုင်ငံတကာနှင့် ချိတ်ဆက်နေသောအရေးကိစ္စများ တန်းလန်းရှိနေဦးမည်။ ပြီး - အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှု၊ ငွေရေးကြေးရေး လာဘ်လာဘမရိုးမဖြောင့်မှုများကို ဖြေရှင်းရာတွင် မီးနှင့်ကစားရသလိုရှိနေဦးမည်။ လွှတ်တော်၌ နိုင်ငံတကာရေးရာကိစ္စ၊ တရားစီရင်ရေးကိစ္စ၊ တရားဥပဒေစိုးမိုးရေးကိစ္စ၊ ဘာသာရေးကိစ္စ၊ တိုင်းရင်းသားရေးရာကိစ္စ၊ ပညာရေးကိစ္စ၊ ရွှေ့ပြောင်းနေထိုင်သူများကိစ္စ စသည်တို့ကြောင့် အကဲဆတ်စွာ အငြင်းပွားရမှုများရှိမည်။ နိုင်ငံရေးထင်ရှားသူ (အမျိုးသမီး) တစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

အမျိုးသမီး၊ ကလေးသူငယ်၊ မူးယစ်ဆေးဝါးတို့နှင့်ဆက်နွှယ်နေသော ရာဇဝတ်မှုခင်းများ စိန်ခေါ်မှုဆက်လက်ရှိနေဦးမည်။ သတ္တုတွင်းမြေ၊ သစ်တောမြေ၊ စိုက်ပျိုးမြေ၊ အိမ်ရာမြေ စသည့်မြေယာအရှုပ်အထွေးများကတော့ ရှင်းလက်စမဆုံးနိုင်ရှိနေဦးမည်။ ရေကြောင်းသွားလာမှု၊ ကုန်းကြောင်းသွားလာမှု၌ မျှော်လင့်မထားသော မတော်တဆမှုများ၊ ဥပဒေကြောင်းသွေဖည်မှုများ ဖြစ်ပေါ်တတ်မည်။ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ မီဒီယာဆိုင်ရာ၊ စာနယ်ဇင်းဆိုင်ရာတို့၌ တိုးတက်မှုအနည်းငယ်ရှိမည်။ တိုင်းသူပြည်သားအဖို့ အစိုးရအပေါ်၌ အားမလိုအားမရတချို့ရှိလာမည်။ ဘာသာရေး၊ ပညာရေး၊ တိုင်းရင်းသားအရေး ဥပဒေစိုးမိုး၊ တရားစီရင်ရေး၊ ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အကဲဆတ်သောစောဒကတက်စရာများရှိလာမည်။

မြေလျှင်လှုပ်မှု၊ မြေပြိုမှု၊ တောင်ပြိုမှု၊ မိုးကြိုးမှု၊ လေထန်မှု၊ ရေကြီးရေလျှံမှုများ ရုတ်တရက် ဖြစ်ပေါ်တတ်မည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော ၂၀၀၈ ခုနှစ်က ဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် ဆယ်တန်းကျောင်းသားတစ်ယောက်ဖြစ်၏။ ဒီဇင်ဘာလ၏နံနက်ခင်းတစ်ရက်ဝယ် အဖေနှင့်ကျွန်တော် စကားလက်ဆုံပြောမိကြ၏။

"သား၊ ရွာမှာ ဒီနှစ်စုံညီပွဲတော်ကျင်းပမယ်တဲ့ကွ။ အခု အကတောင်တိုက်ပြီးနေကြပြီ။ ရွာကလူတွေကတော့ မင်းကိုလာစေချင်ကြတယ်။မင်းသဘောက ဘယ်လိုလဲ"

"ကျောင်းပိတ်ရက် ဆိုတော့ အခက်အခဲမရှိပါဘူး။ ဒါနဲ့ ပွဲကဘယ်နေ့လဲ အဖေ"

"ဒီဇင်ဘာ ၂၅ ရက်နေ့လို့ပြောတယ်ကွ"

"ဒါဆိုရင် သားလာဖြစ်အောင်လာခဲ့ပါ့မယ် အဖေ"

"အေးအေး- ကျန်းမာရေးလည်းဂရုစိုက်။ စာကိုလည်း ကြိုးစား ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အဖေ"

ရွာကလူတွေ ကျွန်တော့်ကိုလာစေချင်ရခြင်းမှာ အကြောင်းရှိပါသည်။ ကျွန်တော်ကိုယ်တိုင်က အနုပညာကိုဝါသနာပါ၏။ ဆိုရမလား၊ ငိုရမလား၊ မင်းသားလုပ်ရမလား၊ မင်းသမီးလုပ်ရမလား အားလုံးဘက်စုံရ၏။ အထူးသဖြင့် ကျောင်းဆရာမနှင့်တွဲပြီး ဦးရွှေရိုးနှင့်ဒေါ်မိုး က,စေချင်ကြ၏။ ကျွန်တော် (၈) တန်းနှစ်က ဆရာမနှင့်တွဲပြီးကပြခဲ့သောကြောင့် ပရိသတ်အထူးကြိုက်နှစ်သက်ခဲ့ကြ၏။ ကျွန်တော်တို့၏သရုပ်ဆောင်ပုံကိုကြည့်ပြီး စနဲစခန်းမှူးကိုယ်တိုင်ငွေ(၁)သိန်းဆုချခဲ့၏။ ပရိသတ်တို့က အားပေးချီးမြှင့်လိုက်ကြသည်မှာ တစ်ညတည်းနှင့် ငွေ (၅) သိန်းရရှိခဲ့၏။ နောက်တစ်နေ့ည၌လည်း အနီးအနားရှိရွာကလူတွေက တောင်းဆိုမှုကြောင့် ပြန်လည် ကပြခဲ့ရ၏။ ထိုနှစ်က ငွေ (၁၂) သိန်းကျော်ရခဲ့၏။ ဤသို့သော အကြောင်းတွေကြောင့် ကျွန်တော့်ကို လာစေချင်ကြခြင်း ဖြစ်၏။

❑

# ကြည်ပြာမောင် (သခင်မြေ)


## ထိုတစ်နေ့





www.burmeseclassic.com

www.burmeseclassic.com



ညဘက်ပွဲစတော့မည်။ မီးစက်၊ ဆောင်းဘောက်(စ်)၊ မီးချောင်းတို့ကို လေးပုံကျောက်ရွာက ငှားထား၏။ မနက်ကတည်းက ပစ္စည်းတွေ အသင့်ရောက်နေပြီ။ အခမ်းအနားတွေကလည်း ပြင်ဆင်ထားကြပြီ။ ဤတွင် ပြဿနာက စတော့၏။ အောက်စက်ကိုဖွင့်၍မရ။ ဖွင့်ပြီးပြုပြင်သော်လည်း မည်သို့မျှမထူး။ ထို့ကြောင့် လေးပုံကျောက်ကိုသွားပြီး အောက်စက်တစ်လုံးယူဖို့ မောင်ပုနှင့် ကျွန်တော်သွားခဲ့ကြ၏။

အချိန်ကား မွန်းလွဲ (၁) နာရီထိုးနေပြီ။ လေးပုံကျောက်ရွာနှင့် ကျွန်တော်တို့ အောင်မြေကုန်းရွာသည် နာရီဝက်ခန့်သွားရ၏။ မိုးရာသီသွားသည့်လမ်းနှင့် နွေရာသီသွားသည့်လမ်း ဟူ၍ နှစ်လမ်း ရှိ၏။ ကျွန်တော်နှင့် မောင်ပုတို့ နွေလမ်းအတိုင်းသွားပြီး ပြန်လာသည့်အခါ မိုးလမ်းကလာခဲ့ကြ၏။ လယ်နှစ်ကွက်ကို ကျော်ပြီးနောက် တောတန်းလေးတစ်ခုကိုကျော်ရ၏။ မိုးတုန်းကစိမ်းမြဟန်ရှိခဲ့သော သစ်ရွက်တို့သည် ကြွေလုလုဟန်ဖြင့် မြေပြင်ကို ငေးကြည့်နေကြ၏။ ညှာတံရင့်သည့်ဘဝမို့ လေရူးကိုအန်မတုရဲသည့်ဘဝနှယ်။ လူနှစ်ယောက်ဖက်ခန့်ရှိသော လျှော်နီပင်ကြီးတစ်ပင်ပေါ်တွင် ငှက်တော်၊ ဆက်ရက်၊ သစ်တောက်ငှက်တို့သည် ဘာသာဘာဝမြူးထူးပျော်ပါးနေကြ၏။ လျှော်နီပွင့်တို့ရနံ့က ဝန်းကျင်တစ်ခိုတွင် သင်းပျံ့ကြိုင်လှိုင်နေ၏။ လေတစ်ချက်ဝှေ့လိုက်တိုင်း ရော်ရွက်ဝါတို့ကြွေကျသည်အသံကို ပွဲတင်ထပ်ကာမျှကြားရ၏။ ကျွန်တော်နှင့် မောင်ပုတောတန်းအလယ်ရှိ မန်ကျည်းပင်အောက်သို့ရောက်လာသောအခါ တောတန်းတစ်ခုလုံး တိတ်ဆိတ်သွားလေ၏။ သစ်ရွက်ကြွေသံမှအပ မည်သည့်သတ္တဝါတစ်ကောင်၏အသံကိုမျှမကြားရတော့ပေ။ ကျွန်တော်တို့နှစ်ယောက် အံ့သြမှင်သက်နေကြ၏။

"ဘာဖြစ်သွားတာလဲကွ မောင်ပု"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူးကွ၊ ထူးတော့ထူးဆန်းတယ်"

"မဟုတ်မှလွဲရော နေ့ခင်းကြောင်တောင် သရဲများအခြောက်ခံနေရပြီလား မသိဘူး"

"ဖွီ- နေ့ခင်းကြောင်တောင် ဘယ်က သရဲခြောက်ရမှာလဲ။ ယောကျ်ားတန်မဲ့ကြောက်တတ်ရန်ကော"

"ငါတော့ ကြောက်လာပြီကွ"

"ဟာ - ဘာသံလဲကွ သေချာနားထောင်ကြည့်စမ်း"

တသောသောနှင့် သံရှက်ခြောက်ပေါ်နင်းလာသောအသံတို့ တစ်တောလုံးညံနေ၏။ အသံသည် နီးသထက်နီးလာ၏။သေသေချာချာနားထောင်ကြည့်လိုက်တော့မှ ကျွန်တော်တို့ရပ်နေသောလမ်း၏ လက်ယာဘက်ကုန်းတန်းက ထွက်ပေါ်လာခြင်း ဖြစ်၏။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နှုတ်ဆိတ်နေကြ၏။ မည်သို့သော အကြောင်းကြောင့်မသိ ငှက်တချို့လန့်ဖျပ်ပြီးပျံသွားကြ၏။

"ဟော့ကောင် ဘာ. . . ဘာလဲကွ"

ကျွန်တော်က ကတုန်ကယင်အသံနှင့် မောင်ပုကို လှမ်းမေးလိုက်၏။

"ငါလည်း မသိဘူးကွ။ သွားပြီး ကြည့်ကြရအောင်"

"ဟာ - မသွားပါနဲ့။ တော်ကြာ တစ်ခုခုဆိုရင် မလွယ်ဘူး"

ကျွန်တော်တို့နှစ်ယောက် အချီအချပြောနေကြစဉ် အသံမှာ ကျွန်တော်တို့နှင့် ဝါးတစ်ရိုက်အကွာမှ ထွက်ပေါ်လာ၏။ ကျွန်တော့်အထင်ပြောရလျှင် ခွေးအတစ်ကောင်များလားဟု ထင်မိ၏။ သို့သော် ခွေးအခြေသံက ဤမျှအထိ တောလုံးညံစရာအကြောင်းမရှိ။ ယခုကြားနေရသည်က ရှည်မျှောမျှောသတ္တဝါတစ်ကောင်ဖြစ်ဖို့များ၏။ အကြောင်းမှာ အသံသည် တစ်ချက်တစ်ချက်ကွာဟမှုမရှိဘဲ မြေနှင့်ကပ်ပြီးဆက်တိုက်ပေါ်လာသောကြောင့်ဖြစ်၏။ ဧကန္တ မြွေကြီးတစ်ကောင် ဖြတ်သန်းနေခြင်းပေလော။ အသံကြားရာဆီသို့ ဂရုစိုက်ပြီးကြည့်သော်လည်း ရွက်ခြောက်တွေထူနေသောကြောင့် မည်သည့်အရာကိုမျှမမြင်တွေ့ရပေ။ ကျွန်တော်တို့နှစ်ယောက် အောက်စက်ကို မြေမှာချပြီး အသံလာရာဆီသို့ နားစွင့်နေကြ၏။ အသံကား အဆက်မပြတ် ထွက်ပေါ်နေ၏။

"မောင်ပု၊ သွားကြမယ်ကွာ။ ရွာကလူတွေ ငါတို့မရောက်လို့စိတ်ပူနေကြလိမ့်မယ်"

"အေးကွာ၊ ဒါဆိုရင်လည်း သွားကြစို့"

ကျွန်တော်လည်း ကြောက်စိတ်ပြေစေရန် အသံကျယ်ကျယ်နှင့်သီချင်းဆိုလိုက်၏။ မောင်ပုက ပါးစပ်တီးလုံးလိုက်ပေး၏။ ကျွန်တော်တို့နှစ်ယောက် သီချင်းတကြော်ကြော်နှင့်သွားလိုက်ကြပြီးနောက် ဝါးတစ်ရိုက်အကွာသို့ရောက်သောအခါ မောင်ပု ခြေလှမ်းတုံ့ခနဲရပ်သွား၏။

"ဘာတွေ့လိုက်လို့လဲကွ"

ကျွန်တော်လည်းမေးလိုက်၏။

"ဟိုမှာကြည့်လိုက်၊ အဲဒါဘာလဲကွ"

မောင်ပုက လက်ညှိုးညွှန်ပြ၏။

"ဘယ်မှာလဲကွ"

"ဟိုမှာလေကွာ သစ်ငုတ်နောက်ဘက်က လမ်းကိုကန့်လန့်ဖြတ်နေတာ"

"ကွာ- မြင်စရာရှားလို့ အဲဒါဖျံပင်ကွ"

"မဟုတ်ဘူး။ သေသေချာချာကြည့်စမ်း၊ အဲဒါစပါးကြီးမြွေ မဟုတ်ဘူးလား"

"ဖွီ- မင်းအဖေ ဘယ်ကလာ စပါးကြီးမြွေဟုတ်ရမှာလဲ၊ ဖျံပင်ပါဆိုနေမှ။ မင်းမျက်လုံးကိုတော့ ရွှေချဖို့ကောင်းသွားပြီ"

"ဟော့ကောင်-လေကြောရှည်မနေနဲ့ မယုံရင်သွားကြည့်၊ စပါးကြီးမှစပါးကြီးမြွေကြီးလက်ခတ်မလွဲဘူး"

ကျွန်တော်သည် မောင်ပု၏ပြောစကားကို ပြက်ရယ်ပြုပြီး ရင်ကော့ကာ ရှေ့မှသွားလိုက်၏။ သစ်ငုတ်အနီးသို့ ရောက်သောအခါ ကျွန်တော်မျက်လုံးပြူးရတော့၏။ အမှန်တကယ်ပင် စပါးကြီးမြွေဖြစ်နေသောကြောင့်တည်း။ အစက ဖျံပင်ဟု ကျွန်တော်ထင်ခဲ့သောအရာသည် မြွေကြီး၏အမြီးပိုင်းဖြစ်နေ၏။

ဤနေရာ၌ ဖျံပင်အကြောင်းကို အနည်းငယ် ရှင်းပြလို၏။ ဖျံပင်တွင် ကုလားဖျံနှင့် တစ်ပင်တိုင်ဖျံပင်ဟူ၍ နှစ်မျိုးရှိ၏။ ဖျံပင်သဏ္ဌာန်မှာ အမှန်တကယ်ပင် စပါးကြီးမြွေ၏ကိုယ်လုံးနှင့်တူ၏။ကိုယ်ခန္ဓာတွင် အပြောက်အကွက်များနှင့် ရောပြွမ်းနေသောကြောင့် အမှတ်မထင်ကြည့်လိုက်ပါက သူတော်မြွေနှင့်လည်းတူ၏။ လုံးပတ်လူကြီးလက်ကောက်ဝတ်ခန့်ရှိ၏။အရွက်မှာသဘော်ရွက်ကဲ့သို့ရှိပြီး ရိုးတံကြားတွင် အသီးလေးများရှိ၏။ ဖျံပင်တို့သည် မိုးရာသီတွင်ပေါက်လေ့ရှိ၏။ ဖျံပင်တစ်ပင်တွင် ဖျံဥတစ်ဥရှိ၏။ တစ်ပင်တိုင်ဖျံပင်၏ဥကား တစ်ပိဿာ၊ နှစ်ပိဿာကျော်ခန့်ရှိ၏။ ဖျံပင်နှင့် ဖျံဥကို မကိုင်တွယ်တတ်ပါက ယားယံတတ်၏။ ယားယံပြီဆိုလျှင် ထိန်းမနိုင်သိမ်းမရဖြစ်တတ်လေသည်။ ကျွန်တော်တို့ဒေသတွင် မိုးရာသီရောက်ပြီဆိုလျှင် ဖျံဥဝယ်ကြ၏။ တစ်ပိဿာကို ထောင်ကျော်နီးပါးရတတ်၏။ မည်သည့်အရာလုပ်သည်ကိုကား ကျွန်တော်မသိပါ။ ထို့ပြင် ဖွက်ခါစဖျံပင်ကို လျှော်ခွာပြီး ငါးနိုင်နိုင်နှင့် ဟင်းချိုချက်စားကြ၏။ ဤကား ဖျံပင်အကြောင်းအနည်းငယ်ပင်တည်း။ တခြားဒေသ၌ မည်သို့မည်ပုံခေါ်ဆိုကြသည်ကို ကျွန်တော်မပြောတတ်ပါ။

"ဟာ - ဖျံပင်မဟုတ်ဘူးကွ၊ စပါးကြီးမြွေ"

ကျွန်တော် အလန့်တကြားနှင့် နောက်သို့ပြန်ပြေးလာခဲ့၏။

"မင်း ငါမပြောလား စပါးကြီးပါဆို"

"အေးကွ - ငါလည်း ဖျံပင်လို့ထင်တာ။ ဒီကောင်ကြီးကတော့ လမ်းကိုကန့်လန့်ဖြတ်ထားပြီ။ ငါတို့ဘယ်လိုလုပ်ကြမလဲ မောင်ပု"

"နှင်ထုတ်ကြရအောင်ကွာ"

ကျွန်တော်တို့ ပေါက်တတ်ကရအော်ပြီး နှင်ထုတ်ကြ၏။ မြွေကြီးကား တုတ်တုတ်မျှမလှုပ်ပေ။ သေသေချာချာကြည့်လိုက်တော့မှ လုံးပတ်နှစ်ထွာကျော်ကျော်ခန့်ရှိ၏။ ဝမ်းဗိုက်ပိုင်းကကားထွက်နေ၏။ တစ်ခုခုကို မျိုထားဟန်တူ၏။ လူသံကြားသောကြောင့် မလှုပ်ရှားဘဲ ကျိန်းနေပုံပေါ်၏။ မြွေကြီးသည် သစ်ရွက်ကြားတွင် ခေါင်းကိုလျှိုထား၏။

"ဘယ်လိုလဲကွ၊ နှင်ထုတ်လို့လည်း မရပါလား"

ကျွန်တော်ကမေးလိုက်၏။

"ဒီလိုလုပ်ကြရအောင်ကွာ။ မင်း ဒီကောင့်ကိုစောင့်ကြည့်ထား။ ငါတုတ်သွားရှာလိုက်ဦးမယ်"

"ဒါဆိုရင်လည်း မြန်မြန်သွား"

မောင်ပု ထွက်သွားပြီးနောက် ကျွန်တော်သည် မြွေကြီး၏ခေါင်းပိုင်းရှိရာကို တုတ်နှင့်ကော်ပြီးကြည့်မိ၏။ ခေါင်းကို တုတ်နှင့်လည်းတို့ကြည့်၏။ မြွေကြီးသည် ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်ပြီး ကျွန်တော့်ဘက်သို့ ခေါင်းလှည့်လာ၏။ ကျွန်တော် ဘုရားတမိသွား၏။ မြွေကြီးကား ကျွန်တော့်ဘက်သို့ တရွရွ ရွေ့လာ




www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ကျွန်တော်ခေါင်းနားပန်းကြီးသွား၏။ ဒီကြားထဲ မောင်ပုကလည်း ပေါ်လာသော။ ထို့ကြောင့် အနီးရှိ ကျောက်ခဲတစ်လုံးကို ကောက်ယူပြီး မြွေကြီး၏ခေါင်းတည့်တည့်ကို ပစ်ချလိုက်၏။ ခေါင်းကိုမထိဘဲ အလယ်ပိုင်းကိုထိသွား၏။ မြွေကြီးသည် တစ်ချက်တွန့်လိမ်သွားပြီး ပါးစပ်ကိုဖြဲကာ ကျွန်တော်ရှိရာသို့ ရှူးရှဲရှဲအသံပေးလျက် ပြေးဝင်လာ၏။ ထို့နောက် ကျွန်တော်၏ ဘယ်ဘက်ကို မြှောက်ပြီး လွှားခနဲခုန်လိုက်၏။ မြွေကြီးသည် ကျွန်တော့်ကို အလွတ်မပေးတော့သော။ အမြီးနှင့်ရိုက်၏။ ကျွန်တော်က ရှောင်၏။ နောက်ဆုံးတွင် အမြီးတစ်ချက် ကျွန်တော့်ခြေထောက်ကိုလာရိုက်လေ၏။ ကျွန်တော် မြေပေါ်သို့လဲကျသွား၏။

"မောင်ပု၊ ဟော့ကောင် မောင်ပု မြန်မြန်လာပါဦးကွ"

ကျွန်တော် အသံကုန် အော်ဟစ်လိုက်၏။ ကျွန်တော်သည် မြွေကြီးပေါ်တွင် လဲနေရာမှထမည်ပြုလိုက်သည်။ သို့သော် ရုတ်တရက်မထနိုင်ဘဲ လဲကျသွားပြန်၏။ မြွေကြီးသည် ကျွန်တော်၏ ခြေကို သူ၏ကိုယ်လုံးနှင့်ရစ်ပတ်လာ၏။ ကျွန်တော့်တွင် ကြောက်စိတ်တို့လွှင့်ပါးသွားကြ၏။ ရစ်ပတ်လာသော မြွေကြီး၏ကိုယ်လုံးကို ခွာဖို့ကြိုးစား၏။ ရဖို့ကားဝေးစွ။ ပို၍ပင်တင်းကျပ်စွာရစ်ပတ်လာ၏။ ထိုစဉ် မောင်ပုတစ်ယောက်ကောက်တိုင်းထမ်းပိုးတစ်ခုကိုကိုင်ပြီး ရောက်လာ၏။

"ဟာ- ဟော့ကောင်ဒါဘယ်လိုဖြစ်တာလဲ"

"လုပ်ပါဦးကွာ"

အစ၌ မောင်ပုသည် မြွေကြီးကို တိုင်ရဲဘဲ ငေးကြည့်နေမိ၏။ နောက်ဆုံးတွင် ကျွန်တော်၏အဆဲအဆိုကို မခံနိုင်၍လားမသိ အမြီးပိုင်းကို မ,ပြီးဆွဲတော့၏။ မြွေကြီးကရစ်ပတ်၏။ မောင်ပုကဆွဲ၏။ မည်သို့ပင်ဆွဲစေကာမူ မရနိုင်ဘဲရှိနေ၏။ ရုတ်တရက် မြွေကြီး၏ခေါင်းသည် ကျွန်တော့်မျက်နှာနှင့်တည့်တည့်အမလိုဖြစ်သွား၏။ မြွေကြီးသည် လျှာကလစ်လစ်ထုတ်ပြီး ကျွန်တော့်ကိုကြည့်နေ၏။ ကျွန်တော်ငေးနေစဉ် ပါးစပ်ကိုဖြဲကာ ပေါက်ချလိုက်လေတော့၏။ ကျွန်တော်သည် ခေါင်းကို ဘယ်ဘက်သို့ အနည်းငယ်စောင်းပေးလိုက်ပြီး ညာလက်နှင့် မြွေကြီးလည်ပင်းကို ဖမ်းဆုပ်ထားလိုက်၏။ မြွေကြီးကရုန်း၏။ ကျွန်တော်ကလည်း အစွမ်းကုန်ဖျစ်ညှစ်လိုက်၏။ မြွေကြီးသည် နာကျင်သောဝေဒနာကြောင့် ကျွန်တော့်၏ခါးကို ပို၍တင်းကျပ်စွာရစ်ပတ်လာ၏။ ကျွန်တော်သည် အနီးရှိ ကျောက်ခဲတစ်လုံးကို ဘယ်ဘက်လက်နှင့်လှမ်းယူပြီး မြွေကြီး၏ခေါင်းကိုထုခြေလိုက်၏။ မည်မျှထိုထုခြေလိုက်သည်ကို ကျွန်တော်မသိပါ။ မြွေကြီး၏ကိုယ်လုံး ကျွန်တော့်ခါးမှ ပြေလျော့သွားသည်နှင့်တစ်ပြိုင်နက် ပုဆိုးကို ကောက်ယူပြီး ထပြေးတော့၏။ မြွေကြီးသည် မောင်ပုဘက်သို့လှည့်သွားပြန်၏။ ကျွန်တော်က အော်ပြီး သတိပေးလိုက်သည်နှင့် မောင်ပုက ထမ်းပိုးကို မြှောက်ပြီး ရိုက်ချလိုက်၏။ မောင်ပု နှင့် ကျွန်တော်သည် အားရအောင်ရိုက်ကြပြီးနောက် ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြ၏။ မြွေကြီးကား အနည်းငယ်သာ လှုပ်တော့၏။

"မောင်ပု၊ ဘယ်လိုလုပ်ကြမလဲကွာ ငါတော့မကိုင်ရဲတော့ဘူး"

"ငါလည်းမကိုင်ရဲတော့ဘူးကွာ"

"ဒါဆိုရင်ဘယ်လိုလုပ်ကြမလဲ"

"ကြိုးကွင်းစွပ်ပြီး ဆွဲယူရင် မကောင်းဘူးလား"

"ကောင်းတယ်ကွာ"

ကျွန်တော်တို့နှစ်ယောက် ကြိုးရှာပြီး မြွေကြီးကိုချည်ကာဆွဲယူခဲ့ကြ၏။ ဒီကြားထဲ အမြစ်တစ်ခုတွေ့တိုင်း အမြီးနှင့်ကုပ်ထားသဖြင့် အားကုန်ဆွဲခဲ့ရ၏။ သည်လိုနှင့် ကျွန်တော်တို့နှစ်ယောက် ရွာအဝင် ရေကန်အနီးရှိခရေပင်အောက်သို့ရောက်ရှိလာခဲ့ကြ၏။

❑

"ဟာ - ရွှေတူကြီးကွ၊ နည်းနည်းနောနောအကောင်မဟုတ်ဘူး"

"ဗိုက်ကြီးကလည်းပူနေလိုက်တာ တစ်ခုခုကိုမျိုထားသလိုပဲ"

"ဟော့ဟော့- ဘယ်ကနေဘယ်လို ရခဲ့တာလဲ"

ဤသို့ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြချိန် ကျွန်တော့်အဖေနှင့် ဦးလေးတို့ရောက်ရှိလာကြ၏။ ရေခပ်လာသော မိန်းမကြီးတချို့နှင့် ကလေးတစ်သိုက်လည်း ရောက်ရှိလာ၏။ ကျွန်တော်တို့နှစ်ယောက်ကား ခြေတုန်လက်တုန်နှင့် အနားသို့ပင်မကပ်ရဲကြတော့ပေ။

"ဟော့ - မောင်ပွားနဲ့ မောင်ပု ဘယ်ကနေဘယ်လိုရခဲ့တာလဲဟော့"

ကျွန်တော်တို့ မဖြေနိုင်ကြ။ မြွေကြီးကိုသာငေးပြီးကြည့်နေကြ၏။

"ဟော့ - သေးစော်နံလိုက်တာ ဘယ်သူ့ဆီကလဲ"

အပျိုကြီး ဒေါ်ခင်စိန်က အော်လိုက်သဖြင့် ကျွန်တော်တို့လူသိုက် ပုဆိုးစမ်းသူစမ်း ဘောင်းဘီစမ်းသူစမ်း၊ အကျီနမ်းသူနမ်းနှင့်အလုပ်ရှုပ်မိကြ၏။

"ဟာ. . .

ကျွန်တော် ထူပူသွား၏။ အကြောင်းကား ကျွန်တော့်အောက်ပိုင်းတစ်ခုလုံးသေးတို့ဖြင့်စိုရွှဲနေသောကြောင့်တည်း။ ကျွန်တော်ရှက်ရှက်နှင့်ထပြေးမိ၏။

"ဟား. . . ဟား. . . ဟား. . . ဟား. . . မောင်ပွားဆီကပဲဟော့။ ဒီကောင် ရှက်သွားပြီ"

❑

ဤကိစ္စသည် ဤမျှနှင့်မပြီးသေးပါ။ မောင်ပုတစ်ယောက် ညစဉ်ညတိုင်း 'မြွေ. . . မြွေ' ဟုဆိုပြီး ထပြေးနေ၏။ မှောင်လာလျှင် တစ်ယောက်တည်းမနေရဲ။ မျက်လုံးကြောင်တောင်တောင်နှင့် ပေါက်တတ်ကရတွေ လျှောက်ပြောနေတော့၏။ ကျွန်တော်ကိုယ်တိုင်လည်း ညစဉ်ညတိုင်း မြွေကြီး ခါးကိုလာပြီးရစ်ပတ်ထားသည်ဟု အိပ်မက်မက်လေ့ရှိ၏။ နောက်ဆုံး အဖေသည် အလယ်တွင်ဆရာတော်ကြီးဆီက ပရိတ်ချည်နှင့် ရေမန်းကိုယူပြီး တိုက်လိုက်တော့မှ အိပ်မက်မမြင်တော့ပေ။ မောင်ပုတစ်ယောက် ပယောဂဆရာနှင့်ကုလိုက်၊ နတ်ကတော်နှင့်ကုလိုက် အတော်ပင် ဒုက္ခရောက်ရသည်ဟု ကြားသိရ၏။ အမှန်က ကျွန်တော်တို့မြွေသတ်ခဲ့သောနေရာသည် အခြောက်အလှန့်ကြီးသည်ဟု နာမည်ကြီး၏။ ညနေမိုးချုပ် မည်သူတစ်ဦးတစ်ယောက်မျှ ဖြတ်သွားဖြတ်လာမပြုရဲသောနေရာပင်။ ထို့ပြင် စပါးကြီးသားကိုစားမိသူတိုင်း ဝမ်းပျက်ဝမ်းလျှောဖြစ်ကြသည်ဟူ၏။ ထိုတစ်နေ့က ကျွန်တော်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်တို့သည် ဘဝတစ်ကွေ့မှမမေ့နိုင်သောဖြစ်ရပ်တို့ပင် ဖြစ်လေ၏။ နောင်အလျဉ်းသင့်ပါက ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ထူးထူးဆန်းဆန်း အကြောင်းအရာတို့အား ရေးသားဖော်ပြပါဦးမည်။

ကြည်ပြာမောင် (သင်္ခေ...)



www.burmeseclassic.com

www.burmeseclassic.com

❑ မေတ္တာကိုရှာ ဝင်ပါကြွေ့
လေအဆန် အပြန်လမ်းမှာ
သောက်ရေချို အမေကမ်းမှ
ဝမ်းမြောက်စွာတွေ့။ ။

ကျွန်မဘဝမှာ မျှော်လင့်ချက်ကြီးမားစွာနဲ့ အလိုချင်ဆုံး၊ အတောင့်တဆုံး မြင်ဖူးတွေ့ဖူးချင်ဆုံးအရာဟာ ရွှေတွေ၊ ငွေတွေ၊ ဂုဏ်ပကာသနတွေ၊ စည်းစိမ်ချမ်းသာတာတွေမဟုတ်ရပါဘူးရှင်။

ဒီလိုပြောလိုက်တော့ ကျွန်မကို ဒီကောင်မလေးရူးများနေသလား၊ စိတ်မှန့်သေးရဲ့လားလို့တောင်ဆိုလေမလားမသိ။ တကယ်တော့ ရွှေငွေစည်းစိမ်မနဉစ္စာရတနာတွေဆိုတာ လူတိုင်းရဲ့သည်းခြေကြိုက်တဲ့ ရုပ်ဖြပ်ဝတ္ထုအရာတွေပါနော်။ ဒါပေမယ့် ကျွန်မကို မြင်ချင်သလို ထင်ချင်သလိုသာ ထင်ကြပါစေတော့။ ကျွန်မရဲ့ သည်းခြေအခိုက်ဆုံး ချင်ခြင်းတပ်အဖြစ်ရဆုံးကတော့ အဖေနဲ့ အမေဆိုတဲ့မိဘနှစ်ပါးရဲ့မျက်နှာလေးတွေကို တွေ့မြင်ဖူးချင်တာပါပဲ။

ကျွန်မရဲ့ဘဝပေးကုသိုလ်ကံကိုကဆိုးရွားလေသလား။ မိဘနှစ်ပါးကပဲ ကံဆိုးမိုးမှောင်ကျလေသလားတော့ မပြောတတ်ပါဘူးရှင်။ ကျွန်မသိတက်စအရွယ်ရောက်တော့မှ ကျေးဇူးရှင် ထမင်းရှင်အသက်သခင် ကြီးတော်မြ ပြောစကားအရ ကြားသိလိုက်ရတာပါ။ အမေနဲ့အဖေဟာ တောသူတောင်သား ကောက်စိုက်သမနဲ့ လယ်စာရင်းငှားတွေတဲ့။

အဖေနဲ့ အမေ အကြောင်းပါပြီး ကျွန်မကိုမွေးတဲ့ မီးတွင်းထဲမှာပေါ့။ လူ့လောကထဲကို (၃) ရက်သာရောက်ရသေးတဲ့ကျွန်မဟာ ဘာသိမှာတုံး။ မြန်းပြင်းနှောင်ပြင်းဆိုသလို အဖေက လယ်ထဲမှာ ပိုးထိလို့ဆုံးတယ်တဲ့။ ဒီကိစ္စကို အမေမသိအောင်ဘယ်လိုပင်ဖုံးခဲ့ကြပေမယ့် ဘူးတစ်ရာအပေါက်သာပိတ်လို့ရချင်ရမယ်။ လူ့ပါးစပ်ပေါက်တွေဆိုတာ အခက်သားလား။

# ပန်းမြိုင်လယ်-စိန်ဝင်း

## ပဲ့ကြွေကျတဲ့မြင်းမိုရ်






www.burmeseclassic.com

www.burmeseclassic.com

ရွာထဲက ကလေးတွေရဲ့ သိုးသိုး သံ့သံ့စကားအရ အမေကြားလိုက်တော့ မပြောမဖြစ် ပြောပြလိုက်ရတယ်ဆိုပဲ။ အဲဒီမှာ အမေကလည်း သွေးနုသားနု။ ကြားလိုက်ရတဲ့စကားကလည်း သွေးပျက်စရာ။ တစ်ခါတည်း နှလုံးသွား လိုက်တာ။ ကျွန်မလည်း အမေ့နို့ချိုနဲ့ဝေးခဲ့ရပါတော့တယ်။ နို့ချိုနဲ့ဝေးရတာထက် ပိုမိုလို့ဆိုးတာက စိတ်မကျန်းမာရောဂါဖြစ်ခဲ့ရတဲ့အမေဟာ ယဉ်ယဉ်လေးနဲ့ သွားချင်ရာသွား စားချင်ရာစား အိပ်ချင်တဲ့နေရာမှာအိပ်ဆိုတဲ့အဆင့်ရောက်လာပြီး နောက်ဆုံးမှာတော့ ဘယ်သောင်ဘယ်ကမ်းဘယ်စခန်းကို မြန်းလေသည်မသိ။ သေလား၊ ရှင်လား ဆိုတဲ့သတင်းစကားမကြားရတော့တာ အခုအချိန်အထိပါပဲတဲ့။ မမြင်ဘူးလိုက်တဲ့အမေနဲ့ဝေးရခြင်းဒုက္ခဟာ ကျွန်မဘဝမှာတော့ အဆိုးတကာ့အဆိုးဆုံးပါပဲ။ ဒီတော့ တောင့်တောင့်တတနဲ့. . .





www.burmeseclassic.com

www.burmeseclassic.com

"ကြီးတော်မြရယ်၊ အဖေနဲ့အမေ့ကို မြင်ကြည့်လို့ရနိုင်မယ့်ဓာတ်ပုံလေးဘာလေးများ တစ်ပုံတလေမကျန်ခဲ့ဘူးလားဟင်"

ဆိုတော့ -

"ညည်းအဖေနဲ့အမေက သူများတွေလိုမဟုတ်ဘူးဟဲ့။ ဓာတ်ပုံရိုက်တာတို့ဓာတ်ရှင်ကြည့်တာတို့ပွဲလမ်းသဘင်သွားတာတို့ဆိုတာတွေကို ဝါသနာမပါခဲ့လေတော့ မှတ်မှတ်ထင်ထင်အလှဓာတ်ပုံဆိုတာ ဘာတစ်ခုမှမကျန်ခဲ့ပါဘူး။ ရှားရှားပါးပါး ရွာဦးကျောင်းမှာ ဘုရားတည်လုပ်အားအလှူပွဲမှာတော့ နှင့်အဖေရော အမေရောပါတဲ့မှတ်တမ်းဓာတ်ပုံတစ်ပုံတော့ရှိသေးထင်ပါရဲ့။ ဒါကလည်း အများနဲ့ရောနေတာဆိုတော့ မှုန်တီမှုန်ဝါးပါပဲဟယ်"

ကျွန်မပူဆာတော့ ကြီးတော်မြက သံသေတ္တာကြီးဖွင့်လို့ထုတ်ပြပါတယ်။

"ဓာတ်ပုံက နှင့်အဖေနဲ့ အမေလူပျိုပေါက်အပျိုပေါက်အရွယ်ကတည်းကဆိုတော့ ကြာလှပေါ့။ ဆေးသားတွေတောင်ကွက်နေပြီအေ"

ဆိုတော့ အငမ်းမရ တောင်းယူကြည့်လိုက်မိပါရဲ့။ အချိန်ကာလရဲ့တိုက်စားဝါးမျိုခြင်းခံလိုက်ရတဲ့ဓာတ်ပုံကလေးဟာ ပီပီပြင်ပြင်သဲသဲကွဲကွဲမရှိလေတော့။

"ဒါညည်းအမေ၊ဟောဒါကညည်း့အဖေ"

ဆိုလို့သာ အင်းချလိုက်ရတာ မျက်နှာသွင်ပြင်ရဲ့အဆင်ကို ရော်ရမ်းမှန်းဆ၍ကြည့်သော်မှ ဝေဝေဝါးဝါး။

"ကြီးတော်မြရယ် သမီးရဲ့အဖေနဲ့အမေပါတဲ့ဓာတ်ပုံလေးကို မှတ်မှတ်ရရသိမ်းထားချင်လို့ သမီးကိုပေးပါနော်"

ဆိုတော့ ကြီးတော်မြက ခေါင်းလေးတဆတ်ဆတ်ညိတ်လို့။ ဒီတော့ ဘယ်လိုမှ မှန်းဆလို့မရတော့တဲ့အဖေနဲ့အမေပါ ဓာတ်ပုံလက်ကျန်လေးကိုပဲ မြတ်မြတ်နိုးနိုး သိမ်းဆည်းခဲ့ရပါတယ်။ ပြောရရင်တော့ ဒီဓာတ်ပုံလေးဟာ အဖေ့မေတ္တာနဲ့ အမေ့ရဲ့ရင်ငွေ့ရယ်လို့ ကျွန်မရင်ထဲစွဲထင်မှတ်ခဲ့ရပြန်ပါတယ်။

မပီပြင်မသဲကွဲတဲ့ ဓာတ်ပုံလေးကိုထုတ်ထုတ်ကြည့်ရတာလည်း ကြိမ်ဖန်များလှပေါ့။ နောက်ဆုံးမှာတော့ ကြီးတော်မြကို တောင့်တောင့်တတလေးမေးခဲ့ဖူးပါရဲ့။

"ကြီးတော်မြရယ် အမေ့ရဲ့ပုံက ဘယ်သူနဲ့တူလဲဟင်။ အဖေကကော ဘယ်လိုပုံလဲ၊ ဘယ်သူနဲ့တူသလဲ"

ဆိုတော့ ကြီးတော်မြက စိတ်လိုလက်ရနဲ့ -

"နှင့်အမေ ခင်မြိုင်က တို့ရွာမှာတော့ အချောဆုံးအလှဆုံးနဲ့ ပိန်ပိန်ပါးပါးလေးပါပဲ။ နှင့်အဖေ သောင်းရွှေကတော့ လူရိုးလူဖြောင့်ပါ။ သဘောအရောက်ကောင်းတယ်။ လူပုံက နှုတ်ခမ်းမွှေးစစနဲ့လူခန့်လူချောတစ်ယောက်ပေါ့။ တို့ရွာထဲမှာတော့ သူနဲ့တူတဲ့သူဆိုလို့ ပြစရာလူတောင်မရှိပါဘူးဟယ်"

ဆိုတဲ့စကားနဲ့ပဲ တစ်ခါတည်း ပါတောပိတ်သွားခဲ့ရတာ။ ရွာထဲက ပိန်ပိန်ပါးပါးနဲ့အမေအရွယ်တွေကိုတွေ့တော့ ငါ့အမေဟာ ဒီလိုပုံများလားဆိုပြီး လိုက် ကြည့်ရတာလည်း အမောပါပဲ။ နှုတ်ခမ်းမွှေးနဲ့လူဆို ထူချင်ထူ၊ ပါးချင်ပါး ငါ့အဖေနဲ့များတူလေသလားဆိုတဲ့အတွေးတွေဟာ ကျွန်မအတွက်တော့ အလုပ်တစ်ခုလိုလိုဖြစ်လို့။

ဒီလိုနဲ့ မဖြစ်နိုင်တာကိုမှ တောင့်တမိတဲ့ ကျွန်မဟာ ဆယ့်လေးနှစ်သမီးအရွယ်ရောက်လာတော့ ကျွန်မကို မွေးကျွေးခဲ့တဲ့ ကြီးတော်မြကလည်း စီးပွားရေးချွတ်ခြုံကျခဲ့တယ်။ မိန်းကလေးတစ်ယောက်ကို ဟိုးငယ်ငယ်လေးထဲက ကြည့်ရှုစောင့်ရှောက်ခဲ့ရတဲ့တာဝန်ဟာလည်း သေးတာမှမဟုတ်တာ။ အခုလို အပျိုဖြန်းဖြစ်လာတဲ့ မိန်းကလေးတစ်ယောက်ရဲ့စားရေး၊ အဝတ်ဆင်ရေးနဲ့ လူရေးလူမှုတွေကိုတာဝန်ပိလာမှာစိုးရိမ်လို့လား သူ့ကျန်းမာရေးနဲ့အသက်အပိုင်းအခြားအရ ဆက်ပြီး မမွေးချင်တော့လို့လားဆိုတာတော့မသိရပါဘူး။ ဒီတော့ . . .

"ဟဲ့ - ထွေးခင်၊ နင်ဒီလိုပဲနေလို့တော့မရတော့ဘူး။ တို့မှာလည်း လူပိုတစ်ယောက်တင်ကျွေးထားရတဲ့စရိတ်က မသေးလှဘူး။ နင့်ဘဝကလည်း ဒီအတိုင်းနေလို့ကတော့ အလကားပဲဖြစ်နေမှာ။ ဒီတော့ နင့်ဘဝလည်းတက်လမ်းရှိမယ်။လောလောဆယ်ဆယ် ဝင်ငွေမရပေမယ့် အဝတ်ဆင်ပေးမယ့်၊အစားကျွေးမယ့် မြို့က ငါ့အသိမြို့ပိုင်မင်းကတော် ဒေါ်ခင်မမအိမ်မှာ အိမ်ဖော်သွားလုပ်မလား"

ဆိုတော့ ကျွန်မ အင်းမလုပ်အဲမလုပ်မိပါဘူး။ ကြီးတော်မြအိမ်မှာ ဒီအရွယ်အထိနေခဲ့ရတာကလည်း သက်သောင့်သက်သာတော့ မဟုတ်ပါဘူး။ တစ်နိုင်ဝင်တစ်နိုင်အလုပ်ကိုတော့ ငယ်ငယ်ကတည်းက လုပ်ခဲ့ရတာပါပဲ။ ကြီးတော်မြပြောလိုက်တဲ့ အိမ်ဖော်အလုပ်ဆိုတာ ယဉ်ယဉ်ကျေးကျေးလေးသုံးလိုက်တာပါ။ တကယ်လုပ်ရမှာက အိမ်ကြီးကျွန်၊ ထမင်းစားကျွန်ခံဆိုတာကိုတော့ သိပါတယ်နော်။ ဒါပေမယ့် ကြီးတော်မြရဲ့ နောက်ဆက်တွဲစကားက -

"မင်းကတော် ဒေါ်ခင်မမက ပိန်ပိန်ပါးပါးလေး။ နင့်အမေ ခင်မြိုင်နဲ့အမွှာမွေးထားသလား အောက်မေ့ရတယ်။ တော်တော့်ကိုတူတာ။ အမှတ်တမဲ့များကြည့်လိုက်ရင် နင့်အမေလားလို့တောင်အောက်မေ့ရတယ်။ နင့်အမေကိုမြင်ဖူးချင်တယ်ဆိုရင်တော့ ဒေါ်ခင်မမကိုသာကြည့်ပေရော့"

ဆိုတဲ့ စကားလေးကြားလိုက်ရတယ်ဆိုတာနဲ့တင် လုံးဝကို မငြင်းဆန်မိတော့ပါဘူး။ အမေ့ကိုယ်စား အမေ့ကိုယ်ပွားဒေါ်ခင်မမဆိုတဲ့သူကို အခုချက်ချင်းပြေးပြီးတွေ့ချင်လိုက်တာ။ ပြီးတော့ ကျိန်းသေတွေ့ရတော့မယ်ဆိုတဲ့အသိနဲ့ စိတ်ကူးယဉ် အပျော်လှေကြီးကို စီးပြီး အပျော်ကြီးပျော်လိုက်မိပါရဲ့။ သူမီးထေ ရင်တွေခုန်ပြီး ဝမ်းသာလိုက်တာအမေ ရယ်။

(၂)

"တောတနေ ခေါ်လာခဲ့တာ မခင်ရေ၊ မမခင်တို့အိမ်မှာအကူလူ တယ်လို့ပြောထားတာတောင်မှ ကြာပြီ ပကော။ အဲဒါ ကျွန်မအိမ်မှာ ငယ်ငယ်လေးကတည်းက ကျွန်မကျွေးမွေးလာ ခဲ့တာဒီအရွယ်အထိပါပဲ။ မမခင်ကိုအား နာလွန်းအားကြီးလို့သာလာရပို့ရတာ ကျွန်မကတော့ လက်ပြတ်သလိုပါပဲ ဟင်း ဟင်း ဟင်း"

ကြီးတော်မြက စကားကို ရေပက် မဝင်အောင်ပြောရင်း ဧည့်ခန်းဆိုဖာ ဆက်တီခုံမှာ ဝင်ထိုင်လိုက်တယ်။ ကျွန်မ ကိုတော့ အောက်ကြမ်းပြင်မှာထိုင်စေပါ တယ်။ အမေနဲ့တူတယ်ဆိုတဲ့ မင်းက တော်ကြီး ဒေါ်ခင်မမဟာ ရွှေကိုင်းမျက် မှန်လေးက ကျော်ပြီး တစ်ချက်လှမ်း ကြည့်အကဲခတ်လိုက်တော့ အကြည် ချင်းဆုံတဲ့ ကျွန်မရဲ့ရင်တွေ တလှပ်လှပ် ခုန်သွားသလို ခံစားမိပါရဲ့။

"ထွေးခင်တဲ့။ မိဘမဲ့တစ်ကောင် ကြွက်ပါ။ ရွာမှာရေးရေးရာရာဘယ် တွေမျိုးသားချင်းမှမရှိပါဘူး။ ကျွန်မအိမ် မှာလည်း လောလောဆယ်ခိုင်း မည်မည်ရရရယ်လို့မှမရှိတာ၊ လူပိုတစ် ယောက်တင် ကျွေးထားရသလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မမခင်တို့တိုက်မှာတော့ သူနဲ့တန်တာ့ခိုင်းလို့ရနိုင်မယ်။ လောလောဆယ်တော့ အဝတ်ဆင်၊ ထမင်းကျွေးလောက် ဆိုရင်တောင် ကျေနပ်နေမှာပါ"

ကြီးတော်မြက ကျွန်မကိုတစ်ချက်ငုံ့ကြည့်ပြီး ပေါ့ပေါ့ပါးပါးလျှာဖျားတလေးနဲ့ ချိုနေအောင် မင်းကတော်သူဌေးမကြီးကို မျက်နှာလုပ် အစီရင်ခံနေတဲ့ အခိုက်အတန့်လေးမှာ ကျွန်မရဲ့ နှလုံးသားကို ပဲ့တင်ရိုက်ခတ်သွားစေတာတာ အဝတ်ဆင်ထမင်းကျွေးတာလောက် ဆိုရင်တောင် ကျေနပ်နေမှာပေါ့။ အမေရယ်လို့ပြောလိုက်ချင်တာ။ ဒေါ်ခင်မမဆိုတဲ့ မေမေကြီးကို အကြိမ်များစွာခိုးကြည့်ရတာလည်း မဝသလိုပါပဲ။ ကျွန်မရင်တွေခုန်ပြီး တုန်တုန်လှုပ်လှုပ်ဖြစ်နေတယ်။ ခေါ်ချင်လိုက်တာလေ။ 'အမေ' လို့ပေါ့။ ဒါပေမယ့် တင်းမာခက်ထန်တဲ့ မျက်နှာထားနဲ့ ဒေါ်ခင်မမဆိုတဲ့ မေမေကြီးကိုဆက်ပြီး မကြည့်ရဲတော့လို့ ခေါင်းတိုင့်ပြီး လက်ညှိုးက ဂေါက်သည်းခွံကို အကြောင်းမဲ့ကိုက်နေလိုက်မိတယ်။

"အေးအေး - မခင်မြ ကျေးဇူးပဲနော်။ ထားခဲ့ပေါ့။ ဪ - နေဦးဟဲ့"

ဆိုပြီး တစ်တောင်လောက်ရှိတဲ့ လက်ပွေ့ပိုက်ဆံအိတ်ကြီးထဲက ဘယ်လောက်မှန်းမသိတဲ့ ငွေစက္ကူတစ်ထပ်ထုတ်ပေးလိုက်တာတော့ တွေ့လိုက်ပါတယ်။

"ရော့ - မခင်မြ ဒါက ညည်းခေါ်လာပေးတဲ့အတွက် ဘောက်ဆူး။ သူလေးနဲ့ပတ်သက်ပြီး ဆက်သွယ်ချင်ရင်တော့ ညည်းနဲ့ပဲ ဆက်သွယ်ရမှာပေါ့နော"

"ဟုတ်ကဲ့ စိတ်ချပါ မမခင်ရယ်။ သူ့အကြောင်း ကျွန်မကောင်းကောင်းသိပါတယ်။ မမခင်စိတ်ချလက်ချသာခိုင်းသူမှာ အဖေ၊ အမေမရှိတော့သလို ပြေးစရာမြေမရှိပါဘူး"

ဆိုတဲ့စကားဟာ ကျွန်မနားထဲကို သံချည်ပူတွေလောင်းချခံလိုက်ရသလိုနီးလို့တောင်ဆိုရအောင် အခံရခက်လိုက်တာ။ ဒါပေမယ့် အမေ့မျက်နှာ၊ အမေ့ရုပ်သွင်နဲ့ တစ်ထေရာတည်းတူတယ်ဆိုတဲ့ မေမေကြီးဒေါ်ခင်မမကိုမြင်နေတွေ့နေရရင်ပဲ ကျေနပ်နေမှာပါ။ ခိုင်းချင်တာသာခိုင်းပါအမေရယ်လို့ဘယ်သူမှကြားနိုင်တဲ့အသံတိတ်စကားတွေနဲ့ ပြောနေမိပါရဲ့။

"ဪ-အေး ဒါထက် သူ့နာမည် က တဲ့-ဘယ်သူ"

"ထွေးခင်တဲ့ မမခင်ရဲ့"

"အေးအေး - ထွေးခင်၊ ထွေးခင်နင်ဒီမှာနေရင် ဒီက စည်းကမ်းတွေကိုတော့လိုက်နာရမယ်။ ခိုင်းတာအကုန်လုပ်ရမယ်ကြားလား"

ဆိုတော့ ပုထ်သင်ညိုလို ဟုတ်ကဲ့ပေါ့။

"အဝတ်အစားတွေအားလုံးလျှော်ရဖွပ်ရမယ်။ မီးပူတိုက်ရမယ်။ အိမ်သန့်ရှင်းရေးအတွက် ဖုန်သုတ်၊ အမှိုက်ရှင်းကြမ်းတိုက်၊ ဖိနပ်တိုက်လုပ်ရမယ်။ လိုအပ်ရင် မီးဖိုချောင်ကိစ္စကို မိသေးသေးနဲ့ ကူညီချက်ပြုတ်လုပ်ကိုင်ပေးရမယ်။ အိမ်ပေါ်က ငါ့သားတွေ၊ သမီးတွေ အခန်းထဲမခေါ်ဘဲ မဝင်ရဘူး။ ညည်းအတွက် ကားဂိုဒေါင်ဘေးက အခန်းလေးမှာ နေရာပေးထားမယ်။ ငါပြောတာ သဘောပေါက်နားလည်လား"

မနားတမ်း ရေပက်မဝင်အောင် ပြောသွားတဲ့စကားအားလုံးကို သဘောတူညီပြီးဖြစ်တယ်လို့ ခံယူထားတဲ့ ပဋိညာဉ်ခေါင်းတစ်ချက်ဟာ အလိုလိုညိတ်မိလျက်သားဖြစ်သွားခဲ့တယ်။ လောလောဆယ်မှာတော့ အသားမကျသေးတဲ့ ကျွန်မဟာ ပါလာတဲ့ လွယ်အိတ်စုတ်ကလေးတစ်လုံးကို ကျစ်ကျစ်ပါအောင် ရင်မှာပွေ့ထားရင်း ကျုံ့ကျုံ့ပုံ့ပုံ့လေးထိုင်ပြီး နာခံရတာပါ။

"ကဲလာ၊ လောလောဆယ်တော့ အိမ်သာအရင်ဆေး။ အိမ်သာထဲမှာ အိမ်သာဆေးတဲ့ဘရပ်ရယ် ကြွေကြေးချွတ်ဆေးအရည်ရှိတယ်။ ကမုတ်ကြွေဇလားခွက်ကိုဖြူဖွေးနေအောင်ဆေးရမယ်နော်ကဲလုပ်။ မသိတာရှိရင် ငါ့ကိုမေး ဒါမှ မဟုတ်ထမင်းချက်တဲ့ မိသေးသေးကို မေး ကြားလား"



"ဟုတ်ကဲ့"

လွယ်အိတ်လေးဘေးချပြီး နေရာသတ်မှတ်ချက်ကိုပင် ဝင်မကြည့်ရသေးခင်မှာဘဲ အိမ်သာဆေးတဲ့အလုပ်ကစပြီး လက်တွေ့ကွင်းဆင်းလိုက်ရတာ။ ဒါပေမယ့် အမေ့ရဲ့ခိုင်းစေချက် အမေ့ရဲ့အသံ၊ အမေ့ရဲ့ဟန်တွေကြောင့် ပင်ပန်းတယ်လို့တောင်မထင်ပေါင်။ ပျော်တောင်ပျော်သေးတော့ အမေရယ်။

(၃)

ကြားဖူးခဲ့တဲ့စကားတစ်ခုက ပျော်ရာမှာမနေ တော်ရာမှာနေတဲ့။ ကျွန်မညာစတမ်းပြောရရင်တော့ ကြီးတော်မြတို့ရွာမှာနေရတာ ပျော်စရာအကောင်းဆုံးပါ။ အလွတ်လပ်ဆုံးပါ။ ဒါပေမယ့် အခုတော့ ကျွန်မဘက်က အမေလို့ခံယူထားတဲ့ မေမေကြီးရဲ့ အရိပ်အာဝါသအောက်မှာနေခွင့်ရခဲ့တာ။ မေမေကြီးတို့မိသားစုကို ပြုစုယုယလုပ်ကိုင်ပေးခွင့်ရတာတွေကြောင့် တော်ရာဖြစ်တဲ့နေရာမှာ နေပျော်ပါတယ်ရှင်။

အနေကြာလာတော့လည်း အိမ်ကြီးရှင်တို့ရဲ့အထာကို တပ်တပ်အပ်အပ်သိခဲ့ရပါပြီ။ မနက်မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်ကတည်းက လုပ်လိုက်ရတဲ့အလုပ်တွေဟာ မနားရပါဘူး။ ဧည့်ခန်းက ဆက်တီစားပွဲတွေ၊ ရှိုးကစ်၊ ဗီရိုတွေဖုန်သုတ်၊ အိမ်ကြမ်းခင်းကို ဖယောင်းဆီပါတဲ့ ကြမ်းတိုက်ပေါ်လစ်နဲ့ လက်လက်ထအရိပ်ထင်အောင်တိုက်။ ပြီးတော့ ကြွေဘင်စင်တွေနဲ့ အိမ်သာကြွေကမုတ်ကိုဖြူဖွေးတောက်ပြောင်အောင် တိုက်ချွတ်ဆေးကြော၊ နောက်အဝတ်လျှော်၊ ခြောက်တဲ့အဝတ်တွေ မီးပူတိုက်နဲ့ ပင်ပန်းလွန်းလို့ ဝိုက်ချိန်တောင်မရပါဘူး။ တကယ့်ကို ဇယ်ဆက်သလိုပါပဲ။

ဒီကြားထဲ ကိုကိုကြီး၊ ကိုကိုလတ်နဲ့ မငယ်လေးတို့တွေရဲ့ ခိုင်းစေသမျှကိုလည်း မညည်းမညူလုပ်ပေးရပါသေးတယ်။ နိစ္စဓူဝလုပ်နေရတာဆိုတော့ ဘာပြီးရင်ဘာလုပ်ရမယ်ဆိုတာ ကျွန်မဘာသာအလိုလိုသိပြီးသားပါ။ အဝတ်လျှော်ရတာ မေမေကြီးရဲ့ထဘီတွေ၊ အင်္ကျီတွေဆို ပိုပိုပြီး ဂရုထားမိသလိုလို၊ မိခင်တစ်ယောက်ရဲ့ဝတ်ကြီးဝတ်ငယ်ကိုပြုစုနေရတဲ့သမီးတစ်ယောက်လို ခံစားမိတာ အမှန်ပါပဲ။ ပြီးတော့ မဆီမဆိုင် ကိုကိုကြီးတို့၊ ကိုကိုလတ်တို့၊ မငယ်လေးတို့ကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ကိုယ့်ရဲ့အစ်ကိုတွေ၊ မောင်တွေ၊ ညီမလေးတွေဖြစ်လိုက်ရင်ဘယ်လောက် များကောင်းလိုက်လေမလဲလို့တွေးပြီး ခံစားမိတာပါ။

တကယ်တော့ ကျွန်မလေ မမေကြီးတို့ကျွေးတဲ့ထမင်းဟင်းစားပြီးအသက် ရှင်နေရတာပါ။ ကျွန်မဘဝရဲ့ လုံခြုံရေး အတွက် စိတ်ချရတဲ့နေရာမှာနေရတဲ့ ကျေးဇူးတရားတွေ သစ်တယ်၊ ဟောင်းတယ်၊ ကောင်းတယ်၊ ညံ့တယ်ရယ်လို့ မဝေဖန်ရဲ၊ မငြင်းပယ်ဝံ့တဲ့ မငယ်လေးရဲ့အကျ လုံချည်နဲ့ အင်္ကျီတွေဟာ ခန္ဓာကိုယ်ရဲ့ အရှက်ကာလုံခြုံမှုနဲ့ သဘာဝရဲ့ အပူအအေးဒဏ်တွေကိုကာကွယ်မှုပေး စွမ်းနိုင်ပေတယ်ဆိုတဲ့အချက်နဲ့တင်ပဲ ကျေးဇူးအထူးတင်မိလိုက်ပါရဲ့။

ပြောရရင်တော့ ကျွန်မ တောမှာ နေခဲ့ရတာထက်တော့ အပုံကြီးသာပါတယ်နော်။ ရွာကသူငယ်ချင်းမတွေဖြစ်တဲ့ ကြွက်နီမတို့၊ အေးလုံးတို့၊ လုံးစိန်တို့၊ ပူစူးမတို့ကိုပြေးပြီးတောင် ကြွားပြလိုက် ချင်သေးတော့။

"ဟဲ့-ထွေးခင်၊ နင်အဝတ်လျှော် နေတာကြာပြီ။ နင် ငါ့အင်္ကျီတွေ၊လုံချည် တွေ ဖြန့်ကြည့်ပြီး ပြုံးလိုက်၊ မဲ့လိုက်နဲ့ ဘာဖြစ်နေတာတုံး"

"ဘာ. . ဘာမှမဖြစ်ပါဘူး မမေကြီးရဲ့။ လျှော်တဲ့အဝတ်တွေ ပြောင်မှ ပြောင်ရဲ့လားလို့ကြည့်နေမိတာပါ"

"အလုပ်ကိုမလေးဖင့်နဲ့။ ရှော့- ဟောဒီ နင့်ညီမအတွင်းခံတွေပါ ပြောင်အောင်လျှော်။ နင်အဝတ်တွေလျှော်ပြီးရင် ငါ့ဆီကိုခဏလာခဲ့ဦး။ ဇက်ကြောလေးဆွဲခိုင်းနှိပ်ခိုင်းချင်လို့"

"ဟုတ်ကဲ့ပါ မမေကြီး၊ ဒါလေး လျှော်ပြီးရင်တော့ ပြီးပါပြီ။ လာခဲ့ပါ့မယ်"

အဝတ်လျှော်ပြီးတော့ နေ့လယ် (၁) နာရီတောင်ထိုးနေပြီ။ ခုထိ ထမင်း မစားရသေးဘူး။ ဆာလောင်မှုကြောင့် တကျုတ်ကျုတ်မြည်နေတဲ့ ဗိုက်ကဆန္ဒပြလို့အောင့်ချင်ချင်။

တစ်ချက်၊နှစ်ချက်လောက် ဇက်ကြောလေးဆွဲပေးပါဆိုလို့သာတော်တော့သည်။ အခန်းထဲက သံစုံနာရီကြီးက မွန်းလွဲနှစ်ချက်ပင်တီးပြီ။ သည်တော့မှ-

"ငါးသလောက်ပေါင်းတွေစားပြီး သွေးလေးတယ်ထင်ပါရဲ့ဟယ်။ အနှိပ်ခံနေရင်း အိပ်ချင်လာလိုက်တာ။ ကဲ - တော်တော်ပါတော့။ ငါတစ်ရေးတစ်မော အိပ်လိုက်ဦးမယ်။ ညည်းလည်း ထမင်း သွားစားတော့"

ခွင့်ပြုချက်ရလို့ ထမင်းစားတော့ ဒေါ်မိသေးက အိမ်ဖော်အတွက်ခွဲတမ်းအတိုင်း ထမင်းခဲပေါ်မှာ ချဉ်ရည်ဟင်း ဆမ်းပြီး ငါးပိရည်နဲ့တို့စရာချပေးတယ်။ ဘေးမှာ ထမင်းစားနေတဲ့ ဒရိုင်ဘာ ဘကြီးသိန်းက သူ့ခွဲတမ်းငါးသလောက် ပေါင်းအမြီးပိုင်းလေးကို သူမစားဘဲ ကျွန်မပန်းကန်ထဲထည့်ပေးပြီး-

"စားသမီးစား၊ ထမင်းနဲ့မြှုပ်ထား။ တော်ကြာ မမလေးမြင်ရင် ဆူခံထိနေမှာ စိုးလို့"

ဆိုတဲ့ အကြင်နာမေတ္တာတွေဟာ ကျွန်မအပေါ်မှာ အတော်ကောင်းကြတာကို မြင်တော့ ဝမ်းသာအံ့သြမိပါရဲ့။ ဘကြီးသိန်းကို သေသေချာချာကြည့်လိုက်တော့ နှုတ်ခမ်းမွှေးထူထူနဲ့ အဖြူတွေတောင်ရောယှက်လို့။ အဖေ့ကိုသတိရလိုက်တာ။ မမြင်ဘူးလိုက်တဲ့အဖေဟာ ဘကြီးသိန်းလိုပဲ။ ကျွန်မအပေါ်ကို ချစ်ခြင်းမေတ္တာတွေ၊စေတနာတွေ၊ ကရုဏာတွေနဲ့ လွှမ်းခြုံပေးထားမှာ ကျွန်မကလည်း အဖေ့ရဲ့လက်မောင်းအိုးကြီးကို ဖက်လေးခိုလိုက်မှာ။ ထမင်းစားရင်း မဆီမဆိုင်အတွေးတွေတွေးနေဆဲမှာပဲ။

"အဘသိန်း၊ သမီးသူငယ်ချင်းရဲ့ ပါတီပွဲသွားချင်လို့ မြန်မြန်လေး"

လို့ဆိုလိုက်တော့ စားတဲ့ထမင်းကို ရပ်၊ ချက်ချင်းလက်ဆေးပြီး ကမန်းကတမ်းကားထုတ်လို့ လိုက်ပို့တာမြင်လိုက် ရတော့-

"ဩော် - ထမင်းလေးတောင် ဖြောင့်အောင်မစားရပါလား ဘကြီးသိန်းရယ်"

ဆိုပြီး ကိုယ်ချင်းစာလို့ သနားနေ မိပါတယ်။

(၄)

"ဟဲ့-ငါကဘာကိုသနားရမှာလဲ။ ငါ့အခန်းထဲဝင်တာ နင်တစ်ယောက်ထဲပဲ ရှိတာ။ ငါ့ခုတင်ဘေးကစားပွဲပေါ်မှာ ချွတ်တင်ထားတဲ့ စိန်လက်စွပ်ကို နင်ယူပြီး ဘယ်မှာဖွက်ထားသလဲပြော"

"သမီးမယူပါဘူး မမေကြီးရယ်။ သမီးမှာ ဒီအကျင့်မျိုးမရှိပါဘူး"

"ထွေးခင်၊ ကောင်မ၊ အကျင့်တန် အကြံရှိတယ်တဲ့။ အိပ်ချင်လွန်းလို့ အိပ်ပျော်သွားတုန်း နင်ပဲဝင်ယူတာ။ ငါ့ကိုမလိမ်နဲ့။ ရုပ်ကလေးသနားကမားနဲ့ ဟဲ့-ပြော ဖုန်း. . . ဖုန်း. . . ဖုန်း"

"နာလှပါပြီ မမေကြီးရဲ့၊ ကျွန်မ တကယ်မယူတာအမှန်ပါ။ ကျိန်ဆိုရင် ကျိန်ဝံ့ပါတယ်။ ကြောက်လှပါပြီမမေကြီးရယ် ဟီး ဟီး ဟီး"

ကြောက်လွန်းနာလွန်းလို့ တဆတ်ဆတ်တုန်နေရှာပြီး မျက်ရည်စက်လက်နဲ့ ကြမ်းပြင်ပေါ် ပုဆစ်တုပ်ထိုင်လို့ရှိခိုးနေတဲ့ကျွန်မ ခန္ဓာကိုယ်မှာ လက်မောင်းအိုးပေါ်မှာ ကြက်မွှေးတုတ်တံရဲ့အရိုးရာတွေဟာ ရောင်အမ်းမို့ဖောင်းပြီး သွေးတွေစို့နေခဲ့ပါပြီ။

ဒေါသတွေနဲ့အတူ အော်သံ၊ ဆူသံ၊ မာန်သံ၊ ငိုသံတွေဟာ တိုက်အပြင်ကိုလျှံထွက်လာခဲ့ပါတယ်။ဒေါ်သေးသေးလည်း မျက်ရည်အဝိုင်းသားနဲ့ငေးကြည့်ရုံကလွဲပြီး ဘာများတတ်နိုင်မှာတဲ့လဲ။ ဒါပေမယ့်လေ အမှန်တရားကိုနတ်စောင့်တယ်ဆိုတာဟုတ်လေမလားဘဲ။ နှိပ်စက်ညှဉ်းပန်းမှုရဲ့ ဖွာလန်ကြဲကြက်မွှေး တစ်ချောင်းအောက်မှာ နာလန်မထူနိုင်တဲ့ ကျွန်မဘဝကို ဖေးကူလို့ပေးလိုက်သူကတော့ ကိုကိုလတ်ပါပဲ။ အမှတ်မထင် ပြေးဝင်လာပြီး ပြောလိုက်တဲ့စကားက-

"တော်ပါတော့မေမေရယ်၊ မေ့မေ့ လက်စွပ်ကို ထွေးခင်ယူတာ မဟုတ်ပါဘူး။ သားယူတာပါ"

လို့ မစစ်ဆေးဘဲ ဖြောင့်ချက်ဝင်ပေးလိုက်တဲ့ စကားလေးတစ်ခွန်းဟာ ကျွန်မအတွက်တော့ မဟာကယ်တင်ရှင်ကြီးဖြစ်ခဲ့ရပါတယ်။ တကယ်တော့ ကိုကိုလတ်ဟာ မရိုးသားတဲ့လုပ်ရပ်နဲ့ သူ့မြင်းပွဲရှုံးခဲ့တာကို အသုံးချဖို့ပါ။ ဒါပေမယ့် ထွေးခင်ကို နှိပ်စက်နေတာမြင်တော့ သူဘယ်လိုမှ ဥပေက္ခာမပြုရက်တာမို့ အမှန်ကို အမှန်အတိုင်းပြောပြီး ဝန်ခံခဲ့တဲ့သတ္တိကိုတော့ ချီးကျူးရမလိုလို။

အရိုးရာတွေက သွေးစို့နေတဲ့ဒဏ်ရာတွေကို ဆေးလိမ်းပေးရင်း စုတ်တသပ်သပ်ဖြစ်နေတဲ့ ဒေါ်ဒေါ်သေးနဲ့ မေရိုးကြီးတွေထောင်လာတဲ့အထိ အံကို တင်းတင်းကြိတ်လိုက်တဲ့ ဘကြီးသိန်းကတော့-

"ထွေးခင်ရယ်၊ နင့်အဖြစ်ကလည်း ထမင်းစားကျွန်ခံ ထမင်းတစ်လုတ်တုတ် တစ်ချက်ဆိုသလိုပါပဲလား။ သမီးမှာ တခြားအားကိုးစရာဘာမှမရှိတော့ဘူးလား။ ဒီလောက်ရက်စက်တဲ့ငရဲခန်းကို နတ်ဘုံနတ်နန်းများ မှတ်နေရှာသလားကွယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ဘကြီးသိန်းရယ်။ ကျွန်မဘဝခင်ကြွေးပေါ့။ မေမေကြီးရိုက်တာနာပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးမတယ်လို့ပဲခံယူထားပါတယ်။ ကျွန်မစိတ်ထဲမှာ မေမေကြီးအပေါ် ဘယ်လိုမှ မအောက်မေ့မိပါဘူး။ သမီးကိုမွေးစားခဲ့တဲ့ကြီးတော်မြကလည်း ဆုံးပြီဆိုတော့ ကျွန်မဒီအရိပ်က ထင်ရာစိုင်းပြီးထွက်သွားရင် ဘဝပျက်သွားမှာပေါ့ ဘကြီးရယ်"

ကျွန်မတို့ပြောနေကြတဲ့စကားတွေတို မေမေကြီးနားထောင်နေတယ်ထင်ရဲ့။ တံခါးအကွယ်ကထွက်လာပြီး -

"မေမေကြီး ဆုံးမတာ စေတနာ ဒေါသောဖြစ်သွားတယ်။ ထွေးခင်ရဲ့ဖြူစင်တဲ့စာရိတ္တလေးပျက်စီးသွားမှာစိုးလို့ပါ။ ကဲ-ရော့ ဒါမေမေကြီးရဲ့ထဘီလေး နင် ဝတ်ဖို့"

ဆိုတာလေးနဲ့ အလူးအလဲခံစားခဲ့ရတဲ့ဝေဒနာဒဏ်ရာတွေ သက်သာသွားသလိုပါပဲနော်။ မေမေကြီးပေးတဲ့ထဘီလေးကို အမှတ်တရမြတ်မြတ်နိုးနိုးသိမ်းထားမှာပါ။

"အင်း- စားသွားပေါ်က ပျားရည်စက်နဲ့ ဝမ်းချလိုက်ပြန်ပြီ။ ဝဋ်ကြွေးမကုန်သေးသရွေ့တော့ ခံပေဦးပေါ့သမီးရယ်"

ဆိုတဲ့ ဘကြီးသိန်းရဲ့စာနာညည်းညူတဲ့စကားကြားလိုက်ရပေမယ့် မြတ်မြတ်နိုးနိုးတန်ဖိုးထားစွာလက်ခံရလိုက်တဲ့ အမေ့ကိုယ်ပွား ထဘီလေးတစ်ထည်ကို ရင်ခွင်ထဲမှာ ထွေးထွေးပွေ့ပွေ့လေးထားလို့ နှစ်လိုဖွယ်အပြုံးလေးနဲ့ ပီတိဖြစ်နေတဲ့ ကျွန်မကို ကြည့်ပြီး ဘကြီးသိန်းနဲ့ ဒေါ်ဒေါ်သေးတို့ကတော့ အံ့အံ့သြသြ။

(၅)

ကံတရားရဲ့ ဆန်းပြားမှုက အံ့သြအနန်းဟုပင် ဆိုရပါချေမည်။ မြန်မာဆန်ဆန်ရိုးချောသဘောပြည့်တဲ့ထွေးခင်ကို မိဘသားဖသားပီပီလာရောက်စေ့စပ်တောင်းရမ်းခဲ့တာက တစ်မြို့တည်းနေတဲ့ မောင်အေးဆွေတို့သားအမိပါ။ ဘဝတစ်ခုရဲ့ အခြေအနေမှန်ကို ခရေစေ့တွင်းကျရည်းစားဘဝကပင် ထွေးခင်က ပြောပြထားခဲ့ပြီးသားပါ။

သူတို့ဘက်ကလည်း အဓမ္မတစ်ခုသားတစ်ခု။ စီးပွားရေးက ဈေးဆိုင်ဖွင့်ဈေးရောင်း၊ လူကောင်းသူကောင်းတွေအသောက်အစားလောင်းကစားရှင်းသူဆိုတော့ မငြင်းပယ်သင့်ပါဘူး။ သွေးမတော်သားမစပ်တဲ့အိမ်ဖော်မလေးတစ်ယောက်ရဲ့ကိစ္စဆိုတော့ ဒေါ်ခင်မမကြီးက တာဝန်မယူချင်သလိုလို မတူမတန်သလိုလို ခေါင်းရှောင်ချင်သလိုလို။

"မောင်သိန်း၊ ထွေးခင်ကိစ္စ မင်းပဲ ကောင်းသလို စီမံလက်ခံပေးလိုက်။ သူတို့အိမ်မှာပဲမင်္ဂလာဆောင်ချင်ဆောင်ပစေ"

ဆိုတဲ့ ယတိပြတ်စကားနဲ့ ထွေးခင်အတွက် လုပ်သက်တစ်လျှောက်လုံးအတွက် လုပ်ခငွေ (၃၀၀၀) ကျပ်ကို လက်ဖွဲ့ငွေအဖြစ်ပေးလိုက်ပါရဲ့။

"ငွေက အဓိကမဟုတ်ပါဘူး မေမေကြီးရယ်။ အခုလိုကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုပေးတာကိုပဲ ကျေးဇူးကြီးလှပါပြီ။ မေမေကြီး၊ ဘကြီးသိန်း၊ ဒေါ်ဒေါ်သေးတို့ကို သမီးကန်တော့ခဲ့ပါတယ်။ ပြောမှားဆိုမှား လုပ်မှားကိုင်မှားတွေရှိခဲ့ရင် သမီးကိုခွင့်လွှတ်ကြပါရှင်"

ဆိုပြီး သွားခါနီးမှာ ရှိခိုးသွားတော့ ဘကြီးသိန်းက ခေါင်းတညိတ်ညိတ်နဲ့ ဆုတွေပေးလို့ ဒေါ်ဒေါ်သေးကတော့ မျက်ရည်လေးစမ်းစမ်းနဲ့ မေမေကြီးကတော့ ဘာမှမသိသလို မသိကျိုးကျွန်လုပ်ပြီး အိမ်ပေါ်ထပ်တက်သွားခဲ့တယ်။ ဘဝရပ်တည်ရေး၊ လုံခြုံရေးအပြည့်ပေးခဲ့တဲ့အိမ်ကြီးက အပြီးတိုင်ခွဲရမယ်ဆိုတော့ ဝမ်းနည်းသလို။

အယို - ကျွန်မမျက်ဝန်းမှာ မျက်ရည်ဥတွေတွဲခိုလို့နေပါပေါ့။

❑

"ဒါတွေကို ကျွန်မပြန်တွေးမိတိုင်း ကျေးဇူးရှိခဲ့ဖူးတဲ့ မေမေကြီးတို့အိမ်ကြီးကို သတိရနေပါတယ် ဘကြီးသိန်းရယ်။ မေမေကြီးမှနေလို့ထိုင်လို့ကောင်းရဲ့လား။ ကိုကိုကြီး၊ ကိုကိုလတ်နဲ့ မငယ်လေးတို့ကော အဆင်မှပြေကြရဲ့လား။ ကျွန်မလည်း အိမ်တစ်ဖက်၊ ဆိုင်တစ်ဖက်နဲ့ဆိုတော့ ဂျင်ခြေလည်နေတယ်။ သားကငါးတန်းတက်နေရပြီ ဘကြီးရဲ့။ သမီးငယ်က အခုမှ နှစ်နှစ်ပဲရှိသေးတယ်။ ကိုအေးရဲ့အမေက မနှစ်ကဆုံးတယ်



လေ။ ကျွန်မတို့မှာ နှစ်ယောက်တည်းဆိုတော့ ခေါင်းချာကိုစိုင်းနေတော့တာ။ ဘကြီးသိန်း သမီးတို့ဆီမှာ အကြာကြီးနေနော်"

ဆိုတဲ့စကားနဲ့ တကယ့်ကိုနွေးထွေးစွာကြိုဆိုတဲ့ထွေးခင်ရဲ့ ရင်တွင်းဖြစ်စေတနာမှန်တွေကို ကြားလိုက်ရတော့ ဘကြီးသိန်းဟာ ယောကျ်ားကြီးတန်မဲ့ မျက်ရည်တွေဝေ့ဝဲလို့တက်လာပါတယ်။

"သမီးကိုပြောပြရမှာ ဇာတ်လမ်းကတော့ အရှည်ကြီးပဲ။ မမခင်ရဲ့သားသမီးသုံးယောက်စလုံး အိမ်ထောင်တွေကျတုန်တာတော့ သမီးကြားမှာပေါ့။ သမီးကို အခုပြောပြရမှာ။ တကယ်တော့ ကိုကိုကြီးနဲ့ ကိုကိုလတ်က မမခင်ရဲ့သားအရင်းတွေ မဟုတ်ကြပါဘူး။ သူ့ယောကျ်ား မြို့ပိုင်မင်းကပါလာတဲ့သားတွေပါ။ မငယ်လေးတစ်ယောက်သာ သူနဲ့ရတဲ့သူ့သမီးအရင်းပါ။ လင်တွေမယားတွေရကုန်တော့ စံအိမ်ကြီးမှာ နေ့တိုင်းလိုလိုပြဿနာပေါင်းကိုစုံနေတော့တယ်။ မမခင်ဆိုတာလည်း နေ့တိုင်း စိတ်ဆင်းရဲနေရှာတယ်။နောက်တော့ အမွေပြဿနာတွေတက်ပြီး မအေမသေခင်ကတည်းက အမွေတွေတောင်းကြတာပေါ့။ မမခင်က သားသမီးတွေ အလိုလိုက်ပြီး ရှိသမျှစည်းစိမ်အားလုံးကို ခွဲဝေပေးလိုက်တော့တယ်။ အိမ်ကြီးကိုတော့ ကိုကိုကြီးရတယ်။ ကိုကိုလတ်က ကားနဲ့ ရတနာပစ္စည်းတွေ၊ မငယ်လေးကတော့ စိန်တစ်ဆင်စာနဲ့ ရွှေတွေငွေတွေ အားလုံးရလိုက်တင်ထင်ပါရဲ့။ ကိုကိုလတ်က ကိုယ်တိုင်ကားမောင်းတတ်တော့ ဘကြီးသိန်းလည်း အလုပ်ပြုတ်လာခဲ့ရတာပါပဲ သမီးရယ်"

"ဘာမှအားမငယ်ပါနဲ့ ဘကြီးသိန်းရယ်။ သမီးတို့အိမ်မှာတစ်သက်လုံးနေနော်။ သမီးတို့ အခုအဆင်ပြေနေပါပြီ ဘကြီးရဲ့။ ဘာမှအားနာစရာမလိုဘူးသိလား။ သမီးလည်း အခုမှ တောင့်တနေခဲ့ရတဲ့ အဖေ့အစားရလိုက်တာပါ။ ဝမ်းသာလိုက်တာ ဘကြီးသိန်းရယ်။ သမီးတို့အိမ်မှာလေ ကိုအေးအမေဆုံးပြီးကတည်းက ဆုံးမသွန်သင်ပေးမယ့်သူ မရှိတော့ပါလားဆိုပြီး စိတ်မကောင်းဖြစ်နေခဲ့ရတာ အခုဘကြီးသိန်းရောက်လာတော့ သမီးတို့အားရှိတာပေါ့။ ဈေးထွက်ရတာလည်းနောက်ဆံမတင်းရတော့ဘူးပေါ့"

ဆိုတဲ့ စကားဟာ တာသကြာတွဲကွာခဲ့တဲ့သမီးနဲ့ ဖခင်တို့ရဲ့ မေတ္တာမျှင်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ခံစားလိုက်ရတော့ ရင်ထဲမှာ သိမ့်သိမ့်လေးနွေးထွေးသွားစေခဲ့ပါတယ်။

ခုတော့ မမခင်လည်း ကျန်းမာရေးမကောင်းလှဘူး။ တစ်လောကတောင် လေဖြန်းချင်သလိုလိုဖြစ်သွားသေးတယ်ဆိုပဲ။ သားတွေအိမ်တစ်လှည့် သမီးအိမ်တစ်လှည့်နေရပေမယ့်ချွေးမတွေနဲ့ သမက်က မကြည်ဖြူချင်ကြဘူး။ သားနဲ့သမီးတွေကလည်း သူတို့အလုပ်တွေနဲ့သူတို့ ရှုပ်နေတာဆိုတော့ မအေကြီးကို ဂရုမစိုက်အားကြဘူးလေ။ သဒ္ဒါသံပါကံဇနေတိတဲ့။ ဒါဟာ တူတဲ့အကျိုးပေးတာလို့တော့ ဘကြီးထင်တယ်။ ရှိတုန်းကတော့ မောက်မာခဲ့တာ။ ကိုယ်ချင်းစာတရား ခေါင်းပါးခဲ့တာတွေဟာ အခုပြန်ပြီး ခံစားနေရရှာပြီပေါ့ကွယ်"

"ဩော် - ဒီလိုတွေတောင်ဖြစ်နေကြပြီလား ဘကြီးရယ်။ သမီးတကယ်စိတ်မကောင်းပါဘူး။ သမီးလေ မေမေကြီးကို ကိုယ့်အမေအရင်းလိုပဲ စိတ်ထဲမှာထားပါတယ်။ သမီးမှာလေ အမေနဲ့အဖေကို မြင်တောင်မှမမြင်ဖူးခဲ့ရတာ။ မိဘငတ်နေတာ။ ဒါ့ကြောင့်ဘကြီးသိန်းကိုရော မေမေကြီးကိုပါ မိဘတွေကိုအောက်မေ့နေရတာပါ။ သမီးအမေရဲ့ဘဝဟာ ကံဆိုးခဲ့ရရှာတာပါ"

ကြီးတော်မြပြောပြခဲ့ဖူးတဲ့အမေ့ရဲ့အကြောင်း၊ ပိန်ပိန်ပါးပါးနဲ့ဆိုတော့ မေမေကြီးနဲ့ခွဲမရအောင်တူတဲ့အကြောင်း ငယ်ငယ်က ရွာမှာအချောဆုံး၊ အလှဆုံးဖြစ်ခဲ့တဲ့အကြောင်း၊ သမီးကိုမွေးပြီး မီးတွင်းထဲကနေ စိတ်မနှံ့တဲ့ဝေဒနာနဲ့ ရွာကထွက်သွားခဲ့တဲ့အကြောင်း၊ အခုအချိန်အထိ ဘဲဥအစရှာမရသလို ဘယ်လိုမှစုံစမ်းလို့မရတော့တဲ့အကြောင်းတွေပြောပြီး မျက်ရည်တွေစီးသွယ်ကျလို့ပါ။

ဒါတွေကို ဘကြီးသိန်းကြားလိုက်ရတော့ လုံးဝမျှော်လင့်မထားတဲ့ အံ့ဩခြင်းကြီးစွာတွေဖြစ်ပြီး -

"သမီးအမေဟာ မီးတွင်းထဲကနေထွက်သွားတာ ပိန်ပိန်ပါးပါးလေး။ မမခင်နဲ့ ရုပ်ချင်းခွဲမရအောင်တူတယ်။ ပြီးတော့ စိတ်မနှံ့ဘူး ဟုတ်လား။ ဒါ ဒါဆိုရင် မမခင်ဟာ သမီးရဲ့အမေ ဟုတ်ပြီ သေချာတယ် သမီးရဲ့အမေ"

(၆)

စေ့စေ့တွေးလို့ရေးရေးပေါ်တာမျိုး မဟုတ်။ ဆင်တစ်ကောင်လုံးမြင်နေတာမို့ ဆင်ခြေရာရှာဖို့မလိုတော့ပါ။ ပိုပြီးသေချာအောင်လို့ သမီး ထွေးခင်ရဲ့



အသက်နဲ့ တွက်ဆကြည့်လိုက်တော့ ကွက်တိကျပဲပေါ့။

အဲဒီတုန်းက မြို့ပိုင်မင်းနေတာ (××)မြို့မှာ ဒီနယ်ကိုမပြောင်းရသေးဘူး။ တစ်နေ့ လူရှင်းတဲ့ မြို့စွန်တစ်နေရာမှာ မြို့ပိုင်မင်းကိုယ်တိုင်ကားမောင်းလာတုန်း ဖြူန်းဆို မိန်းကလေးတစ်ယောက်ကို သူ့ကားနဲ့တိုက်မိလိုက်တယ်။ ဒဏ်ရာက လာတာ မကြာသေးတဲ့ စိတ်မကျန်းမာသူလေးတဲ့။

မြို့ပိုင်မင်းလည်း သူ့ကြောင့်ဖြစ်တာဆိုတော့ သူ့မှာတာဝန်ရှိတယ်လေ။ ဒီတော့ ဆေးရုံတင်ပြီး ဆေးကုသပေးရတယ်။ ဒဏ်ရာတွေသက်သာပျောက်ကင်းသွားခဲ့ပေမယ့် အတိတ်အကြောင်းကိုတော့ဘာမှမမှတ်မိတော့ပါဘူး။ စိတ်မကျန်းမာသူလေးလို့ဆိုရပေမယ့် ဆရာဝန်ကြီးတွေ၊ ဆေးကောင်းဝါးကောင်းတွေနဲ့ဆိုတော့ ရောဂါပျောက်ခဲ့ရတယ်။ ဆေးရုံကဆင်းခွင့်ရပေမယ့် ဘယ်သွားလို့ဘယ်လာရမှန်းမသိ၊ ဘယ်သူ့ကိုမှလဲမသိနဲ့ အတိဒုက္ခရောက်နေရသူလေးမို့ မြို့ပိုင်မင်းလည်း သနားတော့ အိမ်ခေါ်လာခဲ့ရတော့တာပေါ့။

တောင်းမှာအကွပ်လူမှာအဝတ်ဆိုသလို ဝတ်ကောင်းစားလှတွေဆင်လိုက်တော့ တကယ့်မိန်းမချောလေးဖြစ်လာခဲ့တယ်။ တစ်နှစ်လောက်ကြာတဲ့အထိ ဘယ်လိုမှစုံစမ်းလို့မရခဲ့ပါဘူး။ နောက်တော့ တစ်အိမ်ထဲနေပြီး အနေနီးတော့ သံယောဇဉ်တွေဖြစ်လာကြတယ်။ ကလေးနှစ်ယောက်နဲ့ မုဆိုးဖိုဖြစ်နေတဲ့ မြို့ပိုင်မင်းဟာ ခင်မမကြီးလို့ နာမည်အသစ်ပေးထားခဲ့တဲ့အတိတ်မေ့မိန်းကလေးနဲ့ လက်ထပ်ဖြစ်လိုက်တယ်။ ဘကြီးသိန်းက အဲဒီအချိန်ကတည်းက မြို့ပိုင်မင်းအိမ်မှာ သစ္စာရှိရှိနဲ့ ကားမောင်းပေးခဲ့ရတာဆိုတော့ ဒီအကြောင်းတွေကို ထဲထဲဝင်ဝင်သိနေခဲ့တာပေါ့"

"ဒါ ဒါဆို မေမေကြီးဟာ သမီးရဲ့အမေပေါ့ ဘကြီးသိန်းရယ်။ မေမေကြီးကို သမီးအိမ်မှာ ခေါ်ထားပြီးပြုစုချင်တယ်။ ဒီလိုခေါ်ထားချင်တာ မေမေကြီးဆီက ဘာတစ်ခုမှရယူလိုချင်လို့မဟုတ်ပါဘူးနော်။ အမွေတွေအားလုံး ခွဲဝေပြီးကုန်ပြီဆိုတော့ သမီးလည်း စိတ်သန့်သန့်နဲ့ ခေါ်ထားလို့ရပြီပေါ့"

ယောက်ျားဖြစ်သူရဲ့သဘောထားကိုမေးကြည့်လိုက်တော့ -

"ထွေးရယ်၊ မေမေကြီးဆိုတာ တခြားသူမှမဟုတ်တာ ထွေးမေမေလေ။ ဒီတော့ ကိုယ့်အမေပဲပေါ့။ ကိုယ်တို့အမေအစားပြန်ရတာပေါ့။ ကိုယ်တို့မှာအခုဆို အားလုံးပြည့်စုံတော့မယ်နော်။ အမေလည်း အစားပြန်ရသလို အဖေလည်းအစားရပြီပေါ့"

"အဖေအစားဆိုတာက"

"ထွေးရယ်၊ နီးနီးလေးနဲ့ဝေးနေသလား။ ဘကြီးသိန်းက အဖေအစားပေါ့" တဲ့။

ကဲ - ဘယ်လောက်ပျော်စရာကောင်းတဲ့မိသားစုလဲ။ ဒီကမ္ဘာမှာ ကျွန်မတို့လောက် ပျော်စရာဘယ်မှာရှာလို့ရနိုင်ပါ့မလဲရှင်။

ကျွန်မ ကိုအေးဆွေနဲ့ ဘကြီးသိန်းတို့ မေမေကြီးကို အပြီးခေါ်ဖို့လာခဲ့ကြတာပါ။ မေမေကြီးက မငယ်လေးအိမ်မှာဆိုတဲ့ သတင်းကြားတော့ အပြေးတစ်ပိုင်းနဲ့ပေါ့။

မငယ်လေးအိမ်ပေါ်မှာ လူတွေရုတ်ရုတ်သဲသဲနဲ့ ဘာတွေဖြစ်ကုန်ပြီလဲ။

"မေမေကြီးရေ"

လို့ခေါ်ပြီး အိမ်ပေါ်ကို အရောက်မှာတော့ ငြိမ်းချမ်းငြိမ်သက်စွာနဲ့အိပ်နေတဲ့မေမေကြီးကို တွေ့လိုက်ရပါတယ်။ တစ်ဘဝငြိမ်းလို့ ခန္ဓာဇာတ်သိမ်းခဲ့ရပြီပေါ့။ ကျွန်မအားရအောင်ငိုချလိုက်ပါတယ်။ ဘကြီးသိန်းက မေ့ရနံ့ပါတဲ့စကားလေးနဲ့။

"ဩော်-မမခင်က အရင်သွားနှင့်ပြီကိုး"တဲ့။

မေမေကြီးရဲ့ ခုတင်အောက်မှာ သူပိုင်ဆိုင်တဲ့ခေါင်းတစ်လုံး။ ခေါင်းနံရံမှာ ကမ္ပည်းတင်ထားတာက ဒေါ်ခင်မမကြီး အသက် (၆၁) နှစ်တဲ့။ သူနောက်ပါသွားတာ အစစ်အမှန်က သူပြုခဲ့တဲ့ ကုသိုလ်နဲ့ အကုသိုလ်ပါပဲ။

ကျွန်မရင်ထဲမှာတော့ မျှော်လင့်စောင့်စားခဲ့ရတဲ့ မြင်းမိုရ်တောင်ကြီး ရောက်ခါနီးကာမှ လွင့်စဉ်ပဲ့ကြွေသွားလေပြီလားရယ်လို့။

ပန်းမြိုင်လသော်-စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်ပွင့်ဘုဏ်

(မောရ)

# ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင် ၂ စင်ကာပူ-မလေးရှားခရီးစဉ်

လေယာဉ်ခရီးစဉ်မှာ လုံခြုံရေးအရေးကြီးတာကို သာဓကပြတဲ့အနေနဲ့ အတိတ်က ဖြစ်ရပ်တစ်ခုကို ပြန်ရေးပြပါမယ်။

**ကိုယ်တွေ့ကြုံခဲ့သောလေယာဉ်ပြန်ပေးဆွဲရန်ကြံစည်မှု**

လွန်ခဲ့တဲ့ နှစ် (၃၀) လောက်က အရင်အိမ်သူ ဒေါ်မွေးနဲ့ သကြန်တွင်း ထားဝယ်ကို သွားလည်ခဲ့ပါတယ်။ ထားဝယ်မှာ သူ့ဦးလေးရှိလို့ တစ်ပတ်လောက် အေးအေးဆေးဆေးလည်ပတ်ပါတယ်။ ပြန်မယ့်မနက်စောစောမှာ ထားဝယ်ဈေးအပြင်ဘက်က မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးစားနေတုန်း 'လျှောင်လှုပ်တယ်၊ လျှောင်လှုပ်တယ်'ဆိုတဲ့ အသံကြားလိုက်လို့ အပေါ်မော့ကြည့်လိုက်တော့ ဓာတ်ကြိုးတွေယမ်းခါနေပြီး ငှက်တွေထပျံသွားကြတာ တွေ့ရပါတယ်။ ခရီးသွားရင်းကြုံရတဲ့ ထူးခြားမှုတစ်ခုလို့ မှတ်ယူလိုက်ပါတယ်။

လေဆိပ်ဆင်းပြီး လေယာဉ်အလာကို အထုပ်အပိုးတွေနဲ့အတူ ထိုင်စောင့်နေတုန်း တဒိုင်းဒိုင်းနဲ့ သေနတ်သံ (၃)၊ (၄) ချက်အကျယ်ကြီးထွက်လာပါတယ်။ ခရီးသည်တွေဟာ ကြောက်လန့်ပြီး အထုပ်အပိုးတွေကြား ပြားပြားဝပ်နေကြပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်လိုလုပ်ဒိုင်ဗင်ထိုးလိုက်မှန်းတောင်မသိလိုက်ဘဲ အထုပ်တွေကြားထဲ ဝမ်းလျားထိုး မှောက်ဝင်သွားပါတယ်။ အားလုံး တော်ရုံနဲ့ ခေါင်းမဖော်ရဲကြပါ။ ခဏအကြာမှာ စစ်သားတွေက လူနှစ်ယောက်ကို လက်ပြန်ကြိုးတုပ်ပြီးဖမ်းခေါ်လာတာ တွေ့ရတယ်။

ကရင်သူပုန်တွေလို့ သိရတယ်။ (ဟိုတုန်းက သူပုန်လို့ခေါ်ပြီး နောက်ကျတော့ သောင်းကျန်းသူလို့ ပြောင်းခေါ်ပါတယ်။) အခုလာမယ့်လေယာဉ်ကို ပြန်ပေးဆွဲဖို့လာတာလို့ ဆိုတယ်။ တပ်က သတင်းကြိုရထားလို့ စောင့်ဆိုင်းပြီးဖမ်းဆီးနိုင်ခဲ့တာ ဖြစ်တယ်။

စောစောတုန်းက ကျွန်တော်တို့အနားမှာထိုင်နေတဲ့ အဒေါ်ကြီးတစ်ယောက်ကို အဲဒီလူနှစ်ယောက်က အထုပ်တစ်ခုယူသွားပေးဖို့ ပိုက်ဆံပေးပြီးအပ်နေတာ တွေ့ခဲ့ရတဲ့အကြောင်း တပ်ကအရာရှိတစ်ဦးကို ကျွန်တော်က ပြောပြပါတယ်။ အထုပ်ထဲမှာဘာပါမှန်းမသိတော့ စိုးရိမ်စိတ်နဲ့ပါ။ စစ်သားတွေက အဲဒီအဒေါ်ကြီးကိုပါခေါ်ပြီး အထုပ်ကိုလည်းသိမ်းသွားပါတယ်။ တချို့က ကိုယ့်ပစ္စည်းတွေပေါင်ပိုနေတဲ့အခါ ပစ္စည်းသိပ်မပါတဲ့ ခရီးသည်တွေကို အခုလိုပဲ ပစ္စည်းအပ်တတ်ကြပါတယ်။ ခရီးသွားတဲ့အခါ အကြောင်းမသိသူတွေရဲ့ပစ္စည်းအပ်လက်ခံတာဟာ အင်မတန်အန္တရာယ်များတယ်ဆိုတာ ကိုယ်တွေ့သင်ခန်းစာပါပဲ။

ခဏအကြာမှာ ရန်ကုန်ကလာတဲ့ လေယာဉ်ဆိုက်လာပါတယ်။ ဟိုတုန်းက သုံးတဲ့ ဖော်ကာဖရင်းရှစ်လေယာဉ်အမျိုးအစားပါ။ ဒီကအဖြစ်အပျက်အကြောင်း ရန်ကုန်ရုံးချုပ်ကိုလှမ်းသတင်းပို့လိုက်တဲ့အခါ ရုံးချုပ်က လေယာဉ်ခရီးစဉ်ဖျက်သိမ်းလိုက်တဲ့အတွက် လေယာဉ်လည်း ခရီးသည်မတင်တော့ဘဲ အလွတ်ပြန်သွားပါတယ်။

တည်းတဲ့အိမ်ကို ပြန်ရောက်တဲ့နောက် ကျွန်တော့်အိမ်သူလည်း တစ်ပတ်လောက် ဖျားသွားပါတော့တယ်။

နောက်တစ်ပတ် လေဆိပ်ဆင်းတဲ့အခါ လက်ဆွဲအိတ်တွေရော လူတစ်ယောက်ချင်းစီပါ သေချာစစ်ဆေးကြပါတယ်။ လက်ထိတ်ရော သံခြေချင်းတွေပါခတ်ထားတဲ့ သူပုန်နှစ်ယောက်လည်း ကျွန်တော်တို့စီးမယ့်လေယာဉ်နဲ့ပဲပါလာပြန်ပါတယ်။ တိုင်းစစ်ဌာနချုပ်ကို ခေါ်သွားမလို့ထင်ပါတယ်။ လေယာဉ်လှေကားထိပ်အရောက်မှာ သူပုန်တစ်ယောက်က နောက်ပြန်လှည့်ပြီး အခုလို အော်ပြောတာကြားလိုက်ရတယ်။

"ခင်ဗျားတို့လည်း တိုင်းပြည်အတွက်အလုပ်လုပ်တာ၊ ကျုပ်တို့လည်း ကျုပ်တို့လူမျိုးအတွက် အလုပ်လုပ်တာ"

တကယ်လို့သာ သူတို့ကို မဖမ်းမိဘဲ သူတို့စီစဉ်တဲ့အတိုင်း လေယာဉ်ကို ပြန်ပေးဆွဲသွားနိုင်ခဲ့ရင် ကျွန်တော်တို့လည်း ဘယ်ကိုပေါက်လို့ဘယ်ကိုရောက်သွားမယ်ဆိုတာစဉ်းစားလို့မတတ်တော့ပါ။

**လေယာဉ်ပေါ်သို့တက်ပါပြီ**

Singapore Airline လေယာဉ်ပေါ်တက်ဖို့ထိုင်စောင့်နေရင်း လေယာဉ်တက်လက်မှတ် (boarding pass) ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ကစာတွေကို လိုက်ဖတ်ကြည့်ပါတယ်။ လေယာဉ်ခရီးစဉ်အမှတ် (Flight no.)၊ ခရီးစဉ် (from --- to ---)၊ လေယာဉ်ပေါ် တက်ရမယ့်အချိန် (Boarding time)၊ ဝင်ရမယ့်ခန်းမ (Terminal)၊ ထွက်ရမယ့် ဂိတ်ပေါက် (Gate)၊ ထိုင်ခုံနံပါတ် (Seat no.) စတာတွေ ရေးထားတယ်။ အောက်နားကစာတန်းတစ်တန်းမှာ အခုလိုရေးထားတယ်။

Pls board early as gate closes (10) mins to dep.

(pls - please, mins - minutes, dep - depart)

'လေယာဉ်မထွက်ခွာမီ (၁၀)မိနစ်ကြိုတင်၍ ဂိတ်ပိတ်မှာဖြစ်လို့ စောစီးစွာတက်ရောက်ပေးပါရန်'


နေရာတိုင်းမှာ အချိန်ကိုလေးစားဖို့လိုပါတယ်။ ဆရာကြီးဒေါက်တာလှဘေ (လန်ဒန်တက္ကသိုလ် အငြိမ်းစားမြန်မာစာပါမောက္ခ) က 'အချိန်မှန်တယ်ဆိုတာ သတ်မှတ်ချိန်ထက် ငါးမိနစ်ကြိုရောက်နေတာကိုပြောတာ' လို့ ဆိုခဲ့ပါတယ်။

ခရီးသွားမယ့်သူတွေ သိထားသင့်တယ်ထင်တဲ့ အင်္ဂလိပ်စကားလုံးတွေကို အလျဉ်းသင့်သလို ဖော်ပြသွားပါမယ်။ သိထားပြီးသူတွေအနေနဲ့ သည်းခံခွင့်လွှတ်စေချင်ပါတယ်။

လေယာဉ်ပေါ်တက်ဖို့ ခုံနံပါတ်အလိုက် အသံချဲ့စက်ကနေခေါ်ပါတယ်။ လေယာဉ်ပေါ်တက်တဲ့ တံခါးပေါက်က ရှေ့ဆုံးမှာရှိလို့ စနစ်တကျဖြစ်အောင် နောက်ပိုင်းက ထိုင်ခုံနံပါတ်တွေကိုအရင်ကြေညာပါတယ်။ ဒါကိုမသိဘဲ လေယာဉ်ပေါ်တက်လို့ရပြီဆိုတာနဲ့ သွားတန်းစီနေရင် ဝေးတက်မှာ မဟုတ်ပါ။


ကိုယ့်နေရာထိုင်ခုံရောက်တဲ့အခါ ခါးပတ်ပတ်ဖို့ ခါးပတ်ကြိုးရှာပါတယ်။ ထိုင်ခုံဘေးတစ်ဖက်တစ်ချက်ကိုစမ်းလိုက်တော့ ခေါင်းတူနေတဲ့ ခါးပတ်ကြိုးရှည်နှစ်ချောင်းထွက်လာပါတယ်။ တစ်ခါတုန်းက ကျွန်တော့်ညီဝမ်းကွဲတစ်ယောက် လေယာဉ်စီးတဲ့အတွေ့အကြုံပြန်ပြောပြတာ သတိရလိုက်တယ်။

"ကျွန်တော်လည်း လေယာဉ်ပေါ်ရောက်ရင် ခါးပတ်ပတ်ရမယ်ဆိုတာ သိထားလို့ ခါးပတ်ကြိုးတွေရှာလိုက်တော့ ခေါင်းတူနေတဲ့ကြိုးနှစ်ချောင်းထွက်လာတယ်။ ဘယ်လိုချိတ်ရမှန်းမသိလို့ ကြိုးနှစ်စကိုထုံးပြီး ခါးမှာချည်ထားလိုက်တယ်။ နောက်မှရောက်လာတဲ့ ဘေးခုံက



အင်္ဂလိပ်ဗိသုကာပုံစံအဆောက်အအုံများကို မူရင်းလက်ရာမပျက် ထိန်းသိမ်းထားသည်





စင်ကာပူနိုင်ငံ အမျိုးသားပြခန်း

www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူမြို့လယ်ကောင်ကို ဖေ့ဖိုက်စီးဆင်းနေတဲ့ စင်ကာပူမြစ်



ချန်ဂီလေဆိပ်သို့ ရောက်ပါပြီ
(နောက်ဘက်တွင် ရွှေလျားခါးပတ်ကြိုးမှ ပစ္စည်းများ ခစောင့်ဆိုင်းယူနေသူများ)

တောင်မလေးတစ်ယောက်ကပြန်ဖြေခိုင်းပြီး ခုံဘေးက ခါးပတ်ခေါင်းထိုးထည့်ရမယ့်အပေါက်ကို လက်ညှိုးထိုးပြတယ်။ ရှက်လိုက်တာ အစ်ကိုရာ။ အဲဒီကောင်မလေးမျက်နှာတောင်မကြည့်ရဲလောက်အောင်ပဲ။ တကယ်ဆို ကိုယ်မသိတာကို သိသလိုလုပ်မနေဘဲမေးရမှာပေါ့နော်"

အတွေ့အကြုံက စကားပြောတယ်လို့ဆိုကြတယ် မဟုတ်လား။ ကျွန်တော်တို့ စာဖတ်တယ်ဆိုတာ ဘဝမှာ ကိုယ့်တစ်ယောက်တည်းအတွေ့အကြုံနဲ့ မလုံလောက်လို့ သူများတွေရဲ့ အတွေ့အကြုံတွေကိုပါရှာနေတာဖြစ်တယ်။

ကျွန်တော့်စာဖတ်သူဟာ လူပျိုလေးဒါမှမဟုတ် လူပျိုကြီးဆိုခဲ့ရင် ထိုင်ခုံခါးပတ်ပတ်တတ်ရင်တောင်မှ မတတ်ချင်ယောင်ဆောင်ပြီး လေယာဉ်မယ်ကို "How do I fasten my seat belt?" လို့ ပြောပြီးအကူအညီတောင်းစမ်းကြည့်ပါ။ မိတ်ဆွေရှေ့မှာ ချောမောလှပတဲ့လေယာဉ်မယ်လေးက ခါးကိုကိုင်းပြီး ခါးပတ်လာပတ်ပေးတာနဲ့တင် လေယာဉ်ခတန်သွားပြီးလို့ထင်မိမှာ သေချာပါတယ်။ လူကြီးလူကောင်းပီသစွာနဲ့ ခါးကိုမတ်မတ်ကလေးထားဖို့တော့ လိုတာပေါ့ဗျာ။

## Singapore Airline လေယာဉ်

သတ်မှတ်ချိန်ထက် (၅) မိနစ်လောက် နောက်ကျပြီး လေယာဉ်ထွက်ပါတယ်။

လေယာဉ်ကအတော်ကြီးပါတယ်။ တစ်တန်းမှာ (၃) ခုံနဲ့ (၃) တန်းပါပြီး လူ(၆၀၀)လောက်ဆံ့ပါတယ်။ ရှေ့ပိုင်းက အတန်းတစ်တန်းမှာ ခုံလျှော့ထားပြီး ပိုပြီးတော့လည်း ချောင်ချောင်ချိချိထိုင်ရပါတယ်။ အဲဒါက Bussiness Class လို့ခေါ်တဲ့အထူးတန်းပါ။ လက်မှတ်ဈေးကြီးပါတယ်။ ကျွန်တော်တို့စီးတဲ့ ရိုးရိုးတန်းကိုတော့ Economy Class လို့ခေါ်ပါတယ်။ တိုက်ရိုက်ဘာသာပြန်ရင်တော့ ချွေတာရေးအတန်းပေါ့ဗျာ။

လေယာဉ်ဟာ ပြေးလမ်းအဆုံးကို မောင်းသွားပြီးမှ အရှိန်ယူတက်ဝါတယ်။ တက်ခါစမှာ လေယာဉ်ဂက်သံကကျယ်သလို တုန်ခါမှုလည်း နည်းနည်းရှိပါတယ်။ တန်ချိန်အများကြီးလေးတဲ့ လေယာဉ်ကြီး လူ (၆၀၀) လောက်တင်ပြီး လေပေါ်ကို အရှိန်နဲ့ ထိုးတက်သွားတာ ကြည့်ပြီး လူသားတွေရဲ့ ဦးနှောက်နဲ့ ပညာစွမ်းကတော့ အံ့မခန်းပါပဲလို့ တွေးလိုက်မိတယ်။

ကျွန်တော့်ဘေး တစ်ခုံကျော်က လူလတ်ပိုင်းအရွယ်တရုတ်တစ်ယောက်ဟာ စာအုပ်တစ်အုပ်ဖွင့်ပြီး ပါးစပ်လှုပ်တယ်ဆိုရုံလေးဖတ်နေတာ သတိထားလိုက်မိတယ်။ သူ့စာအုပ်ကိုကြည့်လိုက်တော့ အသံထွက်ပါတဲ့ ပရိတ်ကြီး (၁၁) သုတ်စာအုပ်ဖြစ်နေတယ်။ စိုးရိမ်စိတ်ကြောက်စိတ်တွေကိုဖယ်ရှားဖို့က ရတနာသုံးပါးဂုဏ်ကျေးဇူးတွေကိုသတိရနေတာ အကောင်းဆုံးဖြစ်ပါတယ်။ ကျွန်တော်ရော အိမ်သူပါ ခရီးသွားတိုင်း ပဋ္ဌာန်း ၂၄-ပစ္စည်းနဲ့ စည်းချပြီး ရသမျှ ပရိတ်တော်တွေ ရွတ်လေ့ရှိပါတယ်။

လေယာဉ်အောက်ကို ငုံ့ကြည့်လိုက်တော့ ရေမြေတောင်တောင်တွေရဲ့ မြင်ကွင်းဟာ တဖြည်းဖြည်းနဲ့သေးသွားပြီးနောက်ဆုံးပျောက်ကွယ်သွားပါတယ်။ လေယာဉ်ဟာ တိမ်တိုက်တွေရဲ့ အပေါ်ကနေ တိမ်ငွေ့တွေအကြား ပြေးသွားနေပါပြီ။

တိမ်စိုင်တိမ်လိပ်တွေကိုကြည့်ပြီး အခုအချိန်မှာ ဆရာမြို့မငြိမ်းရဲ့ နောက်ဆုံးလက်ရာ 'တိမ်လွှာမို့မို့လွင်' သီချင်းလေးနားထောင်ရရင် အတော်အရသာရှိမှာလို့ တွေးလိုက်မိပါတယ်။ ကိုယ်တဂီတဝါသနာအိုးကိုး။

ခဏအကြာမှာ ရေနွေးငွေ့နဲ့ပေါင်းထားတဲ့ မျက်နှာသုတ်ပဝါလေးတွေလိုက်ပေးပါတယ်။ မျက်နှာ၊ လည်ပင်းနဲ့ လက်မောင်းတွေသုတ်လိုက်တော့ ချွေးပေါက်တွေပွင့်သွားပြီး အတော်နေလို့ထိုင်လို့ကောင်းသွားပါတယ်။ တစ်တန်းက အဆိုးရှမင်းတွေဟာ မြည်သူ့တွေ

www.burmeseclassic.com

အလကားနေရင်း ပိုက်ဆံကုန်မှာ စိုးရိမ်တာရယ်၊ ကိုယ့်တိုင်းပြည်ပြန်လာတဲ့အခါ နေမထိထိုင်မသာဖြစ်ကြမှာ စိုးရိမ်တာရယ်ကြောင့်လို့ နိုင်ငံခြားထွက်ခွင့်ပိတ်ပင်ခဲ့ဖူးပါတယ်။ သူတို့ကတော့ အလုပ်ကိစ္စနဲ့မို့ မိသားစုပါခေါ်ပြီး နိုင်ငံခြားကိုသွားခဲ့ကြပါတယ်။ အဲဒီအချိန်က စာရေးဆရာတစ်ယောက်ဟာ ဒုလ္လဘမဲပေါက်သလို ပထမဆုံးအကြိမ်လေယာဉ်စီးဖူးတဲ့ သူ့အတွေ့အကြုံကို အခုလိုရေးပြခဲ့တယ်။

"စားစရာတွေမယူလာခင် ဇွန်း၊ ခက်ရင်းနဲ့ ဓားတွေကို အရင်လာချထားပေးတယ်။ အငွေ့တထောင်းထောင်းထနေတဲ့ အဖြူရောင်အလိပ်လေးတစ်လိပ်ကို ပန်းကန်ပြားပေါ်တင်ပြီး ယူလာပေးတော့ ကော်ပြန့်လိပ်လိုဟာမျိုးဖြစ်မှာပဲလေလို့ဆိုပြီး ခက်ရင်းနဲ့ဖိ၊ ဓားနဲ့ကျလိကျလိဆိုပြီးလှီးလိုက်တော့မှ အဝတ်စမှန်း သိရတော့တယ်"

**လေယာဉ်ပေါ်က TV**

လေယာဉ်ပေါ်က အဲယားကွန်းက အတော်အေးလို့ ခုံတိုင်းမှာပေးထားတဲ့ ပလတ်စတစ်အိတ်နဲ့ အလုံပိတ်ထားတဲ့စောင်ကိုထုတ်ပြီး ကိုယ်တစ်ပိုင်းကို ခြုံထားလိုက်ပါတယ်။

VIP Express အထူးကားတွေမှာလို အရှေ့ထိုင်ခုံရဲ့နောက်ကျောမှာ တီဗီလေးတစ်လုံးတပ်ထားပါတယ်။ ဖွင့်ဖို့ခလုတ်လိုက်ရှာတော့ ဘာခလုတ်မှမတွေ့ပါ။ နားကြပ်ပေးထားပေမယ့် နားကျပ်ထပ်ဖို့အပေါက်လည်း ရှာမတွေ့ပါ။ ရှေ့နားကလူတွေ နားကြပ်တပ်ပြီး တီဗီဖွင့်ကြည့်နေတာတွေ့နေရတယ်။ တောသားမြို့တက်တော့ဖြစ်နေပါပြီ။ တောသားတော့ အခေါ်မခံနိုင်ပါ၊ ရှာဖွေလေတွေ့ရှိလေဖြစ်ရမှာပေါ့။

ထိုင်ခုံပတ်ပတ်လည်ပါ ရှာကြည့်လိုက်တော့မှတွေ့ပါပြီ။ ဘယ်ဘက်လက်တင်တန်းအောက်နားမှာ remote control တစ်ခုကပ်ပြီးမြုပ်ထားတာတွေ့ရလို့ ခွာထုတ်လိုက်ပါတယ်။ နားကြပ်ပေါက်လည်း အဲဒီနားမှာပါပဲ။ ရှာတွေ့တော့လည်း ဘာရမလဲ ငါကွပေါ့။

အိမ်တိုင်းမှာလိုလို တီဗီရှိတော့ လမ-လမုန့်ခေါ်နေတဲ့ remote ရဲ့ အဓိပ္ပာယ်ဟာ ဘာလဲလို့မေးရင် အတော်များများမသိကြပါ။ remote ဆိုတာ 'အဝေး'လို့အဓိပ္ပာယ်ရပါတယ်။ (remote area = ဝေးလံသောဒေသ) ကျွန်တော်တို့ နေ့တိုင်းပြောနေကျစကားထဲမှာ အင်္ဂလိပ်စကားလုံးတွေ အများကြီးပါပါတယ်။ အင်္ဂလိပ်စကားလုံးတွေကို မြန်မာမပြန်တော့ဘဲ မြန်မာစကားလုံးတွေအဖြစ် မွေးစားလိုက်တယ်လို့ ဆိုတယ်။ အဲဒီမွေးစားစကားလုံးတွေရဲ့ အဓိပ္ပာယ်ရင်းမြစ်တွေကို သေချာလေ့လာကြည့်ရင် အင်မတန်စိတ်ဝင်စားဖို့ကောင်းပါတယ်။



Hotel Grand Central နှင့် Chancellor Hotel



စင်ကာပူရောက်ခါနီးမှ ကမ်းရိုးတန်းကို မြင်ရတယ်

နမူနာကြည့်ရအောင်ပါ။ စက်ဘီးဆိုင်ကယ်တွေမှာ 'မားဂတ်'ကို ဘီးဖုံးလို့သိကြပါတယ်။ မူရင်း အင်္ဂလိပ်စကားလုံးက mud guard (ရွှံ့ကာ) ဖြစ်ပါတယ်။ လူဆိုးထိန်းလို့သိထားကြတဲ့'ဆားပုလင်း'ဟာ surveillance ကလာတာပါ။ မူရင်းအသံထွက်က 'ဆားဗဲလန့်စ်' ဖြစ်ပါတယ်။ အင်္ဂလိပ်က ပြင်သစ်စကားလုံးကို မွေးစားထားတာဖြစ်ပြီး 'မသင်္ကာသူများကိုစောင့်ကြည့်သည်'လို့ အဓိပ္ပာယ်ရပါတယ်။

အင်္ဂလိပ်ခေတ်က 'သပြေသီးမြို့အုပ်' ဆိုတာရှိသေး။ မြန်မာတွေက မွေးစားသားသမီးတွေကို နာမည်ပေးတာအလွန်တော်ပါတယ်။ deputy (ဒက်ပြူထီး) ဆိုတာ 'ကိုယ်စားပြုဆောင်ရွက်သူ'လို့ ဆိုလိုပြီး သပြေသီးမြို့အုပ် ဆိုတာ လက်ထောက်မြို့ပိုင်ကိုခေါ်တာပါ။ အခုခေတ်မှာတော့ Deputy Minister ဆိုရင် ဒု-ဝန်ကြီး ဖြစ်ပါတယ်။ အရင်ခေတ်အခေါ်နဲ့ဆိုရင်တော့ သပြေသီးဝန်ကြီးလို့ခေါ်ရပါလိမ့်မယ်။

စာဖတ်သူတွေ အင်္ဂလိပ်စာကို လေ့လာချင်အောင် လမ်းကြောင်းပေးတာဖြစ်ပါတယ်။

**လေယာဉ်ပေါ်က နေ့လယ်စာ**

လမုကို ဟိုနှိပ်ဒီနှိပ်လျှောက်နှိပ်နေတုန်း လေယာဉ်မယ်လေးတစ်ယောက်ရောက်လာပါတယ်။

May I help you, Sir?

(ဘာကူညီပေးရမလဲရှင့်)

လက်စသတ်တော့ လမုပေါ်မှာ လေယာဉ်မယ်ခေါ်တဲ့ခလုတ်လည်းပါနေတာကိုး။ ရုတ်တရက်ဘာပြန်ပြောရမှန်းမသိ။ နောက်တော့ ဗိုက်ဆာနေတာကို သိလိုက်လို့ "Lunch, please." ပြောလိုက်တယ်။

"Please wait, it will come soon."

မကြာမီလာမည် ဆိုတဲ့အတိုင်းပါပဲ။ ခဏအကြာမှာ ထိုင်ခုံကြားကလမ်းကလေးအတိုင်း လေယာဉ်မယ်နှစ်ယောက် စတီးလှည်းကလေးတစ်ခုကို ရှေ့နောက်တွန်းလာပါတယ်။ ခရီးသည်တစ်ယောက်ချင်းစီကို တစ်ခါသုံး ကော်ဇွန်း၊ ခက်ရင်း၊ ဓား၊ တစ်ရှူး၊ ကိတ်မုန့်လေးတစ်တုံး၊ သောက်ရေသန့်ဘူးငယ်လေးတစ်ဘူးနဲ့ သွားကြားထိုးတုတ်ပါ မကျန်ချပေးပြီး သူတို့ဆီမှာရှိတဲ့အထဲက ဘာသုံးဆောင်မလဲဆိုတာပါ လိုက်မေးပါတယ်။

သူတို့ပြောတဲ့ အင်္ဂလိပ်စကားသံက မြန်လွန်းလို့ မနည်းလိုက်နားထောင်ပါတယ်။ chicken rice ဆိုတာ ကြားလိုက်ရလို့ Yes, chicken rice. လို့ပြောလိုက်ပါတယ်။ ခဲပတ်နဲ့ အလုံပိတ်ထားတဲ့ ကြက်သားဟင်းနဲ့ ထမင်းဘူးကို နွေးနွေးထုတ်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

Cold drink or hot drink လို့မေးတဲ့အခါ တွန်းလှည်းပေါ်မှာ Orange juice ပဲတွေ့လို့ Can I get Apple juice? လို့မေးလိုက်ပါတယ်။ Please wait, I'll take it back. လို့ ပြန်ဖြေပြီး စာရွက်လေးပေါ်မှာ ရေးမှတ်လိုက်ပါတယ်။ ခဏအကြာ ပန်းသီးဖျော်ရည်အအေးတစ်ဘူးယူလာပြီး ပလတ်စတစ်ခွက်နဲ့ တစ်ဝက်ထည့်ပေးပါတယ်။ မသိရင်တော့ ကပ်စေးနဲ တိုက်တာလို့ထင်စရာပါ။ အမှန်က ခွက်အပြည့်ထည့်ရင်ဖိတ်မှာစိုးလို့ပါ။ "More Apple juice" ပြောရင် နောက်ထပ်ခွက်တစ်လုံးနဲ့တစ်ဝက်ထပ်ထည့်ပေးပါတယ်။ မြန်မာတွေပြောနေတဲ့လိုင်းမကြူးဆိုတာ သံပရာရည် (Lie Juice) ကို ပြောတာပါ။

ရှေ့နှစ်ခုံကျော် မျက်စောင်းထိုးက အလယ်တန်းမှာ ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင်မင်းသမီးချောလေးတစ်ယောက်ကို သူ့ခင်ပွန်း၊ ကလေးငယ်နဲ့အတူ တွေ့လိုက်ရတယ်။ အဆိုတော်တွေ၊ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေပြောနေကျ စင်ကာပူကို ရှောင်ပင်ထွက်မလို့ဖြစ်မှာပါ။ ခဏအကြာမှာ ကလေးသေးတည်ဖို့နဲ့တူပါတယ်။ ယောက်ျားက ကလေးကိုချီသွားပြီး မင်းသမီး အနောက်ကနေ ကြော့ကြော့ကလေးလိုက်သွားပါတယ်။ မင်းသမီးကားရိုက်သွားရင်လည်း ယောက်ျားလုပ်သူက အိမ်မှာ ကလေးထိန်းရင်းကျန်ခဲ့မှာ တွေးမိပြီး မင်းသမီးသင်လုပ်ချင်စိတ်တောင် ကုန်သွားတယ်ဗျာ။

တကယ်ပြောတာပါ. . . တကယ်ပြောတာပါ။ (သီချင်းညည်းခြင်း)

**TV screen ကို ဓာတ်ပုံရိုက်ခြင်း**

တီဗီဖွင့်ကြည့်လိုက်တော့ channel 1 မှာ လေယာဉ်သွားနေတဲ့လမ်းကြောင်းမြေပုံ၊ ပျံသန်းနေတဲ့အမြင့်၊ အမြန်နှုန်း၊ ခရီးဆုံးရောက်ဖို့ကျန်တဲ့အချိန်၊ ဆိုက်ရောက်မယ့် ဒေသစံတော်ချိန်နာရီ စတာတွေ တစ်ခုပြီးတစ်ခုပြနေတာတွေ့ရတယ်။ အတော်ဗဟုသုတရပါတယ်။ ကျွန်တော်တို့ဆီက ကားသမားတွေကို ဘယ်အချိန်ရောက်မလဲမေးရင် အလွန်စိတ်ဆိုးကြတတ်ကြတာ သတိရလိုက်တယ်။



ပုံစံဆန်းပြားသော ခေတ်မီအဆောက်အအုံများ






စင်ကာပူမြို့လယ်ကောင်က ကစားကွင်း၊

ပြင်ပလေထုအပူချိန်ကို 51°C ပြထားတာတွေ့လိုက်ရတော့ အံ့သြသွားတယ်။ ရေခဲအမှတ်အောက် (၅၁) ဒီဂရီဖြစ်ပါတယ်။ မိုးလေဝသဂုရုကြီး ဆရာဦးထွန်းလွင်ရဲ့ ဟောပြောချက်တစ်ခုက လေထုအထက် အမြင့်ပေ နှစ်သောင်း၊ သုံးသောင်းရောက်သွားရင် လေထုဟာ အလွန်ပါးလျားသွားပြီး အပူချိန်ဟာလည်း ရေခဲအမှတ်အောက်အများကြီး နိမ့်ကျသွားတယ်ဆိုတာပြန်သတိရလိုက်တယ်။

ကျွန်တော့် ခရီးသွားဆောင်းပါးတွေဖတ်ရတဲ့ မိတ်ဆွေတချို့က -

"ခင်ဗျားရေးတာ အချက်အလက်အတော်စုံတယ်၊ ဘယ်လိုမှတ်ထား

www.burmeseclassic.com

သလဲ"

လို့ မေးတတ်ကြပါတယ်။

လွယ်လွယ်လေးပါ။ ရောက်လေရာမှာ မှတ်ချင်တာကို ဖုန်းကင်မရာနဲ့ တောက်လျှောက်ဓာတ်ပုံလိုက်ရိုက်တာပါပဲ။ အဲဒီ ဓာတ်ပုံတွေကြည့်ပြီး စာပြန်ရေးပါတယ်။

တီဗီကိုဓာတ်ပုံရိုက်လိုက်တဲ့အချိန်မှာ စင်ကာပူရောက်ဖို့ (၃၆) မိနစ်ပဲလိုပါတော့တယ်။ အဲဒီအချိန်မှာ လေယာဉ်ပျံသန်းနေတဲ့ အမြန်နှုန်းက မြေပြင်အကွာဝေးနဲ့ပြောရင် တစ်နာရီကို (896) km (345 mile) ဖြစ်ပြီး ပျံသန်းနေတဲ့ အမြင့်က 11887 m (ပေ ၃၉၀၀၀ခန့်) ဖြစ်တယ်။ လေယာဉ်ပျံသန်းနေတဲ့ လမ်းကြောင်းပြမြေပုံပေါ်မှာ ထိုင်းနိုင်ငံ ပတ္တယားမြို့၊ မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၊ အင်ဒိုနီးရှားနိုင်ငံမြို့တော်ဂျကာတာမြို့တို့ကို စင်ကာပူနိုင်ငံရဲ့ ပတ်ပတ်လည်မှာ မြင်တွေ့နိုင်ပါတယ်။

စင်ကာပူကျွန်းကို ရိပ်ခနဲမြင်လိုက်ရပြီးတဲ့နောက်မှာ ဖြုန်းဆိုမိုးသဲသဲမဲမဲရွာပါတယ်။ လျှပ်စီးတွေပါလက်ပြီး အပြင်ဘက်ကိုကြည့်လိုက်ရင် မှောင်မည်းနေပါတယ်။ လေယာဉ်ဟာ နာရီဝက်လောက်ကြာအောင် ဆင်းမယ့်ကွင်းကိုပတ်ပြီးပျံနေပုံရပါတယ်။ ခဏအကြာမှာ မိုးသားတွေကင်းစင်သွားပြီး ကောင်းကင်လည်းကြည်လင်လာပါတယ်။

ဈေးသည်ကြီး ဒေါ်မွေးကတော့ ဈေးတွက်တွက်ပြီး နာရီဝက်ကြာအောင် ပိုစီးရတော့ တန်တာပေါ့နော်လို့ပြောပါတယ်။ ကျွန်တော်က ရာသီဥတုဆိုးလို့ လေယာဉ်မဆင်းနိုင်ဘဲ ရန်ကုန်ပြန်သွားရရင် ပိုမတန်ဘူးလားလို့ပြောမိလိုက်တာနဲ့ ကျွန်တော့်ပေါင်မှာ ပူခနဲဖြစ်သွားပါတယ်။ ဆိတ်နေကျကိုး။

**စင်ကာပူနိုင်ငံ၏ရာသီဥတု**

စင်ကာပူသားတစ်ယောက်က ကျွန်တော်တို့ကို မြန်မာနိုင်ငံကမှန်းသိတဲ့အခါ အခုလိုပြောခဲ့တယ်။

"ခင်ဗျားတို့နိုင်ငံက ကောင်းတယ်ဗျာ။ နွေ၊ မိုး၊ ဆောင်းဆိုပြီး ရာသီဥတုသုံးမျိုးရှိတယ်။ ဒီမှာတော့ တစ်မျိုးတည်းပဲ"

အီကွေတာရဲ့ မြောက်ဘက်မှာ ကပ်လျက်ရှိတဲ့ စင်ကာပူနိုင်ငံမှာ ပူအိုက်စွတ်စိုတဲ့ ရာသီဥတုတစ်ခုပဲရှိပါတယ်။

တစ်နှစ်ပတ်လုံးနီးပါး မိုးရွာပါတယ်။ မိုးအများဆုံးလတွေက နိုဝင်ဘာလကနေ ဇန်နဝါရီလအထိဖြစ်ပါတယ်။ လေယာဉ်ကွင်းမှာ ရေနုတ်မြောင်းအကျယ်ကြီးတွေတွေ့ရတယ်။ မြို့ထဲရောက်တော့လည်း မိုးရွာပြီးတာနဲ့ လမ်းပေါ်မှာ ရေမတင်တာတွေ့ရတယ်။ ရေနုတ်မြောင်းစနစ် (drainage) ကို သေချာလုပ်ထားလို့ပါ။

စင်ကာပူမြို့တည်တော့ ဟိုတုန်းက အရှေ့တောင်အာရှမှာ အသပ်ရပ်ဆုံးမြို့လို့သတ်မှတ်ခံတဲ့ ရန်ကုန်မြို့တည်ဆောက်ပုံကို လာပြီးလေ့လာခဲ့ကြတယ်လို့ဆိုတယ်။ စည်းစနစ်ကြီးတဲ့ အင်္ဂလိပ်တွေက စနစ်တကျတည်ဆောက်ခဲ့လို့ပါ။ တည်ဆောက်ထားတာ ဘယ်လောက်ကောင်းကောင်းထိန်းသိမ်းမှုမရှိတဲ့အတွက် အခုတော့ အခုတော့ ဒေါ်မြလေးစကားနဲ့ဆိုရင် ပြောကိုမပြောချင်တော့ပါဘူး လို့ဘဲဆိုလိုက်ချင်ပါတော့တယ်။

လေယာဉ် မြေပြင်ပေါ်ကို ချောချောမောမောဆင်းသွားတဲ့အချိန်မှာ ခရီးသည်အားလုံးရဲ့မျက်နှာမှာ စိတ်သက်သာရသွားတဲ့ဟန်နဲ့ တစ်ယောက်နဲ့တစ်ယောက်ပြုံးပြနေကြတာ မြင်လိုက်ရပါတယ်။

**နာမည်ကျော် Changi လေဆိပ်**

လေယာဉ်ပေါ်ကဆင်းပြီး ပေါင်းကူးလျှောက်လမ်းအဆုံးမှာ နာမည်ကျော် Changi လေဆိပ်အတွင်းကို ရောက်ပါတယ်။ လူစုံအောင်စောင့်ရင်း Toiletအခန်းထဲဝင်တော့ သန့်ရှင်းမွှေးပျံ့နေပါတယ်။ လက်ဆေးကန် (basin) က ရေပိုက်ခေါင်းမှာ ရေဖွင့်တဲ့ခလုတ်မရှိပါ။ လက်ထိုးခံလိုက်တာနဲ့ တစ်ခါဆေးဖို့ ရေကျပြီး အလိုအလျောက်ပြန်ပိတ်သွားပါတယ်။ ရေကအစ ချွေတာကြတဲ့ နိုင်ငံပါ။ ကျွန်တော်တို့ဆီမှာလို ဘုံဘိုင်ခေါင်းဖွင့်ပြီး ပြန်မပိတ်သွားတာတို့၊ ပိတ်ထားလျက်နဲ့ ရေတစက်စက်ကျနေတာတို့မြင်ရင် စင်ကာပူသားတွေ ရင်ထုသွားပါလိမ့်မယ်။

လက်သုတ်ဖို့ တစ်ရှူးစက္ကူမရှိပါ။ လက်အခြောက်ခံစက်အောက် လက်ထိုးထည့်လိုက်တာနဲ့ လေပူမှုတ်ထုတ်ပေးပါတယ်။ စက္ကူလည်း အပိုမကုန်၊ အမှိုက်လည်းသိမ်းစရာမလိုတော့ပါ။

လူစုံတာနဲ့ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး ရွေ့လျားလျှောက်လမ်းပေါ်တက်ကြပါတယ်။ လေဆိပ်ထွက်ပေါက်က အတော်ဝေးတာမို့ လမ်းလျှောက်ရသက်သာအောင် လုပ်ပေးထားတာပါ။ ဒီလျှောက်လမ်းတွေကို တစ်ခုနဲ့တစ်ခု (၆) ပေလောက်ပဲခြားပြီးဆက်တိုက်လုပ်ပေးထားပါတယ်။

စင်ကာပူက ရွေ့လျားလျှောက်လမ်းတွေ၊ ရွေ့လျားလှေကားတွေအပေါ်တက်တဲ့အခါ ဘယ်ဘက်ကပ်ပြီးရပ်ကြရပါတယ်။ အလျင်လိုသူတွေက ညာဘက်ကကျော်တက်ရအောင်လို့ပါ။ တကယ်လည်း သူတို့တစ်တွေ ဒီအတိုင်း အချိန်လုပြီးသွားနေတာ မြင်ခဲ့ရတယ်။

ဘယ်တော့မှ သူများနောက်မကျချင်တဲ့ ဒေါ်မွေးနောက်ကို အထုပ်ဆွဲပြီး အပြေးအလွှားလိုက်ရင်း လူဝင်မှုကြီးကြပ်ရေးဂိတ်ကို ရောက်ပါတယ်။ အဲဒီမှာ ပါလာတဲ့စာရွက်စာတမ်းတွေပြပြီး ပတ်စ်ပို့တံဆိပ်တုံးထုရပါတယ်။ ရန်ကုန်လေဆိပ်အဝင်မှာလိုပဲ လက်ဆွဲပစ္စည်းရော လူပါ အစစ်ဆေးခံရပါတယ်။ လည်နေတဲ့ ရွေ့လျားခါးပတ်ကြိုးဘေးမှာ ရပ်စောင့်ပြီး ကိုယ့်အထုပ်တွေ့ရင် ဆွဲယူရပါတယ်။

အဲဒီနောက်မှ ကုလားထိုင်တစ်လုံးမှာထိုင်နားရင်း လူစုံအောင် စောင့်နေလိုက်ပါတယ်။ စင်ကာပူမှာ ကျောင်းတက်နေတဲ့ ကောင်လေးတစ်ယောက်က Changi လေဆိပ်မှာ Free Wi-fi ရတယ်ဆိုလို့ သူ့ကိုပဲ ဖွင့်ခိုင်းလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့စုံတွဲပုံကို ဓာတ်ပုံရိုက်ခိုင်းပြီး FaceBook ပေါ်တင်လိုက်တယ်။ ချက်ချင်းပဲ comment တွေ ပြန်တက်လာလိုက်တာ၊ ဘယ်တုံးက သွားတာလဲလို့၊ ဘာဖြစ်လို့ နှုတ်ဆက်မသွားတာလဲလို့နဲ့ စုံနေတာပါပဲ။ မသွားနိုင်တဲ့သူတွေကို ကြွားရာကျမှာစိုးလို့ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲထွက်ခဲ့တာဖြစ်တယ်။

(၄၅) မိနစ်လောက် ကြာတဲ့အထိ ကျွန်တော်တို့အုပ်စုက လူလတ်ပိုင်းအရွယ်တစ်ယောက် ရောက်မလာတော့ ဧည့်လမ်းညွှန်က လူဝင်မှု ကြီးကြပ်ရေးဂိတ်ကို ပြန်လိုက်သွားပါတယ်။ ဗီဇာဝင်ခွင့်ပုံစံမှာ ဖြည့်ထားနဲ့ ပတ်သက်ပြီး ပြဿနာတက်နေတာလို့သိရတယ်။ ဒီအကြောင်းကို နောက်တစ်ပတ်ဆက်ရေးပါမယ်။

*မုဒိတာပွားနိုင်ကြပါစေ*

မောင်ပွင့်ဉာဏ် (မှော်ရဲ)



www.burmeseclassic.com

www.burmeseclassic.com

# နေဦး

အာ-စ၊ အောင်သန်း

## ပရဟိတရွာ၏ ဓမ္မစကြာရွတ်သည့်ည

"ကျေးရွာအတွင်းရှိ ဓမ္မစကြာ အသင်းဝင်ထားသော အသင်းသူ အသင်းသား၊ အဖွဲ့ဝင်များခင်ဗျာ။ ယနေ့ည (၇) နာရီတိတိအချိန်တွင် ရွာအောက်ပိုင်းရှိ ဦးလေးဦးအောင်ငွေ၊ အရီးလေး ဒေါ်အေးမြတို့၏ နေအိမ်မှ ဓမ္မစကြာတရားတော်များ ရွတ်ပွားပေးပါရန် ဖိတ်ကြားထားပါသောကြောင့် အသင်းဝင်များအနေဖြင့် မပျက်မကွက် ကြွရောက်ပေးကြပါရန်- အသိပေး နှိုးဆော်အပ်ပါသည် ခင်ဗျာ"

ပရဟိတအကျိုးတော်ဆောင် ကိုထွန်းမင်းလတ်တစ်ယောက် ဟမ်းစပီကာလေးလက်မှာကိုင်ရင်း တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် ရွာထဲလျှောက်ကာ ဓမ္မစကြာအသင်းဝင်များအား လိုက်လံ အသိပေး နှိုးဆော်နေခြင်း ဖြစ်လေ၏။

ထိုရွာလေးမှာ အိမ်ခြေရှစ်ဆယ်ကျော်ခန့်သာရှိသော်လည်း ဓမ္မစကြာ အသင်း၊ စနေအရှက်ဆွမ်းလောင်း အသင်း၊ စုပေါင်းမဟာဘုံကထိန်ဖြစ် မြောက်ရေးအသင်း၊ နာရေးကူညီမှု အသင်း၊ တိုင်းရင်းသားလူမျိုးဘာသာ ပေါင်းစုံ ချစ်ကြည်ရေးအသင်း စသည့် အသင်းပေါင်းများစွာကို ကျစ်လျစ်ခိုင်မာစွာစုစည်းထားသော ကျေးရွာလေး တစ်ရွာ ဖြစ်လေ၏။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အရေးပေါ် သွေးလို အပ်ပါကလည်း ထိုအသင်းအဖွဲ့များမှ ကျန်းမာသန်စွမ်းသူများ အလှည့်ကျ နေ့စဉ်ဖြင့် သွားရောက် သွေးလှူဒါန်းနိုင်ရန် ဘယ်သူကဘာသွေးဆိုတာကို စာရင်းကောက်ယူထားပြီး အသင့်အနေအထားဖြင့် အမြဲတမ်း ပြင်ဆင်ထားလေ၏။

ရွာထဲ၌ တိုင်းရင်းသား လူမျိုးဘာသာပေါင်းစုံ စုပေါင်း၍ နေထိုင်ကြသောလည်း အကြောင်းကြီးငယ်ကိစ္စ တစ်စုံတစ်ခုပေါ် ပေါက်လာပါက ဘာသာ၊ လူမျိုးမခွဲခြားဘဲ တစ်ရွာတည်း သားချင်းစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဖြေရှင်းပေးတတ်ကြ၏။ လူမျိုးရေး၊ ဘာသာရေး ပြဿနာမဖြစ်ပေါ်စေရန်အတွက်လည်း တိုင်းရင်းသားလူမျိုးဘာသာပေါင်းစုံချစ်ကြည်ရေးအသင်းကြီးမှနေပြီး ဆွေးနွေးပွဲများမပြတ်ပြုလုပ်၍ ရင်းနှီးပွင့်လင်းစွာ တစ်ရွာတည်းသားအချင်းချင်း နွေးနွေးထွေးထွေးထိတွေ့ဆက်ဆံကြ၏။တိုင်ပင်ကြ၏။ အပတ်စဉ် စနေနေ့ရောက်တိုင်းတွင် ရွာထဲရှိမိသားစုများမှ တစ်အိမ်တစ်ယောက်ထွက်၍ ရွာသန့်ရှင်းရေးကို စုပေါင်းညီညာစွာ မခိုမကတ်ဘဲပြုလုပ်ကြသည်မှာလည်း ထိုရွာ၏ စည်းလုံးမှုကို ထင်ဟပ်စေ၏။

ပိုထူးခြားသည်ကတော့ မည်သည့် ဘာသာရေးပွဲတော်မဆို လူမျိုး၊ ဘာသာ မခွဲခြားဘဲ အားလုံးပျော်ပျော်ရွှင်ရွှင်ဖြင့် ဝိုင်းဝန်း ကူညီ ဆောင်ရွက်ပေးကြ၏။ ဆင်းရဲ၊ ချမ်းသာမခွဲခြားဘဲ ကိုယ်ကျိုးကို ဘေးဖယ်ကာ ရပ်ရွာအကျိုးကိုသာ ရှေ့တန်းတင်တတ်ကြသော ချစ်စရာလေ့နှင့် နေချင့်စဖွယ်ကျေးရွာလေးတစ်ရွာဖြစ်ကာ မူလကျေးရွာနာမည်အရင်း ပျောက်ပြီး 'ပရဟိတကျေးရွာ' ဟူ၍ပင် လူအများ၏နှုတ်ဖျားတွင် ရေပန်းစားခဲ့ရပါတော့သည်။

ယခုလည်း ဦးလေးဦးအောင်ငွေ၊ အရီးလေး ဒေါ်အေးမြတို့၏ နေအိမ်သို့ ရွာထဲက တိုင်းရင်းသားလူမျိုးဘာသာ ပေါင်းစုံရောက်ရှိနေကြပြီး ခြံသန့်ရှင်းရေး၊ အိမ်သန့်ရှင်းရေးများ ပြုလုပ်နေကြ





www.burmeseclassic.com

www.burmeseclassic.com

သည့်အပြင် ထင်းခွဲသူခွဲ၊ ရေခပ်သူက ခပ်၊ ဆန္ဒင်းမကင်း၊ ရွှေကြည်၊ ထိုးမုန့် စသည်တို့ကိုထိုးသူကထိုး၊ လက်ဖက် ရည်ဖျော်ရန် ရေနွေးတည်သူကတည် ကာ အားလုံးအလုပ်ရှုပ်နေကြ၏။

အကြောင်းမှာ ည (၇) နာရီတိတိ အချိန်တွင် ဓမ္မစကြာတရားတော်များ ရွတ်ပွားရန် လာရောက်ကြမည့်သူများ အား ဧည့်ခံကျွေးမွေးရန်အတွက် ဝိုင်း ဝန်းလုပ်အားပေးနေကြခြင်းပင် ဖြစ်လေ ၏။

ရွာထဲတွင် ဖွဲ့စည်းထားသော အသင်းအဖွဲ့များစွာရှိကြသည့်အနက်မှ ထိုဓမ္မစကြာအသင်းအဖွဲ့မှာ အလုပ် အများဆုံးဖြစ်လေ၏။ ဟိုအိမ်ကဖိတ်လို့ သွားရွတ်ရ၊ သည်အိမ်ကဖိတ်လို့သွား ရွတ်ရနှင့် တစ်ရွာလုံးရှိ ဗုဒ္ဓဘာသာ ကိုးကွယ်သည့်အိမ်များမှ အလှည့်ကျနှင့် ဖိတ်၍ ရွတ်ဆိုခိုင်းနေကြလေတော့၏။ နောက်ဆုံး ဓမ္မစကြာရွတ်ရန် ဖိတ်ကြား ထားသော အိမ်မရှိပါက ရွာလယ်ဓမ္မာရုံ တွင် စုရုံး၍ရွတ်ဆိုကြလေ၏။

ဓမ္မစကြာအသင်းဝင်များမှာလည်း ငြီးငွေ့ခြင်းအလျှင်းမရှိဘဲ ဓမ္မစကြာရွတ် ပွားရန်ဖိတ်လို့ကတော့ ဆင်းရဲသည့် အိမ်၊ ချမ်းသာသည့်အိမ်ဟူ၍မခွဲခြားဘဲ ကိုယ့်မိသားစုလိုသဘောထားပြီး ကိုယ် နေသည့်ကျေးရွာ အန္တရာယ်ကင်းရှင်းစေ ရန်နှင့် ကျက်သရေမင်္ဂလာတိုးပွားစေရန် အတွက် ဓမ္မဒါနအဖြစ် ရွတ်ဖတ် ပူဇော် ပေးကြသည်။ ထိုသို့ ရွတ်ဖတ်ပူဇော်၍ အိမ်ရှင်က ကျွေးမွေးဧည့်ခံပါကလည်း ကောင်းသည်၊ ဆိုးသည် ဝေဖန်ခြင်းမရှိ ဘဲ ပျော်ပျော်ပါးပါးဖြင့် သုံးဆောင်ပေး ကြ၏။ ဧည့်ခံကျွေးမွေးရန် မတတ်နိုင် သည့်အိမ်ဖြစ်ပါကလည်း ပြဿနာမရှိ။ အိမ်ရှင်က ရွတ်ချင်သည်ဟုသာပြောပြီး ဖိတ်လိုက် ဓမ္မစကြာအဖွဲ့ဝင်များအားလုံး ကိုယ့်အိမ်က ကိုယ့်ရေဘူးကိုယ်ယူ၍ ရေသောက်ပြီး လာရောက်ရွတ်ပွားပေး ရန် အမြဲတမ်းအဆင်သင့်ရှိကြ၏။

ထိုဓမ္မစကြာအသင်းကြီးတွင် ရွာ ထဲရှိ လူကြီး၊ လူလတ်၊ လူငယ်ကာလ သားကာလသမီးများ ပါဝင်ကြကာ အမျိုးသားရော အမျိုးသမီးပါ စုပေါင်း ဖွဲ့စည်းထားပြီး အဖွဲ့ခေါင်းဆောင်မှာ ရွာလူကြီး ကိုဟန်ညွန့်ပင် ဖြစ်လေ၏။ ကိုဟန်ညွန့်မှာ ရွာလူကြီးတစ်ယောက်ဆို ပေမယ့် အသက်အားဖြင့် လေးဆယ် ကျော်ခန့်သာရှိပြီး ပညာဗဟုသုတနှင့် လုပ်ရည်ကိုင်ရည်ရှိသောကြောင့် ထိုရွာ ၏ ခေါင်းဆောင်တစ်ယောက်အဖြစ် အားလုံးက အသိအမှတ်ပြုကြလေ၏။

ယခုလည်း ဦးလေးဦးအောင်ငွေ နှင့် အရီးလေးဒေါ်အေးမြအိမ်သို့ ဓမ္မ စကြာအဖွဲ့ဝင်များ စုရုံးရောက်ရှိနေကြ ပြီးဖြစ်ရာ အဖွဲ့ခေါင်းဆောင်ဖြစ်သူ ကိုဟန်ညွန့်မှ -

"မစုံသေးပါဘူး။ မသင်းနဲ့ မစန်းစန်းမိုးတို့နှစ်ယောက်ကျန်နေသေး တယ်"

"ဟြော်-ဟိုမှာလာနေကြပြီ။သူတို့ နှစ်ယောက်ရောက်ရင်တော့ အားလုံးစုံ ပါပြီ"

"ကဲ - ဒါဆိုရင်လူစုံပြီမို့ ရွတ်ကြရ အောင်"

ဟုဆိုရင်း ကိုဟန်ညွန့်မှ ခေါင်းရင်း ဘက်ရှိ ဘုရားကျောင်းဆောင်ပေါ်တွင် အမွှေးတိုင်၊ ဖယောင်းတိုင်စတင်ထွန်း ညှိ၍ပူဇော်လေ၏။ ကိုဟန်ညွန့်သည် ရွာထဲရှိ ဓမ္မစကြာရွတ်ပေးခဲ့ရသမျှ အိမ် တိုင်းလိုလိုတွင် ဘုရားကျောင်းဆောင် ပေါ်၌ အမြဲတမ်း ဖယောင်းတိုင်သုံးတိုင် ထွန်းပြီး အမွှေးတိုင်၊ ပန်း၊ သောက်တော် ရေတို့ကို ဆက်ကပ်ပြီးမှ စတင်ရွတ်ဖတ် ပူဇော်လေ့ရှိကြသည်။ ယခု ဦးလေး ဦးအောင်ငွေ၊ ဒေါ်အေးမြတို့၏နေအိမ် ဘုရားကျောင်းဆောင်ပေါ်၌ ဖယောင်း တိုင်ထွန်းသည့်ခွက်မှာလည်း တစ်ခွက် တည်းရှိတာကြောင့် ဖယောင်းတိုင်ကို တစ်တိုင်တည်း ထွန်းညှိပူဇော်လိုက်ပါ သည်။ သို့သော်လည်း ကိုဟန်ညွန့် သည် အိမ်တိုင်းအိမ်တိုင်း၌ ဖယောင်း တိုင်သုံးတိုင် ထွန်းညှိပူဇော်ခဲ့သမျှ ယခု သည်အိမ်ကျမှ ဘုရားကျောင်းဆောင် ပေါ်တွင် ဖယောင်းတိုင်တစ်တိုင်တည်း ထွန်းညှိပူဇော်လိုက်ရသဖြင့် သူ့စိတ်ထဲ တွင် ဘဝင်မကျဖြစ်နေ၏။

သည်လိုနှင့် အားလုံးအဆင်သင့် ဖြစ်ပြီမို့ ကိုဟန်ညွန့်သည် ကြေးစည်ကို စတင်ထုလိုက်သည့်အချိန်မှာပဲ အဖွဲ့ဝင် များတို့၏ ဓမ္မာစကြာရွတ်ပွားသံသည် ကျက်သရေမင်္ဂလာရှိစွာဖြင့် ရွတ်ထဲသို့ ညီညာစွာ ပျံ့လွင့်သွားလေတော့သည်။

ကာလသားခေါင်းဆောင်ကိုစီတုံး နှင့် ပရဟိတအကျိုးတော်ဆောင်ဖြစ်သူ ကိုထွန်းမင်းလတ်တို့နှစ်ဦးမှာလည်း ဓမ္မ စကြာရွတ်ပွားသည့်အိမ်နှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် တစ်ဖက်တစ်ချက်စီ ရပ်ကာ ဓမ္မစကြာရွတ်ပွားသည့်သူများ စိတ်အနှောင့်အယှက်မဖြစ်ပွားစေရန် အတွက် ကလေးများ လာရောက်ဆော့ ကစားဆူညံခြင်းနှင့် တခြားအသံပိုင်း ဆိုင်ရာဆူညံခြင်းမရှိစေရန်အတွက် ထိန်း သိမ်းစောင့်ကြည့်ပေးနေကြ၏။

သည်လိုနှင့် ဓမ္မစကြာရွတ်ပွားနေ ရင်း အဖွဲ့ခေါင်းဆောင်ကိုဟန်ညွန့်သည် ဘာရယ်ကြောင့်မှန်းမသိ ကြက်သီးမွေး ညင်းတွေ တဖြန်းဖြန်းနှင့်ထလာနေ၏။ ကိုဟန်ညွန့်သည် ရွာထဲတွင်လှည့်၍ အဖွဲ့ဝင်များနှင့်အတူ အိမ်တော်တော် များများကို ဓမ္မစကြာတရားတော်များ လိုက်ပြီး ရွတ်ပွားပေးဖူးသော်လည်း ယခုလို ကြက်သီးထသည့်အဖြစ်မျိုး တစ်ခါမှမကြုံဘူးသဖြင့် အထူးဆန်းဖြစ် ၍နေပါတော့၏။ ဒါပေမယ့် ကိုဟန်ညွန့် သည် မျက်စိမှိတ်ထားရင်း ဓမ္မစကြာ တရားတော်ထဲကိုသာ အာရုံစူးစိုက်၍ ရွတ်ပွားနေလေ၏။

ထိုသို့ ရွတ်ပွားနေစဉ်မှာပင် လူ တစ်ယောက်က ကိုဟန်ညွန့်၏နားအနား ကို ကပ်၍ -

"ဓမ္မစကြာရွတ်တိုင်းရွတ်တိုင်း ဘုရားကျောင်းဆောင်ပေါ်မှာ ဖယောင်း တိုင်သုံးတိုင်ထွန်းပြီး ပူဇော်လာတာ ဒီအိမ်ကျမှ ဘာလို့ဖယောင်းတိုင်တစ် တိုင်တည်းပူဇော်တာလဲ"

ဟု တီးတိုးကပ်ပြောသည့်အသံ ကို ကြားလိုက်ရသဖြင့် မျက်လုံးဖွင့်ရင်း ဘေးပတ်ဝန်းကျင်ကိုကြားလိုက်ရသဖြင့် မျက်လုံးဖွင့်ရင်း ဘေးပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကြည့်မိလိုက်ရာ မည်သူ့ကိုမျှ မတွေ့ရပေ။ တစ်ဖန် အဖွဲ့ ဝင်တွေထဲက တစ်ယောက်ယောက်က များ ကပ်ပြီးလာပြောတာလားဟုအကဲ ခတ်ကြည့်မိသော်လည်း အဖွဲ့ဝင်အား လုံးမှာ ဣန္ဒြေမပျက်ဘဲ မျက်လွှာလေးချ ကာ ဓမ္မစကြာတရားတော်ထဲ အာရုံ ရောက်နေကြ၏။ ဒါနှင့် ကိုဟန်ညွန့် လည်း ဘာမှထူးခြားမှုမတွေ့တာနှင့် ဓမ္မ စကြာတရားကို အာရုံပြု၍ ပြန်ရွတ်နေ လိုက်ရင်းက ခဏအကြာမှာ ကိုဟန်ညွန့် ၏နားထဲတွင် ယခုဓမ္မစကြာရွတ်ဆိုနေ သည့်အိမ်ရှေ့၌ လူသံတွေတစ်ယောက် တစ်ပေါက်နှင့်ဆူညံနေသည့်ပုံစံမျိုးဖြင့် နားထဲကြားယောင်နေမိ၏။

ကိုဟန်ညွန့်၏ စိတ်ထဲမှာတော့ အခုလို ဓမ္မစကြာရွတ်ပွားနေသည့် အိမ် အနီးပတ်ဝန်းကျင်တွင် ဆူညံမှုမရှိစေရန် ပရဟိတအကျိုးတော်ဆောင် ကိုထွန်း မင်းလတ်နှင့် ကာလသားခေါင်းဆောင် ကိုစီတုံးတို့အား တာဝန်ပေးထားလျက် နှင့် အခုလို ဆူညံဆူညံလုပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com

ဘာ ဘယ်လိုဖြစ်လို့ပါလိမ့်ဟု သိချင်ဇောဖြင့် အိမ်အပြင်ကို အကဲခတ်ကြည့်လိုက်ရာ မည်သည့်လူရိပ်လူယောင်မျှ မတွေ့လိုက်ရသဖြင့် ကြက်သီးဖြန်းဖြန်းထသွားပြန်၏။

သည်လိုနှင့် ဓမ္မစကြာတရားထဲ အာရုံပြန်ပြုပြီး မျက်လုံးလေးပြန်မှိန်လိုက်သည့်အချိန်မှာပဲ အခုနက လူသံတွေပြန်ကြားလာပြန်၏။ ဒီတစ်ခါပြန်ကြားရတဲ့အသံများမှာ ပိုပြီးပီပီသသ တွဲတွဲပြားပြားဖြစ်လာ၏။ ထိုအသံများမှာ-

"ငါတို့လည်း ဓမ္မစကြာရွတ်ချင်လိုက်တာ"

"အေး - ဟုတ်တယ်။ ငါလည်း အိမ်ပေါ်တက်ပြီး ရွတ်ချင်လိုက်တာ"

နောက်တစ်ယောက်ကလည်း -

"ငါကတော့ မရွတ်တတ်လို့ အသံလေးပဲနားထောင်ပြီး အာရုံပြုတော့မယ်"

"နင်တို့ရွတ်တတ်ရင် အိမ်ပေါ်တက်ပြီး သွားရွတ်ကြလေ"

"အိမ်ပေါ်မှာလူတွေကအရမ်းများနေတယ်။ နေရာလွတ်သိပ်မရှိဘူး"

"ဒီကြားထဲ တချို့က အပေါက်ဝပိတ်ပြီးထိုင်နေကြတော့ အိမ်ပေါ်ဘယ်လိုမှတက်လို့မရဘူး"

စသဖြင့် တစ်ယောက်တစ်ပေါက်နှင့် လူပေါင်းစုံ၏အသံကိုကြားနေရတဲ့ ကိုဟန်ညွန့်သည် ထိုအသံလာရာ အိမ်အပြင်ဘက်ကို မသိမသာပြန်ပြီး အကဲခတ်ကြည့်မိပြန်ရာ သည်တစ်ကြိမ်တွင်လည်း ဘာမှမတွေ့ရပြန်သဖြင့် ကိုဟန်ညွန့်တစ်ယောက် အခြေအနေအရပ်ရပ်ကို သဘောပေါက်လိုက်ပါပြီ။ ယခုသူ၏နားထဲတွင်ကြားနေရသောအသံများမှာ မိမိရွာထဲကသက်ရှိထင်ရှားရှိနေသောသူများ၏အသံတော့ မဖြစ်နိုင်တော့။ ဒါဟာ မကျွတ်မလွတ်သေးသည့် ပရလောကသားတွေထဲကတချို့ဖြစ်ချင်ဖြစ်ဒါမှမဟုတ် မမြင်အပ်တဲ့ပုဂ္ဂိုလ်အစောင့်အရှောက်တွေက သူတို့လည်း ဓမ္မစကြာတရားတော်ကို ရွတ်ပွားလိုခြင်းကြောင့် ပြောဆိုနေကြသည့်အသံတွေပဲ ဖြစ်နိုင်သည်ဟုတွေးမိရင်း ချက်ချင်းမတ်တတ်ထရပ်ကာ အဖွဲ့ဝင်တွေအားလုံးအား ဓမ္မစကြာရွတ်ဆိုနေမှုကို ခေတ္တခဏရပ်ဆဲရန်ပြောလိုက်သောကြောင့် အဖွဲ့ဝင်တွေအားလုံး အံ့ဩသွားကြ၏။

မအံ့ဩဘဲလည်း ဘယ်သူနေနိုင်မှာလဲ။ ရွာထဲတွင် တစ်အိမ်ပြီးတစ်အိမ် ဓမ္မစကြာရွတ်လာသည်မှာ အိမ်ပေါင်းမနည်းတော့။ အစမှအဆုံးထိရွတ်ပြီးမှ ရပ်နားကြသည်သာ ယခုလိုတစ်ပိုင်းတစ်စရွတ်ပြီး ခဏရပ်တာမျိုး တစ်ခါမှ မကြုံဘူးခဲ့ကြ၍ အားလုံး၏စိတ်ထဲတွင် အထူးအဆန်းဖြစ်နေကြ၏။ သို့သော်လည်း အဖွဲ့ခေါင်းဆောင် ကိုဟန်ညွန့်သည် အကြောင်းမဲ့သက်သက်တော့ ရပ်ခိုင်းခြင်းမဟုတ်မှန်း အားလုံးကသိနှင့်ပြီးသားမို့ အခြေအနေကို စိတ်ဝင်တစားစောင့်ကြည့်နေကြ၏။

ထိုအချိန်မှာပဲ ကိုဟန်ညွန့်သည် ဘုရားကျောင်းဆောင်ပေါ်တွင် အခုနက ဖယောင်းတိုင်တစ်တိုင်တည်းသာ ထွန်းညှိပူဇော်ခဲ့ရာမှ ဖယောင်းတိုင်သုံးတိုင်ပြန်ထွန်း၍ ပူဇော်လေတော့၏။ ထိုအချိန်တွင် ဓမ္မစကြာအဖွဲ့ဝင်များထဲမှ တချို့သောသူများနှင့် အိမ်နောက်ဖေးတွင် အဖွဲ့ဝင်များ သုံးဆောင်ရန်အတွက် မုန့်ပွဲများ ပြင်ဆင်နေသောသူထဲမှ တချို့မှာ ဘာရယ်ကြောင့်မှန်းမသိပဲ ကြက်သီးတွေထလို့နေကြ၏။ အိမ်ရှင်ဖြစ်သော အရီးလေးဒေါ်အေးမြသည်လည်း အခြေအနေကို ဘာမှမသိရှာဘဲ ကိုဟန်ညွန့်၏ အရိပ်အကဲကိုသာ စောင့်ကြည့်နေ၏။

ထို့နောက် ကိုဟန်ညွန့်မှ -

"ကဲကဲ - ဓမ္မစကြာအဖွဲ့ဝင်တွေအားလုံး အိမ်ခေါင်းရင်းဘက်ကိုနည်းနည်းစီလိုက်ကပ်လိုက်ပါ"

"အနောက်ဆုံးတန်းကို လူလေး၊ ငါး၊ ခြောက်ယောက်လောက် ဝင်ထိုင်လို့ရအောင် နေရာလေးတွေလုပ်ပြီးထားပေးကြ"

"ပြီးရင် ဟိုအိမ်အပေါက်ဝမှာပိတ်ထိုင်နေကြတဲ့ မခင်မာအေးနဲ့ မခင်အေးဝင်းတို့ အဲဒီအိမ်အဝင်ဝကိုပိတ်မထိုင်ဘဲ လူအဝင်အထွက်လုပ်လို့ရအောင် လမ်းပေါက်လေးပေးပြီးထိုင်ပါ"

ဟုပြောပြီး အိမ်အပြင်အပေါက်ဝသို့ထွက်၍ရပ်ကာ -

"ကဲ - အခုနက ဓမ္မစကြာရွတ်ချင်တယ်လို့ပြောနေကြတဲ့ အိမ်အပြင်ကသူတွေ အခုအိမ်ပေါ်မှာ နေရာလေးတွေလုပ်ထားပေးပါတယ်။ မည်သူမဆို အိမ်ပေါ်သို့ကြွရောက်၍ ဓမ္မစကြာတရားတော်များရွတ်ပွားနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ"

ဟု လူတစ်ယောက်မှမရှိသော အိမ်အပြင်ဘက်ထွက်၍ တစ်ယောက်တည်း စကားတွေပြောနေသောကြောင့် အဖွဲ့ဝင်များမှ အထူးအဆန်းဖြစ်ကြည့်နေကြ၏။

ထိုအချိန်မှာပဲ အိမ်ပေါ်တွင်ချန်ထားသော နေရာလွတ်သို့ ဘာမှမမြင်ရ မကြားရ၊ မတွေ့ရသော်လည်း လူလေးငါးဦးခန့်လာရောက်တက်ထိုင်သလိုမျိုး အားလုံး၏စိတ်အာရုံထဲတွင် ခံစားမိကာ ထိုနေရာလွတ်နှင့် အနီးဝန်းကျင်မှ အဖွဲ့ဝင်တချို့ ကြက်သီးတွေတဖြန်းဖြန်းထကုန်ကြလေ၏။

ထိုသို့ အိမ်အဝင်ဝတွင် လူအဝင်အထွက်လုပ်လို့ရစေရန် လမ်းပေါက်နှင့် နောက်ထပ်လူလေး၊ငါး၊ခြောက်ယောက်လောက်ထိုင်စရာနေရာအလွတ်ပေးစီစဉ်ပြီးသည့်နောက် ဓမ္မစကြာကို ပြန်လည်ရွတ်ဆိုခဲ့ကြသည့် နောက်ပိုင်းမှာတော့ ကိုဟန်ညွန့်တစ်ယောက် နားထဲဟိုအသံဒီအသံကြားခြင်း၊ ဆူညံခြင်း၊ ကြက်သီးထခြင်းများမရှိတော့ဘဲ ဓမ္မစကြာတရားများကို ပြီးဆုံးသွားချိန်အထိ အဖွဲ့ဝင်များနှင့်အတူ အဆင်ပြေချောမွေ့စွာရွတ်ဆိုနိုင်ခဲ့ကြပါတော့သည်။

ထို့နောက် အဖွဲ့ဝင်များက ကိုဟန်ညွန့်၏ ဓမ္မစကြာရွတ်ပွားနေချိန်အတွင်းကြုံတွေ့ခဲ့သော အဖြစ်အပျက်တွေကို ပြောဆိုမေးမြန်းကြရာ အဖွဲ့ခေါင်းဆောင်ကိုဟန်ညွန့်မှ သူကြုံတွေ့ခဲ့သည်များကို ပြန်လည် ရှင်းပြပြောဆိုရင်း အဖွဲ့ဝင်များထဲမှလည်း သူတို့ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ရှင်းပြ၍ အပြန်အလှန်ပြောဆိုကြရင်း ဦးလေးဦးတင်ငွေ၊ အရီးလေးဒေါ်အေးမြတို့မိသားစုတည်ခင်းသောလက်ဖက်ရည်နှင့် အချိုပွဲမုန့်မျိုးစုံတို့ကို ပျော်ရွှင်စွာ သုံးဆောင်ပေးခဲ့ကြပါတော့သတည်း။

စာရေးသူသည် အထက်ပါဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို ရေးသားတင်ပြရခြင်းမှာ ယခုအချိန်၌ မြို့တိုင်း၊ နယ်တိုင်း၊ ရွာတိုင်းလိုလိုတွင် ဓမ္မစကြာအသင်းအဖွဲ့များအား အတွေ့အကြုံ ဗဟုသုတတစ်ခု တိုးပွားစေလို၍ ရေးသာတင်ပြပေးလိုက်ရခြင်း ဖြစ်လေ၏။

ဤဖြစ်ရပ်မှန်ဇာတ်လမ်းလေးအား ကိုယ်တိုင်ကြုံတွေ့၍ ပြောပြပေးခဲ့သော ရွာလူကြီး ကိုဟန်ညွန့် (ဓမ္မစကြာအဖွဲ့ခေါင်းဆောင်) အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် အကြောင်းတစ်စုံတစ်ခုကြောင့် ရွာနာမည်အား ပရဟိတရွာဟူ၍ လွှဲပြောင်းရေးသားလိုက်ရသည်။

နေဦး (အ-စ အောင်ဆန်း)

www.burmeseclassic.com

www.burmeseclassic.com

# ထွန်းတောက်

## ဇော်ဂနီ / ကောင်းဇော်မ



မနက်စောစောတွင် ဖြစ်သည်။ အလုပ်သမားများ စက်ရုံဝိုင်းထဲသို့ ကားနှင့်တစ်ဖုံ၊ ခြေကျင်တစ်မျိုးနှင့် တစ်သုတ်ပြီးတစ်သုတ်ဝင်လာနေကြ၏။

တချို့တန်းလျားမှာထိုင်ကြသည်။ တချို့က ထမင်းစားရုံဘက်သို့လျှောက်သွားကြသည်။ တချို့အဝတ် (စက်ရုံယူနီဖောင်း) လဲပြီး ပြန်ထွက်လာကြသည်။

သည်မနက်တွင် စက်ရုံဝိုင်းသန့်ရှင်းရေးပြုလုပ်ကြရမည်ဖြစ်၍ သူ့အုပ်စုနှင့်သူ ခေါင်းဆောင်ခန့်ထားသောဆရာများက ဦးဆောင်ပြီး (မနက်ရှစ်နာရီတွင် လူစုံသဖြင့်) သန့်ရှင်းရေးဝင်ကြလေသည်။

ဒီစက်ရုံကြီးမှာ စက်မှု(၂)ဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်ရုံလက်အောက်ခံ၊ မော်တော်ယာဉ်ထုတ်လုပ်မှု အလုပ်ရုံကြီးပင်ဖြစ်၏။ အောက်ခြေမှ ညွှန်မှူးအထိ လုပ်သား/သူ(၁၂၀)ကျော်ရှိ၏။ တစ်နှစ်လျှင် ကားစီးရေ(၂၀၀)ခန့်ထုတ်လုပ်၏။ ထို့ကြောင့် နိုင်ငံတော်အတွက် အရေးပါသောစက်ရုံကြီးတစ်ရုံဟူ၍ပင် ဆိုနိုင်လေသည်။

အလုပ်ရုံမှူးကြီး၏ ရုံးခန်းထဲသို့ ဆရာမောင်အေးဝင်လာ၏။ အလုပ်ရုံမှူးကြီးသည်ကား စာရင်းစာအုပ်ကိုသာ အာရုံစိုက်ပြီးကြည့်နေသည်။ ဆရာမောင်အေး သူ့ရှေ့မှာရပ်နေသည်ကို သတိပြုမိဟန်ပင်မရှိပေ။ ထို့ကြောင့် ဆရာမောင်အေးကပင် စပြောလိုက်သည်။

"ဆရာ ဒီမှာစက်ရုံခြံစည်းရိုးဘေးက အရုပ်ကလေးတစ်ရုပ်တွေ့လို့လာပြတာပါ"

"ဟင် - ဘာအရုပ်တုံး။ ကလေးကစားစရာအရုပ်များလား"

ဟု မေးသော်လည်း အလုပ်ရုံမှူးကြီးသည် စာရင်းစာအုပ်မှ အကြည့်မခွာသေးပေ။

"ဒီမှာပါ ဆရာ။ အသေချာပဲကြည့်ပါဦး။ ထူးဆန်းတဲ့အရုပ်ကလေးတစ်ရုပ်ပါ"

"ဟေ"

သို့မှ အလုပ်ရုံမှူးကြီးသည် စာရင်းစာအုပ်မှ မျက်နှာလွှဲပြီး အရုပ်လေးကို အသေချာစိုက်ကြည့်လေသည်။

"ကျွန်တော်တို့ သန့်ရှင်းရေးလုပ်ရင်း သစ်ရွက်ပုံအောက်က တွေ့လို့ ထူးဆန်းတယ်ဆိုပြီးလာပြတာပါ"

အလုပ်ရုံမှူးကြီးသည် ဘာမှမပြော
သေးဘဲ အရုပ်လေးကိုသာ အထူးအ
ဆန်းဖြစ်ပြီး စိုက်ကြည့်နေလေသည်
အမြင့်(၃) လက်မ၊ အနံ(၁)လက်မခန့်
သော မိန်းမရုပ်လေးဖြစ်သည်။ အဖော်
လေးလက်ရာမြောက်၍ သရုပ်လည်း
ပေါ်သည်။ ကိုယ်လုံးတီးဖြစ်ပြီး ဆံပင်
ဖားလျားချကာ ပေါင်နှစ်ဖက်ကိုတ
ထားသည်။ ညာဒူးကိုထောင်ပြီး ည
လက်ကို လည်း ညာဒူးပေါ်မှာတင်ထာ
သည်။ ဘယ်ဒူးကိုလှဲချက် ဘယ်လ
နှင့်ထောက်ထားသည်။ အင်္ဂါကြီးငယ်
အထင်းသားပေါ်လွင်အောင် ထုလု

www.burmeseclassic.com

www.burmeseclassic.com



တာ ဆေးအနီများသုတ်လူးထားသည်။

"ဘယ်လိုများ ဒီအရုပ်ကလေးကို သုံးသပ်မိပါသလဲ ဆရာ"

ဟု ဆရာမောင်အေးကမေးသည်။

"ဒါ ဇော်ဂနီရုပ်ဗျ။ ကျွန်တော် တစ်မတော်မှာ တာဝန်ထမ်းဆောင်နေတုန်းကပင် ဒီလိုအရုပ်ကလေးမျိုးကိုမြင်ဖူးပါတယ်။ ဒီအရုပ်မျိုးက အစွမ်းထက်တယ်ဗျ"

"ဪ-ဟုတ်ကဲ့၊ ဘယ်လိုအစွမ်းမျိုးပါလဲ ဆရာ"

"အစွမ်းကောင်းတော့မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဗျ၊ အစွမ်းဆိုးပဲ။ အောက်လမ်းစတဲ့ အတိုက်အမှောက်ပယောဂမျိုးပေါ့။ ဒီတော့ ဒီအရုပ်နဲ့အတူ နောက်ဘာတွေများတွေ့သေးတုံး"

"နောက်တော့ ဘာမှမတွေ့ပါဘူး ဆရာ"

အရုပ်လေးကိုကြည့်ပြီး ဆရာမောင်အေးနှင့်စကားပြောနေကြစဉ်မှာပင် ဘောင်းဘီတိုလေးနှင့်လူတစ်ယောက် စက်ရုံဂိတ်ပေါက်ထဲပြေးဝင်လာလေ၏။ ထို့ကြောင့် ဂိတ်စောင့်များက ဝိုင်းဖမ်းကြ၍ အလဲလဲအပြိုပြိုဖြစ်သွားကြသည်ကို တွေ့လိုက်ရသည်။

"ဟ - ဆရာမောင်အေး၊ အလုပ်ချိန်ကြီး ဘယ်သူမျှားမူးနေပြန်ပြီလဲ။ သွားကြည့်စမ်းပါဦးဗျ"

အလုပ်ရှင်မှူးကြီး၏ စကားအဆုံးတွင် ဆရာမောင်အေး ပြေးလိုက်သွားလေသည်။ အလုပ်ရှင်မှူးကြီးလည်း ဂိတ်ဝဘက်ဆီ မျှော်ကြည့်နေလိုက်သည်။ တစ်အောင့်အကြာတွင် ဖမ်းချုပ်ခံရသူအား ဆွဲထုတ်သွားကြသည်ကို တွေ့လိုက်ရသည်။

ဆရာမောင်အေး ဂိတ်စောင့်လုံခြုံရေးများနှင့် စကားပြောနေကြသည်ကိုလည်း မြင်နေရသည်။ ထို့နောက် ဆရာမောင်အေး ခေါင်းတစ်ချက်နှစ်ချက်ညိတ်ပြီး ပြန်ရောက်လာသည်။

"အမူးသမားကဘယ်သူတုံး"

ဟု အလုပ်ရှင်မှူးကြီးက ဆီးမေးလိုက်သည်။

"အရက်မူးသမား မဟုတ်ဘူး ဆရာရဲ့။ ဆရာအောင်ခင်ရဲ့သားဖကြီး ကောင်ပါ။ မူးတူးတူးဝေတေတေနဲ့ နေမကောင်းလို့ အလုပ်မဆင်းဘဲနေရင်း မနေ့ကစလို့ စိတ်ဖောက်လာပြီး ကိုယ်လုံးတီးချွတ်ပြေးနေလို့ ဘောင်းဘီဝတ်ပေးထားရတယ်လို့ဆိုတယ်။ အဲတာ အခု လူကြီးတွေမရှိတုန်း ဒီဘက်ထွက်ပြေးလာလို့ ပြန်ခေါ်သွားကြပါပြီ"

"ဟောဗျာ၊ ဘာတွေဖြစ်ကုန်ကြပြီတုန်း၊ ဒါဆိုရင် ဒီအရုပ်လေးနဲ့များ ပတ်သက်နေပြီလား"

"ဖြစ်နိုင်ပါ့မလား ဆရာရယ်။ ဒီမနက်ကမှ ဒီအရုပ်ကလေးကို တွေ့တာပဲ။ ဟိုကောင်နေမကောင်းဖြစ်နေတာက တစ်ပတ်လောက်တောင်ရှိနေပြီတဲ့"

အလုပ်ရှင်မှူးကြီးသည် အရုပ်လေးကိုကြည့်ကာ တစ်အောင့်ကြာမျှ စဉ်းစားနေ၏။ ထို့နောက် -

"ကျွန်တော် ဒီအရုပ်ကလေးကို မသင်္ကာတော့ဘူးဗျာ။ ဒါကြောင့် တတ်သိနားလည်တဲ့ဆရာတစ်ယောက်ယောက်ကိုပြကြည့်မှ ဖြစ်မယ်ထင်တယ်"

"ကောင်းတာပေါ့ ဆရာရယ်။ ဒီအရုပ်ကလေးအကြောင်းကို ကျွန်တော်တို့က နားမလည်ပေမယ့် နားလည်တဲ့ ဆရာတွေရှိကြမှာပါ ။ ဒီတော့ ဆရာ ဒီအရုပ်ကလေးကို သိမ်းထားလိုက်ပါ"

"ကျွန်တော်လည်း ဒီအတိုင်းတော့ သိမ်းမထားရဲဘူးဗျ။ ဟိုအနားက အလုငါးမွေးတဲ့ အုတ်ကန်ထဲပဲထည့်ထားလိုက်ပါ"

ဆရာမောင်အေးသည် အရုပ်ကလေးကို ကောက်ယူပြီး ထွက်သွားလေ၏။

အရုပ်ကလေးနှင့် ပတ်သက်ပြီး အလုပ်ရှင်မှူးကြီးလည်း အတော်လေးပင် စိတ်ပျက်ပြီး သံသယဝင်နေမိသည်။ အရုပ်လေး၏အဓိပ္ပာယ်ကို တိကျစွာဖြင့် မသိနိုင်သေးသော်လည်း မရိုးဟုထင်နေမိသည်။

တစ်အောင့်အကြာတွင် ဆရာမောင်အေး ပြန်ရောက်လာပြန်သည်။

"ဆရာ၊ အရုပ်ကလေးက ရေပေါ်တယ်ဗျ။ ဆရာခဏလာကြည့်ပါဦး"

"ကျွန်းသားတို့၊ သစ်ခွက်သားတို့ လုပ်ထားတာနေမှာပေါ့။ ဒါကြောင့် ရေပေါ်တာ ဖြစ်မှာပါ"

"မဟုတ်ဘူး ဆရာရဲ့။ တစ်မျိုးလေးပဲ"

"ဟင်-ဘာတစ်မျိုးတုံး"

"ဆရာလာကြည့်ပါ"

အလုပ်ရှင်မှူးကြီးထလိုက်သွား၏။ ဆရာမောင်အေးက ရေကန်နားသို့ ရောက်လျှင် ကန်ထဲက အရုပ်လေးကို လက်ညှိုးထိုးပြသည်။ အလုပ်ရှင်မှူးကြီး အသေချာကြည့်သည်။ အရုပ်လေးက သိပ်ပြီးမငြိမ်ဘဲ မသိမသာမြုပ်လိုက်၊ ပေါ်လိုက်နှင့် အသက်ဝင်ပြီး ကူးခပ်နေသလို ပင်။

ထို့ကြောင့် အလုပ်ရှင်မှူးကြီးနှင့် ဆရာမောင်အေးတို့ အရုပ်ကလေးကို စိုက်ကြည့်ရင်း ပြူးလိုက်ကြပြီး အလုပ်ရှင်မှူးကြီးက -

"အေးဗျ၊ တကယ်ပဲ အသက်ရှိနေသလားမသိဘူး"

ဆရာမောင်အေးက ဘာမှမပြောပေ။ ပြူးပြီးသာကြည့်နေ၏။

အလုပ်ရှင်မှူးကြီးလည်း မစဉ်းစားတတ်လောက်အောင်ပင်ဖြစ်နေမိသည်။

"ကိုင်း-ဒီအရုပ်ကလေးထူးဆန်းတာတော့ သေချာနေပြီဗျ။ တကယ့်လူကလေးတစ်ယောက်ကို ကန်ထဲချထားသလိုတောင် အသက်ဝင်ပြီးကူးခပ်နေတာပဲ။ ဒီတော့ ကျွန်တော်လည်း ဘာမှမလုပ်ရဲဘူး။ ကျောက်ဆွဲပြီး ကန်ထဲနှစ်ထားလိုက်ပါ။ ငါးလေးတွေနဲ့အတူနေကြပါစေ"

❑

"ဆရာ"

အိမ်ရှေ့မှအမျိုးသမီးတစ်ယောက် အလုပ်ရှင်မှူးကြီး၏နာမည်လှမ်းခေါ်သံကို ကြားလိုက်ရ၏။ ထို့ကြောင့် အလုပ်ရှင်မှူးကြီးခေါင်းထောင်ကြည့်လိုက်သည်။ သို့သော် ပန်းပင်ကလေးများကွယ်နေ၍ ကောင်းစွာမမြင်ရပေ။

ထို့ကြောင့် အလုပ်ရှင်မှူးကြီးထွက်လိုက်သွားသည်။

"ဟ-ဘယ်သူတုန်း"

အလုပ်ရှင်မှူးကြီး မျက်လုံးပြူးသွား၏။ လှမ်းခေါ်နေသော အမျိုးသမီးကို အသေချာမြင်ရမှ ကိုယ်လုံးတီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ အသက်သုံးဆယ်ခန့်ရှိသည်။ ဆံပင်ကိုဖားလျားချထားပြီး တစ်ကိုယ်လုံးလည်း နီရဲပြီးတုန်ချည့်နေသည်။

"ကျွန်မ အခုလို ကိုယ်လုံးတီးကြီးနဲ့ ဆရာ့ဆီရောက်လာတာ ခွင့်လွှတ်ပါ ဆရာရယ်။ အရုပ်လေးအတိုင်းပဲနေရတာပါ"

"အရုပ်လေး၊ ဘာအရုပ်လေးတုံး"

"ဆရာက အမိန့်ပေးပြီး ငါးကန်ထဲ ကြိုးတုပ်ချထားတဲ့အရုပ်ကလေးပါ ဆရာရယ်။ အခုအရုပ်ကလေးကြိုးပြေပြီးရေပေါ်ပေါ်လာလို့သာ ဆရာ့ဆီလာခွင့်ရတာပါ။ အဲလိုသာမဟုတ်ရင် လာလို့မရပါဘူး။ အခုအဲဒီအရုပ်ကလေးကို သူ့နေရာပြန်ပို့ပေးပါ ဆရာရယ်။ ဒါမှ ကျွန်မပြန်လို့ရမှာပါ"

"ခင်ဗျားဘာသာ စက်ရုံထဲရောက်လာတာပဲမဟုတ်လား။ ကျွန်တော်နဲ့ ဘာဆိုင်လို့တုံး"

"ကျွန်မဘာသာ စက်ရုံထဲရောက်လာပေမယ့် အခုတော့ ဆရာတို့လက်ထဲရောက်နေရလို့ ကျွန်မဘာသာပြန်လို့မရတော့ပါဘူး ဆရာရယ်။ ဆရာတို့က နေရာပြန်ပို့မှ ပြန်လို့ရမှာပါ"

အလုပ်ရှင်မှူးကြီး စိတ်ပျက်သွား၏။ ဘယ်ကဘယ်လို ကိုယ်လုံးတီးမိန်းမတစ်ယောက်ရောက်လာပြီး ဘာတွေလာပြောနေမှန်းပင် မသိတော့။



www.burmeseclassic.com

"ကိုင်း-ဟုတ်ပြီ၊ နေရာပြန်ပို့ဆိုပို့ ပေးမယ်။ ဒီတော့ ခင်ဗျားက ဘာလို့ ကျွန်တော်တို့ စက်ရုံထဲရောက်လာရတာ လဲ၊ အဲ့တာပြောပါ"

"ဟုတ်ကဲ့၊ ပြောပါ့မယ်ဆရာရယ်။ ဆရာတို့စက်ရုံက ဆရာအောင်ခင်ဟာ စက်ရုံရှေ့ရပ်ကွက်ထဲက အမျိုးသမီးတစ် ယောက်ကို အရှက်ရအောင် ပြောဆို ကြိမ်းမောင်းထားလို့ သူအရှက်ရသလို ဆရာအောင်ခင်တို့ မိသားစုကိုလည်း အရှက်ရသွားအောင် ကျွန်မကို ငွေပေး ပြီး လုပ်ခိုင်းလို့ အရုပ်ကလေးကိုအသက် သွင်းပြီး စက်ရုံဝိုင်းထဲထည့်လိုက်တာပါ"

"သိပ်ခက်တာပဲ။ အဲလိုမကောင်း တာကို ဘာလို့လက်ခံပြီးလုပ်ရတာတုံး။ ဟိုမှာ ဆရာအောင်ခင်ရဲ့ သားအကြီး ကောင် ရူးနေပြီလေ"

"ကျွန်မက သူ (တစ်ဆင့်ငွေပေး ပြီး လုပ်ခိုင်းသူ) တို့နဲ့ မကင်းရာမကင်း ကြောင်းတွေပါ ဆရာရယ်။ ပြီးတော့ ကျွန်မက မုဆိုးမ၊ အမေအိုကြီးနဲ့ သား နှစ်ယောက်ကိုလည်း ဒီပညာနဲ့ပဲလုပ် ကျွေးနေရတာပါ"

အလုပ်ရုံမှူးကြီး သက်မတစ်ချက် ကိုချလိုက်၏။ ခြံစည်းရိုးကို အလယ် ထားပြီး အဝတ်မရှိသော မိန်းမတစ် ယောက်နှင့် စကားပြောနေရသဖြင့် အလွန်အမင်းလည်း ရှိုးတိုးရှန့်တန့်ဖြစ် နေမိသည်။ ဘေးလူများ မြင်သွားမှာကို လည်းစိုးသည်။

"ဒီတော့ ခင်ဗျားကို မေးစရာတွေ ရှိသေးတယ်"

"ဟုတ်ကဲ့မေးပါ ဆရာ။ ကျွန်မ မြွှင်းမချန်ပြောပါ့မယ်။ ပြီးရင် ကျွန်မ ကို နေရာပြန်ပို့ပေးပါ။ ချမ်းလည်းချမ်း လှပါပြီ။ ဘယ်ကိုမှသွားလို့မရဖြစ်နေ တော့ ကလေးတွေကိုလည်းလွမ်းလှပါ ပြီ။ သူတို့စားသောက်ဖို့လည်း တစ်ပတ် စာပဲထားခဲ့တာပါ"

"အခု-ဆရာအောင်ခင်တို့မိသား စုကိုကော နောက်ဘာတွေလုပ်ထား သေး လဲ"

"သားအကြီးကောင်ကိုတော့ ပတ် ချင်းဘျင်နဲ့ အဆက်ပြတ်သွားအောင် အများသူငါရှေ့မှာ အရှက်ရသွားအောင် လုပ်ထားပြီးပါပြီ။ ဆရာအောင်ခင်ကို တော့ ကံဇာတာမြင့်နေလို့ သူ့အစောင့် အရှောက်တွေကလည်း သူနဲ့မကွာရှိနေ တာကြောင့် လုပ်လို့မရနိုင်ဖြစ်နေပါ တယ်။ ဒါပေမယ့် ကျွန်မက ကတိပေး [illegible] လုပ်ရမယ့်သဘောရှိပါတယ်"

ဒုက္ခပဲဟုတွေးကာ အလုပ်ရုံမှူး ကြီး အသံထွက်အောင်ပင် ရယ်လိုက်မိ ၏။

"ခင်ဗျားနာမည်ကဘယ်လိုခေါ် သလဲ။ ပြောနိုင်ရင် ပြည့်ပြည့်စုံစုံလေး ဖြစ်အောင် ပြောပြပါလား"

"ဟုတ်ကဲ့-ပြောနိုင်ပါတယ် ဆရာ ရယ်။ ကျွန်မနာမည်ကို မကောင်းဇော် လို့ခေါ်ပါတယ်။ ကျွန်မတို့ဇော်အသိုင်း အဝိုင်းကတော့ ကောင်းဇော်မလို့ပဲ ခေါ် ကြပါတယ်။ အမှန်ကိုပြောရရင် ကျွန်မ ရဲ့စိတ်ရင်းက သူတစ်ပါးမျက်ရည်ကျတာ တော့ မနှစ်မြို့တတ်ပါဘူး။ ဒါပေမယ့် ကျွန်မယောကျ်ား ရွှေတောင်ဘက် အလုပ်သွားလုပ်ရင်း ပိုးထိလို့ ဆုံးပါး သွားပြီးနောက် အားကိုးရာမဲ့ဘဝနဲ့ မိသားစုကို ဆင်းရဲဒုက္ခခံပြီး လုပ်ကျွေး လာရတော့ အဲဒီဆင်းရဲဒုက္ခကရုန်းထွက် လိုတဲ့သဘောနဲ့ ဒီပညာကိုသင်ယူလိုက် ရတာပဲ ဆရာရယ်"

အလုပ်ရုံမှူးကြီးအနေဖြင့် မုဆိုး မလေး မကောင်းဇော်/ကောင်းဇော်မ လေး၏ဘဝကိုတော့ စာနာမိသည်။ သို့သော် သူ့ပညာရပ်ကိုမူ လုံးဝမကြိုက် သလို စက်ဆုပ်သည်လည်း အမှန်ပင် ဖြစ်သည်။ ထို့ကြောင့် အကြံပြုသည့် အနေဖြင့် ပြောလိုက်သည်။

"မိန်းကလေးရယ်၊ ရုပ်ကလေး ချောချောနဲ့ ဒီမကောင်းတဲ့အလုပ်ကိုလုပ် စားနေရတယ်လို့။ ဒီတော့ ကျွန်တော် အကြံတစ်ခုပြုမယ်။ ကျွန်တော်ပြုတဲ့ အကြံကိုလည်း လက်ခံစေချင်တယ်။ ခင်ဗျားရဲ့ ပင်ကိုစိတ်ရင်းကလည်း သူတစ်ပါးမျက်ရည်ကျတာကို မကြိုက် လှဘူးဆိုရင် ခင်ဗျားဒီပညာကိုစွန့်လွှတ် လိုက်ပါ။ ကျွန်တော် ဒီစက်ရုံမှာ အလုပ် ခန့်ပေးပါ့မယ်"

"အို-ဆရာရယ်။ ဘယ်လိုလုပ်ပြီး စက်ရုံလစာလေးနဲ့ ဒီမိသားစုလေး ယောက်ကိုထိန်းနိုင်မှာလဲရှင်။ ဒါကြောင့် ဒီအလုပ်ကိုတော့ မစွန့်ပါရစေနဲ့"

အလုပ်ရုံမှူးကြီးပြုံး၏။ ထို့နောက် အသံထွက်အောင်တစ်ချက်ရယ်လိုက်မိ ပြန်သည်။

"ကောင်းပြီလေ၊ ဒီလိုဆိုလည်း မနက်ဖြန် ခင်ဗျား စက်ရုံကစောင့်နေ ပါ"

"ဟုတ်ကဲ့ပါ ဆရာရယ်။ ဆရာ့ကို အရမ်းကျေးဇူးတင်တာပဲ။ ကျွန်မသွား [illegible]"

ဟု ဆိုကာ ကောင်းဇော်မလေး ခြံပြင်က လက်ရှည်ကြီးဖြင့် လှမ်း၍ အလုပ်ရုံမှူးကြီး၏လက်ကိုကိုင်လှုပ်ကာ မိတ်ဆက်လေ၏။

"ဟာ၊ ဟာ - အဲလိုမလုပ်နဲ့လေ၊ ဟောဗျာ ဘေးလူတွေမြင်သွားလို့ ဒုက္ခ ရောက်တော့မှာပဲ"

"ဘာကို ဘေးလူတွေမြင်လို့ ဒုက္ခ ရောက်မှာလဲ။ ဟင် - ရှင်အိပ်မက်ထဲမှာ ယောင်ယမ်းပြီး ဘယ်မိန်းမနဲ့ပြောနေ တာလဲ။ ကျုပ်နိုးပြီးနားထောင်နေတာ ကြာပြီ"

ဟု မိန်းမဖြစ်သူ ဒေါ်မြင့်မြင့်ရီက တအားကိုင်လှုပ်ပြီးတွန်းလိုက်၍ အလုပ် ရုံမှူးကြီး လန့်နိုးသွားလေ၏။ ခုတင်ပေါ် ကပြုတ်ကျလုလုလည်းဖြစ်သွားလေ၏။

"ဟာ - ကျ. . . ကျ"

ဟု အော်ကာ ရရာလိုက်ဆွဲရာ ဒေါ်မြင့်မြင့်ရီ၏ခါးကိုဆွဲမိသွားသည်။ ဒေါ်မြင့်မြင့်ရီက ဖျတ်ခနဲ ပုတ်ချလိုက် ပြီး -

"ဘာလဲ၊ ရှင်နေ့ခင်းကအကြောင်း တွေကို အိပ်မက်ထဲမှာလျှောက်ပြောနေ တာပဲမဟုတ်လား"

"ဘာ-နေ့ခင်းကအကြောင်းတွေ တုံး၊ ဒုက္ခပဲ"

ဟုဆိုကာ အလုပ်ရုံမှူးကြီးပြုံး၏။

အလုပ်ရုံမှူးကြီးနှင့် ကောင်းဇော် မတို့ (အိပ်မက်ထဲ၌ ယောင်ယမ်း) ပြော နေကြသည်ကို ဒေါ်မြင့်မြင့်ရီ ကြားသွား ၍ အပြင်က အခြားမိန်းမတစ်ယောက် နှင့် ဖောက်ပြန်နေသည်ဟု ထင်ပြီး ဒေါသထွက်နေလေ၏။

အလုပ်ရုံမှူးကြီး စောင်ကိုဆွဲခြုံ လိုက်ရာ ဒေါ်မြင့်မြင့်ရီက ပြန်ဆောင့် ဆွဲလိုက်ပြီး -

"ဒါတောင်ငြင်းနေတုန်း၊ နေ့ခင်း က ဘာအကြောင်းလဲတဲ့၊ ကျုပ်နိုးပြီး နားထောင်နေတာကြာပြီ၊ ရှင်မိန်းမ တစ်ယောက်နဲ့ စကားပြောနေကြတာ လေ၊ ပြောလိုက်၊ ရယ်လိုက်၊ နာမည် ပေးလိုက်နဲ့ တယ်ဟုတ်နေကြပါလား"

အလုပ်ရုံမှူးကြီး ဘာမှမပြောဘဲ ရယ်ချင်စိတ်ကိုအောင့်ကာ လှတ်ပေး ထားသည်။ ဒေါ်မြင့်မြင့်ရီဘာများဆက် ပြောပြီး ဘယ်လောက်တောင် ဒေါသ ထွက်နေဦးမလဲဟု နားထောင်နေ၏။

"အင်း-စက်ရုံထဲမှာအလုပ်တောင် ခန့်ပေးတော့မယ်ဆိုပဲ"

"ဟောဗျာ-သူတကာယ်အားလုံး ကြားနေကာပဲ"

www.burmeseclassic.com

ဒေါ်မြင့်မြင့်ရီ ဆတ်ခနဲ လှည့်ကြည့်၏။

ထို့ကြောင့် အလုပ်ရုံမှူးကြီး သဲဘောကျကာ ရယ်ချင်လွန်း၍တုန်လာလေ၏။

"အင်း၊ အင်း - သဘောကျတယ်ပေါ့။ အကြီးတစ်ယောက်၊ အငယ်တစ်ယောက်၊ ဘယ်တစ်ယောက်၊ ညာတစ်ယောက်ဆိုပြီး တွေးတွေးပြီး ပီတိဖြစ်တယ်ပေါ့၊ အောင်မာ-ရယ်တယ်တော့်"

ဒေါ်မြင့်မြင့်ရီက လည်ပင်းကိုညှစ်ရန်ကြိုးစားလေရာ အလုပ်ရုံမှူးကြီးက သူ့မျက်နှာ လက်နှင့်အုပ်ပြီး လည်ပင်းကို မညှစ်မိစေရန် လက်ဖျံ၊ တံတောင်များဖြင့် ကာကွယ်ထား၏။

"ငါ့ကို အသည်းယားအောင် မလုပ်နဲ့ ဟင်"

ဘယ်လိုမှ ကာကွယ်၍မရတော့ အလုပ်ရုံမှူးကြီး ခုတင်အောက်ကို အုန်းခနဲ လိမ့်ချလိုက်၏။

ယခုအချိန်၌ သားသမီးများလည်း ဘုရားဖူးထွက်နေကြ၍ သူတို့လင်မယားနှစ်ယောက်တည်းသာရှိ၏။ ထို့ကြောင့် သူတို့ငယ်ချင်တိုင်းငယ်နေကြလေ၏။ အလုပ်ရုံမှူးကြီးကလည်း အစသန်၏။ ဒေါ်မြင့်မြင့်ရီကလည်း ဒေါသထွက်တတ်၏။ ထို့ကြောင့် စ၍အလွန်ကောင်း၏။

အလုပ်ရုံမှူးကြီး ဒေါ်မြင့်မြင့်ရီကို ကြည့်၏။ ဒေါ်မြင့်မြင့်ရီ ခေါင်မိုးပေါ် စိုက်ကြည့်ပြီးငြိမ်နေသည်။ အလုပ်ရုံမှူးကြီး အသံထွက်အောင်တစ်ချက်ရယ်လိုက်ပြီး -

"တော်ပြီ၊ ငါပြန်မအိပ်တော့ဘူး။ ဘုရားပဲရှိခိုးနေတော့မယ်။ ဘုရားရှိခိုးတာပဲကောင်းတယ်။ ကုသိုလ်လည်းရတယ်။ နိဗ္ဗာန်လည်းရမယ်"

ဒေါ်မြင့်မြင့်ရီ ဆတ်ခနဲ ထထိုင်လိုက်ပြီး -

"ရလိမ့်မယ် နိဗ္ဗာန်ကြီး"

အလုပ်ရုံမှူးကြီး တစ်ကိုယ်လုံးတုန်အောင်ရယ်ပြီး ဘုရားကိုဦးချနေ၏။ ဒေါ်မြင့်မြင့်ရီ ဒေါသကိုမထိန်းနိုင်တော့ဘဲ ခုတင်ပေါ်မှ ခုန်ဆင်းကာ အလုပ်ရုံမှူး၏အနားကပ်ထိုင်၏။ ထို့နောက် မျက်နှာကို ထိလုနီးပါး လက်ညှိုးဖြင့်ထိုးကာပြော၏။

"ဒီမှာကိုထွန်း၊ ရှင်ဟာ တစ်နိုင်ငံလုံးလှည့်ပြီး စစ်သား၊ စစ်ဗိုလ်လုပ်နေတုန်းက ဘာသံမှမကြား။ ဘာအနံ့မှလဲ မထွက်ခဲ့ဘူး။ အခု သေခါနီးမှ အနံ့ထွက်လာတယ်။ ရှင့်ကိုယ်ရှင်မရှက်ဘူးလား။ ရှင့်ကိုယ်ရှင်မရှက်ရင်နေပါ။ ပတ်ဝန်းကျင်နဲ့ သားသမီးတွေကိုတော့ ငဲ့သင့်တယ်လို့ ထင်တယ်။ ဒီတော့ ကျွန်မရှင်းရှင်းပြောမယ်"

အလုပ်ရုံမှူးကြီးက သူ့မျက်နှာကို ထိုးမိလုမတတ်ဖြစ်နေသော ဒေါ်မြင့်မြင့်ရီ၏လက်ကိုဆွဲဖယ်လိုက်ပြီး ဘုရားကို သုံးကြိမ်ပြည့်အောင် ဦးချလိုက်၏။

ထို့နောက် ဒေါ်မြင့်မြင့်ရီက ဆက်ပြောသည်။

"ဒီမှာ ကျွန်မ တစ်ခုတော့ မေးလိုက်မယ်။ အခု ရှင်နဲ့ဖြစ်နေကြတဲ့ ကောင်မဟာဘယ်သူဆိုတာပဲပြောပါ"

"ကောင်းဇော်မ"

"ဟင်-ဘယ်ကကောင်းဇော်မလဲ"

အလုပ်ရုံမှူးကြီး တဟားဟားရယ်ပြန်သည်။

"မရယ်နဲ့၊ ကျွန်မရယ်စရာပြောနေတာမဟုတ်ဘူးနော်။ ရှင်မိန်းမတစ်ယောက်နဲ့ ပြောနေတာကို ကိုယ်တိုင်နားနဲ့ဆတ်ဆတ်ကြားတာနော်"

ဒေါ်မြင့်မြင့်ရီ၏ မျက်နှာသည် တင်းနေလေ၏။ သို့သော်လည်း အလုပ်ရုံမှူးကြီးက ရယ်ချည်းရယ်နေသဖြင့် ဒေါ်မြင့်မြင့်ရီလည်း သံသယဝင်လာပုံရတော့ရသည်။ သူထင်သလိုမဟုတ်ဘူး ဟုလည်းထင်လာဟန်ရှိသည်။

အလုပ်ရုံမှူးကြီးက ရယ်ရလွန်း၍ ထွက်နေသော မျက်ရည်များကို သုတ်လိုက်ပြီး -

"ရယ်မှာပေါ့ဟ။ မင်းကဇွတ်ချည်းပြောနေတာကိုး။ ဟုတ်ပါတယ်၊ ဒါပေမယ့် မဟုတ်ပါဘူး"

"ဘာတွေကို ဟုတ်ပါတယ်၊ ဟုတ်ပါဘူးလဲ။ ကောင်းဇော်မဆိုတာ ဘယ်သူလဲ"

အလုပ်ရုံမှူးကြီးက ထပ်ရယ်ပြန်သည်။ အလုပ်ရုံမှူးကြီးက အရယ်သန်သည်။ ထို့နောက်မှ မျက်ချေးကို ကော်ရင်းပြောလိုက်သည်။

"ကောင်းဇော်မဆိုတာ သရဲပေါ့ကွ"

"ဘာ"

ဒေါ်မြင့်မြင့်ရီ မျက်လုံးကျယ်သွားသည်။

အလုပ်ရုံမှူးကြီးက ရှင်းပြလိုက်သည်။ ကောင်းဇော်မ အမည်ရှိသော ဇော်ဂနီမတစ်ယောက်က ပြုစားထား၍ ဆရာခင်အောင်၏သားအကြီးကောင် စိတ်ဖောက်နေသည့်အကြောင်း၊ ကိုယ်မှာ အဝတ်မကပ်သည့်အထိ အဖြစ်ဆိုးနေရသည့်အကြောင်း။ ယခုသန့်ရှင်းရေးလုပ်ကြရင်း ထိုဇော်ဂနီမက အသက်သွင်းပြီး စက်ရုံထဲ လာပစ်ထားသော အရုပ်ကလေးကို ရရှိထား၍ ငါးကန်ထဲပစ်ချထားသောကြောင့် ဇော်ဂနီမက သူ့ကိုပြန်လွှတ်ပေးပါရန် အိပ်မက်ထဲမှာ လာတောင်းပန်နေသည့်အကြောင်းတို့ အလုပ်ရုံမှူးကြီးက ရှင်းပြလိုက်၍ ဒေါ်မြင့်မြင့်ရီ ဖြစ်ကြောင်းစုံလင်စွာ သိသွားလေသည်။ ထို့ကြောင့် သူထင်သလိုမဟုတ်ဟုနားလည်သွား၍ ဒေါ်မြင့်မြင့်ရီ ရှက်သွား၏။ အလုပ်ရုံမှူးကြီးအား စိုက်ကြည့်နေရင်း အသက်ကို တစ်ချက်ပြင်းပြင်းရှူရှိုက်ကာ တစ်ဖက်သို့လှည့်သွားလေသည်။

"ကိုင်း-ငါ့ရည်းစားဟာ လူမဟုတ်ဘူး။ မင်းထက်အဆင့်မြင့်တဲ့ ကဝေမကောင်းဇော်မတွေ့ သိပါပြီလား" -

ထို့နောက် အလုပ်ရုံမှူးကြီးက ရယ်နေပြန်သည်။ ဒေါ်မြင့်မြင့်ရီဘာမှ မပြောတော့။ ဆတ်ခနဲထပြန်သွားလေသည်။ အလုပ်ရုံမှူးကြီး တိုင်ကပ်နာရီကို ဓာတ်မီးနှင့်လှမ်းထိုးကြည့်သည်။ ည (၁၁) နာရီမတ်တင်းမျှသာရှိသေးသည်။ ထို့နောက် အလုပ်ရုံမှူးကြီးသည် အကျဉ်းမျှ ဘုရားရှိခိုးပြီး အိပ်ရာထဲပြန်ဝင်လိုက်သည်။

ဒေါ်မြင့်မြင့်ရီ ငြိမ်နေ၍အိပ်ပျော်သွားပြီဟုအထင်ဖြင့် မသိမသာစောင်းငဲ့ကြည့်လိုက်သည်။ ဒေါ်မြင့်မြင့်ရီ၏ မျက်လုံးကြီးပြူးနေသည်။ ခြင်ထောင်အမိုးကို စိုက်ကြည့်နေသည်။ မှားယွင်းစွာဖြင့် ထပေါက်လိုက်မိသောသူ့အထင် ပါစင်အောင်လွဲသွားသည်ကို အတော်လေး ရှက်နေပုံရသည်။ သို့သော် လူကြီးဖြစ်၍ တင်းနေမိသော မျက်နှာကြီးကို ချက်ချင်းလျှော့ချရန် ခက်နေဟန်ရှိသည်။

ထို့နောက် စက်ရုံမှူးကြီးက ရယ်ချင်စိတ်ကို အောင့်ထားရင်း ပြောလိုက်သည်။

"ဒေါ်မြင့်၊ ပြန်အိပ်ပျော်သွားပြီလား"

ဒေါ်မြင့်မြင့်ရီဘာမှမပြောပေ။

"တို့ဒေါ်မြင့်တို့က ကျန်းမာရေးကောင်းတယ်။ အိပ်ရာထဲ ခေါင်းချတာနဲ့ပျော်တတ်တယ်။ တို့များတော့ အသက်ကလေးရလာလို့ထင်ပါရဲ့ တော်တော်နဲ့ အိပ်မပျော်တတ်ဘူး"

ဤတွင်လည်း ဒေါ်မြင့်မြင့်ရီဘာ



www.burmeseclassic.com

www.burmeseclassic.com

မှုလိုက်မပြောပေ။

အလုပ်ရှုံမှူးကြီး မသိမသာစောင်း၍ကြည့်ပြန်သည်။ ဒေါ်မြင့်မြင့်ရီ၏ မျက်လုံးကြီးပြူးနေတုန်း ဖြစ်သည်။ ခြင်ထောင်အမိုးကို စိုက်ကြည့်နေသည်။ သို့သော် အရှက်ပြေသဘောမျိုးလားမသိ၊ အလုပ်ရှုံမှူးကြီးအားမေးသည်။

"ဆရာအောင်ခင်ရဲ့သားအကြီးကောင် ဘယ်လိုနေသေးတုံး"

"အခုတော့ အဲဒီအတိုင်းပဲပေါ့။ မနက် ကျုပ်အလုပ်သွားလို့ ကောင်းဇော်ရဲ့အရုပ်ကလေးကို ရေကန်ထဲကဆယ်တင်ပေးလိုက်မှ ပြန်ကောင်းသွားအောင် လုပ်ပေးမယ်နဲ့တူတယ်။ အတိအကျတော့မပြောတတ်ဘူး။ ဒါနဲ့ ဒေါ်မြင့်ကို တစ်ခုတော့ ကြိုတင်ပြောထားရဦးမယ်"

"ဘာတုံး"

"မနက်ဖြန် ဒေါ်မြင့်ကိုယ်တိုင် ဈေးဘောဂဆိုင်ကိုသွားပြီး သုံးယောက်အိပ်ခုတင်တစ်လုံးမှာလိုက်ပါ။ ဒါမှ အဆင်ပြေမယ်လေ။ ဒေါ်မြင့်ကတော့ လူအတိုင်းအကြီးနေရာပဲနေပါ။ ဒါပေမယ့် ကောင်းဇော်မလေးတော့ မနှိပ်စက်နဲ့နော်၊ သနားပါတယ်။ သူ့အသက်လေးကလည်း သုံးဆယ်နီးပါးလောက် ရှိသေးတယ်ဆိုတော့. . ."

ဒေါ်မြင့်မြင့်ရီ ဆတ်ခနဲတံတောင်ထောင်ပြီး ထိုဘက်ကို စောင်းလှည့်သွားလေသည်။

အလုပ်ရှုံမှူးကြီးတစ်ချက်ပြုံးလိုက်ပြီး-

"သိလား ဒေါ်မြင့်"

"......."

"ဒေါ်မြင့်ပြောတယ်"

"......."

❑

ခပ်စောစောပင် အလုပ်ရှုံမှူးကြီး ကော်ရံ့ထဲကိုရောက်သွားသည်။ ဦးစွာ ရေတန်ထဲသွားကြည့်သည်။ အိပ်မက်ထဲမှာ ကောင်းဇော်မ ပြောသွားသည့်အတိုင်း အရုပ်ကလေး ရေပေါ်ရောက်နေသည်ကို တွေ့ရသည်။ အလုပ်ရှုံမှူးကြီး အရုပ်ကလေးကို ဆယ်ယူလာပြီး စားပွဲပေါ်တင်ထားလိုက်၏။ ထို့နောက် ဆရာအောင်ခင်နှင့် ဆရာမောင်အေးတို့ ကို နှင့်အတူ ကောင်လေးအား ခေါ်ခိုင်းလိုက်သည်။

ဆရာအောင်ခင်နှင့် ဆရာမောင်အေးတို့လည်း ချက်ချင်းပင် ရောက်လာကြသည်။ အလုပ်ရှုံမှူးကြီးက ဆရာအောင်ခင်အား မေးလိုက်သည်။

"အခု ဆရာအောင်ခင်ရဲ့သား အကြီးကောင် ဘယ်လိုနေသေးတုံး"

"ဒီလိုပါပဲ ဆရာရယ်။ လူကြီးတွေ လစ်ရင် အဝတ်တွေချွတ်ပစ်ပြီး ထွက်ပြေးနေတော့တာပဲ။ ကျွန်တော်လည်း ပတ်ဝန်းကျင်ကို အရှက်ရလို့မဆုံးအောင်ကိုဖြစ်နေပါပြီဗျာ။ ဒီအတိုင်းသာဆိုရင် ဒီကောင်လည်း အလုပ်ပြုတ်တော့မယ်လေ။ အခုပဲ အလုပ်ပျက်ခဲ့တာ တစ်ပတ်ကျော်လာနေပြီပဲ"

ဟု ဆရာအောင်ခင်က စိတ်မကောင်းသံဖြင့်ပြောသည်။ သူ၏မျက်နှာသည်လည်း သိသိသာသာညှိုးကျနေလေသည်။

ထို့ကြောင့် အလုပ်ရှုံမှူးကြီးလည်း ညက အိပ်မက်၌ ကောင်းဇော်မပြောပြသွားသည့်အကြောင်းကို ဆရာအောင်ခင်က အပြည့်အစုံ ပြန်ပြောပြလိုက်သည်။ သို့မှ ဒေါသကြီးပြီး စိတ်မထင်လျှင်မထင်သလို တစ်ဖက်သားတို့အား ပြောပစ်တတ်သည့် ဆရာအောင်ခင်လည်း နောင်တရသွားဟန်ရှိသည်။ ဆရာမောင်အေးလည်း မျက်လုံးပြူးနေလေသည်။ အလွန်အမင်း အထူးအဆန်းဖြစ်သွားပြီး အရုပ်ကလေးကိုလည်း စိုက်ကြည့်နေကြသည်။ အတော်လေးလည်း အရုပ်ကလေးအား ကြောက်လန့်သွားကြဟန်ရှိသည်။

"ဒါပေမယ့် ဆရာအောင်ခင် ခင်ဗျားသားအတွက် သိပ်ပြီးတော့ စိုးရိမ်မနေနဲ့ဦးဗျ။ အချိန်ရှိပါသေးတယ်။ ကျွန်တော်ကြိုးစားကြည့်ပါဦးမယ်။ အခုလည်း ကျွန်တော် ဒီကိစ္စကို ဖြေရှင်းပေးနိုင်မယ့် ဆရာတစ်ယောက်ယောက်ကို စုံစမ်းနေပါတယ်။ ဒါပေမယ့် ကျွန်တော်လည်း



ဒီအရုပ်ကလေးကိုတော့ သိပ်မသေချာဘူးဗျ။ ဒါကြောင့် ကျွန်တော်တို့ရွာထဲက ဘုန်းကြီးကျောင်းမှာပဲအကျိုးအကြောင်း ပြောပြလျှောက်ထားပြီးသွားထားလိုက်ပါ့မယ်"

"ဟုတ်ကဲ့၊ အားကိုးပါတယ် ဆရာရယ်။ ဖြစ်နိုင်ရင်တော့ ဒီကိစ္စကို အမြန်ပြေလည်သွားစေချင်ပါတယ်။ ကျွန်တော့်ဘက်က ဘာပဲလုပ်ပေးရ လုပ်ပေးရ ဆရာပြောပါ။ ဆရာ့အမိန့်အတိုင်း ကျွန်တော် လိုက်နာဆောင်ရွက်ပါ့မယ်။ ကျွန်တော့်သားကို အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံး ကယ်မတော်မူပါ ဆရာရယ်"

ဟု ငိုသံပါကြီးနှင့်ပြောပြီး ဆရာအောင်ခင်မျက်ရည်ကျလေ၏။

အလုပ်ရှုံမှူးကြီးလည်း ညနေရုံးဆင်းသည်နှင့် အရုပ်ကလေးကိုယူပြီး ဘိုးရာကျော် (ရေသိမ်ကျောင်းဆရာတော်)ထံကိုသွား၏။အကျိုးအကြောင်းပြောပြပြီး အရုပ်ကလေးကို ဆရာတော်အား အပ်နှံထားခဲ့လေသည်။

❑

အလုပ်ရှုံမှူးကြီးသည် စနေနေ့မနက်တွင် ဆရာတော့်ကျောင်းကိုသွားသည်။ အသည်းစောင့်ကြိုနေဟန်ရှိသော ဆရာတော်က အရုပ်လေး၏အကြောင်းကို အလုပ်ရှုံမှူးကြီးအား ပြောပြသည်။

"ဒကာကြီးရဲ့အရုပ်က ဇော်ဂနီရုပ်ကွယ့်။ ဇော်ဂနီရုပ်က မကောင်းတဲ့ဘက်မှာ အစွမ်းထက်တယ်လို့တော့ ကြားဖူးတယ်။ ဘယ်လိုအစွမ်းထက်မှန်းတော့ အတိအကျ ဘုန်းကြီးလည်းမသိဘူး၊ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမလား။ ညကမှ အညာကရောက်လာတဲ့ဒကာကြီးတစ်ယောက်တော့ရှိတယ်။ အဲဒီဒကာကြီးက လျှို့ဝှက်ဆန်းကြယ် အကြောင်းတွေကိုလည်း လေ့လာလိုက်စားတယ်။ ဒါကြောင့် အဲဒီဒကာကြီးကို ပြကြည့်ရင်တော့ ဒီအရုပ်ကလေးအကြောင်းကို သိလောက်ပါတယ်"

"မှန်လှပါ၊ သင့်မြတ်လှပါပေတယ် ဘုရား"

အလုပ်ရှုံမှူးကြီး၏ စကားအဆုံးတွင် ဆရာတော်သည် အညာကရောက်လာသည်ဆိုသော အညာသားကြီးကို အနားတွင်ရှိသော ကျောင်းသားလေးအား ခေါ်ခိုင်းလိုက်လေသည်။

ချက်ချင်းပင် ကျောင်းသားလေးနှင့်အတူ အညာသားကြီးလိုက်ပါလာလေသည်။ အညာသားကြီးမှာ ဖျင်



www.burmeseclassic.com

www.burmeseclassic.com

အကျီ၊ ဖျင်ပုဆိုး၊ ဖျင်ခေါင်းပေါင်းများဖြင့် ခံ့ခံ့ကြီးဖြစ်သည်။ ဆရာဆိုဒ်လည်း ကျသည်။

ဆရာတော်က အညာသားဆရာကြီးနှင့်အလုပ်ရုံမှူးကြီးတို့အား မိတ်ဆက်ပေးသည်။ ဦးစွာ အလုပ်ရုံမှူးကြီးက ကောင်းဇော်မ၏ (အိပ်မက်ထဲက) အကြောင်း ဇော်ဂနီရုပ်လေး၏ အစွမ်း၊ လက်ရှိ ဆရာအောင်ခင်၏ သားကြီး ခံစားနေရပုံ စသည်များကို အညာသား ဆရာကြီးအား ပြောပြသည်။

အညာသား ဆရာကြီးကလည်း ဇော်ဂနီ၊ ဇော်ဂနက် စသော ရုပ်များ၏ သဘောကို ရှင်းပြသည်။ အစိမ်းတိုက်၊ ဖုတ်တိုက်၊ ပုဏ္ဏကတိုက် စသော အောက်လမ်းနည်း အကြောင်းအရာ အတော်များများကိုလည်း တစ်ခုချင်း ပြောပြသည်။ ထို့ကြောင့် အလုပ်ရုံမှူးကြီး မကြားဘူးသေးသော ကြောက်မက်ဖွယ်ရာ အတိုက်အခိုက်အတော်များများကို ကြားသိလိုက်ရ၍ အတော်လေးပင် တုန်လှုပ်သွားမိ၏။ အညာသား ဆရာကြီးကိုလည်း တကယ့်အစွမ်းထက်သောဆရာကြီးတစ်ယောက်ဖြစ်ကြောင်းကို ကောင်းကောင်းကြီးသိလိုက်ရသည်။

ထို့ကြောင့် အလုပ်ရုံမှူးကြီးက ယုံကြည်အားကိုးစွာဖြင့်ပင် ဇော်ဂနီရုပ်လေးကို အညာသားဆရာကြီးအားပေးအပ်ပြီး စစ်ဆေးကြည့်ခိုင်းလိုက်သည်။ အညာသားဆရာကြီးသည် တစ်အောင့်ကြာမျှ တည်ကြည်သော ဣန္ဒြေဖြင့် ဇော်ဂနီရုပ်လေးအား စိုက်ကြည့်နေ၏။ ထိုသို့ ကြည့်ရှုလေ့လာလိုက်ပြီးနောက် တုတ်တိုလေးတစ်ချောင်းနှင့် တို့ထိကာ အမိန့်ပေးနေလေသည်။

ထိုအခိုက်မှာ ကျောင်းအောက်၌ ဆွမ်းချိုင့်လာပို့သော အသက်ငါးဆယ်ခန့် ဒေါ်အေးမည်ရှိ အမျိုးသမီးကြီး တစ်ယောက် ဒရောသောပါးဖြင့်ပြေးတက်လာကာ တဟီးဟီးငိုယိုလျက် ဆရာတော်နှင့် အညာသားဆရာကြီးတို့အား ပေါက်တူးပေါက်ဦးချပြီးပြောဆိုလျှောက်ထားလေသည်။

"ဆရာတော်ဘုရား၊ တပည့်တော်မ မှားပါတယ်။ တပည့်တော်မကိုယ်စား ဆရာကြီးကိုလည်း တောင်းပန်ပေးတော်မူပါဘုရား"

ဟု ဆိုကာ ဟီးချငိုလေသည်။

ထို့ကြောင့် အလုပ်ရုံမှူးကြီးလည်း ကောင်းဇော်မသည် ဒေါ်အေးအား ဝင်ပူးလေလာပြီဟု သိလိုက်သည်။ တစ်ဆက်တည်းပင် အညာသားဆရာကြီး၏အစွမ်းထက်ပုံကို ကိုယ်တွေ့မြင်ရပြီဟုတွေးကာ ဝမ်းမြောက်ဝမ်းသာ၍မဆုံးဖြစ်သွားမိသည်။

ထို့နောက် အညာသားအားဆရာကြီးက ဒေါ်အေးကို ဝင်ပူးနေသည့် ကောင်းဇော်မအား ပြောလေ၏။

"ဟဲ့-ကောင်းဇော်မ ငါနင့်ကိုဘာမှလည်းမလုပ်ရ၊ မပြောရသေးဘဲ အဲ့လောက်ထိဘာလို့ငိုနေရတာတုံး"

"ဟုတ်ကဲ့ပါ ဆရာကြီးရယ်၊ ဆရာကြီးရဲ့ပညာစွမ်းကိုသိလိုက်ရတာကြောင့် ဘယ်လိုမှ မယှဉ်နိုင်လို့ ကောင်းဇော်မရဲ့အသက်နဲ့ မိသားစုကို ထောက်ညာသနားပြီး ပြန်ခွင့်ပြုပါ ဆရာကြီးရယ်"

ကောင်းဇော်မ ဝင်ပူးနေသည့် ဒေါ်အေးက အသံပြဲကြီးနှင့် တောင်းပန်ငိုယိုလိုက်၍ ကျောင်းခန်းတစ်ခန်းလုံး ဆူညံသွားလေ၏။ ထို့ကြောင့် ကျောင်းသား၊ ကိုရင်များနှင့် ဒကာအချို့တို့ပါ ရောက်လာကြပြီး ဝိုင်းအုံကြည့်နေကြလေသည်။ ဆရာတော်ကမူ ဘာမှဝင်မပြောဘဲ ကုလားထိုင်ပေါ်တွင် သီတင်းသုံးလျက် မျက်လုံးအစုံကိုမှိတ်ပြီး ပုတီးစိပ်၍သာနေ၏။

အညာသားဆရာကြီးက ဆက်ပြောသည်။

"ငါက နင့်ကို ဘာမှမပြောဆို၊ မစစ်ဆေးရသေးဘဲ အိမ်ပြန်ချင်နေရသလား။ မူရာမာယာတွေများလှချေလား။ စက်ရုံအရာရှိ (အလုပ်ရုံမှူးကြီး) က ပြောပြထားလို့ နင့်အကြောင်း ငါ အကုန်သိပြီးပြီ။ ပြန်ချင်တိုင်းပြန်လို့မရဘူး။ အဲ့လောက်ထိ ပြန်ချင်ရင် နင့်ပညာကို စွန့်နိုင်၊ မစွန့်နိုင် ဒါပဲပြော"

"ဆရာကြီးရယ်၊ ဒီပညာကိုတော့ မစွန့်ပါရစေနဲ့။ ဒီပညာနဲ့ပဲ သားသမီးနှစ်ယောက်နဲ့ မိခင်အိုကြီးကို လုပ်ကျွေးနေရတာပါ။ ဒါကြောင့် ဒီပညာကိုတော့ မစွန့်ပါရစေနဲ့ ဆရာကြီးရယ်"

"အေးပါ၊ နင်တို့ဇော်ဂနီတွေဟာ ဒီပညာဆိုးကို အငိစိရောက်အောင်ထိ ယူသွားတတ်ကြတာ ငါသိပါတယ်။ နင်ကော အငိစိငရဲကျမှာကို မကြောက်ဘူးလား"

"ကြောက်ပါတယ်ဆရာကြီးရယ်။ ဒါပေမယ့် လက်ရှိဘဝမှာ ဆင်းရဲဒုက္ခကို ခါးသီးစွာ မခံစားနိုင်လွန်းလို့သာ ဒီပညာကို သင်ယူလိုက်ရတာပါ။ ဒါကြောင့် ဒီပညာကို တတ်မြောက်လာမှ ဝင်ငွေလေးရပြီး သက်သောင့်သက်သာရှိလာတာ ဖြစ်လို့ အခုချက်ချင်းကြီးတော့ မစွန့်ပါ
စေနဲ့ ဆရာကြီးရယ်"

အညာသားဆရာကြီးက ခနဲ့သ
တစ်ချက်ပြုံးလိုက်၏။ လူများဝိုင်းအုံနေကြသော်လည်း ဘာသံမှမကြားရ
အညာသားဆရာကြီးကို ကြည့်လိုက်
ကောင်းဇော်မ ဝင်ပူးနေသော ဒေါ်အေး
ကိုကြည့်လိုက်နှင့် မျက်လုံးများပြူးနေ
ကြသည်။

ထို့နောက် ဆရာကြီးက ပြော
လိုက်သည်။

"ကောင်းပြီ ကောင်းဇော်မ၊ ဒါပေ
မယ့် ငါ့စကားကိုတော့ နားထောင်ရလိမ့်
မယ်"

"ဟုတ်ကဲ့ နားထောင်ပါ့မယ်ဆရာ
ကြီးရယ်"

"အခု နင်ပြုစားထားလို့ ရူးသွပ်နေ
တဲ့ ဆရာအောင်ခင်ရဲ့သားကြီးဝေဒနာ
ကို ချက်ချင်းနုတ်ယူရမယ်။ ပြီးတော့
သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျ
အောင်၊ အသက်ဆုံးရှုံးအောင် ဘယ်
တော့မှမလုပ်ရဘူးဆိုပြီး သစ္စာရေ
သောက်ရမယ်"

"ဟုတ်...ကဲ့ သောက်ပါ့မယ် ဆရာ
ကြီးရယ်"

ကောင်းဇော်မခေါ် မကောင်းဇော်
သည် အညာသားဆရာကြီး၏ပညာစွမ်း
ကို ယှဉ်နိုင်စွမ်းမရှိသဖြင့် အညာသား
ဆရာကြီး၏ တောင်းဆိုချက်များကို
ကတိဝန်ခံပြုကာ သစ္စာရေသောက်ပြီး
ထွက်ခွာသွားလေသည်။

ထို့နောက် အလုပ်ရုံမှူးကြီးလည်း
ဆရာတော်၏ကျောင်းမှ အပြန်တွင်
ထိုဇော်ဂနီရုပ်ကလေးကို မော်ဘီလမ်း
ဘေးက ညောင်ပင်ကြီးအောက်မှာ လွှင့်
ပစ်ခဲ့လေသည်။

ပြုစားခံထားရသောဆရာအောင်
ခင်၏သားကြီးသည်လည်း ရူးသွပ်ရော
အလုံးစုံပျောက်ကင်းပြီး မိမွေးတိုင်းဖမွေး
တိုင်းပြန်ဖြစ်သွား၍ နောက်နေ့တွင်
အလုပ်ပြန်ဆင်းနိုင်လေသည်။

ထွန်းတော

**စာကြွင်း -**

မတ်လ၊ ၁၉၈၇ ခု စာရေး
ဦးစီးခဲ့ဖူးသော စက်မှု (၂) မော်တော်
ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံတွင်ဖြစ်ပျက်
ခဲ့သည့်အကြောင်းကို မခြွင်းမချန်
သား တင်ပြခြင်းသာ ဖြစ်ပါကြောင်း

www.burmeseclassic.com

www.burmeseclassic.com

**ဝိဇ္ဇာရေလောကဝေါဟာရများ**

**ဒဏ္ဍာရီလာထူးပြောသော 'နဂါး'နှင့် အမှတ်ဖြစ်သော 'နဂါး'**

လောက၏ သဘာဝတစ်ရပ်တွင် အသန့်စင်ဆုံးသော အမြုတေဓာတ်မျိုးသည် အညစ်အကြေးအထူပြောဆုံးသော နေရာတွင် စတင်ကိန်းအောင်းဖြစ်တည်ရလေ့ရှိ၏ (ဝါ) ပဋိသန္ဓေယူရလေ့ရှိကြောင်း သဘာဝနိယာမဖြစ်စဉ်များအရ တွေ့ရှိနိုင်၏။ သာဓကအားဖြင့် ဩကာသလောကဆိုင်ရာဖြစ်စဉ်တစ်ရပ် ဖြစ်သော ပဒုမ္မာ၊ ကုမုဒြာ စသည့် သန့်စင်မွန်မြတ်သော ကြာတို့ကိုကြည့်ပါက ထိုကြာတို့သည် ရွှံ့နွံ စသည့် အညစ်အကြေး ထူထပ်သောနေရာမျိုးတွင်မှထိုးထွက်ပြီး ပွင့်လန်းရ၏။ တစ်ဖန် သတ္တလောကဆိုင်ရာဖြစ်စဉ်တွင်လည်း ဘုရား၊ ရဟန္တာ စသည့် အထူးသန့်စင်မွန်မြတ်လှစွာသော ပုဂ္ဂိုလ်များ အပါအဝင် သတ္တလောက၏ ပဋိသန္ဓေယူခြင်းကိစ္စတွင် အညစ်အကြေး ထူပြောလှစွာသော ဂဗ္ဘသေယျခေါ် သားအိမ်တွင် ဖြစ်တည်ပြီး ရှင်သန်ရ၏၊ ကြီးထွားရ၏။ ဤသည်ပင် ဓမ္မတာဖြစ်၏။


ထိုသဘောအရ အညစ်အကြေး ဟူ၍ မြူမျှပင်မရှိသော သန့်ရှင်းကြည်လင်သည့်နေရာတွင် ပဋိသန္ဓေတစ်ရပ် အခြေတည်ရန်၊ ဖြစ်ရန်လွယ်ကူသော အခြေအနေမဟုတ်ကြောင်း ထင်ရှားသိသာမည် ဖြစ်၏။ မည်သည့်အမြုတေဓာတ်မဆို အစဦးစွာ ဖြစ်တည်လျှင် အညစ်အကြေးရှိသော၊ မလထူပြောသောနေရာ၌ စတင်ကိန်းအောင်းမှီတွယ်ဖြစ်တည်ရ၏။ ထိုအညစ်အကြေးကိုပင် မှီဝဲပြီး ဖွံ့ဖြိုးရ၏။ ထိုမှ ရင့်ကျက်သော

ဝိဇ္ဇာဓရဖြစ်ကြောင်းအကျဉ်းချုပ်ပညာ ၆၄

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရလောက ဝေါဟာရများ





www.burmeseclassic.com

www.burmeseclassic.com

အခြေအနေသို့ရောက်သောအခါတွင်မှ ဓာတ်ပြောင်းလဲခြင်း ဆင့်ကဲဖြစ်စဉ်သည် ဖြစ်ပေါ်ရခြင်းပင် ဖြစ်၏။

ထို့အတူပင် ရုပ်ဓာတ် (၉) ပါး၏ မူလအစ ကိလေသာထူပြောနေသည့် 'နာ' ကို လေ့လာကြည့်ပါက အင်္ဂလိပ်ပညာ၌ ထိုနာကို ဂဠုန် ဟူသောအမည်ဖြင့် လည်းကောင်း၊ ကြွက်မ ဟူသောအမည်ဖြင့် လည်းကောင်း၊ ဟိုင်းမ ဟူသောအမည်ဖြင့်လည်းကောင်း၊ ရာဂတဏှာဟူသောအမည်ဖြင့်လည်းကောင်း၊ နဂါး ဟူသောအမည်ဖြင့်လည်းကောင်း အမည်အမျိုးမျိုးကို အသုံးပြု၍၊ အရာဌာနကိုလိုက်၍ခေါ်ခြင်း ဖြစ်၏။ နာကို ဂဠုန် ဟူ၍ခေါ်ခြင်းမှာ နဂါးခေါ်သော ပြဒါးကို မပြေးနိုင်အောင် ချုပ်၊ ကုတ်၊ သတ်တတ်သောကြောင့် ဂဠုန်ဟု ခေါ်ခြင်း ဖြစ်ပါသည်။ နာကို ကြွက်မဟုခေါ်ခြင်းမှာ ပြဒါးကြွင်းသော ကျန်ဓာတ်ရှစ်ပါးကို တစ်စထက်တစ်စ ကြွက်ကဲ့သို့ စားတတ်သောကြောင့် ကြွက်မဟု ခေါ်ခြင်း ဖြစ်၏။ ရာဂတဏှာဟုဆိုခြင်းမှာ သံဓာတ်၊ ပြဒါးဓာတ်တို့မှတစ်ပါး ကျန်သောဓာတ်တို့နှင့် ပေါင်းစပ်မိသောအခါ အညစ်အကြေးအသွင်ဆောင်ကာ ကုန်ခန်းနိုင်ခဲသောကြောင့် ရာဂတဏှာဟု ခေါ်ခြင်း ဖြစ်၏။ နဂါး ဟူ၍ခေါ်ရခြင်းမှာ နာဂသဒ္ဒါကို အစွဲပြု၍ ၎င်းဓာတ်တစ်ပါးပါးသည် နာနှင့်တွဲမိသည်နှင့် ထိုဓာတ်တို့ ခုခံခြင်း၊ တွန်းလှန်ခြင်းငှာ မစွမ်းနိုင်တော့ဘဲ ပျက်စီးကိန်းဆိုက်တတ်သောကြောင့် ရာဂတဏှာဟုခေါ်ခြင်းဖြစ်၏။

တစ်ဖက်မှလည်း တဏှာရာဂ ထူပြောလှသော နာကို ကျွမ်းကျင်စွာ အသုံးပြုတတ်ပါက အခြားတစ်ပါးသော ဓာတ်တို့ကို အညစ်အကြေးတို့ကို စင်ကြယ်အောင်ပြုပေးနိုင်၏။ ထိုဓာတ်တို့၏ အစွမ်းသတ္တိကိုလည်း တိုးတက်စေနိုင်၏။ ထိုနာကား အပုပ်ဓာတ်စစ်စစ်ဖြစ်၏။ ထိုထက်ပို၍ အတိအကျဆိုရပါက အပုပ်ဓာတ် ဦးဆောင်သော သီတတေဇောဓာတ် ဖြစ်၏။ ထို့ကြောင့် ဤအခြေအနေအရပ်ရပ်ကို ချုပ်၍ဆိုရပါက မူလအစ နာဓာတ်သည် ကိလေသာ တဏှာရာဂထူပြောသောအညစ်အကြေး ဓာတ် ဖြစ်၏။

ထိုဓာတ်ကို အင်္ဂလိပ်နည်းပညာဖြင့် ပြောင်းလဲစေခြင်းဖြင့် နာသည် ကိတ်သဘာဝသို့ ကူးပြောင်းလာ၏။ ကိတ်သည် ရွှေ၏သဘာဝနှင့် ကွဲပြားခြားနား၏။ ရွှေကို လောကသဘာဝ အနေဖြင့် သတ်မှတ်မှုကား ရွှေသည် တော်ဝင်သတ္တုများ၏ အဆုံးဓာတ်ဟု ယူဆကြ၏။ တန်ဖိုးအရှိဆုံးဟုလည်း ဆုံးဖြတ်ထားကြ၏။ အင်္ဂလိပ်ပညာ၌ကား ကိတ်အဖြစ်သာ အသုံးပြု၏။ ထိုကိတ်၏ သဘာဝကိုဖော်ပြရပါမူ ကိတ်သည် လမ်းဆုံးမသေးပေ။ ကိတ်သည် ဓာတ်ကူးပြောင်းမှုဆိုင်ရာအမတလုပ်ငန်းစဉ်၏လမ်းအစသာရှိပါသေး၏။ထိုကိတ်ကို မူလနာအဖြစ် ပြန်ပြောင်းလဲနိုင်မှသာ အမတဖြစ်ပေမည်။

ဤနေရာတွင် အမတဖြစ်စေခြင်းဆိုသည်မှာ ထိုဓာတ်ကို မည်သို့ပင်ပြုပြင်စီရင်သော်လည်း ပြောင်းလဲခြင်းကို မဖြစ်စေနိုင်တော့ပေ။ ပထမဦးဆုံးသော မူလအစနာမှသည် ကိတ်ဖြစ်သည်အထိ ဓာတ်ပြောင်းလဲခြင်းကို ပြုပြင်စီရင်၍ရ၏။ ထို့အတူ ကိတ်အခြေအနေမှသည် အမတ နာဖြစ်သည်အထိလည်း ပြောင်းလဲ၍ရ၏။ အဘယ်ကြောင့် ထိုကဲ့သို့ ပြောင်းလဲ၍ရသနည်းဟူမူ ထိုအခြေအနေတို့သည် ဓာတ်ကြီးလေးပါးဖြစ်သော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသည်တို့၏ နယ်နိမိတ်အတွင်း ရှိနေပြီး အမတအဖြစ်သို့ ကူးပြောင်းသွားပြီဆိုသောအခါ၌ကား ဓာတ်လေးပါး၏နယ်မှ လွန်မြောက်သွားပြီ ဖြစ်၏။ ထို့ကြောင့် ပြောင်းလဲ၍မရနိုင်တော့သည့် အန္တိမဓာတ်၊ အသမ္ဘိန္နဓာတ်သို့ ဆိုက်ရောက်သွားတော့၏။

ထိုအန္တိမဓာတ်၊ အသမ္ဘိန္နဓာတ်တို့ဟူသည် ပြုပြင်ခြင်းငှာ လည်းကောင်း၊ ပြောင်းလဲခြင်းငှာ လည်းကောင်း၊ ဖြိုခွဲခြင်းငှာ လည်းကောင်း မပြုစွမ်းနိုင်ခြင်းကိုကိုယ်စားပြု၏။ ထိုဓာတ်၏ဂုဏ်သတ္တိအချို့ကိုဖော်ပြရပါမူ အောက်ပါအတိုင်း တွေ့ရှိရ၏။

ထိုအဆင့်တွင် -

၁။ ဥသ္မာတေဇောအာနိသင်ကို အပြည့်အဝရရှိသွားပြီးဖြစ်၏။ ထို့ကြောင့် ထိုဓာတ်သည် လူသား၏ ခန္ဓာကိုယ်၊ အသွေးအသားတို့ကို မပုပ်မသိုးအောင် စောင့်ရှောက်နိုင်၏။

၂။ ဤဓာတ်သည် လူသားခန္ဓာကိုယ်အား အာဟာရဆိုင်ရာကိစ္စတို့ကို လည်းကောင်း၊ အာဟာရအဖြစ် လည်းကောင်း အထောက်အပံ့ကြီးစွာပြုနိုင်၏။

၃။ လူသား၏ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဖြစ်ပေါ်လာသော ဇရာသဘာဝကြောင့် ကုန်ဆုံးသွားရသည့် နုပျိုခြင်းများကို ပြန်လည်ရရှိစေ၏။

၄။ ထိုဓာတ်၏ စွမ်းအားကြောင့် သက်ဆိုင်ရာ လူသား၏ စိတ်ဓာတ်ကို ရွှင်လန်းတက်ကြွစေ၏။ စိတ်ကိုကြည်လင်စေ၏။

၅။ ဤဓာတ်ကြောင့် လူသားတွင် သမဝမ်းမီးကိုဖြစ်စေသဖြင့် ထိုသမဝမ်းမီး၏ စွမ်းအားကြောင့် ကောင်းမွန်သော ပါစကသတ္တိကိုဖြစ်စေကာအစာခြေချက်မှုကို ကောင်းမွန်စေ၏။

၆။ ထို့အပြင် ဤဓာတ်၏သဘာဝသတ္တိများမှာ -

က။ ပျော့သောအမှုကို မာကျောစေ၏။
ခ။ မာကျောမှုကို ပျော့ပျောင်းစေ၏။
ဂ။ ပိန်ကြုံသူကို ဝဖြိုးစေ၏။
ဃ။ ဝဖြိုးသူကို ပိန်စေ၏။
င။ ပူသောအရာကို အေးမြစေ၏။
စ။ အေးသောအရာကို နွေးစေ၏။
ဆ။ စိုသောအရာကို ခြောက်စေ၏။
ဇ။ ခြောက်သောအရာကို စိုစေ၏။
ဈ။ ဖြူနေသောဆံပင် စသည့် ဇရာလူသား၏အမွေးအမှင်တို့ကို မည်းနက်စေ၏။
ည။ ဇရာကြောင့် ဖြစ်ပေါ်လေ့ရှိသည့် အိုသီး၊ အိုမှဲ့၊ မှဲ့ခြောက် စသည်တို့ကို ကင်းပျောက်စေ၏။
ဋ။ ဇရာကြောင့် လျော့ပါးအားနည်းသွားသည့်စွမ်းအင်များ ယခင်ငယ်မူငယ်သွေးအတိုင်း ပြန်လည်ရရှိလာမည်။
ဌ။ မှုန်နေသောမျက်စိများ ပြန်လည်ကြည်လင်လာမည်။
ဍ။ အရိုး၊ ကြွက်သား စသည်တို့ ပြန်လည်သန်စွမ်းလာစေမည်။
ဎ။ အသားအရေများ ကြည်လင်လန်းဆန်းလာမည် စသည်တို့ဖြစ်စေနိုင်၏။

ဤကား အမတဓာတ်၊ အန္တိမဓာတ်၊ အသမ္ဘိန္နဓာတ်၏ အစွမ်းကြောင့် လူသား၏ခန္ဓာကိုယ်တွင် ပြောင်းလဲစေလာနိုင်မှုဖြစ်၏။ ထိုသည်ပင် သတ္တလောကအပေါ် ထိရောက်လာသော ပြောင်းလဲမှုတစ်စိတ်တစ်ဒေသ ဖြစ်၏။

ဆက်လက်ပြီး ဩကာသလောကခေါ် သစ်ပင်တောတောင်ရေမြေတို့အပေါ်၌ သက်ရောက်မှုကိုလည်း ဆက်လက် တွေ့မြင်နိုင်ပါသည်။ ဥပမာအားဖြင့် မူလစိမ်းနေရာမှ မြဲ့နေသော ငှက်ပျောသီးခိုင်တစ်ခုကို ယူလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုမှည့်နေသော ငှက်ပျောသီးများအား ပို၍အမှည့်လွန်စေရန် ရက်အနည်းငယ် ထပ်စောင့်လိုက်ပါ။ ထိုအခါ ငှက်ပျောခိုင်သည် သာမန်မှည့်ရာမှ အမှည့်လွန်သောအခြေအနေသို့ရောက်ရှိသွားမည်ဖြစ်၏။ ထိုအခါ သာဓကပြုထားသော အမတနာဓာတ်လုံးဖြင့် ပြာချထားသောပြာအနည်းငယ်ကို ကွမ်းရိုးတစ်တို့ခန့် ယူလိုက်ပါ။ ထိုပြာကို ငှက်ပျောခိုင်ထဲရှိ အမှည့်လွန်နေသော အသီးများထဲမှ အမှည့်လွန်ဆုံး အသီးတစ်လုံး၏ထိပ်ကို တို့လိုက်ပါ။

ထိုအခါ အဆိုပါ အမှည့်လွန်ဆုံး ငှက်ပျောသီးသည် တဖြည်းဖြည်းနှင့် အမှည့်လွန်နေရာမှ သာမန်မှည့်သည့်အဆင့်သို့ ပြောင်းသွား၏။ ထို့နောက် သာမန်မှည့်သည့်အနေအထားမှအနည်းငယ်မှည့်သည့်အဆင့်သို့ပြောင်းလဲသွားသည်ကို တွေ့ရှိရမည်ဖြစ်၏။ တစ်ဖန် ထိုအနည်းငယ်မျှမှည့်သည့်အဆင့်မှ ပြန်လည်၍စိမ်းလာသောအဆင့်သို့ ပြောင်းသွား၏။ အဆုံးတွင် ငှက်ပျောသီးသည် အလွန်စိမ်းသောအဆင့်သို့ ပြောင်းလဲသွားခဲ့၏။ ထိုမှတစ်ဆင့် ထိုငှက်ပျောသီးပါရှိသည့် ငှက်ပျောဖီးတစ်ဖီးလုံး စိမ်းသွားတော့၏။ ထို့နောက် ထိုငှက်ပျောခိုင်ရှိ ငှက်ပျောဖီးများအားလုံး စိမ်းသွား၏။ နောက်ဆုံးတွင် ငှက်ပျောခိုင်တစ်ခိုင်လုံးပါ စိမ်းသွားတော့၏။

ဤကား ငှက်ပျောခိုင်တစ်ခိုင်၏ စိမ်းနေရာမှ မှည့်နေသောအဆင့်၊ ထိုမှ အမှည့်လွန်သောအဆင့်၊ ထိုမှ အမတသတ္တိကြောင့် မူလအတိုင်း လုံးဝပြန်စိမ်းသွားသောအဆင့် ဖြစ်၏။ ထိုသို့သောဖြစ်စဉ်ကို မူလပြန်ခြင်းဟု လည်းကောင်း၊ သုညတာ၏ လုံးဝပြီးပြည့်စုံသောဖြစ်စဉ်ဟုလည်းကောင်း ခေါ်ဆိုနိုင်မည် ဖြစ်၏။

အကယ်၍ ထိုအမတဖြစ်စဉ်အတိုင်းပြောင်းလဲပြီး မူလပြန်သွားသော သုညတာသဘာဝနှင့် ပြီးပြည့်စုံနေသော ငှက်ပျောသီးကို လူသားတစ်ဦးသည် မှီဝဲခွင့်သာရရှိသွားပါက ထိုပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတို့တွင်ရှိနေသောသွေးသားများ အပါအဝင် (၃၂) ကောဋ္ဌာသလုံးသည်လည်း မူလအတိုင်း (ဝါ) ငယ်ရွယ်နုပျိုစဉ်ကအတိုင်း မူလပြန်သွားနိုင်၏။ မိမိ၏ကျန်းမာရေးနှင့်ပတ်သတ်၍လည်း သုညတာသဘောသက်ဝင်သွားစေနိုင်မည် ဖြစ်ပါသည်။ ဤအခြေအနေသည် ဩကာသလောက နှင့်ပတ်သက်ပြီးသွားခြင်း ဖြစ်၏။ ထိုသို့သွားမှသာရောက်နိုင်မည်ဖြစ်၏။ မသွားဘဲနှင့် မည်သို့မျှရောက်နိုင်ရန် မျှော်လင့်ချက်မရှိနိုင်ပေ။

ထို့အပြင် ဩကာသလောကနှင့် ပတ်သက်ပြီး အနည်းငယ်မျှ ထပ်ဆိုချင်ပါသည်။ သာဓကအားဖြင့် ဖော်ပြထားသော နာဆိုင်ရာ အဂ္ဂိရတ်လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ကိတ်ကို မူလနာပြန်ဖြစ်အောင် ထိုဓာတ်ကိုထိုးနေစဉ် ထိုဓာတ်သည် အောင်မြင်ခါနီးသောအခါမျိုးတွင်လည်းကောင်း သို့တည်းမဟုတ် ထိုဓာတ်၏ တိုးတက်မှုနှုန်း မြင့်မားကောင်းမွန်သောအခါမျိုးတွင် လည်းကောင်း ထိုဩကာသလောကတွင် ထူးခြားနိမိတ်များ ပေါ်ပေါက်လာတတ်၏။ ထိုကိစ္စနှင့် ပတ်သက်ပြီး သာဓကအချို့ကို ဖော်ပြလိုပါသည်။

အဆိုပါ အဂ္ဂိရတ်ထိုးသည့်နေရာ၏ အနီးအနား၌ မြေကြီးပေါ်တွင်ချထားသော သစ်တုံးကြီးမှ သစ်ပင်အစို့အညှောက်များ၊ စိမ်းစိုသော သစ်ခက်သစ်ရွက်များ ပေါက်လာတတ်ခြင်းမျိုး၊ သဘော်ပင်သေးသေးလေးမှ သဘော်သီးများသီးလာခြင်းမျိုး၊ ခြောက်သွေ့ယောင်းပြီးသေတော့မည်ကဲ့သို့ဖြစ်နေသောသစ်ခြောက်ပင်ကြီးမှ ရွက်နုသစ်ရွက်များထိုးလာပြီး ပြန်လည်ရှင်သန်နုပျိုလာခြင်းမျိုး၊ အပင်ပေါက်ရန်ခဲယဉ်းသောအစေ့အဆန်များမှ အပင်ပေါက်လာခြင်းမျိုး၊ အလွန်နုနယ်၍ ဂရုစိုက်ရလွန်းသော အပင်မျိုးသည်ပင် အခြားသော အကြမ်းခံအပင်မျိုးပင်ပေါက်ရောက်ရန် မလွယ်ကူသောနေရာ၌ ပေါက်ရောက် ရှင်သန်ခြင်းမျိုး၊ ထိုနေရာအနီးတစ်ဝိုက်သို့ လူကိုကြောက်တတ်ပြီးဝေးဝေးနေတတ်သည့်တိရစ္ဆာန်များပင် ထိုနေရာအနီးတစ်ဝိုက်သို့ရောက်ရှိပြီး နေထိုင်လာတတ်ခြင်း ထိုနေရာအနီးတစ်ဝိုက်တွင် လာရောက်ပျော်မွေ့နေခြင်းမျိုး စသည်တို့ဖြစ်တတ်၏။ ဤသို့သောကိစ္စများကို ထူးခြားသည့်နိမိတ်တုဆိုခဲ့ရသော်လည်း ,အမှန်မှာ ထူးခြားသော အမတဖြစ်ခါနီး ဓာတ်လုံးကြောင့် ဩကာသလောက၏ပြောင်းလဲလာသည့် ထူးခြားသောဖြစ်စဉ်များသာ ဖြစ်ပါသည်။



ထို့အတူ သင်္ခါရလောကနှင့်ပတ်သက်၍ ထူးခြားသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်၏။ ဤသင်္ခါရလောကဟူသည် ဩကာသလောကတွင်ဆိုခဲ့သလို အများနှင့်ဆိုင်သော ကိစ္စရပ်အားလုံးကို ဆိုလိုခြင်းမဟုတ်ဘဲ ထိုအမတဓာတ်နှင့်ပတ်သက်သည့်ပုဂ္ဂိုလ်၊ ပတ်သက်သည့်နေရာ၊ ပတ်သက်သည့်အချိန်အပိုင်းအခြားအတွင်းသာ ကန့်သတ်၍ဆိုခြင်း ဖြစ်ပါသည်။ ဤနေရာ၌ မူလပြန်ခြင်းအထိသွားရသော ခရီးတာကို ဖော်ပြလိုခြင်းသာ ဖြစ်ပါသည်။

မူလပြန်ခြင်း၊ သုညတာဖြစ်ခြင်းနှင့်ပတ်သက်၍ မူလ၏တန်ဖိုးကိုလည်းကောင်း၊ သုည၏တန်ဖိုးကိုလည်းကောင်းစွာ နားလည်ရန်လိုပါသည်။ ထိုသို့ မူလပြန်ခြင်း၊ သုညတာဖြစ်ခြင်းတို့နှင့်ပတ်သက်ပြီး အကြိမ်ကြိမ်အထပ်ထပ် နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးပြပြီး ရှင်းပြနေရခြင်းမှာ မိမိတို့၏ မိရိုးဖလာဗုဒ္ဓဘာသာ၌အယူအမြင်ရှိနေသည်မှာ သုညကို တန်ဖိုးမဲ့သော၊ အနှစ်သာရသဘောတရားများ ဆိတ်သုဉ်းနေသော၊ ဘာမှမဟုတ်သော၊ လိုချင်တောင့်တမက်မောဖွယ်ရာများကင်းဆိတ်နေသော အရာတစ်ခုအဖြစ်သာ ရှုမြင်နေတတ်သောကြောင့်ပင်တည်း။

ယခုဖော်ပြခဲ့သော သွားလျှင်ရောက်မည် ဝိဇ္ဇာဝေါဟာရနှင့်ပတ်သက်ပြီး သာဓကအဖြစ် ဖော်ပြခဲ့သော နာဟူသည့်ဓာတ်ကိစ္စနှင့်ပတ်သက်ပြီး ဗုဒ္ဓဘာသာဆိုင်ရာ သမထသဘောတရား၊ ဝိပဿနာသဘောတရားများနှင့်ပတ်သက်ပြီး ထပ်တူပြု၍ အနည်းငယ်သတိပြုစေလိုသောကိစ္စတစ်ခုရှိပါသည်။ထိုသဘောတရားမှာ ဝိပဿနာဆိုင်ရာထွက်ရပ်ပေါက်သော နိဗ္ဗာန်သဘောတရားနှင့် အဂ္ဂိရတ်ဆိုင်ရာ ဓာတ်ပစ္စည်းတစ်ခု၏ အမတထွက်ရပ်ပေါက်သဘောတရားတို့ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

### ▫ 'နာ'အမတနှင့် ဝိပဿနာဆိုင်ရာနိဗ္ဗာန်

သာမန်ခတ်ပစ္စည်းတစ်ခုဖြစ်သော၊ လွန်စွာကိလေသာအညစ်အကြေးထူပြော သော၊ တဏှာရာဂဆိုင်ရာသင်္ကေတဖြစ် သောနာကို ထိုသာမန် 'နာ'ဘဝမှ အမတ 'နာ'ဘဝအဖြစ်သို့ ဤအခြေအနေတစ်ခု တည်းမှာပင် တိုက်ရိုက်ပြောင်းလဲ၍မရ သည်ကို သတိပြုရမည်ဖြစ်၏။ ထိုအခြေ အနေမျိုးတွင်ပင် နောင်နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် မည်သည့်အဂ္ဂိရတ် နည်းစနစ်ဖြင့် စီရင်သည်ဖြစ်စေ ထိုကဲ့သို့ ပြောင်းလဲစေနိုင်မည်မဟုတ်ပေ။

ဤသို့ ခတ်ပစ္စည်းတစ်ခု၏သွား သည့်ဖြစ်စဉ်တွင် သာမန်နာဘဝမှနေပြီး အညစ်အကြေး၊ တဏှာရာဂ၊ မလ စသည်တို့ ကင်းစင်သော ကိတ်ဟူသည့် တော်ဝင်သတ္တုအဖြစ်သို့ ကူးပြောင်းရ၏။ ထိုသို့သော တော်ဝင်သတ္တုကိတ်ဖြစ် သောအခါတွင်မှ အမတဘဝသို့ စတင် ကူးပြောင်းခြင်း၊ ပြောင်းလဲခြင်းတို့ကိုပြု၍ ရနိုင်ရာ၏။ ထိုကိတ်အဆင့်သို့မရောက် ရှိမှုဘဲ ပြောင်းလဲရန်၊ ပြုပြင်ရန် ကြိုးစား ခြင်းသည် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူမင်ပန်းခြင်း ဟူသည့် အဟောသိကံ အမှုမျိုးသာဖြစ်စေတော်၏။ ထိုကို သတိ ပြုရမည်ဖြစ်၏။ ခတ်တို့၏ သဘောမှာ ကိတ်ဖြစ်မှသာ အမတခရီးသို့ဆက်လက် လျှောက်လှမ်းနိုင်မည်ဖြစ်သကဲ့သို့ လူသား တို့၏နိဗ္ဗာန်ဆိုင်ရာကျင့်စဉ်သဘောတွင် လည်း ဤကဲ့သို့ပင် ထပ်တူပြု၍ သုံးသပ် ကြည့်နိုင်၏။

သာမန်လူသားဖြစ်သော မိမိတို့ ဗုဒ္ဓဘာသာဝင်များသည် နိဗ္ဗာန်ချမ်းသာ ကို ရရှိလိုသဖြင့် စစ်မှန်သော မဂ်၊ ဖိုလ် ဆိုင်ရာ အကျင့်မြတ်တို့ကို ကျင့်ကြံအား ထုတ်ကြပါ၏။ သို့သော်လည်း အများစု သောပုဂ္ဂိုလ်တို့မှာ နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် မည်မျှပင် ကြိုးစားအားထုတ်ကြစေကာမူ မှန်းချက် နှင့် နှမ်းထွက်မကိုက်သောအဖြစ်မျိုးနှင့် တွေ့ကြုံရလေ့ရှိ၏။ ဤသို့ဖြစ်ရသည်မှာ လူသားသည် မြင့်မြတ်သောအကျင့်တို့ ကိုကျင့်စေကာမူ သူ၏အဇ္ဈတ္တ၌ ကိလေ သာအညစ်အကြေး၊ တဏှာရာဂတို့က အလွန်ပင်ထူထဲစွာ ဖုံးအုပ်ထားသော ကြောင့် ဖြစ်၏။

ထို့ကြောင့် ရှေးဦးစွာ နာသည် ကိတ်အဖြစ်သို့ရောက်ရသကဲ့သို့ အခြေခံ မှသည် တော်ဝင်သောအဆင့်ဖြစ်အောင် ဦးစွာကျင့်ကြံဖြည့်ဆည်းရမည် ဖြစ်၏။

ထိုနည်းတူ လူသားသည် မိမိထံ၌ ရှိနေသော ကိလေသာ၏ ထူထဲမှုကို အခြားသော ကျင့်ကြံအားထုတ်မှုထက် ပါရမီဖြည့်ဆည်းပြီး အရည်အချင်းပြည့်မီ သောအခြေအနေတစ်ရပ်ရောက်ရှိထား ရန် အရေးကြီး၏။ သို့မှသာ မဂ်၊ ဖိုလ် နိဗ္ဗာန် စသည့် လိုလားအပ်သည်များကို အဆင်ပြေလွယ်ကူစွာကူးပြောင်းနိုင်မည် ပင် ဖြစ်၏။ ဤအဂ္ဂိရတ်ဆိုင်ရာသဘော သဘာဝများကို ကောင်းစွာ နားလည် သဘောပေါက်ခြင်းဖြင့် နိဗ္ဗာန်ဆိုင်ရာ ပါရမီ၏ သဘောသဘာဝအရေးကြီးမှု တို့ကို သိရှိနားလည်နိုင်မည် ဖြစ်၏။

ထို့ကြောင့် လူသားအဖို့ ပါရမီ မပါဘဲ သုညတာလည်း မဖြစ်နိုင်ပေ။ အမြတလည်း မဖြစ်နိုင်၊ မရောက်ရှိနိုင် ဟု ဆိုရမည်သာဖြစ်တော့၏။ အခြား သော သုညတာသဘောများကိုလည်း အနည်းငယ် ဖော်ပြလိုပါသည်။

### ▫ အဘဘိုးဘိုးအောင်ကိုင်ပြသော သုည တာ

ထွက်ရပ်ပေါက်သိဒ္ဓိရှင် အဘ ဘိုးဘိုးအောင်၏ လက်ထဲတွင် ကိုင်ထား သောအရာကို လူအများ 'ဝ' အက္ခရာ ဟု ခေါ်ကြ၏။ အချို့ကလည်း 'ဝ' လုံး ဟု ခေါ်ကြ၏။ ဘိုးဘိုးအောင်၏ ဝလုံး ကို ဖျောက်၍မရ၊ ဖျက်၍မရ၊ တစ်လုံးကို ဖျက်လျှင် နှစ်လုံးပေါ်၏။ နှစ်လုံးကိုဖျက် လျှင် လေးလုံးပေါ်၏။ ဤသို့အားဖြင့် ဆတိုး၍သာပေါ်သွားတော့၏။ဤသည် မှာ အဘဘိုးဘိုးအောင်က အဂ္ဂိရတ် ဆိုင်ရာ၊ သဘာဝဆိုင်ရာ၊ ဓမ္မဆိုင်ရာတို့ ကို သင်္ကေတဖြင့် ဖော်ထုတ်ပြသနေခြင်း ရှာ ဖြစ်၏။

ထိုသင်္ကေတသည် မူလပြန်ခြင်း သဘော၊ အမတသဘော၊ သုညတာ သဘော၊ အနိစ္စသဘော၊ အသင်္ခတ သဘော၊ အနန္တသဘောတို့ကို ကိုယ်စား ပြုထား၏။ ထို့ကြောင့် အဆိုပါ 'ဝ' လုံး သည်ပင် အဆုံးအစမရှိသော အသင်္ချေ အနန္တသဘောကို လည်းကောင်း၊ ဖောက်ထွင်း၍ ဖြိုခွဲ၍မရနိုင်သော သဘောကို လည်းကောင်း၊ လမ်း၏ အဆုံးပန်းတိုင်သဘောကိုလည်းကောင်း၊ အဘက်ဘက်မှ လိုလေသေးမရှိ ပြည့်စုံ သောသဘောကို လည်းကောင်း၊ မအို ခြင်း၊ မနာခြင်း၊ မသေခြင်းသဘောကို လည်းကောင်း၊ ပြည့်စုံသောမူလအစ၏ တစ်ဖန်ပြန်ခြင်းသဘောကိုလည်းကောင်း စသည့် နည်းပရိယာယ်စုံစွာ သင်္ကေတ ဖြင့် ဖော်ပြထားသဖြင့် ကောက်ယူတတ် ရန်သာလိုပါသည်။ ထို့ကြောင့် ဗလုံး သည် လည်းကောင်း၊ သုညသည် လည်းကောင်း အနှစ်သာရမဲ့ခြင်း၊ တန်ဖိုး မဲ့ခြင်းမဟုတ်။ စစ်မှန်ပြည့်ဝသောတန်ဖိုး၊ အဆုံးအစမရှိသောတန်ဖိုး၊ အနန္တတန်ဖိုး သာ ဖြစ်၏။ ဤသည်ပင် နောက်ဆုံး၌ နိဗ္ဗာန်သဘောသို့ သက်ဝင်သွားစေနိုင်ပါ တော့၏။

### မိမိအမြီးကိုပင် ပြန်မျိုနေသော မြွေ၏ သင်္ကေတ

မိမိတို့ မြန်မာနိုင်ငံ အပါအဝင် အခြားသော ကမ္ဘာ့နိုင်ငံများမှ ဂန္ဓာရီ ပညာနှင့်ပတ်သက်ပြီး ကိုယ်စားပြုထား သောသင်္ကေတတစ်ခုရှိ၏။ ထိုသင်္ကေတ မြွေတစ်ကောင်သည် မိမိအမြီးကို မိမိ ဘာသာ ပြန်မျိုနေသော ပုံသဏ္ဌာန်ဖြင့် ကိုယ်စားပြုထား၏။

ထိုဆိုခဲ့သောအရာကို ပုံဖော် ကြည့်မည်ဆိုပါက မြွေသည် မိမိအမြီး ကို မိမိပါးစပ်ဖြင့် ပြန်မျိုထားသဖြင့် အမြီးနှင့် ခေါင်းသည် တစ်ဆက်တစ်စပ် တည်းဖြစ်သွားတော့၏။ ထို့ကြောင့် ရှည် လျားသော မြွေ၏ခန္ဓာကိုယ်သည် တစ်ခု တည်းသော အဝိုင်းပုံသို့ဖြစ်သွားတော့ ၏။ ထိုသည်ပင်လျှင် မဟာဂန္ဓာရီမြွေ သင်္ကေတသည် ဝလုံးသဘော၊ မူလပြန် သည့်သဘော၊ သုညတာသဘောတို့ကို ဖော်ဆောင်ကိုယ်စားပြုထားခြင်း ဖြစ်၏။ နဂါးဆိုင်ရာ မြန်မာရိုးရာ ပဋိမာပညာ အယူအဆတွင်လည်း အမြီးနှင့်အမောက် တစ်တန်းတည်းဖြစ်စေရမည် ဖြစ်၏။ ထိုကိုပင် အမြီးအမောက်တည့်သည်ဟု ခေါ်ကြ၏။ ထို့ကြောင့် နဂါးတစ်ကောင် ၏ အမြီးအစိတ်အပိုင်းနှင့် အမောက် အစိတ်အပိုင်းတို့သည် ဆန့်ကျင်ဘက် လားရာအသွင်ကို မဖော်ဆောင်ဘဲ အမောက် (ဝါ) ခေါင်းသည် အမြီးဘက် သို့သာ လည်းကောင်း၊ အမြီးသည် အမောက်ဘက်သို့သာ လည်းကောင်း တူရှုပြုထားလေ့ရှိ၏။ ဤသည်ပင်လျှင် ဝလုံးသဘော၊ သုညသဘော၊ မူလပြန် ခြင်းသဘောတို့ကို ကိုယ်စားပြုထားခြင်း ပင် ဖြစ်တော့၏။

ထို့ကြောင့် ပါရမီလမ်းစဉ်အတိုင်း သွားသည့်ပုဂ္ဂိုလ် ရောက်ရှိမည့် နောက် ဆုံးပန်းတိုင်မှာ နိဗ္ဗာန်ပင်ဖြစ်၏။ အဆိုပါ ဝလုံး၊ စက်ဝိုင်း၊ သုညတာ၊ မူလပြန်ခြင်း စသည်သဘောတို့သည် အဝန်းအဝိုင်း သဏ္ဌာန်ဖော်ဆောင်ထားသဖြင့် သဘာရာ

www.burmeseclassic.com

www.burmeseclassic.com

နှင့် ထပ်တူပြုနိုင်၏။ အစအမှတ်နှင့် အဆုံးမှတ်တို့ နောက်ဆုံးတွင် တစ်ထပ်တည်းဖြစ်သွားပြီး အဝန်းအဝိုင်းဖော်ဆောင်သည့်သဘောသည်လည်း တစ်စထက်တစ်စ ကျဉ်းမြောင်းသွားပြီး အဝန်းအဝိုင်းတစ်ခုလုံးသည် အစက်တစ်စက်သာဖြစ်သွားတော့၏။ ထိုအခါတွင် ဤတမ္ဘာမြေပေါ်၌ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တစ်ဆူ ပွင့်ထွန်းလာခြင်း ဟူသည့် ဗီဇအသစ်တစ်လုံးပေါ်ထွန်းလာမည် ဖြစ်၏။ ထို့နောက် ဆက်လက်ပြီး ဝိဇ္ဇာခရဝေါဟာရမှာ -

**မှားလျှင်မှောက်မည်**

ဤဝိဇ္ဇာခရဝေါဟာရ၏ အကြမ်းဖျင်းအဓိပ္ပာယ်ကိုကြည့်လျှင်ပင် သဘောပေါက်နိုင်ပါသည်။ သို့သော် တိကျသော၊ သေချာသော၊ မလွဲချော်နိုင်သောသဘောပေါက်မှုကား ဖြစ်ချင်မှဖြစ်နိုင်ပါလိမ့်မည်။ ဤနေရာ၌ မှားသည် ဟူသည်ကား လမ်းစဉ်လမ်းကြောင်းမှားယွင်းသည်ကိုကား အလွယ်ပင် နားလည်နိုင်ပါသည်။

ထိုလမ်းစဉ်လမ်းကြောင်းမှားသည်နှင့် လှိုင်းလေထန်နေသော ပင်လယ်သမုဒ္ဒရာပြင်တွင် တိမ်းမှောက်သွားမည်၊ နစ်မြုပ်သွားမည်ဟု ဆိုလိုရင်းကိုကား နားလည်နိုင်ပါသည်။ သို့သော် မှားယွင်းနိုင်သည့် လမ်းစဉ်လမ်းကြောင်းကား အဘယ်ပါနည်း။ ကျမ်းဂန်နှင့် မကိုက်ညီ၍ မှားယွင်းခြင်းလော၊ ဆရာဖြစ်သည့် ပုဂ္ဂိုလ်၏ လမ်းစဉ်မှားယွင်းခြင်းလော၊ ခေတ်ကာလရွေ့လျောလာသဖြင့် မှားယွင်းခြင်းလော၊ မိမိအယူအဆအကောက်အယူလွဲချော်သဖြင့် မှားယွင်းခြင်းလော၊ လမ်းစဉ်၏ ချမှတ်ထားသော မူဝါဒစည်းမျဉ်း၊ စည်းကမ်းများကို မလိုက်နာ၍ သို့တည်းမဟုတ် ဖောက်ဖျက်၍မှားယွင်းခြင်းလော၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာရာဂ၊ မာန၊ ဒိဋ္ဌိ စသည့်ပယောဂတို့ကြောင့် မှားယွင်းခြင်းလော စသည်ဖြင့် မှားယွင်းစရာ၊ ဖောက်ပြန်ပြောင်းလဲစရာအကြောင်းတရားပေါင်းမြောက်မြားစွာရှိနိုင်ပါသည်။

ဤကိစ္စသည် ကျယ်ပြန့်လွန်းလှသဖြင့် ထိန်းသိမ်းရန်၊ စောင့်ရှောက်ရန်ကား အလွန်ပင် ခက်ခဲလှမည် ဖြစ်ပါသည်။ သို့ပါ၍ ဤကိစ္စနှင့်ပတ်သက်ပြီး ကောင်းမွန်ခိုင်ခံ့သော၊ တိကျသေချာသော မူဝါဒကောင်းတစ်ရပ်လိုပါသည်။ သို့မှသာ ထိန်းသိမ်းရန်၊ စောင့်ရှောက်



ရန် လွယ်ကူသွားနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် မမှားမယွင်းဘဲရှိသဖြင့် မမှောက်တော့ဘဲ ပန်းတိုင်ရောက်မည့်ကိန်းသာရှိပါတော့၏။ ထို့ကြောင့် တိကျသေချာသော ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အကောင်းဆုံးသောမူဝါဒလမ်းစဉ်မှာ ပါရမီဆယ်ပါးပင် ဖြစ်တော့၏။ ထိုပါရမီဆယ်ပါးလမ်းကြောင်းပေါ်တွင်သာ တည့်မတ်အောင် ကျင့်သုံးနိုင်ပါကမည်သို့သောမှားယွင်းမှုမျိုးမျှမရှိနိုင်တော့ပေ။ အသေအချာဆုံးပင် ဖြစ်၏။

ထိုပါရမီဆယ်ပါးမှာ -

၁။ ဒါနပါရမီ
၂။ သီလပါရမီ
၃။ နိက္ခမပါရမီ
၄။ ပညာပါရမီ
၅။ ဝီရိယပါရမီ
၆။ ခန္တီပါရမီ
၇။ သစ္စာပါရမီ
၈။ အဓိဋ္ဌာနပါရမီ
၉။ မေတ္တာပါရမီ
၁၀။ ဥပေက္ခာပါရမီတို့ပင် ဖြစ်၏။

ထိုပါရမီတို့ကိုပင် ဒသဉပပါရမီ၊ ဒသပရမတ္ထပါရမီတို့ဖြင့်ပွားပြီး ပါရမီဆယ်ပါးအပြားသုံးဆယ်ရှိ၏။ ထို့ကြောင့် မိမိလျှောက်သွားရမည့် ဝိဇ္ဇာခရလမ်းကြောင်းတွင် ဆုံးဖြတ်ရခက်သည့်မဝေခွဲနိုင်သည့်အခြေအနေတစ်ရပ်၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါလာက ထိန်းကျောင်းနိုင်မည့် အခြေခံမှုပင် ဖြစ်ပါ၏။

သို့ပါ၍ ဝိဇ္ဇာခရဆိုင်ရာထွက်ရပ်လမ်းစဉ်တွင် လည်းကောင်း၊ သံသရာဆိုင်ရာနိဗ္ဗာန်လမ်းစဉ်တွင်လည်းကောင်း၊ အချုပ်အချာပဓာနပင်ဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။

ဖော်ပြခဲ့သည့် ပါရမီတို့သည် အခြေခံသဘောလည်းဖြစ်သကဲ့သို့ အဆင့်မြင့်သဘောကိုလည်း ဖော်ဆောင်၏။

သက်ဆိုင်ရာလမ်းစဉ်တို့၏အထက်ပိုင်းသို့ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် ပါရမီသဘောတရားတို့သည်လည်း ပို၍ပို၍ အသေးစိတ်လာခဲ့၏။ အနုစိတ်သဘောများလည်း ပါဝင်လာပါသည်။ ထိုကို ထပ်မံစိတ်ဖြာကြည့်ပါက အောက်ဖော်ပြပါ ပါရမီသဘောတရားများကိုလည်း ထပ်မံရင့်ကျက်ဖြည့်ကျင့်ရမည် ဖြစ်ပါသည်။ ထိုပါရမီတော်များမှာ -

၁။ သမတိံသပါရမီ
၂။ ဈာနပါရမီ
၃။ ပရိညာယပါရမီ
၄။ သတိပဋ္ဌာနပါရမီ
၅။ သဒ္ဓါဓိကပါရမီ
၆။ ပဓာနပါရမီ
၇။ အတ္တပဋိသမ္ဘိဒါပါရမီ
၈။ ဓမ္မပဋိသမ္ဘိဒါပါရမီ
၉။ နိရုတ္တိပဋိသမ္ဘိဒါပါရမီ
၁၀။ ပဋိဘာနပဋိသမ္ဘိဒါပါရမီ
၁၁။ စတ္တာရိအရိယသစ္စာပါရမီ
၁၂။ သတ္တတိံသဗောဓိပက္ခိယပါရမီ
၁၃။ မဟာပုရိသလက္ခဏပါရမီ
၁၄။ အနာကုသမောက္ခပါရမီ
၁၅။ ဓမ္မိသာရိယပါရမီ
၁၆။ စိတ္တိသာရိယပါရမီ
၁၇။ ဣန္ဒြိယပရောပရိယတ္တိဉာဏပါရမီ
၁၈။ အာသယာနုသယဉာဏပါရမီ
၁၉။ စတုဝေသာရဇ္ဇဉာဏပါရမီ
၂၀။ ယမကပါဋိဟာရိယဉာဏပါရမီ
၂၁။ မဟာကရုဏာသမာပတ္တိ ဉာဏပါရမီ
၂၂။ သဗ္ဗညုတဉာဏပါရမီ
၂၃။ အသာဓာရဏဉာဏပါရမီ
၂၄။ ဝိမုတ္တိပရိဝါရဇနိယဉာဏပါရမီ
၂၅။ စတုဝီသတိကောဋိသဟာသဉာဏပါရမီ
၂၆။ ပရိယန္တဉာဏပါရမီ
၂၇။ အပရိဝေမပုရိဉာဏပါရမီ
၂၈။ ဒသသန်ဉာဏပါရမီ
၂၉။ အနုသာရိယဉာဏပါရမီ
၃၀။ အနာဝရဉာဏပါရမီ
၃၁။ အနာဂတံသဉာဏပါရမီ
၃၂။ ပစ္စုပ္ပန္နဉာဏပါရမီ

စသည့်ပါရမီတော်တို့၏ သဘောများလည်း ရင့်ကျက်ဖြည့်ဆည်းရမည် ဖြစ်၏။

ရွှေလဆက်ဖတ်ပါမည်

[illegible]

www.burmeseclassic.com

နွေရာသီကျောင်းပိတ်၍ အမေရှိရာ ချပ်သင်းသို့ပြန်ခဲ့၏။ အဖေသည် အစိုးရအမှုထမ်းမို့ အမေနှင့် ကျန်မောင်နှမတွေက အဖေရှိရာ ချပ်သင်းမှာ ကျောင်းနေကြ၏။ ကျွန်တော်က ခြေးများသူမို့ တောကျောင်းတွင် မနေချင်။ သို့ဖြင့် အဘိုးအဘွားရှိရာ ကန့်ဘလူတွင် ကျောင်းနေ၏။

ကိုးတန်းဖြေပြီးစ အမေနှင့်အတူနေရင်း နွေရာသီရောက်ခဲ့ပြီ။ တစ်နေ့ ရပ်ကွက်ထဲမှ လူကြီးသုံးယောက်က အမေ့အား ဒီနေ့ မီးကင်းတာဝန်ကျ၍ မီးကင်းစောင့်ရမည့်အကြောင်းပြောလာ၏။ အကယ်၍ မစောင့်နိုင်လျှင် သူတို့ လူငှားပေးမည်။ လူငှားစောင့်ခ (၁၀) ကျပ်ပေး ရမည်ဟုပြော၏။

ရွှယ်လူကြီးစကားကြောင့် လူပျို ပေါက်ဖြစ်နေသော ကျွန်တော်က ကြားဝင်ပြောလိုက်မိ၏။ ကျွန်တော်တို့အရွယ် စောင့်လို့ရသလားမေးတော့ ရတယ်တဲ့။ ရတယ်ဆိုတော့ ကျွန်တော် လောဘတက်ပြီ စောင့်ခငွေကို အမေ့ဆီမှာ တောင်း၊ ပုဆိုးတစ်ထည်ဝယ်ဝတ်မည်။ ဈေးထဲက အထည်ဆိုင်မှာ ဆိပ်ခွန်ပုဆိုး တစ်ထည် ခြောက်ကျပ်တန်ဝယ်မည် ပေါ့။ အမေ့ကို အကျိုးအကြောင်းပြောတော့ သဘောတူလိုက်၏။

ဒါနှင့် ဒီနေ့ည မီးကင်း ကျွန်တော် စောင့်မယ့်အကြောင်း ရွာလူကြီးများထ လည်း သဘောတူကာပြန်သွားသည်။

ညနေ (၆း၃၀)နာရီမှာ အနေ မီးကင်းတဲတွင် လူစုံပြီ။ တာဝန်ကျ ငါးဦး၊ ကင်းခေါင်းက အသက် (၃၀) ခ အစ်ကိုကြီးနှင့် ကျန်လေးယောက်တ ကျွန်တော်တို့ကျောင်းနေဖက်ငယ်သူငယ်



# စိုးမင်း
(မြောက်ဥက္ကလာပ)

## တစ်ပွဲတိုး ဓားပြီး ကွမ်းမန်း

www.burmeseclassic.com

ချင်းတွေ။ ကျွန်တော်နှင့် ငြိုးက ထိုးတန်းဖြေပြီးလို့ ကျန်တဲ့ သူငယ်ချင်း နှစ်ယောက်က ရှစ်တန်းကျနှင့် ကျောင်း ထွက် တောင်သူလုပ်နေကြ၏။

မတွေ့တာကြာ၍ သူငယ်ချင်း လေးယောက် တွေ့ရာလေးပါးစကား ပြောရသဖြင့် ပျော်ရွှင်လှ၏။ ည(၈)နာရီ ခန့်တွင် ကင်းခေါင်းအစ်ကိုကြီးက ကျွန်တော်နှင့် ငြိုးအား တောင်ပိုင်း ရပ်ကွက်၊ သူနှင့် ကျန်နှစ်ယောက်က မြောက်ပိုင်းရပ်ကွက်အတွင်း မီးကင်း လှည့်အော်ကြ၏။

ရပ်ကွက်မကြီး၍ ကြာကြာ အော်လိုက်ရပေ။ (၉) နာရီမထိုးခင် ကင်းတဲသို့အလျင်ရောက်၏။ အစ်ကိုကြီး တို့အဖွဲ့က (၁၅) မိနစ်ခန့်ကြာမှ ကင်းတဲ ပြန်ရောက်ကြ၏။ ကျွန်တော်တို့အလျင် ရောက်၍ ကင်းခေါင်းအစ်ကိုကြီးက ကျွန်တော့်အား -

"ငါ့ညီ၊ မင်းနာမည် ဘယ်သူလဲ"

"စိုးမင်းပါ အစ်ကိုကြီး"

"ဘယ်သူ့သားလဲကွ"

"ဘုတာရုံပိုင်လေးသားဗျ"

"ဪ - အေးအေး၊မင်းအဖေကို သိတယ်။ မင်းကိုတော့ အခုမှသိတာ။ မင်းတို့နှစ်ယောက် လမ်းစုံအောင်အော် ခဲ့ရဲ့လားကွာ"

"အော်ပါတယ် အစ်ကိုကြီးရဲ့။ ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက်က ငါတို့ထက် မြန်နေလို့"

"အစ်ကိုကြီးတို့ဘက်က ပိုကျယ် တယ်။ ကျွန်တော်တို့ဘက်က ကျဉ်း တယ်အစ်ကိုကြီးရဲ့ ဒါကြောင့်ပါ"

"အေးအေး- ဒါဆိုလည်းပြီးရော ကွာ"

ကျွန်တော်တို့ သူငယ်ချင်း လေးယောက်အသက်တွေက (၁၄) နှစ်၊ (၁၅) နှစ်တန်း။ ကင်းခေါင်းအစ်ကိုကြီး နာမည်မသိတော့ ကိုယ့်ထက်အသက် ကြီးသူမို့ အစ်ကိုကြီးဟု ခေါ်ခြင်းဖြစ် သည်။

"ဒီနေ့တော့ လကလည်းသာ တယ်။ တိမ်တွေလည်းကင်းတယ်။ ချက်သရေလည်းရှိတယ်။ အပျင်းပြေ ဘာလုပ်ရမလဲ"

ကင်းတဲရှေ့ မိုးပေါ် မော့ကြည့်ရင်း တစ်ယောက်တည်းစကားပြောနေသူက အစ်ကိုကြီး။ ကျွန်တော်တို့ လေးယောက် က ကင်းတဲရှေ့လမ်းနံဘေး လရောင် အောက်တွင် ဖိနပ်ခုပိုင်းထိုင်စကားပြော ရင်း အစ်ကိုကြီးအားအကဲခတ်နေမိ၏။

"ဟုတ်ပြီ၊ အကြံရပြီ"

ကျွန်တော်တို့ လေးယောက်မှာ အစ်ကိုကြီးဆီကြည့်နေရင်းမှ -

"ငါ့ညီတို့ အစောကြီးအိပ်လို့မရ ဘူးနော်၊ တာဝန်ရှိတယ်။ နောက်ထပ် တစ်ခါ အော်ရဦးမှာ။ ဒီတော့ အချိန် လည်းစောင့်ရမယ့်အတူတူ မင်းတို့လည်း ဗဟုသုတရအောင် အပျင်းပြေအောင် အစ်ကိုကြီးက အံ့ဩစရာတစ်ခုလုပ်ပြ မယ်။ မင်းတို့မှာ ကွမ်းယာပါသလား"

ကျွန်တော်တို့ လေးဦးသား တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် ကွမ်းထုတ်စမ်းဧမရှိ စားလို့ကုန်ပြီ။ ကျွန်တော်ကစ၍ -

"စားလို့ကုန်ပြီ အစ်ကိုကြီး"

"ဒါဆို လုပ်လို့မရဘူး။ မင်းတို့ လည်း အပျင်းမပြေတော့ဘူး"

အစ်ကိုကြီးသည် ပဟေဠိဆန် ဆန်ပြောနေသဖြင့် ကျွန်တော်ကဆွမိ ပြန်၏။

"ကျွန်တော်တို့အပျင်းပြေအောင် အစ်ကိုကြီးက ဘာလုပ်ပြမှာလဲ"

"မင်းတို့မမြင်ဘူးသေးတာ လုပ်ပြ မှာပေါ့"

ကျွန်တော်၏စိတ်အားဆွသလို အံ့ဩစရာ၊ မမြင်ဘူးသေးတာဆိုတော့ မျက်လှည့်ပြမှာလားသာ အတွေးဝင် လျက်။

"ဒါဆို ကွမ်းယာသွားဝယ်မယ်ဗျာ"

"မရတော့ဘူးကွ။ (၉)နာရီထိုးပြီ ဆိုင်ပိတ်ပေါ့"

"ရတယ်၊ ကျွန်တော့်သူငယ်ချင်း ဆိုင် နှိုးဝယ်မှာ။ ငြိုးလာကွာ မင်းနဲ့ငါ ကွမ်းသွားဝယ်မယ်"

ငြိုးမှာ ထိုင်ရာကမော့လျက်။

"ငါ့မှာပိုက်ဆံမပါဘူးကွ"

"ငါ့မှာတစ်ကျပ်ကျန်သေးတယ်။ လာ သွားမယ်"

ကျွန်တော်နှင့်ငြိုး ဘူတာအရှေ့ ဈေးအနီးကွမ်းဆိုင်သို့ထွက်လာခဲ့ကြ၏။

"ငြိုး၊ ဒီအစ်ကိုကြီးဘာလုပ်ပြ မယ်ထင်လဲ"

"ဘယ်သိမလဲကွ"

"ငါကတော့ မျက်လှည့်ပြမယ် ထင်တာပဲ"

"ဟုတ်ချင်ဟုတ်မှာပေါ့။ ကွမ်းက ဘယ်မှာဝယ်မှာလဲ"

"ဈေးနားက အေးမဆိုင်ပေါ့ကွ"

"မင်းကလည်း၊ အေးမအကြောင်း သိရဲ့သားနဲ့။ စွာတေးမ ဆရာကြီးလုပ် လွန်းတယ်။ အခုလည်းကြည့် မင်းနဲ့ငါ အငေါက်ခံရဦးမှာ ကြည့်နေ"

"သူငေါက်တာခံရင် ကွမ်းရတယ်။ ဒါပဲပေါ့ကွာ"

အဝေးမှလှမ်းကြည့်တော့ ဆိုင် ပိတ်ပြီ။ ဆိုင်နောက်က သူတို့အိမ်မှာ မီး ရောင်မြင်၍ဝမ်းသာသွားမိ၏။ ဆိုင်ရှေ့ ရောက်တော့ ကျွန်တော်က -

"ဟေ့- အေးမ အေးမ ငါပါဟ ကွမ်းတစ်ကျပ်ဖိုးလောက်"

ထင်သည့်အတိုင်း ငြိုးပြော လည်းပြောချင်စရာ ခြေတံရှည်အိမ်ပေါ် က မီးခွက်ကိုင်လို့ -

"စိုးမင်း နင်တော်တော်ဒုက္ခပေး ပါလား။ စောစောစီးစီးမဝယ်ဘဲနဲ့။ အိပ် ချိန်ဟဲ့ နားမလည်ဘူးလား"

အေးမက မီးခွက်ကိုင်အောက် ဆင်းအလာ ကျွန်တော်တို့က ဆိုင်ရှေ့ လမ်းမှ-

"အေးပါဟာ နင်ကလည်း ထစ် ခနဲဆို ဒေါသကြီးပဲ။ တွေ့တာနဲ့ငေါက် တော့တာပဲ။ ကြီးကြီး၊ အိပ်ပြီလား"

"အိပ်ပြီ၊ ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး၊ မေးတာပါ ဟာ။ မီးကင်းကျလို့ ညစာစရာမရှိလို့ လာဝယ်တာ"

"အတော်ဒုက္ခပေးတဲ့ကောင်စုတ်"

ဆိုင်တံခါးမဖွင့်၊ အတွင်းမှဆောင့် ဆောင့်အောင့်အောင့် ကွမ်းယာနေရင်း ပွစိပွစိပြောနေခြင်းဖြစ်၏။ ခဏအကြာ ဆိုင်တဲမှထွက်၍ ဝင်းထရံအပေါ်မှ ကွမ်း ထုတ်လှမ်းပေး၏။

"ရော့ - ကွမ်းထုပ်၊ နောက်တစ်ခါ မလာနဲ့နော် မရောင်းပေးဘူး။ ပေး ပိုက်ဆံ"

"ပေးပါ့မယ်ဟာ၊ ထွက်ပြေးမှာကျ နေတာပဲ"

ပိုက်ဆံပေး၍ နှစ်ဦးသားလှည့် ပြန်ခဲ့တော့၏။

ကင်းတဲရောက်တော့ အစ်ကိုကြီး က -

"မရခဲ့ဘူးမို့လား"

"ရတယ် အစ်ကိုကြီး၊ ဆိုင်ကပိတ် ပြီ။ အေးမအငေါက်ခံနိုင်ရင်ရနေကျ။ တစ်ကျပ်ဖိုးဝယ်ခဲ့တာ ရော့-အစ်ကိုကြီး"

အစ်ကိုကြီးက ကွမ်းထုတ်ယူပြေ တော့ ငါးယာတိတိမို့။

"အစ်ကိုကြီးက ကွမ်းတစ်ယာဆိုရ တယ်။ ကျန်တဲ့လေးယာ မင်းတို့စားလိုက်"

"နေပါစေ၊ အစ်ကိုကြီးယူထားပါ"

"ငါက ကွမ်းမစားဘူးကွ"

www.burmeseclassic.com

"ဟောဗျာ - ကွမ်းမစားဘဲနဲ့ ကျွန်တော်တို့အဝယ်ခိုင်းတယ်၊ သေလိုက်ပါတော့ဗျာ"

"တကယ်ပြောတာ အစ်ကိုကြီး ကွမ်းမစားဘူး။ ဒီတစ်ယာက မင်းတို့ကို ပြမှာမို့၊ ငါ့စီထားလဲ အလကားပဲ။ ကျန်တဲ့ကွမ်းမင်းတို့စားလိုက်"

အစ်ကိုကြီးထံမှ ကွမ်းထုတ်ယူ တစ်ယောက်တစ်ယာဝေရာ တစ်ယာစီရ၏။ ကွမ်းတစ်ယာယူ၍ အစ်ကိုကြီးသည် ကင်းတဲပေါ် တက်သွား၏။ လပြည့်ည မဟုတ်သော်လည်း လရောင်သာလှ၏။ တဲပေါ်မှာ အစ်ကိုကြီးသည် ညာလက်ဖဝါးပေါ် ကွမ်းယာဖြန့်တင်ကာ ပွစိပွစိ ဘာတွေရွတ်သည်မသိ။ မြေပြင်လမ်းမဘေးငုတ်တိုင်ထိုင်နေတဲ့ ကျွန်တော်တို့ လေးဦးသားမှာ အစ်ကိုကြီးထံ အာရုံရောက်လျက် ငေးကြည့်နေစဉ် အစ်ကိုကြီးသည် တဲပေါ်မှအောက်ဆင်းကာ ကျွန်တော်တို့အနီး ဝိုင်းထိုင်၏။ ဖိနပ်ကိုယ်စီခုထိုင်နေကြရင်း အစ်ကိုကြီးက-

"မင်းက ရှုပိုင်လေးသားနော်"

"ဟုတ်ပါတယ် အစ်ကိုကြီးရဲ့"

"ငါ့ခေါင်းရင်း ငှက်ကြီးတောင်ဓား သွားယူကွာ"

သူပြော၍ တဲပေါ်ကြည့်တော့ တဲထောင့်တိုင်တွင် ဓားရှည်တစ်ချောင်း ချိတ်လျက် တက်ယူကာ အစ်ကိုကြီးပေးလိုက်၏။ ထိုင်နေသော အစ်ကိုကြီးသည် ဓားအား ဓားအိမ်မှချွတ်၍ လရောင်အလင်းဖြင့် ဘယ်ညာလှန်ဝင်းဝင်းပြောင်ပြောင် ဓားကောင်းကြောင်းပြနေ၏။ လေးဦးသားမှာ ဓားအား မမှိတ်မသုန် ကြည့်ကာ မှင်တက်နေကြ၏။ ဓားအား ညာလက်မှကိုင်လျက် ကျွန်တော့်အား စမေး၏။

"မောင်စိုးမင်း၊ ဓာတ်မီးပါလား"

"ပါတယ် အစ်ကိုကြီး"

ခါးကြားမှ ဓာတ်မီးထုတ်လိုက်၏။

"ဓာတ်မီးနဲ့ ငါ့ခြေသလုံးကိုထိုး။ ငါ့ဓားဘယ်လောက်ထက်တယ်ဆိုတာ ပြမယ် ကြည့်"

ဘယ်လက်မှ ဓားဦးအား ကိုင်ဖိကာ သူ၏ခြေသလုံးမွေးအား ဖိထွန်းချလိုက်ရာ တဖြုတ်ဖြုတ်နှင့် ခြေသလုံးမွေးများ ခေါင်းရိတ်သလိုပြတ်ကျသွား၏။

ထိုအခါ အစ်ကိုကြီးမှ -

"တွေ့တယ်နော်၊ ဓားထက်ကြောင်းပြတာ"

ကျွန်တော်တို့လေးဦးသား ဟုတ်ကဲ့ ခေါင်းညိတ်ပြကြ၏။ ထိုစဉ် ရုတ်တရက် ဓားအား ကျွန်တော့်သို့ပေး၍ မတ်တတ်ရပ်လိုက်၏။ ရှပ်အင်္ကျီခပ်နွမ်းနွမ်းအားချွတ်၍ ပုဆိုးအား ပြင်ဝတ်၊ ခါးတောင်းမြှောင်ကျိုက်လျက် ပြန်ထိုင်၏။

ခြေထောက်နှစ်ဖက် မြေပြင်တွင် ခြေဆင်းလျက် လက်နှစ်ဖက်တွင် ဒူးပေါ် ဆန့်တင်အပြီး ဓားကိုင်ထားသော ကျွန်တော့်အားပြောလိုက်၏။

"ညီလေး မင်းလက်ထဲက ဓားနဲ့ အစ်ကိုကြီးကျောကိုစလွယ်လွှဲခုတ်ကွာ။ အားပါပါခုတ်"

ကျောပြင်အားခုတ်ကောင်းစေရန် ဦးခေါင်းရှေ့ငိုက်ပေးထား၏။ ဓားကိုင်လျက် ဒူးတုန်နေသူက ကျွန်တော်။ ကျန်တဲ့ သူငယ်ချင်း သုံးယောက်လည်း အသံတိတ်ငေးကြည့်နေသည်။ ခုတ်လိုက်ရမလား၊မခုတ်ရဘူးလားတွေး၍ ကြောက်နေပြန်၏။

အစ်ကိုကြီး၏ဘယ်ဘက်နံဘေးမှ ဓားကိုင်ရပ်လျက် ကြောက်တုန်တုန်နေသဖြင့် -

"ဟေ့ကောင် ညီလေး ခုတ်လေကွာ၊ ဘာကြောင်နေတာလဲ"

"ဟုတ် ဟုတ် ဟုတ်ကဲ့ အစ်ကိုကြီး"

ခြေဆင်းထိုင်လျက် ခေါင်းလေးငုံ့၍ သတိပေးသော်လည်း အသံတုန်တုန်ဖြင့် ဖြေမိပြန်၏။ မျက်စိစုံမှိတ်လျက် ခုတ်မည်. . . ခုတ်မည် အကြိမ်ကြိမ်မေးသော်လည်း ကျွန်တော့်စိတ်က အဖြေမထွက်၊ ကြောက်ကြောက်ပြန်ပြောလိုက်မိ၏။

"မ. . . မ. . . မခုတ်ရဲဘူးအစ်ကိုကြီး ကြောက်တယ်"

"ခုတ်ပါကွာ၊ ခွင့်ပေးထားတာ မင်းဘာမှမဖြစ်ပါဘူး"

"ကျွန်. . . ကျွန်တော်ခုတ်လို့ အစ်ကိုကြီးသေသွားရင် ကျွန်တော် ထောင်ကျမှာဗျ"

"ဘာထောင်မှမကျဘူး။ ခုတ်မှာသာခုတ်စမ်းပါ ခုတ်"

ခက်ချေပြီ။ အစ်ကိုကြီးက သွက်သွက်ခုတ်ခိုင်း၊ ဒီက မခုတ်ရဲ။ ဓားကို အပေါ် မြောက်အောက်ချလိုက်နဲ့ အချိန်သာကုန်နေပြီ။

"ဟေ့ - ခုတ်လေကွာ ကြာလိုက်တာကွာ"

ဒီတစ်ကြိမ်တော့ ကျွန်တော်ဆုံးဖြတ်ချက်ချလိုက်ပြီ။

"မခုတ်ရဲဘူးအစ်ကိုကြီး ကြောက်တယ် ရော့ - အစ်ကိုကြီးဓား"

ဓားပေးကာ ပြန်ထိုင်လိုက်၏။ ကျန်သူငယ်ချင်း သုံးယောက်ကလည်း ဝင်မစွတ်သေးပေ။ အစ်ကိုကြီးသည် မတ်တတ်ရပ် ခါးတောင်းပြန်ဖြေကာ အသစ်ပြန်ကျိုက်အပြီးပြောပြန်၏။

"မှင်းတို့ကို စောစောက ငါဘာပြောလဲ၊ အံ့ဩစရာ အပျင်းပြေပြမယ်၊ ကွမ်းဝယ်ဆိုတော့ ကွမ်းဝယ်တယ်။ ဓားပြီး ကွမ်းမန်းပြမလို့ကွ။ ခုတ်ဆိုတော့ မခုတ်ဘူး၊ သတ္တိကြောင်တဲ့သူတွေပဲ ဘယ်အပျင်းပြေတော့မလဲ"

ကျွန်တော့်ဟာ အစ်ကိုကြီးကြည့်လို့ မျက်လွှာချထားသလို နံဘေးက ငပြုံးက တစခန်းစထတော့၏။

"ကျွန်တော်ခုတ်မယ် ရမလား အစ်ကိုကြီး"

"ဘယ်သူခုတ်ခုတ်ရတယ်"

"ပေးဗျာ ဓား၊ ကျောခုတ်ရမှာလား"

"ဘယ်ခုတ်ခုတ်ရတယ်"

ငပြုံးဟာ စိတ်တိုနေပုံပေါ်၏။ သတ္တိကြောင်တဲ့ကောင်တွေ အပြောခံရလို့ထင်မိရဲ့။

စိတ်ပူနေသူမှာ ကျွန်တော်ပင်။ ငပြုံးက တစ်ခါတစ်ခါလက်ရဲသည်မို့ တကယ်ခုတ်မှာ ခေါင်းများခုတ်ရင် ဒုက္ခ ငပြုံးအား သတိပေးရ၏။

ငပြုံး ခေါင်းမခုတ်နဲ့နော် ကျောကိုသာသာခုတ် တအားမခုတ်နဲ့"

ပါးစပ်မှပြောနေသော်လည်း မျက်နှာက သွေးဆုတ်နေပြီ။ ခြေဖျားလက်ဖျားက အေးသကောင်။ ကြည့်ရင်းမှပင် တုန်နေ၏။ ကျောင်းမနေတဲ့ နှစ်ယောက်က မချိပြုံးသာကြည့်နေကြ၏။ အစ်ကိုကြီးကတော့ စောစောကလို ခြေဆင်းပေးထားလျက်ရှိ၏။

ငပြုံးသည် အစ်ကိုကြီးနှင့်ဘေးစောင်းရပ်လျက် ကျောပြင်အား အလိုတ်သင့်စလွယ်ခုတ်နိုင်ရန် နေရာယူပြင်နေသလို ကျွန်တော်က အစ်ကိုကြီးကျောနောက်လွတ်ရာမှာကြည့်ကာတုန်နေ၏။ ကြက်သီးထလျက် တစ်ခုခုများဖြစ်သွားလျှင် ဒုက္ခဟု စိတ်ထဲမှပူလောင်နေ၏။ ဘုရားဘုရား၊ အစ်ကိုကြီး ဘာမှမဖြစ်ပါစေနဲ့ ဆုတောင်းပေးရုံရှိသေးသည်။

"ကဲ ့ ဒုတ်"

ငပြုံးသည် အလယ်အလတ်အားနှင့် ကျောပြင်အား စလွယ်တစ်ချက်ခုတ်လိုက်၏။

ဒုတ်ခနဲအသံကြောင့်ကျွန်တော်

www.burmeseclassic.com

ထုန့်သွားဏ်။ ဓားရာကြည့်ချင်၍ ငပြုံးအား သတိပေးလိုက်၏။

"ဟား - ငပြုံးတော်တော့"

ငပြုံးမှာ ဓားတန်းလန်းကိုင်လျက် စောင့်နေသလို အစ်ကိုကြီးကျောပြင်အား ဓာတ်မီးနဲ့သေချာထိုးကြည့်တော့ အဖြူစင်းကလေးတစ်ခု သွေးစ၊ အကွဲအပြဲမရှိ။ ကြက်သီးထ၍ အံ့သြလျက် အသံတိုးတိုးရေရွတ်နေတဲ့ ကျွန်တော့်အား အစ်ကိုကြီးမှ -

"ဟား. . . ဟား. . . ဟား. . . ကြောက်တဲ့ကောင် နောက်ဆုတ်နေ။ ငပြုံးဆက်ခုတ်လေကွာ။ မင်းအားက ဒါပဲလား"

ငပြုံးမှာ ဆွပေးသလိုမို့ ဒေါသထွက်ကာ အသံကျယ်ကျယ်နှင့် -

"ဒါဆို အားကုန်ခုတ်မှာနော်"

"ခုတ်လေ ခုတ်"

ရင်တုန်နေသူ ကျွန်တော်က ငပြုံးအားကုန်ခုတ်လျှင် ဒီအစ်ကိုကြီးမလွယ်သေမည်။ ငပြုံးအား ထပ်၍သတိပေးရပြန်၏။

"ငပြုံး အားကုန်မခုတ်နဲ့။ သေလိမ့်မယ်ကွ"

ခေါင်းငဲ့ပြန်ပြောသူ အစ်ကိုကြီးက-

"ဟေ့ - ညီလေး တိတ်တိတ်နေ မင်းနဲ့မဆိုင်ဘူး။ သူခုတ်ချင်သလိုခုတ်"

ငပြုံးမှာ ဓားအား မိုးပေါ်မြှောက်၍ အားကုန်စလွယ်ဖြတ်ချလိုက်မိ၏။

"အစ်ကိုကြီးခိုင်းလို့ ခုတ်တာကွ။ တဲဟာ. . ဒုတ်. . ကဲဟာ. . ဒုတ်. . တဲဟာ. . ဒုတ်. . ဒုတ်. . ဒုတ်. . ဒုတ်"

ဆက်တိုက်ခုတ်နေတဲ့ ငပြုံးအား တားလိုက်ရ၏။

"ငပြုံးတော်တော့ မခုတ်တော့နဲ့"

အခုတ်ရပ်ကာ ငပြုံးဓားတန်းတန်းကိုင်လျက် အစ်ကိုကြီးကျောပြင်အား ချက်ချင်းကြည့်လိုက်၏။ အဖြူစင်းအတော်များများတွေ့၍ သွေးမရှိ၊ အကွဲအပြဲမရှိ။ ကျောပြင်အား ယက်နှင့်ပွတ်စမ်းကြည့်ကာ အံ့သြနေ၏။ ရင်တွေခုန်၍ တုန်နေသော်လည်း ကျန်တဲ့သူငယ်ချင်းတွေက ကြောင်ကြည့်နေကြ၏။ မဖြေဘဲမနေနိုင်၍ ကျွန်တော်က -

"ဘာမှမဖြစ်ဘူးကွာ အံ့သြစရာ။ အားနဲ့ ခုတ်တာပြက်ရမှာ၊ ငါတော့ ဒီအစ်ကိုကြီးကိုကြောက်လာပြီ"

ထိုစဉ် ခံပေးနေသော အစ်ကိုကြီးတ စကားနဲ့ဆွပြန်၏။

"ဟေ့ကောင် ငပြုံး ဆက်ခုတ်လေကွာ။ ခုမှ အယားပြေရှိသေးတယ်"

ငပြုံးကလည်း လူငယ်ပီပီ အားကုန်ဆက်တိုက်ခုတ်ချပြန်၏။

"ကဲကွာ. . ဒုတ်. . ကဲကွာ. . ဒုတ်. . ကဲကွာ. . ဒုတ်. . ဒုတ်. ဒုတ် (၁၀) ချက်လောက် ခုတ်အပြီး ငပြုံးမှ အခုတ်ရပ် မောသံနှင့်ပြောသွား၏။

"တော်ပြီ ဘာကြီးမှန်းမသိဘူး။ မောတာ အဖတ်တင်တယ်။ မင်းတို့ခုတ်ကြတော့"

ငပြုံးမှာ ကျွန်တော့်အားဓားပေး၍ အစ်ကိုကြီးရှေ့တွင် ဖိနပ်ခုထိုင်ကာ အမောဖြေလေ၏။

ကျွန်တော်က ကျောပြင်ဓာတ်မီးနဲ့ ထိုးတွေ့ကြည့်သော် အဖြူစင်းလေးများသာထင်၏။ အကွဲအပြဲဘာမှမရှိပေ။ ဒီအစ်ကိုကြီးမျက်နှာကြည့်၍ ကြောက်စိတ်ဝင်နေ၏။ ထိုစဉ် ရှေ့မှ ငုတ်တုတ်ထိုင် အောင်စိန်နှင့် ဖိုးတုတ်က တစ်စခန်းထပြန်၏။

အောင်စိန်က -

"ကျွန်တော်လည်း ခုတ်ချင်တယ် အစ်ကိုကြီး"

ဖိုးတုတ်ကလည်း တစ်ဆက်တည်းပြောပြန်၏။

"သူပြီးရင် ကျွန်တော်လည်း ခုတ်မယ်"

ခြေဆင်းထိုင်ပေးတဲ့ အစ်ကိုကြီးက ပုံစံမပြင်သေး။ ပြုံးစိစိပြောနေ၏။

"အေး-ခုတ်လေ အောင်စိန်အရင်ခုတ်၊ ပြီးရင် ဖိုးတုတ်ခုတ်ပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

နှစ်ဦးသားပြိုင်တူခေါင်းညိတ်ကြ၏။

အောင်စိန် ပုဆိုးပြင်ဝတ်ကာ ကျွန်တော့်ထံမှဓားယူပြီး အစ်ကိုကြီးနှင့် ဘေးစောင်းနေရာပြင်လျက် ငပြုံးအမောဖြေသလို ကျွန်တော်နှင့် ဖိုးတုတ်က ဓားလွတ်ရာနောက်မှ ရပ်ကြည့်နေ၏။ အစ်ကိုကြီးကျောပြင်အားမဲသော်လည်း လရောင်ဖြင့်အရောင်ထွက်လျက် တစ်ဖွဲ့လုံး ငေးကြည့်နေစဉ် စလွယ်ဖြတ်ခုတ်ချလိုက်၏။

"ဒုတ်"

"အမလေး"

ကျွန်တော်အသံထွက်အော်မိ၏။ အားပါးလှသော ဓားချက်မှန်းသိသာလှ၏။ အောင်စိန်ဟာ တောသားပီပီသန်သူ၊ အစ်ကိုကြီးခန္ဓာကိုယ်တုန်ခါသွား၏။ ဓားမှာ ကျောပြင်ထိ၍ ပြန်ကန်ထွက်သလိုထင်မိသေး၏။ [ငုတ်ကြီးကောင်] ဓားမှာ လက်ဆနိုင်မှသာ ခုတ်သင့်၏။ လက်ဆမနိုင်ပါက ကိုယ့်ကိုယ်ကိုယ်ပြန်ထွက်မိချေ၏။

အောင်စိန်က တစ်ချက်ခုတ်လို့ ကျောပြင်ငုံ့ကြည့်သော် ဒဏ်ရာမရှိ၊ မပြောမဆို ဆက်တိုက်ခုတ်နေပြန်၏။

"ကဲကွာ. . ဒုတ်. . ကဲကွာ. . ဒုတ်. . ကဲကွာ. . ဒုတ်. ဒုတ်. ဒုတ်"

တဒုတ်ဒုတ်နှင့် အချက်များများ ခုတ်အပြီး ရပ်လိုက်၏။ ကျွန်တော်က ထုံးစံအတိုင်း ကျောပြင်စစ်ဆေးကြည့် ဒဏ်ရာမရှိ၊ အဖြူစင်းများပွစိတက်နေ၏။

"တော်ပြီကွာ၊ ဘာကြီးခုတ်ရမှန်းမသိဘူး။ ဖိုးတုတ် ရော့ - ဓား"

တရှူးရှူးနှင့် မောသံပါလျက် အောင်စိန်မှာ ငပြုံးအနားငုတ်တုတ်ပြန်ထိုင်နေ၏။ ဖိုးတုတ်မှာ သူများနည်းတူ နေရာတစ်စောင်းယူလျက် ဓားအား အပေါ်အောက်အလိုက်သင့်ချိန်နေ၏။ ကျွန်တော်တို့ သုံးယောက်က ဖိုးတုတ်ဆီမှာ။ အစ်ကိုကြီးက အပြုံးမပျက်။

"အစ်ကိုကြီး ကျွန်တော်ခုတ်တော့မှာနော်"

"အေး - ခုတ်လေ အားပါပါခုတ်၊ အယားပြေတယ်"

ဖိုးတုတ်ခမျာ အဆွခံနေရသည်မို့ မျက်နှာတင်းတင်းထားကာ လွှဲခုတ်ချလိုက်၏။

"ကဲကွာ. . . ဒုတ်. . . ကဲကွာ. . ဒုတ်. . ကဲကွာ ဒုတ်"

ကဲကွာ၊ ကွဲကွာနှင့် ဘယ်နှချက်ခုတ်သည်မသိတော့ပေ။ သူခုတ်တိုင်း အစ်ကိုကြီးခန္ဓာကိုယ်တုန်ရုံမှတစ်ပါး ထူးခြားမှုမရှိ။ ဖိုးတုတ်မှာ စိတ်ကြိုက်ခုတ်ပြီးမို့ မောသံနှင့်အတူ ကျွန်တော့်အားဓားပေးကာပြန်ထိုင်၏။ ခေါင်းတယမ်းယမ်းနှင့် အံ့သြပုံတွေ့ရ၏။

"ဒီအစ်ကိုကြီးက လူမဟုတ်ဘူးကွ။ တစ်ခုခုပဲ"

(၃) ဦးသားမှာ အစ်ကိုကြီးရှေ့ထိုင်လျက် အမောဖြေနေသလို ဓားကိုင်ထားတဲ့ ကျွန်တော်က တစ်ခုခုလိုနေသလို စိတ်ထဲရှိတဲ့အတိုင်းပြောချလိုက်၏။

"အစ်ကိုကြီး ကျွန်တော် သူတို့လို မခုတ်ရဲဘူး၊ ထိုးချင်တာ၊ ရမလား"

ခြေဆင်းထိုင်နေသော အစ်ကိုကြီးက ပုံမပျက်ပြော၏။

"မင်းထိုးချင်တာ၊ ထိုးလေ



www.burmeseclassic.com

www.burmeseclassic.com

ရတယ်။ ပေါင်က အသားပေါတယ် ပေါင် လှီး"

ကျွန်တော့်အကြံမှာ အကြောင်း ရှိ၏။ ခုတ်လျှင် သေနိုင်သည်။ လှီးလို့ရှရင်၊ ကွဲရင် ဆေးခန်းသွားရသေး၏။ ပြတ်သွားလျှင် ဆေးခန်းမကယ်နိုင်ပေ။ ထို့ကြောင့် အသားလှီးဖို့ဆုံးဖြတ်ရ၏။

အစ်ကိုကြီးနံဘေးကပ်လျက် ညာဘက်အနီးထိုင်လျက် ဓားအား သူ့ပေါ်မှ မိုး၍ လှီးဖို့ကြံသော် မလှီးရဲသေးပေ။ ဓားတန်းလန်းနှင့် ထပ်မေးပြန်၏။ ကျန် (၃) ယောက်ကပြုံးလို့သာ ကြည့်နေ၏။

"အစ်ကိုကြီး၊ ပေါင်သားကို လက်နဲ့ကိုင်လှီးမယ်။ ဒီအတိုင်းမလှီးချင်ဘူး"

ကျွန်တော့်အပြောကြောင့် အစ်ကိုကြီးသဘောကျ၍ ရယ်သေး၏။

"ကြိုက်သလိုလှီးပါကွာ။ ဈေးအတော်ဆစ်တဲ့ကောင်လေးပဲ။ မြန်မြန်လှီး"

ပထမ ပေါင်သား တစ်လက်မခန့် သေးသေးအား လက်မလက်ညှိုးနှင့်ညှစ်ယူကာ သာသာလေးရှေ့သို့တစ်ချက် တွန်းလိုက်၏။ လက်လွှတ်၍ပေါင်ကြည့်တော့ အဖြူစင်းလေးတစ်ခု သွေးစမရှိမကွဲ။ တစ်ဖန် သူ့ပေါင်အား ဘယ်လက်နှင့်အပြည့်ဆုတ်ညစ်ကာ ရှေ့တိုးနောက်ဆုတ် နှစ်ကြိမ်တွန်း၍ ရပ်ကြည့်သော် အစင်းနှစ်ကြောင်း၊ နောက်ဆုံးအကြိမ် ရှေ့တိုးနောက်ဆုတ်တွန်းသည်ကအချက်ပေါင်းများစွာ။ အဖြူစင်းဗရပွသာပေါ်ပေ၏။ အသားနှင့်ဓားသွားထိရာမှာ ကြက်ချေးစော်ပင်နံနေသေး၏။ အံ့သြစရာ။ မိမိစိတ်ကြိုက်လှီးပြီးသည်မို့ အတော်ကျေနပ်သွား၏။ ဒီအစ်ကိုကြီးအား တော်တော်ကြောက်နေမိပြန်၏။ ကျန်သုံးယောက်ကတော့ အံ့သြစွာကြည့်လျက်။ ကျွန်တော်တို့လေးဦးသားမှာ အပျင်းပြေရုံမက ထိုအစ်ကိုကြီးအားကြည့်ရမှာပင် အလိုလိုကြောက်နေမိကြ၏။ ဓားအား အစ်ကိုကြီးလက်ပြန်ပေးလိုက်၏။

"လှီးတာလည်းပြီးတယ် အံ့သြစရာကြီး"

အစ်ကိုကြီးသည် မတ်တတ်ရပ် ဓားအိမ်ပြန်သွင်း၍ ခါးတောင်းကျိုက်ဖြေကာ အကျီပြန်အဝတ်အပြီး ဓားအား စလွယ်သိုင်းလိုက်၏။

"ကဲ-ဒီနေ့မင်းတို့အပျင်းပြေတယ်မို့လား"

အားလုံးအထဲမှာ ကျွန်တော်က -

"ပြေယုံတင်မကဘူး။ ကြောက်တောင်ကြောက်တယ်"

"ကဲ - (၁၀) နာရီမထိုးခင် နောက်တစ်ကြိမ်လှည့်ကြဦးစို့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ထုံးစံအတိုင်း ကျွန်တော်နှင့်မောင်ပြုံးက မြောက်ပိုင်း၊ အစ်ကိုကြီးနဲ့ ကျန်နှစ်ယောက်က တောင်ပိုင်း မီးကင်းလှည့်သတိပေးဆော်ကြရ၏။ ကျွန်တော်နှင့် ငပြုံးမှာ ညီအစ်ကိုကဲ့သို့ချစ်သလိုယခုကိစ္စနှစ်ဦးသား အံ့သြနေ၏။ ပထမဆုံးအကြိမ်ကြုံဖူးသလို အစ်ကိုကြီးနှင့်ငပြုံးက တစ်ရပ်ကွက်တည်းသား။ ဒီအစ်ကိုကြီး ဓားပြီးတာ ငပြုံးမသိ။ တော်တော်အတဲ့ကောင်။ ကင်းလှည့်အပြန် ဓားပြီးအကြောင်း နှစ်ဦးသားစားမြုံ့ပြန်၏။

"ငပြုံး၊ ဒီအစ်ကိုကြီးက မင်းတို့ရပ်ကွက်ကမို့လား"

"အေး - ဟုတ်တယ်။ ငါတို့နဲ့ ငါးအိမ်ခြားက"

"တစ်ရပ်ကွက်သားတောင် မသိဘူး။ အလိုက်တာကွာ"

"ဟ - ငါလည်း ကျောင်းတက်နေတော့ ဘယ်သိမလဲကွ။ တစ်ယောက်နဲ့တစ်ယောက်ခင်ကာပဲရှိတယ်။ သူက မိန်းမနဲ့ ကလေးနှစ်ယောက်အဖေ။ တောင်သူလုပ်တာ"

"ကလေးအဖေမို့သာကွာ တကယ်ပြီးတာကွ။ ငါ့အထင် သူဆေးတွေထိုးထားတာဘဲ"

"ငါတော့မထင်ဘူး။ သူ့ခန္ဓာမှာ ဆေးမင်ကြောင်မှမရှိဘဲကွ"

"အေး - ဒါလည်းဟုတ်တယ်"

"ဟော့-သူငယ်ချင်းစိုးကြီး မင်းနဲ့ငါ ဒီအစ်ကိုကြီးဆီက ပညာသင်မယ်။ ဘယ်နှယ်လဲ"

"အေး - ငါလည်းမင်းကိုပြောမလို့ သင်ချင်တာကွ"

"ဒါဆို ကင်းတဲရောက်ရင် အစ်ကိုကြီးမေးမယ်ကွာ"

"မေးတာတော့ဟုတ်တယ်။ ဒီပညာက သိုင်းသင်မှဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"သင်ဆိုသင်မယ်ကွာ။ ကျောင်းပိတ်နေတာပဲ အချိန်ရတယ်"

"အေး - မေပြာကြည့်တာပေါ့ကွာ"

တစ်လောက ကျောင်းမပိတ်ခင်တုတ်၊ ဓား၊ လက် တစ်ပိုင်းကန်တော့ပွဲ၊ ငွေတစ်ရာကန်တော့ကြေးနဲ့ ကောလင်းက လာသင်သွားတာကြားလိုက်၏။ ဓားပြီးဆေးလည်းထိုးပေးသွားသည်။ ကျောင်းတက်နေတော့ မမီလိုက်ပေ။

ကျွန်တော်နဲ့ ငပြုံး ကင်းတဲရှေ့ရောက်တော့ အစ်ကိုကြီးတို့မရောက်သေး။ သူ့အိပ်ရာတွင် ဓားတစ်ထည်၊ ဓားမှာယူသွား၏။ (၁၀) မိနစ်ခန့်အကြာ သူတို့ရောက်လာ၏။

အစ်ကိုကြီးက -

"မင်းတို့နှစ်ယောက် မြန်လှချေလား။ လမ်းစုံအော်ခဲ့ရဲ့လားကွာ"

ကျွန်တော်က -

"အော်ပါတယ် အစ်ကိုကြီးရဲ့"

"တစ်နွေလုံးမှ နှစ်ခါသုံးခါလောက် စောင့်ရမှာ ကုသိုလ်ရတယ်ကွ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီးရဲ့"

"နိုးနိုးကြားကြားလည်း အိပ်ကြနော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

သူငယ်ချင်းလေးယောက်ပြိုင်တူခေါင်းညိတ်ကြ၏။ ထိုစဉ် အစ်ကိုကြီးမှာ တဲပေါ်မတက်သေးဘဲ ကျွန်တော်တို့အား ရည်ရွယ်ပြောလိုက်၏။

"လာ - မင်းတို့ကောင်လေးတွေ သေချာမှာမယ်။ ည ငါအိပ်တုန်း ဓားနဲ့မခုတ်လိုက်နဲ့နော်။ ခုတ်ရင်ငါသေမှာ မင်းတို့လည်း ထောင်ကျမှာ ကြားလား"

အစ်ကိုကြီး၏ စကားကြောင့် ကျွန်တော်ကြောင်သွား၏။ ညမှာ သူ့ကို မခုတ်နဲ့တဲ့၊ သူသေမှာ၊ မင်းထောင်ကျမှာ။ သူ့စကားဘယ်လိုကြီးလဲ။ စပ်စပ်စုစု ကျွန်တော်မေးရ၏။

"ဘာဖြစ်လို့လဲအစ်ကိုကြီးရဲ့ ည မပြီးတော့ဘူးလား"

"အေး - မပြီးတော့ဘူး၊ ဒါက တစ်ပွဲတိုးပညာကွ"

"ကျွန်တော့် နည်းနည်းလောက် ပြောပြပါဦး အစ်ကိုကြီး"

"ဒီလိုကွာ တစ်ပွဲတိုးဆိုတာ တစ်ခဏတာအတွက်ပြောတာ၊ နေ့ရောညပါ တစ်ချိန်လုံးပြောတာ မဟုတ်ဘူး။ ဥပမာကွာ လက်ဝှေ့ထိုးမယ်၊ အန္တရာယ်ခရီးသွားမယ်၊ ပွဲလမ်းသဘင်သွားမယ်၊ ဖမ်းဆီးမယ်၊ အချုပ်အနှောင်ခံရမယ်။ အကျဉ်းအကျပ်မှာသုံးတဲ့ပညာ။ အဲဒီတစ်ပွဲစာအတွက် ကွမ်းကိုမန်း၊ ညာပါးစောင်မှာငုံ၊ အထုတ်မပြေစေနဲ့၊ မဝါးနဲ့၊ ကွမ်းငုံထားတုန်း ခင်းလေး (ဆီး)မသွားနဲ့။ ခင်းလေးသွားရင်ပယ်ပြီ မပြီးတော့ဘူး၊ ကွမ်းငုံထားလည်းမပြီး ဘူး။ အဲဒါပြောတာ"

ကျွန်တော့်စိတ်အထင် ကွမ်းမန်း တစ်မျိုးတည်း မဖြစ်နိုင်။ အခြားဆေး



www.burmeseclassic.com

www.burmeseclassic.com

တစ်မျိုးမျိုးထိမ်ချန်ထားသည်လား။

"ဒါဆို အစ်ကိုကြီးက တခြားဆေးတွေ ထိုးမထားဘူးပေါ့"

"အေး - ဘာဆေးမှမထိုးဘူး။ တွမ်းမန်းတစ်မျိုးတည်းပဲ။ ငါ့ခန္ဓာကိုယ်မင်းမြင်တာပဲ၊ ဆေးမှင်ကြောင်ရှိလို့လား"

ဒါလည်းဟုတ်ပြန်၏။ ကျောပြင်နှင့် လက်မောင်း၊ လက်ဖျံ၊ ရင်အုပ်တွေ အမှတ်တမဲ့ ခတ်မီးနဲ့ဝေ့ကြည့်တော့ မတွေ့ပေ။

"ကျွန်တော်နဲ့ ငပြုံးက ဆေးထိုးတယ်ထင်လို့မေးတာပါ။ ဒီပညာ ကျွန်တော်နဲ့ ငပြုံးကိုသင်ပေးပါ အစ်ကိုကြီး"

ကျွန်တော်အပြော အောင်စိန်နှင့် ဦးတုတ်ကလည်းကြားသွား၏။ သူတို့လည်းသင်မှာတဲ့။

ထိုအခါ အစ်ကိုကြီးက -

"မင်းတို့သင်ချင်လည်း သင်ပေးလို့မရဘူး"

"ဘာဖြစ်လို့လဲ အစ်ကိုကြီးရဲ့"

"ငါက ဆရာ့ဆီမှာ ကတိသစ္စာပြုထားတာ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ အစ်ကိုကြီးရယ် သင်ပေးပါဗျာ။ သူများတွေလို ဥက္ကာပူဇော်ခပေးသင်မှာပါ။ သိုင်းသင်ဆို သင်မယ်ဗျာ။ ဒီပညာလည်းသင်ပေး"

"မရလို့ပါကွာ။ ငါ့ညီပြောသလို အစ်ကိုကြီးသိုင်းမတတ်ပါဘူး။ တစ်ပွဲတိုးတွမ်းမန်းတစ်ခုပဲတတ်တာ။ ငါ့ဆရာက ဘယ်သူ့ကိုမှ သင်မပေးရဘူးလို့ ကတိပေးထားလို့ပါ"

"ဒီလောက်နှင့် ကျွန်တော် ဖွဲ့ မလျှော့သေးပေ။

"ဒါဆို အစ်ကိုကြီးဆရာဆီသင်မယ်ဗျာ။ အဲဒီခေါ်သွားပေး"

"ဒါလည်းမဖြစ်နိုင်ဘူး။ သူက နယ်လှည့်နေတာ။ ငါးနှစ်လောက်ကြာမှ ငါ့ဆီအလည်ဝင်တာ။ သူက ဗိန္ဒောဆရာကြီး။ သူနေတဲ့နေရာကများတော့ တိတိကျကျမသိဘူး"

ကျွန်တော် အားငယ်သွားပြီ။ ဒီပညာရဖို့မလွယ်တော့ပေ။

"ဒါဆိုရင်တော့ သွားပြီပေါ့။ မျှော်လင့်ချက်မရှိတော့ဘူး"

ခေါင်းတယမ်းယမ်းဖြစ်နေတဲ့ကျွန်တော့်အားကြည့်၍ စိတ်မကောင်းဖြစ်သွားရှာ၏။

"အစ်ကိုကြီးလည်း ငါ့ညီတို့ကိုသင်ပေးချင်တာပေါ့ကွာ။ ယောကျ်ားကတိမဖျက်ကောင်းဘူး။ ဒါကြောင့်ပါကွာ"

အားလျှော့ထားပြီးမို့ သိချင်တာမေးမိပြန်သေး၏။

"ဒီပညာယူရင် ဘာစည်းဖွေ စောင့်ရသေးလဲ အစ်ကိုကြီး"

"သူများသားမယားနဲ့ အရက် ဒါလေးပဲ။ ကျန်တာအကုန်လုပ်လို့ရတယ်"

"ဒါလောက်ထော့ ရှောင်နိုင်ပါတယ် အစ်ကိုကြီးရယ်"

"ကဲ - အစ်ကိုကြီး သင်မပေးနိုင်တာစိတ်မကောင်းမဖြစ်နဲ့။ နောင်ငါ့ဆရာကြီးနဲ့ကြုံရင် ဒီပညာရစေရမယ် ဟုတ်လား"

နှစ်သိမ့်စကားလေးနှင့် ကျေနပ်ရတော့၏။

ထိုစဉ် အစ်ကိုကြီးမှပြောပြန်၏။

"နောက်တစ်ခါထပ်ပြောဦးမယ်။ မင်းတို့ အကုန်လုံး ငါအိပ်တုန်း ဘယ်သူမှ ဓားနဲ့ဝင်မခုတ်နဲ့။ ခုတ်ရင် ငါသေမယ်။ ငါ့မိန်းမ မုဆိုးမဖြစ်မယ် ဒါပဲ"

စပ်စုသူ ကျွန်တော်က အတွန့်တက်ပြန်၏။

"ယောင်ယမ်းခုတ်မိရင်ကော"

"ဟ-ငါမာန်လျှော့တော့မှာလေ။ အခု ခင်းလေး (ဆီး) သွားတော့မှာ၊ သွားပြီးရင် ပျယ်ပြီ။ သာမန်လူပဲ။ ခုတ်ရင်သေပြီပေါ့"

ထိုအခါ သူ့မျက်နှာကြည့်၍ သဘောကျစွာရယ်မိတော့၏။

"ဒါဆို စောစောကတည်းက ခင်းလေးမသွားသေးတာပေါ့"

"အေးလေ၊ ကွမ်းမန်းပြီးတည်းက မသွားတာ အခုသွားမှာ"

"စိတ်ချပါ အစ်ကိုကြီးရယ်။ ကျွန်တော်တို့က လူငယ်တွေမယ့်သစ္စာရှိပါတယ်"

အစ်ကိုကြီးနှင့်ကျွန်တော်တို့လေးယောက် လမ်း၏တစ်ဖက်တွင် ခင်းလေးသွားကာ တဲပေါ်ကိုယ်စီတက် ကျောခင်းကြတော့သည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်။ တစ်ပွဲတိုးကွမ်းမန်းအကြောင်းကိုသာ ဉာဏ်မီသလောက်တွေးမိနေ၏။

ညပိုင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားကြ၏။ မနက်မိုးစင်စင်လင်းတော့ ကျွန်တော်နှင့် ငပြုံးသာ တဲပေါ်မှာ။ အစ်ကိုကြီးနှင့် ကျန်နှစ်ယောက်က မရှိတော့ပေ။ ကောသွားရမည်မို့ စောစောပြန်သည်ထင်မိ၏။ နေထွက်မနေသည်မို့ ရှက်လှ၏။ စောင်ပွေ့ကာ အိမ်အပြန် ကျွန်တော့်ခြေလှမ်းများက လေးလံလျက် ရောက်လို့ရောက်မှန်းမသိတော့ပေ။

ဤအကြောင်းအရာကလေးသည် ကျွန်တော် (၉) တန်းဖြေပြီးစ တိုက်တွေ့ကြုံခဲ့ရသော တစ်ပွဲတိုးကွမ်းမန်းပညာဖြစ်ပါသည်။ ထိုစဉ်က ထိုပညာမရရှိခဲ့ပါ။

တစ်ပွဲတိုးကာယသိဒ္ဓိပြီးပညာမှာ အမျိုးများလှပါသည်။ စာရေးသူထံတွင် ဆီမန်း၊ ဂါထာမန်း၊ စားဖွယ်မန်း၊ ထုံးမန်း၊ ရေမန်းများပင် ရှေးဟောင်းပေစာမှ ရရှိပါသေးသည်။ စာရှုသူဝါသနာရှိသူတို့အတွက် မေတ္တာလက်ဆောင်နှစ်မျိုးအား ဖော်ပြပေးလိုက်ပါသည်။

## ▫ကာယသိဒ္ဓိ

အုံးတစ်လုံး မျက်နှာဝလီး၊ ဥနှဲ့ရေသောက်မြစ်တူး၊ ဓါးနှင့်ဖြတ်၊ ၎င်းအုန်းကိုစွပ်၊ မြေဖို့ အပေါ်ကမီးနှင့်သင်း၊ ၇-ရက်ထား၊ ဖော်ပြီးလျှင် ၇-ရက်စား။ ဓားပြီး၏။ (ပွဲတွေ့)

## ▫သိဒ္ဓိဆေးမန်တန်

ဥုံ သံတိုင်သံဂဲ၊ သံလက်လဲ၊ သံဂဲအရောင် သံကျော့ဆောင်လိပ်၊ ဥုံမထုံပေခံ ထုံပေခံ၊ မထုံခံပါလေ၊ ဥုံခံလေ အသက်ထက်ဆုန်း၊ ခုတ်လေ တစ်မိုးချုန်း။ ဥုံ - စံနိမ စံနေ နမော သွားဟ။

မိုးမခအမြစ် ၅၊ ငရုပ်ကောင်း ၅ ၎င်းဆေးကို ဆတူကြိတ်၍ ပြောင်းဖူးစေ့ခန့်လုံးထား၊ အထက်မန်တန်ကို ၁၀၀၀ ရွတ်။ အရေး ရှိလျှင်မျို။ နားရွက်ထူလျှင်ခံ၏။ (ပွဲတွေ့)

ဆေးစာအရ တစ်ပွဲတိုးပညာသည် ဓားအပြင် တုတ်၊ လက်သီးလည်း ပြီးပါသည်။ သီလသမာဓိအားကောင်းလျှင် သေနတ်၊ အမြောက်၊ စိန်ပြောင်းပင်ပြီးစေ၏။ သေနတ်၊ အမြောက်၊ စိန်ပြောင်းပြီးသည်ဆိုရာတွင် ကျည်ဆန်မထွက်ခြင်း၊ မိမိအနားကျသော ဗုံးဆန်အမြောက်ဆန် မပေါက်ကွဲခြင်းမျိုးကိုဆိုလိုပါသည်။

သူများ သားမယားနှင့် အရက်ရှောင်နိုင်လျှင် အစွမ်းထက်လှသော ပညာရပ် ဖြစ်ပါသည်။

(အထက်ပါ တစ်ပွဲတိုးပညာအား ရှေးဟောင်းပေစာလာ မူရင်းစာသားအတိုင်း ရေးသားပါသည်။)

စိုးခင်(မြောက်ဥက္ကလာ)



www.burmeseclassic.com

www.burmeseclassic.com



(၁)

# ရတနာဒေဝီ

## မတူညီကြသည့်ချစ်ခြင်းများ

လစဉ်မြို့နယ်စာရေးဆရာအသင်းက ဆောင်းပါး၊ ဝတ္ထု၊ ကဗျာများကို စုစည်းပြီး သုတရသအကွက်အလှည့်ကျ ဟောပြောကြရပါသည်။ စာရေးသူ အလှည့်ကျ ဟောပြောကြရပါသည်။ စာရေးသူအလှည့်၌ ငယ်စဉ် ကိုးတန်းလောက်မှာ ဖတ်ရှုခံစားဖူးခဲ့သည့် နိုင်ငံကျော် စာရေးဆရာမကြီးဒေါ်ခင်နှင်းယု၏ 'လမင်းကြီးနှင့် ငွေငါးဆယ်' ဝတ္ထုတိုလေးအား မိတ်ဆက်ရန် ရွေးချယ်ထားပါသည်။ နှောင်းခေတ်လူများဖြစ်ကဖတ်ဖူးကြပါလိမ့်မည်။ ယခုခေတ်ကလေးများ တက္ကသိုလ်ဘုန်းနိုင်၊ ဒေါ်ခင်နှင်းယု၊ ဒဂုန်ရွှေမျှား၊ မဟာဆွေ၊ ဂျာနယ်ကျော် ဒေါ်မမလေး စသည့် စာရေးဆရာကြီးတို့၏စာပေကို ဖတ်ရှုဖူးသူနည်းကြပါမည်။ စာအုပ်တွေဈေးကြီးတာရော ကလေးတွေက ဖုန်းတစ်လုံးရလျှင် အလုပ်ဖြစ်နေတာလည်း ပါပါသည်။

'လမင်းကြီးနှင့် ငွေငါးဆယ်' ဝတ္ထုတိုလေးတွင် ပန်းမွေ့ရာရွှေကော်ဇော ပေါ်က မိခင်တစ်ဦးနှင့်ဝမ်းရေးခတ်သည့် မိခင်နှစ်ဦး၏ ရင်နှစ်သည်းချာအပေါ်ထားရှိသည့် မြတ်နိုးစိတ်ကို နှိုင်းယှဉ်ပြထားပါသည်။ ခြံဝိုင်းကျယ်ကျယ်အတွင်းမှ စိမ်းလန်းနေသည့် မြက်ခင်းများ၊ မိုးထိမြင့်မားလေသလားမှတ်ယူရသည့် ပင်လယ်ကဗွီးပင်များနှင့်နှင်းဆီ၊ စံပယ်၊ သစ်ခွ စသည့် ပန်းပေါင်းစုံအလှကို ဖော်ကျူးထားပါ၏။ ကောင်းကင်ထက်က နွေလမင်းကြီးကလည်း ကြယ်စင်အပေါင်းခဝန်းရံပြီး ကမ္ဘာမြေပေါ် အေးမြသည့် အလင်းဓာတ်ကိုပေးနေပါသည်။ ကြည့်မဆုံးနိုင်သည့် ပသာဒအလှခံစားစရာများကိုကြည့်ရင်း ပန်းချီဆရာလက်မှိုင်ချရသည့်မြင်ကွင်းပေါ် ကစီးမိုးထားသည့် ဝိုင်းစက်စက် ရွှေလမင်းကြီးကို မိခင်ကမော့ကြည့်နေပါ၏။ ရင်ခွင်ပိုက်ကလေးက လူ့လောကထဲရောက်ခါစရက်သားကလေးပါ။ သားငယ်ကို တင်းတင်းပွေ့ပိုက်ရင်း၊ တစ်စုံတစ်ယောက်က လမင်းကြီးနှင့် ကလေးကိုလဲမလားဟု အမေးရှိလာပါလျှင် မည်သည့်အကြောင်းနှင့်မျှ မလဲလိုက်နိုင်ပါ။ မလဲလိုက်နိုင်ပါဘူးဟု ရင်ထဲမှာ ဟစ်ကြွေးနေပါ၏။ လာခြင်းကောင်းစွာ မိမိကလည်းပြည့်စုံကြွယ်ဝသူ၊ ခင်ပွန်းကလည်း ပြောစရာမရှိအောင်ချမ်းသာသူမို့ စားမိုးထားလျှင်တောင်မှ မိမိကလေးနှင့်လဲနိုင်မည်မဟုတ်ပါ။ ဆီဦးထောပတ်စားပြီး ခြေထောက်နှင့်မြေကြီးထိခဲ့ဖူးသူမဟုတ်ဟုပင်ပြောနိုင်ပါ၏။

နောက်တစ်နေ့နံနက်အစောပိုင်း ခြံရှေ့၌ စကားသံကြားရ၍ ဝရန်တာမှ လှမ်းမျှော်၍အကြည့် ညစ်ထပ်ထပ်ပုဆိုးပိုင်းလေးဖြင့် ထွေးထားသည့်ကလေးငယ်ကို ပိုက်ထားသူ မိန်းမသားတစ်ဦး အကြီးကလေးနှစ်ယောက်က မိခင်၏ ထဘီစကိုဆွဲ၍ ရပ်နေပါသည်။

"ဒီမှာရှင့် ကျွန်မကိုသနားကြပါ။ ခင်ပွန်းကလည်းမရှိ အလုပ်လည်းမလုပ်နိုင်လို့ ထမင်းမစားရတာ သုံးရက်ရှိပါပြီ။ ဘာမှမလုပ်နိုင်လို့ ငွေငါးဆယ်သာပေးပါရှင်။ ကျွန်မသားလေးကိုပေးခဲ့ပါ့မယ်"

အလိုလေးလေ - မိမိကသားငယ်ကို ဖိုးရွှေလမင်းကြီးနှင့်တောင် မလဲနိုင်ဖြစ်နေတာ သူက ကလေးကိုငွေငါးဆယ်နဲ့ ရောင်းနေပါပြီကော။

ပြီးပြည့်စုံသူက တိုက်ကြီးပေါ်မှာ စားရမှာမပူရ၊ ဝတ်စရာတစ်ပုံတစ်ပင်။ ချို့တဲ့သူက အဝတ်အစားလည်းနွမ်း စားစရာမရှိလို့ သူ့သားကိုဝယ်လိုက်ပါတဲ့။ ခြေဗလာနှင့်အခြေမဲ့လှသူပါ။ ငါ့ဝမ်းပူဆာ မနေသာ၍ နောက်ဆုံးကြံရာမရသည့်အဆုံး ကလေးကို ငွေငါးဆယ်နှင့်ရောင်းချ၍ ဝမ်းရေးဖြည့်ရန် ကြိုးစားနေရှာပါ၏။

မတူညီသော ဘဝနှစ်ခုက မိခင်နှစ်ဦး။ သားရင်သွေးကို ချစ်မြတ်နိုးသောြငားလည်း သမုဒ္ဒရာဝမ်းတစ်ထွာ အရေးကြောင့် နှလုံးကြေကွဲခံကာ သားရောင်းရန်ဆုံးဖြတ်ရှာသည့် ဒုက္ခတောက မိခင်။ တကယ်တော့ ဘဝဆိုတာ စကားလေးနှစ်လုံးတည်းပါ။ ထိုဘဝအတွက် အသက်လေးလိုက်ရသူ၊ မိမိဘဝကိုနှံ့နှစ်၍ဘဝ အမောကိုဖြတ်သန်းရသူတို့အတွက် ဘဝဆိုသည်မှာ လေးလံလွန်းလှသည့် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုအဖြစ်တည်ရှိနေခဲ့၏။ ခြေလှမ်းတိုင်း၊ အသက်ရှုတိုင်းမဖြောင့်နိုင်အောင် ဘဝနာ၍ (လ)ကြေမ်းရိုက်ချတ်



www.burmeseclassic.com

www.burmeseclassic.com

ပြင်းက မြေကြီးပေါ် မှောက်ထိုးလဲကျ အောင် အထုအထောင်းခံကြရသူတို့၏ ဒဏ်ကို ဘယ်လို 'စံ' ဘယ်လို 'ပေတံ'နှင့် တိုင်းတွာနှိုင်းယှဉ်ကြပါမည်နည်း။

သံသရာအဆက်ဆက်ကလျှံဒါန်း ခဲ့ရှိ၍ ဆင်းရဲမွဲတေကြရသည်။ စား စရာမရှိသော်လည်း စေတနာရှေ့တန်း တင်ခဲ့ကြသည့် ကာကဝိလိယ၊မဟာဒုက် တို့လို နတ်ဒေဝတာတို့က ဖေးမရင်းဖြင့် အဆင်ပြေကောင်းပြေကြပါလိမ့်မည်။ ကုန်းကောက်စရာမရှိ၊ အလုပ်လည်း လုပ်နိုင်ပါလျှင် ဝမ်းတစ်ထွာအရေး ဘယ်ပုံဖြေရှင်းကြပါမည်လဲ။ သမုဒ္ဒရာ ဝမ်းတစ်ထွာလေ။ ဖြည့်တိုင်းပြည့်သွား တာမှမဟုတ်တာ။ နတ်ထွင်းတဲ့ခံတွင်း ဆိုငြားလည်း သည်ကမ္ဘာပေါ်မှာ အငတ်ပြဿနာကြုံနေသူတွေ ဒုနှင့်ဒေး ပါပဲ။ ရှာပြောင်းဖို့ကြိုးစားရင်း လေ့ မှောက်လို့သေကြ၊ လက်မခံကြ၍နေရပ် မှာပဲကြနှင့်ဒုက္ခကကရွတ်ခွေလိုလျှောက် ဆုံးနိုင်တော့။ ရေဘေးသင့်စဉ်က မြေး ရာမြေမရှိသူများ၊ စာနာထောက်ထား သူတွေကသာ မကူညီလျှင် သေကျေ ပျက်စီးကြရမှာပါ။

Easy go ဘဝကို ပိုင်ဆိုင်သူနှင့် အယောင်းလမ်းပေါ်ကဘဝကြမ်းသူတွေ တို့ ထပ်တူပြု၍မရနိုင်ပါ။ ဘဝပေး အခြေအနေကပင် ကွာခြားမှုရှိနေခဲ့ကြ တာ စာရေးသူတို့ မြန်မာလူမျိုး ဗုဒ္ဓဘာ သာတွေက ကိုယ်ချင်းစာတရားရှိကြတာ မို့ ဒုက္ခတွင်းထဲအရောက်စားစရာတွေ ရောက်အောင်ပို့ဆောင်ပေးခဲ့ကြပါသည်။ သောက်ရေသန့်ဘူးတွေက ဒုက္ခကြုံသူ တွေကို ရင်အေးစေပါ၏။

လှူကံဆိုတာကလည်း တစ်သမတ် တည်း ရှိနေတာမှမဟုတ်တာ။ စာရေးသူ၏မိဘ၊ မိကြီး၊ခင်ပွန်းတွေဆုံးပါးသွား တော့ ကလေးတွေက အရွယ်ရောက်ကြ ပြီ မုဆိုးမိခင်ကို ဖေးမကြပါသည်။ အေးချမ်းစွာမနေနိုင်ပါ။ ကင်ဆာ၊ နှလုံး သွေးကြောကျဉ်း၊ သွေးတိုး၊ သွေးချို သည့်ရောဂါများက လက်တွဲပြီးရောက် လာခဲ့တာ နောက်ဆုံးမျက်လုံးနှစ်ဖက် လုံး ရေတိမ်ဖြစ်လာပါသည်။ ဖြစ်ချင် တာဖြစ်ဆိုပြီး အရွဲ့တိုက်တော့ ကလေး တွေ ငိုလိုက်ကြတာ။

"မေမေ၊ ဖေဖေမရှိတော့ဘူးနော်။ မေမေ့မျက်နှာလေး မြင်နိုင်အောင် ကျန်းမာရေးကို ဂရုစိုက်ပါနော်" တဲ့။

ကလေးတွေ မျက်နှာကြည့်ပြီး ခွတ်မတိုးရဲတော့။ ဆေးခန်း၊ ဆေးရုံ ရောက်ပြီး ကုန်လိုက်တဲ့ငွေတွေ သူတို့ စေတနာ အလကားမဖြစ်အောင် အစား အသောက် ဆင်ခြင်ရပါတော့သည်။ တစ်ခါတည်း ဇာတ်သိမ်းသွားလျှင် တော်သေးရဲ့။ ဆေးရုံမှာ ပက်လက်ဖြစ် နေမှ ကိုယ်လည်းမသက်သာ၊ သူတို့လေး တွေလည်းပင်ပန်းဆင်းရဲကြရတော့မည်။ စိတ်လျှော့ပြီး ကျန်းမာရေးဂရုစိုက်ရပါ သည်။ ဘယ်လိုဝဋ်ကြွေးလဲဟုတွေးလိုက် တိုင်း အဖြေမရှိသည့်ပဟေဠိကြောင့် ခေါင်းကိုက်တာပဲ အဖတ်တင်ပါတော့ သည်။

ရှာကျွေးသူ သမီးကြီးက မိခင် မကျန်းမာ၍ အလုပ်ခွင်သွားလျှင် လက်ဖက်သုပ်လေးထည့်၊ ဆိုင်ကထမင်း ဝယ်၍စားရှာပါ၏။ ပြန်လာလျှင် ပင်ပန်း ရှာ၍ ထမင်းမစားတော့ နို့သောက်ကာ အိပ်ရှာပါတော့သည်။ ကျွန်မကျန်းမာမှ အိမ်အတွက် အကူအညီဖြစ်ပါမည်။ ဆေးမှန်မှန်သောက်၊ ဆိုက်ကားစီးပြီး ဈေးသွား (၃) ရက်စာလောက် ဝယ်ခြမ်း ပြီး အဆင်ပြေအောင် စီစဉ်ပေးရပါ သည်။ မိုးတွင်းမို့ အငြိုးကြီးသည့်မိုးကို မေတ္တာပို့ရင်း ဒုက္ခကြီးလှချည့်ဟု တွေး မိပါ၏။

ဈေးလမ်း၌ သန့်ရှင်းရေးလုပ်နေ သူက ရေမြောင်းအုတ်ခုံပေါ် ထိုင်ရင်း ကလေးနို့တိုက်နေပါသည်။ အကြီး ကောင်လေးနှစ်ယောက်က ရေမြောင်း ပေါင်ပေါ်မှာ မတော်တဆလိမ့်ကျလျှင် ရေဆိုးတွေထဲကျကြမှာ ကျွန်မ ဈေးက ပြန်လာတော့ လမ်းဘေးကုက္ကိုကိုင်းမှာ ချည်ထားသည့် ပိုက်ကြိုးပုခက်ပေါ်မှာ ကလေးက အိပ်နေပြီလေ။ ကလေးကို ထီးစုတ်တစ်ချောင်းမိုးထား၍ သားကြီး က ပုခက်ကိုတစ်ချက်တစ်ချက်လွှဲနေ ပါ၏။ အငယ်လေးက မတ်တတ်ရပ် လျက် မိခင်က တံမြက်စည်းကိုင်ကာ အိမ်ရှင်မတွေ ပွစာကြဲအောင်ပစ်ချသွား ကြသည့် အမှိုက်ပေါင်းစုံကို အမှိုက် ကန်ထဲလှဲထည့်နေပါသည်။

အဆင်မပြေလိုက်တာဟု အား မနာပတွေးမိသည်ကို သားအမိတွေ ကြည့်ရင်း စာနာစိတ်ဝင်မိပါ၏။ မိမိက ကလေးတွေ အလုံအလောက်ပေးလိုက် သည့်ငွေဖြင့် ဈေးခြင်းထဲမှာ ကြက်၊ ဝက်၊ ငါးနှင့် အသီးအနှံတွေအပြည့်၊ သပြေ ပန်းနှင့် နှင်းဆီရောင်စုံက လန်းဆန်းစွာ ရှိနေပါသည်။ ကိုယ့်အောက်ကသူကြည့် မှ ကိုယ့်ဘဝကိုယ်သူဌေးနိုးနိုးပါလားဟု အားတက်မိပါ၏။ ဒုက္ခကြီးလိုက်တာဟု အတွေးရောက်မိသည်ကို လိပ်ပြာမလုံ ချင်တော့ပါ။

ဘုရားဝတ်ပြုအပြီး သတ္တဝါတွေ ကျန်းမာပါစေ၊ ချမ်းသာပါစေလို့မေတ္တာ ပို့ပြီး ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးမှတ် နေကာ မေတ္တာအပြည့်နှင့်မေတ္တာရှင်ကြီး ထင်မိကာ ကိုယ်ချင်းစာစိတ်နှင့် ကိုယ့် အောက်ကလူကိုကြည့်မိမှ ငါမဟုတ် သေးပါဘူးဟု အမှားမြင်တော့တာလေ ကလေးတွေက အမေစိတ်ချမ်းသာ အောင် လက်ထဲငွေဖြည့်ပေးပြီး လှူချင် တာလှူနိုင်အောင်၊ စားချင်တာစားနိုင် အောင် ဖြည့်ဆည်းပေးထားကြတာ။ ငါ တော်လွန်းလို့မဟုတ်ဘူး။ ကျေးဇူးသိတဲ့ သားသမီးတွေကြောင့်ဟု အမြင်မှန်တွေ့ တာလေ။ ကိုယ့်အပူသာသိပြီး သူများ အပူမသိတာ ဘယ်တရားပါမလဲနော်၊ တရားရှာကိုယ်မှာတွေ့တာပါပဲ။

မတူညီကြသည့်ဘဝများကို သတ္တိ ရှိရှိကျော်ဖြတ်နိုင်ကြသူတွေကို မြင်မိမှ သူတို့၏ ဖွဲ့ အချစ်များကို မော်ကွန်းတင် ထိုက်ပါလားဟု သိခဲ့တာပါ။ ဖာတစ်လုံး ခေါင်းကျားဇာတ်ကားထဲက မင်းသား ကြီး ဦးခင်မောင် အော်သလို -

"ဟယ် . . . အသင်လောက"

ဟု ဟစ်ကြွေးရင်း လောကခံကို ကြံ့ကြံ့ခံနိုင်ရန် ကြိုးစားရပါတော့မည်။ ထဘီကိုတင်းတင်းဝတ်၊ ဈေးသွက်သွက် ပြေး၊ ချက်ပြုတ်၊ အလုပ်ခွင်ဝင်သူတွေ အားဖြည့်ဖို့ မိခင်တာဝန် မဟုတ်လား။ အသက်ရှင်နေသမျှ မိမိခန္ဓာဝန်နှင့် မိသားစုတာဝန်ကို ထမ်းနိုင်သမျှထမ်းရပါ ဦးမည်။ ဒူးထောက်လဲကျ၍မဖြစ်ပါ။ နိဗ္ဗာန်မရသေးသမျှ မိမိဝန်ကိုမိမိထမ်း၍ အမျိုးဘာသာသာသနာတော်ကြီး၏ဝန် ကို တတ်နိုင်သမျှထမ်းပါမှ လူ့အဖြစ် အရတော်ပါလိမ့်မည်။

ဘယ်လိုပဲပြောကြပါစေ သည် လောကကြီးမှာ အဆင့်အတန်းကွာဟမှု အပေါ်အခြေခံပြီး မိခင်တွေ၏ချစ်ခြင်း ကလည်း မည်သို့မျှ တူညီနိုင်ကြမည် မဟုတ်ပါ။ ဘဝပေးအခြေကွာဟမှု ကြောင့် ကွာဟသွားရသည့် မိခင်များစွာ ၏မေတ္တာကို ထပ်တူထပ်မျှမမြင်နိုင်ပါ။ အတိတ်ကံ၊ မိမိဘဝ စသည်တို့က အနိမ့်၊ အမြင့်အဆင့်ဆင့်ဖန်ဆင်းခဲ့သည် မို့ ကံဇာတ်ဆရာအလိုကျ ကပြနိုင်စွမ်း ရှိသူ ထိုသို့ မိခင်များစွာကို ဦးညွှတ်လိုက် ရပါသည်။

www.burmeseclassic.com

## အခန်း(၁)

## ယေဘုယျအမှိုက်ပုံး

လောက၌ တိရစ္ဆာန်မျိုးရိုး၏ ဗီဇအရ အသိဉာဏ်(၃)မျိုးသာရှိသည်ဟု သတ်မှတ်ထားပါသည်။ စားဖို့ကိုသာသိသောအသိဉာဏ်၊ အိပ်ဖို့ကိုသာသိသောအသိဉာဏ်၊ မျိုးဆက်ပွားဖို့ကိုသာသိသောအသိဉာဏ် ဟူ၍ ဖြစ်ပါသည်။ ယေဘုယျသဘောကိုသာ ဆိုလိုရင်းဖြစ်မည်ဟု ခံယူထားပါသည်။ အနည်းစုတိရစ္ဆာန်နှင့် အများစုတိရစ္ဆာန်တို့ မခွဲရာ၌ အများစုတိရစ္ဆာန်ဘက်က ချိန်ခွင်လျှာအလေးသာသောကြောင့် ထိုကဲ့သို့သတ်မှတ်ထားခြင်းဖြစ်မည်ဟု နှလုံးသွင်းထားပါသည်။

အထက်တန်းကျောင်းသို့ရောက်သောအခါ အင်္ဂလိပ်ဘာသာပြဋ္ဌာန်းချက်၌ သင်ခန်းစာတစ်ခုတွင် တိရစ္ဆာန်၏အသိဉာဏ်ပိုင်းနှင့်ပတ်သက်၍ စဉ်းစားစရာကိစ္စတစ်ခုအဖြစ် နမူနာပေးမေးခွန်းထုတ်ထားပါသည်။

တိရစ္ဆာန်များ၌ မျိုးရိုးဗီဇအရသိသောအသိဉာဏ် Instance အပြင် ထိန်းသိမ်းသူ လူသားတို့၏ သင်ကြားပေးသောကြောင့် ပတ်ဝန်းကျင်လွှမ်းမိုးမှုမှပေးသောအသိဉာဏ် Intelligence ပါထပ်ဆင့်၍ အသိဉာဏ်တွေပိုတိုးတက်လာပါသည်။ သုတေသနပြု လေ့လာဆန်းစစ်မှုတစ်ခု၌ ဥပမာ အဖုံးဖုံးထားပြီး ထိုအစာခွက်ရှေ့၌ အစာအနည်းငယ်နမူနာချပြထားပါသည်။ ကျန်အဖုံးဖုံးထားသောခွက်နှစ်ခု၌ အစာလုံးဝထည့်မထားပါ။ ခိုင်ငှက်ကလေးများသည် ရှေ့၌နမူနာအစာအနည်းငယ်ချပြထားသောအစာခွက်၏အဖုံးကို နှုတ်သီးဖြင့်တွန်းဖယ်၍ အစာရှိသောခွက်ထဲမှအစာတို့သာ ကောက်ယူစားပါသည်။ ကျန်အစာမရှိတော့ ခွက်နှစ်ခွက်၏အဖုံးကို နှုတ်သီးဖြင့် တွန်းဖယ်လုံးဝမဖွင့်ပါ။ တွန်းဖယ်ဖွင့်လည်း ထိုခွက်နှစ်ခွက်၌ အစာလုံးဝမရှိမှန်း အလေ့အကျင့်များကြောင့်သိနေဟန်ရှိပါသည်။ ထို့ကြောင့် စမ်းသပ်မှုတိရစ္ဆာန်ဗေဒဘာသာရှင်တို့က ခိုငှက်ကလေးများ၌ မွေးရာပါဗီဇအသိဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

အပြင် ထိုးထွင်းအသိဉာဏ်ပါပိုနေသည်ဟု သုံးသပ်ထားပါသည်။

ထို့အပြင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဥရုဝေလတောဌ ဝါတွင်းလေးလပတ်လုံးသာမက တစ်နှစ်ပတ်လုံး ကိုယ်တော်တစ်ပါးတည်း သီတင်းသုံးစဉ်၌ မြတ်စွာဘုရားရှင်၏ ဝေယျာဝစ္စကြီးငယ်မှန်သမျှ 'ဥရုဝေလဆင်' ကပါ ရမီဖြည့်ပါသည်။ ဆောင်းတွင်းကာလ ဘုရားရှင် ရေသုံးသပ်ရာ၌ နွေးသောရေကို အလိုရှိရသည်ဟု ဥရုဝေလဆင်က ဆင်ခြင်မိ၍ ကျောက်တုံးကို ထင်းခြောက်၊ ဝါးခြောက်တို့ဖြင့်ပုံကာ နှာမောင်းဖြင့် ကျောက်ခဲငယ်နှစ်လုံးပွတ်တိုက်၍ မြက်ခြောက်မှတစ်ဆင့် မီးပွတ်ကာ ထင်းပုံထားသော ကျောက်တုံးကို မီးကူးစက်စေ၍ ကျောက်တုံးအအေးကို ကျောက်တုံးအပူဖြစ်အောင် မီးဖုတ်ပါသည်။ ထိုမီးပူကျောက်တုံးကို နှာမောင်း၌ တုတ်တစ်ချောင်းကို မြဲမြံစွာ ရစ်ပတ်၍ ကျောက်တုံးကို တုတ်ဖြင့်လှိမ့်ယူကာ ရေကန်ထဲသို့ချပါသည်။ ဘုရားရှင်အတွက် ချိုးတော်ရေသုံးသပ်ရန် ရေကန်၏အပူဆကို နှာမောင်းဖြင့် စမ်းသပ်ပြီးမှ ဘုရားရှင်ကိုယ်တော်မြတ်ကို ဝတ်တွားရှိခိုး၍ ချိုးတော်ရေသုံးသပ်စေသည်ဟု ဇာတက၌ဖတ်ရသောအခါ ထိုဥရုဝေလဆင်၏ အသိဉာဏ်သည် တိရစ္ဆာန်မျိုးရိုးတို့၏ သုံးခုသော အသိဉာဏ်ထက် ပိုလွန်းနေသည်သာမက လူလောက်နီးနီး အသိဉာဏ်လျှံထွက်နေပါလားဟု သုံးသပ်ဆင်ခြင်ပါသည်။

ဆင်များ၏အသိဉာဏ်သည် လူ့အသိဉာဏ်ကိုမမီသော်လည်း သတ္တဝါမျိုးစိတ်စာရင်းများ၌ အသိဉာဏ်အားအကောင်းဆုံး၊ အဖွံ့ဖြိုးဆုံးဟု မနုဿဗေဒပညာရှင်တို့က ယနေ့ခေတ်များ၌



# နိုင်ငံပြေးသိမ်းချစ်

## အမြဲတော့ကြောင်မျက်ရှင်



www.burmeseclassic.com

www.burmeseclassic.com

လက်တွေ့သုံးသပ်နည်းများနှင့် တင်ပြလာပါသည်။ ဧရာဝတီမြစ်၌ တံငါသည်နှင့် ငါးအတူဖမ်းပေးသော ဧရာဝတီလင်းပိုင်တို့၏အသိဉာဏ်ဆိုလျှင် သူတို့မှတ်ထားသော တံငါသည်၏ လှေဝမ်းနံရံကို တုတ်ဖြင့်အချက်ပြတီးခတ်သံအားသင်္ကေတထား၍ နားထောင်မှတ်သားပြီး သခင်အမှတ်ထားကာ ငါဖမ်းဖက်မိတ်ဆွေအဖြစ်မှတ်ထားပါသည်။ ငါးအတူ ဝိုင်းခြောက်လှန့်ပေး၊ ငါးစုဝေးစေပြီး တံငါသည်နှင့်အတူ ငါးကူဝိုင်းဖမ်းပေးသည်ကို သတင်းစာများ၌သာဖတ်ရသောအခါ၊ ဓာတ်ပုံနှင့်တကွမြင်ရသောအခါ. . .။

NET, GEO, WILD အရိုင်းကမ္ဘာဇာတ်လမ်းများ၌ မျောက်ကလေးများကသစ်ကြားသီးကဲ့သို့ အခွံမာအသီးများကိုအောက်ခံကျောက်တုံးပေါ်တင်၍ အခြားကျောက်ခဲတစ်လုံးကို လက်နှစ်ဖက်ဖြင့်ချီမဆွဲမြှောက်ပြီး ထုရိုက်ခွဲကာ အတွင်းမှအစေ့အဆန်များကို ရွေးစားနေပုံများအားကြည့်ရပေသောအခါ. . .။

တရုတ်ပြည် မြစ်များ၌ တံငါသည်နှင့်အတူ ငါးကူဖမ်းပေးသော တင်ကျီးငှက်များက သူတို့ဖမ်းပေးသောငါးအရေအတွက်ကိုမှတ်ထားပြီး ပို၍ဖမ်းမပေးတတ်ပါဟု သိရသောအခါ. . .။

ချင်းပြည်နယ် ရေဘေးသင့်နေရာများ၌ နွံနစ်နေသော ရွာတစ်ရွာတွင်နွံဘေး၌ ဒုက္ခရောက်နေသော အိမ်မွေးခွေးများကို ကြိုးတန်းဖြင့်အရောက်သွား၍ လိုရမည်ရ ခွေးပါးချပ်စွပ်ကာ ပွေ့ပိုက်ဆယ်ချီမ၍ကယ်တင်ခဲ့ကြသော ဂုဏ်ထူးဆောင် ဒေါက်တာ ရုပ်ရှင်မင်းသားကိုဝေဠုကျော်နှင့်ပရဟိတအဖွဲ့အား မိမိသခင်မဟုတ်သော်လည်း ရန်မပြုမာန်မဖီ ပြန်မကိုက်ဘဲ ငြိမ်ငြိမ်သက်သက်ကြည်ကြည်ဖြူဖြူ ပွေ့ပိုက်ခံ၍လိုက်ပါလာခဲ့သော ခွေးကလေးများကို မြင်တွေ့ရသောအခါ. . .။

ရေလွှာစကိတ်စီးပြသောခွေးလေးများကို SkyNet ရုပ်သံများ၌ကြည့်ရသောအခါ. . .။

ကျွန်တော်တို့မြို့များ၌ ဆိုင်ကယ်စီးသွားသူ၏ ကယ်ရီရာဖင်ထိုင်ခုံပေါ်၌အထိန်းအကွပ်မပါဘဲ မလိမ့်ကျအောင်ခပ်တည်တည် အခန့်သား ငြိမ်ငြိမ်းလေးဆိုင်ကယ်စီးသော အိမ်မွေးတယ်ရီယား၊ ချီဝါးဝါး၊ ခွေးဘီလူးလေးများကို မြင်တွေ့ရဖန်များလာသောအခါ. . .။

အိန္ဒိယနိုင်ငံရှိ ကျေးရွာတစ်ရွာ၌ မတရားအနိုင်ကျင့် စော်ကားခံရ၍ နောက်ဆက်တွဲရလဒ် အံဖေအမည်မပေါ်သော မွေးကင်းစကလေးငယ်တစ်ဦးကို မိခင်ဖြစ်သူက ရွာအပြင်ရှိနွံအိုင်၌နှစ်၍သေစေသောငှာချထားခဲ့သော်လည်း ကလေးငိုသံကြောင့် ရွာထဲမှခွေးများထွက်လာကာ ကလေးနံဘေးပတ်လည်ရှိ နွံများကိုယက်ထုတ်ဖယ်ပြီးကလေးအန္တရာယ်ကင်းမှ ရွာထဲမှလူများကို ပုဆိုးစဆွဲ၍ ကလေးရှိရာလိုက်ပြပါသည်။ ဤသို့ဖြင့် ရွာထဲမှလူများကယ်တင်၍ ကလေးအသက်အန္တရာယ်ကင်းသွားသည့် ဖြစ်ရပ်မှန်အကြောင်းလေးကိုဖတ်ရသောအခါ . . .

တိရစ္ဆာန်မှန်သမျှ သုံးခုသောအသိဉာဏ်ရှိသည်ဟူသော စကားကိုယေဘုယျအမှိုက်ပုံးထဲသွားပေတော့ဟုလွှင့်ပစ်ချင်စိတ်ပေါက်သွားမိပါသည်။ မင်းမသိတော့ ယေဘုယျအားဖြင့်ဖြဟ္မဒတ်မင်းကြီးဟုမှတ်လိုက်။ ပြည်မသိတော့ ဗာရာဏသီပြည်ဟု ယေဘုယျအားဖြင့် မှတ်လိုက်ပါဟူသော ခပ်လွယ်လွယ်သုံးစွဲသောညွှန်းဖျင်းလွန်းသည့် ပေတံစံနှုန်းပျက်များ ဤကမ္ဘာ၌ ဘယ်လောက်များများကျန်ရှိနေပါသေးသလဲဟု တွေးစစရာဖြစ်လာပါသည်။

ဘဝသည် ကျွန်တော်တို့ မျက်စိလည်အောင်၊ လမ်းမှားအောင် မြေပုံလွှဲပြ၍ လမ်းများကို ညွှန်ပြသည့်တိုင်အောင်ကျွန်တော်တို့၌ရှိသည့်ဉာဏ်မျက်စိကိုပွင့်လင်းအောင် ပို၍အလုပ်လုပ်ရပါဦးမည်။ သုံးသပ်ပုံ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ထိုရလဒ်ကို ရဲရဲလက်ခံတတ်ဖို့လိုပါသည်။ အမှားမှန်သမျှသည်အမှန်အတွက် ရှေ့ပြေးခြေလှမ်းများဟုကျွန်တော်တို့ မှတ်လိုက်ကြပါစို့။

လူလောက်နီးနီး အသိဉာဏ်ပိုသော ရွှေဝါရောင် ကြောင်မလေးတစ်ကောင်နှင့် ကျွန်တော် ဆုံတွေ့ရသောအခါ . . .

## အခန်း (၂)

## အတိုး အခြောက်ပုစ္ဆာ

ကျွန်တော်သည် ရုံးလုပ်ငန်းတစ်ခု၌ တာဝန်ထမ်းဆောင်ရင်း ပျဉ်းမနားမြို့ (နေပြည်တော်) မှ အေလာမြို့လေးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ အေလာမြို့၌ ဘွားအေးရင်း၊ ဦးလေးရင်းရှိ၍ အဘွားအိမ်သို့ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ အဘွားထံ၌ မွေးမြူထားသော ရွှေဝါရောင်ကြောင်မလေးတစ်ကောင်ရှိပါသည်။ အဘွားနှင့် ဦးလေးငယ်ကို အိမ်ခံများဖြစ်၍ အနေရင်းနှီးသော်လည်း ယခုမှပြောင်းရွှေ့လာသော ကျွန်တော့်ကို ချက်ချင်းလက်ငင်းလက်မခံပါ။ လူစိမ်းအဖြစ်ဖြစ်သာသဘောထားပါသည်။ ရင်းနှီးလိုဟန်မပြပါ။ ထူးခြားသည်ကား အဘွားနှင့်ဦးလေးငယ် ပြောစကားကို သူနားလည်နေခြင်း ဖြစ်ပါသည်။

တစ်နေ့ -

ညစာထမင်းစားပြီး ကျွန်တော်တို့မိသားစု ရေနွေးဝိုင်းဖွဲ့သောက်နေကြပါသည်။ ဦးလေးငယ်က မမကျင်တို့အိမ်ဘက်အလည်ထွက်သွားပါသည်။ အဘွားက ရွှေဝါကြောင်မလေးကို ပေါင်ပေါ်တင်၍ ပွတ်သပ်ပေးနေပါသည်။ ကျွန်တော်က ဘွားအေဖြစ်သူကို ပလီလွန်းခွဲလွန်းသော ကြောင်မလေးကိုစချင်နောက်ချင်စိတ်ပေါ်လာ၍ -

"ရွှေဝါမနော်၊ ညည်းက အဘွားရင်ခွင်ကိုနောက်မှရောက်လာတာ။ ငါက အဘွားရင်ခွင်ထဲ နှင့်အရင်ဟိုးတက်တက်စင် အချိန်အစောကြီးကတည်းကရောက်တာ။ ညည်းကလေးက နောက်မှလာပြီး မဦးအခေါ်မခံချင်နဲ့ မရဘူးသိလား။ ငါက စီနီယာမောင်နိုင်၊ ညည်းကလေးက ဂျူနီယာရွှေဝါမ"

ထိုသို့ပြောပြီး အဘွားကို နောက်ကျောမှလက်နှင့်ယှက်ပြီး အဘွားရင်ခွင်ထဲ ခေါင်းထိုးဟန်ပြသောအခါ အဘွားပေါင်ပေါ်မှ လဲလျောင်းမပျက် ကြောင်မလေးသည် စိတ်ဆိုးသည့်အလား လက်နှင့် ကျွန်တော့်ကို လှမ်းပုတ်ပါသည်။ ပြီးမှ အဘွားမျက်နှာမော့ကြည့်၍ တညောင်ညောင်အသံပေးပါတော့သည်။

ထိုအခါ ဘွားအေဖြစ်သူက ကြောင်မလေးကို ကျွန်တော့်ဘက်မျက်နှာလှည့်ချီမကာ -

"အေး အေးပါ။ သမီးကမှ အမေ့သမီးကြီး ရွှေဝါမ။ မောင်နိုင်က မြေးပဲဟာ။ သမီးဆိုတာ အရင်လာရတဲ့ထုံးစံရှိတာပဲ။ မြေးဆိုတာက နောက်မှပဲလာရတာ။ သွားသွားမောင်နိုင်၊ ငါ့သမီးကြီးစိတ်ဆင်းရဲနေပါ့မယ်"

ဟု ပြောဆိုကာ ကျွန်တော့်ကိုဘွားအေဖြစ်သူက ဟန်ဆောင်ပန်ဆောင်တွန်းဟန်ပြတော့မှ ကြောင်မလေးကကျေနပ်ဟန်ဖြင့် အဘွားပေါင်ပေါ်လဲလျောင်းရင်း အော်သံတိုးတိုးပြုကာကျွန်တော့်ကို သူ့မျက်လုံးစိမ်းဖန့်ဖန့်များဖြင့် ခပ်စိန်းစိန်းကြည့်နေပါသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com

ပိုင်း အနေကြာလာသောအခါ ကျွန်တော်နှင့် ရင်းနှီးလာပြီး အစာကအစ ကျွေးလို့ရလာပါသည်။ ညနေခင်း ပြတင်းနံဘေး၌ ကျွန်တော်စာဖတ်သောအခါ ပေါင်ပေါ်ထိတက်လာ၍ စာဖတ်မပျက် ပွတ်သပ်ပေးသောဇိမ်ကိုလက်ခံသည့်အထိ လူနှင့်ကြောင်အဆင်ပြေသွားခဲ့ပါသည်။

တစ်ခါသော ညချမ်းအချိန်၌ သူ့နံဘေး၌ရှိနေသော ရွှေဝါမကို အဘွားဖြစ်သူက ခေါင်းပွတ်ပေးရင်း -

"သမီး၊ အမေခံတွင်းမကောင်းဘူး အစိုလေးစားချင်တယ်"

အဘွားက ထိုသို့ပြောပြီးသည်နှင့် ကြောင်မလေးသည် အဘွားကိုမော့ကြည့်၍ညောင်သံပေးကာ အိမ်အောက်သို့ ပြေးဆင်းသွားပါတော့သည်။ စိတ်အထင် နာရီဝက်ခန့်ကြာသောအခါ ကြောင်မလေးသည် တစ်စုံတစ်ခုကို ပါးစပ်နှင့်ချီလာကာ အဘွားရှေ့သို့ချပေးလိုက်ပါသည်။ လွန့်လွန့်လွန့်နှင့်ငါးခူတစ်ကောင်ဖြစ်နေတော့ ကျွန်တော် အံ့သြသွားပါတော့သည်။ ထိုငါးခူကို အဘွားက ဓားဖြင့် ခေါင်း၊ အမြီးဖြတ်ကာ ရွှေဝါမလေးကိုကျွေးတော့ အမြီးယမ်းစားနေပါတော့သည်။ ကျွန်တော်စဉ်းစားနေသည်မှာ ထိုငါးခူအရှင်ကို ရွှေဝါမလေး ဘယ်နေရာကသွားဖမ်းပါသနည်း။

နောက်တစ်ဖန် လဝက်ခန့်ကြာသောအခါတွင် ညနေထမင်းစားပြီး ကျွန်တော် ရေနွေးသောက် စာဖတ်နေစဉ် ရွှေဝါမလေးက အဘွားနားကပ်ပြီး ပွတ်သီးပွတ်သပ်လုပ်နေပါသည်။ ထိုအခါ အဘွားက ရွှေဝါမကိုပွတ်သပ်ပေးပြီး -

"သမီးလေး၊ အမေခံတွင်းတယ်မကောင်းလှဘူး။ ဒီတစ်ခါတော့ အခြောက်ကလေးစားရရင် ပိုကောင်းမယ်"

ရွှေဝါမလေးက အဘွားမျက်နှာတစ်ချက်မော့ကြည့်ပြီး ညောင်သံတစ်ချက်ပေးကာ အိမ်အောက်သို့ပြေးဆင်းသွားပါတော့သည်။ ကျွန်တော် စဉ်းစားနေသည်မှာ ယခင်တစ်ခါတုန်းက အဘွားဖြစ်သူ၏ အစိုဆိုသော စကားကြောင့် ရွှေဝါမလေးက ငါးခူအစို (ငါးခူအရှင်)ဖမ်းလာပါသည်။ ယခု အခြောက်ဟုပြောသောအခါ ဘာအကောင်ဖမ်းလာမလဲဟု စာအုပ်တောင်မဖတ်နိုင်တော့ဘဲကျွန် တော်ကိုယ်တိုင် စိတ်ဝင်စားစွာ ရွှေဝါမလေးပြန်အလာကို စောင့်ကြည့်နေရပါတော့သည်။ သည်တစ်ခါတော့ ယခင် ငါးအစိုသွားဖမ်းစဉ်ကလိုအချိန်မပြန်ပါ။ တစ်နာရီလောက်ကြာပါသည်။

လာပါပြီ ရွှေဝါမ။ အိမ်ဝါးကပြင်ပေါ် ခုန်တက်လာကာ သူ့မပါးစပ်၌တစ်စုံတစ်ခုကို ဆွဲကိုက်ချီလာပါသည်။ ပြီးမှ အဘွားခြေရင်းသို့ ထိုအရာကိုထား၍ ညောင်သံပေးလာပါတော့သည်။ လက်ဖဝါးတစ်ပြန့်ရှိငါးခြောက်ပြားကြီးတစ်ချပ်ဖြစ်နေပါတော့သည်။ ထိုအခါ အဘွားက ငါးခြောက်ပြားကိုကောက်ယူ၍ ဓားမဖြင့် စဉ်းတီတုံးပေါ်တင်ကာ အမြီးပိုင်းများ ခုတ်ဖြတ်၍ ရွှေဝါမလေးကို ချကျွေးရာ သူ့အမြီးလေးကို ဟိုဘက်ဒီဘက်နှံ့၍ ကျေနပ်ပုံဖြင့် အစာစားနေပါသည်။

ကျွန်တော်စဉ်းစားရခက်သွားပါသည်။ ထိုစဉ်က ရပ်ကွက်တွင်း၌ ငါးခြောက်ရောင်းသောအိမ်ဈေးဆိုင်များ မရှိပါ။ သူများအိမ်က ငါးခြောက်ကို တက်ခွဲ၍ ကိုက်ချီလာရန်ကလည်း ထိုအိမ်များ၌ အမြဲတမ်း ငါးခြောက်ရှိနေရပါမည်ဟု အာမမခံနိုင်ပါ။ ငါးရက်နေမှ ဈေးကြီးတစ်ခါခင်းသော တိုက်နယ်မြို့နယ်လေး ဖြစ်ပါသည်။ ထိုဈေးနေ့ကျမှ ဟင်းကောင်းဝယ် ချက်စားကြသော ခလေ့လည်း ဖြစ်ပါသည်။ ငါးခြောက်အမြဲတမ်းရှိသောနေရာသည် မြို့သစ်ရပ်ကွက်ထဲ၌ တည်ထားသော ဈေးကုန်းပဲ ရှိပါသည်။ ကျွန်တော်တို့နေထိုင်ရာ စက်ပိုင်းရပ်ကွက်နှင့် မြို့သစ်ရပ်ထဲရှိ ဈေးကုန်းသည် လူသားတစ်ယောက်အတွက် ပြောလောက်စရာအလှမ်းမဝေးလှသော်လည်း ရွှေဝါမလိုကြောင်မလေး တစ်ကောင်အတွက် မဟားတရား အလှမ်းဝေးလှပါသည်။ ပထမဦးဆုံး စက်ပိုင်းရပ်ကွက်၊ ဒုတိယအစုန်အဆန် သံလမ်းများ၊ တတိယဘူတာရုံနှင့်ဝန်ထမ်းလိုင်းခန်းများ၊ စတုတ္ထမြို့သစ်ရပ်ကွက်၊ ပဉ္စမငါးခြောက်ဆိုင်ခန်းသုံး၊ လေးခန်းရှိသောဈေးကုန်း ဖြစ်ပါသည်။ လမ်းခရီးအကွာအဝေးများကြားတွင် ရွှေဝါမလေးကို အမဲဖျက်သလို ကိုက်သတ်နိုင်သည့် ခွေးပေါင်းများစွာ၏အန္တရာယ်ကမသေးလှပါ။

ကျွန်တော်ကတော့ ခရီးအလွန်ဝေးကွာလှသောဈေးကုန်းအထိရောက်အောင် ရွှေဝါမလေး မသွားနိုင်ပါဘူး တွေးမိသော်လည်း အခြောက်စားလိုပါသည်ဟု အဘွားပြောသော ယခုအကြိမ်၌ ရွှေဝါမလေးအချိန်နည်းနည်းကြာသည်ကိုတော့ သတိထားလိုက်မိပါသည်။ သို့သော် မသေချာဘဲနှင့် စိတ်ထဲ၌ မဝေဖန်လို၍ ရွှေဝါလေးအားအား အစို၊ အခြောက်ပုစ္ဆာပြဿနာကို စေခိုင်းနေသော ဘွားအေဖြစ်သူကို ဘာမှတော့ မပြောသေးပါ။ ရွှေဝါမလေးနှင့်ပတ်သက်၍ ခိုင်ခိုင်မာမာသိလိုက်ရသောအချက်ကား ဤကြောင်မလေးသည် လူပြောသောစကားကို တစ်သဝေမတိမ်း နားလည်နေခြင်းသာ ဖြစ်ပါသည်။ နောက်တစ်ကြိမ် ဘွားအေဖြစ်သူက ရွှေဝါမလေးကို အစို၊ အခြောက်ခိုင်းစဉ်၌ ကျွန်တော် အရင်ကလို အိမ်၌ထိုင်မစောင့်တော့ပါ။

## အခန်း (၃)

## အသက်ကိုနှင်း၍

သိပ်မကြာခင် နောက်ထပ်တစ်ဖန် ရွှေဝါမလေးကို ဘွားအေ အစိုစားချင်သည်ဟုပူဆာသောအခါ ရွှေဝါမလေးနောက်သို့ မလှမ်းမကမ်းမှ လက်နှိပ်ဓာတ်မီးဆွဲ၍ ကျွန်တော်လိုက်ပါသွားပါတော့သည်။ ရပ်ကွက်လမ်းများမှ ခွေးများလိုက်၍ ရန်မူခြင်းကို ရှောင်လိုက်ရှားလိုက်နှင့် သစ်ပင်ပေါ်တက်၊ အိမ်ခေါင်ပေါ်တက် ပုန်းရှောင်လိုက်နှင့် ရပ်ကွက်မြောက်ဘက်တွင်ရှိ ရေရှိသော ရိုးချောင်းမှတစ်ဆင့် စီးဝင်နေသော ရေမခန်းသေးသောရေအိုင်ငယ်လေးထံသို့ ရွှေဝါမလေးသွားနေမှန်း သိလိုက်ရပါတော့သည်။ ကျွန်တော်လိုက်လာမှန်း ရွှေဝါမလေးမသိပါ။ ကြယ်ရောင်၊ လရောင်အောက် ရေအိုင်လေးနံဘေး၌ ရေကန်အတွင်းသို့ မျက်နှာမူငုံ့ကြည့်၍ မလှုပ်မယှက် သတိကြီးကြီးထိုင်ကာ ငါးဖမ်းရန် ချောင်းမြောင်းစောင့်စားနေသောမြင်ကွင်းကို မနီးမဝေးမလှမ်းမကမ်းကို ကျွန်တော် စောင့်ကြည့်မနေတော့ပါ။ အိမ်အပြန်လမ်းအတိုင်း လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ပြန်လာပါတော့သည်။

ထုံးစံအတိုင်း ရွှေဝါမလေးက မိလာသောငါးကို အဘွားရှေ့ချပေး၊ အဘွားက ရွှေဝါမလေးကို ငါး၏ခေါင်းပိုင်း၊ အမြီးပိုင်းဖြတ်ကျွေး၊ အမြီးလေးယမ်းကာစားနေသော ရွှေဝါမလေးကို သည်တစ်ခါတော့ သနားခြင်းကြီးစွာ ကရုဏာစိတ်နှင့် မျက်ရည်ဝိုင်းမတတ် ကျွန်တော်ကြည့်ရင်း ယခင်အခါတနှင့် မတူသော ခံစားချက်အသစ်တစ်ခုတရင်မှာ အသစ်အဆန်းအဖြစ်ခဲ့တည်လာပါတော့သည်။ ကျွန်တော်တွဲတွဲပြားပြား သိချင်သော၊ ဒွိဟဖြစ်နေသော အခြောက်ကိစ္စခိုင်းချိန်ကို သည်းခံ၍စောင့်နေရ



www.burmeseclassic.com

www.burmeseclassic.com

ဦးမည်။

ရက်များသိပ်မကြာခင် အဘွား က လသာညပိုင်းအချိန်ကို ရွေးချယ်၍ ရွှေဝါမလေးကို အခြောက်ကိစ္စခိုင်းပါတော့သည်။ ထုံးစံအတိုင်း ရွှေဝါမလေး နောက်သို့ လက်နှိပ်ဓာတ်မီးဆွဲ၍ မလှမ်းမကမ်းမှ နောက်ယောင်ခံ ကျွန်တော်လိုက်သွားပါသည်။ ရပ်ကွက်အရှေ့ဘက်သံလမ်းရှိရာသို့ ဦးတည်သောအခါ ကျွန်တော် တွေးထင်ထားသည့်အတိုင်း စိတ်ထင့်သွားရပါတော့သည်။ သေချာသွားပါပြီ။ ရွှေဝါမလေး၏ ဦးတည်ရာကား သံလမ်းစုန်ဆန်ဖြတ်၍ဘူတာရုံသို့ ဘူတာရုံမှဖြတ်၍ မြို့သစ်ရပ်ကွက်ထဲရှိ ဈေးကုန်းဆီသို့။ ကြောင်မလေးတစ်ကောင်အတွက် အလွန်ဝေးလံသော အသွားအပြန်ခရီး၊ အန္တရာယ်အတိပြီးသော အသက်ကို သေမင်းထံ အပ်နှင်းထားရသောခရီး၊ ကြောင်မလေးအတွက် ကျွန်တော့်ရင်က လေးလံလာပါတော့သည်။ ဘူတာရုံကျတော့ လူတွေအဖြတ်အသန်းများခြင်း၊ ခွေးပေါင်းစုံအန္တရာယ်ကြောင့် မြေပြင်မှမသွားတော့ဘဲ ဘူတာရုံ ဝန်ထမ်းလိုင်းများ၏ ခေါင်မိုးပေါ်သို့ ခုန်တက်ကာ ခေါင်မိုးတစ်ခုပြီးတစ်ခု ခုန်ကူး၍ မြို့သစ်ရပ်ရှိ ဈေးကုန်းသို့ ဦးတည်သွားတော့သည်။ ကြောင်မလေး တော်တော်ပါးနပ်သားဟု ဘဝင်ကျကာ ပြုံးမိပါတော့သည်။

ဈေးကုန်းထဲ၌ ခွေးအလွန်များပါသည်။ ထို့ကြောင့် လိုရမည်ရ ဘူတာဝန်ထမ်းဖြစ်သော ဂျမဒါကိုကြီးညိုလိုင်းခန်းမှ ထမ်းပိုးကြီးတုတ်ဆိုနှစ်ချောင်း ခဏဝင်၍ငှားလာပါတော့သည်။ ရွှေဝါမလေး လိုင်းခန်းခေါင်မိုးပေါ်မှ ခုန်အချ မြို့သစ်ရပ်ကွက် ဈေးကုန်းသို့အကူး လရောင်ထိန်ထိန်နှင့် မြင်ရသောအခါ မျက်ခြည်ပြတ်မသွားသေး၍ စိတ်တော့ နည်းနည်းအေးသွားပါသည်။ ဈေးကုန်းထဲရှိ ငါးခြောက်ဆိုင်ခေါင်မိုးပေါ်သို့ ခုန်တက်သွားသောအခါ ဈေးခွေးလေး ငါးခြောက်ကောင်က ကြောင်နံ့ရ၍ ဆိုင်ရှေ့နောက်အီသံပေး၍ထွက်အလာကို ကျွန်တော်မြင်ရသောအခါ သည်တစ်ခါတော့ ရွှေဝါမလေး အန္တရာယ်ကြီးလွန်းမကကြီးလွန်းနေသောကြောင့် ပုဆိုးတိုတိုပြင်ဝတ်ကာ လက်နှိပ်ဓာတ်မီး ခါးထိုး၍ တုတ်တိုနှစ်ချောင်းဘယ်ညာစွဲကာ ဆိုင်၏ မလှမ်းမကမ်း မှောင်ရိပ်မှ သတိအနေအထားဖြင့်စောင့်နေပါတော့သည်။ ဒါတောင် ခွေးနှစ်ကောင်က ကျွန်တော့်မြင်သွား၍ သည်းကြီးမည်းကြီးထိုးဟောင်နေ၍ လရောင်အကူယူကာ ထိုင်လိုက်ထလိုက်ခုန်ဆွခုန်ဆွသုံး၊ လေးကြိမ်လုပ်ပြတော့မှ ခွေးတို့၏ထုံးစံအတိုင်း (နာနာဘာဝထင်မှတ်၍) တအီအီအသံပြုလျက် ပြေးထွက်သွားကာ ခပ်ဝေးဝေးမှ ဟောင်သံပေးနေပါတော့သည်။ ရှေ့တက်မလာတော့ပါ။

သိပ်မကြာခင် ငါးခြောက်ပြားကို ပါးစပ်မှ ကိုက်ချီ၍ ငါးခြောက်ဆိုင်ခေါင်မိုး ကြောင်လျှောက်လမ်းမှ ရွှေဝါမလေး မြေပြင်ပေါ်သို့ခုန်အဆင်း မြေပေါ်အရောက် ကြောင်နံ့ကြောင့် စိမ်ပြေနပြေ ဝပ်စောင့်နေသော ဈေးခွေးသုံးကောင်က ရှေ့နောက်ဘေးညှပ်ကာ အသံမပေးဘဲ ရွှေဝါမကို ဝင်ဆွဲပါတော့သည်။ ရှေ့နှင့် ဘေးခွေးကို မာန်ဖီသံပေး၍လက်သည်းများနှင့် ကုတ်ခြစ်သော်လည်း နောက်က ဝင်ဆွဲသော ခွေးပါးစပ်ထဲ မြောက်ခနဲရွှေဝါမလေးပါသွားပါသည်။ ကျွန်တော် ငြိမ်ငြိမ်နေ၍မရတော့ပါ။ ထမ်းပိုးကြီးတုတ်နှစ်ချောင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်၍ ဘယ်ညာလွဲကာ ခွေးအုပ်ထဲ တစ်ဟုန်ထိုးဝင်သွားပါတော့သည်။ ရွှေဝါမလေးကိုအမိအရငုံခဲသော ခွေးကို ဦးတည်၍ စိတ်တိုတိုနှင့် ဘယ်လောက် ရိုက်ပစ်သည်မသိပါ။ ကြောင်ကို ပါးစပ်မှချပြီး တအိန်အိန်အော်၍ အဝေးသို့ပြေးထွက်သွားပါတော့သည်။ ရှေ့နှင့်ဘေးမှ ခွေးနှစ်ကောင်မချောင်ပါ။ ဗိုးခနဲ လက်မှပြေးထွက်သွားသော တုတ်နှစ်ချောင်းစာအမိအရထိကာ အော်သံပေး၍ အမြီးတန်းကာ လစ်ပြေးကုန်ပါတော့သည်။

ခွေးဆူသံကြောင့် ဈေးကုန်းထဲနေသော ကိုညွန့်မောင် ခေါက်ဆွဲဆိုင်ပိုင်ရှင်က ဆိုင်နောက်ဖေးတံခါးဖွင့်ကာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လာပါတော့သည်။မီးရောင်ကြောင့် ကျွန်တော် မှန်းကွဲကွဲပြားပြားသိသွားပါတော့သည်။

"ခွေးတွေဆူပါတယ်လို့ထွက်ကြည့်တာ ဘယ်သူတုံးလို့။ လက်စသတ်တော့ မောင်နိုင် မင်းကိုး။ ကိုက်များကိုက်မိသွားသေးလား ငါ့ညီ"

"မကိုက်မိပါဘူး အစ်ကိုညွန့်မောင်ရဲ့။ ကျွန်တော်က ညခင်းမီးချပ်ဘူတာသွား ချောအိပ်လဲနေကျမို့ ဒီကောင်တွေကိုအလစ်မှမပေးတာ။ အရင်တစ်ခေါက်လိုက်ဆွဲဖူးလို့ ဒီတစ်ခါ တုတ်ဆောင်လာတာ ခုတော့ တော်တော်အီသွားကြတာပေါ့"

"အေးအေး-မကိုက်မိပြီးတာပါပဲ။ ကိုက်မိ ဆေးထည့်သွားလို့ပြောမလို့"

ကိုညွန့်မောင် ဆိုင်နောက်ဖေးတံခါးပိတ်ဝင်သွားတော့မှ လဲနေသော ရွှေဝါမကို လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်ကာ -

"မရွှေဝါ၊ မရွှေဝါ မိန် . . . မိန် မောင်နိုင်ရှိတယ်၊ ဘာမှမကြောက်နဲ့ ဘာမှမကြောက်နဲ့"

ဓာတ်မီးအရောင်နှင့် ကျွန်တော့်အသံကြား၍ ရွှေဝါမလေး အနိုင်နိုင်မတ်တတ်ရပ်လာပါသည်။ ရွှေဝါမလေး ခါး၌ ခွေးစွယ်ကြောင့်နည်းနည်းပေါက်သွား၍ သွေးနည်းနည်းစိမ့်ထွက်နေပါသည်။ ရှေ့ညာလက်တစ်ဖက်လည်း တော်တော်နာနေပုံရပါသည်။ အနိုင်နိုင်ထောက်ထားရသည့်ဟန်။ ဒါတောင် သဲအလူးလူးနှင့်ငါးခြောက်ပြားကို ပါးစပ်မှမလွှတ်။ အာဂကြောင်မရွှေဝါမ။ ပုဆိုးရှည်ရှည်ပြင်ဝတ်ကာ ရွှေဝါမကိုပွေ့ချီ၍ ခါးပုံစရှည်ရှည်ဖြင့် ဒဏ်ရာမှသွေးသိပ်မထွက်ရန် ကျွန်တော်ခပ်ဖွဖွဖိထားလိုက်ပါသည်။ လက်နှိပ်ဓာတ်မီးဖြင့် ခွေးတွေကိုပစ်လိုက်သောတုတ်နှစ်ချောင်းရှာဖွေကောက်ယူ၍ ဘူတာကိုဖြတ်ပြန်လာပါတော့သည်။

တုတ်နှစ်ချောင်းကို ဂျမဒါကိုကြီးညို လိုင်းခန်းကပြင် ထားနေကျနေရာ၌ နေသားတကျထားပြီး လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် စုန်ဆန်သံလမ်းဖြတ်၍ စက်ပိုင်းရပ်ကွက် နေအိမ်သို့ ပြန်လာခဲ့ပါတော့သည်။ အိမ်ကျလျှင် ပထမဦးဆုံး ရွှေဝါမလေး၏ ခွေးကိုက်ဒဏ်ရာကို ဆေးထည့်ရပါမည်။ နာသွားသော ရှေ့လက်ကလေးကိုလည်း ဆေးထည့်၊ ပတ်တီးစည်းရပါဦးမည်။ ဒုတိယ အဘွားဖြစ်သူကို မျက်နှာချင်းဆိုင်၍ ကတိတစ်ခုတောင်းရပါဦးမည်။ကျွန်တော်တောင်းမည့်ကတိကား နောင်ရွှေဝါမလေးကို အစိုး အခြောက်ကိစ္စမခိုင်းရပါ။ ရွှေဝါမလေးယူနေသောတာဝန်ကို မြေးမောင်နိုင်၏ပခုံးပေးတင်ပေးပါ။ မြေးမောင်နိုင် ထိုတာဝန်ကိုကြည်ကြည်ဖြူဖြူ လုပ်ပေးပါရစေ။ ကျေးဇူးပြု၍ ခွင့်ပေးပါ။

အဘွားဖြစ်သူကလည်း ထိုကတိကိုပေးပါလိမ့်မည်။ ထိုကတိဖြစ်ပေါ်လာအောင် အခြေခံအချက်သုံးခုရှိနေပါသည်။

၁။ သတ္တဝါတွေအပေါ် အခွင့်ကောင်းယူ၍ သူ့အသက်သတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

(ပါဏာတိပါတက်) အစိုပြဿနာကို လည်းကောင်း၊ သူ့ဥစ္စာခိုးခြင်း (အဒိန္နက်) အခြောက်ပြဿနာကို လည်းကောင်း သွယ်ဝိုက်အားပေးခဲ့သော ကျွန်တော့် ဘွားအေး၏ သေစာရှင်စာမျှလောက်ပင် မတတ်သောအသိဉာဏ်ကိုလည်း အပြစ်ပြော၍မရပါ။

၂။ ရွှေဝါမလေးဆိုလျှင် သံခင့်အပေါ် တာဝန်ကျေလွန်းမက ပိုလျှံနေ၍ ချီးကျူးရပေမည်။

၃။ ယခုအရွယ်ထိ လူလားမြောက်အောင်၊ အသိဉာဏ်ရှိအောင် ပြုစုပျိုးထောင်ခဲ့ခဲ့ရသော ကျွန်တော်က ကိုယ့်ဘွားအေး၏ခံတွင်းအာလျှာကို သတိမမူခဲ့ပါဘဲ (ရွှေဝါမလေးကြောင့်သာသိခဲ့ရ၍) ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်သင့်ပါသည်။ ဒါမှလည်း ကြောင်းကျိုးညီမျှပါလိမ့်မည်။

## အခန်း (၄)

## တော့လွဲတွန်းလုံနှင့်ဉာဏ်ကျောမွဲများ

ကျွန်တော်သည် မျက်လုံးတစ်စုံလုံးကောင်းသူဖြစ်ပါ၏။ အဖြူအမည်းမျှသာမြင်နိုင်သော ကာလာဘလိုင်း အမြင်အာရုံချို့တဲ့သူလည်းမဟုတ်ပါ။ သို့သော် ကျွန်တော်သည် မြင်နိုင်လျက်ပါရက်နှင့် ကန်းခဲ့ဖူးပါသည်။ ထိုသို့ ကန်းခဲ့ဖူးပါသည်ဟုပြောလျှင် သို့လောသို့လော စဉ်းစားရခက်သွားနိုင်ပါသည်။ ကျွန်တော်မှ မဟုတ်ပါ။ လူတော်တော်များလည်း ကျွန်တော့်လိုပဲဖြစ်ဖူးကြပါသည်။ ဉာဏ်မျက်စိဖြင့်တိုင်းထွာမှ သိမြင်နိုင်သော တွေးတောစဉ်းစား ဝေဖန်ပိုင်းခြားနိုင်သော ဗဟုသုတဝမ်းစာမပြည့်သေးသမျှ ကျွန်တော်တို့မြင်လျက်နှင့် ကန်းနေရပါလိမ့်မည်။

အိုဗျာ - ဗဟုသုတလောက်ကတော့ အင်တာနက်က ဘယ်ဝက်ဘ်ဆိုက်တွေထဲဝင်ရှာဝင်ရှာ အလွယ်လေးပါဟု ပြောလျှင်မငြင်းပါ။ ခက်ခက်ရာမှတ်လို့တု စာအုပ်ကတက်နိုင်ပါသည်။အကောင်းဆုံး စာကြည့်တိုက်ကြီးတွေလည်း ကိုယ့်နိုင်ငံမှာ ပေါမှပေါ၊ သွားရှာကြည့်လျှင် တွေ့မှာပါဟု ထောက်ပြလျှင်လည်းမငြင်းပါ။

သို့သော် တချို့သော ဗဟုသုတရှာသူများသည် ဝက်ဘ်ဆိုက်များ၊ စာကြည့်တိုက်များ၌သွားရှာလျှင် ရှာသူသာမောသွားပါလိမ့်မည်။ ဦးခေါင်းသုံးလုံးရှိသူကို ရှာ၍ကပ်ပါ ဟူ၍ ငယ်ငယ်တုန်းက ကျောင်းများ၌ သင်ကြားခဲ့ခြင်းသည် အလကားစာသားမဟုတ်ပါ။ ဦးခေါင်းသုံးလုံးဟုခေါ် ဆိုနိုင်သော သက်ကြီးရွယ်အိုများသည် ဗဟုသုတဟင်းလေးအိုးကြီးများ ဖြစ်ပါသည်။ အကောင်းဆုံးအသက်ရှိသော ဝက်ဘ်ဆိုက်ကြီးများလည်းဖြစ်၍ အချိန်မရွေး ရှိရှိသေသေဝင်၍မေးမြန်းနိုင်သောရွေ့လျားစာကြည့်တိုက်ကြီးများ၊ လမ်းလျှောက်အဘိဓာန်ကြီးများဖြစ်နေခြင်းကို ကျွန်တော်တို့ တမင်တကာ ချန်လှပ်၍ ကျော်သွားနေခြင်းသာ ဖြစ်ပါသည်။ ထိုရွှေမိနောက်မိပုဂ္ဂိုလ်ကြီးများသည် အနှစ်နှစ်အလလ တိုက်စားသယ်ယူဆောင်လာသောအသိဉာဏ်ချောင်းများမြစ်များ၏ ဝတ်ရည်မှန်ပြင်ကြီးများဖြစ်ပါသည်။ ပညာဉာဏ်များအနည်စုထိုင်ရာ၊ သိုမှီးရာဉာဏ်ဘဏ်တိုက်ကြီးများဖြစ်နေခြင်းကို ကျွန်တော်တို့၏ ငယ်ရွယ်သောမာန်ဟနတို့ကြောင့် အောက်ကျို့ခံ၍ ဆရာတစ်ဆူအဖြစ်မတင်မြှောက်လိုခြင်းလည်း ဖြစ်ပါလိမ့်မည်။

ရှေးယခင်က တရုတ်ပြည်ရှိ ယန်စီမြစ်ကမ်းနံဘေး၌ တည်ထားခဲ့သော ဘုရားဘုံကျောင်းတစ်ခုသည် ကျောင်းပျက်နှင့်အတူ မြစ်ထဲရောပါသွားပါတော့သည်။ ထိုဘုံကျောင်းရှိ ကြေးခေါင်းလောင်းကြီးတစ်ခုသည်လည်း ကျောင်းပျက်နှင့်အတူ မြစ်ထဲရောပါသွားပါတော့သည်။ သမိုင်းသုတေသီတို့သည် အချက်အလက်များ ကိုးကား၍ လမ်းညွှန်မြေပုံနှင့် ခေတ်မီသောလျှပ်စစ်ဖြင့် ရေအောက်အသံလှိုင်းရိုက်ခတ်၍ ပုံတင်သံပြန်ဖမ်းနိုင်သောစက်များ၏ အကူအညီဖြင့် ဘုံကျောင်းပျက်ကြီး ပြိုကျရာနေရာမှ မြစ်အောက်ဘက်ရှိ မြစ်အကြေမြစ်ရိုးအတိုင်း သဲထဲ၌နစ်မြုပ်နေသော သမိုင်းဝင်ခေါင်းလောင်းကြီးကို စုန်ချည်တစ်လှည့်ဆန်ချည်တစ်ခါရှာဖွေခဲ့ကြသည်။ လုံးဝမတွေ့ပါ။

ထိုအခါ ယန်စီမြစ်ထဲ လှေတစ်စီးဖြင့် ငါးဖမ်းအသက်မွေးမြူသော တံငါသည်အဘိုးအိုက ပျားပန်းခပ်အလုပ်ရှုပ်နေသော ရေအောက်ပစ္စည်းရှာဖွေရေးအဖွဲ့ကို ဘာပစ္စည်းများသည်းကြီးမည်းကြီးရှာဖွေနေပါသလဲဟု မေးမြန်းယူရပါတော့သည်။ ကြေးခေါင်းလောင်းကြီး ရှာဖွေနေကြောင်း သိရသောအခါ ထိုတံငါသည်အဘိုးအိုက ကြေးခေါင်းလောင်းကို မြစ်အကွေ့အောက်ဘက်မှာမရှာပါနှင့်။ မြစ်ညာသို့ဆန်၍ရှာပါလေဟု ပြောသောအခါ လွယ်လွယ်နှင့်လက်မခံကြပါ။

ထိုအခါ အဘိုးအိုက ရေနွေးသောက်ပန်းကန်ကို ကြေးခေါင်းလောင်းသဘောမှတ်ခိုင်း၍ လက်ဖဝါးပြင်၌တင်ပြကာ လက်ဖဝါးပြင်ကို ရေအောက်သဲကြမ်းဖြင့်ဥပမာပေးကာ မြစ်ရေစီးကြောင်းသည် ကြေးခေါင်းလောင်း၏အလေးချိန်ကြောင့် တွန်းဝှေ့မလိုက်စားနိုင်ဘဲ နံဘေးနှစ်ဖက်နှင့်အောက်ခံသဲမြေကိုတိုက်စား၍ ကြေးခေါင်းလောင်းအောက်ခြေ၌ ကလိုဏ်ဖွဲ့ လေဟာနယ်ဖြစ်ကာ ရှေ့သို့ ကျွမ်းထိုးကျသွားနိုင်ပုံ၊ ထိုမှတစ်ခါ အောက်ခြေတိုက်စား ကလိုဏ်ဖွဲ့ကာ ရေနွေးပန်းကန်လေးကို လက်ဖဝါးပြင်ပေါ်သို့ ရှေ့သို့ကျွမ်းထိုးသောပုံသဏ္ဌာန်ပြကာ နှစ်ပေါင်းများစွာကြာသည့်အခါ ဘုံကျောင်းအပျက်နေရာကိုပင်ကျော်၍ မြစ်ညာသို့ ကြေးခေါင်းလောင်းကြီးကျွမ်းထိုးတက်သွားနိုင်ပုံနမူနာတူလုပ်ပြမှ သိသာလွယ်သော၊ ရိုးရှင်းသောပြကွက်ကိုပြ၍လက်ခံသွားပြီး မြစ်ညာသို့ဆန်တက်ရှာသောအခါ သမိုင်းဝင်ဘုံကျောင်းမှ ကြေးခေါင်းလောင်းကြီးကို တွေ့သွားသည်ဟု ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ခုရှိခဲ့ဖူးပါသည်။

ကျွန်တော်တို့ဆီမှ ရွှေဉာဏ်တော်စူးသူများကြောင့်လည်း အာဂျင်တီးနားနိုင်ငံမြစ်တစ်ခုမှ ဖမ်းမိသောမြွေကြီးက အလွန်ဝေးလံသောနယ်ခြားစည်းများကို ပတ်စပို့မလိုဘဲ ဓမ္မစေတီခေါင်းလောင်းကြီးကို ကိုယ့်စရိတ်ကိုယ်စား အစောင့်နဂါးကြီးအဖြစ်သို့ မျက်လှည့်ပြခြင်းခံလိုက်ရပါတော့သည်။ သူ့ခမျာ အာဂျင်တီးနားနိုင်ငံ မြစ်ထဲမှာသေရခြင်းကို ကောင်းကောင်းမသေရ။ အယူတိမ်း၍ မြန်မာပြည်မှ ခေါင်းလောင်းစောင့်နတ်နဂါးအစိမ်းအဖြစ် ပရိုမိုးရှင်းဖြစ်ရတော့သည်။ ဩော် - ခမျာမျာ ပိပိရိရိမှမလိမ်တတ်ပေဘဲ။

ဤသို့ဆိုလျှင် ကျွန်တော်တို့အားလုံးနီးပါး ဗဟုသုတအားနည်း၍ အခွင့်အလမ်းကောင်းတချို့ကို ကြုံတွေ့ခဲ့ရသော်လည်း ရအောင်မယူနိုင်ခဲ့ကြဘဲ ဖယ်ခဲ့ရှားခဲ့ရှောင်သွေခဲ့ခြင်းတို့ အပြစ်တစ်ခုဟု ယူဆ၍ရနိုင်ပါမည်လား။ ခပ်ညံ့ညံ့လူတွေပါဟု ကွယ်ရာမှာ တုံ့ခဲ့နေရုံမျှနှင့် အဖြေမှန်ဟု ပြော၍ရနိုင်ပါမည်လား။ ကိုယ့်ကိုယ်ကိုယ်အောင့်တွေးပြီး ပြဿနာတစ်ခုမှ ရှောင်နေ၍ရပါမည်လား။ ဖြတ်သန်းခဲ့ရသော ဘဝခရီးလမ်းများ၌ အမှားတွေ ဘယ်လောက်များနေ

www.burmeseclassic.com

ပါစေ၊ တေ့လွဲတွေဘယ်လောက်ရှိနေပါစေ၊ တွန်းလှဲတွေဘယ်လောက်ခံနေရပါစေ ပြင်လို့ရပါသေးသည်၊ ပြင်နိုင်သေးသည်ဟူသော ခံယူချက်ကြီးကြီးမားမားရှိနေရပါမည်။ အမှားများကို သင်ခန်းစာအဖြစ်ချနင်း၍ အမှန်လမ်းကို ရွေးချယ်ရှာရပါဦးမည်။ ဖျက်ရာခြစ်ရာမပါသော အတွေ့အကြုံသည် အတွေ့အကြုံကောင်းမဟုတ်ပါ။ ဂျပန်လူမျိုးတို့၌ အလွန်ပင် စံနမူနာယူစရာကောင်းသော စကားတောင်းလေးတစ်ခွန်းရှိပါသည်။

*□ ခုနစ်ခါမြောက် တွန်းလှဲခံနေရပါစေ ရှစ်ခါမြောက်မှာ ကုန်းရုန်းပြန်ထမည်။*

## အခန်း (၅)

## ဦးဘိုးကောင်းနှင့် ကြောင်နက်ရှစ်ကောင်

အေလာမြို့သစ်ရပ် သုံးလမ်းတောင်ဘက်စွန်းစွန်းတွင် ကြံတိုင်အောင် ဆီစက်နှင့် ပွဲရုံရှိပါသည်။ ဘကြီးဦးဘိုးကောင်းနှင့် သားများဖြစ်သော ဦးထွန်းရွှေ၊ ဦးကိုကိုနှင့် သားသမီးမိသားစုများက ဦးစီးလုပ်ကိုင်နေသော လုပ်ငန်းလည်း ဖြစ်ပါသည်။ ဘကြီးဦးဘိုးကောင်းဆိုလျှင် အလွန်မြန်မာဆန်လွန်းသူဖြစ်ပါသည်။ အညာဖြစ်တိုက်ပုံဖြူထူထူကို သုံးရာသီစလုံး မချွတ်တမ်းဝတ်သူ ဖြစ်ပါသည်။ ပုဆိုးကွက်ထောက်အမြဲတမ်းဝတ်ပြီး ခေါင်းပေါ်၌ ပန်းရောင်ပိတ်ကို သျှောင်တလွဲတွင်ပတ်ထားသူဖြစ်ပါသည်။ အနက်ရောင်ကျဲကိုင်းမျက်မှန်ကိုလည်း နှာခေါင်းပေါ်တင်၍ ချိတ်ထားသော မျက်မှန်လျှော၍ကြည့်လေ့ရှိပါသည်။ သားများဖြစ်ကြသော ဦးထွန်းရွှေ၊ ဦးကိုကိုတို့က ဘွဲ့ရခေတ်ပညာတတ်များဖြစ်သော်လည်း ဖခင်နည်းတူ မြန်မာဆန်ဆန်ခေတ်မီမီနေထိုင်သူများဖြစ်ပါသည်။ သားငယ်ဖြစ်သော ဦးကိုကိုက လူပျိုကြီးဖြစ်၍ ဆီစက်လုပ်သားများကို ဦးစီးခေါင်းဆောင်၍ အမြဲတမ်း စွပ်ကျယ်လက်စကနှင့် ပိုင်ရှင်၊ အလုပ်သမား မခွဲခြားဘဲနေသူဖြစ်ပါသည်။ အေလာမြို့ဈေးကုန်းထဲ၌ရောင်းသော မုန့်ပျားသလက် အဖြူ၊ အနီကို ဦးဘိုးကောင်းကိတ်မုန့်ဟု ခေါ်သံကြားသောအခါ အစကနားမလည်ပါ။ နောက်မှ နားလည်သွားပါသည်။ ဘကြီးဦးဘိုးကောင်းက သရေစာအဖြစ်အားပေးသောအာဟာရဖြစ်သောကြောင့် ချစ်စနိုးဂုဏ်တင်ကာ ခေါ်ဆိုခြင်းဖြစ်ပါသည်။

ဈေးကုန်းထဲ၌ လက်ဖက်ရည်ဆိုင်ကို ဦးကိုရင်ကြီး၊ ဒေါ်အဝိန်တို့ဖွင့်ထားသော်လည်း ဘကြီးဦးဘိုးကောင်းကို ထိုလက်ဖက်ရည်ချိုဆိုင်၌မတွေ့ရသလောက်ဖြစ်ပါသည်။ ဝံသာနုရက္ခိတနှင့်အညီနေထိုင်သော ဘကြီးဦးဘိုးကောင်းကို တစ်မြို့လုံး မသိသူမရှိပါ။ ထိုမိသားစုသည် မြို့လက်၊ တောလက်ဟူ၍ ခွဲခြားမဆက်ဆံပါ။

တစ်ခါသော် ကျွန်တော်သည် ဘကြီးဦးဘိုးကောင်း၏ ကြံတိုင်အောင် ဆီစက်သို့ ခဏတစ်ဖြုတ်ဝင်စဉ် ဦးကိုကို အနား၌ ဝိုင်းနေသော ကြောင်နက်တစ်အုပ်ကို တွေ့ရပါသည်။ အကောင်အရေအတွက်ကိုရေတွက်သောအခါ စုစုပေါင်း ငါးကောင်တိတိရှိသည်။ ဦးကိုကို ကြောင်စာကျွေးနေပုံရပါသည်။ အမွေးဖြူတစ်ပင်တလေမှမဖောက်သော၊ အနက်ရောင်ဖိတ်ဖိတ်တောက်နေသော၊ ခြေသည်း၊ လက်သည်းကအစ အနက်ရောင်ကြောင်နက်များဖြစ်ပါသည်။ ဦးကိုကို၏ ကြောင်စာကျွေးရန်ခေါ်သံကြား၍ ကျွန်တော့်နံဘေးမှဖြတ်၍ ပဲအိတ်၊ နှမ်းအိတ်များပေါ်မှလဲလျောင်းငြိမ်သက်နေသော ကြောင်နှစ်ကောင်ပါအစားဝင်စားသောအခါ ကြောင်နက်အုပ်က အကောင်ရေ စုစုပေါင်း ခုနစ်ကောင်ဖြစ်သွားပါသည်။

ကျွန်တော်က -

"များလှချေလား အစ်ကိုလေး ကိုကိုရဲ့"

"ကျွန်တော်တို့မိသားစုရဲ့လာဘ်ကောင်တွေ ကိုနိုင်ရဲ့။ ဒါတောင် အိမ်ပေါ်မှာအနေများတဲ့ သူတို့အုပ်ရဲ့ဗိုလ်က ဆင်းမလာသေးဘူး။ စုစုပေါင်းရှစ်ကောင်ရှိတယ်"

ဦးကိုကိုစကားမဆုံးမီ လှေကားထစ်ပေါ်မှ ကြောင်နက်ကြီးတစ်ကောင် ဟန်နှင့်ပန်နှင့်ဆင်းလာကာ ကျွန်တော့်ကို လူစိမ်းမှန်းသိသော်လည်း စူးစမ်းဟန်တစ်ချက်လှည့်ကြည့်၍ ကြောင်စာခွက်ရှိရာသို့ ဣန္ဒြေကြီးတစ်ခွဲသားနှင့်ဝင်၍ အစားစားနေပါသည်။ထိုကြောင်ဝင်လာသည်နှင့် ကျန်ကြောင်များက အစားစားလျက်က ရှောင်သွားပါတော့သည်။ သူက ကျန်ကြောင်နက်များထက် ပိုထွားပါသည်။ အထီးလည်းဖြစ်ပါသည်။ ကျွန်တော်က ထိုကြောင်နက်ထီးကို ကြည့်၍ ဦးကိုကိုအား -

"သူလား၊ ကြောင်အုပ်ရဲ့ဗိုလ်ဆိုတာ"

ဦးကိုကိုက ထိုကြောင်နက်ကို ပွေ့ချီလျက် ရင်ခွင်ထဲထားကာ ခေါင်းပွတ်ရင်း -

"ဗိုလ်တင်မကဘူး ကိုနိုင်၊ အဖေကြီးကောင်းရဲ့အချစ်တော်ဗျ။ အဖေကြီးကောင်းရဲ့ အချက်ပေးငွေနာရီကြီးဗျ။ သူက အော်သံပေးရင် ကျန်ကြောင်တွေ ပါလိုက်အော်ကြတာ။ သူတို့ဝိုင်းအော်ပြီဆို ဆီစက်နဲ့ ပွဲရုံ လက်မလည်အောင် အလုပ်တွေကျ၊ ကုန်သစ်တွေဝင်၊ ငွေရှင်တော့တာပဲဗျို့"

ဦးကိုကိုက ပွေ့လျက်မှ ငွေရှင်းစားပွဲခုံပေါ်သို့ ထိုကြောင်နက်ကို ညင်ညင်သာသာတင်လိုက်ပါသည်။ ထိုစားပွဲခုံပေါ်၌ဝတ်လျက်လှဲလျောင်းရင်း ထိုကြောင်နက်ကြီးက ကျွန်တော့်ကို စိမ်းဖန့်ဖန့်မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်နေပါတော့သည်။ သူ့စိမ်းဖန့်ဖန့်မျက်လုံးကို ကျွန်တော်ကစူးစိုက်ပြန်ကြည့်ရင်း နောက်ကျောမလုံသလိုခံစားရသည်ကတော့အမှန်။

ရှေးအီဂျစ်လူမျိုးများက သူတို့၏ ပိရမစ်သင်္ချိုင်းဂူများ၌ ကြောင်ရုပ်များကို ထည့်သွင်း သင်္ဂြိုဟ်လေ့ရှိပါသည်။ ကြောင်သည် ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်ပေးသည်ဟု အယူအဆရှိပါသည်။ လာဘ်ကောင်အဖြစ်လည်း သတ်မှတ်ထားပါသည်။ ဦးကိုကိုအား နှုတ်ဆက်၍ ကျွန်တော်ပြန်ခဲ့ပါသည်။ ကြောင်နှင့်ပတ်သက်သော အတွေးထအမျှင်တန်းလျက်ပါလာပါသည်။

ဘယ်အချိန်ကြည့်ကြည့်ဝပ်လျက်လဲလျောင်းလျက်၊ ပျင်းတိပျင်းရွဲနိုင်သော ဤလက်တစ်ပွေ့စာသတ္တဝါလေးများထံ အလွန်ပင် ကြောက်စရာကောင်းသော ကိုးတောင်ကျားကြီးများက အမဲလိုက်နည်း ဆရာတင်ခဲ့ရသည်ကိုး။ အဆိပ်တော့ ပြင်းသားဟု အထင်ကြီးမိပါသည်။ ကျားကို ပညာကုန်သင်မပေးဘဲ အမဲလိုက်နည်း အမြီးထားပုံထားနည်းအား ဆရာစားတစ်ကွက်ချန်ခဲ့သည်ကို ပုံပြင်များထဲ၌ ကြားရသောအခါ ကြောင်လည်ကျလွန်းသည်ဟု ငယ်ငယ်တုန်းက မျက်မှောင်ကုတ်မိပါသေးသည်။

လောက၌ တစ်ကွက်ချန် ဆရာစားဆိုသည်မှာ သစ္စာမဲ့သူအတွက်ချန်ကိုချန်ထားသင့်ကြောင်း အရွယ်ရောက်ပညာပြည့်တော့မှ နားလည်ခဲ့ပါသည်။ သစ္စာတရားဆိုသည်မှာ မဖောက်ပြန်မကျိုးပေါက်သေးသရွေ့သာ တည်မြဲသည်ကို ကြောင်လေးများက ...တို့ကို ဘဝနေနည်းထိုင်နည်းများ

www.burmeseclassic.com

ထည့်သွင်းမှတ်သားထားရန် သင်ပေးထားခဲ့သည် မဟုတ်ပါလား။

## အခန်း (၆)

## မျက်တောင်တဖျတ်ဖျတ်ခတ်နေတဲ့ မျက်ဝန်းတစ်စုံ

တစ်နေ့သောအခါ ကျွန်တော်သည် ငါးရက်ပြည့်မှတစ်ခါဈေးခင်းသော အေလာမြို့ဈေးနေ့၌ ရောင်းပန်းဝယ်ပန်းများဖြင့် ရှုပ်ယှက်ခတ်နေသောဈေးကိုရှောင်ကွင်း၍ နှစ်လမ်း တောင်ဘက်ဖျား၌ရှိသော ဦးညွန့်လှိုင်ထီဆိုင်ရှေ့မှ ရွာမရပ် မြောက်ပိုင်းလမ်းအတိုင်း ကြံတိုင်းအောင် ဆီစက်ရှေ့သို့အရောက် အရှေ့လက်ဖြစ်သောရွာသစ်ရုံပင်ဇောင်းရွာများမှ ဈေးဝယ်လာသူများအားလုံးနီးပါး နှာခေါင်းပိတ်လိုက်၊ တံတွေးထွေးလိုက်ဖြစ်နေသည်ကို တွေ့လိုက်ရပါသည်။ အံ့အားလည်းသင့်သွားပါသည်။ (ဘာကြောင့်လဲ၊ ဘာများရွံ့ရှာစရာတွေ့လို့ပါလဲ) ဟူသော စူးစမ်းစရာအတွေးက ဝင်လာပါသည်။ ကျွန်တော်လည်း လမ်းကိုဖြတ်ထားသော တံတားခုံးပေါ် အရောက် ကျွန်တော့်နှာခေါင်းအာရုံသို့ အပုပ်နံ့တစ်ခုက လေပြည်နှင့်အတူ ထောင်းခနဲဝင်လာပါလေတော့သည်။ သုံးလမ်း၏တောင်ဘက်၊ မြောက်ဘက် အနီးပတ်ဝန်းကျင်ကို မျက်လုံးဝေ့ စူးစမ်းရှာသော်လည်း ဘာအသေကောင်မှ မတွေ့ပါ။ ထို့ကြောင့် သုံးလမ်းစုံထောင့်ရှိ မီးသတ်ဗိုလ်ကြီးဦးသောင်းအိမ်ထဲသို့ဝင်တာ ဦးသောင်းသမီး မခင်စန်းမြင့်ကို ဝင်မေးပါတော့သည်။

"နှမလေးမစန်းမြင့်ရဲ့၊ ဒီလမ်းဆုံ အပုပ်နံ့နံနေတာ နှမလေးတို့များရှာကြည့်သေးလား"

"မနက်ကတည်းက အဖေကြီးသောင်းရော နှမလေးတို့ပါ ဝိုင်းထဲရော နီးစပ်ရာ တောင်ဘက်ဝန်းကျင်တစ်လျှောက်ရှာတာမတွေ့ဘူး ကိုနိုင်ရဲ့။ ဖေကြီးသောင်းက ဈေးနေ့မို့လို့ ဆံပင်ညှပ် ဆိုင်သွားဖွင့်နေလေရဲ့။ မြောက်လေသင့်မှအနံ့ရတာ"

"အေးအေး - နှမ၊ ကျွန်တော်မြောက်ဘက်အပိုင်းထဲ ရှာကြည့်လိုက်ဦးမယ်။ ခွေးသေနေသလားမသိနိုင်ဘူး"

ကျွန်တော်ကိုယ်တိုင် သုံးလမ်းထိပ်မြောင်းကူးတံတားပေါ်မှ မြောက်ဘက်အတိုင်း ဦးကြာညွန့်ပွဲရုံကုက္ကားပင်အထိ လမ်းပေါ်တစ်လျှောက် နေရာအနှံ့ရှာသော်လည်း မတွေ့ပါ။ ကျန်နေသေးသော ကြံတိုင်းအောင် ဆီစက်အရှေ့ဘက်ကပ်လျက် လူခါးစောင်းခန့်ထက်ပိုသော၊ နက်သော အုတ်မြောင်းအတိုင်း မြောင်းကူးတံတားပေါ်မှငုံ့ကြည့်ရှာသောအခါ အပုပ်နံ့ထွက်ရာကို တွေ့လိုက်ရပါတော့သည်။

မြောင်းထဲ၌ လောက်ကြီးများ တဖွားဖွားတက်၍သေနေသော ကြောင်တစ်ကောင်ကို ကြွေနေသော မာလတာရွက်ခြောက်များကြား၌ အပုံလိုက်မြင်ရပါတော့သည်။ လမ်းပေါ်မှာဆိုလျှင် မခင်စန်းမြင့်ဆီမှ တာလပါငှား၍မြေတူးဆွကာ ဖို့ပေးဖုံးပေးမည်ဟုကြံရွယ်သော်လည်း ခါးစောင်းခန့်ထက်ပိုနက်သော အုတ်မြောင်းကြီးထဲမှာဖြစ်နေ၍ ခုန်မဆင်းတော့ပါ။ အပြန်ကျမှာပဲ မြေမြှုပ်ပေးမည်ဟု စိတ်ထဲ၌ကြံရွယ်စဉ် လောက်တဖွားဖွားတက်နေသော ကြောင်သေ၏ ထူးဆန်းမှုကို တွေ့ရ၍ အံ့အားသင့်ကာ သေသေချာချာ ရပ်ကြည့်နေမိပါတော့သည်။

ကြောင်သေသည် ခန္ဓာကိုယ်မှ နောက်ခြေနှစ်ချောင်းအထိ လက်များပါ အရိုးကျနေပြီ။ ဦးခေါင်းက မြောက်ဘက်မျက်နှာပြု၍ ကျွန်တော်ငုံ့ကြည့်ရာ နေရာနှင့် မျက်နှာချင်းဆိုင်ဖြစ်ကာ ကြောင်၏မျက်လုံးနှစ်လုံးက စိမ်းဖန့်ဖန့်အရောင်နှင့် လက်နှိပ်ဓာတ်မီးကိုအတွင်းနောက်မှခံ၍ထွန်းထားသလို အရောင်ဖြာထွက်တောက်ပနေသော မှိန်လိုက်လင်းလိုက်နှင့် မျက်တောင်တဖျတ်ဖျတ်ခတ်နေသလိုဖြစ်နေပါတော့သည်။ ခေါင်းတစ်ခုလုံး လောက်စား၍ နားရွက်များပင်မရှိတော့ပါ။ ခေါင်းရိုးအခွံတချို့ပင် ဟိုနေရာတစ်စသည်နေရာတစ်စ အဖြူသာသာ၊ အရိုးပင်ပေါ်နေပါတော့သည်။ နည်းနည်းမျှသာကျန်တော့သော အရေပြားပေါ်၌ အနက်ရောင်အမွေးတစ်စ တလေတွေ့ရ၍ -

"ဩော် - ကြံတိုင်းအောင်ဆီစက်က ကြောင်နက်အသေကိုး။ ဒီလောက်စည်းကမ်းကောင်းတဲ့ ဆီစက်အလုပ်သမားတွေက ဒီကြောင်သေကို မမြှုပ်ပစ်ဘဲနဲ့ ဒီလိုလွှင့်ပစ်ထားမှာတော့ မဟုတ်ဘူး။ ဒီကြောင်က အပြင်ဘက်ထွက်ပြီး သေနေတာကိုမသိလို့ဖြစ်မယ်"

တဖျတ်ဖျတ်မျက်တောင်ခတ်နေသည့်ပုံသဏ္ဍာန်မျိုးဖြစ်နေသောကြောင်သေ၏မျက်လုံးများကိုကြည့်ရင်း စဉ်းစားနေပါတော့သည်။ မျက်တောင်အခွံအသားကျန်နေ၍ မျက်တောင်ခတ်တာဆိုဟုတ်သေး။ အခုဟာက မျက်တောင်အခွံအသားလည်း မကျန်တော့။ နှုတ်ခမ်းမွေးများပင် မကျန်တော့လောက်အောင် တရွရွထိုးနေသောလောက်ကြီးများဖွေးနေသော ကြောင်သေကို ကြည့်ရင်း ထူးဆန်းသည်က ယင်မမဲရိုင်း၊ ယင်စိမ်းကြီးများကို ကြောင်သေနားမှာ ပျံ့ဝဲမတွေ့ရခြင်းကို နားမလည်နိုင်အောင် ဖြစ်မိပါသည်။

'မောင်နိုင်ရဲ့၊ လောက်တွေက စားစရာဘာကျန်တော့လို့လဲ။ ဒီမျက်လုံးပဲစားဖို့ကျန်နေတာ။ ခေါင်းအတွင်းပိုင်းထဲရောက်နေတဲ့ အတွင်းထဲက လောက်တွေလှိုက်စားနေလို့ မျက်ကြောမလွတ်ဘဲ မျက်လုံးတွေတဖျတ်ဖျတ်ဖြစ်နေတာနေမှာပါ"

ထိုသို့ဖြစ်မြဲရှိသည့် သဘာဝအတိုင်း ဆင်ခြင်စဉ်းစားကာ ကြောင်သေကိုကျော်ခိုင်း၍ လွယ်အိတ်ကလေးလွယ်ကာ ရွာမတောင်ပိုင်းသို့ ရဲစခန်းနံဘေးမှဖြတ်၍ ခရီးဆက်ခဲ့ပါသည်။ ကြောင်သေနားက ကျွန်တော်ခွာလာသည့်အချိန်ကား မနက်ကိုးနာရီတိတိ။

## အခန်း (၇)

## ဦးဖွေ တန်ခိုးနှင့်ပျောက်သွားစေ၊ နတ်လက်ညှိုးဖြင့်ရစ်လို့မွှေ

ရွာသစ်ကျေးရွာအစပ်၌ရှိသော ဘုရားကုန်းဘုန်းတော်ကြီးကျောင်းသို့ ကျွန်တော်ရောက်လာပါသည်။ ကျောင်းထိုင်ဆရာတော် ဦးကောသလ္လ (လူ့ဘဝ အမည် ဦးလှမင်းငြိမ်း) ထံဝင်ကာ ဆရာတော်မှာထား၍ ပျဉ်းမနားမြို့ရှိ အေတံဆိပ်စာပေမှ ဝယ်လာသော ဒေါ်တင်တင်အေး ပိဋကတ်စာပေမှ ရိုက်နှိပ်ထုတ်ဝေသော ဘာသာရေးစာအုပ်ကို ဆက်ကပ်ပါသည်။ ဆရာတော်က စားပွဲခုံပေါ်သို့ စာအုပ်ကိုတင်လိုက်ပြီး -

"ဒကာလေး မောင်နိုင်ရှိနေတာ ဟန်ကျသကိုး။ နို့မို့ဆို ဘုန်းဘုရားအနေနဲ့ အချိန်လုပြီး ပျဉ်းမနားသွားနေရမှာ။ ခရီးတစ်ခုသွားဖို့က တယ်မလွယ်လှဘူး။ အသွားအပြန်တစ်နေကုန်တာကိုးဗျ"

ကျွန်တော်က ဘုန်းဘုရားအား တင်ပျဉ်လွှဲခြေပစ်ထိုင်ပြီး -

"တပည့်တော်၊ အရှင်ဘုရားဆီ အလာ လမ်းမှာ ထူးထူးဆန်းဆန်းတစ်ခု တွေ့ခဲ့တယ်ဘုရား။ မေတ္တာတတ်လို့ ဘုန်းဘုရား မေးမေးပေးပါဦး"

ထိုသို့ စကားအစချီကာ လောက်



www.burmeseclassic.com

www.burmeseclassic.com

တဖွားဖွားနှင့်ကြောင်သေက မျက်တောင်ခတ်သကဲ့သို့ မျက်လုံးများက ပြူးပုံကို လျှောက်ထားပြီး -

"တပည့်တော် စဉ်းစားတာက မျက်စိကြောကို လောက်တွေစားလို့ မျက်စိကြောနဲ့ဆက်စပ်နေတဲ့ ကြောင်မျက်ဝန်းတွေက တဖျပ်ဖျပ်အရောင်လက်တယ်လို့ထင်တာကိုးဘုရား၊ နို့ - မိန့်ပါဦးဘုရား။ တပည့်တော်အတွေးမှားသလား မှန်သလားဘုရား"

ဆရာတော်က ကျွန်တော့်ကိုပြုံးကြည့်ရင်း ကျွန်တော့်အတွေးမှားကြောင်း မိန့်ကြားကာ အရေးတကြီးဟန်ဖြင့် မတ်တပ်ရပ်လိုက်ပါတော့သည်။

"သတ္တဝါမှန်သမျှ သေပြီးပုပ်ပြီဆိုရင် အပျော့ပိုင်းတွေကစပြီးပုတ်တာ ဒကာလေး မောင်နိုင်ရဲ့။ မျက်လုံးဆိုတာမျိုးက သတ္တဝါရဲ့အပျော့ဆုံးအပိုင်းပဲ။ ကဲကဲ - ဘုန်းဘုရားကို ဒကာလေးတွေ့တဲ့နေရာ အခုလိုက်ပြဦး။ ဘုရားဘုရား အချိန်မီတန်ကောင်းပါရဲ့"

ထိုသို့ ကျွန်တော့်ကိုပြောပြီး တစ်လက်စတည်း ခန်းနေဦးပဥ္စင်းကို အရေးတကြီး လှမ်းမိန့်လိုက်ပါတော့သည်။

"ဦးပဥ္စင်းရေ နေ့ဆွမ်းပြင်ထားပေးပါဦး။ တပည့်တော် ဒကာလေးနဲ့မြို့သစ်ထဲ အရေးကြီးလို့ ခဏလိုက်သွားဦးမယ်။ ဒကာလေးလည်း ဒီမှာ မနက်စာ ထမင်းစားမှာမို့ ညှိသည်အတွက်လည်း ပြင်ထားပေး၊ ဟုတ်လား"

ဘုန်းဘုရား ဦးကောသလ္လက သင်္ကန်းတော်ကို လက်ကတော့ပင်မထိုးတော့ဘဲ ဘယ်ပခုံးပေါ် သင်္ကန်းလွှမ်းတင်ကာ ကျွန်တော့်လက်ကိုဆွဲ၍ ကြောင်သေတွေ့ရာနေရာသို့ အရေးတကြီး လိုက်ပြခိုင်းပါတော့သည်။ ဘုန်းဘုရားက အရပ်မြင့်မြင့်၊ ခြေလှမ်းကျဲကျဲမို့ ကျွန်တော်ပါ ဘုန်းဘုရားကို ရှာမအလယ်လမ်းအတိုင်း မနည်းမီအောင် အပြေးတစ်ပိုင်းနှင့် ပြေးလိုက်ရပါတော့သည်။ မြို့သစ် လေးလမ်း တောင်ဘက်ထိပ်ရဲစခန်းလမ်းကြားသို့အဖြတ် မမဒွေးက အိမ်ပေါ်မှ ကျွန်တော့်ကိုမြင်၍ လှမ်းအော်ပါတော့သည်။ ထို့ကြောင့် မမဒွေးကို အရေးကြီးဟန်ပြ၍ -

"နောက်မှဝင်လာခဲ့မယ် မမဒွေးရေ။ ဘုန်းဘုရားနဲ့ ကျွန်တော် အရေးတကြီးကိစ္စရှိလို့"

ကိုယ်တိုင် ဝေခွဲမရစိတ်များနှင့် ဒွိဟဖြစ်နေပါတော့သည်။

- တယ်စဉ်းစားရခက်ပါလား။ ငါကတော့ သာမန်တွေ့လေ့တွေ့ထရှိတဲ့ သဘောမျိုးမို့ လျှောက်ပါတယ်။ ဘုန်းဘုရားကျတော့ တစ်မျိုးပါလား။ အလွန်ကျွမ်းကျင်ကြီးတဲ့ဆရာတော်တစ်ပါးက ဒီအဖြစ်အပျက်ကလေးကြားလိုက်တာနဲ့ ဘယ့်နှယ် ဖုတ်ပူမီးတိုက်အရေးတကြီးဖြစ်သွားရတာလဲ။ နောက်ပြီး သူမိန့်တဲ့စကားကလည်း စေ့စေ့တွေးရင် မှန်နေတာပါပဲလား။ သတ္တဝါတွေသေပြီဆို အတွင်းကလီစာတို့၊ မျက်လုံးတို့အပျော့ပိုင်းတွေကစပုပ်တာ။ ပုပ်လို့ အရည်ကျတာဆိုတော့။ ဒါဆို ငါတွေ့ခဲ့တဲ့မျက်လုံးတွေကမပုပ်တဲ့အပြင် မျက်တောင်ခတ်ပြသလိုဖြစ်နေတာဆိုတော့ တော်ရုံ ထူးဆန်းတဲ့ကိစ္စတော့မဟုတ်လောက်တော့ဘူး"

မြို့သစ်သုံးလမ်းထိပ် တံတားကုန်းပေါ်ရောက်သောအခါ ဘုန်းဘုရားဦးကောသလ္လကို မြောင်းထဲရှိ ကြောင်သေတွေ့ရာနေရာသို့ ကျွန်တော်လက်ညှိုးထိုးပြတော့မှ ပါးစပ်ဟောင်းလောင်းဖြစ်ကာ အံ့အားအသင့်ကြီးသင့်သွားရပါတော့သည်။

"ဒီနေရာမှာပဲဘုရား၊ ဟိုနေရာမှာ ကြောင်သေ.... သေ"

မြောင်းတစ်လျှောက်မျက်လုံးများဖြင့် စုန်ဆန်ရှာဖွေသော်လည်း ကြောင်သေနှင့်တူတာဝေးစွ။ ဟိုတစ်စဒီတစ်စ ပြန့်ကျဲနေသော မာလကာရွက်ခြောက်များကိုသာ တွေ့ရပါတော့သည်။ လုံးဝမယုံပါ။ မိမိမြင်ခဲ့သော ကြောင်သေကိစ္စက ယခု စုပ်စမြုပ်စမတွေ့ရတော့ပေ။ လီဆယ်၍လျှောက်ခဲ့သလိုဖြစ်သွားရပါသည်။ မြောင်းထဲဆင်း၍အပုပ်နံ့ကြောင့် ကြောင်သေကို တူးဆွမြှုပ်ပေးခဲ့လျှင် လောလောလတ်လတ် လတ်ဆတ်သော မြေပုံကရှိနေရပါမည်။ မြေနေရာပျက်နေရပါမည်။ ခွေးဆွဲသွားဖို့က ပို၍မဖြစ်နိုင်ပါ။ မြောင်းကနက်ရှိုင်းလွန်းသဖြင့် အလွယ်တကူ မြောင်းပေါ်၊ နှုတ်ခမ်းပေါ်သို့ ခွေးဘယ်နည်းနှင့်မှုပြန်မတက်နိုင်ပါ။ ထိုနေရာက ကြောင်သေကို တခြားနေရာသို့ ယူဆောင်၍ မြေမြှုပ်လျှင်လည်း ကြောင်သေကိုသယ်ယူသွားစဉ် ကြောင်သေမှ ပုပ်၍စီးကျနေသော အပုပ်ရည်ကွက်ကျန်နေရပါမည်။ ကြောင်သေကိုယူစဉ်မှာ တဖွားဖွားတက်နေသော လောက်ကောင်ကြီးတချို့တလေ မြေပေါ်၊ မြောင်းထဲပြုတ်ကျ၍ သက်သေအဖြစ် ဤနေရာ၌ ကြောင်သေရှိခဲ့ကြောင်း ခိုင်ခိုင်မာမာပြောနိုင်ပါလိမ့်မည်။ ဘုန်းဘုရား ဦးကောသလ္လတို့ ကြည့်ပြန်တော့ တစ်စုံတစ်ခုသောအခွင့်အရေးကို လက်မတင်ခင်လေး လက်လွတ်သွားပုံနှင့် နှမြောတသဖြစ်နေဟန်ဖြင့် ခေါင်းခါနေပါတော့သည်။

"ဒီနေရာမှာ ဒီကြောင်သေကို တပည့်တော်ကိုယ်တိုင် အပ်ချမပ်ချတွေ့ခဲ့တာပါဘုရား။ ကဲ - ပိုသေချာသွားအောင်"

ပြောပြောဆိုဆို ခါးစောင်းခန့်ထက်ပိုနက်သော မြောင်းထဲသို့ တံတားဘက်မှကွေ့ပတ်၍ လွှားခနဲ ကျွန်တော်ခုန်ဆင်းသွားပါတော့သည်။ ကြောင်သေရှိခဲ့သောနေရာတွင် အပုပ်ရည်စိုနေသောမြေကွက်ကွက်ရှိရပါမည်။ ရှာသောအခါ ဘာမြေကွက်စိုစိုမှမတွေ့ရပါ။ မြေက အခြောက်အတိုင်းသွေ့သွေ့။ မာလကာရွက်များ တစ်ခုချင်းတစ်ရွက်ချင်းကောက်၍ ဖယ်ကြည့်ပါသည်။ ဘာလောက်ကောင်မှမတွေ့။ တရွရွနှင့် အသေကောင်မရှိတော့၍ လောက်များတွန့်တွန့်နှင့်သွားနေမလား။ မာလကာရွက်ခြောက်များသာဖယ်ပြီးသွားပါ၏။ ဘာတတွန့်တွန့်နှင့် ဘာလောက်ကောင်တစ်ကောင်တလေတောင် မတွေ့ရပေ။ အုတ်မြောင်းများဘေးဘက်နံရံပေါ် များသို့ တွယ်ကပ်တက်သွားလေမလား။ ဘာတွယ်ကပ်တက်သွားသောလောက်တစ်ကောင်တလေမျှပင်မမြင်။ ရှာသာရှာ၏။ ဘာမှမတွေ့။ ပို၍ထူးဆန်းနေသည်မှာ ကြောင်သေအပုပ်နံ့ပါ ပျောက်ကွယ်သွားခြင်း ဖြစ်ပါ၏။ လေသင့်၍ အပုပ်နံ့က လေ၌ပါသွားရအောင် ဤမြောင်းကား လူခါးစောင်းထက်ပိုသောအနက်ရှိနေခြင်း ဖြစ်ပါသည်။ ဤလိုမြောင်းနက်နက်များ၌ မကောင်းသောအနံ့အသက်သည် လွယ်လင့်တကူ လေသင့်ရာသို့မပါဘဲ ခိုင်အောင်းနေမြဲ ဖြစ်ပါသည်။ ဘုန်းဘုရားဦးကောသလ္လက တံတားကုန်းပေါ် မှငုံ့၍ ကျွန်တော်ဘာရှာနေသည်ကို သိလို၍ မေးပါတော့သည်။

"ဒကာလေး မောင်နိုင်၊ ကြောင်သေကိုရှာနေတာတော့ မဟုတ်လောက်ပါဘူးနော်"

ဘုန်းဘုရားကို မြောင်းအောက်မှ မျက်နှာမော့၍ လျှောက်ရပါတော့သည်။

"ကြောင်သေ ပျောက်သွားပြီ။ အပုတ်ရည်ကျန်ရမယ်။ လောက်တွေကျန်ရမယ်။ အပုပ်နံ့ကျန်ရမယ်လေဘုရား။ အခုဟာက အဲဒီဟိုးခုပါမကျန်



www.burmeseclassic.com

www.burmeseclassic.com

အောင်ပျောက်သွားတာက သိပ်ထူးဆန်းနေဘူးလားဘုရား။ အချိန်ကလည်း အတော်ကြာတာမှတ်လို့ဘုရား။ ကြောင်သေတို့ စတွေ့ချိန်က မနက်ကိုးနာရီခွဲ ကြောင်သေပျောက်သွားတာက နေ့လယ် ဆယ်နာရီ။ ကြားထဲ တစ်နာရီလေးပဲကြာတာကိုးဘုရား"

ဘုန်းဘုရားက တံတားပေါ်မှပြုံးကြည့်ရင်း -

"ဩော် - ခက်ပဲခက်ရချည်ရဲ့။ အားကိုက်ပါတယ်ဆိုမှ အနာလေးနဲ့လာဘုရားလို့မေးတဲ့သူက တခြားလူမှဟုတ်ပါလား၊ ဒကာလေးမောင်နိုင်ကိုယ်တိုင်ဖြစ်နေတာကိုး။ ကဲကဲ - မြောင်းပေါ်တက်ခဲ့တော့။ ဘုန်းဘုရားတို့ ကျောင်းပြန်ကြစို့။ ကျောင်းရောက်မှ ဒကာလေးစိတ်ထဲမရှင်းတာတွေကို ဘုန်းဘုရားပြောပြမယ် ဟုတ်လား"

ကျွန်တော် မြောင်းပေါ်တွယ်ကပ်တက်၍ ဘုန်းဘုရား ဦးကောသလ္လနှင့်အတူ ဘုရားကုန်းကျောင်းသို့ပြန်လာခဲ့ပါတော့သည်။ ဩော်-ပဟေဠိဆန်သောကြောင်မျက်ဝန်း၊ ပုစ္ဆာဆန်သောကြောင်မျက်ဝန်း၊ အချိန်ဘာမှမကြာသေးခင်မှာ ခုပဲမြင်လိုက်နှင့် မျက်လှည့်ဆန်လွန်းလှပါသည်တကား။

## အခန်း (၈)

## အမြူတေကြောင်မျက်ရှင်

ဘုရားကုန်းကျောင်းသို့ပြန်ရောက်သောအခါ ဘုန်းဘုရား ဦးကောသလ္လနေ့ဆွမ်းဘုဉ်းပြီး ဘောဇဉ်အချိုပွဲထိုင်နေစဉ်မှာ ကျောင်းနေမောင်ကျောင်းသားနှစ်ဦးနှင့်အတူ ဘုန်းဘုရားကျေနပ်စေရန် ကျွန်တော်ထမင်းဝင်စားပါသည်။ ဘုန်းဘုရားက အချိုပွဲဘောဇဉ်ဘုဉ်းပြီးရေနွေးပိုင်း၌ကွမ်းဘုဉ်းပေးရင်း ကျွန်တော်အလိုသမျှ ရှင်းပြရန်စောင့်နေပါသည်။ ကျွန်တော်ရော ခန်းနေဦးပဥ္စင်းပါ ဘုန်းဘုရားရှေ့ဝင်ကာ ရိုရိုသေသေ သတ်သောင့်သက်သာထိုင်သည့်အခါမှ ဘုန်းဘုရား ဦးကောသလ္လက ထွေးခံထဲ ကွမ်းသွေးထွေးပြီး ရေနွေးနှင့် အာလုတ်ကျင်းကာ-

"ဒကာလေးမောင်နိုင် ကိုယ်တိုင်ကိုယ်ကျတွေ့ခဲ့တာကို ဘုန်းဘုရားလိုက်သာမှမတွေ့တာကြောင့် ဒကာလေးစိတ်နှာမှာ ဘုန်းဘုရားကို အားနာနေပုံက အထင်းသားပါလား။ ဒီလိုမဟုတ်လား"

ကျွန်တော် ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြပါသည်။

"တပည့်တော် ညာသလိုဖြစ်နေတာကိုးဘုရား။ မတွေ့တော့ ဘုန်းဘုရားကို တော်တော်ကြီးအားနာသွားတာဘုရား။ အပြစ်ကြီးလုပ်မိသလို နေမထိထိုင်မသာကိုဖြစ်သွားတာဘုရား"

ဘုန်းဘုရားက ပြုံးရယ်မောရင်း-

"အဲဒီကိစ္စက စိတ်ထဲမထားပါနဲ့။ ဘုန်းဘုရားနဲ့ ဒကာလေးမောင်နိုင်တို့က ဆရာရင်းဒကာရင်းတွေကိုးကွယ့်။ မောင်နိုင်မှားရင် ဘုန်းဘုရားက တည့်မတ်ပေးရမှာကိုက ဝတ္တရားမဟုတ်လား။ အေး - ဘုန်းဘုရားမှားတဲ့ကိစ္စလည်း ရှိမှာပဲ။ တည့်တည့်သာ ဘုန်းဘုရားကိုလျှောက်။ ဦးပဥ္စင်းလေးလည်း မှတ်ထားကွယ့်"

အလွန်ပွင့်လင်းသောဆရာတော်ပါပေ။ ခန်းနေဦးပဥ္စင်းရော ကျွန်တော်ပါ ဘုန်းဘုရားစကားကြောင့် ပြုံးမိကြပါသည်။ ဆရာတော်ထေရ်ကြီးဝါကြီးများ၏ အားကျအတုယူစရာကောင်းသော ဂုဏ်ရည်များပါပေ။

"ဒကာလေးမောင်နိုင်ရဲ့ နတ်ကောင်းနတ်မြတ်တွေက ဒကာလေးတစ်ယောက်ကိုပဲ သီးသန့်ရွေးပြီး မြင်နိုင်ခွင့်၊ ပြခွင့်ပေးတာဗျ။ အဲဒါကိုတော့ ငြင်းလို့ကိုမရတာ။ အဲဒီမျက်ဝန်းတဖျတ်ဖျတ်ခတ်ပြတဲ့အရာက ကြောင်ကောင်ရေထောင်ချီ၊ သောင်းချီမှာ တစ်ကောင်ပါခဲတယ်ကွယ့်။ ရှေ့တိုက်စိုးဘွဲ့ချီးမြှင့်ခဲ့ရတဲ့ စောရကြီး ငတက်ပြားတစ်ယောက်သာပဲ ဒီအမြူတေကြောင်မျက်ရှင်ရခဲ့တာကိုး"

ကျွန်တော်ထမင်းစားရင်း ခန်းနေဦးပဥ္စင်းမေ၍အကျိုးအကြောင်းလျှောက်ထားသောကြောင့် အကြောင်းစုံသိနေသော ဦးပဥ္စင်းရော ကျွန်တော်ပါ ဆရာတော်ကြီးစကားကြောင့် ဟာ၊ ဟယ်နှင့် အာမေဍိတ်သံထွက်ကုန်ကြပါတော့သည်။ ကိုယ်တိုင်တွေ့ကြုံခဲ့သော ကျွန်တော်က အမြူတေကြောင်မျက်ရှင်မှန်း သိသွားသော်လည်း မရခဲ့၊ မယူခဲ့ခြင်းကြောင့် အကြီးအကျယ်နောက်တရနေပုံမပေါ်က်သဖြင့် ဘုန်းဘုရားဦးကောသလ္လပင် ကျွန်တော့်မျက်နှာရိပ်ကဲဖတ်ရင်း အံ့ဩသွားပုံရပါသည်။

"ဒကာလေး မောင်နိုင်၊ ဟုတ်ကောဟုတ်ရဲ့လားဟဲ့။ ဒီပစ္စည်းကို ကြောင်မျက်ရှင်မှန်းမသိလို့ မယူခဲ့တာထားပါဦး။ ကြောင်မျက်ရှင်မှန်းသိရတာတောင် ဒကာလေးအနေနဲ့ ဒီပစ္စည်းအပေါ် တယ်စွဲမက်ပုံမရပါလား"

"တပည့်တော်က ဒါမျိုးမှမကြုံဘူးတာကိုး ဘုရား။ ဗဟုသုတနည်းတာလည်းပါမှာပေါ့။ အကယ်၍များ ဒီပစ္စည်းဟာ အမြူတေကြောင်မျက်ရှင်မှန်း တပည့်တော်သိလည်းယူခဲ့မှာမဟုတ်ဘူးဘုရား။ အသေအချာကိုထားခဲ့မှာ။ သူများလည်းပြောမှာမဟုတ်ဘူးဘုရား။ ဒါမျိုးဆောင်ထားရင်၊ သုံးစွဲရင် ခိုးချင်ဝှက်ချင်တဲ့စိတ်က ဘယ်လောက်စိတ်နဲ့ ချိုးနှိမ်ထိန်းသိမ်းရမှာလား။ ဖောက်လာတော့ ဘယ့်နှယ်လုပ်မလဲဘုရား။ နောက်တစ်ခုလည်းရှိသေးတယ်လေဘုရား။ ဒီပစ္စည်းကို အစွမ်းထက်အောင် စီရင်တတ်တဲ့ ဆရာသမားမျိုးကလည်း အဆင်သင့်ရှိနေမှ။ မရှိရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

ဘုန်းဘုရား ဦးကောသလ္လက ဟက်ဟက်ပက်ပက်ရယ်ပါတော့သည်။ ဦးပဥ္စင်းဆိုလျှင် ရယ်ကြောမသတ်နိုင်ဖြစ်ပါတော့သည်။ ပြီးမှ -

"ဩော် - ဒကာလေးမောင်နိုင်ရယ် ဖြစ်မှဖြစ်ရလေ။ ကဲကဲ-ဓမ္မမိဋ္ဌာန်ကျကျစဉ်းစားရအောင်။ ဘုန်းဘုရားရယ်၊ ဦးပဥ္စင်းရယ် ဒီပစ္စည်းကိုကိုယ်တိုင်လည်းရမယ်။ သုံးစွဲဆောင်ယူမယ်ဆိုရင်ကော ဘုန်းဘုရားတို့က သံဃာတွေနော်။ ခိုးပါ့မလားဝှက်ပါ့မလား"

သည်စကားကတော့ ဘဝင်ကျစရာကောင်းပါသည်။ ကျွန်တော် ခေါင်းညိတ်အသိမှတ်ပြုတော့မှ ဘုန်းဘုရားက ဆက်မိန့်ပါတော့သည်။

"ဂမ္ဘီရပစ္စည်းတစ်ခုထွက်ပေါ်လာရင် အဲဒါနဲ့တစ်ပြိုင်နက် အဲဒီပစ္စည်းကို စီရင်တတ်တဲ့ ဆရာသမားကလည်း အဆင်သင့်ရှိနေတာ ထုံးစံပဲ ဒကာလေးရဲ့။ ဒီအမြူတေကြောင်မျက်ရှင်မျိုးကျတော့ ကြေးစုတ်တံတွေနဲ့ ခန္ဓာကိုယ်ပေါ် ထိုးပေးတတ်တဲ့စီရင်တတ်တဲ့ ထုံးစံပဲ ဒကာလေးရဲ့။ အဲဒီစုတ်နဲ့ထိုးတဲ့ ကြောင်ဆေးတွေကလည်း ဒီအမြူတေကြောင်မျက်ရှင်ရဲ့အစွမ်းကို လုံးဝမမီပါဘူး။ အောက်ပြည်အောက်ကွင်းမှာ ပေါ်ခဲ့တဲ့ မိန်းမပျိုလေးတွေ ကာယိန္ဒြေပျက်အောင် ညညတွေမှာ နှောင့်ယှက်ခဲ့လို့ မိဘမောင်ဘွား ရပ်ကွက်သူရပ်ကွက်သားတွေ သတိကြီးကြီးကင်းတွေစောင့်ခဲ့ရတဲ့ ကြောင်ပျံဆိုတာ အောက်လမ်းမိစ္ဆာကြောင်ဆေးမျိုးပါ"

ဘုန်းဘုရား၏ စကားကြောင့် ကျွန်တော်ကိုယ်တိုင် အမြူတေကြော

www.burmeseclassic.com

မျက်ရှင်၏ သန့်ရှင်းစင်ကြယ်မှုကိုကွက်ကွက်ကွင်းကွင်းနားလည်သွားရပါတော့သည်။ ဘုန်းဘုရားက ကွမ်းယာတစ်ယာထပ်ဝါးရင်း ကွမ်းသွေးထွေးကာ -

"စီရင်ပုံစီရင်နည်းက ကြောင်မျက်ရှင်ကို အရိုးကျနေတဲ့ ကြောင်ခေါင်းအတိုင်း ယူလာချင်ယူလာ။ ဒါမှမဟုတ် ဘယ်၊ ညာမျက်ဝန်းကို သေသေချာချာ မလွဲအောင်မှတ်ပြီးထုတ်ယူခဲ့။ သီးသန့်ပန်းကန်နှစ်ချပ် ဒါမှမဟုတ် ဖန်ခွက်နှစ်လုံးထဲ ခွဲခြားထည့်ပြီး ဘုရားကျောင်းဆောင်မှာ ရိုရိုသေသေကပ်ရမယ်ကွယ့်။ ပြီးတော့ ငါးပါးသီလခံယူဆောက်တည်ရမယ်။ သစ္စာအဓိဋ္ဌာန်လည်းပြုရမယ်ကွယ့်။ တပည့်တော်သည် ဤအမြုတေကြောင်မျက်ရှင်၏အစွမ်းဖြင့် ဘာသာ၊ သာသနာ၊ လူမျိုး၏ ကောင်းရာကောင်းကျိုးကိုသာ သေတစ်ပန်သက်တစ်ဆုံးဆောင်ရွက်ပါမည်ဘုရား။ တလွဲသုံးခဲ့သော် အမြုတေ၏ဒဏ်ခတ်ဆုံးမခြင်းကိုခံရပါစေဆိုပြီးတော့ပေါ့။ ပြီးမှ အမြုတေကို ဘုရားကျောင်းဆောင်ကနေ ရိုရိုသေသေစွန့်ရမယ်။ မီးကင်ထားတဲ့ငါးဖြစ်စေ၊ ပုလင်းကွဲပြတ်ပြတ်ဖြစ်စေ ရရာတစ်ခုခုနဲ့ ညာပေါင်ကိုခွဲ ညာမျက်လုံးထည့်။ ဘယ်ပေါင်ကိုခွဲ ဘယ်မျက်လုံးထည့်။ ဆေးထည့်၊ ပတ်တီးစည်းလိုက်ရုံဖါပဲ ဒကာလေး မောင်နိုင်"

ဆရာတော်မိန့်သမျှ ကျွန်တော်နှင့်အတူ နားထောင်နေသော ခန်းနေဦးပဥ္စင်းက မရှင်းတာကိုဝင်၍ လျှောက်ပါတော့သည်။

"ဒီလိုဆိုတော့ဘုရား ညာပေါင်ထဲထည့်တဲ့ ညာမျက်လုံးက အထက်အမြင့်နေရာ ခုန်တက်နိုင်တဲ့ကြောင်တက်၊ ဘယ်ပေါင်ထဲထည့်တဲ့ဘယ်မျက်လုံးက အမြင့်ကနေ ခုန်ဆင်းနိုင်တဲ့ကြောင်ဆင်းဖြစ်မှာပေါ့နော်။ ဆရာတော်ဘုရား ဒါဆိုတော့ တပည့်တော်သိပ်မရှင်းတာရှိသေးလို့ ကွဲပြားအောင်မိန့်ပေးပါဦးဘုရား။ စောရကြီး ငတက်ပြား ခိုးတာဝှက်တာက ဒီအမြုတေကြောင်မျက်ရှင်ရဲ့လွှမ်းမိုးမှုကြောင့်လားဘုရား"

ဆရာတော်ခေါင်းညိတ်ကာ ပြုံးရင်း ကျွန်တော့်ကိုမိန့်ပါသည်။

"ဒကာလေးမောင်နိုင်၊ အင်္ဂလိပ်အစိုးရမင်းများ ငါတို့နိုင်ငံကို လွတ်လပ်ရေးပေးတဲ့အချိန် သူတို့ယူနီယမ်ဂျက်အလံတော်အောက်ချ၊ တို့နိုင်ငံတော်အလံလွှင့်တင်တဲ့အချိန်ဘယ်လောက်လဲကွယ့်"

ဘာမှမဆိုင်သောမေးခွန်းဖြစ်သော်လည်း အကြောင်းရှိမည်ထင်၍ -

"ဇန်နဝါရီလ လေးရက် မနက်ခင်းလေးနာရီဘုရား။ မိနစ်တော့ တပည့်တော် သိပ်မမှတ်မိဘူးဘုရား။ ငါးမိနစ်စွန်းလား၊ ဆယ်မိနစ်စွန်းလား။ အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ပါဘုရား။ မြန်မာလိုရက်စွဲသက္ကရာဇ်တော့မသိဘူးဘုရား"

"အေးအေး - အဲဒီချိန်မှာ ကောင်းကင်ထက်တည့်တည့် စောရနက္ခတ် မွန်းတည့်ချိန်ကွယ့်။ ခိုးကိန်းဝှက်ကိန်း၊ လုယက်ကိန်းအားကောင်းတဲ့အချိန်အခါပေါ့။ တို့လူမျိုးတွေ သူခိုးသူဝှက် မသူတော်တွေဖြစ်အောင် ကွက်ချစီမံခဲ့တဲ့ ယန္တြယတျာကိန်းခန်းနည်းပေါ့ကွယ်။ သူတို့စီမံလို့ ယန္တြနည်းကောင်းလို့တို့လူမျိုးတွေအကုန်လုံး သူခိုးသူဝှက်ဖြစ်ကုန်ရောလား"

"မဖြစ်ပါဘူးဘုရား"

"စောရကြီး ငတက်ပြားရဲ့မွေးချိန်၊ မွေးနာရီက အဲဒီစောရနက္ခတ်မွန်းတည့်ချိန်နဲ့ တိုက်ရိုက်ပတ်သက်ရင်ပတ်သက်၊ မပတ်သက်ရင်တောင်မှ စောရကိန်းကိုသူမွေးချိန်မှာ ဂြိုဟ်မြင်ဆိုတာလည်းရှိသေးတယ်ကွယ့်။ အဲဒီဂြိုဟ်မြင်အရ သွားနိုးနွယ်ပါလိမ့်မယ်။ ဒါကြောင့်လည်း အချိန်အတိုင်းအတာတစ်ခုအရ သူ့ခမျာ သူခိုးကြီးအဖြစ် မလွဲမသွေသရုပ်ဆောင်ရတာ။ ရှင်ဘုရင်မင်းမြတ်က ရွှေတိုက်စိုးအရာခန့်တော့ ငတက်ပြားကြီးခိုးသေးဝှက်သေးလို့လား"

မရှင်းသမျှ ရှင်းသွားပါပြီ။ ဆရာတော်နှင့် ဦးပဥ္စင်းကို ရိုသေစွာဝတ်ဖြည့်၍ ပြန်ခွင့်လျှောက်ကာ မတ်တတ်ရပ်လိုက်ပြီး ကျောင်းမြှတင်းမှ အနောက်ဘက်အဝေးသို့ကြည့်လိုက်ပါတော့သည်။ ထိန်အင်းကန်ကြီးနှင့် ရွှေကျင်ဂိုဏ်းကျောင်းတော်ဘက်မှဖြတ်၍ တိုက်ခတ်လာသောလေပြည်မှာ ကြာနီပွင့်ကြီးများက လေအတိုက်သွဲ့၍နွဲ့၍ သန့်ရှင်းလတ်ဆတ်သောကြာပန်းရနံ့ကိုယူဆောင်လာသောကြောင့် ဘုရားကုန်းကျောင်းတစ်ခုလုံး ကြာပန်းရနံ့မွှေးကြိုင်နေပါသည်။ ဆရာတော် ဦးကောသလ္လက ကျောင်းလှေကားထိ ဧည့်ဝတ်ကျေပွန်စွာ လိုက်ပို့ရင်း နက်နက်ရှိုင်းရှိုင်းဆုံးမလိုက်သောစကားက -

"ဂမ္ဘီရပစ္စည်းကောင်း ဆိုတာကိုယ်ခံသီလအားကောင်းသူများအတွက် အချိန်မရွေး၊ နေရာမရွေး တံခါးဖွင့်ထားမြဲထုံးစံရှိတယ် ဒကာလေး မောင်နိုင်။ ကနေ့ကစပြီး သီလဝမ်းစာပြည့်အောင် ပိုဖြည့်ကွယ့် ကြားလား။ လောကဆီကအခွင့်အရေးကောင်းမှန်သမျှ ကိုယ်တမလိုချင်တဲ့အခါကျမှ တန်းစီပြိုဝင်လာမြဲထုံးစံကရှိနေတယ်။ ခွက်တစ်ခုထဲ ဘာမှမရှိမှ ထည့်ချင်ရာထည့်လို့ရတဲ့သဘော။ ဆိုးတာထည့်မလား၊ ကောင်းတာထည့်မလား"

ဘုရားကုန်းကျောင်းမှအပြန် ကျွန်တော့်စိတ်ကရှင်းလင်းနေပါသည်။ ခြေလှမ်းကလည်း ပေါ့ပါးလွန်းနေပါတော့သည်။

## အခန်း (၉)

## ပလာဟင်းလင်းခွက်တစ်ခွက်

လိုချင်မှုဆိုသော ဆန္ဒ၊ အာသ၊ တပ်မက်မှုမှန်သမျှကို ထည့်ဖို့အတွက် ဘဝက ကျွန်တော်တို့ကို တန်ဖိုးမဖြတ်နိုင်သည့် အသိဉာဏ်ဆိုသောခွက်တစ်ခုကို ပေးထားပြီးပါပြီ။ ရေတစ်ဝက်သာရှိသောခွက်ကို တစ်ဝက်လျော့နေတာပါလားဆိုပြီး နောက်တစ်ဝက်ဖြည့်ဖို့ကြိုးစားနေသူများအဖြစ် ရောက်မှန်းမသိရောက်နေကြပါသည်။ ခွက်ဆိုသည်မှာ လက်ခံဖို့ချည်းမဟုတ်သလို ပြောင်စင်အောင် သွန်ချနိုင်သည်ကို ကျွန်တော်တို့ မေ့နေကြပါသည်။ သုံးစွဲသူ၏စိတ်နေစိတ်ထား၊ သူကိုင်စွဲသော ယုံကြည်ချက်နှင့်ဆိုင်ပါလိမ့်မည်။ မေးခွန်းလေးတစ်ခုနှင့် ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်ကြည့်ကြပါစို့။

ပုပင်မှုအမှားများကိုရှာနေတဲ့ ဂဏ်ဘယ်လိုက်ဖေးရှင်း (ကမ္ဘာ့ရွာကြီး)ဟုတ် မဟုတ်။

ဖြူစင်မှုတရားကိုသာ ခိုမှီတွယ်စရာ စာရင်းသွင်းပြီး ဘဝပေါ်မှာ အမြတ်ရှာဖို့လုပ်၊ မလုပ်။

နိုင်ပြေသိမ်းချုပ်

**စာကြွင်း**

နောက်ရက်များ၌ ကြံတိုင်းအောင်ဆီစက်သို့ရောက်စဉ် ကြောင်နက်များရေတွက်ကြည့်သော်လည်း ရှစ်ကောင်အပြည့်ရှိနေပါသည်။မြောင်းထဲမှကြောင်နက်အသေသည် ဘယ်ကရောက်လာသောကြောင်နက်အသေမှန်းမသိအောင်ယနေ့အချိန်အထိ ပုစ္ဆာဆန်လွန်းသေးပဟေဠိတစ်ခုအဖြစ်ရှိနေပါသေးကြောင်း



www.burmeseclassic.com

www.burmeseclassic.com

# နေဝိဇ္ဇာ

## နာမည်များနှင့်ငြင်းခုံခြင်း

၃၂



**ကြာသပတေးနံ**

၂ ၃ - အပါဒါန် (၂-၅ အားလုံးထိခိုက်၊ နာဖျား၊ သောကပွား)
၁ ၂ - ကရိုဏ်း (၄-၁-၂ တို့ စီးပွားမြေယာအတွင်းရေးခိုက်)
၀ ၁ - ကံ (ကျန်ကျဌရှင်များ၊ အလုပ်ထိခိုက်ဒဏ်ရာရ)
၆ ၀ - အာလုတ် (ကျန်အနိဋ္ဌရှင်များ၊ ဒဏ်ရာဟောင်း၊ အမှုဟောင်းပေါ်)
၅ ၆ - သမ္ပဒါန် (အများနှင့်ဆက်ဆံတိုင်း မာနသိပ်မတင်မိပါစေနှင့်)
၄ ၅ - ကတ္တား (ကိုယ်တိုင်လည်းလိမ်ချင်၊ ပြန်ပြီးလည်းကိုယ်ထိတတ်)
၃ ၄ - သာမိ (ဘာမဆို သည်းခံစိတ်ရှည်စေ၊ ညစ်နွမ်းစိတ်များရှောင်)

**တနင်္လာသက်ရောက်နံ**

၅၆ - သမ္ပဒါန်
၄၅ - ကတ္တား
၃၄ - သာမိ

တနင်္လာသက်ရောက်+ကြာသပတေး ဂမ္ဘေ၊ ခေမာရောက် ဒီတိုင်က စရေးတတ်မှန်၊ သုတရန်မှန်နှစ်ခုသာညီပြီး ဥဒါသိန်သုံးခုနဲ့ အဓ္ဓောဓာတ်ပျက်ကံတယ်။

နိစ်တွဲမြန်မာနာမ်တွေဘက်ပြောစရာနည်းနေသေးတယ်။ ၅၆ သမ္ပဒါန်+၄၅ ကတ္တားတွဲတွေပေါ့။ မြို့နာမည်တွဲတွေ တစမယ်။ အဲသည်ဒေသသို့ အလုပ်အတွဲကိစ္စကြုံတဲ့အခါ ဖြစ်လာချေရှိမယ့်နာမည်ပေါ့။ မုံရွာ၊ မင်းလှ၊ မော်လမြိုင်၊ ဒလာ၊ ပလိပ်၊ ပြင်ဦးလွင်၊ ဖလန်း၊ ကျိုက်လေး၊ ရွှေဘို၊ ယင်းမာပင်၊ ရန်းဖြူ၊ လေယာဉ်ပျံ၊ ရုပ်ပြေး၊ မော်တော်ယာဉ်၊ လူနာမည်တွေ၊ ဘုရားဖူးယာဉ်ပညတ်ပါတိုင်း အကျုံးဝင်ပါတယ်။ ပညတ်နာမ်ဆိုတာ အများကြီး။ ခေတ်အလျောက် လူတို့ ဆန္ဒခေါ် ဝေါ်ကြတယ်။ တချို့နာမ်ပြောင်းသွားတာလည်း ရှိသေးတယ်။ စလေဦးပုညတို့ခေတ်မယ် မြန်မာပြည်၊ ကား ဆိုတာ မရှိသေးဘူး။ တစ်စုံတစ်ခုနှင့်ဆွဲ၍ရွေ့လျားသွားတာကို ယာန၊ မြန်မာတော့ ယာဉ်တဲ့။ စက်တပ်ထားလို့ Motor မော်တော်ယာဉ်၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ရှေ့ဝိသေသ Motor ဖြုတ်ပြီး ကား၊ ဆိုင်ကယ်၊ သင်္ဘော ကောက်တော့ တနင်္လာ ကား၊ အင်္ဂါ ဆိုင်ကယ်တဲ့။ ပါဠိမှာ Motorနဲ့အဓိပ္ပာယ်တူ စက္က၊ စက် ဒါ အဓိကပါပဲ။

ဒီတိုင်ကို ခံသေသေချာချာကြည့်။ လူတစ်ယောက် ကားဝယ်ချင်လို့ ဗေဒင်လာမေးပါပြီတဲ့။ တိုင်ထိပ်ကြည့်ပြီး ကားဝင်တာကောင်းတယ်။ ဝင်မယ်ဟောလိုက်တယ်ဆိုပါစို့။ အောက်ခြေ ၃၄ သာမိ မမြင်ဘဲ ဟောရင် စိတ်ညစ်စရာအတိ၊ ကားဝင်ပေမယ်လို့ မကောင်းတဲ့ပိုင်ရှင်ထံကနေ စက်ချို့ယွင်း၊ စက်အစိတ်အပိုင်းတွေထိခိုက်ထားတဲ့ကားပေါ့။ ဝင်လည်း ပိုင်ရှင်သစ်ဆီ အကျိုးမပြုဘူး။ အရှုံးနဲ့ပြန်ထွက်မယ့်ကား။ ၂၃ အပါဒါန်ရှင်းနေရဲ့။

နောက်တစ်ချက် ငွေပေါ့။ ဒီတိုင်ထိပ် ၂၃ ကို ဇေယျတိုင်၊ ကြာသပတေးကပ်နေပြီဆိုပါစို့။ ဒီကြာသပတေးရှင်ပြောတာမဟုတ်ဘူး။တနင်္လာသက်ရောက်မှန်သမျှ ဟုတ်လား။ ငွေဝင်နိုင်၊ လာဘ်



www.burmeseclassic.com

www.burmeseclassic.com

ရနိုင်တာအမှန်ပဲ။ သို့သော် ဝင်တဲ့ငွေဟာ မိစ္ဆာအာဇီဝသာဖြစ်လိမ့်မယ်။ သို့မဟုတ် သမ္မာအာဇီဝပင်ဖြစ်စေဦး။ ငွေဝင်တာ အကြောင်းပြုပြီး မုချပြဿနာတက်လိမ့်မယ်။ ဗျ၊ မ၊ ကိ အောက်ထက် ဆန့်ကျင် + ထိပ်ရှိ အပါဒါန်နှစ်ခုက ချိမွှေသော အဆိပ်သီးပမာ။

တိုင်ခြေ ၃၄ သာမိမှ ၅၆ သမ္ဗဒါန် အောက်တန်းဝင်ခိုနေသူ ကြာသပတေး ရှင်တို့ရဲ့ ဒီသက်ရောက်စဉ် စိတ်ထား စရိုက်က သိပ်ဟန်ဆောင်ကောင်းနေလိမ့်မယ်။ နှုတ်စကားဟာ မုသား၊ အဝတ်အဆင်မှာ အကြွား၊ အတတ်ပညာ ကပ်ဖားမျိုးတဲ့။ ဒီပညာမယ် သမ္ဗဒါန်ရှိနေတာမို့ Share တွေ၊ အစုအဖွဲ့ထည့်ဝင်တာတွေမှာ သူက ညာချင်မလား၊ ညာခံရမလားဆိုတာ အရေးပါနေပြီ။ ကရိုဏ်း + ပြ တနင်္ဂနွေနဲ့ ကတ္တား + နိစ်ကြီး ရာဟုရှိနေတာကြောင့် အလုပ်ကိစ္စရှိ ငွေကို မျက်စောင်းထိုးလိမ့်မယ်။ တချို့ မညာဘူး။ ဒါပေမယ့် စိတ်ထားကြောင့် အလုပ်ရပ်နားခံရတာလည်းရှိတယ်။

၄-ကြွင်း ကြာသပတေးသမီး ဣန္ဒြေ အာရုံရှင် လင့်ဘက်ဆွေမျိုးတွေက ဥစ္စာခဲကြီးတွေပေါ့။ သူမရဲ့အဆွယ်နဲ့ ငွေထုတ်ပေးကာ စနေနံပစ္စည်းတွေ ရောင်းဝယ်ကြရဲ့။ ဒီသက်ရောက်မှာပဲ လင့်ဆွေမျိုးတွေအပေါ် တစ်ပတ်ရိုက်ပြီး အပိုင်စီးဖြစ်ခဲ့တယ်။ ဟိုက သားကိုနားချပေမယ့် ဒီက မယားလေ။ ဒါတွေ ငါ ဘာလို့သိရသလဲဆိုရင် ငါ့ကိုယ်၌က ထူးခြားသော စရိုက်အပြောင်းတွေ၊ ရုတ်ခြည်း ဆင်းရဲ၊ ချမ်းသာ အန္တရာယ်ဖြစ်သူ ဝိသေသပုဂ္ဂိုလ်တွေရဲ့ ဇာတာခွင်ဆို သိပ်စပ်စု၊ စုဆောင်းပြီး ပညာရှာချင်တာကိုး။ တစ်နည်းနည်းနဲ့ မွေးသက္ကရာဇ်အစုံ ရှာဖွေဟောတတ်တာ၊ သာမန်ရှင်သန်သူအတွက်တော့ ကြိုက်သလောက် ငွေပေး၊ မဟောချင်ဘူး။ ဒါ ငါ့ဝါသနာဆိုးလို့ ဆိုချင်ဆိုနိုင်ပါတယ်။

စိတ်ထား သာမိ ၃၄ တိုင်ခြေရဲ့ အဖြစ်လေးတစ်ခုပါ။ မင်းသိပါလိမ့်မယ် နန္ဒ။ ခင်ဦးမြို့အရှေ့ဘက်ရှိ ရွာစဉ်ရွာက သူငယ်ချေ မောင်လပြည့်လေ။ ၆ ကြွင်း၊ အထွန်းဖွား။ ဘွဲ့ရပြီး ပြင်ပပုဂ္ဂလိက ကုမ္ပဏီမှာ အလုပ်လုပ်ရင်းနဲ့ အထက်ပုဂ္ဂိုလ်ကြီးရဲ့အမှားအပေါ် စောဒကတက်မိလို့ အလုပ်ရပ်နားခံရတာ။ တကယ်တော့ နားတာမဟုတ်ပါဘူး။ ဘေးကပ်ထားခံရလို့ထွက်လိုက်တယ်မဟုတ်လား။ တနင်္လာက မရဏရှိပြန်၊ နာမည်လည်း လပြည့် နိစ်ငြိပြန်၊ ၃၄ သာမိကို ဖွင့်ဟပြန်တော့လည်း ကရိုဏ်း + ကတ္တားက နိုးပြီပေါ့။

ကိုယ့်ဘက် မုသားမဟ၊ တည်ကြည်ပြပါစေဦး။ စကား၊ ဟန်ပန် ၆၀ သုတမှာ အာလုတ်ကနေ အောက်ဂြိုဟ်ထံ တွန်းပို့နေတတ်တာမို့ တေမိဇာတ်ခင်းတာ။ ငွေဝင်လမ်းပွင့်မယ့်တိုင်ပါပဲ။

အသုံးအစွဲများ၊ ရမ္မက်လွဲမှား၊ အလေးအနက်စိတ်မဝင်၊ ဘဝင်မောက်မာ၊ ဉာတိနှင့်မသင့်၊ ဟန်မူရာများ။

### ◻ကြာသပတေး (မွေးနံ) အနိဋ္ဌ

ဆရာသမား၊ ဇနီးမှအပ ကျန်ဆက်ဆံရာမိန်းမကြောင့်အမှားစ။ ပညာရေးပဋိပက္ခ၊ မိတ်သင်္ဂဟနှင့် ပြဿနာဝင်၊

### ကြာသပတေးနိစ်

၃ ၂ - ကရိုဏ်း (၁-၂-၅ အနိဋ္ဌရှင်၊ ထိခိုက်၊ ကျန်းမာ၊ သွားလာခရီးဆင်ခြင်)
၂ ၁ - ကံ (၁-၂-၅ ဣဋ္ဌရှင်၊ အများပရ၊ ကိစ္စခက်ခဲ၊ ကျိုးနည်းအရေးဝင်)
၁ ၀ - အာလုတ် (ကျန်ဣဋ္ဌရှင်၊ကိုယ်ပြုသောဒဏ်ကိုယ်သာခံဖို့ဆိုးကြံသဘော
၀ ၆ - သမ္ဗဒါန် (ကျန်အနိဋ္ဌရှင်၊အတွင်းမီးမှား၊ စီးပွားပညာ၊ ပျက်ခါအရေးကြုံ
၆ ၅ - ကတ္တား (ဟန်နဲ့စကားဆင်ခြင်၍ ဒုစရိုတများကင်းပါစေ)
၅ ၄ - သာမိ (နိစ်+ပြကြီးသတိပြု၍ခွင်ရဲ့ပရိယာယ်ကြောင့်မိမိနှင့်မိမိပတ်ဝန်းကျ
၄ ၃ - အပါဒါန် (လူစုလူဝေးနဲ့အပျော်ဖက်ပြုခြင်းကမကောင်း)

**ကြာသပတေးသက်ရောက်**

၆၅ - ကတ္တား
၅၄ - သာမိ
၄၃ - အပါဒါန်

တနင်္ဂနွေနဲ့ ယခု ကြာသပတေး ရှင်တို့ဟာ ပုံမှန် (၈) နှစ်တစ်ကြိမ်ရောက်တိုင်း ကိုယ့်ရပ် ကိုယ့်ဌာန ဂြိုဟ်ခွင်တို့က နိစ်မြင့်နေမြဲ၊ စံကူး ဓာတ်ရန်ကရိုဏ်းထိပ် + ရာဇာတွင်းရန်အပါဒါန်တိုင်ခြေ ရင်းတို့ ကြာသပတေးစင်ပေါ်မှာ ယှဉ်ပြိုင်ကြတော့မယ်။ ကရိုဏ်းက အပြင်အုပ်စုရဲ့အားအရှိဆုံး၊ ကာရက အပါဒါန်ဟာ အနိဋ္ဌဗိုလ်၊ သူတို့နေရာယူမှုမှန်နေကြတယ်။

ကရိုဏ်းအုပ်စုဘက် အန္တော၊ အာလုတ်၊ တသုရန်ပျက် သမ္ဗဒါန်ကံက ကြားနေဝါဒီ။ ဒါပေမယ့်လို့ သူတော်စင်တော့ မမှတ်နှင့်။ သတိလစ်အမှားကြုံမယ့်၊ အုပ်စုထဲဝင်နှောင့်မယ့် နေဝဏ္ဍအနိဋ္ဌသမားကံ+ အပါဒါန်ရဲ့ဘက်တော်သားတို့ဟာ ၅၄ သာမိ၊ ၆၅ ကတ္တား၊ မိတ်၊ ဓာတ်ရန်တွေလို ကိုယ်ပိုင်စွမ်းအားမရှိ။ နေရာမတိကျတဲ့ သောမ အညမည ဥဒါသိန်များ။

ဒီခွင်ကို ဆိုင်ရာပရိယာယ်သဘောတရားပိုင်းကစပြီး ကတ္တားစရိုက်မှ ဝေဖန်ပြပါမယ်။

### ◻သောကြာအနိဋ္ဌ

မယားအတွက် သောကများ၊ အပျော်အပါး လွဲမှားတတ်၊ အစွဲသန်စကားပြောထိပါး၊ ခရီးဝေး မရေရာ၊ အသိဉာဏ်မှား၊ ရည်မှန်းချက်အလွဲ အကြံပေးမှား၊ ဘာသာရေးဝိရော ဘာသာရေးဘက်က သက်ရှိသက်မဲ့နှ မညီညွတ်၊ အထင်သေး၊ ခန္ဓာထိခိုက် မြေကိစ္စအဆိုး၊ အမွေပြဿနာ၊ စာပေ (အင်္ဂါနှင့်ညီ) ဗျာများ။

### ◻(ဗုဒ္ဓဟူး) ရာဟုအနိဋ္ဌ

တိတ်တခိုး အညီတွယ်၊ အပေ ကြုံ၊ ရန်သူရှိ အတိုက်အခံတိုး၊ ပျက် များ၊ ပြောင်းလဲ၊ ချက်စုံ၊ ပတ်ဝန်းကျင် ကဲ့ရဲ့၊ အငြိမ်မနေ၊ အလျင်ဖြစ်ခဲ့သော အရာတို့ ပြန်လည်ခံစားရ၊ သား၊သမီး ကြောင့် နာမည်ပျက်၊ ရေလမ်းသို့မဟုတ် ရေနှင့်အပူသင့်၊ အရက်၊ လောင်းကစား အဖော်အရှုပ်၊ ရင်ဘတ်၊ ဝမ်းဗိုက်ထိပါး

ဒါတွေဟာ အပါဒါန်အုပ်စု လက်နက်တွေဖြစ်တယ်။ အနိဋ္ဌချည်း ယေဘုယျလူတို့ကြုံလေ့ရှိတာက အနိ ဟာ ဦးစွာ ဣဋ္ဌအသွင်ဆောင်ပြီး အကျ ပြုလေ့ရှိတယ်။ အတိုင်းအတာနဲ့ တောက်ဟာ ဌာနအလိုက် ဆေးလိ မီးညှိ၊ ထမင်းချက် စတဲ့ အကျိုးရှိ သော်လည်း အတိုင်းအဆကြီးမားလွန် သွားက အရာအားလုံး ဝါးမျိုသွားသ ပေါ့။

လူနေဟန်က သူ့ကိုယ်ပိုင် ပညာ တတ်ကြီးပမာ ထော သွားဂုဏ်



www.burmeseclassic.com

www.burmeseclassic.com

စကားမဆင်ခြင်တဲ့ အပါဒါန်အုပ်စုစရိုက်နဲ့ ဒီနှစ်ဘဝဖြတ်သန်းတတ်မယ်။ စီးပွားရေးပါကောင်းနေတာကိုး။ ၄၃ အပါဒါန်ရှိတဲ့အတွက် သူ့စရိုက်က အခိုက်ပဲ။ ဒီအခိုက်ပြောစဉ် ဆရာကြီး ဦးကြာမြင့်ရဲ့ အင်္ဂဝိဇ္ဇာတိုင် (ကြာသပတေး) ဒသနပိုင်းသတိရမိတယ်။ ခုတိုင်စဉ်ဂြိုဟ်နဲ့ တာရကဇာပ်ပုံပိုင်း အနိဋ္ဌကွက်သွားတူတာကို နှိုင်းယှဉ်ပြမှုသက်သက်ပါ။

ရှိတာကိုး။

စနေ ဇေယျနှစ်မှာ မြောက်ပိုင်းဘက်ကို ကားတစ်စီးနှင့် တောလမ်းကအသွား၊ အပါဒါန်ကပ်ခံရရှာလေပေါ့။ ဒီဖြစ်စဉ်မှာ ကြာသပတေးသမီးက ဒုတိယပါ။ ပထမဟာ သူတို့ရဲ့ဦးစီးခေါင်းဆောင် အသက်(၄၇)နှစ် သောကြာရှင် ဘုမ္မိကိန်းထပ်သူပါပဲ။ သို့သော်လည်း ဒီတစ်တိုင်ကြည့်တာနှင့်ပင် ပြည့်စုံ

၂- အောင်မြင်
၆- စီးပွား
၃- အိမ်ထောင်
(၅)
၁ - အတွင်းအုပ်စုအပေါ် တစ်ဖက်သတ်ငါတကောဉာဉ်ရှိလျှင် အပယ်ခံဖြစ်တတ်။
၄ - ခိုက်၊ စာရိတ္တပျက်၊ ဟန်အမူရာမမှန်လျှင်ထောင်ကျသည်အထိဖြစ်တတ်သည်။ (အပါဒါန်)
၀ - ထင်ပေါ်စပ်စု၊ ကြွားဝါ၊ လူတွင်ကျယ်လုပ်ချင်လျှင် ဆုံးရှုံးမှုများတတ်သည်။

(က) ၂၀ ပြခွင်ကဲ့ + ၅၄ နိစ်ကြီး သာမိကြိုးခွင်ကြောင့် (ဂမ္ဘေ) ကျန်းမာရေး ဝှက်ဖျား၊ ကားမှောက်၊ မြေပြိုကျ၊ ...တ်ကူသ (ဗိုက်ခွဲ) စသည်တို့ ခံစားရနိုင်။

(ခ) အတွင်းရေး လင် + ဇနီးရှိ ...မျိုးတစ်ခုခုနှင့်ပိုင်ဆိုင်မှုအရှုပ်ဂုဏ် ...ချင်း ဝင့်ဝါရာကနေ ပြဿနာတက် ...မဟုတ် ဆုံးမခဲခက် သားသမီးမျက်နှာ ...ကြောင့် အရှက်ကွဲ၊ ဝမ်းနည်း ခံစားနိုင်။

(ဂ) လူလွတ်ဖြစ်သော် တလွဲဉာဉ် ... ဆက်စပ်သောဝန်းကျင်၌ အကျင့် ... ဘဝဖျက်ရာများကို မွေ့လျော် ...တ်သောကြောင့် ရေလိုက်မှား၊ တချို့ (...) ပါရောဝင်တတ်။

အခု အားဆွဲရာအဖြစ်အပျက် ...ခုပြောပါရစေ။ မော်လမြိုင်မှာ ...သင်နေသူ ငါ့တူဦးပဥ္စင်းလေးရဲ့ ...တွေ့ပော်မှုကတစ်ဆင့် ပြန်လည် ...တာပါ။ဦးပဥ္စင်းက အနည်းအကျဉ်း ...တ်ပြောတယ်။ ဟောစဉ်မှတ်စု ...အစုံ ငါ့ကိုပေးထားလို့ ဖောက် ...ပြန်ချနိုင်တာပေါ့။ အမျိုးသမီး ...တစ်စု၊ ခေါင်းဆောင်က အသက် (...) နှစ်၊ သောကြာသမီး၊ အိမ်ထောင် ... ကျန်တဲ့ငါးဦးက အပျိုကြီးမမ ... အလုပ်က ကုန်သည်။ အဲဒီအဖွဲ့ ... တစ်ဦးက ယခုသက်ရောက်ရှင် ...တ်(၃၃)နှစ်အတွင်းလေ။ ဝါကျွတ် ...သူတို့အဖွဲ့က တစ်နှစ်တစ်ခါ စိတ် ...တ်ပျောက် ခရီးထွက်ပြီး ကထိန် ...တဲ့ကျောင်းကို ကထိန်လှူခြင်းလေ့

ပါပြီ။ ကတ္တားအုပ်စုရဲ့ တားစီးသွားရာ ကံအရေးတွင် ပိုင်ဆိုင်ရာ လှူတန်းမှုပြု သာမိပွဲအကြားမှာ အုပ်စုလိုက်လူတွေ အပါဒါန်ဖြစ်သွားပုံက ပေါ်လွင်နေပါပြီ။

ကျန်သူတွေရဲ့ ကံတရားက ဗျာယ်လောက်ပဲမြင့်နေပါစေ နောက်လိုက်ကနောက်လိုက်ပါပဲ။ ရှေ့ဆောင်ပုဂ္ဂိုလ်ရဲ့ ကံကိန်းအနိဋ္ဌဟာ ကူးစက်စမြဲ။ ဇာတ်တော်တစ်ခုထဲကလိုပေါ့။ ကိသဝိစ္ဆရသေ့ကြီးအပေါ် ခေါင်းဆောင်က စော်ကားခဲ့တယ်။ နောက်လိုက်တချို့လိုက်လုပ်တယ်။ ခံရတော့ သက်ရှိသက်မဲ့အနန္တ အတိတ်ကံဝဋ်ကြွေးဆိုတာ ပစ္စက္ခမယ် အများနှင့် ရောမခံရဖို့ ဉာဏ်ပါဦးမှ။

သင်ခန်းစာအဖြစ် ခရီးသွားမည်ဆိုလျှင်၊ အလုပ်ကိစ္စ အကျိုးတူဆောင်ရွက်လျှင် ကိုယ့်ရဲ့ဦးစီးပုဂ္ဂိုလ်ကိန်း အနိဋ္ဌခွင်ရှိက ရှောင်လိုက်ပါ။

ပြီးခဲ့ရာကြာသပတေးရှင်တို့ ကိုယ့်ခွင်နိစ်တိုင်မယ် အန္တောခါတ် တန်းကပ်ကို အာလုတ်နဲ့နော်။ ထီ၊ ရာထူး၊ လာဘ်ပွင့်မယ့်ဂြိုဟ်။ အမျိုးသမီးဆို သက်ရှိအကျိုးပြုပေါ့။ ထီပေါက်ချင် ကျား, မ မခွဲတော့ဘဲ ဉာဏ်ကူပြီးထိုးသော် ပေါက်တတ်ပါတယ်။ နှစ်ခွင်စလုံး တနင်္လာပြခွင် ကံနဲ့ရှိနေတာမို့ ကံကောင်းရန် ပထမလုပ် အနိဋ္ဌ တနင်္လာနံသင့် ကန်ပြင်၊ ကန်ဆည်၊ ခွေးတွေ အကြော်၊ ပဲကြော်ကျွေး၊ အသားမပါစေနဲ့။ ယတြာပိုစွမ်းစေလိုက စာရိတ္တအပြင် သီလလုံပါစေ။ ဒီတိုင်မှာလည်း ၃၄ က တိုင်ထိပ်ဗုဒ္ဓဟူးပေါ့။ ဒါပေမယ့် ဉာဏ်တူရင် ရာဟုဖြစ်နိုင်ပါတယ်။ အာလုတ်၊ ကရိုဏ်း၊ သာမိ၊ ဩကာသ၊ သမ္မဒါန်ကပ်ကမခက်ပါဘူး။ ဗုဒ္ဓဟူးနေ့ ၁း၀၀ မှ ၇း၀၀ နာရီကြားကာလအခြား တနင်္ဂနွေ၊ စနေ၊ အင်္ဂါနေ့တို့လည်း အထက်ပါနာရီအတွင်းထိုးကြည့်ပါ။

သုတ၊ ပြင်ရန် အပါဒါန်၊ အနိဋ္ဌ၊ တောအံ၊ ဓာတ်ပျက်၊ သာမိ၊ ကူဋ၊ ကူးစံ၊ ဓာတ်ပျက်၊ ကံ၊ နေဝ ကျန်တာ ဥဒါသိန် အတွဲများ၊ သောကြာရှင် ကြာသပတေး သက်ရောက်မို့ (၇) ခွင်မြောက် ဘုမ္မိဂြိုဟ်၊ နောက် အမြစ်နံ၊ ဘုမ္မိဆိုတာ ဘုမ်ပုဒ်မှလာတဲ့ပါဠိ၊ မြေကြီး သို့မဟုတ် မြေမြုပ်ရာ သုသာန်မြေ အဓိပ္ပာယ်ပေါ့။ ၂၊ ၃၊ ၅၊ ၀ ကွင်း သောကြာထိခိုက်၊ သေဆုံးခြင်း၊ ကျန်အကြွင်းဥစ္စာ၊ သိက္ခာပျက်သုဉ်းခြင်းဖြစ်သော အင်္ဂါဂြိုဟ် အိပ် + ယခုသက်ရောက်ပါပဲ။

သုတ ၆၀၊ အပါဒါန်၊ အပါဒါန ထွက်ခွာရာပြု ထိုဤမှလှမ်းကြွအပါဒါန်၊ မူလနေရာဟောင်း၊ အာရုံဟောင်းကို စွန့်ခွာပြီး အသစ်သစ်ကိုယူတဲ့၊ ငနတ့် သဘောသည် အပါဒါန်၊ ပဥ္စမီဝိဘတ်

သောကြာနိစ်

၃ ၄ - ကရိုဏ်း (၂-၃-၀ အနိဋ္ဌရှင်၊ ခန္ဓာထိခိုက်၊ ဖျားနာ၊ ပရဒုက္ခပြု)
၂ ၃ - ကံ (၂-၃-၅-၀ ကူဋရှင်၊ စိတ်ဆင်းရဲ၊ ဥစ္စာကုန်၊ အတ္တမှားပြု)
၁ ၂ - သမ္ပဒါန်(ကျန်အကြွင်းများအနိဋ္ဌရှင်ပရအမှားပြုစိတ်ဆင်းရဲတွင်းပြင်အဆိုး)
၀ ၁ - သာမိ (ကျန်အကြွင်းများ၊ ကူဋရှင်၊ အတ္တအမှား၊ ထိခိုက်၊ ရောဂါဖြစ်)
၆ ၀ - အပါဒါန် (ခရီး၊ စကား၊ မယား၊ အပျော်၊ မလျော်အကြံမဝင်ခံနှင့်)
၅ ၆ - ကတ္တား (လွဲမှားအတွေး၊ ရှုပ်ထွေးအသိရှောင်)
၄ ၅ - ဩကာသ (ဟန်လွဲ၊ မာန်လွဲ၊ သုံးစွဲဥစ္စာ၊ လက်မဖွာချင်နှင့်)

ကြာသပတေးသက်ရောက်

၆၀ - အပါဒါန်
၅၆ - ကတ္တား
၄၅ - ဩကာသ



www.burmeseclassic.com

www.burmeseclassic.com

သက်ပြီး မြန်မာစာရေးတဲ့အခါ -

'မှ၊ အောက်၊ ထက်' ဟု ဤသုံးခု ခေါ်ပြုအပါဒါန်တဲ့။

ဝါကျဥပမာ။ ။ ငါသည် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့၏။

ငါ ဆိုတဲ့ ကတ္တားက ဟိုယခင် ရန်ကုန်မြို့ကမှာရှိနေခဲ့တယ်။ မခွဲခွာသေးဘူး။ မှ - ဝိဘတ်ဝင်လာရော ငါနဲ့မြို့ သီးခြားစီဖြစ်အောင် ကန့်ထုတ်ပစ်လိုက်ပြီ။ ဒါ အပါဒါန်ရဲ့ ထွက်ခွာပြောင်းလဲခြင်းလက္ခဏာ။

ဒါတင်မကသေးဘူး။ အရည်အချင်း၊ အဆင့်အတန်းလည်းခွဲတတ်ရဲ့။ နိမ့်ကျ၊ ယုတ်လျော့၊ နည်းပါးတာ အောက် ဝိဘတ်နဲ့ ရေးရတာဖြစ်တယ်။

ဝါကျနမူနာ။ ။ မခင်သန့်စင်သည် ဒေါ်မြမြဝင်းအောက်ရှိသည်။

မခင်သန့်စင်ဟာ ကျန်လူတွေ အပေါ်တော့ မောက်မာချင်မာပေ့ါ။ ဒေါ်မြမြဝင်းကိုတော့ မလှန်ဝံ့ဘူး။ သူမ က နိမ့်ကျနေလို့ပဲ။

ကြီးမား၊ မြင့်မြင့်၊ သာလွန်တာကျ တော့ 'ထက်'၊

ဝါကျဥပမာ။ ။ ဦးစိုးသည် ဦးမြင့်အောင်ထက် ရာထူးမြင့်သည်။

ဒါကြောင့် အပါဒါန်ဟာ ကစ္စည်းသဒ္ဒါကျမ်းအလို ခွဲခွာခြင်း၊ ယုတ်၊ လတ်၊ မြတ်၊ နိမ့်၊ မြင့်အကုန်ခွဲခြင်းလက္ခဏာ။ ကာရကထဲ အတိအနိဋ္ဌထိပ်ခေါင်ပေ့ါ။ ဆန်းဗေဒင်မှာလည်း အဆိုးပြရဲ့။ စွန့်လွှတ်၊ ခွဲခွာ၊ ပျက်သုဉ်း၊ ဖယ်ရှား၊ ဥပဒ်သင့်၊ ဆုံးရှုံး မရဏ+အပါဒါန်ထပ်တူ။

ကဲ - ဒါဆို ကြာသပတေးရှင်တနင်္လာသက်ရောက်ကို ပြန်သွားရအောင်။ အဲသည့်တိုင်ထိပ် ၂၃ အပါဒါန်နဲ့ ရှိနေတယ်။ ဇေယျမှာလည်း အင်္ဂါကပ်ပြီဆိုပါစို့။ ကောင်းအားရှစ်ရှိနေပြီ မဟုတ်လား။ ထီပေါက်မယ်ပေ့ါ။ ပေါက်ပါပြီ။ သို့သော် အကြောင်းနှစ်ချက်ဝင်လိမ့်မယ်။ လက်မှတ်ပျောက်လို့ ငွေထုတ်ခွင့်မရှိတာရယ်၊ ထုတ်ယူရပါပြီတဲ့ မကြာမီ ကိုယ်ဆီမမြဲတာရယ် ကြုံလိမ့်မယ်။ တို့ငယ်စဉ် တော်လှန်ရေးကောင်စီစတက်စဉ်အခါက ခင်ဦးမြို့ပေါ်မှာ ဦးရာကျော် ဆိုတဲ့လူတစ်ဦးရှိတယ်။ မိုးကုတ်ဘက်သွားပြီး ကျောက်တွင်းတူးအခစားဝင်လုပ်တယ်။ တစ်နှစ်ကျော်လောက်နေတော့ပြန်လာခဲ့တာပေ့ါ။ တစ်နေ့ ငယ်ဆရာဖြစ်တဲ့ စည်ပုတ္တရာ ရွာကျောင်း ဘုန်းကြီးဦးပညာဝရထံသွားကန်တော့တဲ့အခါ ဘုန်းကြီးက -

"ရာကျော်၊ မင်းထံ တန်ဖိုးကြီး ရတနာရှိလိမ့်မယ်"

လို့ တုံးတိတိမိန့်သတဲ့။

ဘုန်းကြီး ဦးပညာဝရ ဆိုတာ လောကုတ်၊ လောကီစွယ်စုံပါရဂူတစ်ပါးမှန်း တစ်နယ်လုံးထင်ရှားတာကိုးကွ။ ဒါပေမယ့် ဦးရာကျော်ထံတော့ အသပြာ အနည်းငယ်ပဲပါပြီး ဘာရတနာမှမပါလေတော့ ဦးရာကျော်တစ်ယောက် ငေးငိုင်ရင်း အိမ်ပြန်လာခဲ့တယ်။

ဘုန်းကြီးက အကျိုးမဲ့စကားမိန့်ကြားလေ့မရှိပါဘူး။ သူကဖြင့် မေ့မေ့ပျောက်ပျောက်။ အမှန်က သူဆောက်သွေးဖို့ တောထဲကနေယူလာတဲ့ မျက်နှာပြင်တစ်ဖက်ညီ ကျောက်တုံးလေးပါပဲ။ ဒါ သူသတိမရဘူး။ တိုတိုပြောရရင် ဧည့်သည်တစ်ယောက်က တောင်းလို့ပေးလိုက်သတဲ့။ နောက် ကောလာဟလသတင်းတွေပျံ့နှံ့လာမှ ဦးရာကျော်ခမျာ ရူးမတတ်ဖြစ်သွားရှာသတဲ့လေ။ ထိုက်သူစံ၊ မိုက်လူခံအဖြစ်ပေါ့ကွာ။ ဒါက အပါဒါန်ရိုက်ခတ်မှုကြောင့် အကျိုးမခံစားရတဲ့ တို့ငယ်ဘဝတုန်းက ပုံပြင်လိုဇာတ်လမ်းလေး။

က။ အတိအနိဋ္ဌဝင် အပါဒါန် + အနိဋ္ဌ နိစ်ဉ္ဇ တည်ရှိခြင်း

ခ။ မွေးနံ (သောကြာ) နိစ်နစ်ခြင်း

ဂ။ သုတရန်တွဲဂြိုဟ်အဖြစ်ရှိခြင်း

ဃ။ ၎င်းကို ဗုဒ္ဓ၊ မ၊ ကိ တစ်ခုခုစိုးမိုးခြင်း

င။ နာမည်နံသင့် အနိဋ္ဌအားများနေခြင်းရှိလို့ကဖြင့် -

မြေလျှိုးကာရေငုပ်လို့၊
ယုန်သမုတ်ထက်ပေါ်ရှောင်၊
မတွေ့အောင်
ဘယ်လိုပုန်းသော်လည်း၊
ဗွေအဆုံး ဂြိုဟ်ဆိုးမာန်၊
တိုး၍ရှာပြန် ဆိုတဲ့
လင်္ကာအတိုင်းဖြစ်လေတော့မယ်။

ပုန်းမလွတ်ဘဲ ဝင်နှောင့်မှာတို့က -

၁။ ကျန်းမာရေး ထိခိုက်၊ ဒဏ်ရာရ အပါဒါန်ထိ။

၂။ စီးပွားရေး အလုပ်ခိုက်၊ ဥစ္စာကုန်၊ ဆင်းရဲ။

၃။ အတွင်းရေး လင်မယားကွဲ၊ သားသမီးအပူသင့်၊ ဉာတိဒုက္ခပြု။

၄။ ဆက်ဆံရေး စာရိတ္တပျက်၊ အရှက်ကွဲ၊ မိတ်သင်္ဂဖယ်ကြဉ်၊ အမှုကြုံ နှောင့်ယှက်ပြု ဂြိုဟ်ညဉ်တွေကို

အစဉ်မျှော်လိုက်သော် ပထမဆုံးနိစ်ကြီး ရှိ ကတ္တား ၅၆ ကြာသပတေးညဉ် အဆိုး မြေ၊ အမွေ၊ မိဘ၊ ဆရာတို့ ဆက်

စပ်ရာ ပဋိပက္ခအယူအဆတွေ၊ ပညာ သင်ဆဲ မလျော်ရာလက်တည့်စမ်းချင် တာတွေ၊ နောက် တိုင်ခြေရှိ ၄၅ ဩကာသ ကူးစက်လိမ့်မယ်။ လူလွတ်ဆိုရင် ခဏ နေဦး။

ဩကာသဟာ ခု အနိဋ္ဌနော်။ လူ တစ်ယောက်ရဲ့ဘဝတိုးတက်ခြင်း၊ ဆုတ် ယုတ်ခြင်းကို အားတိုင်းပြတတ်သော အနာဂတ်ကြည့် သာမိုမီတာတိုင်ဆိုတာ ခုကြည့် တိုင်ခြေ ၄၅၊ အလယ် ၅၆ ပညာရေးကို ညှပ်ပြီးအပေါ် ၆၁၊ အပါ ဒါန် ဒါကို ၄၅ + ၆၀ ဝံသေဓာတ်အဆိုး တစ်ခုက ပညာသင်စဉ် ပြည့်စုံပါလျက် မိဘအသိမခံဝံ့တဲ့ကိစ္စတွေဖြစ်နေ သမ နဲ့ အပျော်ဖွဲ့ ခရီးများတို့ ရှိနေလိမ့်မယ်

အိမ်ထောင်ရှင်ဆို ၁၂ သမ္ဘဒါန် တန်းကပ်၊ ဣဋ္ဌနဲ့ ၆၀ အပါဒါန် ဝေ ကြည့်ပါ။ အလုပ်အကြောင်းပြ၊ အတွက် လုံးပန်းပြီး ရခိုက်ယူထားမှ ဉာ နဲ့အပြင်မှာနေစဉ် ဇနီးကတော့ အတွင်း မှာ မျိုးသိပ်ရင်း ထွက်ပေါက်ရှာမယ် အောက်ဂြိုဟ်နှစ်ခုကလည်း သော အညမညဥဒါသိန်မို့ ဇနီးအတွက် ဖိအား ပိုသွားစေပြီး အပြင်ရန် ၆၀ ရဲ့ ရိုက်ခတ် ချက်က အဲဒီနှစ်ခုပါပဲ။ ခရီးလ ကြောင်းက ရှင်းရှင်းကြီးမို့ သိလွယ် တယ်။

ထိခိုက် Shock သူတို့လည်း စရိုက်မလွတ်ပါဘူး။ ၁၃၇၁ ခုနှစ် ဦးဝင်စမှာပေ့ါ။ မွေးသက္ကရာဇ်၊ နာ နေရပ်တော့ မပြောပါရစေနဲ့။ ၆၀ အမည်ရှင် ကလေးမလေးပါ။ သွ မွေးဖွားပြီး စီးပွားရေးကောင်းလာ ကြောင့် မိဘတို့က ဖူးဖူးမှုတ်ရ ဖန်ဆင်းရှင်မလေး အသက် (၁၅) မယ် ကိုးတန်းနောက်ဆုံးဘာသာ အပြီး အဖော်တွေနဲ့ မြို့အပြင် ချော ကမ်းနဖူးနားရှိ စေတီပရဝဏ်မှာ အပန်းဖြေကြသတဲ့။ အပြန်နေ ဆိုင်ကယ်မှောက်ကာ အပါဒါန်ဖြစ် ရှာတယ်။

ဆိုင်ကယ်နံ ၃-၂ နော်၊ တော သားပဲ။ ပြခွင်ရှိ ၂၃ကို ကက်ကင် ရင်တော့ ဟုတ်သလိုလို။ ဒါခိုင် အဖြေပြမျဉ်းမဟုတ်။ ဆိုင်ကယ် ခြင်းအကျိုးကို ဖြစ်စရာအကြောင်း ကတ္တား + ၄၅ ဩကာသစရိုက်ဝင် ရလိမ့်မယ်လို့ ယူဆတယ်။ နောက် ပတ်ဝန်းကျင် စူးစမ်းလိုက်မှ ငါ အတိုင်းဖြစ်နေတယ်။

ပြောရမှာ တာသန



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတန်မဲ့ ဟိရိဩတ္တပ္ပမဲ့စွာ အများလက်မခံနိုင်ဖွယ် သုရာမေရယ သိက္ခာပုဒ်၊ အကျူးဝင်ရာ ၅၆ နိစ်ကြီး+ ၄၅တိုင် ခြေ ကြိုးကွင်းဖြစ်တဲ့ ကြာသပတေး + ရာဟုနံအတွဲစပ်ကို အရွယ်နဲ့ မမျှ ရှုးရှူးမိုက်မိုက် အရသာခံသောက်ပြီး ဆိုင်ကယ်ကို တံရကြမ်းရမ်းပြီဆိုမှတော့ အပါဒါန်လက်ခုပ်တီးခေါ်တာ လွန်သလား။ ၄၅ ဩကာသရဲ့ ညဥ့်ဆိုး မိဘအပေါ် ဖြစ်လိုရာဖြစ်စေခြင်း၊ လွတ်လပ်မှုအပြည့်ရှိခြင်း၊ ပညာရေးအကြောင်းပြရှိခြင်းတို့ သူ့မှာအပြည့်။ ဒီတော့ တိုင်ရဲ့ အောက်တန်းက ၅-၄နှစ်တွဲ၊ (၉) တန်း ၅၄ (၅၈) ကိုးဂဏန်းတို့ သိမ်းကျုံးပြီး အပါဒါန်ဆွဲပုံကို မြင်ပါတယ်နော်။

ကောင်း၊ ချင့်ချိန်တတ်၊ ဖြတ်ထိုးဉာဏ်ရှိ၊ အနုပညာဘက်ကောင်း၊ ကျန်းမာသန်စွမ်း၊ ဆက်သွယ်ရေးအဆင်ပြေ၊ သက်မဲ့ဆို ရွှေ၊ ငွေ၊ လက်ဆောင်ပစ္စည်း၊ လျှပ်စစ်ဆိုင်ရာ၊ နောက် သီဝလီရဟန္တာ မထေရ်မြတ်ဝင်မှုထက် အာနိသင်ကူးစက်မှုက ပဓာနပါ။

ဧတဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိထေရော (ဧတေန သစ္စဝဇ္ဇေန လာဘတုမေ ဇယလာဘံ)။

ဘုရားရှင်က လာဘ်လာဘအပေါ် များဆုံး ရရှိသူတို့ထက် အရှင်သီဝလိ မထေရ်သည် အသာဆုံး၊ အမြတ်ဆုံးဖြစ်သည်လို့ ဧတဒဂ်ချွေတော်မူတဲ့ ဂါထာ သိပ်မည့်သေးပါဘူး။

တသု ၀၆ ကတ္တားနဲ့ ၅၄အာလုတ်တို့ကို သတိထားရလိမ့်မယ်။ အရှင်နှစ်ရဲ့ လက်ကျန်အရှုပ်တွေကပြန်ပေါ်နိုင်ရဲ့၊ အမှုရောဂါ၊ မြေယာအရေးတွေပဲ၊ များသောအားဖြင့် သောကြာရှင်တို့ ဒီတိုင် ဝင်ပြီဆို လူပုံက မြောက်ကြွကြွ၊ စကားဆိုတော့ အပေါ်စီးလေသံမျိုးပါ။ ငွေကဖြင့် သာမိကြောင့်ရနိုင်တယ်။ ဒါပေမယ့် အလှူဒါန၊ စွန့်ကြဲမှု၊ သားသမီး၊ အိမ်အတွက် စဉ်းစားမှာမဟုတ်ဘူး။ အာလုတ်အဆိုးဟာ အတ္တသိပ်ဖက်တတ်တယ်။ ဒါက အသက် ၄၈နှစ်တွေ မဟုတ်ပါဘူး။ ကျန်တာပေါ့။

ငါတို့ နိစ်နစ်အကြောင်းတွေ ပြော

**သောကြာနိစ်**

၄ ၃ - ကံ (၂-၄-၅ ကြွင်းအနိဋ္ဌရှင်၊ ထိခိုက်ဒဏ်ရာ၊ ဝေဒနာဟောင်း၊ ဆိုးကြွေးထောင်းလိမ့်)
၃ ၂ - သမ္ပဒါန် (၂-၄-၅ ဣဋ္ဌရှင်၊ ကိုယ်ပြုကိုယ်ဖန်၊ ကိုယ့်မာန်ကိုယ်ဆိုး၊ ဒုက္ခမိုး)
၂ ၁ - သာမိ (ကျန်အကြွင်းရှင်တိုင်း၊ အတွင်းရေးသောကနှင့် ပြင်ပအပျော်ဖျက်)
၁ ၀ - အပါဒါန်
၀ ၆ - ကတ္တား (အတွေးဆိုး၊ အကြံဆိုးတို့ကြောင့် အမှားကြုံစေ)
၆ ၅ - ဩကာသ (ကာယ၊ ဝစီဖောက်ပြန်ခြင်းများအား သွေးထိုးသူတို့က ပတ်ဝန်းကျင်၌ပေါ်)
၅ ၄ - အာလုတ် (သွားလာခရီး ပျော်ယစ်မူးခြင်းတို့ဆင်ခြင်)

**ရာဟုသက်ရောက်**

၀၆ - ကတ္တား
၆၅ - ဩကာသ
၅၄ - အာလုတ်

(လောကီထုပ္ပာဒ် လူတို့ဇာတ်၌၊ ရှာအပ်စီးပွား၊ ပြည့်ဝပြားက၊ မင်္ဂတားဖိုလ်ကျဉ် ကာမခွင်သို့ နစ်ဝင်ပျော်ကြူး မိုက်ညဉ်ပူး၍၊ မွန်ရှူးရန်းယစ်၊ ကျိုးမဲ့ဖြစ်စွာ၊ ပြုတတ်သာ၏။)

သောကြာရှင်နိစ်တွေ တစ်ဆက်တည်း ဖြစ်နေပြီ။ ဂြိုဟ်အိပ်အနိဋ္ဌဝင်သူ ဗိုဆိုးမယ်။ တိုင်ထိပ် ၄၃ ကံနဲ့ပါလား။ မဆိုင်ပေမယ့် ဆင်ခြင်တတ်ဖို့ပြောရဦးမယ်။ ဒါသောမ ရှေ့ပါပ ပဋိပက္ခဂြိုဟ်၊ ဗုဒ္ဓဟူးနံ ပရိယာယ်ဆန်းအလို သိပ်မတွေ့ရဘူး။ လူငယ်၊ သား၊ သမီး၊ စကားများ၊ ရေကြည်၊ ရုပ်ရှင်၊ ယားယံ၊ ရှင်သီဝလိ၊ ဘုရားဓာတ်တော်တဲ့။ ဘုရားဓာတ်ကော် ဆိုတာ လောက၌ အရှားအပါးဆုံး တန်ဖိုးဖြတ်ရန် မဖြစ်နိုင်တဲ့ ရတနာထူးပါ။ ဒီဗုဒ္ဓဟူးရဲ့ပရိယာယ်ထဲပါနေပုံက အံ့ဩဖွယ်တစ်ခုပဲ။ လူသန်းတစ်ရာမယ် တစ်ယောက်ရရန် မလွယ်ကူပါဘူး။ ဒါက ဘုရားရှင်ရဲ့ သရီယဓာတ်ကိန်းဝပ်ရာ ရွှေတိဂုံ၊ ကျိုက်ထီးရိုးစတဲ့ စေတီဖူးရခြင်း၊ အိပ်မက်၊ ပုံတော်ရခြင်း စတဲ့အဓိပ္ပာယ်။ ဗုဒ္ဓဟူးက လူနေဟန်တင့်တယ်၊ လူတွေနဲ့ ဆက်ဆံရေးကို ပူဇော်ရင် (အဓိဋ္ဌာန်ပြုရင်) တန်းကပ် တနင်္လာနံဝင်နိုင်မှုကိုပြတဲ့ သဘောပါပဲ။

အသက်အရွယ်မရွေး ဆက်တိုက်နှစ်များ နိစ်နစ်ပြီဆို ပထမနိစ်ဝင်စဉ် သဘောမျှဆိုးခဲ့ရင် ဒုတိယနှစ်ပိုပြီးသတိပြု၊ အမှုဖြစ်ပြီး ထောင်ကျ၊ ထိခိုက်မိလို့ ဒဏ်ရာရလည်း ထပ်ဆင့်ညှဉ်းဦးမှာပေါ့။ နည်းနည်းပါးပါးထိကာလွတ်သူ၊ ပြဿနာအေးစရှိသူတို့အဖို့ ပိုဆင်ခြင်ရတော့မယ်။ ခုဟာက ရာဟုသက်ရောက်။ သူ့ရန်ဘက် ဗုဒ္ဓဟူးဟာ တိုင်ထပ်မှာ ၄၃ ကံနဲ့အတူ ရှိနေပြီ။ ဒါဆို ရာဟုကရော တိုင်စဉ်အရ မရပ်တည်ပေမယ်လို့ ကပ်ဂြိုဟ်အဖြစ်တော့ ၅၄ တိုင်ခြေ အာလုတ်မှာ ဝင်ခိုနေတယ်လေ။ အာလုတ်၊ ဩကာသ၊ ကတ္တားတို့ အုပ်စုဖွဲ့ ဒီသောကြာရှင်မှာ ၁၀ အပါဒါန်၊ ၂၁ သာမိ၊ ၄၃ကံ အကောင်းသား၊ ၃၂ သမ္ပဒါန် ဒါလည်း လာခဲ့တာ သုံးရက်ရှိပြီနော်။ တိုင်စဉ်ရှိ နိစ်ခံအောက်က နံရှင်ရဲ့ ဖြစ်လာမယ့် အရေးတွေ စတင်ရာစရိုက်ကို ကာရကနဲ့ နှိုင်းယှဉ်ပြနေတော့ အမှတ်တမဲ့ဆို လူဟာတစ်နှစ်ကို စိတ်ထားစရိုက်ပြောင်းလဲတတ်သလို ဖြစ်နေမလားဘဲ။ အမှန်မှာ မဟာဘုတ်ခွင်က အဇ္ဈတ္တပင်ကိုစရိုက်၊ တိုင်စဉ်ကျတော့ ရောက်ဆဲနှစ်ရဲ့ ဖြစ်လာမယ့် သဘောတရားအလိုက် အကြောင်းခံ ဗဟိဒ္ဓစရိုက်ပဲလေ။ ဖြစ်ရန်စေ့ဆော်ပေးတတ်မှုဟာ ကာရကကပ်ခံတို့ရဲ့ အစွမ်းတွေပေါ့။

ငယ်ရွယ်သူတွေရဲ့ တိုးတက်ရေး အတတ်ပညာ၊ အသိဉာဏ်စွမ်းရည်ကို စိန်ခေါ်စေမယ့် ၅၄အာလုတ်ကို ကြည့်ပါဦး။ ဒီမှာရာဟုဝင်ပူးနေတယ်။ တစ်ခွင်ကျော် အထက်ရှိ ကတ္တားနဲ့ညဉ့်ပူးပြီး အမျိုးသမီးကာမဂုဏ်မှ အကြောင်းခံ ဖြစ်လာမယ့် ရောဂါဝေဒနာ (စိတ်)ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အိမ်မှုဖြစ်စေ၊ ဒေသမှုဖြစ်စေ၊ တစ်နယ်၊ တစ်ဒေသသွားမှု၊ ပြောင်းမှု၊ တချို့ပြည်ပ အထိရှိလိမ့်မယ်။ (၂၃) နှစ်၊ (၂၄) နှစ်၊ (၂၅) နှစ် ဆက်တိုက်အနိဋ္ဌတိုးကိန်းတွေ လူမှုအရှုပ်များမှာပဲ။ လက်ထပ်ချင်သော် လည်းတစ်ဦးဦးရဲ့နောက်ခံသမိုင်းကြောင့် နှေးသွားတတ်ရဲ့။ ကြာသပတေးတိုင် ခြေကို အကုသိုလ်စရိုက်ဆိုးများခေါ် သွင်းပြီး စနေဂြိုဟ်ရိုက်ချက်ရဲ့ ဒဏ်ခံ ကိန်းတိုင်ပါပဲ။

က။ မိတ်သင်္ဂဟဖြင့် ရပ်ဝေးဒေသ သို့ ခရီးသွားခြင်း။ (၃၂ သမ္ဗဒါန်+ ၆၅ ဩကာသတွဲ)

ခ။ အတိတ်က ဆက်စပ်ဖူးသော ငယ်ပျော်တို့နှင့် ရာဂမီး (၅၄ အာလုတ်+ ၆၅ ဩကာသတွဲ)

ဂ။ ဆရာလိုလိုချဉ်းကပ်၍ ပြဿနာပေးမည့်သူအား ဂရုပြု (၅၄ အာလုတ် + ၀၆ ကတ္တား)

ကရိုဏ်း၊ အာလုတ်ကြံစည်ချင်သလား။ ဒါက သူတို့စရိုက်အပေါ် မူတည်ပြီ။

အိမ်ထောင်ရှင်တို့ ဝိသမလောဘ၊ လူလွတ်ကျတော့ ရောရာ၊ တဏှာရေစီးကြောင်းထဲဆင်းမိရာက ဘဝအညို့အစွန်းကွက်ပေမှုပိုလိမ့်မယ်။ အိမ်ထောင်ပြုမိလည်း မမြဲပါဘူး။ ၁၂ အပါ ဒါန်က ခွဲမှာမလွဲ။ အရှက်၊ ဂုဏ်ပျက်၊ လွဲမှားတွေ ကံဟာ ဖွတ်ထည့်ပေးလိမ့်မယ်။

ကံရဲ့ ၅၆ အမွေ၊ မြေယာပိုင်ဆိုင်မှု၊ ဘဏ်လုပ်ငန်း၊ ပါတီအစုအဖွဲ့ရေးရာ (ဒါလည်း ၀၁-ကရိုဏ်းကြောင့် နိုင်ငံရေးဆက်စပ်ရာပါငြိစွန်း) ဘာသာရေး အသင်းအပင်း၊ မင်္ဂလာပွဲ၊ ပညာရေးဆိုင်ရာ၊ ဘွဲ့၊ ဘွဲ့လွန်ကိစ္စ၊ ပညာတတ် (မိန်းမ) မိုဘိုင်းဖုန်းရောင်းဝယ်ရေး စတဲ့ အစုအဖွဲ့တွေ၊ နီးစပ်သူတွေ၊ ကိုယ်တိုင်တည်ရှိတာတွေ၊ တစ်နည်းနည်းတော့ ပါဝင် ပတ်သက်လာမိတတ်ပါတယ်။

**စနေနိစ်**

၄ ၅ - သာမိ (၁-၃-၅-၀ အနိဋ္ဌရှင်၊ စီးပွားဥစ္စာ၊ တွင်း၊ မြင်ထိခိုက်)
၃ ၄ - အာလုတ် (၁-၃-၅-၀ ဣဋ္ဌရှင်၊ ထိခိုက်၊ ချုပ်နှောင်)
၂ ၃ - ဩကာသ (ကျန်အားလုံး စီးပွားကျဆင်း၊ ကိုယ်တွင်းအနာ)
၁ ၂ - အပါဒါန်
၀ ၁ - ကရိုဏ်း (မိတ်သင်္ဂဟကြောင့်အတွင်း၌ ဝန်မပိပါစေနှင့်)
၆ ၀ - ကတ္တား (သတိတမံ၊ ဉာဏ်မြေကတုတ်ပမာ အရာရာဆင်ခြင်နေ)
၅ ၆ - ကံ (မိဘ၊ ဆရာ၊ ဘာသာဘက်၌ စိတ်ထားမှန်ပါစေ)

**ရာဟုသက်ရောက်နိစ်**

၀၁- ကရိုဏ်း
၆၀- ကတ္တား
၅၆- ကံ

တော်ရင်း ပြင်မိတ်သက်ရောက် နိစ်နှစ်၊ သောကြာရှင်နိစ်က တိုင်ခြေရှိသော်လည်း ဒီတိုင်တော့ ရာဟုကွယ်နေပြီ။ ကပ်ဂြိုဟ်မမြင်ဘူး။ ဒါပေမယ့် စနေအတွက် ရာဟုဂြိုဟ်က အနိဋ္ဌစာရင်း မဝင်တော့ပါဘူး။ အဓိကသတိထားသင့်တဲ့အကြောင်းကာရကတို့ အနိဋ္ဌဝင်နေရဲ့။ ကံ၊ ကတ္တား၊ ကရိုဏ်း၊ ၅၆ ကံမှာ တိုင်ခြေဖြစ်တတ်ရင် အောက်ဆုံးကနေ စလာရင်း ဆက်တိုက်အပေါ် တက်မယ်။ ကံ,က နေရာယူ သိပ်ဆိုးနေတယ်။ စနေကိုလည်း ပြင်ပအုပ်စု အကူအညီပြု ကရိုဏ်းဆိုးရှိနေတာကြောင့် မိတ်ဆွေ၊ ငယ်သူငယ်ချင်း စတာတို့နဲ့ ကိစ္စတစ်ခုခု ပုံဖော်ကြလိမ့်မယ်။ ဣဋ္ဌဝင် ၁၂၊ ၂၃၊ ၄၅ နံသင့်ဖြစ်လေမလား။ အနိဋ္ဌကတ္တား၊ ရာဟုသက်ရောက်ဆိုတာ အများနဲ့ရောပြီးနေမိရာက စတင်မွေလေ့ရှိတာကိုး။

ပြီးတော့ နာမ်တွဲအမည်ပေါ့။ ကံ + ကရိုဏ်း၊ ဓာတ်ပုံဘက်၊ ဗီဒီယို၊ ဗေဒင်ဆရာ စသည် ဝေဖန်ကောက်ရလိမ့်မယ်။ ၁၂ အ ပါဒါန်ဟာ ဒီသက်ရောက်တော့ အလုပ်တိုးချဲ့၊ အလုပ်ပြောင်း၊ အိမ်ပေါင်းမှုအသစ်၊ အိမ်ပြင်၊ အိမ်ပြောင်းလောက်ကြုံနိုင်တယ်။ ငွေဝင်၊ လူတွင်ကျယ်ဖြစ်၊ လူဝင်ဆံ့မှုထွန်းတောက် အောင်မြင်နေဆဲ။

တစ်ချက် သုတ၊ အပြင်ရန် ၆၀ နိစ်ကြီးခံထားတဲ့ ကတ္တား၊ ကိုယ့်အမှား စနိုင်ရာဘဲ ဆိုပါစို့။ သောကြာ လက်ရှိ ဇနီး၊ သူမက မိုဘိုင်းဖုန်းဆိုင်က အမျိုးသားနဲ့ သူငယ်ချင်း။ ဒါကို ယခု စနေရှင်လင်က မသင်္ကာ၊ စွပ်စွဲပြီး ရိုက်တာ၊ ထိခိုက်စေတာကြောင့် စနေ+တနင်္ဂနွေ ကရိုဏ်းလည်းဝင်လာပြီ။ တစ်ဖက်သားရဲ့ ဂုဏ်သိက္ခာ၊ စနေရှင်လင်ရဲ့ မိတ်ဆွေတွေ၊ ဇနီးရဲ့မိတ်ဆွေပါ ဖယ်ကြဉ်ခံကိန်း ဘဝ။

ငါတို့ငယ်စဉ် ဆရာသမားအထံ ဗေဒင်ပညာ ၊ စသင်ယူဆဲမှာ ဆရာက ကာရကနဲ့ ကပ်ဂြိုဟ်အကြောင်း ရှင်းလင်းပြောပြတော့ ဒီတိုင်ရဲ့ သက်ရောက် စနေရှင်တစ်ဦးဘဝအဖြစ်အပျက်တစ်ခုကို ညွှိပြီးသင်ပေးဖူးတယ်။ မူလတန်းကျောင်းအုပ်ဆရာကြီးတစ်ဦးဟာ အသင်၊ အပြကောင်းပြီး ရပ်ရွာအပေါ် မှာလည်း အတော်ဩဇာညောင်းတယ်တဲ့။ သူ့ဘဝမှာ ဘာအစွန်းအထင်းမှမရှိဘူး။ ပင်စင်ရခါနီးအချိန်မှာတော့ အတန်းတစ်တန်းက မိန်းကလေးတစ်ဦးဟာ စာရေးခိုင်းနေရာက မရေးဘဲဆော့ရမလားဆိုပြီး ထိုင်ထလုပ်၊ ငါရပ်ဆိုမှ ရပ်ခိုင်းမိသတဲ့။ တစ်အောင့်နေ ရွာထဲက လူကြီးတစ်စု အရေးကြီးကိစ္စပေါ် လာလို့ ဆရာကြီးကို လာခေါ် တယ်။ ကပျာကယာထလိုက်သွားမိတော့ သူ့ရဲ့ရှိဆဲ တာဝန်အမှတ်မရတော့ဘူး။ မိန်းကလေးခမျာ ဆရာကြီးကို ကြောက်ရတာမို့ထိုင်ထဆက်လုပ်နေရရှာတာပေါ့။ မရပ်ဘူး၊ ကျန်ဆရာတွေ ကလည်း အမှုမဲ့အမှတ်မဲ့။

ဇာတ်ပေါင်းတော့ မိန်းကလေးခမျာ ကြွေကျ၊ ဆရာ့ဘဝလည်း ထောင်မကျရုံတစ်မည် အလုပ်ရပ်စဲ၊ ရပ်ရွာထဲ မျက်နှာပြမကောင်း၊ အတွင်းစိတ်ကြေမွ ထိခိုက်ရင်းနဲ့ လက်ကျန်အချိန်လေးကို ဝဋ်ကြီးစွာကုန်ခဲ့ရတယ်။ ကတ္တား+အာလုတ်နဲ့ ကံတို့ပဲ ဆရာကြီးရဲ့ ဘဝသုံးပါး စလုံး ချုပ်ကိုင်သွားပုံ ဝေဖန်သာကြည့်ပါတော့။ အဲ-ရွာသားတွေလာခေါ် တဲ့ကိစ္စက တနင်္လာသား လူငယ်တစ်ဦး မြွေကိုက် (ပိုးထိ) ခံရလို့ဆိုပဲ။

မြွေကို နာဂ (အဆိပ်ပြင်းထန်၍ ကမ္ဗဇိဒ္ဓိရှိသောတိရစ္ဆာန်) စာရင်းအတွင်း ကောက်ယူကြတယ်။ သို့သော် အဆိပ်ရှိတိုင်း နာဂမဖြစ်ပါဘူး။ ကြီးမားပြီး ကြောက်မက်ဖွယ် အဆိပ်ထန်က နဂါး၊ သာမန် မြွေပွေး၊ မြွေဟောက်တွေဆို ပညတ်အတိုင်း ကြာသပတေးနံကောက်ရင် မရှုတ်လွန်ပါဘူး။ စနေနံရောအနိဋ္ဌ များနေသော အဆိပ်ကြောင့် အန္တရာယ်တိုးမှာသေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၅ ၄ - အာလုတ် (အနိဋ္ဌဖွားအကြွင်းတိုင်း စွပ်စွဲခံ၊ ချုပ်နှောင်၊ ဒဏ်သင့်)

၄ ၃ - ဩကာသ (ဣဋ္ဌဖွားအကြွင်းတိုင်း စီးပွားပျက်၊ တွင်း၊ မြင် ဂယက်)

၃ ၂ - အပါဒါန်

၂ ၁ - ကရိုဏ်း

၁ ၀ - ကတ္တား (အတွင်းဥစ္စာပဋိပက္ခ)

၀ ၆ - ကံ (ဝိသမလောဘ၊ ဒုက္ခပေးမှုအစ)

၆ ၅ - သာမိ (ဇနီး၊ စကားအမှားများစွာ)

**သောကြာသက်ရောက်နိမ်**

၁၀ - ကတ္တား

၀၆ - ကံ

၆၅ - သာမိ

ရာဟုကနေ သောကြာခွင်၊ တစ်ဆက်တည်း ဘုမ္မိကျတဲ့ အသက်ပိုင်းမရောက်သေးပေမယ့် (၄၄) နှစ်က (၄) ခွင်မြောက် ဘုမ္မိငယ်အကြိုထောက်ဌာနသဖွယ်၊ သုတပြင်ရန်အတွဲ၊ အမြစ်ကြိုဟ်၊ အင်္ဂါသက်ရောက် (၄၇) နှစ် ဘုမ္မိကြီးထက် ဒီသက်ရောက်က အဆိုးအားကြီးတတ်တယ်။ ဘုမ္မိခွင် အင်္ဂါဟာ စနေနိမ်မခံပါဘူး။ တိုင်ထိပ်မှာရှိလို့ပဲ။ ခု နိမ်ခံနေ၊ အန္တောကတ္တားဆိုးအားဝင်နေတာသု ၀၆ ကံကပ်နေ၊ ၄၃ ဩကာသပြ+၆၅ သာမိ တိုင်ခြေနားကာ လက်ရှိဘဝရဲ့ အမာခံပစ္စည်း၊ စည်းစိမ်အတွင်းရေးဖျက်အားဝင်နေသောကြောင့် ဒီခွင်ကစတင်ပြီး အမြစ်ပြတ်ညှိုးနွမ်းခြင်းတွေဝင်ရင် (၄၅) နှစ်၊ (၄၆) နှစ်၊ (၄၇) နှစ်တို့တဖြည်းဖြည်းအိဆင်းမယ့်သဘောပါပဲ။

ပညာရှင်မဆန်ဘဲ ကြည့်တာနဲ့သိလွယ်ပြီးသားပါ။ အလုပ်ပျက်၊ အိမ်ထောင်ကွဲ၊ ကံမွဲပြီး ဝေဒနာပါကြုံခြင်းတို့ပေါ်လွင်နေရဲ့။ စနေရှင်ရဲ့နိမ်ကြီးနစ်နေသောကံ။

**ကမ္မကာရက** - လုပ်သမျှဒဏ်၊ သူရာခံ ကမ္မကာရကခေါ်။

လုပ်သမျှ၊ ပြုသမျှဒဏ်ကိုမညည်းညူ ခံမပြောနိုင်လောက်အောင် ကြိတ်မှိတ်ခံနိုင်တဲ့သတ္တိဟာ ကံပါပဲ။ မြန်မာစာအရေးရာမှာ ကံပုဒ်အတွက် ကို၊ သို့ နှစ်ခုသုံး။

ဝါကျ။။ ခွေးကို မောင်းထုတ်စမ်း။ တုန်မှ ပြင်ဦးလွင်သို့။

မောင်းထုတ်ခြင်းကြိယာက ခွေးပေါ် ညွှန်ပြခြင်းကြိယာက ပြင်ဦးလွင်အပေါ် ကျနေတယ်။ အကျခံအရာတွေဟာ ၎င်းအပေါ် ကျရပ့်ါမလားလို့ မကန့်ကွက်၊ မဟန့်တားနိုင်ဘဲ ကျစိုင်းခံနိုင်တယ်၊ အဲဒီခံနိုင်ရည်သတ္တိဟာကံပေါ့။

ကံကို ဒုတိယဝိဘတ်သက်ရတယ်။

ဒုတိယဝိဘတ်သက်တဲ့ ကံဟာ လူတစ်ဦးရဲ့ ဘဝကံကြမ္မာကိုလည်း ဒုတိယခြယ်လှယ်စိုးမိုးရာ ကပ်ဂြိုဟ်၊ မွေးနံမှ လေးခွင်မြောက်ချရတဲ့အရာနော်။ ဗေဒင်အဟောတော့ ကံကိုအနိဋ္ဌသက်သက် အသစ်ပြုခြင်း၊ အမှုကြုံခြင်း၊ ဆင်းရဲခြင်း၊ သစ္စာမဲ့ခံရခြင်း၊ နာမည်ပျက်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ကြတယ်။ နောက်ပြီး ကံဟာ ဗေဒင်မေးလာသူရဲ့ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော ပြဿနာတို့ရဲ့ ဇာတ်အစအဖြစ်လို့ ဆရာတွေ ဩဝါဒပေးလေ့ရှိတယ်။ ကံကပ်တဲ့ ဂြိုဟ်မှန်သမျှ တချို့က အနိဋ္ဌအဖြစ် အကုန်သတ်မှတ်ကြတာလည်း တွေ့ဖူးတယ်။

သို့သော်လည်း ဝါကျတစ်ခုတည်ဆောက်ရာမှာ ကတ္တား၊ ကံ၊ ကြိယာတို့မပါမဖြစ်သလို လူတစ်ယောက်ရဲ့ ဘဝမှာလည်း မိမိကိုယ်ကို (ကတ္တား)၊ ပြုသမျှကံ၊ အသုံးအဆောင်ပစ္စည်း ကြိယာမရှိက လူဟာမရပ်တည်နိုင်ဘူး။ ကံကပ်ရာဂြိုဟ်တိုင်း အနိဋ္ဌယူနေရင် လူ့ဘဝဟာ ဘာအဓိပ္ပာယ်ရှိတော့မလဲ။ မဟာဘုတ်နှစ်ခုရယ်၊ နာမည်ရယ်နဲ့ ကံကပ်ရာဂြိုဟ်ရှိတဲ့ ဌာနတို့ကြည့်ပြီး ဣဋ္ဌ၊ အနိဋ္ဌ၊ နေဝ ဝေဖန်တတ်ရမပေါ့။



အေး - ယခု ကံ၊ တကယ့်အတိအနိဋ္ဌဌာန တိက္ခနိမ်ကြီး။ ဒီတော့ သေချာပါတယ်။ အကုသိုလ် (မကောင်းသော) ကံဆိုးဆိုတာ ငြင်းစရာမလိုတော့ဘူး။ ဇနီးဆိုး၊ ဇနီးနာ၊ ဇနီး ဒုက္ခပြု၊ ခရီးဘေး၊ ခရီးပျက် (ပြည်ပ) အိမ်တွင်းမီး၊ အိမ်တွင်းဖောက်၊ သာမိ အရှင်မှား၊ ဦးစီးခိုက်ဖြစ်မယ့် သာမညကောက်ယူဟောမှုဇနီးရှင် စနေလည်းမထူးဘူး။ အန္တောရှိကတ္တား၊ တန်းကပ် လင်နံ ၃၂ စံကူးကိုအပါဒါန်ဝင်စီးနေတာကြောင့် နှစ်ယောက်ထဲက တစ်ယောက်ယောက် စည်းအပြင်ကလူနဲ့ဇာတ်ခင်း၊ အန္တရာယ်ကြုံဖြစ်နိုင်မယ်။

(၁) ကြွင်းအထွန်းဖွားနှစ်ယောက်စလုံး စနေရှင်ဇနီးမောင်နှံဖြစ်စဉ်ကာလ ၁၃၇၂ (၂၀၁၀) စနေ ဇေယျနှစ်၊ မူလ+ကောဇာတစ်ထပ်တည်းနော်။ အသက် (၃၆) နှစ်အတွင်း ဇနီးက နှစ်လငယ်တယ်။ စိတ်ထဲတိုင်သွင်းကာ မြင်အောင်ကြည့်။ အရင်နှစ် ရာဟုသက်ရောက်နိမ်က မြစ်ဖျားခံတဲ့ပြဿနာ ဒီသက်ရောက်တော့ နိဂုံးချုပ်ကရော။ အကွာရာလွဲပြီး သူတို့နာမည်ပညာအလိုပြောရင် ဇနီးကိုမြင့်မြင့်ထွေး ၊အသားဖြူ နုတ်ခမ်းထူတွန့်၊ ဌာန်ပျက်သူ၊ လင် ဥက္ကာစိုးလို့မှတ်လိုက်။ သားလေးတစ်ယောက်ပါ ရနေကြပြီ။ ဥက္ကာစိုးက တောသား၊ ဘွဲ့ရပြီး ဌာနတစ်ခုရဲ့ အရေးပါလူပေါ့။ ကိုယ့်အားကိုယ်ကိုးတဲ့ လူမှန်လူတော်တစ်ဦးပါ။ ဇနီးက ဘွဲ့သာရပြီး အလုပ်မလုပ်ဘဲ လင်မှီနေတဲ့မြို့ကြီးသူ။ အိမ်မှာ အငယ်ဆုံးမို့ ဇီဇာချဲ့ မာနထန်စိတ်ကောက်ညဉ်ကလည်း ဘယ်ကင်းလိမ့်လို့။

စတာက ရာဟုအဝင်၊ ဝင်ငွေဖြောင့်၊ မိတ်စုံပေါတာကြောင့် ဥက္ကာစိုးဟာ အလုပ်ကိစ္စနဲ့ အိမ်သိပ်မကပ်ရဘူး။ တစ်ခါတစ်ရံ ဌာနဆိုင်ရာရှိ အမျိုးသမီးရွယ်တူတို့နဲ့အလုပ်သဘောအရဆက်ဆံရလေ့ရှိတယ်။ အမျိုးသမီးတစ်ဦးနဲ့ ပိုပြီးအသွားအလာများတာကို ဇနီးသည်ကအစာမကြေဖြစ်လာတာကနေ အတွင်းထိ စကားမီးတွေလောင်လာရော။ ဒါအစပဲ။ ဥက္ကာစိုးဟာသူ့စာရိတ္တကိုထိခံတဲ့လူမဟုတ်ဘူး။ သူနဲ့ အမျိုးသမီးမှာလည်း ဘာအရောင်မှမရှိကြတာကိုး။ ဇနီးကကြမ်းတမ်းတဲ့စကားတွေပါပြောလာတော့ ဥက္ကာစိုးလည်း ဆက်သည်းမခံနိုင်တဲ့အဆုံး မင်းအတွက်အကောင်းဆုံးဖြစ်စေရပ့်ါမယ်လို့ ပြောအပြီး


(၃) ရက်ခန့်အကြာမှာ အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

## ကာရကစက်ဝိုင်း




က ဆင်းသွားတယ်။ လက်ထပ်စာချုပ် လင်မယားကွာရှင်းစာချုပ် အပါအဝင် ပိုင်ဆိုင်သမျှ စွန့်ပစ်ခဲ့တာပေါ့။ မြင့်မြင့်ထွေးကလည်း မမှုဘူး။ ခပ်အေးအေးပဲ။ မကြာခင် ငယ်ဖော်နဲ့လက်ဆက်ကရော။ သူနဲ့ နှစ်ကုန်ကာစအရောက် ဒုတိယမ္ပိ အဆုံးသတ်ပြန်ရဲ့။ ရှိတာလည်း ကုန်ပြီလေ။ မိဘထံပြန်ကပ်ဖို့ကလည်း ဟိုမှာ မိသားစုဦးရေများတော့မဖြစ်။ အခန်းငှား ခပင်ခက်နေ။ ရှေ့ဆက်ဘယ်လိုစခန်းသွားမလဲ။

ဥက္ကာစိုးရဲ့ နာကြည်းချက်က အိပ်နေတဲ့နဂါး သွားရိုက်ပုတ်နှိုးလိုက်သလိုပါပဲ။ အလုပ်ထွက်စာတင်၊ သူငယ်ချင်းတွေရှိရာ နယ်စပ်ဘက် ပုဂ္ဂလိကုမ္ပဏီတစ်ခုမှာ အသစ်စတင်ခဲ့တယ်။ ဇနီးထံတော့ လုံးဝမေ့ပစ်ခဲ့သူ။ ရွာမှာရှိတဲ့ မိဘထံတော့ လစဉ်ထောက်ပံ့ပေးပါတယ်။ ငါက ပြန်ပေါင်းဖို့ဆုံးမတော့ ခေါင်းဖြတ်ခံရပြီးမှ ပြန်ဆက်ပေးလည်း အသက်မရှင်နိုင်တော့ပါဘူး ဦးကြီးရယ်တဲ့။

(၁) ကြွင်းအထွန်းဖွား ရက်၊ လ၊ နာရီတွေ အနိဋ္ဌအားများသူ မောင်ဥက္ကာစိုးရဲ့ တနင်္ဂနွေ ဘင်္ဂ၊ ဗုဒ္ဓဟူး မရဏညဉ်ကြောင့် လူ့ပတ်ဝန်းကျင်ထဲတွင် အနေရိုးကုတ်၊ အေးဆေးပြီး အတိုက်အခံမလုပ်ချင်၊ လူတွေက ကဲ့ရဲ့မှာမခံချင်ဘဲ ရှက်ကြောက်ကြီး ဆုံးဖြတ်ချက်တစ်ယူသန်တော့ရှိမှန်း သိပါတယ်။ ခုချိန်ထိ တစ်ဦးတည်းပဲ။ သူတစ်သက် နောက်အသစ်ယူဖို့ စိတ်ကူးမယ်မထင်ပါဘူး။ ရွာကိုလည်း နှစ်စဉ်ပြန်လာနေကျမို့အကြောင်းစုံသိရတာပေါ့။

သူတို့နှစ်ဦးရဲ့ စနေခွင်ကနေ (ဝဇိကံ) သာမိ၊ ကတ္တား၊ အပါဒါန်တွေ စဉ်းစားကြည့်လေ။ နောက် ကပ်ဂြိုဟ်သဘောရော၊ ဘယ်သူပိုထိသွားပြီဆိုတာ မြင်ပါလိမ့်မယ်။

နိဂုံးချုပ်အနေနဲ့ ကာရကတွေ တူရာတူရာ အုပ်စုဖွဲ့ပြပါ့မယ်။ ဘာသာတစ်ခုရဲ့ သဒ္ဒါဆိုသောအိမ်ကို ကာရကနဲ့ တည်ဆောက်ရသလို လူတစ်ယောက်ရဲ့ ဘဝခန္ဓာအိမ်ကိုလည်း ဒီကာရကတွေနဲ့ပဲ ရပ်တည်ထားကြောင်း နားလည်ထားရင်း -

**ကာရက (၈) ပါးအုပ်စုခွဲပုံသရုပ်**

က။ ကတ္တုကာရက (ကတ္တား) မူလဇာစ်မြစ် ကောင်း၊ ဆိုးမရှိသေး။
ခ။ သာမိ ဩကာသကာရက၊ အတွင်းအုပ်စု၊ အကောင်း။
ဂ။ သမ္ပဒါန်၊ ကရိုဏ်း၊ ကာရက၊ အပြင်အုပ်စု၊ အကောင်း။
ဃ။ အပါဒါန်၊ ကမ္မ (ကံ) ကာရက၊ တွင်း+ပြင်အဆိုး။
င။ အာလပန (အာလုတ်) ကာရက၊ အမှတ်စဉ် (ခ) (ဂ) (ဃ) တို့ကို ဖြစ်လာရန် စေ့ဆော်ပေးသော ပထမလှုပ်ရှားမှု။

တွေ့ပြီနော်။ မူလကတ္တားကစပြီး အပြင်အာလုတ်ကာရကကနေ လောကဓံတရားတွေကို နှေ့ရှိသမျှ အလယ်ကတ္တားရှင် နိဂုံးမချုပ်သေးသမျှတော့ မရပ်မနားခေါ်ခေါ်ပြီး ပို့နေမှာပဲ။ ကတ္တားအစ ကတ္တားအဆုံးပေါ့။ ဒါလူတစ်ယောက်ရဲ့ဖြစ်တည်မှုကံကြမ္မာမဟုတ်လား။ ကတ္တားရှင်ရဲ့ ဗီဇ စရိုက်၊ ဝါသနာ၊ ဌာနပတ်ဝန်းကျင်တို့မှာရှိတဲ့ အကောင်းအဆိုးကာရကတို့ကို အာလုတ်က ဒိုင်ခံခေါ်ခေါ်ပြီး ပို့လွှတ်တယ်။ အဲဒီပို့တာတွေက သုခ၊ ဒုက္ခ၊ လာဘ၊ အလာဘ၊ အကောင်းလား၊ အဆိုးလားဆိုတာကို တိုင်စဉ်နှစ်ခုနဲ့ယှဉ်ပြီး အဖြေရှာလိုက်စမ်းပါ။

အေး-မွေးနံကို နိစ်ခံစဉ် ကာရကဆိုးတော့ ထားပါတော့။ မွေးနံဂြိုဟ်တိုင်ထိပ်ရှိတိုင်း ဘာလုပ်လုပ် အကောင်းဖဲထင်ပြီး အကောင်းတွေဖြစ်မယ်မမှတ်နဲ့ဦး။ အားလုံးက ကပ်ဂြိုဟ်၊ ကာရကအဆိုးဝင်စီးရာတွေသွားလုပ်လို့ကဖြင့်ထိပ်ရောက်လည်း ဆွဲချမှာအမှန်ပဲ။ ဖိအားကိုမြင်အောင်ရှာပြီး ရှောင်ရမယ့် ကာရက အဆိုးစရိုက်တွေ သွားလက်တည့်မစမ်းချင်ပါနဲ့။

ဒီလောက်ဆိုရင် နိစ်နေနေ့အကြောင်းတွေ ပြည့်စုံပါပြီ။ နားကြ...


နေဝင်ဇော်

www.burmeseclassic.com


၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




၁-၉-၂၀၁၆ နေ့ သာယနဇာတာခွင်




၁၁-၉-၂၀၁၆ နေ့ သာယနဇာတာခွင်




၂၁-၉-၂၀၁၆ နေ့ သာယနဇာတာခွင်

ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက်၊ ငွေကြေးဈေးကွက် ငြိမ်သက်နေမည်။ စတော့ရှယ်ယာဈေးကွက်၊ ကျောက်မျက်ဈေးကွက်တည်ငြိမ်နေရာမှ ရုတ်တရက်မြင့်တက်တတ်မည်။ ဖက်ရှင်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာဈေးကွက် တိတ်ဆိတ်နေရာမှ ဖြုန်းခနဲထောင်တက်တတ်မည်။ ယာဉ်၊ ကားဈေးကွက် အမြင့်ဈေးကို မျှော်၍ရသည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက်၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဈေးကွက် တက်ရိပ်ကို တွေ့ရမည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့် ဆက်စပ်ပစ္စည်းဈေးကွက်ရပ်တန့်နေမည်။ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း ဈေးကွက်လေးလံနေမည်။ ဓာတုပစ္စည်းဈေးကွက် ငြိမ်နေမည်။ အိမ်၊ ခြံ၊ မြေဈေးကွက် ဆောက်လုပ်ရေးဈေးကွက် ပုံမှန်မဟုတ်တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ လျှပ်စစ်ပစ္စည်း၊အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းအကျဘက်ယိုင်မည်။ သတ္တုတွင်းထွက် ပစ္စည်းဈေးကွက်ပြောင်းဆန်နေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက် ငြိမ်သက်နေမည်။ ငွေကြေးဈေးကွက်ပြောင်းဆန်နေမည်။ ကျောက်မျက်ဈေးကွက် ငြိမ်နေရာမှ အမြင့်ဈေးကို တိုးတက်တတ်မည်။ စတော့ရှယ်ယာဈေးကွက် ပုံမှန်မှ ရုတ်တရက်ထောင်တက်တတ်မည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ်း, ကားဆိုင်ရာဈေးကွက်အမြင့်ဈေးကိုမျှော်၍ရမည်။ စာနယ်ဇင်းနှင့် မီဒီယာဆိုင်ရာ၊ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာဈေးကွက် တက်ဈေး မသေချာသေး။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း တက်ရိပ်၊ ကျရိပ် ငြိမ်သက်နေရမည်။ ဓာတုဗေဒပစ္စည်းဈေးကွက်မကောင်းသေး။ ရေထွက်ကုန်ပစ္စည်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်း အမြင့်ဈေးမျှော်၍မရသေး။ အိမ်ခြံမြေဈေးကွက် ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် မငြိမ်သက်ဖြစ်နေမည်။ သတ္တုတွင်းထွက်ပစ္စည်းဈေးကွက် ကသောင်းကနင်းဖြစ်နေမည်။ လျှပ်စစ်၊ ရေဒီယို၊ အီလက်ထရွန်နစ်ပစ္စည်းဈေးကွက် လှုပ်ခတ်နေမည်။ သံထည်နှင့် ကုန်မာပစ္စည်းဈေးကွက် မတည်မငြိမ်ဖြစ်နေမည်။

တတိယ ဆယ်ရက်ကာလတွင် ရွှေဈေးကွက်ငြိမ်နေရာမှ အတက်ကြမ်းမည်။ ငွေကြေးဈေးကွက် အတက်နှေး၊ အကျနှေးမည်။ ကျောက်မျက်ဈေးကွက် တက်ရိပ်ရှိသော် မငြိမ်မသက်ရှိမည်။ စတော့ရှယ်ယာဈေးကွက် အကျနှေး၊ အတက်ကြမ်းမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းရပ်နေသလိုရှိသော်လည်း အမြင့်ဈေးကိုမျှော်၍ရမည်။ ကျောက်မျက်ဈေးကွက်လှုပ်ခတ်နေသော်လည်း တက်ရိပ်ကိုတွေ့ရမည်။ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်ခရီးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ယာဉ် ကားဆိုင်ရာဈေကွက်တက်ဈေးများကို တွေ့ရတတ်မည်။ မီဒီယာနှင့် စာနယ်ဇင်းဈေးကွက်၊ ဖုန်းနှင့်ဆက်သွယ်ရေးဈေးကွက် အတက်နှေး၊ အကျနှေးမည်၊ လျှပ်စစ်၊ အီလက်ထရွန်းနစ်ပစ္စည်းဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်၊ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးဈေးကွက် မှန်းဆရမလွယ်ဖြစ်နေမည်။ သတ္တုတွင်းထွက်ပစ္စည်းဈေးကွက်မတည်မငြိမ်ဖြစ်နေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

# မောင်လှယဉ်
## (မော်လမြိုင်)
# ရဟန်းပုဂ္ဂိုလ်ထူးနဲ့ ကျွန်ုပ်ရဲ့အကျည်းတန်ဘဝများ



တစ်ဦးဟာ မိဘ၊ ဦးကြီး၊ ဦးလေး၊ အစ်ကို အစ်မတွေ ဘယ်လိုပဲဆုံးမဆုံးမပေမယ့် မကျွတ်ကြဘဲ အချိန်ကျတော့ ကိုယ့်အမှားကိုယ်မြင်လာပြီး ကိုယ့်စိတ်ကသာ ပြုပြင်သွားသူတွေရှိသလို။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဆရာတော် သံဃာတော် ဆရာသမားနဲ့ မိဘတွေသွန်သင်လို့လည်း အသိတရားဝင်လာပြီး နွံထဲကရုန်းထွက်သွားသူတွေလည်း ရှိကြပါတယ်။

သာဓကအနေနဲ့ ဘုရားရှင် လက်ထက်တော်အခါက သန္တတိဆိုတဲ့ သူရဲကောင်းအမတ်ကြီးနဲ့ ကျွန်ုပ်ဘဝကို သာဓကပြုချင်ပါတယ်။ ဘုရားရှင် ထင်ရှားရှိစဉ်တုန်းက အချိန်ကလည်း ဒီလိုလူမိုက်တွေရှိခဲ့ကြမှာပါ။ ဘုရားရှင် တောင်ချွတ်လို့မရတဲ့ လူမိုက်အကြီးစားတွေနေမှာပါ။

ဒီအထဲမှာ နာမည်ကျော် ဇာတ်လိုက် စစ်သူကြီးသူရဲကောင်း အမတ်ကြီး သန္တတိဆိုတဲ့လူမိုက်သူရဲကောင်းကြီးပါ။ ဒီသန္တတိသူရဲကောင်းအမတ်ကြီးက သေရည်နဲ့ မိန်းမတို့ကို အလွန့်အလွန် ချစ်ခင်နှစ်သက်သူပါ။ ဒီလို သေရည်နဲ့ မိန်းမကို ခုံမင်ပေမယ့် ပသေနဒီကောသလမင်းကြီး အားကိုးရတဲ့ သူရဲကောင်းတစ်ဦးပါ။ ဒါကြောင့်လည်း ကောသလမင်းကြီးက သူရဲကောင်းကြီးရဲ့မကောင်းမှုတွေကို ကောင်းတာနဲ့ခွင့်လွှတ်နေရတာပါ။

တိုင်းပြည်မငြိမ်သက်တဲ့နေရာတိုင်းကို သန္တတိအမတ်ကြီးကိုသာလွှတ်ပြီး နှိမ်နင်းခိုင်းပါတယ်။ အမတ်ကြီးရောက်သွားတဲ့နေရာတိုင်း သူပုန်သူကန်တွေရဲ့ ရန်ငြိမ်းအေးပြီး အောင်ပွဲခံခဲ့တာချည်းပါပဲ။

တစ်နေ့လည်း သူရဲကောင်းအမတ်ကြီးကို ပသေဒနီကောသလမင်းကြီးခေါ်ပြီး နယ်ခြားမှာဆိုးသွမ်းနေတဲ့ သူပုန်တွေကို သွားရောက်နှိမ်နင်းခိုင်းပါတယ်။ အချိန်မရွေး သေရည်မူးနေသူဆိုတော့ ကောသလမင်းကြီး ခေါ်လိုက်တဲ့အခါမှာလည်း အမတ်ကြီးကမူးနေပေမယ့် တိုက်ရည်ခိုက်ရည်ရှိတဲ့ သူရဲကောင်းဆိုတော့ မင်းကြီးကခွင့်လွှတ်ပြီးသားပါ။

သေရည်မူးနေရင်းနဲ့ သူပုန်တွေကိုသွားနှိမ်နင်းလိုက်တာ သန္တတိအမတ်ကြီးရဲ့အစွမ်းသတ္တိကြောင့် အောင်မြင်ခဲ့လို့ ကောသလမင်းကြီးက တစ်ရက်တာမင်းတို့ရဲ့စည်းစိမ်ကို ခံစားခွင့်ပြုလိုက်

□ ဘုရားဟောလူမိုက်ကြီးနဲ့ သည်နေ့လူမိုက်ကြီးများ

အချိန်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး သခင်နုရဲ့ ဖဆပလအစိုးရ ရန်ကုန်တစ်မြို့တည်းသာ အုပ်စိုးနေရတဲ့အချိန်ပါ။ ကွန်မြူနစ်နီ-ဖြူတွေ၊ ရဲဘော်ဖြူတွေ မြန်မာပြည်အတော်များများကို သိမ်းပိုက်ထားတဲ့အချိန်ပါ။ ဒီအချိန်တုန်းက ကိုဘခက်ဆိုသူတစ်ယောက်ရဲ့ အကျည်းတန်ဘဝတွေပါ။

လူတစ်ယောက်ဟာ သူ့ဘဝတစ်လျှောက်လုံးမှာ မူးရူးဆိုးရမ်းနေပါစေ သူကျွတ်ချိန်ကျရင်တော့ ကျွတ်သွားကြတာပါပဲ။ မယုံမရှိပါနဲ့ ကျွန်ုပ်ကိုယ်တွေ့ပါပဲ။

ကျွန်ုပ်ကိုယ်တိုင်ကလည်း ဘဝနွံထဲမှာနစ်မွန်းခဲ့သူပါ။

မကောင်းမှုနွံထဲမှာနစ်မွန်းနေသူ

www.burmeseclassic.com

တော့ အမတ်ကြီးလည်း မင်းစည်းစိမ် ခံစားပြီး သေရည်ကို အလျှံပယ်သောက် ပြီးနောက် သူအလွန်ချစ်လှတဲ့ ကခေ့ သည်မလေးရဲ့အလှအက အညှအက တို့ကို ခံစားတော့တာပေါ့။

သန္တတီအမတ်ကြီး[illegible] လေးသောက်လိုက်၊ [illegible] ကတာကိုကြည့်လိုက်နဲ့ [illegible]စိမ်ကို တစ်ရက်ခံစားနေတုန်း[illegible]မကာ





www.burmeseclassic.com

www.burmeseclassic.com

ချစ်လှတဲ့ ကချေသည်မလေး ကပြဖျော်ဖြေနေတုန်း လေသင်တုန်းဖြတ်ပြီး သူ့ရှေ့မှောက်မှာပဲ တုံးခနဲသေသွားတော့ တစ်ဘဝလုံးမှားခဲ့တဲ့ သန္တတိအမတ်ကြီး အလွန်သံဝေဂရပြီး ဘုရားရှင်ထံတော်ကို ရောက်ကာ ဘုရားရှင်ရဲ့ဂါထာတစ်ပုဒ်ကြောင့် ရဟန္တာဖြစ်သွားရတယ်။

လူမိုက်ကြီးဖြစ်ခဲ့ပေမယ့် စိတ်နဲ့တွေ့သွားတဲ့သံဝေဂက လူမိုက်ကြီးကို တရားရသွားတာပါပဲ။

□ ယံ ပုဗ္ဗေ တံ ဝိ သောဓေဟိ၊
ပစ္ဆာ တေ မာဟု ကိဉ္စနံ၊
မဇ္ဈေစေနော ဂဏှိဿတိ၊
ဥပသန္တော စရိဿတိ။ ။

အမတ်ကြီး၊ တဏှာကြောင့်ဖြစ်ပေါ်လာသောဥပါဒါန်သည် ရှေး၌ဖြစ်၏။ ထိုဥပါဒါန်ကိုသုတ်သင်လေတော့။ နောက်၌ တဏှာဖြင့်စွဲလမ်းခြင်းကို သင့်အား မဖြစ်ပါစေလင့်။ အလယ်၌စွဲလမ်းခြင်း ဥပါဒါန်ကို မယူခဲ့သည်ရှိသော် သင်သည် တဏှာရာဂအစရှိသောမီးတို့သည် ငြိမ်းသည်ဖြစ်၍ နိဗ္ဗာန်သို့သွားရလတ္တံ့။ ။

မြတ်စွာဘုရားဟောကြားတော်မူလိုက်တဲ့ ဓမ္မပဒလာဂါထာတစ်ပုဒ်နဲ့ အသိစိတ်ဝင်သွားပြီး ဘဝဘဝတွေက အထုံပါရမီတွေကြောင့်ပဲ လူဝတ်ကြောင်နဲ့ ရဟန္တာဖြစ်သွားရတာမဟုတ်လား။

ဒါက ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က အဖြစ်အပျက်ပါ။ ကျွန်ုပ်တို့ခေတ်ကြီးမှာလည်း သန္တတိအမတ်ကြီးလို မူးရူးမိုက်ပြီး မိန်းမတွေနဲ့မကင်းခဲ့တဲ့ လူဆိုးလူမိုက်ကြီးတစ်ဦးလည်း အကျွတ်တရားရပြီး ရဟန်းပြု တရားရှာလိုက်လို့ ရဟန္တာအဖြစ် ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်ထူးတစ်ပါးလည်း ပေါ်ထွက်ခဲ့ဖူးတာ လူတိုင်းသိကြပါလိမ့်မယ်။

သည်ပုဂ္ဂိုလ်ထူးက အမြလင်းတဲ့ သဲအင်းဂူဆရာတော်ဘုရားကြီးပါပဲ။ သည်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်အကြောင်းကို သိတဲ့သူတွေများနေလို့ အကျယ်မရေးလိုတော့ပါဘူး။

ကျွန်ုပ်ကိုယ်တိုင်ကလည်း ဒီလိုလမ်းမှား ဘဝအမှောင်ထဲက လာခဲ့သူတစ်ဦးမို့ မခြင်းမချန်ဖော်ပြမှသင့်မယ်ထင်ပါတယ်။

ကျွန်ုပ်ဆိုရင်လည်း အထက်တန်းကျောင်းသားဘဝမှာ လီနင်နဲ့ မော်စီတုံးရဲ့စာအုပ်နီတွေကိုဖတ်ပြီး ဘုရား တရား သံဃာမေ့၊ မိဘနှစ်ပါးတွေကိုလည်း သူတို့သွေးသားသောင်းကျန်းလို့ ကျွန်ုပ်တို့မွေးလာတာလို့ မိဘနှစ်ပါးကို စော်ကားခဲ့ဖူးပါတယ်။

နောက် သေရည်အရက်ကိုလည်း သူငယ်ချင်းတွေနဲ့ အပျော်တမ်းသောက်ရင်း ကျောင်းကထွက် အလုပ်ထဲရောက်တော့ အရက်သမားလုံးလုံးဖြစ်ခဲ့ဖူးပါသေးတယ်။ မနက်၊ ညမသောက်ရရင် မနေနိုင်တဲ့ဘဝအထိဖြစ်ခဲ့သလို တစ်ရေးနိုးလာရင်တောင် အရက်တစ်ငုံသောက်ပြီးမှ ပြန်အိပ်လို့ရခဲ့ဖူးပါတယ်။

ကျွန်ုပ်အလုပ်လုပ်တာက သဘော်ပြင်ဆင်ရေးပါ။ ကျွန်ုပ်ရဲ့အထက်ဆရာတွေကလည်း အရက်ကြိုက်သူတွေပဲဖြစ်နေတော့ မသူတော်ချင်းပေါင်းဖက်မိပြီး ခွေးမစင်တွင်းထဲကျသလို အကြိုက်ဖြစ်သွားတာပေါ့။

ကျွန်ုပ် ကျောင်းကနေထွက်ပြီး အလုပ်စဝင်ချိန်မှာတော့ ကျောင်းသားဘဝကကိုးကွယ်ခဲ့တဲ့ လီနင်၊ မော်စီတုံးတို့ရဲ့အတွေးအခေါ်တွေပျောက်ကွယ်ကုန်ပြီး ဘာသာရေးဘက်နည်းနည်းပါလာတယ်လို့ဆိုရမယ်။ မူးမူးနဲ့ပဲ ညအိပ်ခါနီး အနန္တောအနန္တငါးပါးကို ကန်တော့ပြီးမှအိပ်တတ်လာသလို ငယ်ငယ်က မိခင်ကသင်ပေးခဲ့တဲ့ သမ္ဗုဒ္ဓေဂါထာတော်ကိုလည်း အမှားအယွင်းနဲ့ရွတ်ဆိုတတ်လာပါတယ်။

အရက်မူးနေရင်းကလည်း သမ္ဗုဒ္ဓေဂါထာတော်ကို အမှားအယွင်းပါနေပေမယ့် မပြတ်ရွတ်နေလို့ဘဲ အလုပ်ထဲမှာ သေမလိုအန္တရာယ်ကြီးနဲ့ ကြုံခဲ့ပေမယ့် သေဘေးက လွတ်ကင်းခဲ့တာလို့ ကျွန်ုပ်ယုံကြည်ခဲ့ပါတယ်။ သည်လိုယုံကြည်မှုခိုင်မာလာလို့ သမ္ဗုဒ္ဓေဂါထာကို အရရှာကျက်ပြီး သည်နေ့တိုင် ရွတ်ဆိုနေခဲ့ပါတယ်။ (သေဘေးကလွတ်ခဲ့ပုံကို သေကံမရောက် သက်မပျောက်ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတစ်ပုဒ်ရေးပြီး တင်ပြပါဦးမယ်။)

အခုလို စကားချီနေခြင်းမှာ လူ့ဘဝမှာ ဘယ်လိုပဲမှားခဲ့မှားခဲ့ မိုက်ခဲ့မိုက်ခဲ့ပါစေ ကျွတ်ချိန်တန်တော့ကျွတ်သွားခဲ့တဲ့ ဘဘုန်းတစ်ပါးရဲ့ဘဝအမှောင်များကိုရေးပြချင်လို့ ညွှန်းနေရတာပါ။

သည်ဘဘုန်းက ရဟန်းဘဝနဲ့ ကျွန်ုပ်တို့ရွာကိုရောက်လာပြီး တရားစခန်းမှာတွေ့တုန်း ရင်းနှီးသွားပြီး တရားနာချိန်တွေမှာ သည်ဘဘုန်းရဲ့သူ့ဘဝမှားခဲ့ပုံတွေကို တစ်နေ့နည်းနည်းနည်းနည်းပြောပြခဲ့တာကို ဘဘုန်းရဲ့ခွင့်ပြုချက်နဲ့ ရေးသားလိုက်ရပါတယ်။

## □ မတရားတာကို မကြိုက်တဲ့သာဒင်

ကျွန်ုပ်နာမည်က သာဒင်။ အင်္ဂလိပ်ခေတ်မှာလူဖြစ်လာပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရတော့ ကျွန်ုပ်လူပျိုပေါက်ဖြစ်နေပါပြီ။ မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပေမယ့် ကျွန်ုပ်တို့တောသူတောင်သားတွေလွတ်လပ်ရေးအရသာကို မခံစားရဘဲ လက်တစ်ဆုပ်စာလူတန်းစားကသာ ခံစားနေရတာပါ။

သည်ကြားထဲ တောကြောင်တွေ အမျိုးမျိုးမင်းမူနေကြတာမို့ ညလည်း ကောင်းကောင်းမအိပ်ရ၊ နေ့လည်း အလုပ်ကောင်းကောင်းမအိပ်ရနဲ့ ကျိုးလန့်စာစားနေထိုင်ခဲ့ရတာပါ။

တောရွာတွေမှာက အင်္ဂလိပ်တွေ ဆုတ်ခွာသွားတော့ လက်နက်တွေအများအပြားထားခဲ့တာဆိုတော့ လက်နက်ပုန်းတွေကလည်း ပါမှပေါပေါ့။ ဖဆပလသခင်နုအစိုးရကတော့ လက်နက်ပုန်းတွေကို အစိုးရကိုအပ်ဖို့ပြောပေမယ့် မလွဲသာလို့ အပ်ရတာက တစ်လက်၊ နှစ်လက်ပါ။ ဖွက်ထားတာက မနည်းမနောပါ။ နောက်ဆုံး ကျွန်ုပ်တို့ တောရွာတွေမှာ လက်နက်ပုန်းတွေပေါချင်တိုင်းပေါနေပြီး ဇရှိသူ၊ လက်ရဲဇက်ရဲတွေက မင်းမူနေကြတာပေါ့။

ကျွန်ုပ်လူပျိုပေါက်အရွယ်ရောက်လာတော့ အပေါင်းအသင်းစုံလာတယ်။ ကြက်သမား၊ အရက်သမား၊ ဖဲသမား နွားခိုးသတ်တဲ့လူမိုက်တွေနဲ့အပေါင်းအသင်းဖြစ်လာပြီး သူတို့ရဲ့စရိုက်ကူးလာပြီး ကျောင်းသားဘဝကတည်းက အရက်သောက်တာ၊ ဖဲရိုက်တာ၊ ကြက်တိုက်တာ၊ နွားခိုးတာကစပြီး အတတ်ကောင်းတွေတတ်လာတော့ ကျောင်းစာကို စိတ်မကူးတော့ဘဲ၊ ကျောင်းလည်းမသွားတော့ဘဲ ဒီလူမိုက်တွေနဲ့ အဖွဲ့ကျနေတော့တယ်။

မိဘတွေဆုံးမပေမယ့် နားမဝင်တော့ပါဘူး။ အပေါင်းအသင်းတွေရဲ့ စကားသာအရာရောက်တော့တယ်။

တစ်နေ့ရွာမှာ ကျွန်ုပ်မွေးထားတဲ့ တိုက်ကြက်စိန်မျှားနဲ့ တခြားရွာကငွေတိုးဆိုတဲ့ကြက်တို့ ချိန်းပြီးတိုက်ကြတယ်။ ကျွန်ုပ်မှာရှိတဲ့ ငွေတစ်ရာကို လက်တွင်ထားပြီး ရွာခံတွေပါပေါင်းထည့်လိုက်ကြတော့ ရှစ်ရာကျော်လောက်လောင်းကြေးဖြစ်သွားတယ်။ သည်တုန်းက ရှစ်ရာဆိုတာဝိုင်းကြီးကြေးပါပဲ။

ကျွန်ုပ်သားစိန်မျှားက မြန်လ[illegible] မမေးနဲ့။ ဒိုင်ကလွှတ်တ[illegible]ဆိုတာနဲ့



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကြက် ငွေတိုးကို ပြေးခွပ်တော့တာပဲ။ ငွေတိုးကလည်း အပွဲပွဲနွှဲလာတဲ့ ဖွဲ့ဝင်ကြက်မို့ အရှောင်အတိမ်း အခွပ်ကလည်း အတော်လေးကောင်းတယ်။

သုံးချီမြောက်မှာတော့ ကျွန်ုပ်ကြက်စိန်မှုားဝိုက်ပြီးခွပ်လိုက်တာ ငွေတိုးဘယ်လိုမှရှောင်ချိန်မရတော့ဘဲ ညာဘက်မျက်လုံးက သွေးယိုစီးလာပြီး ဝိုင်းထဲမှာ သုံးလေးပတ်ချာလည်နေပြီ။ ဝိုင်းထဲက ထွက်ပြေးတော့တာမို့ ပွဲလည်းပြီးသွားပြီး ကျွန်ုပ်တို့နိုင်လိုက်တာပါပဲ။

တစ်နေ့ ကျွန်ုပ်တစ်ဦးတည်း အရက်ဆိုင်ထဲမှာ အရက်ထိုင်သောက်နေတယ်။ ကျွန်ုပ်ရဲ့ဘေးဝိုင်းမှာလည်း၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မေးရိုးကားကား၊ နှုတ်ခမ်းမွေးကစစနဲ့ လူချောလို့ဆိုနိုင်တဲ့ အသက်နှစ်ဆယ်ကျော်အရွယ် လူရွယ်တစ်ဦးလည်း အေးအေးဆေးဆေး အရက်ထိုင်သောက်နေတာကို ကျွန်ုပ်သတိထားမိတယ်။

ဒီလူရွယ်ကလည်း သူ့စိတ်ကူးနဲ့သူ အရက်သောက်နေသလို ကျွန်ုပ်လည်း ကျွန်ုပ်စိတ်ကူးနဲ့ အရက်သောက်လို့ တစ်ပိုင်းလောက်ကုန်တဲ့အချိန်မှာ ဆိုင်ထဲကို လူမိုက်ပုံပေါက်နေတဲ့လူသုံးဦးဝင်လာတာ လူရွယ်ရှေ့မှာ ပိတ်ရပ်ပြီး မထိတရိနဲ့ စကားဆိုလာတယ်။

"ဟေ့ချာတိတ်၊ မင်းဦးယက္ခရဲ့သားမဟုတ်လားကွ"

ချာတိတ်လို့အခေါ်ခံလိုက်ရတဲ့လူရွယ်က ဂရုမစိုက်ဟန်နဲ့ ပြန်မေးလိုက်တယ်။

"ဟုတ်တယ်၊ ကျုပ်ဦးယက္ခရဲ့သားပဲ ခင်ဗျားတို့ဘာကိစ္စရှိလို့လဲ"

"ဟဲဟဲ - တွေ့ချင်တာနဲ့အတော်ပဲ ချာတိတ်ရ။ တို့နဲ့လိုက်ခဲ့ပါ"

"ဘာ - ခင်ဗျားတို့နဲ့လိုက်ရမယ်။ ခင်ဗျားတို့နဲ့လည်း ကျုပ်မသိဘဲဘာလိုက်ရမှာလဲဗျ"

"မလိုက်ရင် လိုက်အောင်ခေါ်ရမှာပေါ့ ချာတိတ်ရာ။ မင်းအဖေ တို့ကို အကြွေးဆပ်ဖို့ရှိနေလို့ကွ။ ဟဲဟဲ"

"ကျုပ်အဖေမှာ အကြွေးရှိရင် ကျုပ်အဖေဆီမှာသွားတောင်းကြ၊ ကျုပ်မပျက်တယ်"

လူရွယ်က အရက်တစ်ခွက်ငှဲ့ပြီး သောက်လိုက်တယ်။ ဒီအချိန်မှာ ဆံပင်ရှည်ရှည် ညှင်းသိုးသိုးနဲ့ လူမိုက်တစ်ဦးက လူရွယ်ကိုမဲ့ပြုပြီး လက်ဆွဲခေါ်ဖို့ ထတ်တိုင်လိုက်တယ်။

"အသာအယာခေါ်လို့မလိုက်ရင်တော့ အကြမ်းခေါ်ရမှာပေါ့ ချာတိတ်ရာ"

"စမ်းကြည့်လေ"

လူရွယ်က မထိတရိနဲ့ စိန်ခေါ်လိုက်ပြီး တိုက်ခိုက်ရန်ပြင်လိုက်တယ်။ လူမိုက်သုံးဦးက ပြိုင်တူဝင်ပြီး လူရွယ်ကိုဝင်ထိုးကြတယ်။ သုံးယောက်တစ်ယောက်ဖြစ်ပေမယ့်၊ လူရွယ်ကမကြောက်မရွံ့ခုခံနေပေမယ့် မမျှတဲ့အခြေအနေဖြစ်နေလို့။ ကျွန်ုပ်ဝင်ကူမှရမယ်လို့ထွက်လိုက်ပြီး အသံပေးလိုက်တယ်။

"သုံးယောက်တစ်ယောက်ကြည့်လို့မကောင်းဘူးဗျာ။ သုံးယောက်နှစ်ယောက်မှမျှမယ်ထင်တယ်"

ကျွန်ုပ်ကပြောလည်းပြော၊ အနီးဆုံးလူကြီးရဲ့ခေါင်းကို အရက်ပုလင်းနဲ့ ရိုက်ချလိုက်လို့ လဲသွားပြီး ခေါင်းမှသွေးတွေဖြာကျလာပြီး မှောက်သွားတော့တယ်။ နှစ်ယောက်၊ နှစ်ယောက်ချင်းဆိုတော့ အားမကျွာတာရယ်၊ ကျွန်ုပ်တို့က လူငယ်တွေဖြစ်နေတာရယ်။ တိုက်ရည်မှာကျွာတာမို့ ပွဲကမကြာခင်မှာပဲပြီးသွားတယ်။ လူမိုက်သုံးယောက်ကတော့ တဒင်္ဂ လောကကြီးကို မေ့သွားပြီလေ။

"အစ်ကို့ကို ကျေးဇူးအရမ်းတင်ပါတယ်ဗျာ။ အခုလိုမသိကြဘဲ ကူညီတာကို"

"ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ။ ကျွန်တော့်စိတ်ကလည်း မတရားတာကို ကြည့်မနေနိုင်လို့ပါ။ နှစ်ယောက်တစ်ယောက်ဆို ဝင်မကူဖို့ပါဘဲ။ သုံးယောက်တစ်ယောက်ဆိုတော့ တစ်ဖတ်သတ်ကြီးဖြစ်နေလို့ဝင်ကူတာပါ။ ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ"

"ဘယ်ဟုတ်မလဲ အစ်ကိုရ၊ အစ်ကို့လိုစိတ်ထားမျိုးကတော့ ရှားပါတယ်။ အစ်ကိုဘယ်မှာနေလဲဗျ။ နာမည်ကော ဘယ်လိုခေါ်ပါသလဲ။ အိမ်လိုက်လည်ပါဦးအစ်ကိုရာ"

"ကျွန်တော့်နာမည်က ဘခက်ပါ။ မင်းကုန်းရွာမှာနေတယ်ဗျာ။ မဟုတ်မခံစိတ်ရှိတာကလွဲပြီး မကောင်းတာအကုန်လုပ်တယ်။ အရက်သောက်တယ်။ ဖဲရိုက်တယ်။ ကြက်တိုက်တယ်။ နွားခိုးသတ်တယ်။ တစ်ခါတစ်ရံ လူငှားရိုက်ပေးတယ်။ မိန်းမလိုက်စားတယ်။ အဲ-မိန်းမလိုက်စားတယ်ဆိုပေမယ့် မိန်းကလေးတွေကို စော်ကားတာမဟုတ်ပါဘူး။ ရည်းစားများတာပါ။ အခုချိန်ထိ ဘယ်မိန်းကလေးကိုမှ ကိုယ်ထိလက်ရောက် မစော်ကားခဲ့ဘူး။ သူတို့ အလိုတူရင်တော့ မသိဘူးပေါ့ဗျာ ထဲထဲ"

"အစ်ကို့စိတ်ကိုတော့ကြိုက်သွားပြီဗျာ။ လာ - အစ်ကို ကျွန်တော့်အိမ်ထ ဒီတွံ့တေးမြို့ထဲမှာပဲ။ သိပ်မဝေးတော့ဘူးဗျာ။ ကိုတင်ဝ အရက်နဲ့အမြည်းဖိုး လာယူဗျာ။ ပျက်စီးသွားတဲ့ပစ္စည်းဖိုးတွေ ပါယူထားလိုက်။ ဒီသုံးယောက်လည်း မကြာခင်နိုးလာမှာပါ။ ကြည့်ထားလိုက်ဗျာ။ လာ - အစ်ကို သွားစို့"

ကိုကြည်ခိုင်က အရက်ဖိုးပစ္စည်းဖိုးတွေပါ ရှင်းပေးပြီး ကျွန်ုပ်ကိုလက်ဆွဲပြီး ဆိုင်ထဲကထွက်လာကြတော့တယ်။

"အစ်ကို အသက်ဘယ်လောက်ရှိသွားပြီလဲဗျ"

"နှစ်ဆယ့်ငါး"

"ဟာ-ကျွန်တော့်အစ်မနဲ့အသက်တူတူပဲပေါ့။ ကျွန်တော်ကတော့ နှစ်ဆယ့်သုံးနှစ်ပါ။ ဒါဆို အစ်ကိုလို့ပဲခေါ်တော့မယ်ဗျာ"

"ကြိုက်သလိုသာခေါ်ပါ ကိုကြည်ခိုင်ရာ"

ကိုကြည်ခိုင်က ကျွန်ုပ်လက်ကို မလွှတ်ဘဲ ငါးမိနစ်လောက်လျှောက်လာလိုက်ရာ ရေနံတွေမည်းနက်နေအောင် သုတ်ထားတဲ့ နှစ်ထပ်ပျဉ်ထောင်အိမ်မည်းကြီးထဲသို့ ကြည်ခိုင်လှမ်းဝင်လိုက်သည်။

အောက်ထပ် အိမ်ရှေ့ ဧည့်ခန်းရှေးပက်လက်ကုလားထိုင်မှာ [illegible]ကြီးထိုင်နေတဲ့လူကြီးတစ်ဦးကို ကျွန်ုပ်တွေ့လိုက်ရတယ်။

ဥပတိရုပ်က ခံ့ခံ့တည်တည်ကြီး၊ အသားကညိုညို၊ အရပ်ကတော့ထောင်ထောင်မောင်မောင်းဖြစ်မယ်ထင်တယ်။ အထူးကတော့ ဒီဦးကြီးရဲ့မျက်လုံးပါပဲ။ စူးရှတောက်ပြောင်အရောင်လက်နေပြီး လူတစ်ယောက်ကို ထွင်းဖောက်ကြည့်နေသလို ကျွန်ုပ် ခံစားလိုက်ရတယ်။ နှုတ်ခမ်းမွေးက မည်းနက်နေပြီး အဖျားနှစ်ဖက် အပေါ်ကို ကော့လို့နေတယ်။ ကျွန်ုပ်က ဦးကြီးကို တစ်ချက်သာစိုက်ကြည့်လိုက်ပြီး ဧည့်သည်ပီပီ မျက်လွှာချလိုက်ရပါတယ်။

"အဖေ၊ အဖေ့ကို မိတ်ဆက်ပေးရဦးမယ်။ ဒီအစ်ကိုနာမည်က ကိုဘခက်တဲ့။ တွံ့တေးအပိုင် မင်းကုန်းရွာကပဲ အဖေ။ ဦးယက္ခလို့ခေါ်တယ်"

ကိုကြည်ခိုင်က ကျွန်ုပ်နဲ့ သူ့အဖေ ဦးယက္ခကို မိတ်ဆက်ပေးပြီး အရက်ဆိုင်မှာ သူတို့ ရန်လာစတဲ့[illegible] အကြောင်းနဲ့ ကျွန်ုပ်က [illegible]

www.burmeseclassic.com

ကြီးသုံးဦး မှောက်သွားတဲ့အကြောင်းကို ပြောပြလိုက်တယ်။

"သားတို့ကို ရန်လာစတဲ့ သုံးယောက်ထဲက တစ်ယောက်က ပါးမှာ ကန့်လန့်ဖြတ် ဓားဒဏ်ရာကြီးရှိတယ် မဟုတ်လားကွယ့်"

"ဟုတ်တယ်အဖေ၊ ဓားဒဏ်ရာနဲ့ တစ်ယောက်ပါတယ်"

"အင်း - မြေခွေးသန်းဖေတို့ပဲ။ ဒီကောင်တွေကို ဆုံးမဦးပဲ။ သားတို့ထမင်း မစားရသေးဘူးမဟုတ်လား။ မီးဖိုခန်းထဲ လူလေးဘခက်ပါ ခေါ်သွားပြီး ထမင်းသွားစားကြ။ မီးဖိုခန်းထဲမှာ လူလေးအစ်မရှိနေတယ်"

## ▫ မျက်လုံးချင်းဆုံလို့ရင်ခုန်ခဲ့ရတယ်

ကျွန်ုပ်လက်ကို ကိုကြည်ခိုင်ဆွဲပြီး မီးဖိုခန်းနောက်ကို ခေါ်သွားတယ်။ ကျွန်ုပ်လည်း ဦးယက္ခကိုခေါင်းလေးညွတ်ပြီး အရိုအသေပေးကာ ကိုကြည်ခိုင်ဆွဲရာနောက်ကိုလိုက်ခဲ့တော့တယ်။ ဦးကြီးယက္ခကတော့ ကျွန်ုပ်ကိုနှစ်လိုဖွယ်အပြုံးနဲ့ကြည့်နေပါတော့တယ်။

"အစ်မဘာဟင်းချက်လဲဗျ။ ထမင်းနှစ်ယောက်စာပြင်ပေးဗျာ။ ကျွန်တော်တို့ဆာနေပြီဗျ"

ကိုကြည်ခိုင်က သူ့အစ်မကို ထမင်း ပွဲပြင်ပေးဖို့ပြောလိုက်တော့ သူ့အစ်မကလှည့်ကြည့်လာသည်။

"ဟင် - မောင်လေးတို့မျက်နှာမှာ ညိုမည်းနေပါလား။ ရန်ဖြစ်လာပြန်ပြီလား။ မောင်လေးကတော့ တကယ့်အဖေတူပါပဲကွယ်။ ကဲကဲ - မျက်နှာသစ်လိုက်ကြ၊ အစ်မထမင်းပွဲပြင်ပေးမယ်။ နောက်မှ ဆေးထည့်ပေးမယ်နော်။ ဟင်းကတော့ မောင်လေးကြိုက်တဲ့ အမဲသားနှပ်ကွယ့်"

"ဒဏ်ရာက အရေးမကြီးပါဘူးအစ်မရာ။ ဩော်-အစ်မနဲ့မိတ်ဆက်ပေးရဦးမယ်။ ဒီအစ်ကိုနာမည်က ကိုဘခက်တဲ့ဗျ။ ရန်ဖြစ်တုန်းမှာ ဒီအစ်ကိုလာကူလို့ ကျွန်တော်သက်သာသွားတာ အစ်မရဲ့။ အစ်ကိုဘခက်၊ သူက ကျွန်တော့်အစ်မ သက်နွယ်တဲ့။ လှတယ်နော် ဟဲဟဲ။ အစ်ကိုဘခက်ရေ မျက်နှာသစ်၊ လက်ဆေးကြရအောင်"

ကျွန်ုပ်တို့ လက်ဆေးပြီးပြန်လာတော့ ကျွန်ုပ်က မသက်နွယ်ကိုကြည့်မိသလို မသက်နွယ်ကလည်း ကျွန်ုပ်ကို ပြန်ကြည့်လာတယ်။ နှစ်ဦးလုံးအကြည့်က တဒင်္ဂလေးမှာ မသက်နွယ်ကတော့ ဘယ်လိုနေမလဲမသိပေမယ့် ကျွန်ုပ်ရင်ထဲမှာတော့ ကျွဲရိုင်းတစ်ကောင်ဝင်ခတ်လိုက်သလို ရင်တစ်ခုလုံးတုန်ခါသွားရပါတော့တယ်။

အရည်လဲ့နေတဲ့မျက်လုံး၊ နက်မှောင်တဲ့မျက်တောင်ကွေးကွေး၊ ဖြူဝင်းနုမွတ်တဲ့အသားအရေ၊ ပြုံးရောင်သန်းနေပြီး ပန်းရောင်ပြေးနေတဲ့နှုတ်ခမ်းတို့က ကျွန်ုပ်တောသားဘခက်ကို ရှုန်းမထွက်အောင်လုပ်ပါတော့တယ်။

မတန်မရာသိလို့လည်း ကျွန်ုပ်မျက်လုံးကို အမြန်လွှဲဖယ်ပြီး ထမင်းဝိုင်းထဲ မျက်လုံးကိုပို့လိုက်ရတော့တယ်။

ကျွန်ုပ်တို့နှစ်ဦး အမဲနှပ်နဲ့ထမင်းအတော်လေးစားလိုက်ကြတယ်။

"အစ်ကိုဘခက်၊ ကျွန်တော့်အစ်မလက်ရာ စားလို့ကောင်းရဲ့လားဗျ"

"စားလို့ကောင်းပါတယ် ကိုကြည်ခိုင်ရယ်"

## ▫ ကျွန်ုပ်တို့နယ်ရဲ့အခြေအနေ

အစက ကျွန်ုပ်ဆိုခဲ့သလိုအင်္ဂလိပ်ထွက်သွားတော့ လက်နက်တွေအများအပြား တောရွာတွေမှာကျန်ခဲ့တယ်။ လွန်ခဲ့တဲ့နှစ်ငါးဆယ်လောက်က တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်တွေမှာ ဓားပြတွေသောင်းကျန်းခဲ့ဖူးတယ်။

တချို့ဓားပြဂိုဏ်းကြီးတွေဆိုရင် လူတစ်ရာကျော်လောက်ကိုရှိကြတယ်။ အညံ့ဆုံးဓားပြဂိုဏ်းတောင် လူသုံးဆယ်ကျော်လောက်ရှိကြတယ်။သည်လောက်ဆို တောသူတောင်သားတွေရဲ့ဒုက္ခကို သိလောက်ပါပြီ။

ဒီတွံတေးမြို့နယ်မှာနေတဲ့ ကျွန်ုပ်ဆိုရင်လည်း သူတော်ကောင်းဖြစ်ဖို့ဝေးစွ၊ သူယုတ်မာမဖြစ်တယ်လို့ဆိုရမယ်။ ကျွန်ုပ်ဆိုခဲ့သလို ကျွန်ုပ်နေတဲ့ မင်းကုန်းရွာမှာ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်၊ နွားခိုးသတ်နဲ့ လူငှားရိုက်ပေးတာတို့နဲ့ တစစလက်ယဉ်လာတယ်။ ဒီအချိန်မှာပဲ ကိုကြည်ခိုင်အိမ်သွားမိမှ ကျွန်ုပ်ရင်ထဲမှာ အချစ်ငှက်လေးကရှိလာပြီလေ။ ဒါက ကိုကြည်ခိုင်ရဲ့အစ်မ မသက်နွယ်အပေါ် မပေါ်ဘူးတဲ့အချစ်နဲ့ချစ်နေတာပါပဲ။ မသက်နွယ်လေးကလည်း ယောက်ျားတိုင်း ချစ်ချင်တဲ့ရုပ်ရည်မျိုးပါ။ အသားကဝါညက်ညက်၊ မျက်ခုံးကကော့ပြီး မည်းနက်နေတယ်။ ရင်၊ တင်၊ ခါးတို့ အချိုးကျကျရှိနေတော့ ပန်းချီဆရာတောင် လက်မှိုင်ချရတဲ့ရုပ်ရည်မျိုးပါ။ ကိုယ်ချစ်တဲ့သူမို့ အမွှမ်းတင်နေတာမဟုတ်ဘူးနော်။ ခင်ဗျားတို့သွားတွေ့မိရင်လည်း ချစ်မိလို့ ကျွန်ုပ်နဲ့ရန်သူဖြစ်မှာမြင်ယောင်မိပါသေးတယ်။

ကျွန်ုပ်ကို မသက်နွယ်ကလည်း အရေးတယူ ဆက်ဆံတာကိုက ကျွန်ုပ်ခွန်အားတွေပြည့်လာသလိုပါပဲ။ ကျွန်ုပ်နဲ့ ကိုကြည်ခိုင်တို့ မြို့အရက်ဆိုင်မှာအမြဲလိုလိုတွေ့နေကျဆိုတော့ အတူတူအရက်သောက်ကြ၊ အရက်သောက်ကြပြီးတော့ ကိုကြည်ခိုင်နဲ့အတူတူ သူတို့အိမ်မီးမည်းကြီးကိုလည်း အမြဲရောက်နေတယ်။

ကျွန်ုပ် မလိုက်တော့ဘူးဆိုတာတောင်ကို ကြည်ခိုင်က အတင်းခေါ်သွားတယ်။ နောက်ကိုကြည်ခိုင်ပြောတဲ့စကားကိုလည်းကြည့်လေ။

"အစ်ကို မလိုက်လို့မရဘူးဗျ။ အစ်ကိုမပါလာရင် အစ်မက ကျွန်တော့်ကို ထမင်းမကျွေးတော့ဘူး။ လိုက်ခဲ့ပါနော် အစ်ကို"

သူ့အိမ်ကိုရောက်တိုင်း ထမင်းစားပြီးမှပဲပြန်ရတာဆိုတော့ မသက်နွယ်နဲ့က မီးဖိုခန်းထဲမှာ အမြဲတွေ့နေရတာမဟုတ်လား။ မြင်ပါများတော့ တစ်ဦးနဲ့တစ်ဦး မျက်လုံးချင်းစကားပြောလာကြပြီပေါ့။ ပွင့်ပွင့်လင်းလင်းမပြောကြပေမယ့် မသက်နွယ်ရဲ့ မျက်လုံးလေးတွေကလည်း ဖိတ်ခေါ်နေတာ။ ကျွန်ုပ်သိပေမယ့် သူမရဲ့အဖေ ဦးကြီးယက္ခရဲ့မျက်နှာနဲ့ ကိုကြည်ခိုင်တို့ကိုငဲ့ပြီး အောက်အည်နေရတဲ့ဒုက္ခကို ကြုံဖူးသူတိုင်းသိကြမှာပါ။

ဦးကြီး ယက္ခကလည်း ကျွန်ုပ်ကိုသားတစ်ယောက်လိုသဘောထားတာ ပြောပုံဆိုပုံတွေကသိသာပါတယ်။

"လူလေး မောင်ဘခက်၊ အရက်ကိုလျှော့သောက်။ မင်းညီခေါ်တိုင်း မလိုက်နဲ့နော်။ မောင်ဘခက်က အကြီးဆိုတော့ ကြည်ခိုင်ကိုလည်း ဆုံးမကွယ့်"

ဦးကြီးယက္ခက ဒီလိုမှာသလို မသက်နွယ်ကလည်း မီးဖိုခန်းထဲ ထမင်းစားနေတုန်း ပြောဆိုလာပါသေးတယ်။

"အစ်ကိုဘခက်၊ အစ်ကို့ညီကိုသိပ်အလိုမလိုက်နေနဲ့။ အရက်သမားတွေဖြစ်တော့မယ်။ ကိုယ့်ကိုယ်ကိုလည်း ကြည့်ကြည့်ဦး။ ဒီတစ်ခါ အရက်သောက်လာလို့ကတော့ သက်နွယ်ဆီမှာ ထမင်းလာမစားနဲ့။ ကျွေးမှာမဟုတ်ဘူး မှတ်ထား"

မသက်နွယ်ကပါ အတည်ပြော လာလို့ ကျွန်ုပ်နဲ့ ကိုကြည်ခိုင် တစ်ပတ်မှာ တစ်ခါလောက်ပဲသောက်ဖြစ်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါလည်း ညနေပိုင်း အလွန်အကျွံမဟုတ်တော့ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်ုပ်တို့ရုပ်တွေ အရင်ပုံစံအတိုင်း ပြန်ဖြစ်လာတာ သတိထားမိတယ်။

**□ ကျေးဇူးတင်ပါတယ် သက်နွယ်ရယ်**

ဦးကြီးယက္ခကလည်း ကျွန်ုပ်တို့နှစ်ယောက်ပြောင်းလဲလာတာကို မြင်ရလို့ ဝမ်းသာအားရဖြစ်နေတယ်။

"သမီးဆုံးမှာပဲ ဒီနှစ်ကောင်အချိုးပြောင်းသွားလို့ သမီးကို ကျေးဇူးတင်ပါတယ်ကွယ်။ မောင်ဘခက်ကို တာဝန်ပေးလို့ရပြီလို့ အဖေထင်တယ်ကွယ်"

**□ ဦးကြီးယက္ခတာဝန်လွှဲပေးပြီ**

ဒီနေ့ဦးကြီးယက္ခက မှာတယ်ဆိုပြီး ကိုကြည်ခိုင် လာပြောပြီးခေါ်လို့ ကျွန်ုပ် ကိုကြည်ခိုင်နဲ့လိုက်လာပါတယ်။ ထမင်းစားချိန်မို့လည်း ဦးကြီးယက္ခက ထမင်းစားပြီးမှ အေးအေးဆေးဆေး စကားပြောရအောင်လို့ပြောလာပါတယ်။

"လူလေးဘခက်၊ တို့သားအဖသုံးယောက် ထမင်းအတူတူစားကြမယ်ကွ။ ဒီနေ့ မင်းနှမ သက်နွယ်က ဝက်သားကို ခရမ်းချဉ်သီးနဲ့နှပ်ချက်ထားတယ်ကွ။ တို့ထမင်းမြိန်ဦးမှာပဲ။ ထိုင်ပါဦးကွ။ စာပါသေးတယ်။ စကားလေးဘာလေး ပြောရအောင်"

ဦးကြီးယက္ခက အရေးတယူခေါ်ပြီး စကားပြောလာလို့ ကျွန်ုပ်လည်း ဘာလေးတစ်ခုပါပဲ ဦးကြီးရှေ့ ဆက်တီခုံက ခုံသေစွာဝင်ထိုင်လိုက်တယ်။ ကျွန်ုပ်ဘေးခုံမှာတော့ ကိုကြည်ခိုင်ပါ ဝင်ထိုင်လာတယ်။ ကျွန်ုပ်တို့ထိုင်ပြီးဖြစ်လို့ ဦးကြီးယက္ခက စကားစလာပါတယ်။

"လူလေးဘခက်နဲ့ သားကြည်ခိုင်တို့နှစ်ယောက်ကလည်း ညီအစ်ကိုအရင်းတွေလိုဖြစ်နေကြပြီး တစ်ယောက်အကြောင်းလည်းတစ်ယောက်သိနေကြပြီ။ အဲ့ ဦးကြီးယက္ခကို လူလေးဘခက်က ဘယ်လိုမြင်သလဲကွယ့်"

"ဗျာ - ဟုတ်ကဲ့ ဦးကြီးက လူငယ်တွေကို ချစ်တတ်တယ်။ စိတ်ကောင်းစေတနာကောင်းရှိတယ်။ ဘာသာရေးကိုလည်း ကိုင်းရှိုင်းတယ်။ ရပ်ရေးရွာရေးအတွက်လည်း လက်မနှေးဘဲ လှူဒါန်းပေးတတ်တယ်။ ဒါပဲ ကျွန်တော်မြင်တယ် ဦးကြီးရ"

"လူလေးက ဦးကြီး ကောင်းကြောင်းတွေပဲတွေ့ပြီး ပြောနေတာကိုကွ။ ဦးကြီးဆိုးတာတွေကို သားကြည်ခိုင်ပြောပြဖူးလား"

"ပြောတော့ ပြောပြပါတယ်။ ကျွန်တော်မယုံပါဘူး ဦးကြီး"

"ဟဲဟဲ မယုံမရှိနဲ့ လူလေး။ ဦးကြီးက မင်းတို့ကြားဖူးနေတဲ့ ဓားပြဗိုလ်ယက္ခအစစ်ပဲ။ ခုတော့ အသက်လည်း ရလာပြီဆိုတော့ ဦးကြီးနားချင်ပြီ လူလေးရ။ လူလေးကို ဦးကြီးမေးမယ်။ ဦးကြီးတို့ ဓားပြဂိုဏ်းထဲမဝင်ချင်ဘူးလားကွယ့်"

"ကျွန်တော်က ဓားသာကိုင်တတ်တာပါခင်ဗျာ။ ဦးကြီးတို့ကိုင်တဲ့သေနတ်တွေမပစ်တတ်ဘူးခင်ဗျ"

"မစိုးရိမ်ပါနဲ့ လူလေးရယ်၊ တစ်ပတ်၊ ဆယ်ရက်လောက်ကျင့်လိုက်ရင် လူလေးတတ်သွားမှာပါကွယ်။ ဦးကြီးတို့အဖွဲ့ဝင် ဖြစ်ချင်၊ မဖြစ်ချင်စဉ်းစားဦး။ တစ်ပတ်စဉ်းစားပေါ့။ ပြည့်တဲ့နေ့မှာ ဦးကြီးကို အဖြေပေးပေါ့။ သား၊ သားအစ်မကို ထမင်းပွဲသွားပြင်ခိုင်းလိုက်တော့။ အဖေတို့သုံးယောက် ထမင်းစားမယ်လို့"

ကိုကြည်ခိုင် နောက်ဖေးကိုဝင်သွားပြီး တစ်အောင့်လောက်ကြာတော့ ပြန်ထွက်လာပြီး ထမင်းစားလို့ရပြီးလို့လာပြောလို့ ဦးကြီးနဲ့ ကျွန်ုပ်လည်း ကိုကြည်ခိုင်နောက်ကလိုက်သွားတော့တယ်။

မသက်နွယ်က ကျွန်ုပ်တို့ထမင်းစားဖို့ကို ဖွယ်ဖွယ်ရာရာပြင်ထားပေးတယ်။ ဝက်သားခရမ်းချဉ်သီးနှင့် မုန်လာဥနဲ့ ငါးရံ့ခေါင်းချဉ်ရည်ဟင်း၊ ငါးပိရည်၊ တို့စရာအစုံအလင်မို့ ထမင်းသုံးပန်းကန်လောက်စားလိုက်ပါတယ်။

မသက်နွယ်က အချက်အပြုတ်ကောင်းသလို ကျွန်ုပ်အပေါ်လည်း အတော်လေးဂရုစိုက်တာမို့ ဦးကြီးယက္ခနဲ့ ကိုကြည်ခိုင်တို့ကိုတောင် မျက်နှာပူရသေးတယ်။

"သမီးသက်နွယ်၊ လူလေးဘခက်ကိုဂရုစိုက်နော် နောက် တို့အိမ်သားဖြစ်တော့မှာ"

ဦးကြီးယက္ခက အတည်လိုလို၊ အပြောင်အပြက်လိုလိုနဲ့ နောက်လိုက်သလို ကိုကြည်ခိုင်ကလည်း စကားနာထိုးသလို လေပင့်လိုက်ပါသေးတယ်။

"တို့အစ်မတို့ကတော့ကွာ၊ အဖေနဲ့မောင်လေးကိုကျတော့ ဂရုမစိုက်ဘူး။ အစ်ကိုဘခက်ကို ဂရုစိုက်နေတော့ ကျွန်တော်တောင်မနာလိုတော့ဘူးဗျာ"

"ဟဲ့-မောင်လေးရဲ့၊အဖေ့ကိုလည်း အစ်မ ဂရုစိုက်ပါတယ်။ ကိုဘခက်က ဧည့်သည်မဟုတ်လား။ အိမ်ရှင်က ဂရုစိုက်မှ သူ့ခမျာစားရဲမှာပေါ့ မောင်လေးရယ်"

မသက်နွယ် မျက်နှာဝန်းနီရောင်သန်းသွားပြီး ကိုကြည်ခိုင်ကို လေပြေထိုးလိုက်တယ်။

**□ ဗိုလ်ယက္ခရဲ့ဓားပြဂိုဏ်းကြီး**

တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်တွေမှာရှိတဲ့ ဓားပြဂိုဏ်းကြီးတွေထဲမှာ ဦးယက္ခဦးဆောင်တဲ့ဓားပြဂိုဏ်းက နာမည်အကြီးဆုံးဖြစ်သလို လူမသတ်၊ ဆင်းရဲသားတွေကို ဓားပြမတိုက်တဲ့ ဂိုဏ်းလို့နာမည်ကြီးသလို ဂိုဏ်းဝင်တွေအားလုံးကလည်း မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်သူတွေ၊ ခေတ်ပညာအနည်းအကျဉ်းတတ်သူတွေ၊ ဆင်းရဲသားတွေကို သနားတတ်သူတွေမို့လို့လည်း ဦးယက္ခဓားပြဂိုဏ်းက နာမည်ကြီးနေတာလို့ ကျွန်ုပ်ထင်ပါတယ်။

နောက်တစ်ချက်ကလည်း ဓားပြဗိုလ်ဦးယက္ခကိုယ်တိုင်ကလည်း အာဏာပါဝါမပြဘဲ ဂိုဏ်းသားအားလုံးရဲ့အကြံဉာဏ်ကိုယူခြင်း၊ တိုက်လို့ရလာတဲ့ပစ္စည်းငွေတို့ကိုလည်း မျှတစွာဝေခွဲပေးတာလည်းပါတယ်။

ဒါကြောင့်လည်း ဦးယက္ခဦးစီးတဲ့ဂိုဏ်းကို တခြားဓားပြဂိုဏ်းတွေက ကြောက်ရွံ့ကြတာဖြစ်နိုင်ပါတယ်။

ဦးကြီးယက္ခက ကျွန်ုပ်ကို လိုလိုလားလားခေါ်နေလို့ ကျွန်ုပ်စဉ်းစားရပါပြီ။ ဦးကြီးယက္ခရဲ့သား ကိုကြည်ခိုင်ကလည်း တိုက်တွန်းလာပြန်တယ်။

"ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ပေါင်းလိုက်ရင် ဒီနယ်မြေမှာ ဘယ်သူ့ကိုမှကြောက်စရာမလိုတော့ဘူး အစ်ကိုရ"

ကျွန်ုပ်ကလည်း နဂိုကတည်းက မိုက်စရှိနေသူ၊ အမိုကောင်းကလည်း ရထားပြီးဆိုတော့ သိပ်တောင်မစဉ်းစားနေတော့ပါဘူး။ နောက်တစ်ပတ် ကိုကြည်ခိုင်နဲ့ မြို့လက်ဖက်ရည်ဆိုင်မှာဆုံတော့ လက်တွဲဖို့ကတိပေးလိုက်တော့တယ်။ အိမ်ရောက်သွားတော့ ကျွန်ုပ်လက်တွဲမယ်ဆိုလို့ ဦးကြီးယက္ခကလည်း ဝမ်းသာအားရဖြစ်ရှာပါတယ်။

"သား မောင်ကြည်ခိုင်၊ မင်းအစ်ကိုကို မနက်ဖြန် စခန်းခေါ်သွားပြီး အဖွဲ့သားတွေနဲ့မိတ်ဆက်ပေးလိုက်ပါ။ နောက် ခြောက်လုံးပြူးလည်းပစ်တတ်အောင်သင်ပေးလိုက်ကွာ။ လူလေးဘခက်တလည်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးစားပေါ့ကွာ"

ကျွန်ုပ်တို့ ထမင်းစားနေတုန်း လိုတာလိုက်ထည့်ပေးနေတဲ့ မသက်နွယ်ရဲ့ မျက်လုံးအစုံက ကျွန်ုပ်ကို မကြာမကြာ ခိုးကြည့်တာတွေ့ရလို့ ကျွန်ုပ်ရင်ထဲ စူးနစ်ဝင်သွားပါတော့တယ်။

ဦးကြီးယက္ခက လူကြီးမို့ ထမင်းစားနည်းပြီး အစောကြီးပြီးသွားကာ လက်ဆေးပြီးထသွားတယ်။ ဦးကြီးနဲ့ မရှေးမနှောင်းမှာပဲ ကိုသက်ခိုင်ပါပြီးသွားပြီး လက်ဆေးကာ ထသွားပြန်တာမို့ ညှိုသည်ကျွန်ုပ်တစ်ဦးတည်းကျန်ခဲ့လို့ စားရင်းတန်းလန်းကြီးနဲ့ ထထွက်သွားရနိုးဆက်စားရနိုးနဲ့ ရှက်လာတာနဲ့ နောက်ထပ်ယူချင်တာတောင် မယူရဲတော့ဘဲ စားလက်စပန်းကန်ကိုင်ပြီး လက်ဆေးကပြင်ကို ထွက်သွားမလို့ထလိုက်တုန်း မသက်နွယ်က ထမင်းပန်းကန်ကို အတင်းလာယူတာမို့ ကျွန်ုပ်လည်း အလိုက် သင့်ပေးလိုက်ပြီး မသက်နွယ်ကို ကြည့်လိုက်တော့ အကြည့်ချင်းဆုံးသွားတာမို့ ရင်ထဲက ခံစားချက်ကို မထိန်းနိုင်တော့ဘဲ ဖွင့်ချလိုက်တော့တယ်။

"မသက်နွယ်ကို ကျွန်တော်အရမ်းချစ်တယ် မသက်နွယ်။ ကျွန်တော့်ကို သားရေပေါ် အိပ်သားရေနားစားတဲ့သူလို့ မထင်စေချင်ပါဘူး"

ကျွန်ုပ်လည်း ရင်ထဲရှိရာပြောပြလိုက်ပြီး လက်အမြန်ဆေးကာ အပြင်ခန်းကိုထွက်လာတော့တယ်။ မသက်နွယ်လေးက အံ့ဩပါးစပ်လေးဟနေပြီး ပန်းရောင်သန်းသွားတဲ့ မျက်နှာလေးနဲ့ ကျွန်ုပ်ကိုကြည့်နေမှာ ပြန်မကြည့်ဘဲသိနေပါတော့တယ်။

"လူလေး၊ ဒီခြောက်လုံးပြူးက ဦးကြီးကိုင်တဲ့ခြောက်လုံးပြူးပဲ။ လူတစ်ယောက်မှမသတ်ရသေးဘူးနော်။ လူလေးလည်း မသတ်နိုင်အောင် စိတ်ကိုထိန်းပါ။ ဦးကြီးခြောက်လုံးပြူးကို လူလေးကို အပိုင်ပေးလိုက်ပြီ။ ဒီခြောက်လုံးပြူးကိုင်သူသာ ဦးကြီးရဲ့ဂိုဏ်းကိုအုပ်ချုပ်သူဖြစ်တယ်ဆိုတာမှတ်ထားလူလေး"

ကျွန်ုပ် အပြင်ကိုရောက်တော့ ဦးကြီးက သူကိုင်ခဲ့တဲ့ ခြောက်လုံးပြူးနဲ့ ကျည်ဆန်အချို့ကိုပေးပြီး ပြောဆိုလာပါတယ်။ ကျွန်ုပ်လည်း ရိုသေစွာလှမ်းယူလိုက်ပြီး ကိုကြည်ခိုင်နဲ့အတူ တွဲတေးတောကြီးတန်းကိုသွားပြီး သေနတ်ပစ်လေ့ကျင့်ပါတော့တယ်။

ကိုကြည်ခိုင်က လက်ကိုဖြောင့်ဖြောင့်ထား၊ ချိန်သီးပေါက်ကိုဘယ်ဘက်မျက်စိမှိတ်ပြီးချိန် စတာတို့ကိုပြောသွားပြီး သူကိုယ်တိုင်ပင်ပြသလို ကျွန်ုပ်ကိုလည်း လက်တွေ့ပစ်ခိုင်းတယ်။

ပစ်စမှာတော့ လက်မငြိမ်သေးပေမယ့် ကျည်ဆန်ငါးတောင့်လောက်ကုန်သွားတော့ လက်ငြိမ်လာသလို ပစ်မှတ်နဲ့လည်းနီးစပ်လာတယ်။ ညနေပိုင်းမှောင်ရည်သန်းလာပြီမို့ မနက်ဖြန် လက်ဖက်ရည်ဆိုင်မှာဆုံရန်ချိန်းပြီး သောက်နေကျအရက်ဆိုင်မှာ နှစ်ယောက်တစ်လုံးသောက်ပြီး ကိုကြည်ခိုင်နဲ့လမ်းခွဲလိုက်တယ်။

သေနတ်ပစ်ကျင့်နေတာ ငါးရက်လောက်ကြာတော့ ပစ်မှတ်ကို မှန်လာပါပြီ။ ပုလင်းကြီးချည်ပစ်တာ၊ နို့ဆီခွက်ပစ်တာတို့လည်း မှန်လာတာမို့ တိုးတက်မြန်တယ်လို့ ကိုကြည်ခိုင်က ပြောလာတယ်။

"ဟာ- အစ်ကိုယောက်ဖ အရမ်းဟုတ်လာပြီဗျ။ ယောက်ဖကြီး ပါရမီရှိတယ်။ ကျွန်တော်ဆယ့်ငါးရက်လောက်ကျင့်တာတောင် ဒီလောက်မမြန်ဘူး။ ချီးကျူးပါတယ် ယောက်ဖကြီးရာ၊ တကယ်ပါ ဟဲဟဲ"

"ဟေ့ - ကိုကြည်ခိုင်၊ ဘယ်သူ့ကို ယောက်ဖလို့ ခေါ်လိုက်တာလဲဗျ။ ကျွန်တော့်မှာတော့ပေးစရာမရှိဘူးနော်။ အမေက တစ်ဦးတည်းမွေးထားတာ"

"လျှို့မထားပါနဲ့ အစ်ကိုရာ၊ ကျွန်တော်က မောင်ဖြစ်ပေမယ့်သဘောတူပါတယ်။ ဟာ - ယောက်ဖကြီး၊ သူ့နမောင်မိသွားလို့ ရှက်နေပြီဟေ့ ဟားဟား"

"တော်ပါတော့ ကိုကြည်ခိုင်ရယ်၊ ခင်ဗျားနောက်တာနဲ့ ကျွန်တော်ပိုရှက်လာပြီဗျာ။ ခင်ဗျားနဲ့ အိမ်မလိုက်ရဲတော့ဘူး"

"ကျွန်တော် မနောက်တော့ပါဘူး အစ်ကိုရာ လိုက်ခဲ့ပါ။ အဖေကလည်း ခေါ်ခိုင်းလိုက်တယ်။ သွားစို့ အစ်ကိုဘခက်။ မှောင်တော့မယ်"

ကျွန်ုပ်လည်း ရှေ့မျက်နှာနောက်ထားပြီး ဦးကြီးယက္ခဆီလာခဲ့ပါတော့တယ်။

"လာ - လူလေး မောင်ဘခက်၊ ခြောက်လုံးပြူးပစ်တာအတော်ဟုတ်နေပြီဆို။ ဒီလောက်ဆိုရပါပြီကွယ်။နောက်လေ့ကျင့်များရင် ပိုတိုးတက်လာမှာပါ"

ကျွန်ုပ်က ခြောက်လုံးပြူးကို ဦးကြီးယက္ခရှေ့စားပွဲပေါ်ကို တင်ပေးထားလိုက်တယ်။

"မောင်ဘခက်ပဲ ယူထားလိုက်ပါ။ မောင်ဘခက်ကို အပ်လိုက်ပြီးလို့မှတ်တော့။ သား၊ အဖွဲ့သားတွေကိုမနက်ဖြန်တွေ့ဖို့ပြောထားပြီးပြီလား"

"ဟုတ်ကဲ့အဖေ၊ သားအားလုံးပြောထားပြီးပါပြီ။ မနက်ကိုးနာရီတိတိ စခန်းမှာစုထားဖို့ ပြောထားပြီးပါပြီ။ အစ်ကိုဘခက်အတွက် ဂုဏ်ယူပါတယ် အစ်ကိုဘခက်"

"ဖြစ်ပါ့မလားဦးကြီးရဲ့ ကျွန်တော်ကလူသစ်ဖြစ်နေလို့ လူဟောင်းတွေက ကျေနပ်ပါ့မလားခင်ဗျား"

"ဦးကြီးသဘောတစ်ခုပါ လူလေးရာ။ သားကိုကြည်ခိုင်ကိုတောင် နေရာမပေးတာကြည့်ပေါ့။ ဦးကြီးက သင့်သူကိုကြည့်ပေးတာပါ။ လူရွေးမမှားပါဘူးကွယ်။ ကဲ-သား၊ မင်းအစ်မကို အဖေတို့ထမင်းစားမယ်လို့သွားပြောကွာ။ ရေဖျော်ချိုင်နဲ့ ဖန်ခွက်သုံးလုံးပါချခိုင်းထား။ ပြင်ပြီးရင် အဘကိုလာခေါ် ဟုတ်လား"

ကိုကြည်ခိုင်က မီးဖိုခန်းကိုထွက်သွားတယ်။ တစ်အောင့်လောက်ကြာတော့ ကိုကြည်ခိုင်ပြန်လာပြီး ရပြီလို့လာခေါ်လို့ ဦးကြီးနဲ့ ကျွန်ုပ်တို့နှစ်ဦး မီးဖိုခန်းကိုလိုက်သွားကြတယ်။

ကနေ့တော့ မသက်နွယ်က အမဲနှပ်၊ ငါးကြင်းကို ပဲဆီနဲ့ပေါင်းထားပြီး ဘူးသီးဟင်းခါးအရည်သောက်နဲ့ ဗာလချောင်ကြော်စပ်စပ်နဲ့ တို့စရာစုံ တယ်။ ထမင်းမစားခင် ဦးကြီးယက္ခက အိုးဗလန်ဒီပုလင်းဖွင့်ပြီး ဖန်ခွက်သုံးလုံးထဲကို အရက်လက်သုံးလုံးစီလောက် ထည့်ပြီး ကျွန်ုပ်တို့ကို ကမ်းပေးပါတယ်။

"အဖေ၊ ကျွန်တော် အဖေနဲ့တူတူ သောက်လို့မကောင်းဘူးထင်တယ်"

"အလုပ်သဘောအရပါ သား စိတ်ကသိကအောက်မဖြစ်စေနဲ့။ ကဲ- မောင်ဘခက်ကို ဂုဏ်ပြုပါတယ်"

ဦးကြီးယက္ခက ဂုဏ်ပြုပါတယ် ဗျာလို့ ကျွန်ုပ်တို့နှစ်ဦးလည်း လိုက်ဆို ခွက်ချင်းတေ့ထိလိုက်ပြီး တစ်ချက်တည်း မော့ချလိုက်ကြတယ်။ နောက်တစ်ခွက် ထပ်သောက်ပြီး အားလုံးထမင်းစား တော့တယ်။

ဦးကြီးယက္ခက လူကြီးပီပီ ထမင်း စားနည်းပြီး အစောဆုံးပြီးသွား လက်ဆေးကာ . ထသွားတော့သည် ကျွန်ုပ်နဲ့ ကိုကြည်ခိုင်တို့နှစ်ယော ထမင်းဆက်စားရင်း စကားပြောနေ ကိုကြည်ခိုင်က မျက်စိမှိတ်ပြပြီး ဆေးထသွားလို့ ကျွန်ုပ်ကြေအမ်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ကျန်ခဲ့တော့တယ်။

မသက်နွယ်ကို လှမ်းကြည့်လိုက်တော့ ဟိုကိုင်သည်ကိုင်နဲ့ အလုပ်လုပ်သလိုလုပ်လိုက်၊ ကျွန်ုပ်ကို ခိုးကြည့်လိုက်နဲ့လုပ်နေလို့ ကျွန်ုပ်လက်ထဆေးပြီး မသက်နွယ်နားကို လျှောက်သွားတော့တယ်။

"မသက်နွယ်၊ ကျွန်တော်တောင်းထားတဲ့အဖြေကို မပေးနိုင်ဘူးလားဗျာ"

"အို - အစ်ကိုဘယ်တုံးကအဖြေတောင်းထားလို့လဲရှင်"

"ဟောဗျာ-ဟိုတစ်ပတ် ထမင်းစားတုန်းက မသက်နွယ်ကိုချစ်တယ်လို့ပြောခဲ့တာလေ။ အဲဒါ မသက်နွယ်ချစ်နိုင်၊ မချစ်နိုင်ပြောပေါ့ဗျာ"

"အစ်ကိုပြောခဲ့တုန်းက သက်နွယ်ကို ချစ်တယ်လို့ပဲပြောခဲ့ပြီး ထွက်သွားတာမဟုတ်လား။ အဖြေပေးပါလို့မှ မပြောခဲ့တာဘဲ"

"ဒါဆို အခုအဖြေပေးပါဗျာ။ ကျွန်တော်သိချင်ပါတယ် မသက်နွယ်"

"ဩော် - သက်နွယ်မျက်နှာကို ကြည့်ပြီး မသိဘူးလား အစ်ကိုရယ်။ မျက်နှာမှာ အဖြေပေးနေတယ်ရှင်"

"ကျွန်တော် တောသားပါဗျာ။ တည့်တည့်ပြောမှသိမှာပါ မသက်နွယ်ရယ်"

မသက်နွယ်က ခေါင်းကို အသာအယာညိတ်ပြပြီး နှုတ်ခမ်းလေးကလည်း အသံတိုးတိုးလေးပြောလာတယ်။ ကျွန်ုပ် ပျော်သွားမယ့် စကားချိုချိုလေး ရယ်ပါ။

"အစ်ကိုဘခက်ကို သက်နွယ်တွေ့တဲ့နေ့ထဲက ချစ်ခဲ့တာပါကွယ်"

"ဟာ-ဝမ်းသာလိုက်တာ မသက်နွယ်ရယ်"

ကျွန်ုပ်က သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ပြီး ကျွန်ုပ်ရင်ဘတ်ပေါ် ကိုတင်ပေးလိုက်တယ်။

"ကျွန်တော့်ရင်ထဲမှာပြောနေတဲ့ အသံတွေကြားနေရလား။ မသက်နွယ် ကိုချစ်တယ်၊ သိပ်ချစ်တယ်လို့ပြောနေတာလေ"

"သွားတော့ ကိုပို၊ ဧည့်ခန်းမှာ ...စောင့်နေပြီ ဘာပြောဦးမလဲမသိ ... ခေါင်းဆောင်လုပ်ရင် သတိထား ... ကိုယ့်ကိုလိုတဲ့သူရှိသလို မလိုတဲ့ ...လည်းရှိနိုင်တယ်နော်။သွားတော့ ..."

ကျွန်ုပ်က မသက်နွယ်လက်က ...ကို လွှတ်ချင်ဘဲလွှတ်ပေးလိုက်ပြီး ...ရှေ့ကိုထွက်လာပါတော့တယ်။ အိမ်ရှေ့မှာတော့ ဦးကြီးယက္ခမရှိနေပါဘူး။

"အဖေကတော့ တစ်ရေးအိပ်ဦးမယ်ဆိုပြီး အပေါ်ထပ်တက်သွားပြီ။ မနက်ဖြန် ရှစ်နာရီအိမ်အရောက်လာလို့ အစ်ကို့ကို ပြောခိုင်းထားတယ်။ လာဗျာ တရုတ်လက်ဖက်ရည်ဆိုင်သွားပြီး လက်ဖက်ရည်သောက်ပြီး အစ်ကိုလည်း ရွာပြန်ဦးပေါ့"

ကျွန်ုပ်တို့လက်ဖက်ရည်သောက်ပြီးလမ်းခွဲလိုက်ကြပါတယ်။ ညအိပ်တဲ့အခါ မသက်နွယ်နဲ့ ကျွန်ုပ်တို့ရဲ့ ချစ်ခရီးအပျော်လေးကို အိပ်မက်လုလုလေးနဲ့ နောက်နေ့မနက်နေခြည်က ကျွန်ုပ်ကို ကြိုဆိုနေရတော့တယ်။

**□ ကျွန်ုပ်ကိုပညာစမ်းကြပြီ**

ကျွန်ုပ်မနေ့က ကိုကြည်ခိုင်နဲ့ချိန်းထားတဲ့ တရုတ်လက်ဖက်ရည်ဆိုင်စောစောပဲထွက်လာခဲ့တယ်။ ကျွန်ုပ်လက်ဖက်ရည်ဆိုင်ကိုရောက်တော့ ကိုကြည်ခိုင်ကရောက်နေပါပြီ။ လက်ဖက်ရည်သောက်ကြပြီး ဦးကြီးယက္ခဆီကိုလာခဲ့တော့တယ်။ ဦးကြီးယက္ခက လောင်းကွတ်ကြီးဝတ်ထားပြီး ပုဆိုးက အဖြူအနက်အကွက်ကြီးကြီးနဲ့ လည်ပင်းမှာလည်း မာဖလာပတ်ထားလိုက်သေးတယ်။ တုတ်ကောက်ကြီးပါ ကိုင်ထားပြန်တော့ ထိတ်ထိတ်ကြ ဓားပြဗိုလ်လို့ ဘယ်သူကထင်ကြမှာလဲ။ လူကြီးလူကောင်းလို့ပဲထင်ကြမှာပါ။

ကျွန်ုပ်တို့ကို ဦးကြီးယက္ခရှေ့ဆောင်ပြီး တွဲတေးတောကြီးတန်းထဲမှာရှိတဲ့ ဦးကြီးယက္ခစခန်းကို ထွက်လာခဲ့ကြတယ်။ စခန်းရောက်တော့ ဦးကြီးယက္ခ တပည့်တွေ (၇၀) ကျော်လောက်စောင့်နေတာကို တွေ့ရတယ်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုတဲ့အတိုင်း ကျွန်ုပ်ကိုကြည့်ပြီး စူးစမ်းနေသူနဲ့ ဂရုမစိုက်တဲ့ပုံစံနဲ့ လူမိုက်ဂုဏ်ပြချင်တဲ့သူနဲ့ ဘိုင်စကုတ်ထဲက လူမိုက်တွေ လိုပါပဲ။

"တပည့်တို့၊ ငါ့နေရာမှာ ဗောဒိမောင်ဘခက်ကိုထားချင်တယ်။ တပည့်တို့ဘာပြောချင်ကြလဲ ပွင့်ပွင့်လင်းလင်းပြောကြ"

"ဆရာကြီး ကျွန်တော်တစ်ခုပြောပါရစေ"

"ပြော - ကျောက်ကြည်ဝင်း"

"ဟုတ်ကဲ့ဆရာကြီး၊ ကိုဘခက်ဆိုတာ အခုမှဝင်လာသူပါ။ သူ့ရဲ့အရည်အချင်းမသိဘဲ ကျွန်တော်တို့ခေါင်းဆောင် မခန့်နိုင်ပါဘူးဆရာ"

"အေး-ကြိုက်တယ်၊ အရည်အချင်းပြိုင်ကြပေါ့၊ ကြိုက်ရဲ့လား ကြည်ဝင်း"

"ကြိုက်ပါတယ် ဆရာကြီး"

ဒီလိုနဲ့ ကျွန်ုပ်နဲ့ကျောက်ကြည်ဝင်းတို့ ပထမသေနတ်ပစ်ပြိုင်ကြတယ်။ ကျောက်ကြည်ဝင်းရှုံးသွားလို့၊ နောက်ဆုံးအဆင့်ကိုယ်ခံပညာနဲ့ လက်နက်မဲ့တိုက်ရမယ့်ပွဲပါ။ ဒီလိုနဲ့ ကျွန်ုပ်နဲ့ ကျောက်ကြည်ဝင်းတို့ မျက်နှာချင်းဆိုင်တိုက်ကြတယ်။

ကျွန်ုပ်က ဗန်ဒိုပညာနဲ့လက်ရှေ့ကိုသင်ထားသူမို့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ထားတယ်။ ကိုကြည်ဝင်းကတော့ ဘယ်လိုတိုက်မယ်၊ ဘာပညာတတ်ထားတယ်ဆိုတာ မသိသေးလို့ သတိထားကြည့်နေရတယ်။

ကိုကြည်ခိုင်က စဆိုလိုက်တာနဲ့ ကျောက်ကြည်ဝင်း ကျွန်ုပ်ထံကို ဝဲလုံးထိုးပြေးဝင်လာပြီး လက်သီးနဲ့စထိုးတော့တယ်။ ကျွန်ုပ်က အသာအယာရှောင်တိမ်းပြီး -

"ဩော် - ဘာကိုယ်ခံပညာမှ မတတ်ပါလား"

လို့တွေးပြီးရှောင်နေလိုက်တယ်။

ကျောက်ကြည်ဝင်း မောလာတာရယ် ကျွန်ုပ်ကိုမထိုးရလို့ ဒေါသဖြစ်တာရယ်၊ ရှက်တာရယ်ပေါင်းပြီး အမှားတွေပြုလုပ်လာတော့တယ်။ သည်အခါမှာပဲ သူ့ဖက်ပိုးကို ခပ်ဆတ်ဆတ်လေးရိုက်ချလိုက်တော့ ကျောက်ကြည်ဝင်းမှောက်သွားတော့တယ်။ ရေတစ်ခွက်ခပ်ပြီး မျက်နှာကိုပက်လိုက်မှ ထလာနိုင်တော့တယ်။

"ဆရာကြီး ကိုဘခက်ကို ခေါင်းဆောင်တင်ဖို့ သဘောတူပါတယ်ခင်ဗျာ"

ကျောက်ကြည်ဝင်းက ဦးကြီးယက္ခပြောပြီး ကျွန်ုပ်ထံလာပြီး ပွေ့ဖက်နှုတ်ဆက်လိုက်လို့ အားလုံးက -

"ဆရာကိုဘခက် တို့ခေါင်းဆောင်ကွ"

ဆိုတဲ့အသံက တွဲတေးတောကြီးတစ်ခုလုံး ဟိန်းသွားပါတော့တယ်။

"အားလုံး ရဲဘော်ရဲဘက်တွေကို ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ရဲ့ဆရာမဟုတ်ပါဘူး၊ အားလုံး စုစုစည်းစည်းလုပ်ကြတာပေါ့ဗျာ၊ ကျွန်တော်တို့ညီအစ်ကိုတွေပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

**❑ ကျွန်ုပ်နဲ့မသက်နွယ်တို့ရဲ့အချစ်ခရီး**

ကျွန်ုပ်နဲ့ ကိုကြည်ခိုင်တို့နှစ်ဦး နေ့စဉ် သောက်လိုက်စားလိုက် ပျော်လိုက်ပါးလိုက်နေလာကြတာ တစ်နေ့ မသက်နွယ်က သတိပေးလာတော့တယ်။

"အစ်ကိုဘခက်၊ သောက်လိုက်ပျော်ပါးလိုက်လုပ်မနေနဲ့ အဖေ့ကိုနားဖောက်တော့။ ကြာရင် နှစ်ယောက်လုံး အဖတ်ဆည်မရအောင် ဖြစ်ကြတော့မယ်"

ကျွန်ုပ်နဲ့ မသက်နွယ်တို့ ချစ်ခရီး (၂) နှစ်ကျော်လောက်အဲရောက်မှာ မသက်နွယ်က သတိပေးလာတယ်။ ဟုတ်လည်းဟုတ်နေတယ်လေ။ အခုတစ်လော ကျွန်ုပ်တို့နှစ်ဦး အရက်နဲ့မျက်နှာသစ်နေကြတာမဟုတ်လား။ ကိုကြည်ခိုင်ကိုလည်း လျှော့ကြဖို့ပြောရဦးမယ်။

အခု ကျွန်ုပ်ဦးစီးတဲ့ ဗိုလ်ယက္ခ ဓားပြဂိုဏ်းဟာ (၂) နှစ်အတွင်းမှာ ကုပ်သွေးစုပ်သူဌေးအိမ်သုံးအိမ်ကို ဓားပြတိုက်ပြီးပါပြီ။ ချစ်တီးကုလားနှစ်အိမ်နဲ့ ဗမာသူဌေးအိမ်တစ်အိမ်ပါ။

သည်သူဌေးသုံးဦးက တောင်သူတောင်သား လယ်သမားတွေကို မျက်ရည်ပေါက်ပေါက်ကျ ခေါင်းပုံဖြတ်ထား၊ မြေသိမ်း၊ ယာသိမ်း၊ အိမ်သိမ်း၊ နွားသိမ်း နောက်ဆုံး သမီးပျိုကိုပါသိမ်းတဲ့လူယုတ်မာတွေပါ။ ငွေ၊ ပစ္စည်းအတော်လေးလည်း ရလိုက်ပါတယ်။ သည်ငွေပစ္စည်းတွေကို ကျွန်ုပ်တို့ အကုန်မသုံးပါဘူး။ တချို့တစ်ဝက်ကို သူတို့ခေါင်းပုံဖြတ်ထားတဲ့လယ်သမားတွေကို ပြန်ပေးလိုက်ပါတယ်။

တစ်နေ့ ကျွန်ုပ်နဲ့ကိုကြည်ခိုင်တို့ ထမင်းစားနေပြီ၊ ကိုသက်ခိုင်စားပြီးထသွားလို့ မသက်နွယ်က ကျွန်ုပ်ကို စကားဆိုလာတယ်။

"ကိုဘခက်၊ ဒီလိုပဲနေတော့မှာလား။ အသောက်လည်းမလျှော့ဘူး၊ အဖေ့ကိုပြောဆိုလည်းမပြောသေးဘူး။ နောက် သက်နွယ်အဆိုးမဆိုနဲ့နော်"

"အစ်ကို ဘယ်ကစပြောရမလဲမသိဘူး။ ဦးကြီးက သဘောတူရင်ကောင်းပါရဲ့။ သဘောမတူရင်ခက်မယ်ဗျာ။ ဒေါသကလည်းကြီးကြီးနဲ့ သူ့တုတ်ကောက်ကြီးကိုလည်း ကြောက်ရတယ်ဗျ"

"ဓားပြဗိုလ်တောင်လုပ်နေပြီး ဒါကျတော့ ကြောက်နေရလား။ တစ်ပတ်အတွင်းအဖေ့ကိုပြောနော်။ အကျဉ်းရုံးပြီး ရုံးတက်လက်ထပ်မယ်။ ကျွန်မတို့အကြောင်းတွေအဖေသိနေပြီရှင့်။ စိုးရိမ်မနေနဲ့"

မသက်နွယ် လောနေတာကို ကျွန်ုပ်လက်ခံပါတယ်။ ကျွန်ုပ်ကလည်း မသက်နွယ်နဲ့အတူနေချင်ပါပြီ။ သည်တော့ ဦးကြီးယက္ခကို မျက်နှာပူပူနဲ့ပြောရတော့မယ်"

"ဟားဟား - ဓားပြခေါင်းဆောင်လုပ်နေပြီး အချစ်ရေးကျတော့ ကြောက်နေရလား လူလေးရ။ လူလေးနဲ့သမီးတို့မေတ္တာမျှနေတာ ဦးကြီးသိနေတာကြာပြီကွယ့်။ သမီးရှင်တစ်ယောက်အနေနဲ့ ဘယ်လိုစရမှာလဲ လူလေးရယ်။ လူလေးတို့နှစ်ဦး ရက်သတ်မှတ်ပြီး အကျဉ်းရုံးပြီး ရုံးတက်လက်မှတ်ထိုးလိုက်။ အိမ်မှာ မင်္ဂလာဆွမ်းကျွေးကြပေါ့။ သမီးအတွက် စိတ်ချရပြီဆိုတော့ ဦးကြီးနောက်ဘဝအတွက် အလုပ်လုပ်ရတော့မယ်။ ဦးကြီး သာသနာ့ဘောင်ဝင်တော့မယ်ကွယ်။ သမီးနဲ့ သားကိုလည်း ပြောထားပြီးပြီ။ မနက်ဖြန် ကျောင်းသွားပြီး သင်္ကန်းဝတ်တော့မယ် လူလေးရေ။ မင်းတို့မင်္ဂလာဆွမ်းကျွေးရင် ဦးကြီးကိုပါပင့်ပေါ့ကွယ် ဟဲဟဲ"

ကျွန်ုပ်ဘာမှမပြောသာတော့ပါ။ ဦးကြီးယက္ခက ချည်ပြီးတုပ်ပြီးလုပ်လိုက်တာပါပဲ။

**❑ ကြမ္မာငင်လာတဲ့ကျွန်ုပ်တို့ဘဝ**

ဖြစ်ပြီးရင် ပျက်ရမယ်လို့ မြတ်စွာဘုရားရှင်ဟောခဲ့သလို လူ့လောကမှာလည်း စကားပုံတစ်ခုက အခိုင်အမာရှိနေပါတယ်။ ငါးပျံတစ်လှည်း ပုံလုံတစ်လှည့်တဲ့။ အခုလည်း ကျွန်ုပ်တို့ ဓားပြလောကသားတွေအချင်းချင်း နယ်မြေလုကြ၊ တိုက်ခိုက်ကြနဲ့ သေကြရဖြစ်နေတုန်းမှာ ဗမာပြည်မှာလည်း အစိုးရက အပြောင်းအလဲဖြစ်ခဲ့ပြန်တယ်။

သခင်နုအစိုးရကို ဗိုလ်ချုပ်နေဝင်းက တပ်မတော်က အာဏာသိမ်းလိုက်တာပါပဲ။ ဗိုလ်ချုပ်နေဝင်း အိမ်စောင့်အစိုးရက သူပုန်နဲ့ဓားပြတွေကိုဖြတ်လေးဖြတ်နဲ့ ပိတ်ဆို့လို့ သေသူသေ၊ အလင်းဝင်သူဝင်ကြနဲ့ တကွဲတပြားစီဖြစ်ကုန်ကြတော့တယ်။

ကျွန်ုပ်နဲ့ မသက်နွယ်တို့ သားနှစ်ယောက်လည်း အသက် (၂၀) ကျော်လူပျိုပေါက်တွေဖြစ်လာကြပါပြီ။ အကြီးကောင် မောင်ဘသက်ကတော့ ဖအေရဲ့အလုပ် လူမိုက်ဘဝကိုမလိုက်ဘဲ ကျောင်းစာကြိုးစားဘွဲ့ရလို့ အစိုးရအလုပ်ပင်လုပ်နေပါပြီ။

အငယ်ကောင် မောင်ခက်နွယ်ကတော့ ဖအေတူသားပီပီ ကိုယ်ခံပညာကိုတတ်သလို သေနတ်ပစ်တဲ့နေရာမှာလည်း ဖအေကိုကျော်ခဲ့သူပါ။ သူ့အမေဒေါ်သက်နွယ်က အငယ်ကို အေးအေးနေချင်လို့ နာမည်တောင်ပျော့ပျောင်းပြောင်း ခက်နွယ်လို့ပေးခဲ့ပေမယ့် မပျော့ပြောင်းတဲ့အပြင် ကျွန်ုပ်ထက်တောင်မာနေသေးတယ်။ မဟုတ်မခံစိတ်ရှိတာရော၊ စိတ်မရှည်တတ်တာရော အားနည်းသူကို ကူညီတတ်တာရော ကျွန်ုပ်နဲ့တစ်ထေရာတည်းပါပဲ။ ကျွန်ုပ်မလုပ်ဝံ့တဲ့အလုပ်ကိုတောင် လုပ်လားလုပ်ရဲ့၊ သားငယ်လုပ်တာက မှန်နေတော့လည်း ကျွန်ုပ်မပြောသာဘူးပေါ့"

ကျွန်ုပ်နဲ့သက်နွယ်တို့လင်မယားနှစ်ယောက်လည်း အသက် (၆၀) ကျော်လာကြပြီ။ ဗိုလ်ချုပ်နေဝင်း တော်လှန်ရေးအစိုးရကလည်း ကျွန်ုပ်တို့ဓားပြဂိုဏ်းတွေကို ဖြတ်လေးဖြတ်နဲ့အပြတ်ရှင်းနေတဲ့အချိန်။ သားခက်နွယ်ကလည်း ယောက္ခမကြီးဦးယက္ခနဲ့ ရန်စရှိခဲ့တဲ့အဖွဲ့က ဖမ်းဆီးသွားတာမို့ ကျွန်ုပ်မှာ လက်တစ်ဖက်ပြုတ်သွားပြန်ပါတယ်။ ကိုကြည်ခိုင်ကလည်း ဖမ်းခံရပြီး ထောင်ထဲမှာပဲ ကွယ်လွန်သွားတော့ ကျွန်ုပ်လက်မဲ့ဖြစ်သလို ခံစားရတော့တယ်။

မကြာသေးခင်ကပဲ ကျောက်ကြည်ဝင်းနဲ့နောက်လိုက်သုံးဆယ်ကျော်လောက် တပ်မတော်စစ်ကြောင်းမှာမိသွားပြန်ဆိုတော့ ကျွန်ုပ်နဲ့ နောက်လိုက်သုံးလေးဦးသာ လက်နက်အနည်းငယ်စာရိက္ခာအနည်းအကျဉ်းနဲ့ တောကြိုးတန်းထဲမှာ လိုက်ပုန်းနေရတဲ့ဘဝကိုရောက်ခဲ့တော့တယ်။

ဟိုတစ်ချိန်တုန်းက ဦးယက္ခတစ်ခေတ်ထခဲ့သလို ကျွန်ုပ်ဘခက်ခေတ်လည်းရှိပေမယ့် အခုအချိန်မှာတော့ ရေထဲမှာအရုပ်ရေးသလိုပါပဲ။ တပြေးထဲပြေးနေရပါတော့တယ်။

အစိုးရစစ်တပ်နဲ့ ရဲတွေက ကျွန်ုပ်တို့ဓားပြဂိုဏ်းတွေပင်မကဘဲ ကွန်မြူနစ်တွေ၊ ကရင်တော်လှန်ရေးသမားတွေတိုင်ပါ အပြတ်လိုက်ရှင်းနေတော့ ကျွန်ုပ်တို့လည်း ဘာခံနိုင်မှာလဲ။ ကျွန်ုပ်တို့တင်မကပါဘူး။ အထက်အညာမှာရှိတဲ့ ရှင်မတောင် ခင်မောင်ဂိုဏ်း၊ မြစ်ဝကျွန်းပေါ်က မဲလုံးဂိုဏ်းကြီးတွေပါ ဖြိုခွင်းခံရပေပါ။

အစိုးရစစ်ကြောင်းနဲ့ ပုဇွန်တောင်



www.burmeseclassic.com

www.burmeseclassic.com

ပုန်းအောင်းနေရတဲ့ဘဝကို ကျွန်ုပ်ရွံမုန်းလာပါပြီ။ လက်နက်ချဖို့အကြိမ်ကြိမ်စဉ်းစားပေမယ့် နောက်လိုက်တွေကတောင်းပန်နေကြလို့ စိတ်မပါတော့ဘဲ ပုန်းနေရတော့တယ်။

ဦးကြီးယက္ခ၊ ချစ်ဇနီးဒေါ်သက်နွယ်နဲ့ ကိုကြည်ခိုင်တို့၌ ကျေးဇူးတွေကို ဒီတစ်သက်ဆပ်လို့ကုန်နိုင်မယ်မထင်ပါဘူး။ သက်နွယ်ဆိုလည်း ကျွန်ုပ်ကို မိခင်လို ချစ်သူလို အစ်မလို ချစ်ခဲ့သူပါ။ အခုပြေးလွှားနေရလို့ သူမမှာ သောကဝေနေတော့မှာပဲ။

## ❑ မေတ္တာရောင်ခြည်ဖြင့်ရပြီ

တစ်နေ့ မနက်လင်းရောင်ခြည်တန်းလာတဲ့ လင်းရောင်ခြည်နဲ့အတူ ရဟန်းတော်တစ်ပါး ကျွန်ုပ်ရှေ့ကိုကြွလာပါတယ်။ ကျွန်ုပ်ရှေ့ကို ရောက်လာပြီး မေတ္တာလွှမ်းတဲ့အသံတော်ထွက်လို့လာပါတယ်။

"ဒကာတော် ပြေးလွှားပုန်းရှောင်နေရလို့ စိတ်ပန်းလူပန်းဖြစ်နေပြီမဟုတ်လား"

ကျွန်ုပ်ဝတ်ဖြည့်ပြီး မျက်နှာတော်ကိုဖူးမြော်လိုက်တော့ ဟိုတုန်းက ကျွန်ုပ်အဘိုးအိမ်ကို မနက်တိုင်းဆွမ်းခံကြွတော်မူနေတဲ့ ဦးပဉ္စင်းလေးဖြစ်နေတာကို ကျွန်ုပ်ဖူးတွေ့လိုက်ရတယ်။

"အခုဘဝထဲက ပြေးလွှားရုန်းကန်နေရတာမဟုတ်ပါဘူး။ ဘဝပေါင်းများစွာ ပြေးလွှားခဲ့ရပြီးပါပြီ။ ဒကာငယ်ငယ်က ရဟန်းသံဃာတော်တွေကို ဆွမ်းလောင်းလှူခဲ့ဖူးတဲ့ ကုသိုလ်အကျိုးဆက်ရှိနေလို့ ဒကာကို ဦးပဉ္စင်းတရားချီးမြှင့်ပေးရမှာပေါ့ကွယ်"

သည်လိုနဲ့ ဦးပဉ္စင်းက ကျွန်ုပ်ကိုရန်ကိုရန်ချင်းမတုံ့နှင်းဖို့၊ လူတိုင်းအပေါ် မေတ္တာတရားထားပြီး မေတ္တာပို့လွှတ်နေဖို့ ဟောကြားတော်မူပါတယ်။

"တပည့်တော်က လူမိုက်ကြီးပါဘုရား။ ဘယ်လိုမေတ္တာပို့လွှတ်ရမှာလဲ။ တပည့်တော်ကို ညွှန်ပြပေးတော်မူပါဘုရား"

ကျွန်ုပ်မှာ ရဟန်းတော်လေးကို ဖူးမြင်လိုက်ရပြီးထဲက စိတ်တွေနူးညံ့ပျော့ပျောင်းလာပါတယ်။ ရန်လိုတဲ့စိတ်တွေ၊ ဒေါသတွေလည်း လုံးဝမရှိတော့ပါဘူး။ ရဟန်းတော်လေးက ကျွန်ုပ်ကို မေတ္တာပွား‌ပုံပွားနည်း၊ နှလုံးသွင်းပုံသွင်းနည်းတို့ကို သင်ပြပေးပြီး ကျွန်ုပ်ရှေ့က ကြွသွားတော်မူပါတယ်။

ကျွန်ုပ်လည်း လက်အုပ်ချီပြီး ရဟန်းတော်ကိုကြည့်နေပါတယ်။ ရဟန်းတော် ခြေလှမ်းဆယ်လှမ်းလောက်အရောက်မှာ ကျွန်ုပ်မျက်စိအောက်က ပျောက်ကွယ်သွားတော့တယ်။

ကျွန်ုပ်ငယ်ငယ်ကတော့ အဘိုးမနက်ဆွမ်းလောင်းခိုင်းရင် လောင်းပေးခဲ့တာကို မှတ်မိပါသေးတယ်။ ကျွန်ုပ်ဆွမ်းလောင်းတဲ့ရဟန်းတော်တွေထဲမှာ ခုနဖူးတွေ့ရတဲ့ရဟန်းတော်လည်း ပါဝင်တာဆိုတော့ မှတ်မိနေတာက ဟိုတုန်းကလည်း ရဟန်းတော်က သည်အရွယ်ပဲဖြစ်သလို အခုကျွန်ုပ်ဖူးတွေ့ရလည်း သည်အရွယ်ပဲဖြစ်နေလို့အံ့ဩမိပါတယ်။

ကျွန်ုပ်ငယ်ငယ်က ဘာသာရေးနဲ့နီးစပ်ခဲ့ပေမယ့် ကျွန်ုပ်လူပျိုပေါက်အရွယ်ကစပြီး ဘာသာရေးနဲ့ဝေးခဲ့ရတယ်။ နီးစပ်ခဲ့တာက မကောင်းမှုအလုပ်တွေသာဖြစ်ခဲ့ရတယ်။

အခုတော့ ကျွန်ုပ်ကျွတ်ချိန်တန်ပြီးလို့ထင်မိပါတယ်။ ကျွန်ုပ်သည် ပုဂ္ဂိုလ်ထူး ရဟန်းတော်သင်ပြပေးခဲ့တဲ့မေတ္တာပို့သနည်းကို မနက်၊ နေ့လယ်၊ ညနေပိုင်းတို့မှာ စူးစူးစိုက်စိုက်ပို့ခဲ့လို့ ဆယ်ရက်လောက်အကြာမှာ သားငယ်ခက်နွယ်ပြန်လွတ်လာပြီး ကျွန်ုပ်ထံပြန်ရောက်လာတယ်။ သူ့ကိုဖမ်းသွားတဲ့ တခြားဂိုဏ်းက တိမ်တစ်လုံးကိုယ်တိုင်လာပြီး လူမှားပြီး ဖမ်းသွားတဲ့အကြောင်းကို လာရောက်တောင်းပန်သွားသလို ကျွန်ုပ်တို့ပုန်းအောင်းနေတဲ့နေရာနားကနေတခြားဂိုဏ်းကလူတွေ၊ တပ်မတော်တပ်ခွဲတွေ သုံးလေးခါ ဖြတ်သွားဖြတ်လာပေမယ့် ကျွန်ုပ်တို့ကို လုံးဝမတွေ့တာလည်း ကျွန်ုပ်အံ့ဩမိပါတယ်။

ကျွန်ုပ်လည်း သည်မကောင်းတဲ့အလုပ်က စွန့်လွှတ်ဖို့ဆုံးဖြတ်ပြီးဖြစ်လို့ ကျန်တဲ့ငယ်သားလေးဦးကော၊ ကျွန်ုပ်ရဲ့သားငယ်တို့ပါ လိုလိုလားလားရှိလာလို့ ကျွန်ုပ်တို့ ခြောက်ဦး ရဲစခန်းသွားပြီး လက်နက်အပ် အလင်းဝင်လိုက်တော့တယ်။ ကျွန်ုပ်နဲ့အဖွဲ့သားတွေ ထူးခြားတဲ့ရဟန်းတော်ကို ဖူးရပြီး ရဟန်းတော်ဆိုဆုံးမတဲ့တရားကိုနာရလို့ပဲ မှတ်ယူရပါတယ်။

တာဝန်ရှိသူတွေကလည်း ကျွန်ုပ်လူမသတ်ခဲ့တာရယ်၊ ဆင်းရဲသားတွေကို ကူညီတာရယ်ကြောင့် သက်ညှာစွာနဲ့ တစ်နှစ်သာပြစ်ဒဏ်ပေးခံရပြီး လွတ်လာတော့ မိသားစုအားလုံးပြန်တွေ့ရလို့ ဝမ်းသာခဲ့ရသလို အဘွားကြီးမသက်နွယ်လည်း ဝမ်းသာပြီး ငယ်မူတောင်ပြန်နေတော့တယ်။

ကျွန်ုပ်နဲ့ မသက်နွယ်တို့ ပျော်ပျော်ရွှင်ရွှင်နေလို့ တစ်နှစ်ခွဲလောက်မှာပဲ မသက်နွယ် ကျွန်ုပ်နဲ့ သားနှစ်ယောက်ကို ခွဲခွာသွားတော့တယ်။ ကျွန်ုပ်လည်း မသက်နွယ်ကွယ်လွန်ပြီး တစ်လလောက်အကြာမှာ အိမ်ရှိပစ္စည်းတွေကို ငါးပုံပုံပြီး နှစ်ပုံဆီ အညီအမျှ သားနှစ်ယောက်ကိုပေးပြီး ကျန်တစ်ပုံကိုတော့ ကျွန်ုပ်ကိုးကွယ်တဲ့ကျောင်းကိုလှူလိုက်ပြီး သားနှစ်ယောက်ရဲ့ခွင့်ပြုချက်နဲ့ ရာသက်ပန်သာသနာ့ဘောင်ဝင်ပြီး ရဟန်းတော်ပုဂ္ဂိုလ်ထူးညွှန်ပြခဲ့တဲ့ မေတ္တာပွားနည်းကို စူးစူးစိုက်စိုက်မေတ္တာပို့ပြီး ကျန်အချိန်တွေမှာ ဆရာတော်ညွှန်ပြတော်မူတဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကိုလည်း ပွားများရင်း လူ့လောကမှ ထွက်ခွာဖို့ ပြင်ဆင်နေပါတော့တယ်။

## ❑ ရဟန်းတော် ပုဂ္ဂိုလ်ထူး သင်ပြခဲ့တဲ့ မေတ္တာပွားနည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
(သုံးခေါက်ဆိုပါ)

အနန္တစကြဝဠာအပေါင်းမှာရှိကြသည့် အနန္တသတ္တဝါအပေါင်း ကျန်းမာကြပါစေ။ အန္တရာယ်ခပ်သိမ်းဘေးရန်ခပ်သိမ်းကင်းဝေးကြပါစေ။ ကြောင့်ကြခပ်သိမ်းကင်းဝေးကြပါစေ။ သောကခပ်သိမ်းကင်းဝေးကြပါစေ။ စိတ်ချမ်းသာခြင်း၊ ရုပ်ခန္ဓာ၏ချမ်းသာခြင်းနှစ်ဖြာနှင့် ပြည့်စုံကြပါစေ။ ဗုဒ္ဓရှင်တော်၏တူရားထူးတရားမြတ်များအား ကောင်းစွာပွားများအားထုတ်နိုင်ကြပါစေ။ ။

ဤနည်းအတိုင်း ရဟန္တာအရှင်မြတ်များနှင့် ဆရာတော် သံဃာတော်များအား လည်းကောင်း။ သိကြားဗြဟ္မာများအားလည်းကောင်း၊ သမ္မာဒေဝနတ်မြတ်များအားလည်းကောင်း၊ ဂန္ဓာရီဝိဇ္ဇာမိုရ်များအားလည်းကောင်း။ ဤကမ္ဘာလောကရှိ သတ္တဝါခပ်သိမ်းအားလည်းကောင်း။ လူသတ္တဝါအပေါင်းအားလည်းကောင်း ရည်စူး၍ မေတ္တာပို့သပါတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်သုသည်(ဓာတ်ထမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

'ဦးဘညွန့်ရဲ့ချစ်ဒုက္ခ'ဆိုတဲ့ သီချင်းကိုတော့ ကြားဖူးကြမည်ထင်ပါသည်။ ယခု တင်ပြပေးမည့် အကြောင်းက အင်္ဂရိတ်ပညာနှင့် ပတ်သက်နေသည်မို့ စာရေးသူမှ -

'ဦးဘညွန့်ရဲ့သွပ်ဒုက္ခ' ဟု နာမည်ပေးလိုက်ပါတော့မည်။ ဇာတ်လမ်းအစကတော့ ဟိုးလွန်ခဲ့သောနှစ်ပေါင်း (၆၀) ကျော်ကာလကပင် အစတည်ခဲ့သည်ဟု ဆိုရပေမည်။

ထိုအချိန်တုန်းက အသက် (၃၀) ဝန်းကျင် ကိုဘညွန့်တစ်ယောက် အိမ်ထောင်ကျပြီးခါစ နှစ်ဖက်မိဘ လက်ဖွဲ့ပေးလိုက်တဲ့ နွားတစ်ရှဉ်း လယ်တစ်တုံး ထွန်(၁၀) ဧကကို ဦးစီးလုပ်ကိုင်လုပ်ကိုင်လုပ်ငန်းဝင်နေသည့်အချိန်။

ဝါဆို၊ ဝါခေါင် ပျိုးနုတ်ကောက်စိုက်ထွန်တုံးဝင်ပြီးပြီမို့ လယ်သမားတို့ သဘာဝ ခေတ္တအားလပ်သည့်အချိန်ခါဖြစ်နေလေတော့ မတွေ့တာကြာပြီဖြစ်သည့် ငယ်သူငယ်ချင်း ကျောင်းဆရာ အေးမောင်ကလည်း မြို့ကျောင်းပိတ်ရက် ကလေးတွေ စာသင်ချိန်မရှိတာနဲ့ ရွာသို့ အလည်ပြန်ရောက်နေချိန်တွင် သူငယ်ချင်းနှစ်ယောက် ရေနွေးကြမ်းသောက်၊ အမြည်းစားပြီး အေးအေးဆေးဆေး စကားလက်ဆုံပြောဖြစ်ကြသည်။

ဒီမှာတင် အေးမောင်က ထူးထူးဆန်းဆန်း စကားတစ်ခုပြောလာတော့သည်။

"ဟေ့ - ဘညွန့်၊ မင်းက လယ်ပိုင်ရှင်ဆိုတော့ ငွေအစိတ်၊သုံးဆယ်လောက် မင်းမှာအပိုအလျှံငွေမရှိဘူးလား"

ဟု မေးလေသည်။

ကိုဘညွန့်ကလည်း -

"ငါ့မှာ အရေးပေါ်သုံးဖို့ စုဗူး'ငွေ (၄၀)၊ (၅၀) တော့ စုထားတာရှိပါတယ်။ မင်းက ဘာအတွက်သုံးချင်လို့ မေးတာလဲ"

ဟု ပြန်ပြောလိုက်တော့ -


"ဟင် - ဒါဆို ဟန်ကျတာပဲ။ ငါ့မှာက အကြံအစည်သာရှိပြီး ကျောင်းဆရာရှိတော့ ငွေပိုငွေလျှံကမရှိဘူးလေကွာ။ ဒါကြောင့် မင်းနဲ့ ငါ နှစ်ယောက်ပေါင်းပြီး သူဌေးအမြန်ဖြစ်တဲ့ အလုပ်တစ်ခု စပ်တူစုပြီးလုပ်ကြရအောင်"

"မင်းဟာက ဘာအလုပ်မို့ သူဌေးအမြန်ဖြစ်မယ်လို့ပြောရတာလဲကွ"

"ဒီလိုကွ၊ မြို့ပေါ်မှာ ငါစာသင်နေတဲ့ ဘုန်းကြီးကျောင်းက ဆရာတော်

# မင်းချမ်းမြေ

## သွပ်ဓာတ်ဗါပရိယာယ်နှင့် သွပ်ဒုက္ခ





www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂိရတ်မှာ နာမည်ကြီး ဆရာတော် သူ့သက်လတ်ပိုင်းအရွယ်က အဂ္ဂိရတ်ဓာတ်လမ်းတစ်ခုကို အောင်မြင်အောင် ဆောင်ခဲ့ဖူးတယ်တဲ့။

အဲဒီလမ်းစဉ်ကို ငါ့ကို သံယောဇဉ်ရှိလို့ အသေးစိတ် နည်းလမ်းပေးထားတယ်။ ဆရာတော်ကြီးကတော့ အခု သက်တော် (၈၀) ကျော်နေပြီဆိုတော့ အဂ္ဂိရတ်ဖိုခွင်မဝင်နိုင်တော့ဘူးလေ။ ငါက အဲဒီနည်းလမ်းကို အရမ်းအကောင်အထည်ဖော်ချင်နေတာ။ ဒါကြောင့် မင်းကို အဖော်စပ်တာပဲ သူငယ်ချင်းရာ"

"တော်ပါတော့ ကျောင်းဆရာရယ်။ 'အဂ္ဂိ . . . အဂ္ဂိ မက်မိလျှင် သူဖြောင်' လို့ဆိုပြီး စာစပ်ထားတာ မင်းမကြားမိဘူးလားကွ"

"ငါ့ဟာငါ အေးအေးဆေးဆေး လယ်ပဲစိုက်စားတာ ကောင်းပါတယ်ကွာ"

ပထမနိဒါန်း ဤနေရာမှာပင် ရပ်သွားပါသည်။ ဒါပေသည့် ကျောင်းဆရာ အေးမောင်ကလည်း ဖွဲမလျှော့၊ သီတင်းကျွတ်ကျောင်းပိတ်တော့ ရွာသို့ ပြန်လာပြီး ပထမနိဒါန်းကိုပြန်၍ဖွင့်ပြီး ကိုဘညွန့်ကို အဂ္ဂိရတ်စားလမ်းကို စပ်တူလုပ်ရန် အဖော်ထပ်ညှိပြန်သည်။

ဒါကိုလည်း ကိုဘညွန့်က စိတ်မဝင်စားလေတော့ အထမမြောက်သေးပေ။ တန်ဆောင်တိုင်ကျတော့လည်း ကျောင်းဆရာ တစ်ခါ ရွာပြန်လာပြီး သူငယ်ချင်းဘညွန့်ကို နားချပြန်လေတော့။

ငယ်သူငယ်ချင်း အရင်းအချာဖြစ်တဲ့ သံယောဇဉ်ကြောင့် ကိုဘညွန့်လည်း စိတ်မပါတပါနှင့် ထိုအဂ္ဂိရတ်ဓာတ်လမ်းကို လုပ်ကိုင်ရန် သဘောတူ၍ ငွေ (၃၀) ကျပ်ထုတ်ပေးလိုက်ပါတော့သည်။

ကျောင်းဆရာလည်း သူ့ဆန္ဒပြည့်ဝခြင်းဖြင့် ဝမ်းသာအားရနှင့် -

"ကဲ - မနက်ဖြန် မြို့သွားပြီး လိုအပ်တဲ့ဓာတ်ပစ္စည်းတွေသွားဝယ်ကြမယ်ကွာ။ ဖားဖိုနဲ့ မီးသွေးကိစ္စကတော့ ရွာဦးကျောင်းက ဘိုးသူတော်ကြီးရဲ့ ဖိုရုံကို အကူညီတောင်းပြီး မီးသွေး (၄) (၅) တင်းဝယ်ပေးလိုက်တယ်ကွာ။ ဒါဆို အားလုံးအဆင်ပြေသွားပြီ"

ဒီလိုနဲ့ ကျောင်းဆရာက ရှေ့ကဦးဆောင်လုပ်ကိုင်သွားပြီး ကိုဘညွန့်ကတော့ စိတ်မပါတပါနှင့် နောက်လိုက်အနေဖြစ်နေခဲ့သည်။ သူငယ်ချင်းနှစ်ယောက်တ် တန်ဆောင်တိုင် ကျောင်းပိတ်ရက် (၁) ပတ်အတွင်း ရွာဦးကျောင်းက ဦးသူတော်ကြီး၏ဓာတ်ခန်းဖိုရုံမှာ နေ့မီး ညမီးဆက်ပြီး အားကြိုးမာန်တက်လုပ်ဆောင်လိုက်ကြတာ အဂ္ဂိရတ်ဓာတ်လမ်းစဉ်စာညွှန်းအတိုင်း ဓာတ်လုံးအရောင်မှာ အနက်ရောင်မကျတကျသို့ ရောက်လာခဲ့ပြီဆိုတော့ ဓာတ်လမ်းစဉ်အတိုင်း ဘော် (၁) ကျပ်သားကို အရည်ကျိုပြီး ၎င်းဓာတ်လုံးကို မီးကင်အပူပေးပြီးထည့်ပေးလိုက်တော့ ဘော်ရည်ထဲသို့ ငုပ်ဝင်သွားပြီး (၅) မိနစ်ခန့်အကြာ လုံ့ထဲမှာ ပတ်ချာလည်ပြီး ဓာတ်လုံးပြန်ပေါ်လာတော့မှ ညှပ်ဖြင့်ပြန်ဆယ်ယူလိုက်ပြီး ဘော်အရည်ပျော်နေတဲ့ လုံ့ကိုအအေးခံပြီး လုံ့ခွဲကြည့်လိုက်တဲ့အခါမှာ -

ဘော်ဓာတ်သားမှာ အလုံးလိုက် ဝါထိန်နေသည်ကို တွေ့လိုက်ရတော့ ကျောင်းဆရာလေးထပြီးခုန်လိုက်တာ ဖိုရုံထုပ်တန်းနဲ့ နဖူးတောင်ဆောင့်မိသွားလေရဲ့။ ငါတို့ အဂ္ဂိရတ်ဓာတ်လမ်းတော့ အောင်မြင်ပြီပေါ့။ ဒီမှာတင် ဘိုးသူတော်ကြီးက အတွေ့အကြုံရင့်ကျက်သူပီပီ -

"ဟဲဟဲ - အေးမောင် နင်စွတ်ပြီးတော့ ပျော်မနေဦး။ သေချာအောင် မှတ်စွဲ ငရဲချကြည့်ပါဦးဟ"

ဟု ဆိုမှ အဂ္ဂိရတ်စားလမ်းမှတ်တိုင်ထူရန် ဘော်ဝါဓာတ်လုံးကို မှတ်လိုက် ငရဲမီးချတော့ မှတ်မှာ ဖြူဖန့်ဖန့် ငရဲတင်လိုက်တော့ အိုးမဲတန်းသာသာ လေးသာကျန်တော့လေသည်။

ကျောင်းဆရာလည်း တစ်ချက်တည်း ငိုင်ကျသွားလေသည်။ ဦးသူတော်ကြီးက ဘော်ဝါဓာတ်သားကို ပေပေါ်မှာ တင်ပြီး ဆို့နှင့်ဖြတ်ကြည့်လိုက်တော့ အပေါ်ယံအသား အဝါရည်ပတ်နေပြီး အထဲသားက ဖြူဖွေးနေတာ လက်တွေ့မြင်လိုက်ရသည်။

"ဟေ့ကောင်တွေ၊ မင်းတို့ဓာတ်က သတ္တိနည်းနေလို့ ဘော်ကိုအဝါရည်မစူးဘူးဖြစ်နေတာ။ မီးလိုတာဖြစ်မယ်"

ဟု သုံးသပ်ပြပါသည်။

ဒီတစ်ခါမှာတော့ ကိုဘညွန့်က ငယ်သူငယ်ချင်း အေးမောင်ကိုကြည့်ပြီး အတော်စိတ်မကောင်းဖြစ်သွားရသည်။

ဓာတ်လမ်းအစကတည်းကနေပြီး တစ်ချိန်လုံး အလွန်ဆန္ဒပြင်းပြစွာနဲ့ တက်ကြွလှုပ်ရှားနေတဲ့သူ ဒီအချိန်မှာတော့ လင်းတကြီးလည်လိမ်ထားသလို ဖြစ်ပြီး စကားပင်မပြောနိုင်ဖြစ်နေလေတော့ -

"ကဲပါကွာ၊ ဘယ်လုပ်ငန်းမဆို အစကတော့ ဒီလိုပါပဲ။ အဆင်မချောတာတွေဖြစ်တတ်ပါတယ်။ မင်းဘာမှ စိတ်မကောင်းဖြစ်မနေနဲ့။ ဒီတုန်းသွားတဲ့ ငွေလည်း ငါဘယ်လိုမှသဘောမထားဘူး။ မင်းစိတ်ကိုသာ သက်သာအောင် နေပါကွာ"

ဟု အားပေးရလေသည်။

ကျောင်းဆရာလည်း သူ့လုပ်ရပ် မအောင်မြင်ခဲ့လေတော့ ကိုဘညွန့်ကို အလွန်ပင်အားနာမိလေ့သည်။

ဓာတ်လမ်းက ဒီမှာတင် စခန်းရပ်သွားရမည် ဖြစ်သည်။ သို့သော် ကိုဘညွန့်၏ ပင်ကိုဗီဇစရိုက်က ဒီမှာပြန်၍နိုးထလာခဲ့သည်။ အပေါ်ယံကိုကြည့်လျှင် အေးဆေး၍ စိတ်ပျော့သည်ဟု ထင်ရသော်လည်း တကယ်တမ်းကျတော့ ကိုဘညွန့်သည် အတော်ခေါင်းမာသူ တစ်ယောက်ဖြစ်နေသည်။

ဘယ်ကိစ္စမဆို လွယ်လွယ်နှင့် အလျှော့မပေးတတ်တဲ့ဉာဉ်ကြောင့် ယခု အဂ္ဂိရတ်ဓာတ်လမ်းကိုလည်း တစိမ့်စိမ့် တွေးကြည့်ပြီး ဘယ်နေရာကများလစ်ဟာအားနည်းသွားသလဲဆိုပြီး အခဲမကျေ စိတ်ဖြစ်နေသည်။

သူကိုယ်တိုင် လုံ့ကိုခွဲလိုက်စဉ် ဘော်ဓာတ်လုံးတစ်ခုလုံး ဝါထိန်နေတာကို တွေ့လိုက်ရပြီးမှ အထဲကျမှ အရည်မဝင် အရောင်မရှိဖြစ်ရတဲ့ကိစ္စ ဘော်ဓာတ်လုံးတစ်ခုလုံး အဝါရောင်ဖြစ်ဖို့ အတော်နည်းစပ်နေပြီဟု တွေးထင်မိသည်။

ဒီတစ်ခါ ကိုဘညွန့်ကိုယ်တိုင် ကျောင်းဆရာနေတဲ့မြို့ပေါ် အထိလိုက်သွားပြီး -

"ကဲ - သူငယ်ချင်း၊ နွေစပါး တလင်းသိမ်းပြီးတဲ့အချိန် မင်းလည်း နွေကျောင်းပိတ်တဲ့အခါမှာ ငါတို့ဒီဓာတ်လမ်းကို တစ်ခါပြန်ပြီးလုပ်ကြတာပေါ့ကွာ။ မဖြစ်ဖြစ်အောင်ကို လုပ်ကြမယ်ကွာ"

ဟုပြောလေတော့ ကျောင်းဆရာကလည်း သူ့အားနည်းချက်ကြောင့် မပြောသာလို့ မပြောခဲ့ပေမယ့် ဒီဓာတ်လမ်းကို နောက်တစ်ခါထပ်လုပ်ကြည့်ဖို့ကို အမြဲတွေးနေသည်မို့ 'သူတော်ချင်းချင်း သတင်းလွှေ့လွှေ့' ဖြစ်သွားချေပြီ။

(အပိုင်း (၂) ကို ဆက်လက်တင်ပြပါမည်။)

မင်းချမ်းမြေ့ (ညသိမ်)



www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင်မှုမိုး

## တိုက်တိုက်ဆိုင်ဆိုင်

"ဟော - တွေ့ကြပြန်ပြီ၊ ချိန်းထားတာမှလွဲဦးမယ်"

အထက်ပါ စကားစုကလေးသည် ကြိုတင်ချိန်းဆိုမှုမရှိ။ မမျှော်လင့်ဘဲ အံ့သြစဖွယ်တိုက်ဆိုင်မှုများကြုံတွေ့ကြသည့်အခါများ၌ပြောဆိုကြသည့်စကားစုကလေးဖြစ်ပါသည်။ လူတိုင်းပင် ကြုံဖူးကြပေလိမ့်မည်။

အထက်ပါ စကားစုကလေးအား ထောက်ချင့်သော် -

လောကသည် ဆန်းကြယ်၏။ မာယာများ၏။ ပရိယာယ်ကြွယ်၏။ လူတို့လိုက်၍မမီနိုင်သည်ကို တွေ့ရအံ့။

လူတို့ဖန်တီးမှု၊ ကြံစည်မှုအလျဉ်းမရှိဘဲ ဆန်းကြယ်စွာ ဖြစ်ပေါ်လာသော အကြောင်းအရာတို့သည်ကား ရေတွက်၍မကုန်နိုင်။ အံ့သြဖွယ်တိုက်ဆိုင်မှုတို့လည်း များပြားပေစွတကား။

**▫ညီအစ်ကိုမသိတသိ**

မကွေးတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အား အညာဟုခေါ်ကြသည်။

ထိုအညာဒေသ၌ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းသီးနှံအား တော်တော်များများစိုက်ပျိုးလုပ်ကိုင်ကြသည်။ ထွက်လည်းထွက်ရှိကြပါသည်။ အထူးသဖြင့် နှမ်းလျှင်ဟုခေါ်သည့် မိုးဦးနှမ်းကို စိုက်ပျိုးမှုများကြသည်။

ကဆုန်၊ နယုန်လများတွင် စတင်စိုက်ပျိုးကြပြီး ဝါခေါင်၊ တော်သလင်းလများတွင် ရိတ်သိမ်းကြပါသည်။

နှမ်းများရင့်မှည့်၍ ရိတ်သိမ်းပြီးလျှင် ရိတ်သိမ်းပြီးနှမ်းပင်များအား အဖျားချင်းထိ၍ စက်ဝိုင်းသဏ္ဍာန်ပုံကြသည်။ ဆိုင်ပုံဟုခေါ်ကြသည်။ ထိုနှမ်းပုံပေါ်တွင် သစ်ကိုင်းသစ်ရွက်တို့ဖြင့် ဖုံးအုပ်ထားရ၏။ သို့မှ မြန်မြန်ပုပ်မည်။

နှစ်ရက်၊ သုံးရက်ကြာ၍ နှမ်းများပုပ်လျှင် လက်နှစ်ဖက်ဆုပ်ခန့် အစည်းများစည်း၍ နေပူပူတွင်ထောင်ကြ[illegible]သည်။

ရာသီဥတုပေါ် မူတည်၍ နှမ်းများခြောက်သွေ့ကာ အသီးများကွဲအ[illegible]သည့်အခါ၌ နှမ်းခါခြင်းလုပ်ငန်းလုပ်[illegible]သည်။


အညာဝါးစပ်စောင် (တင်းထိ[illegible] ဖြင့်သော် လည်းကောင်း၊ မိုးကာစ[illegible]သော် လည်းကောင်း အသုံးပြု၍ နှမ်းစည်[illegible] များအား တုတ်ဖြင့်ရိုက်ကာခါရသည်[illegible] ထိုသို့ပြုလုပ်ခြင်းကို နှမ်းခါသည်ဟုခေ[illegible] သည်။

ခါပြီးနှမ်းများအား စကော [illegible]



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြု၍ ပြာတီးကာ နှမ်းကိုသိမ်းကြရသည်။

ယခုနှစ် တော်တော်ဆိုးသည်။

တစ်ခါမျှ ဤသို့မဖြစ်ဘူးပါ။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် (ယခု ယင်းမာပင်ခရိုင်)၊ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်အတွင်းရှိရွာများတွင် နှမ်းသူခိုးများ သောင်းကျန်းလျက်ရှိသည်။ညဘက်တွင် နှမ်းထောင်များအား ခါ၍ ခိုးယူသွားခြင်းဖြစ်ပါသည်။ညဘက်များတွင် နှမ်းထောင်များစောင့်၍အိပ်ရသည်။

စံအေးတို့ရွာသည် ယင်းမာပင်မြို့နယ်အတွင်း၌ရှိပါသည်။

စံအေး အသက် (၂၀) ကျော်ပြီ။ ညီဖြစ်သူ စံဌေး (၁၈) နှစ်။ ညီအစ်ကိုနှစ်ယောက်စလုံး ကျောင်းမနေကြပါ။ မိအိုဖအိုနှစ်ဦးအား လက်ယာလုပ်ငန်းလုပ်ကိုင် ကျွေးမွေးနေကြသူများ ဖြစ်သည်။ မိဘနှစ်ပါး၊ သားနှစ်ယောက်။ မိသားစုတစ်စုလုံးတွင် မိသားစုဝင်လေးဦးသာရှိသည်။

သူတို့မိသားစုပိုင် ရွာနှင့်မနီးမဝေး ယာခင်းတစ်ခင်း၌ နှမ်းထောင်များရှိသည်။ ညရေးညတာစိတ်မချရပါ။ နှမ်းထောင်များ သူခိုးခါသွားလျှင် စားရခါနီးမှ ဆုံးရှုံးရမည့်အဖြစ်နှင့် ကြုံတွေ့ရမည်ဖြစ်သည်။

ယနေ့ည ရွာမှာ နာရေးရှိ၍ ညီဖြစ်သူ စံဌေးသွားရောက်ကူညီနေသည်။ နာရေးအိမ်တွင်အိပ်မည်။ သို့ဖြစ်၍ အစ်ကို စံအေးသည် ငှက်ကြီးတောင်ဓားရှည်ဆွဲပြီး နှမ်းထောင်စောင့်ရန်ထွက်ခွာခဲ့သည်။ မိဘနှစ်ပါး ဘုရားဝတ်တက်နေ၍ ဘာမှမပြောဖြစ်ခဲ့၊ စံဌေး နာရေးအိမ်အိပ်ရန် ရည်ရွယ်ခဲ့သော်လည်း နေ



www.burmeseclassic.com

www.burmeseclassic.com

ထောင်ကိုစိတ်မချ၍ အိမ်သို့ပြန်ခဲ့သည်။ ညကိုးနာရီခွဲခန့် အိမ်ပြန်ရောက်ခဲ့သည်။ အဖေနှင့်အမေတို့နှစ်ယောက်က ဘုရားခန်းတွင် တရားမှတ်နေကြသည်။အစ်ကို စံအေးကိုမတွေ့။ ရွာထဲအိမ်လည်သွားနေခြင်းဖြစ်မည်။

'အစ်ကိုနားပါစေတော့၊ နှမ်းထောင်စောင့်ဖို့ ငါပဲသွားမှာ။ ခုချိန်ဆို သူခိုးရောက်နေကောင်းရောက်နေမလားဘဲ'

စံအေး ဤသို့တွေး၍ သုံးတောင့်ထိုးဓာတ်မီး(လက်နှိပ်ဓာတ်မီး)နှင့်လက်စွဲတော်လှံကိုထမ်း၍ထွက်ခဲ့လေသည်။ ည (၁၀) နာရီထိုးတော့မည်။

နှမ်းထောင်ရှိရာ ယာခင်းနှင့်နီးလာပြီ။

"အင်း - ဒီအချိန်ဆို နှမ်းသူခိုးရောက်များရောက်နေမလားပဲ။ ငါခြေသံလုံလံသွားမှ ဒါမှလက်ဦးမှုရမှာ"

စံဌေး အတွေး။

ဓာတ်မီးမသုံး။ လရောင်ကိုအားပြု၍ မှောင်ရိပ်ခိုကာ နှမ်းထောင်ရှိရာသို့ ဖြည်းဖြည်းချင်းချဉ်းကပ်ခဲ့သည်။ လက်စွဲတော်လှံက သူခိုးတွေ့လျှင် အသင့်။

နှမ်းထောင်စောင့်သူအစ်ကိုစံအေးလည်း ဤသို့တွေးနေသည်။

"အင်း - ဒီအချိန်လောက်ဆိုရင် သူခိုးလာနိုင်တဲ့အချိန်ပဲ။ လာခဲ့စမ်း - ဓားသွားအောက် ဇက်ပြုတ်သွားမယ်"

"ဟင် - လူရိပ်တွေ့လိုက်သလိုပဲ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ သတိထားမှ"

စံဌေး သတိနှင့်နှမ်းထောင်ရှိရာသို့ လှမ်းလာသည်။ နှမ်းထောင်အနီးတွင် လူရှိနေသည်ဟု ခံစားနေရသည်။

အမှောင်နှင့်အလင်း။

အစ်ကိုဖြစ်သူ စံအေးက အမှောင်ထဲတွင် အလျားမှောက်၍ငြိမ်သက်နေသူ ညီဖြစ်သူစံဌေးက မည်သို့ပင်ပုန်းလျှိုးချဉ်းကပ်လာသည်ဆိုစေကာမူ လှုပ်ရှားနေသူဖြစ်သည်။

စံဌေးက လှံအသင့်ပြင်၍ မှောင်ရိပ်ခိုကာ ချဉ်းကပ်လာသည်။

စံအေးက ဓားရိုးကျစ်ကျစ်ပါအောင်ဆုပ်၍ ခုတ်ရန်အသင့်။

သို့သော် -

"ဟာ"

အစ်ကိုစံအေး အမှားတစ်ခုတွေ့လိုက်သည်။

"ဒီခြေလှမ်းက ငါ့ညီစံဌေးခြေလှမ်းနဲ့တူလိုက်တာ"

"ဟော ဟော ဟော - စံဌေးပါလား၊ ကံကောင်းလို့မှားတော့မလို့"

"ဗိုး"

"ဒုတ်"

"ဟာ"

အမှောင်တွင်းမှ လှံတစ်ချောင်း စံအေးထံ ပြေးဝင်လာသည်။

မြန်လိုက်သည့်စံအေး။ ရုတ်တရက်ဝင်လာသည့်လှံအား ငှက်ကြီးတောင်ဓားဖြင့် ပတ်ထုတ်လိုက်သည်။ ကွက်တိထိသွားသည်။ လှံလွင့်ထွက်သွားသည်။

"ညီလေး"

"ဟာ - အစ်ကို"

"မင်းကွာ - လိုက်လာရသလား၊ ကံကောင်းလို့ မသေကောင်းမပျောက်ကောင်းကွာ။ ငါသတိကောင်းလို့"

"ဟုတ်ပ့ါ အစ်ကိုရာ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ"

**▫ ကံကြမ္မာဖန်လာပုံဆန်းပါဘိ**

ကိုထွန်းမောင်မှာ သား(၂)ယောက်၊ သမီး (၁) ယောက်ရှိသည်။ အကြီး (၂) ယောက်က သား၊ အငယ်က သမီးဖြစ်သည်။

သားအကြီးနှင့် သမီးအငယ်က အိမ်ထောင်မရှိ။ သားအလတ်ဖြစ်သူ မောင်မော်က အိမ်ထောင်ကျပါပြီ။ ပြီးခဲ့သည့် (၂) လလောက်ကမှ မင်္ဂလာဆောင်ပြီးခဲ့သည်။

ကိုထွန်းမောင်တို့ဇနီးမောင်နှံနှင့် သားအကြီး၊ သမီးငယ်တို့က ရွာမှာပင် တောင်သူလယ်ယာအလုပ်ဖြင့် အသက်မွေးနေကြသည်။

သားအလတ် မောင်မော်ကား ဖားကန့်တက်သွားသည်မှာ (၅) နှစ်၊ (၆) နှစ်ခန့်ရှိပြီ။

ကံကောင်းသည်ဟု ဆိုရမည်။ မောင်မော် ဖားကန့်သွားပြီး (၂)နှစ်ခန့်အကြာတွင် ကိုထွန်းမောင်တို့နယ်၌ မကြားဘူးသည့် ငွေကြေးပမာဏပိုက်၍ ရွာပြန်လာသည်။

"အဖေတို့၊ အမေတို့ ကြိုက်သလိုလုပ်၊ လှူလိုကလှူ၊ ဝယ်ချင်တာဝယ်"

ဟုဆိုကာ ကိုထွန်းမောင်လက်ကို ပုံအပ်ပြီး ဖားကန့်ပြန်သွားသည်။

ရွာကလိုက်လိုသူများကိုလည်း သူ့ကား အကောင်းစားကြီးဖြင့်ခေါ် သွားသည်။

ခု မောင်မော် ဖားကန့်မှာအခြေချပြီး လုပ်ငန်းရှင်ကြီးဖြစ်နေပြီ။ ဖားကန့်မှာ အိမ်ထောင်ကျပြီ။ မိဘနှစ်ပါးနှင့်ရပ်ရွာကိုမမေ့။ မကြာမကြာလာပြီး လှူဒါန်းပေးကမ်းကာ ရပ်ကျိုးရွာကျိုးများဆောင်ရွက်သည်။

သားကြီးမောင်ကျော်။

ဟုတ်သည်။ ကိုထွန်းမောင်သားကြီးမောင်ကျော်သည် မျိုးမရှိရိုးမရှိဘဲ တစ်ခါတစ်ခါ စိတ်ဖောက်ချင်သည်။

စိတ်ကောင်းနေချိန် စကားနည်းသည်။ မည်သည့်အိမ်၊ မည်သည့်ပွဲလမ်းကိုမျှမသွား။ အလုပ်ကိုလုပ်နေသူဖြစ်သည်။

စိတ်ဖောက်လာလျှင် အိမ်မကပ်တော့ပါ။ သုံးလေးငါးမိုင်ပတ်ချာလည်က ရွာများသို့ လျှောက်လည်ပတ်နေတတ်သည်။ ရောက်လေရာရာရွာများ၊ အိမ်များကလည်း ကိုထွန်းမောင်မျက်နှာဖြင့် စောင့်ရှောက်ကြသည်။ ရောက်ရာရွာများမှ သူတို့ထံတွင် မောင်ကျော်ရောက်နေကြောင်း အကြောင်းကြားကြသည်။ လေး၊ ငါးရက်နေပြီး အိမ်ပြန်လာသည်။ နှစ်လ၊ သုံးလတစ်ကြိမ် ဤသို့ဖောက်သည်။

ငွေကြေးပြည့်စုံသူများဖြစ်၍ ဆေးရုံ၊ ဆေးခန်းစုံပြီ။

မောင်ကျော် ဒီတစ်ခေါက်ထွက်သွားသည်မှာ ကြာလွန်းသည်။ ကိုထွန်းမောင် စိုးရိမ်လာသည်။ သူ့ညီမဆီကတော့ ညီဖြစ်သူ မောင်မော်လိပ်စာ၊ ဖုန်းနံပါတ်များယူသွားသည်ဟုဆိုပါသည်။

ကိုထွန်းမောင် ဆွေမျိုးမိတ်သင်္ဂဟများ အကူအညီဖြင့် ရှာဖွေစုံစမ်းသည်။ မတွေ့။

ဖားကန့်ရှိ သားငယ်မောင်မော်ထံ ဖုန်းဆက်တော့ သူ့ထံရောက်မလာကြောင်း၊ ခုရက်ပိုင်း နေပြည်တော်ကျောက်မျက်ပြပွဲသို့ သွားရန်ရှိကြောင်း၊ နေပြည်တော်မှအပြန်တွင် ရွာလာခဲ့မည်ဖြစ်ကြောင်းပြန်ကြားသည်။

မောင်ကျော်သည် ရွာမှမုံရွာ၊ မုံရွာမှမန္တလေးသို့ ထွက်ခွာခဲ့သည်။ မြစ်ကြီးနားရထားစီး၍ ဖားကန့်ရှိ ညီမောင်မော်ထံသွားမည်။ မန္တလေးဘူတာရောက်တော့ ရထားတစ်စီးထွက်ခွာစပြုနေပြီ။

"ဒါ မြစ်ကြီးနားရထားဖြစ်မယ်၊ ငါ အမြန်တက်မှ"

မောင်ကျော် ဤသို့တွေး၍ ရထားပေါ် ခုန်တက်ခဲ့ပြီး နီးရာခုံလွတ်တစ်ခုတွင်ထိုင်လိုက်သည်။

"ငါ့တူက ဘယ်အထိသွားမလဲကွယ့်"

www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်ထိုင်သည့်ထိုင်ခုံဘေး ခရီးသည်အမျိုးသားကြီးက စပ်စုလိုက်ခြင်းဖြစ်သည်။

"ကျွန်တော် မိုးညှင်း၊ မိုးကောင်း အထိသွားမှာခင်ဗျ"

မောင်ကျော်၏အဖြေစကားကြား လိုက်သည့် ခရီးသွားအမျိုးသားကြီး သည် အံ့ဩတုန်လှုပ်သွားသည်။

"ဟဲ့-ငါ့တူ၊ မင်းရထားမှားစီးလာ ပြီနဲ့တူတယ်။ ဒါရန်ကုန်စာပို့ရထားကြီး သည်။ ရွှေဘူတာမှာရထားရပ်မှဆင်းပြီး နောက်ပြန်ပေါ့"

ခရီးဖော်၏ စကားဆုံးသည်နှင့် မောင်ကျော်သည် ခရီးဆောင်ကျောပိုး အိတ်ကိုဆွဲ၍ -

"ဟင် - ဟုတ်လား"

ဟုဆိုကာ ရထားတံခါးပေါက်ဆီ သို့ အမြန်လျှောက်သွားပြီး မည်သူမျှ ထင်မှတ်မထားသည့်အပြုအမူကို ပြုမူ လိုက်သည်။ သွားနေသောရထားပေါ်မှ ခုန်ချလိုက်လေသည်။

"ဝုန်း"

"ဟာ"

"လူတစ်ယောက် ရထားပေါ်က ခုန်ချသွားပြီဗျို့"

ထိုအချိန်၌ ကျောက်တုန်သည် ကြီးမောင်မော်သည် နေပြည်တော်သို့ သွားရန်ထွက်ခွာလာခဲ့ရာ မန္တလေးကို ကျော်လွန်လာခဲ့လေပြီ။

"တီ. . . တီ. . . တီ"

"ဟုတ်ကဲ့ - ကျွန်တော်မောင်မော် ပါ"

"ဗျာ"

"ဟုတ်ကဲ့ပါ ဦးမောင်မော်။ သေ သူရဲ့အိတ်ထဲမှာတွေ့တဲ့လိပ်စာအတိုင်း ဆက်သွယ်တာပါ။ မြစ်သားမြို့နယ် ရဲစခန်းကပါ။ ဦးမောင်မော်ရဲ့ညီလား၊ အစ်ကိုလားတော့မသိဘူး။ ရထားပေါ် ကကျပြီးသေနေလို့ အကြောင်းကြားတာ ပါ။ မှတ်ပုံတင်အရတော့ အမည်က မောင်ကျော်တဲ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ တိုက်ဆိုက် ဆိုင်ဆိုင် ကျွန်တော် မြစ်သားမြို့အနီး ရောက်နေပါတယ်။ မကြာမီရောက်လာ ခဲ့ပါမယ်။ သေဆုံးသူဟာ ကျွန်တော် အစ်ကိုအရင်းပါ"

ဩော် - ဖြစ်မှဖြစ်ရလေ 'တိုက် တိုက်ဆိုင်ဆိုင်' ပါတကား။

□အဘာယ်ဝင့်ကြွေးနည်း

သည်လင်မယားစုံတွဲလျှောက်လာ သည်ကိုတွေ့လျှင် နှစ်ခါပြန်လှည့်မကြည့် သူမရှိ။ အလွန်လိုက်ဖက်သည့်စုံတွဲ။

ခင်ပွန်းဖြစ်သူ ဗိုလ်ကြီးစိုးမင်းက လည်း လူပုံချော၊ ဇနီးသည် ဒေါ်မေသူ ကလည်း တော်တော်လှသည်ဆိုရမည့် မိန်းမလှတစ်ဦးဖြစ်သည်။ ဤကဲ့သို့ အချောအလှ ဇနီးမောင်နှံပေါင်းဖက်၍ မွေးထားသည့် တစ်ဦးတည်းသော သမီး ကလေးကား မည်၍မည်မျှလှမည်ကို ပြောဖွယ်ပင်လိုမည်မထင်။

သူတို့စုံတွဲ လိုင်းခန်းထဲလျှောက် လာလျှင် ရဲမေများက ဤသို့မှတ်ချက်ပြု ကြလေသည်။

"ဒီလင်မယား တပ်ထဲမဝင်ဘဲ ရုပ်ရှင်မင်းသား ၊ မင်းသမီးလုပ်စားဖို့ ကောင်းတယ်"

ဟူ၍ ဖြစ်သည်။

ဗိုလ်ကြီးစိုးမင်းက ရန်ကုန်သား၊ ဒေါ်မေသူက မန္တလေးသူ။ မည်သို့တွေ့ ဆုံ၍ မည်သို့လက်ထပ်ခဲ့သည်မသိ။ အလွန်လိုက်ဖက်သည့် နေနှင့်လ၊ ရွှေနှင့် မြပမာပင်။

နှစ်ဦးစလုံးမှာ အသက်ကရှိလှ (၂၅) နှစ်ဝန်းကျင်မျှသာ။ ယခုတစ်လော ဒေါ်မေသူ၏မိခင်ဟုဆိုသည့် အသက် (၆၀) ကျော်ခန့်ရှိ သီလရှင်ဆရာကြီး တစ်ပါးရောက်နေသည်။ လေး၊ ငါးရက် ခန့်ရှိပြီ။

ဒေါ်မေသူမိခင်ရောက်ကတည်းက ဤဇနီးမောင်နှံ အိမ်မြင်မထွက်ကြပြီ။ ရက်သတ္တပတ်ခန့်အကြာ၌ ဗိုလ်ကြီးစိုးမင်း တို့မိသားစု ခွင့်ပြန်သွားကြသည်။

တစ်လခန့်အကြာတွင် ဗိုလ်ကြီး စိုးမင်းတစ်ဦးတည်းပြန်လာသည်။ မိသား စုပါမလာတော့။

ဗိုလ်ကြီးစိုးမင်း ပြန်ရောက်ပြီး (၇) ရက်ခန့်အကြာတွင် တပ်မတော်မှ နုတ်ထွက်ခွင့်တင်သည်။ တပ်ရင်းတစ် ရင်းလုံးအံ့ဩသွားသည်။

ထိုခေတ်ထိုအခါက တပ်မတော် သားများသည် အကျိုးအကြောင်းခိုင်ခိုင် လုံလုံတင်ပြလျှင် လွယ်လင့်တကူမဟုတ် သော်လည်း နုတ်ထွက်ခွင့်ရနိုင်ပါသည်။ တစ်လကျော်ကျော်အကြာတွင် ဗိုလ်ကြီး စိုးမင်း နုတ်ထွက်ခွင့်ရရှိသွားသည်။

ဗိုလ်ကြီးစိုးမင်း နုတ်ထွက်သည့် အကြောင်းကို ကြားသိလိုက်ရသည့်အခါ တွင် တပ်ရင်းတစ်ရင်းလုံး ဟင်ခနဲဟာ ခနဲဖြစ်၍သွားကြသည်။

"ဟုတ်မှဟုတ်ပါ့မလား"

"အံ့ဩစရာပဲ"

"စိတ်မကောင်းလိုက်တာ"

"ဒါဝဋ်ကြွေးပေါ့နော်"

စသည် စသည့် အသံမျိုးစုံတို့ တပ်ရင်းတစ်ရင်းလုံး လွှမ်းမိုးလျက်ရှိ သည်။

ကံကြမ္မာဖန်လာသည့်အကြောင်း ကတော့ ဗိုလ်ကြီးစိုးမင်းနှင့်ဒေါ်မေသူတို့ ဇနီးမောင်နှံကား မောင်နှမအရင်းဖြစ်ကြ ခြင်းပင်ဖြစ်သည်။

ဗိုလ်ကြီးစိုးမင်းနှင့် ဒေါ်မေသူတို့ မိဘနှစ်ပါးသည် မန္တလေးမြို့တွင်နေထိုင် ကြသည်။ ဖခင်သည် နာမည်ကြီးရှေ့နေ တစ်ဦးဖြစ်သည်။ မိခင်ကြီးက ဘာသာ ရေးလိုက်စားသည်။

မိခင်ကြီး တရားစခန်းဝင်နေစဉ် ဖခင်သည် မိန်းမတစ်ဦးနှင့်ရှုပ်ကြရာမှ ယောက္ခမအသိုင်းအဝိုင်းနှင့် ပြဿနာ တက်ကြသည်။

အတိုချုပ်ရသော် -

နှစ်ဦးသဘောတူကွာရှင်းကြသည်။

(၃) နှစ်ခန့်သာရှိသေးသည့် သား ကြီး မောင်စိုးမင်းကို ဖခင်ကခေါ်၍ ရန်ကုန်ပြန်ခဲ့သည်။

(၁)နှစ်သမီးသာသာ မမေသူကား မန္တလေးမြို့၌ မိခင်နှင့်အတူ ကျန်ရစ်ခဲ့ သည်။ မမေသူ၏မိခင်သည် သမီးအား ကသာရှိအဘွားထံ အပ်နှံကာ သီလရှင် ဝတ်သွားခြင်းဖြင့် ဇာတ်မြှုပ်လိုက်သည်။

မတွေ့တာကြာပြီဖြစ်သည့် သမီး ထံသွားရောက်ရာမှ သမက်ဖြစ်သူနှင့် တွေ့ဆုံသည်။ သမက်၏ မျိုးရိုးဇာတိကို မေးမြန်းရာမှ သားအမိဖြစ်သည်ကို သိရှိ သွားကြလေသည်။

မောင်စိုးမင်းနှင့် မမေသူတို့သည် လည်း မောင်နှမဖြစ်နေသည်ကို သိရှိကြ လေသည်။

ဩော် - ဝမ်းနည်းဖွယ်ကောင်း ပေစွ။

တိုက်တိုက်ဆိုင်ဆိုင် ကြုံမှကြုံ တက်ပါပေသည်။

□ဆားအိုးထဲမှအန္တရာယ်

ဒေါ်တုတ်မ။

တစ်ရပ်ကွက်လုံးက မသိသူမရှိ။

ခါးတို့လျှင် ယောင်တတ်သည်။ ရုတ်တရက် တစ်စုံတစ်ယောက်က ထူးထူးခြားခြားပြုလုပ်သည်တို့တွေ့လိုက် လျှင် တစ်ပုံစံတည်းလိုက်လုပ်သည်။ ခါးတို့၍ခိုင်းလျှင်အတုန်လုပ်သည်။

တစ်နေ့သည် ဒေါ်တုတ်မ ဆီဝယ် ၍ပြန်ခဲ့၏။ လက်ထဲတွင် ဆီအပြည့်ပါ

www.burmeseclassic.com

သည့်ပုလင်းကို ကိုင်လျက်။

ထိုစဉ် ဒေါ်တုတ်မရှေ့မှသွားနေသည့် နွားလေး၊ ငါးကောင်အနက်မှ နွားတစ်ကောင်သည် ရုတ်တရက် အပေါ့စွန့်၍ချလိုက်သည်။ ဒေါ်တုတ်မလည်း ရုတ်တရက် လက်ထဲမှဆီပုလင်းကို လမ်းပေါ် သွန်ချရင်း ရှေ့မှသွားသည့်နွားနောက်မှလိုက်ခဲ့သည်။ ဆီတစ်ပုလင်းလုံးကုန်ပါလေရော။

ယခုဖော်ပြအံ့သောဖြစ်ရပ်သည်ကား အံ့သြဖွယ်တိုက်ဆိုင်မှုတစ်ရပ်ဖြစ်ပါသည်။

ဒေါ်တုတ်မသည် မုဆိုးမတစ်ဦးဖြစ်သည်။ သမီးအပျိုကြီး(ဝန်ထမ်း)နှင့် အတူနေသည်။ ရပ်ကွက်အတွင်း လူချစ်လူခင်များသူဖြစ်ပါသည်။

တစ်နေ့သ၌ ဒေါ်တုတ်မ မီးဖိုချောင်အတွင်းတွင်ထမင်းချက်နေသည်။ သမီးအပျိုမကြီးက မနီးမဝေးတွင် ဟင်းရွက်သင်နေသည်။

ဒေါ်တုတ်မ ဟင်းအိုးထဲဆားခတ်ရန် ဆားအိုးထဲ လက်ဖြင့်နှိုက်လိုက်စဉ် ရုတ်တရက် ဆားအိုးထဲမှ -

"ရှူး"

"ရှူး"

ဖြစ်ချင်တော့ ဆားအိုးထဲတွင် တစ်ကျပ်ခွဲလုံးခန့်ရှိ မြွေဟောက်တစ်ကောင်ဝင်ခွေနေသည်။ ဒေါ်တုတ်မ ဆားအနှိုက်တွင် မြွေဟောက်ကိုသွားကိုင်မိသည်။ ထိုအခါ မြွေဟောက်သည် ရှူးခနဲပါးပျဉ်းထောင်လိုက်သည်။ပါးပျဉ်းခွက်ထားသည့်မြွေဟောက်သည် ဆားအိုးပေါ်သို့ တစ်ပေကျော်ကျော်ထွက်လာသည်။

ယောင်တတ်သူဒေါ်တုတ်မလည်း ၎င်း၏ညာလက်အား မြွေဟောက်၏ ပါးပျဉ်းသဏ္ဌာန်ပြု၍ နှုတ်မှလည်း ရှူးဟု အော်မြည်ကာ မြွေဟောက်နှင့်အတူ ဘယ်၊ ညာယိမ်းလျက် ယောင်နေလေသည်။

ထိုစဉ် အနီးရှိသမီးသည် မိခင်ကြီးဖြစ်စဉ်အား တွေ့မြင်သွား၍ စိုးရိမ်သွားသည်။

သတိအလွန်ကောင်းသူသမီးသည် အနီးရှိ တံမြက်စည်းကြမ်းကိုဆွဲကာ တံမြက်စည်းရိုးဖြင့် မိခင်၏ခါးကို ရုတ်တရက်ထိုး၍ နှုတ်မှလည်း-

"လည်ပင်းကိုဆွဲတ်လိုက်"

ဟု အော်လိုက်၏။

"ညှစ်ထား"

"ညှစ်ထား"

"ညှစ်"

"ညှစ်"

"နာနာညှစ်"

"နာနာညှစ်"

"အဝေးကိုလွှင့်ပစ်လိုက်"

"အဝေးကိုလွှင့်ပစ်လိုက်"

အမေ၏ အကြောင်းသိနေသည့် သမီးသည် အမေ့ခါးကို တံမြက်စည်းဖြင့်ထိုးကာ နှုတ်မှအော်၍ခိုင်းနေသည်။ ယောင်တတ်သည့် ဒေါ်တုတ်မလည်း သမီးဖြစ်သူအော်ဟစ်ခိုင်းနေသည့်အတိုင်း လိုက်လုပ်နေသည်။

ကံကောင်းထောက်မကာ မြွေဟောက်မပေါက်မီ လည်ပင်းကို မိမိရရ ဆုပ်ကိုင်မိသည်။ သမီးခိုင်းသည့်အတိုင်း မြွေကို အဝေးသို့ပစ်လိုက်ရာ၌ ထပ်မံကံကောင်းသည်မှာ အရှိန်ဖြင့်စွန့်ပစ်ခံရသည့်မြွေဟောက်သည် အိမ်တိုင်ကိုမှန်သွားသည်။

လည်ပင်းညှစ်ခံထားရသည့်ဒဏ်၊ စွန့်ပစ်လိုက်စဉ် အရှိန်ဖြင့်အိမ်တိုင်ထိမှန်ခံရသည့်ဒဏ်တို့ကြောင့် မြွေဟောက်မှာ မလှုပ်နိုင်တော့ပြီ။

ထိုအတူ ဒေါ်တုတ်မလည်း စိတ်လျှော့ချ၍ထင်၏။ သတိလစ်သွားလေသည်။

အိမ်နီးချင်းများ ရောက်လာကြသည်။ မြွေကိုဝိုင်းရိုက်ကြသည်။ ကံကောင်းလို့မသေ။

တိုက်တိုက်ဆိုင်ဆိုင် ဖြစ်မှဖြစ်တတ်ပါပေ၏။

**□ အစကသိခဲ့ကြလျှင်**

၁၉၈၀ ပြည့်နှစ်။,

လိုအပ်ချက်အရ မြစ်ကြီးနားမြို့ပေါ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းနှစ်ရင်းတွင် ခြေလျင်တပ်သားသစ်သင်တန်းနှစ်ခုဖွင့်ခဲ့သည်။ ကျွန်တော်သည် အမှတ်(-)ခြေလျင်တပ်ရင်း၌ ဖွင့်လှစ်သည့် သင်တန်းတစ်ခု၌ တပ်ခွဲမှူးအဖြစ် တာဝန်ယူခဲ့ရပါ သည်။

အဆိုပါ ခြေလျင်တပ်သားသစ်သင်တန်း၌ သင်တန်းသား (၂၅၀) ဦးဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

ထူးခြားသည်မှာ သင်တန်းစဖွင့်စဉ်ကပါဝင်ခဲ့သည့် တပ်သားသစ် (၂၅၀) သည် သင်တန်းပြီးဆုံးသည်အထိ ပျက်ကွယ်မှုမရှိခဲ့ပါ။ တပ်သားသစ်သင်တန်းများတွင် သင်တန်း အစ၊ အဆုံးပျက်ကွက်မှုမရှိသည့် တပ်သားသစ်သင်တန်းဟူသည် ကျွန်တော့်စစ်သက်တစ်လျှောက်တွင် မကြုံဘူးခဲ့ပေ။

တပ်သားသစ်များ၏ ကိုယ်ပိုင်အမှတ်များမှာ (၅၂၈×××)များဖြစ်ကြပါသည်။

အဆိုပါ သင်တန်းသားများတွင် ယနေ့တိုင်မမေ့နိုင်သည့်စစ်သည်များရှိပါ သည်။

မမေ့နိုင်ဟုဆိုရာ၌ တော်လွန်းကောင်းလွန်း၍ မမေ့နိုင်ခြင်း၊ ဆိုးလွန်းညံ့လွန်း၍မမေ့နိုင်ခြင်းဟူ၍ရှိရာ ယခုကျွန်တော်ရေးသားဖော်ပြမည့် တပ်သားအသစ် ပုည (အမည်လွှဲ) မှာ ဆိုးလွန်း၍ မမေ့နိုင်သူတစ်ဦးဖြစ်ပါသည်။

မည်သည့်ပြဿနာဖြစ်ဖြစ် ပုညပါသည်။

ဖြစ်ရပ်တစ်ခုတင်ပြပါမည်။

တပ်မတော်မှခွင့်ပြုသည့် ရိက္ခာအစိုင်ငွေသည် ဒေသန္တရကုန်ဈေးနှုန်းဖြင့်ဝယ်ယူကျွေးမွေးရာ၌ များစွာခက်ခဲပါသည်။

သို့ဖြစ်၍ တပ်သားသစ်များ နံနက်စာထမင်းကျွေးရာတွင် ပဲဟင်းနှင့်တွဲဖက်၍ သီးနှံဟင်းတစ်ခွက်ပါဝင်ရန် မနည်းကြံဖန်ရပါသည်။

ဖိုကြီးတာဝန်ခံဖြစ်သူ ဆရာကြီးမောင်ရွှေသည် ရာသီပေါ်သီးနှံများဖောဖောသီသီကျွေးနိုင်ရန် တောင်ယာတဲများ၊ ခြံများ၊ စိုက်ခင်းများနှင့်တိုက်ရိုက်ဆက်သွယ်ဝယ်ယူ၍ကျွေးရ၏။

ဖခုရာသီကား ရွှေဖရုံသီးရာသီဖြစ်၏။ သို့ဖြစ်၍ နေ့စဉ်လိုလို နံနက်စာထမင်းကျွေးရာတွင် ရွှေဖရုံသီးသည် ဇာတ်လိုက်ဖြစ်လာသည်။ နေ့စဉ်လိုလိုဖြစ်လာ၍ ရဲဘော်သစ် (တပ်သားသစ်)များသည် ရွှေဖရုံသီးကိုမုန်းလာကြ၏။ မစားချင်ကြတော့ပြီ။

ရရှိသည့်ရိက္ခာငွေနှင့် မြစ်ကြီးနားကုန်ဈေးနှုန်းနှင့်ဆိုလျှင် ရွှေဖရုံသီးသာ နံနက်ကျွေး၍ ညစာကို အသားဟင်းတစ်မယ်ကျွေးနိုင်ရန် ကြိုးကြိုးစားစားရှာဖွေနေသည်ကို သူတို့မသိ။ သူတို့သိသည်ကား လူငယ်များပီပီ ကောင်းကောင်းစားချင်သည်။ အပြောင်းအလဲလေးနှင့်စားချင်ကြသည်။

တစ်နေ့ -

ထိုတစ်နေ့ကား အခက်ကြုံပြီ။ အဘယ်ကြောင့်ဆိုသော် နံနက်စာ (နေ့လယ်စာဟုခေါ် လျှင်လည်း ဖြစ်သည်) ထမင်းအတွက် အသီးရွက်ဟင်းဝယ်၍ ရွှေဖရုံသီးရောင်းမည့်ခြံသမားထံရောက် သေသေချာချာမှာပြီးသား မည်သည်



www.burmeseclassic.com

www.burmeseclassic.com

အခါမျှ ပျက်ကွယ်မှုမရှိခဲ့။ ယနေ့မူကား နံနက်(၉)နာရီကျော်ပြီ။ လီရှော(အမည်မသိ၍ တိုင်းရင်းသားနာမည်အဖြစ်ခေါ်ကြခြင်း ဖြစ်သည်။) ၏ အရိပ်အယောင်ပင်မတွေ့။ ခက်ပြီ။ လူအင်အား (၂၅၀)ကို နံနက် (၁၀း၃၀)နာရီ စတင်ကျွေးရမည်။ သည်ပုံအတိုင်းဆို မီရန်မလွယ်။

ဖိုကြီးတာဝန်ခံ ဆရာကြီးမောင်ရွှေ စဉ်းစားရပြီ။

"ကဲ - ဖြစ်လိုရာဖြစ်စေတော့"

ဤသို့စဉ်းစားကာ တပ်ရှေ့ဈေးမှ အာပြခြောက်(ငါးခြောက်)များဝယ်၍ ရေတီသီးစပ်စပ်နှင့်ကြော်ကာ ပဲဟင်း၊ ငါးခြောက်ကြော်ဖြင့် တပ်သားသစ်များကို ကျွေးလိုက်သည်။ သတ်မှတ်ငွေကြေးထက် တော်တော်ပိုသွားသည်။ တပ်သားသစ်များကား တရှုးရှုးတရှဲရှဲနှင့်စားလိုက်ကြသည်မှာ ထမင်းပင်ထပ်ချက်ရသည်။ ဟင်းပြောင်းဟင်းလွှဲဖြစ်သွားရသည်ကိုး။

အဖြေပေါ်ပြီ။

နေ့လယ် (၁) နာရီခန့်တွင် ဆရာကြီးမောင်ရွှေအိမ်သို့ ခြံသမား လီရှော ရောက်လာသည်။

"မင်းကွာ၊ သေသေချာချာမှာထားခဲ့သားနဲ့ ရွှေဖရုံသီးလာမပို့ဘူး။ ဘယ်လိုဖြစ်တာလဲ။ ငါ့မှာတော်တော်ဒုက္ခတွေ့တယ်"

လီရှောကို တွေ့တွေ့ချင်း ဆရာကြီးရွှေမောင်မှ ပြောလိုက်ခြင်းဖြစ်သည်။

လီရှောက ဤသို့တုံ့ပြန်သည်။

"ဆရာကြီးရေ၊ မနေ့ညက ရဲဘော်နှစ်ယောက် မျက်နှာကိုအံဝတ်စည်းထားပြီး ဓားရှည်တွေနဲ့ရောက်လာတယ်။ ကျွန်တော်လည်း ဓားပြထင်ပြီးလန့်သွားတာ၊ နောက်တော့မဟုတ်ဘူးဗျ။ အဲဒီရှက်နှာဖုံးစွပ်နှစ်ယောက်ကပြောတယ်။ မင်း ငါတို့တပ်ကို ရွှေဖရုံသီးမပို့ရဘူးတဲ့၊ ပို့ရင် သတ်ပစ်မယ်တဲ့ဗျ။ ဒါနဲ့ ကျွန်တော်လည်း ကြောက်ပြီးလာမပို့တာပါ ဆရာကြီးရယ်"

ဟူ၍ ပြန်ဖြေသည်။

သို့နှင့် ဆရာကြီးမောင်ရွှေမှ ကျွန်တော်ထံသတင်းပို့၍ နည်းပြဆရာများနှင့်တိုင်ပင်ပြီးစစ်လိုက်တော့ တပ်သားသစ်ပုညနှင့် နောက်တစ်ယောက်ဖြစ်နေသည်။ ၎င်းအားထက်ရယ်အားသန်ရသည့်အဖြစ်ပါ။

တပ်သားသစ် ပုညကား ဤလိုလူစားမျိုးဖြစ်သည်။ ခဏခဏအပြစ်ပေးရသည်။ သင်တန်းဆင်းသည့်အခါ တပ်သားသစ် ပုညတစ်ယောက် ဗန်းမော်မြို့အခြေစိုက်(-)တပ်ရင်းသို့ရောက်ရှိသည့် စစ်သည်များအနက် တစ်ဦးအပါအဝင်ဖြစ်ပေသည်။

ပုညတို့သင်တန်းဆင်းပြီး၍ နှစ်နှစ်ခန့်အကြာ နေ့တစ်နေ့တွင် မြစ်ကြီးနားဈေးအတွင်း၌ လူရွယ်တစ်ဦးသည် ကျွန်တော့်အား ရှေ့မှပိတ်ရပ်၍ -

"ဟာ - ဗိုလ်ကြီး၊ နေကောင်းရဲ့လား။ ကျွန်တော့်ကိုမှတ်မိလား"

နှစ်ထပ်ကွန်းမေးခွန်းဖြင့်နှုတ်ဆက်လာသည့်လူရွယ်အား သေသေချာချာကြည့်မိသည်။

လူရွယ်သည် အသက်(၂၀)ကျော်ခန့်ရှိ၏။ သပ်သပ်ရပ်ရပ်ဝတ်စားထား၏။ညာလက်တွင်လည်း ကြီးမားလှသည့်ပိုက်ဆံအိတ်ကိုကိုင်ထား၏။ ခြုံ၍ဆိုရသော် သားသားနားနားလူရွယ်တစ်ဦးမှ မိမိအားနှုတ်ဆက်နေခြင်း ဖြစ်၏။ အဆိုပါလူရွယ်အား ရင်းရင်းနှီးနှီးသိနေသည်။ သို့ရာတွင် ရုတ်တရက် မည်သူမည်ဝါဆိုသည်ကို ဖော်မရအောင်ဖြစ်နေသည်။

"ဗိုလ်ကြီးတပည့် ပုညလေ၊ မမှတ်မိဘူးလား ဗိုလ်ကြီး"

"ဟေ-ဟုတ်ပေသားပဲ။ခွေးကောင် ပုည ရုတ်တရက်ဆိုတော့ မဖော်နိုင်ဘူးကွာ၊ ဆိုစမ်းပါဦး (-) တပ်မှာပဲလား"

"အေးအေးဆေးဆေးပြောရအောင် ဗိုလ်ကြီး။ လက်ဖက်ရည်ဆိုင်သွားရအောင်"

နှစ်ဦးသား အပြန်အလှန်ပြောဆိုရင်း ဈေးအနီး လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။

လက်ဖက်ရည်ဆိုင်ရောက်သည်နှင့် မှာသင့်သည်များမှာကြားပြီး နှစ်ဦးသား စကားဆက်ကြသည်။

"ကျွန်တော် အခုတပ်ထဲမှာမဟုတ်တော့ဘူး။ ထောင်ကျပြီးထွက်ခဲ့တာ ထောင်ကလွတ်တာ (၁) နှစ်ကျော်ပြီ။ ခုဗန်းမော်နဲ့မြစ်ကြီးနားကို တရုတ်ကုန်ပစ္စည်းအရောင်းအဝယ်လုပ်နေတာ"

"ဟေ - ဟုတ်ရဲ့လား၊ ငါမကြားမိပါလားကွာ။ ဘယ်လိုများဖြစ်ရတုံးပြောပါဦး"

"ဗိုလ်ကြီးတပည့်ပုညအကြောင်းလည်း သိတဲ့အတိုင်းပဲလေ။ မဟုတ်တာလာလုပ်ရင် နည်းနည်းမှမခံတတ်ဘူး။ နယ်မရွေးဘူး။ အမှတ် (-) တပ်ရင်းရောက်တော့ တပ်ခွဲ (၂)မှာ တာဝန်ပေးခံရတယ်။ တပ်ခွဲမှူးက ဗိုလ်ကြီးအောင်ဖေတဲ့၊ စီနီယာကြီးပါ။

စတွေ့တဲ့နေ့ကတည်းက ရှေးရေစက်လို့ခေါ် မလားဘဲ၊ တစ်ယောက်ကို တစ်ယောက် ကြည့်မရကြဘူး။ တပ်ခွဲမှူးက ငါတကောသမားကြီးပါ။ ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့ဆိုတဲ့လူစား။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလိုပဲ။ တပ်ခွဲမှူးနဲ့ကျွန်တော်နဲ့က အပြန်အလှန်ကြည့်မရကြဘူး။ ကျွန်တော်တို့လူသစ်အဖွဲ့တွေထဲမှာ ကျွန်တော့်ကိုရွေးပြီးမုန်းနေတာ။ ကျွန်တော်ဘာလုပ်လုပ် အကောင်းမထင်ဘူး။

တစ်နေ့တော့ လက်နက်တွေတိုက်ချွတ်ခိုင်းပြီး စစ်တာကစတာပဲ။ တပ်ခွဲမှူးက လက်သီးနဲ့ (၂) ချက်ထိုးတယ်။ ကျွန်တော်လည်း ဘာမှမမြင်တော့ဘူး။ သေနတ်ပြောင်းဖျားကိုင်ပြီး ရိုက်မိတယ်။ ဝိုင်းဆွဲထားကြလို့ မဆွဲရင် လူသတ်မှုထိဖြစ်မှာ"

ပုညစကားကို ခေတ္တရပ်နားပြီး လက်ဖက်ရည်သောက်နေသည်။ ကျွန်တော် ဘာမှဝင်မပြောမိပါ။ ပုညစကားကိုသာ ငံ့လင့်နေမိသည်။

ပုည စကားဆက်သည်။

"အတိုချုပ်ပြောရလျှင် ကျွန်တော် ထောင်(၂)နှစ်ကျတယ်။ လျှော့ရက်နဲ့ဘာနဲ့ဆိုတော့ (၁)နှစ်လောက်ပဲနေခဲ့ရတယ်။ ကျွန်တော်ထောင်ကျတော့ အမေလာတွေ့တယ်။ ကျွန်တော်တို့က အမေ တစ်ခုသားထုစ်ခုလေ။

အမေ ထောင်ဝင်စာလာတွေ့တာ ဘယ်သူပါလာတယ်မှတ်သလဲ ဗိုလ်ကြီး"

"ပြောပါဦး"

"ကျွန်တော့်အချစ်တော် ဗိုလ်ကြီးအောင်ဖေပါလာတယ်"

"ဟေ - ဟုတ်လား"

"အမေပြောပြမှ အံ့ဩဖွယ်တိုက်ဆိုင်မှုတစ်ခု ကျွန်တော့်ဘဝမှာ ကြုံရတာသိလိုက်ရတယ်။ ဒါပေမယ့် လွန်ကုန်ပြီ"

ပုညခေတ္တနား၍ ရေနွေးသောက်သည်။

ကျွန်တော်လည်း ဘာတွေဖြစ်ကုန်ကြပြီလဲဟူသောအတွေးဖြင့် ပုညစကားကိုသာ နားစွင့်နေမိပါသည်။

ပုည စကားဆက်သည်။

"ဗိုလ်ကြီးအောင်ဖေဟာ ကျွန်တော့်အဖေရဲ့ညီအရင်း ကျွန်တော့်ဦးလေးဖြစ်နေတယ် ဗိုလ်ကြီးရေ"



www.burmeseclassic.com

www.burmeseclassic.com



# ဝင်းဇော်

လူကြီးတစ်ဦးပမာ

ရွာမှလူကြီးများ

ဝါးခုတ်

မျိုးစုံပါ

ချယ်၍ ဆောင်ကြသည်။

ဘောဆဲတွင် စားသုံးရန် ရိက္ခာများကို သယ်ဆောင်သွားကြသည်။ သောက်ရေကို (၃) ဂါလန်ဝင် ပလတ်စတစ်ပုံးများဖြင့်ထည့်၍ နွားလှည်း၏ ရုံတိုင်တွင် ခြင်းတောင်းချည်၍ယူလာကြသည်။ နွား

ထဲတွင် တင်နိုင်ဝင်းက အငယ်ဆုံးမို့ လူကြီးများ၏ ခိုင်းစေသမျှကို လုပ်ဆောင်ပေးရသည်။ ရေနွေးကြမ်းဝိုင်းဖွဲ့ သောက်ရင်း ရယ်မောစရာစကားများကို ပြောကြသည်။ လသာသောညတွင်

နောက်တစ်နေ့ နံနက်စောစော အိပ်ရာမှထကြပြီး တောင်ပေါ်သို့တ ၍ ထင်းရှာ၊ ဝါးရှာကြသည်။ မိမိ သက်ရာ သစ်ပင်ဝါးပင်ကိုခုတ်လှဲ ခုတ်လှဲပြီးသောသစ်ပင်များကို ထမ်းသယ်လာကြသည်။ နွားလှည်းသွား



www.burmeseclassic.com



[illegible]

"ဟဲ့-ကောင်လေး၊ ကိုယ့်ကိုအန္တရာယ်ပေးမယ့်ကောင်ကိုရိုက်သတ်လိုက်ပါလား"

ရှာသားကြီးကပြောသည်။

တင်နိုင်ဝင်းက တွေ့သမျှမြွေများတို့ ရိုက်သတ်ပစ်လိုက်သည်။ အားလုံး

[illegible] ကြသည်မို့ အားလုံးအိပ်ပျော်သွားကြသည်။

တင်နိုင်ဝင်းမှာ အိပ်ပျော်နေရင်း အိပ်မက်မက်သလို ခံစားရသည်။ ရုတ်တရက် အိပ်ရာမှနိုးတော့ အရှေ့ဘက်

[illegible]

www.burmeseclassic.com

လည်း ငါတို့ရောက်နေတဲ့နေရာက မကြားနိုင်ပါဘူး။ အရှေ့ဘက်မှာလည်း ဘာရွာမှရှိတာမဟုတ်ဘူး"

"သီချင်းဆိုနေတာကတော့ သေချာတယ်"

ထင်းခုတ်လာသူအားလုံး သီချင်းဆိုနေသံကို စိတ်ဝင်စားသွားကြ၏။

"သီချင်းဆိုနေတဲ့အသံကြားရတဲ့နေရာကို သွားကြမလား"

"ဟာ - နွားတွေ၊ လှည်းတွေကို ထားခဲ့ရမှာ၊ ဘယ်ဖြစ်မလဲ"

"တောထဲမှာ ခင်ဗျားနွားတွေ၊ လှည်းတွေကို ဘယ်သူမှလာမခိုးပါဘူး။ နွားတွေကိုကြိုးခိုင်ခိုင်ချည်ထားပြီးသွားကြမယ်"

တင်နိုင်ဝင်း၏စကားကို အားလုံးက သဘောတူကြသည်။ နွားများကို သစ်ပင်ရိပ်တွင် ချည်ထားခဲ့ပြီး အစာကျွေးခဲ့သည်။ ထို့နောက် တင်နိုင်ဝင်းတို့အုပ်စု အရှေ့ဘက်စူးစူးအရပ်သို့လာခဲ့ကြသည်။ အလွန်မြင့်သော တောင်ပေါ်သို့ လမ်းရှင်း၍ တက်လာခဲ့ကြသည်။ သီချင်းသံကို ပို၍ကြားလာရသည်။

"ကြားရဲ့လား၊ သီချင်းဆိုနေတဲ့အသံ"

တောင်ပေါ်သို့ ရောက်လာကြသည်။ သူတို့အားလုံးလည်း မောဟိုက်နေကြပြီ။

"သီချင်းဆိုနေသံကို ကြားရတဲ့နေရာက သိပ်မဝေးတော့ဘူး။ ခဏနားပြီးတာနဲ့ ဆက်သွားကြမယ်။ နေဝင်ရင် နွားတွေထားခဲ့တဲ့နေရာကို အပြန်ရခက်လိမ့်မယ်"

တင်နိုင်ဝင်းတို့အုပ်စုသည် ဆက်သွားကြရာ တောင်ခြေတွင် သီချင်းသီဆိုပြီး ကခုန်နေသူများအား လှမ်း၍မြင်ရသည်။ သစ်ပင်များကို အကာအကွယ်ယူ၍ အနားသို့ တိုးကပ်လာမိကြသည်။ အမျိုးသားများမှာ သန်မာထွားကျိုင်းသော်လည်း ရုပ်ရည်များမှာ အလွန်ပင်အကျည်းတန်လှ၏။ အမျိုးသမီးများမှာ အသက်အားဖြင့် (၂၀) ဝန်းကျင်သာရှိပြီး အလွန်ချောမောကြလေ၏။ သီဆိုကခုန်နေသူအားလုံးမှာ လူအယောက် (၂၀) ခန့် ရှိ၏။

"ဟာ - ငါတော့ ကြောက်လာပြီ။ ဒီတောဒီတောင်ထဲမှာ ဒီလောက်လှတဲ့ မိန်းကလေးတွေရှိနေတာ မဖြစ်နိုင်ဘူး။ သရဲတစ္ဆေတွေလား။ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကြက်သီးတွေထလာပြီ"

"မြင်နေရမှတော့ အနားကိုတိုးကပ်ပြီး သွားကြည့်ကြမယ်"

"ဟာ - ဒီကောင်လေး ခက်လိုက်တာ"

တင်နိုင်ဝင်းတို့အုပ်စုသည် သီချင်းသီဆိုနေသော အမျိုးသား၊ အမျိုးသမီးများ၏ မလှမ်းမကမ်းသို့ ချဉ်းကပ်လာမိကြလေ၏။ အမျိုးသမီးများ၏ အသားအရေမှာ ဝါဝင်းနေ၏။

"အင်း-ရုပ်ရှင်မင်းသမီးတွေထက်တောင် ချောသေးတယ်"

ဟု တင်နိုင်ဝင်း၏စိတ်ထဲမှ တွေးမိ၏။ အမျိုးသမီးများ သီဆိုနေသော သီချင်းသံမှာ မြန်မာသီချင်း၊ ကရင်သီချင်း၊ ကုလားသီချင်း၊ တရုတ်သီချင်းများ မဟုတ်သော်လည်း နားထောင်လို့ တော့ကောင်းနေသည်။ တင်နိုင်ဝင်းက မြင်နေရသော အမျိုးသမီးတစ်ယောက်ကို လှပလွန်း၍ မြင်မြင်ချင်းစွဲလမ်းသွားမိ၏။ ရင်ခုန်လာသည်။

တီးခတ်ပေးသည့် တူရိယာမပါဘဲ သီချင်းချည်းသက်သက်သီဆိုနေသည်မှာ နားထောင်၍ ကောင်းနေသည်။ သစ်ခုတ်သမားအားလုံးသည် မိန်းမချောလေးများကိုကြည့်ရင်း မှင်သက်မိနေကြလေ၏။

"နေဝင်တော့မယ်"

သစ်ခုတ်သမားအချင်းချင်းတီးတိုး သတိပေးကြသည်။ ထိုစဉ် ၊ သစ်ခုတ်သမားများဆီသို့ လေပွေတစ်ချက်ဝှေ့တိုက်လိုက်သည်။ တောထဲရှိ သစ်ရွက်ခြောက်များသည် အပေါ်သို့လွင့်ပျံသွားကြ၏။ သစ်ခုတ်သမားများ လန့်ဖျပ်သွားကြသည်။ သီချင်းသီဆိုနေသံမှာလည်း တိတ်ဆိတ်သွားသည်။ သစ်ခုတ်သမားများက သီချင်းသီဆိုကခုန်နေသူများကို ကြည့်လိုက်တော့ တစ်ယောက်မျှမတွေ့ရတော့။ သစ်ခုတ်သမားများ ကြောက်စိတ်ဝင်ကာ နွားနှင့်လှည်းများထားခဲ့ရာနေရာသို့ တစ်ဟုန်ထိုးပြေးလာခဲ့ကြသည်။ အမှောင်ထုထဲတွင် စမ်းတဝါးဝါးပြန်လာကြရာ ည (၉) နာရီကျော်မှ နွားနှင့် လှည်းများရှိရာသို့ ပြန်ရောက်ကြသည်။

"ခုတ်လှဲပြီးတာတွေ ယူမနေနဲ့တော့၊ ပြန်ကြမယ်"

ကြောက်တတ်သူများက ပြောသည်။

"မင်းတို့ တောထဲကမြွေတွေကို သတ်ပြီးချက်စားလို့ မကောင်းဆိုးဝါးတွေက ကိုယ်ထင်ပြတာ။ အသက်မသေတာဘဲ ကံကောင်းတယ်"

"မနက်ကျတော့မှ ခုတ်လှဲပြီးတာတွေကို ရသလောက်တင်ပြီး ပြန်ကြမယ်"

"ဟာ - ဒီည တောထဲမှာအိပ်ရမှာကြောက်တယ်"

"ဟာ - ဟိုကောင်လေးက ဘာမှမဖြစ်ရဘူး။ အကြိမ်ပေါင်းများစွာ တောတက်ဖူးတဲ့မင်းကဖြစ်နေလိုက်တာ"

"ဒီလောက် ချောမောလှပတဲ့ မိန်းကလေးတွေကို မြို့ပေါ်မှာတောင် မမြင်ဖူးပါဘူး"

"တော်စမ်း ကောင်လေးရယ်"

"ကျွန်တော်ကတော့ မျက်စိထဲက ထွက်ကိုမထွက်တော့ဘူး"

သစ်ခုတ်သမားများသည် တစ်နေရာတွင် ပိုင်းဖွဲ့အိပ်ကြလေ၏။ ထိုညက သစ်ခုတ်သမားအားလုံး ညစာမစားရဘဲ ရေနွေးကြမ်းသာ သောက်ကြရသည်။ နောက်တစ်နေ့နံနက်တွင် နီးစပ်ရာသစ်ပင်ကိုခုတ်၍ လှည်းပေါ်တင်ကာ ရွာသို့ ပြန်လာခဲ့ကြသည်။

တင်နိုင်ဝင်းသည် ရွာသို့ ပြန်ရောက်သော်လည်း သူ၏စိတ်က တောထဲတွင် ကျန်ရစ်ခဲ့သလို ခံစားရ၏။ တောကြီးထဲတွင် အမှတ်မထင် မြင်တွေ့ခဲ့ရသော မိန်းမချောများထဲမှ မြင်မြင်ချင်းစွဲလမ်းမိခဲ့သော မိန်းကလေး၏မျက်နှာကို သတိရတိုင်း မြင်ယောင်နေမိလေသည်။

တောကြီးအတွင်းဝယ် မြင်တွေ့ခဲ့ရသော မိန်းမချောလေးများသည် ပရလောကသားလော၊ နာနာဘာဝလောကို သစ်ခုတ်သမားများ မည်သူမျှအတပ်မပြောနိုင်ကြချေ။ သစ်ခုတ်သမားများတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကိုကြားရသူတိုင်းက တောကြီးထဲတွင် အမှောင်အမှားပြုမိ၍ တောခြောက်ခြင်းခံရသည်ဟု မှတ်ချက်ပြုကြလေ၏။

ကျွန်ုပ် ရေးသား တင်ပြခဲ့သည့် တစ်ခုသော တောကြီးအတွင်းမှ သစ်ခုတ်သမားများ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို စာဖတ်သူများကလည်း မည်သို့ထင်မြင်ကြပါသနည်း။

အလွန်နက်သော တောကြီးအတွင်းဝယ် အလွန်ချောမောလှပသော မိန်းကလေးများရှိနိုင်ပါမည်လား။

ကျွန်ုပ်မှာလည်း တွေးရင်း. . . တွေးရင်း. . . ။

ဝင်းဇော် (သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

(ရေနံချောင်း) ဝ

# ရှင်ခွာညို

## မင်းသိင်္ခတ်သတ္တံ ငှားကြည့်စမ်းပါ

၂၀၀၃ ခုနှစ် မြန်မာလို (၁၃၆၄-၆၅) နတ်တော်လပြည့်ကျော် ၇ ရက်နေ့ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်လောက်က ဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် တြိရတနရက္ခိတဓမ္မာရုံ တော်ကြီးအတွင်း ဘိုကလေးမြို့ အာဇာနည်ဆရာတော် ဦးဣန္ဒကတရားပွဲနှင့် တိုးနေသဖြင့် တရားနာဖြစ်ခဲ့သည်။ ဆရာတော်ဟောသည့်တရားက ခုဒ္ဒကနိကာယ် တဇကျာဝဂ်မှာလာရှိသည့် ဝက်မလေးအကြောင်းဖြူပြီး ဟောကြားသည့် တရား ဖြစ်ပါသည်။

တစ်နေ့တော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ နောက်လိုက်နောက်ပါရဟန်းများနှင့် ရာဇဂြိုဟ်ကိုဆွမ်းခံကြွလာရင်း မြို့အစွန့်တစ်နေရာရောက်တော့ မစင်တွေစားနေတဲ့ ဝက်မကလေးကိုမြင်ပြီး ပြုံးတော်မူသတဲ့။ ဒါကို ညီတော်အာနန္ဒာက အကြောင်းစုံသိလို၍ မေးလျှောက်တော်မူသည့်အခါမှာ မြတ်စွာဘုရားက ဒီဝက်မကလေးဟာ ပြီးခဲ့တဲ့ ဟိုဘက်သုံးလေးဘဝက ကြက်မလေးဖြစ်ခဲ့သတဲ့။ အဲဒီကြက်မကလေးဟာ ကျောင်းသင်္ခမ်းလေးတစ်ခုအနီးမှာ အစာရှာစားနေတယ်။ အဲဒီအချိန် ကျောင်းသင်္ခမ်းပေါ်မှာရှိတဲ့ ကိုရင်လေးတစ်ပါးဟာ သတိပဋ္ဌာန်လေးပါးမြတ်



www.burmeseclassic.com

တရားကို ရှုမှတ်ပွားများ ရွတ်ဖတ်သရဇ္ဈာယ်နေတယ်။ ရှုမှတ်ပွားများနေပုံကို တရားနာပရိသတ်နားလည်အောင် ဆရာတော်ဟောကြားပုံကတော့ -

ရပ်တဲ့အခါ ရပ်ချင်တာမှတ်ပါ။ သတိအမြဲရှိ။ သွားတဲ့အခါ သွားချင်တာမှတ်ပါ။ သတိအမြဲရှိ။ ထိုင်တဲ့အခါ ထိုင်ချင်တာမှတ်ပါ။ သတိအမြဲရှိ။ အိပ်တဲ့အခါ အိပ်ချင်တာမှတ်ပါ။ သတိအမြဲရှိ။ သတိပဋ္ဌာန်တရားဟာ လေးပါးပါ သေချာ အမြဲကြည့်။

ရပ်တဲ့အခါ ကိုယ်အမူအရာ ကာယာနုပဿနာ၊ ရပ်ချင်နေတာ နာမ်အမူအရာ စိတ္တာနုပဿနာ၊ ဆိုးကောင်းလတ်ပါခံစားတာ ဝေဒနာနုပဿနာ။ အာရုံ (၆)ဖြာခွဲစိတ်တာ ဓမ္မာနုပဿနာ။ အဲတော့ ရပ်တဲ့အခါ ကိုယ်အမူအရာဆိုတာက ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ (၃၂) ပါးသော ရုပ်စိုင်ရုပ်ခဲရုပ်တုံးကြီး။ အဲဒီရုပ်တရားစုကြီးဟာ အနိစ္စအမြဲမရှိနိုင်၊ ဒုက္ခဆင်းရဲစေတတ်တယ်၊ အနတ္တအစိုးမရဘူးတဲ့။

ရပ်ချင်နေတာ နာမ်အမူအရာဆိုတာက အဲဒီရုပ်တရားကြီးမှာဖြစ်လာတဲ့ စိတ်ကိုပြောတာပါ။ အဲဒီဖြစ်လာတဲ့ စိတ်ကလေးကလည်း အနိစ္စ အမြဲမရှိနိုင် ဒုက္ခဆင်းရဲစေတတ်တယ်။ အနတ္တ အစိုးမရဘူးတဲ့။

ဆိုးကောင်းလတ်ပါ ခံစားတာဆိုတာက ရုပ်ကောင်ကြီးရပ်နေစဉ်မှာဖြစ်စေ၊ သွားနေစဉ်မှာဖြစ်စေ၊ ထိုင်နေစဉ်မှာဖြစ်စေ၊ အိပ်နေစဉ်မှာဖြစ်စေ၊ အဲဒီ ရပ်ချင်၊ သွားချင်၊ ထိုင်ချင်၊ အိပ်ချင်နေတဲ့စိတ်ကလေးတွေမှာ ကောင်းတယ်၊ ဆိုးတယ်၊ ကောင်းတယ်လည်းမဟုတ်၊ ဆိုးတယ်လည်းမဟုတ်ဆိုတဲ့ ခံစားမှုဝေဒနာများဟာလည်း အနိစ္စ အမြဲမရှိနိုင်၊ ဒုက္ခဆင်းရဲစေတတ်တယ်၊ အနတ္တ အစိုးမရနိုင်ဘူးတဲ့။

အာရုံ (၆) ဖြာ ခွဲစိတ်တာဆိုတာက ဒီရုပ်တရားကြီးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ ဟဒယဆိုတဲ့ ပသာဒရုပ်အကြည်ကလေးတွေနဲ့ ပတ်သက်တဲ့ အတွင်းအာယတန (၆)ပါး ရှိတယ်။

အပြင်ကလည်း အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အတွေး ဆိုတဲ့ အပြင် အာယတန (၆) ပါးဆိုတာ ရှိပြန်တယ်။ ဒီတော့ ရုပ်တရားကြီးမှာ အတွင်းက အာယတန (၆) ပါးနဲ့ အပြင်က အာယတန (၆) ပါးတို့ တွေ့ဆုံတိုင်း တိုက်ဆုံမိတိုင်း သိစိတ်ဆိုတဲ့ ဝိညာဉ်စိတ်ကလေးတွေ ဖြစ်ဖြစ်လာပါတယ်။

မျက်စိက အဆင်းနဲ့တွေ့တဲ့အခါ မြင်သိစိတ်၊ နားက အသံနဲ့တွေ့တဲ့အခါ ကြားသိစိတ်၊ နှာခေါင်းက အနံ့နဲ့တွေ့တဲ့အခါ နံ့သိစိတ်၊ လျှာက အရသာနဲ့တွေ့တဲ့အခါ အရသာသိစိတ်၊ ကိုယ်ကအကြမ်းအနု အပူအအေးနဲ့တွေ့တဲ့အခါ ထိသိစိတ်၊ ဟဒယဝတ္ထုက မြင်ဖူး၊ ကြားဖူး၊ နံ့ဖူး၊ စားဖူး၊ ထိဖူးတာ မှန်သမျှ သိသိနေတဲ့ဝိညာဉ်သိစိတ်၊ အဲဒီလိုအာရုံ(၆)ဖြာခွဲစိတ်ပြီး သိနေတာမှန်သမျှဟာလည်း အနိစ္စ အမြဲမရှိပါ။ ဒုက္ခ ဆင်းရဲဖြစ်စေတတ်တယ်။ အနတ္တ အစိုးမရနိုင်ကြကုန်လို့ အဲဒီလို ကျောင်းသခ်မ်းလေးပေါ်မှာ ကိုရင်လေးက ရုပ်တရား၊ နာမ်တရား ခန္ဓာ (၅) ပါးတို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းတဲ့ သတိပဋ္ဌာန်လေးပါး ပွားများအားထုတ် ရွတ်ဖတ်နေတဲ့အသံလေးကို ကြက်မကလေးက အာရုံစိုက်ပြီး နားထောင်နေတယ်တဲ့။ တစ်နည်းအားဖြင့် တရားနာနေတယ်ပေါ့။

ဒီအချိန်မှာ သိမ်းစွန်ရဲတစ်ကောင်ဟာ ကောင်းကင်ကနေ ကြက်မကလေးကို မြင်တာနဲ့ ထိုးသုတ်သွားလို့ ကြက်မကလေး အသက်ပျောက်သွားခဲ့ရတယ်။ ကြက်မကလေးဟာ ကုသိုလ်စိတ်တွေဝင်နေတဲ့အချိန် အသက်ပျောက်သွားလို့ နောက်ဘဝမှာ လူ့ဘုံက ရှင်ဘုရင့်သမီးတော်ဖြစ်လာရတယ်။ အဲဒီကုသိုလ်စိတ်ကလေးဟာ ဘယ်လောက်အထိ အကျိုးသက်ရောက်မှုရှိသလဲဆိုရင် ကုသိုလ်ကံအရှိန်အဟုန်တွေကြောင့် ဘုရင့်သမီးတော်ဘဝက သေပြီးနောက် ဖြဟ္မာ့ပြည်က ဖြဟ္မာမင်းကြီးဖြစ်ပြန်သတဲ့။ အဲဒီဘဝကျတော့ ကုသိုလ်ကံအရှိန်အဟုန်က ကုန်သွားပြီတဲ့။ အကုသိုလ်စိတ်တွေ နှလုံးသွင်းမိပြီး အခုဘဝမှာ ဝက်မလေးဖြစ်ရရှာသတဲ့။



ဒီဝက်မကလေးရဲ့အဖြစ်ကိုကြည့်ပြီး ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ရဲ့ အကျိုးအပြစ်ဟာ ထင်ရှားလှပါသည်။ လောဘ၊ ဒေါသ၊ မောဟစတဲ့အကုသိုလ်စေတသိက်တွေ ကွယ်ပျောက်ပြီး ကင်းရှင်းနေတဲ့အချိန်ဟာ ကုသိုလ်စိတ်ဖြစ်နေတဲ့အချိန်ပါပဲ။ အဲလိုမဟုတ်ဘဲ လောဘ၊ ဒေါသ၊ မောဟစတဲ့အကုသိုလ်စေတသိက်တွေ ထုံမွှမ်းရောယှက်ပြီး လောဘထွက်၊ ဒေါသထွက်နေတဲ့အချိန်ဟာ အကုသိုလ်စိတ်ဖြစ်နေတဲ့အချိန်ပါပဲ။ ဒီတော့ ကုသိုလ်စိတ်တွေဖြစ်နေတဲ့အချိန် သေသွားမယ်ဆိုရင် ကောင်းတဲ့ဘုံဘဝကို ရောက်သွားနိုင်လို့ အသေကောင်းပါပဲ။ ဒီလိုမဟုတ်ဘဲ အကုသိုလ်စိတ်တွေဖြစ်နေတဲ့အချိန် သေသွားမယ်ဆိုရင်တော့ မကောင်းတဲ့ဘုံဌာနတွေတို့ ကျရောက်သွားမှာဖြစ်လို့ အသေဆိုးနဲ့ သေရတာပါပဲ။ သို့သော်လည်း ဘယ်ဘဝတွေရောက်နေရောက်နေ ရုပ်နာမ် (၂) ပါး၊ ခန္ဓာ (၅) ပါးကတော့ ရနေကြမှာပါပဲ။

ဒီလိုရနေသမျှ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဘေးတွေက မလွတ်နိုင်ပြန်ပါဘူး။ ဒါကြောင့် အိုရ၊ နာရ၊ သေရမယ့်ဘေးတွေကလွတ်အောင် တရားနာကြရမယ်၊ တရားမှတ်ရမယ်၊ တရားတွေအား ထုတ်ကြရပါမယ်။

ဒီနေရာမှာ ဗာယိယဒါရုစီရိယဆိုတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဘုရားရှင်နဲ့တွေ့ပြီး ဘုရားရှင်ဟောကြားခဲ့တဲ့ တရားကိုနာကြားမှတ်သားရင်း ကျင့်ကြံလိုက်တာနဲ့ ကျွတ်တမ်းဝင်သွားခဲ့ပုံကို ကြည့်ကြရပါမယ်။

ဗုဒ္ဓဘုရားရှင်က -

ချစ်သား ဗာဟိယ၊ အဆင်းတစ်ခုကိုမြင်ရင် မြင်တယ်လို့ပဲ မှတ်လိုက်ပါ။ ဆိုးတယ်၊ ကောင်းတယ် ဆက်မတွေးပါနဲ့။ အသံတစ်ခုကိုကြားရင် ကြားတယ်လို့ပဲမှတ်လိုက်ပါ။ ဆိုးတယ်၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

တယ် ဆက်မတွေးပါနဲ့။ အနံ့တစ်ခုကို နံရင်နံတယ်လို့ပဲမှတ်လိုက်ပါ။ ဆိုးတယ်၊ ကောင်းတယ် ဆက်မတွေးပါနဲ့။ အစာတစ်ခုကို စားရင် စားတယ်လို့ပဲ မှတ်လိုက်ပါ။ ဆိုးတယ်၊ ကောင်းတယ် ဆက်တွေးပါနဲ့။ ထိတယ်ဆိုရင်လည်း ထိတယ်လို့ပဲမှတ်လိုက်ပါ။ ဆိုးတယ်၊ ကောင်းတယ် ဆက်မတွေးပါနဲ့။ အာရုံတစ်ခုခုကို စဉ်းစားနေရင်လည်း စဉ်းစားနေတယ်လို့ပဲ မှတ်လိုက်ပါ။ ဆိုးတယ်၊ ကောင်းတယ် ဆက်မတွေးပါနဲ့။ နှစ်သက်ခြင်းလောဘနဲ့ မနှစ်သက်ခြင်း ဒေါသတွေဟာ အသိမှားခြင်း မောဟမှ ကင်းလွတ်လို့မရတဲ့အတွက် အကုသိုလ်တွေဝင်လာကြလိမ့်မယ်။ အဲဒီအာရုံတရားတွေဟာ ခန္ဓာငါးပါးကဖြစ်လာတာမို့ ခန္ဓာငါးပါးဟာ အနိစ္စအမြဲမရှိဘူး။ အနတ္တအစိုးမရဘူးလို့ သိလိုက်ပါ။ အဲဒီလိုသိနေမှ ဒုက္ခတရားက လွတ်နိုင်မယ် ချစ်သားတဲ့။

ဒီတော့ အို-နာ-သေဆိုတဲ့ ဒုက္ခဘေးကလွတ်အောင် တရားနာခြင်း၊ တရားမှတ်ခြင်း၊ တရားကျင့်ခြင်းတွေကသာလုပ်ပေးနိုင်မှာဖြစ်ပြီး ဘယ်သူဘယ်ဝါ ဘယ်တန်ခိုးရှင် ဘယ်ဖန်ဆင်းရှင်ကမှ လုပ်မပေးနိုင်ပါဘူး။ ကိုယ်ပြုသမျှ ကိုယ်လုပ်သမျှ ကိုယ့်ကံပါပဲ။ ဒါကြောင့် ပြုသူအသစ်၊ ဖြစ်သူအဟောင်း မကောင်းလည်းငါ၊ ကောင်းလည်းငါ ကောင်းစွာမြင်သိ ပညာရှိတဲ့။ ဒီတော့ လက်ရှိဘဝမှာ မိမိတို့ရရှိထားတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ငါပဲ၊ သူပဲ အယူစွဲပြီး လောဘ၊ ဒေါသ၊ မောဟ မာနစတဲ့ ကိလေသာမာန်စစ်သည်တွေ ဝင်ရောက်စိုးမိုးခြယ်လှယ်သမျှ ခံနေရရင်တော့ မြေကမ္ဘာမှာ ခြေရာတွေထပ်နေကြရဦးမှာပါ။

ဒီနေရာမှာ ကိလေသာမာန်စစ်သည်တွေ မိမိခန္ဓာကိုယ်ထဲ ဝင်ရောက်မလာနိုင်အောင် ကိလေသာစစ်ပွဲမှာ တစ်စွဲသွားတဲ့ သိဒ္ဓတ္ထရဲ့မဟာသတ္တိထူးကိုတော့ အံ့မခန်းချီးကျူးစရာအဖြစ် မြင်တွေ့ရပါတယ်။ ရွှေနန်းစည်းစိမ်နန်းမအသုံးအဆောင်တွေနဲ့ အခြွေအရံတွေ၊ ပြီးတော့ ကြင်ရာတော်ဒေဝီထိပ်ထား ယသော်ဓရာနဲ့ သားတော်ရာဟုလာတို့ကို စွန့်ပစ်ပြီး ကိလေသာရန်စွယ်မှန်သမျှ တစ်စမကျန် အမြစ်ဖြတ်ပစ်လိုက်တာ တစ်လောကလုံး ထိတ်လန့်တုန်လှုပ်ကုန်ကြပါလေရော။ တိုက်ပွဲက ပြင်းထန်လွန်းတော့ ကိလေသာစစ်ပွဲမှာ တစ်စွဲသွားတာပေါ့။ ဒါကြောင့် ဗုဒ္ဓဘွဲ့ထူးကို ခံယူရရှိကာ နိဗ္ဗာန်ဆုကို ဆွတ်ခူးသွားနိုင်တာပေါ့။

ကျွန်တော်တို့တစ်တွေကတော့ ဒီလောက်ထိစွန့်စားနိုင်ကြပါ့မလား။ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့ ကျွန်တော်တို့တစ်တွေစဉ်းစားကြည့်ကြစမ်းပါ။ သတ္တဝါအားလုံးအတွက် မိမိပိုင်ဆိုင်သုံးဆောင်ခွင့်ရှိတဲ့ မိမိမှအပဖြစ်တဲ့ အပြင်ကရာထူး စည်းစိမ် အခြွေအရံ သားမယားတို့ကို စွန့်လွှတ်ရုံမျှမက မိမိရဲ့အသွေးတော်၊ အသားတော်၊ မျက်လုံးတော်၊ အသက်တော်တို့ကိုပါ စွန့်လွှတ်နိုင်စွမ်းတဲ့ သတ္တိတွေကို သဗ္ဗညုတရွှေဉာဏ်ရှင် ဗုဒ္ဓဘုရားသခင်ရဲ့ သမိုင်းမှတ်တိုင်တွေမှာ အံ့မခန်းတွေ့သိခဲ့ကြပါလိမ့်မယ်။

ဗုဒ္ဓရဲ့ အဲဒီအရည်အချင်းတွေ၊ ဂုဏ်တော်တွေကို တကယ်လေးစားကြည်ညိုမိတယ်ဆိုရင် မိမိတို့ ရှာဖွေရရှိထားတဲ့ စည်းစိမ်ဥစ္စာတွေဟာ မိမိတို့ရဲ့ အရှက်တွေ၊ အသက်တွေကို ရင်းနှီးပြီးမှ ရရှိလာတဲ့ စည်းစိမ်ဥစ္စာတွေပါ။ ဒီလိုစွန့်စွန့်စားစားနဲ့ ရှာဖွေလာခဲ့ရတဲ့ စည်းစိမ်ဥစ္စာတွေဟာ မိမိသေသွားရင် ထားရစ်ခဲ့ရတာပဲမဟုတ်လား။ ဒီတော့ မိမိတို့မသေခင်မှာ မိမိတို့ရှာဖွေရရှိထားတဲ့ စည်းစိမ်ဥစ္စာတွေကို တန်ဖိုးရှိရှိ အသုံးချနိုင်ဖို့လိုပါတယ်။

ကောင်းမှုကုသိုလ်တွေဖြစ်မယ့် ပေးကမ်းစွန့်ကြဲခြင်း ဒါနမျိုးစေ့တွေကို ချခဲ့ရပါမယ်။ ပြည့်နေတဲ့အိုးထက် မပြည့်သေးတဲ့အိုးတွေကိုရှာပြီး ဖြည့်ပေးရပါမယ်။

ဗုဒ္ဓ၏ အဆုံးအမကို ယုံကြည်သက်ဝင်ပြီး အမှန်တကယ် တရားအားထုတ်နေတဲ့ တောရဆောက်တည်ရင်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး မပြည့်မစုံဖြစ်နေတဲ့ ရဟန်းသံဃာတွေ။

ဗုဒ္ဓ၏အဆုံးအမ တရားဓမ္မဒေသနာတော်တွေကို သင်အံလေ့ကျက်နေတဲ့ မြို့နယ်တောရွာလေးတွေက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး မပြည့်စုံတဲ့ ရဟန်းသံဃာတော်တွေ။

သားဆိုးသမီးဆိုးတွေရဲ့ စွန့်ပစ်ခြင်းခံရရှာတဲ့ ဒုက္ခရောက်နေတဲ့ မိအိုဖအိုတွေ၊ အသိဉာဏ်မဲ့ မိဆိုးဖဆိုးတို့ရဲ့ သွေးသားသောင်းကျန်းမှုကြောင့် လူဖြစ်လာရပြီး စွန့်ပစ်ခံရရှာတဲ့ ဆင်းရဲဒုက္ခရောက်နေတဲ့ကလေးတွေ၊

မိအိုဖအိုနဲ့ [illegible] တို့အတွက် [illegible] ရှုန်းကန်ရင်း မလောတ်မင [illegible] ဖြစ်ပြီး လှေလှော်ရင်း တတ်[illegible] တဲ့ သူတွေရဲ့ ဆင်းရဲဒုက္ခတွေ အစရှိတဲ့ မပြည့်အိုးများကို ကူညီစောင့်ရှောက်ပေးကမ်းလှူဒါန်းလိုတဲ့ ကုသိုလ်စိတ်တွေကို မွေးမြူကြပြီး မပြည့်အိုးများဖြစ်တဲ့ ကွက်လပ်တွေကို ရှာဖွေကူညီစောင့်ရှောက်နိုင်ရေးအတွက် ဘိုကလေးမြို့ အာဇာနည်ဆရာတော် ဦးဣန္ဒက သတိပေး ဟောကြားလိုက်ပုံက-

- လူ့ဘဝ ကုသလပြုမှတော်မည်။
  မအိုဘဲ မနာဘဲ မသေဘဲ မနေပြီ။
  နောက်ဘဝ
  ကြောက်စရာထောက်ဆကြံစည်။
  ကိုယ့်အရေး
  ကိုယ်အတွေးသင့်လှပြီ - တဲ့။

လူတိုင်းလူတိုင်းဟာ လွတ်လမ်းမမြင် ကျွတ်တမ်းမဝင်နိုင်သေးတဲ့ဘဝမှာ လွတ်ရာလွတ်ကြောင်း အကျင့်ကောင်း အကျင့်မှန်ဖြစ်တဲ့ လမ်းကောင်းလမ်းမှန်ကို ရွေးချယ်တတ်ဖို့လိုပါသည်။

ကိုယ်ရွေးချယ်တဲ့လမ်းက လမ်းကောင်းလမ်းမှန်ဆိုရင်တော့ ခက်ခက်ခဲခဲနှင့် စွန့်လွှတ်စွန့်စားရမှာမို့ သတ္တိရှိဖို့လိုပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် အဲဒီလမ်းက မင်းသိဒ္ဓတ်မှလွဲ၍ လူတိုင်းမလျှောက်ဝံ့သောလမ်းဖြစ်လို့ပါပဲ ဖြစ်သည်။

တုနိုင်းဖွယ်ရာမရှိတဲ့ မင်းသိဒ္ဓတ်လိုတော့ ကမ္ဘာလောကတစ်ခုလုံးက လူသားတိုင်းမဖြစ်နိုင်ပေ။ကမ္ဘာလောကတစ်ခုလုံးက ယူဖို့ပဲစွန့်စားကြတာပါ။ ပေးဖို့အတွက် စွန့်စားမယ့်သူက မရှိသလောက်ပါပဲ။

ဒါကြောင့် မင်းသိဒ္ဓတ်ရဲ့သတ္တိကို ခဏငှားကြည့်ပြီး စွန့်စားကြည့်ကြမယ်ဆိုရင် ကုသိုလ်တရားတွေ ဝေဖြာနေသောကမ္ဘာလေးထဲမှာ ကိလေသာတွေ ကွယ်ပျောက်နေတဲ့ နိဗ္ဗာန်တံခါးဝက အလင်းရောင်တွေကို မြင်တွေ့နိုင်မှာဖြစ်ပါတယ်။

ရှင်ခွာညို (ခနဲ့ချောင်း)

(ဘိုကလေးမြို့ အာဇာနည်ဆရာတော် ဦးဣန္ဒကတရားပွဲကို မှီငြမ်း၍ ရေးသားပါသည်။)



www.burmeseclassic.com

www.burmeseclassic.com


အချိန်ကား တပေါင်း၊ တန်ခူး မိုးသားကျူး၊ မိုးဦးကျ လေရူးထချိန်၊ တောင်လေ၊ အနောက်တောင်လေ၊ အနောက်ရပ်လေတို့ ရံခါဆိုသလို တိုက်ခတ်သည့်ရာသီလည်း ဖြစ်သည်။ ဧရာဝတီမြစ်ရေကလည်း ကြည်လင် နေရာမှ လှိုင်းလေအထက်အညာဆီက မိုးကျရေတို့ ထိုးတက်စဖြစ်၍ မြစ်ရေ ကား ရေပြာထချိန်ဖြစ်သည်။

ထိုကဲ့သို့ ရေပြာထချိန်ရောက်ပြီ ဆိုလျှင် ရေလုပ်သားတို့လည်း လှေဦး ခြောက်ရာကနေ လှေဦးပြန်၍စိုလာ ရသည့်အချိန်လည်းဖြစ်၏။ ရေလုပ်သား တို့ လှေဦးခြောက်သည့်လတို့မှာကား နတ်တော်၊ ပြာသို၊ တပို့တွဲလကုန်ရက် တိုင်နီးပါးဟုဆိုရမည်။ ထိုလတို့မှာ ဧရာ ဝတီမြစ်ရေသည် ကြည်လင်လျက် ငါးသားတို့မှာလည်း အအေးဓာတ် ကြောင့် ရေလုပ်သားတို့အခေါ် အစာ ကောက်အတက်နည်းသည့်လတို့လည်း ဖြစ်သည်။ သားကြီးငါးကြီးကအစ ငါး သေးငါးမွှား ရင်ပေါင်စာပင်အအေးဓာတ် ကြောင့် ရေပူတက်ခြင်းစကောက်တက် လေ့နည်းသည့်လများဖြစ်၍ ရေလုပ် သားတို့ ငါးအရနည်းကာ လှေဦးခြောက် သည်ဟုဆိုလျှင်ရနိုင်သည်။

တပေါင်း၊ တန်ခူး၊ ကဆုန်လ မိုးဦး ကျလေဦးကျ ရေဦးပေါက်ချိန်ရောက် လာတော့ မြစ်ရေကလည်း ရေပြာထ၊ သားငါးတို့အဖို့ စားသောက်စရာ ပိုးမွှား အကောင်ပလောင်တို့ကလည်းပေါသည့် အချိန်၊ ငါးတို့အစာကောက်တက်မြူးထူး လာချိန်ဖြစ်၍ ပိုက်တန်းမြှုးတို့မှာ သား ငါးတို့ဆွဲမိဖမ်းမိသည့်လများပင်ဖြစ်၏။

မိုးဦးမကျမီ မိုးဦးကျရာသီတွင် ပေါများတတ်သည့်ငါးအစာတစ်မျိုးမှာ ကောက်စာပိုးလောင်းကလေးများပင်ဖြစ် သည်။ ကောက်စာပိုးလောင်းကလေး များအား ငါးတို့အလွန်ကြိုက်နှစ်သက် တာတွေ့ရသည်။ ငါးမှ ငါးမျိုးစုံကြိုက် တာ တွေ့ရသည်။ ငါးကြီး၊ ငါးကျောင်း၊ ငါးမြင်းရင်း၊ ငါးမောင်းမ၊ ငါးထွေ၊ ငါးရှယ်နှင့် ပုစွန်တို့ကစ၍ကြိုက်သည့် ငါးစာတစ်မျိုးပင် ဖြစ်သည်။

ရေပြာထချိန် ရေလုပ်သားတို့၏ ငါးဖမ်းလုပ်ငန်းတစ်ခုမှာ ငါးမျှားတန်း နှင့် ငါးဖမ်းတန်းပစ်နည်းပင် ဖြစ်သည်။ ဒီရာသီသောင်ရေပြင်စီးပါးနေရာ၊ စီးပါး နေရာဆိုသည်မှာ မြစ်တွင်း သောင်စပ် ရေတိမ်ပြင်ပြန့်ပြန့် ရေစီးနေသည့်နေရာ အား ဆိုလိုခြင်းဖြစ်သည်။ သောင်ရေ ပါးပါးရေစီးစီးနေရာတွေမှာ ရေလုပ်သား ငါးမျှားတန်းပစ်သူ လှေကလေးတွေက အစီအရီမြင်တွေ့ရသည်။ ပစ်သည့်တန်း က တန်းသေး၊ ငါးကြီးကြီး အချိန် (၁၀) အချိန်(၂၀)ရှိသည့်ငါးကြီး များ ပစ်သည့် တန်းကြီး မဟုတ်။ ငါးကျပ်သား၊ တစ်ဆယ်သားအရွယ် က စတင်၍ ကြီးလှ ငါးမှာ တစ်ပိဿာ





www.burmeseclassic.com

www.burmeseclassic.com

ငါးဆယ်အရွယ်၊ ငါးငယ်၊ ငါးလတ်များ အများဆုံး ဖမ်းမိတတ်သည့် တန်းသေးပစ်သူများ ဖြစ်သည်။ အများဆုံးဖမ်းမိတတ်သည့် ငါးငယ်တို့မှာ ဘန်ချာလယ်ခေါ် ငါးကွမ်းမန်ကျီတောက်ငါးကလေးများဖြစ်သည်။ အရွယ်က တစ်ထွာတစ်ညှိုအရွယ်။ အခြားငါးတို့မှာ ငါးကျောင်းပေါက်၊ ငါးဒိုက်ပေါက်၊ ငါးမောင်းမ၊ ငါးထွေပေါက်၊ ငါးသန်းနု၊ ငါးဘတ်တို့ဖြစ်သည်။

ငါးမျှားတန်းသေးတန်းတစ်ပင်မှာပင် ငါးမျှားကွင်းရေက တစ်ရာ၊ ရှစ်ဆယ်ချည်တတ်ထားသည်။အစာတ


ရာသီရာခေါ် ကောက်စာပိုးလောင်းလေးများပင်ဖြစ်သည်။ ငါးသားတို့ကြိုက်သည်မှာ ဘာကြိုက်သလဲမမေးနှင့်ဟု ပြောရလောက်သည်။ ကောက်စာတန်း၌ ဘန်ချာလယ်၊ ငါးမြင်းရင်း၊ ကျီတောက်၊

မပေါက်ကဲ ငါးသေးငါးမွှားတို့မှာ ငါးမျှားချိတ်တစ်ကွင်းလျှင် တစ်ကောင်နှိုင်း ငါးမျှားကွင်းစေ့၊ အကောင်စေ့ပင် ငါးနဲ့မိဖမ်းမိတာတွေ့ရသည်။ တွင်းစေ့အောင်စေ့ ငါးဖမ်းမိတော့ တန်းသေးပစ်တဲ့ရေလုပ်သားက တန်းဝင်းက နှစ်ဝင်း၊ သုံးဝင်း၊ လေးငါးပင်ပစ်ထားပြီး ငါးရှာလေ့ရှိသည်။ တန်းတစ်ပင်တစ်လား တစ်ခါလိုတ်လျှင်ပင် ငါးကလေး၊

(ဝလေ)

# နေအောင်လင်း

## ကောက်စာတက်ချိန်



www.burmeseclassic.com

www.burmeseclassic.com

ငါးဆယ်သား တစ်ပိဿာရတဲ့အခါရသည်။ တန်းငါးဝင်းဆိုတော့ တစ်လားတစ်ချီလိုက်လျှင်ပင် ငါးက နှစ်ပိဿာခွဲ၊ သုံးပိဿာရတတ်သည်။ တန်းလိုက်အစာတပ်၊ ငါးကောက်ချိန်က တစ်နေ့အနည်းဆုံး သုံးချိန်သုံးလား၊ အနည်းဆုံးလိုက်ရသည့်အခါ တစ်နေ့ ငါးတန်းသေးငါး တစ်ဆယ်ကိုးပိဿာနီးပါး ရတတ်သည်။ မိသားစုထမင်းအိုးတော့နိုင်၏။ ငွေပိုငွေလျှံလေးများပင်ပိုလျှံသည့်ရာသီလည်း ဖြစ်သည်။ ဒီရာသီ သားငါးအရကောင်းတော့ ရေလုပ်သားမိသားစုတို့အဖို့ တစ်ဝါတွင်းတစ်ရေကြီးစားစုမိရတတ်သည့်နှစ်တို့လည်းကြုံရသည်။ လေဦးစိုလျှင်စို၊ လေဦးခြောက်လျှင် ခြောက်သည့်နှစ်၊ ရရစားစား ဝါးဝါးမျိုမျို လုပ်ငန်းခွင်လုပ်နေစဉ်အချိန်တွင်း အလျဉ်မိမိတစ်ဝမ်းတစ်ခါးလှုလှုနေထိုင်နိုင်တဲ့နှစ်တို့လည်း ကြုံရသည်။

ဘန်ချာလယ်တန်းပစ်ချိန်၊ ကောက်စာကောက်သူများနှင့် ကောက်စာပိုးလောင်းငယ်တို့၏သဘာဝပင် ဖြစ်သည်။ လွန်ခဲ့သည့် (၁၅) နှစ်၊ (၂၀) ဝန်းကျင်ဆီမှာက လျှပ်စစ်မီးသီး၊ ဘက်ထရီအိုး၊ လက်နှိပ်ဓာတ်မီး၊ ဘက်ထရီမီးသီး၊ ခေါင်းစွပ်ဘက်ထရီသုံးဆလိုက်တွေကပေါပေါများများမရှိသေးသည့်ကာလ။ ရေနံဆီမီးခွက်ကိုပင် ရေနံဆီပြည့်မီးစာထည့်၊ မီးထွန်းကာ ငါးပိပုံး၊ သံပုံးခွံအားမီးပုံးလုပ်ကာ ကောက်စာကောက်ကြရသည်။ ကောက်စာကောက်ရသည်ကလည်းမလွယ်။ ရေတိုးချိန်မှာ ကောက်လို့မရ။ လေတိုးချိန်မှာ ကောက်လို့မရ။ မိုးရွာချိန်မှာ ကောက်၍မရခြင်းပင်ဖြစ်သည်။ အိပ်ရေးမက်လို့၊ အအိပ်မက်လို့ အိပ်ပျော်နေလျှင်လည်း နောက်တစ်နေ့တန်းစားချိတ်စရာအစာမရှိသဖြင့် အခက်ကြုံရတာလည်းကြုံရတတ်သည်။

ကောက်စာကောက်ရတာကလည်း အချိန်ရာသီ လေဆင်မိုးဆင် မြစ်ရေအတက်အကျကအစ သတိပြုရသည်။ လေထန်လှိုင်းကြီးသည့်အခါ လေချိုအောင်စောင့်ကောက်ရသည်။ မိုးသည်းမိုးရွာနေလျှင်လည်း မိုးစဲအောင် စောင့်ကာ ကောက်ယူရသည်။ ကောက်စာကောက်သည့်ရာသီချိန် မြစ်ကမ်းနံဘေးကျောက်ကမ်း ကမ်းပါးမြေ ကမ်းပါးစပ်ရေစပ်တွင် ညအခါ လမှောင်ရက်ဆိုလျှင် ဟိုနားကမီးပုံးနှင့်မြင်ရ၊ ဒီနားမှာမီးမြင်ရနှင့် တစ္ဆေမီးလုံးများလားဟုပင်မှတ်ထင်ရသည်။ ရေလုပ်သားများအဖို့ကောက်စာကောက်တဲ့ရာသီချိန်ရောက်လျှင် နေ့မှာ ငါးမျှားတန်းပစ်ရသလို ညဘက်ရောက်တော့လည်း ငါးစာကောက်ရပြန်သည်။ သမုဒ္ဒရာဝမ်းတစ်ထွာမိသားစုအရေးက ကျောပူမှ ဝမ်းအေးမည်မဟုတ်ပါလား။

ပုစဉ်းဖြစ်မည့်ကောက်စာကောင်ငယ်တို့အကြောင်းကလည်း စိတ်ဝင်စားစရာကောင်းတာတွေ့ရသည်။ ထိုရာသီကာလ မိုးရေလေတို့၏သဘာဝအခြေအနေအား တစေ့တစောင်း လေ့လာအကဲခတ်လို့ရနိုင်သည်။ ဒီရာသီကာလမြစ်နားကမ်းနားနေထိုင်ကြသူ၊ ကိုင်းတောင်သူ ရေလုပ်သားတို့ အထူးသတိပြုမိချိန်လည်း ဖြစ်သည်။ ပုစဉ်းဘဝပြောင်းမည့် ကောက်စာပိုးလေးငယ်တို့က ဘဝပြောင်းချိန်မှာပင် ရာသီခွင်အားတစေ့တစောင်းဖော်ပြ၍နေခြင်းပင်ဖြစ်သည်။

တန်ခူး၊ ကဆုန်လ မိုးဦးကျလေဦးကျ ဧရာဝတီမြစ်ရေကလည်း တစ်စတစ်စတက်ချိန်လည်း ရောက်ပြီဖြစ်သည်။ ဧရာဝတီမြစ်ကမ်းနံဘေးကမ်းပါးမြေကမ်းယံနှင့် ကျောက်တုံးကျောက်ခဲတွေပေါ်မှာ ပုစဉ်းဖြစ်မည့်ပုစဉ်းလောင်းခေါ်သည့် ရေသူမ (သို့) ကောက်စာကောင်လေးတွေ သူ့ထက်ငါကမ်းပေါ်တက်ပြီး ပုစဉ်းဘဝကူးပြောင်းသည့်အချိန်လည်းဖြစ်ပါသည်။ ထိုပုစဉ်းလောင်း(ရေသူမ)အကောင်ကလေးများအား ရေလုပ်သားကြီးများအခေါ် နောက်ဆုတ်စာဟုလည်း ခေါ်လေ့ရှိပါသည်။ နောက်ဆုတ်စာခေါ်ရသည့်အကြောင်းရင်းကလည်း ပုစဉ်းဖြစ်လာမည့် ကောက်စာပိုးလောင်းလေးတွေမြစ်ရေထဲနေစဉ်အတွင်းမှာလည်း ငါး၊ ပုစွန်တို့ရန်အားကြောက်ရသည့်အတွက် မြစ်ရေထဲက သဲသောင်ပြင်ထဲမှာ ကျစ်ပြီးနေလေ့ရှိတာဖြစ်သဖြင့် ရေလုပ်သားကြီးများက ငါးစာအဖြစ် ယက်သုံ့နှင့် သဲပြင်မှာ မြေပွအောင် ဒရွတ်တိုက်ဆွဲပြီး သုံ့ယူလေ့ရှိသဖြင့် နောက်ဆုတ်စာဟုလည်းခေါ်တာတွေ့ရပါသည်။ ထိုနောက်ဆုတ်စာပုစဉ်းလောင်းပိုးကောင်ငယ်တို့အား ငါး၊ ပုစွန်တို့ အလွန်ကြိုက်နှစ်သက်တာ တွေ့ရသောကြောင့် ရေလုပ်သားကြီးများက ငါးစာအဖြစ်ဝယ်ယူခြင်းလည်း ဖြစ်ပါသည်။

ရေသူမ(သို့မဟုတ်)နောက်ဆုတ်စာ ပုစဉ်းလောင်းအကောင်ငယ်တို့မှာ မြစ်ရေပြင်အောက် သဲပြင်မှာနေရင်းက အချိန်ကျလို့ ဘဝကူးပြောင်းတော့ဖြစ် တန်ခူးလ၊ ကဆုန်လ၊ နယုန်လ မိုးဦး လေဦးကျစ မြစ်ရေတို့စ၍တက်စပြု ရာသီတွင် မြစ်ကမ်းစပ်ရှိ ကျောက် ကျောက်ခဲများ ကမ်းပါးမြေကမ်းပါး အပေါ်တွင် ညအခါတက်ပြီး ပုစဉ်း သို့ ကူးပြောင်းကာ ပျံထွက်သွား သည်။ ဒီပိုးလောင်းတွေ သန္ဓေတည် အချိန်နှင့် ဘယ်ဘဝကကူးပြောင်း ထားသည်ဆိုတာ အသေချာမသိ မယ့် တန်ခူး၊ ကဆုန်၊ နယုန်လတွေ တော့ ကမ်းပေါ်တက်ပြီး ပုစဉ်းဘဝ ပြောင်းလေ့ရှိပါသည်။ မြစ်ရေထဲမှာ စဉ်ကလည်း ငါး၊ ပုစွန်တို့၏ရန်ကိုလ ရှောင်တိမ်းရင်းနှင့် ညဘက် ကမ်း တက် အရေလဲ ဘဝကူးပြောင်း သည်။ နေ့ခင်းဘက်ဆိုရင်လည်း ငှက်၊ ဆက်ရက် စသည့် တိရစ္ဆာန်တို့ ရန်ကတစ်ကြောင်းဖြစ်လို့ ညဘက် ဘဝကူးပြောင်းခြင်းလည်းဖြစ်သည်။

တန်ခူး၊ ကဆုန်၊ နယုန်လ ချိန် ညဘက် (၉)နာရီမှ (၁၀)နာရီ နောက်ပိုင်း တစ်ညလုံးနီးပါး ဘဝ ပြောင်းတာတွေ့ရပါသည်။ ကမ်း တက်၍ ဘဝကူးပြောင်းချိန် အချိန် နာရီမှ (၁)နာရီခွဲအချိန်ကြာမှ အ ငယ်တို့ ခြောက်သွေ့ကာ လိုရာ ထွက်သွားတာတွေ့ရပါသည်။ ပုစဉ်း ပြောင်းတာ စာဖွဲ့ရေးနေလို့ ဘာတွေ ထူးဆန်းတာရှိနေလို့လဲမေးစရာ လာမှာပါ။ ထူးဆန်းတာတွေ သတိ မှတ်သားစရာတွေက သဘာဝရာသီ နှင့် ယှဉ်ပြီးရှိနေတာ တွေ့ရမှာ သည်။ မြစ်နားကမ်းနားနှင့်ဝေးလံ အရပ်ဒေသနှင့်မြို့ပြတိုက်တာအဆော အအုံတို့အကြား နေထိုင်ကြသူများ ထူးခြားဆန်းပြားတာတွေ ကြည့်ရှု ပြု မသိရှိမလေ့လာနိုင်သော်လည်း နားကမ်းနားနေထိုင်သူများနှင့် ရေ သားကြီးများ၊ ကျေးလက်နေ ကိုင်း သူဦးကြီးများအတွက် သတိပြုမှတ် ၍ မိုး၊ ရေ၊ လေတို့၏အခြေတို့အား တင်ခန့်မှန်းကာ သိရှိနိုင်ပါလိမ့်မည်

## ◘ မှတ်သားကြည့်ရှုလေ့လာနည်း

နောက်ဆုတ်စာ သို့မ ရေသူမ ပုစဉ်းလောင်းပိုးကောင်င တန်ခူး၊ ကဆုန်လ၊ နယုန်လ မြ တက်ချိန်တွင် မြစ်ရေအရှိန်နှင့် အကျုံမြင့်တက်နေချိန် ကမ်း ဘဝပြောင်းလေ့မရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်ပိုး

# နွားများအတက်ရောဂါဖြစ်ခဲ့သော်

ညီဖြစ်သူ မောင်မြတ်ထွန်းအိမ်က ကျွန်တော့်အိမ်တောင်ဘက်မှာ စည်းရိုး ခြားပါတယ်။ ဒီတော့ မကြာမကြာ ရောက်ပြီး စကားစမြည်ပြောဖြစ်ကြပါတယ်။ တစ်နေ့မှာ တက်တတ်တဲ့ရောဂါဝေဒနာအကြောင်းပြောဖြစ်ကြပါတယ်။

အဲဒီမှာ မောင်မြတ်ထွန်းက -

"ဆောင်းနှောင်းနဲ့ နွေဦးရာသီဟာ ကျွန်တော်တို့ဆီမှာ ကြံစိုက်ချိန်ဗျ။ ကြံ များအတွက်ခုတ်ပြီး စနစ်တကျပုံထားတဲ့ ကြံပင်အဖျားတွေကို အခွံတွေသင်ကြရတယ်။ အခွံသင်ပြီး အဆစ်က မျိုးစေ့ ပေါ်အောင်လုပ်ကြရတာကိုး။ ဒါမှ အပေါက်မြန်တာပါ။ အဲဒီကြံမျိုးသင်တဲ့ အထဲမှာ ကျွန်တော်လည်း ပါတယ်ဗျ။ အဲဒီတုန်းက ကျွန်တော်ကငယ်သေးတယ်။

ကြံတောင်သူကြီးတွေဟာ ဧက အတော်များများ စိုက်ကြတာဆိုတော့ ကြံမျိုးအများကြီးလိုတာ။ ဒီတော့ လူလေး၊ ငါးဆယ်ယောက် ဝိုင်းသင်ကြရတာ။ အဲဒီအထဲမှာ တက်တတ်တဲ့အဒေါ်ကြီးတစ်ယောက်ပါတယ်ဗျ။ သူကတစ်နေ့ကို တစ်ခါလောက်တက်တတ်တယ်။

တက်တယ်ဆိုတာက အယဉ်ခေါ်တာပေါ့ဗျာ။ အရိုင်းခေါ် ရရင်တော့ ဝက်ရူးပြန်ရောဂါလို့ခေါ်ကြတာကိုး။ အာရုံကြောတွေချို့ယွင်းတဲ့ဝေဒနာလို့ ပြောကြတာပါပဲ။ ဝက်ရူးပြန်ရောဂါဆိုတာ ပျောက်ဖို့ခက်သားဗျ။ အဲဒီရောဂါကို ကုလို့ ဝေဒနာအရှင်းပျောက်သွားတာမမြင်ဖူးဘူး။ သက်သာသွားတာပဲမြင်ဖူးတယ်။

အဲဒီအဒေါ်ကြီးဟာ တက်တော့မယ်ဆိုရင် မျက်စိက တဖျတ်ဖျတ်စမှိတ်လာတာပဲဗျို့။ ဒါဆို ကျွန်တော်တို့က သူ့ရဲ့ကျောရိုးတစ်လျှောက်ကို ခပ်ဆတ်ဆတ်လေးထုပေးရတယ်။ တစ်ယောက်က ရှေ့ကနေထိန်းထားရတာပေါ့ဗျာ။ ဒါဆိုမတက်တော့ဘူးဗျို့။ ခဏအတွင်း

---

နေ့ခင်းဘက်မတက်ဘဲ ညအချိန် (၉) နာရီ၊ (၁၀) နာရီနောက်ပိုင်း တက်လေ့ရှိခြင်း။

ညဘက် ကောင်းကင်ပြင်တွင် မိုးသားတိမ်ရိပ်တို့နှင့် မိုးရွာမိုးသည်းမည့် သဏ္ဍာန်မြင်တွေ့ရလျှင်လည်း လုံးဝ တက်၍ ဘဝကူးပြောင်းတာမတွေ့ရခြင်း။

ညဦးပိုင်း လေမည်မျှငြိမ်သက်နေစေကာမူ လေကြမ်းများကျ လေများ တိုက်ခတ်မည့်အရိပ်လက္ခဏာ တွေ့ရလျှင် လုံးဝကမ်းပေါ် မတက်၊ ဘဝပြောင်းမည်မဟုတ်ခြင်း။

မိုးသည်းမိုးရွာချိန်တွင်လည်းတက်လေ့မရှိခြင်း။

ကမ်းပြိုနေသည့် ကမ်းပါးများတွင်လည်း တက်လေ့မတွေ့ရခြင်း။

မိုးလေကင်းစင်၍ ရာသီဥတု သာယာချိန်တွင် ကမ်းပေါ်တက် ဘဝပြောင်းလျှင် ကမ်းမှ ဓာတ်ထွာ၊ တစ်ပေ အတိမြင့်သည့်နေရာတွင် တက်လေ့တွေ့ရခြင်း။

လှိုင်းလေတို့ အသင့်တင့်တိုက်ခတ် လှိုင်းလေကြီးချိန် ကမ်းပေါ်တက်လျှင် ကမ်းမှ နှစ်တောင်၊ သုံးတောင်အကွာတက်၍ ဘဝပြောင်းတာတွေ့ရခြင်း။

မိုးသားတိမ်ရိပ်တို့နှင့် ရွာတော့မည့် မိုးသားတို့မည်းမှောင်နေစေကာမူ နောက်ဆုတ်စာ ကောက်စာကောင်လေးများ ကမ်းပေါ်တက်ကာ ဘဝကူးပြောင်းတာတွေ့ရလျှင် ထိုညအဖို့ မိုးရွာလိမ့်မည်မဟုတ်ဟု မှတ်သားသိနိုင်ခြင်း။

မြစ်ကမ်းစပ်ကျောက်တုံးကျောက်ခဲ ကမ်းပါးမြေပေါ် မြစ်ရေစပ်နှင့်လည်း ကပ်၍ အရေလဲဘဝပြောင်းတာတွေ့ရလျှင် ကျလေနှင့် လှိုင်းလေတို့ ထိုည လုံးဝတိုက်ခတ်မည်မဟုတ် သိနိုင်ခြင်း။

ပုစဉ်းဘဝသို့ ကူးပြောင်းမည့် ကောက်စာပိုးလောင်းငယ်ကလေးများသည် အကောင်ငယ်သော်လည်း သဘာဝမိုးရေလေတို့၏ သဘာဝဘေးဒဏ်တို့အား ကြိုတင်သိရှိခန့်မှန်းနိုင်သည့် အကောင်ငယ်တို့ဖြစ်တာတွေ့ရပါသည်။ မြစ်ရေတို့ အရှိန်ပြင်းပြင်းနှင့် တက်၍နေချိန်မှာ ဘဝကူးပြောင်းလျှင်လည်း သူတို့၏ အတောင်ငယ်တို့ မခြောက်သွေ့မီ ရေတွင်မျောပါသေကျေပျက်စီးရမှာသိနေလို့ပင် ဖြစ်သည်။

မိုးသည်းမိုးသည်းရွာသည့်အချိန် ကမ်းပေးတက်၍ ဘဝကူးပြောင်းလျှင်လည်း အတောင်နုနုတွေမခြောက်သွေ့မီ မိုးစိုကာ မြေတွင်ပြုတ်ကျပြီး ဖား၊ ငါးတို့၏အစာဖြစ်ကာ သေကျေပျက်စီးရမှာ သိနေလို့ပင်ဖြစ်သည်။ လေကြမ်းများ တိုက်ခတ်ကျရောက်ချိန် ကမ်းပေါ်တက် ဘဝကူးပြောင်းလျှင်လည်း အတောင်တို့ မခြောက်သွေ့ မပျံသန်းနိုင်မီ သေကျေပျက်စီးရမှာ သိနေသောကြောင့်ပင်ဖြစ်သည်။

မိုးကာလရာသီချိန်ဆိုလျှင်လည်း ပုစဉ်းနီတွေ မြေပြင်နှင့် နီးနီးကပ်ကပ် ပျံသန်းတာ အစာရှာဖွေတာတွေ့ရလျှင် တောင်သူလယ်သမားတို့က ပုစဉ်းတွေ နိမ့်လာပြီး မကြာမီ မိုးသည်းမိုးရွာတော့မည်ဟု ခန့်မှန်းကြသည်။

ပုစဉ်းကောင် (ရေသူမ) နောက်ဆုတ်စာ အကောင်ငယ်တို့၏ ဘဝကူးပြောင်း တစေ့တစောင်းကြည့်ရှုလေ့လာလိုလျှင် မိုးဦးကျ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် မိုးသားတိမ်ရိပ်လေရိပ်တို့ကင်းသည်ကာ ရာသီဥတုသာယာသည့် ညများတွင် ဧရာဝတီမြစ်ကမ်းနံဘေးရှိ ကျောက်တုံးကျောက်ခဲများအကြား ကမ်းပါးမြေကမ်းပါးယံတို့တွင် ကြည့်ရှုလေ့လာ မှတ်သားနိုင်မည်ဖြစ်ပါသည်။

ဧရာဝတီမြစ်နံဘေးနေထိုင်ကြသူ ကိုင်းတောင်သူဦးကြီးများနှင့်ရေလုပ်သားကြီးများအဖို့ တောတ်စာတက်ချိန် ထိုရာသီကား အမှတ်ထင်ထင်ရှိနေမည် ဖြစ်ပါတော့သည်။

နေအောင်ထင်း(စတော)



www.burmeseclassic.com

ပြန်သက်သာလာတယ်။ ဒါက အတွေ့အကြုံကသင်လို့ ကျွန်တော်တို့သိတာ။

ပထမဆုံးနေ့မှာတက်တော့ ကျွန်တော်တို့ ဘာမှမလုပ်တတ်ဘူးလေ။ တက်သွားပြီး သတိပြန်လည်လာတော့ တစ်ကိုယ်လုံးနာကျင်ကုန်ပြီး ဘာမှမလုပ်နိုင်တော့ဘူးဗျ။ နောက်နေ့တက်ခါနီး မျက်စိမှိတ်တုတ်မှိတ်တုတ်လုပ်နေတုန်း ကျောရိုးတစ်လျှောက်တဗုန်းဗုန်းထုလိုက်တော့ အဆင်ပြေသွားတယ်။တက်တော့မယ်ဆိုရင် မျက်ကြောတွေစဆွဲလာတာကိုလည်းသိရတယ်။ ဒါဆို ဘယ်လိုပြုစုရမယ်ဆိုတာလည်းသိသွားတယ်။ အဲဒီနောက်တော့ မေ့မေ့ပျောက်ပျောက်ပါပဲ။

အဲဒီမှာ နှစ်အတန်ကြာတော့ ကျွန်တော် ခိုင်းနွားတစ်ကောင်ဝယ်ခဲ့တယ်။ လယ်ထဲထယ်ထိုးနေတုန်း အဲဒီဝယ်ခဲ့တဲ့နွားက ပစ်လဲသွားပြီး ဆန့်ငင်ဆန့်ငင်ဖြစ်နေပါရောဗျာ။ ဘာဖြစ်တာလဲ၊ မြွေပွေးများကိုက်လေသလားဆိုပြီး ကြည့်တော့လည်း မြွေအရိပ်အယောင်ရောင်မမြင်ရဘူးဗျ။ ထမ်းပိုးတန်းလန်းကြီးနဲ့လဲနေတာဆိုတော့ ကျွန်တော်လည်း ထမ်းပိုးဖြုတ်ရတာပေါ့။ ကျန်တဲ့အကောင်လည်း ထမ်းပိုးဖြုတ်ထားပေးရတာပေါ့။ နွားကဗျာ၊ အမြှုပ်တစီစီနဲ့တက်နေတော့တာကိုး။ နွားမှာ ဝက်ရူးပြန်ရောဂါပါတယ်ဆိုတာ ကျွန်တော့်ဘဝမှာ ပထမဆုံးတွေ့ဖူးတာပါပဲ။

နာရီဝက်လောက်အကြာမှာတော့ အတက်ရပ်သွားပြီး နွားကပြန်ထလာပါရော။ ဒါပေမယ့် နွားက အကြောတွေဆွဲထားတော့ ခပ်နုံနုံဖြစ်သွားခဲ့တာပါ။ အဲဒီနေ့ ထယ်ရေးမဝင်ဖြစ်တော့ဘဲ ပြန်ခဲ့ရပါတယ်။

နောက်နေ့ ထယ်ရေးဝင်စမှာ အကောင်းပေမယ့် နည်းနည်းကြာလာတဲ့အခါမှာ အဲဒီနွားက တုံ့ဆိုင်းတုံ့ဆိုင်းစဖြစ်လာတယ်။ နားရွက်တွေတဖျတ်ဖျတ်ခတ်လာတယ်။ ရပ်ခိုင်းပြီးရှေ့ကနေသွားကြည့်တော့ မျက်ကြောတွေဆွဲနေပြီး မျက်တောင်တဖျတ်ဖျတ်ခတ်နေတာတွေ့ရတယ်ဗျ။ ဒါဟာ တက်တော့မယ့်လက္ခဏာပဲလေ။

အဲဒီမှာ ကျွန်တော်ကြုံမျိုးသင်တဲ့အဒေါ်ကြီးကိုပြေးမြင်ပြီး ထယ်ထိုးထားတဲ့မြေစိုင်ခဲတွေကောက်ပြီး နွားရဲ့ကျောရိုးကိုစီပြီးထုပေးတော့တာပဲ။ လက်သီးနဲ့ထုရင်မနိုင်ဘူးလေ။ ဒီတော့ မြေစိုင်ခဲနဲ့ကောက်ထုရတော့တာပေါ့။ အဲဒီလိုလေးငါးကြိမ်စီပြီး ထုပေးလိုက်တော့အောင်မာ-နွားကမတက်တော့ဘူးဗျာ။ ခဏနေတော့ ထယ်ရေးပြန်ဝင်နိုင်တယ်။

ဒီနွားက အငှေ့ဝါသနာပါတယ်ဗျ။ သူ့ရှေ့သွားရင် လှမ်းငှေ့လေ့ရှိတာ။ သူတက်တော့မယ်ဆိုတော့ လုံးဝကိုမငှေ့နိုင်တော့တာ။ အဲ-- နေကောင်းတာနဲ့ လှမ်းငှေ့တတ်တာပဲ။ သူ့ရှေ့မှာနေတုန်း လှမ်းငှေ့နိုင်ရင် အဲဒါနေကောင်းသွားပြီဆိုတဲ့သင်္ကေတပဲ။

"တကယ်ငှေ့တာလား မြတ်ထွန်းရေ"

"ဩော်- တကယ်ငှေ့တာပါ။ လူပဲဗျာ၊ သူ့စရိုက်သိပြီးသားလေ။ ခေါင်းငုံ့ပြီးအားယူပြီဆိုကတည်းက နောက်ဆုတ်ရှောင်ရတာပေါ့။ နွားဝက်ရူးပြန်တာ အဲဒီတစ်ကောင်ပဲ ထူးထူးဆန်းဆန်းတွေ့ဖူးတာဗျ။ ကြုံမျိုးသင်တဲ့အဒေါ်ကြီးကိုပြုစုဖူးလို့သာ တော်ရုံကျတာပါဗျာ" လို့ပြောပြပါတယ်။

မှတ်သားဖွယ်ရာပါပဲ။ တက်တက်တဲ့ရောဂါဝေဒနာဟာ အနီးနားမှာ လူမရှိရင် အတော်ကြောက်ဖို့ကောင်းတဲ့ဝေဒနာမျိုးပါ။ တက်တတ်လို့တက်တာကို အများအပြားမြင်ခဲ့ဖူးပါတယ်။ ဝေဒနာပြင်းထန်ရင် တစ်နေ့ကို ဆယ်ကြိမ်၊ ဆယ်တစ်ကြိမ်လောက်အထိတက်နိုင်ပါတယ်။ တက်ပြီးရင် တစ်ကိုယ်လုံးနာပြီး အားအင်တွေကုန်ခန်းသလိုခံစားရတယ်။

တက်တတ်တဲ့ဝေဒနာစပြီဆိုတာနဲ့ အဲဒီလူဟာ ဘာမှကြိုတင်ပြင်ဆင်နိုင်စွမ်းမရှိတော့ပါဘူး။ သတိလက်လွတ်ပြီး ရေတိမ်တိမ်ရှိမျက်စိမြုပ်ရုံလောက်ရေမှာ ရေနစ်ပြီးသေနိုင်တယ်။ ကိုယ်ချက်ပြုတ်နေတဲ့မီးဖိုထဲ မျက်နှာကျပြီး မီးလောင်သေဆုံးနိုင်တယ်။ ရှေ့မှာ ရေပုံးရှိနေရင် ရေပုံးထဲလည်းနစ်ပြီးသေနိုင်တယ်။ တက်လိုက်တာနဲ့ သတိမရှိတော့ပါဘူး။ ဓာတ်လိုက်ခံရတဲ့လူလို ဘာမှကြိုတင်ပြင်ဆင်နိုင်မှု၊ အန္တရာယ်ရှောင်ကွင်းနိုင်မှု လုံးဝမရှိတတ်တဲ့ဝေဒနာမျိုးမို့ ကြောက်စရာကောင်းလှပါတယ်။

ဒါမျိုးဝေဒနာဟာ စိတ်ဖိစီးမှုများပြီး မခံစားနိုင်ရာကနေပြီးလည်းဖြစ်ပေါ်လာတတ်ပါတယ်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးစတဲ့အဆင်မပြေမှုတွေကြောင့်လည်း စွဲကပ်လာတတ်ပါတယ်။ငယ်ငယ်ရွယ်ရွယ် အဖျားလွန်ရာကနေတက်ရာမှ အဲဒီအတက်ဝေဒနာ စွဲမြဲသွားတာမျိုးလည်းဖြစ်နိုင်ပါတယ်။ အချို့ကလေးငယ်တွေ ငိုရာကနေတက်သွားတတ်တာမျိုးတွေရှိတယ်။ ဒါမျိုးအကျင့်ပါမသွားအောင် မိဘတွေက ဂရုစိုက်နိုင်မှတော်ရုံကျတာပါ။

ဝက်ရူးပြန်လို့ခေါ်ကြတဲ့အတက်ဝေဒနာဟာ လူတွေရဲ့မျိုးရိုးဂုဏ်သိက္ခာကိုလည်း ထိပါးစေပါတယ်။ လူမှုရေး စီးပွားရေးကိုလည်း ထိခိုက်ပျက်ပြားစေပါတယ်။ ဒီဝေဒနာဟာ အဓိက စိတ်ဖိစီးမှုများရင်၊ အအေးပတ်ရင် မကြာမကြာပေါ်တတ်ပါတယ်။ အဲဒါကြောင့် အထူးပဲ စိတ်ကျန်းမာရေး၊ လူကျန်းမာရေးပြည့်စုံဖို့ လိုအပ်လှပါတယ်။

ဒီအတက်ဝေဒနာကိုကုဖို့ ကျွန်တော်မှတ်မိနေတာကတော့ ဓာတ်စာအဖြစ် အုန်းသီးဆန်များများစားပေးရမယ်၊ အုန်းရည်များများသောက်ပေးရမယ်။ ပြီးတော့ ကရင်ဆိုဒါ၊ ဘိလပ်ရည်များများသောက်ပေးရပါမယ်။

ကုဖို့အနေနဲ့ကတော့ ဇီဇဝါမြစ်ကဆေးမြစ်ကို ဆတူအသင့်အတ ထည့်ပြီး ရေနဲ့သုံးခွက်တစ်ခွက်တင် ရပါတယ်။ ရလာတဲ့အရည်ကို တစ်ခ သောက်ရင် တစ်ပတ်လောက် တစ်နေ့ (၃)ကြိမ်သောက်ပေးရပါမယ်။ ရော အတန်ကြာ ရောဂါဖြစ်ဖြစ်၊ မဖြစ်ဖြစ် သောက်ရပါမယ့်။ ဒါဆိုရင် သိသိသာ သာ သက်သာ ပျောက်ကင်းနိုင်ပါတယ်။

ထေဲ့ာင်တန်းဆရာတော်ဘုရားကြီး ဦးဥတ္တမသာရနဲ့နည်းကတော့ ဘုရားမှာ တင်လှူထားတဲ့ ခဲဖွယ်ဘောဇဉ်တစ်ခု ကို ဘယ်သူမှမသိအောင် စွန့်ယူလာပြီး ဝေဒနာရှင်ကို အဝကျွေးရမယ်လို့ဆိုပါ တယ်။ ဒါဆိုရင့် ဝေဒနာပျောက်ကင်းနိုင် ကြောင်း ဖတ်မိမှတ်မိနေပါတယ်။

ကျွန်တော့်ဆန္ဒနဲ့တင်ပြချင်တာက တော့ ရန်ကုန်နဲ့တောင်တန်းစွတ်စိုဒေသ တွေမှာ အလွန်ပေါတဲ့ ဇော်ဂျီဦးထုပ် (ရန် ကုန်တွင် တောက်တဲ့လက်ဝါး) ပင်တ ပါးပါးလှီးပြီး နေ့စဉ်ပြုတ်သောက်ရင် အတွင်းအကြောများ တုံ့ဆိုင်းခြင်းဖြင့် တက်တတ်တဲ့ ဝက်ရူးပြန်လို့ခေါ်တဲ့ ဝေဒနာ သက်သာပျောက်ကင်းနိုင်မယ် လို့ ယူဆမိပါတယ်။

မောင်မြတ်ထွန်းသို့ကျေးဇူးတင်လျက်

ချမ်းမြေ့ကြည်
နေပြည်တော်ကျောင်းကျော်စိုး

www.burmeseclassic.com

□ မှော်တန်ခိုး။ ကျော်မျိုးပအတွေ့ထွေ။ ။ ဘချစ်မောင်အတတ်စွမ်း ဆန်းပါလှမေ။ ။ မြန်မာဆွေ။ ရှာဖွေ၍ရိုက်ကူး။ ။ ဦးလွန်းဖေကြံညာဏ်သစ်တယ်။ ခေတ်ကြိုက်ဇာတ်ထူး။

ဤသည်ကား မြန်မာအဆွေအောဝမ်းက ရုပ်ရှင်လုပ်ငန်းနှင့်ဇာတ်လမ်းဇာတ်ကွက်ခက်ခက်ခဲခဲတို့ကို ဘယ်အခါမဆို စတွင်စီစဉ်ရိုက်ကူးခဲ့မြဲရှိသည်နှင့်အညီ ဒါရိုက်တာဦးလွန်းဖေက ပုံဖော်တင်ဆက်ခဲ့သည့် 'မှော်စက်ရောင်'ဇာတ်ကားကြီး၏ကြော်ငြာစာတမ်းပင်တည်း။

**□ ဒါရိုက်တာဦးလွန်းဖေ**

အသက်(၁၅)နှစ်အရွယ်ကတည်းက. မြန်မာ့ရုပ်ရှင်နယ်သို့ ခြေစုံသွင်း၍ဝင်လာသူမှာ ဒါရိုက်တာဦးလွန်းဖေဖြစ်သည်။ ဦးလွန်းဖေ၏ဖခင်မှာ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ လောကီကျမ်းအမျိုးမျိုးတို့ကို ပုံနှိပ်ထုတ်ဝေရောင်းချခဲ့သော လောကသာရသတင်းစာတိုက်မှ အယ်ဒီတာဟောင်း ဦးဘသင်ဖြစ်၍ မိခင်မှာ ဒေါ်စုဖြစ်ကြောင်း ဦးလွန်းဖေမှာ လက်မှုပညာကို ဝါသနာပါသူဖြစ်၍ ငယ်စဉ်ကပင် ဓာတ်ပုံပညာ၊ ဘလောက်လုပ်ခြင်းပညာရပ်များကို လက်တွေ့ဆည်းပူးတတ်ကျွမ်းခဲ့သူလည်း ဖြစ်သည်။ ဦးစွာပထမ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ၌ ဓာတ်ပုံဆရာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီးနောက် ဒဂုန်ညွှန့်ရုပ်ရှင်ကုမ္ပဏီမှ 'ရွှေပြည်စိုး' ဇာတ်ကားကို ဦးစွာပထမ သင်ကြားပြသ ရိုက်ကူးခဲ့သည်။ ဗြိတိသျှဘားမား၊ စိန်ရောင်ခြည်ဖလင်း၊ ဒဂုန်ညွှန့်၊ မြန်မာအဆွေ၊ ရန်ကုန်ဖလင်း၊ ရုပ်ရှင်ကုမ္ပဏီများတွင် ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီးနောက် အောဝမ်းဖလင်းကုမ္ပဏီသို့ရောက်ရှိကာ 'စမ်းရေယဉ်' ဇာတ်ကားမှစ၍ ရိုက်ကူးခဲ့သည်။ ခေတ်မပျက်မီနောက်ဆုံးဇာတ်ကားမှာ 'စောင်းတော်ရှင်' အသံထွက်ဇာတ်ကား ဖြစ်လေသည်။

ဒါရိုက်တာဦးလွန်းဖေသည် ဂျပန်ခေတ်က ပြဇာတ်များကို စီစဉ်ပေးခဲ့ပြီး အောဝမ်းဘလောက်တိုက်ကို ရွှေဂုံတိုင်လမ်းတွင် ဖွင့်လှစ်ကာ အလှကုန်ပစ္စည်းများကိုလည်း ရောင်းချခြင်းပြုခဲ့လေ



ကိုခိုး (ဂုန်ကင်း)

## မြန်မာအဆွေ အောဝမ်းရုပ်ရှင်မှ ဒါရိုက်တာဦးလွန်းဖေ၏

# မှော်စက်ရောင်နှင့်မောင့်ဝိညာဉ်











www.burmeseclassic.com

www.burmeseclassic.com












သည်။ နောင်မခေတ်သစ်တွင် နယူးဘားမားဖလင်း၏ 'ဗမာသစ်' ဇာတ်ကားကို မောင်ညွန့်မောင်၊ မမြင့်တို့နှင့် ရိုက်ကူးပေးခဲ့၏။ ၎င်းနောက် မိမိပိုင် ဆွေဗမာဖလင်းကို တည်ထောင်ပြီး 'စစ်ပြန်' ဇာတ်ကားကို ရိုက်ကူးတင်ဆက်လိုက်သောအခါ အောင်မြင်မှုသရဖူဆောင်းခဲ့လေသည်။

၁၉၃၇ ခုနှစ်က ဒါရိုက်တာဦးလွန်းဖေရိုက်ကူးတင်ဆက်ခဲ့သော မှော်စက်ရှောင်နှင့် မောင့်ဝိညာဉ်ဇာတ်ကားများကို နိုင်ငံကျော်ပန်းချီဆရာကြီးဦးငွေကိုင်၏ လက်ရာဖြင့် ကြော်ငြာထားပုံမှာ အထူးစိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။ ဆရာကြီး၏ လက်ရာများကို ယခုဆောင်းပါးနှင့်အတူ ပူးတွဲဖော်ပြလိုက်ပါသည်။

'မှော်စက်ရှောင်' ဇာတ်ကားကို

ဒါရိုက်တာဦးလွန်းဖေက မင်းသားဘချစ် မင်းသမီး မေသန်းတို့ကို အဓိကထား လျက် အထက်လမ်း၊ အောက်လမ်း မှော်ပညာအဆန်းများကို အံ့မခန်းဖွယ် ဆန်းဆန်းကြယ်ကြယ်တွေ့ရမည့်အပြင် ရှင်လည်းရှင် လွမ်းလည်းလွမ်းလှသည့် တန်းပထမကားထူးကြီး အဦးအစ အမြန်ကြွ၍ကြည့်ရှုလှည့်ပါဟူ၍ တစ်မျိုး သဘောဆိုး မနောဆိုး အရုပ်ဆိုးလှ သော ဒီလိုကောင်ကြီးကို နောက်တော့ ဘာဖြစ်လို့မှန်းမသိဘူး။ တစ်နေ့ထက် တစ်နေ့ ကျွန်မ သူ့ကိုချစ်ချစ်လာပါသည် ပျို့ရွယ်နုထွား မိန်းမလှကလေးများရဲ့ အသံကို ကြားဖူးကြတယ် မဟုတ်လား အောက်လမ်းပညာ ကဝေဆရာတို့၏ နတ်တိုက်၊ ဓာတ်ရိုက်-သျှိုသိဒ္ဓိ၊ ဆေး သောကြောင့်ဟု၊ ရင်ထုမနာဖြစ်ကြရ သည့် ထိုပညာမျိုး ဗဟုသုတသိထား အောင် ဇာတ်ကွက်ဇာတ်လမ်းဖြင့် အံ့မခန်းဖွင့်ပြထားသော မှော်စက်ရှောင် ဇာတ်ကို အိမ်လုံးကျွတ်ခေါ် ပျော်ပျော် ကြည့်လာစမ်းပါဟူ၍တစ်ဖုံ ကြော်ငြာ ထားပုံများက လူထုကို ဆွဲဆောင်မှု တစ်ရပ်ပင် ဖြစ်ပါတော့သည်။

မှော်စက်ရှောင်သည် အစမှအဆုံး တိုင် တေးဂီတသီချင်းသံပြိုင်နှင့် အသံ ထွက်တီးလုံးမြိုင်လှပါသည်။ များပြားလှ သောပွဲများအနက် မှော်စက်ရှောင်မှာ အထူးဖြစ်သော အံ့သြဖွယ်ရာ ရုပ်ရှင် ဇာတ်ပွဲကြီးဖြစ်၍ နောက်မကျစေခင် အမြန်ပင် ကြည့်ဖြစ်ရအောင် ကြွလာ တော်မူခဲ့စမ်းပါ ဟူ၍လည်းတစ်နည်း နှိုးဆော်ထားသေး၏။

ဒါရိုက်တာဦးလွန်းဖေသည် မှော် စက်ရှောင်ဇာတ်ကားအပြီး မောင်ဘ နှစ်ကိုယ်ခွဲ၊ မေရှင်နှစ်ကိုယ်ခွဲတို့ ကြည့်သူတိုင်းစွဲ၍ ဇာတ်လမ်းဇာတ် လည်းရှင်းလှအောင် ကြံဆော ဓာတ်ပုံပညာအဆန်းထွင်လျက် ထိပ် ဇာတ်ကားကြီးဖြစ်သော 'မောင့်ဝိညာဉ်'



www.burmeseclassic.com

www.burmeseclassic.com








ဇာတ်ကားကို ဆက်လက် ရိုက်ကူးတင်ဆက်ခဲ့သည်။

**□မော်စက်ရောင်နှင့်မောင့်ဝိညာဉ်နှိုင်းယှဉ်ချက်**

**မော်စက်ရောင်**

ဇာတ်ကွက်ဇာတ်အိမ်၊ ဓာတ်ပုံလှည့်စားခြင်းကို အမှီပြုထားသည်။
အလွမ်းမများလှ။
အသောဘက်တွင်ရာခိုင်နှုန်း(၇၀)
အောဝမ်းလူမစုံသေး။
အမြန်ရိုက်ကူးခဲ့၏။

**မောင့်ဝိညာဉ်**

ဇာတ်ကွက်ဇာတ်လမ်းပထမတန်းစာတ်သွားကို အမှီပြုကာ ဓာတ်ပုံပညာဆန်းများ ဖြည့်စွက်ထားသည်။ အလွမ်းတွေလှိုင်နေသည်။ အသောဘက်တွင် ရာနှုန်းပြည့်ပါသည်။ အောဝမ်းဇာတ်လိုက်စုံသည်။ အချိန်ယူ၍ ဓာတ်ပုံအယူအဆ၊ အတူးအပြောင်းဆန်းရန် စိမ်ပြေနပြေပင် ရိုက်ကူးသည်။

**မောင့်ဝိညာဉ်ကသာလွန်**

မောင့်ဝိညာဉ်အမည်ကလေးယဉ်။ သညာကလေးဆန်းသလို။ အသောအလွမ်း၊ အဆန်းပိုဦးမည့် ကြည့်၍အားမရနိုင်ဦးတော့ပေမည်တကား။

ရှုစားသူတွေ နှလုံးသားကို အပ်ဖျား နှင့်ဆွသည့်နှယ်။

လောကီသူလောကီသားတို့အဖြစ်ကား ပျော်သူပျော်၊ ပျင်းသူပျင်း၊ ပြုံးသူပြုံး၊ မှဲ့သူမှဲ့၊ ရယ်သူရယ်၊ ငိုသူငို၊ ချမ်းသာ၊ ဆင်းရဲ ဒွန်တွဲလျက်ရှိနေချေ၏။ 'လူတစ်ခု ပူမူရယ်တဲ့ ဆယ့်နှစ်တွေ' ဆိုစကားပမာ အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာလောက်တော့ဖြင့် လူတိုင်း မတွေ့ဘဲမနေကြရသော လောကကြီးပင်တည်း။ 'ဘုံဓမ္မတာမှာ ကြုံရလေသမျှ' ဟု ဆွဲဆွဲငင်ငင် သီချင်းသံရှည်ဆွဲ၍ အဟဲနှင့်ဆိုလိုက်သည့်နည်းတူ မောင့်ဝိညာဉ်တွင်လည်း လူ့ဘုံဌာန လူ့လောက၏ ဘဝအမျိုးမျိုးကို တွေ့မြင်နိုင်ကြပေမည်။ ထိုသို့ နိမ့်မြင့်တက်ဆင်းယိုယွင်းလျက်ရှိသည့် လောကကြီးအတွင်း၌နေကြရပုံကို အနောက်နိုင်ငံသားတို့ကလည်း ,VICISSITUDE OF LIFE ဟု ဆိုရိုးစကားပြုကြလေသည်။

မောင့်ဝိညာဉ်ဇာတ်ကားမှာ လူ့အကြောင်းကို လူတိုင်းကြည့်ရန် နှစ်သက်လိုလားအပ်သော ဇာတ်လမ်းထူးဖြင့် ဖန်တီးထားလျက် ကွင်းကွင်းကွက်ကွက် ထင်ရှားလှစွာ ရှုစားကြရမည်ဖြစ်ရကား နှလုံးသားကို အပ်ဖျားနှင့်ဆွသည့်နှယ် အခံရခက်လျက် လှိုက်လှိုက်လှဲလှဲ ကြေကွဲကြရပေတော့မည်။ တရားရစရာကောင်းသောဇာတ်ကားဆန်းကြီးဖြစ်၍ လူမျိုးမရွေး၊ဘာသာမရွေးကြည့်ရှုနိုင်ကာ တရားစစ်ကို တွေ့ရှိနိုင်ကြပေမည်။ မောင့်ဝိညာဉ်ကို ဖန်တီးသောဦးလွန်းဖေမှာ အဘိဓမ္မာဆရာကြီးဖြစ်သလော။

**□ မောင့်ဝိညာဉ်ဇာတ်လမ်းအတိုချုပ်**

သာယာဝတီမြို့တွင် သူဌေးကြီး၏ သားကြီး သစ်တောဝန်ထောက်ခင်မောင်တင့်မှာ အစိုးရအမိန့်ဖြင့် သစ်တောတစ်တောသို့ အလုပ်ဝတ္တရားနှင့် သွားရလေရာ ယောက်ျားဖြစ်သူ သစ်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကြီးကို မတရားထောင်ချလေသည်တကားဟု အခဲမကျေနိုင်ဘဲ ထိုနယ်သို့ ပြောင်းရွှေ့လာသမျှ သစ်တောအရာရှိများအား သစ်ခေါင်းကြီး၏ ဇနီး ကဝေမကြီးလုံးပိုက မိမိ၏ အောက်လမ်းပညာဖြင့် အသေသတ်ပစ်လေ့ရှိသော်လည်း ခင်မောင်တင့်ကိုမူကား သမီးကို ကယ်ဆယ်သော ကျေးဇူးရှင်ဖြစ်နေ၍ မသတ်ဘဲရှိသည်တွင် ခင်မောင်တင့်မှာ ကဝေမကြီး၏သားထွေးမောင်ရွှေ၏အကူအညီဖြင့် ၎င်း၏အစ်မကြီး မေမေရင်နှင့် လူငယ်တို့သဘာဝ သမီးရည်းစားဖြစ်ကြပြီးနောက် တစ်နေ့သော် သဘောတူ ထိုရွာမှ ထွက်ပြေးသွားကြလေ၏။

ထိုတော၏ တစ်ဖက်ရှိ အိမ်ပျက်ကလေး၌ ခင်မောင်တင့်နှင့် မေမေရင်တို့ အတူတကွနေနေကြရာ တစ်နေ့သော် ထောင်မှထွက်လာသော သစ်ခေါင်း (အေးငွေကြီး) နှင့် တွေ့ကြရလေသည်။ အေးငွေကြီးကား သွေးစုပ်သရဲကြီးကဲ့သို့လည်းကောင်း၊ ကျားနာကြီးကဲ့သို့လည်းကောင်း၊ ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ရက်စက်ခြင်းကိုရွေ့ထားပြီး လျှင် ချွန်ထက်သောလှံကြီးနှင့် ခင်မောင်တင့်အား ချက်ကောင်းကိုချိန်၍ ပစ်ထိုးလိုက်သည့်အခါ ချစ်သူ၏သေဘေးဖြစ်၍ အချစ်ကို ဗိုလ်မှူးပြုကာ မေမေရင်က ရှေ့မှကွယ်၍ ထိုလှံသွား၏ အရှသာကို ခံလိုက်ရှာ၏။ ခင်မောင်တင့်ကား. . . ချစ်လှစွာသော ကြင်နာ့စမယားကလေးကိုဖက်လျက်ကြည့်နေလေ၏။ အေးငွေကြီးကား အခဲမကျေ။ ငါ့သမီးထိလေပြီတကားဟု မျက်မှန်းမျက်မာန် နှစ်ပြန်တိုးလျက် အငြိုးကြီးဖြင့် ခင်မောင်တင့်အား ခုန်အုပ်လိုက်လေပြီ။ အဘယ်သို့ စီရင်လိုက်မည်နည်း။

ထိုအတွင်း ကဝေမကြီးမှာ တောင်ညှပ်မိ၍ ဝေဒနာခံစားလျက်ရှိနေလေရာ မြို့သို့လူလွှတ်၍ဆရာဝန်ခေါ်ရသည်တွင် ခင်မောင်တင့်၏ညီ ဒေါက်တာခင်မောင်မြင့်ပါလာလေ၏။ ကဝေမကြီးကား ခင်မောင်တင့်၏ ရန်သူကြီးပင်တည်း၊ အေးငွေကြီးကား ခင်မောင်တင့်၏ညီကို ညှာတာမည်မဟုတ်။ ရက်စက်သည့်ဘဝတွင် ကမ်းကုန်၏။ ခင်မောင်မြင့်သည် သာယာဝတီမြို့၌ ပွဲကတော်ကြီး၏သမီး ရင်ရွှေနှင့် ဟိုလိုဒီလိုဖြစ်ခဲ့၏။ ရင်ရွှေကား ခင်မောင်မြင့်ကို နေ့စဉ်လာရောက်ကြည့်လေ့ရှိသည်။ သို့သော် ခင်မောင်မြင့်ကား ကဝေမကြီး၏သမီးငယ် ရွှေကြီး၏နှမ မေမေရှင်နှင့် အလွန်အကျွံ ချစ်ကြိုက်နေမိလေပြီ။

သာယာဝတီမြို့သို့ ခင်မောင်မြင့်သည် ၎င်း၏ မယားကလေး မေမေရှင်ကို ခေါ်ယူခဲ့ကာ ဆရာဝန်ကတော်ဟု အရေးပေးရှာသော်လည်း မယ်တော်ဒေါ်မမက လုံးဝမကြိုက်။ မိမိ၏သားအား ရင်ရွှေနှင့်သာ သဘောတူကြည်ဖြူလေ၏။ ယင်းသို့ မကြည်ဖြူဘဲ လက်ခံထားဆဲတွင် ရင်ရွှေတို့၏အကြံဉာဏ်ဖြင့် ပူးပေါင်းကာ မေမေရှင်အား ညှဉ်းဆဲကြ၏။ မေမေရှင်ကို ၎င်း၏မိခင် ကဝေမကြီးက ခေါ်ဆောင်သွား၍ ခင်မောင်မြင့်ကား အရူးတစ်ပိုင်းဖြစ်ကာ ခြေဦးတည့်ရာသို့လျှောက်သွားနေလေ၏။

တောထဲတွင် ခင်မောင်တင့်နှင့် ခင်မောင်မြင့်တို့ တွေ့ဆုံကြကာ ခင်မောင်မြင့်၏ လျှို့ဝှက်သောအကြောင်းအရာကို ကဝေမကြီးက လာရောက်ပြောပြလေ၏။ ခင်မောင်မြင့်၏ လျှို့ဝှက်သောအကြောင်းအရာကား. . . ။

ခင်မောင်တင့်နှင့် မေမေရင်တို့ စုံတွဲ ညွှန့်ပါတီလုပ်သကဲ့သို့ ခင်မောင်မြင့်နှင့် မေမေရှင်တို့လည်း ရှစ်ကမ္ဘာသစ္စာခိုင်မြဲစတမ်းဟု အချစ်စာချုပ်ပြုလုပ်ကြပြီး နောက်ဆုံးသော် ခင်မောင်မြင့်၏ အကြောင်းအရာမှာ ဘွင်းဘွင်းကြီးပေါ်ပေါက်လာ၏။ မေမေရှင်ကား မစိမ်းကားနိုင်လေပြီ။ ခင်မောင်မြင့်၏ မျက်ရည်ပေါက်တို့အား မေမေရှင်၏ ပါးပြင်နှစ်ဖက်တွင် စိုရွှဲလျက်ရှိ၏။ ၎င်းတို့ဖြစ်စဉ်ကား ကြေကွဲစရာပင်။ အဘယ်သို့နည်း။

ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်ဓာတ်ခဲကို ဓာတ်ခွဲ၍ပြသဖြင့် အသည်းထဲမှာ မစွဲငြိဘဲမနေနိုင်အောင် အစွမ်း







www.burmeseclassic.com

www.burmeseclassic.com

သိသိ၊ အလွမ်းမိမိ၊ အဆန်းပြည့်ပြည့် နှင့် စိတ်ဓာတ်ကိုထိစေသည့် မြန်မာပြည်၏ ကျက်သရေကို တိုးတက်ပြောင်းလဲစေမည့် အနု၊ အဆန်း၊ အညာခန်းတွေနှင့် အလွမ်းဘုရင် (မောင့်ဝိညာဉ်) ဇာတ်ကားကြီးကို ခေတ်သစ်မှာ ဂမုန်းဆေးအသွင် နှလုံးသွေးကြည်လင် စိတ်အာရုံမနော ရွှင်စေရန် ယခင်ကားများထက် ထူးခြားအောင် စီမံထားပါသဖြင့် ဆန်းပြားလှသည့် (မောင့်ဝိညာဉ်) ၏ ဂုဏ်အင်္ဂါတို့ကို ကြွလာရှုစားစေချင်လှပါသည်။

ပြောမယုံကြုံကာမှ အံ့သြကြမည်။ တစ်မျိုးဆန်း၍ အံ့မခန်းဖွယ် (မောင့်ဝိညာဉ်) ၌ အသုံးတော်ခံသူများမှာ -

| | | |
|---|---|---|
| မောင်ဘမြင့် | သစ်တောဝန်ထောက် | ခင်မောင်တင့် |
| မေရှင် | သစ်ခေါင်းကြီးသမီး | မေမေရှင် |
| မောင်ဘမြင့် | ဆရာဝန်ကလေး | ခင်မောင်မြင့် |
| မေရှင် | ပညာသည်မကြီးသမီး | မေမေရှင် |
| ဦးဘိုးသောင်<br>ဂျမ်းစိန် } | ခင်မောင်တင့်,ခင်မောင်မြင့်<br>တို့၏မိဘများ | { ဦးဖိုးသောင်<br>ဒေါ်ခင်လေး |
| မသိန်း | ပွဲကတော်ကြီး | ဒေါ်မမ |
| ရင်ရွှေ | ပွဲကတော်ကြီးသမီး | ဒေါ်ရင်ရင်ရွှေ |
| ဒေါ်မိ | ပညာသည်မကြီး | မလုံးပို |
| အေးငွေကြီး | သစ်ခေါင်းကြီး | ဘိုးငွေ |
| မောင်ရှင်ကြီး | ပယောဂဆရာ | (---) |
| စိုင်တမော့ | သစ်တောဝန်ထောက်တပည့် | စိုင်တင် |
| ရွှဲကြီး | မလုံးပိုသား | မောင်ရွှဲ |

**ဘမြင့်နှင့်မေရှင်နှစ်ကိုယ်ခွဲသရုပ်ဆောင်**

မောင့်ဝိညာဉ်တွင် သစ်တောဝန်ထောက်အဖြစ် မောင်ဘမြင့်၏ အမူအရာသည် ဆရာဝန်အဖြစ် မောင်ဘမြင့်အမူအရာနှင့် မတူသည့်နည်းတူ သစ်ခေါင်းကြီး၏သမီးအဖြစ် မေရှင်၏အမူအရာနှင့် ကဝေမကြီး၏သမီးအဖြစ် မေရှင်၏အမူအရာနှင့် မတူပေ။ အမူအရာ ရုပ်ပြောင်းရုပ်လွှဲကို အထူးဂရုစိုက်ကြည့်လျှင် တွေ့မြင်ကြရမည်မှာ ဒါရိုက်တာဦးလွန်းဖေ၏ ကြိုးစားမှုပင်တည်း။

**တကယ်ရိုက်ပါ ဆရာ (သို့) မေရှင်၏ ကြိုးပမ်းမှု**

မောင့်ဝိညာဉ်၏ ဇာတ်ဝင်ခန်း [illegible]ခန်းဖြစ်သော ပယောဂဆရာက [illegible]ရှင်အား အထင်မှားလျက် ဆေးကျ[illegible]တော့မည့်အခန်းတွင် ဇာတ်လမ်း[illegible] ပယောဂဆရာက မေရှင်အား [illegible]တတ်သည်ဟူ၍ အတင်းရိုက်နှက်

မေးမြန်းရမည်ဖြစ်ရာ ထိုနေ့နံနက်ကမ္ဘာ့ကားကြီး ခြံထဲသို့ဆိုက်ရောက်၍ ကိုယ့်အခန်းသို့ကိုယ်သွားကြပြီးနောက် အလှပြင်ဆင်ကာ ဝတ်စားဆင်ယင်ရန် အဝတ်အစားထုတ်ပေးသောအခန်းသို့ လာကြသော် မေရှင်၏မျက်နှာမှာ ပြုံးချိုချိုကလေးဖြစ်နေသဖြင့် 'ဘယ့်နှယ်ကွယ် အရိုက်ခံရမှာမို့ ပြုံးနေတာလား' ဟု ကျီစယ်ကာ မေးလိုက်ရာ -

"ဒါပေါ့ရှင်၊ ဒီနေ့ဟာ ကျွန်မရဲ့ နာမည်ကျော်ဖို့ စီမံဖန်တီးမယ့်နေ့မို့ရှင့်။ ကျွန်မ သွေးထွက်အောင်နာလေ ကျွန်မအတွက်ကောင်းလေဆိုတော့ ကျွန်မနာလို့ ကျိုးလို့ သေသွားပါစေ။ ကျွန်မရဲ့ အမူအရာရွေးကထက် အတိုင်းထက် အလွန် သာအောင်တော့ဖြစ်ရ ကျွန်မ အသက်နဲ့လဲပြီး ကြိုးစားမှာပဲ"

ဟု ရွှေမန်းသူပိုပို ကရားရေလွှတ်သလို တတွတ်တွတ်ပြောဆိုနေစဉ်မှာပဲ ပယောဂဆရာလုပ်မည့်ကိုရှင်ကြီးရောက်လာမလာရာ မေရှင်က အပြုံးမပျက်ရှာဘဲ -

"တကယ်ရိုက်ပါဆရာ မေရှင့်ကိုတော့ နည်းနည်းမှမညှာပါနဲ့။ တကယ်သရုပ်ပါအောင် နာနာရိုက်မှ ကျွန်မရဲ့ နဂိုမျက်ရည်ကျလာမှာပါ။ ကျွန်မတို့ သနားရင်ရိုက်သာ ရိုက်ပါ"

လို့ပြော၍ ကိုရှင်ကြီးကလည်း-

"ဒီလိုဆိုရင် ခပ်ပြင်းပြင်းရိုက်မှာပဲ။ နောက်တော့သာ စိတ်မဆိုးနဲ့နော်"

ဟု ပြန်ပြောလျှင် မေရှင်က -


"မဆိုးပါဘူးရှင်၊ စိတ်ချပါ"

လို့ ပြောရင်းဆိုရင်းပဲ စတူဒီယိုရုံကြီးမှ တဒေါင်ဒေါင်နှင့် ကားရိုက်ရန် ခေါ်နေသောကြောင့် အားလုံးကိုယ်စီကိုယ်င ကိုယ့်ဆိုင်ရာအဝတ်အစားများကို အမြန်လဲလှယ်ဝတ်ဆင်ပြီး ရိုက်ကွင်းသို့သွားကြလေသည်။

**▫ထိုအခန်း**

မေရှင်အား နှိပ်စက်ရမည့်အခန်းသို့ရောက်သည့်အခါ နားနှင့်ဆတ်ဆတ်ကြားခဲ့ရသော ကျွန်တော့်မှာ စိတ်အားထက်သန်စွာနှင့် စောင့်စားကြည့်ရှုနေရပေတော့၏။ ဒါရိုက်တာကြီးကား သူတို့ပြောသွားကြသည့်စကားများကို မကြားလိုက်ရရှာချေ။ သို့သော် နှိပ်စက်နည်း နှိပ်စက်ပုံတို့ကို သဘာဝကျကျ ပြသခဲ့လေ၏။ ဓာတ်ပုံဆရာကား ချိန်ထားပြီးလေပြီ။ ဒါရိုက်တာက 'ရိုက်မယ်နော်' ဟု သတိပေးလိုက်သော် ဓာတ်ပုံဆရာလည်း ဓာတ်ပုံလှည့်တံကလေးကို စတင်၍ လှည့်လိုက်လေ၏။

ပယောဂဆရာ ကိုရှင်ကြီးကိုင်ထားသော ဆေးကြိမ်လုံးကား အလုံးတစ်လက်မပတ်လည်၊ အရှည်တစ်လံခန့်ရှိမည်။ ကျွန်တော်ကား သူတို့အရေးကို တွေး၍ တဖိုလှိုက်လှိုက်နှင့်ရင်ခုန်နေ





www.burmeseclassic.com

www.burmeseclassic.com

# ခြေဖနောင့်ကျိုးပေါင်းတက်ရောဂါနှင့်မုန့်ဆီကြော်

စာရေးသူသည် ယခုနှစ် မေလ ဒုတိယပတ်က ရောဂါနှစ်ခုပြိုင်ခံစားခဲ့ရ၍ ခန္ဓာဒုက္ခအလွန်ကြီးကြောင်း ကိုယ်တွေ့ကြုံခဲ့ရပါသည်။ မိမိ၏ခန္ဓာကြီးက အနတ္တခန္ဓာကြီးပါလားလို့လည်း ဉာဏ်ဖြင့် ဆင်ခြင်မိခဲ့ပါသည်။ ပထမရောဂါက ဆီးထဲသွေးပါသည့်ရောဂါဟောင်းဖြစ်သည်။ ဆီးကျိတ်ကြီး၍ လေဆာဖြင့် ၂၀၀၄ ခုနှစ်က ရန်ကုန်တွင် သွားရောက်ခြစ်ခဲ့ရပြီး ဆီးကျိတ်မှအသားစကိုယူ၍ ကင်ဆာရှိ မရှိ ပုဂ္ဂလိကဆေးရုံကြီးနှစ်ရုံသို့ပို့ပြီးစစ်ဆေးခဲ့ရာ ဆီးကျိတ်ကင်ဆာမဟုတ်ကြောင်း သိခဲ့ရသည်။ ထိုသို့ ဆီးကျိတ်ခြစ်ခဲ့ပြီးသော်လည်း စာရေးသူသည် ဆီးထဲသွေးပါသည့်ရောဂါက တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်နေသည်။ ဆီးကျိတ်ခြစ်ယူခဲ့သည့်ဆရာတော်ကြီးနှင့် သွားရောက် ပြသခဲ့သည်။ စားဆေးပေးပြီး ကုသခဲ့သော်လည်း တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်လောက်က သွေးဖါမြဖြစ်သည်။ စာရေးသူသည် ပင်စင်စားတစ်ဦးဖြစ်သဖြင့် ရန်ကုန်သွားရောက် ကုသရသည့် ကုန်ကျစရိတ်က မသက်သာလှ။ ထို့ကြောင့် နောက်ပိုင်းလေး၊ ငါးနှစ်လောက် ဆေးမြီးတိုနှင့် အိမ်၌သာ ကိုယ့်ရောဂါကိုယ် ဆရာဝန်လုပ်ပြီး ကုနေခဲ့သည်။ အစားအသောက်မပျက်၊ လမ်းလျှောက်မပျက်၊ အိပ်ရေးမပျက်၊ ညနေတိုင်း ခြင်းလုံးခတ်မပျက်၊ ညနေတိုင်း အာစိဏ္ဏကံယောဂီ အလုပ်မပျက်၊ ထိုမပျက်ခြင်းငါးခုကို စာရေးသူ ထိုလေးငါးနှစ်အတွင်း လုပ်နိုင်ခဲ့သည်။ ယခု ခုနှစ်၌ ပိုပြီးတောင် ခန္ဓာကိုယ်က ဝဖြိုးခဲ့သည်။

သို့သော် ယခုနှစ် မေလဆန်းကတော့ တစ်နေ့တည်း ဆီးထဲသွေးပါသည်က နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်ခဲ့ရပြီး လေးရက်ဆက်တိုက်ဖြစ်ခဲ့ရသည်။ မကွေးရှိ အထွေထွေရောဂါအထူးကုဆရာဝန်ကြီးနှင့် သွားရောက် ပြသသည်။ ဆီးစစ်၊ သွေးစစ်၊ အန်ထရာဆောင်းရိုက်၊ ဆေးစားဖြင့်ကုသသည်။ သွေးအဖြေရသောအခါ PSA သွေးထဲများနေကြောင်းသိရပြီး ရန်ကုန်မြို့သို့ သွားရောက်၍ ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်နှင့်သွားရောက်ပြသရန်ညွှန်ကြားသည်။ မကွေး၌ ဆေးကုသစရိတ်က ငါးသောင်းကျော်ကုန်သွားခဲ့သည်။ နောက်ဆုံးတော့ ရန်ကုန်မြို့သို့ သွားရောက် ကုသလိုက်ရသည်။ဆီးကျိတ်အသားစယူရန် ဗဟိုစည်ဆေးရုံကြီး၌ တစ်ညဆေးရုံတက်ခဲ့ရသည်။ ဆီးကျိတ်ကင်ဆာဟုတ်၊မဟုတ် စစ်ဆေးသည်။ တစ်ပတ်အကြာ အဖြေရသည်။ ဆီးကျိတ်ကင်ဆာမဟုတ်ဘဲ ဆီးကျိတ်ကြီးခြင်းဖြစ်ကြောင်းသိရသည်။ ယခု စားဆေးစားနေရပြီး သုံးလကြာလျှင် ပြန်လည်လာရောက်ပြသရန် ညွှန်သည်။ ဒါက ရောဂါဟောင်းဖြစ်သည်။

ရောဂါအသစ်က ယာဘက်ခြေထောက်ဖနောင့်က လမ်းမလျှောက်နိုင်လောက်အောင် နာကျင်နေခြင်းဖြစ်သည်။ ထို့ကြောင့် နံနက်တိုင်း လမ်းလျှောက်နေကျ မလျှောက်နိုင်။ ညနေတိုင်း ခြင်းလုံးခတ်နေကျ မခတ်နိုင်၊ ညနေတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ အာစိဏ္ဏကံသွားနေကျ မသွားနိုင်။ တစ်ခုခုတက်နင်းမိ၍ဖနောင့်အသားကြေခြင်းလည်းမဟုတ်ပေ။ ဘာရောဂါမှန်းကိုမသိဖြစ်နေမိ၏။ အကြောဆေးလူးသော်လည်း မသက်သာ။

ထို့ကြောင့် စာရေးသူနှင့်တစ်လမ်းတည်းနေ မျက်နှာချင်းဆိုင်အိမ်ကကိုခင်မောင်သိန်း (စွန်မင်းပွဲရုံ) အားပြောပြမိသည်။ ကိုခင်မောင်သိန်းမှာ ရောဂါဗဟုသုတ၊ဆေးဗဟုသုတကြွယ်ဝချေပြီ။ ထိုအတွင်းတွင်ပင် ကိုရှင်ကြီးမှာ ဆေးကြိမ်လုံးကို တအားမြှောက်၍ မေရှင်ကို တအားလွှဲကာရိုက်နှက်လေ၏။ မိန်းမသားပီပီ အမလေးဟု တစ်ခွန်းမျှသာ သတိလွတ်၍ညည်းတွားမိရာပြီး နောက်ရိုက်နှက်လေတိုင်းအံကြိတ်လျက်ခံနေရှာသည်ကို ဒါရိုက်တာမှလည်း 'ဟိုး. . . ဟိုး' ဟု မအော်အား။ ဓာတ်ပုံဆရာမှလည်း ပြူးတူးပြတဲနှင့်လှည့်နေရရှာဆဲတွင်ပင် မေရှင်ကလေးမှာ မေ့မြော၍လဲသွားရှာလေ၏။

"ခင်ဗျားတကယ်ရိုက်တာကိုးဗျ"

ဟု တစ်ယောက်ကပြောသဖြင့်-

"သူ့ကိုယ်က ရိုက်သာရိုက်ပါဆိုလို့ပါဗျာ"

ဟု အချေအတင်ပြောနေသည့်အထဲမှာပင် မေရှင်ကလေး သတိရ၍ထထိုင်လိုက်ကာ မိမိကို သနားကာကြည့်နေသူများအား လှည့်၍ကြည့်ပြီး-

"ကိစ္စမရှိပါဘူးရှင်"

ဟု ပြောလိုက်သည့်အတွက် အားလုံးမှာ သက်ပြင်းပြိုင်တူချမိကြသည်။ ဤရွေ့ဤမျှအထိ မေရှင်လေးသည် 'မေရှင်၊ မေရှင်' ဟူ၍ တစ်ပြည်လုံး သနားလောက်အောင် ကြိုးစားလိုက်ရှာ၏။ ဤမောင့်ဝိညာဉ်ဇာတ်ကားတွင် အားခဲလိုက်ရှာ၏။ အရဲကြီးရဲလိုက်ရှာ၏။ အစွန့်ကြီး စွန့်လိုက်ရှာလေပြီ။ မေရှင်-မေရှင်၊ ပြည့်တင်းလျှမ်းဝေ၊ ကျက်သရေရှိလှသော မျှစ်စို့ကြီးပမာ။ သူကလေး၏ ကိုယ်ထည်ကိုယ်လုံးကလေးမှာ မင်းသားနှ မောင်ဘမြင့်နှင့် လိုက်ဖက်လှပြီး မောင်ဘမြင့် မေရှင်ဆိုလျှင် ပြေခွင်ကျနပ်လောက်ပေသည်။ သူတို့နှစ်ယောက် အောဝမ်းက ဖူးစာဆက်ပေးသော တွဲဖက်ဟုတ်၊ မဟုတ်ကို ရှုစားသည့်အခါ မောင့်ဝိညာဉ်ဇာတ်ကားမှာ မှတ်သားစရာတွေ အဖုံဖုံအလီလီနှင့်တွေ့ရှိကြရပေမည်။

□ ဒွေးချိုး

မြန်မာအဆွေ အောဝမ်းဒါရိုက်တာ ဦးလွန်းဖေ၏ မောင့်ဝိညာဉ်ဒွေးချိုးနှစ်ပုဒ်ကို လက်ကမ်းကြော်ငြာ၌ တွေ့လိုက်ရပါသည်။

*ဘုန်းပွင့်လှိုင်၊ သုံးပင့်တိုင် ဝိညာဉ်သစ်နှင့် ချစ်ပင်လယ်ကြား။ ။*

*ဒွေးခန္ဓာ၊ ဘေးရန်ကွာ မကွာနှင့်၊ အဏ္ဏဝါ-ချစ်ရေထဲမှာ၊ . . . ဝဲလှဲလို့ကစား။ ။*

*ပြစ်မမြင်၊ တချစ်ခင်ခင်နဲ့၊ ဝိညာဉ်နှစ်ပါး။ ။*

*ထူးတကယ်၊ ဖူးနှစ်သွယ် နှံသလိုဟန်လှတယ် . . . ယဉ်မှုထွေပါပေ့၊ လွမ်းမြွေမြွေကား။ ။*

ကိုတိုး (ရန်ကင်း)

**စာကိုး -**

၁။ မော်စက်ရောင်နှင့် မောင့်ဝိညာဉ် လက်ကမ်းကြော်ငြာများ

၂။ မောင့်ဝိညာဉ်၊ ဒေါ်ပမ်းရှပ်နှံ Voice of Screen



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်သည်။ ဆေးကျမ်းစာအုပ်များကိုလည်း ဝယ်ယူ ဖတ်ရှုသူဖြစ်သည်။

စာရေးသူ ခံစားနေရသည့် လမ်းကောင်းစွာ မလျှောက်နိုင်ကြောင်းအား ကိုခင်မောင်သိန်းကို ပြောပြတော့မှ ခြေဖနောင့်ကျီးပေါင်းတက်ရောဂါဖြစ်ကြောင်း သိရပါတော့သည်။ သူ့ဆီက ဆေးကျမ်းစာအုပ်ကိုလည်း ပေးဖတ်စေပါသည်။ ထိုဆေးစာအုပ်ကိုဖတ်ရှုကြည့်မှ စာရေးသူခံစားနေရသည့်ရောဂါမှာ ခြေဖနောင့်ကျီးပေါင်းတက်ရောဂါ သေချာသွားပါတော့သည်။

ထို့ကြောင့် ကိုခင်မောင်သိန်းမှ တိုင်းရင်းဆေးခန်းသွားပြရန် အကြံပေးသည်။ စာရေးသူလည်း သူအကြံပေးချက်ကိုသဘောတူလက်ခံလိုက်ပါသည်။ သူကိုယ်တိုင်ပင် ဆိုင်ကယ်ဖြင့်လိုက်ပို့သဖြင့် ပြင်ပမှဖွင့်လှစ်ထားသည့် တိုင်းရင်းဆေးခန်းသို့သွားကြပါသည်။စမ်းသပ်မေးမြန်းပြီး နာနေသည့်ခြေဖနောင့်ကို လျှပ်စစ်ကိရိယာဖြင့် နှိပ်ပေးပါသည်။ ဆေးကျပ်ထုပ်ထိုးပေးပါသည်။ထို့နောက် ဆေးလိမ်းပြီး ပတ်တီးစည်းပေးပါသည်။ မသက်သာလျှင် သုံးရက်နေလျှင်ပြန်လည်ပြသရန် ညွှန်ပါသည်။ ဆေးကုသခ ကျပ်နှစ်ထောင့်ငါးရာပေးလိုက်ရပါသည်။

သို့သော် ခြေထောက်က နှစ်ရက်၊ သုံးရက်နေတော့လည်း မသက်သာ။ နာနေဆဲ။ထို့ကြောင့် တစ်ခေါက်၊ နှစ်ခေါက်သွားရုံဖြင့် မပျောက်ကင်းနိုင်ကြောင်း ခန့်မှန်းမိသည်။ ပျောက်သည်အထိသွားရောက် ကုသနေလျှင် ငွေကျပ်နှစ်သောင်းကျော် သုံးသောင်းလောက်ကုန်သွားနိုင်ပေသည်။ ဆီးထဲသွေးပါသည့်ရောဂါကုထားရသဖြင့် ငွေကုန်ကြေးကျများနေသည်။ ထို့ကြောင့် ခြေဖနောင့်ကျီးပေါင်းတက်ရောဂါကို ဆေးမြီးတိုနှင့်သာ အိမ်တွင်ကုသရန် ဆုံးဖြတ်လိုက်မိသည်။ ကိုခင်မောင်သိန်းက စာရေးသူအား ခြေထောက်သက်သာ၊ မသက်သာမေးသည်။ မသက်သာကြောင်းပြောလိုက်သည်။

ထိုအခါ ကိုခင်မောင်သိန်းနှင့်သူ့ယောက်ဖ ကိုကျော်ဆန်း ယခုလိုပဲ ခြေဖနောင့်ကျီးပေါင်းတက်ဖြစ်စဉ်က မုန့်ဆီကြော်စားလိုက်သဖြင့် တစ်လအတွင်း ပျောက်သွားခဲ့ကြောင်း သတိရပြီးပြောပါသည်။ မုန့်ဆီကြော်မစားဘဲ ကောက်ညှင်းဆီထမင်းစားလျှင်လည်း ပျောက်သည်ဟုပြောပါသည်။ အစီးခါတ်ကို ပြန်လည်ဖြည့်တင်းခြင်းဖြစ်သဖြင့် ထိုသို့ကောက်ညှင်းဖြင့်ပြုလုပ်သောအစားအစာကို စားရခြင်းဖြစ်ကြောင်းကိုလည်း အသေးစိတ် စိတ်ရှည်စွာရှင်းပြပါသည်။

ထို့ကြောင့် အိမ်တွင် ကောက်ညှင်းဆီထမင်းထိုးပြီး နှစ်ရက်လောက်စားလိုက်ပါသေးသည်။ သိသိသာသာမသက်သာပါ။ လမ်းကောင်းစွာမလျှောက်နိုင်သော်လည်း ရန်ကုန်မြို့သို့ ဆီးရောဂါအတွက်ပြသရန် အာရှတော်ဝင်ဆေးရုံသို့ ဖုန်းဖြင့်ကြိုတင်ပြီး တိုကင်လှမ်းယူထားပြီးဖြစ်သည်။ ရွှေမန်းသူမှန်လုံကားဖြင့် တစ်ယောက်တည်း ရန်ကုန်မြို့သို့သွားခဲ့သည်။ရန်ကုန်မြို့တွင် သားအကြီးဆုံးရှိနေသည်။ သူ့ကားဖြင့် ပါရမီအဝေးပြေးကားဂိတ်သို့လာကြိုသည်။ ရောက်သည့်ညနေမှာပင် အာရှတော်ဝင်ဆေးရုံကြီးသို့ သွားရောက်ပြသသည်။ဆီးကျိတ်အနည်းငယ်ရောင်ကြောင်းပြောသည်။ ဆီးစစ်၊ သွေးစစ်၊ အန်ထရာဆောင်းရိုက်စသည်များ ပြုလုပ်ပေးသည်။ သွေးထဲ၌ PSA တွေများနေသဖြင့် တစ်လဆေးစားပြန်ပြရန်ပြောသည်။ ပိုးသတ်ဆေးများစားရသည်။ ထို့ကြောင့် မကွေးမြို့သို့ပြန်လာခဲ့သည်။

ဆီးဆေးကို တစ်လစားနေစဉ်မှာ တစ်ဖက်ကလည်း ဖနောင့်ကျီးပေါင်းတက်ရောဂါအတွက် မကွေးမြို့မဈေးကြီးမှ မုန့်ဆီကြော်ကိုလည်း ဝယ်စားခဲ့ရပါသည်။ မုန့်ဆီကြော်က တစ်ခုလျှင် ကျပ်ငါးဆယ်ပေးရပါသည်။ တစ်ခါဝယ်လျှင် မုန့်ဆီကြော် (၁၀)ခု ငွေကျပ်ငါးရာဖိုးဝယ်ပါသည်။ သုံး၊လေးရက်လောက်စားလိုက်၊ သွားပြေးဝယ်လိုက်နှင့် မုန့်ဆီကြော်နှစ်ထောင်ဖိုးဝယ်စားလိုက်ရသည်။ ဖနောင့်ကျီးပေါင်းတက်ရောဂါမှာ လုံးဝပျောက်သွားပါတော့သည်။ ရန်ကုန်မြို့သို့ ဆေးစားပြီး တစ်လပြည့်၍သွားရောက်စဉ်မှာတော့ ခြေထောက်က ပကတိအကောင်းအတိုင်းဖြစ်သွားသည်။ စာရေးသူ ရန်ကုန်မြို့သို့ရောက်နေစဉ် ကိစ္စတစ်ခုဖြင့် တောင်ဒဂုံမြို့နယ်ရှိ တိုင်းရင်းဆေးခန်းတစ်ခုသို့ ရောက်သွားခဲ့ရသည်။ ဖနောင့်ကျီးပေါင်းတက်ရောဂါနှင့်ပတ်သက်၍ ထိုဆေးခန်းမှ ဆရာကလည်း ဖနောင့်ကျီးပေါင်းတက်ရောဂါ ပျောက်ရန်အတွက် ငချိပ်ကန်စွန်းဥစားလျှင်လည်းပျောက်ကြောင်း အကြံပြုပြောပြသိရပါသည်။

ကျပ်ငွေနှစ်ထောင်ကုန်ရုံဖြင့် ခြေဖနောင့်ကျီးပေါင်းတက်ရောဂါပျောက်သွားခဲ့ရပုံကို စာရေးသူ [illegible] ရခြင်းအကြောင်းမှာ [illegible] သက်သာစွာဖြင့် ပျောက်ကင်း[illegible] ငွေကြေးချို့တဲ့သူများကို အထူး[illegible] တင်ပြလိုခြင်းဖြစ်ပါသည်။

ယနေ့လက်ရှိ စီးပွားရေးအခြေအနေအရ တော်ရုံတန်ရုံရောဂါများအတွက် ဆေးရုံ၊ ဆေးခန်းမသွားနိုင်ကြပါ။ လက်လုပ်လက်စားဘဝသမားများက ပို၍ဆိုးသည်။ ငွေကြေးတတ်နိုင်သူများက နိုင်ငံရပ်ခြားတိုင်းပြည်များရှိ ပုဂ္ဂလိကဆေးရုံကြီးများသို့ သွားရောက်ကုသနိုင်သည်။ ပြည်တွင်းရှိ နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ ပုဂ္ဂလိကဆေးရုံကြီးများသို့ သွားရောက်ကုသနိုင်သည်။ ငွေကြေးမတတ်နိုင်သူအများစုက မိမိတို့၏အိမ်၌ ကြားဖူးနားဝ ဆေးမြီးတိုလေးများဖြင့် မိမိရောဂါကို မိမိကိုယ်တိုင် ဆရာဝန်လုပ်ပြီးကုနေကြရသည်။ သေတော့လည်းသေပေါ့ဟု မထူးဇာတ်ခင်းပြီး ဆေးမြီးတိုနှင့်ကုနေရခြင်းဖြစ်သည်။

အချို့သောမြို့နယ်များ၌ ရပ်ကွက်ထဲဖွင့်လှစ်ထားသည့် အခမဲ့ဆေးခန်းများသို့ အားကိုးပြီး သွားရောက်ကုသနေရသည်။ (မြို့နယ်တိုင်း ရပ်ကွက်တိုင်း၌မရှိပါ။) ထိုအခမဲ့ဆေးခန်းများကလည်း နေ့စဉ် ဖွင့်လှစ်နိုင်သည်မဟုတ်။ တစ်ပတ်လျှင် သုံး၊လေးရက်သာဖွင့်လှစ်နိုင်သည်။ ဆေးခန်းဖွင့်တော့လည်း နံနက်ပိုင်းလေးသာဖွင့်နိုင်ပြီး လူနာကိုလည်း အကန့်အသတ်ဖြင့်သာကုပေးနိုင်သည်။ကိုယ့်အားကိုယ်ကိုးဖြင့် ယခုလောက် အခမဲ့ဆေးခန်း လေးများဖွင့်လှစ်နိုင်အောင် ကြိုးစားခဲ့ကြသည့် လူမှုဝန်ထမ်းစိတ်အပြည့်အဝရှိသောပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်မိပါသည်။

သို့ပါ၍ ငွေကြေးကြောင့် ဆေးရုံဆေးခန်းမသွားနိုင်ကြသည့် စာရေးသူကဲ့သို့ ခြေဖနောင့်ကျီးပေါင်းတက်ရောဂါ ခံစားနေရပါက မုန့်ဆီကြော်စားခြင်းဖြင့် ပျောက်ကင်းသွားခဲ့ပါကြောင်းကို ကိုယ်တိုင်လက်တွေ့စားသုံးပျောက်ကင်းသွားခဲ့သဖြင့် စေတနာရှေ့ထားလျက် ရေးသားတင်ပြလိုက်ရပါသည်။

**မှတ်ချက် -**

ဆေးနည်းပြောပြသည့် ကိုခင်မောင်သိန်း (စွန်မင်းပွဲရုံ)အား [illegible] တင်ရှိပါကြောင်း ဤဆောင်း[illegible] မှတ်တမ်းတင်အပ်ပါသည်။

မောင်မောင်အောင်မင်း( [illegible]



www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းဦး

(မြည်)

# ရှုတ်ခနဲကုပ်ဆွဲ တုတ်ခဲတဲ့လက် ဘယ်သူ့လက်



နီပေါနိုင်ငံတွင် ဘီစီ ၅၈၈ က အရိယာသာဝိတ္တိဂါထာတော်စတင်ဖြစ်ပေါ်ခဲ့သည်။ ဂါထာရှင်နှင့် ပထမဆုံးတွေ့သည့် နောင်အချိန်တွင် မဆာဝါနှင့်ညား၍ မုဆိုးကြီး၏သမက်ဖြစ်လတ္တံ့သူ ဥပကတက္ကတွန်းသည် ဂယာသီသအရပ်မှ မဟာဗောဓိဘက်သို့ ရှေးရှု၍ လျှောက်လာနေသည်။

ထိုအချိန်တွင် ဘုရားအဖြစ်သို့ရောက်တော်မူ၍ လသားမျှသာရှိသေးသော ဘုရားရှင်ကလည်း ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောရန် မိဂဓါဝုန်သို့အသွား လမ်းတွင်တွေ့ကြ၏။

အသွင်တော်တစ်မျိုးဖြင့် ဖြိုးဖြိုးဖြက်ဖြက်တလက်လက်ရောင်ခြည်တော်ကွန်မြူးအထူးတင့်တယ်သပ္ပာယ်လှသည့် ဘုရားရှင်၏ သွင်ပြင်တော်ကိုမြင်သည့် ဥပကတက္ကတွန်းက ယခုမှ ရက်စွန်းသာသာ ဘုရားဖြစ်စ ရှင်တော်ဂေါတမအား အလျင်တဆောစမေး၏။

"သင်ဘယ်သူလဲ၊ ဘယ်အမည်ရလဲ"

ဘုရားရှင်ဖြေ -

"ဇိနိ"

"ဩော်-ဦးဇိနတဲ့လား"

အထူးကြည့်ရတာ ခြေဆုံးခေါင်းဆုံးကြည့်ကာ ဟုတ်ချင်မှဟုတ်မှာပါဟု သုတ်သုတ်လျင်စွာထွက်သွားသဖြင့် ရက်သားမျှသာသာ သည်ဂါထာနှင့်လွဲခဲ့ရ၏။

စားနိုင်သောက်နိုင် ကား၊ တိုက်ပိုင်နှင့် အခြားဆိုက်ဆိုင်ရာအရာထူးဌာနန္တရပါ ပိုင်ဆိုင်စေဦး လှိုင်လှိုင်ထွေမူးမေ့ကြသဖြင့် အထူးတွေ့မသွားရ။

စားဖို့လုပ်ရ၊ လုပ်ဖို့စားရ၊ ကျုပ်တို့များကျ အဟုတ်ကိုမအားရဆိုသူများလည်း မအားရမကြရသဖြင့် အလကားရမသွားကြ။

ဖြစ်ချင်ရင်း ဖြစ်ချင်ရင်း နစ်ဝင်ရင်း နစ်ဝင်ရင်းနှင့်ပင် တွင်းနက်ထဲမှ ပြန်တက်လို့မရနိုင်အောင် တအိအိမြုပ်ခဲ့ရသူများ အသိရှိရှိလုပ်ခဲ့ကြပါမှုကား။

ဤသို့ ထိုသို့အကြောင်း အမျိုးမျိုးကြောင့် ကောင်း၊ဆိုးမခွဲ လွဲကြရသူများတွင် ဆွဲပြရသူ သွားမြင်မိပါသည်။ ရှုစားဆင်ခြင်ကြည့်ပါ။

၁၉၈၂ ခုနှစ်တွင် ခြံကျယ်ကျယ်ဝယ် ကန်ဆည်၍ ငါးမွေးမြူခြင်း အမှုပြုမိလေသည်။ ငါးကန်သမားများ များသောအားဖြင့် ငါးကိုသာ အဓိကထားမွေးမြူကြသည်။ ခြံတော်တော်ကျယ်ကြသူများ ဆယ်ဘက်ရာဘက်အနေနှင့် စားလို့ရတာ အကုန်စိုက်ဟူသော မူအရ စိုက်လို့ပျိုးလို့ရမည့် ကန်ဘောင်ပြင်ကျယ်ပေါ် ဝယ် အပင်ငယ် အတော်များများ ကပ်သပ်စိုက်ပျိုးထားရလေသည်။ ထို စားပင်သီးပင်ခပ်များများ ပါးစပ်နားရောက်ခါနီးလေလေ ဂရုတစိုက်ရှိရလေဖြစ်သည်။

ဂရုစိုက်နေသည့်ကြားမှပင် နွားမများဝင်၍ တစ်အုပ်တစ်မကြီးစားကြချေပြီ၊ နွားကျောင်းသားများ လောင်းကစားတွင် အာရုံစိုက်နေကြသဖြင့် လိုက်မမောင်း။ ရိုက်ကောင်းမယ့် တုတ်တစ်ချောင်းဆွဲ သဲသဲမဲမဲအပင်ဖောကပ်ပြီး အလျင်တဆောပြေးသွားကာ နှုတ်မှ ဟဲ့-နွား၊ ဟဲ့-နွားအော်မောင်းနေမိသည်။

နွားနားသို့အရောက်တွင် တုတ်ခိုင်သန်မာသည့်လက်ဖြင့် ရှုတ်တရက် ကုပ်ဆွဲခြင်းခံလိုက်ရသည်။လေ၏မြှောက်ရာ ပါသွားသည့်အလား (၈)တောင်လောက်အကွာ နောက်နားသို့ပြန်ရောက်သွားပါတော့သည်။ ကြောင်တောင်တောင်ဖြစ်ကာ ဘယ်လိုဖြစ်တာလဲဟ။ ဘယ်သူများငါ့ကုပ်ဆွဲလိုက်ပါလိမ့်ဟု ဖြူးဖြူးပျာပျာ ဟိုဟိုဒီဒီလိုက်ကြည့်ပါသော်လည်း တစ်ဦးတစ်ယောက်မျှမရှိ ဖြစ် ချေသည်။

ကိုယ့်ကုပ်ကိုယ် အခါခါပြန်စမ်းကြည့်ကာ ငါ ဘယ်လိုများ ဖြစ်သွားတာပါလိမ့် မလဲ။ ရှေ့သွားတာ နောက်ပြန်ရော[illegible] နေတယ်။ ဆန်းလိုက်ပါဘိဟု တွေး[illegible] အခုနကရောက်ခဲ့သည့်နေရာအား လှ[illegible] ကြည့်မိလေလျှင် လားလား- ဧရာ[illegible] မြွေပွေးကြီးအား မြင်ရမှ ရင်မရပါတော့[illegible] သည်။ ဒီမြွေကိုနင်းမိပါက ကိုက်မှာ[illegible] သဖြင့် ငါ့ခြေအကြွမှာ ရှုတ်ခနဲ ကုပ်[illegible] လိုက်တာနေမှာ။ နင်းသာချလိုက်လို့[illegible] တော့ အသက်ရှင်ဖို့ရာမလွယ်ဟုတွေး[illegible] ကြက်သီးမွေးညင်းများပင်ထလာသ[illegible] ကြောက်ကြောက်လန့်လန့်ဖြင့် မြွေ[illegible] ဟော့ဟု အော်မိလျက်ဖြစ်သွားသည်။ [illegible]



www.burmeseclassic.com


www.burmeseclassic.com

အော်သံကြောင့် နွားကျောင်းသားများ ဝါးရင်းတုတ်ကိုင်ကာ အပြေးအလွှား ရောက်လာကြသည်။ ဟုတ်တယ်ဟေ့၊ မြွေပွေးကြီးအကြီးကြီးဟာဟု ဆိုလျက် တစ်ယောက်တစ်လက် နွားကျောင်းသားများလက်ချက်ဖြင့် အသက်ထွက်သွားရှာလေသည်။

မိမိအလုပ်မှပြန်အလာ ဟန်ပါပါဖြင့် ပြောပြလေလျှင် မြွေနှင့်ဝေးရာ (၈) တောင်ခန့်အကွာ ရှတ်ခနဲရောက်သွားအောင် ကုပ်ဆွဲသည်ကို အဟုတ်ပဲ ကျွန်ုပ်လည်း အံ့ဩမဆုံးဖြစ်မိပါသည်။ [illegible] မြင်သဖြင့် လန့်ခုန်မိတာ[illegible] လိုပါ။ ယခုဖြစ်ခဲ့သည့်[illegible] မြွေကိုမြင်ဖို့နေနေသာသာ [illegible] သာဇောကပ်ပြီး အတောမသတ်[illegible] ပြေးသွားနေတာပါ။

သည်ကဲ့သို့ဖြစ်စဉ်သည် ဖြစ်နိုးဖြစ်စဉ်မဟုတ်။ ဆန်းတော့တော်တော်ဆန်းဆန်း၏။ ဘယ်လိုစွမ်းအားရှင်ကများ မြွေအန္တရာယ်မှကင်းဝေးအောင် စွမ်းဆောင်ပေးခဲ့သလဲ။ ဒါဟာ စွမ်းအားရှင်တို့မှလွဲ၍ ဒီဖြစ်စဉ်မျိုးမဖြစ်ပေါ်စေနိုင်ဟုတွေးသည်။ အခြားကိုယ်ထည်မည်သူမည်ဝါဟု အတည်တကျမမြင်ရသော်လည်း တုတ်ခိုင်သန်မာသောလက်ချောင်းကြီးများကိုတော့ဖြင့် မြင်ယောင်နေတုန်းပါပဲဟုပြောပြသည်ကိုလည်း နားထဲမှမထွက်ချေ။

တွေးမှုကြံမှုလုပ်ကိုင်မှုတို့၌ ကိုယ်တိုင်ကိုယ်ပိုင်စဉ်းစဉ်းစားစားလုပ်ကိုင်သူနည်းပါးသည့်အထဲ ကျွန်တော်ပဲရှေးကဟု ရေးပြလိုပါသည်။ မိမိခြံထဲတွင်မြက်များပါသဖြင့် တစ်ဖက်သော ဖရစ်ရှန်





www.burmeseclassic.com

www.burmeseclassic.com

နွားသမားများ လာရောက်ရိတ်ယူရန် ခွင့်တောင်းကြသည်။ နွားသမားများနှင့်တွဲမိ နွားစကားသာပြောဖြစ်သည်က များပါလေတော့သည်။

အမှား၊ အမှန်မကြည့်။ အများအကြံ၏နောက်လိုက်ကာ လုပ်တတ်ပါသည်။ ကျွန်တော်ခမျာ အတော် ဝါသနာပါသွားသည်မှာ ဖရစ်ရှန်နွားမွေးမြူ၍ ဖြစ်သည်။

နွားရူးရောဂါကူးစက်ခံရသည်နှင့် တစ်နေ့ ကြို့ပင်ကောက်မြို့သို့သွားဖြစ်လေလျှင် ညီအစ်ကိုတွေ ဖရစ်ရှန်နွားအကြောင်းကောင်းကောင်းပြောဖြစ်သွားသည်။ ခြံလည်းကျယ်၊ မြက်ကလည်းပေါ၊ လွတ်လွတ်လပ်လပ်လည်းရှိ မွေးမြူသင့်လှ၏ဟု ညီငယ်မှဆိုရှာသည်။ လိုတာသည် ဝါသနာတဲ့။ ဗိုက်နာနေ၍ ရောင်းချင်လှသည့် နွားနှစ်ကောင်ရှိကြောင်း၊ ဈေးလည်းသင့်တင့်ကြောင်း အလားအလာများစွာကောင်းကြောင်းပါ ပြောလာသည်။ ဈေးရင်းလည်း သိထားသည်။ ဗဟုသုတအဖြစ်ပဲကြည့်ကြည့် မမှား။ ကြိုက်တော့လည်းဝယ်ကြတာပေါ့။ လာ - သွားကြည့်ကြမည်ဟု ပြောပြောထွက်ထွက်ထွက်ခဲ့ကြသည်။

ဟော - ဒီနွားမ ဗီးဘယ်နှလရပြီဖြစ်ပါ၍ ငွေမကြာမီမြင်ရတော့မည့်အကြောင်း၊ နို့ထွက်မည့်ကြန်အင်လက္ခဏာမျိုးဟုဆိုကာ နွားမ၏နို့ကြောကြီးများကောက်ကွေ့၍ အထင်းသားပေါ်လွင်နေသည်ကိုလည်းကောင်း၊ ရေအိုးလုံးခန့်နို့အိမ်၏ကြီးမားမှုကို လည်းကောင်း ကိုင်တွယ်၍ပြောပြလေသည်။ ဟုတ်လောက်ပါသည်။ သို့သော် ရုပ်မလှသဖြင့် ကျုပ်က မကြိုက်ရေးချမကြိုက်ဖြစ်နေသည်။ နို့စားနွားမမွေးပြီး နို့ယူမှာလား၊ အလှကြည့်နေမှာလားဟု ညီငယ်မှ ဆိုရှာပေတော့သည်။

သူပြောချင်ရာပြော အငယ်နွားမကိုသာ တကယ်သဘောကျကာနေရှာတာက ကျွန်တော်ပါ။ နွားရှင်က တအားလျှင်လှ၏။ ဈေးတင်ကြသည်။ ညီငယ်မှ မသိမသာ လက်ကုတ်သည်ကို မသိချင်ယောင်ပြုကာ ဒါပဲဝယ်ပေးရန် ကလေးဆိုးကြီးအလား ပူဆာမိတော့သည်။ သူကမှမသိဟူသော အမူအရာအပြည့်နှင့်ကြည့်ကာ ပြန်ကြရန်ဟန်ပြင်ပါတော့သည်။

ဟုတ်ကဲ့ - ခင်ဗျာ။ ကျွန်တော်တကယ်မည့်လှပါ။ နွားနှင့်ပတ်သက်လျှင် တင်ပါးပိုင်းသာ သေချာကြည့်ခွင့်ပြု ထီး၊ မဟု ခွဲခြားနိုင်သူ ဖြစ်ပါသည်။ သို့ကလိုလူက နားလည်သူ၏ စကားဂရုမထား၊ အငယ်နွားမသာ ဝယ်ပေးရန် တောင်းဆိုပြန်သည်။ ညီငယ်လည်း အကြောင်းအမျိုးမျိုးပြ တားရှာပါသော်လည်း အားနာစရာအတော်ပဲကောင်း၏။ မပြောင်းသည်က အငယ်နွားမသာ ဝယ်ပေးရန် ကဲ - ပြောမရလည်း သဘောကျပဲဆိုကာ ဝယ်ပေးလိုက်ပါတော့သည်။

ဇွတ်ရွတ်ပြီး ဇွတ်တရွတ်ကြီးလုပ်တတ်သည်။ ကျွန်တော်ကြွားချင်ချင်နှင့် ကားတင်ကာ ပြည်မြို့သို့ပြန်ခဲ့ပါတော့သည်။ နွားမအိမ်သို့ရောက် လေးငါးရက်လောက်အကြာ၌ တဘဲဘဲအော်၍မျှော်သည်ကိုမြင်လျှင် ဆရာအရှင်ကိုပင့်ရ၏။ ဗီးတောင်းတာဟု သိရသဖြင့် ကြည့်ကြရ၏။ ပညာလိုချင်သည်ကို ဘယ်လိုလုပ်ရမလဲမေးရာ မေထုန်မှဲ့မေထုန်နှင့်အဆင်ပြေရာကြည့်စီစဉ်ပေးမည်ဟုပြောလျက် နွားမအား ဆွဲထွက်သွားပါတော့သည်။ ထိုနွားမဆွဲသွားရာ လမ်းတစ်လျှောက်တွင် တွေ့မြင်ကြသည့် နွားသမားများမှ ဒီဆရာ ဒီတစ်ခါတော့ရှုံးပြီ။ ဘယ့်နှယ်ကွာ၊ နွားမကကျွတ်တယ်၊ ရွတ်တယ်၊ ကန်ချင်သလို ခွေ့လည်းခွေ့ချင်တယ်ဆိုသည့်စကားသံများ အများထံမှ တအားလျှံကျလာပါလေတော့၏။ ပြီးတော့ နွားဝင်ဆိုတာ နွားပွဲစားကိုခေါ်သည့်အသုံး။ နွားနှင့်ပတ်သက်လျှင် ပတ်ရောင်းတဲ့နေရာမှာ ဖအေပါမရှောင်ဆိုသည့်စကားလည်းပါလိုက်သေးသည်။

ပတ်ချင်ပတ်၊ နှပ်ချင်နှပ်၊ ပြောချင်ရာရာပြော နွားမက ဗီးရသဖြင့် တဖြည်းဖြည်းလှလာပါတော့သည်။ တစ်နေ့တခြား ဝလာလှလာသဖြင့် ခဏခဏလာလာကြည့်ကြ၏။နွားသမားအတော်များများ မျက်စိကျသည့်နွားမဖြစ်သွားရှာတော့၏။

ဘယ်လောက်များ မျက်စိကျကြသလဲဆိုလျှင် ကားပေါ်၊ မြင်းလှည်းပေါ်မှနေပြီး အဲဒီနွားမရောင်းမလားဗျဟု အော်အော်မေးသွားကြ၏။ အဲဒီအထဲမှာ နွားမအား စိတ်အဝင်စားဆုံးသူသည် ဘုရားကြီး ပုလဲနက်အပ်ချုပ်ဆိုင်မှ ကိုသန်းဝင်းဖြစ်လေသည်။ ဆရာ၊ အဲဒီနွားမရောင်းမလား၊ သောင်းကျော်ပေးမည် ရောင်းပါဟု ပြော၏။ တကယ်ဝယ်တကယ်ရောင်းမည်။ ကိန်းသေရောင်းမှာနော်။ မှာလိုက်မည်။ နှစ်ကယ်မှာဗျာ။ ဒါဆို တနင်္ဂနွေနေ့ နွားဝယ်သူများလာကြလိမ့်မည်။ ဘယ်ကိုမှမသွားပါနှင့်ဟု အတန်တန်ဆိုသဖြင့် စောင့်ရပါတော့သည်။

နွားမလေးအကြောင်းပြောကြသူတွေထဲတွင် မိတ်ဆွေတစ်ယောက်မှ ခင်ဗျားနွားမအရောင်က ကင်းလိပ်ချောရောင်တပြောင်ပြောင်နှင့်အသွေးကောင်းအမွေးကောင်း။ ရောင်းစားလျှင် ဈေးကောင်းရမည့်ကြန်အင်လက္ခဏာဗျ။ နွားဆိုတာ မှတ်ထား သူ့ကိုယ်သူရောင်းတာဟု ဆိုချေသည်။ အခြားနွားနားလည်သူများက ကျွန်တော့်နွားမအား သုံးစားမရအောင် ဝေဖန်ကြသည်ကိုပြောခဲ့ပြီး ဖြစ်ပါသည်။ သူတို့ပညာဖြင့် မမြင်သာသည့် အချက်တစ်ချက်မှာ ရှေးအခါက ဘုရားလောင်း နန္ဒိဝိသာလ သန်မာအားကောင်းကြောင်း လောင်းကြေးထပ်လှည်းတပ်၍ဆွဲစေရာမှာ နွားပိုင်ရှင်က ခပ်ကြမ်းကြမ်းဆဲဆိုကာ မောင်းသဖြင့် သူ့နွားက မရုန်းမဆွဲ အရှုံးပဲအဖတ်တင်ပုံကို အမှတ်ထင်ထင် မြင်လာပေတော့သည်။

ကျွန်တော့် နွားမလေးလည်း အဝတ်အစားဖိုးရိုးဖားရား တုတ်တစ်ပြတ်မားတစ်ပြက် ကြမ်းကြမ်းတမ်းတမ်းအမူအရာကိုမြင်လျှင် ရှုံးတိုးရှန့်တန့်နှင့် ခွေဟန်ကန်ဟန်အသွင်သဏ္ဍာန်ဆောင်သည်ကိုကြည့်ကာ သဘောပေါက်လာသည်နှင့် အမျိုးသမီးမှ နွားမအား သူကိုင်မည်ဟုပြောကာ နွားမလေး၏ နာမည်တိုးတိုးပွားဟုမှည့်ထားပါသည်။ တိုးပွားသမီးခေါ်လျက် အနားသွား၊ ဟိုပွတ်သည်ပွတ်၊ ပါးစပ်ကလည်း တတွတ်တွတ်နှင့်ပြုမူပြောဆိုလေလျှင် နားရွက်ကြီးစောင်လျက်ပေပြီးငြိမ်သက်နေသည်။ တစ်စတစ်စနှင့် ယဉ်စပြုလာမှ ရေချိုးပေးကာ ခြင်ထောင်ချုပ်၍ ခြင်ထောင်ဖြင့်အိပ်စေသည်။

ငါးကန်သမားများက ခြံထဲတွင် ရေလျှံတွင်းရှိမှ အဆင်ပြေသည်။ ထိုရေလျှံတွင်းသည် ပေလေးငါးဆယ်တူးလျှင် နှစ်လက်မပိုက်ဖြင့် ရေလျှံထွက်သည်။ ထိုရေငုတ်သို့ ရေသွားခပ်လျှင် နွားမလေးအနားမှကပ်သွားရသဖြင့် တိုးပွားရေ ငါရေခပ်သွားဦးမည်ဟု ပြောကာထွက်သွားလျှင် လိုက်ပြီးတော့ တောက်လျှောက်ကြည့်နေသည်။ နွားနှင့် လူသံယောဇဉ်ကို အဲသည်လိုယူဖြစ်သွားသည်။ ရေငုတ်တွင် အဝတ်ဖွပ်နေလျှင်လည်း ခေါင်းမော့ကာ မျှော်ကြည့်နေရှာသည်ကို တိုးပွားရေဟု အသံပေးသည်နှင့် ဝူးခနဲ ဝမ်းခေါင်းသံနှင့် အသံ

www.burmeseclassic.com

ပြန်ပြုသည်။ အမျိုးသမီး ဈေးသွားလျှင် နောက်မှ မျှော်ကြည့်နေရှာသည်။ ပြန်မရောက်မချင်း အစားမစားဘဲမျှော်သည်၊ ပြန်လာတာမြင်ရမှ အစာဆက်စားရှာသည်။

နွားမလေးအား ဝယ်ရအောင်လာပါမည်ဆိုသည့် ပုလဲနက်အပ်ချုပ်ဆိုင်မှ ကိုသန်းဝင်းတို့နှင့် နွားအရောင်းအဝယ်မဖြစ်လိုက်ပါ။ ထိုအကြောင်းအား နောက်မှရှင်းပြပါမည်။ နောက်ဝယ်ယူလိုသူ ဆည်မြောင်းမှ အရာရှိတစ်ဦးနှင့် သူ့တပည့်တို့ လာကြည့်ကြပြန်သည်။ ဈေးဘယ်လောက်လဲဟု မေးပါသည်။

"ခင်ဗျားတို့ ဘုရားကြီးအပ်ချုပ်ဆိုင်ကလူနဲ့ သောင်းရှစ်ထောင်ပြောထားတယ်။ ဒါပေမယ့် သူတို့နဲ့မဖြစ်လောက်တော့ဘူးထင်တယ်။ သူတို့ပြန်အသွား ကားနဲ့ ရထားတိုက်မိလို့ ကားလည်းပျက်စီး၊ လူတွေလည်း ဒဏ်ရာအနာတရဖြစ်ကြတယ်ကြားတယ်။ သူတို့ချိန်းတဲ့ရက်လည်းကျော်သွားပြီ"

ပြောပြလျှင် သူတို့က နှစ်သောင်းပေးပါမည်ဆိုပါသည်။ ခရီးသွားစရာတိစ္စရှိနေပါသဖြင့် (၃) ရက်လောက်ကြာမည်။ ပြန်ရောက်လျှင်ငွေလာချေပါမည် ပြောကာ ပြန်သွားကြသည်။ ထိုနေ့ည (၇) နာရီခန့်တွင် နွားမလေးမှ နွားမတလေးပဲ မွေးဖွားပေးပါတော့သည်။

နို့များလည်းထွက်လိုက်သည်မှာ (၇)ပိဿာကျော်ကျော်ခန့်ထွက်ပါသည်။ ခွေ့ဖို့၊ ကန်ဖို့နေနေသာသာ 'တိုးပွားရေသမီး၊ ဒီနေ့တော့ နို့နည်းနေတယ်ကွာ' ဟု ပွတ်သပ်ပေးလျှင် နို့ချပေးပြန်ပါသည်။ ချိုသာသောမေတ္တာနှင့်ညှစ်ရမှ ဖြစ်လာသည့်နို့သည် တစ်ဦးမေတ္တာတစ်ဦးမှာ ကူးလာဆက်ဆံ တုံ့ပြန်ပါသည်။ သာကေနို့ဟု လာသမျှတို့အား အာဂတို့နွားမဟု ကြွားပြပစ်လိုက်ချင်မိသည်ထိဖြစ်လေသည်။ ဟုတ်တယ်လေ၊ ဒီဆရာ ဒီတစ်ခါတော့ ရှုံးပြီဟုပြောခဲ့ခြင်းကိုခံရတယ်လေ။

သို့သော် မကြားဖြစ်လိုက်ပါ။ နွားနှင့်ဖက်၍မိုက်တဲ့ငါဖြစ်သွားခြင်းကြောင့်ပါ။ နွားနို့ (၇) ပိဿာရရန်အတွက် နွားမသားသေးသေးလေးအား တစ်ညလုံးလုံးချည်ထားရလေသည်။ နံနက် နို့ညှစ်ယူပြီးမှ နို့မြူရန် နွားမလေးအား ခဏတလေး နို့စို့ခွင့်ပေးရ၏။ နွားမအေကသမီးခေါင်းနှင့်ခွေ၍ နို့တောင်းသဖြင့် နို့တောင်းကောင်းချအပေး ခဏလေးနှင့်ဆတ်ခနဲ နွားမလေးအားဆွဲ၍ မိခင်နှင့် ဝေးရာတိုင်ငုတ်မှာ ချည်ထားရပေသည်။ ထိုအခါမှ နွားမလေးရမည့်နို့အား လူကညှစ်ယူလိုက်သည်။ နွားမလေးက နို့ဆာလွန်းလှသဖြင့် အာသာငမ်းငမ်း ခေါင်းတယမ်းယမ်းဖြင့် နို့စို့ချင်ရှာလွန်း၍ရုန်းနေရှာသည်။ တစ်နေ့လည်းမဟုတ်၊ တစ်ညလည်းမဟုတ် နိစ္စဓူဝမြင်တွေ့နေရသည့်မြင်ကွင်းက ကျွန်တော့်အားရင်မအေးဖြစ်စေပါတော့သည်။

မိမိဇနီးအား -

"နို့နည်းလည်းနည်းပါစေ၊ တိုးပွားသမီးရေ နို့နည်းလို့ချပေးပါဦးလို့ မပြောပါနဲ့တော့ကွာ။ တိရစ္ဆာန်ပေမယ့် သူ့သားသူ့သမီးဆိုတဲ့ကြင်နာအသိ သူ့မှာရှိလို့သာ ဒီနို့ကိုချပေးတာ။ တို့ကိုချပေးတာမဟုတ်ဘူးနော်။ အသိဉာဏ်ရှိလှပါတယ်ဆိုတဲ့လူက အသိဉာဏ်မဲ့တဲ့ တိရစ္ဆာန်အပေါ် မတရားနိုင့်ထက်စီးနင်းယူနေပါတယ်ဆိုတဲ့သရုပ်ကို ခေါင်းတယမ်းယမ်းလုပ်ပြီး ဖော်ထုတ်ရုန်းကန်နေတဲ့ နွားမလေးကိုမြင်ရတာ ငါစိတ်မကောင်းဖြစ်မိတယ်ကွာ။ တို့လည်း နို့ (၇) ပိဿာရနေတာပဲ။ နွားသားလေးအတွက် (၁)ပိဿာချန်ထားပြီး (၆) ပိဿာပဲယူပါမယ်ဆိုတဲ့စိတ်ထားမျိုး တစ်ခါဖူးမျှမထားခဲ့ဖူးဘူး။ (၈) ပိဿာမပြည့်လို့တိုးယူချင်တဲ့စိတ်သာဖြစ်ပါတယ်။ ဒီတော့ကွာ ဒီလိုလုပ်ကြမယ်။ တို့နွားမလေးသားအမိကိုရောင်းပစ်ကြမယ်"

ဟု တိုင်ပင်ပြောပြောလေလျှင် သူ့အနေနှင့် သံယောဇဉ်အမျှင်တန်းဖြစ်နေပြီ။မရောင်းရက်ရက်ပဲဟုဆိုချေသည်။ တိုချင်လျှင်ဖြတ်၊ ရှည်ချင်လျှင်ဆက်တဲ့။

"အခု တို့နွားမလေးက တစ်သားပဲရှိသေးတာ။ နောက်ပေါက်လာမယ့်နွားတွေ အများအပြားပွားစီးလာမှာ။ ဒီလိုပဲ နို့မြူပြီး နိုင်ထက်စီးနင်းလုယူရဦးမယ့်အလုပ် ငါမလုပ်ချင်၊ မလုပ်ရက်ဖြစ်နေတယ်။ တိုတိုနဲ့ အခုကတည်းက ဖြတ်တာပဲကောင်းမယ်။ ရောင်းပစ်ကြမယ်"

ဟု ဗီတိုအာဏာသုံးဆုံးဖြတ်ချက်ချလိုက်သည်။

နွားနှင့်ဖက် ကြွားဝင့်ရက်သည့်သတ္တိက နတ္ထိပြပြန်ယတိပြတ်ဖြတ်ကြည့်ရန်ဆုံးဖြတ်ပြီးသည့် နောက်တစ်နေ့ 'နွားဆိုတာ မှတ်ထား၊ သူကိုယ်သူရောင်းတာ' ဟုပြောသော မိတ်ဆွေဖြစ်သူ၏စကားမှန်ကန်လေ၏။ နှင်တံတစ်ချောင်းနှင့် လူနှစ်ယောက် သုံးနာရီလောက်တွင် လာရောက်ကြသည်။ သွားရင်းလာရင်းကားပေါ်မှ ဒီအိမ်က နွားမအား မြင်ဖူးနေတာကြာပြီ။ ရောင်း ရောင်းမလားဟု သော်လည်း ကြည့်ရှုရင်း ... ဟူသော စကားဖြင့် နွားကြည့်ရှု၍ ... တောင်းဆိုသည်။ လက်ထဲ ... ထားခဲ့ရန် ပြောပြရသည်။ နွားမအား ပတ်ပတ်နပ်နပ်နှင့်ကြည့်ကြပြီးသကာလ (၂)ပိဿာဘယ်ကလောက်မလဲ၊ နားကြားများတာဖြစ်မည်ဟု သူတို့ချင်း၏ တီးတိုးစကားအားရိပ်မိသဖြင့် (၇)ပိဿာထွက်ကြောင်း၊ (၁)ပိဿာ (၃၀၀) ကျပ်ဖြင့်သွင်းရကြောင်း ပြောပြလိုက်လေသည်။

သည်တော့မှ သူတို့ဆန်စက်သို့ ဖရစ်ရှန်နွားသမားများဖွဲ့နဲ့ဆန်ကွဲလာဝယ်ကြကြောင်း၊ သူတို့ပြောတာ စိတ်ဝင်စားပြီး နွားလိုက်ရှာရာ ဒီအိမ်က နွားမနို့နှစ်ပိဿာကျော်ထွက်သည်ဟုကြားရကြောင်း၊ နွားမကောင်းကြောင်းပြောကြသဖြင့် လာခဲ့ခြင်းဖြစ်ပါကြောင်း ပြောပြပါတော့သည်။ ငါကဲ့သို့ နွားရှူးပါပဲလားဟု စိတ်ထဲမှတွေးမိ၏။ ဘုန်းကြီးရှူးနှင့်လေ့လူးတွေ့ကြသည့်ကိန်းပါပဲ။ ရောင်းမည်ဟုများ စိတ်ကူးရှိပါသလားခင်ဗျားတဲ့။

"ဟုတ်ကဲ့ - ရောင်းတော့ရောင်းချင်ပါတယ်။ တစ်လ (၆၀၀၀၀) ကျော်နေတဲ့နွားမပို့ ဘယ်ဈေးနဲ့ရောင်းရမလဲ အဲဒါတော့မသိတာအမှန်ပါပဲ"

ဟု ရိုးသားစွာ ပြောပြလိုက်ပါသည်။

"ခင်ဗျားတို့အနေနဲ့ ဒီနွားမအလားအလာရှိတယ်။ ကြိုက်နှစ်သက်တယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက်ညှိကြတာပေါ့"

ဟု ညှိကြရာ နောက်ဆုံး အရောင်းအဝယ်တည့်သွားပါတော့သည်။

ရိုက်မောင်းပုတ်မောင်းမလုပ်ရန်နှင့်နွားမလန့်တတ်ကြောက်တတ်ကြောင်း တိုးပွားသမီးဟု နာမည်ခေါ်ပါ။ ချော့ပါ ပွတ်သပ်ပေးကာ အသံနှင့် လုယဉ်ပါး အောင်ပြုလုပ်ရန် မှာကြားရပါသည်၊ ထို့နောက် ပါလာသည့် ကြိမ်လုံးအား ဒီမှာထားခဲ့ပါ။ အဲသည်ကြိမ်လုံးမြင်လျှင် နွားမ ခင်ဗျားတို့အိမ်မရောက်၊ နို့လည်း ကိုးရိုးကားရားဖြစ်နိုင်သည်ဟု ပြောပြရသည်။ အမျိုးသမီးမှ ကြိုးချေ၍ ဆွဲထုတ်တာပေါ် ရောက်အောင် ခေါင်းပို့တာ သူတို့လက်အား ကြိုးကို ထပ်မံလွှဲပြောင်းပေးပြီး မှတ်ရှူပဲ့ပြန်ခဲ့လာသည်။ တော်တော်လှမ်းလှမ်းအရောက် ဘဲခနဲအသံကြားလျှင် သူ့နွားမအသံဟုဆိုကာ လိုက်ကြည့်ပြီး ဝမ်းနည်းအသွင်

www.burmeseclassic.com

မြင်မိသည့်မိမိလည်း စိတ်မကောင်းခြင်းများစွာဖြစ်ခဲ့ရတော့သည်။

တို့ရဲ့တိုးပွားက တို့များအတွက်ကုသိုလ်တွေထားပေးခဲ့တာ ရှိနေတယ်လေ။ နွားနို့များ သကြားနှင့်ကျို ဒန်အိုးကြီးနှင့်တစ်လုံး ဥပုသ်သည်များသွားလှူကာ ကောင်းလွန်းလို့ သောက်ကြစားကြဆုတွေပေးကြ သာဓုခေါ်ရသည်များကိုပြောရင်း အခုလည်း သူ့နွားဖိုးထဲကမနက်ဖြန် ရွှေဆံတော်ဘုရားသွားပြီးရွှေသင်္ကန်းကပ်လှူရန် တိုင်ပင်ပြောပြောလိုက်သည်။

ရွှေသင်္ကန်းကပ်လှူအပြီး နောက်တစ်နေ့တွင် လူသုံးယောက် နွားကြည့်ရန်လာကြပြန်သည်။ နွားမကတော့ဖြင့်မရှိပြီ။ နွားဆိုတာ့ သူ့ကိုယ်သူ ရောင်းတာဆိုသည့်စကား မှန်လှချေ၏တကားဟုလက်ခံသွားမိပါတော့သည်။ ဒီလောက်နို့ကောင်းသည့်နွားမရောင်းပစ်ရပ့်မလားဟု ဒီလူကရှူးကြောင်ကြောင်ပါဟု အထူးစောင်မခြင်းခံရပြန်ပါသည်။

ရှူးတာထားပြီး ထူးတာများလည်းပြောပြဦးမှပါ။ ဘုရားကြီးအရှေ့နား ပုလဲနက်အပ်ချုပ်ဆိုင်မှ ကိုသန်းဝင်းတို့နှင့် နွားအရောင်းအဝယ်မဖြစ်ရခြင်းကကိုသန်းဝင်းတို့ချိန်းဆိုသော တနင်္ဂနွေနေ့နံနက်စောစော ဈေးသွားရန် ဇနီးသည်မှခေါ်ချေတော့၏။ မိမိစိတ်ထဲ တစ်မျိုးကြီးလိုလိုဖြစ်နေသည်နှင့် ကိုယ်တစ်ယောက်တည်းသာသွားရန် ငြင်းဆန်ပါသော်လည်း နင်းကန်ကာ ခေါ်မြဲခေါ်နေသဖြင့် မတတ်သာသည့်အဆုံး လိုက်သွားရတော့၏။ ဈေးပေါက်ဝအရောက်တွင် အထဲသို့ဝင်မလိုက်တော့ဘဲ အပြင်ကသာစောင့်မည်ပြောကာ တဒိန်းဒိန်းသံဆူညံနေသည့်မျက်လှည့်ဝိုင်းထဲဝင်ကြည့်နေမိသည်။

ဇနီးသည်က ဈေးဝယ်ပြီးပြန်အထွက် စောင့်မါမည်ဆိုသောနေရာတွင် ကျွန်တော့်အားမတွေ့လျှင် ပြန်သွားနှင့်သည်အထင်ဖြင့် စက်ဘီးသွက်သွက်နင်းကာအလိုက် ကျွန်တော်ကလည်းမျက်လှည့် စိတ်ဝင်စားနေခိုက် မေ့သွားသည်။ သတိရသည်နှင့် ဟိုဟိုဒီဒီရှာအကြည့် ဒီအချိန် သူပြန်သွားလောက်ပြီဖြစ်မည်ဟုတွေးကာ စက်ဘီးအား အသော့နင်း၍လိုက်ပါတော့သည်။

အရင်လိုမှ အနေးတွေ့ရသည်။ ကားကြီးတစ်စီး တစ်ဖက်သို့အကွေ့စက်ချို့ယွင်း၍လာမသိ ထိုးရပ်သွား၏။ လမ်းပိတ်မိလျက်သားသွားမရဖြစ်သဖြင့် အခြားလမ်းမှ ကွေ့လျက် ဖြတ်လမ်းမှနင်းအလိုက် ဘုရားကြီးကျားပုံလမ်းထိပ်လက်ဖက်ရည်ဆိုင်ရှေ့တွင် လူများရုံးစုရုံးစုဖြစ်နေတာရယ်၊ အမလေး အစ်မကြီးသေပါပြီဗျဟုဆိုသည့် အသံရယ်ကြားလိုက်မိ၏။ ငါ့အမျိုးသမီးများဖြစ်နေမလားဟု စိတ်ထဲထိတ်ခနဲဖြစ်ကာ ပူသွားပါတော့၏။ စက်ဘီးအား အရှိန်မြှင့်နင်းလိုက်လေလျှင် ဇနီးသည်မှ အသက်(၂၀) ကျော်အရွယ် လူငယ်တစ်ယောက်အား လက်ဖမ်းဆွဲထားသည်ကို တွေ့ရသဖြင့် ဘာဖြစ်တာလဲဟု မေးရ၏။

ထိုအခါ လူငယ်မှ သူ့သူငယ်ချင်းမများနှင့် ဘုရားကျောင်းအလာ စက်ဘီးလေနည်းနေသဖြင့် လေဖြည့်ပြီးကသောကမျောနှင့်နင်းအလိုက် ရှေ့မှကားလာတာကိုတွေ့ရလေလျှင် မလွတ်လောက်ဟုထင်သည်နှင့် တစ်ဖက်သို့ပြန်အဆွဲတွင် ဒီအစ်မကြီး စက်ဘီးကိုတိုက်မိပြီး အခုလို အစ်မကြီးကားတိုက်ခံရတာပါပဲဟု ဝန်ခံပြောပြော၏။

ဒါကို သူနှင့်ပါလာသည့် အမျိုးသမီးများက ဒီအစ်မကြီး သူ့ဘာသာကားဝင်တိုက်တာပါဟု ဆိုကြသည်။ ဒီလိုဆိုလျှင် အခုပြောကြတဲ့သူတွေကအစအဆုံးမြင်ကြတယ်ပေါ့။ ဟုတ်ပါတယ် မြင်ပါတယ်တဲ့။ တိုက်သွားတဲ့ကားဘာကားလဲ၊ ဘာနံပါတ်လဲဟု မေးလျှင်ဟိုလိုလိုသည်လိုလို နံပါတ်လည်းမသိဟုဆိုကြပြန်သည်။ ဒီလိုဆိုလျှင် အခုပြောကြတဲ့သူတွေက ဒါယာဉ်တိုက်မှုဆိုတာသတိမပြုပါဘူးနဲ့တူတယ်နော်။ တို့ချင်းမပြေလည်ရင် ရုံးရောက်ဂါတ်ရောက်ရောက်မှ အစအဆုံးမြင်ကြပါတယ်လည်းဆိုသေး။ တစ်ယောက်မှလည်း ကားမသိ၊ နံပါတ်မသိဆိုတာ နင်တို့မတရားသက်သက်တွေဟု ခပ်တင်းတင်းပြောမှရုံးသံဂါတ်သံကြားအနားမှ ရှဲထွက်သွားကြတော့သည်။

ရပ်ကွက်ကောင်စီရုံးတွင်ညှိကြ၍ကြားမှပြောပေးသဖြင့် သွားပြီး လူကြီးများမှ တစ်ဖက်နှင့်တစ်ဖက်ညှိလိုက်သည့်အခါ ကျွန်တော်တို့နစ်နာသူအဖြစ်စက်ဘီးဖိုးငွေပေးချေလိုက်၏။ ထိခိုက်နာကျင်မှုမရှိသည့်အတွက် ဆေးဖိုးဝါးခမရရှိသော်လည်း ကားအောက်ရောက်သွားပါလျက် ဘာဒဏ်ရာမှမရ။ မသေကောင်းမပျောက်ကောင်း အင်မတန်ကံကောင်းသည့် အမျိုးသမီးလေးပဲဟုတစ်ခဲနက် လူကြီးများချီးမွမ်းကြပါသည်။

စက်ဘီးပေါ်မှ မြောက်ပြီး ကားအောက်သို့ဇောက်ထိုးကျရောက်သွားပါလျက် ကိုယ်အထက်ပိုင်း ဘာတစ်ခုမှမထိခိုက်သည့်အမျိုးသမီးအား အထူးအဆန်းသဖွယ်လာကြည့်ကြပါသည်။

နှစ်ဦးနှစ်ဖက် ပြေလည်မှုရသွားသဖြင့် စက်ဘီးအပျက်ကလေးယူကာနှစ်ဦးသား အိမ်သို့ပြန်ခဲ့ကြသည်။ အိမ်ရောက်တော့ (၃)နာရီထိုးနေပြီ။ ကလေးများမှာ နွားမဝယ်ရန် ဒိုင်နာကားနှင့်လာကြကြောင်း၊ နွားမကြည့်ကြပြီးအလွန် သဘောကျသွားကြကြောင်း၊ နောက် တနင်္ဂနွေနေ့ ဆက်ဆက်ပြန်လာမည် မှာသွားကြောင်း၊ နွားမအားအခြား မည်သူမျှ ရောင်းမပစ်ရန်မှာသွားကြောင်း ပြောပြကြလေသည်။ ထိုနွားမဝယ်ရန်လာကြသူများပြန်အသွားဆင်မြီးဆွဲအလွန် ရထားလမ်းနှင့် ကားလမ်းအဆုံတွင် သူတို့ကားနှင့် ရထားအက်ဆီးဒင့်ဖြစ်သဖြင့် ပြေလည်ရာပြေလည်ကြောင်း ငွေငါးသောင်းတော့်ကျော်ကုန်ကြောင်း၊ လူလည်း ထိမိခိုက်မိကြောင်း သတင်းကြားရ၏။

တစ်နေ့တည်း မနက်နှင့် ညနေဒါပဲကွာသည်။ စက်ဘီးရှိသူက စက်ဘီးအက်ဆီးဒင့်ကြောင့် ပျက်စီးလင့်ကစားစက်ဘီးအစား စက်ဘီးဖိုးငွေပြန်ရချေသည်၊ လူဘာမှမဖြစ်။ ကားရှိသူက ကားအက်ဆီးဒင့်ကြောင့် ကားပျက်စီးသည့်ပြင် ပြေလည်ရာပြေလည်ကြောင်း ငွေငါးသောင်းကျော်ကျော်လည်းကုန်ကျပြီးလူလည်း အနာတရဖြစ်ရသည်။ ဒီမတူညီသည့်အချက်ကွက်ကွက်ကလေးထည့်တွက်တွေးမိလျက်သားဖြစ်နေသည်။

မိမိအတွေ့အကြုံအရ စက်ဘီးပေါ်မှပြုတ်ကျလျှင် ဦးခေါင်းပိုင်းမျက်နှာတစ်ဝိုက် အများဆုံးထိခိုက်ဒဏ်ရာအနာတရဖြစ်ပြီး ဆေးခန်းရောက်လာတာများ၏။ ဆေးဝါးလည်း လချီ၍ ကုသယူရပေသည်။ ကျွန်တော့်အမျိုးသမီး တစ်ပါးသူ၏ ပယောဂကြောင့် စက်ဘီးပေါ်မှဦးစောက်ကျကာ ကားအောက်ရောက်သွားပါသော်လည်း လူဘာမှမဖြစ်ပေဘာကြောင့်များမဖြစ်သလဲ၊ ဒဏ်ရာအနာတရဖြစ်မှာစိုးသဖြင့် သူမ၏ဦးခေါင်းအားဆွဲပြီး အကာအကွယ်ပေးထားသကဲ့သို့ခံရကြောင်း၊ ဆွဲထားသောလက်မှာတုတ်ခိုင်သန်မာသောလက်ဖြစ်ကြောင်းဟိုမြွေပွေးကြီးနင်းမိမလိုဖြစ်စဉ်တုန်းကဆွဲလိုက်သည့်လက်ပင်ဖြစ်ကြောင်း ပြောပြလေသည်။

ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း



www.burmeseclassic.com

www.burmeseclassic.com

အသက်အန္တရာယ်ကြုံတွေ့မယ်မြင်တိုင်း ဒီလက်ကပဲကယ်နေတယ်ဟုဆိုသည်။ ဖြစ်စဉ်တွေကလည်း ပြောမယုံကြုံဖူးမှ ယုံစဖွယ်ပဲ။ သည်လက်နှင့်သူ ဘယ်လို အပြုအမူတွေကြောင့်များလည်း မတွေးဘဲမနေနိုင်။

တွေးပြီးရင်းတွေးရင်း အတွေးမြင် ဆက်ဖြာမိ ရှေးအစဉ်မပျက်လာရှိသည့် သာဝတ္ထိပြည်တွင် အနာထပိဏ်သူဌေး ဆောက်လုပ် လှူဒါန်းအပ်သော နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်း ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းစံပယ်တော်မူသော လောကထွတ်ထား မြတ်ဘုရားသည် နောက်တော်ပါ သံဃာတော်များခြံရံလျက် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသည်။

ထိုအချိန်တွင် မောင်ပုဏ္ဏဇနီးမောင်နှံလည်း အဝတ်ထုပ်အိတ်နှင့် မုန့်ဆန်းထုပ်ဆွဲလျက် ယောက်ဖတော်တိုဒီယရှိရာသို့ထွက်အလာ နေရောင်အောက်မှာ ရွှေရောင်တောက်ဖြာလျက် ပြိုးပြိုးပြက်ပြက် တလက်လက်နှင့် တစ်ခဲနက် ရောင်ခြည်ကွန့်မြူး အထူးတင့်တယ်သပ္ပာယ်လှစွာသော ဘုရားရှင်အား ဖူးမြင်ရလေလျှင် -

"မောင်ကြီးရေ၊ ဘုရားရှင်နှင့် သံဃာအစဉ်ဆွမ်းခံဝင်လာတာ ကြုံခဲဆုံခဲ အာရုံထဲမှာ သဒ္ဓါပဟုန်ကဲလှတယ်။ ကျွန်မတို့မှာပါလာတဲ့မုန့်ဆန်းကိုလှူကြရအောင်"

ဘုရားအမှူးရှိသော သံဃာတော်မြတ်များအား ဖူးမြော် မုန့်ဆန်းလှူကြသည်။

သတ္တဝါတို့အား အစဉ်သနားတော်မူတတ်သော မဟာကရုဏာတော်ရှင် သဗ္ဗညုတရွှေဉာဏ်ရှင်သည် အသက်ရှည်စွာအနာမဲ့ရေး ရန်ဘေးကင်းကြောင်းကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာသုံးရပ် မြတ်ထက်မြတ်ကုန် သရဏဂုံကို ချီးမြှင့်တော်မူလေသည်။ မကောင်းဟူသမျှ မတွေ့ရအောင် နေ့ညမရှောင် သရဏဂုံဆောင်ရန် သတိပေးစကားလည်း မြွက်ကြားလိုက်လေသည်။

မောင်ပုဏ္ဏတို့ ဇနီးမောင်နှံလည်း သွားဆဲခရီးကိုဆက်ထွက်လာကြသည်။ အဘက်ဘက်မှ တွက်ချက်ချိန်ဆကြည့်တာ ဘယ်ဘက်ကမှကို မမီလှသည့် အစ်ကို ဒီယအိမ်သို့ ရောက်ခဲ့ကြလေသည်။ နှစ်အတန်ကြာခွဲခွာပြီး အခုမှ ပြန်တွေ့ရလေလျှင် ဝမ်းနည်း၊ ဝမ်းသာဖြစ်နေကြရှာ၏။ အစ်ကိုနှင့်ယောက်မကလည်း ကောင်းပြုကြရှာ၏။ မောင်ပုဏ္ဏသုံး၊ လေးရက်မျှနေပြီး အိမ်မှုလုပ်ငန်းကိုင်ငန်းများအတွက် ပြန်ရသည်။ ပြန်ခါနီးတွင် ဘုရားရှင်၏ မမေ့မလျော့ရန်မှာလိုက်သည့် ဘေးရန်လုံခြုံ သရဏဂုံကို ယုံယုံကြည်ကြည်နှင့် ရွတ်ပွားရန်မှာကြားခဲ့သေးသည်။

မယ်ကဥ္စနနှင့် တတယ်ယှဉ်ကြ စတမ်းသာဆိုရလျှင် နဂိုကပင် ချောအလှတွင် လက်ဝတ်တန်ဆာဟူသော ရတနာယဉ်ဆင့်သဖြင့် အသွင်တင့်လှသည့် မယ်ကဥ္စနအား ကြာလေလေ အလိုများသည့်အစ်ကိုမယား၏စိတ်မှာ ဣဿာတိတ်စွာစွဲ၍ အဘိဇ္ဈာကဲကာ အိပ်ရာထဲမှာလဲရှာပါတော့၏။ သည်မျှဖြစ်အင်ကို ဒီယဆိုတဲ့ချစ်လင်မှ အရင်ကလို ရွှင်ပျပျကိုမရှိ ငူတိငိုင်တိုင်နှင့်ပူမိကာ မှိုင်တွေ၍ ယိုင်ခွေခွေကြီးဖြစ်နေသည့်ဇနီးအား -

"မိန်းမ၊ မင်းနေမကောင်းဘူးလား၊ အိပ်ရာထဲမှာ ခွေနေပြီး မှိုင်လှချေလား။ ယောက်ျားကိုပြောစမ်း။ ဘာများအလိုမကျဖြစ်နေလဲ"

တစ်ခွန်းမေးလည်းမဖြေ၊ နှစ်ခွန်းမေးလည်းမဖြေ တုဏှိဘာဝေလုပ်နေသည်။ ထပ်ကာထပ်ကာမေးပါများတော့မှ ပလီပလာတီတီတာတာနှင့် -

"ကျွန်မ အလွန်မှစိုးရွံ့မိပါတယ်။ ကြောက်လည်းကြောက်လှပါတယ်ရှင်"

"ပြောမှာသာပြောစမ်းပါ။ လင်ရယ်မယားရယ်ဆိုတာ အေးအတူပူအမျှ ဖေးကူမရတာပဲလေ။ [illegible]င်းရင်ထဲမှာရှိနေတဲ့အစိုင်အခဲ တစ်ထိုင်တည်းဖွင့်ထုတ်လိုက်မှသာ ရင်ပေါ့သွားမှာပေါ့"

"ကျွန်မအပေါ် ရှင်စိတ်ဆိုးသွားမှာ စိုးကြောက်လှပါတယ်"

"ပြောသာပြောစမ်းပါ"

"ဒီလိုပါ ယောက်ျားရယ်။ ကျွန်မလေ ကျွန်မရဲ့သွေးသားဆန္ဒအာသီသ ပြင်းပြတာက ငြင်းရမအောင် ညှဉ်းလှပါတယ်။ မသင့်ဘူး မလျော်ဘူး အထူးတွေးပြီး ကိုယ့်စိတ်ကိုလည်း အခါခါချိုးနှိမ်ထားပါတယ်။ ချိုးနှိမ်ထားလေ စိုးရိမ်စရာများလေလေဖြစ်ကာ နှလုံးလေဟပ်သေမတတ် ခံစားရပါတယ်။ ပြောပြဖြစ်ပြန်ရင်လည်း ဒေါသဖြစ်ချင်စရာပဲမှန်ပေမယ့် ခံနေရတဲ့ဝေဒနာ သက်သာရာသက်သာကြောင်းတယ်အကြောင်းတွေးတွေး မယ်ကဥ္စနလည်ချောင်းသွေးအား သောက်ရမှသာ ပျောက်ကင်းချမ်းသာရပါလိမ့်မည်"

ဟု မဝံ့မရဲပြောလိုက်သည်။

"မသင့်လျော်ပါဘူး မိန်းမရယ်"

"ထိမ်းမရသိမ်းမရ မိန်းမရဲ့အသက်မငဲ့ကွက် ရှင်တန်ဖိုးမထားဘူးဆိုရင်လည်းနေပေါ့လေ။ ကျွန်မထိုက်နဲ့ ကျွန်မကံရှိပါစေတော့" -

မိန်းမဖြစ်သူ၏ ဝေဒနာစကားအသေချာကြားရချက် နားဝမှမထွက်ဘဲ ကွက်ခနဲပေါ်လာသည့်အကြံနှင့် အရန်သင့်ရှိသည့် မယ်ကဥ္စနအား -

"ညီမရေ မတွေ့ရတာကြာလို့ မနေ့က ရွာသို့အသွား ဘာလို့များ ညီမကိုခေါ်မလာတာလဲလို့မေးကြတယ်။ ဟိုဘက်ရွာက ညီမလေးကို လာစေချင်ကြတယ်။ တို့မိဘများထားခဲ့တဲ့ အကြွေးတွေလည်း ရစရာရှိနေတယ်။ အဲဒါကို တို့မောင်နှမ သွားတောင်းရအောင်"

နံနက်စောစော ထွက်လာခဲ့ကြသည်။ သွားခါနီး သူဥစ္စာမှန် မတရားကြံ၍ ဖောက်ပြန်သေကျေပျက်စေလိုငြား အဘိဇ္ဈာဗျာပါဒသမားမယားက -

"ယောက်ျားရယ်၊ ယောက်မလေး မယ်ကဥ္စနက ကိုယ့်လေးလက်ဝန်ကြီးနဲ့ ခရီးသွားဖို့မတော်ပါဘူး"

ဟု ဟန်ဆောင်ကာ မူပိုစကားအား သူလိုရိုးရိုးသားသားပဲမှတ်ထင်ပါ၍ ခပ်ရွှင်ရွှင်နှင့်သာလိုက်သွားလေသည်။

"အစ်ကို၊ လှည်းကိုဘယ်ကိုဦးတည်မောင်းနေတာလဲ။ တောအုပ်ထဲရောက်လာသလိုပဲ"

အစ်ကိုဖြစ်သူဘာစကားမှမပြော။ တောနက်ထဲသို့ရောက်လျှင် လူမမြင်သူမမြင်နေရာရွေးကာ လှည်းအားရပ်ထားလိုက်ပေသည်။

"ကဲ - ဆင်းစမ်း"

"အစ်ကို၊ ရွာကိုဆက်မသွားဘဲ ဘာလုပ်ဦးမလို့လဲ"

"စကားတွေရှည်မနေနဲ့။ ဆင်းမှာသာမြန်မြန်ဆင်းစမ်း"

ခပ်ကြမ်းကြမ်း လှည်းပေါ်မှ ဆင်းခိုင်းသည်။

"ငါ့မိန်းမအိပ်ရာထဲမှာ လဲနေတာဘာကြောင့်ထင်လဲ၊ နင့်လည်ချောင်းသွေးမသောက်ရလို့ဘဲ၊ အခု နင့်လည်ချောင်းသွေးဖောက်ယူရန် ဒီကိုခေါ်လာတာ"

"အစ်ကိုရယ်၊ ညီမလေးမှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ပါ"

"တာ - စကားရှည်လိုက်တာ

www.burmeseclassic.com

ကဲကွာ"

ဟု ဆံပင်ဆောင့်အဆွဲ ဗုန်းခနဲ ပစ်အကျ ဖြုန်းခနဲအဖြစ်က ဗိုက်ထဲမှ သန္ဓေသားမွေးဖွားရန် လှုပ်ရှားလာလေသည်။ မီးဖွားချင်လှ၍ အစ်ကိုရှေ့မှာပင် ဖွေးဖွေးရွရွနှင့် ကလေးအလှအား မွေးဖွားချလိုက်ပါတော့သည်။

သူ့ဘာသာ ကလေးမွေးထုတ်ထုတ်၊ မထုတ်ထုတ် အရေးမလုပ်သည့် ဒီယ။ ညီမအားရုတ်ခနဲကုပ်ဆွဲ၍ အသွားမယားစိတ်မွှန်ပြီး ဓားထိပ်ချွန်ချွန်ကြီးဖြင့် မိမိလည်ချောင်းထိုးဖောက်မှာစိုးကြောက်ရှာသည့်မယ်ကဥ္စန။ တကယ်အမြင်လှသွားသည်က သရဏဂုံကိုယ်လုံးခြုံ ပုံ၍ အားကိုးကြဟု ဘုရားရှင်မှာ ကြားလိုက်သည့်စကားသတိရသွားသည်နှင့် -

**ဗုဒ္ဓ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသလို ဝေနေမျှားစွာ သတ္တဝါအပေါင်းတို့အားလည်း သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်စေတော်မူတတ်သော မြတ်စွာဘုရားကို၊ **သရဏံ** - ဆင်းရဲပယ်ခွာ ချမ်းသာစေတတ် အမြတ်ရတနာအားကိုးရာဟူ၍၊ **ဂစ္ဆာမိ** - ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။ **ဓမ္မံ သရဏံ ဂစ္ဆာမိ** - ဓမ္မံ မဂ်လေးတန်ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို **သရဏံ** -ဆင်းရဲပယ်ခွာ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာ ဟူ၍၊ **ဂစ္ဆာမိ** - ယုံကြည်သိမှတ် ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား။ **သံဃံ သရဏံဂစ္ဆာမိ** - အရိယာရှစ်ဖော် သံဃာတော်နှင့် သမုတိနွယ်ဝင် ထေရ်အရှင်အပေါင်းကို၊ **သရဏံ** - ဆင်းရဲပယ်ခွာ ချမ်းသာစေတတ်အမြတ်ရတနာအားကိုးရာဟူ၍၊ **ဂစ္ဆာမိ** - ယုံကြည်သိမှတ်ဆည်းကပ်ကိုးကွယ်ပါ၏ အရှင်ဘုရား ဟူ၍ ဘေးရန်ပယ်ရှား ကောင်းကျိုးများသည့် သုံးပါးရဏဂုံ ရွတ်ပွားထုံပုံ၍ အားကိုးလိုက်ပါတော့သည်။

ထိုစဉ် မယားနှင့်ကလေးအတွက် ဓားဝင့်လျက် ပြေးထွက်လာပြီး -

"ဟော့ကောင် လူယုတ်မာ၊ မင်းသေပေတော့"

"ဟာ - ဒီကောင်ပုဏ္ဏပါလား"

ဟု ကဆုန်ချကာ ထွက်ပြေးရှာပါတော့သည်။

"ဟင်-မောင်ကြီး၊ မောင်ကြီးရယ်၊ ကံသီပေလို့ ရောက်လာတာပါလား။ ကျွန်မဖြင့် သေပြီလို့ တွက်ထားတာ။ ကြောက်လိုက်တာလွန်ပါရော"

"မကြောက်ပါနဲ့၊ ဘာအန္တရာယ်မှမရှိတော့ပါဘူး။ ကဲ - လာ လာ"

ဟု ပွေ့ချီကာ လှည်းပေါ် တင်ပေးပြီး သာဝတ္ထိပြည်သို့ဦးတည်လျက်မောင်းထွက်လာခဲ့သည်။ သာဝတ္ထိမြို့အလွန် ဇရပ်တစ်ခုသို့ရောက်လေလျှင် လှည်းကိုခဏနားကာ အစားအစာစားသောက်ကြသည်။ သွေးနုသားနု ထိတ်လန့်မှုစသော သောကအစုမှလျော့ကျမှုရကာ အစာစားပြီးသည်နှင့် ကလေးနီတာရဲလေးအား နွေးနွေးထွေးထွေး နို့ချိုတိုက်ကျွေးရင်း ငိုက်မေ့စင်းကာ အိပ်ပျော်ခြင်းသို့ရောက်သွားသည်။

မိုးလင်းခါနီး တစ်ရေးနိုးလျှင် ဘေးဘီအား ဝေ့လည်ကာကြည့်လိုက်သည့်အခါတွင် လှည်းလည်းမမြင်၊ လင်သားလည်းမတွေ့ရ၍ စိတ်အားငယ်ကျသွားလေသည်။ မိုးစင်စင်လင်းလေလျှင် ဟိုခပ်လှမ်းလှမ်းမှလာနေတာ ကိုပုဏ္ဏနှင့်တူလိုက်တာ။ ဟုတ်တယ် - ကျိန်းသေပါတယ်။ ကိုပုဏ္ဏပဲ။

"ဟာ-မယ်ကဥ္စနနှင့်တူပါတယ်ဆိုပြီး မောင်ကြီးလာခဲ့တာ။ ဘယ်လိုဖြစ်တာလဲ ဘယ်သူနှင့်လာခဲ့တာလဲဟင်"

"ဟော့တော် ကိုပုဏ္ဏ၊ ရှင်မေ့သွားတာလား။ မောင်ကြီးပဲ ကျွန်မတို့သားအမိကို ခေါ်ခဲ့တာလေ။ ညောင်ပင်ရင်းမှာ အစ်ကိုက ကျွန်မကိုသတ်မလို့လုပ်တုန်း မောင်ကြီးလာခေါ် သွားတာလေ။ ညက ဒီဇရပ်မှာ ကျွန်မတို့နားကြတယ်။ မနက်မိုးလင်းတော့ မောင်ကြီးနဲ့ လှည်းကို မတွေ့ရလို့ အားငယ်လိုက်တာ။ မောင်ကြီးကဘယ်သွားနေတာလဲဟင်"

"မယ်ကဥ္စန၊ မင်းဘာတွေလျှောက်ပြောနေတာလဲ။ မင်းရဲ့အစ်ကိုရွာကို ငါလိုက်ပို့ခဲ့တာ လေးလရှိသွားပြီ။ အဲဒီလေးလအတွင်း တစ်ခေါက်မှ ငါမရောက်ခဲ့ဘူး။ လှည်းနဲ့ငါလာခေါ် မယ်ဆိုတာလည်း မဖြစ်နိုင်ဘူး။ မင်းဘယ်လိုများနေနေမလဲဆိုတာသိချင်တာရယ်၊ သတိရလွန်းတာနဲ့ ငါ ဒီနေ့မှ အိမ်မှထွက်လာခဲ့တာ"

မယ်ကဥ္စနလည်း အစ်ကိုဖြစ်သူ ဒီယ၏ ညီမအပေါ် စိတ်မာတ်ယုတ်မာရက်စက်မှုအားလုံးကို ပြောပြလိုက်လေသည်။ အသက်သေခါနီးတွင် လာကယ်သော သူယောကျ်ားပုဏ္ဏအသွင် ဘယ်ပုညရှင်ယူခဲ့သလဲ။

သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရား၏ရှေ့နှုတ်တော်မှ ခြွေထုတ်ဖော်မြွက်ဟ ချီးမြှင့်တော်မူခဲ့သည့် သရဏဂုံကိုယုံယုံကြည်ကြည်နှင့်ထုံတည်မှုကြောင့် လေးလအကြာတွင် ဘေးဘယက္ခာစဉ်၍ အေးမြစွာပင် ဖေးမရှာသည့် သူ့လင်ပုဏ္ဏနှင့်ဆုံရသည့် မယ်ကဥ္စန၏ ဖြစ်ရပ်မှန်က လစ်လပ်ကျန်သမျှတို့အတွက် စံပြဖို့အချက်ဖြစ်ကြောင်း နှစ်ပေါင်းကုဋေကုဋာသေအချာပြောပြနေဦးမှာပါ။

❑

မြတ်စွာဘုရားပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက် သာသနာတော်နှစ် ၂၅၅၀ အတွင်းကဖြစ်ခဲ့ခြင်းကား အန္တရာယ်မှ ကာကွယ်ပေးခဲ့ခြင်းတို့အပြင် အိမ်ထောင်ကျစ ရေတွင်းသို့ရောက်သွားရင်း ရေတွင်းထဲသို့လျှောကျသွားသည်။ ဆွဲမိဆွဲရာဆွဲလိုက်ရာ မြေဇာမြက်ဖုတ်အားဆွဲမိလျက်သားနှင့် တွဲလောင်းဖြစ်နေသည်။ ထိုအချိန် ရေတွင်းရှင်မှ အခုန်ကောင်မလေးတစ်ယောက် ရေလာခပ်တာ ပြန်သွားတာမတွေ့ရဘူး။ ဘာများဖြစ်နေလဲမသိဟု လာ၍အကြည့် ရေတွင်းထဲဖွဲလောင်းကြီးဖြစ်အင်ကို တွေ့ရ၍ ဆယ်ယူခြင်းခံရသဖြင့် သေဘေးမှလွတ်ခဲ့သည်။

ထိုနေ့ညတွင် မှတ်မှတ်ရရ ဓားပြတိုက်ခြင်းခံရသည်။ လင်ယောကျ်ားဖြစ်သူ ကျွန်တော့်အား သေနတ်ဒင်နှင့်ဆောင့်၊ ခြေထောက်ဖြင့်ကန်ခြင်းခံနေရသော်လည်း သူ့အား ဓားပြငယ်တစ်ယောက်မှ သွားသွားပုန်းနေဟု တိုးတိုးပြောသဖြင့် သွားပုန်းနေပါ၍ ဘာအန္တရာယ်မှမဖြစ်။

ထိုဖြစ်အင်ဖြစ်ရပ်တို့ကိုကြည့်ပြီး သရဏဂုံယုံ့သူနှင့် သရဏဂုံကျင့်သူ ဘယ်သူက ဘေးအန္တရာယ်နှင့် ကြုံ၍ ဘယ်သူဘေးရန်အန္တရာယ်မှ လုံခြုံမှုရ သလဲ။ သဲသဲကွဲကွဲမဟုတ်သော်လည်း နည်းနည်းတော့ရိပ်မိသွားသည်။ ညအိပ်လျှင် အိပ်မက်တွင် သရဏဂုံရွတ်လျှက် အသံထွက်နေသည်ကိုကြားရသည့် အ မှ ငါ့ခွေးမလေးက သရဏဂုံမယ်လေး ဟု အငယ်ခွေးလှအား ကြွားလေသည်။

ဤကဲ့သို့ သရဏဂုံစွဲထုံစေ ငယ်စဉ်က သူတို့အိမ်တွင် တည် ဆွမ်းဆန်ရပ်သည့် သီလရှင်အမေ ဒေါ်မေဓာမှ တော်တော်စေတနာ နှင့် သင်ပေးရှာသည်။ သမီးလေး စိတ်ဖြူလှတယ်၊ သရဏဂုံစွဲထုံမှ ဟူ၍ ဆောက်တည်စေပါသည်။ ဗုဒ်



www.burmeseclassic.com

www.burmeseclassic.com

ရောမြေ-ကျော်ဝေ

# မျက်ခမ်းစပ်၊ မျက်မွှေးရောင်ရောဂါများပျောက်သည့်ဆေးနှင့် တစ်နှစ်ပတ်လုံးမျက်စိမနာသောဆေးနည်းတစ်လက်

နွေ၊ မိုး၊ ဆောင်း ဟူသော သုံးရာသီတွင် ရာသီအပြောင်းအလဲတွင် အဖျားအနာများဖြစ်ကြသလို မျက်စိများလည်းနာကြပါသည်။ မျက်စိမနာလျှင် ခေတ်မမီဟုဆိုကြပါသည်။ ထိုဆိုသော စကားကို ကျွန်တော်၏ အဘိုးဖြစ်သူ အဘတိုးက လက်မခံပါ။

"မင်းတို့မြို့မှာသာ မျက်မြှေးရောင်ရောဂါနဲ့မျက်စိနာရောဂါဖြစ်တာများတာပါ။ တို့ရွာမှာတော့ တစ်ယောက်မှမျက်စိမနာဘူးဟေ့။ ငါတို့ဆောင်းမခတစ်ရွာလုံးကိုပြောတာ။ ကလေး၊ လူကြီးအကုန် အိမ်ခြေ (၂၀၀) ရှိ လူအားလုံးကိုပြောတာ။ မင်းမယုံရင် ကြိုက်တဲ့အချိန်လာကြည့်၊ မျက်စိနာနဲ့ပတ်သက်လို့ တစ်ယောက်မှမရှိဘူး။ ငါအာမခံတယ်"

ဟု အဘတိုးက ဆိုသောအခါ ကျွန်တော်သည် အတန်ငယ်စဉ်းစားပြီး-

"အဘတိုးတို့ရွာကလူတွေ မျက်စိမနာဘူးဆိုတာ ကျွန်တော်တော့ ယုံရခက်ခက်ပဲ။ အဘတိုးတို့ဆောင်းမခရွာကလူတွေက နတ်တွေမို့လို့ မျက်စိမနာတာလား။ ထားပါတော့၊ အဘတိုးတို့ အနီးဝန်းကျင်ရွာနီးစပ်ရွာတွေကကော"

"အဲတာတော့ တခြားရွာသူရွာသားတွေအတွက်တော့ ငါအာမမခံဘူးဟေ့။ ငါ့ရွာကိုတော့ မင်းလိုက်ကြည့်ရင် သိရလိမ့်မယ်။ ဆေးနည်းကိုတော့ ငါ မင်းတို့မြို့မှာမပြောဘူး။ မင်းငါနဲ့ရွာကို အလည်လိုက်ခဲ့။ မင်းအပြန် ကောက်ညှင်းဆန်တို့၊ ငါ့ခြံထွက်ငှက်ပျောတစ်ခိုင်လည်း လက်ဆောင်ပေးလိုက်မယ်"



ကျွန်တော် ရွာကို မရောက်သည်မှာ ငါးနှစ်ဝန်းကျင်ရှိနေပြီဖြစ်သဖြင့် အဘတိုးက မြို့ကိုအလည်လာရင်း ကျွန်တော့်ကို ရွာသို့အလည်ခေါ်ခြင်း ဖြစ်သည်။ အဘတိုးသည် အမေ၏ဦးကြီးအရင်းဖြစ်သလို ကျွန်တော်နှင့်လည်း အဘိုးတော်သူဖြစ်သည်။ အသက် (၈၀) ပင်ဖြစ်နေသော်လည်း မျက်စိအားကောင်းသလို သန်မာဖျတ်လတ်သည်မှာ အသက် (၆၀) အရွယ်အလား အရွယ်တင်ပါသည်။ ကျွန်တော်သည် ငယ်စဉ်ကတည်းက စာရေးစာဖတ်ဝါသနာပါခဲ့သလို ဆေးဖက်ဝင်သောအသီး၊ အပွင့်၊ အရွက်၊ အပင်များကိုလည်း လေ့လာနေသူဖြစ်ပါသည်။ တိုင်းရင်းဆေးဆရာတစ်ယောက်တော့မဟုတ်ပါ။ အစိုးရဝန်ထမ်းတစ်ဦးပင် ဖြစ်ပါသည်။

ဆောင်းမခရွာကြီးရှိ အဘတိုး၏ ခြံကြီးသည် အလွန်ကျယ်ပါသည်။ ခြံကြီးထဲတွင် ငှက်ပျောအမျိုးမျိုးကို စိုက်ပျိုးထားသလို ခြံ၏ပတ်ပတ်လည်တွင် ခြံစည်းရိုးအဖြစ် ကင်စွန်းချဉ်ပင်များကို လက်ချိုးလျက် ဆတိုးသရဏဂုံပုတီးစိပ်ဖို့လည်းသင်ပေးသည်။ ဆတိုးသရဏဂုံဆိုတာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟူ၍ နှစ်ကြိမ်မှသည် (၈) ကြိမ်ထိတိုင်အောင် ဗုဒ္ဓံ (၈) ကြိမ်၊ ဓမ္မံလည်း (၈) ကြိမ်၊ သံဃံလည်း (၈) ကြိမ်စီ၊ လက်ရေချိုးမိလျှင် ဗုဒ္ဓံလည်း (၃၆) ကြိမ်၊ ဓမ္မံလည်း (၃၆) ကြိမ်၊ သံဃံလည်း (၃၆) ကြိမ်ဖြစ်ကာ အားလုံးပေါင်း (၁၀၈) ခေါက်ရသွားပါသည်။ ပုတီးတစ်ပတ်ရသည်ဟုဆိုလိုခြင်း ဖြစ်ပါသည်။

ထိုသရဏဂုံရသည်မှ နံနက်အိပ်ရာထမျက်နှာသစ်လျှင်လည်းရွတ်၊ အစာစားလျှင်လည်း တတွတ်တွတ်နှင့်ရွတ်၊ ဘယ်နေရာရောက်ရောက်တောက်လျှောက် ဝတ်ထား၍ ရွတ်ပွားလျက်ရှိတာကိုလည်း တွေ့ရလေသည်။ ဆတိုးသရဏဂုံပုတီးစိပ်ကို ဘုရားဝတ်တက်ပြီးသည်နှင့် ငါးပတ်စိပ်သည်မှာ ယနေ့အထိ မပျက်မကွက်စိပ်လျက် ယနေ့ထိ တွေ့သိနေရပါသည်။

ကျွန်တော်၏မှ အမျိုးသမီးအား အသက်အန္တရာယ်မှ ကာကွယ်ရန် ရုတ်ခနဲ ကုပ်ဆွဲတဲ့ တုတ်ခဲသည့်လက် ဘယ်သူ့လက်လဲ။

မယ်ကဥ္စန အသက်သေခါနီးတွင် သူ့ယောကျ်ားပုဏ္ဏသွင် ဘယ်ပုညရှင်ယူခဲ့သလဲ။

- ဟိ တေ ပဝတ္တနေန အဟိတာစ
  နိဝတ္တနေန သတ္တာနံ
  ဘယံ သရတိ ဟိံသတိ ဝိနာသေ
  တီတိ သရဏံ။ ။

(ဒီဃ ၁၊ ၂၀၅-၆)

သရဏဂုံကို ရွတ်ဆိုလိုက်တာနှင့် တစ်ပြိုင်နက် သရဏဂုံအရှင်ပေါ်မှာ ကျရောက်လာမည့် ဘေးရန်အန္တရာယ်မှန်သမျှ ပယ်သတ်ပစ်နိုင်သည့်အစွမ်းသတ္တိရှိပါသည်ဟု သိသာလွယ်သည့် ဒီဃနိကာယ်တွင်လာရှိသည့် အထက်ပါပါဠိဂါထာက ဖြေရှင်းပေးသည်ကို တွေ့ရပါမှ -

- ဘေးရန်ပယ်ရှား ကောင်းကျိုးပွား
  သုံးပါးသရဏ၊
  မမှိတ်မသုန် ရွတ်ပွားထုံ
  ပုံ၍အားကိုးကြ။
  သရဏဂုံ ကိုယ်လုံးခြုံ
  လုံးစုံသိဒ္ဓိရ။

ဟု မိန့်ရှိကြသည့် ဣဒ္ဒိပါဒ်အဖုံဖုံနှင့် ပြည့်စုံကုံလုံ သရဏဂုံအားဝတ်ထား၍ ရွတ်ပွားလေ့ရှိသော ကျွန်တော့်ဇနီးအတော့်ကိုနီးသည့် အသက်အန္တရာယ်မှ မပျက် အမှန်ကယ်ခဲ့သည်မှာ အရိယသာဝတ္ထိဂါထာခေါ် သရဏဂုံတော်ပါဟု ဂုဏ်ဖော်ကာ ကြွေးဝင့်ခြင်းအမှုအားနှင့်ရင်းပြုမိပါကြောင်း။

နေဝင်းဦး (ပြည်)

www.burmeseclassic.com



စိုက်ပျိုးထားသည်မှာ ကြက်တိုးလို့မရပေ။ အဘတို့၏ဇနီး အမေ ဒေါ်မယ်သုံးက ကင်းပွန်းချဉ်ရွက်များကို ကတ်ကြေးဖြင့်လိုက်ဖြတ်ပြီး တစ်ကျပ်တန်အစည်းများစည်းပြီး ခမောက်စုဈေးသို့ နေ့စဉ်ဖောက်သည်ပေးနေကျပင်။ နွေရာသီတပေါင်းလရောက်တိုင်း ကင်ပွန်းသီးများကိုကောက်ပြီး ခံတောင်းထဲတွင်ထည့်ထားသလို အချို့အဝက်ကို အစေ့များထုတ်၍ ပလတ်စတစ်အိတ်များနှင့်ထည့်သိမ်းထားလေသည်။ ကင်ပွန်းချဉ်ပင်စိုက်သည်မှာ အဘတို့၏တစ်အိမ်တည်းမဟုတ်၊ ခြံရှိသူအိမ်တိုင်းလိုလိုပင်။

ကျွန်တော်သည် သူငယ်ချင်းဖိုးလပြည့်နှင့်အတူ ရွာတွင်းရှိ ဘော်လီဘောကွင်းသို့ သွားရောက် ကြည့်ရှုသလိုရွာသူရွာသားတို့၏မျက်နှာများကိုလည်း အပြုံးအရယ်မပျက် တွေ့မြင်ခဲ့ရပါသည်။ အဘတိုးသည် ရေနွေးကြမ်းပိုင်းဘွင် ထန်းလျက်ခဲနှင့် ပဲကြီးလှော်တို့ကို အမြည်းအဖြစ် ထည့်ပေးထားပြီး -

"ငါ့မြေး - စားလေကွာ၊ မင်းဖိုးလပြည့်နဲ့ ရွာထဲလျှောက်လည်တာ ဘယ့်နှယ် အဆင်ပြေရဲ့လား။ ရွာထဲက ကွမ်းတောင်ကိုင် မိဆောင်းတင်ကိုကော တွေ့ခဲ့ရဲ့လား။ မိဆောင်းတင်က မင်းတို့လို မြို့သားတွေကို သဘောကျမှာကွ။ သူက တစ်သွေးတစ်မွေးတောသူဆိုပေမယ့် မြို့သူထက်တောင် ချောသေး။ သူ့အမေ မမြရှင်က မင်းကို အိမ်လည်တာဖို့ဖိတ်လိုက်သေးတယ်ကွ။ ငါ့မြေး၊ ဘာမှအတွေးမလွဲနဲ့။ ကျွန်မှာ ကုလား၊ မယားမှာတောသူတဲ့ကွ။ မင်းက လက်ရှိဝန်ထမ်း အစိုးရလခစားဆိုတော့ သူတို့က ငြင်းမယ်မထင်ဘူး။ ငါ မင်းမိဘတွေနဲ့တိုင်ပင်ပြီး မင်းကို မိဆောင်းတင်နဲ့ အိမ်ထောင်ချပေး ချင်တယ်။ ငါ့မြေး ဘယ်လိုသဘောရသလဲ"

"ကျွန်တော် မိန်းမမယူချင်သေးပါဘူး အဘ။ ကျွန်တော်မှာ ဘာမှစုမိဆောင်းမိမရှိသေးပါဘူး။ ဒါထက် အဘရဲ့ စကားကို ဖြတ်တယ်လို့မထင်ပါနဲ့။ အဘ ကျွန်တော့်ကို မြို့မှာ ဆေးနည်းမပေးဘူး။ တောလိုက်မှပေးမယ်ဆိုတာ မျက်စိမနာတဲ့ဆေးနည်း။ တစ်နှစ်ပတ်လုံး အဘတို့ဟောဒီဆောင်းမခရွာသားတွေ မျက်စိမနာတဲ့ဆေးနည်း ကျွန်တော်ကိုပြောပြပါလား အဘ။ ကျွန်တော်သိချင်လို့ပါ"

"ငါ့မြေးကလည်း ဖြည်းဖြည်းပေါ့။ မင်း ပြန်ခါနီးတော့ အဘပြောပြမှာပေါ့။ အဘပြောတဲ့ ဆောင်းတင်လေးကို မင်းတွေ့ရင် သဘောကျမှာပါကွာ"

"အဘကလည်း၊ အောင်သွယ်တော်ဖိုးလမင်းကြီးကျနေတာပဲ။ ကဲကဲ-ကျွန်တော် အဘပြောတဲ့မိဆောင်းတင်ကိုယူမယ်ဗျာ။ ကျွန်တော်လိုချင်တဲ့ဆေးနည်းကိုသာ မြန်မြန်ပြောပြပါတော့ဗျာ"

အမေသုံးသည် အဘကို စိတ်မရှည်သည့်လေသံဖြင့်-

"ကိုတိုးကလည်း၊ တော်က ကလေးကိုအောင်သွယ်နေပြန်ပြီ။ ကလေးက မြို့မှာ သူ့ရည်းစားရှိရင်ရှိနေမှာ။ သူ့သဘောကျမှလုပ်ပါတော်။ ဆေးနည်းဆိုတာ ဘာလဲ။ တော်တို့ပြောနေတာ ကျုပ်ဘာမှနားမလည်တော့ဘူး"

"ဟဲ့- မယ်သုံးရဲ့၊ မင်းမြေးက ဆေးနည်းလိုချင်တာက နှစ်စဉ်မျက်စိမနာတဲ့ဆေးနည်းကိုပြောတာကွ"

"အဲတာ ဘာခဲယဉ်းလို့လဲတော်၊ ပြောပြလိုက်ပေါ့။ တော်မပြောရင် ကျုပ်ပြောပြလိုက်ရမလား"

"ငါကတိပေးထားတဲ့အတိုင်း ငါပဲပြောပြလိုက်ပါ့မယ်ကွာ။ ငါ့မြေးငကျော်မင်းသိချင်အားကြီးတဲ့ ဆေးနည်းက လွယ်လွယ်လေးပါကွာ။ ကင်ပွန်းချဉ်စေ့ (၇) စေ့ကို တန်ခူးလဆန်း ၁ ရက်နေ့က စပြီး တစ်နေ့ကို ၁ စေ့ (၇) ရက်ပြည့် အောင်မျိုရမယ်ကွ။ အဲတာ နှစ်စဉ်သတိထားပြီးမျိုပေးရင် ဘယ်တော့မှမျက်စိမနာဘူး မင်းမြဲမြဲမှတ်ထား။ ငါတို့ဆောင်းမခတစ်ရွာလုံး အဲဒီဆေးကို နှစ်စဉ်သုံးစွဲနေတာကွ။ အဲဒီဆေးနည်းကိုပေးခဲ့တဲ့ ဆရာတော်ကြီးဦးရာဇိန္ဒက ပျံတော်မူသွားပြီ။ သူ့တပည့်တွေဖြစ်တဲ့ ဦးပဥ္စင်းနဲ့ ကိုရင်တွေ၊ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း ဘယ်တော့မှ မျက်စိနာတာမတွေ့ခဲ့ဘူး။ အဖျားအနာတော့ရှိကြတာပေါ့ကွာ၊ လူသားတွေပဲ။ မျက်ခမ်းစပ်ရောဂါအတွက် ဆေးနည်းတစ်လက်ကိုလည်း ငါပြောပြမယ်။ မင်းရေးပြီးမှတ်ထားပေါ့ကွာ"

□ **မျက်စိခတ်ဆေး**

ဖျားမစောင်းလက်ပပ်အနှစ်
(၅) ကျပ်သား၊
ကျောက်ချဉ်မီးသင်း
(၂) ကျပ်သား၊
သကြား (၂) ကျပ်သား၊
ရေ (၃၅) ကျပ်သား၊

ဖင်းဆေး(၄)မျိုးကိုရော၍စိမ်ပြီး ပိတ်ပါးပါးဖြင့်စစ်ပါ။ ဖင်းစစ်ပြီးသား အရည်ကြည်ကို ပုလင်းသန့်သန့်ထဲသို့ ထည့်ပြီး နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မျက်စိကိုခတ်ပေးပါ။ မျက်စဉ်းခတ်ပြီး တိုင်း မျက်နှာကိုလူးပေးရန် ဆေးနည်း များမှာ -

□ **မျက်နှာလိမ်းဆေး**

၁။ သနပ်ခါး၊
၂။ နနွင်းစိမ်း၊
၃။ နံ့သာဖြူ
၄။ ကျောက်ချဉ် (မီးသင်း)

ဖင်းဆေးအမယ်များကို ဆတူ ရောပြီး ကျောက်ပျဉ်မှာသွေးပါ။ သွေး ပြီးသားအရည်ကို ခွက်တစ်ခုထဲတွင် ထည့်ပြီး မျက်နှာကို ခပ်ပါးပါးလိမ်းပေး ပါ။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် မျက် စဉ်းခတ်ပြီးတိုင်း (၃)ရက်ပြုလုပ်ပေးပါက အခိုးများထွက်ပြီး မျက်စိနာနှင့်မျက်ခမ်း စပ်ရောဂါ၊ မျက်စိရောဂါအမျိုးမျိုးတို့ ပျောက်ကင်းပါသည်။ ဤဆေးနည်းသည် ရှေးမူမပျက် မြန်မာ့တိုင်းရင်းဆေးတ လက်ဖြစ်ပါသည်။

(ဤဆောင်းပါးဖြင့် မိုးမခရွာတွင် ကွယ်လွန်သွားသော အဘဦးတိုးကြီး အဘ ဦးထွန်းတင်တို့ကို အမှတ်တ ဦးခိုက်လိုက်ပါသည်။)

ရာသီဥတု အပြောင်းအလဲတွင် အပူ၊ အအေးမျှတမှုမရှိပါ။ လူတို့ဖြစ် လေ့ဖြစ်ထရှိကြပါသည်။ ငွေကြေးတတ် နိုင်သူတို့က မြို့တက်ပြီး ဆရာဝန်များ နှင့် ကုသကြပါသည်။ တောနေလူအချို့ က ငွေကြေးချို့တဲ့ဆင်းရဲကြပါသဖြင့် လက်တွေ့ပျောက်ကင်းသော ဆေးနည်း တစ်လက်ကို မျှဝေခံစားဖော်ပြပေးလိုက် ပါသည်။ စေတနာမှန်လျှင် ကံကောင်း မည်ဟု ယုံကြည်ပါသည်။

ဧရာမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ နှစ်ရက်၊ သုံးရက် ဓာတ်မသွားလို့ဘာမှဖြစ်ဘူး၊ ဘာမှမစိုးရိမ်နဲ့ ဆိုတာကို ကျွန်တော်တစ်ခါကဖတ်လိုက်ရဖူးတယ်။ အဲဒါ ဟုတ်လား။ ပြီးတော့ ဝမ်းတစ်လုံးကောင်းရင် ခေါင်းတစ်လုံး မခဲဘူး ဆိုတဲ့ စကားကိုလည်း ကြားဖူးတယ်။ ဒါဟာ ဝမ်းဗိုက်နဲ့ ကျန်းမာရေး ဆက်စပ်နေတဲ့စကားပဲ။ ဘယ်လိုဆက်စပ်သလဲဆိုတာ ကျွန်တော်သိချင်တယ်။ ပြီးတော့ ဝမ်းသွားတာကို ဘာလို့ဓာတ်သွားတယ်လို့ ပြောသလဲ။ ကျွန်တော့်မှာ ကျန်းမာရေးဗဟုသုတ အလွန်နည်းပါတယ်။ ဆရာပြောနိုင်ရင်ပြောပြပေးပါ"

တစ်နေ့တွင် ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သူ ဦးအုန်းစိန်ရောက်လာပြီး အထက်ပါအတိုင်းမေးပါသည်။

ကျွန်တော်က -

"ကျွန်တော်လည်း သိပ်ပြီးမသိလှပါဘူး။ ဒါပေမယ့် ကိုအုန်းစိန်သိချင်တယ်ဆိုရင်တော့ ကျွန်တော်သိသလောက်ကလေး ပြောပြပါ့မယ်"

ဟု ဆိုပြီး -

"လောကမှာ အများနဲ့သက်ဆိုင်တဲ့ အရည်အချင်း၊ တစ်ဦးတစ်ယောက်နဲ့ သက်ဆိုင်တဲ့ အရည်အချင်းရယ်လို့ရှိပါတယ်။ စကားပြောတဲ့အခါ အများနဲ့ သက်ဆိုင်တာကိုပဲပြောရပါတယ်။ ဥပမာ သုံး၊ လေးရက်ဓာတ်မသွားလို့ကိစ္စမရှိသူ တစ်ဦးတစ်ယောက်ကောင်းရှိလိမ့်မယ်။ ဒါပေမယ့် အများအတွက်ကတော့ အဲဒီ သောက်မကောင်းဘူး။ ကောင်းတဲ့ဝမ်းတစ်လုံးဆိုတာ ဓာတ်မှန်မှန်သွားတဲ့ဝမ်းမျိုးကိုပြောတာလို့ တိုင်းရင်းဆေးဆရာတွေကပြောကြပါတယ်။ ဝမ်းသွားတာကို ဘာလို့ဓာတ်သွားတာလဲဆိုတာကတော့ ရုပ်ဝတ္ထုအားလုံးဟာ ဓာတ်သဘောတွေ ဖြစ်နေလို့ပဲ။ ဓာတ်ဆိုတာ သူ့သဘာဝအတိုင်း သူ့သဘောဆောင်ပြီးဖြစ်နေတာကိုဆိုတယ်။ ဒီတော့ ဓာတ်အကြောင်း အရင်ပြောမှ ပြည့်စုံမယ်လို့ထင်ပါတယ်။

ဓာတ်အကြောင်းကို တွဲပြောရပါမယ်။

ရုပ်နှန်သမျှ သက်ရှိမှာ ဖြစ်တဲ့

## ကောင်းသောဝမ်းတစ်လုံး

ရုပ်ပဲဖြစ်ဖြစ်၊ သက်မဲ့ရုပ်ဝတ္ထုပဲဖြစ်ဖြစ်၊ မြူမှုန်ကလေးတွေကစတာပဲ။ အသေးဆုံးမြူမှုန်ဟာ မြတ်စွာဘုရားရှင်ရဲ့ အဘိညာဉ်တန်ခိုးနဲ့မှမြင်နိုင်တဲ့ ပရမာဏုမြူပဲ။ အဲဒီပရမာဏုမြူထဲမှာ မဟာဘုတ်ကြီးလေးပါး ပါတယ်။ မဟာ ဆိုတာ အလွန်ကြီးကျယ်သော၊ ဗုတ်ဆိုတာ ဖြစ်တည်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဓာတ်ဆိုတာကိုတော့ ပြောပြီးပြီ။ ကမ္ဘာနဲ့တကွ ကမ္ဘာပေါ်မှာရှိတဲ့ အရာဝတ္ထုအားလုံးဟာ မြူမှုန်တွေစုပေါင်းပြီး ဖြစ်တည်နေတာပဲ။ ကျွန်တော်တို့ မျက်မှောက်မှာ ကမ္ဘာထက်ကြီးတာ ဘာရှိသေးလဲ။

ဓာတ်ကြီးလေးပါးဆိုတာ -

၁။ ပထဝီ၊

၂။ အာပေါ၊

၃။ ဝါယော၊

၄။ တေဇောတို့ ဖြစ်တယ်။

မြန်မာလိုတော့ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်လို့ခေါ်တယ်။ ပထဝီက အစိုင်အခဲသဘော၊ အခြားဓာတ်များတည်ရာမှီရာသဘော၊ အာပေါဆိုတဲ့ ရေဓာတ်က ဖွဲ့စည်းခြင်းသဘော၊ ယိုစီးခြင်းသဘော။ ဝါယောဆိုတာက ထောက်ကန်တဲ့သဘော၊ ဖိညှစ်တဲ့သဘော၊ တွန်းကန်တဲ့သဘော။ တေဇောဆိုတာ မီးဓာတ်၊ ပူခြင်းသဘော၊ အေးခြင်းသဘော။ သူနဲ့တွဲတဲ့ဓာတ်တွေကို ရင့်ကျက်စေတဲ့သဘောတို့ ဖြစ်တယ်။

မြူမှုန်လေးတွေကို တစ်ခုနဲ့တစ်ခု ပူးကပ်အောင် ရေဓာတ်က ဖွဲ့စည်းထားတယ်။ ဂျုံမှုန့်ကို ရေနဲ့လုံးပြီး နံပြားလုပ်သလို လုံးထားတဲ့အလုံးကို ပြိုကွဲမသွားအောင် လေဓာတ်က ဖိညှစ်ပေးထားတယ်။ မီးဓာတ်က ရင့်ကျက်အောင်၊ မပျက်စီးအောင်၊ မပုပ်သိုးအောင် စောင့်ရှောက်ပေးထားတယ်။

အဲဒီဓာတ်ကြီးလေးပါးမှာမှီနေတဲ့ ဓာတ်လေးပါးသေးတယ်။ အဲဒါတွေက -

၁။ အဆင်း၊

၂။ အနံ့၊

၃။ အရသာ၊

၄။ ဩဇာသတ္တိတို့ ဖြစ်တယ်။

အဲဒီဓာတ်ရှစ်ပါးဟာ တလုံးတစည်းတည်းပဲ။ ခွဲလို့မရဘူး။ ခွဲလိုက်၊ နုတ်လိုက် ရုပ်ဆိုတာ မရှိတော့ဘူး။ သက်ရှိသတ္တဝါတွေမှာဖြစ်စေ၊ သက်မဲ့ ရုပ်ဝတ္ထုတွေမှာဖြစ်စေ [illegible] အဲဒီ ဓာတ်ရှစ်ပါးနဲ့ ဖွဲ့စည်းထားတယ်။

ဒီတော့ ကျွန်တော်တို့ခန္ဓာကိုယ် အကြောင်းပြောကြရအောင်။

လူ့ခန္ဓာကိုယ်ဟာ [illegible] အစိတ်အပိုင်း (၃၂) မျိုးနဲ့ ဖွဲ့စည်းထားတယ်။ အဲဒါတွေက -

၁။ ဆံပင်၊

၂။ မွေးညှင်း၊

၃။ ခြေသည်းလက်သည်း၊

၄။ သွား၊

၅။ အရေ၊

၆။ အသား၊

၇။ အကြော၊

၈။ အရိုး၊

၉။ ရိုးတွင်းခြင်ဆီ၊

၁၀။ အညှို့၊

၁၁။ နှလုံး၊

၁၂။ အသည်း၊

၁၃။ အမြှေး၊

၁၄။ အဖျဉ်း၊

၁၅။ အဆုတ်၊

၁၆။ အူသိမ်၊

၁၇။ အူမ၊

၁၈။ အစာသစ်၊

၁၉။ အစာဟောင်း၊

၂၀။ ဦးနှောက်၊

အဲဒါကို ပထဝီ (၂၀) လို့ ခေါ်တယ်။ အစိုင်အခဲဓာတ်နေပါ့။ နောက်-

၂၁။ သည်းခြေ၊

၂၂။ သလိပ်၊

၂၃။ ပြည်၊

၂၄။ ချွေး၊

၂၅။ သွေး၊

၂၆။ အဆီခဲ၊

၂၇။ မျက်ရည်၊

၂၈။ ဆီးကြည်၊

၂၉။ တံတွေး၊

၃၀။ နှပ်၊

၃၁။ အစေး၊

၃၂။ ကျင်ငယ်တို့ ဖြစ်သည်။

အဲဒီ (၁၂) မျိုးကိုတော့ အာပေါဓာတ်၊ ရေဓာတ်လို့ ခေါ်တယ်။ အဲဒီ ပထဝီနဲ့ အာပေါနှစ်မျိုးစလုံးမှာ ဓာတ်လေးပါးစလုံးပါတယ်လို့တော့ သိသားပေါ့။

ခန္ဓာကိုယ်ထဲမှာ အဲဒီလိုမြေဓာတ်နဲ့ ရေဓာတ်တည်နေပြီးတော့ လေဓာတ်နဲ့ မီးဓာတ်တို့ဟာလည်း သူ့ဆိုင်ရာဆိုင်ရာအလုပ်များကိုလုပ်ကြတယ်။

ခန္ဓာကိုယ်ထဲမှာ လေခြောက်မျိုး ရှိတယ်။ အဲဒါတွေက (၁) ဝင်လေ [illegible]



www.burmeseclassic.com

ထွက်လေ၊ (၃) ဆန်လေ၊ (၄) စုန်လေ၊ (၅) ဝမ်းခေါင်း၊ (၆) အူသိမ်အူမ ... တို့မှာ ပျံ့နှံ့လှုပ်ရှားနေတဲ့လေ။ နှလုံးနှင့်တကွ တစ်ကိုယ်လုံးမှာရှိတဲ့အကြောတွင်းမှာ ပျံ့နှံ့နေတဲ့ ၆ လေတို့ ဖြစ်တယ်။

ဝင်လေ၊ထွက်လေဆိုတာ အသက်ရှူတဲ့လေပဲ။ သူ့အရေးပါပုံမှာ အထူးပြောစရာမလိုဘူး။ အဲဒီလေမရှိရင် သေပြီပေါ့။ ဆန်လေ ဆိုတာက ဝမ်းခေါင်း၊ ရင်ခေါင်းထဲမှာရှိတဲ့ အပူအပုပ်အခိုးအငွေ့တွေကို အပေါ်ကို တွန်းတင်ပြီး နီးရာ ဒွါရကနေထွက်သွားစေတဲ့လေပဲ။ သူ့သတ္တိနဲ့ လေတက်ပြီး ရင်ချောင်သွားရတယ်။ သူ့အလုပ်မလုပ်ရင် ရင်ဘတ်ထဲမှာ လေထိုး၊ လေအောင့်တဲ့ ရောဂါဝေဒနာကို ခံစားရတယ်။ စုန်လေက ဝမ်းခေါင်းထဲမှာရှိတဲ့ အပူအပုပ်အခိုးအငွေ့တွေကို အောက်ကို တွန်းချပြီး နီးရာဒွါရကနေ ထွက်သွားစေတယ်။ လေလည်တာပေါ့။ သူ့အလုပ်မလုပ်ရင် ဝမ်းကကယ်ရင်း၊ လေထိုးလေအောင့်ဖြစ်ရင်း စတဲ့ ရောဂါဝေဒနာတွေ ခံစားရတယ်။

လေမစုန်ရင် ငွေကုန်မယ်လို့ပြောကြတယ် မဟုတ်လား။ အစာမျိုလမ်းကြောင်းနဲ့တကွ အူသိမ်အူမ၊ အစာသစ်၊ အစာဟောင်းအိမ် စတာတွေမှာ လှည့်ပတ်နေတဲ့လေဟာ မျိုချလိုက်တဲ့ အစားအသောက်တွေကို သူ့ဆိုင်ရာဆိုင်ရာ အူသိမ်၊ အူမ၊ အစာသစ်၊ အစာဟောင်းအိမ်တို့ကိုတွန်းပို့ပေးတယ်။ အဲဒီအထဲက အကျိုးမပြုတော့တဲ့ အဆိပ်အတောက်ဖြစ်တဲ့ အစာဟောင်းများကို ကျင်ကြီး၊ ကျင်ငယ်အဖြစ် သက်ဆိုင်ရာ ဒွါရများကနေထွက်သွားအောင်တွန်းထုတ်တယ်။ ဓာတ်ချုပ်တယ်ဆိုတာ သူ့အလုပ်မလုပ်လို့ဘဲ။ နှလုံးနဲ့ အကြောပေါင်းစုံမှာ အလုပ်လုပ်နေတဲ့လေက သွေးပြန်ကြောက နှလုံးထဲကို ပြန်ဝင်လာတဲ့သွေးတွေကို သူ့အားနဲ့ နှလုံးကို စင်ကြယ်အောင် လှုပ်၊ ညှစ်၊ စစ်ပြီး သွေးလွှတ်ကြောတွေကို ထည့်ပေးလိုက်တယ်။ သွေးလွှတ်ကြောကနေ တစ်ကိုယ်လုံးမှာရှိတဲ့ သွေးကြောတွေကို သွေးရောက်အောင်၊ ပြီးတော့ နှလုံးထဲကို ပြန်လာအောင်၊ သွေးပုံမှန်လည်ပတ်နေအောင် သူကတွန်းအားပေးတာ။ သူပြတ်ရင် ပြတ်တဲ့နေရာအင်္ဂါအစိတ်အပိုင်းမလှုပ်တော့ဘူး။ သေတာပဲ။ အရေးကြီးတဲ့ နှလုံးနဲ့ ဦးနှောက်မှာ ပြတ်ရင် သေတာပဲ။ ဒါက လေရဲ့ဆောင်ရွက်ပုံ။

နောက် တေဇောဆိုတဲ့ မီးဓာတ်ဆောင်ရွက်ပုံကြည့်ရင် (၁) အန္တေဓာတ်၊ (၂) သာမန်အပူထက်လွန်ကဲတဲ့ အပူဓာတ်၊ (၃) ... အပူဓာတ်၊ (၄) ရင့်ကျက်စေတဲ့၊ အိုမင်းရင့်ရော်စေတဲ့အပူဓာတ်တို့ ဖြစ်တယ်။

အန္တေဓာတ်ကို အသက်လို့တောင် တင်စားပြီးခေါ်ကြတယ်။ လူမှာ အန္တေဓာတ်မရှိရင်သေပြီ။ ပဋိသန္ဓေ နေစကရေကြည်ကို မပုပ်မသိုး မပျက်စီးအောင် အန္တေဓာတ်ကထိန်းသိမ်းတယ်။ သူ့ကို ဥသမ္မာတေဇောလို့ခေါ်တယ်။ လူဖြစ်လာရတာ၊ အမိဝမ်းတွင်းမှာ ပျက်စီးမသွားတာ သူ့ကျေးဇူးကြောင့်ပဲ။

နောက်တစ်ခုက စားလိုက်တဲ့ အစားအစာတွေ အစာအိမ်ပြွန်ဝကစပြီး စအိုဝအထိအလုပ်လုပ်တဲ့အပူဓာတ်ကို ပါစကတေဇောလို့ ခေါ်တယ်။ အစာကိုကြေကျက်စေတဲ့အပူဓာတ်ပေါ့။သူ့အလုပ်မလုပ်ရင် အစာမကြေတဲ့ရောဂါနဲ့ ဒုက္ခများပြီပေါ့။ နောက်တစ်မျိုးကတော့ လူကို ရင့်ကျက်စေ၊ အိုမင်းရင့်ရော်စေတဲ့ အပူဓာတ်ပဲ။ သူ့ကို ဇီရဏတေဇောလို့ခေါ်တယ်။ နုနုဖတ်ဖတ်အပါးတွေကို ရင့်ကျက်အောင်၊ ရာသီဥတုဒဏ်ခံနိုင်အောင် သူက ဆောင်ရွက်ပေးတယ်။ သူ့သတ္တိနဲ့လူတွေဟာ နုရာကရင့်၊ ရင့်ရာကရော်ဆိုသလို အိုမင်းရင့်ရော်စေတယ်။ နောက်နှစ်မျိုးကတော့ အခါအားလျော်စွာပေါ်တတ်တာမို့ မပြောတော့ဘူး။

ဒီမှာရုပ်အကြောင်းပြောတုန်းက သြဇာသတ္တိအကြောင်းကိုပြောခဲ့တယ်။ ရုပ်တိုင်းရုပ်တိုင်းမှာ အကျိုးတစ်ခုကိုထုတ်လုပ်ပေးတဲ့ သြဇာသတ္တိဆိုတဲ့ဓာတ်ရှိတယ်။ ဥပမာ ကနခိုဟာ ဝမ်းသွားစေတဲ့သတ္တိရှိတယ်။ သြဇာသတ္တိမရှိတဲ့ရုပ်မရှိဘူး။ ကျွန်တော်တို့ အစားအသောက်တွေ စားသောက်တဲ့နေရာမှာ အကုန်လုံးဟာ ရုပ်ဓာတ်တွေချည်းပဲ။ အဲဒီတော့ အကုန်လုံးမှာ သြဇာသတ္တိရှိတယ်။ လူကို အကျိုးပြုစေတဲ့ သြဇာသတ္တိရှိသလို အဆိုးပြုစေတဲ့သြဇာသတ္တိလည်းရှိတယ်။ အကျိုးပြုတာစားမိရင် ကျန်းမာရေးကောင်းတာပဲ။ အဆိုးပြုတာစားမိရင် ကျန်းမာရေးကို ပျက်စီးစေတာပဲ။ ဒါပေမယ့် စားလိုက်တဲ့အစားအစာရဲ့ ပမာဏထဲမှာ အင်မတန်နည်းတဲ့ ပမာဏသာ သြဇာသတ္တိဖြစ်တယ်။ အဲဒီသြဇာသတ္တိကို ထုတ်ယူလိုက်ပြီးတဲ့အခါ ကျန်တဲ့ဟာ အကုန်အညစ်အကြေးတွေပဲ။ အဆိပ်အတောက်တွေပဲ။

အမှိုက်ပုံကနေပြီး လျှပ်စစ်ဓာတ်အားပေးထုတ်ယူနိုင်တယ်။ အမှိုက်ပုံဟာ အညစ်အကြေးတွေ စုပုံထားရင် ပူတဲ့အခိုးအငွေ့ကိုဖြစ်စေတယ်။ အမှိုက်ထကပုပ်ပြီးပူတဲ့အညစ်အကြေးကတော့ တိရစ္ဆာန်တွေရဲ့မစင်ပဲ။ ဗီယက်နမ်မှာ ကျွဲ၊ နွားတွေရဲ့မစင်ကနေ လျှပ်စစ်ဓာတ်အားထုတ်ယူပြီး အိမ်ထောင်စုတစ်ခုကောင်းကောင်းသုံးနိုင်တာကို အတုယူပြီး မြန်မာနိုင်ငံအချို့ဒေသတွေမှာပြုလုပ်အောင်မြင်တာကို သတင်းစာများမှာ ဖတ်လိုက်ရပါတယ်။

တိရစ္ဆာန်များရဲ့မစင်ထက် လူမစင်က ပိုပြီး ပူတယ်။ ကျွဲ၊ နွားဆိုတာ မြက်ပဲစားတာ။ လူ့ပါးစပ်က သတ္တဝါပေါင်းစုံရဲ့သချိုင်းပဲလို့ပြောတယ်မလား။ လူ့မစင်ကနေ လျှပ်စစ်ဓာတ်အားထုတ်ယူတာကို တရုတ်ပြည်ကစခဲ့တယ်လို့ ကြားဖူးတယ်။ လူတစ်ယောက်ဟာ ခေါင်းတိုင်ထုတ်ထားပြီး အလုံပိတ်ထားတဲ့ မစင်တွင်းနားမှာ ဆေးလိပ်သောက်... မီးခြစ်တော့ အဲဒီခေါင်းတိုင်ဝကထွက်နေတဲ့အငွေ့တွေမှာ မီးကူးလောင်တာကို တွေ့ရတယ်တဲ့။ ဂက်(စ်)ကနေ မီးတောက်သလိုပေါ့။

စောစောပြောခဲ့တဲ့ သြဇာသတ္တိထုတ်ယူပြီးတဲ့ အကြွင်းအကျန်တွေဟာ အညစ်အကြေးတွေပဲလို့ ဆိုတဲ့အတိုင်း အူသိမ်အူမစတာတွေမှာ အညစ်အကြေးတွေစုပုံသွားတာပေါ့။ ဒီအညစ်အကြေးတွေကို ကျင်ကြီး၊ ကျင်ငယ်၊ ချွေးတံတွေး၊ သလိပ် စသည်အဖြစ်နဲ့ ထုတ်ပစ်ရတယ်။ အများစုက ကျင်ကြီးပေါ့။ အဲဒီကျင်ကြီးတွေ အပြင်ထွက်မလာဘဲ အတွင်းမှာစုနေရင် ကြာရင် ဘာဖြစ်မလဲ။ အခိုးအငွေ့တွေဖြစ်ပြီး အခိုးအငွေ့တွေရဲ့သတ္တိအတိုင်း အထက်ဆန်မယ်... ကန်ထွက်မယ်ပေါ့။ အဲဒီအခါမှ အဲဒါ... ဆိုးကျိုးမျိုးစုံကို ရောဂါဝေဒနာအဖြစ် ခံစားရမှာပေါ့။

ပထဝီ (၂၀) ကို ငါးမျိုးတစ်... သဘောတူရာခွဲထားတယ်။ နောက်ဆုံး... ဒီစုမှာ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်လို့ တွဲထားတယ်... အစာဟောင်းက ဝမ်းဗိုက်ထဲမှာရှိတယ်... ဦးနှောက်က ခေါင်းမှာရှိတယ်။ အဲ... တော့ ခင်ဗျားမေးတဲ့ဝမ်းတစ်လုံးကောင်း... ရင် ခေါင်းတစ်လုံးမခဲဘူးဆိုတဲ့အ... ထွက်ပြီပေါ့။ ဝမ်းချုပ်ရင် ခေါင်းကိုက်... တယ်မလား။

ကဲ - ကျွန်တော်သိသမျှ ဗဟု... တနဲ့ ရှင်းပြပြီးပြီ။ အသင့်အတင့်... နားလည်သဘောပေါက်မယ်ထင်ပါတယ်...

ဟု ကျွန်တော်က စကားကိုအ... သတ်လိုက်ပါသည်။

သူက ကျေးဇူးတင်စကားပြော... သွားပါသည်။

ချောင်းဆုံအုန်း...



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လက်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါးထပ်ချိန် တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗ မန္တန်တော်ကြီးအပါအဝင် ဓနလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများမည်ဆိုပါလျှင် ကောင်းကျိုး ချမ်းသာဖြစ်မည်မှာ မလွဲမုချဖြစ်ပါသည်။ (၁၃-၉-၂၀၁၆) နေ့ ညဉ့် (၉း၃၅) နာရီတွင် ဓနသိဒ္ဓိနက္ခတ်ကို စန်းစတင်ဝင် ရောက်မည်ဖြစ်ပြီး (၁၄-၉-၂၀၁၆) နေ့ နံနက် (၉း၃၅း၃၉) နာရီတွင် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းတို့ယှဉ်နေကြမည်ဖြစ်ပြီး ၎င်းနေ့ ညဉ့် (၉း၃၅) နာရီသည် ဓနသိဒ္ဓိနက္ခတ်မှ စန်းသည် စတင်ထွက်ခွာမည် ဖြစ်ပါသည်။ (၁၄-၉-၂၀၁၆) နေ့ ညနေ (၁၆း၁၆း၃၈) နာရီမှ (၁၆း၁၉း၀၉) နာရီအထိတွင် လက်နှင့် ဓနသိဒ္ဓိနက္ခတ်ယှဉ်မည်ဖြစ်ပြီး (၁၃-၉-၂၀၁၆) နေ့ ညဉ့် (၂၁း၅၆း၃၆) နာရီမှ (၂၂း၄၅း၂၇) နာရီထိတွင် ဓနသိဒ္ဓိနက္ခတ်နှင့် မွန်းတည့်မျဉ်းယှဉ်နေမည် ဖြစ်သည်။

| လက်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၇း ၀၇း ၄၆ | ၁၇း ၁၁း ၁၇ | ၁ | ၂၂း ၄၃း ၄၈ | ၂၃း ၃၂း ၃၉ |
| ၂ | ၁၇း ၀၃း ၅၅ | ၁၇း ၀၇း ၂၁ | ၂ | ၂၂း ၃၉း ၅၂ | ၂၃း ၂၈း ၄၃ |
| ၃ | ၁၆း ၅၉း ၅၄ | ၁၇း ၀၃း ၂၅ | ၃ | ၂၂း ၃၅း ၅၆ | ၂၃း ၂၄း ၄၇ |
| ၄ | ၁၆း ၅၅း ၅၈ | ၁၆း ၅၉း ၂၉ | ၄ | ၂၂း ၃၂း ၀၀ | ၂၃း ၂၀း ၅၁ |
| ၅ | ၁၆း ၅၂း ၀၂ | ၁၆း ၅၅း ၃၃ | ၅ | ၂၂း ၂၈း ၀၄ | ၂၃း ၁၆း ၅၅ |
| ၆ | ၁၆း ၄၈း ၀၆ | ၁၆း ၅၁း ၃၇ | ၆ | ၂၂း ၂၄း ၀၈ | ၂၃း ၁၂း ၅၉ |
| ၇ | ၁၆း ၄၄း ၁၀ | ၁၆း ၄၇း ၄၁ | ၇ | ၂၂း ၂၀း ၁၂ | ၂၃း ၀၉း ၀၃ |
| ၈ | ၁၆း ၄၀း ၁၄ | ၁၆း ၄၃း ၄၅ | ၈ | ၂၂း ၁၆း ၁၆ | ၂၃း ၀၅း ၀၇ |
| ၉ | ၁၆း ၃၆း ၁၈ | ၁၆း ၃၉း ၄၉ | ၉ | ၂၂း ၁၂း ၂၀ | ၂၃း ၀၁း ၁၁ |
| ၁၀ | ၁၆း ၃၂း ၂၂ | ၁၆း ၃၅း ၅၃ | ၁၀ | ၂၂း ၀၈း ၂၄ | ၂၂း ၅၇း ၁၅ |
| ၁၁ | ၁၆း ၂၈း ၂၆ | ၁၆း ၃၁း ၅၇ | ၁၁ | ၂၂း ၀၄း ၂၈ | ၂၂း ၅၃း ၁၉ |
| ၁၂ | ၁၆း ၂၄း ၃၀ | ၁၆း ၂၇း ၀၁ | ၁၂ | ၂၂း ၀၀း ၃၂ | ၂၂း ၄၉း ၂၃ |
| ၁၃ | ၁၆း ၂၀း ၃၄ | ၁၆း ၂၃း ၀၅ | ၁၃ | ၂၁း ၅၆း ၃၆ | ၂၂း ၄၅း ၂၇ |
| ၁၄ | ၁၆း ၁၆း ၃၈ | ၁၆း ၁၉း ၀၉ | ၁၄ | ၂၁း ၅၂း ၄၀ | ၂၂း ၄၁း ၃၁ |
| ၁၅ | ၁၆း ၁၂း ၄၂ | ၁၉း ၁၅း ၁၃ | ၁၅ | ၂၁း ၄၈း ၄၄ | ၂၂း ၃၇း ၃၅ |
| ၁၆ | ၁၆း ၀၈း ၄၆ | ၁၉း ၁၁း ၁၇ | ၁၆ | ၂၁း ၄၄း ၄၈ | ၂၂း ၃၃း ၃၉ |
| ၁၇ | ၁၆း ၀၄း ၅၀ | ၁၉း ၀၇း ၂၁ | ၁၇ | ၂၁း ၄၀း ၅၂ | ၂၂း ၂၉း ၄၃ |
| ၁၈ | ၁၆း ၁၀း ၅၄ | ၁၉း ၀၃း ၂၅ | ၁၈ | ၂၁း ၃၆း ၅၆ | ၂၂း ၂၅း ၄၇ |
| ၁၉ | ၁၅း ၅၆း ၅၈ | ၁၅း ၅၉း ၂၉ | ၁၉ | ၂၁း ၃၃း ၀၀ | ၂၂း ၂၁း ၅၁ |
| ၂၀ | ၁၅း ၅၃း ၀၂ | ၁၅း ၅၅း ၃၃ | ၂၀ | ၂၁း ၂၉း ၀၄ | ၂၂း ၁၇း ၅၅ |
| ၂၁ | ၁၅း ၄၉း ၀၆ | ၁၅း ၅၁း ၃၇ | ၂၁ | ၂၁း ၂၅း ၀၈ | ၂၂း ၁၃း ၅၉ |
| ၂၂ | ၁၅း ၄၅း ၁၀ | ၁၅း ၄၇း ၄၁ | ၂၂ | ၂၁း ၂၁း ၁၂ | ၂၂း ၁၀း ၀၃ |
| ၂၃ | ၁၅း ၄၁း ၁၄ | ၁၅း ၄၃း ၄၅ | ၂၃ | ၂၁း ၁၇း ၁၆ | ၂၂း ၀၆း ၀၇ |
| ၂၄ | ၁၅း ၃၇း ၁၈ | ၁၅း ၃၉း ၄၉ | ၂၄ | ၂၁း ၁၃း ၂၀ | ၂၂း ၀၂း ၁၁ |
| ၂၅ | ၁၅း ၃၃း ၂၂ | ၁၅း ၃၅း ၅၃ | ၂၅ | ၂၁း ၀၉း ၂၄ | ၂၁း ၅၈း ၁၅ |
| ၂၆ | ၁၅း ၂၉း ၂၆ | ၁၅း ၃၁း ၅၇ | ၂၆ | ၂၁း ၀၅း ၂၈ | ၂၁း ၅၄း ၁၉ |
| ၂၇ | ၁၅း ၂၅း ၃၀ | ၁၅း ၂၇း ၀၁ | ၂၇ | ၂၁း ၀၁း ၃၂ | ၂၁း ၅၀း ၂၃ |
| ၂၈ | ၁၅း ၂၁း ၃၄ | ၁၇း ၂၃း ၀၅ | ၂၈ | ၂၁း ၅၇း ၃၆ | ၂၁း ၄၆း ၂၇ |
| ၂၉ | ၁၅း ၁၇း ၃၈ | ၁၇း ၁၉း ၀၉ | ၂၉ | ၂၁း ၅၃း ၃၉ | ၂၁း ၄၂း ၃၁ |
| ၃၀ | ၁၅း ၁၃း ၄၂ | ၁၇း ၁၅း ၁၃ | ၃၀၂၁း ၄၉း ၄၃ | ၂၁း ၃၈း ၃၅ | |





www.burmeseclassic.com

www.burmeseclassic.com



□ **လူချင်းမတူမှုများ**

ကျွန်တော်တို့ မြန်မာစကားမှာ 'ဒီကောင်လူချင်းကို မတူပါဘူးကွာ'ဆိုတဲ့ စကားရှိတယ်။ ကျွန်တော်ငယ်ငယ်က ကျွန်တော့်ကို မိဘတွေက အဲဒီစကား အပြောခံရရင်၊ ပြီးတော့ ပတ်ဝန်းကျင်ကပြောရင်အတော်နာတာပါ။ ဘာလို့လဲဆိုတော့ အဲဒီစကားနဲ့နှိုင်းပြီးညွှန်းတာက ဘာခိုင်းခိုင်းမလုပ်တတ်ဘဲ အဖြစ်မရှိရင် အဲဒီလူကို 'ဒီကောင်လူချင်းမတူဘူး' လို့ ပြောတတ်ကြလို့ပါပဲ။ အဲဒီစကားကို အသုံးမကျတဲ့ခပ်ဖျင်းဖျင်းလူဆိုတဲ့နေရာမှာ ကျွန်တော်တို့အရပ် ကျွန်တော်တို့ ဓလေ့အရ သုံးစွဲနေခြင်းပါပဲ။

ကျွန်တော်အရွယ်လေးရလို့ ဘဝကိုရင်ဆိုင်ရုန်းကန်ရပြီဆိုတော့ လောကရဲ့သဘောကို အတော်လေးတီးမိခေါက်မိရှိလာပါတယ်။ ဒီအခါ သူများတွေက 'မင်း လူချင်းကိုမတူပါဘူးကွာ' လို့ပြောခဲ့ရင် ကျွန်တော် မနာတတ်တော့ပါဘူး။ ဘာလို့လဲဆိုတော့ အမှန်လည်း လူချင်း မတူကြလို့ပါ။

ယနေ့ခေတ်မှာ အကြမ်းဖျဉ်းအားဖြင့် ကမ္ဘာမှာ လူပေါင်း သန်းခြောက်ထောင်လောက်ရှိမယ်လို့ ခန့်မှန်းကြပါတယ်။ အဲဒီလူသန်းခြောက်ထောင်ကို အသေအချာ လေ့လာစစ်ဆေးကြည့်ရင် လူချင်းလည်းမတူပါဘူး။ စိတ်ချင်းလည်း မတူပါဘူး။ လူတစ်ကိုယ်စိတ်တစ်မျိုးဆိုတာတွေ့ရမှာပါ။ များများမပြောနဲ့၊ လက်ဗွေတစ်ခုတည်းကိုသာ အရင်စစ်ဆေးကြည့်လိုက်ပါ။ လက်ဗွေတူတာ လုံးဝမရှိပါဘူး။ ကျွန်တော်ဆိုတာတော့ များလွန်းပါတယ်။အမြွှာတွေရုပ်တူတယ်ဆိုတာ ရုတ်တရက်သာ ကြည့်ရင်တူသလိုလိုရှိမှာပါ။ အသေအချာကြည့်ရင် မတူတဲ့ အချက်အလက်တွေ အများကြီးရှိပါတယ်။ အဲဒီတော့ လူချင်းမတူဘူး ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို နားလည်ပြီးတဲ့နောက်မှာတော့ အဲဒီစကားရဲ့အဓိပ္ပာယ် စစ်စစ်ကိုသိပြီးတဲ့ ကျွန်တော် စိတ်မဆိုးတတ်တော့ပါဘူး။

ဒီသင်ခန်းစာကို ပေးလိုက်သူကတော့ ကျွန်တော်နဲ့ဘဝတူသစ်ခုတ်သမား ရွှေခဲအင်းရွာသား အသက်လေးဆယ်ကျော်လောက်ရှိတဲ့ ဦးထွန်းသိန်းပါ။ ဒီအကြောင်းကိုပြောပြရရင် လွန်ခဲ့တဲ့ တော်လှန်ရေးအစိုးရအုပ်ချုပ်စဉ် ၁၉၆၇ ခုနှစ်ကို ပြန်သွားရမှာပါ။

□ **သစ်ခုတ်လိုက်မလား**

"မြင့်လွင်ရေ"

ကျွန်တော့်ကို ခေါ်သံကြားလို့ ထွက်ကြည့်လိုက်တော့ ကျွန်တော့် သူငယ်ချင်း မောင်အေးဖြစ်နေပါတယ်။

"ဘာလဲ မောင်အေး၊ ထိုင်လေကွာ ဘာကိစ္စရှိလို့လဲ"

ဆိုတော့ မောင်အေး အိမ်အောက်တန်းလျားခုံမှာဝင်ထိုင်ပါတယ်။ကျွန်တော်တို့က ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေပါ။ ကျွန်တော်တို့က လက်လုပ်လက်စားတွေဆိုတော့ ကြံရာသီမှာ ကြံခုတ်လိုက်တယ်။ ကြံတင်လိုက်တယ်။ ကြံရုံရာ ကျပန်းလုပ်ကြတာပါ။ ခုဆိုရင် ကြံတွေစိုက်ပြီးပြီမို့ ကြံရာသီကုန်ပါပြီ။ အဲဒါကြောင့် အလုပ်မရှိဘဲ အိမ်မှာအားနေတာ ခပ်များများပါ။ အလကားနေတော့ ပိုက်ဆံမဝင်ဘူးလေ။ ဒီတော့ ဘာလုပ်ရင်ကောင်းမလဲစဉ်းစားနေတုန်း မောင်အေး ရောက်လာခြင်းပါ။

"မြင့်လွင်၊ မင်းသစ်ခုတ်လိုက်မလား"

"သစ်ကွင်းကဘယ်ဘက်တဲ့တုံး"

"ပိန်းတောမြောင်ဘက်လို့ပြောတာပဲ။ တောတော့ အတော်ကျတယ်ပြောတယ်။ ရိုးမအတွင်းထဲမှာပဲ။ တို့ငလိုက်ချောင်းဖျားဘက်ကျတယ်ပြောတာပဲ"

"ဈေးနှုန်းကကော"

"တစ်တန်ကို ခုနစ်ကျပ်တဲ့ကွ။ တစ်နေ့ကို နှစ်ယောက်တစ်ဆိုင်း လေးငါးတန်ကျအောင်လှဲနိုင်ရင် ကိုက်တာပဲကွာ"

ကျွန်တော်တို့ ပျဉ်းမနားမြို့နယ် ဆိတ်နံ့တုန်း ပြန်ကပြေးဘက်မှာ အဲဒီတုန်းက လူတစ်ယောက်လုပ်အားခမှ ငါးကျပ်ပဲရတဲ့ခေတ်မှာ သစ်တစ်တန်ခုတ်လှဲခ ခုနစ်ကျပ်ဆိုတဲ့ လုပ်အားခက မနည်းမနောပဲလေ။ မက်စရာကြီးပါပဲ။ လုပ်နိုင်ရင် လုပ်နိုင်သလောက် အကျိုးရှိမှာပါ။ ကျွန်တော်တို့ဆိုတာက လူပျိုလူလွတ်အသက်နှစ်ဆယ်ကျော်အရွယ်တွေဆိုတော့ အားကောင်းမောင်းသန် လုပ်နိုင်ကိုင်နိုင်အရွယ်တွေပေါ့။

www.burmeseclassic.com



"မောင်မှအား၊ မင်းလိုက်ဖို့ဆုံးဖြတ်ပြီးပြီလား"

"ဆုံးဖြတ်ပြီးလို့ မင်းကိုလာပြောတာပေါ့ဟ။ ဘယ်လိုလဲ၊ လိုက်မှာလား"

"မင်းလိုက်လို့ကတော့ ငါကလိုက်ဖြစ်သွားတာပေါ့ကွ။ ဒါနဲ့ ဘယ်တော့သွားကြမှာလဲ၊ တို့ ဆိတ်နံတုန်းက ဘယ်နှဦးလိုက်တာလဲ"

"ဒီနေ့ညမိုးချုပ်စမှာ ကိုတောမောင်နဲ့ သစ်တော်လှည်းနဲ့သွားကြမှာ။ တို့ရွာက မင်းရယ်၊ ငါရယ်၊ တင်အောင်ရယ်၊ ကိုတောမောင်ရယ်ပေါ့ကွာ။ ကိုတောမောင်ကျွဲတွေက ဟိုကျရင် သစ်ဆွဲကြမှာ။ အဲဒါ တစ်ယောက်ကို ဆန်သုံးပြည် ဆီတစ်ပုလင်းနဲ့ ကျန်တဲ့ဟာ လေးရက်စာ ထည့်ခဲ့ပေါ့ကွာ။ နောက်ပြီး စောင် အဝတ်လေးလည်းထည့်ခဲ့ပေါ့။ စုရပ်ကတော့ ကျွဲလှည်းရှိတဲ့ ကိုတောမောင်တို့အိမ်ပေါ့"

"ချက်ဖို့ အိုးတွေ၊ ခွက်တွေရော ကွာ"

(မိုးကုတ်)

# ရွှေပြည်စိုး

## သစ်ခုတ်သမားတစ်ဦး၏အစွမ်း



www.burmeseclassic.com

www.burmeseclassic.com

"အိုးခွက်ပန်းကန်တွေကို အလုပ်ခေါင်းက စီစဉ်ပေးမယ်လို့ပြောတာပဲ။ တို့က ကိုယ်စီရိက္ခာပါဖို့ပဲလိုတာ။ ပြီးတော့ သစ်ခုတ်ဓား၊ ငါးမန်းလှော့ပေါ့ကွာ"

"အေးကွာ၊ အလုပ်ပြတ်နေတာနဲ့ အတော်ပဲ။ တို့ဆီမှာ သက်ြန်ပြီးတာနဲ့ အလုပ်ကရှားနေတာနဲ့ အတော်ဖြစ်သွားတာပေါ့ကွာ"

"အေးအေး- ပြင်ဆင်ထားလိုက် သူငယ်ချင်း၊ သွားခါနီးငါလာအော်လိုက်မယ်"

"အေးပါကွာ၊ အေးပါ"

ကျွန်တော့်ရင်ထဲ ကြည်နူးသွားပါတယ်။ ခပ်သုတ်သုတ်ထွက်သွားတဲ့ သူငယ်ချင်း မောင်အေးရဲ့ကျောပြင်ကို ကြည့်ပြီး သူငယ်ချင်းကောင်းပီသပါပေတယ်လို့ ချီးကျူးနေမိပါတယ်။ကျွန်တော် အလုပ်ရလို့ လူလိုရင်လည်း မောင်အေးဆီ အရင်ဆုံးပြေးခေါ်စမြဲပါ။ သူမလိုက်နိုင်မှ အခြားလူကိုခေါ်တာပါ။ သူရော ကျွန်တော်ပါ မိဘတွေကိုလုပ်ကျွေးနေကြတဲ့လူငယ်တွေပါ။

**□ အနောက်ရိုးမသို့**

ကျွန်တော်တို့ဟာ ကိုတောမောင်ရဲ့သစ်တင်လှည်းမြီးငုံးတိုနဲ့ မိုးချုပ်စမှာ အနောက်ရိုးမသွား ကားလမ်းအတိုင်း ထွက်လာခဲ့ကြပါတယ်။ ညမှောင်မှောင်လရောင်ရေးရေးပေမယ့် ဖုန်တွေဖွေးဖွေး ထနေတဲ့ လှည်းလမ်းကြောင်းကိုတော့ ကျွဲတွေက မြင်နိုင်စွမ်းရှိကြပါတယ်။ ကျွန်တော်တို့ဟာ ဆေးလိပ်တဖွာဖွာ၊ စကားတပြောပြောနဲ့ဆိုတော့ မပျင်းကြပါဘူး။ ကျွဲလှည်းဆိုတော့ နွားလိုမမြန်ဘဲ တနှံ့နှံ့နဲ့ပေါ့လေ။

ကျွန်တော်တို့အဖွဲ့ရဲ့ အဓိကခေါင်းဆောင်က ကိုတောမောင်ပါ။ ကိုတောမောင်က ပိန်းတောမြောင်သစ်တွင်းဘက်မှာ ကျွဲနဲ့သစ်ဆွဲလိုက်ဖူးတာမို့ သူက အဲဒီတစ်ခွင်နှောကျေပြီးသားပါ။ ကျွန်တော်တို့ကသာ မရောက်ဘူးတာပါ။ ခုလည်း ကိုတောမောင်ဆီ ကျွဲလိုအပ်လို့လာပြောရင်း လိုအပ်တဲ့လူကိုပါ ခေါ်ခိုင်းခဲ့ခြင်းပါ။ ကိုတောမောင်က မောင်အေးကိုခေါ်တာကြောင့် မောင်အေးရဲ့တွဲဖက်အဖြစ် ကျွန်တော်ပါလိုက်ခဲ့ခြင်းပါ။

လှည်းလမ်းရဲ့ အပေါ်ဘက်မှာ ကားလမ်းရှိတာမို့ ကြာကြာတစ်ခါ သစ်တင်ကားကြီးတွေလာတတ်ပါတယ်။ လမ်းက ကျောက်လမ်းဆိုတော့ ကားလမ်းပေါ်မှာ လှည်းမောင်းလို့မရပါဘူး။ ကျောက်လုံးခိုးလိုးခုလုတွေပေါ် မောင်းရင် ကျွဲတွေခွာပေါက်သလို လှည်းဝင်ရိုးလည်း လှည်းဆောင့်ဒဏ်ကြောင့် ကျိုးတတ်ပါတယ်။ အဲဒါကြောင့် ကျောက်လမ်းကိုရှောင်ကာ လှည်းလမ်းဖြစ်တဲ့ မြေလမ်းကိုသာ အသုံးပြုကြပါတယ်။ မြေလမ်းဆိုတော့ နွေရာသီမှာ ဖုန်တော့ထတာပေါ့လေ။

ည (၁၀) နာရီလောက်မှာ ဘူးကွဲရွာကိုရောက်ပါတယ်။ ဘူးကွဲရွာလှည်းစခန်းမှာ ကျွန်တော်တို့ကိုစောင့်နေတဲ့ လှည်းနှစ်စင်းကို အသင့်တွေ့ရပါတယ်။

"ဘယ်လိုလဲဟေ့ တောမောင်၊ လူအပြည့်အစုံပါရဲ့လား"

"ပါတယ် ဦးမိုး၊ ကျွန်တော် လူသုံးယောက်ခေါ်ခဲ့တယ်"

"ကဲ - မင်းရဲ့ကျွဲတွေရေတိုက်ပြီး အစာကျွေးဦး။ တို့ဒီနေ့ညရသလောက် ဆက်မောင်းကြရအောင်။ အေးအေးဆေးဆေးနားပါဦး။ ကဲ - လှည်းပေါ်က ကောင်လေးတွေလာကြကွ။ ရေနွေးကြမ်းနဲ့ပဲကြီးလှော်သုပ်မြည်းကြရအောင်"

ဆိုတာနဲ့ ကျွန်တော်တို့လှည်းပေါ်ကဆင်းကြပါတယ်။ ကိုတောမောင်ကတော့ လှည်းဖြုတ်ပြီး ကျွဲတွေရေတိုက်ကာ ပါလာတဲ့အစာကိုချကျွေးနေလေရဲ့။

**□ ကျွဲလူးအိုင်စခန်း**

ကျွန်တော်တို့ သစ်ခုတ်မယ့်အုပ်စုမှာ အဓိကဦးဆောင်သူကတော့ ဦးမိုးပါ။ လှည်းသုံးစီးဆိုတော့ သစ်ဆွဲဖို့ ကျွဲသုံးရှဉ်းပါပါတယ်။ သစ်လှဲမယ့်လွှသမားက (၈) ဦးဆိုတော့ ကျွန်တော်တို့အုပ်စု(၁၂) ယောက်ဆိုပါတော့။ အလွယ်ခေါ်ရင် တစ်ဒါဇင်ပေါ့ဗျာ။

မင်းကုန်းရွာကိုရောက်တော့ ညဥ့်အတော်နက်နေပါပြီ။ ကျွဲတွေလည်း မောနေလောက်ပါပြီ။ အဲဒီမှာ စခန်းချပြီး အိပ်ကြပါတယ်။ မနက်စောစောမှာ ကျွဲတွေခဏကျောင်းပါတယ်။ကျွန်တော်တို့ကတော့ နံနက်စာ ထမင်းချက်ကြတာပေါ့လေ။ နေ့လယ်စာပါတစ်ခါတည်း ချက်ကြတာပါ။ နံနက်စာစားပြီး နေပြူစအပြူမှာ ကျွန်တော်တို့ခရီးဆက်ခဲ့ကြပါတယ်။

ညက အိပ်ရေးပျက်တော့ကာ လှည်းပေါ်မှာ ငိုက်ပြီးပါလာခဲ့တာပါ။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိတော့ပါဘူး။ နေအတော်ရင့်လာလို့ လှည်းစခန်းချမယ်ဆိုမှ နိုးလာတာပါ။ အဲဗျာ လှည်းစခန်းက တောထဲကလှည်းစခန်းဖြစ်နေတာကိုး။ ဒါဆို ကားလမ်းနဲ့ ဝေးခဲ့ပြီပေါ့။

ဒီစခန်းက ကျွဲလူးအိုင်စခန်းတဲ့ဗျ။ ဝန်းကျင်မှာ စိမ့်ကလေးတွေရှိတယ်။ ကျွဲတွေလည်း အမောပြေဗွက်လူးလို့ရတဲ့ နေရာဆိုတော့ သစ်သမားတွေအမြဲ စခန်းချတဲ့နေရာဖြစ်မှာပါ။ သစ်ရွက် သစ်ခက်နဲ့ တဲကလေးတွေထိုးထားတာမို့ တော့ အဆင်ပြေပါတယ်။ ကျွဲတွေဗွက် လူးနေတဲ့အချိန် ကျွန်တော်တို့နေ့လယ် စာစားပေါ့ဗျာ။ စားပြီးတာနဲ့ ညစာ တစ်ခါတည်းချက်ကြပါတယ်။ ရေအိုင် က ရေခပ်သောက်တဲ့အခါ ဗွက်စော် လှပါတယ်။ ရေနွေးအိုးတည်ပြီး လက် ဖက်ခြောက်ဖန်ဖန်လေးခတ်သောက်မှ ဗွက်နံ့သက်သာပါတယ်။

ပတ်ဝန်းကျင်ဟာ တောအတိ ပဲ။ ဒါပေမယ့် သစ်လှဲလို့ရတဲ့အပင်ကြီး ကြီးတွေတော့မရှိပါဘူး။ ပင်လတ်တော လို့ဆိုရမှာပါ။ ကျွန်တော်တို့အိမ်ဆောက် တဲ့အိမ်တိုင်လုံးလောက်သစ်တွေကတော့ ဖြောင့်ဖြူးပြီး ပေါများလှပါတယ်။ လှည်းလမ်းကြောင်းအတိုင်း ဒီဝန်းကျင် က သစ်ကြီးတွေခုတ်ယူသွားကြတာ မှာပေါ့။ ရုပ်ကြွင်းအဖြစ် သစ်ငုတ်ကြီး တွေကျန်နေပါတယ်။

တောရိပ်တောင်ရိပ်နဲ့ဆိုတော့ ည နေ လေးနာရီလောက်ရှိတာနဲ့ အေး နေပါပြီ။ အဲဒါကြောင့် ကျွန်တော် ခရီးဆက်ကြပါတယ်။ လမ်းတွေကတ လိုက်၊ ဆင်းလိုက်၊ ကွေ့လိုက်ကော လိုက်နဲ့ ဝက်ပါလမ်းမှာရောက်နေသ ပါပဲ။ ရှေ့ဆုံးကဦးဆောင်တာက ဦးမိုး လှည်းပါ။

ဦးမိုးတို့အုပ်စုက ရွှေခဲအင်း ကျောက်ခဲအင်း၊ ကျွဲတဲဆိုတဲ့ ရိုးမတော ခြေမှာရှိတဲ့ ဖိုခုံလောက်ဆိုင်ရွာသုံးရွာ ပါ။ သူတို့ဒေသဟာ တောထဲမှာ ကျွန်တော်တို့ထက် တောကျွမ်းကြ များပါ။ တရွှေ့ရွှေ့တအိအိမောင်း ကြရင်း မိုးချုပ်စပြုခဲ့ပါပြီ။ ဒါပေမ ကျွဲတွေမှာ ညမျက်လုံးပါတာမို့ အခ အခဲမရှိပါဘူး။ လမ်းကြောင်းမမှားဖို့ အရေးကြီးတာပါ။ တောထဲမှာသစ်ထု တာမို့ သစ်ထုတ်လှည်းလမ်းကြောင်း ရှိပါတယ်။ ဦးမိုးတို့ဆိုတာက ဒီအ ဖောက်ချလုပ်ကိုင်ကြဟန်ရှိတယ်။ ကြောင်းမှားတာမရှိပါဘူး။ လရောင် ရေးက ညရဲ့တောအမှောင်ကို မ ထွင်းနိုင်ပါဘူး။ လှည်းတွေက



www.burmeseclassic.com

www.burmeseclassic.com

သွားနေဆဲပါပဲ။

**ထ တောခြောက်တာလား**

"တောက် . . . တောက် . . . တောက် . . . တုံ . . . တုံ . . . တုံ"

"ဝေး . . . ဟေး . . . ဟေး . . . ဟေး"

တောင်ယာတောကောင်ခြောက်သံလိုအသံမျိုးတွေ ခပ်လှမ်းလှမ်းကနေ ရုတ်တရက်ထွက်ပေါ်လာတာကြောင့် ကေန္တ - ဒီတောထဲမှာ တောင်ယာများ ခုတ်ထားသလားမသိပါဘူးလို့ တွေးမိပြီး ကိုတောမောင်ကိုမေးကြည့် မိပါတယ်။

"ကိုတောမောင် ခပ်လှမ်းလှမ်းမှာ တောင်ယာစိုက်ခင်းရှိဟန်တူတယ်ဗျ။ ခု အသံတွေဟာ တောကောင်ခြောက်သံတွေပဲ"

"ဟကောင် မြင့်လွင်၊ ဒီလောက်ဝေးတဲ့ တောနက်တောင်နက်ထဲမှာ ဘယ်သူကလာပြီးတောင်ယာခုတ်မှာလဲ ကွ"

"ဒါဆို ကျွန်တော်တို့လို သစ်ခုတ်တဲ့လူတွေနေမှာ"

"အဲဒါလည်းမဖြစ်နိုင်ဘူးကွ။တို့လို သစ်ခုတ်တဲ့လူတွေအနေနဲ့ ဘယ်တော့မှ ဝါးအုန်းမောင်းခေါက်ပြီး တောကောင်ခြောက်စရာအကြောင်းမရှိဘူး။ တို့ရဲ့ အဓိကအဟန့်အတားက မီးဖိုကြီးကြီး ထင်းတုံးကြီးတွေနဲ့ဖိုထားရတာပဲ။ ဒါဆို ဘာတောကောင်မှ ရုတ်တရက်မကပ်ရဲတော့ဘူးကွ"

"ဒါဆို ခုကြားနေရတဲ့အသံတွေ ဘာတွေလဲ"

"ငါ့အထင်တော့ တောခြောက်တာ ထင်တာပဲ"

"တောခြောက်တာ"

"အင်းလေကွာ"

"ဟော-အသံတွေပျောက်သွားပြီ"

အသံတွေက ရုတ်တရက် တိခနဲ ပြတ်သွားပြီး တောဟာပြန်လည်တိတ်ဆိတ်သွားပါတယ်။ လှည်းဝင်ရိုးသံတကျွီကျွီသာကြားနေရပါတယ်။

အဲဒီမှာ ကိုတောမောင်က -

"တောနက်တောင်နက်တွေထဲမှာ အမြဲ အလုပ်လုပ်နေတဲ့လူတွေဟာ ခုလို အသံပေးပြီး တောခြောက်တာမျိုး အများအားဖြင့် ကြုံဖူးကြတယ်ကွ။ မင်းက တောနက်ထဲမလုပ်ဘူးသေးတော့ အဆန်းဖြစ်နေတာပေါ့။ ဒါဟာ ကြောက်စရာမဟုတ်ဘူး။ အနေများရင် ရိုးသွားတာ"

လို့ ပြောပြပါတယ်။

လူအော်သံ၊ ဝါးအုန်းမောင်းခေါက်ဝါးကလတက်ခေါက်သံတွေ အပီအပြင်ကြီးကြားရတော့ ကျွန်တော့်အတွက် အထူးအဆန်းဆိုပါတော့ဗျာ။

**ထ ပိန်းတောမြောင်**

ညကိုးနာရီကျော်ကျော်လောက်မှာ ဦးဆောင်လှည်းဖြစ်တဲ့ ဦးမိုးတို့လှည်းက ဦးမိုးရဲ့အသံထွက်လာပါတယ်။

"ကဲဟေ့ တို့တွေ ပိန်းတောမြောင်ကိုရောက်ပြီ"

လို့အော်ပါတယ်။

လိုရာခရီးပန်းတိုင်ကို ရောက်ပြီမို့ ကျွန်တော်ပျော်သွားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျွဲလှည်းကြီးတအိအိစီးရတာ ပျင်းရိငြီးငွေ့လာခဲ့ပြီလေ။

"ဟေ့ - ခွေးပုတို့ မီးခွက်ကြီးထွန်းလိုက်ကွ။ မင်းတို့ဓာတ်မီးချည်းအားကိုးမနေနဲ့။ တောထဲမှာ ဓာတ်ခဲရောင်းတဲ့ဆိုင်မရှိဘူး"

"ဟုတ်ကဲ့ ဦးလေးမိုး"

ဆိုပြီး ရေနံဆီမီးခွက်ကြီးထွန်းပါတယ်။ မီးခွက်ရဲ့မီးညွန့်က အမှောင်ခွင်းပြီး အလင်းဆောင်ပေးပါတယ်။ ဒါပေမယ့် သူ့အတိုင်းအတာနဲ့သူ မှုန်ပျပျပေါ့ဗျာ။ ဦးဆောင်သူဆိုတော့ကာ အရာရာပြည့်စုံအောင်စီစဉ်ခဲ့ပုံပါပဲ။ လှည်းတွေဖြုတ်ကြ၊ ပစ္စည်းတွေချကြနဲ့ပေါ့။

"ဟေ့ တောမောင်၊ မင်းတို့ဆိတ်နံ့တန်းက လေးယောက်တစ်တဲအိပ်ကွ။ ငါတို့အုပ်စုကလည်း လေးယောက်တစ်တဲအိပ်ကြမယ်။ ဟေ့ - မင်းတို့ကျွဲတွေ ရေတိုက်ချင်ရင် ဟော့ဟိုက လျှိုထဲမှာ စမ်းချောင်းသေးသေးလေးရှိတယ်။ ငါတို့ အိုင်တွေလုပ်ထားတော့ ကျွဲတွေရေတိုက်ရတာ အဆင်ပြေတယ်။ အပေါ်ဆုံးအိုင်ကိုတော့ သွားမတိုက်နဲ့နော်။ အဲဒါ တို့သောက်ရေ သုံးရေလုပ်တဲ့အိုင်။ ဟေ့ - ဖားကြီး"

"ဗျာ"

"ရေတစ်ပုံးသွားဆွဲခဲ့ကွာ၊ ရေနွေးအိုးတည်ရအောင်။ ရေနွေးပွက်မှထမင်းစားကြမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဆိုပြီး ဓာတ်မီးတစ်လက်နဲ့မဝေးလှတဲ့လျှိုထဲကို ရေပုံးတစ်လုံးနဲ့ဆင်းသွားပါတယ်။ ဟုတ်ပါရဲ့၊ သူများဓာတ်မီးသုံးမှ ကျွန်တော် ဓာတ်မီးမေ့ကျန်ခဲ့တာသတိရတော့တယ်။ ညရေးညတာ တောထဲမှာဆိုတော့ ဓာတ်မီးက အတော်အရေးကြီးတာပဲလေ။

"မောင်အေး၊ မင်းမှာ ဓာတ်မီးပါလား"

"ပါတာပေါ့ဟ"

"အေးကွာ၊ ငါမေ့နေခဲ့တယ်"

"ဟုတ်တယ်၊ ငါသတိမပေးလိုက်ရဘူး။ ဒါပေမယ့် ငါ့မှာပါတာပဲတာ အတူတူသုံးတာပေါ့"

လို့ပြောပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့တွေ ကိုယ့်မှာပါလာတဲ့ အထုပ်လေးတွေနေရာချပြီး မီးမွေးသူကမွေး၊ ရေနွေးအိုးတည်သူကတည်နဲ့ ဝိုင်းလုပ်ကြပါတယ်။ လရောင်ရေးရေးအောက်မှာ မြေပုရစ်သံတွေလွှဲရင် တောဟာ တိတ်ဆိတ်ငြိမ်သက်နေတာပါ။ ကျွန်တော်တို့ရဲ့ စကားပြောသံ၊ ရယ်မောသံတွေကသာ တောကိုလွှမ်းမိုးထားတာပါ။ ညစာအတွက်ကြိုတင်ချက်ခဲ့တော့ကာ အဆင်ပြေလှပါတယ်။ တောရဲ့အရိပ်ကြောင့် အေးစိမ့်စိမ့်နဲ့ နေလို့ထိုင်လို့ အတော်ကောင်းလှပါတယ်။

**ထ အမှားမခံတဲ့တော**

ထမင်းဝိုင်းမှာ ဦးမိုးက ပြောပြပါတယ်။

"တို့အုပ်စုထဲမှာ လူဟောင်းတွေအနေနဲ့ ဒီပိန်းတောမြောင်မှာလုပ်ဖူးတော့ ဒီတောအကြောင်းကို သိနေပြီ။ လူသစ်တွေအနေနဲ့မှတ်ထားဖို့က မင်းတို့ ဒီတောထဲမှာ အခင်းကြီးအခင်းငယ်သွားကြမယ်ဆိုရင် ဒီတောမှာ စောင့်ရှောက်နေတဲ့ တောနတ်အရှင်သခင်တွေကို လေးစားသောအားဖြင့် မတ်တတ်ရပ်ပြီး အပေါ့မသွားပါနဲ့။ အခင်းကြီးအခင်းငယ်သွားတိုင်းလည်း ကန်တော့ကန်တော့ပါဗျာ၊ အန္တရာယ်မလွယ်နိုင်လို့ ခွင့်လွှတ်ပေးကြပါလို့တောင်းပန်ကြကွ မမေ့နဲ့နော်။ အဲဒါအရမ်းအရေးကြီးတယ်။ ပြီးတော့ ထင်းခွေရင် ရေမခပ်နဲ့။ ရေခပ်ရင် ထင်းမခွေနဲ့။ တစ်ခုဆိုတစ်ခုပဲလုပ်။ အဲဒါလည်း မြဲမြဲမှတ်ထားကြကွ။ ပြီးတော့ ညစ်ညမ်းတဲ့စကားတွေလည်းမပြောကြနဲ့။ အပျော်အပြက်တောင်မပြောကြနဲ့။ မင်းတို့ငါတို့တွေဟာ တောထဲတောင်ထဲမှာ အန္တရာယ်များတဲ့သစ်ခုတ်အလုပ်ကိုလုပ်နေရတာဆိုတာမမေ့နဲ့။ သူတို့ရှိသောမှ ကိုယ့်ကိုစောင့်ရှောက်မှာ၊ အနှောင့်အယှက်မပေးမှာ၊ ကိုယ့်ဘက်ကများ အကောင်းဆုံးနေထိုင်နိုင်မှ တော်မှာတာ"



www.burmeseclassic.com

www.burmeseclassic.com

လို့ပြောပြနေပေမယ့် အလုပ်ကိစ္စ မပြောသေးတာကြောင့် ကျွန်တော်က မေးမိပါတယ်။

"ကျွန်တော်တို့ နက်ဖြန်ကစပြီး အလုပ်ဝင်ရမှာလား"

"အေးကွ၊ မနက်ဖြန်မနက်မှာ တောခေါင်းကြီး ငါတို့လုပ်ကွက်ဆီ ရောက်လာလိမ့်မယ်။ ငါနဲ့ချိန်းထားပြီးပြီ။ တောခေါင်းကြီးက အထက်ဘက် ဒေါင်းမြီးကျူမြိုင်ဘက်မှာရှိနေတယ်။ အဲဒါ သူ့တပည့်တစ်ဦးနဲ့ မနက်ပိုင်း အရောက် လာလိမ့်မယ်။ သင်းသတ်ပြီးသား ကျွန်းပင်တွေကတော့အများကြီးရှိတယ်။ တို့ကို ဘယ်မှာချပေးမလဲမသိသေးဘူးကွ"

"ဒါထက် ဦးမိုး၊ ကျွန်တော်တို့က အလုပ်လုပ်ကြမှာဆိုတော့ စားရေး သောက်ရေးကိစ္စ ဘယ်လိုဖြေရှင်းကြမှာလဲ"

"ဒါထက် မောင်ရင့်နာမည်က"

"မြင့်လွင်ပါ ခင်ဗျာ"

"အေး - မောင်မြင့်လွင်ရဲ့ ထမင်းကိစ္စကို မင်းတို့လူသစ်တွေမသိသေးတော့ မေးတာမှန်တာပေါ့။ ဒီလိုကွ၊ လူဟောင်းတွေကတော့ သိပြီးသားပါ။ လူသစ်တွေ သိအောင်ပြောရဦးမယ်။ နံနက်စာကို နေ့(၁၁)နာရီလောက်မှာ တို့တွေစားကြတယ်။ ထမင်းကို မင်းတို့အလုပ်သွားနေခိုက် ငါကချက်ထားမှာ။ အလကားတော့ မဟုတ်ဘူးပေါ့ကွာ။ မင်းတို့ ငွေတစ်ရာရတိုင်း ထမင်းချက်ခ သုံးကျပ် ငါကဖြတ်မှာ။ ပြီးတော့ ညစာကျရင် ကိုယ့်ဟာကိုယ်အလှည့်ကျချက်ကြရမှာပါ။ ဒါက အစဉ်အလာလုပ်ခဲ့တာပါ။ ငါ့အနေနဲ့က ထမင်းချက်ပြီး အချိန်ကုန်နေလို့မရဘူးလေ။ သစ်ကွင်းထဲလှည့်လည်ပြီး ရှုပ်အပ်တာတွေညွှန်ကြားရမယ့်တာဝန်ကရှိသေးတယ်လေကွာ ဟုတ်ဖူးလား"

"ဟုတ်ကဲ့ - ဦးလေး၊ ဟုတ်ကဲ့ ဟုတ်ကဲ့"

လို့ဝန်ခံရပါတယ်။

ဦးမိုးက ငါးဆယ်ကျော်စ ခပ်ဝဝ တုတ်တုတ်ခိုင်ခိုင်ပါ။ အသားညိုညိုနဲ့ ကြည့်ပျော်ရှုပျော်ပါ။ လေးစားလောက်တဲ့ဥပမိရှိသူလို့ဆိုရမှာပါ။ ပြီးတော့ ခပ်အအပုံစံမျိုးမဟုတ်ဘဲ ချက်ချက်ချာချာပုံစံပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ကို ဦးဆောင်နိုင်ခြင်းပါပဲ။

ကျွန်တော်တို့ဟာ ထမင်းဆာနေကြတာမို့ ကျွဲလူးအိုင်စခန်းကချက်လာတဲ့ ထမင်းအိုးကြီးတစ်လုံး ပြုတ်ပြုတ်ပြုန်း သွားပါတော့တယ်။ ဟင်းက ခရမ်းချဉ်သီးရေကြဲချက်၊ငရုတ်သီးမှုန့်နဲ့ငါးခြောက်သေးသေးလေးကြော်ထားတာပါ။ ဟင်းစပ်တည့်တာ၊ မတည့်တာထက် ဆာရင်စားကောင်းတာပါပဲ။ ထမင်းစားပြီး ဝါးဆစ်ခွက်လေးတွေနဲ့ ရေနွေးကြမ်းသောက်တဲ့အခါ စမ်းရေမို့ အရသာကောင်းမွန်လှပါတယ်။ ဗွက်နံ့လည်းလုံးဝမရှိပါဘူး။ တောထဲတောင်ထဲ အတွေ့အကြုံအသစ်မို့ ပျော်စရာကြီးပါပဲဗျာ။

□ ဒီးဒုတ်လျှို

ကျွန်တော်တို့ခုတ်ရမယ့်လုပ်ကွက်က ဒီးဒုတ်လျှိုတဲ့ဗျ။ ပိန်းတောမြောင်သစ်ကွင်းကြီးထဲက ဒီးဒုတ်လျှိုတစ်နေ့လျှောက်က သင်းသတ်ထားတဲ့သစ်တွေလှဲရမှာပါ။ ကျွန်တော်နဲ့မောင်အေးတို့က တစ်တွဲပါ။

ထင်သာထင်မဝင်ဘူး ကျောင်းအမရေဆိုတဲ့ စကားပုံလိုပေါ့ဗျာ။ တစ်နေ့ကို သစ်လေးငါးတန်ကျအောင်ခုတ်ပစ်လိုက်မယ်လို့ စိတ်ထဲက ကြိမ်းဝါးခဲ့ပေမယ့် တကယ်ခုတ်ကြည့်တဲ့အခါမလွယ်ဘူးဗျ။ လွန်ခဲ့တဲ့ သုံး၊ လေး၊ ငါးနှစ်ကသင်းသတ်ထားတဲ့ ကျွန်းသစ်ပင်အခြောက်ကြီးတွေ ဖြစ်နေလေတော့ တစ်ပင်လဲအောင် မနည်းဆွဲရတာကလား။ အချို့အပင်ကြီးတွေဆို ကြီးလွန်းလို့ ပတ်လည်ဆွဲဖြတ်ယူရတယ်။ ပြီးတော့ ကျွန်းသားဟာ ပွပြီး ပူတော့ကာ လွှခုန်ပြီး လွှသွားတုံးလွယ်ပါတယ်။ လွှမထက်လို့ကတော့ မျက်ရည်ကျပြီသာမှတ်ပေတော့။ တစ်နေ့ကို ကျွန်တော်တို့နှစ်ယောက် သစ်သုံးတန်လောက်ကျအောင် မနည်းကြိုးစားကြရတာပါ။ အဲဒါကြောင့် ထင်တိုင်းမပေါက်ကြပါဘူး။ ညညဆိုရင် တံစဉ်ဒနဲ့လွှသွေးရတာကလည်း တစ်လုပ်ပါ။

ကျွန်တော်ထင်ထားတာက သစ်စိုတွေလှဲရမယ်ထင်တာ။ သစ်စိုဆိုရင် လွှနဲ့လှဲရင် အကြာကြီးမလှဲရဘူး။ သစ်ဆိုတာ လှဲပြီးရင် သူ့အတိုင်းအတာနဲ့သူ အဖျားဘက်ကပါ ဖြတ်ရပါသေးတယ်။ ပြီးမှ နဖားဖောက်ပြီး သံကြိုးနဲ့တွဲကာ ချောင်းထဲကို ကျွဲတွေကဆွဲချရခြင်းပါပဲ။ မိုးရာသီရောက်လာတာနဲ့ သစ်တွေဟာ ငလိုက်ချောင်းထဲ မျောပါကုန်ပါတယ်။ ငလိုက်ချောင်းကတစ်ဆင့် ပေါင်းလောင်းမြစ်ထဲရောက်ပြီး သတ်မှတ်နေရာကနေ သစ်တွေစောင့်ပြီးဆယ်ယူတာမျိုး။ ဒါက ကားနဲ့သယ်ယူဖို့ ခက်ခဲတဲ့ သစ်တွေကို ထုတ်ယူတဲ့နည်းပါ။

အတော်ကြီးတဲ့ကျွန်းသစ်လုံးကြီး တွေကျတော့ ကျွဲတစ်ရှဉ်းနဲ့မနိုင်ပါဘူး ကျွဲသုံးရှဉ်းစလုံး ဆွဲယူရတာတွေရှိတယ် သစ်ဆွဲကျွဲတွေဟာ အလွန်လိမ္မာတာ သိကြပါတယ်။ အချို့ အခက်အခဲရှိတဲ့ နေရာတွေမှာ ဒူးတုပ်ပြီးဆွဲကြရတာတွေ တောင်ရှိတယ်။ ကျွန်တော်တို့အုပ်စုဟာ နည်းနည်းနဲ့ကြကြဝိုင်းရတာပါ။ တော ခေါင်းကြီးကလည်း နေ့စဉ်လိုလို လာ ရောက်စစ်ဆေးညွှန်ကြားပါတယ်။ ပြီး တော့ သစ်တွေတံဆိပ်ရိုက်တဲ့လုပ်ငန်း တွေဆောင်ရွက်ကြပါတယ်။

ကျွန်တော် စိတ်ဝင်စားနေတာ ပိန်းတောမြောင်ဆိုပြီး ပိန်းတောကြီး မမြင်တော့တာရယ်၊ ဒီးဒုတ်လျှို ဘာလို့ခေါ်တာလဲဆိုတာတွေရယ်သိချင် နေတာပါ။ ဒါပေမယ့် မမေးဖြစ်ပါဘူး တစ်နေ့မှာတော့ ညထမင်းစားအပြီးမှာ အလုပ်ခေါင်း ဦးမိုးကို ရေနွေးကြမ်း သောက်ရင်း မေးဖြစ်ပါတယ်။

"ဦးလေးမိုး၊ ပိန်းတောမြောင်သာ ဆိုတယ် ပိန်းပင်ကြီးတွေလည်းမမြင်ပါ လား"

"ဟကောင်လေးရဲ့၊ ဟိုးအရင် ဒီကွင်းကိုဝင်စက ဒီတောထဲမှာ အလွန် လှပတဲ့ပိန်းပင်ကြီးတွေတောလိုက်ပေါက် နေကြတာကွ။ သစ်ဆွဲလမ်းတွေရှင်း တော့ ပိန်းပင်ကြီးတွေခုတ်ပစ်ကုန်ကြ တာကွ။ အဲဒါကြောင့် ကမ္ဘောကမ္ဘာ နေခဲ့တဲ့ ပိန်းတောကြီးပျောက်သွားပြီး အခုမင်းတို့မြင်တဲ့ပိန်းပင်သေးသေးလေး တွေလောက်ပဲကျန်တော့တာ။ ဒီလောက် ပိန်းပင်ကတော့ ဘယ်မှာမဆို တော ရင်ရှိတာပေါ့။ ဟိုးအရင် ပိန်းတောကြီး အမှန်ရှိခဲ့လို့ ပိန်းတောမြောင်လို့ခုထိတွင် နေတာကွ"

"ဒါဆို ကျွန်တော်တို့သစ်ခုတ်နေ တဲ့ ဒီးဒုတ်လျှိုကကောဗျာ၊ ဒီးဒုတ်အော် သံကြားလို့တွင်တာလား"

"အေး-ဟုတ်တယ်၊ ဟိုးအရင်က အဲဒီလျှိုမှာ ညအိပ်တဲ့သစ်ခုတ်တဲ့သူ ရှိတယ်။ ညဆိုရင် ညဥ့်ငှက်ဖြစ်တဲ့ ဒီးဒုတ်တို့၊ ဇီးကွက်တို့ထွက်တာ အဆန်း မှမဟုတ်တာ။ အဲဒါ ညမှာ ဒီးဒုတ်အော် သံကြားရင် မကြာဘူး၊ တစ်ခုခုဖြစ်တတ် တယ်။ ဒါကလည်း တိုက်ဆိုင်မှုလား တော့မသိဘူးပေါ့ကွာ။ အဲဒါဒီးဒုတ်အော် သံကြားရင် တစ်ခုခုထူးခြားတတ်လို့ ဒီးဒုတ်လျှိုလို့ နာမည်တွင်နေတာ"

"ဒါဆို ဒီးဒုတ်အော်သံကြားရင် သတိထားရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အေး-ဟုတ်တယ်၊ ငါ အဲဒါကိုဆိုလိုတာကွ"

"ဒါဆို ညပိုင်း အဲဒီလျှိုဘက်က ဒီးဒုတ်အော်သံကြားရင် သတိထားကြရမှာပေါ့ဗျာ"

လို့ ကျွန်တော်က ပြောဖြစ်ပါတယ်။

□ ဒီးဒုတ်အော်တဲ့ည

"ဒီး. . . ဒုတ်. . . ဒီး. . . ဒုတ် ဒီး. . . ဒုတ်"

ညရှစ်နာရီကျော်ကျော်လောက် ကျွန်တော်တို့တွေ ဆေးလိပ်ဖွာ၊ ရေနွေးသောက်ရင်း စကားဝိုင်းဖွဲ့နေစဉ်မှာ ခပ်လှမ်းလှမ်း ဒီးဒုတ်လျှိုဘက်က ဒီးဒုတ်အော်သံကြားလိုက်ရပါတယ်။ ဇီးကွက်၊ ဒီးဒုတ်၊ လင်ကောင်ပိုး စတဲ့ ညငှက်တွေဟာ ညဥ့်မှာထွက်ပြီး အစာရှာကြ၊ ပျော်ပါးကြတာ အဆန်းမဟုတ်ပါဘူး။ ဒါပေမယ့် ဒီးဒုတ်လျှိုဘက်က ဒီးဒုတ်အော်ရင် ထူးခြားမှုတစ်ခုခုဖြစ်တတ်တယ်။ အထူးသတိထားပါလို့ မှာထားတာကိုး။ အဲဒါကြောင့် ကျွန်တော့်စိတ်ထဲ ထင့်ခနဲတော့ဖြစ်သွားပါတယ်။

အဲဒီမှာ မောင်အေးက အလန့်တကြား -

"ဟာ - ဒီးဒုတ်လျှိုဘက်က ဒီးဒုတ်အော်သံကြားတယ်ဟေ့"

လို့ ဆိုပါတယ်။ အားလုံးကြားလိုက်ရတာပါ။ အဲဒီမှာ ဦးမိုးကျချက်ချင်းပဲ -

"နက်ဖြန်မှာ ထူးခြားမှုတစ်ခုဖြစ်သိမ့်မယ်။ အလုပ်လုပ်တဲ့နေရာတွေမှာ သတိအထူးထားကြကွ။ နည်းနည်းလေးမှသတိလက်မလွှတ်စေကြနဲ့။ တောထဲတောင်ထဲဆိုတာ ဘာဆေးဝါးမှရှိတာမဟုတ်ဘူး။ကိုယ်ဖြစ်ရင်ကိုယ်ခံကြရမှာ။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် အတတ်နိုင်ဆုံး စောင့်ရှောက်ကြကွ"

လို့ သတိပေးပါတယ်။ ဟုတ်ပါတယ်။ သတိထားတော့ အမှားနည်းတာပေါ့ဗျာ။ ကျွန်တော်တို့ အလုပ်သမားတွေ စိတ်ထဲထင့်သွားခဲ့ကြတာကတော့ အမှန်ပါပဲ။ ဘာဖြစ်မှာပါလိမ့်၊ ဘယ်သူများဘာဖြစ်မှာလဲဆိုတဲ့ အတွေးစိတ်ဟာ ချတ်တရက်အိပ်မပျော်အောင်နှိပ်စက်ပါတယ်။ ဒါပေမယ့် ပင်ပန်းတဲ့ဒဏ်ကြောင့် နောက်တော့လည်း အိပ်ပျော်သွားခဲ့တာပါပဲ။

□ ထမင်းချက်အလှည့်

သင်းသတ်ပြီးတံဆိပ်ရိုက်ထားတဲ့ ကျွန်းပင်တစ်ပင်ကို လှဲတော့မယ်ဆိုရင် သူ့ရဲ့အခြေက ချုံနွယ်ပိတ်ပေါင်းတွေ ခါးနဲ့အရင်ရှင်းရပါတယ်။ သစ်ပင်ယိမ်းတဲ့ဘက်ကို ဦးစွာ လေ့လာပြီးမှ လဲမယ့်ဘက်ကို အရင်လွှကြောင်းပေးရတာပါ။ တောင်ဆုပ်လောက်ရရင်ပြီးပါပြီ။ ပြီးမှ ကျောဘက်ကနေပြီး အဲဒီလွှကြောင်းအထိ လွှနဲ့ဆွဲရခြင်းပါ။ လွှကြောင်းနှစ်ကြောင်းမစပ်မီခင် လက်နှစ်လုံးလောက်အလိုမှာ ယိမ်းတဲ့ဘက်ကိုလဲတော့တာပါပဲ။ ဒါဆိုရင် အနီးမှာရှိတဲ့အခြားသစ်ပင်သစ်ကိုင်းတွေကိုရိုက်မိတာမို့ တောဟာ ဝေါဖြောင်းဖြောင်းဖြောင်းဆိုပြီး ဆူညံသွားတတ်ပါတယ်။ ကျွန်တော်တို့ကတော့ လွှကြောင်းဟတာနဲ့ လွှကိုအမြန်နုတ်ပြီး ခပ်ဝေးဝေးဆုတ်ကာ ကြည့်နေရတာပါ။ ပြီးတော့ တောရှင်းပြီး အဖျားအနားတွေပယ်ရပါတယ်။ အလုပ်မှာကြာလာတော့ လုပ်တတ်ကိုင်တတ်ရှိနေကြပါပြီ။

ညက ဒီးဒုတ်အော်ထားတော့ စိတ်ထဲမှာအတော်လေးကိုသတိထားပြီး လုပ်ကိုင်တာပါ။ ဒီလိုနဲ့ နံနက်စာကို (၁၁)နာရီကျော်ကျော်မှာစားကြပါတယ်။ နံနက်စောစော ဘာမှစားမထားတော့ ထမင်းက စားလို့သိပ်ကောင်းတာပါ။ တစ်ရေးတစ်မောနားပြီး တစ်ချီပြန်ဆင်းကြရပါတယ်။ အားလုံးဟာ ဒီးဒုတ်အော်ထားတာကြောင့် ဂရုတစိုက်လုပ်ကိုင်ကြမယ်လို့ထင်ပါတယ်။ ဒီလိုနဲ့ နေတောင်အတော်စောင်းသွားခဲ့ပါပြီ။ ဒီနေ့ဟာ ကျွန်တော်ထမင်းချက်ရမယ့်အလှည့်မို့ ဒီတစ်ပင်လဲတာနဲ့ ထမင်းချက်ဖို့နားရမှာပါ။ သိပ်မကြာပါဘူး သစ်ပင်လဲသွားပါပြီ။

"ကဲဟေ့ - မောင်အေး၊ ဒီနေ့ ငါထမင်းချက်အလှည့်ကွ တော်ကြစို့။ နက်ဖြန်မနက်ကျမှ ကိုင်းဖျားကိုင်းနားတွေဖြတ်ရအောင်"

ဆိုပြီးတက်ခဲ့ပါတယ်။

ကျွန်တော်တို့ထုံးစံက အလုပ်က အပြန်မှာ မီးဆိုက်ဖို့ ကိုင်းခြောက်တွေ ထမ်းပြန်ရခြင်းပါ။ လေးတဲ့ကိုင်းတွေ ထမင်းဟင်းချက်ပါတယ်။ ကြီးတာကြီးတွေကျတော့ ညဥ့်နေမီးအဖြစ်ထည့်ထားရခြင်းပါ။ မီးဖိုကြီးဟာ တစ်ညလုံး မီးတဟဲဟဲနဲ့နေတာပါ။ အတုံးကြီးတွေ တေ့ထားပေးရခြင်းပါပဲ။

အလုပ်ကပြန်ရောက်တာနဲ့ ရေပုံးယူ၊ စမ်းချောင်းထဲမှာ ရေချိုးပေါ့လေ။ စမ်းရေက အေးစက်နေတော့ ပန်းသမျှ လန်းသွားလေ့ရှိတယ်ဗျ။ စမ်းရေအေးတယ်ဆိုတာပုံပြင်မဟုတ်ဘူး။ လက်တွေ့မို့သိတာပါ။ စမ်းအိုင်ထဲကရေကို တဝကြီးခပ်ချိုးပြီးတာနဲ့ ရေတစ်ပုံးဆွဲကာ ကျွန်တော်ပြန်တက်ခဲ့ပါတယ်။ အဲဒီမှာ စိတ်ထဲ ဟျာခနဲဖြစ်သွားတော့တာပါပဲ။ ပတ်ဝန်းကျင်ဟာ နေရောင်ပျောက်ပြီး ချက်ချင်း မှောင်အတိဖြစ်လာတာပါ။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ မိုးရိပ်မိုးသားတွေအလိပ်လိုက်အလိပ်လိုက်တက်လာလိုက်တာ မြန်မှမြန်ပါပဲဗျာ။

ဒါဆို တောင်းတင်လေကြမ်းနေပြီး တိမ်မည်းတွေ ဖင်လယ်ပြင်ဆီက သယ်လာနေပြီ။ ဒီအနေနောက်ရှိုးမမှာ မကြာခင် မိုးကြီးရွာတော့မှာပါလားလို့ သိလိုက်ပါတယ်။ ကျွန်တော်ထမင်းချက်မယ့်အလှည့်ကျမှ ဒုက္ခပါပဲဗျာ။

ထမင်းချက်ဖို့တဲကရှိတာမဟုတ်ဘူး။ နောက်ပြီးတော့ လူအိပ်တဲ့တဲတွေကလည်း သစ်ရွက်သစ်ခက်မိုးထားတဲ့တဲတွေ။ ဘယ်လိုမှမိုးမလုံနိုင်ဘူး။ နေရောင်ခြည်လောက်ပဲလုံတာ။ ကျွန်တော် ပတ်ဝန်းကျင်ကြည့်ပြီးစိတ်ညစ်နေချိန်မှာပဲ ရာသီဥတုအခြေအနေကြောင့် လူတွေအားလုံး ခပ်သုတ်သုတ်ပြန်ရောက်လာကြပါတယ်။ ကျွန်တော်ကတော့ ဟျာနောက်နေပါပြီ။ လေကလည်း တစ်ချက်တစ်ချက်အတော်ကြမ်းအောင် တိုက်ခတ်လာပါတယ်။ ထမင်းဘယ်လိုချက်ရပါ့။ ကိုယ့်အလှည့်ကျမှဖြစ်ရတယ်လို့ဗျာ။ ဧကန္တ - ဒီးဒုတ်အော်သံရဲ့အတိတ်နိမိတ်ကြောင့် တစ်ခုခုဖြစ်မယ်ဆိုတာ မိုးကြီးလေကြီးချမှာကို ဆိုလိုဟန်ရှိပါတယ်။

□ မန္တန်အစွမ်းနဲ့မိုးတားပြီ

ကျွန်တော် ထမင်းအိုးကြီးတစ်လုံးနဲ့ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘဲ ဗျာများနေချိန်မှာပဲ ကျွန်တော့်အနားကို ကျောက်ခဲအင်းရွာသား အသက်လေးဆယ်ကျော်ကျော်အရွယ်လောက်ရှိတဲ့ ဦးထွန်းသိန်း ရောက်လာပါတယ်။ ဦးမိုးပြီးရင် သူက အသက်အကြီးဆုံးပါ။ ဒါပေမယ့် လေးဆယ်ကျော်ဆိုတာ အားကောင်းမောင်းသန် တောင့်တောင့်တင်းတင်းကြီးပါ။ သူက စကားနည်းတယ်။ အတော်အတန်ဘာမှဝင်ပြောသူမဟုတ်ဘူး။

"ကောင်လေး ထမင်းချက်ဖို့ အခက်တွေ့နေပြီလား"

"မိုးတွေတက်လာပြီ ဦးလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com

အဲဒါ ထမင်းအိုးတည်သင့်၊ မတည်သင့် စဉ်းစားနေတာ”

“တည်သာတည်ပါကွာ၊ မိုးက ငါ့တာဝန်ထားပါ။ မင်းရဲ့ထမင်းအိုးမကျက်မချင်း မင်းအနားမှာ မိုးမရွာစေရဘူး။ ငါ့တာဝန်ထား ငါလုပ်ပေးမယ်။ ကဲ - မီးမွှေးတော့ကွ။ ဟောဟို မီးဖိုကြီးက မီးယူပြီး အမြန်မီးထည့်ပြီး ထမင်းအိုးတည်ကွာ”

“ဟုတ်ပါ့မလား ဦးလေးထွန်းရာ”

“စိတ်ချကောင်လေး၊ အမြန်စီစဉ်တော့။ ငါလည်း မိုးတားဖို့ ဖယောင်းတိုင်သွားယူလိုက်ဦးမယ်”

ဆိုပြီး တဲထဲဝင်သွားကာ သူ့အိတ်ထဲက ဖယောင်းတိုင်သွားယူတယ်ထင်ပါရဲ့။ ကျွန်တော်လည်း မီးကပျာကယာယူပြီး ဆန်ဆေးကာ ထမင်းအိုးကြီးတည်လိုက်ပါတယ်။ တစ်ချက်တစ်ချက် လေကဝှေ့ပါတယ်။

ဦးထွန်းသိန်းက ကျွန်တော်နဲ့မနီးမဝေးနေရာမှာ ပထမ တုတ်နဲ့စည်းဝိုင်းလိုက်ပါတယ်။ ပြီးမှ ဖယောင်းတိုင်အတုတ်ကြီးကို မီးညှိကာစိုက်ပါတယ်။ ပြီးတော့ နှုတ်ကတတွတ်တွတ်မန္တန်ရွတ်ဆိုနေပုံရပါတယ်။ ကျွန်တော်လည်း ထမင်းအိုးကြီးမီးထိုးကာ ဝါးယောက်မလေးကိုင်ရင်း ဦးထွန်းသိန်းရဲ့လုပ်ပုံကိုင်ပုံကို အသေအချာကြည့်နေမိပါတယ်။

အဲဒီမှာ သိသာတာက လေဟာ ချက်ချင်းငြိမ်သွားတာပါပဲ။ ဟိုးခပ်လှမ်းလှမ်းမှာတော့ မိုးတွေမည်းမှောင်နေပါတယ်။ လျှပ်စီးတွေလက်သလို လျှပ်စီးပေါက်ကွဲမှုရဲ့နောက်မှာ မိုးခြိမ်းသံတွေက ကြောက်လန့်ဖွယ် အနေအထားဖြစ်လာပါတယ်။ ဒါဆို ခဏအတွင်း ရွာတော့မှာပါ။

အလုပ်သမားအုပ်စုတွေကတော့ စမ်းချောင်းဘက်မှာ ရေချိုးနေကြတုန်းပါ။ မှောင်အေးသာ တဲထဲမှာ အထုပ်အပိုးတွေ မိုးစိုသက်သာအောင် ပြုပြင်ထိန်းသိမ်းနေပါတယ်။ ခဏနေတော့ ဦးထွန်းသိန်း မန္တန်ရွတ်လို့ပြီးသွားပုံရပါတယ်။ ကျွန်တော့်ဆီရောက်လာပြီး ညွှန်ကြားပါတယ်။

“ကောင်လေးရေ၊ စိတ်ချလက်ချ သာချက်ပေတော့။ ပြီးရင် ရေနွေးအိုးလည်းဆက်တည်လိုက်ဦး။ ဒီဖယောင်းတိုင်ကုန်သွားရင် ငါအသစ်ထပ်ထွန်းပေးမယ်။ မင်းနားမှာ မိုးတစ်စက်မှမရွာစေရဘူး။ ငါတာဝန်ယူတယ်။ မနက်ကကျန်တဲ့ ကုလားပဲဟင်းအိုးထဲကို တောထဲက ဆူးပုပ်ကလေးရွက်ခူးပြီးထပ်ထည့်မယ်။ ရေထပ်ထည့်ပေါ့ကွာ။ ပြီးတော့ ငရုတ်သီးခြောက်လေး ကြက်သွန်ဖြူနဲ့ထောင်းလိုက်ဟုတ်လား။ ကဲ - ဒီဖယောင်းတိုင်မကုန်ခင် ငါ ဆူးပုပ်ရွက်သွားခူးလိုက်ဦးမယ်။ ဒါထက် မောင်မြင့်လွင်”

“ဗျာ”

“တစ်ခုပြောဖို့မေ့သွားတယ်။ ငါ စည်းချထားတဲ့စည်းဝိုင်းထဲကို ဘယ်သူဖြစ်ဖြစ် ဘာကိစ္စနဲ့မှမဝင်စေနဲ့ဟုတ်လား။ စည်းပေါက်ရင် မရဘူးကွ”

“ဟုတ်ကဲ့ ဦးလေးထွန်း ဟုတ်ကဲ့၊ ကျွန်တော်ကြည့်နေပါ့မယ်”

လို့ အာမခံလိုက်ပါတယ်။

ဦးထွန်းသိန်းဟာ ဆူးပုပ်ကလေးချုံတွေရှိတဲ့ဘက် ခပ်သုတ်သုတ်ထွက်သွားပါတယ်။ ခုချိန်ဆိုတာက ဆူးပုပ်တွေနုတဲ့အချိန်လေ။ တောထဲမှာရှာစားတတ်ရင် ဟင်းသီးဟင်းရွက်တွေပေါလှပါတယ်။ ဟင်းငုတ်ပွင့်ဆိုရင် (သခွတ်ပွင့်) အိတ်ကြီးအပြည့် ဦးမိုးကောက်လာတတ်တာကြောင့် ဟင်းငုတ်ပွင့်ကြော်မကြာမကြာစားရပါတယ်။ ကျွန်တော်တို့ကတော့ မကောက်အားကြပါဘူး။

မကြာလိုက်ပါဘူး။ တောလုံးညံအောင် မိုးရွာသံတွေကြားလာရပါပြီ။ ပတ်ဝန်းကျင်လည်း မိုးကြောင့်ထင်ရဲ့၊ အတော်လေးမှောင်သလိုဖြစ်သွားတယ်။ မျက်နှာမူရာ ခပ်လှမ်းလှမ်းမှာ မိုးကြီးထစ်ချုန်းရွာနေပါပြီ။ အားရပါးရရွာနေတဲ့မိုးပါ။ ဒါနဲ့ ကျွန်တော်ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်တယ်။ အရပ်ရှစ်မျက်နှာ မိုးကြီးရွာနေတာကလားဗျာ၊ ကျွန်တော့်အထင် ကျွန်တော်တို့ဝန်းကျင်ဆယ်ဧကလောက်သာ ထူးဆန်းစွာမိုးမရွာတာကို မြင်ရတာပါပဲ။ ပြောရရင် ယုံနိုင်စရာတောင်မရှိနိုင်ပါဘူးဗျာ။

သူလိုကိုယ်လို သစ်ခုတ်သမားတစ်ယောက်က သဘာဝရဲ့မိုးကြီးကို မန္တန်နဲ့တားထားတာ ဒီလူ မိုးတားတာ စွမ်းလှချေလား၊ တော်လိုက်တာပါလားလို့ ကျိတ်မြိုးချီးကျူးနေမိတာပါ။ မိုးတားထားတာကိုသိတာက ထမင်းချက်နေတဲ့ကျွန်တော်သာသိတာကိုး။ထမင်းကောင်းကောင်းကျက်အောင် မိုးကိုတားပေးထားခြင်းပါ။ သူသာမိုးမတားလို့ကတော့ ကျွန်တော်တို့ ဒီညစာငတ်ပြီပဲပေါ့ဗျာ။ ဒီးဒုတ်အော်သံကြားရင် တစ်ခုခုထူးခြားတယ်ဆိုတာ ခုတော့မျက်မြင် ကိုယ်တွေ့ပါပဲ။

စည်းပေါက်သွားပြီ

ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာ အော်သံပေးပြီး သဲကြီးမဲကြီးမိုးရွာနေပေမယ့် ကျွန်တော်တို့ဝန်းကျင်မှာ ခြောက်ခြောက်သွေ့သွေ့ဆိုတော့ စမ်းချောင်းထဲကလူတွေရဲ့အသံတွေ ကြားနေရပါတယ်။

“ဟာ - ရေနောက်တွေလာနေပြီဟေ့”

လို့ အော်သံကြားကာ လူတွေ စမ်းချောင်းထဲကတက်လာကြပါတယ်။ ကျွန်တော်တို့ဆီမှာမရွာပေမယ့် ပတ်ဝန်းကျင်မှာရွာနေတာမို့ မိုးရေတွေလျှံထဲစီးဆင်းခဲ့ပြီလေ။

“မိုးကွက်ကျားရွာတယ်ဆိုတာဒါမျိုးပဲကွ။ ကြည့်စမ်း၊ တို့နေတဲ့နေရာလေးပဲ မိုးကမရွာတာ ကျန်တဲ့နေရာတွေအကုန်ရွာနေတာကွ။ တို့အတော်ကံကောင်းတာပဲ”

ဆိုတဲ့ ပြောသံကိုလည်းကြားရပါတယ်။ ဦးထွန်းသိန်း မိုးတားထားတာ သူတို့လုံးဝမသိကြဘူးလေ။ သူတို့ဟာသူတို့အဝတ်တွေလဲရင်း အလုပ်ရှုပ်နေကြပါတယ်။ သူတို့မှာ တာဝန်မရှိတော့ ခပ်အေးအေးပေါ့ဗျာ။ ကျွန်တော်လည်း တာဝန်မရှိရင် သူတို့လို ခပ်အေးအေးပဲ။ စားချိန်တန်မှ လက်ဆေးပြီးဝင်စားတာပဲလေ။

ဆန်နှစ်ပြည်ခွဲထမင်းအိုးကြီးလည်း အတော်နဲ့မပွက်နိုင်ဘူးဗျာ။ မီးပြင်းတိုက်ပြီးတည်နေရတာကလား၊ မိုးတစ်ဖက်နဲ့ဆိုတော့ စိတ်ကလောနေတယ်ထင်ပါရဲ့။ အတော်နဲ့ကိုမပွက်နိုင်ဘူး ထမင်းရည်တွေဝေကျမှ စိတ်ချမ်းသာသွားတယ်။ အဖုံးဖွင့်၊ ဝါးယောက်မနဲ့မွှေပေး၊ အပျော့အမာဆန်လုံးကိုကြည့်နေ စိတ်ကအတော်လောနေတာပါ။ အဓိကကတော့ ထမင်းအိုးကျက်ဖို့ပါပဲ။ ဟင်း...တာ ကြံဖန်စားလို့ရတယ်။

ဖယောင်းတိုင်ကြီးထွန်းထားတဲ့...ကိုလည်း မျက်စိက ကျီးကန်းတောင်းမှောက်ရောက်နေရတာ၊ မတော်လို့စည်းပေါက်သွားရင် အနီးမှာရွာနေတဲ့မိုး...က ချက်ချင်းရောက်လာမှာပါ။ အဲဒါ...ကြောင့် စည်းဝိုင်းဆီကိုလည်း သ...မလစ်အောင် ကြည့်နေရတာပါ။

ဒီလိုနဲ့ ထမင်းစေ့တွေ ယောက်...ကော်ပြီးစမ်းကြည့်တဲ့အခါ ထမင်း...ရမယ့် အနေအထားကိုရောက်...ကျွန်တော် ထမင်းအိုးကြီးကို လ...

www.burmeseclassic.com

www.burmeseclassic.com

စုတ်နဲ့မ,ပြီးထမင်းရည်ငှဲ့ပါတယ်။ ထမင်းရည်ငှဲ့တဲ့အခါ ထမင်းရည်ပူမလောင်အောင် အိုးအဖုံးမပွင့်အောင် ဂရုတစိုက်ရပါတယ်။ ထမင်းရည်စင်ဖို့လည်းလိုပါတယ်။ ထမင်းရည်ကျန်ရင် ထမင်းက ပျော့စိစိဖြစ်သွားတတ်တာပါ။

အဲဒီလို ထမင်းအိုးကို ဂရုတစိုက်ငှဲ့နေချိန်မှာ မျက်ဝန်းရိပ်ထဲလှုပ်ရှားမှုတစ်ခုတွေ့လိုက်တာကြောင့် ဖယောင်းတိုင်ဆီ လှမ်းကြည့်ဖြစ်လိုက်ပါတယ်။ အဲဒီမှာ ငယ်ထိပ်မြွေပေါက်လိုက်သလို ကျွန်တော်လန့်သွားခဲ့ပါတယ်။

ကျောက်ခဲ့အင်းရွာက ခွေးပုဆိုတဲ့အကောင်ဟာ ဖယောင်းတိုင်မီးမှာ ဆေးလိပ်မီးညှိနေတာကလားဗျာ။ အဲဒါနဲ့ ချက်ချင်းပဲ -

"ဟေ့ ခွေးပု၊ မလုပ်နဲ့ကွ၊ မလုပ်နဲ့"

လို့ တားမြစ်လိုက်ပါတယ်။

ခွေးပုလည်း ရုတ်တရက်ကြောင်သွားပြီး ပြန်မေးပါတယ်။

"ဘာလို့လဲဟ"

"အဲဒါ မီးတားထားတာဟ၊ သွားပါပြီကွာ။ ငါတို့တော့ ညစာငတ်ပြီထင်ပါရဲ့ကွာ"

လို့ပြောမိပါတယ်။

စကားတောင်မဆုံးလိုက်ပါဘူး။ တိုးခပ်လှမ်းလှမ်းမှာရွာနေတဲ့မိုးကြီးဟာ ကျွန်တော်တို့ဆီ ချက်ချင်းပြေးလာပြီး ရွာချလိုက်တော့တာပါပဲ။ ထမင်းအိုးတောင် ထမင်းရည်မစစ်ရသေးပါဘူး။ မိုးကြီးရွာချလိုက်တော့ မီးတွေလည်း အားလုံးငြိမ်းကုန်ပါတယ်။ မိုးလုံတဲ့တဲမှာ နေနေတဲ့ကောင်တွေလည်း ပျာကုန်ပါတယ်။ မိုးသံတွေဆူညံနေသလို လူသံတွေလည်း ဆူညံနေပါတော့တယ်။ ကျွန်တော်လည်း စိတ်ပျက်လက်ပျက် ထမင်းအိုးကြီးချကာ သစ်ငုတ်ကြီးပေါ်တက်ထိုင်နေမိပါတော့တယ်။ ခဏအတွင်းမှာပဲ ဦးထွန်းသိန်းနဲ့ ဦးမိုးတို့ဟာ ဆူးပုပ်ရွက်တွေကို တောငှက်ပျောဖက်တွေနဲ့ထုပ်ကာ ရောက်လာကြပါတယ်။ နှစ်ယောက်စလုံး ရွှဲရွှဲနစ်နေကြပါပြီ။ သစ်ငုတ်ပေါ် စိတ်ပျက်လက်ပျက်ထိုင်နေတဲ့ကျွန်တော့်ကိုကြည့်ကာ ဦးထွန်းသိန်းကမေးပါတယ်။

"ကောင်လေး၊ ဘယ်လိုဖြစ်တာလဲဟ"

"ဦးလေးသွန်းရာ၊ ပြောကိုမပြောချင်တော့ပါဘူး။ ခွေးပုဆိုတဲ့ကောင်ဖယောင်းတိုင်မှာ ဆေးလိပ်မီးသွားညှိလိုက်တာလေ။ ကျွန်တော်လည်း ထမင်းအိုးကြီးငှဲ့နေခိုက်ဆိုတော့ တစ်ချက်လေးသတိလစ်သွားတယ် ဦးလေးရေ"

"အေးကွာ-ဘာတတ်နိုင်မလဲ၊ တို့အားလုံးရဲ့ကံပေါ့ကွာ။ စည်းပေါက်သွားတော့လည်း ဘာတတ်နိုင်တော့မှာလဲ"

လို့ တရားသဘောနဲ့သာဖြေသိမ့်ပါတယ်။

ကျွန်တော်ကတော့ ခွေးပုတို လက်သီးနဲ့ထိုးချင်စိတ်တွေပေါက်နေတာ အမှန်ပါ။ မိုးကြီးတစ်နာရီလောက်ရွာအပြီးမှာ တိတ်သွားပါတယ်။ ထင်းတွေ၊ မြေကြီးတွေရွှဲရွှဲနစ်နေတော့ မီးမွှေးလို့မရတော့ပါဘူး။ အမြဲတမ်း မီးဖိုကြီးလည်း မီးငြိမ်းသွားခဲ့ပါပြီ။ ဒါနဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ဝါးရုံတွေဆီက ဝါးထင်းခြောက်တွေ သွားယူပြီး အမြွာမြွာလုပ်ကာ မီးပြန်ဖိုကြရပါတယ်။ ဝါးမီးနဲ့ပုံတိုက်ကာ ထင်းမီးပြန်ထည့်ယူရပါတယ်။ အဲဒီနေ့ ညစာကို ည(၈)နာရီလောက်မှစားကြရပါတယ်။ တကယ့်ကသောင်းကနင်းနိုင်တဲ့နေ့တစ်နေ့ပါပဲ။ ဒီးဒုတ်အော်သံဟာ မိုးကြီးလေကြီးနဲ့ကိန်းကျေသွားလို့တော်သေးတာပေါ့။

## ◘ လူချင်းမတူသောလူများ

ကျွန်တော် အံ့ဩနေတာတစ်ခုရှိတယ်။ အဲဒါက သူလိုကိုယ်လိုသစ်ခုတ်သမားတစ်ယောက်က မိုးကိုတားနိုင်စွမ်းရှိတာကိုပါပဲ။ ကျွန်တော်က အစအဆုံး မျက်စိနဲ့ မြင်တွေ့လိုက်ရတာဆိုတော့ အတော့်ကိုအံ့ဩနေတာပါ။ အဲဒီကစပြီး ဦးထွန်းသိန်းအပေါ်မှာ လေးစားသွားခဲ့ပါတယ်။ တစ်ညမှာ အဲဒီကိစ္စသိချင်တာနဲ့ ဦးထွန်းသိန်းရှိတဲ့တဲကိုသွားခဲ့ပါတယ်။ ကျန်တဲ့လူတွေကတော့ တဲရှေ့ကွက်လပ်မှာ ဝိုင်းဖွဲ့စကားပြောနေကြတာပါ။

"ဦးလေးထွန်း၊ ဟိုတစ်နေ့က မိုးတားတာကို ကျွန်တော် အတော်အံ့ဩနေတာပါ။ မိုးတားတာက ရှင်ပြုပွဲတွေမှာလို ရှင်ဥပဂုတ္တပင့်ပြီးတားတာလား"

"အိုး .- မောင်မြင့်လွှင်ကလည်း ဒါကရှင်ပြုတဲ့သာသနာရေးပွဲမှ မဟုတ်တာ။ ရှင်ဥပဂုတ္တနဲ့ဘာဆိုင်မှာလဲကွ။ ရှင်ဥပဂုတ္တဆိုတာ ဘာသာရေးသာသနာရေးပွဲတွေမှာသာပင့်ပြီးအစောင့်အရှောက်ပြုခိုင်းတာ။ တို့က သစ်ခုတ်သမားအဖွဲ့ ထမင်းချက်ဖို့လေ၊ ရှင်ဥပဂုတ္တနဲ့ဘာဆိုင်မှာလဲ။ အေး-ငါမိုးတားတာက မိုးတားမန္တန်ရွတ်ပြီးတားတာကွ"

"စွမ်းတယ်နော် ဦးလေး"

"ဂါထာမန္တန်ဆိုတာ သစ္စာသမာဓိရှိရင် စွမ်းပါတယ် မောင်ရင်ရာ။ အချို့အောက်လမ်း ဂါထာမန္တန်တွေဆိုရင် သစ္စာသမာဓိဘာမှမရှိဘဲကိုစွမ်းတာကွ။ ဒါတွေက ယုံချင်စရာမရှိပါဘူးကွာ"

"တကယ်လို့ ဦးလေးရွတ်တဲ့မန္တန်ကို ကျွန်တော်ရွတ်ရင် စွမ်းပါ့မလား"

"သီလသမာဓိရှိရင် စွမ်းတတ်ပါတယ်ကွာ။ လူဆိုတာ တစ်ဦးမှာ တစ်ခုကောင်းလေးတွေ တတ်ထားကြသကွ။ ဘယ်သူမှ အထင်ကြီးစရာမလိုသလို အထင်သေးစရာလည်းမလိုဘူး။ ဘာလို့လဲဆိုတော့ လူတွေဟာ တစ်ဦးနဲ့တစ်ဦး မတူကြသလို အတတ်ပညာအသိပညာတွေလည်း မတူကြပါဘူး။ ဥပမာကွာ ဆရာဝန်တွေ ဆေးကျောင်းကဆရာဝန်ဘွဲ့ရတာ အတူတူပေမယ့် သူတို့ရဲ့လုပ်ဆောင်ချက်တွေကျတော့ ကွာခြားသွားတတ်တယ်။အဲဒါကြောင့် အချို့ဆရာဝန်တွေနာမည်ကြီးပြီးသူဌေးကြီးတွေဖြစ်ကြတယ်။ အချို့ကျပြန်တော့လည်း သာမန်အဆင့်နဲ့ပဲနေကြတယ်။ ဒါဟာ သူတို့ရဲ့ပင်ကိုစွမ်းရည်တွေကွာကြတာပဲ။ အဲဒီလိုပါပဲ၊ စွမ်းရည်တွေ တစ်ဦးနဲ့တစ်ဦး မတူကြဘူး။ အထွတ်အထိပ်ကိုရောက်တယ်ဆိုတာ သူ့ရဲ့စွမ်းရည်သာလို့ပဲကွ။ အဲဒီလိုပဲပေါ့ကွာ၊ မိုးတားမန္တန် မင်းကိုပေးလို့ မင်းရွတ်ရင် စွမ်းချင်မှစွမ်းမယ်။ လူချင်းကမတူကြဘူးလေကွာ။ လူတစ်ကိုယ် စိတ်တစ်မျိုးလေ ဟုတ်ဖူးလားမောင်မြင့်လွှင်"

"ဟုတ်ကဲ့ ဦးလေး၊ ဟုတ်ပါတယ်"

"သူများက မင်းကိုလူချင်းမတူဘူးလို့ပြောရင် မနာနဲ့ကွ။ အမှန်ကို လူချင်းမတူကြတာ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ၊ ဟုတ်ပါတယ်"


လို့ ထောက်ခံရပါတယ်။ ဒါက ကျွန်တော့်ကိုယ်တွေ့ သစ်ခုတ်သမားတစ်ဦးရဲ့အစွမ်းကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ဖူးတာမို့လို့ ယခင် ဆိတ်နံ့တုန်းခေါ် အောင်သုခကျေးရွာမှ ဦးမြင့်လွင်က ကျွန်တော့်ကို ပြောပြခဲ့ခြင်းပါ။

နေပြည်တော်
ပုဗ္ဗသီရိမြို့နယ် အောင်သုခရွာမှ
ဦးမြင့်လွင်သို့ ကျေးဇူးတင်လျက်

ချမ်းမြေ့ကြပါစေ

ရွှေညသိန်း([illegible])

www.burmeseclassic.com



(စစ်/ဒေး)

# ဝင်းထွန်းအောင်

# နတ်ဘီလူးနဲ့ချစ်ဖူးသူ

ယခင်ကဆိုလျှင် စိုက်ခင်းထဲ ရောက်သည်နှင့် အေးမြလှိုင်တစ်ယောက် ဘေးဘီသို့ မည်သည့်အာရုံမျှ မရောက်တော့ဘဲ လုပ်စရာရှိသည်တွေကိုသာ အတောမသတ်ဘဲလုပ်နေမိတတ်သည်။ ယနေ့တော့ အေးမြလှိုင်အမူအရာတို့က တစ်မျိုး။အလုပ်ကိုကျိုးလုပ်လိုက်၊ တစ်ခါတစ်ရံ သူမတို့စိုက်ခင်းနှင့်မလှမ်းမကမ်းရှိ ညောင်ပင်ကြီးဆီသို့ မျှော်ငေးကြည့်လိုက်နှင့်ရှိနေသည်။ တစ်ခါတလေ သူမအကြည့်က တစ်စုံတစ်ခုကိုမြင်ရနိုးဖြင့် စူးစိုက်ရှာဖွေနေသလိုပင်။

ဤသည်ကို သတိထားမိသွားသူက သူမ၏ အချစ်ဆုံး ငယ်သူငယ်ချင်း သင်းသင်းနွယ်ပင်။

"ဟဲ့-မိလှိုင်၊ ဘာတွေကြည့်ကြည့်နေတာလဲ"

"ဩော်-အင်း။ ဘာမှမဟုတ်ပါဘူးဟာ"

သူမအဖြစ်ကို သင်းသင်းနွယ်ရိပ်မိသွားပုံရပြီး မေးလာသဖြင့် အကြည့်ကို ကမန်းကတန်းပြန်လွှဲလိုက်ပြီး ဝေ့လည်ကြောင်ပတ်ဖြေလိုက်ရ၏။ထိုအကြောင်းနှင့်ပတ်သက်ပြီး သူငယ်ချင်းဖြစ်သူကို ရင်ဖွင့်ပြောပြလိုသော်လည်း သူမအဖြစ်က မရေမရာ။ ပြောပြလိုက်လျှင်လည်း သင်းသင်းနွယ်က -

"နင်ကလည်း ပေါကြောင်ကြောင်နိုင်လိုက်တာ"

ဟု ချိုးမွမ်းထောမနာပြုမှာအသေအချာပင်။

ထိုသို့ အပြောခံရမည်မှန်း သူမကြိုတင်သိနေသည်ကလည်း သူမအဖြစ်က ထိုသို့ဖြစ်နေ၍ပင်။ ထိုအဖြစ်တ လွန်ခဲ့သော (၂)ပတ်ခန့်မှ စတင်မက်ခဲ့ သည့် အိပ်မက်က အစပြုခဲ့သည်ဟုဆို ရပေမည်။ ပထမဆုံးအိပ်မက်တွင် ဘာ ကြောင့်မှန်းမသိဘဲ သူမက ထိုအပင်ကြီး နားရောက်နေသည်။ ထိုစဉ် ပင်စည်တစ် ဖက်အကွယ်မှထွက်လာသည့် လူတစ်ဦး ကို အမှတ်မထင်မြင်လိုက်ရသည်။

ထိုသူက ရှိလှမှ အသက် (၂၀) ကျော်ခန့်ပင်ရှိပေဦးမည်။ ဖြူဖြူနွဲ့နွဲ့ ပုံပန်းသဏ္ဌာန်ဖြင့် အတော်ချောသည့် သူပင်။ ဝတ်စားထားသည်ကလည်း အံ့ဩစဖွယ်။ ယခုခေတ် အဝတ်အစား စတိုင်မျိုးမဟုတ်။ ပန်းနုရောင်ပိုး ရင်စေ့လက်ရှည်နှင့် အောက်ပိုင်း

www.burmeseclassic.com



လည်း ပန်းရောင်ကြိုးကြီးချိတ်တောင် ရှည်ပုဆိုးကိုဝတ်ထားပြီး ကနုတ်ကွက်လေးများဖော်ထားသည့်ကတ္တီပါနောက်ပိတ်ဖိနပ်ဆိုတာမျိုးလည်းစီးထားသေးသည်။ ဦးခေါင်းတွင်လည်း သျှောင်တစောင်းထုံးထားပြီး ပိုးပဝါစတစ်ခုဖြင့် သျှောင်ကိုပေါင်းထားသေးသည်။ ထိုသူအသွင်သဏ္ဍာန်က တကယ့်ဇာတ်မင်းသားချောလေးတစ်ဦးနှယ်။ အေးမြလှိုင်က ထိုသူကို တအံ့တဩစိုက်ကြည့်နေမိသလို ထိုသူကလည်း သူမကိုအပြုံးမြမြလေးဖြင့် စူးစိုက်ကြည့်နေသည်။

အသက် (၁၇) နှစ်ရှိပြီဖြစ်သည့် မိန်းမချောလေးသူမအတွက် ယောကျ်ားလေးတို့၏ညို့အပြုံးအတော်များများတို့



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဖူးကြုံဖူးပါသည်။ မည်သို့မျှခံစားမှု မရှိခဲ့။ ယခု ဤသူ၏အပြုံးကိုမြင်တွေ့ကာမှ ပထမဆုံး ရင်ဖိုသလိုခံစားမိရသည်။ ထိုသူ့ကိုလည်း တရင်းတနှီးသိကျွမ်းခဲ့ဖူးသူတစ်ယောက်ပမာ မှတ်ထင်ခံစားမိရ၏။ သို့သော် မည်သည့်နေရာတွင် သိကျွမ်းခဲ့ဖူးသည်ကို စဉ်းစားမရ။

"တကယ်ပဲ မောင်ကြီးကိုမမှတ်မိဘူးလား မယ်သီရိရယ်။ အင်းပေါ့လေ၊ တို့နှစ်ယောက်ဝေးခဲ့ကြတာ နှစ်ပေါင်းရော ဘဝပေါင်းပါ နည်းမှမနည်းခဲ့ဘဲ"

သူမ၏ စူးစမ်းဟန်အကြည့်ကိုပဲ အရိပ်အကဲဖမ်းမိသည်လား။ သူမ၏ အတွေးစကိုပဲ အံ့သြစဖွယ် တွင်းဖောက်မြင်ခဲ့သည်လားမသိ။ ရွှင်ကြည်သည့် အပြုံးမျက်နှာလေးက ရုတ်ခြည်းညှိုးရော်ကျသွားကာ ခပ်ညည်းညည်းလေး ပြောလာသည်။

ထိုသူပြောသည့်လေယူလေသိမ်းတို့က တစ်မျိုးဖြစ်နေသည့်အပြင် သူမကိုလည်း မယ်သီရိတဲ့။ ထိုသူ့ကိုကြည့်ပြီး အေးမြလှိုင်စိတ်ထဲ အုထူးအဆန်းဖြစ်နေရသည်။ ထိုစဉ် ထိုသူက သူမအနီးလျှောက်လာပြီး သူမလက်ဝါးလေးတစ်ဖက်ကို ဖမ်းဆုပ်ဆွဲကိုင်လာသည်။ ယခုအချိန်အထိ ယောကျ်ားသားတစ်ဦးတစ်ယောက်နှင့်မျှ ထိတွေ့ခဲ့ဖူးခြင်းမရှိ၍ သူမရင်ထဲထိတ်ခနဲဖြစ်သွားပြီး ရုန်းဖယ်ဖို့ရန် စိတ်ကကြံလိုက်မိသော်လည်း ရင်ထဲ ရှိန်းတမြမြဖြင့် သာယာကြည်နူးသလိုခံစားနေရသဖြင့် မရုန်းမဖယ်မိတော့။

"မောင်ကြီးကို မမှတ်မိတော့ဘူးလားဟင် မယ်သီရိ။ တစ်ချိန်က တို့နှစ်ယောက်ချစ်ခဲ့ဖူးတာတွေ၊ မဟာပံသုသက်သေပြုပြီး တောင်းဆုချွေခဲ့ဖူးတာတွေ သတိပြန်မရဘူးလား နှမရယ်"

သူမလက်ဖဝါးလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ခါယမ်းပြီး အားမလိုအားမရဟန်လေးဖြင့် တတွတ်တွတ်မေးမြန်းနေသည့်သူ့ကို သနားကရုဏာသက်မိသလိုခံစားနေရသော်လည်း သူ့စကားတို့၏အဓိပ္ပာယ်ကို နားမလည်ဖြစ်နေရသဖြင့် ဘာပြန်ပြောရမှန်းမသိဘဲ နှုတ်ဆွံ့နေရ၏။ အတန်ကြာမှ -

"ရှင် ရှင် ဘာတွေပြောနေတာလဲဟင်။ ကျွန်မနာမည် မယ်သီရိမှမဟုတ်ဘဲ ရှင်ကဘယ်သူလဲ၊ ရှင့်ကို ကျွန်မမသိပါဘူး"

သူမစကားကြောင့် ထိုသူ့အသွင်က စိတ်ပျက်အားလျော့ဖြစ်သွားခဲ့ပုံရ၏။ ဆုပ်ကိုင်ထားသည့်လက်လေးကိုလွှတ်လိုက်ပြီး အဝေးဆီသို့ ရီဝေဝေငေးမောသွားရင်း -

"မောင်ကြီးပြေည့်ကို မသိတော့ဘူးတဲ့လား နှမလေးရယ်"

ဆို့နစ်ကြေကွဲဟန်လေးဖြင့် ဝမ်းပန်းတနည်းပြောနေသည့်သူ့ကိုကြည့်ရင်း စိတ်မကောင်းမိသလိုခံစားရသည်။ ထို့နောက် ထိုသူ့ကို တစ်စုံတစ်ခုမေးရန်ဟန်ပြင်ပြီး နှုတ်ခမ်းအစုံကိုဖွင့်ဟလိုက်စဉ်-

"တုံ. . . တုံ. . . တုံ"

ရုတ်တရက် ပေါ်ထွက်လာသည့် သူမတို့အိမ်နှင့် မလှမ်းမကမ်းရှိ ဘုန်းတော်ကြီးကျောင်းမှ အရုဏ်တက်အုန်းမောင်းခေါက်သံကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့ရသည်။ အစောကဖြစ်ရပ်ကို အိပ်မက်မှန်းသိလိုက်ရတော့ ရင်ထဲတွင် ဝမ်းနည်းသွားမိသလိုပင်။ အိပ်မက်မှ ထိုသူ၏ပုံရိပ်ကလည်း မျက်ဝန်းထဲမှ မေ့ပျောက်မရ စွဲထင်ကျန်ရစ်ခဲ့ရ၏။ မပြီးဆုံးသေးသည့် ထိုအိပ်မက်ကို ထပ်မံပြီးမက်လိုလှတော့၏။

❑

"လွမ်းလိုက်ရတာ နှမရယ်။ နှမနဲ့တွေ့ခွင့်ရမယ့်ရက်ကို မနည်းစိတ်ရှည်ရှည်ထားပြီး စောင့်စားနေရတယ်"

ထိုသူနှင့်ပထမအကြိမ်တွေ့ဆုံပြီးနောက်ထပ် (၃) ရက်ခန့်ကြာ အေးမြလှိုင် ညောင်ပင်ကြီးအောက်ထပ်ရောက်သွားတော့ ပင်စည်အကွယ်မှ ထိုသူထွက်လာသည်။ ပြီး - သူမလက်လေးကိုဆုပ်ကိုင်ဖျစ်ညှစ်၍ ဝမ်းသာအားရဟန်လေးဖြင့်ပြောရှာသည်။ ထိုသူ၏ကြည်နူးရွှင်ပျနေဟန်လေးကိုကြည့်ကာ အေးမြလှိုင်ပါ ရောယောင်ပြီး ထပ်တူခံစားနေမိသလိုပင်။

"ရှင့်နာမည်ဘယ်သူလဲဟင်"

သူမအမေးကြောင့် ထိုသူ့မျက်နှာတစ်ချက်ညှိုးသွားပြီး -

"မောင်ကြီးနာမည်ဘယ်သူလဲတဲ့လား နှမရယ်။ မောင်ကြီးကို အခုချိန်အထိ မမှတ်မိသေးဘူးနော်"

ထိုသူ၏သနားစဖွယ်ကြေကွဲနေဟန်ကိုကြည့်ပြီး သူမစိတ်မကောင်းမိ။

"ကျွန်မကိုခွင့်လွှတ်ပါ မောင်ကြီးရယ်၊ ကျွန်မ အခုချိန်အထိ မောင်ကြီးဘယ်သူဆိုတာကို စဉ်းစားလို့မရသေးဘူး"

ထိုသူ့ကို သနားနေမိသဖြင့် သူ့စိတ်ချမ်းသာစေရန် သူ့လေသံအတိုင်း အလိုက်သင့်ပြောဆိုလိုက်မိသည်။

"မောင်ကြီးနားလည်ပါတယ် နှမရယ်။ မောင်ကြီးနာမည်က တစ်ချိန်တုန်းကတော့ ပြေည့်တဲ့။ အခုတော့. . ."

ထိုသူက တွေးဆနေဟန်ဖြင့် နှုတ်ဆိတ်နေသေးသည်။ ခဏကြာမှ -

"အဟင်း - အခုတော့ တာနော့ယက္ခပေါ့"

"တာနော့ယက္ခ၊ တာနော့ယက္ခ"

ထိုအမည်ကိုကြားဖူးသလိုရှိသော်လည်း ရုတ်တရက် စဉ်းစားမရသဖြင့် နှုတ်မှရေရွတ်ကြည့်ရင်း ဦးနှောက်ကို အလုပ်ပေးနေမိသည်။ အတန်ကြာမှ ရာဇဝင်ထဲက ချစ်သူကို အာခံတွင်းတွင်ငုံထားအောင်ချစ်သည့် နတ်ဘီလူးတစ်ပါး၏အမည်ကို ဖျတ်ခနဲ သတိရသွား၏။

"တာနော့ယက္ခ၊ ဟင် - တာနော့ယက္ခဆိုတော့ မောင်ကြီးက နတ်ဘီလူးကြီးပေါ့"

သူမ၏တအံ့တသြအမေးကြောင့် ထိုသူ့မျက်နှာဖျတ်ခနဲပျက်ချင်သလိုဖြစ်သွားပြီးမှ -

"အဟင်း - နှမကိုကျီစယ်တာပါ၊ မောင်ကြီးနာမည်က ယက္ခတဲ့"

"ဟင် မောင်ကြီးကလည်း နာမည်နဲ့ရုပ်လေးကမလိုက်ဖက်လိုက်တာ၊ မည့်စရာရှားလို့။ ဒါနဲ့ မောင်ကြီးက ဘယ်မှာနေတာလဲဟင်"

"လောလောဆယ်တော့ ဒီမှာပဲပေါ့ နှမရယ်"

"ဒီမှာနေတာ၊ ဒီမှာနေတာဆိုတော့ ဒီရွာမှာ။ အို-မဟုတ်ပါဘူး၊ ဒီရွာမှာဆိုရင် နှမသိမှာပေါ့။ ဒါဆို ဟိုဘက်ရွာက၊ ဟင် - အဲဒါလည်းမဟုတ်နိုင်ပါဘူး။ အဲဒီရွာဆိုလည်း နှမအသိတွေချည်းပဲ။ ဒီမှာဆိုတာက ဘယ်နေရာကိုပြောတာလဲဟင်"

သူမအမျိုးမျိုးစဉ်းစားကြည့်သော်လည်း စဉ်းစားမရနိုင်သဖြင့် မေးလိုက်မိရာ ထိုသူက -

"ဒီမှာဆိုတာ ဒီအပင်ကိုပြောတာပေါ့ နှမရဲ့"

"ရှင်၊ ဒီအပင်. . ."

အေးမြလှိုင်၏ရင်ထဲ တုန်လှုပ်ချောက်ချားသလိုဖြစ်သွားခဲ့ရပြီး ထိတ်လန့်တကြား ပြန်မေးမိလိုက်စဉ်မှာပင် အိပ်ပျော်နေရာမှ လန့်နိုးသွားခဲ့ရပြန်သည်။ အိပ်ရာကနိုးသည့်တိုင် သူ့ကိုယ်မှ ကြက်သီးမွေးကလေးများထနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ချွေးကလေးများပင်စို့ထွက်နေသည်။

အိပ်မက်ကိုပြန်တွေးရင်း ကြောက်ရွံ့သယောင်ခံစားမိရသော်လည်း သနားစဖွယ် ထိုသူ့မျက်နှာချောချောလေးကို ပြန်မြင်ယောင်မိတော့လည်း တိုတောင်းလှသည့်အိပ်မက်ကိုပင် ပြန်တမ်းတမိရသေး၏။ ပြင်ပလောကတွင် အကောင်အထည်မမြင်ရသည့် ထိုသူ့ကို သူမ သံယောဇဉ်ဖြစ်မိနေပြီလား။

အို - မဖြစ်နိုင်။ သူမရင်ထဲတွင် အကြင်နာသံယောဇဉ်ဖြစ်မည်ဆိုလျှင် သူမရွာထဲတွင်ရော အခြားဘေးရွာမှပါ လူပျိုကာလသားအများအပြားပင်ရှိ၏။ တစ်နယ်လုံး၏ကွမ်းတောင်ကိုင်ဟု သူမကို ထိတ်တခိုးအမည်ပေးထားကြကာ တျိတ်ပိုးနေကြသည့် ကာလသားတွေရော မျက်နှာပေးပြောင်ပြောင် ရှူးချင်ယောင်ဆောင်၍ ဖြောင်ပင်ပိုးပန်းနေကြသည့်ကာလသားတွေပါ ရိုက်သတ်၍မကုန်နိုင်။ တစ်ယောက်ကိုမှ ရင်မခုန်ခဲ့။ ရေလိုက်ငါးလိုက်ဖြင့် ရယ်ရယ်မောမောနှင့် စကားစမြည်ပြောဆိုခဲ့ဖူးသော်လည်း မှတ်မှတ်ရရ ပြန်လည်တမ်းတမိသည်မျိုး မရှိခဲ့။ ယခု အိပ်မက်ထဲမှ၊ သူနှင့်ကျမှ အချိန်တိုင်းလိုလို ပြန်လည်တွေးတောမိတိုင်း ရင်ဖိုရသည်၊ အတွေးစိတ်ထဲရောက်လာတိုင်းသာယာကြည်နူးရသည်။

တစ်ချိန်က သူငယ်ချင်းများနှင့် ဆုံတိုင်း နှုတ်သွက်လျှာသွက်ဖြင့် သူမကချည်း စကားဝိုင်းကိုဦးဆောင်ခဲ့သော်လည်း ယခုတော့ သူမက နှုတ်အနည်းဆုံးဖြစ်နေခဲ့ရပြီ။ ဘာကြောင့်လဲဆိုတော့ အိပ်မက်ကိုပဲ သတိရတိတ်တခိုး ကြည်နူးနေရ၍ဖြစ်၏။

"ဟဲ့ - မိလှိုင်၊ ဘာတွေတွေးရင်း ငေးသွားပြန်တာလဲ"

ရုတ်တရက် ထွက်ပေါ်လာသည့် သင်းသင်းနွယ်၏အသံကြောင့် အတွေးတို့ပြတ်တောက်သွားခဲ့ရပြီး ညောင်ပင်ကြီးဆီ ငေးနေမိသည့်အကြည့်ကို ဂမန်းကတန်းပြန်ရုပ်လိုက်ကာ သင်းသင်းနွယ်ကိုလည်း မလုံမလဲနှင့်လှည့်ကြည့်လိုက်မိသည်။ သင်းသင်းနွယ်က သူမကို စူးစမ်းနေသလို မျက်မှောင်ကုတ်ကြည့်ရင်း -

"နင်ဘာဖြစ်နေတာလဲ မိလှိုင်။ အခုတစ်လော တငေးငေးတငိုင်ငိုင်နဲ့၊ ဟိုအပင်ကြီးကိုလည်း မကြာခဏငေးငေးကြည့်နေတာ၊ ဘာတွေတွေ့ထားလို့လဲ"

သူမ၏အဖြစ်သနစ်စုံကို သင်းသင်းနွယ်အား ပြန်ပြောပြရကောင်းလေမလားဟု တွေးကြည့်လိုက်သေး၏။ သို့သော် သင်းသင်းနွယ်က နှုတ်မလုံ စကားအိုးကွဲမို့ လူကြားထဲလျှောက်ပြောလိုက်လျှင် အရှက်ကွဲရမည်မို့ -

"ဘာမှမဟုတ်ပါဘူးဟယ်၊ တွေးမိတွေးရာတွေးပြီး ငေးမိငေးရာငေးနေတာပါ ညည်းကလည်း။ ကဲ-နေတောင် အတော်စောင်းသွားပြီ ပြန်ကြရအောင်"

သင်းသင်းနွယ်ကို စကားဖြတ်လိုက်ပြီး သိမ်းစရာရှိတာများသိမ်းကာ ရွာဘက်သို့ပြန်ခဲ့ကြတော့၏။ သို့သော် အခင်းအလွန်တွင်တော့ ညောင်ပင်ကြီးဆီသို့ သူမ၏အကြည့်က သမင်လည်ပြန် ရောက်သွားခဲ့သေး၏။

❑

"ရက်စက်လိုက်တာ နှမရယ်၊ မောင်ကြီးတော့ နှမလေး မယ်သီရိနဲ့ ပြန်တွေ့ဖို့မလွယ်တော့ဘူးလို့ထင်ထားတာ"

တွေ့တွေ့ချင်း သူမကိုအပြစ်တင်စကားလေးဆိုလာသည့်သူ့ကိုနားမလည်နိုင်စွာဖြင့်ကြည့်လိုက်မိသည်။

"နှမက ရက်စက်တယ်ဟုတ်လား၊ ဘာကိုရက်စက်လို့လဲ မောင်ကြီးရဲ့"

သူစိတ်ချမ်းသာစေရန် သူ့လေသံအတိုင်းလိုက်ပြောမိလေ့ရှိသဖြင့် အေးမြလှိုင်ပင် အကျင့်ရနေချေပြီ။ သူနှင့်တွေ့တိုင်း မောင်ကြီး၊ နှမဆိုသည့် အသုံးအနှုန်းက နှုတ်ကျိုးသွားခဲ့ပြီ ဖြစ်၏။

"နှမက မောင်ကြီးနဲ့ မတွေ့နိုင်အောင် အစောင့်တွေချထားတာကိုး"

"နှမကအစောင့်တွေချထားတယ်ဟုတ်လားမောင်ကြီး။ မဟုတ်နိုင်တာဘဲမောင်ကြီးရယ်။ အိမ်မှာစောင့်မယ့်သူဆိုလို့ အဖေနဲ့အစ်ကိုပဲရှိတာ။ ဒါတောင်သူတို့လည်း တကယ်စောင့်တာမဟုတ်ပါဘူး၊ မိုးချုပ်ရင် ရွာထဲကအရက်ဆိုင်ရောက်ကုန်ပြီ။ ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်ရောက်ကြတာ။ သူများတွေကိုလည်း အစောင့်ချထားရအောင် နှမက အုပ်ချုပ်ရေးမှူးမှမဟုတ်ဘဲ ဟင်းဟင်း"

သူ့စကားအဓိပ္ပာယ်ကိုနားမလည်သဖြင့် အေးမြလှိုင်က အပြောင်အပြက်ပင်ပြောလိုက်မိ၏။

"မဟုတ်ဘူး နှမ။ လွန်ခဲ့တဲ့ (၃)၊ (၄) ရက်လောက်ကတည်းက နှမညစဉ်ညတိုင်း ဟိုဟာရွတ်ဒီဟာရွတ်နဲ့လုပ်နေတာကိုပြောတာ။ နှမအဲဒီလိုရွတ်ရင် နှမအနားမှာ အစောင့်တွေရောက်လာပြီး မောင်ကြီးတွေ့ခွင့်မရတော့ဘူး။ နောက်မရွတ်ပါနဲ့ နှမရယ်"

"မောင်ကြီး၊ ဘာတွေပြောနေမှန်းနားမလည်တော့ဘူး။ ကဲပါ-မောင်ကြီးကိုမေးစရာရှိတယ်။ မောင်ကြီးကဘယ်ကလဲ၊ ဒီကိုဘယ်လိုလုပ်ရောက်လာတာလဲ။ နောက်ပြီးတော့ နှမကိုလည်းဘာလို့မယ်သီရိလို့ခေါ်တာလဲ။ ပြီးတော့. . ."

"ကဲ-တော်ပါတော့ နှမရယ်၊ နှမသိချင်တာတွေကို အေးအေးဆေးဆေးပြောပြပါ့မယ်။ လာ - ခဏထိုင်ကြရအောင်"

မောင်ကြီးပြည့်ခေါ် မောင်ကြီးယက္ခဆိုသူက သူမလက်ဖဝါးလေးအား ကြင်နာစွာဆုပ်ကိုင်ရင်း အပင်အောက်တွင်ထိုင်စေသည်။ သူမကလည်း မလွန်ဆန်နိုင်ဘဲထိုင်လိုက်တော့ မောင်ကြီးယက္ခကလည်း သူ့အနီးတွင် ဝင်ထိုင်သည်။ နှစ်ဦးသားယှဉ်တွဲထိုင်လိုက်ကြသော်လည်း မောင်ကြီးယက္ခကချက်ချင်းစကားမဆိုသေး။ အဝေးတစ်နေရာသို့မျှော်ငေးနေသေး၏။ ထို့နောက်မှ -

"မောင်ကြီးကဘယ်ကလဲဆိုတော့ နှမလေးကိုပြောပြလည်း နားလည်နိုင်မှာမဟုတ်တဲ့ ဟိုးအဝေးအရပ်တစ်ခုဆီကပေါ့။ အရင်ကတော့ ဒီနေရာမှာ နတ်ဘီလူးတစ်ပါး အဲ-မောင်ကြီးထက်အရင် ပုဂ္ဂိုလ်တစ်ယောက်ရှိခဲ့တယ်ပေါ့လေ။ သူ့အတွက် နေခွင့်ကုန်သွားလို့ အစားနေပေးရမယ့်သူရွေးတော့ ရှေးဆုတောင်းကြောင့် နှမလေးရှိတဲ့ ဒီအရပ်ကို မောင်ကြီးနေခွင့်ရခဲ့တယ်လေ။ အဲဒီကုန်းက မောင်ကြီးအရမ်းပျော်သွားခဲ့ရတယ်"

သူမမျက်နှာလေးကိုတစ်လှည့်၊ ဟိုးအဝေးကြီးဆီသို့တစ်လှည့် ငေးကြည့်ရင်း စကားဆိုနေသည့်သူ့ကို အေးမြလှိုင်တစိမ့်စိမ့်ကြည့်နေမိသည်။ မည်သည့်အစွန်းအပြောက်၊ မှဲ့စိုခြောက်တို့တစ်ခုမျှမရှိဘဲ ဖြူစင်ဝင်းပနေသည့် အသားအရေ၊ မည်းနက်ထူထဲသည့်မျက်ခုံး၊ ဖြောင့်စင်းသည့်နှာတံ၊ ပါးလျသော်လည်း နီစွေးသည့်နှုတ်ခမ်းအစုံတို့ဖြင့် မောင်ကြီးယက္ခက ချောမောလွန်းလှသည်။

သူမတွေ့မြင်နေရသည့် ညိုသည့် ယောက်ျားတွေနှင့်မှု မတူအောင် ဆွဲဆောင်မှုရှိသည့် မောင်ကြီးယက္ခကို သူမချစ်နေမိပေပြီ၊ ထို့ကြောင့်လည်း မောင်ကြီးယက္ခ ပြောပြနေသည့် အတိတ်မှဖြစ်ရပ်များဆိုသည်ကို


www.burmeseclassic.com

www.burmeseclassic.com

တစား နားထောင်နေမိသည်။ သူမနားထောင်နေသည်ဆိုပါမှ မောင်ကြီးယက္ခက စကားကိုရပ်သွားပြီး ကောင်းကင်သို့ ငေးစိုက်ကြည့်နေ၏။

"ဆက်ပြောလေ မောင်ကြီးရဲ့၊ ဘာလို့ရပ်ပစ်လိုက်တာလဲ"

"ဒီနေ့အဖို့တော့ အချိန်မရှိတော့ဘူး နှမ။ မိုးသောက်တော့မယ်၊ နောက်တစ်ခါကျမှ ဆက်ပြောပြတော့မယ်။ မောင်ကြီးကို တွေ့ချင်သေးတယ်ဆိုရင်တော့ အစောကမှာထားတဲ့အတိုင်း ဟိုရှုတ်ဒီရှုတ်တွေမလုပ်ပါ. . ."

"တုံ. . . တုံ. . . တုံ"

ရုတ်တရက် ပေါ်ထွက်လာသည့် အုန်းမောင်းသံကြောင့် သတိဝင်လန့်နိုးသွားခဲ့ရသဖြင့် ပျော်ရွှင်စရာအိပ်မက်လေး အဝေးသို့ထွက်ပြေးခဲ့ရလေပြီ။

❑

ထုံးစံအတိုင်း ဝါခင်းထဲတွင် ပေါင်းရှင်းမြက်နုတ်နေရင်းမှ အေးမြလှိုင်အတွေးထဲတွင် ညကအိပ်မက်ကို အစမှအဆုံးပြန်လည်စဉ်းစားနေမိ၏။အကြည့်ကလည်း တစ်ချက်တစ်ချက် ညောင်ပင်ကြီးဆီသို့ ရောက်ရောက်သွားသည်။ တစ်နေရာရာမှ မောင်ကြီးယက္ခများ ဘွားခနဲပေါ်လာလေမလားဟုတွေးထင်ထားမိ၍ဖြစ်သည်။ လေအဝှေ့ကြောင့် သစ်ရွက်အချို့တို့ လှုပ်ခတ်နေသည်မှအပ မောင်ကြီးယက္ခ၏အရိပ်အယောင်ကိုတော့ စိုးစိမျှမမြင်ရ။ သို့သော် တစ်နေရာရာတွင်တော့ မောင်ကြီးယက္ခအသေအချာရှိနေမှန်း သူမစိတ်ထဲသိနေသလိုလို။

အိပ်မက်ကို ပြန်စဉ်းစားရင်းမှ အိပ်မက်ထဲတွင် မောင်ကြီးယက္ခပြောသွားသည့် စကားတစ်ခွန်းကို ပြန်အမှတ်ရမိသည်။ သူနှင့်တွေ့လိုလျှင် ဟိုရှုတ်ဒီရှုတ်တွေ မရှုတ်ပါနှင့်တဲ့။ သူမအဲသည်လိုရှုတ်လျှင် အစောင့်တွေရောက်လာပြီး သူနှင့်တွေ့ခွင့်မရဟုဆိုခဲ့သည်။ ထိုစကား၏အဓိပ္ပာယ်ကို သူမ နားမလည်။

တစိမ့်စိမ့်ပြန်တွေးကြည့်ရင်းမှ တစ်စုံတစ်ခုကို သတိရလာမိသည်။ လွန်ခဲ့သည့် (၃) ရက်ခန့် ညပိုင်းမှစ၍ အိပ်ရာဝင်ခါနီး ညတိုင်းဘုရားရှိခိုးဖြစ်ခဲ့၏။ ဘုရားရှိခိုးသည်ကတော့ အခုမှမဟုတ်။ သူမအရွယ်ရောက်၍ ဘုရားမှန်းတရားမှန်းသိတတ်ကတည်းက ညတိုင်းလိုလို ဘုရားရှိခိုးဖြစ်ခဲ့၏။ အဲ-ညဉ့်နက်သည်အထိ အလုပ်များ၍ဖြစ်စေ၊ သူငယ်ချင်းများနှင့် စကားကောင်းသွား၍ဖြစ်စေ အိပ်ချင်သွားလျှင်တော့ မရှိခိုးဖြစ်။ တစ်ခါတစ်ရံ နေထိုင်မကောင်းဖြစ်နေလျှင်သော် လည်းကောင်း၊ စိတ်ရှုပ်ထွေးနေမိလျှင်သော် လည်းကောင်း ထိုအခါမျိုးများတွင်လည်း မရှိခိုးဖြစ်။

လွန်ခဲ့သည့်လကတော့ အိမ်တွင် အဖေ၊ အမေနှင့် အစ်ကိုတို့ တကျက်ကျက်စကားများနေကြ၏။ အကြောင်းက အဖေနှင့် အစ်ကိုတို့ ယခုတစ်လော အရက်သောက်တာက လွန်လွန်းသည်။ ညကိုင်းလည်း ယခင်လို အပန်းပြေရုံသာမဟုတ်၊ အလွန်အကျွံသောက်ကြသည်။ မနက်ကျတော့ လယ်ထဲမသွားနိုင်တော့။ အရက်နာကျနေကြသည်။

သည်တော့ သားသွားလိုက်၊ အဖေသွားလိုက်ဖြင့် တစ်ယောက်ကို တစ်ယောက်လွှဲချရင်း တစ်ယောက်မှ မသွား။ ထိုအခါ နားပူနားဆာနိုင်လှသော အမေ့အသံက တစ်အိမ်လုံး ဆူညံပွက်နေတော့၏။ အဖေနှင့် အစ်ကိုကလည်း မနက်ပိုင်းသာ အလုပ်မသွားနိုင်သည်။ ညပိုင်းကျတော့ သားအဖပီပီ စိတ်ညီသည်ဟုပဲပြောရမည်လားမသိ။ တစ်ယောက်တစ်လမ်း အရက်ဆိုင်နှင့် ချိန်းထားသည့် အရက်ဝိုင်းရှိမည့်အိမ်သို့ ချီတက်သွားကြသည်။

နေ့စဉ် အိမ်မှုကိစ္စရော၊ အခင်းထဲမှအလုပ်တွေရော၊ နွားကျောင်းရသည့်တာဝန်တွေက သူမနှင့် မိခင်ဖြစ်သူတို့ နှစ်ယောက်သာ ဒိုင်ခံ၍လုပ်နေကြရသည်။ ထိုရောအခါ ဗျစ်တောက်ဗျစ်တောက်နိုင်လှသည့် အမေ့စကားသံတို့ကို အချိန်ပြည့်ကြား၍ စိတ်ရှုပ်ထွေးနေရသူကတော့ သူမရယ်ပင်။ ထို့ကြောင့်လည်း ထိုရက်များတွင် ဘုရားမရှိခိုးဖြစ်ခဲ့။

လွန်ခဲ့သည့် (၃)၊ (၄)ရက်ခန့်ကမှသာ သူမပြန်ရှိခိုးဖြစ်ခြင်းဖြစ်၏။ ယခုမှ သူမပြန်လည်တွေးတောဖြစ်ခဲ့သည်က သူမဘုရားမရှိခိုးဖြစ်ခဲ့သည့်ရက်အစမှာပင် မောင်ကြီးယက္ခကို အိပ်မက်စတင်မြင်မက်ခဲ့မိခြင်း ဖြစ်၏။ ပြီး သူမဘုရားရှိခိုးဖြစ်သည့်နေ့များတွင် သူမအိပ်မက်ထဲသို့ မောင်ကြီးယက္ခ ရောက်မလာ။ မနေ့ညကလည်း သူမ ဘုရားမရှိခိုးဖြစ်ခဲ့။ သူမက ဘုရားရှိခိုးလျှင် အန္တရာယ်ကင်းစေရန် စည်းချသည့်ဂါထာဆိုသည်များကို ရွတ်ဆိုမိလေ့ရှိ၏။ မောင်ကြီးယက္ခပြောသည့် အစောင့်များရောက်လာလေ့ရှိသည်ဆိုခြင်းမှာ ထိုဂါထာများကို ရွတ်ဆိုမိခြင်းကြောင့်ဖြစ်မည်မှန်း တွေးရင်းမှ သဘောပေါက်လာရသည်။

ဤသို့မှန်လျှင် မောင်ကြီးယက္ခဆိုသူသည် . . .

အေးမြလှိုင် ယခုမှထိတ်လန့်သွားမိသည်။ သူမကစိတ်ကူးယဉ်၍ရောက်တတ်ရာရာမက်နေသည်ဟုထင်မိခဲ့သည့် အိပ်မက်သည် တစ်စုံတစ်ခုသော အကြောင်းအရာနှင့်မကင်း။ အိပ်မက်ထဲမှ မောင်ကြီးယက္ခသည်လည်း စိတ်ကူးယဉ်အိပ်မက်ထဲမှ အကောင်အထည်မဲ့သည့် ဇာတ်ရုပ်တစ်ရုပ်မဟုတ်။ သို့သော် သူမတို့ကဲ့သို့ မြင်သာထင်သာသည့်လူသားတစ်ဦးလည်းမဟုတ်ခဲ့ပြန်။

ဒါ . . . ဒါဆို မောင်ကြီးယက္ခသည် ဘုရားဘုရား-ကြားဖူးနားဝရှိသည့် တစ္ဆေသရဲ၊ ဥစ္စာစောင့်အစွဲများနှင့် မကောင်းဆိုးဝါးဇာတ်လမ်းများကို ပြန်လည်အမှတ်ရမိသွားသလို ကြည့်ခဲ့ဖူးသည့် သရဲကားများမှ ကြောက်မက်ဖွယ်အဆင်းသဏ္ဌာန်အမျိုးမျိုးကို ပြန်လည်မြင်ယောင်ရင်း ကြက်သီးထမိသလို ခံစားနေရသည်။

သို့သော် မောင်ကြီးယက္ခကို ပြန်မြင်ယောင်မိတော့လည်း သူမ၏စိုးရိမ်ထိတ်လန့်မှုတို့ ပြေပျောက်သွားသယောင်ခံစားမိရပြီး သနားကရုဏာဟို့က အစားထိုးဝင်ရောက်လာပြန်၏။ မောင်ကြီးယက္ခကတော့ သူမအိပ်မက်ထဲတွင် မြင်တွေ့နေရသည့် အဆင်းသဏ္ဌာန်အရ ဆိုးဆိုးဝါးဝါးအမျိုးအစားထဲကတော့ မဟုတ်တန်ရာ။ လူမ နတ်တမျှ ချောမောလွန်းလှသည် မြင့်မြင့်မားမား အတန်းအစားထဲက ဖြစ်ပေလိမ့်မည်။

ဘာကြီးပဲဖြစ်ဖြစ် သူမကလည်း မောင်ကြီးယက္ခကို အသည်းထဲစွဲ အောင် ချစ်မိနေခဲ့ပြီလေ။ မောင်ကြီး ယက္ခကို မေ့ပျောက်ရှောင်ဖယ်ဖို့ စိ ကူးကိုပင် မတွေးဝံ့အောင်စွဲမက်နေမိ ဖြစ်၏။ ဖြစ်သမျှအကြောင်း အကော ချည်းပဲဟု သဘောပိုက်ကာ နော မဆုတ်တော့ဟု စိတ်နှလုံးတုံးတုံးချ လိုက်ပြီဖြစ်သည်။

အတွေးစနှင့်အတူ မျက်ဝန်း ကြည့်က ညောင်ပင်ကြီးဆီ ဖျတ် ရောက်သွားမိ၏။

"ဟင်"

သူမရင်ထဲ ထိတ်ခနဲဖြစ်သွ သည်နှင့်အတူ အံ့အားလည်းအ သင့်သွားခဲ့ရသည်။ သူမမြင်တွေ့လို



www.burmeseclassic.com

www.burmeseclassic.com

သည်က ညောင်ပင်ကြီး၏ အောက်ခြေတွင် ပင်စည်ကိုမှီနွဲ့၍ လက်နှစ်ဖက်ကို ပိုက်ယှက်ကာ မောင်ကြီးယက္ခက ရပ်နေ၏။ မျက်နှာကလည်း ပြုံးရွှင်စွာဖြင့် သူမကို စူးစူးစိုက်စိုက်ကြည့်နေသည်။ အံ့ဩဝမ်းသာသွားမှုကြောင့် သူမကတုန်တယင်ပင်ဖြစ်နေမိသည်။ နေရာမှထတာ မောင်ကြီးယက္ခဆီသွားရန်း၊ မသွားရန်းဝေခွဲရင်း ငေးမျှော်ကြည့်နေမိစဉ် -

"ဟဲ့ - မိလှိုင်"

ရုတ်တရက် အနီးကပ်ပေါ်ထွက်လာသည့် သင်းသင်းနွယ်အသံကြောင့် လန့်သွားခဲ့ရပြီး သင်းသင်းနွယ်ဘက်လှည့်ကြည့်လိုက်မိသည်။ သင်းသင်းနွယ်တ သူမကို မသင်္ကာသလိုကြည့်နေရင်းမှ-

"ဘာတွေကြည့်နေရပြန်တာတုံး မိလှိုင်။ သူများတွေပြန်သွားတာကြာပြီ။ နေလည်းအတော်စောင်းသွားပြီ၊ ပြန်ကြရအောင်လေ"

သင်းသင်းနွယ်ပြောမှ ပတ်ဝန်းကျင်ကိုပြန်သတိရမိသည်။ ဟုတ်၏။ အခင်းထဲတွင် သူနှင့် သင်းသင်းနွယ်တို့နှစ်ဦးတည်းသာကျန်တော့သလို ဝန်းကျင်တစ်ခုလုံးလည်း အမှောင်ရိပ်သန်းချင်နေပေပြီ။

"ဩော် - အေး၊ ပြန်ကြတာပေါ့"

သူမ စိတ်မပါသလိုပြောရင်း ညောင်ပင်ကြီးဆီ ပြန်ကြည့်မိတော့ မောင်ကြီးယက္ခကို မမြင်တွေ့ရတော့။ အစောက မြင်တွေ့လိုက်ရသည်မှာ အမှန်တကယ်လား၊ သူမစိတ်ထင်ယောင်မှားဖြစ်ခဲ့ရသည်လား ဝေခွဲမရ။

"ဟင်း"

သူမသက်ပြင်းမောတစ်ခုကို ချလိုက်မိတော့သည်။

❑

"ဟင်"

ယခုအခေါက် ညောင်ပင်ကြီးဆီ သူမရောက်သွားတော့ အံ့ဩစဖွယ်မြင်တွင်းကဆီးကြိုနေ၏။ မောင်ကြီးယက္ခတ ယခင်လို ပင်စည်ခြေတွင် မဟုတ်တော့။ ညောင်ကိုင်းတစ်ခုတွင်ချိတ်ဆွဲထားသည့် ဒန်းစင်လှလှလေးတွင်ထိုင်နေသည်။ ဒန်းစင်မှာ ရွှေရောင်တဖိတ်ဖိတ်တောက်နေပြီး ဒန်းစင်ကြိုးမှာလည်း အရောင်စုံပိုးဖဲကတ္တီပါကြိုးစကြိုးဖြစ်ပြီး အမြိတ်အမွှားတို့ဖြင့်လှပလွန်းလှ၏။

"လာလေ နှမ၊ ဖြေးဖြေးဆေးဆေးစကားပြောရအောင်လို့ မောင်ကြီးပြင်ထားတာ၊ ဒီမှာထိုင်"

မောင်ကြီးယက္ခက ခေါ်သဖြင့် အနားသို့သွားထိုင်လိုက်သည်။ အနားတွင်ထိုင်မိသည်နှင့် မောင်ကြီးယက္ခက သူ့ပခုံးစွန်းတစ်ဖက်ကို ထွေးပိုက်လာသည်။ သူမလည်း မရုန်းနိုင်တော့ဘဲ မောင်ကြီးယက္ခ၏ရင်ခွင်ထဲသို့ မှီနွဲ့နေလိုက်မိသည်။ မောင်ကြီးယက္ခက သူမ၏နဖူးပြင်လေးနှင့် ဆံနွယ်စလေးတို့ကို မွှေးကြူနေသည်။ သူမကလည်း တစ်ခါမှမခံစားခဲ့ရဘူးသည့် ရင်ခုန်ကြည်နူးဖွယ်အာရုံကိုသာယာနေမိခဲ့၏။

"မောင်ကြီးကို တကယ်ကောချစ်ရဲ့လား နှမရယ်"

မောင်ကြီးယက္ခ၏ အသံတိုးတိုးလေးက သူမ၏နားဝတွင် အနီးကပ်ပေါ်ထွက်လာမှ သတိပြန်ဝင်လာသည်။

"အဲဒီစကားက ဒီကမေးရမှာပါ မောင်ကြီးရယ်။ နှမဘဝမှာ ဘယ်ယောကျ်ားသားတစ်ဦးတစ်ယောက်ကိုမှ မချစ်ခဲ့ဖူးသေးပါဘူး။ မောင်ကြီးနဲ့ကျမှသာ"

"ယုံပါတယ် နှမရယ်၊ တို့နှစ်ဦးအတိတ်ကပြုဖူးတဲ့သစ္စာပန္နက်ကြောင့်သာ ဘဝအဆက်ဆက်မေတ္တာမပျက်ခဲ့ကြတာ မောင်ကြီးနားလည်ပါတယ်"

မောင်ကြီးယက္ခ၏ အတိတ်ကပြုခဲ့ဖူးသည့် သစ္စာပန္နက် ဟူသည့်စကားကြောင့် သူမမေ့လျော့နေခဲ့သည့် မေးလိုသော အကြောင်းအရာတစ်ခုကို ပြန်အမှတ်ရသွားခဲ့၏။ထို့ကြောင့် မောင်ကြီးယက္ခ၏ရင်ခွင်ထဲမှ ညင်သာစွာရုန်းထွက်လိုက်ပြီး ခန္ဓာကိုယ်ကိုပြင်ထိုင်ကာ-

"အခုမှသတိရတယ်၊ မောင်ကြီးပြောပြမယ်ဆိုတဲ့ အတိတ်ကအကြောင်း အဲဒီအကြောင်းကို အခုပြောပြလေ"

"ပြောပြပ့ါမယ် နှမရယ်၊ ပြောပြခွင့်ရမယ့်အချိန်ကို မောင်ကြီးလည်းစောင့်နေတာပါ။ ကဲ - နှမက မောင်ကြီးရင်ခွင်ကိုမှီနွဲ့ပြီး မျက်လုံးလေးမှိတ်ထား၊ အသာလေးနားထောင်နေ ဟုတ်ပြီလား"

"အင်း"

မောင်ကြီးယက္ခပြောသည့်အတိုင်း မောင်ကြီးယက္ခ၏ရင်ခွင်ထဲသို့ ပြန်လည်ခိုဝင်လိုက်ပြီး ပခုံးစွန်းတစ်ဖက်ကို ဦးခေါင်းလေးမှေးတင်ကာ မျက်ဝန်းအစုံကိုမှေးမှိတ်၍ ပြောလာမည့်စကားတို့ကို နားစွင့်နေလိုက်၏။ မောင်ကြီးယက္ခက သိုင်းဖက်ထားသည့်သူ၏လက်ကို သူမ၏နဖူးပြင်လေးအား အုပ်ကိုင်ထားရင်းမှ -

"ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အင်းဝနေပြည်တော်ကြီးနဲ့ မလှမ်းမကမ်း မအူဆိပ်ဆိုတဲ့ရွာလေးတစ်ရွာမှာ ငမြတ်ဆိုတဲ့လုလင်ပျိုတစ်ယောက်နဲ့ မယ်သိမ်ရဲ့ဆိုတဲ့ လုံမပျိုတစ်ယောက်တို့ရှိခဲ့ကြတယ်လေ"

မောင်ကြီးယက္ခ၏ စကားသံတို့ကပဲ တဖြည်းဖြည်းတိုးညင်းသွားလေသလား၊ သူမ၏အသိစိတ်တို့ကပဲ ဝေဝါးသွားခဲ့သည်လားမသိ။သူမ၏နားထဲတွင် မောင်ကြီးယက္ခအသံက တဖြည်းဖြည်းဝေးသွားခဲ့သလို အာရုံအမြင်တွင် ပုံရိပ်ထင်လာသည်က လုလင်ပျိုတစ်ဦးနှင့် လုံမပျိုတစ်ဦး။ အံ့ဩစဖွယ်ကောင်းသည်က လုလင်ပျိုမှာ မောင်ကြီးယက္ခဖြစ်နေပြီး လုံမပျိုမှာ သူမဖြစ်နေခြင်းပင်။

ထိုလုလင်ပျိုနှင့်လုံမပျိုတို့ရောက်ရှိနေသည်က ထုံးဖြူဖြူဖွေးနေသည့် စေတီလေးတစ်ဆူရှေ့တွင် ဖြစ်သည်။ ဟိုးအဝေးက တောင်ဆွယ်တွင်တော့ နေလုံးကြီးက မေးတင်မှေးစက်နေပြီး နေလုံးကြီးမှဖြာထွက်နေသည့် ပုစွန်ဆီရောင်အသွေးတို့ကြောင့် ဝန်းကျင်တစ်ခုလုံး နီရဲတောက်ပနေ၏။

လုံမပျိုက သူမလက်ထဲတွင် ဆုပ်ကိုင်လာသည့်ပန်းတို့ကို စေတီရှေ့ရှိ ပန်းအိုးထဲသို့ ထိုးစိုက်လိုက်ပြီး သူမလုပ်ရှားမှုတို့ကို ငေးစိုက်ကြည့်နေသည့် လုလင်ပျိုအနီး ယှဉ်တွဲထိုင်လိုက်သည်။ ထို့နောက် နှစ်ဦးသား စေတီတော်လေးအား ဦးချကာ ဘုရားဝတ်ပြုနေကြ၏။

အတန်ကြာတော့ နှစ်ဦးစလုံးပြီးစီးသွားဟန်ဖြင့် တစ်ယောက်ကိုတစ်ယောက်လှည့်ကြည့်ရင်း အပြုံးကိုယ်စီဖြင့်ထိုင်ရာမှထလိုက်ကြသည်။ထို့နောက် နှစ်ဦးသား လက်တွဲ၍ စေတီနှင့်မလှမ်းမကမ်းရှိ အပင်ကြီးတစ်ပင်အောက် လျှောက်သွားကြ၏။ အပင်ကြီးအောက်၌ နှစ်ဦးသား ယှဉ်တွဲထိုင်လိုက်မိချိန်တွင် လုံမပျိုက လုလင်ပျို၏ ရင်ခွင်ထဲ လဲလျောင်းလိုက်သလို လုလင်ပျိုကလည်း ပြန်လည်ထွေးပိုက်လိုက်၏။

"အခုနက မောင်ကြီးပြည့်ဘုရားမှာ ဘာဆုတောင်းသလဲဟင်"

"ဟောဒီကနှမလေး မယ်သိမ်ရဲ့နဲ့ သံသရာမဆုံးသရွေ့ မမုန်းမေ့ကြဘဲ အခုလို ရွှေလက်ခိုင်ခိုင်တွဲလို့ ချစ်ခွဲအဆက်ဆက်ဝင်နိုင်ပါစေလို့ ဆုတောင်းတာပေါ့ နှမရယ်"

"တကယ်လားဟင် မောင်ကြီး[illegible]"

"တကယ်ပေါ့ နှမရဲ့၊ ကဲ - [illegible]

www.burmeseclassic.com

ကြီးကိုသာမေးတယ်၊ နှမလေးကကော ဘာတွေဆုတောင်းလဲ"

"ဟောဒီက ချစ်လင် မောင်ကြီးပြည့်နဲ့ ဘဝဆက်တိုင်း သေအတူယှဉ်မကွာ ရှေလည်ချင်းယှက် ပေါင်းဖက်နိုင်သောသူဖြစ်ပါရစေလို့ ဆုတောင်းတာပေါ့ မောင်ကြီးရယ်"

"အရမ်းဝမ်းသာတာပဲ နှမရယ်၊ မောင်ကြီးချစ်သလို ပြန်ချစ်မှန်းသိရလို့ မောင်ကြီးရင်ထဲမှာပြောမပြတတ်အောင်ဘဲ ကြည်နူးကျေနပ်မိရတယ်"

"အမယ် - မောင်ကြီးက နှမကို တကယ်ချစ်တယ်ပေါ့"

"ဘယ်လိုမေးလိုက်တာလဲ နှမရယ်။ ဟိုးရာဇဝင်ထဲက တာနော့ယကွ ဘီလူးလို အာခံတွင်းမှာငုံထားလို့ရရင် ငုံထားလိုက်ချင်တယ်"

"ဟင် - ဘီလူးကြီးတော့မဖြစ်ချင်ပါနဲ့မောင်ကြီးရယ် ကြောက်စရာကြီး"

"အဟင်း-စကားအဖြစ်ပြောတာပါ နှမရယ်။ ဘာလဲ မောင်ကြီးကဘီလူးကြီးဖြစ်သွားရင် နှမကမချစ်နိုင်တော့ဘူးပေါ့ ဟုတ်လား"

"အဲဒီလိုတော့ မဟုတ်ရပါဘူး မောင်ကြီးရယ်။ မောင်ကြီး ဘယ်ဘဝရောက်ရောက်၊ ဘာကြီးပဲဖြစ်နေပါစေ မောင်ကြီးမှန်ရင် နှမမေတ္တာက အမြဲတွဲ့ပြန်နေမှာပါ"

ချစ်ကြသူနှစ်ဦး၏ ချစ်ရည်လူးသည့်သကာစကားလေးများက သာယာကြည်နူးဖွယ်ကောင်းလှပါ၏။ ထို့နောက်တော့ တစ်ခဏမျှ နှုတ်ဆိတ်သွားကြသည်။ အတန်ကြာမှ -

"ဒါနဲ့ မောင်ကြီးရယ်၊ နက်ဖြန်မိုးသောက်သွားကြရမယ့်ခရီးကို မောင်ကြီးမလိုက်လို့မဖြစ်ဘူးလားဟင်"

"ဘယ်ဖြစ်ပါ့မလဲ နှမရယ်။ သွားရောင်းရမယ့် ကုန်စည်အစုအဝေးမှာ မောင်ကြီးတို့ကုန်တွေက အများဆုံးပဲမဟုတ်လား"

ဟုတ်တော့လည်းဟုတ်ပေသည်။ မောင်ကြီးပြည့်၏ဖခင်က ဤမအူဆိပ်ရွာတွင် လယ်ယာကေအမြောက်အမြားပိုင်ဆိုင်သည့် တောသူဌေးကြီးတစ်ဦးဖြစ်ပေ၏။ ယခုလို အသီးအနှံပေါ်ချိန်များ၌ အင်းဝနေပြည်တော်ကြီးဆီ အစုအဖွဲ့ဖြင့် ကုန်စည်များသွားရောက်ရောင်းချရာတွင် မောင်ကြီးပြည့်တို့၏ကုန်စည်များက အများဆုံးဖြစ်၏။

ယခင်ကဆိုလျှင် မောင်ကြီးပြည့်၏ဖခင် နောက်တော့ မောင်ကြီးပြည့်၏အစ်ကိုတို့ကဦးဆောင်၍ သွားရောင်းတတ်၏။ ယခုအခေါက်တော့ မောင်ကြီးပြည့်၏မရီး မီးဖွားနေသဖြင့် အစ်ကိုဖြစ်သူမလိုက်ဖြစ်တော့။ မောင်ကြီးပြည့်က ဦးဆောင်ရမည်ဖြစ်၏။ မောင်ကြီးပြည့်က ယခင် (၂) ခေါက်၊ (၃) ခေါက်ခန့် လိုက်ခဲ့ဖူးသည်ဖြစ်၍ ခရီးလမ်းပန်းနှင့် အစိမ်းသက်သက်တော့မဟုတ်။

သို့သော် မောင်ကြီးပြည့်ကို မယ်သီရိမလွှတ်ချင်။ သူမတို့မင်္ဂလာဆောင်နှင်းပြီးသည်က သီတင်းနှစ်ပတ်ခန့်သာရှိသေး၏။ ထို့ပြင် မောင်ကြီးပြည့်တို့ခရီးက အင်းဝထိသာမဟုတ်၊ ဈေးနှုန်းပိုပိုသာသာရလျှင် ရတနာပုံအထိ သွားရောက်ရောင်းချလေ့ရှိ၏။ ထိုအခါမျိုးတွင် ခရီးရက်ကြာရှည်တတ်သဖြင့် ချစ်စခင်စကြင်နာစမို့ ကြာရှည်မခွဲလိုပေ။

"ဟုတ်တော့ဟုတ်ပါတယ် မောင်ကြီးရယ်။ ဒါပေမယ့် တိုင်းပြည်ကလည်း သိပ်မငြိမ်သက်ဘူးမဟုတ်လား။ လူကြီးသူမတွေပြောသလိုဆို နှမတို့အင်းဝပြည်ကြီးက ပျက်ခါနီးလိုလိုမို့ စိုးရိမ်မိတယ် မောင်ကြီးရယ်"

"နှမပြောတာ မောင်ကြီးသဘောပေါက်ပါတယ်။ ဒါပေမယ့် ဘာမှမပူပါနဲ့နှမရယ်။ မောင်ကြီးရန်တွေကိုကြည့်ရှောင်တတ်ပါတယ်။ ဒါတွေရောင်းပြီးပြန်လာမှ မောင်ကြီးနဲ့ နှမတို့ တစ်အိုးတစ်အိမ်ဆောက်ပေးမယ်လို့ အဖတို့ကလည်း ကတိပြုထားလို့သာ မောင်ကြီးလည်းသွားရမှာပါ။ နှမလေးနဲ့ ဘယ်ခွဲချင်ပါ့မလဲ။ စိတ်ချ မောင်ကြီးအမြန်ဆုံးပြန်လာခဲ့မယ်"

ချစ်ဇနီးလေး ကျေနပ်စေရန်သာ



ပြောလိုက်ရသော်လည်း ပြည့်ရင်ထဲတွင်လည်း လေးလံနေမိ၏။ ခုတစ်လောခရီးလမ်းပန်းများ၌ ခိုးသားဓားပြတို့၏ ထကြွသောင်းကျန်းလွန်းနေသည့်သတင်းစကားတို့ကကြားသိနေရသည်။ သို့သော် မတတ်နိုင်။ မသွားလို့ကလည်း မဖြစ်သဖြင့် မီးစင်ကြည့်ကရမည်သာဖြစ်၏။

မယ်သီရိအနေဖြင့်လည်း မောင်ကြီးပြည့်ကို စိတ်မချမခွဲလိုသော်လည်း ဘဝပေးအခြေအနေအရမို့ မတားသာ။ မောင်ကြီးပြည့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့်သာ အမြန်ဆုံးပြန်လာနိုင်စေရန်သာ မြတ်စွာဘုရားထံ နေ့စဉ်ဆုပန်ခြွေနေရုံသာရှိတော့၏။

သို့သော် သူမဆုတောင်းတို့ မပြည့်ဝခဲ့။ ရွာသို့ပြန်ရောက်လာသူများထဲတွင် မောင်ကြီးပြည့်ပြန်ပါမလာခဲ့တော့။ ကုန်စည်များရောင်းချပြီး အပြန်ခရီးတွင် ဆိုးသွမ်းရမ်းကားသည့်လုယက်သူတို့ကြောင့် ပြန်လည်ခုခံသူ မောင်ကြီးပြည့်နှင့် လူအချို့တို့ အသက်ဆုံးပါးသွားခဲ့ရသည်ဆိုသည့် သတင်းဆိုးကြီးကသာ ရောက်ရှိလာတော့၏။

မယ်သီရိ ရင်ကွဲခဲ့ရသည်။ ချစ်စခင်စ ကြင်နာစမှာပင် မထင်မှတ်ဘဲ ဆိုးရွားသည့်ကံကြမ္မာကြောင့် ရုတ်တရက်ပျောက်ကွယ်သွားခဲ့ရသည့် မောင်ကြီးပြည့်ကိုတွေးမိတိုင်း ဖြေမဆည်နိုင်အောင် ခံစားခဲ့ရသည်။ မောင်ကြီးပြည့်၏အသံ၊ မောင်ကြီးပြည့်၏ အသွင်သဏ္ဌာန်တို့ကို ပြန်လည်မြင်ယောင်ကြားယောင်မိတိုင်း မျက်ရည်မစဲငိုပွဲဆင်ခဲ့ရ၏။

"အဟင့် မောင်ကြီး မောင်ကြီးရယ်"

"အားလုံးပြန်အမှတ်ရသွားပြီလားဟင်နှမ။ မောင်ကြီးကို ပြန်မှတ်မိသွားပြီလားဟင်"

နားဝတွင် ပီပြင်ပြတ်သားစွာကြားလာရသည့်မောင်ကြီးယက္ခအသံကြောင့် သူမအသိတို့ ပြန်လည်ဝင်ရောက်လာရသည်။ မှေးမှိတ်ထားသည့် မျက်ဝန်းအစုံကို ဖွင့်ဟကြည့်လိုက်တော့ သူမ၏ပါးပြင်မှမျက်ရည်စတို့ကို ကြင်နာစွာသုတ်ပေးရင်း ဝမ်းသာအားရဟန်ဖြင့်မေးနေသည့် မောင်ကြီးယက္ခခေါ် မောင်ကြီးပြည့်ကို တွေ့လိုက်ရသည်။

"မောင်. . . မောင်ကြီးပြည့်"

သူမဝမ်းသာအားရဖြင့်ခေါ်ရင်း မောင်ကြီးပြည့်ကို ပြန်လည်လက်လွတ်ဆုံးရှုံးသွားရမှာစိုးရိမ်သည့်နှယ်



www.burmeseclassic.com

www.burmeseclassic.com

အတင်းဖက်တွယ်ထားလိုက်မိ၏။ မောင်ကြီးပြေည့်ကလည်း သူမကို ကလေးလေးတစ်ယောက်သဖွယ် ပြန်လည်ထွေးပွေ့ရင်း ကျောပြင်လေးကိုပွတ်သပ်ကာ ချော့မော့နေရှာသည်။

"နှမ . . . နှမကိုထပ်ပြီးတော့ခွဲမသွားပါနဲ့တော့ မောင်ကြီးရယ်။ဒီတစ်ခါမှထပ်ခွဲသွားရင် နှမရူးရပါလိမ့်မယ်"

"မခွဲချင်ပါဘူး နှမရယ်၊ ဒါပေမယ့် မောင်ကြီးက နှမလိုလူသားတစ်ဦး မဟုတ်ပေဘူးလေ။ မောင်ကြီးက ဘီလူး၊ နှမတို့လူသားတွေ ကြောက်ရွံ့နေကြတဲ့ ဘီလူးတစ်ကောင်ပါ"

"ဟင့်အင်း ဟင့်အင်း၊ ဘာကြီးပဲဖြစ်နေနေ နှမ မောင်ကြီးနဲ့မခွဲနိုင်ဘူး။ မောင်ကြီးနဲ့ပဲနေပါရစေ။ နှမကို မောင်ကြီးနားမှာပဲနေခွင့်ပေးပါ မောင်ကြီးရယ်"

"စဉ်းစားပါဦး နှမရယ်၊ နှမနေချင်တယ်ဆိုတော့ ခေါ်ထားခွင့်တော့ရှိပါတယ်။ ဒါပေမယ့် နှမဘက်ကစွန့်လွှတ်စရာတွေကိုတော့ စွန့်နိုင်မှဖြစ်မှာ"

"အို-ဘာမှစဉ်းစားစရာမလိုဘူး၊ မောင်ကြီးနဲ့သာ အတူနေခွင့်ရမယ်ဆိုရင် ဘာကိုပဲစွန့်ရစွန့်ရ နှမ အားလုံးကို စွန့်နိုင်တယ်။ နှမကိုသာ မောင်ကြီးနဲ့ အတူနေခွင့်ပေးပါ မောင်ကြီးရယ်"

"တကယ်နော် နှမ၊ ဒါဆို နှမကို မောင်ကြီးပိုင်ဆိုင်ခွင့်ရသွားပြီ။ ဘယ်သူတမှဖျက်လို့မရတော့ဘူး။ ဘယ်သူကမှလည်းတားလို့မရတော့ဘူး။ ဒီနေ့ကစပြီး နှမကို မောင်ကြီးပိုင်တယ်။ မကြာခင် နှမကို မောင်ကြီးဆီခေါ်မယ်၊ အဲပြီး ခေါ်လိုက်တော့မယ်"

သာယာပျော့ပျောင်းစွာပြောဆိုနေရာမှ တဖြည်းဖြည်းပြောင်းလဲသွားပြီး တင်းမာခက်ထန်စွာ အံကြိတ်ပြောဆိုလိုက်သဖြင့် အသံပြတ်ကြီးဖြင့် ထိတ်လန့်စဖွယ်ထွက်ပေါ်လာသည့် မောင်ကြီးပြေည့်၏အသံအောအောကြီးကြောင့် အေးမြလှိုင် အလန့်တကြား မော့ကြည့်လိုက်မိသည်။

မောင်ကြီးပြေည့်၏မျက်နှာသွင်ပြင်က ဝမ်းသာကျေနပ်ဟန်ရှိသော်လည်း အမှုအရာနှင့် အသံဟန်ပန်ကမူ တစ်စုံတစ်ဦးအား သို့မဟုတ် တစ်လောကလုံးအား တိုင်တည်အသိပေးနေသည့်နှယ့် တင်းမာပြတ်သားလွန်းနေသည်။ ပြောင်းလဲသွားသည့် မောင်ကြီးပြေည့်ကို သူမ နားမလည်နိုင်စွာ ငေးကြည့်ရင်း မေးလိုက်ဟန်ပြန်လိုက်စဉ်မှာပင် -

"ဟဲ့ မီလှိုင်၊ မနိုးသေးဘူးလား၊ အုန်းမောင်းခေါက်သွားတာတောင်ကြာပြီ။ ဒီနေ့ ဘယ်လိုဖြစ်လို့ ဒီလောက်အိပ်နေရတာလဲ"

နားစည်ထဲသို့ စူးခနဲဝင်ရောက်လာသည့် အမေ့နှိုးသံကြောင့် သူမအိပ်မက်တို့ ပျက်ပြယ်သွားခဲ့ရပြန်ပါသည်။

❑

ဟိုးခပ်ဝေးဝေးဆီမှ ညောင်ပင်ကြီးဆီသို့ ငေးမျှော်ကြည့်နေရင်းက သင်းသင်းနွယ်၏မျက်ဝန်းဝတွင် မျက်ရည်စတို့ ယိုစိမ့်ရစ်သိုင်းလာရသည်။ ရုတ်တရက် နှုတ်မဆက်ဘဲ ခွဲထွက်သွားရက်သည့် သူငယ်ချင်း အေးမြလှိုင်ကိုလည်း ပြန်လည်မြင်ယောင်ရင်း ဝမ်းနည်းကြေကွဲမှုကြောင့် ရှိုက်ကြီးတငင်ငိုချလိုက်မိသည်။

အေးမြလှိုင်၏အဖြစ်အပျက်တို့ကို သူမသိလိုက်ရသော်လည်း ကယ်တင်ချိန်မရ နောက်ကျသွားခဲ့ရ၏။ ထိုနေ့မနက်ပိုင်းကမှ အခင်းထဲတွင်အလုပ်လုပ်ရင်း အေးမြလှိုင်က သူမအိပ်မက်တို့ကို ပြန်ပြောပြတော့ သင်းသင်းနွယ် ထိတ်လန့်သွားခဲ့ရသည်။ အေးမြလှိုင်အတွက်လည်း စိုးရိမ်ပူပန်သွားခဲ့ရ၏။

အေးမြလှိုင် တစ်စုံတစ်ခုဖြစ်တော့မည်မှန်းလည်း ကြိုသိသလိုခံစားရ၏။ ထို့ကြောင့် ရွာသို့ပြန်ရောက်လျှင် အေးမြလှိုင်၏မိဘများအား အကျိုးအကြောင်းပြောပြပြီး အေးမြလှိုင်အတွက် အကာအကွယ် အရံအတားများ ပြုလုပ်ခိုင်းမည်၊ နောက်နေ့မှစပြီး အေးမြလှိုင်ကို ဤအခင်းထဲသို့ ,မစေလွှတ်တော့ရန် ထားမြစ်မည်ဟု ကြံစည်ထားခဲ့မိသည်။

သို့သော် သူမ၏ကြံအထမမြောက်တော့။ ယနေ့ ဤအခင်းထဲသို့လာမိသည့်ကလည်း သူမတို့နှစ်ယောက်တည်း။ နေ့လယ်စာစားသောက်ပြီးတော့ သူမတို့ခဏနားကြသည်။ ယခင်ကခဏနားလျှင် အပန်းဖြေခေတ္တအိပ်စက်ကြလေ့ရှိသော်လည်း ယနေ့တော့ မအိပ်တော့ဘဲ အေးမြလှိုင်ကိုစောင့်ကြည့်နေမည်ဟု စိတ်ကူးထားသည့်ကြားမှ အိပ်ပျော်ဖြစ်အောင် အိပ်ပျော်သွားခဲ့မိ၏။ အေးမြလှိုင်ပြောပြသည့် အကြောင်းအရာတို့အပေါ် စိတ်စွဲနေ၍လားမသိ။ နေ့လယ်ကြောင်တောင်ပင် အိပ်မက်မြင်မက်နေမိသေး၏။ အိပ်မက်ထဲတွင် သူမတို့နှစ်ဦးထိုင်နေကြစဉ် ညောင်ပင်ကြီးအောက်မှ အေးမြလှိုင်ပြောပြထားသည့်အတိုင်း ရှေးခေတ်အဝတ်အစားများဝတ်ဆင်ထားသည့် လူပုံချောတစ်ဦးက အေးမြလှိုင်ကိုလှမ်းခေါ်သည်။ အေးမြလှိုင်ကလည်း သူမအတင်းတားနေဆဲနေသည့်ကြားမှ ရုန်းဖယ်၍ ထိုသူထံအပြေးသွားသည်။ ဟိုရောက်တော့ နှစ်ဦးသား ဝမ်းသာအားရဟန်ဖြင့် ထွေးပိုက်ထားကြရင်း စကားတွေတတွတ်တွတ်ဆိုနေကြသည်။ အတန်ကြာမှ သတိရသွားကြဟန်ဖြင့် သူမဘက်သို့လှည့်ပြီး နှစ်ဦးသား လက်ပြနှုတ်ဆက်နေကြ၏။ သူမ စိုးရိမ်တကြီးဖြင့် အေးမြလှိုင်အား လှမ်းခေါ်ရင်းမှ နှုတ်မှအသံထွက်သွားပြီး လန့်နိုးသွားခဲ့ရ၏။

သူမလန့်နိုးသွားတော့ အေးမြလှိုင်က အနားတွင်မရှိ။ ဟိုနားဒီနားတပိုတပါးသွားသည်ထင်မိ၍ သူမအတန်ကြာစောင့်နေမိသော်လည်း အေးမြလှိုင်က ပြန်ပေါ်မလာတော့။ အချိန်အတော်ကြီးကြာသည်အထိ ပြန်ပေါ်မလာတော့မှ သူမ စိုးရိမ်မိသွားပြီး အနီးအနားချုံကွယ်များတစ်ဝိုက် လိုက်လံရှာဖွေသော်လည်း မတွေ့ရ။

ဘယ်လိုမှရှာဖွေမရသည့်အဆုံး စိုးရိမ်စိတ်တို့ အထွတ်အထိပ်ရောက်သွားပြီး ညောင်ပင်ကြီးဆီ အကြည့်ရောက်သွားတော့ ညောင်ပင်အခြေတွင် ပုံပုံလေးလဲနေသည့် အေးမြလှိုင်ကိုမြင်တွေ့လိုက်ရတော့၏။ သူမ အေးမြလှိုင်နာမည်ကို တကြော်ကြော်အော်ခေါ်ရင်း အပြေးသွားခဲ့မိသော်လည်း နောက်ကျခဲ့ရချေပြီ။ အေးမြလှိုင်က အသက်မရှိတော့။ ခြေသလုံးတစ်ဖက်တွင် မြွေစွယ်ရာတွေ့ရပြီး တစ်ကိုယ်လုံးပြာနှမ်းကာ မြွေဆိပ်တက်သေဆုံးနေခဲ့လေပြီ။

ယခုတော့ အေးမြလှိုင်မရှိတော့။ သိပ်ချစ်ပါသည်ဆိုသော သူငယ်ချင်း သူမကိုခွဲခဲ့ကာ တစ်ဘဝကချစ်ခဲ့ဖူးသည့် အချစ်ဦးနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားခဲ့ပေပြီ။ ယခုဆိုလျှင် အချစ်ဦး၏ရင်ခွင်တွင် ပျော်ရွှင်စွာခိုဝင်မှေးစက်နေရ၍ သူမကိုမေ့နေလောက်ပြီထင်သည်။

သူမကတော့ နတ်ဘီလူးနှင့်ချစ်ဖူးသူ သူငယ်ချင်းမတစ်ယောက်ကို အမြဲထာဝရ သတိရနေမိတော့မည်ဖြစ်ပေသည်။

(ကြားသိခဲ့ရသည့် ဒဏ္ဍာရီဆန်ဆန် ဖြစ်ရပ်မှန်ဆိုသည်လေးအား ရေးခဲ့ထားခြင်း ဖြစ်ပါသည်။)

ဝင်းထွန်းအောင် (စစ်/ဆေး)

www.burmeseclassic.com



(ကျောက်မဲ)

# မောင်သင်းထုံ

## တကယ်တော့ အရိုးဆိုတာ အသားတွေရဲ့ထမ်းပိုးပါ

ဒီတစ်ခေါက် ကျွန်တော် ကျောက်မဲက အဖေတို့၊ အမေတို့ဆီကိုရောက်တော့ အပြန်မှာ အဖေက ကျွန်တော့်ကို ဘာများမှာတယ်အောက်မေ့သတုံး။

ငါ့သားတဲ့။ မင်းအိမ်ဆောက်မယ်ဆိုရင် ဘယ်တော့မှ မီးဖိုချောင်က စ,မဆောက်လေနဲ့။ အဲဒီအိမ်မျိုး ဘယ်တော့မှ ပြီးအောင်မဆောက်ဖြစ်ဘူး။ အဆုံးမသတ်ဘူးလို့ဆိုပါတယ်။ အဲဒါမြဲမြဲမှတ်ထားတဲ့။

အဖေ့အမှာစကားပါ။ သူများတွေနဲ့မတူပါဘူး။

အဖေက ဒီစကားကို အကိုးအကားတွေ၊ သူ့အတွေ့အကြုံတွေနဲ့နှိုင်းပြီးမှပြောတာပါ။ ဥပမာ အဖေ့ရဲ့မိတ်ဆွေဦးထွန်းရီကြီးကိုကြည့်။ ထုံးဖိုရပ်ကွက်ကလေးကစားကွင်းနားမှာ မြေကွက်ရတော့ ပထမမီးဖိုချောင်ကလေးအရင်ဆောက်တယ်။ သူ့သဘောက နောက်မှအိမ်ကြီးကို တဖြည်းဖြည်းဆောက်သွားမယ်လို့စီစဉ်တာ။ ဘယ်ကလာ၊ အဲဒီအိမ်ဆက်ဆောက်ဖြစ်တော့လို့တုံး။ နောက်ဆုံး စီးပွားရေးအဆင်မပြေလို့ အဲဒီမြေကွက်ရောင်းလိုက်ရပြီး မယ်ကုသတောင်ခြေကိုပြောင်းခဲ့ရတာကြည့်ပါလားတဲ့။ အဖေပြောတာဟုတ်တယ်ရယ်။ ကျွန်တော့်မျက်မြင်ပါပဲ။

ဒီအချက်လေးတစ်ချက်လောက်နဲ့တော့ အဖေက ဒီကောက်ချက်ကိုဆွဲတာမဟုတ်ပါဘူး။ အိမ်ဆောက်တဲ့အခါမီးဖိုကို အရင်ဆောက်ကြတဲ့လူတွေရဲ့သာဓကတွေမှ ဆွဲထုတ်ပြတာအများကြီးပါ။ ခရစ်ယာန်ကျောင်းအတက်က အိမ်လည်း ဒီလိုပဲ။ နောက် အင်ကြင်းတောင်ခြေမှာရှိတဲ့အိမ်ကြီးဟာရော။ ပုံစံက ရောမအိမ်ကြီးဆောက်မယ့်စီမံကိန်းဖောင်ဒေးရှင်းမှ [illegible]ကျယ်ကြီး၊ အမြင့်ကြီးချထားပြီးမှ နောင်ဖေးမီးဖိုချောင်ကိုအရင်ဆောက်လိုက်တာ။ အခုဆိုကြည့်၊ အိမ်ကြီးနေရာမှာ နေကြာချုံတွေတောင်မှ တောထနေကြတာရောတဲ့။ အဖေပြောတာဟုတ်တယ်။ အားလုံးကျွန်တော့်ရဲ့ မျက်မြင်ကိုယ်တွေ့တွေချည်းပါပဲမှန်တယ်။

လူလေးရာ၊ မင်းပဲစဉ်းစားကြည့်ဆိုပြီး အဖေက သူ့စကားကို အလေးအနက်ထားအောင်ပြောနေပြန်ပါတယ်။ အတိတ်တွေ၊နိမိတ်တွေ၊တဘောင်တွေ၊ ဖုန်းရွှေနည်းတွေနဲ့ အဖေမပြောပါဘူး။ တို့ဗုဒ္ဓဘာသာအယူအဆအရတော့ မီးဖိုချောင်ဆိုတော့ မီးဆိုတာ အပူကွ။ အိမ်ဆောက်တာက မင်္ဂလာ၊ တကယ်ဆိုရင် မင်္ဂလာယူရမယ့်အချိန်မှာ ဒီအပူကိစ္စကို ရှေ့တန်းတင်လိုက်ကြလို့။ ဒါတစ်လွဲ

ဆံပင်ကောင်းပြီး မအောင်မြင်တာလို့ ယူဆတယ်။ အငှဖေကတော့ မင်းကို လူကြီးတစ်ယောက်အနေနဲ့ မှာချင်ပြောချင်တယ်။ မင်းလည်း တစ်နေ့မဟုတ် တစ်နေ့ကျရင် ကိုယ်ပိုင်အိမ်တစ်လုံး မလွဲမသွေဆောက်ကိုဆောက်ဦးမှာပါ။ အဲဒီအခါကျရင်တော့ အဖေပြောသလို မီးဖိုချောင်ကို အရင်မဆောက်မိစေနဲ့ ကြားလားလို့ အဖေ့ကမှာပါတယ်။

အဖေ့ကွယ်ရာမှာ ကျွန်တော်က 'ဩော်-အဖေရယ်' လို့ ကျွန်တော်ညည်းမိပါတယ်။ အဖေဟာ အတန်းပညာတွေ အဆင့်မြင့်မြင့် မသင်ကြားခဲ့ရပေမယ့် အတွေးအခေါ်ရှိတဲ့သူပါ။ သားသမီးတွေကို ဆုံးမတဲ့နေရာမှာ ခေတ်မီပြီးသဘာ ကျတဲ့အဖေပါ။ အခုအဖေမှာတဲ့ကိစ္စ ဆုံးမတဲ့အကြောင်းအရာကိုကြည့်ပါဦး။ သူတကာမိဘတွေလို ငါ့သား အရက် မသောက်နဲ့၊ အပျော်အပါးမလိုက်စားနဲ့ မိသားစုကို နွေးထွေးတဲ့ကြင်နာမှု[illegible] အပေါင်းအသင်းသတိထား၊ ငွေရေး[illegible] ရေးချွေတာ။ အိုစာမင်းစာစုဆောင်း[illegible] ဘာညာသာရကာခေတ်ကိုလိုက်ပြီး[illegible] တာကြည့်ပါလား။ အိမ်ဆောက[illegible] မီးဖိုချောင်ကိုတော့ အရင်မဆောက[illegible]



www.burmeseclassic.com

www.burmeseclassic.com



စေနဲ့တဲ့လေ။

ကျောက်မဲကို သွားခဲ့ကြတာက မိသားစုသားသမီးတစ်တွေ အဘိုးနဲ့ အဘွားကို ကန်တော့ဖို့သွားခဲ့ကြတာပါ။ ကန်တော့ပြီး သူများတွေလိုဆုတွေတသီကြီး ဝေဆာနေအောင်ပေးမယ့်အစား ဒါပဲ အဖေက မှာတာပါ။ ပြောတာပါ။

ဪ - အဖေရယ်၊ သားက စာရေးဆရာမို့လို့ ဆရာမလုပ်တော့ဘဲ လိုရင်းတိုရှင်းမှာတာပြုတာလားလို့တောင် အောက်မေ့ရပါသေးတယ်။

နောက်ပိုင်းမှာက အလုပ်တွေက တစ်ဖက်နဲ့မို့ နောက်တစ်နေ့မနက်မှာ ကျွန်တော်တို့မိသားစု ရွှေပြည်သာ ကားနဲ့ပြန်ဖို့ လက်မှတ်ဖြတ်ပြီးတော့မှ အဖေက နောက်ထပ်တစ်ခုမှာပါသေး တယ်။ အဖေ့သမီး၊ ကျွန်တော့်ညီမကို စာရွက်လေးတစ်ရွက်ပေး [illegible] တစ်ခုကို ရေးကူးစေပါတယ်။ [illegible] တော့ အဲဒီစာရွက်ကို [illegible] ကျွန်တော့်ကိုပေးတဲ့အခါ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လက်ထဲကိုင်ထားရင်းက ချက်ချင်းမပေးသေးဘဲ အသေအချာမှာပါတယ်။ ဟောဒီလိပ်စာရှင်က မင်းတို့မြို့မှာရှိတယ်။ အဲဒါ ဟိုရောက်ရင် ဒီလိပ်စာအတိုင်းသွားတွေ့လိုက်။ ရပ်ဆွေရပ်မျိုးတွေဆိုတာ မမေ့ကောင်းဘူးကွ။ တစ်ဦးနဲ့တစ်ဦးဆက်သွယ်ကြရတယ် ကြားလားဆိုပြီး အကြာကြီးပြောနေတာနဲ့ ကျွန်တော့်မှာ လက်ထဲက လိပ်စာရှင်ကို ဖတ်တောင်မကြည့်ရသေးပါဘူး။ အဖေ ကျေနပ်အောင် အတင်းဟုတ်ကဲ့လိုက်ရပါတယ်။ အဖေ့ရဲ့စိတ်ကို ကျွန်တော် သိပါတယ်။ သူ့အလေးအနက်ထားတဲ့ အလုပ်တစ်ခုကို သားတွေသမီးတွေကလည်း အလေးအနက်ထားမှကြိုက်တာ။ ဒီတော့ ရောက်တုန်းရောက်ခိုက် အဖေ့ကို စိတ်ချမ်းသာစေချင်တာနဲ့ ခပ်သွက်သွက်ပဲ ခေါင်းညိတ် ဟုတ်ကဲ့လိုက်ရပါတယ်။

အဖေ့ရဲ့ဇာတိက ရေစကြိုမြို့နယ် တောင်ဦးရွာကပါ။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ရေကြည်ရာမြက်နုရာ စီးပွားလာရှာရင်းက ကျောက်မဲမြို့မှာပဲ အခြေတကျ နေထိုင်လာခဲ့ကြတာဟာဆိုရင် ကျွန်တော်တို့သားသမီးတွေ တစ်သက်ပါ။ တွံတေးသိန်းတန်ရဲ့သီချင်းထဲကလိုပါပဲ။ သူ့ရပ်သူ့ရွာကို မတတ်သာလို့ ခွဲခွာလာခဲ့ရပေမယ့် အဖေက သံယောဇဉ်အတော်ကြီးသူပါ။ကျွန်တော်တို့မောင်နှမတွေရဲ့ ပညာရေးကြောင့် တစ်မြို့တစ်ရွာကို ပြောင်းရွှေ့ပြီး အဖေ စီးပွားရှာနေရပေမယ့် တကယ်တော့ အဖေဟာ သူ့ရွာမှာ တောင်သူကြီးမျိုးရိုးထဲကပါ။ လယ်တွေ၊ ယာတွေ၊ နမခြံတွေ၊ သနပ်ခါးခြံတွေ၊ ထန်းတောအပိုင်တွေအများကြီးရှိပါတယ်။ ဒီတော့ အဖေဟာ တစ်ရွာတစ်ပြေမှာ စီးပွားရှာအဆင်ပြေလို့ စုမိဆောင်းမိရှိတာတောင် အိမ်ထောင်ပစ္စည်းတွေမဝယ်ပါဘူး။ သနပ်ခါးကျောက်ပျဉ်၊ သံသေတ္တာ၊ ကြောင်အိမ်လိုမျိုးဟာတွေဝယ်ထားမိရင် ကိုယ့်ရွာ ကိုယ့်မြို့ထပြန်ချင်တဲ့အခါ ခက်မှာစိုးလို့ပါတဲ့။ သဘောကတော့ အဖေဟာ သူများရပ်ရွာမှာ မပျော်ဘူး။ ငွေကြေးစုဆောင်းမိတဲ့တစ်နေ့နေ့ကျရင် ရွာကို အပြေးပြန်မည်၊ အမျိုးတွေကြားပြန်သွားနေလိုက်မှာဆိုပြီး ဒေသစွဲကြီးတဲ့သူပါ။

ဒါပေမယ့် ဒီနေရာမှာ အဖေ့စိတ်ကူးတွေလွဲချော်ခဲ့ရပါတယ်။ ရေကြည်ရာမြက်နုရာမှာ စီးပွားရှာရင်းက သားသမီးတွေကြီးလာကြတယ်။ နောက်တော့ ဒီအရပ်ကလူတွေနဲ့ အိမ်ထောင်ကျ၊ ဒီအရပ်မှာ အမြစ်တွယ်၊ ဒီကခွာလို့မရမှန်းသိချိန်မှာတော့ အဖေ့အတွက် နေစရာမြေကွက်ဟာ မြို့ဆင်ခြေဖုံးလိုနေရာမှာပဲရပါတော့တယ်။ နောက်ဆုံးဖြစ်ချင်တော့ အဖေ့ရဲ့အမေ ရွာမှာဆုံးတော့ အဖေ့အစား အမေကသွားခဲ့ရတယ်။ ဘာထူးလို့လဲ၊ အမေ့ရဲ့အမေဆုံးတော့လည်း အဖေက အမေ မအားလို့ ရက်လည်အမီရွာပြန်ခဲ့ရတာရော။ ခက်တော့ အဖေတို့၊ အမေတို့မှာ ရပ်ရွာစွဲတဲ့စိတ်၊ ခင်မင်စိတ် ဘယ်လောက်ကြီးတယ်ပဲပြောပြော နောက်ဆုံးမတော့ ရောက်တဲ့အရပ်မှာပဲ နေလိုက်ကြရတော့တာပါပဲ။

ကျွန်တော်တို့တစ်တွေ အိမ်ထောင်တွေကျ၊ အလုပ်တွေရတဲ့အထိ အဖေကတော့ ဒေသစွဲကြီးနေတုန်းပါ။ ရွာကိုလွမ်းလာရင် အဖေကကောက်ပြန်သွားလိုက်တာပါ။ ရွာရောက်လျှင် 'ထရေ' သောက်မည်။ ရွာကပေါင်းဖော်သင်းဖောင်းတွေနှင့် ငယ်ကျိုးငယ်နာတွေ ပြောရင်း အလွမ်းဖြေမည်။ ရွာမှာ အဖေ့အစ်မကိုယ်တိုင်က အဖေတို့ညီအစ်ကိုတစ်တွေပိုင်တဲ့ အမွေဆိုင်လယ်ယာမြေတွေကို လုပ်ကိုင်နေတော့ မြေစု၊ ထန်းစုယူရင်း အဖေလေ ရွာကို တစ်နှစ်တစ်ခေါက်လောက်တော့ပြန်ဖြစ်နေပါတယ်။ အဖေက အဲဒီအထိ ရွာကို သံယောဇဉ်ကြီးသူပါ။

ခုတော့ ရွာမှာလား၊ အဖေ့အစ်မကြီးက ဆုံးပေါ့။ လယ်တွေယာတွေနဲ့ ထန်းတွေကို အဖေတို့ညီအစ်ကိုသုံးယောက် အမွေခွဲလိုက်ကြတယ်။ တောင်ဦးရွာမှာ အဖေတို့ညီအစ်ကို မောင်နှမတွေငယ်ငယ်ကနေခဲ့ကြတဲ့ ခြံဝင်းရယ်၊ အိမ်ရယ်၊ လှည်းရယ်၊ နွားရယ်ကိုတော့ အဖေ့ရဲ့အစ်မကြီး မမြရီမသေခင်က ချေး၊ သေးကစလို့ပြုစုပေးခဲ့တဲ့ တူလေးတစ်ယောက်ရဲ့မိသားစုကို အပိုင်ပေးခဲ့တယ်။ ကဲ - ဒီတစ်ခါများ အဖေ ရွာကိုလွမ်း လို့ပြန်ရင် ဘယ်သူ့အိမ်မှာတည်းရပြုရပ့်။ ညီအစ်ကိုတစ်တွေရစရာရှိတဲ့အမွေထဲက မြောက်ရွာလေးနားက သနပ်ခါးခြံကတော့ ကျန်ပါသေးရဲ့။ တည်းစရာအိမ်ကို အမွေပေးလိုက်ပြီဆိုတော့ အဖေက သူတည်းစရာနဲ့ပတ်သက်လို့စဉ်းစားနေတာပါ။

ဒါပေမယ့် နွားလှည်းနဲ့ အိမ်ဝင်း အမွေရလိုက်တဲ့ မောင်မိုးဦးလေးကတော့ ပြောရှာပါတယ်။ ဦးလေးကြီးရာ ဒီအိမ်နဲ့ဝင်းကိုတော့ ရောင်းပြီး အမွေမခွဲလိုက်ကြပါနဲ့လား။ ကျွန်တော်တို့မိသားစုမလည်း နေရာမရှိတော့ ကျွန်တော့်ကိုပဲပေးခဲ့ပါ။ နောင်ဦးလေးကြည်တို့ ရွာအလွမ်းပြေပြန်လာတော့ အချိန်မရွေးတည်းရပြုရတာပေါ့လို့ပြောရှာပါတယ်။ ဟုတ်သားပဲ။

တစ်လောကတော့ ရွာမှာကျန်သေးတဲ့အဖေတို့ရဲ့အမွေဆိုင် သနပ်ခါးခြံလေးကို ခုတ်ရင်လည်းခုတ်ရောင်းရအောင် ဒါမှမဟုတ် အပြတ်ရောင်းပြီးရတဲ့ ပိုက်ဆံလေးနဲ့ အဖေ၊ အမေနဲ့ မမြရီတို့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုရအောင်လို့ အဲဒါ ရွာကို ဦးလေးကြည်တစ်ခေါက်ပြန်ခဲ့ပါဦးလို့မှာတော့ အဖေကိုယ်တိုင် မပြန်နိုင်တာနဲ့ အဖေ့သမီး မမြင့်ကို အဖေ့ကိုယ်စားပါဆိုပြီး သူ့ဦးရီးတွေ၊ ဘထွေးတွေနဲ့ ထည့်လွှတ်လိုက်ရပါကောလား။ အသက်အရွယ်ကကြီး၊ ချောင်းတွေကမတရားဆိုးတော့ အလကားနေရင်းကို အဖေ့မှာမောနေတာ။ ဒီတော့ ခရီးဝေးဘယ်ကလာသွားနိုင်ပါ့မလဲ။ အဖေ့မှာ ရွာကိုလွမ်းရင်လည်း လွမ်းတဲ့စိတ်ပဲစိတ်ကရှိတော့တာပါ။

ဒီတစ်ခေါက် သီတင်းကျွတ် ကျွန်တော် ကျောက်မဲကိုရောက်တော့ အဖေကပြောပါသော်ကော။ ရပ်ဆွေရပ်မျိုးတွေဆိုတာ မဇမ့်စကောင်းဘူး။ တူးလူးဆက်ဆံရတယ်ဆိုတာလေ။ တခြားမဟုတ်ပါဘူး၊ ပြီးခဲ့တဲ့အခေါက် အဖေ ရွာပြန်ရောက်တုန်းက အဖေ့အပေါင်းအသင်းတွေနဲ့ မိသားစုရေးလုပ်ငန်းတိုင်ပင်နေ၊ ကျန်းမာရေး၊ သားသမီးရေးတွေ အပြန်အလှန်မေးကြရင်းက ဘယ်သားက ဘယ်မြို့မှာ၊ ဘယ်သမီးကဖြင့် ဘယ်အရပ်မှာ၊ ဘယ်လိုအသက်မွေးဝမ်းကျောင်းပြုနေတာပြောရင်းက ကျွန်တော့်အကြောင်း ရောက်တော့ ကျွန်တော်နေတဲ့မြို့ကို ပြောပြမှာပေါ့။ အဲဒီတော့ အဖေ့အပေါင်းအသင်း အဖေ့ထက်အသက်ကြီးပုံရတဲ့သူတစ်ယောက်က ဟာ - ဟုတ်လား၊ ဟန်ကျတာပေါ့၊ ငါ့သားအကြီးလည်း အဲဒီမြို့မှာပဲတွေ လိပ်စာပေးလိုက်မယ်။ သူတို့ချင်းသွားတွေ့ပလေ့စေလို့ဆိုတာနဲ့ အဖေလည်း ဝမ်းသာအားရ ကျွန်တော့်ကို လိပ်စာပေး၊ ဆက်သွယ်ခိုင်းလိုက်တာပါ။

အဖေ့ပြောပုံအရဆိုရင်တော့ သူဟာ အဖေ့သူငယ်ချင်း၊ အဖေတို့ရွာကလူရဲ့သားဆိုပေမယ့် သူ့အမေ



www.burmeseclassic.com

www.burmeseclassic.com

တော့ အဖေတို့ရွာသူမဟုတ်ပါဘူး။ မွေးတာကြီးတာကလည်း အဖေတို့အရပ်မှာမဟုတ်ဘဲ သူ့အမေဘက်က အရပ်မှာမွေးတာလို့ လိပ်စာရေးပေးတဲ့ ညီမမမြင့်က ပြောတော့ ကျွန်တော်က ဇဝေဇဝါဖြစ်ရပါတယ်။ ဒါပေမယ့် အဖေက အတင်းကြီးညွှန်းနေတော့ ကျွန်တော်က ဟုတ်ကဲ့ပါ အဖေ၊ ကျွန်တော်သွားတွေ့လိုက်ပါမယ်လို့ အာမခံလိုက်ရပါတယ်။

တကယ်ကိုယ်နေတဲ့မြို့ကိုရောက်တော့ စားဝတ်နေရေးကတစ်ဖက်မို့ အဖေပြောတဲ့လိပ်စာကို အတော်နဲ့မရှာမိပါဘူး။ လက်ဖက်ရည်ဆိုင်စကားဝိုင်းမှာလို မျိုးကြုံရင်တော့ ဟိုလူဒီလူမေးကြည့်၊ နေရာကို စိတ်ထဲမှာ မှတ်ထား။ နောက် အားတော့သွားမှာပေါ့။ ဒီကြားထဲ ကျွန်တော်အလုပ်လုပ်နေတဲ့ကုမ္ပဏီက စာပြန်ပွဲမှာ သံဃာတော်တွေ ဆွမ်းကပ်ကြတော့ ကျွန်တော်က ဧည့်ခံအဖွဲ့မှာ တာဝန်ကျပါတယ်။ စာဖြေသံဃာတော်တွေနဲ့ကျောင်းထိုင်ဆရာတော်တွေကို ကုမ္ပဏီဥက္ကဋ္ဌက ဆွမ်းကွမ်းဝေယျာဝစ္စတာဝန်ယူထားတော့ ကျွန်တော်တို့လည်း ပါရတာပေါ့။ ဆွမ်းဘုဉ်းပေးနေကြတဲ့ ဆရာတော်ကြီးတွေကို အပြီးမှာ ဘောဇဉ်ကပ်ရတယ်။ ရေခဲမုန့်နှစ်သက်တဲ့ ဆရာတော်တွေကျတော့ ရေခဲမုန့်ကပ်ရတယ်။ စတော်ဘယ်ရီ၊ ချောကလက်၊ နို့ ရေခဲမုန့်တွေကို ဘုန်းကြီးတွေက နှစ်သက်စွာ ဘုဉ်းပေးကြပါတယ်။ မှတ်မှတ်ရရ ဆရာတော်တစ်ပါးဆို ဟာကောင်းသဟ ဒကာရ၊ ကောင်းသဟနဲ့ သုံးပွဲတောင်ဘုဉ်းပေးပါတယ်။

ဆရာတော်တွေဟာ စင်မြင့်ထက်မှာ လက်ဖက်ရည်ပွဲ၊ ဘောဇဉ်ပွဲတွေ ဘုဉ်းပေးနေကြတာမြင်တော့ အလှူရှင်ဒကာ၊ ဒကာမတွေဆိုတာ စင်အောက်ရဲ့အနားမှာပဲ။ ယပ်တွေခတ်ပေးကြ၊ ရေအေး၊ ရေသန့်၊ အချိုရည်တွေကပ်ရင်းက ကြည်နူးဝမ်းသာစိတ်တွေနဲ့ ဝတ်ဖြည့်နေကြတာပေါ့။ ဆရာတော်များကလည်း ကျောင်းပေါင်းစုံ အခုလိုဆုံကြတဲ့အခိုက် အာလာပသလ္လာပသာသနာရေးတွေ ပြောဆိုနှီးနှောရင်း ဘုဉ်းပေးနေကြတာမှ အကြာကြီးပါ။

အဲဒီအချိန်မှာပဲ ဆရာတော်တစ်ပါးဟာ ဘောဇဉ်ပွဲတွေဘုဉ်းပေးပြီးကြလို့ ကျန်နေတဲ့ပွဲတွေထဲက မလိုင်ခဲတစ်ပွဲ၊ မလိုင်မုန့်တစ်ပွဲ၊ လျှာပေါ်ဝဲမုန့်ပွဲတွေကို သူ့ရှေ့ရောက်အောင် ဆွဲယူ၊ နောက်တော့ အသင့်ပါလာတဲ့ကျွတ်ကျွတ်အိတ်အဖြူထဲသွန်ချနေပါတယ်။ နောက်မလှမ်းမကမ်းမှာရှိတဲ့ အင်္ကျီအကွက်နဲ့ သူ့ဒကာတစ်ယောက်ကိုခေါ်ပြီး ရော့၊ အင့် ဆိုပြီးပေးလိုက်ပါတယ်။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း မေ့တတ်လိုက်တာ။ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စတွေလုပ်နေရတာနဲ့ အဖေမှာလိုက်တဲ့ လိပ်စာစုံစမ်းဖို့ကိစ္စမေ့နေပါတယ်။ အခုလို လူစုံတုန်း ဒီမြို့ခံတွေမေးရမှာရယ်။ ဒါနဲ့ ကုမ္ပဏီမှာရှိတဲ့ ဆရာကြီးတစ်ယောက်နားကပ်ပြီးမေးတော့ ဘုန်းကြီးတွေဆိုတာ ပြန်ကြွကြမလို့ ထကုန်ကြပါပြီ။ ယပ်တွေယူ၊ ကန်တော့ပွဲတွေသယ်ရဦးမှာဆိုတော့ ဒကာတွေလည်း လက်အုပ်ကလေးတချီချီနဲ့ အလုပ်တွေရှုပ်ကုန်ကြပါပြီ။ ဆရာကြီးကတော့ ကျွန်တော်သိချင်တဲ့ပုဂ္ဂိုလ်ကို အဲဒါပဲလို့ ညွှန်ပြပေမယ့် သင်္ကန်းဝါဝါတွေကြားဆင်တူနေလေတော့ သဲသဲကွဲကွဲမမြင်လိုက်ရတော့ပါဘူး။ ကျွန်တော့်မှတ်ဉာဏ်ကိုကမကောင်းတာပါဗျာ။ တကယ်ဆို ဘုန်းကြီးတွေ ဆွမ်းဘုဉ်းပေးနေကြတုန်းမှာ ဆရာကြီးကို အေးအေးဆေးဆေးမေးရင်မှတ်မိလောက်တာပေါ့။ ခုတော့-

နောက်တော့လား ဒီလိုပါပဲ။ စားဝတ်နေရေးဝဲဩဃကြီးထဲ မြုပ်ချည်ပေါ်ချည် မျောပါနေရပြန်ပါရောလား။ သွားရင်းလာရင်း သတိရလို့ ခရီးကြုံတဲ့အခါ အဖေပြောတဲ့လိပ်စာရှင်ကိုသွားဝင်တွေ့ရအောင် စာရွက်ကိုအိတ်ထောင်ထဲထည့်ပြီး ထွက်လာခဲ့တဲ့အခါလည်းရှိတယ်။ တစ်ခါတလေကျတော့ စကားဝိုင်းမှာ ပြောကြဆိုကြရင်း သတိရလို့ အဖေပြောတဲ့လိပ်စာကို စုံစမ်းမလို့ နေရာကိုမေးကြည့်တော့ [illegible]က်တာ အဲဒီနေ့ကျမှ လိပ်စာစာရွက်အိတ်ထောင်ထဲ ပါမလာတာမျိုးလည်း ကြုံရဖူးတယ်။ မှန်းစမ်း - အိတ်ထောင်ထဲနှိုက်ကြည့်တော့ ခါတိုင်းပါနေကျ ဘုရားပုံတော်ရယ်၊ လိပ်စာစာအုပ်၊ ဖောင်တိန်၊ မျက်မှန်၊ ပိုက်ဆံ၊ ဒါတွေပဲတွေ့ရတယ်။ အင်္ကျီအသစ်နဲ့ အဟောင်းလဲဝတ်တော့ အိတ်ထောင်ထဲကရှိတဲ့ စာရွက်တွေ အကုန်ထုတ်ခဲ့တာပဲ။ အဲဒီအရေးကြီးတဲ့လိပ်စာစာရွက်ကျမှ ဘာလို့ကျန်နေခဲ့မှန်းမသိဘူး။ မှန်း - ကြည့်ရအောင်၊ ငွေစက္ကူအဟောင်းတွေထဲ ကပ်သပ်ညပ်နေမလားလို့လေ။ တစ်ရွက်ချင်းရှာကြည့်လည်း တွေ့ပေါင်။ ဟိုအင်္ကျီအပေထဲ ကျန်ခဲ့ပြီနေမှာရယ်။

မတော် အလျှော်အဖွပ်ကဲတဲ့ အိမ်ရှင်မက ပေနေပြီးသားအင်္ကျီဆိုပြီး မကြည့်ဘဲလျှော်လိုက်ရင်တော့ အဖေပေးလိုက်တဲ့ လိပ်စာစာရွက်လေး နူးအိပြီး စုတ်ပြဲတော့မှာ သေချာတယ်။ ဖြန့်ကြည့်ရင်လည်း သကြီးန်ရေပက်ခံထွက်တဲ့အင်္ကျီထဲကစက္ကူလိုတွန့်လိမ်ပြီး ဖွင့်ဖတ်ရင်တောင် ရတော့မှာမဟုတ်တော့ဘူးရယ်။ တကယ်လို့ နောက်တစ်ခေါက်ကျောက်မဲရောက်လို့ အစွဲအလမ်းကြီးတဲ့အဖေကတော့ မေးမှာပဲ။ ဟော့ကောင်၊ မင်း ငါရှာခိုင်းတဲ့ လိပ်စာရှာတွေ့ပြီလားလို့။ အဲဒီအခါမှာ ကျွန်တော်က ဟုတ်ကဲ့အဖေ၊ ဟို ကျွန်တော်လေ အလုပ်တွေဟုတ်ကဲ့ ရှုပ်နေလို့မသွားရသေးဘူးလို့ ပြောရင် အဖေက သူ့ဝသီအတိုင်း မင်းကတော့လေ စာရေးဆရာလုပ်နေပြီး အဖေ့စကားကို အရေးမထားတဲ့ကောင်။ မကြီးပွားတာလည်းမပြောနဲ့လို့ အဆူခံရမှာ ကျိန်းသေတယ်။

တော်ပါသေးရဲ့၊ အိမ်ရောက်လို့ သတိတရကြည့်လိုက်တော့ အိမ်ရှေ့စားပွဲပေါ်မှာ လိပ်စာစာရွက်လေးကို ပရုတ်ဆီပုလင်းလေးဖိထားတာတွေ့ရတယ်။ တော်ပါသေးရဲ့၊ အိမ်ရှင်မက အဝတ်လျှော်ခါနီးတိုင်း ဘေးထိုးအိတ်ထောင်တွေစမ်းကြည့်တော့ အရေးကြီးတဲ့စာရွက်စာတမ်းနေမှာပဲဆိုပြီးတင်ထားပေးတာနေမှာ။ ကျေးဇူးပဲ ဘေဘီ။

နေထွက်လာပြီဆိုတာနဲ့ လူတွေဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲ၊ ယာအလုပ်ရှိရာတွေ သွားလာနေကြရပါရောလား။ ကျွန်တော်လည်း အဖေပြောလိုက်တဲ့လိပ်စာလေးကို သတိရတဲ့အခါလည်းရှိတယ်။ မရတဲ့အခါလည်းရှိပါတယ်။ ဒီလိုနဲ့ တစ်နေ့ သူငယ်ချင်းတစ်ယောက်ရဲ့အိမ်ကိုသွားအလည်မှာ အဲဒီလိပ်စာလေးကိုပြပြီး မေးကြည့်တော့ ကောင်းကောင်းညွှန်ပြပေးလိုက်တာနဲ့ သွားရှာကြည့်ပါတယ်။

တွေ့ပါ့၊ အထဲမဝင်သေးဘဲ အပြင်အပေါက်ဝကြီးကနေ အထဲကိုလှမ်းမျှော်ကြည့်လိုက်တော့ အင်္ကျီအကွက်နဲ့ လူတစ်ယောက်ရဲ့မျက်နှာကိုမြင်လိုက်တာနဲ့ တစ်ခုခုကိုစဉ်းစားမိပြီး မဝင်တော့ဘဲ လှည့်ပြန်လာခဲ့ပါတော့တယ်။

နောက်တစ်နှစ် သီတင်းကျွတ်ကန်တော့ဖို့သွားလို့ အဖေ့ဆီရောက်ခဲ့တော့ အဖေရှာခိုင်းတဲ့ [illegible] ပတ်သက်လို့ သိတာမြင်တာတွေ [illegible] အချာပြောပြရဦးမှာပဲ။ [illegible] ဘာများပြန်ပြောနေဦးမလဲ [illegible]

[illegible]


[illegible]

www.burmeseclassic.com

# ကိုဇော်ဝင်း(လှတော)

## ပုဒိုးဒါးတောင်းကျိုက်၊ ပေါင်မှာဒေးမင်ကြောင်၊ နက်မှောင်တဲ့အသားနှင့် ပခုံးပေါ် တင်းပုတ်ကြီးထမ်းထားတဲ့လူ...



အစ်ကိုတော်၊ ညီတော်မင်းနှစ်ပါး။ အစ်ကိုတော်ကို ညီတော်က လုပ်ကြံချေမှုန်း၊ ကျူပင်ခုတ်ကျူငုတ်မကျန်အောင် အပြတ်ရှင်းသောအချိန် ဖြစ်ပါ၏။

အစ်ကိုတော်အစေအပါး၊အဆွေအမျိုးအားလုံး အသက်အတွက်ပြေးကြရပါလေသည်။ တကွဲတပြားအစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ရပါ၏။

ညီတော်က ဓားစောင်းအလွန်ထက်ပါသည်။ သတင်းစကားမကြားလိုက်နှင့် ကြားလိုက်သည်နှင့် ဗိုလ်ပါစစ်သည်များလှစွာဖြင့် လိုက်လံသတ်ဖြတ်ပါတော့၏။

အမယ်လှတို့မောင်နှမများပြေးခဲ့ကြရသည်။ ဤသို့ပြေးရာတွင် အစ်ကိုတခြားမောင်တခြားဖြစ်သွားသည်။

ခရီးကကြမ်းလှပါသည်။ ပင်ပန်းလိုက်သည်က ဆိုဖွယ်ရာမရှိ။ ပင်ပန်းသော်ငြား အသက်အသေမခံနိုင်ပါသောကြောင့် တရကြမ်းပြေးကြရသည်။

အမယ်လှနှင့်အတူ မောင်ကံတို့မိသားစုပါလာ၏။ အစ်ကိုမောင်ကျင်နှင့် မောင်တွက်၊ မောင်မဲတို့ ဘယ်ဆီပြေးကြလေသည်မသိ။ အငယ်ဆုံး မောင်ကံပါလာသည်မို့ အမယ်လှအတွက် တော်ပါသေး၏။ မောင်ကံသည် အမယ်လှအတွက် အားကိုးအားထားပြု၍ရသကဲ့သို့ တိုင်ပင်နှီးနှော၍လည်းရပါလေသည်။

ကုန်းမြင့်လေးတစ်ခုပေါ်ပြေးရင်းလွှားရင်းရောက်လာ၏။ နေပြည်တော်နှင့်လည်း လွန်စွာဝေးကွာလာပြီမို့ အနည်းငယ်စိတ်ချလက်ချဖြစ်ခဲ့ကြရ၏။

သို့သော် ညီတော် လက်လှမ်းမီသောနေရာဖြစ်၍ ပူပင်သောကကြောင့်ကြမကင်းတော့ရှိပေ၏။မင်းနားတစ်ထောင်ဆိုရိုးစကားလည်းရှိ၏။ ညီတော်သတင်းစကားမကြားရစေနှင့်ဟု ဆုတောင်းကြရသည်။ ကုန်းမြင့်ကလေးသည် အနည်းငယ် ကျယ်ကျယ်ပြန့်ပြန့်ရှိပါသည်။ ကုန်းမြင့်ကလေး၏ တောင်ဘက်တွင် လွန်စွာကျယ်ဝန်းသော ရေကန်တစ်ကန်၊ အရှေ့ဘက်တွင် ရေကန်တစ်ကန်ရှိနေပါသည်။ ရေကန်နှစ်ခုစလုံး ရေမှာကြည်လင်အေးမြလျက်ရှိသည်။ ကြာမျိုးငါးပါးနှင့်လည်း ပြည့်စုံနေသည်။ ကန်ရိုးကန်ပေါင်ပေါ်တွင် လွန်စွာ ကြီးမားသောမန်ကျည်းပင်ကြီးများတန်းစီပေါက်ရောက်နေပါသဖြင့် အရိပ်အာဝါသကောင်းလှပါဘိခြင်း။

ကန်များနှင့်မနီးမဝေး အရှေ့ဘက်တွင် မြေစိုက်တဲအနည်းငယ်နှင့်လူတစ်စုရှိသည်။ တောင်သူလုပ်ငန်းများလုပ်ကိုင်ကြလျက် စိတ်သဘောထားဖြူစင်ကြသည်။ အတိဒုက္ခရောက်လာကြသော အမယ်လှတို့ကို လိုအပ်သမျှ လုပ်ကိုင်ကူညီကြပါသည်။

အမယ်လှတို့ရောက်ပြီးနောက်နေ့ကုန်းမြင့်တစ်ဖက်တွင် နေဖြစ်ထိုင်ဖြစ်တဲများဆောက်လုပ်ကြရသည်။ အပြာရောင်မိုးသားကောင်းကင်ထက်တွင် ကျီးအုပ်များက ရေကန်တော်ပေါ် ဝိုင်းပတ်အသံသာသာအော်မြည်ပျံဝဲနေသည်က ရှုချင့်စဖွယ်ရှိ၏။

ရေကန်တော်ကြာရိုးကြာစွယ်များပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသောလေပြည်လေအေးများ၏ မွှေးမွှေးပျံ့ပျံ့ရနံ့များက သင်းလှသည်။

ဤနေရာ ဤဒေသ ဤကုန်းမြင့်ကလေးသည် တင့်တယ်သာယာလှပါဘိခြင်း။

အုပ်ဖွဲ့ပျံသန်းနေပါသော ကျီးအုပ်များက လွန်စွာမှ ကြီးမားလှပါသောမန်ကျည်းပင်ကြီးများအပေါ် နားလိုက်တအာအာအသံပြုလိုက် ကန်တော်ပေါ် ဝုန်းခနဲပျံဝဲလိုက်ကြနှင့် အချိန်ကြာကြာလုပ်နေကြသည်။

အမယ်လှက တဲများဆောက်လုပ်ရာတွင် ဝိုင်းဝန်းကူညီကြသော ရွာသူရွာသားများကို ထမင်းဟင်းများ ချက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com

ကျေးမွေးပါသည်။

နေထန်းတစ်ဖျားရောက်ချိန် တဲများဆောက်လုပ်ရာမှနားကြ၏။ ထမင်းများ ဝိုင်းဖွဲ့စားကြ၏။ ရွာထဲမှ ထမင်းဟင်းများလာပို့ကြသည်။

အဖွဲ့တစ်ဖွဲ့လုံး စားသောက်ပြီး များစွာပိုလျှံနေသည်။

မန်ကျည်းပင်ကြီး၏အောက်တွင် ဝိုင်းဖွဲ့ပြီး လက်ဖက်သုပ်၊ ချင်းသုပ်၊ ထန်းလျက်နှင့် ရေနွေးကြမ်းများသောက်ကြသည်။ ထန်းလျှော်သပ်သူကသပ်နေသည်။ တဲတိုင်များအတွက် ထန်းသားများခွဲသူကခွဲ၊ သယ်သူကသယ်လုပ်နေကြ၏။

ထန်းသားကို တိုင်အတွက်မျှသာမက ထုပ်၊ လျှောက်များအတွက်ပါသုံးကြရမည်။ ရွာတဲအိမ်များတောင်ဘက်၊ မြောက်ဘက်တွင် ရှိသမျှထန်းပင်များကို လိုအပ်သမျှခွဲပေးကြသဖြင့် ရွာသူရွာသားများကို အမယ်လှတို့ လွန်စွာကျေးဇူးတင်ကြ၏။

ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း ဟုဆိုသောစကား မှန်လှပါဘိခြင်း။ ရက်ပိုင်းအတွင်း မောင်ကံနှင့် ရွာသူရွာသားများ ဆွေမျိုးရင်းခြာများသဖွယ် ခင်မင်ခဲ့ကြ၏။

ဤကြာမျိုးငါးပါးနှင့်ပြည့်စုံသော ရေကန်တော်၊ ဤမန်ကျည်းပင်တန်းများနှင့် ကန်ပေါင်ရိုး ဝိုင်းဖွဲ့ပျံသန်းနေကြပါသော ဤကျီးအုပ်၊ ဤကျယ်ကျယ်ပြန့်ပြန့်ကုန်းမြင့်ကလေး။

မောင်ကံ အလွန်ပင် သဘောကျနှစ်ခြိုက်မိပါလေပြီ။ ထို့ထက် စိတ်ရင်းဖြူဖြူစင်စင်သဘောထားကောင်းမွန်ကြပါသောရွာသူရွာသားများကို သံယောဇဉ်ဖြစ်မိသွားရပါလေပြီ။

ညမှာပင် မောင်ကံ ရွာသူရွာသားများနှင့် ရွာတဲများတွင် သိုက်မြိုက်အိပ်စက်ပြီး မနက်မိုးလင်းသောအခါမှ မောင်ကံတို့ ဤကုန်းမြင့်ကလေးကို ပြန်လာသည်။

ဆောင်ရွက်ရန်ရှိသမျှလုပ်ငန်းများကို ပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်ခဲ့ကြ၏၊

အမယ်လှ၊ မောင်ကံတို့နှင့် ရွာသူရွာသားများ တစ်သားတည်းဖြစ်သွားကြပါလေပြီ။

အမယ်လှ၊ မောင်ကံတို့နှင့် ရွာသူရွာသားများနေထိုင်ကြရာတဲစုကလေးကို 'ကျီးကန်ရွာ'ဟု ထိုမှစ၍ အမည်နာမခေါ်တွင်ခဲ့ပါသည်။

❑

အမယ်လှ၏မောင်၊ မောင်ကံ၏ အမည်နာမသည် လည်းကောင်း၊ ကောင်းကင်ပြာပြာ၊ ရေကန်တော်များ၏အပေါ် ပျံသန်းနေကြသော ကျီးအုပ်များ၏အသံသာသာသည်လည်းကောင်း ကြာငါးမျိုး၏တင့်တယ်လှပသာယာခြင်းများသည်လည်းကောင်း။

ထိုထိုအစုစုကိုမှီလျက် 'ကျီးကန်ရွာ' ဟု ခေါ်တွင်ကြခြင်းပါတည်း။

အမယ်လှ၏အစ်ကို မောင်ကျင်၊ မောင်တွက်၊ မောင်မဲတို့သည် မိသားစုများနှင့်အတူ ရှေ့ဆင့်နောက်ဆင့်ရောက်ရှိလာကြပြန်ပါသည်။

ရွှေမျိုးတစ်စု ပေါင်းစည်းမိကြသည်။ စုမိလုံးမိကြပြီ။

ကုန်းမြင့်လေးအား 'ရွှေလုံးတော်ကုန်းမြင့်' ဟု အသိအမှတ်ပြုခဲ့ကြပါ၏။

ကုန်းမြင့်လေး၏ မြောက်စူးစူးတွင် မြေလွတ်မြေရိုင်းများရှိသည်။ထိုမြေလွတ်





www.burmeseclassic.com

www.burmeseclassic.com

မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြ၏။

ရှင်းလင်းပြီးသမျှ လယ်စိုက်ကြ၏။ မိုးရေဖြင့်စိုက်သော မိုးကောင်းတောများဖြစ်လာ၏။လယ်ပြီးနောက် ကုလားပဲ၊ ဂျုံများ စိုက်ကြပြန်သည်။

အမယ်လှတို့မောင်နှမငါးယောက်သည် အစဉ်ညီညီညွတ်ညွတ်ရှိသည်။ အငယ်ဆုံးညီမ အမယ်လှ၏စကားကို အစ်ကိုများက တစ်သဝေမတိမ်းပင် နားထောင်ခဲ့ကြ၊ လိုက်နာခဲ့ကြပါသည်။ မိသားစုဝင်များသည်ပင် အမယ်လှကို လေးစားကြ၏။

အမယ်လှ၏စီမံခန့်ခွဲမှုအောက်မှာ အေးအေးချမ်းချမ်းနေထိုင်ကြပေသည်။ မြေလွတ်မြေရိုင်းများကို တစ်နှစ်ပြီးတစ်နှစ် ချဲ့ထွင်လာခဲ့ကြသဖြင့် လယ်ဧကတော်တော်များလာပြီဖြစ်ပါ၏။ လုပ်ကွက်ကောင်းကောင်းရလာကြ၏။

သို့သော် ချဲ့ထွင်လုပ်ကိုင်ရင်းလုပ်ကိုင်ရင်း ကုန်းမြေလေးနှင့် တဖြည်းဖြည်းဝေးလာခဲ့ပါသည်။

လယ်ထွန်ခြင်း၊ ပျိုးထောင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်းများ လုပ်ကိုင်ရ၏။ အချို့ရက်များ ကုန်းမြင့်လေးကိုမပြန်နိုင်ကြ။

လုပ်ကွက်များအတွင်းမှာပင် အိပ်ကြရ၏။

ထိုအခါ လယ်တဲများထိုးလိုက်ကြရ၏။ တဲတစ်လုံးမှနှစ်လုံး၊ နှစ်လုံး၊ လေး၊ ငါး၊ ခြောက်လုံးအထိဖြစ်လာ၏။

အရှေ့အရပ်မှ လယ်လုပ်သူများလည်း ရောက်လာကြပြန်သည်။ အမယ်လှတို့ကဲ့သို့ မြေရိုင်းမြေလွတ်များကို ချဲ့ထွင်လုပ်ကိုင်ရင်း ရောက်ရှိလာကြပါ၏။

စိတ်သဘောထားပြည့်ဝကောင်းမွန်ကြသည်။ စကားပြောလိမ္မာကျွမ်းကျင်ပါးနပ်သူများပါခဲ့၏။

အမယ်လှမိသားစုများနှင့် ချစ်ချစ်ခင်ခင်ဖြစ်လာကြပါသည်။ ဆွေမျိုးရင်းချာများသဖွယ်ဖြစ်လာ၏။

လယ်တဲများမှာ နောက်တိုးလာကြသည်။ ရွာငယ်လေးတစ်ရွာဖြစ်လာပါ၏။

မောင်ကံအား ကျီးကန်ရွာ၏အနီးအပါးလယ်များကို အမယ်လှကလုပ်ကိုင်စားသောက်ရန်ပေးခဲ့၏။

အမယ်လှနှင့် မောင်ကျင်၊ မောင်တွက်နှင့် မောင်မဲတို့သည် မိသားစုလိုက် နောက်ဆုံးရောက်ရာ နေရာထိုင်ခဲ့ကြပါသည်။ မြေကောင်းမြေမွန်များဖြစ်၏။ ပြီးနောက် ရေကလွယ်ပါသည်။ လေး၊ ငါးတောင်တူးရုံမျှဖြင့် ရေထွက်၏။ ရေချိုထွက်ခြင်းဖြစ်သည်။ သောက်ရေ၊ သုံးရေအတွက် အဆင်ပြေသည်။

"တို့နေရာရေဘယ်လောက်လွယ်သလဲဆိုရင် ကြက်မဝပ်တာနဲ့ ရေထွက်တယ်မောင်"

ဟု မောင်ကျင်က ဝမ်းသာစွာပြောတတ်ပါ၏။ ဆိုတတ်ပါလေ၏။

လုပ်ကွက်ကောင်းသဖြင့် အထွက်ကောင်းရခဲ့ကြသည်။ သို့သော် မိသားစုများသဖြင့် စုမိဆောင်းမိရန် မဖြစ်၊ မရှိ။

ထိုအခြေအနေတွင် အနောက်တည့်တည့်ကိုချဲ့ထွင်ခဲ့ကြသည်။

အမယ်လှမိသားစုများလုပ်ကိုင်ခဲ့ကြရာတောများဖြစ်သဖြင့် အမယ်လှတောဟု ပြောစမှတ်ပြုလာကြရာမှ 'လှတော' ဟု အမည်ရလာပါသည်။

အနောက်တည့်တည့် မြေလွတ်မြေရိုင်းများကို ချဲ့ထွင်လုပ်ကိုင်ကြရာတွင် ခေါင်းဆောင်မှာ အမယ်လှ အစ်ကိုမောင်ကျင်ဖြစ်သည်။

မောင်နှမအုပ်စုတွင် မောင်ကျင်သည် စာတတ်ပေတတ်ဖြစ်၏။ အငယ်ဉ်ကျေးဆုံးလည်း ဖြစ်၏။ နှစ်မကြာမီအကွက်များစွာချဲ့ထွင်လုပ်ကိုင်မိကြ၏။

ထိုနေရာလေးသည် အမယ်လှတောနှင့်ဝေးလာခဲ့ရာ မောင်ကျင်က အစ်မရှိရာမပြန်တော့ဘဲ မိသားစုများနှင့်အတူ အခြေချနေထိုင်လုပ်ကိုင်ပြန်ပါ၏။

လယ်ကွက်တစ်နေရာနှင့်တစ်နေရာ ရေယူရေပို့ရေလွှတ်ကြသောမြောင်းငယ်လေးများအတွင်းမှာ လည်းကောင်း၊ နေထိုင်ရန်တဲများဆောက်လုပ်သောမြေနေရာသည် လည်းကောင်း ရွှေမှုန်လေးများကိုတွေ့ကြရ၏။ နေရောင်အောက်မှာ တဝင်းဝင်းတလက်လက်ရှိပါသည်။ မောင်ကျင်တို့ ထိုရွှေမှုန်လေးများကိုသတိမပြုမိခဲ့ကြ။

တစ်ရက်တွင် နေပြည်တော်မှ အမယ်လှတို့ ကိုးကွယ်ဆည်းကပ်သော ဆရာတော်သည် ရွှေလုံးတော်ကုန်းမြေသို့ ကြွရောက်လာ၏။

မောင်ကံက ဝမ်းပန်းတသာကြိုဆို၏။ ခြေဆုပ်လက်နယ်ပြုစု၏။ အမယ်လှတို့ကိုလည်း အကြောင်းကြားပါသည်။

ပြေးပြေးလွှားလွှား ရောက်လာကန်တော့ကြသည်။

သိလိုသမျှ နေပြည်တော်သတင်းကိုလည်း လျှောက်ထား မေးမြန်းကြပါသည်။

ယခုနေရာသို့ အမယ်လှတို့မောင်နှမများရောက်ရှိနေကြသည်ကို ညီတော်မသိသေးဟု ဆရာတော်က မိန့်ကြားပါသည်။

ဓားစောင်းထက်သော ညီတော်ကြောင့် ဆရာတော် အပါအဝင် ရဟန်းတော်များနေပြည်တော်မှတစ်နှစ်အကြာတိမ်းရှောင်ခဲ့ကြကြောင်း၊ ညီတော်က ရှာဖွေတွေ့ရှိပြီး ပြန်လည် ပင့်ဆောင်သဖြင့် ကြွကြရကြောင်း၊ နေပြည်တော်မှာ သီတင်းသုံးလိုမှုမရှိကြောင်း ဆရာတော်က မိန့်ကြားပါသည်။

သို့ဖြစ်၍ ရွှေလုံးတော်ကုန်းမြေအရှေ့ဘက်ခြမ်းတွင် ဆရာတော်အတွက် ကပ်မိုးကပ်ကာ ကျောင်းဆောင်ဆောက်လုပ် လှူဒါန်းခဲ့ကြပါ၏။

ဆရာတော်၏ဆွမ်းကွမ်းဝေယျာဝစ္စကို မောင်ကံက တာဝန်ယူရပါ၏။ သို့စင်လျက် အမယ်လှတို့တောအထိ ဆရာတော် နံနက်တိုင်းဆွမ်းခံကြွသည်။

"ရေကောင်းမြေကောင်းတွေပါဗျာ၊ နေကြသူများ ကြွယ်ဝချမ်းသာကြမှာအမှန်ပါ"

ဟု အမယ်လှကို ဆရာတော်မိန့်ကြားသည်။

မောင်ကျင်၏ တောထဲသို့လည်း ဆရာတော်ကြွရောက်၏။ မြေပြင်ပေါ်မှ ရွှေမှုန်ရွှေစတွေကို ဆရာတော်မြင်တွေ့၏။ လက်တော်ဖြင့်ယူလျက် မောင်ကျင်တို့ကိုပြသည်။

"အေးဗျာ၊ သာသနာအကျော်အမော် ဆရာတော်တစ်ပါး သည်ရွာကပေါ်ထွန်းလိမ့်မယ်။ အဲသည်ဆရာတော်ကိုအမှီပြုလို့ သည်ရွာရဲ့အမည်နာမဟာ နိုင်ငံကျော်ရလိမ့်မယ်။ ဧကန်အမှန်ပါဗျာ"

ဟု နိမိတ်ဖတ်မိန့်ကြားခဲ့ပါ၏။

ရွှေမှုန်ရွှေပွင့်များ မြေပြင်မှာရှိနေသောနေရာ။ မောင်ကျင်တို့လယ်လုပ်သောနေရာ။

ထိုနေရာသည် ရွှေကျင်ရွာဟု အသိအမှတ်ပြုကြပါ၏။ ဖြစ်လာ၏။

မောင်ကျင်သည် ထိုနေရာမှ မြောက်တည့်တည့်တွင် လူအင်အားသုံးပြီး ရှင်းလင်းခုတ်ထွင် လယ်ကွက်များဖော်၏။

မောင်တွက်နှင့်မိသားစုများ လုပ်ကိုင်ကြရန် နေရာချထားပေး၏။

မောင်တွက်က လုံ့လဝီရိယနည်း၏။ စာပေအခြေခံလည်း မောင်ကျင်



www.burmeseclassic.com

www.burmeseclassic.com

လောက်မရှိ။ မောင်ကျင်၏စီမံခန့်ခွဲမှုကြောင့်သာ လုပ်ကိုင်ရ၏။

ပြီးနောက် မြေသားကလည်းညံ့၏။ အထွက်ကောင်းလည်းမရ။ အဆိုးဆုံးမှာ မည်နေရာတူးတူး ရေကမထွက်။ သောက်ရေသုံးရေအတွက် အခက်အခဲရှိ၏။

မောင်တွက် လိုအပ်သမျှ အမယ်လှနှင့် မောင်ကျင်တို့က ထောက်ပံ့ပေးကမ်းကြရသည်။

မောင်တွက်၏ မြေများတချို့က စိုက်ပျိုး၍မရ။ ကျွဲ နွားစားကျက်မျှအဖြစ်သာ သုံး၍ရသည်။

ဆရာတော်က -

"အင်း - မြေခံမကောင်း၊ ရေကမထွက်၊ သို့ပေမယ့် နောက်မျိုးဆက်တွေ ချမ်းသာကြီးပွားမယ့်နေရာ"

ဟု မိန့်မှာပါသည်။

မောင်တွက်သည် ကြိုးစားလုပ်ကိုင်လိုခြင်းမရှိ။ ဆွေမျိုးများပေးကမ်းထောက်ပံ့သမျှနှင့်သာ အချိန်များကုန်ဆုံးခဲ့ပါသည်။

ထိုနေရာ ထိုရွာသည် ရေမထွက်သည်ကို အကြောင်းပြု၊ စတင်နေထိုင်သူ မောင်တွက်ဖြစ်သူ 'ရေထွက်ရွာ'ဟုအသိများခဲ့၏။

အမယ်လှ၏ မောင်နှမများတွင် မောင်မဲသည် နာမည်နှင့်လိုက်အောင် အသားမည်းပါလေ၏။

ကိုယ်ခန္ဓာက ကြံ့ခိုင်၏။ သန်စွမ်း၏။ ထောင်ထောင်မောင်းမောင်းလည်း ဖြစ်၏။ ခြေမြန်လက်မြန်လည်းရှိ၏။

သတ္တဝါများကိုလည်းသနားခြင်းမရှိ၊ ကြင်နာခြင်းမရှိ။

ငှက်ထောင်ချင်၊ ယုန်လိုက်ချင်သေးသည်။ အစ်မနှင့်အစ်ကိုများမသိအောင် ယုန်လိုက်၏၊ ငှက်ထောင်၏။ အိမ်မှာနေသည်ထက် တောထိုးနေချိန်တများ၏။

သို့သော် အလုပ်တစ်ခုကို စွဲစွဲမြဲမြဲလုပ်တတ်၏။ မဖြစ်မနေလုပ်တတ်၏။ အောင်မြင်အောင်လုပ်တတ်၏။

တစ်မိပေါက်တစ်ယောက်ထွန်းဟု ဆိုစကားမှန်သည်။

မောင်မဲသည် မည်သူနှင့်မျှမတူပါလေ။ လောင်းကစားလုပ်ချင်သေးသည်။ ငှက်ထောင်၊ ယုန်လိုက်ရင်း မောင်ကံတို့ရွာ၏အနောက်မြောက်ဘက်ရှိ မြေများတို့ လယ်လုပ်ချင်သည်ဟုပြောလာ၏။

မောင်မဲပြောသောနေရာ၊ လယ်လုပ်ဖြစ်သောနေရာသည် အနည်းငယ်မျှသာရှိ၏။ ကျန်နေရာရှိမြေများက သဲကုန်းများသာဖြစ်၏။

မောင်မဲကို ပြောဆိုမရသဖြင့် မောင်ကံတို့က ဝိုင်းဝန်းပြီး ခုတ်ထွင်ရှင်းလင်းပေးရသည်။ လယ်ကွက်ဖော်ပေးရသည်။

မောင်မဲ မိသားစုများနှင့်အတူ ပြောင်းရွှေ့သွားသည်။

မောင်ကံတို့နေရာနှင့် မောင်မဲတို့နေရာ တော်တော်ဝေးပါသည်။ မိုးကောင်းကောင်းရွာလျှင် သွားလာ၍မဖြစ်အောင် ရွှံ့နွံများထူထပ်၏။

အလယ်တည့်တည့်မှာ အလွန်ကျယ်သော သဲကုန်းတစ်ကွက် မောင်မဲဖော်ထားသည်။ ထိုသဲကုန်းမှာ မြေပဲချနှမ်းစိုက်၏။ တဲ၏အရှေ့ဘက်မှာ လယ်စိုက်သည်။

မောင်မဲရောက်ပြီး မကြာမီတွင် အနောက်အရပ်မှလူများရောက်လာကြပြီး နေထိုင်ခဲ့ကြ၏။ ထိုသူများသည်လည်း မောင်မဲစရိုက်မျိုးဖြစ်၏။

ကြမ်းကြမ်းရမ်းရမ်းများ ဖြစ်ကြသည်။

စပါးများရိတ်သိမ်းပြီးချိန် မောင်မဲက ဆရာတော်ကိုပင့်ပြီးဆွမ်းကပ်သည်။ ဆရာတော်က ရေစက်ချတရားဟောခဲ့၏။

"နောက်မျိုးဆက်သုံးဆက်လောက်မှ ယဉ်ကျေးလာကြလိမ့်မယ်ဗျာ"

ဟု မိန့်ကြားသည်။ ဆရာတော်မျက်နှာမသာမယာနှင့်ပြန်ကြွသည်။

မောင်မဲ၏သဲကုန်းကိုဖြတ်၏။ သဲကုန်းအလွန် ဝါးဝေး၊ ငါးရိုက်အကွာမှာ လွန်စွာကြီးမားသော[illegible]တာချုံကြီးနှစ်ချုံသည် တန်းလျက်ရှိ၏။

ထိုချုံကြီးများအနီးတွင် ဆရာတော်ရပ်သည်။

"အင်း - လူတွေက စိတ်ကြမ်းကိုယ်ကြမ်း၊ မြေခံကကြမ်းကြမ်းနဲ့တွေ့ကြပြီ"

ဟု ဆရာတော် နှုတ်ထွက်မိန့်ကြားရင်း မောင်မဲကို လှမ်းခေါ်၏။

"သည်ချုံကြီးနှစ်ချုံကကြီးလွန်းလို့ မရှင်းနိုင်ပါဘူးဘုရား။ ပြီးတော့ ရှင်းဖို့ထိုးရင် ပျားတွေကဝိုင်းတုပ်ကြပါတယ်။ ပျားကောင်တစ်ကောင်က ပဲကြီးစေ့လောက်ကြီးပြီး အဆိပ်လည်းအလွန်ပြင်းပါတယ်။ အတုပ်ခံရရင် တစ်လကိုးသီတင်းဖျားပါတယ်။မသေရုံတစ်မည်ပါဘုရား"

ဟု လျှောက်ထားသည်။

ဆရာတော်က -

"ဟုတ်ပါပြီဗျား၊ ဒီအတိုင်းရှိနေပါစေ။ သို့ပေမယ့် ဒီအနားမှာ နေဝင်နေထွက်အခင်းကြီးအခင်းလေးတော့မစွန့်ကြပါနဲ့ဗျာ။ မဖွယ်မရာလည်း မလုပ်ကြပါနဲ့၊ တစ်ခါတည်းမိန့်ကြားခဲ့ပါသဗျား"

ဆိုလျက်ဆက်ကြွသည်။

အကြောင်းရှိ၍ မိန့်ကြားခြင်းဟု မောင်ကံ စွဲမှတ်ထားသော်ငြား မောင်မဲက အလေးအနက်မထားပါ။ အလေးအနက်မရှိပါ။

မောင်မဲတစ်ယောက် လောင်းကစားနှင့် နေပြည်တော်ကိုခိုးဝင်ခိုးထွက်လုပ်နေကြောင်း အမယ်လှတို့ သတင်းစကားကြားရသည်။

ပူပန်မှုများကြီးခဲ့ရသည်။

မသွားရန်၊ မလုပ်ရန် ဆွေမျိုးတစ်စု ဝိုင်းဝန်းတားမြစ်ကြငြား မောင်မဲသည် လိုက်နာခြင်းမရှိပါလေ။

သို့ဖြင့် ဆရာတော်ကို ဝိုင်းလျှောက်ကြရပြန်သည်။ ဆရာတော်က မောင်မဲကိုခေါ်ပြီး ဆုံးမစကားမိန့်ကြားသည်။

မောင်မဲသည် နာခံခြင်းမရှိ။

တစ်ရက် အလင်းရောင်ကောင်းစွာမလာသေးမီ ညီတော်၏ တပ်မှူးနှင့် စစ်သည်များက ရွှေလုံးတော်ကုန်းမြေကို ဝိုင်းထားသည်။

ဆရာတော်က ထွက်ပြီးကန့်တော့ခံသည်။

တပ်မှူးက ရိုသေစွာ ကန်တော့သည်။ မောင်မဲနှင့် ဆွေမျိုးတစ်စုကို ဘုရင်အမိန့်တော်နှင့် ဖမ်းဆီးရန်လာကြောင်းလျှောက်ထားသည်။

ဆရာတော်က တပ်မှူးကိုအေးချမ်းစွာနားစေသည်။

အမယ်လှ အပါအဝင် မောင်နှမများအားလုံးခေါ်ပေးသည်။ ဆရာတော်ရှေ့မှောက် အစုံအညီရောက်ကြသည်။

'မောင်မဲ နေပြည်တော်အဝင်အထွက်လုပ်ရာမှ သတင်းရကြောင်း' တပ်မှူးက ဆရာတော်ကို လျှောက်ထား၏။

မောင်မဲ မျက်နှာမကောင်း။ သူ့အတွက် ဆွေမျိုးတစ်စု ဒုက္ခတွေ့ကြပါပေါ့လားဟုတွေးလျက် မျက်နှာမသာ။

ဆရာတော်က ငရုတ်ကျည်ပွေ့တစ်ခုကိုင်ပြီး တပ်မှူးကိုပြသည်။

"အေးဗျာ - ဟောသည် ငရုတ်ကျည်ပွေ့ကမှ အတက်ပေါက်ချင်[illegible] ပါဦးမယ်။ ဟောသည်လူတစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော်ကို ပုန်ကန်ခြားနားဖို့မဖြစ်နိုင်ပါဘူး။ ခမျာဗျာ ပုန်ကန်ဖို့အားလည်းမရှိကြပါဘူးဗျာ။ ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေထိုင်ကြတာလည်းအမြင်ပါဗျာ။ ချမ်းသာပေးဖို့ မေတ္တာရပ်ခံပါတယ်လို့ ညီတော်ကို လျှောက်တင်ပေးပါ"

ဟု ဆရာတော်က တပ်မှူးကိုမိန့်ကြားသည်။

အချိန်အနည်းငယ်မျှ တပ်မှူးငိုင်သွားသည်။ အမယ်လှတို့မောင်နှမသားစုများ၏ မျက်နှာများကိုလည်း တစ်ဦးချင်း တပ်မှူးကြည့်သည်။

"ဆရာတော် မိန့်ကြားသည့်အတိုင်း ညီတော်ကို လျှောက်တင်ပေးပါမည်"

ဟု လျှောက်ထားလျက် တပ်မှူးနှင့်စစ်သည်များ ပြန်လည်ထွက်ခွာသွားကြပါ၏။

❑

မောင်မဲနေသောရွာသည် သဲကုန်းလုပ်ကွက်များ များပြားခြင်းကြောင့် မဲကုန်းဟု အမည်တွင်ပါသည်။

အမယ်လှနေသော ရွာသည် အမယ်လှတော၊ အမယ်လှတောဟု ပြောကြရာမှ လှတောရွာဟု အမည်ရပါ၏။

မောင်ကျင်နေသောရွာကရွှေကျင်ရွာ၊ မောင်တွက်နေသောရွာက ရေထွက်ရွာ၊ မောင်ကံနေသောရွာက ကျိုးကန်ရွာ၊ မောင်မဲနေသောရွာက မဲကုန်းရွာ။

လှတော၊ ရွှေကျင်၊ ရေတွက်၊ ကျိုးကန်၊ မဲကုန်းပေါင်းပြီး လှတောကြီးငါးရွာဟု အသိများလာသည်။

အမယ်လှတို့မောင်နှမများအားလုံးစီးပွားဖြစ်ထွန်းခဲ့ကြသည်။

ရွှေမျိုးတစ်စုလုံးမိသောနေရာ၊ ပေါင်းစည်းမိသောနေရာ၊ ရွှေလုံးတော်ကုန်းမြေတွင် ရွှေလုံးတော်ဘုရားဟု ဘွဲ့အမည်ဖြင့် ဘုရားတစ်ဆူတည်ထားကိုးကွယ်ခဲ့ကြသည်။ ငါးရွာဘုရားဟု ဒေသကအသိအမှတ်ပြုသည်။

နှစ်စဉ် ရွှေလုံးတော်ဘုရားပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပကြသည်။ ဘုရားရင်ပြင်အရှေ့ဘက် အရှေ့ဘက်ခံတန်ဆောင်းထဲတွင် -

ပုဆိုးခါးတောင်းကျိုက်၊ ပေါင်မှာဆေးမင်ကြောင်၊ နက်မှောင်တဲ့အသားနှင့် ပခုံးပေါ် တင်းပုတ်ကြီးထမ်းထားတဲ့ လူရုပ်တုကြီးတစ်ခုရှိနေသည်။

ထိုရုပ်တုကြီးသည်ကား. . .

မောင်မဲနေသောရွာ၊ ကျယ်ပြောသောသဲကုန်းကြီးထိပ်၊ အလွန်ကြီးမားသော တောချုံကြီးနှစ်ချုံ။

'သည်အနားမှာ နေဝင်နေထွက် အခင်းကြီးအခင်းလေးမစွန့်ကြပါနဲ့ဗျာ။ မဖွယ်ရာလည်း မလုပ်ကြပါနဲ့ဗျာ' ဟု အသေအချာ ဆရာတော်မိန့်ကြားထားပါလျက်. . .

လူတစ်စု အရက်မူးမူးနှင့် ရွာကိုပြန်လာ ချုံကြီးများအနီး ကျင်ငယ်စွန့်ကြသည်။ အချိန်က ညဥ့်နက်ချိန်ဖြစ်ပြီး အလင်းရောင်ကလည်း မှုန်ပျပျသာရှိသည်ဆို၏။ ဝုန်းခနဲ ချုံကြီးထဲမှတိုးထွက်လာပြီး လူမည်းကြီးသည် တင်းပုတ်ကြီးဖြင့်ထုသဖြင့် ရွာကိုအော်ပြေးလာကြသည်။

ထိုအကြောင်းကို ညနေသောက်ဝိုင်းစားဝိုင်းတွင် မောင်မဲကြားရ၏။

"အလကားပါကွာ။ ငကြောက်တွေ မူးလွန်ပြီးလျှောက်ပြောတာပါ။ ညမှာ ငါကျင်ငယ်သွားပြီးစွန့်ပြမယ်။ လိုက်ရဲတဲ့ကောင် လိုက်ကြည့်"

ဟု မောင်မဲပြောသည်။

ည ကိုးနာရီဝန်းကျင်တွင် မောင်မဲနှင့်လူတစ်စု ထိုချုံကြီးအနီးတွင်ရောက်လာကြ၏။ ပြောသည့်အတိုင်း မောင်မဲက ကျင်ငယ်ဖြင့်ပန်းသည်။

လရောင်အနည်းငယ်ရှိသည်ဆို၏။

မောင်မဲတို့နှင့် ခပ်လှမ်းလှမ်းမှာ ရွာသူရွာသားအချို့လည်းလိုက်ပြီးကြည့်နေကြသည်။ စစဦး တဝီဝီနှင့်ပျားကောင်များထွက်လာ၏။ ပြီးနောက် ချုံထဲမှ လူမည်းကြီးထွက်လာပြီး တင်းပုတ်ကြီးနှင့်လိုက်ထုသည်။ ပျားများကလည်း တစ်ယောက်မကျန် လိုက်တုပ်သည်။ အားလုံး ငယ်သံပါအောင် အော်ပြေးကြရသည်။

အပြုံပြုံအလဲလဲပြေးခဲ့ကြရ၏။

တစ်ယောက်စကား တစ်ယောက်နားမှသည် ထိုသတင်းသည် ဆရာတော်နားကို ရောက်လာ၏။

"လူတွေဒုက္ခများကြတော့မှာပဲ"

ဟု ဆရာတော်ညည်းသည်။

ချုံကြီးနှစ်ချုံအနီးတွင် မဏ္ဍပ်တစ်ဆောင်ဆောက်၏။ အနီးအပါးရှိ သံဃာအကုန်ပင့်သည်။

ခုနစ်ရက် နေ့ရောညပါ အသံမစဲ ပဋ္ဌာန်းရွတ်သည်။ ဆရာတော်ဦးဆောင်ခဲ့ပါသည်။

လှတောကြီးငါးရွာမှ ဆွမ်းကပ်လက်ဖက်ရည်ကပ်ခဲ့ကြသည်။ ပဋ္ဌာန်းပွဲဒုတိယနေ့(၁၂)နာရီခွဲအချိန်တွင် ချုံကြီးအတွင်းမှပျားများ တဝီဝီအသံပေးထွက်လာသည်။

လူများ ကြောက်ရွံ့ပြေးပြေးလွှားလွှားဖြစ်ငြား ပျားများက တစ်ဦးတစ်ယောက်ကိုမျှတုပ်ခြင်းမရှိပါ။ ချုံကြီးများအတွင်းပြန်ဝင်သွားကြပါသည်။

တတိယနေ့ နေ့ (၁၂) နာရီအချိန် ချုံကြီးများအတွင်းမှ ပျားများတဝီဝီအသံပေးလျက် အထက်အမြင့်ဆုံးသို့ ပျံသန်းသွား၏။ ပြန်ဆင်းလာခြင်းမရှိတော့။

"ပျားတွေက နေရာပြောင်းသွားပေပြီ"

ဟု ဆရာတော်မိန့်ကြားပါသည်။

ပဋ္ဌာန်းပွဲ (၇) ရက်ပြည့်သောနေ့ စခန်းသိမ်းသောရက်။

နံနက်ခင်း ဆရာတော်များ ဆွမ်းကပ်ပြီးချိန် မေတ္တာသုတ်တော်ကို သံပြိုင်ရွတ်ဖတ်ပေးကြပါသည်။

တရားနာပရိသတ်ကြီးနှင့်အတူ အမျှအတန်းပေးဝေခဲ့ကြပါ၏။

နေ့ (၁၀)နာရီခွဲအချိန်။

တစ်ယောက်တစ်လက် ပေါက်ပြား၊ ဓားများ၊ ခက်ရင်းခွများနှင့် ချုံကြီးနှစ်ချုံကို ရှင်းလိုက်ကြပါသည်။ သုံးနာရီနီးပါးကြာ၏။

နောက်ဆုံး သစ်ခက်သစ်လက်များဖယ်ရှားလိုက်ကြချိန်၊ရှင်းလင်းပြီးချိန်

အားလုံး ဟင်ခနဲ ဟာခနဲ အံ့ဩဖြစ်သွားကြရသကဲ့သို့ နောက်ကိုခြေလှမ်းဆုတ်သွားသူများလည်းရှိ၏။

ပုဆိုးခါးတောင်းကျိုက်၊ ပေါင်မှာဆေးမင်ကြောင်၊ နက်မှောင်တဲ့အသား ပုခုံးပေါ် တင်းပုတ်ကြီးထမ်းထားသောလူရုပ်တုကြီးပေါ် လာပါသည်။

လွန်စွာရုပ်ဆိုးအကျည်းတန်လှ ကြောက်မက်ဖွယ်ကောင်းလှသည်။

ထိုရုပ်တုကြီးကို အိုးစည်ဗုံမောင်း အကအခုန်များနှင့် ဆရာတော် ရွှေလုံးတော်ဘုရားသို့ ယူဆောင်လာ အာရုံခံတန်ဆောင်းထဲတွင် ထားရှိသည်။

ထိုရုပ်တုကြီးကို မည်သူထုလုပ်သည်။ ထိုချုံကြီးများတွင် မည်သည့်အချိန်က ရောက်ရှိနေသည်ကို သိသူမရှိ။ ပြောနိုင်သူမရှိ။

ကိုဇော်ဝင်း (လှတော



www.burmeseclassic.com

www.burmeseclassic.com



မဟာနွယ် (မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာတည်မသာခါ၊ ဩဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

ရှေးရခိုင်သမားတော်ကြီးများသည် ကိုယ်ပိုင်လက်စွဲဆေးတော်တစ်လက်၊ နှစ်လက်ကို လက်ဝယ်ထားကြ၏။ ထိုဆေးတို့ကို အရေးကြုံလာသော် ထုတ်၍ အသုံးပြုတတ်ကြ၏။ ထိုဆေးတို့ကို အသက်ကယ်ဆေးအဖြစ် သတ်မှတ်ထားကြ၏။

မှန်ပါသည်။ အခြားဆေးတို့နှင့် ကုသ၍ ရောဂါမပျောက်ခဲ့သော် လက်ထဲ၌ အရေးပေါ်အသုံးပြုရန်ထားသော ဆေးကိုထုတ်၍တိုက်ကျွေးကြပါသည်။ ရောဂါတို့သည်လည်း ပျောက်ကင်းကြပါ၏။

ထိုလက်သုံးဆေးတော်များအနက်မှ အစွမ်းထက်မြက်သော ဆေးတော်တစ်လက်ကို ဖော်ပြပေးပါမည်။ ဆေးတော်ကား ဤသို့ပင်တည်း။ ဆေးတော်အမည်ကား ဓာတ်လေးပါးဆေး ဖြစ်ပါ၏။ ဆားမီးဖုတ်၊ ငရုတ်ကောင်း၊ ထုံးကျပ်ခိုး၊ သိန္ဓော၊ နန္တွင်းဖြူအစိမ်း၊ လက်ချား တစ်ကျပ်သားစီ။

**ပြုလုပ်နည်း**

ဆေးတို့ကို ညက်အောင်ကြိတ်ပါ။ ဆီးကင်းခန့်လုံးပါ။

**အသုံးပြုရန်**

အရွယ်ကိုလိုက်၍ တစ်လုံးတန်သည်၊ နှစ်လုံးတန်သည် စသည်ဖြင့် ညက်ဖြင့်ချင့်ချိန်၍တိုက်ပါ။ ဤဆေးသည် ရခိုင်မိသားစုတို့၏ အိမ်သုံးသက်စောင့်ဆေး ဖြစ်ပါ၏။

ဖျားသော် ရေနွေးနှင့်တိုက်ပေးပါ။ ခြေ၊ လက်အေး၍ဖျားနေသောသူကိုလည်းတိုက်ပေးပါ။ ဆေးက သက်သေခံပါလိမ့်မည်။

ငှက်ဖျား၊ သာမန်အဖျား အဖျားအမျိုးမျိုးတို့ကို ဆေးတိုက်ပေးရ၏။ အဖျားပျောက်ကင်းပါလိမ့်မည်။ တစ်ဖန်အဖျားကြီးသောသူတို့ကို ကွမ်းပြုတ်ရည်နှင့် တိုက်ပေးပါ။ လေးညှင်းကဲ၍လည်း တိုက်ပေးနိုင်ပါ၏။ ချွေးထုတ်လိုပါက နေ့လယ်ပိုင်းတွင် ဆေးတိုက်ပေးရ၏။ ငန်းသန္နိပါတ်ရောဂါများတို့ ထုံးကြက်တက်ရည်နှင့် ဆန်ဆေးရည်၊ ဥပသကာရည် သုံးပါးကဲ၍တိုက်ပေးပါ။ သက်သာလာပါက စပါးကြီးသည်းခြေ၊ မိကျောင်းသည်းခြေနှစ်ပါးနှင့် စပ်တိုက်ပေးပါ။ ပျောက်ကင်းပါလိမ့်မည်။

**တစ်နည်း**

ဆေးအသုံးကား-

ဆေးကိုအမျှစိစုဆောင်း၍ အမှုန့်ထောင်းပါ။ ဆီးကင်းခန့်လုံးထားပါ။ လေလုံသောပုလင်း၌ ထည့်၍ သိမ်းဆည်းထားပါ။

**ဆေးအသုံး**

ဖျား၍ အပူပေါက် ခြေဖျား၊ လက်ဖျားအေးသော် ကွမ်းပြုတ်ရည်နှင့် တိုက်ပါ။ အကယ်၍ ခြေဖျား၊ လက်ဖျား ပူမလာလျှင် လေးညှင်းကဲ၍တိုက်ပါ။

ဝမ်းထဲက ပူလောင်ပြီး အနေမဖြောင့်သော်လည်းကောင်း၊ သန္နိပါတ်လိုက်၍လူးလဲခတ်နေသော်လည်းကောင်း၊ ခုပင်ရေငတ်ခြင်း၊ ခုပင်ရေသောက်ခြင်း ဖြစ်ခဲ့သော် လည်းကောင်း၊ ထုံးကြက်တက်ရည်နှင့်တိုက်နိုင်ပါ၏။ သို့တည်းမဟုတ် ဆန်ဆေးရည်ဖြင့်တိုက်ပေးပါ။ သို့မဟုတ်ပါလျှင် ဥပသကာရည်နှင့် တိုက်ပေးပါ။ ပျောက်ကင်းပါလိမ့်မည်။

တစ်ခါတစ်ရံ ချမ်းတုန်ပူတုန်ရှိခဲ့ပြန်သော် စပါးကြီးသည်းခြေ သို့မဟုတ် မိကျောင်းသည်းခြေနှင့်တိုက်ပေးနိုင်ပါ၏။ ချမ်းသာရပါလိမ့်မည်။ ကိုယ်က အေးပြန်သော် လည်းကောင်း၊ ချွေးကထွက်မလိုလိုဖြစ်လာခဲ့လျှင်သော်လည်းကောင်း တြိကဋုက်သုံးပါးထည့်၍တိုက်ပေးရာ၏။

သွေးပျက်၊ သွေးပုပ်၊ ချွေးအောင်းလိုသူများအတွက် ဇာတိပ္ဖိုလ်သီးရည်ဖြင့် တိုက်ပေးရာ၏။ သွေးဝမ်းကျ၊ ဝမ်းကျရှိခဲ့သော် လက်ထုတ်ခေါက်ရည်၊ ဆီးမြစ်ရည်နှင့် တိုက်ပေးပါ။

တစ်ဖန် အော့အန်၊ ကြွက်တက်ရှိခဲ့သော် ပတဲကောရည်ကို သံပူသတ်၍ တိုက်ပေးပါ။ ဒူလာပါဒရက်၊ ခြေကတက်သော် ရင်းတိုက်ရည်နှင့်တိုက်ပေးပါ။ အစာမကြေ၊ ဝမ်းဖော၊ ဝမ်းရောင်ရှိခဲ့ပါသော် သံပရာရည်နှင့်တိုက်ပေးပါ။

ဇက်ကြောတက်လျှင် ကွမ်းပြုတ်ရည်နှင့်တိုက်ပေးပါ။ ဓာတ်ချုပ်သော် ဆားပုပ်ရည်နှင့်တိုက်ပေးပါ။ သမားတော်များ မိမိဉာဏ်ရှိသလို ချင့်ချိန်အသုံးပြု၍ ရရှိနိုင်ပါ၏။ အသုံးပြုကြည့်ပါ။ အောင်မြင်ပါလိမ့်မည်။

ဤဆေးကား သက်စောင့်ဆေးဖြစ်ပါသဖြင့် အများဘက်သို့မရောက်နိုင်ပါ။ဆေးမမှားနိုင်ပါ။အမှန်သို့သာရောက်ရှိပါလိမ့်မည်။

တိုင်းရင်းဆေးပညာကို သေရွာသို့မယူလိုပါ။ တိုင်းရင်းဆေးဗဟုသုတကြွယ်ဝကြစေရန် ရည်သန်၍တင်ပြအပ်ပါသည်။


စစ်မှန်သောစေတနာမေတ္တာမှန်ဖြင့်
ကျန်းမာချမ်းသာ[illegible]

မဟာနွယ် ([illegible])



www.burmeseclassic.com

www.burmeseclassic.com



# မောင်လင်းနိုင်

## ကြောက်စရာကောင်းသောမစ္ဆရစိတ်

မိုးချုပ်တော့မည်။ နေရောင်မရှိတော့ပါ။ သို့သော် အလင်းရောင်ကရှိနေသေးသည်။ ရုတ်တရက် မှောင်မသွားသေးပါ။ မိုးသားအလင်းရောင်များဖြင့် သူမှန်းငါမှန်းသိနေသေးသည်။ မကြာမီ အမှောင်ကလွှမ်းတော့မည်။ တစ်အိမ်စ နှစ်အိမ်စ မီးအလင်းရောင်မြင်ရပြီး ဖယောင်းတိုင်ထွန်းသည့်အိမ်ကထွန်းသည်။ ဒီဇယ်ကို ရေနံဆီလုပ်ပြီး မီးထွန်းသည့်အိမ်ကထွန်းသည်။ အမှောင်နှင့် အလင်းစပ်ကြားတွင် အေးသာတို့အိမ်ဘေးနားတွင် အလွန်အရိပ်ကောင်းသည့် မန်ကျည်းပင်တစ်ပင်နှင့် ဗာဒံပင်တစ်ပင်ရှိသည်။ ပူအိုက်သော နွေရာသီများတွင် အလွန်တရာအေးမြသောအရိပ်ကိုပေးတတ်သည်။ လေကလေးကလည်းတဖြူးဖြူးနှင့် အလွန်ကြည်နူးစိတ်ချမ်းမြေ့စရာကောင်းလှသည်။

အေးသာတို့နေသည့် ရွာသည် ပင်လယ်နှင့်နီးသဖြင့် လှိုင်းပုတ်သံကို အမြဲကြားနေရသည်။ ပင်လယ်ကမ်းကလည်း အလွန်သာယာလှ၍ ဧည့်သည်များ ဥဒဟိုလာရောက်လည်ပတ်ကြသည်။ ယခင်က အိမ်ခြေ (၁၅၀/၂၀၀) လောက်သာရှိသော ရွာကလေးသည် လူဦးရေတိုးပွားလာပြီး အိမ်ခြေ (၆၀၀) ကျော် (၇၀၀) နီးပါး တိုးပွားများပြားလာခဲ့ပြီ ဖြစ်သည်။ အေးသာ၏ အဖေ ဦးထွန်းအောင်သည် မိုးရာသီတွင် လယ်လုပ်ငန်းလုပ်သည်။ လယ်ပြီးလျှင် ပင်လယ်ဆင်း၍ငါးရှာဖွေသည်။ ဇနီးသည် ဒေါ်ငြိမ်းခင်က ကောက်စိုက်ချိန် ကောက်စိုက်ပြီး လယ်လုပ်ငန်းပြီးတော့ ပင်လယ်ဘက်လှည့်ရပြန်သည်။ လင်သည် ဦးထွန်းအောင် ရှာဖွေရလာသည့် ငါး၊ ပုစွန်များရောင်းချပြီး အေးအေးချမ်းချမ်းနေထိုင်ကြသည်။

သူတို့မိသားစုတွင် အေးသာနှင့် မောင်ကလေး မောင်ထွန်းငြိမ်းတို့ ရှိကြသည်။ အေးသာက အကြီးဖြစ်သည်။ အေးသာသည် ထမင်းစားပြီး မိုးချုပ်စ အိမ်သာသို့သွားသည်။ အိမ်ဘေးမှ မန်ကျည်းပင်နှင့် ဗာဒံပင်တို့အောက်မှ ဖြတ်သွားရသည်။ အိမ်သာမှ ပြန်အလာ အိမ်ပေါ်သို့အတက်တွင် အေးသာ ပုံစံပြောင်းသွားသည်။ အိမ်ပေါ်တက်ပြီး ထိုင်မလိုထမလိုလုပ်ကာ ဟီးဟီးဟီးဟီး နှင့် ရယ်လိုက်သည် ပြီးတော့ ဘာမပြော ညာမပြော တအီးအီးနှင့်ငိုလိုက်ပြန်တော့သည်။ ဖခင်ဖြစ်သူ ဦးထွန်းအောင်မှာ အိမ်၏ဦးခန်းပိုင်း ခေါင်းရင်းဘက်တွင် ရေနွေးကြမ်းတစ်အိုးနှင့် အေးအေးဆေးဆေး ရေနွေးကြမ်းသောက်နေသည်။ မိခင်ဒေါ်ငြိမ်းခင်က အိမ်၏ ခြေရင်းဘက်ခန်း ဆင်းလမ်းတက်လမ်းနားတွင်ထိုင်၍ ဆေးလိပ်သောက်၍ အနားယူနေသည်။

အေးသာငိုလိုက်ရယ်လိုက်နှင့်ဖြစ်လာသောအခါ ဖခင်ရော မိခင်ပါ အေးသာဘက်သို့ လှည့်၍ကြည့်ကြသည်။

"သမီးဘာဖြစ်လို့လဲဟင်"

ဟု မိခင်က မေးသည်။

ဖခင်တော့ ဘာမှမပြောဘဲ အေးသာကိုသာ ကြည့်နေသည်။ အေးသာက မေးသမျှ မည်သို့မျှပြန်မဖြေဘဲ တဟီးဟီးနှင့်ငိုရင်းထရပ်လိုက်ပြန်သည်။ ဆဲပြန်တော့သည်။

မိခင် ဒေါ်ငြိမ်းခင် မနေသာတော့ဘဲ ဖွာလက်စ ဆေးလိပ်အသာချကာ သမီးဖြစ်သူ အေးသာဆီသို့သွားကာ သမီးကိုဖက်၍ -

"သမီးဘာဖြစ်လို့လဲ"

ဟု ထပ်မေးပြန်သည်။

"မသိဘူး မသိဘူး။ ဟိုကောင်မတွေ ငါ့ကိုဘာမှတ်နေသလဲ"

ဟု ထပ်ကွန့်ပြန်လေတော့သည်။

ဖခင်ဦးထွန်းအောင်မှာ မနေသာတော့ဘဲ ဝင်ပြောရလေတော့သည်။

"ငြိမ်းခင်၊ နှင့်သမီးမရိုးဘူး နောက်ဖေးသွားရင်းပါလာပြီထင်တယ်"

ဟု ပြောလိုက်သည်။

"အင်း - ကျုပ်လည်းမပြောတတ်ဘူးတော်"

ဟု ပြန်ပြောလိုက်သည်။

အမှောင်မှာ တဖြည်းဖြည်းလွှမ်းလာ၍ ဖယောင်းတိုင်မီးရှော့၊ ဒီဇယ်မီး



www.burmeseclassic.com

www.burmeseclassic.com



တွေဖြင့် အမှောင်ကိုခွင်းနေရပြီဖြစ်သည်။

သူတို့ပြောဆိုနေစဉ် အိမ်ချင်းကပ်နေသည့် ဒေါ်အေးငြိမ် ရောက်လာသည်။

"ညည်းတို့အိမ်ကအသံတွေကြားနေလို့ ဘာများဖြစ်နေလဲလို့ ငါလာကြည့်တာ၊ ဘယ်သူဘာဖြစ်တာလဲ"

ဟု မေးသည်။

"မအေးငြိမ်ရယ်၊ အေးသာ အိမ်သာသွားရင်း ပြန်လာတော့ သူ့ကိုကပ်ပါလာလို့ ပြောဆိုနေကြတာ"

"ဘယ်သူတဲ့လဲ၊ ဘယ်ကတဲ့လဲ"

"မသိဘူးမပြောဘူး။ ငိုလိုက်၊ရယ်လိုက်၊ဆဲလိုက်နဲ့ပဲလုပ်နေထာ"

"ဟဲ့ - ကလေးမ၊ နင်ဘယ်သူလဲ ဘယ်ကလဲ၊ ဘာလိုချင်လို့လဲ"

ဟု ဒေါ်အေးငြိမ်က မေးလိုက်သည်။

အေးသာသည် ဒေါ်အေးငြိမ်ကို စူးစူးရဲရဲကြည့်လိုက်ပြီး -

"ဘာလဲ ဘာမေးတာလဲ။ ကျုပ်ဘယ်သူလဲသိစရာမလိုဘူး"

ဟု အသံမာမာနှင့် ပြောလိုက်သည်။

"မေးရတာပေါ့၊မမေးလို့ရမလား။ ဘယ်ကလဲ၊ ဘာလိုချင်လို့လဲ။ စားချင်သောက်ချင်လို့လား။ လိုချင်တာရှိရင်လည်းပေးရအောင်၊ စားချင်တာရှိရင်လည်း ကျွေးရအောင် မေးရတာပေါ့"

အေးသာသည် ဒေါ်အေးငြိမ်း၏ စကားအဆုံး၌ ဖနောင့်ဖေါက်ကာ -

"ကျုပ်က ဘာမှမလိုချင်ဘူး၊ စားလည်းမစားချင်ဘူး။

ဟိုအိမ်က (xxx) တွေကို မကျေနပ်ဘူး။ ဟိုအဘိုးကြီးကိုလည်း မကျေနပ်ဘူး။ ဒါကြောင့်ပြောရအောင်လိုက်လာတာ"

"ဘယ်သူတွေလဲ၊ ဘယ်အဘိုးကြီးလဲ ပြောစမ်းပါဦး"

ဒေါ်အေးငြိမ်က ဝင်၍မေးပြန်သည်။

ထိုစဉ် တစ်ယောက်စကားတစ်ရာနားဖြင့် အနီးအနားအိမ်တွေမှ ဝိုင်းပြီးသတင်းမေးလာကြသဖြင့် အိမ်လုံးပြည့်မျှဖြစ်သွားသည်။ တစ်အိမ်လုံးတွင်လည်းဖယောင်းတိုင်မီး၊ ဒီဇယ်မီးများဖြင့် လင်းထိန်နေလေတော့သည်။

"ရှင်တို့မေးတိုင်းမပြောနိုင်ဘူး"

ဟု အေးသာက ဆောင့်ကြီးအောင့်ကြီးနှင့်ပြောလိုက်သည်။

"ဟဲ့ - ငြိမ်းခင်၊ ဒီလိုချည်းကြည့်မနေနဲ့။ ဟိုအရှေ့ပိုင်းက ပယောဂဆရာကြီးဦးသာကျော်ကိုသွားပင့်ချေ"

ဟု တိုးတိုးကပ်ပြောလိုက်သည်။

ဒေါ်ငြိမ်းခင်ကို တိုးတိုးကပ်၍ပြောလိုက်သည်ကို အေးသာသိသည်။

"ဘာလဲ၊ ဘယ်ဆရာသွားခေါ်ခိုင်းတာလဲသွားခေါ်။ ရှင်တို့အဖေကိုသွားခေါ်ကြ"

ဟုအော်ပြောလိုက်သည့်ဒေါ်ငြိမ်းခင်သည် သူ့သား မောင်ထွန်းငြိမ်းကိုခေါ်ပြီး နားနားကပ် တိုးတိုးပြောလိုက်သည်။

"ဟိုအရှေ့ပိုင်းက နင့်အဘိုးဖိုးသာကျော်ကိုသွားခေါ် ချေ။အမေလွှတ်လိုက်တာလို့ပြော။ ကိစ္စအရေးကြီးတယ်၊ အမြန်လိုက်ခဲ့ပါလို့လည်းပြော"

မောင်ထွန်းခင်လေးသည် အမေ့စကားဆုံးသည်နှင့် လေ၏လျှင်မြန်ပုံမျိုးဖြင့် သုတ်ခြေတင်လေတော့သည်။

ဦးသာကျော်သည် ထမင်းစားပြီးထန်းလျက်ကလေးတစ်ကိုက်ကိုက်၊ ရေနွေးကြမ်းကလေး တစ်ငုံသောက်လိုက်နှင့် ထမင်းလုံးစီကာနှပ်နေသည်။ မောင်ထွန်းငြိမ်းလေးသည် (၁၀) မိနစ်အတွင်း ဦးသာကျော်အိမ်ရောက်သွားလေသည်။ ရောက်မဆိုက်ပင် -

"အဘိုး၊ အဘိုး - အမေက ကိစ္စအရေးကြီးလို့ အမြန်လာခဲ့ပါတဲ့ အခေါ်ခိုင်းလိုက်တယ်"

"အေး- ဘာကိစ္စလဲတွေ့ ပြောစမ်းပါဦး"

"ဟို အစ်မအေးသာ ဘာဖြစ်လဲ



www.burmeseclassic.com

www.burmeseclassic.com

မသိဘူး။ တောပြောတောင်ပြောနဲ့ ဆဲလိုဆဲငိုလိုငိုရယ်လိုရယ်ဖြစ်နေလို့ အဘိုးရယ်။ အဲဒါကြောင့် အမေက အမြန်ဆုံးလိုက်ခဲ့ပါလို့ အခေါ်လွှတ်လိုက်တာ"

ဦးသာကျော်သည် ရေနွေးအိုးကို မသိမ်းနိုင်ဘဲ မောင်ထွန်းငြိမ်းနှင့် တစ်ပါတည်းလိုက်နိုင်အောင် နံရံမှာချိတ်ထားသည့် ဆေးလွယ်အိတ်ယူကာ ဆင်းလိုက်ခဲ့သည်။ အခန်းထဲတွင် ကလေးသိပ်နေသည့် သမီးဖြစ်သူ ရွှေတိုင်ကြည်ကို လှမ်းမှာခဲ့ရသည်။

"သမီး ရွှေတိုင်ကြည်ရေ၊ အဖေ ငြိမ်းခင်တို့အိမ်ကိုလိုက်သွားဦးမယ်ဟေ့။ ရေနွေးအိုးတွေသာသိမ်းထားလိုက်တော့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ အဖေ၊ သွားသွား"

ဦးသာကျော်သည် လင်းသာရွာ၌ နာမည်ရဆရာတစ်ဦး ဖြစ်လေသည်။ အကြမ်းရော၊ အပရော နာမကျန်းရော အဖျားအနာအားလုံး အကုန်ကုသည်။ တစ်ခါတစ်ရံ ရပ်ဝေးရွာများမှပင် လာပင့်ကြသည်။ ရှေးဆရာကြီးများထံမှ ဆေးနည်းများရထားလိုက်သည်။ သူ့ဆေးကို ဆေးပတ်လည်အောင်သောက် (၃) ခွက်လောက်ဆို သိသာပြီ။ အပပယောဂအကုန်ကုသည်။ ဦးသာကျော်ရောက်သွားတော့ အေးသာ ပွဲကြမ်းတုန်း။ ဦးသာကျော် အိမ်ပေါ်တက်တော့ အေးသာက ဖနောင့်တိုက်သည်။ အံကြိတ်သည်။ ဘာမှတော့မပြောပေ။ ဦးသာကျော် နေရာယူထိုင်ပြီး အေးသာကို ခေါ်သည်။

"သမီး - လာဦး၊ အဘပြောမယ်"

အေးသာက ဘာမှပြန်မပြောဘဲ ရပ်နေသည်။

"လာပါဦး သမီးရယ်။ အဘ ကောင်းကောင်းပြောမလို့ပါ"

အေးသာ တုတ်တုတ်မျှမလှုပ်၊ သူခေါ်ရာသို့လည်း မလာသဖြင့် ဦးသာကျော်ထရတော့သည်။

"ကဲ - သမီးမလာတော့လည်း အဘလာရတာပေါ့ကွယ်။ သမီးဘယ်သူလဲ၊ ဘယ်ကလာသလဲ အဘကို ပြောစမ်းပါဦး။ စားချင်သောက်ချင်လို့လာတာလား၊ လိုချင်စရာရှိလို့လာတာလား ပြောပါ။ သမီးလိုချင်တာအကုန်လုံး အဘဆောင်ရွက်ပေးမယ်"

အေးသာက တုတ်တုတ်မျှမလှုပ်၊ ဦးသာကျော် တစ်မျိုးကြံရတော့သည်။ သူ၏ ဆေးလွယ်အိတ်ထဲမှ ပုတီးကလေးထုတ်ပြီး ဘုရားကျောင်းဆောင်ဆီသွားသည်။ ပြီးတော့ ရေတစ်ခွက်တောင်းသည်။ ရေတစ်ခွက်နှင့် ဘုရားအာရုံပြုမန်းသည်။ ပြီးတော့ ပုတီးကို လက်မှကိုင်ကာ ဖန်ခွက်ထဲမှရေဖြင့် အေးသာကို ဖျန်းလိုက်သည်။ အေးသာ တုန်လှုပ်သွားသည်။

"ကဲ - အဘပြောမယ်၊ ညည်း ဘယ်သူလဲ အဘကိုပြော"

ဦးသာကျော်ပြောတော့ အေးသာ ထိုင်လိုက်သည်။

"ထိုင်ကောင်းကောင်းထိုင်၊ ကျုံ့ကျုံ့ကလေးထိုင်၊ လက်အုပ်ချီစမ်း"

ဖန်ခွက်ထဲမှရေဖြင့်ဖျန်းလိုက်၏။ အေးသာတရှုပ်ရှုပ်ငိုလေတော့သည်။

"ကဲ-အဘကိုပြော၊ညည်းဘယ်သူလဲ"

"ကျွန်မ ဆိတ်မပါ။ ဟိုခြံထဲက ဦးညီခင်ရဲ့သမီးပါ"

"အေး-သိပြီ။ညည်းဘာလာလုပ်တာလဲ၊ဘာအလိုရှိလို့လဲ၊ အဘကိုပြော"

"ကျွန်မ ဘာမှမလိုချင်ဘူး။ ဟိုကောင်မညီအစ်မကို မကျေနပ်လို့ သူ့ကို စီးပြီးသတ်မလို့။ ပြီးတော့ ဟိုတဲကုပ်မှာနေတဲ့ ဦးလင်းအောင်ကြီးကိုလည်း မကျေနပ်ဘူး။ သူ့ကိုလည်းဖမ်းပြီးစီးထားချင်လို့ အကွက်မသာလို့ကြည့်နေတာ အေးသာလာတော့ အေးသာနဲ့ လိုက်လာတာ"

"ဘယ်ကောင်မညီအစ်မလဲပြောပါဦး"

"ဟို ဦးကျော်မင်းရဲ့သမီး ကြူကြူနဲ့မူမူ။ သူတို့ကို အမြင်ကတ်လို့ဖမ်းမလို့"

"သူတို့က သမီးကိုဘာလုပ်လို့လဲကွယ့်"

"သူတို့က သမီးကို ဆဲထားတာ။ သူ့ဌေးသမီး ဘိုးဘွားအမွေတွေဖြုန်းနေတဲ့ဟာမနဲ့ပြောထားတာ မကျေနပ်ဘူး။ ဒါကြောင့် သူတို့ကိုလည်း အသေသတ်မလို့"

"ဟိုဦးလင်းအောင်ကြီးကိုကော ဘာလို့အမြင်ကတ်ရတာလဲ။ သူ့ခမျာ အိုကြီးအိုမနဲ့ အသက်ကြီးကာမှ မှီခိုစရာမရှိလို့ ဆွေမျိုးတွေဆီမှာလာခိုနေတာ၊ သူ့ဘာသာသူ ရှာဖွေစားသောက်နေတာ ဘာကြောင့်မကျေနပ်ဖြစ်ရပြန်တာလဲ"

"သူက ကျွန်မတို့ဆီကချေးလည်းမချေး၊ ငှားလည်းမငှား၊ ကျွန်မတို့က သူ့ကိုအမျိုးမျိုးစမ်းတယ်။ ငွေချေးတယ်၊ ပြန်မဆပ်၊ ဆေးဝယ်တယ် ဆေးဖိုးမပေး၊ ပစ္စည်းယူတယ် ပြန်မပေး။ သူစိတ်ဆိုးအောင်လုပ်တယ်၊ စိတ်မဆိုးဘူး။ အဲဒါတွေ ကျွန်မကမကျေနပ်တာ၊ မုန်းတာ၊ ဘာတစ်ခုမှပြန်မပြော၊ပြန်မလုပ်ဘူး"

"သူက သူ့တရားနဲ့သူနေတာ။ ဘယ်သူဘာပြောပြော ဘာလုပ်လုပ် သည်းခံရှာတယ်။ သတ္တဝါတွေအပေါ် မေတ္တာပို့တယ်။ ကျန်းမာပါစေ၊ ချမ်းသာပါစေ အမြဲမေတ္တာပို့တယ်။ အဲဒါ ညည်းက ဘာလို့မကျေနပ်ဖြစ်ရတာလဲ"

"ကျွန်မကအဲဒါကိုမကျေနပ်တာ။ ကျွန်မတို့က သူဒေါသထွက်အောင် သူ့ပစ္စည်းသူမသိအောင်ယူပြီး ဖျက်ဆီးပစ်တယ်။ ဘာတစ်ခွန်းမှပြန်မပြောဘူး၊ သူ့မှာမရှိရင်အစားပြန်ဝယ်တယ်။ ဒီလိုလုပ်လေ မကျေနပ်လေဘဲ"

"မုဒိတာထားရတယ် သမီးရယ်၊ သူ့ခမျာ အိုကြီးအိုမနဲ့ မှီစရာခိုစရာမရှိ၊ ကြီးမှဆင်းရဲနေတာ။ ငယ်ငယ်က ဘယ်လိုနေခဲ့ရတယ်ဆိုတာ ညည်းအသိပေါ့။ မိဘဆီကရလိုက်တဲ့ အမွေကလည်း ဇနီးသည်မမာလို့ ရောင်းချဆေးကုလိုက်ရတာ၊ နောက်ဆုံး မြေပါလည်းဆုံး၊ သားလည်းဆုံး ဘာမှမကျန် လက်ဖဝါးခြေဖဝါးသာကျန်တော့ နေစရာမရှိလို့ ခိုမှီပြီးနေတာ မုဒိတာထားမှပေါ့·သမီးရယ်"

ဦးသာကျော်က ဆုံးမစကားဆိုသည်။ အေးအေးဆေးဆေး ပြောပြသည်။ သို့သော် အေးသာကို မှီနေသည်။ ဆိတ်မက လုံးဝလက်မခံ။

"မုဒိတာမပွားနိုင်ဘူး။ သေခါနီးကြီးအပေါ် မုဒိတာမထားနိုင်ဘူး။ ကျွန်မတို့က ကျွန်မတို့ဆီမှာ ချေးငှားအောက်ကျို့ခံမှ။ သူကဒီလိုမဟုတ် ချေးလည်းမချေး၊ ငှားလည်းမငှား၊ အောက်ကျို့လည်းမခံ မရှိရင် မစားဘဲနေတတ်။ ဒါတွေမကျေနပ်တာ"

"သမီးက လူ့ဘဝတုန်းက ရုပ်ရည်အလွန်လှပတဲ့ ကလေးမတစ်ယောက်ပဲ၊ လှလွန်းလို့လည်း ညည်းကို လှလှရီလို့ ခေါ်ကြတာပေါ့။ ညည်းကိုမွေးတုန်းက ညည်းအမေ နို့မထွက်လို့ ဆိတ်နို့တိုက်ရတာ။ ဒါကြောင့် ညည်းကို ဆိတ်မလို့ ခေါ်ကြတာ။ လူလှသလို စိတ်ထားလည်း လှဖို့လိုတယ်ကွယ့်။ ညည်းတို့တစ်အိမ်သားလုံး မိဘအမွေနှစ်တွေ ထိုင်စား၊ ဘယ်သူမှအလုပ်မလုပ်။ သူတစ်ပါးအပေါ် လည်း မေတ္တာ၊ စေတနာမထား။ သူတစ်ပါးကြီးပွားချမ်းသာတာလည်း မုဒိတာမပွားနိုင်။ ဒါနဲ့ ညည်းတို့ပစ္စည်းဥစ္စာကုန်လို့ သုံးပါးသွားကြရတယ်မဟုတ်လား။ ညည်း သားအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

အနာဖြစ်ပြီး မှိုနာလိုလို၊ ကင်ဆာလိုလိုနဲ့ ငါ့ဆီမှာတောင်လာကူသေးတာပဲမဟုတ်လား။ ငါလည်းအစွမ်းကုန်ကုတာပါပဲ။ ညည်းရောဂါက ဘယ်လိုမှကုမရလို့ ငါလက်လျှော့လိုက်ရတာ။ ညည်းတို့မိသားစုက လူတွေအပေါ် မေတ္တာမထား၊ မုဒိတာမပွား၊ လောဘဒေါသမာန်မာနတွေ တအားထားများတော့ ရှိသမျှတွေလည်းကုန် လူတွေလည်း ကစဥ့်ကလျားဖြစ်၊ ညည်းလည်း သေရတာပဲ။ မကောင်းတဲ့ဘဝရောက်နေတာတောင် သတိတရားမရသေးဘူးလား"

"မရဘူး၊ မရဘူး။ ကျွန်မဘယ်တော့မှ နောင်တမရဘူး။ သတိရစရာလည်းမလိုဘူး။ ဟိုအဘိုးကြီးကိုမကျေနပ်ဆုံးဘဲ။ သူသေမှအေးမယ်"

အေးသာသည် ပြောလေကဲလေဖြစ်လာသည်။ ညဥ့်ကလည်းနက်လာပြီ။ ပြောရသည့်စကားကလည်း ဆုံးစမမြင်။ အေးသာက ခုထိ မာန်မကျ ဒေါသမာန်မာနတွေကရှိနေဆဲပင်။ ဦးသာကျော်ပွဲသိမ်းပါတော့မည်။ နေ့မဟုတ်ညဖြစ်သည်။ ပေရှည်လို့မဖြစ်။

"နင်က အေးအေးဆေးဆေးပြောလို့မရဘူး"

ဦးသာကျော် ရေမန်းနှင့်တောက်ပြီး ဆေးတိုက်ဖို့ပြင်ရတော့သည်။

ရေမန်းနှင့် ဖျန်းလိုက်တော့ အေးသာ တုန်လှုပ်သွားသည်။

"ရော့ - ဒီရေသောက်"

အေးသာက မသောက်။ ဦးသာကျော် ကြမ်းပါပြန်တော့သည်။ ရေမန်းနှင့်ဖျန်းပြီး သောက်ခိုင်းသည်။ (၃) ကြိမ်မြောက်တိုက်တော့မှ သောက်သည်။ ရေမန်းတိုက်ပြီး ဆေးလုံးထပ်တိုက်သည်။

"ညဥ့်လည်းနက်ပြီ။ ငါလည်းပြန်ရဦးမယ်။ နင်လည်းပြန်ရမယ်၊ ဘယ်မှာနေတာလဲ"

"ဟာဒံပင်မှာ"

"ဟာဒံပင်မှာနေရင်ကောင်းကောင်းနေ။ လူတွေကိုအဖမ်းအဆီးမလုပ်ရဘူး။ အဖမ်းဆီးလုပ်ရင် ငါနင့်ကိုဒီမှာမနေနိုင်အောင် နှင်ပစ်မယ်ကြားလား။ ရော့ - ဆေးသောက်"

အေးသာသည် ရေမန်းရော ဆေးပါ သောက်သည်။ ဦးသာကျော်က သူတိုင်ပေးတာ လိုက်ဆိုခိုင်းသည်။

"နောက်နောင် အဖမ်းဆီးမလုပ်ပါ။ လူတွေအပေါ် မေတ္တာ၊ စေတနာ၊ မုဒိတာပွားပါမယ်။ ဆရာ့စကားမလိုက်

## အောင်သိန်းဝင်း(ပွင့်ဖြူ)

# အဖုအကျိတ်ကျေထုံးနန္ဒင်းမန်းဂါထာ

အပူနာကြောင့်ဖြစ်ပေါ်ရသော အကျိတ်အဖုတို့ကို တချို့က မောရိယမန်းဆေးလိမ်းခြင်း၊သောက်ခြင်း၊ ဒေဝယက္ခအကျိတ်ကြေဆေးလိမ်းခြင်း နတ်ပေးအမည်နှင့် လိမ်းဆေးလိမ်းခြင်းပြုကြသည်။

တချို့က စ-မ-ဗ-ဝ စံမနှင့်မန်းခြင်း၊ က-ဃ-ဏ-ဠ ကြီးလေးကြီးစမနှင့် အဖုအကျိတ်ပေါ်ကြက်ခြေခတ်မန်းမှုတ်ပေးခြင်းပြုတတ်ကြသည်။

သည်နေရာ၌ စာရေးသူအသုံးပြု၊ အသုံးများခဲ့သောနည်းလေးကို သူရဋ္ဌစာဖတ်ပရိသတ်အတွက် မျှဝေနည်းပေးချင်ပါသည်။ ယုံကြည်စိတ်ချစွာ သုံးစွဲကြည့်ပါ။

စာရေးသူ အသုံးပြုနေသော အဖုအကျိတ်ကြေထုံးနန္ဒင်းမန်းဂါထာမှာ ဘုန်းတော်ကြီးများ အသုံးအဆောင်တစ်ခုခုကို အာပတ်သင့်မည်စိုး၍ရှုတ်ဆိုသော -

ဥ ကပ္ပိယံကရောဟိ၊
ကပ္ပိယံဘန္တေ
ဂါထာဖြစ်ပါသည်၊

- အသုံးပြုပုံနည်းမှာ ထုံး၊ နန္ဒင်းအနည်းငယ်ကို ရေနှင့်သင့်တင့်စွာဖျော်၍ ဘုရားကျောင်းဆောင်ရှေ့တွင်ဝတ်ပြု ငါးပါးသီလခံယူ ဆောင့်ကြောင့်ထိုင်ပြီး ထုံးနန္ဒင်းဖျော်စပ်ထားသောပန်းကန်ကို ကိုင်လျက် ဦးခံပြီး ၎င်းဂါထာအား (၇) အုပ်၊ (၉) အုပ်၊ (၃၇)အုပ် မိမိအချိန်ပေးနိုင်သလောက် မန်းမှုတ်ကာ အကျိတ်အဖုပေါ် တစ်နေ့ (၂) ကြိမ်ခန့် လိမ်းပေးပါ။ နုလျှင်ပိန်၊ ရင့်လျှင်ပြည်ပေါက်လက်တွေ့ပျောက်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ*

အောင်သိန်းဝင်း (ပွင့်ဖြူ)

နာပါက အဝီစိငရဲမှာခံရပါစေသား။ ဘုရားမှာဦးတိုက်ရှိခိုးစမ်း"

ဆိတ်မ ဦးသာကျော်ဆိုခိုင်းသလို လိုက်ဆိုပါသည်။

"ကဲ - နင်ထွက်တော့"

အေးသာသည် ဘုရားရှိခိုးဦးတိုက်ရင်း လဲကျသွားလေတော့သည်။ အေးသာလဲကျသွားရာမှ ရေဖျန်းနှာနှပ်ပြုစုလိုက်သောအခါ သတိရလာသည်။ အေးသာ လူတွေတစ်ပြုံတစ်ခေါင်းကြီးကိုကြည့်ပြီးအံ့သြနေသည်။ ဘာဖြစ်တာလဲဟု မေးသည်။ အကြောင်းစုံပြောပြရသည်။ သည်တော့မှ သဘောပေါက်သည်။

ဆိတ်မ၊ ဆိတ်မ ရုပ်ကလေးလှပါရဲ့၊ စိတ်ထားမလှ။ ဒါကြောင့် သေတော့ ကောင်းတဲ့ဘဝမရောက်ဘဲ မကောင်းတဲ့ဘဝရောက်နေရခြင်း ဖြစ်သည်။ သူ့မိသားစုတွေလည်း ဘယ်သောင်ဘယ်ကမ်းရောက်နေကြပြီလဲမသိ။ သေသူသေ၊ တစ်ပြည်တစ်ရွာရောက်သူရောက်နှင့် ကြောက်စရာကောင်းလှပါသည်။

"အားလုံး သတိထားကြ၊ သံဝေဂပွားကြ၊ သတ္တဝါတွေအပေါ် စေတနာ မေတ္တာထားကြ၊ သူတစ်ပါးကောင်းစားတာ မနာလိုဝန်တိုမဖြစ်ကြနဲ့။ မုဒိတာပွားကြ။ ဆိတ်မလိုဖြစ်ကုန်ကြမယ်နော်။ မစ္ဆေရစိတ်ဆိုတာဘယ်လောက်ကြောက်ဖို့ကောင်းသလဲ"

ဦးသာကျော် စကားကို အဆုံးသတ်၍ အိမ်ပေါ်မှဆင်းကာ ညဥ့်အမှောင်ထုထဲသို့ တရွေ့ရွေ့ ဝင်ရောက်သွားလေတော့သည်။ လာရောက်ကြည့်ရှုကြသူအားလုံးလည်း အိမ်ပေါ်မှဆင်း၍အမှောင်ထုထဲတွင်ဝင်ရောက်သွားကြလေတော့သည်။

မစ္ဆေရစိတ်ကား အလွန်ကြောက်စရာကောင်းလှသည်။ သေပြီးဘဝတစ်ပါးရောက်သည့်တိုင် မကျေနိုင်မချမ်းနိုင် အခဲမကျေနိုင်သေးပါတကား။

ကွယ်လွန်သွားပြီဖြစ်သော ဆေးဆရာကြီး ဘကြီးဦးသာကျော်အား သတိရလွမ်းဆွတ်စွာဖြင့် ရေးသားလိုက်ရပါသည်။ ဘကြီးဦးသာကျော် ကောင်းရာဘဝသို့ရောက်ပါစေသတည်း၊ ဆိတ်မလည်း ကျွတ်၍လွတ်၍ကောင်းသော ဘဝသို့ရောက်ပါစေ၊



www.burmeseclassic.com

www.burmeseclassic.com

ဤလောကကြီးတွင် သိပ္ပံပညာရပ်များတိုးတက်လာသလို အောက်လမ်းပညာမှာ မတိုးတက်သော်လည်း ရှိပြီးသားပညာများကို သူတို့နည်းသူတို့ဟန်ဖြင့် သားစဉ်မြေးဆက် အမွေဆက်ခံနေကြသည်။ ထို့ကြောင့် ထိုပညာရပ်များမှာ လူမသိသူမသိ တိမ်ကောပပျောက်ခြင်းမရှိဘဲ တိုးတက်နေသော ခေတ်ရေစီးကြောင်းတွင် ပုန်းလျှိုးဝှက်လျှိုးနှင့်လိုက်ပါလာကြခြင်း ဖြစ်လေသည်။

လွန်ခဲ့သော ၁၉၈၆ ခုနှစ်က ဖြစ်ပါသည်။ ကိုကျော်ဇင်တို့ ကောလိပ်ကျောင်းသားများက မော်တင်ဘုရားဖူးရန် သီတာအေးမြသဘော်ကြီးနှင့်ထွက်လာသည်။ တစ်ဖွဲ့လုံးက ကျောင်းသားကျောင်းသူများတော့မဟုတ်။ သံတွဲဆရာတော်၏မြေး ကိုညွန့်ခင်၊ မင်းကြီး-မင်းလေးနှင့် လက်ဆက်ထားသူ ထားထားနွယ်၊ မဟာဗိန္ဒိဂိုဏ်းဆေးတော်ထိုးထားသည့် ကိုကျော်ဇင်တို့ (၃) ဦးကအများဆက်တော့ ထူးခြားသည့်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ ကျန်သည့် (၆) ဦးကရိုးရိုးဘုရားဖူးခရီးသည်သာဖြစ်ကြ၏။

ဘုရားဖူးအဖွဲ့တွင် (၉) ဦးတိတိပါဝင်ပြီး ခုနစ်ထွေပညာရှင်မှ အစီအရင်လုပ်ခဲ့သော်လည်း ထိုပညာရှင်၏ပညာရပ်များမှာ အထက်ပါ(၃)ဦးအား လွှမ်းမိုးမရဖြစ်နေ၏။ ခုနစ်ထွေဆိုသည့်အတိုင်း (၇) ယောက်ပြည့်အောင် ဖောက်ပြန်မှသာ လူသေဆုံးသည့်နည်းပင် ဖြစ်လေသည်။ ယခု ဘုရားဖူးသူ (၉) ယောက်တွင် (၆) ယောက်အား သူ၏ပညာနှင့်လွှမ်းမိုးထားနိုင်ပြီး ကိုညွန့်ခင်၊ ကိုကျော်ဇင်၊ မထားထားနွယ် စသည့် (၃) ဦးကိုလွှမ်းမိုးမရနိုင်သောကြောင့် လူမသေခဲ့သလို ၎င်း၏အစီအရင်လည်း မအောင်မြင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ဤဖြစ်စဉ်အား ကိုယ်တိုင်ကြုံခဲ့သူ ကျွန်ုပ်၏တပည့် ကိုကျော်ဇင်မှ လတ်တွေ့ကြုံပြီး ထိုပညာစက်ကွင်းမှ လွတ်ထွက်အောင်ရုန်းထွက်နိုင်ခဲ့သည့်ဖြစ်ရပ်ကို အောက်ပါအတိုင်းပြောပြခဲ့ပါသည်။ ထို့ကြောင့် ရန်ငြိုးခုနစ်ထွေ ဆိုသောဇာတ်လမ်းသည် ပေါ်ပေါက်လာခြင်းဖြစ်ပါသတည်း။

❑

ဒီအကြောင်းကိုမပြောခင် သံတွဲဆရာတော်မြေး ညွန့်ခင်အကြောင်းကို




www.burmeseclassic.com

www.burmeseclassic.com

အရင်ပြောချင်ပါတယ်။ ညွှန့်ခင်က လူပျော်။ အတန်းပညာက မူလတန်းအောင်ရုံလေးပါ။ အခုလိုဘုရားဖူးသွားချင်တယ်လို့ သံတွဲဆရာတော်ကို လျှောက်တော့ ဆရာတော်က ပင်လယ်ပိုင်းသွားတာ သိပ်မကြိုက်လှဘူး။ ဒါကြောင့် အကာအကွယ်ရအောင်ဆိုပြီး ကိုယ်၊ လက်၊ ခေါင်းတွေမှာ အင်းဆေးတွေထိုးပေးလိုက်တယ်။ ဘုရားရောက်ရင် သရဏဂုံပုတီးစိပ်ဖို့ ပုတီးတစ်ကုံးလည်း လည်ပင်းမှာဆွဲပေးလိုက်သေးတယ်။

ကျွန်တော်တို့အဖွဲ့ထဲမှာ ဒီကောင်က အထူးခြားဆုံးပဲ။ ဆံပင်က ကတုံးကော။ လည်ပင်းမှာက ပုတီးကြီး၊ မျက်နှာက ပြောင်စပ်စပ်။ ဒီကောင့်ရဲ့ဥပမိရုပ်ကို ပညာရှင်ကတော်တော်အမြင်ကတ်သွားတာတဲ့။ ဒီကိစ္စက နောက်ပိုင်းရောက်မှ သိတာပါ။ အဲဒီလိုအမြင်ကတ်တာကြောင့် ငါ့နယ်ကို မလောက်လေး မလောက်စားက ဘာအချိုးနဲ့လာတာလဲလို့ ပညာမာန်နဲ့ ခုနစ်ထွေပညာကိုထုတ်သုံးလိုက်တယ်လို့ နောက်ပိုင်း သံတွဲဆရာတော်တပည့်က ချုပ်ပြီးမေးတော့မှသိခဲ့တာပါ။

ကျွန်တော်တို့အထဲမှာ ကိုခင်မောင်မြင့်မိဘတွေက ကညင်ချောင်းမှာနေတယ်။ ဒီကောင်က တစ်ဖွဲ့လုံးကို သူ့အိမ်လိုက်ခဲ့ပါ။ ထမင်းကျွေးချင်လို့ပါဆိုတာနဲ့ တစ်ဖွဲ့လုံး ကညင်ချောင်းကို လိုက်သွားကြတယ်။ ကျွန်တော်တို့အဖွဲ့မှာ မိန်းကလေးက သုံးယောက်။ မထား တစ်ယောက်က မင်းကြီး၊ မင်းလေးနဲ့ မင်္ဂလာဆောင်ထားတဲ့ မထားထားနွယ် ကျန်တဲ့ မစပယ်ဖြူနဲ့ မလှလှဝင်းကတော့ ရိုးရိုးဘုရားဖူးတွေပေါ့။ မထားထားနွယ်ရဲ့ထူးခြားချက်က မင်းကြီး၊ မင်းလေးနဲ့ မင်္ဂလာဆောင်ထားသူဖြစ်လို့ ပညာရှင်ကလုပ်ပေမယ့် ခုနစ်ထွေပညာက သူ့ကို လုပ်လို့မရဘူး။ မင်းကြီး၊ မင်းလေးက အကာအကွယ်ပေးထားတယ်လို့ သံတွဲဆရာတော်တပည့်ကပြောပါတယ်။



www.burmeseclassic.com

အဖွဲ့ထဲမှာ တတိယထူးခြားတဲ့လူကတော့ ကျွန်တော်ပါပဲ။ ကျွန်တော်က မဟိဒ္ဓိဂိုဏ်းဝင်ထားပြီး ဂိုဏ်းတော်ရဲ့ဆေးတွေကို တစ်ကိုယ်လုံးထိုးထားပါတယ်။ ဒီလိုထိုးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ထိုးတာပါ။ အဲဒီဆေးတွေကလည်း ခုနစ်ထွေပညာရှင်ရဲ့ပညာက ထိုးမပေါက်ဘူးလို့ ဆိုပါတယ်။ လူ(၉) ယောက် ဘုရားဖူးခရီးစဉ်မှ ခုနစ်ထွေပညာရှင်က (၆) ယောက်ကို လွှမ်းမိုးပြီး ကျန်တဲ့ကျွန်တော်တို့ (၃)ယောက်ကို လွှမ်းမိုးမရတာကြောင့် ကျွန်တော်တို့အဖွဲ့ မသေတာပါ။ (၇) ယောက်ပြည့်ရင် ကံအငယ်ဆုံးလူတစပြီး ပထမအရင်သေလိမ့်မယ်လို့ ဆရာကရှင်းပြပါတယ်။

ကျွန်တော်တို့အဖွဲ့ ကညင်ချောင်းမှာရောက်နေတာကို အလယ်ရွာမှာနေတဲ့ သူငယ်ချင်း ကိုတင်မောင်က သတင်းရသွားတယ်။ ဒါနဲ့ ကိုတင်မောင်က ကညင်ချောင်းကို လိုက်လာတယ်။ ရွာချင်းက သိပ်မဝေးဘူး။ ဒီကောင်နဲ့ ကျွန်တော်တို့အဖွဲ့က ကျောင်းနေဖက်သူငယ်ချင်းလည်းဖြစ်ပြန်၊ သူတို့ဒေသကိုရောက်တုန်းရောက်ခိုက် ထမင်းကျွေးချင်လို့ လာပြီးခေါ်တာပါ။ ကျွန်တော်တို့ကလည်း သူ့ရွာရောက်ဖူးချင်တာနဲ့ နှစ်ခါမခေါ်ရဘူး၊ လိုက်မယ်ပြောပြီး မနက်စောစောအဖွဲ့လိုက်ထွက်လာတယ်။

ဒီကောင်က သူငယ်ချင်းတွေကိုသာ ထမင်းစားစေချင်တာ။ ဒီကောင့်အိမ်ကဆောက်လို့တောင်မပြီးသေးပါဘူး။ အမိုးမိုးပြီးပြီ၊ ဆင့်တွေလည်းစီပြီးပြီ။ ဒါပေမယ့် အရေးကြီးတဲ့ ခင်းပျဉ်တွေ မခင်းရသေးဘူး။ အခင်းမရှိတော့ သူ့အိမ်မှာ ဧည့်ခံလို့မရနိုင်ဘူးပေါ့။ တောအရပ်ကတော့ အိမ်မပြီးလည်း ကိစ္စမရှိပါဘူး။ သင့်တဲ့အိမ်မှာ ထမင်းဝိုင်းပြင်လိုက်ရင်လည်း ပြီးတာပါပဲ။ မြို့မှာတော့ ဒီလိုမလေ့ဘယ်လာရှိပါမလဲ။ ကိုတင်မောင်က ထမင်းကျွေးချင်အားကြီးလို့ ကျွန်တော့်တို့ကိုလာပြီးခေါ်တဲ့အချိန်ကတည်းက သူ့မိန်းမကို ကြိုတင်ပြီးချက်ခိုင်းထားတာတဲ့။ ဒါကြောင့် ကျွန်တော်တို့လည်းရောက်ရော ထမင်းရောဟင်းပါ အဆင်သင့်ဖြစ်နေပါပြီ။

ထမင်းပွဲကိုတော့ တစ်အိမ်ကျော်မှာပြင်ပါတယ်။ ကိုတင်မောင့်ယောက္ခမအိမ်လို့ပြောပါတယ်။ အဲဒီအိမ်ရဲ့ခြံတံခါးတိုင်က လူတစ်ရပ်ကျော်မြင့်ပါလိမ့်မယ်။ ဒီတိုင်နှစ်တိုင်ကို အပေါ်ကချပ်တန်းတစ်တန်းနဲ့ဆက်ထားတယ်။ ခြံတံခါးနဲ့ခြံတိုင်တွေမယိုင်အောင် အချပ်တန်းနဲ့ထိန်းထားတဲ့သဘောပါပဲ။ ထမင်းပြင်ပြီးပြီ။ သူငယ်ချင်းတို့ ကြွကြပါလို့ ခေါ်လိုက်တော့ ဗိုက်ဆာနေတဲ့ ဘုန်းကြီးတူ ညွန့်ခင်က အငယ်ဆုံးဆိုတော့ ဟန်မဆောင်နိုင်ဘဲ အရင်ဆုံးစပြီးထွက်သွားတယ်။ ကြီးသူတွေက သူ့နောက်ကလိုက်ကြတယ်။

ဒီကောင်က ခြံထဲအဝင်မှာ အချပ်တန်းက သစ်ရွက်လိုလို၊အမှိုက်လိုလိုကြိုးနဲ့ဆွဲထားတဲ့ပစ္စည်းကို ဆွဲဖြုတ်ပြီးမှဝင်တာကို တွေ့လိုက်တယ်။ သူဝင်ပြီးတော့ ကျွန်တော်တို့အဖွဲ့လည်း လိုက်ပြီးဝင်တာပေါ့။ ဒီလိုနဲ့ ကျွန်တော်တို့တစ်ဖွဲ့လုံး ကိုတင်မောင့်ယောက္ခမအိမ်မှာ ထမင်းစားကြတယ်။ လူများလို့ နှစ်ဝိုင်းတောင်ပြင်ရတယ် ဆရာ။ သူ့ယောက္ခမကြီးကလည်း သဘောကောင်းလိုက်တာအရမ်းပဲ။ ထမင်းစားပြီးတော့ အဘွားကြီးက လက်ဖက်တောင်သုပ်ပြီးကျွေးလိုက်ပါသေးတယ်။ ကိုတင်မောင့်ယောက္ခမအိမ်မှာ တစ်နေ့လုံးနေကြပြီး ညနေဘက်ရောက်မှပြန်ကြတာပါ။

အဘွားကြီးက -

"မော်တင်ဘုရားကပြန်ရင်ဝင်ခဲ့ကြဦး။ အမေထမင်းကျွေးချင်လို့ပါ"

လို့ မှာလိုက်သေးတယ်ဗျ။

ကျွန်တော်တို့ပြန်တော့ ကိုတင်မောင်တို့လင်မယားက ကညင်ချောင်းအထိလိုက်ပြီးပို့ပါတယ်။ ညနေစာကတော့ ကိုခင်မောင်မြင့်အိမ်မှာပဲစားတာပါ။ အစီအစဉ်အရဆိုလျှင် နောက်နေ့မနက်မှာ မော်တင်ဘုရားကိုသွားကြမယ်ပေါ့။ ဒီအချိန်ထိလည်း ဘာမှမထူးခြားသေးပါဘူး။ ဒီလိုနဲ့ ညဘက်အိပ်ချိန်မှာ လူဖလံလေး ကိုလှမိုးက ပထမဆုံးစပြီးဖောက်ပါတော့တယ်။

"ခေါင်းပြတ်ကြီး ကျွန်တော့်ဆီလာနေတယ်။ အမလေး-ကြောက်တယ်၊ ကြောက်တယ်"

ဆိုပြီး အိပ်ရာထဲကနေ ည(၁၀) နာရီကျော်မှာထပြီးပြေးပါလေရော။ ကိုလှမိုးကပိန်ပိန်ပါးပါးလေးပါ။ ဒါပေမယ့် သူငယ်ချင်း(၃)ယောက် မနည်းဖမ်းချုပ်ယူရတယ်။ မဖမ်းလို့လည်း မဖြစ်ဘူးလေ။ ဒီကောင်ထွက်ပြေးတဲ့နေရာကရေတွင်းပျက်ရှိတဲ့နေရာကိုပြေးတာမှာ။ ဖမ်းလို့သာမမိလိုက်ရင် ရေတွင်းပျက်ထဲ ဒါရိုက်ပဲ။ ဒီကောင့်ကိုကြည့်ရတာ အတိတ်မေ့နေတဲ့လူသားလို့ပဲ။ မျက်စိကလည်း ပြူးတူးကြောင်တောင်နဲ့။

အခုလိုဖြစ်တာ ခုနစ်ထွေအစီအရင်စတာလို့ ဘယ်လာသိပါမလဲ။ လှမိုးငြိမ်သွားတော့ ကိုထွန်းသိန်းက ည (၁၁) နာရီကျော်မှာ တစ်မျိုးဖောက်ပြန်တယ်။

"အမလေး - ခေါင်းမပါတဲ့ကိုယ်ကြီးက ကျွန်တော့်ကို ဖမ်းဖို့လာနေပြီ။ ကယ်ကြပါဦး"

ဆိုပြီး ထထခုန်လိုက်တာ လူနှစ်ယောက်ဖိထားတာမရဘူး။ နောက်တော့ သုံးယောက်ပေါင်းပြီးချုပ်ရတော့တာပေါ့။ အိမ်ရှင် ခင်မောင်မြင့်က ဘုရားကျောင်းဆောင်က ပရိတ်ရေနဲ့တောက်လိုက်မှ ငြိမ်သွားတယ်။ အဲဒီညက ခင်မောင်မြင့်အဖေနဲ့ ဦးလေးက ကင်းစောင့်ပေးတော့မှ စိတ်ချလက်ချအိပ်ရပါတော့တယ်။

မနက်လည်းရောက်ရော မလှလှဝင်းကထပြီးဖောက်ပြန်တယ်။ သူဖောက်ပြီးပြောတဲ့စကားတွေကြားတော့မှ ပညာသည်က ကျွန်တော်တို့ကိုလုပ်ထားမှန်းစပြီးသိတာပါ။ သူကဘာပြောသလဲဆိုရင်-

"ဟိုညွန့်ခင်ဆိုတဲ့အကောင် ငါ့ကိုပညာစမ်းတာလား။ နင့်ပညာမလောက်လေးမလောက်စားနဲ့ ငါ့လိုလူကိုလာပြီးမယှဉ်စမ်းပါနဲ့။ နင့်အသက်ကို မော်တင်မှာထားခဲ့ချင်တာလား"

ဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုးပြီးရန်တွေ့နေတာ။ ညွန့်ခင်က လူဖျော့။ သူ့ပြောတော့ ပါးစပ်အဟောင်းသားနဲ့၊ ဒီကောင့်ကို မင်းဘာများသူများမကြိုက်တာလုပ်ခဲ့လဲဆိုတော့ ဒီကောင်က ဘာမှမလုပ်ပါဘူးတဲ့။ ဒီတော့ စဉ်းစားရကျပ်တာပေါ့။ ဘာပဲဖြစ်ဖြစ် ဒီကောင့်ကိုကြည့်မရလို့လုပ်ပေမယ့် ဒီကောင်တဘုန်းကြီးထိုးပေးလိုက်တဲ့ အကာအကွယ်တွေရှိတယ်လေ။ အခုတော့ သူ့ကိုမထိဘဲ ဘေးလူတွေထိတဲ့အဖြစ်နဲ့ ကျွန်တော်တို့ကကြုံနေတာပါ။ ရန်သာတွေ့နေတယ်။ ဘယ်သူမှန်းလဲမသိပါဘူး။

ဒီခုနစ်ထွေပညာနဲ့လုပ်တယ်ဆိုပေမယ့် ညွန့်ခင်ရယ်၊ ကျွန်တော်ရယ်၊ မင်းကြီး-မင်းလေးဇနီးနဲ့ နွဲ့နွဲ့ဝင်းရယ်တဘာမှမဖြစ်ပါဘူး။ မစပယ်ဖြူကတော့ သွေးတွေအန်လိုက်၊ ဝမ်းတွေသွားလိုက်နဲ့ ခပ်မျော့မျော့ဖြစ်နေတယ်။ ကျန်တဲ့ ကိုကျော်ခင်နဲ့ ကိုခင်မောင်မြင့်ကတော့ အမလေးဘာလေးအော်ပြီး ဗိုက်ကိုဖိထားရတယ်။ တရားလွန်နာအားကြီးတော့ ချွေးသီးကြီးတွေဆိုတာ ဆီးကင်းလောက်ထွက်တယ်လို့ထင်ရတယ်။ ဒါပေမယ့် ဖြစ်တဲ့လူက (၆)ယောက်ထဲဆိုတော့ (၇)ယောက်မပြည့်လို့ ကျွန်တော်တို့အဖွဲ့မသေတာပါ။ အဲဒီအချိန်အထ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူလို့ တိတိကျကျမသိသေးပါဘူး။

အခုလိုကယ်သူမဲ့နေချိန်မှာ ကယ်တင်ရှင် ပေါ်လာပါတယ်။ သူ့နာမည်က ဦးတင်အုန်းပါ။ ဟိုင်းကြီးကျွန်းမှာနေပါတယ်။ ကျွန်တော်တို့အဖွဲ့ အလူးအလဲခံနေရတယ်ဆိုတာကို ပုသိမ်က သံတွဲဆရာတော်ကြီးကသိနေတယ်။ သိတယ်ဆိုတာ ဆရာတော်ရဲ့တူလေး ညွန့်ခင်ကြောင့်သိတာပါ။ ညွန့်ခင်က ရိုးသားလွန်းလို့ ဘုန်းတော်ကြီးက စိတ်မချတာနဲ့ သူကိုယ်ပေါ်မှာအကာအကွယ် 'အင်း' တွေထိုးပေးလိုက်တယ်လေ။ အဲဒီအင်းတွေက တခြားလူကအစီအရင်နဲ့တိုက်ပြီဆိုရင် အင်းကနိုးပြီးထိုးပေးတဲ့လူကို အသိပေးတယ်လို့ နောက်ပိုင်းမှာ ဦးတင်အုန်းက ရှင်းပြပါတယ်။

ဒါနဲ့ ဟိုင်းကြီးမှာရှိနေတဲ့ သူ့ရဲ့ တပည့်ကို ဘယ်လိုအကြောင်းကြားလိုက်တယ်မသိဘူး။ အဲဒီဦးတင်အုန်းက ချက်ချင်းသိပြီး ကညင်ချောင်းကိုမေးစမ်းပြီးလိုက်လာပါတော့တယ်။ ညွန့်ခင်က ဦးတင်အုန်းကိုမြင်တာနဲ့မှတ်မိတယ်။ ဆရာတော်ကြီးဆီမှာ ပညာလာသင်ရင်း သုံးနှစ်နီးပါး အတူတူအိပ်ခဲ့တဲ့သူကိုး။ ရောက်တာနဲ့ အိမ်ရှင်ကို သာသနာ့ပွဲပြင်ပေးဖို့ပြောလိုက်တယ်။

ပြီးတာနဲ့ ဝေဒနာခံစာနေရတဲ့ (၆)ဦးကို ပမိုတ်ကြိုးစည်းထဲမှာနေခိုင်းတယ်။ ဆရာဦးတင်အုန်းလည်း စည်းထဲမှာဝင်နေပါတယ်။ ဘာမှမဖြစ်တဲ့ ကျွန်တော်တို့(၃)ဦးက အပြင်စည်းမှာနေပြီး လိုအပ်တာတွေပံ့ပိုးပေးရတယ်။ နောက် ဆရာဦးတင်အုန်းက မိုင်းကိုင်စက္ကူမှာ အင်းရေးပြီး အဲဒီအင်းပေါ်မှာ ဖယောင်းတိုင်ထွန်းလိုက်တယ်။ သိပ်မကြာပါဘူး၊ ငါးမိနစ်လောက်အချိန်အတွင်းမှာပဲ မစပယ်ဖြူက အသံအောအောကြီးနဲ့စကားပြောလာတယ်။

"ငါ့ကိုချုပ်မထားနဲ့၊ နင်နဲ့ဘာဆိုင်လို့ ငါ့ကိုချုပ်ရတာလဲ။ နင့်လမ်းနင်လျှောက်၊ ငါ့လမ်းငါလျှောက်မယ်လေ။ ဆရာလုပ်မယ်ဆိုရင် စည်းကိုစောင့်ရမယ်ဟဲ့"

လို့ ရန်တွေ့နေတာ ဆရာရဲ့။

ဦးတင်အုန်းက -

"အေး-ငါ့လမ်းငါလျှောက်ပေမယ့် ငါနဲ့ဆိုင်တဲ့ကလေးတွေကို နင်က ခုနစ်ထွေပညာနဲ့လုပ်ထားတာကိုး။ ဒါကြောင့် အချိန်မီအောင်ငါလာရတာပဲ။ နေပါဦး၊ ဒီကလေးတွေက နင့်အကျိုးပျက်စီးရာပျက်စီးကြောင်းဘာလုပ်လို့ ဒီပညာထုတ်သုံးရတာလဲ"

"အင်း - သူတို့အထဲက ဟိုကတုံးဆံတောက်နဲ့လည်ပင်းမှာပုတီးဆွဲထားတဲ့အကောင်ကြောင့်လုပ်လိုက်တာပါ"

"ဩော်-ညွန့်ခင်ကိုပြောတာလား။ ကဲ ပြောပါဦး၊ ညွန့်ခင်က ခင်ဗျားကို ဘာတွေလုပ်လိုက်လို့လဲ"

"ဒီကောင်က ငါ့အိမ်မှာထမင်းလာစားတာ ရိုးရိုးလာစားတာမဟုတ်ဘူး။ ငါ့ အိမ်အဝင်ချုပ်တန်းမှာ အစီအရင်လုပ်ထားတဲ့ အင်းသစ်ရွက်ကို ဆွဲဖြုတ်ပြီးမှ အထဲကိုဝင်တာလေ။ ဒါ ငါရဲ့ပညာကို စော်ကားတာပဲ၊ ငါ့လိုလူကိုမှုစရာမလို့ဘူးလို့ စိန်ခေါ်လိုက်တာနဲ့အတူတူပဲ။ ဒါကြောင့် မှတ်လောက်သားလောက်အောင် ဆုံးမလိုက်တာဟဲ့"

"အင်း - ညွန့်ခင်က နင်ထင်သလို မဟုတ်ဘူးဟ။ ဒီကောင့်မှာထိုးထားတဲ့ အင်းတွေက နင်လုပ်ထားတဲ့အစီအရင် အောက်ကဝင်လို့မရဘူး။ ဒါကြောင့် ဘယ်လက်က အလိုလိုသွားကိုင်ပြီးဖြုတ်ချလိုက်တာပါပဲ။ နင်ကစိန်ခေါ်တယ် ထင်ရင်တော့ မှားသွားပါလိမ့်မယ်"

"အပိုတွေလာမပြောနဲ့ဟာ။ နင်နဲ့ငါနဲ့ မြစ်ကြီးခြားနေတယ်။ နင့်ဘက်ကမ်း ငါမလာဘူး၊ ငါ့ဘက်ကမ်းလည်း နင်မလာနဲ့။ အခုငါ့ကိုချုပ်ထားတာတွေ ဖြေပေး၊ အခုဖြေပေး"

"ဟဲ့ - ခေါင်းဖြူအစွယ်ကျိုးမ၊ အခုအထိ မာန်မလျှော့သေးပါလား။ နင်သိထားဖို့က အထက်လမ်းပညာဆိုတာ မြန်မာပြည်ကိုမပြောနဲ့၊ တစ်ကမ္ဘာလုံးကိုသွားလို့ရတယ်။ နင်တို့လောကမှာသာ နယ်မကျော်ရဘူးဆိုတာရှိတယ်လေ။ ဒီ ကလေး (၉)ယောက်စလုံးဟာ ငါ့ဥပဇ္ဈာယ်ဆရာတော်ရဲ့ တပည့်သားမြေးတွေဖြစ်နေတယ်။ အဲဒါကြောင့် ခပ်တိုတိုပြောရရင် နင့်ခုနစ်ထွေပညာကိုခုနုတ်ပေး။ ငါအခုပြန်မယ်"

"ဘာလို့နုတ်ပေးရမှာလဲ၊ နင်ဖြေတတ်ရင်ဖြေလိုက်ပေါ့"

"တယ်ပြောရခက်ပါလား။ ငါဖြေလိုက်ရရင် နင့်အသက်ပါသွားလိမ့်မယ်။ ပါဏာတိပါတာကံကိုကျူးလွန်မိမှာစိုးလို့ နင့်ကိုဖြေခိုင်းနေရတာဟဲ့"

"ဟား ဟား ဟား - ငါကလည်း အသေခံပြီး နင်ပါဏာတိပါတာကံကျူးလွန်မိအောင်လုပ်နေတာ။ သတ်လေ သတ်လိုက်"

"နင်ဖြေပေးမလား၊ မဖြေဘူးလား"

"မဖြေဘူး"

"တကယ်မဖြေဘူးလား"

"မဖြေဘူး"

"သုံးကြိမ်တိတိ နင့်ကိုဖြေခိုင်းတာကို မဖြေတဲ့အတွက် ငါရဲ့အစီအရင်အတိုင်း ဆုံးမရတော့မယ်။ ခံနိုင်ရင်ခံပေတော့ ခေါင်းဖြူစွယ်ကျိုးရေ။ ကဲ - ကြိုးပိုင်၊ အပေါ်ကိုကြိုးနဲ့တုပ်ပြီးဆွဲတင်လိုက်"

ဒီလိုလည်းအမိန့်ပေးလိုက်တယ်ဆိုရင်ပဲ မစပယ်ဖြူက လက်နှစ်ဖက်က နောက်ရောက်သွားပြီး ကြိုးနဲ့အတုပ်ခံရသလိုပူးသွားတယ်။ ပြီးတော့ ကျွန်တော်တို့နဲ့အတူ ကြည့်နေတဲ့ရွာသားတွေရှေ့မှာ အပေါ်ကိုမြောက်ပါသွားတယ်။ ကြိုးနဲ့ဆွဲတင်လိုက်သလို လေထဲမှာမြောက်သွားတာဗျ။ မစပယ်ဖြူက မျက်လုံးကြီးပြူးပြီး အံကြိတ်နေလို့ ကျွန်တော်တောင် မဆိုင်တဲ့လူတော့ခံများခံနေရသလားလို့ သံသယဝင်သွားတယ်။ အဲဒါကိုဆရာက သဘောပေါက်တယ်။

"အခု ငါဆုံးမနေတာ ခုနစ်ထွေပညာရှင်ကိုပါ။မင်းတို့သူငယ်ချင်းမဟုတ်ဘူး။ မင်းတို့သူငယ်ချင်းကို မွဲတစ်ပေါက်တောင်မစွန်းစေရဘူး၊ စိတ်ချ"

ဒီလိုပြောတော့မှ ကျွန်တော်တို့လည်းရင်အေးသွားတယ်။ ဆရာက မိုင်းကိုင်စက္ကူမှာ အင်းရေးပြီး ဖယောင်းတိုင်တစ်တိုင်ထပ်ထွန်းတယ်။ ပြီးတော့မှ-

"ကြိမ်စကြာပိုင်ရှင်ရောက်လာပြီလား၊ ရောက်လာရင် ခုနစ်ထွေပညာရှင်ကို ကြိမ်စာကျွေးလိုက်ပါဦး"

လို့ ဖယောင်းတိုင်မီးကိုကြည့်ပြီးပြောနေတာဆရာရဲ့။ နောက် လေထဲမှာ ဝှစ် ဝှစ် ဝှစ် ဆိုပြီး ကြိမ်စမ်းတဲ့အသံမျိုးကိုရပ်ကြည့်နေတဲ့လူတွေပါ အားလုံးကြားတယ်တဲ့။ ပြီးလည်းပြီးရော လေထဲမှာတွဲလောင်းကြီးဖြစ်နေတဲ့ စပယ်ဖြူကိုရိုက်ပါလေရော။ ဝှစ်ခနဲတစ်ချက်မြည်လိုက်၊ အမလေးဆိုတဲ့အသံတစ်ခါကြားလိုက်နဲ့ (၁၀)ချက်လောက်အရောက်မှာ-

"ကြောက်ပါပြီ ဆရာကြီးရဲ့၊ ကြိမ်စကြာပိုင်ရှင်ကိုတားပေးပါဦး၊ အဲသားတွေပဲ့ထွက်ကုန်ပါပြီ ဟီး ဟီး ဟီး"

လို့ ငိုပါလေရော။

"ကဲ - ကြိမ်စကြာပိုင်ရှင်၊ သင့်တာဝန်ကျေပါပြီ။ သင့်ရဲ့လာရာလမ်းကိုပြန်နိုင်ပါပြီ။ သင့်အတွက် ဘုရားမှာ ကျွန်ုပ်က သက်နိုးတစ်စုံလည်းလှူပေးပါ့မယ်"

လို့ ကတိပေးပါတယ်။

"ကဲကဲ - အောက်ကိုချပေးလိုက်ပါကွာ"

လို့ပြောလို့အပြီးမှာ မစပယ်ဖြူဟာ ကြမ်းပေါ်မှာ ပုံလျက်သားဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျွန်တော်တို့က ခုနစ်ထွေပညာသည်တော့ နောင်ကရပြီး သူ့ပညာတွေ နုတ်ပေးမယ်အောက်မေ့တာ၊ ဘာပြောတယ်မှတ်သလဲ။

"ဟီး. . . ဟီး. . . နင်ကြိမ်ပိုင်ကို တစ်ကြိမ်တည်းခေါ် ခွင့်ရှိတာ ငါသိတာပေါ့။ အခုကြိမ်ပိုင်မရှိရင် ငါကြောက်စရာမလိုတော့ဘူး။ နင်ဘာတတ်နိုင်သေးလဲ"

"ဩော် - တယ်လည်းပရိယာယ်များတဲ့မိန်းမကြီးပါလား။ အေး - နောက်တစ်မျိုးလာမယ်၊ အရသာကို မြည်းစမ်းကြည့်လိုက်ဦးပေါ့။ ဒီတစ်ခါတော့ နင်တောင်းပန်တောင် ဖြေမပေးတော့ဘူး။ ဟေ့-ဆင်ပိုင်၊ ဆင်တစ်ကောင်လောက်လွှတ်ပေးပါဦး"

လို့ စည်းထဲကနေခေါ် လိုက်တာပါ။ အဲဒီလိုလည်းခေါ်ရော တောစပ်ကနေ ဆင်အော်သံကြီးတစ်ချက်ကြားလိုက်ရတယ်။ ကျွန်တော်က တကယ့်ဆင်လာတာမှတ်လို့ ဟိုလိုက်ကြည့်ဒီလိုက်ကြည့်နဲ့။ တကယ်တော့ ဘာကောင်မှမလာဘူးဆရာရဲ့။

ဒါပေမယ့် ဆရာဦးတင်အုန်းက-

"ကဲ - သားကြီးရယ်၊ မင်းရှေ့မှာရှိတဲ့ ခုနစ်ထွေမင်းသမီးကို မှောက်လှဲပြီး ခြေထောက်ကို မလွှတ်တမ်းနင်းထားလိုက်ပါဦး"

လို့ပြောအပြီးမှာ အဲဒီအဘွားကြီးကို တစ်ယောက်ယောက်က တွန်းလှဲသလိုမှောက်လျက်ကြီးဖြစ်သွားတာတွေ့လိုက်တယ်။ နောက်တော့ ဆင်ကြီးက ခြေထောက်ကိုနင်းပုံရပါတယ်။

"အမလေး၊ အမလေး - ကျိုးပါတော့မယ်။ ဘယ်တော့မှ ဒီခြေထောက်ပြန်ကောင်းမှာ မဟုတ်တော့ပါဘူး၊ ကြောက်ပါပြီ၊ ဆင်ကြီးခြေထောက်ရုပ်ပေးပါ၊ မြန်မြန်ရုပ်ပေးပါ။ သေပါတော့မယ် အား အား အား"

နဲ့ ဖျာပေါ် မှာလူးပျံနေတာပဲ။

ဆရာဦးတင်အုန်းက -

"နင့်လုပ်ထားတဲ့ ပညာတွေပြန်နုတ်ပေးရင် ဆင်ခြေထောက်ကိုရုပ်ပေးမယ်။ ဘယ့်နှယ်-နုတ်ပေးမလား၊ မနုတ်ပေးဘူးလား"

"နုတ်ပေးပါမယ်ရှင့်၊ ခြေထောက်ကအရိုးတွေကျိုးပါတော့မယ်။ ဖယ်ပေးပါ၊ ဖယ်ပေးပါ အားလားလား နာလိုက်တာ"

လို့အော်နေချိန်မှာ ဆရာဦးတင်အုန်းက -

"ဆင်ခြေထောက်ကိုတော့ လုံးဝဖယ်ပေးမှာ မဟုတ်ဘူး။ အဲဒီလိုအဖိခံထားချိန်မှာ နင့်ရဲ့အစီအရင်တွေကိုကုန်အောင်ထုတ်မေတော့။ ကုန်တာ၊ မကုန်တာ ငါအကုန်သိတယ်နော်။ ညာလို့တော့မရဘူး"

ဆိုတော့ အဘွားကြီးက -

"ထွေးခံတစ်လုံးပေးပါ။ ကျွန်မပြန်နုတ်ပေးပါ့မယ်။ မြန်မြန်လေးပေးပါ၊ ခြေကျိုးပါတော့မယ်။ အားအား-နာလိုက်တာ နည်းနည်းလျှော့ပေးပါဦး ဆရာ။ ကျွန်မပညာတွေပြန်နုတ်ပါတော့မယ်"

ဆိုပြီး အပြင်ကယူပေးတဲ့ထွေးခံမှာ ပါးစပ်ဟလိုက်တယ်ဆိုရင်ပဲ သွေးတွေထွက်ကျတာ တွေ့လိုက်တယ်။ နောက်သေသေချာချာကြည့်နေချိန်မှာ ထွေးခံထဲမှာ ဘာမှမရှိတော့ဘူး။

ဒါကို ဆရာဦးတင်အုန်းက စစ်ဆေးပြီး -

"ဏဲ-ဆင်ပိုင်ကြီးရေ၊ မင်းဆင်ကိုပြန်ပြီးခေါ် သွားလို့ရပါပြီ"

လို့ ပြောသံကြားလိုက်တယ်။

အဲဒီစကားလည်းဆုံးရော မစပယ်ဖြူကာထထိုင်တာတွေ့ရတယ်။ ဒါပေမယ့် ပထမညာခြေထောက်ကဒရွတ်တိုက်ပြီး အားမပြုနိုင်သလိုဖြစ်နေတယ်။ ဆရာက ဒါကိုကြည့်ပြီး -

"ဟဲ့ - ခုနစ်ထွေမ၊ နင့်ကိစ္စတွေ မထားခဲ့နဲ့၊ မြန်မြန်ယူပြီးပြန်စမ်း။ ဒီကလေးမကို ဒုက္ခပေးရင် ဒီထက်ပိုနာမယ်။ နင်ကငါ့လက်ထဲမှာရှိသေးတယ်နော်။ ကလေးမနဲ့နင့်ရဲ့ဒုက္ခတွေကိုကင်းရှင်းအောင်လုပ်မှပြန်လွှတ်ပေးမှာ။ လွယ်လွယ်နဲ့ပြန်ရလိမ့်မယ်မထင်နဲ့"

လို့ ဟောက်လိုက်မှ စပယ်ဖြူကနာနေတဲ့ခြေထောက်ကိုပြန်ရုပ်နိုင်ပြီး -

"ကျွန်မကိုဘာဖြစ်လို့ဝိုင်းကြည့်နေကြတာလဲ"

လို့မေးတယ်။ ကျွန်တော်က နင့်ခန္ဓာကိုယ်မှာ နာတာကျင်တာမရှိဘူးလားမေးတော့ ဘာမှနာတာမရှိဘူးလို့ ဖြေပါတယ်။

ဆရာဦးတင်အုန်းက -

"သမီးခန္ဓာကိုယ်မှာပညာသည်ကို ခဏဝင်ခိုင်းပြီး သူလုပ်တဲ့ပညာကို သူပဲထုတ်ခိုင်းလိုက်တာပါ။ အခုတော့ အားလုံးပြီးသွားပါပြီ။ အင်း - ရွာထဲမှာ တစ်ပတ်လောက် အိမ်တွင်းပုန်းနေတဲ့သူဆိုရင် ခုနစ်ထွေမင်းသမီးလို့သာမှတ်လိုက်။ ဆင်နင်းထားတဲ့ဒဏ်ကို တစ်ပတ်လောက်တော့ ဆေးကြိတ်လိမ်းပြီးကုနေရဦးမှာပေါ့ကွာ"

လို့ ရယ်ရယ်မောမောပြောပါတယ်။

နောက်ပြီး -

"မင်းတို့လည်း ဗဟုသုတအဖြစ်မှတ်ထားကြ။ ခုနစ်ထွေပညာကမြင့်တယ်။ တတ်တဲ့ပညာရှင်က စကားပြောညက်တယ်။ ဖော်ရွေတယ်။ နှုတ်လည်းချိုတယ်။ ထမင်းကျွေးချိန်မှာ ထမင်းပွဲနားရပ်ပြီး ဟိုဟင်းလေးစားပါဦး၊ ဒီဟင်းလေးကိုလည်း ကျွေးချင်လွန်းလို့လုပ်ထားတာဆိုပြီး လက်ညှိုးလေးနဲ့ထိုးရုံနဲ့ စီရင်တဲ့ကိစ္စကပြီးတယ်။ လူ(၇)ယောက်ဖောက်ပြန်ပြီးမှ တစ်ယောက်ပြီးတစ်ယောက်သေတတ်တယ်။ (၇)စင်တိုက်ဆိုတာတော့ ကြားဖူးကြမှာပေါ့။ တော်သေးတယ်၊ မြို့ကဆရာတော်သိပြီး ငါ့ကိုကယ်ခိုင်းလို့ မင်းတို့ဘာမှမဖြစ်တာ၊ တကယ်ဆိုရင် လူမသေတောင် လူ(၇)ယောက်လုံး ရောဂါသည်တွေဖြစ်နေတတ်တယ်ကွ"

လို့ရှင်းပြပါတယ်။

နောက် ဆရာဦးတင်အုန်းက -

"မင်းတို့လည်း မော်တင်ဘုရားမဖူးဖြစ်တာ (၄)ရက်တောင်ရှိနေပြီ။ ဒီနှစ်တော့မသွားပါနဲ့ကွာ။ နောက်နှစ်ရောက်မှလာခဲ့။ ငါ့ဆီကိုကြိုပြီးအကြောင်းကြားဟိုင်းကြီးကျွန်းကိုအရင်ဝင်ခဲ့။ ဘုရားကိုငါလိုက်ပို့ပါမယ်"

လို့မှာပြီး ဆရာလည်းပြန်သွားတယ်။ ကျွန်တော်က သဘောပေါ် မှာ ညွှန့်ခင်ကိုမရှင်းတဲ့ကိစ္စမေးကြည့်တယ်။

"မင်း အလယ်ရွာမှာ ထမင်းစားမယ့်အိမ်ဝင်ချိန်မှာ ဘာပစ္စည်းကိုဆွဲပြီးဖြုတ်လိုက်တာလဲ"

လို့မေးတော့ -

"ကျွန်တော်လည်း ဘာပစ္စည်းမှန်းတော့မသိပါဘူး။ မသန့်ရှင်းတဲ့ပစ္စည်းဆိုတာတော့သိတယ်၊ ဒါကြောင့် ဒီပစ္စည်းအောက်ကနေ ခေါင်းငုံ့ပြီးမဝင်ချင်တာနဲ့ ဘယ်လက်ကအလိုလိုဆွဲဖြုတ်မိတာပါ"

လို့ ရှင်းပြပါတယ်။

နောက်တစ်နှစ် ဘုရားဖူးမထွက်ခင် စုံစမ်းလိုက်တော့ ခုနစ်ထွေပညာရှင်ကြီး လူကြီးရောဂါနဲ့ ဆုံးသွားတယ်လို့သတင်းကြားပါတယ်။ ကျွန်တော်တို့ ဘုရားဖူးခရီးစဉ်မှာ ထူးထူးဆန်းဆန်းရန်ငြိုးထားတဲ့ ခုနစ်ထွေပညာသည်တို့ ဆုံးမတဲ့ပွဲ မြင်ဖူးလိုက်တာ အမြတ်ပါပဲ။

(တပည့်ကျော်ဇင်၏နာမည်မှအပ လူနာမည်၊ ရွာနာမည်များ ပြောင်းလဲရေးသားပါသည်။)

စိုးထွန်း (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကရာတွင် 'လမိုင်းကပ်မှ ကောင်းသည်' ဟူသောစကားရှိသည်။ ဆိုချင်သည်က လမိုင်းကပ်မှ ဇာတ်က၍ကောင်းခြင်းကိုဆိုလိုသည်။ ပရိသတ်ဘက်မှကြည့်လျှင်လည်း ဇာတ်ပင်ကကာ၊ အငြိမ့်ပင်ကကာ၊ ရုပ်သေးပင်ကကာ၊ မည်သည့်အကမျိုးကိုပင်ကက လမိုင်းကပ်မှ ကြည့်၍ကောင်းသည်။ ဆိုင်းနှင့်လည်းဆိုင်သည်။ ထို့ကြောင့် မည်သည့်ပွဲမျိုးကိုမဆို ကရာတွင် လမိုင်းပွဲနှစ်ပွဲပေးထားရ၏။ လမိုင်းပွဲနှစ်ပွဲဆိုသည်မှာ အုန်းသီး၊ ငှက်ပျောသီး ကန်တော့ပွဲနှစ်ပွဲကိုပေးခြင်း ဖြစ်သည်။ ငှက်ပျောသီးဖီးဆိုင်ထည့်ရသည်။ နေရာသစ်တစ်ခုတွင် မည်သည့်ပွဲမျိုးမဆို ကရာတွင်ပေးခြင်းဖြစ်၏။ ကန်တော့ကြေးအဖြစ် ငွေကြေးလည်းထည့်ရသေး၏။ အနည်းဆုံး ငါးကျပ်ထည့်ရသည်ဟု ဆိုကြသည်။

နှစ်ပေါင်းများစွာ မြန်မာဇာတ်ကရာတွင် ယုံကြည်မှုများအမျိုးမျိုးရှိသည်။ ထိုယုံကြည်မှုကို သုံးမျိုးသုံးစားခွဲနိုင်၏။ ကရာတွင်လည်းကောင်း၊ ဇာတ်ခုံတည်ဆောက်ရာတွင် လည်းကောင်း၊ ဇာတ်ပွဲအတွက် လည်းကောင်း လမိုင်းပွဲပေးခြင်း ဖြစ်၏။ လမိုင်းနတ်နှင့် ပတ်သက်၍လည်း ယုံကြည်မှုနှစ်မျိုးနှစ်စားရှိသေးသည်-

၁။ စားသုံးရန်အတွက် တိရစ္ဆာန်များကို ဇာတ်ပွဲအတွင်း သတ်ဖြတ်ချင်း မပြုရ။

၂။ ဇာတ်ပွဲအတွင်းမှ အပျို၊ လူပျိုနှစ်ဦး ရင်းနှီး၍ အကြင်လင်မယားကဲ့သို့ မနေထိုင်ရတို့ဖြစ်၏။

ထိုစည်းကမ်းချက်နှစ်ခုအနက်မှ တစ်ခုခုကို ချိုးဖောက်ပါက ဇာတ်ပွဲအတွင်း ငွေကြေးနှင့်ပတ်သက်၍ ဆုံးရှုံးနစ်နာခံရခြင်း၊ ဖောက်ဖျက်သူနှစ်ဦး အသက်ဆုံးရှုံးရသည်အထိ ဘေးဒုက္ခ အန္တရာယ်ကျရောက်ခြင်း၊ ဇာတ်ပွဲတစ်ပွဲလုံး ခရီးတွင်ဘေးအန္တရာယ်များနှင့်ကြုံရခြင်းတို့ ဖြစ်သည်။ ထိုအချက်နှစ်ချက်မှာ ဖြစ်လေ့ဖြစ်ထရှိသည်ဟု ဇာတ်သမားများယုံကြည်သော အချက်နှစ်ချက်ဖြစ်သည်။



မြန်မာရိုးရာနတ်ယုံကြည်မှုဓလေ့

# မောင်သန်းဆွေ (ထားဝယ်)

## လမိုင်းနတ်

အထက်၌ဖော်ပြခဲ့သည့် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲ၊ နတ်ပွဲ မည်သည့်ပွဲတွင်မဆို ပေးရသည့်လမိုင်းပွဲမှာ ကသူများအတွက်ဖြစ်ပြီး အခြားပွဲတစ်ပွဲမှာ ဆိုင်းအတွက်ဖြစ်သည်။ ထိုနှစ်ပွဲစလုံး၏ ကုန်ကျငွေကို ပွဲငှားသူ သို့မဟုတ် ပွဲရှင်ကခံရသည်။ အချို့က ဆိုင်းဝိုင်းတွင် လမိုင်းပွဲအဖြစ် ကန်တော့ပွဲပေးရန် အချိန်မရပါက ကိုးထားပြီး ဆန်ထည့်ထားသည့် ခွက်တွင် ဖယောင်းတိုင်ထွန်း၍ လမိုင်းပွဲအဖြစ် ယာယီပသကြသည်။

လမိုင်းအမျိုးမျိုးရှိသည်ဟုဆို၏။ ဥပမာ ရုပ်သေးလမိုင်း၊ ဇာတ်လမိုင်း၊ ရာမာယဏလမိုင်း၊ လယ်လမိုင်း၊ သစ်ဝါးလမိုင်း၊ ဆိုင်းလမိုင်း စသည်တို့ဖြစ်၏။လှေ၊သမ္ဗန်၊သင်္ဘောများတည်ဆောက်လျှင်လည်း လမိုင်းပွဲပေးရ၏။ ဗိသုကာပညာရှင်များ၊ လက်သမားများ၊ လယ်ရှင်များတို့ကလည်း သမိုင်းပွဲပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

လမိုင်းနတ်နှင့်ပတ်သက်၍ ဇာတ်လမ်းအမျိုးမျိုးရှိသည်ကို လောကီကြေးမုံကျမ်း (အထက်မြန်မာပြည် မကွေးတိုင်းဒေသကြီး ရေစကြိုမှ ဆရာတော် ဦးဝရသမုဒ္ဒိဘာသာပြန်သည်။) တွင် ဖော်ပြထားသည်။ အမှန်မှာ ထိုလောကီကြေးမုံကျမ်းသည် ဗြဟ္မဏအယူဝါဒမှလာသော ကျမ်း ဖြစ်သည်။

လမိုင်းနတ်နှင့် ပတ်သက်၍ ထိုကျမ်း၌ ဖော်ပြထားသည်မှာ တစ်ခါက မဏိဉာဏ အမည်ရှိသော ရသေ့တစ်ပါးသည် ဗေဒင်လက္ခဏာ၊ နက္ခတ္တပညာတို့၌ တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်သည်ဖြစ်၍ တန်ခိုးရှိသည်။ တစ်နေ့သ၌ သူ၏ တန်ခိုးကြောင့် ကောင်းကင်တွင် ဈာန်ဖြင့်ကြွနေစဉ် သူ၏အောက်ရှိ တောအုပ်အတွင်း၌ အမျိုးသားနှင့်အမျိုးသမီးတစ်ဦး မျက်စိလည်လမ်းမှား၍ သွားနေကြသည်ကို ကောင်းကင်ယံမှ မြင်လိုက်သည်။ အကြားအမြင်ရနေသော ရသေ့သည် ထိုအမျိုးသား မကြာမီသေဆုံးတော့မည်ကိုသိသဖြင့် ကောင်းကင်ဈာန်မှအောက်သို့ဆင်းလာသည်။

ထိုအမျိုးသားသည် မကြာမီပင် အဆိပ်ရှိသော မြွေတစ်ကောင်၏ကိုက်မှုကိုခံရပြီး မြွေဆိပ်တက်နေချိန်တွင် ရသေ့သည် ထိုအမျိုးသား၏ခန္ဓာကိုယ်အတွင်း နာမ်ဝင်အောင်းလိုက်၏။ ကောင်းကင်ယံမှဆင်းလာသောရသေ့၏ကိုယ်တွင်လည်း မြွေကိုက်ခံရသောအမျိုးသား၏နာမ်ကို အောင်းစေသည်။ သို့ဖြင့် ထိုအမျိုးသား၏ နာမ်ကိန်းနေသော ရသေ့ကိုယ်ကို မီးသဂြိုဟ်လိုက်ခြင်းဖြင့် အမျိုးသမီးသည် ရသေ့နာမ်ကိန်းနေသော မြွေကိုက်ရာမှ ပြန်ကောင်းလာသည့်သူကို သူ့ယောကျ်ား ဟူ၍ပင်ထင်နေသည်။

သို့ဖြင့် ရသေ့နာမ်ကိန်းနေသော ခန္ဓာသစ်ဖြင့် ထိုအမျိုးသားနှင့် အမျိုးသမီးတို့ ပေါင်းသင်းကြသည်။ ထိုသူသည် မယားလုပ်ကျွေးရန်အတွက် ဗေဒင်ဟောသူအဖြစ် အသက်မွေးဝမ်းကျောင်းပြု၏။ ထိုဗေဒင်ဆရာ၏ ဟောပြောချက်များသည် မှန်ကန်လွန်းသဖြင့် ရပ်နီးရပ်ဝေး ကျော်ကြားလေရာ တာဝတိံသာမှ သိကြားမင်းထံသို့ပင် သတင်းရောက်သည်။ သိကြားမင်းသည် ဗေဒင်ဆရာကို စစ်မေးလိုသဖြင့် သူအိုတစ်ယောက်အနေဖြင့် သူ့ကိုယ်သူ ဖန်ဆင်း၍ လူ့ပြည်သို့ ဆင်းလာသည်။ ဗေဒင်ဆရာနှင့်တွေ့ကြသောအခါ ဗေဒင်ဆရာသည် သိကြားမင်း ဖန်ဆင်းထားသော သူအိုကို ကြိုဆို၍ နေရာပေးကာ အနီးမှခုံပေါ်တွင်ထိုင်စေသည်။

သိကြားမင်းက -

"အသင်ဗေဒင်ဆရာ၊ တာဝတိံသာမှ သိကြားမင်းဘယ်သို့ရောက်သွားသည်ကိုသိပါရစေ"

ဟု မေးသည်။

ဗေဒင်ဆရာက တွက်ချက်ပြီး -

"ကျွန်ုပ်၏ တွက်ချက်မှုအရ တာဝတိံသာ၌မရှိပါ"

"သို့ဆိုက သိကြားမင်း လောလော ဆယ် မည်သည့်နေရာတွင်ရှိပါသနည်း၊"

"သိကြားမင်းသည် ယခုအခါ လူယောင်ဖန်ဆင်းနေပါသည်"

"သို့ဆိုက ယခု သူမည်သည့်အရာ ပြုလုပ်နေပါသနည်း"

"သိကြားမင်းသည် သူအိုပမာ လူယောင်ဖန်ဆင်းပြီး ကျွန်ုပ်တို့အနီးမှ ခုံပေါ်တွင်ထိုင်၍ ပြုံးရွှင်စွာဖြင့် တစ်ဦးတစ်ယောက်နှင့် စကားပြောဆိုနေပါသည်"

"အသင်ဗေဒင်ဆရာ၊ သို့ဖြစ်ရကား အသင့်အနေဖြင့် သိကြားမင်း ရောက်နေရာမှ အဘယ်မျှဝေးကွာပါသနည်း"

"သင်ကိုယ်တိုင်က သိကြားမင်း ဖြစ်သည်။ အဘယ်ကြောင့် ထူးဆန်းစွာ ဤနေရာသို့ရောက်လာရပါသနည်း"

ထိုအခါ သိကြားမင်းသည် သိကြားမင်းအဖြစ်နှင့် ပြန်၍ဖန်ဆင်းပြီး ဗေဒင်ဆရာကို ချီးကျူး၍ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေ၏။

တစ်နေ့တွင် ဗြာဟ္မဏပုဏ္ဏား တစ်ယောက်ဖြစ်သည့် 'အစိ'နှင့် သိကြားမင်းတို့ကြား အငြင်းပွားမှုဖြစ်ပေါ်သည်။ မည်သို့မျှဖြေရှင်းမရသဖြင့် သူတို့ကိစ္စအတွက် အထက်၌ဖော်ပြခဲ့သောဗေဒင်ဆရာထံသို့ရောက်လာ၏။ သူတို့နှစ်ဦး မည်သူမှန်သည်ဟူသောကိစ္စအတွက်ဖြစ်၏။ 'သူတို့နှစ်ဦးသည် နိုင်သူက ရှုံးသူ၏ခေါင်းကိုဖြတ်ရန် လောင်းထားကြသည်။

ဗေဒင်ဆရာသည် သိကြားမင်းဘက်သို့ အနိုင်ပေးလိုက်သည်။

သို့ဖြင့် လောင်းကြေးစားကြေးအရ ဗြာဟ္မဏပုဏ္ဏား၏ ခေါင်းကိုဖြတ်လိုက်သည်။ သိကြားမင်းသည် ခေါင်းပြတ်နေသော ဗြာဟ္မဏပုဏ္ဏား၏ ခန္ဓာကိုယ်တွင် ဆင်တစ်ကောင်၏ခေါင်းကိုဖြတ်၍ တပ်ပေးလိုက်သည်။ ထို့နောက် သိကြားမင်းက ရေစင်ဖျန်း၍ ထိုဗြာဟ္မဏပုဏ္ဏားကို အသက်ရှင်စေသည်။ ထိုအချိန်မှစပြီး ဆင်ခေါင်းနှင့်လူ့ကိုယ်ဖြင့် မဟာပိန္နဲဟု ပေါ်လာသည်။ ထိုပေါ်လာသည့် မဟာပိန္နဲနတ်သစ်အတွက် သိကြားမင်းက ကျေနပ်နေသည်။ သိကြားမင်းသည် ဗြာဟ္မဏပုဏ္ဏား၏ ခေါင်းပြတ်ကြီးကို နေရာချရန်ကြံလေသည်။ ကမ္ဘာလောကတွင်းသို့ပစ်ချလိုက်ပါက လူသားအားလုံး ဒုက္ခရောက်ကုန်မည်။ မဟာသမုဒ္ဒရာ အတွင်းသို့ ပစ်ချလိုက်ပါက သမုဒ္ဒရာအတွင်းမှရေများဆူပွက်ပြီး ရေသတ္တဝါများသေကြေကုန်မည်။ အာကာသထဲသို့ပစ်လိုက်ပါက အာကာသ၌ မီးလောင်ကုန်မည်။

သို့ကြောင့် သိကြားမင်းသည် နတ်သမီးခုနစ်ဖော်ကို အလှည့်ကျကိုင်စေသည်။ သို့ဖြင့် တစ်လက်မှ တစ်လက် ပြောင်းခြင်းကို သင်္ကြန်ကျသည်ဟု ဆိုသည်။ ထို့ကြောင့် ထိုသို့သင်္ကြန်ကျစဉ်တွင် သိကြားမင်းသည် လူ့ပြည်သို့ ဆင်း၍ ကောင်းသူကိုကယ်မည်ဟူသော အယူအဆဖြစ်ပေါ်လာသည်။

အထက်၌ ဖော်ပြခဲ့သော ဗေဒင်ဆရာ၏ဇနီးသည် သမီးမိန်းကလေးမွေးသည်။ လပြည့်ညတွင်မွေးဖွား၍ အလွန်လှပသဖြင့် သူ့ကို 'လမင်း' သို့မဟုတ် 'လမင်းရှင်' (လဘုရှင်မ) ဟု ခေါ်သည်။ ထို 'လမင်း' သို့မဟုတ် 'လမင်းရှင်' ကွယ်လွန်သောအခါတွင် နတ်ဖြစ်ပြီး 'လမိုင်းနတ်' ဟု ဖြစ်ပေါ်လာသည်ဆို၏။

## ၁ ဥဒိန်ကျော်ခေါင်နတ်

ကုန်းဘောင်ဆက်နှစ်ဆက်မြောက် နောင်တော်ကြီးလက်ထက် ၁၁၂၃ ခုတွင် ဇင်းမယ်ကိုသိမ်းရန်စစ်ချီစေရာ လမ်းတွင် တပ်မတော်မှ ဥဒိန်ကျော်ခေါင်ဘွဲ့ခံ ငဘတ်ချောင်းဗိုလ်သည် အရပ်အနေ မသင့်၊ တပ်ပျက်သေဆုံး နတ်ဖြစ်လေသည်နှင့် ဘုရင့်ထံသို့လာခဲ့၍ ဘုရင်စက်တော်ခေါ်နေရာ၌ ခြေတော်ကို လှုပ်နှိုးပြီး မိမိသေဆုံးခဲ့ရကြောင်း၊ အပါးတော်တွင် စောင့်နေထမ်းရွက်ပါမည့် အကြောင်း တင်လျှောက်လေသည်။ ဘုရင်ကလည်း လေသာဆောင်တွင် စောင့်နေထမ်းရွက်စေဟု အမိန့်တော်ရှိသည်။

တစ်ခါက မုတ္တမမြို့တွင်ထား သော ကင်းတပ်ကို ယိုးဒယားကင်းစိန် ကင်းပတ်တို့က လာရောက်နှောင့်ယှက် ကြောင်းကြားသိရ၍ မြင်းသည်ကျော်တို့



www.burmeseclassic.com

www.burmeseclassic.com

ကို တောင်ငူကြောင်းစေလွှတ်ထောက်လှမ်းစုံစမ်းတော်မူစေရာ ရောက်လာခဲ့သောကြောင့် အဆိုပါ ဥဒိန်ကျော်ခေါင်နတ်ကို ထောက်လှမ်းစုံစမ်းရန် စေလွှတ်တော်မူသည်။

၎င်းနတ်သည် ရွှေဘိုသို့ နေ့ချင်းပြန်ရောက်၍ မုတ္တမမြို့မှာ အရေးအကြောင်းမရှိကြောင်း၊ အလျင်စေလွှတ်လိုက်သော မြင်းသည်ကျော်တို့သည် အပြန်လမ်း တောင်ငူမြို့ ခပေါင်းမြစ်ချောင်းထိပ် မန်ကျည်းပင်အောက်မှာ ထမင်းချက်၍နေသည်ကိုမြင်ခဲ့ကြောင်း၊ သိသာသေချာအောင် မန်ကျည်းခက်များကိုချိုးဖဲ့၍ချခဲ့ကြောင်း၊ မန်ကျည်းပင်ကို လှုပ်၍ခြောက်လှန့်ခဲ့ကြောင်း၊ မုတ္တမမြို့ဝန်ထံမှ ငြိမ်ဝပ်သာယာရှိကြောင်း တင်လျှောက်စာလည်း ထိုမြင်းသည်ကျော်တို့တွင်ပါကြောင်းတို့ကို နတ်က လျှောက်ထားနှင့်လေသည်။

မြင်းသည်တော်တို့ ပြန်ရောက်မေးမြန်းရာ နတ်ပြောတိုင်း မချွတ်မယွင်း အလုံးစုံမှန်ကန်ကြောင်း တွေ့ရလေသည်။

နတ်က မိမိအမှုထမ်းရသည့်အတွက် ဘွဲ့အသနားတော်မြက်ခံလိုကြောင်း တင်လျှောက်သောအခါ ဘုရင်တ 'ဇဝနယက္ခကျော်ခေါင်' ဟူသောဘွဲ့ကို ရွှေပြားတွင်ရေးသား၍ ကလပ်ပေါ်တွင်တင်ကာ ပေးသနားတော်မူသည်။ ကိုယ်တိုင်ပြ၍ ဘွဲ့ကိုယူရမည်ဟု မိန့်တော်မူရာ မိမိမှာ အလွန်ပင်အရုပ်အဆင်းဆိုးဝါးလှသဖြင့် ရုပ်ကိုမပြလိုကြောင်း၊ သို့ရာတွင် ထင်ရှားအောင်ကား ယူ၍ပြပါမည်ဆို၍ မှူးမတ်တို့အလယ်တွင် ထိုဘွဲ့ပုံကို ချည်ကြိုးဖြင့်ဆွဲယူသွားသည်ကို မှူးမတ်အများမြင်လိုက်ကြရသော ဟူ၏။ ထိုတံဆိပ်ကိုလည်း လေသာဆောင် ထုပ်ချောက်ကြားတွင် ထားရှိသော ဟူ၏။

ဤအကြောင်းကား တဒ္ဒတ္ထဒီပနီကျမ်းတွင်ဆိုသည်။ ပုလိပ်စား ဦးချင်းမှာလည်း 'ကန်တွင်းစည်းခုံ၊ မဟာဘုံကိုချီအပိုဒ် (၆၄) တွင် 'ဘကြီးမင်း၏သိတင်းတမူ၊ လိုက်ပွက်ဆူမျှ၊ လူကိုထားသွတ်၊ ဥပပတ်ဖြင့်၊ နာနတ်ရုပ်ဖန်၊ နတ်စစ်မှန်ကို၊ တစ်ဖန်သွတ်လှယ်၊ စေခိုင်းဝယ်၍၊ ရန်စွယ်ချိုးနုတ်၊ သိမ်းစွန်သုတ်သို့' ဟူ၍ ဤဘုရင်နှင့်ဤနတ်ကိုရည်၍စပ်ဆိုထားလေသည်။

□ ပုန်းမကြည်ရှင်မ

လယ်ယာသမားများ အထူးယုံကြည် တင်မြှောက် ပသကြရသော ပုန်းမကြည်ရှင်မနတ်သမိုင်းကို ရှာဖွေရာ ဓမ္မပဒ အဋ္ဌကထာ ပါဠိတော်လာ 'နပိဝေရေန ဝေရာနိ' အစရှိသောဂါထာဖြင့် တန်ဆာဆင်အပ်သော ကာဠယက္ခိနီ ဘီလူးမ၏ဝတ္ထုကို တွေ့ရသည်။

တစ်ရံရောအခါ ဗြာဟ္မဏပုဏ္ဏား သတို့သားတစ်ယောက်သည် မိခင်၏ တိုက်တွန်းချက်အရ အမျိုးအနွယ်ဆက်ပြတ်ခြင်းမရှိစေရန် အိမ်ထောင်ပြုရာ ၎င်းမယားသည် အမြုံဖြစ်နေသောကြောင့် မိခင်က တိုက်တွန်းပြန်သဖြင့် မယားကြီးသဘောတူသော မိန်းမကိုရှာ၍ အိမ်ထောင်ပြုရပြန်သည်။

ကံအားလျော်စွာ နောက်မယားမှာ အမြုံမဟုတ်ဘဲ သားဖွားနိုင်သောလက္ခဏာပေါ်လာသည်။ သို့သော် အမြုံဖြစ်သော မယားကြီးက မနာလိုသောစိတ်နှင့် မယားငယ် ပဋိသန္ဓေရှိသည့်အခါ အဆိပ်ဆေးများကို အစာတွင်ခပ်၍ကျွေးသဖြင့် ပဋိသန္ဓေမတည်ဘဲပျက်ရရှာလေသည်။

ဒုတိယအကြိမ်၌လည်း အထက်နည်းအတိုင်း အဆိပ်ဆေးကျွေးပြန်သည်။ တတိယအကြိမ်၌ ကိုယ်ဝန်ဖျက်ရုံသာမက အမျိုးသမီးလေး၏အသက်ပါ ပါသွားရသည်။

ဤသို့ဖြစ်ရခြင်းမှာ မယားကြီးလက်ချက်ကြောင့်ဖြစ်ရသည်ဟု သိရှိသဖြင့် မသေမီ ဒေါသအလျောက်ရန်ငြိုးတုံ့ပြန်လိုသောစိတ်နှင့် 'ဖြစ်ရာဘဝ နိုင်ရပါစေလို၏' ဟု ဆု[illegible]တောင်းသည့်အတိုင်း သေသည့်နောက် ထိုအိမ်၌ပင်ကြောင်မဖြစ်လေသည်။

မယားကြီး၏ ယုတ်မာမှုကို လင်ဖြစ်သူကသိ၍ -

"နင်သည် ငါ၏အမျိုးအနွယ်ပျက်ခြင်းပြယ်ခြင်းကိုပြုသည်"

ဟု ပြောဆိုလျက် ထောင်းထုရိုက်နှက်ပုတ်ခတ်ခြင်းကြောင့် ၎င်းဒဏ်ချက်ဖြင့်ပင် သေရလေသည်။

သေသည့်နောက် ထိုအိမ်၌ပင်ကြက်မဖြစ်လေရာ ၎င်းကြက်မက ဥများကိုဥရာ ကြောင်မက ဥများကိုစားပြန်သည်။ နောက်ဘဝ၌ ကြက်မသည် ကျားသစ်မဖြစ်၍ ကြောင်မက သမင်ဖြစ်ပြန်လေသည်။ သမင်မကမွေးဖွားသည့်အခါ ကျားသစ်မကစားပြန်သည်။

ဤကဲ့သို့ တစ်ခြောက်[illegible] နောက်ဘဝ၌ သမင်မက ဘီလူး[illegible] ကျားသစ်မက အမျိုးသမီး[illegible] ထိုအခါ၌ ဂေါတမမြတ်စွာဘုရား[illegible] အထင်ရှားရှိ၍ သာသနာတော်ပေါ်[illegible] သည့်အခါဖြစ်လေသည်။

ဘီလူးမနှင့်အမျိုးသမီးတို့မှာ ဘဝအဆက်ဆက်က ရန်ငြိုးထားကြသည့် ကမ္မဝိပါကဝဋ်အတိုင်း အမျိုးသမီးက သားဖွားသည့်အခါ ဘီလူးမက ဥပါယ်တံမျဉ်ဖြင့် ကလေးငယ်ကိုလုယူ၍စားလေ့ရှိသည်။

တတိယအကြိမ်၌ အမျိုးသမီးသည် ဘီလူးမ၏အကြောင်းသိသဖြင့် တိမ်းရှောင်ပုန်းအောင်းနေရာ ဘီလူးမက ၎င်းတို့တိမ်းရှောင်နေရာသို့လိုက်လေသည်။

အမျိုးသမီးက ဘီလူးမလာသည်ကို အဝေးကမြင်သဖြင့် ထိတ်လန့်စွာ ကလေးကိုချီ၍ထွက်ပြေးရာ ဘုရားကျောင်းတော်သို့ ရောက်လေသည်။ ဘီလူးမလည်း အစဉ်တစိုက်လိုက်ရာ အမျိုးသမီးရှိရာ ဘုရားကျောင်းတော်သို့ ရောက်ပြန်သည်။ ထိုနှစ်ဦးတို့သည် မြတ်စွာဘုရားကျောင်းတော်သို့ရောက်ကြ၍ မြတ်စွာဘုရားက -

"နပိဝေရေန ဝေရာနိ"

အစချီလျက် 'ရန်ရန်ချင်း မတုံ့နှင်းရာ' ဟူ၍ ဟောပြောသော တရားတော်ကို နာကြသဖြင့် သင့်မြတ်လေရာ ကလေးမှာလည်း အသက်ချမ်းသာရာရလေသည်။ ဘီလူးမလည်း သောတာပန်ဖြစ်လေသည်။

ထို့နောက် မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူသည့်အတိုင်း ဘီလူးမကို အမျိုးသမီးကခေါ်၍ မိမိ၏ အိမ်မောင်းတင်းကုပ်ထဲမှာနေစေလေသည်။ ၎င်းမှ ဘီလူးမက တောင်းဆိုချက်အရ ဆိတ်ငြိမ်ရာအရပ်ဖြစ်သော ရွာနှင့် မနီးမဝေး တောထဲ၌နေစေပြီးလျှင် နေ့စဉ်ယာဂုထမင်းဦးတို့ဖြင့် လုပ်ကျွေးလေသည်။

ဘီလူးမလည်း ကျေးဇူးတုံ့ပြန်ခြင်းအားဖြင့် အမျိုးသမီးနှင့် ၎င်းမှမွေးသောသားကို စောင့်ရှောက်ပြီး လယ်ယာလုပ်ကိုင်ချိန်အခါ မိုးခေါင်လည်း ရေမရှား မိုးကောင်းလည်း ရေမနစ် [illegible] ချိုင့်ဝှမ်းအရပ်တို့ကိုညွှန်ကြား[illegible] ကြောင့် လုပ်ကိုင်ရာ အပေ[illegible] နှစ်စဉ်ပင် ကောက်ပဲသီးနှံ[illegible] ၍ ကုံလုံကြွယ်ဝချမ်းသာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ကုန်းကြည်းချိုင့်ဝှမ်းနေရာကို မရွေးချယ်နိုင်ကြဘဲ လုပ်ကိုင်ကြသော တစ်ရွာတည်းနေ လယ်သမားများက ချို့ယွင်းပျက်စီးဖန်များ၍ အမျိုးသမီးနှင့် ၎င်း၏သားကို ချဉ်းကပ်မေးမြန်းရာ ဘီလူးမ၏ကျေးဇူးကို ပြောပြသည်နှင့် တစ်ဆင့်မှတစ်ဆင့် ထိုဘီလူးမကို ရွာနှင့်အဝန်း မြို့နှင့်အလိုက် ပူဇော်ပသကြရာမှ ယခုခေတ်ကာလတိုင်အောင် ၎င်းအလေ့အထထင်ရှားလျက်ရှိလေ၏။

ဘီလူးမသည် ဆိတ်ငြိမ်သော နေရာမှပုန်းအောင်းနေရာမှ ကြည်လင်ခြင်းကြောင့် 'ပုန်းမှကြည်' အမည်တွင်သည် ဟုဆိုသည်။ ကာလကြာ၍ 'ပုန်းမကြည်' အမည်တွင်သည်ဟု ဆိုသည်။ ကာလကြာ၍ 'ပုန်းမကြည်' အချို့က 'ဖုန်းမဂျီ' ခေါ်ကြသည်။ အချို့က 'ပုပ္ပကြည်' ဟု ခေါ်သည်။ 'ပုဏ္ဏကျီ' ဟုလည်း ခေါ်သည်။ (ပုဏ္ဏ-ပြည့်စုံခြင်း+ ကျီ-စပါးကျီ) စပါးကျီများကို ပြည့်စုံအောင် ဆောင်ရွက်ပေးသောနတ်ဟု ဆိုသည်။

သသက်ရိုက်ဘာသာ 'ပုဗ္ဗဂြိ' ဟု ဆိုသည်။ (ပုဗ္ဗ-အဦ + ဂြိ-အိမ်) အမိပွာယ် အိမ်ဦးနတ်ဖြစ်သည်။

ဟိန္ဒူများက 'ဂဏိသျှ'၊ မွန်တို့က 'မဲကရီ' ခေါ်ကြသည်။

လယ်သမားများ စပါးလှေ့သော အခါ -

"ဘီလူးမရေ နင့်သားတောင်သူ ပူလှပြီးဟေ့၊ ဘီလူးမရေ တောင်ပေါ်ကလေကိုခေါ်ခဲ့ဟေ့"

ဟုပြော၍ လေချွန်လျှင် စပါးလှေ့နိုင်အောင် လေလာသည်ဟုဆိုသည်။

❑ *ဖုန်းမဂျီရှင်မ နို့ပျဉ်းကိုးတောင်ကျ၊*
*လှည်းဦးမှာပေါ် - သုံးတောင် ကျော်*
*တဲ့၊ တို့စပါး မထွက်သင့်လား။*
*ထွက်သင့်လား - ဟေ့၊*
*ထွက်သင့်ပေ - ထွက်သင့်ပေ၊*
*ဟေလား မောင်တို့ ဝါး*

ကောက်လှိုင်းကြီးကို မိန်းမဝတ်စုံဆင်ယင်ထားပြီး ကောက်ညှင်းပေါင်း၊ အုန်း၊ ငှက်ပျော၊ ကန်တော့ပွဲအစုံအလင် မုန့်ဖြူ၊ မုန့်နီ၊ ကျောက်ပျဉ်၊ သနပ်ခါး၊ မှန်များကိုပါ လှည်းဦးမှာတင်ပြီး ကလေးလူငယ်လူရွယ် ကာလသားများ အတိုင်အဖောက် သံချပ်ထိုးပြီး လက်ခုပ်လက်ဝါးတီးကာ တလင်းထဲရှိ စပါးပုံကို (၇) ပတ်လှည့်ကြသည်။ အချို့သောအရပ်တွင် အိုးစည်ဗုံမောင်းများပါတီးပြီး ပျော်ရွှင်စွာကခုန်ကြသည်။ လှည့်ပတ်ကြသည်။

ဤကဲ့သို့ တင်မြှောက် ပသခြင်းအတွက် စပါးပိုထွက်သည်ဟု ယုံကြည်ကြသည်။

အထက်မြန်မာပြည် အချို့သော ဒေသနှင့် မြေလတ်ဒေသတို့တွင် တပေါင်းလဆန်း၌ 'ဖုန်းမဂျီရှင်မ' ကို အထူးယုံကြည်ပူဇော်ပွဲပြုလုပ်ကြသည်။

**❑ မဟာမြိုင်နတ်သမီး သို့မဟုတ် ဗိဿနိုးနတ်သမီး**

သာသနာတော်နှစ် ၁၀၁ ခုနှစ် သရေခေတ္တရာပြည်၌ ဒွတ္တဘောင်မင်းကြီး ထီးနန်းစိုးစံ၍ ပန်ထွာပြည်တွင် ဗိဿနိုးဘုရင်မ ထီးနန်းစိုးစံလျက် ထီးပြိုင်နန်းပြိုင်ပြုကြသည်။

ဗိဿနိုးဘုရင်မတွင် စံကားသားကိုထွင်း၍ ပုတ်သင်ရေနှင့်ကြက်ထားသောစည်ကြီးတစ်လုံးရှိရာ ထိုစည်ကြီးကို တီးခတ်သောအခါ စည်ကြီးအသံကြားရာအရပ်ဌာနတိုင်းမှာ အခွန်ဘဏ္ဍာတော် ဆက်သကြရလေသည်။

စည်ကြီးအကြောင်း ဒွတ္တဘောင်မင်းကြီးက ကြားသိတော်မူသောအခါ ပညာရှိအမတ် ပဋ္ဋင်းဖြူ၊ ပဋ္ဋင်းညိုတို့အား ဥပါယ်တံမျဉ်နှင့် ထိုစည်ကြီးကို ဖျက်ဆီးရမည်ဟုစေလွှတ်၍ အမတ်နှစ်ယောက်သည် ရဟန်းအသွင်ဆောင်ကာ ပန်ထွာပြည်သို့လာရောက်ပြီး ဗေဒင်ဟောပြောခြင်း၊ ဓာတ်ရိုက်ယတြာချေပေးခြင်း၊ ဆေးဝါးကုသပေးခြင်းပြုနေရာ မှန်ကန်လှသည်ဟု သတင်းဖြစ်ပွားသောကြောင့် ဘုရင်မကပင့်ခေါ်ပြီး သူမ၏ဇာတာကိုတွက်ချက်စေရာ မှန်ကန်သည်နှင့် နန်းဦးဆရာတော်နှစ်ပါးအဖြစ်နှင့် ကိုးကွယ်ထားလေသည်။

တစ်ရံရောအခါ ရဟန်းတုနှစ်ပါးက ဘုရင်မ၏စည်တော်သည် ယခုအတိုင်းထက် လက်နှစ်သစ်လျှော့ဖြတ်ပြီး အသစ်ထပ်မံကြက်ရပါလျှင် ယခုထက် တိုး၍မြည်ပြီး အခွန်ဘဏ္ဍာတော်တို့မှာလည်း တိုးတက်ရလိမ့်မည်ဟုဆိုရာ ဘုရင်မက ယုံကြည်ပြီး စည်ကြီးကို လက်နှစ်သစ်ဖြတ်၍ ပြန်ကြက်စေရာ ရှေးကထက်တိုး၍မြည်ကာ အခွန်ဘဏ္ဍာတော်များမှာလည်း ဆတက်ထမ်းပိုးတိုး၍ ရရှိလာလေသည်။

ကာလအတန်ကြာသောအခါတွင် ရှေးနည်းအတိုင်း စည်ကြီးကို လက်နှစ်သစ်လျှော့ကြက်ရန် အကြံပေးပြန်သဖြင့် ဘုရင်မက လက်နှစ်သစ်လျှော့ဖြတ်ရာ စည်ကြီးပျက်ရလေတော့၏။ ရဟန်းတုနှစ်ယောက်လည်း သရေခေတ္တရာပြည်သို့ပြန်ပြေးပြီး မင်းကြီးကို သံတော်ဦးတင်လေသည်။

ဘုရင်မလည်း စိတ်အပျက်ကြီးပျက်ပြီး စည်ကြီးကို နန်းတော်ပေါ်မှ ကန်ချလေရာ စည်ကြီးလိမ့်ကျသွားရာ တစ်လျှောက် ချောင်းဖြစ်သွားလေသည်။ ၎င်းချောင်းကို ရှေးအခါ 'စည်တုံးလုံးချောင်း' ဟု ခေါ်သည်။ နောက်ကာလကြာ၍ 'စည်တလုံးချောင်း'၊ ယခု 'စည်ဒုံးချောင်း' ဟု ခေါ်သည်။

ဘုရင်မသည် ဒွတ္တဘောင်မင်းကြီးအပေါ် ရန်ငြိုးထားပြီး -

"ငါ၏ စည်ကို ဖျက်ဆီးသည့်အတွက် သူ၏နဖူး၌ရှိသော မဲ့ရှင်ကိုလည်း ပျောက်ကွယ်အောင်လုပ်အံ့"

ဟု သန္နိဋ္ဌာန်ချလေသည်။

ထိုအချိန်မှစ၍ ရတနာသုံးပါးကို ယုံကြည်ခြင်းမရှိတော့ဘဲ မိစ္ဆာအယူသို့ ပြောင်းလိုက်သည်။

ဒွတ္တဘောင်မင်းကြီး၏ ကံကြမ္မာလည်းကုန်ခွင့်ကြုံသည်နှင့် မုန့်သည်မ တစ်ယောက်လျှုထားသော ကျောင်းဝတ်မြေလယ်ငါးပယ်မျှကို မင်းအာဏာဖြင့်သိမ်းယူမိသဖြင့် သိကြားမင်းဆက်သထားသော စည်ကြီး၊ ခေါင်းလောင်းနတ်မြင်းပျံ၊ အရိန္ဒမာလှံတို့သည်လည်း တန်ခိုးမရှိတော့သည်သာမက အခွန်ဘဏ္ဍာတော်များလည်းမဆက်သဘဲနေကြခြင်း၊ ၎င်းအပြင် ပညာရှိပဋ္ဋင်းဖြူ ပဋ္ဋင်းညိုတို့ကိုလည်း ယုံကြည်ခြင်းမရှိဘဲ ဥပါယ်တံမျဉ်ဖြင့် သတ်မှားမိခြင်းများ ဖြစ်လာသည်။

မင်းကြီးကိုယ်တိုင် နဂါးကြွေးလှေကိုစီးပြီး ဇမ္ဗူဒိပ်ကျွန်းသို့လှည့်လည်ရာ ပန်ထွာမြို့သို့ရောက်လေလျှင် ဘုရင်မက မကောင်းသောအဝတ်တို့ဖြင့်စီရင်ထားသော မျက်နှာသုတ်ရန်အဝတ်ကို စူးစမ်းဆင်ခြင်ခြင်းမရှိဘဲ မျက်နှာသုတ်မိ၍ နဖူး၌တည်ရှိသော မဲ့ရှင်ပျောက်ကွယ်သွားပြီး စိတ်နှလုံးမချမ်းမသာဖြစ်၍ပြန်ခဲ့ရလေသည်။

ဘုရင်မသည် ပန်ထွာပြည်တွင် အသက်ထက်ဆုံးခံစား၍ ကွယ်လွန်သောအခါ မဟာမြိုင်တောကိုအစိုးရသော မဟာမြိုင်နတ်သမီးဖြစ်၍ 'မဟာမြိုင်နတ်သမီး' ဟူ၍လည်းကောင်း၊ 'ဗိဿနိုးနတ်သမီး' ဟူ၍ လည်းကောင်း ခေါ်



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွှန်ဆေး)

# တောဖရုံဆေးရွက် လေးဖက်နာအတွက်

တောဖရုံဆေးရွက်နှင့် ငါးခူ တစ်ဆယ်သားချက်စားရသောလေးဖက်နာရောဂါပျောက်ကင်းသည့် ဆေးနည်းကို အခါအားလျော်စွာ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။

လေးဖက်နာရောဂါအတွက် တောဖရုံဆေးခတ်စာစီမံစားသုံးမည်ဆိုပါမူ တောဖရုံဆေးရွက်အစစ်ရရှိရန် အခရာကျသည်ဟု ဆိုချင်ပါသည်။ တောဖရုံဆေးရွက်စစ်ရရှိရန်လိုသည်ဟု ဖော်ပြရခြင်းမှာ အကြောင်းရှိ၍ ဖြစ်ပါသည်။ တောဖရုံဆေးရွက်ဟု ခေါ်ကြသော်လည်း မတူတာတွေရှိပါသည်။

တောဖရုံဆေးရွက်အစစ်သည် စိမ်းစိမ်းစိုစိုအဆင်းရှိပြီး အရွက်မျက်နှာပြင်ပေါ်တွင် မွေးနုလေးများပါရှိသည်။ ကိုင်ကြည့်လျှင် နူးညံ့ချောမွေ့နေသည်။ အပင်တစ်ပင်တွင် အရွက် (၅) ရွက်သို့မဟုတ် (၆) ရွက်ခန့်သာ ခပ်ကျဲကျဲထွက်တတ်သည်။ ရိုးတံအစိမ်းနုရောင်ရှိသည်။ နွေရာသီတွင် အရွက်သေးပြီး မိုးရာသီရေမြေကောင်းလျှင် အရွက်များသန်မာကြီးထွားတတ်သည်။ ထွက်လာသည့်အရွက်များမှာ ထောင်မတ်မနေဘဲ ဘေးသို့ပြန့်ကားကျနေတတ်သည်။

တောဖရုံနောက်တစ်မျိုးမှာ လက်ဝါးအရွယ်ခန့်ရှိ အရွက်များလက်ယှက်ထိုး စုပြုံထွက်သည်။ အစိမ်းရင့်ရင့်ရှိပြီး အရွက်များထောင်ထောင်ရှိ၏။ အရွက်မျက်နှာပြင်မှာအနည်းငယ်ကြမ်းသည်။ အရွက်များမှာ နွေ၊မိုး၊ဆောင်းအရွယ်ညီတူ ထွက်တတ်သည်။ လေးဖက်နာရောဂါကို သက်သာစေရုံသာရှိပြီး အမြစ်ပြတ်ပျောက်ကင်းနိုင်မှုမရှိပါ။

နောက်ထပ်တစ်မျိုးမှာ တောဖရုံဟုပြောသော်လည်း မူရင်းအမည်မှာ ကျားနှုတ်ခမ်းမွေးပင် ဖြစ်ပါသည်။ အရွက်များမှာ ရှည်မျောမျောရှိသည်။ အရွက်အရောင်အစိမ်းဖြစ်ပြီး မျက်နှာပြင်ပြောင်ချောနေသည်။ အရွက်ကြီးသော်လည်း နွေရာသီတွင် အရွက်သေးသေးသာထွက်သည်။လေးဖက်နာရောဂါအတွက် သက်သာမှုကို ပေးစွမ်းနိုင်ပါသည်။ ပေါင်းတလည်ဘက်တွင် ထိုအပင်မျိုးကို အမြစ်ပါမကျန် နုတ်ယူ၊ ရေဆေးသန့်စင်ပြီး သုံးခွက်တင်ခွက်တင်ကျိုသောက်ပါက ကျောက်ကပ်ဝေဒနာလက်တွေ့ပျောက်ကင်းသည်ဟု သိရပါသည်။

တောဖရုံတစ်မျိုးမှာ မြေလျှောက်နွယ်ပင်ငယ်ဖြစ်သည်။ အရွက်သေး၏။ ရိုးတံနီဖျော့ဖျော့ရှိသည်။ ပေါ်များစွာကိုလည်း ပေါက်ရောက်တတ်သည်။ လေးဖက်နာရောဂါအတွက်မူ လုံးဝမစားသုံးသင့်ပါ။

❑

တောဖရုံပင်ဆိုသဖြင့် အများစုက ရွှေဖရုံသီးပင်၊ ကျောက်ဖရုံသီးပင်တို့ကို ပြေးမြင်တတ်ကြသည်။ တောဖရုံပင်မှာ နွယ်ပင်မျိုးမဟုတ်ပါ။ အသီးလုံးကြီးကြီးမားမားလည်းမသီးပါ။ ကျောက်ဖရုံ၊ ရွှေဖရုံပင်များနှင့် လုံးဝတူညီမှုမရှိပါ။ တောဖရုံပင်မှာ မြေတွင်ခပ်ဝပ်ဝပ်သာပေါက်ရောက်ပါသည်။ ရွှေဖရုံ၊ ကျောက်ဖရုံတို့ကဲ့သို့အသီးအလုံးကြီးကြီးမသီးပါ။ နှစ်စဉ်နှဝင်ဘာလမှ မတ်လအတွင်းအပွင့်ပွင့်ခြင်း အသီးသီးခြင်းများရှိပါသည်။ အပွင့်မှာ ခေဒါပန်းပွင့်အရောင်ရှိပြီး သေးငယ်သောအတောင့်ငယ်လေးများသီးပါသည်။ အတောင့်ငယ်လေးထဲမှ အစေ့လေးများမှာ မုန်ညင်းစေ့အရွယ်ထက်ပင် သေးငယ်လှပါသည်။ လွင့်စဉ်ကျသော ထိုအစေ့လေးများက မိုးရာသီတွင် အပင်ကလေးများပေါက်လာတတ်ပါသည်။

လေးဖက်နာဝေဒနာခံစားနေရသူများသည် ရောဂါပျောက်ကင်းရန်အတွက် တောဖရုံဆေးရွက်စစ်စစ်ကို ရယူသုံးစွဲပါဟု တိုက်တွန်းလိုပါသည်။ တောဖရုံဆေးရွက် (၃)၊ (၄) ရွက်ခန့်ကို ငါးခူတစ်ဆယ်သားခန့်နှင့် ချက်စားပါက ခံစားနေရသည့် လေးဖက်နာ၊ ဂေါက်၊ သွေးလေးဖက်နာ၊ အရေပြားလေးဖက်နာရောဂါများ သက်သာပျောက်ကင်းပါလိမ့်မည်။ တစ်ကြိမ်တည်း စီမံစားသုံးရုံနှင့်မပျောက်နိုင်ပါ။ (၃) ကြိမ်မှ (၅) ကြိမ်အထိ ရက်သတ္တ (၁) ပတ်၊ (၂) ပတ်ခြားစားသုံးပေးစေလိုကြောင်း ရေးသားဖော်ပြအပ်ပါသည်။

နေဝင်းဝင်း (လွှန်ဆေး)

---

ကြသည်။

ဘုရင်မဘဝက စွဲလမ်းခဲ့သော ဉပါဒါန်သည် နတ်ဘဝ၌ ကိန်းအောင်းနေသောကြောင့် စည်ဒိုးချောင်းကိုဖြတ်ကူးသောသူများအား ရတနာသုံးပါးဂုဏ်တော်များ အောက်မေ့ရွတ်ဆိုပြီးကူးလျှင် ရေလွှမ်းမိုး၍ သတ်ပစ်တတ်သည်။ ကြောဝဲ့မနာသာ အလင်္ကာစကားပြောဆိုပြီး ကူးသွားလျှင် ရေတိမ်မှန်းမသိတိမ်၍ ဘစ်ဖက်ကမ်းသို့ ချမ်းသာစွာရောက်သွားကြရသည်ဟုဆိုသည်။

စည်ဒိုးချောင်းမှာ ချောင်းဟုဆိုသော်လည်း ချိုင့်ဝှမ်းသောနေရာမရှိ ဘကတိမြေပြင်နှင့်သာညီနေသောသဲပြင်ကြီးသာဖြစ်ပြီး ချောင်းနေရာမှာလည်း အတည်တကျမရှိ။ မိုးရာသီကျမှ ချောင်းဖြစ်ချင်ရာ လျှောက်ဖြစ်သွားတတ်သည်။

မိုးဦးလေဦးခေါင်သောအခါ ဗင်းဒေသရှိလူများက ချောင်းဖြစ်တတ်သောနေရာတွင် သဲပုံစေတီတည်ပြီး ပူဇော်ပွဲကျင်းပသည်နှင့်တစ်ပြိုင်နက် အထက်မှရေလုံးကြီးများစီးဆင်းလာကာ ချောင်းတစ်ခုလုံးရေပြည့်လျှံပြီး သဲပုံစေတီပါ လွှမ်းမိုးသွားတတ်လေသည်။ စည်ဒိုးချောင်းရှိသော မဟာမြိုင်ဒေသသည် ရွှေဘိုခရိုင်၊ ရေဦးမြို့မှ မိုင် (၂၀)၊ တန့်ဆည်မြို့မှ (၉) မိုင်ကွာသည်။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက် -**

အမျိုးသားပညာဝန်ဦးဖိုးကျား (၃၇)မင်း

The Thirty - seven Nrts

A Phase of Spirit - Worship prevailing in Burma by SIR R.C. TEMPLE.

The Thirty - seven Nrts

A Phase of Spirit - Worship prevailing in Burma by SIR R.C. TEMPLE.



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကျွန်တော် ကလေးမြို့တွင် တာဝန်ထမ်းဆောင်နေခိုက် ဖြစ်သည်။ ကလေးမြို့တွင် ကင်းစခန်းသုံးခုရှိသည်။ တစ်ခုကို ကြို့သုံးပင်ဟု ခေါ်သည်။ သည်စခန်းမှာ ချင်းတောင်တန်းနှင့် လူရှည်တောင်တန်းဒေသမှလာသော ခရီးသည်များ ကားများကိုစစ်ဆေးသော ဂိတ်ဖြစ်သည်။ အရာရှိမထားဘဲ အမှုထမ်းများကိုသာ အလှည့်ကျတာဝန်ထမ်းဆောင်စေသောကင်းစခန်း ဖြစ်၏။ အခြားကင်းစခန်းတစ်ခုကို ဖက်ယားရေရှင်စခန်းဟု ခေါ်သည်။ ကလေး - တမူးလမ်းတွင်ရှိပြီး အလွန်ချောင်ကျသည်။ ကျန်စခန်းတစ်ခုမှာ ကျိုကုန်းကင်းစခန်း ဖြစ်သည်။ သည်စခန်းမှာတော့ အရာရှိတစ်ဦးခေါင်းဆောင်ပြီး အမှုထမ်းလေးဦးကို တာဝန်ချထားသည်။

မြစ်သာမြစ်သည် ယော၊ ဆောနယ်မှ မြစ်ဖျားခံပြီး စီးဆင်းလာလိုက်ရာ ကလေးမြို့နယ်သို့ရောက်သော် မြို့ဘေးမှကပ်လျက် မြောက်ဘက်သို့ပြောင်းပြန်စီးဆင်းသွားသည်။ ကလေး-ကလေးဝကားလမ်းသည် ထိုမြစ်သာမြစ်ဘေးမှကပ်ပြီး တောင်ကြားလွင်ပြင်များကိုဖြတ်သန်းကာ ချင်းတွင်းမြစ်ကမ်းပါးတွင်တည်ရှိသော ကလေးဝမြို့သို့အရောက်ဖောက်ထားခြင်းဖြစ်သည်။ ကလေးမြို့မှ



www.burmeseclassic.com

www.burmeseclassic.com

# မဟာသျှံ

## မျက်နှာအသစ်နဲ့လူ



ထွက်လျှင် ကျိုကုန်း၊ နတ်ကြီးကုန်း၊ ကျောက်မီးသွေးဂိတ်စသဖြင့် ရွာများက ထိုကားလမ်းပေါ်တွင် တည်ရှိနေကြသည်။

ကျိုကုန်းရွာသည် ကလေးမြို့မှ (၆) မိုင်ဝေးကွာပြီး မြစ်သာမြစ်ကမ်းပါးပေါ်ရှိ ကျေးရွာတစ်ရွာ ဖြစ်သည်။ ကလေး-ကလေးဝ-တမူး သုံးမြို့သို့သွားသောလမ်းခွဆုံရွာဖြစ်သည်။ ကျွန်တော်တို့ တာဝန်ကျသော ကလေးမြို့သည် ထိုကျိုကုန်းရွာတွင် ကင်းစခန်းတစ်ခု ထုတ်ထားသည်။ အဆိုပါ လမ်းသုံးခွဆုံတွင် ကျေးရွာဓမ္မာရုံတည်ရှိပြီး ဓမ္မာရုံနှင့်ကပ်လျက် ကျွန်တော်တို့ရုံးက တည်ရှိနေခြင်း ဖြစ်သည်။ ရုံးတွင် တံခါးနှစ်ပေါက် ရှိသည်။ ညာဘက်အပေါက်မှထွက်လျှင် ကလေး-ကလေးဝ ကားလမ်းပေါ်ရောက်၍ ဘယ်ဘက်က ထွက်လျှင် ကလေး-တမူးကားလမ်းပေါ် ရောက်သည်။ ကျွန်တော်တို့ အရာရှိများက ထိုရုံးတွင် တစ်ပတ်စီတာဝန်ထမ်းဆောင်ရပါသည်။



ရုံး၏ညာဘက်အပေါက်အနီးမှာ ဂိတ်မောင်းတန်ရှိသည်။ မောင်းတန်အောက်မှဆက်သွားလျှင် ကျွန်တော်တို့ ထမင်းစားသော ဦးအောင်မြို့၏အိမ်သို့ ရောက်သည်။

အိမ်ရှင် ဦးအောင်မြို့၊ ဇနီးဒေါ်သိန်းရှင်တို့တွင် သမီး (၄)ယောက်ရှိသည်။ အကြီးဆုံးကို မဖွားရွှေဟု ခေါ်သည်။ သူက ကျွန်တော်တို့၏စားရေးသောက်ရေးကို တာဝန်ယူရသည်။ သူ့အောက်တွင် မအေးငွေဟု ခေါ်သော ကလေးမလေးရှိသည်။သူမက သူတို့အိမ်မှာဖွင့်ထားသောဈေးဆိုင်မှာ ဈေးရောင်းရသည်။ သည်ရွာမှာ ကျွန်တော်တို့က ကားစစ်သောကြောင့် ရုံးအနီးအနားမှ အိမ်အားလုံး ဈေးဆိုင်ဖြစ်နေကြသည်။ ဈေးဆိုင်ဆိုသော်လည်း အထွေအထူးမရှိပါ။ ကြက်သားကိုတုံးပြီးကြော်ကာ တုတ်တံနှင့်ထိုးကာရောင်းသော ကြက်သားတုတ်ထိုး၊ ကြံများကိုတုံးပြီး တုတ်တံနှင့်သီကာရောင်းသော ကြံပန်းခိုင်၊ မောင်တိုးတို့အမေရောင်းသောခါကျာမုန့်နှင့် ဒေါ်အေးဘုံရောင်းသော အကြော်စုံစသည်ဖြင့် ကိုယ်လုပ်တတ်သည်ကိုလုပ်ရောင်းသောဈေးဆိုင်များသာဖြစ်သည်။ ကားတစ်စီးရပ်လျှင် ဈေးသည်များဖြင့် ဆူညံနေတော့သည်။

ကျွန်တော်တို့ ထမင်းစားသော မဖွားရွှေတို့အိမ်မှာ ရုံးနှင့်နီးသောကြောင့် ကားများက ထိုအိမ်ရှေ့တွင်ရပ်သည်။ ခရီးသည်များက ကားပေါ်မှဆင်းလျှင် သူတို့ဆိုင်ကိုတန်းရောက်၏။ ထို့ကြောင့် ဆိုင်မှာ လူအမြဲပြည့်နေပါသည်။ သူတို့ဆိုင်၏ရောင်းရေးဝယ်ရေးကို မဖွားရွှေ၏ အမေနှင့်ညီမက တာဝန်ယူထားသည်။ သူတို့လည်း ခရီးသည်ကျလျှင် ရောင်းရေး



ဝယ်ရေးကိုလုံးပန်းရသဖြင့် ချက်ရေးပြုတ်ရေးနှင့် ကျွန်တော်တို့ကိုကျွေးမွေးရေးတာဝန်မှာ မဖွားရွှေတွင် လုံးလုံးတာဝန်ကျနေသဖြင့် သူမမှာ ကျွန်တော်တို့ဘက်တွင်သာ အနေများ[illegible]။

ကျိုကုန်းကြက်[illegible]

မှာ နာမည်ကြီး၏၊ အိမ်[illegible]


သူရှုမဂ္ဂဇင်း

www.burmeseclassic.com

ကြော်ပြီး လတ်လတ်ဆတ်ဆတ်ရောင်းခြင်းဖြစ်၍ နာမည်ကြီးခြင်းဖြစ်ပြီး ခါကျာမုန့်မှာ ကြီးလည်းကြီး၊ ပွလည်းပွသောကြောင့် ဖြစ်သည်။ ကားသမားများနှင့် ခရီးသည်များသည် ကျိုကုန်းရောက်လျှင် ကြက်ကြော်နှင့် ခါကျာမုန့်ကိုစားသည်။ အိမ်ပြန်လက်ဆောင်လည်း တစ်ထုပ်၊ နှစ်ထုပ်တော့ ဝယ်သွားကြမြဲဖြစ်သည်။

မအေးငွေက ကြက်ကြော်တုတ်ထိုးရောင်းသည်။ ရောင်းသည်ဆိုသော်လည်း လည်ရောင်းခြင်းမဟုတ်။ အိမ်အောက်ထပ်တွင်စားပွဲရှည်တစ်လုံးချထားပြီး ရေနွေးကြမ်းချကာ ကြက်ကြော်များကို ပန်းကန်ပြားတွင်ထည့်ထားသည်။ စားသုံးသူများက ဆိုင်မှာထိုင်ပြီးစားသွားခြင်း ဖြစ်သည်။ ထိုစဉ်က ဈေးလည်းပေါသေးရာ အသားတုံးခြောက်တုံးခန့်ပါသောကြက်ကြော်သီတံတစ်ခုမှ သုံးကျပ်သာပေးရသည်။ သူ့ဆိုင်သည် ကျွန်တော်တို့ရုံးနှင့်နီးသောကြောင့် လူအမြဲပြည့်နေပြီး ဘာမှမစားသူများလည်းဝင်ထိုင်ကြသည်။ သို့သော် ကြက်ကြော်က မွှေးနေသောကြောင့် သီတံတစ်ချောင်း၊ နှစ်ချောင်းတော့ စားဖြစ်ကြပါသည်။

သူ့အောက်မှာ မိန်းကလေးနှစ်ယောက်ရှိသေးသည်။ သူတို့ကတော့ ကျောင်းတက်နေဆဲဖြစ်သည်။ မဖွားရွှေသည် အသက် (၂၅) နှစ်ခန့်ရှိပြီး အပျိုကြီးဖြစ်သည်။ တောသူဖြစ်ခြင်းကြောင့် ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းကျန်းမာပြီး ကြည့်ပျော်ရှုပျော်ဖြစ်သော်လည်း မျက်စိတစ်ဖက်ပျက်နေသည်။ အတွင်းတွင် မျက်လုံးမရှိသောကြောင့် မျက်ခွံကပိတ်နေပြီး ပါးတစ်ဖက်က အနည်းငယ်ရွဲ့နေသည်။ ထို့ကြောင့် သူ့ကိုကြည့်လျှင် မျက်စိမှိတ်ပြီး နှုတ်ခမ်းရွဲ့ပြနေသလိုဖြစ်နေသည်။ မွေးရာပါ ချို့ယွင်းချက်ဖြစ်သောကြောင့်တစ်ကြောင်း၊ တောအရပ်မှာနေသူဖြစ်သောကြောင့်တစ်ကြောင်း ဝဋ်နာကံနာသဘောထားပြီး မပြုမပြင်ဘဲ နဂိုအတိုင်းထားပြီးနေလာလိုက်ခြင်းဖြစ်သည်။ သူသည် ရုပ်အဆင်းပျက်နေသောကြောင့် အိမ်ပြင်သိပ်ထွက်လေ့မရှိပေ။ ကျွန်တော်တို့ကတော့ မြင်ပါများတော့ပြယ် ဟူသော စကားအတိုင်း နေ့တိုင်း တွေ့မြင်နေရသောကြောင့် ရိုးသွားပြီး သူ့ရုပ်အဆင်းပျက်နေသည်ကို သတိပင်မထားမိတော့ပေ။

မဖွားရွှေကို အဲရွှေဟုလည်းခေါ်သည်။ ထိုအရပ်မှာ ယောနယ်နှင့်နီးကပ်သောကြောင့် ယောစကားဖြင့် အဲရွှေဟုခေါ်ခြင်း ဖြစ်သည်။ သူသည် သဘောအလွန်ကောင်းပြီး ကျွန်တော်တို့ကို အမြဲပင် စေတနာနှင့် ကျွေးမွေးသည်။ ကျွန်တော်တို့အထဲတွင် ဟင်းကြေးများသူများရှိသည်။ ဟင်းဆိုလျှင် ဆီပြန်မှကြိုက်သူရှိသည်။ အချို့က ဆီများလျှင် မစားတတ်၊ ပြုတ်ကြော်လုပ်ပေးရသည်။ အချို့က ထမင်းပွဲတွင် ဟင်းသီးဟင်းရွက်တစ်မျိုးမျိုးပါမှ ကြိုက်သည်။ အချို့က ငါးဟင်းကြိုက်သည်။ အချို့က တောကောင်ဟင်းကြိုက်သည်။ ငါးပိထောင်းကလေးပါမှ စားဝင်သူလည်းရှိသည်။ ဝါတွင်းကာလ သက်သတ်လွတ်သမားကလည်းရှိသေးသည်။ လူအမျိုးမျိုးဖြစ်သည်။ သည်ကြားထဲ အရက်သောက်သူများလည်းရှိသေးရာ သူတို့အတွက်လည်း ညနေပိုင်းတွင် စားကောင်းသောက်ဖွယ်ရာများကို ပြင်ဆင်ပေးရသေးသည်။ အားလုံး အဆင်ပြေအောင် အဲရွှေက စီမံပေးပါသည်။

ကလေး-တမူးလမ်းတွင် ခမ်းပတ်၊ ဘုတ်ကန်၊ နေကျော်ကြီးကုန်း ဆိုသောအရပ်များရှိသည် အင်တောချည်းဖြစ်သည်။ မိုးဦးကျဆိုလျှင် ထိုတောတွင် ဖက်ဆွတ်မှိုအလွန်ပေါသည်။ ဖွတ်ဥလည်းပေါသည်။ ထိုအချိန်ဆိုလျှင် နံနက်ပိုင်းကို ဖွတ်ဥပြုတ်အလုံး (၂၀) လောက်နှင့် လက်ဖက်ရည်သောက်ရသည်။ ဖွတ်ဥသည် အလွန်ဆိမ့်သည်။ ဥမှာ ကြက်ဥအရွယ်ဖြစ်ပြီး ရှည်ရှည်မျောမျောကလေးဖြစ်သည်။ အတွင်းတွင် အကာမပါ လိပ်ဥကဲ့သို့ အနှစ်ချည်းပဲဖြစ်သည်။ နံနက်စာတွင် မှိုနှင့် ကန်စွန်းရွက်ကြော်အမြဲစားရသည်။ နွေရာသီတွင် တောထဲမှ စပ်ပွှမ်းပင်ဟုခေါ်သော ချဉ်ဖန်ဖန်အရွက်များရသည်။ ထိုအရွက်ကို ချဉ်ရည်ချက်ကျွေးသည်။ ကျွန်တော်တို့မှာ စား၍အလွန်ကောင်းသဖြင့် ခေါင်းပင်မဖော်နိုင်ပေ။ အဲရွှေသည် ထမင်းကို လခနှင့်ကျွေးသော်လည်း စေတနာထားကာ ချက်ပြုတ်ကျွေးသောကြောင့် ကျွန်တော်တို့မှာ ကိုယ့်အိမ်မှာစားသလိုပင် စားနေရသဖြင့် စားရေးသောက်ရေး အဆင်ပြေနေလေသည်။ သည်ကြားထဲ အရက်မူးပြီး ဂျီကျလျှင်လည်း သည်းခံသည်။ ထို့ကြောင့် အဲရွှေကို စခန်းတာဝန်ကျ ဝန်ထမ်းတိုင်း ခင်မင်ကြပါသည်။

ကလေးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအုပ်စုတွင် ကိုအေးမြင့်ကို လူသိများသည်။ အသားဖြူဖြူ၊ ကိုယ်လုံးတုတ်တုတ်၊ နှုတ်ခမ်းမွှေးစစနှင့် ကြည့်ပျော်ရှုပျော်ရှိသောကြောင့် သူ့ကို ထိုစဉ်က အလွန်နာမည်ကြီးနေသည့် ရုပ်ရှင်မင်းသားဝင်းဦးနှင့် တူသည်ဆိုပြီး ဝင်းဦးဟုခေါ်ကြသည်။ သူ့ဇနီးသည်ကလည်း ရုပ်ရှင်မင်းသမီး ခင်သန်းနုပုံစံမျိုးဖြစ်သည်။ အသားဖြူဖြူ၊ မျက်လုံး မျက်ဖန်ကောင်းကောင်း၊ အရပ်အမောင်းကောင်းကောင်းနှင့် အတော်ပင်ချောသည်။ သူတို့နှစ်ယောက်သည် ရှေ့သွားနောက်လိုက်အလွန်ညီသောအတွဲ ဖြစ်သည်။ တက္ကသိုလ်ကျောင်းမှာကတည်းကတွဲလာသောအတွဲလည်းဖြစ်၍ ငယ်ချစ်များဖြစ်ကြသည်။ သူတို့အတွဲကိုမြင်ရလျှင် တွေ့မြင်သူတိုင်းအားကျသည်။

ကျောင်းမှာရှိစဉ် ကိုအေးမြင့်နှင့်ဇနီး မခင်သန်းဝင်းတို့က ဇူလော်ဂျီယူကြသည်။ အတန်းတူဖြစ်သည်။ သူတို့နှစ်ဦးကို ဘွဲ့နှင်းသဘင်ခန်းမရှေ့က ခြင်္သေ့ရုပ်ကြီးဘေးမှာထိုင်နေသည်။ တက္ကသိုလ်စာကြည့်တိုက်ဘေးက ကုံကော်တောမှာ ထိုင်နေသည်။ အားကစားရုံဘေးကကျောက်ခုံမှာထိုင်နေသည်။ သစ်ပုတ်ပင်ကြီးအောက်ကမြက်ခင်းမှာထိုင်နေသည်၊ နေရာအနှံ့တွင် သူတို့ကိုတွေ့မြင်ရသည်၊ အတွဲလည်းညီ၍ တစ်ဦးကိုတစ်ဦးလည်း အလွန်ပင်ချစ်ကြသည်။ ကျွန်တော်နှင့် ကိုအေးမြင့်က တစ်နှစ်တည်း ကျောင်းရောက်၊ မေဂျာလည်းတူ၊ ကျောင်းဆင်းတော့လည်းတူသည်ဖြစ်ရာ သူတို့၏ တက္ကသိုလ်ကဇာတ်လမ်းကို သိနေခြင်းဖြစ်သည်။ အလုပ်ဝင်တော့လည်း အတူဝင်၊ တာဝန်ကျတော့လည်း အတူကျနေ၍ ကျွန်တော်တို့နှစ်ယောက်က အလုပ်ထဲမှာလည်း အတွဲများပါသည်။

ကလေးငယ်မရှိသေးသောကြောင့် ကိုအေးမြင့်ရုံးမှာရှိသောရက်များတွင် စက်ဘီးကယ်ရီယာပေါ် ဇနီးကိုတင်ပြီး နေရာအနှံ့သွားလာလည်ပတ်လေ့ရှိ၏။ ကလေးမြို့သည် မြစ်သာမြစ်ကမ်းဘေးမှ မြို့ဖြစ်ရာ မြစ်ဆိပ်ရှိသည်။ ကျွန်တော်တို့ရုံးနှင့်တော့ အတော်ကလေးလှမ်းပါသည်။ သူတို့သည် ထိုမြစ်ဆိပ်ကမ်းသို့လည်း သွားလာလည်ပတ်တတ်သည်၊ ဆရာတော်ဦးမွှေကျောင်းမှာ စကားလှဘုရားဆိုသော ရှေးဟောင်းဘုရားကြီးတစ်ဆူရှိသည်။ လူတစ်ရပ်နီးပါးရှိသည့် ဟိုရှေးယခင် အလောင်းစည်သူမင်းတိုင်းခန်းလှည့်စဉ်ကာလက စီးလာသောဖောင်မှ စံကားသားလှေရွက်တိုင်ကိုဖြတ်

www.burmeseclassic.com

ပြီး ဘုရားထုကာ ဒေသခံများကို ပူဇော်ဖို့ ချီးမြှင့်ခဲ့ရာ ယခုဘုန်းကြီးကျောင်းမှာ ရောက်နေသည်။ ထိုဘုရားကိုလည်း သူတို့လင်မယား သွားဖူးလိုက်ကြသေးသည်။ နေရာအနှံ့သွားလာလည်ပတ်နေကြသည်။ ကျွန်တော်ကတော့ ကလေးနှစ်ယောက်ရှိ၍ အပြင်သို့သိပ်မထွက်နိုင်။ ရုံးဝင်းထဲမှာပင် ကလေးများနှင့် အနေများသည်။

❑

တစ်နေ့တွင် ကိုအေးမြင့် အိပ်ရာလိပ်ကိုတင်ပြီး မြို့နယ်မှူးကိုသတင်းပို့ကာ ရုံးကားနှင့်ထွက်သွားသည်ကိုမြင်လိုက်ရသည်။ ဘယ်သူ့ကိုမှလည်း နှုတ်မဆက်၊ ဘယ်ထွက်သွားသည်ကိုလဲ မပြောပေ။ နောက်မှ ကြို့သုံးပင်ကင်းစခန်းသို့ ညအိပ်ခရီးထွက်သွားခြင်း ဖြစ်သည်ဟု သိရသည်။ ကြို့သုံးပင်ကင်းစခန်းမှာ အရာရှိကင်းစခန်းမဟုတ်ဘဲ အမှုထမ်းများသာ တာဝန်ချသော ကင်းစခန်းဖြစ်ရာ ထူးဆန်းနေသည်။ နောက်မှ သတင်းတစ်ခုရထားသောကြောင့် ဘယ်သူ့ကိုမျှမပြောဘဲ ထွက်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ သူငယ်ချင်းဖြစ်သော ကျွန်တော့်ကိုပင်မပြောဘဲ ထွက်သွားသည်မှာ သတင်းက အတော်ခိုင်လုံပြီး အတော်အရေးကြီး၍ဖြစ်မည်ဟု ထင်ရသည်။ သို့သော် ကျွန်တော့်ဇနီးက ညနေပိုင်းကျမှ အဖြစ်အပျက်ကို ပြောပြသည်။

"မနေ့ညက ကိုအေးမြင့်တို့လင်မယားစကားများတယ်"

"ဘယ့်နှယ် စကားများရတာလဲ။ သူကျိုးကုန်းစခန်းကပြန်လာတာမှ မကြာသေးတာ"

"အဲဒါပေါ့၊ ကျိုကုန်းကင်းစခန်းမှာ ဖြစ်ခဲ့တဲ့ဇာတ်လမ်းလေ"

"ဘာဇာတ်လမ်းလဲ၊ ကျိုးကုန်းမှာ ဇာတ်လမ်းဖြစ်စရာအကြောင်းမရှိပါဘူး"

"ရှင်တို့ကသာမရှိတာ၊ သူတို့မှာ ပြဿနာက အတော်ကြီးတယ်တော်ရေ့"

❑

ပြဿနာမှာ ကိုအေးမြင့် အပျော်လွန်ခြင်းကြောင့် ဖြစ်သည်။

သူကျိုကုန်းကင်းစခန်းမှာ တာဝန်ကျနေစဉ် တစ်ရက် ညနေ (၆) နာရီကျော်ကျော်တွင် ဆရာတော်ဦးဓမ္မ၏ လင့်ရိုဗာကားနှင့်ဂျစ်ကားတစ်စီး စခန်းသို့ဆိုက်လာသည်။ ကားနှင့်အတူ ဆရာတော်ကြီးရေးပေးလိုက်သောစာလည်း ပါလာသည်။ သွားခွင့်ပြုရန်ပေါ့။ ကင်းစခန်းဂိတ်မောင်းကို ညနေ (၆) နာရီတွင် ပိတ်ရာ ဆရာတော်က ဂိတ်ဖွင့်ပြီးသွားခွင့်ပြုရန်ရေးပေးလိုက်သောစာဖြစ်သည်။ ကားများမှာ တမူးသို့သွားရန်ထွက်လာခြင်းဖြစ်သည်။ တမူးသည် နယ်ခြားမြို့ဖြစ်ရာ ဒီဒေသသို့ရောက်လာသူတိုင်း တစ်ဖက်ကမ်းက မိုးရေးဟု ခေါ်သည့် အိန္ဒိယနယ်ခြားမြို့ကလေးတို့ အလည်သွားကာ ဈေးဝယ်တတ်ကြသည်။

ကားပေါ်တွင် ထိုစဉ်က အလွန်နာမည်ကြီးမနေသော အဆိုတော်မင်းအောင်နှင့် ကလျာခ ဆိုသည့် မင်းသမီးတစ်ယောက်ပါသည်။ အခြားအတီးသမားများ၊ သရုပ်ဆောင်များလည်းပါသည်။ ကားနှစ်စီးနှင့်အပြည့်ဖြစ်သည်။ ကိုအေးမြင့်က ကျိုကုန်းတွင် တာဝန်ကျနေသဖြင့် သူ့ထံသို့လာခြင်းဖြစ်လေသည်။ ထိုနေ့က ကားသမားတစ်ဦးပေးသွားသော ဝီစကီတစ်ပုလင်းရှိရာ အနည်းငယ်သောက်တတ်စားတတ်သော ကိုအေးမြင့်နှင့်အဖွဲ့ ထမင်းစားသည့်အိမ်တွင်ဝိုင်းဖွဲ့နေခိုက် ဖြစ်သည်။ ထိုစဉ်က ကျိုကုန်းစခန်းတွင်အတူတာဝန်ကျနေသော လူဝင်မှုကြီးကြပ်ရေးမှ ဝဝတုတ်တုတ်နှင့် ဘုတ်ဘုတ်ဆိုသူ အရာရှိကတစ်ယောက်၊ သတင်းတပ်ဖွဲ့မှ ကိုရွှေမြဆိုသူ တစ်ယောက်လည်းပါသည်။ ဘုတ်ဘုတ်ထံတွင် တယောပြားကလေးတစ်လက်ရှိရာ တယောထိုးမည်ဟု ကြံရွယ်နေခိုက်လည်း ဖြစ်သည်။

"ဘယ်သူပါလိမ့်လဲကွ"

ဟု အေးမြင့်က စာယူလာသော ကားသမားကိုမေးသည်။

ကားသမားက -

"အဆိုတော်မင်းအောင်ပါတယ်၊ သူ့အဖွဲ့တွေလည်းပါတယ်ဆရာ"

"ဩော်-မင်းအောင်ပါတာကိုး။ ဒီလိုသွားလို့ဘယ်ရမလဲ။ သွားခေါ်၊ မင်းတို့အဆိုတော်ကို"

ကိုအေးမြင့်က အရက်ကလေးနည်းနည်းသောက်ထားသည်ဖြစ်ရာ စိတ်ကြွနေသောကြောင့် မင်းအောင်ကို အခေါ်ခိုင်းလိုက်ခြင်း ဖြစ်သည်။ ကားသမားကလည်း သူဂိတ်ဖွင့်ပေးမှသွားရမည်ဖြစ်သောကြောင့် သွားခေါ်ပေးသည်။ ခဏအကြာတွင် ကားပေါ်မှ မင်းအောင်ဆင်းလာသည်။

ကိုအေးမြင့်က -

"ခင်ဗျားကလည်းဗျာ၊ အဆိုတော်ကြီးဆိုပြီး ကိန်းခန်း[illegible] လာပါ့ချတယ်မှတ်လား၊ [illegible] နည်းနည်းလုပ်သွားပါဦး၊ [illegible] လည်းအိပ်ရမှာ၊ ဒီမှာ အနေ[illegible] တွေဆုံနေတုန်းနွှဲလိုက်ရအောင်"

မင်းအောင်ကလည်း အသောက်အစားမကင်းသူဖြစ်ရာ ခဏဆိုပြီး ဝင်ထိုင်သည်။ အရက်ကလည်း ဝီစကီဖြစ်နေသောကြောင့်လည်းပါသည်။ ကိုအေးမြင့်က ဖန်ခွက်ထဲသို့ အနည်းငယ်ထည့်ပေးလိုက်သည်။ ပြီးသော် -

"ခေါ်ပါဗျ၊ ခင်ဗျားလူတွေ။ အတီးသမားတွေပါတယ် မဟုတ်လား"

သို့နှင့် အတီးသမားများပါပါလာပြီး အော်ဂင်ကြီးကိုယူချလာသည်။ ဝိုင်းမှာ စည်စည်ကားကားဖြစ်လာသည်၊ ခဏအကြာတွင် မိန်းကလေးများပါ ကားပေါ်မှဆင်းလာပြီး နာမည်ကျော်ကျိုကုန်းကြက်ကြော်ကိုစားကြ၊ အအေးသောက်ကြနှင့်ဖြစ်ကုန်သည်။ ဝိုင်းကစည်လာပြီး ပျော်စရာလည်းကောင်းလာသည်။

ကိုအေးမြင့်က မင်းအောင်ကို သီချင်းအဆိုခိုင်းသည်။ မင်းအောင်ကလည်း ရိဝေလာပြီဖြစ်သောကြောင့် မငြင်းဘဲ မိုက်ခရိုဖုန်းကိုကောက်ကိုင်ပြီး သူ၏ နာမည်ကျော်နေသော မင်းသားလေးလိုလွမ်းပြမယ်သီချင်းကို ဆိုလိုက်သည်။ အော်ဂင်သမားကတီးပေးသည်။ ထို့နောက်တွင် ရှာန်ဝင်လာပြီး တစ်ပုဒ်ပြီးတစ်ပုဒ်ဆက်ဆိုသည်။ အရက်ကလည်း တစ်ခွက်ပြီးတစ်ခွက်ထည့်တိုင်းသောက်နေ၏။ ရွာထဲမှာလည်း အရက်ဆိုင်ကရှိရာ နောက်ထပ် (၂) ပုလင်းသွားဝယ်ပြီး ပျော်ပျော်ကြီးသောက်ကြတော့သည်။

မင်းအောင်မှာ နဂိုသံကောင်းသဖြင့် ဆိုတိုင်းရနေသည်။ မင်းအောင်နားခိုက်တွင် အဆိုတော်လည်းဖြစ်၊ မင်းသမီးလည်းဖြစ်သော ကလျာခလည်း ဝင်ဆိုသည်။ ကိုအေးမြင့်မှာ ဇလေးကရှိနေသောကြောင့် မင်းအောင်နားနေခိုက်တွင် သူကလည်း နဝါးနီသီချင်းကို ဝင်ဆိုသည်။ သူလည်း စည်းကျဝါးကျဆိုနိုင်သည်။ မင်းအောင်လောက် အသံမကောင်းသော်လည်း ဆိုနိုင်ပါသည်။ ထိုသို့ မြိုင်မြိုင်ဆိုင်ဆိုင်ဆိုတီးနေလိုက်ကြသည်မှာ ည (၉) နာရီရှိပြီဖြစ်သောကြောင့် [illegible] သတိဖေးမှ သတိ[illegible] သည်။ တစ်ဦးနှင့်တစ်ဦး [illegible]

www.burmeseclassic.com

နှုတ်ဆက်နေလိုက်ကြသည်မှာ ည (၁၀) နာရီထိုးတော့သည်။

ဂိတ်ဖွင့်ပြီး အဆိုတော်များထွက်ခွာသွားသော် ကိုအေးမြင့်တို့ဝိုင်းမှာ တိတ်ဆိတ်ပြီးဟာသွားသည်။ သူတို့အဖွဲ့ထွက်သွားသော်လည်း အရှိန်ကရနေသဖြင့် ဆိုချင်တီးချင်ကြသေးသည်။ လူဝင်မှုကြီးကြပ်ရေးမှူး ဘုတ်ဘုတ်က ဘေးတွင်ချထားသော တယောပြားလေးကို ကောက်ကိုင်ပြီး ချွဲချွဲနွဲ့နွဲ့ထိုးလိုက်ပြန်သည်။ ဤသို့နှင့် သူတို့သည် တဆောင်းသစ်ပြန်ပြီ၊ တက္ကသိုလ်ကျောင်းကငွေလမင်း စသော ထိုအချိန်က ခေတ်စားနေသည့် သီချင်းများကို ဆက်ဆိုကြပြန်သည်။ ဆိုလိုက်သည်မှာ အတန်ကြာသော် မောသွားကြပြီး အရက်ဝိုင်းကို ပြန်ဆက်သည်။

ထိုသို့ဆိုနေရာမှ အနားတွင် စားပွဲထိုးလုပ်နေသော အဲရွှေကို တစ်လှည့် ဝင်ဆိုဖို့ပြောသည်။ အဲရွှေမှာ ခုနတုန်းက မင်းအောင်တို့ ဆိုနေစဉ်ကပင် အနားမှာ ရောက်လာပြီးနားထောင်နေသူ ဖြစ်သည်။ ပထမ အဲရွှေက ရှက်နေသည်၊ နောက်တော့ အားလုံးကဝိုင်းပြောတော့ တွံတေးသိန်းတန်၏ ထွေးညိုသီချင်းကိုဆိုသည်။ နားထောင်ကောင်းသည်။ ထို့ကြောင့် နောက်တစ်ပုဒ်ဆိုခိုင်းပြန်သည်။ တွံတေးသိန်းတန်၏ အသီးတစ်ရာ အညာတစ်ခုသီချင်းကိုဆိုသည်။ သည်တစ်ခါတော့ အတီးနှင့်အံကျဖြစ်သွားသောကြောင့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားပါသည်။ အဲရွှေ၏ညီမနှင့်ကလေးများလည်း အနားတွင်ထိုင်နေကြသော်လည်း သူတို့က နားထောင်ရုံသက်သက် ဆိုခိုင်း၍မရပေ။ သူတို့အစ်မဆိုသည်ကိုကြည့်ပြီး အားပေးနေကြသည်။

သည်နောက်တော့ ကိုအေးမြင့်က အရက်ကလေးကလည်း အနည်းငယ်ထွေလာသောကြောင့် ဒိုင်ခံသီဆိုတော့သည်။ ကိုသန်းလှိုင်၊ ကိုတင်လှိုင်တို့၏သီချင်းများ၊ ကိုမင်းနောင်၏သီချင်းများ ခုနတုန်းက အဆိုတော်မင်းအောင်လာစဉ် ဆိုသွားသောသီချင်းများကို ဆိုသည်။ သတင်းတပ်ဖွဲ့က ကိုရွှေမြကလည်း တစ်လှည့်ဝင်ဆိုလိုက်သေးရာ သူတို့ဝိုင်းသိမ်းတော့ ည(၁၂) နာရီခွဲနေလေပြီ။ ထိုပွဲလေးမှာ မမျှော်လင့်ဘဲ နွဲလိုက်ရသော ပျော်စရာအမှတ်တရ အဆိုပွဲကလေးဖြစ်သည်။

တနင်္ဂနွေနေ့ကျတော့ စခန်းလဲကြသည်။ ကိုအေးမြင့်က ရုံးမှာပြန်ပြီး တာဝန်ကျသည်။ ရုံးဆိုတော့ စခန်းကျစဉ်က ဖမ်းဆီးလာသော ပစ္စည်းများကို အပ်ခြင်း၊ အမှုတွဲဖွင့်ခြင်းစသော ရုံးလုပ်ငန်းဆိုင်ရာများကို လုပ်ရပါသည်။ အချိန်လည်းရသွားသည်။ အိမ်မှာနားနေနိုင်သည်။ ထိုအချိန်တွင် ပြဿနာတက်ခြင်းဖြစ်သည်။

"ကိုအေးမြင့်က စခန်းမှာဆိုခဲ့တီးခဲ့တာကို အိမ်မှာပြန်ပြောတယ်။ အဲဒါကို မဝင်းက ထမင်းချက်တဲ့ဟာတွေနဲ့အရောဝင်ရမလား။ သီချင်းတွေဘာတွေတောင် အဆိုခိုင်းရအောင် ဘာလို့ ဒီလောက်တောင် မြှောက်စားရသလဲဆိုပြီး စကားများကြတာပဲ"

"ဟာ - အဲရွှေတို့ကကောင်းပါတယ်။ သူတို့နဲ့က ခင်ခင်မင်မင် ဒီလိုပဲနေကြတာ။ ထမင်းချက်ရယ်လို့လည်း သဘောမထားပါဘူး။ ဒီလိုမပြောသင့်ပါဘူး။ သူက စိတ်ကောင်းနှလုံးကောင်း ရှိပါတယ်"

"မဝင်းက ကိုအေးမြင့်ကို ဟိုက မျက်စိတစ်ဖက်ပျက်ပြီး ပါးရွဲ့နေတဲ့ ငါးရမန်ကန်း။ အိမ်ကမိန်းမနဲ့ယှဉ်ကြည့်ဦး။ ဒီလိုကိုယ်ခိုင်းထားတဲ့ဟာတွေနဲ့ ရောတာမကြိုက်ဘူးဘာညာနဲ့ ဖြစ်ကုန်ရော။ အဲဒါ ကိုအေးမြင့်က ဘာပြောလိုက်တယ်မသိဘူး။ မဝင်းက စိတ်ဆတ်တော့ သူ့ကိုယ်သူကတ်ကြေးနဲ့ထိုးတယ်။ ကိုအေးမြင့်ကအဆွဲမှာ ပေါင်ကိုထိုးမိသွားတယ်။ သွေးတွေလည်းထွက်တယ်၊ မဝင်းကစိတ်ကြီးပြီး စကားမပြောတော့ဘူးလေ။ ဒါနဲ့ ကိုအေးမြင့်လည်း ကြို့သုံးပင်စခန်းကို ထွက်သွားတာ"

"ဩော် - ဖြစ်မှဖြစ်ရလေကွာ။ ဘာမဟုတ်တာလေးနဲ့ ဒီလောက်တောင်မှ ဖြစ်ရတယ်လို့"

"ရှင်ကသာ ဘာမဟုတ်ဘူးပြောနေ၊ ဟိုမှာဖြင့် မိုးမီးလောင်နေတာ"

ကျွန်တော့်မိန်းမနှင့် ခင်သန်းဝင်းမှာ ရွယ်တူများဖြစ်ပြီး အိမ်နီးချင်းလည်းဖြစ်၍ ခင်သန်းဝင်းကပြောသဖြင့် အဖြစ်အပျက်များကိုသိနေခြင်း ဖြစ်သည်။

ထိုကိစ္စများ ဖြစ်ပြီးသည့်နောက်တွင် ကိုအေးမြင့်သည် ကျိုက်ကုန်းစခန်းသို့ မသွားတော့ပေ။ ရုံးတွင် သတင်းပို့ပြီး မသွားဘဲနေခြင်းဖြစ်သည်။ ကျိုက်ကုန်းကင်းစခန်းအစား ဖက်ယားရေရှင်ဟုခေါ်သော အလွန်ခေါင်သည့် ကင်းစခန်းတစ်ခုသို့သာသွားသည်။ သူမသွားသဖြင့် အခြားအရာရှိများကသွားပေးရသည်။ ကျွန်တော်တို့လည်း အကြောင်းသိနေသောကြောင့် သူ့အစား ကျိုက်ကုန်းဂိတ်ကို ဆင်းပေးလိုက်ကြပါသည်။

❑

သည်လိုနှင့် နှစ်များစွာကုန်လွန်သွားသည်။ ကိုအေးမြင့်လည်း ရာထူးကြီးလာပြီး ပိုမိုအရေးကြီးသောတာဝန်များကို ထမ်းဆောင်ရပါသည်။ မြို့နယ်မှူးအဖြစ် တာဝန်ထမ်းဆောင်ရချိန်တွင် မော်လမြိုင်မြို့တွင် တာဝန်ကျသည်။ မော်လမြိုင်မြို့မှာ ကျိုက်သံလံတောင်ဟုခေါ်သော တောင်၊ မြောက်တန်းနေသည့် တောင်ဆွယ်ကလေးပေါ်တွင် တစ်ခြမ်းတင်ကာတည်ရှိနေသောမြို့ဖြစ်သည်။ ကမ်းနားလမ်းတွင် မြို့မဈေးကြီးဟုခေါ်သော ပင်မဈေးကြီးရှိပြီး အလွန်စည်ကားသည်။ ထိုဈေးမှ ကားလမ်းအတိုင်း အနည်းငယ်ကွေ့သွားလိုက်လျှင် တောင်ပေါ်ဈေးဟုခေါ်သောပွဲကျဈေးကိုရောက်သည်။ ပွဲကျဈေးဖြစ်သော်လည်း သားငါး၊ ဟင်းသီးဟင်းရွက်၊ ငါးခြောက်ငါးခြမ်း အကုန်ရသည်။ မုပ္ပန်ဘက်သွားသောလမ်းတွင် ဗိုလ်ကုန်းဈေးဟုခေါ်သော ရပ်ကွက်ဈေးတစ်ခုရှိသေးသည်။ ထိုဈေးက အရပ်ဈေးဖြစ်သည်။ အသင့်အတင့်စည်ကားပါသည်။

ကိုအေးမြင့်၏မိန်းမ ခင်သန်းဝင်းသည် သာမန်နေ့များတွင် ဗိုလ်ကုန်းဈေးသို့သွား၍ ရုံးပိတ်ရက်တွင် မြို့မဈေးကြီးနှင့် တောင်ပေါ်ဈေးသို့သွားတတ်သည်။ ထိုဈေးများမှာ လိုချင်တာအကုန်ရ၍ အထည်အလိပ်ဆန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်း အထူးအဆန်းများရသောကြောင့်သွားခြင်း ဖြစ်သည်။

ဝါဆိုလပြည့်နေ့ ရုံးပိတ်ရက်တွင် ဘုရားပန်းဝယ်ချင်သောကြောင့် ကိုအေးမြင့်တို့လင်မယားလည်း အိမ်တွင်ခေါ်ထားသူ အိမ်ဖော်ကလေးကို ရုံးကားနောက်တွင်တင်ပြီး မြို့မဈေးဘက်ထွက်လာလိုက်ကြသည်။ ဈေးတွင် ရန်ကုန်မှလာသော တရုတ်လီလီပန်းခိုင်ကြီးများကိုဝယ်သည်။ ပြီးသော် အသားဟင်းသီးဟင်းရွက်နှင့် ငါးခြောက်ဝယ်ရန်အတွက် တောင်ပေါ်ဈေးဘက်သို့ထွက်လာခဲ့ကြသည်။ တောင်ပေါ်ဈေးမှာ မြို့မဈေးနှင့် များစွာမဝေးဘဲ တစ်ဘလောက်သာသာဝေးပါသည်။ ကိုအေးမြင့်သည် ကားကို လမ်းကျဉ်းကလေးအတိုင်းမောင်းလာသည်။ တောင်ပေါ်ဈေးဘေးသို့ရောက်သောအခါ တောင်မြောက်



www.burmeseclassic.com

www.burmeseclassic.com

တန်းနေသော ကားလမ်းမကြီးအတိုင်း တောင်ဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုသို့ အကွေ့တွင် မော်လမြိုင်-မုဒုံပြေးဆွဲနေသော သစ်သားဘော်ဒီ တပ်ခရီးသည်တင် ဘတ်(စ်)ကားတစ်စီးသည် တောင်ပေါ်လမ်းအတိုင်း မောင်းလာရာမှ ဘရိတ်ပြုတ်ပြီး တရကြမ်းလိမ့်ဆင်းလာရာ လမ်းကျဉ်းမှ လမ်းကျယ်သို့ ကွေ့ထွက်နေသော ကိုအေးမြင့်မောင်းသည့် မာဇဒါဂျစ်ကားကို ဘေးမှဝင်တိုက်လိုက်တော့သည်။ အဖြစ်အပျက်က အလွန်မြန်သည်။ မာဇဒါဂျစ်ကားက လမ်းကျဉ်းမှ လမ်းကျယ်သို့အထွက်၊ ဘက်(စ်)ကားကလည်း လမ်းကျယ်အတိုင်း တောင်ပေါ်မှအရှိန်ဖြင့် လိမ့်ဆင်းလာသည့်အခိုက်ဆုံသွားပြီး ဘေးမှဝင်ထိုင်လိုက်ခြင်း ဖြစ်သည်။ ဂျိမ်းခနဲ အသံကြီးပင်မြည်သွားသည်။

ဝင်တိုက်သည်က ကားကြီး၊ အတိုက်ခံရသည်က ကားသေးဖြစ်ရာ မာဇဒါဂျစ်ကားသည် လမ်းဘေးသို့ တွန်းလှဲခြင်းခံရသကဲ့သို့ တစ်ခြမ်းစောင်းလဲသွားတော့သည်။ ကားမောင်းနေသူ ကိုအေးမြင့်ဘက်သို့ စောင်းသွားခြင်းဖြစ်သဖြင့် ကိုအေးမြင့်လည်း ကားစတီယာရင်နှင့် တံခါးကြားတွင်ညပ်နေသည်။ ဘေးမှထိုင်လိုက်လာသော ခင်သန်းဝင်းမှာ ကားရှေ့မှန်နှင့် ဘေးမှန်များကွဲပြီး စိုက်နေသဖြင့် တစ်ကိုယ်လုံး သွေးချင်းချင်းနီကာ ကားခေါင်းထဲတွင်ခေါင်းငိုက်စိုက်ဖြစ်နေသည်။ ကားနောက်ခန်းတွင် ထိုင်လျက်လိုက်ပါလာသောမိန်းကလေးမှာ ကားဘေးသို့စောင်းပြီးအလဲတွင် အမိုးကိုင်းနှင့် ရိုက်မိသဖြင့် နဖူးကွဲသွားသည်။

သူတို့ကားတိုက်သည့်နေရာနှင့် မလှမ်းမကမ်းတွင် မီးသတ်စခန်းရှိရာ ဂျိမ်းခနဲမြည်ပြီး ကားချင်းတိုက်လိုက်သည့် ခဏမှာပင် မီးသတ်ကားရောက်လာပြီး ကားကို ရေပိုက်နှင့်ပက်ကာ လူများကို ဆွဲထုတ်ယူကြသည်။ မီးသတ်ကားရောက်လာသည်မှာ မြန်သောကြောင့် သက်သာသွားသည်။ မဟုတ်ပါက ကားစောင်းပြီးအလဲတွင် ဓာတ်ဆီတိုင်ကီပွင့်ထွက်ပြီး မီးလောင်နိုင်လေသည်။ မီးသတ်သမားများသည် ဒဏ်ရာရနေသော ကိုအေးမြင့်ကို ခက်ခက်ခဲခဲ ဆွဲထုတ်ရသည်။ ဘေးမှ သွေးသံရဲနေသော ခင်သန်းဝင်းကိုလည်း ကားတံခါးကို ခဲခဲယဉ်းယဉ်းဖွင့်ပြီး ပွေ့ချီကာ မီးသတ်ကားနှင့်ပင်တင်ပြီး ဆေးရုံကြီးသို့ ပို့ဆောင်ပေးလိုက်သည်။

ဆေးရုံကလည်း အရေးပေါ်ခန်း ဖွင့်ပြီး ချက်ချင်း ကုသပေးကြပါသည်။ ကိုအေးမြင့်က နံရိုးသုံးချောင်းကျိုးသွားသည်။ ခင်သန်းဝင်းကတော့ အရေးကြီးလူနာဖြစ်သည်။ သူမထိုင်နေသည့်ဘက်မှတိုက်ခြင်းဖြစ်ရာ ဦးခေါင်းနှင့် ကားရှေ့မှန်ဆောင့်မိပြီးမှန်စက မျက်နှာကိုဖြတ်ပြီးရှသွားသည်။ နဖူးမှနေ မျက်နှာကို ကန့်လန့်ဖြတ်ကာ မျက်လုံးနှင့်ပါးကိုလှီးသလိုဖြစ်သွားသည်။ ပေါင်ကိုလည်း မှန်စထိုးမိပြီး ပေါင်မှာလည်း အပြင်းအထန်ဒဏ်ရာရသွားသည်။ သွေးတွေလည်း ဒလဟောထွက်နေ၍ ချက်ချင်း သွေးသွင်းရသည်။

မြို့နယ်မှူးကားဘိုက်ခံရသည်ဆိုသောကြောင့် ရုံးမှဝန်ထမ်းမိသားစု ချက်ချင်းလိုက်လာကြသည်။ သွေးလှူခြင်း၊ လိုအပ်သောဆေးဝါးများဝယ်ခြင်း စသည်တို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြပါသည်။ (၃) ရက်ခန့်နေသောအခါ ကိုအေးမြင့်က အခြေအနေကောင်းလာသော်လည်း ခင်သန်းဝင်းကတော့ အခြေအနေမကောင်းပေ။ ရန်ကုန်ဆေးရုံသို့ပို့ရန် ပြင်ကြသည်။ အခြေအနေမကောင်းဟု ဆိုခြင်းမှာ ခင်သန်းဝင်းသည် မျက်နှာကိုဖြတ်ထိထားရာ ပလတ်စတစ်ဆာဂျရီလုပ်ရန်လို၏။ မော်လမြိုင်ဆေးရုံကြီးတွင် ထိုဆရာဝန်မရှိသဖြင့် ဆရာဝန်ရှိရာ ရန်ကုန်ဆေးရုံကြီးသို့ပို့ရခြင်း ဖြစ်လေသည်။ ကိုအေးမြင့်လည်း ဆေးရုံမှ မဆင်းသေးဘဲ သူပါရောပြီး ဆေးရုံကြီးသို့လိုက်သွားသည်။

ကိုအေးမြင့်တို့ လင်မယားဆေးရုံရောက်နေကြောင်းသိရသဖြင့် ကျွန်တော်တို့လည်း ဆေးရုံသို့သွားကြည့်ကြသည်။ ကိုအေးမြင့်က ထူထူထောင်ထောင်ဖြစ်လာသော်လည်း မခင်သန်းဝင်းကို အထူးကုသခန်းတွင်ထားပြီး ဆေးသွင်းဆေးထိုးပြုလုပ်နေရသည်။ မျက်နှာကို ပုံပန်းမပျက်စေရန် ခွဲစိတ်ကုသပေးမည်ဖြစ်သဖြင့် အထူးခန်းတွင်ထားခြင်းဖြစ်သည်။ နောက် ရက်အနည်းငယ်အကြာတွင် ကိုအေးမြင့် ဆေးရုံကဆင်းသော်လည်း မခင်သန်းဝင်းမှာ ဆေးရုံတွင်တင်ထားရဆဲ ဖြစ်သည်။ ကျွန်တော်တို့သွားကြည့်သော်လည်း လူနာကို မှန်ခန်းထဲတွင် ထားသဖြင့် အဝေးမှသာမြင်နေရသည်။ မြင်ရပုံမှာလည်း မသက်သာ။ မျက်နှာတစ်ခုလုံး ပတ်တီးစည်းထားသဖြင့် လူနှင့်မတူ။ စက်ရုပ်ကြီးလိုဖြစ်နေသည်။ ဆေးရုံကြီးတွင် တစ်လလောက်နေလိုက်ပြီးဆင်းခွင့်ရသည်။ သို့သော် ကိုအေးမြင့်က မကျေနပ်သေးသဖြင့် မြင်ပရှိ အထူးကုဆေးရုံထပ်တင်ပြန်သည်။ ထိုဆေးရုံတွင်လည်း မှန်များကာထားသောအထူးခန်းမှာပင်ထားသည်။

တစ်လခန့်ဆေးရုံမှာထားပြီး အိမ်ပြန်ခေါ်လာသည်။ အခြေအနေကောင်းသည်ဟုသိရသဖြင့် စိတ်ချမ်းသာရပါသည်။ သို့သော်လည်း အိမ်တွင်လည်း အထူးသူနာပြုနှင့်နေရသည်။ မည်သူ့ကိုမျှလည်း အတွေ့မခံတော့ဟုဆိုသည်။ သတင်းမေးသွားသူများသည်လည်း တယ်လီဖုန်းဖြင့်သာစကားပြောနိုင်သည်။ မျက်နှာကိုကား မြင်ခွင့်မရပေ။ အခြေအနေကောင်းသလားဟုမေးရာ ကောင်းသည်ဟုသာဖြေသည်။ သို့သော် လူလုံးကိုမမြင်ရ။ အိပ်ရာထဲတွင်လှဲ၍သာနေသည်။ အထူးသူနာပြုကိုလည်း နေ့ရောညပါ ငှားထားရသည်။


(၃) လလောက်နေပြီးသောအခါ မျက်နှာကို ပလတ်စတစ်ဆာဂျရီလုပ်ရန်အတွက် ဘန်ကောက်သို့ သွားမည်ဟုသိရသည်။ ကိုအေးမြင့်လည်း လိုက်သည်။ သွားမည့်နေ့တွင် မင်္ဂလာဒုံလေဆိပ်သို့ လိုက်ပို့ကြပါသည်။ လိုက်မပို့ပါနှင့်ဟုဆိုနေသော်လည်း သူငယ်ချင်းအရင်းဖြစ်သောကြောင့် ပို့ဖြစ်ခဲ့သည်။ ကျွန်တော့်ဇနီးလည်း လိုက်ပါလာသည်။

အိမ်မှလေဆိပ်အရောက် မျက်နှာကို ပဝါပတ်ပြီးလိုက်လာသော မခင်သန်းဝင်းသည် လေဆိပ်ထွက်ခွာခန်းမရောက်မှ ခေါင်းစည်းပဝါကိုဖွင့်ပြီး နှုတ်ဆက်သည်။ သူ့ကိုမြင်လိုက်သော ကျွန်တော်သည် ရုတ်တရက်ကြောင်ပြီး မှင်တက်မိသွားသည်။ ကျွန်တော်သိသော မျက်လုံးမျက်ခုံးကောင်းကောင်း၊ ပါးဖောင်းဖောင်း၊ နှုတ်ခမ်းရဲရဲနှင့် မခင်သန်းဝင်းမဟုတ်တော့ပေ။ မျက်နှာမှာ ပိန်သွယ်နေပြီး ညာဘက်မျက်လုံးမှာစွေပြီးပိတ်သလောက်ဖြစ်နေသည်။ အတွင်းမှ မျက်လုံးမထိခိုက်၍တော်တော့သည်၊ ပါးတစ်ခြမ်းရွဲ့ကာ ပါးစပ်တစ်ခြမ်းပါ ရွဲ့နေလေသည်။ ခြုံ၍ကြည့်လျှင် တစ်ဦးချင်းဆုံပါက ခင်သန်းဝင်းကို မှတ်မိစရာမရှိတော့ပေ။ မျက်လုံးစောင်းစောင်း နှုတ်ခမ်းရွဲ့ရွဲ့နှင့် ပိန်လှီနေသော [illegible] ကြီးတစ်ယောက်ဖြစ်နေ၏။ [illegible] မှာ ကျိုကုန်းရွာသူ [illegible]

www.burmeseclassic.com

# အိုင်စီအက်(စ်)တစ်ဦး၏ နောက်ဆုံးနေ့များ

လှမိုး(ပညာရေး)



၁၉၄၂ ခု၊ ဖေဖော်ဝါရီလ (၂၁)။

၁၉၄၂ ခု၊ ဖေဖော်ဝါရီ ၂၁ ရက်။

ဗြိတိသျှ မြန်မာနိုင်ငံ တရားရေးဌာန အတွင်းဝန် အိုင်စီအက်(စ်) ဖီး(လ်)ဒင်ဟောသည် ပင်ပန်းနွမ်းနယ်နေသော်လည်း အိပ်စက်၍မရနိုင်။ ဘယ်လူးညာလှိမ့်ဖြင့်အချိန်ကုန်လာခဲ့သည်။ သူခေတ္တတည်းခိုနေသော ကမ်းနားလမ်းဟိုတယ်သည် ယခင်နှင့်မတူ။ ကျောချမ်းဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖီး(လ်)ဒင်ဟောအဖို့ အိပ်စက်၍လည်းရနိုင်စရာမရှိပေ။

သူသည် လွန်ခဲ့သော (၃)ရက်ခန့်ကပင် ရန်ကုန်ပြည်လမ်းနှင့်စိန့်ဂျွန်းလမ်း (ယခု မင်းရဲကျော်စွာလမ်း) ထောင့်ရှိ ရန်ကုန်အကျဉ်းထောင်ကြီးမှ အကျဉ်းသား (၁၅၀၀) နှင့် စိတ်ရောဂါကုဆေးရုံမှ စိတ်ရောဂါဝေဒနာသည်များကိုလွှတ်ပေးရန်အမိန့်ကို သူလက်မှတ်ထိုးပေးခဲ့ပြီးနာရီပိုင်းအတွင်းမှာပင် သူ့အဖို့ ယူကျုံးမရဖြစ်ရတော့၏။ သူလက်မှတ်ရေးထိုးထုတ်ပေးသည့်အမိန့်ကြောင့် စိတ်ဝေဒနာသည်များ၊ အကျဉ်းသမားအများမှာ ရန်ကုန်မြို့ လမ်းမကြီးများပေါ်တွင် နောက်ချန်မြို့စောင့်တပ်သားများတို့၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည့်မြင်ကွင်းများကို သူကိုယ်တိုင် တွေ့မြင်ခဲ့ရသည့်အချိန်မှစ၍ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်။ သောကဝေဒနာအဖြာဖြာကြုံတွေ့လာရပြီး အိပ်မပျော်သောဝေဒနာရလာ၏။

နောက်နေ့နံနက်စောစောတွင်မူ သူသည် ခေတ္တတည်းခိုနေသော ကမ်းနားလမ်းဟိုတယ်မှ ပြည်မြို့သို့ ထွက်ခွာရမည် ဖြစ်သည်။ သူ့အား ပြည်ခရိုင်အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး) အဖြစ်တာဝန်ယူရန် သက်ဆိုင်ရာက အမိန့်ပေးထားပြီးဖြစ်ရာ ရန်ကုန်မှ ဆုတ်ခွာသည့် ဗြိတိသျှတပ်များနှင့်အတူလိုက်ပါသွားမည် ဖြစ်၏။

ယခင်က အရှေ့တောင်အာရှတွင် ဆူညံသောမြို့တော်များတွင်စာရင်းသွင်းခံထားရသော ရန်ကုန်မြို့ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လှ၏။ ကင်းစောင့်တပ်များလိုက်ပါလာသော မော်တော်ကားတစ်စီးတလေ၏ ဖြတ်မောင်းသွားသည့်အသံ၊ ကင်းလှည့်တပ်ဖွဲ့ဝင်များ၏ လူဆိုးဖောက်သယ် (လူမရှိသော အိမ်များမှ ပစ္စည်းများကို ဖောက်ယူသူများ) များအား ပစ်ခတ်သည့် သေနတ်သံ၊ ရန်ကုန်ဘူတာကြီးမှ တစ်စင်းတလေ ထွက်ခွာသည့် မီးရထား၏ဥသြသံသာ ကြားရ၏။

ယခင်ကမူ ရန်ကုန်ကမ်းနားလမ်း တစ်လျှောက်တွင် အိန္ဒိယလူမျိုးများ၏ ကုန်ပစ္စည်းများ စုပေါင်းသယ်ဆောင်ယူရာတွင် အော်ကြသောသံချပ်သံ၊ တရုတ် - မြန်မာ လမ်းမကြီးသို့ထွက်ကြမည့် ကုန်တင်လော်ရီကားကြီးများ၏အသံ၊ ပင်လယ်ကူးသင်္ဘောကြီးများ၏ စူးရှသောဥသြသံ၊ မြစ်ဝကျွန်းပေါ်သို့ ခရီးသည်နှင့်ကုန်ပစ္စည်းများ တင်ပို့ပြေးဆွဲနေသော ပြည်တွင်းသွားလှေသင်္ဘောတို့မှ လူများ၏အသံ၊ ထောင်ပေါင်းများစွာသော အိန္ဒိယလူမျိုး ဆိပ်ကမ်းလုပ်သားများ၏ ဆူဆူညံညံအသံ၊ ဈေးသည်များ၊ လန်ချားဆွဲကုလားများ၏အသံ၊ ပန်းတည်းတူနေလေသည်။ မျက်ခမ်းပိတ်ပုံ၊ ပါးရှဲ့ပုံတို့မှာ မအဲရွှေအတိုင်း ဖြစ်နေသည်။ ကျွန်တော့်ဇနီးသည် ခင်သန်းဝင်းကိုဖက်ကာ ငိုနေလေသည်။ ခင်သန်းဝင်းလည်း စကားမပြောဘဲ ကျွန်တော့်ဇနီး၏ ပခုံးကိုဖက်ကာ နှုတ်ဆက်ပြီး ပြည်ပထွက်ခွာဆောင်အတွင်းသို့မျက်နှာကို ပဝါပါးဖြင့်ဖုံး၊ ဦးခေါင်းကိုလည်း ပဝါတစ်ထည်ဖြင့်အုပ်ကာ တဖြည်းဖြည်း ထွက်ခွာသွားတော့သည်။ ကျွန်တော်တို့လည်း သူတို့စီးသည့် လေယာဉ်ကြီး ထွက်ခွာသွားသည်အထိ စောင့်ကြည့်ပြီးမှ ပြန်လာခဲ့ပါသည်။

လေယာဉ်ကွင်းမှ အပြန်လမ်းတွင် ကျွန်တော်သည် အတိတ်ကာလ ပျို့ရွယ်စဉ်အချိန်တုန်းက ကျိုက်ကုန်းရွာတွင်နေသူ ကျွန်တော်တို့ကို ထမင်းချက်ကျွေးသူ အဲရွှေကို မခင်သန်းဝင်း ပြောမှားဆိုမှားရှိခဲ့ဖူးသည်ကို ပြန်လည်အမှတ်ရနေမိသည်။ နှစ်ကာလကြာရှည်တုန်းက ပြောဆိုခဲ့သောစကား၏ အကုသိုလ်ကံအကျိုးပေးသည် တောက်လျှောက် နောက်က လိုက်နေခဲ့သည်။ ကံမကောင်းသည့် အခိုက်တွင် ဝင်ရောက်ပြီး ဆိုးကျိုးကို ပေးသွားခြင်း ဖြစ်နိုင်သည်။

ဝစီဘေဒ ထိတိုင်းရှ ဟူသော စကားအတိုင်း အဲရွှေမျက်စိစောင်းသလို မဝင်းစောင်းနေသည်။ အဲရွှေပါးတစ်ခြမ်းရွဲ့သလို မဝင်းလည်းရွဲ့နေလေပြီ။ မဝင်းက ပါးစပ်ရွဲ့နေသည်က အဆစ်ပါလိုက်သေးသည်။ တူသောအကျိုးပေးလေသည်လားမသိပေ။ ထိုစဉ်က အဖြစ်အပျက်မှာ မြန်ဆန်ပြီး စိတ်လိုက်မာန်ပါ ပြောဆိုခဲ့ကြသောကြောင့် ကာယကံရှင်များက သတိမမူဘဲ ရှိကောင်းရှိမည်။ ကျွန်တော်ကတော့ အမှတ်ထင်ထင်ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခုဖြစ်သောကြောင့် မှတ်မိနေခြင်း ဖြစ်သည်။

ယခုတော့ သူတို့က တတ်နိုင်ကြသူများဖြစ်သဖြင့် နိုင်ငံရပ်ခြားတွင် ချို့ယွင်းသွားသောမျက်နှာကို ပြန်လည်ပြုပြင်ရန် ထွက်ခွာသွားကြလေပြီ။ ပြန်လည်ခွဲစိတ်ကုသမှုခံယူမည်ဖြစ်သောကြောင့် ကောင်းလျှင်လည်းကောင်းသွားမည်။ သို့သော် နဂိုမူရင်းအတိုင်းတော့ ဟုတ်တော့မည်မထင်ပေ။ မျက်နှာလှပလာလျှင်လည်း ခန္ဓာကိုယ်ပြည့်ဖြိုးလာရန်၊ နဂိုနေပြန်ရောက်ရန် အချိန်များစွာ ယူရဦးမည်။ မျက်နှာအသစ်နှင့် လူအနေဖြင့် ပတ်ဝန်းကျင်နှင့် ရင်ဆိုင်ရဦးမည်။ မခင်သန်းဝင်းမျက်နှာ နဂိုအတိုင်း ပြန်ကောင်းသွားပါစေ။ ချောမောလှပသော မျက်နှာပိုင်ရှင်ဘဝ ပြန်လည်ရရှိပါစေ၊ ကိုယ်လုံးကိုယ်ထည်လှပအချိုးကျသော ဘဝ ပြန်လည်ရရှိပါစေ၊ နဂိုနေအတိုင်း ပတ်ဝန်းကျင်းနှင့် ဝင်ဆံ့အဆင်ပြေပါစေ ဟု ဆုတောင်းရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်သည်မရှိတော့ပေ။

မဟာသုံ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ သတင်းစာရောင်းသူတို့၏အသံများမှာ နားမခံနိုင်လောက်အောင် ဆူညံနေတော့၏။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီးကာလ ရန်ကုန်မြို့တော်အား အသံဗလံဆူညံသောမြို့တော်များ စာရင်းတွင် သတင်းမီဒီယာများက ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

သို့သော် ၁၉၄၂ ဖေဖော်ဝါရီလဆန်းကပင် ရန်ကုန်မြို့တော်၏ညများမှာ ကျောချမ်းစဖွယ်ကောင်းလောက်အောင် တိတ်ဆိတ် ငြိမ်သက်လျက်ရှိ၏။ ဂျပန်ဘုရင်လေတပ်မတော်၏ဗုံးကြဲလေယာဉ်ပျံများက ရန်ကုန်မြို့တော်နှင့်မြန်မာနိုင်ငံ၏ဝေဟင်အား လွှမ်းမိုးထားကြပြီးဖြစ်ရာ ရန်ကုန်မြို့တစ်မြို့လုံး ညအချိန်များတွင် မှောင်ချထားခဲ့ပြီးဖြစ်သည်။ ဖေဖော်ဝါရီလဆန်းကပင် စတင်၍ ရန်ကုန်မြို့တော်ရှိ အစိုးရအမှုထမ်းများလည်း တစ်စတစ်စဖြင့် တာဝန်မှထွက်ပြေးတိမ်းရှောင်သွားကြသည်။ ယခင်က မှတ်တမ်းများအရ ရန်ကုန်တွင် ဗြိတိသျှနှင့် ဥရောပတိုက်သား (၈၀၀၀) ကျော်ရှိပြီး အိန္ဒိယလူမျိုး နှစ်သိန်းကျော် ရှိခဲ့သည်ဟုဆိုသည်။ သူတို့အားလုံးသည် ပထမဆုံးအကြိမ် ဂျပန်ဘုရင်လေတပ်မတော်မှ ၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဗုံးကြဲတိုက်ခိုက်သည့်နှင့် ရန်ကုန်မြို့တော်အား စွန့်ခွာသွားကြပြီးဖြစ်ရာ ရန်ကုန်မြို့တော်ကြီးမှာ ပျားကောင်များစွန့်ပစ်သွားသော ပျားအုံကြီးသဖွယ်ဖြစ်ခဲ့တော့၏။

ဖေဖော်ဝါရီလ ပထမပတ်ကပင် ရန်ကုန်မြို့တော်၏ဘဏ်များမှ ဝန်ထမ်းများ ထွက်ပြေးတိမ်းရှောင်သွားကြသဖြင့် ဘဏ်များကို ပိတ်ထားခဲ့ရပြီး ဘဏ်များမှငွေစက္ကူများကို မီးရှို့ဖျက်ဆီးပစ်နေကြလေပြီ။ ပထမတွင် ထိုစဉ်က ဗြိတိသျှအမျိုးသားဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ရန်ကုန်မြို့တော်သူမြို့တော်သားများ၊ အစိုးရအမှုထမ်းများအား ဗြိတိသျှအစိုးရသည် မည်သည့်အခါမျှ မြို့တော်ရန်ကုန်မှ ဆုတ်ခွာလိမ့်မည်မဟုတ်ဟု ကြေညာထား၏။ သို့သော် မြန်မာနိုင်ငံစစ်မျက်နှာအသီးသီးမှ ဗြိတိသျှတပ်များမှာမူ အောင်မြင်စွာဆုတ်ခွာခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်ဘုရင်တပ်မတော်တို့၏ထိုးစစ်ကို ထိန်းမထားနိုင်တော့။ ဤဖြစ်ရပ်ကို ထိုစဉ်က ဗြိတိသျှမြန်မာနိုင်ငံစစ်ဦးစီးချုပ် ဂျင်နရယ်ဟုတ္တန်က ဘုရင်ခံ ဆာဒေါ်မန်စမစ်ကို တင်ပြလိုက်သောအခါ နယ်ချဲ့ဘုရင်ခံဆာဒေါ်မန်စမစ်မှာ စိတ်ဓာတ်ကျဆင်း





လာခဲ့ပြီး ဆောက်တည်ရာမရဖြစ်ရတော့သည်။ ဤတွင် ဘုရင်ခံဆာဒေါ်မန်စမစ်သည် ကျန်ရှိနေသောအစိုးရဝန်ထမ်းများ ရန်ကုန်မြို့မှ ထွက်ခွာရန် အမိန့်ထုတ်ခဲ့၏။ မြို့သူမြို့သားများလည်း မိမိတို့အစီအစဉ်ဖြင့် ထွက်ခွာရန်တိုက်တွန်းခဲ့သည်သာမက ရန်ကုန်ဘူတာကြီးမှ အထူးမီးရထားများထွက်ပေးရန်လည်း စီစဉ်ပေးသည်။ မိမိတို့ထွက်ပြေးရာ တစ်ပါတည်းယူဆောင်မသွားနိုင်သော မော်တော်ကားများကို ဖျက်ဆီးပစ်ရမည်ဟု အမိန့်ပေးထား၏။

ထိုနေ့မှာပင် ရန်ကုန်ဆေးရုံကြီးမှ လူနာများကို မန္တလေးမြို့သို့ပြောင်းရွှေ့ပေးခဲ့ပြီး ဆရာဝန်များ၊ ဆေးရုံအမှုထမ်းများကိုမူ မော်တော်ကားများဖြင့်မန္တလေးသို့သွားရန် စီစဉ်ပေးခဲ့သည်။ ဤနေ့မှာပင် တံတားကလေးစိတ်ရောဂါကုဆေးရုံ (ယခု ရွာသာကြီးစိတ်ရောဂါကုဆေးရုံ) ဆရာဝန်များနှင့် ဝန်ထမ်းများသည် ဆေးရုံမှထွက်ခွာသွားကြ၏။ ထိုဆေးရုံရှိ သာမန်စိတ်ရောဂါသည်များနှင့် ရာဇဝတ်သား စိတ်ရောဂါသည်များအား ပြောင်းရွှေ့ခေါ်ယူရန် မဖြစ်နိုင်။ ထို့အတူ ရန်ကုန်အကျဉ်းထောင်ကြီးရှိ အကျဉ်းသား (၁၅၀၀) တို့ကိုလည်း အထူးအစီအစဉ်ဖြင့် မြန်မာပြည်အထက်ပိုင်းခေါ်ယူသွားရန် မဖြစ်နိုင်။

သို့ဖြစ်၍ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း တရားရေးဌာနအတွင်းဝန် ဖီဒ(လ်)ဒင်ဟောသည် လူသားချင်းစာနာထောက်ထား၍ ရန်ကုန်အကျဉ်းထောင်ကြီးမှ အကျဉ်းသားများ၊ တံတားကလေးစိတ်ရောဂါကုဆေးရုံမှ အကျဉ်းသားများကိုလွှတ်ပေးရန်အမိန့်ကို လက်မှတ်ထိုးခဲ့ရ၏။ ထိုအမိန့်ကြောင့် ရန်ကုန်ထောင်ကြီးမှအကျဉ်းသားများသာမက အင်းစိန်ထောင်မှ အကျဉ်းသားကိုပါ လွှတ်ပေးလိုက်ရ၏။ ဤကဲ့သို့ ထောင်ချိုး၍လွှတ်ပေးလိုက်ရသော အကျဉ်းသားများတွင် ဖောက်ထွင်းယူငင်မည့်အကျဉ်းသားများပါဝင်လာသည်။ ထိုသူများသည် အုပ်စုလိုက် ရန်ကုန်မြို့အတွင်းဝင်လာကြသည်။

ရန်ကုန်မြို့တော်ကြီး...



www.burmeseclassic.com

www.burmeseclassic.com

ပြင်မြို့တော်ကြီးဖြစ်လာသည်။ လမ်းမများ၊ ဈေးများသည် တိတ်ဆိတ်ကာ ဟာလာဟင်းလင်းဖြစ်လျက်ရှိသည်။ အမှိုက်သိမ်းသည့် အိန္ဒိယလူမျိုးများ ထွက်ပြေးတိမ်းရှောင်သွားကြ၍ လမ်းများပေါ်ရှိ အမှိုက်ပုံကြီးများမြင်မကောင်းအောင်ဖြစ်ရတော့၏။ ခွေးလေခွေးလွင့်များနှင့် သခင်များစွန့်ခွာထွက်ပြေးသော ခွေးများ စားစရာမရှိသဖြင့်အူကြသည့် အသံမှာလည်း သည်းထိတ်ရင်ဖိုဖွယ်ဖြစ်တော့၏။ ကျီးငှက်အုပ်တို့ ပြိုကျလာသောအသံမှာလည်း ကျောချမ်းစဖွယ်ဖြစ်ရ၏။

ယခင်က အရောင်းအဝယ်စည်ကားသော ဖယ်ယာလမ်း (ပန်းဆိုးတန်း) တွင်ရှိ ဆိုင်များအားလုံး ပိတ်ထားကြသဖြင့် လမ်းပေါ်တွင် တာဝန်အရ သွားလာနေသော နောက်မြို့စောင့်တပ်သားများသာတွေ့ရသည်။ ဒါလဟိုဇီလမ်း (မဟာဗန္ဓုလ) တစ်လျှောက်ရှိ အထည်ဆိုင်ကြီးများမှာလည်း လုယူသူများကြောင့် အပျက်အစီးပုံကြီးများဖြစ်နေပြီဖြစ်၏။ အချို့လူဆိုးများကလည်း မိမိတို့အလိုရှိသောပစ္စည်းများကို လုယူ၍ နေအိမ်များကို မီးရှို့ထားခဲ့သဖြင့် မီးခိုးများ တလိပ်လိပ်တက်နေတော့သည်။

မြို့တော်၏အချို့ရပ်ကွက်များမှာမူ နောက်ချန်ဗြိတိသျှလုံခြုံရေးတပ်များ ထိန်းသိမ်းထားသဖြင့် အခြေမပျက်ရှိနေသေးသော်လည်း ရပ်ကွက်သူရပ်ကွက်သားများမရှိတော့။ အိန္ဒိယအမျိုးသားပန်ချာပီများ၊ ဆစ်လူမျိုးများ အများဆုံးပါဝင်သော ရန်ကုန်မြို့မ ပုလိပ်(ရဲ)တို့သည်လည်း ရန်ကုန်မြို့မှ ထွက်ခွာရန် ရန်ကုန်မီးရထားဘူတာရုံသို့ လာရောက်ကြပြီး ပြည်မြို့သို့ထွက်ခွာမည့်မီးရထားပေါ်သို့ အလုအယက်တက်ကြသည်။

အကျဉ်းထောင်မှလွတ်လာသော အကျဉ်းသားများနှင့် စိတ်ရောဂါကုဆေးရုံမှလွတ်လာသောစိတ်ရောဂါသည်များ၊ စိတ်ရောဂါသည်ရာဇဝတ်သားများ၊ စိတ်ရောဂါသည်အမျိုးသမီးများ ရန်ကုန်နောက်ချန်ဗြိတိသျှလုံခြုံရေးတပ်များ၏ ဒဏ်ကိုရက်ရက်စက်စက်ခံရတော့သည်။ စိတ်ရောဂါသည်အများမှာ အခြေအနေအရပ်ရပ်ကိုမသိကြသဖြင့် ခြေဦးတည့်ရာ တစ်လမ်းဝင်တစ်လမ်းထွက်သွားနေကြသည်။ အချို့စိတ်ရောဂါသည်အမျိုးသမီးများမှာ မတော်မတရားပြုကျင့်ခြင်းခံရသည်။ မြို့တော်လမ်းမကြီးများပေါ်တွင် ပြန့်ကျဲနေသော အလောင်းများမှာ

ပုံးဒဏ်ကြောင့်သေသူများမဟုတ်ကြ။ လုယက်ဖောက်ထွင်းသူများ၊ ထောင်မှလွတ်လာသောအကျဉ်းသားများ၊ စိတ်ရောဂါသည်များသာ ဖြစ်ကြသည်။

ရန်ကုန်မြို့အတွင်း လူနေရပ်ကွက်များနှင့် ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်သူမရှိသလောက် ဖြစ်သည်။ ရပ်ကွက်အချို့တွင်သာ အိမ်စောင့်အဖြစ်ကျန်ရစ်သူ တစ်ယောက်စနှစ်ယောက်စ သာရှိတော့၏။ ရန်ကုန်မြို့တော်ကား မင်းမဲ့တိုင်းပြည်ဖြစ်နေတော့၏။ လူဆိုးလူမိုက်များ၊ မူးယစ်ရမ်းကားနေသော နောက်ချန်တပ်မှ စစ်သားများသည် လုယက်ကြသဖြင့် ရန်ကုန်မြို့၏မြင်ကွင်းမှာ အဆင့်အမြင့်ဆုံး မင်းမဲ့ပြယုဂ်ဖြစ်လာသည်။ ရန်ကုန်မြို့တော်ကြီးအား နောက်ဆုံးဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ပြီးမှထွက်ခွာမည်ဟု ဗြိတိသျှဘုရင်အစိုးရအားကြိုတင်ကတိပေးထားသော ဘုရင်ခံ ဆာဒေါ်မန်စမစ်ဖို့ ရန်ကုန်မြို့၏ အခြေအနေအရပ်ရပ်ကို မအုပ်ချုပ်နိုင်သောဘုရင်ခံဖြစ်နေလေပြီ။ သို့ဖြစ်၍ သူ့အဖို့ ရန်ကုန်တွင် ဆက်နေထိုင်ရန် မဖြစ်တော့။ ရန်ကုန်မြို့ကြီးကား အသက်ငင်နေသော လူမမာတစ်ဦးနှင့်တူနေသည်။ သို့ဖြစ်၍ ဘုရင်ခံ ဒေါ်မန်စမစ်သည်လည်း ရန်ကုန်မြို့မှ ထွက်ခွာသွားတော့၏။

ရန်ကုန်မြို့တော်၏ အခြေအနေအရပ်ရပ်ကို မြင်တွေ့နေရပြီး အနိဋ္ဌာရုံများကို မြင်တွေ့နေရသော တရားရေးဌာနအတွင်းဝန်ဖီး(လ်)ဒင်ဟောမှာလည်း ဆက်လက်မနေလိုတော့။ ပြည်မြို့တွင် ယာယီဖွင့်ထားသော ပဲခူးတိုင်းမင်းကြီးရုံးသို့ သတင်းပေးပို့ရန် ရန်ကုန်မှ ပြည်မြို့သို့ ထွက်ခွာလာခဲ့ရသည်။ သူ့အဖို့ အချိန်တိုင်း သူအကောင်းဆုံးထင်သဖြင့် အမိန့်ပေးခဲ့ရမှုအား သူကိုယ်သူခွင့်မလွှတ်နိုင်။ မိနစ်တိုင်း၊ နာရီတိုင်း သောကဝေဒနာအဖြာဖြာတွေ့လာရ၏။

ဤနေရာတွင် တရားရေးဌာနအတွင်းဝန်ဖီး(လ်)ဒင်ဟောနှင့်ဆက်နွှယ်နေသောဖြစ်စဉ်ကို စကားပလ္လင်ခံရန်လိုအပ်လာပါသည်။ သူကား မြန်မာသမိုင်းနှင့် မြန်မာ့စာပေလောကတွင် လူသိများခဲ့သော စာရေးဆရာနှင့် ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်သော အုပ်ချုပ်ရေးအမှုထမ်း ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံအကြောင်းရေးသားကြသည့် နိုင်ငံခြားသားများအနက် မြန်မာပြည်သူအများ စွဲလမ်းနှစ်ခြိုက်နေသည့် စာရေး

ဆရာတစ်ဦးမှာ ဗြိတိသျှအမျိုးသား ဖီး(လ်)ဒင်ဟောဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သူ့အား သူနှင့်ခေတ်ပြိုင် ဗြိတိသျှအမျိုးသားများနှင့် မြန်မာနိုင်ငံအကြောင်း လေ့လာစောင့်ကြည့်သော ဥရောပတိုက်သားအများက မြန်မာ့ရေးရာပါရဂူတစ်ဦးဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။ သူ့စာအုပ်အချို့အား ကျွန်တော်တို့လေးစားရသော စာရေးဆရာကြီးအများက မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ ကျွန်တော် မှတ်မိသလောက် ကွယ်လွန်သူ စာရေးဆရာကြီး ဆရာပါရဂူက ဖီး(လ်)ဒင်ဟော ရေးသားသော Thibow's Queen အား 'သီပေါ၏မဟေသီ' အဖြစ် ဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ ထို့အတူ သူရေးသားသော 'The Soul of a People စာအုပ်ကိုလည်း စာရေးဆရာကြီးမိုးနတ်ရှင်က 'ဗမာ့စိတ်ထား' အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်၏။ Palace tales ကိုလည်း ကလောင်အမည်မမှတ်မိသော စာရေးဆရာကြီးတစ်ဦးက မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့သည်ဟု ထင်ပါသည်။ ကောင်းစွာ မမှတ်မိတော့။ သို့ဖြစ်၍ စာရေးဆရာ ကြီး ဖီး(လ်)ဒင်ဟောသည် ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်နှင့် အထူးမိတ်ဖွဲ့ပေးရန်မလိုဟုထင်မိပါသည်။

သူသည် ကျွန်တော်တို့ မြန်မာနိုင်ငံ သီပေါမင်း ပါတော်မမူခင်ကပင် ရောက်ရှိခဲ့သူ ဗြိတိသျှအမျိုးသားတစ်ဦးဖြစ်ပါသည်။ သူကိုယ်ရေးမှတ်တမ်းများအရ ဖီး(လ်)ဒင်ဟောသည် မြန်မာနိုင်ငံသို့မလာမီ အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် (၆) နှစ်ခန့်နေထိုင်ခဲ့ပြီး ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းနှင့်ဆက်နွှယ်နေသော ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၏ အမှုထမ်းတစ်ဦးဖြစ်သည်ဟုသိရ၏။ သို့ဖြစ်၍ စာရေးဆရာ ဖီး(လ်)ဒင်ဟောမှာ ကျွန်တော်တို့မြန်မာ့သမိုင်းနှင့်ဆက်စပ်နေသောပုဂ္ဂိုလ်တစ်ဦးဟု ဆိုနိုင်ပါသည်။ အထက်ဖော်ပြပါ ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဖြစ်သည့်အလျောက် ထိုစဉ်အယင်းသစ်ကုမ္ပဏီနှင့် အထက်မြန်မာနိုင်ငံအစိုးရတို့ အငြင်းပွားခဲ့ရသော အရှုပ်အထွေးကို ခရေစေ့တွင်းကျသိခဲ့သူဟုလည်းဆိုနိုင်ပါသည်။

ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ မေလတွင် ဖီး(လ်)ဒင်ဟောသည် သီပေါဘုရင် အုပ်စိုးနေသော အထက်မြန်မာနိုင်ငံသို့ ရောက်ရှိသွားခဲ့သည်။ ထိုစဉ်က တတိ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ် - မြန်မာစစ်ပွဲဖြစ်ပွားခြင်းမရှိသေးပေ ။ မြန်မာနိုင်ငံအတွင်း ကူးသန်းသွားလာရေးမှာမလွယ်။ သို့သော် ဖီး(လ်)ဒင်ဟောသည် ကုမ္ပဏီကပေးအပ်သောတာဝန်အရ အထက်မြန်မာနိုင်ငံသို့ ခဲခဲယဉ်းယဉ်း သွားရောက်ခဲ့ရသည်။ ဤသို့သွားရောက်၍ မြန်မာဘုရင်အစိုးရအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပထမဦးဆုံး သူအခြေချနေထိုင်ခဲ့ရသောနယ်မြေမှာ ပျဉ်းမနားနယ်ရှိ နင်းကြမ်း အမည်ရှိ သစ်တောနယ်မြေဖြစ်သည်။ ဖီး(လ်)ဒင်ဟောသည် နင်းကြမ်းသစ်တောနယ်မြေတွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားခဲ့သည်အထိနေထိုင်ခဲ့၏။

ထို့နောက် ဖီး(လ်)ဒင်ဟောသည် မြန်မာပြည်အထက်ပိုင်းရှိ သစ်တောများကို လက်ဝါးကြီးအုပ်ထားသော ဘုံဘေဘားမားသစ်ထုတ်ရေးကုမ္ပဏီ၏လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ခဲ့ရ၏။ သို့ဖြစ်၍ ဖီး(လ်)ဒင်ဟောသည် ဘုံဘေဘားမားသစ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် အထက်မြန်မာနိုင်ငံအစိုးရတို့ အငြင်းပွားခဲ့သောအရေးတော်ပုံအား အတွင်းကျကျသိခဲ့သူဟု ဆိုရခြင်း ဖြစ်ပါ သည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲပြီးဆုံး၍ ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် မန္တလေးမြို့တော်ကျဆုံးပြီး အရှင်နှစ်ပါးအား အင်္ဂလိပ်တို့က အိန္ဒိယသို့ ခေါ်ဆောင်သွားခဲ့သည်။ ဤစစ်ပွဲပြီးသည့်နောက် ဖီး(လ်)ဒင်ဟောသည် ဗြိတိသျှကော်မရှင်နာမင်းကြီး၏ တာဝန်ပေးချက်အရ အုပ်ချုပ်ရေးဝန်ထမ်းတာဝန်ကို ပြောင်းရွှေ့အမှုထမ်းခဲ့ရ၏။ ထိုစဉ်မှစတင်၍ ဖီး(လ်)ဒင်ဟောသည် မြန်မာနိုင်ငံပြန်တမ်းဝင်အုပ်ချုပ်ရေးအရာရှိတစ်ဦးဖြစ်ခဲ့ရတော့၏။

သူသည် မြို့ပိုင်အဖြစ် (မြို့နယ်အုပ်ချုပ်ရေးမှူး) မန္တလေး ကျောက်ဆည် ရှမ်းမကားမြို့တို့တွင် အမှုထမ်းခဲ့ရ၏။ ရှမ်းမကားတွင် ကျောက်ဆည်နှင့်မတူသောအခြေအနေကို တွေ့ရသည်။ ကျောက်ဆည်တွင် ငြိမ်သက်ပိပြားမှုရှိသော်လည်း ရှမ်းမကား၌ လှုပ်ရှားထကြွမှုရှိသည်။ သူသည် မြို့ပိုင်တစ်ယောက်ဖြစ်သော်လည်း တပ်နှင့်တွဲ၍ လုံခြုံရေးတာဝန်ယူခဲ့ရ၏။ ထိုစဉ်က ရှမ်းမကားနယ်တွင် မြန်မာမျိုးချစ်ဗိုလ်မောင်ရိုင်သည် နယ်ချဲ့တို့အား ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်သည်ကို လက်တွေ့ကြုံရသည်။ ထိုမှတစ်ဆင့် မြို့အုပ်ရာထူးနှင့်ပင် ကောလင်းသို့ ပြောင်းရပြန်သည်။ ကောလင်းမှာ မြို့ပိုင်အဖြစ် အမှုထမ်းနေစဉ် နာမည်ကျော် ဝန်သိုစော်ဘွားနှင့် ဖီး(လ်)ဒင်ဟောဆုံကြရ၏။

ဝန်သိုစော်ဘွားသည် အင်္ဂလိပ်တပ်တို့အား ပြင်းပြင်းထန်ထန် ခုခံရာ အင်္ဂလိပ်တပ်များအထိနာသဖြင့် အိန္ဒိယမှတပ်အကူအညီများတောင်းယူရသည်။ ဖီး(လ်)ဒင်ဟောမှာ မြန်မာနိုင်ငံအရပ်ရပ်ကျင်လည်ခဲ့သည်။ ချင်းတောင်၊ မလှိုင်၊ သရက်၊ မကွေး၊ စစ်ကိုင်း၊ ဘုတလင်၊ မြင်းခြံ၊ အင်းစိန်၊ ရန်ကုန်တို့ဖြစ်ကြသည်။ သူအမှုထမ်းခဲ့သည့်ရာထူးများမှာ မြို့ပိုင်၊ အရေးပိုင်၊ လက်ထောက်ကော်မရှင်မင်းကြီး စသည်တို့ ဖြစ်၏။ ဤသည်တို့ကား စာရေးဆရာကြီး မြန်မာအလိုတော်ရိ ဖီး(လ်)ဒင်ဟော၏ ဘဝတစ်စိတ်တစ်ဒေသ ဖြစ်၏။ မြန်မာလူမျိုး လူတန်းစားအမျိုးမျိုးနှင့် လက်ပွန်းတတီးနေခဲ့ရသူဖြစ်ရကား သူရေးသည့်စာအုပ်များတွင် မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စိတ်ဓာတ်၊ မြန်မာတို့၏ထုံးတမ်းစဉ်လာများကို စုစုစည်းစည်း ရေးသား တင်ပြလေ့ရှိသဖြင့် အများက မြန်မာ့ရိုးရာပါရဂူဟု ကင်ပွန်းတပ်ခဲ့ခြင်း ဖြစ်၏။

ဖီး(လ်)ဒင်ဟောနှင့် မြန်မာနိုင်ငံ၏ ရေစက်သည် ကုန်ဆုံးမသွားသည်ဘဲ သူ၏တစ်ဦးတည်းသောသား ဖီး(လ်)ဒင်ဟောဂျူနီယာမှာ အိုင်စီအက်တစ်ဦးဖြစ်ခဲ့ပြီး သူ့ဖခင်နည်းတူ မြန်မာနိုင်ငံတစ်နံတစ်လျားတွင် အမှုထမ်းခဲ့ပြီး ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတရားရေးဌာနတွင် အတွင်းဝန်ရာထူးတာ[illegible]န်ထမ်းဆောင်ခဲ့ရ၏။ ဖီး(လ်)ဒင်ဟောဂျူနီယာမှာလည်း သူ့ဖခင်ကဲ့သို့ မြန်မာနိုင်ငံသမိုင်းနှင့် ရေစက်ဆုံရန်အကြောင်းဖန်လာသည်။ ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့တော်အား ဗြိတိသျှတို့ စွန့်ခွာရတော့မည့်အချိန်တွင် အခြေအနေအရပ်ရပ်ကြောင့် ရန်ကုန်ထောင်ကြီး၊ အင်းစိန်ထောင်ကြီးနှင့် တံတားလေးစိတ်ရောဂါကုဆေးရုံမှအကျဉ်းကျနေသူများ၊ စိတ်ရောဂါဝေဒနာသည်များကိုလွှတ်ပေးရန်အမိန့်ကို သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ ထုတ်ပေးခဲ့သည်။ ဤတွင် ထောင်မှလွတ်မြောက်လာသူ အကျဉ်းသားများ၊ စိတ်ရောဂါဝေဒနာသည်အများမှာ နောက်ချန်ဗြိတိသျှလုံခြုံရေးတပ်သားများလက်ချက်ဖြင့် သေဆုံးခဲ့ရ၏။ ဤဖြစ်ရပ်ကြောင့် ဖီး(လ်)ဒင်ဟောအဖို့ သူကိုယ်သူ ခွင့်မလွှတ်[illegible]

သို့သော် ဖီး(လ်)ဒင်[illegible] သက်ဆိုင်ရာမှတာဝန်ပေးသည့်[illegible] ပြည်မြို့အရေးပိုင်တာဝန်ဝတ္တ[illegible] ဆောင်ရွက်ရန် ရန်ကုန်မှ ပြည်သို့[illegible] ခွာလာခဲ့ရ၏။ ထိုစဉ်ကာလက ပြည်မြို့တွင် အရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်နေသူမှာ အိုင်စီအက်(စ်) ဦးချမ်းသာဖြစ်ပါသည်။

ရန်ကုန်မြို့တော်အား ၁၉၄၁ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဂျပန်ဘုရင်လေတပ်မတော်မှ ဗုံးကြဲတိုက်ခိုက်ပြီးနောက်ပိုင်းတွင် အိန္ဒိယအမျိုးသားစစ်ပြေးဒုက္ခသည်များထောင်သောင်းချီ၍ ပြည်မြို့သို့ ရောက်လာသည်။ ထိုမှတစ်ဆင့် ပန်းတောင်မှ ရခိုင်တိုင်းသို့ ထွက်ပြေးတိမ်းရှောင်ရန် စီစဉ်ကြ၏။ ထိုစစ်ပြေးဒုက္ခသည် ထောင်သောင်းတို့အား ခေတ္တတည်းခိုရေး၊ ကျွေးမွေးရေး၊ ကျန်းမာရေးများကို ပြည်မြို့အရေးပိုင်ကတာဝန်ယူရသဖြင့် ပြည်အရေးပိုင်မှာ အထူးတာဝန်ကြီးမားလှသည်။ သို့ဖြစ်၍ ပဲခူးတိုင်းမင်းကြီးမစ္စတာဆွင်သင်ဘင်ကတွဲဖက်အရေးပိုင်တစ်ဦးကိုလည်းခန့်ထားရန် စီစဉ်ခဲ့၏။

ထိုစဉ်က ပြည်မြို့သည် ပဲခူးတိုင်းမှ တိမ်းရှောင်လာသော အုပ်ချုပ်ရေးဌာနအရာရှိကြီးများဖြင့်ပြည့်လျက်ရှိရာ ပဲခူးတိုင်းမင်းကြီး ဆွင်သင်ဘင်သည်လည်း ပြည်သို့ရောက်ရှိလာပြီး ပြည်မြို့အရေးပိုင်ဦးချမ်းသာ့နေအိမ်တွင် ခေတ္တတည်းခိုလျက်ရှိ၏။ ထို့နောက် ရန်ကုန်မှ ရောက်ရှိလာသော တရားရေးဌာနအတွင်းဝန်ဖီး(လ်)ဒင်ဟောအား ပြည်မြို့အရေးပိုင်အဖြစ် ခန့်အပ်ခဲ့သည်။ သို့ဖြစ်၍ လက်ရှိပြည်အရေးပိုင်အိုင်စီအက်(စ်) ဦးချမ်းသာသည် သူ၏တာဝန်နှင့်ဝတ္တရားများကို ဖီး(လ်)ဒင်ဟောအား လွှဲပြောင်းရန် ချိန်းဆိုထားသည့်နေ့ နံနက်စောစောတွင် မစ္စတာ ဖီး(လ်)ဒင်ဟောသည် သူခေတ္တတည်းခိုနေသည့်နေအိမ်ရေချိုးခန်းအတွင်း ခြောက်လုံးပြူးသေနတ်ဖြင့် ဦးခေါင်းကိုပစ်၍အဆုံးစီရင်သွားခဲ့တော့၏။

လှမိုး ([illegible])

ကျမ်းကိုး -

A People at School
By. H.Fielding Hall
ကျွန်တော်အိုင်စီအက်(စ်)
ဦးချမ်းသာ



www.burmeseclassic.com

# မြို့ပိုင်ကြီး ဦးအင်ဆိုင်

မကွေးဝင်းမြင့်



တစ်နေ့ -

စာရေးသူသည် မင်းဘူးမြို့သို့ ရောက်ရှိသွားသည်။

မှတ်မှတ်ရရဆိုရသော် ၁၉၇၉ ခု၊ ဩဂုတ်လ ၂၄ ရက်နေ့ ဖြစ်ပါသည်။ မင်းဘူးမှတစ်ဆင့် ဆင်ခေါင်းရွာသို့သွားရန်ဖြစ်၏။ အံမှတ်မထင် မင်းဘူးမြို့၌ မြို့ပိုင်ကြီး ဦးအင်ဆိုင်နှင့် တွေ့လိုက်ရပါတော့၏။

မြို့ပိုင်ကြီး ဦးအင်ဆိုင်ကို 'မြို့ပိုင်' ဟူသော အခေါ်အဝေါ်တွေ မပြောင်းမီကတည်းက ရင်းနှီးခဲ့သူဖြစ်၍ 'မြို့ပိုင်ကြီး' ဟုပင် နှုတ်ကျိုးနေပါပြီ။

တစ်ခါတစ်ရံ မြို့ပိုင်ကြီးသည် အမှုထမ်းပီပီ ငွေရေးကြေးရေးပြတ်လပ်နေသည်ကိုမြင်တွေ့ရသောအခါတွင် 'မြို့ဘိုင်ကြီး' ဟု နောက်မိပါသေး၏။ မြို့ပိုင်ကြီးဦးအင်ဆိုင်သည် မကွေးမှ စေတုတ္တရာသို့ ပြောင်းခဲ့ရ၏။ ယခု မင်းဘူးကောင်စီရုံးမှာ တွေ့လိုက်ရတော့ တအံ့တဩဖြစ်သွား၏။

"မြို့ပိုင်ကြီး"

ဝမ်းသာအားရခေါ်လိုက်မိပါတော့၏။

"ဟော - ကိုဝင်းမြင့်၊ ဘယ်သွားမလို့လဲ"

"ဆင်ခေါင်းသွားမလို့ဗျ"

"ဘာကိစ္စ"

"ဒီလိုပေါ့ဗျာ၊ ဆေးသမားဆိုတော့ ခရီးသွားရတာပေါ့။ ခရီးသွားမှလည်း ဆေးပင်ဆေးဝါးဆေးဗဟုသုတကြွယ်ဝတာဗျ။ ဒါကြောင့် ဆေးဝါးဆေးပင်တွေ ရှာရင်း၊ ဆေးကုရင်း ဆိုပါတော့"

"အေးဗျာ - ခုတစ်လော ခင်ဗျား ဆေးစာအုပ်တွေဖတ်ရတာ ကျုပ်အား တယ်၊ သဘောလည်းကျတယ်။ ဟိုတုန်းက ကျုပ်လည်း မြန်မာဆေး အထင်မကြီးဘဲ။ ခုမှ ကိုယ်တွေ့ကြုံရလို့ အထင်ကြီးလာတာ"

"ဟုတ်လား မြို့ပိုင်ကြီး၊ ကြား အောင်လုပ်စမ်းပါဦး"

သို့ဖြင့် ကျွန်တော်သည် မြို့ပိုင်ကြီး ဦးအင်ဆိုင်စားပွဲရှေ့က ကုလားထိုင်မှာ ထိုင်လိုက်ပါသည်။ ရေနွေးကြမ်း တစ်ခွက်လည်း ကောက်သောက်လိုက်၏။

"ကျုပ်ဗျာ၊ စေတုတ္တရာတုန်းက လူကိုသေရောမှတ်တာ။ တစ်ညလုံး ဆီးမသွားနိုင်ဘဲဖြစ်သွားတာ။ အဲဒါ မြန်မာဆေးမှပျောက်တာ"

မြို့ပိုင်ကြီး စကားပျိုးတော့၏။

"ဟုတ်လား ဆက်ပါဦး"

"ဒီလိုဗျ၊ ခင်ဗျားသိတဲ့အတိုင်း စေတုတ္တရာမှာ နယ်တွေ ခရီးထွက်ဖို့ ကိုယ့်ခြေထောက်ကိုယ်အားကိုးရတာ ပြီးတော့ ချောင်းတွေ၊ မြောင်းတွေဖြစ် ရတာ။ အခုလို တော်သလင်းလကြီးပေါ့ နေကလည်း ပူလိုက်တာ အရမ်းပဲ။ ကျွ

www.burmeseclassic.com

တို့ စစ်ကြောင်းကြီး (၅) ကြောင်းနဲ့အတူ နယ်ထွက်ကြရတော့ ရင်ဆို့လောက်ရှိတဲ့ ချောင်း (၄)၊ (၅) ချောင်းဖြတ်ရတယ်။ အပြန်ကျတော့လည်း ဒီလိုပဲပေါ့။ ညနေဆို အိမ်ပြန်ရောက်တော့ မထူးပါဘူးလေ ရေချိုးလိုက်တာကောင်းပါတယ်ဆိုပြီး ရေချိုးလိုက်တာ အိုး - ရေလည်းချိုးပြီးရော ဆီးစပ်ထဲကကိုက်လိုက်တာဗျာ မပြောပါနဲ့တော့။ ဆီးသွားချင်တာလည်း သွားမရဘူးဗျ။ အခံရတကယ်ဆိုတာပဲ။ တစ်ညလုံး ဆီးသွားချင်ရက်နဲ့ သွားမရဘူးဗျို့။ မနက်မိုးလင်းတော့လည်း သွားမရဘူးဗျ။ ဒါနဲ့ (၁၀) နာရီလောက်ရှိတော့ ကျုပ်ရုံးက ရုံးစောင့်ကြီးလိုက်လာတယ်။ သူ့နာမည်က ဦးကောင်းတဲ့။

ဦးကောင်းက -

'ဆရာ ရုံးရောက်မလာလို့၊ နေမကောင်းလို့ မလာတာများလားလို့ အိမ်လိုက်လာတာပါ'

'ဟုတ်တယ်ဗျာ ဦးကောင်း'

ကျုပ်လည်း အစအဆုံးဖြစ်ပျက်ပုံ ပြောပြလိုက်တော့ ဦးကောင်းက -

'အဲဒါ ဆီးပူဝပ်သွားတာဆရာ၊ ဆီးသွားမရတာကို ချက်ချင်းသွားနိုင်တဲ့နည်း ကျွန်တော့်မှာရှိတယ်'

သူက အဲဒီလိုပြောတော့ -

"ကဲ - ရှိလည်း လုပ်စမ်းပါဗျာ ဦးကောင်းရာ။ ဒီမှာ အခံရခက်လှပြီ'

လို့ ပြောတော့ ဦးကောင်းက -

'ဒါဖြင့်ရင် ကျွန်တော် ရေနွေးအိုးတည်လိုက်ဦးမယ်ဆရာ'

ဆိုပြီး မီးဖိုထဲဝင်သွားတယ်"

"ဒါနဲ့ မြို့ပိုင်ကြီး အမျိုးသမီးနဲ့ ကလေးတွေကကော"

ကျွန်တော် ကြားဖြတ်မေးလိုက်တော့-

"သူတို့ကို မကွေးအိမ်မှာ ထားတယ်လေဗျာ၊ ကျုပ်တစ်ယောက်တည်း ဒီမှာလာနေတာကိုးဗျ"

"အဲဒါနဲ့ ဦးကောင်းက ရေနွေးအိုးတည်ပြီး ဘာလုပ်လဲဆိုတော့ ကြက်သွန်နီဥကြီးတစ်ဥယူလာတယ်။ အဲဒါကို ဓားနဲ့အကွင်းလိုက်ပါးပါးလှီးတယ်။ လှီးရတဲ့ ကြက်သွန်နီကို ဖန်ခွက်ထဲထည့်တယ်၊ သကြားနည်းနည်းထည့်ပြန်တယ်၊ ရေနွေးပူပူလောင်းထည့်ပြီး ဇွန်းနဲ့မွှေတယ်၊ နည်းနည်းအေးတော့ ကျုပ်ကိုအသောက်ခိုင်းတယ်။ ကျုပ်က စဉ်းစားကြည့်တာပေါ့။ ကြက်သွန်နီဆိုတာ ဆီးကောင်းတယ်လို့ ကြားဖူးတယ်။ သကြားလည်း မဆိုးဘူး။ သူတို့နှစ်ခုပေါင်းစပ်သောက်တာလောက်တော့ ဘာအန္တရာယ်မှမဖြစ်နိုင်ဘူးဆိုပြီး ကျုပ်လည်း ဦးကောင်းပေးတဲ့အတိုင်း ခံစားနေရတဲ့ဒုက္ခဝေဒနာပျောက်ချင်ဇောနဲ့ သောက်ချလိုက်တာပေါ့"

"ဟုတ်ကဲ့ - ဆက်ပြောပါဦး"

"ကိုဝင်းမြင့်နှယ်ဗျ-ကောင်းလိုက်တဲ့ဆေး။ သောက်ပြီးလို့ (၅)မိနစ်တောင် မကြာဘူး။ ကန်တော့ပါရဲ့။ ကျုပ်ကျင်ချောင်းထဲ ဆစ်ခနဲဆစ်ခနဲကျင်ပြီးသွားလိုက်တဲ့ဆီးဒလဟောပဲ။ ဟဲဟဲ-တောင် ကျရေပမာပေါ့။ ဆီးသွားလို့အရသာရှိလိုက်တာလည်း မပြောပါနဲ့တော့"

"အောင့်အည်းရတာတွေကိုလွတ်လွတ်လပ်လပ်ကြီးဖွင့်ဟလိုက်ရလို့ ရင်ထဲပေါ့ပါး အေးမြသွားနည်းမျိုးပေါ့ဗျာ။ တစ်ညလုံး၊ တစ်မနက်လုံး ဆီးသွားချင်ရက်နဲ့ မသွားနိုင်တဲ့ ဒုက္ခဝေဒနာကြီးက ဆီးတွေတဖျောဖျောသွားတော့အကြောတွေ စိမ့်တက်လာအောင် ပီတိလည်းဖြာလူလည်းပေါ့ပါးသွားတယ်ဗျာ။ ဒီတော့ ကျုပ်လည်း ဟ-တို့မြန်မာဆေးနည်းတွေက တကယ် အစွမ်းထက်ပါလားလို့ ဝမ်းပန်းတသာဖြစ်မိတယ်။အဲဒီကတည်းကစပြီး မြန်မာ့ဆေးဝါးနဲ့ ပတ်သက်ပြီး နားလည်ချင်လာတယ်။ အဲဒါကြောင့် လေ့လာရတော့တာပေါ့။ အခုဆို မြန်မာဆေးကျမ်းတွေ တော်တော်ဖတ်ဖူးမိပြီ။ ကျုပ်လည်း ဦးကောင်းကို ကျေးဇူးတင်ရတာပေါ့။ ဦးကောင်း ခင်ဗျား ဒီနည်းဘယ်ကရလဲမေးတော့ သူတို့ ခေတ္တရာကို ဆိတ်လာဝယ်တဲ့ ကုလားတွေဆီကရတဲ့ ဆေးနည်းတဲ့ဗျ။ သူတို့ငယ်ငယ်က ဆိတ်ကျောင်းရင်း ကျုပ်လို ဆီးပူဝပ်ပြီး ဆီးမသွားနိုင်ဘဲဖြစ်တော့ ကြက်သွန်နီတစ်ဥ၊ သကြားနဲ့ ရေနွေးသမအောင် ရောစပ်ပြီးသောက်တာနဲ့ ပျောက်သတဲ့ဗျ"

မြို့ပိုင်ကြီး ဦးအင်ဆိုင်ကို နှုတ်ဆက်ပြီး ဆင်ခေါင်းရွာသို့ ထွက်ခဲ့ပါသည်။ လမ်းတစ်လျှောက် မြို့ပိုင်ကြီးဦးအင်ဆိုင်၏ စကားအချို့ နားထဲကြားယောင်နေပါသည်။

"ကျုပ်တို့ အသက်ငယ်ငယ်တုန်းကတော့ ကျန်းမာရေးသတိမထားမိဘူးဗျာ။ အသက်ကလေးရလာတော့မှသတိထားမိတော့တယ်။ လမ်းဆုံးတော့ ရွာတွေ့ဆိုတာလို ခုတော့ သိပြီဗျို့။ ကျန်းမာရေးဟာ အရေးကြီးဆုံးပဲဗျ"

ဟူ၏။

မကွေးဝင်းမြင့်

# နတ်မောက်မင်းသန့်နိုင်

# အနာကျက်လိမ်းဆေး

ထိခိုက်ရှနာကြောင့်ဖြစ်ပွားသော အနာအတွက်လည်းကောင်း အနာစိမ်းပေါက်သောအနာအတွက်လည်းကောင်း၊ အနာအမြန်ကျက်ပျောက်ကင်းစေသော လိမ်းဆေးတစ်မျိုး တင်ပြလိုပါသည်။

အထူးသဖြင့် ဆီးချိုရှိသူများ အနာပေါက်လျှင်သော် လည်းကောင်း၊ ထိခိုက်ပွန်းပဲ့အနာဖြစ်လျှင်လည်းကောင်း ဆီးချိုကြောင့် အနာမကျက်နိုင် မပျောက်နိုင်ဘဲ ထိုအနာသည် ပိုးဝင်ပြီး အသက်အန္တရာယ်အထိ ထိခိုက်စိုးရိမ်ရသည်ကို တွေ့မြင်ဖူးပါသည်။

ထိုကဲ့သို့ မပျောက်နိုင်သောအနာစိမ်း၊ အနာအိုများအတွက် အမြန်ပျောက်ကင်းကျက်စေသည့် ရိုးရိုးလေးနှင့်စွမ်းသော အနာကျက်လိမ်းဆေးကို မိမိနေအိမ်မှာပင် ကိုယ်တိုင်ဖော်စပ်လိမ်းနိုင်ရန် တင်ပြအပ်ပါသည်။

ဆေးနည်းမှာ မခက်ခဲပါ။ လွယ်ပါသည်။

အညာဒေသနှင့် မြေလတ်ပိုင်းတွင် အလေ့ကျပေါများစွာ ပေါက်ရောက်သည့် ကုန်းတမာပင်ကြီးများမှ အရွက်စိမ်းစိမ်းရင့်ရင့်များ ခူးယူပြီး ဖုန်ကင်းအောင် ရေစင်စွာဆေးကြောပါ။ ကြိတ်ခြေထုထောင်းပြီး အရည်ညှစ်ယူပါ။ ထိုတမာရွက်စိမ်းသတ္တုများကို ပျားရည်စစ်စစ် တစ်ဆနှင့်ရောပါ။ ဥပမာ တမာရွက်သတ္တုရည်နှစ်ကျပ်သားဆိုလျှင် ပျားရည်တစ်ကျပ်သားရောမွှေပြီး အနာကိုလိမ်းပေးပါ။ တစ်နေ့ တစ်ကြိမ်မ[illegible] လိုအပ်သလို သုံးကြိမ်ထိ လိမ်းပေးနိုင်[illegible]သည်။

ငါးရက်မှဆယ်ရက်အတွင်း အနာ[illegible] အကျက်မြန်ပြီး လက်တွေ့[illegible] သွားပါမည်။ လက်တွေ့[illegible] ပျောက်ကင်းသူတွေ [illegible] လိုသူတိုင်းသုံးနိုင်ရန် [illegible] ပါသည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

### ၁ ပထမတန်းနီလာ

'နီလာအရောင်၊ ငှက်ခါးတောင်၊ ပြောင်နှစ်ကျပ်ခွဲ၊ မည်းလွှင့်ပစ်လိုက်' ဟူသော [illegible] မြေ၌ ရှေးအခါကရှိခဲ့ဖူးလေ၏။ ထိုစာဆိုသည် ယခုခေတ်ထိတိုင် လူတို့ပါးစပ်ဖျား၌ အဆင့်ဆင့်ကူးပြောင်းလာခဲ့သော်လည်း ခေတ်နှင့်လျော်ညီသောစာဆို မဟုတ်တော့ပေ။

ရှေးအခါကမူ ထိုစာဆိုသည် မှန်ခဲ့ဟန်တူပါသည်။ အဘယ်ကြောင့်ဆိုသော် နန်းစဉ်ပတ္တမြားတို့တွင် အပြာရောင်အဆင်းရှိသော ပတ္တမြားများမပါဘဲ အနီရောင်ရှိသော ပတ္တမြားတို့သာလျှင် နန်းစဉ်ရတနာတို့ဖြစ်ခဲ့ကြပါသည်။

အဘယ်ကြောင့်ဆိုသော် ပတ္တမြားငမောက်၊ လှော်ကားတင်လေး၊ လှော်ကားတင်ကြီး၊ စံကျောက်တော်၊ ဆင်မတော်ကျောက်၊ နဂါးဗိုလ်မျိုးဝင်ကျောက် အစရှိသော နန်းစဉ်ရတနာတို့သည် အနီရောင်ပတ္တမြားများသာဖြစ်ခဲ့ကြပါသည်။ ထို့ကြောင့် ပတ္တမြားမှန်လျှင် နီရဲနေသော ပတ္တမြားတို့သာနေရာရလျက် ဈေးကွက်တွင် တန်းဝင်ရတနာဖြစ်ခဲ့ဟန်ရှိပါသည်။ အပြာရောင်အဆင်းရှိသောကျောက်ပြာ ပတ္တမြားများတွေ့ရှိခဲ့သော် တွင်းသမားတို့က -

"ဟာကွာ - နီလာလိုက်ပါလား။ နီလာရင် ရောင်းစားရတာပေါ့။ ခုတော့ အပြာရောင်ကြီးဖြစ်နေတယ်။ ရောင်းမစားရတဲ့အတူတူ သွားကျော့"

ဟုပြောကာ စွန့်ပစ်ကျောက်ဖြုန်းပုံထဲသို့ ပစ်ထည့်တတ်ကြလေသည်။ ထိုအခါ နီလာပတ္တမြားတို့သည် စွန့်ပစ်ကျောက်ဖြုန်းအမှိုက်ထဲ၌ ပြန်၍ကိန်းနေရလေတော့၏။

ကျောက်ပြာများတွေ့ခဲ့သော် နီလာရင်ကောင်းမှာဟု တမ်းတမ်းတတနှမြောစွာပြောဆိုခဲ့ခြင်းကြောင့် ထိုကျောက်ပြာပတ္တမြားတို့သည် နီလာဟူသောအမည်ရခဲ့ခြင်း ဖြစ်သည်။ 'နီ' ဆိုသောစကားပါလျက် ကျောက်မှာ အပြာဖြစ်သည်။

ထုံးပျော့မှသည် ထုံးမာ၊ ထုံးမာမှသည် စကျင်၊ စကျင်ကျောက်မှသည် ပတ္တမြားအသွင်သို့ အဆင့်ဆင့်ပြောင်းလဲဖြစ်တည်ခဲ့ရသော ပတ္တမြားအနီ ပတ္တမြားအပြာတို့သည် သဘာဝအလျောက်ဖြစ်ပေါ်သော ဓာတုပစ္စည်းပျော်ဝင်မှုပုံစံ မတူ၍သာ ကျောက်နီ၊ ကျောက်ပြာဟူ၍ ကွဲလွဲကာ ဖြစ်တည်ခဲ့ရခြင်း ဖြစ်သည်။ အမှန်သော် ကျောက်နီရော ကျောက်ပြာပါ ပတ္တမြားများသာ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့ငယ်စဉ် ရုပ်မြင်သံကြား၌ အငြိမ့်ခန်းလာရာ ခေါင်းဆောင်မင်းသမီးက တိုင်းပြည်သယံဇာတကြွယ်ဝပုံကိုပြောရာတွင် 'ခိုသွေးရောင်ရှိသော နီလာကြီးတွေ' ဟု မှားယွင်းစွာ ပြောဆိုသွားသည်ကို မှတ်မှတ်ရရရှိနေပါသည်။ မင်းသမီးက သားချော့သီချင်းကဗျာထဲက 'ခိုဖြူရယ် ခိုပြာနက်တယ်၊ ဖမ်းခက်လှသေး' ဟူသောစာနှင့်အညီ ခိုသွေးဟူသည်မှာ အပြာရောင် ဟူ၍ထင်ပုံရှိ



## နေပြည်တော်ကျော်ကျော်စိုး

## ပြကျောက် ၇

www.burmeseclassic.com

www.burmeseclassic.com

၏။ ခိုပြာနှင့်ခိုသွေးရောနှောသွားဟန်ရှိ၏။

အမှန်သော် ငှက်ခါးရောင်ရှိသော နီလာကြီးဆိုက မှန်ပါသည်။ ခိုသွေးဆိုသည်မှာ ပြင်ပအမွေးအတောင်ကိုမဆိုလိုဘဲ အတွင်းမှနီရဲသောသွေးကိုဆိုလိုခြင်း ဖြစ်သည်။ ပတ္တမြားအနီရောင်၏ ပထမတန်းစားအရည်မှာ မဥ္ဇူရည်ဖြစ်သည်။ မဥ္ဇူပန်းဟူသည် နှစ်နှစ်ကာကာ နီရဲသောပန်း ဖြစ်ပေ၏။ လူတို့က လေးနာရီပန်းဟုလည်း ခေါ်ကြသည်။ နောင်သော် မဥ္ဇူရည်မခေါ်ဘဲ လယ်သီးရည်ဟု ခေါ်ကြ၏။

ထိုမဥ္ဇူရည်သည် အပြာရောင်ဘက်သို့လဲပါက ခိုသွေးဟုခေါ်ပြီး အဝါရောင်ဘက်သို့လဲပါက ယုန်သွေးဟူ၍ နှစ်မျိုးကွဲထွက်သွားပါသည်။ ခိုသွေးက ငုပ်၍ ယုန်သွေးကပွင့်လေရာ လူတိုင်း ယုန်သွေးကို ပို၍ကြိုက်ကြလေသည်။ လက်ဝတ်ထည်လုပ်ရာတွင် ပွင့်သော ယုန်သွေးက ပို၍တောက်ပကာ ထင်ပေါ်လေ၏။ သို့ကြောင့် ခိုသွေးရောင်ရှိသော ပတ္တမြားကျောက်နီတွေဟုပြောခဲ့သော် မှန်ကန်ပါသည်။ ပတ္တမြားအကြောင်းကို နားမလည်၍သာ မှားယွင်းစွာ ပြောဆိုကြောင်းသိသော်လည်း ထိုအမှားရင်ထဲစွဲနေသဖြင့် ဆက်စပ်၍တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

နီလာခေါ် ကျောက်ပြာပတ္တမြားတို့သည် ရှေးအခါက အစွန့်ပစ်ခံပစ္စည်းဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် နီလာဟူသောအမည်ဖြင့် လူ့လောက၌ ဝင်ဆံ့လာသော လက်ဝတ်ရတနာဖြစ်လာခဲ့ပါသည်။

ရှေးဟောင်းပစ်စာတို့ကို မျောတိုက်ခဲ့သော် ကျောက်နီပတ္တမြားရှားပါးသော်လည်း ကျောက်ပြာပတ္တမြားတို့ကိုမူ ပေါများစွာတွေ့ရတတ်ပြီး ကံကောင်းပါက အလွန်အရည်ကောင်းသော ငှက်ခါးရောင် နီလာအစစ်ကြီးများကို ရတတ်ကြပါသည်။

ရှေးတုန်းကမူ 'နီလာအရောင်၊ ငှက်ခါးတောင်၊ ပြောင်နှစ်ကျပ်ခွဲ၊ မည်းလွှင့်ပစ်လိုက်' ဟူသော စာဆိုနှင့်အညီ



www.burmeseclassic.com

နီလာဈေးလုံးဝမရှိရာ ကောင်းလွန်းပြီး ပြာလဲ့နေကာ ငှက်ခါးတောင်အရည် ရောက်ပါမှ နှစ်ကျပ်ခွဲမျှသာရပြီး အနည်းငယ်မည်း၍ ငုပ်နေခဲ့သော် ရောင်းစားမရရာ လွှင့်ပစ်ကြသည်သာဖြစ်ပါသည်။ ထို့ကြောင့် ရှေးဟောင်းမျှောများတွေ့ပါက နီလာကြီးများရတတ်ကြကာ ချမ်းသာကုန်ကြပါသည်။

ယခုလက်ရှိခေတ်တွင်မူ ပတ္တမြားအနီဈေးနှင့် နီလာခေါ် ပတ္တမြားအပြာဈေးသည် မတိမ်းမယိမ်းရှိနေပြီဖြစ်ရာ ငှက်ခါးရောင် ပထမတန်းစားနီလာရပါက ပတ္တမြားအနီကဲ့သို့ပင် တန်ဖိုးကြီးမားလှပေ၏။

❑ ဦးထွန်းမျှော

ပတ္တမြားမြေ မိုးကုတ်မြို့၏မြောက်ဘက်တွင် ချောင်းကြီးဒေသဟူ၍ လူတို့ခေါ်ဝေါ်ကြသောရွာများရှိကြပါသည်။ အမှန်သော် ရှမ်းပလောင်တို့နေထိုင်သော ချောင်းကြီးရွာကြီးအား အစွဲပြု၍ ခေါ်ကြခြင်း ဖြစ်သည်။

ချောင်းကြီးဒေသသို့ ခြေကျင်သွားလိုပါက မိုးကုတ်မြို့မြောက်စွန်း ဂိဇ္ဈကုတ်ရပ် ယခုခေတ်အခေါ် စိတ္တကုတ်ရပ်ကွက်မှသည် မြောက်ဘက်တွင် ကာဆီးထားသော တောင်တန်းကြီးအား ဦးစွာကျော်ဖြတ်ရပါသည်။

မိုးကုတ်မြို့အား တောင်တန်းကြီးများက ဝန်းရံပိတ်ဆီးထားရာ ထိုတောင်တန်းတို့သည် အလွန်ကြီးမမြင့်မားလှသော်လည်း ခြေကျင်ရီးသွားတို့အတွက်မူ ပင်ပန်းကြီးစွာ ထိုတောင်ကြောတို့ကို ဖြတ်ကျော်ရပါသည်။

မိုးကုတ်မြို့ မြောက်စွန်းမှသည် ကွေ့ကောက်ပတ်ဝိုက်၍ တက်ရသော တောင်တက်ခရီးကား မသက်သာလှပါ။ ထမ်းပိုးလာရသော ဝန်စည်စလွယ်တို့ကိုပင် လွှင့်ပစ်ချင်စိတ်ပေါက်လောက်အောင် မတ်စောက်လှပေ၏။ အလေ့အကျင့်မရှိသော် ငိုချင်စိတ်ပင်ပေါက်ကြပေမည်။

ထိုကာဆီးထားသောတောင်တက်လမ်းအား အတန်ကြီးကြာအောင်တက်ပြီးပါမှ တောင်၏ကျောပေါ်ရောက်ရှိကာ ညောင်ပင်ရိပ်၌ အမောဖြေကြရ၏။ ထိုအခါဝယ် သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းက မောသမျှကို အမောပြေစေ၏။ ပန်းသမျှကို အလန်းပြေစေ၏။

အောက်ဘက်သို့ပြန်ငုံ့ကြည့်သော် ချိုင့်ခွက်ထဲ၌ အဆင့်ဆင့်စီ၍နေသော ရပ်ကွက်များနှင့် မိုးကုတ်မြို့၏အလှကားကြည့်မဝသော ပန်းချီကားကြီးတစ်ချပ်သဖွယ် အလွန်ပင်လှပကာ ကျက်သရေရှိလှပေ၏။ ကမ္ဘာတွင် အရည်အသွေးအကောင်းဆုံးပတ္တမြားတို့ ထွက်ရှိရာဒေသအဖြစ် ဂုဏ်ယူဖွယ်အကောင်းဆုံးမြို့တစ်မြို့ဖြစ်ပေ၏။

တောင်၏ကျောပေါ်တွင်မူ ပြေလျောသောလမ်းဖြစ်၍ သွားရာ လျှောက်ရသည်မှာ သက်သာလှပါသည်။ ဤသည်မှာ ခြေကျင်ခရီးသည်များ၊ လားများ၊ မြင်းများသွားရာလမ်းဖြစ်သည်။ ဆိုရသော် ခြေကျင်ဖြတ်လမ်းဖြစ်ပေ၏။

ကားလမ်းမှာမူ မြောက်ဘက်မှ ကာဆီးထားသော မြင့်မားမတ်စောက်သည့်တောင်တန်းကို ကားလမ်းဖောက်ရန် မလွယ်လှပေ။ ထို့အခါ မြို့အနောက်မြောက်ဘက်ရှိ အုန်းကိုင်းရွာမှထွက်သော ပြောင်ခေါင်းလမ်းအတိုင်းထွက်၍ ဆတ်သေလမ်းခွဲမှ မြောက်သို့ထွက်ပါမှ ချောင်းကြီးဒေသသို့ရောက်သည်။

ချောင်းကြီးရွာအုပ်စုတွင် ရှမ်းကုန်းစံ၊ လီရှောကုန်းစံ၊ မန်နား စသည်ဖြင့် ရွာငယ်ကလေးများတည်ရှိကြကာ မိုးကုတ်သဘာဝလေ့အတိုင်း ကျောက်တွင်းတူးခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြကုန်၏။

ချောင်းကြီးရွာသာ ပြန့်၍တည်ရှိသော်လည်း ကျန်သောရွာငယ်တို့သည် တောင်စောင်းများတွင်တည်ရှိကြလေရာ ထိုရွာတို့၏ဝန်းကျင် တောင်တို့သည် ကျောက်ပုပ်ထုံးတောင်များဖြစ်ကြသဖြင့် အများအားဖြင့် ထိုဒေသရှိ ကျောက်တွင်းတို့သည် နီလာများသာအထွက်များလေ၏။

နီလာအခြောက်ကြောများမှာမူ အများအပြား တွေ့ကြရသော်လည်း တန်ဖိုးရှိသည့် အစိုကြောများကိုမူ ကံကောင်းမှသာတွေ့ကြရပါသည်။ အစိုကြောတွေ့သော် ကျောက်ကြောပေါက်သည်ဟု ခေါ်ကြသည်။ အကြောပေါက်ခြင်း၊ အိုးပေါက်ခြင်း ဟူ၍ နှစ်မျိုးရှိရာ အကြောမှာ ရှည်လျားများပြားစွာတည်ရှိပြီး အိုးမှာမူ အိုင်ဖွဲ့၍ တစ်နေရာတည်းတွင် စုပုံခဲပြွတ်နေသော လုံးဝန်းသည့်ထုံးအိုးဖြစ်ပါသည်။ လုံးဝန်း၍ အိုးဟူ၍ တင်စားခြင်းဖြစ်ရာ အိုးဟူသည် အစိုအိုးများသာအဖြစ်များပါသည်။ အိုးပေါက်သူသည် လူတစ်လုံးသူတစ်လုံးဖြစ်သွားတတ်ပါသည်။

လီရှောကုန်းစံနှင့်မနီးမဝေးတွင် ဦးထွန်း၏မျှောတွင်းသည် နာမည်ကြီးလှပေ၏။ ပါလီမန်ဒီမိုကရေစီခေတ်တွင် လိုင်စင်ခံ၍ လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ တွင်းဆရာမှာ ကျောက်နဂါးရွာမှ ဦးထွန်းမောင်ဖြစ်သည်။ ဦးထွန်းမောင်မှာ မိုးကုတ်မြို့ မြို့လယ်ရပ်မှ ဦးဘသိန်း၏သမီးဖြင့် အိမ်ထောင်ကျခြင်း ဖြစ်သည်။

ဦးထွန်းမှာမူ မိုးကုတ်မြို့၏မြို့လယ်ကောင်ဖြစ်သော ဈေးဟောင်းရပ်ကွက်မှဖြစ်သည်။ ဦးထွန်းမျှောနာမည်ကြီးခြင်းမှာ မိုးကုတ်ပတ္တမြားမြေ၌ အကောင်းဆုံးသော ပထမတန်းစား ငှက်ခါးရည်နီလာများထွက်၍ဖြစ်သည်။ အရည်၊ အသား၊ အရွယ်၊ ပုံစံတို့မှာ ပြောစရာမရှိအောင် ပြီးပြည့်စုံသော နီလာကျောက်ပြာများ ထွက်သဖြင့်လည်း ထိုသို့နာမည်ကြီးခြင်း ဖြစ်ပေ၏။

❑ ပေးသမျှယူရသော တွင်းသားများ

မိုးရာသီတွင် ရေကြည်ထွက်ဖို့အားကောင်းရာ မျှောတိုက်ရန် ရေအဆင်ပြေသော်လည်း မိုးကျွတ်သောအခါတွင်မူ ရေကြည်ထွက်တို့အားလျော့ကုန်သဖြင့် မျှောတိုက်ရန် အဆင်မပြေကြတော့ပေ။

ထို့ကြောင့် ရေနည်းနည်းရှိရုံမျှဖြင့် ဆေး၍ရသော ဖောက်တွင်းလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ကြရ၏။ တွင်းဆရာ ဦးထွန်းမောင် ဦးစီးလုပ်ကိုင်ရသော ဦးထွန်း၏ မျှောတွင်းကြီးသည်လည်း ဖောက်တွင်းကို ပြောင်းလဲလုပ်ကိုင်ရပါသည်။

အပေါ်ယံ တောင်ကြောသည် ကျောက်ပုပ်မြေနီတွင် ထုံးကြောများထိုးထားသောအနေအထားဖြစ်ရာ နီလာအခြောက်များကြား၌ နီလာအစိုတို့လည်းပါသဖြင့် လစဉ် မိုးရာသီ၌ အရှုံးလွတ်ကာ တွင်းသားတို့သုံးကြရပါသည်။ သို့သော် မစို့မပို့သာသုံးကြရခြင်းဖြစ်ပါသည်။

အစဉ်အလာအားဖြင့် တွင်းစကျောက်များအား ဘယ်၍ဘယ်မျှရောင်းရသည်ဟူသည်ကို တွင်းဆရာ၊တွင်းသားတို့မှ မေးခွင့်မရှိခြင်းကြောင့် ဖြစ်ပါသည်။ မိုးရာသီ မျှောတိုက်စဉ်၌လည်း တစ်မှုဆေးသော် ကျောက်အကောင်းစားနှင့် အညံ့စားတို့ရောနှောနေသောကျောက်တို့သည် အနည်းဆုံး တစ်ပြည်မျှနီးလှ ရှိ၏။ ရံဖန်ရံခါတွင်မူ တစ်စိတ် (လေးပြည်) မျှရသည်တို့လည်းရှိတတ်၏။ ထို

www.burmeseclassic.com

တစ်ခွင်တွင် ကျောက်နီ လွန်စွာရှားပါး၏။

တွင်းသမားဟူသည် ဤကျောက်မည်မျှတန်ပါသည်ဟု ဈေးမဖြတ်နိုင်ကြသော်လည်း ကျောက်ကောင်း၊မကောင်းကိုမူခွဲခြားနားလည်ကြကာ ဤကျောက်သည် ထောင်ကျောက်ဖြစ်နိုင်သည်၊ ဤကျောက်သည် သောင်းကျောက်ဖြစ်နိုင်သည်၊ ဤကျောက်သည် သိန်းကျောက်ဖြစ်နိုင်သည်ကိုတော့သိ၏။ သို့ကြောင့် ဆေးပြီးတိုင်း မျှော်လင့်ချက်ထားကြ၏။

သို့သော် ပေါလံ၊ မဲလံတို့မှရှင်းပေးသောအခါတွင်မူ စိတ်ကူးယဉ်အိပ်မက်တို့ လွင့်စဉ်ပျောက်ကွယ်ရလေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် ငွေလာရှင်းပေးလေ့ရှိသောမဲလံမှ -

"ဟဲ့-ထွန်းမောင်၊ နင်တို့ကျောက်တွေက အော်သာအော်၊ ကလေးမထွား၊ လူသာများပြီး ပွဲမစည်ဆိုတာလိုပဲဟဲ့။ ကျောက်တွေများပြီး ကျောက်ကောင်းကပါတာမဟုတ်ဘူး။ နင်တို့တွေသုံးရပါစေတော့ဆိုပြီး ငါမှာအာပေါက်မတတ်ပြောပြီး ခြေကန်ရောင်းလို့သာ နင်တို့ ဒီလောက်သုံးရတာ။ ပြီးတော့ နီလာဈေးကလည်း အရမ်းကိုကျနေတော့ ဒီလောက်ရတာပဲ ကံကောင်းလှပြီ"

စသဖြင့် ဗျစ်တောက်ဗျစ်တောက်ပြောဆိုကာ မစို့မပို့သောငွေကြေးကိုရှင်းပေးလေ့ရှိသည်။ ဘယ်အမှုံမှာ ဘယ်မျှရောင်းရသည်၊ ဘယ်အမှုံက ဘယ်မျှရသည်ဟူသည်ကိုတော့ ဘယ်သောအခါမျှ ရှင်းပြလေ့မရှိပေ။ ဤသည်မှာလည်း လိုင်စင်ခေတ် သူဌေးကြီးများကျင့်သုံးသောစနစ်ဖြစ်ပေရာ ဘယ်တွင်းသားကမှလည်း ဘယ်အမှုံဘယ်လောက်ရောင်းရသလဲ၊ ဘယ်ကျောက်ကြီးကဘယ်လောက်ရပါသလဲဟူသည်ကို မေးရဲသူတစ်ဦးတစ်ယောက်မှမရှိခဲ့ပါ။ ရှိခဲ့လျှင်လည်း ထိုတွင်းဆရာ၊ ထိုတွင်းသား အလုပ်မှ အော်တိုမစ်တစ်ပြုတ်ပြီးသားဖြစ်လေ၏။ သို့ကြောင့် ဆင်းရဲသားတွင်းသားတို့ကလည်း ဘုံပျောက်မည်စိုး၍ မေးလေ့မေးထမရှိကြပေ။

တွင်းစတွင်းနမှန်သော တွင်းတစ်တွင်းတွင် အလုပ်ရခဲ့ပါမူ နည်းသည်၊ များသည်မဆိုသာသော်လည်း လစဉ်လက်ထဲငွေကြေးပုံမှန်ရောက်နေတတ်ရာ တွင်းသားတို့မှာ ထိုမျှဖြင့်ပင် ကျေနပ်နေကြလေ၏။ ထွက်သမျှသောကျောက်တို့အား တန်ရာတန်ဖိုးဖြတ်၍ပေးသော ပေါလံကြီး ဟူသည် မရှိသလောက်ပင်ရှားပါးလေသည်။ သူတို့စေတနာရှိသလောက်သာရှင်းပေးကြ၏။

ပေါလံတိုင်းသည် အောက်စခေါ် အဖြုန်းအဖျင်းတို့ကိုသာ အမြဲတစေရောင်းလျက် ထားကောင်းရောင်းစွံကျောက်တို့ကိုမူ မိသားစုပိုင်ရတနာအဖြစ်သို့ လှောင်သိမ်းဆည်းတတ်ကြလေ၏။ ထို့ကြောင့် ထိုခေတ်ထိုအခါတွင် ကျောက်တွင်းသူဌေးဟူသည် အလွန်ပင်ဂုဏ်ရှိကာ လူတိုင်းက အထင်တကြီးရှိတတ်ကြပါသည်။ အထင်ကြီးလောက်အောင်လည်း ချမ်းသာကြပါသည်။ ကျောက်တွင်းသူဌေးကြီးများ ချမ်းသာသလောက် မျှဝေခံစားခွင့်မရသူတို့မှာ အလုပ်သမားခေါ် တွင်းသားတို့ ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ကံကပိုင်းခြားထား၍ဖြစ်၏။ တွင်းသမားတို့မှာမူ ပေးသမျှယူ၍ ကျွေးသမျှစားကာ အန္တရာယ်အလွန်ကြီးလှသော တွင်းအလုပ်ကို ကုန်းရုန်းလုပ်ကိုင်ကြရရှာ၏။ ဤသည်မှာ ပြုခဲ့သောကံဖြစ်ခဲ့ပါမူ. . .

□ ရင်ဖွင့်ကုန်ပြီ

"လေးထွန်းမောင်"

"ဟေ - ပြောလေကွာ"

"မဲလံကြီးလုပ်ပုံက တယ်မဟုတ်ချင်ပါဘူးဗျာ"

"ဘာဖြစ်လို့လဲ မောင်လှဝေရဲ့"

"တစ်လတစ်လ ကျွန်တော်တို့ကို ရှင်းပေးတာ နည်းလိုက်တာဗျာ"

"အင်း. . . ."

ဦးထွန်းမောင်မှာ ဘာမှပြန်မပြောတတ်အောင်ဖြစ်သွားရလေ၏။ ဦးထွန်းမောင်နှင့် ရွှေဘိုဘက်မှတွင်းသားများဖြစ်ကြသော လှဝေ၊ မင်းသိုက်၊ အောင်ပြည့်နှင့် ဖြူဖွေးတို့သည် တွင်းတောတဲကြီးတွင်နေထိုင်ကာ ဆောင်းရာသီဖောက်တွင်းလုပ်နေချိန် ဖြစ်သည်။

ဦးထွန်းမောင်နှင့် ထိုလူငယ်(၄)ဦးတွဲဖက်လုပ်ကိုင်လာသည်မှာ ကာလအားဖြင့် ကြာခဲ့ပြီ ဖြစ်သည်။ အားလုံးမှာ လုပ်ရည်ကိုင်ရည်ကျွမ်းကျင်ကာ ရလာသောကျောက်တို့အပေါ်၌လည်း ခွဲခြမ်းနားလည်နေကြပြီ ဖြစ်သည်။

မိုးရာသီတွင် မျောတိုက်၍ ခေါင်းမိုးကျင်းကာ ဆောင်းရာသီ၌ ဖောက်တွင်းဖောက်လျက် အောက်ခြေ စမြေဖြုန်းကိုတင်၍ဆေးကြခြင်း ဖြစ်သည်။

စမြေဖြုန်းတွင် ထုံးပျော့အိုးငယ်များထိုးထားသဖြင့် စံချိန်မိနီလာကြီးများ မကြာမကြာပါလာတတ်ပြီး အောက်ကျောက်များမှာလည်း တစ်မုံဆေးသော်နို့ဆီတစ်ဘူးမျှရလေ့ရှိရာ တွင်းသားတို့အမျှော်ကြီးမျှော်ကြလေ့ရှိသည်။

သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဟုဘိသို့ တစ်လပြည့်၍ရှင်းပေးသောအခါတိုင်း စိတ်ဓာတ်အကျကြီးကျကြရလေ၏။ သို့အတွက်ကြောင့် ညစာထမင်းစားချိန်တွင် မောင်လှဝေမှ ဦးလေးလိုရင်းနှီးနေသော တွင်းဦးစီး တွင်းဆရာ ဦးထွန်းမောင်ကို ရင်ဖွင့်ခြင်း ဖြစ်သည်။ မောင်လှဝေပြောသည်မှာ မှန်နေ၍ဖြစ်သည်။ ဤတွင် မောင်ဖြူဖွေးက ဝင်ပြောပြန်၏။

"တခြားကျောက်တွေကိုမဆိုလိုပါဘူး လေးထွန်းမောင်ရာ။ အရင်လကမှာတ်ခဲလောက်နီးနီးရှိတဲ့နီလာအစစ်ကြီးတွေသုံးပွင့်တောင်ပါတာဗျာ။ ကျွန်တော်တို့ကိုရှင်းပေးတော့ တစ်ယောက် နှစ်ထောင်တဲ့။ နည်းလိုက်တာဗျာ"

"အေးကွာ၊ နည်းဆိုလည်း ရွှေဝယ်ရင် တစ်ဆယ်သားရနိုင်တဲ့ပမာဏပါကွာ။ မင်းတို့ဒေသမှာဆို ရွှေတစ်ကျပ်သားဝယ်နိုင်ဖို့တောင် မလွယ်တဲ့ဟာ။ ဖြေသာတဲ့နည်းနဲ့သာဖြေပေါ့ကွာ"

ဤတွင် မောင်လှဝေက တစ်ကြော့ဝင်ပြောပြန်၏။

"လေးထွန်းမောင်ကတော့ ကျွန်တော်တို့နှစ်ဆရတော့ ဖြေသာတာပေါ့ဗျာ။ လေးထွန်းမောင်က လေးထောင်ရတာကိုး"

"အေးကွာ၊ ဒီစကားမျိုး ဒီမှာသာပြောပါ။ ပေါလံ၊ မဲလံတို့ရဲ့နားရောက်သွားလို့ကတော့ မင်းတို့ငါတို့ ပြေးရမယ့်ကိန်းကွ။ ဒီလိုအစအနမှန်တဲ့တွင်းမျိုးဆိုတာက ရှားတယ်ကွ။ နည်းတာ၊ များတာထက် မင်းတို့ငါတို့ လစဉ်အထိုက်အလျောက်သုံးနေရတာကိုပဲ ကျေနပ်ရမှာကွ"

"ဟုတ်ပါတယ်၊ အဲဒါကတော့ အမှန်ပါ။ ဒါပေမယ့် ကျွန်တော်တို့ကို ဒီထက်တော့ပိုပေးဖို့ကောင်းပါတယ်။ ကျွန်တော်တို့ဆို သစ္စာရှိရှိလုပ်လာတာကြာပါပြီ။ လေးထွန်းမောင်နဲ့ဆိုလည်း ဦးလေးအရင်းလိုဖြစ်နေပါပြီ။ အဲဒါကြောင့် လေးထွန်းမောင်နဲ့တိုင်ပင်ချင်လို့ ကျွန်တော်တို့ကပြောတာပါ"

"အင်း. . . ."

ဦးထွန်းမောင်က သက်ပြင်းချသည်။ ပြီးမှ -

"ကဲကွာ၊ ထမင်းပြောင့်ခဲပြီးကြပါ။ ငါက မင်းတို့နဲ့အတူ...



www.burmeseclassic.com

www.burmeseclassic.com

အချိန်မရွေးပြောလို့ရတာပဲ။ ကဲ - စားကြ၊ စားကြ"

ဟုပြောပြီး ဦးထွန်းမောင်က ထမင်းကို ဂရုတစိုက်စားနေလေ၏။ ညစာကား ချဉ်ရည်ဟင်း၊ ငါးခြောက်၊ ငရုတ်သီးကြော်၊ ဝက်သား၊ အာလူးနှင့်ရောထားသောဟင်းဖြစ်ပေရာ ဆာနေချိန်မို့ မြိန်လှပေ၏။

## ▫မသာမာသောစိတ်

တွင်းသားများ ရင်ဖွင့်မည်ဆိုကလည်း ဖွင့်ချင်စရာဖြစ်ပါ၏။ မိုးတွင်းမျှောတိုက်စဉ်ကာလ၌ အကောင်း၊ အဆိုးများစွာရသော်လည်း သောကောရောကောဖြစ်၍မဆိုသာသော်လည်း ဖောက်တွင်းရာသီကာလ၌ အောက်ဖြုန်းများတင်ဆေးသောအခါ ကျောက်စစ်ကျောက်ကောင်းကြီးများ မကြာမကြာပါတတ်လေ၏။

မည်မျှ ကျောက်ကြီးကျောက်ကောင်းများပါပါ သူတို့ကိုရှင်းပေးသည်မှာတော့ အများဆုံး ငါးထောင်၊ ခြောက်ထောင်သာဖြစ်ပါ၏။ဤသည်မှာ သူဌေးတို့၏ဝါဒဖြစ်မှန်းလည်း မိုးကုတ်သားစစ်စစ်ဖြစ်သော ဦးထွန်းမောင် နားလည်ပါသည်။

ဤကျောက်ကြောများ၊ဤကျောက်ကြီးကျောက်ကောင်းများမှာ တွင်းသားတို့၏ကံကြောင့်ရလာသောကျောက်များမဟုတ်ကြောင်း၊ ပေါလံ၊ မဲလံတို့၏ပြုခဲ့ဖူးသောကံကြောင့်သာ ရလာသောကျောက်များဖြစ်ကြောင်း ဦးထွန်းမောင်သဘောပေါက်ပါသည်။ မိမိတို့မှာ ကံမကောင်း၍သာ သူတစ်ပါး၏ အခိုင်းအစေ တွင်းသားလာ၍ဖြစ်ရခြင်းဖြစ်၏။ ဤသည်ကို တွင်းသားဖြစ်သော လူငယ်တို့က သိပ်ပြီးတော့နားလည်ဟန်မတူပါ။ ထို့ကြောင့် တွင်းသားတို့သည် ကာလကြာမြင့်သော် ရင်ထဲမျိုသိပ်မထားနိုင်တော့ဘဲ ယခုကဲ့သို့ ရင်ဖွင့်လာခြင်း ဖြစ်ကြောင်းသဘောပေါက်ပါသည်။ ဦးထွန်းမောင်မှာ သဘောမနောကောင်းသော အသက်(၄၀)ကျော်အရွယ် လူအေးဖြစ်သည်။ ရသမျှကို မိသားစုထံအပ်ကာ အေးအေးဆေးဆေး မပူရမပင်ရသောဘဝဖြစ်လေ၏။ ပိုက်ဆံတန်ဖိုးရှိသောကာလဖြစ်သဖြင့် တစ်လတစ်လစား၍ မကုန်ဘဲ လစဉ် ရွှေဝယ်၍စုနိုင်ခဲ့ကြ၏။ သို့ကြောင့် ဦးထွန်းမောင်မှာ ရသမျှနှင့် ရောင့်ရဲနိုင်ပါသည်။ မရောင့်ရဲနိုင်သူတို့မှာ တွင်းသားတို့ဖြစ်သည်။

"လေးထွန်းမောင်၊ ပေါလံ မဲလံတို့အတွက် ကျွန်တော်တို့လုပ်ပေးရှာပေးခဲ့တဲ့ကျောက်ဟာ လှည်းနဲ့တိုက်ရင် လှည်းတစ်စီးတိုက်လောက်တောင်မကတော့ဘူးထင်တယ်"

"အေးကွာ၊ ဟုတ်မှာပေါ့"

ဦးထွန်းမောင်သည် အိပ်ရာထက်၌ ဆေးလိပ်ဖွာနေရာမှ မောင်လှဝေပြောစကားကို အလိုက်အထိုက်လိုက်ပေးခြင်း ဖြစ်သည်။

"ဒီတစ်ခါ ကျောက်ကြီးကျောက်ကောင်းပါရင် ကျွန်တော်တို့တစ်လှည့်လောက်ယူရအောင်လား လေးထွန်းမောင်"

"ကောင်လေးတွေကွာ၊ မင်းတို့ဟာ မကြံကောင်းမစည်ရာ၊ ငါဖြင့် မင်းတို့ပြောတာနဲ့တင်လန့်သွားတယ်။ ငါဖြင့် စိတ်နဲ့တောင် ပေါလံမဲလံတို့ရဲ့ပစ္စည်းကို မပြစ်မှားရဲပါဘူးကွာ"

"ဩော်-လေးထွန်းမောင်ကလည်း ပေါလံ၊ မဲလံတို့ကို ခိုးပြီးသွားတိုက်တာမှ မဟုတ်တာ။ မြေကြီးထဲကထွက်လာမယ့် ပစ္စည်းပဲဟာ။ သူတို့ ကျွန်တော်တို့ကို ကံစားအဖြစ် မှန်မှန်ရှင်းမပေးခဲ့တာ အကြိမ်ပေါင်းများစွာလေ။ သူတို့ အခါတစ်ရာလောက်ယူမှ ကျွန်တော်တို့က တစ်လှည့်လောက်ပဲ ပြန်ယူမယ့်ဥစ္စာ။ ဒါက တရားပါတယ် လေးထွန်းမောင်ရဲ့"

"အင်း-မင်းတို့ပြောတာနဲ့တောင် ငါအတော်ကြောက်နေပြီ။ တို့မိုးကုတ်သားတွေဆိုတာ ဘယ်သူ့မှမဟုတ်တာကို မလုပ်ရဲကြဘူးကွ"

"ကျွန်တော်တို့တွေတစ်လျှောက်လုံး ရိုးသားဖြူစင်ခဲ့ကြတာပဲ။ မဟုတ်တာလုပ်တာက ကျွန်တော်တို့မှမဟုတ်တာ၊ ပေါလံ မဲလံတွေလေ။ သူတို့က မိုးကုတ်သူမိုးကုတ်သားတွေဖြစ်နေပြီး ကျွန်တော်တို့ကို မှန်မှန်ကန်ကန်မှ ရှင်းမပေးတာ။ တစ်ခါလောက်တော့ ယူကြည့်ရအောင် လေးထွန်းမောင်ရာ"

"အင်း - မင်းတို့နဲ့တော့ခက်နေပြီ။ ငါလိပ်ပြာသိပ်မလုံဘူးကွ"

"ဩော် - လေးထွန်းမောင်ကလည်း ပါးကိုက်လို့နားပြန်ကိုက်တာ အပြစ်လားဗျာ။ လိပ်ပြာသန့်သန့်ထားစမ်းပါ။ ဒါကလည်း ဆောက်ဖြစ်မှ ကျောင်းဒကာဆိုတာလို ကျောက်ကြီးကျောက်ကောင်းတွေ့လို့အခွင့်သာမှပါ"

"အေးကွာ၊အေး- တစ်ခါလောက်တော့ စမ်းကြည့်ကြတာပေါ့"

"ဒီလိုလုပ်စမ်းပါ လေးထွန်းမောင်ရာ။ ကျွန်တော်နဲ့ဦးလေးတို့က သေအတူရှင်မကွာ သွေးသောက်ညီအစ်ကိုတွေပါဗျာ"

ဟု ဝမ်းမြောက်ဝမ်းသာဆိုလေ၏။

## ▫ဖြုန်းဆေးကြပြီ

ဖောက်တွင်းရာသီသည် မိုးကာလထက် အဓိကကျလေ၏။ အဘယ်ကြောင့်ဆိုသော် မျှောတိုက်၍မမိနိုင်သောအောက်ထဲမှစမြေဖြုန်းတို့ကိုတင်၍ဆေးခြင်းကြောင့် ဖြစ်သည်။ စမြေဖြုန်းထဲမှသာ ရာနှုန်းပြည့်ကျောက်ကြီးကျောက်ကောင်းတို့ထွက်လေ့ရှိသောကြောင့်ဖြစ်၏။ ထို့ကြောင့် စေ့စပ်သေချာသော မဲလံကိုယ်တိုင် နေ့စဉ်ကားဖြင့်လာရောက်ကြည့်ရှုလျက် တွင်းဆေးသောနေ့များတွင် ကိုယ်တိုင် သဲရွေးလျက် ကျောက်တို့ယူပြန်လေ့ရှိသည်။

တွင်းတောသို့မူ ကားမရောက်ပါ။ ကားအား ကားလမ်းရှိရာ ရှမ်းကုန်းစံရွာတွင်ထားခဲ့ပြီး ကားဒရိုင်ဘာနှင့်အတူ တွင်းတောသို့ ခြေကျင်လာလေ့ရှိသည်။

"လေးထွန်းမောင်၊ မဲလံကလည်း ဒီနေ့နောက်ကျလိုက်တာ၊ ခုထိမရောက်သေးဘူး။ ကျွန်တော်တို့ ဖြုန်းမွှေနှင့်ရအောင်လား"

"အေးကွာ၊ မွှေနှင့်လည်းရတာပဲ။ ခါတိုင်းလည်း မွှေနေကျပဲ။ သဲဖြစ်တဲ့အချိန်လောက်ဆို မဲလံရောက်လာမှာပါကွာ"

ဟု တွင်းဆရာ ဦးထွန်းမောင်၏ ခွင့်ပြုချက်ရသည်နှင့် တွင်းသား (၄) ဦးသည် ရေမုံထဲတွင် ရှေ့ (၂)ယောက်၊ နောက် (၂) ယောက်နေကာ ဖြုန်းများ စတင်မွှေကြပါသည်။

စမြေစေးဖြုန်းမို့ ပေါက်ပြား (၄) လက်ဖြင့် ဖြုန်းစင်းနေသောအသံများက တဖျောက်ဖျောက်မြည်နေ၏။ ဖြုန်းစင်းရာတွင် ရေဖြင့်စင်းရသည်မို့ စမြေနီဖြုန်း၏ရွှံ့ရည်တို့သည် စင်းသူတို့၏ တစ်ကိုယ်လုံး ပေကျံ၍နေလေ၏။ ဦးထွန်းမောင်မှာ ရေမုံဘေးမှထိုင်၍ကြည့်နေလေ၏။

ပထမတစ်ဦးစင်းပြီးသော် ရွှံ့ကနယ်ရည်တို့ကိုဖွင့်ထုတ်ကာ ကျောက်ဖြုန်းများမကြေသေးသော ဖြုန်းခဲများ၊ သဲများကို ရေမုံဦးတို့ ပြိုင်တူဆွဲတင်ကြပါသည်။ ထွက်သွားသောမုံများက နယ်ရည်များသည် ရေမုံစလုတ်ထဲမှပွက်ထကာ မျောကုန်ကြပါသည်။ ထိုသို့ ရေကြည်ဦးတဲ့သို့ ဆွဲပုံနေစဉ်ဝယ် တွင်းသားတို့ထံမှ -

"ဟာ"

www.burmeseclassic.com

www.burmeseclassic.com

ဟူသောအသံကိုကြားလိုက်ရပြီး ဖြူဖွေးသည့် တောကြက်ဥခန့်ရှိသော နီလာကြီးတစ်ပွင့်ကို ရေမှုံဦးမှကောက်ယူလိုက်သည်ကို မြင်လိုက်ရ၏။

"လေးထွန်းမောင် ဒီမှာ"

ဖြူဖွေးက ဝမ်းသာအားရပြသည်။ ကျောက်ကြီးကား နေပဏ္ဍာအောက်တွင် ပြာလဲ့တောက်ပနေသောကြောင့် ကျောက်စစ်ကျောက်ကောင်း နီလာကြီးတစ်ပွင့်ဖြစ်ကြောင်း အားလုံးချက်ချင်းသိကြသည်။

ထိုအခါ မောင်လှဝေက -

"လေးထွန်းမောင်၊ သိမ်းထားလိုက်လေ။ ဒါမှ ကျွန်တော်တို့ တွင်းသားဘဝကလွတ်ပြီး ပေါလံဖြစ်ကြမှာ၊ ဖြူဖွေးပေးလိုက် ပေ့ကောင်"

ဆိုသည်နှင့် ဖြူဖွေးက ဦးထွန်းမောင်လက်ထဲသို့ထည့်လိုက်လေသည်။ ဦးထွန်းမောင်တစ်သက် ဤ၍ဤမျှလှသော နီလာစစ်စစ်ကြီးကို တစ်ခါမှမမြင်ဘူးခဲ့ပေ။ ယခင်ရခဲ့သောကျောက်တို့မှာ ဤကျောက်၏ စံချိန်ကိုမမီကြောင်း ဦးထွန်းမောင်သိလေ၏။ တုန်ယင်သောလက်များဖြင့် ဦးထွန်းမောင်လက်ခံနေစဉ်ပင် အောင်ပြည့်၏ အလန့်တကြားစကားကို ကြားလိုက်ရ၏။

"လေးထွန်းမောင် အမြန်လုပ်၊ ဟိုးအောက်ဘက်မှာ မဲလံတက်လာနေပြီ။ခဏဆိုရောက်တော့မှာ။ အဲဒါခါးပိုက်ထဲထည့်ပြီးလိမ်ထားလိုက်"

ဟု ဆိုသဖြင့် ဦးထွန်းမောင်မှာ ချက်ချင်းခါးပိုက်ထဲထည့်ကာ ကျစ်ကျစ်ပါအောင် ခါးပုံစကို ထိုးသိပ်ထားလိုက်လေ၏။ ပြီးလျှင် အောင်ပြည့်အား အပေါ်တက်ခိုင်းကာ သူကိုယ်တိုင် ဖြုန်းဝင်၍စင်းလေ၏။ နောက်ကျိနေသောရွှံ့က နယ်ရည်တို့ဖြင့် ကျစ်ကျစ်ပါအောင် လိမ်ထားသော ခါးပိုက်တစ်ပိုက်ကို ပေကျံနေအောင် ကပျာကယာသုတ်၏။ ပြီးလျှင် စမြေဖြုန်းများအား ရေတွင်းတွင်းဖြင့်စင်း၍နေလေ၏။ ဦးထွန်းမောင်လည်း အများနည်းတူ တစ်ကိုယ်လုံးရွှံ့တို့ဖြင့် ပေပွနေ၏။

အတန်ငယ်ကြာသော် တရွေ့ရွေ့တက်လာနေသော မဲလံသည် ရေမှုံနားရောက်လာတော့၏။ ထိုအခါ ထူးထူးဆန်းဆန်း ဖြုန်းများစင်းနေသော တွင်းဆရာဦးထွန်းမောင်ကိုမြင်ရရာ မဲလံက -

"ဟဲ့-ထွန်းမောင်၊ ဒီနေ့ နင်ကိုယ်တိုင် ဖြုန်းစင်းနေတာလား"

ဟု ဆိုရာ -

"ဟုတ်ကဲ့ မဲလံ၊ အောင်ပြည့် ဖြုန်းစင်းရင်း ဗိုက်နာတယ်ဆိုတာနဲ့ ဝင်စင်းနေတာပါ"

"ဩော် အေး အေး"

ဟု ဆိုလေ၏။

အောင်ပြည့်မှာမူ ငုတ်တုတ်ထိုင်ကာ မသက်သာသောမျက်နှာအမူအရာဖြင့်ရှိသဖြင့် -

"ဟဲ့ - အောင်ပြည့်၊ နေမကောင်းရင် သွားနားနေလေ"

"ရပါတယ် မဲလံ၊ အခုသက်သာသွားပါပြီ"

"နင် လေချုပ်တာနေမှာ၊ နောက်နေ့ကျမှ ငါလေဆေးဝယ်ခဲ့ပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့ မဲလံ"

စမြေသည် ဒုတိယတစ်ကြိမ်စင်းပြီးအတွင် သဲတို့မြင်ရစပြုပြီဖြစ်ပြီး တတိယအကြိမ်စင်းပြီးမှသာ သဲစစ်စစ်ဖြစ်ပါသည်။ ထိုသဲဖြစ်ပါမှ ဆေးကြရပါသည်။

## ■ ပြကျောက်

သဲတစ်ဝက်ဖြုန်းတစ်ဝက်ပမာဏဖြစ်သွားသောအခါ ရေမှုံဦးအောက်သို့ ဆွဲအထည့်တွင် သဲထဲ၌ ကြီးမားသော နီလာတို့ကိုမြင်နေရရာ ထိုနီလာတို့အား ရေမှုံဦးဘေး၌ထောင်ထားသောကျောက်ပေါက်ထဲသို့ ဦးထွန်းမောင်က ကောက်ကောက်ထည့်ပါသည်။

သဲတွေဆွဲစုစု၍ ရေအောက်သို့အပို့တွင် ဦးထွန်းမောင်မှာ နေပဏ္ဍာရှိရာအရှေ့ဘက်သို့မျက်နှာအမူ၌ ဆန်းကြယ်သောအဖြစ်အား အခ[illegible]တွင်ထိုင်နေသည့် အောင်ပြည့်က မြင်ရလေ၏။

ထိုသည်မှာ ရွှံ့များသုတ်လိမ်းပြီး နီလာကြီးအားဖွက်ထားသော ဦးထွန်းမောင်၏ခါးပိုက်မှ နေဘက်သို့အလှည့်တွင် ပြာခနဲ ပြာခနဲနှင့် နီလာ၏အရောင်တဖျပ်ဖျပ်ထွက်နေ၍ဖြစ်သည်။ အံ့ဩဖွယ်ကောင်းပေစွ။ ဤသည်ကိုကြည့်၍ အောင်ပြည့်မှာ -

"ဘုရားဘုရား-မဲလံမမြင်ပါစေနဲ့"

ဟု ကြိတ်၍ဆုတောင်းနေမိ၏။ မဲလံမြင်သွားခဲ့သော် သူတို့ (၅) ဦး၏ စိတ်ကူးယဉ်အိပ်မက်သည် ပျက်ပြယ်ရပေတော့မည်။ ဦးထွန်းမောင်မှာမူ သူ့ခါးပိုက်မှ နီလာရောင်ထွက်နေသည်ကို သတိထားမိဟန်မတူဘဲ လုပ်ရိုးလုပ်စဉ်အတိုင်း အားတက်သရောလုပ်ကိုင်နေလေ၏။

စူးရှသော နေပဏ္ဍာဘက်လှည့်တိုင်း ခါးပိုက်မှတလက်လက်ဖြစ်နေရာ မဲလံလည်း မလွဲမသွေမြင်တွေ့ရလေတော့၏။

ထို့ကြောင့် -

"ဟဲ့ - ထွန်းမောင် နင့်ခါးပိုက်က ပြာခနဲပြာခနဲ တလက်လက်နဲ့အရောင်တွေထွက်နေတယ်ဟဲ့၊ နင်ကျောက်များကောက်ထည့်ထားသလားဟဲ့"

ဟု ဆိုလေရာ မိုးသားဖြုန်းခဲ့သော ဦးထွန်းမောင်သည် မိုးကြိုးပစ်သည့်အလား ကြီးစွာတုန်လှုပ်သွားလေ၏။

"ဩော် - ဟို. . . ဟို"

ဟု ဆွံ့ဆွံ့အအဆိုကာ ခါးပိုက်ထဲမှာ နီလာကြီးအားထုတ်၍ မဲလံအား တုန်ယင်သောလက်တို့ဖြင့် ပေးအပ်လေ၏။ တောကြက်ဥခန့်ပုံဆောင်နီလာကြီးဖြစ်ပါသည်။

"ဟို ဟို ပထမတစ်ကြိမ် ဖြုန်းစင်းကတည်းကပေါ်လာတာနဲ့ ကျွန်တော်ကောက်ထည့်ထားတာပါ။ အဲဒါ ဖြုန်းစင်းပြီးမှ မဲလံကိုပေးမလို့ပါ"

"ဩော် အေးအေး၊ ပြီးတာပေါ့လေ။ ကဲ- ဆက်လုပ်ကြပါ။ နင်တို့ ဒီနေ့ ကျောက်ကြီးကျောက်ကောင်းအပ်နိုင်တာကြောင့် နက်ဖြန်မှာ နင်တို့ကို ငါလာဘ်ခေါ် ပေးမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

ဟု ခပ်ကုပ်ကုပ်ပြောကာ ဖြုန်းကိုမဲ၍စင်းနေကြလေ၏။ အောင်ပြည့်၏ဆုတောင်းကား မပြည့်ရှာပါ။ သူမြင်သလို မဲလံလည်းမြင်ကာ နောက်ပိုင်းပေါ်တင်ဖွင့်ပေးသည့်အဖြစ်ကိုရောက်ခဲ့ပြီး နီလာပတ္တမြားကြီးအား မဲလံထံအပ်လိုက်ရသောအဖြစ်ကို အောင်ပြည့်မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရပါသည်။

ထိုအခါတွင်မှ ရတနာအစစ်သည် ထိုက်တန်သောသူ မဲလံအား မမြင်မြင်အောင် နီလာရောင်တဖျပ်ဖျပ်ပြလျက် အသိပေးခြင်းဖြစ်ကြောင်း သဘောပေါက်ရလေ၏။

ဤကျောက်သည် ပိုင်ရှင်မမြင်မြင်အောင်ပြသော ပြကျောက်ကြီးဖြစ်ပါသည်။ ပြကျောက်အကြောင်းတို့ကို အောင်ပြည့် ကြားဖူး၏။ ထိုသည်တို့မှာ လက်တွေ့မဟုတ်။ ယခုသော် ပြကျောက်ကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပေပြီ။ [illegible] ဒဏ္ဍာရီမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## နတ်မောက်မင်းသန့်နိုင်
# ချောင်းဆိုး၊ မျက်စိမှုန်သူများအတွက် ဓာတ်စာ

ချောင်းအလွန်ဆိုးခြင်း၊ မျက်စိကြည့်မကောင်းဘဲ မှုန်ပျပျဖြစ်နေသူများအတွက် ကျွန်ုပ်လက်တွေ့သုံးခဲ့ပြီးသည့် ဓာတ်စာဆေးနည်း တင်ပြအပ်ပါသည်။

ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်ပျော့ပျော့ကို အခွံမခွာဘဲ မီးဖုတ်ပါ။ မီးဖုတ်ရာတွင် ငှက်ပျောသီးဖောင်းခန်ပေါက်ထွက်သဖြင့် မဖုတ်မီ ငှက်ပျောသီးပတ်ပတ်လည်တွင် သွားကြားထိုးတံတုတ်သေးသေးလေးများနှင့် လေး၊ ငါးပေါက် ဖောက်ပေးထားပြီးမှဖုတ်ပါ။ ငှက်ပျောသီးကို ကျက်နပ်အောင် မီးဖိုတွင်လှည့်ပေးပြီးဖုတ်ပါ။

ကျက်နပ်စွာဖုတ်ထားသော ငှက်ပျောသီးမှည့်ကို အအေးခံ၊ အခွံခွာပြီး အနှစ်သားကို ကြွေပန်းကန်ထဲထည့်ပါ။ ထို့နောက် ထန်းဖိုဦးထန်းလျက်ခဲနှစ်ခဲထုခြေထည့်ပါ။ ဆားလက်ဖက်စားတစ်ဇွန်းထည့်၍ သမအောင်ရောပေါက်ပြီး စားပေးပါ။

အထက်ပါအတိုင်း ငါးရက်မှ တစ်ပတ်၊ ဆယ်ရက်အထိထားပေးပါ။ ချောင်းဆိုး သက်သာ ပျောက်ကင်းပြီး မျက်စိအမြင်ပါ ကြည်လင်လာပါမည်။

မိမိ၏ ရောဂါအခြေအနေအရ သုံးရက်စား၍ ပျောက်ကင်းသူ၊ တစ်လစား၍ပျောက်ကင်းသူဟူ၍ ကွာဟမှုရှိနိုင်ပါသည်။ ချောင်းဆိုးပျောက်ကင်း မျက်စိကြည်လင်လာစေသည်မှာ ယုံမှားသံသယရှိစရာမလိုပါ။

နတ်မောက်မင်းသန့်နိုင်

**ဥလွှမ်းတသသ**

နောက်နေ့ မဲလံက ဦးထွန်းမောင်အား တစ်သောင်းကျပ်လာဘ်ခေါ် လျက်တွင်းသားများအား ငါးထောင်ကျပ်စီ လာဘ်ခေါ် ပေးပါသည်။ မဲလံသည် သူကတိအတိုင်း လာဘ်ခေါ် ပေးသော်လည်း တွင်းသားတို့မှာ မပျော်နိုင်ကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုကျောက်ကြီးအား လက်လွှတ်လိုက်ရ၍ဖြစ်သည်။ အကယ်၍သာ သူတို့အကြံအောင်ခဲ့ပါမူ သူတို့သည် သူဌေးလေးများဖြစ်ကြမည်ဖြစ်သည်။ သို့ကြောင့် ထမင်းပင်စားမဝင်နိုင်အောင်ဖြစ်ကာ ကျောက်ကြီးအား မျက်စိထဲကမထွက်နိုင်အောင်ရှိကြလေ၏။

"တောက်. . . ကွာ၊ ငါတို့ကံကလည်း ဆိုးလိုက်တဲ့ကံ။ ကျောက်ကြီးကျောက်ကောင်း လက်ထဲရောက်ပြီးနေတာတောင် ကျောက်က မဲလံမမြင် မြင်အောင်ပြသတဲ့ကွာ။ အံ့ရော. . အံ့ရော ငါဒီတစ်ခါပဲကြုံဖူးပါတယ်ကွာ"

"ဩော်-လှဝေရာ၊ မင်းတို့က ဖြုန်းစင်းနေလို့မမြင်တာ။ ထိုင်နေတဲ့ငါက မြင်နေရတာဟ။ ဒီလောက် ရွံ့တွေသုတ်လိမ်းထားတာတောင် နေရာအောက်မှာ တလက်လက်လုပ်ပြတာ အံ့ဩနေတာ။ မဲလံကြီးမမြင်ပါစေနဲ့လို့ ဆုတောင်းပေမယ့် သူလည်း မျက်စိနဲ့ဆိုတော့ မြင်တာပေါ့ကွာ။ အဲဒီကျောက်ကြီးသာလွှတ်လိုက်လို့ကတော့ မင်းတို့ငါတို့ဒီတစ်သက်အေးအေးဆေးဆေးပေါ့။ အခုတော့ ငါးထောင်ကျပ်တဲ့"

ဟု အောင်ပြည့်ကဆို၏။

"ငါဆို မိုးကုတ်မှာမွေးပြီး ငယ်ငယ်ကတည်းက တွင်းလုပ်လာတဲ့ကောင်ကွ။ ဒီလောက်ကြီးပြီးဒီလောက်လှတဲ့ကျောက် တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ ငါ့တစ်သက်မှာ ဒီလိုမသမာမှုမျိုးလည်း တစ်ခါမှ မလုပ်ခဲ့ဖူးဘူး။ ခုတော့ တစ်ခါခိုး တစ်ခါမိနဲ့ကြုံရပြီး ငါ့မျက်နှာဘယ်လိုထားရမှန်းတောင်မသိအောင်ပါပဲကွာ။ တော်သေးတယ်၊ သူတို့အပေါ် နှစ်ရှည်လများ သစ္စာရှိခဲ့တဲ့ကျေးဇူးကြောင့် ငါတို့ကို ဘာမှတော့မဆိုပါဘူး။ ဒါပေမယ့် ငါ့လိပ်ပြာအရမ်းရှက်နေတယ်ကွ။ တကယ်တော့ ဒီလိုအဆင့်မြင့်ရတနာဆိုတာ ရှေးဘုန်းရှေးကံပါလာပြီး ထိုက်တဲ့သူနဲ့သာနေနိုင်တာကွ။ မတန်မရာသွားကြံတော့ ခုလိုခံရတာပေါ့ကွာ။ ဒါပေမယ့် ဒီနီလာကြီးဟာ ငါ့တစ်သက် မျက်စိထဲကထွက်မှာမဟုတ်တော့ဘူး"

ဟု ဦးထွန်းမောင်က ပြောပြရာ အားလုံးကပင် -

"ကျွန်တော်တို့လည်း မျက်စိထဲကဘယ်တော့မှထွက်မှာမဟုတ်ဘူး"

ဟု တမ်းတမ်းတတ ဆိုကြလေ၏။

**မှတ်ချက်**

ထိုဦးထွန်းမျောသည် တော်လှန်ရေးအစိုးရတက်ပြီးနောက်ပိုင်း မိုးကုတ်ပတ္တမြားမြေ ကျောက်တွင်းများ ပြည်သူပိုင်သိမ်းရာတွင်ပါသွားရာ ပြည်သူပိုင်ပစ္စည်းဖြစ်သွားခဲ့၏။

ထိုအခါ အရပ်သားတို့ တိုးဝှေ့လုပ်ကိုင်ကြရာ ထိုဒေသတစ်ခွင် စိုးမိုးနေသော ကွန်မြူနစ်တို့က ထပ်မံသိမ်းဆည်းလိုက်ပြန်ပါသည်။

အလံနီနှင့် ကွန်မြူနစ်တို့အား တပ်မတော်မှ အပြတ်ချေမှုန်းလိုက်သော အခါတွင်မူ သောင်းကျန်းသူတို့ လုံးဝချုပ်ငြိမ်းကာ အရပ်သားတို့ ပြန်လည်လုပ်ကိုင်ကြပြန်လေ၏။

သို့သော် မူရင်း ဦးထွန်းတို့လုပ်ကိုင်စဉ်ကကဲ့သို့ ကျောက်ကြီးကျောက်ကောင်းများမထွက်တော့ဘဲ သာမန်ထမင်းစားကျောက်မျိုးများသာ ထွက်တော့ကြောင်း ကြားသိရလေ၏။ နောင်လိုင်စင်ခေတ်တွင်မူ ထိုဒေသသို့မရောက်ဖြစ်၍ မသိရတော့ပါ။

ချမ်းမြေ့ကြည်စေ

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ဤကဏ္ဍတွင် -

၁။ အနန္တငါးပါးကိုဝိဂြိုဟ်ပြုပုံ၊
၂။ ယေဂထဋ္ဌဝန္တနာသုတ်၊
၃။ ဘုရားရှင်မှ နတ်တို့အား အမျှဝေ ပူဇော်သင့်ကြောင်း ဟောကြားခဲ့ခြင်းအကြောင်း၊
၄။ ဆရာ (၄) မျိုး၊
၅။ ကောလာဟလ (၅) ပါး၊
၆။ မင်္ဂလာ (၈) ပါး၊
၇။ လောကီမင်္ဂလာ (၁၂) ပါး၊
၈။ မျိုးကွဲမင်္ဂလာ (၅) ပါး၊
၉။ အာဝါဟမင်္ဂလာနှင့်ဝိဝါဟမင်္ဂလာ ခေါ်ဆိုပုံ၊
၁၀။ အဘိသိက်ခေါ်ဆိုပုံနှင့် ဘိသိက်မင်္ဂလာ (၁၂) ပါး၊
၁၁။ ကောတူဟာမင်္ဂလာ (၁၀) ပါး၊
၁၂။ ထိမ်းမြားခြင်းမင်္ဂလာ (၁၀) ပါး၊
၁၃။ အုပ်ထိန်းခြင်းမကောင်းသော အာဂမနီယမိန်းမနှစ်ကျိပ်၊
၁၄။ မောင်နှံစုံ(၄)မျိုးဆုံးမညွှဝါဒခန်း၊
၁၅။ အနန္တငါးပါးကန်တော့ပြီး ဘိသိက်ဆရာ၏ဆုပေး (တစ်နည်း)၊
၁၆။ မင်္ဂလာပွဲသိမ်းဆုပေး (တစ်နည်း)၊
၁၇။ ဇနီးမောင်နှံ ရာသက်ပန်ပေါင်းသင်းနေထိုင်ရန်အတွက်ဆုံးမခန်း၊
၁၈။ အနမတဂ္ဂသံသရာရှည်လျားပုံ၊
၁၉။ တစ်ဦးနှင့်တစ်ဦးချစ်ခြင်းမေတ္တာဖြစ်ပေါ်ရပုံတို့ ပါဝင်ပါသည်။

## လက်ထပ်မင်္ဂလာဘိသိက်သွင်းနည်းနှင့် မင်္ဂလာစကားချီးမြှင့်နည်း

## ဒုတိယကဏ္ဍ

ဤဒုတိယကဏ္ဍသည် ဘိသိက်မင်္ဂလာဆရာပြုလုပ်သူများ သိအပ်တတ်အပ်သော ဘိသိက်ဆရာ၏အခြေခံပညာများကိုရေးသားပါမည်။ မင်္ဂလာစကားရှည်ရှည်ပြောကြားရန်လိုအပ်ပါကလည်း ဤဒုတိယကဏ္ဍမှ ဆိုင်ရာဆိုင်ရာတို့ကို ထုတ်နုတ် ပြောဆိုနိုင်ပါသည်။

### အနန္တငါးပါးကိုဝိဂြိုဟ်ပြုပုံ

□ ဘုရား

**စတုသစ္စာယဘုဒ္ဓတီတိဗုဒ္ဓေါ** - ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂတစ်ဖြာလေးသစ္စာကို ဦးစွာပိုင်ပိုင်ကိုယ်တော်တိုင် သိမြင်နိုင်၍ သုံးဆိုင်ဝေနေများ ဗိုလ်ခြေကို မသွေအတူ သိစေတော်မူနိုင်သောကြောင့် 'ဗုဒ္ဓ' ဘုရားဟု ခေါ်တွင်ပါသည်။

□ တရား

**စတုသုအပါယေသုအပတမာနေ ဓါရေတီတိဓမ္မော-စတူသု**- ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် စသော လေးပါးသောအပါယ်တို့သို့ **အပတမာနေ** - မကျရောက်ရအောင်၊ **ဓါရေတိ** - ဆောင်နှင်းနိုင်၏၊ **ဣတိတသ္မာ** - ထို့ကြောင့် 'ဓမ္မာ' တရား မည်ပါပေ၏။

□ သံဃာ

**သံသုဋ္ဌုကိလေသေဟနတိဟိံသတိ တိသံဃော** - **ကိလေသေ** - ကိုယ်မှာငြိစွမ်း မချိနွမ်းအောင် ပင်ပန်းပူလောင်စေတတ်သော ကိလေသာတို့ကို၊ **သံသုဋ္ဌု**-ကောင်းစွာ၊ **ဟနတိဟိံသတိ**-ပယ်ဖျောက်စေတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **သံဃော** - 'သံဃာ' မည်ပါပေ၏။




www.burmeseclassic.com

www.burmeseclassic.com

၁ အမိ

**ဓမ္မေနပုတ္တံမာနေတိတမာတာ** - **ဓမ္မေန** - တရားသဖြင့်၊ **ပုတ္တံ** - သားသမီးတို့ကို၊ **မာနေတိ** - မြတ်နိုးတတ်၊ စောင့်ရှောက်တတ်, ကာကွယ်တတ်၏။ **ဣတိတသ္မာ** - ထို့ကြောင့်၊ 'မာတာ' အမိ (ဝါ) အမေ မည်ပါပေ၏။

၁ အဘ

**ပုတ္တဒါရာနံပေါသေတိတိပိတ-ပုတ္တဒါရာနံ** - သားသမီးများနှင့်တကွ အိမ်သူဇနီးချစ်မငြိုးတို့အား၊ **ပေါသေတိ**-အသက်ထက်ဆုံး ပျက်မမှန်းဘဲ တစ်သက်လုံး လုပ်ကျွေးမွေးမြူတတ်၏၊ **ဣတိတသ္မာ**- ထိုသို့တစ်သက်လုံး ပင်ပန်းစွာ လုပ်ကျွေးမွေးမြူတတ်သောကြောင့်၊ **ပိတာ** - အဘမည်၏။

၁ ဆရာ

**ဗဟုန် သိပ္ပါနံ အာနေတီတိ-အာ၊ စာရိတ္တပါရိတ္တံ စရတိ စ္စောတိ - စရိ၊ အာစရေနစရိယော-အာစရိယော-ယော** - အကြင်ပုဂ္ဂိုလ်သည် (သိဿာနံ - ပညာဆည်းပူးလိုသောလူငယ်တို့၏၊ **အတ္တာယ**- အကျိုးငှာ) **ဗဟုန်** - များစွာကုန်သော၊ **သိပ္ပာနံ** - စက်မှုလက်မှုနှုတ်မှုပညာရပ်တို့ကို၊ **အာနေတိ** - ရှာမှီးဆောင်ယူတတ်၏။ **ဣတိတသ္မာ** - ထိုသို့ အတတ်ပညာအသိအလိမ္မာတို့ကိုရှာမှီးဆောင်ယူတတ်သောသတ္တိကြောင့်၊ **သော** - ထိုပညာရှင်သည်၊ '**အာ**' အာမည်ပါပေ၏။

(**အာ** - အသိအလိမ္မာဉာဏ်ပညာတို့ကိုတခြားမှရှာမှီးဆောင်ယူတတ်သောပညာရှင်)

**စ္စော** - ဤအရာ၌၊ **စာရိတ္တပါရိတ္တံ** - ကောင်းမြတ်သော ကိုယ်ကျင့်တရားအတတ်ပညာများကို၊ **စရတိ** -လှည့်လည်ဆည်းပူးတတ်၏။ **ဣတိတသ္မာ** - ထို့ကြောင့်၊ '**စရိ**' စရိမည်ပါပေ၏။

(**စရိ**-အသက်မွေးမှုအတတ်ပညာအပြင် ကိုယ်ကျင့်တရားကောင်းမွန်ရေးအတတ်ပညာကိုပါ လှည့်လည်ဆည်းပူးတတ်သောပညာရှင်)

**အာစရေန** - စက်မှုလက်မှုနှုတ်မှု ကိုယ်ကျင့်တရား အတတ်ပညာတို့ကို လှည့်လည် ဆည်းပူးရှာမှီး၍၊ **စရိယာ** - သင်ကြားပြသဆိုဆုံးမတတ်သောပညာရှင်။

**အာစရိယာ** - အတတ်ပညာတို့ကို ရှာမှီးဆည်းပူး၍၊ **သိဿာနံ**- တပည့်တို့အား သင်ကြားပြသတတ်သောသူသည် အာစရိယ (ဝါ) ဆရာသခင်ဖြစ်ပါသည်။

**ယေဂဟပတ္တဝန္တနာသုတ်**

၁ ယေဂဟပဌာ ပုညကာရာ၊ သီလဝန္တောဥပါသကာ။
ဓမ္မေနဒါရံ ပေါသန္တိ၊ တေနမဿာမိမာတလိ။

**မာတလိ** - မာတလိနတ်သား၊ **ယေဂဟပတ္တာ** - အကြင်အိုးအိမ်ထူထောင်၍ လူ့ဘောင်၌နေကြကုန်သောသူတို့သည်၊ **ပုညကာရာ** - အလှူဒါနကုသိုလ်ကောင်းမှု စသည်တို့ကို ပြုလုပ်ကြကုန်၏၊ **သီလဝန္တော** - ကိုယ်ကျင့်တရားသီလနှင့်လည်းပြည့်စုံကြစေကုန်၏၊ **ဥပါသကာ**- ရတနာသုံးရပ် အမြတ်မြတ်ကိုလည်း ဆည်းကပ်ကော်ရော် ပူဇော်ကြကုန်၏၊ **ဓမ္မေန** - တရားနှင့်ယှဉ်၍၊ **ဒါရံ** - အိမ်သူသက်ထားနှင့်သားသမီးတို့ကို၊ **ပေါသန္တိ**- မင်္ဂလာတရားလက်ကိုင်ထား၍လုပ်ကျွေးကြကုန်၏။ **တေ** - ထိုအမျိုးကောင်းသားတို့အား၊ **အဟံ** - တာဝတိံ ဒေဝါသနင်းငါသိကြားမင်းသည်၊ **နမဿာမိ** - ရှိခိုး၏။

**ဘုရားရှင်မှ နတ်သားတို့အား**
**အမျှဝေ၊ ပူဇော်သင့်ကြောင်း**
**ဟောကြားခဲ့ခြင်းအကြောင်း**

မြတ်စွာဘုရားသခင် ပါဋလိရွာတွင် သီတင်းသုံးတော်မူစဉ် သုနိဓ အမတ်နှင့် ဝဿကာရအမတ်တို့သည် အဇာတသတ်မင်း၏ စေခိုင်းချက်အရ ပါဋလိပုတ်ပြည်ကြီးကို တည်လျက်ရှိ၏။ ဘုရားကြွလာကြောင်းကို အမတ်နှစ်ဦးတို့ ကြားသိလေလျှင် မြတ်စွာဘုရားသခင်နှင့်တကွ သံဃာတော်တို့ကို ဆွမ်းကပ်တော်မူ၏။

မြတ်စွာဘုရားသခင်သည် ဆွမ်းဘုန်းပေးတော်မူပြီးနောက် အနုမောဒနာပြုတော်မူလို၍ အောက်ပါသုံးဂါထာကိုဟောတော်မူ၏။

၁ ယသ္မိံ ပဒေသေကပ္ပေတိ၊
ဝါသံပဏ္ဍိတဇာတိယော၊
သီလဝန္တေတ္ထဘောဇေတွာ၊
သညတေဗြဟ္မစရိယေ။
ယာတတ္ထဒေဝတာအာသုံ၊
တာသံဒက္ခိဏမာဒိသေ၊
တာပူဇိတာ ပူဇယန္တိ၊
မာနိတာမာနယန္တိနံ။
တတောနံအနုကမ္ပန္တိ၊
မာတာပုတ္တံဝဩရသံ၊
ဒေဝတာနုကမ္ပိတောပေါသော၊
သဒါဘဒြာနိပဿတိ။ ။

**သုနိဓဝဿကာရော**-သုနိဓပုဏ္ဏားတို့၊ **ယသ္မိံပဒေသေ** - အကြင်အရပ်၌၊ **ပဏ္ဍိတဇာတိယော** - ပညာရှိသောအမျိုးသားသည်၊ **ဝါသံ** - နေရာထိုင်ခင်းပြုလုပ်ခြင်းကို၊ **ကပ္ပေတိ** - ပြုလို၏၊ **ဧတ္ထ** - ဤပြုသောအရပ်၌ **သညတေ** - ကိုယ်နှုတ်နှလုံးကိုစောင့်တတ်ကုန်သော၊ **ဗြဟ္မစရိယေ** - မြတ်သောအကျင့်ကို ကျင့်ကုန်သော၊ **သီလဝန္တေ** - သီလသမာဓိရှိကုန်သောရဟန်းတို့ကို၊ **ဘောဇေတွာ** - ဆွမ်းကပ်၍။

**ယတ္ထ** - အကြင်အရပ်၌၊ **ယာဒေဝတာ** - အကြင်နတ်တို့သည်၊ **အာသုံ** - ရှိသည်ဖြစ်ကုန်၏၊ **တာသံ**-ထိုနတ်သားတို့အား၊ **ဒက္ခိဏံ** - အလှူ၏အဖို့ကို၊ **အာဒိသေ** - ရည်မှတ်၍ပေးဝေရာ၏၊ **တသ္မာ**- အဘယ်ကြောင့်တည်းဟူမူကား၊ **ပူဇိတာ**- ပူဇော်အပ်ကုန်သော၊ **တာဒေဝတာ** - ထိုနတ်တို့သည်၊ **နံ** - ထိုပူဇော်သောသူကို၊ **ပူဇယန္တိ**- ပူဇော်ကြကုန်၏၊ **မာနိတာ**- မြတ်နိုးအပ်ကုန်သော၊ **တာဒေဝတာ**- ထိုနတ်တို့သည်၊ **နံ** - ထိုမြတ်နိုးသူကို၊ **မာနယန္တိ**- မြတ်နိုးကုန်၏။

**တတောတသ္မာကာရဏာ** - ထိုသို့ အမျှပေးဝေခြင်းတည်းဟူသောအကြောင်းကြောင့်၊ **နံ** - ထိုသူကို၊ **မာတာ** - အမိသည်၊ **ဩရသံ** - ရင်၌ဖြစ်သော၊ **ပုတ္တံ** - သားကို၊ **အနုကမ္ပတိဣဝ** - အစဉ်စောင့်ဘိသကဲ့သို့၊ **အနုကမ္ပန္တိ** - အစဉ်စောင့်ကုန်၏။ **ဒေဝတာနုကမ္ပိတော** - နတ်တို့သည် အစဉ်စောင့်အပ်သော၊ **ပေါသော**- သတ္တဝါသည်၊ **သဒါ** - အခါခပ်သိမ်း၊ **ဘဒြာနိ**-ကောင်းမြတ်သောအာရုံတို့ကို၊ **ပဿတိ**-မြင်ရ၏။ **တသ္မာ** - ထို့ကြောင့်၊ **တာသံ** - ထိုနတ်သားတို့အား၊ **အာဒိသေ**- အမျှပေးဝေရာ၏။

ဤသို့ မြတ်စွာဘုရားသည် နတ်တို့အား အမျှပေးဝေ ပူဇော်သင့်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

**ဆရာ(၄)မျိုး**

၁။ **ဆုပေးဆရာ** - မင်္ဂလာအကြောင်းနှင့် ဘိသိက်အကြောင်းကို နားမလည်သူသည် ဆုပေးဆရာမည်၏။

၂။ **မင်္ဂလာဆရာ** - မင်္ဂလာအကြောင်းသာ နားလည်၍ ဘိသိက်အကြောင်းနားမလည်သူ။

၃။ **ဘိသိက်ဆရာ** - မင်္ဂလာအကြောင်းနှင့်တကွ ဘိသိက်သွန်းလောင်းခြင်းအကြောင်းကို နားလည်သူ။

၄။ **သုခမိန်** - ဝေဒကျ်၊ လောကုတ္တရာကျမ်းဂန်နှင့်တကွ နက္ခတ်၊ ဗေဒင်၊ ရာဇသတ်၊ ဓမ္မသတ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ကောင်းစွာတတ်မြောက်သူ။

**ကောလာဟလ (၅) ပါး**

၁။ ဤလူ့ပြည်၌ နောင်နှစ်ပေါင်းရာကျော်လျှင် လေးကျွန်းလုံးကို အစိုးရသောစကြဝတေးမင်းပေါ်ပေါက်လာလိမ့်မည်ဟု ကြွေးကြော်ခြင်းသည် 'စက္ကဝတ္တိကောလာဟလ' မည်ပါသည်။

၂။ ဤကမ္ဘာမီးလောင်၍ ပျက်စီးလိမ့်မည်ဟု ကြွေးကြော်ခြင်းသည် 'ကပ္ပကောလာဟလ'မည်ပါသည်။

၃။ ဤလူ့ပြည်လောက၌ နောင်အနှစ်ရှစ်သောင်းကြာလျှင် သုံးလူ့ထွတ်ထား သဗ္ဗညုတမြတ်စွာဘုရားပွင့်တော်မူမည်ဟု ကြွေးကြော်ခြင်းသည် 'ဗုဒ္ဓကောလာဟလ' မည်ပါသည်။

၄။ ဤလူ့ပြည်လောက၌ နောင် (၁၂) နှစ်ကြာလျှင် လောက၏အကျိုးငှာ မင်္ဂလာတရား ဖြစ်ထွန်းပေါ်ပေါက်မည်ဟု ကြွေးကြော်ခြင်းသည် 'မင်္ဂလာကောလာဟလ'မည်ပါသည်။

၅။ ဤလူ့ပြည်လောက၌ နောင် (၇) နှစ်ကြာလျှင် မောနေယျအကျင့်မြတ်ကိုကျင့်နိုင်မည့်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ပေါ်ပေါက်မည်ဟုကြွေးကြော်ခြင်းသည် 'မောနေယျကောလာဟလ'မည်ပါသည်။

ထို့ကြောင့် -

'စကြာမှာတစ်ရာ၊ ကမ္ဘာမှာသိန်းထား၊ ဘုရားမှာသောင်းရှစ်၊ ၁၂- နှစ်မှာမင်္ဂလာ၊ မောနေယျ-၇နှစ်ပေါ်မြဲ ဖြစ်၏၊ ခွန်းလုစ်ဩဘာ၊ ကောလာဟလ၊ ကြွေးကြော်ရကား၊ ဘုရားလူ့ဘာ၊ ယောဉ္စန်ပြသည်၊ ကမ္ဘာ့ထုံးတမ်းစဉ်လာတည်း' ဟု ရှေးပညာရှိတို့ စပ်ဆိုတော်မူပါသည်။

**(၃၈) မြာမင်္ဂလာ**

ဤမင်္ဂလာတရား (၃၈) ပါးမှာ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိထားပြီးဖြစ်၍ ဤကျမ်းတွင် မဖော်ပြတော့ပါ။

**မင်္ဂလာ (၈) ပါး**

ဒဿနီပါဝ် မဟာမင်္ဂလဇာတ်တွင် အလောင်းတော် မဟာရက္ခိတရသေ့မှ ရှင်သာရိပုတ္တရာအလောင်းအားဟောကြားသော မင်္ဂလာ (၈) ပါးမှာ -

- သဗ္ဗဘူတာနိမေတ္တာယ၊
  နိစ္စံအပစိတာနိဟောန္တိ၊
  နိဝါတဝုတ္တိ ခန္တိဒုရုတ္တာနံ အပ္ပဋိကုလဝါဒီ၊
  သဟာယမိတ္တေနာဝဇာနာတိ၊
  မိတ္တေသုစနေန သံဝိဘာဂီ၊
  ဘရိယာသဇာတာ သီလဝတီပတိဗ္ဗတာ၊
  ရာဇာသောစေယျဇန္တုသောဝနံအန္နဥ၊
  ပသန္နစိတ္တောဒဒါတိ၊ သီလဝန္တော အရိယာ၊
  ဓမ္မေနပဋိလဘတိ၊ သောတ္ထာနံ တဒါဟု။

**ယောဇနာ**

၁။ **သဗ္ဗဘူတာနိ** - ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ကို၊ **မေတ္တာယ** - မေတ္တာဖြင့်၊ **အပစိတာနံ** - အရိုအသေပြုအပ်မြတ်နိုးအပ်ကုန်သည်၊ **ဟောန္တိ** - ဖြစ်ကုန်၏။

၂။ **နိဝါတဝုတ္တိ**- မိမိကိုယ်ကိုနှိမ့်ချ၍၊ **ဒုရုတ္တာနံ** - သူတစ်ပါးတို့က မကောင်းသဖြင့် ဆိုအပ်သောစကားတို့ကို၊ **ခန္တိ**- အမျက်မထွက်ဘဲ သည်းခံခြင်းနှင့်တကွ၊ **အပ္ပဋိကုလဝါဒီ** - ချော်သောစကားကို သာဆိုလေ့ရှိသည်၊ **ဟောတိ** - ဖြစ်၏။

၃။ **သဟာယမိတ္တေ** - အဆွေခင်ပွန်းတို့ကို၊ **နာဝဇာနာတိ** - မထေမဲ့မြင်မပြုခြင်းသည်၊ **ဟောတိ** - ဖြစ်၏။

၄။ **မိတ္တေသု** - အဆွေခင်ပွန်းကောင်းတို့၌၊ **ဓနေန** - မိမိဥစ္စာဖြင့်၊ **သံဝိဘာဂီ** - အထိုက်အလျောက်ခွဲဝေပေးလေ့ရှိသည်၊ **ဟောတိ** - ဖြစ်၏။

၅။'**သဇာတာ** - သားသမီးရတနာဖွားမြင်ခြင်းရှိသော၊ **သီလဝတီ** - သီလနှင့်ပြည့်စုံသော၊ **ပတိဗ္ဗတာ** - လင်ကိုရိုသေအလေ့ရှိသော၊ **ဘရိယာ** - မယားကို ရရှိခြင်းသည်၊ **ဟောတိ** - ဖြစ်၏။

၆။ **ရာဇာသောစေယျ** - အရည်အချင်းကိုသိတတ်သောမင်းထံ၌၊ **ဇန္တုသောဝနံ** - ခံစားရခြင်းသည်၊ **ဟောတိ** - ဖြစ်၏။

၇။ **အန္နဥ** - အစားအသောက်ပန်းနံ့သာ စသည်တို့ကို၊ **ပသန္နစိတ္တော** - ကြည်ညိုသောစိတ်ဖြင့်၊ **ဒဒါတိ**-ပေးလှူခြင်းရှိသည်၊ **ဟောတိ** - ဖြစ်၏။

၈။ **အရိယာဓမ္မေန** - အရိယာဓမ္မနှင့်ပြည့်စုံသော၊ **သီလဝန္တော** - သီလဝန္တပုဂ္ဂိုလ်တို့သည်၊ **ပဋိလဘတိ** - မင်္ဂိုလ်ကို ရရှိခြင်းသည်၊ **ဟောတိ** - ဖြစ်၏။

**တံမင်္ဂလံ** - ထိုရှစ်ပါးသောမင်္ဂလာတရားတော်သည်၊ **ဝေ**-စင်စစ်၊ **သောတ္ထာနံ** - အပြစ်မရှိ စင်ကြယ်သော မင်္ဂလာဟူ၍၊ **ပဏ္ဍိတာ** - ပညာရှိတို့သည်၊ **အာဟု** - ဆိုကုန်၏။

**လောကီမင်္ဂလာ (၁၂) ပါး**

၁။ ပဋိသန္ဓေတည်နေကိန်းအောင်းသည်မှ မီးရှူးသန့်စင် မဖွားမြင်မီအတွင်း ပဋိသန္ဓေသား၏ ကြီးပွားရာကြီးပွားကြောင်းကိုရည်စူး၍ အကြိမ်ကြိမ်အဖန်ဖန်ပြုလုပ်အပ်သော မင်္ဂလာသည် 'ဂဗ္ဘဝါသမင်္ဂလာ' မည်ပါသည်။

၂။မီးရှူးသန့်စင်ဖွားမြင်သောအခါ ပြုလုပ်အပ်သောမင်္ဂလာသည် 'ဝိဇာတမင်္ဂလာ' မည်ပါသည်။

၃။ ဖွားမြင်ပြီး၍ နေ့ရက်မကြာမီအတွင်း တရော်ကင်ပွန်းတို့ဖြင့် ဦးခေါင်းဆေး၍ကင်ပွန်းတပ်ခြင်းသည် 'သီရောဒတမင်္ဂလာ' မည်ပါသည်။

၄။ ဝမ်းတွင်းဆံပင်ကို ပထမစ၍ ပယ်သောအခါ၌ ပြုလုပ်အပ်သော မင်္ဂလာသည် 'ကေသစ္ဆေဒနမင်္ဂလာ'မည်ပါသည်။

၅။ ယောဉ်ဆင်ကာအစဉ်အလာဖြင့် ရွှင်စွာမပျက် ပုခက်တင်သောအခါ ပြုလုပ်အပ်သောမင်္ဂလာသည် 'ဒေါ်ဠာကရဏမင်္ဂလာ' မည်ပါသည်။

၆။ အန္တတ္ထသညာ ခေါ်စရာဖြင့် လျော်စွာအညီ အမည်မှည့်အံ့သောငှာ ပြုလုပ်အပ်သောမင်္ဂလာသည် 'နာမကရဏမင်္ဂလာ'မည်ပါသည်။

၇။ ပုဆိုး၊ ထဘီ၊ အင်္ကျီ၊ တဘက်၊ ဘယက်တန်ဆာဒွါဒရာတို့ကို စစ္စာမချွတ်ဝတ်ဆင်သောအခါ ပြုလုပ်အပ်သောမင်္ဂလာသည် 'ဒုဿဂ္ဂဟဏမင်္ဂလာ' မည်ပါသည်။

၈။ အသက်တစ်ရာ တောင့်တမရှိအလိုပြည့်၍ ပကတိမယွင်း အဆင်ဆန်းထူး ထမင်းဦးခွံ့သောအခါ ပြုလုပ်အပ်သောမင်္ဂလာသည်'အာဟာရပရိဘောဂမင်္ဂလာ'မည်ပါသည်။

၉။ မင်းနှင့် ဆင်းရဲသား ပိုင်းခြားလျက် ဆင်းရဲသားသျှောင် မင်းဦးသျှောင်ဟု ရွက်ဆောင်ရှင်ပြုံး ဆံပင်ထုံးသောအခါ ပြုလုပ်အပ်သောမင်္ဂလာသည် 'စူဠာကရဏမင်္ဂလာ'မည်ပါသည်။

၁၀။ သမီးလှရတနာ လှသူဇာကို မဟာလတ္တာတန်ဆာ ဆင်မြန်းကာဖြင့် ရွှင်လန်းစွာ ထိန်လျှမ်း၍ စိန်အပ်ထားသွင်း ပတ္တမြားအဆင်းလေးကို နားတွင်းသောအခါ ပြုလုပ်အပ်သော မင်္ဂလာသည် 'ကဏ္ဏဝိဇ္ဈနမင်္ဂလာ' မည်ပါသည်။

၁၁။ ဗုဒ္ဓဘာသာ အောင်လံတံခွန်ထူဖို့ ရောင်လျှံတလူလူ ဘဝမပြတ်ရအောင် အရဟတ္တဇ ကြာသတ်နှင်းနှင့် အဝါရေဆင်မြန်းသောခါ သာသနာ့အသွင်ရှုလို၍ ရှင်ပြုသောအခါ ပြုလုပ်အပ်သောမင်္ဂလာသည် 'သာ[illegible]

www.burmeseclassic.com

ဠမင်္ဂလာ' မည်ပါသည်။

၁၂။ သျှောင်နောက်ဆံထုံး ပါမြဲထုံး၊ သျှောင်ထုံးသွားရာဆံထုံးပါ ဥဒါန်းလာစာအရှိ မကွာသိဖို့ တစ်မျိုးကြားတာတော့ သတို့သားရှိရာ သတို့သမီးဆောင်ယူ၍ အိမ်ထောင်ထူထောင်ကာ ရှေးထုံးဓမ္မတာအရကို အာဝါဟမင်္ဂလာဟုခေါ်ရပါသည်။ သတို့သမီးရှိရာသို့ သတို့သားကိုဆောင်ယူ၍ အိမ်ထောင်ပြုကြတာကိုတော့ ဝိဝါဟမင်္ဂလာဟုခေါ်ဆိုရပါသည်။

**မျိုးကွဲမင်္ဂလာ (၅) ပါး**

၁။ **ဂေဟာကရဏမင်္ဂလာ** - အိမ်သစ်တက်မင်္ဂလာပြုခြင်း။

၂။ **တမ္ဗူလပဋ္ဌမင်္ဂလာ** - ကွမ်းဦးခွံခြင်း။

၃။ **ဘူမျာကရဏမင်္ဂလာ** - မြေပြင်ခြေတင်ခြင်း။

၄။ **ဖုဋ္ဌာသိရောမင်္ဂလာ** - ဆံပင်ပြေဖြန့်ခြင်း။

၅။ **မကုဋဗန္ဓမင်္ဂလာ** - မကိုဋ်မှုဆောင်းခြင်းတို့ ဖြစ်သည်။

**အာဝါဟမင်္ဂလာခေါ်ဆိုရပုံ**

- အာဝါဟောတိဒါရကာဿပရကူပတော၊

'ဒါရိကာယအာဟာရဏံ'

**အာဝါဟောတိ** - အာဝါဟဟူသည်ကား၊ **ဒါရကဿ** - သတို့သားအတွက်၊ **ပရကူလတော** - အခြားသောအမျိုးအနွယ်မှ၊ **ဒါရိကာယ** - သတို့သမီးကို၊ **အာဟာရဏံ** - ဆောင်ယူခြင်းတည်း။

'အာဝါဟောတိကညာဂဟဏံ'

အာဝါဟ ဟူသည် သတို့သမီးကိုဆောင်ယူခြင်းပင် ဖြစ်သည်။

**ဝိဝါဟမင်္ဂလာခေါ်ဆိုရပုံ**

- ဝိဝါဟောတိအတ္တနောဒါယိကာယပရကုလပေသနံ။

**ဝိပါဟောတိ** - ဝိပါဟ ဟူသည်ကား၊ **အတ္တနော** - မိမိ၏၊ **ဒါရိကာယ** - သတို့သမီးအား၊ **ပရကုလပေသနံ** - သူတစ်ပါးအမျိုးထဲသို့ သွတ်သွင်းခြင်းတည်း။

'ဝိဝါဟောတိကညာနံ'

သတို့သမီးကို ပေးအပ်ခြင်း ဖြစ်သည်။

**အဘိသိက်ခေါ်တွင်ပုံ (၁၂) ပါး**

- အဘိဝိသေသေသေနသိဉ္စိယတီတိ အဘိသေကော။

**ယံကမ္မံ**-အကြင်အမှုသည်၊ **အဘိဝိသေသေန** - အထူးအားဖြင့်၊ **သိဉ္စိယတိ**- သွန်းကောင်းအပ်၏။ **ဣတိသ္မာ** - ထိုသို့အောင်စေကြောင်း ဆုတောင်း၍ သွန်းလောင်းအပ်သောကြောင့်၊ **တံကမ္မံ** - ထိုအမှုသည်၊ **အဘိသေကော** - အဘိသိက်မည်၏။

အောင်ပါစေကြောင်းဆုမွန်တောင်း၍ ပန်းသပြေ၊ နေစာ၊ ငွေခရုနှင့်ရေသွန်းလောင်းခြင်းမင်္ဂလာသည် အဘိသိက်မည်ပါသည်။

အဘိသိက် (၁၂) ပါးမှာ -

၁။ ထိမ်းမြားခြင်းမင်္ဂလာအစီအရင်၌ သွန်းခံအပ်သော ဝိဝါဟဘိသိက်။

၂။ ဆင်မြင်းရတနာဘဏ္ဍာဂါရိကဥစ္စာရွှေငွေစသည်တို့ကို သိမ်းမြန်းသောမင်္ဂလာအစီအရင်၌ သွန်းခံအပ်သောမင်္ဂလာဘိသိက်။

၃။ အိမ်ရှေ့နန်းလျာမဟာဥပရာဇ်အဖြစ်ဆောင်နှင်းခြင်းမင်္ဂလာအစီအရင်၌ သွန်းခံအပ်သော ဥပရာဇ်ဘိသိက်။

၄။ ရေမြေသနင်း မင်းမြောက်ခြင်း မင်္ဂလာအစီအရင်၌ သွန်းခံအပ်သော ခတ္တိယာဘိသိက် (ဝါ) ရာဇာဘိသိက်။

၅။ အဂ္ဂမဟေသီဒေဝီမိဖုရားကြီးအဖြစ်ဆောင်နှင်းခြင်းမင်္ဂလာအစီအရင်၌ သွန်းခံအပ်သော မဟေသီဘိသိက်။

၆။ ရွှေဘုံရွှေနန်း သိမ်းမြန်းစိုးစံတော်မူခြင်းမင်္ဂလာအစီအရင်၌ သွန်းခံအပ်သော ဒွါရာဘိသိက်။

၇။ ရွှေဘုံရွှေနန်း သိမ်းမြန်းစိုးစံတော်မူပြီးနောက် ထီးဆောင်းမင်္ဂလာမဟာဥကင်သဖွ[illegible]တော်မူခြင်း၊ ဘုန်းကျက်သရေသစ်သွန်းခြင်းမင်္ဂလာအစီအရင်၌ သွန်းခံအပ်သော သီရိပဝေသနဘိသိက်။

၈။ ဘုန်းကျက်သရေတိုးတက်ပွားများစေခြင်းအကျိုးငှာပြုလုပ်ခြင်းမင်္ဂလာအစီအရင်၌သွန်းခံအပ်သော သီရိယာဘိသိက်။

၉။ ရွှေဘုံရွှေနန်း သိမ်းမြန်းစိုးစံတော်မူပြီးနောက် လေးနှစ်မြောက်၌ မျိုးရိုးကောင်းအစစ်ဖြစ်သော (က) မင်းသမီး၊ (ခ) ပြဟ္မာပုဏ္ဏား၊ (ဂ) သူဌေးကြီးထိုသုံးဦးတို့ ရွှေခြယ်ငွေခြယ်ရတနာမျိုးခြယ်လက်ယာရစ်ခရုသင်း(၃)လုံးတို့ဖြင့် မင်းဧကရာဇ်၏ဦးထိပ်တော်၌စိုက်၍ သွန်းလောင်းခြင်းမင်္ဂလာအစီအရင်၌သွန်းခံအပ်သော မုဒ္ဒါဘိသိက်။

၁၀။ ရန်စစ်ကို အောင်မြင်စေခြင်းငှာ ချီးမြောက်ခြင်းမင်္ဂလာမင်္ဂလာအစီအရင်၌သွန်းခံအပ်သောဇေယျာဘိသိက် (ဝါ) ဝိဇယာဘိသိက်။

၁၁။ တိုင်းနေပြည်နေရှင်လူရဟန်းတို့ ချမ်းသာစီးပွားများပြားစေမည့်ရည်ရွယ်တော်မူခြင်းမင်္ဂလာအစီအရင်၌သွန်းခံအပ်သော သကလာဘိသိက်။

၁၂။ အကျိုးစီးပွားတော်များမြတ်စေခြင်းငှာ ချီးမြောက်ခြင်းမင်္ဂလာ၌သွန်းခံအပ်သော မဟာဘိသိက် (တစ်နည်း) မင်းဧကရာဇ်တို့ ဘုန်းကြီးကြောင်း၊ သက်တော်ရှည်ကြောင်းမင်္ဂလာအစီအစဉ်၌ သွန်းခံအပ်သော အာယုသာဘိသိက်ဟု တစ်ဆယ့်နှစ်ပါးရှိပါသည်။

ထို (၁၂) ပါးတွင် -

ပုဏ္ဏား၊ မင်း၊ ကုန်သည်၊ ဆင်းရဲသား စသော အမျိုး (၄) ပါးတို့ သွန်းခံအပ်သောဘိသိက်မှာ ဝိဝါဟဘိသိက်နှင့် မင်္ဂလာဘိသိက်နှစ်ပါးကိုရပါသည်။

အိမ်ရှေ့မင်းမှာ ဥပရာဇာဘိသိက်ရပါသည်။

ရှင်းမှကြွင်းသောဘိသိက် (၈) ပါးမှာ ဘုရင်ဧကရာဇ်တစ်ပါးသာလျှင် သွန်းခံထိုက်သောကြောင့် သဗ္ဗနာမ်ပုဒ်အားဖြင့် ရာဇာဘိသိက် ဟူ၍ ခေါ်ဆိုဝါသည်။

**ကောတူဟလမင်္ဂလာ (၁၀) ပါး**

ကောတူဟလမင်္ဂလာ ဟူသည်မှာ အုတ်အုတ်ကျက်ကျက် တစ်ခဲနက်သော ကောင်းချီးပေးသံကို ကောတူဟလမင်္ဂလာဟု ခေါ်ဆိုပါသည်။

**လင်္ကာ**

- *ကောတူဟလ၊ ဝေါဟာရဟု၊ မင်္ဂလာတစ်ဆယ်၊ နိဒါန်းသွယ်ပိမ့်၊ အလွယ်မှတ်သား၊ မျိုးလေးပါးတို့၊ မိန့်ကြားခွင်သိ၊ အမည်ရှိ၏။ သီရိဇေယျ၊ ဝရသိဒ္ဓိ၊ ထုတိသြဘာ၊ ထောမနာနှင့် ပဋ္ဌနာသီသ၊ သုခစသား၊ ပညတ်များတွင်၊ ထင်ရှားတည်ရှိ၊ မိပွာယ်သိလော၊ သီရိကျက်သရေ တက်သစ်နေသို့၊ ဇေယျအောင်မြင်၊ ထွက်တင်ဝရ၊ မြင့်မြတ်လှ၏၊ တကွသိဒ္ဓိ၊ ဆောင်ကပြီးစီး၊ နောင်မငြီးတည့်၊ တောင်ကြီးထုတိ၊ ဝမ်းမြောက်ဘိဟု၊ ပကတိသြဘာ၊ ကြွေးကြော်ငြား၏။ ထောမနာစကား၊ ချီးကျူးငြား၍၊ အများပဋ္ဌနာ၊ ဆုတောင်းရာအား၊ မဟာသီတ၊ အေးမြကိုယ်စိတ်သို့ဖိတ်သုခ၊ ချမ်းသာကြ၏။ ထောကအရာ၊*



www.burmeseclassic.com

www.burmeseclassic.com

*ကောင်းစွာနိမိတ်၊ ဘိသိက်မင်္ဂလာ၊ တစ်ပါးမှာလျှင်၊ ဘယ်ခါမကွဲ၊ ပါမြဲတည့်၊ မလွဲဉာဏ်ရှိ၊ ကဝိဘိညာဉ်၊ မှတ်တမ်းတင်သည်၊ မင်္ဂလာ(၁၀)ပါး လွှန်ထင်ရှား။*

ကောတူဟလမင်္ဂလာ (၁၀) ပါး၏ အဓိပ္ပာယ်မှာ -

၁။ **သိရိမင်္ဂလာ** - ဘုန်းကျက်သရေနှင့်ပြည့်စုံခြင်း၊
၂။ **ဇေယျမင်္ဂလာ** - အောင်မြင်ခြင်း၊
၃။ **ဝရမင်္ဂလာ** - မြင့်မြတ်ခြင်း၊
၄။ **သိဒ္ဓိမင်္ဂလာ** - ပြီးစီးခြင်း၊
၅။ **သုတိမင်္ဂလာ** - ဝမ်းမြောက်ခြင်း၊
၆။ **ဩဘာမင်္ဂလာ** - ချီးကျူးကြွေးကျော်ခြင်း၊
၇။ **ထောမနာမင်္ဂလာ** - ချီးမွမ်းခြင်း၊
၈။ **ပတ္ထနာမင်္ဂလာ** - ဆုတောင်းခြင်း၊
၉။ **သီတမင်္ဂလာ** - အေးမြခြင်း၊
၁၀။ **သုခမင်္ဂလာ** - ချမ်းသာခြင်း

ဟူ၍ ဆယ်ပါးဖြစ်ပါသည်။

လောကီ၊ လောကုတ္တရာမင်္ဂလာ နှစ်ပါးနှင့်တကွ အဘိသိက်မင်္ဂလာ တစ်ပါးတစ်ပါးတွင် ထိုကောတူဟလ မင်္ဂလာ (၁၀) ပါး ပြီးမြောက်ပါသည်။

ယခုခေတ်တွင် ဘုရားဆင်းတုတော်၊ ရုပ်ပွားတော်များကို အနေကဇာတင်ခြင်းမင်္ဂလာကို 'ဗုဒ္ဓာဘိသေကမင်္ဂလာပြုသည်' ဟု ခေါ်ဆိုကြောင်းကိုလည်း မှတ်သားဖူးပါသည်။

**ထိမ်းမြားခြင်းမင်္ဂလာ (၁၀) ပါး**

ကမ္ဘာဦးလူ၊ ကပ်ဦးလူတို့ အတည်ပြုလုပ် သမုတ်ခဲ့သော ထိမ်းမြားခြင်း (၁၀) ပါးရှိပါသည်။

ရင်းတို့မှာ -

**၁။ ပုဆိုးတန်းတင်ထိမ်းမြားခြင်း**

သတို့သား၊ သတို့သမီးနှစ်ဦးတို့သည် မိမိတို့ဘာသာပေါင်းသင်းနေထိုင်၍ သတို့သမီးအခန်းတွင်းရှိ ကြိုးတန်း၊ ကြိမ်တန်းတို့တွင် သတို့သား၏ ပုဆိုးအစရှိသည်တို့ကိုတင်၍ထိမ်းမြားခြင်း။

**၂။ လက်ဆုံစား၍ထိမ်းမြားခြင်း**

ထမင်း (သို့) ကောက်ညှင်း၊ မုန့်၊ လက်ဖက်တို့ကို သတို့သား၊ သတို့သမီးနှစ်ဦးတို့ လက်ဆုံစား၍ ထိမ်းမြားခြင်း။

**၃။ လက်စွပ်လဲ၍ထိမ်းမြားခြင်း**

သတို့သား၊ သတို့သမီးတို့ အချင်းချင်း လက်စွပ် လဲလှယ်ဝတ်စေ၍ ထိမ်းမြားခြင်း။

**၄။ အဝတ်လဲ၍ထိမ်းမြားခြင်း**

သတို့သား၊ သတို့သမီးတို့အိမ်သို့ ရောက်သောအခါ သတို့သမီး၏ ဆွေမျိုးတစ်စုကရေချိုးပေး၍ အဝတ်ပုဆိုးအသစ်ကိုထုတ်ပေးလဲလှယ်ဝတ်စေ၍ ထိမ်းမြားခြင်း။

**၅။ လက်ထပ်၍ထိမ်းမြားခြင်း**

သတို့သမီး၏လက်ယာလက်ဖဝါးကိုဖြန့်ခံထားစေ၍ သတို့သား၏ယာလက်ဖဝါးကိုအပေါ်မှတင်စေပြီးထိမ်းမြားခြင်း၊

**၆။ ဒါလီဖွဲ့၍ထိမ်းမြားခြင်း**

လေးတောင်ခန့်ရှိသော ရွှေကြိုးတစ်ကုံးကို သတို့သား၊ သတို့သမီးနှစ်ဦးတို့၏လက်ဝယ်ကွင်းလိုက်စွပ်၍ထိမ်းမြားခြင်း။

**၇။ စုလျားပတ်၍ထိမ်းမြားခြင်း**

ကိုယ်ပေါ်၌ လွှမ်းခြုံလိုက်လျှင် အနံနှစ်တောင်၊ အလျားခြောက်တောင်ခန့်ရှိသော ပဝါ (သို့) တဘက်ကို စုလျားတဘက်ဟု ခေါ်ပါသည်။ ထိုစုလျားတဘက်ဖြင့် သတို့သား၊ သတို့သမီးနှစ်ဦးတို့ကို ရစ်ပတ်ဖွဲ့နှောင်ထိမ်းမြားခြင်း။

**၈။ ပန်းကုံးစွပ်၍ထိမ်းမြားခြင်း**

သတို့သား၌ ပန်းကုံးတစ်ခု၊ သတို့သမီး၌ ပန်းကုံးတစ်ခုစီရှိစေ၍ ရှေးဦးစွာ သတို့သမီးမှ သတို့သားသို့ ပန်းကုံးစွပ်ပြီးလျှင် ထိမ်းမြားခြင်း။

(ယခုခေတ်၌ ဂုဏ်ကျက်သရေရှိဇနီးမောင်နှံတို့နှစ်ဦးတွင် ခင်ပွန်းဖြစ်သူမှ ပန်းကုံးနှစ်ကုံးကို သတို့သားအားစွပ်ပေးပြီး ဇနီးလုပ်သူမှ သတို့သားထံမှ ပန်းကုံးတစ်ကုံးကိုပြန်ယူပြီး သတို့သမီးအားစွပ်၍ ချီးမြှင့်လက်ထပ်ကြပါသည်။)

**၉။ ရေခွက်တွင်လက်ဆုံချ၍ထိမ်းမြားခြင်း**

သပြေ၊ နေစာ(မြက်)၊ ရေ၊ ငွေ၊ ရွှေတို့ထည့်ထားသော ငွေဖလား (သို့) ရေခွက်တစ်ခုခုထဲသို့ သတို့သား၊ သတို့သမီးတို့၏လက်ယာလက်များကိုချထားစေ၍ ထိမ်းမြားခြင်း။

**၁၀။ ဦးထိပ်၌ရေစင်သွန်း၍ထိမ်းမြားခြင်း**

လက်ယာရစ်ခရုသင်း(သို့)ဖန်ခွက်စသည်တို့ထဲသို့ အမွှေးနံ့သာရည်များထည့်၍ သပြေ၊ နေစာ(မြက်)တို့ဖြင့် သတို့သား၊ သတို့သမီးတို့၏ ဦးခေါင်းထိပ်၌ ပက်ဖျန်း၍ ထိမ်းမြားခြင်းတို့ဖြစ်ပါသည်။

**အုပ်ထိန်းခြင်းမကောင်းသော အာဂမနီယမိန်းမနှစ်ကျိပ်**

အဘိဓမ္မတ္ထနိယံကျမ်း ဗီထိပုဒ်ပိုင်း၌ အုပ်ထိန်းခြင်းမကောင်းသော မိန်းမနှစ်ကျိပ်ကို ဖော်ပြထားပါသည်။

၁။ **မာတုရက္ခိတာ** - အမိစောင့်သောမိန်းမ (အမျိုးသမီး)။

၂။ **ပိတုရက္ခိတာ** - အဖစောင့်သော မိန်းမ။

၃။ **မာတာပိတုရက္ခိတာ** - အမိအဖ နှစ်ပါးစောင့်သောမိန်းမ။

၄။ **ဘာတုရက္ခိတာ** - မောင်ကြီးမောင်ငယ်စောင့်သောမိန်းမ။

၅။ **ဘဂိနိရက္ခိတာ** - ညီမအစ်မစောင့်သောမိန်းမ။

၆။ **ဉာတိရက္ခိတာ** - အဆွေအမျိုးစောင့်သောမိန်းမ။

၇။ **ဂေါတ္တရက္ခိတာ** - အနွယ်တူစောင့်သောမိန်းမ။

၈။ **ဓမ္မရက္ခိတာ** - သီတင်းသုံးဖော် (ဝါ) သူငယ်ချင်းစောင့်သောမိန်းမ။

၉။ **သာရက္ခိတာ** - အစောင့်အရှောက်ရှိသောမိန်းမ။ (ငယ်စဉ်ကတည်းက မိဘအချင်းချင်း လက်ထပ်ပေးရန် နှုတ်ကတိထားပြီးသားမိန်းမ)

၁၀။ **သပရိဒဏ္ဍာ** - မင်းဒဏ်ထားသောမိန်းမ။

၁၁။ **ဓနက္ကီတာ** - ဥစ္စာပေး၍ဝယ်ယူထားသောမိန်းမ။

၁၂။ **ဆန္ဒဝါသိနီ** - အလိုတူ၍ပေါင်းဖော်သောမိန်းမ။

၁၃။ **ဘောဂဝါသိနီ** - ဥစ္စာစည်းစိမ်အပ်နှင်း၍ပေါင်းဖော်သောမိန်းမ။

၁၄။ **ပဋိဝါသိနီ** - အဝတ်ပုဆိုးပေး၍ပေါင်းဖော်သောမိန်းမ။

၁၅။ **ဩဒပတ္တကိဝါသိနီ** - ရေခွက်၌လက်ဆုံချ၍ပေါင်းဖော်သောမိန်းမ။

၁၆။ **ဩဘဋစုမ္ဗဋာ** - ခေါင်းခုကိုချ၍ ပေါင်းဖော်သောမိန်းမ။ (မိမိ၏အိမ်တွင် ထင်းခွဲ၊ရေခပ်လုပ်နေရသောမိန်းမအား ရေမခပ်စေတော့ဘဲ ခေါင်းခုကိုချစေ၍ပေါင်းဖော်သောမိန်းမ)

၁၇။ **ဓါသီစဘရိယာ**- ကျွန်မယားဖြစ်သောမိန်းမ။

၁၈။ **ကမ္မကာရီကဘရိယာ** - အမှုကိစ္စကိုလည်းလုပ်၊ ဇနီးမယားလည်းဖြစ်သောမိန်းမ။

၁၉။ **ဓဇာဟတာ** - သူ့နိုင်ငံကိုစစ်ထိုး၍ရသောမိန်းမ။

၂၀။ **မုဟုတ္တိကာ** - တစ်ခ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းဖော်သောမိန်းမ။

ဤအာဂမနိယမိန်းမနှစ်ကျိပ်တွင် အမှတ်စဉ် (၁) မာတုရက္ခိတာမှ အမှတ်စဉ် (၈) ဓမ္မရက္ခိတာအဆုံး (၈) ပါးသော မိန်းမများကိုသာ ထိမ်းမြားပေးနိုင်ပါသည်။ ကျန်မိန်းမ (၁၂) ပါးမှာ လင်ရှိမယားကဲ့သို့ဖြစ်၍ ထိမ်းမြားခြင်းမပြုနိုင်ပါ။

**မောင်နှံစုံ (၄) မျိုး ဆုံးမြွက်ဩဝါဒခန်း**

မောင်နှင့်မယ်တို့၏အိမ်ထောင်မှာ အမျိုးသားသီလလုံခြုံ၍ အိမ်သူဇနီးက သီလမလုံခြုံလျှင် နတ်သားလင်နှင့် သူသေဇနီးမယားတို့ ပေါင်းသင်းနေထိုင်ခြင်းနှင့်တူပါသည်။

(သီလမရှိသောသူသည် အသက်ရှင်နေသော်လည်းသူသေနှင့်တူပါသည်။)

**၁။ လင်နတ်သားမယားသူသေ**

မိမိုင်းရာဇ၊ သီလကျင့်ဝတ်၊ ဆွတ်ဆွတ်ဖြူစင်၊ အိမ်သူမယ်လျှ၊ သီလမစင်၊ ဖြစ်ချေလျှင်မူ၊ လင်ကားနတ်သား၊ မယားသူသေ၊ မည်ရှာပေ၏။ (မိမိုင်း-အထွတ်အထိပ်၊ အမြတ်)

လင်ယောက်ျား သီလမစင်ကြယ်ဘဲ အိမ်ရှင်ဇနီးက သီလစင်ကြယ်လျှင် သူသေလင်နှင့် အိမ်ရှင်မနတ်သမီးတို့ ပေါင်းသင်းခြင်းနှင့်တူပါသည်။

**၂။ သူသေလင်နှင့် အိမ်ရှင်နတ်သမီး**

ဘုန်းဝေနတ်ရှင်၊ မစင်သီလ၊ နန်းနေမသူ၊ ဖြူသည့်သီလ၊ ဖြစ်ချေကာမူ၊ ဘဝသခင်၊ သူသေတွင်လျက်၊ အိမ်ရှင်ဇနီး၊ နတ်သမီးအနေ၊ တည်ရှာပေ၏။

အိမ်ရှင်၊ အိမ်သူ (၂) ဦးစလုံး သီလမစင်ကြယ်မူ သူသေအချင်းချင်း ပေါင်းသင်းနေထိုင်ခြင်းနှင့်တူပါသည်။

**၃။ သူသေလင်မယား**

နှစ်ဆွေလင်မိတ်၊ သီလဆိတ်မူ၊ ကောင်းဟိတ်မဖွေ၊ သူသေချင်းသာ၊ မေတ္တာမျှဝေ၊ ကြည်ရှာလေ၏။

ဇနီးမောင်နှံနှစ်ဦးစလုံး သူတော်ကောင်းတရားနှင့် ပြည့်စုံ၍ လင့်ဝတ်၊ မယားဝတ် ပြည့်စုံစွာရှိကြပါလျှင် မဟာကပ္ပိဏမင်းနှင့် အနော်ဇာမိဖုရားတို့ကဲ့သို့ နိဗ္ဗာန်သို့ တူတူသွားကြရပါလိမ့်မည်။ နတ်သား၊ နတ်သမီးဇနီးမောင်နှံဟု ခေါ်တွင်ပါသည်။

**၄။ နတ်သား၊ နတ်သမီးဇနီးမောင်နှံ**

လူ့မြေရပ်ခွင်၊ အိမ်ရှင်အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆုယူညီမျှ၊ လျှုဒါနနှင့်၊ သီလမယိုင်၊ သဒ္ဓါဖြိုင်မူ၊ ဘုန်းလှိုင်ကျော်ကြား၊ မိုးနတ်သားနှင့်၊ ဆွေဝါးအနီး၊ နတ်သမီးတို့၊ ကောင်းချီးအံ့ရာ၊ စုမိရှာလျှင်၊ သံသာနောင်လဲ၊ ချစ်စည်းမပြေ၊ ရှည်ကြာလေ၏။ ဘုန်းဝေပြည့်ရှင်၊ မောင့်သခင်လည်း၊ အင်ခွင်မသုံ၊ တန်ခိုးဂုဏ်နှင့်၊ သုရုန္ဓနု၊ ပြည်လုံးခသည့်၊ ဥဒယဘဒ်၊ မင်းမြတ်တွက်ချာ၊ မဟာကပ္ပိန်၊ နရိန်တို့လို၊ မညိုသဒ္ဓါ၊ မကွာသီလ၊ များသုတနှင့်၊ စာဂင်္ဂရွှာ၊ ပညာမကွေ၊ အနေတော်သင်၊ ချစ်ပန်းပွင့်သည်၊ နတ်နှင့်တူစေချင်လှသောဝ်။

**အနန္တငါးပါးကန်တော့ပြီး ဘိသိက်ဆရာ၏ဆုပေး(တစ်နည်း)**

- မာနုသိကာစသမ္ပတ္တိ၊ ဒေဝလောကေ စယာရတိ။

 ယာဝနိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗတိ၊ သဗ္ဗ မေတေနလဗ္ဘတိ။

**မာနုသိကာစ**-လူပြည်၌ဖြစ်သော၊ **ယာသမ္ပတိစ** - အကြင်စည်းစိမ်ချမ်းသာသည်လည်းကောင်း၊ **အတ္ထိ** - ရှိ၏။ **ဒေဝလောကေ** - နတ်ပြည်၌ဖြစ်သော၊ **ယာရတိစ** - အကြင်နှစ်လိုဖွယ်ရာသောစည်းစိမ်ချမ်းသာသည်လည်းကောင်း၊ **အတ္ထိ**-ရှိ၏။ **သဗ္ဗံ** - အလုံးစုံသောစည်းစိမ်ချမ်းသာတို့ကို၊ **ဧတေန** - ဤဘုရား၊ တရား၊ သံဃာရတနာသုံးပါး၊ မိဘ၊ ဆရာတို့အား ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ကန်တော့သော ပဏာမကုသလစေတနာကြောင့်၊ **လဗ္ဘတိ** - ရအပ်ပေ၏ဟူ၍ ဟောတော်မူသည်နှင့်အညီ အမျိုးသား၊ အမျိုးသမီးတို့သည် သူတော်ကောင်းဥစ္စာ တည်းဟူသော တရားအပေါင်းကို အားထုတ် ဆည်းပူးလျက်လူ့ဘုံဘဝ ကျင်လည်ရကျိုးနပ်မည်ကိုးလျက်၊ လေးရပ်ပုဂ္ဂိုလ် ထိုထိုအနက်၊ မျိုးမျိုးပျက်သည်၊ ဇောတိဇောတိ၊ ပရာယနော လင်းမှလာရောက်၊ လင်းသို့ဖောက်ထွင်း၊ လေးဘုံကင်း၍၊ ခြောက်ဘုံနှစ်ဆယ်၊ ထက်သို့ဝယ်ကို၊ ထိုထိုဘဝ၊ လမ်းဆုံကျအောင်၊ မင်္ဂလာဖောင်ကြီး၊ အသင့်စီး၍ ခရီးမဖင့်၊ မြင့်ထက်မြင့်ရာ၊ ပဒေသာမျိုး၊ ပန္နက်မိုးသို့ ပြိုးပြိုးပြက်ပြက်၊ လျှပ်စက်အသွင်၊ ကြည်လင်အေးမြပြီး၊ တစ်ဆယ့်တစ်သီး၊ မီးပူငြိမ်းရာ၊ ပြည်သာနိဗ္ဗာန်၊ အမှန်ထုတ်ချောက်၊ ပေါက်ရောက်ကြစေရန်၊ ရည်သန်နှလုံး၊ သွင်းကုန်ဘိသည်ဖြစ်၍၊ 'ပူဇာစပူဇနေယျာနံ' ကျမ်းဂန်ပါဠိ၊ လာရှိပြည့်ွန်း၊ ဆိန့်ခွန်းမြက်ဖော်၊ တရားတော်ကို၊ မိုးပေါ်ဖြဟွာ၊ ဒေဝါနမိန်၊ ပူရိန္ဒ၊ နာမကျော်ဟိုး၊ သုဒဿိုးအား ဘုန်းမိုးလျှံလင်း၊ တရားမင်းသည်၊ ကောင်းခြင်းမင်္ဂလာ၊ ဖြစ်စိမ့်ရှိဟု၊ ရတနာရောင်လျှံ၊ ဇေတဝန်၌၊ ကောင်းမွန်လှစွာ၊ ဒေသနာသဝန၊ တိုက်ကျွေး၍ပြသောကြောင့်၊ ပူဇေတမ္ဗဖြစ်သော၊ ရတနာသုံးပါး မိဘ ဆရာသမားတို့အား၊ စိတ်ထားကြည်စွာ၊ သဒ္ဓါရှေးရှု၍၊ ဆယ်ဆူသောလက်စုံဖြင့် တောင့်တသော မောင်နှံအစုံတို့သည် လွယ်ကူစွာ မင်္ဂလာဖိုလ်ကိုရတော်မူကြပါစေခင်ဗျား။

**မင်္ဂလာပွဲသိမ်းဆုပေး(တစ်နည်း)**

ယနေ့လက်ထပ်မင်္ဂလာပွဲဆင်ယင်ကျင်းပလျက်ရှိသော မောင် ---- နှင့် မ --- တို့သည် ပုဗ္ဗေစ ကတပုညတာ သုတ္တန်လာ ဓမ္မစက်ဘဂဝါအဟောထွက်သဖြင့် ရှေးရေစက်မကွာ ပုညကောင်းမှုအတူတူပြုခဲ့တဲ့ ဤကုသလပါကြ၍ မက္ကာဘဝအရင်းခံတရားအချုပ်ကြောင့် ငြင်းဆန်ကာ နှစ်ပါးမထုတ်ကြဘဲ ပတ္တမြားဂမုတ်ပုလဲအခိုင်တို့မှာတွဲမြိုင်ကာ မင်္ဂလာပြုကြတာကြောင့် အစဉ်လာယခု ရှေးထုံးမပျက်စေဘဲ ဓလေ့ထုံးအဆက် ဂါရဝတရားဖြင့် လာသမျှကြီးမြတ်သူ ဉာတကာအပေါင်းနှင့်တကွ မာတာပိတာ မိဖတို့ပါဦးတင်သ ဂါရဝေပဏာမပြုရသော အကျိုးမဟာဖလကြောင့် မညိုးဒြပ်ကြွပြီး အခြေပြောင်သည့်အပြင် ကျောက်အဖိုးတန် ပတ္တမြားတို့နှင့်တကွ မလွဲမခြားကုဋ္ဌိတံဟု ကိတ္တိအမှန်သတင်းမွှေးသော မင်းသေဌေးဟု အနယ်နယ်ကျော်ကြား၍ သဒ္ဓါတင့်ဆန်း စာဂပန်းတို့ဖြင့် ဒါနလမ်းဆင်နိုင်ကြပါစေ။

ယခုဘဝပစ္စက္ခ၌လည်း ကာလတေဇော အခါနေ့ရက် တွက်ချက်သချာရက်ရာဇာတွင် ကံနှစ်ဖြာစံလောင်း၍ ပေါင်းသင်းကြသောနေ့ရက်မှစ (၉၆)ပါးသောရောဂါ၊ (၃၂) ပါးသောကံကြမ္မာ၊ (၂၅) ပါသောဘေး၊ (၁၆) ပါးသော ဥပဒ္ဒဝေါ၊ (၁၀) ပါးသောဒဏ်၊ (၈) ပါးသော အပြစ်၊ (၅) ပါးသောရန်သူတို့ ရန်ပြုလာလျှင် ပယ်ရှား၍ သားနှင့်သမီးစီးပွားဥစ္စာ ရတနာရွှေငွေအထွေထွေနှင့် ထိန်ဝေဖြိုးမောက်ကာ ရတနာ (၁၀) ပါးနှင့် ဆပွားတိုးတက်စေပြီး ဓမ္မဖောင်အထက်နန်းသို့တက်လှမ်း၍ ရွယ်ချူကာ လွယ်ကူစွာ နှစ်ဦးပြိုင်လို့ ကူးနိုင်ကြပါစေခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# လေငန်းရောဂါအတွက် ဆေးကောင်းတစ်လက်

တင်နိုင်ဝင်း(ထမင်းချေးမြို့)

လေငန်းရောဂါဆိုသည်မှာ ကိုယ်အင်္ဂါတစ်ခုခု ရုတ်တရက်မလှုပ်ရှားနိုင်ဖြစ်ပြီး အကြောသေခြင်း၊ အကြောဆွဲခြင်းစသည်တို့ ဖြစ်ပွားသောရောဂါဖြစ်သည်။ တစ်နည်းအားဖြင့် သွေးကြော၊ လေကြော ပိတ်ဆို့ပြတ်တောက်ခြင်းကြောင့် ခြေလက်အင်္ဂါအစိတ်အပိုင်းအချို့ ကောင်းစွာမထိန်းနိုင်ဖြစ်သောရောဂါဖြစ်၏။ အချို့က လေဖျန်းသည်ဟုလည်း ခေါ်၏။ ဆေးကျမ်းများတွင် သွက်ချာပါဒရောဂါဟု ဖော်ပြ၏။

၎င်းလေငန်းရောဂါဖြစ်ပွားလျှင် အသွားအလာထိုင်းခြင်း၊ စကားလေးခြင်း၊ အမှတ်သညာနည်းခြင်း၊ စိတ်မထိန်းနိုင်ခြင်းစသည်တို့ ဖြစ်လာတတ်သည်။ ဝါယောဓာတ်နည်းသွားသဖြင့် ဝမ်းချုပ်ခြင်း၊ အားနည်းခြင်း၊ သွေးပေါင်ကျခြင်းတို့လည်းဖြစ်တတ်၏။ ၎င်းရောဂါကို အချိန်မီမကုသပါက ပို၍ဆိုးလာပြီး လေဖြတ်ကာ အသက်ပါဆုံးရှုံးတတ်သည်။

ထိုသို့ လေငန်းရောဂါဖြစ်လာလျှင် ကုသနိုင်ရန် တိုင်းရင်းဆေးနည်းများစွာရှိပါသည်။ ၎င်းဆေးနည်းများအနက် ထိရောက်၍ အလွယ်တကူဖော်စပ်နိုင်သော ဆေးနည်းတစ်ခုကို ဖော်ပြအပ်ပါသည်။

ဆေးနည်းမှာ ဖုံမသိန်ရွက်၊ သက်ရင်းကြီးရွက်၊ ကြောင်ပန်းရွက်၊ ရှောက်ရွက်တို့ကို တစ်မျိုးလျှင် ငါးကျပ်သားစီစု၍ ရောနှောစုဆောင်းပြီး မြေအိုးသန့်သန့်၌ထည့်ပါ။ ထို့နောက် ၎င်းမြေအိုးထဲသို့ ရေနှစ်ဖလားခန့် သို့မဟုတ် ရေသန့်ဘူးလေးဘူးခန့်နှင့် ဇဝက်သာတစ်ကျပ်သားတို့ကိုထည့်၍ အိုးကိုအလုံပိတ်ပြီး သုံးရက်ခန့်အရိပ်တွင်ထားပါ။ သုံးရက်လွန်သော် တစ်ခါသောက် ထမင်းစားဇွန်းတစ်ဇွန်းခန့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်နေ့စဉ်သောက်ပါ။ ရက်နှစ်ဆယ်၊ တစ်လခန့်သောက်သုံးပေးရုံဖြင့် လေငန်းရောဂါပျောက်ကင်းနိုင်ပါသည်။ ထာဝစဉ် သောက်သုံးပေးလျှင်ကား လေငန်း၊ လေဖြတ်လုံးဝမဖြစ်ပေါ်ဘဲ အခြားရောဂါများလည်း ကင်းရှင်းနိုင်ပါသည်။ လေငန်း၊ လေဖြတ်ရောဂါကာကွယ်လိုသူများလည်း သောက်သုံးနိုင်ပါသည်။

အာဟာရဖြစ်စေသော ဆေးရွက်များဖြင့် ဖော်စပ်ထားသဖြင့် ကျန်းမာရေးကိုလည်း အထောက်အကူပြုနိုင်ပါသည်။ သို့သော် ၎င်းဆေးမယ်ဆေးရွက်များမှာ များသောအားဖြင့် ဆေးပူများဖြစ်သဖြင့် ဆေးနှင့် အချိန်ခြား၍ ရေများများသောက်ပေးရန် လိုအပ်ပါသည်။ လေငန်းကာကွယ်လိုသူနှင့် လေငန်းဖြစ်ပွားနေသူတို့အဖို့ လမ်းလျှောက်ခြင်းနှင့် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ရန် လုံးဝမမေ့သင့်ပေ။ အထူးသဖြင့် အိပ်ရာဝင်၊ အိပ်ရာထတို့၌ သင့်လျော်သောကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို အနည်းဆုံး ဆယ်မိနစ်ခန့် ပြုလုပ်ပေးသင့်ပါသည်။

တင်နိုင်ဝင်း(ထမင်းချေးမြို့)

---

ဇနီးမောင်နှံ
ရာသက်ပန်ပေါင်းသင်းနေထိုင်ရန်အတွက်
ဆုံးမခန်း

ဘုရားရှင်မှ ဇနီးမောင်နှံနှစ်ဦး ယခုဘဝ၊ နောင်ဘဝ ပြန်လည်ဆုံစည်းနိုင်ရန်အတွက် ဟောကြားခဲ့ပါသည်။

- အာကင်္ခေယျုံစေ ဂဟပတယော ဥဘောဇာနိပတေယော ဒိဋ္ဌေဝဓမ္မေ
  အညမညံ ပဿိတုံ ဥဘောဝ အဿု သမသဒ္ဓါသမသီလာ သမစာဂါသမ ပညာ
  တေဒိဋ္ဌေဝဓမ္မေ အညမညံပဿန္တိ အဘိသမ္ပရာယဉ္စ အညမညံပဿန္တိ

**ဂဟပတယော** - ဒါယကာ၊ ဒါယိကာမအပေါင်းတို့၊ **ဥဘောဇာနိပတယော**- ဇနီးမောင်နှံနှစ်ဦးတို့သည်၊ **ဒိဋ္ဌေဝဓမ္မေ**- ပစ္စုပ္ပန်လောက ယခုဘဝ၌လည်း၊ **အညမညံ** - အချင်းချင်း၊ **ပဿိတုံ** - ရှုမြင်ခြင်းငှာ (ဝါ) တွေ့မြင်၍နေခြင်းငှာ၊ **စေအာကင်္ခေယျုံ**- အကယ်၍ အလိုရှိကြကုန်အံ့၊ **ဥဘောဝ** - နှစ်ဦးလုံးတို့သည်၊ **သမသဒ္ဓါ**- တူမျှသော သဒ္ဓါတရားရှိကြကုန်သည်၊ **သမသီလာ** - တူမျှသောသီလတရားရှိကြကုန်သည်၊ **သမစာဂါ** - တူမျှသော စာဂတရားရှိကြကုန်သည်၊ **သမပညာ** - တူမျှသောပညာတရားရှိကြကုန်သည်၊ **အဿု ဘဝေယျုံ** - ဖြစ်ကြကုန်ရာ၏၊ **ဧဝံ** -ဤသို့ သဒ္ဓါ သီလ စာဂ ပညာလေးဖြာသော မြတ်တရား အညီအမျှထားကြကုန်သည် ရှိသော်၊ **တေ** - ထိုဇနီးမောင်နှံနှစ်ဦးတို့သည်၊ **ဒိဋ္ဌေဝဓမ္မေ**- ပစ္စုန်ပွန်လောက ယခုဘဝ၌လည်း၊ **အညမညံ**-အချင်းချင်း၊ **ပဿန္တိ** - ရှုမြင်ကြရကုန်လတ္တံ့ (ဝါ) တွေ့မြင်ကြရကုန်လိမ့်မည်၊ **အဘိသမ္ပရာယဉ္စ**- တမလွန်လောက ဟိုဘက်ဘဝ၌လည်း၊ **အညမညံ**- အချင်းချင်း၊ **ပဿန္တိ** - ရှုမြင်ကြရကုန်လတ္တံ့ (ဝါ) တွေ့မြင်ကြရကုန်လိမ့်မည်။

အနမတဂ္ဂသံသရာရှည်လျားပုံ

- သံသာရေဇာယာဝါ ပတ်ဝါအဘူစ ပုဗ္ဗာနာမနတ္တိ။ ။

**သံသာရေ** - အပြောကျယ်စွာ သံသရာ၌၊ **ဇာယာသာ** - မယားသည် လည်းကောင်း၊ **ပတိဝါ** - လင်သည် လည်းကောင်း၊ **ပုတ္တဝိတရောဂါ** - သားသမီးသည် လည်းကောင်း၊ **အဘူတပုဗ္ဗာနာမ** - မဖြစ်သေးသောသူသည်၊ **နတ္တိ** - မရှိ။


တစ်ဦးနှင့်တစ်ဦး
ချစ်ခြင်းမေတ္တာဖြစ်ပေါ်ရပုံ

- ပုဗ္ဗေဝသန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ၊ ဧဝံတံဇာယတေပေမံ၊ ဥပ္ပလံဝယထောဒကေ။ ။

**ပုဗ္ဗေဝ** - ရှေးဘဝဆိုလျှင်၊ **သန္နိဝါသေန** - မိဘပေါက်ဖော်တော်စပ်နီးကာ အတူတကွပေါင်းသင်းခဲ့သောကြောင့် လည်းကောင်း၊ **ပစ္စုပ္ပန္နဟိတေနဝါ** - ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကိုရွက်ဆောင်ခြင်းကြောင့် လည်းကောင်း၊ **ဧဝံ** - ဤ တဲ့သို့သော အကြောင်းနှစ်ပါးဖြင့်၊ **တံပေမံ** - ထိုချစ်ခြင်းသည်၊ **ဇာယတေ**- ဖြစ်၏။ **ကိမိဝ** - အဘယ်ကဲ့သို့နည်းဟူမူကား၊ **ဥဒကေ** - ရေ၌၊ **ဥပ္ပလံ** - ကြာသည်၊ **ဥဒကဉ္စ** - ရေကိုလည်းကောင်း၊ **ကဒ္ဒမဉ္စ**- ညွန်ကို လည်းကောင်း၊ **နိဿာယ** - မှီ၍၊ **ဇာယတေယထာ** - ဖြစ်သကဲ့သို့တည်း။

ဦးကြည်ဝင်း(ရွှေစင်)ကောက်

www.burmeseclassic.com



# အောင်ဆန်းလင်း (ဘီအေ)

## စက်ရုံထဲမှပရလောကသား

ပေတာစတ္တုများတွင် အထင်အရှား ပါရှိထားခဲ့ပြီးဖြစ်သော သရဲ၊ တစ္ဆေ ဟူသည့် ပြိတ္တာဘုံသား(ပရလောကသား) တို့၏ဘဝသည် သီးခြားနေထိုင်စရာ နေရာမရှိ။ လူတို့နှင့်ရောနှောနေထိုင်ရ သော်လည်း သူတို့ကို လူအများက မျက်ဝါးထင်ထင် တွေ့မြင်ရခဲပေသည်။ ဤသရဲတစ္ဆေပရလောကသားများသည် ကမ္ဘာဇီဝိတန်ခိုး အသင့်အတင့်ရှိထား၍ လူတို့မြင်တွေ့ရအောင်လည်းပြုနိုင်သည်၊ မမြင်တွေ့အောင်လည်း ပြုနိုင်စွမ်းရှိကြ သည်။

အကြောင်းတိုက်ဆိုင်လျှင် သူတို့ ကို လူများကမြင်တွေ့ရတတ်သည်။ ထို အခါ သူတို့၏ စက်ဆုပ်ဖွယ်ရာ ဆိုးရွား လှသော အသွင်သဏ္ဍာန်ကြောင့် လူတို့ ကြောက်လန့်သွားတတ်ကြရာ အချို့ အသည်းငယ်သူများသည် အကြောက် လွန်ကာ ဖျားနာခြင်း၊ အလျှဉ်းမသင့်က သေဆုံးသည်အထိကြုံရတတ်လေသည်။

တစ်နေ့ညတွင် ကိုလူလှသည် တစ်သက်တာလုံး ကြားရုံမျှသာကြားဖူး ပြီး တစ်ကြိမ်မျှ မမြင်တွေ့ခဲ့ရဖူးသေး သော ပရလောကသားကို မမျှော်လင့် ဘဲ ကောင်းစွာ မြင်တွေ့ခဲ့လိုက်ရသည်။ ထိုသို့ ကိုလူလှ မြင်တွေ့ခဲ့ရချိန်သည် ညဉ့်နက်အချိန်ကာလဖြစ်သော်လည်း ပတ်ဝန်းကျင် အခြေအနေအကြောင်း ကြောင်းကြောင့် ကြောက်လန့်စရာဟု ပင်မထင်မိလိုက်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကာလတုန်းက ဖြစ်လေသည်။

ကိုလူလှသည် မိတ္ထီလာမှ ရန်ကုန်သို့ အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့လာခဲ့ရာ ရန်ကုန်မှ (×××) စက်ရုံတွင် တာဝန်ထမ်းဆောင်ရန် ဖြစ်သည်။ ကိုလူလှ တာဝန်ကျရာစက်ရုံမှာ လုပ်ငန်းသဘာဝအရ ဝန်ထမ်းများထဲတွင် မိန်းမများ အများစုဖြစ်ရုံသာမက စက်ရုံမှူးနှင့် ဒု-စက်ရုံမှူးတို့သည်လည်း မိန်းမသားများချည်း ဖြစ်နေလေသည်။ ရန်ကုန်ကို အလုပ်ပြောင်းရွှေ့လာသော ကိုလူလှသည် မိတ္ထီလာတွင် အိမ်သူဇနီးနှင့် သားသမီးလေးယောက် ကျန်နေရစ်ခဲ့သည်။ (ကိုလူလှ၏ဇနီးကလည်း မိတ္ထီလာတွင် ဌာနတစ်ခုမှဝန်ထမ်းဖြစ်၏။)

တစ်ဦးတည်း ရန်ကုန်ကိုရောက်ရှိလာသော ကိုလူလှတွင် ညီတစ်ယောက်က ရန်ကုန်မှာနေထိုင်၍ ကိုလူလှတစ်ဦးတည်းအတွက် နေထိုင်စရာအဆင်ပြေစေလေသည်။ သူသည် အလုပ်မှ အိမ်ပြန်ရောက်ရှိလျှင် ငမိုးရိပ်ချောင်းကို လှေဖြင့်ဖြတ်ကူးလိုက်ပြီး တစ်ဖက်ကမ်းရှိ ရှင်တစ်ရာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်မြဲဖြစ်သည်။

ရှင်တစ်ရာကျောင်းမှ ပဌာန်းရွတ်အဖွဲ့တွင် ကိုလူလှလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်တွင် ပဌာန်းရွတ်အဖွဲ့တွင် လူစုံတက်စုံ ပဌာန်းရွတ်ဖတ်လေ့ရှိတတ်သည်။ ရှင်တစ်ရာကျောင်းမှာ အခြေစိုက်သော ပဌာန်းအဖွဲ့သည် ဖိတ်ခေါ်မှုရှိခဲ့လျှင် အခြားဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံ၊ ဆွမ်းသိမ်းပွဲနှင့် လူနေရပ်ကွက်ရှိ နေအိမ်များသို့ လှည့်လည်ပဌာန်းရွတ်ဖတ်လေ့ရှိခြင်းမှာ ထုံးစံဖြစ်လေသည်။

ပဌာန်းအဖွဲ့သားများသည်လည်း ရုံးဖွင့်ရက် နေ့လယ်အချိန်တွင်ကား ကိစ္စများမြောင်၊ လူတို့ဘောင်ဝယ်၊ အိမ်ထောင်သားမွေး၊ ခြနှယ်မြေးသား' ဟူသည့်အတိုင်း မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်နေရသူများ ဖြစ်ကြသည်။

ကိုလူလှက စက်ရုံရှိ ရုံးအဖွဲ့မှ ဝန်ထမ်းတစ်ဦးသာဖြစ်ပါသော်လည်း ဝန်ထမ်းအားလုံးပေါင်း၏ လေးပုံသုံးပုံကျော်ကျော်သည် မိန်းမများဖြစ်နေသဖြင့် ယောကျ်ားအနည်းစုမှာ မိမိတာဝန်အလုပ်များသာမက မိန်းမသားများဝင်မလုပ်နိုင်သော အမှုကိစ္စမှန်သမျှကို သိမ်းကျုံးလုပ်ကိုင်ရတတ်လေသည်။

တစ်လလျှင် လေးကြိမ်၊ တစ်ပတ်လျှင် တစ်ကြိမ်လောက် ဂျူတီ (တာဝန်မှူး) ကလည်း ကျတတ်မြဲဖြစ်သည်။ စက်ရုံကုန်ထုတ်လုပ်မှုအရေးကြီးနေချိန်တွင် ညဆိုင်းများပါ စက်ကိုလည်ပတ်ပေးနေရာ ညဉ့်နက်ပိုင်းအချိန်ကာလမျိုးတွင် ပြဿနာတစ်မျိုးမဟုတ်တစ်မျိုး ပေါ်ပေါက်တတ်လေ့ရှိသဖြင့် ညပိုင်းမှာ တာဝန်မှူးတာဝန်ထမ်းဆောင်ရသူများ အထူးသတိထားနေရတတ်လေ့ရှိသည်။

ယနေ့ညတွင် ကိုလူလှသည် ဂျူတီကျစာရင်းထဲတွင်ပါဝင်လာသဖြင့် ညနေရုံးဆင်းချိန်တွင် အိမ်ကိုမပြန်တော့ဘဲ စက်ရုံကန်တင်းဆိုင်မှ ညစာထမင်းဝယ်စားလိုက်ပြီးနောက် စက်ရုံမှာပင်ကျန်နေရစ်လိုက်သည်။ ထို့နောက် ရုံးဆင်းချိန်မှစတင်ပြီး တာဝန်မှူးတာဝန်ကို နောက်တစ်နေ့နံနက်အထိ ထမ်းဆောင်ရလေသည်။

ည (၆) နာရီအချိန်တွင် နေ့ဆိုင်းတာဝန်ကျဝန်ထမ်းများအားလုံး တာဝန်ပြီးဆုံးပြီး ညဆိုင်းတာဝန်ကျသူများက တာဝန်လွှဲပြောင်းလက်ခံယူရလေသည်။ စက်ရုံမှူးနှင့် ဒု-စက်ရုံမှူးတို့ကား ညနေပိုင်းကတည်းက ရုံးဆင်းသွားကြပြီးဖြစ်သဖြင့် စက်ရုံနှင့်ပတ်သက်သော ကိစ္စအဝဝသည် တာဝန်မှူးဖြစ်နေသူကိုလူလှမှသာ စီမံခန့်ခွဲပေးရန် ဖြစ်လေသည်။

ဤကဲ့သို့ တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ပြဿနာကြီးကြီးမားမား ပေါ်ပေါက်လာခဲ့ပါက စက်ရုံမှူးနှင့် ဒု-စက်ရုံမှူးများ၏နေအိမ်သို့ ချက်ချင်းဖုန်းဆက်အသိပေးရလေ၏။ ပြဿနာအသေးအဖွဲ့ဖြစ်က တာဝန်မှူးကသာ စီမံခန့်ခွဲလိုက်ရပြီး တာဝန်မှူးအစီရင်ခံစာတွင် ထည့်သွင်းရေးသားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒု-စက်ရုံမှူးကိုကျော်လွန်၍ စက်ရုံမှူးထံသို့ တစ်ခါတည်းက တင်ပြမိသွားရာ ဒု-စက်ရုံမှူးက စိတ်ဆိုးသွားခြင်းခံရဖူးသဖြင့် နောက်ပိုင်းကာလများတွင် ဒု-စက်ရုံမှူးကိုသာလျှင် ပိုမိုဆက်ဆံရလေသည်။ ဤနေရာတွင်၊ အထက်လူကြီးများသည် မိန်းမများဖြစ်နေလျှင် ပိုဆိုးသလား ထင်မိလေသည်။ အလုပ်ဆိုသည်ကလည်း တစ်နေရာမမှားလျှင် တစ်နေရာလွဲမှားစရာကြုံရမြဲဖြစ်သည်။ ကိုယ်က သူတို့လို ပညာတတ်မဖြစ်ခဲ့၍ သူ့လက်အောက်ဝန်ထမ်းဘဝ ရောက်ရတာပင် အပြစ်တင်ရလေသည်။

အချိန်ကား ည (၁၀) နာရီခွဲလေပြီ။

လူတို့အိပ်စက်ချိန်ဖြစ်၍ ကိုလူလုလည်း ငိုက်မျဉ်းစပြုလာသည်။ သို့သော် တာဝန်မှူးရုံးခန်းထဲမှ ထိုင်ခုံတွင်ရှိသော ကိုလူလုကို အိပ်ချင်စိတ်ကိုပျောက်သွားအောင်လုပ်ပေးမည့် ဝန်ထမ်းမိန်းမတစ်ယောက်သည် ရေးကြီးသုတ်ပျာဖြင့် အမြန်လာနေသည်။

"ဆရာ၊ စက်ထဲကိုအမြန်လိုက်ခဲ့ပါဦး။ အထဲမှာပြဿနာပေါ်နေလို့"

ပြဿနာကား စတင်လေပြီ။ ဘာပြဿနာလဲ ကိုလူလုမေးမြန်းခွင့်မသာလိုက်ပေ။ ထိုမိန်းမသည် သူပြောလိုရာကိုပြောခဲ့ပြီး ချက်ချင်းနောက်ပြန်လှည့်ထွက်သွားသဖြင့် ကိုလူလုက နောက်မှအပြေးလိုက်ခဲ့ရ၏။ ဘုရား၊ သိကြား၊မလို့ ပြဿနာကြီးမဖြစ်ပါစေနှင့် ဟု ဆုတောင်းရင်း ထိုမိန်းမခေါ်ဆောင်ရာနောက်သို့ စက်တန်းသုံးလေးတန်းကို ကွေ့ကာကောက်ကာဖြတ်သန်းပြီး တွေ့လိုက်ရပါပြီ။

တစ်ယောက်တည်း ရန်ဖြစ်သလို အော်ဟစ်ကြိမ်းမောင်းပြောဆိုနေသော မိန်းမတစ်ယောက်။ နံဘေးမှ မိန်းမနှစ်ယောက်က ထိန်းချုပ်ထားသည်။ ထိုမိန်းမကတော့ ဆံပင်များပြေကျလျက် ဖိုးရိုးဖားရားနှင့် မျက်နှာတစ်ခြမ်းကိုအုပ်နေသည်။ ကျွတ်လာသော သူမထဘီကို နံဘေးမှမိန်းမမှ ပြန်ဝတ်ပေးနေ၏။ သူမကား အသက်သုံးဆယ်လောက်သာရှိဦးမည့် ခပ်ချောချောမိန်းမ ဖြစ်သည်။

မျက်နှာတွင် ခွေးများစိုရွှဲနေပြီး မျက်လုံးကပြူး၍ ထိုမိန်းမ အော်ဟစ်ပြောဆိုနေသောစကားကိုတော့ နံဘေးမှ စက်များလည်ပတ်နေသောအသံများလွှမ်းနေ၍ ဘာမှနားမလည်ရပေ။ ထိုမိန်းမကား အပမှီ အစိမ်းသရဲပူးကပ်ခံရခြင်းဖြစ်လေသည်။

တစ်ဖက်က မိန်းမသားဖြစ်နေ၍ ကိုလူလုလည်း ရှုတ်တရက် မဖြေရှင်းတတ်ဘဲ ခဏကြည့်နေလိုက်သည်။

"ဆရာ၊ စက်ရုံက ကားတစ်စီးနဲ့ သူ့အိမ်ကို ပြန်ပို့လိုက်တာပဲ အေးပါတယ်။ သူ့အခြေအနေပြန်ကောင်းလာရင်လည်း ဒီညအတွက် စက်ကို ပြန်ကိုင်ခိုင်းရမှာ အန္တရာယ်မကင်းလှဘူးလို့ ထင်တယ်"

နံဘေးမှ အကြံပေးလာသည့်အတိုင်း တာဝန်မှူးကိုလူလုက သဘောတူလိုက်သည်။ အပမှီခံရသူ ထိုမိန်းမကို သာမက သူမနှင့် အိမ်နီးသူ အခြားမိန်းမနှစ်ယောက်ကိုပါ ရှာဖွေပြီး စက်ရုံမှ ကားတစ်စီးဖြင့် တင်ဆောင်၍ သူမကို အိမ်အရောက်ပို့ပေးလိုက်ရသည်။ အဖော်လိုက်ပါသွားသူ မိန်းမနှစ်ယောက်ကိုပါ ယခုညအဖို့ အိမ်ပြန်ခွင့်ပြုလိုက်ရလေသည်။ အိမ်သို့ ပြန်လည်ရောက်ရှိသွားချိန်တွင်မူကား အပမှီခံရသူ ထိုမိန်းမသည် အကောင်းပကတိအတိုင်းရှိနေသည်ဟု ကားမောင်းသမားက ပြန်ပြောပြ၍သိရလေသည်။

နောက်တစ်နေ့ ရုံးတက်ချိန်တွင် စက်ရုံမှူးရုံးခန်းမှ ကိုလူလုကို ခေါ်တွေ့လာရောက်ရန် လူစေလွှတ်ပြီး ခေါ်လေသည်။ စက်ရုံမှူးအနီးတွင် ဒု-စက်ရုံမှူးပါ အတူရှိနေလေသည်။ ကိုလူလု တွေးထင်ထားသည့်အတိုင်း ယမန်နေ့ညတာဝန်မှူးကျစဉ်က ပြဿနာပင်ဖြစ်သည်။

တာဝန်မှူး၏ အစီရင်ခံစာတွင် ထည့်သွင်းရေးသ[illegible]ခဲ့ပြီးဖြစ်သော်လည်း စက်ရုံမှူးက အသေးစိတ် သိရှိလိုသေးသဖြင့် ကိုလူလုက မြင်တွေ့ခဲ့သမျှကို ထပ်မံ ရှင်းပြပေးရလေသည်။

စက်ရုံမှူးက -

"ဒီလထဲမှာ ပြဿနာက နှစ်ခုတက်လာခဲ့ပြီးပြီ။ နောက်ထပ် ဘယ်လောက်လာဦးမလဲ မသိနိုင်ဘူး။ လုံခြုံရေးဝန်ထမ်းတွေအထပ်ထပ်ရှိနေတာကို စက်ရုံနောက်ဖေးရောက်အောင် ခွေးရူးကဖြတ်ကျော်လာပြီး ဝန်ထမ်းမိန်းကလေးကို ဝင်ကိုက်သွားတာ (၁၀)ရက်လောက်ပဲရှိဦးမယ်။ အခုလည်းပြဿနာဝင်သွားပြန်ပြီ။ ဒီစက်ရုံကို ကျွန်မ ရောက်တာ (၁) နှစ်လောက်ကာလအတွင်း အစိမ်းသရဲပူးသလိုဖြစ်တာက နှစ်ခါရှိသွားပြီ။ စက်ရုံက ရေခံမြေခံကကို မကောင်းဘူးထင်ပါတယ်။ ဘယ်လိုလုပ်ရပါ့မလဲ"

ဟု ညည်းညူပြောဆိုလေသည်။

ထိုအခါ ကိုလူလုက -

"စက်ရုံမှူးပြောတာ မှန်ပါတယ်။ မြေကြမ်းတာကတော့ သေချာနေပါတယ်။ ကျွန်တော် မနေ့ညက တာဝန်ကျတုန်းမှာ ကိုယ်တွေ့ပါပဲ။ စက်ရုံကို သံဃာတော်များပင့်ပြီး ပရိတ်တရားနာလိုက်မလား။ ဒါမှမဟုတ် ကျွန်တော်ကိုယ်တိုင်ပါဝင်မယ့် ပဌာန်းရွတ်အဖွဲ့ရှိထားပါတယ်။ စက်ရုံမှူးခွင့်ပြုမယ်ဆိုရင် တစ်ရက်မှာ စက်ရုံကို ပဌာန်းလာရွတ်ပေးဖို့ အခက်အခဲမရှိပါဘူး။ စက်ရုံမှူးနှစ်သက်ရာနည်းလမ်းကို ရွေးချယ်ပါခင်ဗျား"

ကိုလူလုတင်ပြချက်ကို စက်ရုံမှူးသဘောကျသွားသည်ဟုထင်လေသည်။ အပြုံးဖြင့် -

"ဦးလူလုလည်း ပါဝင်တယ်ဆိုတဲ့ ပဌာန်းအဖွဲ့ကိုခေါ် လိုက်ပြီး ပဌာန်းရွတ်လိုက်ရင်ကောင်းပါတယ်။ လာမယ့် စနေနေ့မှာ စလုပ်လိုက်ကြတာပေါ့။ ရုံးပိတ်ရက်ဖြစ်ပေမယ့် စက်ရုံဝန်ထမ်းတွေက အချိန်ပိုအလုပ်ဆင်းကြမှာဖြစ်လို့ ပုံမှန်စက်တွေကတော့လည်နေရမှာပေါ့"

ဟု လိုလားစွာ ခွင့်ပြုလေသည်။

ကိုလူလုတို့ ပဌာန်းရွတ်အဖွဲ့ကို စက်ရုံမှူးက ပဌာန်းရွတ်ဆိုရန် လက်ခံကြိုဆိုသဖြင့် ရုံးဆင်းပြီး အိမ်ပြန်ရောက်ကတည်းက ပဌာန်းအဖွဲ့ကို အချိန်မီ အသိပေးထားရလေသည်။ ပဌာန်းအဖွဲ့ဝင်မှာ အင်အား (၃၀) ကျော်ခန့်ရှိသော်လည်း ဦးသန်း ခေါင်းဆောင်သော လူ (၁၀) ဦးမျှသာ ခေါ်ဆောင်လာခဲ့ပြီး စနေနေ့ နံနက်မှ စတင်ရွတ်ဖတ်ပူဇော်ရန် ရောက်ရှိလာကြလေသည်။

နံနက် (၈) နာရီခန့်တွင် ရွတ်ဖတ်ပူဇော်မှုစတင်ရာ လူတစ်ဦးလျှင် နာရီဝက် (မိနစ်သုံးဆယ်) နှုန်းဖြင့် အလှည့်ကျ ရွတ်ဖတ်လျက် မိမိအလှည့်မဟုတ်သေးလျှင် စားသောက်ခြင်း၊ ရေချိုးခြင်း၊ အနားယူခြင်းပြုထားရသည်။ ပဌာန်းရွတ်ဖတ်ပူဇော်မှုကိုကား နား၍မရပေ။ ဤသို့ဖြင့် ညနေပိုင်းကာလကိုကျော်လွန်ပြီး အမှောင်ရောက်သောအခါ လျှပ်စစ်မီးချောင်းများဖွင့်လိုက်ချိန်တွင် စက်ရုံမှူးနှင့် ဒု-စက်ရုံမှူးတို့လည်း အိမ်ပြန်သွားကြလေပြီ။

ညဥ့်နက်ပိုင်းကာလ ည (၁၁)နာရီခန့်လောက်အချိန်တွင် ပဌာန်းအဖွဲ့ခေါင်းဆောင်ဖြစ်သူ ဦးသန်းမှ -

"ကိုလူလု၊ ခင်ဗျားတို့စက်ရုံက




www.burmeseclassic.com

www.burmeseclassic.com

ခွေးမွေးထားတာရှိသလား။ ပြီးတော့ ဟိုးအထက်ကို ခွေးတက်စရာနေရာများ ရှိသလား။ ခွေးကို အဲဒီခေါင်မိုးအောက်မှာ ကျွန်တော်မြင်တာ နှစ်ခါရှိသွားပြီ"

ဦးသန်း လက်ညှိုးညွှန်ပြရာနေရာသို့ အတူရေနွေးကြမ်းဝိုင်းဖွဲ့သောက်နေသူ ကိုလူလှနှင့် ကိုအေးမြင့် (ပဋ္ဌာန်းအဖွဲ့ဝင်) တို့ မော့ကြည့်လိုက်ကြသည်။ မြေပြင်အထက် ပေ (၂၀) မျှမြင့်လေသည်။ စက်ရုံဆောက်လုပ်ထားသည်ကလည်း နှစ်ထပ်မဟုတ်၊ တစ်ထပ်မျှသာဖြစ်နေ၍ ထိုနေရာသည် ခေါင်မိုးနှင့်နီးကပ်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ကာလ ဖြစ်သော်လည်း ဤနေရာအနီးတစ်ဝန်းတွင် လေးပေမီးချောင်းချည်း(၁၀)ချောင်းမက ထွန်းထားရာ နေ့ခင်းအလား အလင်းရောင်အားကောင်းလှလေသည်။

"ခွေးမွေးထားတာ မရှိပါဘူးဗျာ။ ဦးလေးသန်းပြောတဲ့နေရာကလည်းစက်ရုံခေါင်မိုးနားကပ်နေပြီ။ ကျွန်တော် သိသလောက်ကတော့ အဲဒီနေရာမှာ ခွေးတစ်ကောင်အတွက် ရပ်လို့ရလောက်အောင် နေရာက. . ."

ကိုလူလှပြောစကားကို အဆုံးသတ်အောင်ပင်ပြောဖို့ အခွင့်အရေးမရလိုက်တော့ပေ။ အဘယ်ကြောင့်ဆိုသော် လင်းထိန်လျက်ရှိသော မီးရောင်အောက်တွင် ရုတ်တရက်ထွက်ပေါ်လာပြီး ကိုလူလှတို့လူသိုက်ကို ချောင်းမြောင်းကြည့်ရှုနေသော သတ္တဝါတစ်ကောင်ကို သူတို့ (၃) ယောက်လုံးက ထင်ထင်ရှားရှားတွေ့မြင်လိုက်ကြရသောကြောင့် ဖြစ်၏။

ထိုသတ္တဝါ၏ အရွယ်အစားကား ခွေးတစ်ကောင်ခန့်ရှိမည်ကား အမှန်ပင်။ သို့သော် ခွေးမဟုတ်တာ သေချာသည်။ မည်းနက်နေအမွှေးအမှင်ကြောင့် ဝက်ဝံတစ်ကောင်ကဲ့သို့ဖြစ်နေသော်လည်း ထိုသတ္တဝါတွင် တောက်ပြောင်သော မျက်လုံးတစ်လုံးတည်းသာပါရှိ၏။ နှာခေါင်း၊ ပါးစပ်၊ နားရွက်မပါ။ ဦးခေါင်းနှင့် ခန္ဓာကိုယ်က အကြားမရှိတစ်ဆက်တည်းသာဖြစ်နေ၏၊ ပစ်တိုင်းထောင်ရုပ်တစ်ရုပ်ကို မြင်ရသကဲ့သို့ ဖြစ်နေသည်။

တစ်မိနစ်ကျော်လောက်အကြာမှာ တိုင်အကွယ်သို့ ပြန်ဝင်သွားသည်ကို ကောင်းစွာ မြင်တွေ့လိုက်ကြရသည်။ မျက်မြင်ကိုယ်တွေ့ဖြစ်သွားရာ အငြင်းပွားဖွယ်ရာမရှိတော့၍ ကိုလူလှက လုံခြုံရေးဝန်ထမ်းကိုသွားခေါ်ဆောင်လာခဲ့ပြီး-

"ကဲ- လွှန်းခင်၊ အတွင်းခံဘောင်းဘီနဲ့မတက်ချင်ရင် ဝတ်ထားတဲ့ပုဆိုးကို ခါးတောင်းကျိုက်လိုက်ပြီး ဒီတိုင်လုံးကို ဖက်ပြီးတက်သွားပါ။ အပေါ်ရောက်သွားရင် တွေ့တဲ့အကောင်ကို ရိုက်ချရအောင် ဒီတုတ်ချောင်းကို ခါးမှာထိုးသွားလိုက်ကွာ"

ကိုလူလှတို့အဖွဲ့နှင့် မနီးမဝေးတွင် စက်ရုံအလုပ်သမတချို့ အလုပ်လုပ်နေတာရှိနေသည်။ စက်ရုံဝင်းထဲတွင် အုန်းပင်လေးငါးပင်ခန့်ရှိရာ ထိုအုန်းပင်များကိုတက်ပြီး အုန်းသီးတက်ခူးနေကျဖြစ်သော လွှန်းခင်အတွက် တိုင်ကိုဖက်တက်သွားရာ ခဏတာအကြာတွင် အပေါ်ကိုရောက်သွားပြီးနောက် -

"ဆရာ၊ အပေါ်မှာဘာကောင်မှ မရှိဘူး"

"အေး - မတွေ့ရင်လည်းပြန်ဆင်းခဲ့လိုက်တော့ကွာ"

ကိုလူလှရင်ထဲက သံသယရှင်းလင်းသွားလေပြီ။ ဤသတ္တဝါသည် ခွေးမဖြစ်နိုင်၊ မကျွတ်မလွှတ်သေးသော ပြိတ္တာဘုံသား ပရလောကသားပင်ဖြစ်လေသည်။ မျက်ဝါးထင်ထင်တွေ့ကြုံခဲ့ရမှုက အံ့ဩစရာကောင်းလွန်းလှသည်။

ကိုလူလှသည် မိမိပဋ္ဌာန်းရွတ်ရန် အလှည့်က အနည်းငယ်ဝေးနေသေးသဖြင့် စက်ရုံထဲမှအပြင်ဘက်ကို တစ်ဦးတည်းထွက်လာခဲ့သည်။ ညဉ့်နက်သန်းခေါင်ကာလဖြစ်၍ စက်ရုံရှေ့ရှိ ပြည်လမ်းမကြီးပေါ်တွင် မော်တော်ကားသွားလာမှုများပင် အတော်နည်းပါးသွားနေလေပြီ။ တစ်ခါတစ်ရံသာ တစ်စီးတလေ ဖြတ်မောင်းသွားတာ တွေ့ရတော့သည်။

ညဉ့်လေပြည်တိုက်ခတ်၍ ချမ်းအေးသလိုလိုဖြစ်လာသည်။ ကိုလူလှသည် စက်ရုံအဝင်တံခါးဝမှ လုံခြုံရေးကင်းတဲအနီးရောက်လာစဉ် လုံခြုံရေးတာဝန်ကျသူ ဦးဘညွန့်ကအသင့်စောင့်ဆိုင်း၍ -

"ဆရာကိုလူလှ၊ အညောင်းပြေလမ်းထွက်လျှောက်သလား။ အထဲဝင်ပြီး ရေနွေးကြမ်းသောက်ပါဦး။ ဒီနေ့ညအဖို့တော့ ဆရာတို့ပဋ္ဌာန်းပူဇော်နေတဲ့အသံကို ထူးထူးခြားခြားကြားနာနေရတာ မင်္ဂလာကျက်သရေလည်းရှိ၊ အိပ်ချင်လည်းပြေတာမို့ အကျိုးထူးလှပါတယ်ဗျာ"

အသံချဲ့စက်မှ အသံတိုးထားသော်လည်း အတိုင်းသားကြားနေရသော ပဋ္ဌာန်းရွတ်ဖတ်သံကိုရည်ရွယ်၍ ဦးဘညွန့်က ပြောခြင်း ဖြစ်သည်။ ဦးဘညွန့်ကား အသက် (၇၀) ကျော်ခန့်ရှိလိမ့်မည်။ ရောဂါမရှိ ကျန်းမာရေးကောင်းမွန်သဖြင့် လူငယ်တစ်ယောက်အလား သွက်လက်စွာသွားလာလုပ်ကိုင်နိုင်ဆဲ ဖြစ်သည်။ သက်ပြည့်အငြိမ်းစားပင်စင်ယူခဲ့ပြီးဖြစ်သော်လည်း ပင်စင်လစာက ဝမ်းစာအတွက် ဖူလုံလောက်ငှမှုမရှိပေ၊ အိုကြီးအိုမအရွယ်ရောက်နေမှ အခြားတစ်နေရာတွင် လုပ်ကိုင်ရှာဖွေမစားတတ်သဖြင့် စက်ရုံလုံခြုံရေးတာဝန်မှာပင် နေ့စားဝန်ထမ်းအဖြစ် ဆက်လက်လုပ်ကိုင်စေခဲ့ခြင်းဖြစ်သည်။

ဤစက်ရုံနှင့်ပတ်သက်သောဖြစ်ရပ်များကို ရှေးနှစ်ပေါင်းများစွာကတည်းက လုပ်ကိုင်လာခဲ့သောဝန်ထမ်းများဖြစ်သဖြင့် ရှေးဖြစ်နှောင်းဖြစ် သမိုင်းကြောင်းကို ကောင်းစွာသိရှိပြောပြနိုင်လေသည်။ ထို့ကြောင့် မကြာသေးမီမိနစ်ပိုင်းက စက်ရုံခေါင်မိုးအောက်မှ တွေ့မြင်ခဲ့ရသော ထူးဆန်းသော ပရလောကသားကို မေးမြန်းကြည့်မိသည်။


"ဟာ - ဒီအကောင် စက်ရုံထဲကို တောင် ရောက်နေတာကိုး။ ကျုပ်တို့နဲ့က ကြုံတွေ့ခဲ့ဖူးပြီပေါ့ ဆရာကိုလူလှရယ်။ လွန်ခဲ့တဲ့ မိုးဦးကျလောက်တုန်းက တစ်ညသန်းခေါင်းကျော်အချိန် ယခုလိုတာဝန်ကျနေတုန်းပဲ ဇာပိုတပါးအပေါ့သွားချင်တဲ့ကိစ္စဖြစ်လာတယ်။ ဆရာသိတဲ့အတိုင်း စက်ရုံအိမ်သာကလည်း နည်းနည်းအလှမ်းဝေးတယ်တယ်။ ကိုယ်တာဝန်ကျတဲ့နေရာကို ပစ်ထားပြီးသွားဖို့ဆိုတာကလည်း ထည့်စဉ်းစားရသေးတယ်။ အဲဒါနဲ့ မလှမ်းမကမ်းက ဟောဟိုမြက်ခင်းအစပ်မှာပဲထိုင်လိုက်မိပါတယ်။ ဝေါ်ဆို အနားကအုန်းပင်ပေါ်ကို မည်းနက်နေတဲ့အကောင်တစ်ကောင် နောက်ပြန်တက်ချသွားလိုက်တာ အတော်မြန်တယ်ဗျ။ ကျုပ်လည်း မမျှော်လင့်ထားတဲ့အချိန်အခါမှာ ရုတ်တရက်တွေ့ကြုံလိုက်ရတာဆိုတော့ ကြက်သီးမွေးညင်းတွေထပြီး ခေါင်းလည်းပုတ်လောက်ကြီးသွားသလားထင်ရတယ်။ အဲဒီအကောင်နဲ့တွေ့ကြုံပြီးတဲ့နောက် ကျုပ်တို့လုံခြုံရေးအဖွဲ့ဝင်တွေ ညရေးညတာ ဒုက္ခမများရအောင် ကင်းတဲမှာ ဆီးအိုးဆောင်ထားရတော့တာပေါ့ဗျာ။

ဒီစက်ရုံနယ်မြေက ဂျပန်ခေတ်တုန်းကာလက ကင်ပေတိုင်စခန်းချခဲ့တဲ့နေရာလို့ဆိုတယ်။ အဲဒီအချိန်က ကျုပ်က လူပျိုပေါက်အရွယ်လောက်ပဲရှိသေး

www.burmeseclassic.com

## ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

# သန်ကောင်၊ တုတ်ကောင်ရောဂါနှင့် တိုင်းရင်းဆေးကုထုံးများ



သောတရှင်များရှင်

ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ်မှာ တင်ပြမယ့် အကြောင်းအရာကတော့ -

'သန်ကောင်၊ တုတ်ကောင်ရောဂါနဲ့ တိုင်းရင်းဆေးကုထုံးများ' အကြောင်းအရာပဲ ဖြစ်ပါတယ်။

မေး။ ။ ဆရာမရှင့်၊ ကလေးငယ်တွေမှာ သန်ကောင်၊တုတ်ကောင်ရောဂါဟာ အမှန်တကယ်အများစု ခံစားကြုံတွေ့နေရတာ တွေ့ရပါတယ်။ ဘယ်လိုအရွယ်တွေမှာဖြစ်တတ်ပြီး ဘာကြောင့်ဖြစ်ရကာလဲ ပြောပြပေးပါရှင်။

ဖြေ။ ။ သန်ကောင်၊ တုတ်ကောင်ရောဂါဟာ ကလေးသူငယ်များ (၆) လ၊ (၇) လသားအရွယ်မှာတင်ပြီး (၁၀) နှစ်အရွယ်ထိရှိတတ်ပါတယ်။ အချို့လူကြီးတွေမှာလည်း သန်ကောင်၊ တုတ်ကောင်ရှိတတ်ပါတယ်။ ကလေးများဟာ အများအားဖြင့် သန်ကောင်၊ တုတ်ကောင်ရှိနေပြီဆိုရင် ထိုင်းမှိုင်းနွမ်းနယ်ပြီး ပိန်ချုံးနေတတ်ပါတယ်။ လန်းလန်းဆန်းဆန်းမရှိပါဘူး။ များသောအားဖြင့် အသက် (၂) နှစ်အရွယ် ကလေးငယ်တစ်ဦးရဲ့ ဝမ်းဗိုက်ထဲမှာ သန်တောင်၊ တုတ်ကောင်ရှိတတ်ပါတယ်။ သန်ကောင်များဟာ အူထဲမှာ အမှန်ပေါများနေမယ်ဆိုရင် ကလေးဟာ အာဟာရချို့တဲ့လာနိုင်ပါတယ်။

မေး။ ။ ဆရာမရှင့်၊ ကလေးကို ဘယ်အရွယ်မှာစတင်ပြီး သန်ချပေးနိုင်ပါသလဲရှင့်။

ဖြေ။ ။ ကလေးများကို အသက် (၂) နှစ်အရွယ်မှစတင်ပြီး သန်ချပေးရင် အကောင်းဆုံးဖြစ်ပါတယ်။ တစ်ခါတစ်ရံ သန်ကောင်များဟာ ပါးစပ်ထဲက ထွက်ကျလာတာကို မိဘများကြုံတွေ့ကြရမှာပါ။ ဒါကတော့ ကလေးဟာနေမကောင်းဖြစ်ကာ အပူများပြီး ကလေးရဲ့ဝမ်းဗိုက်ထဲမှာ သန်ကောင်မနေနိုင်တော့တဲ့ အတွက်ကျလာခြင်းဖြစ်ပါတယ်။ အဖျားကြီးပြီးဝမ်းပျက်မယ်၊ ဗိုက်ပူနံရိုးကားလေးဖြစ်နေမယ်ဆိုရင် ကလေးကို တစ်နှစ်တစ်ခါ သန်ချပေးရင်တော့ ကောင်းပါတယ်။

မေး။ ။ သန်ကောင်၊ တုတ်ကောင်ဖြစ်ရခြင်းအကြောင်းများနဲ့ သန်ကောင်ရှိနေပြီဖြစ်တဲ့ ကလေးငယ်ရဲ့ ကဏ္ဍာတွေကိုလည်း ပြောပြပေးပါဦးရှင်။

ဖြေ။ ။ သန်ကောင်၊ တုတ်ကောင်ဖြစ်ရခြင်းအကြောင်းတွေကတော့ အဓိကသန့်ရှင်းဖို့လိုပါတယ်။ ကလေးဟာ သန်ဥပေါက်ဖွားတဲ့ မြေနေရာမှာ အနေများခြင်း၊ သန်ဥများဟာ ကလေးများရဲ့ ဝမ်းဗိုက်အတွင်းကို တစ်နည်းနည်းနဲ့ ရောက်ရှိခြင်း၊ သန်ပွားစေတတ်တဲ့ သား၊ ငါးစတဲ့အညှီအဟောက်များကို ကလေးအစားများခြင်း၊ စိုစွတ်ထိုင်းမှိုင်းသော ဒေသတွင်အနေများခြင်း၊ မသန့်ရှင်းသောအဝတ်အထည်များကိုဝတ်ဆင်ခြင်း၊ အလင်းရောင်ရရှိမှုနည်းခြင်း။ ဒါတွေဟာ ရောဂါကိုဖြစ်စေတဲ့အကြောင်းအရင်းတွေပါ။ လက္ခဏာတွေကတော့ ကလေး (၆)

တော့ အလုပ်မလုပ်သေးသလို ဒီစက်ရုံလည်း မရှိသေးဘူးပေါ့။ ဆရာမြင်တွေ့ရတဲ့အတိုင်းပဲ၊ ကျုပ်တို့စက်ရုံဧရိယာက အတော်ကိုကျဉ်းပါတယ်။ ဒါ့အပြင် မြေနေရာတစ်ဝက်လောက်ကမြင့်နေပြီး ကျန်တစ်ဝက်က နိမ့်နေတာကြောင့် ဘူဒိုဇာစက်ကြီးနဲ့ထိုးချပြီးမှ မြေညီအောင်လုပ်ရသေးတယ်။ မြေညီသွားတော့မှ စက်ရုံဆောက်ဖို့စီစဉ်ရတာလေ။ မြေကို စက်နဲ့ထိုးကော်လိုက်တော့ မြေအောက်ကနေ စစ်သုံးသံခမောက်နှစ်လုံးလားရတယ်။ လူ့အရိုးတွေလည်း ထွက်လာတယ်ဆိုတော့ ကျွန်တော်ကြားဖူးတဲ့ ကင်ပေတိုင်စခန်းနဲ့က ဆက်စပ်မိသွားတာပေါ့ ဆရာ"

"ဒါကြောင့် မကျွတ်မလွတ်သေးဘဲရှိနေသေးတဲ့ ပရလောကသားဆိုတာတွေ ဒီနေရာတစ်ဝန်းမှာ ခိုကပ်ရှိနေနိုင်တာပေါ့။ ဆရာတို့ ပဌာန်းရွတ်ဖတ်ပူဇော်ကြတာကတော့ အားလုံးအတွက် သိပ်ကောင်းသွားတာ အမှန်ပါ။ ကျုပ်တာဝန်ထမ်းဆောင်တဲ့သက်တမ်းတစ်လျှောက်မှာ စက်ရုံမှာ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲဆိုတာ ဒီတစ်ကြိမ် ပထမဆုံးကြုံရတာပါပဲ။ ပဌာန်းပွဲသိမ်းအပြီးမှာ ရေစက်ချအမျှအတန်းပေးဝေလိုက်ရင် မကျွတ်မလွတ်သေးတဲ့ ပရလောသသားတွေ အမျှရသွားကြပြီး ဘဝဆိုးကြီးကနေ လွတ်မြောက်သွားနိုင်ကြမှာသေချာပါတယ်ဗျာ။ ဒါတွေကို သိရှိထားပေမယ့် ကျုပ်တို့က အထက်လူကြီးတွေကို အခုလို အကြောင်းတိုက်ဆိုင်မှသာ ပြောပြနိုင်တာပါ။ မတိုက်ဆိုင်သေးရင် ပြောပြဖို့ခက်ခဲပါတယ်"

ညဉ့်သန်းခေါင်းယံအချိန်ကျော်ခဲ့ပြီ။

ကိုလူလှသည် လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်ရင်း မကြာမီ မိမိပဌာန်းရွတ်ဆိုရန် အလှည့်ကျရောက်တော့မည်မို့ ဦးဘညွန့်တို့၏ လုံခြုံရေးကင်းတဲမှပြန်ခဲ့သည်။ မာကျူရီမီးရောင်မှာ ညဉ့်အချိန် အစာရှာထွက်လေ့ရှိသော လင်းနို့နှစ်ကောင်တို့ လှည့်ပတ်ပျံဝဲနေသည်ကို ခုတ်မီးတိုင်အောက်တွင် တွေ့မြင်နေရလေသည်။

ဦးဘညွန့်သုံးသပ်ပြောဆိုသကဲ့သို့ပင် ပဌာန်းရွတ်ဖတ်ပူဇော်ပွဲအပြီး ရေစက်ချအမျှအတန်းပေးဝေပြီးနောက်တွင် အပမှီအစိမ်းသရဲပူးကပ်ခံရခြင်း၊ ပရလောကသားအမည်းရောင်သတ္တဝါကို ရင်ဆိုင်တွေ့မြင်ကြုံကြိုက်ရခြင်းများ မရှိတော့ပေ။ ပရလောကသားနှင့်ပတ်သက်၍ စက်ရုံမှူးမမကို အသိမပေးတော့ရန် ကိုလူလှ ဆုံးဖြတ်ချက်ချလိုက်သည်။

အောင်ဆန်းလင်း(ဘီ-အေ)

**စာကြွင်း -**

*ပဌာန်းအဖွဲ့မှ ဦးသန်းနှင့် ကိုအေးမြင့်တို့သည် ကွယ်လွန်ခဲ့ကြပြီးဖြစ်သည်။ (ပဌာန်းအဖွဲ့ဝင်) စက်ရုံဝန်ထမ်း ကိုလူလှ (အမည်လွှဲ) သည် စာရေးသူ၏အစ်ကိုဖြစ်ရာ အစ်ကိုပြောပြသော ဘဝအတွေ့အကြုံကို ရေးဖွဲ့ခြင်း ဖြစ်သည်။*



www.burmeseclassic.com

www.burmeseclassic.com

လ၊ (၇) လသားအရွယ်မှာ ကလေးဟာ သန်ရှိနေမယ်ဆိုရင် -

ကလေးငယ်ဟာ လည်ချောင်းယားပြီး ချောင်းဆိုခြင်း၊ ကလေးငယ်ဟာ လက်ချောင်းလေးများဖြင့် အာခေါင်ထဲ နှိုက်နေတတ်ခြင်း၊ အချို့လက်စုပ်နေတတ်ခြင်း၊ သန်ကောင်ဟာ အပူကြောင့်ဖြစ်တဲ့အတွက် အချို့ကလေးများဟာ အေးတဲ့နေရာဒေသကို ကြိုက်တတ်ခြင်း၊ ဝမ်းလျားမှောက်ပြီး အိပ်တတ်ခြင်း၊ အချို့ကလေးငယ်တွေဖင်ဘူးတောင်းထောင်နေတတ်ခြင်း၊ သွားကြိတ်တတ်ခြင်း၊ အချို့သွားရည်များကျတတ်ခြင်း၊ ကလေးငယ်များရဲ့ အောက်မျက်ခွံများ ဖြူဖပ်ဖြူရော်ရှိနေတတ်ခြင်း၊ မျက်လုံးအိမ်ချိုင့်ကျပြီး နောက်ကျိကျိဖြစ်နေတတ်ခြင်းလက္ခဏာတွေကို တွေ့ရှိရပါမယ်။

မေး။ ။ ဆရာမရှင့်၊ ကလေးငယ် (၁) နှစ်၊ (၂) နှစ်အရွယ်မှာ သန်ကောင်ရှိတဲ့အချိန်မှာဖြစ်နေတဲ့ လက္ခဏာတွေကိုလည်း ပြောပြပေးပါဦးရှင်။

ဖြေ။ ။ ဟုတ်ကဲ့ပါ။ ကလေးငယ် (၁) နှစ်၊ (၂) နှစ်အရွယ်မှာ သန်ကောင်၊ တုတ်ကောင်ရှိနေပြီဆိုရင် သန်ကောင်ဟာ ရင်ခေါင်းထဲသို့ရောက်ရှိပြီး ကလေးဟာ ခဏခဏပျို့အန်ပြီး ချောင်းဆိုးခြင်း၊ ဆီးအိမ်ထဲသို့ သန်ကောင်ရောက်နေလျှင် ကလေးငယ်ဟာ ခဏခဏဆီးသွားခြင်း၊ အချို့သန်ကောင်ဟာ အူမထဲရောက်ရှိပြီး အစာမကြေတဲ့ ဝမ်းအဖြူရောင်များသွားခြင်း၊ မကြာခဏကျောပူခေါင်းပူထပြီး ကိုယ်ပူဖျားတတ်ခြင်း၊ ဝမ်းဗိုက်ပူခြင်း၊ ချက်ဆူထွက်နေခြင်း၊ ဦးခေါင်းလက်ခြေအဆုံး ငါးဌာနတွေမှာ အမြဲအေးစက်နေခြင်း၊ စားသမျှ အသားမဖြစ်ဘဲ အားအင်ကုန်ခန်းချည့်နဲ့နေတတ်ခြင်း၊ ဆံပင်ကျဲကျဲပေါက်တတ်ခြင်း၊ နေရာရွေး၍အိပ်တတ်ခြင်း၊ သားငါးအညှီအဟောက်များ ကြိုက်နှစ်သက်ခြင်း၊ ဝမ်းအရည်ကျဲများသွားခြင်း၊ ဝမ်းသွားသည့်အခါ သွေးစိမ်းများပေါက်တတ်ခြင်း၊ ဆန်စိမ်း၊ မြေကြီးတို့ကို စားတတ်ခြင်းစတဲ့ လက္ခဏာတွေကို တွေ့ရပါတယ်။

မေး။ ။ကလေးသန်ကောင်၊ တုတ်ကောင်ရောဂါနဲ့ပတ်သက်လို့ မြန်မာ့တိုင်းရင်းဆေး သန်ချဆေးများနဲ့ ဘယ်လိုကုသတယ်ဆိုတာလည်း ပြောပြပေးပါဦးရှင်။

ဖြေ။ ။ ကလေးသန်ကောင်၊ တုတ်

[redacted]

ကောင်ရောဂါနဲ့ပတ်သက်လို့ မြန်မာ့တိုင်းရင်းဆေးများနဲ့ ကာကွယ်ကုသနိုင်ပါတယ်။ ပထမဦးစွာ သန်ငြိမ်ဆေး၊ လိမ်းဆေးအနေဖြင့် တိုင်းရင်းဆေးခန်းသုံး ဆေးနံ့ပါဟော် (၄၇) ပါးဆေးဝါလေးကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာ အုန်းဆီနဲ့ အနည်းငယ်ဖျော်ပြီး ကလေးငယ်ရဲ့ လည်မျိုရင်ချိုင်းမှစ၍ ဆီးစပ်အထိ ခပ်ပါးပါးလိမ်းပေးပါ။ ဒ့ါအပြင် နံနက်၊ နေ့ခင်း၊ ညနေ (၃) ကြိမ် ခုနစ်ပါးဆေးဝါးလေးကိုပင် လက်ဖက်ရည်ဇွန်းတစ်ဝက် ပျားရည် (သို့) ရေကျက်အေးနဲ့တိုက်နိုင်ပါတယ်။ ကလေးကိုယ်ပူပါက ကိုယ်ပူကျစေရန် လိမ်းဆေးလိမ်းပါ။ ချောင်းဆိုးနေရင် ချောင်းဆိုးပျောက်ဆေးတိုက်ပါ။ နှာပိတ်နေလျှင် နှာပွင့်ဆေးများလိမ်းပါ။ တိုက်ပေးပါ။ နှာရှူပါ။ သန်ချဆေးကျွေးတဲ့အခါ ပိုမိုပြီးအောင်မြင်စေဖို့ ညနေ (၄) နာရီလောက်မှာ သန်ချမယ့်ကလေးကို အစာကိုလျှော့ကျွေးပြီး ဒီနောက်ပိုင်းမှ မကျွေးတော့ဘဲ အရည်သောက်ကိုသာတိုက်ကျွေးပါ။ ည(၉)နာရီမှ ကလေးအား သန်ချဆေးတိုက်ကျွေးသင့်ပါသည်။ သန်ချဆေးတိုက်ပြီး (၁၀) မိနစ်ခန့်တွင် ဝမ်းပျော့ပျော့သွားစေတတ်တဲ့ ဆေးနံ့ပါတ် (၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကို လက်ဖက်ရည်ဇွန်း (၁) ဇွန်းရေအေးနဲ့ တိုက်ပေးရပါမယ်။ ဒ့ါအပြင် နာနတ်သီးမှည့်ဟာ သန်ကျစေတတ်တဲ့အာနိသင်ရှိတာကြောင့် နာနတ်သီးကို ပျားရည်နဲ့ ရောစပ်ပြီး တစ်နေ့ (၂) ကြိမ် စားနိုင်သလောက်ကျွေးပါ။ ကိုယ်ပူကျဆေး အဖြစ် ဆေးဒန်းမှုန့် ဒါမှမဟုတ် နှစ်ပါးဆေးဝါလေးကိုပဲ လက်ဖက်ရည်ဇွန်း (၂) ဇွန်းစာ သနပ်ခါးကျဲကျဲနဲ့ ဖျော်လိမ်းပေးပြီး စောင်ပါးပါးခြုံပြီး လေလုံရာမှာ သိမ်းထားပါ။ မကြာခင် ကိုယ်ပူကျသွားပါမယ်။ ချောင်းဆိုးပျောက်ဆေးအနေဖြင့် ကဆော့ပုပ်ရွက်သတ္တုရည်၊ လက်ဖက်ဇွန်းရည်တစ်ဝက်အား ဆားအနည်းငယ်ထည့်၍ တစ်နေ့ (၃) ကြိမ် ကလေးအားတိုက်ပေးပါ။ နှာပွင့်ဆေးအနေဖြင့် ရှိန်းခိုကို အုန်းဆီနှင့်ဖျော်၍ နှာဝနှင့်ငယ်ထိပ်တို့ကို အုပ်လိမ်းပေးပါ။ အခြားသန်ချဆေး၊ ဆေးနည်းတို့များအနေဖြင့် ကလေးများသန်ထလျှင် နာနတ်ရွက်ကြိတ်၍သတ္တုရည်အား လက်ဖက်ရည် ဇွန်း (၁) ဇွန်းခန့် တိုက်ကျွေးပါ။ သန်ကောင်များသေ၍ကျပါမယ်။ ဝမ်းတွင်းမှာရှိတဲ့ပိုးများပျက်စီးပြီး သန်ကောင်များကျဆင်းဖို့အတွက် မုန်ညင်းအမှုန့် လက်ဖက်ရည်ဇွန်း (၁) ဇွန်းစာ ရေကျက်အေးနဲ့ တိုက်ကျွေးပါ။ ဒ့ါအပြင် ပုံလုံခါးသီးအစေ့ကိုအခြောက်လှန်း၍ ၎င်းအမှုန့် လက်ဖက်ရည် (၁) ဇွန်းကို ရေကျက်အေးနဲ့ တိုက်ကျွေးပါက သန်ကောင်ပျက်စီးပြီး သန်ကိုကျစေပါတယ်။

မေး။ ။ ကလေးငယ်များ သန်ကောင်၊ တုတ်ကောင်မထစေရန် ကာကွယ်ဖို့ကိုလည်း ပြောပြပေးပါဦးရှင်။

ဖြေ။ ။ ကလေးသူငယ်များကို ပြောင်းဖူး၊ ကြောက်ညှင်း၊ ပေါက်ပေါက်များ မကျွေးရပါဘူး။ သန်ထတတ်ပါတယ်။ အသား၊ ငါးများကို ကလေးငယ်ရဲ့ အရွယ်နဲ့လိုက်ပြီး မျှတစွာကျွေးပါ။ အသီးအရွက်များများကျွေးပါ။ ကျွေးပြီးသန်ချဆေးလည်းတိုက်ပါ။ ဒ့ါအပြင် အရေးကြီးဆုံးအချက်ကတော့ သန့်ရှင်းဖို့လိုပါတယ်။ သန်ကောင်ရောဂါပျောက်ကင်းဖို့အတွက် အိမ်သာသွားရာ၌ စနစ်တကျသွားခြင်း၊ ကလေးငယ်များကို လက်သည်းမှန်မှန်ညှပ်ပေးခြင်း၊ အစားအသောက်များစားရာတွင် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပြီးမှ စားစေခြင်း၊ အစားအသောက်များကို ယင်မနားအောင်စားစေခြင်း၊ အိမ်သာတက်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့်စင်ကြယ်စွာဆေးစေခြင်း၊ အိမ်သာများကို သန့်ရှင်းစင်ကြယ်အောင်ထားခြင်းနဲ့ အသီးအရွက်များကို ရေစင်အောင်ဆေးပြီးမှ စားစေခြင်းဖြင့် သန်ကောင်၊ တုတ်ကောင်ရောဂါကို ကာကွယ်နိုင်ပါတယ်။

မေး။ ။ ခုလို သန်ကောင်၊ တုတ်ကောင် ရောဂါအကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြသွားတဲ့ ဆရာမကို ကျေးဇူးတင်ပါတယ်။

ဖြေ။ ။ ကျွန်မလည်း ပြည်သူလူထုအကြား တိုင်းရင်းဆေးပညာအကြောင်း တင်ပြခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဒေါ်နေနေနိုင်ညည်
(တိုင်းရင်းဆေးပညာ)



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာ ကျော်ခန့်က ဖြစ်ပါ၏။ တစ်ရွာတွင် တစ်ယောက်၊ တစ်ပြည်မှာတစ်ယောက် ဆိုယူလောက်အောင်ပင် ထူးဆန်းသော လူသားတစ်ဦး၏အဖြစ် ကျော်ကြား ထင်ရှားခဲ့ပါ၏။

သူကား,အဘယ်သူနည်း။

သူကား ဧရာဝတီတိုင်းသား တစ်ဦးဖြစ်၏။ ပုသိမ်အနောက်ဘက် ကမ်းခြေတွင် ရေမနီကိုင်းကျေးရွာ၊ ကြက်ပေါင်ကျေးရွာနှင့် တလိုင်းကုန်း ကျေးရွာ စသည်ဖြင့် ရွာပေါင်းများစွာ တည်ရှိကြ၏။

ထိုရွာပေါင်းများစွာတို့အထဲတွင် ရေမနီကိုင်းကျေးရွာသည် ထင်ရှားလှ၏။ လူသိများ၏။ ကျော်ကြား၏။

အသက်အရွယ်အားဖြင့် (၆၀) ကျော်ခန့်ရှိသော လူတစ်ယောက်။ သူ၏ နာမည်ကတော့ ဦးမောင်တင်။

ဦးမောင်တင်သည် ရေမနီကိုင်းရွာ သားတစ်ဦးဖြစ်၏။ သူသည် ဗုဒ္ဓဘာသာ ဝင်တစ်ဦးလည်းဖြစ်၏။ ဗုဒ္ဓဘာသာဝင် တစ်ဦးပီပီ ကျေးရွာဗုဒ္ဓဘာသာဘုန်းတော် ကြီးကျောင်း၌ ဆွမ်း၊ ကွမ်း၊ ယာဂုစသော စားသောက်ဖွယ်ရာများကို ပြုပြင်စီမံ ချက်ပြုတ်ပြီးလှူဒါန်းလေ့ရှိ၏။

# မဟာနွယ်
## (မန်းတက္ကသိုလ်)
# ထူးဆန်းတဲ့လူသား



ဝါတွင်း၊ ဝါပ ဥပုသ်နေ့သို့ ရောက်လေတိုင်း ဥပုသ်သီတင်း ဆောက်တည်လေ့ရှိတတ်၏။

သူသည် စိတ်ရင်းကောင်း သူ၊ သဘောဖြူအူစင်းသော ပုဂ္ဂိုလ်၊ တစ်ဖက်သားအား ပေးကမ်းစွန့်ကြဲလိုသောစိတ်၊ အမြဲတမ်း ပေးကမ်းလှူဒါန်း စွန့်ကြဲနေသောသူတစ်ဦးဖြစ်ပါ၏။

သူသည် လူများကို တွေ့လျှင် ပြုံးရွှင်သော မျက်နှာထားဖြင့် နှုတ်ဆက်တတ်၏။ပြော..

ဆိုလေ့ရှိတတ်၏။ သူ့အား လူချစ်လူခင် ပေါများ၏။ ခင်မင်ကြ၏။ဖော်ရွေကြ၏။ နှစ်သက်ကြ၏။

ကျေးရွာတွင် အလှူဒါနကိစ္စကြီး ငယ်ပေါ်ပေါက်လာလျှင်လည်း သူ့အား တိုင်ပင်ကြရ၏။ သူ၏ အကြံပေးချက် အပေါ်မှာ အကောင်အထည်ဖော်ကာ ဆောင်ရွက်ကြရ၏။လုပ်ဆောင်ကြရ၏။

သူသည် ကျေးရွာသူကျေးရွာသား များအပေါ်မှာ ဩဇာအာဏာရှိသူဖြစ်၏။ သူ့အား လေးစားကြ၏။ အရာထမ်း၊ အမှုထမ်း စသည့် မင်းစိုးရာဇာ အစိုးရ ဖက်တော်သား လူကြီးများရောက်လာခဲ့လျှင်လည်း ဦးမောင်တင်အား ဦးတိုက်ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးမောင်တင် ပြောပြလိုက်လျှင် ကိစ္စအားလုံး ပြီးစီးအောင်မြင်ကြရ၏။ ယင်းကြောင့်လည်း ကျေးရွာသူကျေးရွာသားများက သူ့ကိုအားကိုးအားထားပြုကြ၏။

ရွာသားတစ်ဦးက -

"ဦးမောင်တင်သာ ဒီရပ်ရွာမှာ ရှိနေခဲ့ရင် ရွာသားတွေဟာ ဘာမှပူပင်စရာမလိုပါဘူး"

ဟု ဆိုလာ၏။

အခြားတစ်ဦးကလည်း -

"ဟုတ်တယ်လေဗျာ၊ ဒီပုဂ္ဂိုလ်က ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ မင်းစိုးရာဇာအရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့အရေးတွေမှာလည်း ကျွမ်းကျင်လှပါတယ်။ ရွာသားတွေလုပ်စရာရှိတာတွေကို သူကအကြံပြုလမ်းညွှန်ပေးတတ်ပါပေတယ်ဗျာ"

ဟု ထောက်ခံဆွေးနွေးလာ၏။

ဤသို့ဖြင့် ဦးမောင်တင်၏ ဂုဏ်သတင်းသည်ကား တစ်ရွာမှ တစ်နယ်၊ တစ်နယ်မှ တစ်မြို့နယ်၊ တစ်ခရိုင်အထိ ပျံ့နှံ့သွားခဲ့လေ၏။

အခါတစ်ပါး၌ ရေမနီကိုင်းကျေးရွာနှင့်မနီးမဝေးသောနေရာတွင် အလွန်နေချင့်စဖွယ်ကောင်းသောတောအုပ်ကြီးတစ်ခုရှိ၏။ အဆိုပါ တောအုပ်ကြီးတွင် သစ်ပင်ကြီးငယ်များက သိုက်မြိုက်စွာပေါက်ရောက်လျက်ရှိ၏။ ချေ စသော တောတွင်ပျော်မွေ့နေကြသောတိရစ္ဆာန်များလည်းရှိကြ၏။

ဦးမောင်တင်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ- သံဃာတော်အရှင်မြတ်များကို အထူးကြည်ညိုလေးစားတတ်ပါ၏။ သဒ္ဓါတရားထက်သန်သောသူဖြစ်ပါ၏။ ပေါ်တော်မူဘုရားသီတင်းသုံးသောတောအုပ်တွင် ဦးမောင်တင်သည် တစ်ဦးတည်းဘုန်းကြီးကျောင်းတစ်ဆောင်ဆောက်လုပ်ကာ တောနေသံဃာတော်အရှင်မြတ်တစ်ပါးအား ကိုးကွယ်ဆည်းကပ်လျက်ရှိ၏။

အဆိုပါ သံဃာတော်အရှင်မြတ်အတွက် နေ့စဉ်နေ့တိုင်း ဆွမ်းကိုချက်ပြုတ်၍ လှူဒါန်းလေ့ရှိပါ၏။ တောနေသံဃာတော်အရှင်မြတ်ဘုရားကလည်း လောကလူသားများကို ငဲ့ညှာထောက်ထားသောအားဖြင့် ကျေးရွာများသို့လှည့်လည်ကာ ဆွမ်းခံလေ့ရှိပါ၏။

ဦးတင်မောင်သည် ပေါ်တော်မူဘုရား သီတင်းသုံးရာ တောရကျောင်းတော်သို့ နေ့စဉ်သွားရောက်ကာ ဥပုသ်ဆောက်တည်လျက်ရှိ၏။ တရားထိုင်လျက်ရှိ၏။ တရားထိုင်ပုံထိုင်နည်း၊ တရားအားထုတ်ပုံ၊ အားထုတ်နည်းတို့ကို တိတိကျကျသင်ယူထား၏။ တောနေရဟန်းက တရားပြ၏။

ကုသိုလ်တရားပွားများလာအောင် ဘုရားအား ရေချမ်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဆွမ်းကပ်ခြင်း၊ သစ်သီးဝလံဆွမ်းကပ်လှူဒါန်းခြင်းစသည့် ဒါနများကိုလည်း နေ့စဉ်ပြုလုပ်လှူဒါန်းနေ၏။

ဦးမောင်တင်သည် လောဘနည်း၏။ ဒေါသကား သူ့မှာမရှိပါ။ မောဟကား တစ်ကြိမ်တစ်ခါမျှဖြစ်ပေါ်လာခြင်းမရှိပါ။ သူ့ဘဝအတွက် ပကတိငြိမ်းအေးလျက်ပင်ရှိပါ၏။

လူအများက သူ့အား သူတော်စင်တစ်ဦးအဖြစ် သတ်မှတ်ထားကြ၏။ သူသည် သီတင်းကျွတ်လဆန်းနေ့မှစတင်၍ အဓိဋ္ဌာန်ဝင်ကာ တရားရှုမှတ်နေလေ၏။ အမြဲမပြတ် ဝိပဿနာတရားတော်မြတ်များကို ရှုမှတ်အားထုတ်လျက်ရှိ၏။

ဤလောက၏ ဖြစ်ခြင်း၊ ပျက်ခြင်းတရားတို့ကို ကွက်ကွက်ကွင်းကွင်းထင်မြင်လာ၏။ မိမိ၏ခန္ဓာကိုယ်အတ္တဘောကြီး၏ ဖြစ်မှုပျက်မှုအလုံးစုံတို့ကိုလည်း သူ၏ ဉာဏ်စဉ်တွင် အမြင်အားဖြင့် ထင်ထင်ရှားရှားထင်မြင်လာလျက်ရှိ၏။

တစ်နေ့သော နံနက် (၄) နာရီ တရားအားထုတ်ပြီးသောအချိန်တွင် သူသည် စိတ်ကူးသစ်တစ်ခုပေါ် ပေါက်လာ၏။ ထိုစိတ်ကူးသစ်ကား လူသာမန်တို့ စိတ်ကူးစိတ်သန်းခြင်းငှာ မဖြစ်နိုင်သော အရာသာ ဖြစ်၏။

မိမိ၏ကိုယ်ခန္ဓာကို မီးညှိပြီး ဗုဒ္ဓဘုရားရှင်အား ဆီမီးပူဇော်ခြင်းသည် အလွန်အမြတ်ဆုံးသော ဒါနဖြစ်ပါ၏။ သူ၏ကြည်လင်သော နှလုံးသားထဲတွင် ဖြစ်ပေါ်၍လာ၏။ ဤကိစ္စကို ငါမှတစ်ပါး တခြားသောသူတို့အား အသိပေးခြင်းငှာမဖြစ်နိုင်ဟု လျှို့ဝှက်စွာ သိုသိပ်ထားလေ၏။

သူသည် သူ၏ ကြည်လင်သော နှလုံးသားထဲတွင် ဖြစ်ပေါ်လာသော မြင့်မြတ်သော အသိတရားတို့ကို သိုသိပ်ပြီး အေးဆေးတည်ငြိမ်စွာ နေထိုင်လာလေ၏။

ငါကား ဤအသိဉာဏ်၊ အသိတရားတို့ကို ဘယ်အချိန်ခါမှာ အကောင်အထည်ဖော်ရလိမ့်မည်နည်းဟု စဉ်းစားလာပြန်ပါ၏။

မိသားစု၏ စားဝတ်နေရေးတို့ကို ပြန်ကြည့်ပြန်ပါ၏။ သူ၏မိသားစုအတွက် နောက်ဆံတင်းရန်အကြောင်းမရှိပါချေ။ အားလုံး အဘက်ဘက်မှပြည့်စုံကုံလုံစွာရှိပါ၏။ စိုးရိမ်စရာမလိုပါ။ ဝမ်းမြောက်နေပါ၏။

ငါသည် ဤသီတင်းကျွတ်လပြည့်နေ့မှာပင် ငါ့ရဲ့စိတ်ဆန္ဒကိုဖြည့်စွမ်းပါအံ့ဟု စိတ်ကိုခိုင်မာစွာဆုံးဖြတ်ချက်ချမှတ်ထားလေ၏။

သူသည် သီတင်းကျွတ်လဆန်းတစ်ရက်နေ့ကပင် ဥပုသ်ရက်ရှည်စောင့်လာ၏။ အသက်ပါသောဟင်းလျာတို့ကို မစားမသောက်ဘဲရှောင်ကြဉ်လာ၏။ ဝိပဿနာတရားများကို အားထုတ်လာ၏။

ဆွမ်းထမင်းတို့ကိုသုံးဆောင်သောအခါ ပဲဆီ၊ နှမ်းဆီ၊ ငှက်ပျောသီး စသည်တို့ဖြင့်သာ သုံးဆောင်လာပါ၏။

တဖြည်းဖြည်းဖြင့် သီတင်းကျွတ်လပြည့်နေ့သို့ ဆိုက်ရောက်လာလေ၏။ သီတင်းကျွတ်လပြည့်နေ့တွင် ရေမနီကိုင်းကျေးရွာဘုန်းတော်ကြီးကျောင်းတော်သို့ ရောက်ရှိလာကြသော ဥပုသ်သည်တို့နှင့် အတူ သီလခံယူဆောက်တည်လာ၏။

အဆိုပါ သီတင်းကျွတ်လပြည့်နေ့ ညနေငါးနာရီခန့်အချိန်တွင် ဦးမောင်တင်သည် မိမိနေအိမ်သို့ ခေတ္တရောက်ရှိလာ၏။ ပြင်ဆင်စရာတို့ကို ပြင်ဆင်လာ၏။ သို့သော် သူပြင်ဆင်နေသည်ကိုကား ဇနီးဖြစ်သူမဖွားတင်နှင့် သားဖြစ်သူ မောင်စံသူတို့ကလည်း သတိမထားမိပါချေ။

သူသည် ရှေးဦးစွာ သစ်လွင်သော ပုဆိုးနှင့် အင်္ကျီတို့ကို ဝတ်ဆင်လိုက်၏။ ရေအေးကို ဝဝလင်လင်သောက်သုံးလေ၏။ ခါး၌ဝတ်ဆင်ထားသော ပုဆိုးကို ကျွတ်မကျစေရန် သံကြိုးကလေးနှင့် ခိုင်မြဲအောင် ချည်နှောင်ထားလေ၏။ တစ်ဖန် သူသည် အသင့်ဝယ်ယူထားသော ရေနံဆီကို မိမိ၏ခန္ဓာကိုယ်ပေါ်သို့ လောင်းချလေ၏။

သူသည် ပြင်ဆင်ပြီးသောအခါ ညနေ (၆) နာရီခန့်အချိန်သို့ရောက်ရှိလာလေပြီ။ သူသည် ဝမ်းမြောက်ဝမ်းသာရွှင်လန်းစွာဖြင့် နေအိမ်မှဆင်းလာ၏။

"အင်း- ငါဟာမိမိ၏ကိုယ်ခန္ဓာကို မီးရိုက်ပြီး ကိုးနဝင်းစေတီတော်ကြီးအား မီးပူဇော်လှူဒါန်းရတော့မယ်"

ဟု ကြည်နူးလာလေ၏ ...

www.burmeseclassic.com

## နတ်မောက်မင်းသန့်နိုင်

# ကင်း၊ ပျား၊ ပိတုန်း အဆိပ်တုံးစေရန်

ကင်းမှာ သုံးမျိုးရှိပါသည်။ ကင်းမြီးကောက်၊ ကင်းခြေများ၊ ကင်းမလက်မည်းဟူ၍ပင်။ ထိုကင်းသုံးမျိုးနှင့် ပျား၊ ပိတုန်း အထိုးအတုပ်ခံရလျှင် အဆိပ်သည် သေလောက်အောင်မဖြစ်သော်လည်း တစစ်စစ်ကိုက်ခဲနာကျင်သည်မှာ (၂၄) နာရီမှ (၇၂) နာရီအထိ ဝေဒနာခံစားရပါသည်။

ၿငင်းကင်း၊ ပျား၊ ပိတုန်းအဆိပ်များ တုံးသွားစေရန် ပျက်ပြယ်ပျောက်ကင်းစေရန်အတွက် လက်တွေ့နည်းလမ်းတင်ပြပါမည်။ တစ်နာရီအတွင်း လက်တွေ့ပျောက်ပါမည်။

ကင်း၊ ပျား၊ ပိတုန်းတို့ထိုးသော တုပ်သောအခါ ၎င်းတို့၏ အစွယ်လေးများသည် လူ၏မွေးညင်းခွေးပေါက်ထဲတွင်စိုက်ကျန်နေခဲ့ပြီး အဆိပ်တက်ရခြင်းဖြစ်ပါသည်။ ၎င်းအစွယ်လေးပျက်ကြေသွားမှ ပြေပျောက်ပါသည်။ ထိုအဆိပ်စွယ်လေးပြေပျောက်ရန်အတွက် -

ပရဆေးဆိုင်တွင် ကျောက်ချဉ်ခဲအဖြူတစ်ရာကျပ်ဖိုးခန့် ဝယ်ယူဆောင်ထားပါ။ ကျောက်ပျဉ်ပေါ်တွင် ကျောက်ချဉ်ခဲကို ရေနှင့်သွေးပြီးလိမ်းပေးလိုက်ပါ။ တစ်နာရီအတွင်း ကင်း၊ ပျား၊ ပိတုန်းအဆိပ်ပြေပျောက်သွားပါမည်။

အညာဒေသမှ ပျားမုဆိုး၊ ပျားလိုက်ဖွပ်သူများသည် တောထဲသွားတိုင်း ကျောက်ချဉ်ခဲကို ဆောင်ယူသွားတတ်ပြီး အသုံးပြုကြပါသည်။

နတ်မောက်မင်းသန့်နိုင်

တရားထက်သန်လာလေ၏။

သူသည် တဖြည်းဖြည်းနှင့် လမ်းလျှောက်လာရာ ရေမနီကိုင်းကျေးရွာ ကိုးနဝင်းစေတီတော်သို့ရောက်ရှိလာ၏။ သူသည် ကိုးနဝင်းစေတီတော်အား သဒ္ဓါတရားထက်သန်စွာဖြင့် လက်ယာရစ် (၉) ပတ် လှည့်လည်ပတ်ကာ ဗုဒ္ဓဘုရားရှင်အား ရှိခိုးကန်တော့လာ၏။ မိမိ၏ ကိုယ်ခန္ဓာကိုလည်း ကိုးနဝင်းစေတီအား လှူဒါန်းပူဇော်လေ၏။ ငါးပါးသီလတော်မြတ်ကို ခံယူဆောက်တည်လာ၏။

သုံးဆယ့်တစ်ဘုံတွင် ရှိကြသော သတ္တဝါတို့အား မေတ္တာပို့ပြီး အမျှပေးဝေ၏။ သူတော်ကောင်းသူမြတ်လောင်းတို့က ပို့သအပ်သောမေတ္တာဘာဝနာတို့ကိုလည်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ် ဆိုပြန်လေ၏။

သူသည် ရေမနီကိုင်းဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်းရှိ ကိုးနဝင်းစေတီတော်၏တံတိုင်းအနီးသို့ချဉ်းကပ်၍ မတ်တတ်ရပ်လိုက်၏။

ဖြစ်ပျက်တရားတော်တို့ကို နှလုံးသွင်းလျက် ခိုင်မြဲသော သတိတရားကို အမြဲလက်ကိုင်ထား၏။ မိမိခန္ဓာကိုယ်၏ ဖြစ်ပျက်တို့ကိုလည်း ဆင်ခြင်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့ကိုလက္ခဏာပေါ်တွင် တင်ထားလိုက်၏။ ရှုဆင်ခြင်လာ၏။ မိမိ၏ ကိုယ်ခန္ဓာကို ဗုဒ္ဓဘုရားရှင်အား လှူဒါန်းပြီးဖြစ်ပါသဖြင့် သူ၏ကိုယ်ခန္ဓာကို မီးရှို့ကာ ကိုးနဝင်းစေတီဘုရားရှင်အား မီးပူဇော်ထားလေ၏။

သူ၏အဝတ်တို့ကို ရေနံဆီသွန်းလောင်းထားသဖြင့် မီးသည်ထတောက်ပြီး ချက်ချင်း လောင်မြိုက်လာလေ၏။ မီးက ဦးမောင်တင်၏ကိုယ်ခန္ဓာတစ်ခုလုံးကို ဝါးမျိုလောင်ကျွမ်းစပြုလာလေ၏။

ဦးမောင်တင်သည် တုတ်တုတ်မျှပင် မလှုပ်ရှားတော့ဘဲ ဗုဒ္ဓတရားကိုသာ အမြဲတမ်းရှုမှတ်ပွားများနေ၏။ မီး၏ဝါးမျိုခြင်းကိုလည်း အေးဆေးငြိမ်သက်စွာခံနေပါ၏။ မီး၏အရှိန်သည် အလွန်အမင်းပြင်းထန်စွာ တောက်လောင်နေပါသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ ဦးမောင်တင်၏အနီးသို့ မကပ်ရောက်နိုင်ကြပါ။

ရွာသူရွာသားများ အုတ်အော်သောင်းတင်းပြေးလွှားကာ လိုက်ပါလာကြလေ၏။ မည်သူမျှ ဦးမောင်တင်ကို မကယ်နိုင်ကြပါ။ လက်ပိုက်ကြည့်နေကြရ၏။

ရောက်ရှိလာကြသော ရွာသူရွာသားများသည် ဝိုင်းဝန်းပြီး ဦးမောင်တင်အား မီးလောင်ကျွန်းမှုအခြေအနေကို စောင့်ကြည့်နေကြရ၏။

မီးကားအရှိန်ပြင်းစွာလောင်ကျွမ်းလာလေ၏။ မီးစတင်လောင်ကျွမ်းသည့်အချိန်မှမိနစ်လေးဆယ်ငါးမိနစ်ခန့်အကြာတွင် ဦးမောင်တင်မှာကား မတ်တတ်ရပ်လျက်ရှိပါသေး၏။ မလှုပ်မယှက်ငြိမ်သက်တည်တံ့လျက်ပင်။ မီး၏ လောင်မြိုက်ခြင်းကိုခံနေပါ၏။

ဦးမောင်တင်၏ညာဘက်မျက်လုံးသည် ပြူးထွက်လာ၏။ ထိုမျက်လုံးသည် ပြူးတက်ရာမှ သေနတ်ပစ်ဘိသကဲ့သို့ ဒိုင်းဟူသောအသံ ပေါ်ထွက်လာပြီး ပြင်းထန်စွာပေါက်ထွက်သွားလေ၏။

ထိုအသံနှင့်အတူ ဦးမောင်တင်သည် မြေကြီးပေါ်သို့ပက်လက်လန်လဲကျသွားတော့၏။

"ဦးမောင်တင်ဟာ ဒီလောက်မီးဝါးမျိုတာတောင် တုတ်တုတ်မှမလှုပ်ရှားတော့ဘဲ ငြိမ်သက်တည်ငြိမ်နေတယ်ဗျာ"

ဟု ရွာသားတစ်ဦးက ဝေဖန်ပြောဆိုလာလေ၏။

"ဦးမောင်တင်ဟာ တရားပြည့်ဝတဲ့ပုဂ္ဂိုလ်ဆိုတော့လည်း အဖြစ်အပျက်သဘောတရားတို့ကိုသာ အာရုံပြုရှုမှတ်နေတာဖြစ်မှာပေါ့ဗျာ"

ဟု ရွာသားတစ်ဦးက ဝေဖန်ပြောဆိုလာပြန်ပါ၏။

တစ်ယောက်က -

"တစ်ခုတော့ရှိတယ်ဗျို့ မိနစ်လေးဆယ့်ငါးမိနစ်ကြာအောင် မြေကြီးပေါ်သို့ မလဲကျတော့ဘဲ အေးဆေးတည်ငြိမ်စွာ မတ်တပ်ရပ်ပြီးတော့ နေတာကိုကျွန်တော်က အထူးအံ့ဩမိပါတယ်ဗျာ"

ဟု ဝေဖန်ပြောဆိုကာပြန်ပါ၏။

နောက်တစ်ဦးက -

"ဦးမောင်တင်ဟာ ကောင်းရာသုဂတိသို့ရောက်သွားမှာပါဗျာ"

ဟု ဝေဖန်ပြောဆိုကာပြန်ပါ၏။

နောက်တစ်ဦးက -

"ဦးမောင်တင် ကောင်းရာသုဂတိရောက်သွားမှာပါဗျာ"

ဟု ဝေဖန်ပြောဆိုလာပြန်ပါ၏။

နောက်တစ်ဦးက -

"ဦးမောင်တင်ကား ထူးခြားဆန်းကျယ်တဲ့လူသားတစ်ဦးဖြစ်ပါပေတယ်"

ဟု ချီးကျူးထောမနာပြုလေတော့သတည်း။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပညာ၏ လျှို့ဝှက်နက်နဲမှုများ

ဦးအောင်မင်း



**ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းချိတ်ဆက်နေခြင်း**

နမူနာပုံအရ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က ၎င်းတို့အစပြုနေရာ၌ချိတ်ဆက်နေခြင်းကြောင့် လက်ဝါးပိုင်ရှင်အား အရာရာသတိကြီးစွာထားတတ်သူအဖြစ်တွေ့ရှိရပြီး (တစ်နည်းအားဖြင့်လည်း) မိမိကိုယ်မိမိယုံကြည်မှုလျော့နည်းနေသူ၊ အရာရာစိတ်မချတတ်သူအဖြစ် တွေ့ရှိရပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းသီးခြားစီလွတ်လပ်စွာရှိနေခြင်း**

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်း သီးခြားစွာလွတ်လပ်စွာရှိနေပြီး ၎င်းလမ်းကြောင်း (၂) ခုတို့၏အစနေရာနှစ်ခုကြား ကွာဝေးစွာရှိနေသောကြောင့် မိမိကိုယ်မိမိ ယုံကြည်ချက်ရှိသူဖြစ်သော်လည်း အရာရာအတင့်ရဲ၍ ကမူးရှူးထိုးလုပ်တတ်သူလည်း ဖြစ်ကြောင်း ဖော်ပြနေပါသည်။

အထက်ပါ ဦးခေါင်းလမ်းကြောင်းအစနှင့် အသက်လမ်းကြောင်းအစနေရာ(၂)ခုကြားအကွာအဝေးကျယ်ပြန့်လျှင် ကျယ်ပြန့်သလောက် မိမိကိုယ်မိမိယုံကြည်စိတ်ရှိခြင်းအတိုင်းအတာကြီးမားနေပါမည်။

နမူနာပုံအရ ဦးခေါင်းလမ်းကြောင်းသည် အစပိုင်းနေရာမှစတင်၍ဖြောင့်တန်းနေသောကြောင့်(ဖြောင့်တန်းနေခြင်းသက်သက်) အတွက် အဓိပ္ပာယ်မှာ ချိန်ဆတွက်ချက်တတ်သူ သတိထားတတ်သူအဖြစ် ရည်ညွှန်းဖော်ပြပါမည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် လောင်ဂျီတွဒ်နှင့်ဆိုင်သောနယ်မြေ B အထိ ကွေးညွတ်လျက်ဆင်းနေပြီး အစပြုနေရာ၌ အသက်လမ်းကြောင်းနှင့်ချိတ်ဆက်နေခဲ့ပါက စိတ်ပိုင်းဆိုင်ရာခံစားမှုအမျိုးမျိုးအား သတိဖြင့် ထိန်းချုပ် တုံ့ပြန်နိုင်သူအဖြစ် တွေ့ရပါမည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်း၏ အတွင်းပိုင်းနေရာမှ စတင်ခဲ့ပါက သတိထားလွန်းခြင်းအဆင့်မှ လွန်ကဲ၍ စိုးရိမ်ကြောင့်ကြတတ်၏။ ထိတ်ထိတ်ပျာပျာဖြစ်တတ်သည့် အမူအကျင့်ရှိလာသူအဖြစ် ပြောင်းလဲသွားတတ်ပါသည်။

လမ်းကြောင်း တည်ဆောက်ပုံကောင်းသော ဦးခေါင်းလမ်းကြောင်း အနေအထားသည် အစပြုနေရာ၌ အသက်လမ်းကြောင်းနှင့်မြဲမြံတင်းကျပ်လွန်းစွာရှိမနေဘဲ (ထိတွေ့ရုံမျှ) ဖြင့်သာ အစပြုထားရပါမည်။ သို့မှသာ (လွန်ကဲခြင်းသဘော လုံးဝမပါရှိသည့်) သာမန်သဘာဝကျကျသတိကြီးသူ၊ သတိမြဲသူအဖြစ် မှတ်ယူနိုင်ပါမည်။

ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းကြားနေရာသည် fig-15 တွင် ပြထားသည့်အတိုင်း အလွန်ဝေးကွာစွာ(ကျယ်ပြန့်)နေပါက အရာရာအလောတကြီးလုပ်တတ်သူ စိတ်လိုက်မာန်ပါလုပ်တတ်သူ စိတ်မြန်လက်မြန်ရှိသူအဖြစ် တွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံကောင်းသည့် အနေအထားဖြစ်ရန် လောင်ဂျီတွဒ်မျဉ်းနှင့်ဆိုင်သောနယ်မြေ C နှင့် လတ္တီတွဒ်မျဉ်းနှင့်ဆိုင်သောနယ်မြေ E နေရာတို့အထိရှည်လျားရှင်းလင်းထင်ရှားစွာရှိနေသင့်ပါသည်။

အကယ်၍ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းငယ်များစွာခံနေခြင်းရှိပါက Fig-16 တွင်ပါရှိသည့်အတိုင်း အာရုံစူးစိုက်နိုင်စွမ်းလျော့နည်းသူအဖြစ်ရည်ညွှန်းနေပါမည်။

သို့မဟုတ်ဘဲ ဦးခေါင်းလမ်းကြောင်းပေါ်၌ သေးငယ်သော လမ်းကြောင်းမျှင်များစွာကြောင့် အမွေးပွပုံစံဖွာထွက်နေခဲ့ပါက fig-17 တွင်ပါရှိသည့်အတိုင်း စိုးရိမ်သောကပွေသူ စိတ်အေးချမ်းမှုလုံးဝမရှိသူအဖြစ် တွေ့ရမည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းပေါ်၌ (အဖျက်သဘောဆန်သည့်) သေးမျှင်သော လမ်းကြောင်းအပြတ်





www.burmeseclassic.com


www.burmeseclassic.com

အတောက်များ ရှုပ်ထွေးစွာပါရှိနေပါက fig-18 တွင်ပါရှိသည့်အတိုင်း စဉ်ဆက်မပြတ်သော စိတ်အနှောင့်အယှက်ဖြစ်စရာများတစ်ခုပြီးတစ်ခု အဖန်ဖန်ကြုံတွေ့နေရပါမည်။

ထိုသို့ တည်ဆောက်ပုံမကောင်းသော ဦးခေါင်းလမ်းကြောင်းများအား ဖြောင့်တန်းသောပုံစံဖြင့် အများဆုံးတွေ့ရှိရသည်။ တစ်နည်းအားဖြင့် လောင်ဂျီတွဒ်နယ်မြေ A နှင့် D တို့တွင်ရှိသော ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံများနှင့်ဆင်တူသည်။

ဦးခေါင်းလမ်းကြောင်းပေါ်၌သေးငယ်သောကျွန်းငယ်များစွာပါရှိသောကြောင့် အာရုံစူးစိုက်နိုင်စွမ်းလျော့နည်းသူ ပင်ကိုသဘာဝအရ စိတ်မြန်တတ်သူဖြစ်သည့်အပြင် ခန္ဓာကိုယ်အတွင်းဓာတုပစ္စည်းများ ပါဝင်မှု အခြေအနေအရပ်ရပ်ကြောင့် ကျန်းမာရေးချို့တဲ့တတ်သည့်သဘောကိုပါ ဖော်ပြနေပါသည်။

fig-17 အရ ဦးခေါင်းလမ်းကြောင်းပေါ်၌ သေးမျှင်သောလမ်းကြောင်းငယ်များနှင့် အစက်အပြောက်များစွာ ထူထဲစွာပါရှိနေခြင်းကြောင့် စိတ်ဆိုးတိုလွယ်သူ မခံမရပ်နိုင်စိတ်ကြီးသူအဖြစ် ရည်ညွှန်းပြီး fig-18 အရ လမ်းကြောင်းပေါ်၌ စုတ်ဖွာသောပုံစံရှိနေခြင်းကြောင့် စိတ်အေးချမ်းမှုမရနိုင်ဘဲ အမြဲတစေ စိုးရိမ် ကြောင့်ကြနေရတတ်သူအဖြစ် ဖော်ပြနေပါသည်။



စိတ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်အား ဦးခေါင်းလမ်းကြောင်းက ကိုယ်စားပြုဖော်ပြပေးသလို -

စိတ်ခံစားမှုပုံစံအမျိုးမျိုးနှင့်ပတ်သက်၍ နှလုံးလမ်းကြောင်းကလည်း ကိုယ်စားပြုဖော်ပြပေးနိုင်ပါသည်။

ဣတ္ထိဘာဝဆန်သော ပျော့ညံ့သည့် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ (သို့) ဖြောင့်တန်းနေသော နှလုံးလမ်းကြောင်းနမူနာပုံအရ နှလုံးလမ်းကြောင်းတည်ဆောက်ပုံသည်စိတ်ပိုင်းဆိုင်ရာပိုင်း၌မိန်းမဆန်တတ်သည့်သဘောကိုဖော်ပြပါသည်။

နှလုံးလမ်းကြောင်းသည် စိတ်ခံစားမှုနှင့် တိုက်ရိုက် သက်ဆိုင်သည့် အချစ်ရေး (နှလုံးသားရေး) နှင့် ဖိုမကိစ္စအတွက် အဓိကကိုယ်စားပြုဖော်ပြပေးသောလမ်းကြောင်းတစ်ခု ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများထက် စိတ်ခံစားမှုဆိုင်ရာ အခြေအနေအရပ်ရပ်ကို ရည်ညွှန်းဖော်ပြသည်။






**Fig-17**

**စိုးရိမ်ပူပန်မှုလွန်ကဲတတ်သူ၊ စိတ်ဆိုးလွယ်တတ်သူ**



**Fig-18**

**ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံဖြောင့်တန်းနေခြင်း**

နှလုံးလမ်းကြောင်းဖြောင့်တန်းစွာရှိနေခြင်းက တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ နှလုံးသားရေးရာကိစ္စများ၌ စိတ်ခံစားမှုပုံစံအမျိုးမျိုး၏စေ့ဆော်တိုက်တွန်းမှုအရသာ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုများ သက်ဝင်နိုင်ပါသည်။

ဖြောင့်တန်းနေသော နှလုံးလမ်းကြောင်းပါရှိသည့် လက်ဝါးပိုင်ရှင်များသည် စိတ်ခံစားမှုနှင့် ပတ်သက်၍ ပေါ်လွင်ထင်ရှားစွာ ပြသတတ်ခြင်းမရှိဘဲ လျှို့ဝှက်သိုသိပ်၍ (စိတ္တဇဆန်)တတ်ကြသည်။ အထူးသဖြင့် ဖို-မဆိုင်ရာအလိုဆန္ဒများနှင့်ပတ်သက်၍ သိသာထင်ရှားအောင် မထုတ်ဖော်တတ်ကြဘဲ (မိန်းမဆန်ဆန်) လျှို့ဝှက်ထားတတ်ကြသည်။

**သောကြာခါးပတ်**

နှလုံးလမ်းကြောင်း၏စိတ်ခံစားမှုအရပ်ရပ်အား ပိုမိုပြင်းလေးနက်စေရန် သောကြာခါးပတ်က အားဖြည့်ကူညီ



www.burmeseclassic.com

www.burmeseclassic.com

ပေးတတ်သည်။ သောကြာခါးပတ်အား Fig-8 တွင် ပြထားသည့်အတိုင်း နှလုံးလမ်းကြောင်း၏အထက်လက်ချောင်းများအောက်ခြေနေရာရှိ လက်ညှိုး၊ လက်ခလယ်ကြားနှင့်လက်သူကြွယ်၊ လက်သန်းကြားနေရာတို့အား ကွေ့ဝိုက်နေသော စက်ဝိုင်းပြတ် လမ်းကြောင်းများအဖြစ် တွေ့ရသည်။ သောကြာခါးပတ်အဖြစ်ပါဝင်သော လမ်းကြောင်းများက အများအားဖြင့် စက်ဝိုင်းပြတ် (၆) ခု (သို့) (၇) ခုပါလမ်းကြောင်းများပင် ဖြစ်သည်။

သောကြာခါးပတ် ထင်ရှားပြီး နှလုံးလမ်းကြောင်း ဖြောင့်တန်းနေခဲ့ပါက စိတ်ခံစားတုံ့ပြန်မှုလျင်မြန်၍ ဆတ်ဆတ်ထိမခံတတ်သူအဖြစ်တွေ့ရပါမည်။

နှလုံးလမ်းကြောင်းသည် မိန်းမဆန်စွာ (အားပျော့သည့်) ပုံစံဖြင့်မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာဘက်သို့ အားသန်သည့်ပုံစံဖြင့် တည်ဆောက်ပုံကောင်းမွန်မည်ဆိုပါက 'လက်ညှိုးနှင့်လက်ခလယ်ကြားနေရာမှ (တစ်နည်းအားဖြင့် လက်ဝါးပြင်၏အထက်ပိုင်းကျသောနေရာမှ) စတင်နေရပါမည်။

ထိုအခြေအနေမျိုး၌ နှလုံးလမ်းကြောင်းလှပစွာကွေးညွတ်ကွေ့ဝိုက်နေခြင်းကြောင့် ဖို၊ မဆိုင်ရာအလိုဆန္ဒများ ထုတ်ဖော်ပြသမှု၌ သွယ်ဝိုက်ခြင်းမရှိတတ်သူ လျှို့ဝှက်ဖုံးဖိရှက်ကြောက်ခြင်းမရှိတတ်သူအဖြစ်တွေ့ရပါမည်။

ထိုအခါ မသဘာဝ ကိုယ်စားပြုသည့် ဖြောင့်တန်းသောနှလုံးလမ်းကြောင်းနှင့် ဖိုသဘာဝကို ကိုယ်စားပြုသည့် ကွေ့ဝိုက်နေသောနှလုံးလမ်းကြောင်းတို့အား ထင်ရှားစွာ ခွဲခြားနိုင်ပြီဖြစ် သည်။

သောကြာခါးပတ် ထင်ရှားပြီး နှလုံးလမ်းကြောင်းကွေးညွတ်ကွေ့ဝိုက်နေပါက နှလုံးသားဆိုင်ရာခံစားမှုအမျိုးမျိုးအား နားလည် သဘောပေါက်လွယ်သူနှင့်အလိုက်သင့်တုံ့ပြန်တတ်သူအဖြစ် တွေ့ရပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့က တစ်ကြောင်းတည်း ပုံစံချိတ်ဆက်နေပုံ**

Fig-20 ၌ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ တစ်ကြောင်းတည်းပုံစံဆက်နေသည်ကို ထူးခြားစွာ တွေ့မြင်ရပါမည်။

အဆိုပါ လက်ဝါးပိုင်ရှင်များသည် တစ်ခါတစ်ရံ၌ စိတ်ခံစားမှုနူးညံ့သိမ်မွေ့သူ၊ အစွဲအလမ်းကြီးသူအဖြစ် တွေ့ရတတ်သလို တစ်ခါတစ်ရံ၌လည်း (ဆန့်ကျင်ဘက်စရိုက်လက္ခဏာအဖြစ်) မယုံနိုင်လောက်အောင် ခက်ထန်ကြမ်းတမ်းတတ်သူအဖြစ် တွေ့ရှိရသည်။ ၎င်းပြင် လမ်းကြောင်းတည်ဆောက်ပုံအရ ရည်မှန်းချက်ထားရှိချက်အပေါ် အလွန်တရာ အစွဲအလမ်းကြီးတတ်သည်။



တစ်ဖန် လက်ချောင်းများအောက်ခြေနှင့် နှလုံးလမ်းကြောင်းကြားနေရာ ဖောက်နက်ကျယ်ပြန့်နေပါက သနားကြင်နာစိတ်ရှိသူ၊ စာနာထောက်ထားတတ်သူအဖြစ် ရည်ညွှန်းဖော်ပြပြီး ၎င်းနေရာ ကျဉ်းမြောင်းနေခဲ့ပါက စာနာစိတ်နည်းပါးလွန်းသူ၊ ဖိုမကိစ္စ၌ဆန္ဒပြင်းထန်တတ်သူအဖြစ် တွေ့ရပါမည်။

**ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာကျဉ်းမြောင်းခြင်းနှင့် ကျယ်ပြန့်ခြင်း**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာကျဉ်းမြောင်းလွန်းနေပါက ဘာသိဘာသာနေတတ်သူ၊ မိမိကိုယ်ကျိုးကိုသာအာရုံစိုက်တတ်သူ၊ အတ္တကြီးသူအဖြစ် တွေ့ရတတ်ပြီး ၎င်းနေရာကျယ်ပြန့်နေခဲ့ပါက ဘွင်းဘွင်းရှင်းရှင်းပြောဆိုဆက်ဆံတတ်သူ၊ သဘောထားကြီးသူ၊ သူတစ်ပါးအပေါ် ကူညီစောင့်ရှောက်တတ်သူအဖြစ် တွေ့ရပါသည်။ ငယ်စဉ်ကဆင်းရဲကျပ်တည်းခဲ့ရပုံများကို ကိုယ်စားပြုဖော်ပြသည်။

**ကံလမ်းကြောင်းအနေအထား**

ကံလမ်းကြောင်းမှာ လက်ကောက်ဝတ်အထက်အနီးမှလက်ဝါးပြင်အလယ်ခေါင်တစ်လျှောက် (အပေါ်ဘက်သို့) ထောင်တက်သွားသည့် အရေးပါသော လမ်းကြောင်းတစ်ခုဖြစ်သည်။ ထိုကဲ့သို့ လက်ဝါးပြင်အလယ်ကောင်၌ ရှိနေသော ကံလမ်းကြောင်း အနေအထားကြောင့် ငယ်စဉ်က အနေအထိုင်ကျဉ်းကျပ်ခဲ့ရပုံ အကန့်အသတ်အချုပ်အချယ်များဖြင့်ကြီးပြင်းခဲ့ရပုံများကို သိရှိရသည်။



နမူနာပုံအရ ကံလမ်းကြောင်းသည် လက်ကောက်ဝတ်အနီးအသက်လမ်းကြောင်းနှင့် ချိတ်ဆက်နေပြီးမှ လက်ဝါးပြင်၏ အလယ်နေရာအတိုင်း အပေါ်သို့ တက်သွားသောကြောင့် ငယ်စဉ်ကာလများ၌ ကျပ်တည်းသော အခြေအနေများနှင့် ရင်ဆိုင်ခဲ့ရကြောင်း လေ့လာ တွေ့ရှိရသည်။

**ဖို-မဆိုင်ရာ အလိုဆန္ဒအမျိုးမျိုးနှင့် ပတ်သက်သည့်စရိုက်လက္ခဏာများကိုလေ့လာခြင်း**


ဖို-မဆိုင်ရာ အလိုဆန္ဒဟု ဆိုရာ၌ ဖိုနှင့်မသဘာဝအရ အပြန်အလှန်စိတ်ဝင်စားခြင်းသဘောသာမက လိင်တူ-လိင်ကွဲ (၂) မျိုးစလုံး၌ ပါဝင်ပတ်သက်နေသည့်သဘောကိုပါ လေ့လာတွေ့ရှိနိုင်ပါသည်။ ထိုသို့ လေ့လာရာ၌ နှလုံးလမ်းကြောင်း ဖြောင့်တန်းပြီး ဦးခေါင်းလမ်းကြောင်းက လောင်ဂျီတွဒ်နှင့်ဆိုင်သောနယ်မြေ C နှင့် လတ္တီတွဒ်နှင့်ဆိုင်သော D (သို့) E အထိရောက်ရှိနေခဲ့ပါက စိတ်ပိုင်းဆိုင်ရာ ဖို-မဆန္ဒများက



www.burmeseclassic.com

www.burmeseclassic.com

ကလေးဘဝကတည်းက ကြုံတွေ့ခဲ့ရ ကြောင်း လေ့လာတွေ့ရှိရသည်။



ညွှန်းပါသည်။ လက်မနှင့်ပတ်သက်သော စရိုက်လက္ခဏာကို အမှတ်အသား A က ဖော်ပြသည်။

အဓိကလမ်းကြောင်းများကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းပြီး ရှင်းလင်းထင်ရှားနေခြင်းကြောင့် အကျိုးသင့်အကြောင်းသင့်စိစစ်တွက်ချက်တတ်သူဖြစ်ကြောင်း အမှတ်အသား B က ကိုယ်စားပြု ဖော်ပြသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က ၎င်းတို့အစပြုရာနေရာ၌ မြဲမြံတင်းကျပ်စွာ ချိတ်ဆက်နေသောကြောင့် သတိကြီးစွာထားရှိတတ်သူ၊ စိုးရိမ်ကြောင့်ကြစိတ်များ


ရှည်သည်းခံတတ်သူ၊ သဘောထားကြီးကြီးနားလည်ခွင့်လွှတ်တတ်သူဘွင်းဘွင်းရှင်းရှင်းပြောဆိုဆက်ဆံတတ်သူ၊ တစ်ဖက်သားအပေါ် စာနာတတ်သူဖြစ်ကြောင်းအမှတ်အသား F က ရည်ညွှန်းဖော်ပြသည်။

ဆက်လက် လေ့လာမှုများအရ ဦးခေါင်းလမ်းကြောင်း ရှည်လျားဖြောင့်တန်းပြီး ခက်ရင်းခွပုံစံဖြင့် အဆုံးသတ်နေသောကြောင့် လောင်ဂျီတွဒ်နှင့်ဆိုင်သော ဦးခေါင်းလမ်းကြောင်းပိုင်နက် A နှင့် B, လတ္တီတွဒ်နှင့်ဆိုင်သောပိုင်နက် E တို့တွင် ဖော်ပြထားသည့်စရိုက်လက္ခဏာများနှင့်အကျုံးဝင်နေပါသည်။

နှလုံးလမ်းကြောင်းတည်ဆောက်ပုံအရ သာမန်အနေအထားတွင်ရှိပြီး အဆုံးသတ်နေရာ၌ ကျွန်းခံနေခြင်းက ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့အကြား သင့်တင့်မျှတမှုရှိနေကြောင်း ဖော်ပြနေပါသည်။

နမူနာပုံအရ လိင်တူဆက်ဆံတတ်သည့် စရိုက်လက္ခဏာပါရှိသည့် အမျိုးသားတစ်ဦး၏ ယာလက်ဝါးပြင်ပုံစံကိုတွေ့ရမည်။ လက်ချောင်းများတည်ဆောက်ပုံရှည်လျားနေခြင်းကြောင့် စဉ်းစားတွေးခေါ် ဉာဏ်ရှိသူဖြစ်ကြောင်း ရည်ညွှန်းပြီး လက်ဝါးပြင်ပါလမ်းကြောင်းများ သေးမျှင်၍ သောကြာခါးပတ်ထင်ရှားနေခြင်းကြောင့် စိတ်ခံစားမှုအရပ်ရပ်၌ တုံ့ပြန်မှုလွယ်ကူသူ၊ စိတ်ပျော့သူအဖြစ်တွေ့ရှိရသည်။ ၎င်းအပြင် နှလုံးလမ်းကြောင်း တည်ဆောက်ပုံဖြောင့်တန်း၍ မိန်းမဆန်သော စရိုက်လက္ခဏာကြောင့် လိင်တူဆက်ဆံတတ်သူ (၎င်းဆက်ဆံမှုမျိုးကိုနှစ်သက်သူ) အဖြစ် လေ့လာတွေ့ရှိရသည်။






အကယ်၍ ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံကောင်းမွန်သည့်အပြင် နှလုံးလမ်းကြောင်းက လက်ဝါးပြင်အထက်လက်ညှိုးနှင့် လက်ခလယ်ကြားမှ စတင်၍ လှပသေသပ်စွာ ကွေ့ဝိုက်နေပါက ယောကျ်ားဆန်ဆန်ပြတ်သားသူ၊ ကျားသဘာဝအရ ဆန့်ကျင်ဘက်လိင်မအပေါ်၌သာ စိတ်ဝင်စားသူအဖြစ်တွေ့ရပါမည်။ ထိုသို့သော လက်ဝါးပိုင်ရှင်များ၌လက်ညှိုးရှည်လျားစွာတွဲဖက်ပါဝင်နေတတ်သည်။

နမူနာပုံအရ လက်မတည်ဆောက်ပုံတောင့်တင်းသန်မာ၍ ဖြောင့်တန်းနေသောကြောင့် ကျိုးကြောင်းဆင်ခြင်စွာဖြင့် ဆုံးဖြတ်ချက်ချနိုင်သူ၊ စိတ်ဓာတ်ခွန်အားကောင်းသူ(စိတ်မာသူ)အဖြစ် ရည်

လွန်းသောကြောင့် မိမိကိုယ်မိမိယုံကြည်စိတ်နည်းနေသူဖြစ်ကြောင်း အမှတ်သား C က ဖော်ပြသည်။

နှလုံးလမ်းကြောင်းအနေဖြင့် နှလုံးသားရေးရာနှင့် ဖို-မကိစ္စများအပေါ် တိုက်ရိုက်ကိုယ်စားပြုနေကြောင်းအမှတ်အသား ,D က ဖော်ပြသည်။

လက်ချောင်းများကို လေ့လာပါက လက်ညှိုးအသင့်အတင့်ရှည်လျားနေခြင်းကြောင့် မာန်မာနအနည်းငယ်ရှိကြောင်း အမှတ်အသား E က ဖော်ပြသည်။

ထို့ပြင် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာအတော်အသင့်ဝေးကွာနေသောကြောင့် စိတ်

ထို့ပြင် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ အသင့်တင့်ကျယ်ပြန့်နေခြင်းကြောင့် တစ်ဖက်သား (လူအများ) ၏ထင်မြင်ယူဆချက်များအပေါ် နားလည်လက်ခံနိုင်စွမ်းရှိသူဖြစ်ကြောင်း ရည်ညွှန်းပါသည်။

တစ်ဖန် လက်ချောင်းများအောက်ခြေနှင့် နှလုံးလမ်းကြောင်းကြားနေရာ၊ ဇက်နက်ဝေးကွာနေသောကြောင့် တစ်ဖက်သားအပေါ် ကိုယ်ကျိုးစွန့်၍ ကူညီထောက်ပံ့တတ်သူ ဖြစ်ကြောင်း တွေ့ရပါမည်။

ဦးအောင်မင်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးဟောင်ဟောင်သန်း
(ရှ ဒီ ထို ဒေး ဤ ဝေ ဝ ဆ ေး)

## ကုသိုလ်များ၍ ပွားစေချင်

"ဆရာကြီးသားတော်တော်ကျင့်တယ်နော်။ ကောင်းတယ်၊ သာဓုဗျာ၊ သာဓု၊ သာဓု။ တော်တော်ကိုကျင့်နိုင်တယ်"

"တင်ပ့ါဘုရား"

ကျေးဇူးတော်ရှင် ရှမ်းတောကြီး ဆရာတော်ဘုရားကြီးမှ ကျွန်ုပ်ဘက်သို့ လှည့်ကြည့်၍ ကောက်ကာငင်ကာပြောလိုက်ခြင်း ဖြစ်၏။ ကျွန်ုပ်သည် ဘာပြန်ပြောရမှန်းမသိ အံ့အားကြီးသင့်ပြီး ဘေးနားတွင်ထိုင်နေသော ကိုဇေ့ကို လှည့်ကြည့်လိုက်ရာ ကိုဇေလည်း ပါးစပ်အဟောင်းသားနှင့် အံ့အားကြီးသင့်နေတော့၏။

"အဖေ၊ ဆရာတော်ကြီးက ဦးပဥ္စင်းဦးသုန္ဒရကိုလိုက်ကြည့်နေသလိုပဲနော်၊ စောင့်ကြည့်နေသလိုပဲ"

"အေး - ရဟန်းခံတဲ့နေ့ကစပြီး ခုမှ ဆရာတော်ကြီး ပြန်ကြွလာတာ၊ တန်းပြောထဲ့လိုက်တာ အဖေလည်း ဘာပြောရမှန်းတောင်မသိတော့ဘူး"

ဆရာတော်ဘုရားကြီးသည် မနက်ဖြန်နံနက် အရုဏ်တက်တွင် ဗုဒ္ဓပူဇနိယပွဲပေါင်း (၁၀၈) ပွဲဖြင့် ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးကို အနေကဇာတင်ပူဇော်ရန်အတွက် ကြွရောက်လာခြင်းဖြစ်၏။

ကျွန်ုပ်နှင့် ကိုဇေ ခပ်တိုးတိုးပြောရင်းအံ့သြနေစဉ် ကိုရင်လေးကိုလှမ်းခေါ်လိုက်ပြီး ခြေသလုံးနှိပ်ခိုင်း၏။ ဆရာတော်ကြီးသည် ကိုရင်ကိုတစ်ချက်ကြည့်လိုက်ပြီး -

"ကိုရင်. . . ရှင်ပညာ. . . သီရိဘယ်သူ. . ."

ဟု မသိသလိုမေး၏။

ကိုရင်လေးက -

"ရှင်ပညာသီရိပါ ဘုရား"

ဟု လျှောက်မှ -

"သြော် - အေး"

ဟု မိန့်ပြီး ကိုရင်လေးကိုကြည့်၍ ပုံတိုပတ်စလေးများ၊ ကဗျာလေးများနှင့် ဆုံးမစကားများဆိုပြီး ပညာပေး၏။ အံ့သြရပြန်ပါသည်။

"အဖေ"

"ဟေ"


"ကိုရင့်ကို ဆရာတော်ကြီး ခုမှမြင်ဖူးတာနော်"

"အေးလေ"

"ကိုရင့်ဘွဲ့ကိုလည်း ခေါ်လိုက်ပြီးမှ မသိသလိုလိုနဲ့ ဘယ်သူဆိုပြီးထပ်မေးတယ်။ ဒါကတော့ သားတော်တော်လန့်သွားပြီ"

"အေး - အဖေလည်း အံ့အားသင့်ပြီး ဘာပြောရမှန်းတောင်မသိတော့ဘူး"

ကိုရင်ကိုကြည့်၍ ပြောနေသော ဆုံးမစကားများမှာ ကျွန်ုပ်တို့ပင် မကြားဘူးသည်များ များစွာပါ၍ လိုက်လံမှတ်နေရ၏။ စိတ်နှင့်မှတ်နေရသောကြောင့် ဘေးနားတွင် ဖုန်းကိုမသိမသာချလိုက်



ရွှေအုတ်ပလ္လင်စေတီတော် (ကြောင်းကောက်စပြူကျေးရွာ၊ မော်ဘီမြို့နယ်)

www.burmeseclassic.com

ပြီး အသံသွင်းပူဇော်လေရာ ဆရာတော်ကြီးမှ -

"ဆရာကြီးဖုန်း ဘက်ထရီကုန်ပါ့မယ်"

ဟု လှမ်းပြောရာ၏။ အမှန်က ဖုန်းမှာ ဘေးနားကပ်ရက်ချထားခြင်းဖြစ်ပြီး ဆရာတော်ကြီးက ကိုရင်လေးဘက်သို့ လှည့်၍ ဆုံးမစကားများပြောနေခြင်းဖြစ်၏။ ကျွန်ုပ်တို့ဘက် လုံးဝလှည့်မကြည့်။

ထူးခြားသော ဤသုံးချက်ကြောင့် ကျွန်ုပ်မှာ ဆရာတော်ကြီးကိုသာ မျက်တောင်မခတ်ကြည့်ရင်း ထိုင်နေမိပါတော့သည်။

ဤသို့ ထူးခြားမှုများနှင့်ကြုံခဲ့ရသောနေ့မှာ -

၁၁-၅-၂၀၁၆၊ ဗုဒ္ဓဟူးနေ့ည ဖြစ်ပါသည်။

မနက် ကြာသပတေးနေ့သို့ရောက်လျှင် ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးအား အနေကဇာတင်တော့မည်။ ဗုဒ္ဓဘုရားရှင်၏ (၁၀၈) ကွက်သော စက်လက္ခဏာတော်ကြီးများကို ရည်မှန်းဦးခိုက်၍ ကန်တော့ပွဲပေါင်း (၁၀၈) ပွဲနှင့် ပူဇော်ထားပါပြီ။ ဗုဒ္ဓဟူးနေ့ ညနေစောင်း 'ဗုဒ္ဓ' အချိန်ကတည်းက ပူဇော်ထားပါပြီ။

'ကြာသပတေးနေ့ မနက်(၄)နာရီ ထိုးခါနီး (၁၅) မိနစ်'။

အရှင်သုန္ဒရသည် ညဦးကတည်းက တစ်မှေးမျှသာမှေးပြီး ညလုံးပေါက်နီးပါး သရဏဂုံ-၃၀ကို ကြာမြင့်စွာ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်ခြင်း၊ မေတ္တာပို့ခြင်းများနှင့် ညဥ့်ကိုကျော်လွန်နိုင်စွမ်းခဲ့၏။ ကျွန်ုပ်နိုးလိုက်၊ ကြားနေရလိုက်၊ ပြန်အိပ်ပျော်သွားလိုက်၊ နိုးလိုက်၊ ကြားနေရလိုက်နှင့်။

"ဦးပဥ္ဇင်း၊ ခေါင်းမူးနေဦးမယ်။ ခဏကျိန်းလိုက်ပါလားဘုရား"

"ဦးပဥ္ဇင်းရဲ့ခေါင်းတွေကကြည်လင်နေတာပဲ။ ရွတ်ဖတ်ပူဇော်ရင်း ညဥ့်နက်လာတာကို မိုးချုပ်မြန်တယ်လို့တောင် ထင်နေတာ။ ဂူထဲမှာ ခုလိုညလုံးပေါက်ကျင့်ရတာ ဘယ်လိုမှမနားချင်ဘူး"

ကျွန်ုပ် ထပ်မလျှောက်တော့ပါ။ အလွန် အကျင့်အားကောင်းလှသော ဦးပဥ္ဇင်းကို ကျွန်ုပ်ထပ်မလျှောက်ရဲတော့ပါ။ နှောင့်ယှက်သလိုဖြစ်သွားမှာကြောက်၍ ငြိမ်နေလိုက်ပါသည်။ တစ်အောင့်လောက်ကြာသော် ဦးပဥ္ဇင်းဂူထဲမှထွက်ကြွသွား၍ ကျွန်ုပ်လည်း ပြင်ဆင်ရပါတော့သည်။

(၄) နာရီကျော်ကျော် -

ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်နှင့် တနင်္လာထောင့် ယွန်းယွန်းဆီတွင် ရှမ်းတောကြီးဆရာတော်၊ ရွှေအုတ်ပလ္လင်ဆရာတော်နှင့် အရှင်သုန္ဒရ အပါအဝင် အခြားဦးပဥ္ဇင်းနှစ်ပါးပါ အားလုံးငါးပါး လက်ထဲတွင် တံခွန်၊ ကုက္ကား၊ ထီးတော်များကိုင်၍ ဘုရားကြီးကို ပူဇော်ကန်တော့နေကြပေပြီ။ ရှမ်းတောကြီးဆရာတော်ဘုရားကြီး၏ အောင်မြင်ထည်ဝါအေးချမ်းလှသော အသံဖြင့် ဘုရားကြီးအား ပူဇော်ခြင်း၊ စုပေါင်းရွတ်ဆိုပူဇော်ခြင်းများပြုနေစဉ် ဆရာတော်တို့၏နောက်နား ညောင်ကန်တော့ပင်ကြီးအောက် ရင်ပြင်တော်



www.burmeseclassic.com

တွင် လူ (၅၀)၊ (၆၀) ခန့်ထိုင်၍ ဘုရား ဝတ်ပြုကာ ပူဇော်နေကြ၏။

အင်ဂျင်နီယာပညာကို ဝါသနာကြီးသူ ပီပီ ပူဇော်ချိန်ကို သတိထားမိလိုက်ရာ (၁) နာရီခွဲနှင့် အခါပိုင်းလျှင်လည်း ဗုဒ္ဓ အခါ၊ (၁) နာရီအခါပိုင်းနည်းဖြင့် အခါ ပိုင်းလျှင်လည်း ဗုဒ္ဓအခါဖြစ်နေတော့၏။

ဘုရားရှင်ပွင့်တော်မူရာ ဗုဒ္ဓအခါ ဖြစ်၍ အလွန်မှ မြင့်မြတ်လွန်းလှ၏။ တမင်တကာရွေး၍ ပြုလုပ်လျှင်ပင် ဤသို့ ထူးခြားစွာ ကြုံချင်မှကြုံမည်ဟု စဉ်းစားရင်း ဘုရားရှင်၏ ဂုဏ်ကျေးဇူး တော်များကို ရည်မှန်း ရည်မှတ်၍ စေတီ တော်ကြီးအား အကြိမ်ကြိမ်ရှိခိုးပူဇော် နေမိပါသည်။

ပရိသတ်ကြီးကိုကြည့်လိုက်၏။

လူတော်တော်များများကို ကျွန်ုပ် သိပါသည်။ မျက်မှန်းလည်းတန်းမိပါ သည်။ ကျွန်ုပ်က ဖုန်းတစ်လုံးနှင့် ဓာတ်ပုံ များရိုက်၊ မှတ်တမ်းတင်နေသည်ဖြစ်၍ သူများတကာထက်ပိုပြီးသတိထားမိ၏။ အချို့လူများမှာ ကျွန်ုပ်မမြင်ဘူးသော မျက်နှာမျိုး ဖြစ်၏။ မျက်နှာကိုငုံ့ထား၏။ သူများလိုပုံမှန်မနေ။ အကျီအဖြူရောင် ဝတ်ထား၏။ ဆရာတော်ကြီးနှင့် သံဃာ တော်အရှင်သူမြတ်များ ရွတ်ဖတ်ပူဇော် နေကြစဉ် ကျွန်ုပ်က လူအုပ်ကိုမရရ အောင် ဓာတ်ပုံရိုက်၏။ မမြင်ဘူးသော မျက်နှာနှင့်ပုဂ္ဂိုလ်များထိုင်သည့်ဘက်သို့ အကြိမ်ကြိမ်ရိုက်၏။ ရှုထောင့်အမျိုးမျိုး မှရိုက်၏။

မကြာခင် ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ခြင်းများပြီးပြီဖြစ်၍ ကျေးဇူးတော် ရှင် ရွှေအုတ်ပလ္လင်ဆရာတော်မှ (၃၁)ဘုံ လုံးကို အမျှဝေမေတ္တာပို့ပါတော့သည်။ ဆရာတော်သည် အောင်မြင်ထည်ဝါလှ သောအသံဖြင့် မေတ္တာပို့လေရာ ကျွန်ုပ် မကြားဘူးသောသိုက်များ၊ သိုက်နန်းရှင် များ၊ သာသနာတော်စောင့်နတ်မင်းကြီး များ၊ အဘိုးသိကြားမင်းနှင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ သဗ္ဗေဒေဝါ အလုံးစုံသောနတ်များ၊ သက်တော်ရှည် ဘိုးဘိုးကြီးများ၊ အိုးပိုင် အိမ်ပိုင် လယ်ပိုင် ကွင်းပိုင် တောပိုင် တောင်ပိုင်ကြီးများ၊ ကျောင်းစောင့် သိမ်စောင့် ဓမ္မာရုံစောင့် များ၊ နတ်ဒေဝါများအားလုံး၊ မမြင်ရမြင် ရပုဂ္ဂိုလ်များနှင့် ကျွန်ုပ်တစ်ခါမှမကြား ဘူးသော ပုဂ္ဂိုလ်ပေါင်းများစွာကိုကြားရ ၏။ နားထောင်နေရင်းမှ ကြက်သီးများ တဖြန်းဖြန်းနှင့် ခေါင်းများကြီးနေ၏။

အရုဏ်ဦး အလင်းရောင်လည်း ပျို့စပြုလာချေပြီ။

ရွှေအုတ်ပလ္လင်စေတီတော်မြတ် ကြီးအား ဗုဒ္ဓပူဇနီယပွဲပေါင်း(၁၀၈)ပွဲဖြင့် အနေကဇာတင်ပူဇော်ခြင်း ထမြောက် အောင်မြင်သွားပါပြီ။ လေပြည်လေး တဖြူးဖြူးနှင့် ကန်တော့ပွဲများမှ တံခွန်၊ ကြက်လျှာလေးများက တလွင့်လွင့်။ အလွန်မှကြည့်လို့မဝ၊ ကြည်ညိုလို့မဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေရပါသည်။

"ဆရာတော် တော်တော်ပင်ပန်းတယ်နော်"

"ဟုတ်တယ် ကိုဇေ။ သက်တော်ကလည်းငယ်သေးတော့ အစစအရာရာကို ကိုယ်တိုင်ကိုယ်ကျဝင်လုပ်ရမှ အားရကျေနပ်တော်မူတယ်။ မလုပ်တတ်ကြရင်လည်း ဆရာတော်က ရှေ့ကလက်တွေ့လုပ်ပြတယ်။ ဒီတော့ ပင်ပန်းတာပေါ့။ ဒါပေမယ့် ဆရာတော်ဟာ အမြဲတမ်းဖျတ်လတ်တက်ကြွပြီး မျက်နှာတော်က ပြုံးနေတာပဲ။ တစ်လောကလည်းကြည့်၊ ဒုလ္လဘရဟန်းခံပွဲ (၄၆) ပါးတောင် ဆရာတော်ရဲ့အလှူ။ ပြီးတော့ အရှင်သုန္ဒရ ရဟန်းခံပွဲ။ ဒါလည်း ဆရာတော်ရဲ့အလှူပဲ။ ပေါ့ပေါ့ပါးပါးလေးပဲ၊ ပြုံးနေတာပဲ"

ကျွန်ုပ်တို့နှစ်ယောက် စကားပြောနေစဉ် (၁၀၈) ပွဲများဘေးတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ လာရောက် ပူဇော်ကြသူများကြောင့် စကားစပြတ်သွား၏။ သူတို့သည်လည်း အလင်းတိုင်များထွန်းပြီးသည်နှင့် ဆရာတော်သီတင်းသုံးရာကျောင်းသင်္ခမ်းဘက်ဆီသို့သွားကြ၏။ ဆရာတော်ကို သွားရောက်ကန်တော့ကြ၏။


ကျွန်ုပ်သည် -

ရွှေအုတ်ပလ္လင်ဆရာတော်ဦးသီလစာရအား အလွန်ကြည်ညို၏။

ဆရာတော်သည် မည်သူ့ကိုမဆို ပြုံး၍မိန့်တတ်၏။ ဆရာတော်နှင့် စကားပြောခွင့်ရလျှင် မှတ်သားစရာများ အလွန်ကြား၏။ အထူးသဖြင့် ကျွန်ုပ်သိသလောက်ပြောရလျှင် ဝိဇ္ဇာစကားများ အလွန်ကြားရ၏။ ဆရာတော်မိန့်နေသည်ကို နားထောင်နေရင်းမှ ဗဟုသုတများကို စာနှင့်ရေးမှတ်ချင်၏။ သို့သော် ရှိသေစွာ အာရုံစူးစိုက်နားထောင်နေရသည်ဖြစ်သောကြောင့် ရေးခွင့်မရခဲ့ပါ။ အလွန်မှတ်သားဖွယ်ကောင်းသော ဆုံးမစကားများ၊ ပညာပေးစကားများ မေ့မေ့ကုန်ရ၏။ဆရာတော်သည် ဟန်မဆောင်တတ်။ မည်သူ့ကိုမဆို စကားပြောလျှင် အားရပါးရပြော၏။

အကျင့်စရဏအလွန်အားကောင်းလှသော သံဃာတော်အရှင်သူမြတ်ဖြစ်၍ ကျွန်ုပ်ကြည်ညို၍မဆုံးနိုင်ပါ။

ဆရာတော်နှင့် စကားပြောခွင့်ရတိုင်း ဆရာတော်၏ ပြုံးရွှင်နေသော မျက်နှာတော်ကို စေ့စေ့ကြည့်၍ စကားပြောဖြစ်၏။ မေတ္တာဓာတ်ကြီးမားလှပါ



ရွှေအုတ်ပလ္လင်ဆရာတော် ဦးသီလစာရနှင့် အရှင်သုန္ဒရ

သည်။ စကားပြော၍မဝပါ။ သို့သော် ဆရာတော်ကိုဖူးချင်ကြသော နောက်ထပ် ဒကာ၊ ဒကာမများအတွက် ကျွန်ုပ်တို့က အလိုက်သိစွာဖယ်ပေးရမည် ဖြစ်၏။

ခနော်ခနဲ့နိုင်လှသောဝါးတဲလေးနှင့် ကျင့်နေစဉ်ကဆိုလျှင် ရေတက်လာသည့်အခါ နေစရာမရှိ၍ အုန်းသီးများပေါ်တွင် ဝါးကပ်လေးခင်းပြီး ပုတီးစိပ်ရ၏။ တဖြည်းဖြည်းနှင့် ရေကထပ်တက်လာပြီး စုံးစုံးမြုပ်သွားမှ မြေကမူလေးပေါ်က တစ်ထိုင်စာနေရာလေးတွင် ပုတီးစိပ်ရ၏။ ပုတီးနှင့်လက်မပြတ်ခဲ့။

ရေအခက်အခဲရှိလွန်း၍ ခါးလယ်ခန့်နက်သော ကျွဲလူးအိုင်လေးတွင် ရေချိုးခဲ့ရ၏။ ရေချိုးသည့်အခါ ဆပ်ပြာမြှုပ်လေးများကို ဝါးခြမ်းလေးနှင့်သပ်ဖယ်၍ အိုင်၏ဘေးနားကပ်ထားပြီး နောက်နေ့အတွက်ထားရ၏။ ရေသွားထမ်းရသောနေရာမှာ ဆရာတော်ကျင့်နေသည့်နေရာနှင့် ပျပျလေးသာမြင်ရ၏။ လယ်ကွက်ကြီးများကို ဖြတ်ကျော်ကာသွားထမ်းရခြင်း ဖြစ်၏။

ကျွန်ုပ်သိသမျှလေးသာ ဖြစ်ပါသည်။

ဆရာတော်သည် ဒုက္ခအမျိုးမျိုးခံကာ အရိုးကြေကြေအရေခန်းခန်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများစွာဖြင့် နှစ်ပေါင်းများစွာကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဆရာတော်ကျင့်ခဲ့စဉ်က ရောင့်ရဲတင်းတိမ်လွယ်ခဲ့ပုံများ၊ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ရပုံများအား ကျွန်ုပ် အလုံးစုံမသိခဲ့ပါ။ လွန်ခဲ့သော (၁၀) နှစ်နီးပါးခန့်က ဤနေရာလေးကို ကျွန်ုပ်ရောက်ခဲ့စဉ်က ဆရာတော် ပြင်းထန်သော အကျင့်စရဏများနှင့် ကျင့်ကြံအားထုတ်နေပြီ ဖြစ်၏။

ကျွန်ုပ်မသိနိုင်ခဲ့သည်များ များစွာ



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။

ယခု -

သိရသလောက်၊ ကြားရသလောက်၊ မြင်ရသလောက်နှင့်ပင် အလွန်ဒုက္ခခံကာ အရိုးကြေကြေ အရေခန်းခန်း ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ရသောဆရာတော်၏အကြောင်းများကိုကြားရလျှင် ကျွန်ုပ်မှာ မျက်ရည်ဝဲရ၏။ စိတ်ထိခိုက်ရ၏။

မီးလွတ်အမိဋ္ဌာန်ကြီးများဝင်ခဲ့စဉ်ကဆိုလျှင် ရုံးပတီသီးသုံးတောင့်နှင့် ပဲသီးငါးတောင့်ခန့်ကို ရက်ပေါင်းများစွာ ဘုဉ်းပေးပြီး ကျင့်ကြံအားထုတ်ခဲ့၏။ ဤမျှကျင့်ကြံလွန်းခဲ့သော်လည်း ကျန်းမာရေးမထိခိုက်ခဲ့သည်မှာ ဆရာတော်၏ သီလတန်ခိုးကြောင့်ပင် ဖြစ်၏။

"အဖေ"

"ဟေ"

"ပညာဝါရပဋ္ဌာန်းရွတ်ပြီး အဖေငြိမ်နေတာကြာပြီ မျက်လုံးလည်းမဖွင့်ဘူး၊ ခုမှဖွင့်တယ်။ အဖေအိပ်ချင်လို့လား"

"မဟုတ်ဘူး ကိုဇေ။ ဆရာတော့် အကြောင်းတွေတွေးနေတာပါ။ ဩော်- အရိုးကြေခဲကြေအရေခန်းခန်း တစ်ပါးတည်း မဖြစ်ဖြစ်အောင် ကျင့်ကြံအားထုတ်တော်မူခဲ့ပုံတွေကို တွေးနေရင်း ဆရာတော်ကို ကြည်ညိုနေတာပါ"

"ဟုတ်ကဲ့ - ဆရာတော်ကို အဖေကြည်ညိုတာ သားတို့သိတယ်လေ။ အားလုံးလည်းသိကြတယ်"

"ဟုတ်တယ်၊ ဆရာတော်ခမျာ စကျင့်ကထဲက သူ့ကိုယ်သူအားကိုးပြီး ဖွဲ၊ လုံ့လ၊ ဝီရိယကြီးကြီးနဲ့ကိုကျင့်ခဲ့ရရှာတာ။ အဲဒီအချိန်က လမ်းပြပေးမယ့်သူတောင်မရှိခဲ့ရှာဘူး။ 'အရဟံ-သုဂတော-ဗုဒ္ဓေါ-ဘဂဝါ' ဆိုတဲ့ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတော်တွေကို မနားမနေရွတ်ဖတ်ပူဇော်၊ ပုတီးစိပ်၊ ဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်းပြီး ကြည်ညိုလာခဲ့တာ၊ ကျင့်လာခဲ့တာ"

"ဒါကြောင့်လည်း ခုဆို ဆရာတော်မှာ ပရိသတ်ဝိုင်းဝိုင်းလည်နေတယ်နော် အဖေ"

"ဟုတ်တယ်၊ ဆရာတော်က လျှောက်နေတဲ့ပုဂ္ဂိုလ်ပဲလေ၊ ထိုင်နေတာမှမဟုတ်တာ။ ဒီတော့ ခရီးပေါက်လာပြီပေါ့ သားရယ်"

ကိုဇေပြုံး၍အားရပါးရခေါင်းညိတ်၏။ ကိုဇေသည် နေ့စဉ်နှင့်အမျှ ပုတီးစိပ်၊ တရားထိုင်ခြင်းကို အချိန် (၂) နာရီ၊ (၃) နာရီ မရရအောင်ကျင့်နိုင်စွမ်းသူဖြစ်၏။ ထို့ကြောင့် သူဟောပြောလျှင် ပညာနှင့်ကြည့်၍မရနိုင်သောစွမ်းအားများပါပါလာတတ်၏။ သူက အကျင့်စရဏအားကောင်းသူဖြစ်ရာ အကျင့်စရဏအလွန်အားကောင်းလှသော ဆရာတော်ကို အလွန်ကြည်ညို၏။

"ခု ဒီဘက်နှစ်တွေမှာ ငါသတိထားမိလာတာရှိတယ်။ ဆရာတော်ဟာ သူ့ရှေ့ကိုရောက်ရင် လာတဲ့တပည့်ဒကာတွေကိုပြုံးပြီး စကားပြောတာ အေးအေးလေးပဲ။ ဒါပေမယ့် အဲဒီလူတွေဖြစ်လာတဲ့ကိစ္စတွေ၊ ဖြစ်ထားတဲ့ကိစ္စတွေဟာ ဆရာတော်ပြောတဲ့စကားတွေထဲမှာသွယ်ဝိုက်ပြီးပါသွားတယ်"

"ဟုတ်တယ် အဖေ၊ သား အဲဒါကို သဘောပေါက်နေတာကြာပြီ"

"အေး - အဲဒီလိုဆိုတော့ ဆရာတော့်ရှေ့မှာထိုင်ရတာ မလုံကြတော့ဘူးပေါ့ကွာ။ အိမ်ထောင်ရေးဖောက်ပြန်နေတဲ့သူဆိုရင်လည်း ဆရာတော်က ဟိုတုန်းက ဘယ်သူတော့ဖြင့် ဘယ်လိုဖောက်ပြန်လို့တာဖြစ်သွားတာ၊ သားသမီးတွေမလိမ္မာတာဆိုရင်လည်း ဆရာတော်က သားသမီးတွေမလိမ္မာတဲ့မိဘတွေရဲ့ ခံစားချက်လေးတွေကိုပြောပြတာ၊ မိဘရဲ့ဂုဏ်ကျေးဇူးတွေကိုပြောပြတာ၊ မပြစ်မှားထိုက်သူတွေကို မပြစ်မှားဖို့ပြောပြတာအဲဒီလိုမျိုးတွေကွ။ ကိုယ်တွေ့ကြုံနေရတာတွေကို ဆရာတော့်ဆီသွားပြီး လျှောက်ချင်သူတွေအတွက် ပါးစပ်အဟောင်းသားတွေဖြစ်ကုန်ရတော့တာပေါ့။ တချို့ ကိုယ်တိုင်မှုမမှန်ရင်လည်း ဆရာတော့်စကားတွေကို နားထောင်ရင်း ဆရာတော့်ရှေ့မှာထိုင်ရတာ မလုံတော့ဘူးပေါ့ကွာ။ မထို[illegible]ရဲတော့ဘူးပေါ့။ ဆရာတော်က အမြဲဟမ်းတော့မပြောပါဘူး၊ ပြောခဲပါတယ်။ ပြောပြီဆိုရင်လည်း ရှေ့မှာထိုင်နေတဲ့သူမှာ အဲဒီအကြောင်းဖြစ်နေပြီလို့သာ မှတ်ပေရော့"

ကျွန်ုပ်၏စကားကိုနားထောင်ရင်း ကိုဇေလည်းပြုံးနေ၏။ ကိုဇေသည်လည်း ဆရာတော်ကို အလွန်ကြည်ညိုသူဖြစ်ရာ ဆရာတော်ကြွလာပြီဆိုလျှင် ခပ်လှမ်းလှမ်းကနေ မတ်တတ်ရပ်ပြီး ဆရာတော်ဘာခိုင်းပါ့မလဲဟူသောစိတ်နှင့်အမြဲလိုက်ကြည့်နေတတ်သူ ဖြစ်၏။

"သား၊ ဦးပဥ္ဇင်းကော ဂူထဲမှာ ပုတီးစိပ်နေတုန်းလား"

"ဟုတ်တယ် အဖေ။ ခုန သား သွားတယ်။ ဂူထဲမှာ ပရိတ်တွေရွတ်နေတယ်၊ ပုတီးတွေစိပ်နေတယ်။ ဦးပဥ္ဇင်းက တအားကျင့်တာပဲနော်။ သိပ်တောင်နားတာမတွေ့ရဘူး။ ညကလည်း ဒါကြောင့် ရှမ်းတောကြီးဆရာတော်ကြီးကပြောတာ"

"အေး - ဂူထဲကထွက်လာပြန်ရင်လည်း ရွှေအုတ်ပလ္လင်စေတီတော်ကြီးရဲ့ သောကြာထောင့်မှာ ဖယောင်းတိုင်၊ အမွှေးတိုင်တွေထွန်းပြီး ဘုရားဝတ်ပြုနေပြန်ရင်လည်း အကြာကြီးပဲ မပြီးတော့ဘူး။ မပြီးတော့ဘူးဆိုလို့ အဖေနေ့ခင်းက ဂူထဲမှာ ဂုဏ်တော်စက်ဝန်းပုတီးစိပ်ပြီးချိန် ဦးပဥ္ဇင်းရဲ့ချောင်းဆိုးသံကို ဂူထဲကနေလှမ်းကြားရတယ် အကျယ်ကြီးပဲ။ အသံက ဂူရှေ့နားက သပြေပင်အောက်က။ အဖေကလည်း ဩော် - ဦးပဥ္ဇင်းကြွလာပြီပေါ့ ကြည့်နေတာ။ ဘယ်ဟုတ်မလဲ၊ တော်တော်လေးကြာမှ ဦးပဥ္ဇင်းက ဘုရားဘက်ကကြွလာတယ်။ ဦးပဥ္ဇင်း ခုနဘယ်မှာလဲလို့မေးတော့ ဘုရားမှာလေတဲ့"

"အဖေ၊ ဦးပဥ္ဇင်းက အတော်ကျင့်တယ်နော်။ ကျင့်လွန်းအားကြီးတော့ ပုဂ္ဂိုလ်တွေကများ ခုလိုအသံတွေပြုပြီး ဦးပဥ္ဇင်းရဲ့ သီလအကျင့်စရဏစွမ်းအားကို ကျေနပ်ပီတိဖြစ်နေကြတာနဲ့တူပါရဲ့"

"မင်းပြောမှ ငါကြက်သီးတောင်ထလာပြီ"

ကိုဇေ ရယ်နေ၏။

"ဒါကအဖေလက်ခံတယ်၊ ဘာလို့လဲဆိုတော့ ဆရာတော်ဘုရားကို ဆွမ်းချက်ကပ်ပြီး နေ့စဉ်ဝေယျာဝစ္စကုသိုလ်ပြုနေတဲ့ မောင်အောင်ဇေယျလည်းပြောတယ်။ ဘာလဲဆိုတော့ မောင်အောင်ဇေယျမတိုင်ခင်က ကျောင်းသားလေးဟာ တစ်နေ့ ညဘက်အချိန်မတော်ကြီးမှာ ဘုရားရင်ပြင်ခုံတော်မှာ ဆရာတော်ဘုရားကို တွေ့လိုက်တယ်၊ ဒါနဲ့ ဟာ - ဆရာတော် ညဥ့်သန်းခေါင်ကြီး ဘာလို့လဲမသိဘူးဆိုပြီး ကျောင်းသခ်မ်းကို သွားကြည့်တော့ ဆရာတော်က အိပ်ရာမှာကျိန်းနေတုန်း"

"ဟာ"

"အေး-အဲဒီကျောင်းသားလေးက ခဏခဏအဲသလိုတွေ့တယ်။ အဲဒါကို ကိုအောင်ဇေယျကို မေးကြည့်တော့ ဩော်- အဲဒါဟုတ်တယ်၊ ခဏခဏတွေ့တယ်လို့ထပ်ပြောပြန်တယ်။ သားပြောတာဟုတ်တယ်လေ။ ဆရာတော်ဘုရားရဲ့ သီလတန်ခိုး၊ အကျင့်စရဏစွမ်းအားတွေတန်ခိုး၊ မေတ္တာတန်ခိုးတွေကြောင့်တို့မသိနိုင်၊ မမြင်နိုင်စွမ်းတဲ့ ပုဂ္ဂိုလ်တွေက ဝိုင်းဝန်းပါရမီဖြည့်ကြပြီပေါ့၊ အဲဒီလိုမျိုးကို ဘဘုန်းအရှင်[illegible]ရိယမမ္မ



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိဆရာတော်ဘုရားကြီး မကြာခဏ ဗဟုသုတ ပြောပြမိန့်ကြားဖူးခဲ့တယ်။ ဒါကြောင့် ဟိုတုန်းထဲက အဖေက ဗဟုသုတရှိနေပြီ။ ဘဘုန်းကိုလည်း အဖေတို့ ဒီလိုပဲ ခဏခဏဖူးရတာပဲ။ တစ်ကိုယ်က ကေလာသတောင်တော်ပေါ်မှာ၊ တစ်ကိုယ်ကကျိုန်းလို့။ တစ်ကိုယ်က တပည့်ဒကာတွေနဲ့ စကားပြောနေရင် တစ်ကိုယ်က ဘုရားမှာ ခဏခဏဖူးရတာပဲ"

(၁၀၈) ပွဲမတိုင်ခင်က ကျွန်ုပ်မှာ အလွန်ပြင်းထန်သောအပူနာများပေါက်နေခဲ့ပါသည်။ ဦးပဥ္စင်းသက်န်းဆီးချိန်၊ မြင့်မြတ်သောသံဃာတော်အရှင်သူမြတ်အဖြစ် ကျင့်ကြံအားထုတ်နေချိန် ပြည်ရွှေဆံတော်စေတီတော်မြတ်ကြီးနှင့် ရွှေနတ်တောင်စေတီတော်မြတ်ကြီးကို ဘုရားဖူးပို့ချင်လွန်းသောကြောင့် မြေလတ်ဒေသဘက်သို့ ခရီးထွက်ခဲ့ပါသည်။ ရာသီဥတုအလွန်ပူပြင်းလှသောအချိန်ဖြစ်၍ အပူများတဖြည်းဖြည်းစုလာပြီး လမ်းလျှောက်၍မရတော့လောက်အောင် အပူနာများဖြစ်လာတော့၏။ လူကိုတွဲ၍ လျှောက်ရ၏။

ယခု (၁၀၈) ပွဲကိုလာစဉ်ကလည်း လူတွဲ၍ တစ်လှမ်းချင်း အားယူကာ အံကြိတ်လျှောက်ရ၏။ (၁၀၈) ပွဲ ပူဇော်ပြီးချိန်မှစ၍ ထိုအပူနာအနာရှိန်များ လျော့ဆင်းသွားပြီး တစ်ဦးထဲလျှောက်နိုင်သွားရာ ကျွန်ုပ်ကိုယ်တိုင်ပင် အံ့အားသင့်ခဲ့ရပါသည်။

ကိုဇေနှင့် စကားကောင်းနေရင်း ဦးပဥ္စင်း ဂူထဲမှထွက်လာ၏။ မရှေးမနှောင်းပင် ဆရာတော်လည်း ရင်ပြင်တော်ပေါ်သို့ကြွလာပြီး ကျွန်ုပ်တို့ကိုပြုံးပြ၏။ ဦးပဥ္စင်းနှင့်ကျွန်ုပ်မျက်နှာချင်းဆိုင်ကြည့်လိုက်ပြီး ဆရာတော်ကို ဝတ်ပြုရင်း -

"တပည့်တော် လျှောက်ခွင့်ပြုပါဘုရား"

"လျှောက်"

ကျွန်ုပ်သည် ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီး၏ ပလ္လင်တော်အား ညာလက်နှင့်ထိကိုင်ထားလိုက်ပြီး-

"ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးကို လက်နဲ့ထိပူဇော်ထားပြီး မှန်သောစကားကို လျှောက်တင်ပါသည်ဘုရား"

"လျှောက်"

"ပြီးခဲ့တဲ့ သုံးလေးရက်လောက်က ကိုရင်လေး အိမ်ပေါ်မှာ ဆော့နေရင်း အောက်ကိုအော်ပြီးပြေးဆင်းလာတယ်။ ဒကာကြီး၊ ဒကာကြီး ဆရာတော်ရဲ့အနံ့ ရတယ်ဆိုပြီး ပြေးဆင်းလာတယ်။ ဦးပဥ္စင်းကလည်း နောက်နေ့ ဟာ-ဆရာတော်ရဲ့သင်္ကန်းနံ့ရတယ်ဆိုပြီးပြောတုန်း ကိုရင်လေးက တစ်ခါ ဟာ - ဟုတ်တယ်ဆိုပြီး အော်ပြန်ပါတယ် ဘုရား"

ဆရာတော်သည် ပြုံး၍နားထောင်နေရင်းမှ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး-

"ဟုတ်တယ် ဟုတ်တယ်၊ ဒကာကြီးတို့အိမ်က ဘုရားဆောင်ကို ဦးပဥ္စင်းစိတ်နဲ့ အာရုံပြုပြီး ဘုရားလာဖူးတာ အဲဒီနေ့တွေကပဲ"

ဟု တည်ငြိမ်စွာ ပြန်မိန့်ပါတော့သည်။ ကျန်သောစကားအပိုမပြောပါ။ ဧည့်သည်များရောက်လာ၍ ကျွန်ုပ်တို့က အလိုက်သိသိ နေရာဖယ်ပေးလိုက်ပါသည်။

ကိုဇေပါ လိုက်လာပြီး ထိုင်၏။ ဦးပဥ္စင်းက ဆရာတော့်ကို ကန်တော့ပြီး ဂူသို့ပြန်ကြွသွားပြီ ဖြစ်၏။ ကျွန်ုပ်လည်း (၁၀၈) ပွဲများမှ တလူလူလွင့်နေသော တံခွန်၊ ကြက်လျှာလေးများကို ကြည်နူးပီတိဖြစ်စွာဖြင့်ကြည့်နေရင်း ဆရာတော်အား လှမ်းကြည့်နေမိ၏။

ဆရာတော် လူဝတ်ဘဝကတည်းက ကျင့်ကြံအားထုတ်ခဲ့ခြင်းများ၊ သာသနာပြုခဲ့ခြင်းများ၊ (၇) ရက်သားသမီးများ၏ အပူသောကများစွာကို မေတ္တာဖြင့်ငြိမ်းအေးစေခဲ့ခြင်းများ ကျွန်ုပ်သိထားပါသည်။

ဘွဲ့ရ ခေတ်ပညာတတ် လူငယ်တစ်ဦးဖြစ်ရုံမက ကျောင်းသားများကိုပါ စာသင်ပေးခဲ့သော ဆရာဘဝကိုလည်း ဖြတ်သန်းခဲ့သူဖြစ်၍ မေတ္တာတရားများစွာ ပြည့်ဝလှ၏။ သို့သော် အလွန်မှ လက်တွေ့ဆန်၏။ ဘော်ရုံနှင့် ယုံလွယ်သူ မဟုတ်ပါ။ ထိုသို့ မယုံကြည်တတ်သော၊ လက်တွေ့ဆန်လွန်းလှသော ပုဂ္ဂိုလ်သည် ဤမျှထိ ကျင့်ကြံအားထုတ်လာခဲ့ပြီး ခရီးပေါက်ကာ အောင်မြင်လာပြီဖြစ်၍ ကျွန်ုပ်မှာကြည်ညို၍မဆုံးနိုင်တော့ပါ။

လူ့ဘဝတွင် အဓိဋ္ဌာန်ကြီးများကို အကြိမ်ကြိမ် အောင်မြင်စွာဝင်ခဲ့ပြီးမှ ကိုရင်ကြီးဘဝကို ခံယူကာ အဓိဋ္ဌာန်ကြီးများ ဆက်လက်ဝင်ရောက်ခဲ့၏။ အကျင့်စခန်းများစွာကို အောင်မြင်ခဲ့ပြီးမှ၊ ခက်ခဲလွန်းလှသော အဓိဋ္ဌာန်ကြီးများကို ကြိမ်ဖန်များစွာ အောင်မြင်ခဲ့ပြီးမှ မြင့်မြတ်လှသော သံဃာတော်အရှင်သူမြတ်ဘဝသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်သည် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ဩဝါဒကို အစဉ်အမြဲ ခံယူ၏။ ဆရာတော်ကြီးများကို အလွန်ကြည်ညိုလှ၏။ ပရိသတ်များပြားသော်လည်း မည်သည့်(၇)ရက်သားသမီးကိုမဆို ပြုံးရွှင်စွာဖြင့်ပင်စကားပြော၏။

ရွှေအုတ်ပလ္လင်စေတီတော်ကြီးတွင် ဆရာတော်နှင့် အနီးကပ်နေထိုင်ကျင့်ကြံ အဓိဋ္ဌာန်ဝင်တိုင်း ထူးခြားဆန်းကြယ်မှုများ မသိမသာကြုံရ၏။

တစ်နေ့ ကျောင်းသို့လာနေကျ ပုဂ္ဂိုလ်ဖြစ်ပါလိမ့်မည်။ ဆရာတော်၏ တပည့်ဒကာများထဲမှတစ်ဦးဖြစ်ပါလိမ့်မည်။ သူသည် ကျွန်ုပ်တို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်လျှောက်လာပြီး ပြုံးရွှင်စွာဖြင့် မမြင်ရသော ပုဂ္ဂိုလ်များအကြောင်းကို ကြာမြင့်စွာ အသေးစိတ်ပြောပြ၏။ ည (၁၁) နာရီထိုးခါနီးပြီဖြစ်၍ သူပြောပြသည်များကို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ကြက်သီးများတဖြန်းဖြန်းနှင့် နားထောင်နေကြရ၏။ ကျွန်ုပ်ဆိုလျှင် ခပ်လှမ်းလှမ်း လယ်ကွက်ထဲတွင်မြင်နေရသော ထန်းပင်များဘက်သို့ မကြာမကြာလှမ်းလှမ်းကြည့်ဖြစ်၏။

သူပြောပြမှသာ ဆရာတော်၏ မေတ္တာကို ခံယူကြပုံများ၊ ကြမ်းတမ်းမှုများ တဖြည်းဖြည်းလျော့သွားခြင်းများ သိရ၏။

ကြမ်းတမ်းမှုဆိုသည်မှာ ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးတည်ရာနေရာသည် အကျင့်စရဏအားမရှိလျှင် ဘယ်လိုမှနေလို့မရခြင်း ဖြစ်၏။ တစ်ခုမဟုတ်တစ်ခုဖြစ်၏။ လုံးဝအသားမစားရသော သက်သတ်လွတ်နယ်မြေ ဖြစ်၏။ ဆရာတော်ဘုရားသည် သားစားရှောင်ကြဉ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်၏။

ကျွန်ုပ်လည်း သားစားရှောင်ကြဉ်ခဲ့သည်မှာ နှစ်ပေါင်း (၄၃) နှစ်ရှိပြီဖြစ်ပြီး အရှင်သုန္ဒရမှာ (၁၅) နှစ်ကျော်လာပြီ ဖြစ်၏။

သက်သတ်လွတ်စားခြင်းကိုတကူးတကမဟုတ်၊ ကြုံရာနှင့်စားတတ်သော ကျွန်ုပ်တို့သားအဖသည် သက်သတ်လွတ်ကို ကြံ့သလို ဘုဉ်းပေးတတ်သော ဆရာတော့်ဆီတွင် အလွန်ပျော်၏။ အလွန်စိတ်ချမ်းသာ၏။ ရွတ်ဖတ်ပူဇော်ရခြင်း၊ ပုတီးစိပ်ရခြင်း၊ တရားရှုမှတ်ရခြင်းများ အလွန်ထိရောက်လှ၏။ ဆရာတော်နှင့် ခာတ်တူ၏။ သတ္တဝါလေးများပေါ်တွင်

www.burmeseclassic.com

ဆရာတော်၏မေတ္တာကြီးမားပုံကို အနီးကပ်သိရလေ ပို၍ကြည်ညိုရလေဖြစ်ရ၏။

သက်သတ်လွတ်နှင့်ပတ်သက်ပြီး အကြိမ်ပေါင်းများစွာပြောခံခဲ့ရဖူးပါသည်။ လူငယ်ဘဝ (၁၉) နှစ်သားမှစပြီးစားခဲ့သည်ဖြစ်၍ ပိုပြီးအပြောခံခဲ့ရပါသည်။ ဘာလဲကွ၊ မင်းတို့ဟာ ကြောင်တောင်တောင်နဲ့ဟုပင်ပြောခံခဲ့ရပါသည်။ ထိုသို့ပြောခဲ့ကြသူများ ဘဝခရီးရှည်ကြီးကို ဆက်သွားကြပါပြီ။ ဘယ်ဘုံရောက်နေမှန်းပင် မသိရတော့ပါ။

ဘယ်သူတွေဘာပြောပြော ကျွန်ုပ်လုံးဝဂရုမစိုက်ခဲ့။

ကျွန်ုပ်၏ ဆရာသခင် ဦးသန့်ဇင်ပြောခဲ့ဖူးပါသည်။ ဆရာသည် ရာသက်ပန်သက်သတ်လွတ်စားခဲ့သူ ဖြစ်၏။ ကြံ့ရာနှင့်စား၏။ ထမင်းကို ရေဆမ်းပြီး ဆားဖြူး၍စားသောအမိဋ္ဌာန်ကြီးများကို တစ်နှစ်လျှင် လေး၊ ငါးကြိမ်မကဝင်၏။ တစ်ကြိမ်ဝင်လျှင် အနည်းဆုံး (၉) ရက်မှ (၂၇) ရက်ကြာတတ်၏။

'သူများအသွေးအသားနဲ့ ကိုယ့်အသွေးအသားကို မတည်ဆောက်လို' ဟု မကြာခဏပြောခဲ့ဖူး၏။

ကျွန်ုပ်လည်း ဆရာ၏ ဆုံးမမှုအတိုင်းတည်၏။

လူတို့သည် သေမှာကိုကြောက်ကြ၏။

မကြောက်ဘူးဆိုပြီး နှာခေါင်းနှင့်ပါးစပ်တို့ကို ကော်နှင့်ပိတ်လိုက်သူမရှိပါ။ သေမှာကြောက်သလို ခြေတွေ၊ လက်တွေ၊ ခေါင်းတွေအဖြတ်ခံရမှာကိုလည်း ကြောက်ကြ၏။ဓားနှင့်ထိုးခုတ်သတ်ဖြတ်ခံရမှာကိုလည်း ကြောက်ကြ၏။

ထိုသို့ ကြောက်သလို သတ္တဝါလေးများလည်း ကြောက်ကြရှာပါသည်။ သူတို့ကိုသတ်တော့မည်ဆိုလျှင် သူတို့သိပါသည်။ ရုန်းလိုက်ကြ၊ အော်လိုက်ကြ၊ ထွက်ပြေးကြနှင့် သေမှာကိုကြောက်ကြရှာပါသည်။

သို့ဆိုလျှင် ကိုယ်ချင်းစာကြည့်မိ၏။ ထိုကိုယ်ချင်းစာစိတ်ဖြင့် သူများအသားကိုမစားခဲ့ရခြင်း ဖြစ်ပါသည်။ အခြားဘာအကြောင်းမှမသိပါ။

"အဖေ တော်တော်ပီတိဖြစ်ပြီး ကြည်နူးနေတယ်နော်။ အဖေ့မျက်နှာပြုံးနေတာပဲ"

ကိုဇေပြောမှ (၁၀၈) ပွဲတွင် ပူဇော်ထားသော တလူလူလွင့်နေသည့် တံခွန်၊ ကြက်လျှာလေးများကိုကြည့်နေမှန်းသတိထားမိတော့၏။

"အဖေ"

"ဟေ"

"ဦးပဥ္စင်းက တစ်နေကုန် ဂူထဲမှာ ကျင့်နိုင်လွန်းတယ်။ သက်န်းမဝတ်ခင်ကလည်း ဒီလိုပဲကျင့်လား"

"ကျင့်တာပဲ။ ကျင့်တာပဲဆိုလို့ သူက ကလေးဘဝထဲက အတိတ်နိမိတ်ကောင်းနဲ့လာတာ။ သူကလေးဘဝတုန်းက ဒါရိုက်တာဦးဒီပရိုက်ကူးတဲ့ 'အရိုင်းပင်မှသည်' ဆိုတဲ့ ဇာတ်ကား မြန်မာ့ရုပ်မြင်သံကြားကပြသွားတယ်။ အဲဒီကားမှာ ဦးပဥ္စင်းက ဦးမန်းဝင်းရဲ့သားပေါ့ကွာ။ မောင်ရင်လောင်းလေးအဖြစ် ရှင်လောင်းအဝတ်အစားအပြည့်အစုံနဲ့ ဆင်ကြီးပေါ်မှာထိုင်ပြီး ရှင်ပြုခန်းရိုက်ခဲ့ရတာ။ အဲဒီအရွယ်ထဲက အဲလိုကွ။ ရှင်လောင်းအဖြစ် သရုပ်ဆောင်ခဲ့ရတာ။ ပြီးတော့ (၃) နှစ်သားလောက်ကဆို ဇီးကုန်းသွားရင် သူ့ဦးလေးပုဆိုး၊ ရန်ကုန်မှာဆို အဖေ့ပုဆိုး အဲဒါတွေကို သင်္ကန်းလိုပုံစံဝတ်ပြီး ဆွမ်းခံကြွတမ်းဆော့တာကွ"

"ဩော်"

"သူကတစ်မျိုး။ ငယ်ငယ်ထဲက ဆော့ရင်အဲလို၊ တခြားဟာမဆော့ဘူး။ ဘုန်းကြီးဝတ်တမ်းဆော့တာ။ သူ့ညီက နောက်က တောင်းလေးကိုကြိုးနဲ့ချည်၊ တုတ်နဲ့ထမ်းပြီး ဆွမ်းတော်ဗျို့အော်ပြီး လိုက်ရတယ် အဲလိုမျိုး"

"ခု ကြီးလာတော့ ဦးပဥ္စင်းလည်း သက်သတ်လွတ်စားခဲ့တာ (၁၅) နှစ်တောင်ကျော်လာပြီဆိုတော့ ထူးတာတွေရှိမယ်နော် အဖေ"

"အင်း - ရှိတယ်၊ ထူးထူးခြားခြား မှတ်မိတာက လွန်ခဲ့တဲ့(၁၀)နှစ်လောက်ပေါ့ကွာ။ အိမ်မှာ မီးဆင်စရာရှိလို့ မီးဆရာတစ်ယောက်ခေါ်ဆင်တယ်၊ အသိပါပဲ။ အဲဒီလူပြန်သွားပြီး တော်တော်လေးကြာတော့ ဦးပဥ္စင်းက အိမ်ရှေ့ကိုပဲကြည့်နေတယ်။ ညဘက်ကလည်း ညဘက်။ ဟိုမီးသမားပြန်လာတယ်နော်တဲ့။ ဘာမေ့ကျန်လို့ပြန်လာယူတာလဲမသိဘူးတဲ့။ သူလည်းပြောရော ဘယ်မှာလဲဆိုပြီး အဖေရော ဦးပဥ္စင်းရဲ့သူငယ်ချင်းကပါ ဝိုင်းကြည့်ကြတာပေါ့။ ဘယ်သူမှ မတွေ့တော့ အဖေကပဲ ဘယ်သူမှမရှိပါဘူးဆိုပြီးပြောလိုက်တာပေါ့။ ရှိမှမရှိဘဲ။ ဒါပေမယ့် သူကတော့ စိုက်ကြည့်နေတာပဲ။ (၅) မိနစ်လောက်လည်းကြာရော အဲဒီ မီးဆရာ စက်ဘီးနဲ့ပြန်ရောက်လာတယ်ဟေ့။ ပလာယာကျန်ခဲ့လို့ ပြန်လာယူတာတဲ့။ အဲဒီမှာ အဖေရော ဦးပဥ္စင်းသူငယ်ချင်းရော တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးဘာပြောရမှန်းမသိဘဲ ကြက်သေသေကုန်တယ်။ ဦးပဥ္စင်းကတော့ ခပ်အေးအေးပဲ"

"ဟာ - အဲဒါ ဆန်းတယ် အဖေ"

"အေး - အဲလိုတိုက်ဆိုင်တာတွေ ခဏခဏကြုံခဲ့ပါတယ်။ ပိုသတိထားမိတာက သူ့ကိုမဟုတ်ကဟုတ်ကပြောတဲ့လူတို့ဘာတို့ဆိုရင် တော်တော်ဒုက္ခရောက်သွားကြတာတွေတော့ အဖေတော်တော်သတိထားမိတယ်။ ဒါကတော့ ခုထိပဲ"

ဦးပဥ္စင်းအကြောင်းကို နားထောင်ရင်း ကိုဇေ ငြိမ်နေ၏။ ကျွန်ုပ်စကားမပြောလျှင် သူမပြောဘဲ ငြိမ်နေလေ့ရှိ၏။ ကျွန်ုပ်လည်း ဘုရားရင်ပြင်တော်ကြာသပ်တေးထောင့်နားဆီတွင် တပည့်ဒကာများနှင့်စကားပြောနေသော ဆရာတော်အား လှမ်းကြည့်နေမိ၏။

ကျွန်ုပ်၏အပူနာဝေဒနာများသည် ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးတွင် (၁၀၈) ပွဲပူဇော်ပြီးချိန်မှစ၍ စတင်လျော့ကျလာပြီ ဖြစ်၏။ လမ်းလျှောက်နိုင်လာပြီ ဖြစ်၏။ ကိုဇေဆို အလွန်အံ့သြနေ၏။

သာသနာတော် ပွင့်ထွန်းသော သာသနာ့နယ်မြေတွင် ရွတ်ဖတ်ပူဇော်ရခြင်း၊ ပုတီးစိပ်ရခြင်း၊ တရားရှုမှတ်ရခြင်း၊ မေတ္တာပို့အမျှဝေရခြင်းများ၏လက်တွေ့အကျိုး ဖြစ်၏။ မမြင်ရသောပုဂ္ဂိုလ်များ၏မေတ္တာကို ကျွန်ုပ်ရနေပါသည်။ သိနေပါသည်။

ဘုရားသို့ရောက်လျှင် ဘာနှင့်မှမတူသော အေးချမ်းမှု၊ စိတ်ချမ်းသာမှုများနှင့်ပြည့်လာပါတော့သည်။

ရှင်းရှင်းနှင့်ဘွင်းဘွင်းပြောတတ်သော ဆရာတော်၏ မေတ္တာဓာတ်ကိုလည်း ခံယူရ၏။

ဆရာတော်သည် တပည့်ဒကာအလွန်များပြားလှသော်လည်း အလျှံလေ့မရှိပါ။ ဤသည်ပင်လျှင် ကျွန်ုပ်အကြည်ညိုဆုံးဖြစ်ရ၏။ တစ်နေ့လျှင် (၃) နာရီသာ ကျိန်းစက်ပြီး အခြံအရံ ဂုဏ်တော်များ ပွားများနေသော ဆရာတော် ဖြစ်၏။ ပဋ္ဌာန်းကျမ်းကြီးများနှင့် ပရိတ်တော်များကိုလည်း နေ့စဉ်မပြတ် ရွတ်ပွားသရဇ္ဈာယ်ကာပူဇော်တော်မူ၏။ ဆရာတော်၏မေတ္တာဖြင့် သူတို့ကြုံတွေ့ရလေ့ရှိသော အပူသောကများ



www.burmeseclassic.com

www.burmeseclassic.com

အတိုင်းအတာတစ်ခုအထိ ငြိမ်းအေးသွားကြသူများ အလွန်များပြားလှပြီ ဖြစ်၏။

ပြောရင်လည်း တဲ့တိုးမိန့်တတ်၏။

တစ်နေ့ ဆရာတော်အနားတွင် ကျွန်ုပ်နှင့် ဦးပဥ္စင်းရှိနေစဉ် မိသားစုတစ်စု ရောက်လာပြီး ငါးထောင်တန်များအုပ်လိုက်လာလှူ၏။ သိမ်အတွက်လှူပါသည်ဟုပြောကြသောအခါ ဆရာတော်သည် တည်ငြိမ်စွာဖြင့် 'မလိုတော့ဘူး ဒကာကြီး၊ သိမ်ကတစ်ဦးတည်းအလှူရှင်ကလှူတာ။ သူ့ဟာနဲ့သူ ပြီးပြီးသား၊ အားလုံးပြည့်စုံပြီ' ဟု ပြန်မိန့်၏။ ကျွန်ုပ်သည် ဤလိုမျိုးမမြင်ဘူးသောကြောင့် အံ့အားသင့်စွာနှင့် အကဲခတ်နေလိုက်၏။ ထိုအလှူရှင်က ဆရာတော်ကို အလွန်ကြည်ညိုစွာဖြင့် 'နဝကမ္မလှူပါတယ်ဘုရား' ဟုဆိုမှသာ 'အေး-လိုတဲ့နေရာလေးတွေမှာ လှူပေးမယ်' ဟု မိန့်ပြီး လက်ခံတော်မူ၏။

တစ်ပါးထဲ အမှီအတွယ်မရှိ၊ ဒုက္ခပေါင်းများစွာကိုကြံ့ကြံ့ခံရင်း အခက်အခဲပေါင်းများစွာကို သတ္တိရှိရှိ၊ ဇွဲ၊ လုံ့လ၊ ဝီရိယပြည့်ပြည့်နှင့် ဘဝကိုရင်ဆိုင်ယှဉ်ပြိုင်အနိုင်ယူလာခဲ့သောဆရာတော် -

သရဏဂုံကို ဦးထိပ်ထားလွန်းသောဆရာတော် -

အကျင့်သီလစရဏများစွာနှင့်သာ မွေ့လျော်လွန်းသောဆရာတော် -

ဘာမှမမက်မောတော့သည်မှာ မဆန်းတော့ပါ။

ယခုလို ဘုန်းကံကြီးမားလာသော်လည်း ဆရာတော်မှာ လျှုလွန်း၏။ အလှူရေစက် လက်နှင့်မကွာ လှူလွန်း၏။ စွန့်ကြဲလွန်း၏။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် အကျင့်သီလစရဏများမှလွဲရင် ဘာကိုမှမမက်ပါ။

ကျွန်ုပ်သည် မသိလျှင် ဆရာတော်ကို မေးလျှောက်၍ ဩဝါဒခံယူ၏၊ ဆရာတော်၏မေတ္တာကိုခံယူ၏။ ဆရာတော်ကိုယ်တိုင် ကျွန်းကလေးတောင်ဆရာတော် ကျေးဇူးတော်ရှင် ဘဘုန်းအရှင်အရိယဓမ္မသိဒ္ဓိ၏ ဩဝါဒကို ဦးလည်မသုန်ခံယူ၍ ကျင့်ကြံအားထုတ် ပေါက်မြောက်အောင်မြင်နေသောပုဂ္ဂိုလ် ဖြစ်၏။ သက်တော်ရှည်ဆရာတော်ကြီးများ၊ ထေရ်ကြီးဝါကြီးများကို အလွန်ရိုသေပြီး ကိုယ့်ကိုယ်ကိုယ်အမြဲနှိမ့်ချသောဆရာတော် ဖြစ်၏။

ကျွန်ုပ်သဘောအကျဆုံးမှာ ပြုံး၍ စကားပြောရင်း လှမ်းကြည့်တတ်သော ဆရာတော်၏ မျက်လုံးများ ဖြစ်၏။ ဆရာတော့်ကြည့်လိုက်လျှင် ရင်ထဲသို့ ဖောက်ဝင်လာလေသလား အောက်မေ့ခံစားရ၏။

ဆရာတော်သည် သိတိုင်းပြောလေ့မရှိပါ။ အချို့ကိစ္စများဆိုလျှင် လှမ်းကြည့်လိုက်ပြီးမှ ငြိမ်သက်စွာပြန်နေသွားသောအခါလည်းရှိ၏။ မပြောတော့။

ယခု -

ဆရာတော်၏ မေ့တ္တာရိပ်တွင် စိတ်ချမ်းသာရပါပြီ။

ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီး၏ခြေတော်ရင်းရင်ပြင်တွင် အားရပါးရ ရွှတ်ဖတ်သရဇ္ဈာယ် ကျင့်ကြံအားထုတ်နိုင်ရပါပြီ။

မမြင်ရသော ပုဂ္ဂိုလ်ထူးများ၏ မေတ္တာများစွာကိုလည်း ခံယူရပါပြီ။

ပုဂ္ဂိုလ်များကိုလည်း နီးကပ်စွာ မေတ္တာပို့ အမျှဝေနိုင်ပါပြီ။

သို့သော် -

ထူးခြားမှုများအား ဗဟုသုတရစေချင်သောမေတ္တာဖြင့် -

ကျွန်ုပ် သံယောဇဉ်ကြီးရသော သူရဋ္ဌပရိသတ်ကြီးကို မထိမ်မချန်ဖွင့်ပြောလိုက်ပါဦးမည်။

ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးအား အောင်(၁၀၈)ကွက် စက်လက္ခဏာတော်ကို ပူဇော်သော (၁၀၈) ပွဲဖြင့် အနေကဇာတင် ပူဇော်စဉ်က နံနက် (၄)နာရီခွဲတွင် ဓာတ်ပုံများရိုက်ယူခဲ့ပါသည်။ သဲသဲမဲမဲရိုက်ယူခဲ့သည်မှာ လူတောထဲတွင် မမြင်ဘူးသူဟုယူဆရသူများကို အဓိကထား၍ရိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုဓာတ်ပုံများရိုက်ယူထားသော လက်ကိုင်ဖုန်းသည် နောက်နေ့တွင် တက္ကစီကားစီးရင်း ကားပေါ်ကျန်ခဲ့ပါ



တော့သည်။ မမေ့စဖူး မေ့၍ပါသွားခြင်း ဖြစ်၏။ ဤကိစ္စကိုကြိတ်ခံခဲ့ပါသည်။ မည်သူ့ကိုမျှပြောမပြခဲ့ပါ။

ပုဂ္ဂိုလ်များ၏ ခွင့်ပြုချက်မရလျှင် ဤသို့ဖြစ်တတ်ကြောင်းအကြိမ်ကြိမ်ကြုံခဲ့ သိခဲ့သည့်ကြားမှ ယခုလို မဆင်မခြင်၊ ခွင့်မတောင်းဘာမတောင်းရိုက်ကူးခဲ့သော ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်နေမိပြီး စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

ကျွန်ုပ် အလွန်နှမြောသည်မှာ လက်ကိုင်ဖုန်းမဟုတ်ပါ။ သားမင်းပြည့်အား အရှင်သုန္ဒရအဖြစ် ဆရာတော်မှ ချီးမြှင့်ခဲ့ပုံများကို အဆင့်ဆင့်ရိုက်ကူးထားသောပုံများနှင့် (၁၀၈) ပွဲတွင် လာရောက် ဘုရားဖူးကြသော မမြင်ဘူးသည့် ပုဂ္ဂိုလ်များအား ရိုက်ကူးထားသောပုံများ ဖြစ်၏။

ဤလိုမျိုး နှစ်ကြိမ်၊ သုံးကြိမ်မက ကြုံခဲ့ဖူးပါသည်။

မှတ်မှတ်ရရကြုံခဲ့ရသည်မှာ အရှင်သုန္ဒရသည် မင်းပြည့်အဖြစ် တေးသီချင်းများသွင်းစဉ်က ဖြစ်၏။ ထိုသီချင်းသွင်းသောအိမ်မှာ အခြောက်အလှန့်အလွန်နာမည်ကြီး၏။ လူတိုင်းလိုလိုမြင်ရတွေ့ရ၏။ ကျွန်ုပ်က မမြင်ရသောပုဂ္ဂိုလ်များကို အလွန်ခင်တတ်သူဖြစ်ရာ ကင်မရာတစ်လုံးနှင့် နေရာအနှံ့လျှောက်ရိုက်ပါတော့သည်။ ခွင့်မတောင်းခဲ့မိပါ။ ထိုကင်မရာသည် ရိုက်နေကျကင်မရာကြီးဖြစ်ပြီး ပုံထွက်အလွန်ကောင်း၏။ သို့သော် ဖလင်လိပ်ကူးလိုက်သောအခါ ဘာမှမပေါ်ခဲ့ပါ။ ဖလင်လိပ်ကုန်ခါနီး နှစ်ကွက်အလိုတွင် ကလေးတစ်ယောက်ကိုရိုက်လိုက်သောတစ်ကွက်သာပေါ်ခဲ့ပါသည်။ ဖလင်ကူးပေးသူများကပါ ဘယ်လိုဖြစ်တာလဲမသိဘူး၊ ဘာမှမပေါ်ဘူးဟု အံ့ဩစွာပြောဆိုခဲ့ကြပါသည်။ ထိုကင်မရာကြီးလည်း ထိုနေ့မှစ၍ ယခုထိ ဗီရို ချောင်ထဲရောက်သွားပြီး မကိုင်ဖြစ်တော့ပါ။

ပုဂ္ဂိုလ်များအား ခွင့်မတောင်း ဘာမတောင်းနှင့် ဖုန်းနှင့်ရိုက်ခဲ့သည့်ပုံများကောင်းနေပြန်လျှင် အလွန်ပူလောင်၊ စိတ်ဆင်းရဲရသောပြဿနာပေါင်းများစွာ ဖြစ်ခဲ့ရဖူးပါသည်။ ပုံများကိုဖျက်လိုက်မှ တော်သွား၏။

သိသိနှင့်ယခုထပ်ဖြစ်ပြန်ပြီ။

ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းတွင် အမှုထမ်းဝင်ခဲ့စဉ်က ဆရာတော်၏မေတ္တာကို များစွာ

www.burmeseclassic.com

www.burmeseclassic.com

ခံယူခဲ့ရပါသည်။

အလွန်အခြောက်အလှန့်များ လှသည်ဟု နာမည်ကြီးသော်လည်း ကျွန်ုပ် လက်တွေ့သိခဲ့ရသည်မှာ အမှန်တကယ် သီလဆောက်တည်၍ ကျင့်ကြံအားထုတ်သူများ၊ ရတနာမြတ် (၃) ပါးကို အလွန် ကြည်ညို ကိုင်းရှိုင်းသူများအား ပုဂ္ဂိုလ်များက မေတ္တာထားကြသည်၊ စောင့်ရှောက်ကြသည်ကို လက်တွေ့သိခဲ့ကြုံခဲ့ရပါသည်။ ဂူသို့သွားရာလမ်းတွင် အလွန်ကြီးသောမြွေအရေခွံကြီးကိုတွေ့ ကိုတွေ့ရသလို ဂူထဲတွင် အရှင်သုန္ဒရ မဟာသမယသုတ်ရွတ်နေစဉ် လမ်းပေါ်သို့ရောက်လာသော မြွေကြီးမှာလည်း ကြီးလှ၏။ အရှင်သုန္ဒရ အမျှဝေပြီးသည်နှင့် လမ်းဘေးမြက်တောထဲဆင်းသွားသည်ကို ကြက်သီးတဖြန်းဖြန်းနှင့်တွေ့ရ၏။ သူတို့စောင့်ရှောက်သည်ကိုပြသော်လည်း ဘာအန္တရာယ်မှမရှိ။ ပုရွက်ဆိတ် ပင်မကိုက်ခဲ့ပါ။ အရှင်သုန္ဒရသည် မဟာသမယသုတ်တော်ကြီးကို နေ့စဉ်အနည်းဆုံး နှစ်ကြိမ်မှ ငါးကြိမ်ထိ ရွတ်ဖတ်ပူဇော်လေ့ရှိ၏။ ဆရာတော်ကို အလွန်ကြည်ညိုသူ ဖြစ်၏။

ဆရာတော် နေ့စဉ်ပွားများနေသော မေတ္တာဓာတ်များသည် ပြောမယုံကြုံမှသိလောက်အောင် အံ့ဖွယ်များနှင့် တွေ့နေရပါသည်။ ဆရာတော်သည် ငယ်ရွယ်စဉ်ကတည်းက ရတနာမြတ် (၃) ပါးကို အလွန်ကြည်ညိုသူဖြစ်ရာ အတွေ့အကြုံနည်းပါးစဉ်အချိန် ငယ်ရွယ်စဉ်ကတည်းက ယခုအထိ အောင်(၁၀၈) ကွက်စက်လက္ခဏာတော်ကြီးများကိုပူဇော်သော ဗုဒ္ဓပူဇနိယပွဲပေါင်း (၁၀၈) ပွဲကို ပူဇော်လာခဲ့သည်မှာ (၇) ကြိမ်မြောက် အောင်မြင်ခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော်၏ မေတ္တာကြောင့် အလွန်အန္တရာယ်ကင်း၏။ အလွန်စိတ်ချမ်းသာရ၏။ ရောဂါကြီးများထူးဆန်းစွာပျောက်ရ၏။ ထူးခြားသောငြိမ်သက်ခြင်းမျိုးဖြင့် စိတ်အာရုံငြိမ်သက်စွာ တရားအားထုတ်နိုင်၏။

ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးတွင် အမိဌာန်လာရောက်ဝင်သည်ဖြစ်စေ၊ ဘုရားဖူးလာသည်ဖြစ်စေ၊ ဆရာတော်ကိုလာဖူးသည်ဖြစ်စေ ဆရာတော်သည် အယုတ်၊ အလတ်၊ အမြတ်မရွေး မေတ္တာထားကာ စကားတစ်ခွန်းမိန့်လေ့ရှိ၏။ 'ကုသိုလ်ဖြစ်အောင်နေ၊ အကုသိုလ်ဖြစ်အောင်မနေနဲ့' ဟူသော စကား ဖြစ်၏။

ကုသိုလ်ဖြစ်အောင်နေခဲ့ပါသည်၊
ကျင့်ခဲ့ပါသည်။

အလွန်မှ ဆိတ်ငြိမ်ထူးခြားလွန်းသော၊ အေးချမ်းလွန်းသော သာသနာ့နယ်မြေ၏ ထူးခြားပုံ၊ အေးချမ်းပုံ၊ စိတ်ချမ်းသာစွာ တရားအားထုတ်နိုင်ရပုံများအား ကျွန်ုပ်၏ ကျေးဇူးရှင်၊ ထမင်းရှင်များဖြစ်ကြသည့် သူရဇ္ဇပရိသတ်ကြီးအား ကုသိုလ်ပွားစေချင်သောစိတ်ဖြင့် ဤဆောင်းပါးဖြစ်ပေါ်ခဲ့ရပါသည်။

ကျွန်ုပ်သိလျှင်သိသလို -
ကျွန်ုပ်ထူးခြားလျှင်ထူးခြားသလို-
ကျွန်ုပ်မြင်လျှင်မြင်သလို -

ကျွန်ုပ်ချစ်သော ပရိသတ်ကြီးကို ဝေမျှလေ့ရှိသည့်အတိုင်း ယခု ဝေမျှလိုက်ရပါပြီ။

ဤဆောင်းပါးသည် -

ဤနေရာတွင် ပြီးပြီဖြစ်သော်လည်း မပြီးသေးပါ။

အရှင်သုန္ဒရသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ တန်ခူးလပြည့်မှစ၍ ယနေ့ယခုအချိန်အထိ နှစ်စဉ်၊ လစဉ် လပြည့်နေ့တိုင်း လပြည့်နေ့တိုင်း ရှင်ဥပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးအား အုန်း၊ ငှက်ပျော၊ အောင်သပြေအောင်ပန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ တံခွန်၊ ကြက်လျှာတို့နှင့် ပြည့်စုံလှသော (၅) ဖီးပွဲဖြင့် မပျက်မကွက် ကြည်ညိုပူဇော်လျက်ရှိပါသည်။ ပုံတော်ကြီးများရှိရာသို့ သွားရောက် ပူဇော်ခြင်း ဖြစ်၏။ ခရီးသွားနေသည့်အချိန်မှာပင်လျှင် မပျက်မကွက်ရအောင်ပူဇော်သူ ဖြစ်၏။

ယခု မိုးတွင်းကာလတွင် သူ၏ဆရာတော်အား အပတ်စဉ် သွားရောက်ဖူးမြော်ရန်အတွက် မှော်ဘီမြို့နယ် မြောင်းတကာ စံပြကျေးရွာရှိ ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးတည်ရှိရာသို့ တနင်္လာနေ့တိုင်း ရောက်ရှိခဲ့ပါသည်။

မိုးတဝေါဝေါနှင့် နေ့၊ ညဉ့် မည်မျှသဲသဲမဲမဲရွာနေသည်ဖြစ်စေ အရှင်သုန္ဒရ ကြွသည့် တနင်္လာနေ့တိုင်း အသွားရော အပြန်ပါ မိုးတစ်ပေါက်မှမကျခဲ့ပါ။ ရာသီဥတု အလွန်ကြည်လင်ခြင်း၊ မိုးမှာအုံ့မှိုင်းပြီးမရွာခြင်းများကို ကြည်နူးစွာကြုံခဲ့ရပါသည်။

တောင်သမန်ရွာတွင် ကြေးပြားသာဒ်နှင့်စံပယ်တော်မူသောရှင်ဥပဂုတ္တရဟန္တာမထေရ်အရှင်မြတ်ကြီးအား ကြည်ညိုပူဇော်ခဲ့ခြင်းနှင့်ပတ်သက်၍ နောက်ထပ်ကြုံရသည်မှာ -

၁၁ - ၇ - ၂၀၁၆ တနင်္လာနေ့က အရှင်သုန္ဒရ လုပ်ငန်းပြီး ဖြစ်၏၊ ၁၁-၄-၂၀၁၆ တနင်္လာနေ့တွင် သံဃာတော်အရှင်သူမြတ်အသို့ရောက်ရှိခဲ့ပြီး ၁၁-၇-၂၀၁၆ တနင်္လာနေ့တွင် လုပ်ငန်းသည်မှာလည်း ထူးခြားသောတိုက်ဆိုင်မှုများ ဖြစ်၏၊

ညနေ (၆) နာရီတွင် လုပ်ငန်းလိုက်သော အရှင်သုန္ဒရအား ရွှေအုတ်ပလ္လင်ဆရာတော်မှ -

"ကဲ - သပိတ်ကို ကိုယ်တိုင်သွားပြီး ရှင်ဥပဂုတ္တရဟန္တာကြီးကိုသွားကပ်လှူလိုက်ပေတော့"

ဟု မိန့်လိုက်ရာ ကျွန်ုပ် အလွန်အံ့အားသင့်သွားခဲ့ရပါသည်။ ရဟန္တာကြီးအား အရှင်သုန္ဒရကိုယ်တိုင် သပိတ်ကပ်လှူခဲ့ရပါသည်။ အလွန်မှအံ့ဩနေရင်းနှင့်ပင် -

ကျွန်ုပ်သည်-

အလွန် ကြည်နူးပီတိဖြစ်စွာဖြင့် ရွှေအုတ်ပလ္လင်စေတီတော်မြတ်ကြီးအား ဦးခေါင်းဖြင့် အကြိမ်ကြိမ်ပူဇော်လိုက်ပါသည်။

ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား သပိတ်ကို ကိုယ်တိုင်လှူရန် အရှင်သုန္ဒရအား ချီးမြှင့်ညွှန်ကြားခဲ့သော ရွှေအုတ်ပလ္လင်ဆရာတော်အရှင်သူမြတ်ကိုလည်း ရိုသေစွာ ကန်တော့လိုက်ပါသည်။

ဆရာတော်၏ မေတ္တာကို ကျွန်ုပ်ရော သားမင်းပြည့်ပါ ရိုသေစွာ ခံယူကြပါသည်။

ဆရာတော်လည်း ' သက်ရှည်ကျန်းမာ ဘေးကင်းစွာဖြင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း မေတ္တာပို့သဆုတောင်းရင်း ကန်တော့လိုက်ကြပါသည်၊

ပြီးမှ -

မမြင်နိုင်စွမ်းသော ပုဂ္ဂိုလ်တို့၏ မေတ္တာကိုခံယူလိုက်ပြီး -

ကျွန်ုပ်တလည်း မေတ္တာပို့ အမျှဝေလိုက်ပါသည်၊

ပတ်ဝန်းကျင်တွင် ကြည်လင်နေပြီဖြစ်၏၊

မိုးအုံ့မှိုင်းခြင်းကင်းသွားချေပြီ။

ဆရာဦးမောင်မောင်ခင်နှင်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



(အစာလည်းဆေး၊ ဆေးလည်းအစာ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

(၁၈)

ရွှေနဝင်း(မှသိမ်)

ယခုလို ကဆုန်၊ နယုန် နွေနှောင်း မိုးဦးစကာလများတွင် အလုံးလှလှနှင့် အရသာချိုမွှေးနေသော ဆေးဖက်ဝင် စားဖွယ်သီးနှံ နာနတ်သီးများ လှိုင်လှိုင် ပေါ် ထွက်လို့လာချေပြီ။

နာနတ်သီးကို အချိုပွဲစားဖွယ် အသီးအနေဖြင့် လူအများ နှစ်ခြိုက်စွာ စားသောက် သုံးဆောင်နေကြပေမယ့် ၎င်းကို ကျန်းမာရေးအကျိုးပြု အနာ ရောဂါ ပျောက်ကင်းစေရန်အတွက် ဆေးဖက်ဝင်စားဖွယ် ဟင်းလျာအဖြစ် ဖန်တီးချက်ပြုတ်နိုင်ကြသည်ကို စာဖတ် ပရိသတ်ကြီး လေ့လာသိရှိနိုင်ပြီး မိမိတို့ ကိုယ်တိုင် မိသားစုထမင်းဝိုင်းတွင် ဆေးဖက်ဝင်၍ နှုတ်မြိန်စားဖွယ်ဟင်းတစ်မယ် အဖြစ် စီမံချက်ပြုတ်နိုင်ကြစေရန် ရည်ရွယ်၍ တင်ပြပေးပါမည်။

နာနတ်သီးကို လူတိုင်းစားဖူးကြပေမယ့် နာနတ်သီးမှာ ပါဝင်ဖွဲ့စည်းနေတဲ့ ကျန်းမာရေးအကျိုးပြုအာဟာရဓာတ်၊ သတ္တုဓာတ်နဲ့ ဗီတာမင်ဓာတ်များ ပြည့်ဝစုံလင်စွာ ပါဝင်နေခြင်းကိုတော့ လူအတော်များများမသိကြပါ။

ထို့ပြင် ကြွယ်ဝစုံလင်စွာပါနေသော အာဟာရဓာတ်များကို အသုံးချပြီး အနာရောဂါပျောက်ကင်းစေသော ဆေးဖက်ဝင် စားဖွယ်ဟင်းလျာအဖြစ် စီမံချက်ပြုတ်သည့် နည်းစနစ်များကို လူအများသိရှိပြီး နားလည်သဘော ပေါက်စေရန် အပြည့်အစုံ တင်ပြပေး လိုက်ပါ မည်။

နာနတ်သီးဟာ လူအများနှစ်သက်စွာစားသုံးကြသည့်ရာသီပေါ် သီးနှံတစ်မျိုး ဖြစ်ပြီး ဆေးဖက်ဝင် အစွမ်းထက်စေသည့် ဒြပ်ပေါင်းများစွာ များစွာ ပါဝင်ဖွဲ့စည်းထားသောကြောင့် မြန်မာတွင်သာမက ကမ္ဘာမှာပါ နာနတ်သီးသည် လူကြိုက်များသည့် စားသုံးသီးနှံစာရင်းဝင်ဖြစ်ပါသည်။

ကမ္ဘာပေါ် တွင် ဟာဝေယံကျွန်းစုသည် နာနတ်ပင်များကို အကြီးအကျယ်စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ပြီး ထိုဒေသမှတစ်ဆင့် ကမ္ဘာအနှံ့သို့တင်ပို့ရောင်းချကြပါသည်။

မြန်မာနိုင်ငံတွင်လည်း ရှမ်းပြည်နယ်ဘက်တွင် အများအပြား စိုက်ပျိုးထွက်ရှိပြီး မြန်မာတစ်နိုင်ငံလုံးကို စီးပွားဖြစ်တင်ပို့ရောင်းချပြီး ၎င်းနာနတ်သီးသည် အလုံးကြီး၍ အရသာချိုမွှေးလှပါသည်။

နာနတ်သီးသည် အပူပိုင်းဒေသပေါက်ပင်မျိုးဖြစ်ပြီး အင်္ဂလိပ် Pine Apple ဟုခေါ်ပြီး မျိုးရင်းBromelsaceae တွင် ပါဝင်၍ မျိုးစု Ananas နှင့် မျိုးစိတ် Sativa ဖြစ်ပါသည်။

အချို့က နာနတ်သီးကို အသီးဟု ထင်မှတ်ထားကြသော်လည်း အမှန်တကယ်မှာ နာနတ်သီးသည် အပင်ပုံသဏ္ဌာန်ထူးခြားသလို အသီးကလည်း သစ်သီးဟုသာ ခေါ်ဆိုနေကြပေမယ့် တကယ်တော့ နာနတ်သီးဟာ သစ်သီး မဟုတ်ပေ။ နာနတ်ပင်မှထွက်လာသည့် အညှာတံမှ အသားထူ၍ အသီးသဏ္ဌာန် ထွက်ပေါ်လာသည့်အညှာတံကြီးမျှသာ ဖြစ်ပါသည်ဟု ရုက္ခဗေဒပညာရှင်များက သတ်မှတ်ပေးကြပါသည်။



ထိုသို့ အသီးယောင်၊ အညှာယောင်ဖြစ်နေပါသော်လည်း လူအများကို စွဲဆောင်နိုင်သည့် အနံ့အရသာကို ပေးစွမ်းနိုင်ခဲ့သလို လူသားတို့၏ခန္ဓာကိုယ်ကျန်းမာရေးအတွက်လည်း လွန်စွာအရေးပါသည့် ဆေးဖက်ဝင် ဒြပ်ပေါင်းများကိုလည်း ပါဝင်ဖွဲ့စည်းထားသည့် လူသားအကျိုးပြုသီးနှံဖြစ်ပါတော့သည်။

ဆေးသိပ္ပံသုတေသနလေ့လာတွေ့ရှိချက်များအရ နာနတ်သီး (၁၀၀) ဂရမ်တွင် ပါဝင်ဖွဲ့စည်းထားသော ဆေးဖက်ဝင်သဘာဝဒြပ်ပေါင်းများမှာ -

| | |
|---|---|
| ရေဓာတ် | ၉၀ ရာနှုန်း |
| ကယ်လိုရီဓာတ် | ၃၅ ယူနစ် |
| ပရိုတင်းဓာတ် | ၀. ၆၃ ဂရမ် |
| ကာဗိုဟိုက်ဒြိတ် | ၇. ၄၂ ဂရမ် |
| သတ္တုဓာတ် | ၀. ၀၀၆ ဂရမ် |
| ကယ်လဆီယမ် | ၆. ၀ ဂရမ် |
| ဖော့စဖရပ်စ် | ၂၃. ၀ မီလီဂရမ် |
| သံဓာတ် | ၁. ၃ မီလီဂရမ် |
| ဗီတာမင်စီဓာတ် | ၄၀ ယူနစ် |

စသည့် ဒြပ်ပေါင်းများပါဝင်နေသည်ကို တွေ့ရပါသည်။

နာနတ်သီးတွင် ရေဓာတ် (၉၀) ရာနှုန်း ပါဝင်နေပြီး Vit C ဓာတ် (၄၀) ယူနစ်ပါဝင်နေခြင်းကြောင့် ပင်ပန်းနွမ်းနယ်နေသည့်အချိန် အပူရှိန်ကြောင့်ချွေးထွက်များပြီး ရေဓာတ်ခန်းခြောက်နေချိန်နှင့် နာလန်ထအားအင်နည်းပါး၍ ခံတွင်းပျက်နေသည့်အချိန်တွင် နာနတ်သီး၏အင်တီအောက်ဆီးဒင့်ဓာတ်အပြည့်အဝပါဝင်နေမှုကြောင့် လွန်စွာစားသုံးရန်သင့်တော်သည့်သီးနှံ ဖြစ်ပါသည်။

နေ့စဉ်နှင့်အမျှ တိုးတက်ခေတ်မီနေသည့် ဆေးသိပ္ပံသုတေသနများ၏ နောက်ဆုံးတွေ့ရှိချက်များအရ နာနတ်သီးတွင် ဗီတာမင် $B_1$ $B_6$ ကော့ပါးဓာတ်နှင့် မဂ္ဂနီးစ်ဓာတ်များပါဝင်ပြီး မဂ္ဂနီးစ်မှာ (၁၂၈) ရာခိုင်နှုန်းခန့်ဓာတ များပြားစွာ ပါဝင်နေတာကြောင့် အရိုးအဆစ်နှင့် အရွတ်ကြောတို့ကို အကျိုး



www.burmeseclassic.com

www.burmeseclassic.com

ပြုသန်စွမ်းကျန်းမာစေသည်။



ဒ့ါအပြင် ဘီတာကယ်ရိုတင်း (Beta Carotene) ကလည်း ပါဝင်မှုများတဲ့အတွက် အသက်ကြီးချိန်မှာအဖြစ်များတဲ့ မက်ကူလာယိုယွင်းပျက်စီးမှုကို တားကွယ်တွန်းလှန်ပေးနိုင်စွမ်းရှိပါသည်။

U.S.A ဆေးဘက်ဆိုင်ရာသုတေသနတွေ့ရှိချက်များအရ နာနတ်သီးတွင် အင်တီအောက်ဆီးဒင့်ဓာတ်တိုးဆန့်ကျင်သတ္တိအစွမ်း မြင့်မားပြီး အမျှင်ဓာတ်များစွာ ပါဝင်ဖွဲ့စည်းနေခြင်းကြောင့် ကိုလက်စထရောများကို သန့်စင်သန့်ရှင်းပေးရာတွင် အစွမ်းထက်ပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါတို့ကို ကာကွယ်ပေးနိုင်စွမ်းရှိပြီး အသည်းအဆီဖုံးခြင်းကိုလျှော့ချစေနိုင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာကိစ္စများကို စွမ်းအားဖြည့်ပေးပြီး သွေးရောဂါနှင့် အစာအိမ်ရောဂါတို့ကိုကာကွယ်မှုပေးခြင်း၊ အူမကြီးကင်ဆာကဲ့သို့သော ရောဂါကြီးများကိုတားဆီးပေးနိုင်သည်ဟု တွေ့ရှိရပါသည်။



အာဟာရဆိုင်ရာဆေးသိပ္ပံပါရဂူများ၏ လေ့လာတွေ့ရှိအရ နာနတ်သီးမှည့်တွင် ရောင်ရမ်းမှုလျှော့ချပေးနိုင်သည့် (Anti Tnflammatory) ဂုဏ်သတ္တိအာနိသင်များစွာ ပါဝင်နေခြင်းကြောင့် ခန္ဓာကိုယ်တွင် ရေဓာတ်စုဝေးမှုကို ကာကွယ်ပေးစေပြီး ခန္ဓာကိုယ်တွင်း ပျက်စီးယိုယွင်းနေသည့် ကော်လာဂျင်အမျှင်များကို ပြန်လည် အားဖြည့်ကောင်းမွန်စေနိုင်သည့်အတွက် အသားအရေးလှပမှုကို ထိန်းသိမ်းရာတွင် (Skin Care) ပြုလုပ်ရာတွင် အလွန်အသုံးဝင်သည့်ဆေးဖက်ဝင်သီးနှံဖြစ်ပါသည်။



နာနတ်သီးအရည်+ ပျားရည်ဆတူစပ်၍မျက်နှာနှင့်အသားအရေကို လိမ်းပေးစေခြင်းဖြင့် ဆားဝက်ခြံဆိုသောအသားအရေပျက်စီးသည့်ရန်မှ ကာကွယ်ပေးပြီး အသားအရေကို စိုပြေဝင်းပစေပါသည်။

ဩစတြေးလျ သိပ္ပံပညာသုတေသီများ ရှာဖွေတွေ့ရှိချက်အရ နာနတ်သီးတွင် ပါဝင်နေသော CCZ မော်လီကျူးသည် ကိုယ်ခန္ဓာခုခံမှုစနစ်ကို မြှင့်တင်ပေးနိုင်ပြီး အခြားကင်ဆာရောဂါဖြစ်ပွားမှု (၃၀)ရာခိုင်နှုန်းတွင်ပါဝင်နေသော ပရိုတင်းကို ပိတ်ဆို့ဟန့်တားပြီး ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ မျိုးဥပြွန်ကင်ဆာနှင့် အရေပြားကင်ဆာများကို တားဆီးပိတ်ဆို့နိုင်သည်ဟု သိရပါသည်။

နာနတ်သီးတွင်အစွမ်းထက်သော နောက်ဖြည့်ပေါင်းတစ်မျိုးမှာ ဘရိုမဲလိန်းခေါ်သည့် အင်ဇိုင်းဓာတ်တစ်မျိုးလည်း ပေါများစွာပါဝင်နေပေရာ ယင်းအင်ဇိုင်းဓာတ်သည် ခန္ဓာကိုယ်မှတုံ့ပြန်မှုကြောင့် ဖြစ်ပေါ်လာသောရောင်ရမ်းမှုကိုလျှော့ချပေးစေနိုင်သည့် (Anti Tnflammatory) သတ္တိကြောင့် အဆစ်ရောင်လေးဖက်နာရောဂါများ၊ ကြွက်သားနှင့် အရွတ်ကြောများ ရောင်ရမ်းကိုက်ခဲနာကျင်မှုကို ပျောက်ကင်းစေနိုင်ပါသည်။

၎င်းရောဂါရပ်များအတွက် နာနတ်သီးကို ဝက်နံရိုး၊ အမဲနံရိုး၊ ဆိတ်နံရိုးစသည်တို့နှင့်တွဲဖက်၍ချက်စားပေးလျှင် ချဉ်ဆီဓာတ်နှင့် ဘရိုမလဲလိန်းသတ္တိတို့ကြောင့် သက်သာ ပျောက်ကင်းစေပါသည်။

တစ်ဖန် ဆီးနှင့် ကျောက်ကပ်လမ်းကြောင်းရောဂါရပ်များတွင် နာနတ်သီးကို ငါးကြင်းခေါင်းသားနှင့်ချက်စားပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

**၁ ဝက်နံရိုး နာနတ်သီးအုပ်ချက်ဟင်း စီမံချက်ပြုတ်နည်း**

ဝက်နံရိုးကို အနေတော်အရွယ်တုံးတစ် သန့်စင် ရေဆေးပြီး ဆား နနွင်းမှုန့်၊ ငံပြာရည်အချို၊ ဗီနီကာစားပွဲဇွန်း (၁) ဇွန်းထည့်၍ သေချာစွာနယ်၍ နာရီဝက်ခန့်နှပ်ထားပါ။

နာနတ်သီးမှည့်အနေတော်(၁)လုံးကို အခွံသင်ပြီး အသားတစ်ခြမ်းကို သစ်သီးကြိတ်စက်နှင့်ကြိတ်ထားပြီး ကျန်တစ်ပိုင်းကို အနေတော်အစိပ်လေးများစိပ်ထားပါ။

ငရုတ်သီး၊ ကြက်သွန်ဖြူ၊ နီ၊ ချင်း စပါးလင်တို့ကို ဟင်းတစ်အိုးစာညက်အောင်ထောင်းပြီး ပဲဆီသန့်ဖြင့်ဆီသတ်ပါ။





ကြက်သွန်ဖြူ၊ နီများလိမ့်၍လာပြီဆိုလျှင် ယခင်နှပ်ထားသောဝက်နံရိုးများကိုထည့်၍ မွှေပေးပြီး လုံးရည်ခန်းလာပြီဆိုလျှင် နာနတ်သီးကြိတ်ထားသည်တို့ကိုထည့်၍မွှေပေးပြီး (၅) မိနစ်ခန့်ကြာလျှင် ကျန်နာနတ်သီးစိတ်များကိုပါတစ်ခါတည်းထည့်၍မွှေပါ။



နာနတ်သီးထဲမှအရည်များထွက်လာပြီး ဝက်နံရိုးကို နူးနပ်အောင်ဆက်၍ မီးအေးအေးနှင့် နှပ်ချက်ပေးပါ။ အကယ်၍ နာနတ်သီးအရည်များခန်းသွား၍ ဝက်နံရိုးအနူးလိုသေးလျှင် ရေနွေးဆူဆူအနည်းငယ်ခန့်ထည့်ပေးပြီး (၁၀) မိနစ်ခန့်ထပ်၍ ဟင်းအိုးကိုမီးဆက်ပေးလိုက်လျှင် တောင်းစွာနူးနပ်မွှေးကြိုင်နေသော ဆေးဖက်ဝင်စားဖွယ်ရာဟင်းလျာတစ်ခွက်ကို အဆင်သင့်စားသုံးနိုင်ပါပြီ။

*သတ္တဝါအများ*
*စားသမျှအားဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနဝင်း(ကိုသိမ်)




www.burmeseclassic.com

www.burmeseclassic.com

# တားရော့ ဖြန့်ခင်းပုံနည်းစနစ်

ဆရာကြီး




**7.Seeking self Knowledge ကိုယ်ပိုင်ဗဟုသုတရှာဖွေခြင်း။**

ဤအခန်းတွင်အောက်ပါကိစ္စရပ်များပါဝင်သည်။

- All about me ကျွန်ုပ်နှင့်ပတ်သက်သမျှ (အားလုံး)
- what is My Destiny ကျွန်ုပ်ကံကြမ္မာကဘယ်လိုလဲ။
- အကြောက်တရားများနှင့် ရင်ဆိုင်ကြုံတွေ့ခြင်း။
- အမှုအကျင့်ကောင်းများ။
- ကာလ(၃)ပါးအတွက် ဖြန့်ခင်းဟောကြားခြင်း။

**All about me ကျွန်ုပ်နှင့်ပတ်သက်သမျှ**




၁။ ကျွန်ုပ်၏ လိုချင်တောင့်တချက်များကို ဘယ်လိုဖြည့်ဆည်းပေးရမလဲ။
၂။ ကျွန်ုပ်အပေါ် မိခင်ဖြစ်သူမှ ယခုထိ ဩဇာသက်ရောက်မှုကဘာလဲ။
၃။ ကျွန်ုပ်အပေါ် ဖခင်ဖြစ်သူမှ ယခုထိ ဩဇာသက်ရောက်မှုကဘာလဲ။
၄။ ကျွန်ုပ်ကိုယ်ကို ဝေဖန်ဆန်းစစ်ရမည်လား။
၅။ ကျွန်ုပ်အပြုမူတွေကဘယ်လိုလဲ။
၆။ ဆက်ဆံရေးနှင့်ပတ်သက်၍ ကျွန်ုပ်ရွေးချယ်မှုကကောင်းပါသလား။
၇။ အောင်မြင်မှုအတွက် လုံလောက်သောမိမိကိုယ်ကို ယုံကြည်မှုရှိပြီလား။
၈။ ငွေရေးကြေးရေးနှင့် ပတ်သက်၍ ကျွန်ုပ်၏အပြုအမူတွေကဘာလဲ။
၉။ ဘယ်လိုနည်းလမ်းတွေက ဓားစာခံဖြစ်သလို ခံစားရမှာလဲ။
၁၀။ ကျွန်ုပ်ဘဝကို ဘယ်လိုနည်းလမ်းနဲ့ အပြောင်းအလဲလုပ်နိုင်မလဲ။

**Kerryအတွက် ပုဂ္ဂိုလ်ရေးပတ်သက်သမျှ**

ခြင်းမရှိပေ။ Kerry တွင် မိသားစုဝင် (ကလေး) (၁၀) ဦးရှိပြီး မိခင်မှ သူမအပေါ် ချစ်ခင်လက်ခံစေလိုပါသည်။ မိခင်ဖြစ်သူမှ သူမအပေါ်ထောက်ပံ့မှုပေးစေလိုသည်။ ကိုယ်ပိုင်ဉာဏ်နည်းပါး

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ငါးမြှောင့်ကြယ် (၈) ခုကားချပ် |
| ဒုတိယကားချပ် | ဓား(၉)လက်ကားချပ် (ပြောင်းပြန်) |
| တတိယကားချပ် | ဧကရီကားချပ် |
| စတုတ္ထကားချပ် | ဓား (၁၀) လက်ကားချပ် (ပြောင်းပြန်) |
| ပဉ္စမကားချပ် | ဖလား (၁၀)လုံးကားချပ်၏ |
| ဆဋ္ဌမကားချပ် | စောင့်ထိန်းခြင်း (သီလ) ကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ဖလား (၃) လုံးကားချပ် |
| အဋ္ဌမကားချပ် | ဖလား (၂) လုံးကားချပ် |
| နဝမကားချပ် | စီရင်ချက်ကားချပ်(ပြောင်းပြန်) |
| ဒသမကားချပ် | ဓား (၅) လက်ကားချပ် |

**ဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ကျွန်ုပ်၏လိုချင်တောင့်တချက်များကို ဘယ်လိုဖြည့်ဆည်းပေးရမလဲ။

**အဖြေ**

Eight of Pentacles-Kerryသည် ဆရာတစ်ဦးဖြစ်ပြီး ပုဂ္ဂလိကလိုအပ်ချက်များစွာရှိနေပါသည်။ ရုံးအလုပ်လုပ်ရုံတင်မကဘဲ တွဲဖက်(အလုပ်သင်)ဆရာတစ်ဦးအဖြစ်ပါလုပ်နေခြင်းကြောင့် သူမအတွက် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ပါမည်။

**မေးခွန်း(၂)**

ကျွန်ုပ်အပေါ် မိခင်ဖြစ်သူမှ ယခုအထိ ဩဇာသက်ရောက်မှုကဘာလဲ။

**အဖြေ**

Nine of Swords ပြောင်းပြန် - Kerry သည် သူမနှင့်ပတ်သက်သောပြဿနာတိုင်းကို မိခင်နှင့်တိုင်ပင်တတ်ခြင်းကြောင့်လည်း မိခင်ဖြစ်သူ ယခုတိုင်ဩဇာသက်ရောက်ပေးနေရခြင်း ဖြစ်သည်။

**မေးခွန်း(၃)**

ကျွန်ုပ်အပေါ် ဖခင်ဖြစ်သူမှ ယခုတိုင်ဩဇာသက်ရောက်မှုကဘာလဲ။

**အဖြေ**

The Empress - Kerry၏ဖခင်ဖြစ်သူ နူးညံ့သိမ်မွေ့သူဖြစ်သည်။ ဖခင်အပေါ် ချစ်သော်လည်း လေးစားခြင်းမရှိပေ။ ဖခင်ဖြစ်သူက နူးညံ့သိမ်မွေ့သော်လည်း မိခင်(ဧကရီကားချပ်)ကမိသားစုအပေါ် ထိန်းချုပ်ပေးထားသည်။ ကလေး(သားသမီး)များအနေဖြင့် အိမ်၏အရှင်သခင်က မည်သူဖြစ်သည်ကို တွေးဆရခက်နေခဲ့သည်။ အငယ်ဆုံးဖြစ်သူ Kerry အတွက် ဖခင်မည်သူဖြစ်သည်ကိုတွေးဆရခက်နေခဲ့သည်။ အငယ်ဆုံးဖြစ်သူ Kerry အတွက် ဖခင်မှအကာအကွယ်မပေးနိုင်ခဲ့ပေ။ ထို့ကြောင့် Kerry က

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားများနှင့် ပြဿနာစဖြစ်ခဲ့ရသည်။

**မေးခွန်း (၄)**

ကျွန်ုပ်ကိုယ်ကို ဆန်းစစ်ဝေဖန်ရမည်လား။

**အဖြေ**

Ten of Sword ပြောင်းပြန် - Kerry က အပြောင်းအလဲများဖြစ်လိုသည်။ ကြမ်းတမ်းခက်ထန်သော သူမဘဝပြဿနာများ ဝန်ထုပ်ဝန်ပိုးများကို အတွေးအခေါ် ပြောင်းလဲ၍ တစ်နည်းတစ်ဖုံ ဖြေရှင်းလိုသည်။

**မေးခွန်း (၅)**

ကျွန်ုပ်အပြုအမူတွေက ဘယ်လိုလဲ။

**အဖြေ**

Ten of cups - Kerry အဖို့ စိတ်ခံစားမှုအမြင့်ဆုံးအခြေအနေသို့ရောက်ရှိနေပါသည်။ ဤကားချပ်ဖော်ပြချက်အရ ကံကောင်းခြင်းများကရှေ့တွင် ဆီးကြိုနေပါမည်။ ကောင်းသောအနေအထားအတိုင်းရောက်ရှိရန် မကောင်းသောအပြုအမူများကို ပြောင်းလဲပစ်ရပါမည်။

**မေးခွန်း (၆)**

ဆက်ဆံရေးနှင့် ပတ်သက်၍ ရွေးချယ်မှုကဘာလဲ။

**အဖြေ**

Temperance ပြောင်းပြန် - ဆက်ဆံရေးနှင့်ပတ်သက်၍ ရွေးချယ်မှုကမကောင်းပါ။ သူမနှင့် အဖော်ဖြစ်သူတို့ အကြားဆက်ဆံရေးမမျှတခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာညစ်နွမ်းမှုများကို ကြုံတွေ့ရပါသည်။ ယင်းမှာ သူမ၏မကောင်းသောအပြုအမူဟောင်းများကြောင့်ပင်ဖြစ်သည်။ မိမိလက်တွဲဖော်အသစ်နှင့် မဆုံတွေ့ မပတ်သက်မီစိတ်တည်ငြိမ်စွာထားတတ်ရန်လိုပါသည်။

**မေးခွန်း (၇)**

အောင်မြင်မှုအတွက် လုံလောက်သောယုံကြည်မှုရှိပြီလား။

**အဖြေ**

Three of Cups - Kerry အတွက် ငွေကြေးကျပ်တည်းမှုရှိပါသည်။ နွေရာသီကာလအတွင်း သူမအချိန်ပိုအလုပ်လုပ်လိုပါသည်။ သူမအား ငွေကြေးအထောက်အပံ့ပေးနိုင်မည်။ လက်တွဲဖော်ကိုသာ အလိုရှိပါသည်။ သို့သော်လည်း ယင်းမှာ သူမအောင်မြင်မှုအတွက် ကောင်းသော အကြောင်းအရင်းအစစ်အမှန်မဟုတ်သည်ကို သဘောပေါက်ပါသည်။

**မေးခွန်း (၈)**

ငွေကြေးနှင့်ပတ်သက်၍ ကျွန်ုပ်အပြုအမူတွေက ဘာလဲ။

**အဖြေ**

Two of Cups - ဆက်ဆံရေး၊ ငွေကြေးအောင်မြင်မှုအားလုံး ကောင်းမွန်သောအခြေအနေရှိပါသည်။

**မေးခွန်း (၉)**

ဘယ်လိုနည်းလမ်းတွေက ဓားစာခံဖြစ်သလို ခံစားရပါသလဲ။

**အဖြေ**

Judgement ပြောင်းပြန် - သူမဘဝအား မည်သည့်အခန်းကဏ္ဍမှစတင်လှုပ်ရှားရမည်ကို သဘောပေါက်နားလည်ပြီးနောက် အတိတ်က ဓားစာခံအဖြစ်ခံခဲ့ရသည်များကို စတင်ခေါ်ထုတ်နိုင်မည်ဖြစ်သည်။ သူမ၏ကိုယ်ပိုင်သဘောသဘာဝကို ကျေနပ်အောင်နားလည်နိုင်ဖို့သာ အဓိကလိုအပ်သည်။

**မေးခွန်း (၁၀)**

ကျွန်ုပ်ဘဝကို ဘယ်လိုနည်းလမ်းနဲ့အပြောင်းအလဲလုပ်နိုင်မလဲ။

**အဖြေ**

Five of Swords - Kerry က သူမလိုအပ်ချက်များအတွက် တစ်ဖက်သားအပေါ် တိုက်ခိုက်ရန်မလိုကြောင်း မိမိကိုယ်မိမိ ယုံကြည်မှုရှိရန်သာလိုအပ်ကြောင်း။ သို့မှသာ ဘဝအထွက်ကောင်းသောအပြောင်းအလဲများလုပ်နိုင်မည်ဖြစ်ကြောင်း ဤကားချပ်က ဖော်ပြသည်။

**Comments (ထင်မြင်ယူဆချက်များ)**

အတိတ်ကမကောင်းသည့်အရာအမူအကျင့်မှန်သမျှ ခွင့်လွှတ်၍ လက်ရှိကာလ၌ အပျော်ရွှင်ဆုံး အကောင်းဆုံးဖြစ်ရန်သာ အာရုံစိုက်ထားဖို့ လိုအပ်ပါသည်။

**Gail အတွက် ပုဂ္ဂိုလ်ရေးပတ်သက်သမျှ**

**ဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ကျွန်ုပ်လိုလားတောင့်တချက်များ ဘယ်လိုဖြည့်ဆည်းပေးရမလဲ။

**အဖြေ**

Three of Wands ပြောင်းပြန် - Gailက မိမိအား ဖိနှိပ်ချုပ်ချယ်ခံထားရသလို ခံစားနေရသည်။ မိမိအလိုမကျမှုအပေါ် မိမိပြန်လည်မေးမြန်းနေရသည်။

**မေးခွန်း (၂)**

ကျွန်ုပ်အပေါ် မိခင်ဖြစ်သူမှ ယခုအထိ ဩဇာသက်ရောက်မှုကဘာလဲ။

**အဖြေ**

The Deril - Gail က မိခင်ဖြစ်သူ၏ ဖိနှိပ်ချုပ်ချယ်ခြင်းခံစားခဲ့ရသည်။ မိခင်ဖြစ်သူက ရုပ်ပိုင်းဆိုင်ရာ (ရုပ်ဝတ္ထုပစ္စည်းအပေါ်) ဦးစားပေး အာရုံစိုက်သူဖြစ်သည်။ မိခင်က သူမအတွက် ငွေကြေးအကုန်အကျ များစွာသုံးပေးခြင်းထက် သူမရင်တွင်းစကား (စိတ်ခံစားမှုများ)အပေါ် နားထောင်၍ ပြန်လည်တုံ့ပြန်ပေးစေလိုသည်။ မိခင်ဖြစ်သူအနေ

**Gail အတွက် ပုဂ္ဂိုလ်ရေးပတ်သက်သမျှ**

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | တောင်ဝှေး (၃) ချောင်းကားချပ်(ပြောင်းပြန်) |
| ဒုတိယကားချပ် | မိစ္ဆာကားချပ် |
| တတိယကားချပ် | ဖလား (၆) လုံးကားချပ် |
| စတုတ္ထကားချပ် | ငါးမြှောင့်ကြယ် (၁၃) ကားချပ် (ပြောင်းပြန်)၊ |
| ပဉ္စမကားချပ် | ချစ်သူများကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ဖလား (၄) လုံးကားချပ် |
| သတ္တမကားချပ် | ဓား (၇) လက်ကားချပ် (ပြောင်းပြန်) |
| အဋ္ဌမကားချပ် | ငါးမြှောင့်ကြယ် (၆) ခုကားချပ် (ပြောင်းပြန်) |
| နဝမကားချပ် | ရသေ့ကားချပ် |
| ဒသမကားချပ် | ဓား (၆) လက်ကားချပ် (ပြောင်းပြန်) |

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သူမအပေါ် ကလေးတစ်ယောက်ကဲ့သို့ လိုအပ်သလို ဖြည့်ဆည်းပေးရုံမျှဖြင့် သူမခံစားချက်များ အလိုပြည့်မည်မဟုတ်ပါ။

**မေးခွန်း (၃)**

ဖခင်ဖြစ်သူမှ ယနေ့တိုင် ဩဇာသက်ရောက်မှုကဘာလဲ။

**အဖြေ**

Six of Cups - Gail ငယ်ရွယ်စဉ်ကာလကတည်းကပင် မိဘနှစ်ပါးကွာရှင်းပြတ်စဲခဲ့ကြသည်။ သူမအနေဖြင့် ဖခင်မေတ္တာကို ငံ့လင့်ခဲ့သည်။ သူမ၏ ဖခင်အပေါ် ခွင့်လွှတ်စိတ်ဝင်လာရန် အတိတ်မုန်းကြည်းမှုများကို ဖြေဖျောက်ပစ်နိုင်ရပါမည်။ သူမကိုယ်တိုင် အမှန်ကန်ဆုံး ရွေးချယ်နိုင်ရပါမည်။

**မေးခွန်း (၄)**

ကျွန်ုပ်ကိုယ်ကိုယ်ဆန်းစစ်ဝေဖန်ရမည်လား။

**အဖြေ**

Ace of Pentacles ပြောင်းပြန် - ဘဝတစ်လျှောက်လုံး ခါးသီးသောအတွေ့အကြုံများဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ၎င်းတို့ကို အာရုံတွင်မေ့ဖျောက်ပစ်လျက် အလုပ်သစ်တစ်ခုလုပ်ကာ ဝင်ငွေရအောင်ရှာရပါမည်။ သို့သော်လည်း စိတ်ကျေနပ်မှုရှိသည့်အထိ လုံလောက်သောအခြေအနေမရောက်နိုင်သေးပါ။

**မေးခွန်း (၅)**

ကျွန်ုပ်အပြုမူတွေကဘာတွေလဲ။

**အဖြေ**

Lovers ပြောင်းပြန် - Gail၏မသိစိတ်က အိမ်ထောင်သားမွေးကိစ္စကို ငြင်းပယ်ထားခြင်းကြောင့် သူမအနေဖြင့် ချစ်သူ ကြင်သူအသစ် ထပ်မံမရှာလိုတော့ပေ။ သူမရည်ရွယ်ချက်ပြီးပြည့်စုံစွာအောင်မြင်နိုင်ရန် အမျိုးသားမိတ်ဆွေအဆင့်မှအပ ချစ်သူအဆင့်အထိ ဖြစ်လာနိုင်မည်မဟုတ်ပေ။

**မေးခွန်း (၆)**

ဆက်ဆံရေးနှင့် ပတ်သက်၍ရွေးချယ်မှုကဘာလဲ။

**အဖြေ**

Four of Cups - Gail အနေဖြင့် လက်ရှိကာလ သူမအပေါ်မကောင်းသော ကမ်းလှမ်းချက်၊မျှော်လင့်ချက်များအပေါ် အာရုံမစိုက်ဘဲ အတိတ်ကဖြစ်ရပ်များကိုသာ ခေါင်းထဲထည့်ထားပါသည်။ အတိတ်ကမကောင်းသောလက်တွဲဖော်ကြောင့် စိတ်ဒုက္ခရောက်ခဲ့ရခြင်းကြောင့် လက်ရှိကာလ၌ အလားတူ ထပ်မံမကြုံတွေ့စေရန် အလွယ်တကူ မယုံကြည်ရဲတော့ပါ။ သူမတွေးထားသလို ပြောင်းလဲမည်ဆိုပါက သူမ၏ လက်ရှိဆက်ဆံရေးပုံစံကို လုံးဝပြောင်းလဲပစ်ရန် လိုအပ်ပါသည်။

**မေးခွန်း (၇)**

အောင်မြင်မှုအတွက် လုံလောက်သောယုံကြည်မှုရှိပြီလား။

**အဖြေ**

Seven of Swords ပြောင်းပြန် - Gail က မိမိကိုယ်မိမိယုံကြည်မှုအားနည်းပြီး ရုပ်ဝတ္ထုပစ္စည်းများအပေါ်၌သာ အာရုံစိုက်လွန်းနေပါသည်။ တစ်ခါတစ်ရံ သူမအား လှည့်စားခံထားရသလို ခံစားရသည်။ အများကြောင့် သူမပြဿနာဖြစ်ရတတ်သည်ဟု ယုံကြည်သည်။ အဓိကအားဖြင့် မိမိကိစ္စမိမိသာ တာဝန်ယူဖြေရှင်းသင့်သည်။

**မေးခွန်း (၈)**

ငွေကြေးနှင့်ပတ်သက်၍ ကျွန်ုပ်အပြုအမူတွေက ဘာလဲ။

**အဖြေ**

Six of Pentacles ပြောင်းပြန် - ငွေကြေးနှင့်ပတ်သက်၍ရွေးချယ်စရာမရှိသောအခြေအနေဖြစ်သည်။ တစ်ပါးသူများမှ သူမငွေကြေးများအပေါ် ထိန်းချုပ်ထားသည်ဟု ယုံကြည်နေသည်။ သူမပိုင်ငွေများဖြင့် အစုရှယ်ယာထည့်ဝင်၍ စီးပွားလုပ်လိုစိတ်မရှိပါ။

**မေးခွန်း (၉)**

ဘယ်လိုနည်းလမ်းတွေကအေးစာခံလို (စိတ်ဒုက္ခခံရသလို) ဖြစ်ပါသလဲ။

**အဖြေ**

The Hermit - Gail တစ်ကိုယ်တည်းအထီးကျန်ဆန်ပြီး မချစ်တတ်သလိုမျိုးခံစားနေရသည်။ သူမစိတ်အတွင်း လိုအပ်သလို ပြုပြင်အဖြေရှာရန် ဆရာကောင်းသမားကောင်းတစ်ယောက်ရှာရပါမည်။ Hermit သည် ကန်ရာသီဖွားကို ကိုယ်စားပြုသည်။ Gail ဖခင်ဖြစ်သူကလည်း ကန်ရာသီဖွားဖြစ်သည့်အလျောက် စေ့စပ်လွန်းသူ ဖြစ်သည်။ Gail အနေဖြင့် ဆက်ဆံရေးမပြေပြစ်နိုင်သည့်အနေအထားဖြစ်သည်။

**မေးခွန်း (၁၀)**

ကျွန်ုပ်ဘဝကို ဘယ်လိုနည်းနဲ့အပြောင်းအလဲလုပ်နိုင်မလဲ။


**အဖြေ**

Six of Swords ပြောင်းပြန် - Gail ကသူမဘဝအပြောင်းအလဲအတွက် ရွေးချယ်စရာမရှိဟု ထင်မြင်ယူဆထားသည်။ စင်စစ် သူမယုံကြည်ချက်များကို ပြောင်းလဲခြင်းဖြင့် သူမဘဝကို ပြောင်းလဲပစ်နိုင်ပါမည်။ ထိုသို့လုပ်နိုင်ရန်အတွက်စိတ်တည်ငြိမ် လေးနက်မှုရှိရန်သာ အဓိကလိုအပ်ပါသည်။

**Comments (ထင်မြင်ယူဆချက်)**

ဖြန့်ခင်းထားသော ကားချပ်များအနက် ကားချပ် (၆) ချပ်က သူမ၏ဘဝပျော်ရွှင်မှုကို ကိုယ်စားပြုနေပါသည်။ အတိတ်ပုံရိပ်ကားချပ်များကို မေ့ဖျောက်လျက် မိမိကိုယ်မိမိ တာဝန်လူစွာဖြင့် အနာဂတ်ကာလ ပိုမိုကောင်းမွန်အောင် စွမ်းဆောင်သွားနိုင်ပါသည်။

**What is My Destiny (ကျွန်ုပ်ကံကြမ္မာ ဘယ်လိုလဲ)**




၁။ ကျွန်ုပ်ဘဝမကြာခင်ပြောင်းလဲနိုင်မည်လား။
၂။ အနာဂတ်မှာ ဆက်ဆံရေးပုံစံများရှိနေမလား။
၃။ ချစ်သူဟောင်းနှင့် ပြန်လည်ဆုံတွေ့အခွင့်အရေးရှိနေမလား။
၄။ ငွေကြေးဝင်ရောက်လာနိုင်ခြင်း(သို့)အမွေရခြင်းရှိမည်လား။
၅။ အနာဂတ်မှာ ခရီးထွက်ရကိန်းရှိမည်လား။
၆။ ကျွန်ုပ်၏ ကံကြမ္မာအခြေအနေကို တွက်ဆမိနိုင်ပါသလား။
၇။ ပျော်ရွှင်မှု တာရှည်သောဘဝကို ရပါမည်လား။
၈။ နောက်တစ်ကြိမ် အိမ်ထောင်ပြုရကိန်းရှိမည်လား။

www.burmeseclassic.com

www.burmeseclassic.com

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | မင်းလုလင်ငါးမြောင့်ကြယ်ကားချပ် |
| ဒုတိယကားချပ် | ဓား(၇)လက်ကားချပ်(ပြောင်းပြန်) |
| တတိယကားချပ် | မိစ္ဆာကားချပ်(ပြောင်းပြန်) |
| စတုတ္ထကားချပ် | ရှုဝံကြယ်ကားချပ် (ပြောင်းပြန်) |
| ပဥ္စမကားချပ် | လမင်းစန္ဒာကားချပ် (ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ဇောက်ထိုးဆွဲခံထားရသူကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ဘုရင့်ဖလားကားချပ် |
| အဋ္ဌမကားချပ် | တောင်ဝှေးလေးချောင်းကားချပ် |

## Eric အတွက် ဘဝကံကြမ္မာ ဖတ်ကြားခြင်း

**မေးခွန်း(၁)**

ကျွန်ုပ်ဘဝမကြာခင်ပြောင်းလဲနိုင်မည်လား။

**အဖြေ**

Page of Pentacles - ဤကားချပ်သည် ပညာရည်တိုးတက်မှုရှိခြင်းကို ရည်ညွှန်းနေပါသည်။ Eric အသက်အရွယ်က (၁၅) နှစ်သာရှိသေးသော်လည်း ပညာထူးချွန်စွာကြိုးစားလျက် သိပ္ပံဘာသာရပ်၊ သင်္ချာဘာသာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် စိတ်ပိုင်းဖြတ်ထားသူ ဖြစ်သည်။ ဤကားချပ်ဖတ်ကြားချိန်၌ Erie နှင့် မိဘများက ကယ်လီဖိုးနီးယားမြောက်ပိုင်းသို့ အပျော်ခရီးထွက်နေကြသည်။ ထိုအခြေအနေကပင် Erie ဘဝအခြေအနေ တစ်ဆစ်ချိုးအဖြစ် ပြောင်းလဲသွားနိုင်ပါသည်။

**မေးခွန်း(၂)**

အနာဂတ်မှာဆက်ဆံရေးပုံစံသစ်ရှိနေမလား။

**အဖြေ**

Seven of swords ပြောင်းပြန် - လတ်တလောကာလ Erie ၏ဆန္ဒသည် ခရီးထွက်ခြင်း၌ မိဘများနှင့်အတူမသွားလိုကြောင်း၊ သူငယ်ချင်းများကို မထားခဲ့လိုကြောင်း ဤကားချပ်ကဖော်ပြသည်။ သူငယ်ချင်းအပေါင်းအဖော်ဆက်ဆံရေးအပိုင်း၌ မရင့်ကျက်သေးသော်လည်း Erie က မိမိကျောင်းသင်ခန်းစာအပိုင်း၌ တာဝန်ကျေရုံမက ထူးချွန်အောင် ကြိုးစားနိုင်ခဲ့သည်။

**မေးခွန်း(၃)**

ချစ်သူဟောင်းနှင့်ပြန်လည်တွေ့ဆုံဖို့အခွင့်အရေးရှိနေမလား။

**အဖြေ**

The Devil ပြောင်းပြန် - Erie အတွက် လတ်တလောအခြေအနေ၌ အချစ်ဟောင်း၊ အချစ်သစ်ဟူ၍မရှိသေးပါ။ သို့သော်လည်း ရုပ်ဝတ္ထုပိုင်ဆိုင်လိုခြင်းအတွက် လောဘနှင့် တစ်ကိုယ်ကောင်းဆန်မှုများလျော့ကျလာသောအချိန်ပင် ဖြစ်သည်။ မိမိနှင့်ဆိုင်သောတာဝန်များကို စတင် လက်ခံပြီး ဘ၀၏ အဓိပ္ပာယ်အစစ်အမှန်ကိုစတင်ရင်ဆိုင်ရတော့မည့်အချိန်ကာလဖြစ်သည်။ ပုံမှန်စားနေကျ အစားအစာပြောင်းလဲပေးရုံဖြင့် သူ၏ကျန်းမာရေး ယခင်ထက်ပိုမိုကောင်းမွန် တိုးတက်လာပါမည်။

**မေးခွန်း(၄)**

ငွေကြေးဝင်ရောက်လာခြင်း၊ အမွေရနိုင်ခြင်းရှိမည်လား။

**အဖြေ**

The Star ပြောင်းပြန် - ပိုမိုအဓိပ္ပာယ်ပြည့်ဝကို ဘဝ၏ အနှစ်သာရကို ခံစားရန် လက်ရှိမကောင်းသော အမူအကျင့်များကို ပြောင်းလဲပစ်ရပါမည်။ Erie က Virgo (ကန်ရာသီဖွား) ဖြစ်ပြီး လိုချင်ရာကို ရအောင်ယူတတ်သည့် သဘောကို ကိုယ်စားပြုသည်။

**မေးခွန်း(၅)**

အနာဂတ်မှာ ခရီးထွက်ရကိန်းရှိမည်လား။

**အဖြေ**

The Moon ပြောင်းပြန် - Eier က ယခုခရီးထွက်နေပါသည်။ သူ၏မိခင်ဖြစ်သူက ဆရာမတစ်ဦးဖြစ်ပြီး သူ၏ ပညာရေးခရီးဆုံးခန်းတိုင်အောင် အစီအစဉ်ဆွဲထားပြီးဖြစ်သည်။ ပညာရေးအတွက် ခရီးထွက်ခြင်းအားဖြင့် Erie အတွက် စိတ်ဖိစီးမှုဖြစ်စေပါသည်။

**မေးခွန်း(၆)**

ကျွန်ုပ် ကံကြမ္မာအခြေအနေကို တွက်ဆမိနိုင်ပါသလား။

**အဖြေ**

The Hanged Man ပြောင်းပြန် - မိမိကိုယ်မိမိ ယုံကြည်ခြင်း၊ မိမိအစွမ်းအစဘယ်မှာ ဘယ်မျှရှိသည်ကို သတိမမူမိခြင်းတို့အား ဤကားချပ်က ဖော်ပြသည်။ Erie က ခေါင်းမာသူဖြစ်ပြီး ရုပ်လောကအပေါ်၌သာ စိတ်အာရုံဝင်စားသူ ဖြစ်သည်။ အကြောင်းအရာကိစ္စတစ်ခုအား အလွယ်တကူဖြင့် လက်မခံတတ်သူဖြစ်သည်။ အသက်အရွယ်၊ အသိဉာဏ်ရင့်ကျက်လာသည့်အချိန်မှသာ သူ့ဘဝကံကြမ္မာအနေအထားကို စတင်ရိပ်စားမိလာပါမည်။

**မေးခွန်း (၇)**

ပျော်ရွှင်မှု တာရှည်သောဘဝကို ရပါမည်လား။

**အဖြေ**

King of Cups ဤကားချပ်သည် အသက်ရှည်စွာ ရပ်တည်ရှင်သန်နေသော သက်ကြီးရွယ်အိုပုဂ္ဂိုလ်အားကိုယ်စားပြုသည်။ Erie အဖို့ အသက်ရွယ်ကြီးရင့်လာပါက သူ၏ဘဝတစ်သက်တာ စိတ်ချလုံခြုံရေးအတွက် မိမိကိုယ်မိမိကိုင်တွယ်တတ်လာပါမည်။ အရာရာကို ယခင်ကထက် အလေးထားသတိမူမိလာပါမည်။

**မေးခွန်း(၈)**

နောက်တစ်ကြိမ် အိမ်ထောင်ပြုရကိန်းရှိမည်လား။

**အဖြေ**

Four of wands - Eric အနေဖြင့် အိမ်ထောင်ကျခဲ့ပါက အိမ်ထောင်မြဲမည်ဟု ယုံကြည်ရပါသည်။ မိမိ၏ဆုံးဖြတ်ချက်နှင့် ရွေးချယ်မှု မှန်ကန်ပါက အနောက်တစ်ကြိမ် အိမ်ထောင်ပြုရန် မလိုအပ်ပေ။

**Comments (ထင်မြင်ယူဆချက်များ)**


ပြောင်းပြန် ကားချပ်အားလုံးက Eric စိတ်ပါလက်ပါမရှိခြင်းကို ပြသည်။ အသက် (၁၄)၊ (၁၅)အရွယ်ပင်ဖြစ်သော်လည်း အတွေးအခေါ်နှင့် ယုံကြည်မှုများ မှန်ကန်ပါက မှန်ကန်သောဘဝကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## သာရေး နာရေးတွေမှာ သတိထားဖွယ်ရာ

၆-၆-၂၀၁၆ထုတ် မြန်မာ့အလင်း သတင်းစာမှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ရွာဗိုကြီးအုပ်စု လှည်းသွင်းကျေးရွာမှာ ဖြစ်ပျက်ခဲ့တဲ့ စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်ပါပါတယ်။

အဲဒါက ဇွန်လ ၂ ရက်နေ့မှာ လှည်းသွင်းကျေးရွာမှာ မင်္ဂလာအခမ်းအနားတစ်ခု ပြုလုပ်ပါတယ်။ တောရွာတောဓလေ့ မင်္ဂလာဆောင်ရင် ထမင်းကျွေးမှ ဂုဏ်ရှိတော့ကာ ထမင်းဟင်းနဲ့ ကျွေးမွေးဧည့်ခံပါတယ်။

အဲဒီလိုစားကြရာမှာ လူ (၁၂၈)ဦး အစာအဆိပ်ဖြစ်ကာ ဝမ်းပျက်ဝမ်းလျှော ဖြစ်ကုန်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးအိမ်မှာ ဆေးကုသမှုခံယူကြရတယ်လို့ ဆိုတယ်။ အမျိုးသမီးတစ်ဦးကတော့ စိုးရိမ်ရတဲ့အခြေအနေကြောင့် ရေဦးမြို့ပြည်သူ့ဆေးရုံကိုတင်လိုက်ရပြီး ဇွန်လ ၄ ရက်နေ့ မနက် (၁၀) နာရီမှာ ကျန်းမာရေးအခြေအနေကောင်းမွန်သွားတာကြောင့် ဆင်းသွားတယ်လို့ ဆိုပါတယ်။ ဒီရဲ့အဖြစ်က အမှတ်တရတော့ ဖြစ်သွားခဲ့တာပေါ့လေ။

ဒါမျိုးသတင်းတွေ ဒါမျိုးအဖြစ်တွေက ကြာကြာတစ်ခါဆိုတာလို ဖြစ်နေကျပါ။ ထမင်းကျွေးရာမှ၊ ဒံပေါက်ကျွေးရာမှ၊ မုန့်ဟင်းခါးကျွေးရာမှ၊ ခေါက်ဆွဲကျွေးရာမှ အော့အန်ဝမ်းကျဖြစ်ကုန်ကြတယ်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ကုန်ကြတယ်။ မူးဝေအော့အန်ဖြစ်ကုန်ကြတယ် စသဖြင့်ပေါ့လေ ကြာကြာတစ်ခါဆိုတာလို ကြားနေကြုံနေကြရတာပါ။

ဒီအခါ သတင်းစာမှာ ပါတာရှိမယ်၊ မပါတာရှိမယ်။ ပါရင် တိုင်းပြည်က သိမယ်၊ မပါရင် တိုင်းပြည်ကမသိဘူး။ ခံစားကြရတဲ့ ရွာနီးချုပ်စပ်ကပဲသိမယ်။ တစ်ခုတော့ရှိတယ်။ အစာအဆိပ်ဖြစ်ပြီး လူတွေသေကုန်ရင်တော့ ဖုံးဖိမရနိုင်တော့မို့ တိုင်းပြည်က သိကြပါတယ်။

ကျွန်တော်တို့ငယ်ငယ်ကလယ်ဝေးမြို့နယ်ထဲက ရွာတစ်ရွာမှာကောက်စိုက်



www.burmeseclassic.com

www.burmeseclassic.com


သမတွေအတွက် ကြောင်လျှာသီးနဲ့ ငါးသေတ္တာဟင်းကို ချက်ကျွေးတဲ့အခါ လယ်ရှင်ရော၊ ကောက်စိုက်သူမတွေမှာ အစာအဆိပ်သင့်ပြီး တစ်အုံတစ်မကြီး သေသွားခဲ့ဖူးတယ်။ အဲတော်လေးကို ကျော်ကြားသွားခဲ့ပါတယ်။ အဲဒီမှာ ကြောင်လျှာသီးနဲ့ ငါးသေတ္တာရောချက်စားရင် သေတတ်တယ်ဆိုတာလည်း အများက သိသွားခဲ့ကြပါတယ်။ ဒါက အသက်တွေပေးဆပ်ပြီးမှရလိုက်တဲ့အသိ တစ်ခုပါ။

ရှပ်ရှင်မင်းသား စိန်မြင့်လည်း ညပိုင်း ကားရိုက်ကအပြန် ည(၁၀)နာရီ လောက်မှာ ငါးသေတ္တာဟင်း၊ ပုံးရည်ကြီးသုပ်နဲ့ ထမင်းစားပါတယ်။ အဲဒီမှာ အစာအဆိပ်ဖြစ်ပြီး ည (၁၂) နာရီဝန်းကျင်မှာဆုံးပါတယ်။ ငါးသေတ္တာဟာ အခြားဟင်းလျာများနဲ့ မတည့်တာတွေ ရှိနေတော့ အထူးသတိထားဖွယ်ရာ အစားအစာတစ်ခုဖြစ်ပါတယ်။

ဝမ်းပျက်ဝမ်းလျှောထက်ကြောက်စရာကောင်းတာကတော့ အထက်လှန်အောက်လျှောခေါ် အော့အန်ဝမ်းကျ ဝေဒနာပါ။ ဝမ်းလျှောရာ၊ အန်ရာမှ အရည်တွေထွက်ကုန်တာကြောင့် အရည်ခန်းပြီး အကြောတွေတက်ကာ နာရီပိုင်းအတွင်း သေဆုံးသွားနိုင်တဲ့ ဝေဒနာမို့ အလွန် ကြောက်ဖို့ကောင်းပါတယ်။ အမြန်ဆုံး ကုသမှုခံယူနိုင်ပါမှ အသက်ချမ်းသာရာရနိုင်တဲ့ဝေဒနာပါ။

ကျွန်တော် အသက် (၂၀) ကျော်စဉ်က မိုးကုတ်မှာ အလှူတစ်ခုရဲ့ အစားအစာကိုစားပြီး အစာအဆိပ်သင့်ကာ အော့အန်ဝမ်းကျဖြစ်ပါတယ်။ သိပ်မကြာဘူး၊ အကြောတွေဆွဲကုန်ပြီး သတိလစ်မေ့မြောသွားပါတယ်။ မနက် (၇) နာရီလောက်ကဖြစ်တာ ညနေ (၃) နာရီလောက်မှ သတိပြန်လည်ပါတယ်။ အဲဒီ အစာအဆိပ်သင့်ခြင်းကို ဘုန်းတော်ကြီးတွေ၊ ကိုရင်တွေ၊ သီလရှင်တွေ၊ လူတွေ အများကြီးခံလိုက်ရတာပါ။ ဦးပဉ္စင်းတစ်ပါးဆိုရင် ဆေးရုံမှာ(၅)ရက်လောက် ကုသမှုခံယူလိုက်ပါမှ နေကောင်းသွားပါတယ်။ ဆေးရုံမှာ ခုတင်မဆံ့အောင် လူတွေနဲ့ စည်ကားသွားခဲ့တာ အခုထိ အမှတ်တရရှိနေဆဲပါ။

ဒီလို အစာအဆိပ်သင့်မှုတွေ ဘာ့ကြောင့်ဖြစ်ကြရတာလဲ။ ရုတ်တရက်တွေးရင် မနာလိုသူတစ်ဦးဦးက အဆိပ်တွေ အစာထဲလာထည့်သွားသယောင်ယောင် ထင်တတ်ကြတာတွေရှိတယ်။



ပွဲပျက်အောင် အဆိပ်လာခတ်တယ်ပေါ့လေ။ မဟုတ်ပါဘူး။ ဒါက အစားအစာတွေ မသန့်ရှင်း မလတ်ဆတ်မှုကြောင့် ဖြစ်ကြရခြင်းပါ။

တောမြေ့ တောရွာတွေမှာ အလှူမင်္ဂလာမှန်ရင် ဝက်သားဟင်းနဲ့ ထမင်းကျွေးမှ လူတွေအနေနဲ့ အားရတင်းတိမ်မှုရှိကြတယ်။ ဂုဏ်လည်းယူကြတယ်၊ အားရပါးရလည်း လက်ဖွဲ့ကြတယ်။ စားသူတွေကလည်း အလှစားစားကြတာမဟုတ်ဘူး၊ အဝစားစားကြတာ။ မလာနိုင်သူတွေက လက်ဖွဲ့ငွေပေးပြီး ချိုင့်ကြီးတွေကိုယ်စားထည့်လိုက်တာ၊ ချိုင့်နဲ့ထည့်ပေးလိုက်ရတာ။ အချို့ဒေသတွေကျတော့လည်း ပုစွန်ခြောက်ထောင်းကြော်၊ငါးယောင်ခြောက်ထောင်းကြော်ကျွေးတာတွေလည်း ရှိပါတယ်။ ဒါက အဓိကဒယ်မခံဟင်းပါ။ အခြားဟင်းရံတွေအနေနဲ့ ပဲတီချဉ်၊ သရက်ချဉ်၊ မျှစ်ချဉ် အချဉ်တစ်ခုခုနဲ့ ဗလာဟင်းချို၊ ပြီးတော့ ငရုတ်သီး[illegible]ောင်လုံးကြော်ဆိုပါတော့။

ဒါတွေ ချက်ကြပြုတ်ကြ၊ လုပ်ကြကိုင်ကြရာမှာ သန့်ရှင်းဖို့ အထူးလိုအပ်လှပါတယ်။ ဆေးပေါ့လိပ်၊ စီးကရက်သောက်သုံးသူတွေဆိုရင် ဆေးလိပ်ခဲပြီး ပါဝင်လုပ်ကိုင်ဖို့ လုံးဝမသင့်ပါဘူး။ ချက်ပြုတ်လုပ်ငန်းခွင်မှာ ဆေးလိပ်ပြာလုံးဝသန့်စင်ဖို့လိုပါတယ်။ ဝက်သားနှပ်စတဲ့ ဟင်းအိုးတွေထဲကို ဆေးလိပ်ပြာတစ်စက်ကလေးကျလိုက်တာနဲ့ အဲဒီဟင်းအိုး အဆိပ်သင့်သွားခဲ့ပါပြီ၊

စားရင် သေသွားနိုင်တာတော့ မဟုတ်ပါဘူး။ စားပြီးရင် ဝမ်းပျက်ဝမ်းလျှောဖြစ်မယ်။ အော့အန်ဝမ်းကျဖြစ်မယ်။ အစာအဆိပ်သင့်တာမှန်သမျှ နှစ်မျိုးနှစ်စားရှိနိုင်ပါတယ်။ တစ်မျိုးက ဟင်းအနေနဲ့ ဆေးလိပ်ပြာ စတဲ့ မသန့်ရှင်းတာကျနေမှုကြောင့် အဆိပ်သင့်နေတဲ့အစားအစာမျိုးပါ။ နောက်တစ်မျိုးက ငါးသေတ္တာဟင်းနဲ့မတည့်တဲ့ ပုံးရည်ကြီးသုပ်ရောစားမိရာက အစာအိမ်ထဲမှာ တစ်ခုနဲ့တစ်ခု မတည့်မရှုဖြစ်ပြီး အဆိပ်ဖြစ်ရခြင်းပါ။ အလှူတွေ၊ မင်္ဂလာတွေ၊ သာရေးနာရေးတွေမှာ အစာအဆိပ်သင့်ဖြစ်ကြရတယ်ဆိုတာက မတည့်တာနှစ်ခုရောစားလို့မဟုတ်ဘဲ အဆိပ်သင့်နေတဲ့ အစားအစာကိုစားမိလို့ ဖြစ်ကြရခြင်းပါ။

ပုစွန်ခြောက်ကြော်၊ ငါးခြောက်ကြော်၊ ငါးခြောက်နှပ်၊ ငါးသလောက်ပေါင်း၊ ငါးကြင်းပေါင်း စတာတွေစားတာက ဖြစ်ခဲ့ပါတယ်။ အဓိကဖြစ်ကြတာက ဝက်သားနှပ်ပါပဲ။ ဝက်သားနှပ်ဒယ်အိုးထဲ ဆေးလိပ်ပြာတစ်စက်လေးကျတာနဲ့ အဲဒီတစ်ဒယ်လုံး အဆိပ်သင့်နေပါပြီ။ အဲဒါကြောင့် ချက်ရာပြုတ်ရာလုပ်ရာကိုင်ရာမှာ ဆေးလိပ်ကိုအထူးရှောင်ကြဉ်ကြဖို့ လိုအပ်လှပါတယ်။

နောက်ထပ်အဖြစ်အများဆုံးက မုန့်ဟင်းခါးပါ။ ကျွန်တော်တို့ နေပြည်တော်ဝန်းကျင်မှာက မင်္ဂလာဆောင်ဆိုရင် မုန့်ဟင်းခါးကျွေးတာများများပါ။ မုန့်ဟင်းခါးမှာကျတော့ မုန့်ဖတ်က အဓိကကျပါတယ်။ မုန့်ဖတ်လုပ်တာ အဆင်မပြေရင်ဝမ်းလျှောတတ်ပါတယ်။ မင်္ဂလာဆောင်တွေမှာစားပြီးတဲ့နောက် ဝမ်းပျက်ဝမ်းလျှောဖြစ်ရတာတွေ အများအပြားကြုံခဲ့ဖူးကြောင်းတွေ ကြားသိရပါတယ်။

အဲဒီလိုဖြစ်ပြီဆိုလို့ကတော့ မာတ်စက်နဲ့ ကြော်ငြာစရာမလိုဘူး။ အလိုလိုကို သိကုန်ကြတာ။ ဒါဆိုရင် အဲဒီမုန့်ပိုင်ရှင်နာမည်ပျက်ပြီး မြောင်းထဲရောက်ရတော့တာပါပဲ။ စေတနာမထားတတ်မှု၊ သန့်သန့်ရှင်းရှင်းမလုပ်ကိုင်မှုကြောင့် မိမိလည်းဒုက္ခရောက်၊ သူတစ်ပါးလည်း ဒုက္ခရောက်ရတဲ့အဖြစ်တွေပါ။

အဲဒါကြောင့် စေတနာနဲ့ ဝိုင်းဝန်းကူညီသည်ဖြစ်စေ (သို့) အခကြေးငွေနဲ့ လုပ်ကိုင်သည်ဖြစ်စေ သာရေး နာရေးကိစ္စအဝဝတွေမှာ စေတနာလေးထည့်ပြီး သန့်သန့်ရှင်းရှင်းရောဂါကင်းအောင် လုပ်ကိုင်ကြစေဖို့ မြန်မာ့အလင်းသတင်းစာပါ အကြောင်းအရာလေး အခြေပြုပြီး တင်ပြလိုက်ရပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ရာသက္ကရာဇ်

# ကျော်ဝင်းအောင်


(မြည်-ဆည်မြောင်းညွှန်မှူး(ငြိမ်း))

## တောင်နဝင်းဆည်စီမံကိန်းတုန်းက မမြင်ရတဲ့နာနာဘာဝကို နောက်ပြောင်မိသူတစ်ဦးကြောင့်...

လောကကြီးမှာ မထင်မှတ်တဲ့ အရာတွေ၊ အဖြစ်အပျက်တွေဟာ မထင်မှတ်ဘဲ မဖြစ်တန်ကောင်းပါဘူး၊ မဖြစ်နိုင်ပါဘူးလို့ ထင်မြင်ယူဆပြီး လက်လွှတ်စပယ် နှုတ်ဝစီကြောင့် ဒုက္ခရောက်ရတဲ့သူတွေ အများအပြားရှိမှာပါ။ ထို့အတူ နာမ်လောကမဆိုထားပါနဲ့။ လက်ရှိလူ့ပတ်ဝန်းကျင်မှာတောင် နှုတ်ဝစီကံမစောင့်စည်းမှုကြောင့် တစ်နည်းပြောရရင် နှုတ်ကိုမစောင့်စည်းမထိန်းသိမ်းနိုင်မှုကြောင့် ဒေါသဆိုတဲ့မီးပွားလေးဟာ ကြီးထွားလောင်မြိုက်ပြီး ဘဝကို အသက်နဲ့လဲသွားတာတွေဟာ တစ်ပုံကြီးပါ။ လက်တွေ့ပြရရင် မှုခင်းဂျာနယ်တွေမှာ အများဆုံးပါပါတယ်။ နောက်တစ်ခုက ပြည်မြို့စားကို ဖခင်ဖြစ်သူ တရုတ်ပြေးမင်းခေါ် နာရသီဟပတေ့မင်းဟာ ဝက်လက်ခိုးမသားလို့ ညီလာခံ ပိုလ်ပုံလူအလယ်မှာ ချစ်စနိုးနောက်ပြောင်တာကို အမှတ်ထားပြီး ပွဲတော်အုပ်မှာ အဆိပ်ခတ်ကျွေးခဲ့တဲ့ ရာဇဝင်တွေရှိပါတယ်။ ဒါတွေဟာ နှုတ်မစောင့်စည်းခြင်းသို့မဟုတ် မထီမဲ့မြင်ပြုခြင်းတစ်မျိုးပါပဲ။

အဲဒီလို အပြောင်အပြက်နဲ့ နာမ်လောကကို နှုတ်မစောင့်စည်းဘဲ မထီမဲ့မြင်ပြုလုပ်သူတစ်ဦးကြောင့် ဆည်မြောင်းတောဆိုဒ်လုပ်ငန်းခွင်တစ်ခုမှာ ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကို ရေးသားတင်ပြချင်ပါတယ်။ သက်ရှိလူဖြစ်စေ၊ နာမ်လောကဖြစ်စေ မထီမဲ့မြင်မလုပ်ကောင်းပါဘူး။ လူစည်းဘီလူးစည်းဆိုတဲ့ စကားဟာ အလကားထားတာမဟုတ်ပါဘူး။ ဒါတွေဟာ တောတောင်ဒေသအသီးသီးမှာ မိမိရဲ့အသက်မွေးဝမ်းကျောင်းစီးပွားရှာသူတိုင်း လိုက်နာရမယ့် အချက်တွေပါ။

နာမ်လောကဆိုတာ မယုံပါဘူး၊ မရှိပါဘူးလို့ ခံယူထားသူဟာ သေမယ့်ဘေးနဲ့ ကျော်ချင်းကပ်နေတဲ့ မိစ္ဆာဒိဋ္ဌိသမားတစ်ယောက်ပါ။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် တမလွန် ဆိုတဲ့နာမ်လောကကို ရည်ညွှန်းဟောပြထားတဲ့ တော် များသင်ကြားနေတဲ့ ငယ်၊ လတ်၊





www.burmeseclassic.com

www.burmeseclassic.com

ကြီးအတန်းတွေမှာ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေပါ။ ဒါဆိုရင် စာဖတ်သူဟာ သဘောပေါက်လောက်ပါတယ်။ သက်ရှိလူသားတိုင်းဟာ မြင်ရတဲ့အန္တရာယ် တောင်အန္တရာယ်ရှိလို့ ရှောင်ရှားသွားတာတောင် တစ်ခါတစ်ရံ မလွတ်ကင်းခဲ့ပါဘူး။ ဒါဆိုရင် မမြင်ရတဲ့အန္တရာယ်က ပိုပြီးအရေးကြီးတယ်ဆိုတာ သိသင့်ပါတယ်။ အဲဒီလို မြင်ရတဲ့အန္တရာယ်ကော မမြင်ရတဲ့အန္တရာယ်ပါ ရှောင်ရှားနိုင်ဖို့ တစ်ခုတည်းသော အဆောင်ကတော့ ရတနာမြတ်သုံးပါးပါပဲ။ ရတနာမြတ်သုံးပါးကို အမြဲထာဝရသတိရနေသူကတော့ မြင်ရတဲ့အန္တရာယ်ရော မမြင်ရတဲ့အန္တရာယ်ပါ လွတ်ကင်းနိုင်ခြေဟာ ကိုးဆယ့်ကိုးရာခိုင်နှုန်းပါပဲ။

❑

အချိန်ကာလအဖြစ်အပျက်သည် လွန်စွာကြာညောင်းခဲ့ပြီဖြစ်တဲ့အတွက် ခန့်မှန်းခြေအားဖြင့် ၁၉၇၉ မှ ၁၉၈၇ အတွင်းကဖြစ်လောက်သည်ဟု ခန့်မှန်းရပါသည်။ ရာသီသမယသည် ပူပြင်းခြောက်သွေ့သော နွေအကူးရာသီတွင်ဖြစ်သည်။ ပြည်မြို့ ဆည်မြောင်းတည်ဆောက်ရေး(၂)၏ တောင်နဝင်းဆည်တည်ဆောက်ရေးလုပ်ငန်းဖြစ်သော တောစုစခန်းမှာ ဆင်မြီးဆွဲမြို့အရှေ့ဘက်တွင်ရှိသောအလုပ်စခန်းတစ်ခုဖြစ်သည်။ တောစုစခန်းသည် အင်ပင်လှရွာ၊ ကိုကြီးလှုပ်ရွာတို့နှင့်နီးသော်လည်း ခရီးအတန်ဝေးသေးသည်။

ထိုတောစုစခန်း၏ တာဝန်ခံမှာ ဦးစီးမှူးဦးကြည်လှ၊ မိတ္ထီလာသားဖြစ်သည်။ ဆည်မြောင်းလောကဝေါဟာရဖြင့် ဦးစီးမှူးဦးကြည်လှကို ဗိုလ်ကြီးဦးကြည်လှဟုခေါ်ကြသည်။ ဗိုလ်ကြီးဦးကြည်လှသည် လက်အောက်ငယ်သားတပည့်များကို ညီအစ်ကို၊ သားသမီးများသဖွယ်ဆက်ဆံလေ့ရှိပြီး ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူတစ်ဦးဖြစ်သည်။ ညတိုင်း ဘုရားရှိခိုးပြီး ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်လေ့ရှိသည်။ စခန်းပတ်လည် ခြံစည်းရိုးအတွင်းပတ်ပြီး ပုတီးစိပ်လေ့ရှိသည်။

ထိုစခန်းတွင် လူနောက်လူပြောင်များဖြစ်သော အာကို (ခေါ်) ဦးကိုကြီး (ယခုကွယ်လွန်ယာဉ်မောင်း)နှင့် ကုလားမောင်ချစ် (ခေါ်) ကာလီ၊ ပြောင်ကြီး (ခေါ်) ဦးသန်းဌေး (ယခု ယာဉ်မောင်း) တရုတ် (ခေါ်) ကိုအုန်းလွင်တို့အပြင် မိုက်ခဲ(ခေါ်)ဦးထွန်းရွှေ (ယခုကွယ်လွန် ထွန်စက်မောင်း) တို့ ဖြစ်ကြလေသည်။ ထိုအထဲတွင် အပြောင်အပြက်အပြောဆုံးမှာ အာကို၊ ပြောင်ကြီးနှင့် ကာလီတို့ဖြစ်သည်။ အလွန်အစအနောက်သန်





www.burmeseclassic.com

www.burmeseclassic.com

သူများလည်း ဖြစ်သည်။ မိုက်ခဲ (ခေါ်) ကိုထွန်းရွှေသည် အနီးပတ်ဝန်းကျင်ရွာများမှ နေ့စားအလုပ်သမားများကို ထွန်စက်ဖြင့် ညနေ အလုပ်သိမ်းချိန် ရောက်၍ပြန်ပို့တိုင်း ကျွန်ုပ်လေးယောက်က အမြဲတမ်း ထွန်စက်ဘီးအဖုံးပေါ် တစ်ဖက်နှစ်ယောက်ထိုင်ပြီးလိုက်ပါလေ့ရှိသည်။

ဗိုလ်ကြီး ဦးကြည်လှသည် ညနေဘက်ရောက်တိုင်း -

"ကိုထွန်းရွှေ ထွန်စက်ကို အားလုံးအဆင်သင့်ဖြစ်အောင်လုပ်ထားဦးနော်"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ လုပ်ထားပါမယ်"

"ဆီလည်းလိုနေဦးမယ်၊ ဆီလည်းဖြည့်ထားပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ"

"မောင်းရင်လည်းအရမ်းမမောင်းနဲ့ သတိထားမောင်း"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

"ဘယ်အရာမဆို သတိထားနိုင်မှ တန်ကာကျတာကွ"

"................"

"အားလုံးခြုံပြောရရင် သတိထားတော့ အန္တရာယ်ကင်းတာပေါ့"

"................"

"အလုပ်သမားပို့ပြန်လာရင် သိပ်ပြီးမူးမလာနဲ့ဦး၊ သောက်တာတော့ သောက်ပေါ့ကွာ"

"................"

"လူမှန်းသူမှန်းမသိအောင်မူးတော့ အန္တရာယ်ရှိတယ်၊ လူအရိုအသေမဲ့တယ်ကွ၊ ဒါပါပဲကွာ။ သွားသွား- လုပ်စရာရှိတာသွားလုပ်လိုက်ဦး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဗိုလ်ကြီး"

ထွန်စက်မောင်းတဲ့ မိုက်ခဲ (ခေါ်) ဦးထွန်းရွှေဟာ ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှကိုပြောပြီး ထွန်စက်ရပ်ထားဘက်ကို လျှောက်သွားပါတော့တယ်။ ထွန်စက်နားမရောက်ခင် စားဖိုဆောင်ထမင်းစားတန်းလျားမှာ ရေနွေးကြမ်းသောက်နေတဲ့ အာကိုကြီး (ခေါ်) ဦးကိုကြီးက လှမ်းခေါ်လိုက်ပါတယ်။

"ဟေ့-မိုက်ခဲကြီး၊ ဒီကိုခဏလာပါဦးကွ"

မိုက်ခဲ (ခေါ်) ဦးထွန်းရွှေဟာ ထွန်စက်ဆီဆက်မသွားတော့ဘဲ အာကိုကြီးရှိရာ ထမင်းစားတန်းလျားကို ပြန်လျှောက်လာပါတယ်။ အနားရောက်တဲ့အခါ ကာလီ (ခေါ်) ကုလားမောင်ချစ်က စပြောပါတယ်။

"ဘာလဲကွ၊ ဗိုလ်ကြီးက ဘာတွေခေါ်ပြောတာလဲကွ"

"ဘာမှမဟုတ်ပါဘူးကွာ"

"မင်းကလည်း ငါတို့ကိုမသိစေချင်ဘူးနဲ့တူတယ်"

ထိုအချိန်မှာ ပြောင်ကြီး (ခေါ်) ဦးသန်းဋ္ဌေးကထပြောလိုက်သော်လည်း တရုတ် (ခေါ်) ဦးအုန်းလွင်က ဘာမှဝင်မပြောပေ။

"ဘာလဲ၊ မင်းရဲ့စားကျက်ခွင်ကိုသိမှာစိုးလို့လား"

"ဟေ့ကောင် ပြောင်ကြီး၊ မင်းမဟုတ်တာတွေလာပြောမနေနဲ့"

"ဒါဆိုဘာလဲပြောလေကွာ"

"ဟုတ်သားပဲ မိုက်ခဲရ၊ တို့တွေ သူငယ်ချင်းတွေပဲဟာ"

"ဘာမှမဟုတ်ပါဘူးကွာ၊ ထွန်စက်ကိုလိုတာကြည့်ရှုပြီးရင် ညနေအလုပ်သိမ်းတဲ့အလုပ်သမားတွေပြန်ပို့ဖို့ရယ်၊ ပြန်လာရင် အလွန်အကျွံမူးမလာဖို့မှာတာပါကွာ"

"ဪ- ဒါလား"

"ဒါဆိုရင် အလုပ်သမားတွေပြန်ပို့တဲ့အခါ တို့လည်း စခန်းမှာနေတာပျင်းဖို့ကောင်းတယ်။ ထွန်စက်လိုက်စီးပြီး ဟေးလားဝါးလားလုပ်ကြတာပေါ့ကွ"

"အေးအေး- အဲဒါကောင်းတယ်"

"ဒါဆိုရင် ငါ့ထွန်စက်ကို လိုတာတွေလုပ်လိုက်ဦးမယ်"

"တို့ကူလုပ်ပေးရဦးမလားကွ"

"နေ နေ၊ ရပါတယ် သူငယ်ချင်းတို့ရာ"

သူတို့ကို နှုတ်ဆက်ပြီး မိုက်ခဲ ဦးထွန်းရွှေဟာ ထွန်စက်ကိုဆီဖြည့်ခြင်း၊ ရေတိုင်ကီထဲရေဖြည့်ခြင်း၊ ထွေလာချိတ်ကို စစ်ဆေးခြင်း စတာတွေကို လုပ်ကိုင်နေပါတော့တယ်။

ကျွန်တော်တို့ဆည်မြောင်းဝန်ထမ်းများဟာ ယာယီအခြေချတောဆိုဒ်ဆောက်လုပ်ရေးဝန်ထမ်းများဆိုတော့ နေ့စားအလုပ်ကြမ်းသမားများကို ယာယီအခြေစိုက်စခန်းနဲ့နီးတဲ့ရွာများမှာ လယ်ယာလုပ်ငန်းလုပ်ပြီးချိန်၊ လယ်ယာလုပ်ငန်းများအလုပ်ပါးချိန်မှာ အလုပ်သမားခေါ်ယူစေခိုင်းမှုလွယ်ကူပါသော်လည်း လယ်ယာလုပ်ငန်းမသိမ်းခင် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်တဲ့နေ့စားအလုပ်ကြမ်းသမားများခေါ်ယူဖို့ အလွန်အမင်းခက်ခဲလှပါတယ်အလုပ်သမားရှားပါးလှတဲ့ ဒီလိုအခါမျိုးမှာ ကျောက်ပန်းတောင်း၊ ပုပ္ပား၊ မြင်းခြံနယ်များမှအလုပ်အကိုင်ရှားပါးနေသူများကို အဆက်အသွယ်နဲ့ခေါ်ယူစေခိုင်းမှုလည်း ရှိကြပါတယ်။

အခု ဗိုလ်ကြီးဦးကြည်လှစခန်းမှာ အင်ပင်လှ၊ ကိုကြီးလှုပ်နဲ့နီးစပ်ရာရွာများမှ နေ့စားအလုပ်ကြမ်းသမားများကို ရရှိထားလို့ ရပ်ဝေးမှလာတဲ့အလုပ်ကြမ်းသမားများထက် တာဝန်ပိုမှုမရှိတာကြောင့် တစ်ပန်းသာလှပါတယ်။ သို့သော်လည်း အနီးပတ်ဝန်းကျင်ရွာများမှ အလုပ်သမားများကို စုရပ်တစ်ခုစီထားပြီး စခန်းမှထွေလာတွဲထားတဲ့ ထွန်စက်နဲ့ကြိုပို့ရတဲ့တာဝန်တစ်ခုသာရှိပါတယ်။ ဒါကြောင့် ညနေပိုင်းအလုပ်သမားများပြန်ရာလိုက်ပို့ရာမှာ အခက်အခဲမရှိအောင် မိုက်ခဲခေါ် ဦးထွန်းရွှေကို ထွန်စက်သေချာစေရန် အစစအရာရာ စစ်ဆေးပြုပြင်ခိုင်းခြင်း ဖြစ်ပါတယ်။ စခန်းတာဝန်ခံဖြစ်တဲ့ ဗိုလ်ကြီးဦးကြည်လှဟာ လုပ်ငန်းလျင်မြန်ချောမွေ့စေရန် အတွက် ကြိုတင်စီမံခြင်း၊ တာဝန်ပေးခြင်း၊ စစ်ဆေးခြင်းတို့ဟာ လုပ်ငန်းတစ်ခုရဲ့မဏ္ဍိုင်ဖြစ်တာကြောင့် လက်အောက်ငယ်သား လုပ်ဖော်ကိုင်ဖက်များကို နှိုးဆော်နေခြင်းလည်း ဖြစ်ပါတယ်။

မိုက်ခဲ(ခေါ်)ဦးထွန်းရွှေဟာ သူ့ထွန်စက်ကို ရေထည့်ခြင်း၊ အင်ဂျင်ဝိုင်တိုင်းခြင်း၊ စက်မောင်းဆီအနည်းအများကိုကြည့်ရှုပြီး လုပ်သင့်သည်ကိုလုပ်ကိုင်နေပါတော့တယ်။ ထိုအချိန် မိုက်ခဲ(ခေါ်) ဦးထွန်းရွှေဟာ ဆီထည့်သူအလုပ်သမားကို လှမ်းပြောလိုက်ပါတယ်။

"တောသားရေ၊ ငါ့ထွန်စက်ထဲ ဆီတစ်ပုံးထည့်ဦးမယ်နော်"

"ဟုတ်ကဲ့-အစ်ကိုရေ၊ လာပြီ လာပြီ"

"မင်းရဲ့ဆီစာရင်းထဲမှာမှတ်ထား လိုက်နော်၊ မနက်ဖြန်အလုပ်သမားသွားကြိုရင် မထည့်ရအောင်လို့ ကြိုတင်ပြီး ပေါင်းထည့်သွားလို့ ဗိုလ်ကြီးမေးရင်ပြောလိုက်ဦးနော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ အစ်ကို"

"ဪ - ဒီမှာ မင်းကွမ်းစားချင်ရင် ထွန်စက်ပေါ်မှာရှိတယ်၊ ယူစားကွ"

ဆီထည့်ပေးတဲ့အလုပ်သမားလေးဟာ ထွန်စက်ထိုင်ခုံပေါ်ကကွမ်းထုပ်ထဲမှ ကွမ်းတစ်ယာကိုယူစားပြီး ဆီပုံးခွံဆွဲပြီး ပြန်ထွက်သွားစဉ် -

"ဟေ့ - တောသား နေဦးကွ။ ညကျ ရွာထဲကိုဗွီဒီယိုသွားကြည့်ရင် မင်းပိုက်ဆံလိုလိမ့်မယ်။ ဒီမှာ ဗွီဒီယိုဖိုးယူ



www.burmeseclassic.com

www.burmeseclassic.com

သွားဦးကွ"

ဒါတွေဟာ ဆည်မြောင်းဝန်ထမ်းလောကရဲ့ ချစ်စရာလေ့စရိုက်တစ်မျိုးပါ။ အချင်းချင်းစည်းလုံးညီညွတ်မှုရှိခြင်း၊ ရိုင်းပင်းကူညီခြင်းတွေပါ။ ကိုယ့်ထက် လခနည်းပြီး ခိုင်းလို့ပေါ့ပါးတဲ့သူများကို စောင့်ရှောက်ပေးခြင်းသဘောတွေပါ။ ဒါတွေဟာ ဆည်မြောင်းလောကနဲ့ဆိုရင် ခေတ်ဦးပိုင်းခေါ် ရမယ့်ခေတ်ကာလတွေကပျော်စရာ၊ ကြည်နူးစရာ၊ အားတက်စရာအပြုအမူတွေပါပဲ။ သူ့ခေတ်သူ့အခါကလည်းခေတ်အလျောက်အခါလျောက် ရှိခဲ့ပေတာပဲလေ။ ဆီထည့်ပေးတဲ့လုပ်သားလေးဟာ ဗီဒီယိုဖိုးရတာနဲ့ ဆီပုံးခွံကို ဆီရုံထဲသွားထားပြီး မိုက်ခဲ(ခေါ်)ဦးထွန်းရွှေကို ပြုံးပြုံးကြီးနဲ့ ကျေးဇူးတင်မျက်လုံးတွေနဲ့ ငေးကြည့်နေပါတော့တယ်။

❑

တစ်နေ့မှာ -

တောစုစခန်းရဲ့နေ့စားအလုပ်ကြမ်းသမားဖြစ်တဲ့ လူရွယ်တစ်ယောက်မှာ သူ့အိမ်မှာမွေးထားတဲ့ကျွဲလေးကို နေ့တိုင်း ဆည်မြောင်းမှအလုပ်သိမ်းပြန်လာပြီးတိုင်း ကိုယ်တိုင်ရေချိုးပေးနေကျဖြစ်ပါသည်။ တစ်နေ့ ကျွဲလေးဟာ ဘာကိုလန့်သွားသည်မသိ လန့်ဖျပ်ပြီးခတ်ရာ ရေချိုးပေးနေကျလူကိုခတ်မိရာ လူရွယ်မှာ ဝမ်းဗိုက်ပေါက်ပြီး သေဆုံးသွားပါတယ်။

အဲဒါကို -

တောစုစခန်းမှာရှိတဲ့ ဦးစီးမှူး ဗိုလ်ကြီးဦးကြည်လှနဲ့ ဝန်ထမ်းတွေဟာ မိမိတို့ရဲ့ နေ့စားအလုပ်ကြမ်းသမားလေးအတွက် စိတ်မကောင်းဖြစ်ပြီး နာရေးရှင်အိမ်ကို သွားရောက်ပြီး ကူညီသင့်တာတွေကိုသွားကူညီကြတာပေါ့။ အဲဒီကျွဲလေးကို ရေချိုးပေးတဲ့ရေတွင်းနဲ့ ရွာရဲ့သင်္ချိုင်းဟာ လှမ်းကြည့်ရင်မြင်လောက်လို့ သိပ်အဝေးကြီးလို့မထင်ရပါဘူး။

အဲဒီလိုဆက်စပ်တွေးကြည့်ရင် -

ညနေစောင်းချိန် သင်္ချိုင်းကုန်းနဲ့ အလှမ်းအဝေးကြီးမဟုတ်လို့ အမှောင့်ပယောဂဝင်လို့ ကျွဲခတ်တာလား၊ သေချိန်တန်လို့ပဲဖြစ်လာတာလားဆိုတာ ရှင်တော်ဗုဒ္ဓမှတစ်ပါး ဤအဖြစ်အပျက်ကိုမသိရိုးအမှန်ပါ။ သေသွားတဲ့လူငယ်အတွက် အလုပ်သမားအဖွဲ့ရော ရွာသူရွာသားတွေပါ ဝမ်းနည်းကြေကွဲလို့မဆုံးပါဘူး။

ဒါပေမယ့်လည်း -

သေသောသူ ကြာရင်မေ့ဆိုပေမယ့် အလုပ်သမားတွေကိုကြိုပို့လုပ်နေရတဲ့ ထွန်စက်မောင်း မိုက်ခဲထွန်းရွှေကတော့ နေ့တိုင်းမမေ့ခဲ့ပါဘူး။ သူ့လိုပဲ သူနဲ့လုပ်ဖော်ကိုင်ဖက်တွေကလည်း မေ့မှာ မဟုတ်ပါဘူး။ ဒါတွေထက် မိုက်ခဲဦးထွန်းရွှေက ထွန်စက်မောင်းပြီး အလုပ်သမားတွေကိုလာကြိုတိုင်း၊ ပြန်ပို့တိုင်း မြင်တွေ့နေရတဲ့ သေဆုံးသွားသူ လူရွယ်ရဲ့မိဘတွေက ပိုပြီးသတိရကြေကွဲအမှတ်ရနေမှာတော့ အသေအချာပါ။

ဒီလိုနဲ့ -

ကျွဲခတ်ခံရပြီး သေဆုံးသွားတာ သုံးရက်ခန့်အခါမှာဆိုပါတော့။ နာရေးကိစ္စကလည်း ရက်မလည်သေးဘူးလေ။ အဲဒီအချိန်မှာ ဆည်မြောင်းဌာနရဲ့ တာဝန်ဝတ္တရားအတိုင်း မြောင်းတူး၊ မြက်ရှင်းအလုပ်သမားတွေကို ပုံမှန်အတိုင်း ကြိုပို့နေမြဲပါ။

တစ်နေ့တော့ -

အလုပ်သမားတွေကို ညနေ အလုပ်သိမ်းချိန် ရွာတွေကိုပြန်ပို့ပြီး ပြန်လာတဲ့အချိန် အမှတ်မထင် သင်္ချိုင်းဘက်ကို သတိတရငေးကြည့်နေမိတယ်လေ။ အဲဒီအချိန်မှာပဲ ထွန်စက်နောက်ဘီးဖုံးပေါ် အပျင်းပြေထိုင်လိုက်နေကြဖြစ်တဲ့ ပြောင်ကြီးသန်းဌေး၊ အာကိုကြီး (ခေါ်) ဦးကိုကြီး၊ ကာလီ (ခေါ်) တုလားမောင်ချစ်၊ တရုတ် (ခေါ်) ဦးအုန်းလွင် တို့ဟာ တစ်ဖက်နှစ်ယောက်ကျစီစီးပြီး လိုက်လာနေရင်းက အာကိုကြီး (ခေါ်) ဦးကိုကြီးထံက အမှတ်မထင်ဘဲ စကားသံတွေထွက်ပေါ်လာပါတယ်။ အာကိုကြီး (ခေါ်) ဦးကိုကြီးဟာ သင်္ချိုင်းကုန်းဘက်လှည့်ပြီး -

"ဟေ့- ကျွဲခတ်လို့သေဆုံးသွားတဲ့ကောင်လေး၊ မင်းသေဆုံးတာသုံးရက်ပဲ



ရှိသေးတယ်။ မင်းဘာမှစားရဦးမှာ မဟုတ်ဘူး။ မင်းစားချင်စိတ်ရှိရင် တရုတ်သားရှိတယ်။ တရုတ်သားကချိုတယ်။ တရုတ်သားကိုစားဖူးအောင် တို့နဲ့လိုက်ခဲ့ကွ ကြားလား"

အာကိုကြီး (ခေါ်) ဦးကိုကြီးမှာ ဘာရယ်မဟုတ် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် နောက်ပြောင်လိုက်ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှက အစ အလုပ်သမားများအဆုံး သူ့ကို အာကြီးဟု နာမည်ပြောင်တွင်ခဲ့သည်။ ထိုသို့ သင်္ချိုင်းဘက်သို့ခေါ် ဆိုပြီး ခဏအကြာတွင် ထွန်စက်မောင်း မိုက်ခဲ ဦးထွန်းရွှေထံက အသံထွက်ပေါ်လာပါတယ်။

"ဟေ့ကောင် အာကိုကြီး၊ မင်းဘာတွေလျှောက်ပြောနေတာလဲ။ ဒီမှာ ငါထွန်စက်မောင်းရတာ အရမ်းလေးနေပြီကွ။ မင်းတို့တစ်တွေ မဟုတ်တာတွေ လျှောက်မလုပ်နဲ့နော်။ လိုက်လာပြီး ကောင်းကောင်းမွန်မွန်ငြိမ်ငြိမ်သက်သက်လိုက်ကွ"

မိုက်ခဲ ဦးထွန်းရွှေက နောက်သို့ လှမ်းပြောလိုက်ပါတယ်။

ဒီအချိန်မှာပဲ တရုတ် (ခေါ်) ဦးအုန်းလွင်အသံထွက်ပေါ်လာတယ်။

"ဟေ့ကောင် မိုက်ခဲ၊ ထွန်စက်တွေလာပေါ်မှာ မည်းမည်းအကောင်ကြီးထိုင်ပြီးစီးနေတယ်ကွ၊ လှည့်ကြည့်ပါဦး။ ငါ့ကြက်သီးတွေတောင်ထနေတယ်"

တရုတ် (ခေါ်) ဦးအုန်းလွင်အသံကြောင့် အားလုံး ထွန်စက်တွေလာပေါ် လှည့်ကြည့်သော်လည်း တစ်ယောက်မှ မြင်တွေ့ရခြင်းမရှိတာကြောင့် -

"ဟေ့ကောင် တရုတ်၊ မူးကြောင်ရူးကြောင်ဖြစ်ပြီး မြင်ချင်ရာလျှောက်မြင်တာကိုလာမပြောနဲ့ကွ"

"ဟေ့ကောင်တွေ ဘာမှငြင်းခုံမနေနဲ့။ ထွန်စက်က တဖြည်းဖြည်းလေးလေးလာတယ်။ ကြက်သီးတွေလည်းထတယ်ကွ"

"မင်းတို့ကြောက်လို့လား၊ အယ်အကြည်မထားပါနဲ့။ တို့က ငါးယောက်တောင်ရှိတာ။ ဒီထဲမှာဘာမှမကြောက်တဲ့မိုက်ခဲဆိုတဲ့မင်းလည်းပါတယ်လေ၊ ထွေလာပေါ်လာထားတဲ့သရဲနာသွားမယ်မှတ်"

"ဟေ့ကောင် အာကိုကြီး မင်း... ပြောလေကဲလေပဲ၊ ငါတော့ ထွန်စက်... စခန်းမြန်မြန်ရောက်အောင်... ပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"အေး- ဟုတ်တယ် မိုက်ခဲ၊ စက်ရှိန်မြင့်မောင်းကွ"

တရုတ် ဦးအုန်းလွင်နဲ့ ကာလီကုလားမောင်ချစ်က အားပေးပါတယ်။ ငါးယောက်သား ထွန်စက်ထွေလာပေါ် လှည့်ကြည့်လိုက်၊ မောင်းလာလိုက်နဲ့ တောစုစခန်းကို ရောက်ရှိလာပါတော့တယ်။ ထွန်စက်မှာ ဝန်များတင်လာသလို လေးလေးပင်ပင်ရှိနေတုန်းပဲဖြစ်ပါတယ်။ တောစုစခန်းအဝင် ခြံစည်းရိုးတံခါးကို အင်ပင်လှရွာက နေ့စောင့်လုံခြုံရေး အဘကြီးကဖွင့်ပေးရာ စခန်းထဲမောင်းဝင်ခဲ့ရာ အလာတုန်းကလို လေးလေးပင်ပင်မဟုတ်တော့ဘဲ ပေါ့ပါးသွားတာ ထူးခြားလှပါတယ်။ ဝင်းတံခါးစောင့် လုံခြုံရေးအဘကြီးက ထွန်စက်ရောက်ရှိလာပြီဖြစ်လို့ တာဝန်ပြီးဆုံးကာ အင်ပင်လှရွာသို့ပြန်သွားပါတော့တယ်။

ကျွန်တော်တို့ ငါးယောက်စလုံး ဦးစီးမှူး ဗိုလ်ကြီးဦးကြည်လှကိုမပြောရဲဘဲ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ထမင်းစားဆောင်ဘက်ထွက်လာပြီး ရေနွေးကြမ်းသောက်နေကြပါတယ်။

နွေလရဲ့ ဆည်းဆာနေဟာ တဖြည်းဖြည်း ဝင်ခါနီးလာပြီဖြစ်တာကြောင့် စခန်းပတ်လည်လယ်ကွင်းများမှာ မြူများမီးခိုးသဖွယ်ဆိုင်းလျက်ရှိရာ စခန်းနဲ့မနီးမဝေးရှိ အင်ပင်လှရွာပင် ဒီဇယ်မီးခွက်ကလေးများ အလင်းရောင်လက်နေနေလပြီ။

❑

နွေည၏ ရာသီကား တစ်နေ့လုံး ပူအိုက်သမျှသောအပူမီးကို လယ်ကွင်းပြင်မှ ဖြတ်သန်း တိုက်ခိုက်လာသောလေနုအေးက အင်ပင်လှတောစုစခန်းအား အေးမြလန်းဆန်းလျက်ရှိပေသည်။ ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှမှာ ဘုရားရှိခိုးဝတ်ပြုပြီး စခန်းစည်းရိုးအတွင်းဘက် ပတ်ပတ်လည်တွင်လမ်းလျှောက်ကာ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ပွားမေတ္တာပို့နေပါသည်။ ထို့အပြင် လက်ထဲတွင်ပါလာသောပုတီးကိုလည်းစိပ်နေပါသေးသည်။ လဆန်းလရိပ်၏ အလင်းရောင်အောက်တွင် ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှမှာ မမောမပန်းဘဲ ခြံအတွင်းစည်းရိုးပတ်ပတ်လည်လျှောက်ကာ ပုတီးစိပ်၊ မေတ္တာဘာဝနာပွားများနေပါသည်။

ထိုအချိန် ပြောင်ကြီး ဦးသိန်းငွေက လက်စွဲတော် မယ်ဒလင်လေးဖြင့် ရေဒီယိုထဲမှ အလွမ်းတေးသီချင်း



တစ်ပုဒ်ကို တီးခတ်သီဆိုလျက်ရှိသည်။ ကျန်သော မိုက်ခဲကိုထွန်းရွှေ၊ တရုတ်ကိုအုန်းလွင်၊ ကာလီကုလားကိုမောင်ချစ်၊ အာကိုကြီးတို့မှာ ပြောင်ကြီးကိုသန်းငွေ၏တီးခတ်သံနှင့် အလွမ်းသီချင်းတွင် နစ်မျောနေရင်း ဖိမ်ယူခံစားနေကြသည်။ ထိုအချိန်တွင် အင်ပင်လှရှိ တောစုစခန်းသို့ ရွာသားအချို့ အပြေးအလွှားရောက်လာကြသည်။

"ဗိုလ်ကြီး ဗိုလ်ကြီး၊ ခြံတံခါးဖွင့်ပေးပါဦး။ ကျွန်တော်တို့ပြောစရာရှိလို့ပါ"

ထိုအခါ ဆီထည့်တာဝန်နှင့် တောက်တိုမည်ရခိုင်းနေသော တောသားအမည်ရ နေ့စားဝန်ထမ်းလေးမှ ခြံတံခါးကို သွားရောက် ဖွင့်ပေးလိုက်ပါသည်။ ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှမှာ ပုတီးစိပ်နေရာမှရပ်ပြီး ရွာသားများကိုမေးလိုက်သည်။

"မင်းတို့ ညကြီးမင်းကြီးမှာ ဘာကိစ္စရှိလို့လဲကွ"

"ကဲ- မင်းပဲအကျိုးအကြောင်းရှင်းပြလိုက်ကွာ"

"ဒီလိုပါ ဗိုလ်ကြီး၊ ဒီမှာလုံခြုံရေးလုပ်နေတဲ့အဘဟာ ညနေစောင်း ဗိုလ်ကြီးတို့စခန်း[illegible]တာဝန်ပြီးလို့ ရွာပြန်ရောက်တဲ့အခါ သူ့အိမ်မှာ တရုတ်သားစားချင်တယ်၊ တရုတ်သားရာပေးဆိုပြီး သောင်းကျန်းနေတယ်။ သူ့ကိုဘာကောင်ဝင်ပူးလာသလဲမသိပါဘူး ဗိုလ်ကြီးရာ"

"..............."

"အဲဒါ ရွာထဲမှာသောင်းကျန်းနေလို့ ဗိုလ်ကြီးရဲ့တပည့်ကိုလိုက်ကြည့်ပါဦးဆိုတာ လာပြောတာပါ။ ဗိုလ်ကြီးလိုက်ခဲ့ပါဦး"

"ဟ-ငါကပယောဂကုတဲ့ဆရာမှ မဟုတ်တာ၊ ဖြစ်ပါ့မလားကွ"

"ဒီလိုပါ ဗိုလ်ကြီးရာ၊ ဗိုလ်ကြီးက ဘုရားတရားကိုင်းရှိုင်းတော့ ဗိုလ်ကြီးတပည့်ကို ဗိုလ်ကြီးဖျောင်းဖျလို့ရတာပေါ့"

"ငါက ဆရာမဟုတ်တော့ ခက်တယ် ကွ"

"အဲဒီကိစ္စအတွက်လည်း စိတ်မပူပါနဲ့ဗိုလ်ကြီး၊ ပယောဂကုတဲ့ဆရာလည်း ခေါ်ထားတယ်။ ဗိုလ်ကြီးပါရှိတော့ ပိုပြီးအဆင်ပြေမယ်ထင်လို့ လာခေါ်တာပါ ဗိုလ်ကြီး"

"အေးအေး - ဒါဆိုရင် ငါလိုက်ခဲ့မယ်။ ခဏနေဦး၊ ငါအင်္ကျီဝတ်လိုက်ဦးမယ်"

ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှမှာ သူနေသောအခန်းထဲသို့ အင်္ကျီသွားရောက်ယူနေစဉ်မှာ အလွမ်းသံစဉ်နှင့် နစ်မျောနေသော လူနောက်လူပြောင်အဖွဲ့ငါးယောက်မှာ မယ်ဒလင်သံနှင့် သီချင်းသံပါအတူပျောက်သွားပြီး တိတ်ဆိတ်သွားကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာနှင့် အာကိုကြီးဆီသို့ ကျန်လေးယောက်သား၏ မျက်လုံးအစုံက ကြည့်ရှုလျက်သားဖြစ်နေပါတော့သည်။ ထိုအခါ အာကိုကြီး (ခေါ်) ဦးကိုကြီးမှာ မထင်မှတ်ဘဲ ဖြစ်ပျက်သွားသောကြောင့် စိတ်မကောင်းဖြစ်ကာ နောင်တရနေပါသည်။ ထိုအချိန်တွင် ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှမှာ ရွာသားများနှင့်လိုက်သွားရန် ထွက်လာပါတော့သည်။

"ကဲ - လာဟေ့၊ သွားကြမယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီးခင်ဗျာ"

"ဟေ့ - မင်းတို့ကောလိုက်ကြဦးမလား"

"ကျွန်တော်တို့မလိုက်တော့ပါဘူး ဗိုလ်ကြီး"

"အေး - ဒါဆိုရင် ငါသွားပြီဟေ့"

မိုက်ခဲဦးထွန်းရွှေတို့အဖွဲ့မှာ လိုက်သွားချင်သော်လည်း ညနေစောင်းက အလုပ်သမားများပြန်ပို့ပြီးပြန်အလာတွင် မိမိတို့၏ နှုတ်ဆော့မှုကြောင့် ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှနှင့် လိုက်မသွားရဲပေ။ ဘယ်သူမပြုမိမိမှုဆိုသလို မိမိတို့ပါးစပ်ဆော့မှုကြောင့် မဆီမဆိုင် စခန်းဝင်းနေ့စောင့်လုံခြုံရေးကို ဒုက္ခပေးသလိုဖြစ်သွားသည်မို့ စိတ်မကောင်းဖြစ်ခြင်းမှ အပ ဘာမှမတတ်နိုင်တော့ပါ။

ဒါကြောင့် -

ရှေးလူကြီးပြောစကားဟာ တယ်မှန်ပါလား။

နှုတ်ကောင်းရင်ပြည့်စုံ၊ နှုတ်သရမ်းတော့ဒုက္ခတွေ့၊ နှုတ်ကျဲတော့နှုတ်မရ၊ နှုတ်ချိုတော့ သျှိုတစ်ပါးတဲ့လေ။

ခုတော့ -

ဒီနှုတ်ထွက်စကားကြောင့် ဘာတွေဖြစ်ပြီး ဘယ်လိုစခန်းသွားလဲမသိ



www.burmeseclassic.com

www.burmeseclassic.com

တော့ပါ။

❑

ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှနဲ့ ရွာသားတွေဟာ ရွာထဲရောက်လို့ နေ့စောင့်လုံခြုံရေးဝန်ထမ်းရဲ့ အိမ်ရှေ့ ရောက်ရင်ပဲ ရွာသူရွာသားတွေနဲ့ပြည့်ကျပ်နေတဲ့နေအိမ်ကို တွေ့လိုက်ရပါတယ်။ ရွာသားတွေနဲ့ ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှလာတာကိုမြင်တဲ့ရွာသားတွေဟာ နေရာဖယ်ပေးကြပါတယ်။ အားလုံးဟာ ဦးစီးမှူး ဗိုလ်ကြီးဦးကြည်လှကို အားကိုးသမှုပြုတဲ့မျက်လုံးများနဲ့ ကြည့်နေကြပါတယ်။

အဲဒီအချိန်မှာ ရပ်ရွာလူကြီးတွေနဲ့ ပယောဂကုတဲ့ဆရာဟာ ဦးစီးမှူးဗိုလ်ကြီး ဦးကြည်လှကို လိုက်လံပျူငှာစွာ အိမ်ဦးခန်းကနေဖိတ်ခေါ်ပါတယ်။

"လာပါ ဗိုလ်ကြီး၊ ဒီမှာထိုင်ပါ"

"ဟုတ်ကဲ့ ရပါတယ်"

"ဒီမှာ ဗိုလ်ကြီးတပည့်ကို ဗိုလ်ကြီးကြည့်ပါဦးဗျာ"

ပယောဂပူးကပ်နေတဲ့ နေ့စောင့်လုံခြုံရေးဝန်ထမ်းတပည့်ဟာ ဦးစီးမှူး ဗိုလ်ကြီးဦးကြည်လှကို မျက်ထောက်နီကြီးနဲ့တစ်ချက်ကြည့်ပြီး ခေါင်းငုံ့နေပါတော့တယ်။ အဲဒီအခါမှာ ပယောဂကုတဲ့ဆရာဟာ ဗိုလ်ကြီး ဦးကြည်လှကို အကျိုးအကြောင်း ရှင်းပြတော့တယ်။ လေ့လာစူးစမ်းနေတဲ့ရွာသူရွာသားတွေဟာ ဘက်ထရီမီးရောင်အောက်မှာ အိမ်လုံးအပြည့်ရှိနေပါတယ်။

ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှဟာ ဘုရားဆောင်ဘက် မျက်နှာလှည့်ပြီး သီလခံယူဆောက်တည်ကာ ပယောဂပူးကပ်နေတဲ့နေ့စောင့်လုံခြုံရေးဝန်ထမ်းရှိရာကို မျက်နှာမူလိုက်ပါတယ်။ ဦးစီးမှူး ဗိုလ်ကြီးဦးကြည်လှမှာ ပယောဂဆရာပြောပြတဲ့စကားများကို နားထဲမှာကြားယောင်နေပါတယ်။

"ဗိုလ်ကြီးတပည့်ကို ကျွန်တော်ကုပေးတာ သူက လက်မခံဘူး ဗိုလ်ကြီး။ သူက ဗိုလ်ကြီးပဲ တရုတ်သားကျွေးနိုင်တယ်ဆိုပြီးငြင်းဆန်နေတာ ဗိုလ်ကြီး။ သူပြောတဲ့တရုတ်သားဆိုတာကို ကျွန်တော်လည်းနားမလည်တာနဲ့ ရွာသားတွေကို ဗိုလ်ကြီးလိုက်ပြီးကြည့်ပေးဖို့ခေါ်ခိုင်းတာပါ"

ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှဟာ တည်ငြိမ်စွာ မေတ္တာသုတ်ကို စိတ်ထဲက ရွတ်ပြီး ပယောဂဝင်ပူးနေတဲ့တပည့်ကို မေးလိုက်ပါတယ်။

"မင်းက တရုတ်သားစားချင်တယ်ဆိုတာ ဘယ်လိုအသားမျိုးလဲဆိုတာ ငါ့ကိုရှင်းပြပါဦးကွာ"

ပယောဂဝင်ပူးနေတဲ့ နေ့စောင့်လုံခြုံရေးဝန်ထမ်းဟာ ဦးစီးမှူးဗိုလ်ကြီး ဦးကြည်လှကို ရိုရိုသေသေ ဒူးတုပ်ပြီး ပြန်ပြောလိုက်ပါတယ်။ ပယောဂဝေဒနာရှင်အမူအရာပြောင်းလဲသွားပုံကို ပယောဂကုတဲ့ဆရာနဲ့ ရွာလူကြီး အပါအဝင် ရွာသူရွာသားအားလုံးအံ့သြနေကြပါတယ်။

"ကျွန်တော့်ကို အလုပ်သမားတွေ ပြန်ပို့ပြီး စခန်းပြန်လာတဲ့ထွန်စက်ပေါ်ကနေ အာကိုကြီးဆိုတဲ့ ဆရာ့တပည့်က တရုတ်သားစားချင်ရင်လိုက်ခဲ့၊ တရုတ်သားဟာ သိပ်ချိုတယ်လို့ခေါ်တာနဲ့ ထွန်စက်ထွေလာပေါ်တက်ပြီးလိုက်ခဲ့တာပါ ဗိုလ်ကြီး"

"ဩော် - မောင်ကိုကြီးက မင်းကိုခေါ်လာတာကိုး။ ငါ့ကိုဗိုလ်ကြီးမှန်း မင်းဘယ်လိုလုပ်သိတာလဲကွ။ ပြောပြစမ်းပါဦး"

"ဗိုလ်ကြီးကမသိလို့ပါ။ ကျွန်တော်ဟာ ဗိုလ်ကြီးရဲ့တပည့်ပါ။ မြေတူးမြက်ရှင်းအလုပ်ကြမ်းလုပ်တဲ့သူပါ"

"အေး - မသိလို့မေးရဦးမယ်။ မင်းဘယ်လိုဖြစ်ပြီး ဒီဘဝကိုရောက်နေတာလဲ"

"ကျွန်တော် လွန်ခဲ့တဲ့ သုံးရက်လောက်က ကျွဲခတ်ခံရပြီးသေသွားလို့ ဒီဘဝရောက်ရတာပါဗိုလ်ကြီး"

"ဩော် - မင်းဒီဘဝရောက်နေတာကိုး။ ငါအရမ်းပဲစိတ်မကောင်းဘူးကွာ။ ဒီတော့ မင်းက[illegible]လည်း ငါ့တပည့်ဖြစ်နေတော့ ငါ့မှာ မင်းဒီဘဝကလွတ်အောင် ကူညီဖို့တာဝန်ရှိတာပေါ့ကွာ။ ပြီးတော့ မင်းစားချင်တဲ့တရုတ်သားဆိုတာ ဘယ်လိုအစားအစာလဲ ပြောပြပါဦးကွ ဗိုလ်ကြီးကို"

"တရုတ်သားဆိုတာ တရုတ်လို့ခေါ်တဲ့ ကိုအုန်းလွင်ရဲ့အသားပါ။ အဲဒါကိုပြောတာပါ ဗိုလ်ကြီး"

ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှဟာ ပယောဂဝင်ပူးနေတဲ့တပည့်ဟောင်းရဲ့ ဝိညာဉ်စကားကိုကြားလိုက်တဲ့အခါ စခန်းကတပည့်တွေ နှုတ်မဆင်မခြင်မှုကြောင့်ဖြစ်တာဆိုပြီး တည်ငြိမ်အေးချမ်းစွာ စဉ်းစားပြီး ပြန်မေးလိုက်ပါတယ်။

"ငါ့တပည့်ကိုမေးရဦးမယ်။ မင်းက ငါ့တပည့်ဖြစ်ဖူးတော့ ငါတို့ဆည်မြောင်းက လုပ်ဖော်ကိုင်ဖက်တွေကို မင်းမချစ်ဘူးလားကွာ။ ငါ့ကိုဖြေပြစမ်းပါ"

"သိပ်ချစ်သိပ်ခင်တာပေါ့ ဗိုလ်ကြီးရာ။ ခုတောင် ဗိုလ်ကြီးကိုချစ်ကြောက်ရိုသေတုန်းပါ ဗိုလ်ကြီး"

ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှမှာ အစွဲအလမ်းသံယောဇဉ်ကြီးလှတဲ့ ဘဝခြားသွားသူတပည့်ကို ခေတ္တခဏငေးကြည့်နေပါတယ်။ ဒါကြောင့် ဘုရားက ဟောတာပေါ့။ ဒီသံယောဇဉ်မီးတွေကြောင့် ဘဝသံသရာအဆက်ဆက် လောင်ကျွမ်းနေဆဲဆိုတာမှန်လှပါလား။

ဒါနဲ့ပဲ -

"ဒီလိုချစ်ခင်စိတ်ရှိရင် ဝန်ထမ်းတူဖြစ်တဲ့တရုတ်လို့ခေါ်တဲ့ မောင်အုန်းလွင်အသားကိုမစားပါနဲ့ကွာ။ ဗိုလ်ကြီးမေတ္တာရပ်ခံပါတယ်။ ငါ့တပည့်လည်း ဒီထက်ကောင်းမွန်တဲ့ ဘုံဘဝရောက်အောင် ဗိုလ်ကြီးကောင်းမှုပြုပေးမယ်နော်။ ပြီးရင် အမျှဝေပေးမယ်။ မင်းသာဓုခေါ်နိုင်အောင် ကြိုးစား၊ ကြားလား ငါ့တပည့်"

"ဟုတ်ကဲ့ ကြားပါတယ် ဗိုလ်ကြီး"

"အခု မင်းဝင်ပူးကပ်နေတာလဲ မင်းနဲ့ဝန်ထမ်းတူတွေပဲကွာ။ မင်းက သူ့ကိုခွာပေးလိုက်နော်"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

"ဒါနဲ့ မင်းကို ဗိုလ်ကြီးစခန်းထဲခေါ်လာတာ မင်းက ဘာကြောင့် ဒီကိုရောက်လာတာလဲ"

"ကျွန်တော် ထွန်စက်ထွေလာပေါ်စီးလိုက်လာတာ။ ဗိုလ်ကြီးတို့စခန်းဝင်ပေါက်ရောက်တော့ ကျွန်တော်ဝင်လို့မရအောင် ကျွန်တော့်ထက်တန်ခိုးကြီးတဲ့ နတ်တွေ အများကြီးပဲ။ ဝိုင်းပြီးမောင်းထုတ်တယ်ဗိုလ်ကြီး။ အဲဒါနဲ့ တာဝန်ချိန်ပြီးလို့ ရွာပြန်မယ့် နေ့စောင့်လုံခြုံရေးအဘကိုခွစီးပြီးလိုက်သွားတာပါဗိုလ်ကြီး"

"ကဲ - ဒါဆိုရင် ငါ့တပည့်ရာ မကောင်းတဲ့ဘုံဘဝရောက်နေတဲ့အခါ သူတစ်ပါးစိတ်ဆင်းရဲမယ့်အပြုအမူမျိုး မပြုပါနဲ့ကွာ။ မင်းတို့ ရွာဦးဘုန်းကြီးကျောင်းက ဘုရားသံတရားသံတွေကို နာကြားသာဓုခေါ်ပါကွာ။ ဗိုလ်ကြီးလည်း မင်းအတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်လုပ်ပေးမယ်။ ဒါဆိုရင် မင်းဟာ လူ့ပြည်လူ့လောကတောင်ပြန်ရောက်နိုင်တယ်ကွာ"

"ဟုတ်ကဲ့ - ဗိုလ်ကြီး[illegible] ကျွန်တော်နားထောင်ပါမယ်ခင်ဗျာ"

"အေးအေး- ငါ့တပည့် [illegible] ကောင်းတဲ့ဘုံဘဝရောက်အောင် [illegible] မင်းရဲ့ခေါင်းကိုကိုင်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်မယ်။ မင်းနေရာကို မင်းအေးအေးချမ်းချမ်းပြန်တော့နော် ငါ့တပည့်ကြားလား"

"ဟုတ်ကဲ့-ကြားပါတယ် ဗိုလ်ကြီး"

"ကဲကဲ - ဒါဆိုရင် ရှေ့ကိုတိုး၊ ခေါင်းနည်းနည်းငုံ့ထား"

"..............."

"အေး - ဟုတ်ပြီ၊ ဟုတ်ပြီ"

ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှဟာ ဝင်ရောက် ပူးကပ်နေသူ နေ့စောင့်လုံခြုံရေးအဘခေါင်းကိုကိုင်ကာ သရဏဂုံဆောက်တည်ပြီး မေတ္တာသုတ်ကို အသံမထွက်ဘဲ စိတ်ထဲက လိုက်လိုက်လှဲလှဲ ရွတ်ပွားနေမိပါတယ်။ မေတ္တာသုတ်ခုနစ်ခေါက်မြောက်ပြီးဆုံးချိန်မှာ ပူးကပ်ခံရသူဟာ ပင်ကိုမူလစိတ်ဝင်လာပြီး အိမ်လုံးအပြည့်မျှရှိနေတဲ့လူအုပ်ကြီးနဲ့ ရပ်ရွာလူကြီးတွေ၊ ပယောဂကုတဲ့ဆရာနဲ့ ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှကို ငေးမောကြည့်ရှုပြီး အံ့ဩစွာမေးလိုက်ပါတယ်။

"ဗိုလ်ကြီး၊ ဘာကိစ္စရှိလို့ ညကြီးမင်းကြီးလိုက်လာတာလဲ"

"ဘာကိစ္စမှမရှိပါဘူး။ ပျင်းလို့အဘအိမ်လာလည်တာပါ"

ရပ်ရွာလူကြီးကလည်း ရွာသူရွာသားတွေအားလုံးကို ပြန်ခိုင်းလိုက်ပါတယ်။

"ကဲကဲ - မင်းတို့အားလုံးလည်း ပြန်ကြတော့၊ တို့ဆည်မြောင်းကဗိုလ်ကြီးက ပုံပြင်ပြောပြတာပြီးသွားပြီ။ နောက်ညတွေကျမှဆက်ပြောပြလိမ့်မယ်။ ပြန်ကြ ပြန်ကြ"

ရပ်ရွာလူကြီးစကားကြောင့် ရွာသူရွာသားအားလုံး အလျှိုလျှိုပြန်ကုန်ကြပါတယ်။ ဒီတော့မှ အိမ်သားများနဲ့ဆွေမျိုးသားချင်းများပဲ ကျန်ပါတော့တယ်။ ရပ်ရွာလူကြီးရဲ့ပါးနပ်မှုကို ဦးစီးမှူးဖြစ်သူဗိုလ်ကြီး ဦးကြည်လှရော ပယောဂကုတဲ့ဆရာပါ သဘောကျနေပါတယ်။ ပူးကပ်ခံရတဲ့အဘဟာ ဖြစ်ပျက်မှုအကြောင်းစုံကို သိဟန်မတူပါဘူး။

"ဟဲ့အိမ်သားတွေ၊ ဗိုလ်ကြီးနဲ့ရွာလူကြီးတွေအတွက်ရေနွေးကြမ်း၊အမြည်းလေးဘာလေးလုပ်မပေးကြဘူးလားဟ"

"နေပါ နေပါ အဘရာ"

"ဟုတ်သားပဲကွာ၊ ရောက်တာအတော်ကြာသွားပြီ။ ပြန်ကြတော့မှာပဲ မလုပ်ပါနဲ့"

"အားနာစရာ ဗိုလ်ကြီးရာ"

"အားမနာပါနဲ့၊ ကဲ- ပြန်ပြီနော်"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

"ဟုတ်ကဲ့ ခင်ဗျ"

"ဟုတ်ကဲ့ရှင်"

"ဟေ့ကောင်တွေ ဗိုလ်ကြီးကို လိုက်ပို့ကြဦးလေ"

"ဒီမှာစောင့်နေပါတယ် ဦးကြီးရ"

"အေးအေး"

"လာလာ - ဗိုလ်ကြီးသွားကြမယ်"

ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှမှာ တောစုစခန်းအထိလာခေါ်သောရွာသားများနှင့်ပင် တောစုစခန်းသို့ပြန်ခဲ့ပါတော့သည်။ လယ်ကွင်းများထဲမှ လူသွားလမ်းယောင်ယောင်ပေါ်တွင် လမ်းလျှောက်ပြန်လာသောဦးစီးမှူးဗိုလ်ကြီးဦးကြည်လှ၏ စိတ်အတွေးထဲတွင် မမြင်ရသော နာနာဘာဝနာမ်လောကဝိညာဉ်များသည် လူသားများကဲ့သို့ ဘုံဗိမာန်ရှိကြောင်းကို လက်တွေ့မြင်လိုက်ရသဖြင့် မြတ်စွာဘုရားရှင်ဟောကြားတော်မူသောပေတဝတ္ထုကိုအကြောင်းပြုသည့် ပေတဝတ္ထုတော်တွင် ဒီထက်မကဆန်းကြယ်သောဖြစ်ရပ်မှန်များရှိသေးသည်ကို တွေးတောလာရင်း တောစုစခန်းဝသို့ရောက်ရှိသွားပါသည်။

"ကဲ-စခန်းဝကိုရောက်ပြီပဲ။ ငါ့တူတို့လည်းပြန်ကြပေတော့နော်"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

ရွာသားများ ပြန်သွားသောအခါ ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှမှာ စခန်းအဝင်ဝတံခါးတွင် ခေတ္တခဏရပ်ကာ ပွင့်ခဲ့ပြီးသော ဘုရား၊ ရဟန္တာအပေါင်းကို ကြည်ညိုသောအားဖြင့် မေတ္တာသုတ်တော်ကို အသံထွက်ကာ ရွတ်ပွားပူဇော်နေပါတော့သည်။



မနက်စောစော မိုးလင်းသည်နှင့် ဦးစီးမှူးဗိုလ်ကြီးဦးကြည်လှမှာ ဘုရားရှိခိုး၊ အမျှဝေပြီး အလုပ်စခန်းဝင်းအတွင်း ပရိတ်များရွတ်ပွားပူဇော်နေပါသည်။ ထိုသို့ပူဇော်နေစဉ်ကာလအတွင်း စခန်းထဲရှိ ထမင်းစားဆောင်မှ အလုပ်သမားတစ်ဦးမှ -

"ဗိုလ်ကြီး၊ ထမင်းကြမ်းစားရအောင်လာခေါ်တာပါ"

"အေးအေး - လာခဲ့မယ် သွားသွား"

ဦးစီးမှူး ဗိုလ်ကြီးဦးကြည်လှမှာ အလုပ်သမားကိုစကားပြန်ပြောလိုက်ပြီး ပရိတ်တရားတော်ကို ပြီးဆုံးအောင်ရွတ်ကာ ထမင်းစားဆောင်ဘက်သို့ထွက်ခဲ့ပါသည်။ ထမင်းစားဆောင်ရောက်၍ စားသောက်ပြီးစီးသောအခါ အလုပ်သွားရန်ပြင်ဆင်နေသော အလုပ်သမားများကို ရေနွေးကြမ်းသောက်ရင်း ပြောဆိုဆုံးမနေပါသည်။

"ကဲ - ဒီနေ့လုပ်ငန်းခွင်သွားမယ့်သူတွေကို တစ်ခုတော့ပြောလိုက်မယ်။ အာကိုကြီးက နောက်ပြောင်လိုက်လို့ ညကအဖြစ်အပျက်တွေကိုတွေ့တယ်မှတ်လား။ ဒီတော့ သူ့အရပ်၊ သူ့ဓလေ့၊ သူ့စရိုက်ကိုဂရုထားပါ။ စကားအပြောအဆိုဆင်ခြင်ကြပါလို့ ဗိုလ်ကြီးမှာလိုက်တယ်နော် မှတ်မိလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်ဗိုလ်ကြီး"

"အေးအေး - ဒါဆိုရင်သွားကြတော့"

ဦးစီးမှူး ဗိုလ်ကြီး ဦးကြည်လှမှာ လုပ်ငန်းခွင်သို့ ထွက်ခွာသွားသော မိမိတပည့်များကိုကြည့်ကာ ပြုံးယောင်သန်းနေပါတော့သည်။ မိမိအလုပ်သမားတပည့်များကို ရင်ဝယ်သားကဲ့သို့ချစ်တတ်သူမျိုး ရှားပါးလှသည်။ မနေ့ညက အတွေ့အကြုံကိုကြုံလိုက်ရ၍ လူရွတ်လူနောက်တပည့်များလည်း နောင်ကြဉ်သွားလိမ့်မည်ဟုတွေးတောရင်း မေတ္တာသုတ်တော်ကို တိုးတိုးရွတ်ပွားပူဇော်နေပါတော့သည်။

(ဤအဖြစ်အပျက်ကိုပြောပြသော ဦးငွေသိန်း (စာရင်းကိုင် ဆ/မ (ငြိမ်း) ကို ကျေးဇူးတင်စွာဖြင့် တောင်နဝင်းဆည်စီမံကိန်းအစောပိုင်းကာလများကို အောက်မေ့သတိရလျက်)

ရေသာဂမ္ဘီရကျော်ဝင်းအောင်
(ပြည်-ဆည်မြောင်းဦးစီးမှူးရုံး)

www.burmeseclassic.com

www.burmeseclassic.com

# ဦးအောင်လှိုင်(သုဝဏ္ဏ)
# တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ



**Chapter-Seven**
**The Eight**
**Auspicious**
**Objects**


**အတိတ်ကောင်း၊**
**နိမိတ်ကောင်း**
**ဆောင်ပစ္စည်းရှစ်မျိုး**
**အဆုံးအစမရှိအထုံး**

ဖုန်းရွှေပညာအရ အဆုံးအစမရှိ လျှို့ဝှက်ဆန်းကြယ်သော အထုံး (Mystic Knot) သည် ဘဝတစ်ခု အဆုံးသတ်သွားခြင်းမရှိဘဲ မွေးဖွားခြင်းနှင့် ပြန်လည်မွေးဖွားခြင်း သဘောနှစ်ရပ် စဉ်ဆက်မပြတ် စက်ဝိုင်းသဏ္ဌာန်လည်ပတ်နေခြင်းအဓိပ္ပာယ်ကို ကိုယ်စားပြုပါသည်။

နမူနာပုံပါ အဆုံးအစမရှိ လျှို့ဝှက်ဆန်းကြယ်အထုံးသင်္ကေတအား ဟိန္ဒူဘာသာဝင်တို့ အထွတ်အမြတ်ထားရေ ဗိသနိုးနတ်ရုပ်၏ ရင်ဘတ်ပေါ်တွင် တွေ့မြင်နိုင်ပါသည်။ အဆိုပါ လျှို့ဝှက်ဆန်းကြယ်အထုံးအား ဘဝတစ်သက်တာအတွင်း ရောဂါဝေဒနာ၊ အမှောင့်ပယောဂနှင့် ဖျားနာခြင်းများ လုံးဝမရှိဘဲ ရှင်သန်ရပ်တည်နိုင်သည့် အောင်နိမိတ်ဆောင် အမှတ်သင်္ကေတအဖြစ် ဆောင်ထားနိုင်ပါသည်။

**1. Lucky Knot (သက်ရှည်ကျန်းမာကံကောင်းခြင်းအတွက်အဆောင်)**

နမူနာပုံတွင် ပါရှိသည့် Lucky Knot ဒီဇိုင်းအား အိမ်ထောင်ပရိဘောဂ






များ၊ အိပ်ရာခင်း၊ မြေအိုး၊ ကြွေအိုးများပေါ်၌ ရေးထွင်းပုံဖော်ထားခြင်းဖြင့် အန္တရာယ်ကင်းဘေးရှင်းကာ သက်ရှည်ကျန်းမာသောဘဝကို ပိုင်ဆိုင်နိုင်ပါမည်။

**2. ခရီးသွားလာရာ၌ ကံကောင်းစေသော ခရသင်းအဆောင်**

ခရုသင်းအဆောင်လက်ဖွဲ့သည် စီးပွားရေးလုပ်ငန်းကိစ္စဖြင့် ခရီးသွားရာ၌ များစွာသောကံကောင်းခြင်းများကိုပေးပါသည်။ ခရုသင်းရုပ်တုကို အမြတ်စေနှင်းဆီပွင့်ပုံ ထွင်းထုထားသောသစ်သားပေါ် ထောင်လျက်ပုံစံဖြင့် စီမံထားရှိရသည်။ ခရုသင်းအား ငွေ (သို့) ရွှေချထားနိုင်သည်။ စီးပွားရေးအရ ပင်လယ်ရပ်ခြားခရီးသွားလေ့ရှိသောသူများအတွက် အထူးသင့်လျော်သောအဆောင်ဖြစ်၏။ ၎င်းအဆောင်အား ယုံကြည်စွာဆောင်ထားခြင်းဖြင့် ကောင်းသောအောင်မြင်မှုဖြင့် ကျော်ကြားခြင်း၊ အများ၏ ကြည်ညိုလေးစားခြင်းခံရခြင်း၊ စီးပွားရေးလုပ်ငန်းများစွာယုံကြည်စွာအပ်နှံခံရခြင်း အကျိုးများ ခံစားရပါမည်။ ခရုသင်းပုံအား ညှော့ခန်း၏တောင်ဘက်အရပ်၊ အရှေ့မြောက်နှင့် အနောက်တောင်အရပ်တို့တွင် ထားရှိခြင်းဖြင့် ကောင်းသောချီဓာတ်များဝင်ရောက်လာပါမည်။အရှေ့မြောက်အရပ်သည် ပညာရေး၌ ကံကောင်းစေခြင်းနှင့် အနောက်တောင်အရပ်သည် ပြောဆိုဆက်ဆံရေးဆိုင်ရာ (အရေးကြီးသောဆွေးနွေးပွဲ)များအတွက် တိုးတက်ကောင်းမွန်စေပါသည်။





**3. ကျက်သရေမင်္ဂလာရှိစေသော ငါးနှစ်ကောင်အစီအရင်**

ငါးနှစ်ကောင်အမှတ်သင်္ကေတသည် ငွေပါများကြွယ်ဝစေခြင်း၊ စီးပွားဥစ္စာကုံလုံကြွယ်ဝခြင်း၊ ဆက်ဆံရေး၌ သဟဇာတဖြစ်ခြင်း၊ ဘဝ၏ပျော်ရွှင်ခြင်းအရသာခံစားနိုင်ခြင်း၊ ချစ်သူ (သို့) ဇနီးခင်ပွန်းတို့အကြား သံယောဇဉ်ခိုင်မြဲစေခြင်းသဘောများကို ဖော်ပြနေပါသည်၊





ငါးနှစ်ကောင်ရုပ်ကို (ပုံတွင်ပါရှိသည့်အတိုင်း) ကျက်သရေရှိအောင် သပ်ရပ်စွာစီမံ၍ အိမ်အတွင်း မည်သည့်နေရာမဆိုထားရှိခြင်းဖြင့် ဘဝတွင် ကံကောင်းခြင်းများ အစဉ်တစိုက်ရရှိနေပါမည်၊

www.burmeseclassic.com

www.burmeseclassic.com


ငါးနှင့်ပတ်သက်၍ ကံကောင်းခြင်းများရနေခြင်းကြောင့် ငါးရုပ်ကို အဆောင်လက်ဖွဲ့အဖြစ် ယုံကြည်စွာကိုင်ဆောင်သူတို့အတွက် အမှတ်မထင်မှားတတ်သောအမှားများကို သတိပြုရပါမည်။ ငါးများအားဝယ်၍ ရေတွင်လွှတ်ခြင်းသည် ငါးသဘာဝအရ ရေပြင်အတွင်းလွတ်လပ်စွာ အရပ်ထောင့်မျိုးစုံသို့ ကူးခပ်သွားနိုင်သလို ငါးလွှတ်သူအတွက် စေတနာအကျိုးပေးအတိုင်း အချုပ်အနှောင်ကင်းမဲ့၍ လွတ်လပ်စွာသွားလာရပ်တည်နိုင်ပါမည်။ ငါးလွှတ်ခြင်းကုသိုလ်ကြောင့် မိမိဘဝ၌ အခက်အခဲဟူသမျှမရှိသလောက် လွတ်လပ်ပေါ့ပါးနေပါမည်။



ငါးကိုစားသုံးရာ၌ (အထူးသဖြင့်) စားသောက်ဆိုင်များတွင် လတ်ဆတ်သောငါးအဖြစ် အရှင်လတ်လတ်အား ချက်ချင်းလက်ငင်းသုတ်သင်၍စီမံပေးတတ်ပါသည်။ ထိုသို့ငါးအရှင်ကို မိမိ ပယောဂကြောင့် သေဆုံးစေခြင်းဖြင့် စားသုံးမိပါက မိမိအတွက် မကောင်းသောနိမိတ်များကိုဖြစ်စေပါသည်။ မိမိစားသုံးမည့်ငါးက သေပြီးသားဖြစ်မှသာလျှင် မိမိပယောဂကင်းလွတ်လျက် စားသုံးနိုင်ပါသည်။ ငါးကဲ့သို့ပင် အခြားသောတိရစ္ဆာန်တို့၏အသား စားသုံးရာ၌လည်း အထူးသတိပြုရပါမည်။


**4. သန့်ရှင်းသော အတွေးအခေါ် အကြံအစည်များအတွက် ကြာပွင့်သင်္ကေတ**

ကြာပန်း(ပွင့်)၏ သင်္ကေတသည် သန့်ရှင်းမွန်မြတ်ခြင်း၊ အပြစ်အနာဆာကင်းမဲ့ခြင်းအဓိပ္ပာယ်ကိုဆောင်သည်။





ဗုဒ္ဓဘာသာဝင်တို့အဖို့ တရားထိုင်ရာ၌ ကြာပွင့်ပုံသဏ္ဌာန်ထိုင်နေကျဖြစ်သည်။ တရားထိုင်ရာ၌ ကျောကိုမတ်မတ်ထားလျက် ခြေနှစ်ဖက်အား ကြာပွင့်သဏ္ဌာန်ခွေထိုင်မှသာ (ဖုန်းရွှေရှုထောင့်အရ) ခန္ဓာကိုယ်အတွင်းသို့ ကောင်းသောချီဓာတ်များ ဝင်ရောက် စီးဆင်းလည်ပတ်နိုင်ပါသည်။ ကြာပွင့်သဏ္ဌာန်ရုပ်ပုံကို အနောက်တောင်အရပ်တွင်ထားရှိခြင်းဖြင့် အချစ်ရေးကံကောင်းနိုင်ပါသည်။ တောင်အရပ်တွင်ထားပါက လူမှုဆက်ဆံရေး၌ အဆင်ပြေ ချောမွေ့နိုင်ပါမည်။



**5. ကတော့ပုံ(ထီးပုံ)အမှတ်သင်္ကေတများ**

ကတော့ပုံ၊ ထီးပုံအမှတ်သင်္ကေတများသည် အောင်မြင်ခြင်း (အောင်လံ) ဟူသည့်အဓိပ္ပာယ်ကိုဆောင်ပါသည်။ ထီး၊ ကတော့အမှတ်အသားများသည် ဂုဏ်သိက္ခာကြီးမြင့်ခြင်း၊ ဩဇာရှိန်ဝါကြီးခြင်း၊ ရာထူးကြီးမြင့်ခြင်း၊ ရိုသေလေးမြတ်စွာ ပူဇော်ခံရခြင်း၊ လုပ်ငန်း(စီးပွား) အောင်မြင်ခြင်းဟူသည့် အောင်နိမိတ်မျိုးစုံကို ရည်ညွှန်းပါသည်။ ထီးသည် မကောင်းသော အကျိုးသက်ရောက်မှုများမှ ကာကွယ်ခြင်းသဘောဆောင်၍ အရှေ့အဝင်ဝတံခါးတွင် ထားရှိပါက မသမာသူ သူခိုးတစ်ရံတို့ ကျူးကျော်ဝင်ရောက်စော်ကားခြင်း၊ ဖောက်ထွင်းလုယက်ခြင်းတို့ရန်မှ အကာအကွယ်ပေးနိုင်ပါသည်။ ပိုးသားဖြင့်စီရင်ပြုလုပ်သော



ထီးကို အရှေ့အဝင်တံခါး၏ ထောင့်ဖြတ်ကျသောနေရာတွင် အကာအကွယ်အဖြစ်ထားရှိပါ။

**6. အတိတ်ကောင်းနိမိတ်ကောင်းဆောင် မင်္ဂလာပန်းအိုး**



နမူနာပုံအရ လှပစွာစီရင်ထားသော မင်္ဂလာပန်းအိုးသည် စိတ်၏ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းနိမိတ်ကိုဆောင်ပါသည်။ ၎င်းပန်းအိုးအတွင်း လေးရာသီ၌ပွင့်သောပန်းများထည့်၍လည်း မင်္ဂလာအတိတ်နိမိတ်ယူနိုင်ပါသည်။ ထိုသို့အောင်အတိတ်အောင်မင်္ဂလာပန်းအိုးအား မီးဖိုချောင်မှလွဲ၍ အိမ်အတွင်းမည်သည့်နေရာတွင်မဆို ထားရှိနိုင်သည်။ သို့သော်လည်း ပန်းများထည့်၍ အိပ်ခန်းအတွင်းမထားရှိရ။






www.burmeseclassic.com

www.burmeseclassic.com



**7. ပညာရှိခြင်း၊ ဗဟုသုတကြွယ်ဝခြင်း နိမိတ်ဆောင် လှည်းဘီးသင်္ကေတ**

လှည်းဘီးပုံအမှတ်သင်္ကေတသည် ဘဝသံသရာစက်ဝိုင်းသဘောကို ကိုယ်စားပြုသည်။ တိဗက်မဟာယာနဗုဒ္ဓဘာ



သာဘုန်းတော်ကြီးတို့အဆိုအရ လှည်းဘီးသင်္ကေတန်အမှတ်လက္ခဏာက ဗုဒ္ဓ၏ ခြေဖဝါးတော်စက်လက္ခဏာများ၌တစ်ခု အပါအဝင်ဖြစ်သည်ဟု သိရပါသည်။



ဖုန်းရွှေရှုထောင့်အရ လှည်းဘီးသင်္ကေတသည် အဆိပ်မြားသုံးစင်းအား ကျော်လွှားအောင်မြင်ပြီး စိတ်အတွင်းငြိမ်းချမ်းမှုကိုရယူနိုင်ပါသည်။ အဆိပ်မြားသုံးစင်းမှာ မသိနားမလည်မှု (မောဟ)၊ ပူလောင်စေသော (ဒေါသ)၊ တွယ်တာစွဲလမ်းမှုဖြစ်စေသော (လောဘ) တို့ကို ဆိုလိုပါသည်။ လှည်းဘီးအမှတ်သင်္ကေတကို အိမ်အတွင်းထားရှိပါက လောဘ၊ ဒေါသ၊ မောဟငြိမ်း၍ စိတ်၏ငြိမ်းချမ်းမှုအရသာကို ခံစားနိုင်ကာ အဓိပ္ပာယ်ပြည့်ဝသောဘဝကို တည်ဆောက်နိုင်ပါမည်။

**8. စီးပွားဥစ္စာပေါများခြင်းနိမိတ်ဆောင် ကြွေ(စဥ့်)အိုး**

စဥ့်အိုးပုံစံအတိုင်း ကြွေဖြင့်စီမံထားသော (အဖုံးပါသည့်) ပန်းအိုးဆောင်ထားခြင်းဖြင့် အိမ်မိသားစုတစ်ခုလုံးအတွက် စီးပွားဥစ္စာကံကောင်းစေပါသည်။



နမူနာပုံပါ ပန်းအိုးပုံစံအတိုင်း တရုတ်ဘိုးဘွားဘီဘင်များလက်ထက်မှ ယနေ့တိုင် ဆက်လက် ယုံကြည်စွာဆောင်ထားဆဲ ဖြစ်သည်။ ၎င်းအိုးအတွင်း ရတနာတန်းဝင်ကျောက်များ ရွှေချောင်းသဏ္ဌာန်ရှိ ရွှေရောင်သတ္တုချောင်းများ၊ ငွေအကြွေစေ့(ဒင်္ဂါး)များနှင့် အခြားအဖိုးတန်ပစ္စည်းများထည့်၍ အဖုံးဖုံးကာ အိပ်ခန်းအတွင်း (လူမမြင်သောနေရာ၌) ဝှက်ထားရပါမည်။ ပန်းအိုးအပြင်ခြမ်း၌ နဂါးနှင့် လင်းနို့ရုပ်ပုံများ ရေးဆွဲပါရှိပါက ပိုမိုကောင်းမွန်ကြောင်း ဖုန်းရွှေပညာရှင်တို့က အကြံပြုထားပါသည်။ ယင်းမှာ အိမ်အတွင်း ရွှေအိုးမြုပ်နှံထားပြီး စီးပွားဥစ္စာများစွာပိုင်ဆိုင်သည့် နိမိတ်ကိုရစေပါသည်။


ရှေ့တွင်ဖော်ပြခဲ့ပြီးသော အတိတ်ကောင်း နိမိတ်ကောင်းဆောင်ပစ္စည်း ရှစ်မျိုးအား နမူနာပြပုံအတိုင်း သူ့နေရာနှင့် သူစီရင်ထားရှိပါ။ ပစ္စည်းရှစ်မျိုးအား တစ်ခုတည်းဖြစ်အောင် စီရင်ထားရှိပြီးသည့် ပုံတူပန်းချီ(သို့) ရုပ်တုအားထားရှိပေးပါက အိမ်မိသားစုတစ်ဦးချင်းစီအလိုက် ကံကောင်းခြင်းများ ဝင်ရောက်လာပါမည်။ အကယ်၍ ၎င်းပုံပန်းချီကားအား အရှေ့တံခါးတစ်ဖက်ဖက်တွင်ချိတ်ဆွဲပါက အိမ်အတွင်း (Sheng Chi - ရှင်ချီ) ဓာတ်များ ဝင်ရောက်စီးဆင်းလာပါမည်။ ရှင်ချီဓာတ်သည် ရာထူးကြီးခြင်း၊ ဂုဏ်သိက္ခာကြီးမားခြင်း၊ ပညာထူးချွန်






www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ စီးပွားရေးအောင်မြင်ခြင်း၊ ဥစ္စာ ဓနကြွယ်ဝခြင်း ဟူသည့် အကျိုးထူးများအား မိသားစုဝင်တစ်ဦးချင်းစီအလိုက် ပေးစွမ်းနိုင်သည်။ အောင်နိမိတ်ဆောင် ပစ္စည်းရှစ်မျိုးပါဒီဇိုင်းအား တံခါး၊ ခန်းဆီး တို့တွင် စီရင်ထားရှိခြင်းဖြင့် မိမိအိမ်အား ဒုက္ခပေးမည့် Shar Chi - ရှာချီဓာတ်များ ဝင်ရောက်လာနိုင်ခြင်း မရှိတော့ပေ။

**နမူနာပြပုံတွင်ပါရှိသည့် အောင်နိမိတ်ဆောင်ပစ္စည်းရှစ်မျိုးအမည်**

၁။ အဆုံးအစမရှိ အထုံးသင်္ကေတ၊
၂။ ခရုသင်း
၃။ ငါးနှစ်ကောင်
၄။ ကြာပွင့်
၅။ ထီးကတော့
၆။ ပန်းအိုး
၇။ လှည်းဘီး
၈။ ကြွေပန်းအိုး

**Chapter - Eight**
**အောင်နိမိတ်ဆောင်ရတနာ(၈)မျိုး**

အောင်နိမိတ်ဆောင်ရတနာ(၈)မျိုး တွင် -

1. Precious Vase - အဖိုးတန် ပန်းအိုးရတနာ၊
2. Precious Wheel - အဖိုးတန်လှည်းဘီးရတနာ၊
3. Precious Jewel - အဖိုးတန်ကျောက်မျက်ရတနာ၊
4. Precious Queen - မင်းမိဖုရားရတနာ၊
5. Precious General - စစ်သူကြီးရတနာ၊
6. Precious Minister - (ဝန်ကြီး) ဝန်မင်းရတနာ၊
7. Precious Horse - မြင်းရတနာ
8. Precious Elephant - ဆင်ရတနာ

ဟူ၍ ပါရှိပါသည်။

၎င်းရတနာ(၈)မျိုးအနက် ပန်းအိုးနှင့်လှည်းဘီးတို့၏ ရတနာထိုက်ပုံအား ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ကျန်ရှိရတနာခြောက်မျိုးနှင့် ပတ်သက်၍ အမှတ်စဉ် (၃) (အဖိုးတန်ကျောက်မျက်) မှ စတင်ဖော်ပြပါမည်။

**အဖိုးတန်ကျောက်မျက်ရတနာ**

အဖိုးတန် ကျောက်မျက်ရတနာတိုင်းလိုလို စီးပွားဥစ္စာကုံလုံကြွယ်ဝခြင်း နိမိတ်ကိုဆောင်ပါသည်။ စီးပွားဥစ္စာ တိုးတက်ရေးအတွက် အစီအရင်ပြုလုပ်ရာ၌ ကျောက်မျက်အစစ်ဖြင့်မတတ်နိုင်ပါက အတုဖြင့်လည်း လာဘ်ခေါ်နိုင်ပါသည်။


The Magic Square pendant

ဥပမာ စိန်အစစ်မတတ်နိုင်သူများ သလင်းကျောက်ကို အစားထိုးသုံးနိုင်ပါသည်။ မိမိအိပ်ခန်း၏ အနောက်တောင်အရပ်တွင်ထားရှိပါက ပြောဆိုဆက်ဆံရေးဆိုင်ရာကိစ္စများ အောင်မြင်ပြီး အရှေ့မြောက်အရပ်တွင် ထားပါက သင်လက်ရှိလေ့လာသင်ကြားနေသော ပညာရပ်များ၌ တိုးတက်ခြင်းနိမိတ်ကို ဖြစ်စေပါသည်။ အကယ်၍ စီးပွားဥစ္စာပေါများစေမည့်နိမိတ်အဖြစ်ထားလိုပါက ၎င်းစိန်သဏ္ဌာန်ရှိ သလင်းကျောက်အား အနောက်မြောက်အရပ်တွင် ထားပေးပါ။

**ကျောက်စိမ်းရတနာ**

ကျောက်စိမ်းအုပ်စုတွင် အစိမ်းရောင်လဲ့နေသော (ထည်လုံးစိမ်း) ကျောက်စိမ်းက ဖုန်းရွှေရှုထောင့်အရ ပိုမိုနိမိတ်ကောင်းဆောင်စေပါသည်။ တရုတ်လူမျိုးအများစုအနေဖြင့် ကံကောင်းခြင်းအမှတ်သင်္ကေတအဖြစ် ကျောက်စိမ်းလက်ဝတ်ရတနာတို့ကို တွင်ကျယ်စွာ ဝတ်ဆင်တတ်ကြသည်။ ကျောက်စိမ်းဖြင့်စီရင်ထားသောလည်ဆွဲ ဆွဲထားခြင်းဖြင့် နာမကျန်းဖြစ်ခြင်းကို ကာကွယ်ပေးပြီး လက်ကောက်အဖြစ် ဝတ်ဆင်ပါက မိမိအသားရေနှင့် ထိတွေ့ပြီး အမြဲတစေ အေးမြနေစေပါသည်။ ၎င်းအပြင် သက်ရှည်ကျန်းမာနိမိတ်ဆောင် မက်မွန်သီးပုံကိုလည်း ကျောက်စိမ်းဖြင့်ထုလုပ်၍ ဆင်မြန်းထားနိုင်ပါသည်။

**မိဖုရားရတနာ**

အိမ်ထောင်ရှင်မ (သို့) မိခင်များကို ကိုယ်စားပြုသည်။ မိဖုရားပုံရုပ်တု (သို့) ပန်းချီကားကို အိမ်တွင်ချိတ်ဆွဲထားရှိခြင်းဖြင့် မိသားစုအတွင်း မိခင်





www.burmeseclassic.com

www.burmeseclassic.com



အပါအဝင် အမျိုးသမီးအားလုံးအတွက် ကောင်းသောချီဓာတ်များကိုရစေပါသည်။ မိဖုရားရုပ်တုအား ခွန်အရပ်နှင့်ဆိုင်သော တြိရေခါကိုယ်စားပြုသည့် (သို့) အမျိုးသမီးအိမ်ထောင်ဦးစီး ခေါင်းဆောင် အမျိုးသမီးကိုယ်စားပြုသည့် အနောက်တောင်အရပ်တွင်ထားပါက ထိုအရပ်ထောင့်ကိုယ်စားပြု ပိုင်ရှင်အတွက် ကောင်းသောချီဓာတ်များရစေပါသည်။


## စစ်သူကြီးရတနာ

နိုင်ငံတိုင်း၊ လူမျိုးတိုင်းလိုလို၏ သမိုင်းအစဉ်လာယဉ်ကျေးမှုများတို့၌ စစ်သူရဲကောင်းကိုယ်စီတို့ရှိကြပါသည်။ ဖုန်းရွှေပညာအရ စစ်ခေါင်းဆောင် အနေဖြင့် ကျူးကျော်လာသူ မည်သည့်ရန်သူကိုမဆိုမထောက်ညာဘဲ တိုက်ခိုက်ချေမှုန်းပေးသည့်သဘောဖြင့် အိမ်အတွင်း မကောင်းသော ချီဓာတ်များဝင်မလာစေရန် ကာကွယ်ပေးပါသည်။ တရုတ်ရာဇဝင်သမိုင်းအရ ကွမ်တီအမည်ရှိ စစ်ခေါင်းဆောင်သည် God of War (စစ်ပွဲတို့၏အရှင်သခင်)အဖြစ် တင်စားလောက်အောင် စွမ်းရည်ကြီးမားလှသည်။ ၎င်းစစ်သူရဲကောင်းရုပ်တုအား အိမ်ရှေ့တံခါးပေါက်နှင့် မျက်နှာချင်းဆိုင်ကျသောနေရာတွင် ထားရှိခြင်းဖြင့် မကောင်းသောချီဓာတ်များမဝင်ရောက်ရန် ကာကွယ်ပေးပါမည်။



## ဝန်ကြီး(ဝန်မင်း)ရတနာ

ရတနာထိုက်သောဝန်ကြီး၊ဝန်မင်း ရုပ်ပုံထားရှိခြင်းအားဖြင့် အောက်ပါကံကောင်းခြင်းနိမိတ်များကို ရရှိပါသည်။



မိသားစုအတွင်း အကြီးအကဲ ဖခင်ဖြစ်သူထံမှ ကူညီပံ့ပိုးမှုများရရှိခြင်း၊ မိသားစုဝင်အားလုံး၏ ဆက်ဆံရေးပြေပြစ်စေခြင်း၊ စီးပွားကံလုံကြွယ်ဝစေခြင်း၊ မိသားစုမောင်နှမများအကြားနားလည်မှု အပြန်အလှန်ထားရှိနိုင်ခြင်းအကျိုးကျေးဇူးများရရှိပါမည်။ ၎င်းဝန်မင်းရုပ်တုကို ဧည့်ခန်းအတွင်းထားရှိပေးပါ။


Pau Kung

## မြင်းရတနာ

မြင်းသည် တရုတ်ရာသီစက်၌ ခုနစ်ခုမြောက်သည့်ရာသီရုပ်ဖြစ်သည်။ မြင်းသည် မွန်မြတ်သန့်စင်ခြင်း၊ သစ္စာစောင့်သိခြင်း၊ ဖွဲ့ခံနိုင်ရည်အားကောင်းခြင်းဆိုသည့်ဂုဏ်ပုဒ်များ ပိုင်ဆိုင်ထားသည်။ ရတနာထိုက်သောမြင်း (ရုပ်တု) အား ကျောက်မျက်ရတနာများဖြင့် ထပ်ဆင့်စီခြယ်မွမ်းထုံလိုက်ပါက အတိတ်ကောင်း၊ နိမိတ်ကောင်းဆောင်သော အမှတ်သင်္ကေတအဖြစ် များစွာအကျိုးပြုပါမည်။


Tribute Horse Ring

မြင်းသည် ရာသီစက်အရ တောင်အရပ်ကိုကိုယ်စားပြုပြီး ယန်စွမ်းအင်ကို ပိုင်ဆိုင်ထားသည်။ အဆိုပါ တောင်အရပ်အား စွမ်းအင်မြှင့်တင်လိုပါက အိမ်၏ ၎င်းအရပ်ထောင့်၌ အဖိုးတန်ရတနာစီခြယ်ထားသည့်မြင်းရုပ်ကိုထားရှိပေးပါ။ မြင်းရုပ်အား ကျောက်စိမ်းဆင်စွယ်တို့ဖြင့် ထုထွင်းပြုလုပ်နိုင်သည်။

ဦးအောင်သိုင်း(သ...)

www.burmeseclassic.com

ဘာသုန်

# ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်

**နှလုံးလမ်းကြောင်း (စိတ်ခံစားမှုနှင့်တုံ့ပြန်မှုများ**

စိတ်ပိုင်းဆိုင်ရာခံစားမှုနှင့် တုံ့ပြန်မှုများ၊ ချစ်ရေးချစ်ရာကိစ္စများအတွက် ကိုယ်စားပြုသောလမ်းကြောင်း ဖြစ်သည်။ နှလုံးလမ်းကြောင်းတည်ဆောက်ပုံ ရှုပ်ထွေးလေလေ စိတ်ခံစားမှုနှင့် တုံ့ပြန်မှုများ ပိုမိုနက်ရှိုင်းလေလေဖြစ်ပါမည်။ နှလုံးလမ်းကြောင်း ဖြောင့်တန်းခြင်းနှင့် ကွေးကောက်ခြင်းအနေအထားတို့ကို သေချာစွာသိလိုပါက နှလုံးလမ်းကြောင်း၏ အစမှအဆုံးအထိ မျဉ်တံချ၍တိုင်းတာပါ။သိသိသာသာ(လေးကိုင်း)သဏ္ဍာန်ညွတ်ကွေးခြင်းရှိ၊ မရှိ စစ်ဆေးပါ။

**နှလုံးလမ်းကြောင်း ဖြောင့်တန်းခြင်းနှင့် ကွေးညွတ်ခြင်းပြလက်ဝါးပုံစံ**

Palm- A: တိုတောင်း၍ ဖြောင့်တန်းပြီး ကျွန်းခံနေသော နှလုံးလမ်းကြောင်း ဖြစ်သည်။ နှလုံးလမ်းကြောင်း၏ အဆုံးသတ်က လက်ခလယ်၏အောက်ဘက်၌ အဆုံးသတ်ပြီး မှုန်ဝါးသောလမ်းကြောင်းတို့များက လက်ခလယ်ဆီသို့ ထောင်တက်သွားကာ Vသဏ္ဍာန်(ခက်ရင်းခွ)အဖြစ် လက်ညှိုးနှင့်လက်ခလယ်ကြား၌ အဆုံးသတ်နေပါသည်။

Palm- B: တိုတောင်း၍ ဖြောင့်တန်းသည့် နှလုံးလမ်းကြောင်းဖြစ်ပြီး များစွာသော လမ်းကြောင်းတိုများက ခက်ရင်းခွငယ်များအဖြစ် အဆုံးသတ်ကြသည်။

Palm- C: မတ်စောက်စွာ ကွေးတက်သွားသော နှလုံးလမ်းကြောင်းက လက်ခလယ်အထိရောက်ရှိနေသည်။

Palm- D: ရှည်လျားသောနှလုံးလမ်းကြောင်းက လက်ညှိုးရှိရာသို့ ကွေးတက်သွားသည်။


**နှလုံးလမ်းကြောင်းအကွေးပုံစံပါရှိခြင်း ကိုယ်စားပြုစရိုက်လက္ခဏာများ**

ချစ်ခြင်း၊ မုန်းခြင်းကိစ္စ၌ ပွင့်လင်းသောစရိုက်ရှိခြင်း၊ လူအများကြား၌ မိမိစိတ်ခံစားချက်ကို ထုတ်ဖော်ပြသတတ်ခြင်း၊ စိတ်မွန်းကျပ်မှုများအားလွှတ်ထုတ်၍စိတ်သက်သာမှုရရန်ကုစားတတ်ခြင်း၊ လူမှုဆက်ဆံရေးပိုင်း၌ ကြမ်းတစ်ခါနုတစ်လှည့်ရှိခြင်း၊ စွန့်စားရခြင်းကို နှစ်သက်ခြင်း၊ အများအပေါ် စိုးမိုးအနိုင်ယူလိုခြင်း စသည့်လက္ခဏာများပိုင်ဆိုင်ထားသည်။

**နှလုံးလမ်းကြောင်းအဖြောင့်ပုံစံပါရှိခြင်း ကိုယ်စားပြုစရိုက်လက္ခဏာများ**

အရာရာ ခွဲခြမ်းစိတ်ဖြာ လေ့လာတတ်ခြင်း၊ ချစ်ခင်တွယ်တာတတ်မှုကို

Palm Print-17






www.burmeseclassic.com

www.burmeseclassic.com

ပြသတတ်ခြင်း၊ ဆက်ဆံရေး၌ သဟဇာတဖြစ်ရန် သဘောတူညီမှုရရန် ကြိုးစားတတ်ခြင်း၊ တိတ်ဆိတ်ငြိမ်သက်၍ ရိုးသားဖြူစင်သော လက်တွဲဖော်ရှာလိုခြင်း စသည့် အရည်အသွေးများ ပိုင်ဆိုင်ထားသည်။

**ဆက်ဆံရေးပုံစံသစ်ရှာဖွေခြင်းကိုပြသော နှလုံးလမ်းကြောင်း**

**အကွေးပုံစံ** - ဆက်ဆံရေးပိုင်း၌ မိမိနှင့် အခြေခံတူညီမှုရှိသည့် လက်တွဲဖော်ကို ရှာဖွေတတ်သည်။

**အဖြောင့်ပုံစံ** - စိတ်ပိုင်းဆိုင်ရာ (စိတ်ခံစားမှုအပိုင်း)မှုတစ္စာရှိတတ်သည်။

**နှလုံးလမ်းကြောင်းအဆုံးပိုင်း**

နှလုံးလမ်းကြောင်း၏ အဆုံးသတ်သည် အများအားဖြင့် လက်ညှိုးနှင့် လက်ခလယ်အကြား (တစ်ခါတစ်ရံ ခက်ရင်းခွပုံစံဖြင့်) အဆုံးသတ်သည်။

နှလုံးလမ်းကြောင်း၏အဆုံးသတ်က သေးငယ်သော ခက်ရင်းခွပုံစံရှိခြင်းသည် စိတ်ခံစားမှုအပိုင်းနှင့် လက်တွေ့ကျမှုအပိုင်း မျှတစွာရှိခြင်းသဘောကို ဖော်ပြသည်။

အကယ်၍ ကြီးမားသောခက်ရင်းခွပုံစံအပြင် များစွာသောလမ်းကြောင်းတိုများပါရှိနေပါက စိတ်ခံစားမှုများအား မထိန်းချုပ်နိုင်သည့်သဘောပြနေပါသည်။ နှလုံးလမ်းကြောင်း တိုတောင်းကာ လက်ခလယ်အောက်ဘက်၌ ကွေးညွတ်စွာ အဆုံးသတ်ပါက စိတ်ခံစားမှုမပါရှိသည့်ရုပ်ပိုင်းဆိုင်ရာသာယာမှုသက်သက်ကိုသာ ရှာဖွေတတ်သူဖြစ်ပါမည်။

ဝဲဘက်လက်ရှိ နှလုံးလမ်းကြောင်းက လက်ခလယ်အောက်တွင်အဆုံးသတ်လျှင် ချစ်ခြင်းမေတ္တာကိစ္စအပေါ် အပြစ်မြင်တတ်သူ၊ မေတ္တာရေးကိစ္စ၌ မိမိဘက်ကသာလွန်နေအောင် အမြဲတမ်းကာကွယ်တတ်သူဖြစ်မည်။ အကယ်၍ ယာဘက်လက်ရှိနှလုံးလမ်းကြောင်းက လက်ညှိုးဆီသို့ဦးတည်သွားပါက အဆင့်အတန်းမြင့်သော အလုပ်အကိုင်လုပ်ခွင့်ရပြီး မိမိနှင့်လိုက်ဖက်သည့် လက်တွဲဖော်ရှာတွေ့နိုင်ပါသည်။

**Simiam Line**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ ရထားလမ်းပုံသဏ္ဍာန်နီးကပ်စွာရှိနေရာမှ တစ်နေရာ၌ပေါင်းစပ်သွားသည့်လမ်းကြောင်းကို "Simiam Line"ဟုခေါ်ပါသည်။ထိုအခါ "Simiam Line" သွည် အသက်လမ်းကြောင်းအား ချဉ်းကပ်နေဟန်ရှိလာပါမည်။ ဦးခေါင်းလမ်းကြောင်းသည် ကျွန်ုပ်တို့၏ခွဲခြမ်းစိတ်ဖြာတွေးခေါ်နိုင်မှု၊ ဆင်ခြင်တုံတရားရှိမှုကို ကိုယ်စားပြုပြီး နှလုံးလမ်းကြောင်းက စိတ်ခံစားမှုနှင့် တုံ့ပြန်မှုအခြေအနေများကို ကိုယ်စားပြုသည်။ "Simiam Line" ပါရှိသူအနေဖြင့် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့၏ အကျိုးသက်ရောက်မှု (၂)ခုစလုံး ပါဝင်နေခြင်းကြောင့် ဆင်ခြင်တုံတရားရှိလွန်းခြင်းဖြစ်နိုင်သလို စိတ်ခံစားမှုလွန်ကဲခြင်းလည်း ဖြစ်နိုင်ပါသည်၊ ထို့ကြောင့် ထူးချွန်သူ (ပါရမီရှင်) ဖြစ်နိုင်သလို ထုံထိုင်းမိုက်မဲသူလည်း ဖြစ်နိုင်ပါသည်။

အကယ်၍ ဝဲဘက်လက်တွင် "Simiam Line"ပါရှိခဲ့လျှင် စိတ်ရှုပ်ထွေးမှုများမြောင်ပြီး စိတ်တော့နပ်မှုရခဲ့တတ်သည်။

"Simiam Line" သည် ဝဲ၊ ယာလက် (၂) ဖက်စလုံးတွင် ပါရှိခဲ့ပါက အောက်ပါအရည်အသွေးလက္ခဏာများအားတွေ့ရှိရပါမည်။

စိတ်ဓာတ်ခိုင်မာခြင်း၊ မိမိကြိုးစား

**Palm Print-18**



ဘဝအဓိပ္ပာယ်ပြည့်ဝစွာဖြင့် သက်တမ်းရှည် နေထိုင်သွားရန် ဆုံးဖြတ်ထားသည့် အသက် (၆၀) ကျော်အရွယ် အမျိုးသမီး၏ Simian Line ပါ လက္ခဏာ



Simian Line ပါသည့် သမားရိုးကျမဟုတ် (တစ်မူထူးသည့်) စိတ်ဓာတ်ပြင်းထန်သူ ရှေ့နေ၏လက္ခဏာ



Simian Line တစ်ဝက်ပါသည့် ဈေးကွက်မြှင့်တင်ရေး၌ အောင်မြင်သူ၏လက္ခဏာ




နှလုံးရောဂါဝေဒနာရှင်အမျိုးသား၏ Simian Line ပါ လက္ခဏာပုံ




www.burmeseclassic.com

www.burmeseclassic.com


**Palm Print-19**




**ငှက်မွေးသဏ္ဍာန် (ပွရောင်း) မှန်ဝါးနေသည့် လိုင်းများစွာပါသော ကံလမ်းကြောင်း**




**မူလအသက်လမ်းကြောင်းမှ အသစ်ခွဲထွက်သွားသော လမ်းကြောင်းတို့နှင့် ယှဉ်ပြေးနေသည့် ကံလမ်းကြောင်း**




**ရှည်လျား၍ ကြိုးပြတ်ခြင်းမရှိသော အားကောင်းသည့် ကံလမ်းကြောင်းပုံစံ**

အကြောင်းနာမဲ့ ရက်စက်တတ်သည်၊ လိင်အပျော်အပါး လွန်ကျူးတတ်သည်။

အကယ်၍ "Simian Line" ယာဘက်လက်တွင်ပါရှိပါက ပင်ကိုဉာဏ်နှင့် ဖန်တီးနိုင်စွမ်းအားကောင်းခြင်း၊ ကြီးကျယ်မြင့်မြတ်သောရာထူးနေရာရယူစိုးမိုးနိုင်ခြင်းရှိပါမည်။

**ကံလမ်းကြောင်း (ဘဝ၏ ဦးတည်ရာလမ်းကြောင်း)**

ကံလမ်းကြောင်းသည် ဘဝရည်မှန်းချက်အောင်မြင်ရေးနှင့် တာဝန်ယူရသော လုပ်ငန်းဆောင်တာများအတွက် ကိုယ်စားပြုသောလမ်းကြောင်းဖြစ်သည်။ ကလေးငယ်ဘဝ၌ ကံလမ်းကြောင်း ထင်ရှားရှင်းလင်းစွာပါရှိခဲ့လျှင် အသက်အရွယ်နှင့်မလိုက်အောင် တတ်သိနားလည်မှုရှိနေပါမည်။ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အပြောင်းအလဲရှိ၊ မရှိကိုလည်း ကံလမ်းကြောင်းကပင်ဖော်ပြပေးသည်။ အကယ်၍ အလုပ်အကိုင်အပြောင်းအလဲ (သို့) ဆန်းသစ်တိုးတက်မည့် ဘဝအဆင့်အတန်းတစ်ခုသို့ ရောက်ရှိရန်အနေအထားရှိပါက ကံလမ်းကြောင်း၌ အပြတ်အတောက်များခြင်း၊ လမ်းကြောင်းတစ်ခုပေါ် တစ်ခုထပ်နေခြင်းပုံစံကိုမြင်တွေ့ရပါမည်။ ကျောင်းဆရာ၊ အားကစားသမား၊ စားပွဲထိုး၊ နိုင်ငံရေးသမား၊ အစိုးရဝန်ထမ်း စသည့် အသက်မွေးအလုပ်အကိုင်များအတွက် အသက်လမ်းကြောင်း တည်ဆောက်ပုံ အနေအထားအရ သိနိုင်ပါသည်။

- ၎င်းကံလမ်းကြောင်းသည် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့အကြား၌ ထင်ရှားမှုအားနည်းနေပါသည်။

**ကြိုးပြတ်ခြင်းမရှိသော ထင်ရှား၊ ရှင်းလင်းအားကောင်းသည့် ကံလမ်းကြောင်း**

**ကိုယ်စားပြုအရည်အသွေးလက္ခဏာများ**

သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အတွင်း ရည်မှန်းချက်ကြီးစွာကြိုးစားခြင်းဖြင့် အောင်မြင်မှုလှေကားထစ်တစ်ဆင့်ပြီးတစ်ဆင့်(ပုံမှန်)တက်လှမ်းနိုင်ပါမည်။

ရည်မှန်းချက်အကောင်အထည်ဖော်၍ကြိုတင်အစီအစဉ်ချတတ်ပြီး မိမိဘဝအခြေအနေမှန်အပေါ် နားလည်ထားသူ၊ ဘဝသိသူဖြစ်ပါသည်။

မိမိလုပ်ကိုင်ဆောင်ရွက်ရသည့်တာဝန်များအား ကျေပွန်တတ်သည်။

လုပ်ကိုင်နေသည့်အလုပ်အပေါ် ရာနှုန်းပြည့်ယုံကြည်ထားခြင်း၊ အာရုံစူးစိုက်မှုအားကောင်းခြင်း၊ မိမိယုံကြည်ထားသည့် လူအများနှင့် အတွေးအမြင်များအပေါ်များသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လက်ခံထားခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ (၂) ခုစလုံး၌ ထူးခြားသောအရည်အသွေးပါရှိခြင်း၊ စိတ်မကျေနပ်မှုများဖြင့် မွန်းကျပ်နေတတ်ခြင်း စသည့် အရည်အသွေးလက္ခဏာများပါရှိပါသည်။

"Simian Line" ပါ လက္ခဏာရှင်များ (သဘာဝအရ) တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com

ရှည်မှန်းချက်မအောင်မြင်မီ စိတ်ပိုင်းနှင့်ရုပ်ပိုင်းထိခိုက်မည့် အနှောင့်အယှက်ဖြစ်မည့်အရာဟူသမျှအား ကြိုတင်တာကွယ်ရှောင်ရှားတတ်သည်။

အဆိုပါ ကံလမ်းကြောင်းပိုင်ရှင်များသည် စွန့်စားမှုပြုရခြင်း နည်းပါးသောကြောင့် ဘဝခရီးလမ်း၌ ငြီးငွေ့သလိုခံစားမိတတ်ကြသည်။

**ထင်ရှားမှုအားနည်းသောကံလမ်းကြောင်း ကိုယ်စားပြုစရိုက်လက္ခဏာများ**

အမြဲတစေ ကိုယ်ရော စိတ်ပါ မနားစတမ်း အလုပ်များနေတတ်ခြင်း၊ အိုးအိမ်အပြောင်းအရွှေ့များခြင်းရှိတတ်ပါ သည်။

အာရုံပျံ့လွင့်စရာများခြင်းကြောင့် တစ်ခုတည်းကို စူးစိုက်လုပ်ကိုင်မှုအားနည်းကာ အရေးကြီးကိစ္စများ၌ ဆုံးဖြတ်ချက်မချနိုင်ဖြစ်တတ်သည်။

တစ်ခါတစ်ရံ အနာဂတ်အရေးတွေးပူ၍ ရတက်မအေးနိုင်ဖြစ်တတ်သည်။

ရည်မှန်းချက်အတိုင်းဖြစ်မလာမည်ကို စိုးရိမ်တတ်သည်။

အလုပ်ချိန်နှင့်ပတ်သက်၍ နံနက် (၉)န ာရီမှ ညနေ (၅)နာရီအထိ သတ်မှတ်ထားသောအလုပ်ကို မနှစ်သက်ခြင်းအပြင် အလုပ်ထဲစိတ်မပါသလိုစေတနာမထားနိုင်သလိုဖြစ်တတ်ပါသည်။

**ပျောက်ဆုံးနေသောကံလမ်းကြောင်း**

ကံလမ်းကြောင်းသည် လူမှုအသိုင်းအဝန်းအတွင်း ကျွန်ုပ်တို့၏ ရပ်တည်ရာနေရာအတွက် အထူးကိုယ်စားပြုထားသည်။ အကယ်၍ ကံလမ်းကြောင်းပျောက်ဆုံးနေပါက အောက်ပါအချက်များကို တွေ့ရပါမည်။

လွန်ကဲသောလွတ်လပ်မှု၊ စည်းကမ်းမဲ့သောလွတ်လပ်မှုရှိနေပြီး ထိန်းကျောင်းရခက်သောရိုင်းသောသူဖြစ်နေပါမည်။ ဘဝဦးတည်ရာလမ်းကြောင်း (ပန်းတိုင်) ပျောက်ဆုံးနေပါမည်။ ၎င်းပြင် ကျောင်းပညာတစ်ပိုင်းတစ်စဖြင့်ထွက်ရတတ်ပြီး မိသားစုနှင့်လူမှုအသိုင်းအဝန်းမှ ကျဉ်ထားခြင်းခံရတတ်ပါသည်။

**ဉာဏ်စမ်းပဟေဠိများ - 2**

1. စိတ်ခံစားမှုနှင့် ပတ်သက်၍ လက်ဝါးပြင်၌ မည်သည့်လမ်းကြောင်းက စိုးမိုးထားသနည်း။

**အဖြေ** - နှလုံးလမ်းကြောင်း။

2. မည်သည့်လိုင်းက ထူးထူးခြားခြားအရောင်မှိန်ဖျော့နေလျှင် တာဝန်မှရှောင်လွှဲတတ်သူဖြစ်သနည်း။

**အဖြေ** - ကံလမ်းကြောင်း။

3. အစီအစဉ်အပြောင်းအလဲများဖြစ်ရန် မည်သည့်အမှတ်အသားကဖော်ပြသနည်း။

**အဖြေ**- တစ်ခုနှင့် တစ်ခုထပ်နေသော Overlapping လိုင်းများ။

4. အပြောင်းအလဲတစ်ခုနှင့်တစ်ခုအကူးအပြောင်းကာလအတွင်း စိတ်မသက်မသာဖြစ်ခြင်းကို ကာကွယ်ရန်မည်သည့်အမှတ်အသားက ကိုယ်စားပြုသနည်း။

**အဖြေ** - အဓိကလမ်းကြောင်းပေါ်ရှိ Square box.

5. မည်သည့်အမှတ်လက္ခဏာက မကောင်းသော (သို့) အားအင်ကုန်ခန်းသောအခြေအနေအဖြစ်ညွှန်ပြသနည်း။

**အဖြေ** - အားပျော့သောအသက်လမ်းကြောင်းပုံစံ။

6. လုပ်ငန်းပိုင်း၌ တိကျပြတ်သားမှုရှိခြင်း၊ လက်တွေ့ကျကျ ပြောဆိုလုပ်ကိုင်တတ်ခြင်းလက္ခဏာအား မည်သည့်က ညွှန်ပြသနည်း။

**အဖြေ** - ဖြောင့်တန်းသောဦးခေါင်းလမ်းကြောင်း။

7. တိုသောဦးခေါင်းလမ်းကြောင်းပိုင်ရှင်နှင့် ရှည်သော ဦးခေါင်းလမ်းကြောင်းပိုင်ရှင်တို့အနက် မည်သူက ရှုပ်ထွေးသော သတင်းအချက်အလက်များအား ခြေရာခံနိုင်သူဖြစ်သနည်း။

**အဖြေ** - ရှည်လျားသောဦးခေါင်းလမ်းကြောင်းပိုင်ရှင်။

8. နှလုံးလမ်းကြောင်းဖြောင့်တန်းသူနှင့် နှလုံးလမ်းကြောင်းကွေးကောက်သူတို့အနက် မည်သူက လက်တွဲဖော်သစ်ရှာဖွေလိုသနည်း။

**အဖြေ**- ကွေးကောက်သောနှလုံးလမ်းကြောင်းပိုင်ရှင်။

9. ဆုံးဖြတ်ချက်ပြတ်သားမှု (စိတ်ခိုင်မာမှုများ). အား မည်သည့်အမှတ်အသားက ဖော်ပြသနည်း။

**အဖြေ** - Simiam Lime.

10. မည်သို့သောကံလမ်းကြောင်းပုံစံက ပုံမှန်တိုးတက်လမ်းရှိမည့်အလုပ်လုပ်ကိုင်သူဖြစ်သနည်း။

**အဖြေ** - ကြိုးပြတ်ခြင်းမရှိသော ထင်ရှားသောကံလမ်းကြောင်း။

**3. လက်မနှင့်လက်ချောင်းများ၏ အနေအထား**

လက်ဝါးပြင်ပါ လက်ချောင်းတစ်ချောင်းချင်းစီသည် သက်ဆိုင်ရာသက္ကဏာရှင်၏ ပင်ကိုစရိုက်များအား နေရာကဏ္ဍအလိုက် ကိုယ်စားပြု ဖော်ပြပေးသည်။ လက်ချောင်းတည်ဆောက်ပုံများသည် သာမန်အနေအထားအတိုင်းရှိတတ်သလို တစ်ခါတစ်ရံ၌ လက်သန်းတိုတုတ်ပုပျပ်ပြီးထင်ရှားကာ တစ်ခါတစ်ရံ၌လည်း ရှည်ခြင်း၊ ကွေးညွှတ်ခြင်းရှိနေတတ်သည်။ ၎င်းပြင် လက်ခလယ်သည်လည်း ထူးခြား သိသာစွာ တိုနေတတ်သည်ကို တွေ့ရပါမည်။

အကယ်၍ လက်ချောင်းတစ်ချောင်းသည် ကျန်သောလက်ချောင်းများထက် ပိုမိုဖြောင့်တန်းနေပါက မိမိအပေါ် လွှမ်းမိုးထားသော ယုံကြည်ချက်၊ အတွေးအခေါ်များအား ပုံသေဆုပ်ကိုင်ထားတတ်သူ ဖြစ်ပါမည်။

**လက်ချောင်းများကဖော်ပြသော ထူးခြားသည့်လက္ခဏာများ**

လက်ညှိုးတည်ဆောက်ပုံ ဖြောင့်တန်းပါက ဂုဏ်သိက္ခာကြီးမြင့်ခြင်း၊ မှန်ကန်ခိုင်မာသော သဘောထားရပ်တည်ချက်ရှိခြင်း၊ ကိုယ်ကျင့်တရားကောင်းခြင်းတို့ကို ဖော်ပြပါသည်။

လက်ခလယ်တည်ဆောက်ပုံဖြောင့်တန်းပါက တာဝန်ယူလိုစိတ်ရှိသူအဖြစ်ဖော်ပြပါသည်။

လက်သူကြွယ် တည်ဆောက်ပုံဖြောင့်တန်းပါက တီထွင်ဖန်တီးနိုင်စွမ်းရှိခြင်း၊ အများက အာရုံစိုက်လာအောင်ဆွဲဆောင်နိုင်ခြင်း စသည့် သဘာဝများကို ပိုင်ဆိုင်ပါသည်။

ဖြောင့်တန်းသောလက်သန်းပိုင်ရှင်ဖြစ်ပါက အရာရာခွဲခြမ်းစိတ်ဖြာနားလည်တတ်သူဖြစ်ကြောင်း ဖော်ပြပါသည်။

**လက်ချောင်းတစ်ချောင်းချင်းစီအလိုက် လက်ဝါးပြင်အားလွှမ်းမိုးထားခြင်း**

လက်ချောင်းတစ်ချောင်းစီ၏လွှမ်းမိုးမှုဆိုရာ၌ သာမန်လက်ချောင်းများထက် သိသာစွာတိုခြင်း၊ ရှည်ခြင်း၊ ကြီးခြင်း၊ တုတ်ခြင်း၊ ဖြောင့်တန်းခြင်း၊ ကွေးညွှတ်ခြင်း စသည့် တည်ဆောက်ပုံအနေအထားအလိုက် စရိုက်လက္ခဏာကွဲပြားမှုကို ဆိုလိုပါသည်။

**လက်ချောင်းများ၏**
**ဆိုင်ရာစရိုက်လက္ခဏာများ**

**လက်ညှိုး** - ရည်မှန်းချက်[illegible]ခြင်း၊ အငြင်းအခုံသန်တတ်[illegible] အာ




www.burmeseclassic.com


www.burmeseclassic.com

**MIDDLE**
**Anxious, austere, conscientious, dutiful, faithful, hesitant, industrious, introverted, methodical, modest, peimistic, prudent, reserved, rigid, self-doubting, se ous**
***Astrologically: Saturn***

**RING**
**Affable, artistic, benevolent, considerate, cultured, depressed, entertaining, flattering, glory-seeking, gracious, indiscreet, lazy, refined, stylish, vain**
***Astrologically: Sun and Venus***

**INDEX**
**Ambitious, argumentative, authoritative, caustic, controlling, dramatic, enterprising, imperious, independent, influential, optimistic, powerful, self-determining, self-willed, stubborn, tyrannical**
***Astrologically: Jupiter***

**LITTLE**
**Analytical, articulate, cunning, eloquent, expressive, juvenile, manipulative, perceptive, persuasive, sarcastic, talkative**
***Astrologically: Mercury***



**THUMB**
**Adventurous, aggressive, audacious, combative, courageous, dynamic, energetic, enthusiastic, explosive, hard-headed, impatient, incisive, indomitable, indefatigable, obstinate, powerful, pushy, strong-willed**
***Astrologically: Mars***

ဏာသုံးခြင်း၊ အာဏာပြတတ်ခြင်း၊ ထေ့ငေါ့စွာပြောတတ်ခြင်း၊ အများအပေါ် ထိန်းချုပ်တတ်ခြင်း၊ မူရာမာယာများတတ်ခြင်း၊ ကြံ့ရည်ဖန်ရည်ရှိခြင်း၊ စွန့်စားဝံ့ခြင်း၊ ပိုင်စိုးပိုင်နင်းလုပ်တတ်ခြင်း၊ လွတ်လပ်မှုကိုလိုလားခြင်း၊ အရာရာအပေါ် အကောင်းဘက်ကမြင်တတ်ခြင်း၊ ကိုယ်တိုင်စဉ်းစားဆုံးဖြတ်နိုင်ခြင်း၊ မိမိသဘောမိမိဆောင်တတ်ခြင်း၊ ခေါင်းမာတတ်ခြင်း၊ နိုင်လိုမင်းထက်ပြုတတ်ခြင်း စသည့် အရည်အသွေး စရိုက်လက္ခဏာများစွာအား ပိုင်ဆိုင်ထားသည်။

**နက္ခတ်ဗေဒင်ဆိုင်ရာဂြိုဟ်အမည်-**
'ကြာသပတေးဂြိုဟ်'။

**လက်ခလယ်** - စိုးရိမ်ပူပန်တတ်ခြင်း၊ စည်းကမ်းကြီးခြင်း၊ ရိုးရိုးစင်းစင်းနေထိုင်တတ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ တာဝန်ကျေခြင်း၊ သစ္စာရှိခြင်း၊ တုံ့ဆိုင်းတတ်ခြင်း၊ ကြိုးစားအားထုတ်တတ်ခြင်း၊ မိမိအရေးကိုသာ ဦးစားပေးစိတ်ဝင်စားတတ်ခြင်း၊ စနစ်တကျလုပ်ကိုင်တတ်ခြင်း၊ ဘဝင်မမြင့်ဘဲ နှိမ့်ချစွာနေတတ်ခြင်း၊ အဆိုးမြင်တတ်ခြင်း၊ မြော်မြင်တတ်ခြင်း၊ ပြောင်းလဲမှုကို မလိုလားခြင်း၊ သဘောထားတင်းမာတတ်ခြင်း စသည့် အရည်အသွေးများ ပိုင်ဆိုင်ထားသည်။

**နက္ခတ်ဗေဒင်ဆိုင်ရာဂြိုဟ်အမည်-**
စနေဂြိုဟ်။

**လက်သူကြွယ်** - ဖော်ရွေတတ်ခြင်း၊ အနုပညာဆန်သည့်အမြင်ရှိခြင်း၊ ကောင်းကျိုးပြုတတ်ခြင်း၊ ဉာဏ်ထောက်ထားတတ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်ညှိုးငယ်တတ်ခြင်း၊ စိတ်ပျော်ရွှင်အောင် ဖျော်ဖြေတတ်ခြင်း၊ မြှောက်ပင့်ပြောဆိုတတ်ခြင်း၊ ဂုဏ်ကျက်သရေတင့်တယ်စွာ နေထိုင်တတ်ခြင်း၊ ကရုဏာထားတတ်ခြင်း၊ နှုတ်စည်းမစောင့်တတ်ခြင်း၊ ပျင်းရိတတ်ခြင်း၊ အကျင့်သိက္ခာကောင်းသည့်ဟန် ပြုပြင်နေထိုင်တတ်ခြင်း၊ ခေတ်ဆန်တတ်ခြင်း၊ ဝင့်ကြွားတတ်ခြင်း စသည့်အရည်အသွေးများ ပိုင်ဆိုင်ထားသည်။

**နက္ခတ်ဗေဒင်ဆိုင်ရာဂြိုဟ်အမည်-**
တနင်္ဂနွေဂြိုဟ်နှင့် သောကြာဂြိုဟ်။

**လက်သန်း-** ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်ခြင်း၊ စကားအပြောအဆို ရှင်းလင်းခြင်း၊ ဉာဏ်နီဉာဏ်နက်များခြင်း၊ စကားပြောကောင်းခြင်း၊ ခံစားမှုကိုထိထိမိမိဖော်ပြတတ်ခြင်း၊ ကလေးဆန်တတ်ခြင်း၊ ခြယ်လှယ်တတ်ခြင်း၊ အမြော်အမြင်ရှိခြင်း၊ ထိုးထွင်းသိမြင်ခြင်း၊ တစ်ဖက်သားယုံကြည်အောင် ဆွဲဆောင်စည်းရုံးပြောဆိုနိုင်ခြင်း၊ ထေ့ငေါ့တတ်ခြင်း၊ စကားများတတ်ခြင်း စသည့်အရည်အသွေးများ ပိုင်ဆိုင်ထားသည်။

**နက္ခတ်ဗေဒင်ဆိုင်ရာဂြိုဟ်အမည်-**
ဗုဒ္ဓဟူးဂြိုဟ်။

**လက်မ-** စွန့်စားတတ်ခြင်း၊ မာန်ပါခြင်း၊ ရက်စက်ကြမ်းကြုတ်တတ်ခြင်း၊ ရဲတင်းခြင်း၊ မထီလေးစားလုပ်ခြင်း၊ စကားစစ်ထိုးတတ်ခြင်း၊ သတ္တိဗျတ္တိရှိခြင်း၊ ခွန်အားစိုက်ထုတ်တတ်ခြင်း၊ စိတ်အားထက်သန်တတ်ခြင်း၊ စိတ်ခံစားမှုပေါက်ကွဲတတ်ခြင်း၊ ခေါင်းမာတတ်ခြင်း၊ စိတ်မရှည်တတ်ခြင်း၊ သည်းမခံနိုင်ခြင်း၊ တိုက်တွန်းလှုံ့ဆော်တတ်ခြင်း စသည့်အရည်အသွေးများဖြင့်ပြည့်စုံသည်။

**နက္ခတ်ဗေဒင်ဆိုင်ရာဂြိုဟ်အမည်-**
အင်္ဂါဂြိုဟ်။

The Thumb - The Chief
လက်မ - အကြီးအကဲ

လက်မသည် လက်ဝါးပြင်ရှိ လက်ချောင်းများအနက် ခေါင်းဆောင် (အကြီးအကဲ) သဖွယ် အရေးပါသည့် လက်ချောင်း ဖြစ်သည်။ လက်မသည် ကျွန်ုပ်တို့၏ စိတ်ဓာတ်စွမ်းရည်ပြည့်ဝခြင်း၊ အားမာန်ပါ၍ တက်ကြွခြင်း၊ မိမိကိုယ်မိမိ ထိန်းချုပ်နိုင်ခြင်းနှင့် အများ (ပတ်ဝန်းကျင်)အပေါ် ထိန်းချုပ်နိုင်ခြင်းတို့အတွက် ကိုယ်စားပြုထားသည်။

www.burmeseclassic.com

www.burmeseclassic.com

**သန်မာ (အားကောင်းသော) လက်မနှင့် အားနည်းသောလက်မပုံစံ**

အားကောင်း(သန်မာ)သောလက်မ ဖြစ်ပါက တောင့်တင်းသန်မာနေခြင်း၊ လက်ချောင်း ဖြက်ကျယ်ပြန့်ခြင်း၊ ပေါ် လွင်ထင်ရှားခြင်း၊ လက်ညှိုး၏ အောက် ခြေပိုင်းနေရာတစ်ဝက်ကျော်အထိ နေ ရာယူထားခြင်းရှိပါမည်။

ရှည်လျား၍ သန်မာသောလက်မ ပိုင်ရှင်ဖြစ်ပါက အများအပေါ် လွှမ်းမိုး ထိန်းချုပ်နိုင်မှု၊ မိမိ၏စွမ်းဆောင်မှုများ ထိရောက်မှုရှိခြင်းကို အထင်အရှားဖော် ပြနေပါသည်။

တိုတောင်း၍ အားနည်းသော လက်မဖြစ်ပါက စိတ်ကူးအတွေးအခေါ် များအား လက်တွေ့အကောင်အထည် မဖော်နိုင်ခြင်း၊ မိမိကိုယ်မိမိ မထိန်းချုပ် နိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုအား နည်းခြင်း စသည့်လက္ခဏာများကိုဖော် ပြပါမည်။

**လက်မထိပ်ဖျား**

သန်မာသောလက်မထိပ်ဖျားဖြစ်ပါ က အောက်ခြေလက်ချောင်းရိုးထက် ထိပ်ဖျားပိုင်းလက်ချောင်းရိုးက ပိုမိုကြီး ထွားနေပါမည်။ ကျွန်ုပ်တို့၏အဆုံးအ ဖြတ်ပေးနိုင်ခြင်း၊ လက်တွေ့ကျကျလုပ် ကိုင်တတ်ခြင်းတို့အား ကိုယ်စားပြုထား သည့်နေရာ ဖြစ်သည်။ လက်မထိပ်ဖျား ထူထဲ၍တုတ်ခိုင်နေပါက ဘဝပြဿနာ မျိုးစုံအား (ကြမ်းတမ်းစွာ) ရင်ဆိုင်ဖြေ ရှင်းရဲသူ၊ ကြံ့ကြံ့ခံနိုင်သူဖြစ်ပါသည်။ အ ကယ်၍ လက်မထိပ်ဖျား သေးသွယ်ပါ က အခြားသူတစ်ဦးတစ်ယောက်၏အ ကြံဉာဏ်အပေါ် မှီခိုခြင်းမရှိဘဲ မိမိကိုယ် ပိုင်ဆုံးဖြတ်ချက်ဖြင့် တိုးထက်အောင် စွမ်းဆောင်နိုင်သူဖြစ်ပါမည်။ လက်မထိပ် ဖျား ပိုမိုပျော့ပျောင်းလေလေ ဘဝတစ် သက်တာအတွင်း အရာကိစ္စအားလုံးနှင့် လိုက်လျောညီထွေအောင် နေထိုင်လုပ် ကိုင်တတ်လေလေဖြစ်ပါမည်။

တစ်ခါတစ်ရံ လက်မထိပ်ဖျား သည် အနောက်ဘက်သို့ သိသိသာသာ ကွေးနေတတ်သည်။ ထိုအနေအထား သည် ငွေကြေးသုံးစွဲမှုရက်ရောခြင်း၊ လက်ဖွာခြင်းရှိတတ်ကြောင်း ဖော်ပြနေ ပါသည်။

**လက်ဆစ်ရိုးအောက်ပိုင်း**

လက်မ၏ လက်ဆစ်ရိုးအောက် ပိုင်းသည် ထိပ်ဖျားပိုင်းထက်ရှည်လျား ပါက တိုးတက်ရာတိုးတက်ကြောင်းအ တွက် စိတ်ကူးအကြံစည်သစ်များရှိနေပါ မည်။(အထူးသဖြင့်) လက်ချောင်းများ ရှည်၍ ဦးခေါင်းလမ်းကြောင်းလည်းရှည် လျားပါက အတွေးအခေါ် ထက်မြက်သူ ဖြစ်ပါမည်။ လက်ဆစ်ရိုးအောက်ပိုင်း ရှည်လျားလေလေ အခြေအနေအရပ် ရပ်အား ခွဲခြားစိတ်ဖြာ၍ ဖြေရှင်းနိုင်လေ လေဖြစ်ပါမည်။ အကယ်၍ လက်ဆစ်ရိုး အောက်ပိုင်းတုတ်လွန်းပါက အများနှင့် ဆက်ဆံရေးမပြေပြစ်သူဖြစ်ပါမည်။

**လက်ညှိုး (The Index Finger)**

**လက်ညှိုးကစိုးမိုးအုပ်ချုပ်ထားသည့်စရိုက် လက္ခဏာများ**

မိမိကိုယ်မိမိယုံကြည်ခြင်း၊ မိမိအ ခြေအနေမှန်ကို သိနားလည်ခြင်း၊ ခေါင်း ဆောင်နိုင်သောစွမ်းရည်ရှိခြင်း၊ ဩဇာ အာဏာထက်မြက်ခြင်း၊ မိမိကိုယ်မိမိ တန်ဖိုးထားခြင်း၊ ဂုဏ်သိက္ခာကြီးခြင်း စသည့်လက္ခဏာများအား ပိုင်ဆိုင်ထား သည်။ လက်ညှိုးတည်ဆောက်ပုံအရွယ် အစားသည် လက်သူကြွယ်နှင့်တစ်ပုံစံ တည်းရှိနေပါက သာမန်လက်ညှိုးတည် ဆောက်ပုံဖြစ်သည်။

လက်ညှိုးသည် လက်သူကြွယ် ထက် ပိုမိုရှည်လျားလျှင် မိမိဘဝမိမိ ထိန်းကျောင်းရတတ်သူ၊ အများအပေါ် မိဘကဲ့သို့သော အသိဉာဏ်(ဗီဇ)ဖြင့် ကြည့်ရှုစောင့်ရှောက်တတ်သူဖြစ်ပါမည်။ အဆိုပါလက္ခဏာရှင်အနေဖြင့် မိမိဝန်း ကျင်ရှိလူသားများထက် အရည်အချင်း သာလွန်ခြင်း၊ ဦးဆောင်မှုပြုနိုင်ခြင်းတို့ အပေါ် ဘဝင်မြင့်၍ ဝင့်ဝါထောင်လွှားမှု မရှိစေရန် သတိပြုရပါမည်။

လက်ညှိုးတည်ဆောက်ပုံရှည်လျား သူသည် နာမည်ကျော်အမျိုးသမီးအဆို တော်တစ်ဦးကဲ့သို့သော ပင်ကိုအရည် အသွေးပါရှိတတ်ပြီး သူတကာထက် ဩဇာသံပါသူ၊ ထက်မြက်သူဖြစ်နေ တတ်သည်။ အကယ်၍ လက်ညှိုးထိပ် ဖျားချွန်ထက်နေသူဖြစ်ပါက ဇနီးအပေါ် ကြောက်ရတတ်သူဖြစ်ပါမည်။

လက်ညှိုးသည် လက်သူကြွယ် ထက် ပိုမိုတိုတောင်းနေပါက လူမှုဆက် ဆံရေး၌ ရှက်ရွံ့တတ်ပြီး လူတောမတိုး နိုင်ဖြစ်တတ်ပါသည်။ အကယ်၍ ဝဲဘက် လက်ညှိုးတိုတောင်းပါက လူမှုအသိုင်း အဝန်းသာထွင်းပြောရဲဆိုရဲမရှိသူဖြစ်နေ ပါမည်။

**လက်ခလယ် (The Middle Finger)**

လက်ခလယ်တည်ဆောက်ပုံသည် သိသာထင်ရှားစွာ ကွေးကောက်နေခြင်း (သို့) ပုံပျက်နေခြင်းမရှိပါက (သာမန်) အနေအထားအားဖြင့် တာဝန်သိတတ် သည့်သဘော၊ တာဝန်ကျေပွန်သည့် သဘော၊ ဘဝအပေါ် အလေးအနက် ထား၍ ရှုမြင်တတ်သည့်သဘောတို့ကို ဖော်ပြနေပါမည်။

လက်ခလယ်တည်ဆောက်ပုံသိသိ သာသာရှည်လျားနေပါက အမှားအမှန် သေချာခွဲခြမ်းနားလည်နိုင်မည့်သူဖြစ်ပြီး စိတ်ဓာတ်မြင့်မားသလို ပညာဉာဏ် အဆင့်အတန်းနှင့် လူနေမှုအဆင့်တို့ လည်း အထက်တန်းကျနေပါမည်။ အဆိုပါလက္ခဏာရှင်သည် အမြဲတစေ မိမိကိုယ်မိမိ ဝေဖန် ဆန်းစစ်၍ မိမိ အလုပ်အကိုင်တိုးတက်ရေးကိုသာ စိတ် ဝင်စားသူ ဖြစ်ပါမည်။

အကယ်၍ လက်ခလယ် သိသာ စွာ တိုတောင်းပြီး ကံလမ်းကြောင်းက လည်းတိုတောင်း၍ မထင်ရှားပါက လူမှု အသိုင်းအဝန်းအတွင်းမှ ရှောင်ခွာ၍ စိတ်အားငယ်နေတတ်သူ၊ ပညာတစ်ပိုင်း တစ်စနှင့် ဘဝနိမ့်ကျနေသူ ဖြစ်ပါမည်။

**လက်သူကြွယ် (The Ring Finger)**

လက်သူကြွယ်သည် အလှအပကို စိတ်ဝင်စားခြင်း၊ ဖန်တီးနိုင်စွမ်းမြင့်မား ခြင်းဟူသည့်သဘာဝများ ပိုင်ဆိုင်ထား သည်။ လက်သူကြွယ်တည်ဆောက်ပုံ အတို-အရှည်အလိုက် လူထုပရိသတ် အတွင်း ခင်းကျင်းပြသရခြင်း၊ စင်မြင့် ပေါ်၌ လူအများအား ဖျော်ဖြေတင်ဆက် ရခြင်းအလုပ်များအကျိုးပေးတတ်သည်။

လက်သူကြွယ် ရှည်လျားခြင်းဖြင့် လောင်းကစားဆန်ဆန်စွန့်စားမှုပါသော အလုပ်များ၌ စိတ်ဝင်စားတတ်သည်။၎င်း ပြင် လက်သူကြွယ်သည် လက်ညှိုးထက် ပိုမိုရှည်လျားပါက တီထွင်ဖန်တီးနိုင်မှု စွမ်းအားနှင့် မွေးရာပါ အသိဉာဏ်များ အားကောင်းနေပါမည်။ အောင်မြင် ကျော်ကြားသော ရုပ်ရှင်သရုပ်ဆောင် အများစုက လက်သူကြွယ် ရှည်လျား ဖြောင့်တန်းသူများ ဖြစ်သည်။

ဦးခေါင်းလမ်းကြောင်းဖြောင့်တန်း ပြီး လက်သူကြွယ် ရှည်လျားပါက မိမိ လုပ်ကိုင်သမျှသော လုပ်ငန်းဆောင်တာ များ အကျိုးရလဒ်ရှိနေပါမည်။

လက်သူကြွယ် တိုတောင်းသည့် လက္ခဏာရှင် မရှိသလောက်ရှားပါးပြီး အကယ်၍ ရှိခဲ့ပါက ဆတ်ဆတ်ထိမခံ တတ်သူ၊ မဟုတ်မခံစိတ်ဖြင့် လက်တုံ့ပြန် တတ်သူဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ
# ကောင်းကျိုးပေးမြဲ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

**စက်တင်ဘာလ ၁ ရက်၊ ကြာသပတေး-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၂ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ် ဆိုပါ။

**စက်တင်ဘာလ ၃ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၄ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ် ဆိုပါ။

**စက်တင်ဘာလ ၅ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ ([illegible]) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၆ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ မမ္ပူဇေမိ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၈ ရက်၊ ကြာသပတေး-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၉ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက် လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၀ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၁ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင် ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၂ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com

တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၃ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၄ ရက်၊ ဗုဒ္ဓဟူး-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၅ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၆ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉)ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၇ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၈ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓပူဇေမိ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၁၉ ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထမြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၀ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၂ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၂၃ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၂၄ ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ် အရှေ့မြောက်၊ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၆ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အနောက်၊ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၇ ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၉၊ ၀)။ လာဘ်နေအရပ်တောင်။လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ(၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာ ၂၉ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာ ၃၀ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ် အရှေ့၊ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ [illegible] ဇိနော (၉) ခါရွတ်ဆိုပါ။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော်တော်တော့ကြာခဲ့ပါပြီ။

ခင်မင်ရင်းနှီးတဲ့ လူတစ်ယောက်ဘာဖြစ်လို့ဖြစ်နေမှန်းမသိဘူး၊ ခဏခဏဖြစ်နေတယ်ဆိုပြီး သူ့သားတစ်ယောက်လာပြောပြလို့လိုက်သွားလိုက်ပါတယ်။

ဟိုရောက်တော့ အိမ်ပေါက်ဝအဝင်မှာ ခြေသုတ်ဖို့ချထားတဲ့ပုဆိုးကို သတိထားလိုက်မိပါတယ်။ အဲဒီခုနဘာဖြစ်လို့ဖြစ်နေမှန်းမသိတဲ့လူနဲ့ကခင်တာကိုး။ သူနဲ့စကားပြောတိုင်း သတိထားမိတာက သူဟာ အဲဒီမြားပုံလေးတွေလိုအချွန်ပုံလေးတွေပါတဲ့ ယောပုဆိုးကိုနှစ်နှစ်ခြိုက်ခြိုက်ဝတ်ခဲ့တာကိုး။ ဒါနဲ့ပုဆိုးကို သတိထားမိလိုက်ပြီး မိတ်ဆွေနဲ့စကားထိုင်ပြောနေလိုက်ပါတယ်။ သူကအရွယ်ကြီးပြီ။ ဒါကြောင့် စကားပြောရင်'ညီလေးရာ၊ အစ်ကိုဘယ်လိုတွေဖြစ်လို့ဖြစ်နေမှန်းမသိပါဘူး' ဆိုတဲ့ စကားကိုခဏခဏသုံးတယ်။ သူ့ခုတင်ခြေရင်းနားမှာချထားတဲ့ ပုဆိုးတစ်ထည်ကို သတိထားလိုက်မိပြန်ပြီး သိချင်တာနဲ့ စကားမရှိစကားရှာလိုက်ပါတယ်။

"ဒီပုဆိုးကွက်လေးဟာ အသစ်တုန်းကဆို တော်တော်လှမယ်နော်။ ခုတောင်လှလိုက်တာ"

ဆိုတော့ -

"အေး - အစ်ကိုကြီးဝတ်တုန်းကလည်း လူတော်တော်များများပြောကြတယ်။ ဒီပုဆိုးကွက်လေးလှတယ်" တဲ့။

ထင်တဲ့အတိုင်းတွေတော့ဖြစ်နေပါပြီ။

ခုတင်ခြေရင်းမှာထားထားတဲ့ပုဆိုးကတော့ သူနဲ့ သူ့မိန်းမပဲ ခြေသုတ်မှာလေ။ ဒါပေမယ့် အိမ်ထောင်ဦးစီးပုဆိုးကို ဟောင်းပဲဟောင်းဟောင်း၊ စုတ်ပဲစုတ်စုတ် မိန်းမခြေသုတ်တယ်ဆိုတော့-

အိမ်ရှေ့အပေါက်ဝက သူ့ပုဆိုးဟောင်းဆိုရင် ခြေသုတ်ကြတဲ့သူ တော်တော်များသွားပြီ။ သူ့သားသမီးတွေကပါသုတ်ကြပြီ။

အဲဒီနေ့က အဲဒီမိတ်ဆွေနဲ့နှစ်ကိုယ်ကြားပြောခဲ့ပါတယ်။ သူကဘာပြောလဲဆိုတော့ -

"အိုကွာ-ဟောင်းစုတ်လို့ပဲ အစ်ကိုကြီးတောင် ဝတ်မှမဝတ်တော့တဲ့ဟာဘဲ။ အစ်ကိုကြီးနဲ့မဆိုင်တော့ဘူးလေ" တဲ့။

အသက်အရွယ်ကွာနေတာနဲ့ သူပြောတဲ့စကားဟာ ငယ်ရွယ်သူတစ်ယောက် နားထောင်ကိုထောင်ရမယ်ဆိုတဲ့အစွဲကြီးရှိနေလားမသိပါဘူး။ ဘယ်လိုမှပြောလို့မရဘူး၊ သူမယုံဘူး။

နောက်ဆုံး အဲဒီမယုံတဲ့စိတ်ကဘဲသူ့ကို လေဖြတ်သွားတဲ့အထိ တာဝန်ယူသွားပါတော့တယ်။

အဲဒီလိုမျိုး နောက်ထပ် ထပ်တွေ့ပြန်ပါတယ်။

သူကတော့ လုပ်ငန်းတွေတဖြည်းဖြည်းကျလာတာပါ။ သူလည်း ဒီလိုပဲ။ သူ့ပုဆိုးစုတ်ဟာအိမ်ခန်းထဲဝင်တဲ့ တစ်နေရာမှာခြေသုတ်ဖြစ်နေလေရဲ့။

သူကတော့ ရတယ်။ ပြောလို့ရတယ်။ အဲဒီကိစ္စကို သူ့ကိုပဲ တိုးတိုးတိတ်တိတ် ပြောပြလိုက်တော့ သူဖယ်လိုက်တယ်။ ပုဆိုးစုတ်ကိုဖယ်ပစ်လိုက်ပြီး ဒီပြင်အဝတ်ကြမ်းတစ်ခု အစားထိုးလိုက်တယ်။ ဒါတောင် ခမျာမှာ တော်တော်နဲ့နာလန်မထူသေးဘူး။ အရှိန်ကရှိသေးတာကိုး။ နောက်မှအဆင်ပြေသွားတယ်။

တော်တော်များများ မဟုတ်ပေမယ့် -

တချို့-

ရှိနေပါတယ်။ အမှုမဲ့အမှတ်မဲ့နဲ့ နေနေကြပြီး သတိမထားမိကြတဲ့သူတွေရှိနေပါတယ်။ တွေ့လည်းတွေ့နေရပါတယ်။

မသင့်တော်ပါဘူး။

အိမ်ထောင်ဦးစီးရဲ့ပုဆိုးကို ဘယ်လောက်ဟောင်းဟောင်း၊ စုတ်စုတ် ခြေသုတ်မလုပ်သင့်ပါဘူး။



## ဆရာဦးဟောင်ဟောင်သန်း
(ရင်ကိုအေးမြဝေဆား)

ကံကောင်းခြင်းများစွာတို့အတွက်
သုရဋ္ဌလက်ဆောင်



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လက်မခံချင်ကြသူ တစ်ဦး၊နှစ်ဦးနဲ့လည်း ဆုံဖူးပါတယ်။ သူတို့လည်း သူတို့လျှောက်သင့်တဲ့လမ်းကို လျှောက်သွားကြပါပြီ။

ဒီလိုပြောတာဟာ ဘယ်သူ့အတွက်ပြောတာလဲ။ ပြောတဲ့လူရဲ့အကျိုးလား၊ အပြောခံသူရဲ့အကျိုးလား သေချာမစဉ်းစားဘဲ အမှောင်ဖုံးနေရင်တော့၊ မာနတွေတင်းခံနေရင်တော့ အချိန်လေးပေးပြီးစဉ်းစားဖို့ပါ။

အိမ်ထောင်ဦးစီး ဆိုတာ မိသားစုကြီးရဲ့အရိပ်ပါပဲ။

မိသားစုကြီးရဲ့ ကျေးဇူးရှင်ပါပဲ။ ဘာပဲဖြစ်ဖြစ် သူ့ကြောင့် မိသားစုဘဝလုံခြုံတယ်။ သူ့ကြောင့် ထမင်းနပ်မှန်မှန်စားရတယ်။ သူ့ကြောင့် အန္တရာယ်ကင်းရတယ်။ ဒါလောက်ပဲတွေးလိုက်ပါဦး။

ဒီလိုပုဂ္ဂိုလ်ရဲ့ပုဆိုးကို ခြေသုတ်ကြရင် -

ဇနီးပဲသုတ်သုတ်၊ သားသမီးတွေပဲသုတ်သုတ်၊ တစိမ်းဧည့်သည်တွေကပဲသုတ်သုတ် သူ့အဝတ်ဟာ ဘယ်လိုနေရာမျိုးရောက်သွားပြီလဲ။ ဒါစဉ်းစားရမှာ။

တွေ့ခဲ့သမျှတွေကတော့ -

အိမ်ထောင်ဦးစီးဟာ ရောဂါသည်လုံးလုံးဖြစ်နေတာများပါတယ်။ နာတာရှည်ရောဂါတွေနဲ့ လုံးထွေးနေတာပါပဲ။ ဘုန်းတွေကံတွေနိမ့်နေသလိုပေါ့လေ။ ကြည့်ရတာ ရုပ်မပေါ်ဘူး။ ဘာဖြစ်လို့ဖြစ်နေမှန်းကိုမသိရသလိုဘဲ။ ဆေးအမျိုးမျိုးကု ကြိုက်သလိုကု ကောင်းရင် ခဏပဲ၊ ဖြစ်နေပြန်တာပဲ။

သူငယ်ချင်းတစ်ယောက်ဆိုရင် လူပြုစားထားတယ်ဆိုပြီး ပြလိုက်ရတဲ့ဆရာ လေး၊ ငါးဦးမကဘူး။ ဘာမှလည်းမထူးဘူး။ ဖြစ်တာကဖြစ်နေတာပဲ။

စကားစပ်မိလို့ သူ့မိန်းမကို ဟိုမေးဒီမေးမေးတော့မှ သူ့ပုဆိုးကို ခြေသုတ်လုပ်ထားတာပေါ်လာတယ်။ အဲဒီတော့မှ ပြောလိုက်ရတယ်။

"နင့်ယောကျ်ား ဘာပယောဂမှမဟုတ်ဘူး။ နံနိမ့်နေတာ။ သူ့ပုဆိုးကိုခြေသုတ်မလုပ်ပါနဲ့၊ ဖယ်လိုက်ပါ"

လို့ ပြောလိုက်ရတယ်။

သူ့မိန်းမကလည်း ဆင်ခြေနဲ့ -

"ပုဆိုးကစုတ်နေပြီလေ၊ အမှိုက်ပုံလွှင့်ပစ်ပြန်ရင်လည်း ကြုံတဲ့လူကယူပြီး ဒီလိုခြေသုတ်လုပ်ရင် ဘယ်လိုလုပ်မလဲ"



တဲ့။

သူမေးတာ မမှားပါဘူး။ သူ့ကို ပြောလိုက်ရပါတယ်။

"အေး - နင်မေးတာမမှားဘူး။ ဒါပေမယ့် လောလောဆယ်မှားနေတာက နင့်ထက်လည်းအသက်ကြီး၊ နင်တို့ရဲ့ထမင်းရှင်လည်းဖြစ်တဲ့ သူ့ရဲ့ပုဆိုးကို နင်တို့ဝိုင်းပြီးခြေသုတ်နေကြတာက မှားနေတယ်"

လို့ ပြောလိုက်ရတယ်။

"ဒီလိုဆို ဒီပုဆိုးစုတ်ခြေသုတ်ကို အမှိုက်ပုံပစ်လိုက်ရင်ကောရမလား"တဲ့။

"ခြေဝိုင်းသုတ်နေကြတာထက်စာရင် သူ့ဟာသူ လွတ်လွတ်ကျွတ်ကျွတ် လွှင့်ပစ်လိုက်တာကမှ ကောင်းဦးမယ်"

လို့ ပြောလိုက်ရပါတယ်။

လွှင့်လည်းပစ်လိုက်ရော သူ့ယောကျ်ား တဖြည်းဖြည်းကောင်းလာတာတွေ့တော့မှ လာတောင်းပန်တယ်။ ယုံသွားတယ်။

ဒါကတော့ ယုံချင်လည်းယုံ၊ မယုံချင်လည်းနေပေါ့လေ။

ပြောနေရတာက ဘယ်သူ့အတွက်လဲဆိုတာသိရင်တော့ စဉ်းစားပေါ့။ မသိရင်တော့ မစဉ်းစားနဲ့ပေါ့။

ဒီလို ခြေသုတ်ခံရတဲ့သူတွေကတော့ ထိနေတာ မျက်မြင်ပါပဲ။ တကယ်လို့များ ဒီလိုမျိုးနဲ့ကြုံနေရင် ကိုယ့်ကိုယ်ကိုယ် မညာတမ်းမညာတမ်းကြည့်ကြည့်လိုက်ပါ။ တကယ်ဖြစ်နေတာတွေ့မှ 'ဟာ - ဟုတ်ပါလား' ဆိုပြီး လက်ခံလိုက်ပါ။ လက်ခံပြီဆိုရင်လည်း ခြေသုတ်ကို ဖယ်လိုက်ပါ။ ဒါ အကောင်းဆုံး အကြံပြုခြင်းပါပဲ။

အိမ်ထောင်ဦးစီးရဲ့ပုဆိုးကို တချို့က ပြဲသွားရင်၊ စုတ်သွားရင် ခေါင်းအုံးစွပ်တို့ဘာတို့လုပ်ထားတာတွေတွေ့ရပါတယ်။ ဒါဟာ တကယ်ကောင်းတာပါ။ စုတ်သွားတာတောင် အထွတ်အမြတ်ထားတဲ့သဘောပါပဲ။ သိပ်ကောင်းပါတယ်။

ဒီလိုထားတဲ့သူတွေလည်း ခဏခဏတွေ့ရပါတယ်။ သူတို့တွေဆိုရင် ဘာပြဿနာမှမရှိကြသလို ထက်မြက်တဲ့အိမ်ထောင်ဦးစီးတွေရဲ့အရိပ်အောက်မှာ အေးချမ်းနေကြတာချည်းပါပဲ။ အိမ်ထောင်ဦးစီး ဘုန်းကံမကျဘူးပေါ့လေ။

ဘုန်းကံကျတယ်ဆိုတာက အမျိုးမျိုးရှိပါတယ်။

လူကို ဒါရိုက်ထိတာကတော့ ချူချာခြင်းပါပဲ။ အကောင်းသားနေရင်းကနေ ဘာဖြစ်လို့ဖြစ်မှန်းမသိဖြစ်နေတာတွေ၊ ရောဂါလည်းသိ ဆေးလည်းရှိပါရက်နဲ့ ကုမရဖြစ်နေတာတွေ၊ ရောဂါမသိဖြစ်နေတာတွေ၊ ရောဂါတစ်မျိုးပြီးတစ်မျိုးပေါ်နေတာတွေ ဒါတွေဟာ ဘုန်းကံနိမ့်ခြင်းတွေပါပဲ။

တချို့ကျတော့ ခုနပြောသလို အလိုလိုနေရင်း အိပ်မပျော်ဖြစ်လာတာတွေ၊ မစားမသောက်ချင်ဖြစ်လာတာတွေ၊ သူများလုပ်ထားသလိုလိုဘာလိုလိုဖြစ်လာရတာတွေ၊ ဘာဖြစ်လို့ဖြစ်နေမှန်းကိုမသိဖြစ်နေတာတွေ အမျိုးမျိုးပေါ့လေ။

တချို့ကျတော့ စီးပွားကိုထိတယ်။ လုပ်နေရင်းကနေမြုပ်နေတာ၊ ပြုတ်သွားတာ၊ အလုပ်ရပ်သွားတာ၊ လုပ်ငန်းတွေကျဆင်းလာတာဖြစ်လာပြန်တာပါပဲ။

တချို့ ဘုန်းကံထိတာကျတော့ ကိုယ့်ကိုယ်ကိုယ်ထိလို့ထိနေမှန်းမသိတဲ့ထိနည်းပေါ့။

ဥပမာ မွေးထားတဲ့သမီး ဘာမှန်းညာမှန်းမသိလိုက်ရဘဲ လင်နောက်လိုက်ပြေးတာမျိုး၊ အကောင်းကနေ သားသမီးတွေက ရန်လုပ်တာမျိုး၊ ဆန့်ကျင်ဘက်လုပ်တာမျိုး၊ သားသမီးတွေ ပြောမရဆိုမရဖြစ်လာတာမျိုး တွေ့ဖူးပါတယ်။

လူတစ်ယောက်ဆိုရင် ဆိုင်တစ်ဆိုင်ဖွင့်ထားတယ်။ ရောင်းကောင်းတယ်၊ အလုပ်သမား (၅) ယောက်နဲ့။ အဲဒီကလေးတွေကလည်း လိမ္မာကြတယ်၊ သူ့မျက်နှာလွှဲရတယ်၊ ပစ်ထားခဲ့ ရတယ်၊ အဲသလောက် အားကိုးရတဲ့ ကလေးတွေ။

ဟော - သူဘုန်းကံကျလာဖို့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း သူ့အိမ်မှာဖြစ်လည်းဖြစ်လာရော အရမ်းအားကိုးရတဲ့ အလုပ်သမားလေးတွေ အကြောင်းမဲ့ထွက်ချင်လာတာတို့၊ ငါတို့လုပ်ငန်းရှင်ကလည်း သူ့က သွားချင်ရာသွားလွှန်းတယ်။ ငါတို့အရည်အချင်းကြောင့် သူ့မှာ စီးပွားတက်နေတာပဲ၊ ငါတို့ပဲလုပ်နေရတာပဲဆိုတဲ့မထင်မှတ်လောက်တဲ့အတွေးတွေဝိုင်းဝိုင်းလည်လာတော့တာပေါ့။ ဒီအခါမှာ သူ့အားကိုးရတဲ့သူတွေထွက်ကုန်လို့ သူ့လုပ်ငန်းဟာ တဖြည်းဖြည်းဆိုင်းသွားတော့တာပေါ့။

ဒါကြောင့် -

ဘုန်းနိမ့်တယ်ဆိုတာ မမြင်ရပါဘူး။

မဖြစ်ခင့်မှာ မဖြစ်အောင် ကြိုတင်ဆင်ခြင်နိုင်ဖို့အတွက်၊ ဒီလိုမျိုးအကြောင်းလေးတွေကို ဗဟုသုတပြောပြဖို့အတွက် ဒီသူရဲ့လက်ဆောင်ဖြစ်လာခဲ့ရပါတယ်။

တချို့ဆို -

အိမ်ထောင်ဦးစီးရဲ့ စွပ်ကျယ်တို့ ဘာတို့ကို လက်နှီးလုပ်တဲ့သူတွေတွေ့ဖူးပါတယ်။ ထိတာပါပဲ။ အိမ်ထောင်ဦးစီးရဲ့အင်္ကျီဟာ လက်နှီးမလုပ်သင့်ပါဘူး။ လက်နှီးလုပ်စရာအဝတ်တွေအများကြီးရှိပါတယ်။ အိမ်ထောင်ဦးစီးအင်္ကျီကို မလုပ်သင့်ပါဘူး။

ရိုးရိုးကြည့်ရင် အပူအတွက်သုံးနေသလိုပါပဲ။

သုံးကြပါတယ် တချို့။

သေချာ လျှော်ဖွပ်ပြီး သနပ်ခါးလိမ်းပြီးရိုက်တဲ့တို့ပတ်တို့ဘာတို့သုံးကြတာတွေ့ဖူးပါတယ်။ ကောင်းတာပေါ့။ ဒါဟာလည်း အထွတ်အမြတ်ပဲလေ။ မျက်နှာလိမ်းဖို့ဆိုတာ မြတ်တာပဲ။ ဒီလို အိမ်ထောင်ဦးစီးတွေလည်း မထိခိုက်ကြပါဘူး။ ဘုန်းကံတက်စရာရှိရင် ပိုလို့တောင်တက်ကြမှာဖြစ်ပါတယ်။

စောစောကလို မီးဖိုချောင်သုံးဖို့



ဆိုရင်တော့ စဉ်းစားပါ။

ပါးစပ်သုတ်၊ လက်သုတ်ကတော့ ပါသေးရဲ့။

မထင်မှတ်ဘဲလုပ်လိုက်မိတာလေးက မထင်မှတ်တာတွေဖြစ်ဖြစ်လာတတ်လို့ပါ။

ခြေသုတ်ပုဆိုးလုပ်ထားတဲ့ တစ်ယောက်ဆိုရင် သူငယ်ချင်းတွေဖြစ်နေတော့ ခပ်ပေါ့ပေါ့ပဲ။ သူ့ယောကျ်ား နောက်ထပ်ခြေလှမ်းလှမ်းလိုက်မှန်းသိတော့မှ မျက်ရည်နဲ့မျက်ခွက်ပြေးလာပါတယ်။ မေးကြည့်လိုက်တော့ ဖယ်လိုက်ပြီတဲ့။ လေး၊ ငါးရက်ရှိသွားပြီတဲ့။ ဖြစ်ပြီးပြီလေ။ မဖြစ်ခင်က မဖြစ်အောင်ဖယ်ခိုင်းခဲ့တာ လုပ်မှမလုပ်ဘဲ။ ရှောင်ရန်ပါဆိုတာကို ဆောင်ရန်လုပ်ချင်နေတာကိုး။

ပြောရမယ်ဆိုရင် အိမ်ထောင်ဦးစီး ဒီလိုဖြစ်သွားရတာ ကံမြင့်သွားတာလား၊ ကံနိမ့်သွားတာလား စဉ်းစားလေ။ ကိုယ့်အိမ်ကိုအိမ်မှန်းမသိ၊ ဇနီးကိုဇနီးမှန်းမသိ၊ သားလေးတွေသမီးလေးတွေကို သားသမီးမှန်းမသိဖြစ်သွားရတာဟာ ကံမြင့်သွားတာလား၊ ကံနိမ့်သွားတာလား။

ဒါကြောင့် -

ကံနိမ့်ခြင်း ဆိုတာ အမျိုးမျိုးရှိပါတယ်။

'ဟယ် - ထင်တောင်မထင်လိုက်ဘူး' ဆိုတာ ကံနိမ့်ခြင်းရဲ့သင်္ကေတတွေပါပဲ။

ကံနိမ့်ခြင်းကို ကြိုတင်ပြလို့မရပါဘူး။

ကြိုတင်သိအောင် ကြိုးစားလို့သာရတာပါ။

သိအောင် ကြိုးစားတဲ့အထဲမှာ စောစောကပြောခဲ့တဲ့ ခြေသုတ်ပုဆိုး၊ လက်နှီးတို့ဟာ တစ်ထောင့်တစ်နေရာကပါနေပါတယ်။ ဒါကြောင့် သတိမထားမိတာလေးတွေများရှိနေရင် သတိထားမိအောင်၊ မသိသေးရင် သိအောင် အကြံပြုနေတာပါ။

လက်တွေ့ကြည့်ပါ။

ပြီးရင် စဉ်းစားပါ။

ပြီးမှလက်ခံပါ။

ကိုယ့်ကိုယ်ကိုယ် မညာတမ်း၊ မညာတမ်း စဉ်းစားပြီး လက်တွေ့ကြည့်ကြည့်တာဟာ အကောင်းဆုံးပါပဲ။

ပြီးမှ နီးစပ်ရာ မိသားစု၊ မိတ်ဆွေသူငယ်ချင်းတွေကို ပြောပြပါ။ ဒါဟာ သူတစ်ပါးအတွက် ကောင်းကျိုးပြုခြင်းတစ်မျိုးပါပဲ။ သူများအကျိုးကိုဆောင်ကာပါပဲ။

လက်နှီးလုပ်ထားတဲ့ စွပ်ကျယ်တို့ ရှပ်အင်္ကျီဟောင်းတို့ကို မြင်လိုက်တာနဲ့ အစစအရာရာ အားလုံးကို စဉ်းစားလိုက်ပါ။

ငါ့အင်္ကျီ ဒီလိုမဖြစ်ခင်က ငါဘယ်လိုနေလဲ၊ ခု ငါဘယ်လိုနေလဲ စဉ်းစားလိုက်ပါ။

ခြေသုတ်လုပ်ထားတဲ့ ပုဆိုးကို သတိထားမိပြီဆိုရင်လည်း စဉ်းစားလိုက်ပါ။ ငါ့ပုဆိုး ဒီနေရာမရောက်ခင်က ငါဘယ်လိုနေလဲ၊ ခု ငါဘယ်လိုနေလဲ စဉ်းစားလိုက်ပါ။

ကိုယ့်ပုဆိုးနဲ့ ခြေသုတ်တယ်ဆိုတာဟာ မြတ်တာတစ်ခုပဲရှိပါတယ်။ အဲဒါကတော့ ကိုယ့်အိမ်မှာ အိမ်တက်မင်္ဂလာဖြစ်ဖြစ်၊ မွေးနေ့ဖြစ်ဖြစ်၊ ဘယ်လိုအလှူမျိုးအတွက်ပဲဖြစ်ဖြစ် သံဃာတော်အရှင်သူမြတ်များကို ပင့်ဖိတ်လို့ ကြွလာပြီဆိုရင် အိမ်ဝကဆီးပြီး သံဃာတော်အရှင်သူမြတ်များရဲ့ ခြေထောက်ကို သုတ်ပေးရတဲ့ကုသိုလ်ကတော့ ဘာနဲ့မှ မတူအောင် မြတ်ပါတယ်။

ပုဆိုးစုတ်မဆိုထားနဲ့ ကုသိုလ်လိုချင်လွန်းလို့ ဝတ်နေတဲ့ပုဆိုးအကောင်းတွေနဲ့တောင်သုတ်ပြီးကုသိုလ်ယူကြတဲ့သူတွေချည်းပါပဲ။

နောက်ထပ်ပြောရရင် မိဘတွေရဲ့ခြေကိုသုတ်ပေးရတဲ့ကုသိုလ်။ ဒီလိုသုတ်ပေးရင်လည်း မြတ်လိုက်တာမှ။

ဒီလိုမြတ်တဲ့ကုသိုလ်တွေကို စဉ်းစားလိုက်ရင် -

စောစောပြောခဲ့တဲ့ အများသူငါ ခြေသုတ်တာမျိုးကို ထပ်စဉ်းစားလို့ရပါပြီ။

စဉ်းစားချင်တဲ့သူတွေအတွက် -

စဉ်းစားဖို့လိုအပ်တယ်လို့ထင်ရသူတွေအတွက် -

အကြံပြုလိုက်ရတာ ဖြစ်ပါတယ်။

မလိုပါဘူးကွာ။ ဒါတွေက မဆန်းပါဘူးဆိုသူတွေအတွက် မရည်ရွယ်ပါ။

လိုအပ်တယ်ထင်ရင်ယူပါလို့ -

မေတ္တာစကားများပြောကြားရင်း ကံကောင်းသထက်ကောင်းနေချင်သူများအတွက် သူရဲ့လက်ဆောင်ပါးလိုက်ပါပြီ။

ကံကောင်းပြီးရင်းကောင်းကြပါစေ။

ဆေးဆရာဦးမောင်မောင်ထွန်း

(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com



တဟိ တဟိ ပါရမီ သဠယံ စယံ
ဂတံ ဂတံ သတ္တိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး [illegible] ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ စနေနာမည်ရှင်နှင့်စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်စတီပက်ဖျန်းပြီး စနေနာမည်ရှင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အိမ်နှင့်နီးသော ဘုရားစေတီတစ်ဆူသို့ လမ်းလျှောက်သွားပြီး ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - ယခုလ ဘုရားစေတီတစ်ဆူဆူသို့သွား၍ မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်စိပ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - နေ့စဉ် သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက, မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - သက်ဆိုင်သူကို (၁၅) မိနစ်ခန့် နေ့စဉ် အာရုံစူးစိုက်ပြီး မေတ္တာပို့ပါ။

**ကျန်းမာရေး** - တန်ခိုးကြီးဘုရားစေတီသို့သွား၍ ရွှေသင်္ကန်းများကပ်လှူပါ။

**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ကံကောင်းပါလိမ့်မည်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ဂုဏ်တော်ကွန်ချာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'သောကြာနံ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ရွှေရောင်ပစ္စည်းအကျိုးအပျက်များ၊ ရေသန့်ဘူးခွံအဟောင်းများကို ရှင်းလင်းစွန့်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့သွား၍ တံမြက်လှည်းခြင်း၊ အမှိုက်များကောက်ခြင်းပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။

**ကျန်းမာရေး** - ငါးအရှင်လေးများကို ဈေးမဆစ်ဘဲ တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး အညွန့် ပွန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီအစချီသောဂါထာကို အမိဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၃) ဆူ တစ်နေ့တည်းလှည့်၍ ပန်းပေါင်းစုံ ဝေဝေဆာဆာကပ်လှူပြီး ပဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်လှည်းခြင်း၊ အမှိုက်များကောက်ခြင်းပြုပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းမပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင်(၇)ဂဏန်းများစွာပါသောထီလက်မှတ်လေးများနိုင်သလောက် ထိုးထားပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက် ဝေလီဝေလင်းတွင် ပဌာန်းဉဒ္ဒေသနိဒ္ဒေသ နေ့စဉ်ရွတ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့်မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'တနင်္လာ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ (၅)မျိုး ကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များ၊ ရေသန့်ဘူးခွံအဟောင်းများ ရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင်လှည်းရန် တံမြက်စည်းများ နိုင်သလောက် ဝယ်လှူပါ။ လှည်းလည်းလှည်းခဲ့ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အမည်းရောင်ပစ္စည်းမပေးပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသောဒုက္ခိတများကို ငွေ၊ ဆေးဝါး၊ ဓာတ်စာများလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသောထီဆိုင်တွင် (၅)ဂဏန်းများစွာပါအောင် ရွေးချယ် ကံစမ်းထားလိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်၊ ငွေကြေးများစွာလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေ'နံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်းစုံ ကပ်လှူပူဇော်ပြီး ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်အောင်သွားပြီး တံမြက်လှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ ပန်းခြောက်များစွန့်ခြင်းပြုပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်လေး[illegible] မသွားပါနှင့်။

www.burmeseclassic.com

**ကျန်းမာရေး** - လိပ်စာ၊ ငါးစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံ့ထီဆိုင်တွင် (၇)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ကြာသပတေးနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် စက်ပစ္စည်းအဟောင်းအပျက်များ၊ အလှဆင်ပစ္စည်းအပျက်အဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ဂြိုဟ်တိုင်များတွင် ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ မကြာခဏအစာကျွေးပါ။
**ကျန်းမာရေး** - လေထိထားသောဝေဒနာရှင်များကို တတ်နိုင်သမျှ ဆေးဝါး၊ ဓာတ်စာလှူပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံ့ထီဆိုင်တွင် (၅) အစ (၁) အဆုံး၊ (၁) အစ (၅) အဆုံးထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်းများဖြင့်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - နံနက်ဝေလီဝေလင်း အိပ်ရာမှထ၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို (၉) ရက်ဆက်ရွတ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - 'ရွှေ'ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ တစ်နေကုန်သန့်ရှင်းရေးပြုလုပ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - 'စနေ'နံ့ဘွဲ့အမည်ရှိသောဘုရားစေတီသို့သွား၍ အရုဟံသိဒ္ဓိကို မညောင်းမချင်းစိပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအနီရောင်၊ အမည်းရောင်လေးများ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ နိုင်သလောက် ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်ရောင်းသောထီသည်ထံတွင် (၅)အစ (၃)အဆုံး သို့မဟုတ် (၃)အစ (၅)အဆုံး ဂဏန်းများရွေးချယ်ကံစမ်းထားပါ။

> ယခုလတွင်-
> အင်္ဂါစ၍ တနင်္လာပိတ်မှည့်ထားသောသူများအနေနှင့် အခြားသူများထက် ပိုမို၍ရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာကိုရယူပါ။
> စင်ကြယ်၊ စိန်ကျင်၊ စံကို၊ ဇင်ကြူ။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၆ခုနှစ်၊ ဇန်နဝါရီလအတွက်

ဆရာဦးမောင်မောင်သန်း

( [illegible] )

# ခုနစ်ရက်သားသမီး

## ဟောစာတမ်း

၄

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီအထောက်အပံ့များရရှိပါလိမ့်မည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေဝင်လာလျှင် မဖြုံဘဲပြန်ထွက်သွားတတ်၍ မိသားစုထဲမှတစ်ဦးဦးကိုဆင်ပေးလိုက်ပါ။ ငွေကြေးကိစ္စများအပေးအယူအထူးဂရုစိုက်ပါ။ အရှုပ်အရှင်းဖြစ်တတ်ပါသည်။ လုပ်ငန်းခွင်အတွင်း အပြိုင်အဆိုင်၊ အတိုက်အခံများပေါ်တတ်ပါသည်။ မာနကြီးခြင်း၊ မောက်မာခြင်း၊ စိတ်တိုခြင်းများဆင်ခြင်ရပါလိမ့်မည်။ ကျန်းမာရေး-စိုးရိမ်စရာမရှိပါ။ ကိုယ်နှင့်မတည့်သောအစားအသောက်များသာ သတိထားစားပါလေ။ မိသားစုအတွင်း စိတ်ချမ်းသာမှုရှိစေရန် ဆူဆူပူပူမဖြစ်ပါစေနှင့်။ ပညာရေးကောင်းလာပါလိမ့်မည်။ ဥာဏ်၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားပေးပါ။ မသင်ရသေးသောပညာများသင်ကြားခွင့်ရမည်။ သင်တန်းများတက်ရန် ရွေးချယ်ခံရတတ်ပါသည်။ အလုပ်ခွင်စာမေးပွဲများအောင်မြင်ပါလိမ့်မည်။ ပဌာန်းပူဇော်ပွဲကြီးများနှင့်ကြုံ၍ ပူဇော်ခွင့်ရတိုင်းပူဇော်ပါ။ လှူပါ။ မေတ္တာသုတ်များများရွတ်ပြီးမေတ္တာပွားများပါ။ ချစ်တတ်သူများ ပြဿနာဖြစ်စေမည့်စကားဟောင်းများ ပြန်လည်မပြောမိပါစေနှင့်။ ခိုလေးများကို မကြာမကြာမစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါမည်။ ဒိဗ္ဗတပတိဂါထာကို နေ့စဉ် ပုတီး (၂) ပတ် (၃) ပတ်စိပ်ပါ။ ထစ်ငေါ့နေသောငွေကြေးကိစ္စများပြေလည်လာပါလိမ့်မည်။ ထီထိုးမည်ဆိုပါက တနင်္ဂနွေနံထီဆိုင်များတွင် (၇၊ ၅၊ ၁၊ ၄) ဂဏန်းများနှင့် ကံစပ်နေပါသည်။

**ယတြာ ။ ။** *ငါးအရှင်လေးများကို ရေအရှင်မှာ ဘေးမဲ့လွှတ်ပေးပါ။*



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေထည်ပစ္စည်း အဟောင်း၊ စက်အဟောင်းများမဝင်ပါစေနှင့်။ အိမ်ထဲမှာရှိသော ရွှေရောင်ပစ္စည်း အကျိုးအပဲ့များ၊ အင်းပျက်၊ အဆောင်ပျက်များ စွန့်ထုတ်ပစ်လိုက်ပါ။ ငွေဝင်နေပါသော်လည်း အကုန်အကျများနေတတ်ပါသည်။ မကြာခဏစိတ်တိုစရာကိစ္စများကြုံနေရမည်။ စီးပွားရေးအတွက်စိတ်မညစ်ရဘဲ လူမှုရေးကိစ္စများကြောင့် စိတ်ညစ်ရတတ်ပါသည်။ အခက်အခဲကြုံတိုင်း မေတ္တာသုတ်နှင့် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတို့ကို အမြဲဒ္ဌာန်ဝင်ပြီးရွတ်နေပါ။ အဆင်ပြေလာပါလိမ့်မည်။ ကျန်းမာရေးကောင်းနေပါမည်။ လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ အစားကိုအချိန်နှင့်စားပါ။ လွန်ကဲစွာအဆာမခံပါနှင့်။ လိုအပ်ပါက ဗောဇ္ဈင်္ဂသုတ်ရွတ်ပါ။ ဘုရားဖူးခရီးများ၊ အလည်အပတ်ခရီးများထွက်ဖြစ်မည်။ လောင်းကစားကိစ္စများအကျိုးမပေး၍ လုံးဝရှောင်လိုက်ပါ။ ပညာရေးကံများကောင်းပါသည်။ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေသူများ ရာထူးတိုးစာမေးပွဲအောင်မြင်ပြီး ရာထူးတိုးပါတော့မည်။ ချစ်တတ်သူများ ပျော်ရွှင်ဖွယ်ရာနေ့ရက်များ ဖြစ်ပါသည်။ ထီထိုးမည်ဆိုပါက ခရီးသွားရင်းလမ်းမှာကြုံသော ထီဆိုင်တွင် (၅) ဂဏန်းများ များစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အတူနေညီအစ်ကိုမောင်နှမများ၊ မိသားစုဝင်များနှင့် စိတ်အခန့်မသင့်ဖြစ်တတ်ပါသည်။ အင်းပျက်၊ အဆောင်ပျက်၊ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များရှိနေလျှင် စွန့်ပစ်လိုက်ပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး ကုသိုလ်ကောင်းမှုတစ်ခုခုဆောင်ရွက်ပါ။ အချိန်မှန်အိပ်၊ အချိန်မှန်စား၍ အာရုံကြောများခဏခဏအနားပေးရပါမည်။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ ပညာရေးကံများကောင်းနေမည်။ ပိုမိုမြင့်မားသောပညာရပ်များ သင်ကြားခွင့်ရတတ်ပါသည်။ သင်တန်းများလည်းတက်ရတတ်ပါသည်။ အလုပ်အကိုင်ရှာဖွေနေသူများ အဆင်ပြေသလို စဝင်လိုက်ပါ။ နောက်ပိုင်း တိုးတက်လာပါလိမ့်မည်။ လာဘ်လာဘအတွက် ဒိဝါတပ်တိဂါထာကို အမြဲဒ္ဌာန်ပုတီးများစိပ်ပါ။ ချစ်တတ်သူများ စကားတွေပြောနေရင်းက အမှားတွေပါသွားတတ်သဖြင့် ကနေတာက်ကဆဖြစ်ရတတ်ပါသည်။ စကားပြောသတိထားပါ။ ထီဝါသနာပါသူများ စနေနံထီဆိုင်တွင် (၇၊ ၅၊ ၃၊ ၆) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ အကျိုးပေးပါလိမ့်မည်။ အချိန်ပေး၍ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို ရွတ်ဖတ်ပူဇော်ပါ။ မေတ္တာသုတ်ကို အမြဲဒ္ဌာန်ဖြင့်ရွတ်ပြီး မေတ္တာပွားပါ။ အညှိုများလျော့နည်းသွားပါလိမ့်မည်။

ယတြာ ။ ။ *အသက်အရွယ်ကြီးသော အဘိုးအဘွားများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ မည်သည့်ကိစ္စမဆို ကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်း အံချော်နေတတ်သည်ကို သတိပြုပါလေ။ ကိုယ့်စကားမအောင်သောကာလဖြစ်၍ စကားပြောဆင်ခြင်ရပါမည်။ ငွေကြေးကိစ္စများတွင် ကြားမဝင်ပါနှင့်။ ငွေမည်မျှဝင်နေသော်လည်း အကုန်အကျများသောကာလ ဖြစ်ပါသည်။ ခွေးလေးများ၊ ငှက်ကလေးများကို အမြဲဆိုလို အစာကျွေးပါ။ ကျန်းမာရေးကောင်းစေရန် စိတ်တိုခြင်း၊ စိတ်ဖိစီးမှုများခြင်းလျှော့ချပေးပါ။ အာရုံကြောများ ခဏခဏ အနားပေးပါ။ ပညာသင်ယူနေသူများ ပညာရေးကံများအလွန်ကောင်းနေပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ တန်ဖိုးကြီးမားသောပညာရပ်များ သင်ကြားခွင့်ရမည်။ တန်ခိုးကြီးဘုရားများ ဖူးမြော်ရခြင်း၊ သီလသမာဓိကြီးမားသော ဆရာတော်ကြီးများကို ဖူးမြော်ရခြင်းကြုံမည်။ ချစ်တတ်သူများ ပျော်ရွှင်ကြည်နူးဖွယ်ကာလလေးများ ရောက်ရှိနေမည်။ မလိုအပ်ဘဲ ငြင်းခုံနေခြင်းများ ရှောင်ပါ။ ထီဝါသနာရှင်များအတွက် ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပါ။

ယတြာ ။ ။ *ဘုရားရှင်အား ပန်းပေါင်းစုံ (၅)မျိုးနှင့် ပူဇော်ပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်း လုံး၀ အကျိုးမပေး၍ ရှောင်ရပါမည်။ ဝင်ငွေကောင်းပါမည်၊ လောဘမကြီးပါနှင့်။ ဘာသာရေးဦးထိပ်ထားပြီး ကိုယ့်ကိုယ်ကိုယ်နှိမ့်ချနေရမည့်ကာလ ဖြစ်ပါသည်။ မာန်တွေလျှော့ပါ။ ကိုယ့်ကို ဆန့်ကျင်သူများနေပါမည်။ သည်းခံပါ။ အချိန်ရတိုင်း ဂုဏ်တော်တွေပွားနေပါ။ စိတ်မတိုပါနှင့်။ ရတနာမြတ် (၃) ပါးကိုသာ ဦးထိပ်ထားပါ။ ငွေကုန်ကြေးကျများနေလျှင် ခြေ၊ ခါးမကောင်းသူတွေကို ကူညီပံ့ပိုးပေးပါ။ ပစ္စည်းပျောက်တတ်၍ သတိထားပါ။ ကျန်းမာရေးကောင်းနေစေရန် ဆေးမကြာခဏလှူပါ။ အပျော်အပါးလျှော့ပါ။ ခွေးလေးတွေ၊ ငှက်ကလေးတွေကို မကြာမကြာ အစာကျွေးပါ။ ပညာရေးကံများကောင်းမည်။ ကြိုးစားလေ အောင်မြင်လေဖြစ်ပါသည်။ ပညာတော်သင်ခရီးသွားရန်ရှိသူများ ယခုလထွက်ခွာဖြစ်မည်။ လုပ်ငန်းခွင်စာမေးပွဲဖြေဆိုရသူများ အောင်မြင်ပါလိမ့်မည်။ ရာထူးတိုးအတွက်သာ စောင့်ရပါလိမ့်မည်။ ချစ်တတ်သူများ စကားအခြေအတင်ခဏခဏမပြောပါနှင့်။ စိတ်လျှော့ပါ။ ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။ ထီဝါသနာပါသူများ စနေနံ့ထီဆိုင်တွင် (၇၊ ၆၊ ၃၊ ၂) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ အာမခံတာတွေ သတိထားပါ။ ကိုယ်ကိုပြန်ပတ်တတ်ပါသည်။

*ယတြာ ။ ။ လေလံ…ဘးသောဝေနာရှင်များကို ဆေး ငွေ အာဟာရလှူပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ အကူအညီများရရှိပါလိမ့်မည်။ ဆွေမျိုး၊ မိဘ အကြီးအကဲများလည်း ထောက်ပံ့ကူညီပေးတတ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မည်သူ့ကိုမှလည်း အာမမခံပါနှင့်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်ပါသည်။ ဥပဒေနှင့်ဆန့်ကျင်၍ ဒုစရိုက်ပြုလုပ်ရန် ဝန်မလေးသူများနှင့် သွားအတူ၊ လာအတူ၊ တပူးတွဲတွဲ မနေပါနှင့်။ လောင်းကစားမှန်သမျှရှောင်ပါ။ ဘာသာတရားနှင့် အစစအရာရာထိန်းချုပ်ပါ။ သည်းခံပါ။ လှူတာ၊ စွန့်ကြဲတာတွေလည်း မကြာမကြာပြုပါ။ သည်းခံခြင်း၊ နှိမ်ချခြင်း၊ မြိုးမြဲခြင်းများဖြင့် အကောင်းဆုံးအောင်မြင်တတ်ပါသည်။ ကျန်းမာရေးအတွက်လိုအပ်ပါက ရေသတ္တဝါလေးများကို အစာကျွေးပါ။ မကြာခဏ ငှက်လွှတ်ပေးပါ။ ပညာရေးကံများ အကောင်းဆုံးဖြစ်ပါသည်။ သင်တန်းများလည်း တစ်ခုပြီးတစ်ခု အောင်မြင်စွာတက်ရတတ်ပါသည်။ ချစ်တတ်သူတွေအတွက် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပေးရပါမည်။ မကြာခဏ အဆင်မပြေဖြစ်တတ်၍ ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။ ထီဝါသနာရှင်များအတွက် ကြာသပတေးနံ့ထီဆိုင် နှစ်ဆိုင်ခွဲထိုးပါ။ (၅၊ ၇၊ ၀၊ ၁၊ ၄) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ခင်ပွန်းကြီးဆယ်ပါး၊ အနန္တောအနန္တငါးပါးတို့ကို မပြစ်မှားမိပါစေနှင့်။

*ယတြာ ။ ။ လမ်းဘေးခွေးလေးများကို အစာကျွေးပေးပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်ထဲတွင် မပျော်ရွှင်ဘဲ ဖိအားတွေများလွန်းပြီး စိတ်ဖိစီးမှုများနေတတ်ပါသည်။ အိမ်မှ ခြေကျင်လျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီသို့ သွား၍ ရင်ပြင်တော် တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အဆင်ပြေလာပါလိမ့်မည်။ အများနှင့်ဆိုင်သောငွေများကိုင်တွယ်ရသူဖြစ်ပါက စာရင်းဇယားများ အထူးဂရုစိုက်ပါ။ စာရင်းတွေကွာခြင်း၊ စိုက်ဆပ်ရခြင်းများ ဖြစ်တတ်ပါသည်။ ငွေကြေးကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ ကျန်းမာရေးအတွက် အစားစားချိန်၊ အိပ်ချိန်မှန်အောင်ဂရုစိုက်ပါ။ ရင်၊ ဝမ်းနှင့်ဆိုင်သော ကျန်းမာရေး ဂရုစိုက်ပေးပါ။ အာရုံကြောများမကြာခဏအနားပေးပါ။ ပညာသင်နေသူများ ပညာရေးကံကောင်းပါသည်။ မသင်ရဘူးသေးသောပညာများသင်ရခြင်း၊ သင်တန်းများတက်ရခြင်း၊ ပညာတော်သင်ခရီးများသွားရခြင်းများရှိပါသည်။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ ချစ်တတ်သူများလည်း အဆင်ပြေနေပါမည်၊ တစ်ယောက်နှင့်တစ်ယောက်သာ အထင်သေးမည့်စကားများလွှတ်ခနဲမပြောမိပါစေနှင့်။ နှိမ်သလိုဖြစ်သွားစေနိုင်သောစကားများဆင်ခြင်ပါ။ ထီဝါသနာရှင်များအတွက် စက်ဘီး၊ သုံးဘီးဆိုင်ကယ်တို့နှင့် လှည့်လည်ရောင်းချသောထီသည်ထံတွင် (၃)ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားပါ။

*ယတြာ ။ ။ ဘုရားရှင်အား ပန်းပေါင်းစုံ (၇) မျိုးနှင့် ပူဇော်ပါ။*

ရ င် ကို အေ း မြ စေ သေ ာ

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် [illegible]

www.burmeseclassic.com

# ကမ္ဘာကျော်နှင့် ဆရာချမ်းမြင်း (LL.B)



ကမ္ဘာကျော် ဂျာမန်လူမျိုး ဗိသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN လက္ခဏာလာရောက်ဆွေးနွေးခဲ့စဉ်က

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ လက္ခဏာပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ–၁၅၅ ) ဆရာတော်ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊နိုဝင်ဘာလထုတ် ဓာတ်သဝေဒမဂ္ဂဇင်း အမှတ် (၂၇)၊ စာမျက်နှာ ၁၄–၁၅–၁၆–၁၇–၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉) နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမြင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်းသွားမေးတာ ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်–မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမြင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေး ဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ တစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင်(မိုးကုတ်) မှ သတင်းစကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ– ၁၅၃)

**အမှတ်တရရဲ့ အမှတ်တရ** –ကမ္ဘာကစ်ဘောက် [illegible] န်လူမျိုး **တကရှီအိတိုစံ**ကိုယ်တိုင် ဆရာချမ်းမြင်းထံ လက္ခဏာ လာရောက်ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် ( [illegible] ၀၂ ၊စာမျက်နှာ –၁၃၂– ၁၃၃ – ၁၃၄–၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(ITTI BALANOORA)** ဆိုတဲ့ နာမည်ကြီး အဆိုတော်သီချင်းရေးဆရာ ပရိဂျူဆာကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ " (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ– ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်– ၂၈၈၊ စာမျက်နှာ– ၂၃– ၂၄– ၂၅– ၂၆– ၂၇– ၂၈ )".

လမ်းညွှန်–ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁–၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်–ရွှေခဏ္ဍာလမ်း၊) –ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့၊(ဥပုသ်နေ့မှအပ နံနက် (၇) နာရီမှ ညနေ (၃) နာရီအတွင်း)Ph-09 8516520

## ဘဝရှုခင်းအလင်းလက္ခဏာ–အမှတ် (၁)

<u>ဖြန့်ချိရေး</u>

ဇော်ဝင်းဝင်းနိုင် (သိမ့်ထိုက်စာပေ)

အမှတ် ( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)

ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄

စာအုပ်ဝယ်ယူရန် အခက်အခဲရှိနေပါက သိမ့်ထိုက်စာပေနှင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်**

**ဘဝရှုခင်းအလင်းလက္ခဏာ အမှတ် (၂)**

မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။

www.burmeseclassic.com